လူ့အခွင့်အရေး ကောင်စီ Human Rights Council
၃၉ ကြိမ်မြောက်အစည်းအဝေး

(စက်တင်ဘာလ ၁၀ ရက်နေ့ မှ ၁၈ ရက်နေ့ အထိ၊ ၂၀၁၈ ခုနှစ်)
Agenda item 4

# မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အသေးစိတ် တွေ့ရှိချက်များအပေါ် အစီရင်ခံစာ

ဤအစီရင်ခံစာ မှတ်တမ်းသည် ၂၀၁၈ ခုနှစ် စက် တင်ဘာလ ၁၇ ရက်နေ့ ကုသမဂ္ဂ လူ့အခွင့်အရေးကောင်စီ ၃၉ ကြိမ်မြောက် အစည်းအဝေးတွင် တင်သွင်းခဲ့သော မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အသေးစိတ် တွေ့ရှိချက်များအပေါ် အစီရင်ခံစာအား တရားမဝင် ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ ဤတွင် ဘာသာပြန်ဆိုချက်နှင့် အဓိပ္ပယ်ဖွင့်ဆိုချက်များ၊ သတ်ပုံများ မှားယွင်းမှု ရှိနေပါလျှင် ဘာသာပြန်အဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ မိမိတို့အနေဖြင့် တိုင်းရင်းသားများနှင့် အဖွဲ့အစည်းများ၏ နာမည်များ၊ ကျေးရွာ မြို့အမည်များကို အတတ်နိုင်ဆုံး၊ အနီးစပ်ဆုံး ဖြစ်အောင် ကြိုးစားခဲ့သော်လည်း လွဲချော်မှုများ ရှိနေပါက မိမိတို့အားနည်းချက်အဖြစ် နားလည်၍ ဖြည့်စွက် ဖတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ အချို့သော စကားလုံး/အခေါ်အဝေါ်များမှာ မြန်မာစကားလုံး အသစ်တီထွင်ထားသကဲ့သို့ ဖြစ်နေသောကြောင့် နားလည်ရခက်သည်ဆိုလျှင်လည်း မိမိတို့ အားနည်းချက်သာ ဖြစ်ကြောင်း ထပ်ဆင့် ဝန်ခံအပ်ပါသည်။ (ဘာသာပြန်အဖွဲ့)

# လူ့အခွင့်အရေးကောင်စီ Human Rights Council
# ၃၉ ကြိမ်မြောက်အစည်းအဝေး

စက်တင်ဘာလ ၁၀ ရက်နေ့မှ ၁၈ ရက်နေ့အထိ၊ ၂၀၁၈ ခုနှစ်
Agenda item 4
**ကောင်စီ၏ အာရုံစူးစိုက်မှုအား လိုအပ်သည့် လူ့အခွင့်အရေး အခြေအနေများ**

# မြန်မာပြည်ဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်၏ အသေးစိတ် တွေ့ရှိချက်များ အပေါ် အစီရင်ခံစာ

## အနှစ်ချုပ်

လူ့အခွင့်အရေး ကောင်စီအနေဖြင့် ၎င်း၏ဆုံးဖြတ်ချက် ၃၄/၂၂ အရ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေး မစ်ရှင်ကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ပေးအပ်ထားသော လုပ်ပိုင်ခွင့်အရ မစ်ရှင်အနေဖြင့် ၂၀၁၁ ခုနှစ်ကတည်းက စတင်ဖြစ်ပွားခဲ့သော ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်ရှိ အခြေအနေများကို ဦးတည်အာရုံထားခဲ့ပါသည်။ ၎င်းအနေဖြင့် လွတ်လပ်စွာထုတ်ဖော်ခွင့်၊ စုရုံးခွင့်နှင့် ငြိမ်းချမ်းစွာ ဖွဲ့စည်းခွင့်များအပေါ် ချိုးဖောက်မှုများအပြင် အမုန်းစကားများအပေါ် မေးခွန်းများကိုလည်း စုံစမ်းစစ်ဆေးခဲ့ပါသည်။ မစ်ရှင်အနေဖြင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေများအပေါ် ပြင်းထန်စွာ ချိုးဖောက်မှုများအပြင် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ ကြီးမားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ၏ တသမတ်တည်းဖြစ်နေသော ပုံစံများကို ဖေါ်ထုတ်ခဲ့ပါသည်။ ထိုကိစ္စများကို အဓိကကျူးလွန်သူများမှ မြန်မာ့လုံခြုံရေးတပ်ဖွဲ့များဖြစ်ပြီး ပဓာနကျသူမှာ စစ်တပ်ဖြစ်ခဲ့ပါသည်။ ၎င်းတို့၏ စစ်ဆင်ရေးများမှာ မူဝါဒများနှင့် နည်းပရိယာယ်များ အပေါ်တွင် အခြေခံထားခဲ့ခြင်းဖြစ်ပြီး အရပ်သားများအား လက်လွတ်စပယ် ပစ်မှတ်ထားခြင်းများ အပါအဝင် နိုင်ငံတကာ ဥပဒေများအပေါ် လေးစားလိုက်နာရန် အစဉ်တစိုက်ပျက်ကွက်ပြီး ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

အခွင့်အရေး ချိုးဖောက်မှုအများအပြားမှာ နိုင်ငံတကာ ဥပဒေအရ ကြီးမားသော ရာဇဝတ်မှုများအဖြစ်သို့ ရောက်ရှိစေပါသည်။ ပြည်တွင်းအဆင့်၌ ကျယ်ကျယ်ပြန့်ပြန့် ရှိနေသော အပြစ်ပေးခံရမှုမှ ကင်းလွတ်ခွင့်ရသည့် ယဉ်ကျေးမှု ရှိနေသည့်အချိန်တွင် တာဝန်ယူမှု၊ တာဝန်ခံမှုကို ဖြစ်စေနိုင်သော အင်အားသည် နိုင်ငံတကာ အသိုင်းအဝန်းမှ လာရောက်မှုဖြစ်တော့မည်။ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှုများအပေါ် နိုင်ငံတကာ ရာဇဝတ်မှုတရားရုံးတခုတွင် စစ်ဆေး၊ အရေးယူနိုင်ရေးအတွက် မြန်မာ့တပ်မတော်မှ အဆင့်မြင့်ဗိုလ်ချုပ်များအား အမည်နာမ ဖေါ်ထုတ်ပြသခြင်း အပါအဝင် ဤအစီရင်ခံစာ အဆုံးသတ်၌ တိကျသော အကြံပြုချက်များကိုလည်း ဤတင်ပြမှုက ဖြစ်စေသည်။

ယခုလက်ရှိမှတ်တမ်းတွင် မစ်ရှင်၏ အသေးစိပ်တွေ့ရှိချက်များပါဝင်ပါသည်။ ၎င်း၏ အဓိကကျသော တွေ့ရှိချက်များနှင့် အကြံပြုချက်များကို A/HRC/39/64 မှတ်တမ်းတွင် ရှာဖွေတွေ့ရှိနိုင်ပါသည်။

# မာတိကာ


Page

၁။ နိဒါန်း ..................................................... ၈

၂။ လုပ်ပိုင်ခွင့်၊ အသုံးပြုနည်းနာနှင့် ဥပဒေမူဘောင် ..................................................... ၉

က။ လုပ်ပိုင်ခွင့် ..................................................... ၉

ခ။ အသုံးပြုနည်းနာ ..................................................... ၁၀

ဂ။ ဥပဒေမူဘောင် ..................................................... ၁၈

၃။ နောက်ခံအကြောင်းအရာ ..................................................... ၃၇

က။ နိုင်ငံရေးတွင် စစ်တပ်မှလွှမ်းမိုးမှု ..................................................... ၃၇

ခ။ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားမှု ..................................................... ၄၃

ဂ။ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ သမိုင်းကြောင်း ..................................................... ၄၆

၄။ သင်္ကေတပုံဆောင်သော အခြေအနေ

(က) ။ ကချင်နှင့်ရှမ်းပြည်နယ်များ ..................................................... ၅၁

က.က။မြန်မာ့တပ်မတော်နှင့်လုံခြုံရေးတပ်ဖွဲ့များမှကျူးလွန်သောချိုးဖောက်မှုပုံမှန်နည်းလမ်းများ .. ၅၅

(၁) အရပ်သားများ၏ အသက်နှင့်ပိုင်ဆိုင်မှုများကို ဂရုမထားဘဲ ပြောင်ကျဆိုးသွမ်းစွာ ရန်လိုပြုမူချက် .....................................................

(၂) တရားမဝင် သတ်ဖြတ်မှုများ ..................................................... ၆၄

(၃) ညှဉ်းပန်းနှိပ်စက်မှုနှင့် အခြားဆိုးဝါးသည့်ပြုကျင့်မှုများ ..................................................... ၇၃

(၄) လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေပြုသည့် အကြမ်းဖက်မှုများ ..................................................... ၈၇

(၅) လွတ်လပ်မှုကို အတင်းအကြပ် ကင်းမဲ့စေခြင်းနှင့် အင်အားသုံးပျောက်ဆုံးစေမှုများ........... ၉၈

(၆) လူကြီးများနှင့် ကလေးသူငယ်များအား အဓမ္မလုပ်အားစေခိုင်းမှုနှင့် အဓမ္မအင်အားသစ်အဖြစ်စုဆောင်းခြင်း ..................................................... ၁၁၀

(၇) အဓမ္မနေရာရွှေ့ပြောင်းစေခြင်း၊ ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း၊ နှင့် လူသားချင်းစာနာမှုဆိုင်ရာအကူအညီများကို ငြင်းကွယ်ခြင်း ..................................................... ၁၂၀

(၈) သင်္ကေတပုံဆောင်သော အဖြစ်အပျက်များ ..................................................... ၁၃၃

ခ.ခ နိုင်ငံတော်မှ မဟုတ်သည့်လက်နက်ကိုင်သက်ဆိုင်သူများက ကျူးလွန်သော ချိုးဖောက်မှုများနှင့်အလွဲသုံးစားပြုမှုများ ..................................................... ၁၄၀

(၁) ဥပဒေမူဘောင် ..................................................... ၁၄၁

(၂) ရှာဖွေတွေ့ရှိချက်များ ..................................................... ၁၄၂

ဂ.ဂ အရပ်သားများအပေါ် ပဋိပက္ခ၊ ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ၏ သက်ရောက်မှု ၁၅၆

(၁) ကြောက်ရွံ့မှု၊ အနာတရဒါဏ်ရာ၊ ရွှေ့ပြောင်းနေရမှု နှင့် လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက်မှု. ... ၁၅၆

(၂) မြေမြုပ်မိုင်းများ ... ၁၆၀

(၃) အကူအညီပေးတောင်းခံနိုင်မှု ကင်းမဲ့ခြင်း ... ၁၆၁

၅။ သင်္ကေတပုံဆောင်သောအခြေအနေ (ခ) ။ ရခိုင်ပြည်နယ် ... ၁၆၈

ကက။ ရခိုင်တိုင်းရင်းသားလူမျိုးများအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများ ... ၁၇၀

(၁) အဓမ္မ သို့မဟုတ် မဖြစ်မနေလုပ်အားပေးခိုင်းခြင်း ... ၁၇၁

(၂) ရွှေ့ပြောင်းရန် အဓမ္မမောင်းထုတ်ခြင်း ... ၁၇၆

(၃) အစားအစာနှင့် မွေးမြူထားသော တိရိစ္ဆာန်များကို သိမ်းပိုက်ခြင်း... ၁၇၉

(၄) လိုင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေခံသည့် ... အကြမ်းဖက်မှုများ ... ၁၈၁

(၅) သင်္ကေတပုံဆောင်သော အဖြစ်အပျက် - ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၆ ရက်နေ့ မြောက်ဦးမြို့ ပစ်ခတ်မှု ... ၁၈၃

(၆) နိဂုံးချုပ်ချက် ... ၁၈၆

ခခ။ ရိုဟင်ဂျာများအပေါ် စံနစ်တကျဖိနှိပ်ခြင်းနှင့် မတရားနိပ်စက်ညှင်းပန်းခြင်း ... ၁၈၇

(၁) တရားဝင်ဖြစ်မှုအခြေအနေနှင့် သွင်ပြင်လက္ခဏာပြဌာန်းချက်ကို ငြင်းပယ်ခြင်း ... ၁၈၇

(၂) လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ငြင်းပယ်ခြင်း ... ၂၀၃

(၃) အစားအစာ၊ သက်မွေးဝမ်းကြောင်းမှု၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့်ပညာရေးတို့ရရှိရန် လက်လှမ်းမီနိုင်မှုများအပေါ် ကန့်သတ်ထားမှုများ ... ၂၁၅

(၄) လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီမှုအပေါ် ကန့်သတ်ထားမှုများ ... ၂၃၁

(၅) ပုဂ္ဂလိကဘဝအပေါ် သက်ရောက်နေသော ကန့်သတ်ချက်များ ... ၂၃၄

(၆) တရားလက်လွတ်ဖမ်းဆီးခြင်းနှင့်ထိန်းသိမ်းချုပ်နှောင်ခြင်းတို့မှတဆင့် ဖိနှိပ်မှု ... ၂၄၄

(၇) ဖိနှိပ်မှု အခြားပုံစံများ... ၂၄၆

(၈) နိဂုံးချုပ်ချက် ... ၂၅၀

ဂဂ။ ၂၀၁၂ ၌ အကြမ်းဖက်မှု... ၂၅၀

(၁) သင်္ကေတပုံဆောင်သော အဖြစ်အပျက်များ... ၂၅၀

(၂) ရခိုင်ပြည်နယ်ရှိ ကမာန်မွတ်ဆလင်များ ... ၂၆၄

(၃) ဘူးသီးတောင်အကျဉ်းထောင်၌ ညှဥ်းပန်းနိပ်စက်မှုနှင့် ဆိုးရွားစွာပြုမူဆက်ဆံမှု ... ၂၆၆

(၄) ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုအပေါ် အစိုးရ၏တုန့်ပြန်မှု... ၂၇၁

(၅) အမုန်းတရား ဖြန့်ဖြူးခြင်း... ၂၈၀

(၆) တစုံလုံး ခြုံငုံသုံးသပ်ချက် ... ၂၈၁

(၇) နိဂုံးချုပ်ချက် ... ၂၈၉

ဃဃ။ ၂၀၁၇ ခုနှစ် ဩဂုတ်လ၂၅ ရက်နေ့ နှင့် "ရှင်းလင်းခြင်း စစ်ဆင်ရေးများ" .......................... ၂၉၉
(၁) လူ့အခွင့်အရေး ဘေးကပ်ဆိုက်မှုတခု .......................................................... ၃၀၂
(၂) ကြိုတင်သိမြင်နိုင်ပြီး အကွက်ချစီစဉ်ထားသည့် ကပ်ဘေးတခု .................................... ၄၂၄
(၃) ကြာရှည်ဖြစ်တည်နေသော ဘေးကပ်ဆိုက်မှုတခု ................................................ ၄၆၁
(၄) ကျူးလွန်ချိုးဖောက်သူများ ................................................................... ၅၀၁
(၅) နိုင်ငံတကာဥပဒေအပေါ် ချိုးဖောက်မှုများ .................................................. ၅၁၁
၆။ သင်္ကေတပုံစံဆောင်သော အခြေအနေ (ဂ) ဒီမိုကရေစီဆန်သောနေရာကွက်လပ်နှင့် အခြေခံကျသော
လွတ်လပ်ခွင့်များကို ကျင့်သုံးမှု.................................................................. ၅၁၆
ကက။ ဝေဖန်သံများကို ဆိတ်ငြိမ်စေခြင်း ........................................................ ၅၁၇
(၁) အခြေခံလွတ်လပ်ခွင့်များအားကန့်သတ်ထားခြင်းအတွက်
ဥပဒေဆိုင်ရာအသုံးပြုကရိယာများ ၅၁၇
(၂) ကုလသမဂ္ဂနှင့် ထိတွေ့ဆက်ဆံခြင်းအပေါ် ထိပါးနှောက်ယှက်ခြင်းနှင့် လက်တုံ့ပြန်ခြင်း ... ၅၂၄
(၃) ငြိမ်းချမ်းစွာဆန္ဒပြမှုများအပေါ် ချုံ့ချယ်ကန့်သတ်မှု ............................................ ၅၂၆
ခခ။ "အမုန်းစကား" ၏ ပြဿနာကိစ္စ ........................................................... ၅၂၇
(၁) ဥပဒေမူဘောင် ................................................................................ ၅၂၈
(၂) ရှာဖွေတွေ့ရှိချက်များ ......................................................................... ၅၃၀
ဂဂ။ နိဂုံးချုပ်ချက် ................................................................................ ၅၇၄
၇။ တပ်မတော် စစ်ဆင်ရေးများ၏ ထုံးတမ်းစဉ်လာ စရိုက်အသွင်အပြင် ........................................ ၅၇၆
ကက။ အရပ်သားများအား ပစ်မှတ်ထားခြင်း ........................................................ ၅၇၆
ခခ။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ................................................................ ၅၈၁
ဂဂ။ ဖယ်ထုတ်ခွဲခြားဆက်ဆံသော ဟိတ်ဟန်ထွားမှုများ .................................................. ၅၈၄
ဃဃ။ အမိန့်ပေးစံနစ် ရာသီဝန်းကျင်နှင့် အပြစ်ဒဏ်စီရင်ခြင်းမှကင်းလွတ်ခြင်း ........................... ၅၈၇
၈။ နိုင်ငံတကာဥပဒေအောက်မှ ရာဇဝတ်မှုများ ......................................................... ၅၈၉
ကက။ လူမျိုးတုန်းသတ်ဖြတ်မှု ...................................................................... ၅၉၀
ခခ။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ ............................................. ၆၁၆
ဂဂ။ စစ်ရာဇဝတ်မှုများ ........................................................................... ၆၄၉
၉။ တာဝန်ရှိမှု ....................................................................................... ၆၅၂
ကက။ မြန်မာ့တပ်မတော်နှင့် အခြားသောလုံခြုံရေးတပ်ဖွဲ့များ ............................................ ၆၅၃
ခခ။ အရပ်သား အာဏာပိုင်များ .................................................................... ၆၆၄
ဂဂ။ အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် တသီးပုဂ္ဂလများ ............................ ၆၆၇
ဃဃ။ ချိုးဖောက်ကျူးလွန်သူများဟု စွပ်စွဲခံထားရသော မပြည့်စုံနိုင်သည့်စာရင်း ........................ ၆၆၈
ငင။ နိုင်ငံတကာအသိုင်းအဝန်း.................................................................... ၆၆၉
၁၀။ ပြစ်ဒဏ်ပေးခြင်းမှကင်းလွတ်ခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှု ............................................ ၆၇၂

ကက။ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ ဥပဒေမူဘောင်နှင့် နိုင်ငံတကာစံတန်ဘိုးများ ..................... ၆၇၄
ခခ။ မြန်မာပြည်ရှိ ပြစ်ဒါဏ်ပေးခြင်းမှကင်းလွတ်ခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် ရာသီဝန်းကျင် .......... ၆၈၀
ဂဂ။ ရှေ့ဆက်ရမည့်လမ်း ..................... ၇၀၈
၁၁။ နိဂုံးချုပ်ချက်များနှင့် အကြံပြုတင်ပြချက်များ ..................... ၇၂၈
ကက။ နိဂုံးချုပ်ချက်များ..................... ၇၂၈
ခခ။ အကြံပြုတင်ပြချက်များ ..................... ၇၃၀
နောက်ဆက်တွဲဖြည့်စွက်ချက်
၁။ မြန်မာပြည်မြေပုံ ..................... ၇၅၄
၂။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော် အစိုးရနှင့် စာပေးစာယူဆက်သွယ်ချက် ..................... ၇၅၅


## အတိုကောက်အခေါ်အဝေါ်ဖွင့်ဆိုချက်များ

AA ရခိုင်တပ်မတော်

ARSA အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော်

ASEAN အရှေ့တောင်အာရှနိုင်ငံများအသင်း

CAT ညှဉ်းပန်းနှိပ်စက်မှုများဆိုင်ရာ နိုင်ငံတကာသဘောတူညီမှုစာချုပ်

CEDAW အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အားလုံးပပျောက်ရေးဆိုင်ရာ စာချုပ်

CESCR စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာကော်မတီ

CPEDအင်အားသုံး၍ပျောက်ဆုံးစေမှုများမှပြည်သူအားလုံးအားကာကွယ်ပေးသည့်အပြည်ပြည်ဆိုင်ရာစာချုပ်

CRC ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက် နိုင်ငံတကာစာချုပ်

CRPD မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်

EAO တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

FPNCC ပြည်ထောင်စုနိုင်ငံရေးဆွေးနွေးညှိနှိုင်းရေး အမြဲတမ်းကော်မတီ

GAD အထွေထွေအုပ်ချုပ်ရေးဌာန

ICC နိုင်ငံတကာရာဇဝတ်မှုများဆိုင်ရာတရားရုံး

ICCPR နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီစာချုပ်

ICERD လူမျိုးရေးခွဲခြားမှုပုံစံမျိုးစုံပပျောက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်

ICESC စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်

ICRC နိုင်ငံတကာ ကြက်ခြေနီအသင်း

ICTR ရဝမ်ဒါဆိုင်ရာ နိုင်ငံတကာရာဇဝတ်မှုခုံရုံး

ICTY ယခင်မူလ ယူဂိုဆလားဗီးယားဆိုင်ရာ နိုင်ငံတကာရာဇဝတ်မှုတရားရုံး

| | |
|---|---|
| IHL | နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ |
| ILO | အပြည်ပြည်ဆိုင်ရာ အလုပ်သမားအစည်းအရုံး |
| KIA | ကချင်လွတ်မြောက်ရေးတပ်မတော် |
| LIB | ခြေမြန်တပ်ရင်း |
| LID | ခြေမြန်တပ်မ |
| MNDAA | မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် |
| NLD | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် |
| OHCHR | ကုလသမဂ္ဂဆိုင်ရာ လူ့အခွင့်အရေး မဟာမင်းကြီးရုံး |
| SGBV | လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှု |
| SLORC | နိုင်ငံတော် ငြိမ်ဝပ်ပိပြားရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ |
| SPDC | နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ |
| SSA-N | ရှမ်းပြည်နယ်တပ်မတော် - မြောက်ပိုင်း |
| SSA-S | ရှမ်းပြည်နယ်တပ်မတော် - တောင်ပိုင်း |
| TNLA | တအဲာန်း အမျိုးသားလွတ်မြောက်ရေးတပ်မတော် |
| UDHR | အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်း |
| UNHCR | ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး |
| UNITAR | သင်တန်းနှင့်သုတေသနဆိုင်ရာ ကုလသမဂ္ဂဌာန |
| UNOSAT | သင်တန်းနှင့်သုတေသနဆိုင်ရာ ကုလသမဂ္ဂဌာန၏ ဂြိုလ်တုအသုံးပြုရေးအစီအစဉ် |
| USDP | ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ |
| UWSA | ဝပြည်သွေးစည်းညီညွတ်ရေးတပ်မတော် |
| WFP | ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် |
| MaBaTha | အမျိုးဘာသာ၊ သာသနာစောင့်ရှောက်ရေးအသင်း |
| MaHaNa | သံဃာ့မဟာယန |
| NaSaKa | နယ်စပ်ဒေသလူဝင်မှုကြီးကြပ်ရေးထိန်းကွပ်မှုဌာနချုပ် |
| NaTaLa | နယ်စပ်ဒေသများနှင့် တိုင်းရင်းသားလူမျိုးများစံပြကျေးရွာများ ဆိုင်ရာဝန်ကြီးဌာန |
| SaYaPa | စစ်ဖက်ဆိုင်ရာထောက်လှမ်းရေးဌာန |

## ၁။ နိဒါန်း

(□) မြန်မာပြည်နှင့် ပတ်သက်၍ လွတ်လပ်သော နိုင်ငံတကာ အချက်အလက်ရှာဖွေရေးမစ်ရှင်ကို (ဤနေရာမှစ၍ "မစ်ရှင်" ဟုသာ ခေါ်ဝေါ်သုံးစွဲမည်ဖြစ်ပါသည်။) ၂၀၁၇ ခုနှစ် မတ်လ ၂၄ ရက်နေ့က ချမှတ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီဆုံးဖြတ်ချက် ၃၄/၂၂ ဖြင့် ဖွဲ့စည်းခဲ့ခြင်းဖြစ်ပါသည်။ ကောင်စီ၏ဥက္ကဋ္ဌမှ မာဇူကီဒါရူ့စ်မန်း (Marzuki Darusman - Indonesia) ကို ဥက္ကဋ္ဌအဖြစ်၎င်း၊ ရာဒိကာ ကူးမာရာဆွာမီ (Radhika Coomaraswamy - Sri Lanka) နှင့် ခရစ္စတိုဖာ ဆီဒိုတီ (Christopher Sidoti - Australia) တို့ကို အဖွဲ့ဝင်များအဖြစ်၎င်း တာဝန်ပေးခန့်အပ်ခဲ့ပါသည်။ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံးမှ အတွင်းရေးမှူး တစ်ဦးကို ရှာဖွေခန့်အပ်ပေးခဲ့ပါသည်။ အမာခံအဖွဲ့ကို ညှိနှိုင်းဆက်စပ်ဆောင်ရွက်သူတစ်ဦး၊ အချက်အလက်ရှာဖွေရေးအဖွဲ့ခေါင်းဆောင်တစ်ဦး၊ လူ့အခွင့်အရေးအရာရှိ ၅ ဦး၊ ဥပဒေအကြံပေး/အစီရင်ခံစာရေးသူအရာရှိ၊ စစ်ဘက်ရေးရာအကြံပေး၊ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ခံယူမှုအပေါ် အခြေပြုသော အကြမ်းဖက်မှုဆိုင်ရာ အကြံပေး၊ လုံခြုံရေးအရာရှိ၊ ဘာသာစကားဆိုင်ရာ ကူညီပေးသူ ၂ ဦး နှင့် ရုံးလုပ်ငန်းဆိုင်ရာ အထောက်အကူပြုအဖွဲ့တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။

(၂) မစ်ရှင်အဖွဲ့အနေဖြင့် လူ့အခွင့်အရေးကောင်စီ၏ ၃၆ ကြိမ်မြောက်အစည်းအဝေး (၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်နေ့) တွင် နှုတ်အားဖြင့် နောက်ဆုံးအခြေအနေ တင်ပြမှုတခု၊ ၃၇ ကြိမ်မြောက် အထူးအစည်းအဝေး (၂၀၁၇ ခုနှစ် မတ်လ ၂ ရက်နေ့) တွင် နှုတ်အားဖြင့် ကြားဖြတ်အစီရင်ခံမှုတခုနှင့် ကောင်စီ၏ ၂၇ ကြိမ်မြောက် အထူးအစည်းအဝေး (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့) တွင် အစီရင်ခံမှုတခုတို့ကို တင်သွင်းခဲ့ပါသည်။ ကောင်စီ၏ ဆုံးဖြတ်ချက် ၃၆/၁၁၅ က မစ်ရှင်အနေဖြင့် အစီရင်ခံစာကို ၃၉ ကြိမ်မြောက် အစည်းအဝေးတွင် တင်သွင်းရန် တောင်းခံခဲ့ပါသည်။ မစ်ရှင်၏ အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များကို မှတ်တမ်းအမှတ် A/HRC/39/64 တွင် တွေ့မြင်နိုင်ပါသည်။ A/HRC/39/CRP.2 တွင်မူ အထောက်အကူပြုသော သတင်းများနှင့်အတူ အချက်အလက် ပြည့်စုံသော ဥပဒေကြောင်းဆိုင်ရာ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုများ ပါဝင်ပြီး A/HRC/39/64 မှတ်တမ်းကို ကျောထောက်နောက်ခံပြု ပံ့ပိုးပေးထားပါသည်။ ဤတင်ပြမှုတွင် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာ အကြံပြုချက်များထက် ပိုမိုကျယ်ပြန့်စွာ ရှေ့ဆောင်လမ်းကြောင်းသော အကြံပြုချက်များ ထပ်မံပါဝင်ပါသည်။

(၃) လူ့အခွင့်အရေးကောင်စီနှင့် မစ်ရှင်မှ အကြိမ်ကြိမ်အခါခါ မေတ္တာရပ်ခံသည့်ကြားမှ မြန်မာအစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း မရှိသည်ကိုလည်း အထူးတလည် စိတ်မကောင်း ဖြစ်မိပါသည်။ မစ်ရှင်အနေဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့၊ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၂၉ ရက်နေ့များတွင် ပေးပို့သောစာများမှတဆင့် တိုင်းပြည်အတွင်း ဆက်သွယ်ခွင့်လမ်းကြောင်းများ ရရှိရန် မေတ္တာရပ်ခံခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ၂၀၁၈ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် မေးခွန်းအသေးစိတ်စာရင်းကိုလည်း ပေးပို့ခဲ့ပါသေးသည်။ မစ်ရှင်၏အဖွဲ့ဝင်များ ဂျီနီဗာသို့ သွားရောက်သည့်အချိန်တိုင်းတွင်လည်း ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ အမြဲတမ်းကိုယ်စားလှယ်အဖွဲ့နှင့် အခြား နိုင်ငံတကာ အဖွဲ့အစည်းများထံ မြန်မာ

ကိုယ်စားလှယ်များနှင့် အစည်းအဝေးတရပ် ကျင်းပနိုင်ရေးအတွက် မေတ္တာရပ်ခံခဲ့ပါသေးသည်။ မစ်ရှင်အနေဖြင့် အစိုးရကိုယ်စားလှယ်များနှင့် အကန့်အသတ်ရှိသော တရားမဝင် အဆက်အသွယ်တချို့ ရှိခဲ့သော်ငြားလည်း တရားဝင်တွေ့ဆုံမှု၊ နိုင်ငံအတွင်း ဆက်သွယ်ရန်လမ်းကြောင်း သို့မဟုတ် သတင်းများအတွက် မည်သည့် တရားဝင်တုန့်ပြန်မှုမျှ မရရှိခဲ့ပါ။ တုန့်ပြန်မှုပြုနိုင်ရေးအတွက် အခွင့်အလမ်း တရပ်ရရှိစေရန် သို့မဟုတ် အချက်အလက်မှန်များဖြင့် ပြင်ဆင်စေနိုင်ရန် ရည်ရွယ်၍ မစ်ရှင်အနေဖြင့် ၎င်း၏အဓိကတွေ့ရှိချက်များနှင့် အကြံပြုချက်များကို အများပြည်သူသိစေရန် မထုတ်ပြန်မီ ၎င်းတို့၏တင်သွင်းမှုများနှင့် အတူ အစိုးရထံ မျှဝေပေးခဲ့ပါသည်။ မည်သည့်တုန့်ပြန်မှုမျှ မရရှိခဲ့ပါ။ အစိုးရထံပေးပို့သော မစ်ရှင်၏စာများကို နောက်ဆက်တွဲ ၂ ဖြင့် ဖော်ပြထားပေးပါသည်။

## ၂။ လုပ်ပိုင်ခွင့်၊ အသုံးပြုနည်းနာနှင့် ဥပဒေမူဘောင်

### က။ လုပ်ပိုင်ခွင့်

(၄) ဆုံးဖြတ်ချက် ၃၄/၂၂ မှ မစ်ရှင်ကို လုပ်ပိုင်ခွင့်ပေးထားသည်မှာ "မြန်မာနိုင်ငံအတွင်း အထူးသဖြင့် ရခိုင်ပြည်နယ်၌ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ခဲ့သည်ဟူသော တရားလက်လွတ် ဖမ်းဆီးခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အခြားလူမဆန်သော ဆက်ဆံပြုမူမှုများ၊ မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အခြားအကြမ်းဖက်မှုပုံစံများ၊ ဥပဒေမဲ့ တစ်ထိုင်တည်း သို့မဟုတ် လက်လွတ်စပယ် သတ်ဖြတ်ခြင်းများ၊ အင်အားသုံး ပျောက်ဆုံးစေခြင်းများ၊ အတင်းအကျပ် ရွှေ့ပြောင်းစေခြင်းနှင့် ပိုင်ဆိုင်မှုများကို ဥပဒေမဲ့ ဖျက်ဆီးခြင်းများတို့ သာမကဘဲ ပါဝင်စေလျက် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများအပေါ် အချက်အလက်နှင့် အခြေအနေများကို သက်သေပြအတည်ပြုနိုင်ရန်၊ နစ်နာခံစားသူများအတွက် တရားမျှတမှုနှင့် ကျူးလွန်ဖောက်ဖျက်သူများအား အပြည့်အဝတာဝန်ယူမှု၊ တာဝန်ခံမှုကို သေချာစေမည့် အမြင်တရပ်ကိုပါ ပါဝင်စေရန်။" ဟုဖြစ်ပါသည်။

(၅) ဤလုပ်ပိုင်ခွင့်ကို အဓိပ္ပါယ်ဖွင့်ဆိုရာ၌ မစ်ရှင်အနေဖြင့် ကချင်ပြည်နယ်တွင် ပြန်လည်ဖြစ်ပွားခဲ့သော ရန်လိုမှုများ၊ ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ်၌ တဟုန်ထိုး တိုးမြင့်လာမှုများနှင့် ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သော အဓိကအကြမ်းဖက်မှု ပေါက်ကွဲခြင်းတို့သည် အကြမ်းဖက်မှုများ အသစ်တဖန် ပြန်လည်ဖြစ်ပွားရန်နှင့် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အလွဲသုံးစားပြုမှုများ နောက်တဖန် စွပ်စွဲချက်များဖြစ်လာစေရန် ဖန်တီးသော သော့ချက်ကျသည့် လတ်တလော အပြောင်းအလဲ ဆုံချက်အမှတ်များအဖြစ် ရှုမြင်ကြပါသည်။ သို့ဖြစ်၍ မစ်ရှင်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ ကချင်၊ ရခိုင် နှင့် ရှမ်းပြည်နယ်ရှိ အခြေအနေများကို ဦးတည်ထားခြင်းက နောက်ခံအခြေအနေကို ပြည့်စုံစွာ လေ့လာသည့်ပုံစံ ဖြစ်စေ၍ ၎င်း၏ လုပ်ပိုင်ခွင့်ကို ပြီးမြောက်စေရန် ဖြစ်နေစေလိမ့်မည်ဟု ဆုံးဖြတ်ခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ပြုမှုပုံများ၏ ကျယ်ပြန့်သော ဖြစ်စဉ်ပုံသဏ္ဍာန်ကို ဖော်ထုတ်နေသည်နှင့် တပြိုင်တည်း လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများအပေါ် တိတိကျကျ စွပ်စွဲထားမှုများနှင့် ပါတ်သက်၍ တွေ့ရှိချက်များပြုလုပ်နိုင်ရန် ရည်ရွယ်ပြီး နက်ရှိုင်းစွာ အချက်အလက်များ ရှာဖွေခြင်းအတွက် သိသာထင်ရှားသော အဖြစ်အပျက် တော်တော်များများကို ရွေးချယ်ခဲ့ပါသည်။

(၆) မစ်ရှင်အနေဖြင့် ကောင်စီ၏ ဆုံးဖြတ်ချက်တွင် စာရင်းဖြင့် ဖော်ပြခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုတို့၏ ပုံစံများသည် သိသာပေါ်လွင်လှသည်၊

နိုင်ငံတကာဥပဒေအပေါ် ချိုးဖောက်မှုများနှင့် ပတ်သက်၍ သင့်လျော်သလိုစဉ်းစားပေးရန် ၎င်းတို့ကို လုပ်ပိုင်ခွင့်အပ်နှံခဲ့သည်ဟု စဉ်းစားခဲ့ကြသည်။ စွပ်စွဲခံထားရသော အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများကို စုံစမ်းစစ်ဆေးပေးရန် ကောင်စီ၏တောင်းဆိုမှုနှင့် အညီ နိုင်ငံတော် နှင့် နိုင်ငံတော်ကဏ္ဍတွင် အကျုံးမဝင်သည့် ပြုမူသူအားလုံးအပေါ် ထိုစွပ်စွဲမှုများနှင့် ပါတ်သက်၍ စစ်ဆေးရန် မစ်ရှင်မှဆုံးဖြတ်ခဲ့ပါသည်။ နောက်ဆုံးအနေဖြင့် လုပ်ပိုင်ခွင့်တာဝန်၏ ဦးတည်ချက်ကို (ကျူးလွန်သူများအပေါ် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန်နှင့် နစ်နာခံစားရသူများအတွက် တရားမျှတမှုကိုရစေရန် သေချာစေရေးအတွက် အမြင်တရပ် နှင့်) စဉ်းစားရာတွင် မစ်ရှင်အနေဖြင့် ကျူးလွန်သူများကို ဖေါ်ထုတ်ရုံသာမက တာဝန်ရှိမှုအပေါ် အချက်အလက်များနှင့် တာဝန်ခံမှုအတွက် အကြံပြုချက်များကို အားထုတ်ကြိုးပမ်းခဲ့ပါသည်။

(၇) မြန်မာပြည်၏ အခြားဒေသများတွင် ဖြစ်ပွားနေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အလွဲသုံးစားပြုမှုများနှင့် ပါတ်သက်သော စွပ်စွဲမှုများသည်လည်း နက်နက်ရှိုင်းရှိုင်း အချက်အလက်ရှာဖွေမှုအတွက် အလားတူ ဂရုပြုထိုက်သည်ဟု မစ်ရှင်မှ သက်ဆိုင်စွာဖြင့် မှတ်ယူပါသည်။ အချိန်နှင့် အရင်းအမြစ် ကန့်သတ်မှုများက သိသာထင်ရှားစွာ အာရုံထားမှုလိုအပ်သော ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ပေါ်ထွန်းလာသည့် အဖြစ်အပျက်များ အထူးသဖြင့် ရခိုင်၊ ကချင် နှင့် ရှမ်းပြည်နယ် အခြေအနေများကိုသာ အာရုံထားစေခဲ့ရန် ကန့်သတ်မှုဖြစ်စေခဲ့ပါသည်။ မည်သို့ပင်ဆိုစေ ပထဝီအခြေပြု၊ ယာယီ အကြောင်းအရာဆိုင်ရာ ဦးတည်အာရုံစိုက်ရမှုသည်ကလည်း မစ်ရှင်အတွက် တခုလုံးဆိုင်ရာ ခိုင်မာသောတွေ့ရှိချက်များ နှင့် အကြံပြုချက်များအတွက် သက်တောင့်သက်သာစွာ ခွင့်ပြုပေးစေနိုင်ခဲ့ပါသည်။

## ခ။ အသုံးပြုနည်းနာ

(၈) မစ်ရှင်အနေဖြင့် စုံစမ်းရန် လုပ်ပိုင်ခွင့်ပေးထားသောအခြေအနေ၏ ရှုပ်ထွေးမှုနှင့် ထိလွယ်ရှလွယ်ဖြစ်မှုအပြင် အဖြစ်အပျက်များအပေါ် သတင်းမှား ဖြန့်ချိနေမှုများ နေရာတိုင်းတွင် ဖြစ်ပျက်နေသည်ဟု ဘက်ပေါင်းစုံမှ စွပ်စွဲမှုများကိုလည်း အလွန်တရာ သတိပြုမိခဲ့ပါသည်။ ဤသိရှိထားမှုက ကုလသမဂ္ဂမှ ဖေါ်ထုတ်ပြဌာန်းထားသည့် လူ့အခွင့်အရေး အချက်အလက် ရှာဖွေရေးဆိုင်ရာ အသုံးပြုနည်းနာများနှင့် အကောင်းဆုံး လက်တွေ့ ကျင့်သုံးမှုများကို တိတိကျကျ လိုက်နာရန်ဆိုသည့် သန္နိဋ္ဌာန်ချမှုကို အားဖြည့်စေခဲ့သည်။ ဤသို့ပြုလုပ်နိုင်ရေးအတွက် မစ်ရှင်အနေဖြင့် "အန္တရာယ် မဖြစ်စေရေး"၊ သီးခြားလွတ်လပ်မှု၊ ဘက်မလိုက်မှု၊ ဆန္ဒစွဲကင်းမှု၊ ဖြောင့်မတ်တည်ကြည်မှု အစရှိသည်တို့ကို အခြေခံသည့်မူများအား တိကျစွာလိုက်နာခဲ့ပါသည်။

(၉) အတိအကျဆိုရလျှင် ၂၀၁၅ ခုနှစ် လူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) မှထုတ်ဝေမှုတွင် ဖေါ်ပြထားသော စုံစမ်းစစ်ဆေးရေး ကော်မရှင်နှင့် အချက်အလက်ရှာဖွေရေး မစ်ရှင်များ၊ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ - လိုက်နာရန်လမ်းညွှန်မှု နှင့် လက်တွေ့ကျင့်သုံးမှုအပေါ် နိုင်ငံတကာ စုံစမ်းစစ်ဆေးရေးကော်မရှင် နှင့် အချက်အလက် ရှာဖွေရေးကော်မရှင် တို့အတွက် ဖေါ်ထုတ်ပြဌာန်းထားသည့် အကောင်းဆုံး လက်တွေ့ကျင့်သုံးမှုများကို လိုက်နာခဲ့ပါသည်။[1]

### ခ.၁ သက်သေခိုင်လုံမှု၏ စံသတ်မှတ်ချက်

[1] Available at: https://www.ohchr.org/Documents/Publications/CoI_Guidance_and_Practice.pdf

(၁၀) တစ်ခုချင်းအလိုက် သက်ဆိုင်ရာအမှုအခင်း ၊ အဖြစ်အပျက်များအပေါ် အချက်အလက်မှန်ကန်စွာ ဆုံးဖြတ်နိုင်ရေးလုပ်ဆောင်ခြင်းနှင့် ဖြစ်ပွားမှုပုံစံများတွင် ကုလသမဂ္ဂအချက်အလက်ရှာဖွေရေး အဖွဲ့အစည်းများ၏ ကျင့်သုံးမှုများနှင့်အညီ "ယုံကြည်နိုင်ဖွယ်ရာရှိသော အခြေအနေ"ဆိုသည့်စံအား မစ်ရှင်အနေဖြင့် အသုံးပြုခဲ့ပါသည်။ လုံလောက်ပြီး စိတ်ချယုံကြည်နိုင်ဖွယ်ရာရှိသော သတင်းအရင်းအမြစ်၏ အဖွဲ့တခုအနေဖြင့် ဖြစ်ပွားခဲ့သော အမှုဖြစ်ရပ်၊ အဖြစ်အပျက် သို့မဟုတ် ဖြစ်ပွားပုံတခုသည် အခြားသတင်းများနှင့်လည်း တပြေးညီဖြစ်ပြီး သာမာန် စဉ်းစားဉာဏ်ရှိသော သူတစ်ဦးဦးက ဖြစ်ပွားခဲ့သည်ဟု ကောက်ချက်ချနိုင်မှုကို ခွင့်ပြုနိုင်ခဲ့လျှင် စံနှင့်ကိုက်ညီသည်ဟု ယူဆခဲ့ကြသည်။ ဤသက်သေခိုင်လုံမှု၏ စံသတ်မှတ်ချက်သည် ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် လိုအပ်သည်ထက်စာလျှင် နိမ့်နေပါသည်။

(၁၁) အစီရင်ခံစာတွင် ပါဝင်သော တခုချင်း အမှုဖြစ်ရပ်များ သို့မဟုတ် ဖြစ်ပွားမှုများမှာ အနည်းဆုံး မူလသတင်း၏ ခိုင်မာသော ဇစ်မြစ်တခု ပါဝင်ခြင်းနှင့် ၎င်းသတင်းအား အခြားခိုင်မာသော ဇစ်မြစ် အနည်းဆုံးတခုက အမှီအခိုကင်းကင်း မှန်ကန်ကြောင်း ထောက်ခံမှုပြုထားခြင်းအပေါ် အခြေခံပါသည်။ ရခိုင်ပြည်နယ်အပေါ် အခန်း ၅ တွင်ဖေါ်ပြထားသောကိစ္စများကဲ့သို့ တိတိကျကျ အဓိကဖြစ်ပွားသောဖြစ်ရပ်များသည် မျက်မြင်သက်သေများနှင့် နစ်နာခံစားရသူများ၏ မြောက်မြားစွာသော ထွက်ဆိုမှုများအပေါ် အခြေခံထားခြင်းဖြစ်ပြီး အသေးစိတ် အချက်အလက်ရှာဖွေရေးနှင့် အဖြစ်အပျက်များအား အနလုံပဋိလုံ ပြန်လည်တည်ဆောက်မှုအား ခွင့်ပြုစေခဲ့ပါသည်။

ဖြစ်ပွားမှုပုံစံများနှင့်ပါတ်သက်၍ အစီရင်ခံစာမှ ရှင်းပြသောနေရာတွင် ခိုင်လုံပြီး လက်ခံနိုင်ဖွယ်ရာရှိသော သတင်းစုဆောင်းထားမှုတခုလုံးမှ မှန်ကန်ထောက်ခံနိုင်ပြီး တပြေးညီဆက်စပ်မှုရှိသည့် မူလသတင်းများ၏ မြောက်မြားစွာသော ခိုင်လုံသည့် ဇစ်မြစ်များအပေါ် ၎င်းတို့အား အခြေခံထားခဲ့ခြင်းဖြစ်ပါသည်။ အနည်းငယ်သောဖြစ်ရပ်များတွင် ဤစံနှင့်မကိုက်ညီသော်လည်း မစ်ရှင်အနေဖြင့် ထိုသတင်းများကို ထည့်သွင်းရန် သင့်တော်သည်ဟုဆုံးဖြတ်ပြီး ဤသည်ကိုလည်း ပွင့်လင်းစွာတင်ပြထားခဲ့သည်။

(၁၂) ညှဉ်းပမ်းနှိပ်စက်မှု သို့မဟုတ် လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများနှင့် ပါတ်သက်သော ဖြစ်ရပ်များတွင် လွတ်လပ်သော သတင်း၏ ဒုတိယအရင်းအမြစ်မရပါက မူလသတင်းဇစ်မြစ်သည် ခိုင်လုံမှုရှိရှိ ရရှိခြင်းဖြစ်သည်၊ သိနားလည်ထားရသော ထိုဒေသအတွင်း ဖြစ်ပွားမှု သို့မဟုတ် ဤသို့အလားတူကိစ္စများ ဖြစ်ပွားသည့်ပုံစံနှင့် ကိုက်ညီမှုရှိသည်၊ သွားရောက်မေးမြန်းသူ၏ ကိုယ်တိုင်တွေ့ရှိမှုများနှင့် ကိုက်ညီသည်ဟုဆိုလျှင် (ဥပမာအားဖြင့် - ဒဏ်ရာအမာရွတ် သို့မဟုတ် အနာတရခံစားရမှု၏ လက္ခဏာများ) မစ်ရှင်အနေဖြင့် ထိုအမှုဖြစ်ရပ် သို့မဟုတ် ဖြစ်ပွားမှုသည် မှန်ကန်ကြောင်း ထောက်ခံနိုင်သည်ဟု ယူဆခဲ့ပါသည်။

(၁၃) မစ်ရှင်အနေဖြင့် အောက်ပါများကို မူလသတင်းဇစ်မြစ်များအဖြစ် စဉ်းစားခဲ့ပါသည်။

- မစ်ရှင်၏ရှေ့မှောက်သို့ ရောက်ရှိလာသော အကြောင်းအရာများနှင့် ပါတ်သက်၍ တိုက်ရိုက်သိရှိမှုရှိသည့်၊ သတင်းဇစ်မြစ်သည် ခိုင်မာယုံကြည်ဖွယ်ရာရှိသည်ဟု အကဲဖြတ်နိုင်သည့် နစ်နာခံစားသူများ၊ သက်သေများ၊ နစ်နာခံစားသူများ၏

ဆွေမျိုးနီးစပ်သူများ၊ ကျူးလွန်ချိုးဖောက်သူများ သို့မဟုတ် မြန်မာအရာရှိဟောင်းများနှင့် မစ်ရှင် သို့မဟုတ် မစ်ရှင်ဝန်ထမ်းများက ပြုလုပ်သော လျှို့ဝှက်တွေ့ဆုံမေးမြန်းမှုများ

- ခိုင်လုံသော အရင်းအမြစ်များမှ ရရှိသည့် ဂြိုလ်တုရုပ်ပုံလွှာများ၊ စစ်မှန်သည့် ဗီဒီယိုနှင့်ဓါတ်ပုံပစ္စည်းများ၊ အလားတူ ယုံကြည်ရသော အရင်းအမြစ်တခုမှ ရသည့် မူလသတင်းများပါဝင်သည့် မှတ်တမ်းများ
- သက်ဆိုင်ရာ အချက်အလက်များနှင့် ပါတ်သက်၍ မြန်မာအရာရှိများထံမှ လူသိရှင်ကြား ရရှိနိုင်သော ဝန်ခံမှုများ
- ခိုင်မာယုံကြည်နိုင်သော သတင်းအရင်းအမြစ်မှ ရရှိခြင်းဖြစ်ပြီး မှန်ကန်မှုကို အတည်ပြုနိုင်သည့် မြန်မာနိုင်ငံ၏ အတွင်းမှတ်တမ်းများ အပါအဝင် မြန်မာနိုင်ငံ၏ ဥပဒေ၊ မူဝါဒနှင့် လမ်းညွှန်ချက်များ
- သိသိသာသာ မှန်ကန်လျော်ညီသည့် အသုံးပြုနည်းနာများအပေါ် အခြေခံသည့် အချက်အလက်များ နှင့် ခိုင်မာယုံကြည်ရသော အရင်းမြစ်မှ အစပြုသည်ဟု ယူဆရသည့် အချက်အလက်များအား အခြေခံသည့် တင်ပြမှုများ အစရှိသော အတိုင်းအတာတခုအထိ မြန်မာနိုင်ငံ သို့မဟုတ် ကုလသမဂ္ဂမှ ထုတ်ဖေါ်ပေးသည့် စာရင်းဇယားများ၊ ကွင်းဆင်း အချက်အလက်စုဆောင်းချက်များ နှင့် အခြား ကိန်းဂဏန်းဆိုင်ရာ သတင်းများ၊

(၁၄) မစ်ရှင်အနေဖြင့် အောက်ပါ သတင်းအချက်အလက် အမျိုးအစားများကို မူလသတင်းဇစ်မြစ်ကို မှန်ကန်ကြောင်းထောက်ခံပေးနိုင်ပြီး ချိုးဖောက်မှုများအတွက် တစ်စုံလုံးဆိုင်ရာ နောက်ခံအခြေအနေကို ပံ့ပိုးပေးနိုင်သည်ဟု ယုံကြည်အားကိုးခဲ့ပါသည်။

- မစ်ရှင်အနေဖြင့် အရင်းအမြစ်များသည် ခိုင်မာယုံကြည်ဖွယ်ရာရှိသည်ဟု အကဲဖြတ်နိုင်သော၊ ၎င်းတို့နှင့် သိနေသောသူတစ်ဦးထံမှာ တိုက်ရိုက်သတင်းရရှိသည်ဟု ယူဆရသည့် မျက်မြင်သက်သေများနှင့် မစ်ရှင် သို့မဟုတ် မစ်ရှင်၏ ဝန်ထမ်းမှ တွေ့ဆုံမေးမြန်းသော လျှို့ဝှက်တွေ့ဆုံမေးမြန်းမှုများ
- မစ်ရှင်အနေဖြင့် အရင်းအမြစ်များသည် ခိုင်မာယုံကြည်ဖွယ်ရာရှိသည်ဟု အကဲဖြတ်နိုင်သော၊ ထုတ်ဝေမှုများ သို့မဟုတ် ကုလသမဂ္ဂ၊ သုတေသနနှင့် လူ့အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများသို့ တင်သွင်းမှုများတွင် ပါဝင်သည့် သက်သေထွက်ချက်များ၏ အနှစ်ချုပ်တင်ပြချက်များ
- မစ်ရှင်အနေဖြင့် အရင်းအမြစ်များသည် ခိုင်မာယုံကြည်ဖွယ်ရာရှိသည်ဟု အကဲဖြတ်နိုင်သော၊ ကျွမ်းကျင်သူများ၏ တွေ့ဆုံမေးမြန်းမှုများ၊ အများပြည်သူသို့ ထုတ်ပြန်အစီရင်ခံစာများ၊ အထောက်အထားမှတ်တမ်းများ နှင့် အလားတူပစ္စည်းများတွင် ပါဝင်သည့် ဖြစ်ပွားမှုဖြစ်စဉ်ပုံစံများအပေါ် အနှစ်ချုပ်ရှင်းပြချက်များ

(၁၅) ထပ်ဆင့်လက်ဝေခံကြားသိရသော အရင်းအမြစ်များအပေါ် အကဲဖြတ်နိုင်ရေးအတွက် ထုတ်ဝေမှု၊ တင်သွင်းမှု သို့မဟုတ် စာသားတို့အတွက် ခိုင်မာမှုနှင့် အသုံးပြုနည်းနာအပေါ် ဆန်းစစ်နိုင်ရန် သုတေသီ သို့မဟုတ် ရေးသားသူကို မစ်ရှင်အနေဖြင့် တွေ့ဆုံမေးမြန်းရန် အားထုတ်ခဲ့ပါသည်။

(၁၆) အရင်းအမြစ်တခုချင်းစီအပေါ် ယုံကြည်ရမှုနှင့် ခိုင်မာမှုအပေါ် သေသေချာချာ အကဲဖြတ်ခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ထိုအရင်းအမြစ်သည် ယုံကြည်စိတ်ချဖွယ်ရာရှိမရှိ၊ ၎င်းတို့၏ ပြောဆိုမှုများနှင့်ပါတ်သက်၍ မှန်ကန်တိကျမှုကို အစဉ်တစိုက် စုံစမ်းခြင်းဖြင့် စဉ်းစားခဲ့ပါသည်။ အခြားစဉ်းစားချက်များအတွင်း ဤသို့အကဲဖြတ်မှုကိုလည်း ပါဝင်စေခဲ့သည်။

- အသိသက်သေအပေါ် သိထားသည့် ၎င်း၏ နိုင်ငံရေးနှင့် ပုဂ္ဂလိကဆိုင်ရာ အကျိုးစီးပွား၊ ဖြစ်နိုင်ခြေရှိသော ဘက်လိုက်မှုများနှင့် အတိတ်ကာလမှ ယုံကြည်နိုင်မှုမှတ်တမ်း။
- အမျိုးသား (သို့မဟုတ်) အမျိုးသမီးတို့၏ အသက်အရွယ် ၎င်း၏ ဒဏ်ရာအနာတရဖြစ်မှု၊ မည်သည့်အချိန်ကာလအထိ ဖြစ်ပွားခဲ့မှု၊ အစရှိသဖြင့်အပေါ် အခြေခံစဉ်းစားလျက် အဖြစ်အပျက်များကို ပြန်လည်ရှင်းပြနိုင်သော သက်သေ၏ ထင်ရှားပေါ်လွင်သည့် အရည်အသွေး။
- သတင်းအချက်အလက်နှင့် ပတ်သက်သော အကြောင်းအရာပေါ်တွင် သက်သေ၏ ဆက်နွယ်ပတ်သက်နေမှု အနေအထား။
- သက်သေမှ သတင်းကို မည်သည့်နေရာမှ မည်သို့မည်ပုံ ရရှိသည့်အနေအထား။
- ထိုသတင်းအချက်အလက်ကို သက်သေမှ ပေးအပ်ရသည့် အကြောင်းရင်းများ။

(၁၇) မစ်ရှင်အနေဖြင့် အခြားအချက်အလက်များအပါအဝင် အချက်အလက်ရှာဖွေရေး လုပ်ငန်းအပေါ် သတင်းများ၏ အကျုံးဝင်သက်ဆိုင်မှု၊ ၎င်း၏ ဌာနတွင်းဆိုင်ရာ အစဉ်တစိုက်မှန်ကန်မှု၊ ကြောင်းကျိုးဆီလျော်မှု၊ နှင့် အခြားသတင်းများမှ မှန်ကန်ကြောင်း ထောက်ကူပေးမှုတို့အပေါ်တွင်လည်း စဉ်းစားထားခဲ့ပါသည်။

သတင်းအချက်အလက်များအပေါ် တရားဝင်မှုကို အကဲဖြတ်ရာတွင်လည်း ၎င်း၏ခိုင်မာမှု၊ ယုံကြည်နိုင်ဖွယ်ရှိမှုနှင့် အကန့်ခွဲခြားထားပါသည်။

မစ်ရှင်အနေဖြင့် ခိုင်မာပြီး၊ ယုံကြည်နိုင်ဖွယ်ရှိသော သတင်းအရင်းအမြစ်ဖြစ်သည့်တိုင် မှန်ကန်၍ တရားဝင်သော သတင်းအဖြစ်မယူဆထားခဲ့ပါ။

(၁၈) ဤအစီရင်ခံစာအနေဖြင့် သက်သေတစ်ဦး၏ထွက်ဆိုချက်တခုကို ရည်ညွှန်းသည့်နေရာတွင် အခြားပုံစံအနေဖြင့် မဖော်ပြသ၍ မှန်ကန်၍ အကျုံးဝင်သက်ဆိုင်သော အကဲဖြတ်နိုင်သည့် ရှင်းပြသည့် ဖွင့်ဟချက်ဟု မစ်ရှင်အနေဖြင့် လက်ခံခဲ့ပါသည်။

အစီရင်ခံစာတွင်ပါဝင်သည့် တိကျသော သက်သေထွက်ချက်များကို တိုက်ရိုက်ရည်ညွှန်းခြင်းအား အကြောင်းအရာများ သုံးသပ်ချက်နှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးသည့် လုံးလုံးလျားလျား အခြေခံတရပ်အနေဖြင့် ရည်ညွှန်းနေကြောင်း မယူဆသင့်ပါ။ ဤသို့သော တိုက်ရိုက်ရည်ညွှန်းမှုများနှင့် အကိုးအကားများသည် ဥပမာတရပ် သို့မဟုတ် သရုပ်ဖော်ပြချက်တရပ်အနေဖြင့် အထောက်အကူပြုနိုင်ရန်သာ ထည့်သွင်းထားခြင်းဖြစ်ပါသည်။

### ခ. ၂ သတင်းစုဆောင်းခြင်း

(၁၉) မစ်ရှင်အနေဖြင့် မူလဇစ်မြစ်သတင်းနှင့် ထပ်ဆင့်လက်ဝေခံသတင်း မြောက်မြားစွာကို ရရှိခဲ့ပါသည်။ နစ်နာခံစားရသူများ၊ မျက်မြင်သက်သေများနှင့် နက်နက်ရှိုင်းရှိုင်း တွေ့ဆုံမေးမြန်းမှု ၈၇၅ ခုကို မစ်ရှင်အနေဖြင့် ပြုလုပ်ခဲ့ပါသည်။ သတင်း၏ အရင်းအမြစ်များအပေါ် အမျိုးအစားခွဲခြားမှုကိုလည်း မစ်ရှင်မှ တာဝန်ယူခဲ့ပါသည်။ မစ်ရှင်အနေဖြင့် မတူညီသော

နောက်ခံသဘောသဘာဝရှိသည့် တိုင်းရင်းသားနှင့် ဘာသာရေးအသိုင်းအဝိုင်းမှသူများ (မြန်မာ၊ ရခိုင်တိုင်းရင်းသား၊ ရိုဟင်ဂျာ[2]၊ ကမာန်မွတ်စလင်၊ ဟိန္ဒူနှင့် ကချင်၊ ရှမ်းတိုင်းရင်းသားအုပ်စုမှ ပုဂ္ဂိုလ်များအပါအဝင်) တွေ့ဆုံမေးမြန်းခဲ့ပါသည်။ နိုင်ငံတော်အဖွဲ့ အစည်းများမှ မဟုတ်သော လက်နက်ကိုင်အုပ်စုများ၏ အဖွဲ့ဝင်တချို့နှင့် မြန်မာနိုင်ငံ အဖွဲ့အစည်းများမှ ဝန်ထမ်းဟောင်းတချို့ကိုလည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။ မြန်မာအစိုးရမှ ပူးပေါင်းဆောင်ရွက်မှုမရှိသည့်အတွက် လက်ရှိတာဝန် ထမ်းဆောင်နေသော သို့မဟုတ် တပ်မတော် အင်အားစုများ၏ အဖွဲ့ဝင်များ[3]နှင့်မူ မစ်ရှင်အနေဖြင့် တွေ့ဆုံမေးမြန်းခွင့် မရခဲ့ပါ။

(၂၀) မစ်ရှင်အနေဖြင့် တွေ့ဆုံမေးမြန်းရန်အတွက် လူများကိုရွေးချယ်ရာတွင် အသုံးပြုနည်းနာဆိုင်ရာ ချဉ်းကပ်နည်းအမျိုးမျိုးကို သုံးခဲ့ပါသည်။ ဤသို့အထဲတွင် အလျဉ်းသင့်သလို ရွေးချယ်မှု ဥပမာအားဖြင့် ကြိုတင်စီစဉ်ထားခြင်း မရှိဘဲ ဒုက္ခသည် စခန်းတခု၏ နေရာအမျိုးမျိုးသို့ သို့မဟုတ် ဒုက္ခသည်စခန်း နေရာအသီးသီးသို့ သွားရောက်ခြင်းမျိုးများ ပါဝင်ပါသည်။ အလားတူပင် အထူးသဖြင့် ရခိုင်ပြည်နယ်ရှိ အခြေအနေနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ် တောင်ပိုင်းသို့ သွားသောခရီးစဉ်တိုင်းတွင် သတင်း "အသစ်အဆန်း" များရရှိနိုင်မှုကို သေချာစေမည့် မြန်မာပြည်မှ လက်တလော ရောက်ရှိလာသောသူများနှင့် တွေ့ဆုံမေးမြန်းမှုကို ပို၍ ဦးစားပေးခဲ့ပါသည်။ ထို့အပြင် တိတိကျကျ အဖြစ်အပျက်များ သို့မဟုတ် ဖြစ်ပျက်ပုံစံများကို မှန်ကန်ကြောင်း ထောက်ခံမှုပြုနိုင်သည့် တွေ့ဆုံမေးမြန်းရမည့်သူများကို ပစ်မှတ်ထားခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ဤသည်ကိုလည်း လူတစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတခု၏ ကူညီမှုသက်သက်အပေါ် မှီခိုမထားမိအောင်လည်း သေချာစေခဲ့ပါသည်။ ဖြစ်နိုင်သမျှ အတိုင်းအတာတိုင်းတွင် မစ်ရှင်အနေဖြင့် အခြားအဖွဲ့အစည်း သို့မဟုတ် မီဒီယာတခုခုနှင့်မျှ ယခင်ကမပြောဆိုခဲ့ဘူးသော သူများနှင့်သာ ပြောဆိုခဲ့ပြီး ဤသည်ကိုလည်းတွေ့ဆုံမေးမြန်းမှုမတိုင်ခင်တွင် သေချာစေခဲ့ပါသည်။

(၂၁) တွေ့ဆုံမေးမြန်းခဲ့သူများထဲတွင် ၄၀% ခန့်မှာ အမျိုးသမီးများဖြစ်ပါသည်။ အများစု တွေ့ဆုံမေးမြန်းသူများမှာ ရခိုင်ပြည် အခြေအနေကိစ္စဖြစ်ပြီး ဦးရေ ၂၀၀ ထက်ပိုသူများမှာ ကချင်နှင့်ရှမ်းပြည်နယ်များ အခြေအနေနှင့် သက်ဆိုင်သူများဖြစ်ပြီး နောက်ဆက်တွဲတွေ့ဆုံ မေးမြန်းမှုများကို အခြေအနေ ၂ ရပ်စလုံးအတွက်ရင်း သို့မဟုတ် တိုင်းပြည်တခုလုံးအတွက်ရင်း ပြုလုပ်ခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုများကို များသောအားဖြင့် လူတွေ့မေးမြန်းခြင်းဖြစ်ပြီး ယုံကြည်ရသော၊ အတွေ့အကြုံကျွမ်းကျင်သည့် ဘာသာပြန်သူကို လိုအပ်လျှင်အသုံးပြုလျက် လုံခြုံသော၊ သီးသန့်ဖြစ်သော နေရာတွင်ပြုလုပ်ခြင်းဖြစ်သည်။ အချို့သောတွေ့ဆုံမေးမြန်းမှုများကို လုံခြုံစိတ်ချရသော ဆက်သွယ်ရေးလမ်းကြောင်းကို အသုံးပြု၍ လက်ခံယုံကြည်နိုင်ဖွယ်ကို သေချာစေရန် ထပ်ဆင့်ကြိုတင်သတိထားမှုများ လုပ်ဆောင်ကာ (ဥပမာအားဖြင့် လူပုံမြင်စေနိုင်သော ဆက်သွယ်မှုစနစ် သို့မဟုတ် ယုံကြည်စိတ်ချရသော ကျွမ်းဝင်သူကြားခံတစ်ဦး အစရှိသည်တို့ကို အသုံးပြုခြင်း) ပြုလုပ်ခြင်းဖြစ်ပါသည်။

[2] မြန်မာပြည်တွင် "ဘင်္ဂါလီ"ဟု အခေါ်ခံနေရသောအုပ်စုအား "ရိုဟင်ဂျာ"ဟု ခေါ်ဝေါ်သုံးစွဲမှုအပေါ် ထိလွယ်ရှလွယ်ဖြစ်မှုအား မစ်ရှင်အနေဖြင့် သတိပြုမိသည်။ မစ်ရှင်အနေဖြင့် ဤအခေါ်အဝေါ်သုံးစွဲမှုမှာ သက်ဆိုင်သူအုပ်စုအနေဖြင့် ကိုယ်ပိုင်လက္ခဏာကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်ဆိုသည့်အပေါ် သုံးစွဲခြင်းဖြစ်သည်။.

[3] မည်သို့ပင်ဆိုစေ မစ်ရှင်အနေဖြင့် အစိုးရနှင့် တပ်မတော်အရာရှိများမှ ပြုလုပ်ခဲ့သော ထုတ်ပြန်ကြေညာချက်များကို ကျယ်ကျယ်ပြန့်ပြန့်သုံးသပ်မှုများအား ပြုလုပ်ခဲ့ပါသည်။

(၂၂) မစ်ရှင်အနေဖြင့် UNOSAT[4] အကူအညီဖြင့် ဂြိုလ်တုသုံးပုံရိပ်များနှင့်သုံးသပ်ချက်များကို ကြီးကြီးမားမားရရှိသကဲ့သို့ များပြားလှစွာသော မှတ်တမ်းစာရွက်များ၊ ဓါတ်ပုံများနှင့် ဗီဒီယိုဖိုင်များကိုလည်း ရရှိရာ အချို့မှာ အရင်းအမြစ်မှ လျို့ဝှက်စွာ ရိုက်ကူးထားသော သို့မဟုတ် ရရှိထားသောအရာများ ဖြစ်ပါသည်။ စစ်မှန်သည်ဟုယုံကြည်ရသော အချက်အလက်များကိုသာ အသုံးပြုခဲ့ပါသည်။ ရရှိသောသတင်းအချက်များအားလုံးကို အခြားသော အဖွဲ့အစည်းများ၏ ကုန်ကြမ်းအချက်အလက်များ သို့မဟုတ် မှတ်စုများ၊ ကျွမ်းကျင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ၊ အစီရင်ခံတင်သွင်းမှုများ နှင့် အများသိနေရာများမှ အချက်အလက်များ အပါအဝင် တဆင့်ခံရရှိသည့် သတင်းများနှင့် မှန်ကန်ယုံကြည်နိုင်ဖွယ် ရှိမရှိ တိုက်ဆိုင်စစ်ဆေးခဲ့ပါသည်။ လူ့အခွင့်အရေးနှင့်ဥပဒေ၊ လိင်မှုနှင့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှုအပေါ် အခြေခံသည့်အကြမ်းဖက်မှု၊ စိတ်ပညာနှင့် ကလေးသူငယ်စိတ်ပညာ၊ စစ်တပ်ရေးရာနှင့် မှုခင်းဆေးပညာ အစရှိသည့်ကျွမ်းကျင်မှုဆိုင်ရာနှင့် အထူးအကြံပေးမှုများကို ဒီဂျစ်တယ်နည်းပညာအခြေခံ ဆန်းစစ်ခြင်းအား အသုံးပြု၍ မစ်ရှင်ဌာနအတွင်းပိုင်းတွင် ပြုလုပ်ခဲ့ပါသည်။

(၂၃) သတင်းအချက်အလက်များရရန် မစ်ရှင်အဖွဲ့ဝင်များအနေဖြင့် ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ထိုင်း နှင့် ဗြိတိသျှနိုင်ငံနှင့် မြောက်အိုင်ယာလန်နိုင်ငံများသို့သွားရောက်ခဲ့ပါသည်။ တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ သွားရောက်ရန် ခွင့်တောင်းခံခြင်းများအပေါ် အကြောင်းပြန်မှု တစုံတရာမရရှိခဲ့ပါ။ မစ်ရှင်အဖွဲ့ဝင်များအနေဖြင့် လုပ်ပိုင်ခွင့် စတင်အပ်နှံခြင်းရရှိသည့်၊ ရိုဟင်ဂျာ ဒုက္ခသည်အများစု စတင်ရောက်ရှိလာသည့်အချိန်တွင်ငင်း၊ လူ့အခွင့်အရေးကောင်စီသို့ ၎င်းတို့၏အစီရင်ခံစာ အဆုံးသတ်ရမည့်အချိန်မတိုင်မီ၊ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် အဆုံးသတ်မည့် လုပ်ပိုင်ခွင့် ကုန်ဆုံးခါနီးအချိန်တွင်၎င်း၊ အခြေအနေ အပြောက်အများကို ရယူရန်အတွက် နောက်တကြိမ် သွားရောက်ခဲ့ပါသည်။ ၂၀၁၇ စက်တင်ဘာနှင့် ၂၀၁၈ ဇူလိုင်လအကြား မစ်ရှင်၏ အတွင်းရေးမှူးအဖွဲ့အနေဖြင့် နစ်နာခံစားရသူများနှင့် သက်သေများကို တွေ့ဆုံမေးမြန်းရန်အတွက် အဓိကဖြစ်သော ကွင်းဆင်းခရီးစဉ်မြောက်မြားစွာကို တခါသွားလျှင် ရက်သတ္တပတ်ပေါင်းများစွာ ကြာသည်အထိ ထပ်မံပြုလုပ်ခဲ့ကြရပါသည်။ အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်နေ့နောက်ပိုင်းတွင် ပေါ်ထွန်းလာခဲ့သော အဖြစ်အပျက်များနှင့် ပတ်သက်၍ မြန်မာပြည်မှ ချက်ချင်းထွက်ခွာလာခဲ့ရသောသူများအား တွေ့ဆုံမေးမြန်းနိုင်ရန်အတွက် အဖွဲ့တခုကို ချက်ချင်းစေလွှတ်ခဲ့ရပါသေးသည်။ မစ်ရှင်အနေဖြင့် အစိုးရများအကြားဆက်စပ်သော၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ သုတေသီများ၊ သံတမန်များ အစရှိသည့် အခြားသော သက်ဆိုင်အကျိုးဝင်သူများနှင့်လည်း လူကိုယ်တိုင်သော်၎င်း၊ အဝေးရောက် ဆက်သွယ်မှုဖြင့်၎င်း အကြိမ် ၂၅၀ ထက်မက တိုင်ပင်မှုများကိုပါ ပြုလုပ်ခဲ့ပါသည်။ မစ်ရှင်အနေဖြင့် လူသိရှင်ကြား တောင်းဆိုချက်များအပါအဝင် ရေးသားတင်သွင်းချက်များကိုလည်း ရရှိခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်း အရေးအတွက် တချို့နှင့် အခြားလူသားချင်းစာနာမှုဆိုင်ရာ စွမ်းဆောင်သူများနှင့်လည်း ထပ်မံထိတွေ့ခဲ့ပါသေးသည်။ ဆက်စပ်သက်ဆိုင်မှုရှိသော သတင်းအချက်အလက်များနှင့် ထောက်ခံပံ့ပိုးမှုကို ပြုလုပ်ပေးခဲ့သည့် ဒုက္ခသည်ဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီးရုံး၊ အခြား ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အခြားသော ကုလသမဂ္ဂဝန်ထမ်းများအပေါ် ကျေးဇူးတင်ရှိရပါသည်။

---

[4] UNOSAT သည် သတင်းနှင့်သုတေသနဆိုင်ရာ ကုလသမဂ္ဂအင်စတီကျူ၏ လုပ်ငန်းခွင်သုံးဂြိုလ်တုအသုံးပြုနည်းနာများအစီအစဉ် (United Nations Operational Satellte Application Programme) ဖြစ်ပါသည်။

ကုလသမဂ္ဂအဖွဲ့အစည်းတချို့မှ အလားတူ ထောက်ပံ့ကူညီမှုမျိုး မပြုခဲ့သည်ကိုလည်း စိတ်မကောင်းဖြစ်ရပါသည်။

(၂၄) ထို့အပြင် မြန်မာပြည်သို့သွားရောက်၍ ပြည်တွင်း၌ အချက်အလက်များရှာဖွေခွင့် မရသည့်အပေါ်တွင်လည်း မစ်ရှင်အနေဖြင့် စိတ်မကောင်းဖြစ်ရပါသည်။ မည်သို့ပင်ဖြစ်စေ ၎င်းကိုပေးအပ်ထားသော လုပ်ပိုင်ခွင့်နှင့်အညီ အချက်အလက်များ ထုထောင်ရန်နှင့် အဆုံးသတ်ကောက်ချက်ချနိုင်ရန် လိုအပ်သော သတင်းအချက်အလက်များကို ရယူစုဆောင်းနိုင်ခဲ့ပါသည်။ အထက်ပါစာပိုဒ်များတွင် သိသာစွာမြင်ရသည့်အတိုင်း မစ်ရှင်အနေဖြင့် ကြီးမားသောပမာဏရှိသည့်၊ ကျယ်ပြန့်သော အရင်းအမြစ်မျိုးစုံကို လက်လှမ်းမီခဲ့သည်မှာ တိုင်းပြည်ပြင်ပတွင် အများဆုံးဖြစ်သော်လည်း ပြည်တွင်းမှာလည်း ရရှိခဲ့ပါသည်။ ပိုအရေးကြီးသည်မှာ ယခုလက်တလော အချိန်အပါအဝင် ဤသုံးသပ်နေသည့် ကာလတလျှောက်လုံး မြန်မာပြည်မှထွက်ခွာလာသည့် ထိခိုက်နစ်နာသူများနှင့် မျက်မြင်သက်သေများကို ထိတွေ့နိုင်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် သီးခြားလွတ်လပ်သော လူ့အခွင့်အရေးဆိုင်ရာအဖွဲ့အစည်းများ (အောက်တွင်ဆက်ကြည့်ပါ) နှင့် ထိတွေ့ခဲ့သော တစ်ဦးချင်းပုဂ္ဂိုလ်များအပေါ် နောက်ယှက်တုန့်ပြန်ဒဏ်ခတ်မှုများ၏ ပြင်းထန်သော အန္တရာယ်များနှင့် မြန်မာပြည်အတွင်း လှုပ်ရှားနေသော အခြားနိုင်ငံတကာမှ လှုပ်ရှားသူများအပေါ် ပြုလုပ်ထားသော ကန့်သတ်ချက်များကို ထည့်သွင်းစဉ်းစားကြည့်ပါက ပြည်တွင်း၌ ထိတွေ့ဆက်စပ်ခွင့်ရရှိရေးသည် ပိုမိုယုံကြည်ဖွယ်ရာရှိသော သို့မဟုတ် တရားဝင်သော သတင်းအချက်အလက်များ ရရှိရန် ပိုမိုလုပ်ဆောင်ပေးလိမ့်နိုင်မည်ဟူ၍ မစ်ရှင်အနေဖြင့် မယုံကြည်ပါ။ ထိခိုက်နစ်နာရသူများ၊ မျက်မြင်သက်သေများမှ တန်ပြန်ဒဏ်ခတ်ခံရမည်ဟု ကြောက်ရွံ့စိတ်မရှိဘဲ လွတ်လပ်စွာပြောဆိုနိုင်သည့် လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တွင် ပြောဆိုခဲ့ရသည်ဟု မစ်ရှင်အနေဖြင့် ယုံကြည်မိခဲ့ပါသည်။

(၂၅) မစ်ရှင်အနေဖြင့် အစိုးရမဟုတ်သောအဖွဲ့အစည်း အရေအတွက်တချို့နှင့် တွေ့ဆုံမေးမြန်းခွင့်ပြုရန် သဘောတူခဲ့သူများအားလုံးမှ ပေးခဲ့သော တန်ဘိုးမဖြတ်နိုင်သည့် ထောက်ပံ့မှုအပေါ် လေးနက်စွာ ကျေးဇူးတင်ရှိကြောင်း မစ်ရှင်အနေဖြင့် ဖော်ပြလိုပါသည်။ မြန်မာပြည်လူ့အခွင့်အရေးအခြေအနေ ပိုမိုကောင်းမွန်စေလိုမှုအပေါ် ကြိုးပမ်းလုပ်ဆောင်မှုသည် အမှန်တကယ် လေးစားချီးကျူးစရာဖြစ်ပါသည်။

### ခ. ၃။ ထိခိုက်နစ်နာသူများနှင့် သက်သေများအား ကာကွယ်စောင့်ရှောက်ခြင်း

(၂၆) မစ်ရှင်အနေဖြင့် ထိခိုက်နစ်နာသူများနှင့်သက်သေများအား ကာကွယ်စောင့်ရှောက်ရမည့် အပေါ် အထူးအလေးထားခဲ့ပါသည်။ ကာကွယ်စောင့်ရှောက်မှုဆိုင်ရာ ကနဦးဆန်းစစ်ကြည့်မှုက တိုင်းပြည်တွင်း လူ့အခွင့်အရေးအခြေအနေကို ထုတ်ဖော်ပြောဆိုသည့် ကုလသမဂ္ဂ ယန္တရားများနှင့် ထိတွေ့ဆက်ဆံသည့်သူများသည့် တန်ပြန်ဒဏ်ခတ်မှုကိုခံရမည့် အခြေအနေသို့ ရောက်ရှိခဲ့ကြသည်ဟု ညွှန်းပြပါသည်။ သို့ဖြစ်၍ ထိခိုက်နစ်နာသူများနှင့် သက်သေများအား အပြန်အလှန်ဆက်ဆံမှုများ အားလုံးအပေါ်တွင် အလွန်သတိကြီးကြီး ထားခဲ့သည့်အပြင် ထိုအတွက်ကြောင့် အန္တရာယ်သက်ရောက်မှု ခံရနိုင်ဖွယ်ရှိသည့်သူများနှင့် ဆက်သွယ်မှု ထူထောင်ရန် လိုအပ်ချက်အပေါ် အစဉ်တစိုက် ဆန်းစစ်မှုများ ပြုလုပ်ခဲ့ပါသည်။ မစ်ရှင်အနေဖြင့် ဤအပြန်အလှန် ဆက်သွယ်မှုများကို ထိန်းကြောင်းရန် နှင့် အန္တရာယ်များကို လျှော့ချနိုင်မည့် နည်းလမ်းများမှတဆင့် ၎င်းတို့အားချဉ်းကပ်ရန် သေချာစေနိုင်သော လုံခြုံရေးဆိုင်ရာ လိုက်နာရမည့် လုပ်ထုံးများကိုလည်း တိကျစွာ ချမှတ်ခဲ့ပါသည်။ အန္တရာယ်ရှိမှု အတိုင်းအတာသည်

အလွန်အမင်း မြင့်မားနေလျှင်သော်လည်းကောင်း သို့မဟုတ် အန္တရာယ်ရှိမှု အဆင့်အတန်းကို သတင်းအရခိုင်မာမှုကို ပေးနိုင်သည့် လုံလောက်သော သတင်းအချက်ကို မရနေလျှင်သော်လည်းကောင်း ဆက်သွယ်မှုများကို ဆက်လက်မဆောင်ရွက်ခဲ့ပါ။ ဤမူကိုလိုက်နာလျက် မစ်ရှင်အနေဖြင့် မြောက်မြားစွာသော သတင်းအစတိုင်းကို မလိုက်ယူခဲ့ပါ။

(၂၇) သို့ဖြစ်၍ မစ်ရှင်အတွက် အကြီးမားဆုံးစိမ်ခေါ်မှုမှာ တုန့်ပြန်ခံရမည်ကို ကြောက်ရွံ့မှုမှ ပေါက်ဖွားလာခဲ့ရပါသည်။ မြန်မာပြည်သူလူထုကြီးအတွက် ကြောက်ရွံ့မှုသည် အခြေခိုင်စွာတည်ရှိနေသည်။ နိုင်ငံတကာ စွမ်းဆောင်သူများနှင့် ထိတွေ့ဆက်ဆံမှုပြုသူများအပေါ် တုန့်ပြန်အရေးယူသည့် အဖြစ်အပျက်များအကြောင်း မစ်ရှင်အနေဖြင့် သတင်းများရရှိခဲ့ပြီး စစ်ဆေးအတည်ပြုနိုင်ခဲ့ပါသည်။ မြောက်မြားစွာသော အလားအလာကောင်းသည့် သက်သေ မြောက်မြားစွာသည် ၎င်းတို့ သို့မဟုတ် ၎င်းတို့မိသားစုဝင်များအပေါ် တုန့်ပြန်သက်ရောက်မှုများ ကျရောက်မည်ကို ကြောက်ရွံ့သည့်အတွက် လုံခြုံစိတ်ချရသည့် အခြေခံရှိနေချိန်မှာပင် မစ်ရှင်နှင့် စကားပြောရန်ကို ကြောက်လန့်နေခဲ့ကြသည်။

(၂၈) ထို့အတူ ကယ်ဆယ်ရေးလုပ်သားများ၊ သတင်းထောက်များ၊ သံတမန်များ နှင့်မြန်မာပြည်သို့ အလည်အပတ်သွားရောက်သူများအပါအဝင် မြန်မာပြည်တွင်လှုပ်ရှားနေကြသော နိုင်ငံတကာ စွမ်းဆောင်သူများစွာသည် မစ်ရှင်နှင့် ၎င်း တို့ပူးပေါင်းဆောင်ရွက်သည်ကို မြန်မာအာဏာပိုင်များ သိရှိသွားပါက ၎င်းတို့ရရှိနေသော လမ်းကြောင်းများအပေါ် အနှုတ်သဘောမျိုး သက်ရောက်မည်ကို ကြောက်ရွံ့သောကြောင့် သိရှိမှုများနှင့် သတင်းအချက်အလက်များကို မစ်ရှင်နှင့် မျှဝေရန် စိတ်အားမထက်သန်ကြပါ။

(၂၉) မြန်မာပြည်အခြေအနေကို စစ်ဆေးရန် လုပ်ပိုင်ခွင့်အပေးခံထားရသော လူ့အခွင့်အရေးကောင်စီယန္တရားများနှင့် ပူးပေါင်းဆောင်ရွက်သော မြန်မာနိုင်ငံသားများ ရင်ဆိုင်ရသည့် နောက်ယှက်မှုနှင့် ခြိမ်းခြောက်မှုများအပေါ် မစ်ရှင်အနေဖြင့် လေးနက်စွာ စိုးရိမ်ပူပန်မိပါသည်။ မစ်ရှင်အနေဖြင့် နစ်နာခံစားရသူများနှင့် သက်သေများ၊ မစ်ရှင်နှင့် အခြားသော နိုင်ငံတကာလူ့အခွင့်အရေးယန္တရားများနှင့် ထိတွေ့ဆက်ဆံသူများအားလုံးအပေါ် ကာကွယ်စောင့်ရှောက်မှုများအတွက်လည်းကောင်း၊ ထိုသို့သော ထိတွေ့မှုများအတွက် နောက်ယှက်ထိပါးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ခြောက်လှန့်ခြင်း၊ ဆိုးရွားစွာပြုမူဆက်ဆံခြင်း၊ ဖမ်းဆီးခြင်း သို့မဟုတ် အခြားပုံစံများဖြင့် တန်ပြန်ဒဏ်ခတ်ခြင်းများမှ မခံစားရစေရန်အတွက် လည်းကောင်း မြန်မာနိုင်ငံကို တိုက်တွန်းပါသည်။

### ခ.၄ ။ သတင်းအချက်အလက်များ သိမ်းဆည်းထားသိုခြင်း

(၃၀) မစ်ရှင်အတွက် သတင်းအချက်အလက်များ လုံခြုံစွာ မှတ်တမ်းတင်ထိန်းသိမ်းထားနိုင်ရန်အတွက် လုံခြုံလျို့ဝှက်သည့် အချက်အလက် စုဆောင်းရာစနစ်တခုကို ဖန်တီးခဲ့ပါသည်။ ထိုအထဲတွင် တွေ့ဆုံမေးမြန်းမှုနှင့် ဆုံတွေ့မှုအားလုံး၏ မှတ်တမ်းပေါင်းချုပ်အပြင် စုဆောင်းရရှိထားသည့် ဆက်စပ်သက်ဆိုင်သော အရာပစ္စည်းများ၏ အီလက်ထရောနစ် မိတ္တူများအားလုံးပါဝင်ပါသည်။ အပြည့်အဝ ရှာဖွေနိုင်စွမ်းရှိသော ကရိယာအနေဖြင့် ဤအချက်အလက်စုဆောင်းရာစနစ်က သုံးသပ်ရန် အချက်အလက်များ ပြန်လည်ဖေါ်ထုတ်ရယူပေးခြင်း နှင့် အစီရင်ခံစာရေးခြင်းတို့အတွက် အဖွဲ့အစည်းအား များစွာအကျိုးဆောင်ပေးခဲ့ပါသည်။

(၃၁) မစ်ရှင်အနေဖြင့် ပေးထားသော သတင်းအချက်အလက်များကို သုံးရန် နှင့်/သို့မဟုတ် မျှဝေရန်အတွက် တွေ့ဆုံမေးမြန်းသူများအားလုံးထံမှ ကြိုတင်အသိပေးသော၊ တိကျသည့် သဘောတူညီချက်ကို လျှို့ဝှက်ချက်ထိန်းသိမ်းမှုအား သင့်လျော်သလို သေချာစေလျက် စနစ်တကျယူခဲ့ပါသည်။ တွေ့ဆုံမေးမြန်းမှုတွင် ဖြေကြားခဲ့သူတိုင်း၏ သဘောတူညီချက်၊ ၎င်းအတွက် လိုအပ်သောအခြေအနေများ နှင့် ကာကွယ်စောင့်ရှောက်ရန် ဖြစ်နိုင်သည့်စိုးရိမ်မှုများ အားလုံးကို အချက်အလက် စုဆောင်းသော စနစ်ထဲတွင် အားလုံး မှတ်တမ်းတင်ထားခဲ့ပါသည်။

(၃၂) အရာပစ္စည်းများနှင့်ပတ်သက်၍ လိုက်နာရမည့် ကုလသမဂ္ဂ၏လိုအပ်ချက်များနှင့်အညီ ရုပ်ဝတ္ထုမှတ်တမ်းများ အားလုံးနှင့်အတူ အချက်အလက်များ စုဆောင်းသောစနစ်ကိုလည်း မစ်ရှင်၏မော်ကွန်းမှတ်တမ်းများတွင် သိမ်းထားခဲ့ပါသည်။ ကုလသမဂ္ဂဆိုင်ရာ မဟာမင်းကြီးရုံးသည် ထိုမော်ကွန်းမှတ်တမ်းများကို ထိန်းသိမ်းစောင့်ရှောက်သူဖြစ်ပါလိမ့်မည်။ မြန်မာပြည်၏ လူ့အခွင့်အရေး အလွဲသုံးစားမှုများနှင့် ချိုးဖောက်မှုများအပေါ် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ တာဝန်ယူမှုတာဝန်ခံမှု သေချာစေရန်အတွက် ခိုင်မာယုံကြည်ဖွယ်ဖြစ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သည့် စွမ်းဆောင်ရည်ကောင်းသော အာဏာပိုင်များကို အသုံးပြုခွင့်ပေးနိုင်ရန်အတွက် ၎င်းအား လုပ်ပိုင်ခွင့်အပ်နှင်းထားပါသည်။ သတင်းအချက်အလက်များ ရယူပိုင်ခွင့်ကိုလည်း အရင်းအမြစ်များ၏ ကြိုတင်သဘောတူထားသည့် အခြေအနေများနှင့် အညီ၊ ကာကွယ်စောင့်ရှောက်ရန် စိုးရိမ်ရချက်များကို သေသေချာချာ ရှင်းပြပြီးမှသာ ပေးအပ်ခြင်းခံရမည်ဖြစ်သည်။

## ဂ။ ဥပဒေ မူဘောင်

(၃၃) အချက်အလက်များကို မြန်မာပြည်အတွက် အကျုံးဝင်နိုင်မည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေ၊ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ ဥပဒေတို့ဖြင့် ဆန်းစစ်မည်ဖြစ်သည်။ မစ်ရှင်အနေဖြင့် မြန်မာပြည်တွင်း ဥပဒေအောက်တွင် လူ့အခွင့်အရေးကို အာမခံထားသည်ဟုလည်း အလားတူစဉ်းစားထားခဲ့ပါသည်။

### ဂ.၁ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ

(၃၄) မြန်မာနိုင်ငံသည် ကုလသမဂ္ဂပဋိညာဉ်ကို လိုက်နာရန်တာဝန်ရှိပြီး "လူမျိုး၊ လိင်၊ ဘာသာစကား သို့မဟုတ် ကိုးကွယ်ရာဘာသာပေါ်တွင် ခွဲခြားထားမှုမရှိဘဲ လူသားအားလုံး၏ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များကို အားလုံးက လေးစားလိုက်နာရန်နှင့် စောင့်ကြည့်ထိန်းသိမ်းရန်"[5] ဟူသည်ကို ရရှိရေးအတွက် ဆောင်ရွက်ရန် ခံဝန်ကတိအားဖြင့်လည်း အကျုံးဝင်နေပါသည်။ နိုင်ငံများအနေဖြင့် လူ့အခွင့်အရေး နောက်ဆက်တွဲစာချုပ်များကို မည်သည့်အတိုင်းအတာအထိ လက်မှတ်ထိုးထားသည်နှင့်မဆိုင်ဘဲ ၎င်းတို့အနေဖြင့် နိုင်ငံတကာတခုလုံး အတိုင်းအတာဖြင့် အသိအမှတ်ပြုထားသော လူ့အခွင့်အရေးကို လေးစားလိုက်နာရမည်။ လူ့အခွင့်အရေးဆိုသည်မှာ နိုင်ငံတခု၏ နိုင်ငံသားများအတွက်သာ ကန့်သတ်ထားသည်မဟုတ်ဘဲ နယ်နမိတ်တခု သို့မဟုတ် နိုင်ငံတခု၏စီရင်မှုအတွင်း နေထိုင်သူ လူပုဂ္ဂိုလ်အားလုံးအပေါ်တွင် ၎င်းတို့၏ လူမျိုး သို့မဟုတ် လူမျိုးမရှိမှုနှင့် မဆိုင်ဘဲ အာမခံပေးရမည်။[6] မြန်မာနိုင်ငံ၏ နိုင်ငံတကာလူ့အခွင့်အရေးနှင့် ပတ်သက်သော တာဝန်ရှိမှုများ၏

---

[5] ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း၊ အပိုဒ် ၅၅ (ဂ) နှင့် ၅၆။

[6] အကန့်အသတ်အခြေအနေများအောက်တွင် နိုင်ငံသားများအတွက် အခွင့်အရေးအနည်းငယ်ကိုသာ ကန့်သတ်နိုင်သည်။ (အောက်ပါ အပိုဒ် ၆၈ တွင်ကြည့်ပါ)။ B. Ramcharan, "The Law-Making Process: From

အကြောင်းအရာနှင့် အတိုင်းအတာပမာဏကို မြန်မာနိုင်ငံမှ ထပ်မံအတည်ပြုထားသည့် စာချုပ်များတွင်၎င်း၊ ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေတွင်၎င်း၊ ချည်နှောင်မှုအားနည်းသော ဥပဒေ၏ အသုံးပြုစရာအမျိုးမျိုးတွင် ဖေါ်ပြထားပါသည်။

### ၈.၁ (က) စာချုပ်စာတမ်းဥပဒေ

(၃၅) ၂၀၁၈ ဩဂုတ်လအထိ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂ၏အဓိကကျသော နောက်ဆက်တွဲ စာချုပ် ၄ ခုကို လက်မှတ်ရေးထိုးခဲ့ရာ ၎င်းတို့မှာ ကလေးသူငယ်များအခွင့်အရေးဆိုင်ရာ သဘောတူညီချက် နိုင်ငံတကာစာချုပ်၊ ကလေးသူငယ်များ ရောင်းစားခြင်း၊ လိင်လုပ်သားဖြစ်စေခြင်းနှင့် ကလေးသူငယ်များအား လိင်ဇတ်ကားများတွင် အသုံးပြုခြင်းဆိုင်ရာ ထပ်ဆင့်ဆောင်ရွက်ရမည့် လိုက်နာရန်များ၊ အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အားလုံးပပျောက်ရေးဆိုင်ရာစာချုပ်၊ မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက် စာချုပ်နှင့် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်တို့ ဖြစ်ပါသည်။[7] ဤသို့လက်မှတ်ထိုးထားခဲ့ခြင်းကြောင့် ထိုစာချုပ်များတွင် ဖေါ်ပြထားသော တာဝန်ရှိမှုများအား လိုက်နာရန်ခံဝန်ထားပြီးဖြစ်သဖြင့် လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုတခုခုကို ပြည်တွင်းဥပဒေနှင့် လက်တွေ့ကျင့်သုံးမှုများကို အသုံးပြု၍ အကြောင်းပြ ဆင်ခြေပေးမရနိုင်ကြောင်းကို လက်ခံထားနှင့်ပြီးသားဖြစ်ပါသည်။[8] ထိုစာချုပ်များ အကောင်အထည်ဖေါ်မှုကို စောင့်ကြည့်ကြီးကြပ်ရန် ထူထောင်ထားသော ကုလသမဂ္ဂ စာချုပ်စာတမ်းဆိုင်ရာ အဖွဲ့အစည်းများနှင့်လည်း ထိတွေ့ဆက်ဆံရန်နှင့် ၎င်းတို့၏တွေ့ရှိချက်များနှင့် အကြံပြုချက်များကိုလည်း တာဝန်သိစွာ စဉ်းစားပေးရန်ကိုလည်း ဤသည်က သဘောတူထားခဲ့ပြီးဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အခြားအဓိကကျသော စာချုပ်များကိုလည်း ပါဝင်လက်မှတ်ထိုးသွားရန် တက်ကြွစွာစဉ်းစားသွားမည်ဖြစ်ကြောင်းကိုလည်း ရည်ညွှန်းခဲ့ပါသေးသည်။[9]

(၃၆) ကလေးသူငယ်များဆိုင်ရာ သဘောတူညီချက် နိုင်ငံတကာစာချုပ်အရ မြန်မာနိုင်ငံသည် ကလေးသူငယ်များ (ဆိုလိုသည်မှာ အသက် ၁၈ နှစ်အောက်ရှိသူအားလုံး) ကို ဘဝရှိခွင့်၊

---

Declaration to Treaty to Custom to Prevention", in *The Oxford Handbook on International Human Rights Law,* D. Shelton ed. (Oxford, Oxford University Press, 2013), p. 511; D. Weissbrodt, *The Human Rights of Non-Citizens* (Oxford, Oxford University Press, 2008). See also A/HRC/19/43, para. 2.

[7] မြန်မာနိုင်ငံအနေဖြင့် ပါဝင်မှု သို့မဟုတ် အတည်ပြုလက်မှတ်ထိုးမှု ပြုသောနေ့စွဲများမှာ - CRC (15 July 1991), CEDAW (22 July 1997), CRPD (7 December 2011), CRC-OP-SC (16 January 2012), ICESC (6 October 2017) တို့ဖြစ်သည်။ မြန်မာအနေဖြင့် ICESC ကို ၂၀၁၅ ခုနှစ် ဇူလိုင် ၁၆ ရက်နေ့တွင်ထိုးခဲ့ရာ ထိုနေ့မှစ၍ ထိုစာချုပ်၏ ဦးတည်ချက် သို့မဟုတ် ရည်ရွယ်ချက်ကို ဆန့်ကျင်သော ဆောင်ရွက်မှုများမှ ရှောင်ရှားရမည်ဟု အဓိပ္ပါယ်ရသည်။

[8] သဘောတူခံဝန်စာချုပ်များအပေါ် ဗီယင်နာသဘောတူညီချက် အပိုဒ် ၂၇

[9] A/HRC/31/13/Add.1, အပိုဒ် ၇။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီစာချုပ်နှင့် ၎င်း၏နောက်ဆက်တွဲဖြစ်သည့် သေဒဏ်ပေးခြင်းကို ဖျက်သိမ်းရန်ဒုတိယသဘောတူညီချက်၊ ညှင်းပမ်းနှိပ်စက်ခြင်းနှင့် အခြားရက်စက်ကြမ်းကြုတ်သော လူသားမဆန်သည့် သို့မဟုတ် သိက္ခာကျစေသည့် ပြုမူချက် သို့မဟုတ် အပြစ်ပေးခြင်းများအပေါ်ဆန့်ကျင်သည့် နိုင်ငံတကာသဘောတူစာချုပ်နှင့် ၎င်း၏နောက်ဆက်တွဲ လိုက်နာဆောင်ရွက်ရန်များ၊ အတင်းအဓမ္မပျောက်စေခြင်းမှ လူသားအားလုံးကို ကာကွယ်ပေးသည့် နိုင်ငံတကာသဘောတူစာချုပ်၊ လူမျိုးရေးအခြေခံခွဲခြားဆက်မှုပုံစံမျိုးစုံပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာခုပ်၊ ရွှေ့ပြောင်းအလုပ်သားများနှင့် ၎င်းတို့မိသားစုအဖွဲ့ဝင်များ၏အခွင့်အရေးကို ကာကွယ်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် အစရှိသည်တို့ကို လက်မှတ်ရေးထိုး မပြုဌာန်းရသေးပါ။ လက်နက်ကိုင်ပဋိပက္ခများအတွင်းကလေးသူငယ်များပါဝင်မှုဆိုင်ရာ ကလေးသူငယ်အခွင့်အရေးနိုင်ငံတကာသဘောတူညီစာချုပ်၏ နောက်ဆက်တွဲလိုက်နာကိုမူ လက်မှတ်ထိုးထားပြီဖြစ်သောလည်း တိုင်းပြည်အတွင်း အတည်ပြုမပြဌာန်းရသေးပါ။ (၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်နေ့)။ မြန်မာနိုင်ငံအနေဖြင့် ထိုစာချုပ်များအောက်တွင် တဦးတယောက်ချင်းမှ တိုင်ကြားနိုင်သည့် လုပ်ထုံးနည်းနာများ တခုကိုမျှ လက်ခံထားခြင်း မရှိသေးပါချေ။

ရှင်သန်ခွင့်၊ ကိုယ်ပိုင်ကြွန်အင်လက္ခဏာ တည်ထောင်ခွင့်နှင့် ထိန်းသိမ်းခွင့် (မွေးဖွားပြီးချိန်တွင် မှတ်တမ်းစာရင်းသွင်းခွင့်နှင့် နိုင်ငံသားရပိုင်ခွင့်) ။ လိင်အလွဲသုံးစားအလုပ်ခံရမှုအပါအဝင် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ ဒဏ်ရာရမှု နှင့် အလွဲသုံးစား အလုပ်ခံရမှုများပုံစံအားလုံးမှ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ကျန်းမာရေးကို အမြင့်မားဆုံးရနိုင်သည့်စံအထိ ခံစားပိုင်ခွင့်၊ ပညာရေးရပိုင်ခွင့်၊ နှိပ်စက်ညှဉ်းပန်းမှု၊ သေဒဏ်အပေးခံရမှု၊ ရက်စက်ကြမ်းကြုတ်သော သို့မဟုတ် ဂုဏ်သိက္ခာထိပါးစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု အစရှိသည်တို့ကို ပြုခြင်းမခံရခွင့်တို့ကို အာမခံပေးရန် တာဝန်ရှိပါသည်။[10] ကလေးသူငယ်များသည် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ စုရုံးခွင့်နှင့် သင်းဖွဲ့ခွင့်၊ နှင့် လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်များကိုလည်း အလားတူခံစားခွင့်ရှိပါသည်။[11] တိုင်းရင်းသားလူမျိုး၊ ဘာသာရေး သို့မဟုတ် ဘာသာစကားဆိုင်ရာ လူနည်းစုအုပ်စုများတွင် ပါဝင်နေသော ကလေးသူငယ်များအနေဖြင့် ၎င်းတို့၏ ကိုယ်ပိုင်ယုံကြည်ရာဘာသာကို ကြေညာခွင့်၊ ကျင့်သုံးခွင့်၊ မိမိတို့ကိုယ်ပိုင်ဘာသာစကားကို အသုံးပြုပိုင်ခွင့် အစရှိသည့် ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ကျင့်သုံးပိုင်ခွင့်ရှိပါသည်။ [12] ဤကလေးသူငယ်ဆိုင်ရာ စာချုပ်အောက်တွင် လက်နက်ကိုင်ပဋိပက္ခကြောင့် သက်ရောက် ထိခိုက်ခံနေရသည့် ကလေးသူငယ်များအား ကာကွယ်ရန်၊ စောင့်ရှောက်ရန်အတွက် လုပ်နိုင်သမျှအားလုံးကို အစိုးရက လုပ်ဆောင်ပေးရပါမည်။ [13] ပိုအရေးကြီးသည်မှာ ကလေးသူငယ်များ၏ သို့မဟုတ် ၎င်းတို့မိဘများ သို့မဟုတ် တရားဝင်အုပ်ထိန်းသူများ၏ လူမျိုး၊ အသားရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင်ယူဆချက်၊ နိုင်ငံသား တိုင်းရင်းသားနှင့် လူမှုရေးဇစ်မြစ်၊ ဥစ္စာပစ္စည်း၊ မသန်စွမ်းခြင်း၊ မွေးဖွားခြင်း သို့ အခြားအဆင့်အတန်းများနှင့် သက်ဆိုင်မှုမရှိစေဘဲ မည်သည့်ပုံစံနှင့်မျှ ခွဲခြားဆက်ဆံမှုမထားရှိကာ ၎င်းတို့၏တရားစီရင်ခွင့်ဘောင်အတွင်း ကလေးတိုင်းအား ထိုအခွင့်အရေးများအား လေးစားရန်နှင့် သေချာမှုပေးရန် နိုင်ငံတော်အဖွဲ့အစည်းများ အားလုံးတွင် ရှင်းလင်းနားလည်ရမည့်တာဝန်ရှိမှုကို ကလေးသူငယ်ဆိုင်ရာစာချုပ်တွင် ထည့်သွင်းထားပါသည်။[14]

(၃၇) အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အားလုံးပပျောက်ရေးဆိုင်ရာစာချုပ်တွင် ပါဝင်နေသူတစ်ဦးအနေဖြင့် ခွဲခြားဆက်ဆံသော ဥပဒေများဖျက်သိမ်းရေး နှင့် လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ သို့မဟုတ် လုပ်ငန်းအုပ်စုများမှ ကျူးလွန်သော အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံခြင်းအပြုအမူအားလုံးအား ဖက်ရှားပစ်မှုသေချာစေရေး အပါအဝင် အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အဆုံးသတ်ရေးအတွက် နည်းလမ်းများ ဖော်ဆောင်ပြုလုပ်ရန် မြန်မာနိုင်ငံမှ ခံဝန်ကတိရှိခဲ့ပြီးဖြစ်ပါသည်။ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှု အပေါ်တွင် အခြေခံသည့် အကြမ်းဖက်မှု အပါအဝင် အမျိုးသမီးကြီး၊ငယ်အားလုံးအပေါ် အကြမ်းဖက်မှုကို နိုင်ငံတကာ သဘောတူစာချုပ်က တားမြစ်ထားပြီး ဤသည်မှာလည်း

[10] ကလေးသူငယ်များဆိုင်ရာသဘောတူညီချက် နိုင်ငံတကာစာချုပ် အပိုဒ် ၁၊ ၄၊ ၆၊ ၇၊ ၁၉ ၊ ၂၄၊ ၂၈၊ ၃၄၊ ၃၇

[11] ကလေးသူငယ်များဆိုင်ရာသဘောတူညီချက် နိုင်ငံတကာစာချုပ် အပိုဒ် ၁၃ မှ ၁၅

[12] ကလေးသူငယ်များဆိုင်ရာသဘောတူညီချက် နိုင်ငံတကာစာချုပ် အပိုဒ် ၃၀

[13] ကလေးသူငယ်များဆိုင်ရာသဘောတူညီချက် နိုင်ငံတကာစာချုပ် အပိုဒ် ၃၈ (၄)

[14] ကလေးသူငယ်များဆိုင်ရာသဘောတူညီချက် နိုင်ငံတကာစာချုပ် အပိုဒ် ၂

လူ့အခွင့်အရေး ချိုးဖောက်မှုတရပ်ဖြစ်ပါသည်။[15] နိုင်ငံတော် အဖွဲ့အစည်းများ၏ တာဝန်ရှိမှုသည် လက်နက်ကိုင်ပဋိပက္ခ ဖြစ်ပွားနေသောကာလများ သို့မဟုတ် နိုင်ငံရေးအဖြစ်အပျက် သို့မဟုတ် သဘာဝ ဘေးအန္တရာယ်ကြောင့် နိုင်ငံတော် အရေးပေါ် အခြေအနေများတွင်မှာပင် ရပ်ဆိုင်းသွားခြင်းမရှိပါ။ နိုင်ငံမဲ့သူများအပါအဝင် နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူများအားလုံးကို ခွဲခြားဆက်ဆံခြင်းမရှိစေဘဲ ထိုတာဝန်ရှိမှုများက သက်ရောက်နေရမည်ဖြစ်သည်။[16] နိုင်ငံတော်အဖွဲ့အစည်းများအနေဖြင့် လိင်ပိုင်းဆိုင်ရာ နှင့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှု အပေါ် အခြေခံသည့် အကြမ်းဖက်မှုဆိုင်ရာ လုပ်ဆောင်ပြုမူချက်များကို တားဆီးခြင်း၊ စုံစမ်းခြင်း၊ တရားစွဲဆိုခြင်းနှင့် အပြစ်ပေးခြင်းများကို လုပ်ဆောင်ရန် တာဝန်သိသိ၊ တာဝန်ရှိရှိ၊ ကြိုးစားအားထုတ်မှုရှိရှိလုပ်ရမည့် တာဝန်ရှိသည်။[17]

(၃၈) မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ်အောက်တွင် နိုင်ငံတော်အဖွဲ့အစည်းများအနေဖြင့် မသန်စွမ်းမှုရှိသူ အားလုံးအပေါ်တွင် မသန်စွမ်းမှုဟူသော အခြေခံဖြင့် မည့်သည့်ပုံစံမျိုးနှင့်မျှ ခွဲခြားဆက်ဆံမှုမပြုရဘဲ လူ့အခွင့်အရေးနှင့် အခြေခံလွတ်လပ်ခွင့်များအားလုံးကို သေချာစေရန်နှင့် မြှင့်တင်ပေးရန် တာဝန်ယူရမည်။[18] မသန်မစွမ်း ဖြစ်နေသူများဟုဆိုရာတွင် အခြားသူများနှင့် တန်းတူရည်တူ လူ့အဖွဲ့အစည်းအတွင်း ထိရောက်ပြည့်ဝစွာ ပါဝင်နိုင်ရေးအတွက် ခက်ခဲနေးကွေးစေမည့် မျိုးစုံသော အတားအဆီးများနှင့် ရင်ဆိုင်နေရသည့် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ၊ အသိဉာဏ်ပိုင်းဆိုင်ရာ သို့မဟုတ် အာရုံခံစားမှုပိုင်းဆိုင်ရာ ထိခိုက်ပျက်ဆီးမှုများအား ရေရှည်ခံစားနေရသူများ ပါဝင်ပါသည်။[19]

(၃၉) စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုရပိုင်ခွင့်များဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ်အရ နိုင်ငံတော် အဖွဲ့အစည်းများအနေဖြင့် စာချုပ်တွင်ပါဝင်သော အခွင့်အရေးများ အပြည့်အဝဖြစ်ထွန်းနိုင်မှုကို တိုးတက်ရရှိနိုင်ရေးအမြင်ဖြင့် ရနိုင်သမျှအရင်းအမြစ်များကို အစွမ်းကုန်အသုံးပြု၍ ခြေလှမ်းများ ဖော်ဆောင်ရန် လိုအပ်ပါသည်။ ထိုအထဲတွင် အလုပ်လုပ်ပိုင်ခွင့်၊ မျှတ၍ လျော်ကန်ကောင်းမွန်သော အခြေအနေများဖြင့် အလုပ်ရပိုင်ခွင့်၊ အလုပ်သမားသမဂ္ဂများဖွဲ့ပိုင်ခွင့်၊ လူမှုလုံခြုံရေးရပိုင်ခွင့်၊ လုံလောက်သောအစားအစာ၊ အဝတ်အထည်နှင့် အိမ်ရာအပါအဝင် လုံလောက်သောလူမှုအဆင့်အတန်းရပိုင်ခွင့်၊ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာ အမြင့်မားဆုံးရနိုင်သည့်စံနှုန်းဖြင့် အလုပ်ရပိုင်ခွင့်၊ ပညာသင်ကြားခွင့်၊ ယဉ်ကျေးမှုဘဝတွင်ပါဝင်ပိုင်ခွင့် အစရှိသည်တို့ပါဝင်ပါသည်။ ထိုအခွင့်အရေးများသည် တရားမှုအခြေအနေ သို့မဟုတ် အထောက်အထားနှင့် မသက်ဆိုင်စေရဘဲ နိုင်ငံသား မဟုတ်သူများအပါအဝင် ဥပမာအားဖြင့် နိုင်ငံမဲ့သူများ အားလုံးအပေါ်တွင်

---

[15] အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ " အမျိုးသမီးများအပေါ် ပုံစံမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများ အားလုံးပပျောက်ရေးဆိုင်ရာစာချုပ် အပိုဒ် ၂ အောက်ရှိ နိုင်ငံတော်အဖွဲ့အစည်းများ၏ အဓိကတာဝန်ရှိမှုများအပေါ် အထွေထွေ အကြံပြုချက် အမှတ် ၂၈" (CEDAW/C?GC?28)၊ စာပိုဒ် ၉။ " ပဋိပက္ခနှင့် ပဋိပက္ခနောင်းလွန်ကာလများ၌ ပဋိပက္ခတားဆီးခြင်းကဏ္ဍအတွင်းအမျိုးသမီးများခေါင်းစဉ်အပေါ်တွင် အထွေထွေအကြံပြုချက် အမှတ် ၃၀" (CEDAW/C/GC/30) စာပိုဒ် ၃၄။ " အမျိုးသမီးများအပေါ် လိင်ကွဲပြားမှုအခြေခံအကြမ်းဖက်မှုအပေါ် အထွေထွေအကြံပြုချက် အမှတ် ၃၅၊ အထွေထွေအကြံပြုချက် အမှတ် ၁၉ ကို မွမ်းမံခြင်း။" (CEDAW/C/GC/35) စာပိုဒ် ၂၁။

[16] အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ၊ အထွေထွေ အကြံပြုချက် အမှတ် ၂၈၊ စာပိုဒ် ၁၁-၁၂

[17] ဥပမာ- အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ၏ အထွေထွေအကြံပြုချက် အမှတ် ၃၀၊ စာပိုဒ် ၁၅၊ ၂၃

[18] မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ် အပိုဒ် ၄

[19] မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ သဘောတူညီချက်စာချုပ် အပိုဒ် ၁

သက်ရောက်မှုရှိစေရမည်။[20] ချိုးဖောက်ခံရမှုတိုင်ကြားခြင်းများကို သက်ရောက်မှုရှိသော ကုစားရေးအတွက် သင့်တော်သောနေရာများတွင် ရရှိစေလျက် အလျင်အမြန်၊ ဘက်လိုက်မှုမရှိဘဲ အမှီအခိုကင်းစွာ စစ်ဆေးစေပြီး ဆုံးဖြတ်ရမည်။[21] စာချုပ်အနေဖြင့် နိုင်ငံတော်အဖွဲ့အစည်းများသည် လက်တွေ့ကျင့်သုံးမှုများတွင် စနစ်တကျ ခွဲခြားဆက်ဆံခြင်းနှင့် လူမျိုးအုပ်စုခွဲများအဖြစ် ခွဲခြားထားခြင်းများကို ပပျောက်စေရာ တက်ကြွသောချဉ်းကပ်မှုများ ချမှတ်ရန်လိုအပ်သည်ဟု စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီက စဉ်းစားပါသည်။

> *ထိုသို့သောခွဲခြားဆက်ဆံမှုအား ကိုင်တွယ်လျှင် ယာယီအထူးနည်းလမ်းများအပါအဝင် ဥပဒေများ၊ မူဝါဒများ၊ အစီအစဉ်များအနေနှင့် အတိုင်းအတာပမာဏတခုဖြင့် ပြည့်စုံကုံလုံသော ချဉ်းကပ်မှုတရပ်ကို လိုအပ်ပါသည်။ စနစ်တကျခွဲခြားဆက်ဆံမှုကို ရင်ဆိုင်နေရသော တစ်ဦးချင်းလူပုဂ္ဂိုလ်များနှင့် လူပုဂ္ဂိုလ်အုပ်စုများနှင့်ပါတ်သက်၍ လူထုနှင့် ပုဂ္ဂလိကကဏ္ဍများမှ ၎င်းတို့၏ အမြင်သဘောထားနှင့်ပြုမူဆက်ဆံပုံများ ပြောင်းလဲစေရန်အတွက် အခွင့်အလမ်းပေးဆွဲဆောင်သောနည်းလမ်းများကို အသုံးပြုရန် သို့မဟုတ် မလိုက်နာလျှင် ဒဏ်ခတ်ရန် နိုင်ငံတော်အဖွဲ့အစည်းများအနေဖြင့် စဉ်းစားသင့်ပါသည်။ လူထုခေါင်းဆောင်မှုနှင့် စနစ်တကျ ခွဲခြားဆက်ဆံမှုအကြောင်း အသိမြင်ပွင့်စေမည့် အစီအစဉ်များ နှင့် ခွဲခြားဆက်ဆံမှုကို လှုံ့ဆော်မှုများအပေါ် တိတိကျကျ ဆန့်ကျင်တားမြစ်သည့် နည်းလမ်းများ ခံယူကျင့်သုံးခြင်း အစရှိသည်တို့ကို လိုအပ်လေ့ရှိတတ်ပါသည်။ ပုံမှန်ထုံးစံအရ ပစ်ပယ်ခံထားရသော အုပ်စုများအပေါ် ပိုမိုများပြားသော အရင်းအမြစ်များပေးရန် ရည်စူးစိတ်သန်ခြင်းကိုလည်း စနစ်တကျခွဲခြားဆက်ဆံမှုကို ပပျောက်စေရာတွင် မကြာခဏဆိုသလို လိုအပ်လေ့ရှိပါသည်။ တချို့သော အုပ်စုများအပေါ်တွင် အမြဲတစေ ရန်လိုနေမှုကို ထောက်ရှုပါက အရာရှိများနှင့် အခြားသူများအနေဖြင့် ဥပဒေများနှင့် မူဝါဒများကို လက်တွေ့တွင် အကောင်အထည် ဖော်ဆောင်ရွက်နေကြောင်း သေချာစေရန်အတွက် တိတိကျကျ အာရုံပြုထားမှု ပေးအပ်ရန်လိုပါလိမ့်မည်။[22]*

(၄၀) အဓိကကျသော ကုလသမဂ္ဂ၏ လူ့အခွင့်အရေး သဘောတူစာချုပ် ၄ ခုအပြင် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်မှုနှင့် ပါတ်သက်သော အခြားနိုင်ငံတကာ သဘောတူစာချုပ်များတွင်လည်း မြန်မာနိုင်ငံသည် ပါဝင်သူတစ်ဦးဖြစ်ပါသည်။ ၎င်းတို့အထဲတွင် မျိုးနွယ်တုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုများ တားဆီးရေးနှင့် အပြစ်ပေး အရေးယူရေးဆိုင်ရာ သဘောတူညီချက် (မြန်မာနိုင်ငံကို မျိုးနွယ်တုန်းသတ်ဖြတ်မှုဆိုင်ရာ ရာဇဝတ်မှုများ တားဆီးရေးနှင့် အပြစ်ပေးအရေးယူရေးအတွက် တာဝန်ရှိစေသည်။) ၁၉၃၀ ခုနှစ် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှု သဘောတူညီချက် (အမှတ် ၂၉ ) နှင့် ၁၉၉၉ ခုနှစ် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးသူငယ် အလုပ်ခိုင်းစေမှုဆိုင်ရာ သဘောတူညီချက် (အမှတ် ၁၈၂) (အချိန်အတိုဆုံး ဖြစ်နိုင်သမျှကာလအတွင်း အဓမ္မ သို့မဟုတ် မဖြစ်မနေလုပ်အားအသုံးပြုမှု ပုံစံအားလုံးကို နှိမ်နင်းရန် နှင့် အဆိုးဝါးဆုံးပုံစံဖြင့် ကလေးသူငယ် အလုပ်ခိုင်းစေမှုကို ပပျောက်စေရေးနှင့်

---

[20] စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မတီ "အထွေထွေမှတ်ချက် အမှတ် ၂၀ - စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအခွင့်အရေးများတွင် ခွဲခြားဆက်ဆံမှုမရှိရေး" (E/C.12/GC/20) အပိုဒ် ၂၀။

[21] Ibid အပိုဒ် ၄၀

[22] Ibid အပိုဒ် ၃၉

တားမြစ်ရေးအား အရေးပေါ်ကိစ္စတရပ်အဖြစ် ရရှိစေရန် ထိရောက်သော လက်ငင်းဆောင်ရွက်မှုများပြုရန် မြန်မာအစိုးရအား တာဝန်ရှိစေပါသည်။)[23]

### ၈.၁ (ခ) ထုံးတမ်းစဉ်လာ ဖြတ်ထုံးများဆိုင်ရာ နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ

(၄၁) ၁၉၄၈ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွက် မြန်မာနိုင်ငံကပါ ထောက်ခံခဲ့သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်းကို အတည်ပြုလက်ခံခဲ့ကြသည်။ ထိုအချိန်က ဤလူ့အခွင့်အရေး ကြေညာစာတမ်းကို ဥပဒေကြောင်းအရ စည်းနှောင်မှုရှိသည့် အထောက်အထားတခုအဖြစ် မရည်ရွယ်ခဲ့သော်လည်း ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းတွင် ပါဝင်သည့် လူ့အခွင့်အရေး ပြဋ္ဌာန်းချက်များအပေါ် (စည်းနှောင်မှုရှိလာသည်) သြဇာအာဏာရှိသော ဖွင့်ဆိုချက်ဟု ယေဘုယျအားဖြင့် ၎င်းကို စဉ်းစားခဲ့ကြပါသည်။ ထိုကြေညာစာတမ်းကို "ပြည်သူများအားလုံးနှင့် နိုင်ငံများအားလုံးအတွက် ဘုံစံသတ်မှတ်ချက် ရရှိမှုတစ်ရပ်"[24]ဟု စဉ်းစားခဲ့ကြပြီး အခြေခံကျသော လူ့အခွင့်အရေးများကို လူသားအားလုံးနှင့် သက်ဆိုင်စေလျက် ကာကွယ်ပေးရန် ဖော်ထုတ်ပြခြင်းဖြစ်သည်။ ကြေညာစာတမ်းတခုလုံး မဟုတ်လျှင်တောင်မှ ထိုပြဋ္ဌာန်းချက်များ၏ အချက်တော်တော်များများ သည် ထုံးတမ်းစဉ်လာ နိုင်ငံတကာဥပဒေကို ရောင်ပြန်ထင်ဟပ်နိုင်သည်ဟု လက်ခံခဲ့ကြသည်။[25] ဆိုလိုသည်မှာ နိုင်ငံများအနေဖြင့် ထိုအချက်များအား စည်းနှောင်မှုရှိသော စာချုပ်များတွင် သင်္ကေတပြုစနစ်တကျ စီစဉ်ထည့်သွင်းမထားသည်ဖြစ်စေ၊ နိုင်ငံအနေဖြင့် အတည်ပြုပြဋ္ဌာန်းမှု မလုပ်ထားသည်ဖြစ်စေ ထိုကြေညာချက်ပါ ပြဋ္ဌာန်းချက်များတွင် ဆုပ်ကိုင်ရရှိထားသည့် ပုံမှန်စံသတ်မှတ်ချက်များနှင့် သက်ဆိုင် အကျုံးဝင်နေပြီးဖြစ်သည်။

(၄၂) ထိုစံသတ်မှတ်ချက်များနှင့် ပတ်သက်၍ သက်ဆိုင်သည့် တိတိကျကျ ဥပမာများမှာ အသက်ရှင်သန်ပိုင်ခွင့်[26]၊ တန်းတူညီမျှခွင့် နှင့် ခွဲခြားဆက်ဆံမှုအား တားမြစ်ပိုင်ခွင့်[27] တို့ဖြစ်သည်။ ခွဲခြားမဆက်ဆံရေး၏ အခြေခံမှုကို ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း အပိုဒ် ၅၅ (ဂ) တွင်၎င်း၊ ထပ်ဆင့်အသေးစိပ်ဖော်ပြချက်ကို လူ့အခွင့်အရေး ကြေညာစာတမ်း၏ အပိုဒ် ၂ တွင်၎င်း ဖော်ထုတ်ထားပါသည်။ လူ့အခွင့်အရေး ကြေညာစာတမ်း၏ ထိုအပိုဒ်တွင် "လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်ရာဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြားထင်မြင်ယူဆချက်၊ နိုင်ငံသား သို့မဟုတ် လူမှုဇစ်မြစ်၊ ပိုင်ဆိုင်မှု၊ မွေးဖွားခြင်း သို့ အခြားအခြေအနေအဆင့်အတန်း

---

[23] မြန်မာနိုင်ငံအနေဖြင့် ပါဝင်ခြင်း သို့မဟုတ် အသိအမှတ်ပြုပြဋ္ဌာန်းခြင်းနှင့် ပါတ်သက်သည့်ရက်စွဲများမှာ - မျိုးနွယ်တုန်းသတ်ဖြတ်မှုဆိုင်ရာ သဘောတူညီချက် (၁၉၅၆ ခုနှစ် မတ်လ ၁၄ ရက်) အဓမ္မလုပ်အားပေးစေခိုင်းမှု သဘောတူညီချက် (၁၉၅၅ ခုနှစ် မတ်လ ၄ ရက်)၊ အဆိုးဝါးဆုံးပုံစံများဖြင့် ကလေးသူငယ်အလုပ်ခိုင်းစေမှု (၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့)

[24] အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေး ကြေညာစာတမ်း၊ ဥယောဇဉ်

[25] H. Hannum ၏ "နိုင်ငံဥပဒေ၊ နိုင်ငံတကာဥပဒေများရှိ လူ့အခွင့်အရေးကြေညာစာတမ်း၏ အခြေအနေ အနေအထား" *Georgia Journal ၏နိုင်ငံတကာဥပဒေနှင့် နှိုင်းယှဉ်ဥပဒေ*vol. 25 (1995/6) 287-397; O. De Schutter ၏ *နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ* 2nd ed. (Cambridge, Cambridge University Press, 2014), စာမျက်နှာ ၆၃ (and references listed there) တို့တွင်ကြည့်ပါ။

[26] N. Rodley ၏ "*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (ဒုတိယအကြိမ်ထုတ်) မှ* "လူပုဂ္ဂိုလ်၏ ကောင်းမြတ်မှု" နှင့် D. Moeckli, S. Shah and S. Sivakumaran, eds. (Oxford, Oxford University Press, 2014), p. 185 တွင်ကြည့်ပါ။

[27] အနိမ့်ဆုံးအခြေခံအားဖြင့် လူမျိုးရေး၊ ဘာသာရေး နှင့် လိင် အပေါ်တွင်ဖြစ်သည်။ D. Moeckli ၏ "တန်းတူညီမျှမှုနှင့် မခွဲခြားမဆက်ဆံရေး" *နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (ဒုတိယအကြိမ်ထုတ်)*၊ D. Moeckli, S. Shah and S. Sivakumaran, eds. (Oxford, Oxford University Press, 2014), p. 160-161၊ နိုင်ငံတကာတရားရုံး (ICJ) က လူမျိုးနှင့်တိုင်းရင်းသားလူမျိုးဆိုင်ရာ ခွဲခြားဆက်ဆံမှုများအပေါ် တားမြစ်ခြင်းအား တာဝန်တခုအနေဖြင့် *erga omnes* ဖော်ပြထားသည်။ Barcelona Traction (Belgium v. Spain), Judgment of 5 February 1970, ICJ Reports 1970

အစရှိသည့် မည်သည့်အရာနှင့်မျှ ခြားနားခြင်းမရှိစေရဘဲ လူတိုင်းသည် ဤကြေညာစာတမ်းတွင် ဖော်ပြထားသည့် အခွင့်အရေးနှင့် လွတ်လပ်မှုအားလုံးကို ရပိုင်ခွင့်ရှိသည်။" ဟုဖော်ပြထားပါသည်။ ထိုကြေညာစာတမ်း၏ အပိုဒ် ၇ တွင် ထပ်ဆင့်ဖော်ပြထားသည်မှာ "အားလုံးသည် တရားဥပဒေရှေ့မှောက်တွင်တန်းတူရည်တူဖြစ်ပြီး တရားဥပဒေ၏ တန်းတူညီမျှစွာ ကာကွယ်မှုရရှိရေးအတွက် မည်သည့်ခွဲခြားဆက်ဆံမှုမှ မခံရဘဲ ရပိုင်ခွင့်ရှိသည်။"ဟူ၍ဖြစ်သည်။ ကုသမဂ္ဂအထွေထွေညီလာခံ၏ ပထမဆုံးအစည်းအဝေးမှာပင် ဘာသာရေးနှင့် လူမျိုးရေးအခြေခံ မတရားပြုမူ ဆက်ဆံခြင်းနှင့် ခွဲခြားဆက်ဆံခြင်းများကို ချက်ချင်းရပ်ဆိုင်းစေရန်သည် ညီလာခံအနေဖြင့် လူသားဆန်မှု၏ အမြင့်မားဆုံး စိတ်ဝင်စားမှုများထဲတွင် ပါဝင်ကြောင်းကြေညာခဲ့ပြီး ထိုသို့သော ကိစ္စရပ်များသည် ပဋိညာဉ်၏ စာသားနှင့်ဝိညာဉ်အား ဆန့်ကျင်ဖက်ဖြစ်စေသည်ဟု ဆိုပါသည်။[28] ခွဲခြားမဆက်ဆံရေးနှင့် တန်းတူညီမျှမှုသည်လည်း အပြည်ပြည်ဆိုင်ရာနှင့် ဒေသတွင်း လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များနှင့် စာသားဖော်ပြချက်များတွင် ပါဝင်နေသော အခြေခံကျ၍ ကိစ္စအားလုံးတွင် အကျုံးဝင် ပါတ်သက်နေသည့် စံသတ်မှတ်ချက်များ ဖြစ်ပါသည်။ တန်းတူညီမျှမှုနှင့် ခွဲခြားမဆက်ဆံရေး အခြေခံမှုများသည် လူ့အခွင့်အရေးစနစ်တခုလုံး၏ အခြေခံအုတ်မြစ်သဖွယ်ဖြစ်ပါသည်။

(၄၃) အချို့သော လူ့အခွင့်အရေးဆိုင်ရာ ပြဌာန်းချက်များသည် ထုံးတမ်းဖြတ်ထုံးများဆိုင်ရာ နိုင်ငံဥပဒေ၏ အဆင့်အတန်းများသာမကဘဲ နိုင်ငံတကာဥပဒေများ၏ နာခံဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များအဖြစ်လည်း စဉ်းစားခံရပါသည်။ (*jus cogens ဘေးဖယ်ထား၍မရသော နိုင်ငံတကာဥပဒေများ၏ စံသတ်မှတ်ချက်များ ဖြစ်လာသည့်မှုများ)* ဤသည်ကဆိုလိုသည်မှာ ထိုစံသတ်မှတ်ချက်များသည် နိုင်ငံများ၏အသိုင်းအဝန်းမှ တစုံလုံး အတိုင်းအတာအနေဖြင့် လက်ခံ အသိအမှတ်ပြုထားခြင်းဖြစ်ပြီး ထိုအထဲမှ စံသတ်မှတ်တခုကို တရားဥပဒေစိုးမိုးမှုမှ ချွင်းချက်ဖြစ်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းများ မရှိစေရဟု ဆိုလိုခြင်းဖြစ်သည်။[29] ထိုသို့သော အသိအမှတ်ပြု လက်ခံထားသည့် နာခံဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များစာရင်း မဆုံးနိုင်မသတ်နိုင်ရှိသည့်အပြင် ထိုအထဲတွင် သက်ရှိဘဝကို လက်လွတ်စပယ် ပပျောက်စေခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ အဓမ္မကွယ်ပျောက်စေခြင်း၊ ကျွန်ပြုခြင်းနှင့် အဓမ္မလုပ်အားပေးခိုင်းစေခြင်း၊ ရှည်ကြာစွာ မတရားသဖြင့် ထိန်းသိမ်းချုပ်နှောင်ခြင်း၊ စနစ်တကျ လူမျိုးရေးခွဲခြားဆက်ဆံခြင်း နှင့် အသားရောင်ခွဲခြားဆက်ဆံခြင်း၊ လူသားဆန်မှုအပေါ် ရာဇဝတ်မှု ကျူးလွန်ခြင်းနှင့် စစ်ရာဇဝတ်မှုများ (အရပ်သား ပြည်သူလူထုအပေါ် ဦးတည်သည့် ရန်လိုမှုများလည်း ပါဝင်ပါသည်။) အစရှိသည်တို့လည်း ပါဝင်ပါသည်။[30]

### ဂ.၁ (ဂ) အခြားအသုံးပြုစရာပစ္စည်းများ

---

[28] A/RES/103(I)

[29] စာချုပ်များ၏ဥပဒေအပေါ် ဗီယင်နာသဘောတူညီချက် အပိုဒ် ၅၃

[30] N. Rodley ၏ "*နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (ဒုတိယအကြိမ်ထုတ်) မှ* "လူပုဂ္ဂိလ်၏ ကောင်းမြတ်မှု" နှင့် D. Moeckli, S. Shah and S. Sivakumaran, eds. (Oxford, Oxford University Press, 2014), p. 185၊ ICJ *၏ တရားစွဲဆိုခြင်း သို့မဟုတ် သက်ဆိုင်ရာနိုင်ငံသို့လွှဲပြောင်းပေးအပ်ခြင်းဆိုင်ရာ မေးခွန်းများ (Belgium vs Senegal) 20 July 2012 ဆုံးဖြတ်ချက်*။ ICJ အစီရင်ခံစာ ၂၀၁၂ အပိုဒ် ၉၉။ J. Sarkin ၏ "နိုင်ငံတကာဥပဒေတွင် Jus Congens အဆင့်အတန်းကို အဓမ္မပျောက်ဆုံးစေခြင်းကို တားမြစ်ခြင်းက မည်သည့်အတွက်ကြောင့် ရရှိခဲ့ပါသည်နည်း။" *Nordic Journal of International Law*, Vol. 81(4), 2012, pp. 537-584; International Law Commission " နိုင်ငံတကာဥပဒေများ တစစီဖြစ်လာခြင်းအပေါ် လေ့လာသည့်အစုအဖွဲ့၏ အစီရင်ခံစာ၊ နိုင်ငံတကာဥပဒေအား ခွဲခြမ်းနေရာချထားခြင်းနှင့် ဖြန့်ကျက်ခြင်းတွင် ကြုံတွေ့ရသောအခက်အခဲများ" A/CN.4/L.682 (13 April 2006), para. 374; E. De Wet, "Jus Cogens နှင့် Erga Omnes တာဝန်ရှိမှုများ", in *The Oxford Handbook on International Human Rights Law*, Dinah Shelton ed. (Oxford, Oxford University Press, 2013), pp. 543-547; M.C. Bassiouni, "နိုင်ငံတကာရာဇဝတ်မှုများ: Jus cogens and obligatio erga omnes"၊ *ဥပဒေနှင့် ခေတ်ပြိုင်ပြဿနာများvol. 59(4), 1996, p. 68.*

(၄၄) စာချုပ်များတွင်ဖော်ပြထားသော လူ့အခွင့်အရေး စံသတ်မှတ်ချက်များအပြင် ဖော်ပြချက်စာသာများအရ စည်းနှောင်မှုမရှိသော်လည်း အတိုင်းအတာတခုအထိ ရှိနေသော အခြားအသုံးပြုစရာပစ္စည်းများသည် နိုင်ငံတော်များ၏တာဝန်ရှိမှုများအနေဖြင့် လူ့အခွင့်အရေးအပေါ် နားလည်ရန်နှင့် အသေးစိတ် ရှင်းပြခြင်းများကို ကူညီပေးရန် ရှိနေပါသည်။ ဤအရာများထဲတွင် ဥပမာအားဖြင့် အဓမ္မ ပပျောက်စေခြင်းမှ လူပုဂ္ဂိုလ်များအား ကာကွယ်ပေးခြင်းဆိုင်ရာ ကြေညာချက်[31] ပြည်တွင်းရွှေ့ပြောင်းမှုများအပေါ် လမ်းညွှန်မှုများ၊[32] အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရမည့် အနိမ့်ဆုံးစံစည်းမျဉ်းများ၊ [33] ချုပ်နှောင်ခြင်း သို့မဟုတ် အကျဉ်းချခြင်း မည်သည့်ပုံစံတွင်မဆို ရှိနေသည့်သူ အားလုံးအား ကာကွယ်ရမည့်မူများ အပိုင်းကဏ္ဍ၊[34] အပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းအား တိုက်ဖျက်ရန် ဆောင်ရွက်မှုများမှတဆင့် လူ့အခွင့်အရေးအား ကာကွယ်မြှင့်တင်ရေး ဆိုင်ရာမူများအား အချိန်အခါနှင့်အညီ ပြင်ဆင်သော မူတစ်စု၊[35] နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအပေါ် အထွေထွေချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာသော ဥပဒေအပေါ် ကြီးမားစွာ ချိုးဖောက်မှုများကို ခံရသော နစ်နာသူများအတွက် ကုစားခွင့်နှင့် ပြန်လည်လျော်ကြေးပေးခွင့်တို့အတွင် အခြေခံမူများနှင့် လမ်းညွှန်များ၊[36] စသည်တို့ပါဝင်ပါသည်။ ၂၀၁၂ ခုနှစ်တွင် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် လူ့အခွင့်အရေးဆိုင်ရာ အာစီယံကြေညာစာတမ်းကို တညီတညွတ်တည်း အတည်ပြုခဲ့ပါသည်။ မူကြမ်းပြုစုသောဖြစ်စဉ်တွင် အငြင်းပွားဖွယ်ဖြစ်သော ဘေးပတ်ဝန်းကျင်အခြေအနေများ ၊ နိုင်ငံတကာ စံသတ်မှတ်ချက်များ နှင့် စံနှုန်းများဖြင့် နှိုင်းယှဉ်ပါက ထိုကြေညာချက်ပါ တချို့အပိုဒ်များ၏ ကျဉ်းမြောင်းသော ဖော်ပြဖွဲ့ဆိုမှုများ ရှိနေလင့်ကစား[37] အာစီယံ အဖွဲ့ဝင်နိုင်ငံများအနေဖြင့် လူ့အခွင့်အရေးနှင့် ပတ်သက်သော ၎င်းတို့အပေါ် စည်းနှောင်မှုများအား ထပ်မံအသေးစိပ် ရှင်းပြနိုင်မည့် အသုံးဝင်သော အသုံးပြုစရာ ပစ္စည်းတခုအနေဖြင့် ကျန်ရှိနေသေးသည်သာဖြစ်၏။

(၄၅) နိုင်ငံသား သို့မဟုတ် တိုင်းရင်းသား၊ ဘာသာရေးနှင့်ဘာသာစကားဆိုင်ရာ လူနည်းစုအုပ်စုများနှင့်ဆိုင်ရာ လူပုဂ္ဂိုလ်များအပေါ် ကုလသမဂ္ဂ၏ အထွေထွေ ကြေညာစာတမ်းသည်လည်း လူနည်းစုအုပ်စုများ၏ အခွင့်အရေးအတွက် အဓိကကျသော

[31] ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှတ် 47/133 ဖြင့် ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်နေ့တွင် ချမှတ်ခဲ့သော အဓမ္မပပျောက်စေခြင်းမှ လူပုဂ္ဂိုလ်များအားကာကွယ်ပေးခြင်းဆိုင်ရာ ကြေညာချက်

[32] ပြည်တွင်းရွှေ့ပြောင်းမှုများအပေါ် လမ်းညွှန်မှုများ (E/CN.4/1998/53/Add.2)

[33] ကုလသမဂ္ဂ၏ အကျဉ်းသားများအပေါ် ပြုမူဆက်ဆံရမည့် အနိမ့်ဆုံးစံစည်းမျဉ်းကို ၁၉၉၅ ခုနှစ်ကပြုလုပ်သော ရာဇဝတ်မှုများ တားဆီးရေးနှင့် ကျူးလွန်သူများအပေါ် ပြုမူဆက်ဆံရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဂရက်မှ ကနဦးချမှတ်ခဲ့ပြီး ၂၀၁၅ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်နေ့တွင်ပြုလုပ်သော ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူမှုရေးကောင်စီမှ အတည်ပြုခဲ့သည်။ ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၁၇ ရက်နေ့တွင် ပြန်လည်ပြင်ဆင်ချက်ကို ကုလသမဂ္ဂအထွေထွေညီလာခံမှ တညီတညွတ်တည်း အတည်ပြုခဲ့သည်။ (A/RES/70/175)

[34] ကုလသမဂ္ဂအထွေထွေညီလာခံ ဆုံးဖြတ်ချက် 43/173 ဖြင့် ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် အတည်ပြုခဲ့သည်။

[35] ၂၀၀၅ ခုနှစ် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂကော်မရှင်၏ အားလုံးသဘောတူဆုံးဖြတ်ချက်အဖြစ် အသိအမှတ်ပြုထားသည်။ (E/CN.4/2005/102/Add.1).

[36] ကုလသမဂ္ဂအထွေထွေညီလာခံ၏ ဆုံးဖြတ်ချက် 60/147 ဖြင့် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အတည်ပြုခဲ့သည်။

[37] M. Davis ၏ "သဘောကွဲလွဲပိုင်ခွင့်ရှိသည် - အာစီယံ လူ့အခွင့်အရေးကြေညာချက်နှင့် အရှေ့တောင်အာရှတွင် ဒေသဆိုင်ရာ ကြန်အင်လက္ခဏာ ပျောက်ကွယ်မှု" ခေါင်းစဉ်ဖြင့် *Journal of Current Southeast Asian Affairs*, vol. 33(3), 2014, 107-129 တွင်ဖော်ပြခဲ့သောဆောင်းပါး၊ *The United Nations Declaration on Minorities – an Academic Account on the Occasion of its 20th Anniversary (1992-2012), တွင်ဖော်ပြခဲ့သော* A. Bloed and N. Girard ၏ "ASEAN - နောက်ခံသမိုင်းကြောင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ယန္တရားများ"၊ *),* U. Caruso and R. Hofmann, eds. (Leiden, Brill/Nijhoff, 2015), pp. 311-313 တို့တွင်ကြည့်ပါ။

ရည်ညွှန်းစရာ အထောက်အထား မှတ်တမ်းများထဲမှ တခုဖြစ်ပါသည်။[38] အဆိုပါ ကြေညာစာတမ်းအနေဖြင့် လူနည်းစုအုပ်စုများနှင့် သက်ဆိုင်သူများအား ၎င်းတို့၏တည်ရှိမှု နှင့် ၎င်းတို့၏ နိုင်ငံသား သို့မဟုတ် တိုင်းရင်းသား၊ ဘာသာရေးနှင့် ဘာသာစကားဆိုင်ရာ ကိုယ်ပိုင်ကြွန်အင်လက္ခဏာကို နိုင်ငံတော်များအနေဖြင့် ကာကွယ်ပေးရန် အခွင့်အရေး (အပိုဒ် ၁)၊ ၎င်းတို့၏ ကိုယ်ပိုင်ယဉ်ကျေးမှုကို ကျင့်သုံးပိုင်ခွင့်၊ ၎င်းတို့၏ ကိုယ်ပိုင်ယုံကြည်မှုဘာသာကို ကြေညာခွင့်နှင့် ကျင့်သုံးခွင့်၊ ကိုယ်ပိုင်ဘဝနှင့် အများသူငါရှေ့တွင် ၎င်းတို့၏ဘာသာစကားကို အသုံးပြုခွင့် (အပိုဒ် ၂.၁)၊ ယဉ်ကျေးမှု၊ ဘာသာရေး၊ လူမှုရေး၊ စီးပွားရေး နှင့် အများပြည်သူ ရှေ့မှောက်ဘဝတို့တွင် ထိရောက်စွာပါဝင်ပိုင်ခွင့် (အပိုဒ် ၂.၂)၊ နိုင်ငံလုံးဆိုင်ရာနှင့် ဒေသဆိုင်ရာအဆင့်များတွင် ၎င်းတို့အပေါ်သက်ရောက်မည့်ဆုံးဖြတ်ချက်များ ချမှတ်ရာ၌ ထိရောက်စွာပါဝင်ခွင့် (အပိုဒ် ၂.၃)၊ ၎င်းတို့၏ ကိုယ်ပိုင်အဖွဲ့အစည်းများကို တည်ထောင်ထိန်းသိမ်းပိုင်ခွင့် (အပိုဒ် ၂.၄) နှင့် ခွဲခြားဆက်ဆံမှုမရှိဘဲ ၎င်းတို့၏အခွင့်အရေးများကို တစ်ဦးချင်းအရသော်လည်းကောင်း၊ အသိုင်းအဝန်းထဲတွင် ၎င်းတို့အုပ်စု၏ အခြားအဖွဲ့ဝင်များနှင့် အတူတကွသော်လည်းကောင်း၊ ကျင့်သုံးပိုင်ခွင့် (အပိုဒ် ၃) တို့ကို အသိအမှတ်ပြုထားပါသည်။ လူနည်းစုအုပ်စုများတွင် အကျုံးဝင်နေသူများ၊ ၎င်းတို့၏ လူ့အခွင့်အရေးများနှင့် အခြေခံ လွတ်လပ်ခွင့်များအား ခွဲခြားဆက်ဆံမှု မခံရစေဘဲ ပြည့်ဝစွာ ကျင့်သုံးခွင့်ရရန်နှင့် တရားဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှု အပြည့်အဝရှိစေရေး အတွက် သေချာစေသော နည်းလမ်းများကို ဆောင်ရွက်ခြင်းဖြင့် ထိုသူများ၏ အခွင့်အရေးကို နိုင်ငံတော်များမှ ကာကွယ်မြှင့်တင် ပေးရမည်လည်းဖြစ်သည်။ (အပိုဒ် ၄.၁)။ လူနည်းစုအုပ်စုများဆိုင်ရာ ကုလသမဂ္ဂအလုပ်အဖွဲ့က ၎င်းတို့၏ ၂၀၀၅ ခုနှစ် ရှင်းလင်းထုတ်ပြန်ချက်တခုတွင် "လူနည်းစုလူ့အုပ်စုများအား ကာကွယ်ရေးသည် လိုအပ်ချက် ၄ ခုအပေါ်တွင်အခြေခံသည်။ ၎င်းတို့မှာ တည်ရှိမှုမှကာကွယ်ပေးခြင်း၊ မထုတ်ပယ်ခြင်း၊ ဖယ်ကျဉ်ထုတ်ပယ်မခံရခြင်းမှ ခွဲခြားမဆက်ဆံခြင်း နှင့် ဆိုင်ရာအုပ်စုများက လူမျိုးရောစပ်သွတ်သွင်းမှု မဖြစ်စေခြင်း တို့ဖြစ်ပါသည်။" ဟု လေ့လာသုံးသပ်ခဲ့ပါသည်။[39]

(၄၆) ဥပဒေ အကောင်အထည်ဖော်ရေး အရာရှိများအတွက် လိုက်နာစောင့်ထိန်းရမည့် ကုလသမဂ္ဂ၏ ၁၉၇၉ ခုနှစ်ကျင့်ဝတ်များနှင့် ၁၉၉၀ ခုနှစ် ဥပဒေအကောင်အထည်ဖော်ရေး အရာရှိများ အင်အားနှင့် ပေါက်ကွဲစေတတ်သော လက်နက်များကို အသုံးပြုရာတွင် လိုက်နာရမည့် အခြေခံမူများက မည်သည့် ဥပဒေအကောင်အထည်ဖော်ရေး အရာရှိမဆို အင်အားနှင့် ပေါက်ကွဲစေတတ်သောလက်နက်များ အသုံးပြုမှုအပေါ် နိုင်ငံတော်များအတွက် လမ်းညွှန်မှုကို ပေးထားပါသည်။[40] လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ် အပိုဒ် ၃ တွင် ဥပဒေဖော်ဆောင်ရေး အရာရှိများအနေဖြင့် တိတိကျကျ လိုအပ်သောအချိန်ဖြစ်မှသာ၊ ၎င်းတို့၏ တာဝန်စွမ်းဆောင်မှုအတွက် လိုအပ်သော အတိုင်းအတာအထိသာ အင်အားကို သုံးရမည်ဟု ရှင်းလင်းဖွင့်ဆိုထားပါသည်။ အခြေခံမူများအနေဖြင့် ဥပဒေ အကောင်အထည်ဖော်သူများအနေဖြင့် အင်အားသုံးခြင်း၏ တရားဥပဒေကြောင်းအရ မှန်ကန်မှုကို တိုင်းတာရန်၊ တာဝန်ယူမှု၊တာဝန်ခံမှု

[38] ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် 47/135 ဖြင့် အတည်ပြုခဲ့သည်။ (၁၉၉၂ ခုနှစ် ဒီဇင်ဘာလ ၁၈ ရက်)

[39] E/CN.4/Sub.2/AC.5/2005/2,စာပိုဒ် ၂၃

[40] လိုက်နာစောင့်ထိန်းရမည့်ကျင့်ဝတ်များကို ၁၉၇၉ ကုလသမဂ္ဂအထွေထွေညီလာခံမှ၎င်း၊ အခြေခံမူများကို ၁၉၉၀ တွင်ပြုလုပ်သည့် ရာဇဝတ်မှုများတားဆီးခြင်းနှ့် ကျူးလွန်ချိုးဖောက်သူများအပေါ် ပြုမူဆက်ဆံခြင်းဆိုင်ရာ ၈ ကြိမ်မြောက် ကုလသမဂ္ဂကွန်ဂရက်တွင်၎င်း အတည်ပြုချမှတ်ခဲ့သည်။ ၁၉၉၀ ဒီဇင်ဘာတွင် ကုသမဂ္ဂအထွေထွေညီလာခံမှာ ဆုံးဖြတ်ချက်အမှတ် 45/166 ဖြင့် ထိုအခြေခံမူများကို ကြိုဆိုခဲ့ပြီး နိုင်ငံများကိုလည်း လေးစားရန်အတွက် ဖိတ်ခေါ်ခဲ့သည်။

နှင့် ပြန်လည်သုံးသပ်မှုအတွက် စံနှုန်းသတ်မှတ်ချက်များ ချမှတ်နိုင်ရန်အတွက် အနှစ်သာရဖြစ်သော တိုင်းတာချက်များကို သတ်မှတ်ပေးပါသည်။ ဥပဒေအကောင်အထည်ဖော်ရေး အရာရှိများ၏ မည်သည့်အင်အားအသုံးပြုမှုမဆို ဥပဒေအရ တရားဝင်မှု၊ လိုအပ်မှု၊ အချိုးမျှတမှု၊ ခွဲခြားမဆက်ဆံမှု၊ သတိကြီးစွာ ချဉ်းကပ်မှုနှင့် တာဝန်ယူတာဝန်ခံမှု အစရှိသည့် မူများဖြင့် အညီသာဖြစ်ရပါမည်။ အသက်ရှင်သန်ပိုင်ခွင့်နှင့် ရုပ်ခန္ဓာတည်မြဲခွင့်တို့ဖြင့် ဆက်နွယ် ထောက်ရှုကြည့်ပါကလည်း အထက်ပါ အသုံးပြုစရာပစ္စည်းများ အထူးသဖြင့် ပြဌာန်းချက်များသည် ယေဘုယျအားဖြင့် ယုံကြည်လက်ခံနိုင်ဖွယ်ရာ အားကောင်းနေပြီးဖြစ်သည်။[41] နိုင်ငံတော်များအနေဖြင့် ၎င်းတို့အေးဂျင့်များ၏ သေစေလောက်သော အင်အားအသုံးပြုမှုများကို စုံစမ်းစစ်ဆေးသင့်ပါသည်။[42]

### ဂ. ၁. (ဃ) တာဝန်ရှိမှု

(၄၇) နိုင်ငံတော်များအနေဖြင့် လူ့အခွင့်အရေးဆိုင်ရာ စာချုပ်များကို အတည်ပြု ပြဌာန်းခြင်းမှတဆင့် ယူဆသည်ဖြစ်စေ သို့မဟုတ် အသုံးပြုနိုင်သော နိုင်ငံတကာ စီရင်ဖြတ်ထုံးဆိုင်ရာ ဥပဒေများ၏ ဆွဲဆောင်မှုများမှ ရရှိသည်ဖြစ်စေ နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ တာဝန်ရှိမှုများ၏ မူလပင်ရင်း တာဝန်ခံများဖြစ်ပါသည်။ ၎င်းတို့၏ အစိတ်အပိုင်းအဖွဲ့အစည်းများ (ဥပမာအားဖြင့် ဥပဒေပြုရေး သို့မဟုတ် အုပ်ချုပ်မှုဆိုင်ရာ အစိတ်အပိုင်းများ) သို့မဟုတ် ၎င်းတို့၏အေးဂျင့်များ (ဥပမာအားဖြင့် ပြည်သူ့ဝန်ထမ်းများ၊ ရဲ၊ စစ်တပ်) တို့မှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် နိုင်ငံတော်များအနေဖြင့် တာဝန်ခံရမည်ဖြစ်သည်။[43] နိုင်ငံတော်များအနေဖြင့် လူ့အခွင့်အရေးအား လေးစားရန်၊ ကာကွယ်ရန်၊ ပြီးပြည့်စုံစေရန် တာဝန်ရှိပါသည်။ *လေးစားလိုက်နာရန်* အတွက် တာဝန်ဆိုသည်မှာ နိုင်ငံတော်အနေဖြင့် ၎င်းတို့၏ ဝန်ထမ်း သို့မဟုတ် အေးဂျင့်များမှတဆင့် လုပ်ဆောင်ခြင်း အပါအဝင် လူ့အခွင့်အရေး ရယူခံစားခြင်းအား ကျဉ်းကြပ်ခြင်း သို့မဟုတ် ဝင်ရောက်နှောက်ယှက်ခြင်းတို့မှ မပါဝင်ခြင်းကို ဆိုလိုသည်။ ကာကွယ်ခြင်းဆိုင်ရာ တာဝန်အောက်တွင် နိုင်ငံတော်အနေဖြင့် တရားစီရင်မှုဘောင်အတွင်း ရှိနေသူများကို အခြားသူများမှ လူ့အခွင့်အရေး အလွဲသုံးစားမှုများ မလုပ်နိုင်စေရန်အတွက် တက်ကြွစွာဖြင့် သေချာစေရန်ဖြစ်သည်။

*ပြီးပြည့်စုံစေရန်* အတွက် တာဝန်ဆိုသည်မှာ လူ့အခွင့်အရေးကို ခံစားရန်အတွက် နိုင်ငံတော်အနေဖြင့် အကျိုးဆောင်ခြင်း နှင့် အားကောင်းစေခြင်းကို ပြုမူဆောင်ရွက်ချက်များ လုပ်ဆောင်ရန်ဖြစ်သည်။ ဤသည်ကို နားလည်ခဲ့နေသည်မှာ သင့်လျော်သော ဥပဒေများကို လက်ခံရုံတင်မကဘဲ "တရားစီရင်ရေး၊ စီမံခန့်ခွဲရေး၊ ပညာပေးရေးနှင့် အခြားသင်တော်သော နည်းလမ်းများကို"ပါ ဆောင်ရွက်ပေးရန်ဖြစ်သည်။[44]

---

[41] ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၊ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှုဆိုင်ရာ ကုလသမဂ္ဂရုံးတို့၏ "ဥပဒေအကောင်အထည်ဖော်လိုက်နာစေရေးအတွက် အင်အားနှင့်ပေါက်ကွဲစေတတ်သောလက်နက်များအသုံးပြုခြင်းအပေါ် အရင်းအမြစ်လမ်းညွှန်စာအုပ်" (နယူးယောက်၊ ကုလသမဂ္ဂ၊ ၂၀၁၇ ခုနှစ်) စာမျက်နှာ ၇ တွင်ကြည့်ပါ။ လမ်းညွှန်အထောက်အကူများ ရှိပါသည်။

[42] ၁၉၈၉ ခုနှစ် မေလ ၂၄ ရက်နေ့တွင် စီးပွားရေးနှင့်လူမှုရေးကောင်စီ ဆုံးဖြတ်ချက်အမှတ် 1989/65 ဖြင့် ဆုံးဖြတ်ခဲ့သော ဥပဒေပြင်ပ၊ တရားလက်လွတ်၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်အပြစ်ပေးခြင်းများအပေါ် ထိရောက်စွာကာကွယ်ရန်နှင့် စုံစမ်းစစ်ဆေးရန်အပေါ် ကုလသမဂ္ဂ၏မူများ။ (စာမျက်နှာ ၉၊ ၁၀၊ ၁၇ တွင်ကြည့်ပါ။)

[43] အခန်း ၉ ၊ တာဝန်ရှိမှုတွင် ကြည့်ပါ။

[44] ဤအတွေးအမြင်ယူဆချက်များနှင့်ပါတ်သက်၍ ခြုံငုံသောအမြင်ကို F. Megret ၏ *နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ (ဒုတိယအကြိမ်ပုံနှိပ်ခြင်း)* တွင်ပါဝင်သော"တာဝန်ရှိမှုများ၏သဘောသဘာဝ" နှင့်

(၄၈) ထိုတာဝန်များကို ဆက်ခံခြင်းသည် လူပုဂ္ဂိုလ်တစ်ဦးချင်းအနေဖြင့် ရယူရန် လမ်းကြောင်းရှိသော၊ ထိရောက်သော ကုစားမှုများ ရရှိရန်သေချာစေမည့် နိုင်ငံတော်၏ တာဝန်တခု ဖြစ်နေပါသည်။[45] နိုင်ငံတော်အနေဖြင့် နိုင်ငံတကာ လူ့အခွင့်ရေးဥပဒေများအပေါ် အထွေထွေ ချိုးဖောက်မှုများ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ပြင်းထန်သည့် ချိုးဖောက်မှုများ အထူးသဖြင့် နိုင်ငံတကာ ဥပဒေအောက်တွင် သက်ရောက်သော ရာဇဝတ်မှုများအဆင့်ထိ အတိုင်းအတာရှိသော ကိစ္စရပ်များ (တိတိကျကျဆိုလျှင် စစ်ရာဇဝတ်မှုများ၊ လူသားဆန်မှုအပေါ်တွင် ကျူးလွန်သော ရာဇဝတ်မှုများနှင့် မျိုးနွယ်တုန်းသတ်ဖြတ်မှုများ) အပေါ် စုံစမ်းစစ်ဆေး အပြစ်ပေးအရေးယူရန် နှင့် ထိရောက်သော ကုစားမှုပေးရန် တာဝန်တရပ် ရှိနေပေသည်။ စွပ်စွဲမှုများအပေါ် နိုင်ငံတော်၏ စုံစမ်းစစ်ဆေးမှုများသည်လည်း အမှီအခိုကင်း၍ ဘက်မလိုက်သော အဖွဲ့များအနေဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး အလျင်အမြန်၊ အနလုံးပဋိလုံးဖြစ်ဖြစ်၊ ထိထိရောက်ရောက် ဖြစ်စေရမည်။[46]

(၄၉) နိုင်ငံတော်အပြင် နိုင်ငံတော်မဟုတ်သော အခြားပါဝင်ပတ်သက်သူများသည်လည်း နယ်မြေတခုအပေါ် ထိရောက်စွာ ချုပ်ကိုင်နိုင်ရေးအတွက် ကြိုးပမ်းခြင်းနှင့် အစိုးရကဲ့သို့ ကျင့်ကြံလုပ်ဆောင်သော အခြေအနေမျိုး အစရှိသည့် အဓိကကိစ္စများအတွက် လူ့အခွင့်အရေး တာဝန်များရှိသည်ဟု ထိုအမြင်အပေါ် လက်ခံယူဆထားပါသည်။ ၎င်းတို့အနေဖြင့် ၎င်းတို့၏ထိန်းချုပ်မှုအောက်တွင် ရှိနေသူများ၏ လူ့အခွင့်အရေးများကို ထိရောက်နိုင်ပါသဖြင့် လူ့အခွင့်အရေးစံနှုန်းများကို လေးစားလိုက်နာရန် တာဝန်ရှိစေပါသည်။[47] ဤသည်မှာ နိုင်ငံတကာဥပဒေများ၏ နာခံဆောက်ရွက်ရမည့် စံသတ်မှတ်ချက်များဆိုသည်ကို တိတိကျကျ ဆိုလိုခြင်းဖြစ်ပေသည်။

### ၈.၂ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ

(၅၀) နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေဆိုသည်မှာ လက်နက်ကိုင် ပဋိပက္ခတခုနှင့် သက်ဆိုင်သော အဖွဲ့အစည်းများ၏ ကျင့်ဝတ်ကို ထိန်းချုပ်ပေးထားသော ဥပဒေ အဆောက်အအုံတခုဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခအခြေအအနေများတွင် ၎င်းကို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် အတူတွဲ၍ အသုံးပြုကြသည်။ ဤသုံးသပ်မှုကို ပြုလုပ်နေချိန်တွင် မြန်မာပြည်၌ အခြားတနိုင်ငံနှင့် ဖြစ်နေခြင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပွားနေပါသည်။

---

D. Moeckli, S. Shah and S. Sivakumaran, eds. (Oxford, Oxford University Press, 2014), p. 102-103 တို့တွင်ကြည့်နိုင်ပါသည်။

[45] B. Ramcharan၏ *နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအပေါ် အောက်စဖို့ တက္ကသိုလ်၏ လက်စွဲစာအုပ် တွင်ပါဝင်သော* "ဥပဒေပြုလုပ်ခြင်းဖြစ်စဉ် - ထုတ်ပြန်ကြေညာချက်မှ စာချုပ်သို့၊ ထုံးတမ်းစဉ်လာအဖြစ်သို့၊ တားဆီးမှုသို့" ဟူသောနေရာတွင် ကြည့်ပါ။ D. Shelton ed. (Oxford, Oxford University Press, 2013), p. 512 တွင်ကြည့်ပါ။

[46] အခန်း ၁၀၊ ပြစ်ဒါဏ်ခံရမှုမှကင်းလွတ်ခြင်းနှင့် တာဝန်ယူတာဝန်ခံမှုတွင်ကြည့်ပါ။

[47] ဥပမာအားဖြင့် A/HRC/8/17, အပိုဒ် ၉ A/HRC/10/22, အပိုဒ် ၂၂ A/HRC/12/48, အပိုဒ် ၃၀၅ အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှုများပပျောက်ရေး ကုလသမဂ္ဂကောက်မတီ၏ *"အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု အလုံးစုံပပျောက်ရေးစာချုပ် အပိုဒ် ၂ အောက်ရှိ နိုင်ငံတောင်ဆိုင်ရာအဖွဲ့အစည်းများ၏ အဓိကတာဝန်ရှိမှုများအပေါ် အထွေထွေအကြံပြုချက်အမှတ် ၂၈"* (CEDAW/C/GC/28) အပိုဒ် ၁၁ တွင်၎င်း၊ နိုင်ငံတော်မဟုတ်သော အဖွဲ့အစည်းများအနေဖြင့် စာချုပ်အဖွဲ့ဝင်များ ဖြစ်မလာနိုင်သော်လည်း "နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအောက်တွင် အခြေအနေတချို့အောက်တွင် လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုအနေဖြင့် နယ်မြေနှင့်လူဦးရေ တစုံတရာအပေါ်တွင် နိုင်ငံရေးပုံစံတရပ်ဖြင့် ထင်ရှားသောထိန်းချုပ်မှုတခုကို ကျင့်သုံးနေပါက နိုင်ငံတော်မဟုတ်သော အဖွဲ့အစည်းများအနေဖြင့်လည်း နိုင်ငံတကာလူ့အခွင့်ရေးကို လေးစားရန် တာဝန်ရှိသည်ဟု" ကော်မတီမှ မှတ်ချက်ပြုထားပါသည်။

(၅၁) "အစိုးရအာဏာပိုင်များနှင့် စနစ်တကျ ဖွဲ့စည်းလုပ်ဆောင်သော လက်နက်ကိုင် အဖွဲ့အစည်းများအကြား သို့မဟုတ် နိုင်ငံတခုအတွင်း ထိုသို့သော လက်နက်ကိုင် အဖွဲ့များအကြား မည်သည့်အချိန်၌မဆို ကာလရှည်ကြာစွာ ဖြစ်နေသည့် လက်နက်ကိုင် အကြမ်းဖက်မှုသည်" အခြားတနိုင်ငံတခုနှင့် ဖြစ်နေခြင်းမဟုတ်သော လက်နက်ကိုင်ပဋိပက္ခ ရှိနေခြင်းဖြစ်သည်။[48] ဤအဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကျယ်ကျယ်ပြန့်ပြန့်လက်ခံကြပြီး ထပ်မံစုစည်း ဖြည့်စွက်လာသည့် သတ်မှတ်ချက် ၂ ရပ်ကိုပါ ခြုံငုံမိစေပါသည်။ ထို ၂ ရပ်မှာ လက်နက်ကိုင် အကြမ်းဖက်မှု၏ ပြင်းထန်မှုပမာဏ နှင့် ပါဝင်နေသော လက်နက်ကိုင်အင်အားစုများ၏ စနစ်တကျဖြစ်မှုအဆင့် အစရှိသည်တို့ဖြစ်ပြီး အခြားတနိုင်ငံမပါသော လက်နက်ကိုင်ပဋိပက္ခနှင့် နိုင်ငံအတွင်း တင်းမာမှုများ သို့မဟုတ် အနှောက်အယှက် အဟန့်အတားများအကြား ခွဲခြားရှင်းလင်းစေပါသည်။ တိကျသောအခြေအနေတခုတွင် ထိုသတ်မှတ်ချက်များ ပြည့်မီမှုရှိမရှိ ဆန်းစစ်ခြင်းသည် ကိစ္စတခုခြင်းအပေါ်မူတည်၍ ဆုံးဖြတ်ရမည်ဖြစ်သော အချက်အလက်ဆိုင်ရာ ကိစ္စတရပ်သာ ဖြစ်ပါသည်။ လိုအပ်ချက်အပေါ် ဖွဲ့စည်းသော ကုလသမဂ္ဂ၏ နိုင်ငံတကာဆိုင်ရာ တရားရုံးများသည် ၎င်းတို့၏ဥပဒေကြောင်းဆိုင်ရာ အတွေးအခေါ် သဘောတရားထဲတွင် ထိုသတ်မှတ်ချက် တခုချင်းစီအတွက် တိုင်းတာရမည့်လမ်းညွှန်ပြကိန်းများကို ဖွင့်ဆိုပြခဲ့ကြပါသည်။[49]

## ဂ.၂ (က) ကချင်နှင့် ရှမ်းပြည်နယ်များ

(၅၂) အစိုးရတပ်များကတစ်ဖက်၊ ကချင်လွတ်မြောက်ရေးတပ်မတော် (ကေအိုင်အေ) ၊ ရှမ်းပြည်နယ်တပ်မတော် - တောင်ပိုင်း (SSA-S)[50]၊ ရှမ်းပြည်နယ်တပ်မတော် - မြောက်ပိုင်း (SSA-N)[51]၊ တအာင်း အမျိုးသား လွတ်မြောက်ရေးတပ်မတော် (TNLA)[52]၊ ရခိုင်တပ်မတော် (AA) ၊ မြန်မာအမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်မတော် (MNDAA) တို့က အခြားတစ်ဖက် ဖြစ်နေသောပဋိပက္ခတွင် အထက်ပါသတ်မှတ်ချက် ၂ ရပ်စလုံးဖြင့် ပြည့်စုံနေသဖြင့်

---

[48] ICTY *Prosecutor v Tadic, IT-94-1-AR72* တရားစီရင်ပိုင်ခွင့်နှင့်ပါတ်သက်၍ တရားရုံးဆုံးဖြတ်ချက် အယူခံချက်အတွက် စွပ်စွဲခံရသူဘက်မှ တင်သွင်းချက်အပေါ် ဆုံးဖြတ်ချက်၊ ၁၉၉၅ ခုနှစ် အောက်တိုဘာလ ၂ ရက်နေ့၊ စာပိုဒ် ၇၀

[49] *အကြမ်းဖက်မှု၏ပြင်းထန်ခြင်းအတိုင်းအတာကို* ဆန်းစစ်ရာတွင် သက်ဆိုင်အကျုံးဝင်သည့် အညွှန်းပြချက်များမှာ ဥပမာအားဖြင့် ဖြစ်ပျက်မှု အရေအတွက်၊ အကြမ်းဖက်မှုအဆင့်၊ ရှည်ကြာမှု နှင့် အချိန်ကာလ၊ သေဆုံးမှုများ၊ ဒါဏ်ရာရရှိမှုများ၊ အကြမ်းဖက်မှုကြောင့်ဖြစ်ပွားသည့် ထိခိုက်မှုများ၊ ပထဝီအတိုင်းအတာအရ အကြမ်းဖက်ခြင်း ပြန့်ပွားမှု၊ လူပုဂ္ဂိုလ်များအား အားထုတ်တိုက်တွန်းခြင်းနှင့် ၎င်းတို့အား လက်နက်များတပ်ဆင်ခြင်း၊ အဖွဲ့များမှ သုံးသောလက်နက်များ၊ အပစ်ရပ်စဲရေးနိဂုံးချုပ်ချက်နှင့် ငြိမ်းချမ်းရေးသဘောတူညီချက်များ နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ သို့မဟုတ် အခြားပြင်ပအုပ်စုများ အစရှိသော တတိအုပ်စုများ၏ ပါဝင်ပါတ်သက်မှု အစရှိသည်တို့ဖြစ်သည်။ လက်နက်ကိုင်အဖွဲ့အစည်းများ၏ *စံနစ်တကျစုစည်းမှု* အပေါ်ဆန်းစစ်ရာတွင် ကူညီပေးနိုင်မည့် ညွှန်းပြကိန်းများမှာ အုပ်စုအလိုက်စုဖွဲ့ဖေါ်ပြထားပြီး စစ်ဆင်ရေးများကို စုစည်းအကောင်အထည်ဖေါ်နိုင်မှုကို ထောက်ပြနိုင်သော၊ ထောက်ပံ့ပို့ဆောင်ရေးစွမ်းဆောင်ရည်ကို ညွှန်းနိုင်သော၊ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေတာဝန်ရှိမှုများ အကောင်အထည်ဖေါ်နိုင်မှုနှင့် ဆက်နွယ်သော၊ စုစည်းညီညွတ်သည့်အသံဖြင့် ပြောဆိုနိုင်မှုကို ဖေါ်ပြနိုင်သော အမိန့်ပေးစံနစ်ကိုညွှန်းနိုင်သောအရာများကို ဆိုလိုသည်။ တိကျသော ညွှန်းပြကိန်းများကိုဖေါ်ပြရလျှင် တရားဝင်အမိန့်ပေးအဆောက်အအုံတည်ရှိနေခြင်း (ဌာနချုပ်၊ ယူနီဖောင်း) မတူညီသောလုပ်ငန်းများအလိုက် လျို့ဝှက်ထားသော တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ဆက်သွယ်ရေးအသုံးပြုသောနည်းစံနစ်၊ အုပ်စုအဖွဲ့ဝင်များအတွက် စစ်သင်တန်းများ ပေးအပ်နိုင်မှု၊ တတိယအုပ်စုများနှင့် ညှိနှိုင်းခြင်းအပါအဝင် ပြင်ပဆက်ဆံရေး၊ သတ်မှတ်ထားသောဇုံများအတွင်း လှုပ်ရှားဆောင်ရွက်နိုင်စွမ်း၊ ပထဝီဒေသစိုးမိုးထားနိုင်မှု၊ လက်နက်များ ရယူစုဆောင်းခြင်း၊ သယ်ပို့ခြင်း၊ ဖြန့်ဝေနိုင်ခြင်း၊ လူသစ်များစုဆောင်းနိုင်ခြင်း၊ လှုပ်ရှားမှုများကို ဟန်ချက်ညီဆက်စပ်နိုင်ခြင်း၊ အဖွဲ့တွင်းလုပ်ထုံးလုပ်နည်းများနှင့် စည်းကမ်းလိုက်နာရေးလုပ်နည်းများ။ S. Sivukumaran ၏ "အခြားတနိုင်ငံ ပါဝင်ပါတ်သက်မှုမရှိသော လက်နက်ကိုင်ပဋိပက္ခများ၏ ဥပဒေ" (Oxford, Oxford University Press, 2012) စာမျက်နှာ ၁၆၇ မှ ၁၇၂ အထိ ကြည့်ပါ။

[50] ရှမ်းပြည်နယ်ပြည်လည်တည်ဆောက်ရေးကောင်စီ (RCSS) ၏ လက်နက်ကိုင်တပ်ဖွဲ့

[51] ရှမ်းပြည်နယ်တိုးတက်ရေးပါတီ (SSPP)၏ လက်နက်ကိုင်တပ်ဖွဲ့

[52] ပလောင်ပြည်နယ်လွတ်မြောက်ရေးတပ်ဦး (PSLF) ၏ လက်နက်ကိုင်တပ်ဖွဲ့

မစ်ရှင်အနေဖြင့် ကျေနပ်အားရမှုရှိပါသည်။ ဤအစီရင်ခံစာတွင် သုံးသပ်တင်ပြရမည့် အချိန်ကာလတွင် ဖြစ်ပျက်နေသော အမှုဖြစ်ရပ်လည်းဖြစ်ပါသည်။

(၅၃) မြန်မာနိုင်ငံရှိ အစိုးရမဟုတ်သော ထိုလက်နက်ကိုင်အုပ်စုများကို "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ"[53] ဟုရည်ညွှန်းပြောဆိုကြပြီး ၎င်းတို့သည် ကြာရှည်မြင့်စွာကတည်းက တည်ရှိကာ တဖွဲ့ချင်းအနေဖြင့် ကိုယ်ပိုင်လက္ခဏာများ အသီးသီးရှိကြသော်လည်း ရှင်းလင်းသော ခေါင်းဆောင်မှုနှင့် အမိန့်ပေးစနစ်၊ ဌာနချုပ်၊ ပုံမှန်လူသစ် စုဆောင်းမှုနှင့် သင်တန်းလုပ်ဆောင်မှု၊ ယူနီဖောင်း၊ လက်နက်များရယူ စုဆောင်းနိုင်မှုကို ဖေါ်ပြနိုင်သောစွမ်းရည်၊ စစ်ဆင်ရေးစီမံချက်များကို စီမံချိတ်ဆက် အကောင်အထည် ဖေါ်နိုင်သောစွမ်းရည်၊ (ပူးတွဲဖြစ်စေ[54] သို့မဟုတ် သီးခြားစီဖြစ်စေ) နှင့် ၎င်းတို့၏ သက်ဆိုင်ရာ လှုပ်ရှားနယ်မြေများတွင် ပထဝီစိုးမိုးမှုကို တစုံတရာ အတိုင်းအတာအထိ ဆောင်ရွက်နိုင်စွမ်းတို့ ရှိကြပါသည်။ ဤအစိတ်အပိုင်းများအားလုံးက ၎င်းအဖွဲ့များကို လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများအဖြစ် စဉ်းစားရန် လုံလောက်သော အဖွဲ့အစည်း အဆင့်တရပ်ရှိကြောင်း အတည်ပြုနေပါသည်။ ဤအုပ်စုများ တဖွဲ့ချင်းနှင့် အစိုးရအင်အားစုများအကြား ရန်လိုနေမှုသည်လည်း တိုင်းတာသတ်မှတ်ရန် လိုအပ်သော ပြင်းထန်မှုတခုကို ရောက်ရှိနေပါသည်။ အချိန်ကြာမြင့်စွာ ပုံမှန်အားဖြင့် ဖြစ်ပွားနေသော ထိတွေ့မှုများသည် စစ်လေယာဉ်၊ တိုက်ခိုက်ရေး ရဟတ်ယာဉ် နှင့် အမြောက်ကြီးများအပါအဝင် လက်နက်ကြီးများနှင့် မြေမြှုပ်မိုင်းများ အသုံးပြုမှုပါဝင်နေပြီး ပိုင်ဆိုင်မှုများ ကြီးမားစွာ ဖျက်ဆီးခံရခြင်းနှင့် ရွှေ့ပြောင်းခံရမှုများဖြင့် မကြာခဏ ထင်ဟပ်နေကာ ထိခိုက်သေဆုံးမှုများကိုပါ ပေါ်ပေါက်စေလျက် ရှေ့တန်းစစ်မျက်နှာများ ရွှေ့ပြောင်းခြင်းနှင့် နယ်မြေထိန်းချုပ်ခြင်းများကို ဦးတည်နေပါသည်။

(၅၄) အနည်းဆုံး ၂၀၁၅ ခုနှစ် နိုဝင်ဘာလက စဖြစ်ခဲ့သော SSA တောင်ပိုင်း/RCSS နှင့် TNLA အကြားဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများသည်လည်း အခြားနိုင်ငံမပါဝင်သော သီးခြားလက်နက်ကိုင်ပဋိပက္ခအဖြစ် မစ်ရှင်က သတ်မှတ်နိုင်မှုကို ရရှိခဲ့ပါသည်။

### ဂ.၂ (ခ) ရခိုင်ပြည်နယ်

(၅၅) အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် (ARSA)[55] နှင့် မြန်မာအစိုးရတပ်များ ပါဝင်နေသော ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်မှုသည် အချိန်အတိုင်းအတာတခုတွင် အခြားနိုင်ငံတခုမပါဝင်သော လက်နက်ကိုင်ပဋိပက္ခတခု ဖြစ်နိုင်ချေ ရှိမရှိဆိုသည်မှာ ပိုမိုခက်ခဲသော မေးခွန်းတခုဖြစ်နေခဲ့ပါသည်။ ARSA အဖွဲ့ကို တပိုင်းတစ လေ့ကျင့်ထားသော အဖွဲ့ဝင်အနည်းငယ်များ ပါဝင်သည့် လက်နက်အနည်းငယ်သာ တပ်ဆင်ထားပြီး လေ့ကျင့်မှုအားနည်းသော အုပ်စုအဖြစ်သာ ယေဘုယျအားဖြင့် ရှုမြင်ကြသော်လည်း ၎င်းသည် အခြေခံအားဖြင့် ဒုတ်၊ဓါးများဖြင့် တိုက်ခိုက်မှုပြုသည့် လေ့ကျင့်မှုမရှိသော ရွာသားများအပေါ်သာ

[53] ဤအစီရင်ခံစာအနေဖြင့် အစိုးရကိုဆန့်ကျင်နေသော မြန်မာပြည်မြောက်ပိုင်း (ကချင်နှင့်ရှမ်းပြည်နယ်များ) တွင်လှုပ်ရှားနေသော အစိုးရမဟုတ်သည့် လက်နက်ကိုင်အဖွဲ့အစည်းများကို ရည်ညွှန်းလိုလျှင် "တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ" ဟုသုံးစွဲပါသည်။ "အစိုးရမဟုတ်သောလက်နက်ကိုင်အုပ်စု" ဟူသောအသုံးအစွဲသည် ပုံမှန်အားဖြင့် ထိုအဖွဲ့များအပြင် ထိုပြည်နယ်များနှင့် အခြားပြည်နယ်များတွင် လှုပ်ရှားနေသော အခြားလက်နက်ကိုင်လှုပ်ရှားသူများကိုလည်း ရည်ညွှန်းပါသည်။ (ဥပမာအားဖြင့် ပြည်သူ့စစ်အုပ်စုများ သို့မဟုတ် ရခိုင်ပြည်နယ်ရှိ ARSA အဖွဲ့ကဲ့သို့မျိုး)

[54] ဥပမာအားဖြင် the KIA, AA, TNLA နှင့် MNDAA တို့သည် "မြောက်ပိုင်းမဟာမိတ်တပ်ပေါင်းစု" ကိုဖွဲ့စည်းထားပြီး မြန်မာစစ်တပ်ကို တိုက်ခိုက်သည့် ပူးတွဲစစ်ရေးလှုပ်ရှားမှုများကို လုပ်ဆောင်နေကြပါသည်။

[55] ARSA ဟူသောအမည်သည် နောက်ပိုင်းမှသာ ပေါ်လာခဲ့ခြင်းဖြစ်သော်လည်း ရည်ညွှန်းရလွယ်ကူအောင် အသုံးပြုထားပါသည်။

မှီခိုအားထားပါသည်။ ရှည်ကြာစွာတည်ရှိပြီး ကောင်းမွန်စွာ လက်နက်တပ်ဆင်ထားသော မြန်မာပြည်မြောက်ပိုင်းရှိ တက်ကြွသည့် အစိုးရမဟုတ်သောလက်နက်ကိုင်တပ်ဖွဲ့များနှင့် နှိုင်းယှဉ်လျှင် ARSA ၏ ဖွဲ့စည်းမှုနှင့် စစ်ရေးအရည်အသွေးသည် များစွာအကန့်အသတ်ရှိပုံရပါသည်။

(၅၆) မည်သို့ပင်ဆိုစေ မစ်ရှင်၏ အချက်အလက် ရှာဖွေရေးလုပ်ငန်းအတွင်း ပေါ်ထွန်းလာသော သတင်းများ နှင့် အချက်အလက်များအပေါ် အခြေခံ၍ အခြေအနေကို အကဲဖြတ် ဆန်းစစ်သင့်ပေသည်။[56] မစ်ရှင်အနေဖြင့် ARSA အတွင်း ဖွဲ့စည်းမှုတစုံတရာအဆင့်ကို ထောက်ပြနိုင်မည့် အောက်ဖော်ပြပါ အစိတ်အပိုင်းများကို စဉ်းစားခဲ့ပါသည်။ ၎င်းတို့အား လိုက်နာဆောင်ရွက်မည့် အဖွဲ့ဝင်များနှင့် အောက်ခြေအဆင့်ရှိ ထောက်ခံသူများအပေါ် ဆုံးဖြတ်ချက်ချသူများထံမှ ညွှန်ကြားချက်များရောက်ရှိအောင် ပို့ဆောင်နိုင်သော အမိန့်ပေးစနစ်တခု၊ ရခိုင်ပြည်နယ်အတွင်းရှိ လှုပ်ရှားဆောင်ရွက်သူအုပ်စုနှင့် ပြည်ပတွင် ရှိသောအုပ်စုများအကြား ဆက်စပ်ဆောင်ရွက်နိုင်သည့် စွမ်းဆောင်နိုင်မှုတရပ်၊ တင်းမာစွာ ထိန်းချုပ်ထားသည့် ပတ်ဝန်းကျင် အခြေအနေအတွင်း မတူညီသော နေရာများစွာ၌ ဆက်စပ်ဆောင်ရွက်သော သို့မဟုတ် တပြိုင်တည်းဖြစ်သော တိုက်ခိုက်မှုများကို စွမ်းဆောင်နိုင်မှုတရပ်၊ တိုက်ခိုက်မှုများပြုချိန်တွင် ရိုဟင်ဂျာ အသိုင်းအဝန်းအကြား ကျယ်ပြန့်စွာ တိုက်တွန်းအားထုတ်နိုင်စွမ်းတရပ်၊ မတူညီသော အလုပ်ကဏ္ဍများနှင့် တာဝန်များအလိုက် မြုပ်နှံထားသော ရွာသားများကို စည်းရုံးနိုင်မှု၊ အနည်းဆုံး အမာခံအဖွဲ့ဝင်များကို တစုံတရာ စစ်သင်တန်းနှင့် အခြားသူများကို အခြေခံကာကွယ်ရေး သင်တန်းများ ပေးစွမ်းနိုင်မှုတရပ်၊ လက်နက်တချို့ ရရှိနိုင်မှုနှင့် ပေါက်ကွဲစေတတ်သော ကရိယာများ၊ အခြားလက်လုပ် လက်နက်များရရှိနိုင်စွမ်း၊ ညီညွတ်စုစည်းသည့် ဟန်ပန်အနေအထားဖြင့် ရပ်တည်ချက်၊ တောင်းဆိုချက်များကို ဖော်ပြဆက်သွယ်နိုင်သည့် စွမ်းရည်တရပ်၊ အနိမ့်ဆုံးအနေဖြင့် နိုင်ငံတကာဥပဒေများကို လိုက်နာနိုင်ကြောင်း ထုတ်ဖော်သည့် ဆန္ဒလိုလားမှုတရပ် အစရှိသည်တို့ပါဝင်ပါသည်။ အခြားတဖက်တွင်လည်း မစ်ရှင်အနေဖြင့် ဆန့်ကျင်ဖက်အမြင်ကို ညွှန်ပြနေသော အချက်အလက်များဖြစ်သည့် ARSA အနေဖြင့် သိသာလောက်သော ရံပုံငွေကို မရှာနိုင်သော မြင်သာသည့် စွမ်းဆောင်ရည်မဲ့မှု၊ လက်နက်များ သို့မဟုတ် အခြားစစ်သုံးပစ္စည်းများကို ရယူစုဆောင်းနိုင်ခြင်းနှင့် ဖြန့်ဝေနိုင်ခြင်းမဲ့မှု နှင့် တိုက်ခိုက်မှုများတွင် ပါဝင်သော အများစုအင်အားစုများအနေဖြင့် ပြည့်ဝသော စစ်သင်တန်းများ မရရှိခဲ့မှု အစရှိသည်တို့ကို တွေ့ရှိခဲ့ပါသည်။

(၅၇) မျှတမှုအရကြည့်လျှင် "စည်းရုံးစုဖွဲ့မှု အတိုင်းအတာတခုသည် လုံလောက်သည်။" နှင့် စည်းရုံးဖွဲ့စည်းမှု၏ လိုအပ်မှုအဆင့်ကို "အလွန်အမင်း မချဲ့ကားသင့်ပါ"[57] ဟုသောနိုင်ငံတကာ ဥပဒေဆိုင်ရာအတွေးအခေါ်နှင့် ဥပဒေဆိုင်ရာပညာရှင်များ ထောက်ပြသည်ကို ထည့်သွင်းစဉ်းစားပြီး ARSA သည် စည်းရုံးဖွဲ့စည်းမှု၏ လိုအပ်သော ရေချိန်မှတ်နှင့် ကိုက်ညီသည်ဟု မစ်ရှင်အနေဖြင့် စဉ်းစားခဲ့ပါသည်။ မစ်ရှင်အတွက် ဤသို့ပြောင်းလဲစဉ်းစားရန် အဓိကဆွဲဆောင်သွားခဲ့သည့် အဓိကအချက်မှာ ၂၀၁၆ ခုနှစ် ARSA ၏ တိုက်ခိုက်မှုများအပြီး

---

[56] မစ်ရှင်မှရရှိထားသော သတင်းများအပေါ်အခြေခံ၍ ARSA အပေါ် အပြည့်အစုံခြုံလွှမ်းသုံးသပ်မှုကို အခန်း ၅ အပိုင်းကဏ္ဍ ဃ.၁.ဂ အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် အခန်းတွင်ကြည့်ပါ။

[57] S. Sivukumaran ၏ "အခြားတနိုင်ငံ ပါဝင်ပါတ်သက်မှုမရှိသော လက်နက်ကိုင်ပဋိပက္ခများ၏ ဥပဒေ" (Oxford, Oxford University Press, 2012) စာမျက်နှာ ၁၇၀ တွင်ကြည့်ပါ။ ICTY *Prosecutor v  Limaj, IT-03-66-T*၊ စီရင်ဆုံးဖြတ်ချက်၊ ၂၀၀၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့၊ စာပိုဒ် ၈၉

မြန်မာလုံခြုံရေးစစ်ဆင်မှုများ၏ ကနဦးအစောပိုင်းက ပြုလုပ်သော "ရှင်းလင်းရေးစစ်ဆင်မှုများ" ရှိခဲ့ပင်ငြား တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသော ပတ်ဝန်းကျင်အခြေအနေအတွင်း အစိုးရလုံခြုံရေးကင်းစခန်းများအပေါ် ဆက်စပ်ပြုလုပ်သော တိုက်ခိုက်မှု ၃၀ ကို (တချို့သောတိုက်ခိုက်မှုများသည် အတိုင်းအတာအရ သေးငယ်သော်လည်း) ဖေါ်ဆောင်နိုင်စွမ်းရှိမှုကြောင့်ဖြစ်သည်။

(၅၈) ဒုတိယသတ်မှတ်ချက်ဖြစ်သော အကြမ်းဖက်မှု၏ ပြင်းထန်မှုအတိုင်းအတာမှာ ၂၀၁၇ ဩဂုတ်လကတည်းကစ၍ သံသယဖြစ်စရာ မရှိတော့ပါ။ ဖြစ်ပျက်မှု အရေအတွက်၊ အကြမ်းဖက်မှု၏ ပထဝီအတိုင်းအတာအရ ပျံ့နှံ့မှု၊ စစ်ဆင်ရေးကာလအတွင်း သယ်ဆောင်အသုံးပြုလာသော စစ်တပ်အသုံးအဆောင်ပစ္စည်းများနှင့် လက်နက်ကရိယာများ၊ လုံခြုံမှုဆိုင်ရာ စစ်ဆင်ရေးများ၏ ကာလအတိုင်းအတာ၊ ကျဆုံးဒဏ်ရာရသည့်အရေအတွက် နှင့် ဖျက်ဆီးခံရသည့်အတိုင်းအတာ အစရှိသည်တို့သည် အချင်းချင်းကြား နောက်ယှက်ပျက်ပြားမှုတခုလောက်သာ သဘောထားမရသည့် သဘောသဘာဝနှင့် အတိုင်းအတာတခုဖြစ်နေပါသည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့များအနေဖြင့် အသုံးပြုခဲ့သော နည်းနာများသည် ခွင့်ပြုထားမှုရှိမရှိ၊ လျော်ကန်မှုမှုရှိမရှိ၊ ရင်ဆိုင်နေရသော ခြိမ်းခြောက်မှုနှင့် အချိုးညီမျှတမှုရှိမရှိ ဆိုသည့်မေးခွန်းသည် တရားဝင်နေပြီး ဤအစီရင်ခံမှုတွင် ဆွေးနွေးသွားမည်ဖြစ်သည်။ သို့ပါသော်လည်း အကြမ်းဖက်မှု၏ ပြင်းထန်မှုအတိုင်းအတာအား အချက်အလက်အရ ဆုံးဖြတ်ရာတွင်မူ သက်ရောက်မှုမရှိပါ။ ဤအခြေအနေအရ မစ်ရှင်အနေဖြင့် ARSA သည် မြန်မာလုံခြုံရေး ကင်းစခန်းများအား မြောက်မြားစွာသော တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သည့်နည်းတူ သတင်းပေးများအား သတ်ဖြတ်မှုနှင့် အနည်းဆုံး ရွာတစ်ရွာအား မီးရှို့မှုတွင် ပါဝင်ပါတ်သက်နေကြောင်း သတ်မှတ်ပါသည်။[58]

(၅၉) သို့ဖြစ်၍ မစ်ရှင်အနေဖြင့် မြန်မာအစိုးရတပ်များနှင့် ARSA အကြားဖြစ်ပွားခဲ့သော ပဋိပက္ခသည် အနည်းဆုံး ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ စကြည့်လျှင် အခြားနိုင်ငံမပါသော လက်နက်ကိုင်ပဋိပက္ခ အဆင့်အဖြစ် စဉ်းစားရန် ခိုင်လုံသော အခြေခံအကြောင်းအချက်များ ရှိနေပါသည်။[59] နောက်ဆက်တွဲအနေဖြင့် မစ်ရှင်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ တိုက်ခိုက်မှုများဖြစ်သည့် အခြေအနေတွင် အင်အားအသုံးပြုမှု၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေသာမကဘဲ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေများ၏ သက်ဆိုင်အကျုံးဝင်သော ပြဋ္ဌာန်းချက်များအရ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများအပေါ် စွပ်စွဲလာမှုများအပေါ် စုံစမ်းစစ်ဆေးခဲ့ပါသည်။

### ဂ.၂ (ဂ) နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေမှ အသုံးပြုနိုင်သောစည်းမျဉ်းများ

၆၀။ မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် ဩဂုတ်လ ၁၂ ရက်နေ့တွင် ချုပ်ဆိုသော ဂျီနီဗာစာချုပ်များ၏ အဖွဲ့ဝင်ဖြစ်ပါသည်။[60] မြန်မာသည် ၁၉၇၂ ခုနှစ် ဇီဝလက်နက်အသုံးပြုခြင်း တားမြစ်မှုဆိုင်ရာစာချုပ်[61]၊ ဓါတုလက်နက်အသုံးပြုခြင်း တားမြစ်မှုဆိုင်ရာ ၁၉၉၃ ခုနှစ်စာချုပ်[62]၊

---

[58] အခန်း ၅ အပိုင်းကဏ္ဍ ဃ.၁.ဂ အာရကန်ရိုဟင်ဂျာကယ်တင်ရေးတပ်မတော် အခန်းတွင်ကြည့်ပါ။

[59] မစ်ရှင်အနေဖြင့် ဤနိဂုံးချုပ်ချက်သည် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ လူသိရှင်ကြား ထုတ်ပြန်ချက်များနှင့်အညီ ဖြစ်သည်ဟု ကောက်ချက်ပြုပါသည်။ ၂၀၁၈ ခုနှစ် ဖွန်လ ၂ ရက်နေ့ စကားပူတွင် ပြောကြားခဲ့သော " ရခိုင်-ပြန်လည်ဝင်ရောက်မှုများသည် လုံခြုံ၍ ဂုဏ်သိက္ခာရှိပြီး မိမ်ဆန္ဒအလျောက်ဖြစ်ရမည်" ဟူသော ICRC ဥက္ကဋ္ဌ၏မိန့်ခွန်းတွင်ကြည့်ပါ။

[60] ၁၉၉၂ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့မှစပြီး ဂျီနီဗာစာချုပ်များ၏ နောက်ဆက်တွဲ လိုက်နာဆောင်ရွက်ရန် ထပ်ဆင့်စာချုပ်များဖြစ်သည့် ၁ နှင့် ၂ ကို လက်မှတ်မထိုးခဲ့တော့ပါ။

[61] ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နေ့မှစ၍၊

ယဉ်ကျေးမှုဆိုင်ရာ ပိုင်ဆိုင်မှုများကာကွယ်ခြင်းဆိုင်ရာ ဟိဂ်သဘောတူစာချုပ်နှင့် နောက်ဆက်တွဲစာချုပ်[63]၊ အစရှိသည်တို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါသည်။ ထို့အပြင် ပြည်ပနိုင်ငံပါဝင်ခြင်းမရှိသော ဤပဋိပက္ခများတွင် သက်ဆိုင်နေသော အဖွဲ့များအားလုံးသည်လည်း ဤသို့သော ပဋိပက္ခများ၏ကိစ္စများတွင် အစဉ်အလာဆိုင်ရာ နိုင်ငံတကာ ဖြတ်ထုံးဥပဒေများမှ သက်ဆိုင်သော စည်းမျဉ်းများအား တာဝန်ခံရန်ရှိနေပါသည်။

၆၁။ အဓိကကျသောသက်ဆိုင်သည့်ကိစ္စမှာ ဂျီနီဗာသဘောတူစာချုပ်၏ ယေဘူယျ ပုဒ်မ ၃ ဖြစ်ပါသည်။ ဤပုဒ်မတွင် ရန်လိုမှုအတွင်း တိုက်ရိုက်ပါတ်သက်ခြင်းမရှိသော အရပ်သားများနှင့် အခြားပုဂ္ဂိုလ်များကို ကာကွယ်ပေးရန်ဟု ပါရှိပါသည်။ ဤရန်လိုမှုများ၏ တက်ကြွသောကဏ္ဍတွင် ပါဝင်မှုမရှိသည့် ပုဂ္ဂိုလ်များအား သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် အနည်းဆုံး လေးစားစွာဆက်ဆံရန်နှင့် မကောင်းသည့် ခွဲခြားပိုင်းခြားမှုမျိုး မထားရှိဘဲ လူသားဆန်စွာ ဆက်ဆံရန် ဤပုဒ်မမှ တာဝန်ရှိစေပါသည်။ ဤပုဒ်မမှ အသက်နှင့်လူပုဂ္ဂိုလ်အား အကြမ်းမဖက်ရန်၊ အထူးသဖြင့် မည်သည့်သတ်ဖြတ်မှုများမှ မပြုလုပ်ရန်၊ ကိုယ်ခန္ဓာအစိပ်အပိုင်းများ ဖြတ်တောက်ခြင်း၊ ရက်စက်စွာ ပြုမူဆက်ဆံခြင်းနှင့် ညှဉ်းပန်းနှိပ်စက်ခြင်း၊ ပုဂ္ဂိုလ်ရေးဆိုင်ရာ လူ့ဂုဏ်သိက္ခာကို ထိခိုက်အောင်ဒေါမာန်ထွက်ခြင်း၊ မျှတသောတရားစီရင်မှုနှင့် ဖြစ်ရမည့်ဖြစ်စဉ်အရဆိုသည့် ယေဘုယျ အများလက်ခံ အသိအမှတ်ပြုထားသောမှုများကို လေးစားလိုက်နာသည့် ပုံမှန်ဖွဲ့စည်းထားသော တရားရုံးများမှ ကြေညာထားသည့် ကြိုတင်စီရင်ချက်များမရှိဘဲ ထောင်ဒဏ်ချမှတ်ခြင်းနှင့် သေဒဏ်စီရင်ခြင်း အစရှိသည်တို့အပါအဝင် တားမြစ်ထားပါသည်။ ထို့အပြင် လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်နေသော အဖွဲ့အစည်းများအားလုံးအနေဖြင့် တိုက်ခိုက်မှုများတွင်လည်း ထင်ရှားစွာ ခြားနားခွဲထားခြင်း၊ သင့်တော်သော ပမာဏအတိုင်းအတာ အလျောက်သာဖြစ်စေခြင်း နှင့် ကြိုတင်သတိပြင်ဆင်ထားခြင်း အစရှိသည့် အခြေခံမှုများကို အချိန်တိုင်း လိုက်နာရမည်ဖြစ်ပါသည်။[64] ဆိုလိုသည်မှာ အဖွဲ့အစည်းများအနေဖြင့် တဖက်တွင် အရပ်သားပုဂ္ဂိုလ်များနှင့် အရာပစ္စည်းများနှင့် အခြားတဖက်တွင် တရားဝင်စစ်ရေးဆိုင်ရာ ပစ်မှတ်များအကြား ခွဲခြားထားရမည်ဖြစ်သည်။[65] ကြိုတင်မျှော်လင့်ထားသော တိကျခိုင်မာပြီး တိုက်ရိုက်ကျသည့် စစ်ရေးအသာစီးရမှုနှင့်စာလျှင် ပိုမိုများပြားလွန်းသော မတော်တဆ အသက်ဆုံးရှုံးခြင်း၊ အရပ်သားများကို ထိခိုက်ဒဏ်ရာရစေခြင်း၊ အရပ်ဖက်ဆိုင်ရာ ပစ္စည်းများကို ထိခိုက်စေခြင်း သို့မဟုတ် နှစ်မျိုးစလုံး ဖြစ်ပွားခြင်းတို့ကို ပေါ်ပေါက်စေနိုင်သည်ဟု မျှော်လင့်နိုင်မည့် တိုက်ခိုက်မှုများကို တားမြစ်ထားသည်။[66] မည်သည့်အခြေအနေတွင်မဆို မတော်တဆ အသက်ဆုံးရှုံးခြင်း၊ အရပ်သားများကို ထိခိုက်ဒဏ်ရာ ရစေခြင်း၊ အရပ်ဖက်ဆိုင်ရာ ပစ္စည်းများကို ထိခိုက်စေခြင်းကို အနည်းဆုံးဖြစ်စေမည့်၊ ရှောင်ရှားနိုင်မည့် လုပ်ဆောင်နိုင်ဖွယ်ရာရှိသမျှ ကြိုတင်သတိထား ပြင်ဆင်နိုင်သည်များကို အဖွဲ့အစည်းအားလုံးမှ လုပ်ဆောင်ရမည်။[67]

---

[62] ၂၀၁၅ ခုနှစ် ဇူလိုင် ၈ ရက်မှစ၍၊

[63] ၁၉၅၆ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်မှစ၍၊

[64] J.M. Henckaerts နှင့် L. Doswald-Beckတို့၏ အစဉ်အလာဖြတ်ထုံးဆိုင်ရာ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ ပထမတွဲ စည်းမျဉ်းများ (Cambridge, ICRC/Cambridge University Press, 2005), စည်းမျဉ်း ၁-၂၄ (ဤမှစ၍ ICRC/Customary IHLဟုသုံးစွဲမည်) တွင်ကြည့်ပါ။

[65] Ibid. စည်းမျဉ်း 7.

[66] Ibid. စည်းမျဉ်း 14.

[67] Ibid. စည်းမျဉ်း 15-24.

၆၂။ မြန်မာနိုင်ငံအနေဖြင့် ၎င်း၏လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် ၎င်း၏လမ်းညွှန်မှု သို့မဟုတ် ထိန်းချုပ်မှုအောက်မှ ဆောင်ရွက်သူများမှ နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေကို ကျူးလွန်ချိုးဖောက်မှုများ အားလုံးအပေါ် တာဝန်ရှိနေပါသည်။[68]

### ဂ.၃ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာဥပဒေ

၆၃။ မစ်ရှင်အနေဖြင့် ၎င်းတည်ဆောက်ထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးစားမှုများကို သင့်လျော်စွာသတ်မှတ်ရန် ၎င်း၏ကြိုးပမ်းမှုများတွင် နိုင်ငံတကာရာဇဝတ်မှုဥပဒေကိုလည်း အလေးထားမှုထားရှိခဲ့ပါသည်။ ဤဥပဒေအနေဖြင့် နိုင်ငံတကာ ဥပဒေအောက်တွင် ကျူးလွန်သော ရာဇဝတ်မှုများကဲ့သို့ အတိုင်းအတာရှိသည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ အထွေထွေချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေအား ပြင်းထန်စွာ ချိုးဖောက်မှုများကို ကျူးလွန်သူများအား တစ်ဦးချင်းအရ၊ ရာဇဝတ်မှုအရ တရားစွဲဆိုနိုင်သော အခြေအနေများကို စီရင်ခွင့်ပေးပါသည်။ မစ်ရှင်အနေဖြင့် စဉ်းစားသော အဓိကကျသည့် ရာဇဝတ်မှုများမှာ မျိုးနွယ်တုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု နှင့် စစ်ရာဇဝတ်မှုများဖြစ်ပါသည်။ ဤသို့ဆောင်ရွက်ရာတွင် မျိုးနွယ်တုန်းသတ်ဖြတ်ခြင်း ရာဇဝတ်မှုအား ကြိုတင်တားဆီးခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် ဖော်ပြသော ထိုရာဇဝတ်မှုများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်များ၊ နိုင်ငံတကာ ရာဇဝတ်မှုတရားရုံး၏ ရောမစာချုပ်၊ ထုံးတမ်းစဉ်လာ နိုင်ငံတကာ ဖြတ်ထုံးဥပဒေ၊ နိုင်ငံတကာ တရားရုံးများနှင့်ခုံရုံးများ၏ ဥပဒေဆိုင်ရာ အတွေးအခေါ်များတွင်ပါရှိသော ထိုအဓိပ္ပါယ်ဖွင့်ဆိုချက်များ၏ ဘာသာပြန်ချက်များအားလုံးကို မစ်ရှင်အနေဖြင့် ရည်ညွှန်းပါသည်။[69]

၆၄။ အထက်တွင် ဖော်ပြခဲ့သလို မျိုးနွယ်တုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု နှင့် စစ်ရာဇဝတ်မှုများအား တားမြစ်ခြင်းသည် နိုင်ငံတကာဥပဒေ၏ နာခံဆောင်ရွက်ရမည့် စံသတ်မှတ်ချက်များအဖြစ် သက်ရောက်နေပြီးဖြစ်ရာ ဥပဒေမှ သွေဖီမှု တခုမှ မရှိစေရမည့် အဓိပ္ပာယ်ဖြစ်သည်။ *jus cogens (ဘေးဖယ်ထား၍မရသော နိုင်ငံတကာဥပဒေများ၏ စံသတ်မှတ်ချက်များ ဖြစ်လာသည့်မှုများ)* ကဲ့သို့သော နိုင်ငံတကာ ဥပဒေအောက်မှ ရာဇဝတ်မှုတခုအား အသိအမှတ်ပြုထားခြင်းသည် ကျူးလွန်သူများအား နိုင်ငံတော်အနေဖြင့် တရားစွဲအပြစ်ပေးရန် တာဝန်တရပ်ဖြစ်လာစေခဲ့ပြီး ထိုသို့သောရာဇဝတ်မှုများအား စတင်စစ်ဆေးရမည့် အချိန်ကန့်သတ်ချက်ထားမှုများကို အကျုံးမဝင်စေခြင်း၊ မည်သည့်နေရာတွင် ထိုအမှုများဖြစ်သည်၊ မည်သူက သို့မဟုတ် မည်သူ့ကို ကျူးလွန်သည်ဆိုသည်နှင့် မသက်ဆိုင်စေဘဲ မည်သည့်နေရာမဆို တရားစီရင်ခွင့် အစရှိသည်တို့ကို ဖြစ်လာစေပါသည်။[70] ထို့အပြင် မျိုးနွယ်တုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု နှင့် စစ်ရာဇဝတ်မှုများ သို့မဟုတ် အခြားလူ့အခွင့်အရေး အထွေထွေ ချိုးဖောက်မှုများအပေါ် ရာဇဝတ်ကြောင်းအရ တာဝန်ရှိသူများအား တရားစွဲဆိုခြင်းများကို

---

[68] Ibid. စည်းမျဉ်း 149; နိုင်ငံများ၏တာဝန်ရှိမှုနှင့်ပါတ်သက်၍ နိုင်ငံတကာဥပဒေကော်မရှင်၏ဥပဒေများ (အထွေထွေညီလာခံဆုံးဖြတ်ချက် ၅၆/၈၃) အပိုဒ် ၈။

[69] နိုင်ငံတကာဥပဒေရှိ ရာဇဝတ်မှုများ အခန်း ၈ တွင်ကြည့်ပါ။

[70] M.C. Bassiouni, "နိုင်ငံတကာရာဇဝတ်မှုများ: Jus cogens and obligatio erga omnes"၊ *ဥပဒေနှင့် ခေတ်ပြိုင်ပြဿနာများvol. 59(4), 1996, စာမျက်နှာ ၆၈*

တားဆီးခဲ့ပါက နိုင်ငံတကာဥပဒေ၏ များစွာသောအစိတ်အပိုင်းများအရ၊ ကုလသမဂ္ဂ၏ပေါ်လစီအရ လွတ်ငြိမ်းချမ်းသာခွင့်ပင် ပြု၍မရသော အနေအထားဖြစ်သည်။[71]

**ဃ။ ပြည်တွင်းဥပဒေ**

၆၅။ မည်သည့်သက်ဆိုင်သည့်နေရာမဆို မစ်ရှင်အနေဖြင့် မြန်မာနိုင်ငံ၏ ပြည်တွင်းဥပဒေအောက်တွင် အထူးသဖြင့် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြစ်မှုပြစ်ဒဏ်ဆိုင်ရာ ဥပဒေများ လူ့အခွင့်အရေးအား အာမခံပေးသောအချက်များကို စဉ်းစားကြည့်သကဲ့သို့ ၎င်းတို့သည်လည်း နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းသတ်မှတ်ချက်များနှင့် ကိုက်ညီမှု ၊ မည်သည့်အတိုင်းအတာထိ ရှိမရှိကိုလည်း ကြည့်ပါသည်။

**ဃ.၁။ ပြည်ထောင်စုသမတမြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေ**

၆၆။ မြန်မာနိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း ၈ (နိုင်ငံသား၊ အခြေခံအခွင့်အရေးနှင့် နိုင်ငံသားများ၏တာဝန်များ) တွင် တန်းတူညီမျှခွင့်၊ ခွဲခြားမဆက်ဆံခွင့်၊ အသက်ရှင်သန်ပိုင်ခွင့်၊ လွတ်လပ်စွာထုတ်ဖော်ပိုင်ခွင့်၊ လွတ်လပ်စွာလှုပ်ရှားခွင့်၊ ကိုယ်ပိုင်ဘဝလုံခြုံခွင့်၊ ပညာသင်ကြားပိုင်ခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခံပိုင်ခွင့်၊ ကျွန်ပြုခြင်းနှင့်အဓမ္မလုပ်အားပေးခြင်းမှ တားမြစ်ခြင်းအပါအဝင် လူ့အခွင့်အရေးအချို့ကို အာမခံထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ လူ့အခွင့်အရေးပြဌာန်းချက်များသည် အနည်းဆုံး ပြဿနာ ၂ ခုရှိနေပါသည်။ အများစုမှာ "နိုင်ငံသားများ" ကိုသာ ရည်ရွယ်ထားခြင်းဖြစ်ပြီး တချို့မှာ ကျယ်ပြန့်၍ တခါတရံတွင် ခွင့်ပြုပေးနိုင်ခြေမရှိသော သတ်မှတ်ချက်များ သို့မဟုတ် ကန့်သတ်ချက်များ ပါဝင်နေပါသည်။ ထို့အပြင် အခြေခံကျသော အခွင့်အရေးအချို့မှာ စာရင်းထဲတွင် ပါဝင်ခြင်းရှိမနေပါ။ (ဥပမာအားဖြင့် ညှဉ်းပန်းနှိပ်စက်မှု အားတားမြစ်ခြင်း)

၆၇။ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၁ တွင် "နိုင်ငံသားတိုင်း"သည် တန်းတူညီမျှမှု အခွင့်အရေး၊ လွတ်လပ်မှု အခွင့်အရေး၊ တရားမျှတမှု အခွင့်အရေးတို့ ခံစားခွင့်ရှိသည်ဟု ဖော်ပြထားသည်။ အပိုဒ် ၃၄၈ တွင် ပြည်ထောင်စုအနေဖြင့် "မည်သည့်နိုင်ငံသားကိုမျှ လူမျိုး၊ ဇာတိ၊ ကိုးကွယ်ရာ၊ ဘာသာ၊ ရာထူးဌာန၊ အဆင့်အတန်း၊ ယဉ်ကျေးမှု၊ အမျိုးသား၊ အမျိုးသမီး၊ ဆင်းရဲချမ်းသာတို့ကို အကြောင်းပြု၍ ခွဲခြားမှုမရှိစေရ။"ဟုပါ ထပ်ဆင့်ဖွင့်ဆိုထားပါသည်။ "နိုင်ငံသားများ"အတွက် အခြားကန့်သတ်ထားသော လူ့အခွင့်အရေးများမှာ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့်ဖွဲ့စည်းခွင့်၊ လွတ်လပ်စွာ လှုပ်ရှားခွင့်၊ ကိုယ်ပိုင်ဘဝလုံခြုံခွင့်၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်ပိုင်ခွင့် အစရှိသည်တို့ဖြစ်ပါသည်။[72] လူဦးရေ၏ ကြီးမားသော အစိတ်အပိုင်းအား နိုင်ငံသားဖြစ်မှုကို အဓမ္မ ပစ်ပယ်ခြင်း အခြေအနေသည် (အထူးသဖြင့် ရိုဟင်ဂျာကိစ္စ) တရားမဝင် နိုင်ငံသားပျောက်ကွယ်မှုကို ဖြစ်စေပြီး[73] အဆိုပါ ဖွဲ့စည်းပုံပြဌာန်းချက်များသည် လူထု၏ကြီးမားသော အစိတ်အပိုင်းများအား အခြေခံလူ့အခွင့်အရေးများအား ကာကွယ်ပေးရန်မှ ဖယ်ထုတ်လိုက်သကဲ့သို့ဖြစ်စေသည်။[74]

---

[71] ကြည့်ပါ၊ ဥပမာအားဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးမဟာမင်းကြီးရုံး *ပဋိပက္ခလွန်တိုင်းပြည်များအတွက် တရားဥပဒေစိုးမိုးရေးဆိုင်ရာ အသုံးပြုပစ္စည်းများ၊ လွတ်ငြိမ်းချမ်းသာခွင့်များ* (နယူးယောက်နှင့် ဂျီနီဗာ၊ ကုလသမဂ္ဂ၊ ၂၀၀၉ ခုနှစ်) စာမျက်နှာ ၁၁

[72] မြန်မာနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၄၊ ၃၅၄၊ ၃၅၅၊ ၃၅၇၊ ၃၆၆ နှင့် ၃၆၇

[73] အခန်း ၅ အပိုင်း ခ၊ ၁ တွင်းပါဝင်သော တရားဝင်အဆင့်အတန်းနှင့်ကိုယ်ပိုင်လက္ခဏာပြင်းပယ်ခြင်းတွင် ကြည့်ပါ။

[74] မှတ်စု၊ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၄၇ အရ နိုင်ငံတော်သည် "မည်သူ့ကိုမဆို ဥပဒေအရာတွင် တန်းတူညီမျှ အခွင့်အရေးရရှိစေရမည်။ ထို့ပြင် ဥပဒေ၏ အကာအကွယ်ကိုလည်း တန်းတူညီမျှစွာ

၆၈။ မစ်ရှင်အနေဖြင့် လူသားတိုင်းသည် ၎င်းတို့၏ လူသားဆန်မှုတန်ဘိုးအရ လူ့အခွင့်အရေးအားလုံးကို ခံစားပိုင်ခွင့်ရှိသည်ဟု တောင်းဆိုပါသည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ နိုင်ငံတော်အနေဖြင့် မူအရ ခွဲခြားဆက်ဆံမှုမရှိစေရဘဲ ၎င်း၏နယ်မြေအတွင်း သို့မဟုတ် စီရင်မှုသက်ရောက်ရာ နယ်မြေအတွင်း လူပုဂ္ဂိုလ်အားလုံး၏ လူ့အခွင့်အရေးများကို ကာကွယ်ဖြည့်ဆည်းလေးစားရန် တာဝန်ရှိမှုအောက်တွင် ရှိနေပါသည်။ နိုင်ငံသားနှင့် နိုင်ငံသားမဟုတ်သူများအကြား ခွဲခြားမှုများကို ထိုကိစ္စများက နိုင်ငံတခု၏ တရားဝင်သော ဦးတည်ချက် နှင့် ထိုဦးတည်ချက်ကို ရရှိရန်အတွက် အချိုးကျဖြစ်မှသာ ပြုလုပ်သင့်ပါသည်။[75] ဥပမာအားဖြင့် နိုင်ငံတော်အနေဖြင့် နိုင်ငံရေးအခွင့်အရေးများ (မဲပေးပိုင်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်) နှင့် လွတ်လပ်စွာလှုပ်ရှားခွင့် (နိုင်ငံတော်နယ်နမိတ် အစိပ်အပိုင်းအတွင်း တရားဝင်စွာ ရှိနေသူများအပေါ် ကန့်သတ်ခြင်း) အကြားတွင် ကျဉ်းမြောင်းသော ခွဲခြားမှုလောက်ကို ပိုင်းခြားနေပေလိမ့်မည်။[76] နိုင်ငံသားများနှင့် နိုင်ငံသားမဟုတ်သူများအကြား သိသာအောင်ခွဲခြမ်းထားသော မည်သည့်ကိစ္စမဆို နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ရာရောက်ပေသည်။[77] ပိုမိုအရေးကြီးသည်မှာ နိုင်ငံသားများအနေဖြင့် လူ့အခွင့်အရေး ခံစားနိုင်မှုအပေါ် ကန့်သတ်ချုပ်ချယ်မှုများသည် မခွဲခြားဆက်ဆံရေး အခြေခံမူများနှင့် လိုက်လျောညီထွေဖြစ်ရမည့် အလွန်တင်းကျပ်သော စည်းကမ်းဥပဒေများနှင့်အညီသာ ဖြစ်ရမည် ဖြစ်သည်။[78] လူ့အခွင့်အရေးများအပေါ် ငြင်းပယ်မှုသည် နိုင်ငံသားဖြစ်မှုအား ပယ်ဖျက်ခံရခြင်းအပေါ်တွင် အခြေမပြုသင့်ပေ။

၆၉။ ဒုတိယအနေဖြင့် မြန်မာ့ဖွဲ့စည်းပုံဥပဒေသည် ဝေဝါးမတိကျသော သို့မဟုတ် ခွင့်ပြုရန်မဖြစ်နိုင်သော အချက်များဖြင့် များစွာသော အခြေခံအခွင့်အရေးများကို ထင်ရှားစွာ ကန့်သတ်ထားပေသည်။ ဥပမာအားဖြင့် "နိုင်ငံသား"တိုင်းအား လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့် (ဘာသာသာသနာရေးတွင် လွတ်လပ်စွာ ယူဆနိုင်သော အခွင့်အရေး၊ လွတ်လပ်စွာ ကိုးကွယ်ဆောက်တည်နိုင်သော အခွင့်အရေး) ကိုပေးထားသောလည်း "ငြိမ်ဝပ်ပိပြားရေး၊ ပြည်သူ့ကိုယ်ကျင့်တရား၊ ပြည်သူ့ကျန်းမာရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြားပြဋ္ဌာန်းချက်" တို့နှင့်အညီသာ ကျင့်သုံးခွင့်ရှိသည်။ ထို့အပြင် ပုဒ်မ ၃၆၀ (ခ) က ဘာသာသာသနာရေးနှင့် ပါတ်သက်သော လွတ်လပ်စွာ ကျင့်သုံးခွင့်သည် "အများပြည်သူ အကျိုးကိစ္စနှင့် ပြုပြင်ရေးကိစ္စတို့အတွက် နိုင်ငံတော်၏ ဥပဒေပြုခြင်းကို မတားမြစ်ရ" ဟု ထင်ထင်ရှားရှား ဖော်ပြထားသည်။ အလားတူပင် "နိုင်ငံသား" အတွက် လွတ်လပ်စွာ ဖော်ပြခွင့်၊ ငြိမ်းချမ်းစွာ စုရုံးခွင့်နှင့် ဖွဲ့စည်းခွင့်တို့ကိုပေးထားသော်လည်း "နိုင်ငံတော်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး သို့မဟုတ် ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် မဆန့်ကျင်မှသာ"[79] ကျင့်သုံးခွင့်ရှိပြီး အနုပညာမြောက်စွာ ဖော်ပြမှုကိုလည်း "တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ထိပါးမှုမရှိမှ"[80] သာပြုလုပ်နိုင်မည်။ ဒီမိုကရေစီနည်းကျ

---

ရယူပိုင်ခွင့်ပေးရမည်။"ဟူသောအချက်သည် *နိုင်ငံသားများ* အပေါ် တချို့အခွင့်အရေးများ ကန့်သတ်ထားသည့် ပုဒ်မအချို့နှင့် ဆန့်ကျင်ဖက်ဖြစ်နေသည်။

[75] D. Weissbrodt, နိုင်ငံသားမဟုတ်သူများ၏ လူ့အခွင့်အရေးများ (Oxford, Oxford University Press, 2008), စာမျက်နှာ ၄၅ (and references there); လူ့အခွင့်အရေးဆိုင်ရာကုလသမဂ္ဂ မဟာမင်းကြီးရုံး *နိုင်ငံသားမဟုတ်သူများ၏ ရပိုင်ခွင့်များ* (နယူးယောက်နှင့်ဂျီနီဗာ၊ ကုလသမဂ္ဂ၊ ၂၀၀၆ ခုနှစ်+ စာမျက်နှာ ၇

[76] ICCPR အပိုဒ် ၁၂ (၁) နှင့် ၂၅ တွင်ကြည့်ပါ။

[77] A/HRC/19/43 and E/CN.4/Sub.2/2003/23 တွင်ကြည့်ပါ။

[78] A/HRC/19/43, အပိုဒ် ၄၊ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ "*CCPR အထွေထွေကော်မတီ၊ အမှတ် ၁၅၊* စာချုပ်အောက်တွင် တိုင်းတပါးသားများ၏ ရပ်တည်ချက်" စာပိုဒ် ၂ နှင့် ၇

[79] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၅၄

[80] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၃၆၅

လူ့အဖွဲ့အစည်းတခုအတွက် လိုအပ်နိုင်သော တချို့လူ့အခွင့်အရေးများကို ကန့်သတ်ခြင်းများအား နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေက ခွင့်ပြုပေးနိုင်သော်လည်း ၎င်းတို့ကို ဥပဒေဖြင့် ဆုံးဖြတ်ရမည်ဖြစ်ပြီး လိုအပ်မှုနှင့် သင့်လျော်သော အတိုင်းအတာဖြစ်မှုအပေါ်တွင် အခြေခံသည့် တိကျသော စစ်ဆေးစမ်းသပ်မှုများဖြင့်လည်း ကိုက်ညီရမည်။ ကျယ်ပြန့်၍ဝေဝါးသော အသုံးအနှုန်းများဖြစ်သည့် ""အများပြည်သူအကျိုးနှင့် ပြုပြင်ရေး"၊ "တည်ငြိမ်အေးချမ်းမှု" နှင့် "စည်းလုံးညီညွတ်ရေး" အစရှိသည်တို့သည် အလွဲသုံးစားပြုနိုင်ရန်အတွက် တံခါးဖွင့်ပေးထားသကဲ့သို့ ဖြစ်နေသည်။

### ဃ.၂ ပြစ်မှုဆိုင်ရာဥပဒေ

၇၀။ မြန်မာ့ပြစ်မှုဆိုင်ရာဥပဒေအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု သို့မဟုတ် အလွဲသုံးစားပြုမှုများကို ဖြစ်စေသော အချို့သောပြုမူမှုများကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားပါသည်။ တချို့သောပုဒ်မများမှာ အသက်သေစေမှုနှင့် လူသတ်မှုတို့ဖြင့် သက်ဆိုင်သောပုဒ်မများ (ပုဒ်မ ၂၉၉ နှင့်နောက်ဆက်တွဲများ) ၊ ညှဉ်းပန်းနှိပ်စက်မှု (ပုဒ်မ ၃၃၀-၃၃၁) ၊ မုဒိန်းမှု (ပုဒ်မ ၃၇၅ နှင့်နောက်ဆက်တွဲများ) ၊ ပြန်ပေးဆွဲခြင်း၊ ခေါ်ဆောင်သွားခြင်း၊ ကျွန်ပြုမှု နှင့် အဓမ္မလုပ်အားပေးခိုင်းစေမှု (ပုဒ်မ ၃၅၉ နှင့် နောက်ဆက်တွဲများ) ၊ နှင့် ဝတ်ပြုကိုးကွယ်ရာနေရာများကို ပျက်စီးစေခြင်း (ပုဒ်မ ၂၉၅ နှင့် နောက်ဆက်တွဲများ) တို့ဖြစ်ပါသည်။ မည်သို့ပင်ဖြစ်စေ ပြစ်မှုဆိုင်ရာ ဥပဒေသည် ၁၈၆၁ ခုနှစ်ကဖြစ်ပြီး ထိုအချိန်မှစ၍ အနည်းငယ်သော ပြင်ဆင်မှုများသာ ရှိခဲ့သည်။ ၎င်း၏ ပုဒ်မတချို့သည် လွန်စွာကျဉ်းမြောင်းလွန်းလှပြီး နိုင်ငံတကာစံနှုန်းများနှင့်လည်း[81] တပြေးညီ မဖြစ်သည့်အပြင် အခြားပုဒ်မများမှာလည်း အလွန်အမင်း ကျယ်ပြန့်နေကာ ဖိနှိပ်မှုရှိရှိ အသုံးပြုနေခဲ့ပါသည်။

## ၃။ နောက်ခံ အကြောင်းအရာ

## က။ နိုင်ငံရေးတွင် စစ်တပ်မှ လွှမ်းမိုးမှု

### က.၁။ စစ်အုပ်ချုပ်ရေး သမိုင်းကြောင်း

၇၁။ မြန်မာနိုင်ငံ၏ နိုင်ငံရေး သမိုင်းကြောင်းကို တည်ရှိမှု ကာလတလျောက်လုံးနီးပါး နိုင်ငံကို အုပ်ချုပ်ခဲ့သည့် မြန်မာ့"တပ်မတော်" ဟု ခေါ်သော သြဇာအာဏာပြည့်ဝသည့် စစ်တပ်က ကြီးကြီးမားမား စိုးမိုးခဲ့သည်။ (ဘားမားဟု ခေါ်ဆိုခဲ့သည့်) မြန်မာနိုင်ငံသည် ၁၉၅၀ ခုနှစ်များအတွင်း ကြီးမားသော စစ်တပ် သြဇာအောက်တွင် ရှိခဲ့ပြီးဖြစ်သော်လည်း ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ စစ်တပ်အာဏာသိမ်းသည်အထိ ပါလီမာန် ဒီမိုကရေစီ စနစ် ဖြစ်ခဲ့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းက စစ်တပ်အာဏာယူရခြင်းသည် နိုင်ငံတော်မပြိုကွဲရေး လိုအပ်ချက်အရဖြစ်သည်ဟု ပြောခဲ့သည်။ "တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ"[82] သည် လွတ်လပ်ရေးရရှိပြီး မကြာမီတွင် ပေါ်ပေါက်လာပြီး "ပြည်ထောင်စု အစိုးရ၏ ဗဟိုချုပ်ကိုင်မှုနှင့် ဗမာ ကြီးစိုးရေး မူဝါဒများ၊ စစ်တပ်၏ တင်းကြပ်စွာထိန်းချုပ်မှု၊ ဝန်ကြီးချုပ်ဦးနု၏

[81] ဥပမာ - မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် ညှင်းပမ်းနှိပ်စက်မှု၊ ဆိုးဝါးစွာပြုမူဆက်ဆံမှုတို့အတွက် အခန်း ၁၀-ပြစ်ဒါဏ်မှကင်းလွတ်ပိုင်ခွင့်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှု အခန်းတွင်ကြည့်ပါ။

[82] "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ" ဆိုသော ဝေါဟာရမှာ မြန်မာနိုင်ငံတွင် အဓိက အားဖြင့် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် အရှေ့ပိုင်းတွင် အစိုးရအပေါ် နိုင်ငံရေး ဆန့်ကျင်မှုကို ထိန်းသိမ်းထားရန် လှုပ်ရှားနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများ ဖြစ်သည်။ ဥပမာ- ၂၀၁၅ ခုနှစ် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်မှာ "ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ အစိုးရနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြား" ချုပ်ဆိုသည်။ ဤအစီရင်ခံစာတွင် ထိုဝေါဟာရကို ယင်းသို့ အသုံးပြုသွားမည်။

ဗုဒ္ဓဘာသာကို နိုင်ငံတော်ဘာသာအဖြစ် အစဉ်တစိုက်မြှင့်တင်မှုတို့ကို ဆန့်ကျင်” ခဲ့ကြသည်။[83] တပ်မတော်က အမျိုးသားအချုပ်အခြာပိုင်ဆိုင်မှုနှင့် နယ်မြေမပြိုကွဲရေးအပေါ် “တိုင်းရင်းသား” ခြိမ်းခြောက်မှုစွပ်စွဲချက်ကို ထိုအချိန်ကတည်းကစ၍ နိုင်ငံအားထိန်းချုပ်မှုအပေါ် အကြောင်းပြချက်အဖြစ် အသုံးပြုခဲ့သည်။

၇၂။ ဦးနေဝင်း ဥက္ကဋ္ဌအဖြစ် ဦးဆောင်သည့် “နိုင်ငံတော် တော်လှန်ရေးကောင်စီ” အာဏာရယူသောအခါ လက်နက်ကိုင်အဖွဲ့အစည်းများမှ အဖွဲ့ဝင်များသာပါဝင်ပြီး မြန်မာနိုင်ငံကို ကိုယ်တိုင်ဖူလုံမှုရှိသော ဆိုရှယ်လစ်နိုင်ငံတော်အဖြစ် ပြောင်းလဲရန် ရည်ရွယ်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဆိုင်းငံ့ခဲ့သည်။ အစိုးရက နိုင်ငံရေးနှင့် သမဂ္ဂလှုပ်ရှားမှုများကို သိသာထင်ရှားသော ကန့်သတ်မှုများ ချမှတ်ခဲ့သည်။ စစ်အင်အားအသုံးပြု၍ ဆန္ဒပြမှုများကို နှိမ်နင်းခဲ့သည်။ နိုင်ငံရေးအတိုက်အခံများကို ဖမ်းဆီးခဲ့သည်။ “တိုင်းရင်းသား” သောင်းကျန်းမှုများကို နှိမ်နင်းရန်အတွက်လည်း စစ်အင်အားကို အသုံးပြုခဲ့သည်။

၇၃။ ၁၉၈၈ ခုနှစ် ရောက်သောအခါ ဦးနေဝင်း အစိုးရအပေါ် မလိုလားမှုများ တိုးများလာခဲ့သည်။ ယင်းကို ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသော လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ မြင့်မားနေသည့် ခြစားမှုနှင့် စီးပွားရေးစီမံခန့်ခွဲမှု မှားယွင်းမှုတို့က အားဖြည့်ပေးသည်။ ၁၉၈၈ မတ်လနှင့် စက်တင်ဘာလအတွင်း တစ်ပါတီစနစ်ကို အဆုံးသတ်ရန် တောင်းဆိုသည်။ အဓိကအားဖြင့် ကျောင်းသားများဦးဆောင်သည့် အစိုးရဆန့်ကျင်ရေးလှုပ်ရှားမှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်။ မြန်မာနိုင်ငံတဝှမ်း ဆန္ဒပြမှုများကို စစ်အင်အားသုံး၍ ဖြိုခွင်းခဲ့ရာ လူပေါင်း ထောင်နှင့်ချီပြီး သေဆုံးစေခဲ့သည်။ တဖြည်းဖြည်းနှင့် ထိုဆန့်ကျင်ဆန္ဒပြမှုများက တပ်မတော်၏ အုပ်ချုပ်ရေးအတွက် အသုံးပြုထားသည့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေါင်းဆောင်အဖြစ်မှ ၁၉၈၈ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် နုတ်ထွက်သွားစေခဲ့သည်။ သမ္မတ တာဝန်ယူထားသော ဦးစန်းယုလည်း နုတ်ထွက်ခဲ့သည်။ ၁၉၈၈ ခုနှစ် သြဂုတ်လ ၈ ရက်နေ့မှ စတင်၍ မြန်မာနိုင်ငံ နေရာအများစုတွင် လူသိန်းနှင့်ချီပါဝင်တက်ရောက်ခဲ့ကြသည့် ထင်ရှားသော ဆန္ဒပြပွဲများပါဝင်သည့် အထွေထွေသပိတ်ကြီး ဖြစ်ပွားခဲ့သည်။ ယင်းကို ၈၈၈၈ (၈ လေးလုံး) အုံကြွမှုအဖြစ် လူသိများလာခဲ့သည်။ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး (လုံထိန်း) ရဲများက ဆန္ဒပြသူများအား ပစ်ခတ်ခဲ့ခြင်းကြောင့် ထောင်နှင့်ချီ၍ သေဆုံးဒဏ်ရာရရှိခဲ့သည်။ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးစောမောင် ဦးဆောင်သောစစ်တပ်က စစ်အုပ်ချုပ်မှု အဟောင်းကို အသစ်တစ်ခုဖြင့် အစားထိုးခဲ့သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ (SLRC) ကို တည်ထောင်ခဲ့ပြီး အစိုးရ လည်ပတ်မှုများကို ရယူထိန်းချုပ်ခဲ့သည်။[84]

၇၄။ ပါတီစုံစနစ်ကို တည်ထောင်ရေးအမြင်ဖြင့် SLORC သည် အချိန်တိုအတွင်းတွင် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခွင့် ပေးခဲ့သည်။ မှတ်ပုံတင်သော ပါတီများတွင် လွတ်လပ်ရေးမတိုင်မီ ၁၉၄၇ ခုနှစ်တွင် လုပ်ကြံခံခဲ့ရသည့် မြန်မာ့လွတ်လပ်ရေးလှုပ်ရှားမှု ခေါင်းဆောင်နှင့် တပ်မတော်ကို တည်ထောင်သူ ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်သည့် အမျိုးသား ဒီမိုကရေစီ အဖွဲ့ချုပ် (NLD) လည်း ပါဝင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ ၈၈၈၈ အုံကြွမှုအတွင်း ထင်ရှားလာသူတစ်ဦး ဖြစ်သည်။ သို့ရာတွင် ၁၉၈၉ ခုနှစ်တွင် အာဏာပိုင်များက

---

83 D.C. Williams၊ “ဒုတိယ ပင်လုံသဘောတူညီချက်။ နှစ်ဆယ့်တစ် ရာစုအတွက် မြန်မာ့ ဖက်ဒရယ်ဝါဒ” မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဥပဒေဆိုင်ရာ အပြောင်းအလဲ။,A. Harding၊ K.K. Oo, eds. (Oxford and Portland, Hart Publishing, 2017)၊ စာ- ၆၁။

84 D. Steinberg၊ မြန်မာ။ နိုင်ငံရေးနှင့် စီးပွားရေး မူမမှန်မှုများ။ The Asia Foundation Working Paper Series - Working Paper #၅ (၁၉၉၇)

သူ့ကို နေအိမ်အကျယ်ချုပ်အဖြစ် ဖမ်းဆီးခဲ့သည်။ ၁၉၉၀ ခုနှစ် မေလ ၂၇ ရက် အထွေထွေ ရွေးကောက်ပွဲတွင် NLD သည် လူထုမဲစုစုပေါင်း၏ ၆၀ ရာနှုန်းအနိုင်ရရှိခဲ့ပြီး ထိုအချိန်က တည်ဆဲ ရွေးကောက်ပွဲစံနစ်အရ လွှတ်တော်အမတ် နေရာ ၈၀ ရာနှုန်းကျော်ကို အနိုင်ရရှိခဲ့သည်။[85] SLORC က ရလာဒ်ကို အသိအမှတ်ပြုရန် ငြင်းဆိုခဲ့ပြီး အစိုးရ ထိန်းချုပ်မှုကို ဆက်လက်ထိန်းသိမ်းထားခဲ့သည်။ ဥပဒေပြုလွှတ်တော်ကို ခွင့်ပြုရန် ငြင်းပယ်ခဲ့သည်။ လွှတ်တော်အတွက် ရွေးကောက်ပွဲအနိုင်ရရှိသူများမှာ ဖမ်းဆီး ထောင်ချ ခံရသည် သို့မဟုတ် ထွက်ပြေးခဲ့ကြသည်။ ၁၉၉၀ ခုနှစ်များသည် စစ်တပ်၏ တင်းကြပ်သော အုပ်ချုပ်မှုအောက်တွင် ရှိနေသောကာလဖြစ်ပြီး နိုင်ငံရေးဆန့်ကျင်မှုများ ငြိမ်သက်နေခဲ့သည်။ ၁၉၉၀ ခုနှစ်များ တလျှောက်တွင် အနောက်နိုင်ငံများသည် မြန်မာနိုင်ငံအပေါ် အားကောင်းသော အရေးယူပိတ်ဆို့မှုကို တိုးမြှင့်လုပ်ဆောင်ခဲ့သည်။ ၁၉၉၇ ခုနှစ်တွင် စစ်အစိုးရသည် သူတို့၏ အမည်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ (SLORC)မှ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ (SPDC) ဟု ပြောင်းလဲခဲ့သည်။

၇၅။ ၂၀၀၆ ခုနှစ်ကုန်သည့်အခါ အခြေခံ စားသုံးကုန် ဈေးနှုန်းများ ရုတ်တရက်မြင့်တက်ပြီးနောက် ၂၀၀၇ ခုနှစ် ဩဂုတ်လတွင် လောင်စာဆီနှင့် သဘာဝဓါတ်ငွေ့ ဈေးနှုန်းမတက်စေရန် ဖြည့်စွက်ငွေကို ဖယ်ရှားလိုက်သည့်အခါ မြန်မာနိုင်ငံတဝှမ်း မြို့ပြဒေသများတွင် ကျယ်ပြန့်သော ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့သည်။[86] ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများက ထင်ရှားသောကဏ္ဍမှ ပါဝင်ခဲ့ကြပြီး နိုင်ငံတကာ သတင်းမီဒီယာများက "ရွှေဝါရောင် တော်လှန်ရေး (Saffron Revolution)" ဟု ခေါ်ဆိုခဲ့ကြသည်။ SPCD က ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို သေစေလောက်သော အင်အားသုံး ဖြိုခွဲခဲ့ပြီး နိုင်ငံတကာ၏ ဝေဖန်ရှုတ်ချမှုကို ရရှိခဲ့သည်။[87]

၇၆။ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလတွင် အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်ကို ပုံနှိပ်ဖြန့်ဝေပြီး ၂၀၀၈ ခုနှစ် မေလ ၁၀ ရက်နေ့တွင် ပြည်သူ့ဆန္ဒခံယူပွဲ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။ လုပ်ငန်းစဉ်မှာ ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်၏ "ဒီမိုကရေစီ လမ်းပြမြေပုံ" အောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း ရေးဆွဲရန် အမျိုးသား ညီလာခံ တစ်ရပ် ကျင်းပ၍ ၂၀၀၄ ခုနှစ်တွင် စတင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်မှာ နေအိမ်အကျယ်ချုပ် ကျခံနေရဆဲဖြစ်ပြီး NLD က အမျိုးသားညီလာခံတွင် ပါဝင်ရန် ငြင်းဆိုခဲ့သည်။ မူကြမ်းအပေါ် လူထုဆန္ဒခံယူပွဲ မကျင်းပမီ ရက်ပိုင်းအလို ၂၀၀၈ ခုနှစ် မေလ ၂ ရက်နေ့တွင် နာဂစ် ဆိုင်ကလုံး မုန်တိုင်း မြန်မာနိုင်ငံကို ဝင်ရောက်ခဲ့ပြီး ဧရာဝတီဒေသကို သိသာထင်ရှားစွာ ပျက်စီးစေခဲ့ကာ ခန့်မှန်းခြေအားဖြင့် လူပေါင်း ၁၃၈,၀၀၀ သေဆုံးခဲ့သည်။ မည်သို့ပင်ဖြစ်စေ SPDC က ပြည်သူ့ဆန္ဒခံယူပွဲကို ဆက်လက် လုပ်ဆောင်ခဲ့ပြီး ဆန္ဒမဲပေးသူများ၏ ၉၀ ရာနှုန်းကျော်က ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူကြမ်းကို အတည်ပြုကြောင်း ကြေညာခဲ့သည်။[88] မူကြမ်းနှင့် ပတ်သက်၍ အဓိက စိုးရိမ်ဖွယ် အငြင်းပွားသည့် အချက်မှာ နိုင်ငံရေး လုပ်ငန်းစဉ်တွင် စစ်တပ်၏ အခန်းကဏ္ဍ ဆက်လက်တည်ရှိမှုဖြစ်သည်။ မူကြမ်းတွင် မြန်မာနိုင်ငံ၏ သမ္မတသည် နိုင်ငံခြားသား တစ်ဦး၏ အိမ်ထောင်ဖက် သို့မဟုတ် မိဘ မဖြစ်ရဟုလည်း ဖော်ပြထားသည်။ ယင်းသတ်မှတ်ချက်မှာ ဒေါ်အောင်ဆန်းဆုကြည်ကို ဖယ်ထုတ်ထားရန်

[85] J. Badgley နှင့် I. Holliday။ "ဒီမိုကရေစီ" in *Routledge Handbook of Contemporary Myanmar*။ A. Simpson, N. Farrelly, I. Holliday eds. (London and New York, Routledge, 2018)၊ စာ- ၃၈။

[86] J. Head၊ "မြန်မာ မတည်ငြိမ်မှုကို မီးမွှေးပေးလိုက်သော ခက်ခဲမှု" (BBC News၊ ၂၀၀၇ ခုနှစ်အောက်တိုဘာ ၂ ရက်)

[87] A/HRC/6/14, စာပိုဒ်များ 27-28, 30, 38

[88] A/HRC/8/12, စာပိုဒ် 15

ထည့်သွင်းရေးဆွဲထားသော သတ်မှတ်ချက်ဖြစ်သည်။ အစိုးရ အာဏာပိုင်များက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ မူကြမ်းအပေါ် ဆန့်ကျင်လှုပ်ရှားရန် သူတို့၏ ကြိုးပမ်းမှုများကို စိတ်ပျက်စေခဲ့သည်ဟု NLD က စွပ်စွဲသည်။ ထုတ်ဖော်ကြေညာသော ရလာဒ်ကို NLD က ပယ်ချပြီး မဲဆန္ဒပေးရာတွင် ပုံမှန်မဟုတ်မှုများ အများအပြား သိသာထင်ရှားစွာရှိကြောင်း ပြောဆိုသည်။[89]

၇၇။ ၂၀၁၀ ခုနှစ် အထွေထွေ ရွေးကောက်ပွဲတွင် စစ်တပ်ကျောထောက်နောက်ခံပြုထားသော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး ပါတီ (USDP) က အနိုင်ရခဲ့သည်။ NLD နှင့် အခြား ဒီမိုကရေစီ လိုလားသော ပါတီများက ရွေးကောက်ပွဲဥပဒေမှာ မျှတမှု မရှိကြောင်း ထင်ရှားသောကြောင့် ရွေးကောက်ပွဲကို ဆန့်ကျင်လျက်သပိတ်မှောက်ခဲ့သည်။ USDP ခေါင်းဆောင် အငြိမ်းစား ဗိုလ်ချုပ်ကြီး သိန်းစိန်က သမ္မတဖြစ်လာပြီး ၁၉၉၂ ခုနှစ်မှစ၍ အစိုးရကို ဦးဆောင်လာသော ဦးသန်းရွှေထံမှ အာဏာလွှဲပြောင်းယူခဲ့သည်။

၇၈။ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ဦးသိန်းစိန်အစိုးရသည် အရေးကြီးသော ပြုပြင်ပြောင်းလဲရေး အများအပြားကို အကောင်အထည်ဖော်ခဲ့ရာ ယင်းတို့တွင် နိုင်ငံရေးအကျဉ်းသား အများစုကို လွှတ်ပေးခြင်း၊ မီဒီယာများအပေါ် ဆင်ဆာတည်းဖြတ်ခြင်းနှင့် ကန့်သတ်ချက်များကို လျော့ပေးခြင်း၊ နှင့် လွတ်လပ်စွာ စုဝေးခွင့်နှင့် အဖွဲ့အစည်းဖွဲ့စည်းခွင့်တို့အပါအဝင် ပိုမိုကျယ်ပြန့်သော နိုင်ငံရေးနှင့် သမဂ္ဂ လှုပ်ရှားမှုများကို ခွင့်ပြုခြင်းတို့ ပါဝင်သည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲ ပြီးဆုံးပြီး မကြာမီတွင် NLD ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်မှ လွှတ်ပေးခဲ့သည်။ သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့အကြား ညှိနှိုင်းမှုများနောက်တွင် NLD က လွှတ်တော် ကြားဖြတ်ရွေးကောက်ပွဲ များတွင် ပါဝင်ခဲ့ပြီး ၂၀၁၂ ခုနှစ် ဧပြီလတွင် လွှတ်တော်အမတ်နေရာများ ရရှိခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် လွှတ်တော်ကို NLD အုပ်စုသစ်၏ ခေါင်းဆောင်အဖြစ် ဝင်ရောက်ခဲ့သည်။ ဖြေလျော့မှုများ၏ ရလာဒ်အဖြစ် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်များတွင် အနောက်နိုင်ငံများ၏ အရေးယူပိတ်ဆို့မှုများ လျော့ပေါ့ပေးခြင်းများကိုလည်း မြင်တွေ့လာရပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု တိုးတက်လာခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ဒေါ်အောင်ဆန်းစုကြည်ကို သမ္မတ ဖြစ်လာနိုင်ခွင့်ရှိစေရန် နှင့် နိုင်ငံကို အုပ်ချုပ်ရာတွင် တပ်မတော်၏ အခန်းကဏ္ဍကို လျော့ချရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြင်ဆင်ရန် ကြိုးပမ်းမှုများ မအောင်မြင်ခဲ့ပေ။

၇၉။ ၂၀၁၀ ခုနှစ်တွင် အမေရိကန် ဒေါ်လာ ၉၀၁ သန်းရှိရာမှ ၂၀၁၆ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၃.၂ ဘီလီယံ[90]အထိ သုံးဆကျော် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု သိသိသာသာ တိုးတက်လာမှုနှင့် ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ်အထိ စီမံကိန်းအသစ်များအတွက် အမေရိကန် ဒေါ်လာ ၁၃.၇ ဘီလီယံ ပေးရန် (တရုတ်နိုင်ငံ၏ အကူအညီများမပါဝင်) ကတိကဝတ်ရှိလာသည့် မြန်မာနိုင်ငံအတွက် သိသာထင်ရှားစွာ နိုင်ငံခြားအကူအညီ ချမှတ်လာမှုတို့က ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး အစပျိုးလုပ်ဆောင်မှုများနောက်တွင် နိုင်ငံတကာ၏ စိတ်ကောင်းစေတနာ ထားရှိမှု မြင့်မားလာနေသည်တို့ကို ပြသနေသည်။[91] ယင်းတို့ကြောင့် မြန်မာနိုင်ငံ၏ စီးပွားရေး ကြီးထွားမှုနှုန်းသည် ၂၀၁၅ ခုနှစ်မှစ၍ နှစ်စဉ် ၇ ရာနှုန်းနီးပါး ရှိလာခဲ့သည်။

---

89 A/HRC/8/12, စာပိုဒ် 24

90 ကမ္ဘာ့ဘဏ်၊ ကမ္ဘာ့ ဖွံ့ဖြိုးတိုးတက်မှု အညွှန်းကိန်း အချက်အလက်များ၊ မြန်မာ။ (http://databank.worldbank.org/data/views/reports/reportwidget.aspx?Report_Name=CountryProfile&Id=b450fd57&tbar=y&dd=y&inf=n&zm=n&country=MMR)

91 အာရှ ဖောင်ဒေးရှင်း၊ မြန်မာ၏ ယှဉ်ပြိုင်မှု နယ်မြေများ။– ပြည်တွင်း ပဋိပက္ခ၊ အကူအညီနှင့် ဖွံ့ဖြိုးတိုးတက်မှု။ (၂၀၁၇)

### က.၂။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများနောက်ပိုင်း အစိုးရအတွင်း စစ်တပ်၏ အခန်းကဏ္ဍ

၈၀။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ရွေးကောက်ပွဲများတွင် NLD က သိမ်းကြုံး အနိုင်ရရှိလိုက်ပြီး ပြည်ထောင်စု လွှတ်တော်၏ စစ်တပ်မဟုတ်သော အမတ်နေရာ၏ ၈၆ ရာနှုန်းကို ရရှိလိုက်သည်။ ယင်းမှာ စုစုပေါင်း အမတ်နေရာ၏ ၆၀ ရာနှုန်းခန့်ဖြစ်သည်။ ၂၀၁၆ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် NLD ၏ ရွေးချယ်ခံရသော ကိုယ်စားလှယ်များဖြစ်သော ဦးထင်ကျော်နှင့် ဦးဟင်နရီ ဗန်ထီးရို တို့သည် သမ္မတနှင့် ဒုတိယ သမ္မတများဖြစ်လာကြသည်။ စစ်တပ် ကိုယ်စားလှယ် ဦးမြင့်ဆွေမှာ ဒုတိယ သမ္မတ (၁) ဖြစ်လာသည်။ ၂၀၁၈ ခုနှစ် မတ်လတွင် ဦးထင်ကျော်သည် သမ္မတ ရာထူးမှ နုတ်ထွက်ခဲ့သည်။ သူ့နေရာကို ၂၀၁၈ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် ဦးဝင်မြင့်က အစားထိုးဝင်ရောက်ခဲ့သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ သမ္မတ ရာထူးရယူခြင်းကို တားမြစ်ခံထားရသော ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၆ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် သူ့အတွက် ဖန်တီးလိုက်သော နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် နေရာတွင် ခန့်ထားခြင်းခံရပြီး နိုင်ငံ၏ တရားမဝင် ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ အခွင့်အာဏာများကို ထိုရာထူးဖြစ်ပေါ်စေခဲ့သော ဥပဒေတွင် ရှင်းလင်းစွာ ထည့်သွင်းဖော်ပြထားခြင်း မရှိပေ။[92] နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ကိုယ်တိုင်က ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲများ မတိုင်မီလေးက သတင်းစာ ရှင်းလင်းပွဲတစ်ခုတွင် “တကယ်လို့ ကျွန်မတို့အနိုင်ရပြီး NLD က အစိုးရဖွဲ့ခဲ့ရင် ကျွန်မက သမ္မတရဲ့ အထက်မှာ ရှိမှာပါ။ ဒါဟာ ရိုးရိုးရှင်းရှင်း သတင်းစကားပါပဲ” ဟု ပြောခဲ့သည်။[93] သူမသည် လွှတ်တော်နှစ်ရပ်စလုံးတွင် လူကြိုက်များပြီး စိတ်ဓါတ်ရေးရာအရ အခွင့်အာဏာရှိကာ အများစု ထောက်ခံမှုကို အပြည့်အဝ ရရှိထားသည်။

၈၁။ ရွေးကောက်ပွဲနှင့် NLD က အာဏာရခဲ့သော်လည်း အစိုးရမှာ အရပ်သားတစ်ပိုင်း အဖြစ် အကောင်းဆုံး အနေအထားတွင်သာ ရှိနေခဲ့သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေက နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတွင် စစ်တပ်က ဆက်လက် ကြီးစိုးထားသည့် အနေအထားဖြစ်အောင် ပုံဖော်ထားသည်။ ယင်းက အစိုးရကို စစ်တပ်နှင့် အရပ်သား ပူးတွဲ စနစ်တစ်ခုအဖြစ် ပုံဖော်ထားသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် လွှတ်တော်တရပ်ချင်းစီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး လွှတ်တော်များ၏ လွှတ်တော်အမတ်နေရာများအနက် ၂၅ ရာခိုင်နှုန်းကို တပ်မတော်က ရွေးချယ်ခန့်ထားသည့် ရွေးချယ်တင်မြှောက်ခြင်း မခံရသော စစ်တပ် ကိုယ်စားလှယ်များက ပိုင်ဆိုင်ထားသည်။[94] ယင်းမှာ အရေးပါမှု ရှိသည်။ အဘယ်ကြောင့်ဆိုသော် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ ပြင်ဆင်မှုကို လက်ခံရန်အတွက် လွှတ်တော်နှစ်ရပ်စလုံး၏ ၇၅ ရာခိုင်နှုန်း မဲလိုအပ်သည့်အတွက် ရွေးချယ်ခန့်အပ်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များမှ တစ်ဆင့် တပ်မတော်ကို ထိရောက်သော ဗီတိုအာဏာ ရရှိထားစေသည်။ ထို့အပြင် လွှတ်တော်က သမ္မတကို ရွေးချယ်ရာတွင် အဆိုပြုလာသော ကိုယ်စားလှယ်သုံးဦးထဲမှာ ရွေးချယ်ရသည်။ တစ်ဦးစီကို လွှတ်တော်တစ်ရပ်စီက အမည်စာရင်းတင်သွင်းရပြီး တတိယတစ်ဦးကို စစ်တပ်က ရွေးချယ်ခန့်ထားသည့် လွှတ်တော်ကိုယ်စားလှယ်များက အမည်စာရင်းတင်သွင်းသည်။ ယင်းမှာ

92 ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ။ သမ္မတ ရုံး။ “သမ္မတက နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဥပဒေမူကြမ်းကို ဥပဒေအဖြစ် လက်မှတ်ရေးထိုး” (၂၀၁၆ ဧပြီ ၆ရက်) မစ်ရှင်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဥပဒေ မိတ္တူ ဖိုင်တွဲ။

93 A. Marshall၊ T. McLaughlin၊ “မြန်မာ အောင်ဆန်းစုကြည်က အစိုးရ အသစ်၏ သမ္မတ အထက်တွင်ရှိမည်ဟု ပြော။” (ရိုက်တာ၊ ၂၀၁၅ နိုဝင်ဘာ ၅ ရက်)

94 မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၁၀၉(ခ)၊ ၁၄၁(ခ)၊နှင့် ၁၆၁(ခ)။

တပ်မတော်ကို အနည်းဆုံး ဒုတိယ သမ္မတ တစ်ဦးနေရာအတွက် အာမခံချက်ပေးထားခြင်းဖြစ်သည်။ ထို့အပြင် တပ်မတော်က အဓိကကျသော ဝန်ကြီးနေရာ သုံးခုဖြစ်သော ကာကွယ်ရေး၊ နယ်စပ်ရေးရာနှင့် ပြည်ထဲရေး ဝန်ကြီးဌာနများအတွက် ကိုယ်စားလှယ်များကို ရွေးချယ် (ပြီး ထိရောက်စွာ ထိန်းချုပ်) သည်။ သို့ဖြင့် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ နှင့် လုံခြုံရေးယန္တယားတစ်ခုလုံးကို လုံလောက်စွာ ထိန်းချုပ်ထားနိုင်သည်။

၈၂။ တပ်မတော်၏ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံလက်နက်ကိုင် တပ်ဖွဲ့များအားလုံး၏ အကြီးအမှူး ကာကွယ်ရေး ဦးစီးချုပ် ဖြစ်သည်။[95] ယင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေစနစ်အများစုနှင့် ကွဲပြားသည်။ အခြားဖွဲ့စည်းပုံများတွင် နိုင်ငံဥသျှောင်သည် တပ်ဖွဲ့များအားလုံး၏ အကြီးအမှူးဖြစ်ပြီး စစ်တပ်မှ အမြင့်ဆုံးရာထူးရှိသူနှင့် အခြားအဖွဲ့အစည်းများမှာ သူ၏အောက်တွင် ရှိသည်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေက တပ်မတော်တွင် "လွတ်လပ်စွာ စီမံခန့်ခွဲပိုင်ခွင့်နှင့် လက်နက်ကိုင်အဖွဲ့အစည်းများ၏ အရေးအရာများအားလုံးကို တရားစီရင်ပိုင်ခွင့်"[96] ပေးထားရာ အရပ်သား ကြီးကြပ်မှု သို့မဟုတ် ထိန်းချုပ်မှုကို ထိရောက်စွာ ဖယ်ရှားထားသည်။

၈၃။ လက်ရှိ သို့မဟုတ် ယခင် စစ်တပ် အရာရှိများသည် အစိုးရဝန်ထမ်းဌာနများအားလုံး၊ တရားစီရင်ရေးအတွင်းနှင့် နိုင်ငံတော်ပိုင်လုပ်ငန်းအများအပြားတွင် အာဏာရှိသော ရာထူးနေရာများကို ရယူထားသည်။[97] ယင်းအခြေအနေကို ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ အရပ်သား အုပ်ချုပ်ရေးလုပ်ငန်းများအား တာဝန်ယူလည်ပတ်ပြီး အစိုးရအရာရှိများ နှင့် ဌာနဆိုင်ရာများနှင့် မကြာခဏပင် ပထမဆုံးနှင့် တစ်ခါတရံ တစ်ဦးတည်းသော ဆက်သွယ်သည့်ပုဂ္ဂိုလ်များ ဖြစ်သည့် ဩဇာရှိသော အထွေထွေအုပ်ချုပ်ရေးဌာန (GAD) တွင် သိသိသာသာ တွေ့ရသည်။[98] အထွေထွေအုပ်ချုပ်ရေးဌာနသည် အခြေခံအုပ်ချုပ်ရေးလုပ်ငန်း အများအပြားကို တာဝန်ခံရသည်။ ယင်းတို့တွင် မွေးစာရင်း၊ သေစာရင်းသွင်းခြင်း၊ လက်ထပ်ထိမ်းမြားခြင်း၊ မြေယာနှင့် ဥစ္စာပစ္စည်းပိုင်ဆိုင်မှုကိစ္စရပ်များ နှင့် မွေးမြူရေး ကဲ့သို့ အခြားသော မှတ်ပုံတင် စာရင်းသွင်းသည့် ကိစ္စရပ်များ ပါဝင်သည်။ အဓိကကျသည်မှာ ယင်းသည် အခွန်အကောက်ကောက်ခံရာတွင်လည်း တာဝန်ရှိသည်။ အထွေထွေအုပ်ချုပ်ရေးဌာနသည် တပ်မတော်က ထိန်းချုပ်ထားသည့် ပြည်ထဲရေး ဝန်ကြီးဌာနအောက်တွင် ရှိသည်။

**ခ။ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေးဆိုင်ရာ ကွဲပြားခြားနားမှု**

---

95 မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ၂၀ (ဂ) ။

96 မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၂၀ (ခ) ။

97 အဓိက ထုတ်လုပ်မှုကဏ္ဍများကို စစ်တပ် ထိပ်တန်းအရာရှိများ သို့မဟုတ် သူတို့နှင့် နီးစပ်သူများ ဦးဆောင်သော နိုင်ငံပိုင် လုပ်ငန်း ၃၀ ကျော်က လွှမ်းမိုးထားသည်။ ယင်းတို့က ကဏ္ဍအများအပြားဖြစ်သော သယ်ယူပို့ဆောင်ရေး၊ အထည်လုပ်ငန်း နှင့် ဘဏ်လုပ်ငန်းမှသည် သဘာဝ သယံဇာတများအထိ လည်ပါတ်သည်။ မြန်မာနိုင်ငံက သိသာထင်ရှားသော ပမာဏရှိသည့် သဘာဝ သယံဇာတများရှိသည်။ ဥပမာ- ကမ္ဘာ့၏ တစ်ခုတည်းနှင့် အကြီးဆုံး ကျောက်စိမ်းအရင်းအမြစ်ကို ပိုင်ဆိုင်သည်။ ၁၉၉၀ ခုနှစ်များမှစ၍ ထိုအချိန်က အသေးစား လုပ်ငန်းများမှာ စစ်တပ်ကိုယ်နှိုက်က ပိုင်ဆိုင်သည်ဟု စွပ်စွဲခံရသော၊ စစ်တပ်တွင် ထိပ်တန်းရာထူးများ ဆုပ်ကိုင်ထားသောလူပုဂ္ဂိုလ်များ၊ အပစ်အခတ်ရပ်စဲထားသော လက်နက်ကိုင် အဖွဲ့အစည်းများ၊ သို့မဟုတ် အခြား တရားဝင် လိုင်စင်ရရှိသော လုပ်ငန်းများက ပိုင်ဆိုင်သည် အစိုးရအတည်ပြုသော ကုမ္ပဏီများကို စစ်တပ်က ကျောက်စိမ်းတွင်းများ လည်ပတ်ရန် ပြောင်းရွှေ့ချထားခဲ့သည်။ အမျိုးသား အရင်းအမြစ်အုပ်ချုပ်ရေး သိပ္ပံ၊ မြန်မာနိုင်ငံ အစိုးရပိုင် လုပ်ငန်းများ ပြုပြင်ပြောင်းလဲရေး၊ အမျိုးသား အရင်းအမြစ် လုပ်ငန်းများ (၂၀၁၈)။ Global Witness၊ ကျောက်စိမ်း၊ မြန်မာနိုင်ငံ၏ ကြီးမားသော နိုင်ငံတော် လျှို့ဝှက်ချက် (၂၀၁၅) တွင်ကြည့်။

98 ကြည့်ပြာချစ်စော။ M. Arnold၊ မြန်မာနိုင်ငံ အစိုးရ အုပ်ချုပ်ရေး- အထွေထွေ အုပ်ချုပ်ရေးဌာနအပေါ် တစ်စုံလုံး သုံးသပ်ချက်။ (မြန်မာ ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် သိပ္ပံ၏ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးရေး စင်တာ၊ နှင့် အာရှ ဖောင်ဒေးရှင်း၊ ၂၀၁၄) ကြည့်။

### ခ.၁။ တိုင်းရင်းသား ကွဲပြားမှုများနှင့် သောင်းကျန်းမှုများ

၈၄။ လက်ရှိ မြန်မာနိုင်ငံ၏ နယ်နမိတ်အတွင်းတွင် တိုင်းရင်းသား၊ ယဉ်ကျေးမှု၊ ဘာသာစကားနှင့် ဘာသာရေး နောက်ခံမတူညီသော လူအုပ်စုကြီးများ အခြေစိုက်နေထိုင်သည်။ အကြီးမားဆုံး အုပ်စုမှာ ဗမာများဖြစ်ပြီး လူဦးရေ စုစုပေါင်း၏ ၆၀ မှ ၇၀ ရာခိုင်နှုန်းခန့် ရှိမည်ဟု ယုံကြည်ရသည်။ သူတို့တွင် အများစုမှာ ဗုဒ္ဓဘာသာ ဖြစ်ပြီး နိုင်ငံ၏အလယ်ပိုင်း မြေနိမ့်လွင်ပြင်တွင် အများစု နေထိုင်ကြသည်။ မတူကွဲပြားထူးခြားသော ယဉ်ကျေးမှုများ၊ ဘာသာစကားများ၊ ရိုးရာဓလေ့များ နှင့် တစ်ခါတစ်ရံ ဘာသာရေးများရှိသည့် အခြားတိုင်းရင်းသားအုပ်စု အများအပြားသည် ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ အိန္ဒိယနှင့် ထိုင်းနိုင်ငံများနှင့် နီးသော အစွန်အဖျား ဒေသများတွင် အဓိကအားဖြင့် နေထိုင်ကြသည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးမရမီ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသား ခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ် ပင်လုံညီလာခံတွင် ဖွဲ့စည်းပုံအခြေခံဆိုင်ရာ မူဘောင်တစ်ခုကို သဘောတူညီခဲ့ပြီး တိုင်းရင်းသားများ၏ ကွဲပြားခြားနားသော သွင်ပြင်လက္ခဏာပြဋ္ဌာန်းချက်များအား အသိအမှတ်ပြုခဲ့ကာ မြင့်မားသော ကိုယ်ပိုင်အုပ်ချုပ်ခွင့် အတိုင်းအတာကို ကတိကဝတ် ပြုခဲ့ကြသည်။[99] ပင်လုံစာချုပ်ကို မည်သည့်အခါကမျှ အကောင်အထည်ဖော်ခြင်း မရှိခဲ့ပေ။

၈၅။ ယင်းအုပ်စုများထဲမှ အများအပြားသည် ပိုမိုကျယ်ပြန့်သာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် သဘာဝ သယံဇာတများ မျှတစွာခွဲဝေရေးအတွက် ရှန်းကန်တိုက်ပွဲဝင်ရင်း နာကျည်းဝမ်းနည်းမှုများ အမြစ်တွယ်လျက်ရှိသည်။ လွတ်လပ်ရေး ရသည်မှစ၍ တပ်မတော်သည် မရပ်မနား ဖြစ်ပွားနေခဲ့သော တိုင်းရင်းသားအခြေပြု လက်နက်ကိုင်ပဋိပက္ခများကို သူ၏အာဏာတည်မြဲရေးအပေါ် တိုင်းရင်းသားညီညွတ်ရေး မပြိုကွဲအောင် ကာကွယ်စောင့်ရှောက်သူအဖြစ် အကြောင်းပြ အသုံးပြုခဲ့သည်။ အစိုးရအဆက်ဆက်က ညှိနှိုင်းသဘောတူသော ငြိမ်းချမ်းရေးသဘောတူညီချက်များအတွက် အဆိုပြုချက်များ ပြုလုပ်ခဲ့ကြသော်လည်း ရန်လိုတိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွားနေခဲ့သည်။ မကြာမီနှစ်များတွင် ကချင်နှင့် ရှမ်းပြည်နယ်များတွင် အဓိက ဖြစ်ပွားခဲ့သည်။ ယင်းပဋိပက္ခများက စစ်တပ်၏ နိုင်ငံတော် တည်ဆောက်ရေး ကြိုးပမ်းချက်များသည် အောင်မြင်မှုမရှိကြောင်း ပြသနေသည်။[100] တစ်ခုတည်းသော "မြန်မာ" အမျိုးသား လက္ခဏာ မရှိပေ။ ဗမာ-ဗုဒ္ဓဘာသာ ကြီးစိုးမှုအပေါ် မကျေနပ်မှုများ ကြီးထွားလာခဲ့သည်။ တပ်မတော်သည် သောင်းကျန်းမှုများကို စစ်ရေး သို့မဟုတ် ညှိနှိုင်းအဖြေရှာသည့်နည်းများဖြင့် အဆုံးသတ်သွားအောင် မလုပ်နိုင်ခဲ့ပေ။ သိသာထင်ရှားသည်မှာ စစ်တပ် အုပ်ချုပ်ရေး အောက်တွင် "တိုင်းရင်းသား လူမျိုးများ" ဟူသော အတွေးအခေါ်သည် နိုင်ငံ၏ နိုင်ငံရေးအသိုင်းအဝိုင်းအတွင်းတွင် ပါဝင်မှု၏ အဓိကကျသော သတ်မှတ်ချက် ဖြစ်လာခဲ့ပြီး[101] ဘုံကျသော "အခြားအုပ်စု" တခုကို ဖြစ်ပေါ်စေခဲ့သည်။ စစ်တပ်က အဓိက တိုင်းရင်းသား အုပ်စု ရှစ်ခု (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်း) ကို တည်ဆောက်ခဲ့သည်။ ယင်းမှတဆင့် "တိုင်းရင်းသား လူမျိုးစု" ၁၃၅ စုကို ပြန်လည် ခွဲခြားထားသည်။ ထိုခွဲခြားသတ်မှတ်မှုတွင် မည်သည့်သိပ္ပံနည်းကျသည့် အခြေခံမှုမျိုးမှမရှိပဲ

---

[99] ၁၉၄၇ ပင်လုံ စာချုပ် ကြည့်။ (အောက်ပါလင့်တွင် ကြည့်နိုင်သည်။https://peacemaker.un.org/sites/peacemaker.un.org/files/MM_470212_Panglong%20Agreement.pdf)

[100] M. Walton။ "တိုင်းပြည် တည်ဆောက်ရေး" ခေတ်သစ်မြန်မာ၏ *Routledge Handbook*။ A. Simpson၊ N. Farrelly၊ I. Holliday eds. (London and New York, Routledge, 2018)၊ စာ- ၃၉၃-၄၀၃

[101] N. Cheesman၊ "မြန်မာနိုင်ငံတွင် "တိုင်းရင်းသား လူမျိုးများ" သည် နိုင်ငံသားဖြစ်မှုကို ရှိဟင်ဂျာများကို ကျော်လွန်လျက် မည်သို့ ရကြသလဲ။"၊ *Journal of Contemporary Asia* (၂၀၁၇) ၊ ၄၇:၃၊ စာ- ၄၆၁-၄၈၃။

လစ်ဟာမှုများ ထပ်တူကျမှုများ ရှိနေခဲ့သည်။ ဤအဓမ္မစာရင်းက မြန်မာနိုင်ငံကို မည်သူ "ပိုင်ဆိုင်" သည်ကို ဖော်ပြနေပြီး မြန်မာနိုင်ငံတွင် မျိုးဆက်မည်မျှ နေထိုင်ခဲ့သည်ဖြစ်စေ အခြားသူများကို အပြင်အပမှလူများ သို့မဟုတ် ရွှေ့ပြောင်းလာသူများအဖြစ် သတ်မှတ်သည်။ ယင်းတွင် ရိုဟင်ဂျာများပါဝင်သည်။ တပ်မတော်က "ဒေါင်းများအကြားတွင် နေသော်လည်း ကျီးကန်းသည် ဒေါင်းဖြစ်မလာနိုင်" ဟု ဆိုသည်။[102]

၈၆။ ၂၀၁၆ ခုနှစ်မှ စ၍ NLD အစိုးရသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် "ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစု ပင်လုံ" ကို ဦးဆောင်ခဲ့ပြီး ညီလာခံအစည်းအဝေးများကို ၂၀၁၆ ခုနှစ် ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် မေလနှင့် ၂၀၁၈ ဇူလိုင်လတို့တွင် ကျင်းပခဲ့သည်။ ၂၀၁၈ ခုနှစ် တတိယ အစည်းအဝေး မစတင်မီကာလတွင် "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ"က အစိုးရနှင့် တပ်မတော်က ပါဝင်ပတ်သက်သူများ၏ ယုံကြည်မှုရရှိရန် လုပ်ဆောင်ရမည့်အဆင့်များ လုပ်ဆောင်ရန် ပျက်ကွက်သည်ဟု လက်ညိုးထိုးလာပြီး[103] ညီလာခံအတွင်း ပါဝင်သူများအတွင်း ဆွေးနွေးတိုင်ပင်မှုများကို ပိတ်ဆို့လာခြင်း[104]တို့ကြောင့် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က "ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် အရှိန်အဟုန် လျော့ကျလာပုံရသည်" ဟု စိုးရိမ်မှုကို ဖော်ပြခဲ့သည်။ မည်သို့ပင်ဖြစ်စေ ယခင်က ဖိတ်ကြားခံရခြင်းမရှိသည့် ပြည်ထောင်စု နိုင်ငံရေးဆွေးနွေးညှိနှိုင်းရေးကော်မတီ (FPNCC) ၏ အဖွဲ့ဝင် အဖွဲ့အစည်းများအားလုံးကို ညီလာခံ၏ တတိယအစည်းအဝေးတွင် ဖိတ်ကြားခံရပြီး တက်ရောက်ခဲ့ကြသည်။ ယင်းကို အပြုသဘောဆောင်သော တိုးတက်မှုဟု သတ်မှတ်ခဲ့ကြသည်။[105]

### ခ.၂။ လူ့အဖွဲ့အစည်းတွင် ဗုဒ္ဓဘာသာ၏ နေရာ။

၈၇။ ၂၀၁၄ ခုနှစ် သန်းခေါင် စာရင်းအရ မြန်မာနိုင်ငံ လူဦးရေ၏ ၈၇.၉ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာ၊ ၆.၂ ရာခိုင်နှုန်းသည် ခရစ်ယာန်နှင့် ၄.၃ ရာခိုင်နှုန်းမှာ မွတ်ဆလင်ဖြစ်သည်။[106] ဗမာလူမျိုးများမှာ ဗုဒ္ဓဘာသာ အများစုဖြစ်ပြီး အခြားတိုင်းရင်းသား အုပ်စုများတွင် ဗုဒ္ဓဘာသာမဟုတ်သောသူများ ကြီးမားသော အရေအတွက်ဖြင့် ပါဝင်သည်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေက မြန်မာနိုင်ငံတွင် အခြားဘာသာများကို အသိအမှတ်ပြုထားပြီး ဗုဒ္ဓဘာသာကို "အထူးအနေအထား" အဖြစ် အသိအမှတ်ပြုထားသည်။[107]

---

[102] တပ်မတော်၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေး ဦးစီးဌာန၊ "မြန်မာ့နိုင်ငံရေးနှင့် တပ်မတော်" (၂၀၁၈) ၊ စာ-၁၁၅၊ မစ်ရှင်တွင် စာအုပ်ကို ဖိုင်တွဲသိမ်းထားသည်။

[103] A/HRC/37/70, စာပိုဒ် ၄၀

[104] Ibid.

[105] L. Weng၊ "မြောက်ပိုင်းမဟာမိတ်များအားလုံး ပင်လုံငြိမ်းချမ်းရေး ညီလာခံသို့ တက်ရောက်ရန် ဖိတ်ကြား" (The Irrawaddy၊ ၂၀၁၈ ဇူလိုင် ၄ရက်) ယခင်က အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရှိထားသော အဖွဲ့များသာ ပါဝင်တက်ရောက်ရန် ဖိတ်ကြားခဲ့သည်။

[106] ဆယ်စုနှစ် သုံးခုအတွင်း ပထမဆုံးအကြိမ် ကောက်ယူသော ၂၀၁၄ လူဦးရေနှင့် အိမ်ထောင်စု စာရင်းအရ၊ မြန်မာနိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ အနီးစပ်ဆုံး ၅၁.၅ သန်းရှိသည်။ စာရင်းကောက်ယူမှုတွင် တရားဝင် အသိအမှတ်ပြုထားသော တိုင်းရင်းသားလူမျိုးစု ၁၃၅ မျိုးတွင် (တိုင်းရင်းသား လူမျိုးစုကြီး ၈ ခု။ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်နှင့် ရှမ်းတွင်) ပါဝင်သည် သို့မဟုတ်ပါက ထိုအထဲတွင်မပါဝင်သူများကို "အခြား"ဟု သတ်မှတ်ဖော်ပြမှသာ ခွင့်ပြုသဖြင့် အငြင်းပွားဖွယ်ရာ ဖြစ်ခဲ့သည်။ ယင်းတွင် "ရိုဟင်ဂျာ" ပါဝင်ခြင်းမရှိပဲ ပါဝင်သူများမှာလည်း ထိုသို့ ဖော်ပြခွင့်မရှိခဲ့ပေ။ ယင်းသည် ရခိုင်ပြည်နယ်ရှိ လူဦးရေတွင် သိသာထင်ရှားသော အရေအတွက်မှာ ရေတွက်မှုတွင် ပါဝင်ခြင်း မရှိခဲ့ပေ။ လူဦးရေတွင် ပါဝင်သော တိုင်းရင်းသားနှင့် ဘာသာရေး အချက်အလက်များကို ထုတ်ပြန်ကြေညာပါက အကြမ်းဖက်မှုများ ဖြစ်လာနိုင်သည်ဟု ကျယ်ကျယ်ပြန့်ပြန့်စိုးရိမ်ခဲ့ပြီး အစပျိုးအနေဖြင့် အစိုးရဦးဆောင်လျက် သန်းခေါင်စာရင်း အချက်အလက်များကို တိုင်းရင်းသားနှင့် ဘာသာရေး အချက်အလက်များ မပါပဲ ရလာဒ်များကို ထုတ်ပြန်ရန် ဖြစ်သည်။ International Crisis Group၊ နောက်ဆုံးရ အချက်အလက် ဆွေးနွေးမှု၊ ကုန်ကျစားရိတ်များကို တွက်ချက်ခြင်း။ မြန်မာနိုင်ငံ၏ ပြဿနာဖြစ်နေသော သန်းကောင်စာရင်း (၂၀၁၄)

[107] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၊ ပုဒ်မ ၃၆၁-၃၆၂

၈၈။ ဗုဒ္ဓဘာသာနှင့် ဗုဒ္ဓဘာသာ ဘုန်းကြီးများသည် မြန်မာလူ့အဖွဲ့အစည်း၏ အလယ်ဗဟိုတွင် တည်ရှိနေကြပြီး မြန်မာနိုင်ငံ နိုင်ငံရေးအတွင်း အဓိကမောင်းနှင်အားဖြစ်သည်။ သံဃာများသည် နိုင်ငံတော်က ပြည်သူများ၏အကျိုးစီးပွားကို ဆန့်ကျင်လုပ်ဆောင်သည်ဟု ယူဆသည့်အခါ တုန့်ပြန်လုပ်ဆောင်ကြသည်။ ကိုလိုနီအုပ်ချုပ်မှု ဆန့်ကျင်ရေးနှင့် မကြာသေးမီက စစ်အုပ်ချုပ်မှု ဆန့်ကျင်ရေးတို့တွင် သံဃာ[108]တို့၏ အခန်းကဏ္ဍမှာ စံနမူနာ ဖြစ်ခဲ့သည်။

၈၉။ ၂၀၁၁ ခုနှစ် ပြုပြင်ပြောင်းလဲရေးများစတင်သည့် အချိန်မှစ၍ သံဃာတို့၏ အသံတစိပ်တပိုင်းအနေဖြင့် ဗုဒ္ဓဘာသာယဉ်ကျေးမှုအပေါ် အန္တရာယ် တွေ့နေရပြီဟုခံယူမြင်လာကြပြီး အမျိုးသားရေးစိတ်တိုးမြင့်လာမှုနှင့် မွတ်ဆလင်ဆန့်ကျင်ရေး ယုံမှားသံသယမှတဆင့် တုန့်ပြန်ခဲ့ကြသည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် အဓိက ဖြစ်သော်လည်း နိုင်ငံတလွှားတွင် ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များအကြား အကြမ်းဖက်မှု အရေးအခင်းများ ကြုံတွေ့ခဲ့ကြရသည်။ ဩဇာရှိသော သံဃာများဦးဆောင်သည့် ၉၆၉ လှုပ်ရှားမှုသည် အထူးသဖြင့် မွတ်ဆလင်များက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား လက်ထပ်ယူပြီး ဘာသာပြောင်းစေခြင်းဖြင့် မြန်မာနိုင်ငံကို “သိမ်းပိုက်ရန်” ကြံစည်နေသည်ဟူသော ပြောဆိုမှုမှာ ရှေ့တန်းရောက်လာခဲ့သည်။ မြန်မာနိုင်ငံတွင် မွတ်ဆလင် လူဦးရေမှာ ခန့်မှန်းချေအားဖြင့် ၄ ရာနှုန်းသာ ရှိပြီး မကြာသေးမီ ဆယ်စုနှစ်များအတွင်း သိသိသာသာ တိုးပွားလာခြင်းမရှိသော်လည်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ တရားမဝင် ဝင်ရောက်လာပြီး ဒေသဆိုင်ရာမြို့တော်ကို မွတ်ဆလင်များက ကြီးစိုးနေပြီဟူသည် ယူဆချက်များကို စိုးရိမ်မှုများအဖြစ် ဖော်ထုတ်ခဲ့ကြသည်။[109]

၉၀။ ၂၀၁၃ ခုနှစ်တွင် ဗုဒ္ဓဘာသာ အမှတ်အသားကို အခွင့်မရှိပဲ အသုံးပြုမှုကို အခြေခံ၍ ၉၆၉ လှုပ်ရှားမှုကို သံဃာများက တားမြစ်ခဲ့သည်။ ၉၆၉ အုပ်စု၏ ဩဇာအာဏာမှာ တဖြည်းဖြည်း ကျဆင်းလာသော်လည်း ၂၀၁၃ ခုနှစ်ဇွန်လတွင် ထူထောင်ခဲ့ပြီး ၂၀၁၄ ဇန္နဝါရီလတွင် တိုးမြင့် ထင်ရှားလာခဲ့သည့် ၉၆၉ ကို ဆက်ခံသည့် အုပ်စုဖြစ်သည့် အမျိုးဘာသာ သာသနာ စောင့်ရှောက်ရေး အသင်း (မဘသ) မှတဆင့် ယင်းအဖွဲ့၏ အယူအဆများမှာ ဆက်လက် ပြန့်ပွားနေခဲ့သည်။ အထင်ရှားဆုံးနှင့် အစွန်းရောက်ခေါင်းဆောင် တစ်ဦးမှာ အငြင်းပွားဖွယ်ရာရှိသော ဘုန်းကြီး အရှင် ဝီရသူ ဖြစ်သည်။

၉၁။ နိုင်ငံတကာ စိတ်ဝင်စားမှုက ထိုအဖွဲ့၏ မွတ်ဆလင်ဆန့်ကျင်ရေး ကြွေးကြော်သံများကို အာရုံစိုက်နေစဉ်မှာပင် မဘသသည် သူ၏လှုပ်ရှားမှုများ၊ ယဉ်ကျေးမှု တန်ဖိုးမြှင့်တင်မှုများ၊ နှင့် လူမှုစောင့်ရှောက်ရေး၊ ဘေးအန္တရာယ် ကယ်ဆယ်ရေး၊ ပညာရေး၊ ဥပဒေ အထောက်အကူနှင့် ဒေသခံ အဆင့်တွင် အငြင်းပွားမှု ဖြေရှင်းခြင်းစသည့် အခြေခံ ဝန်ဆောင်မှုများ ပေးခြင်း တို့ဖြင့် အခြေခံပြည်သူလူထု၏ ထောက်ခံမှုကို ကျယ်ကျယ်ပြန့်ပြန့် ရရှိလာခဲ့သည်။[110] သို့ဖြစ်ရာ

---

[108] သံဃာ့မဟာနာယက ကော်မတီ (မဟန) သည် မြန်မာဗုဒ္ဓဘာသာ ဘုန်းကြီးများကို ထိန်းကြောင်းသော အစိုးရ ခန့်ထားသည့် အဖွဲ့အစည်း ဖြစ်သည်။

[109] ၂၀၁၆ ခုနှစ်တွင် အစိုးရသည် ဘာသာရေးနှင့် ပတ်သက်သော သန်းခေါင်စာရင်း အချက်အလက်များကို ထုတ်ပြန်ခဲ့သည်။ ယင်းက ဗုဒ္ဓဘာသာသည် နိုင်ငံ၏ အဓိက ဘာသာအဖြစ်ဆက်လက်ရှိနေပြီး ၂၀၁၄ ခုနှစ် စာရင်းကောက်မှုတွင် ပါဝင်သူများ၏ ၈၇.၉ ရာခိုင်နှုန်းသည် ဗုဒ္ဓဘာသာ ဖြစ်ပြီး ၁၉၈၃ ခုနှစ်တွင် ၈၉.၄ ရာခိုင်နှုန်းနှင့် နှိုင်းယှဉ်နိုင်သည်။ ပါဝင်သူ လူဦးရေ၏ ၂.၃ ရာခိုင်နှုန်းက မွတ်ဆလင် အဖြစ် ဖော်ပြခဲ့ရာ ၁၉၈၃ စာရင်း ၃.၉ ရာခိုင်နှုန်းမှ လျော့ကျသွားခဲ့သည်။ သို့ရာတွင် သန်းခေါင်စာရင်း အစီရင်ခံစာတွင် ရခိုင်ပြည်နယ်တွင် စာရင်းထည့်သွင်းခြင်း မရှိသော လူပေါင်း ၁ သန်းကျော်မှာ မူစလင်များဖြစ်သည်ဟု ခန့်မှန်းကြောင်း မှတ်ချက်ပြုထားသည်။ သို့ဖြစ်ပါက မွတ်ဆလင် ရာခိုင်နှုန်းသည် ၄.၃ ရာခိုင်နှုန်းရှိမည်ဖြစ်သည်။ ခရစ်ယာန် ဦးရေမှာ အနည်းငယ် မြင့်တက်လာပြီး ၂၉၈၃ ခုနှစ်တွင် ၄.၉ ရာခိုင်နှုန်းရှိရာမှ ၂၀၁၄ တွင် ၆.၂ ရာခိုင်နှုန်း ဖြစ်လာသည်။

[110] International Crisis Group၊ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာနှင့် နိုင်ငံတော်အာဏာ။ (၂၀၁၇)

မဘာသကို ဒေသခံလူထု၏ လိုအပ်ချက်များနှင့် စိုးရိမ်မှုများကို ဖြေရှင်းပေးသူများဟု မြင်လာကြသည်။[111] ထို့အပြင် မဘာသ၏ ခေါင်းဆောင်မှုအတွင်းတွင်လည်း သံဃာထုအတွင်း လူသိများသော ဘုန်းကြီးများ ပါဝင်လာခဲ့သည်။

၉၂။ ၂၀၁၇ ခုနှစ် မေလ ၂၃ ရက်နေ့တွင် သံဃာ့အာဏာပိုင်အဖွဲ့အစည်း သံဃာ့မဟာနာယက အဖွဲ့က မဘာသသည် သံဃာအဖွဲ့အစည်း ဖွဲ့စည်းရေးဥပဒေ နှင့် သံဃာအဖွဲ့အစည်း ဖွဲ့စည်းရေး လုပ်ထုံးလုပ်နည်းများနှင့် မကိုက်ညီသဖြင့် ထိုအုပ်စု သို့မဟုတ် ထိုအုပ်စုနှင့် ပတ်သက်သူများသည် ယခု သုံးစွဲနေသော မြန်မာဘာသာ စကားလုံး အမည်ကို သုံးစွဲခွင့်မရှိပဲ နိုင်ငံအနှံ့စိုက်ထူထားသော ဆိုင်းဘုတ်များကို ရုတ်သိမ်းရမည်ဟု ကြေညာချက် ထုတ်ပြန်ခဲ့သည်။[112] ၂၀၁၈ ခုနှစ် ဇူလိုင်လ ၂၀ ရက်နေ့တွင် မဘာသ နောက်ဆက်ခံသော အဖွဲ့ဖြစ်သည့် ဓမ္မရက္ခိတ အသင်းကိုလည်း သံဃာ့မဟာနာယကအဖွဲ့က ဖျက်သိမ်းခဲ့သည်။[113] သူတို့၏ ရပ်တည်မှုမှာ တရားဝင်သည်ဖြစ်စေ မဝင်သည်ဖြစ်စေ ထိုအုပ်စုများက ဖြန့်ထားသော ပြောဆိုချက်များမှာ မြန်မာနိုင်ငံတလွှားလူမှု အဝန်းအဝိုင်း အများအပြားက လက်ခံပြီး ဖြစ်နေသည်။

## ဂ။ လူ့အခွင့်အရေးချိုးဖောက်မှုများဆိုင်ရာ သမိုင်းကြောင်း

၉၃။ ယနေ့ တပ်မတော်သည် ဗမာ-ဗုဒ္ဓဘာသာ လူများစုအကြား အသင့်အတင့်သော လူကြိုက်များမှု ရှိနေသည်။ အထူးသဖြင့် ရခိုင်ပြည်နယ်မှ "ရိုဟင်ဂျာ အကြပ်အတည်း" ဖြစ်သော အကြမ်းဖက်မှုကို ခြိမ်းခြောက်မှုအောက်က နိုင်ငံကို ကာကွယ်စောင့်သူအဖြစ် စစ်တပ်မှ သူ့ကိုသူ ပြန်လည် အတည်ပြုချက်ပေးကာ နိုင်ငံရေးအခန်းကဏ္ဍကို တဆင့်တက်ရန် အသုံးပြုလိုက်ခြင်းဖြစ်သည်။ ယင်းသည် စစ်တပ်၏ ဆိုးရွားနေသော လူ့အခွင့်အရေးမှတ်တမ်းနှင့် သူ့အုပ်ချုပ်မှုကို ဆန့်ကျင်သည့် ကာလကြာရှည် ဒီမိုကရေစီလှုပ်ရှားမှုကို ပြန်လည် ကုစားခြင်းဖြစ်ကြောင်း မှတ်မှတ်ထင်ထင် သတ်မှတ်ရမည်။

၉၄။ (၁၉၆၂- ၂၀၁၁) စစ်အာဏာရှင်ကာလအတွင်း မြန်မာနိုင်ငံကို အာရှတွင် ဖိနှိပ်မှု အဆိုးရွားဆုံးနိုင်ငံများထဲမှ တစ်ခုဟု သတ်မှတ်ကြသည်။ အုပ်ချုပ်သူများ၏ အဓိကစိုးရိမ်ချက်မှာ အာဏာကို ထိန်းသိမ်းရန်နှင့် "တိုင်းရင်းသား ကွဲပြားခြားနားမှုအတွင်း အမျိုးသားညီညွတ်ရေး" ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဖြစ်သည်။ လူ့အခွင့်အရေးမှာ "ဤမရှိမဖြစ် လိုအပ်ချက်များနောက်မှ လက်အောက်ခံ" သာဖြစ်ခဲ့သည်။[114] ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေအပေါ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်က "ဒီမိုကရေစီနည်းကျ အုပ်ချုပ်မှုကို ကာကွယ်ထားသည့်အခွင့်အရေးများကို လေးစားမှုမရှိခြင်းသည် မြန်မာနိုင်ငံတွင် အဓိက လူ့အခွင့်အရေးချိုးဖောက်မှုအားလုံး၏ အရင်းအမြစ်ဖြစ်ပြီး လက်ရှိအခြေအနေအထိ ထိုသို့မရှိခြင်းသည် အာဏာရှင်ဖြစ်စေပြီး ကိုယ့်ကိုယ်ကိုသာ တာဝန်ခံမှုရှိသော အာဏာ တည်ဆောက်မှုပုံစံကို ဖြစ်ပေါ်စေခြင်းဖြင့် အခြေခံလူ့အခွင့်အရေးများကို ငြင်းပယ်ခြင်းနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းများကို အမွေခံလာခြင်းဖြစ်သည်" ဟု လေ့လာတွေ့ရှိခဲ့သည်။[115] ဆိုးရွားသော

---

[111] M. Walton၊ "မြန်မာနိုင်ငံမှ မဘာသအပေါ် အမြင်လွဲခြင်း။ (Asia Times၊ ၂၀၁၇ ဇူလိုင် ၉ ရက်)

[112] Ibid.

[113] The Irrawaddy၊ "မဘာသအား အသစ်တဖန် တားမြစ်မှုအပေါ် ရန်ကုန်ရှိ မျိုးချစ်များ၏ စုရုံးပွဲ (၂၀၁၈ ဩဂုတ် ၁၃)

[114] C. Renshaw၊ "အုပ်ချုပ်မှုအသစ်အောက်ရှိ လူ့အခွင့်အရေး"၊ မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ဥပဒေ ပြုပြင်ပြောင်းလဲမှုများ တွင်၊ A. Harding, K.K. Oo, eds. (Oxford and Portland, Hart Publishing, 2017)၊ စာ- ၂၁၅ နှင့် ၂၁၈။

[115] E/CN.4/1997/64၊ စာပိုဒ် ၁၀၂။

လူ့အခွင့်အရေး ချိုးဖောက်မှု အစီရင်ခံစာများသည် ကျယ်ပြန့်ပြီး အရပ်ဘက်၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး နှင့် ယဉ်ကျေးမှုအခွင့်အရေးများ တစုံလုံးအပေါ် သက်ရောက်လျက်ရှိသည်။

၉၅။ ဦးနေဝင်း အုပ်ချုပ်မှု (၁၉၆၂-၁၉၈၈) အတွင်း ဆိုးရွားသော လူ့အခွင့်အရေး ကိစ္စရပ်များသည် အခြေအနေ နစ်ရပ်ပေါ်တွင် ထွက်ပေါ်ခဲ့သည်။ ဝေဖန်သူများကို ဖိနှိပ်ခြင်းနှင့် တိုင်းရင်းသား နယ်မြေများတွင် လုံခြုံရေးတပ်ဖွဲ့များက သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးများ ဖြစ်သည်။ မကြာခဏ ထွက်ပေါ်လာသည့် လူ့အခွင့်အရေးချိုးဖောက်မှုအမျိုးအစားများတွင် တရားလက်လွတ် အသက်ကို ဖယ်ရှားခြင်း (အင်အား အလွန်အကျွံအသုံးပြုမှု အပါအဝင်) ၊ တရားလက်လွတ် ထိန်းသိမ်းခြင်းနှင့် နှိပ်စက်ညှင်းပမ်းခြင်း၊ လိင်အကြမ်းဖက်မှု၊ အဓမ္မလုပ်အားသုံးစွဲမှု၊ မြေယာနှင့် အိမ်ယာ အခွင့်အရေး ချိုးဖောက်မှုများ (အစုအပြုံလိုက် မောင်းထုတ်ခြင်း အပါအဝင်)၊ နှင့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် လွတ်လပ်စွာ စုဝေးခွင့် အခွင့်အရေးများအပေါ် ချိုးဖောက်ခြင်းတို့ ပါဝင်သည်။

၉၆။ ၁၉၈၈ ခုနှစ် အစိုးရ ဆန့်ကျင်ရေး ဆန့်ကျင်ပွဲများကို အကြမ်းဖက်ဖြိုခွဲမှုနှင့် ၁၉၉၀ ခုနှစ် ရွေးကောက်ပွဲများအပြီးတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂတွင် စိုးရိမ်ဖွယ်ရာ နိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ အထွေထွေညီလာခံက မြန်မာနိုင်ငံ အခြေအနေပေါ်တွင် ယင်း၏ ပထမဆုံး ဆုံးဖြတ်ချက်ကို ၁၉၉၁ ခုနှစ်တွင် ချမှတ်ခဲ့ပြီး "မြန်မာနိုင်ငံအတွင်း ဝမ်းနည်းဖွယ် လူ့အခွင့်အရေး အခြေအနေများကို ညွှန်ပြသည့် လွတ်လပ်သော ရရှိနိုင်သော အချက်အလက်များ" အပေါ် စိုးရိမ်ကြောင်း မှတ်တမ်းတင်ခဲ့သည်။[116] ယင်းနောက်ပိုင်း နှစ်အများစုတွင် အလားတူ ဆုံးဖြတ်ချက်များကို ချမှတ်ခဲ့သည်။ လူ့အခွင့်အရေး ကော်မရှင်က ၁၉၉၂ ခုနှစ်တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အခွင့်အာဏာကို ဖန်တီးဖော်ထုတ်ခဲ့သည်။[117] ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က ၁၉၉၇ ခုနှစ်တွင် မြန်မာနိုင်ငံအတွက် အထူးကိုယ်စားလှယ်ကို ခန့်ထားခဲ့သည်။ ၂၀၀၅ ခုနှစ်တွင် လုံခြုံရေး ကောင်စီက မြန်မာနိုင်ငံ၏ အခြေအနေအပေါ် ပထမဆုံး တံခါးပိတ်ဆွေးနွေးမှု လုပ်ဆောင်ခဲ့သည်။

၉၇။ ၁၉၉၂ ခုနှစ်မှ ၂၀၁၁ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သည့် အထူးကိုယ်စားလှယ် လေးဦးလုံးက သူတို့တွေ့ရှိရသော လူ့အခွင့်အရေး ချိုးဖောက်မှုပုံစံများသည် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်နေပြီး အစိုးရနှင့် စစ်တပ်၏ မူဝါဒများနှင့် ဆက်စပ်နေသည်ဟု ကောက်ချက်ချခဲ့သည်။ အထူးကိုယ်စားလှယ် ရာ့ချ်စမော လာလာက ၁၉၉၈ ခုနှစ်တွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် "လွန်ခဲ့သည့်နှစ်များအတွင်း အရေအတွက်များပြားပြီး အစဉ်တစိုက် ဖြစ်ပေါ်နေရာ ယင်းတို့သည် သီးခြား သို့မဟုတ် အလယ်ပိုင်းအဆင့် နှင့် အောက်ခြေအဆင့် ဝန်ထမ်းများ၏ သီးခြား သို့မဟုတ် တစ်ဦးချင်း အပြုအမူများ မဟုတ်ကြောင်း ဖော်ပြနေပြီး နိုင်ငံရေးနှင့် ဥပဒေဆိုင်ရာတာဝန်ခံမှုကို ချုပ်ကိုင်ထားသော အမြင့်ဆုံးအဆင့်ရှိ မူဝါဒ၏ရလာဒ်သာ ဖြစ်သည်" ဟု ဖော်ပြခဲ့သည်"။[118] အလားတူပင် အထူးကိုယ်စားလှယ် သောမတ်စ် ကွင်တားနားက ၂၀၁၀ ခုနှစ်တွင် "နှစ်ပေါင်းများစွာကာလအတွင်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ကျယ်ပြန့်ပြီး စနစ်တကျဖြစ်သည့် သဘာဝ နှင့် တာဝန်ခံမှု နည်းပါးခြင်းသည် ထိုလူ့အခွင့်အရေးချိုးဖောက်မှုများအနေတွင် အုပ်ချုပ်ရေး၊ စစ်တပ်နှင့် တရားစီရင်ရေး အဆင့်အားလုံးရှိ အာဏာပိုင်များ ပါဝင်ပတ်သက်သည့် နိုင်ငံတော်မူဝါဒ၏

[116] A/RES/46/132

[117] E/CN.4/RES/1992/58

[118] A/53/364၊ စာပိုဒ် ၅၉။

ရလာဒ်ဖြစ်ကြောင်း ညွှန်ပြနေသည်” ဟု ကောက်ချက်ချခဲ့သည်။ သူက “ ထိုလူ့အခွင့်အရေး ချိုးဖောက်မှုများထဲမှ အချို့သည် လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှု သို့မဟုတ် စစ်ရာဇဝတ်မှု အမျိုးအစားများ မြောက်နေသည့် ဖြစ်နိုင်ချေ တည်ရှိနေသည်” ဟု ကောက်ချက်ချသည်။[119] အထူးကိုယ်စားလှယ် လေးယောက်လုံးက အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများက ကျူးလွန်သော ဆိုးရွားသည့် ချိုးဖောက်မှုများလည်း ရှိနေကြောင်း မှတ်ချက်ပြုကြသည်။[120]

၉၈။ အထူးကိုယ်စားလှယ်များက ထိုချိုးဖောက်မှုပုံစံများ အဓိက ဖြစ်ပွားသည့် အောက်ပါ အနေအထားများကို ဖော်ပြခဲ့ကြသည်။ ဒီမိုကရေစီတောင်းဆိုမှုများနှင့် အစိုးရအပေါ် ဝေဖန်သံများကို ဖိနှိပ်ခြင်း၊ (တိုင်းရင်းသား) သောင်းကျန်းမှုများကို လုံခြုံရေး တပ်ဖွဲ့များက တုန့်ပြန်မှုများသည် မကြာခဏပင် အရပ်သား ပြည်သူများအပေါ် တိုက်ရိုက်ပစ်မှတ်ထားခြင်း နှင့် သက်ရောက်မှုများ ရှိနေခြင်း၊ အပစ်ရပ်နယ်မြေများတွင် စစ်တပ်များ ဆက်လက်ရှိနေခြင်း၊ နှင့် ဧရာမဖွံ့ဖြိုးရေးစီမံကိန်းများတွင် အစိုးရနှင့် စစ်တပ်တို့၏အခန်းကဏ္ဍများ ဖြစ်သည်။ မကြာခဏ ကြားသိရသည့် လူ့အခွင့်အရေး ချိုးဖောက်မှု အမျိုးအစား အတိအကျဖြစ်မှုများတွင် တရားမဲ့ သတ်ဖြတ်ခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်းနှင့် လူမဆန်သောဆက်ဆံပြုမူမှု၊ လိင်ဆိုင်ရာနှင့် လိင်သဘောထားကွဲပြားမှု အခြေပြု အကြမ်းဖက်မှု၊ တရားမဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုမှုနှင့် အသင်းအပင်းဖွဲ့စည်းမှုအပေါ် ကန့်သတ်မှုများ၊ နှင့် တိုင်းရင်းသား နှင့် ဘာသာရေး လူနည်းစုများအပေါ် တိုက်ရိုက်ဖိနှိပ်သည့် ဆောင်ရွက်မှု အမျိုးမျိုးတို့ပါဝင်သည်။ စီးပွားရေးနှင့် လူမှုရေး အခွင့်အရေးများ အကောင်အထည်ဖော်မှုအပေါ် စစ်အုပ်စု မူဝါဒများ၏ သက်ရောက်မှုသည်လည်း မကြာခဏ မီးမောင်းထိုးပြခံရသည်။

၉၉။ မကြာခဏပင် အထူးကိုယ်စားလှယ်များက လက်နက်ကိုင်ပဋိပက္ခ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ကာကွယ်မှု နည်းပါးခြင်းကြောင့် ဖြစ်ပေါ်လာသည့် နောက်ဆက်တွဲ အကျိုးဆက်ဖြစ်သည့် ကြီးမားသော ပြည်တွင်း အိုးအိမ်မဲ့ ရွှေ့ပြောင်းမှုများ နှင့် အဓိကအားဖြင့် ဘင်္ဂလားဒေ့ရှ်နှင့် ထိုင်း အိမ်နီးချင်းနိုင်ငံများသို့ သိသာထင်ရှားသော ဒုက္ခသည် လူပ်ရှားမှုများကို မီးမောင်းထိုးပြတတ်သည်။ အထူးကိုယ်စားလှယ်များက ၁၉၉၆ ခုနှစ်နှင့် ၂၀၁၀ ခုနှစ်အတွင်း လူ ၁ သန်းအထိ အိုးအိမ်မဲ့ ရွှေ့ပြောင်းခဲ့ရကြောင်း ထိုအထဲမှ ထက်ဝက်လောက်သည် နိုင်ငံ၏အရှေ့ပိုင်း၌ ဖြစ်ကြောင်း မှတ်ချက်ပြုခဲ့သည်။[121] ဥပမာ- ၂၀၀၆ ခုနှစ် နိုဝင်ဘာလတွင် သူတို့၏ အိမ်များမှ အဓမ္မထွက်ခွာခဲ့ရသော၊ မပြန်နိုင်သေးသော သို့မဟုတ် နေရာချထားခြင်း မရှိသေးသော နှင့် လူမှုအသိုင်းအဝိုင်းတွင် ပြန်လည်ဝင်ဆံ့ခြင်း မရှိသေးသော ပြည်တွင်း အိုးအိမ်မဲ့ ဒုက္ခသည် အရေအတွက်မှာ ခန့်မှန်းခြေ အနည်းဆုံး ၅၀၀,၀၀၀ ရှိသည်။[122] မတူညီသော အထူး ကိုယ်စားလှယ်များက ဤရွှေ့ပြောင်းမှု၏ အဓိက အကြောင်းရင်းအများအပြားကို ဖော်ထုတ်ခဲ့ကြသည်။ သောင်းကျန်းသူဆန့်ကျင်ရေး စစ်ဆင်ရေးများ၊ အဓမ္မလုပ်အားစေခိုင်းမှုနှင့် ပေါ်တာဆွဲခြင်း၊ လယ်သမားများအပေါ် ကန့်သတ်မှုများ ချမှတ်ခြင်း၊ နှင့် မြေယာ သိမ်းဆည်းမှု မူဝါဒများ ပါဝင်သည်။[123] စစ်တပ်၏ အခန်းကဏ္ဍနှင့် စည်းမျဉ်းစည်းကမ်းများက ဤကိစ္စရပ်အပေါ်

[119] Ibid.၊ စာပိုဒ် ၁၂။

[120] ဥပမာ။ A/65/368၊ စာပိုဒ် ၆၄၊.

[121] A/HRC/13/48၊ စာပိုဒ် ၆၁-၆၃ ကြည့်။ A/HRC/4/14၊ စာပိုဒ် ၅၄။

[122] A/HRC/4/14၊ စာပိုဒ် ၅၄။

[123] E.g. E/CN.4/1997/64; E/CN.4/1999/35.

နားလည်ရန် အဓိကကျကြောင်း သူတို့က ဖောင်းပေး ပြောကြားကြသည်။[124] ၂၀၁၀ ခုနှစ်တွင် အထူးကိုယ်စားလှယ် ကွင်တားနားက လူသားချင်းစာနာမှု ကူညီရေး အဖွဲ့များနှင့် လူ့အခွင့်အရေး အုပ်စုများသည် ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ကျေးရွာများနှင့် နေရာများ ၃,၅၀၀ ၏ ပျက်စီးမှုနှင့် ရွှေ့ပြောင်းမှုများကို မှတ်တမ်းတင်ထားကြောင်း ပြောခဲ့သည်။[125]

၁၀၀။ လုပ်ပိုင်ခွင့်ကိုင်ထားသော ကုလသမဂ္ဂ အထူးကိုယ်စားလှယ်များ အားလုံးသာမက အခြား လူ့အခွင့်အရေး ယန္တယားများကလည်း ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ၏ အခြေအနေအပေါ် လွန်စွာမှ စိုးရိမ်ကြောင်း ဖော်ပြခဲ့ကြသည်။ ၁၉၉၂ ခုနှစ် အောက်တိုဘာလ ၁၆ ရက်တွင် ဘာသာရေး သို့မဟုတ် ယုံကြည်မှုဆိုင်ရာ၊ လွတ်လပ်ခွင့်ဆိုင်ရာ ထိုအချိန်က အထူးကိုယ်စားလှယ်က "၁၉၈၉ ခုနှစ်နောက်ပိုင်းမှစ၍ မြန်မာနိုင်ငံ၏ ရိုဟင်ဂျာနိုင်ငံသားများသည်.... သူတို့၏ ဘာသာရေး ယုံကြည်မှုများအပေါ် အခြေခံလျက် တရားမဲ့သတ်ဖြတ်ခြင်းများ၊ နှိပ်စက်ညှင်းပမ်းခြင်း၊ တရားမဲ့ ထိန်းသိမ်းခြင်း၊ အဓမ္မပျောက်ဆုံးစေခြင်း၊ စော်ကားနှောက်ယှက်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ အဓမ္မလုပ်အားသုံးစွဲခြင်း၊ ခိုးခြင်း၊ အိမ်များမီးရှို့ခံရခြင်း၊ မောင်းထုတ်ခြင်း၊ မြေသိမ်းခြင်း၊ နှင့် လူအုပ်စုအလိုက် ရွှေ့ပြောင်းနေရာချထားခြင်းများသာမက မြို့များနှင့် ပလီများကို စနစ်တကျ ဖျက်ဆီးခြင်း စသော ချိုးဖောက်မှုများကို ကျူးလွန်ခံနေရကြောင်း" အချက်အလက်များ ရရှိထားကြောင်း အစိုးရကို အသိပေးခဲ့သည်။[126] သူက ၁၉၉၂ ခုနှစ် ဧပြီတွင် ဘင်္ဂလားဒေ့ရှ် သို့ ထွက်ပြေးသော ရိုဟင်ဂျာဦးရေမှာ အနီးစပ်ဆုံး ၃၀၀,၀၀၀ ရှိကြောင်း သတင်းများတွင် ဖော်ပြထားပြီး ၁၉၇၈ ခုနှစ်က အလားတူ စစ်ဆင်ရေးကလည်း မွတ်ဆလင် ၂၀၀,၀၀၀ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ကြောင်း သတင်းများ ဖော်ပြထားကြောင်း မှတ်ချက် ပြုထားသည်။ ယင်းချိုးဖောက်မှုများမှာ အဓိကအားဖြင့် လက်နက်ကိုင် တပ်ဖွဲ့များက ကျူးလွန်ကြောင်း စွပ်စွဲထားသည်ဟု သူက ဖြည့်စွက်ပြီး သူ့အနေဖြင့် လုံခြုံရေးအရာရှိများက မွတ်ဆလင်များ၏ မှတ်ပုံတင်ကဒ်ပြားများကို သိမ်းယူခြင်း သို့မဟုတ် ဆုတ်ဖြဲခြင်းများ ပြုလုပ်ကြောင်း အစီရင်ခံချက်များ အများအပြား ရရှိထားကြောင်းကိုလည်း ဖော်ပြထားသည်။ သူ၏ သတင်းအရင်းအမြစ်များအဆိုအရ ရခိုင်ပြည်နယ်မြောက်ပိုင်းကို မွတ်ဆလင်မဟုတ်သော မြန်မာများကို ရွှေ့ပြောင်းခြင်းမှာ အစိုးရ၏မူဝါဒ ဖြစ်ပုံရသည်ဟု သူက ဆက်လက် ပြောကြားသည်။ ယင်းသည် အစိုးရက "နိုင်ငံခြားသားများ" ဟုခေါ်သော လူများကို ရွှေ့ပြောင်းအောင် ကြိုးပမ်းအားထုတ်မှုဖြစ်ပြီး မွတ်ဆလင်များသည် ၁၉၆၄ ခုနှစ်မှ စ၍ သူတို့၏ ခရိုင်များတွင် အကျဉ်းသားများသဖွယ် မြို့နယ်တစ်ခုအတွင်းရှိ ရွာများအကြားတွင်ပင် သွားလာခွင့်ကို ခွင့်မပြုပဲ ထားခံကြရသည်ဟု သူက နောက်ထပ်ဆက်ပြောသည်။[127]

---

124 E/CN.4/1997/64; E/CN.4/1999/35; A/HRC/13/48၊ စာပိုဒ် ၆၁-၆၃။

125 A/HRC/65/368၊ စာပိုဒ် ၄၉။ အလားတူ ကိန်းဂဏန်းများအတွက် A/61/369၊ စာပိုဒ် ၄၄ နှင့် A/HRC/4/14၊ စာပိုဒ် ၅၄။

126 E/CN.4/1993/62.

127 မြန်မာအစိုးရက ဘာသာရေးပေါ်တွင် အခြေခံသော ခွဲခြားဆက်ဆံမှု မရှိကြောင်း တုန့်ပြန်ပြီး ယင်းစွပ်စွဲချက်များမှာ "အချို့သော နိုင်ငံကြီးများနှင့် နိုင်ငံခြား သတင်းဌာန အချို့တို့က ပုံဖျက်ဖော်ပြထားခြင်း ဖြစ်ကြောင်း"၊ နှင့် "ထွက်ပြေးသူအများစုမှာ ဆင်းရဲသားများ ဖြစ်ပြီး အခြားတစ်ဖက်ကမ်းတွင် အကူအညီ အစားအစာများနှင့် ပစ္စည်းများ ဖြန့်ဝေနေသည်ဟူသော ဇာတ်လမ်းများ၏ သွေးဆောင်ဖျားယောင်းမှုကြောင့်" ဖြစ်ကြောင်း၊ "အချို့လူများမှာ အကြမ်းဖက် သောင်းကျန်းသူများက သူတို့၏ နေအိမ်များကို မီးရှို့မည်ဟု ခြိမ်းခြောက်ခြင်းကြောင့်"၊ ဟုလည်းကောင်း၊ အကြောင်းရင်းမှာ "တရားမဝင် ရွှေ့ပြောင်းမှု" ဖြစ်ပြီး ယင်းသည်ပင် "၁၉၇၈ ခုနှစ်က ဘင်္ဂလီများကို ထွက်ပြေးစေခဲ့သည့် အကြောင်းရင်းများ" ဖြစ်ပြီး "မြန်မာနိုင်ငံတွင် သမိုင်းကြောင်းအရ၊ နိုင်ငံရေးအရ သို့မဟုတ် တရားဝင်မှုအရ ရိုဟင်ဂျာများ မရှိကြောင်း"၊ တပ်မတော်သည် "နည်းလမ်းမှန်ကန်ပြီး စနစ်တကျ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ကာ ကောင်းမွန်စွာ လေ့ကျင့်သင်ကြားထားပြီး စည်းကမ်းရှိသော တပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားခြင်း"

၁၀၁။ ၁၉၉၃ ခုနှစ်တွင် အထူးကိုယ်စားလှယ် ယိုဇိုယိုဂိုတာကလည်း သူ့သတင်းအချက်အလက်များသည် "ရခိုင်မွတ်ဆလင်များ"ကို ရွေးချယ်ပြီး လူ့အခွင့်အရေးချိုးဖောက်မှုများ လုပ်ခံနေရသောကြောင့် လူပေါင်း ၂၅၀, ၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးအောင် မောင်းထုတ်ခံနေရသည်ကို အခိုင်အမာ ညွှန်ပြနေသည်ဟု ပြောခဲ့သည်။[128] ကုလသမဂ္ဂ အထူးကိုယ်စားလှယ်များ၏ အစဉ်အဆက်သော အစီရင်ခံစာများအားလုံးနီးပါးတွင် ဤကိစ္စကို အလွန်အမင်းစိုးရိမ်ရသော ဆက်လက်ဖြစ်ပေါ်နေသည့် အရင်းအမြစ်များအဖြစ် ဖော်ပြထားသည်။ ထိုအခြေအနေပေါ်တွင် အထူးကိုယ်စားလှယ်အားလုံးက ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေသည် ခွဲခြားဆက်ဆံမှု ရှိနေပြီး မြန်မာနိုင်ငံ လိုက်နာရန် လိုအပ်သည့် နိုင်ငံတကာ ဥပဒေကို ချိုးဖောက်ပြီး အထူးသဖြင့် ရခိုင်ပြည်နယ်မှ မွတ်ဆလင်ပြည်သူများကို နိုင်ငံမဲ့ ဖြစ်စေရန် တွန်းအားပေးသော အခြေအနေများကို ပေါ်ပေါက်စေကြောင်း ဆန်းစစ်ထားသည်။[129]

၁၀၂။ ၂၀၀၇ ခုနှစ်တွင် အထူး ကိုယ်စားလှယ် ဆာဂျီယို ပီနဲရိုးက လူ့အခွင့်အရေးကောင်စီ၏ အထူးလုပ်ထုံးလုပ်နည်း ငါးခုနှင့်အတူ မြန်မာနိုင်ငံ အစိုးရကို "ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ပြန်လည်ဝင်ရောက်လာသူများအပေါ် ခွဲခြားဆက်ဆံသည့် အလေ့အထများ ဖယ်ရှားရန်" အရေးပေါ် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် လူသိရှင်ကြား တောင်းဆိုထားသည်။[130] ၂၀၀၈ ခုနှစ်တွင် အထူးကိုယ်စားလှယ်က ရိုဟင်ဂျာများသည် "စံနစ်တကျ ခွဲခြားဆက်ဆံမှုနှင့် ချိုးဖောက်မှုများကို အထူးသဖြင့် သွားလာလှုပ်ရှားမှုကန့်သတ်ခြင်း၊ ဥပဒေမဲ့ အခွန်ကောက်ခြင်း၊ အဓမ္မလုပ်အား၊ သိမ်းယူခြင်း၊ အဓမ္မ မောင်းထုတ်ခံရခြင်း၊ နှင့် (ရဲတပ်ဖွဲ့များ၏ နှောက်ယှက်မှုနှင့် အကြမ်းဖက်မှုများ။ ချုပ်နှောင်ထားစဉ် သေဆုံးခြင်းနှင့် လိင်အကြမ်းဖက်ခြင်း အပါအဝင်) တရားမဲ့ ဖမ်းဆီးခြင်းများကို ခံကြရသည်" ဟု ကောက်ချက်ချထားသည်။ ထို့အပြင် လူများသည် အဓိကအားဖြင့် ထိန်းချုပ်မှုများ သို့မဟုတ် စစ်ဆေးရေး ဂိတ်များတွင် နှောက်ယှက်စော်ကားခြင်း (အိမ်များ ရှာဖွေခြင်း၊ ပိုင်ဆိုင်မှုများကို သိမ်းယူခြင်း) သို့မဟုတ် ရဲတပ်ဖွဲ့၏ ရိုက်နှက်မှုကို အထူးသဖြင့် ထိန်းချုပ်မှုများ သို့မဟုတ် ဂိတ်များတွင် မကြာခဏပင် ကြုံရသည်။ ရဲတပ်ဖွဲ့အမျိုးမျိုးက အမျိုးသမီးငယ်များနှင့် ကလေးများအား မုဒိန်းကျင့်မှု ကျူးလွန်သော ဖြစ်ရပ်များ ကိုလည်း အစီရင်ခံချက်များရရှိသည်။[131] အထူးကိုယ်စားလှယ် ကွင်တားနားက ၂၀၁၀ တွင် ရခိုင်ပြည်နယ် မြောက်ပိုင်း ခရီးစဉ်အတွင်း သူ၏ လေ့လာဆန်းစစ်ချက်အပေါ်အခြေခံလျက် အလားတူ ပြောဆိုခဲ့သည်။ သူက "ရိုဟင်ဂျာများ ရင်ဆိုင်ရသော စနစ်တကျနှင့် ကပ်ရောဂါကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့် ..... နှင့် ပတ်သက်၍ လွန်စွာ စိုးရိမ်မိသည်" [132]ဟု ပြောထားပြီး နောက်ထပ် ခွဲခြားဆက်ဆံမှုများကို ဖြစ်စေသော ၁၉၉၄ ခုနှစ်မှ စ၍ မွတ်ဆလင်ကလေးများအား မွေးစာရင်းများ ထုတ်ပေးမှုကို မြန်မာအာဏာပိုင်များက ငြင်းပယ်ခဲ့ခြင်းကိုလည်း အထူး

ဖြစ်သည့်အတွက် "တပ်မတော်အပေါ် ရုပ်ပျက်ဆင်းပျက် စွပ်စွဲချက်များမှာ လုံး၀ မှားယွင်းကြောင်း" တုန့်ပြန်ခဲ့သည်။ E/CN.4/1993/62. ကြည့်။

[128] E/CN.4/1993/3၊ စာပိုဒ် ၂၃၅။

[129] Ibid၊ စာပိုဒ် ၂၂၆။ A/62/223၊ စာပိုဒ် ၅၇။ အစောပိုင်းတွင် အထူးကိုယ်စားလှယ်တစ်ဦးက ယင်း ခွဲခြားဆက်ဆံမှုရှိသော ဥပဒေများသည် ရေတိုတွင် လူနည်းစုများနှင့် နိုင်ငံတွင် နေထိုင်သော အခြားသူများ၏ အခွင့်အရေးကို ပြင်းပြင်းထန်ထန် ချိုးဖောက်မှုအား ဖြစ်ပေါ်စေရုံသာမက မြန်မာနိုင်ငံနှင့် မသက်ဆိုင်သည်ဆိုသည့် ခံစားချက်ကိုလည်း ဖြစ်ပေါ်စေမည်ဟု ထောက်ပြခဲ့သည်။ သူက ရေရှည်တွင် လူမျိုးပေါင်းစုံ နှင့် ဘာသာပေါင်းစုံ နေထိုင်သော နိုင်ငံတွင် ပျက်စီးမှုကို ဖြစ်ပေါ်စေနိုင်သော ခွဲထွက်ရေး လှုပ်ရှားမှုများကို အားပေးပြီး ကြီးထွားစေလိမ့်မည်ဟု ခန့်မှန်းချက်ပေးသည်။ (A/52/484၊ စာပိုဒ် ၁၅၁)

[130] A/62/223၊ စာပိုဒ် ၅၅။

[131] A/HRC/7/18၊ စာပိုဒ် ၇၈။

[132] A/HRC/13/48၊ စာပိုဒ် ၈၆။

မှတ်ချက်ပြုထားသည်။[133] သူက "နိုင်ငံမဲ့ ပြဿနာ" ကို "ဤပြည်သူများ ခံစားရသော နာတာရှည် ကပ်ဆိုးကြီး၏ အမြစ်" ဟု သတ်မှတ်ဖော်ပြခဲ့သည်။[134]

၁၀၃။ အရေးကြီးသည်မှာ အထူးကိုယ်စားလှယ်များအားလုံးက ဆယ်စုနှစ် သုံးခုကြာအောင် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မှားယွင်းသော လုပ်ဆောင်မှုများအပေါ် အပြစ်ပေးအရေးယူမှုမှ စနစ်တကျ ကင်းလွတ်ခြင်းသည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ ခံစားနိုင်ရေးအတွက် အရေးကြီးသော အတားအဆီး ဖြစ်ကြောင်းနှင့် မကြာသေးမီက ဖြစ်ပွားခဲ့သော ချိုးဖောက်မှု ပုံသဏ္ဍာန်များကို ဖြစ်ပွားစေကြောင်း အဓိက ထားပြောဆိုခဲ့ကြသည်။[135]

၁၀၄။ ၂၀၁၁ ခုနှစ်မှ စသည့် ကာလအတွင်း ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မှားယွင်းသော လုပ်ဆောင်မှုများအပေါ် စွပ်စွဲချက်များမှာ ဆက်လက်ရှိနေခဲ့ပြီး ဤအစီရင်ခံစာတွင် ယင်းတို့ကို အဓိက အာရုံစိုက်ဖော်ပြထားသည်။

## ၄။ သဂေ်ါတပုံဆောင်သော အခြေအနေ

### (က) ကချင်နှင့် ရှမ်းပြည်နယ်များ

၁၀၅။ မစ်ရှင်က အချက်အလက်စုဆောင်းခြင်း အလုပ်ကို ထူးခြားလက္ခဏာရှိသော အခြေအနေ သုံးရပ်ပေါ်တွင် အာရုံစိုက်ခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် စစ်တပ်၏ရန်လိုတိုက်ခိုက်မှုများ၊ အခြား သော လုပ်ဆောင်မှုများ နှင့် ယင်းတို့ကြောင့် လူ့အခွင့်အရေး သက်ရောက်မှုများ၊ ရခိုင်ပြည်နယ်ရှိ အကြပ်အတည်းအပေါ် ရှုထောင့်အားလုံးမှ အနေအထား နှင့် အခြေခံ လွတ်လပ်ခွင့်များ ကျင့်သုံးမှုအပေါ် ချိုးဖောက်မှုများတို့ဖြစ်သည်။ ယခုနောက်ဆုံးဖေါ်ပြသောအချက်၏ နောက်ခံအနေအထားအတွင်း "အမုန်းစကား" တွင်ကျယ်ပျံ့နှံ့နေမှုကိုလည်း ဆန်းစစ်သည်။

၁၀၆။ ၂၀၁၁ ခုနှစ်မှ စ၍ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဆယ်စုနှစ်များစွာကြာပြီဖြစ်သော တပ်မတော်နှင့် "တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း (EAO) များ" အကြား တိုက်ပွဲများသာမက အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများအကြား တစ်ဖွဲ့နှင့် တစ်ဖွဲ့ တိုက်ပွဲများ ပိုမိုပြင်းထန်လာမှုနှင့်အတူ ပဋိပက္ခသည် အရှိန်မြင့်လာသည်။ ၂၀၁၁ ခုနှစ် ဇွန်လတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) နှင့် တပ်မတော်အကြား ၁၇ နှစ်တာ အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားခဲ့သည်။ ရှမ်းပြည်နယ်တွင် လက်နက်ကိုင် အဖွဲ့အစည်းများ၏ ရှုတ်ထွေးသော ယှက်နွယ်ပါတ်သက်နေမှုများနှင့် နယ်မြေထိန်းချုပ်မှု အလှည့်အပြောင်းများက ပဋိပက္ခများ၏ သွင်ပြင်လက္ခဏာ ဖြစ်နေခဲ့သည်။ မစ်ရှင်သည် ယင်းပဋိပက္ခများ အများအပြား၏ အခြေအနေတွင် ၎င်းတို့၏ ရန်လိုတိုက်ခိုက်မှု အပြုအမူများ၊ အရပ်သားပြည်သူများအပေါ် လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက်မှုများနှင့် နီးနွယ်သော အချက်အလက်များကို စုဆောင်းခဲ့သည်။ ထိုလက်နက်ကိုင် ပဋိပက္ခများ၏ အခြေအနေအောက်၌ ဖြစ်စဉ်အရေအတွက် အများအပြားကို မစ်ရှင်က အတည်ပြုစီစစ်ခဲ့ပြီး အစဉ်တစိုက်ဖြစ်နေသော နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှု ပုံစံများကို အတည်ပြုခဲ့သည်။

---

133 Ibid., para. 88.

134 A/64/318, စာပိုဒ် ၇၂

135 ဥပမာ- အထူးကိုယ်စားလှယ် ဆာဂျီရို ပီနဲရိုး၏ အစီရင်ခံစာများ။ A/61/369 (စာပိုဒ်၊ ၂၇-၃၃ အပါအဝင်)၊ ယင်းတွင် သူက အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်မှု ပြယုတ် အများအပြားကို ဆွေးနွေးထားသည်။ E/CN.4/1999/35၊ စာပိုဒ် ၇၈။ A/62/233၊ စာပိုဒ် ၃၀ တွင်လည်းရှိ။

၁၀၇။ ၁၉၆၁ ခုနှစ်မှစ၍ အချို့သော EAOများနှင့် ငြိမ်းချမ်းရေး သဘောတူညီချက် ရေးထိုးရန် ကြိုးပမ်းမှုများ ရှိသော်လည်း အုပ်စုအများအပြားသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှ ချန်လုပ်ထားခံနေရပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ထိုးထားသော အချို့အဖွဲ့အစည်းများနှင့်ပင် ရန်လိုတိုက်ခိုက်မှုများ ဆက်ရှိနေသည်။ NCA ကို ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၂ ရက်နေ့တွင် EAO ရှစ်ဖွဲ့နှင့် လက်မှတ်ရေးထိုးခဲ့သည်။ လက်မှတ်ရေးထိုးခြင်းမရှိသေးသော အဖွဲ့များတွင် ကချင်လွတ်မြောက်ရေး တပ်မတော် (KIA) ၊ မြန်မာ အမျိုးသားများ ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ တအာန်းအမျိုးသား လွတ်မြောက်ရေး တပ်မတော် (TNLA)[136]၊ နှင့် ရက္ခိုင့်တပ်မတော် (AA) တို့ ပါဝင်သည်။ ကချင်နှင့် ရှမ်းပြည်နယ်များအတွင်း ရန်လိုတိုက်ခိုက်မှုများတွင် လက်ရှိ ပါဝင်နေသော အုပ်စုများအနက် ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (SSA-S)[137] တစ်ဖွဲ့သာလျှင် NCA ကို လက်မှတ်ရေးထိုးထားသော်လည်း ယင်းအဖွဲ့နှင့် တပ်မတော်အကြား တိုက်ပွဲများမှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့်အပြိုင် ဆက်လက် ဖြစ်ပွားနေသည်။ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSA-N) [138] သည် NCA ကိုလက်မှတ်ရေးထိုးရခြင်း မရှိသေးပါ။ NLD အစိုးရသည် "ပြည်ထောင်စု ငြိမ်းချမ်းရေး ညီလာခံ- ၂၁ ရာစု ပင်လုံညီလာခံ" ဟူသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးဆောင်ခဲ့သည်။ အစည်းအဝေးများကို ၂၀၁၆ ခုနှစ် ဩဂုတ်လ၊ ၂၀၁၇ ခုနှစ် မေလနှင့် ၂၀၁၈ခုနှစ် ဇူလိုင်လတို့တွင် ကျင်းပခဲ့သည်။ ပြည်ထောင်စု နိုင်ငံရေး ဆွေးနွေးညှိနှိုင်းရေး ကော်မတီ (FPNCC) သည် လက်ရှိတွင် အင်အားအကောင်းဆုံး EAO တပ်ပေါင်းစု[139] ဖြစ်ပြီး သူတို့နှင့် ဗဟိုအစိုးရနှင့် ညှိနှိုင်းဆွေးနွေးမှုဖြစ်စဉ်များတွင် ၎င်းတို့၏အုပ်စုများကို ညီညွတ်မှုရှိစေရန်ရန် ကြိုးပမ်းခဲ့သည်။ တိုးတက်မှုမှာ နေးကွေးခဲ့သည်။

၁၀၈။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် လှုပ်ရှားလျက်ရှိသော EAO များအားလုံး၏ တစ်ခုတည်းသော တူညီသည့် ရန်ဘက်မှာ တပ်မတော်ဖြစ်သည်။ EAO အများစုတွင် အချင်းချင်းကြား ပူးပေါင်းဆောင်ရွက်မှု လမ်းကြောင်းများ တည်ဆောက်ထားကြသည်။ AA၊ MNDAA၊ KIA နှင့် TNLA တို့မှာ မြောက်ပိုင်း မဟာမိတ်အဖြစ် (အားလုံးသည် FPNCC ၏ အဖွဲ့ဝင်လည်း ဖြစ်သည်) ပူးပေါင်းထားသည်။ တပ်မတော်သည် KIA၊ TNLA၊ SSA-S၊ SSA-N နှင့် MNDAA တို့အနေဖြင့်၎င်း၊ မြောက်ပိုင်းမဟာမိတ်အဖွဲ့များအနေဖြင့်၎င်း တိုက်ခိုက်လျက်ရှိသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ စ၍ SSA-S နှင့် TNLA တို့အချင်းချင်းလည်း နိုင်ငံတကာ မဟုတ်သော လက်နက်ကိုင် ပဋိပက္ခအဆင့်အထိ ပြင်းထန်စွာ တိုက်ခိုက်လျက်ရှိသည်။ ပြည်သူ့စစ်အမျိုးမျိုးအများစုသည်လည်း ပဋိပက္ခတွင် တပ်မတော်နှင့် အတူ ပါဝင်လျက်ရှိသည်။

၁၀၉။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ပြည်သူများတွင် အမျိုးမျိုးသော တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများ ပါဝင်ကြသည်။[140] ထိုလူနည်းစု အများအပြားသည် အခွင့်အရေး ပိုမိုရရှိသော ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် ဗဟိုအစိုးရက ဗမာဗုဒ္ဓဘာသာကို နိုင်ငံရေးအရ နှင့် စီးပွားရေးအရ

---

136 ပလောင်ပြည်နယ် လွတ်မြောက်ရေး တပ်ဦး (PSLF) ၏ လက်နက်ကိုင် တပ်။

137 ရှမ်းပြည် ပြန်လည်ထူထောင်ရေး ကောင်စီ (RCSS) ၏ လက်နက်ကိုင် တပ်။

138 ရှမ်းပြည် တိုးတက်ရေး ပါတီ (SSPP) ၏ လက်နက်ကိုင် တပ်။

139 FPNCC တွင် ရှမ်းနှင့် ကချင်ပြည်နယ်များတွင် လှုပ်ရှားနေသော လက်နက်ကိုင် အဖွဲ့အစည်း ခြောက်ခု အပါအဝင် အဖွဲ့ဝင် ၇ ခုဖြင့် ဖွဲ့စည်းထားသည်။ AA (United League of Arakan) ၊ KIA၊ MNDAA၊ TNLA၊ SSA-N၊ နှင့် ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် United Wa State Army (UWSA).

140 ရှမ်းပြည်နယ်မှ လူများတွင် ရှမ်း၊ ပအိုဝ်၊ အင်းသား၊ လားဟူ၊ လီဆူ၊ တောင်ရိုး၊ တအာန်း၊ အခါ နှင့် ဂျင်းဖော (ကချင်) ၊ ရှမ်းတရုတ် (ဟန်) ၊ ရှမ်းနီ၊ နှင့် ကိုးကန့်တို့ ပါဝင်သည်။ ကချင်ပြည်နယ်မှ လူများတွင် ဂျင်းဖော၊ ရှမ်း၊ ရဝမ်၊ လီဆူ၊ ဇိုင်ဝါး၊ လဝေါ်၊ လချိတ်၊ ရခိုင်နှင့် ဗမာတို့ ပါဝင်သည်။ တိုင်းရင်းသား လူနည်းစု အများအပြားတွင် သူတို့လူမျိုးများအကြား ခရစ္စယာန် အရေအတွက် တစ်စုံတစ်ရာ ရှိကြသည်။ အချို့အုပ်စုများမှာ ခရစ်ယာန် အများစုဖြစ်သည်။

အခွင့်အရေး ပိုပေးထားသည်ဟု သူတို့၏ယူဆမှုအပေါ် ဆယ်စုနှစ်ပေါင်းများစွာ ဆန့်ကျင်လှုပ်ရှားခဲ့ကြသည်။ အရပ်သားပြည်သူများကို တိုက်ရိုက်သက်ရောက်မှု ရှိစေခဲ့သော တပ်မတော်၏ သမိုင်းဝင်သောင်းကျန်းသူ နှိမ်နင်းရေးနည်းနာများက ထိုနစ်နာခံစားရမှုများကို ပိုမို ဆိုးရွားစေခဲ့သည်။ တပ်မတော်က မကြာခဏနှင့် စနစ်တကျဆိုသလို အရပ်သားပြည်သူများကို ရည်မှန်းချက်ရှိစွာ ပစ်မှတ်ထားခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်အနေဖြင့် တိုင်းရင်းသား အုပ်စုတစ်ခုမှ အရပ်သားများအားလုံးသည် ထိုသက်ဆိုင်ရာအုပ်စု၏ EAO အဖွဲ့ အဖွဲ့ဝင်များဖြစ်သည်ဟု သတ်မှတ်ထားသောကြောင့် သို့မဟုတ် တပ်မတော်အနေဖြင့် ထိုEAO အဖွဲ့၏တိုက်ခိုက်မှုကို လက်စားချေလိုခြင်းကြောင့် ဖြစ်သည်။ ရွာသားများအား ဖယ်ရှားရှင်းလင်းခံရပြီး မြေများလည်း မီးရှို့ခံရသည်။

၁၁၀။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များမှ ပဋိပက္ခများအား သဘာဝ သယံဇာတများ အမြတ်ထုတ်ခြင်း၊ မြေယာအသုံးပြုခြင်းနှင့် အဓိက အခြေခံ အဆောက်အဦး စီမံကိန်းများ နှင့် မူးယစ်ဆေးဝါးကူးသန်းရောင်းဝယ်ခြင်းတို့က ပိုမို ဆိုးရွားစေသည်။ အမှန်တကယ်တွင် ဒေသကို မူးယစ်ဆေးကုန်သွယ်မှုက "သိမ်းထား"ပြီး ဖြစ်ပြီး သာမာန်ပြည်သူများအတွက် စီးပွားရေး အခွင့်အလမ်း အနည်းငယ်သာ ကျန်ရှိသည်ဟု မစ်ရှင်အား အင်တာဗျူး ဖြေဆိုသူ အများအပြားက ပြောဆိုကြသည်။ "သူတို့အတွက် မူးယစ်ဆေး အရောင်းအဝယ် လုပ်ချင်လုပ် ဒါမှမဟုတ် လက်နက်ကိုင် အဖွဲ့တွေထဲဝင်ပြီး စစ်တိုက် တစ်ခုခုကို ရွေးရတယ်။"[141] ပဋိပက္ခများတွင် ပါဝင်သော အဖွဲ့အစည်းအများစုသည် တရားမဝင် စီးပွားရေး လုပ်ငန်းများတွင် ပါဝင်သောကြောင့် မလုံခြုံမှုကို ဖြစ်စေပြီး ယင်းလုပ်ငန်းများ လုပ်ကိုင်ရန်အတွက် အရပ်သားများ၏ မြေယာများကို သိမ်းယူခြင်းအပါအဝင် လူ့အခွင့်အရေး အခြေအနေအပေါ် သက်ရောက်မှု ဖြစ်စေသည်။[142]

၁၁၁။ အစီရင်ခံလာသော ချိုးဖောက်မှု အများအပြားသည် သဘာဝ သယံဇာတများ အမြတ်ထုတ်မှု အခြေအနေအတွင်း သို့မဟုတ် အများအားဖြင့် လက်နက်ကိုင် ပဋိပက္ခတွင် ပါဝင်သည့် အဖွဲ့အစည်းများ၏ ဖွံ့ဖြိုးရေး စီမံကိန်းများအတွင်း ကျူးလွန်ကြသည်။ အဓိကအားဖြင့် တပ်မတော် ဖြစ်သည်။[143] ဥပမာ- ကျွမ်းကျင်သူမျက်မြင်သက်သေတစ်ဦးက ကချင်ပြည်နယ်တွင် တိုက်ပွဲဖြစ်ပွားသည့်နေရာများမှာ အမျိုးသားအဝေးပြေးလမ်းမကြီး ဖွံ့ဖြိုးရေးနောက်တွင် တွဲပါလာကြောင်း ပြောပြသည်။[144] အခြား အင်တာဗျူးဖြေဆိုသူများက တပ်မတော်က သူတို့ကို ပစ်မှတ်ထားခြင်းသည် သူတို့က တရားမဝင် သစ်ထုတ်လုပ်မှုများကို မျက်မြင်သက်သေ ဖြစ်ခြင်းကြောင့်[145] သို့မဟုတ် သူတို့ နှိပ်စက်ညှင်းပမ်းခံရခြင်းသည် တပ်မတော်က KIA ထိန်းချုပ်ထားသော ပယင်းထုတ်လုပ်မှု နယ်မြေများအကြောင်း သတင်းအချက်အလက် ရယူလိုသောကြောင့် ဖြစ်သည်ဟု ပြောပြကြသည်။[146] ၂၀၁၇ ခုနှစ် နှင့် ၂၀၁၈ ခုနှစ်အတွင်း ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း ရန်လိုတိုက်ခိုက်မှုကို ခံကြရသော ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများက တပ်မတော်စစ်ဆင်ရေး၏ တစ်စုံလုံးရည်မှန်းချက်မှာ "ပယင်းနှင့် တွင်းထွက်သယံဇာတများကို သူတို့၏ထိန်းချုပ်မှုအောက်သို့ရောက်အောင် သိမ်းယူခြင်းဖြင့် KIA ၏ စီးပွားရေးကို ဖျက်ဆီးရန် ဖြစ်သည်။" ဟု ပြောကြသည်။[147]

---

141 PI-031, QM-014

142 PI-022, QI-089, SI-003

143 PI-013, PI-022, PI-026, PI-032, PI-039, PI-048, PI-054, PI-061, PI-077, PI-103, QI-080

144 QM-018.

145 PI-039, PI-048

146 PI-054; ဤအပိုင်း အခန်း က-၈၊ ထူးခြားလက္ခဏာရှိသော အဖြစ်အပျက်များ (တနိုင်း) တွင်ကြည့်။

147 PI-043, PI-049, PI-054; ဤအပိုင်း အခန်း က-၈၊ ထူးခြားလက္ခဏာရှိသော အဖြစ်အပျက်များ (တနိုင်း) တွင်ကြည့်။

၁၁၂။ မြန်မာနိုင်ငံမြောက်ပိုင်း တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအပေါ် ချိုးဖောက်မှုများကို တိုင်းရင်းသားနှင့် ဘာသာရေး အခြေခံများပေါ်တွင် ပြင်းထန်သော ခွဲခြားဆက်ဆံမှု အခြေအနေဘောင်အတွင်း ကျူးလွန်ကြပြီး မကြာခဏအားဖြင့် ဖိနှိပ်လိုသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။ ဥပမာအားဖြင့် စစ်တပ် စစ်ဆင်ရေးများအတွင်း ဘုရားကျောင်းများနှင့် ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်များကို ဖျက်ဆီးခြင်းနှင့် လုယူခြင်း (နှင့် တစ်ခါတစ်ရံတွင် ဗုဒ္ဓဘာသာ ဘုရားများတည်ခြင်း)[148] တို့ကို လုပ်ဆောင်သည်သာမက တိုင်းရင်းသားနှင့် ဘာသာရေး အရောင်ဆိုးမှုများကို အသုံးပြုပြီး ကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို လုပ်ဆောင်ကာ[149] လူများကို နိမ့်ကျသူများ သို့မဟုတ် "လူ့အောက်ကျသူများ" အဖြစ်ပင် ဆက်ဆံခြင်းများ ရှိသည်။[150] ဥပမာ- ကျူးလွန်ခံရသူတစ်ဦးက "တပ်မတော်စစ်သားတွေက ကျွန်တော်တို့ကို လူလိုမဆက်ဆံဘူး၊ သူတို့က တိရိစ္ဆာန်တွေလို ဆက်ဆံတယ်။ သူတို့က ကျွန်တော်တို့ကို ရှိတယ်လို့တောင် မထင်ဘူး။ နာမည်က ကချင်ပြည်နယ်ဆိုပေမယ့် သူတို့က ကချင်တွေ အဲဒီမှာ နေပြီး တည်ရှိတယ်လို့ မထင်ဘူး။ " ဟု ပြောသည်။[151] နောက်ထပ် ကျူးလွန်ခံရသူတစ်ဦးက "မင်းတို့ ကချင်လူမျိုးတွေက ငါတို့ လီးလိုပဲ" ဟု စစ်သားများက ပြောကြောင်း ပြောပြသည်။[152] အင်တာဗျူး ဖြေဆိုသူအများအပြားက ပညာရေး စနစ်တွင်လည်း ခွဲခြားဆက်ဆံသည့် အတွေ့အကြုံများ ရှိသည်ဟု ပြောကြသည်။ အစိုးရထိန်းချုပ်နယ်မြေများရှိ ပညာရေးကို မြန်မာဘာသာဖြင့် သင်ပေးပြီး သူတို့ "သိပ်နားမလည်ဘူး" ဟုပြောကြသည်။[153] သို့မဟုတ် ဆရာဆရာမများက သူတို့၏ ဘာသာစကားကို မပြောတတ်သော်ကြောင့် ပညာရေးဆိုင်ရာ သင်ရိုးညွှန်းတမ်းများကို အပြည့်အဝ မပါဝင်နိုင်ပဲ ရှိသည်ဟု ပြောကြသည်။[154] လူ့အခွင့်အရေး ချိုးဖောက်မှုများအောက်တွင် မစ်ရှင်ကဖော်ထုတ်ထားခဲ့သော လူမျိုးရေး သို့မဟုတ် ဘာသာရေး အခြေခံပေါ်တွင် စနစ်တကျ ခွဲခြားဆက်ဆံခြင်းများကို ဆက်လက်စုံစမ်းစစ်ဆေးရန် လိုအပ်နေပါသည်။

၁၁၃။ မစ်ရှင်က ကချင်နှင့် ရှမ်းပြည်နယ်များရှိ ယင်း၏ လုပ်ငန်းများကို အာရုံစိုက်နေစဉ်မှာပင် အခြားဒေသများဖြစ်သော ကယား သို့မဟုတ် ကရင်ပြည်နယ်တို့မှ အချက်အလက်များကိုလည်း ရရှိသည်။ ဥပမာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်နေ့တွင် ကရင်နီ အမျိုးသား တိုးတက်ရေး ပါတီ (KNPP)/ကရင်နီ တပ်မတော် အဖွဲ့ဝင် သုံးဦးနှင့် အရပ်သား တစ်ဦးတို့ကို ကယားပြည်နယ်ရှိ KNPP ဂိတ်တစ်ခုတွင် တပ်မတော်စစ်သားများက သတ်ဖြတ်ခဲ့ကြောင်း မစ်ရှင်က အတည်ပြုနိုင်ခဲ့သည်။[155] တပ်မတော်စစ်သားများက ဂိတ်တွင် ထိုသူများကို ထိန်းသိမ်းလိုက်ပြီး ထိုနေရာတွင်ပင် သတ်ပစ်ခဲ့သည်။ KNPP အဖွဲ့ဝင်တစ်ဦးက ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ယခုအခါ တိမ်းရှောင်နေသည်။ ကျူးလွန်ခံရသူများသည် တပ်မတော်က တရားမဝင်သစ်များ တင်ပို့နေသည်ကို စောင့်ကြည့်ခဲ့သောကြောင့် ဥပဒေမဲ့ သတ်ဖြတ်ခံရခြင်းဖြစ်သည်ဟု ကောက်ချက်ချရန် မစ်ရှင်တွင် ကျိုးကြောင်းခိုင်လုံသော အခြေခံများရှိသည်။ တပ်မတော် တပ်ဖွဲ့များ တည်ရှိမှုနှင့် နယ်မြေအတွင်း တပ်တိုးချဲ့မှုများကြောင့်

148 PI-032, PI-049, PI-104, SI-003.
149 DI-063, DI-064, DI-066, PI-003, PI-007, PI-004, PI-026, PI-069, QI-090, QI-096.
150 PI-087, QI-094, PI-031, DI-061.
151 QI-094.
152 PI-028.
153 DI-040, PI-040
154 DI-040, PI-024
155 K-135, PI-039, PI-048

နောက်ဆက်တွဲအဖြစ်ဖြစ်ပေါ်သော ကယား၊ ကရင်ပြည်နယ်များနှင့် အခြားဒေသများရှိ လူ့အခွင့်အရေးအခြေအနေများကိုလည်း သီးသန့်စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သင့်သည်။

၁၁၄။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ပဋိပက္ခများ ဆက်လက်ဖြစ်ပွားနေပြီး လုံခြုံမှုမရှိသော အခြေအနေသည် ဤအခန်းတွင် ဖော်ပြထားသော ချိုးဖောက်မှုများနှင့် မဟုန်မကန်လုပ်ဆောင်မှုများ ဆက်လက်ဖြစ်ပွားနေခြင်းနှင့် ခိုင်လုံသည့် ကျိုးကြောင်းဆက်စပ်မှုများ ရှိနေသည်ဟု ကောက်ချက်ချနိုင်ပြီး စောင့်ကြည့်မှုနှင့် စုံစမ်းစစ်ဆေးမှုများကို နောက်ထပ် ဆက်လက်လုပ်ဆောင်သင့်သည်။

**က.က။ မြန်မာတပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သော ချိုးဖောက်မှုပုံစံနည်းလမ်းများ။**

**(၁) အရပ်သားများ၏ အသက်နှင့်ပိုင်ဆိုင်မှုများကို ဂရုမထားဘဲ ပြောင်ကျဆိုးသွမ်းစွာ ရန်လိုပြုမူချက်**

၁၁၅။ ၂၀၁၁ ခုနှစ်မှစ၍ ကချင်နှင့် ရှမ်းပြည်နယ်များတွင် တပ်မတော်နှင့် ပူးတွဲပါဝင်သည့် လုံခြုံရေး တပ်ဖွဲ့ဝင်များက သူတို့၏စစ်ဆင်ရေးများတွင် နိုင်ငံတကာဥပဒေကို ပြင်းထန်စွာ ချိုးဖောက်သောရလာဒ်များ ဖြစ်စေသည့် မူဝါဒများ၊ နည်းဗျူဟာများနှင့် ဆောင်ရွက်ပြုမူပုံများအကြောင်း အာရုံစိုက်မှုကိုရစေသည့် အစီရင်ခံချက်များ အများအပြားရရှိခဲ့သည်။ ယင်းအစီရင်ခံချက်များက အရပ်သားများအပေါ် စစ်တပ် စစ်ဆင်ရေးများ၏ ဆိုးရွားသောသက်ရောက်မှုကို ငြင်းချက်ထုတ်ဖွယ်မရှိအောင် ညွှန်ပြနေသည်။ မြန်မာစစ်တပ်က အရပ်သားများ၊ အရပ်သား သို့မဟုတ် အကာအကွယ်ပေးရမည့် အရာများအား ရည်ရွယ်သော တိုက်ခိုက်မှု ပုံစံမျိုးသာမက ဦးတည်ရာမဲ့ လက်လွတ်စပယ်တိုက်ခိုက်မှုများကိုပါ မစ်ရှင်က အတည်ပြုနိုင်ခဲ့သည်။ ယင်းတို့ကို အရပ်သားများနေထိုင်သည့် လူနေဧရိယာများတွင် မကြာခဏပင် လုပ်ဆောင်လေ့ရှိပြီး ဤနည်းဗျူဟာများ အသုံးပြုရသည့် ခိုင်လုံသော အကြောင်းပြချက် ရှိမနေပဲ အသက်များ၊ ဥစ္စာပစ္စည်းများနှင့် အရပ်သား ပြည်သူများ၏ စားဝတ်နေရေးတို့ကိုလည်း သိသာထင်ရှားစွာပင် အလေးထားခြင်း မရှိပေ။ တိုက်ခိုက်မှုများက အရပ်သားများ သေဆုံး ဏ်ရာရမှုများကို ဖြစ်စေသည်။ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည့် လုယက်မှုများ သာမက အိမ်များနှင့် ဥစ္စာပစ္စည်းများကို ဖျက်ဆီးခြင်း၊ မီးရှို့ခြင်းများသည် မကြာခဏဆိုသလို စစ်တပ်စစ်ဆင်ရေးနှင့်အတူ ယှဉ်တွဲဖြစ်ပေါ်လျက်ရှိသည်။ ဤသည်မှာ အခြေခံနိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ၏ အခြေခံမှုများဖြစ်သည့် ခွဲခြားမှုနှင့် ကြိုတင်သတိထားဆောင်ရွက်ရမှုတို့ကို အသုံးပြုလိုက်နာရန် စံနစ်တကျ ပျက်ကွက်နေသည့် စစ်တပ်တခု၏ ပုံရိပ်အဖြစ် ပေါ်ထွက်လာစေပြီး အခြေခံလူ့အခွင့်အရေးများအပေါ်တွင်လည်း လုံးဝ မလေးစားမှုကို ပြသနေသည်။ ဤသုံးသပ်ချက်လုပ်ဆောင်စဉ် ကာလတလျောက်လုံးအတွင်း ယင်းလုပ်ထုံးလုပ်နည်းများကို ပဋိပက္ခသက်ရောက်မှု နယ်မြေအများစု အထူးသဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ ထိန်းချုပ်ထားသော နယ်မြေအတွင်းနှင့် ဘေးပါတ်ဝန်းကျင်တွင် အများဆုံးတွေ့ရသည်။

၁၁၆။ မြန်မာအာဏာပိုင်များ၏ ပူးပေါင်းဆောင်ရွက်မှု မရှိခြင်းကြောင့် မစ်ရှင်က ဖြစ်ပွားရာနေရာများသို့ သွားရောက်နိုင်ခြင်း သို့မဟုတ် အဖြစ်အပျက်များအပေါ် တပ်မတော်ဘက်က အမြင်များကို နားထောင်နိုင်ခြင်း မရှိခဲ့ပါ။ စစ်တပ်စစ်ဆင်ရေးများနှင့် သူတို့၏ ပိုမိုကျယ်ပြန့်သော နောက်ကြောင်းအခြေအနေကို ဒေသအတွင်းတွင် လက်တွေ့ကောက်ယူရန်

လိုလားခဲ့ပါသော်လည်း မစ်ရှင်အနေဖြင့် လုံလောက်ပြည့်စုံသော၊ အစဉ်တစ်စိုက်ဖြစ်သောနှင့် ယုံကြည်စိတ်ချလောက်သော အချက်အလက်များကို စုဆောင်းနိုင်ပြီး ခိုင်လုံသော တွေ့ရှိချက်များကို ဖော်ဆောင်နိုင်ခဲ့သည်။

### (၁) က။ ဥပဒေ မူဘောင်

၁၁၇။ လက်နက်ကိုင် ပဋိပက္ခအတွင်း နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေသည် နိုင်ငံတကာ လူ့အခွင့်အရေးများဥပဒေနှင့်အတူ သက်ရောက်သည်။ နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ လက်နက်ကိုင်ပဋိပက္ခကြောင့် ကျူးလွန်ခံရသူများကို ကာကွယ်ရန်နှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် လူသားချင်းစာနာမှုဆိုင်ရာ နောက်ဆက်တွဲ သက်ရောက်မှုများကို ကန့်သတ်ရန်အတွက် ရန်လိုတိုက်ခိုက်မှုများကို ထိန်းချုပ်ရန်ဖြစ်သည်။[156] ပဋိပက္ခတွင်ပါဝင်သော အဖွဲ့အစည်းများ၏ စစ်ရေးနည်းနာနှင့် နည်းဗျူဟာများသည် ရန်လိုတိုက်ခိုက်မှုများတွင် တိုက်ရိုက်ပါဝင်ခြင်းမရှိသော သို့မဟုတ် မပါဝင်တော့သောလူများကို ကာကွယ်ရန်နှင့် လူသားဆန်သော ဆက်ဆံမှုကို အာမခံရန်အတွက် လုပ်ဆောင်သော အကောင်အထည်ဖော်သော ဆောင်ရွက်မှုများဖြစ်လာစေရန် ၎င်းက ကန့်သတ်ပေးသည်။ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ၏ အခြေခံအုတ်မြစ်မှာ ထင်ရှားစွာခြားနားခွဲထားမှု ဥပဒေသ ဖြစ်သည်။ ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများသည် အချိန်တိုင်းတွင် အရပ်သားများနှင့် တိုက်ခိုက်ရေး သမားများ (တိုက်ပွဲဝင်သူများ) နှင့် အရပ်ဖက် အရာဝတ္ထုများနှင့် စစ်ရေး ရည်မှန်းချက်များကို ခွဲခြားထားပေးရမည်။[157] သို့ဖြစ်ရာ တိုက်ခိုက်မှုများသည် တိုက်ခိုက်ရေးသမားများကိုသာ ရည်ရွယ်မည်ဖြစ်ပြီး မည်သည့်အခါမျှ အရပ်သားများကို မရည်ရွယ်ရပါ။ ထင်ရှားစွာခြားနားခွဲထားမှုဥပဒေသများ၏ နောက်ဆက်တွဲစဉ်းစားချက်မှာ ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများသည် မတော်တဆ သေဆုံးမှု၊ ဒဏ်ရာရမှု ကို မည်သည့် ဖြစ်ရပ်တွင်မဆို ရှောင်ကျဉ်ရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် နှင့် လူများသို့မဟုတ် အရာဝတ္ထုများအား တိုက်ရိုက်တိုက်ခိုက်ခြင်းတို့မှ ကာကွယ်ရန် တာဝန်ဖြစ်သည်။ ယင်းမှာ ကြိုတင်သတိထားရှိခြင်း၏ ဥပဒေသဖြစ်သည်။ ရန်လိုတိုက်ခိုက်မှုများတွင် "အရပ်သားပြည်သူများ၊ အရပ်သားများနှင့် အရပ်ဖက်ဆိုင်ရာ အရာဝတ္ထုများကို ရှောင်ရှားရန် အစဉ်တစိုက် ဂရုပြုမှုကို လုပ်ဆောင်ရမည်။"[158] ယင်းလိုအပ်ချက်သည် တိုက်ခိုက်သော အဖွဲ့အစည်းနှင့် အတိုက်ခိုက်ခံရသော အဖွဲ့အစည်း နှစ်ခုလုံးနှင့် သက်ဆိုင်သည်။[159] နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ၏ တတိယ အရေးကြီးသောဥပဒေသမှာ သင့်တော်သောပမာဏအတိုင်းအတာအလျောက်သာဖြစ်စေမှု ဥပဒေသဖြစ်သည်။ ဆိုလိုသည်မှာ စစ်ရေးအရ တိုက်ရိုက်လုပ်ဆောင်မှုမှရမည့် အကျိုးအမြတ်နှင့် နှိုင်းစာလျှင် အလွန်အကျွံဖြစ်သော အရပ်သား သေဆုံးမှု၊ အရပ်သားများအား ထိခိုက်ဒဏ်ရာရစေမှု၊ အရပ်သား ပိုင်ဆိုင်မှုများ ပျက်စီးမှု သို့မဟုတ် ယင်းတို့ ပူးပေါင်းပေါ်ပေါက်စေမှုတို့ကို ဖြစ်စေနိုင်ရန် မျှော်လင့်ရသော တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်းမှ တားမြစ်ထားသည်။[160]

---

156 N. Melzer, နိုင်ငံကကာလူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ - *ပြည့်စုံသော ကြိုတင်မိတ်ဆက်ပေးမှုတခု* (ICRC, Geneva, 2016), p. 17.

157 ICRC/Customary IHL, rules 1 and 7.

158 ICRC/Customary IHL, rule 15.

159 ICRC/Customary IHL, rules 15 and 22.

160 ICRC/Customary IHL, rule 14.

၁၁၈။ အထက်တွင် ဖော်ပြထားသည့် အတိုင်းပင် အရပ်သားများအား တိုက်ရိုက်တိုက်ခိုက်မှုများကို လုံး၀ တားမြစ်ထားပြီး ယင်းတို့သည် အရပ်သား ပြည်သူများအကြား ကြောက်ရွံ့မှုကို ပြန့်ပွားစေရန် အဓိက ရည်ရွယ်ချက်ဖြင့်လုပ်ဆောင်သည့် အပြုအမူ သို့မဟုတ် အကြမ်းဖက် ခြိမ်းခြောက်မှု များဖြစ်သည်။[161] တိကျသော ရည်မှန်းချက်မရှိပဲ တိုက်ခိုက်မှုများကိုလည်း တားမြစ်ထားသည်။ ယင်းတိုက်ခိုက်မှု သဘောသဘာ၀များသည် စစ်ဖက် ရည်မှန်းချက်များနှင့် အရပ်သားများ သို့မဟုတ် အရပ်သား ပိုင်ဆိုင်မှုပစ္စည်းများကို ခွဲခြားမှု မရှိပဲ ပြုလုပ်ခြင်းဖြစ်သည်။ အဘယ်ကြောင့် ဆိုသော် (၁) ယင်းတို့သည် သတ်သတ်မှတ်မှတ် စစ်ရေးပစ်မှတ်ကို ဦးတည်မှုမရှိခြင်း၊ (၂) သတ်သတ်မှတ်မှတ် စစ်ရေးရည်မှန်းချက်ကို ဦးတည်နိုင်ခြင်းမရှိသော တိုက်ခိုက်ရေးနည်းဗျူဟာ သို့မဟုတ် နည်းနာများကို အသုံးပြုခြင်း၊ သို့မဟုတ် (၃) သူတို့သည် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေက လိုအပ်သော ကန့်သတ်မှုကို မလုပ်နိုင်သည့် တိုက်ခိုက်ရေး နည်းဗျူဟာ သို့မဟုတ် နည်းနာများကို သုံးစွဲခြင်းများ ဖြစ်သည်။[162]

၁၁၉။ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ၏ အသက်သွေးကြောစည်းမျဉ်းများကို ချိုးဖောက်ခြင်းများသည် စစ်ရာဇ၀တ်မှုကို ချိုးဖောက်မှု ဖြစ်နိုင်သည်။ ဥပမာအားဖြင့် ရန်လိုတိုက်ခိုက်မှုများတွင် မပါ၀င်သော အရပ်သားပြည်သူများ သို့မဟုတ် အရပ်သား လူပုဂ္ဂိုလ်များကို ပစ်မှတ်ထားတိုက်ခိုက်ခြင်းသည် စစ်ရာဇ၀တ်မှု ဖြစ်သည်။ ဥပမာအားဖြင့် အရပ်သားအရာ၀တ္ထုများကို တိုက်ခိုက်မှု၏ ပစ်မှတ်ဖြစ်စေခြင်း၊ အရပ်သားများ သေဆုံး ဒဏ်ရာရမှုများ ဖြစ်စေသည့် ခွဲခြားသတ်မှတ်မှုမရှိသော တိုက်ခိုက်မှုများ လုပ်ဆောင်ခြင်း၊ သို့မဟုတ် အရပ်သားဆုံးရှုံးမှု၊ ဒဏ်ရာရမှု သို့မဟုတ် ထိခိုက်ပျက်စီးမှု ဖြစ်စေနိုင်သည့် အလွန်အကျွံဖြစ်ရပ်များ ဖြစ်မည်ကို သိလျက်နှင့် တိုက်ခိုက်ခြင်း၊ စစ်ရေးလိုအပ်ချက်မဟုတ်သော အခြားအဖွဲ့အစည်း၏ ဥစ္စာပစ္စည်းများကို သိမ်းဆည်းခြင်း သို့မဟုတ် လုယက်ခြင်း အစရှိသည်တို့ သည် စစ်ရာဇ၀တ်မှု ဖြစ်သည်။[163]

**(၁) ခ။ တွေ့ရှိချက်များ**

၁၂၀။ စုဆောင်းရရှိသော အချက်အလက်များနှင့် ပစ္စည်းများအပေါ် မူတည်၍ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ပဋိပက္ခနှင့် ဆက်စပ်လျက် တပ်မတော်စစ်ဆင်ရေးပုံစံများသည် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ၏ အခြေခံမှုများကို ချိုးဖောက်မှု ရှိနေကြောင်း ကောက်ချက်ချသည်။ အဓိကကျသော အချက်အလက်အခြေပြု အောက်ပါဖြစ်ပွားမှုပုံစံများကို တည်ဆောက်ထားနိုင်ခဲ့သည်။

*အရပ်သားပြည်သူလူထု သို့မဟုတ် အရပ်သားများအား ဦးတည်တိုက်ခိုက်ခြင်းနှင့် ခွဲခြားသတ်မှတ်မှု မရှိသည့် တိုက်ခိုက်ခြင်းများ။*

၁၂၁။ တပ်မတော်သည် ရည်ရွယ်ချက်ရှိစွာ မကြာခဏ နှင့် စနစ်တကျ အရပ်သားပြည်သူလူထု သို့မဟုတ် အရပ်သား လူပုဂ္ဂိုလ်များကို ဦးတည်တိုက်ခိုက်သည်။ တပ်မတော်သည် ခွဲခြားသတ်မှတ်မှုမရှိသော တိုက်ခိုက်မှုများကိုလည်း စနစ်တကျ လုပ်ဆောင်သည်။ ယင်းမှာ သူတို့သည် သတ်မှတ်ထားသော စစ်ရေးပစ်မှတ်များကို ဦးတည်တိုက်ခိုက်ခြင်းမဟုတ်ပဲ သို့မဟုတ် သူတို့သည် သတ်သတ်မှတ်မှတ် စစ်ရေးပစ်မှတ်တစ်ခုကို ဦးတည်တိုက်ခိုက်ခြင်း မရှိသော နည်းဗျူဟာ သို့မဟုတ် နည်းနာများကို အသုံးပြုခြင်းများကြောင့် ဖြစ်သည်။

---

[161] ICRC/Customary IHL, rules 1 and 2.

[162] ICRC/Customary IHL, rule 12.

[163] ICC သဘောတူစာချုပ်၊ ပုဒ်မ ၈ တွင်ကြည့်။

၁၂၂။ ဥပမာအားဖြင့် ပုံမှန်နှင့် စနစ်တကျ ဖြစ်ပျက်မှုတစ်ခုမှာ ကချင်နှင့် ရှမ်းပြည်နယ်များရှိ ရွာများမှဒေသခံများသည် စစ်တပ်၏ရန်သူဖြစ်သော "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း" နှင့် တိုင်းရင်းသားအုပ်စုတူသောကြောင့်ဟူသော အကြောင်းပြချက် တစ်ခုတည်းဖြင့် တိုက်ခိုက်ခံရလျက်ရှိသည်။ သူတို့၏ တိုင်းရင်းသားဖြစ်မှုကြောင့် တစ်ခုထဲဖြင့် ထိုသူများကို ထိုအဖွဲ့အစည်း၏ အဖွဲ့ဝင် သို့မဟုတ် ထောက်ခံသူများဟု သတ်မှတ်လိုက်ခြင်းဖြစ်သည်။ ထိုအဖွဲ့အစည်းများက တပ်မတော်ကို တိုက်ခိုက်သည့် အခါများတွင်လည်း ရွာသားများအား လက်တုန့်ပြန်တိုက်ခိုက်ခြင်းကိုခံရသည်။[164] ဤပုံစံကို ပဋိပက္ခသက်ရောက်မှုနယ်မြေများရှိ ကျေးရွာများနှင့် မြို့များတလျောက် တွေ့ရသည်။ တပ်မတော်စစ်သားများသည် ကျေးရွာများသို့ ဝင်လာပြီး အရပ်သားများ၏ နေအိမ်များသို့ သွားသည် သို့မဟုတ် လူများကို ရွာလည်တွင် စုခိုင်းပြီး (မကြာခဏပင် ရွာအုပ်ချုပ်ရေးမှူးအပါအဝင် ဖြစ်သည်) လက်နက်ကိုင် အဖွဲ့အစည်းများနှင့် သူတို့ မည်သို့ ပတ်သက်သည် သို့မဟုတ် ထိုတိုက်ခိုက်ရေးသမားများ ဘယ်နေရာတွင်ရှိသည် သို့မဟုတ် ထိုအုပ်စုများနှင့် ပတ်သက်သည့် အခြားအချက်အလက်များကို မေးမြန်းလေ့ရှိသည်။[165] ရွာသားများက ဖြေဆိုခြင်းမရှိပါက ရိုက်နှက် နှင့်/သို့ ကြိုးတုတ် နှင့် သို့မဟုတ်ပါက မလျော်မကန် သို့မဟုတ် နှိပ်စက်ညှင်းပန်းခြင်းကို ခံရသည်။[166] ဥပမာ- မျက်မြင်သက်သေတစ်ဦးက ၂၀၁၂ ခုနှစ်က တပ်မတော်စစ်သားများ ရှမ်းပြည်နယ် မိုင်းကောင်မြို့နယ်ရှိ နိမ်အောင် ခေါ် သူမတို့ရွာသို့ ဝင်လာသည့်ဖြစ်ပျက်မှုကို အောက်ပါအတိုင်း ပြန်ပြောပြသည်။

*တပ်မတော်က ရှမ်းလက်နက်ကိုင်တပ်ဖွဲ့တွေရဲ့ သတင်းအချက်အလက်တွေကို အမြဲတမ်းစုဆောင်းချင်တယ်။ ရွာသားတွေမှာ ဘာအချက်အလက်မှ မရှိရင် စစ်သားတွေက လူတွေကို ကြိုးတုတ်ပြီး ခြိမ်းခြောက်တယ်။ သူတို့ ကျွန်မတို့ အိမ်တွေကို လာတဲ့အခါ တပ်မတော်စစ်သားတွေက "ရှမ်းစစ်တပ်အကြောင်း မင်းတို့ ဘာသိသလဲ။ မင်းတို့ မဖြေဘူးဆိုရင် ငါတို့မင်းတို့ကို သတ်ပစ်မယ်" လို့ မေးတယ်။ အဲလိုမျိုး အိမ်နီးချင်းတွေမှာ ဖြစ်တယ် ကျမ မြင်ခဲ့တယ်။ စစ်သားတွေက ကျမအိမ်နီးချင်းတွေကို ကြိုးနဲ့ ရိုက်တယ်။ နောက်တော့ သေနတ်နဲ့ ချိန်ထားပြီး သူတို့ကို ကြိုးနဲ့ တုတ်တယ်။*[167]

၁၂၃။ ရရှိလာသော ပြောဆိုချက်အများအပြားက တပ်မတော်သည် အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများ အခြေပြုရာ သို့မဟုတ် လှုပ်ရှားရာနေရာများကို အသေအချာ သို့မဟုတ် အတိအကျ ပစ်မှတ်ထားခြင်းမဟုတ်ပဲ ရွာသားများအပေါ် တိုက်ခိုက်မှုများ လုပ်ခြင်းမှာ ဒေသခံများသည် တိုက်ခိုက်ရေးသမားများနှင့် တိုင်းရင်းသားနောက်ခံ တူညီနေသောကြောင့် သို့မဟုတ် ရွာများသည် လက်နက်ကိုင်အုပ်စုများ မကြာသေးမီအချိန်က လှုပ်ရှားခဲ့သော နေရာများနှင့် အနီးဆုံးဖြစ်နေခြင်းကြောင့်ဖြစ်ကြောင်း ညွှန်ပြနေသည်။[168] ဥပမာ တစ်ခုမှာ ၂၀၁၇ ခုနှစ် ဖွန်လ ၂၄ ရက် သို့မဟုတ် ထိုအချိန်ပတ်ဝန်းကျင်တွင် ရှမ်းပြည်နယ် မြောက်ပိုင်း နမ့်ဆန်မြို့နယ် မန်လန်းကျေးရွာတွင် ဖြစ်ပွားသော တပ်မတော်၏စစ်ဆင်ရေး ဖြစ်သည်။[169] ရွာအနီးတွင်မဟုတ်သော်လည်း TNLA နှင့် တပ်မတော်တို့ ထိုနယ်မြေအတွင်း တိုက်ပွဲဖြစ်ပွားခဲ့လျက်ရှိသည်။ တပ်မတော်စစ်သားများက အရပ်သားများကို TNLA အား

164 PI-026, PI-043, PI-045, PI-046, PI-087, PI-101, SI-002.

165 DI-068, PI-065, PI-074, PI-087, PI-101

166 DI-066, DI-068, PI-074; ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပန်းမှုများနှင့် အခြားသော မလျော်မကန် ဆက်ဆံမှုများ

167 DI-068.

168 K-136, DI-057, DI-065, DI-067, PI-065, PI-074, PI-087, PI-101

169 K-137, PI-074, V-093

ထောက်ခံသည်ဟု စွပ်စွဲကာ ချည်နှောင်သည်၊ ရိုက်နှက်သည်၊ သတ်ပစ်မည်ဟု ခြိမ်းခြောက်သည်။ စစ်သားများက ရွာသား ၂၀ ခန့်ကို ဖမ်းဆီးခဲ့ပြီး အဖမ်းဆီးခံရသူများအား အစာ၊ ရေ နှင့် အိမ်သာသွားခွင့် မပေးပဲ ထားခဲ့သည်ဟု သတင်းများအရ သိရသည်။ တပ်မတော် စစ်သားများက အရပ်သားများ၏ လက်ကိုင်ဖုန်းများကိုလည်း သိမ်းဆည်းခဲ့ကြောင်း သတင်းများက ဖော်ပြသည်။[170] နောက်ပိုင်းတွင် စစ်သားများ ခေါ်ဆောင်သွားခဲ့သူများထဲမှ တစ်ဦး၏ အလောင်းကို မန်လန်းရွာ ဒေသခံများက တွေ့ရှိခဲ့ရသည်။[171] တပ်မတော် စစ်သားများက ခေါ်ဆောင်သွားသူများအားလုံးသည် တအာန်းလူမျိုးများ ဖြစ်ကြသည်။

၁၂၄။ နောက်ထပ် ဥပမာ တစ်ခုမှာ ၂၀၁၇ ခုနှစ် မေလ ၂ ရက်နေ့က ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်ရွာတစ်ရွာတွင် TNLA နှင့် တပ်မတော်အကြား တိုက်ပွဲများမှ ထွက်ပြေးနေသော အမျိုးသမီး ၁၃ ဦးအဖွဲ့ကို တပ်မတော်က လက်နက်များ၊ မော်တာများဖြင့် ချိန်ရွယ်ပစ်ခတ်ခဲ့ခြင်းဖြစ်သည်ဟု ကျူးလွန်ခံရသူတစ်ဦးက ပြောသည်။ ကျူးလွန်ခံရသူ၏ မိခင်၊ ညီအစ်မတစ်ဦးနှင့် နောက်ထပ် ကလေးတစ်ဦးမှာ ကျည်ဆံများ မော်တာစများ ထိမှန်ခဲ့သည်။ သူမက "ကျွန်မတို့အားလုံး ထွက်ပြေးနေတဲ့ မိန်းကလေးတွေ ဖြစ်ပေမယ့် တပ်မတော်က ကျွန်မတို့ကို TNLA လို့ သတ်မှတ်ပြီး လှမ်းပစ်တယ်။"[172]

၁၂၅။ နောက်ထပ် အရပ်သားများအပေါ် တမင်ရည်ရွယ်တိုက်ခိုက်မှု တစ်မျိုးမှာ တပ်မတော်စစ်သားများက သူတို့၏စစ်ဆင်ရေးအတွင်း ရန်လိုတိုက်ခိုက်မှုများနှင့် တိုက်ရိုက်ပါဝင်ခြင်းမရှိသော အရပ်သား ပြည်သူများ၊ သို့မဟုတ် အရပ်သား လူပုဂ္ဂိုလ်များကို တမင်သက်သက် ချိန်ရွယ်ပြီး သို့မဟုတ် ပစ်မှတ်ထားပြီး ပစ်ခတ်သည့် အလေ့အထ ဖြစ်သည်။ ဖြစ်ရပ်အများအပြားတွင် တပ်မတော်သည် ထွက်ပြေးနေသော သို့မဟုတ် ခိုလှုံရာ ရှာဖွေနေသော အရပ်သားများကို ချိန်ရွယ်ပစ်ခတ်ခဲ့သည် သို့မဟုတ် အရပ်သား လူအုပ်စုအပေါ် မော်တာကျည်များ ပစ်ခတ်ခဲ့သည်။[173] ဖြစ်ရပ်တစ်ခုအနေဖြင့် ရှမ်းပြည်နယ် နမ့်ခမ်း မြို့နယ်ရှိ မန်ဝိန်းရွာကို တပ်မတော်က နှစ်ကြိမ်တိုက်ခိုက်ခဲ့ကြောင်း၊ ပထမအကြိမ်မှာ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၅ ရက် သို့မဟုတ် ပတ်ဝန်းကျင်တွင် ဖြစ်ပြီး ဒုတိယအကြိမ်မှာ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်ဖြစ်ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောပြသည်။ မျက်မြင်သက်သေက ပြောသည်မှာ-

*ဗမာစစ်သားတွေ ရွာထဲဝင်လာတယ်။ နောက်ပြီး ထွက်ပြေးဘို့ ကြိုးစားတဲ့ရွာသားတွေကို သူတို့ပစ်တယ်။ သူတို့က သေနတ်ကိုင်ထားတဲ့ KIA လူတွေကို ပစ်တာမဟုတ်ဘူး။ အရပ်သားတွေကို ပစ်တာ။ ရွာထဲမှာ KIA တွေ မရှိဘူး သူတို့စခန်းက လမ်းလျှောက်ရင် နှစ်နာရီလောက် သွားရသေးတယ်။*[174]

၁၂၆။ အကြိမ်များစွာတွင် တပ်မတော်သည် တိုင်းရင်းသား လက်နက်ကိုင် တိုက်ခိုက်ရေးသမားများ ထိုနေရာတွင် ရှိမည်ဟူသော ထင်ရှားသည့် ရည်ရွယ်ချက်ဖြင့် ရွာများကို တိုက်ခိုက်ခဲ့သော်လည်း တိုက်ခိုက်မှု အစမပျိုးမီ ကြိုတင်ပြီး ခိုင်လုံအောင် ကြိုးပမ်းပုံမရ သို့မဟုတ် တိုက်ခိုက်နေစဉ် အတွင်းတွင်လည်း နောက်ထပ်စီစစ်ခြင်း လုပ်ပုံ မရပေ။ ယင်းသည် ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းများအနေဖြင့် ပစ်မှတ်များသည် စစ်ရေးရည်မှန်းချက်များ ဖြစ်မဖြစ်

[170] V-093.
[171] K-137, PI-074, V-093
[172] PI-073.
[173] DI-057, DI-069, PI-043, PI-044, PI-047, PI-073, PI-087, QI-094; ဤအပိုင်း အခန်း က-၈၊ ထူးခြားလက္ခဏာရှိသော အဖြစ်အပျက်များ (တနိုင်း) တွင်ကြည့်။
[174] PI-087.

သေချာခြင်းရှိစေရန် ဖြစ်နိုင်သမျှ အတည်ပြုရမည်ဟူသော စည်းမျဉ်းကို ချိုးဖောက်ခြင်း ဖြစ်သည်။[175] ရွာများနှင့် မြို့များအတွင်းပြုလုပ်သော နောက်ဆက်တွဲစစ်ဆင်ရေးများအတွင်းတွင်လည်း တပ်မတော်သည် အရပ်ဘက်နှင့် စစ်ဘက် ရည်မှန်းချက်များကို ခွဲခြားရန် ကြိုးပမ်းခြင်းလည်း မရှိခဲ့ပေ။ ထိုသို့ ခွဲခြားမှုမရှိပဲ တိုက်ခိုက်မှုများကြောင့် အရပ်သားယောကျ်ားများ၊ မိန်းမများနှင့် ကလေးများ ဒဏ်ရာရ သို့မဟုတ် သေဆုံးရပြီး အရပ်သား ကိန်းဂဏန်းအများအပြားမှာ သူတို့၏နေအိမ်များ နှင့် ကျေးရွာများမှ မောင်းထုတ်ခြင်း ခံကြရသည်။[176]

၁၂၇။ အစီရင်ခံချက်ရရှိသော တိုက်ခိုက်မှုအများအပြားတွင် တပ်မတော်သည် ရွာများကို ပစ်မှတ်ထားသည့်အခါ ၎င်းတို့တွင် သတ်သတ်မှတ်မှတ် စစ်ရေးပစ်မှတ် မရှိပေ။ သတင်းအရင်းအမြစ်များက မစ်ရှင်ကို ပြောပြသည်မှာ ဖြစ်ရပ်အများအပြားတွင် EAO ကင်းစခန်း သို့မဟုတ် အခြေစိုက်စခန်းများမှာ တိုက်ခိုက်ခြင်းခံရသော ကျေးရွာများနှင့် ဝေးကွာသော နေရာများတွင် ရှိကြသည်။[177] ဥပမာ- ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် ကချင်ပြည်နယ် မန်စီမြို့နယ် ဂါးရာယန် ကျေးရွာကို တပ်မတော်က မော်တာကျည်များဖြင့် ပစ်ခဲ့ကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောသည်။ ရွာအနီးအနားတွင် KIA တပ်စခန်း မရှိသလို KIA နှင့် တိုက်ပွဲ ဖြစ်ပွားခြင်းလည်း မရှိ သို့မဟုတ် တပ်မတော်ဘက်တွင် KIA တပ်ဖွဲ့ဝင်များကို ပစ်မှတ်ထား ကြိုးပမ်းအားထုတ်မှုလည်း မရှိပဲ သူတို့က ရွာသားများကိုသာ ပစ်ခတ်ခဲ့ကြောင်း သူက ပြောပြသည်။[178] နောက်ထပ် ဥပမာ တစ်ခုအဖြစ် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၄ သို့မဟုတ် ပတ်ဝန်းကျင်တွင် ရှမ်းပြည်နယ် မူဆယ်မြို့နယ် နမ့်ဟာရွာသည် မော်တာကျည်များအပြင် တိုက်လေယာဉ်လေးစီးဖြင့် တိုက်ခိုက်ခံခဲ့ရကြောင်း သတင်းများအရ သိရသည်။ ရွာမှ အိမ်ခြေ တစ်ရာခန့်နှင့် လူဦးရေ ရွာသား ၅၀၀ ကျော်သာရှိပြီး တိုက်ခိုက်မှုအတွင်း မည်သည့် EAO မှ မရှိပဲ ရွာအတွင်းတွင်လည်း အခြား စစ်ဘက်ဆိုင်ရာ နေရာအဆောက်အဦးမရှိချေ။ "ကျနော်တို့ရွာမှာ သူပုန်မရှိဘူး။ ဒါပေမယ့် စစ်တပ်က တမင်လာပြီး လူတွေကို တိုက်ခိုက်ခဲ့တာ။"[179]

၁၂၈။ သို့ဖြစ်ရာ လေကြောင်းတိုက်ခိုက်မှုများနှင့် လက်နက်ကြီး ပစ်ခတ်မှုများကို အနှစ်သာရအားဖြင့် သတ်သတ်မှတ်မှတ် ရွေးချယ်ထားသော စစ်ဘက်ဆိုင်ရာ ပစ်မှတ်များအပေါ် တိုက်ခိုက်ခြင်းကို ဆန့်ကျင်လျက် သတ်သတ်မှတ်မှတ်ပစ်မှတ်မရှိပဲ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အခြေအနေအတွက် ပိုမိုယေဘူယျကျသော နည်းဗျူဟာအဖြစ် အသုံးပြုလျက် အရပ်သားပြည်သူများကို တစုံလုံးအရ တိုက်ခိုက်ခြင်းဖြစ်ကြောင်း အချက်အလက်များက ညွှန်ပြနေသည်။[180]

*တိုက်ခိုက်မှုများတွင် ကြိုတင်သတိထားမှုများ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း*

၁၂၉။ တပ်မတော်တိုက်ခိုက်မှုများသည် သတ်သတ်မှတ်မှတ် စစ်ရေးရည်မှန်းချက်ရှိလျှင်ပင် ဥပမာအားဖြင့် EAO ၏ အခြေစိုက် စခန်းကို သိမ်းပိုက်ရန် သို့မဟုတ် အားပျော့စေရန် ဖြစ်သော်လည်း တိုက်ခိုက်မှုသည် ကြိုတင်သတိထားရမည့် ဥပဒေသများကို လေးစားရန်

---

[175] ICRC/Customary IHL, rule 16.

[176] DI-057, DI-066, PI-043, PI-044, PI-049, PI-050, PI-053, PI-065, PI-074, PI-087, PI-101

[177] DI-057, PI-026, PI-073, PI-101

[178] PI-026.

[179] DI-057.

[180] ဤအပိုင်း အခန်း က-၈၊ ထူးခြားလက္ခဏာရှိသော အဖြစ်အပျက်များ (တနိုင်း) တွင်ကြည့်ပါ။

ပျက်ကွက်လျက်ရှိကြောင်း အချက်အလက်များက ညွှန်ပြနေသည်။[181] ယင်းမှာ အထူးသဖြင့် လူဦးရေထူထပ်သော အရပ်သားနယ်မြေများတွင် ဖြစ်ပွားသည့် တိုက်ခိုက်မှုဖြစ်ရပ်များ ဖြစ်သည်။ အရပ်သား အသက်များ၊ အရပ်သား ဒဏ်ရာရမှုများ၊ အရပ်ဘက် အရာဝတ္ထု ပျက်စီးမှုများ သို့မဟုတ် ယင်းတို့ သုံးခုပေါင်း ဆုံးရှုံးနိုင်သည့်ဖြစ်ရပ်များ ဖြစ်နိုင်ချေရှိချိန်တွင် တိုက်ခိုက်မှုများ လုပ်ခြင်းသည် အခိုင်အမာ နှင့် မျှော်မှန်းထားသော စစ်ဘက်အကျိုးအမြတ်များနှင့် နှိုင်းယှဉ်ပါက အလွန်အကျွံ ဖြစ်စေသည်။

၁၃၀။ ဥပမာ- ၂၀၁၃ ခုနှစ် ဇန္နဝါရီလ ၁၄ ရက် မနက်တွင် ကချင်ပြည်နယ် လိုင်ဇာမြို့လယ်တွင် လက်နက်ကြီးကျည်နှစ်လုံး ကျရောက်ပြီး အရပ်သားသုံးဦး သေဆုံးခဲ့သည်။ သူတို့အားလုံးမှာ ယောက်ျားများဖြစ်သည်။[182] KIA ဌာနချုပ်များသည် လိုင်ဇာတွင် တည်ရှိသော်လည်း မြို့မှာ အရပ်သားများ ထူထပ်စွာနေထိုင်ပြီး လက်နက်ကြီးကျရောက်သည့် နေရာများမှာလည်း သတ်သတ်မှတ်မှတ် စစ်ဘက်ဆိုင်ရာ ရည်မှန်းချက်မရှိကြောင်း ထင်ရှားသည်။ တပ်မတော်က လက်နက်ကြီးများကို ခန်နိုင်ဘွမ် အခြေစိုက်စခန်းမှ ပစ်ခတ်ခြင်းဖြစ်ပြီး ပထမတစ်လုံးမှာ အရပ်သားအိမ်ရှေ့တွင် ကျရောက်ပြီး အရပ်သားနှစ်ဦး သေဆုံးကာ အခြားသူများကို ဒဏ်ရာရစေခဲ့သည်။ ဒုတိယ လက်နက်ကြီးတစ်လုံးမှာ ပထမတစ်လုံးကျသည့်နေရာနှင့် မဝေးသော နောက်ထပ် အိမ်တစ်လုံးရှေ့တွင် ကျရောက်ပြီး ကလေးတစ်ဦး သေဆုံးခဲ့သည်။ ဖြစ်ရပ်တွင် လူသုံးဦး သေဆုံးသည့်အပြင် အမျိုးသမီးနှစ်ဦးနှင့် ကလေးနှစ်ဦး အပါအဝင် အနည်းဆုံး အရပ်သားလေးဦး ဒဏ်ရာရခဲ့သည်။ မျက်မြင်သက်သေတစ်ဦးပြောပြချက်အရ ကလေးများထဲမှ တစ်ဦးကို လက်နက်ကြီးအစ ထိမှန်ပြီး ထိုမိန်းကလေးငယ်မှာ နောက်ဆက်တွဲအနေဖြင့် ကိုယ်တစ်ပိုင်း သေသွားခဲ့သည်။[183] ယုံကြည်ရလောက်သော အချက်အလက်များက လက်နက်ကြီးများသည် လူရှုတ်ထွေးသောလမ်းအနီး ကျရောက်ပြီး ပေါက်ကွဲမှုအများစုမှာ အနီးအနားလမ်းဘေးတွင် လမ်းလျှောက်နေသူများနှင့် ဝေးရာအိမ်ဖက်သို့ ပြန့်ထွက်ခဲ့သည်။[184]

၁၃၁။ ထိုဖြစ်ရပ် သာမက မစ်ရှင်က အချက်အလက် ရရှိခဲ့သော အခြားသော ပေါက်ကွဲစေတတ်သော လက်နက်များကို အရပ်သားများအတွင်း သို့မဟုတ် ပတ်ဝန်းကျင်တွင် အသုံးပြုမှုပါဝင်သော ဖြစ်ရပ်များသည် သတ်သတ်မှတ်မှတ် စစ်ရေးရည်မှန်းချက်အား ပစ်မှတ်ထားရန် တရားဝင်ကြိုးပမ်းမှုကို ညွှန်ပြသောပုံစံမျိုး ပြသခြင်းမရှိပေ။[185] ဥပမာ- သတ်သတ်မှတ်မှတ် စစ်ရေးပစ်မှတ်အတွက် အသုံးပြုရန် လက်နက်ကြီးများသည် သူ၏ပစ်ခတ်မှု အစီအစဉ်နှင့် ဦးတက်ချက်ရှိရန် လိုအပ်သည်။ ပထမ ပစ်ခတ်သောလက်နက်ကြီးများမှာ ပစ်မှတ်ကို မကြာခဏ လွဲချော်တတ်ပြီး သတ်မှတ်ထားသော စစ်ရေးပစ်မှတ်ပေါ် "ကျရောက်သော ပစ်ခတ်မှု" ဖြစ်စေရန် ချိန်ဆခြင်းများလုပ်ရန် လိုအပ်သည်။ သို့ရာတွင် စစ်ဆေးထားသော ဖြစ်ရပ်များတွင် ယင်းပုံစံကို မတွေ့ရပေ။ ပေါက်ကွဲစေတတ်သော လက်နက်များသည် ပင်ကိုယ်အားဖြင့် ကျယ်ပြန့်သော ထိရောက်မှုဧရိယာရှိပြီး လူဦးရေထူထပ်သော ဧရိယာများတွင် သတ်သတ်မှတ်မှတ် မဟုတ်သော သက်ရောက်မှုများ ရှိစေသည့်အပြင် ထိုသို့သော ဧရိယာများတွင် ယင်းတို့ကို အသုံးပြုခြင်းသည်လည်း များသောအားဖြင့် ကျယ်ပြန့်ပြီး

181 DI-066, PI-024, PI-026, PI-050, PI-054, PI-065, PI-072

182 K-136, SI-002, V-096.

183 SI-002.

184 K-136, SI-002, V-096.

185 DI-061, DI-062, PI-042, PI-043, PI-045, PI-072, PI-101, SI-002.

တွက်ဆနိုင်သော ထိခိုက်မှုကို ဖြစ်စေနိုင်သည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် တပ်မတော်၏ လေကြောင်းတိုက်ခိုက်မှုနှင့် လူထူထပ်သော လူနေဧရိယာများအပေါ် လက်နက်ကြီး ပစ်ခတ်မှုများသည် အကြိမ်ကြိမ်ပင် အရပ်သား သေဆုံးမှုနှင့် ဒဏ်ရာရမှုများကို ဖြစ်စေပြီး အရပ်ဘက် အဆောက်အဦးများကိုလည်း သိသာထင်ရှားစွာ ပျက်စီးစေခဲ့သည်။[186] ထိုသို့သော ဧရိယာများတွင် အထူးသဖြင့် သတ်သတ်မှတ်မှတ် စစ်ဘက်ရည်မှန်းချက်များ ရှင်းလင်းစွာမရှိပဲ နှင့် အရပ်သားဧရိယာများမှာလည်း လူထူထပ်သည့်အနေအထားမျိုးတွင် ဗုံး သို့မဟုတ် လက်နက်ကြီး အသုံးပြုရန် ရွေးချယ်ခြင်းသည် တိုက်ခိုက်မှုများတွင် ထားရှိရမည့် ကြိုတင်သတိထားမှု အခြေခံ ဥပဒေသများကို လက်လွတ်စပယ် ချိုးဖောက်မှုများအဖြစ် မကြာခဏဖြစ်စေသည်။

၁၃၂။ အလားတူပင် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၅ ရက်နေ့တွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် မော်ဆောင်ရွာတွင် တပ်မတော်က ပစ်ခတ်လိုက်သော ပေါက်ကွဲစေသောလက်နက်သည် လေထဲမှလာပြီး အမျိုးသမီးတစ်ဦး၏ အိမ်ဘေးရှိသစ်ပင်ပေါ် ကျရောက်ခဲ့သည်။ ဗုံးစများသည် အမျိုးသမီး၏ ဝမ်းဗိုက်ကို ထိမှန်ခဲ့ပြီး သူမမှာ ဆေးရုံသွားသည့်လမ်းတွင်ပင် သေဆုံးခဲ့သည်။[187] မျက်မြင်သက်သေများ၏ အဆိုအရ တပ်မတော်က ရွာကို ပစ်ခတ်ရခြင်းမှာ ယခင်ရက်က ထိုဧရိယာသို့ မူးယစ်ဆေးဝါး နှိမ်နင်းရေးအစီအစဉ်အတွက် TNLA မှ လာရောက်ခဲ့ခြင်းကြောင့် ဖြစ်သည်။ TNLA က ရွာမှ ထွက်သည့်အခါ ရွာထိပ်တွင် တပ်မတော်နှင့် တိုက်ပွဲဖြစ်ပွားခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် တပ်မတော်က ရွာကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။[188]

၁၃၃။ ထိုမျှသာမက မစ်ရှင်က ရရှိသော သတင်းအချက်အလက်များက တပ်မတော်သည် EAO များနှင့် ရန်လိုတိုက်ခိုက်မှုများဖြင့် ရင်ဆိုင်နေချိန်တွင် စစ်ဆင်ရေးအတွက် ပစ်မှတ်ထားရှိသော ဧရိယာမှ အရပ်သားများအား ရွှေ့ပြောင်းနိုင်အောင် လုံလောက်သော သတိပေးခြင်း သို့မဟုတ် တိုက်ခိုက်မှု လုပ်ဆောင်နေစဉ်အတွင်း ဖြစ်နိုင်ချေရှိသော သတိထားမှုများ လုပ်ဆောင်ခြင်း မရှိကြောင်း ညွှန်ပြနေသည်။[189] ဥပမာ- ၂၀၁၇ ခုနှစ် ဖွန်လတွင် တပ်မတော်သည် ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်းရှိ အင်ဂါါ ကျေးရွာကို လေကြောင်းတိုက်ခိုက်မှုမပြုလုပ်မီတွင် အရပ်သားများအား သတိပေးစာများ ကြဲချခဲ့သော်လည်း တပ်မတော်စစ်သားများက အရပ်သားများကို နယ်မြေအတွင်းမှ ထွက်ခွာသွားခြင်း မပြုနိုင်အောင် လမ်းကြောင်းအများစုကို ပိတ်ဆို့ပြီး တစိတ်တစ်ပိုင်း တားမြစ်ထားခဲ့သည်။[190]

*အရပ်သား ဥစ္စာပစ္စည်းများနှင့် အခြား ကာကွယ်ရမည့်အရာဝတ္ထုများကို ဖျက်ဆီးခြင်း၊ သိမ်းဆည်းခြင်း သို့မဟုတ် လုယူခြင်း။*

၁၃၄။ တပ်မတော်က ယင်း၏ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများ၏ အစိပ်အပိုင်းအဖြစ် အရပ်သား ဥစ္စာပစ္စည်းများ သို့မဟုတ် အခြား ကာကွယ်ရမည့်အရာဝတ္ထုများကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လုယူခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်သည့်အလေ့အထရှိကြောင်း အမျိုးမျိုးသော ပြောဆိုချက်များကို မစ်ရှင်က ကောက်ခံရရှိသည်။[191] မျက်မြင်သက်သေများက

[186] DI-057, DI-061, DI-066, PI-043, PI-045, PI-046, PI-049, PI-054, PI-072, PI-073

[187] PI-072.

[188] K-137, PI-072

[189] PI-042, PI-049, PI-103

[190] PI-049, PI-103, V-062; ဤအပိုင်းကို အဓမ္မရွှေ့ပြောင်းစေမှု၊ ဥစ္စာပစ္စည်းများ သိမ်းယူမှုနှင့် ဖျက်စီးမှု နှင့် လူသားချင်းစာနာမှု အကူအညီ ငြင်းပယ်ခြင်း အခန်းတွင် ကြည့်ရန်။ ဤအပိုင်း အခန်း က-၈၊ ထူးခြားလက္ခဏာရှိသော အဖြစ်အပျက်များ (တနိုင်း) တွင်ကြည့်။

[191] D-066, DI-068, DI-069, PI-024, PI-026, PI-042, PI-043, PI-045, PI-046, PI-047, PI-049, PI-050 PI-054, PI-065, PI-073, PI-087

တပ်မတော်သည် တိရိစ္ဆာန်များ၊ အစာရိက္ခာများနှင့် ပိုက်ဆံများအပါအဝင် ရွာသားများပိုင်ဆိုင်သော ပစ္စည်းများကို စနစ်တကျ လုယူခဲ့ကြောင်း အစဉ်တစိုက် အစီရင်ခံ ပြောပြကြသည်။[192] ထို့အပြင် တပ်မတော်က အရပ်သားအိမ်များနှင့် တစ်ခါတစ်ရံတွင် ကျောင်းများ၊ ဆေးပေးခန်းများ နှင့် ဘုရားကျောင်းများ[193]ကို မီးတင်ရှို့ခြင်းအပါအဝင် ဖျက်ဆီး ဖြိုဖျက်ခဲ့သည်။ ဖြစ်ရပ်အများအပြားတွင် သတ်သတ်မှတ်မှတ် လူပုဂ္ဂိုလ်များ၊ သို့မဟုတ် ကျေးရွာ တစ်ခုလုံးအပေါ် တိုက်ခိုက်မှုများသည် လက်နက်ကိုင်အဖွဲ့အစည်းနှင့် ဆက်နွယ်ပါတ်သက်ခြင်းအပေါ် ထင်မြင်ချက်အခြေခံ၍ ပစ်မှတ်ထားသည်ဟု မြင်ရပြီး သူတို့မှာ လူမျိုးစုတူချင်းသက်သက်ကြောင့် တိုက်ခိုက်ခြင်းမျိုး ပိုဖြစ်ခြင်းဖြစ်သည်။[194]

၁၃၅။ ဥပမာ- ၂၀၁၁ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် KIA အား ထိုးစစ်ဆင်နေစဉ်အတွင်း ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ် ဂါးရာယန် ရွာတစ်ရွာလုံးကို တပ်မတော်က မီးရှို့ခဲ့သည်ဟု မျက်မြင်သက်သေ အမျိုးသမီးတစ်ဦးက ပြောသည်။ သူမသည် တိုက်ခိုက်မှုများကြောင့် ဒုက္ခသည် စခန်းတစ်ခုသို့ ထွက်ပြေးခဲ့ပြီး ၂၀၁၂ ခုနှစ်တွင် ပိုင်ဆိုင်မှုပစ္စည်းအချို့ပြန်ယူရန် သူမ၏ ရွာသို့ ပြန်သွားသောအခါ တွေ့ရှိရသည်မှာ-

> *ကျမတို့ရွာမှာ ဘာမှ မကျန်တော့ဘူး။ ကျမရွာတစ်ပိုင်းတစ်ပိုင်းက လုံး၀ မီးလောင်သွားပြီ။ ကျောင်းနဲ့ အိမ်အများစုကို ဖျက်ဆီးထားကြတယ်။ ကျမတို့ရွာက ကျန်မတို့ပိုင်တဲ့ပစ္စည်း ဘာမှ ပြန်ရှာလို့ မရတော့ဘူး။*[195]

၁၃၆။ အလားတူ ဖော်ပြချက်ဖြစ်သော်လည်း အစီရင်ခံကာလ အပြင်ဘက်တွင်ကျရောက်သည့် အဖြစ်အပျက်မှာ ကျူးလွန်ခံရသူတစ်ဦးက ရှမ်းပြည်နယ် မိုင်းကောင်မြို့နယ်ရှိ သူမ၏ ဟော့တိုင် ကျေးရွာကို ရှမ်းတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များမှ အဖွဲ့ဝင်များအား နယ်မြေအတွင်း ရှာဖွေတိုက်ခိုက်နေသည့် တပ်မတော်က ၂၀၀၉ ခုနှစ်တွင် လုံး၀ ဖျက်ဆီးသွားခဲ့ကြောင်း ပြောပြသည်။ သူတို့အနေဖြင့် လက်နက်ကိုင် အဖွဲ့ဝင်တစ်ဦးကိုမှ မတွေ့ရှိသည့်အခါ ရွာရှိ တဲများအားလုံးကို ရွာအုပ်ချုပ်ရေးမှူးအိမ်မှ စတင်၍ မီးရှို့ခဲ့ကြသည်။[196] သူမ ပြောပြသည်မှာ-

> *မီးရှို့လို့မလွယ်တဲ့ အိမ်တွေဆိုရင် တပ်မတော်စစ်သားတွေက အိမ်ပါတ်ပါတ်လည် ဓါတ်ဆီလောင်းပြီး မီးတင်ရှို့တယ်။ သူတို့က မျက်ခြောက်စည်းထားတဲ့ ဒုတ်တွေကို သုံးပြီး ဓါတ်ဆီကို အဲဒီအပေါ်လောင်းတယ်၊ နောက်ပြီး မီးလောင်နေတဲ့ တုတ်ကို အိမ်တွေပေါ်ကို ပစ်တယ်။ ကျမတို့ရွာမှာ အိမ်ခြေ ၅၀-၆၀ လောက်ရှိပြီး အားလုံး မီးရှို့ခံရတယ်။ စစ်သားတွေ တစ်ရွာလုံးကို မီးရှို့တာ နှစ်နာရီ သုံးနာရီလောက်ပဲ ကြာတယ်။ တချို့ရွာသားတွေ မီးထဲမှာ သေသွားကြတယ်။*[197]

၁၃၇။ နောက်ထပ် ကျူးလွန်ခံရသူတစ်ဦးက ၂၀၁၁ ခုနှစ် ဇွန်လတွင် ကချင်ပြည်နယ် ဝိုင်းမော်မြို့အနီးရှိ သူတို့၏ရွာကို တပ်မတော်က တိုက်ခိုက်ခဲ့ကြောင်း ပြောပြီး ပို၍ တိတိကျကျ ပြောခဲ့သည်မှာ-

---

192 PI-073, PI-074

193 K-134, PI-024, PI-043, V-116

194 DI-062, DI-066, DI-068, DI-069, PI-024, PI-026, PI-042, PI-043, PI-045, PI-046, PI-047, PI-049, PI-050, PI-054, PI-065, PI-073, PI-087.

195 PI-024.

196 DI-069.

197 DI-069.

*တပ်မတော်က တိုက်ခိုက်ပြီး ရွာကို ဖျက်ဆီးလိုက်တယ်။ အဲဒီအချိန်ကစပြီး ဘယ်သူမှ မနေတော့ဘူး။ တခြားရွာသားတွေဆီက ကြားရတာတော့ စစ်သားတွေက အိမ်တွေကို ဖြိုချပစ်တာကြောင့် အိမ်တွေထဲမှာ ရှုတ်ပွနေတယ်။ ကျနော်ကြားရတာ ကျနော်တို့ ရွာကို မီးရှို့လိုက်ပြီး အိမ်တွေထဲမှာလည်း ကျည်ဆန်ရာတွေ တွေ့ရတယ်တဲ့။ တချို့အိမ်တွေက မီးလောင်သွားတယ်။ ရွာထဲမှာ မိုင်းတွေလည်း ရှိတယ်။ ရွာသားတွေ ထွက်ပြေးတဲ့အခါ ကျွဲနွားတွေ အပါအဝင် အားလုံး ထားပစ်ခဲ့ရတယ်။ အဲဒါတွေကိုတော့ စစ်သားတွေ စားပစ်လိုက်ဘို့များတယ်။ ကျနော်တို့ ထွက်ပြေးတော့ ကျနော်တို့နဲ့ ပစ္စည်းနည်းနည်းပဲပါတယ်။ ဘာလို့ဆို ကျနော်တို့က ရွာက ခဏပဲထွက်ရမယ်လို့ ထင်ထားခဲ့တယ်။ ဒါပေမယ့် အခုတော့ ကျနော်တို့ ပိုင်ဆိုင်သမျှတွေ မရှိတော့ဘူး ဒါမှမဟုတ် ဖျက်ဆီးခံလိုက်ရပြီ။*[198]

၁၃၈။ ၂၀၁၁ ခုနှစ် ဇန်နဝါရီလမှစ၍ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဘုရားကျောင်း ၂၀၀ ကျော် တိုက်ခိုက်၊ ဖြိုဖျက် သို့မဟုတ် ဖျက်ဆီးခံရကြောင်း မစ်ရှင်က ယုံကြည်စိတ်ချရလောက်သော ပြောပြချက်များ ရရှိထားသည်။ အချို့သော ဘုရားကျောင်းများသည် EAO များက အသုံးပြုခဲ့ခြင်းကြောင့် သူတို့၏ ကာကွယ်စောင့်ရှောက်ခံရသော အနေအထား ပျက်ပြားခဲ့သော်လည်း ဘုရားကျောင်း ၂၀၀ စလုံး ထိုသို့ ဖြစ်ခဲ့ခြင်း ရှိမရှိကို အတည်ပြုရန်မှာ မဖြစ်နိုင်ခဲ့ပါ။ နောက်ဆက်တွဲအနေဖြင့် ခရစ်ယန်ဘုရားကျောင်းဝင်းများအတွင်းတွင် စေတီဘုရားများ တည်ခဲ့ခြင်းသည် ထိုတိုက်ခိုက်မှုများ၏ ရည်ရွယ်ချက်မှာ ခြားနားမှုရှိကြောင်း ပြသနေသည်။[199]

## (၂) တရားမဝင် သတ်ဖြတ်မှုများ

၁၃၉။ တရားမဝင် သတ်ဖြတ်ခြင်း အများအပြားဖြင့် အသက်ရှင်သန်ခွင့်ကို ချိုးဖောက်သော ပုံစံတစ်ခုကို တည်ဆောက်နိုင်ရန် အစဉ်တစိုက်ဖြစ်ပြီး ယုံကြည်ရလောက်သော အချက်အလက်များကို မစ်ရှင်က စုဆောင်းခဲ့သည်။ ယင်းတို့အများစုမှာ ခွဲခြား သတ်မှတ်မှုမရှိသော တိုက်ခိုက်မှုများ၊ အရပ်သားများအား ဦးတည်တိုက်ခိုက်ခြင်း၊ သို့မဟုတ် လူသတ်ခြင်း သို့မဟုတ် တပ်မတော်၏ ချုပ်နှောင်မှုအတွင်း ရှိသူများကို တရားမဲ့ သတ်ဖြတ်ခြင်းများ အစရှိသည်တို့၏ အကျိုးဆက်များအဖြစ် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများအတွင်း ဖြစ်ပွားခဲ့သည်။ တရားမဝင် သတ်ဖြတ်မှုများသည် ရန်လိုတိုက်ခိုက်မှုများ တိုက်ရိုက် သို့မဟုတ် သိသာစွာ မရှိသည့် အခြေအနေများ ဥပမာအားဖြင့် အဓမ္မလုပ်အားခိုင်းစေ အခြေအနေများတွင်လည်း ဖြစ်ပွားသည်။

### (၂) က။ ဥပဒေ မူဘောင်

၁၄၀။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် အသက်ရှင်ခွင့် အခွင့်အရေးသည် နိုင်ငံတကာ ဓလေ့ထုံးတမ်းဥပဒေကို တစိပ်တစ်ပိုင်း ဖွဲ့စည်းဖြစ်ပေါ်စေသော အလျော့အတင်းမလုပ်နိုင်သည့် အခွင့်အရေးဖြစ်သည်။[200] တရားလက်လွတ် အသက်ဆုံးရှုံးစေမှုကို တားမြစ်ခြင်းသည် မလွဲမရှောင် လိုက်နာရမည့် အခြေခံကျသော စည်းမျဉ်းဖြစ်သည်။ ဤအခွင့်အရေးသည် လူပုဂ္ဂိုလ်များကို လုံခြုံရေး တပ်ဖွဲ့များ၏ သတ်ဖြတ်ခြင်းမှ

198 QI-094.

199 K-134, PI-039, PI-104, SI-003, V-116, V-125.

200 အသက်ရှင်သန်ခွင့် အခွင့်အရေးကို ICCPR၊ ပုဒ်မ ၆(၁)၊ CRC ပုဒ်မ ၆၊ CRPD ပုဒ်မ ၁၀ တို့အောက်တွင် နှင့် အာဆီယံ ကြေညာချက် ပုဒ်မ ၁၁ တို့တွင် အကာအကွယ်ပေးထားသည်။ ယင်းကို မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၃၅၃ အောက်တွင်လည်း ကာကွယ်ထားသည်။

အကာအကွယ်ပေးသည်။ အစိုးရအရာရှိများက အသက်ကို ကာကွယ်ရန် တင်းတင်းကြပ်ကြပ် လိုအပ်မှု မရှိသည့်အခါတွင် လူတစ်ဦးကို တမင်သက်သက် သတ်ဖြတ်ခြင်းသည် အသက်ရှင်သန်ခွင့်ကို ချိုးဖောက်ခြင်း ဖြစ်သည်။ ယင်းတွင် တရားစီရင်မှုလုပ်ငန်းစဉ် မရှိပဲ အစိုးရ အေးဂျင့်များ၏ တောင်းဆိုချက် သို့မဟုတ် သဘောတူညီချက်ဖြင့် လူတစ်ဦးအား သေခြင်းကိုဖြစ်စေသော တရားမဲ့သတ်ဖြတ်ခြင်း သို့မဟုတ် သေဒဏ်ပေးခြင်းများ ပါဝင်သည်။ အစိုးရမဟုတ်သော အဖွဲ့အစည်းများက အစိုးရအာဏာပိုင်များအတွက် ပံ့ပိုးမှု သို့မဟုတ် အာဏာပိုင်များ၏ အေးဂျင့်အဖြစ် ကျူးလွန်သော ချိုးဖောက်မှုများအပေါ် အစိုးရတွင် တာဝန်ရှိသည်။[201]

၁၄၁။ အသက်ကိုလည်း နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအောက်တွင် အကာအကွယ်ပေးထားသည်။ ဂျနီဗာ ကွန်ဗင်းရှင်း၏ ဘုံတူညီသော ပုဒ်မ ၃ က အရပ်သားများနှင့် ဒဏ်ရာရပြီး စစ်မတိုက်နိုင်သူများအား "အသက်နှင့် လူပုဂ္ဂိုလ်အပေါ် အကြမ်းဖက်မှု အထူးသဖြင့် သတ်ဖြတ်မှု အမျိုးအစားအားလုံး"ကို တားမြစ်သည်။ ဒဏ်ရာရပြီး စစ်မတိုက်နိုင်သူများတွင် ဆန့်ကျင်ဘက်အဖွဲ့အစည်း၏ အာဏာရှိသူ၊ သတိလစ်နေသောကြောင့် သို့မဟုတ် ဒဏ်ရာကြောင့် အကာအကွယ်မဲ့နေသူ၊ သို့မဟုတ် လက်နက်ချရန် ရည်ရွယ်ချက်ကို ရှင်းရှင်းလင်းလင်း ဖော်ပြနေသူများ ပါဝင်သည်။[202] လက်နက်ကိုင် ပဋိပက္ခ အခြေအနေ သို့မဟုတ် ၎င်းနှင့် ပတ်သက်နေသော အခြေအနေတွင် လုပ်ဆောင်သော အပြုအမူဖြစ်ပါက အရပ်သားများ သို့မဟုတ် ဒဏ်ရာရပြီး စစ်မတိုက်နိုင်သူများကို ရည်ရွယ်ချက်ရှိစွာ သတ်ဖြတ်ခြင်းသည် စစ်ရာဇဝတ်မှု မြောက်သည်။

၁၄၂။ သို့ရာတွင် အရပ်သားများအား သတ်ဖြတ်မှုများအားလုံးမှာ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအောက်တွင် တရားမဝင်ခြင်း မဟုတ်ပါ။ အရပ်သားများသည် ရန်လိုတိုက်ခိုက်မှုများတွင် တိုက်ရိုက် အစိတ်အပိုင်းအဖြစ် ပါဝင်နေသည့်အချိန်များတွင် သူတို့သည် သူတို့၏ ကာကွယ်မှုကို ဆုံးရှုံးသည် (သို့ရာတွင် လူပုဂ္ဂိုလ် တစ်ဦး၏ အနေအထားကြောင့် သံသယရှိပါက သူ/မ ကို အရပ်သားအဖြစ် သတ်မှတ်ရမည်)[203]။ ရန်လိုတိုက်ခိုက်မှု အပြုအမူများအပေါ် စည်းမျဉ်းများကို ချိုးဖောက်ခြင်း၏ ရလာဒ်ဖြစ်ခဲ့ပါက သတ်ဖြတ်မှုသည် ဥပဒေနှင့် မညီပေ။ ဥပမာ- အရပ်သားများအပေါ် ဦးတည်တိုက်ခိုက်ခြင်း၊ ခွဲခြားသတ်မှတ်မှုမရှိပဲ တိုက်ခိုက်ခြင်း သို့မဟုတ် စစ်ဘက်ရည်မှန်းချက်များကို တိုက်ခိုက်ရာမှ အရပ်သားအသက်များ အလွန်အကျွံဆုံးရှုံးစေခြင်း တို့ဖြစ်သည်။

### (၂) ခ။ တွေ့ရှိချက်များ

*ရန်လိုတိုက်ခိုက်မှု အခြေအနေတွင် တရားမဝင် သတ်ဖြတ်မှုများ*

၁၄၃။ သူတို့၏ အများအပြားသော စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများ သို့မဟုတ် ကချင်နှင့် ရှမ်းပြည်နယ်များရှိ ကျေးရွာ နှင့် မြို့များသို့ လှည့်လည်စဉ်အတွင်း ယောက်ျားများ၊ မိန်းမများနှင့် ကလေးများ အပါအဝင် အရပ်သားများကို တပ်မတော်က ဥပဒေနှင့် မညီပဲ သတ်ဖြတ်သည့်ပုံစံကို ပုံဖော်သည့် အစဉ်တစိုက်ဖြစ်သော အချက်အလက်များကို မစ်ရှင်က အတော်အသင့်

---

[201] A/HRC/14/24၊ စာပိုဒ် ၄၆ (က) နှင့် (ခ) တွင်ကြည့်

[202] ICRC/Customary IHL, rule 47.

[203] ဥပမာ ICRC နောက်ဆက်တွဲစာချုပ်များအပေါ် အမြင်သုံးသပ်ချက်ဆောင်းပါး အပိုဒ် ၄၇၈ နှင့် ICRC/N. Melzer, *နိုင်ငံတကာလူသားချင်းစာနာမှုဆိုင်ရာဥပဒေအောက်တွင် ရန်လိုမှုများ၌ တိုက်ရိုက်ပါဝင်မှုကိစ္စအပေါ် အဓိပ္ပယ်ရှင်းလင်းစေသော လမ်းညွှန်မှု* (ICRC, Geneva, 2009), စာမျက်နှာ ၇၅-၇၆

စုဆောင်းခဲ့သည်။[204] ယင်းတို့မှာ အခြေခံကျသော နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ ဖြစ်သော အရပ်သားနှင့် တိုက်ခိုက်ရေးသမားများကို ခွဲခြားခြင်း အခြေခံဥပဒေသအပေါ် တပ်မတော်၏လေးစားမှုမရှိခြင်း၊ ခွဲခြားသတ်မှတ်တိုက်ခိုက်မှုအပေါ် တားဆီးချက်များအား လေးစားရန် တပ်မတော်၏ပျက်ကွက်ခြင်း၊ နှင့် ယင်း၏ တိုက်ခိုက်မှုများတွင် အရပ်သားပြည်သူများကို ကာကွယ်ရန် ကြိုတင်သတိပြုရမည့်အချက်များကို စနစ်တကျ ချိုးဖောက်ခြင်းတို့၏ ရလာဒ်များ ဖြစ်သည်။ တပ်မတော်က လူထူထပ်သော နယ်မြေများတွင် စစ်ဘက်ဆိုင်ရာစစ်ဆင်ရေးများ ပြုလုပ်သည့်ပုံစံသည် အရပ်သားထိခိုက်သေဆုံးမှုများကို မလွဲမရှောင်သာ ဖြစ်ပေါ်စေသည်။

၁၄၄။ အထက်တွင် တင်ပြခဲ့သည့်အတိုင်း တပ်မတော်သည် အရပ်သားများကို မကြာမကြာ ပစ်မှတ်ထားပြီး ပစ်မှတ်သတ်သတ်မှတ်မှတ်မရှိသော တိုက်ခိုက်မှုများကို ပြုလုပ်သည်။ မစ်ရှင်က အတည်ပြုထားသော ဖြစ်ရပ်အများအပြားတွင် ယင်းတို့သည် ဥပဒေနှင့် မညီသော သတ်ဖြတ်မှုများ ဖြစ်စေသည်။ မည်သည့် ထိုဖြစ်ရပ်တွင်မျှ အရပ်သားများအနေဖြင့် ရန်လိုတိုက်ခိုက်မှုတွင် တိုက်ရိုက်ပါဝင်ခြင်း၊ တိုက်ခိုက်မှုမှာ စစ်ဘက်ရည်မှန်းချက်ကို ချိန်ရွယ်တိုက်ခိုက်ခြင်း သို့မဟုတ် အရပ်သားပြည်သူများအပေါ် သက်ရောက်မှုကို အနည်းဆုံးဖြစ်စေရန် လုံလောက်သော ကြိုတင်ပြင်ဆင်မှုလုပ်ခြင်းများကို ညွှန်ပြခြင်းမရှိပေ။

၁၄၅။ ဥပမာ- တပ်မတော်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ[205] အပါအဝင် အရပ်သားများအား သူတို့ ခိုလှုံစရာနေရာရှာဖွေနေစဉ်၌ တိုက်ရိုက်ချိန်၍ ပစ်ခတ်ခြင်း သို့မဟုတ် မော်တာဖြင့် ပစ်ခတ်ခဲ့ခြင်းကြောင့် အရပ်သားများ သေဆုံး သို့မဟုတ် ဒဏ်ရာရခဲ့သည်။[206] မျက်မြင်သက်သေတစ်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့တွင် ကချင်ပြည်နယ် မိုးကောင်းမြို့နယ် ကဆုန့်ကျေးရွာတွင် ရွာထဲသို့ စစ်သား ၂၀၀ ခန့်ဝင်ရောက်လာသောကြောင့် ထွက်ပြေးရန် ကြိုးစားသော သူ၏သူငယ်ချင်းအား တပ်မတော်က ပစ်သတ်လိုက်သည်ကို ပြောပြခဲ့သည်။[207] နောက်ထပ် ဥပမာတစ်ခုမှာ ၂၀၁၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆွတ်ပိုင်ကျေးရွာတွင် တပ်မတော်စစ်သားများက အသက် ၁၄ နှစ်အရွယ် ဂျာဆိုင်းအင်ကို သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။ KIA ဘက်မှ ဖောက်ခွဲသံကြားပြီးနောက်တွင် သူမသည် သူငယ်ချင်းတစ်ဦးနှင့်အတူ ပုန်းခိုရန်နေရာ ရှာဖွေခဲ့သည်။ ရွာထဲတွင် နေရာယူထားသော တပ်မတော်စစ်သားများက ပေါက်ကွဲမှုကို တုန့်ပြန် ပစ်ခတ်ခဲ့သည်။ သိပ်မကြာမီတွင် သူမပုန်းခိုနေသော နေရာအနီးရှိ တပ်မတော်သားနှစ်ဦးက သူမကို တိုက်ရိုက်ချိန်၍ ပစ်ခတ်ခဲ့ခြင်းကြောင့် တင်ပါးတွင် ထိမှန်ခဲ့သည်။ သူမမှာ ဒဏ်ရာပြင်းထန်စွာရရှိခဲ့ပြီး ပစ်ခတ်မှုနှင့် ကျန်းမာရေးစောင့်ရှောက်မှု အချိန်မီရရှိနိုင်မှုကို ငြင်းပယ်ခံရခြင်းတို့၏ အကျိုးဆက်ကြောင့် သေဆုံးသွားခဲ့သည်။[208]

၁၄၆။ တပ်မတော်သည် မြန်မာနိုင်ငံမြောက်ပိုင်း အရပ်ဘက်လူနေဧရိယာများတလျောက် အကြိမ်ကြိမ် လက်နက်ကြီးများဖြင့်ပစ်ခြင်းနှင့် လေကြောင်းတိုက်ခိုက်မှုများကို အစီရင်ခံကာလ တစ်လျောက်လုံးတွင် ပြုလုပ်ခဲ့သည်။ ပေါက်ကွဲစေသောအရာများသည် ဒုက္ခသည်

[204] DI-057, K-131, PI-043, PI-044, PI-047, PI-073, PI-087, QI-094

[205] K-131, PI-044, PI-047, PI-073

[206] DI-057, DI-069 (2009), PI-043, PI-044, PI-047, PI-073, PI-087, QI-094

[207] PI-044.

[208] K-131, PI-105, V-126; see this chapter, section C.3: Lack of recourse.

စခန်းများအပါအဝင် လူထူထပ်သော လူနေဇရိယာများအတွင်း အရပ်သားနေအိမ်များအပေါ် သို့မဟုတ် အနီးတွင် ကျရောက်ခဲ့ပြီး ရွာသားများအား သေဆုံးဒဏ်ရာရရှိစေကာ ပစ္စည်းဥစ္စာများ ပျက်ဆီးဆုံးရှုံးစေသည်။ ယင်းတိုက်ခိုက်မှုများသည် ဥစ္စာပစ္စည်းများ မီးလောင်ခြင်း နှင့် ထိုမီးလောင်ခြင်းများကြောင့် အရပ်သားသေဆုံးခြင်း ရလာဒ်များကိုလည်း ဖြစ်စေသည်။[209]

*ချုပ်နှောင်မှုခံရစဉ်အတွင်း တပ်မတော်၏ ပြည်သူများအား တရားဥပဒေနှင့်မညီသော သတ်ဖြတ်မှုများ*

၁၄၇။ မစ်ရှင်ကို တင်ပြလာကြသည့် သတ်ဖြတ်မှုဖြစ်စဉ်များသည် ကျူးလွန်ခံရသူများ တပ်မတော်၏ ချုပ်နှောင်မှုအတွင်း ရောက်ရှိခဲ့ကြစဉ် ဖြစ်ရပ်များဖြစ်နေသည်။[210] တပ်မတော်သည် အမျိုးသားများကို[211] ချုပ်နှောင်ဖမ်းဆီးမှုများ ပြုလုပ်လေ့ရှိပြီး ၎င်းတို့၏ အလုပ်အကိုင်များ၊ လက်နက်ကိုင်နှင့် ဆက်စပ်မှုများအကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်များ အခြေစိုက်ရာနေရာများ၊ အဖွဲ့ဝင်များအကြောင်း စသည့်အကြောင်းအရာများကို မေးမြန်းလေ့ရှိသည်။ မေးခွန်းမေးသည့်အခါ နှိပ်စက်ခြင်း (သို့မဟုတ်) ပုံမှန်မဟုတ်သည့် စစ်ဆေးမှုများဖြင့်[212] မေးလေ့ရှိပြီး အကျိုးဆက်အနေဖြင့် ဖမ်းဆီးထားသူများ သေဆုံးခြင်းများ ဖြစ်ပေါ်ခဲ့သည်။

၁၄၈။ သာဓကအနေဖြင့် ၂၀၁၇ နှစ်ဆုံးပိုင်းတွင် ရှမ်းပြည်နယ် နန့်ဆန်မြို့နယ်ရှိ မန်းလန်းကျေးရွာတွင် TNLA တပ်ဖွဲ့ဝင်တစ်ဦးဟု ယူဆခံရသည့် အမျိုးသားတစ်ဦးကို တပ်မတော်က ဖမ်းဆီး၍ ရိုက်နှက်စစ်ဆေးခဲ့သည်။ အဆိုပါအမျိုးသားက မဟုတ်ကြောင်း ငြင်းဆန်သည့်အခါ အကြိမ်ပေါင်းများစွာ ရိုက်နှက်ခံခဲ့ရသည်။ TNLA ဝတ်စုံ ဝတ်ဆင်ထားသည့် သူ၏ ရုပ်အလောင်းကို နောက်တစ်နေ့တွင် တွေ့ရှိခဲ့ရသည်။[213] အလားတူပင် ၂၀၁၇ ခုနှစ် မေလ ၂၆ ရက်၊ ကချင်ပြည်နယ် မန်စီမြို့နယ်တွင် တပ်မတော်သား (၃) ဦးက စစ်ဘေးရှောင်အရပ်သား (၃) ဦးအား ဖမ်းဆီးချုပ်နှောင်ထားစဉ် သတ်ဖြတ်ခဲ့ကြောင်း မစ်ရှင်က စစ်ဆေးတွေ့ရှိရသည်။ ရရှိခဲ့သည့် သတင်းအချက်အလက်များအရ အဆိုပါ အရပ်သား (၃) ဦးအား သတ်ဖြတ် ခဲ့ခြင်းမှာ ၎င်းတို့သည် ကချင်များဖြစ်နေခြင်း နှင့် KIA အဖွဲ့ဝင်များဟု ယူဆခဲ့ကြသောကြောင့် ဖြစ်သည်။[214]

၁၄၉။ မစ်ရှင်သည် တပ်မတော်၏ ဖမ်းဆီးချုပ်နှောင်ခံရသည့် အရပ်သားများ၏အကြောင်းနှင့် ရက်များ (သို့) ရက်သတ္တပတ်များ အကြာလောက်တွင် ၎င်းတို့အား သေဆုံးလျက်တွေ့ရှိရသည့် ဖြစ်ရပ်များအကြောင်း အစဉ်တစိုက်ဖြစ်ပြီး ခိုင်လုံသည့်သတင်းအချက်အလက်များကို လက်ခံခဲ့ရပါသည်။[215] သာဓကအားဖြင့် SSA-S အားပံ့ပိုးသူဟု ယူဆခံရသူ ဖခင်ဖြစ်သူအား ရှမ်းပြည်နယ်၊ လွိုင်လင်မြို့တွင် ၂၀၁၁ ခုနှစ်က ဖမ်းဆီးသွားကြကြောင်း နှင့်

---

[209] DI-057, DI-061, DI-062, PI-044, PI-045, PI-053, PI-065၊ ဤအပိုင်း၌ ရန်လိုတိုက်ခိုက်မှု စည်းမျဉ်းစည်းကမ်းများ ကိုကြည့်။ ဤအပိုင်း အခန်း က-၈။ ထူးခြား လက္ခဏာရှိသည့် ဖြစ်ရပ်များ (တနိုင်း) တွင်ကြည့်။

[210] DI-067, K-139, K-140, PI-034, PI-040, PI-041, PI-053, PI-054, PI-062, PI-074, PI-082, QI-086,
QI-095, V-019, V-020

[211] ဤကဏ္ဍ၊ အခန်း (A.5) ကို ကြည့်ပါ။ "လွတ်လပ်မှု တရားလက်လွတ် ငြိုးခြုံကျူမှု နှင့် ပျောက်ဆုံးမှုများ"

[212] PI-062, PI-074, QI-089; ဤကဏ္ဍ၊ အခန်း (A.3) ကို ကြည့်ပါ။ "ညှင်းပန်းနှိပ်စက်မှုနှင့် အခြားသော မညှာမတာဆက်ဆံမှုများ။ အခန်း (A.8): သင်္ကေတဆန်သည့်ဖြစ်ရပ်များ (တနိုင်း)

[213] K-134, PI-074, V-093

[214] K-140, PI-040

[215] K-139, PI-040, PI-082, PI-106, V-019; အခန်း A-5 လွတ်လပ်မှုကို တရားလက်လွတ် ကင်းမဲ့စေခြင်းနှင့် အဓမ္မ ပျောက်ဆုံးစေခြင်း

ရက်သတ္တပတ်အကြာတွင် ၎င်းအား တောအုပ်ထဲတွင် သေဆုံးလျက်တွေ့ရှိရကြောင်း မျက်မြင်သက်သေဖြစ်သူ သားက ရှင်းပြခဲ့သည်။

> *"၂၀၁၁ နိုဝင်ဘာ၊ အောက်တိုဘာလောက်မှာ ညသန်းခေါင်ကြီး စစ်သား ၆ ယောက် အိမ်ထဲဝင်ပြီး အဖေ့ကို ဖမ်းသွားခဲ့တယ်။ သူတို့က ကျနော့်ကိုလဲ ဖမ်းချင်ခဲ့တာ၊ ဒါပေမဲ့ ကျနော်က ထွက်ပြေးလွတ်မြောက်ခဲ့တယ်။ SSA-S ကို အစားအစာနဲ့ ခိုလှုံခွင့် ပေးခဲ့တယ်ဆိုပြီး သူတို့က အဖေ့ကို စွပ်စွဲခဲ့တယ်။ တကယ်တော့ အဲ့ဒါ မဟုတ်ပါဘူး။ ကျနော့် အဖေကို ကြိုးနဲ့ လက်ကို တုပ်ပြီး ခေါ်သွားကြတယ်။ တပါတ်လောက်ကြာတော့ ဘာသတင်းမှမရတာနဲ့ သူ့ကို တောထဲမှာလိုက်ရှာရတာ။ တောင်ခြေအောက်မှာ သူ့အလောင်းကို တွေ့ရတာပါပဲ။ အလောင်းတွေ့တော့ သေနတ်ဒဏ်ရာတွေ မတွေ့ပေမဲ့ သေလောက်အောင် ရိုက်နှက်ခံခဲ့ရတော့ ထင်ရှားပါတယ်။ သူ့လက်တွေကို ကြိုးနဲ့တုပ် ထားဆဲ။ အခြားအလောင်းတွေလဲ အဲဒီနေ့မှာ တွေ့ခဲ့ရတယ်။ အဖေ့အလောင်းနားမှာ အခြား ၂ လောင်းလဲ တွေ့ခဲ့တယ်။ အသတ်ခံရသူတွေ အားလုံးက သာမန် လယ်သမားတွေ ချည်းပါပဲ။"*[216]

၁၅၀။ အလားတူပင် ကချင်ပြည်နယ်၊ မန်စီမြို့နယ်ရှိ မိုင်းခေါင်ဒုက္ခသည်စခန်းနေ ပြည်သူ (၂) ဦးကို တပ်မတော်၏အချုပ်တွင် ၂၀၁၈ ခုနှစ်၊ ဇန္နဝါရီလ (၃၀) ရက်နေ့၌ နောက်ဆုံးမြင်ခဲ့ရပြီးနောက် အသတ်ခံလိုက်ရကြောင်း ခိုင်လုံသည့်အစီရင်ခံစာများကို မစ်ရှင်က ရရှိခဲ့သည်။ အစီရင်ခံစာများအရ အသတ်ခံခဲ့ရသည့် အမျိုးသားများသည် အရပ်သားများဖြစ်ကြကြောင်းနှင့် အလောင်းများဖော်ထုတ်ချိန်တွင် KIA ဝတ်စုံများ ဝတ်ဆင်လျက်ဖြစ်ကြောင်း သိရှိရသည်။[217]

၁၅၁။ မစ်ရှင်သည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ဝင်များကို တပ်မတော်က ဖမ်းဆီးခြင်း (သို့) ထိန်းသိမ်းချုပ်နှောင်မှုများပြုလုပ်ပြီး နောက်ဆက်တွဲအနေဖြင့် သတ်ဖြတ်ခြင်းများရှိနေကြောင်း ခိုင်လုံသည့် အစီရင်ခံစာများကိုလည်း မစ်ရှင်က လက်ခံရရှိခဲ့သည်။[218] အသတ်ခံရသူများတွင် အမျိုးသားများ၊ အမျိုးသမီးများ ပါဝင်သည်။ သာဓကအားဖြင့် ၂၀၁၈ ခုနှစ်၊ ဇူလိုင် (၁၆) ရက်နေ့တွင် တပ်မတော်က TNLA အမျိုးသမီး ဆေးဝန်ထမ်း (၆) ဦး နှင့် TNLA စစ်သား (၃) ဦးကို ၎င်းတို့အကြား တိုက်ပွဲ ဖြစ်ပြီးနောက်ပိုင်း ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်တွင် ဖမ်းဆီးခဲ့ကြောင်း ယုံကြည်ရသည့် အစီရင်ခံစာက ပြောသည်။ အဆိုပါဖြစ်ရပ်တွင် တပ်မတော်က TNLA အမျိုးသားလက်နက်ကိုင်တစ်ဦးကို နေရာတွင်ပင် ပစ်သတ်ခဲ့ကြပြီး ကျန် (၂) ဦးမှာ ဒဏ်ရာများရရှိကာ ထွက်ပြေးလွတ်မြောက်ခဲ့ကြကြောင်း သိရှိရသည်။ အမျိုးသမီး ဆေးတပ်သား (၆) ဦး၏ အလောင်းများကို အနီးနားရှိ ရေမြောင်းတစ်ခု၌ ၂၀၁၈ ခုနှစ် ဇူလိုင်လ (၁၄) ရက်တွင် တွေ့ရှိခဲ့ရသည်။ မစ်ရှင်က စစ်ဆေးခဲ့သည့် မှတ်တမ်းရလဒ်အရ အလောင်းတစ်ခုတွင် သေစေလောက်သည့် ဦးခေါင်းဒဏ်ရာရှိခဲ့ကြောင်း တွေ့ရသည်။ မစ်ရှင်၏ မှုခင်းဆေးပညာဆိုင်ရာ ဆန်းစစ်သုံးသပ်ချက်အရ အင်အားကြီး လေးလံသည့်အရာဖြင့် အထုခံခဲ့ရသည့် ဒဏ်ရာ (သို့မဟုတ်) ပစ်အားပြင်းသည့် သေနတ်ဒဏ်ရာ တို့ကြောင့် ဖြစ်နိုင်သည်ဟု အကြောင်းရင်း (၂) ခုအား ညွှန်းပြခဲ့သည်။ ပေးထားချက် (၂) ခုတွင် ဒုတိယတစ်ခုသည် အဖြစ်နိုင်ဆုံးဟု ယူဆရသည်။ ကျည်ဆံတချက်ဖြင့် ဦးခေါင်းကို

---

216 PI-082.

217 K-139, V-019, V-020

218 K-141, PI-053; ဤကဏ္ဍ၊ အခန်း (A.3) ကို ကြည့်ပါ။ "ညှင်းပန်းနှိပ်စက်မှုနှင့် အခြားသော မညှာမတာဆက်ဆံမှုများ။ အခန်း (A.8): မြင်သာသည့် ဖြစ်ရပ်များ (တနိုင်း)

ချိန်ရွယ်ပစ်ခတ်၍ရရှိသော ဦးခေါင်းဒဏ်ရာဖြင့် သေဆုံးစေသည့် အလောင်းများသည် အသေသတ်လိုသည့် သတ်ဖြတ်ခြင်းပုံသဏ္ဍာန်များဖြစ်ကြောင်း ပြဆိုနေသည်။ အသတ်မခံရခင် မုဒိန်းကျင့်ခံရသည့် အမျိုးသမီးများအကြောင်း အစီရင်ခံစာများကို မစ်ရှင်က ရရှိခဲ့သော်လည်း အဆိုပါ ပြောဆိုချက်များကို အတည်မပြုနိုင်ခဲ့ချေ။[219]

၁၅၂။ တပ်မတော်ချုပ်နှောင်မှုအတွင်း တရားမဲ့သတ်ဖြတ်မှုများသည် တိုက်ပွဲများ ဖြစ်ပွားမှုမရှိသည့်နေရာများတွင်လည်း ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားလျက်ရှိသည်။[220] သာဓကအားဖြင့် မျက်မြင်သက်သေတစ်ဦးက ကချင်ပြည်နယ်၊ မြစ်ကြီးနားအနီးရှိ ရွာတွင် ၂၀၁၂ ခုနှစ် ဇူလိုင် (၁၂) ရက်နေ့၌ ၂၅ နှစ်အရွယ်ရှိ ၄င်း၏အကိုအား သတ်ဖြတ်ခဲ့မှုကို အောက်ပါအတိုင်း ပြန်ပြောင်းပြောဆိုခဲ့သည်။

> " *တနင်္ဂနွေ ညနေပိုင်းမှာ ကျနော့် အကိုနဲ့ အတူ ဘုရားကျောင်းသွားခဲ့တယ်။ စစ်သား (၅) ယောက်က ကျနော်တို့ (၂) ယောက်ကို ရပ်ခိုင်းပြီး "ဘယ်သွားမလို့လဲ ၊ ကချင်တွေလား" လို့မေးတယ်။ ကျနော်တို့က ကချင်တွေပါလို့ ဖြေတဲ့အခါ ကျနော်တို့ကို စစ်သားတွေက စရိုက်တော့တာပါပဲ။ သူတို့က ကျနော့် မျက်နှာကို ထိုးတယ်။ ကျနော်တို့ကျောင်းသား မှတ်ပုံတင်တွေကို သိမ်းလိုက်ကြပြီး KIA ဌာန ဘယ်မှာ အခြေစိုက်လဲ၊ KIA စစ်သားတွေ ဘယ်မှာလဲ မေးတယ်။ ကျနော်တို့ က မသိဘူးပြောတော့ သူတို့က ကျနော်တို့ကို မယုံဘဲ စစ်တပ်ကင်းတဲထဲ ခေါ်သွားတယ်။ ကျနော့် အကိုကို အပူပေးထားတဲ့ ဓားနဲ့ နှိပ်စက်ညှင်းပန်းတယ်။ ကျနော့်ကိုလဲ နှိပ်စက်တယ်။ ရိုင်ဖယ်သေနတ်ဖင်မြီးနဲ့အရိုက်လဲ ခံရတယ်။ ကျနော်က ငိုပြီး အော်ဟစ်နေခဲ့တာ။ သူတို ့က KIA ဌာန ဘယ်မှာရှိလဲဆိုတာကိုဘဲ ထပ်တလဲလဲ မေးကြ တယ်။ ပြီးတော့ ကျနော့်အကိုကို ကျနော့်ရှေ ့မှာတင် ဓါးနဲ ့ထိုးသတ်လိုက်ကြတော့ သူသေသွားတယ်။ ကျနော့်အကို သေသွားတာ ကျနော့်မှာ မကြည့်ရက်လို့ မျက်စိမှိတ်ထားရတယ်။ သူတို့က ကျနော့်ကို အဲ့မှာပဲနေဖို ့ပြောပြီး ကျနော့်အကို အလောင်းကို အပြင်ထုတ်သွားတယ်။ အလောင်းကို ဘယ်သယ်သွားလဲ ကျနော်လဲ မသိဘူး။ စစ်သားတွေက ကျနော်ထွက်ပြေးရင် အသေသတ်မယ်လို့လဲ ပြောတယ်။"*[221]

၁၅၃။ အလားတူပင် ၂၀၁၇ ခုနှစ် မေလ ၂၆ ရက် တွင် တိုက်ပွဲများမရှိသည့် ကချင်ပြည်နယ်၏ အစိုးရထိန်းချုပ်နယ်မြေ မန်စီမြို့နယ်တွင် တပ်မတော် စစ်သား ၁၅ ဦးမှ ၂၀ ဦးသည် အသက် ၂၅ မှ ၃၀ အတွင်းရှိ စစ်ဘေးရှောင် ကချင်အရပ်သားများကို သတ်ဖြတ်ခဲ့သည်။ ရေနိမ့်မြောင်းလေးတွင် စုပေါင်းမြေမြှုပ်ခံခဲ့ရသည့် သေဆုံးသူ (၃) ဦး၏ အလောင်းများကို ရက်အနည်းငယ်အကြာတွင် ပြန်လည်တွေ့ရှိရသည်။ အဆိုပါအမျိုးသားများသည် KIA အဖွဲ့ဝင်များဖြစ်သည်ဟု ရည်ရွယ်ချက်ရှိရှိ အစွပ်စွဲ ခံရသူများ ဖြစ်ကြသည်။[222]
၂၀၁၇ ခုနှစ် မေလ (၂၉) ရက်နေ့တွင် အဆိုပါ အလောင်း (၃) လောင်းအား မန်စီမြို့နယ်ဆေးရုံရှိ ရင်ခွဲရုံသို့ ပို့ဆောင်ကာစစ်ဆေးခဲ့ကြပြီး မိသားစုထံတွင် နေ့လည်ပိုင်း၌ ပြန်အပ်နှံခဲ့ကြသည်။ မန်စီမြို့နယ်ရဲတပ်ဖွဲ့က လူသတ်မှုအဖြစ် အမှုဖွင့်ခဲ့သည်။ ရရှိခဲ့သည့် သတင်းအချက်အလက်များအရ ရင်ခွဲရုံစစ်ဆေးချက်များက သေဆုံးသူများအားလုံး သေနတ်ဒဏ်ရာအများအပြားအပါအဝင် ဆိုးဝါးသည့်ဒဏ်ရာများ၊ ခန္ဓာကိုယ်တွင်

---

219 K-141.

220 PI-040, PI-052, PI-070

221 PI-05.2

222 K-140, PI-040

ပြတ်ရှဒဏ်ရာများ၊ ဦးခေါင်းခွံအက်ကွဲခြင်း နှင့် မျက်စိ၊ နားများတွင် ဒဏ်ရာများ ရရှိခဲ့ကြကြောင်း ပြဆိုခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် မြန်မာစစ်တပ် စစ်ခုံရုံးက ခြေလျင်တပ်ခွဲ ၃၁၉ ၏ စစ်သား (၆) ဦးအား[223] အမျိုးသား (၃) ဦးကို သတ်ဖြတ်မှုအတွက် ထောင်ဒဏ် (၁၀) နှစ် အမိန့်ချခဲ့သည်။[224]

*အရပ်သားများကို အတင်းအဓမ္မ အလုပ်ကြမ်းခိုင်းခြင်းဖြင့် သတ်ဖြတ်ခြင်း*

၁၅၄။ တပ်မတော်မှ အမျိုးသား၊ အမျိုးသမီးများကို အတင်းအဓမ္မအလုပ်ကြမ်းခိုင်းခြင်းဖြင့် သတ်ဖြတ်မှု ဖြစ်ရပ်များအကြောင်း တင်ပြချက်များစွာကို မစ်ရှင်က ဆက်တိုက် လက်ခံရရှိခဲ့သည်။[225] တပ်မတော်စစ်သားများသည် အရပ်သားများက အလုပ်ကြမ်းလုပ်ရန် ငြင်းဆိုခြင်း၊ ထွက်ပြေးရန်ကြိုးစားခြင်း (သို့မဟုတ်) အလုပ် ဆက်လက်မလုပ်ဆောင်နိုင်တော့သည့် အခြေအနေများတွင် အရပ်သားများကို တစ်ဦးချင်းစီ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်မှုများ ပြုလုပ်ကြသည်။[226] အောက်ပါ သာဓကဖြစ်ရပ်များသည် အဆိုပါအချက်ကို ပို၍ပေါ်လွင်စေပါသည်။

- မျက်မြင်သက်သေတစ်ဦးက ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း ကချင်ပြည်နယ်၊ မြစ်ကြီးနားအနီး ရွာတစ်ရွာတွင် ၎င်း၏အိမ်နီးချင်းတစ်ဦးအား သတ်ဖြတ်မှုဖြစ်ပွားခဲ့သည့် ဖြစ်ရပ်ကို ဖော်ပြခဲ့သည်။ အခြားသော ရွာသား (၃) ဦးနှင့်အတူ ၎င်းအလုပ်လုပ်နေသည့် စိုက်ခင်းသို့ တပ်မတော် စစ်သား ၁၅ ဦးသည် ချဉ်းကပ်လာကြသည်။

*စစ်သားတွေက ကျနော်တို့နာမည်တွေနဲ့ မှတ်ပုံတင်အထောက်အထားတွေ၊ ပြီးတော့ အခြား အခြေခံအချက်အလက်တွေအကြောင်း မေးတယ်။ စစခြင်းတော့ အခြေအနေက စိုးရိမ်စရာလို့ မထင်ရဘူး။ ဒါပေမဲ့ နောက်ပိုင်း စစ်သားတွေက သူတို့အတွက် ထွက် အလုပ်လုပ်ပေးရမယ် ပြောလာတယ်။ အသက် ၂၈ နှစ် ရှိတဲ့ ယောကျာ်းတွေထဲက ကျနော့် သူငယ်ချင်းက သူ့မိသားစုကို စောင့်ရှောက်ရမှာမို့လို့ မသွားနိုင်ဘူးပြောပါတယ်။*

*စစ်သားတွေက စိတ်ဆိုးသွားပြီး ကျနော်တို့ကို ခြိမ်းခြောက်ပါတော့တယ်။ ကျနော့် သူငယ်ချင်းကလဲ ထွက်ပြေးဖို့ ကြိုးစားတယ်။ ဒါပေမယ့် စစ်သားထဲက ရာထူးကြီးတစ်ယောက်က သူ့ကျောကို သေနတ်နဲ့ပစ်လိုက်တာ သူလဲကျသွားတယ်။ နောက်တော့ ကျနော့်သူငယ်ချင်း ဆုံးသွားတယ်။ စစ်သားတွေက သူ့အလောင်းကို မြစ်ထဲပစ်ချတာ မြင်ခဲ့တယ်။ ကျနော်တို့ကိုလဲ သူတို့ခိုင်းတဲ့ အတိုင်း မလုပ်ရင် ကျနော့်သူငယ်ချင်းကို ပစ်သလို ပစ်သတ်မယ်လို့ ခြိမ်းခြောက်ပါတယ်။*[227]

- အခြားသော မျက်မြင်သက်သေတစ်ဦးက ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်း ၂၀၁၂ ခုနှစ် မေလက အဓမ္မအလုပ်ကြမ်းကို စေခိုင်းခံနေရစဉ် အတူလုပ်လုပ်နေသည့် နောက်တစ်ဦးအား သတ်ဖြတ်ခံခဲ့ရပုံကို ရှင်းပြခဲ့သည်။

*ကျနော်တို့ကို ခြံတစ်ခု အတင်းခုတ်ခိုင်းခဲ့ပြီး စစ်တပ်အခြေစိုက် စခန်းတစ်ခုထဲက ဘေးဘီနေရာကို ရှင်းဖို့အတင်းအဓမ္မခိုင်းခဲ့ကြတယ်။ ရွာသားတစ်ယောက်က*

---

[223] မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ၏ ခြေလျင်တပ်မများထဲမှ တစ်ခု

[224] K-140, PI-040; ဤကဏ္ဍ၊ အခန်း (C.3) အကူအညီတောင်းခံမှုမရှိခြင်း ကို ကြည့်ပါ။

[225] အခန်း (A.6) "အဓမ္မလုပ်အားပေးစေခြင်းနှင့် လူကြီးကလေးများကို အဓမ္မခေါ်ဆောင်ခြင်း" ကို ကြည့်ပါ။

[226] DI-057, DI-063, PI-077, PI-090, QI-078, QI-086, QI-095.

[227] DI-063.

*အလုပ်လုပ်ရတာ အတော်အဆင်မပြေဘူး ဖြစ်နေခဲ့တယ်။ သူလမ်းလဲမလျှောက်နိုင်တော့ဘူး။ အရမ်းပင်ပန်းပြီး လဲကျသွားတယ်။ စစ်သားတွေက အရမ်းစိတ်ဆိုးသွားပြီး သူ့ကို ပြန်ထခိုင်းတယ်။ သူ့ကို မသတ်ဘို့ သူကတောင်းပန်ခဲ့ပေမယ့် စစ်သားတွေက သူ့ကို ခေါင်းကနေ အနီးကပ်ပစ်ခဲ့တယ်။ နောက် သူသေသွားတယ်။*[228]

- အခြားဖြစ်ရပ်တစ်ခုကမူ မျက်မြင်သက်သေတစ်ဦး၏ ပြောကြားချက်အရ လေးလံသည့်ပစ္စည်းများကို ဆက်လက်မသယ်နိုင်တော့သည့် ရွာသား (၂) ဦးအား ၂၀၁၇ခုနှစ် ဇန္နဝါရီလ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်အတွင်း သတ်ဖြတ်ခဲ့ကြကြောင်း တင်ပြချက်ဖြစ်သည်။

  *ရွာသား ၂၀ ကျော်လောက်ကို ပေါ်တာဆွဲဘို့၊ သူတို့ပစ္စည်းတွေ သယ်ဘို့ စစ်သားတွေက ခေါ်သွားတယ်။ သူတို့တွေထဲက တချို့က ၁၂ရက်လောက်အကြာ ပြန်ရောက်လာကြတော့ အစားအသောက် သေချာမစားရဘူးလို့ ကြားရတယ်။ ရွာသား (၂) ယောက်ကိုဆို တလကျော်လောက် ခေါ်သွားတယ်။ ရွာသားတစ်ယောက်ကို ပစ္စည်းသယ်ခိုင်းတာ သူက မသယ်နိုင်တော့ သေသွားအောင် အရိုက်ခံခဲ့ရတယ်။ အခြားရွာသားတစ်ယောက်လည်း အရမ်း အားနည်းလာတဲ့အခါ သေနတ်နဲ့ပစ်သတ်ခဲ့ကြတယ်။ သူတို့အလောင်းတွေကို ကျနော်သွားယူတဲ့အခါ မြင်ခဲ့ရတယ်။*[229]

*တူညီမှုများ*

၁၅၅။ မစ်ရှင်က လက်ခံရရှိခဲ့သည့် တရားမဲ့သတ်ဖြတ်မှုများအားလုံး၏ အစီရင်ခံစာများ အားလုံးနီးပါးတွင် တပ်မတော်စစ်သားများသည် ကျူးလွန်သူများဖြစ်ကြသည်။[230] တချို့သောကိစ္စရပ်များတွင် လက်နက်ကိုင်တပ်ဖွဲ့များ ပါဝင်ပတ်သက်နေသည်။ သာဓကအားဖြင့် ၂၀၁၇ ခုနှစ် မတ်လ (၁) ရက်နေ့တွင် တပ်မတော် နှင့် လက်တွဲလုပ်ဆောင်နေသော KDA အဖွဲ့သည် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်အတွင်း အသက် ၂၄ နှစ်အရွယ် တအာင်းလူမျိုး အမျိုးသားတစ်ဦးကို သတ်ဖြတ်ခဲ့ကြပြီး အခြားသောလူပုဂ္ဂိုလ်များကိုလဲ ဒဏ်ရာရစေခဲ့ကြသည်။ လက်နက်ကိုင်တပ်ဖွဲ့တွင် အဖွဲ့ဝင်ဖြစ်ခြင်းအပေါ် သံသယများကြောင့်ဖြစ်ကြောင်း ထင်ရှားလှသည်။ သတ်ဖြတ်ခံရသူသည် တပ်မတော်နှင့် KDA တို့ ၎င်း၏အိမ်အတွင်း ဝင်လာစဉ် ထွက်ပြေးဘို့ကြိုးစားရာမှ ကျောဘက်မှ သေနတ်ဖြင့်ပစ်ခံရခြင်းဖြစ်ပြီး ၎င်းနောက်တွင် ဓါးဖြင့် ထိုးသတ်ခံခဲ့ရသည်။ အခြားသောအမျိုးသားများလည်း ဒဏ်ရာများရရှိခဲ့ကြသည်။ သေဆုံးသူ၏ အလောင်းကို လားရှိုးရေခဲတိုက်တွင် ရက်အနည်းငယ်အကြာ မိသားစုက ရှာဖွေတွေ့ရှိခဲ့သည်။[231]

၁၅၆။ အကျူးလွန်ခံခဲ့ရသူများ နှင့် မျက်မြင်သက်သေများက တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့၏ မျိုးနွယ်စုနှင့်တူညီသည့် မျိုးနွယ်စုဝင် လူပုဂ္ဂိုလ်များအပေါ်တွင် အကြိမ်ကြိမ် ပစ်မှတ်ထားကြောင်း စဉ်ဆက်မပြတ် ဖော်ပြခဲ့ကြသည်။[232]

---

[228] QI-078.

[229] DI-057.

[230] PI-070; PI-054; PI-053; SI-004; V-018 ; အခန်း (A.8) သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ (တနိုင်း) ကိုကြည့်ပါ။

[231] PI-070.

[232] DI-067, PI-034, PI-040, PI-041, PI-053, PI-054, PI-065, PI-074, PI-090, QI-095; အခန်း (A.8) သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ (တနိုင်း) ကိုကြည့်ပါ။

တပ်မတော်က လူတစ်ဦးချင်းစီသည် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့နှင့် ဆက်နွယ်ပက်သက်မှု (သို့မဟုတ်) အားပေးထောက်ခံရှိနေမည်ဟု ယုံကြည်နေသ၍ အဆိုပါ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့၏ မျိုးနွယ်စုနှင့်တူနေခြင်း ဟူသည့် သက်သေအပြင် အခြားမလိုအပ်တော့ပေ။ အထူးသဖြင့် တိုက်ခိုက်မှုပြုနိုင်သည့် အသက်အရွယ်ဟု စဉ်းစားထားသည့် ၁၈ နှစ်နှင့် ၄၀ နှစ်အကြား အမျိုးသားများအား ပိုမိုသက်ရောက်စေပါသည်။[233] အထက်ဖော်ပြပါ ကိစ္စရပ်များအပြင် သာဓကအားဖြင့် မျက်မြင်သက်သေတစ်ဦး၏ တင်ပြချက်အရ သူမ၏ ၂၁ နှစ်အရွယ်အမျိုးသားကို ၂၀၁၆ ခုနှစ် မတ်လကုန်တွင် ရှမ်းပြည်နယ်၊ မန်တုံမြို့နယ် အတွင်း တပ်မတော်က သူမအိမ်ကို ရည်ရွယ်ချက်ရှိရှိ သေနတ်ဖြင့် အကြိမ်ပေါင်းများစွာ ပစ်ခတ်ပြီးသတ်ဖြတ်ခဲ့ကြောင်း သိရသည်။ သူမ၏အမျိုးသား တအာန်းလူမျိုးသည် TNLA တပ်ဖွဲ့အဖွဲ့ဝင်အဖြစ် သံသယဝင်ခံခဲ့ရကာ ၎င်းတို့အိမ်ကို အဆိုပါအကြောင်းပြချက်ကြောင့် ပစ်မှတ်ထားခဲ့ကြခြင်း ဖြစ်ကြောင်း သူမက ပြောသည်။[234]

၁၅၇။ တပ်မတော်က အရပ်သားပြည်သူများကို သတ်ဖြတ်သည့်အခါ ၎င်းတို့သည် EAO များ၏အဖွဲ့ဝင်များဖြစ်သည်ဟု ပုံဖျက်လိုက်ခြင်းအားဖြင့် တပ်မတော်က ၎င်းတို့ဆောင်ရွက်နေသည့် သောင်းကျန်းသူတိုက်ဖျက်ရေးလုပ်ငန်း၏ မှန်ကန်ကြောင်းဖော်ပြချက် အရေးကြီးမှုကို ဖော်ထုတ်ဆောင်ရွက်သည်ဟု ယူဆသည်။ မျက်မြင်သက်သေများက အရပ်သားအမျိုးသားများ၏ ရုပ်အလောင်းများကို EAO ဝတ်စုံများဖြင့် ပြန်တွေ့ရသည့် ဖြစ်ရပ်များကို တင်ပြကြသည်။[235] ဖြစ်ရပ်တစ်ခုတွင် သူမ၏ ဖခင်ကို အခြားသေ ရွာသားတစ်ဦးနှင့်အတူ တပ်မတော်က ၂၀၁၈ ခုနှစ် ဇန္နဝါရီလကုန် လောက်တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ်အတွင်းရှိ ၎င်း၏လယ်ကွင်းမှ အပြန် ခေါ်ဆောင်သွားကြောင်း ရင်းမြစ်တစ်ခုက ခိုင်မာသောအထောက်အထား ပေးလာသည်။ တလကြာသောအခါ ၎င်းတို့၏ ရုပ်အလောင်းများကို ရေမြောင်းတစ်ခုအတွင်း KIA ဝတ်စုံများ ဝတ်ဆင်လျက် သေနတ်ဒဏ်ရာများဖြင့် တွေ့ရှိခဲ့ရသည်။[236]

၁၅၈။ တပ်မတော်၏သတ်ဖြတ်မှုများသည် ရက်စက်လွန်းလှသည်။[237] သာဓကအားဖြင့် မျက်မြင်သက်သေတစ်ဦး၏ တင်ပြချက်အရ တပ်မတော်စစ်သားများက သူ၏ဖခင်ကို ခေါင်းဖြတ်ခဲ့ကြပြီး ခန္ဓာကိုယ်ကို မီးရှို့ခဲ့ကြကြောင်းနှင့် ၎င်းဖြစ်ရပ်မှာ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ (၆) ရက်နေ့တွင် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်အတွင်းရှိ မြောက်ပိုင်းတပ်ပေါင်းစု၏ ထိုးစစ်ဆင်မှုဖြစ်ရပ်အတွင်း KIA နှင့် ပူးပေါင်းမှုအပေါ် သံသယဝင်ခဲ့ခြင်းကြောင့်မှန်း ထင်ရှားလှသည်။[238] အခြားသောမျက်မြင်သက်သေများက တပ်မတော်သည် ပြည်သူများကို လူမြင်ကွင်း အများပြည်သူနေရာများ (သို့မဟုတ်) ၎င်းတို့၏မိသားစုဝင်များအရှေ့တွင် သတ်ဖြတ်ခဲ့ကြကြောင်း တင်ပြခဲ့ကြသည်။[239] သာဓကအားဖြင့် ၂၀၁၄ ခုနှစ် စက်တင်ဘာ (၁၄) ရက်နေ့တွင် ရှမ်းတိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ကို အားပေးထောက်ခံသည်ဟု သံသယ ဝင်ခံခဲ့ရသောကြောင့် တပ်မတော်က သူမ၏ ခင်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးကို သေသည်အထိ ရိုက်နှက်ခဲ့ကြကြောင်း မျက်မြင်သက်သေတစ်ဦးက ပြောပြသည်။

---

[233] PI-040, PI-053, PI-054, PI-062, PI-065, PI-074, QI-095

[234] PI-065.

[235] K-137, K-139, PI-074, PI-106, V-093, V-019, V-020

[236] PI-106.

[237] PI-034, PI-041, PI-062, PI-074, PI-090

[238] PI-041.

[239] PI-034, PI-052, PI-074, PI-090

ရိုက်နှက်ခြင်းများကို ရှမ်းပြည်နယ်၊ မိုင်းရှူးမြို့နယ်ရှိ ရွာ၏အလယ်တွင် ရွာသားများနှင့် ကျူးလွန်ခံရသူတို့၏ မိသားစုဝင်များရှေ့တွင် ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။[240] အခြားသော မျက်မြင်သက်သေ၏ တင်ပြချက်အရ သူမ၏ဖခင်သည် တပ်မတော်၏ သတ်ဖြတ်မှုကြောင့် ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်အတွင်း ၂၀၁၁ ခုနှစ် ဇွန်လ၌ သေဆုံးခဲ့ရကြောင်း ၄င်းကဲ့သို့သတ်ဖြတ်ခံရခြင်းမှာ သူမ လက်မထပ်လိုသည့် တပ်မတော်အရာရှိနှင့် လက်ထပ်ပေးရန် ဖခင်က ငြင်းဆန်ခဲ့သောကြောင့် ဖြစ်သည်။ သူမ၏ဖခင်သည် မိသားစုဝင်များရှေ့တွင် သေသည်အထိ ပြင်းထန်စွာ ရိုက်နှက်ခံခဲ့ရကာ ဝမ်းဗိုက်ကွဲထွက်ဒဏ်ရာရရှိပြီး ယင်းဒဏ်ရာများဖြင့်ပင် ဆုံးပါးသွားခဲ့ရသည်။[241] အခြားသော ကျူးလွန်ခံရသူ၏မိခင်က ပြောပြချက်အရ သူမ၏သားအား ၂၀၁၇ ခုနှစ် ဇွန်လကုန်ပိုင်းတွင် ရှမ်းပြည်နယ်၊ နမ့်ဆမ်မြို့နယ်ရှိ ကျေးရွာတွင် တပ်မတော် စစ်သားများက နှိပ်စက်ခဲ့ကြပြီး နောက်ဆက်တွဲအနေဖြင့် သေဆုံးသွားကြောင်းနှင့် သူမ၏သားသည် သူမအမည်ကို အော်ခေါ်ကာ အကူညီတောင်းနေခဲ့သည်ကို ကြားနေခဲ့ရကြောင်း ပြောပြခဲ့သည်။[242]

၁၅၉ ။ မစ်ရှင်သည် မြန်မာပြည်မြောက်ပိုင်းအတွင်းရှိ ပဋိပက္ခဖြစ်ပွားရာနေရာများတွင် တပ်မတော်၏ အစုအပြုံလိုက်သတ်ဖြတ်မှု ဖြစ်ရပ်များအကြောင်း ခိုင်လုံသည့် သတင်းအချက်အလက်များ လက်ခံရရှိခဲ့သည်။ ဖြစ်ရပ်တင်ပြချက်တစ်ခုတွင် တပ်မတော်နှင့် TNLA အကြား တိုက်ပွဲများပြင်းထန်ပြီးနောက် တပ်မတော်သည် အမျိုးသမီး (၆) ဦးနှင့် အမျိုးသား (၅) ဦး အနည်းဆုံးကို ၂၀၁၆ ခုနှစ် ဇွန်လ (၂၅) ရက်နေ့တွင် ရှမ်းပြည်နယ်ရှိ မိုင်းယော်မြို့နယ်ခွဲဒေသအနီး လုံမွန်းရွာ တွင် ဖမ်းဆီးခဲ့သည်။ နောက်ပိုင်းတွင် ရုပ်အလောင်း (၇) ခုကို လူသေတွင်းတိမ်များတွင် တွေ့ရှိခဲ့ရသည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လတွင် ရွာသား (၅) ဦးကို တပ်မတော်စစ်သားများက စစ်ဆေးမေးမြန်း သတ်ဖြတ်ခဲ့ကြောင်း နှင့် ကျူးလွန်သူများကို အပြစ်ပေးမည်ဖြစ်ကြောင်း တပ်မတော်အဆင့်မြင့်ဗိုလ်ချုပ်ကြီးတစ်ဦးက ဝန်ခံခဲ့ရသည်။[243] အလားတူပင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၀ တွင် ရှမ်းပြည်နယ်၊ မိုင်းကိုးမြို့နယ်၊ မိုင်းလွယ်နမ့်ခေးဟို၏ ကိုးကန့်ရွာအနီး တောအုပ်၌ မြောက်ပိုင်းတပ်ပေါင်းစုအဖွဲ့ (Northern Alliance) နှင့် တပ်မတော်အကြား တိုက်ပွဲ အတွင်း အသက် (၂) နှစ်အရွယ် ကလေးငယ်တစ်ဦးအပါအဝင် ရွာသား (၁၈) ဦး၏ ခန္ဓာအရိုးစုများရှိသည့် လူသေတွင်းကြီးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ရသည်ဟု အစီရင်ခံစာများတွင် ပါရှိသည်။[244] လေ့လာချက်များအရ ရုပ်အလောင်းများအား မြေမမြုပ်မီတွင် ဆိုးရွားစွာမီးရှို့ခဲ့ကြကြောင်း သိရသည်။ ရွာသား (၁၈) ဦး အား တပ်မတော်က ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၈ ရက်နေ့တွင် ဖမ်းဆီးခဲ့ကြောင်း အများပြောပြချက်များအရ သိရသည်။[245]

**(၃) ညှင်းပန်းနှိပ်စက်မှုနှင့် အခြားဆိုးဝါးသည့်ပြုကျင့်မှုများ**

၁၆၀။ ညှင်းပန်းနှိပ်စက်မှု၊ အခြားသော ဆိုးဝါးသည့်ပြုကျင့်မှုဖြစ်စဉ်များတွင် အမျိုးသားများအပေါ်တွင်သာမက အမျိုးသမီးများနှင့် ကလေးငယ်များအပေါ် ရံဖန်ရံခါ ၄င်း၊ EAOs များ၏ လှုပ်ရှားမှုများအပေါ် သတင်းအချက်အလက်နှင့် ဖြောင့်ချက်များရယူလို၍၄င်း၊ တပ်မတော်၏ ရန်ဖက်များအပေါ် ထောက်ပံ့ဂရုဏာ ထားခြင်းတို့အတွက်

240 PI-034.

241 PI-090.

242 PI-074

243 V-021, V-022; အခန်း (C.3) အကူအညီတောင်းခံနိုင်မှုမရှိခြင်းကို ကြည့်ပါ။

244 ခြေမြန်တပ်မ ၈၈ နှင့် ၉၉ တို့ဆီမှ။

245 V-131, V-132

အပြစ်ပေးလိုခြင်းကြောင့်၄င်း၊ ပုံစံတူ ပြုကျင့်မှုများကို မြင်တွေ့ရသည်။ ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးဝါးစွာပြုကျင့်မှုများကို အတင်းအဓမ္မအလုပ်ကြမ်းစေခိုင်းရန်အတွက် လူတစ်ဦးချင်းအပေါ်တွင် အသုံးပြုကြသည်။ ထိန်းသိမ်းခံရခြင်း ပုံသဏ္ဍာန်အမျိုးမျိုးသည်လည်း ရံဖန်ရံခါတွင် ရက်စက်စွာ ပြုကျင့်မှု အတိုင်းအတာအဖြစ် တာသွားသည်။

### (က) ဥပဒေ သတ်မှတ်ချက် မူဘောင်

၁၆၁။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာပြုမူခြင်း၊ လူသားမဆန်ဘဲ အဆင့်အတန်း နှိမ့်ကျစေသည့်ပြုမူများအား နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ[246] နှင့် နိုင်ငံတကာ လူသားခြင်းစာနာထောက်ထားမှု ဥပဒေအောက်တွင်[247] တားမြစ်ထားသည်။ ညှင်းပန်းနှိပ်စက်မှုကို တားဆီးခြင်းသည် နာခံဆောင်ရွက်ရမည့် သွေးဖက်ထား၍မရသော နိုင်ငံတကာဥပဒေများ၏ စံသတ်မှတ်ချက်ဖြစ်လာမည့်မူများ (*jus cogens*) ကဲ့သို့ အကြွင်းမဲ့သက်ရောက်မှုရှိပြီး အခွင့်အရေးအား ရုပ်သိမ်းခြင်း (သို့မဟုတ်) ချွင်းချက်ဖြစ်ခြင်းများသည် မည်သည့်အခါမှ သက်ရောက်မှုမရှိသည့်အတွက် ကန့်သတ်ခြင်းနှင့် ပယ်ဖျက်ခြင်းများ ပြုလုပ်၍မရပါ။[248]

နိုင်ငံတကာလူ့အခွင့်အရေးဥပဒေအောက်တွင် ညှင်းပန်းနှိပ်စက်ခြင်းကို ပြည်သူ့ဝန်ထမ်းတစ်ဦး၏ ပါဝင်မှုရှိလျက် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ စိတ်ပိုင်းဆိုင်ရာဖြစ်စေ၊ ရုပ်ပိုင်းဆိုင်ရာဖြစ်စေ ပြင်းထန်စွာ နာကျင်မှု (သို့မဟုတ်) ဝေဒနာများကို ရည်ရွယ်ချက်ရှိရှိ ဖြစ်စေသည့် လုပ်ဆောင်မှုများဟု အဓိပ္ပါယ်သတ်မှတ်ထားသည်။[249] ပြင်းထန်စွာ နာကျင်မှု (သို့မဟုတ်) ခံစားရမှု ဖြစ်စေသည့် ပြုမူချက်များတွင် အဓိပ္ပါယ်သတ်မှတ်ချက်အားဖြင့် ပြင်းထန်စွာ ရိုက်နှက်ခြင်းများ၊ ထိုးကြိတ်ခြင်းများနှင့် ကန်ကျောက်ခြင်းများ၊ လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှုများနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ လျှပ်စစ်ရှော့ခ်တိုက်ခြင်းများ၊ အစားအစာ၊ သောက်ရေမလုံလောက်စေခြင်း၊ အိပ်ရေးမဝစေခြင်း နှင့် လွတ်လပ်မှုကင်းမဲ့နေသည့် လူပုဂ္ဂိုလ်၏ ဆန္ဒမပါဘဲ ပစ္စည်းဥစ္စာများကို ခွဲဝေစီမံခြင်းများပါဝင်သည်။[250] စိတ်ပိုင်းဆိုင်ရာ ဝေဒနာများကို ခံစားရစေသည့် ပြုကျင့်မှုများထဲတွင် ဥပမာအားဖြင့် - သတ်ဖြတ်ကွပ်မျက်မှုများကို သရုပ်ပြဆောင်ရွက်ခြင်း၊ လူတစ်ဦးစီရှိ ထိတ်လန့်ကြောက်ရွံ့မှု တစ်ခုချင်းစီအပေါ် အခွင့်ကောင်းယူ အလွဲသုံးစားပြုခြင်း၊ တစ်ဦးတည်း ပိတ်လှောင်အကျဉ်းချခြင်းကို ရက်ကြာပြုလုပ်ခြင်း၊ အသက်အန္တရာယ် ခြိမ်းခြောက်ခြင်း (သို့မဟုတ်) အကြမ်းဖက်ခြင်းတို့ ပါဝင်သည်။[251]

---

246 UDHR, အပိုဒ် ၅; ICCPR, အပိုဒ် ၇ နှင့် ၁၀။ CAT; CRC အပိုဒ် ၃၇ (က) အာဆီယံ ကြေညာစာတမ်း အပိုဒ် ၁၄။ မြန်မာရာဇသတ်ကြီး ဥပဒေတွင် ညှင်းပန်းနှိပ်စက်ခြင်းကို တားမြစ်ထားသော်လည်း (ပုဒ်မ ၃၃၀-၃၃၁) ၄င်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်သည် နိုင်ငံတကာဥပဒေနှင့် အပြည့်အဝ ကိုက်ညီမှုမရှိခြေ။

247 ဂျီနီဗာ စာချုပ်၏ အထွေထွေပုဒ်မ (၃) တွင် "ရက်စက်သော ပြုမူမှုများနှင့် ညှင်းပန်းနှိပ်စက်မှု" "ပုဂ္ဂိုလ်၏ ဂုဏ်သိက္ခာအပေါ် ရက်စက်စွာ ပြုမူခြင်း" အဓိကအားဖြင့် စစ်ပွဲတွင် ဒဏ်ရာရရှိသည့် ပြည်သူများနှင့် လူပုဂ္ဂိုလ်များ၏ ဂုဏ်သရေ ယုတ်လျော့စေပြီး အရှက်တကွဲဖြစ်စေသည့် ပြုမူမှုများကို တားမြစ်ထားသည်။ ICRC/ ဖြတ်ထုံးဖြစ်သည့်IHL, စည်းမျဉ်းအမှတ် ၉၀

248 ICCPR, art.4(2); CAT, arts 2(2) and (3)

249 CAT, art. 1; see also A/HRC/13/39/Add.5, paras. 30-39.

250 အခြားသော သာဓကများ အတွက် A/HRC/13/39/Add.5, အပိုဒ် ၅၁ ကို ကြည့်ပါ။

251 ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ၏ ယေဘုယျမှတ်ချက် အမှတ်စဉ် ၂၀ ၊ ပုဒ်မ (၇) "ညှင်းပန်းနှိပ်စက်ခြင်း (သို့ ) အခြားသော ရက်စက်၊ လူမဆန်သည့် ဂုဏ်သရေ ယုတ်လျော့စေသည့် ပြုမူဆက်ဆံမှု (သို့ ) အပြစ်ပေးမှုများကို တားမြစ်ခြင်း" ၁၀ မတ်လ ၁၉၉၂ အပုဒ် ၆; ထုတ်ပြန်ချက် အမှတ် (၇၄/၁၉၈၀) အက်စ်စထယ်လာ v ဥရုဂွေး, ၂၉ မတ်လ ၁၉၈၃ တွင် လူ့ အခွင့်အရေးကော်မတီမှ လက်ခံသည့်အမြင်များ၊ အပုဒ် ၁.၆၊ ၁၀; A/56/156 အပုဒ် ၈ သို ့ကြည့်ရန်

ညှင်းပန်းနှိပ်စက်မှုမြောက်ရန်အတွက် ပြုကျင့်မှုများကို အစိုးရဝန်ထမ်းများ (သို့မဟုတ်) တရားဝင်ပေးအပ်ထားသော အခွင့်အာဏာဖြင့် ဆောင်ရွက်နေသည့်ပုဂ္ဂိုလ်များ (သို့မဟုတ်) အဆိုပါ ပုဂ္ဂိုလ်များ၏ အမိန့်ပေးခံရသူများ (သို့မဟုတ်) ဖိအားအပေးခံထားရသူများမှ[252] တိကျသည့် ရည်ရွယ်ချက်အတွက် ပြုကျင့်ခြင်း များဖြစ်ရမည်ဖြစ်ပြီး ထိုအထဲတွင် ဖြောင့်ချက်ရယူခြင်း၊ သတင်းအချက်အလက် ရယူခြင်း၊ ပြစ်ဒဏ်ပေးခြင်း၊ ခြိမ်းခြောက်ခြင်း၊ အရှက်တကွဲဖြစ်စေခြင်း၊ အကျပ်ကိုင်ခြင်း (သို့မဟုတ်) ခွဲခြားဆက်ဆံမှု အခြေခံသည့်အကြောင်းကိစ္စကြောင့် ဆောင်ရွက်သည့် ကိစ္စတရပ်ရပ် တို့ပါဝင်သည်။[253] အဆိုပါ အဓိပ္ပါယ်သတ်မှတ်ချက်တွင် မပါဝင်သည့် အခြားရက်စက်၍ လူမဆန်သော သို့မဟုတ် လူ့ဂုဏ်သိက္ခာကျဆင်းစေသော ဆက်ဆံမှု သို့မဟုတ် ပြစ်ဒဏ်ပေးမှု ဖြစ်သည့် ပြုကျင့်မှုများကိုလည်း နိုင်ငံတကာဥပဒေအောက်တွင် တားမြစ်ထားသည်။[254] ညှင်းပန်းနှိပ်စက်မှု နှင့် ဆိုးဝါးစွာပြုကျင့်ခြင်းအကြား ကွဲပြားသည့် အဓိကအချက်မှာ ရည်ရွယ်ချက်မရှိခြင်းဖြစ်သည်။

၁၆၃။ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအောက်တွင်မူ ညှင်းပန်းနှိပ်စက်မှု အဓိပ္ပါယ်တွင် နာကျင်စေခြင်း (သို့မဟုတ်) ခံစားရစေခြင်းများကို တရားဝင်အခွင့်အာဏာရရှိထားသူ ဝန်ထမ်း (သို့မဟုတ်) လုပ်ပိုင်ခွင့်ရှိသည့် အခြား ပုဂ္ဂိုလ်က ကြိုတင်သဘောတူညီမှု (သို့မဟုတ်) ညှိနှိုင်းမှုဖြင့် ဖြစ်စေ၊ နှီးဆွလှုံ့ဆော်ချက်ဖြင့် ဖြစ်စေ ကျူးလွန်ခြင်း ဖြစ်စရာမလိုအပ်ပါ။

### (ခ) တွေ့ရှိချက်များ

***အဓိက နှိပ်နှာခံစားရသူများ***

၁၆၄။ တပ်မတော်သည် တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့ဝင်များ (သို့မဟုတ်) ပံ့ပိုးထောက်ပံ့သူများ (သို့မဟုတ်) စစ်တပ်၏ စစ်ဆင်ရေးများတွင် ပါဝင်ခဲ့ဖူးသူများကို သံသယဖြင့် ဖမ်းဆီးညှင်းပန်းနှိပ်စက်ကြသည်။ ညှင်းပန်းနှိပ်စက်မှုဒဏ် ခံရသူများသည် အသက်အရွယ်အားဖြင့် ၁၈ နှစ်မှ ၄၀ နှစ်အတွင်း ရှိကြပြီး တိုက်ပွဲများတွင် ပါဝင်နိုင်လောက်သည့်အရွယ်ဟု ယူဆခံရသူများဖြစ်သည်။[255] သို့သော် အသက်အရွယ်ကြီးရင့်သည့် အမျိုးသားများ၊ တခါတရံတွင် ရပ်ကျေးအုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) ရပ်ရွာခေါင်းဆောင်များကိုလည်း တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့များနှင့် ဆက်စပ်မှုရှိသည် (သို့မဟုတ်) ပူးပေါင်းသည်ဟု စွပ်စွဲကာ ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်ကြသည်။[256] ညှင်းပန်းနှိပ်စက်ခံရသူများသည် တပ်မတော်နှင့် တိုက်ပွဲဖြစ်နေသည့် ရန်သူ တိုက်ခိုက်ရေးသမားများနှင့် တူညီသည့် တိုင်းရင်းသားအုပ်စုများထဲက ဖြစ်ကြသည်။[257] အမျိုးသမီးများသည်လည်း တပ်မတော်မှ ပစ်မှတ်ထားခြင်းခံရပြီး မုဒိမ်းကျင့်ခံရခြင်း သို့မဟုတ် လိင်အကြမ်းဖက်မှုအခြားပုံစံများကို ညှင်းပန်းနှိပ်စက်မှုနည်းနာတခုအဖြစ် ကြုံကြရသည်။[258]

၁၆၅။ သမရိုးကျဥပမာတစ်ခုပေးရမည်ဆိုလျှင် အသက် ၂၃ နှစ်အရွယ် အမျိုးသား နှိပ်နှာခံစားရသူတစ်ဦးသည် ၄င်းအား ၃ ရက်ကြာအောင် တပ်မတော်စစ်သားများက ရှမ်းပြည်နယ်

[252] CAT ပုဒ်မ (၁) ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ ၊ ယေဘူယျမှတ်ချက် အမှတ်စဉ် ၂၀ အပုဒ် (၂)

[253] ညှင်းပန်းနှိပ်စက်မှု၏ ရည်ရွယ်ချက်များအကြောင်းကို CAT ပုဒ်မ (၁) တွင် အစဉ်လိုက်ဖော်ပြထားသည်။ A/HRC/13/39/Add.5, အပိုဒ် ၃၅ နှင့် ၅၈-၇၁ တွင်ကြည့်ပါ။

[254] ICCPR, ပုဒ်မ ၇ ; CAT, ပုဒ်မ ၁၆; E/CN.4/2006/6, အပိုဒ် ၃၅ ကိုကြည့်ပါ။

[255] DI-066, PI-062, PI-079, PI-109, QI-089

[256] DI-067, PI-035, PI-038, PI-111

[257] DI-066, PI-062, PI-079, PI-109, PI-111, QI-089

[258] အခန်း (A.4) "လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသောအမြင်ပေါ် အခြေတည်သည့် အကြမ်းဖက်မှု"

ကွတ်ခိုင်မြို့နယ်တွင် မတ်လ ၂၀၁၆ ခုနှစ်က စစ်တပ်ကင်းတဲ၌ ညှင်းပန်းနှိပ်စက်ခဲ့သည်ဟု တိုင်ကြားခဲ့သည်။ သူသည် တအဲာင်း လူမျိုးဖြစ်ပြီး ၎င်းနှင့် မျိုးနွယ်တူသည့် TNLA တပ်ဖွဲ့ဝင်ဖြစ်သည်ဟု စွပ်စွဲခံခဲ့ရသည်။ သူသည် အခြားသော တအဲာင်းအမျိုးသား (၁၈) ဦးနှင့်အတူ ဖမ်းဆီးခံခဲ့ရသည်။ သူ၏ ခန္ဓာကိုယ်တဝိုက်တွင် ကြိုးနှင့် မီးတုတ်အပိုင်းအစဖြင့် ရိုက်နှက်ထားခြင်းခံရပြီး စီးကရက်မီးဖြင့် အရှို့ခံခဲ့ရသည်။ တပ်မတော်စစ်သားများသည် ၎င်း၏လည်ပင်းကို ဓါးဖြင့်မွှန်းခဲ့ကြပြီး ဖြတ်ရာအသေးများ ပြုလုပ်ခဲ့ကြသည်။ အခြားဖမ်းဆီးခံရသူများလည်း ညှင်းပန်းနှိပ်စက်ခံခဲ့ရသည်။[259]

၁၆၆။ ညှင်းပန်းနှိပ်စက်ခံရသူများ အများစုသည် အရွယ်ရောက်သူများဖြစ်ကြသော်လည်း မစ်ရှင်သည် ကလေးသူငယ်များအပေါ် ညှင်းပန်းနှိပ်စက်မှုများအကြောင်း သတင်းအချက်အလက်များကိုလည်း လက်ခံရရှိခဲ့သည်။[260] ပုဂ္ဂိုလ်တစ်ဦးက ၎င်းအသက် ၁၄ နှစ်အရွယ်တွင် ၂၀၁၃ ခုနှစ်၌ တပ်မတော်စစ်သား (၂) ယောက်သည် ၎င်းနေထိုင်ရာ ရှမ်းပြည်နယ်၊ ကျောက်မဲမြို့နယ်ရှိ ဘုန်းကြီးကျောင်းအတွင်း ၎င်းအား ရိုက်နှက်ခဲ့ကြကြောင်း ပြောပြသည်။ စစ်သားများသည် ရိုင်ဖယ်ဒင်များဖြင့် ၎င်းအား ရိုက်နှက်ကြပြီး ၎င်း၏အကို တည်ရှိသည့် နေရာကို စစ်မေးခဲ့ကြသည်။ အကိုသည် ၎င်းအား တပ်မတော်က အတင်းအဓမ္မ ခေါ်ယူစစ်မှုထမ်းစေပြီးနောက် စစ်တပ်မှ ထွက်ပြေးတိမ်းရှောင်နေသူဖြစ်သည်။[261]

၁၆၇။ အသက်ကြီးရင့်သူများအပေါ် ပစ်မှတ်ထား ညှင်းပန်းနှိပ်စက်မှုများ နှင့် ဆိုးဝါးစွာ ပြုမှုများလည်းရှိကြောင်း သတင်းအချက်အလက်များ လက်ခံရရှိခဲ့သည်။ သာဓက အားဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ (၉) ရက်နေ့တွင် တပ်မတော်စစ်သားများသည် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၌ အသက် (၆၀) ကျော်အရွယ် အမျိုးသားတစ်ဦးကို ညှင်းပန်းနှိပ်စက်ခဲ့သည်။ အဆိုပါအမျိုးသားသည် စစ်ဘေးရှောင်စခန်းတွင် နေထိုင်နေသူဖြစ်ပြီး TNLA၏ ဆက်သားဟု ယူဆခံခဲ့ရသည်။[262]

သူအလုပ်လုပ်သည့်နေရာတွင် ၎င်းအား ၂၄ နာရီကျော်ကြာ ညှင်းပန်းနှိပ်စက်ခဲ့ကြပြီးနောက် စစ်တပ်က ၎င်းအား မျက်စိပိတ်ကာ ခေါ်ယူသွားပြီး ၎င်းနေထိုင်ရာ ကျေးရွာအနီး စစ်တပ်စခန်းတွင် ဆက်လက်ညှင်းပန်းခဲ့ကြသည်။ တပ်မတော်စစ်သားများသည် TNLA သူလျှိုများ တည်နေရာကို မေးမြန်းခဲ့ကြပြီး ပြင်းထန်စွာ ရိုက်နှက်ခဲ့ကြသည့်အတွက် အဆိုပါအမျိုးသား၏သွားအချို့ ဆုံးရှုံးခဲ့ရသည်။ ၎င်းအား ကြိုးတုပ်ခဲ့ကြပြီးနောက် ဖယောင်းပူများဖြင့်လဲ ၎င်းအပေါ် လောင်းချခြင်း ခံခဲ့ရသည်။ စစ်သားများသည် မေးမြန်းနေစဉ်အတွင်း ၎င်းအား ချွန်မြသည့် ကျောက်စရစ်ခဲလေးများအပေါ် နာရီအတော်ကြာ ဒူးထောက်ထိုင်ခိုင်းထားခဲ့ပြီး ၎င်းလက်ကို ချိုးခဲ့ကာ ဒဏ်ရာရနေသည့် လက်အကျိုးဖြင့်ပင် ညအိပ်စက်စေခဲ့သည်။[263]

၁၆၈။ အလားတူပင် အသက် (၆၀) ကျော်ဝန်းကျင်ရှိ ရပ်ရွာခေါင်းဆောင်တစ်ဦးကိုလည်း ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ၎င်းအား ရှမ်းပြည်နယ်အကျဉ်းထောင်သို့ မပို့ဆောင်မီ မူဆယ်မြို့နယ်အနီး စစ်တပ်စခန်းတွင် ညှင်းပန်းနှိပ်စက်ခဲ့ကြကြောင်း ယုံကြည်ရသည့် ရင်းမြစ်များက အတည်ပြုကြသည်။ စစ်တပ်စခန်းတွင် အဆိုပါ သက်ကြီးနစ်နာခံစားရသူ အား ရက်အတော်ကြာ အစားအသောက်အနည်းငယ်သာ ပေးခဲ့ကြပြီး ပြင်းထန်စွာ ရိုက်နှက်ခဲ့ကြသည်။ စစ်သားများသည်

---

259 PI-109.
260 QI-079, QI-094
261 QI-079.
262 PI-035.
263 PI-035.

၄င်းအား ခြောက်လန့်ရန်အတွက် ၄င်း၏ အကျဉ်းခန်းတွင် ခွေးများထည့်ခဲ့ကြသည်။ တပ်မတော်စစ်သားများက နစ်နာခံစားရသူအား ၄င်းသည် KIA ထောက်ခံအားပေးသူဖြစ်ကြောင်း ဖြောင့်ချက်ပေးစေလိုကြသည်။[264]

၁၆၉။ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ရွာခေါင်းဆောင်များသည်လည်း ညှင်းပန်းနှိပ်စက်ခံခဲ့ကြရသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာဘာသာစကားကို တခါတရံ ပြောဆိုအသုံးပြုနိုင်သော ပုဂ္ဂိုလ်များမှာ ၄င်းတို့သာလျှင်ရှိသောကြောင့်ဖြစ်သည်။[265] သာဓကအားဖြင့် နစ်နာခံစားရသူတစ်ဦးသည် ၂၀၁၆ ခုနစ် ဇန္နဝါရီလ (၁၀) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၌ တပ်မတော်စစ်သားများက ၄င်းအား အခြားသော ပြည်သူတစ်ဦး၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့်အတူ ဘုန်းကြီးကျောင်းတွင် ဖမ်းဆီးခဲ့ကြောင်း အသိပေးလာသည်။ တပ်မတော်နှင့် TNLA အဖွဲ့တို့သည် အဆိုပါနယ်မြေတွင် တိုက်ပွဲဖြစ်နေသည်။ ၄င်းတို့၏လက်များကို လက်ပြန်ကြိုးတုပ်ခဲ့ကြပြီး တပ်မတော်စစ်သားများက ၄င်းတို့၏မျက်နှာများကို ရိုက်နက်ခြင်း၊ ပါးချခြင်းနှင့် ရင်ဘတ်များကို ကန်ကျောက်ခြင်းများပြုလုပ်ခဲ့ကြသည်။ ၄င်းအပြင် ဓားဦးချွန်ဖြင့် လည်ဂုတ်များကို မွှန်းခြင်းများပြုလုပ်ကြသည်။ ၄င်းတို့အား TNLA ၏ တည်နေရာများကို စုံစမ်းစစ်ဆေးကြခြင်းဖြစ်သည်။ တပ်မတော်စစ်သားတစ်ယောက်က ၄င်းတို့အား "အကယ်၍ TNLA စစ်သားများ တည်နေရာမပြောခဲ့လျှင် ကိုယ့်သေတွင်းကိုယ်တူးပြီး သေနေရမယ်"ဟု ခြိမ်းခြောက်ပြောဆိုခဲ့သည်။[266]

*ကျူးလွန်ကြသူများ*

၁၇၀။ မစ်ရှင်၏ အချက်အလက်အတည်ပြုမှုများအရ တပ်မတော်စစ်သားများသည် မြန်မာပြည်မြောက်ပိုင်း၏ ညှင်းပန်းနှိပ်စက်မှု မှတ်တမ်းအများစုကို ကျူးလွန်ခဲ့သူများဖြစ်ကြောင်း စုံစမ်းသိရှိရသည်။[267] တချို့ကိစ္စများတွင်မူ ၄င်းတို့သည် ပြည်သူ့စစ်နှင့်[268] (သို့မဟုတ်) ထောက်လှမ်းရေးသတင်းအချက်အလက်များရယူရန် တာဝန်ပေးခြင်းခံထားရသော မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ၏ အစိပ်အပိုင်းဖြစ်သည့် မြန်မာ့ထောက်လှမ်းရေးဌာန (စရဖဟု အများသိကြသည့် စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့)[269] နှင့် အတူတကွ ကျူးလွန်ကြခြင်းဖြစ်သည်။ မှတ်တမ်းတင် ရရှိသမျှသော ထိန်းသိမ်းခံထားရစဉ် လိင်ပိုင်းဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုအားလုံးကို ကျူးလွန်သူသည် စရဖ ဖြစ်သည်။[270]

၁၇၁။ အများစုသော ညှင်းပန်းနှိပ်စက်မှုကိစ္စများအား တပ်မတော်စစ်သားများက စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးပြုလုပ်နေစဉ်၊ ပတ္တရောင်လှည့်စဉ် (သို့မဟုတ်) အတင်းအဓမ္မလုပ်အားပေးစေခိုင်းစဉ် ကျူးလွန်ကြခြင်းဖြစ်သည်။ သာဓကအားဖြင့် ထိခိုက်နစ်နာခံစားရသူတစ်ဦးက ၂၀၁၂ ခုနစ်တွင် ရှမ်းပြည်နယ်၌ ၄င်းအား စစ်သားများက ညှင်းပန်းနှိပ်စက်ခဲ့ကြကြောင်း ပြောပြသည်။ ၄င်းအား တပ်မတော် စစ်သားများက အခြားသော အမျိုးသား (၃) ဦးနှင့်အတူ ၄င်းတို့၏

---

[264] K-147.

[265] DI-067, PI-035, PI-038, PI-111

[266] PI-111.

[267] PI-038, PI-044, PI-054, PI-079, QI-090

[268] PI-053, PI-054, PI-056, SI-004; see this chapter, section A.8: Emblematic incidents (Tanai). PI-053, PI-054, PI-056, SI-004; အခန်း (A.8): သင်္ကေတဆောင်သည့် ဖြစ်ရပ်များ (တနိုင်းကိုကြည့်ပါ။

[269] PI-052, PI-055, PI-056

[270] PI-052; PI-056; PI-055; အခန်း (A.4): "လိင်ပိုင်းဆိုင်ရာနှင့်လိင်စိတ်ဝိသေသလက္ခဏာကွဲပြားသောအမြင်ပေါ် အခြေတည်သည့် အကြမ်းဖက်မှု" ကိုကြည့်ပါ။

စစ်တပ်စခန်းတစ်ခုသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ၎င်းတို့နှင့် ရှမ်းပြည်နယ် တိုင်းရင်းသားလက်နက်ကိုင်များနှင့် ဆက်စပ်မှုများကို မေးခွန်းထုတ်ကာ ရိုက်နက်ခဲ့ကြသည်။ စစ်သားများက ဖမ်းဆီးခံထားသူများ၏ လွတ်မြောက်ရေးအတွက် အခကြေးငွေ တောက်ခံခဲ့ကြပြီး အဆိုပါ ငွေကြေးကို နစ်နာခံစားရသူများ၏ မိသားစုဝင်များက ပေးခဲ့ကြရသည်။[271]

၁၇၂။ အခြားသော ထိခိုက်နစ်နာခဲ့ရသူတစ်ဦးက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်ရှိ ၎င်း၏ကျေးရွာအနီး မြစ်ထဲ၌ ငါးဖမ်းနေစဉ် ၎င်းအား တပ်မတော်က မည်ကဲ့သို့ ဖမ်းဆီးထိန်းသိမ်း၍ ညှင်းပန်းနှိပ်စက်ခဲ့သည်များကို ပြန်လည်ပြောပြသည်။ ၎င်းအချိန်သည် လူအင်အားအများအပြားပါဝင်သည့် တပ်မတော်စစ်ကြောင်းက ၎င်း၏ကျေးရွာသို့ ရောက်ရှိခဲ့ချိန်ဖြစ်သည်။ ၎င်းနောက်တွင် နစ်နာခံစားရသူအား စစ်တပ်စခန်းတွင် လုပ်အားပေးရန်အတွက် အတင်းအဓမ္မ ခေါ်ယူသွားခဲ့ကြသည်။ ၎င်းက

> *"စစ်သားဆယ်ယောက်လောက်က ကျနော့်ကို ဝိုင်းလာပြီးမေးတယ်။ "မင်း တောထဲမှာ ဘာလုပ်နေတာလဲ" ကျနော်က သာမန်အရပ်သား ရွာသားဖြစ်ကြောင်းနဲ့ ငါးမျှားချင်ကြောင်း ပြောပြခဲ့တယ်။ သူတို့က ကျနော့်ကို မယုံကြဘူး ဘာလို့လဲဆိုတော့ ကျနော်က အသက် ၂၆ အရွယ် လူငယ်လဲ ဖြစ်တယ်လေ။ သူတို့က ကျနော့်ကို ဝါးတုတ်နဲ့ ရိုက်တယ် ပြီးတော့ ကျနော့် ပေါင်တွေအပေါ် တုတ်နဲ့ လှိမ့်တယ်။ အဲ့တာ အတော်နာတယ်။ သူတို့က "မင်း သူပုန်လား" လို့မေးတယ်။ ကျနော်က ကျနော် နေ့စဉ်စားသောက်ဘို့ပဲ ရိုးရိုးသားသား ငွေရှာနေရတာဖြစ်ကြောင်း နဲ့ KIA မှာ တခါမှ မပါဝင်ဖူးပါကြောင်း ပြန်ပြောခဲ့တယ်။ သူတို့က ကျနော့်ကို စစ်တပ်စခန်းထဲ ခေါ်သွားပြီး တလလောက် ဖမ်းထားခဲ့ပါတယ်။ စစ်စခန်း တစ်ခုကနေ နောက်တစ်ခုဆီ ခေါ်သွားတယ်။ နောက် တလ ထပ်ချုပ်ခံရပါတယ်။ အဲ့ စစ်စခန်းတစ်ခုကနေ လဲ နောက်တစ်ခုဆီ ခေါ်သွားပြန်တယ်။ ပုံမှန် အရိုက်အနက်ခံခဲ့ရပါတယ်။ မနက်တိုင်း စစ်သားတွေက ကျနော့်ကို အစောကြီးလာနှိုးပြီး ရိုက်နက်တယ်။ အလုပ်တွေ အများကြီး အတင်းအဓမ္မ လုပ်ခိုင်းတယ်။ တောထဲမှာ ဘာစောင်မှမရှိဘဲ နေ့တိုင်းအိပ်ခဲ့ရတယ်။ ညတိုင်း အေးစက်နေခဲ့တယ်"*[272]

၁၇၃။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာပြုမူခြင်းများကို "စရဖ" များကလည်း ကျူးလွန်ကြသည်။ သာဓကအားဖြင့် နစ်နာခံစားခဲ့ရသူတစ်ဦးက ၎င်းအား ၂၀၁၂ ခုနှစ် ဇွန်လပိုင်းက ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ စရဖရုံးတွင် ခန့်မှန်း ရက်သတ္တပတ် (၁) ပတ်ခန့် ညှင်းပန်းနှိပ်စက်ခဲ့ကြကြောင်း ပြောပြလာသည်။ ၎င်းအား KIA နှင့် ဆက်နွယ်သည်ဟု ပုဒ်မ (၁၇) မတရားအသင်းဥပဒေ ကျူးလွန်ခြင်းမြောက်အောင် နောက်ပိုင်း စွပ်စွဲခဲ့ကြသည်။ စရဖများက ၎င်းအား ညှင်းပန်းနှိပ်စက်ပြီး KIA အဖွဲ့ဝင်ဖြစ်ကြောင်း အတင်းအဓမ္မ ဖြောင့်ချက်ပေးခိုင်းကြကြောင်း သူကပြောပြလာသည်။

> *စရဖ အေးဂျင့်တွေက တပါတ်လောက် ကျနော့ကို ညှင်းပန်းနှိပ်စက်ကြတယ်။ ကျနော်က KIA အဖွဲ့ဝင်ဖြစ်ကြောင်း ဆက်တိုက်ပြောနေတယ်။ ကျနော်က မဟုတ်ကြောင်း ထပ်ထပ်ဖြေနေခဲ့တယ်။ ဒါပေမယ့် သူတို့က ပိုပြီး နှိပ်စက်လာကြတယ်။ ကျနော့်ဗိုက်ပေါ် အပူပေးထားတဲ့ ဓါးကိုတင်ပြီး အသားတွေ လောင်ပစ်တယ်။ ပြီးတော့ ကျနော့် မျက်နှာပေါ် ဖယောင်းစက်အပူတွေ ချကြတယ်။ ကျနော့်ကို ခဲလုံးတွေ စားခိုင်းတယ်။ နောက်*

[271] QI-090.
[272] PI-079.

*ပူနေတဲ့စီးကရက် ဖင်ဆီခံတွေနဲ့ လက်တွေကို တို့တယ်။ ခဲလုံးတွေအပေါ် နာရီအတော်ကြာ ဒူးထောက်ထိုင်ခိုင်းထားတယ်။ ဝါးတုတ် (၂) ချောင်းယူပြီး ကျနော့်ပေါင်တွေအကြား ချည်ခဲ့ကြတယ်။*

*ကျနော့်ပေါင်ကို ဓါးနဲ့ထိုးတယ်။ ခြေထောက်တဖက်ထဲမှာတင် ဒဏ်ရာ ၁၅ ချက်လောက်ရှိတယ်။ အခြားတစ်ဖက်မှာ ဒဏ်ရာ ၅ ချက်ရှိတယ်။ သူတို့က အလှည့်ကျ ကျနော့်ဗိုက်ကို ကန်တယ်။ ထိုင်ခုံမှာချည်ပြီး ဝါးတုတ်နဲ့ ရိုက်တယ်။ အရမ်းနာလွန်းလို့ ကျနော် သတိလစ်သွားခဲ့သေးတယ်။ ဆက်တိုက် အရိုက်ခံခဲ့ရလို့ ကျနော့်အမြင်တွေလဲ ဝါးနေပြီ။ သူတို့က ကျနော့်မျက်ဆံတွေကို အကြာကြီး ဖိထားသေးတယ်။ မျက်လုံးတွေ ထွက်ကျလာတော့မလို ခံစားခဲ့ရတယ်။ ကျနော့်ကို သူတို့သတ်ကြလိမ့်မယ်လို့ဘဲ ကျနော် တွေးထားတာ။ စရဖ ရုံးအနောက်ဘက်မှာ မြေတွင်းတူးခဲ့ကြသေးတယ် ။ ကျနော့် အလောင်းမြှုပ်ဘို့နေမှာထင်ခဲ့တယ်။ ဒါကြောင့် နောက်ဆုံးတော့ ကျနော်ဟာ KIA စစ်သားပါလို့ ပြောခဲ့လိုက်ရတယ်။*[273]

*ရည်ရွယ်ချက်များ*

၁၇၄။ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာပြုမူခြင်းများကို နစ်နာခံစားရသူအား တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်ဖြစ်သည်ဟု ဖြောင့်ချက်ပေးစေလိုသည့်အခါများတွင် ၎င်း၊ စစ်မြေပြင်သတင်းအချက်အလက် နိုက်ယူလိုသည့်အခါများတွင်၎င်း (ဥပမာ- တည်နေရာများ၊ လက်နက်ခဲယမ်းများနှင့် စစ်သားများ၏သွားလာလှုပ်ရှားမှု အခြေအနေများ) အသုံးပြုကြသည်။[274] တချို့သော နစ်နာခံစားရသူများသည် ပုဒ်မ (၁၇) မတရားအသင်းဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းမခံရခင် ကာလမတိုင်မီ (သို့) ပြီးနောက် တပ်မတော်စစ်သားများ (သို့) စရဖများ၏ အချုပ်နှောင်ခံရချိန်များတွင် ညှင်းပန်းနှိပ်စက်ခံရသည်။[275]

၁၇၅။ သာဓကအားဖြင့် ရှမ်းပြည်နယ်၊ နမ့်ဆန်မြို့တွင် ထိခိုက်နစ်နာခံစားရသူတစ်ဦးက ၎င်းအား တပ်မတော်စစ်သားများက ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလတွင် TNLA ၏ ကိုယ်စား ဖောက်ခွဲရေးပြုလုပ်ရန် ကြိုးပမ်းသည်ဟူသော သံသယဖြင့် ဖမ်းဆီး ညှင်းပန်းနှိပ်စက်ခဲ့ကြောင်း အစီရင်ခံခဲ့သည်။

*ကျနော့်ကို တပ်မတော်က ဖမ်းတော့ တောအုပ်အနားမှာ ထင်းကောက်နေခဲ့တာပါ။ သူတို့က ကျနော့် မျက်စိ၊ နားတွေက သွေးတွေ ထွက်တဲ့အထိ ရိုက်နက်ကြတယ်။ သူတို့က "မင်း ဒီမှာ ဘာကြောင့် ရောက်နေတာလဲ၊ ဘာလုပ်နေတာလဲ" မေးတယ်။ ကျနော်က ထင်းလာကောက် နေတာပါလို့ဖြေတယ်။ စစ်သားတွေက ကျနော့်လက်ကို နောက်ပြန်ကြိုးတုပ်တယ်။ အခြားရွာသားတွေနဲ့ ့အတူ ကျနော်တို့ကို သူတို့စစ်တပ်စခန်းလုပ်ထားတဲ့ တဲထဲ ခေါ်သွားတယ်။ သူတို့က ကျနော့်ခေါင်းကိုကန်တယ်၊ TNLA နဲ့ပူးပေါင်းပြီး ဖောက်ခွဲရေးလုပ်ဘို့ ကြိုးစားနေတာဆိုပြီး စွပ်စွဲတယ်။ တပ်မတော်ဘက်က ဗိုလ်မှူးက တအာင်းလူမျိုးတွေ*

273 PI-055.

274 PI-059, PI-074, PI-075, PI-109, PI-111

275 PI-038, PI-052, PI-055, PI-056; အခန်း (A.5) ကို ကြည့်ပါ။ "လွတ်လပ်မှုများ တရားလက်လွတ် ခြွတ်ခြုံကျမှု"

*အားလုံးဟာ TNLA ပဲ ဆိုပြီး ပြောတယ်။ သူတို့ကို ကျနော်က လက်ဖက်တောင်သူပါ၊ သာမန်အရပ်သားပါလို့ ပြောပါတယ်။*[276]

၁၇၆။ အခြားသောထိခိုက်နစ်နာခံစားရသူက ကချင်ပြည်နယ်၊ ဆွပ်ပရာဘွမ်မြို့နယ်တွင် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ (၁၅) ရက်နေ့က ရပ်ကျေးအုပ်ချုပ်ရေးမှူး (၄)ဦး၊ အခြားသော ရွာသား ၁၅ ဦးနှင့်အတူ တပ်မတော်စစ်သားများ၏ ညှင်းပန်းနှိပ်စက်မှု ခံခဲ့ရပုံများကို ပြောပြပြန်သည်။ တပ်မတော်နှင့် KIA တို့ တိုက်ပွဲဖြစ်ပွားနေသည့်နေရာမှ ကျေးရွာသားများကို KIA အဖွဲ့ဝင်အဖြစ် မသင်္ကာဖြစ်ကာ ဖမ်းဆီးခံရသည့် ၎င်း၏ ကျေးရွာအနီးဖြစ်သည်။ ဖမ်းဆီးခံရွာသားများကို ၎င်းကျေးရွာနှင့် (၉) မိုင်ကွာဝေးသည့် စစ်တပ်စခန်းအခြေစိုက်ရာနေရာသို့ ခေါ်ဆောင်သွားခဲ့သည်။ ၎င်းတို့ကို စစ်တပ်စခန်းတွင် (၁) ပတ်အကြာ ထိန်းသိမ်းထားပြီး ညှင်းပန်းနှိပ်စက်ခြင်း၊ မညှာမတာ ပြုမူခြင်းများပြုလုပ်ခဲ့သည်။ ညှင်းပန်းနှိပ်စက်ခြင်းတွင် အသက်အန္တရာယ်ခြိမ်းခြောက်ခြင်းများနှင့် ရိုက်နှက်ခြင်းများပါဝင်သည်။ ထိခိုက်နစ်နာခံစားခဲ့ရသူက

*ကျနော်တို့ကို လက်ပြန်ကြိုးတုပ်ထားတယ်။ စစ်တပ်တဲတွေ အပြင်ဘက်မှာ မတ်တပ်ရပ်နေရတယ်။ KIA အဖွဲ့ဝင်လားဆိုပြီး အကြိမ်ကြိမ်အဖန်ဖန် စစ်မေးတယ်၊ စွပ်စွဲတယ်။ ဆက်တိုက်ကို စော်ကားတာ။ တပ်မတော်က "ငါတို့က မင်းတို့ကို မေးနေတာ၊ အေး မဖြေလို့ကတော့ မင်းတို့ကို သတ်ပစ်မယ်" ပြောတယ်။ ကျနော်က KIA မဟုတ်ပါဘူး၊ သာမန်ရွာသား တွေပါလို့ ပြန်ပြောတယ်။ သူတို့က "မင်း KIA စစ်သားဖြစ်ကို ဖြစ်ရမယ်" လို့ ဒေါသတကြီး ပြန်ပြောတယ်။ နေ့တိုင်း နေ့တိုင်း သူတို့ အဲ့မေးခွန်းပဲမေးတယ်။ ကျနော်တို့ကလဲ တူတူပဲ ပြန်ဖြေတယ်။ ပြီးတော့ အရိုက်ခံရကော။*[277]

၁၇၇။ အခြားသောဖြစ်ရပ်များတွင်မူ၊ ညှင်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာပြုမူခြင်းတို့သည် ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် လူနည်းစုတိုင်းရင်းသားမျိုးနွယ်ဝင်များကို အပြစ်ပေးရန်နှင့် လူသားဖြစ်တည်မှုမှ ယုတ်လျော့စေရန် အလို့ငှာ အသုံးဝင်သောလုပ်ရပ်ဖြစ်သည်။ တပ်မတော်က ညှင်းပန်းနှိပ်စက်သည့် အချိန်များအတွင်း ၎င်းတို့၏ ဘာသာရေးနှင့် တိုင်းရင်းသားဖြစ်တည်မှုများကို နှိမ့်ချပြောဆိုခြင်းများကို နှုတ်အားဖြင့် ကျူးလွန်သည်။[278] သာဓကအားဖြင့် ၂၀၁၂ ခုနှစ် ဇွန်လ (၁၆) ရက်နေ့မှစ၍ တလကြာ ထိန်းသိမ်းခံခဲ့ရသူ ထိခိုက်ခံစားရသူတစ်ဦးက

*စရဖ အေးဂျင့်တွေက မြစ်ကြီးနားပတ်ဝန်းကျင်မှာ ဖောက်ခွဲရေးပစ္စည်းတွေ လာဆင်သွားတာ ကျနော်နဲ့ဆိုင်တဲ့ပုံစံမျိုး ဆက်တိုက်မေးခဲ့တယ်။ ကျနော်က ခရစ်ယာန်ဖြစ်နေတော့ သူတို့က လက်ဝါးကပ်တိုင်မှာ ယေရှု အသတ်ခံခဲ့ရသလိုမျိုး လိုက်လုပ်ခိုင်းတယ်။ သူတို့က ကချင်တွေကို အရမ်းအထင်သေးတော့ တိရိစ္ဆာန်တွေလို ဆက်ဆံခံရတယ်။*[279]

၁၇၈။ တချို့သောကိစ္စရပ်များတွင် တပ်မတော်က ၎င်းတို့၏ ရန်ဘက်တိုင်းရင်းသားလက်နက်ကိုင်များ (EAOs) ကြောင့် ဖြစ်ပွားရသည့် စစ်မြေပြင်က သေဆုံးမှုများအတွက် လျော်ကြေးအနေဖြင့် အရပ်သားများကို ညှင်းပန်းနှိပ်စက်ကြသည်။[280]

---

[276] PI-075.
[277] DI-067.
[278] PI-038, PI-056, PI-074, PI-075
[279] PI-056.
[280] DI-066, PI-044, PI-086, PI-088, အခန်း (A.8): သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ (တနိုင်း) ကိုကြည့်ပါ။

များပြားလှစွာသော အရပ်သားများသည် တပ်မတော်အတွက် အတင်းအဓမ္မအလုပ်ခိုင်းစေခံရပြီး ညှင်းပန်းနှိပ်စက်ခြင်း၊ မညှာမတာပြုမူခြင်းများကို ခံရသည်။ ထိုအထဲတွင် ကလေးသူငယ်များလည်း ပါဝင်သည်။ ထိခိုက်နစ်နာခံစားခဲ့ရသူအများက တပ်မတော်သည် ၎င်းတို့အား ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်ရှိ ၎င်းတို့၏ရွာအတွင်း (သို့မဟုတ်) ရွာအနီးတွင် ဖမ်းဆီးခဲ့ကြကြောင်း တင်ပြကြသည်။[281] ၎င်းတို့အား ညှင်းပန်းနှိပ်စက်ခြင်း၊ ဆိုးဝါးစွာပြုမူပြီး တပ်မတော်အတွက် အတင်းအဓမ္မအလုပ်လုပ်စေသည်။ အခြားသော ညှင်းပန်းနှိပ်စက်ခြင်းနှင့် မညှာမတာပြုမူခြင်း ပုံသဏ္ဌာန်များသည် အတင်းအဓမ္မလုပ်အားပေး စေခိုင်းချိန်တွင် ကျူးလွန်ခဲ့ခြင်းများဖြစ်သည်။[282]

၁၇၉။ သာဓကအားဖြင့် အသက် (၁၆) နှစ်အရွယ် ကလေးတစ်ဦးအား တပ်မတော်စစ်သားများက ဖမ်းဆီးညှင်းပန်းနှိပ်စက်ကာ ဆိုးဝါးစွာပြုမူခြင်း ခံခဲ့ရကြောင်း ဖြစ်ရပ်တစ်ခုကို တွေ့ ရှိရသည်။ ကချင်ပြည်နယ် ပိုင်းမော်မြို့နယ်တွင် ၂၀၁၁ ခုနှစ်က (၃) ရက်တာ အတင်းအဓမ္မလုပ်အားပေးစေခိုင်းခံခဲ့ရခြင်း ဖြစ်သည်။

၎င်းရွာ၏ ပြည်သူအများစုသည် တိုက်ပွဲများနှင့်ဝေးရာ ထွက်ပြေးသွားခဲ့ကြပြီး သူအပါအဝင် အခြားသောရွာသား (၁၀) ဦးမှာ ရွာတွင် ကျန်ရစ်ခဲ့ကြသည်။ စစ်သားများက အမျိုးသားများအား မေးခွန်းများမေးပြီး အဖြေများကို မကျေနပ်ပါက ၎င်းတို့အား ပိုမိုရိုက်နှက်ကြပြန်သည်ဟု ကလေးက ပြောပြသည်။ စစ်သားတစ်ဦးက ကလေးကို ၎င်း၏သေနတ်ဒင်ဖြင့် ရိုက်ခဲ့ပြီး ကလေးမှာ သွားတစ်ချောင်းဆုံးရှုံးခဲ့ရသည်။ တပ်မတော်စစ်သားများက အမျိုးသား ၁၀ ဦးနှင့် ကလေးကို တွင်းများတူးစေပြီး လေးလံလှသည့် အထုတ်များကို အတင်းအဓမ္မသယ်ခိုင်းသည်။ ပထမဆုံးနေ့တွင် အစားအစာနှင့် သောက်ရန်ရေပင် မပေးပေ။ ဒုတိယနေ့လည်လောက်တွင်မှ အစားအစာအချို့နှင့် ရေအနည်းငယ်ကို ပေးခဲ့သည်။[283]

အခြားသောထိခိုက်ခဲ့ရသူလူကြီးတစ်ဦးက ၂၀၁၁ ခုနှစ်၊ ဩဂုတ်လတွင် ရှမ်းပြည်နယ်၊ ကွန်ဟိန်းမြို့နယ်၌ ၎င်းအား တပ်မတော်က မည်ကဲ့သို့ ဖမ်းဆီးချုပ်နှောင်ကာ မညှာမတာဆက်ဆံပြီး အတင်းအဓမ္မ လုပ်အားပေးစေခဲ့ကြကြောင်း ပြန်ပြောင်း ပြောပြသည်။ ၎င်းက တပ်မတော်သည် ၎င်းနေထိုင်ရာရွာသို့ ရောက်ရှိလာပြီး ရှမ်းတိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ၏ အဖွဲ့ဝင်များကို တွေ့ရှိသလားဟု ရွာသားများကို မေးခဲ့ကြောင်း ပြောသည်။ ၎င်းနောက် တပ်မတော်က ၎င်းအား အခြားသောရွာသားများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းကာ ရိုက်နှက်ခဲ့ကြပြီး လေးလံလွန်းသော ပစ္စည်းများကို သယ်စေခဲ့သည်။ အစားအသောက်များကိုလည်း သင့်လျော်စွာ မကျွေးသည့်အပြင် လျင်မြန်စွာလမ်းမလျှောက်နိုင်ပါက ရိုက်နှက်ကန်ကျောက်၊ ထိုးနှက် ခံရပြန်သည်။[284]

*နည်းလမ်းများနှင့် နည်းစနစ်များ*

၁၈၀။ တပ်မတော်သည် အမျိုးစုံလှသော ညှင်းပန်းနှိပ်စက်မှု နည်းစနစ်များကို အသုံးပြုကြောင်း ဖြစ်ရပ်များစွာကို မစ်ရှင်က လက်ခံရရှိခဲ့သည်။ အောက်ပါ နည်းစနစ်များကို မှတ်တမ်းတင်ရရှိခဲ့ပါသည်။

- ဝါးတုတ် (သို့ ) သံတုတ်ဖြင့် ရိုက်နှက်ခြင်း၊[285]

---

[281] QI-085, QI-094, QI-098

[282] အခန်း (A.6) "အဓမ္မလုပ်အားပေးစေခြင်းနှင့် လူကြီး၊ကလေးများကို အဓမ္မခေါ်ဆောင်ခြင်း" ကို ကြည့်ပါ။

[283] QI-094.

[284] PI-083.

[285] PI-053, PI-055, PI-056

- ထိခိုက်ခံစားရသူ၏ ညို့သကျည်းတလျှောက် ဝါးဖြင့်ကြိတ်ခြင်းနှင့် ၎င်းအပေါ် မတ်တပ်ရပ်ခြင်း (သို့မဟုတ်) ခုန်ခြင်း၊[286]
- ကြိုးဖြင့် လက်များ၊ ခြေထောက်များကို တုတ်နှောင်ခြင်း၊[287]
- ခန္ဓာကိုယ်အနှံ့အပြားကို ရိုက်နှက်ခြင်း၊[288]
- သေနတ်ဒင်ဖြင့် ခေါင်းကို ရိုက်နှက်ခြင်း၊[289]
- ဘုရားကျောင်းဆောင်ကို သေနတ်ဖြင့်ချိန်ခြင်း၊[290]
- မျက်လုံးပိတ်အောင်စည်းနှောင်ခြင်း၊[291]
- အသက်အန္တရာယ်ခြိမ်းခြောက်ခြင်း၊ အသတ်ခံရမည့်အရေး ကြောက်လန့်မှုသည်မှန်ကန်ကြောင်း ရိုက်သွင်းခြင်း၊[292]
- အခြားသောထိန်းသိမ်းခံများအား ထိခိုက်နစ်နာသူရှေ့တွင် သတ်ပစ်ခြင်း၊[293]
- မုဒိန်းမှုအပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း၊[294]
- ဘာသာရေး (သို့မဟုတ်) တိုင်းရင်းသားတို့၏ မူလသဘာဝအပေါ် စော်ကားပြောဆိုခြင်း၊[295]
- စီးကရက်ဖင်ဆီခံ (သို့) အပူပေးထားသည့်ဓါးဖြင့် အရေးပြားကို လောင်ကျွမ်းစေခြင်း၊[296]
- အရေပြားပေါ် ဖယောင်းပူလောင်းချခြင်း၊[297]
- အပြည့်ဖြစ်စေ၊ တဝက်တပျက်ဖြစ်စေ အဝတ်အကာမဲ့ အတင်းအဓမ္မ နေစေခြင်း၊[298]
- မြေကြီးပေါ် တခါတရံ ကျောက်တုံးခဲများပေါ် နာရီများစွာကြာအောင် အတင်းအဓမ္မ ဒူးထောက်ထိုင်စေခြင်း၊[299]
- အပ် (သို့မဟုတ်) ချွန်ထက်သည့်ဓါးဖြင့် အသားကိုမွှန်းခြင်း၊[300]

---

286 PI-056, V-133.
287 DI-066, PI-035, PI-044, PI-053, PI-054, PI-074, PI-075, SI-004.
288 DI-066, PI-035, PI-038, PI-044, PI-053, PI-054, PI-055, PI-056, PI-074, PI-075, PI-109, QI-090, SI-004.
289 PI-035, PI-038, PI-044, PI-056
290 DI-066, PI-086
291 PI-035, PI-054, V-137
292 DI-068, PI-035, PI-038, PI-054, PI-055, PI-059, PI-062, PI-111
293 PI-062, SI-004
294 PI-052, PI-055, PI-056, PI-066 အခန်း (A.4) "လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှု" ကိုကြည့်ပါ။
295 PI-038, PI-056, PI-059, PI-074, PI-075
296 PI-055, PI-056, PI-109
297 PI-035, PI-055
298 DI-066, PI-052, PI-056
299 DI-066, PI-035, PI-055
300 PI-056, PI-109, PI-111

- နစ်နာခံစားရသူအား ၎င်း၏အလောင်းမြုပ်ရန် တွင်းကို ကိုယ်တိုင်တူးစေခြင်း၊[301] နှင့်
- နစ်နာခံစားရသူအား ခြောက်လှန့်ရန်အတွက် ခွေးများကို အချုပ်ခန်းအပြင် (သို့မဟုတ်) အတွင်းသို့ထည့်ခြင်း၊[302]တို့ ဖြစ်သည်။

၁၈၁။ မစ်ရှင်သည် ထပ်မံစုံစမ်းစစ်ဆေးရန်လိုအပ်သည့် ညှင်းပန်းနှိပ်စက်သည့် အခြားနည်းနာများအကြောင်း ခိုင်လုံသည့် မှတ်တမ်းများကိုလည်း လက်ခံရရှိခဲ့သည်။

၁၈၂။ ကျူးလွန်သူများက ညှင်းပန်းနှိပ်စက်သည့် အဆိုပါ နည်းနာများစွာကို မကြာခဏဆိုသလို တပြိုင်နက် အသုံးပြုကြသည်။ သာဓကအားဖြင့် ထိခိုက်ခံရသူတစ်ဦးက ၎င်းသည် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်အနီး ကျေးရွာရှိ ဘုန်းကြီးကျောင်းတွင် ၂၀၁၂ ခုနှစ် ဖွန်လ (၁၂) ရက်နေ့က ဖမ်းဆီးကာ ညှင်းပန်းနှိပ်စက်ခံခဲ့ရကြောင်း ပြောပြခဲ့သည်။ ၎င်းအား KIA အဖွဲ့ဝင်အဖြစ် မသင်္ကာဖြစ်ခဲ့ကြသည်။

> *ကျနော့်ကို ခြေလျင်တပ်မခွဲ (၃၇) က တပ်မတော်စစ်သားတွေက စစ်ဆေးမေးမြန်းခဲ့ကြတယ်။ သူတို့က ကျနော်ဘာလူမျိုး၊ ဘယ်က လာလဲမေးတယ်။ စစ်သားတွေက ကျနော့်မွေးရပ်မြေကျေးရွာက ရွာသားတွေ အားလုံးက KIA အဖွဲ့ဝင် မဟုတ်ရင် ထောက်ခံသူတွေလို့ပြောတယ်။ ကျနော်က ဘယ်တုန်းကမှ KIA အဖွဲ့ဝင်မဖြစ်ခဲ့ကြောင်းပြန်ပြောတယ်။ သူတို့က အတင်းအဓမ္မ ကျနော့်ကို KIA က ဖြစ်ကြောင်း ဝန်ခံခိုင်းတယ်။ စစ်သားတွေက ကျနော့် ဗိုက်နဲ့ ရင်ဘတ်နဲ့ကို ကန်တယ်၊ မျက်နှာကိုလဲ လက်နဲ့ ရိုက်သေးတယ်။*
>
> *သူတို့သေနတ်ဒင်တွေနဲ့ ကျနော့်ခေါင်းကို ထုတယ်။ ခေါင်းနဲ့နားတွေက ခဏခဏ ထိတာများတော့ ဘာမှ ထပ်မကြားရတော့ဘူး။ မျက်နှာလဲ ယောင်ကိုင်းလာတယ်။ ဝါးတုတ်နဲ့ကျနော့်ခေါင်းကို ရိုက်တာ တုတ်ကျိုးတဲ့အထိပဲ။ ကျနော့် ခြေထောက်ကို ဆွဲသွားပြီး ဝါးပင်စည် (၂) ခုကြားမှာ ညှပ်ပြီး ပင်စည်နဲ့ချည်ထားတဲ့ ကျနော့် ခြေထောက်အပေါ် လမ်းမလျှောက်နိုင်တော့တဲ့အထိ ခုန်ချတယ်။ စစ်သားတွေက ကျတော့်ကို ဆွဲထုတ်ခဲ့ရတယ်။ ဘုန်းကြီးကျောင်းမှာ နစ်ညနဲ့ သုံးရက်တိုင်အောင် ညှင်းပန်းနှိပ်စက်ခံခဲ့ရတယ်။*[303]

*နေရာဒေသများ*

၁၈၃။ ထိခိုက်ခံရသူများက ညှင်းပန်းနှိပ်စက်မှုများနှင့် ဆိုးဝါးစွာဆက်ဆံခံရမှုများသည် မြစ်ကြီးနားရှိ စရဖ ရုံးအပါအဝင် နေရာအစုံတွင် ဖြစ်ပွားခဲ့ကြောင်းနှင့်[304] များသောအားဖြင့် ၎င်းတို့၏ ကိုယ်ပိုင်မြို့နယ်၊ ကျေးရွာများရှိ နေအိမ်များ၊ တောအုပ်များ၊[305] ဘုန်းကြီးကျောင်းများ၊[306] စစ်တပ်စခန်းများ၊[307] as well as ချုပ်နှောင်ရာ တရားဝင်နေရာများတို့တွင်[308] ဖြစ်ပွားကြောင်း

---

[301] PI-055, V-133
[302] PI-037, PI-038
[303] PI-056.
[304] PI-052, PI-055, PI-056
[305] DI-066, PI-035, PI-074, PI-075, PI-086, PI-088
[306] PI-056, PI-074, PI-111
[307] PI-035, PI-038, PI-044, PI-052
[308] PI-038, V-133

အစီရင်ခံကြသည်။ ညှင်းပန်းနှိပ်စက်မှုအများစုသည် အနီးအနား ကျေးရွာများနှင့် မြို့နယ်များတွင် ဖြစ်ပွားခဲ့သည်။

၁၈၄။ များသောအားဖြင့် ညှင်းပန်းမှုများသည် တရားဝင်ချုပ်နှောင်ရာ နေရာဒေသများသို့ ထိခိုက်ခံစားရသူများကို ရွှေ့ပြောင်းသည့်အခါ၌ ရပ်တန့်သွားသည်။[309] သာဓကအားဖြင့် ထိခိုက်ခံစားရသူတစ်ဦးက ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ၎င်းအား ညှင်းပန်းမှုများသည် ကချင်ပြည်နယ်၊မြစ်ကြီးနားရှိ စရဖရုံးမှ မြစ်ကြီးနား အကျဉ်းထောင်သို့ လွှဲပြောင်းသည့်အချိန်တွင် ရပ်တန့်ခဲ့ကြောင်း ပြောပြသည်။[310]

၁၈၅။ ညှင်းပန်းနှိပ်စက်မှုများသည် စစ်တပ်စခန်းများတွင်လည်း မကြာခဏဆိုသလို ဖြစ်သည်။ ထိခိုက်ခံရသူတစ်ဦးက ကဆန်ဒေသတွင် တပ်မတော်စစ်ကြောင်း ဝင်ပြီးမကြာခင် ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ၎င်းအား ကချင်ပြည်နယ်၊ မိုးကောင်းဒေသ၏ စစ်တပ်စခန်းတစ်ခုတွင် ဖမ်းဆီးညှင်းပန်းနှိပ်စက်ခဲ့ကြောင်း သတင်းပေးပို့သည်။ ထိခိုက်ခံရသူက ၎င်းအား တပ်မတော်မှ KIA ၏ အဖွဲ့ဝင်အဖြစ် သံသယရှိကာ ဖမ်းဆီးခဲ့ခြင်းဖြစ်သည်ဟု ပြောပြသည်။

> *ကျနော့်ကို စစ်တပ်အခြေစိုက်စခန်းကို ခေါ်သွားပြီး စစ်သား (၂) ယောက်က ၃ ရက်ကြာအောင် နှိပ်စက်တယ်။ ကျနော်တို့လူအားလုံး (၁၀) ယောက်ကို အတူဖမ်းခဲ့ပြီး စစ်သား (၂၀) လောက်က ဝိုင်းထားတယ်။ ကျနော့် ခန္ဓာကိုယ်အနှံ့ အရိုက်ခံရတယ်။ အဓိက ကတော့ နောက်ကျော၊နဲ့ ရင်ဘတ်ပါ။ တပ်မတော်က ကြိုးနဲ့ လက်ကို လက်ပြန်ချည်တယ်။ ကျနော့် လည်ပင်းမှာလဲ ကြိုးစွပ်ထားတယ်။ သူတို့က "မင်းတို့ရွာထဲက လူအများစုက KIA အဖွဲ့ဝင်လား" မေးတယ်။ ကျနော်က သာမန်ရွာသားတွေပါလို့ ပြန်ဖြေတယ်။ သူတို့က ရွာထဲက ဘယ်သူက KIA လဲဆိုတာ ဆက်တိုက်ပဲမေးပြီး ထပ်ခါထပ်ခါ ပိုရိုက်တယ်။ ကျနော့်ကို ရိုက်တဲ့ စစ်သားတွေက ကချင်ယောကျာ်းတွေ အားလုံးဟာ KIA ပဲလို့ ပြောတယ်။ တပ်မတော်က ကျနော်တို့တွေဟာ ရွာသားတွေပါ ဆိုတာကို နားမလည်ချင်ဘူး။ သူတို့က သေနတ်ဒင်တွေနဲ့ထုတယ် နောက် ကျနော့်ကို ဓါးပြပြီး ခြောက်သေးတယ်။ KIA ဝတ်စုံယူလာပြီး အတင်းဝတ်ခိုင်းတယ်။ KIA လို့ဘယ်တော့မှ ကျနော်မဖြေခဲ့ဘူး။ သာမန်ရွာသားပါ ဆိုတာကိုပဲ ဆက်တိုက်ဖြေလာခဲ့တယ်။"*[311]

*ချုပ်နှောင်ခံရချိန် ဆိုးဝါးစွာပြုမူခြင်း*

၁၈၆။ တပ်မတော်၏အချုပ်တွင်ရှိနေစဉ် အမျိုးသမီး၊ အမျိုးသား၊ ကလေးများဖြစ်သည့် အရပ်သားများ၏ ချုပ်နှောင်ခံထားရသည့် အခြေအနေသည် ဆိုးဝါးစွာပြုမူခံရနိုင်ခြေများသည်။ ချုပ်နှောင်ခံရသည့် အခြေအနေများသည် တရားဝင်ဖြစ်စေ၊ တရားဝင်မဟုတ်သည့် အခြားနည်းလမ်းဖြင့်ဖြစ်စေ ချုပ်နှောင်ခံရသည့် နေရာများသည် စံနှုန်းမမီသည့် နေရာများဖြစ်သည်။[312] ထိခိုက်ခံစားရသူများသည် ၎င်းတို့အား အစာရေစာ မဝမလင်ပေးမှု၊ မိသားစုနှင့် အဆက်အသွယ်ဖြတ်မှုနှင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမမီခြင်းတို့အပေါ် စနစ်တကျ ပြောပြကြသည်။[313]

---

[309] PI-052, PI-109

[310] PI-052.

[311] PI-044.

[312] အခန်း A-5 လွတ်လပ်မှုကိုတရားလက်လွတ်ဆုံးရှုံးစေခြင်းနှင့် အတင်းအဓမ္မပျောက်ဆုံးခြင်းတွင်ကြည့်ပါ။

[313] DI-060, PI-035, PI-052, PI-055, PI-056, PI-013

၁၈၇။ တပ်မတော်တပ်စခန်းများတွင်ဖြစ်စေ၊ တပ်မတော်က ၄င်း၏ အခြေစိုက် စခန်းများကို ရွှေ့ပြောင်းလျှင်ဖြစ်စေ အတင်းအဓမ္မလုပ်အားပေးစေခိုင်းသည့် ဖြစ်ရပ်များတွင် လူသားမဆန်သည့် အခြေအနေများနှင့် ဆက်စပ်တည်ဆောက်ရန် ယုံကြည်ရလောက်သည့် အစဉ်တစိုက်ဖြစ်သော သတင်းအချက်အလက်များကိုလည်း မစ်ရှင်က လက်ခံရရှိခဲ့သည်။ ထိခိုက်ခံစားရသူများတွင် ကလေးသူငယ်များလည်း ပါဝင်သည်။ ထိခိုက်ခံစားခဲ့ရသူများက ၄င်းတို့ပေါ်တာ (အထမ်း) အဖြစ် လမ်းလျှောက်နေစဉ် လမ်းလျှောက်နေးသောကြောင့် (သို့မဟုတ်) ခွန်အားမရှိတော့သောကြောင့် အရိုက်ခံရကြောင်း ပြောပြကြသည်။ ၄င်းအပြင် တပ်မတော်၏အချုပ်တွင် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းမှုခံရစဉ်တွင် အစားအစာ မလုံလောက်ခြင်း၊ ဆာလောင်ခြင်း၊ ရေအလုံအလောက် မသောက်ရခြင်း၊ မြေကြီးပေါ်တွင် စောင်မပါဘဲ အိပ်စက်ရခြင်းနှင့် အအေးဒဏ်ခံရခြင်းအပြင် အသက်အန္တရာယ် ခြိမ်းခြောက်မှုများကို ခံခဲ့ရကြောင်း တညီတညွတ်တည်းပြောကြသည်။ ထိခိုက်ခံစားရသူများသည် အတင်းအဓမ္မ လုပ်အားပေးစေခိုင်းခံရချိန်တွင်ပင် မုဒိန်းကျင့်ခံရနိုင်သည့် ခြိမ်းခြောက်မှုများနှင့် အုပ်စုလိုက် အဓမ္မပြုကျင့်မှု အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများပါ ကြုံတွေ့ခဲ့ရသည်။[314] အောက်ပါအကြောင်းအရာများသည် ပိုမိုနားလည် ရှင်းလင်းသွားစေမည့် သာဓကများဖြစ်သည်။

- လွတ်မြောက်ခဲ့သူတစ်ဦးက ၂၀၁၂ ခုနှစ်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ရှိ သူမ၏ နေအိမ်သို့ တပ်မတော်စစ်သားများ (၁၂) ဦးခန့် လာရောက်ခဲ့ပြီး သူမသာ ၄င်းတို့နှင့် မလိုက်ပါက မိခင်ကို ခေါ်သွားမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်။ သူမသည် သူမ၏ ရွာအနီး စစ်တပ်စခန်းတွင် (၆) လမှ (၇) လကြာ အထိ အဓမ္မလုပ်အားပေးစေခိုင်းခံခဲ့ရသည်။

ဖြစ်ရပ်တစ်ခုတွင် သူမသည် အကြီးတန်းအရာရှိတစ်ယောက်၏ အဓမ္မပြုကျင့်မှုကို အခြားစစ်သားတစ်ယောက် စောင့်ကြည့်နေသည့်ရှေ့တွင် ခံခဲ့ရသည်။ နောက်တစ်ညတွင် စစ်သားများက သူမအား မေ့မျောသွားစေသည့် အရည်ကို တိုက်ခဲ့ကြသည်။ အောက်ခံအကျီများမပါဘဲ သူမနိုးလာပြီး အိပ်နေသည့် အခြားစစ်သားတစ်ယောက်၏ဘေးတွင် ရောက်နေခဲ့သည်။ သူမကျောပြင်များ၊ စအိုပေါက်၊ ယောနိပေါက်နှင့် ပေါင်များ နာကျင်နေခဲ့သည်။ တပါတ်ကြာသောအခါ သူမအား ယခင်အကြီးတန်းအရာရှိဆီသို့ ခေါ်သွားချိန် နောက်ထပ် အဓမ္မပြုကျင့်မှု ကျူးလွန်မခံရချိန်တွင် သူမ ထွတ်ပြေးလွတ်မြောက်ခဲ့သည်။[315]

- ဖြစ်စဉ်များဖြစ်ပွားစဉ်က အသက် ၁၄ နှစ်သာ ရှိခဲ့သည့် မိန်းကလေးငယ်တစ်ယောက်က ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ် မိုးကောင်းမြို့နယ်ရှိ သူမ၏ကျေးရွာအနီး စစ်တပ်စခန်းတွင် ၃ ရက်/၄ရက်ခန့် အတင်းအဓမ္မလုပ်အားပေးစေခိုင်းရန် တပ်မတော်၏ဖမ်းဆီးမှု ခံခဲ့ရကြောင်း တင်ပြသည်။ သူမသည် လေးလံသည့် အိတ်ကြီးများကို သယ်ဆောင်ခဲ့ရသော်လည်း အစားအသောက်နှင့် ရေ အလုံအလောက်မရရှိခဲ့ပေ။ တနေ့တွင် စစ်သားတစ်ယောက်ကို ရေတောင်းခဲ့သောကြောင့် သူမ၏ ခြေထောက်ကို ရိုက်နှက်ခဲ့ကြသည်။[316]

---

[314] DI-063, DI-065, DI-071, PI-001, PI-021, PI-067, PI-068, PI-077, PI-080, QI-079, QI-080, QI-085, QI-094, QI-095, QI-096, QI-097, QI-098; အခန်း (A.4) "လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှု" ကိုကြည့်ပါ။ အခန်း (A.6) အဓမ္မလုပ်အားပေးစေခြင်း

[315] PI-068.

[316] DI-071.

- အခြားသောနစ်နာခံစားရသူက ၂၀၁၁ ခုနှစ် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်တွင် ၄င်းအား တပ်မတော်က ပေါ်တာအထမ်းအဖြစ် အတင်းအဓမ္မခေါ်ယူသွားခဲ့ကြောင်း အကြောင်းကြားလာသည်။ ၄င်းက

  *"သူတို့က ကျနော့်ခြေကျင်းဝတ်တွေကို သံကြိုးနဲ့ချည်တယ်။ အရမ်းလေးတဲ့ အိတ်ကြီးတွေကိုသယ်ပြီး ၅ ရက်လောက် လမ်းလျှောက်ခဲ့ရတယ်။ တပ်မတော်က မြန်မြန်လျှောက်ဘို့ပြောပြီး ကျနော်တို့ကို နရင်းရိုက်တယ်။ အနောက်ကနေ ကန်တယ်။ ကျတော်တို့ အရမ်းရေဆာလာတဲ့အခါ သူတို့က အလုံအလောက်မပေးဘူး။ တခါတလေ လုံးဝကို ရေမသောက်ရတာရှိတယ်။ ကျနော်တို့ကို ရိုင်ဖယ်ဒင်တွေနဲ့ရိုက်တာ၊ လက်နဲ့ထိုးတာတွေ ခံရတာများတယ်။"*[317]

- အခြားသောထိခိုက်ခဲ့ရသူက ၄င်းအားအဓမ္မလုပ်အားပေးစေခိုင်းရန်အတွက် ချုပ်နှောင်ထားစဉ် လှောင်ပြောင်သရော်ခြင်းနှင့် လူ့အဖြစ်မှ ယုတ်လျော့စေသည့် ဆိုးဝါးစွာပြုမူဆက်ဆံခြင်းများကို တပ်မတော်စစ်သားများက ပြုလုပ်ခဲ့ကြောင်း ပြန်ပြောပြသည်။ ၄င်းသည် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်တွင် ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ ၁၅ ရက်က ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသည်။ သူက

  *ကျနော်တို့ တညလုံးလမ်းလျှောက်ခဲ့ရတယ်။ ကျနော်တို့နောက်နေ့မနက်ကျ နားပြီး မနက်စာစားကြတယ်။ ကျနော်ကတော့ အချုပ်အနှောင်တွေနဲ့ဘဲပေ့ါ။ မနက်စာလဲစားပြီးတော့ တပ်မတော်က သူတို့စားပြီးသား စားလို့မရတော့တဲ့ ပန်းကန်ပေါ်က အကြွင်းအကျန်တွေကို သွန်ချပြီး ကျနော်တို့ ဆာနေလားမေးတယ်။ အခြားအရပ်သား ၂ ယောက်လဲ ထိန်းသိမ်းခံထားရတယ်။ စစ်သားတွေက "မင်းတို့က သူပုန်တွေဆိုတော့ စားစရာမလိုဘူး" ဆိုပြီး သူတို့ကိုစားဘို့ပြောတယ်။ အိုး ဒါတွေကို ရွံတာလား ဆိုပြီး စစ်သားကမေးတယ်။ ကျနော်က ဟုတ်တယ် ပြောတော့ စစ်သားက မင်းတို့သူပုန်တွေတောင် ဒါ မစားဘူးလားဆိုပြီး ပြောတယ်။ ပြီးတော့ ကျနော့်ကို စရိုက်တော့တယ်။ စစ်သားတစ်ယောက်က အစားအသောက်ပေါ် တံတွေးထွေးတယ်။ ကျန်သူတွေလဲ လိုက်လုပ်တယ်။ ပြီးတော့ သူတို့က ကျနော့်ခေါင်းကို သေနတ်နဲ့ချိန်ပြီး "မင်း ဒါမစားရင် သတ်ပစ်မယ်" လို့ပြောတယ်။ ဒါကြောင့် ကျနော် အဲ့တာတွေ စားခဲ့ရတယ်။ တပ်မတော်က ကျနော်စားနေတုန်း ရယ်ကြတယ်။ မနက်စာလဲ ပြီးကော သူတို့အထုပ်တွေ သိမ်းပြီး စထွက်တယ်။ စစ်သားတစ်ယောက်က ဒီသူပုန်ကို ငါတို့ပစ္စည်းတွေပါ သယ်ခိုင်းရအောင်ဆိုပြီး ပြောတယ်။ ပြီးတော့ ကျနော်တို့ စမ်းချောင်းကျဉ်းလေးနား နားကြတယ်။ စစ်သားတစ်ယောက်က ကျနော့်ကို ရွှံ့ရေတွေ သောက်ခိုင်းတယ်။ သူက မင်းက သူပုန်ပဲ၊ လူမှ မဟုတ်တာ၊ တိရစ္ဆာန်တွေ လုပ်သလိုလုပ် ဆိုပြီး ပြောတယ်။*[318]

[317] QI-097.

[318] QI-096.

- အခြားသော ထိခိုက်ခံစားခဲ့ရသူက ၂၀၁၄ ခုနှစ် မေလ နောက်ပိုင်း ကချင်ပြည်နယ် မန်တုန်မြို့နယ်တွင် တပ်မတော်၏ အဓမ္မလုပ်အားပေးစေဆောင်းခံရစဉ် ၄င်းကြုံတွေ့ခဲ့ရသည့် မညှာမတာ ညှင်းပန်းနှိပ်စက်မှုများ အသေးစိတ်ကို ပြောပြလာသည်။

> *ကျနော်တို့အားလုံး အရမ်းကိုလေးတဲ့ အထုပ်အပိုးတွေကို သယ်ရတယ်။ ၃ နာရီလောက်လျှောက်ခဲ့ပြီးတော့ တောင်ကုန်းပေါ်က ရွာလေးဆီရောက်တယ်။ သေချာမလုပ်နိုင်တဲ့သူတွေကတော့ စစ်သားတွေက ရိုက်တာခံရတယ်။ ခေါင်းကို နာရင်းအုပ်ပြီး အကန်ခံရတယ်။ ကျနော့်ကိုဆို ရိုင်ဖယ်ဒင်နဲ့ အနောက်ကနေ ရိုက်တယ်။ ပြီးတော့ မြန်မြန်သွားဘို့ တွန်းတယ်။ အဲဒီရွာမှာ တညနေခဲ့ပြီး ကျနော် တို့ခြေထောက်တွေကို သံကြိုးချိတ်တယ်။ အစားအသောက် ဘာမှ မပေးဘူး။ ကျနော်တို့လမ်းမှာတွေ့တဲ့ စမ်းချောင်းလေးတွေဆီက ရေတောင်သောက်ဘို့ လက်ပဲ အသုံးပြုရတယ်။ ဒါပေမယ့် အဲဒီညမှာတော့ ကျနော်တို့ကို ရေလုံးဝ မပေးဘူး။* [319]

## (၄) လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အခြေပြုသည့် အကြမ်းဖက်မှုများ

၁၈၈။ တပ်မတော်သည် အရပ်သားများ အထူးသဖြင့် အမျိုးသမီးနှင့် မိန်းကလေးများ သာမက ယောကျ်ားများကိုပါ ပစ်မှတ်ထားသည်ကို မစ်ရှင်က တွေ့ရှိရသည်။ အမျိုးသမီးများသည် ပြန်ပေးဆွဲခြင်း၊ အုပ်စုလိုက် မုဒိန်းကျင့်ခြင်း အပါအဝင် မုဒိန်းကျင့်ခြင်း နှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ခံကြရသည်။ အတင်းအဓမ္မ အိမ်ထောင်ချထားခြင်းနှင့် လိင်ကျွန်ပြုခြင်းတို့အပေါ် ယုံကြည်ရသော အစီရင်ခံစာများလည်း ရှိသည်။ ဖြစ်ရပ်အများအပြားတွင် လိင်ဆိုင်ရာ အကြမ်းဖက်မှုသည် စော်ကားမှုနှင့် တံတွေးထွေးခြင်း အပါအဝင် ဂုဏ်သိက္ခာ ချိုးနှိမ်သော အပြုအမူများနှင့် ယှဉ်တွဲလျက်ရှိနေသည်။ အမျိုးသမီးများ ထွက်ပြေးလွတ်မြောက်သည့်အခါ တပ်မတော်စစ်သားများက သူတို့ကို မကြာခဏ ရှာဖွေသည်၊ ခြိမ်းခြောက်ပြီး သူတို့၏ မိသားစုများကို ကိုယ်ထိလက်ရောက် နှိပ်စက်ညှင်းပမ်းသည်၊ သူတို့၏ ပစ္စည်းများကို ဖျက်ဆီး သို့မဟုတ် ခိုးယူသည်။ ယောကျ်ားများအပေါ် လိင်ဆိုင်ရာ အကြမ်းဖက်မှုကို အချက်အလက်ရယူရန် သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းထားသူများအား ဝန်ခံချက် ပေးလာစေရန် အပါအဝင် နှိပ်စက်ညှင်းပန်းခြင်းကို အပြစ်ပေးသည် နည်းလမ်းအဖြစ် ကျင့်သုံးသည်။[320]

၁၈၉။ ဤအခန်းတွင် တွေ့ရှိချက်များမှာ အသက်မသေပဲ ကျန်ရစ်သူများ၊ အသက်မသေပဲ ကျန်ရစ်သူများ၏ မိသားစုများ၊ မျက်မြင်သက်သေများ နှင့် ကျွမ်းကျင်သူ သက်သေများ၏ အင်တာဗျူး ၃၈ ခုအပေါ် အခြေပြုထားသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရှိနေပြီးသော လုံခြုံမှုမရှိသည့် အခြေအနေကို ယဉ်ကျေးမှု အခြေပြု အစွဲမှားများနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်မှုမှ ရှင်သန်ရစ်သူတို့အပေါ် ဖယ်ကျဉ်မှုနှင့် စစ်တပ်နှင့် လက်နက်ကိုင်အုပ်စုများ ဆက်လက်တည်ရှိမှုတို့ ပေါင်းစပ်လိုက်သောအခါ အစီရင်ခံမှုသိသာထင်ရှားစွာ နည်းပါးခြင်းများ ဖြစ်စေသည်။[321]

---

[319] QI-098.

[320] ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပမ်းခြင်းနှင့် မလျော်ကန်သော ဆက်ဆံမှု ကြည့်။

[321] A/HRC/31/71၊ စာပိုဒ် ၄၈ ကိုလည်း ကြည့်။

## (က) ဥပဒေ မူဘောင်

၁၉၀။ လိင်အကြမ်းဖက်မှုသည် လိင်ဆိုင်ရာ သဘာဝ အပြုအမူဖြစ်ပြီး လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို သဘောတူညီမှု မရှိပဲ မကြာခဏဆိုသလို အတင်းအဓမ္မ သို့မဟုတ် အကျပ်ကိုင်မှု ပြုလုပ်ပြီး ကျူးလွန်ခြင်းဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအောက်တွင် ယင်းသို့သော လုပ်ဆောင်မှုသည် လူပုဂ္ဂိုလ်၏ လုံခြုံမှုရပိုင်ခွင့်၊ နှိပ်စက်ညှင်းပမ်းမှုနှင့် အခြားသော မလျော်ကန်သည့် အပြုအမူများမှ အကာအကွယ်ရပိုင်ခွင့် နှင့် နိုင်ငံတကာ သဘောတူစာချုပ်များတွင် ထည့်သွင်းထားသော အခွင့်အရေးများကို ချိုးဖောက်မှု ဖြစ်နိုင်သည်။ သဘောတူညီချက် မပါပဲ လိင်ဆိုင်ရာ ထိုးသွင်းမှု ပါဝင်သည့် မုဒိမ်းကျင့်ခြင်းသည် လိင်ဆိုင်ရာ အကြမ်းဖက်မှု အမျိုးအစားတစ်ခု ဖြစ်သည်။ အခြားသော လိင်အကြမ်းဖက်မှု အမျိုးအစားများအတွင်း ကျရောက်သော အပြုအမူများတွင် မုဒိမ်းကျင့်ရန် ကြိုးပမ်းအားထုတ်ခြင်း၊ အတင်းအဓမ္မ ပြည့်တန်ဆာလုပ်စေခြင်းနှင့် လိင်ဆိုင်ရာ အမြတ်ထုတ်ရန် ရည်ရွယ်ချက်ဖြင့် လူကုန်ကူးခြင်း၊ လိင်ကျွန်ပြုခြင်း၊ အဓမ္မ အိမ်ထောင်ချထားခြင်း သို့မဟုတ် အတူပေါင်းသင်းခြင်း၊ အဓမ္မ ကိုယ်ဝန်ဆောင်စေခြင်း၊ အဓမ္မကိုယ်ဝန်ဖျက်ချစေခြင်း သို့မဟုတ် သားကြောဖြတ်ခြင်း၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ လိင်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာကို ကျဆင်းစေသော အကြမ်းဖက် အပြုအမူ နှင့် ထိုးနှက်မှု သို့မဟုတ် စော်ကားမှု မြောက်စေသည့် အခြားသော လိင် သဘာဝ အပြုအမူများ (ဥပမာ- အများပြည်သူ ရှေ့မှောက်တွင် အဝတ်အစားမဝတ်ခြင်း၊ တစ်စုံတစ်ရာ အကျိုးစီးပွား အပေါ်တွင် လိင်အပြုအမူကို တောင်းဆိုခြင်း၊ လိင်ဆိုင်ရာ နှောက်ယှက်စော်ကားခြင်း)တို့ ပါဝင်သည်။[322]

၁၉၁။ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေအောက်တွင်လည်း မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်အကြမ်းဖက်မှုများကို တားမြစ်ထားသည်။[323] အခြေအနေပေါ် မူတည်၍ ယင်းသို့သော အပြုအမူများသည် စစ်ရာဇဝတ်မှုများ၊ လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် လူမျိုးတုန်းသတ်ဖြတ်မှုတို့ကို ဖြစ်စေနိုင်သည်။[324]

၁၉၂။ လိင်ဆိုင်ရာ နှင့် လိင်စိတ်ဝိသေသနလက္ခဏာကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်ခြင်းကို အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုအားလုံးကို ဖယ်ရှားရေး သဘောတူစာချုပ် (CEDAW) အားဖြင့် တားမြစ်ထားပြီး ယင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုတစ်ခု ဖြစ်သည်။[325] မြန်မာအပါအဝင် အဖွဲ့ဝင် နိုင်ငံများ၏ တာဝန်များသည် လက်နက်ကိုင် အကြမ်းဖက်ဖြစ်ပွားချိန်များအတွင်း ရပ်တန့်သွားသည် မဟုတ်ပေ။[326] အဖွဲ့ဝင်နိုင်ငံများတွင် လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေပြုသည့် အကြမ်းဖက်မှုများကို

---

[322] ဥပမာ- ICC ရာဇဝတ်မှု အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဆ) ကြည့်။

[323] ဘုံ ပုဒ်မ ၃၊ ဂျနီဗာ ကွန်ဗင်းရှင်း (ရက်စက်ကြမ်းကြုတ်သော ဆက်ဆံမှု နှင့် နှိပ်စက်ညှင်းပမ်းမှုနှင့် "လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေမှု အပါအဝင် "အသက်နှင့် လူပုဂ္ဂိုလ်အား အကြမ်းဖက်ခြင်း" တားမြစ်ချက်") နှင့် ICRC/Customary IHL၊ စည်းမျဉ်း ၉၃ ကိုကြည့်။

[324] ICC သဘောတူစာချုပ်၊ ပုဒ်မ ၇(၁)(ဆ)၊ ၈(ခ)(၂၂)၊ ၈(င)။ ICC ရာဇဝတ်မှု အစိတ်အပိုင်းများ၊ ပုဒ်မ ၆(ခ) စာပိုဒ် ၁ ကိုကြည့်။

[325] ကုလသမဂ္ဂ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး ကော်မတီ၊ "ပဋိပက္ခအတွင်း ကာကွယ်ခြင်း၊ ပဋိပက္ခနှင့် ပဋိပက္ခနောက်ပိုင်း အခြေအနေများတွင် အမျိုးသမီးများအပေါ် အထွေထွေ အကြံပြုချုပ် အမှတ် ၃၀၊ စာပိုဒ် ၃၄" (CEDAW/C/GC/30)၊ စာပိုဒ် ၃၄၊ အမျိုးသမီးများအပေါ် ကျားမကွဲပြားမှု အခြေပြု အကြမ်းဖက်မှု အပေါ် အကြံပြုချက် အမှတ် ၃၅၊ အထွေထွေ အကြံပြုချက် ပြင်ဆင်ဖြည့်စွက်ချက်၊ အမှတ် ၁၉ "(CEDAW/C/GC/35)၊ စာပိုဒ် ၂၁။

[326] ကုလသမဂ္ဂ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကော်မတီ၊"*အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ် ပုဒ်မ ၂ အောက်ရှိ အစိုးရများလိုက်နာရန် အဓိက တာဝန်များအပေါ် အထွေထွေ အကြံပြုချက် အမှတ် ၂၈၊*" (CEDAW/C/GC/28)၊ စာပိုဒ် ၁၁-၁၂။

တားဆီးရန်၊ စုံစမ်းစစ်ဆေးရန်၊ အရေးယူဆောင်ရွက်ရန် နှင့် အပြစ်ပေး အရေးယူရန် တာဝန်ရှိသည်။[327]

၁၉၃။ မြန်မာနိုင်ငံ ပြည်တွင်းဥပဒေတွင် လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများမှ ဥပဒေကြောင်းအရ ကာကွယ်ပေးမှုများမှာ အကန့်အသတ်အားဖြင့်သာ ရှိသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ဥပဒေရှေ့မှောက်တွင် တန်းတူညီမျှမှုကို အာမခံပေးထားသည်။[328] လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေခံသည့် ခွဲခြားဆက်ဆံမှုများမှ ကင်းလွတ်ရန်[329] နှင့် လူကုန်ကူးမှုနှင့် လူကျွန်ပြုခြင်း တို့ ကို တာဝန်မြစ်ထားသည်။[330] ၁၈၆၀ ခုနှစ်က အသက်ဝင်ခဲ့သော ပြစ်မှုဆိုင်ရာဥပဒေအနေဖြင့် မုဒိန်းပြုကျင့်ခြင်းနှင့် လိင်မှုဆိုင်ရာအခြားစော်ကားမှုများကို တားမြစ်ထားသော်လည်း မုဒိန်းမှုမြောက်ခြင်း၏ အဓိပ္ပါယ်ဖွင့်ဆိုမှုမှာ ခေတ်မမီတော့ဘဲ ဥပဒေအရဆိုလျှင်လည်း ဝေဝါးကာ နိုင်ငံတကာ၏ အကောင်းဆုံးကျင့်သုံးမှုစံများနှင့် ကိုက်ညီမှုမရှိပေ။ "ပြန်ပြေးဆွဲခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ ကျွန်ပြုခြင်းနှင့် အဓမ္မလုပ်အားပေးစေခြင်း" တို့အား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မများက ရာဇဝတ်မှုဖြစ်စေခြင်းမှာလည်း စံနစ်မကျ မပြည့်မစုံဖြစ်နေပေသည်။ ဥပမာဆိုလျှင် လိင်ပိုင်းဆိုင်ရာအမြတ်ထုတ်ရန်အတွက် အမျိုးသမီးများတင်ပို့မှုကို တားမြစ်ထားမှုသည် အသက် ၂၁ နှစ်အောက်ရှိသော အမျိုးသမီးများအတွက်သာ အကျုံးဝင်သည့်မျိုး ဖြစ်သည်။

**(ခ)တွေ့ရှိချက်များ**

*တပ်မတော်က ကျူးလွန်သော ပြန်ပေးဆွဲ ဖမ်းဆီးမှု၊ မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှု*

၁၉၄။ တပ်မတော်စစ်သား တစ်ဦး တစ်ယောက်ချင်း သို့မဟုတ် အုပ်စုလိုက်သည် သစ်တောများအတွင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဖမ်းဆီး၍ မုဒိန်းကျင့်ခြင်း၊ မုဒိန်းကျင့်ရန် ကြိုးပမ်းအားထုတ်ခြင်း၊ သို့မဟုတ် သူတို့အား အုပ်စုလိုက် မုဒိန်းပြုကျင့်ခြင်း ပြုလုပ်သည့်ပုံစံကို မစ်ရှင်က တွေ့ရှိခဲ့သည်။ မိဘများ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများက တပ်မတော်မှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အတင်းအဓမ္မ ယူဆောင်သွားသည်ကို မြင်တွေ့ခဲ့ရပြီး အချို့သော ဖြစ်ရပ်များတွင် အခြားသူများက ထိုကိစ္စကို သိရှိသွားသည် သို့မဟုတ် မြင်တွေ့သွားသည် ဆိုပါက သူတို့မှာ သတ်ပစ်ခံရကြောင်း အစီရင်ခံချက်များ ရှိသည်။[331]

၁၉၅။ ဥပမာ - ကျူးလွန်ခံရသူ အမျိုးသမီးတစ်ဦးက သူမ အသက် ၁၅ နှစ်အရွယ် ၂၀၁၇ ခုနှစ်က ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း သူမ၏ နေအိမ်အနီး၌ မြက်ရိတ်နေစဉ် တပ်မတော်စစ်သားတစ်ဦး၏ လိင်ဆိုင်ရာ စော်ကားခြင်း ခံခဲ့ရကြောင်း ပြန်လည်ပြောပြသည်။ အလားတူ လိင်ဆိုင်ရာစော်ကားမှုများကို အခြားမိန်းကလေးများလည်း ကြုံတွေ့ကြရကြောင်း သူမက ပြောပြသည်။ သူမ၏ သူငယ်ချင်းဖြစ်သူတစ်ဦးက မုဒိန်းကျင့်ခံရကြောင်း သူမကို ပြောပြခဲ့ခြင်းလည်း ပါဝင်သည်။[332]

327 ဥပမာ- CEDAW၊ အထွေထွေ အကြံပြုချက် အမှတ် ၃၀၊ စာပိုဒ် ၁၅၊ ၂၃။
328 မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၊ ပုဒ်မ ၃၄၇။
329 မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၊ ပုဒ်မ ၃၄၈။
330 မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေ၊ ပုဒ်မ ၃၅၈။
331 PI-003, PI-004, PI-007, PI-029, PI-067, PI-069, PI-089, PI-096
332 PI-063.

၁၉၆။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် တနိုင်းမြို့နယ်အတွင်း ပယင်းမော်နယ်မြေတွင် လမ်းသွားနေစဉ် စစ်သား ငါးယောက်က သူ့ကို နမ့်ဗျူရွာအနီးတွင် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပြီး သူ့ကို တောထဲတွင် နှစ်နာရီမျှ အတင်းအဓမ္မ လမ်းလျှောက်စေပြီး ပိုမိုရာထူးကြီးသော အရာရှိနှင့် တွေ့ဆုံစေခဲ့ကြောင်း ပြောပြသည်။ သူက အဝတ်အစားတွေ ချွတ်ရန် ငြင်းဆိုသည့်အခါ စစ်သားနှစ်ဦးက မတ်တပ်ရပ်စောင့်ကြပ်ပေးနေစဉ် စစ်သား သုံးဦးက သူမ၏အဝတ်အစားများကို အတင်းဆွဲချွတ်ခဲ့သည်။ အဆင့်မြင့်အရာရှိက သူမကို စော်ကားသောစကားများပြောရင်း မုဒိန်းကျင့်ခဲ့သည်။ အခြားအရာရှိများကို "ငါသူ့ကို အရင်လုပ်မယ်၊ ပြီးရင် မင်းတို့ ယူနိုင်တယ်" ဟု ပြောပြီး ပြုကျင့်ခံရသူကို "ငါမင်းကို သေအောင်လိုးမယ်" ဟု ပြောခဲ့သည်။ ကျူးလွန်ခံသူက သူမသည် ကချင်လူမျိုးဖြစ်ပြီး တပ်မတော်စစ်သားများက ကချင်လူမျိုးများ၏ မတူညီသော သမိုင်းကြောင်း၊ ဘာသာရေးနှင့် ဘာသာစကားများကြောင့် အထင်သေးကာ သူမအား ပစ်မှတ်ထားသည်ဟု သူမ ယုံကြည်သည်။[333]

၁၉၇။ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ အသက်ရှင်သန်လွတ်မြောက်လာသူ တစ်ဦးမှာ ၂၀၁၁ ခုနှစ်တွင် သူမ၏ခြံ၌ မိခင်ဖြစ်သူနှင့်အတူ အဖမ်းခံရပြီး တောထဲတွင် မုဒိန်းကျင့်ခံခဲ့ရသည်။ တပ်မတော်စစ်သားနှစ်ဦးက စောင့်ပေးနေခဲ့ပြီး အခြားစစ်သား တစ်ဦးက လူမရှိသော တဲတစ်ခုအတွင်းတွင် သူမကို ခေါ်သွားပြီး မုဒိန်းကျင့်ခဲ့သည်။ ဖမ်းဆီးခေါ်ဆောင်သွားခြင်းနှင့် မုဒိန်းကျင့်ခြင်း လုပ်နေစဉ်အတွင်းမှာပင် ထိုအသက်ရှင် လွတ်မြောက်လာခဲ့သူကို ၎င်းက TNLA စစ်သားများအား ပံ့ပိုးကူညီကြောင်းလည်း စွပ်စွဲ နေခဲ့သည်။

> *သူတို့က သေနတ်တွေကို ကျွန်မတို့ ခေါင်းတွေကို ချိန်ထားပြီး ကျွန်မတို့က စစ်သားတွေရဲ့ နေရာကို TNLA ကို ပြောပြတယ်။ နောက်ပြီး အဲဒါကြောင့် TNLA တွေက သူတို့မြင်းကို ယူသွားတယ် လို့ပြောတယ်။ စစ်သား ၅ ယောက် ၆ ယောက်လောက် ရှိတယ်။ နောက်တော့ သူတို့ ကျွန်မကို စစ်တပ် စခန်းကို ခေါ်သွားတယ်။ အဲဒီကို သွားတဲ့လမ်းမှာ စစ်သားသုံးယောက်က ကျွန်မကို တောထဲက တဲလေးတစ်ခုကို ခေါ်သွားတယ်။ သူတို့က ကျွန်မကို "မင်း TNLA ကို ဘာလို့သတင်းပေးတာလဲ။" လို့ မေးတယ်။ ကျွန်မက ကျွန်မ မလုပ်ကြောင်း ပြောပေမယ့် သူတို့က မယုံဘူး။ ကျွန်မကို ပါးရိုက်တယ်။ စစ်သားတစ်ယောက်က တခြားနှစ်ယောက်ကို အပြင်မှာ စောင့်ခိုင်းတယ်။ နောက်တော့ သူက ကျွန်မကို မြက်ခြောက်ဖျာပေါ်မှာ မုဒိန်းကျင့်တယ်။ သူက ကျွန်မအဝတ်တွေ အကုန်ဆုတ်ဖြဲပစ်တယ်။ ကျွန်မကိုယ်တုံးလုံး ဖြစ်သွားခဲ့တယ်။*[334]

၁၉၈။ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ နောက်ထပ် ရှင်သန်လွတ်မြောက်လာသူ တစ်ဦးက ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် သေနတ်ကိုင်ထားသည့် တပ်မတော် စစ်သားငါးဦးက သူမ၏ခြံတွင် သူမကို ဖမ်းခေါ်သွားခဲ့သည်။ သူမကို ပေါ်တာအဖြစ် အတင်းအဓမ္မစေခိုင်းခံရပြီး နေ့ပိုင်းတွင် စစ်သားများအတွက် ထမင်းချက်ပေးရသည်။ တစ်ညမှာတော့ အဆင့်မြင့်အရာရှိက သူမကို နှိပ်ပေးခိုင်းပြီး သူ့အဝတ်တွေကို ချွတ်ခဲ့ကာ သူမကို မုဒိန်းပြုကျင့်ရန် ကြိုးပမ်းအားထုတ်ခဲ့သည်။ လွတ်မြောက်လာသူက သူ့ကို တွန်းထုတ်လိုက်နိုင်ပြီး စစ်သားတွေ သေနတ်နှင့် ပစ်နေသည့်ကြားမှပင် လွတ်မြောက်လာခဲ့သည်။[335] ကွတ်ခိုင်မှ နောက်ထပ် ရှင်သန်လွတ်မြောက်ခဲ့သူ တစ်ဦးက ၂၀၁၁ တွင် သူမ၏ နေအိမ်မှ တပ်မတော် စစ်သားများ၏

[333] PI-069.
[334] PI-066.
[335] QI-084.

ဖမ်းဆီးခြင်းခံခဲ့ရသည်။ စစ်သားများက သူမကို စစ်တပ်စခန်းရှိရာသို့ လေးလံသောပစ္စည်းများ အဓမ္မသယ်ပိုနိုင်းခြင်းမပြုမီ သူမ၏ ဈေးဆိုင်ကို ဖျက်ဆီးခဲ့ကြသည်။ ထိုညတွင် စစ်သားများက သူမတို့ကို လိင်ဆက်ဆံမည်ဟု ပြောပြီးနောက် အခြားအမျိုးသမီးတစ်ဦးနှင့်အတူ ထွက်ပြေးလွတ်မြောက်ခဲ့သည်။[336]

၁၉၉။ ကချင်နှင့် ရှမ်းပြည်နယ်နှစ်ခုစလုံးတွင် စစ်တပ်စခန်းများ[337] သို့မဟုတ် တောများ[338]ထဲတွင် လိင်ဆိုင်ရာ ချိုးဖောက်ကျူးလွန်မှုများနှင့် မုဒိမ်းပြုကျင့်မှုများကို မျက်မြင်သက်သေအများအပြားက တွေ့မြင်ခဲ့သည်။ ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် ၂၀၁၇ ခုနှစ် ဒီဇင်ဘာလက စစ်သား ၂၀ ခန့်က အသက် ၁၅ နှစ် ၁၆ နှစ်အရွယ် မိန်းကလေးနှစ်ဦးကို ဝိုင်းထားသည်ကို မြင်ခဲ့ရကြောင်း ပြောပြသည်။

> *စစ်သားတွေက သူတို့ကို ထိုးလိုက် ရိုက်လိုက်လုပ်နေတယ်။ သူတို့က သူတို့ ဆံပင်တွေကို ဆွဲတယ်။ သူတို့ကို မြေကြီးပေါ် တွန်းလှဲလိုက်ပြီး အဝတ်အစားတွေကို ဆုတ်ဖြဲကြတယ်။ မိန်းကလေးတွေက မြေကြီးပေါ်မှာ ကိုယ်တုံးလုံး ဖြစ်နေတယ်။*

၂၀၀။ မျက်မြင်သက်သေက ကြောက်လန့်သောကြောင့် ထိုမြင်ကွင်းနေရာမှ ထွက်ပြေးခဲ့ပြီး နောက်ပိုင်းတွင် ရွာသားများက ထိုမိန်းကလေးနှစ်ဦး၏ အလောင်းများကို တွေ့ရှိခဲ့ကြသည်။[339]

၂၀၁။ စစ်တပ်မှ ခေါ်ဆောင်သွားသည့် အမျိုးသမီးများ[340]၊ တစ်ခါတစ်ရံတွင် စစ်သားအများအပြားက တစ်ပြိုင်တည်း ပြုကျင့်ကြသည့် အမျိုးသမီးများ[341]၊ နှင့် မုဒိမ်းကျင့်ခံရမှုကြောင့် ကိုယ်ဝန်ရှိလာသော အမျိုးသမီးများ[342] သို့မဟုတ် မုဒိမ်းကျင့်ခံရပြီး အသတ်ခံရသော အမျိုးသမီးများ[343]ကို အခြားမျက်မြင်သက်သေများက လူပုဂ္ဂိုလ်အရ သိရှိကြသည်။ ဥပမာ- ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ် ကွန်ဟင်းတွင် တပ်မတော်စစ်သား ၃ ဦးမှ ယောကျ်ားဖြစ်သူကို ပေါ်တာအဖြစ် အတင်းအဓမ္မခိုင်းစေရန်အတွက် ဖမ်းခေါ်သွားစဉ် သူ့မိန်းမကိုလည်း တောထဲခေါ်သွားပြီး မုဒိမ်းကျင့်ခဲ့သည်ကို သတင်းရင်းမြစ်တစ်ဦးက မျက်မြင်တွေ့ရှိခဲ့သည်။[344]

*နေအိမ်တွင် မုဒိမ်းကျင့်ခြင်းနှင့် လိင်ဆိုင်ရာ အကြမ်းဖက်မှု*

၂၀၂။ တပ်မတော်စစ်သားများမှ တစ်ဦးချင်းဖြစ်စေ သို့မဟုတ် အုပ်စုလိုက်ဖြစ်စေ အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို သူတို့၏ နေအိမ်များတွင် မုဒိမ်းပြုကျင့်ရန် ကြိုးပမ်းအားထုတ်သည့်ဖြစ်ရပ်များ အစဉ်မပြတ် ကြားသိရသည်။[345] သူတို့၏ နေအိမ်များတွင်

---

336 PI-023.

337 PI-025, PI-029

338 PI-029, PI-083, PI-099

339 PI-069.

340 PI-096, QI-078

341 PI-068, QI-072, QI-082, QI-086, QI-089

342 PI-069, QI-082, QI-098.

343 PI-069, QI-079.

344 PI-083.

345 PI-005, PI-037, PI-057, PI-110, PI-117; ရှမ်း လူ့အခွင့်အရေး မဏ္ဍိုင်အဖွဲ့ (SHRF) ၂၀၁၆ ဧပြီ၊ SHRF ပြင်ဆင်ဖြည့်စွက်ချက်၊ (၂၀၁၅ နိုဝင်ဘာ) ။ တအာန်းအမျိုးသမီး အဖွဲ့၊ နိုပ်စက်ညှင်းပမ်းရန် သင်ယူထားခြင်း၊ ရှမ်းပြည်နယ် မြောက်ပိုင်း တအာန်းနယ်မြေများတွင် မြန်မာတပ်မတော်က စနစ်တကျ ကျူးလွန်သော စစ်ရာဇဝတ်မှုများ၊(၂၀၁၁ မတ်- ၂၀၁၆ မတ်)။ SHRF ၂၀၁၃ ဧပြီ ၁၄-၁၅ အတွင်း ရှမ်းပြည်နယ်၊တန်းယန်းတွင် စစ်ရေးထိုးစစ်အတွင်း မြန်မာ့တပ်မတော် တပ်ဖွဲ့များ ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှု အကျဉ်းချုပ် (၂၀၁၃ ဧပြီ)။ ကချင် အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံ၊ ကချင်တောင်တန်းများပေါ်က ကြောက်စရာ အခြေအနေ (၂၀၁၃ ဖေဖော်ဝါရီ)

မုဒိန်းပြုကျင့်ခံရခြင်း သို့မဟုတ် အဖမ်းခံရပြီးနောက် မုဒိန်းကျင့်ခံရသော အမျိုးသမီးများသည် တပ်မတော် လက်မောင်းတံဆိပ်များ နှင့် ယူနီဖောင်းများကို သိရှိမှတ်မိကြသည်။[346] ၂၀၁၂ ခုနှစ် KIA နှင့် တပ်မတော်တို့အကြား တိုက်ပွဲများ ဖြစ်ပွားနေချိန်တွင် ရှမ်းပြည်နယ် လားရှိုးမှ ရှင်သန်လွတ်မြောက်ခဲ့သူတစ်ဦးက စစ်သားတအုပ်စု သူမအိမ်အတွင်း ဝင်ရောက်လာပြီး သူမမိဘများကို သတ်ကာ သူမအား မုဒိန်းကျင့်ခဲ့ပုံကို ပြောပြခဲ့သည်မှာ -

> *ကျွန်မ ခါးပတ်တွေ ဓါးတွေနဲ့အရိုက်ခံရတယ်။ ကျွန်မ မိဘနှစ်ပါးစလုံး အသတ်ခံရတယ်။ သူတို့ကို ကြိုးနဲ့ချည်ပြီး မီးရှို့ခဲ့တယ်။ သူတို့အိမ်ကို စစ်သား ငါးယောက်က မီးရှို့ခဲ့တာ။ သူတို့က ကျွန်မကို အိမ်ပြင်ကို မုဒိန်းကျင့်ဖို့ ခေါ်ထုတ်သွားတယ်။ ကျွန်မကို အိမ်နောက်ဖက်ကို အပွင့်သုံးပွင့်ပါတဲ့ လူတစ်ယောက်က ခေါ်သွားတယ်။ သူက ကျွန်မကို သူ့သေနတ်ဒင်နဲ့ ရိုက်တယ်။ သူတို့က ပိုက်ဆံ လိုချင်တယ်။ ကျွန်မတို့မိသားစု ခရစ်ယာန်တွေ ဖြစ်နေတာကို သူတို့မကြိုက်ဘူး။ စစ်သားက ကျွန်မ အင်္ကျီကို ဆုတ်ဖြဲလိုက်တယ်။ ကျွန်မ ဘောင်းဘီရှည်ကို ဓါးနဲ့ ဖြတ်တယ်။ ငှက်ပျောပင်အောက်မှာ သူက ကျွန်မကို မြေကြီးပေါ်မှာ မုဒိန်းကျင့်တယ်။ သူက သူ့ရဲ့ လိင်တံ (ယောက်ျားတန်ဆာ) ကို ကျွန်မ ယောနိနဲ့စအိုထဲကို ထည့်တယ်။ ကျွန်မ မအော်အောင်လို့ သူက ငှက်ပျောရွက်တွေကို ကျွန်မ ပါးစပ်ထဲ ထည့်တယ်။ "မင်း တိတ်တိတ်မနေရင် မင်းကို ငါ့သေနတ်နဲ့ ပစ်မယ်" လို့ ကြားနေရတယ်။*[347]

၂၀၃။ နောက်ထပ် ဖြစ်ရပ်တစ်ခုတွင် ၂၀၁၆ ခုနှစ် မတ်လ ၁၆ ရက်နေ့ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်တွင် အိမ်ကို ကြက်ဝယ်ရန် လာရောက်သော တပ်မတော် စစ်သား တစ်ဦးက ကျူးလွန်ခံရသူကို ဖမ်းကိုင်ခဲ့သည်။ သူမက ကိုယ်ဝန်သုံးလ ရှိနေကြောင်းနှင့် သူမကို မုဒိန်းမကျင့်ရန် သူ့ကို ပြောခဲ့သည်။ သူမ လွတ်မြောက်ခဲ့သော်လည်း စစ်သားက နောက်တစ်နေ့ပြန်လာခဲ့မည်ဟု ချိန်းခြောက်ခဲ့သည်။ သူမက ဖြစ်ရပ်ကို ရွာအုပ်ချုပ်ရေးမှူးအား တိုင်ကြားခဲ့သော်လည်း နောက်ပိုင်းတွင် ပြန်သိခဲ့ရသည်မှာ ယင်းဖြစ်ရပ်ကို အရာရှိအား တိုင်ကြားခြင်း မပြုစေရန်အတွက် တပ်မတော်စစ်သားများက သူ့ကို ရိုက်နှက်ခဲ့ကြသည်။[348]

၂၀၄။ မစ်ရှင်သည် လူသိများ ကျော်ကြားခဲ့သော ကချင် စေတနာ့ဝန်ထမ်း ဆရာမနှစ်ဦးဖြစ်သည့် မရမ်လုရာ နှင့် တန်ဘောင်ခွန်နန်ဆင်း တို့ ပါဝင်သည့် အမှုကို စီစစ်ခဲ့သည်။ သူတို့သည် ၂၀၁၅ ခုနှစ် ဇန္နဝါရီလ ၁၉ ရက် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် ကောင်းခါး ရှာဘွတ်ရွာနေအိမ်တွင် တိုက်ခိုက်ခံခဲ့ရသည်။ ထိုညက တပ်မတော်စစ်သား ၄၀ ကျော် ရွာသို့ ရောက်လာသည့်နေ့ဖြစ်သည်။ အနီးအနားတွင် နေထိုင်သော လင်မယားနှစ်ဦးသည် နံနက် ၁ နာရီအချိန်တွင် အော်ဟစ်သံများ ကြားခဲ့ရသည်။ သူတို့က ဆရာမများအိမ် တံခါးကို သွားခေါက်သည့်အခါ မည်သည့် တုန့်ပြန်မှုမျှ မကြားခဲ့ရသည့်အတွက် သူတို့ပြန်ထွက်သွားခဲ့ကြသည်။ အခြား ရွာသားများက ကားတစ်စီးက လေးနာရီခန့်အကြာတွင် တပ်မတော် အရာရှိ အများအပြားကို တင်ဆောင်ပြီး ရွာမှ ထွက်ခွာသွားခဲ့သည်ကို တွေ့ရှိခဲ့သည်။ ထိုနေ့ နံနက်နောက်ပိုင်းတွင် အဝတ်အစားများ ခါးအောက်ပိုင်း ကျွတ်နေပြီး သူတို့အိမ်မှ ကုတင်ပေါ်တွင် သွေးအိုင်အတွင်း လဲနေသော ဆရာမနှစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့ကြသည်။ ကုတင်ပေါ်တွင် စစ်တပ် လက်မောင်းတံဆိပ်တစ်ခုကို တွေ့ရှိခဲ့သော်လည်း အာဏာပိုင်များက

346 PI-003, PI-004, PI-005, PI-007, PI-067, PI-068, PI-069, PI-089, QI-082

347 PI-117.

348 PI-057.

ရာဇဝတ် မြင်ကွင်း သက်သေအထောက်အထား ရယူခဲ့ခြင်း မရှိပေ။ ထို့နောက်ပိုင်းတွင် တပ်မတော်မှ ဗိုလ်မှူးက အကယ်၍ ပြစ်မှုများနှင့်စပ်လျဉ်းပြီး တပ်မတော်ကို စွပ်စွဲခဲ့မည်ဆိုပါက "ကျောင်းကို စက်သေနတ်ဖြင့် ပစ်"ပြီး "ရွာကိုမီးရှို့မည်" ဟု ခြိမ်းခြောက်ခဲ့သည်။[349]

၂၀၅။ မစ်ရှင်က အင်တာဗျူးခဲ့သော သတင်းရင်းမြစ်တစ်ခု အဆိုအရ မူဆယ်ဆေးရုံတွင် အလောင်းများကို စစ်ဆေးခဲ့သော ဆရာဝန်က မတူကွဲပြားသော ဆေးအစီရင်ခံချက်နှစ်ခုကို ပေးခဲ့သည်။ ပထမအစီရင်ခံစာတွင် ဆရာမနှစ်ဦးကို မုဒိန်းကျင့်ပြီး သတ်ဖြတ်မှုတွင် ခန့်မှန်းခြေအားဖြင့် ကျူးလွန်သူ လေးဦးရှိမည်ဟု ကောက်ချက်ချထားသည်။ ဒုတိယ အစီရင်ခံချက်တွင် ကျူးလွန်သူ နှစ်ဦးသာရှိပြီး အမျိုးသမီးတစ်ဦးသာ မုဒိန်းကျင့်ခံရကာ စစ်တပ်ပါဝင်မှုမရှိဟု သုံးသပ်ထားသည်။[350] မစ်ရှင်က ပြုလုပ်သော ဆေးဖက်မှုခင်းပညာဆိုင်ရာ သုံးသပ်ချက်အရ ပထမ ကျူးလွန်ခံသူသည် အစဦးစွာ ဓါးဖြင့်အတိုက်ခိုက်ခံရပြီး မုဒိန်းကျင့်ခံရသည်။ ထို့နောက် သို့မဟုတ် တပြိုင်ထဲတွင် ဓါးဖြင့်အထိုးခံရပြီး နောက်ဆုံးအနေဖြင့် ဒုတ်ဖြင့် အရိုက်ခံရသည်။ ဒုတိယကျူးလွန်ခံရသူမှာ အစပထမတွင် ဓါးဖြင့် တိုက်ခိုက်ခံရပြီး ခုခံခဲ့ပြီးနောက် အကြိမ်ကြိမ် ထိုးသွင်းခံရပြီး သွေးလွန်သေဆုံးသည်အထိ ပြတ်ရှမှုများ ဖြစ်ခဲ့သည်။ သုံးသပ်သော ပစ္စည်းများအရ အဝတ်အစားပေါ်တွင် မုဒိန်းပြုကျင့်မှု ပြီးဆုံးသွားသည်ကို ညွှန်းပြသော အနောက်အယှက် တစ်စုံတစ်ရာမတွေ့ရပေ။

၂၀၆။ မည်သည့်တရားရုံးလုပ်ငန်းစဉ်မှ မစတင်မီတွင် ရဲစုံစမ်းစစ်ဆေးမှုများ ရပ်တံ့သွားခဲ့သည်။ တပ်မတော်က သူ၏အရာရှိများကို မေးမြန်းခြင်းအား ခွင့်မပြုခဲ့ပဲ ကျူးလွန်ခံရသူများ၏ ကိုယ်စားလှယ်များက တပ်မတော်သားများအား စွပ်စွဲခဲ့ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း လူသိထင်ရှား ကြေညာခဲ့သည်။[351]

*စစ်ဆေးမေးမြန်းခြင်း သို့မဟုတ် ထိန်းသိမ်းထားမှု အခြေအနေတွင် ယောကျ်ားများအပေါ် လိင်အကြမ်းဖက်ခြင်း*

၂၀၇။ စစ်ဆေးမေးမြန်းခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ကာလအတွင်း အခြား နှိပ်စက်ညှင်းပမ်းမှု ပုံစံများအပြင် ကချင်နှင့် ရှမ်းပြည်နယ်တို့တွင် နှိပ်စက်ညှင်းပမ်းမှု ပုံစံတစ်မျိုးအဖြစ် ယောကျ်ားများအပေါ် လိင်အကြမ်းဖက်မှု သို့မဟုတ် မလျော်မကန်ပြုမှုကို ကျူးလွန်ကြကြောင်း ယုံကြည်စိတ်ချရလောက်သော ပြောဆိုမှုများကို မစ်ရှင်က တွေ့ရှိခဲ့သည်။ အစီရင်ခံလာသော ထိန်းသိမ်းထားစဉ် အခြေအနေတွင် လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပမ်းမှု ဖြစ်စဉ်များအားလုံးမှာ ထောက်လှမ်းရေး သတင်းစုဆောင်းမှုအတွက် ရည်ရွယ်ဖွဲ့စည်းထားသော မြန်မာလက်နက်ကိုင် တပ်ဖွဲ့များ၏ဌာနခွဲဖြစ်သော မြန်မာထောက်လှမ်းရေးရုံး (မြန်မာအတိုကောက်အားဖြင့် စရဖ ဟု ယေဘူယျ ပြောဆိုကြသည်) က ကျူးလွန်ခြင်း ဖြစ်သည်။[352]

---

[349] PI-037, K-133a၊ ရှမ်းလူ့အခွင့်အရေးမဏ္ဍိုင် အဖွဲ့ (SHRF)၊ မြန်မာ့တပ်မတော်က ရွာသားတစ်ဦးကို မိဘများရှေ့တွင် သတ်ဖြတ်၊ ထို့နောက် ရွာသား ၁,၂၀၀ ကျော်အား မိုင်းယောင်းတွင် ရွာသားများအား သတ်ဖြတ်မှုအတွက် "သောင်းကျန်းသူများ" အားအတင်းအဓမ္မ ဆန့်ကျင် ဆန္ဒပြခိုင်း၊ (၂၀၁၅ ဇန္နဝါရီ ၁)။ ဥပဒေ ထောက်ကူပြု ကွန်ရက် (LAN) နှင့် ကချင် အမျိုးသမီး အစည်းအရုံး (ထိုင်းနိုင်ငံ)၊ နှောင့်နှေးနေသော အမှန်တရား၊ ငြင်းပယ်ခံရသော အမှန်တရား။ မြန်မာနိုင်ငံအတွင်း လိင်အကြမ်းဖက်မှုနှင့် စစ်ရာဇဝတ်မှုများပေါ် အမှန်တရား ရှာဖွေခြင်း (၂၀၁၆)၊ စာ-၃-၁၄၊ အေးနေ၊ ကချင်ဘုရားကျောင်း ဆရာမများ သတ်ဖြတ်ခံရမှု စုံစမ်းစစ်ဆေးရန် "သြဇာမရှိ"၊ (၂၀၁၅ ခု ဇူလိုင် ၇ ရက်) အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာန၊ မြန်မာနိုင်ငံ ၂၀၁၅ လူ့အခွင့်အရေး အစီရင်ခံစာ (၂၀၁၅)၊ စာ-၂။

[350] PI-037; A/HRC/28/72, para.59.

[351] Ibid.

[352] PI-052, PI-056, PI-055

၂၀၈။ ဥပမာ- မစ်ရှင်သည် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်တွင် စရဖမှ ၂၀၁၂ ခုနှစ် ဖွန်လအတွင်း မုဒိန်းကျင့်မှုနှင့် လိင်အကြမ်းဖက်မှုပါဝင်သော နှိပ်စက်ညှင်းပမ်းမှု ခံရသည့် ရှင်သန်လွတ်မြောက်လာသူ နှစ်ဦးနှင့် ပတ်သက်သည့် ရှေ့နောက်ညီသော အစီရင်ခံချက်များကို ရရှိခဲ့သည်။ ရှင်သန်လွတ်မြောက်လာသူနှစ်ဦးမှာ မတူညီသော နေရာများတွင် KIA တပ်ဖွဲ့ဝင်ဖြစ်ခြင်းနှင့် ပတ်သက်၍ မေးခွန်းများ မေးမြန်းစဉ်အတွင်း သူတို့အား စရဖသို့ လွှဲပြောင်းထိန်းသိမ်းခြင်းမပြုမီတွင် နှိပ်စက်ညှင်းပမ်းခံခဲ့ကြရသည်။[353] စရဖသို့ရောက်ရှိပြီး မေးမြန်းစစ်ကြောစဉ်အတွင်း ရှင်သန်လွတ်မြောက်လာသူ နှစ်ဦးစလုံးကို ကိုယ်တုံးလုံး ဖြစ်သည်အထိ အဝတ်အစားများကို အဓမ္မချွတ်စေခဲ့ပြီး တစ်ဦးနှင့် တစ်ဦး စအိုကို ထိုးသွင်းစေခဲ့သည်။ ထိုယောကျ်ားနှစ်ဦး တစ်ဦးနှင့်တစ်ဦး မုဒိန်းပြုကျင့်သည်ကို စရဖ အေးဂျင့်များက စောင့်ကြည့်နေခဲ့ပြီး စော်ကားပြောဆိုခြင်း၊ လှောင်ပြောင်ရယ်မောခြင်းများ ပြုခဲ့ကြသည်။ သူတို့က "မင်းတို့ ကိုယ့်ဘာသာ ကျေနပ်ကြသလား" ဟု မေးခဲ့သည်။ ရှင်သန်လွတ်မြောက်လာသူများက မုဒိန်းပြုကျင့်ခြင်းကို ရပ်ပေးရန် တောင်းဆိုခဲ့ကြသော်လည်း သူတို့ကို အတင်းအဓမ္မ ဆက်လုပ်စေခဲ့သည်။[354]

၂၀၉။ သီးခြား ဖြစ်ရပ်တစ်ခုတွင် ရှင်သန်လွတ်မြောက်လာသူတစ်ဦးက ၂၀၁၂ ခုနှစ် ဖွန်လ ၁၇ ရက်နေ့တွင် မြစ်ကြီးနားမြို့နယ်ရှိ စရဖ ရုံးတွင် နယ်မြေအတွင်း ပုံးကွဲမှုတစ်ခုနှင့် ပတ်သက်၍ မေးခွန်းများကို ဖြေကြားခဲ့သည်။ ထို့နောက် သူ့ကို ဖမ်းဆီး၊ ချုပ်နှောင်ထိန်းသိမ်းပြီး KIA အဖွဲ့ဝင် ဖြစ်သည်ဟု ဝန်ခံသည်အထိ နှိပ်စက်ခဲ့သည်။ သို့မဟုတ်ပါက သူ့ကို သတ်ပြစ်မည်ဟု သူက ယုံကြည်ခဲ့သည်။ ယင်းတွင် သူ၏လိင်တံကို စုတ်ပြတ်၊ လန်ထွက်ပြီး သွေးထွက်သည်အထိ ပွတ်တိုက် ခြင်းအပါအဝင် လိင်ဆိုင်ရာ နှိပ်စက်ညှင်းပမ်းမှု ပါဝင်ခဲ့သည်။ "ကျွန်တော့်လိင်တံက သွေးတွေထွက်ပြီး တကယ့်ကိုနာနေတယ်။ အဲဒါ ဘယ်လောက်ကြာသလဲ ဆိုတာ ကျွန်တော် မသိတော့ဘူး။ တချိန်မှာတော့ လိင်တံက ဘာခံစားချက်မှ မရှိတော့ဘူး"။[355]

၂၁၀။ ပုံမှန်အားဖြင့် အစွဲလမ်းမှားများ၊ အားယုတ်လျော့မှုနှင့် အရှက်ရခြင်းတို့ကို ရည်ရွယ်သော အမျိုးသားလိင်အကြမ်းဖက်မှုအကြောင်း အစီရင်ခံချက်များမှာ ရှားပါးသော်လည်း ဖြစ်ရပ်များဖြစ်ပွားမှုနှုန်းကို တိတိကျကျ မထင်ဟပ်နိုင်ပါ။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် အာဏာပိုင်များက အချို့သောဖြစ်ရပ်များတွင်[356] အတင်းအဓမ္မ ကိုယ်တုံးလုံး ချွတ်စေခြင်းနှင့်အတူ လိင်ဆိုင်ရာနှိပ်စက်ညှင်းပမ်းမှု အသုံးပြုခြင်းကို နည်းလမ်းအဖြစ် အသုံးပြုကြောင်း မှတ်တမ်းတင်ထားချက်များ ရှိနေပြီး နှိပ်စက်ညှင်းပမ်းမှု ပုံစံတစ်ခုအဖြစ် လိင်အကြမ်းဖက်မှု အသုံးပြုခြင်း မည်မျှ ကျယ်ပြန့်မှုနေသည်ကို ဖော်ထုတ်ရန် နောက်ထပ်သုတေသန နှင့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်သည်။

*လိင်ကျွန်ပြုခြင်း နှင့် အတင်းအဓမ္မ လက်ထပ်စေခြင်းများ*

၂၁၁။ မစ်ရှင်က မြန်မာနိုင်ငံမြောက်ပိုင်းတွင် လိင်ကျွန်ပြုမှုနှင့် အတင်းအဓမ္မ လက်ထပ်စေခြင်း နှင့် ပတ်သက်သည့် ယုံကြည်စိတ်ချရလောက်သော ဖြစ်စဉ်နှစ်ခုကို ရရှိခဲ့သည်။ ယင်းဖြစ်ရပ်များမှာ

---

[353] PI-052, PI-056; A/HRC/67/383၊ စာပိုဒ် ၁၅-၁၆။ ဥပဒေမဲ့ ထိန်းသိမ်းခြင်းအပေါ် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ အလုပ်အဖွဲ့၊ "ယင်း၏ ၆၉ ကြိမ်မြောက် အစည်းအဝေး (၂၀၁၄ ဧပြီ ၂၂- မေ ၁ ရက်)တွင် ဥပဒေမဲ့ ထိန်းသိမ်းခြင်းအပေါ် အလုပ်အဖွဲ့က ချမှတ်ခဲ့သော ထင်မြင်ချက်များ၊ အမှတ် ၆/၂၀၁၄"။ (၂၀၁၄ ဇူလိုင် ၁ ရက်)။ S. Martov၊ "ကချင်ပြည်နယ်ရှိ မြန်မာနိုင်ငံ၏ နိုင်ငံရေး အကျဉ်းသား အသစ်များ" (The Irrawaddy၊ ၂၀၁၂ ဇူလိုင် ၁၇ ရက်)။ ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပမ်းမှုများနှင့် အခြား မလျော်မကန် ဆက်ဆံမှုများ။ ကြည့်။

[354] PI-052, PI-056

[355] PI-055.

[356] ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပမ်းမှုများနှင့် အခြား မလျော်မကန် ဆက်ဆံမှုများ။ ကြည့်။

ယခင်က ကုလသမဂ္ဂ အစီရင်ခံစာများနှင့် ကိုက်ညီလျက်ရှိပြီး[357] အလေ့အထနစ်မျိုးစလုံးမှာ လက်ရှိမှတ်တမ်းတင်ထားသည်ထက် ပိုမိုကျယ်ပြန့်နေသည်ကို ညွှန်းပြနေသည်။ ထိုသို့သောအခြေအနေများတွင် လိင်ကျွန်ပြုမှုနှင့် အတင်းအဓမ္မ လက်ထပ်စေမှု နှစ်မျိုးစလုံး၏ ကျယ်ပြန့်မှုအတိုင်းအတာနှင့် သဘောသဘာဝကို ဆုံးဖြတ်နိုင်ရန် နောက်ထပ်စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။

၂၁၂။ အစီရင်ခံချက်ရရှိသော ဖြစ်ရပ်တစ်ခုတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်မှ ကျောင်းဆရာမတစ်ဦးက ၂၀၁၂ ခုနှစ် သူမ ကျောင်းသို့သွားစဉ် စစ်တပ်တွင် အဓမ္မလုပ်အားခိုင်းစေရန်အတွက် ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရကြောင်း ပြောပြသည်။ တစ်ညတွင် စစ်သားတစ်ဦးက တပ်မတော်အရာရှိတစ်ဦး၏တဲသို့ သူမကို ခေါ်ဆောင်သွားခဲ့သည်။ အရာရှိ၏ မုဒိန်းကျင့်ရန် ကြိုးပမ်းအားထုတ်မှုကို သူမက ပြန်လည်တိုက်ခိုက်သောအခါ သူမ၏လက်မောင်းများကို သူက ဆေးလိပ်မီးဖြင့် ထိုးသည်၊ သူ၏ရိုင်ဖယ်သေနတ်ဒင်ဖြင့် သူမကို ထုရိုက်သည်၊ လည်ပင်းနှင့် လက်မောင်းများကို ဓါးဖြင့်ထောက်ပြီး သူမ သတိမေ့သွားသည်အထိ ပြင်းပြင်းထန်ထန် လက်သီးဖြင့်ထိုးခဲ့သည်။ မုဒိန်းကျင့်နေစဉ် သူမ သတိပြန်လည် ရလာခဲ့ပြီး ကျူးလွန်သူက နောက်တကြိမ် သတိမေ့အောင် ပြန်ထိုးခဲ့သည်။ ရှင်သန်လွတ်မြောက်သူမှာ အရာရှိ၏တဲတွင် ငါးရက်မှ ခုနစ်ရက် အထိ ထိန်းထားခံရပြီး သူမ၏ ယောနိ၊ ပါးစပ်နှင့် စအိုကို အကြိမ်ကြိမ် ထိုးသွင်းခံခဲ့ရသည်။ သူမ ခုခံလျှင် အုပ်စုလိုက် မုဒိန်းကျင့်ခံရမည်ဟု ခြိမ်းခြောက်ခံခဲ့ရသည်။ အကြိမ်ကြိမ် မုဒိန်းကျင့်ခံရပြီးနောက်တွင် သူမကို ရေချိုးခွင့်မပေးပဲ အခြားသော ထိန်းသိမ်းထားခံရသူများနှင့်အတူ မြေကြီးပေါ်တွင် စောင်မပါပဲ အိပ်စက်ခဲ့ရသည်။ အခြားသော မိန်းကလေးများသည်လည်း တပ်စခန်းတွင် အလားတူ အခြေအနေများတွင် ထားသည်ကို သိရှိခဲ့ပြီး သူမထိုနေရာတွင် ရှိနေစဉ်အတွင်း မိန်းကလေး သုံးဦး သို့မဟုတ် လေးဦးမှာ အကြိမ်ကြိမ် မုဒိန်းကျင့်ခံရသည်ဟု ပြောပြသည်။[358]

၂၁၃။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် လိင်ကျွန်ပြုမှုအပေါ် အကန့်အသတ်ဖြင့်သာ ရရှိသော အချက်အလက်များကြောင့် ယင်းဖြစ်ရပ်များ နည်းပါးသည်ဟု အထူးသဖြင့် ရခိုင်ပြည်နယ်၌ ဖြစ်ပွားမှုနှုန်းအပေါ် မစ်ရှင်အနေဖြင့် ကောက်ချက်မချနိုင်ပေ။[359] သတင်းအချက်အလက် အကန့်အသတ်ရှိမှုအတွက် ရှင်းပြချက်ကောင်းကောင်းရှိသည်။ လိင်ကျွန်ပြုခံရသူများ၏ လှုပ်ရှားမှုကို အနီးကပ်စောင့်ကြည့်ပြီး တင်းကြပ်စွာကန့်သတ်ထားကာ သူတို့ကြုံတွေ့ရသော အကြိမ်ရေနှင့် ပြင်းထန်မှုကြောင့်၊ ခန္ဓာကိုယ်ဒဏ်ရာများ ရရှိမှုကြောင့် အောင်မြင်စွာ ထွက်ပြေးလွတ်မြောက်မှု နည်းပါးသည်။ သို့ဖြစ်ရာ သတင်းအချက်အလက် ရရှိနိုင်မှု နည်းပါးသည်။ ထို့အပြင် အရာရှိများ၏ ပုဂ္ဂလိကနေထိုင်ရာ နေရာများကို အခြားသူများ တွေ့မြင်နိုင်ရန် သို့မဟုတ် လိင်ကျွန်ပြုမှုကို ဖော်ထုတ်နိုင်ရန် ခက်ခဲသည်။ အထက်ပါပြောပြချက်တွင် ရှင်သန်လွတ်မြောက်လာသူ၏ စစ်တပ်စခန်းအတွင်း အခြားလိင်ကျွန်ပြုခံရသူများအပေါ် တွေ့ရှိချက်အရ တပ်မတော်တပ်ဖွဲ့များများတွင် အနည်းဆုံးပြောရလျှင် ထိုစခန်းတွင် ထိုသို့သော လိင်ကျွန်ပြုမှုအလေ့အထမှာ တနေရာထဲတွင် သီးခြားကွက်၍ ဖြစ်နေခြင်းမျိုး မဟုတ်သည်ကို ညွှန်ပြနေသည်။

---

[357] A/HRC/32/18, para. 60; S/2018/250, paras. 57-58.

[358] PI-067.

[359] အပိုင်း ၅၊ အခန်း ဃ-၁-က။ လူ့အခွင့်အရေး ကပ်ဆိုက်ခြင်း- မြန်မာလုံခြုံရေး တပ်ဖွဲ့များ၏ ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှု ပုံစံများ။

၂၁၄။ တပ်မတော်စစ်သားများသည် အထူးသဖြင့် အဆင့်မြင့်အရာရှိများနှင့် အတင်းအကြပ် လက်ထပ်ထိမ်းမြားရန်အတွက် အမျိုးသမီးများကို ဖမ်းဆီးခေါ်ဆောင်ရန် ကြိုးပမ်းမှုအပေါ် ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များ ရှိသည်။ ယင်းဖြစ်ရပ်များသည် နောက်ယှက်စော်ကားမှု၊ ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု နှင့် ပစ်မှတ်အမျိုးသမီး၏ မိသားစုဝင်များအား သတ်ဖြတ်မှုများနှင့် ယှဉ်တွဲလျက် တွေ့ရသည်။[360] ဥပမာ- ၂၀၁၁ ခုနှစ် ဖွန်လတွင် တပ်မတော်စစ်သားများသည် ကချင်ပြည်နယ် ပူတာအိုရှိ အင်တာဗျူး ဖြေဆိုသူ၏အိမ်သို့ လာရောက်ပြီး ဗိုလ်ချုပ်နှင့်လက်ထပ်ရန် သူမကို ခေါ်ဆောင်သွားနိုင်မလားဟု သူမ၏အဖေကို မေးမြန်းခဲ့သည်။ သူ့အဖေက ငြင်းဆန်သည့်အခါ စစ်သားများက သူ့ကို ပြင်းပြင်းထန်ထန် ရိုက်နက်သောကြောင့် သူ သေဆုံးသွားခဲ့သည်။[361] အချို့သော ခရစ်ယာန် ကချင်အမျိုးသမီးများမှာ အတင်းအဓမ္မ လက်ထပ်ရန်အတွက် ပစ်မှတ်ထားခံရရုံသာမက ထိုကဲ့သို့ အမျိုးသမီးများမှာ အဆင့်မြင့်တပ်မတော်အရာရှိများနှင့် လက်ထပ်ပြီးသည့်အခါ သို့မဟုတ် သူတို့၏ ယောကျာ်းများ တပ်မတော်တွင် တစ်စုံတစ်ရာသော ရာထူးအဆင့်ထက် ထပ်မံတိုးမြင့်ခံရသည့်အခါတွင် ဗုဒ္ဓဘာသာသို့ အတင်းအကြပ် ကူးပြောင်းစေခဲ့ကြောင်း ညွှန်ပြသည့် အချက်အလက်များ ရှိသည်။[362]

*ထွက်ပြေးမှုအပေါ် ခြိမ်းခြောက်မှုနှင့် ပြစ်ဒဏ်ခတ်မှုများ*

၂၁၅။ ထွက်ပြေးလွတ်မြောက်ရန် သို့မဟုတ် ပြေးရန် ကြိုးပမ်းသော အမျိုးသမီးများ သို့မဟုတ် အခြား ဖြစ်ရပ်များကြောင့် မုဒိန်းပြုကျင့်ခံနေရမှု ရပ်ဆိုင်းသွားသည့် အမျိုးသမီးများကို ကျူးလွန်သူများက[363] သတ်ဖြတ်ခြင်း[364]အပါအဝင် ခြိမ်းခြောက်ကြသည်။ မုဒိန်းကျင့်ရန် ကြိုးပမ်းစဉ် သို့မဟုတ် မုဒိန်းပြုကျင့်ပြီးနောက် အမျိုးသမီးများ အောင်မြင်စွာ ထွက်ပြေးလွတ်မြောက်သည့်အခါ စစ်သား/များသည် ရှင်သန်လွတ်မြောက်သူ၏အိမ်သို့ နောက်မှလိုက်လာပြီး အရာရှိများနှင့်အတူ[365] သူတို့ကို[366] ရှာဖွေလေ့ရှိကြောင်း တသမတ်ပုံစံကို မစ်ရှင်က တွေ့ရှိခဲ့သည်။ ဖြစ်ရပ်နှစ်ခုတွင် အိမ်တွင်ရှိနေသော ရှင်သန်လွတ်မြောက်သူ၏ဆွေမျိုးကို သူမ အိမ်သို့ ပြန်လည်ရောက်ရှိလျှင် ရောက်ရှိခြင်း စစ်တပ်စခန်းသို့ ပြန်လည်ပို့ဆောင်ရန် မှာကြားခဲ့သည်။[367] ယင်းသို့လာရောက်သည့်အခါများတွင် ရှင်သန်လွတ်မြောက်သူ၏ ဆွေမျိုးများကို မှတ်ပုံတင်ကပ်ပြားသိမ်းဆည်းမှု အပါအဝင် ရုပ်ပိုင်းဆိုင်ရာ ချိုးဖောက်မှုနှင့် ပိုင်ဆိုင်သောပစ္စည်းများအား သိမ်းဆည်းယူငင်မှုများ ရှိသည်။[368] ဖြစ်ရပ် တစ်ခုတွင် တပ်မတော်စစ်သားများသည် ရှင်သန်လွတ်မြောက်သူ၏ မိဘများ၏ မီးဖိုချောင်ကို ဖျက်ဆီးပြီး သူမ၏မိဘများကို ရိုက်နက်ကာ အတင်းအဓမ္မ လုပ်အား တစ်ပတ်ကြာ စေခိုင်းရန် ခေါ်ဆောင်သွားခဲ့သည်။[369]

၂၁၆။ နောက်ပိုင်းတွင် ဤပုံစံက ကျူးလွန်ခံရသူများအား တပ်မတော် စစ်သားများက သူတို့နေအိမ်များတွင် ဖမ်းဆီးခေါ်ဆောင်သည့် စနစ်တကျ သွင်ပြင်လက္ခဏာကို

---

[360] PI-068, PI-090
[361] PI-090.
[362] K-134, PI-007
[363] DI-065, PI-005
[364] PI-00.
[365] PI-005.
[366] PI-003, PI-005, PI-007, PI-067, PI-068, QI-084
[367] PI-005, PI-007
[368] PI-007, PI-023
[369] PI-063.

အားဖြည့်လိုက်သည်။[370] အဆင့်မြင့်အရာရှိများပါဝင်ပြီး အမျိုးသမီးများကို ရာထူးနိမ့်သော စစ်သားများအား ပြန်ပေးသည့် ပတ်သက်မှုက ယင်းသည် အဆင့်မြင့် တပ်မတော်တပ်မှူးများက တိုက်ရိုက်သော်လည်းကောင်း သွယ်ဝိုက်၍သော် လည်းကောင်း အသိအအမှတ်ပြုထားသည့် ကျယ်ပြန့်သောအလေ့အထ ဖြစ်လာနိုင်ချေရှိလာသည်။

*လိင်အကြမ်းဖက်မှုများ၏ မတရားဖိနှိပ်မှုနှင့် ရက်စက်ကြမ်းကြုတ်သော သဘာဝ*

၂၁၇။ ကချင်အမျိုးသမီးများအပေါ် တပ်မတော်စစ်သားများ၏ ဖိနှိပ်ညှင်းပမ်းမှုနှင့် စော်ကားမှုပါသော အပြုအမူသည် စော်ကားခြင်း၊ တံတွေးထွေးခြင်းနှင့် ရုပ်ပိုင်းဆိုင်ရာ ချိုးဖောက်မှုများအပါအဝင် လိင်ဆိုင်ရာ ချိုးဖောက်ကျူးလွန်မှုပါ ပူးတွဲပါလာသည်ကို စုံစမ်းစစ်ဆေးမှုများက တွေ့ရှိရသည်။[371] ရှင်သန်လွတ်မြောက်လာသူတစ်ဦးက သူမကို "ကချင်ခွေးမ" နှင့် "ငါလိုးမကလေးတွေ" ဟု ခေါ်ခံရပုံကို ပြန်ပြောပြသည်။[372] နောက်ထပ် ရှင်သန်လွတ်မြောက်သူတစ်ဦးက သူမအား ကျူးလွန်သူများက ကချင်ပြည်သူများကို ခွေးများနှင့် နှိုင်းယှဉ်ကြောင်း ပြောပြသည်။[373] ကချင် ဆယ်ကျော်သက် မိန်းကလေး နှစ်ဦးအား တောထဲတွင် စစ်သား ၂၀ က အုပ်စုလိုက် မုဒိန်းကျင့်သည်ကိုတွေ့သော မျက်မြင်သက်သေတစ်ဦးက စစ်သားများက မိန်းကလေးများကို "စုန်းမများ" ဟုခေါ်ပြီး သူတို့ကို "မင်းတို့ မျိုးတုန်းတဲ့အထိ မင်းတို့ကချင်ခွေးမတွေကို နှိပ်စက်ပြမယ်" ဟု ပြောသည်ကို တွေ့မြင်ခဲ့သည်။[374]

၂၁၈။ တပ်မတော်က ကျူးလွန်သော လိင်အကြမ်းဖက်မှု၏ ကြမ်းတမ်းမှုနှင့် ရက်စက်မှုသည် မတရားဖိနှိပ်မှုအစီရင်ခံချက်များတွင်သာ ပါဝင်သည် မဟုတ်သေးချေ။ တပ်မတော်စစ်သား တစ်ဦးချင်းထက် အုပ်စုလိုက် ချိုးဖောက်သည့် အလွန်အကျွံ ရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်မှုနှင့် နှိပ်စက်ညှင်းပမ်းမှုကို ပေါင်းလိုက်ခြင်းက အရပ်သားများအပေါ် စော်ကားချိုးနှိမ်ခြင်းနှင့် ခံစားနစ်နာစေရန် တမင်သက်သက် လုပ်ဆောင်ခြင်း မူဝါဒ မဟုတ်ပါက ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသော ယဉ်ကျေးမှုကို ထင်ဟပ်နေခြင်း ဖြစ်သည်။ နေအိမ်များတွင် အမျိုးသမီးများနှင့် သူတို့၏ ဆွေမျိုးများအပေါ် အခွင့်အလမ်းအရနှင့် တွက်ချက်ထားသော ရည်ရွယ်ချက်ဖြင့် လိင်အကြမ်းဖက်မှုနစ်ခုစလုံးသည် တပ်မတော်စစ်သားများအား ယင်းချိုးဖောက်မှုများအတွက် အပြစ်ပေးအရေးယူမှုမှ လုံးဝကင်းလွတ်မှုအပေါ် ပိုမိုယုံကြည်ပြီး လုပ်ဆောင်လိုစိတ်ဖြစ်စေသည်။

*လုံခြုံမှုကင်းမဲ့ခြင်းက ပံ့ပိုးပေးနေသော လိင်အကြမ်းဖက်မှု*

၂၁၉။ မူလက တည်ရှိပြီးဖြစ်သော လက်နက်ကိုင်ပဋိပက္ခနှင့် ဆက်နွယ်မှုမရှိသည့် လုံခြုံမှုကင်းမဲ့သည့် အခြေအနေပေါ်တွင် ပံ့ပိုးပေးနေသော အခွင့်သာမှုနှင့် သီးခြားစီဖြစ်သော လိင်အကြမ်းဖက်မှုများအပေါ် ယုံကြည်စိတ်ချလောက်သည့် အစီရင်ခံချက်များကို မစ်ရှင်က ရရှိခဲ့သည်။[375] ယင်းဖြစ်ရပ်များတွင် အစိုးရ အရာရှိများက သူတို့၏ အစပျိုးလုပ်ဆောင်မှုဖြင့် သို့မဟုတ် သူတို့၏ ဆန္ဒဖြင့် သို့မဟုတ် သဘောတူညီချက်ဖြင့် လိင်အကြမ်းဖက်မှုကို ကျူးလွန်သည့်အခြေအနေ၊ ယင်းအပြုအမူများကို စုံစမ်းစစ်ဆေးခြင်း နှင့် ကျူးလွန်သူများကို နိုင်ငံ့ဥပဒေနှင့်အညီ အပြစ်ပေးအရေးယူခြင်းအပါအဝင် အစိုးရမဟုတ်သော အေးဂျင့်များ သို့မဟုတ် အဖွဲ့အစည်းများ၏လိင်အကြမ်းဖက်မှုမှ လူများကိုကာကွယ်ရန် တာဝန်ကို

---

[370] PI-005, PI-023, PI-057, PI-110, QI-084
[371] PI-003, PI-004
[372] PI-004.
[373] PI-023.
[374] PI-069.
[375] PI-007, PI-093, PI-110

အကောင်အထည်မဖော်နိုင်သောအခြေအနေများသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။[376]

## (၅) လွတ်လပ်မှုကို အတင်းအကြပ် ကင်းမဲ့စေခြင်းနှင့် အင်အားသုံးပျောက်ဆုံးစေခြင်းများ

၂၂၀။ တပ်မတော်သည် ထင်ရာစိုင်းဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ထားခြင်းများကို ပြုလုပ်လျက်ရှိပြီး ဖြစ်ရပ်အများအပြားတွင် အင်အားသုံးပျောက်ဆုံးစေမှုအထိ ဖြစ်စေမှုတို့တွင် ပါဝင်ပတ်သက်သည်။ ယောကျာ်းများ၊ မိန်းမများ နှင့် အချို့သော ဖြစ်ရပ်များတွင် ကလေးများကို သူတို့ရွာများမှခေါ်ယူပြီး အဓမ္မလုပ်အားစေခိုင်းရန် သို့မဟုတ် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ပတ်သက်မှုရှိသည်ဟု သံသယကြောင့်ဖြစ်စေ ထိန်းသိမ်းခြင်းများရှိသည်။ ကျူးလွန်ခံရသူများသည် တရားမဝင်သော ထိန်းသိမ်းချုပ်နှောင်သည့်နေရာများတွင် တစ်ရက်မှ နှစ်နှစ်ကြာသည့်တိုင်အောင် ဖမ်းဆီးထားခြင်းခံကြရသည်။ အများစုမှာ ဖမ်းဆီးရသည် အကြောင်းရင်းကိုပင် ပြောကြားခြင်း သို့မဟုတ် တရားသူကြီးရှေ့မှောက်သို့ ခေါ်ဆောင်ခြင်းပင် မရှိခြေ။

### (က) ဥပဒေ မူဘောင်

၂၂၁။ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေသည် လွတ်လပ်ခွင့်၊ လူပုဂ္ဂိုလ် လုံခြုံခွင့်နှင့် ဥပဒေနှင့် မညီသောဖမ်းဆီးမှု၊ ထိန်းသိမ်းမှုတို့မှ လွတ်ကင်းပိုင်ခွင့်တို့ကို ပြဌာန်းထားသည်[377] သာမက ဤ စိမ်ခေါ်ခြင်းခံရသောအခွင့်အရေးကို ကျင့်သုံးသည်ဖြစ်စေ သို့မဟုတ် မကျင့်သုံးသည်ဖြစ်စေ ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းခံရသူများကို ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်း ပြုရသည့် အကြောင်းရင်းကို အသိပေးပြီး အမြန်ဆုံး တရားရုံးသို့ ပို့ဆောင်မှုဖြစ်စေခြင်းကို အာမခံရန် အစိုးရတွင် တာဝန်ရှိသည်။[378] ဥပဒေနှင့်မညီသော ထိန်းသိမ်းမှုမှ ကင်းလွတ်ခွင့်သည် နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေတစ်ခု ဖြစ်သည်။ ယင်းကို ကန့်သတ်မှု သို့မဟုတ် ကွဲလွဲသော ပုံစံမလုပ်နိုင်သည့် မရုတ်သိမ်းနိုင်သော ဥပဒေအဖြစ်ပင် သတ်မှတ်သည်။[379] အကယ်၍ ဥပဒေနှင့်မညီညွတ်ပါက၊ ဆိုလိုသည်မှာ ယင်းသို့အခြေအနေမျိုးတွင် အသုံးပြုခြင်း သို့မဟုတ် ဥပဒေနှင့်အညီ သို့မဟုတ် ဥပဒေကပြဌာန်းထားသည့် လုပ်ထုံးလုပ်နည်းနှင့် အညီမဟုတ်ပါက[380] သို့မဟုတ် မသင့်လျော်သော၊ တရားမျှတမှုမရှိသော၊ ကျိုးကြောင်းခိုင်လုံမှုမရှိသော သို့မဟုတ်

---

[376] ကုလသမဂ္ဂ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ကြေညာချက်၊ ပုဒ်မ ၄(ဂ)၊(ဃ) နှင့် (ဏ)။ ICCPR, ပုဒ်မ ၂။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၊ "အထွေအထွေ မှတ်ချက် အမှတ် ၃၁- သဘောတူစာချုပ်အား အဖွဲ့ဝင်နိုင်ငံများအပေါ် သတ်မှတ်သည့် အထွေထွေ ဥပဒေဆိုင်ရာ တာဝန်များ၏ သဘာဝ" (CCPR/C/21/Rev.1/Add. 13)၊ စာပိုဒ် ၁၅ နှင့် ၁၈။ ကုလသမဂ္ဂ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကော်မတီ၊ *"အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ်၏ ပုဒ်မ ၂ အောက်တွင် အဖွဲ့ဝင် အစိုးရများ၏ အဓိကတာဝန်များအပေါ် အထွေထွေ အကြံပြုချက် အမှတ် ၂၈။* (CEDAW/C/GC/28)၊ စာပိုဒ် ၁၇။ နှင့် အမျိုးသမီးများအပေါ် ကျား-မအခြေပြု အကြမ်းဖက်မှုအပေါ် အထွေထွေ အကြံပြုချက် အမှတ် ၁၉၊ ပြင်ဆင်ဖြည့်စွက်ထားသော အထွေထွေအကြံပြုချက် အမှတ် ၁၉။" (CEDAW/C/GC/35), စာပိုဒ် ၂၄-၂၅။ ကိုကြည့်။

[377] UDHR, art. 9; ICCPR, art. 9(4); CRC, art. 37(b); CAT, art. 11; ICRMW, art. 16(1), (4) and (9); CRPD art. 14; CPED, art 17

[378] ICCPR၊ ပုဒ်မ ၉ (၃) ။

[379] ဥပမာ- ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၊ "အထွေထွေ မှတ်ချက် ၂၄။ သဘောတူစာချုပ် သို့မဟုတ် ရွေးချယ်နိုင်သော လုပ်ထုံးလုပ်နည်း သို့မဟုတ် သဘောတူစာချုပ်၏ ပုဒ်မ ၄၁ အောက်ရှိကြေညာချက်များနှင့် ပတ်သက်၍ အတည်ပြုမှု သို့မဟုတ် လက်ခံမှုအပေါ် ပြုလုပ်သည့် နေရာယူမှုနှင့် ပတ်သက်သော ကိစ္စရပ်များ" (CCPR/C/21/Rev.1/Add.6) ၊ စာပိုဒ် ၈။ *"အထွေထွေ မှတ်ချက် အမှတ် ၂၉၊ ပုဒ်မ ၄။ အရေးပေါ်အခြေအနေ ချွင်းချက်"* (CCPR/C/21/Rev.1/Add.11) ၊ စာပိုဒ် ၁၁။

[380] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ။ "အထွေထွေမှတ်ချက် အမှတ် ၃၅၊ ပုဒ်မ ၉။ (လွတ်လပ်ခွင့်နှင့် လူပုဂ္ဂိုလ် လုံခြုံမှု)" (CCPR/C/GC/35) ၊ စာပိုဒ် ၁၁။

အခြေအနေအရ လိုအပ်ချက်မရှိပဲ ယူဆရပါက ဖမ်းဆီးခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေကို ချိုးဖောက်ခြင်းဖြစ်သည်။[381]

၂၂၂။ လွတ်လပ်မှုအား အတင်းအကြပ် ကင်းမဲ့စေခြင်းကိုလည်း နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအောက်တွင် တားမြစ်ထားသည်။[382] နိုင်ငံတကာ ဥပဒေက ခွင့်ပြုထားသော အကြောင်းရင်းခံများနှင့် အခြေအနေများမဟုတ်ပဲ အရပ်သားများ သို့မဟုတ် အကာအကွယ်ပေးထားသော လူပုဂ္ဂိုလ်များအား ထိန်းသိမ်းခြင်းကို တရားဥပဒေနှင့်မညီသော ချုပ်နှောင်မှုဟု သတ်မှတ်သည်။ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေက နိုင်ငံတကာလက်နက်ကိုင်ပဋိပက္ခမဟုတ်သော အခြေအနေတွင် အရပ်သားများကို လုံခြုံရေးအရ ထိမ်းသိမ်းခြင်းကို တိုက်ရိုက် ညွှန်းဆိုထားခြင်း မရှိသော်လည်း လွတ်လပ်ခွင့်ကို ထင်ရာစိုင်းဖယ်ရှားခြင်းမှ ကင်းလွတ်ရန်နှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို ယှဉ်တွဲကာကွယ်ပေးရန်ကိုမူ လူပုဂ္ဂိုလ်များအား လူသားဆန်စွာဆက်ဆံရန် လိုအပ်ချက်က လွှမ်းခြုံသည်။ (ဥပမာ- အကြောင်းရင်းကို အသိပေးရန်လိုအပ်ပြီး ထိန်းသိမ်းခြင်း၏ ဥပဒေနှင့် ညီညွတ်မှုကို စိမ်ခေါ်ရန် အခွင့်အလမ်း ပေးရမည်)

၂၂၃။ မြန်မာနိုင်ငံ၏ဥပဒေအောက်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရာဇဝတ် လုပ်ထုံးလုပ်နည်းဥပဒေနစ်ရပ်စလုံးက တရားရုံး၏ခွင့်ပြုချက်မပါပဲ အရပ်သားများအား ၂၄ နာရီထက်ကျော်လွန်၍ ထိန်းသိမ်းခြင်းကို တားမြစ်ထားသည်။[383] ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် "နိုင်ငံတော်လုံခြုံရေး သို့မဟုတ် တရားဥပဒေစိုးမိုးရေး၊ အများပြည်သူ အေးချမ်းသာယာရေးနှင့် အများပြည်သူအကျိုးငှာ ဥပဒေနှင့်အညီ ကြိုတင်ကာကွယ်ထားရှိရန် လိုအပ်သောကိစ္စ" အတွက် ထိန်းသိမ်းခြင်းအား ချွင်းချက်အဖြစ်ထားရှိသည်။[384] ရာဇဝတ်လုပ်ထုံးလုပ်နည်းဥပဒေက တရားသူကြီးများကို ၂၄ နာရီထိန်းသိမ်းခြင်းအား ချုပ်နှောင်မှုကာလ ၁၅ ရက် သို့မဟုတ် ၇ နှစ်ထက် ကျော်လွန်သော ထောင်ဒဏ်ကျခံနိုင်သည့် အမှုများတွင် ရက်ပေါင်း ၃၀ တိုးမြှင့်ရန် ခွင့်ပြုထားသည်။[385]

၂၂၄။ မြန်မာနိုင်ငံဥပဒေအရ ဖမ်းဆီးပိုင်ခွင့်အာဏာမှာ မူအားဖြင့် ရဲများတွင် ရှိသည်။ သို့ရာတွင် ရာဇဝတ်မှုလုပ်ထုံးလုပ်နည်းဥပဒေအောက်တွင် မည်သည့် တရားသူကြီးကိုမျှ ဆက်သွယ်နိုင်ခြင်း မရှိသည့်အခါ အများပြည်သူ၏ လုံခြုံရေးကို အန္တရာယ်ဖြစ်စေသည့် စုဝေးမှု၏အစိတ်အပိုင်းအဖြစ် ပါဝင်သောလူပုဂ္ဂိုလ်များအား တပ်မတော်အရာရှိများက ဖမ်းဆီး သို့မဟုတ် ချုပ်နှောင်ထားနိုင်သည်။ သို့ရာတွင် လက်တွေ့၌ လုပ်ဆောင်နိုင်စွမ်းရှိလာပါက တရားသူကြီးအား ဆက်သွယ်ရမည်။[386] ထို့အပြင် ၁၉၇၅ ခုနှစ်တွင် သက်ဝင်ပြီး ၂၀၁၆ ခုနှစ် မေလတွင် ပြင်ဆင်ထားသော နိုင်ငံတော်ကာကွယ်ရေးအက်ဥပဒေတွင် "ဗဟိုဘုတ်အဖွဲ့" က ထိုသို့လုပ်ရန် အမိန့်ပေးသည့်အခါ တပ်မတော်အရာရှိများအား မည်သည့်ပုဂ္ဂိုလ်ကိုမဆို ဖမ်းဆီးထိန်းသိမ်းရန်

---

[381] Ibid၊ စာပိုဒ် ၁၂။ " "ဥပဒေမဲ့" ဆိုသည်မှာ "ဥပဒေကို ဆန့်ကျင်ခြင်း" နှင့် မတူညီသော်လည်း မသင့်လျော်မှု၊ မတရားမှု၊ ခန့်မှန်းနိုင်မှု အားနည်းခြင်း၊ နှင့် ဥပဒေ၏ လုပ်ဆောင်သင့်သည့်ဖြစ်စဉ်များ အစိတ်အပိုင်းများ သာမက ကျိုးကြောင်းဆီလျော်မှု၊ လိုအပ်မှု နှင့် အချိုးကျနမှု၏ အစိတ်အပိုင်းများ ပါဝင်ရန် ပိုမိုကျယ်ပြန့်စွာ အဓိပ္ပါယ် ဖွင့်ဆိုရမည်။

[382] ဂျနီဗာကွန်ဗင်းရှင်း၏အထွေထွေ ပုဒ်မ ၃၊ တိုက်ခိုက်မှုတွင် မပါဝင်သော အရပ်သားများနှင့် လူပုဂ္ဂိုလ်များအားလုံးကို လူသားဆန်စွာ ဆက်ဆံပြုမူရမည့် လိုအပ်ချက်။ ဥပဒေမဲ့ထိန်းသိမ်းခြင်း ဆိုသည်မှာ ယင်းလိုအပ်ချက်နှင့် မကိုက်ညီမှုကို ထည့်သွင်းစဉ်းစားသည်။ ICRC/Customary IHL၊စည်းမျဉ်း ၉၉ ကိုကြည့်။

[383] မြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၂၁ (ခ)၊ မြန်မာနိုင်ငံ ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၆၁။

[384] မြန်မာနိုင်ငံဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပေဒေ၊ ပုဒ်မ ၃၇၆။

[385] မြန်မာနိုင်ငံ ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၆၀-၆၁၊ ၈၁၊ ၁၆၇။

[386] မြန်မာနိုင်ငံ ရာဇဝတ် ကျင့်ထုံး ဥပဒေ ပုဒ်မ ၁၃၁။

ခွင့်ပြုထားသည်။[387] တပ်မတော်က ချုပ်နှောင်ထားသည့် မည်သူမဆိုကို ရဲအာဏာပိုင်းများသို့ အမြန်ဆုံးလွှဲပြောင်းပေးရမည်။

၂၂၅။ အတင်းအဓမ္မပျောက်ဆုံးစေမှု တားမြစ်ချက်သည် မရုတ်သိမ်းနိုင်သည့် ဥပဒေ စံချိန်စံညွှန်း ဥပဒေတစ်ခု ဖြစ်သည်။ အတင်းအဓမ္မ ပျောက်ဆုံးစေခြင်းသည် လွတ်လပ်ခွင့် နှင့် လူပုဂ္ဂိုလ် လုံခြုံမှုကို ချိုးဖောက်ပြီး အသက်ရှင်သန်ပိုင်ခွင့် အခွင့်အရေးကို အခြားသော အခွင့်အရေးအများအပြားနှင့်အတူ ချိုးဖောက် သို့မဟုတ် ကြီးမားသောခြိမ်းခြောက်မှုကို ဖြစ်စေသည်။ နိုင်ငံတကာလူသားချင်းစာနာမှု ဥပဒေသည် အတင်းအဓမ္မပျောက်ဆုံးစေမှုကိုလည်း တားမြစ်သည်။[388] အတင်းအဓမ္မပျောက်ဆုံးစေမှုတွင် အစိတ်အပိုင်း သုံးခု ပါဝင်သည်။ (၁) လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် ထိန်းသိမ်းခံရသည်၊ သို့မဟုတ် လွတ်လပ်ခွင့်ကို ဖယ်ရှားခံရသည်။ (၂) လွတ်လပ်မှုကင်းမဲ့စေခြင်းကို အစိုးရဝန်ထမ်းများ သို့မဟုတ် အစိုးရ၏အခွင့်အာဏာ ပံ့ပိုးမှု သို့မဟုတ် သဘောတူညီမှုဖြင့် လုပ်ဆောင်သော လူပုဂ္ဂိုလ်များ သို့မဟုတ် လူပုဂ္ဂိုလ်များပါဝင်သော အုပ်စုများက လုပ်ဆောင်သည်။ (၃) လွတ်လပ်မှုကိုကင်းမဲ့စေခြင်း သို့မဟုတ် အနာဂတ်ကိုပိတ်ဆို့ခြင်း သို့မဟုတ် ဥပဒေ၏ အကာအကွယ်ပေးမှု အပြင်ဘက်တွင် ထိုလူပုဂ္ဂိုလ်ကိုထားရှိပြီး ပျောက်ဆုံးလူပုဂ္ဂိုလ် မည်သည့်နေရာတွင်ရှိသည်ကို အသိအမှတ်ပြုရန် ငြင်းပယ်ခြင်းတို့ ဖြစ်သည်။[389]

### (ခ)ရှာဖွေတွေ့ရှိချက်များ

*လွတ်လပ်ခွင့်ကို တရားဥပဒေနှင့်မညီပဲ ကင်းမဲ့စေခြင်း*

၂၂၆။ မစ်ရှင်သည် သတင်းအချက်အလက် ကောက်ယူသည့်ကာလအတွင်းတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် လူပုဂ္ဂိုလ်များ ဥပဒေနှင့်အညီမဟုတ်ပဲ ထိန်းသိမ်းခံရပြီးနောက် တပ်မတော်က ထိန်းသိမ်းထားခဲ့ကြောင်း ပြောကြားချက်များကို ကျယ်ကျယ်ပြန့်ပြန့်နှင့် အစဉ်တစိုက် ရရှိခဲ့သည်။ လူပုဂ္ဂိုလ် အများအပြားမှာ အဓမ္မလုပ်အားအတွက် ရည်ရွယ်ပြီး ထိန်းသိမ်းခံကြရသည်။ တပ်မတော်ကို တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက တိုက်ခိုက်ပြီးနောက် သို့မဟုတ် စစ်ဆင်ရေးများအတွင်းတွင် အဖွဲ့အစည်းများ၏ အဖွဲ့ဝင် သို့မဟုတ် ထောက်ခံသူအဖြစ် သံသယ ရှိသောကြောင့် လူပုဂ္ဂိုလ်အများအပြား ဖမ်းဆီးထိန်းသိမ်းခံရကြောင်း ယုံကြည်ရလောက်ပြီး စဉ်ဆက်မပြတ်သော ပြောဆိုချက်များကို ရရှိခဲ့သည်။[390] လူပုဂ္ဂိုလ်များသည် လတ်တလော တိုက်ခိုက်မှု ဖြစ်ပွားရာ နေရာအနီးတဝိုက်တွင် ရှိနေခြင်း၊ သို့မဟုတ် အဖြစ်အပျက်ဖြစ်ပွားရာ အနီးအနားမှ ရွာသားဖြစ်ခြင်း နှင့် မေးခွန်းထုတ်စရာ ဖြစ်သော အုပ်စုနှင့် လူမျိုး တစ်မျိုးထဲ ဖြစ်ခြင်းတို့ကြောင့် အဖမ်းခံရပုံရသည်။ ယင်းမှာ သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို လူမျိုးစုဝင် လူပုဂ္ဂိုလ်အားလုံးက ထောက်ခံသည်ဟု ယူဆချက်ကို ထင်ဟပ်ပုံရသည်။[391] ဥပမာ- ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်း ကချင်ပြည်နယ် မိုးကောင်းမြို့နယ်မှ သုံးရက်ကြာ ထိန်းသိမ်းခံရသော ကျူးလွန်ခံရသူက တပ်မတော်မှ စစ်သားများသည် သူ့အား သူတို့ ရွာမှ

[387] နိုင်ငံတော်ကာကွယ်ရေး အက်ဥပဒေ (၁၉၇၅) ပုဒ်မ ၁၅။ မြန်မာနိုင်ငံရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၂၁၊ နိုင်ငံတော်ကာကွယ်ရေးအက်ဥပဒေပုဒ်မ ၈ အရ ဗဟိုဘုတ်အဖွဲ့ကို ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီး ဥက္ကဌ အဖြစ် နှင့် ကာကွယ်ရေးဝန်ကြီးနှင့် နိုင်ငံခြားရေးဝန်ကြီးတို့ အပါအဝင် ဝန်ကြီးများအစည်းအဝေးက ဖွဲ့စည်းရမည်။

[388] ICRC/Customary IHL၊ စည်းမျဉ်း ၉၈ နှင့် ၁၅၀။

[389] CPED, art. 2.

[390] DI-060, DI-066, DI-067, PI-035, PI-044, PI-047, PI-058, PI-086, SI-004

[391] DI-066, PI-054, PI-059, PI-074, PI-075, PI-086

မည်သူသည် KIA အဖွဲ့ဝင် ဖြစ်သည်ကို ထပ်ကာထပ်ကာ မေးမြန်းခဲ့ပြီး ရွာသားများမှာ "ရိုးရိုးလူများ" သာ ဖြစ်သည်ဟု ဖြေဆိုသည်ကို လက်မခံပဲ တပ်မတော်သားတစ်ဦးက "ကချင်ယောကျ်ားတွေအားလုံးက KIA အဖွဲ့ဝင်တွေပဲ" ဟု ပြောဆိုခဲ့သည်။[392]

၂၂၇။ ဥပဒေနှင့် အညီမဟုတ်ပဲ ဖမ်းဆီးထိန်းသိမ်းခံရသော နစ်နာခံစားရသူများထဲတွင် ယောကျ်ားများရော[393] မိန်းမများပါ ပါဝင်သည်။[394] အချို့သောဖြစ်ရပ်များတွင် ယောကျ်ားများ[395] နှင့် ရွာခေါင်းဆောင်များကို ရွေးချယ် ပစ်မှတ်ထားခံရသည်။[396] ကလေးများသည်လည်း သံသယဖြစ်ခြင်းကြောင့် ၎င်းတို့ချည်းသက်သက် ထိန်းသိမ်းခံရပြီး အဓမ္မလုပ်အား ပေးကြရသည် သို့မဟုတ် သူတို့မိခင်များနှင့်အတူ ထိန်းသိမ်းခံကြရသည်။[397]

၂၂၈။ မစ်ရှင်သည် အစုအပြုံလိုက် ဖမ်းဆီးထိန်းသိမ်းသည့် ပြောဆိုချက်များကို ရရှိခဲ့သည်။[398] ဥပမာ- ရှမ်းပြည်နယ် မူဆယ်မြို့နယ် မုံးကိုးတွင် မြောက်ပိုင်းမဟာမိတ်အဖွဲ့နှင့် တပ်မတော်တို့အကြား တိုက်ပွဲအပြင်းအထန် ဖြစ်ပွားချိန်တွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့တွင် လူပေါင်း ၁၀၀ ကျော် ဖမ်းဆီးခံရပြီး စစ်တပ်စခန်းတွင် တပ်မတော်က ထိန်းသိမ်းထားခဲ့သည်။[399]

၂၂၉။ တပ်မတော်က လူပုဂ္ဂိုလ်များကို လာဘ်ငွေရယူရန်အတွက် အဓိက သို့မဟုတ် တစိတ်တပိုင်းအနေဖြင့် ထိန်းသိမ်းခဲ့သည်ကို ညွှန်ပြသော ယုံကြည်ရလောက်သည့် အချက်အလက်များလည်း ရရှိခဲ့သည်။[400] ဥပမာ- ၂၀၁၆ ခုနှစ်တွင် ကချင်ပြည်နယ် ဖားကန့်မှ မြစ်ကြီးနားသို့ ခရီးသွားနေစဉ် အဖမ်းခံခဲ့ရပြီး ကျောက်စိမ်း သို့မဟုတ် ပိုက်ဆံတောင်းခံရကြောင်း အမျိုးသား ကျူးလွန်ခံရသူတစ်ဦးက ပြောပြသည်။ ပြန်မလွှတ်မီ သူ့ကို ယာယီအချုပ်ခန်းအဖြစ် လုပ်ထားသည့် တဲအတွင်း တစ်ည ထိန်းသိမ်းထားခဲ့သည်။[401]

*ကာလနှင့် ကျူးလွန်သူများ*

၂၃၀။ ရရှိသောထွက်ဆိုချက် အများစုတွင် လူပုဂ္ဂိုလ်များသည် ရက်ပေါင်းများစွာ ထိန်းသိမ်းခံကြရသည်။[402] သို့ရာတွင် အချို့သောဖြစ်ရပ်များ၌ လူပုဂ္ဂိုလ်များသည် ပိုမိုရှည်ကြာသောကာလများအဖြစ် တစ်လ သို့မဟုတ် ထို့ထက်ပို၍ ထိန်းသိမ်းခံကြရသည်။[403] ရှမ်းပြည်နယ် ကျေးသီးမြို့နယ်မှ ကျူးလွန်ခံရသူတစ်ဦးမှာ ၂၀၁၅ မှ ၂၀၁၇ ခုနှစ်အထိ အဓမ္မလုပ်အားပေးစခန်းတွင် နှစ်နှစ်ကြာအောင် ထိန်းသိမ်းခံခဲ့ရကြောင်း ပြောပြခဲ့သည်။[404]

---

392 PI-044.

393 DI-067, PI-059, PI-062, PI-075

394 PI-058, PI-066, PI-086

395 DI-063, PI-074, PI-084

396 DI-067, PI-035, PI-111.

397 DI-071, PI-047, PI-063, QI-094, SI-003, V-055.

398 DI-066. ဤအပိုင်း၊ အခန်း က-၈။ ထူးခြားလက္ခဏာရှိသော ဖြစ်ရပ်များ (တနိုင်း) တွင်ကြည့်။

399 DI-058, DI-060, V-056 ဤအပိုင်း၊ အခန်း က-၈။ ထူးခြားလက္ခဏာရှိသော ဖြစ်ရပ်များ (မုံးကိုး) တွင်ကြည့်။

400 DI-064, DI-072, PI-011, PI-022.

401 DI-064.

402 တစ်ရက် နှင့် အောက်။ PI-029, PI-054, PI-058, PI-081.နှစ်ရက်။ PI-033, PI-047, SI-004 သုံးရက်။ PI-044 PI-092, PI-083, PI-061 လေးရက်။ PI-021, PI-084, PI-095 ခြောက်ရက်။ PI-006, PI-077 တစ်ပတ်။ DI-067, PI-080

403 ၁၅ ရက်။ DI-060.1 month: PI-011, PI-019, PI-079, PI-111. ၂ လခွဲ။ PI-085. ၆-၇ လ။ PI-068

404 PI-013.

၂၃၁။ ထွက်ဆိုချက်များ အားလုံးလိုတွင် ဥပဒေနှင့် မညီသော ဖမ်းဆီးထိန်းသိမ်းမှုများ၏ ကျူးလွန်သူများမှာ တပ်မတော်စစ်သားများ ဖြစ်သည်ဟု ပြောဆိုခဲ့ကြသည်။[405] ပြည်သူ့စစ်များသည် တပ်မတော်စစ်သားများနှင့်အတူ ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုများတွင် ပါဝင်မှုအပေါ် ယုံကြည်ရလောက်သော ထွက်ဆိုချက်များ မစ်ရှင်က ရရှိသည်။[406] စရဖ ထောက်လှမ်းရေး အရာရှိများ တာဝန်ရှိမှုအပေါ် ထွက်ဆိုချက်များကိုလည်း ရရှိသည်။[407]

*လုပ်ထုံးလုပ်နည်း အကာအကွယ်ပေးမှုများအား လိုက်နာမှု အားနည်းခြင်း*

၂၃၂။ အချက်အလက်များပုံသဏ္ဍာန်မှာ အစဉ်အမြဲတူညီနေပြီး အဓမ္မ လုပ်အားကြောင့်ဖြစ်စေ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ဆက်စပ်သည်ဟု သံသယကြောင့်ဖြစ်စေ အကြောင်းရင်းနစ်ရပ်စလုံးတွင် အရပ်သားများသည် ထိန်းသိမ်းမှုနေရာများအဖြစ် တရားဝင်သတ်မှတ်ထားခြင်း မရှိသောနေရာများတွင် ထိန်းသိမ်းခံကြရကြောင်း အချက်အလက်များ မစ်ရှင်က စုဆောင်းရရှိသည်။ ထိန်းသိမ်းခံရသော လူပုဂ္ဂိုလ်များကို စစ်အခြေစိုက်နေရာများ သို့မဟုတ် စခန်းများ[408]တွင် ထိန်းသိမ်းထားလေ့ရှိပြီး တစ်ခါတစ်ရံတွင် ယာယီ အချုပ်ခန်းများ[409] နှင့် စရဖရုံးများ[410]တွင် ထားရှိလေ့ရှိသည်။ အခြားထိန်းသိမ်းမှု ပြုသည့်နေရာများတွင် အိမ်များ[411] နှင့် ဘုန်းကြီးကျောင်းများ[412] သို့မဟုတ် အဓမ္မ လုပ်အားပေးခိုင်းစေမှုအတွင်းထားသော တောအတွင်းရှိနေရာအများအပြား ပါဝင်သည်။[413] အချို့သောဖြစ်ရပ်များတွင် ကျူးလွန်ခံရသူများသည် သူတို့အား ဖမ်းဆီးမိသောနေရာများတွင် အစောပိုင်း၌ ချုပ်နှောင်ထားပြီး နောက်ပိုင်းတွင် စစ်စခန်း သို့မဟုတ် စရဖရုံးများသို့ ပြောင်းရွှေ့သည်။[414]

၂၃၃။ တပ်မတော်သည်လည်း လူပုဂ္ဂိုလ်များကို ထိုတရားမဝင်ထိန်းသိမ်းသော နေရာများတွင် အကာအကွယ်ပေးရေးလုပ်ထုံးလုပ်နည်းများကို လိုက်နာခြင်းမရှိပဲ စနစ်တကျ ထိန်းသိမ်းသည်။ ကျူးလွန်ခံရသူများက သူတို့အား ဖမ်းဆီးခြင်းအတွက် အကြောင်းရင်းကို အသိပေးခြင်းမရှိကြောင်း မစ်ရှင်ကို အစဉ်တစိုက် ပြောပြသည်။[415] ဥပမာ- ကျူးလွန်ခံရသူအမျိုးသမီး တစ်ဦးသည် ၂၀၁၇ ခုနစ် ဩဂုတ်လအတွင်းက ကချင်ပြည်နယ် မိုးကောင်းမြို့နယ်တွင် မည်သည့်အကြောင်းပြချက်မှ မပေးပဲ သူ့ကလေးနှစ်ဦးနှင့်အတူ ဖမ်းခံရပုံကို ပြောပြသည်မှာ-

> *အဲဒီမှာ တပ်မတော်နဲ့ KIA တိုက်ပွဲတွေ ဖြစ်တယ်။ ကျမတို့ ထွက်ပြေးပြီး ရွာကို ပြန်လာတဲ့အခါ နေရာတိုင်းမှာ စစ်သားတွေ ရှိနေတယ်။ ကျမရဲ့ ကလေးနှစ်ယောက်နဲ့အတူ ကျမ အဖမ်းခံရတယ်။ ကျမကို မူလတန်းကျောင်းကို ခေါ်သွားပြီး အစောင့်တယောက်နဲ့ စာသင်ခန်းထဲမှာ ထားထားတယ်။ သူတို့က ဘာလို့ ဖမ်းတယ်ဆိုတာ မပြောဘူး၊ သူတို့ ကျမတို့ကို တနေ့လုံး အခန်းထဲမှာ ပိတ်ထားတယ်။ ညနေပိုင်းရောက်တော့ သူတို့*

[405] PI-006, PI-011, PI-020, PI-021, PI-026, PI-062, PI-068, PI-074, PI-089, PI-096
[406] PI-054, PI-056, SI -004.
[407] PI-052, PI-055, PI-056.
[408] DI-067, DI-058, DI-060, PI-006, PI-020, PI-061, PI-062, PI-066, PI-067, PI-068, PI-078, PI-079, PI-084
[409] DI-064, PI-011
[410] PI-052, PI-055, PI-056
[411] PI-053, PI-075, SI-004.
[412] PI-056, PI-074, PI-076, PI-111.
[413] PI-047, PI-080, PI-085, PI-095, PI-096
[414] PI-035, PI-052, PI-056
[415] PI-011, PI-019, PI-047, PI-054, QI-080

*ကျမတို့ကို တောထဲကို ခေါ်သွားတယ်။ နောက်နှစ်ရက်ကြာမှ ကျွန်မတို့ကို လွှတ်ပေးတယ်။*[416]

၂၃၄။ ကျူးလွန်ခံရသူအများစုမှာ သူတို့၏မိသားစုများအား သူတို့ မည်သည့်နေရာတွင် ရှိသည်ကို အသိပေးရန် ဆက်သွယ်ခွင့်မရပဲ၊ ရှေ့နေရရှိခွင့် မရပဲ နှင့် တရားရုံးတင်ခြင်းမရှိပဲ ထိန်းသိမ်းခံကြရသည်။[417]

၂၃၅။ အချို့သောဖြစ်ရပ်များတွင် လက်နက်ကိုင်အုပ်စုများနှင့် ဆက်စပ်သည်ဟု သံသယအတွက် ဖမ်းဆီးထိန်းသိမ်းခံရသော လူပုဂ္ဂိုလ်များကို နောက်ပိုင်းတွင် တရားရုံးသို့ ခေါ်ဆောင်သွားပြီး ယေဘူယျအားဖြင့် တရားမဝင်အသင်း အက်ဥပဒေအောက်တွင် တရားစီရင်ခံရသည်။[418] သို့ရာတွင် ထိုဖြစ်ရပ်များတွင် တရားဝင်မဟုတ်သော ထိန်းသိမ်းရေးနေရာများတွင် ဆက်သွယ်ခွင့်မရပဲ ကာလတစ်ခုကြာအောင် ထိန်းသိမ်းခံရပြီးမှ တရားရုံးသို့ ပို့ခြင်းဖြစ်သည်။[419] ဥပမာ- ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှ လူတစ်ဦးက သူမ၏ဆွေမျိုးတစ်ဦးကို ဖမ်းဆီးပြီး လယ်တောတစ်ခုတွင် ထိန်းသိမ်းထားပြီးနောက်မှ ရဲစခန်းသို့ ပို့ကြောင်း ပြောပြသည်မှာ-

*၂၀၁၆ ခုနှစ်က ကျမဆွေမျိုးတယောက်က လယ်တောစိုက်ခင်းကို သွားတဲ့ အချိန်မှာ တပ်မတော်ရဲ့ ဖမ်းဆီးခြင်းကို ခံရတယ်။ သူ့ကို ကြိုးနဲ့ ချည်ထားပြီး သေနတ်နဲ့ချိန်ထားတယ်လို့ မိတ်ဆွေတစ်ယောက်က ပြောပြတယ်။ စစ်သားတွေက သူ့ကို KIA အဖွဲ့ဝင်ဖြစ်တယ်လို့ ပြောနေပြီး ကျမ မောင်လေးက ငြင်းနေတယ်။ စစ်သားတွေက သူ့ကို လွှတ်ပေးဖို့ ကျပ် ၃, ၀၀၀ တောင်းတယ်။ ကျမတို့ ပိုက်ဆံစုဖို့ကြိုးစားပေမယ့် သူတို့က အချိန် သိပ်ကြာသွားတယ်လို့ ပြောပြီး အနီးနားက လယ်တောတစ်ခုကို ခေါ်သွားတယ်။ အဲဒီနောက် သူ့ကို ခရိုင်ရဲစခန်းကို ရွှေ့ပြီး အဲဒီမှာ တလ ချုပ်ထားတယ်။ အခုသူက ထောင်ထဲမှာ။*[420]

၂၃၆။ အချို့သောအနေအထားတွင် ကလေးများအပါအဝင် ထိန်းသိမ်းရန် အသိအမှတ်ပြုထားသော နေရာများသို့ ရွှေ့ပြောင်းရသည့်သူများသည် ကာကွယ်ပေးမှုလုပ်ထုံးလုပ်နည်းများကို အပြည့်အဝ မရရှိကြကြောင်း မစ်ရှင်က သတင်းများရရှိပါသည်။ ယင်းတို့တွင်

- သူတို့ နားလည်သောဘာသာစကားဖြင့် သူတို့ကို မည်သည့်အတွက် အရေးယူသည်ဆိုသည့် အချက်အလက်ကို ပေးခြင်းမရှိ။[421]
- မည်သူနှင့်မျှ ဆက်သွယ်ခွင့်မရှိပဲ ထိန်းသိမ်းထားပြီး[422]
- သူတို့၏ကြားနာမှု ပြီးဆုံးသည်အထိ ဥပဒေရေးရာ အကြံပေးမှု ရပိုင်ခွင့်ကို ငြင်းဆိုခံရခြင်းတို့ ပါဝင်သည်။[423]

---

416 PI-047.

417 DI-067, PI-006, PI-035, PI-044, PI-077, PI-080

418 ဤအပိုင်း၊ အခန်း က-ဂ။ ထင်မြင်ချက် အားနည်းခြင်း။

419 PI-022, PI-052, PI-055, PI-056, PI-109

420 PI-022.

421 V-055.

422 PI-052 V-118.

423 V-055, V-112

၂၃၇။ တပ်မတော်စစ်သားများ သို့မဟုတ် စရဖ အရာရှိများက ထိန်းသိမ်းထားစဉ်အတွင်းတွင် ကျူးလွန်ခံရသူများကို ကြိုတင်ရေးသားထားသော ထွက်ချက်များကို အတင်းအဓမ္မ လက်မှတ်ထိုးခိုင်းကြောင်း ပြောဆိုမှုများကို မစ်ရှင်က ရရှိသည်။ ကျူးလွန်ခံရသူများက ထိုထွက်ဆိုချက်များနှင့် ပတ်သက်၍ အကြောင်းအရာအမျိုးမျိုးကို ပြောပြသည်။ ယင်းတို့တွင် ရေးသားထားချက်များ၌ မည်သည့်အကြောင်းအရာများပါသည်ကို မသိရှိခြင်း၊[424] သူတို့ကိုကို ဆိုးဝါးစွာဆက်ဆံပြုမူထားခြင်းမရှိကြောင်း မှားယွင်းစွာ ဖော်ပြထားသော ထွက်ဆိုချက်များ၊[425] သို့မဟုတ် အပြစ်ရှိကြောင်းဝန်ခံသော ထွက်ဆိုချက်များ[426] ပါဝင်သည်။ ဥပမာ- ၂၀၁၇ ဩဂုတ်လတွင် ရှမ်းပြည်နယ် ကျောက်မဲ မြို့နယ်ကျေးရွာတစ်ရွာမှ ဖမ်းဆီးခံရပြီး ၂၄ နာရီကျော်ကြာ ထိန်းသိမ်းခံခဲ့ရသူ ကျူးလွန်ခံရသူတစ်ဦးကို သူသည် "ရန်သူ" ဖြစ်ကြောင်း၊ နိုင်ငံရေးလှုပ်ရှာမှုများတွင် ပါဝင်ခဲ့ပြီး "နောက်နောင်တွင် နိုင်ငံရေးလှုပ်ရှားမှုများတွင် ပါဝင်တော့မည်မဟုတ်ကြောင်း" လက်မ လက်ဗွေနှိပ်၍လက်မှတ်ရေးထိုးခဲ့ရသည်။[427]

*လူမဆန်သော အခြေအနေများတွင် ထိန်းသိမ်းခြင်း*

၂၃၈။ မလျော်ကန်သော ဆက်ဆံမှု[428] မြောက်သည့် တရားမဝင်နေရာများတွင် ထိန်းသိမ်းခံရသည့် ကာလအတန်ကြာ ထိန်းသိမ်းထားခြင်း အပါအဝင် လူမဆန်သော အခြေအနေများအကြောင်းကို ကျူးလွန်သူများက အစဉ်တစိုက် ပြောဆိုခဲ့သည်။

- လေဟာပြင်တွင် အိပ်ယာထိုင်ခင်းမရှိပဲ အပါအဝင် မလုံလောက်သောနေရာများတွင် ထားခြင်း၊[429]
- သန့်ရှင်းရေးလုပ်ရန်နေရာများ လုံလောက်စွာ ရရှိနိုင်မှုမရှိခြင်း[430]
- အစားအစာပေးရန် ငြင်းပယ်ခြင်း၊[431] အစားအသောက် လုံလောက်စွာ မရရှိခြင်း သို့မဟုတ် အစားအစာညံ့ဖျင်းခြင်း အပါအဝင် အစားအစာ လုံလောက်စွာ မပေးခြင်း[432]
- လုံးဝ ရေမပေးပဲထားခြင်း သို့မဟုတ် ပမာဏ အနည်းငယ်ကိုသာ ကန့်သတ်၍ ပေးခြင်း သို့မဟုတ် ဘေးအန္တရာယ် မကင်းသော ရေကိုသာပေးခြင်း အပါအဝင် ဘေးအန္တရာယ်ကင်းသော သောက်ရေရရှိမှု မရှိခြင်း။[433] နှင့်
- ကျန်းမာရေး စောင့်ရှောက်မှု မရရှိခြင်း[434] ဖြစ်ရပ်တစ်ခုတွင် သေဆုံးသည်အထိ ဖြစ်သည်။[435]

---

[424] PI-046, PI-056
[425] PI-044.
[426] PI-035, PI-052
[427] PI-035.
[428] ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပမ်းမှုများနှင့် အခြားမလျော်ကန်သည့်အပြုအမူများ။
[429] DI-058, DI-060, PI-079, PI-095.
[430] DI-058, DI-060, PI-109.
[431] DI-060, PI-038, PI- 096
[432] DI-058, DI-060, PI-019, PI-020, PI-044, PI-080, PI-083, PI-085, PI-092, PI-095
[433] DI-060, PI-019, PI-020, PI-077, PI-083, PI-084, PI-085, PI-095
[434] PI-035, PI-077, PI-080
[435] PI-077.

၂၃၉။ ဥပမာ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ ၂၀၁၇ ခုနှစ်အတွင်း ခြောက်ရက်ကြာ ထိန်းသိမ်းခံရသည့် ကျူးလွန်ခံရသူအမျိုးသားတစ်ဦးက ထိန်းသိမ်းမှုအတွင်း ဆိုးရွားသော အခြေအနေနှင့် သူ့ သူငယ်ချင်း သေဆုံးခဲ့ရမှုကို ပြောပြသည်မှာ -

*ကျနော့်ကို တပ်မတော်က ဘုရားကျောင်းပွဲမှာ တခြားလူကိုးယောက်နဲ့အတူ ဖမ်းခဲ့တယ်။ စစ်တပ်စခန်းနဲ့ ကျနော်တို့ ရွာကြား ဆန်တွေ သယ်ရတယ်။ နေ့တိုင်း ကျနော်တို့ကို ထမင်းမာမာတွေကို နည်းနည်းပဲပေးတယ်၊ တချိန်လုံး ဆာနေခဲ့တယ်။ ကျနော်တို့ တရက်ကို ရေ တစ်ခွက်ပဲ သောက်ရပြီး အနီးနားမှာရှိတဲ့ ချောင်းက ရေကိုတောင် သောက်ခွင့်မပေးဘူး။ တစ်ရက်မှာ ကျနော်တို့သူငယ်ချင်းတွေထဲက တစ်ယောက်က ဗိုက်နာပြီး တော်တော်လေး နေမကောင်းဖြစ်လို့ လမ်းမလျှောက်နိုင်ဘူး။ စစ်သားတစ်ယောက်က သူ့ဗိုက်ကို ခြေထောက်နဲ့ ကန်လိုက်တော့ သူ့အခြေအနေ ပိုဆိုးသွားတယ်။ ကျနော်တို့ သူ့ကို သယ်ခဲ့ပေမယ့် ရွာကို မရောက်ခင်မှာပဲ သူသေသွားတယ်။ သူသေသွားတာ ကျနော်တို့မှာ တာဝန်ရှိတယ်။ ဘာလို့လဲဆို သူ့ကို ကျနော်တို့က သတ်တယ်ဆိုပြီး ထောင်ချပြီး နှိပ်စက်ခံရမယ်လို့ စစ်သားတွေက ပြောတယ်။ ကျနော်တို့ လွတ်အောင် ထွက်ပြေးနိုင်ခဲ့ပေမယ့် နောက်ပိုင်းမှာ တပ်မတော် စစ်သားတွေက ကျနော့်အိမ်ကိုလာပြီး ကျနော့်ကိုရှာတယ်၊ သူတို့က ကျနော့်သူငယ်ချင်း သေသွားတဲ့ အတွက် ကျနော့်ကို အမှုဖွင့်တယ်။*[436]

၂၄၀။ မစ်ရှင်သည် တရားမဝင်သော ထိန်းသိမ်းမှုနေရာများနှင့် ပတ်သက်၍ အချက်အလက်များကို အကန့်အသတ်ဖြင့်သာ စုဆောင်းနိုင်ခဲ့သော်လည်း ယုံကြည်ရလောက်သော အစီရင်ခံချက်များက လူပုဂ္ဂိုလ်များအား လူပြည့်ကြပ်နေသော အချုပ်ခန်းတွင် နေရာထားခြင်း၊ အိပ်ယာ လုံလောက်မှုမရှိခြင်း အပါအဝင် လူမဆန်သော နေရာများတွင် ထိန်းသိမ်းထားကြောင်း ညွှန်ပြနေသည်။[437] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်က ထိန်းသိမ်းခံရသူများသည် လားရှိုးနှင့် မြစ်ကြီးနားထောင်များ အပါအဝင် ထိန်းသိမ်းမှု နေရာအများအပြားတွင် လူပြည့်သိပ်လျက် ထိန်းသိမ်းခံရကြောင်း အသိအမှတ်ပြုခဲ့သည်။[438]

*တရားမဝင်ထိန်းသိမ်းမှု နေရာများတွင် နှိပ်စက်ခြင်း၊ မလျော်မကန်ပြုခြင်း၊ လိင်အကြမ်းဖက်ခြင်းနှင့် သတ်ဖြတ်ခြင်းများ။*

၂၄၁။ တရားမဝင်သော ထိန်းသိမ်းမှုနေရာများတွင် အထူးသဖြင့် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ဆက်စပ်မှုအပေါ် သံသယအတွက် မေးမြန်းသည့်အခါ[439] သို့မဟုတ် အဓမ္မလုပ်အားပေးခံရေရစဉ်အတွင်း အလွန်နေးကွေးစွာ လမ်းလျှောက်ခြင်း သို့မဟုတ် နေးကွေးစွာအလုပ်လုပ်ခြင်းအတွက် ထိန်းသိမ်းခံရသည့်သူများကို နှိပ်စက်ညှင်းပမ်းခြင်း နှင့် မလျော်မကန်ပြုမှုခြင်းတို့ မကြာခဏ ခံကြရသည်။[440] ကျူးလွန်ခံရသူများသည် လူမျိုး၊ တိုင်းရင်းသား အပေါ်အခြေခံ၍ ခွဲခြားမှု သို့မဟုတ် နှိမ့်ချ

---

[436] PI-077.

[437] PI-038, PI-109

[438] ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်၊ ဥပမာ- "မန္တလေး၊ ညောင်ဦး၊ သီပေါနှင့် လားရှိုးမြို့နယ် အကျဉ်းထောင်များ နှင့် အလုပ်စခန်းများ သွားရောက်မှုနှင့် ပတ်သက်သည့် ကြေညာချက်၊ အမှတ် (၈/၂၀၁၅)" နှင့် "မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ ကချင်ပြည်နယ်ခရီးစဉ်အပေါ် ကြေညာချက် (၂၀၁၁ ဒီဇင်ဘာ ၁၃ ရက်)"၊ အောက်ပါဝက်ဘ်ဆိုဒ်စာမျက်နှာတွင် ကြည့်နိုင်သည်။ http://www.mnhrc.org.mm/en/statements-2/

[439] DI-066, DI-067, PI-004, PI-054, PI-059, PI-074, PI-086.ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပမ်းမှုနှင့် အခြား မလျော်ကန်သောဆက်ဆံမှုများ။

[440] ဤအပိုင်း၊ အခန်း က-၆၊ အဓမ္မလုပ်အားစေခိုင်းမှု ကိုကြည့်။

ဆက်ဆံစော်ကားမှုများကိုလည်း ခံကြရသည်။[441] ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မှ ကျူးလွန်ခံရသူတစ်ဦးက ၂၀၁၅ ခုနှစ်တွင် KIA နှင့် တပ်မတော်အကြား တိုက်ခိုက်မှုကာလအတွင်း ရွာသား ၁၆ ဦး မည်သို့မည်ပုံ ဖမ်းဆီး၊ ထိန်းသိမ်းပြီး မေးမြန်းခံရသည်ကို ပြောပြခဲ့သည်။

> *၂၀၁၅ ခု ဒီဇင်ဘာမှာ KIA နဲ့ တပ်မတော်အကြား တိုက်ပွဲတွေ ဖြစ်တယ်။ စစ်သားတွေက ကျနော်တို့ရွာထဲဝင်လာပြီး ရွာအုပ်ချုပ်ရေးမှူးနှစ်ယောက် အပါအဝင် ရွာသား ၆ ယောက် အဖမ်းခံရတယ်။ စစ်သားတွေက ခါဂါယန် လို့ခေါ်တဲ့ တခြားရွာက ရွာအုပ်ချုပ်ရေးမှူးနှစ်ယောက် အပါအဝင် ရွာသား ၁၀ ယောက်ကိုလည်း ဖမ်းပြီး ကျနော်တို့အားလုံးကို စစ်တပ်စခန်းကို ခေါ်သွားတယ်။ စစ်သားတွေက ကျနော်တို့ကို စစ်ဆေးမေးမြန်းတယ်၊ သေချာမဖြေရင် သတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်၊ ကျနော်တို့ကို KIA စစ်သားတွေလို့ စွပ်စွဲတယ်။ ကျနော်တို့က စစ်သားတွေမဟုတ်ဘူး၊ KIA နဲ့လည်း ဘာမှ မပတ်သက်ဘူး၊ ရွာသားတွေပဲ ဖြစ်တယ်လို့ သူတို့ကို ပြောပြပေမယ် သူတို့က ကျနော်တို့ KIA စစ်သားတွေ ဖြစ်ရမယ်လို့ ပြောပြီး သေနတ်ဒင်တွေနဲ့ ကျနော်တို့ကို ထုတယ်၊ ကျနော်တို့ကို ဆဲဆို စော်ကားတယ်။ တပတ်လုံး နေတိုင်း ဒီမေးခွန်းတွေပဲ မေးပြီး ကျနော်တို့ကလည်း နေ့တိုင်း ဒီအဖြေတွေပဲ ပေးတယ်။*[442]

၂၄၂။ ကျူးလွန်ခံရသူများ ထိန်းသိမ်းမှုအတွင်း သေဆုံးမှုများရှိပြီး ထိန်းသိမ်းခံရစဉ်[443] လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကြုံတွေ့ရကြောင်း မစ်ရှင်က စီစစ်တွေ့ရှိခဲ့သည်။[444]

*တရားမဝင် ထိန်းသိမ်းမှု အဆုံးသတ်ခြင်း*

၂၄၃။ အချို့ဖြစ်ရပ်များတွင် အခမဲ့လုပ်အားပေးရန်အတွက် သို့မဟုတ် လက်နက်ကိုင်အုပ်စုများနှင့် ဆက်စပ်မှုသံသယကြောင့် တပ်မတော်၏[445] ထိန်းသိမ်းခြင်း ခံရသူများမှာ ရွာအုပ်ချုပ်ရေးမှူးများ၏ ဝင်ရောက်ဖြေရှင်းမှု သို့မဟုတ် ငွေကြေးတစ်စုံတစ်ရာပေးခြင်းနောက်တွင် ပြန်လည်လွတ်မြောက်ကြသည်။[446] သို့ရာတွင် ကျူးလွန်ခံရသူများက ထွက်ပြေးလွတ်မြောက်နိုင်မှု အခွင့်အလမ်းများကို အရယူသည်များလည်းရှိသည်။[447] ဥပမာအားဖြင့် ကျူးလွန်ခံရသူအမျိုးသမီးတစ်ဦးက ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်တွင် ၂၀၁၂ ခုနှစ်အတွင်း စစ်တပ်စခန်းတစ်ခုတွင် လအတော်ကြာအောင် ထိန်းသိမ်းခံထားပြီးနောက် တစ်ညတွင် စစ်သားများ အရက်မူးနေသည့်အချိန်တွင် သစ်တောများကိုဖြတ်၍ မည်သို့မည်ပုံ ထွက်ပြေးလွတ်မြောက်ခဲ့သည်ကို ပြန်ပြောပြခဲ့သည်။[448]

၂၄၄။ တပ်မတော်စစ်သားများက ထိန်းသိမ်းထားရမှ ထွက်ပြေးသော လူပုဂ္ဂိုလ်များကို ပစ်ခတ်သည့် အစီရင်ခံချက်များကို မစ်ရှင်က အစဉ်တစိုက်ရရှိခဲ့သည်။[449] ကျူးလွန်ခံရသူနှစ်ဦးမှာ လမ်းမလျှောက်နိုင်သောကြောင့် သစ်တောများအတွင်းတွင် တပ်မတော်စစ်သားများက သေဆုံးအောင် ချန်ထားခဲ့ကြောင်း အစီရင်ခံမှုရှိသည်။[450] ၂၄၅။ အချို့ဖြစ်ရပ်များတွင်

[441] DI-066, PI-004, PI-059

[442] DI-067.

[443] အခန်း A-2 တရားမဝင် သတ်ဖြတ်ခြင်း တွင်ကြည့်ပါ။

[444] PI-006, PI-067, PI-068 ဤအပိုင်း၊ အခန်း က-၄၊ လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှု ကိုကြည့်။

[445] PI-044, PI-053, PI-058, PI-081, SI-004.

[446] PI-035, PI-075, PI-081

[447] PI-006, PI-029, PI-033, PI-066, PI-077, PI-079, PI-084, PI-085

[448] PI-068.

[449] DI-067, PI-026, PI-029, PI-084 အခန်း A-2 တရားမဝင် သတ်ဖြတ်ခြင်း တွင်ကြည့်ပါ။

[450] PI-021, PI-080

တရားဝင်မဟုတ်သော ထိန်းသိမ်းသည့်နေရာများတွင် အစပိုင်း၌ ထိန်းသိမ်းထားခံရသူများကို တရားဝင်ထိန်းသိမ်းရေးနေရာများသို့ နောက်ပိုင်းတွင် လွှဲပြောင်းပေးသည်။[451]

*အတင်းအဓမ္မ ပျောက်ဆုံးစေခြင်း*

၂၄၆။ မစ်ရှင်သည် ယုံကြည်စိတ်ချရလောက်သော ပျောက်ဆုံးမှုဖြစ်စဉ်များကို ရရှိထားသည်။ အများအပြားမှာ တပ်မတော်နှင့် စရဖက လုပ်ဆောင်သော အတင်းအဓမ္မပျောက်ဆုံးစေမှုများ ဖြစ်သည်။[452] အချို့ဖြစ်ရပ်များတွင် ဖမ်းဆီးခံရပြီး ပျောက်ဆုံးသွားသော လူပုဂ္ဂိုလ်များသည် နောက်ပိုင်းတွင် တပ်မတော် သို့မဟုတ် စရဖ၏ ချုပ်နှောင်ထားခြင်းခံခဲ့ရကြောင်း အတည်ပြုနိုင်သည်။[453] ထိုလူပုဂ္ဂိုလ်များ ဘာဖြစ်သည် သို့မဟုတ် ဘယ်ရောက်နေသည်ကို ဖုံးကွယ်ရန် တက်ကြွသော ကြိုးပမ်းအားထုတ်မှုများ ရှိသည်။

၂၄၇။ ဥပမာ- ရှမ်းပြည်နယ် မူဆယ်မြို့နယ် မုံးကိုးမှ ကချင်နှစ်ခြင်းဘုရားကျောင်း ဥက္ကဋ္ဌ ဒွမ်ဒေါ်နောင်လတ်၊ သူ၏တူ နှင့် လက်ထောက် တရားဟောဆရာ လန်ဂျော်ဂမ်ဆိုင်း တို့ကို ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်နေ့တွင် စစ်တပ်စခန်းသို့ ခေါ်ဆောင်သွားပြီးနောက်တွင် ပျောက်ဆုံးသွားခဲ့သည်။[454] ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အစောပိုင်းတွင် တရားဟောဆရာများက တပ်မတော် လေကြောင်းတိုက်ခိုက်မှုကြောင့်ဟု စွပ်စွဲထားသော သူတို့၏ဘုရားကျောင်း ပျက်စီးမှုကို သတင်းထောက်များအား ပြသခဲ့သည်။ သူတို့ မပျောက်ဆုံးမီရက်သတ္တပတ် အနည်းငယ်တွင် ဘုရားကျောင်း၏ ဓါတ်ပုံများ ပါသော သတင်းဆောင်းပါးများ ထွက်ပေါ်လာခဲ့သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်တွင် ထုတ်ဝေခဲ့သည့် သတင်းတပုဒ်တွင် တပ်မတော်က တာဝန်ရှိသည်ဟု တိုက်ရိုက် စွပ်စွဲထားသည်။[455] ရဲစခန်းတွင် လူပျောက်တိုင်ကြားမှုကို ၂၀၁၇ ခုနှစ် ဇန္နဝါရီလ ၄ ရက်နေ့တွင် ပြုလုပ်သည်။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် သမ္မတ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက စစ်တပ်က သူတို့ကို ဖမ်းဆီးထားခြင်း မရှိကြောင်း ငြင်းဆိုပြီး သူတို့အား KIA က ခေါ်ဆောင်သွားခြင်း ဖြစ်နိုင်ကြောင်းပြောသည်။[456] ၂၀၁၇ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့တွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဖေ့ဘွတ် စာမျက်နှာတွင် ထိုလူများကို စစ်တပ်က ထိန်းသိမ်းထားကြောင်း အတည်ပြုသည်။[457] နောက်ပိုင်းတွင် သူတို့အား ပထမဆုံး ထိန်းသိမ်းပြီး တစ်လ အကြာ ၂၀၁၇ ဇန္နဝါရီ ၂၄ ရက်နေ့တွင် မူဆယ် ရဲစခန်းသို့ လွှဲပြောင်းမပေးမီ စစ်တပ်စခန်းတွင် ထိန်းသိမ်းထားကြောင်း အတည်ပြုနိုင်သည်။ သူတို့ကို ထိန်းသိမ်းထားစဉ်အတွင်း သူတို့အနေဖြင့် ဝန်ခံချက်များကို လက်မှတ်ရေးထိုးရန် ဖိအားပေးခံခဲ့ရသည်။[458]

၂၄၈။ ပျောက်ဆုံးသော ချိုးဖောက်ခံရသူများအား ရှာဖွေနေသည့် လူပုဂ္ဂိုလ်များ မည်သို့ဖြစ်နေသည်ဆိုဖြင်းကို အာဏာပိုင်များကပေးသော ဆန့်ကျင်ဘက်

---

[451] Ibid.

[452] DI-059, K-138, K-139, PI-037, PI-038, PI-052, PI-069, PI-106, V-056, V-057, V-121, V-122

[453] PI-037, PI-038, PI-052

[454] PI-037, PI-038, V-057

[455] L. Weng။ "အစိုးရ လေကြောင်းတိုက်ခိုက်မှုကြောင့် မုံးကိုးဘုရားကျောင်း ပျက်စီးဟု ဆရာတော်ပြော" (The Irrawaddy၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၃ ရက်)

[456] J. Zaw။ "ရှမ်းပြည်နယ်တွင် နှစ်ခြင်းအသင်းဝင်နှစ်ဦး ပျောက်ဆုံးမှုအပေါ် စိုးရိမ်မှုမြင့်တက်" (UCA news၊ ၂၀၁၇ ခု ဇန္နဝါရီ ၁၀ရက်)

[457] မစ်ရှင်တွင် ဖိုင်တွဲ ပို့ထား။

[458] PI-037, PI-038, V-058 ဤအပိုင်း အခန်း C.3 တွင်ကြည့်) အကူအညီရနိုင်မည့်နည်းလမ်းပျောက်ဆုံးခြင်း

အချက်အလက်များနှင့်ပါတ်သက်၍ ယုံကြည်စိတ်ချလောက်သော နမူနာများကို မစ်ရှင်က ရရှိထားသည်။[459] ဖြစ်ရပ် တစ်ခုတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ အတွင်း မူဆယ်မြို့နယ်တွင် ပျောက်ဆုံးသွားသည့် ရွာသား လဖိုင်ဂမ်အား ရှာဖွေနေသူ တစ်ဦးအား ထိုသူကို တပ်မတော်က ဖမ်းဆီးသွားပြီး ရက်ပိုင်းအတွင်း လွတ်လာမည်ဟု ရဲများက ပြောခဲ့သည်။ ရက်အနည်းငယ်ကြာသည်အထိ ထိုသူပြန်ပေါ်မလာသောအခါ ထိုပုဂ္ဂိုလ်မှ တပ်မတော်စခန်းသို့ သွားရောက်သည့်အခါ စစ်သားများ ထိုကျူးလွန်ခံရသူသည် KIA နှင့် စကားပြောနေသည်ကိုတွေ့ရှိခဲ့ပြီး KIA က ဖမ်းဆီးသွားခြင်း ဖြစ်နိုင်သည်ဟု ပြောခဲ့သည်။ နောက်ပိုင်းတွင် တပ်မတော် တပ်မှူးတစ်ဦးက ထိုကျူးလွန်ခံရသူအား ထိန်းသိမ်းထားပြီး ပြန်လွှတ်လိုက်ပြီဖြစ်ကြောင်း ပြောသည်ကို ကြာခံလူတစ်ဦးမှတဆင့် သူတို့ ကြားရပြန်သည်။ ယနေ့တိုင် ထိုချိုးဖောက်ကျူးလွန်ခံရသူ မည်သည့်နေရာတွင်ရှိသည်ကို မသိရသေးပေ။[460]

၂၄၉။ အခြားဖြစ်ရပ်တစ်ခု၌ ၂၀၁၁ ခုနှစ် အောက်တိုဘာ ၂၈ ရက်တွင် တပ်မတော်က ကွင်းတစ်ခုတွင် ဖမ်းဆီးသွားခဲ့ပြီ ကချင်ပြည်နယ် မိုးမောက်မြို့နယ် ခိုင်ဘန် ကျေးရွာအနီးရှိ တပ်စခန်းတစ်ခုတွင် ထိန်းသိမ်းထားခဲ့ကြောင်း သတင်းများတွင် ဖော်ပြထားပြီးဖြစ်သည့် ဆွမ်လွတ်ရွှယ်ဂျာ ပါဝင်သည်။ သူမမှာ နောက်ပိုင်းတွင် ထွက်ပြေးလွတ်မြောက်လာသူနှစ်ဦးနှင့် အတူ အဖမ်းခံခဲ့ရခြင်းဖြစ်ကြောင်း အစီရင်ခံချက်များ ရှိသည်။ သူမကို နောက်ပိုင်းတွင် စစ်စခန်းတွင် တွေ့မြင်ခဲ့ရပြီး စစ်တပ်တပ်မှူးတစ်ဦးက သူမကို ထိန်းသိမ်းထားခဲ့ပြီး နောက်ရက်တွင် ပြန်လွှတ်ပေးမည်ဖြစ်ကြောင်း ပြောခဲ့သည်။ သို့သော်လည်း သူမ ပြန်ပေါ်မလာခဲ့ပါ။ ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ စာများပေးပို့ပြီး အခြားအာဏာပိုင်များကို မိတ္တူများ ပေးပို့ကာ[461] ၂၀၁၂ ခုနှစ်တွင် တရားလွှတ်တော်ချုပ်ရှေ့မှောက်တွင် တရားရုံး၏ အမိန့်စာကန့်ကွက်လွှာကို ယူဆောင်ခဲ့သည်။ တရားလွှတ်တော်ချုပ်က မိုးမိတ်ရှိ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် အခြေစိုက်မဟာဗျူဟာ စစ်ဆင်ရေးကွပ်ကဲမှုက လုပ်ဆောင်ခဲ့သော စုံစမ်းစစ်ဆေးမှုမှ အမှုတွဲဖိုင်အပေါ် အခြေခံပြီး ကန့်ကွက်လွှာကို ပယ်ချခဲ့သည်။[462] မြန်မာအစိုးရသည် ၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်နှင့် အခြားအထူးလုပ်ထုံးလုပ်နည်းများအရ လုပ်ပိုင်ခွင့် ကိုင်ဆောင်ထားသူများမှ ဆက်သွယ်မှုကို တုန့်ပြန်ရာတွင် ထိုစစ်တပ်တပ်စခန်းမှ တပ်ဖွဲ့ဝင်များသည် “သူတို့၏စခန်းအပြင်ဘက်တွင် မည်သည့်လှုပ်ရှားမှုကိုမှ လုပ်ဆောင်ခဲ့ခြင်းမရှိ” ဟု ပြောဆိုခဲ့သည်။[463] သို့ရာတွင် ၂၀၁၅ ခုနှစ်၌ ထုတ်လုပ်ခဲ့သည့် သတင်းမှတ်တမ်းရုပ်ရှင်တစ်ခုတွင် KIA က ထိန်းသိမ်းထားသည့် မေးခွန်းထုတ်စရာဖြစ်နေသော စစ်တပ်စခန်းမှ စစ်သားတစ်ဦးက စစ်သားများသည် သူတို့ တပ်စခန်းမှ အစားအသောက်ရှာဖွေရန် အပြင်ထွက်စဉ် ဆွမ်လွတ်ရွှယ်ဂျာကို တွေ့ဆုံခဲ့ကြောင်းနှင့် သူတို့၏တပ်မှူးက မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်ကို သူတို့ တပ်စခန်းကမထွက်ကြောင်း လွဲမှားစွာပြောဆိုခဲ့ကြောင်း ပြောထားသည်။[464] မည်သည့် စုံစမ်းစစ်ဆေးမှုကိုမျှ ထပ်မံ လုပ်ဆောင်ခြင်းမရှိပဲ သူမ၏ ကံကြမ္မာကို မသိနိုင်ပဲ ရှိနေသည်။[465]

---

459 DI-059, K-138, K-139, V-056

460 K-149, V-056

461 K-138.3.

462 K-138.2.

463 ကုလသမဂ္ဂအခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့ ရုံးမှ ကုလသမဂ္ဂရုံးနှင့် ဂျနီဗာရှိ အခြား နိုင်ငံတကာ အဖွဲ့အစည်းများသို့ ပေးပို့သော စာ၊ ၂၀၁၃ မတ် ၁၆ ရက် ကို အောက်ပါ ဝက်ဆိုဒ် စာမျက်နှာတွင် ကြည့်နိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadFile?gId=82270

464 K. McLeod/DVB Multimedia Group, “ရွှယ်ဂျာ ပျောက်ဆုံးမှု” (၂၀၁၅)

465 V-332.

၂၅၀။ ပျောက်ဆုံးမှုများ (အထက်တွင်ကြည့်) အပေါ် ကာကွယ်ရန်အတွက် ထိန်းသိမ်းမှုဆိုင်ရာ အကာအကွယ်ပေးမှု လုပ်ထုံးလုပ်နည်းအပေါ် လိုက်နာမှု အားနည်းခြင်း ဆိုသည်မှာ မိသားစုဝင်များသည် သူတို့၏ ထိန်းသိမ်းခံရသော ဆွေမျိုးများ သူတို့လွတ်မြောက်လာသည့်အထိ၊ လွှတ်ပေးသည်အထိ သို့မဟုတ် တရားဝင်ထိန်းသိမ်းမှုနေရာသို့ လွှဲပြောင်းသည်အထိ ဖြစ်ရပ်အချို့တွင် ရက်သတ္တပတ်များစွာ သို့မဟုတ် လပေါင်းများစွာ မည်သည့်နေရာတွင် ရှိမှန်းမသိခြင်းကို ဆိုလိုသည်။[466] အခြားသောဖြစ်ရပ်များတွင် တပ်မတော်၏ ဖမ်းဆီးခြင်းခံရသော လူပုဂ္ဂိုလ်များသည် မည်သည့်အခါမျှ ပြန်မလာတော့ပဲ သူတို့၏ မိသားစုများသည်လည်း သူတို့၏ကံကြမ္မာကို မသိကြတော့ချေ။[467] ဥပမာ- ကချင်ပြည်နယ် တနိုင်းမြို့နယ် ကျေးရွာတစ်ရွာမှ အမျိုးသမီးတစ်ယောက်က ၂၀၁၄ ခုနှစ် ဇန္နဝါရီတွင် သူမ၏ယောက်ျားဖြစ်သူများ ရွှေတူးရန်သွားပြီးနောက် ပျောက်ဆုံးသွားကြောင်း ပြောပြသည်။ မျက်မြင်သက်သေများက သူမကိုပြောပြသည်မှာ ၂၀၁၄ ခုနှစ် ဧပြီလတွင် သူ့ကို တပ်မတော်က ထိန်းသိမ်းထားပြီး အဝမ္မလုပ်အားစေခိုင်းရန် ခေါ်သွားခဲ့သော်လည်း ထိုအချိန်မှ စ၍ သူ့အကြောင်းကို မကြားရတော့ပေ။[468] ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ရှမ်းပြည်နယ် မူဆယ်မြို့နယ် မုံးကိုးတွင် တပ်မတော်၏ ဖမ်းဆီးခြင်းခံခဲ့ရသော ကျူးလွန်ခံရသူတစ်ဦးက ပြန်လွတ်လာပြီးနောက် မစ်ရှင်ကို "ကျနော် အဲဒီမှာပဲ သေတော့မယ်လို့ စိတ်ပူနေခဲ့တယ်။ ကျနော့်မိသားစုက ကျနော့်အလောင်းကို ဘယ်တော့မှ ပြန်တွေ့တော့မှာ မဟုတ်တော့ဘူး" ဟု ပြောပြသည်။ [469] အခြားလူပုဂ္ဂိုလ်များမှာ မိသားစုဝင်များနှင့်အတူ ဖမ်းဆီးခံရသော်လည်း ထိန်းသိမ်းထားရာမှ သူတို့ ထွက်ပြေး လွတ်မြောက်သောအခါ ထိုသူတို့ကို ချန်ထားခဲ့ရပြီး သူတို့ထံမှ နောက်ထပ် ဘာမှ မကြားရတော့ပေ။[470]

၂၅၁။ မစ်ရှင်အနေဖြင့် တပ်မတော်က ထိန်းသိမ်းထားသော လူပုဂ္ဂိုလ်များအား မိသားစုဝင်များက သူတို့အား ရှာဖွေပြီးနောက်တွင် မကြာခဏ မီးလောင်လျက် နှင့် တစ်ခါတစ်ရံတွင် သူတို့၏ လက်ကောက်ဝတ်များတွင် ကြိုးများ ချည်ထားလျက် သေဆုံးနေသည်ကို တွေ့ကြရသည်ဟူသော ဖြစ်စဉ်များကိုလည်း ရရှိခဲ့သည်။[471] မစ်ရှင်ကို အစီရင်ခံတင်ပြသော ဖြစ်ရပ်နှစ်ခုတွင် တပ်မတော်စစ်သားများက သတ်ဖြတ်မှုများအတွက် တာဝန်ရှိကြောင်း နောက်ပိုင်းတွင် သိရှိရသည်။[472] တစ်ချိန်တည်းတွင် လူပုဂ္ဂိုလ်အများအပြားကို သတ်ဖြတ်မှုများ တပ်မတော်က ကျူးလွန်ကြောင်းနှင့် လူပုဂ္ဂိုလ်အများအပြား၏ ရုပ်ကြွင်းများ ပါဝင်သော ကျင်းများကိုလည်း ရှာဖွေတွေ့ရှိကြောင်း ယုံကြည်ရလောက်သော အစီရင်ခံချက်များကိုလည်း မစ်ရှင်က ရရှိသည်။[473] ယင်းကိစ္စများနှင့် မစ်ရှင်က ရရှိသော အခြားထွက်ဆိုချက်များတွင် ထိန်းသိမ်းထားစဉ်အတွင်း သတ်ဖြတ်ခံရသော လူပုဂ္ဂိုလ်များ၏ ရုပ်ကြွင်းများကို ရည်ရွယ်ချက်ရှိရှိ ဖုံးကွယ်ထားသည့်ပုံစံကို ညွှန်ပြနေသည်။[474]

၂၅၂။ အချို့သောဖြစ်ရပ်များတွင် ပျောက်ဆုံးသွားခဲ့သော လူပုဂ္ဂိုလ်များနှင့် ပတ်သက်သည့် မိသားစုဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ပျောက်ဆုံးမှုအကြောင်း အာဏာပိုင်များကို

---

[466] ဤအပိုင်း၊ အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်မှုများ။
[467] PI-004, PI-069, PI-099
[468] PI-069.
[469] K-148.
[470] PI-004, PI-099
[471] K-139, K-140, PI-082, PI-106, V-021, V-022ဤအပိုင်း၊ အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်မှုများ တွင်ကြည့်။
[472] K-140, V-021, V-022
[473] ဤအပိုင်း၊ အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်မှုများ တွင်ကြည့်။
[474] DI-063, PI-062 ဤအပိုင်း၊ အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်မှုများ တွင်ကြည့်။

တိုင်တန်းချက်များ တင်ပြခဲ့ကြသည်။[475] သို့ရာတွင် အခြားသူများက တိုင်ကြားခြင်းမရှိပေ။ လူတစ်ဦးက မစ်ရှင်ကို တိုင်ကြားရန် အကြောက်လွန်နေကြောင်း ပြောပြပြီး အခြေအနေအများအပြားမှာ တူညီသော အကြောက်တရားများ ရှိနေပုံရသည်။[476] တပ်မတော်က ချိုးဖောက်မှုများတွင် ယင်းပါဝင်မှုကို တိုင်ကြားသော သို့မဟုတ် စွပ်စွဲသော လူပုဂ္ဂိုလ်များကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ဥပဒေအရ အရေးယူခြင်းတို့ကြောင့် ယင်းအကြောက် တရားများမှာ အခြေအမြစ်မရှိဟု ပြော၍မရကြောင်း မစ်ရှင်က စီစစ်တွေ့ရှိခဲ့သည်။[477] အချို့က ရဲ သို့မဟုတ် တပ်မတော်ကို တိုင်ကြားရန် မည်သည့်အကြောင်းမှ မမြင်ကြောင်း ပြောပြီး ယင်းအစား ပျောက်ဆုံးသူကို ကိုယ်တိုင် ရှာဖွေကြသည်။[478] ရှမ်းပြည်နယ် လွယ်လင်မြို့နယ်မှ လူတစ်ဦးက သူ့အနေဖြင့် ပျောက်ဆုံးသွားသည့် ဖခင်နှင့်ပတ်သက်၍ မည်သည့်တိုင်ကြားမှုမျှမလုပ်ကြောင်း မစ်ရှင်ကို ပြောပြသည်။ "အစိုးရက ကျနော်တို့ကို ဂရုမစိုက်ဘူး၊ နောက်ပြီး တပ်မတော်က အနိုင်ကျင့်တယ်။ ရှမ်းတွေအတွက်တော့ တရားမျှတမှုဆိုတာ မရှိဘူး။"[479] သူ့အဖေမှာ ၂၀၁၁ ခုနှစ်တွင် တပ်မတော်၏ ဖမ်းဆီးခြင်းခံရပြီး လက်များတွင် ကြိုးတုတ်လျက် သူ၏ အလောင်းကို တောထဲတွင်မတွေ့မီ တစ်ပတ်ကြာ ပျောက်ဆုံးနေခဲ့သည်။ ဖြစ်ရပ်တစ်ခုတွင် ၂၀၁၈ ခုနှစ် ကချင်ပြည်နယ် မန်စီမြို့နယ်တွင် လူနှစ်ဦး ပျောက်ဆုံးနေခဲ့ပြီး တပ်မတော်က ထိုသူများကိုရှာဖွေရန် ခွင့်ပြုချက်ကို ငြင်းပယ်ခဲ့ကြောင်း ယုံကြည်ရလောက်သည့် အချက်အလက်များကို မစ်ရှင်က ရရှိခဲ့သည်။[480] အခြားဖြစ်ရပ်တစ်ခုတွင် လူပုဂ္ဂိုလ်တစ်ဦးက သူမ၏ ရွာအုပ်ချုပ်ရေးမှူးကို ၂၀၁၈ ခုနှစ် ဇန္နဝါရီလတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင် တပ်မတော်က ဖမ်းဆီးသွားသော သူမ၏ ဆွေမျိုးတစ်ဦးကို ရှာဖွေရန် သူမ မည်ကဲ့သို့ နားချခဲ့ရပုံကို ပြောပြသည်။

> *ကျမအမျိုးက နွားတွေသွားကြည့်ပြီး ပြန်မလာတော့ဘူး။ တချို့လူတွေက သူ့ကို ကြိုးချည်ထားပြီး တပ်မတော် စစ်သားတွေနဲ့ အတူတွေ့တယ်လို့ ကျမတို့ကို ပြောပြတယ်။ ကျမတို့က ရွာအုပ်ချုပ်ရေးမှူးကို သူ့ကို ရှာဖို့ခွင့်တောင်းတယ်။ ဒါပေမယ့် သူက အန္တရာယ်သိပ်များတယ်လို့ ပြောတယ်။ ကျမတို့ ဖျောင်းဖျပြီး တဖြည်းဖြည်းနဲ့မှ သူက သွားခွင့်ပေးတယ်။ သူ့အလောင်းကို ကျမတို့ တလကြာမှ မြောင်းထဲမှာ မှောက်ရက် တွေ့တယ်။ နောက်ကျောမှာ ကျည်ဆံဒဏ်ရာ တွေ့ရတယ်။ သူ့ကို ရိုက်ထားတယ်လို့လည်း ထင်ရတယ်။*[481]

### (၆) လူကြီးများနှင့် ကလေးသူငယ်များကိုအဓမ္မလုပ်အားခိုင်းစေမှုနှင့် အဓမ္မအင်အားသစ်အဖြစ် စုဆောင်းခြင်း

၂၅၃။ အဓမ္မလုပ်အားခိုင်းစေမှုသည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် လူအများအပြားအတွက် မထူးဆန်းသော ဘဝအစိတ်အပိုင်း ဖြစ်သည်။[482] ပေါ်တာထမ်းခြင်း၊ ဘန်ကာမြောင်းများတူးခြင်း၊

---

[475] DI-059, K-139, PI-037, PI-038, PI-052

[476] DI-057.

[477] ဤအပိုင်း၊ အခန်း ဂ-၃။ ကုသမှု အားနည်းခြင်း။

[478] PI-069, PI-082

[479] PI-082.

[480] K-139.

[481] PI-106.

[482] ၁၉၉၈ ခုနှစ်တွင်၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် စုံစမ်းစစ်ဆေးရေးကော်မရှင်က မြန်မာနိုင်ငံသည် သူ၏ တာဝန်ဖြစ်သော အဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရလုပ်အားကို "ကျယ်ပြန့်ပြီး စနစ်ကျသောပုံစံဖြင့် လူသားဂုဏ်သိက္ခာ၊ ဘေးကင်းလုံခြုံမှု၊ ကျန်းမာရေးနှင့် ပြည်သူတို့၏ အခြေခံ လိုအပ်ချက်များကို လုံးဝ အလေးမထားပဲ အသုံးပြုမှုကို နှိပ်ကွပ်ရန် သူ၏ တာဝန်ဝတ္တရားကို ချိုးဖောက်ကြောင်း ကောက်ချက်ချထားသည့် အစီရင်ခံစာကို ထုတ်ပြန်ခဲ့သည်။ "မြန်မာနိုင်ငံတဝှမ်းတွင် အာဏာပိုင်များနှင့် စစ်တပ်က အရပ်သား

လမ်းပြခြင်းနှင့် ထမင်းချက်ခြင်း အပါအဝင် အဓမ္မလုပ်အားကို တပ်မတော်က စနစ်တကျ ဆက်လက်အသုံးပြုသည့် ပုံစံကို မစ်ရှင်က စီစစ်တွေ့ရှိသည်။ စစ်သားများသည် ရွာများကို အသိပေးခြင်းမရှိပဲ ကြုံသလို ရောက်ရှိလာပြီး လူများကို အဓမ္မလုပ်အားစေခိုင်းရန် ခေါ်ယူသည်။ မကြာခဏပင် တစ်ကြိမ်လျှင် ရက်သတ္တပါတ်နှင့်ချီ၍ ကြာလေ့ရှိသည်။ ခေါ်ယူခံရသူ အချို့မှာ တပ်မတော်အတွက် တိုက်ခိုက်ပေးရသည်။ ဤကိစ္စရပ်ကို ဖြေရှင်းရန် ကြိုးပမ်းအားထုတ်မှု အချို့လုပ်ဆောင်နေသော်လည်း အစီရင်ခံတင်ပြသည့် ကာလတလျောက်လုံး တပ်မတော်က ကလေးများကို လူသစ်စုဆောင်းနေခဲ့သည်။

## (က) ဥပဒေ မူဘောင်

၂၅၄။ မြန်မာနိုင်ငံက ၁၉၅၅ ခုနစ်တွင် သဘောတူလက်ခံခဲ့သော အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် အဓမ္မလုပ်အားခိုင်းစေမှု သဘောတူစာချုပ် ၁၉၃၀ (အမှတ် ၂၉) က အဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရ လုပ်အားကို "လူတစ်ဦးတစ်ယောက်က သူ၏သဘောဆန္ဒအလျောက် ကမ်းလှမ်းလာခြင်း မဟုတ်ပဲ တစ်စုံတစ်ရာ အပြစ်ပေးမည်ဟု ခြိမ်းခြောက်လျက် မည်သည့်လူပုဂ္ဂိုလ်ထံမှမဆို တောင်းယူသော အလုပ် သို့မဟုတ် ဝန်ဆောင်မှုအားလုံး" ဟု အဓိပ္ပာယ် ဖွင့်ဆိုသည်။ ဤသဘောတူညီချက်အောက်တွင် မြန်မာနိုင်ငံသည် ဖြစ်နိုင်ချေရှိသည့် အချိန်တိုနိုင်သမျှ အတိုဆုံးအတွင်း အဓမ္မ သို့မဟုတ် မလုပ်မနေရ လုပ်အား အသုံးပြုမှုကို ဖယ်ရှားပစ်ရန် တာဝန်ရှိသည်။ မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် ကလေးလုပ်အား၏ အဆိုးဆုံးပုံစံများ သဘောတူစာချုပ် ၁၉၉၉ (အမှတ် ၁၈၂) ကိုလည်း သဘောတူထားသည်။ စာချုပ်အောက်တွင် ကလေးလုပ်အား အဆိုးဆုံးပုံစံများကို အရေးပေါ်ကိစ္စတရပ်အနေဖြင့် တားဆီးခြင်းနှင့် ဖယ်ရှားခြင်းကို အာမခံချက်ရှိစေရန် ချက်ချင်းနှင့် ထိရောက်သော အရေးယူဆောင်ရွက်မှုများလုပ်ရန် တာဝန်ရှိသည်။ အဓမ္မ သို့မဟုတ် မလုပ်မနေရ လုပ်အားသည် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေများ အောက်တွင်လည်း တားဆီးထားသည်။ ယင်းအပေါ် သတ်မှတ်ချက်များသည် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးထားသော လူ့အခွင့်အရေး စာချုပ်အများအပြားတွင် ဖော်ပြထားသည်။ ICESC (ပုဒ်မ၊ ၆-၁)၊ CRC (ပုဒ်မ ၃၂) နှင့် CRPD (ပုဒ်မ ၂၇-၂)။

၂၅၅။ အဓမ္မ သို့မဟုတ် မလုပ်မနေရ လုပ်အား အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အခြေခံ အစိတ်အပိုင်းသုံးခု ပါဝင်သည်။ အပြစ်ပေး အရေးယူမည်ဟု ခြိမ်းခြောက်မှုအောက်တွင် သဘောဆန္ဒအလျောက်မဟုတ်ပဲ တောင်းယူသောအလုပ် သို့မဟုတ် ဝန်ဆောင်မှု။ "အလုပ် သို့မဟုတ် ဝန်ဆောင်မှု" ဆိုသည်မှာ (အများနှင့် ဆိုင်သော နှင့် ပုဂ္ဂလိက နှစ်ခုစလုံးတွင်)

---

ပြည်သူများအပေါ် ခိုင်းစေသော အဓမ္မလုပ်အား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှု" ကို ပြသသည့် အထောက်အထား အများအပြားကို ကော်မရှင်က တွေ့ရှိခဲ့သည်။ ယင်းက "အထူးသဖြင့် ၁၉၈၈ ခုနစ်ကတည်းက မြန်မာနိုင်ငံ ပြည်သူများ ခံစားနေရသည့် လူ့အခွင့်အရေး ကျယ်ကျယ်ပြန့်ပြန့် ငြင်းပယ်ခံရမှု နှင့် ယင်းမှ လွတ်မြောက်ရန် နိုင်ငံခြား ထွက်ပြေးခြင်းမှ လွဲ၍ မရှိသည့် ဇာတ်လမ်းဖြစ်သည်" ဟု ကောက်ချက်ချသည်။ "မြန်မာနိုင်ငံ အဓမ္မလုပ်အား၊ အဓမ္မလုပ်အား သဘောတူစာချုပ် ၁၉၃၀ ကို မြန်မာနိုင်ငံ၏ လိုက်နာမှုအား စစ်ဆေးသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၆ အောက်တွင် ခန့်ထားသော စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ။ အမှတ် ၂၉။" ကိုကြည့်။ ပိုမိုကြီးမားသော ILO နှင့် ထိတွေ့မှု စတင်ပြီးနောက်ပိုင်း ၂၀၀၂ ခုနစ် နောက်ပိုင်းတွင် အဓမ္မလုပ်အားအသုံးပြုမှုတွင် အပြုသဘောဆောင်သော အသင့်အတင့် တိုးတက်မှုအချို့က ဗဟို အာဏာပိုင်များသည် အဓိက အမျိုးသားအဆင့် အခြေခံအဆောက်အဦစီမံကိန်းများတွင် လုပ်အား ခေါ်ယူခြင်းမရှိတော့ကြောင်း ညွှန်းပြနေသည်။ (ဥပမာ-A/HRC/4/14၊ စာပိုဒ် ၄၄။ A/HRC/7/18၊ စာပိုဒ် ၃၃)။ သို့ရာတွင် စစ်တပ်က စနစ်တကျ အသုံးပြုနေသော အဓမ္မလုပ်အားခိုင်းစေမှုမှာ အပြောင်းအလဲမရှိပဲ ဆက်လက်ရှိနေသည်။ ဥပမာ- မြန်မာနိုင်ငံအတွင်း ILO လုပ်ရှားမှုများအပေါ် ILO၏ အစီရင်ခံစာ၊ ၂၀၁၄ ဖေဖော်ဝါရီ ၂၀ ရက်။ GB. 320/INS/6(Rev.); A/HRC/16/59, အပိုဒ် ၉၃

မည်သည့် လှုပ်ရှားမှု၊ လုပ်ငန်း သို့မဟုတ် ကဏ္ဍတွင်မဆို ဖြစ်ပေါ်နေသောအလုပ်၊ ဝန်ဆောင်မှု သို့မဟုတ် အလုပ်ခန့်ထားခြင်း အမျိုးအစားအားလုံးကို ရည်ညွှန်းသည်။ "အပြစ်ပေးအရေးယူမည်ဟု ခြိမ်းခြောက်ခြင်း" သည် ရာဇဝတ်ဆိုင်ရာ အရေးယူခြင်း၊ နှင့် ရုပ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ စိတ်ပိုင်းဆိုင်ရာ ခြိမ်းခြောက်မှုများ သို့မဟုတ် လုပ်အားခ မပေးခြင်း ကဲ့သို့သော တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သည့် ဖိအားပေးမှု ပုံစံအမျိုးမျိုး အပါအဝင် အလုပ် သို့မဟုတ် ဝန်ဆောင်မှုကို လုပ်ဆောင်စေရန် တစ်ဦးတစ်ယောက်အား ဖိအားပေးရန် အသုံးပြုသည့် ကျယ်ပြန့်သော အပြစ်ပေး အရေးယူမှုများကို ရည်ညွှန်းသည်။ ဆန္ဒသဘောမပါပဲ ဆိုသည်မှာ အလုပ်လုပ်ကိုင်မှု ဆက်ဆံရေးအတွင်း ဝင်ရောက်ရန်နှင့် မည်သည့် အချိန်တွင်မဆို လွတ်လပ်စွာ ထွက်ခွာရန် အလုပ်သမားတစ်ဦး၏ လွတ်လပ်ပြီး ကြိုတင်အသိပေးမှုရှိသော သဘောတူညီမှုကို ဆိုလိုသည်။[483]

၂၅၆။ နိုင်ငံတကာဥပဒေသည် အဓမ္မလုပ်အားအပေါ် အထွေထွေ သတ်မှတ်ချက်အပေါ် အချို့သော ချွင်းချက်များ ခွင့်ပြုထားသည်။ မဝင်မနေရ စစ်မှုထမ်းစေခြင်း၊ ထောင်လုပ်အားနှင့် အရေးပေါ်အခြေအနေများတွင် အလုပ်ခိုင်းစေခြင်းတို့အပြင် ချွင်းချက်များတွင် ပုံမှန်လူထုတာဝန်ဝတ္တရားများနှင့် အများပြည်သူနှင့်ဆိုင်သော အသေးစားဝန်ဆောင်မှုများ ပါဝင်သည်။ လူထု တာဝန်ဝတ္တရားများတွင် မလာမနေရ ဂျူရီ (တရားစီရင်သူ) ဝန်ဆောင်မှုနှင့် ဘေးအန္တရာယ်ကျရောက်နေသော လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား ကူညီရန် တာဝန်တို့ပါသည်။ "အများပြည်သူဆိုင်ရာ အသေးစားဝန်ဆောင်မှု" ဆိုသည်မှာ လူထု၏ တိုက်ရိုက်အကျိုးစီးပွားအတွက် လူထုထဲမှ ပြည်သူများအနေဖြင့် လုပ်ဆောင်သောဝန်ဆောင်မှုကို ဆိုလိုသည်။ ယင်းသည် "အသေးစား" ဖြစ်ရမည်။ ဆိုလိုသည်မှာ ချွင်းချက်ဖြစ်ရပ်များတွင် လူထုကိုယ်တိုင် ပြည်သူများ၏ လူမှု အခြေအနေများ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် အချို့သော အဆောက်အဦးများ ထူထောင်ခြင်း၊ ပြုပြင်ထိန်းသိမ်းမှုအလုပ်တို့နှင့် အဓိကသက်ဆိုင်မှုရှိရမည်။ ဝန်ဆောင်မှုသည် "လူထုနှင့်သက်ဆိုင်" ရမည်။ ဆိုလိုသည်မှာ လူထု၏တိုက်ရိုက် အကျိုးစီးပွားဖြစ်ရမည် (ဖြစ်ပြီး ပိုမိုကျယ်ပြန့်သောအုပ်စု၏ အကျိုးစီးပွားကို ရည်ရွယ်သည့်အလုပ်များအား အကောင်အထည်ဖော်ခြင်း နှင့် မသက်ဆိုင်စေရ။) အရေးကြီးသည်မှာ ဝန်ဆောင်မှုများလုပ်ဆောင်ရမည့် လူထု အဖွဲ့ဝင်များသည် သို့မဟုတ် သူတို့၏ တိုက်ရိုက်ကိုယ်စားလှယ်များသည် ထိုဝန်ဆောင်မှုများအတွက် လိုအပ်ချက်နှင့် ပတ်သက်ပြီး ဆွေးနွေးတိုင်ပင်ခွင့်ရှိရမည်။[484]

၂၅၇။ မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၃၅၉ က "ဥပဒေကျူးလွန်၍ ပြစ်ဒဏ်ပေးခြင်းကိုခံရသဖြင့် အလုပ်ဒဏ်ထမ်းဆောင်ခိုင်းခြင်းနှင့် အများပြည်သူအကျိုးအတွက် ဆောင်ရွက်ရန် နိုင်ငံတော်က ဥပဒေနှင့် အညီ တာဝန်ချထားခြင်း" ချွင်းချက်ကို ခွင့်ပြုထားသော်လည်း အဓမ္မလုပ်အားကို တားမြစ်ထားသည်။ ဖော်ပြထားချက်မှာ ရှင်းလင်းမှု တစ်စုံတစ်ရာ မရှိသော်လည်း ယင်းချွင်းချက်များသည် နိုင်ငံတကာအလုပ်သမားဥပဒေနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများအောက်တွင် ခွင့်ပြုနိုင်သော ချွင်းချက်ထက်

[483] အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ် "အဓမ္မလုပ်အားအပေါ် ILO၏ စံချိန်စံညွှန်းများ- ကျင့်ထုံးသစ်နှင့် အကြံပြုချက်များအား တစ်ချက်ကြည့်ခြင်း / အပြည်ပြည်ဆိုင်ရာ အလုပ်သမားရုံး၊ အလုပ်ခွင် အခြေခံ ဥပဒေသများနှင့် အလုပ်ခွင် အခွင့်အရေးများ ဌာနခွဲ (ILO၊ ဂျနီဗာ၊ ၂၀၁၆) ကိုကြည့်။

[484] "မြန်မာနိုင်ငံ အဓမ္မလုပ်အား၊ အဓမ္မလုပ်အား သဘောတူစာချုပ် ၁၉၃၀ ကို မြန်မာနိုင်ငံ၏ လိုက်နာမှုအား စစ်ဆေးသည် အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၏ ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၂၆ အောက်တွင် ခန့်ထားသော စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာ။ အမှတ် ၂၉။" ကိုကြည့်။ စာမျက်နှာ ၂၀၅-၂၁၃

ကျော်လွန်ပုံရသည်။[485] ရွာသားများထံမှ လုပ်အားတောင်းဆိုရန် ဒေသဆိုင်ရာ အခွင့်အာဏာ ကျယ်ကျယ်ပြန့်ပြန့် ပေးထားသော မြို့ပြအက်ဥပဒေ (၁၉၀၇) နှင့် ကျေးလက်ဥပဒေ (၁၉၀၈) တို့ကို ၂၀၁၂ ခုနှစ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေနှင့် အစားထိုးခဲ့သည်။ ဤဥပဒေသည် မြန်မာ ရာဇသတ်ကြီးဥပဒေ (ပုဒ်မ ၃၇၄) ကဲ့သို့ပင် အဓမ္မလုပ်အား အသုံးပြုမှု (ပုဒ်မ ၂၇)[486] ကို တိုက်ရိုက် အခွင့်အာဏာ ပေးထားသည်။[487]

**(ခ)တွေ့ရှိချက်များ**

၂၅၈။ မစ်ရှင်သည် အစီရင်ခံမှုကာလတလျှောက်လုံးတွင် တက်ကြွသော ပဋိပက္ခရှိမနေသည့်နယ်မြေများ အပါအဝင် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ယောကျ်ားများ၊ မိန်းမများနှင့် ကလေးများ၏ အဓမ္မလုပ်အားကို စနစ်တကျ အသုံးပြုသော ပုံစံကို တွေ့ရှိရသည်။ ဖြစ်ရပ်အများအပြားတွင် တပ်မတော်သည် ရွာတစ်ရွာကို ဝင်လာပြီး သတိပေးခြင်း သို့မဟုတ် ဆွေးနွေးညှိနှိုင်းခြင်း မရှိပဲ လူအများအပြားကို ဖမ်းဆီးကာ အဓမ္မလုပ်အားအတွက် ထိန်းသိမ်းသည်။[488] တစ်ခါတစ်ရံတွင် ရွာသားများသည် သူတို့အိမ်များမှ တိုက်ရိုက် ခေါ်ဆောင်ခြင်း ခံရသည်။[489] အချို့ဖြစ်ရပ်များတွင် တစ်အိမ်တက်ဆင်း[490] ပုံစံဖြင့် မိသားစုအလိုက် ဝေစုအခြေခံဖြင့်[491] စာရင်းမှ[492] တဆင့် သို့မဟုတ် ရွာခေါင်းဆောင်၏ ပူးပေါင်းဆောင်ရွက်မှုဖြင့်[493] စနစ်တကျ လုပ်ဆောင်သည်။ ဥပမာ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ လူတစ်ဦးက ၂၀၁၃ ခုနှစ် မတ်လတွင် သူ့ရွာအတွင်းသို့ စစ်သား ၄၀ ခန့်ဝင်လာပြီး ရွာအစည်းအဝေးခေါ်ယူကာ အဓမ္မလုပ်အားအတွက် လူများကို ခေါ်ဆောင်သွားသည်ကို ပြန်လည်ပြောပြသည်။[494] လူပုဂ္ဂိုလ်များသည် ငါးမျှားနေစဉ် သို့မဟုတ် လယ်ယာလုပ်ကိုင်စဉ် သို့မဟုတ် ဈေးဝယ်ထွက်စဉ်[495] သို့မဟုတ် ခရီးသွားနေစဉ်[496] တို့တွင် သူတို့ကျေးရွာများ၏ အနီးပတ်ဝန်းကျင်နေရာများတွင် အဓမ္မလုပ်အားအတွက် ခေါ်ဆောင်ခြင်း ခံကြရသည်။ ဥပမာ- ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ လူတစ်ဦးက ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် အဝေးပြေးလမ်းပေါ်တွင် ခရီးသွားနေစဉ် တပ်မတော်က ရပ်တန့်စေပြီးနောက် စစ်စခန်းတစ်ခုသို့ ခေါ်ဆောင်သွားကာ ရှစ်ရက်ကြာအောင် ဘန်ကာမြောင်းများ တူးခဲ့ရကြောင်း ပြောပြသည်။[497] ၂၀၁၅ ခုနှစ်အတွင်း နောက်ထပ်ဖြစ်ရပ်တစ်ခုတွင် လူပုဂ္ဂိုလ်များအား ကချင်ပြည်နယ် ဗန်းမော်မြို့နယ်အတွင်းရှိ ဒုက္ခသည်စခန်းမှ အဓမ္မလုပ်အားစေခိုင်းရန် ခေါ်ဆောင်ခြင်း ခံကြရသည်။[498]

---

[485] ဥပမာ- အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ ၉၉ ကြိမ်အစည်းအဝေး၊ ၂၀၁၀၊ သဘောတူစာချုပ်များနှင့် အကြံပြုချက်များ အကောင်အထည်ဖော်ရေး ဆိုင်ရာ ပညာရှင်များ ကော်မတီ၏ အစီရင်ခံစာ၊ စာ-၂၅၃၊ စာပိုဒ် ၁၁။

[486] "တစ်ဦးတစ်ယောက်သည် သူ၏ ကိုယ်ပိုင်အကျိုးစီးပွားအတွက် အဓမ္မ လုပ်အား ကဲ့သို့ အခြားသူတစ်ဦး၏ အကျိုးစီးပွားကို ပျက်စီးစေရန် ခြိမ်းခြောက်မှု တစ်ခုခု သို့မဟုတ် အင်အာသုံးခဲ့ပါက ထိုသူကို ထောင်ဒဏ် တစ်နှစ်ထက် မပိုသော သို့မဟုတ် ကျပ် ၁၀၀, ၀၀၀ သို့မဟုတ် နှစ်ခုစလုံး ချမှတ်နိုင်သည်။"

[487] "မည်သူမဆို အခြား လူတစ်ဦးတစ်ယောက်အား ဥပဒေနှင့် အညီမဟုတ်ပဲ သဘောဆန္ဒကို ဆန့်ကျင်ပြီး အတင်းအဓမ္မ အလုပ်လုပ်စေမည်ဆိုလျှင် ထိုသူကို တစ်နှစ်အထိ တိုးမြှင့်နိုင်သော သက်တမ်းဖော်ပြချက် ထောင်ဒဏ် ဖြစ်စေ၊ သို့မဟုတ် ဒဏ်ငွေ သို့မဟုတ် နှစ်ခုစလုံးဖြင့်ဖြစ်စေ အပြစ်ပေးနိုင်သည်။"

[488] DI-057, PI-019, PI-081, PI-083, PI-084, PI-095, SI-003.

[489] PI-081, PI-084, PI-094

[490] PI-081, QI-093

[491] PI-006, PI-007, QI-086

[492] PI-006, PI-007, PI-033

[493] PI-011, PI-033, PI-095, PI-109, PI-111

[494] PI-095.

[495] PI-060, PI-079, PI-096, QI-095

[496] PI-029, PI-067, PI-078, PI-089, PI-096, PI-111

[497] PI-078.

[498] PI-026.

၂၅၉။ လူအများက အဓမ္မလုပ်အားတွင် ပါဝင်ခြင်းကို ငြင်းဆိုရန် မဖြစ်နိုင်ကြောင်း[499] နှင့် လုပ်အားအတွက် အခကြေးငွေ တစ်စုံတစ်ရာ ရရှိခြင်းမရှိကြောင်း ပြောသည်။[500] အချို့ဖြစ်ရပ်များတွင် အဓမ္မလုပ်အားအတွက် ဖမ်းဆီးခြင်းသည် အိမ်များဖျက်ဆီးခြင်းနှင့် ပစ္စည်းများ လုယူခြင်း[501] သို့မဟုတ် သတ်ပစ်မည်ဟု သို့မဟုတ် လူပုဂ္ဂိုလ်အပေါ်[502] သို့မဟုတ် သူတို့၏မိသားဝင်များအပေါ်[503] မလျော်မကန်ပြုမည်ဟု ခြိမ်းခြောက်ခြင်းတို့နှင့်တွဲလျက် ဖြစ်လေ့ရှိသည်။ ဥပမာ- ကချင်ပြည်နယ် ဗန်းမော်မြို့နယ်မှ ကျောင်းဆရာမ တစ်ဦးက ၂၀၁၂ ခုနှစ်အတွင်း အဓမ္မ လုပ်အားအတွက် ခေါ်ဆောင်သွားခံရစဉ် သူမကို မည်သို့ ခြိမ်းခြောက်ခဲ့သည် နှင့် မလျော်မကန်ပြုခဲ့သည်များကို ပြောပြသည်။

*စစ်သားလေးယောက်က ရပ်ခိုင်းတဲ့အချိန်မှာ ကျမက ကိုယ့်လမ်းကိုယ်သွားနေတာ။ စစ်သားတွေက ကျမ ဘယ်သွားနေတာလဲမေးတော့ ကျမက ကျမ စာသင်တဲ့ကျောင်းကို သွားနေတဲ့အကြောင်း ရှင်းပြတယ်။ စစ်သားတွေက "မင်းစာဆက်သင်ဖို့ မလိုတော့ဘူး၊ ငါတို့နဲ့ လိုက်ခဲ့" လို့ပြောတယ်။ ကျမက သူတို့ကို ကျောင်းသားတွေ စာမေးပွဲ ရှိကြောင်းနဲ့ သူတို့ ဆရာလိုကြောင်း ပြောတယ်။ စစ်သားတွေက စိတ်ဆိုးတယ်။ သူတို့က ကျမကို သေနတ်နဲ့ ချိန်ပြီး "ငါတို့ကို ဒီပုံစံလာမပြောနဲ့ နင်ငါတို့နဲ့ လိုက်ခဲ့ရမယ်။ မင်း ငါတို့နဲ့မလိုက်ရင် သေမယ်" လို့ ပြောတယ်။ သူတို့က ကျမကို ပါးရိုက်တယ်၊ မျက်စိကို အဝတ်နဲ့ စည်းတယ်၊ နောက်ပြီး အိတ်အလေးကြီးတွေ သယ်ပြီး သူတို့နဲ့ လမ်းလျှောက်ခိုင်းတယ်။*[504]

၂၆၀။ ယောကျ်ားများကိုသာ အဓမ္မလုပ်အားအတွက် ခေါ်ဆောင်သော်လည်း[505] အချို့ ဖြစ်ရပ်များတွင် မကြာခဏပင် အမျိုးသမီးများလည်း ပစ်မှတ်ထားခံရသည်။[506] ကလေးများကိုလည်း အဓမ္မလုပ်အားခိုင်းစေခြင်း ရှိသည်။[507] ကျူးလွန်ခံရသူ ကလေးအများစုမှာ အသက် ၁၂ နှစ် အထက်[508] ဖြစ်သော်လည်း ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ ကျူးလွန်ခံရသူတစ်ဦးက သူမ အသက်ကိုးနှစ် အရွယ်ကတည်းက စ၍ ၂၀၁၂ ခုနှစ် အဓမ္မလုပ်အားအတွင်း မုဒိန်းကျင့်ရန် ကြံစည်အားထုတ်မှု ဖြစ်ခဲ့သည်အထိ အကြိမ်ကြိမ်ပေါ်တာအဖြစ် ခေါ်ဆောင်ခြင်းခံခဲ့ရကြောင်း ပြောပြသည်။[509] အဓမ္မလုပ်အားစေခိုင်းခံရသူများထဲတွင် ကျန်းမာရေးကိစ္စ ခံစားနေရသူများ[510]နှင့် သက်ကြီးရွယ်အိုများလည်း ပါသည်။[511] ဥပမာ- ကချင်ပြည်နယ် တနိုင်းမြို့နယ်မှ ကလေးတစ်ဦးက သူမရွာမှ လူများအားလုံး အဓမ္မလုပ်အား လုပ်ဆောင်ရကြောင်း ပြောပြသည်။

*ကျမတို့ရွာနားမှာ စစ်တပ်စခန်းရှိတယ်။ ရွာသားတွေက စခန်းမှာ ရှိတဲ့ စစ်သားတွေအတွက် ခဏခဏ ထမင်းချက်တာ၊ သန့်ရှင်းရေး၊ ဆောက်လုပ်ရေးနဲ့*

---

499 DI-064, PI-017, PI-078, QI-077, QI-086
500 PI-005, PI-013, PI-021
501 PI-023, PI-067, PI-080
502 PI-022, PI-023, PI-063, PI-067, PI-099
503 PI-022, PI-068
504 PI-067.
505 DI-063, PI-077, PI-080
506 PI-006, PI-063, PI-067, PI-068, PI-089, PI-099
507 DI-063, DI-071, DI-072, DI-073, PI-022, PI-063, QI-084.
508 DI-063, DI-072, DI-073.
509 QI-084.
510 PI-033, DI-071.
511 PI-063, DI-071

*တခြားအလုပ်တွေ အခမဲ့အလုပ် လုပ်ပေးရတယ်။ ကလေးတွေတောင် ပါရတယ်။ သူတို့က ဆောက်လုပ်ရေးအတွက် အုတ်အသေးတွေ သယ်ရတယ်။ အသက်ကြီးတဲ့လူတွေက သစ်ပင်စိုက်တာနဲ့ တခြားအလုပ်တွေ လုပ်ရတယ်။*[512]

၂၆၁။ အခမဲ့လုပ်အား၏ နေရာနှင့် အချိန်ကာလမှာ အမျိုးမျိုး ကွဲပြားသည်။ သူတို့၏ ကျေးရွာများမှာ စစ်စခန်းနှင့်နီးပါက[513] လူအများအပြားမှာ အခမဲ့ လုပ်အားကို စစ်တပ်စခန်းများတွင် လုပ်ကြရသည်။[514] အခြားသူများမှာ တပ်မတော်နှင့်အတူ သစ်တောများကိုဖြတ်လျက် ခရီးရှည်များ သွားကြရသည်။[515] လူများသည် သူတို့အိမ်များတွင် တပ်မတော်အတွက် ချက်ပြုတ်ပေးရသည်[516] သို့မဟုတ် ဖြစ်ရပ်နှစ်ခုတွင် တပ်မတော်အတွက် စကားပြန်လုပ်ပေးရသည်။[517]

၂၆၂။ အချို့ဖြစ်ရပ်များတွင် လူများသည် နေ့ပိုင်းတွင် အခမဲ့လုပ်အားလုပ်ပေးရပြီး ညပိုင်းများတွင် သူတို့အိမ်သို့ ပြန်ကြသည်။[518] သို့ရာတွင် ဖြစ်ရပ်အများအပြား၌ အခမဲ့လုပ်အားခေါ်ဆောင်ခံရသော လူပုဂ္ဂိုလ်များသည် သူတို့အား ပြန်လွှတ်သည်အထိ သို့မဟုတ် ထွက်ပြေးလွတ်မြောက်သည်အထိ သူတို့အိမ်များသို့ မပြန်နိုင်ကြပေ။[519] ယင်းမှာ တစ်ရက်[520] မှ တစ်လ သို့မဟုတ် ထိုထက် ပိုမိုသောကာလ[521] သို့မဟုတ် ဖြစ်ရပ်တစ်ခုတွင် နှစ်နှစ်အထိ စသဖြင့် အမျိုးမျိုး ကွဲပြားသည်။[522] လူပုဂ္ဂိုလ်များကို ထွက်မပြေးနိုင်အောင် သူတို့၏ ခြေထောက်များတွင် သံကြိုးကွင်းများ တပ်ဆင်ခြင်း၊[523] သူတို့လက်များကို ကြိုးဖြင့်ချည်ခြင်း[524] နှင့် သူတို့ ထွက်ပြေးလွတ်မြောက်သွားပါက အပြစ်ပေးခံရမည်ဟု ခြိမ်းခြောက်ခြင်းများ[525] အပါအဝင် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ထားသည်။ စစ်သားများက ချုပ်နှောင်မှုမှ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားသူများကို သေနတ်နှင့် ပစ်ကြောင်းလည်း ကျူးလွန်ခံရသူများက ပြောပြသည်။[526] ဥပမာ- ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်မှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် တစ်ရက်တာ ပေါ်တာ အဖြစ် အခမဲ့ခိုင်းစေခံခဲ့ရသော အမျိုးသမီးတစ်ဦးက မစ်ရှင်အား ပြောပြသည်မှာ "သူငယ်ချင်းကို မုဒိန်းကျင့်တော့ ကျမ ထွက်ပြေးဖို့ ကြိုးစားတယ်။ ကျမတို့ စပြေးတဲ့အခါ စစ်သားတွေက ကျမတို့ကို သေနတ်နဲ့ ပစ်တယ်။ ကျွန်မ တောင်စောင်းတစ်ခုက ပြုတ်ကျပြီး သတိလစ်သွားတယ်။ ကျွန်မ သတိရလာတော့ တကိုယ်လုံး သွေးတွေ ပေနေတယ်။"[527]

၂၆၃။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ လူအများအပြားအတွက် အခမဲ့လုပ်အား ခိုင်းစေမှုမှာ မထူးဆန်းသော ကျေးရွာဘဝ အစိတ်အပိုင်း ဖြစ်နေခဲ့သည်။[528] ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ

---

512 PI-063.

513 PI-061, PI-063, PI-077

514 PI-006, PI-019, PI-020, PI-061, PI-063, PI-068, PI-077, PI-079, PI-084

515 PI-033, PI-083, PI-085, PI-099

516 PI-060, PI-075, PI-093, PI-094

517 PI-111, QI-077

518 PI-005, PI-007

519 ဤအပိုင်း အခန်း က-၅။ လွတ်လပ်ခွင့်ကို ဥပဒေမဲ့ ဖယ်ရှားခြင်းနှင့် အခမဲ့ ပျောက်ဆုံးစေမှုများ ကြည့်။

520 PI-007, PI-029, PI-081

521 PI-011, PI-019, PI-068, PI-079, PI-085

522 PI-013.

523 PI-019, QI-098

524 PI-012, PI-060, PI-084, QI-093

525 PI-025, PI-026, PI-078

526 PI-026, PI-029, PI-084, QI-085

527 PI-029.

528 DI-064, DI-072 (2010), PI-007, PI-022, PI-077, PI-089, PI-109, QI-090

အမျိုးသမီးတစ်ဦးက သူ၏ကျေးရွာတွင် အဓမ္မ လုပ်အားပေးမှာ အပတ်စဉ်တိုင်းနီးပါး ဖြစ်ပွားနေသည်ဟု ပြောသည်။[529] အဓမ္မလုပ်အားစေခိုင်းမှုများ များပြားလွန်လှသဖြင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ နောက်ထပ်အမျိုးသမီးတစ်ဦးက သူနိုင်ငံက ထွက်ခွာလာသည်အထိ ယင်းမှာ လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုဖြစ်သည်ဟုပင် မသိခဲ့ရကြောင်း မစ်ရှင်ကို ပြောပြသည်။ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်က အသက် ၁၂ သို့မဟုတ် ၁၃ နှစ်ကတည်းက တစ်လ နှစ်ကြိမ် နှင့် အထက် အဓမ္မလုပ်အားအတွက် ခေါ်ဆောင်ခံခဲ့ရသော ကျူးလွန်ခံရသူတစ်ဦး၏ စကားလုံးများ အတိုင်းပြောရလျှင် “ဒါကို ကျနော်တို့ ဘဝတစ်သက်လုံး ကျနော်တို့လုပ်လာခဲ့ရတာ” ဟု ပြောသည်။[530]

၂၆၄။ အဓမ္မလုပ်အားအဖြစ် ခိုင်းစေခံရသူ လူပုဂ္ဂိုလ်များသည် လုပ်ငန်းအမျိုးမျိုးကို လုပ်ဆောင်ပေးရန် လိုအပ်သည်။ ထိန်းသိမ်းခံရသူ အများအပြားမှာ တပ်မတော်အတွက် ပေါ်တာများအဖြစ် လုပ်ရန်လိုသည်။ သူတို့သည် အစားအစာ[531]၊ အဝတ်အထည်၊[532] နှင့် အချို့ဖြစ်ရပ်များတွင် လက်နက်ခဲယမ်းများ[533] အပါအဝင် လေးလံသော အထုပ်အပိုးများကို ထမ်းပိုးသယ်ဆောင်ကြရသည်။[534] ပေါ်တာများသည် မကြာခဏပင် ခက်ခဲကြမ်းတမ်းသော မြေမျက်နှာပြင်ပေါ်တွင် ရက်ပေါင်းများစွာ ဆက်တိုက်ခရီးရှည်များကို လမ်းလျှောက်ကြရသည်။ ဥပမာအားဖြင့် ၂၀၁၄ ခုနှစ် ဒီဇင်ဘာတွင် ပေါ်တာအဖြစ်လုပ်ခဲ့ရသော ရှမ်းပြည်နယ်မှ လူတစ်ဦးက လေးလံသော အထုပ်အပိုးများနှင့် လက်နက်ခဲယမ်းများကို ထမ်းလျက် နမ့်ဆန်မြို့နယ် တောင်ပိုင်းမှ ကပ်လျက်ရှိသော မန်တုံမြို့နယ်သို့ အစားအစာ မစားရပဲ လေးရက်ကျော်ကြာ ခရီးရှည်လမ်းလျှောက်ရပုံကို ပြောပြသည်။[535] အခြားသော ဖြစ်လေ့ဖြစ်ထရှိသည့် ယောကျ်ားနှင့် မိန်းမများ လုပ်ဆောင်ရသော အလုပ်အမျိုးအစားများတွင်-

- ရွာများအကြားတွင် စစ်သားများကို လမ်းကြောင်းညွှန်ပြရသည့် လမ်းပြများအဖြစ် လုပ်ဆောင်ခြင်း၊[536]
- မြောင်းများ တူးခြင်း[537]
- သန့်ရှင်းရေး[538]
- ချက်ပြုတ်ခြင်း[539]
- ထင်းခွေခြင်း[540]
- သစ်ပင်များ ခုတ်လှဲခြင်း[541]

---

529 QI-084.
530 DI-063.
531 PI-006, PI-011, PI-020, PI-021, PI-022, PI-029, PI-077
532 PI-022, PI-076, PI-079
533 DI-063, DI-064, PI-022, PI-076, PI-080, PI-096, PI-099
534 DI-057, PI-022, PI-023, PI-033, PI-060, PI-067, PI-067, PI-076, PI-077, PI-080, PI-083, PI-089 PI-092, PI-094, PI-095
535 PI-096.
536 PI-060, PI-095, QI-095
537 PI-061, PI-084
538 PI-067, PI-078, PI-084
539 PI-079 PI-080 PI-067 PI-068, PI-006, PI-020, PI-084, PI-080, PI-067, PI-063, PI-104
540 DI-065, PI-006, PI-020
541 PI-019, PI-077

- စစ်တပ် ခြံဝင်းများအတွင်း လမ်းနှင့် အဆောက်အဦးများ ဆောက်လုပ်ခြင်းတို့ ပါဝင်သည်။[542]

၂၆၅။ လူပုဂ္ဂိုလ်များသည် မကြာခဏပင် အမျိုးမျိုးသော လုပ်ငန်းများကို ပေါင်းစပ် လုပ်ကိုင်ရသည်။ ဥပမာ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ အမျိုးသမီးတစ်ဦးက မတူညီသော အချိန်အများအပြားတွင် အဓမ္မလုပ်အားခိုင်းစေရန် ခေါ်ဆောင်သွားခံရပြီး ပြီးဆုံးအောင် လုပ်ဆောင်ခဲ့ရသော လုပ်ငန်းများကို မစ်ရှင်အား ပြောပြခဲ့သည်။

*ကျမတို့ရွာမှာ မိသားစုတိုင်းက လုပ်အားပေး (အဓမ္မလုပ်အား) မှာ ပါရတယ်။ စစ်သားတွေက ရွာကိုလာပြီး မိသားစုတစ်ခုချင်းအတွက် တာဝန်တွေ သတ်မှတ်ပေးတယ်။ ရှောင်လို့မရဘူး။ အလုပ်လုပ်ရတဲ့ လူတွေကို သူတို့စာရင်းလုပ်ထားတယ်။ စစ်တပ်က လမ်းဖောက်နေတာကြောင့် ကျမတို့တွေ ကျောက်တုံးတွေနဲ့ လေးလံတဲ့ ပစ္စည်းတွေ သူတို့အတွက် သယ်ပေးရတယ်။ ကျမတို့ အဝတ်လည်း လျှော်ရတယ်၊ သန့်ရှင်းရေး နဲ့ သူတို့စားဖို့ ချက်ရတယ်။ ကျွန်မ မိဘတွေကိုတော့ ပေါ်တာအဖြစ်သုံးတယ်။*[543]

၂၆၆။ စစ်ရေးလှုပ်ရှားနယ်မြေများရှိ သစ်တောများအတွင်း တပ်မတော်က ဖြတ်သန်းသွားသည့်အခါ အဓမ္မလုပ်အားစေခိုင်းခြင်းခံရသော လူပုဂ္ဂိုလ်များကို စစ်ကြောင်း၏ရှေ့ပိုင်းမှ သွားစေသည်ဆိုသော ပြောဆိုချက်များကို မစ်ရှင်က အကြိမ်ကြိမ် ရရှိခဲ့သည်။[544] အချို့က သူတို့ကို ရှေ့က ပို့ထားခြင်းသည် မြေမြှုပ်မိုင်း ဧရိယာများတွင် စစ်သားများထက်အရင် ပထမဆုံး ထိတွေ့စေမည့် "လူသား မိုင်းရှင်းကိရိယာ" အဖြစ် အသုံးပြုခြင်းဖြစ်သည်ဟု မစ်ရှင်ကို ပြောသည်။ အဓမ္မလုပ်အား စေခိုင်းခံရသူ အများအပြားသည် အဓမ္မလုပ်အား စေခိုင်းခံရသည့် ကာလအတွင်း မြေမြှုပ်မိုင်းများကြောင့် အခြားအရပ်သားများ ထိခိုက်ခြင်း သို့မဟုတ် သေဆုံးခြင်းများကို မြင်တွေ့ခဲ့ကြရသည်။[545] အဓမ္မလုပ်အား စေခိုင်းခံရသော အခြားသူများမှာလည်း တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ အကြား ထိတွေ့တိုက်ခိုက်မှုများအတွင်း သေဆုံး သို့မဟုတ် ဒဏ်ရာ ရရှိကြသည်။[546] ဖြစ်ရပ်နှစ်ခုတွင် အဓမ္မလုပ်အား ခိုင်းစေခံရသူနှစ်ဦးကို အတင်းအဓမ္မ တပ်မတော် ယူနီဖောင်းဝတ်စေပြီး ရှေ့တန်းမှ လမ်းလျှောက်စေခြင်းဖြင့် သူတို့အား တိုက်ခိုက်မှု၊ သေကြေမှုနှင့် ဒဏ်ရာရမှုတို့ကို ကြုံတွေ့ရန် အလားအလာများစေကြောင်း အချက်အလက်များကို မစ်ရှင်က ရရှိသည်။[547] ကျူးလွန်ခံရသူများသည် အဓမ္မလုပ်အားပေးမှုအတွင်း ရည်ရွယ်ချက်ရှိစွာဖြင့် သတ်ဖြတ်ခံရခြင်းများလည်း ရှိသည်။[548]

၂၆၇။ အဓမ္မလုပ်အားပေး စေခိုင်းခံရသော လူပုဂ္ဂိုလ်များသည် မကြာခဏပင် မလျော်ကန်သော အပြုအမူများ ပြုကျင့်ခြင်းလည်း ခံကြရသည်။ မစ်ရှင်နှင့် စကားပြောသော ထိုကျူးလွန်ခံရသူ အများစုက အဓမ္မလုပ်အားစေခိုင်းစဉ်အတွင်း[549] မကြာခဏ အလွန်နှေးစွာ လမ်းလျှောက်ခြင်းအတွက်[550] သို့မဟုတ် အနားယူခြင်းအတွက်[551] ရိုက်နှက်ခြင်းခံကြရသည်။

---

542 PI-006, PI-007, PI-020, PI-061, PI-089

543 PI-007.

544 PI-020, PI-022, PI-076, PI-085, PI-104, QI-095

545 PI-085, PI-104

546 PI-022, PI-080

547 PI-020, PI-085

548 ဤအပိုင်း၊ အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ။

549 DI-066, PI-013, PI-021, PI-029, PI-033, PI-044, PI-053, PI-061, PI-078, Pi-078, PI-083, PI-084, PI-086, PI-089, PI-094, PI-099

550 PI-083, PI-084, PI-089, PI-099

551 PI-078, PI-089

လူပုဂ္ဂိုလ်များသည် နှိပ်စက်ညှင်းပမ်းခြင်းလည်း ခံကြရသည်။[552] အဓမ္မလုပ်အားအတွက် ထိန်းသိမ်းခြင်းခံရသော အမျိုးသမီးများသည် လိင်အကြမ်းဖက်မှု တွေ့ကြုံရန် အလားအလာရှိကြပြီး ကျူးလွန်ခံရသူအများအပြားက ထိုအခြေအနေတွင် သူတို့သည် မုဒိမ်းကျင့်ခြင်းနှင့် အခြားလိင်အကြမ်းဖက်မှုပုံစံများ တွေ့ကြုံကြရကြောင်း မစ်ရှင်ကို ပြောပြသည်။ ကချင်ပြည်နယ် ဗန်းမော်မြို့နယ်မှ ၂၀၁၂ ခုနှစ်အတွင်း အဓမ္မလုပ်အား စေခိုင်းခံရသော အမျိုးသမီးတစ်ဦးမှာ လိင်ကျွန်အဖြစ် ခုနစ်ရက်ကြာအောင် ထားရှိခံရသည်။[553]

၂၆၈။ ကျူးလွန်ခံရသူများ၏ လူသားဂုဏ်သိက္ခာကိုလည်း လုံးဝမလေးစားခြင်းများ ရှိသည်။ စစ်သားများသည် လူမျိုး သို့မဟုတ် ဘာသာရေး အခြေခံပေါ်တွင် ရိုင်းစိုင်းနိမ့်ချသော အသုံးအနှုန်းများ သို့မဟုတ် ကျူးလွန်ခံရသူများကို လူမဆန်သော အသုံးအနှုန်းများ သုံးစွဲခဲ့ကြသည်။[554] အခြားသူများမှာ သတ်ဖြတ်မည်ဆိုသော ခြိမ်းခြောက်မှုများ ခံကြရသည်။[555] ဥပမာ- ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ ၂၀၁၅ ခုနှစ် ဖွန်လအတွင်း ရက်ပေါင်းများစွာ အဓမ္မလုပ်အား စေခိုင်းခြင်းခံရသော ကျူးလွန်ခံရသူအမျိုးသမီးတစ်ဦးက သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခံရပုံကို ပြောပြသည်။

> *စစ်သားတွေက ကျမတို့အိမ်ကို လာပြီး လုပ်အားပေးအတွက် လူတစ်ယောက် တောင်းတယ်။ ကျမက မောင်နမတွေထဲမှာ အကြီးဆုံးဆိုတော့ ကျမက သွားရတယ်။ ကျမတို့ သိပ်လေးတဲ့ အိတ်တွေကို သယ်ရတယ်။ အဲဒီထဲမှာ ဘာပါလဲတော့ မသိဘူး။ စစ်သားတွေက "မင်းတို့ ဘာမှမမေးနဲ့။ မေးရင် မင်းတို့ကို သတ်ပစ်မယ်" လို့ ပြောတယ်။ တစ်နေ့လုံး နားခွင့်မရဘူး။ မှောင်လာတဲ့အခါ တောထဲမှာ ရပ်လိုက်တယ်။ ကျမတို့တွေက ထင်းရှာပြီး ညစာအတွက် ပြင်ဆင်ပေးရတယ်။ ကျမတို့က ချက်ပေးရပေမယ့် စစ်သားတွေက ကျွန်မတို့ကို အစားအစာ မပေးဘူး။ ညနေပိုင်းမှာ ကျွန်မတို့ လမ်းဆက်လျှောက်ရတယ်။ သူတို့က ခြေထောက်နဲ့ကန်ပြီး "မြန်မြန်လျှောက်၊ မြန်မြန်လျှောက်" လို့ ပြောတယ်။ စစ်သားတွေထဲက တယောက်က ကျမကို မုဒိမ်းကျင့်ဖို့ ကြိုးစားတယ်၊ ဒါပေမယ့် ကျမက အတင်းတွန်းထုတ်လိုက်တော့ သူလဲကျသွားတယ်။ သူက အရမ်းအရမ်း စိတ်ဆိုးသွားတယ်။ သူက ကျမကိုရိုက်ပေမယ့် ဒီတကြိမ်တော့ မင်းအသက်ကို ချမ်းသာပေးလိုက်မယ်လို့ပြောတယ်။ ဘာလို့လဲဆိုတော့ ကျမမှာ လုပ်စရာ အလုပ်တွေ အများကြီးရှိသေးလို့ ဖြစ်တယ်။ ကျမမှာ အဲဒီရိုက်ထားတဲ့ အမာရွတ်ရှိနေသေးတယ်။ စစ်သားတွေက ကျမတို့အသက်တွေ သူတို့ လက်ထဲမှာ ရှိတယ်လို့ ပြောတယ်။ သူတို့က ကျမတို့ကို လုပ်ချင်တာ လုပ်လို့ ရတယ်။ သူတို့က ကျမတို့ကို့ သွားခွင့်ပေးတဲ့အခါမှာ ကျမတို့အတွက် နောက်ထပ်အလုပ်တွေ ရှိသေးတယ်၊ သူတို့ ပြန်လာခဲ့မယ်လို့ ပြောသွားတယ်။ နောက်တစ်ခါဆို သူတို့ ကျမတို့ကို သတ်မယ်လို့ဘဲ ခံစားရတယ်။ ဒါကြောင့် ကျမ ရွာမှာ ဆက်မနေရဲတော့ဘဲ ထွက်လာခဲ့တယ်။ အဲဒီအဖြစ်အပျက်ကို ကျမ ဘယ်တော့မှမမေ့ဘူး။ မှောင်လာပြီဆိုရင် အဲဒါကို သတိရတယ်။ အဲဒါကို စဉ်းစားတိုင်း ခြောက်ခြားတယ်။ ကြောက်တယ်။*[556]

[552] ဤအပိုင်း၊ အခန်း က-၃။ နှိပ်စက်ညှင်းပမ်းခြင်းနှင့် အခြားဆိုးဝါးစွာဆက်ဆံခြင်းများ ကြည့်။

[553] PI-067. ဤအပိုင်း၊ အခန်း က-၄။ လိင်ဆိုင်ရာနှင့် လိင်စိတ်သဘောသာဝမတူညီမှုအခြေပြု အကြမ်းဖက်မှုများ ကြည့်။

[554] DI-063, DI-064, PI-007

[555] DI-065, PI-062

[556] DI-065.

၂၆၉။ အဓမ္မလုပ်အားအတွက် ထိန်းသိမ်းခံသူများကို လူမဆန်သော အခြေအနေများတွင် ထားသည်။[557] လူအများအပြားက အဓမ္မလုပ်အားအတွက် ထိန်းသိမ်းခံရသည့်အခါတွင် သူတို့သည် အစားအစာများကိုပါ ယူသွားကြရသည်၊[558] အစားအစာ မလောက်မင့ သို့မဟုတ် ညံ့ဖျင်းသော အစားအစာများကိုသာ ပေးသည်၊[559] သို့မဟုတ် လုံးဝမစားနိုင် ဟု မစ်ရှင်ကို ပြောပြကြသည်။[560] လူအများက သူတို့ လိုအပ်သည့်အခါများတွင် ရေရရှိခြင်းမရှိဘဲ လေဟာပြင်တွင် အိပ်ယာမရှိဘဲနှင့် ကိုယ်လက်သန့်စင်ရန် နေရာမရှိဘဲ အပါအဝင် လုံလောက်မှု မရှိသော နေရာထိုင်ခင်းများတွင် ထားရှိခြင်းခံရသည်ဟု ပြောပြသည်။[561]

၂၇၀။ အဓမ္မလုပ်အားအတွက် ထိန်းသိမ်းခံရသော ကလေးများသည်လည်း မလျော်ကန်သော ဆက်ဆံမှုနှင့် လူမဆန်သောထိန်းသိမ်းမှု အခြေအနေများကို ကြုံတွေ့ရသည်။[562] ဥပမာ ၂၀၁၁ ခုနှစ် သူမ အသက် ၁၃ နှစ်အရွယ်တွင် အဓမ္မလုပ်အားစေခိုင်းခြင်းခံရသော ရှမ်းပြည်နယ် မိုင်းကိုင်မြို့နယ်မှ မိန်းကလေးတစ်ဦးက ရေတောင်းမိသည့်အခါ အရိုက်ခံရပုံကို ပြောပြသည်။

> *၂၀၁၁ ခုနှစ်က ကျမ အဖေကို အသက်ကြီးပြီး နေမကောင်းပေမယ့် လုပ်အားပေးခေါ်တယ်။ သူတို့က သူ့ကို အစားအစာနဲ့ ရေ ကောင်းကောင်းမပေးဘူး။ သူအိမ်ပြန်လာပြီး နှစ်ရက်ကြာတဲ့အခါ ဆုံးသွားတယ်။ နောက်ပိုင်းမှာ ကျမ လုပ်အားပေး ခေါ်ခံရတယ်။ အိတ်အလေးကြီးတွေကို သံးရက် ထမ်းရတယ်။ ကျမတို့ အစားအစာတောင်းတဲ့အခါ စစ်သားတွေက စိတ်ဆိုးတယ်။ ကျမက ရေတောင်းတော့ သူတို့က ကျမကို ရိုက်တယ်။*[563]

၂၇၁။ အဓမ္မလုပ်အားစေခိုင်းခံရသူများသည် တစ်ခါတစ်ရံတွင် တိုက်ခိုက်ရန် သို့မဟုတ် ရန်လိုတိုက်ခိုက်မှုများတွင် ပါဝင်ရန်လည်း လိုအပ်သည်။ အချို့ လူပုဂ္ဂိုလ်များက အဓမ္မလုပ်အားစေခိုင်းစဉ်အတွင်း သူတို့ကို တပ်မတော်ဝတ်စုံများ ဝတ်ဆင်စေသည် သို့မဟုတ် သေနတ်များပေးသည်ဟု မစ်ရှင်ကို ပြောပြသည်။[564] ဥပမာ- ၂၀၁၂ ခုနှစ် ဧပြီလတွင် အဓမ္မလုပ်အားစေခိုင်းခံရစဉ်အတွင် ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ လူတစ်ဦးကို တိုက်ပွဲဖြစ်ပွားသောအခါ သူ့အား သေနတ်ပေးခဲ့ပုံကို သူက ပြန်ပြောပြသည်မှာ-

> *တပ်မတော်က ကျနော်တို့ရွာမှာ ညအိပ်ပြီး နောက်တနေ့ မနက်မှာ သူတို့ ပေါ်တာလိုတယ်လို့ပြောပြီး သူတို့နဲ့အတူ ကျနော်တို့ လေးယောက် လိုက်သွားရတယ်။ လမ်းလျှောက်သွားနေတုန်း SSA-တောင်ပိုင်း နဲ့ တွေ့ပြီး တိုက်ပွဲ စဖြစ်တယ်။ တပ်မတော်က ကျနော့်ကို သေနတ်တစ်လက်ပေးပြီး ရှမ်းစစ်သားတွေကိုပစ်ဖို့ ပြောတယ်။ ဒါပေမယ့် ကျနော်က ဘယ်လို ပစ်ရမယ်ဆိုတာ မသိဘူး။ ကျနော်က ငြင်းတဲ့အခါ စစ်သားတွေက ကျနော့်ကို ရိုက်တယ်။*[565]

---

[557] ဤအပိုင်း၊ အခန်း က-၅။ လွတ်လပ်ခွင့်ကို ဥပဒေမဲ့ ဖယ်ရှားခြင်းနှင့် အဓမ္မ ပျောက်ဆုံးစေခြင်း။
[558] PI-003, PI-005, PI-007, PI-022
[559] PI-019, PI-020, PI-080, PI-083, PI-085
[560] PI- 096, QI-098.
[561] ဤအပိုင်း၊ အခန်း က-၅။ လွတ်လပ်ခွင့် ဥပဒေမဲ့ ရုတ်သိမ်းခြင်းနှင့် အဓမ္မ ပျောက်ဆုံးစေမှု ကိုကြည့်။
[562] DI-063, DI-071, PI-022
[563] DI-071.
[564] PI-011, PI-020, PI-085
[565] PI-011.

၂၇၂။ ပေါ်တာအဖြစ် လုပ်ဆောင်ရသော လူပုဂ္ဂိုလ်များကို မကြာခဏပင် လက်နက်ခဲယမ်းများ ထမ်းခိုင်းပြီး[566] လူပုဂ္ဂိုလ်တစ်ဦးက သူ့ကို သေနတ်ထဲကို ကျည်ဆံထည့်ခိုင်းခဲ့သည်ဟု ပြောပြသည်။[567]

၂၇၃။ မစ်ရှင်ကို အစီရင်ခံသော အချို့ဖြစ်ရပ်များတွင် လူပုဂ္ဂိုလ်များသည် တပ်မတော်တွင် အတင်းအဓမ္မ လူသစ်စုဆောင်းရန်အတွက် သူတို့၏ ကျေးရွာများမှ ခေါ်ဆောင်ခြင်းခံရသည်။[568] ထိုလူပုဂ္ဂိုလ်များထဲမှ တစ်ဦးသည် ကလေးဖြစ်သည်။[569] မည်သို့ပင်ဖြစ်စေ အစီရင်ခံတင်ပြသည့် ကာလတစ်လျှောက်လုံးတွင် မစ်ရှင်က ရရှိသော အချက်အလက်များက တပ်မတော်သည် လူကြီးနှင့် ကလေးများကို အတင်းအဓမ္မလူသစ်စုဆောင်းကြောင်း ညွှန်ပြနေသည်။[570] အရွယ်ရောက်ပြီးသူများအား တပ်သားသစ် စုဆောင်းခြင်းနှင့် ပတ်သက်၍ ယင်းတို့နှင့် အခြား ဖြစ်ရပ်များသည် အဓမ္မ လုပ်အား ဖြစ်မဖြစ် သို့မဟုတ် ဥပဒေမဲ့ သို့မဟုတ် ဥပဒေနှင့် မညီသော (ဥပမာ- ဥပဒေက ပြဌာန်းထားခြင်းမရှိ။ ဥပဒေနှင့် ကိုက်ညီခြင်းမရှိသောနည်းလမ်းဖြင့် အကောင်အထည်ဖော်သည်။ လူသစ်များအတွက် လုပ်ငန်းများနှင့် စည်းကမ်းများသည် စစ်တပ်လိုအပ်ချက်နှင့် အစီအစဉ်များအပေါ် အခြေခံခြင်းမရှိ၊ သို့မဟုတ် တရားရုံးတွင် တရားစွဲဆို ဖြေရှင်းနိုင်ခြင်းမရှိ။) ပုံစံဖြင့် လုပ်ဆောင်ခြင်း ဖြစ်မဖြစ်တို့ကို စစ်ဆေးရန် လိုအပ်သည်။ မစ်ရှင်အနေဖြင့် ကလေးစစ်သားစုဆောင်းမှုကိစ္စကို ဖြေရှင်းရန် ကြိုးစားမှုများ လုပ်ဆောင်နေသည်ကို သတိပြုမိသည်။[571] ၂၀၁၂ ခုနှစ်တွင် အစိုးရနှင့် ကုလသမဂ္ဂတို့အကြား ကလေးစစ်သား စုဆောင်းခြင်းနှင့် အသုံးပြုခြင်း အဆုံးသတ်ရန် ပူးတွဲလုပ်ငန်း စီမံချက်ကို လက်မှတ်ရေးထိုးခဲ့ကြသည်။ ၂၀၁၈ ခုနှစ်တွင် စီမံချက်ကို လက်မှတ်ရေးထိုးချိန်မှစ၍ စုစုပေါင်း လွှတ်ပေးသည့် ကလေးအရေအတွက်မှာ ၉၂၄ ဦးကျော်ရှိကြောင်း သိရသည်။[572] ၂၀၁၈ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ ကလေးများနှင့် လက်နက်ကိုင်ပဋိပက္ခ အစီရင်ခံစာတွင် ကလေးများကို လူသစ်စုဆောင်းခြင်းနှင့် အသုံးပြုခြင်း စာရင်းတွင် ဆက်လက်ရှိနေခဲ့သော်လည်း အစီရင်ခံတင်ပြသည့် ကာလအတွင်း ကလေးကာကွယ်မှုတိုးမြှင့်ရန် အရေးယူဆောင်ရွက်မှုများ ချမှတ်နေသည်ကို အသိအမှတ် ပြုထားသည်။[573]

### (၇)အဓမ္မရွှေ့ပြောင်းစေခြင်း၊ ပိုင်ဆိုင်မှုများကို သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း၊ နှင့် လူသားချင်းစာနာမှု အကူအညီများအား ငြင်းကွယ်ခြင်း။

၂၇၄။ တိုက်ပွဲများဖြစ်ပွားနေသည့် ပဋိပက္ခနေရာတွင်သာမကပဲ ကချင်နှင့် ရှမ်းပြည်နယ်အတွင်းရှိ အရပ်သားပြည်သူများ၏ အကျိုးစီးပွားနှင့် စားဝတ်နေရေးအပေါ် လုံးဝအမှုမထားခြင်းကို သွားလာလှုပ်ရှားမှု ကန့်သတ်ခြင်း နှင့် အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း နှင့် လူသားချင်းစာနာမှုအကူအညီများ ငြင်းပယ်ခြင်းတို့ကို စနစ်တကျ ပြုလုပ်နေသော ပုံစံများက ပိုမို ဖော်ပြလျက်ရှိသည်။

---

566 DI-063, DI-064, PI-022, PI-076, PI-080, PI-096, PI-099

567 PI-080.

568 PI-012, PI-016, PI-080, PI-081

569 PI-016.

570 K-070, K-072

571 ကလေးများအား မည်သည့်အခါမျှ လက်နက်ကိုင် အဖွဲ့အစည်းများအတွင်း စုဆောင်းခြင်းမပြုရ။ ယင်းသည် အနိမ့်ဆုံး အသက် ၁၅ နှစ်အောက်ကို လွှမ်းခြုံသည်။ အသက် ၁၅ နှစ်နှင့် အထက်ကလေးများအား သဘောဆန္ဒအလျောက် စစ်သားစုဆောင်းခြင်းကို နိုင်ငံတကာ ဥပဒေက တားမြစ်ခြင်းမရှိသော်လည်း အသက် ၁၈ နှစ် နှင့် အနီးစပ်ဆုံး ရှိသူများကိုသာ စစ်သားစုဆောင်းရန် ဦးစားပေးရမည်။ CRC၊ ပုဒ်မ ၂၈ (၂)(၃) ကိုကြည့်။

572 ယူနီဆက်၊ "မြန်မာလက်နက်ကိုင်တပ်ဖွဲ့များမှ ကလေးနှင့် လူငယ် ၇၅ ဦး ပြန်လွှတ်ပေး" (၂၀၁၈ စက်တင်ဘာ ၃) Also, S/2017/1099

573 A/72/865, S/2018/465.

**(က)ဥပဒေ မူဘောင်**

၂၇၅။ စစ်ရေးဆိုင်ရာလိုအပ်မှု အကြောင်းရင်းကြောင့် သို့မဟုတ် ပတ်သက်သော အရပ်သားများ၏လုံခြုံမှုကို ကာကွယ်ရန် လိုအပ်ချက်ကြောင့် ရွှေ့ပြောင်းခြင်း မဟုတ်ပါက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သော အဖွဲ့ဝင် အဖွဲ့အစည်းသည် အရပ်သားပြည်သူများ၏ နေရာရွှေ့ပြောင်းမှု ဖြစ်စေပါက နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်။[574] ဤရွှေ့ပြောင်းမှုများတွင် ရုပ်ပိုင်ဆိုင်ရာအင်အားဖြင့် ဖြစ်စေသော အတင်းအဓမ္မ ရွှေ့ပြောင်းစေခြင်း၊ "အကြမ်းဖက်မှုကို ကြောက်ရွံ့ခြင်း၊ ဖိအားပေးမှု၊ ထိန်းသိမ်းမှု၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု သို့မဟုတ် ထိုလူပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂိုလ်များအပေါ် အာဏာ အလွဲသုံးမှု သို့မဟုတ် ဖိအားဖြစ်စေသော ပတ်ဝန်းကျင်ကို အခွင့်ကောင်းယူခြင်းအားဖြင့် ဖြစ်စေသော ခြိမ်းခြောက်မှု သို့မဟုတ် ဖိအားပေးမှု" တို့ ပါဝင်သည်။[575] ပဋိပက္ခတွင်ပါဝင်သောအဖွဲ့အစည်းများသည် နိုင်ငံတကာဥပဒေ အောက်တွင် သူတို့၏တာဝန်များအပေါ် လေးစားမှုကို အာမခံချက်ပေးရန်လည်း တာဝန်ရှိသည်။ သို့မှသာ သူတို့ကိုယ်တိုင် ပြုလုပ်သောအပြုအမူကြောင့် ရွှေ့ပြောင်းမှုများမဖြစ်ရန် တားဆီးနိုင်မည်ဖြစ်သည်။[576] နိုင်ငံရပ်ခြားနှင့်မဟုတ်သော လက်နက်ကိုင် ဋ္ဌိပက္ခတွင် အရပ်သားများကို ဥပဒေနှင့်မညီသော လွှဲပြောင်းမှု၊ နေရပ်ပြန်ပို့ခြင်း သို့မဟုတ် နေရာ ရွှေ့ပြောင်းစေခြင်းတို့သည် စစ်ရာဇဝတ်မှု သို့မဟုတ် လူသားချင်းစာနာမှုကို ဆန့်ကျင်သော ရာဇဝတ်မှုမြောက်နိုင်သည်။[577]

၂၇၆။ တိုက်ပွဲနယ်မြေကို ရှင်းလင်းရန် မဖြစ်မနေလိုအပ်ချက်ကြောင့် ရွှေ့ပြောင်းရန် အမိန့်ပေးရမည် ဆိုလျှင်ပင် အဖွဲ့အစည်းသည် အကာအကွယ်ပေးရမည့် လူပုဂ္ဂိုလ်များအတွက် ကောင်းမွန်သော နေရာထိုင်ခင်းနှင့် "တကိုယ်ရေသန့်ရှင်းမှု၊ ဘေးကင်းလုံခြုံမှုနှင့် အဟာရတို့၏ ကျေနပ်လောက်သောအခြေအနေများ"ဖြစ်စေရန် လွှဲပြောင်းခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းကို အဖြစ်နိုင်ဆုံး အမြင့်မားဆုံးသော အတိုင်းအတာအတွက် အာမခံရမည်။[578] ရွှေ့ပြောင်းခံရသော ပုဂ္ဂိုလ်များတွင် သူတို့၏ ရွှေ့ပြောင်းမှု ဆက်လက်တည်ရှိရန် လိုအပ်ချက်များ အဆုံးသတ်သွားသည်နှင့် တပြိုင်နက် သူတို့၏ နေအိမ်များသို့ သို့မဟုတ် ပုံမှန်နေရပ် နေရာများသို့ ဘေးကင်းလုံခြုံစွာနှင့် ဆန္ဒအလျောက် ပြန်ရန် အခွင့်အရေးရှိသည်။

၂၇၇။ ပဋိပက္ခ အခြေအနေအတွင်းနှင့် ယင်းနှင့်သက်ဆိုင်သော အခြေအနေအတွင်း လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်သော အဖွဲ့အစည်းသည် အောက်ပါတို့ကို ပြုလုပ်ပါက နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေကို ချိုးဖောက်ခြင်း ဖြစ်သည်။ (၁) ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းဆည်းခြင်းသည် မဖြစ်မနေ စစ်ရေးဆိုင်ရာ လိုအပ်ချက် မဟုတ်ပါက ဆန့်ကျင်ဘက်၏ ပိုင်ဆိုင်မှုများကို ဖျက်ဆီးခြင်း သို့မဟုတ် သိမ်းပိုက်ခြင်း၊[579] (၂) ထိုလုပ်ဆောင်သောအချိန်တွင် စစ်ရေးရည်မှန်းချက်အတွက် မဟုတ်ပါဘဲ အရပ်ဘက် ပစ်မှတ်များကို တိုက်ခိုက်ခြင်း၊[580] (၃) မြို့ပြ

---

[574] ICRC/Customary IHL, rule 129B.

[575] ICTY၊ ဥပဒေဝန်ထမ်း နှင့် စတာကီ၊ ←IT-97-24-T၊ အယူခံ ဆုံးဖြတ်ချက်။ ၂၀၀၆ မတ် ၂၂ ရက်၊ စာပိုဒ် ၂၈၁။ ဤအသုံးအနှုန်းကို ICC ရာဇဝတ် အစိတ်အပိုင်းများ၊ ပုဒ်မ ၇ (၁)(ဃ) ၊ အောက်ခြေမှတ်စု၊ တွင် လက်ခံ ဖော်ပြထားသည်။

[576] ပြည်တွင်း ဒုက္ခသည်များအပေါ် လမ်းညွှန်ဥပဒေသများ (E/CN.4/1998/53/Add.2) ၊ ဥပဒေသ ၅။ ICRC/Customary IHL၊ စည်းမျဉ်း ၁၂၉ တွင်လည်းကြည့်။

[577] အပိုင်း ၈၊ နိုင်ငံတကာ ဥပဒေအောက်မှ ရာဇဝတ်မှုများ ကြည့်။

[578] ICRC/Customary IHL, rule 131.

[579] ICRC/Customary IHL, rule 50.

[580] ICRC/Customary IHL, rule 10.

သို့မဟုတ် ကျေးရွာများ၏ ပစ္စည်းဥစ္စာများကို ပုဂ္ဂိုလ်ရေး အသုံးပြုမှုအတွက် ယူဆောင်ခြင်း၊[581] သို့မဟုတ် (၄) ဖျက်ဆီးခြင်း သို့မဟုတ် ဥပဒေနှင့်မညီသော နှင့် တရားမဝင်ယူဆောင်ခြင်း၊ သိမ်းပိုက်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုများ သို့မဟုတ် ကျန်ရစ်ခဲ့သော ပစ္စည်းများကို အသုံးပြုခြင်း တို့ကို ကာကွယ်ရန် ပျက်ကွက်ခြင်း အပါအဝင် ရွှေ့ပြောင်းခံရသူများ၏ ပိုင်ဆိုင်မှုများကို လေးစားမှုပြုရန် ပျက်ကွက်ခြင်း။[582] ထိုချိုးဖောက်ခြင်းများသည် စစ်ရာဇဝတ်မှုများ မြောက်နိုင်သည်။[583]

၂၇၈။ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေအောက်တွင် လက်နက်ကိုင်ပဋိပက္ခ၌ ပါဝင်သော အဖွဲ့အစည်းများသည် လိုအပ်နေသော အရပ်သားများအတွက် လူသားချင်းစာနာမှုဆိုင်ရာ ကယ်ဆယ်မှုများကို လျင်မြန်စွာနှင့် ပိတ်ပင်တားဆီးမှု ကင်းမဲ့စွာ ခွင့်ပြုရန် နှင့် ချောမွေ့စေရန် ကူညီရန် လိုအပ်သည်။ အောက်ပါအခြေအနေများတွင် ယင်းတို့ကို ချိုးဖောက်သည်။ (၁) အရပ်သားများထံ လူသားချင်းစာနာမှုအကူအညီများ ရောက်ရှိမှုကို တားဆီးခြင်း၊ သို့မဟုတ် (၂) လူသားချင်းစာနာမှုကယ်ဆယ်ရေး လုပ်ငန်းများကို လုပ်ဆောင်နိုင်ရန် တရားဥပဒေနှင့် မညီပဲ ခွင့်ပြုရန် ငြင်းပယ်ခြင်း၊ သို့မဟုတ် (၃) စစ်ရေး လိုအပ်ချက်အရ ယာယီမဟုတ်ပဲ လူသားချင်းစာနာမှု အထောက်အကူပြုသော ဝန်ထမ်းများ၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ခြင်းတို့ ဖြစ်သည်။[584]

**(ခ)တွေ့ရှိချက်များ**

*အရပ်သားပြည်သူများ၏ သွားလာလှုပ်ရှားမှုနှင့် ဆက်နွယ်သည့် ချိုးဖောက်မှုများ*

၂၇၉။ တပ်မတော်က လူပုဂ္ဂိုလ်များကို သူတို့၏ကျေးရွာများမှ ထွက်ခွာရန် အမိန့်များ ပေးခြင်း၊ နေရပ်သို့ပြန်ခြင်းကို ရုပ်ပိုင်းဆိုင်ရာအရ တားမြစ်ခြင်း၊ သို့မဟုတ် နေရပ်ရင်းမပြန်ရန် အမိန့်ပေးခြင်းတို့အပေါ် ထွက်ဆိုချက်များကို မစ်ရှင်က ရရှိခဲ့သည်။[585] ဥပမာ- ရှမ်းပြည်နယ် လွယ်လင်ခရိုင်မှ လူတစ်ဦးက ၂၀၁၁ နိုဝင်ဘာလတွင် တပ်မတော်က သူတို့ကျေးရွာသို့ ရောက်လာပြီး ရွာသားများကို "မင်းတို့ တောင်ယာလုပ်ခွင့်မရှိတော့ဘူး၊ မင်းတို့အားလုံး ရွာကနေ ချက်ချင်းထွက်ရမယ်။ ဒါမှမဟုတ်ရင် မင်းတို့အိမ်တွေကို ငါတို့မီးရှို့မယ်" ဟု ပြောခဲ့ကြောင်း ပြန်ပြောပြသည်။[586] နောက်ပိုင်းတွင် တပ်မတော်စစ်သားများက ကျေးရွာရှိ အခြားသောအိမ်များနှင့်အတူ သူ့အိမ်ကို မီးရှို့ခဲ့သည်။ နောက်ဖြစ်ရပ်တစ်ခုတွင် ၂၀၁၃ ခု ဖေဖော်ဝါရီလအတွင်းတွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်က ကျေးရွာတစ်ရွာသည် တပ်မတော်၏ တိုက်ခိုက်မှုကို ခံရပြီး အိမ်ငါးလုံး မီးရှို့ဖျက်ဆီးခံရသည်။ ရွာသားများက ထွက်ပြေးလွတ်မြောက်ခဲ့ပြီး နောက်ပိုင်း ပြန်လာခဲ့သော်လည်း စစ်သားများက ရွာအဝင်လမ်းကို ပိတ်ထားလိုက်ပြီး အရပ်သားများကို ဖြတ်သန်းသွားလာခွင့်မပြုသည့်အတွက် ပြန်သွားရန် မဖြစ်နိုင်ကြောင်း တွေ့ရှိခဲ့ကြသည်။[587]

[581] ICRC/Customary IHL, rule 52.

[582] ICRC/Customary IHL, rule 133၊ ပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များအတွက် လမ်းညွှန် ဥပဒေသများ (E/CN.4/1998/53/Add.2 )၊ ဥပဒေသ ၂၁(၃)

[583] အပိုင်း ၈၊ ဂ။ စစ်ရာဇဝတ်မှုများ ကြည့်။

[584] ICRC/Customary IHL, rule 55 and 56.

[585] PI-026, PI-042, PI-082, PI-087, PI-104, V-123, V-124

[586] PI-082.

[587] PI-026.

၂၈၀။ အခြားလူပုဂ္ဂိုလ်များက သူတို့ကျေးရွာများရှိ အခြေအနေများမှာ အလွန်ခက်ခဲသဖြင့် ဆက်လက်နေထိုင်ရန် သို့မဟုတ် တိုက်ခိုက်မှုများကို ထွက်ပြေးတိမ်းရှောင်ပြီး ပြန်လည်သွားရောက်ရန် မဖြစ်နိုင်သည်ကို ပြန်လည်တွက်ဆကြသည်။ ရည်ရွယ်ချက်ရှိရှိ ဖျက်ဆီးခြင်း၊ သို့မဟုတ် အရပ်သားအိမ်များကို မီးရှို့ခြင်းများ[588] အပါအဝင် အရပ်သား ပိုင်ဆိုင်မှုများကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လုယူခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားနေသည့် အလေ့အထကို မစ်ရှင်အနေဖြင့် ဖော်ထုတ်တွေ့ရှိထားသည်။[589] သူတို့၏ ရွာများကို တိုက်ခိုက်မှုကြောင့် ထွက်ပြေးတိမ်းရှောင်ကြရပြီးနောက် ပြန်သွားကြသော ကျူးလွန်ခံရသူများသည် သူတို့အိမ်များနှင့် သူတို့၏လုပ်ငန်းများ ဖျက်ဆီးခံထားရသည်ကို တွေ့ရှိရပြီး သူတို့အနေဖြင့် ပြန်လည်ထွက်ခွာကြရတော့သည်။[590] ဥပမာ- ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ် ကျေးရွာတစ်ရွာမှ အမျိုးသမီးတစ်ဦးက သူတို့မိသားစုမှာ သူတို့ရွာတွင် ဆက်လက်နေထိုင်ရန် ကြိုးစားသော်လည်း ရွာမှာ ဖျက်ဆီးခံထားရပြီဖြစ်၍ သူတို့အနေဖြင့် ထွက်ခွာခဲ့ရပုံကို ပြောပြသည်။

> *၂၀၁၅ ဒီဇင်ဘာနဲ့ ၂၀၁၆ ဇန်နဝါရီမှာ လေယာဉ်ပျံတွေ အများကြီး ခေါင်းပေါ်မှာ ပျံနေတယ်။ ကျမတို့တွေ သေနတ်သံ ဗုံးသံတွေ ကြားနေကြရတယ်။ ၂၀၁၆ ဇန်နဝါရီမှာ တပ်မတော်က ကျမတို့ရွာကို တိုက်တယ်။ ရွာသားအများအပြားက ထွက်ပြေးပေမယ့် ကျမတို့က ဆက်နေဖို့ ဆုံးဖြတ်တယ်။ ဒါပေမယ့် ဖေဖော်ဝါရီမှာ တပ်မတော်စစ်သားတွေ ရွာကို ဝင်လာတယ်။ သူတို့က လူတစ်ချို့ကို ဖမ်းပြီး ကျမတို့ထွက်ပြေးတဲ့အခါ သူတို့က ကျမတို့ကို ပစ်မှတ်ရေရေရာရာမရှိပဲ သေနတ်နဲ့ လျှောက်ပစ်တယ်။ ရွာမှာ KIA မရှိဘူး- အနီးဆုံး ကင်းစခန်းက ခုနစ်နာရီ ဝေးတယ်- သူတို့က အရပ်သားတွေကို ပစ်တာ။ ကျမတို့ တောထဲထွက်ပြေးတယ်။ နောက်နေ့မနက် ကျမတို့ ပြန်သွားပေမယ့် တရွာလုံး လုံးဝပျက်ဆီးနေပြီ- တချို့နေအိမ်တွေက မီးလောင်သွားပြီး ကျန်တာတွေက ကန်လှဲထားကြတယ်။ အခြေအနေက ခံနိုင်ရည်မရှိတာနဲ့ ကျမတို့တွေ ထွက်ခဲ့ရတယ်။*[591]

၂၈၁။ ၂၀၁၂ ခုနှစ် ရှမ်းပြည်နယ် နမ္မတူ မြို့နယ်က သူ့ရွာကနေထွက်ခဲ့ရတဲ့ နောက်တစ်ဦးကတော့ ရည်ရွယ်ချက်ရှိရှိ စားရေရိက္ခာတွေကို ဖျက်ဆီးသွားသည့်အတွက် ရပ်တည်ရေး ခက်ခဲတာကြောင့် စစ်ရှောင် ဒုက္ခသည် စခန်းတစ်ခုကို ရွှေ့ပြောင်းခဲ့ရပုံကို ပြောပြသည်။

> *တပ်မတော်က ကျနော်တို့နားမှာ စခန်းကြီးအကြီးကြီးရှိပြီး တိုက်ပွဲတွေ အများကြီးဖြစ်တယ်။ စစ်တပ်က ကျွန်တော်တို့ ဆန်လှောင်ထားတာကို လာကြည့်ပြီး အဲဒါတွေကို ဖျက်ဆီးပစ်တယ်။ အကူအညီပေးတဲ့ အဖွဲ့တွေက သတ်မှတ်ချက်အတိုင်း ဝေပေးတဲ့အခါ စစ်တပ်က လာပြီး အဲဒါတွေကိုလည်း ဖျက်ဆီးပစ်တယ်။ သူတို့က ကျနော်တို့ ဝက်တွေကိုတောင် သတ်သွားသေးတယ်။ ကျနော်တို့ ထွက်လာတာ ကျနော်တို့မှာ စားစရာ မရှိတော့လို့။ - စစ်တပ်က ကျနော်တို့ရွာကို မရပ်တည်နိုင်အောင် လုပ်တယ်။*[592]

---

588 DI-058, DI-066, PI-026, PI-029, PI-049, PI-080, PI-082, PI-086, PI-087, QI-092, QI-094

589 ဤအပိုင်း၊ အခန်း က-၁။ အရပ်သား အသက်နှင့် ပိုင်ဆိုင်မှုများအား ပြောင်ပြောင်တင်းတင်း အလေးမထားသည့် တိုက်ခိုက်မှု စည်းမျဉ်းစည်းကမ်းများ ကိုကြည့်။

590 PI-029, PI-080, PI-087, QI-092

591 PI-087.

592 PI-035.

၂၈၂။ ရွှေ့ပြောင်းမှုများဖြစ်ပွားသည့် အခြေအနေတွင် ယင်းသို့ ရွှေ့ပြောင်းမှုများအတွက် စစ်တပ် သို့မဟုတ် လုံခြုံရေးဆိုင်ရာ အကြောင်းပြချက် မရှိမဖြစ် လိုအပ်ချက်ရှိမနေသည်ကို ခိုင်ခိုင်လုံလုံ ညွှန်ပြနေသည်။ အထက်တွင် ရှင်းပြထားသည့်အတိုင်း တပ်မတော်သည် ရည်ရွယ်ချက်ရှိစွာ၊ မကြာခဏနှင့် စနစ်ကျစွာ အရပ်သားပြည်သူများ သို့မဟုတ် အရပ်သားလူပုဂ္ဂိုလ်များကို သတ်ဖြတ်မှုများ၊ နှိပ်စက်ညှင်းပမ်းမှုများ နှင့် လိင်အကြမ်းဖက်မှုအပါအဝင် အရပ်သား ပြည်သူများကို ထိတ်လန့်ကြောက်ရွံ့အောင် တိုက်ခိုက်မှုများအား ညွှန်ကြားခဲ့သည်။ ယင်းနည်းလမ်းများနှင့် အလေ့အထများသည် အစီရင်ခံစာ စုစည်းသည့် ကာလအတွင်း ကချင်နှင့် ရှမ်းပြည်နယ်များတွင် ကြီးမားသော အတိုင်းအတာ ရွှေ့ပြောင်းစေမှုများကို မီးထိုးပေးခဲ့ပြီး မိမိ၏ကိုယ်ပိုင်အပြုအမူများကြောင့် ဖြစ်ပေါ်ခဲ့သော ရွှေ့ပြောင်းမှုများကို တားဆီးရန် အပါအဝင် တာဝန်ဝတ္တရားများကို ထမ်းဆောင်ရာတွင် နိုင်ငံတကာဥပဒေအောက်တွင် တပ်မတော်သည် လုံးဝမအောင်မြင်မှုကို ပြသနေသည်။ ရှမ်းပြည်နယ် မူဆယ်မြို့နယ်မှ လူတစ်ဦးက "အခု ဘယ်သူမှ ကျနော်တို့ရွာမှာ မနေဘူး၊ ဘာလို့လဲဆို တပ်မတော်က ခဏခဏလာလို့။ ဘယ်သူမှ အဲဒီမှာ ဆက်မနေချင်တော့ဘူး။ ဒါကြောင့်သူတို့ ရွှေ့ပြောင်းကြတယ်။ ယောကျ်ားနဲ့ မိန်းမတွေအတွက် ဘေးမကင်းတော့ပဲ ကျနော်တို့ ခုထိ ပြန်မသွားရဲသေးဘူး။"[593]

၂၈၃။ မြန်မာနိုင်ငံမြောက်ပိုင်းတွင် ရွှေ့ပြောင်းစေခြင်းနှင့် ကျေးရွာလုံးကျွတ် ဖျက်ဆီးခြင်းများကို ၂၀၁၁ ခုနှစ် မတိုင်မီကာလများကတည်းက ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ကြောင်း အစီရင်ခံချက်များကို မစ်ရှင်က နောက်ထပ်မှတ်သားရသည်။[594]

၂၈၄။ ဘေးကင်းလုံခြုံမှုမရှိသော နယ်မြေများမှ ထွက်ခွာလိုသည့် အရပ်သားများမှာ ထိုသို့လုပ်ရန် တားဆီးခံရသည် သို့မဟုတ် ဘေးကင်းလုံခြုံသော လမ်းကြောင်းကို ငြင်းပယ်ခံရသည်ဆိုသည့် ဖြစ်ရပ်များအပေါ်တွင် မစ်ရှင်က သတင်းအချက်အလက်များ ရရှိသည်။ ယင်းတွင် အနည်းဆုံး ဖြစ်ရပ်တစ်ခု၌ တပ်မတော်ကိုယ်တိုင်က ရွှေ့ပြောင်းရန် တိုက်ရိုက် အမိန့်ပေးထားခဲ့သည်။[595] ထိုဖြစ်ရပ်မှာ ၂၀၁၇ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ကချင်ပြည်နယ် တနိုင်းမြို့နယ်တွင် လူပေါင်း ၁၀၀, ၀၀၀ ခန့်နေထိုင်သည်ဟု ခန့်မှန်းရသော နယ်မြေအကျယ်ကြီးမှ ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်နောက်ဆုံးထား ထွက်ခွာကြရန် တပ်မတော်က လက်ကမ်းစာစောင်များ ကြဲချခဲ့သည်။ အဘယ်ကြောင့်ဆိုသော် တပ်မတော်သည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"ကို ခွင့်ပြုချက်မရှိသော မော်တူးဖော်မှုများကြောင့် သဘာဝပတ်ဝန်းကျင် ပျက်ဆီးရသဖြင့် လုပ်ဆောင်ရန် ရှိသောကြောင့် ဖြစ်သည်။[596] လက်ကမ်းစာစောင်တွင် ပါဝင်သော စာသားမှာ အောက်ပါအတိုင်း ဖြစ်သည်။

> *တနိုင်းမြို့နယ် အတွင်းရှိ (ပယင်းမော် ၁၀ ခုအမည်) မော်များမှာ နိုင်ငံတော်မှ တရားဝင် ခွင့်ပြုထားသည့် မော်များ မဟုတ်ဘဲ ရွှေ/ပယင်း တူးဖောခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ပျက်စီးစေသည့်အပြင် တနိုင်းဒေသ၏ ဂေဟစနစ်ကိုပါ*

---

[593] QI-095.

[594] ဥပမာ- ၂၀၁၀ တွင် ထိုအချိန်က မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေအပေါ် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် သောမတ်စ်ကွင်တားနားက ၁၉၉၆ ခုနှစ်မှစ၍ မြန်မာနိုင်ငံအရှေ့ပိုင်းတွင် ကျေးရွာပေါင်း ၃,၅၀၀ ကျော် ဖျက်ဆီးမှုနှင့် အဓမ္မရွှေ့ပြောင်းမှုများနှင့် ပုန်းရှောင်နေရာများကို လူသားချင်းစာနာမှု နှင့် လူ့အခွင့်အရေး အဖွဲ့များက မှတ်တမ်းတင်ထားသည်ဟု ပြောခဲ့သည်။ See A/HRC/65/368, para. 49; for similar figures, see A/61/369, para. 44 and A/HRC/4/14, အပိုဒ် ၅၄

[595] K-063.7, K-063.8, PI-049, PI-103 ဤအပိုင်း၊ အခန်း က-၈။ သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ (တနိုင်း) ကြည့်

[596] မစ်ရှင်က မိတ္တူများကို ဖိုင်တွဲထားသည်။

*ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေသောကြောင့် တပ်မတော်မှ မကြာမီနယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။*

*သို့ပါ၍ မော်များအတွင်း နေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများ အနေဖြင့် ၂၀၁၇ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ နောက်ဆုံးထားပြီး ထွက်ခွာရန်နှင့် ထွက်ခွာခြင်းမရှိပါက KIA (ကချင်) အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းနေသည့်သူများအဖြစ် သတ်မှတ်မည်ဖြစ်ပြီး နယ်မြေရှင်းလင်းသည့်အခါ ပြည်သူများ သေဆုံး ထိခိုက် ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လာမည်ကို မလိုလားသဖြင့် ယခုကဲ့သို့ ကြိုတင်အသိပေး အကြောင်းကြားခြင်း ဖြစ်ပါသည်။*

၂၈၅။ ထိုသို့ ကျယ်ပြန့်သောအမိန့်ပေးရန် စစ်ရေးအရ လိုအပ်ချက်ကို မြင်နိုင်ရန် ခက်ခဲသည်။ လက်ကမ်းစာစောင်များတွင် သွယ်ဝိုက် ခြိမ်းခြောက်မှု ပါဝင်ပြီး အရပ်သားများနှင့် တိုက်ခိုက်ရေးသမားများကို ရောနှောထားပုံရသည်။ မည်သည့် ဖြစ်ရပ်တွင်မျှ တပ်မတော်က သေချာလွှဲပြောင်းမှု၊ ထွက်ခွာမှုနှင့် အရပ်သားများအတွက် နေရာထိုင်ခင်းတို့ကို စီစဉ်ပေးခြင်းလည်း မရှိပေ။ ထိုအစား ထွက်ပေါက်ငါးခုအနက်မှ လေးခုကို ပိတ်ဆို့ထားပြီး ယုံကြည်ရလောက်သော အချက်အလက်များက အချို့သော ရွှေ့ပြောင်းရသည့်လူပုဂ္ဂိုလ်များသည် သူတို့အနေဖြင့် တနိုင်းမြို့ကို မသွားပဲ တိုက်ခိုက်မှုများရှိနေသော ပဋိပက္ခနယ်မြေဖြစ်သည့် ဘေးအန္တရာယ်မကင်းသော ခေါင်းရ (ပေါက်၀) ကိုသာ သွားပါမည်ဟူသော ကတိပြုချက်ဖြင့်သာ ထွက်ခွာခွင့်ကို ပြုခဲ့ကြောင်း ညွှန်ပြနေသည်။[597]

၂၈၆။ သိပ်မကြာသေးမီက ဖြစ်ရပ်တစ်ခုတွင် တပ်မတော်က ထွက်ပြေးလာသော ရွာသားများကို လုံခြုံရေးစိုးရိမ်မှုများကြောင့် မပြန်လိုသော်လည်း သူတို့ရွာသို့ အတင်းအဓမ္မ ပြန်နိုင်းကြောင်း မစ်ရှင်က သိပ်မကြာသေးမီက နောက်ထပ်ယုံကြည်စိတ်ချရလောက်သော သတင်းအချက်အလက်များရရှိသည်။[598] ကချင်ပြည်နယ် ဖားကန့်မြို့နယ်ရှိ မန်ဝီနှင့် လိုင်နောင်ဗူး ကျေးရွာများမှ အမျိုးသမီးတစ်ဦးနှင့် အခြား လူ၁၆၀ တို့ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း သူတို့ရွာမှ ထွက်ပြေးလာခဲ့ပြီး စစ်တပ်မှ ရက်ပေါင်းများစွာ ထိန်းသိမ်းထားပြီးနောက် သူတို့ဆန္ဒမပါပဲ အတင်းအဓမ္မ ပြန်နိုင်းခဲ့သည်ကို ထိုအမျိုးသမီးက ပြောပြသည်။

*ကျမတို့ ၂၀၁၈ ဧပြီ ၁၁ ရက်က ကျမတို့ရွာက ထွက်ပြေးလာပြီး ၂၀၁၈ ဧပြီ ၁၂ ရက်နေ့မှာ တောထဲမှာ တပ်မတော်နဲ့ တွေ့တယ်။ သူတို့က ကျမတို့ကို တားထားပြီး မေးခွန်းတွေ မေးတယ်။ သူတို့က ကျမတို့ကို သူတို့အတွက် ထမင်းချက်ခိုင်းတယ်၊ တဲဆောက်ခိုင်းတယ်။ ကျမတို့ အိပ်မလို့လုပ်တဲ့အချိန်မှာ သူတို့က ကျမတို့ကို နောက်တခါ နေရာရွှေ့ခိုင်းတယ်။ ကျမတို့ကို ထရပ်ကားဆီ လမ်းလျှောက်သွားခိုင်းပြီး ကွင်းတနေရာကို မောင်းသွားတယ်။ ကျမတို့ကို သူတို့နဲ့ အတူ ၅ ရက်နေခိုင်းပြီး KIA အကြောင်း မေးခွန်းတွေ မေးတယ်။ ကျမတို့မှာ အစားအစာ အလုံအလောက် မရှိတော့လို့ တစ်ရက်ကို တစ်နပ်ပဲ စားရတယ်။ ၂၀၁၈ ဧပြီ ၁၆ ရက်နေ့မှာ တပ်မှူးက ကျမတို့ရွာပြန်ရမယ်လို့ ကျန်မတို့ကို ပြောတယ်။ ကျမတို့က မပြန်ချင်ဘူး၊ ဘာလို့ဆို အဲဒီမှာ မလုံခြုံဘူးလေ၊ ဒါပေမယ့် တပ်မှူးက အတင်းပြန်နိုင်းတယ်။ စစ်သားတွေက ရွာရောက်တဲ့ အထိ ကျမတို့ ပြန်တာ သေချာအောင်*

---

[597] K-063.7, PI-049

[598] K-063.9, PI-104, V-135

*လိုက်ကြည့်တယ်။ ကျမတို့ ရွာကို ပြန်ရောက်တဲ့အခါ စစ်သားတွေက ကျမတို့ရဲ့တိရစ္ဆာန်တွေနဲ့ ပစ္စည်းတွေကို ယူသွားတယ်။*[599]

၂၈၇။ ယင်းနောက်တွင် ဆက်လက်ဖြစ်ပွားနေသည့် ပဋိပက္ခကြောင့် သူတို့သည် ရွာမှ နောက်တကြိမ်ထွက်ခွာခဲ့ရသော်လည်း တပ်မတော်က သူတို့ကို ဒုက္ခသည်စခန်း တည်ဆောက်ခွင့်မပေးသောကြောင့် သူတို့မှာ ဒေသခံဘုရားကျောင်းတွင် နေထိုင်ကြရသည်။ နောက်ပိုင်းတွင် နယ်မြေအတွင်း တိုက်ခိုက်မှု ရပ်ဆိုင်းသွားခဲ့ပြီး ရွာသားများက သူတို့ရွာသို့ ပြန်သွားလိုကြသည်။ သို့ရာတွင် တပ်မတော်က သူတို့ကို ရွာပြန်ခွင့်မပေးခဲ့ပေ။ အခြားဖြစ်ရပ်များတွင်လည်း ရွှေ့ပြောင်းဒုက္ခသည်များက ရွာပြန်ရန် သက်တောင့်သက်သာ မရှိသေးမီတွင် တပ်မတော်က သူတို့ကို ရွာပြန်ရန် အတင်းဖိအားပေးသည်များရှိကြောင်း မစ်ရှင်က နောက်ပိုင်းတွင် သိရသည်။[600]

၂၈၈။ သွားလာလှုပ်ရှားမှုအပေါ် အထွေထွေကန့်သတ်မှုများသည်လည်း အရပ်သားများအပေါ် စားဝတ်နေရေးနှင့် အခြေခံဝန်ဆောင်မှုများ ရရှိစေနိုင်သည့် လုပ်ကိုင်နိုင်စွမ်းအပေါ် သိသာထင်ရှားသောသက်ရောက်မှု ရှိသည်။[601] သွားလာလှုပ်ရှားမှုအပေါ် တရားဝင်ကန့်သတ်မှုများတွင် ဂိတ်များ၊ စာရွက်စာတမ်းစစ်ဆေးခြင်းများ နှင့် ညအထွက်ရအမိန့်များ ပါဝင်သည်။[602] ထို့အပြင် ဖြစ်ရပ်တစ်ခုတွင် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် ရှမ်းပြည်နယ် မူဆယ်မြို့နယ်၊ မုံးကိုးမြို့၏ အရပ်သားများကို မြို့တွင်နေထိုင်သူ ဖြစ်ကြောင်း သက်သေခံကပ်ပြားများ ထုတ်ပေးခဲ့ပြီး ကပ်ပြားကိုင်ဆောင်ထားသူများကိုသာ ဝင်ထွက်ခွင့်ပြုခဲ့သည်။[603] လူပုဂ္ဂိုလ်များက တောင်ယာ သို့မဟုတ် လက်ဖက်ခင်းများသို့ အပါအဝင် လှုပ်ရှားသွားလာမှုများကို အနီးအနားရှိ တိုက်ပွဲများ သို့မဟုတ် မြေမြှုပ်မိုင်းများကြောင့် သူတို့ကိုယ်တိုင်သူတို့ ကန့်သတ်ရခြင်းများရှိကြောင်းလည်း ပြောပြကြသည်။[604] ဥပမာ- ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ အမျိုးသမီးတစ်ဦးက ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ တိုက်ပွဲများအတွင်း လွှက်စိုက်ခင်းများသို့ သူမ မသွားနိုင်ခဲ့ကြောင်း ပြောပြသည်။ သူ့ရွာတွင် ညနေ ၆ နာရီမှ မနက် ၆ နာရီ ညမထွက်ရ အမိန့်ထုတ်ပြန်ထားပြီး ညမထွက်ရ သတ်မှတ်ချိန်တွင် အပြင်အပတွင် တွေ့ပါက သေနတ်ဖြင့် ပစ်ခံရမည်ဖြစ်ကြောင်း ရှင်းပြသည်။[605] တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများက ထုတ်ပေးထားသည့် အသိအမှတ်ပြုစာရွက်စာတမ်းများ ကိုင်ဆောင်ထားသူများမှာ စာရွက်စာတမ်းများစစ်ဆေးမည် သို့မဟုတ် သူတို့၏ လူမျိုး သွင်ပြင်ကြောင့် တားဆီးခံရမည်ကို စိုးရိမ်သောကြောင့် ပဋိပက္ခနယ်မြေများမှ ထွက်မပြေးရဲ သို့မဟုတ် ပိုင်ဆိုင်သည့်ပစ္စည်းများအား သွားရောက်မကြည့်ရဲ ဖြစ်ကြကြောင်း ယုံကြည်စိတ်ချရလောက်သော အချက်အလက်များကိုလည်း မစ်ရှင်က ရရှိသည်။[606]

*မြေသိမ်းမှုနှင့် စစ်ရှောင်များ၏ ပစ္စည်း ပိုင်ဆိုင်ခွင့် ချိုးဖောက်ခြင်း*

၂၈၉။ ရရှိထားသော ယုံကြည်ရလောက်သည့် အချက်အလက်များက ရွှေ့ပြောင်းသူများ၏ပစ္စည်းဥစ္စာကို လေးစားရန်တာဝန်ကို ကျယ်ကျယ်ပြန့်ပြန့် ချိုးဖောက်နေကြောင်း

---

[599] PI-104.

[600] QM-002, V-331

[601] PI-046, PI-073, PI-097, V-142 ဤအပိုင်း၊ အခန်း က-၈၊ သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ (တနိုင်း)

[602] K-064, V-142

[603] ဤအပိုင်း၊ အခန်း က-၈၊ သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ (မုံးကိုး)

[604] PI-046, PI-094, PI-097

[605] PI-097.

[606] DI-061, K-064, V-136, V-142

ပြသနေသည်။ လူပုဂ္ဂိုလ်များ ထွက်ခွာသွားပြီးနောက်တွင် အရပ်သားများ၏ဥစ္စာပစ္စည်းများကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်းနှင့် လုယူခြင်း အလေ့အထများ ရှိနေသည်။[607] အချို့သောဖြစ်ရပ်များတွင် မြေယာ သိမ်းဆည်းမှုများကြောင့် လူများမှာ သူတို့အိမ်များမှ ထွက်ခွာကြရသည်။[608] အခြားဖြစ်ရပ်များတွင် လူများထွက်ခွာပြီး စစ်ရှောင်ဒုက္ခသည်ဖြစ်သွားသည့်အခါ တပ်မတော်နှင့် အခြားအဖွဲ့အစည်းများက မြေယာများကို သိမ်းယူကြသည်။[609] ဥပမာ- ကိုးကန့် ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ လောက်ကိုင်မြို့နယ်မှ လူတစ်ဦး၏ကျေးရွာကို တပ်မတော်က ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် တိုက်ခိုက်ပြီးနောက်တွင် ရွာသားများ စစ်ရှောင်နေသည့်အခါ တပ်မတော်က သူတို့မြေများကို ယူသွားကြောင်း ပြောပြသည်။

> *၂၀၁၃ ခုနှစ် တစ်ရက်မှာ တပ်မတော်က ကျနော်တို့ ရွာကို ဝင်တိုက်ခဲ့တယ်။ ရွာလူကြီးက တိုက်ခိုက်မှုတွေ ရပ်ဖို့ စစ်သားတွေကို သွားပြီးပြောပေမယ့် သူ့ကို သတ်ပစ်လိုက်ကြတယ်။ သေနတ်တွေနဲ့ ပစ်နေတာကြောင့် ကျနော်တို့ ထွက်ပြေးပြီး တောထဲမှာတစ်ရက် သွားပုန်းနေရတယ်။ နောက်တစ်နေ့မှာ ကျနော်တို့ ရွာကို ပြန်လာပေမယ့် ကျနော်တို့ အိမ်တွေက မီးလောင်သွားပြီ။ ရွာမှာရှိတဲ့ တခြားအိမ်တွေ အားလုံးလည်း မီးလောင်သွားတယ်။ ဒါကြောင့် ကျနော်တို့ ထွက်ခဲ့ရတယ်။ ကျနော်တို့ ထွက်သွားပြီးတဲ့နောက် တပ်မတော်က ကျနော်တို့စိုက်ခင်းတွေကို ယူလိုက်တယ်။*[610]

၂၉၀။ ၂၀၁၁ ခုနှစ် ကချင်ပြည်နယ် ပိုင်းမော်မြို့နယ်မှ စစ်ရှောင်ခဲ့သည့် အခြားအမျိုးသမီးတစ်ဦးက သူတို့ရွာကို စွန့်ပစ်ထားခဲ့ရာ အခုအခါ တပ်မတော်၏ ကင်းစခန်းတစ်ခု ရှိနေကြောင်း ပြောပြသည်။[611] ကော်ပိုရေးရှင်းများ အပါအဝင် အခြားအဖွဲ့အစည်းများက စစ်ရှောင်လူပုဂ္ဂိုလ်များ၏ မြေယာများကို ရယူထားကြကြောင်း မစ်ရှင်က ယုံကြည်ရလောက်သော အချက်အလက်များ ရရှိထားသည်။[612]

၂၉၁။ အချို့ ပြည်တွင်းစစ်ဘေးရှောင်ပုဂ္ဂိုလ်များက ဖြစ်ရပ်အများစုတွင် နှစ်ပေါင်းများစွာရှိပြီဖြစ်သော သူတို့မူလရွှေ့ပြောင်းလာချိန်ကတည်းက တကြိမ်မှ ပြန်သွားနိုင်ခြင်းမရှိပဲ သူတို့မြေနှင့် ပိုင်ဆိုင်မှုပစ္စည်းများ ဘာဖြစ်သွားသည်ကို မသိရှိကြကြောင်း မစ်ရှင်ကို ပြောပြသည်။[613] စစ်ဘေးရှောင် ရွှေ့ပြောင်းရသူများသည် ပြန်ရသည့်အချိန်တွင် အခြေအနေတစ်ရပ်အဖြစ် သူတို့၏ ပိုင်ဆိုင်မှုများကို သက်သေပြနိုင်ခြင်း မရှိမည်ကို စိုးရိမ်နေကြသည်။[614] ယင်းတွင် တရားဝင် မြေပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းများ၊ ရွှေ့ပြောင်းရစဉ်အတွင်း စာရွက်စာတမ်းများ ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်ဆီးခြင်း၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းက ထုတ်ပေးထားသော အသိအမှတ်ပြုထားခြင်းမရှိသည့် ပိုင်ဆိုင်မှု စာရွက်စာတမ်းများသာ ရှိခြင်း၊ ဓလေ့ထုံးတမ်းပုံစံ မြေယာပိုင်ဆိုင်မှုများကို အသိအမှတ်ပြုမှု နည်းပါးခြင်း၊ လူများမှာ ရွှေ့ပြောင်းနေရသဖြင့် မြေယာများပေါ်တွင် လုပ်ကိုင်နိုင်ခြင်းမရှိတော့သဖြင့် အခွန်ပြေစာများ မရှိတော့ခြင်း စသည့် အတားအဆီးများ ရှိနေသည်။ အခြေအနေကို

---

[607] ဤအပိုင်း၊ အခန်း က-၁။ အရပ်သား အသက်နှင့် ပိုင်ဆိုင်မှုများအား ပြောင်ပြောင်တင်းတင်း အလေးမထားသည့် တိုက်ခိုက်မှု စည်းမျဉ်းစည်းကမ်းများ ကိုကြည့်။

[608] PI-016, PI-082, QI-082.

[609] K-142.1, K-143, PI-010, PI-055, PI-073, QI-092, QM-018, SI-002, V-144. ဤအပိုင်း၊ အခန်း ခ။ အစိုးရ မဟုတ်သော လက်နက်ကိုင်အဖွဲ့များက ကျူးလွန်သော ချိုးဖောက်မှုများနှင့် မှားယွင်းသော လုပ်ရပ်များ၏ ပုံစံများ

[610] QI-092.

[611] PI-052.

[612] K-142.1, QM-014, V-143

[613] PI-052, PI-056

[614] PI-031, V-143

နောက်ထပ်ရှုတ်ထွေးစေသည်မှာ မြေယာပိုင်ဆိုင်မှု နှင့် မြေယာအငြင်းပွားမှုဖြေရှင်းရေး ဥပဒေမူဘောင် ဖြစ်သည်။[615]

၂၉၂။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် တိုက်ပွဲများ လတ်တလောဖြစ်ပွားနေခြင်းမရှိသည့် နယ်မြေများအပါအဝင် မြေယာများမှာ တပ်မတော်က သို့မဟုတ် တပ်မတော်၏အကျိုးစီးပွားအတွက် မှန်ကန်သော လုပ်ငန်းစဉ် သို့မဟုတ် ပေးလျော်မှုမရှိပဲ သိမ်းယူခြင်းခံနေရသည်။[616] ဥပမာ ကချင်ပြည်နယ် ပူတာအိုမြို့နယ်မှ လူတစ်ဦးက ၂၀၁၄ ခုနှစ်တွင် သူ၏ မြေများ သိမ်းယူခံရပုံကို-

> *ကျနော့်မြေက ကျနော့်အဘိုး အဘေးတွေက တဆင့် အမွေပေးခဲ့တာ။ ကျနော်တို့ နယ်မြေမှာ အရင်က စစ်စခန်း တစ်ခုပဲ ရှိခဲ့ပေမယ့် ၂၀၀၂ ခု ပတ်ဝန်းကျင်မှာ စခန်းတွေ ပိုဆောက်လာခဲ့ပြီး အဲဒီအချိန်ကစလို့ မြေသိမ်းတာတွေ စခဲ့တယ်။ ၂၀၀၃ ခု နဲ့ ၂၀၀၅ ခုကြားမှာ တပ်မတော်က ရွာနှစ်ရွာကို ရွာလုံးကျွတ် ပြောင်းရွှေ့ခိုင်းခဲ့ပြီး မြေတွေကို သိမ်းယူခဲ့တယ်။ ၂၀၁၄ အစောပိုင်းမှာတော့ အစိုးရအရာရှိတွေက ကျနော့်ကို ခေါ်ပြီး စာတစောင်ပြတယ်။ သူက "လုံခြုံရေး" အတွက် ကျနော့်တောင်ယာတွေ အသိမ်းခံရမယ်ဆိုတာ ပြောပြတယ်။ စာမှာ ရေးထားတာက ကျနော့်ကို မြေအစားထိုးပြန်ပေးမှာ မဟုတ်ဘူး နောက်ပြီး အစိုးရအရာရှိက မြေတွေ အားုံး အစိုးရက ပိုင်တယ်လို့ ပြောတယ်။ ကျနော် ဘာမှ မတတ်နိုင်ဘူး၊ လျော်ကြေးလဲ မပေးဘူး- သူတို့က ကျနော့်မြေကိုယူသွားတာပဲ။*[617]

၂၉၃။ လူပုဂ္ဂိုလ်များက သူတို့ရွာများတွင် တပ်မတော်အတွက် အစားအစာပေးရန် သို့မဟုတ် ချက်ပြုတ်ပေးရန် [618]လိုအပ်ကြောင်း သို့မဟုတ် တပ်မတော်က လာပြီး သူတို့၏အစားအစာများ သို့မဟုတ် မွေးမြူထားသော တိရစ္ဆာန်များကို သူတို့ သဘောကျ ယူဆောင်သွားခြင်းဖြင့် သူတို့၏ အရင်းအမြစ်များအပေါ် အစဉ်အမြဲ ခက်ခဲစေပြီး ရှင်သန်နိုင်ရန်စွမ်းရည်ကို လျော့နည်းစေကြောင်း စဉ်ဆက်မပြတ် ပြောကြားချက်များ ရှိသည်။[619] ဥပမာ ရှမ်းပြည်နယ် မိုင်းကောင်မြို့နယ်မှ လူတစ်ဦးက ရွာများအနေဖြင့် တပ်တော်ကို မည်သို့အစားအစာများ ပေးရသည်နှင့် အခြား လယ်သမားများထံမှ အစားအစာများ မည်သို့ယူဆောင်သည်ကို မျက်မြင်တွေ့ရပုံကို ပြောပြသည်။

> *စစ်တပ်စခန်းက ကျနော်တို့ရွာနဲ့ သိပ်မဝေးဘူး။ ရွာတိုင်းက တပ်မတော်အတွက် အစားအစာ ယူပေးရတယ်။ အလှည့်ကျပေါ့။ တစ်ခါတလေမှာ ကျနော့်အမေက စစ်သားတွေအတွက်လည်း ထမင်းချက်ပေးရတယ်။ တနေ့ ကျနော့်က စစ်စခန်းကို ကြက်နည်းနည်းယူလာပေးပေမယ့် သူတို့က ကျနော့်ကို နောက်ကျတယ်လို့ ပြောတယ်။ သူတို့ ကျနော့်ကို ခေါ်ထားပြီး သူတို့အတွက် အလုပ်လုပ်ခိုင်းတယ်။ စစ်စခန်းမှာ ကျနော် ငါးရက်အလုပ်လုပ်ပြီး နောက်ငါးရက်မှာတော့ သူတို့နဲ့ အတူ တစ်ရွာဝင် တစ်ရွာထွက် လမ်းလျှောက်ရတယ်။ နေ့တိုင်း စစ်တပ်က လယ်သမားတွေဆီက အစားအစာ ယူတာ*

---

[615] PI-031, PI-048, QM- 014, V-145၊ ကချင်ပြည်နယ်၊ နစ်လမ်းသွား ငြိမ်းချမ်းရေး အစီအစဉ်၊ ရွှေပြောင်း၊ အိမ်ယာမဲ့၊ ပဋိပက္ခသက်ရောက်ခံ ပြည်သူများနှင့် သူတို့၏ မူရင်းမြေများကိုလည်း ကြည့်။ (၂၀၁၈ မေ)

[616] PI-032, PI-048, PI-077, QI-078, V-143၊ Human Rights Watch၊ *"ငါတို့မြေအတွက် ဘာမှမရ။ မြန်မာနိုင် လယ်သမားများအပေါ် မြေယာသိမ်းယူမှုများ၏ သက်ရောက်မှုများ* (၂၀၁၈ ဇူလိုင်)

[617] QI-082.

[618] PI-016, PI-020, PI-058, PI-081, PI-093

[619] DI-072, PI-010, PI-015, PI-020, PI-074, PI-111, QI-078, QI-080

*တွေ့ရတယ်။ လယ်သမားတယောက်က သူ့အစားအစာတွေ ပြန်ပေးဖို့ တောင်းပန်တာကြောင့် စစ်သားတွေက သူ့ကို ရိုက်တယ်။*[620]

၂၉၄။ အချို့ဖြစ်ရပ်များတွင် တပ်မတော်က ရွာသားများ၏ နေအိမ်များတွင် ယာယီနေထိုင်တတ်သည်။[621] ဥပမာ- ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ်မှ အမျိုးသမီးတစ်ဦးက စစ်သားများ ပုံမှန် တစ်ပတ်လျှင် တစ်ကြိမ်ခန့်လာပြီး ရွာရှိအိမ်တစ်အိမ်အိမ်တွင် မည်သို့နေထိုင်ပုံကို ပြောပြသည်။ ရွာသားများက စစ်သားများအတွက် ချက်ပြုတ်ပေးကြရပြီး အိမ်နီးချင်းအိမ်များတွင် သို့မဟုတ် တောထဲတွင် စစ်သားများ ပြန်သွားသည်အထိ အိပ်ကြရသည်။[622] ၂၀၁၅ တွင် အကြိမ်ရေပိုများလာပြီး တဖြည်းဖြည်းနှင့် စစ်သားများက သူမ မိသားစု၏ မြေနှင့် အိမ်များကို သိမ်းယူပြီး အသီးအနှံများ စိုက်ပျိုးခဲ့ကြောင်း ပြောပြသည်။[623]

*လူသားခြင်းစာနာမှု အကူအညီများကို ဥပဒေမဲ့ ငြင်းပယ်ခြင်း*

၂၉၅။ အစိုးရနှင့် တပ်မတော်သည် လူသားချင်းစာနာမှု အကူအညီလုပ်ငန်းများ အစဉ်တစိုက် ဥပဒေမဲ့ငြင်းပယ်ပြီး လူသားချင်းစာနာမှု အကူအညီပေးသော ဝန်ထမ်းများ၏သွားလာလှုပ်ရှားမှုကိုလည်း ကာလရှည်ကြာစွာ ကန့်သတ်ထားခဲ့ကြောင်း ယုံကြည်ရလောက်သည့် အချက်အလက်အများအပြားကို မစ်ရှင်က စုဆောင်းရရှိခဲ့သည်။ ဥပမာ- ၂၀၁၅ ခုနှစ် ဇွန်နှင့် ဇူလိုင်လများတွင် KIA နှင့် တပ်မတော်အကြား တိုက်ပွဲများက ကချင်ပြည်နယ် ဆွမ်ပရာဘွမ်မြို့နယ်မှ လူဦးရေ ၁, ၄၀၀ ကျော်ကို နေအိမ်များ စွန့်ခွာစေခဲ့သည်။ စစ်ရှောင်များအနေဖြင့် လုံလောက်သော အစားအစာ၊ အမိုးအကာ၊ သောက်ရေနှင့် ဆေးဝါးပစ္စည်းများ လုံလောက်မှုမရှိပဲ လိုအပ်လျက်ရှိနေပြီး ဒေသခံနှင့် နိုင်ငံတကာအဖွဲ့အစည်းများက လူသားချင်းစာနာမှု အသက်ကယ်အကူအညီများ ပေးနိုင်ရန် သွားရောက်ခွင့်ကို အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း နောက်ထပ် ခြောက်လကျော်ကြာပြီးသည့် ၂၀၁၆ ခုနှစ် ဇန္နဝါရီလတိုင်အောင် သွားလာခွင့်ကို မပေးပဲ ထားခဲ့သည်။[624]

၂၉၆။ အစီရင်ခံကာလအတွင် လိုအပ်နေသော လူအများထံ လူသားချင်းစာနာမှု အကူအညီရောက်ရှိရန် အခြေအနေမှာ သိသာထင်ရှားစွာ ဆိုးရွားနေခဲ့ပြီး ယခုအခါ လေးနှစ်အတွင်း အနိမ့်ကျဆုံးအဆင့်ကို ရောက်နေသည်။[625] အကူအညီပေးပို့ရန်၊ ဆန်းစစ်မှု လုပ်ဆောင်ရန်၊ သို့မဟုတ် လုပ်ငန်းများ အကောင်အထည်ဖော်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများသည် သမ္မတရုံးအပါအဝင် အရပ်သားနှင့် စစ်တပ် အာဏာပိုင် အဆင့်ဆင့်ပါဝင်သော ရှုပ်ထွေးသည့်စနစ်အတွင်း ခရီးသွားခွင့်ပြုချက် တောင်းခံရန် လိုအပ်သည်။[626] ၂၀၁၆ ခုနှစ် ဇွန်လမှစ၍ ကုလသမဂ္ဂသည် အစိုးရ ထိန်းချုပ်မှုအပြင်အပ

[620] PI-020.

[621] PI-016, PI-020

[622] PI-016.

[623] Ibid.

[624] K-063.30.

[625] K-064, K-069.1

[626] QM-002. ပါဝင်ဆွေးနွေးသူများက မစ်ရှင်အား ပြောသည်မှာ လုပ်ငန်းစဉ်မှာ တစ်စုံတစ်ရာအတိုင်းအတာ ကွဲပြား ခြားနားသော်လည်း ခရီးသွား ခွင့်ပြုချက်များကို ယေဘူယျအားဖြင့် အဖွဲ့အစည်းနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများ (အဖွဲ့အစည်းအပေါ်လိုက်၍ ကွဲပြားသည်) ကို ပေးပို့ရသည်။ သက်ဆိုင်ရာ ဝန်ကြီးဌာနက ဆုံးဖြတ်ချက် ချမှတ်နိုင်ရန်အတွက် တောင်းဆိုချက်များကို သမ္မတရုံးကို ထပ်ဆင့်ပေးပို့သည်။ သမ္မတရုံးက ကာကွယ်ရေး ဝန်ကြီးဌာနနှင့် ပြည်ထဲရေးဝန်ကြီးဌာနနှင့် အချို့ ဖြစ်ရပ်များတွင် သက်ဆိုင်ရာ ပြည်နယ်အစိုးရများ၏ သဘောထား ရယူသည်။

နယ်မြေများတွင်ရှိသော စစ်ရှောင်ဒုက္ခသည် ၄၀,၀၀၀ ကျော်ထံသို့ လူသားချင်းစာနာမှုအကူအညီများ ပေးပို့ရန် ခရီးသွားခွင့်ပြုချက် မရရှိခဲ့ပဲရှိသည်။ ယခုဆိုလျှင် ထိုနယ်မြေများကို မရောက်ရှိနိုင်သည်မှာ နှစ်နှစ်ကျော်သွားပြီးဖြစ်သည်။ ထိုနယ်မြေများသို့ ယခင်က ရောက်ရှိနိုင်ခဲ့သော်လည်း ဘေးအန္တရာယ် အကျရောက်နိုင်ဆုံး စစ်ရှောင်ဒုက္ခသည်များ၏ လိုအပ်ချက်များကို မဖြည့်ဆည်းနိုင်ပဲ ရှိကြောင်း ညွှန်ပြနေသည်။[627] အစိုးရက မိန်းမများနှင့် ကလေးများ အများစုပါသော စစ်ရှောင်ဒုက္ခသည်များအနေဖြင့် ရှည်လျား၍ အန္တရာယ်များသော ပဋိပက္ခ သက်ရောက်မှုရှိသော နယ်မြေများကို အကြိမ်ကြိမ်ဖြတ်လျက် အကူအညီများကို လူပုဂ္ဂိုလ်များက ပဋိပက္ခလိုင်းများကို ဖြတ်ကျော်၍ ရယူရန် ကမ်းလှမ်းခဲ့သည်။[628] ထိုနယ်မြေများသို့ အကူအညီလုပ်ငန်းများ လုပ်ဆောင်ရန် ခွင့်ပြုချက်တောင်းခံသော အဖွဲ့အစည်းများအား သူတို့အနေဖြင့် သွားရောက်လိုပါက တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများအား တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA ကို လက်မှတ်ရေးထိုးရန် ပြောဆိုပေးရမည်ဟု ပြောကြောင်း သတင်းများရှိရသည်။[629]

၂၉၇။ အစိုးရထိန်းချုပ်နယ်မြေများတွင် နိုင်ငံတကာလူသားချင်းစာနာမှု အဖွဲ့အစည်းများ၏ နိုင်ငံတကာဝန်ထမ်းများသည် အဓိကအားဖြင့် မြို့ပြစင်တာများသို့ ခရီးသွားခွင့်ပြုချက် ရရှိသည်။ သို့ဖြင့် သူတို့သည် အခြားနေရာများတွင် တည်ရှိသော စစ်ရှောင်ဒုက္ခသည်အများစုကို သူတို့သည် ထိစပ်နိုင်ခြင်း မရှိပါ။[630] နိုင်ငံသား ဝန်ထမ်းများသည်လည်း ပိုမို ကန့်သတ်မှုများကို ကြုံတွေ့လာနေရသည်။

၂၉၈။ လူသားချင်းစာနာမှု အကူအညီများကို ပေးဝေရန် ခရီးသွားခွင့်ပြုချက် တောင်းခံမှုများသည် မကြာခဏပင် အကြောင်းပြချက်မရှိပဲ သို့မဟုတ် တရားဝင် တုန့်ပြန်မှု လုံးဝမရှိပဲ ငြင်းပယ်ခံနေသည်။[631] အသက်ကယ်အကူအညီများ ဖြန့်ဝေခြင်းများသည် မကြာခဏပင် ပိတ်ပင်ခံနေရသည်။[632] ဒေသခံအဖွဲ့အစည်းများက အစိုးရနှင့် အစိုးရမဟုတ်သော ထိန်းချုပ်နယ်မြေနှစ်ခုစလုံးကို လက်လှမ်းမီနေသော်လည်း သူတို့သည်လည်း တိုးများလာသော ကန့်သတ်မှုများကို ကြုံတွေ့နေရပြီး[633] အချို့သော ဒေသများကို လက်လှမ်းမမီပဲရှိသည်။[634] အချို့သောဖြစ်ရပ်များတွင် ခရီးသွားလာခွင့်ကို ခွင့်ပြုချက်ရသော်လည်း တိုက်ပွဲများ ဖြစ်ပွားမနေသည့်ဒေသများ အပါအဝင်တွင် ပေးဝေမှုများကို တပ်မတော်က တားဆီးသည်။[635]

၂၉၉။ ကချင်ပြည်နယ်ရှိ လူသားချင်းစာနာမှု အကူအညီပေးသော ဝန်ထမ်းများကို ၂၀၁၈ ခုနှစ်တွင် အစိုးရထိန်းချုပ်နယ်မြေမဟုတ်သော ဒေသများတွင် အကူအညီများပေးရန် သွားပြီးနောက်တွင် မတရားသင်းအက်ဥပဒေအောက်တွင် အရေးယူမည်ဟု တရားဝင် ခြိမ်းခြောက်မှုများရှိပြီး နောက်ပိုင်းတွင် ထိုဒေသများသို့ မသွားရန် ပြောကြားကြောင်း မစ်ရှင်က ယုံကြည်စိတ်ချရလောက်သော အချက်အလက်များလည်း ရရှိသည်။[636] ထို့အပြင်

627 K-069.1, V-155.
628 K-069.1, K-069.2, QM-002; A/HRC/34/67, para 52.
629 QM-002.
630 K-069.1, V-156
631 Ibid.
632 Ibid.
633 Ibid. K-142.2, QM-014, V-157
634 ဤအပိုင်း၊ အခန်း က-၈၊ သင်္ကေတလက္ခဏာဆောင်သည့် ဖြစ်ရပ်များ (တနိုင်း)
635 V-147, V-308
636 K-146.1.

လူသားချင်းစာနာမှု အကူအညီ ပေးရန် ကြိုးပမ်းပြီးနောက်တွင် လူပုဂ္ဂိုလ်များကို ရိုက်နှက်ပြီး တရားစွဲဆိုသော အစီရင်ခံချက် တစ်ခုကိုလည်း မစ်ရှင်က ရရှိသည်။[637]

၃၀၀။ လက်တွေ့တွင် လူသားချင်းစာနာမှု အထောက်အကူများကို ငြင်းပယ်ခြင်းသည် စစ်ရှောင်ဒုက္ခသည်များအား သည်းထန်သော မိုးရွာသွန်းမှုများကဲ့သို့သော ဆိုးရွားသည့် ရာသီဥတုအခြေအနေများတွင် ကာလကြာမြင့်စွာ လုံလောက်သော အမိုးအကာမရှိပဲနှင့် အစားအစာပြတ်တောက်မှုများဖြင့် ရှိနေစေသည်။[638] ၂၀၁၈ ခုနှစ် ဧပြီလတွင် တနိုင်းမြို့နယ်အတွင်း ဖြစ်ပွားသော ဖြစ်ရပ်တစ်ခု၌ ဆွတ်ရန်၊ ဆွယ်ယာနှင့် အောင်လတ်ကျေးရွာများမှ လူ ၂, ၀၀၀ သည် ဆိုးရွားသော အခြေအနေများအတွင်း တစ်လခန့်ကြာအောင် အကူအညီမရှိပဲ ပိတ်မိနေခဲ့သည်။ ပိတ်မိနေသူများထဲတွင် ကိုယ်ဝန်ဆောင်မိခင်များ၊ ကလေးများ၊ သက်ကြီးရွယ်အိုများနှင့် နာမကျန်းသူများနှင့် ဒဏ်ရာရသူများ ပါဝင်သည်။[639] ကလေးနှစ်ဦး သေဆုံးသွားစေခဲ့သည့် ခက်ခဲသော အခြေအနေများကို ရွာသားတစ်ဦးက ပြန်လည်ပြောပြသည်မှာ-

> *၂၀၁၈ ဧပြီ ၁၁ ရက်နေ့မှာ လေယာဉ်တွေနဲ့ တိုက်ပြီး ကျမတို့ ရွာကို လက်နက်ကြီးတွေကျတယ်။ ကျမတို့ တောထဲ ထွက်ပြေးကြတယ်။ ကျမတို့က လက်နက်ကြီးတွေ ရပ်သွားမယ်လို့ ထင်ပေမယ့် ဆက်ပစ်နေခဲ့တယ်။ ကျမတို့ တောထဲမှာ လေးပတ်ကြာအောင် နေခဲ့ရတယ်။ လက်နက်ကြီးတွေကြောင့် ကျမတို့ အကြိမ်ကြိမ်ပြောင်းရွှေ့ခဲ့ရပြီး ကျမတို့အနောက်မှာ ရှိနေတဲ့ စစ်သားတွေကို ကြောက်နေခဲ့ရတယ်။ တခါတလေမှာ ဒရုံးတွေနဲ့ လေယာဉ်တွေက ခေါင်းပေါ်မှာ ရောက်လာတယ်။ ဒါပေမယ့် သူတို့က ဘာအကူအညီမှ မပေးဘူး။ သူတို့က ကျမတို့ကိုပဲ စောင့်ကြည့်နေတယ်။ တောထဲမှာက ခက်ခဲတယ်။ ပထမသုံးရက် ကျမတို့နေခဲ့တဲ့ နေရာက ချောင်းက ရေခမ်းနေတော့ ရေမရှိဘူး။ နောက်ပိုင်းမှာ ညစ်ပတ်တဲ့ ရေတွေကိုပဲသုံးရပြီး လူတော်တော်များများ ဝမ်းလျှောပြီး နေမကောင်းဖြစ်တယ်။ မိန်းမသုံးယောက်က တောထဲမှာ ကလေးမွေးတယ်။ မွေးစကလေးတွေထဲက တစ်ယောက်က ရက်ပေါင်း ၂၀ လောက်မှာ ဆုံးသွားတယ်။ နောက်ထပ် ၅ နှစ်သမီးလေးတစ်ယောက်က သူ့အမေ ချီထားရင်းနဲ့ သေသွားတယ်။ ကျမတို့ တကယ့်ကို ဒုက္ခအများကြီး ရောက်ရတယ်။*[640]

၃၀၁။ လူသားချင်းစာနာမှုအကူအညီ နည်းပါးသည့် စစ်ရှောင်ဒုက္ခသည်များ၏ အချို့စခန်းများတွင် အခြေအနေမှာ ဆိုးရွားလွန်းပြီး လူကုန်ကူးမှုများ နှင့် အခြားသော ကာကွယ်မှုဆိုင်ရာ စိုးရိမ်ပူပန်မှုများ မြင့်မားလျက်ရှိသည်။[641] ၂၀၁၄ ခုနှစ် နိုင်ငံက မထွက်ခွာမီ ကချင်ပြည်နယ်အစိုးရ ထိန်းချုပ်မှုမဟုတ်သော နယ်မြေရှိ စစ်ဘေးရှောင် ဒုက္ခသည်စခန်းတွင် သုံးနှစ်တာ နေထိုင်ခဲ့သည့် အမျိုးသမီးငယ်တစ်ဦးက သူမထွက်ခွာခဲ့ရသည့် အဓိကအကြောင်းရင်းမှာ အစားအစာပြတ်တောက်မှု ဖြစ်ကြောင်း ပြောပြသည်။

> *စခန်းထဲမှာ သုံးနှစ်နေခဲ့ပေမယ့် အဲဒီနောက် တပ်မတော်က အကူအညီတွေ အားလုံး ပိတ်လိုက်တယ်။ အဲဒီနောက် ကျမတို့အားလုံး တစ်ယောက်စီကို တစ်လကို ဆန် ၄ ကီလိုပဲ*

---

[637] K-146.5.

[638] K-063.30, PI-029, PI-030, PI-103, V-156 ဤအပိုင်း၊ အခန်း ဂ။ ပဋိပက္ခ၊ ချိုးဖောက်မှုများနှင့် အရပ်သားများအပေါ် လွှဲမှားစွာ ပြုမူမှုများ၏ သက်ရောက်မှု ကိုကြည့်။

[639] ဤအပိုင်း၊ အခန်း က-၈။ သင်္ကေတပုံစံဆောင်သော ဖြစ်ရပ်များ (တနိုင်း) ကိုကြည့်။

[640] PI-103.

[641] ဤအပိုင်း၊ အခန်း ဂ။ ပဋိပက္ခ၊ ချိုးဖောက်မှုများနှင့် အရပ်သားများအပေါ် လွှဲမှားစွာ ပြုမူမှုများ၏ သက်ရောက်မှု ကိုကြည့်။

*ရပြီး တခြားဘာအစားအစာမှ မရှိဘူး။ ဆန်ပဲရှိတယ်။ အဲဒီမှာ ဆန်မရှိတော့ ကျမက ထိုင်းကို ထွက်လာရတယ်၊ နောက် မလေးရှားရောက်တယ်။*[642]

၃၀၂။ ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသအတွင်း ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်နေ့တွင် ကြက်ခြေနီယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရပြီး ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ဒုတိယအကြိမ် တိုက်ခိုက်မှု ဖြစ်ပွားခဲ့ကြောင်း ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များ မစ်ရှင်က ရရှိသည်။[643] တိုက်ခိုက်မှုကြောင့် ကြက်ခြေနီအဖွဲ့သားများနှင့် အရပ်သားအမြောက်အများ ဒဏ်ရာရရှိပြီး ကြက်ခြေနီအသင်းသားတစ်ဦးမှာ နောက်ပိုင်းတွင် တိုက်ခိုက်မှုက ရသည့်ဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။[644] အစိုးရက တိုက်ခိုက်မှုများအတွက် MNDAA က တာဝန်ရှိသည်ဟု ပြောဆိုခဲ့သော်လည်း ထိုအဖွဲ့က ငြင်းဆိုခဲ့သည်။[645] မစ်ရှင်အနေဖြင့် ပဋိပက္ခတွင်ပါဝင်သော မည်သည့်အဖွဲ့က တာဝန်ရှိသည်ကို မစီစစ်နိုင်ခဲ့ပါ။ ပထမတိုက်ခိုက်မှု နောက်ပိုင်းတွင် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေး ဒေသကို ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့အထိ စစ်အုပ်ချုပ်ရေး ဥပဒေ အောက်တွင် ထားရှိခဲ့သည်။[646] MNDAA နှင့် တပ်မတော်အကြား တိုက်ပွဲများကြောင့် ရွှေ့ပြောင်းခဲ့ရသည့် စစ်ရှောင်ဒုက္ခသည် ၈၀,၀၀၀ အတွက် လူသားချင်းစာနာမှု အထောက်အကူများကို ၂၀၁၅ ဇူလိုင်လ တိုင်အောင် ပေးနိုင်ခြင်းမရှိခဲ့ပါ။[647] ထိုနယ်မြေတွင် ဆိုးရွားသော ချိုးဖောက်ကျူးလွန်မှုများ ဖြစ်ပွားခဲ့သည်ဟူသော စွပ်စွဲချက်များကို မစ်ရှင်က ရရှိခဲ့သော်လည်း ယင်းတို့ကို စီစစ်နိုင်ခြင်းမရှိခဲ့ပါ။[648]

၃၀၃။ တပ်မတော်စစ်သားများက စစ်ရှောင်ဒုက္ခသည်များအတွက် ရည်ရွယ်ထားသော ဆေးဝါးပေးပို့မှုများကို ကြားဖြတ်ကာ ခိုးယူခဲ့ကြောင်း အစီရင်ခံချက်ကို မစ်ရှင်က ရရှိခဲ့သော်လည်း ယင်းကို အတည်မပြုနိုင်ခဲ့ပါ။[649]

၃၀၄။ ထိခိုက်ဒဏ်ရာရရှိသော အရပ်သားများအတွက် ကျန်းမာရေး စောင့်ရှောက်မှုကို တပ်မတော်က ငြင်းပယ်ခြင်း၊ သို့မဟုတ် နှောင့်နှေးစေခြင်းများပြုလုပ်ခဲ့သည်ဆိုသော ယုံကြည်စိတ်ချလောက်သည့် ထွက်ဆိုချက်များ မစ်ရှင်က ရရှိခဲ့သည်။[650] မစ်ရှင်က အတည်ပြုနိုင်ခဲ့သော ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သော လူသိများသည့် ဖြစ်ရပ်တစ်ခုတွင် တပ်မတော်တပ်ရင်းမှူးက ကချင်ပြည်နယ် ဖားကန့် မြို့နယ် ဆွတ်ငိုင်ယန်ကျေးရွာတွင် တပ်မတော်က ပစ်ခတ်ခဲ့သော အသက် ၁၃ နှစ်အရွယ် မိန်းကလေး ဂျာဆိုင်းအင်ကို စစ်သားများ ရွာထဲက ထွက်သွားသည်အထိ ဆေးရုံသို့ သယ်ဆောင်မသွားရန် ပြောခဲ့သည်။ သူတို့က စစ်သား ၅ ယောက်မှ ၁၀ ယောက် အုပ်စုများဖြင့် ထွက်ခွာခဲ့ရာ ကလေးမကို ဆေးရုံသို့ ခေါ်ဆောင်မသွားနိုင်မီအထိ တစ်နာရီကျော်ကြာခဲ့သည်။[651] နောက်ဖြစ်ရပ်တစ်ခုတွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်အတွင်းမှ သူ၏ ရွာကို ၂၀၁၇ ခုနှစ် မေလတွင် တပ်မတော်က တိုက်ခိုက်ခဲ့ရာတွင် သူ့အနေနှင့် ဒဏ်ရာရသောရွာသားများကို ရှာဖွေရန်နှင့် သူတို့ကို ဆေးရုံသို့

642 PI-030.
643 K-069.3, V-158
644 IFRC၊ "စေတနာ့ဝန်ထမ်း သေဆုံးမှု မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ဝမ်းနည်း" (၂၀၁၅ ဧပြီ ၃)
645 Moe Zaw၊ "ကြက်ခြေနီအပေါ် တိုက်ခိုက်မှုကို မြန်မာ၊ ကိုးကန့်သူပုန်တို့ ငြင်းဆို" (၂၀၁၅၊ ဖေဖော်ဝါရီ ၁၈)
646 K-063.23.
647 K-064.1.
648 SM-001, V-159
649 V-144.
650 PI-064, PI-073, PI-105
651 K-131, PI-105

ပို့ဆောင်ရန် သူတို့ရွာကို တိုက်ခိုက်အပြီးတွင် မည်သို့ ညှိနှိုင်းခဲ့ရသည်ကို အမျိုးသမီး တစ်ဦးက ပြောပြသည်။

> *အဲဒီနောက် ကျမတို့က ဒဏ်ရာရတဲ့လူတွေကို သွားပြီးကယ်ဖို့ တပ်မှူးနဲ့ ညှိရတယ်။ တပ်မှူးက သူ့အနေနဲ့ မိန်းမတွေကို ကယ်ဘို့ပဲ ခွင့်ပြုမယ် တခြားသူတွေကိုတော့ သတ်ပစ်မယ်လို့ ပြောတယ်။ ကျမတို့ ရွာထဲကို ဝင်နိုင်ခဲ့ပြီး ဆွေမျိုးတယောက်ကို တွေ့တယ်။ သူက တော်တော် အခြေအနေဆိုးနေပြီ။ ကျမတို့ သူ့ကို ဆေးရုံကို ခေါ်သွားခဲ့ပြီး သူက ဆေးရုံမှာ လတော်တော်ကြာအောင် နေလိုက်ရတယ်။ အခုတော့ သူက ရွှေ့ရပြောင်းရ ခက်နေပြီး လမ်းလည်း ကောင်းကောင်း မလျှောက်နိုင်တော့ဘူး။*[652]

၃၀၅။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီတွင် ထုတ်ပြန်ခဲ့သော မစ်ရှင်က မိတ္တူတွေ့ရှိခဲ့သည့် ကြေညာချက်က အနည်းဆုံး အချို့သောနယ်မြေများတွင် ဒဏ်ရာရသူများအား ကျန်းမာရေးစောင့်ရှောက်မှု ငြင်းပယ်သည့်တရားဝင်မူဝါဒ ရှိနေပုံရသည်ကို ညွှန်းပြနေသည်။ ရှမ်းပြည်နယ် မူဆယ်မြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူးမှ ကျန်းမာရေး ဌာနအပါအဝင် မြို့နယ်အာဏာပိုင်များထံသို့ ပေးပို့သောစာတွင် ပြည်ထောင်စု အစိုးရနှင့် တရုတ်နိုင်ငံတို့အကြား အပြန်အလှန်သဘောတူညီမှု ရရှိကြောင်း ညွှန်းဆိုထားသည်။ ယင်းက အုပ်ချုပ်ရေးမှူးများနှင့် ဌာနများကို ထိခိုက်ဒဏ်ရာရသော မည်သည့်တိုက်ခိုက်ရေးသမားကိုမဆို တွေ့ရှိပါက နှောင့်နှေးခြင်းမရှိပဲ အနီးဆုံး တပ်မတော်အခြေစိုက်စခန်းကို သတင်းပို့ရန်နှင့် "သောင်းကျန်းသူများ ကုသမှု ခံယူခြင်း မရရှိစေရန် လုပ်ဆောင်ရန်" နှင့် တရုတ်ဆေးရုံများကလည်း ဒဏ်ရာရသော တိုက်ခိုက်ရေးသမားများကို လက်ခံတော့မည်မဟုတ်ကြောင်း အသိပေးထားသည်။[653]

## (ဂ) သင်္ကေတပုံဆောင်သည့် ဖြစ်ရပ်များ

၃၀၆။ ဤအခန်းတွင် အစီရင်ခံမှုကာလအတွင်း ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဖြစ်ပွားခဲ့သည့် အခြေအနေနှစ်ရပ်ကို ပိုမိုကျယ်ပြန့်သော အသေးစိတ်အချက်အလက်များ တင်ပြထားသည်။ ယင်းတို့က တပ်မတော်၏ ရန်လိုတိုက်ခိုက်မှုနှင့် တပ်မတော်၏ စည်းမျဉ်းစည်းကမ်းများကို အထူးသဖြင့် ဖော်ပြထားပြီး အထက်တွင် သုံးသပ်ထားသော ကျယ်ပြန့်သည့်လူ့အခွင့်အရေး ချိုးဖောက်မှုအမျိုးအစားများ ပေါ်ထွက်လာစေပုံကို ဖော်ပြထားသည်။ ယင်းတို့က အရပ်သားများအနေဖြင့် အများအပြားသောချိုးဖောက်မှုများကို ထပ်ကာ ထပ်ကာ မကြာခဏ ကျူးလွန်ခံနေရသည်ကို ပြသနေသည်။

## (က)ကချင်ပြည်နယ်၊ တနိုင်းမြို့နယ်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ဧပြီလအထိ။

၃၀၇။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၈ ခုနှစ် ဧပြီလအတွင်း ကချင်ပြည်နယ် တနိုင်းမြို့နယ်အတွင်း ဖြစ်ပွားခဲ့သော ဖြစ်ရပ်များက တပ်မတော်၏ စစ်ဆင်ရေးများသည် အရပ်သားများအပေါ် တိုက်ရိုက်နှင့် ရည်ရွယ်ချက်ရှိစွာ သက်ရောက်မှုရှိကြောင်းကို ဖော်ပြနေသည်။ တပ်မတော်ထိုးစစ်က အာရုံစိုက်ခဲ့သည့် တနိုင်းနယ်မြေမှာ KIA ထိန်းချုပ်နယ်မြေဖြစ်သည်။ တပ်မတော်၏ ထုတ်ဖော်ပြောဆိုသည့် ရည်ရွယ်ချက်မှာ နယ်မြေအတွင်းရှိ KIA အား အကျိုးအမြတ်ဖြစ်နေသည့် ဝင်ငွေအရင်းအမြစ်ဖြစ်သော "တရားမဝင်" မော်များကို ရှင်းလင်းရန်ဖြစ်ပြီး ထိုသို့သောစစ်ဆင်ရေးများမှာ ထိုသဘာဝသယံဇာတများကို ထိန်းချုပ်ခြင်းနှင့်

652 PI-073.
653 K-146.2.

သက်ဆိုင်နေသည်။[654] ထိုနယ်မြေအတွင်းရှိ မှော်များတွင် ခန့်မှန်းခြေ လူပေါင်း ၁၀၀,၀၀၀ ကျော် အလုပ်အကိုင် ရရှိနေခဲ့သည်။[655]

၃၀၈။ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" မစတင်မီ ၂၀၁၇ ခုနှစ် ဖွန်လ ၅ ရက်နေ့တွင် တပ်မတော်က လက်ကမ်းစာစောင်များ ကြဲချပြီး မှော်နယ်မြေများတွင် နေထိုင်ကြသောရွာသားများအား ထိုနယ်မြေမှ ၁၀ ရက်အတွင်း ဖယ်ရှားကြရန် သတိပေးခဲ့ရာ အရပ်သားများ ထွက်ပြေးကြရသည်။ ထို့နောက်တွင် KIA ၏ အဓိက နေရာများကို စစ်ရေးထိုးစစ်တရပ် ဆင်နွှဲခဲ့သည်။ သတ်မှတ်ရက် ကျော်လွန်သည့်အချိန်တွင် တပ်မတော်က တနိုင်းမြို့သို့ ထွက်သော လမ်းများကို ပိတ်ထားလိုက်ရာ ကျန်ရှိနေသောအရပ်သားများကို ဘေးအန္တရာယ် ကျရောက်နိုင်သည့်အခြေအနေ ဖြစ်စေပြီး အချိန်တစ်ခုသို့ ရောက်သောအခါ တပ်မတော်သည် တနိုင်းတွင် နေထိုင်သူများအတွက် ဆန်နှင့် လောင်စာဆီကို ကန့်သတ်လိုက်သည့်အခါ အစားအစာရှားပါးမှုကို ဖြစ်စေသည်။[656]

**တနိုင်းမြို့နယ်တွင် ၂၀၁၇ ခု ဖွန်လ ၅ ရက်နေ့တွင် တပ်မတော်မှ ကြဲချသော လက်ကမ်းစာစောင် ဓါတ်ပုံ[657]**


အသိပေးအကြောင်းကြားခြင်း

၁။ တနိုင်းမြို့နယ်အတွင်းရှိ ထန်းပလားမှော်၊ ဝမ်းပလာမှော်၊ အောင်လွတ်မှော်၊ တုံမဏီမှော်၊ ချောင်းဆုံမှော်၊ နန်ဖြူမှော်၊ ဂျာအောင်ဘာမှော်၊ ဒီးဖြူကုန်းမှော်၊ ညောင်ပင်ကုန်းမှော်နှင့် နမ့်ကွမ်းမှော်များမှာ နိုင်ငံတော်မှတရားဝင်ခွင့်ပြုထားသည့်မှော်များမဟုတ်ဘဲ ရွှေ/ပယင်းတူးဖော်ခြင်းများကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးစေသည့်အပြင် တနိုင်းဒေသ၏ဂေဟစနစ်ကိုပါ ပျက်စီးဆုံးရှုံးခြင်းများ ဖြစ်ပေါ်နေသောကြောင့် တပ်မတော်မှ မကြာမီနယ်မြေရှင်းလင်းခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၂။ သို့ပါ၍ မှော်များအတွင်းနေထိုင်လျက်ရှိသော ဒေသခံပြည်သူများ၊ ရွှေ့ပြောင်းအလုပ်သမားများအနေဖြင့် ၂၀၁၇ ခုနှစ်၊ လ ၁၅ ရက်နေ့နောက်ဆုံးထားပြီးထွက်ခွာရန်နှင့် ထွက်ခွာခြင်းမရှိပါက KIA(ကချင်)အကြမ်းဖက်သောင်းကျန်းသူအဖွဲ့နှင့် ပူးပေါင်းနေသည့်သူများအဖြစ် သတ်မှတ်မည်ဖြစ်ပြီး နယ်မြေရှင်းလင်းသည့်အခါ ပြည်သူများ သေဆုံး/ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပေါ်လာမည်ကိုမလိုလားသဖြင့် ယခုကဲ့သို့ကြိုတင်အသိပေးအကြောင်းကြားခြင်းဖြစ်ပါသည်။

၃၀၉။ နောက်ငါးလ ကြာသည်အထိ တပ်မတော်နှင့် KIA ကြား တိုက်ပွဲများ အကြိမ်ကြိမ်ဆက်လက် ဖြစ်ပွားနေခဲ့ပြီး ထိုကာလအတွင်း တပ်မတော်သည် ရွာများကို ပစ်မှတ် သတ်သတ်မှတ်မှတ်မရှိသော တိုက်ခိုက်မှုများ လုပ်ဆောင်ခဲ့ပြီး ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ နှိပ်စက်မှုများ၊ မုဒိန်းကျင့်မှုများနှင့် အခြားသော ချိုးဖောက်မှုများကို ကျူးလွန်ခဲ့သည်။ ရွာအများအပြား မီးရှို့ခံရပြီး နောက်ဆက်တွဲအနေဖြင့် ထောင်ပေါင်းများစွာ အိုးအိမ်မဲ့ ဖြစ်ခဲ့ရသည်။[658]

၃၁၀။ ၂၀၁၇ ခုနှစ် ဖွန်လတွင် တိုက်ပွဲများ စတင်ခဲ့သော်လည်း ၂၀၁၇ ခုနှစ် နိုဝင်ဘာလတွင် တိုက်ပွဲများ ပြင်းထန်လာကာ ၂၀၁၈ ဇန္နဝါရီလတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့တွင် KIA က တနိုင်းရှိ ဒီကော ကျေးရွာတွင် စခန်းတစ်ခု တည်ဆောက်ခဲ့ပြီး တစ်ရက်ထဲမှာပင် တပ်မတော်က KIA အခြေစိုက်စခန်းကို ပစ်မှတ်ထားပုံမရသော လေကြောင်းတိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည်။ လေယာဉ်မှ ကြဲချသော ဗုံး တစ်လုံးသည် အရပ်သား အိမ်တစ်လုံးအနီး ကျရောက်ပေါက်ကွဲခဲ့ရာ ကလေးငယ်တစ်ဦးနှင့်

654 အဓိကအားဖြင့် ရွှေနှင့် ပယင်း ဖြစ်သော်လည်း ကျောက်စိမ်း၊ ကြေးနီနှင့် ပတ္တမြားတွင်းများလည်းပါ

655 PI-049, PI-103, V-62

656 Ibid. အခန်း က-၇။ အဓမ္မရွှေ့ပြောင်းစေမှု၊ ဥစ္စာပစ္စည်း သိမ်းဆည်းမှုနှင့် ဖျက်ဆီးမှု၊ နှင့် လူသားချင်းစာနာမှု အကူအညီ ငြင်းပယ်ခြင်း။

657 စာသား အပြည့်အစုံ ဘာသာပြန်မှုကိုကြည့်။ အခန်း က-၇။ အဓမ္မရွှေ့ပြောင်းစေမှု၊ ဥစ္စာပစ္စည်း သိမ်းဆည်းမှုနှင့် ဖျက်ဆီးမှု၊ နှင့် လူသားချင်းစာနာမှု အကူအညီ ငြင်းပယ်ခြင်း။

658 K-069.1.

ယောက်ျားတစ်ဦး သေဆုံးခဲ့သည်။ နောက်တစ်ရက်တွင် တပ်မတော်စစ်သားများက ရွာအတွင်း စစ်ဆင်ရေးတစ်ရပ်ကို တိုက်ပွဲတွင် ကျဆုံးခဲ့မှုများအတွက် လက်စားချေသည့် ပုံစံအနေဖြင့် သိသာစွာ ပြုလုပ်ခဲ့ပြီး ရွာသားအချို့ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရကာ ရွာကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည်။ ယင်းသည် ရွာသွားများကို ထွက်ပြေးရစေခဲ့ပြီး စစ်ရှောင်ဒုက္ခသည်များ ဖြစ်စေခဲ့သည်။[659] ထိန်းသိမ်းခံရသော ရွာသားများကို အုပ်စုငယ်လေးများခွဲကာ KIA အဖွဲ့ဝင်ဖြစ်မဖြစ် မေးမြန်းပြီး ရိုက်နှက် နှိပ်စက်ခဲ့သည်။[660] ကျူးလွန်ခံရသူ တစ်ဦးက အောက်ပါအတိုင်း ပြောပြသည်။

> *တပ်မတော်က ကျနော်တို့ကို ကြိုးနဲ့တုတ်ပြီး ခေါင်းတွေကို သေနတ်နဲ့ ချိန်ထားခဲ့တယ်။ သူတို့က ကျနော်တို့ကို KIA ဘက်ကလို့ စွပ်စွဲပြီး ကျနော်တို့ကို မဟုတ်ကြောင်း သက်သေပြခိုင်းတယ်။ သူတို့ လိုချင်တဲ့ အဖြေပေးဖို့ ကျနော်တို့အတွက် တော်တော်ခက်တယ်။ စစ်သားတွေထဲက တစ်ယောက်က ကျနော်ဟာ KIA နဲ့ ပတ်သက်တဲ့ အကြောင်း သူတို့ အချက်အလက်တွေ ရထားပြီး သူတို့ကို အကူအညီပေးဖို့ ပြောတယ်။ ကျနော်က ငြင်းခဲ့တယ်။ စစ်သားတွေက ကျနော့်ကို အော်တယ်။ ကျနော့်ကို "ခွေးသူတောင်းစား" လို့ ခေါ်တယ်။ ဆိုလိုတာက မြန်မာလို "ဘာတန်ဖိုးမှ မရှိတဲ့လူ" လို့ ဆိုလိုတာ ဖြစ်တယ်။ ကျနော့်ကို ဒူးထောက်ခိုင်းတယ်။ နောက်ကျောတွေမှာ ရိုက်ခံရတယ်၊ သေနတ်ဒင်နဲ့ ခေါင်းကို ထုတယ်။ ဖမ်းခံထားရတဲ့ ရွာသားတွေ အားလုံး ဒူးထောက်နေရတယ်။ ကျနော်တို့ ကြောက်တယ်။*[661]

၃၁၁။ ထိုကာလတလျောက်လုံးတွင် တနိုင်းရှိ ရွာအများအပြားသည် လက်နက်ကြီးနှင့် လေကြောင်းတိုက်ခိုက်မှုဒဏ်ကို ခံကြရသည်။[662] ဥပမာ- တနိုင်းမြို့မှ ကီလိုမီတာ ၂၀ ဝေးသော နမ့်ကောင်ရွာသည် ၂၀၁၈ ခုနှစ် ဇန္နဝါရီ ၂၂ မှ ၂၇ ရက်အတွင်း လေကြောင်းဗုံးကြဲတိုက်ခိုက်မှုနှင့် လက်နက်ကြီးမော်တာများ ပစ်ခတ်မှု၏ ပစ်မှတ်ဖြစ်ခဲ့ပြီး ဇန္နဝါရီ ၂၅ မှ၂၇ ရက်အတွင်း ပြင်းထန်သော တိုက်ခိုက်မှုကို ခံခဲ့ရသည်။[663] ကျေးရွာသည် ဇီးဖြူကုန်းနယ်မြေတွင် ရှိပြီး ပယင်းနှင့် ရွှေမော်များ[664] ရှိကာ KIA က ထိန်းချုပ်ထားသည်။[665] ယုံကြည်စိတ်ချရလောက်သော အစီရင်ခံစာများအရ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၂၆ ရက်နေ့တွင် ရွာပေါ်သို့ လေယာဉ်မှ ဗုံးများ အများအပြားကျဲချခံခဲ့ရပြီ အိမ်များပျက်စီးခဲ့သည်၊[666] အရပ်သားနှစ်ဦး သေဆုံးခဲ့ပြီး အမျိုးသမီး သုံးဦးအပါအဝင် လူလေးဦး ဒဏ်ရာရရှိခဲ့သည်။[667] အနီးဆုံး KIA တပ်စခန်းမှာ မိုင်အတော်ဝေးဝေးတွင် ရှိပြီး ယခုနေရာတွင် သိသာထင်ရှားသော စစ်ရေးပစ်မှတ် မရှိပေ။[668] ဒဏ်ရာရရှိသူ အမျိုးသမီးတစ်ဦးက လေကြောင်းတိုက်ခိုက်မှုအပြီးတွင် သူ့အိမ်တစ်ခုလုံး မည်သို့ပျက်စီးသွားပုံနှင့် သူနှင့် သူ့ ညီမ/အမ ဖြစ်သူ ဒဏ်ရာရရှိခဲ့ပုံကို ရှင်းပြခဲ့သည်။ သူက ဆေးရုံတွင် တစ်လ နေခဲ့ရသည်။[669] နောက်ထပ် မျက်မြင်သက်သေတစ်ဦးက ထိုနေ့က

---

[659] DI-066, PI-086, PI-088

[660] DI-066, PI-086, PI-088

[661] DI-066.

[662] DI-061, PI-046, PI-063

[663] K-142။ T. Miles၊ "မြန်မာနိုင်ငံ ကချင်ပြည်နယ်အတွင်း ပြင်းထန်သောတိုက်ပွဲများအပေါ် ကုလ စိုးရိမ်" (ရိုက်တာ၊ ၂၀၁၈၊ ဖေဖော်ဝါရီ ၆)

[664] DI-061.

[665] PI-045, PI-049, V-018.

[666] PI-045.

[667] DI-061, DI-062, PI-043, PI-049, PI-053.

[668] DI-061.

[669] DI-062.

စစ်ဆင်ရေးများအတွင်း တပ်မတော်စစ်သားများက အရပ်သားပြည်သူများကို ရည်ရွယ်ချက်ရှိရှိ သို့မဟုတ် ပစ်မှတ်ထားပြီး ပစ်ခတ်ပုံကို ပြောပြသည်မှာ-

*ဗုံးကျဲတော့ လူတွေ ထွက်ပြေးကြတယ်။ သူတို့ ထွက်ပြေးနေတုန်း စစ်တပ်က သူတို့ကို သေနတ်နဲ့ ပစ်နေတယ်။ လူတွေက အဲဒီနေရာက ထွက်ပြေးကြတယ်။ တချို့က ဒုက္ခသည်စခန်းတွေကို ပြေးတယ်။ ကျွန်တော်ထင်တာတော့ စစ်ဆင်ရေးက ရွာသားတွေ မြို့ကို ထွက်ပြေးအောင် လုပ်တာလို့ ထင်တယ်။*[670]

၃၁၂။ တပ်မတော်က KIA ထိန်းချုပ်နယ်မြေအတွင်း တိုးဝင်လာသည်နှင့်အမျှ ဇူးဟာမြောက် KIA စစ်စခန်းများကို ပစ်မှတ်ထားလာသည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် လီဆူပြည်သူ့စစ်အဖွဲ့က ပံ့ပိုးမှုဖြင့် တပ်မတော်စစ်သား အုပ်စုတစ်စုသည် အောင်ဂျတ်ရွာရှိ KIA အခွန်စခန်းတစ်ခုတွင် လူငါးဦး (ခြောက်ဦးလည်း ဖြစ်နိုင်ချေရှိသည်ကို) သတ်ပစ်ခဲ့သည်။ မကြာမီမှာပင် ခန့်မှန်းခြေ တပ်မတော်စစ်သား ၂၀၀ ခန့် ထိုနယ်မြေအတွင်း ဝင်ရောက်လာခဲ့ပြီး [671] အနည်းဆုံး အမျိုးသမီးနှစ်ဦးအပါအဝင် အရပ်သားရှစ်ဦးကို တပ်မတော်နှင့် လီဆူပြည်သူ့စစ်အဖွဲ့တို့က ဖမ်းဆီးခဲ့သည်။ သူတို့၏ လက်များကို ကြိုးတုတ်ထားပြီး အချို့မှာ မျက်စိတွင်အဝတ်များစည်းလျက် နောက်ကျောများကို သံဒုတ်နှင့် နာရီအတော်ကြာအောင် အရိုက်ခံရသည်။ ထိုအချိန်အတွင်း မော်သို့သွားသော လမ်းကြောင်းအပါအဝင် မေးခွန်းများမေးခံရသည်။ အခြားဖမ်းဆီးခံရသော လူသုံးဦးအား ကြမ်းပြင်ပေါ်တွင် မှောက်ခိုင်းထားပြီး အုပ်စုအတွင်းမှ လူငါးဦးကို တရားစီရင်ခြင်းမရှိပဲ သေနတ်ဖြင့် ပစ်သတ်ခဲ့ကြသည်။[672]

၃၁၃။ ထိုကာလတလျှောက်လုံး ဆက်လက်ရှိနေခဲ့သော ရန်လိုတိုက်ခိုက်မှုများက အရပ်သားများအား ထွက်ပြေးတိမ်းရှောင်စေခဲ့သည်။ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် "ပတ်မော်" နယ်မြေအတွင်းရှိ ပယင်းတူးဖော်သောကျေးရွာများအနီး ဆက်တိုက်ဖြစ်ပွားနေသော ရန်လိုတိုက်ခိုက်မှုများကြောင့် နယ်မြေကို စွန့်ခွာ ထွက်ပြေးရန် ကြိုးစားသော အရပ်သား ၃, ၅၀၀ ကျော်သည် "စမတ်"ဂိတ်တွင် အစားအစာ၊ ထောက်ပံ့ရေးနှင့် အိမ်သာများ မရှိဘဲ တပ်မတော်၏ ပိတ်ဆို့ခြင်းကို ခံကြရသည်။ ပိတ်မိနေသော အရပ်သားများအတွက် အစားအစာများ သယ်ဆောင်လာသော ဘာသာရေးအုပ်စုများကို စစ်တပ်က သွားရောက်ခွင့်ကို ငြင်းပယ်ခဲ့သည်။ လက်ကိုင်ဖုန်းများ၊ ဆိုင်ကယ်များ၊ ပယင်းများနှင့် ပိုက်ဆံများ အပါအဝင် အရပ်သားများ၏ ကိုယ်ပိုင်ပစ္စည်းများကို စစ်သားများက ယူဆောင်သွားကြသည်။[673] ယင်းမှာ ပေါက်ကွဲနိုင်သော မြေမြှုပ်မိုင်းဇရိယာအတွင်း ဖြစ်ပွားခြင်းဖြစ်ပြီး အနည်းဆုံး အရပ်သားနှစ်ဦးကို သေဆုံးစေခဲ့သည်။[674] လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး၏ ပိတ်မိနေသော အရပ်သားများကို လုံခြုံသော လမ်းကြောင်းပေးရန် သမ္မတထံတောင်းဆိုသည့်စာ ပေးအပြီးတွင် ခန့်မှန်းခြေ အမျိုးသမီး ၇၀၀၊ နှင့် အသက် ၅၀ ကျော် အရပ်သားများ ပါဝင်သော ပထမဆုံး အရပ်သား

670 PI-043.
671 PI-053, PI-054, PI-059, SI-004, V-018.
672 PI-053, PI-053, SI-004, V-018.
673 DI-061, PI-045, V-018.
674 DI-061, PI-045, PI-046.

အုပ်စုကို လွှတ်ပေးခဲ့သည်။[675] နောက်ပိုင်း ရက်များတွင် အရပ်သားများကို အုပ်စုလိုက် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၉ ရက်နေ့တိုင်အောင် ဆက်လက် လွှတ်ပေးခဲ့သည်။[676]

၃၁၄။ ထိုကာလတလျှောက်လုံးတွင် တပ်မတော်သည် အရပ်သားများအပေါ် သူတို့၏ လူမျိုးဖြစ်မှုအပေါ် အခြေခံလျက် မလျော်မကန်ပြုမူခြင်းနှင့် နှိပ်စက်ညှင်းပမ်းခြင်းများ ကျူးလွန်ခဲ့ပြီး KIA အကြောင်း မကြာခဏ မေးခွန်းများမေးမြန်းခဲ့သည်။ ၂၀၁၇ ဒီဇင်ဘာလတွင် ယူနီဖောင်းဝတ် လူအတော်များများသည် နမ့်ဗျူကျေးရွာရှိ လူတစ်ဦး၏အိမ်သို့ ဝင်ရောက်ခဲ့သည်။ သူတို့က သူ့ကို ကချင်ဟုတ်မဟုတ် မေးမြန်းပြီးနောက် အကြိမ်ကြိမ်ရိုက်နှက်ပြီး သတ်ဖြတ်ခံရမည်ဟု ခြိမ်းခြောက်ခဲ့သည်။ သူက အနည်းဆုံး အခြား လူ ၁၀ ဦးလည်း အလားတူဆက်ဆံခံရကြောင်း တွေ့ရှိခဲ့သည်။ သူတို့လက်များကို ကြိုးချည်ပြီး အဝေးသို့ ခေါ်ဆောင်သွားခဲ့သော်လည်း သူက တောထဲတွင် ထွက်ပြေးလွတ်မြောက်ခဲ့သည်။[677] နောက်ထပ် ကျူးလွန်ခံရသူတစ်ဦးမှာ ဒါရှသူကျေးရွာမှ တပ်မတော်စစ်သား ၁၀ ဦးခန့်၏ ခေါ်ဆောင်သွားခြင်းကိုခံရပြီး သူတို့အတွက် သန့်ရှင်းရေး၊ ငါးဖမ်းခြင်းနှင့် ချက်ပြုတ်ခြင်းများ လုပ်ပေးခဲ့ရသည်။ သူ့ကို သူပုန်ဟုတ်မဟုတ် မေးမြန်းနေစဉ် ရိုက်နှက်ခြင်းခံခဲ့ရသည်။[678] တပ်မတော်စစ်သားတစ်စုက မိန်းကလေးငယ် နှစ်ဦးကို တောထဲတွင် မုဒိန်းကျင့်ပြီး သတ်ဖြတ်ကြောင်း မစ်ရှင်က ယုံကြည်ရလောက်သော အစီရင်ခံချက်များကိုလည်း ရရှိခဲ့သည်။[679]

၃၁၅။ တိုက်ပွဲများ ခေတ္တရပ်ဆိုင်းသွားပြီးနောက် ၂၀၁၈ ခုနှစ် ဧပြီ ၁၁ ရက်နေ့တွင် အောင်လော့ကျေးရွာကို လေကြောင်းတိုက်ခိုက်မှု လေးကြိမ်ပစ်ခတ်မှုများဖြင့် မော်နယ်မြေကို တင်းကြပ်သည့်ထိန်းချုပ်မှုရရှိရန် နောက်ထပ်ထိုးစစ်ကို တပ်မတော်က ပြုလုပ်ခဲ့ရာ အရပ်သားတစ်ဦး သေဆုံးပြီး အနည်းဆုံး အခြားနှစ်ဦး ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ အစီရင်ခံချက်များအရ ရာနှင့်ချီသော တပ်မတော်စစ်သားများသည် ထိုနယ်မြေကို သိမ်းပိုက်လိုက်ပြီးနောက် အနီးစပ်ဆုံး အရပ်သား ၂၀၀၀ ခန့်သည် ကွင်းပြင်များသို့ ထွက်ပြေးခဲ့ရပြီး လက်နက်ကြီးများဆက်လက်ကျနေသည့် ထိုနေရာတွင် သုံးရက်တိုင်အောင် နေထိုင်ခဲ့ကြရသည်။[680] ရွာသားအုပ်စုတစ်ခုမှာ အလွန်ဆိုးရွားသော အခြေအနေအောက်တွင် လေကြောင်းတိုက်ခိုက်မှုနှင့် စစ်သားများရှိနေမှုကို ရှောင်ရှားရန် တောနယ်မြေများ၌ နေထိုင်ခဲ့ကြရသည်။ အစာရေစာနှင့် ဆေးဝါး ပြတ်လပ်မှုကြောင့် အနည်းဆုံး သက်ကြီးရွယ်အိုတစ်ဦး၊ ကလေးတစ်ဦးနှင့် မွေးကင်းစ တစ်ဦး သေဆုံးခဲ့သည်။[681]

**(ခ)ရှမ်းပြည်နယ် မုံးကိုး။ ၂၀၁၆ နိုဝင်ဘာမှ ၂၀၁၇ အစောပိုင်းကာလ။**

၃၁၆။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလမှ ၂၀၁၇ အစောပိုင်းကာလအထိ ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ် မုံးကိုးဒေသ ပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်များသည်လည်း တိုက်ပွဲများ ဖြစ်နေစဉ်ကာလအတွင်း အရပ်သားပြည်သူများသည် နောက်ဆက်တွဲ သို့မဟုတ် တဆက်တည်းဖြစ်နေသော ချိုးဖောက်မှုအများအပြားကို ကြုံတွေ့ရကြောင်း ပြသနေသည်။ ယင်းတွင် အစုအပြုံလိုက် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ၊ နှင့်

---

[675] DI-061, V-018.
[676] DI-061, PI-045.
[677] PI-059.
[678] PI-079.
[679] PI-069 အခန်း က-၄။ လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှု ကိုကြည့်။
[680] K-069.1, PI-103, V-063
[681] PI-103, V-063။ အခန်း က-၇။ အတင်းအဓမ္မရွှေ့ပြောင်းစေမှု၊ ဥစ္စာပစ္စည်း သိမ်းဆည်းခြင်းနှင့် ဖျက်ဆီးခြင်း၊ နှင့် လူသားချင်းစာနာမှု အကူအညီ ငြင်းပယ်ခြင်း ကိုကြည့်။

သတ်သတ်မှတ်မှတ် ပစ်မှတ်မထားသော လေကြောင်းပုံးကျဲ တိုက်ခိုက်မှုများနှင့် ကြိုတင်သတိပေးခြင်းကို ချိုးဖောက်သည့် တိုက်ခိုက်မှုများ ပါဝင်သည်။

၃၁၇။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်နေ့ညတွင် မြောက်ပိုင်း စစ်ရေး မဟာမိတ်အဖွဲ့က မုံးကိုးမြို့ကို တိုက်ခိုက်ခဲ့သည်။[682] မြောက်ပိုင်း မဟာမိတ်အဖွဲ့သည် တပ်မတော်က ထိန်းချုပ်ထားသော တောင်ထိပ်စစ်အခြေစိုက်စခန်းတစ်ခုမှ လွဲ၍ မုံးကိုးတစ်ခုလုံးနီးပါးကို သိမ်းပိုက်ခဲ့သည်။

၃၁၈။ ယင်းနောက်တွင် တပ်မတော်က အရပ်သားများ အစုလိုက်အပြုံလိုက် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကို လုပ်ဆောင်ခဲ့သည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၀ ရက်တွင် တပ်မ ၉၉ မှ တပ်မတော်စစ်သားများသည် မုံးကိုး မန်ဂျပ်ကျေးရွာရှိ အိမ်တစ်အိမ်သို့ သွားရောက်ပြီး လူပေါင်း ၁၀၀ ကျော်ကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ထိုသူများကို တောင်ထိပ်ရှိ စစ်စခန်းသို့ လမ်းလျှောက်တက်စေခဲ့သည်။[683] အင်တာဗျူး ဖြေဆိုသူတစ်ဦးကို သူ့အားဖမ်းဆီးသည်။ စစ်သားက "တိုက်ခိုက်မှုတွေ အကြောင်း မင်းမသိဘူးဆိုတာ မဖြစ်နိုင်ဘူး၊ ဘာလို့ ငါတို့ကို သတင်းမပေးသလဲ" ဟု မေးမြန်းခဲ့သည်။[684] လူအများအပြားကို သူလျှိုလုပ်သည်ဟု စွပ်စွဲပြီး အချို့မှာ MNDAA အဖွဲ့ဝင်များဟု အထူးစွပ်စွဲပြီး ကြိုးဖြင့်ချည်ကာ ရိုက်နက်ခဲ့သည်။[685] ၁၂ နာရီခန့်ကြာသည့်အခါတွင် တပ်မတော်က မိန်းမနှင့် ကလေးများကိုသာမက တရုတ်နိုင်ငံသားများကို လွှတ်ပေးလိုက်ရာ ထိန်းသိမ်းထားမှုတွင် လူပေါင်း ၇၀-၈၀ ခန့် ကျန်ရစ်သည်။ ရာဂဏန်းအချို့ရှိသော စစ်သားများနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ စစ်တပ်စခန်းတွင် စခန်းချနေခဲ့သည်။[686]

၃၁၉။ ထိန်းသိမ်းခံရသူများအား သံဆူးကြိုးနှစ်ခုအကြား မြေကြီးပေါ်တွင် လှဲနေစေသည်ခြင်းဖြင့် သူတို့ကို တပ်မတော်စခန်းနှင့် မြောက်ပိုင်း မဟာမိတ်တပ်ဖွဲ့များအကြား ရောက်ရှိသွားစေသည်။[687] သူတို့အား အသံမထွက်စေရန်နှင့် သို့မဟုတ်ပါက သတ်ပစ်မည်ဟု ပြောထားသည်။[688] ထိုအုပ်စုအား ထိန်းသိမ်းထားသည့် ၁၃ ရက်တာကာလအတွင်း တပ်မတော်နှင့် မြောက်ပိုင်းမဟာမိတ်များအကြားတွင် တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားနေခဲ့သည်။ တပ်မတော်တပ်ဖွဲ့များက ထိန်းသိမ်းထားသူများ၏ ခေါင်းများကို ကျော်လျက် လက်ပစ်ပုံးများနှင့်ပစ်ခတ်ရာ အတော်များများက သစ်ပင်များကို ထိမှန်ပြီးနောက် သူတို့အပေါ် ကျရောက်ခဲ့သဖြင့် အနည်းဆုံး လူနှစ်ဦး သေဆုံးခဲ့ပြီး အခြားသူများကို ဒဏ်ရာရစေခဲ့သည်။[689] ထိခိုက်ဒဏ်ရာရသူများကို ဆေးကုသနိုင်ရန် လွှတ်ပေးခြင်း မရှိခဲ့ပေ။[690] ထိန်းသိမ်းခံရသူတစ်ဦးက ထိန်းသိမ်းခံရသူများအကြားတွင် မော်တာပုံးသီးတစ်လုံး ကျလာသော်လည်း မကွဲခဲ့ကြောင်း တွေ့မြင်ခဲ့သည်။[691] အပြန်အလှန် ပစ်ခတ်နေစဉ်အတွင်း ထွက်ပြေးရန်ကြိုးစားခဲ့သော အသက် ၉၀ အရွယ် လူတစ်ဦးမှာ သတ်ဖြတ်ခံရကြောင်း မျက်မြင်တွေ့ခဲ့ကြသည်။[692] ထိန်းသိမ်းခံရသူများမှာ

682 DI-058, DI-060, K-133.1, K-133.2, K-133.3, K-133.24, V-056.
683 DI-058.
684 DI-060.
685 DI-058.
686 DI-058, DI-060, K-133.6, K-133.23.
687 DI-058, DI-060, K-133.23, V-170.
688 DI-060.
689 DI-058, DI-060, K-133.23.
690 DI-060.
691 DI-060, K-133.23.
692 DI-060.

အမိုးအကာမရှိပဲ မြေကြီးပေါ်တွင် အိပ်ကြရသည်။ သူတို့တွင် ရေချိုးဖွတ်စရာ သို့မဟုတ် အိမ်သာသွားရန် နေရာများလည်း မရှိပဲ အစပိုင်းတွင် သူတို့ကို ထိန်းသိမ်းထားသောနေရာတွင်သာ ဆီးသွားကြရပြီး နောက်ပိုင်းတွင် ဒုတိယ သံဆူးကြိုးနောက်တွင် ကျင်းတူးခဲ့ကြသည်။ အစောပိုင်းရက်များတွင် ထိန်းသိမ်းခံရသူများအား အစားအစာပေးခြင်းလည်း မရှိခဲ့ပေ။[693] ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် မြောက်ပိုင်းမဟာမိတ်တို့က စစ်တပ်အခြေစိုက်စခန်း၏ အစိတ်အပိုင်းအချို့ကို လက်လှမ်းမီသည့်အခါ အရပ်သားများမှာ ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည်။[694] ထိန်းသိမ်းခံရသူ လူအုပ်စုကို တိုက်ပွဲအကြားတွင် ထားခြင်းသည် နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ၏ အခြေခံ ဥပဒေသတစ်ခု ဖြစ်သော မိမိတို့၏ ထိန်းချုပ်မှုအောက်တွင်ရှိသော အရပ်သား ပြည်သူများကို တိုက်ခိုက်မှုများ၏သက်ရောက်မှုမှ ကာကွယ်ရန် ဖြစ်နိုင်သမျှ ကြိုတင်ပြင်ဆင်မှုများကို တပ်မတော်က မလုပ်ဆောင်ခဲ့သည့် ရှင်းလင်းသော နမူနာ ဖြစ်သည်။[695] ထိုဖြစ်ရပ်တွင် လူသားဒိုင်း အသုံးပြုခြင်းအပေါ် တားမြစ်ပိတ်ပင်ထားခြင်းကိုလည်း ကျူးလွန်ရာမြောက်နိုင်သည်။[696]

၃၂၀။ ဤကာလအတွင်း မုံးကိုးဒေသတွင် တပ်မတော်က ရည်ရွယ်ချက်ရှိရှိဖြင့် အရပ်သားများကို သတ်ဖြတ်ခဲ့သည်ဆိုသည့် ယုံကြည်ရလောက်သည့် ထွက်ဆိုချက်များကိုလည်း မစ်ရှင်က ရရှိသည်။[697] ဥပမာ စစ်တပ်အခြေစိုက်စခန်းတွင် ထိန်းသိမ်းခံခဲ့ရသူတစ်ဦးက သူတို့ထွက်ပြေးလွတ်မြောက်ပြီးနောက်တွင် အခြားယောကျ်ားတစ်ဦး သေနတ်ဖြင့်ပစ်ခံရပြီး တပ်မတော်စစ်သားများထဲက တစ်ဦးက ဓါးဖြင့်သတ်ဖြတ်ခဲ့သည်ကို ကိုယ်တိုင်မြင်ခဲ့ရသည်။[698] အတင်းအဓမ္မ ပျောက်ဆုံးစေမှု ဖြစ်ရပ်နှစ်ခုလည်း ပူးတွဲပါဝင်သည်။ ဖြစ်ရပ်နှစ်ခုစလုံးတွင် တပ်မတော်က ဖမ်းဆီးခဲ့ပြီးနောက် ဖြစ်ပွားခြင်းဖြစ်သည်။[699] ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၄ ရက်နေ့တွင် အရပ်သားများသည် သူတို့အားထိန်းသိမ်းထားခြင်းမှ ထွက်ပြေးလာပြီးနောက် တပ်မတော်စစ်သားများက အနီးအနား ကျေးရွာများကို ရည်ရွယ်ချက်ရှိရှိဖြင့် မီးရှို့ခဲ့ကြကြောင်းကိုလည်း မစ်ရှင်က ဖော်ထုတ်နိုင်ခဲ့သည်။[700]

၃၂၁။ ပဋိပက္ခကာလအတွင်း တပ်မတော်က လေကြောင်းတိုက်ခိုက်မှုများကို မုံးကိုးနှင့်အနီးအနား ကျေးရွာများအပေါ် လုပ်ဆောင်ခဲ့ခြင်းကြောင့် အရပ်သားများ၏ ပိုင်ဆိုင်မှုများသာမက ဘုရားကျောင်းတစ်ကျောင်းလည်း ပျက်စီးခဲ့ပြီး အနည်းဆုံး ဖြစ်ရပ်တစ်ခုတွင် အရပ်သားသေဆုံးမှုများ ဖြစ်ပွားခဲ့သည်။[701] ၂၀၁၆ နိုဝင်ဘာလ အစောပိုင်းတွင် MNDAA နှင့် တိုက်ခိုက်လျက်ရှိစဉ် တပ်မတော်က သူ၏ ကျေးရွာကို လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် လက်နက်ကြီးကျည်တစ်ခုက သူ၏အိမ်ကို ထိမှန်ခဲ့ကြောင်း ကျူးလွန်ခံရသူ အမျိုးသမီးက မစ်ရှင်ကို ပြောပြသည်။ လက်နက်ကြီး ပစ်ခတ်မှုတွင် အခြား ရွာသားနှစ်ဦး သေဆုံးပြီး ကလေးများ

---

[693] DI-058, DI-060.

[694] DI-058, DI-060, K-133.23.

[695] ICRC/Customary IHL, rule 22.

[696] ICRC/Customary IHL, rule 97. လူသားဒိုင်းအသုံးပြုခြင်း ဆိုသည်မှာ စစ်ဆင်တိုက်ခိုက်မှုများကို ကာကွယ်ရန် အရပ်သားများ တည်ရှိမှု (သို့မဟုတ် လှုပ်ရှားမှု) သို့မဟုတ် အခြားသော အကာအကွယ်ပေးရမည့် လူပုဂ္ဂိုလ်များကို အချို့သောနေရာများ သို့မဟုတ် နယ်မြေများ (စစ်တပ်ဖွဲ့များ) တွင် အသုံးပြုခြင်း ဖြစ်သည်။

[697] DI-058, K-133.1, K-133.16 အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ ကိုကြည့်။

[698] DI-058.

[699] အခန်း က-၅။ လွတ်လပ်ခွင့်ကို အကြောင်းမဲ့ ရုပ်သိမ်းခြင်းနှင် အဓမ္မ ပျောက်ဆုံးစေမှုများ တွင်ကြည့်။

[700] DI-058, K-133.4, K-133.6, K-133.15, K-133.22, K-133.23

[701] K-133.9, K-133.10, K-133.11, K-133.13, K-133.14, K-133.17, PI-042, SM-001, V-056

ဒဏ်ရာရရှိခဲ့သည်။[702] လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှု နောက်ပိုင်းတွင် တပ်မတော်သည် ရွာထဲဝင်လာပြီး အစားအစာများနှင့် မွေးထားသော တိရစ္ဆာန်များကို ယူဆောင်သွားခဲ့ကြသည်။ သူမ၏ မိသားစုမှာ တရုတ်နိုင်ငံသို့ ထွက်ပြေးခဲ့ပြီး နောက်ပိုင်းတွင် ပြန်လာခဲ့သော်လည်း စစ်သားများက သူတို့ ရွာပြန်လာခြင်းကို တားဆီးခဲ့ကြသည်။ သူမက "အိမ်ဆုံးရှုံးသွားတယ်ဆိုတာ ကျမတို့အတွက် ဆိုးရွားတဲ့ စီးပွားရေး အခြေအနေဖြစ်သွားတာပဲ တိုက်ခိုက်မှုက ကျမစိတ်ကို နာကျင်စေပြီး ကျမတို့ဘဝတွေကို အမြဲတမ်း ပြောင်းလဲသွားစေခဲ့တယ်။" ဟု မစ်ရှင်ကို ပြောပြသည်။[703]

၃၂၂။ တိုက်ပွဲများကြောင့် လူပေါင်း ၂၀, ၀၀၀ ခန့် အိုးအိမ်မဲ့ ဖြစ်ခဲ့ပြီး သူတို့ထဲက အများအပြားကို နယ်စပ်အနီး သို့မဟုတ် တရုတ်နိုင်ငံသို့ ရောက်ရှိစေသည်။[704] ထိုနယ်မြေမှာ ပိတ်ကာထားသည့် အခြေအနေတွင်ရှိပြီး လိုအပ်နေသော ဒုက္ခသည်များထံ လူသားချင်းစာနာမှုအကူအညီများကို တားဆီးထားပြီး[705] ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များအရ ဒေသခံကူညီရေး လုပ်သားတစ်ဦးမှာ ဒုက္ခသည်များထံရောက်ရှိရန် ကြိုးပမ်းရင်း ဒဏ်ရာရရှိခဲ့သည်ကို သိရသည်။[706]

၃၂၃။ ၂၀၁၆ ဒီဇင်ဘာလ အစောပိုင်းတွင် တပ်မတော်က မုံးကိုးမြို့ကို ပြန်လည် ထိန်းချုပ်နိုင်ခဲ့သည်။ မြို့သို့ပြန်လာသော ထွက်ပြေးတိမ်းရှောင်သူများကို ဓါတ်ပုံရိုက်ပြီး အဖြူရောင်ကပ်ပြားများ ထုတ်ပေးထားသည်။[707] ထိုကပ်ပြားများကို ထင်းခုတ်ခြင်း သို့မဟုတ် တောင်ယာသွားခြင်းအပါအဝင် အချိန်တိုင်းပြသရသည်။[708] မစ်ရှင်က ရရှိထားသော ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ စစ်သားများသည် အိမ်များကို မကြာခဏစစ်ဆေးပြီး အိမ်ရှိလူစာရင်းကို အတည်ပြုလျက် အိမ်များရှေ့တွင် မိသားစုဓါတ်ပုံများကို ရိုက်ထားခြင်းဖြင့် ရှောင်တခင်စစ်ဆေးရာတွင် လွယ်ကူစေရန် လုပ်ဆောင်ထားကြောင်း ဖော်ပြသည်။[709] မုံးကိုးသို့ ပြန်လာကြသော လူပုဂ္ဂိုလ်များသည် အစားအစာနှင့် နေအိမ်များ မီးလောင်သွားသဖြင့် နေထိုင်စရာ အကူအညီများ လိုအပ်နေသော်လည်း လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးအဖွဲ့များအနေဖြင့် အဖြူရောင်ကပ်ပြားကိုင်ဆောင်သူများထံ ရောက်ရှိရန် ခက်ခဲနေခြင်းကြောင့် အကူအညီပေးရာတွင် အဟန့်အတားဖြစ်စေသည်။[710]

## ၈.၈။ နိုင်ငံတော်မှမဟုတ်သည့် လက်နက်ကိုင်သက်ဆိုင်သူများက ကျူးလွန်သောချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ

၃၂၄။ မစ်ရှင်အား နိုင်ငံသို့ဝင်ရောက်မှုကို ငြင်းပယ်ခြင်းနှင့် မစ်ရှင်၏ သတင်းအချက်အလက်အတွက် တောင်းဆိုချက်များအပေါ် မြန်မာအာဏာပိုင်များက တုန့်ပြန်ရန် ငြင်းပယ်ခြင်းတို့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများက ကျူးလွန်သောချိုးဖောက်မှုများနှင့် မှားယွင်းလုပ်ဆောင်ချက်များအပေါ် မူရင်း အချက်အလက်များစုဆောင်းနိုင်ရန် စွမ်းရည်ကို အကြီးအကျယ် အကန့်အသတ်ဖြစ်စေသည်။

702 ဤတိုက်ခိုက်မှုများသည် အခွင့်ရှိသော ပစ်မှတ်များကို ချိန်ရွယ်သည် နှင့်/သို့ လိုအပ်သော ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်သည်ကို သေချာစေရန် လုံလောက်သောအချက်အလက်များ မစ်ရှင်က မရရှိပါ။
703 PI-042.
704 K-142.40.
705 K-069.4, K-069.5
706 K-069.5.
707 K-142.41, QI-082
708 DI-058, V-056
709 K-.133.6, K-142.48, PI-041
710 K-142.48, QI-082

အကျိုးဆက်အားဖြင့် မစ်ရှင်အနေဖြင့် တဆင့်ခံ အရင်းအမြစ်များမှတဆင့် ပိုမိုရယူရသဖြင့် ယင်းတွင် ပါဝင်သော နည်းပညာပိုင်းဆိုင်ရာ စိမ်ခေါ်မှုများကို ရင်ဆိုင်ရသည်။ မစ်ရှင်က မေးမြန်းခဲ့ပြီး အတည်ပြုခဲ့သော နမူနာဖြစ်ရပ်များသည် တစုံလုံးအရ လွန်စွာရှုတ်ထွေးသော အခြေအနေကို အပြည့်အဝ ကိုယ်စားပြုနိုင်လိမ့်မည် မဟုတ်ပေ။ သို့ရာတွင် ကချင်နှင့် ရှမ်းပြည်နယ်များအတွင်း တိုက်ပွဲဝင်နေသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း(EAO)များသည်[711] မတူညီသောအတိုင်းအတာများဖြင့် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေချိုးဖောက်မှုများနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ကြောင်း မစ်ရှင်တွင် ယုံကြည်စိတ်ချရသော်လည်း အတိုင်းအတာ အကန့်အသတ်ဖြင့် သတင်းအချက်အလက်များ ရရှိထားသည်။

၃၂၅။ မစ်ရှင်ကရရှိထားသော သတင်းအချက်အလက်များက EAOများက ကျူးလွန်သောချိုးဖောက်မှုများနှင့် မားယွင်းသောလုပ်ဆောင်မှုများသည် တပ်မတော်၏ကျူးလွန်မှုထက် နည်းပါးကြောင်း ညွှန်ပြနေသည်။

### (၁) ဥပဒေ မူဘောင်

၃၂၆။ နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေသည် လက်နက်ကိုင် ပဋိပက္ခနှစ်ဘက်စလုံးအား နိုင်ငံတကာပါဝင်သည်ဖြစ်စေ ပြည်တွင်းပဋိပက္ခဖြစ်စေ အစိုးရမဟုတ်သည့် လက်နက်ကိုင်အုပ်စုများကိုလည်း လွှမ်းခြုံသည်။ ထို့အပြင် နယ်မြေကို ထိရောက်စွာထိန်းချုပ်ထားပြီး အစိုးရကဲ့သို့သော လုပ်ငန်းဆောင်တာများကို ကျင့်သုံးနေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည်လည်း သူတို့၏ထိန်းချုပ်မှုအောက်တွင်ရှိသော လူများ၏ လူ့အခွင့်အရေးများကို သက်ရောက်မှုရှိသည့် လုပ်ဆောင်မှုများကို လုပ်ဆောင်သည့်အခါ လူ့အခွင့်အရေးစံချိန်စံညွှန်းများကို လေးစားလိုက်နာရန် တာဝန်ရှိသည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။[712]

၃၂၇။ အထူးသဖြင့် စစ်သားစုဆောင်းသည့်ကိစ္စနှင့် ပတ်သက်၍ နိုင်ငံတကာ ဥပဒေသည် အစိုးရမဟုတ်သောလက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း ယင်းတို့သည် နယ်မြေအစိတ်အပိုင်းတစ်ခုအပေါ် တရားမဝင် အခွင့်အာဏာရှိသည်ဖြစ်စေ မလုပ်မနေရ သို့မဟုတ် အတင်းအကြပ် အခြေခံပေါ်တွင် (လူကြီး သို့မဟုတ် ကလေးဖြစ်စေကာမူ) လူသစ်စုဆောင်းခြင်းကို ခွင့်ပြုထားခြင်း မရှိပေ။ အကယ်၍ နယ်မြေထိန်းချုပ်ထားသည့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများသည် ပြည်သူများကို လက်နက်ကိုင်တပ်ဖွဲ့များအတွင်းသို့ ထည့်သွင်းပိုင်ခွင့်ရှိသည် ဆိုလျှင်ပင် အခွင့်အရေးများမှာ အစိုးရနှင့် အတူတူပင်ဖြစ်ပြီး ကန့်သတ်မှုများကို သက်ဆိုင်ဆဲပင်ဖြစ်သည်။ လူသစ်စုဆောင်းခြင်းကို ဥပဒေမဲ့ သို့မဟုတ် ထင်ရာမြင်ရာ လုပ်ဆောင်သည့် ပုံစံမျိုးကို လုပ်ဆောင်ရန် ခွင့်ပြုထားခြင်းမရှိပေ။[713] အစိုးရများကဲ့သို့ပင် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများအတွင်း ကလေးများကို (ဆန္ဒသဘောအလျောက်) လူစုဆောင်းမှုကို တားမြစ်သည်။[714] ယင်းတွင် တိုက်ခိုက်ရေးသမားများ၊ ထမင်းချက်များ၊ ပေါ်တာများ၊ ဆက်သားများ သို့မဟုတ် သူလျှိုများ အပါအဝင် မည်သည့်

---

[711] ထိုအထဲတွင် TNLA, KIA, SSA-South, MNDAA နှင့် AA တို့ပါဝင်သည်။ တချို့သောကိစ္စရပ်များတွင် မစ်ရှင်အနေဖြင့် SSA-South နှင့် SSA-North အကြား မည်သည့် SSA မှန်းခွဲခြားမရနိုင်ခဲ့ပါ။ မစ်ရှင်အနေဖြင့် ဝသပ ပါဝင်သည်ကို ဖော်ပြနိုင်သည့် လွန်စွာအကန့်အသတ်ဖြစ်သော သတင်းအချက်အလက်လောက်ကိုသာ ရရှိခဲ့ပါသည်။

[712] အပိုင်း ၂၊ အခန်း ဂ။ ဥပဒေမူဘောင် ကြည့်။

[713] အခန်း က-၆။ လူကြီးများနှင့် ကလေးများအား အဓမ္မလုပ်အားနှင့် အဓမ္မစစ်သားစုဆောင်းခြင်း ကြည့်။

[714] ICRC/ဓလေ့ထုံးတမ်း IHL၊ စည်းမျဉ်း ၁၃၆။ CRC ပုဒ်မ ၃၈ ကိုလည်း ကြည့်။

လုပ်ငန်းလုပ်ဆောင်မှုအတွက်ဖြစ်စေ ကလေးများကို လူသစ်စုဆောင်းခြင်း ပါဝင်သည်။[715] နိုင်ငံတကာဓလေ့ထုံးတမ်းဥပဒေတွင် အသက်ကန့်သတ်မှုကို ပြဋ္ဌာန်းထားခြင်းမရှိသည့်အတွက် ယင်းကို အနည်းဆုံး အသက် ၁၅ နှစ်ရှိသည့် မည်သည့်ကလေးကိုမဆို လွှမ်းခြုံသည်ဟု သဘောတူထားသည်။[716] လက်နက်ကိုင်အဖွဲ့အစည်းများက အတင်းအဓမ္မဖြစ်စေ၊ ဆန္ဒသဘော အလျောက်ဖြစ်စေ လူသစ်စုဆောင်းခြင်းမှ အသက် ၁၈ နှစ်အောက် ကလေးများကို ကာကွယ်ရန် အစိုးရက ပျက်ကွက်သည့်အခါ ယင်းသည်လည်း လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်သည်။

### (၂) ရှာဖွေတွေ့ရှိချက်များ

### (က) တိုက်ခိုက်မှုများတွင် ဖြစ်နိုင်ခြေရှိသော ကြိုတင်သတိထားကာကွယ်မှုများ လုပ်ဆောင်ရန် ပျက်ကွက်ခြင်း

၃၂၈။ တိုက်ခိုက်မှုများတွင် ကြိုတင်သတိထားကာကွယ်မှုဆိုင်ရာ ဥပဒေသအရ မြန်မာနိုင်ငံမြောက်ပိုင်းရှိ ပဋိပက္ခတွင် ပါဝင်သောအဖွဲ့အစည်းများသည် အရပ်သားပြည်သူများ၊ အရပ်သားများနှင့် အရပ်ဘက်ဆိုင်ရာပစ်မှတ်များကို မထိခိုက်စေရန် အစဉ်တစိုက် သတိထားရမည်။ မစ်ရှင်က ရရှိထားသော အချက်အလက်များက EAO များသည် ဖြစ်ရပ်အများအပြားတွင် မတော်တဆ အရပ်သားများ အသက်ဆုံးရှုံးမှု၊ အရပ်သားများ ထိခိုက်ဒဏ်ရာရမှုနှင့် အရပ်ဘက် အရာဝတ္ထုများကို ပျက်စီးစေမှုများကို ရှောင်ကျဉ်ရန် သို့မဟုတ် အနည်းဆုံးဖြစ်စေရန် လုပ်ဆောင်ရန် ပျက်ကွက်ကြောင်း ညွှန်ပြနေသည်။ အချို့တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများသည်လည်း မကြာခဏပင် အရပ်သား အရေအတွက် အများအပြားထွက်ပြေးမှုဖြစ်စေသည့် တိုက်ခိုက်မှုများ လုပ်ဆောင်သည့်အခါ လူသားချင်းစာနာမှုဆိုင်ရာ ထည့်သွင်းစဉ်းစားချက်များ လုပ်ဆောင်ရန် ပျက်ကွက်ကြသည်။

၃၂၉။ ဥပမာ- ၂၀၁၈ ခနှစ် မေလတွင် TNLA သည် ရှမ်းပြည်နယ် မူဆယ်မြို့နယ် အစိုးရလုံခြုံရေးကင်းစခန်းများကို တိုက်ခိုက်ခဲ့ကြောင်း သတင်းရရှိသည်။ ထိုသတင်းအချက်အလက်များအရ ရဲဗိုလ်ကြီးအပြင် လူ ၁၈ ဦး သေဆုံးခဲ့သည်။ မစ်ရှင်အနေဖြင့် သေဆုံးသောသူများမှာ အရပ်သားများ ဟုတ်သည်မဟုတ်သည်နှင့် သူတို့ မည်သို့သေဆုံးခဲ့သည်တို့အပေါ် ဤဖြစ်ရပ်၏အသေးစိတ်ကို စီစစ်နိုင်ခြင်း မရှိခဲ့ပါ။ သို့ရာတွင် TNLA က "ထိခိုက်သေဆုံးသူများမှာ လက်နက်ကိုင် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များနှင့် သူတို့၏မိသားစုများ" ဖြစ်သည်ဟု ပြောဆိုခဲ့ကြောင်း သတင်းရရှိသည်။[717]

၃၃၀။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့နှစ်ဖွဲ့ဖြစ်သည့် TNLA နှင့် SSA-S တို့အကြား တိုက်ပွဲများကြောင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ကြီးမားသောအိုးမဲ့အိမ်မဲ့ဖြစ်မှုကို ဖြစ်စေသည်။ ဥပမာ- ၂၀၁၈ ခနှစ် မတ်လလည်က လက်နက်ကိုင်အဖွဲ့နှစ်ခုအကြား တိုက်ခိုက်မှုများအပြီးတွင် ရှမ်းပြည်နယ် မိုင်းတုံမြို့နယ် မုန်းပေါ့ကျေးရွာမှ အရပ်သား ၃၀၀ ထွက်ပြေးခဲ့ရသည်ဟု သတင်းရရှိသည်။ နောက်ထပ်ထပ်မံသိရှိရသည်မှာ အရပ်သားများသည် တိုက်ပွဲအကြား

---

[715] ကုလသမဂ္ဂကလေးများရံပုံငွေ (UNICEF)၊ ပါရီ ဥပဒေသများ။ လက်နက်ကိုင်တပ်ဖွဲ့များ သို့မဟုတ် လက်နက်ကိုင်အဖွဲ့ အစည်းများနှင့် ဆက်စပ်သော ကလေးများအပေါ် ဥပဒေသများနှင့် လမ်းညွှန်ချက်များ၊ ၂၀၀၇ ဖေဖော်ဝါရီ။ စာ-၇။

[716] လက်နက်ကိုင်ပဋိပက္ခတွင် ပါဝင်မှုအပေါ် ကလေးများအခွင့်အရေး သဘောတူစာချုပ်အတွက် ရွေးချယ်နိုင်သည့် လုပ်ထုံးလုပ်နည်းအောက်တွင်၊ မြန်မာက လက်မှတ်ရေးထိုးထားသော်လည်း ယခုတိုင် အတည်မပြုသေး။ မည်သည့် အခြေအနေအောက်တွင်မဆို လက်နက်ကိုင်အဖွဲ့အစည်းများသည် အသက် ၁၈ နှစ်အောက် ရှိသူများကို စုဆောင်းခြင်း မပြုရ။

[717] V-203, V-204

ပိတ်မိနေပြီး အကူအညီပေးရေးလုပ်သားများ အကူအညီဖြင့် ထွက်ခွာခဲ့ကြရသည်။[718] ၂၀၁၈ ခုနှစ် မတ်လတွင်လည်း ရှမ်းပြည်နယ် ကျောက်မဲမြို့နယ် တော်ဖယ်ကျေးရွာတွင် TNLA နှင့် SSA-တောင်ပိုင်း တို့အကြား တိုက်ခိုက်စဉ်အတွင်း လက်နက်ကြီးကျည်တစ်ခုသည် ရွာထဲတွင်ပေါက်ကွဲခဲ့ပြီး အရပ်သားနှစ်ဦးသေဆုံးပြီး အခြားသူများကို ထိခိုက်ဒဏ်ရာ ရစေခဲ့ကြောင်း ပြောဆိုကြသည်။ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁,၀၀၀ ခန့်သည် နယ်မြေမှ ထွက်ပြေးခဲ့ကြသည်။[719] ၂၀၁၆ ခုနှစ် ဇူလိုင်လ အစောပိုင်းတွင် ဤလက်နက်ကိုင် အဖွဲ့နှစ်ခုကြား တိုက်ပွဲများကြောင့် အရပ်သား ၃၅၀ သည် ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်အတွင်းရှိ မန်လွယ်ဟုခေါ်သော နောက်ထပ်ကျေးရွာတစ်ခုသို့ ထွက်ပြေးခဲ့ကြရသည်။[720]

၃၃၁။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် KIA၊ TNLA၊ MNDAA နှင့် AA တို့ပါဝင်သော မြောက်ပိုင်းမဟာမိတ်အဖွဲ့သည် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နှင့် ကွတ်ခိုင်မြို့နယ်များရှိ ရဲနှင့်စစ်တပ်ကင်းစခန်းများကို ထိုးစစ်ဆင်တိုက်ခိုက်မှု လုပ်ခဲ့သည်။ သတင်းများက အနည်းဆုံး လူရှစ်ဦး သေဆုံးပြီး ၂၉ ဦး ဒဏ်ရာရခဲ့ကြောင်း သတင်းများက ခန့်မှန်းသည်။ ကျည်ဆံများက ရွှေလီမြစ်ကို ဖြတ်၍ တရုတ်နယ်မြေအတွင်း ကျရောက်ပြီး တရုတ်နိုင်ငံသားတစ်ဦးကို ဒဏ်ရာရစေခဲ့သည်။ လူပေါင်း ၃, ၀၀၀ ခန့် တိုက်ပွဲများမှ ထွက်ပြေးလွတ်မြောက်နိုင်ရန် တရုတ်နိုင်ငံဖက်သို့ ထွက်ပြေးခဲ့ပြီး အခြားသော ၂,၇၀၀ ကျော်မှာ ပြည်တွင်းတွင် စစ်ဘေးရှောင်ခဲ့ကြောင်း သတင်းများ ရရှိသည်။[721]

၃၃၂။ ၂၀၁၇ ခုနှစ် မတ်လ အစောပိုင်းတွင် MNDAA က ကိုးကန့် ကိုယ်ပိုင် အုပ်ချုပ်ရေးဇုံအတွင်း ရဲနှင့်စစ်စခန်းများကို တိုက်ခိုက်ခဲ့ရာ အနည်းဆုံး လူ ၃၀ သေဆုံးကြောင်း ယုံကြည်ရလောက်သော်လည်း အတည်မပြုနိုင်သောသတင်းများကို မစ်ရှင်က ရရှိခဲ့သည်။ ထောင်နှင့်ချီ၍ တရုတ်နိုင်ငံဘက်သို့ နယ်စပ်ကိုဖြတ်၍ ထွက်ပြေးကြသည်။ သီးခြားတိုက်ခိုက်ရေးသမားအုပ်စုတစ်ခုက လောက်ကိုင်ရှိနေရာများကို တိုက်ခိုက်သည်။ သေဆုံးသူများနှင့် ဒဏ်ရာရသူများ၏ ရုပ်ပျက်ဆင်းပျက်ဓါတ်ပုံများနှင့်အတူ အစိုးရက တရားဝင်ထုတ်ပြန်ကြေညာချက်တွင် တိုက်ပွဲအတွင်း၌ အနည်းဆုံး အရပ်သားငါးဦးနှင့် ရဲအရာရှိငါးဦး သေဆုံးခဲ့ကြောင်း အသိပေးခဲ့သည်။ ယင်းတွင် ဆက်လက်ပြောထားသည်မှာ MNDAA တိုက်ခိုက်ရေးသမားများဟု သိရသော "မီးလောင်နေသည့် အလောင်း" ၂၀ ကို လက်နက်များနှင့်အတူ တွေ့ရသည်ဟုလည်း ပြောထားသည်။[722]

### (ခ) လက်နက်ကိုင်အဖွဲ့အစည်းများအတွင်း တပ်သားစုဆောင်းခြင်းနှင့် အဓမ္မလုပ်အားခိုင်းစေခြင်း

၃၃၃။ အချို့သောတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ (EAO) များက လူကြီးများနှင့် ကလေးများကို သူတို့၏လက်နက်ကိုင်ရာထူးများအတွင်း ဝင်ရောက်ရန် အတင်းအကြပ်ဆွဲခေါ်ကြသော ယုံကြည်ရလောက်သော သတင်းအချက်အလက်များကို စုဆောင်းရရှိသည်။[723] အချို့သော EAOများတွင် အတင်းအကြပ် စစ်သားစုဆောင်းသည့် တရားဝင်မူဝါဒ ရှိချင်မှရှိမည်ဖြစ်သော်လည်း သို့မဟုတ် အစီရင်ခံသည့်ကာလအတွင်း မူဝါဒပြင်ဆင်မှု သို့မဟုတ် ပြောင်းလဲမှုများ

718 V-205, V-300
719 V-301.
720 K-143.
721 K-143.
722 V-302, V-303
723 DI-070, PI-033, PI-015, PI-050, PI-095, PI-096, PI-072, PI-097, PI-101, PI-112, QI-081, QI-088, QI-092, QI-093, QI-094, QI-096

လုပ်နိုင်သော်လည်း လက်တွေ့အခြေအနေတွင် ထိုလူပုဂ္ဂိုလ်များသည် မကြာခဏပင် သူတို့ဆန္ဒသဘောထားကို ဆန့်ကျင်လျက် စစ်သားစုဆောင်းခံကြရသည်။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများကလည်း မစ်ရှင်ကို ပြောပြသည်မှာ အကယ်၍ ထိုအဖွဲ့များ ကိုယ်တိုင်ချမှတ်ထားသည့် အတင်းအကြပ် လူသစ်စုဆောင်းသည့် မူဝါဒမရှိလျှင်ပင် သက်ဆိုင်ရာ လက်နက်ကိုင်တပ်ဖွဲ့များ၏ ရာထူးအဆင့်များကို ဝင်ရောက်ခြင်းကို ဆန့်ကျင်ရန် မတတ်နိုင်ကြပေ။ ယင်းမှာ မြောက်ပိုင်းရှိ တိုင်းရင်းသားလူနည်းစုများမှာ တပ်မတော်ကို တိုက်ခိုက်ရန် လိုအပ်ပြီး သူတို့၏ပြည်သူလူထုကို ကာကွယ်ရမည်ဟူသော အထွေထွေစဉ်းစားချက်ကြောင့် ဖြစ်နိုင်သည်။ ထို့အပြင် မူးယစ်ဆေးဝါးကုန်သွယ်မှု နှင့် လောင်းကစား စီးပွားရေးလုပ်ငန်းများအပြင် အခြားလုပ်ငန်းပိုင်ရှင်များ၏ အလုပ်သမားအဖြစ် ရွာသားများအတွက် အခြားရွေးချယ်စရာ အနည်းငယ်ရှိသည်။

၃၃၄။ အတင်းအကြပ် စစ်သားစုဆောင်းခံရသူများက EAOများ ထိန်းချုပ်နယ်မြေ[724]သာမက အစိုးရထိန်းချုပ်နယ်မြေများတွင် အတင်းအကြပ် စစ်သားစုဆောင်းခံရသည့် သူတို့၏အဖြစ်အပျက်များကို မစ်ရှင်အား ဝေမျှ ပြောပြသည်။[725] အစိုးရထိန်းချုပ်နယ်မြေမှ ဖြစ်ရပ်များတွင် EAO များသည် ညအချိန်များ သို့မဟုတ် စာပေးပို့ခြင်းများဖြင့် လူသစ်စုဆောင်းသည်။[726] ရရှိသော အချက်အလက်များမှာ အကန့်အသတ်ဖြင့်သာ ဖြစ်သဖြင့် မစ်ရှင်သည် သူတို့၏ စစ်သားစုဆောင်းသော ပထဝီဝင် နရာများကို ရေးဆွဲခြင်းမပြုနိုင်ပေ။ သို့ရာတွင် အချက်အလက်များက အစီရင်ခံသည့်ကာလတလျောက်လုံးတွင် ကချင်နှင့် ရှမ်းပြည်နယ် နှစ်ခုစလုံးတွင် ဖြစ်ပွားနေကြောင်း ညွှန်ပြနေသည်။

၃၃၅။ သတင်းရင်းမြစ်များက SSA-တောင်ပိုင်းတွင် မဝင်မနေရ တပ်သားသစ် စုဆောင်းသည့်မူဝါဒ[727] အထူးသဖြင့် အစီရင်ခံကာလ အစောပိုင်းနှစ်များအတွင်း ရှိသည်ဟု မစ်ရှင်ကို ပြောသည်။ SSA-တောင်ပိုင်းတွင် အိမ်ထောင်စုတစ်ခုလျှင် တစ်ဦးဝင်ရောက် တာဝန်ထမ်းရန် မူဝါဒ ရှိသော်လည်း သတင်းရင်းမြစ်တစ်ခုက ပြောသည်မှာ ယင်းကို မလုပ်မနေရ[728] ပုံစံဖြင့် အကောင်အထည်ဖော်သည်ဟု ပြောပြီး အခြားသတင်းရင်းမြစ်တစ်ခုက ယင်းမှာ ဆန္ဒသဘောအလျောက် ဖြစ်သည်ဟု ပြောသည်။[729] နောက်ထပ်အင်တာဗျူးဖြေဆိုသူတစ်ဦးက "SSA-S နှင့်အတူ လိုက်ပါတိုက်ပွဲဝင်ဖို့ကလွဲလို့ တကယ်တန်း ရွေးချယ်စရာမရှိပါဘူး" ဟု ပြောသည်။[730]

၃၃၆။ အလားတူပင် မစ်ရှင်သည် နိုင်းယှဉ်စရာအလေ့အထကို TNLA အတွင်းတွင်လည်း တွေ့ရှိရသော်လည်း "မလုပ်မနေရ" အလေ့အထ၏ အတိုင်းအတာနှင့် ပတ်သက်၍ အငြင်းပွားဖွယ် အချက်အလက်များကို ရရှိထားသည်။ အချို့သောအရင်းအမြစ်များ၏ အဆိုအရ အထူးသဖြင့် သားနှစ်ယောက်ရှိသော[731] မိသားစုများအတွက် တာဝန်ဖြစ်သော်လည်း ယင်းလိုအပ်ချက်အတွက် ချွင်းချက်များအဖြစ် တစ်ခါတစ်ရံတွင် အထူးအခြေအနေများကို ခွင့်ပြုပေးသည်။[732] ဥပမာ-

724 PI-015, PI-095, PI-096, PI-101, QI-088
725 PI-027, PI-033, QI-081, QI-094, QI-096.
726 QI-081, QI-094, QI-096.
727 PI-050, QI-093.
728 QI-093.
729 BM-017.
730 PI-050
731 PI-015, PI-095, PI-096, PI-101
732 PI-101, QI-088

လူတစ်ဦးက သူ၏သက်ကြီးရွယ်အိုမိဘများကို ပြုစုစောင့်ရှောက်ရန် လိုအပ်သည့် အခြေအနေမျိုးဖြစ်သည်။ သတင်းရင်းမြစ်တစ်ခုက လူသစ်စုဆောင်းသည့် လုပ်ငန်းစဉ်အပေါ် အောက်ပါအချက်အလက်များကို ပေးထားသည်။

> *ညီအစ်ကို နှစ်ယောက်ရှိရင် တစ်ယောက်က TNLA ကို ဝင်ရမယ်။ TNLA က "တာဝန်ခံ"က ဘယ်သူ ဝင်သင့်တယ်ဆိုတာကို ရွာအုပ်ချုပ်ရေးမှူးကို အကြောင်းကြားလိမ့်မယ်။ ၂၀၁၁ ခုအစပိုင်းမှာ TNLA က TNLA ကို ဝင်သင့်တဲ့လူတွေရဲ့ နာမည်တွေကို စကောက်တယ်။ နားလည်ထားတာက နောက်တစ်ကြိမ် သူတို့လာတဲ့အခါ သူက ဝင်ရလိမ့်မယ်။ TNLA က နှစ်နှစ်ကို တစ်ကြိမ် နာမည်ကောက်တယ်။*[733]

၃၃၇။ အခြားသတင်းရင်းမြစ်များကမူ မူဝါဒမှာ ပိုမိုတင်းကြပ်သည်ဟု ပြောသည်။ အိမ်ထောင်စု တစ်ခုလျှင် TNLA သို့ ဝင်ရောက်အမှုထမ်းရန် လူတစ်ဦး ပေးရမည်ဖြစ်ပြီး ငြင်းဆိုရန် အခွင့်အလမ်းမရှိပေ။[734] ဥပမာ- အမျိုးသမီးတစ်ဦးက ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်အတွင်း ၂၀၁၆ ခုနှစ်တွင် သူမ၏ ၂၆ နှစ်အရွယ် သားဖြစ်သူကို TNLA က အတင်းအဓမ္မ စစ်သားစုဆောင်းသွားခဲ့ကြောင်း ပြောပြသည်။ TNLA၏ အမိန့်များအောက်တွင် ရွာအုပ်ချုပ်ရေးမှူးက စစ်သားသစ်အဖြစ် သူ၏သားကို ရွေးချယ်ခဲ့သည်။ နောက် နှစ်နှစ်ကျော်ကြာသည့်တိုင်အောင် သူက အိမ်ပြန်မရောက်လာခဲ့တော့ပါ။

> *ကျမသားက စစ်တိုက်ဖို့ TNLA ထဲကို မဝင်ချင်ဘူး။ သူက အတင်းဝင်ခိုင်းမှာ ကြောက်လို့ နှစ်အကြာကြီး ဘုန်းကြီးကျောင်းတစ်ခုမှာ ပုန်းနေခဲ့တယ်။ ဒါပေမယ့် ကျမတို့ကို တွေ့ဖို့ ရွာပြန်လာတဲ့အခါမှာ သူ့ကို ဖမ်းမိသွားတယ်။ ကျမသား စစ်သားစုဆောင်းရေးမှာ ပါသွားကတည်းက သူ့အကြောင်း မကြားရတော့ဘူး။ ကျမက Facebook မှာ အမြဲတင်ထားတာတွေကို စောင့်ကြည့်နေတယ်။ သူ့ကို အသက်ရှင်လျက်ဖြစ်စေ၊ သေလျက်ဖြစ်စေ တွေ့ရမလားလို့။*[735]

၃၃၈။ အခြားသော အတင်းအဓမ္မစစ်သားစုဆောင်းခံရသူတစ်ဦးက သူသည် TNLA စစ်သင်တန်းကို တက်ရောက်ရန် အတင်းအဓမ္မစေခိုင်းခံရသော်လည်း ဘာသာရေး ပွဲတစ်ခုတွင် ထွက်ပြေးလွတ်မြောက်နိုင်ခဲ့ကြောင်း မစ်ရှင်ကို ပြောပြသည်။ သူက သူ့အမေကို ပြုစုစောင့်ရှောက်လို၍ ထွက်ပြေးလာခဲ့ခြင်းဖြစ်သည်။ သို့သော် TNLA က ပြန်လည်ဖမ်းမိသွားမည်ဖြစ်သဖြင့် သူ့အနေဖြင့် အိမ်ရှိရာသူ့ရွာသို့ မပြန်နိုင်ပဲ ဖြစ်နေသောကြောင့် ရန်ကုန်သို့သွားခဲ့ပြီး နောက်ပိုင်းတွင် နိုင်ငံမှ ထွက်ပြေးခဲ့သည်ဟု ပြောပြသည်။[736]

၃၃၉။ မျက်မြင်သက်သေတစ်ဦးအဆိုအရ MNDAA သည်လည်း အိမ်ထောင်စု တစ်ခုစီမှ မိသားစုဝင်တစ်ဦး ပုံမှန်အားဖြင့် ယောကျ်ားများသည် သူတို့တပ်ထဲသို့ ဝင်ရောက်ရန် လိုအပ်သည်။ မျက်မြင်သက်သေက သူသည် ညီအစ်ကို နှစ်ဦးထဲမှ တစ်ဦးဖြစ်ပြီး သူ့အနေဖြင့် စစ်သားစုဆောင်းမှု မခံလိုသဖြင့် MNDAA ကို ပုန်းနေခဲ့ရကြောင်း ပြောပြသည်။ သူက MNDAA ၏ စစ်သားစုဆောင်းမှု နှင့် တပ်မတော်ကို ကြောက်ရွံ့သောကြောင့် နိုင်ငံမှ နောက်ပိုင်းတွင် ထွက်ပြေးလာခဲ့သည်။[737] အခြားမျက်မြင်သက်သေက MNDAA တွင် စစ်သားစုဆောင်းခံရမည်စိုးသောကြောင့်

---

733 QI-088.

734 PI-072, PI-096, PI-112

735 PI-097.

736 QI-088.

737 QI-092.

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသမှ ထွက်ပြေးလာခဲ့ကြောင်း ပြောသည်။ သူက "ကျနော့်ကို ကိုးကန့်တပ်က စစ်သားစုဆောင်းမှာကို ကြောက်လို့ ကျနော်လားရှိုးကို ထွက်ပြေးဖို့ ဆုံးဖြတ်ခဲ့တယ်။ ကျနော်အိမ်ကို ပြန်ချင်ပေမယ့် MNDAA က ကျနော့်ကို ရှာနေနိုင်တယ်လို့ သူများတွေပြောတယ်" ဟု ပြောသည်။"[738]

၃၄၀။ ထွက်ဆိုချက်များအရ KIA သည်လည်း သဘောဆန္ဒအလျောက် စစ်သားစုဆောင်းရေးမူဝါဒကို ထိန်းသိမ်းထားခဲ့သော်လည်း လက်တွေ့တွင် အတင်းစုဆောင်းမှုအလေ့အထ ရှိနေသည်ကို ညွှန်ပြနေသည်။ KIA က ဒုက္ခသည်စခန်းများအပါအဝင် အိမ်ထောင်စု အများအပြားကို စာများပေးပို့ပြီး အိမ်ထောင်စုတစ်ခုလျှင် တစ်ဦးကျ KIA ထဲသို့ ဆန္ဒအလျောက် ဝင်ရောက်ရန် တောင်းဆိုသည်။[739] သို့ရာတွင် သတင်းရင်းမြစ်တစ်ခုအဆိုအရ အရပ်သားအများစုက စစ်သားသစ်အဖြစ် ဝင်ရောက်မှုမှာ တာဝန်တစ်ခုအဖြစ် နားလည်ကြသည်။[740] အင်တာဗျူးဖြေဆိုသူတစ်ဦးက "KIA ဆီက စာကိုရပြီးတဲ့နောက် ကျနော့်အဖေက ကျနော့်အမအကြီးဆုံးကို ဝင်ဖို့ ဆုံးဖြတ်လိုက်တယ်။" ဟု ပြောသည်။[741] အခြားသတင်းရင်းမြစ်တစ်ခုက "KIA က ကျနော်တို့ဆီ စာပို့ပြီး ဆန္ဒအလျောက် တပ်ထဲဝင်ဖို့ တောင်းဆိုတယ်။ သူတို့ ခဏခဏလာပြီး တပ်ထဲဝင်ဖို့ ပြောပေမယ့် ကျနော်က စစ်သားလုပ်ဖို့ စိတ်မဝင်စားဘူး။ ကျနော့်မှာ မိသားစုတာဝန်တွေ အများကြီးရှိနေပြီးတော့ ကျနော်က သေနတ်ပစ်တာတွေ မကြိုက်ဘူး" ဟု ပြောသည်။[742] အခြား သတင်းရင်းမြစ်တစ်ခုက "ဆန္ဒသဘောထားအလျောက်" မူဝါဒကို မည်သို့အကောင်အထည်ဖော်သည်ကို ညွှန်ပြသောအချက်အလက်များကို ပေးပို့ပေးသည်။

> *KIA က ကျွန်တော့်မြို့မှာ စစ်သားစုတယ်။ ကျွန်တော်တို့ ဆန္ဒအလျောက်မသွားဘူးဆိုရင် ကျွန်တော်တို့ကို ဖမ်းပြီး သွားခိုင်းမယ်။ ၂၀၁၁ ခုနှစ်မှာ စစ်ပွဲတွေ ပြန်စတော့ KIA က စစ်သားဟောင်းတွေကို ပြန်လာပြီးတိုက်ပွဲဝင်ဘို့ ပြောတယ်။ ကျွန်တော့်ညီက ၂၀၁၂ ခုနှစ်မှာ KIA ထဲကို အတင်းဝင်ခိုင်းခံရတယ်။ သူက အသက် ၂၀ ပဲ ရှိသေးတယ်။*[743]

၃၄၁။ မစ်ရှင်သည် မိန်းမများနှင့် ယောက်ျားများ စစ်သင်တန်းမှ ထွက်ပြေးသော ပြောဆိုချက် အများအပြားကို ရရှိခဲ့သည်။[744] ဥပမာ- ကျူးလွန်ခံရသူတစ်ဦးက သူ့အနေဖြင့် အမေဖြစ်သူကို ပြုစုစောင့်ရှောက်လိုသဖြင့် ၂၀၁၁ ခုနှစ် စက်တင်ဘာလတွင် ရှမ်းပြည်နယ် နမ့်ဆန်ရှိ TNLA သင်တန်းမှ ထွက်ပြေးခဲ့ပုံကို ပြောပြသည်။[745]

၃၄၂။ EAO များအကြား ခွဲခြားဆက်ဆံမှုများကိုလည်း မစ်ရှင်က မှတ်တမ်းတင်ထားသည်။ KIA သည် ကချင်ပြည်နယ်အတွင်း ဂျင်းဖောလူမျိုးထက် လီဆူ၊ ရှမ်း သို့မဟုတ် ရဝမ် စသော အခြားသော တိုင်းရင်းသားများကို အတင်းအဓမ္မ စစ်သားစုဆောင်းကြောင့် လူအများအပြားက အတည်ပြုသည်။[746] အခြားသူများက RCSS သို့မဟုတ် KIA အတွက် တိုက်ခိုက်ပေးနေသော တအာန်းအဖွဲ့ဝင်များမှာ ညီမျှစွာ ဆက်ဆံခြင်း မခံရပေ။[747] တအာန်းလူထုခေါင်းဆောင်တစ်ဦးက

[738] PI-015.
[739] PI-033, QI-094, QI-096
[740] QI-081.
[741] QI-096.
[742] QI-094.
[743] QI-081.
[744] DI-070, K-143, PI-027, PI-100, QI-088
[745] QI-088.
[746] K-143, PI-001, PI-027, PI-033
[747] K-143, PI-101

၂၀၁၆ ခုနှစ် ဇန္နဝါရီလတွင် ရှမ်းပြည်နယ် မူဆယ်မြို့နယ်တွင် တအာင်းလူငယ် ခေါင်းဆောင်တစ်ဦးမှာ KIA ပြည်သူ့စစ်သင်တန်းအတွက် အတင်းအဓမ္မ စုဆောင်းခြင်းခံရသည်ကို ပြောပြသည်။[748] ရရှိထားသော ထွက်ဆိုချက်တစ်ခုတွင် TNLA တွင် စာရင်းသွင်းထားသော တအာင်း ရွာသားများကို RCSS က သူတို့တပ်ထဲသို့ အတင်းဝင်ရောက်စေခဲ့သည်။ RCSS က ရွာသားများကို ရိုက်နှက်ပြီး "မင်းတို့သားက တခြားအဖွဲ့ထဲ ဘာလို့ဝင်တာလဲ" ဟု မေးမြန်းသည်။[749]

၃၄၃။ အမျိုးသမီးများကိုလည်း EAO အဖွဲ့များက စစ်သားသစ် စုဆောင်းပြီး မကြာခဏပင် ယောက်ျားများထက် တာဝန်များပိုမို လုပ်ဆောင်ရသည်။[750] သတင်းရင်းမြစ်တစ်ခုက "ကျွန်တော်တို့ရွာမှာ မိန်းမတော်တော်များများကတော့ စစ်သားစုဆောင်းမခံရဘူး။ ပုံမှန်ဆိုရင် မိန်းမတွေလည်း ယောက်ျားတွေနဲ့ သင်တန်း အတူတူ တက်ရတယ်၊ အဲဒီအပြင် သူတို့က အဖွဲ့ဝင်တွေရဲ့ အဝတ်တွေနဲ့ ယူနီဖောင်းတွေ လျှော်ရတယ်၊ သူတို့အတွက် ချက်ပြုတ်ရတယ်။"[751] ဟု ပြောသည်။

၃၄၄။ EAO များသည် အရပ်သားများအား သူတို့အတွက် အတင်းအဓမ္မအလုပ်စေခိုင်းခြင်းများရှိပြီး ယင်းအလုပ်များမှာ ဆန္ဒအလျောက် လုပ်ဆောင်ရခြင်းမျိုးမဟုတ်ကြောင်း ယုံကြည်နိုင်သည့် အကြောင်းရင်းများလည်း မစ်ရှင်တွင် ရှိသည်။ KIA နှင့် SSA-တောင်ပိုင်း အဖွဲ့များက အရပ်သားများကို ကတုတ်ကျင်းများ တူးခိုင်းခြင်း သို့မဟုတ် ပေါ်တာထမ်းခိုင်းခြင်းများ ရှိကြောင်း ထွက်ဆိုချက်များကို မစ်ရှင်က ရရှိထားသည်။[752] အရင်းအမြစ်တစ်ခုက ပြောသည်မှာ ၂၀၁၁ ခုနှစ်မှ ၂၀၁၃ ခုနှစ်အတွင်း SSA-တောင်ပိုင်းအဖွဲ့သည် အရပ်သားများကို သူတို့အတွက် အလုပ်လုပ်ပေးစေပြီး တပ်မတော်နှင့် တိုက်ပွဲများ အရှိန်မြင့်လာသည့်အခါ ယင်းမှာ ပိုမိုများပြားလာသည်။ သူက "SSA-တောင်ပိုင်းက ရွာသားတွေကို ပေါ်တာအဖြစ်သုံးတယ်၊ ရွာသားတွေက မလုပ်ချင်ဘူးဆိုရင် သူတို့က ရိုက်တယ်။" ဟု ပြောသည်။[753] အလားတူပင် အင်တာဗျူးဖြေဆိုသူ တစ်ဦးက မစ်ရှင်ကို ပြောပြသည်မှာ သူသိသမျှဆိုလျှင် ၂၀၁၃ ခုနှစ် သူထွက်ပြေးမလာခင်ကာလက MNDAA က တစ်ခါတစ်ရံ ရွာသားများကို သူတို့၏ လက်နက်ခဲယမ်းများနှင့် အခြားလေးလံသောပစ္စည်းများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ လောက်ကိုင်မြို့နယ်တွင် သယ်ခိုင်းခဲ့သည်။[754]

၃၄၅။ ကျူးလွန်ခံရသူတစ်ဦးက ၂၀၁၂ ခုနှစ် ကချင်ပြည်နယ် မန်စီမြို့နယ်တွင် KIA က သူ့ကို အဓမ္မလုပ်အား အသုံးပြုခဲ့ပုံကို ပြောပြသည်မှာ-

> *ကျနော့်ကို KIA က ကတုတ်ကျင်းတူးဖို့ သုံးတယ်။ KIA ကလာပြီး ကျနော်တို့နာမည်တွေနဲ့ တခြားအချက်အလက်တွေ ယူသွားပြီး ကျနော်တို့ကို အလုပ်သွားလုပ်ရမယ်လို့ ပြောတယ်။ ကျနော် KIA အတွက် ၂ ပတ် ၃ ပတ်လောက် အလုပ်လုပ်ပေးခဲ့တယ်။ ဘန်ကာကြီး အကြီးကြီး ဆောက်ပေးပြီး စစ်သားတွေအတွက် ကတုတ်ကျင်းတွေ တူးပေးခဲ့တယ်။ KIA က ကျနော်တို့ကို ဆိုးဆိုးဝါးဝါး ဆက်ဆံတာ မရှိပါဘူး။ သူတို့ဆီမှာ ရေချိုးဖို့ ရှိတယ်။ ကျနော်တို့ကို စားစရာပေးတယ်။ ကျနော်က KIA ထိန်းချုပ်ထားတဲ့ သစ်ထုတ်တဲ့နေရာမှာ*

[748] K-143.
[749] QI-088.
[750] PI-045, PI-094, PI-101
[751] PI-094.
[752] QI-081, QI-093
[753] QI-093.
[754] QI-092.

*ဈေးရောင်းချင်တော့ KIA ရဲ့ ပံ့ပိုးမှုကို လိုအပ်တယ်။ ရလာဒ်အနေနဲ့ ကျနော်တို့ကို အလုပ်လုပ်ခိုင်းတဲ့အခါ ကျနော်တို့ လုပ်ပေးရတယ်။ အဲဒီအတွက် ပိုက်ဆံမရဘူး။*[755]

### (ဂ) ကလေးများအား အဓမ္မစစ်သားစုဆောင်းခြင်း

၃၄၆။ မစ်ရှင်သည် EAO အဖွဲ့များက သူတို့၏ လက်နက်ကိုင်တပ်ဖွဲ့များတွင် နိုင်ငံတကာဥပဒေကို ဆန့်ကျင်ပြီး ကလေးများကို စစ်သားအဖြစ် စုဆောင်းသည့်ပုံစံကို ဖော်ပြသည့် ယုံကြည်စိတ်ချရလောက်သော အချက်အလက်များကို စုဆောင်းရရှိသည်။[756] မစ်ရှင်အနေဖြင့် TNLA၊ KIA၊ RCSS နှင့် UWSA အဖွဲ့များက ကလေးစစ်သားစုဆောင်းရေး လုပ်ဆောင်သည့် အချက်အလက်များကို စုဆောင်းနိုင်ခဲ့သည်။ မစ်ရှင်ဖြင့်တွေ့ဆုံခဲ့ရသည့် ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေ အများအပြားက သူတို့အား စစ်သားစုဆောင်းခဲ့မှုနှင့် လက်နက်ကိုင် အဖွဲ့အစည်းများတွင် ပါဝင်မှုတို့မှာ ဆန္ဒသဘောအလျောက်မဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း ပြောပြသည်။

၃၄၇။ ကုလသမဂ္ဂသည် ၂၀၁၂၊ ၂၀၁၃၊ နှင့် ၂၀၁၄ ခုနှစ်များတွင် ဝသပ အဖွဲ့၏ လက်နက်ကိုင်အဆင့်များတွင် ကလေးများကို အသုံးပြုသည် ဖြစ်ရပ်များကို ဆန်းစစ်နိုင်ခဲ့သည်။[757]

၃၄၈။ သတင်းရင်းမြစ်များက TNLA သည် အသက် ၁၄ နှစ် ၁၅ နှစ်အရွယ်မှ စ၍ ကျောင်းမတက်တော့သော ကောင်လေးများကို စစ်သားစုဆောင်းကြောင်း မစ်ရှင်ကို ပြောပြကြသည်။[758] TNLA တွင် ယောကျ်ားလေးများနှင့် မိန်းကလေးများကို အသက် ၁၆ နှစ်အရွယ်မှစတင်၍ စုဆောင်းရန် မူဝါဒ ရှိသည်။[759] အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ရွာအုပ်ချုပ်ရေးမှူးသည် ကျောင်းမတက်တော့သော ယောကျ်ားလေးများအားလုံး၏ စာရင်းတစ်ခုကို သိမ်းထားပြီး TNLA က ထိုစာရင်းကိုကြည့်ကာ သူတို့ကို စစ်သားစုဆောင်းသည်ဟု ပြောပြသည်။ သူက ၂၀၁၃ ခုနှစ်မတိုင်မီတွင် TNLA က အိမ်ထောင်စုတစ်ခုတွင် ယောကျ်ားလေး တစ်ဦးသာယူသော်လည်း နောက်ပိုင်းတွင် ထိုအလေ့အထ ပြောင်းလဲလာခဲ့ပြီး ယခုအခါ အိမ်ထောင်စုမှ ညီအစ်ကိုအားလုံးနှင့် မိန်းကလေးများကိုပင် ယူကြောင်း "သူတို့မှာ TNLA ကို မလာဘူးလို့ ငြင်းဆိုနိုင်တဲ့ အနေအထားမရှိတော့ပါ" ဟု ပြောပြသည်။[760] အခြားပြောပြချက်များက လူငယ်များနှင့် ယောကျ်ားလေးများသည် မကြာခဏပင် TNLA တပ်သားစုဆောင်းထားရာမှ သို့မဟုတ် စုဆောင်းမှုမှ ထွက်ပြေးလေ့ရှိကြောင်း ပြောပြကြသည်။[761] နောက်ထပ် သတင်းရင်းမြစ်တစ်ခုက သူသည် စစ်သားစုဆောင်းမှုမှလွတ်အောင် ရွာမှထွက်ပြေးခဲ့ပြီးနောက်တွင် TNLA က သူ၏ညီဖြစ်သူကို အတင်းအဓမ္မစစ်သားအဖြစ် စုဆောင်းခဲ့ကြောင်း ပြောပြသည်။ သူ့ညီဖြစ်သူမှာ စစ်သင်တန်းစသည့်အချိန်တွင် အသက် ၁၆ နှစ်သာ ရှိသေးသည်။[762]

၃၄၉။ အမျိုးသမီးများနှင့် မိန်းကလေးများကို ယေဘူယျအားဖြင့် TNLA အုပ်ချုပ်ရေး လုပ်ငန်းများအတွက် စုဆောင်းလေ့ရှိပြီး တိုက်ခိုက်မှုများတွင် တိုက်ရိုက် ပါဝင်ခြင်းမရှိပေ။[763]

---

[755] QI-081.
[756] DI-070, K-061, K-064, K-143, PI-001, PI-014, PI-093, PI-095, PI-101
[757] K-061.
[758] PI-093, PI-101
[759] PI-101.
[760] PI-093.
[761] PI-093.
[762] PI-095.
[763] PI-101.

မိန်းကလေးများသည် ယေဘူယျအားဖြင့် TNLA အတွက် ချက်ပြုတ်ပေးရပြီး တိုက်ပွဲဝင်ရန် လိုအပ်ခြင်းမရှိပေ။[764] ယင်းသည်ပင် တားမြစ်ထားသော စုဆောင်းမှု ဖြစ်ဆဲပင် ဖြစ်သည်။

၃၅၀။ KIA သည်လည်း အသက် ၁၈ နှစ်အောက် ယောက်ျားလေးများနှင့် မိန်းကလေးများကို စစ်သားစုဆောင်းသည်။[765] သတင်းရင်းမြစ်တစ်ခုက ဤအလေ့အထမှာ အများအားဖြင့် ၂၀၁၀ ခုနှစ် မတိုင်မီက[766] ဟု ပြောသော်လည်း မစ်ရှင်က ရရှိသောအချက်အလက်များက ဆက်လက်ရှိနေဆဲ ဖြစ်ကြောင်းကို ညွှန်ပြနေသည်။ KIA က ကလေးများကို တပ်ရာထူးများတွင် ပါဝင်ရန်အတွက် အတင်းအဓမ္မဖမ်းဆီးကြောင်း အစီရင်ခံချက်များလည်း ရှိသည်။ ဥပမာ- ၂၀၁၄ ခုနှစ်မတ်လ ၁၂ ရက်နေ့တွင် ကချင်ပြည်နယ် မန်စီမြို့နယ်အတွင်းတွင် KIA ၏ အစိတ်အပိုင်း နှစ်ခုက အသက် ၁၅ နှစ်နှင့် ၁၆ နှစ်အရွယ် မိန်းကလေး နှစ်ဦးကို ဖမ်းဆီးခဲ့သည်။ ထိန်းသိမ်းထားပြီး လေးရက်ကြာသောအခါ သူတို့သည် KIA စစ်အထောက်အကူပြုကဏ္ဍတွင် ဝင်ရောက်ခဲ့ရသည်။[767] အခြား အတည်ပြုနိုင်သော အဖြစ်အပျက်တွင် ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၂၆ ရက်နေ့တွင် KIA သည် ရှမ်းပြည်နယ် လားရှိုးမြို့နယ်မှ မိန်းကလေး လေးဦးကို ဖမ်းဆီးခဲ့သည်။ မိန်းကလေးများကို မကြာမီတွင် မတူညီသော စခန်းများသို့ ပို့ဆောင်ခဲ့ပြီး စစ်သင်တန်း ရယူစေခဲ့သည်။[768]

၃၅၁။ SSA-တောင်ပိုင်း က ကလေးများကို စစ်တပ်ရာထူးများအတွက် စုဆောင်းကြောင်း ပြောဆိုချက်များကိုလည်း မစ်ရှင်က ရရှိခဲ့သည်။[769] ကလေးများမှာ SSA-တောင်ပိုင်း၏ မတက်မနေရ စစ်သင်တန်းများကို ထွက်ပြေးကြသည့် ထွက်ဆိုချက်များကိုလည်း ရရှိသည်။ အင်တာဗျူးဖြေဆိုသော ကလေးများက သူတို့ထွက်ပြေးလွတ်မြောက်လာပြီးနောက်တွင် လက်နက်ကိုင်အဖွဲ့၏ ဖမ်းဆီးခြင်းခံရမည်ကို ကြောက်ရွံ့ကြောင်း ပြောပြကြသည်။[770]

၃၅၂။ အမျိုးသမီးတစ်ဦးက ၂၀၁၁ ခုနှစ် ဩဂုတ်လ သူမ အသက် ၁၆ နှစ်အရွယ်တွင် ရှမ်းပြည်နယ် မိုင်ခွန်မြို့နယ်ရှိ သူမတို့ရွာတွင် SSA-တောင်ပိုင်းက ပြုလုပ်ခဲ့သော အဓမ္မ စစ်သားစုဆောင်းမှုအကြောင်း ပြန်ပြောပြခဲ့သည်။ SSA-တောင်ပိုင်းတပ်ဖွဲ့များသည် ရွာသို့ရောက်လာပြီး SSA-တောင်ပိုင်းနှင့် တပ်မတော်အကြား တိုက်ပွဲများတွင် ထွက်မပြေးပဲ ကျန်နေသောရွာသားများကို တပ်သားသစ်အဖြစ် စုဆောင်းခဲ့သည်။ SSA-တောင်ပိုင်းက ကလေးများနှင့် အမျိုးသမီး ၁၅ ဦး အပါအဝင် စုစုပေါင်း ရွာသား ၅၈ ဦးကို စုဆောင်းခဲ့သည်။ သူမမှာ ထိုအထဲမှ တစ်ဦးဖြစ်ပြီး သူမ ထွက်ပြေးလွတ်မြောက်သည်အထိ ကိုးလကြာ စစ်သင်တန်းတက်ရောက်ရန် အတင်းစေခိုင်းခံခဲ့ရသည်။ သူမက ပြောသည်မှာ-

> *ကျမက SSA-တောင်ပိုင်း သင်တန်းထဲမှာ။ ကျမကို အတင်းသွားခိုင်းခဲ့တယ်။ SSA-တောင်ပိုင်းက လက်နက်ကိုင်လူသုံးယောက်လာပြီးတော့ "မင်းငါတို့ အဖွဲ့ထဲမှာ ပါဖို့လိုတယ်" လို့ပြောတယ်။ SSA-တောင်ပိုင်းက အိမ်တိုင်းကို သွားတယ်။ ကျမသွားဖို့ လက်မခံရင် ကျမအဖေကို အတင်းဝင်ခိုင်းလိမ့်မယ်။ ဒါပေမယ့် သူက အသက်ကြီးနေပြီ။*

[764] PI-093.
[765] K-061, K-064
[766] PI-001.
[767] K-061.
[768] K-064.
[769] DI-070, K-061, PI-014
[770] DI-070, PI-014

*အဖေက ကျမ SSA-တောင်ပိုင်း စစ်သင်တန်းပါမှာကို ကန့်ကွက်တယ်။ ဒါပေမယ့် သူတို့ ဖြေတာက "ခင်ဗျားသူ့ကို ပါခွင့်မပေးဘူးဆိုရင် ကျနော်တို့ ပြန်လာပြီး ခင်ဗျားကို ခေါ်မယ်။"*

၃၅၃။ ကျူးလွန်ခံရသူက သင်တန်းအတွင်း အခြေအနေတွေသည် ခက်ခဲကြမ်းတမ်းပြီး မကြာခဏ ဆာလောင်တယ်လို့ ပြောပါတယ်။ "သင်တန်းက ပင်ပန်းပြီး အမြဲတမ်း တပ်မတော်ကိုလည်း စောင့်ကြည့်နေရတယ်။ တခါတလေမှာ ဘာမှမစားရပဲ တစ်ညလုံး အလုပ်လုပ်ရတယ်။ မိန်းကလေးတွေအတွက် အဖွဲ့ထဲမှာ တော်တော်လေး ခက်ခဲပါတယ်။"[771]

၃၅၄။ နောက်ထပ်အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးက ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ရှမ်းပြည်နယ် မုန်းကောင်မြို့နယ်၌ SSA-တောင်ပိုင်း စစ်စခန်းမှ ထွက်ပြေးလွတ်မြောက်သည်အထိ သူ့ကို အတင်းအဓမ္မ စစ်သားစုဆောင်းခံရကြောင်း ပြောပြသည်။ သူမက နှစ်နှစ်ကြာအောင် သင်တန်းတက်ခဲ့သည်။ သူမက "သူတို့ရဲ့တိုင်းပြည်အတွက် အလုပ်လုပ်ဘို့လိုအပ်ပြီး တပ်မတော်ကို သူတို့ ပြန်တိုက်ဖို့လိုတယ်" ဟု အကြောင်းရင်းကို ပြောပြသည်။[772]

### (ဃ) အရပ်သား ပိုင်ဆိုင်မှုများ ဖျက်ဆီးခြင်းနှင့် သိမ်းယူခြင်း

၃၅၅။ EAO များသည် အရပ်သားများအား စစ်ဆင်ရေးများတွင် ပါဝင်ရန် ဖိအား ပေးသည့်အနေဖြင့်သော်လည်းကောင်း သက်ဆိုင်ရာနယ်မြေကို ထိန်းချုပ်နိုင်ရန် သို့မဟုတ် တပ်မတော်နှင့် ပူးပေါင်းသည့်အတွက်ကြောင့် သို့မဟုတ် အစိုးရမဟုတ်သည့်လက်နက်ကိုင်အဖွဲ့များအား ဆန့်ကျင်မှုများကြောင့် အရပ်သားများအား အပြစ်ပေးရန် အရပ်သားပိုင်ဆိုင်မှုများအား သိမ်းယူခြင်းများ ရှိခဲ့ကြောင်း မစ်ရှင်က ကောက်ချက်ချရန် ကျိုးကြောင်းခိုင်လုံသည့် အချက်အလက်များ ရှိသည်။[773] ဤသိမ်းယူမှုများသည် လက်နက်ကိုင်အဖွဲ့များ၏ ဘဏ္ဍာရေးရှင်သန်ရပ်တည်မှုအတွက် အရေးပါပုံရသော သဘာဝ သယံဇာတများ ထုတ်လုပ်မှု သို့မဟုတ် ခြံစိုက်ပျိုးမှုများနှင့် နီးစပ်စွာ ဆက်စပ်လျက်ရှိသည်။[774]

၃၅၆။ ဥပမာ- သတင်းရင်းမြစ်တစ်ခုက SSA-တောင်ပိုင်းသည် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်ရှိ သူ့မိခင်၏ လ္ဘက်စိုက်ခင်းကို ၂၀၁၃ ခုနှစ်တွင် ဖျက်ဆီးခဲ့ကြောင်း ပြောပြသည်။ သတင်းရင်းမြစ်က SSA-တောင်ပိုင်းအနေဖြင့် တအာန်းဒေသကို ထိန်းချုပ်မှုရလိုပြီး ဘဏ္ဍာရေးရည်ရွယ်ချက်ဖြင့် လ္ဘက်စိုက်ခင်းများကို အမြတ်ထုတ်လိုသည်ဟု ပြောသည်။ ထိုဖျက်ဆီးမှုကြောင့် သူ့မိခင်နှင့် အခြား ရွာသားများသည် သူတို့မွေးရပ်ရွာတွင် လုပ်ကိုင်စားသောက်စရာ မရှိတော့သဖြင့် ရွာမှ ထွက်ခွာပြီး ရန်ကုန်သို့ ရွှေ့ပြောင်းခဲ့ကြသည်။[775] မကြာသေးမီက ရှမ်းပြည်နယ်တွင် SSA-တောင်ပိုင်း ထိန်းချုပ်နယ်မြေရှိ သူတို့မြေယာများမှ တအာန်းရွာသားများကို အတင်းအဓမ္မထွက်ခွာစေခဲ့ကြောင်း အတည်မပြုနိုင်သေးသည့် ပြောဆိုချက်များကိုလည်း မှတ်တမ်းတင်ထားသည်။[776]

၃၅၇။ သတင်းများ ထွက်ပေါ်ခဲ့သော ဖြစ်ရပ်အများအပြားတွင် စစ်သားစုဆောင်းမှုအတွက် သူတို့၏သားများကိုပေးရန် ငြင်းဆိုသောမိသားစုများ သို့မဟုတ် စုဆောင်းရေး ပါပြီးနောက်မှ ထွက်ပြေးသွားသူများ၏ မိသားစုများ၏ မြေ၊ အိမ် သို့မဟုတ် ပိုင်ဆိုင်မှုများကို TNLA က

[771] DI-070.
[772] PI-014.
[773] PI-094, PI-101, QI-088, SI-003.
[774] QI-088, SI-003.
[775] QI-088.
[776] PI-101.

သိမ်းယူကြောင်း ပြောပြကြသည်။[777] မိသားစုများက သူတို့၏သားဖြစ်သူကို စုဆောင်းရေးတွင် ခွင့်ပြုသည်အထိ ပိုင်ဆိုင်မှုများကို သိမ်းဆည်းထားခဲ့သည်။ ယုံကြည်စိတ်ချရလောက်သော အဖြစ်အပျက်တစ်ခုတွင် သူမ၏မောင်ဖြစ်သူမှာ TNLA မှ စစ်သားစုဆောင်းခဲ့သော်လည်း နောက်ပိုင်းတွင် "တပ်ပြေးလုပ်" ခဲ့ပြီး ထိုင်းနိုင်ငံသို့ ထွက်ပြေးခဲ့သောကြောင့် TNLA က ၂၀၁၇ ခုနှစ်တွင် ရှမ်းပြည်နယ် နမ့်ဆန် မြို့နယ်ရှိ သတင်းရင်းမြစ်၏ မိခင်ဖြစ်သူ့နေအိမ်ကို သိမ်းယူခဲ့ကြောင်း ပြောပြခဲ့သည်။ အကျိုးဆက်အားဖြင့် TNLA ထံမှ အမိန့်များအောက်တွင် မိခင်ဖြစ်သူမှာ သူမနေအိမ်မှ ဖယ်ရှားခံခဲ့ရသည်။[778]

၃၅၈။ နောက်တစ်ဦး၏ ပြောပြချက်တွင် TNLA သည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ အစောပိုင်းတွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်ရှိ သူမမိသားစု၏ လ္ဘက်စိုက်ခင်းနှင့် အိမ်ကို သိမ်းယူခဲ့သည်။[779] အင်တာဗျူးဖြေဆိုသူက သူမ၏မောင်ဖြစ်သူမှာ စိတ်ကျန်းမာရေး မကောင်းသော်လည်း စုဆောင်းရေး ဆွဲခံရပြီးနောက် စစ်သင်တန်းမှ သူ ထွက်ပြေးလွတ်မြောက်သွားသည့်အခါ သူ့နေရာတွင် သူမကို အတင်းအဓမ္မ အစားထိုးခဲ့သည်။ ရွာအုပ်ချုပ်ရေးမှူးက TNLA ကိုယ်စား ဤအကြောင်းကို သူမအား အသိပေးခဲ့သည်။ သူမသည်လည်း နောက်ပိုင်းတွင် ထွက်ပြေးလွတ်မြောက်ခဲ့သော်လည်း အကျိုးဆက်အဖြစ် သူမမိဘများမှာ နေအိမ်နှင့် မြေယာများမှ ဖယ်ရှားခံရပြီး ယခုအခါ အိုးအိမ်မဲ့ ဖြစ်နေရသည်။[780]

၃၅၉။ SSA-တောင်ပိုင်း နှင့် TNLA တို့သည် တဘက်အဖွဲ့အစည်း၏ နယ်မြေထဲကို စစ်ရေးကျူးကျော်မှုများ ပြုလုပ်စဉ်အတွင်း အရပ်သား ပိုင်ဆိုင်သောပစ္စည်းများကို လုယူခြင်းနှင့် ခိုးဝှက်ခြင်းများရှိကြောင်း အတည်မပြုနိုင်သည့် အစီရင်ခံချက်များကိုလည်း မစ်ရှင်က ရရှိသည်။[781] ဥပမာ- ၂၀၁၆ ဖေဖော်ဝါရီ ၁၃ ရက်တွင် ရှမ်းပြည်နယ် လန်ခိုမြို့နယ် နမ့်တွေ့ရွာတွင် TNLA နှင့် RCSS တို့အကြား တိုက်ပွဲအတွင်း SSA-တောင်ပိုင်းအဖွဲ့ဝင်များသည် ရွာအတွင်းဝင်ရောက်ပြီး ရွာသားများ၏ ပစ္စည်းများကို လုယက်ခဲ့သည်။[782] အလားတူပင် ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၇ ရက်နေ့တွင် ရှမ်းပြည်နယ် တန့်ယန်း မြို့နယ်အတွင်းတွင် TNLA လူများသည် ရွာတရွာအတွင်း ဝင်ရောက်ပြီး သူတို့အား ဆန်ပေးရန် တောင်းဆိုကာ "မင်းတို့ ဖာသာ စားစရာ ဆန်ရှိရှိ မရှိရှိ ငါတို့ဂရုမစိုက်ဘူး" ဟု ပြောဆိုခဲ့ကြောင်း စွပ်စွဲချက်များရှိသည်။[783]

### (c) အခွန်များနှင့် ခြိမ်းခြောက်ငွေတောင်းခံခြင်းများ (လူမှု-စီးပွားရေး အစိတ်အပိုင်း)

၃၆၀။ အချို့တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ဥပဒေမဲ့ "အခွန်ကောက်ယူခြင်း" များ လုပ်ဆောင်သောကြောင့် အရပ်သားများအပေါ် သိသာထင်ရှားသည့် စီးပွားရေးဆိုင်ရာဖိအားများ ဖြစ်စေခဲ့သည်။ ဥပမာ- ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်အတွင်း TNLA ထိန်းချုပ်မှုအောက်ရှိ ကျေးရွာများတွင် နေထိုင်သူများသည် မကြာခဏပင် "ဆက်ကြေး" ဟု ရွာသားများက ခေါ်လေ့ရှိသည့် "အခွန်များကို ပေးရန် တာဝန်ရှိသည်။[784] သတင်းရင်းမြစ်များက မစ်ရှင်ကို ပြောပြချက်များအရ ရွာသားများသည် မပေးမနေရ ကျပ် ၁၀, ၀၀၀ အထိနှင့် တလလျှင် ဆန် တစ်အိတ် သို့မဟုတ် နှစ်အိတ် ပေးကြရသည်။ မတ်လမှ ဧပြီလအတွင်း

---

777 PI-093, PI-094, PI-095, PI-097.
778 PI-093.
779 PI-094.
780 PI-094.
781 K-137, K-144
782 K-137.
783 K-144.
784 PI-093, PI-094, PI-096, PI-097

လက်ဖက်ခူးရာသီကာလတိုအတွင်းသာ ဝင်ငွေရရှိကြသည့် ရွာသားများအတွက် ထိုကိစ္စသည် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်။ ရွာအုပ်ချုပ်ရေးမှူးများက အခွန်ပေးရန် တာဝန်မကျေသည့် ရွာသားများစာရင်းကို ပြုစုထားသည်။ အိမ်ထောင်စုတစ်ခုက TNLA ကို မပေးနိုင်ပါက ရွာထဲရှိ တစ်ဦးဦးက သူတို့ကိုယ်စား ပေးပေးရပြီး နောက်လတွင် သူတို့က နှစ်ဆ ပေးရသည်။[785] သတင်းရင်းမြစ်တစ်ဦးက TNLA သည် "သူတို့ပေးသွင်းရန်ရှိသည်များ"ကို မပေးရသေးသည့် ရွာသားများစာရင်းအား ထိန်းသိမ်းထားပြီး အကျိုးဆက်အဖြစ် TNLA က ထိုပုဂ္ဂိုလ်၏ အိမ်သို့ သွားရောက်ပြီး "ခင်ဗျားကို သူတို့ သေနတ်နဲ့ပစ်မယ် ဒါမှမဟုတ် ခင်ဗျားပစ္စည်းတွေကို ဖျက်ဆီးမယ်" ဟု ပြောသည်။[786] ခက်ခဲသော စီးပွားရေးအခြေအနေများတွင် ရောက်နေပြီးဖြစ်သောကြောင့် ယင်းသည် ရွာသားများအတွက် ကြီးမားသောသက်ရောက်မှုရှိသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ယောက်က ယင်းသည် ရွာသားများအတွက် အနှောက်အယှက်အဖြစ် ခံစားရပြီး သူတို့အကြားတွင် ဆန်အနည်းငယ်ဆီကို အချင်းချင်းဝေမျှကာ TNLA ကို ပေးရန် လုံလောက်မှုရှိမရှိ သေချာအောင် လုပ်ကြရသည်ဟု ပြောသည်။[787]

၃၆၁။ နောက်ထပ် သတင်းရင်းမြစ်တစ်ခုက ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်ရှိ သူ့ရွာပတ်ဝန်းကျင်မှ လက်ဖက်စိုက်ခင်းများကို "ရှမ်းတပ်မတော်" [788]ထိန်းချုပ်ထားသည့်အခါ ထိုမြေများကို ပျိုးထောင်စိုက်ပျိုးနိုင်ရန် ရွာသားများက သူတို့အား အခွန်ပေးဆောင်စေသည်ဟု ပြောပြသည်။ သူတို့က လက်ဖက်စိုက်ခင်းတစ်ခုကို ကျပ် ၃၀, ၀၀၀ ကောက်ယူကြောင်း သိရသည်။ ၂၀၁၃ ခုနှစ်တွင် ရွာသားများအား အခွန်ပေးရန် ဖိအားပေးသည့်အနေဖြင့် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်ရှိ လက်ဖက်စိုက်ခင်းများအား ရှမ်းပြည်တပ်မတော်က[789] ဖျက်ဆီးခဲ့ကြောင်း အစီရင်ခံချက်များကိုလည်း မစ်ရှင်က ရရှိသည်။[790]

### (စ) ဖမ်းဆီးခြင်းများ၊ လွတ်လပ်ခွင့်ကို တရားလက်လွတ် ကင်းမဲ့စေခြင်း၊ နှိပ်စက်ညှင်းပန်းခြင်းနှင့် ဆိုးဝါးသောပြုမူမှုများ။

၃၆၂။ အချို့သော EAOများသည် လူများကို စစ်ဆင်ရေးများတွင် ပါဝင်မှုအတွက် ဖိအားပေးရန်၊ သက်ဆိုင်ရာနယ်မြေကို ထိန်းချုပ်မှုရရန်၊ သို့မဟုတ် တပ်မတော်နှင့် ပူးပေါင်းသော သို့မဟုတ် EAO များကို ဆန့်ကျင်သောအရပ်သားများကို အပြစ်ပေးရန် နည်းလမ်းအဖြစ် ဖမ်းဆီးခြင်း၊ လူပုဂ္ဂိုလ်များ၏ လွတ်လပ်ခွင့်ကို ဥပဒေမဲ့ ကင်းမဲ့စေခြင်းနှင့် တဆက်တည်းတွင် ဆိုးဝါးစွာ ပြုမူဆက်ဆံခြင်း သို့မဟုတ် နှိပ်စက်ညှင်းပန်းခြင်းများ လုပ်ဆောင်ခဲ့ကြောင်း မစ်ရှင်က လက်သင့်ခံနိုင်လောက်သော အချက်အလက်များ ရရှိခဲ့သည်။[791]

၃၆၃။ TNLA သည် သူတို့၏ စစ်တပ်တွင် ပါဝင်ရန် ငြင်းဆန်သည့် ကလေးများ၏ မိဘများကို ဖမ်းဆီးခဲ့ကြောင်း ထွက်ဆိုချက်များကို မစ်ရှင်က ရရှိခဲ့သည်။[792] မစ်ရှင်ကို အစီရင်ခံသော

---

[785] PI-093, PI-097

[786] PI-097.

[787] PI-097.

[788] SSA-S (RCSS) သို့မဟုတ် SSA-N (SSPP) မည်သူဖြစ်မည်လဲ မကွဲပြားပါ။ ဖြစ်ပွားသည့် နေရာဒေသအရ SSA-N (SSPP) ဖြစ်ရန်များပါသည်။

[789] Ibid.

[790] QI-088.

[791] K-143, PI-095, PI-112, PI-114

[792] PI-093, PI-097, PI-112

ဖြစ်ရပ်တစ်ခုတွင် TNLAသည် TNLA ကို ဝင်ရောက်ရန် ငြင်းဆန်သော ကောင်လေးတစ်ဦး၏ မိခင်ကို ဖမ်းဆီးခဲ့သည်။[793]

၃၆၄။ TNlA သည်လည်း အရပ်သားများကို ဖမ်းဆီးထိန်းသိမ်းခြင်း ရှိသည်။[794] ဥပမာ- ၂၀၁၃ ခုနှစ် မတ်လ ရှမ်းပြည်နယ် နမ့်ဆန်တွင် TNLA ၏ ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် မလျော်မကန်ပြုခြင်း ခံရသူတစ်ဦးက သူ့အတွေ့အကြုံကို ဝေမျှထွက်ဆိုသည်။ ကျူးလွန်ခံခဲ့ရသူသည် တပ်မတော်၏ အဓမ္မလုပ်အားစေခိုင်းမှုအတွက် လေးရက်တာ ခေါ်ဆောင်သွားခြင်းခံရသည်။ သို့သော် ထွက်ပြေးလွတ်မြောက်အောင် ကြိုးစားနိုင်ခဲ့ပြီး TNLA ၏ ထိန်းချုပ်မှုအောက်တွင်ရှိသော သူ့ရွာသို့ ပြန်လာခဲ့သည်။ သူပြန်လာပြီး ရွာထိပ်သို့ရောက်သည့်အခါ TNLA က သူ့ကို ဖမ်းဆီးပြီး တပ်မတော်အတွက် သူလျှိုလုပ်သည်ဟု စွပ်စွဲကာ ရိုက်နှက်သည်။ ကျူးလွန်ခံရသူက "ကျနော် အရိုက်ခံရပြီး တစ်ညလုံး ရွာအဝင်က ရွာသားတွေ နွားထားတဲ့နေရာမှာ ကြိုးတုတ်ခံထားရတယ်။ ကျနော် လမ်းမလျှောက်နိုင်တော့တဲ့အထိ အရိုက်ခံရတယ်။" TNLA အဖွဲ့ဝင်များက "မင်းက တပ်မတော်စစ်သားတွေကို လမ်းပြပြီး တအာင်းပြည်သူတွေကို သစ္စာဖောက်တယ်" ဟု သူ့ကို ပြောခဲ့သည်။[795]

၃၆၅။ နောက်ထပ် အစီရင်ခံသော ဖြစ်ရပ်တစ်ခုတွင် TNLA သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်တွင် စစ်သားစုဆောင်းရန်လာသောအခါတွင် ရှိမနေသည့် အသက် ၂၉ နှစ်အရွယ် လူတစ်ဦး၏ဖခင်ကို ဖမ်းဆီးခဲ့သည်။ ဖခင်ဖြစ်သူမှာ ထိုသူပြန်လာပြီး စစ်သားစုဆောင်းရေးတွင် ပါသည်အထိ တဆက်တည်း TNLA ၏ ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံခဲ့ရသည်။ သူက "TNLA က မကြာခဏ ဒီလိုလုပ်တယ်။ သူတို့က သားတွေကို TNLA ထဲဝင်အောင် မိဘတွေကို ဖမ်းတယ်။ သားတွေ စုဆောင်းရေးမှာပါပြီဆိုမှ မိဘတွေကို လွှတ်ပေးတယ်။" ဟု ပြောသည်။[796]

၃၆၆။ KIA သည်လည်း အရပ်သားများကို စစ်ရေးလှုပ်ရှားမှုများတွင် ပါဝင်အောင် ဖိအားပေးသည့်အနေဖြင့် ဖမ်းဆီးမှုများရှိသည်။[797] ဥပမာ- အတည်ပြုနိုင်သည့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်တွင် ဖြစ်ပွားခဲ့သော ဖြစ်ရပ်တစ်ခုတွင် အသက် ၁၂ နှစ်အရွယ် မိန်းကလေးတစ်ဦးမှာ သူ၏ အကိုဖြစ်သူ တပ်သားစုဆောင်းရေးတွင်ပါဝင်ရန် ငြင်းဆိုခဲ့သည့်အတွက် ဓါးစာခံအဖြစ် ဖမ်းဆီး ထိန်းသိမ်းခံခဲ့ရသည်။ သူ့ကိုဖမ်းထားစဉ်အတွင်း မိန်းကလေးမှာ စစ်သင်တန်းတက်ရောက်ခဲ့ရသည်။[798]

၃၆၇။ SSA-တောင်ပိုင်းနှင့် TNLA တို့သည် တစ်ဘက်နှင့် တစ်ဘက် စစ်ရေးအရ နယ်မြေထိုးဖောက်ကျူးကျော်ရာတွင် အရပ်သားများကို ဖမ်းဆီးကြောင်း အတည်မပြုနိုင်သေးသည့် အစီရင်ခံချက်များကိုလည်း ရရှိသည်။[799] ဖမ်းဆီးခံရပြီးနောက် အရပ်သားများအား ပြန်လွှတ်သည်မလွှတ်သည်ကို မစ်ရှင်က မဆုံးဖြတ်နိုင်သေးပါ။ ဥပမာ- ၂၀၁၆ ဇန္နဝါရီ ၁၇ ရက်နေ့တွင် ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်အတွင်းရှိ ကျေးရွာတစ်ရွာမှ တအာင်းရွာသား ၁၁ ဦးကို SSA-တောင်ပိုင်းက ဖမ်းဆီးခဲ့ကြောင့် သတင်းရရှိသည်။[800] ဆက်လက်ပြီး ၂၀၁၇ စက်တင်ဘာ ၁၇

---

[793] PI-093.
[794] K-143, K-144, PI-095
[795] PI-095.
[796] PI-112.
[797] K-061, K-064
[798] K-061.
[799] K-137, K-144
[800] K-137.

ရက်တွင် ရှမ်းပြည်နယ် သီပေါမြို့နယ်တွင် SSA-တောင်ပိုင်းက ဘုန်းကြီးတစ်ပါးနှင့် သူ့ညီအစ်ကို တော်သူတစ်ဦးကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။ သူတို့ကို ဖမ်းဆီးပြီးနောက် ၁၀ ရက်ကြာသောအခါ ပြန်လွှတ်ပေးခဲ့ကြောင်း ကြားသိရသည်။[801]

၃၆၈။ SSA-တောင်ပိုင်းက ၂၀၁၅ ခုနှစ် ဖွန်လ ၂၀ ရက်နေ့တွင် ရှမ်းပြည်နယ် မိုင်းကောင်မြို့နယ်တွင် တအဲာင်းအမျိုးသားပါတီ၏ ဒေသခံဌာနခွဲ ဥက္ကဌနှင့် အတွင်းရေးမှူးကို ဥပဒေမဲ့ဖမ်းဆီးထိန်းသိမ်းမှု ပါဝင်သောဖြစ်ရပ်ကို မစ်ရှင်က အတည်ပြုနိုင်ခဲ့သည်။[802] ကျူးလွန်ခံရသူမှာ သူ၏ရွာတွင် တအဲာင်းအမျိုးသား ပါတီ ဆိုင်းပုဒ်ကိုထောင်ပြီး SSA-တောင်ပိုင်းက ဖြုတ်ပေးရန် တောင်းဆိုသောအခါ ငြင်းဆိုခဲ့သည်။ ရလာဒ်အားဖြင့် SSA-တောင်ပိုင်း လက်နက်ကိုင်များက ကျူးလွန်ခံသူကို ပါတီမှ အခြားအဖွဲ့ဝင်တစ်ဦးနှင့်အတူ သစ်ပင်တစ်ပင်အောက်တွင် နှစ်ရက်ကြာအောင် ထိန်းသိမ်းထားခဲ့သည်။ သူတို့အနေဖြင့် ခေါင်းနှင့် ခန္ဓာကိုယ်များကို သေနတ်ဒင်ဖြင့် အရိုက်ခံရသည်။ သူတို့၏ လက်များနှင့် ခြေများကို ၂၄ နာရီခန့် ကြိုးတုတ်ထားခဲ့သည်။ ကျူးလွန်ခံရသူမှာ SSA-တောင်ပိုင်းအဖွဲ့မှ ခေါင်းဆောင်တစ်ဦး၏ ရိုက်နက်ခြင်းကို ခံရသည်။ ထိုသူက သူ့ကို “မင်း SSA-တောင်ပိုင်း စစ်သားဖြစ်မလာဘူးဆိုရင် မင်း ဒီမှာ သေသွားနိုင်တယ်” ဟု ပြောခဲ့သည်။ SSA-တောင်ပိုင်းခေါင်းဆောင်က သူ့နားထင်ကို သေနတ်ဖြင့်ချိန်ပြီး အတုအယောင် သတ်ပြသည့်အနေဖြင့် သေနတ်မောင်းကို ဖြုတ်ပြခဲ့သည်။ နှစ်ရက်ကြာသောအခါ ကျူးလွန်ခံရသူများကို တောအတွင်းသို့ ရွှေ့ပြောင်းခဲ့ပြီး နံရံများမပါသော ပလပ်စတစ် အမိုးအောက်သို့ ပြောင်းရွှေ့ခဲ့သည်။ ကျူးလွန်ခံရသူကို ရက်ပေါင်း ၃၃ ရက်ကြာအောင် ထိန်းသိမ်းထားခဲ့သည်။ ကျူးလွန်ခံရသူသည် လက်ထိပ်ခတ်ခံထားရပြီး အိပ်ရခက်ခဲစေခဲ့သည်။ လူမှုအဖွဲ့အစည်းများ ကြားဝင်ခဲ့ပြီး နောက်ပိုင်း ထိုသူမှာ ပြန်လည်လွတ်မြောက်လာခဲ့သည်။ SSA-တောင်ပိုင်းက အစောပိုင်းတွင် သူတို့ထိန်းသိမ်းထားမှုကို ငြင်းဆိုခဲ့သော်လည်း နောက်ပိုင်းတွင် ထိန်းသိမ်းထားသူများကို သူတို့အနေဖြင့် မည်သည့် နိုင်ငံရေးပါတီတွင် သို့မဟုတ် SSA-တောင်ပိုင်းအတွက် စစ်သားစုဆောင်းမှုတွင် မပါဝင်ပါဟူသော သဘောတူညီချက်ဖြင့် သူတို့၏တည်နေရာနှင့် လွတ်မြောက်မှုကို အတည်ပြုခဲ့သည်။ ၎င်းတို့အနေဖြင့် အနာဂတ် နိုင်ငံရေးတက်ကြွလှုပ်ရှားမှုများတွင် ပါဝင်မည်ဆိုပါက သူတို့၏ပိုင်ဆိုင်မှုများကို သိမ်းယူဖျက်ဆီးမည်ဟုလည်း ထိုလက်နက်ကိုင်အဖွဲ့အစည်းအဖွဲ့ဝင်များက ခြိမ်းခြောက်ခဲ့သည်။[803]

၃၆၉။ နောက်ထပ် အသက် ၁၆ နှစ်အရွယ် မိန်းကလေးတစ်ဦးကလည်း သူမကို ၂၀၁၁ ခုနှစ် ဇူလိုင်လတွင် ရှမ်းပြည်နယ် မိုင်းကောင်မြို့နယ်တွင် SSA-တောင်ပိုင်းက အတင်းစစ်သားစုဆောင်းခဲ့ကြောင်း မစ်ရှင်ကို ပြောပြသည်။ ကလေးမမှာ မလျော်ကန်သော ပြုမူဆက်ဆံမှုခံခဲ့ရပြီး သူမ၏ နေမကောင်းသောမိခင်ဖြစ်သူကို ပြုစုစောင့်ရှောက်လိုခဲ့သည်။ သူမက ပြောပြသည်မှာ-

> *တခါတလေ ကျမ တုတ်နဲ့ရိုက်ခံရတယ်။ သင်တန်းသားတွေက မကြာခဏ SSA-တောင်ပိုင်း အဖွဲ့ဝင်တွေရဲ့ အပြစ်ပေးတာကို ခံရတယ်။ စစ်သားတွေက ကျမတို့ကို ရိုက်တာ မပြင်းဘူးဆိုရင် အရာရှိတွေက လာပြီး ပိုနာအောင် ရိုက်တယ်။ ကျမတို့ သင်တန်းက ထွက်ပြေးချင်တာမျိုးဆို အပြစ်ကြီးကြီးအတွက် ပြစ်ဒဏ်ပေးခံရတယ်။ သင်တန်းမှာ နေရတဲ့ အခြေအနေတွေက တော်တော် ခက်ခဲတယ်။*

801 K-137.

802 K-137, PI-114, V-304

803 PI-114.

*အရာရှိကြီးတစ်ယောက်က တစ်လ တစ်ခါ လာပြီး သင်တန်းနဲ့ ပတ်သက်ပြီး ပြောချင်တာ ဘာရှိလဲလို့ မေးတယ်။ ကျွန်မက အိမ်ပြန်ချင်တာကြောင့် အမြဲရိုက်ခံရတယ်၊ ဘာလို့လဲဆို ကျွန်မက အငယ်ဆုံး ဖြစ်လို့။*[804]

### (ဆ) လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်သဘောသဘာဝကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများ

၃၇၀။ EAO အဖွဲ့ဝင်များနှင့် ဆိုင်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ဖြစ်ရပ်တစ်ခုကို သတင်းရင်းမြစ်တစ်ခုက ပြောပြခဲ့သည်။ ယင်းမှာ ၂၀၁၇ ခုနှစ် အောက်တိုဘာလအတွင်း ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်တွင် TNLA စစ်သားအများအပြားက ကျောင်းအုပ်ဆရာမတစ်ဦးကို သူမ၏ နေအိမ်တွင် မုဒိန်းပါဝင်သော လိင်ဆိုင်ရာကျူးလွန်မှု ဖြစ်သည်။ ကျူးလွန်ခံရသူက ဒေသခံ အာဏာပိုင်များကို တိုင်ကြားပြီးနောက်တွင် TNLA က ကျူးလွန်သူများကို ကျူးလွန်ခံရသူအား လျော်ကြေးပေးရန် ညှိနှိုင်းခဲ့ပြီး စစ်သားနှစ်ဦးကို ခေါ်လာပြီး သူမအား ဒူးထောက်တောင်းပန်ခိုင်းသည်။ TNLA က အမှုကို ဖြေရှင်းရန် တောထဲတွင် "တရားရုံးကြားနာမှု" ကို လုပ်ခဲ့သည်။ ကျူးလွန်ခံရသူကို ဖိတ်ခေါ်ခဲ့သော်လည်း သူမက မတက်ရောက်ရန် ရွေးချယ်ခဲ့သည်။[805] အစီရင်ခံကာလအတွင်း KIA လူများက ကချင်ပြည်နယ်တွင် အမျိုးသမီးများကို မုဒိန်းပြုကျင့်မှုများကို ကျူးလွန်ခဲ့ပြီး နောက်ပိုင်းတွင် KIO ထိန်းချုပ်နယ်မြေရှိ တရားရုံးရှေ့မှောက်တွင် တရားစီရင်ခဲ့ကြောင်း အတည်မပြုနိုင်သည့် အစီရင်ခံချက်များကိုလည်း မစ်ရှင်က ရရှိသည်။[806] ယင်းစွပ်စွဲချက်များကို နောက်ထပ် စုံစမ်းစီစစ်ရန် လိုအပ်သည်။

### (ဇ) သတ်ဖြတ်ခြင်းများ

၃၇၁။ အချို့သော EAOများသည် အရပ်သားများကို သို့မဟုတ် သူတို့၏ ထိန်းသိမ်းမှုအတွင်း တိုက်ပွဲတွင် တိုက်ပွဲမဝင်နိုင်သော တိုက်ခိုက်ရေးသမားများကို ဥပဒေနှင့် မညီပဲ သတ်ဖြတ်ခဲ့ကြောင်း ညွှန်ပြသည့် ယုံကြည်ရလောက်သော်လည်း အတည်မပြုနိုင်သည့် အချက်အလက်များကိုလည်း ရရှိသည်။[807]

၃၇၂။ ဥပမာ- ရှမ်းတပ်မတော်[808]က ၂၀၁၁ ခုနှစ်တွင် ရှမ်းပြည်နယ် မုန်းတော် မြို့နယ်တွင် လားဟူအမျိုးသားတစ်ဦးကို သတ်ဖြတ်ခဲ့မှုအပေါ် ထွက်ဆိုချက်ကို မှတ်တမ်းတင်ထားသည်။ မျက်မြင်သက်သေ၏ အဆိုအရ တပ်မတော် စစ်သားဟောင်းဖြစ်သော ကျူးလွန်ခံရသူမှာ အသတ်မခံရမီတွင် နိပ်စက်ညှင်းပန်းမှုနှင့် ကိုယ်ခန္ဓာအစိတ်အပိုင်းများ ဖြတ်တောက်ခြင်းကို ခံခဲ့ရသည်။[809] ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီတွင် အမည်မသိ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတစ်ခုက ရှမ်းပြည်နယ် ကျောက်မဲမြို့နယ်တွင် အရပ်သား ခုနစ်ဦးကို သတ်ခဲ့သည်။ သူတို့ကို ဖမ်းဆီးသွားပြီး နောက်တနေ့တွင် သူတို့၏ အလောင်းများကို တပ်မတော်က တွေ့ရှိခဲ့သည်။[810] ၂၀၁၆ ခုနှစ် မတ်လအတွင်း ဝ အထူး ကိုယ်ပိုင်အုပ်ချုပ်ရေးဒေသ၏ တရားရုံးက လူသတ်မှုကျူးလွန်သူ လူနှစ်ဦးကို သေဒဏ်အပြစ်ပေးခဲ့ကြောင်း သတင်းရရှိသည်။[811] နောက်ထပ် အစီရင်ခံချက်များရရှိသော ဖြစ်ရပ်က SSA-တောင်ပိုင်း အဖွဲ့ဝင်များသည် ၂၀၁၆ ဇူလိုင် ၁ ရက်နေ့

---

804 PI-014.

805 PI-110.

806 K-145.

807 K-143, QI-077

808 ရှမ်းပြည်တပ်မတော်-တောင်ပိုင်း (RCSS) သို့မဟုတ် ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSPP) လား မရှင်းလင်းပါ။

809 QI-077.

810 K-143.

811 K-143, V-305

ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်က ရွာသားတစ်ဦးကို သတ်ဖြတ်ခဲ့ကြောင်း ညွှန်ပြနေသည်။[812] အလားတူပင် TNLA အဖွဲ့ဝင်များက ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်မှ ရွာအနီး တောထဲတွင် ရွာသား လေးဦးကို သတ်ဖြတ်ခဲ့ကြောင်း သတင်းများ ရရှိသည်။[813]

၃၇၃။ ကာကွယ်မှုပေးရမည့်အခြေအနေရှိ လူများ အသတ်ခံရမှု အပါအဝင် ထိုဖြစ်ရပ်များမှာ နောက်ထပ် စီစစ်အတည်ပြုမှုများ လိုအပ်နေသည်။

## ၈.၈ ။အရပ်သားများအပေါ် ပဋိပက္ခ၊ ချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများ ၏ သက်ရောက်မှု

## (၁) ကြောက်ရွံ့မှု၊ အနာတရဒဏ်ရာ၊ ရွှေ့ပြောင်းနေရမှုနှင့် လူသားချင်းစာနာမှုဆိုင်ရာ သက်ရောက်မှု

၃၇၄။ မြန်မာနိုင်ငံမြောက်ပိုင်းပဋိပက္ခများတွင် ပါဝင်သော အဖွဲ့များအားလုံးက အရပ်သားများအပေါ် ပြုမူမှုများသည် ပြန်မပြင်နိုင်သည့် ထိခိုက်မှုများ ဖြစ်စေသည်။ အရပ်သားများ သတ်ဖြတ်ခံရသည်။ ထိခိုက်ဒဏ်ရာရသည်။ မိသားစုများကွဲကွာရပြီး ရွှေ့ပြောင်းမှုများ အကြိမ်ကြိမ်ဖြစ်ခဲ့သည်။ အိမ်များ၊ ဘုရားကျောင်းများနှင့် စာသင်ကျောင်းများ လုယူခံရခြင်း သို့မဟုတ် ဖျက်ဆီးခံရခြင်းများဖြစ်ပြီး ကျောင်းသား အများအပြားမှာ ပုံမှန် ကျောင်းမတက်နိုင်ပဲ ဖြစ်ရသည်။[814] ရွာလုံးကျွတ် မီးရှို့ခံရခြင်းနှင့် ဖျက်ဆီးခံရခြင်းများ ဖြစ်သည်။ အရပ်သားပြည်သူများမှာ စစ်တပ်တစ်ခုက သူတို့ကို အသေအချာ ကာကွယ်ပေးရန် ပျက်ကွက်ခဲ့ခြင်းကြောင့် အစဉ်တစိုက် ထိတ်လန့်ကြောက်ရွံ့နေရပြီး ဖြစ်ရပ်အများအပြားတွင် သူတို့ကို တိုက်ရိုက် တိုက်ခိုက်ခြင်းခံကြရသည်။

၃၇၅။ လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခြင်း၏ နောက်ဆက်တွဲအဖြစ် သူတို့၏ ဘဝများ မည်သို့ ပြောင်းလဲသွားသည်ကို ကျူးလွန်ခံရသူများက မစ်ရှင်ကို အသိပေးခဲ့ကြသည်။ ကျူးလွန်ခံရသူများမှာ စိတ်ဒဏ်ရာ ကြီးမားစွာ ရရှိကြသည်။[815] ဥပမာ- သတင်းရင်းမြစ်တစ်ခုပြောပြချက်အရ ကလေးများသည် လေယာဉ်ကို မြင်ပါက သို့မဟုတ် လေယာဉ်သံကြားပါက တံခါးဖွင့်ရန် ကြောက်ရွံ့ပြီး ပုန်းနေကြသည်။[816] အခြားကျူးလွန်ခံရသူများမှာ စားဝတ်နေရေး ပြေလည်အောင် ဆက်လက်အလုပ်မလုပ်နိုင်ကြပေ။[817] ဖြစ်ရပ်တစ်ခုတွင် လှ်က်စိုက်တောင်သူတစ်ဦးက ၂၀၁၇ ခုနှစ် မေလ ၂ ရက် ရှမ်းပြည်နယ် မြောက်ပိုင်းမှ တပ်မတော်တိုက်ခိုက်မှု တစ်ခုအတွင်း သူမခြေထောက်နှင့်လက်မောင်းတို့တွင် ပုံးစနှင့် သေနတ်ဒဏ်ရာရရှိပြီးနောက်ပိုင်း သူမလှ်က်ခင်းတွင် ဆက်လက် အလုပ်မလုပ်နိုင်တော့ကြောင်း ရှင်းပြသည်။ သူမမှာ ရက်သတ္တအတော်ကြာ ဆေးရုံတွင် နေခဲ့ရပြီး လှ်ပ်ရှားရ ခက်ခဲသွားသည်။ ထိုအချိန်မှစ၍ ယောကျ်ားဖြစ်သူမှာ ဘုန်းကြီးဝတ်သွားပြီး သူမ၏ဝင်ငွေမှာ သားသမီးများ လုပ်သောအလုပ်မှသာ ရရှိတော့သည်။ တိုက်ခိုက်မှုအတွင်း သူတို့အိမ်လည်း ပျက်စီးသွားခဲ့ပြီး ယခုအခါ အိမ်ငှား၍

812 K-137.
813 K-144.
814 PI-087, DI-067, PI-016
815 PI-042, PI-103
816 PI-103.
817 PI-042, PI-046, PI-072

နေထိုင်ကြရသည်။[818] နိပ်စက်ညှင်းပမ်းမှု ခံရသူတစ်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ်လ ရှမ်းပြည်နယ်မြောက်ပိုင်း အဖြစ်အပျက်တစ်ခုတွင် တပ်မတော်စစ်သားများကြောင့် ရရှိသော ဒဏ်ရာများကြောင့် သူ့အနေဖြင့် အလုပ်ဆက်မလုပ်နိုင်တော့ပဲ သူ့မိသားစုကိုလည်း မစောင့်ရှောက်နိုင်တော့ကြောင်း ပြောပြသည်။ "တပ်မတော်စစ်သားတွေက ကျနော့်ကို နိပ်စက်ပြီး ကျနော့်ဘဝကို ဖျက်ဆီးပစ်လိုက်တယ်။"[819] နိပ်စက်မှုနှင့် ဆိုးဝါးစွာဆက်ဆံမှု ခံရသော အခြားသော ကျူးလွန်ခံရသူများသည်လည်း သူတို့အနေဖြင့် ပြင်းထန်သော စိတ်ဒဏ်ရာများ၊ စိတ်ပုံမှန်မဟုတ်တော့ခြင်း နှင့် အခြားသော ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်သည့် စိတ်ပိုင်းဆိုင်ရာနှင့် ရုပ်ပိုင်းဆိုင်ရာ အကျိုးဆက်များ ခံစားရကြောင်း ပြောပြကြသည်။[820]

၃၇၆။ ကျူးလွန်ခံရသူအများအပြားက သူတို့၏ဒဏ်ရာများ ကုသရန်အတွက် ကျန်းမာရေးဝန်ဆောင်မှုများရယူရန် ကြီးမားသော စိမ်ခေါ်မှုရှိကြောင်း ပြောပြကြပြီး အချို့မှာ တရုတ်နိုင်ငံသို့သွားပြီး ဆေးကုသမှု ခံယူခဲ့ကြရသည်။[821] ကျူးလွန်ခံရသူများမှာ အချိန်မီ ကျန်းမာရေးစောင့်ရှောက်မှု အားနည်းသောကြောင့် သေဆုံးခဲ့ရခြင်းများလည်းရှိကြောင်း သိရသည်။[822] ဥပမာ- ရှမ်းပြည်နယ် မုံးကိုးမှ ကျူးလွန်ခံရသူတစ်ဦးက ပြောပြသည်မှာ ၂၀၁၆ ခုနှစ် ဇန္နဝါရီလ ၁၅ ရက်နေ့တွင် လမ်းကြီးအနီးတွင်ရှိသော သူမ၏ခြံဝန်းထဲတွင် မော်တာကျည် ကျရောက်ပေါက်ကွဲပြီး သူမနှင့် သမီးဖြစ်သူကို ဒဏ်ရာရရှိစေခဲ့သည်။

> *ကျည်စတွေက ခုထိ ကျမတို့ ခန္ဓာကိုယ်ထဲမှာ ရှိသေးတယ်။ ကျမသမီးက အခုဆို ပုံမှန်မဟုတ်တော့ဘူး။ တခါတလေ သူက ကျမကို ဘာမှ မတုန့်ပြန်ဘူး။ ကျမဆေးရုံတက်တုန်းက အစ္စရာယ် သိပ်များတဲ့အတွက် ဆရာဝန်တွေက ကျည်စတွေကို ထုတ်မပစ်ခဲ့ဘူး။ ဆရာဝန်တွေက အဲလိုလုပ်ရင် ကလေးကို ထိခိုက်မယ်လို့ ပြောတယ်။ အဲဒီအချိန်က ကျမက ကိုယ်ဝန် ၈လ ရှိနေတာ။ ဆရာဝန်တွေက ကျမတကိုယ်လုံး ရောင်နေတဲ့အတွက် ကလေးကို ဗိုက်ခွဲမွေးရမယ်လို့ ပြောတယ်။*[823]

၃၇၇။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များက တပ်မတော်သည် ထိန်းသိမ်းမှု သို့မဟုတ် အဓမ္မလုပ်အားစေခိုင်းမှုမှ ထွက်ပြေးလွတ်မြောက်သောသူများကို ရှာဖွေရန် ရွာများသို့ မကြာခဏ သွားရောက်ကြပြီး[824] အချို့သောဖြစ်ရပ်များတွင် ထွက်ပြေးလွတ်မြောက်သွားသော လူပုဂ္ဂိုလ်များ၏ မိသားစုများကို ရိုက်နှက်သည်။[825] ဥပမာ- ကချင်ပြည်နယ် မြစ်ကြီးနားတွင် ၂၀၁၂ ခုနှစ်အတွင်း တစ်ညတာ ဖမ်းဆီးထိန်းသိမ်းခံရစဉ်အတွင်း သူ၏ညီအစ်ကိုတော်သူတစ်ဦး သတ်ဖြတ်ခံခဲ့ရသူက ထိန်းသိမ်းမှုမှ သူထွက်ပြေးလွတ်မြောက်သည်အခါ မြန်မာနိုင်ငံမှ သူထွက်ပြေးခဲ့ရာ တပ်မတော်က သူ့ရွာသို့သွားပြီး သူ့ကို ရှာဖွေခဲ့ကြောင်း ပြောပြသည်။ သူ၏မိဘများနှင့် ညီအစ်ကို မောင်နှမများမှာ ရွာတွင် မနေရဲတော့ပဲ ဒုက္ခသည်စခန်းသို့ ထွက်ပြေးခဲ့ကြသည်။[826] ကချင်ပြည်နယ် မြစ်ကြီးနားမှ ချိုးဖောက်ခံရသူ အမျိုးသမီးတစ်ဦးက ၂၀၁၂ ခုနှစ်အတွင်း လအတော်ကြာ

---

[818] PI-073.
[819] PI-035.
[820] PI-021, PI-035, PI-115
[821] PI-029, PI-055, PI-065, DI-057
[822] DI-070, PI-105
[823] PI-115.
[824] PI-066, PI-067, PI-077, PI-078
[825] PI-007, PI-068
[826] PI-062.

အဓမ္မလုပ်အားစေခိုင်းမှုမှ သူမထွက်ပြေး လွတ်မြောက်ခဲ့သည်ကို လက်စားချေသည့်အနေဖြင့် သူမ၏နေအိမ်မှာ ဖျက်ဆီးခံခဲ့ရသည်၊ သူမ၏မိခင်ဖြစ်သူမှာ ရိုက်နှက်ခံခဲ့ရပြီး တပ်မတော်အတွက် အဓမ္မ လုပ်အားစေခိုင်းခံခဲ့ရသည်။[827]

၃၇၈။ ခန့်မှန်းခြေအားဖြင့် ကချင်ပြည်နယ်တွင် လူပေါင်း ၉၇, ၀၀၀ နှင့် ရှမ်းပြည်နယ်တွင် လူပေါင်း ၉, ၀၀၀ တို့မှာ ဒုက္ခသည်စခန်း သို့မဟုတ် စခန်း ကဲ့သို့အခြေအနေမျိုးတွင် နေထိုင်နေကြရပြီး အများအပြားမှာ လူဦးရေကြပ်သိပ်သော အခြေအနေမျိုးတွင် အရေးပေါ်ပြင်ဆင်ရန် လိုအပ်နေသည့် မလုံမလောက်အမိုးအကာဖြင့် မိသားစု လွတ်လပ်မှုမရှိပဲ နေနေကြရသည်။ သူတို့ အများအပြားမှာ ခုနှစ်နှစ်အထိ ကာလကြာရှည် ဒုက္ခသည်အဖြစ် နေနေကြရသည်။ အထူးသဖြင့် အစိုးရထိန်းချုပ်မှု မဟုတ်သည့် နယ်မြေများတွင် ရှိနေသည့် ဒုက္ခသည်များက စခန်းများအတွင်း ရရှိသောပညာရေးအရည်အသွေးမှာ ညံ့ဖျင်းပြီး အဆင့်မြင့်ပညာရေးကို ဆက်လက်သင်ကြားနိုင်သော အသိအမှတ်ပြုမှု မရှိကြောင်း ပြောပြကြသည်။[828] ထိုစခန်းများတွင် အလုပ်လုပ်နေသော ဒေသခံအဖွဲ့အစည်းတစ်ခုမှ လူတစ်ဦး၏ စကားလုံးဖြင့် ပြောမည်ဆိုလျှင် အစားအစာလိုအပ်ချက်များ ပြည့်မီရန်အတွက် "တောက်လျှောက်ရုန်းကန်" နေရပြီး အစားအစာရာရှင်မှာ အကန့်အသတ်ဖြစ်ကာ အဟာရချို့တဲ့မှုနှုန်းမှာ တစ်နိုင်ငံလုံး ပျမ်းမျှနှင့်နှိုင်းစာလျှင် များစွာမြင့်တက်လျက်ရှိသည်။[829] ကျန်းမာရေးစောင့်ရှောက်မှု ရရှိနိုင်မှုမှာလည်း အကန့်အသတ်ရှိနေပြီး စိတ်ပိုင်းနှင့် လူမှုရေးပံ့ပိုးမှုမှာ မရှိသလောက်ဖြစ်သည်။ စခန်းများအတွင်း မလုံခြုံမှုအဆင့်မှာ မြင့်မားနေပြီး ဒုက္ခသည်အများစုမှာ အနာဂတ် ပျောက်ဆုံးလျက်ရှိသည်။[830] ၂၀၁၇ ခုနှစ်မှစ၍ အခြားထောင်ပေါင်းများစွာ- ခန့်မှန်းခြေ လူ ၆၈,၀၀၀-မှာ အစီရင်ခံကာလအတွင်း အိုးအိမ်မဲ့ ဖြစ်ကြရသည်။ ထိုအထဲတွင် အချို့သူများမှာ အကြိမ်ကြိမ်ရွှေ့ပြောင်းနေကြရသည်။

၃၇၉။ စစ်ပွဲကြောင့် မိသားစုအများအပြား တကွဲတစ်ပြား ဖြစ်ကြပြီး အများအပြားမှာ ကျန်နေရစ်သော မိသားစုများနှင့် အဆက်အသွယ်မရပဲ ရှိကြသည်။[831] ဥပမာ- အမျိုးသမီးတစ်ဦးက ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ကချင်ပြည်နယ်တွင် သူ့ရွာကို တပ်မတော်က တိုက်ခိုက်သောကြောင့် ပြေးလွှားရင်း သမီးဖြစ်သူနှင့် ကွဲကွာသွားခဲ့ရာ ထိုအချိန်မှစ၍ သမီးဖြစ်သူကို ပြန်မတွေ့ရတော့ကြောင်း ပြောပြသည်။[832]

၃၈၀။ ထိန်းသိမ်းမှုမှ လွှတ်ပေးခဲ့သော သို့မဟုတ် လွတ်မြောက်လာသူများသည် သူတို့၏ရွာများသို့ ပြန်သွားရန် ကြောက်ရွံ့ကြကြောင်း ကျူးလွန်ခံရသူများက မစ်ရှင်ကို မကြာခဏ ပြောပြကြသည်။[833] အထူးသဖြင့် တပ်မတော်က သူတို့၏အထောက်အထား စာရွက်စာတမ်းများကို သိမ်းထားသည့်အခါတွင် ဖြစ်သည်။[834] ကျူးလွန်ခံရသူအများအပြားက နိုင်ငံမှထွက်ခွာရန် ဆုံးဖြတ်ကြသည်။[835] အချို့ဖြစ်ရပ်များတွင် မိသားစုဝင်များပါ ထွက်ခွာကြရသည်။[836] မြန်မာနိုင်ငံမှ ထွက်ခွာရန်မှာလည်း ထွက်ပြေးသော ကျူးလွန်ခံရသူသာမက ကျန်ရစ်သော မိသားစုများအပေါ်

827 PI-068.
828 PI-087, QM-014
829 PI-056.
830 QM-014, QM-017
831 PI-020, PI-027, PI-074, PI-084, PI-086
832 PI-086.
833 PI-089, PI-085, PI-084, PI-079, PI-078
834 PI-011, PI-029
835 PI-062, PI-033, PI-029, PI-006
836 PI-001, PI-008, PI-012, PI-027, PI-062, PI-096, QI-089

သက်ရောက်မှုများ ရှိသည်။ လူတစ်ယောက်က တပ်မတော်၏ ဥပဒေမဲ့ထိန်းသိမ်းထားမှုမှ လွတ်မြောက်ပြီးနောက် မလေးရှားသို့ ထွက်ခွာရန် ခရီးစဉ်အတွက် သူ့အဒေါ်ဖြစ်သူက သူပိုင်မြေကွက်ကို ပေါင်ထားခဲ့ရသည်ဟု ပြောပြသည်။[837]

၃၈၁။ တပ်မတော်နှင့် EAOများအကြား ဆက်လက်ဖြစ်ပွားနေသော ပဋိပက္ခ၏ အကျိုးဆက်များကို အရပ်သားများက ဆက်လက်ခံစားကြရသည်။[838] လူအများအပြားက ကြားတွင် ပိတ်မိနေသည်ဟူသော ခံစားချက်ကို ရကြသည်။ ဥပမာ- မျက်မြင်သက်သေတစ်ဦးက "ရွာသားတွေကတော့ ဒါနဲ့ပတ်သက်ပြီးဘာမှ လုပ်စရာမရှိဘူး။ သူတို့အားလုံးက ငြိမ်းငြိမ်းချမ်းချမ်းနေချင်တယ်၊ တောင်ယာလုပ်ချင်တယ်။ အဲဒါအစား ကျွန်တော်တို့က စစ်ပွဲတွေ အများကြီးကြားမှ ပိတ်မိနေတယ်" ဟု ပြောသည်။[839] နောက်တစ်ဦးက "KIA ထိန်းချုပ်နယ်မြေမှာ နေရတာ သိပ်ခက်တယ်။ တပ်မတော်ထိန်းချုပ်တဲ့ နယ်မြေမှာ နေရတာလည်း သိပ်ကြပ်တည်းတယ်။ ကျွန်တော်တို့ဘာလို့ ငြိမ်းငြိမ်းချမ်းချမ်း မနေရတာလဲ။"[840]

**(က) အမျိုးသမီးများအပေါ် အကျိုးဆက်များ**

၃၈၂။ တိုက်ခိုက်မှုများ၊ သတ်ဖြတ်မှုများ သို့မဟုတ် သူတို့၏ခင်ပွန်းများ အဖမ်းခံရမှု ပျောက်ဆုံးစေခြင်းနှင့် ကြုံတွေ့ရခြင်းများ၏ရလာဒ်အဖြစ် အထူးသဖြင့် ခင်ပွန်း သို့မဟုတ် ဖခင်ဖြစ်သူကို ဆုံးရှုံးရသော အမျိုးသမီးများအတွက် အကျိုးဆက်များမှာ ပြင်းထန်သည်။[841] အများအပြားမှာ အိမ်တွင် ငွေရှာပေးနေသော အိမ်ထောင်ဦးစီး ဆုံးရှုံးရခြင်းကြောင့် ခက်ခဲကြမ်းတမ်းသော စီးပွားရေးအခြေအနေကို ကြုံတွေ့ရပြီး လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများ အပါအဝင် ချိုးဖောက်မှုကို ကြုံတွေ့ရန် အလားအလာ များသွားကြရသည်။ ၂၀၁၇ ခုနှစ် ဇွန်လတွင် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ သတ်ဖြတ်ခံရသူတစ်ဦး၏ မိခင်ဖြစ်သူက အောက်ပါအတိုင်းပြောသည်။

> *ကျမသား မသေခင်က ကျမတို့ အသက်ကြီးပြီဆိုတော့ အစားအသောက်နဲ့ ဆေးဝါးအတွက် သူ့ကိုပဲ မှီခိုခဲ့ရတယ်။ အခုတော့ သူမရှိတော့ အသက်ရှင်ဘို့ တော်တော်ခက်ပြီး ကျမတို့ ဘဝတွေက အခုဆို သိပ်ကြမ်းတမ်းသွားတယ်။ ကျမက ကျမ ယောက်ျားနဲ့နေတယ်။ ဒါပေမယ့် သူကလည်း အိုပြီ။ ကျမတို့ကို ကြည့်မယ်လူ ဘယ်သူမှ မရှိတော့ဘူး။*[842]

၃၈၃။ နောက်ထပ်အမျိုးသမီးတစ်ဦးက ၂၀၁၄ ခုနှစ် ကချင်ပြည်နယ်တွင် သူမယောက်ျားဖြစ်သူ ပျောက်ဆုံးသွားခဲ့ခြင်း၏ သက်ရောက်မှုကို ပြန်ပြောပြခဲ့သည်။

> *ကျမက အိမ်ထောင်ဦးစီး ဖြစ်လာတယ်။ ကျမကလေးတွေက သူတို့ အဖေ ဆုံးရှုံးသွားတယ်။ နောက်တော့ ကျမက ကျမကလေးတွေနဲ့ အသက်ကြီးနေပြီဖြစ်တဲ့ မိဘတွေအတွက် ဝင်ငွေရှာရတယ်။ ကျမ ဟင်းသီးဟင်းရွက်တွေ စရောင်းရပြီး တရွာဝင်တရွာထွက်သွားရတယ်။ အဲဒီမှာပဲ ၂၀၁၈ ဖေဖော်ဝါရီမှာ တပ်မတော်စစ်သားတွေက ကျမကိုမုဒိမ်းကျင့်တယ်။ ကျမယောက်ျားကို တပ်မတော်က*

---

[837] PI-079.
[838] PI-044, PI-074, PI-095, PI-094, PI-097, QI-077, QI-079, QI-080, QI-087
[839] PI-094.
[840] PI-044.
[841] PI-070, PI-073, PI-074
[842] PI-074.

*ခေါ်သွားကတည်းက ကျမတို့မှာ အသက်ရှင်ဖို့ ရုန်းကန်ခဲ့ရတယ်။ ကလေးတွေကို အသက်ကြီးတဲ့ မိဘတွေနဲ့ ကချင်ပြည်နယ်မှာ ထားခဲ့ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျမက နိုင်ငံခြားမှာ အလုပ်လုပ်မှ သူတို့ အသက်ရှင်ဖို့ အာမခံချက်ရှိမယ်။*[843]

၃၈၄။ အမျိုးသမီးနှင့် အမျိုးသားများအပေါ် လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှုများ၏ သက်ရောက်မှုများသည် ပြင်းထန်သည်၊ အမျိုးမျိုးကွဲပြားပြီး ကာလရှည်ကြာကြောင်း မစ်ရှင်ကို ပြောပြကြသည်။ မုဒိန်းကျင့်မှုဖြစ်ရပ်တစ်ခုတွင် HIV ကူးစက်ခံခဲ့ရသောကြောင့် သေဆုံးသွားခဲ့ရသည့် ဖြစ်ရပ်တစ်ခုကို မစ်ရှင်က တွေ့ခဲ့ရသည်။[844] အစီရင်ခံတင်ပြလာသော အမျိုးသမီးများရရှိသည့် ဒဏ်ရာများတွင် လိင်ဆက်ဆံစဉ်အတွင်း ယောနိအတွင်း နာကျင်ခြင်းနှင့် ဝမ်းဗိုက်အောက်ပိုင်း နာကျင်ခြင်းတို့ ပါဝင်သည်။[845] အလားတူပင် ထိန်းသိမ်းထားစဉ်အတွင်း လိင်ဆိုင်ရာ နှိပ်စက်ညှင်းပန်းမှုခံခဲ့ရသော ယောက်ျားများသည် စအိုမှသွေးထွက်ခြင်း၊ ဆင်ခြင်နိုင်မှု ဆုံးရှုံးခြင်း၊ စိတ်ခံစားမှု ထိန်းချုပ်နိုင်မှု ဆုံးရှုံးခြင်း၊ လိင်တံမာတောင့်မှု ဆုံးရှုံးခြင်းနှင့် အလုပ်မလုပ်နိုင်ခြင်း အပါအဝင် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာများ ပါဝင်သည်။[846]

၃၈၅။ မုဒိန်းပြုကျင့်ခံရမှုအတွက် အထူးပြု ကျန်းမာရေးကျွမ်းကျင်သူ မရှိခြင်းသည်လည်း ဒေသအတွင်းတွင် လိင်အကြမ်းဖက်မှု သက်ရောက်မှုများကို ပိုများစေသည်။ ကျူးလွန်ခံရသူအများစုမှာ အမျိုးသမီးများဖြစ်ရာ ယင်းသည် ကျန်းမာရေးစောင့်ရှောက်မှု ရယူရာတွင် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေပြုသော မညီမျှမှုကို ဖြစ်ပေါ်စေသည်။ ဖြစ်ရပ်အများအပြားတွင် အမျိုးသမီးများသည် ကျန်းမာရေးစောင့်ရှောက်ကုသမှု မရရှိခြင်း၊ တခါတရံတွင် မုဒိန်းကျင့်ခံရပြီးပြီးချင်း ဆရာဝန်နှင့် တွေ့ဆုံခွင့်ရသည့်တိုင်အောင် ကိုယ်ဝန်ရရှိမှုကို ကာကွယ်သောဆေး ပေးခြင်းမရှိသည့်အတွက် ကိုယ်ဝန်ရရှိသွားသည်။[847] မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးကိုယ်စားလှယ်၏ ၂၀၁၇ အစီရင်ခံစာတွင်လည်း ကျန်းမာရေးဝန်ဆောင်မှုပေးသူ အကန့်အသတ် ရှိခြင်း၊ သာမက စစ်တပ် တိုးချဲ့မှုများကြောင့် အမျိုးသမီးများ၏ လှုပ်ရှားသွားလာမှု အကန့်အသတ်ရှိခြင်း၊ လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြုသော အကြမ်းဖက်မှုမှ ရှင်သန်လွတ်မြောက်လာသူများအတွက် အသက်ကယ်ဝန်ဆောင်မှုများကို ရရှိခြင်း မရှိကြောင်း တွေ့ရှိထားသည်။[848]

### (၂) မြေမြှုပ်မိုင်းများ

၃၈၆။ မြေမြှုပ်မိုင်းကြောင့် တစ်နိုင်ငံလုံး ထိခိုက်သေဆုံးသူ အရေအတွက်ကို စနစ်တကျ ကောက်ယူထားခြင်း မရှိသော်လည်း မြန်မာနိုင်ငံတစ်ဝှမ်းတွင် ၂၀၁၁ ခုနှစ် ဩဂုတ်လမှ စ၍ ပြည်နယ်နှင့်တိုင်း ဆယ့်လေးခုတွင် မြေမြှုပ်မိုင်းကြောင့် သေဆုံး သို့မဟုတ် ဒဏ်ရာရရှိသူ အနည်းဆုံး လူ ၁, ၀၀၀ ရှိခဲ့သည်။[849] မကြာသေးမီက မှတ်တမ်းတင်ခဲ့သော ဖြစ်ရပ်များအရ ကချင်နှင့် ရှမ်းပြည်နယ်များသည် မြေမြှုပ်မိုင်းကြောင့် ထိခိုက်သေဆုံးသူ အရေအတွက်မှာ

---

843 PI-069; အခန်း က-၄။ လိင်ဆိုင်ရာ နှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှု ကြည့်။

844 PI-007.

845 PI-063, PI-068

846 PI-052, PI-055, PI-056

847 PI-066, PI-067, PI-068, PI-069, QI-098

848 A/HRC/34/67 အပိုဒ် ၅၆

849 မြန်မာနိုင်ငံ သတင်းအချက်အလက်စီမံခန့်ခွဲရေးယူနစ်၊ သိထားသော မြေမြှုပ်မိုင်းများ ရှိသည့် မြို့နယ်များ (၂၀၁၇) နှင့် မြန်မာနိုင်ငံတွင် ထိခိုက်သေဆုံးမှုများ (၂၀၁၆ ဒီဇင်ဘာ) ။

အများဆုံးဖြစ်ပြီး အရေအတွက်မှာ တိုးများလျက်ရှိသည်။[850] ဥပမာ- ၂၀၁၆ ခုနှစ်မှ ၂၀၁၈ ဧပြီလအထိ ကုလသမဂ္ဂက ကချင်ပြည်နယ်တွင် သေဆုံးသူ ၄၂ ဦး အပါအဝင် ထိခိုက်သေဆုံးသူ ၁၉၉ ဦး နှင့် ရှမ်းပြည်နယ်တွင် သေဆုံးသူ ၄၈ ဦးအပါအဝင် ထိခိုက်သေဆုံးသူ ၁၈၂ ဦးတို့ကို မှတ်တမ်းတင်ထားသည်။[851] ၂၀၁၅ ခုနှစ် အောက်တိုဘာလတွင် ပါဝင်သော အဖွဲ့အစည်းအားလုံးက မြေမြှုပ်မိုင်းအသုံးပြုမှုကို ရပ်ဆိုင်းပြီး မိုင်းရှင်းလင်းရေး လုပ်ငန်းစဉ်များကို ပူးပေါင်းလုပ်ဆောင်ရန် ကတိကဝတ်ပြုထားသော တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သော်လည်း မိုင်းအသစ်များ ဆက်လက်ထောင်နေကြသည်။[852]

၃၈၇။ မြေမြှုပ်မိုင်းများကြောင့် အရပ်သားများ ဒဏ်ရာရ သို့မဟုတ် သေဆုံးသည့် အဖြစ်အပျက်များကို ထိခိုက်ခံရသူများနှင့် မျက်မြင်သက်သေအများအပြားက ပြောပြသည်။[853] လူများသည် သစ်တောနယ်မြေများတွင် တပ်မတော်က ဖမ်းဆီးထိန်းသိမ်းထားစဉ် သို့မဟုတ် တိုက်ပွဲများမှ ထွက်ပြေးစဉ်[854] သို့မဟုတ် လှောက်ခြံ သို့မဟုတ် စိုက်ခင်းသို့ သွားစဉ်[855] သို့မဟုတ် ရွာတွင်း သို့မဟုတ် ရွာပတ်ဝန်းကျင်တွင် နင်းမိကြသည်။[856] ယင်းဖြစ်ရပ်များတွင် မိုင်းထောင်ခြင်းအတွက် တာဝန်ရှိသည့် အဖွဲ့အစည်းကို မစ်ရှင်က မခွဲခြားနိုင်သော်လည်း ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များက တပ်မတော်သာမက EAO ပါ နှစ်ဘက်စလုံးက မြေမြှုပ်မိုင်းများထောင်ကြောင်း ညွှန်ပြနေသည်။[857] ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ တပ်မတော်စစ်သားများသည် သူတို့ တိုက်ခိုက်ခဲ့သော သို့မဟုတ် အရပ်သားများ ထွက်ပြေးပြီးနောက် ရွာအတွင်းတွင် သို့မဟုတ် အရပ်သားများ မကြာခဏ အသုံးပြုသောလမ်းများပေါ်တွင် မိုင်းထောင်ကြသည်။[858] အရပ်သားများကလည်း သူတို့၏ ပိုင်ဆိုင်မှုများကို ကာကွယ်ရန် မိုင်းထောင်ကြသည်။[859]

၃၈၈။ မြေမြှုပ်မိုင်းများရှိခြင်းသည် အရပ်သားများ၏ဘဝအပေါ် သက်ရောက်မှုများစွာ ဖြစ်စေသည်။ ဒုက္ခသည်များက သူတို့၏ နေရပ်ရင်းပြန်ရန် စိုးရိမ်သော အတားအဆီးများထဲတွင် မြေမြှုပ်မိုင်းများသည်လည်း စိုးရိမ်မှုတစ်ခုဖြစ်ကြောင်း ပြောပြသည်။[860] ဥပမာ ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်မှ လူတစ်ဦးက မြေမြှုပ်မိုင်း၏ သက်ရောက်မှုကို ပြောပြသည်။

> *ကျနော်တို့ လှောက်ခြံကို သွားတဲ့လမ်းမှာ မြေမြှုပ်မိုင်းတွေ အများကြီးပဲ။ အဲဒါတွေကို ဘယ်လိုမှ မမြင်နိုင်ဘူး။ သူတို့အပေါ် တက်နင်းပြီးမှပဲ သိနိုင်တယ်။ ရွာသားတွေ မိုင်းနင်းမိပြီး ခဏခဏ သေတယ်။ ကျွန်တော့်သူငယ်ချင်းက မိုင်းတလုံးနင်းမိပြီး သူမရဲ့ ခြေထောက် ဆုံးရှုံးသွားတယ်။ ကျနော့်အဖေလည်း မိုင်းနင်းမိတော့မလို့၊ ဒါပေမယ့် သူက*

---

[850] Ibid. K-064, V-306, V-307

[851] K-064.

[852] V-308.

[853] PI-103, PI-104, PI-094, PI-085, PI-046, PI-045, DI-061, PI-076

[854] PI-016, PI-104, PI-085, PI-046, PI-045 အခန်း A-6 အဓမ္မလုပ်အားပေးခိုင်းစေခြင်းတွင်ကြည့်ပါ။

[855] PI-016, PI-094.

[856] DI-061, QI-094, PI-046, PI-098.

[857] K-137, K-144, PI-045, PI-049, PI-094, PI-098, SI-003, V-309.

[858] PI-045, PI-049, PI-094, PI-098, SI-002, SI-003.

[859] PI-085; G. Cathcart။ "မြန်မာနိုင်ငံ အရှေ့ပိုင်းတွင် မြေမြှုပ်မိုင်းများကို လူထုကာကွယ်ရေးအဖြစ် အသုံးပြုသည့်ပုံစံ။ မြန်မာနိုင်ငံရှိ ပဋိပက္ခ။ *War, Politics, Religion*, 2nd ed., N. Cheesman, N. Farrelly, eds. (ISEAS, 2016), pp. 127-131.

[860] PI-103, SI-002, SI-003.

*ကံကောင်းသွားတယ်။ သူခြေထောက်မချခင်ပဲ မိုင်းက ကွဲသွားတယ်။ တောင်ယာလုပ်ဖို့ မိုင်းတွေက ကျနော်တို့အတွက် အန္တရာယ်ရှိတယ်။*[861]

### (၃) အကူအညီတောင်းခံနိုင်မှု ကင်းမဲ့ခြင်း

၃၈၉။ ကျူးလွန်ခံရသူများနှင့် ရှင်သန်လွတ်မြောက်လာသူများသည် မလုံခြုံမှုနှင့် အစဉ်အမြဲကြောက်ရွံ့မှုအတွင်းတွင် နေထိုင်နေရရုံသာမကပဲ သူတို့မှာ တရားမျှတမှုအတွက် ကုစားမှုကို ရရှိခြင်းမရှိပေ။ သူတို့ကို အကာအကွယ်ပေးရမည့် အမျိုးမျိုးသောအာဏာပိုင်များသည် ထိုအဆင့်တွင် တာဝန်မကျေကြပေ။ အပြစ်ပေးအရေးယူမှုမှ လွတ်ကင်းမှုနှင့် နောက်ခံအကြောင်းရင်းများကို အပိုင်း ၄ (အပြစ်ပေးအရေးယူခြင်းမှ လွတ်ကင်းခြင်းနှင့် တာဝန်ခံမှု) တွင် အသေးစိတ်ဆွေးနွေးထားသည်။ ဤအခန်းတွင် ကချင်နှင့် ရှမ်းပြည်နယ်များမှ ထိုကိစ္စနှင့်ပတ်သက်သည့် ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၏ အကျဉ်းချုပ်အတွေ့အကြုံများကိုသာ ဖော်ပြထားသည်။

၃၉၀။ ကျူးလွန်ခံရသူအများအပြားမှာ တိုင်ကြားရန် အလွန်ကြောက်ကြသည်။ တိုင်ကြားမှုများလုပ်ပါက ဖြစ်နေကြတုန့်ပြန်မှုမှာ စစ်မှန်သော စုံစမ်းစစ်ဆေးမှုအစား လက်စားချေမှု သို့မဟုတ် နှုတ်ပိတ်ရန်ကြိုးပမ်းမှုသာ ဖြစ်လေ့ရှိသည်။ စုံစမ်းစစ်ဆေးသည့် ဖြစ်ရပ်များတွင်လည်း မကြာခဏပင် လုပ်ငန်းစဉ်မှာ လွဲမှားနေတတ်သည်။

### (က) တိုင်ကြားရန် ဖြစ်နိုင်ခြေမရှိခြင်း။

၃၉၁။ ထိန်းသိမ်းခံရပြီး ထွက်ပြေးလွတ်မြောက်လာသော လူများသည် ဖြစ်ရပ်အများအပြားတွင် တပ်မတော်၏ နှိပ်စက်ညှင်းပမ်းခြင်း၊ မလျော်ကန်သောဆက်ဆံမှု၊ လိင်အကြမ်းဖက်မှု သို့မဟုတ် သတ်ဖြတ်ရန် ကြိုးပမ်းမှုတို့ကို ခံခဲ့ကြရပြီး တိုင်ချက်ဖွင့်ရန် မဆိုထားနှင့် သူတို့ရွာသို့သူတို့ပြန်ရန် အလွန်ကြောက်ရွံ့ကြကြောင်း မစ်ရှင်ကို ပြောပြကြသည်။[862] အထူးသဖြင့် ယင်းစိုးရိမ်မှုမှာ တပ်မတော်က လူများ၏သက်သေခံအထောက်အထားများ သိမ်းဆည်းထားသည့် အခြေအနေတွင် ထင်ရှားသည်။[863] ကြောက်ရွံ့ခြင်းမှာ အခြေအမြစ်မရှိ ကြောက်ရွံ့ခြင်းမဟုတ်ပဲ သူတို့ ထွက်ပြေးပြီးနောက်ပိုင်းတွင် တပ်မတော်က သူတို့ကို ပြန်လာရှာကြောင်း မိသားစုဝင်များက နောက်ပိုင်းတွင် ပြန်ပြောပြကြသည်။[864] အချို့ဖြစ်ရပ်များတွင် တပ်မတော်က ထွက်ပြေးသွားသူများ၏ မိသားစုဝင်များကို ခြိမ်းခြောက်ခြင်း သို့မဟုတ် ရိုက်နှက်ခြင်းများ ရှိခဲ့သည်။[865] ဥပမာ- ကချင်ပြည်နယ် ပူတာအိုမှ ၂၀၁၂ ခုနှစ်တွင် စစ်သားတစ်ဦး၏ လိင်ပိုင်းဆိုင်ရာ စော်ကားမှုခံရသူတစ်ဦးက သူမအနေဖြင့် အိမ်မပြန်သော်လည်း စစ်သားက ရွာသို့သွားပြီး သူမကို ရှာဖွေခဲ့ကြောင်း ပြောပြသည်။

*ကျမက တခြားရွာက လမ်းလျှောက်ပြန်လာတဲ့အချိန်မှာ စစ်သားတစ်ယောက်က ကျမကို တောထဲဆွဲခေါ်သွားတယ်။ သူက ကျမပါးစပ်အပေါ်မှာ သူ့ခေါင်းကိုထားပြီး ကျမကို မအော်နိုင်အောင် လုပ်တယ်။ သူက ကျမကိုရိုက်ပြီး ကိုယ်ခန္ဓာကို ထိတယ်။ အနားမှာ ဖြတ်သွားတဲ့ အသက်ကြီးတဲ့ လူတစ်ယောက်က အော်သံကြားပြီး စစ်သားကို ကျမကို တစ်ယောက်ထဲထားခဲ့ဖို့ ပြောတယ်။ ကျမထွက်ပြေးခဲ့တယ်။ ဒါပေမယ့်*

[861] PI-094.

[862] PI-078, PI-079, PI-084, PI-085, PI-089.

[863] PI-006, PI-007, PI-011, PI-029, PI-040

[864] PI-066, PI-067, PI-077, PI-078

[865] PI-007, PI-068, PI-096

*အိမ်မပြန်ရဲတာကြောင့် ကျမရွာက လူကြီးတစ်ယောက်ဆီမှာ သွားနေနေတယ်။ နောက်တစ်ရက်မှာ ရွာလူကြီးက ကျမမိဘတွေကို သွားတွေ့တော့ သူတို့က ကျမအိမ်ကို စစ်သားတွေလာရှာသွားတယ်လို့ ပြောတယ်။ သူက ကျမ မိဘတွေကို ရိုက်နှက်ပြီး ကျမရဲ့ မှတ်ပုံတင်ကို ယူသွားတယ်။ အဲဒါကြောင့် ကျမရွာက ထွက်ခဲ့ရတာ။*[866]

၃၉၂။ သို့ဖြစ်ရာ ကျူးလွန်ခံရသူ အများအပြားမှာ ထိန်းသိမ်းမှုမှ ထွက်ပြေးလွတ်မြောက်ပြီးနောက်တွင် နိုင်ငံမှ ထွက်ခွာရန် ဆုံးဖြတ်ခဲ့ကြသည်။[867]

၃၉၃။ သူတို့ရွာကို ပြန်သွားကြသောသူများ သာမက အသတ်ခံရသော သူတို့၏ မိသားစုဝင်များ သို့မဟုတ် သတ်ဖြတ်မှုအပေါ် မျက်မြင်သက်သေများက သူတို့ ကြောက်ရွံ့သောကြောင့် တိုင်ကြားခြင်း မပြုကြကြောင်း မစ်ရှင်ကို ပြောပြသည်။[868] ဤကြောက်ရွံ့မှုမှာ အခြေအမြစ်မရှိခြင်းမဟုတ်ပေ။ တိုင်ကြားသော လူပုဂ္ဂိုလ် အချို့အပေါ် တန်ပြန်အပြစ်ပေးခြင်းများ လုပ်ဆောင်ခဲ့ခြင်းရှိပြီး[869] ကျူးလွန်ခံရသူအများအပြား သို့မဟုတ် သူတို့၏မိသားစုဝင်များမှာ ကျူးလွန်သူများနှင့် မဝေးကွာသော လုံခြုံမှုမရှိသည့် ကျေးလက်ဒေသများတွင် နေထိုင်ကြသောကြောင့်လည်း ဖြစ်သည်။ အချို့သောကျူးလွန်ခံရသူများ သို့မဟုတ် မျက်မြင်သက်သေများက သူတို့အနေဖြင့် မည်သို့တိုင်ကြားရမည်ကိုမသိ သို့မဟုတ် သူတို့အတွက် တိုင်ကြားရမည့်လူမရှိကြောင်း ညွှန်ပြနေသည်။[870] သူတို့အနေနှင့် တိုင်လျှင်လည်း ဘာမျှထူးမည်မဟုတ်ကြောင်း အခြားသူများက ပြောသည်။[871] ဥပမာ- ဖခင်အသတ်ခံခဲ့ရသည့် ရှမ်းပြည်နယ် လွိုင်လင်မြို့နယ်မှ လူတစ်ဦးက သူ့အနေနှင့် တိုင်ကြားမှု မလုပ်ခဲ့ကြောင်း၊ အဘယ်ကြောင့်ဆိုသော် "အစိုးရက ကျနော်တို့ကို ဂရုမစိုက်ဘူး၊ တပ်မတော်က နှိပ်စက်ညှင်းပမ်းတယ်" ဟု မစ်ရှင်ကို ပြောပြသည်။ တိုင်ကြားရန် အကြောင်းမရှိသလို တရားမျှတမှုလည်း မရှိပေ။[872] အချို့ဖြစ်ရပ်များတွင် အကြောင်းရင်းများ ပေါင်းစုံနေသည်။ ၂၀၁၇ ခုနှစ်တွင် တပ်မတော်က သားဖြစ်သူကို သတ်ဖြတ်ခဲ့သော ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ်မှ လူတစ်ဦးက "ကျနော် မတိုင်ဘူး၊ ကျနော့်မှာ ပိုက်ဆံမရှိဘူး၊ ဘယ်လိုတိုင်ရမယ်ဆိုတာလဲ မသိဘူး။ ကျနော် အရမ်းကြောက်တယ်" ဟု ပြောသည်။[873] နောက်ထပ် အမျိုးသမီးတစ်ဦးက သူနိုင်ငံက ထွက်လာသည့်အချိန်အထိ အဓမ္မလုပ်အားစေခိုင်းခြင်းသည် ချိုးဖောက်မှု ဖြစ်သည်ဟု သတိမထားမိကြောင်း ပြောပြသည်။[874]

၃၉၄။ လူအများအပြားက သူတို့အဖြစ်အပျက်ကို မည်သူ့ကိုမျှ ပြောမပြခဲ့ကြောင်း မစ်ရှင်ကို ပြောပြသည်။[875] ဥပမာ- ရှမ်းပြည်နယ် မူဆယ်မြို့နယ်မှ ရွာအုပ်ချုပ်ရေးမှူးတစ်ဦးသည် ဖြစ်ရပ်တစ်ခုတွင် တပ်မတော်က ရွာကို တိုက်ခိုက်ခဲ့ပြီး အခြားဖြစ်ရပ်တွင် ရွာသားများ သတ်ဖြတ်ခံခဲ့ရသည်။ သူက ပြောသည်မှာ-

*၂၀၁၆ မှာ ဖြစ်ခဲ့တဲ့ တိုက်ခိုက်မှုအပြီးမှာ အဖြစ်အပျက်ကို ကျနော်ဘယ်သူ့ကိုမှ မပြောပြခဲ့ဘူး။ ရွာက ဘယ်သူကမှလဲ ဘယ်သူ့ကိုမှ ပြောမပြကြဘူး။ တပ်မတော်က*

[866] PI-007.
[867] PI-006, PI-029, PI-033, PI-062
[868] DI-057, DI-068, PI-041, PI-070.
[869] DI-062, PI-070, QI-090.
[870] Ibid.
[871] PI-041, PI-082
[872] PI-082.
[873] PI-070.
[874] PI-058.
[875] DI-057, DI-058, DI-062, DI-063, PI-117.

*ကျနော်တို့ကိုတော့ မခြိမ်းခြောက်ပါဘူး ဒါပေမယ့် ကျနော်တို့က အခြေအနေကို နားလည်တယ်။ ၂၀၁၇ ခု ကျနော့်ရွာကရွာသားတွေ အသတ်ခံရတဲ့အခါ ကျနော်ဝမ်းနည်းတယ်။ ဒါပေမယ့် အဲဒီအခါလည်း ဘယ်သူကမှ မတိုင်ခဲ့ပါဘူး။ ကျနော်တို့ ကြောက်တယ်။ ရွာအုပ်ချုပ်ရေးမှူးအနေနဲ့ အရင်တုန်းက ပျော်ကြေး သွားတောင်းခဲ့ဘူးတယ် ဒါပေမယ့် "ငါတို့ဆီမလာနဲ့ သူပုန်တွေဆီမှာ ပျော်ကြေးသွားတောင်းလို့ အပြောခံခဲ့ရတယ်။"*[876]

### (ခ) ထုတ်ဖော်ပြောဆိုမှုအတွက် တန်ပြန်အပြစ်ပေးခြင်းများ

၃၉၅။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်များတွင် ချိုးဖောက်မှုများကို လူများက ထုတ်ဖော်ပြောဆိုဝံ့သည့်အခါများတွင် ရွတ်ထွေးသော ဥပဒေပြဋ္ဌာန်းချက်များ အများအပြားအောက်တွင်[877] ရဲ သို့မဟုတ် တပ်မတော်က သူတို့ကို တရားပြန်စွဲခြင်း သို့မဟုတ် တရားစွဲမည်ဟု ခြိမ်းခြောက်ခြင်းများကို မစ်ရှင်အား နမူနာ အများအပြား ပေးခဲ့ကြသည်။[878] မစ်ရှင်က စိတ်ဝင်စားသည့် ဖြစ်ရပ်အများအပြားတွင်[879] ချိုးဖောက်မှု စွပ်စွဲချက်များကို တပ်မတော်က မကြာခဏပင် စုံစမ်းစစ်ဆေးမှုမရှိပဲ ထိုလူပုဂ္ဂိုလ်များကို EAO များမှ သတ်ဖြတ်သွားခြင်းဖြစ်သည် သို့မဟုတ် သူတို့သည် အခြားသောအဖွဲ့အစည်းများမှ တိုက်ခိုက်ရေးသမားများဖြစ်သည့်အတွက် တရားဝင် သတ်ဖြတ်ခြင်းဖြစ်သည်ဟု ထုတ်ပြန်ကြေညာခဲ့သည်များ ရှိသည်။ ယင်း ကြေညာချက်များအပေါ် အခြေခံလျက် တပ်မတော်အား အသရေဖျက်သည် သို့မဟုတ် မတရားသင်းအက်ဥပဒေများဖြင့် သေဆုံးမှုများအပေါ် တပ်မတော်က တာဝန်ရှိသည်ဟု စွပ်စွဲခဲ့သူများကို တပ်မတော်က တရားစွဲဆိုသည်။ မစ်ရှင်က တွေ့ရှိချက်များအရ တပ်မတော်က ချုပ်နှောင်ထားစဉ်တွင် သတ်ဖြတ်ခံရသော သူများနှင့် ပေးထားသော အချက်အလက်များအရ တပ်မတော်က သတ်ဖြတ်ခံရသော သူများသည် EAO အဖွဲ့ဝင်များဖြစ်သည်ဟု သူတို့ EAO ယူနီဖောင်း ဝတ်ထားသည့် ပုံများကို ပြုလုပ်ပြီး ပုံဖော် သို့မဟုတ် လမ်းလွှဲခြင်းသည် အထူးပြဿနာ ဖြစ်သည်။[880]

၃၉၆။ လူသိများသောနမူနာမှာ ဘရန်ရှောင်၏အမှုဖြစ်သည်။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၂၁၁ အောက်တွင် "မှားယွင်းသော စွဲဆိုချက်" ပြုလုပ်ခြင်းကြောင့် အပြစ်ရှိကြောင်းဆုံးဖြတ်ပြီး ငွေဒဏ် ၅၀, ၀၀၀ ကျပ် သို့မဟုတ် ထောင်ဒဏ် ခြောက်လ ကျခံစေရန် အမိန့်ချမှတ် ခံခဲ့ရသည်။ သူက ၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆွတ်ငိုင်ယန်ရွာတွင် တပ်မတော်က သူ၏သမီးကို သေနတ်ဖြင့်ပစ်ခတ်သဖြင့် သေဆုံးသွားခဲ့ကြောင်း စွပ်စွဲခဲ့ပြီး မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို စုံစမ်းစစ်ဆေးပေးပါရန် စာရေးခဲ့သည်။[881] နောက်ထပ် ကချင်ပြည်နယ်မှ အမျိုးသမီးတစ်ဦးက ၂၀၁၈ ခုနှစ်တွင် တပ်မတော်၏ချုပ်နှောင်ထားမှုတွင် မြင်ခဲ့ရပြီးနောက် အသတ်ခံရခဲ့ရသော သူ့အဖေကိစ္စကို တိုင်ကြားခဲ့သော ဆွေမျိုးဖြစ်သူမှာ စွဲချက်တင်ခံခဲ့ရကြောင်း ပြောပြသည်။

---

876 DI-057.

877 အပိုင်း ၄။ အခန်း က-၂။ ကုလသမဂ္ဂနှင့် ထိတွေ့ဆက်ဆံမှုအတွက် နောက်ယုက်ခြင်းနှင့် ဒဏ်ပေးခြင်း ကိုကြည့်။

878 A/HRC/37/70; K-139, PI-037, PI-038, PI-102, PI-106, V-206

879 K-139, PI-037, PI-106

880 အခန်း က-၂။ ဥပဒေမဲ့ သတ်ဖြတ်ခြင်းများ ကိုကြည့်။

881 A/HRC/28/72, PI-105, V-208.

*ကျမအမျိုးက ရဲစခန်းကို သွားတယ်။ သူကတိုင်ကြားပြီး အမှုဖွင့်ဖို့ ကြိုးစားတယ်။ သူက တပ်မတော်က တာဝန်ရှိပြီး သူ့အနေနဲ့ တရားမျှတမှုကို လိုချင်တယ်လို့ ပြောခဲ့တယ်။ တပ်မတော်က ကျမရဲ့ အဖေဟာ KIA အဖွဲ့ဝင်ဖြစ်ပြီး ကျမအမျိုးက လိမ်နေတာလို့ ပြောတယ်။ သူတို့က သူ့ကို အမှုဖွင့်တယ်။ သူကကြောက်ပြီး အိမ်ကနေ ထွက်သွားရတယ်။*[882]

၃၉၇။ သတင်းထောက်များနှင့် အပြန်အလှန်ဆက်သွယ်သူများကိုလည်း တရားစွဲဆိုခြင်းများရှိသည်။[883] ဥပမာ- ရှမ်းပြည်နယ် မုံးကိုး ကချင်နှစ်ခြင်း ဘုရားကျောင်းမှ ဉက္ကဌ ဒွမ်ဒေါ်နောင်လတ် နှင့် သူ၏ တူဖြစ်သူ နှင့် လက်ထောက် တရားဟောဆရာ လန်ဂျော်ဂမ်ဆိုင်းတို့က ၂၀၁၆ နိုဝင်ဘာလ တပ်မတော်မှ ဗုံးကြဲမှုကြောင့် သူတို့ဘုရားကျောင်း ပျက်ဆီးခဲ့ကြောင်း စွပ်စွဲပြီး သတင်းထောက်များကို ခေါ်ယူပြသပြီးသည့်နောက်တွင် ရဲက သူတို့ကို အမှုဖွင့်ခဲ့သည်။ နှစ်ဦးစလုံးကို ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် မတရားသင်းအက်ဥပဒေ ပုဒ်မ 17(1) အောက်တွင် ထောင်ဒဏ် နှစ်နှစ်နှင့် သုံးလစီ ချမှတ်ခံရပြီး နိုင်ငံတကာ သတင်းဌာနတစ်ခုကို အင်တာဗျူး ပေးပြီးနောက်တွင် ဒွမ်ဒေါ်နောင်လတ်ကို ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၅၀၅(ခ) အသရေဖျက်မှု ဖြင့် နောက်ထပ် ထောင်ဒဏ်နှစ်နှစ် ချမှတ်ခဲ့သည်။[884]

၃၉၈။ ထိရှလွယ်သော အမှုများတွင် တပ်မတော်အပေါ် တရားစွဲဆိုသည့် ကချင်နှင့် ရှမ်းပြည်နယ်များမှ ရှေ့နေများသည်လည်း ခြိမ်းခြောက်မှုများ ခံရပြီး အချို့မှာ ထိုအမှုများတွင် လိုက်ပါဆောင်ရွက်ခြင်း ပြုရမည်ကို ကြောက်ရွံ့စေခဲ့သည်။[885] ဥပမာ- တပ်မတော်အပေါ် စွဲဆိုသည့် အမှုတစ်ခုအတွက် အလုပ်လုပ်နေစဉ် သူက နောက်ယှက်ခံရပြီး သူ၏ လုပ်ဖော်ကိုင်ဖက်များမှာ ခြိမ်းခြောက်ခံရသည်ဟု မစ်ရှင်အား ပြောပြသည်။

> *ဒါက ထိရှလွယ်တဲ့ အမှုပါ။ ဒါကြောင့် ကျနော်တို့ကို ထောက်လှမ်းရေးက စောင့်ကြည့်တယ်။ ဖြစ်ပျက်ခဲ့တဲ့နေရာကို ကျနော် သွားကြည့်တဲ့အခါတိုင်း ရဲတွေက ကျနော့်ကို နောက်ယှက်တယ်။ ကျနော့်လုပ်ဖော်ကိုင်ဖက်တွေက စစ်တပ်ရဲ့ ခြိမ်းခြောက်တာခံရတယ်။ သူတို့က "ဒီအမှုကို လိုက်ရင် မင်းတို့ ပြဿနာရှိမယ်" လို့ ပြောခဲ့တယ်။*[886]

၃၉၉။ ကချင်နှင့် ရှမ်းပြည်နယ်တွင် အလုပ်လုပ်သော လူမှုအဖွဲ့အစည်းများမှာ အစဉ်မပြတ် စောင့်ကြည့်ခံနေရပြီး လုံခြုံရေးတပ်ဖွဲ့များ မကြာခဏ လာရောက်ကာ တပ်မတော်အပေါ် ထိခိုက်စေသည့် အစီရင်ခံစာများ ထုတ်ပြန်သည့်အခါ နောက်ထပ် လုံခြုံရေး စိုးရိမ်မှုများကို ရင်ဆိုင်ရသည်။[887]

---

[882] PI-106.

[883] A/HRC/37/70; A/72/382; V-209။ OHCHR၊ မမြင်ရသည့် နယ်ခြားမျဉ်း- မြန်မာနိုင်ငံတွင် သတင်းစာပညာအပေါ် ရာဇဝတ်ကြောင်းအရ အရေးယူခြင်း။ (၂၀၁၈ စက်တင်ဘာ ၁၁) တွင်လည်း ကြည့်။

[884] Ibid. PI-037, PI-038, V-057 အခန်း က-၅။ လွတ်လပ်ခွင့် အတင်းအကြပ် ကင်းမဲ့စေခြင်းနှင့် အင်အားသုံးပျောက်ဆုံးစေခြင်းတွင်ကြည့်။

[885] PI-037, BM-008၊ International Commission of Jurists။ မြန်မာနိုင်ငံ၏ကျယ်ပြန့်သောလူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုရရှိရေး အခြေခံလေ့လာမှု။ (ဂျနီဗာ၊ ၂၀၁၈)

[886] BM-008.

[887] BM-007; A/HRC/34/67

### (ဂ) တိုင်ကြားမှုများကို လက်ခံသည့်အခါ လွဲမှားသော လုပ်ငန်းစဉ်။

၄၀၀။ ဖြစ်ရပ်အချို့တွင် တပ်မတော်က သူတို့ကို လျော်ကြေးပေးသော်လည်း မည်သည့် လုပ်ငန်းစဉ်ပုံစံမှ မရှိကြောင်း လူပုဂ္ဂိုလ်များက မစ်ရှင်ကို ပြောပြသည်။[888] ဥပမာ- ၂၀၁၇ ခုနှစ် ဩဂုတ်လ ရှမ်းပြည်နယ် ကွတ်ခိုင်မြို့နယ် လမ်းပေါ်တွင် လမ်းလျှောက်နေစဉ် တပ်မတော်၏ ပစ်သတ်ခြင်းခံရသော သားဖြစ်သူ၏ ဖခင်ကို တပ်မတော်က သူတို့မှားယွင်းလုပ်ဆောင်မိကြောင်းပြောပြီး အသုဘအတွက် ကျပ်ငွေ ၅၀၀, ၀၀၀ ပေးသွားခဲ့သည်။[889] ပေးခဲ့သော လျော်ကြေးငွေပမာဏမှာ ဥပဒေမဲ့ ဖြစ်ပုံရသည်။ ၂၀၁၇ ခုနှစ် ရှမ်းပြည်နယ် နမ့်ဆန်မြို့နယ်တွင် တပ်မတော်၏ သတ်ဖြတ်ခြင်းခံခဲ့ရသော သားဖြစ်သူ၏ မိခင်က ပြောပြသည်မှာ-

> *တပ်မတော်စခန်းက စစ်သားတစ်ယောက်က ကျမတို့ရွာက ရွာအုပ်ချုပ်ရေးမှူးကို အသုဘအတွက် ပေးဖို့ဆိုပြီး ပိုက်ဆံပေးသွားတယ်။ ဒါပေမယ့် အသုဘက ကုန်ကျတာ ပိုများတယ်။ ဒါကြောင့် ကျမက ပိုက်ဆံချေးရတယ်။ ကျမ တပ်မတော်နဲ့ ပြောတယ် ဒါပေမယ့် အဲဒါက အရမ်းခြောက်ခြားရတယ်။ ကျမက သူတို့ကို ကျမသားက မိသားစုမှာ ပိုက်ဆံရှာပေးတဲ့သူဖြစ်တယ်၊ သူမရှိရင် ကျမတို့ မရပ်တည်နိုင်ဘူး။ ကျမက လျော်ကြေးပိုပေးဖို့ တောင်းတယ်။ ဒါပေမယ့် သူတို့က ဘာမှ ထပ်မပေးတော့ဘူး။*[890]

၄၀၁။ ၂၀၁၈ ခုနှစ်တွင် ရှမ်းပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် မကြာသေးမီက မုဒိန်းမှု တစ်ခုအကြောင်းလည်း မစ်ရှင်ကို ပြောပြသည်။ ဖြစ်ပျက်မှုအပြီးတွင် ဒေသခံ အာဏာပိုင်များ၊ တပ်မတော် တပ်မှူးနှင့် ကျူးလွန်ခံရသူ၏ ဆွေမျိုးတို့ အစည်းအဝေး ထိုင်ကြပြီး တာဝန်ရှိသည့်စစ်သားကို ပါး ၁၀ ချက်ရိုက်ကာ ကျူးလွန်ခံသူ၏ ဆွေမျိုးထဲမှ အမျိုးသားတစ်ဦးအား နစ်နာကြေးအဖြစ် ကျပ် ၂၀၀, ၀၀၀ ပေးခဲ့သည်။[891]

၄၀၂။ မြန်မာအစိုးရ၏ ပူးပေါင်းဆောင်ရွက်မှု အားနည်းခြင်းကြောင့် မစ်ရှင်သည် ချိုးဖောက်မှုများအတွက် တပ်မတော်တပ်ဖွဲ့ဝင်များအပေါ် တရားစွဲဆိုသည့် တရားဝင်အချက်အလက်များ ရရှိနိုင်ခြင်း မရှိပါ။ သို့ရာတွင် သတ်ဖြတ်မှုများနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ အပါအဝင် ချိုးဖောက်မှုများအတွက် တပ်မတော် တပ်ဖွဲ့ဝင်များအပေါ် တရားစွဲဆိုသော အမှုအရေအတွက်မှာ နည်းပါးသည်ကို မစ်ရှင်က သတိပြုမိသည်။ ဥပမာ- ကချင်ပြည်နယ် မန်စီမြို့နယ်တွင် ဒုက္ခသည် သုံးဦးအား သတ်ဖြတ်မှုနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဇန်နဝါရီလတွင် စစ်ခုံရုံးက တပ်မတော်စစ်သား ခြောက်ဦးကို ထောင်ဒဏ် ၁၀ နှစ်စီ ချမှတ်လိုက်သည်။[892] ကချင်ပြည်နယ်တွင် မုဒိန်းကျင့်ခံရသော ကလေး၏အမှုတွင် စစ်သားကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်ချမှတ်လိုက်သည်ကိုလည်း မစ်ရှင်က သတိပြုမိသည်။[893] သို့ရာတွင် စုံစမ်းစစ်ဆေးမှုနှင့် အပြစ်ပေးအရေးယူမှုတို့မှာ လူသိများသောဖြစ်ရပ် အရေအတွက်အနည်းငယ်ကိုသာ အကန့်အသတ်နှင့် ဖြစ်နေပုံ ရသည်။ ပုံမှန်ချဉ်းကပ်မှုမှာ တပ်မတော်တွင် တာဝန်မရှိကြောင်း ငြင်းဆိုသည်၊ တိုင်ကြားချက်ကို ပယ်ချသည်၊ နှင့် အချို့ဖြစ်ရပ်များတွင် အပြစ်အပျက်တွင် တပ်မတော်ပါဝင်ကြောင်း စွပ်စွဲသူ

---

[888] PI-071, PI-074, PI-110

[889] PI-071.

[890] PI-074.

[891] PI-110.

[892] A/HRC/37/70, para. 36.

[893] PI-037.

မည်သူကိုမဆို တရားပြန်စွဲမည်ဟု ခြိမ်းခြောက်သည်၊ ထိုချဉ်းကပ်မှုများ မအောင်မြင်သည့် အချိန်မှသာလျှင် အာရုံစိုက်မှု လျော့ကျစေရန် စုံစမ်းစစ်ဆေးမှု ပုံစံတစ်မျိုးမျိုးကို လုပ်ဆောင်သည်။ ယင်းမှာလည်း နိုင်ငံတကာ စုံစမ်းစစ်ဆေးမှု စံချိန်စံညွှန်းများကို လိုက်နာခြင်း မရှိပေ။[894]

၄၀၃။ ဥပမာ- ၂၀၁၅ ခုနှစ် ဇန္နဝါရီလ ၁၉ ရက်နေ့ ရှမ်းပြည်နယ်တွင် မရမ်လုရာ နှင့် တန်ဘောင်ခေါင်နန်ဆင်းဟုခေါ်သည့် စေတနာ့ဝန်ထမ်းဆရာများ သတ်ဖြတ်မှုနှင့် ပတ်သက်၍ တပ်မတော်က ဥပဒေအရ အရေးယူမည်ဟု ခြိမ်းခြောက်ခဲ့ပြီး စုံစမ်းစစ်ဆေးမှုနည်းနာများနှင့် ပတ်သက်၍လည်း ကြီးမားသော စိုးရိမ်ဖွယ်ရာ ရှိသည်။[895] အလားတူပုံစံကို ဖမ်းဆီးမှု ဖြစ်ရပ်များတွင်လည်း တွေ့ရသည်။ ဥပမာ- ရှမ်းပြည်နယ် မူဆယ်မြို့နယ် မုံးကိုးတွင် ဒွမ်ဒေါ်နောင်လတ်နှင့် လန်ဂျော် ဂမ်ဆိုင်းတို့၏ ဖြစ်ရပ်တွင် ၂၀၁၇ ခုနှစ် ဇန္နဝါရီလ၌ သမ္မတ ပြောရေးဆိုခွင့်ရှိသူက ငြင်းဆိုခဲ့သော်လည်း နောက်ပိုင်းတွင် သူတို့ကို အမှန်တကယ်အားဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်ကတည်းက တပ်မတော်စခန်းတစ်ခုတွင် ထိန်းသိမ်းခဲ့ကြောင်း ပေါ်ပေါက်လာခဲ့သည်။[896] ၂၀၁၆ ခုနှစ် ဖွန်လ ရှမ်းပြည်နယ် မိုင်းယော်တွင် လူငယ်ငါးဦး သတ်ဖြတ်မှုအပေါ် ရရှိထားသော ယုံကြည်စိတ်ချရလောက်သည့် အချက်အလက်များက စစ်ဆေးရေးဂိတ်တွင် ရပ်ခိုင်းသည်ကို လျစ်လျူရှုသည့်အတွက် လူနှစ်ယောက်အား တပ်မတော်ကပစ်သည်ကို မျက်မြင်သက်သေများက တွေ့ရှိပြီးနောက် အခြားလူငါးဦးကိုပါ သူတို့၏ တောင်ယာအနီးတွင် ဖမ်းဆီးထိန်းသိမ်းပြီးနောက် ပြန်ပေါ်မလာတော့ပေ။ စစ်တပ်က ရွာသားများအား သုံးရက် ရွာပြင်မထွက်ရန် အမိန့်ပေးထားခဲ့သည်။[897] ရွာသားများ သူတို့တောင်ယာသို့ ပြန်သွားနိုင်သည့်အခါ လူငယ်ငါးဦး၏ အလောင်းများကို နေရာနှစ်နေရာတွင် တွေ့ရှိခဲ့သည်။ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂ ရက်နေ့တွင် စစ်တပ်ပိုင် မြဝတီသတင်းစာက "လူမှုမီဒီယာများပေါ်တွင် ထွက်ပေါ်နေသော ကောလဟာလများက တပ်မတော်မှ အရပ်သား ငါးဦးကို သတ်ပစ်လိုက်သည်ဆိုသည်မှာ မှန်ကန်ခြင်းမရှိကြောင်း" နှင့် လူနှစ်ဦးမှာ TNLA အဖွဲ့ဝင်များဖြစ်ပြီး အခြားအလောင်းငါးလောင်းမှာ တပ်ဖွဲ့ဝင်များက "နယ်မြေရှင်းလင်းစဉ် တွေ့ရှိခဲ့သည်" ဟု ရေးသားဖော်ပြခဲ့သည်။[898] သို့ရာတွင် နောက်ပိုင်း၌ တပ်မတော်အဆင့်မြင့်ဗိုလ်ချုပ်တစ်ဦးက ရွာသားငါးဦးကို တပ်မတော်က စစ်ဆေးမေးမြန်းနေစဉ် သေဆုံးခဲ့ကြောင်း လူသိရှင်ကြား ဝန်ခံခဲ့ပြီး[899] ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ထိုသတ်ဖြတ်မှုအတွက် စစ်သားခုနစ်ဦးကို အလုပ်ကြမ်းနှင့် ထောင်ဒဏ် ငါးနှစ်စီ ချမှတ်ခဲ့သည်။[900] စစ်ဆေးရေး ဂိတ်တွင် သတ်ဖြတ်ခံခဲ့ရသည်ဟု ဆိုသော လူနှစ်ဦးကိစ္စကိုမူ နောက်ထပ် စုံစမ်းစစ်ဆေးခြင်း လုပ်ပုံ မရတော့ပေ။

၄၀၄။ အမှုများကို အာဏာပိုင်များရှေ့မှောက် တင်ပြနိုင်လျှင်တောင်မှ ဖြစ်စဉ်မှာ မကြာခဏ မှားယွင်းနေတတ်ကြောင်း မစ်ရှင်က ယုံကြည်စိတ်ချလောက်သည့် အချက်အလက်များ ရရှိသည်။ ဥပမာ- တပ်မတော်အပေါ် အမှုအများအပြား စွဲဆိုခဲ့သော ရှေ့နေတစ်ဦးက သူတို့၏ အတွေ့အကြုံအရ တရားရုံးလည်ပတ်မှုနှင့် ပတ်သက်သည့် ကိစ္စရပ်အများအပြားကို ပြောပြခဲ့သည်။

---

894 အခန်း ၁၀။ အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခြင်းနှင့် တာဝန်ခံမှု ကိုကြည့်။
895 အခန်း က-၄။ လိင်ဆိုင်ရာနှင့် လိင်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေခံသော အကြမ်းဖက်မှု ကိုကြည့်။
896 ဤအပိုင်း၊ အခန်း က-၅။ လွတ်လပ်မှုကို အတင်းအကြပ်ကင်းမဲ့စေခြင်းနှင့် အင်အားသုံးပျောက်ဆုံးစေမှုကိုကြည့်။
897 K-076.21.
898 မစ်ရှင်တွင် ဖိုင်တွဲထားသည်။
899 W. Lone၊ "ရှားပါးသည် လုပ်ဆောင်မှုတွင် မြန်မာ့စစ်တပ်က စစ်သားများ ရွာသား ငါးဦးကို သတ်ကြောင်း ဝန်ခံ" (ရိုက်တာ၊ ၂၀၁၆ ဇူလိုင် ၂၀ ရက်)
900 Frontier Myanmar၊ "မိုင်းယော်ရွာသားသတ်မှု တပ်မတော်သားများ ထောင်ဒဏ်ကျ" (၂၀၁၆ စက်တင်ဘာ ၆)

*အမှုတွေကို စစ်ခုံရုံးက ကြားနာတဲ့အခါ မျှော်လင့်ထားသလို ပြစ်ဒဏ်တွေ မပေးတာဘူး ဘာကြောင့်လဲဆိုတော့ စစ်ဥပဒေက မတူဘူး။ ဥပမာ- လိင်အကြမ်းဖက်မှုကိစ္စမှာ အဲဒီအတွက် ပြစ်ဒဏ်သတ်မှတ်ထားတာ မရှိဘူး။ အဲဒါကြောင့် ကျူးလွန်တဲ့သူက အဲဒီအမှုအစား တာဝန်ချိန်မှာ သောက်စားမူးယစ်မှုနဲ့ အပြစ်ပေးခံရတယ်။ ပြစ်ဒဏ်ပေါ့ပေါ့လေးပဲ ရတယ်။ တစ်ခါတစ်လေ ရှေ့နေတွေက စစ်ခုံရုံးကြားနာမှုတွေကို သွားခွင့်ရပေမယ့် အများအားဖြင့် မရဘူး။ ကျနော်တို့က ရလာဒ်ကိုပဲသိရတယ်၊ ကျနော်တို့ ဘယ်တော့မှ ရေးထားတဲ့ မိတ္တူကို မရဘူး။ ကျနော်တို့ကို ပါးစပ်နဲ့ပဲ ပြောတယ်။ ကျနော်တို့အနေနဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်တယ် မဖော်ဘူးဆိုတာလဲ မသိရဘူး။ အရပ်ဖက် တရားရုံးရှေ့မှောက်မှာ အမှုတစ်ခုချင်းကြားနာဖို့လည်း ပြဿနာရှိတယ်။ စစ်ခုံရုံးနဲ့ကျတော့ ကျနော်တို့ကို စီရင်ချက်မိတ္တူ မပေးဘူး။ တစ်ခါတစ်လေ ကျနော်တို့ တောင်းဆိုတဲ့အတွက် ရတာရှိတယ်။ ဒါပေမယ့် အချိန်သိပ်ကြာတယ်။ ထိလွယ်ရှလွယ်တဲ့ အမှုတွေမှာ ကျနော်တို့ သူတို့ကို တွေ့ရလေ့မရှိဘူး။ - သူတို့ ပျောက်သွားပြီ ဒါမှမဟုတ် နေပြည်တော်မှာလို့ ကျနော်တို့ကို ပြောတယ်။*[901]

## ၅။ သင်္ကေတပုံဆောင်သည့် အခြေအနေ (ခ) ရခိုင်ပြည်နယ်။

၄၀၅။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံအနောက်ပိုင်းတွင် တည်ရှိသည်။ ဘင်္ဂလားပင်လယ်အော် တလျောက် ကီလိုမီတာ ၅၆၀ ထိစပ်နေပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နယ်နမိတ်ချင်း ထိစပ်နေသည်။ ပထဝီအနေအထားအရ ဝေလံခေါင်ဖျားသည်။ မြန်မာနိုင်ငံ၏ အခြားသော ပြည်နယ်များနှင့် ထိစပ်သော နယ်စပ်အများစုမှာ တောင်တန်းများဖြစ်ပြီး နိုင်ငံ၏ကျန်ဒေသများနှင့် ဆက်သွယ်ထားသော အခြေခံ အဆောက်အဦးမှာ အကန့်အသတ် ရှိသည်။ မဟာဗျူဟာကျသောတည်နေရာနှင့် မြေသြဇာကောင်းသော်လည်း ရခိုင်ပြည်နယ်တွင် ခန့်မှန်းခြေ လူဦးရေ၏ ၄၄ % မှာ ဆင်းရဲမှု သတ်မှတ်ချက်မျဉ်း၏ အောက်တွင် နေထိုင်နေကြရပြီး[902] မြန်မာနိုင်ငံ၏ အဆင်းရဲဆုံး ပြည်နယ် တစ်ခုအဖြစ် ဆက်လက်ရှိနေသည်။ ပြည်နယ်အတွင်း အသိုင်းအဝိုင်းများအားလုံးသည် လုပ်ကိုင်စားသောက်မှု အခွင့်အလမ်း[903]ရှားပါးမှုကို ကြုံတွေ့နေကြရပြီး လူမှုဖွံ့ဖြိုးရေးအညွှန်းကိန်း[904] အများအပြားတွင် အမှတ်အနည်းငယ်သာ ရရှိသည်။

၄၀၆။ ပြည်နယ်အတွင်းတွင် အမျိုးမျိုးသော တိုင်းရင်းသားနှင့် ဘာသာရေး အုပ်စုများ နေထိုင်ကြသည်။ လူဦးရေ၏အများစုမှာ ရခိုင်တိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည်။[905]

---

901 BM-007.

902 ယူအန်ဒီပီ၊ ဆင်းရဲမှု ကောက်ကြောင်း၊ မြန်မာနိုင်ငံ အိမ်ထောင်စု ပေါင်းစပ်ထားသော နေထိုင်မှု အခြေအနေ စစ်တမ်း - ၂၀၀၉ -၂၀၁၀ (၂၀၁၁)။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံရှိ အခြား ပြည်နယ်နှင့် တိုင်းဒေသကြီးများနှင့် ယှဉ်လျှင် နေထိုင်မှု စံချိန်စံညွှန်း အညွှန်း အများအပြားတွင် ဆက်လက်ပြီး အဆင့်နိမ့်နေသည်။ ယူအန်ဒီပီ၊ မြန်မာနိုင်ငံ နေထိုင်မှု အခြေအနေများ စစ်တမ်း ၂၀၁၇ (၂၀၁၈) တွင် ကြည့်။

903 မတူကွဲပြားမှုနှင့် အမျိုးသား သဟဇာတ ဖြစ်ရေး စင်တာ၊ ရခိုင် လိုအပ်ချက် စမ်းစစ်ချက် ၂ (၂၀၁၇ ဇန္နဝါရီ)

904 ယူနီဆက်၊ ရခိုင်ပြည်နယ်- ကလေးနေထိုင်စားသောက်ရေး ဘဝ လျှပ်တပြက် မြင်ကွင်း၊ တွင် ရနိုင်သည်။ https://www.unicef.org/myanmar/Rakhine_State_Profile_30-07-15.pdf

905 ၂၀၁၄ ခုနှစ် သန်းကောင်စာရင်းတွင် ရိုဟင်ဂျာများ ပါဝင်ခြင်းမရှိသည့်အတွက် အတိအကျ ရာခိုင်နှုန်းပေးရန် မဖြစ်နိုင်သော်လည်း မည်သို့ပင်ဖြစ်စေ ၂၀၁၄ သန်ခေါင်စာရင်း တိုင်းရင်းသား အချက်အလက်များမှာ ထုတ်ပြန်ခြင်း မရှိသေးပါ။ စာရင်းထည့်သွင်းခြင်းမရှိသော ရိုဟင်ဂျာ လူဦးရေနှင့် ပြန်လည်ထည့်သွင်းချိန်ထိုးသည့်အခါ ရခိုင်ပြည်နယ်လူဦးရေ၏ ၆၃ ရာနှုန်းမှာ ဗုဒ္ဓဘာသာ ယုံကြည်သူများဖြစ်သည်။ ဤကိန်းဂဏန်းများတွင် ရခိုင် တိုင်းရင်းသား အပြင် အခြားသော သေးငယ်သည့် ဗုဒ္ဓဘာသာ အုပ်စုများကို ထည့်သွင်းထားသည်။

မွတ်ဆလင်များမှာ ဒုတိယအများဆုံး ဘာသာရေး အုပ်စုဖြစ်ပြီး သူတို့အများစုမှာ ရိုဟင်ဂျာများ[906] ဖြစ်ပြီး အနည်းငယ်မှာ ကမန်များဖြစ်သည်။ အခြားသော ချင်း၊ ဒိုင်းနက်၊ ခမီ၊ မာရမာကြီး၊ မြို သက်နှင့် ဟိန္ဒူကဲ့သို့ လူနည်းစုအများလည်း ကိန်းဂဏန်း အနည်းငယ်ရှိကြသည်။ တိုင်းရင်းသား နှင့် ဘာသာရေး လူနည်းစုများ သည် ပြည်နယ်အတွင်းတွင် ဒေသကိုလိုက်၍ ခွဲခြား နေထိုင်ကြသည်။ ရိုဟင်ဂျာများမှာ မြောက်ပိုင်းခရိုင်ဖြစ်သော မောင်းတောတွင် အများစုကြီး နေထိုင်ကြပြီး ရခိုင်တိုင်းရင်းသားများမှာ ကျန်ရှိသော ခရိုင်များတွင် အများစု နေထိုင်ကြသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ဘင်္ဂလားဒေ့ရှ်သို့ အစုအဝေးအလိုက်ထွက်ခွာသွားပြီးနောက် ရခိုင်ပြည်နယ်အတွင်း ကျန်ရှိသော ရိုဟင်ဂျာများမှာ ခန့်မှန်းခြေအားဖြင့် မြောက်ပိုင်း မြို့နယ်များတွင် ၂၀၀,၀၀၀ မှ ၂၄၀,၀၀၀ အတွင်း ရှိပြီး ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ၃၃၂,၀၀၀ မှ ၃၆၀,၀၀၀ အထိရှိသည်။[907]

၄၀၇။ နိုင်ငံအတွင်းရှိ အခြားသော တိုင်းရင်းသား လူနည်းစုများကဲ့သို့ပင် ဗမာဗုဒ္ဓဘာသာများကို နိုင်ငံရေး စီးပွားရေးအရ ဦးစားပေးထားသည်ဟု အမြင်ရှိသောကြောင့် ရခိုင်တိုင်းရင်းသားများသည် ဗဟို အစိုးရအပေါ်တွင် မကျေနပ်ချက်များ ရှိသည်။ သူတို့သည် ခြိမ်းခြောက်ခံနေရသည်ဟု ခံစားရသော ရခိုင်တိုင်းရင်းသား ယဉ်ကျေးမှု၊ ဘာသာစကားနှင့် သမိုင်းများကို ဂုဏ်ယူကြသည်။ ရခိုင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေးကို လစ်လျူရှုထားသည် ဟူသော အမြင်များလည်း အားကောင်းကောင်းဖြင့်ရှိနေသည်။ မစ်ရှင်နှင့် စကားပြောခဲ့သော ရခိုင်တိုင်းရင်းသားတစ်ဦး၏ စကားတွင် "ရခိုင်ပြည်နယ်မှာ သယံဇာတတွေ အများကြီးရှိတယ်၊ ဒါပေမယ့် ကျနော်တို့ရဲ့ ကိုယ်ပိုင်ပြည်နယ်က အဲဒီသယံဇာတတွေကို ကျနော်တို့ မရနိုင်ဘူး။"[908] ဤအမြင်ကို ဆင်းရဲတွင်းနက်မှုက ပိုမိုအားကောင်းစေသည်။ ၂၀၁၄ ခုနှစ် သန်းကောင်စာရင်း အချက်အလက်များအရ ရခိုင်ပြည်နယ်သည် တစ်နိုင်ငံလုံးတွင် အလုပ်လက်မဲ့နှုန်း အများဆုံး ဖြစ်ပြီး သန့်ရှင်းသောရေနှင့် အိမ်သာစနစ်ကို အနည်းဆုံး ရရှိသည်။[909] ရွှေသဘာဝဓါတ်ငွေ့ ပိုက်လိုင်းနှင့် ကျောက်ဖြူ အထူးစီးပွားရေးဇုံ အတွက် အစပျိုးပြင်ဆင်မှုအဆင့်များကဲ့သို့ ရောမ ဖွံ့ဖြိုးရေးစီမံကိန်းကြီးများသည် ဒေသခံလူထုများအပေါ် အကျိုးကျေးဇူးရှိမည်မဟုတ်ဟူသည့် စိုးရိမ်မှုများလည်း ရှိကြသည်။[910]

၄၀၈။ ၂၀၁၅ ခုနှစ်နောက်ပိုင်းတွင် ရခိုင်တိုင်းရင်းသားလက်နက်ကိုင်အုပ်စုဖြစ်သည့် ရက္ခိုင့် တပ်မတော်သည် ရခိုင်ပြည်နယ်တွင် စတင်လှုပ်ရှားခဲ့သည်။[911] ယင်းအဖွဲ့က ကြေညာထားသော

မတူကွဲပြားမှုနှင့် အမျိုးသား သဟဇာတ ဖြစ်ရေး စင်တာ၊ ရခိုင် လိုအပ်ချက် စမ်းစစ်ချက် ၂ (၂၀၁၅ အောကက်တိုဘာ) တွင်လည်း ကြည့်)။ အစီရင်ခံစာက ရခိုင်ပြည်နယ်တွင် ရခိုင်တိုင်းရင်းသားများ၏ လူဦးရေကို ၆၀ ရာခိုင်နှုန်းရှိသည်ဟု ခန့်မှန်းထားသည်။

[906] ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့ သန်းခေါင်စာရင်း ကောက်ယူမည်ရက် မတိုင်ခင် တစ်ရက်တွင် ရိုဟင်ဂျာများအား သန်းခေါင်စာရင်းတွင် သူတို့၏ တိုင်းရင်းသား ဖြစ်မှုကို ဖြည့်စွက်ခွင့် ပြုမည်ဟူသော အစောပိုင်းက ရှင်းရှင်းလင်းလင်း ကတိပြုချက်ကို အစိုးရက ပြန်လည် ဖျက်သိမ်းခဲ့သည်။ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူက ရိုဟင်ဂျာဟု တိုင်းရင်းသားနေရာတွင် ထည့်သွင်းလိုသူများကို စာရင်းသွင်းခွင့်ပေးမည်မဟုတ်ဟု ပြောကြားခဲ့သည်။ ရလာဒ်အားဖြင့် ရိုဟင်ဂျာ အများစုမှာ သန်းခေါင်စာရင်းတွင် ရေတွက်ခြင်းမခံရတော့ပေ။ စာရင်းသွင်းခြင်း မရှိသော လူဦးရေမှာ ၁,၀၉ ၀,၀၀၀ ဖြစ်ပြီး ယင်းမှာ ရခိုင်ပြည်နယ် လူဦးရေ၏ ၃၄% ဖြစ်သည်။

[907] K-113.7.

[908] DM-003.

[909] အပြန်အလှန် တင်ပို့နိုင်သော အွန်လိုင်း နေရာတွင် ရရှိနိုင်သည့် ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းမှ အချက်အလက်များ http://www.dopredatam.gov.mm/redbin/RpWebEngine.exe/Portal?BASE=MMARENG&lang=eng

[910] CI-154, CI-162၊ International Commission of Jurists; Myanmar Special Economic zones and State duty to protect Human Rights (၂၀၁၇ ခု ဖေဖော်ဝါရီ)။ Earth Rights International; "There is no benefits, they destroys our farms" အကျိုးခံစားခွင့်ဘာမှမရှိ၊ ကျွန်တော်တို့ စိုက်ခင်းတွေကို သူတို့ ဖျက်စီးလိုက်ကြတယ်။ (၂၀၁၃ ဇွန်)

[911] ရက္ခိုင့်တပ်မတော်ကို ကချင်ပြည်နယ်တွင် ၂၀၀၉ ခုနှစ်တွင် တည်ထောင်သည်၊ ဖားကန့် ကျောက်တွင်းများမှ ရခိုင်တိုင်းရင်းသား ရွှေ့ပြောင်းအလုပ်သမား အများစုပါဝင်ပြီး ကချင်ပြည် လွတ်မြောက်ရေး တပ်မတော် (KIA) ထံမှ သင်တန်းရရှိသည်။ ရက္ခိုင့် တပ်မတော်သည် မြောက်ပိုင်း မဟာမိတ်အဖွဲ့ နှင့် ပြည်ထောင်စုနိုင်ငံရေး ညှိနှိုင်းဆွေးနွေးမှု

ရည်ရွယ်ချက်များတွင် ရခိုင်တိုင်းရင်းသားများအတွက် ကိုယ်ပိုင်ပြဌာန်းခွင့်၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းကာကွယ်ခြင်းနှင့် "အမျိုးသား ဂုဏ်သိက္ခာနှင့် ရခိုင် အမျိုးသားအကျိုးစီးပွား" ကို မြှင့်တင်ရန်တို့ပါဝင်သည်။[912] ယင်းသည် ရခိုင်ပြည်နယ်အတွင်း မြို့နယ်အတော်များများတွင် လှုပ်ရှားလျက်ရှိနေပြီး တပ်မတော်နှင့် နေရာကွက်ကြား ထိတွေ့မှုများရှိသည်။ မကြာခင်နှစ်များအတွင်း ထိတွေ့မှုများသည် ပိုမိုစိတ်လာနေပြီး ပိုမိုပြင်းထန်လာနေသည်။[913] ထိတွေ့မှုများကြောင့် တပ်မတော်၏ ထိခိုက်ဒဏ်ရာရမှုများသည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များအတွင်းက ARSA တိုက်ခိုက်မှုများမှ ရရှိသည့် ရလာဒ်များထက် ကျော်လွန်နေသည်။ ထိတွေ့မှုများသည် အရပ်သားများ နေရာရွှေ့ပြောင်းမှုများကို ဖြစ်စေသည်။

၄၀၉။ ၂၀၁၆ ခုနှစ် စက်တင်ဘာလတွင် ပြည်နယ်အတွင်းရှိ အသိုင်းအဝိုင်းအားလုံး၏ လိုလားချက်များကို ဖြည့်စည်းရန် ကြိုးပမ်းချက်တရပ်အနေဖြင့် မြန်မာအစိုးရသည် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ပြည်တွင်းမှပုဂ္ဂိုလ် ခြောက်ဦးနှင့် နိုင်ငံတကာပုဂ္ဂိုလ် သုံးဦးပါဝင်သော ကော်မရှင်ကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်က ဥက္ကဌ အဖြစ်တာဝန်ယူသည်။ ကော်မရှင်၏ လုပ်ပိုင်ခွင့်မှာ "ရခိုင်ပြည်နယ်ရှိ ရှုတ်ထွေးသိမ်မွေ့သော ကိစ္စရပ်များအတွက် ရေရှည်တည်တံ့မည့် အဖြေကို လက်ရှိရှိပြီးဖြစ်သော နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ရှာဖွေရန်" ဖြစ်သည်။ ကော်မရှင်က ကျယ်ပြန့်သော အကြံပြုချက် ၈၈ ချက်[914]ပါဝင်သည့် အပြီးသတ်အစီရင်ခံစာကို ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ထုတ်ပြန်ခဲ့သည်။ နိုင်ငံတော်၏အကြံပေးပုဂ္ဂိုလ်ရုံးက "အဓိပ္ပါယ်ပြည့်ဝပြီး ရေရှည်ဖြေရှင်းချက်များအတွက် အကြံပြုချက်များ" ကို ကြိုဆိုခဲ့သည်။ ယင်းတွင် အစီရင်ခံစာကို "မြေပြင်တွင်ရှိသော အခြေအနေနှင့်အညီ အကြံပြုချက်များကို အမြင့်မားဆုံး အတိုင်းအတာအထိ အကောင်အထည်ဖော်သွားရန် အပြည့်အဝစဉ်းစားသွားမည်" ဟု ဖော်ပြသည်။[915] ရခိုင်ပြည်နယ်ရှိအခြေအနေသည် "ဖွံ့ဖြိုးတိုးတက်ရေးကပ်ဒုက္ခ" "လူ့အခွင့်အရေး ကပ်ဒုက္ခ" နှင့် "လုံခြုံရေး ကပ်ဒုက္ခ" တို့ ကြုံတွေ့နေရသည်ဟု အစီရင်ခံစာက မှတ်ချက်ပြုသည်။ အကြံပေးကော်မရှင်၏တာဝန်ထဲတွင် တခုချင်း လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များကို စုံစမ်းရန် မဟုတ်ဟု အလေးထား ဖော်ပြထားသည်။[916]

၄၁၀။ မစ်ရှင်က ထိုသို့သော သီးခြားစွပ်စွဲချက်များကို စစ်ဆေးထားသည်။ မစ်ရှင်သည် (၁) ရခိုင်တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ (၂) ရိုဟင်ဂျာများကို စနစ်တကျ ဖိနှိပ်ခြင်း၊ (၃) ၂၀၁၂ ခုနှစ်က အကြမ်းဖက်မှုနှင့် (၄) ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်းက

အကြံပေး ကော်မတီ (FPNCC) ၏ အစိတ်အပိုင်းဖြစ်ပြီး (Section IV: Embracement Situations 1: Kachin and Shan Stateတွင်ကြည့်)။ Northern Shan State, Kokant Self-Administrative Zone and Kachin State ရှမ်းပြည်မြောက်ပိုင်း၊ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ရေး ဒေသနှင့် ကချင်ပြည်နယ်အတွင်းရှိ တိုက်ခိုက်မှုများတွင် ပါဝင်သည်။

[912] မြန်မာ ငြိမ်းချမ်းမှု စောင့်ကြည့်ရေး (Myanmar Peace Monitor) ၊ ရက္ခိုင့် တပ်မတော်

[913] ယုံကြည်ရလောက်သော အစီရင်ခံချက်များအရ ရက္ခိုင့်တပ်မတော် လှုပ်ရှားသော မြို့နယ်များတွင် ဘူးသီးတောင်၊ ကျောက်တော်၊ မောင်တော၊ မြောက်ဦး၊ မင်းပြား၊ ပုဏ္ဏားကျွန်း နှင့် ရသေ့တောင် တို့ပါဝင်သည်။ K-076.23; ဒီ၊ မက်သီဆင် "မြန်မာ၏ စစ်ပွဲများကို သူပုန်များက တိုးချဲ့လိုက်သည်" (Asia Times၊ ၂၀၁၇ ခု ဖွန်လ ၁၁ရက်) ။ အေ၊ ဒေးဗစ်စ် "မြန်မာနိုင်ငံ ၏ တခြားသော ရခိုင် ပြဿနာ" (Asia Times၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၉ ရက်)

[914] ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ အပြီးသတ် အစီရင်ခံစာ၊ ရခိုင် ပြည်သူတွေ အတွက် ငြိမ်းချမ်းသော၊ မျှတသော နှင့် ထွန်းပသော အနာဂတ်သို့ (၂၀၁၇ ဩဂုတ်)

[915] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ရုံး၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အပြီးသတ် အစီရင်ခံစာအပေါ် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံး ၏ ကြေညာချက်။ (၂၀၁၇ ခုနှစ် ဩဂုတ် ၂၄ ရက်)

[916] ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ အပြီးသတ် အစီရင်ခံစာ၊ ရခိုင် ပြည်သူတွေ အတွက် ငြိမ်းချမ်းသော၊ မျှတသော နှင့် ထွန်းပသော အနာဂတ်သို့ (၂၀၁၇ ဩဂုတ်)၊ စာ ၉-၁၀ နှင့် ၁၃။

ARSA တိုက်ခိုက်မှုများနှင့် လုံခြုံရေး တပ်ဖွဲ့များ၏ "ရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း အလွန်အကျွံ အကြမ်းဖက်မှုများတို့ကို အဓိက ဦးစားပေးခဲ့သည်။

### က။ ရခိုင်တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများ

*ကျနော့် အဖြစ်အပျက်ကို တကမ္ဘာလုံး သိစေချင်ပါတယ်။ ဘာလို့လဲဆိုတော့ ကမ္ဘာက ကျနော်တို့ မြေမှာ ဘာတွေဖြစ်နေလဲဆိုတာ မသိလို့ပါပဲ*[917]

၄၁၁။ နိုင်ငံတကာအသိုင်းအဝိုင်းသည် ရိုဟင်ဂျာများ၏အခြေအနေအပေါ် အာရုံစိုက်မှုကို အလေးထားလွန်းခဲ့သည်။ ရခိုင်တိုင်းရင်းသားများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများကို အတော်ပင် သတိမပြုမိပဲရှိခဲ့သည်။ မစ်ရှင်က ရည်ရွယ်ချက်ရှိစွာဖြင့် ရခိုင် အသိုင်းအဝိုင်းကို ထိတွေ့ရန် ကြိုးပမ်းခဲ့ပြီး သူတို့အပေါ် အစဉ်တစိုက်ပုံစံဖြစ်နေသော ဆိုးရွားသည့် လူ့အခွင့်အရေးများကို ရှာဖွေခဲ့သည်။ ဖြစ်ရပ် အများစုတွင် တပ်မတော် စစ်သားများသည် ကျူးလွန်သူများဖြစ်ကြသည်။

#### (၁) အတင်းအဓမ္မ သို့မဟုတ် မဖြစ်မနေ လုပ်အားပေးခိုင်းခြင်း[918]

၄၁၂။ ရခိုင်တိုင်းရင်းသား ယောကျာ်း၊ မိန်းမ နှင့် ကလေးများကို အတင်းအဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရ လုပ်အားကို တပ်မတော်က အစဉ်တစိုက် ပုံစံဖြင့် အသုံးပြုသည်ကို မစ်ရှင်က တွေ့ရှိခဲ့သည်။[919] အတင်းအဓမ္မလုပ်အားသည် အစီရင်ခံစာ အချက်အလက် ကောက်ယူသည့် ကာလအတွင်းတွင်လည်း ရခိုင်ပြည်နယ်တလျှောက်တွင် ဖြစ်ပွားလျက်ရှိနေခဲ့သည်။[920] ကျူးလွန်ခံရသူအများစုမှာ ဝေးလံခေါင်ဖျားသော ကျေးလက်ဒေသများမှ ဖြစ်ကြသည်။ ထိုကျူးလွန်ခံရသူများကို စဉ်းစားခြင်းဆိုသည်မှာလည်း ယခင် ကာလများက အလားတူ အလေ့အထများအပေါ် ခံစားခဲ့ကြရသည့် သူတို့၏မိဘများ[921] အပါအဝင် မိသားစုဝင်များ ဖြစ်ကြသည်။ ထိုအလေ့အထများသည် ရခိုင်ကျေးလက်ဘဝများ၏ ပုံစံအဖြစ် နှစ်ပေါင်းများစွာ ရှိနေခဲ့သည်မှာ ရှင်းလင်းသည်။

၄၁၃။ ရခိုင်တိုင်းရင်းသားများသည် အဓမ္မ သို့မဟုတ် မလုပ်မနေရ လုပ်အားကို ပုံစံမျိုးစုံဖြင့် ကြုံတွေ့ခဲ့ကြသည်။ ကြုံရသည့်အများဆုံးပုံစံမှာ "ပေါ်တာထမ်းခြင်း" ဟုခေါ်သော တပ်မတော် စစ်ကြောင်းများ၏ လေးလံသောအထုပ်အပိုးများ၊ လက်နက်များနှင့်ရိက္ခာများကို သယ်ခြင်း ဖြစ်သည်။ ကျူးလွန်ခံရသူအများစုမှာ အမျိုးသားများ ဖြစ်ကြသည်။ တပ်မတော် ခြံဝင်းများအတွင်းတွင် အမျိုးသားကော အမျိုးသမီးများပါ အဓမ္မအလုပ်ခိုင်းစေခံရခြင်းများလည်း ရှိသေးသည်။ ယေဘူယျအားဖြင့် ယောကျာ်းများကို အခြေခံအဆောက်အဦးများ တည်ဆောက်ခြင်းနှင့် ဆေးကြောခြင်း၊ သန့်ရှင်းရေးနှင့် ချက်ပြုတ်ရေးတို့တွင် မိန်းမများကို လုပ်ခိုင်းသည်။ အခြားအဓမ္မလုပ်အားများမှာ လမ်းဖောက်ခြင်း၊ ကျောက်တုံးများခွဲခြင်းနှင့်

[917] DI-028.

[918] ဥပဒေမူဘောင်အတွက် အခန်း ၆၊ အပိုင်း က-၇။ လူကြီးများနှင့် ကလေးများကို အဓမ္မလုပ်အားစေခိုင်းခြင်းနှင့် အဓမ္မ လူစုဆောင်းခြင်း တွင်ကြည့်

[919] CI-053, CI-055, CI-056, CI-057, CI-058, CI-060, CI-153, CI-154, CI-158, CI-159, DI-014, DI-015, DI-016, DI-017, DI-018, DI-019, DI-028, DI-029, DI-032, DI-033, DI-036, DI-039, DI-041, DI-043, DI-044, DI-045, QI-072, QI-074, QI-075.

[920] မစ်ရှင်သည် ရခိုင်ပြည်နယ်ရှိ အောက်ပါမြို့နယ်များမှ ဖြစ်ရပ်များကို မှတ်တမ်းတင်ခဲ့သည်။ ဘူးသီးတောင်၊ ကျောက်ဖြူ၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တော၊ မင်းပြား၊ ပေါက်တော၊ ပုဏ္ဏားကျွန်း၊ ရမ်းဗြဲ၊ ရသေ့တောင်နှင့် စစ်တွေ။

[921] DI-017, DI-029, QI-075.

သယ်ခြင်း၊ ထင်းခွဲခြင်း၊ သစ်တောများရှင်းခြင်းနှင့် စပါးခင်းများတွင် အလုပ်လုပ်ခြင်းတို့နှင့် သက်ဆိုင်သည်။

၄၁၄။ ကျူးလွန်ခံရသူများက မစ်ရှင်ကို ထုံးစံဖြစ်သော အတွေ့အကြုံများကို ပြောပြကြသည်။ တပ်မတော်စစ်သားများသည် ရွာတရွာ သို့မဟုတ် လယ်ယာလုပ်နေသော စိုက်ခင်းများ[922]အပါအဝင် ရွာသားများစုစည်းရာနေရာများ သို့မဟုတ် အလုပ်မှပြန်လာစဉ်[923] ရောက်ရှိလာကြပြီး သတိပေးခြင်း သို့မဟုတ် ဆွေးနွေးတိုင်ပင်ခြင်းမရှိပဲ သူတို့နှင့် လိုက်ခဲ့ရန် အမိန့်ပေးသည်။ မကြာမကြာပင် ရွာကို ဖြတ်သွားသည့်အခါတွင် လူများကို ကိုယ်ထိလက်ရောက် ဖမ်းခြင်း[924] သို့မဟုတ် သူတို့၏အိမ်များသို့ လာခေါ်ခြင်း[925] တို့လုပ်လေ့ရှိသည်။ ထိုသို့သော အနေအထားမျိုးတွင် ရွေးချယ်ခံရသော ရွာသားများသည် သူတို့၏ မိသားစုများကို မကြာခဏပင် အကြောင်းမကြားနိုင်ပဲ ရှိကြသည်။ သူတို့ကို မည်သည့်အလုပ်လုပ်ရမည်နှင့် ပတ်သက်၍ မည်သည့်အချက်အလက်မှ ပေးခြင်းမရှိပဲ ချက်ချင်း ပေါ်တာထမ်းစေခြင်း သို့မဟုတ် အခြားပုံစံ အလုပ်များကို ရက်များစွာ သို့မဟုတ် ရက်သတ္တပတ်များစွာ စေခိုင်းခံကြရသည်။ ကျူးလွန်ခံရသူ တစ်ဦးက သူ့အတွေ့အကြုံကို ပြန်လည် ပုံဖော်ပြောပြသည်။

> *ကျနော်က တောထဲသွားပြီး ပြန်ရောင်းဖို့ ထင်းကောက်လေ့ရှိပါတယ်။ တနေ့တော့ ကျနော်က တခြားရွာသားတွေနဲ့အတူ ပြန်လာတယ်။ ရုတ်တရက် စစ်သားအချို့ ပေါ်လာပြီး ကျနော်တို့ကို ဖမ်းတယ်။ အဲဒီနောက်တော့ ကျနော်တို့ တောင်အမြင့်ကြီးတွေပေါ်မှာ ရှစ်ရက် ကြာအောင် ပေါ်တာထမ်းရတယ်။*[926]

၄၁၅။ တခြားနည်းအားဖြင့်လည်း တပ်မတော်သည် ရွာလူကြီးများကို သူတို့လိုချင်သော လူအရေအတွက်ကိုပြောပြီး လုပ်သားစုဆောင်းခိုင်းတတ်သည်။[927] တပ်မတော် စခန်းနဲ့ကပ်လျက် ရွာတစ်ရွာတွင် နေထိုင်သောကျူးလွန်ခံရသူတစ်ဦးက မည်သည့်နေ့ရက်တွင် လူဘယ်နှစ်ယောက် လိုသည်ဆိုသည့် ကြေညာချက်များ ထုတ်လေ့ရှိသည်ဟု အစီရင်ခံခဲ့သည်။[928]

၄၁၆။ ကျူးလွန်ခံရသူ အများစုမှာ အဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရ လုပ်အားပေးမှုတွင် အကြိမ်များစွာ ပါဝင်ခဲ့ကြရသည်။ အချို့မှာ တပါတ်လျှင် တစ်ကြိမ်ဖြစ်ပြီး ကျန်သူများမှာ တစ်လလျှင် တစ်ကြိမ် သို့မဟုတ် တစ်နှစ်လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် ဖြစ်သည်။[929] တပ်မတော်စခန်းနှင့် နီးခြင်းဝေးခြင်းသည် အကြိမ်ရေအပေါ် သက်ရောက်မှု ရှိပုံရသည်။ အဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရ လုပ်အားကို ရှောင်ရှားရန် မလွယ်ကူလှသော်လည်း တချိန်တည်းမှာပင် ရွာသားများသည် တပ်မတော်ကို ငွေကြေးဖြင့် အစားထိုးပေးသည့် အခါများလည်း ရှိသည်။[930] အချို့သောအခြေအနေများတွင် အမိန့်ရောက်လာသည့်အခါ၌ ရွာအတွင်း တစ်အိမ်လျှင် တစ်ယောက်ကျ အဓမ္မလုပ်အားအတွက် သွားကြရသည်။ အဓမ္မလုပ်အားပေးစေခိုင်းခံရသူများသည် မကြာခဏပင် ပုံမှန်အခြေခံပေါ်တွင် သတင်းပို့ကြရသည်။ သူတို့သည် မကြာခဏပင် လုပ်ငန်းပြီးဆုံးသည်အထိ တပ်မတော်စခန်းများတွင် အိပ်ကြရပြီး နောက်မှသာ အိမ်ပြန်ခွင့်ရကြသည်။

922 CI-055, DI-019.
923 QI-074.
924 CI-053, CI-058, CI-060, CI-153, CI-154, CI-158, DI-018, DI-028, DI-043.
925 CI-056, DI-015, DI-017, DI-032, DI-036, DI-041, DI-044, DI-045.
926 QI-074.
927 CI-056, CI-057, QI-074.
928 QI-072.
929 CI-056, DI-015, DI-016, DI-032, DI-033, DI-036, QI-072, QI-074, QI-075.
930 QI-075.

ကျူးလွန်ခံရသူများမှာ နောက်ထပ် အဓမ္မလုပ်အားစေခိုင်းခံရမည်ကို ကြောက်ကြသည်။ ရွာအတွင်းသို့ တပ်မတော်ရောက်လာလျှင် လူငယ်များ ထွက်ပြေးပုန်းရှောင်ကြသည်။ အလုပ်လုပ်သည့်အတွက် အခကြေးငွေ သို့မဟုတ် နစ်နာကြေး တစ်စုံတစ်ရာ ပေးခြင်း မရှိပါ။[931]

၄၁၇။ အဓမ္မလုပ်အား သို့မဟုတ် မလုပ်မနေရ လုပ်အားလုပ်ရသည့် အချိန်ကာလသည် တစ်ခုနှင့်တစ်ခု ကွဲပြားသည်၊ နာရီ အနည်းငယ်မှသည် ရက်များ၊ ရက်သတ္တပတ်များ သို့မဟုတ် လများ ကြာသည်အထိ လုပ်ကြရသည်။[932] ပေါ်တာများသည် လေးပင်သောပစ္စည်းများကို ထမ်းပိုးလျက် ခြေလျှင်ဖြင့် သိသာထင်ရှားသော အကွာအဝေးများသို့ မြို့များအကြား သို့မဟုတ် အခြား ပြည်နယ်များအကြားတွင် ဆယ်ရက်မျှ ကြာသည်အထိသွားရန် အတင်းအဓမ္မခိုင်းခံရသည်။ [933] ရွာသားတယောက်က ဖုံးသီးလောင်ချာတစ်ခုကို ရှစ်ရက်ကြာအောင် သယ်ဆောင်ခဲ့ရပုံကို ပြောပြသည်။[934] ဖြစ်ရပ်အများစုတွင် လမ်းခရီးနှင့် ပတ်သက်၍ ပေါ်တာများကို အချက်အလက်ပေးသိခြင်း မရှိပဲ စစ်သားများနောက်သို့ လိုက်ရန်သာ အမိန့်ပေးလေ့ရှိသည်။

၄၁၈။ အဓမ္မလုပ်အားသည် တပ်မတော်နှင့် ရက္ခိုင့်တပ်မတော်တို့၏ ပဋိပက္ခအတွင်းတွင်လည်း ခိုင်းစေခဲ့ပြီး[935] ပေါ်တာများကို သိသာထင်ရှားသော အန္တရာယ်များနှင့် တွေ့ကြုံစေခဲ့သည်။ အချို့သောအခြေအနေများတွင် ပေါ်တာများသည် ပဋိပက္ခဇုံယာအတွင်းသို့ ခေါ်ဆောင်သွားခြင်းခံရပြီး တိုက်ပွဲများ သို့မဟုတ် တိုက်ပွဲဖြစ်နိုင်သည့် ဘေးအန္တရာယ်နှင့် ရင်ဆိုင်ခဲ့ကြသည်။[936] ကျူးလွန်ခံရသူတစ်ဦးက အခြား ပေါ်တာတစ်ဦး မြေမြုပ်မိုင်းကြောင့် မည်ကဲ့သို့ ဆိုးဆိုးရွားရွားထိခိုက်ဒဏ်ရာရသွားပြီး သူ၏ခြေထောက်ကို ဆေးမပါပဲ မည်သို့ ဖြတ်တောက် ပတ်တီးစည်းရသည်ကို ပြောပြခဲ့သည်။[937] ပေါ်တာများသည် မိုင်းရှင်းကိရိယာများကဲ့သို့လည်း စစ်သားများမပါပဲ သူတို့ကို ရှေ့ကသွားခိုင်းကာ အသုံးချခံကြရသည်။[938] ကျူးလွန်ခံရသူတစ်ဦး ပြောပြသည်မှာ-

> *အခင်းထဲမှာ အလုပ်လုပ်နေတုန်း ပေါ်တာဆွဲခံရတယ်။ စစ်သားတွေ အုပ်စုလိုက်ရောက်လာပြီး ကျနော့်ကို သူတို့နဲ့လိုက်ခဲ့ဖို့ပြောတယ်။ ကျနော်က ငြင်းတဲ့အခါ ကျနော့်ကို ခြေထောက်နဲ့ကန်တယ် ပြီးတော့ မျက်နှာကိုလက်သီးနဲ့ထိုးတယ်။ စစ်သားတစ်ယောက်က ကျနော့်နောက်ကျောကို သေနတ်နဲ့ချိန်ထားပြီး မလိုက်ရင် ပစ်သတ်မယ်လို့ ကျနော့်ကို ပြောတယ်။ ဒါကြောင့် ကျနော်လိုက်ပြီး သူတို့ ရိက္ခာတွေ ထမ်းခဲ့ရတယ်။ သူတို့က ကျနော်နဲ့တခြားသူတွေကို အိတ်လေးကြီးတွေထမ်းပြီး ရှေ့က သွားခိုင်းတယ်၊ ကျနော်တို့ သုံးရက် သွားခဲ့ပြီးနောက် အဲဒီမှာ ရက္ခိုင့်တပ်မတော်နဲ့ စစ်သားတွေကြား တိုက်ပွဲဖြစ်တယ်။ တိုက်ပွဲက တစ်နာရီလောက်ကြာတယ်။ ကျနော်က တောထဲမှာ ပုန်းနေခဲ့ပေမယ့် စစ်သား သုံးယောက်နဲ့တခြား ပေါ်တာတွေ အသတ်ခံလိုက်ရတယ်။*[939]

---

[931] CI-057, CI-154, CI-158, DI-015, DI-041, QI-072, QI-075.

[932] DI-039, DI-045, QI-075.

[933] CI-055, DI-017, DI-019, DI-039, DI-043, QI-074.

[934] QI-074.

[935] မစ်ရှင်သည် ဤအခြေအနေအတွင်း တပ်မတော်က ကျူးလွန်သော ချိုးဖောက်မှု စွပ်စွဲချက်များ ကဲ့သို့ပင် ရက္ခိုင့်တပ်မတော်က ကျူးလွန်သော ချိုးဖောက်မှု စွပ်စွဲချက်များကိုလည်း သတိပြုမိသည်။ ယင်းနှစ်ရပ်စလုံးကို နောက်ထပ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သွားဂုန် လိုအပ်သည်။ CI-159, DI-019, DI-043, QI-074, QI-075

[936] DI-019.

[937] QI-074.

[938] DI-019, DI-043.

[939] DI-019.

၄၁၉။ အဓမ္မလုပ်အားစေခိုင်းခံရသူများသည် သူတို့ကိုယ်တိုင်ကို သို့မဟုတ် မိသားစုဝင်များကို သတ်ဖြတ်မည်ဟု ခြိမ်းခြောက်မှု၊ စော်ကားမှုနှင့် သူတို့၏တိုင်းရင်းသား ဖြစ်မှုအပေါ် ရိုင်းရိုင်းပျပျ ခေါ်ဆိုမှုများ အပါအဝင် နှုတ်ဖြင့် ခြိမ်းခြောက်ခြင်းများ ခံကြရသည်။ နေမကောင်းသောကြောင့် သို့မဟုတ် အခြားသော မလွှဲရှောင်သာသော အကြောင်းရင်းများကြောင့် အဓမ္မလုပ်အားပေးကို ရှောင်ရှားရန် ကြိုးပမ်းသော ရခိုင်တိုင်းရင်းသားများမှာ တုတ်များဖြင့် ရိုက်ခြင်း[940] သို့မဟုတ် ကန်ခြင်း နှင့် ထိုးခြင်း[941] ခံကြရသည်။ ထို့အပြင် ဒဏ်ကြေးများ တောင်းခံရပြီး သူတို့ကို ဖမ်းဆီးမည်ဟု ခြိမ်းခြောက်မှုများ ခံကြရသည်။[942] အဓမ္မလုပ်အား စေခိုင်းခံရသူများသည် မကြာခဏပင် မညှာမတာပြုခြင်း ခံကြရသည်။ ပေါ်တာများသည် ပစ္စည်း အလေးအပင်များထမ်းလျက် မကြာခဏပင် အလွန်ဝေးသောခရီးများကို နာရီပေါင်းများစွာ နားချိန် အနည်းငယ် သို့မဟုတ် နားချိန်မရပဲ လမ်းလျှောက်ကြရသည်။ သူတို့သည် ညွှန်ကြားချက်ရမှ အနားယူကြရသည်။ ပေါ်တာများ နေးကွေးသွားသည့်အခါ သို့မဟုတ် ပစ္စည်း အလေးအပင်များကို မထမ်းနိုင်တော့သည့်အခါ သူတို့ကို တုတ်များ သို့မဟုတ် သေနတ်များဖြင့် ရိုက်နှက်ခြင်း၊[943] ပါးရိုက်ခြင်း သို့မဟုတ် ခြေထောက်ဖြင့်ကန်ခြင်း[944] ခံကြရသည်။ ကျူးလွန်ခံရသူ တစ်ဦးက ပြောသည်မှာ-

> *ကျနော် အသက် ၂၀ အရွယ်ကတည်းက အဓမ္မအလုပ်လုပ်ခိုင်း ခံခဲ့ရတယ်။ ကျနော်က ကျောက်တုံးတွေ ခွဲရတယ်။ ဒါက ပုံမှန်တော့မဟုတ်ပေမယ့် တစ်ပတ်ကနေ တခါတလေမှာ သုံးပတ်အထိ ကြာတတ်တယ်။ တစ်ခါ ရွာသား ယောက်ျား ၅၀ ကို ခေါ်သွားတယ်။ ကျနော်တို့ အလုပ်လုပ်တာနှေးရင် ကျနော်တို့ အရိုက်ခံရတယ်။ ၁၀ နှစ်နီးပါး ကြာလာပြီးတဲ့အခါ ကျနော် ငြင်းဖို့ကြိုးစားပေမယ့် စစ်သားတွေက ကျနော်ကို ဖမ်းမယ်လို့ ခြိမ်းခြောက်တယ်။ ကျနော် ထပ်ပြီးငြင်းတဲ့အခါ ကျနော့်ကို သစ်သားတုတ်နဲ့ ရိုက်တယ်။ ကျနော်တံတောင်ဆစ်ကျိုးသွားတယ်။ သွေးတွေ ထွက်တယ်။*[945]

၄၂၀။ စစ်ကြောင်းထွက်သည့်အခါများတွင် ပေါ်တာများကို အစာနှင့်ရေ အနည်းငယ်သာပေးပြီး စစ်သားများကတော့ တနေ့လျှင် နှစ်ကြိမ် သို့မဟုတ် သုံးကြိမ် စားသည်။[946] ကျူးလွန်ခံရသူ တစ်ဦးက ရှစ်ရက်တာ ကာလအတွင်း သူ့အနေဖြင့် အစာသုံးကြိမ်သာ ရခဲ့သည်ဟု ပြောပြသည်။[947] စစ်သားများက ဖျာများ၊ စောင်များနှင့် အိပ်နေချိန်တွင် ပေါ်တာများသည် မြေကြီးပေါ်တွင် သို့မဟုတ် အမိုးအကာမရှိပဲ သို့မဟုတ် သစ်တောများအတွင်းတွင် အိပ်စက်ကြရသည်။[948] အဓမ္မလုပ်အား စေခိုင်းခံရခြင်းနှင့် ပူးတွဲပါ မညှာမတာ ပြုခြင်းများသည် တစ်ခါတစ်ရံ ပြင်းထန်သော ကျန်းမာရေး နောက်ဆက်တွဲများ ကြုံကြရသည်။[949]

၄၂၁။ တပ်မတော်စခန်းများတွင် အလုပ်အကျွေးပြုနေစဉ်အတွင်း အမျိုးသမီးများသည် မုဒိမ်းပြုကျင့်ခြင်း[950]နှင့် အခြားသော လိင်အကြမ်းဖက်မှုပုံစံများ ခံရနိုင်သောကြောင့်

---

[940] DI-018, DI-032, DI-043, QI-072, QI-075.
[941] CI-053, DI-017, DI-019, DI-045.
[942] DI-032.
[943] CI-056, CI-062, CI-153, CI-154, DI-017, DI-032, DI-043.
[944] CI-053, CI-056, CI-062.
[945] DI-032.
[946] DI-019, DI-032, QI-074.
[947] DI-019, QI-074.
[948] DI-032, QI-075.
[949] DI-017, QI-075.
[950] DI-014, DI-016, DI-017, DI-036, DI-041, DI-044, QI-072, QI-073, QI-074, QI-075.

ဘေးအန္တရာယ် ပိုမိုကြီးမားသည်။ သူတို့ အလုပ်ပြီးသည့်အခါတွင် အချို့သော မိန်းမများကို စခန်းအတွင်း ဆက်လက်ခေါ်ထားပြီး ဗိုလ်ကြီးအဆင့် ရာထူးရှိသူ အပါအဝင် တပ်မတော်၏ မုဒိန်းကျင့်ခြင်းကို ခံကြရသည်။[951]

၄၂၂။ ကလေးများလည်း မလွတ်ပါ။[952] လူကြီးများကဲ့သို့ပင် ကလေးများသည်လည်း ပေါ်တာဆွဲခြင်းနှင့် ယင်းနှင့်အတူ ပါလာတတ်သော မညှာမတာပြုခြင်းများ (ရိုက်ခြင်း[953] သို့မဟုတ် ကျောက်ခဲဖြင့် ပေါက်ခြင်း[954]) ကို ခံကြရနိုင်သည်။ ကျူးလွန်ခံရသူ တစ်ဦးက သူကလေးဘဝက အရိုက်ခံရစဉ်အတွင်း ရခဲ့သောဒဏ်ရာများမှ ကျန်ရှိနေသောအမာရွတ်များ ယခုတိုင် ရှိနေခဲ့သေးကြောင်း ရှင်းပြသည်။[955] နောက်တစ်ဦးက သူမကို အသက် ၁၃ နှစ်အရွယ်တွင် ခေါ်ဆောင်သွားခံရကြောင်း ပြောပြသည်။[956] သူမတို့ရွာကို တပ်မတော် စစ်သားများ မကြာခဏရောက်လာတတ်ပြီး တစ်အိမ်တစ်ယောက်ကျ မလာမနေရခေါ်ပြီး အခမဲ့လုပ်အား ခိုင်းစေသည်။ သူတို့သည် တစ်ခါတစ်ရံတွင် သူမ၏ အဖေကို ခေါ်သွားသည်။ သို့သော်လည်း သူ့အမေ သို့မဟုတ် ကလေး လေးဦးထဲမှ တစ်ဦးဦး ခေါ်ဆောင်သွားခံရသည်လည်း ရှိသည်။ သူတို့လာသောအခါ စစ်သားများသည် သူတို့လိုချင်သူကို ညွှန်ပြရုံသာ ဖြစ်သည်။ မျက်မြင်သက်သေထွက်ဆိုသူက သူမကို သုံးနာရီလမ်းလျှောက်ရသော တပ်မတော်စခန်းသို့ ခေါ်ဆောင်သွားခဲ့ကြောင်း ပြန်ပြောပြသည်။ ထိုနေရာတွင် သူမကို ကျောက်တုံးများခွဲခိုင်းခြင်း သယ်ခိုင်းခြင်းတို့ လုပ်ခိုင်းခဲ့သည်။ တစ်ခါတစ်ရံ သူမကို တစ်ပတ်၊ တစ်ခါတစ်ရံ တစ်လ ခေါ်သွားခံရသည်။ ညပိုင်းတွင် သူမသည် တောထဲတွင် အိပ်ရသည်။ သူမ နှင့် အခြားကျူးလွန်ခံရသူများသည် ပင်ပမ်းသည့်အခါ သို့မဟုတ် အနားယူရန် ကြိုးပမ်းသည့်အခါ စစ်သားများသည် သူတို့အား နှုတ်ဖြင့်စော်ကားသည်၊ ခြိမ်းခြောက်သည် သို့မဟုတ် ရိုက်နှက်သည်။ သူမသည် ၅ ကြိမ် ရိုက်နှက်ခြင်း ခံခဲ့ရသည်။

၄၂၃။ အချို့သောကျူးလွန်ခံရသူများသည် လွတ်မြောက်ရန် ကြိုးစားကြသည်။ စစ်သားများ စောင့်ကြပ်ထားသည့် အခြေအနေရှိသော်လည်း[957] အချို့မှာ ထွက်ပြေးရန် စီစဉ်နိုင်ခဲ့ကြသည်။[958] ပေါ်တာများမှာ ပစ်သတ်ခံရနိုင်သဖြင့် လွတ်မြောက်ရန်ကြိုးပမ်းမှုများသည် အန္တရာယ် ကြီးလှသည်။[959]

> *ကျနော်လွတ်ဖို့ မကြိုးစားခဲ့ပါဘူး။ ကျနော်တို့ အပစ်ခံရမယ်။ တခြား ရွာက တစ်ယောက် ထွက်ပြေးဖို့ကြိုးစားခဲ့ပြီး ပစ်ခံရတယ်။ ကျနော်ကိုယ်တိုင် မျက်စိနဲ့ မြင်ခဲ့တယ်။*[960]

၄၂၄။ အချို့ထွက်ပြေးလွတ်မြောက်ခဲ့သူများသည် ပြန်လည်ဖမ်းဆီးမိသွားမည်ကို ကြောက်လန့်နေကြရသည်။[961] ကျူးလွန်ခံရသူများသည် ပုန်းနေရမည်ဟု ခံစားရသည်၊ သူတို့နေအိမ်များမှ ထွက်ခွာရပြီး နိုင်ငံမှပင် လုံးဝ ထွက်ပြေးကြရသည်။

---

[951] QI-072.
[952] DI-015, DI-016, DI-017, DI-029, DI-042, QI-072, QI-075.
[953] DI-015, DI-017.
[954] DI-042.
[955] DI-015.
[956] DI-017.
[957] CI-153, DI-016, DI-028.
[958] CI-053, CI-153, QI-074.
[959] CI-153, DI-028.
[960] DI-028.
[961] CI-053, CI-056, CI-153, DI-032, QI-072, QI-074, QI-75.

အဓမ္မလုပ်အားခိုင်းစေခြင်းသည် ကျူးလွန်ခံရသူ၏ စီးပွားရေးအခြေနေများကို သိသိသာသာ သက်ရောက်မှု ရှိသည်။[962] ကျူးလွန်ခံရသူ အများစုမှာ ကျေးလက်ဒေသများတွင် ယခင်ကတည်းက စီးပွားရေးအရချို့တဲ့သူများဖြစ်ပြီး အများစုမှာ အခြေခံစားဝတ်နေရေး အခြေအနေအောက်တွင် နေကြသူများဖြစ်သည်။ အဓမ္မလုပ်အား လုပ်နေရစဉ်အတွင်း ထိုသူများသည် သူတို့ကိုယ်တိုင်အတွက် သို့မဟုတ် သူတို့ မိသားစုအတွက် ဝင်ငွေရှာဖွေခြင်း မပြုနိုင်ကြပေ။ နောက်ဆက်တွဲ စီးပွားရေး ပြဿနာများသည်လည်း မြန်မာနိုင်ငံမှ ထွက်ခွာရန်အတွက် ပေးသော အကြောင်းပြချက်တစ်ခု ဖြစ်ပေသည်။[963]

## (၂) ရွှေ့ပြောင်းရန် အဓမ္မမောင်းထုတ်ခြင်း

### (က) ဥပဒေ မူဘောင်

၄၂၅။ အဓမ္မရွှေ့ပြောင်းစေခြင်းသည် ပြင်းထန်သောလူ့အခွင့်အရေးချိုးဖောက်မှု တစ်ခုဖြစ်သည်။ ယင်းသည် "အမြဲတမ်းဖြစ်စေ သို့မဟုတ် ယာယီဖြစ်စေ လူပုဂ္ဂိုလ်များ၊ မိသားစုများ နှင့်/သို့ လူထုများကို သူတို့နေထိုင်ရယူထားသော သူတို့၏ အိမ်များ နှင့်/သို့ မြေများမှ ကာကွယ်မှုဆိုင်ရာ ပြဋ္ဌာန်းချက်၊ ရရှိမှု၊ သင့်လျော်သည့်ပုံစံဖြင့် ဥပဒေ သို့မဟုတ် အခြားသော ကာကွယ်မှု မရှိပဲ သူတို့၏ဆန္ဒကို ဆန့်ကျင်လျက် ဖယ်ရှားခြင်း" ဖြစ်သည်။[964] အဓမ္မ ရွှေ့ပြောင်းခြင်းများသည် မကြာခဏပင် အသက်ရှင်နေထိုင်ခွင့်၊ ရက်စက်မှု၊ လူမဆန်မှု နှင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ဆက်ဆံခံရမှုမှ ကင်းလွတ်ခွင့်၊ လူပုဂ္ဂိုလ်၏ လုံခြုံမှုရှိခွင့်၊ နေအိမ်၊ အစာ၊ ရေနှင့် မိလ္လာ သန့်ရှင်းရေး အပါအဝင် လုံလောက်သော စံချိန်စံညွှန်းနှင့် ကိုက်ညီစွာနေထိုင်နိုင်ခွင့်၊ ပုဂ္ဂလိက လွတ်လပ်ခွင့်၊ အိမ်နှင့် မိသားစုတို့ကို ဝင်ရောက်စွက်ဖက်မှုမှ ကင်းလွတ်ခွင့်၊ အလုပ်လုပ်ပိုင်ခွင့်၊ အဆောက်အဦး ပိုင်ဆိုင်ခွင့်၊ နှင့် ပိုင်ဆိုင်မှုများကို ငြိမ်းချမ်းစွာ ခံစားပိုင်ခွင့် (ဥပဒေမဲ့ နေထိုင်ရာ နေရာများမှ ဖယ်ရှားခံရမှု ကင်းလွတ်ခွင့် အပါအဝင်) နှင့် ထိရောက်သော ကုစားမှုခံစားပိုင်ခွင့် အစရှိသည့် လူ့အခွင့်အရေးအမျိုးမျိုးအပေါ် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်လျက် သက်ရောက်နေသည်။ ယင်းချိုးဖောက်မှုများအား မည်သို့မည်ပုံ ဖယ်ရှားခြင်းကို ပြုလုပ်မည်ကို ဆုံးဖြတ်သည့်အပေါ် (ဥပမာ- ဆွေးနွေးညှိနိုင်းခြင်း၊ သတင်းအချက်အလက် သို့မဟုတ် တခြား ဖန်တီးပေးမှု မရှိပဲ)၊ စီစဉ်သည့်အပေါ် (ဥပမာ- သတိပေးခြင်း၊ နေရာရွှေ့ပြောင်းပေးခြင်း သို့မဟုတ် လုံလောက်သော နစ်နာကြေးပေးခြင်း မရှိပဲ)၊ လုပ်ဆောင်သည့်အပေါ် (ဥပမာ- ညအခါ သို့မဟုတ် ဆိုးရွားသည့် ရာသီဥတုအတွင်း၊ ခြိမ်းခြောက်မှု အောက်တွင်၊ အကြမ်းဖက် သို့မဟုတ် အတင်းအဓမ္မ)၊ သို့မဟုတ် သူတို့၏ ရလာဒ် (ဥပမာ- လုပ်ကိုင်စားသောက်မှု၊ ပိုင်ဆိုင်မှု စာရွက်စာတမ်းများ သို့မဟုတ် မှတ်တမ်းများ ပျောက်ဆုံးခြင်း)၊ နောက်ဆက်တွဲများကို ဖြစ်စေသည်။ အထူးသဖြင့် လူနည်းစုများသည် အဓမ္မရွှေ့ပြောင်းခံရရန် အလားအလာပိုရှိသည်။ အဘယ်ကြောင့်ဆိုသော် ခွဲခြားဆက်ဆံမှု သို့မဟုတ် သူတို့ကို လူမှုရေးအရ ဖယ်ကျဉ်ထားခြင်း၊ ဘောင်မဝင်စေခြင်း သို့မဟုတ် လူ့အသိုင်းအဝိုင်းတွင် ဘေးဖယ်ထားခြင်း ခံကြရသောကြောင့် ဖြစ်သည်။[965]

---

[962] DI-015, DI-030, DI-039, DI-055.

[963] DI-032.

[964] ကုလသမဂ္ဂ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၇။ လုံလောက်သော အိမ်ယာ (ပုဒ်မ၊၁၁၊ ၁)။ အဓမ္မရွှေ့ပြောင်းခြင်း၊ ၁၉၉၇ ခု မေ ၂၀ ရက်။ E/1998/22.

[965] အဓမ္မရွှေ့ပြောင်းခြင်းနှင့် လူ့အခွင့်အရေး၏ တစ်စုံလုံး အထွေထွေမြင်ကွင်းအတွက် OHCHR နှင့် UN Habitat၊ အဓမ္မရွှေ့ပြောင်းခြင်း၊ အချက်အလက်စာတမ်း *No. 25/Rev. 1* (New York and Geneva, United Nations, 2014) တွင်ကြည့်။

၄၂၆။ ဖယ်ရှားမှုအားလုံးအား တားမြစ်ထားသည် မဟုတ်ပါ။ လူထု သို့မဟုတ် အမျိုးသား အကျိုးစီးပွားအပေါ်တွင် အခြေခံသည့် ဖယ်ရှားခြင်းမျိုးသည် တရားမျှတမှု ရှိနိုင်ပါသည်။ သို့ရာတွင် နိုင်ငံတကာဥပဒေအောက်တွင် တရားမျှတမှု ရှိစေရန်မှာ အလွန်ထူးခြားသော ချွင်းချက်များအောက်တွင်သာ လုပ်ဆောင်ရမည်ဖြစ်ပြီး သက်ရောက်မှုခံရမည့် လူထုအသိုင်းအဝိုင်းနှင့် ဆွေးနွေးတိုင်ပင်ပြီး အခြားဖြစ်နိုင်ချေများအားလုံးကို ရှာဖွေပြီးဖြစ်ရမည်ဖြစ်ပြီး ရှိသင့်ရှိထိုက်သော ကာကွယ်မှုလုပ်ငန်းစဉ်များကိုလည်း လုပ်ဆောင်ပေးရမည် ဖြစ်သည်။[966]နေအိမ်မှ ဖယ်ရှားခြင်းများကို ခွဲခြားဆက်ဆံသောပုံစံဖြင့် လုပ်ဆောင်ခြင်း မပြုရပါ။ လုပ်ဆောင်သင့်သည့် ကာကွယ်ခြင်းလုပ်ငန်းစဉ်များတွင် စစ်မှန်သော တိုင်ပင်ဆွေးနွေးခြင်း၊ လုံလောက်သောနှင့် ကျိုးကြောင်းခိုင်လုံသော အသိပေးမှု၊ သာမက ဥပဒေဆိုင်ရာ ကုသမှုများလည်း ပါဝင်သည်။ အရေးကြီးသည်မှာ လုံလောက်သော နစ်နာကြေးကို ကြိုတင်ပေးရမည်ဖြစ်ပြီး[967] သက်ရောက်မှု အနည်းဆုံးဖြစ်စေရန် လိုအပ်သော အရေးယူဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်ရန် လိုအပ်သည်။

၄၂၇။ အတင်းအဓမ္မဖယ်ရှားခြင်းအား ကာကွယ်ခြင်းသည် ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် မပတ်သက်ပါ။ လူတိုင်းတွင် နေထိုင်သည့်ပုံစံ (ဥပမာ- ပိုင်ဆိုင်မှု၊ ငှားရမ်းနေထိုင်ခြင်း၊ တရားမဝင် အခြေချခြင်း) နှင့် မသက်ဆိုင်စေပဲ အဓမ္မဖယ်ရှားခံရခြင်းမှ ကာကွယ်ခံရပိုင်ခွင့် ရှိသည်။ နေထိုင်မှုအတွက် လုံခြုံရေးသည် လုံလောက်သော အိမ်ယာရှိခြင်း၏ အုတ်မြစ်ဖြစ်သည်။ ယင်းတွင် စာရွက်စာတမ်းမရှိပဲ နေထိုင်ခြင်းလည်း ပါဝင်သည်။[968]

၄၂၈။ မြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအောက်တွင် နိုင်ငံတော်သည် "နိုင်ငံတော်ရှိ မြေအားလုံး၊ မြေပေါ်မြေအောက်၊ ရေပေါ်ရေအောက် နှင့် လေထုအတွင်းရှိ သဘာဝ သယံဇာတပစ္စည်းအားလုံး၏ မူရင်းပိုင်ရှင်ဖြစ်သည်" (အပိုင်း ၃၇) ။ ၁၉၈၄ ခုနှစ် မြေသိမ်းအက်ဥပဒေက အများပြည်သူရည်ရွယ်ချက်များအတွက် မြေယာသိမ်းဆည်းမှု မူဘောင်ကို ပေးထားသည်။ အစိုးရသည် "အများနှင့်ဆိုင်သော ရည်ရွယ်ချက်များ" အတွက် သို့မဟုတ် အသိပေးချက်ပေးထားပြီး ဈေးကွက်ပေါက်ဈေးအတိုင်း လျော်ကြေးပေးပြီးပါက ကုမ္ပဏီတစ်ခုအတွက် မဖြစ်မနေ မြေယာကို ရယူနိုင်သည်။[969] ၂၀၁၂ ခုနှစ် ဥပဒေ ပြင်ဆင်ရေးက ပုဂ္ဂလိက ပိုင်ဆိုင်မှု စနစ်နှင့် အလားတူသော စနစ်တစ်ခုကို မိတ်ဆက်ခဲ့သည်။ စိုက်ပျိုးမြေ ဥပဒေသည်[970] စပါးစိုက်မြေကို စီမံခန့်ခွဲပြီး မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း စီမံခန့်ခွဲမှု ဥပဒေ[971]သည် အသုံးမပြုရသေးသော မြေကွက်များနှင့် စွန့်ပစ်ထားသော မြေများကို စီမံခန့်ခွဲသည်။ ထိုဖြစ်ထွန်းမှုများ မည်သို့ပင် ရှိစေကာမူ မြန်မာနိုင်ငံတွင် အဓိက ကိစ္စရပ်များမှာ နေထိုင်သောနေရာ မလုံခြုံမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်နေမှုနှင့် မြေယာပိုင်ဆိုင်မှုမှတ်တမ်း ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းတို့ ဖြစ်သည်။

[966] ကုလသမဂ္ဂ စီးပွားရေး၊လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၇။ လုံလောက်သော အိမ်ယာ (ပုဒ်မ၊၁၁၊ ၁)။ အဓမ္မရွှေ့ပြောင်းခြင်း၊ ၁၉၉၇ ခု မေ ၂၀ ရက်။ E/1998/22.
[967] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင် ဆုံးဖြတ်ချက် ၁၉၉၃/၇၇ တွင် ကြည့်။
[968] Ibid.
[969] ၁၉၈၄ မြေသိမ်းဆည်းမှု အက်ဥပဒေ၊ ပုဒ်မ ၄၊ ၆၊ ၂၃၊နှင့် ၃၈။
[970] လယ်ယာမြေ ဥပဒေ (ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် ၁၁ ၏ ၂၀၁၂ ခုနှစ်)
[971] မြေလွတ်၊ မြေလပ် နှင့် မြေရိုင်း စီမံခန့်ခွဲမှု အက်ဥပဒေ (ပြည်ထောင်စု လွှတ်တော် အမှတ် ၁၀ ၏ ၂၀၁၂ ခုနှစ်)

### (ခ) တွေ့ရှိချက်များ

၄၂၉။ ရခိုင်ပြည်တလွှား ရခိုင်တိုင်းရင်းသား ရွာသားများထံမှ မြေများကို တပ်မတော်က လက်လွတ်စပယ် သိမ်းယူခဲ့ပြီး သူတို့အား အခမ့ဖယ်ရှားခဲ့သည့် ပုံစံကို မစ်ရှင်က တွေ့ရှိခဲ့သည်။[972] မြေများကို စစ်သားများအတွက် အခြေခံအဆောက်အဦး ဆောက်လုပ်ရေးနှင့် အစားအစာထုတ်လုပ်ရေးတို့အပါအဝင် အကြောင်းအမျိုးမျိုးကြောင့် သိမ်းယူခဲ့သည်။[973]

၄၃၀။ မြေများကို မကြာခဏလက်လွတ်စပယ်နှင့် ချက်ချင်းသိမ်းယူသည်၊ သက်ရောက်ခံရသော ပုဂ္ဂိုလ် သို့မဟုတ် မိသားစုအတွက် အခြား ပြင်ဆင်ရန် သို့မဟုတ် စီစဉ်ရန် ခွင့်ပြုခြင်း မရှိပေ။ မြေကွက်တစ်ခုသို့ ၁၀ ယောက်ခန့်ပါသော စစ်သားတစ်ဖွဲ့ရောက်လာပြီး စစ်တပ် အလံကို စိုက်ထူသည် သို့မဟုတ် ထိုမြေကို ရယူပြီး ဖြစ်ကြောင်း ညွှန်းဆိုသော ဆိုင်းပုဒ် တစ်ခုကို ထောင်သွားသည်။[974] မြေပတ်လည်တွင် စစ်သားများက ခြံများကာ သို့မဟုတ် ဝါးလုံးတိုင်များ စိုက်ထူသွားပြီး မြေပေါ်တွင် ရှိနေသော အဆောက်အဦများ ဥပမာ နွားတဲများကို ဖျက်ဆီးသည်။[975] သက်ရောက်ခံရသောပုဂ္ဂိုလ် သို့မဟုတ် မိသားစုကို ဆွေးနွေးမှု အနည်းငယ် သို့မဟုတ် လုံးဝလုပ်လေ့မရှိပေ။[976] ထို့အပြင် တပ်မတော်၏ မြေသိမ်းဆည်းမှုများသည် တချိန်တည်းတွင် လူပုဂ္ဂိုလ်များနှင့် မိသားစုအများအပြားကို ဥပမာ ကပ်လျက်ရှိသော မြေများကို အနည်းငယ်စီ ပိုင်ဆိုင်ကြသည့် ရွာသားအုပ်စုများအား သက်ရောက်လေ့ရှိသည်။[977] ချိုးဖောက်ခံရသူ တစ်ဦး ကပြောသည်မှာ -

> *၂၀၁၂ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှာ ကျနော့်အိမ်မှာ နေ့လည်စာ စားနေတုန်း စစ်တပ်က ကျနော့်လယ်ကို သိမ်းလိုက်တယ်ဆိုတာ သိရတယ်။ ကျနော် ချက်ချင်း ပြန်သွားတယ်။ စစ်သားခြောက်ယောက်က ကျနော့်လယ်ပတ်ပတ်လည်မှာ ဝါးလုံးတိုင်တွေ စိုက်နေတာ တွေ့ရတယ်။ ကျနော်က သူတို့ကို မြေမသိမ်းဖို့ တောင်းပန်တယ်။ ကျနော့်မှာ ဒါပဲ ရှိတယ်၊ ကျနော်တို့ ဒီအပေါ်မှာပဲ မှီခိုနေရတယ်လို့ တောင်းပန်တယ်။ သူတို့က နားမထောင်ဘူး။ သူတို့ ကျနော့်ကိုဖမ်းပြီး ရွာလူကြီးရုံးကို ခေါ်သွားတယ်။ အဲဒီမှာ ရွာသားတွေ အများကြီးတွေ့တယ်။ သူတို့လက်တွေကို ကြိုးနဲ့ ချည်ထားတယ်။ ကျနော်အိမ်သာသွားတဲ့အခါ ထွက်ပြေးဖို့ ကြိုးစားနိုင်ခဲ့တယ်။ အဲဒီနေ့မှာပဲ စစ်တပ်က တခြား မိသားစု သုံးစုရဲ့ မြေတွေလည်း သိမ်းသွားတယ်။*[978]

၄၃၁။ ထို့အပြင် သက်ရောက်ခံရသောလူပုဂ္ဂိုလ်များသည် ယေဘူယျအားဖြင့် မည်သည့် နစ်နာကြေးမျှမရပဲ တောင်းဆိုမှုတစ်စုံတစ်ရာကို မည်သို့လုပ်ဆောင်ရမည်ကိုလည်း အသိပေးခြင်းမခံရပေ။[979] အနည်းငယ်မျှသော လျော်ကြေးပေးသည့်အခါများ ရှိသော်လည်း အမှန်တကယ်တန်ဖိုးနှင့် စီးပွားရေးအရဆုံးရှုံးမှုနှင့် နှိုင်းယှဉ်လျှင် မဖြစ်စလောက်ပမာဏသာ

[972] CI-055, CI-056, CI-059, CI-060, CI-158, CI-162, DI-015, DI-016, DI-031, DI-033, QI-072, QI-073. မစ်ရှင်သည် ရခိုင်ပြည်နယ်တွင် ကျောက်ဖြူ၊ ကျောက်တော်၊ မြောက်ဦး၊ မောင်တော၊ မင်းပြား၊ ရသေ့တောင်နှင့် စစ်တွေ တို့တွင် ဖြစ်ရပ် ၁၄ ခုကို မှတ်တမ်းတင်ထားသည်။

[973] CI-055, CI-056, CI-158, QI-073.

[974] CI-055, QI-072, QI-073.

[975] CI-055, CI-059, QI-073.

[976] CI-055, CI-158.

[977] CI-056, CI-059, DI-016, QI-073.

[978] CI-059.

[979] CI-055, CI-158, CI-162, DI-016.

ဖြစ်သည်။[980] တခြားသော ဖြစ်ရပ်များတွင် ကတိပေးထားသော လျော်ကြေးမှာ မည်သည့်အခါမျှ မရရှိပေ။[981] ချိုးဖောက်ခံရသူ တစ်ဦးက ပြောသည်မှာ-

*ကျနော်လယ်မြေပေါ်မှာရှိနေတုန်း စစ်သားလေးယောက်ရောက်လာပြီး ကျနော့်ရဲ့ မြေစာရွက်စာတမ်းတွေ တောင်းတယ်။ စာရွက်စာတမ်းအားလုံး ပြသပြီးတဲ့အခါ သူတို့ထဲက တယောက်က "စစ်တပ်က ဒီနေရာမှာ အခြေခံအဆောက်အဦတွေ ဆောက်ချင်တယ်။ ခင်ဗျားမြေကို ကျွန်တော်တို့ယူတယ်။ ခင်ဗျား သဘောမတူရင် ကျွန်တော်တို့အရာရှိနဲ့ စကားပြောပါ။" လို့ ပြောတယ်။ ရုံးကို ကျွန်တော့် အမေနဲ့အတူသွားတယ်။ ကျွန်တော်တို့ကို ကျပ် ၉, ၀၀၀ ပေးတယ်။ ကျွန်တော်တို့က ငြင်းတဲ့အခါ အရာရှိက ဒါဟာ အစိုးရမြေဖြစ်လို့ သူတို့ ဘာပဲဖြစ်ဖြစ် ယူတယ်လို့ ပြောတယ်။ နောက်နေ့မနက်မှာ စစ်တပ်က ထပ်လာပြီး မြေနားမှာရှိတဲ့ ကျွန်တော့်တဲကို ဖျက်သွားတယ်။ သူတို့ စစ်တပ်အလံစိုက်ပြီး ပြန်သွားကြတယ်။*[982]

၄၃၂။ ဖယ်ရှားခံရပြီးနောက်တွင် သက်ရောက်ခံရသော ပုဂ္ဂိုလ်များသည် သူတို့မြေကို သွားရောက်ခွင့် မရှိတော့ပဲ အသုံးပြုရန် ပြန်လည်တောင်းဆိုသည့် ကြိုးစားမှုများသည် ပုံမှန်အားဖြင့် သတိပေးခြင်း၊ ရိုက်နှက်ခြင်းနှင့် အသက်အန္တရာယ် ခြိမ်းခြောက်ခြင်းများနှင့် တွေ့ကြုံရသည်။[983]မြေသိမ်းမှုကို ဆန့်ကျင်သော သို့မဟုတ် တိုင်ကြားရန် ကြိုးပမ်းသော သို့မဟုတ် ဥပဒေကြောင်းအရ ဖြေရှင်းရန် ရှာဖွေသော ရခိုင်တိုင်းရင်းသားများသည် ရိုက်နှက်ခြင်း သို့မဟုတ် ဖမ်းဆီးထိန်းသိမ်းခြင်းကို ခံကြရသည်။[984] ဥပဒေအရ ဖြေရှင်းရန် ကြိုးပမ်းသောအခါ ရိုက်နှက်ခံရသော အင်တာဗျူးဖြေဆိုသူတစ်ဦးက ယခုကဲ့သို့ ရှင်းပြသည်။

*ကျနော့်မြေအသိမ်းခံရပြီလို့သိတာနဲ့ ဒေသခံစစ်စခန်းကတာဝန်ခံကို တွေ့ဖို့ ကျနော်သွားခဲ့တယ်။ ပထမအကြိမ် ကျနော်တိုင်ကြားတဲ့အခါ သူတို့ စစ်တပ် အဆောက်အဦးတွေနဲ့ သီးနှံတွေစိုက်ဖို့ မြေကြီးလိုအပ်လို့လို့ ကျနော့်ကို ပြောတယ်။ နောက်တစ်ခါသွားတဲ့အခါ ကျနော့်ကို မညှာမတာဆက်ဆံတယ်။ စစ်သား နှစ်ယောက်က ကျနော့်ကို တစ်ယောက်တစ်ဖက်စီ ကိုင်ထားတယ်၊ တတိယတစ်ယောက်က ကျနော့်ကို ကန်တယ်။ ကျနော့်ခေါင်း အကန်ခံရတယ်။ ကျနော့်နှာခေါင်းက သွေးတွေ ထွက်လာပြီး ကျနော်သတိလစ်သွားတယ်။ ကျနော့်နံရိုးတွေလည်း ထိသွားတယ်။ ကျနော့်ကို စခန်းထဲမှာ တစ်ရက်နဲ့ နစ်ည ထိန်းသိမ်းထားတယ်။*[985]

၄၃၃။ သိမ်းဆည်းမှုနှင့် အဓမ္မဖယ်ရှားမှုတို့၏ စီးပွားရေးအရ နောက်ဆက်တွဲများသည် မကြာခဏပင် ချိုးဖောက်ခံရသူများနှင့် သူတို့မိသားစုများအတွက် သေကောင်ပေါင်းလဲ ပြင်းထန်သည်။ မကြာခဏပင် သိမ်းဆည်းလိုက်သော မြေသည် တစ်ခုတည်းသော စားဝတ်နေရေးဖြေရှင်းရာ အရင်းအမြစ်ဖြစ်နေပြီး သူတို့ကို ဆင်းရဲတွင်းပိုနက်စေသည်။[986] တခြားသော အလုပ်ရရှိမှုနည်းလမ်းနှင့် ဝင်ငွေအရင်းအမြစ်မှာ မကြာခဏပင် ရရှိနိုင်ခြင်းမရှိ သို့မဟုတ် သိသာထင်ရှားသော ဘေးအန္တရာယ်ကို ထည့်သွင်းစဉ်းစားရမည့် အနေအထားမျိုး

[980] CI-055, CI-158.
[981] CI-158.
[982] CI-055.
[983] DI-033, QI-072, QI-073.
[984] CI-059, CI-162, DI-016, DI-033, QI-073.
[985] QI-073.
[986] CI-060, CI-158, DI-015, DI-016, DI-033.

ဖြစ်သည်။ အချို့သော ကျူးလွန်ခံရသူများ၏ မိသားစုဘဝကိုလည်း ဖယ်ရှားခြင်းက အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုများ ရှိစေသည်။ ဝမ်းစာရှာဖွေရန် မိသားစုများ ဆန္ဒမရှိပဲ ကွဲပြားသွားစေခြင်း သို့မဟုတ် အတူတကွ နိုင်ငံရပ်ခြားသို့ ထွက်ခွာရခြင်းများ ဖြစ်စေသည်။[987]

### (၃) အစားအစာနှင့် မွေးမြူထားသောတိရစ္ဆာန်များကို သိမ်းပိုက်ခြင်း

434. ကျွဲနွားများ၊ အစာရိက္ခာများ သို့မဟုတ် အခြား ပိုင်ဆိုင်မှုများကို တပ်မတော်က လုံခြုံရေး ဂိတ်များ သို့မဟုတ် ရွာများအတွင်း လှည့်လည်သွားလာစဉ် သိမ်းယူခြင်းမှာ ရခိုင်တိုင်းရင်းသားများအဖို့ ပုံမှန်အဖြစ်အပျက် ဖြစ်သည်။ တပ်မတော်သည် အိမ်မွေးတိရစ္ဆာန်များ[988]နှင့် အစားအစာများ[989] သို့မဟုတ် နှစ်စဉ်ထွက်ရှိသောသီးနှံ၏ အစိတ်အပိုင်း တစ်ခုခု[990]ကို သိမ်းယူခြင်းမှာ ပုံမှန် အလေ့အထပင်ဖြစ်သည်။

၄၃၅။ ကျူးလွန်ခံရသူများက သိမ်းဆည်းမှုကို ဆန့်ကျင်ပါက ရိုက်နှက်ခြင်း[991]အပါအဝင် အကြမ်းဖက် ကိုင်တွယ်ခြင်းကို ခံရစေတတ်ပြီး အချို့မှာ ဒဏ်ရာများဖြင့် ကျန်ရစ်လေ့ရှိသည်။[992] တပ်မတော်ကို စားနပ်ရိက္ခာပစ္စည်းများပေးရန် ပျက်ကွက်ပါက အဓမ္မအလုပ်ခိုင်းစေခြင်း[993] အပါအဝင် နောက်ထပ်ချိုးဖောက်မှုများကို ခံစားရစေနိုင်သည်။ အခြားသော ချိုးဖောက်မှုများနှင့် အတူ ဖမ်းဆီးခံရခြင်း သို့မဟုတ် တပ်မတော်၏ အခြားတုန့်ပြန်အပြစ်ပေးမှုများကို ကြောက်ရွံ့ခြင်းသည် အချို့သောချိုးဖောက်ခံရသူများကို နိုင်ငံမှထွက်ပြေးသွားစေရန် တွန်းအားပေးသည်။[994] အင်တာဗျူး ဖြေဆိုသူတစ်ဦးက ပြောသည်မှာ-

> *ကျနော့်မိသားစုနဲ့ ကျနော့်မှာ သီးနှံခင်းတစ်ခုရှိပြီး စစ်သားတွေက အသီးအနှံတွေ တစ်ခါတစ်လေ လာတောင်းလေ့ရှိတယ်။ ကျနော်တို့က သူတို့ကို လက်မခံဘူးဆိုရင်လည်း စစ်သားတွေက ယူသွားတာပဲ။ တစ်ခါတစ်လေ သူတို့ ကျနော်တို့ဆီက ပိုက်ဆံတောင်းတယ်။ စစ်တပ်က အများကြီး ခိုးယူသွားတဲ့အတွက် ကျနော့်မှာ ဟင်းသီးဟင်းရွက် ရောင်းစရာ လုံလုံလောက်လောက် မရှိတော့ဘူး။ ကျနော်တို့ဆိုင်ကိုလည်း စစ်သားတွေ ပုံမှန်လာတယ်၊ ဘယ်တော့မှ ပိုက်ဆံမပေးဘူး။ သူတို့လိုချင်တာ သူတို့ ကောက်ယူသွားတာပဲ။ ကျနော်တို့ ဆန့်ကျင်လို့ မရဘူး။ ကျနော်တို့ ဆန့်ကျင်မယ်ဆိုရင် သူတို့က အားလုံးကို ဖျက်ဆီးသွားနိုင်တယ်။*[995]

၄၃၆။ ပိုင်ဆိုင်မှုများကို ယခုပုံစံဖြင့် သိမ်းဆည်းခြင်းသည် ရခိုင်ကျေးရွာဘဝ၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် ဖြစ်လေ့ဖြစ်ထ ဖြစ်ရပ်မျိုး ဖြစ်ပုံရသည်။ ကျူးလွန်ခံရသူများ ဖော်ပြသည့် အလေ့အထ လုပ်ပုံကိုင်ပုံများက ရွာသားများအတွက် ပုံမှန်ကဲ့သို့ ဖြစ်လာနေသည်ကို ပြသနေသည်။

---

987 DI-015, QI-073.
988 CI-054, CI-057.
989 DI-028, DI-031, DI-041, QI-073.
990 DI-036.
991 DI-031.
992 DI-028.
993 DI-036.
994 DI-028.
995 DI-041.

*စစ်သားတွေက ကျနော်တို့ဆီမှာ ဘာရှိရှိ ယူတယ်။ အဲဒီမှာ ကျနော်တို့ ကျွဲနွားတွေနဲ့ ဆိုက်ခင်းတွေက သီးနှံတွေပါတယ်။ သူတို့ ကျနော်တို့ဆီက ပစ္စည်းတွေ နေ့တိုင်းယူတယ်။ ဒါဟာ ကျနော်တို့အတွက် တကယ်ဆိုရင် ပုံမှန်လိုဖြစ်နေတာကြောင့် ဒါကို အရေးတကြီး ပြောပြရမည်လို့ မထင်ခဲ့ဘူး။*[996]

၄၃၇။ ပုံမှန်ဟု သိသာစွာ စဉ်းစားနေချိန်မှာပင် စီးပွားရေး သက်ရောက်မှုက ပြင်းထန်ဆိုးရွားလှသည်။ ဤသိမ်းပိုက်မှုများသည် လက်ရှိအခြေအနေတွင် နေနိုင်စားနိုင်ရုံသာ ရှိသော ဆင်းရဲသားရွာသားများ၏ဝင်ငွေ တစိပ်တစ်ပိုင်းကို ဖယ်ရှားလိုက်ပြီး မိသားစု တစ်ခုလုံးအပေါ် သက်ရောက်စေသည်။ ဤအလေ့အထသည်လည်း အနိုင်ကျင့်နှိပ်စက်မှုနှင့် ပူးတွဲလိုက်သောအခါ ရခိုင်တိုင်းရင်းသားများအကြား တပ်မတော်အပေါ် မယုံကြည်မှုနှင့် မုန်းတီးမှုကို ဖြစ်တည်စေသည်။[997] သို့ရာတွင် ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပုံရသော်လည်း တုန့်ပြန်ရန် အာဏာမဲ့လျက်ရှိသည်။ ရရှိသော အချက်အလက်များအရ ကျူးလွန်ခံရသူများသည် ဤအလေ့အထများနှင့် ပတ်သက်ပြီး မည်သည့်တိုင်ကြားမှုမှ လုပ်ဆောင်ထားခြင်း မရှိကြောင်း ညွှန်းပြနေသည်။[998] အင်တာဗျူး ဖြေဆိုသူတစ်ဦးက ပြောသည်မှာ-

*ကျနော်တို့ ဘယ်တော့မှ မတိုင်ပါဘူး။ စစ်သားတွေက ဥပဒေ အပြင်မှာ ရှိပါတယ်။ အာဏာပိုင်တွေကိုတိုင်ရင် စစ်သားတွေကို ကိုယ်တိုင် သွားတိုင်သလို ဖြစ်ပါတယ်။*[999]

## (၄) လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများ

၄၃၈။ ရခိုင်တိုင်းရင်းသားအမျိုးသမီးများသည် တပ်မတော်တပ်ဖွဲ့များက ကျူးလွန်သော မုဒိန်းမှုနှင့် အခြားသော လိင်ဆိုင်ရာအကြမ်းဖက်မှုပုံစံများကို ခံနေကြရသည်။[1000] ယင်းသည် အတင်းအဓမ္မလုပ်အား စေခိုင်းရာအခြေအနေတွင် ဖြစ်နေပြီး ရခိုင်ပြည်နယ် တလျှောက်လုံးတွင် ဖြစ်ပွားနေသည်။ တပ်မတော်စစ်သားများ၏ မုဒိန်းပြုကျင့်ခြင်းခံရသော ရခိုင် အမျိုးသမီးများသည် သူတို့၏ မိသားစုများ သို့မဟုတ် အသိုင်းအဝိုင်း၏ငြင်းပယ်မှုများကို ခံရပြီး နောက်ထပ် လိင်ဆိုင်ရာအကြမ်းဖက်မှုကို ထပ်မံခံရမည်ကို ကြောက်ရွံ့ကြရသည်။ ဖြစ်ရပ်များသည် မစ်ရှင် မတိုင်မီ နှင့် မစ်ရှင်က စစ်ဆေးနေသည့်ကာလ တလျှောက်လုံးတွင် ဖြစ်ပွားခဲ့သည်။

၄၃၉။ ဖြစ်ရပ်အများအပြားတွင် တပ်မတော်စစ်သားများ၏ အတင်းအဓမ္မချက်ပြုတ်စေခြင်း၊ သန့်ရှင်းရေးလုပ်စေခြင်း၊ သို့မဟုတ် ကာယလုပ်အားပေးစေခြင်း ခံရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည်လည်း မုဒိန်းကျင့်ခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားခြင်းများကို ခံရနိုင်သည့် အခြေအနေဖြစ်သည်။ ဥပမာ- ကျောက်တော်မြို့နယ်က အင်တာဗျူးဖြေဆိုသူ တစ်ဦးက ဆယ်စုနှစ် နှစ်ခုကျော်ကြာအောင် အဓမ္မလုပ်အားပေးခြင်း စေခိုင်းခံရလေ့ရှိသူတစ်ဦးသည် စစ်သားများ၏ ရိုက်နှက်ခြင်းခံရပြီး ကြိမ်ဖန်များစွာ တပ်မတော် ဗိုလ်ကြီးတစ်ဦး၏ မုဒိန်းကျင့်ခြင်းခံရကြောင်း၊ သူက ပြန်လာရန် ငြင်းဆိုသည့်အခါ အင်တာဗျူးပေးသူ၏ ယောက်ျားဖြစ်သူအား တပ်မတော်က ခြိမ်းခြောက်ခဲ့ကြောင်း၊ စစ်သားများ ပြန်လာပြီး သူ့ကို မုဒိန်းကျင့်မည်ကို စိုးရိမ်သောကြောင့် သူ မြန်မာနိုင်ငံမှ ထွက်ပြေးခဲ့ကြောင်းနှင့် သူက နောက်ဆုံးအကြိမ် မုဒိန်းကျင့်ခံရကြောင်းကို ပြန်ပြောပြသည်။

---

[996] DI-028.
[997] CI-053, CI-056, CI-154.
[998] DI-041.
[999] DI-041.
[1000] DI-014, DI-036, DI-041, DI-044, QI-072, QI-073, QI-075.

*နေ့ကုန်ဆုံးလာတဲ့ အခါ (စစ်စခန်းအတွင်း အလုပ်လုပ်ခြင်း) "ခေါင်းဆောင်" က ကျွန်မကို တခြား မိန်းမ ဆယ်ယောက်လောက်နဲ့ စောင့်ဖို့ပြောတယ်။ သူက မိန်းမလေး သို့မဟုတ် ငါးယောက်လောက်ကို ရွေးလိုက်တယ်။ ပြီးတော့ ကျွန်မတို့ကို တယောက်ချင်း ခေါ်သွားတယ်။ စစချင်းတော့ ကျွန်မက မလိုက်ဖို့ ငြင်းတယ်။ ဒါပေမယ့် စစ်သား နှစ်ယောက် သုံးယောက်က ကျွန်မကို ရိုက်တယ်။ တခြားစစ်သား နှစ်ယောက်က ပိတ်ထားတဲ့တံခါး အပြင်မှာ စောင့်နေတဲ့အချိန် အခန်းထဲမှာ ကျွန်မကို စစ်သားတစ်ယောက်က မုဒိမ်းကျင့်တယ်။ သူ့ယူနီဖောင်းအင်္ကျီပေါ်မှာ ကြယ်သုံးပွင့်ပါတယ်။*[1001]

၄၄၀။ ရသေ့တောင်မြို့နယ်မှ နောက်ထပ်အမျိုးသမီးတစ်ဦးက အဓမ္မလုပ်အား လုပ်ဆောင်နေစဉ် လိင်ဆိုင်ရာစော်ကားမှု ခံစားခဲ့ရပုံကို ပြန်ပြောပြသည်။

*ကျွန်မက စစ်သားတွေရဲ့ အဝတ်တွေကို လျှော်နေတုန်း၊ သူတို့ထဲက တယောက်က အနောက်ကနေလာပြီး ကျွန်မနို့တွေကို ဆုပ်ကိုင်တယ်။ သူက ကျွန်မရဲ့အတွင်းခံ (ဘရာဇီယာ) ကို ချွတ်လိုက်ပြီး ကျွန်မပါးကို နမ်းတယ်။ ကျွန်မနို့တွေကို သူ့လက်နဲ့ကိုင်တယ်။ သူက ကျွန်မကို ထိကိုင်ပြီး သူ့ခေါင်းကို ကျွန်မပခုံးပေါ်မှာ မှီတယ်။ ကျွန်မမဆန့်ကျင်ရဲဘူး။ ဘာလို့ဆို သူက ကျွန်မကို သတ်မှာ ကြောက်လို့ပါ။*[1002]

၄၄၁။ အဓမ္မလုပ်အား စေခိုင်းခံရသော ရခိုင်တိုင်းရင်းသားယောကျ်ားများကလည်း တပ်မတော် စစ်သားများက ရခိုင်မိန်းမများအား မုဒိမ်းကျင့်သည်ကို မျက်မြင် တွေ့ရှိခဲ့ကြောင်း ပြောပြသည်။ ယခင်က ပေါ်တာထမ်းဘူးသူတစ်ယောက်က မြောက်ဦးမြို့နယ်အတွင်းက လမ်းဘေးမှာ အမျိုးသမီးအုပ်စုတစ်ခုကို မုဒိမ်းပြုကျင့်သည်ကို မျက်မြင်တွေ့ခဲ့ကြောင်း ပြောသည်။

*ကျနော်တို့ လမ်းဘေးမှာ နားနေကြတုန်း စစ်သားတွေက လမ်းမှာရှိတဲ့ရွာတွေက မိန်းမ လေးယောက် ဒါမှမဟုတ် ငါးယောက်အုပ်စုကို ခေါ်လာတယ်။ ကျနော်တို့ အဲဒီမှာ ရှိနေတုန်းမှာပဲ မိန်းမတွေကို သူတို့ မုဒိမ်းကျင့်ကြတယ်။ သူတို့က ပထမဆုံး ပေါ်တာတွေကို တခြားကို ရွှေ့ခိုင်းလိုက်တော့ ကျနော်တို့ မမြင်ရဘူး။ ဒါပေမယ့် မိန်းမတွေ အော်ဟစ်ပြီး "နင်ဘာလုပ်တာလဲ၊ မလုပ်နဲ့" လို့ ပြောနေတာတွေ ကြားရတယ်။ သူတို့ အရိုက်ခံရတာကိုလည်း ကြားရတယ်။ အဲဒီနောက်တော့ သူတို့က အမျိုးသမီးတွေကို သူတို့ ရွာတွေကို ပြန်ပို့လိုက်တယ်။ ဒါကို ကျနော်ပေါ်တာ ခေါ်ခံရတဲ့အခါတိုင်း ကြားရတယ်။*[1003]

၄၄၂။ ရခိုင်တိုင်းရင်းသားများအပေါ် မုဒိမ်းကျင့်ခြင်းနှင့် အခြားသောလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများကို ကျူးလွန်ခြင်းတို့သည် အတင်းအဓမ္မဖယ်ရှားခြင်း နှင့် တပ်မတော်၏ အခြားပုံစံများဖြင့် ငွေကောက်ခံ (ဥပဒေမဲ့ အခွန်ကောက်ခြင်း) အမြတ်ထုတ်ခြင်း အဖြစ်အပျက်တို့နှင့်လည်း တိုက်ဆိုင်နေတတ်သည်။ ကျောက်ဖြူမြို့နယ် မှ အင်တာဗျူး ပေးသူ အမျိုးသားတစ်ယောက်က ၂၀၁၄ ခုနှစ်အတွင်း တပ်မတော် တပ်ရင်းအမှတ် ၅၄၃ က ပူးတွဲ မြေယာ သိမ်းဆည်းစဉ်အတွင်း အမျိုးသမီးငယ်များအား မုဒိမ်းပြုကျင့်ခြင်း ဖြစ်ပွားခဲ့ကြောင်း မှတ်ချက်ပေးသည်။[1004] ရခိုင်အမျိုးသမီးတစ်ဦးက မင်းပြားမြို့နယ်တွင် အနောက်တောင်တိုင်း

[1001] QI-072.
[1002] DI-044.
[1003] QI-075.
[1004] QI-073.

စစ်ဌာနချုပ်မှ တပ်မတော်ဗိုလ်ကြီးတစ်ဦးက သူ အသက် ၁၇ နှစ်အရွယ်တွင် သေနတ်ဖြင့် ချိန်ပြီး မုဒိန်းပြုကျင့်ခဲ့ကြောင်း ပြောပြသည်။ ယင်းသည် သူ့မိသားစုက “အခွန်” အဖြစ်သတ်မှတ်ထားသော သူတို့ ရိတ်သိမ်းထားသည့် စပါးအချို့အဝက်ကို တပ်မတော်အား မပေးနိုင်ခဲ့သည့် နောက်ပိုင်းတွင် ဖြစ်ပွားခဲ့သည်။ သူမကို အလဲအလှယ်အနေဖြင့် သူ့ကို လက်ထပ်ရန် ဗိုလ်ကြီးက ပြောခဲ့သည်။ သူမက ငြင်းသောအခါ မုဒိန်းကျင့်ခဲ့သည်။[1005]

၄၄၃။ အခြားသောအခြေအနေများတွင် တပ်မတော်တပ်ဖွဲ့များက မုဒိန်းပြုကျင့်ခဲ့သည့် ဖြစ်ရပ်များလည်း ရှိသည်။ တပ်မတော်စစ်သားတစ်ဦးက သူ၏ ဆွေမျိုးတော်စပ်သူ အရွယ်ရောက်ပြီး အမျိုးသမီးတစ်ဦးအား ပုဏ္ဏားကျွန်းမြို့နယ်အတွင်း သစ်တောအနီးတွင် ထင်းခုတ်နေစဉ် မုဒိန်းပြုကျင့်ခဲ့ကြောင်း အင်တာဗျူးပေးသူတစ်ဦးက ပြောပြသည်။[1006] မကြာသေးမီက ဖြစ်ရပ်တစ်ခုတွင် ဘူးသီးတောင်မြို့နယ်မှ အင်တာဗျူးပေးသူတစ်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် အကြမ်းဖက်မှုနောက်ပိုင်း ရခိုင်ကျေးရွာများအပေါ် တပ်မတော် စစ်သားများထားရှိသည့် ယေဘူယျသဘောထားကို ပြောပြပြီး သူမကို မုဒိန်းကျင့်ရန် ကြိုးစားခံခဲ့ရသည်ကို ပြောပြသည်။

> *၂၀၁၇ ဩဂုတ်လ ၂၅ ရက်နောက်ပိုင်းမှာ ပေါက်ကွဲမှု တစ်ခုဖြစ်ပြီး အုတ်အော် သောင်းနင်းတွေ အများကြီးဖြစ်တယ်။ စစချင်းတော့ ရွာသားတွေက စစ်သားတွေကို အားကိုးကြတယ်။ ဘာလို့လဲဆိုတော့ သူတို့က (စစ်သားတွေက) သူတို့ကို ကာကွယ်ပေးမယ်လို့ ထင်ခဲ့ကြတယ်။ ဒါပေမယ့် စစ်သားတွေက ရခိုင် ရွာသားတွေကို ကာကွယ်ဖို့ ဘာမှမလုပ်ခဲ့ကြဘူး။ အဲဒါအစား သူတို့က ရွာသားတွေကို အစားအသောက်တွေ ချက်ခိုင်းတယ်၊ မိန်းကလေးတွေကို ခေါ်တယ်။ ကျွန်မက သူတို့အတွက် ချက်မပေးချင်ဘူးလို့ ပြောပေမယ့် ကျွန်မတို့ အိမ်နားက စစ်တပ်စခန်းကို ကျွန်မကို ဆွဲခေါ်သွားတယ်။ ကျွန်မ ရောက်တဲ့အခါ တခြားရခိုင်အမျိုးသမီး လေးယောက်ကိုလည်း တွေ့တယ်။ အဲဒီမှာ စစ်သားတွေ တစ်ဒါဇင်လောက် ရှိတယ်။ သူတို့က ကျွန်မတို့လက်ကို စွဲတယ်၊ ထိကိုင်တယ်။ သူတို့က ကျွန်မ အဝတ်အစားတွေ ချွတ်ဖို့နဲ့ မုဒိန်းကျင့်ဖို့ ကြိုးစားတယ်။ ကျွန်မတို့အားလုံး အော်ကြတယ်။ သူတို့က သူတို့လက်တွေနဲ့ ကျွန်မတို့ပါးစပ်တွေကို ပိတ်ပေမယ့် တချို့က အော်နိုင်ကြတယ်။ ကျွန်မတို့ မုဒိန်းကျင့်ခံရကာနီးလေးပဲ၊ ဒါပေမယ့် ကျွန်မဦးလေးနဲ့ တခြားသူတွေ ရောက်လာပြီး ကျွန်မတို့ လွတ်လာတယ်။ စစ်သားတွေက ဘာလုံခြုံရေးမှ မပေးဘူး။ အဲဒီအစား ကျွန်မတို့ဆီက ခိုးတယ်။ ကျွန်မတို့ကို ကိုင်တယ်။*[1007]

**၅။သင်္ကေတပုံဆောင်သော အဖြစ်အပျက်။ ၂၀၁၈ ခု ဇန္နဝါရီ ၁၆ ရက် မြောက်ဦး ပစ်ခတ်မှု**

၄၄၄။ ရခိုင်တိုင်းရင်းသားများ၏ သွင်ပြင်လက္ခဏာအား အခိုင်အမာပြောဆိုခြင်းများကို ဆန့်ကျင်သည့် ဖိနှိပ်သည့်လုပ်ဆောင်မှုများအကြောင်း အစီရင်ခံချက်များကို မစ်ရှင်က ရရှိခဲ့သည်။ ထင်ရှားသည့်ဖြစ်ရပ်မှာ ရခိုင်မြို့တော်ဟောင်း မြောက်ဦးတွင် ဖြစ်ပွားသည့် ရခိုင် တိုင်းရင်းသားအခမ်းအနားတစ်ခုကို ဖျက်သိမ်းမှုအား ဆန့်ကျင်သည့် ဆန္ဒပြပွဲနှင့် ပတ်သက်၍

[1005] DI-036.
[1006] DI-014.
[1007] DI-041.

အင်အားအလွန်အကျွံသုံးခြင်း ဖြစ်သည်။ ယင်းအဖြစ်အပျက်တွင် မျက်မြင်သက်သေများကို မစ်ရှင်က တွေ့ဆုံမေးမြန်းခဲ့သည်။[1008]

၄၄၅။ မြောက်ဦးသည် ရှေးဟောင်းရခိုင်ဘုရင် နန်းဆိုက်ခဲ့ရာ နောက်ဆုံးမြို့တော်ဖြစ်ပြီး ရခိုင်တိုင်းရင်းသားလူမျိုးများ၏ လူဦးရေအများဆုံးနေထိုင်ရာ မြို့ဖြစ်သည်။ မြန်မာတပ်များက ထိုဧရိယာကို အနိုင်ရပြီးနောက်တွင် ရခိုင်ဘုရင်အုပ်ချုပ်မှု အဆုံးသတ်ခဲ့သည်ကို အထိန်းအမှတ်အဖြစ် အခမ်းအနားကို နှစ်စဉ် ကျင်းပသည်။ အာဏာပိုင်များထံမှ ခွင့်ပြုမိန့်စောင့်နေရသောကြောင့် နှောင့်နှေးမှုများဖြစ်ပြီး အစပိုင်းအချိန်ရွှေ့ဆိုင်းမှုများ နောက်တွင် ၂၃၃ ကြိမ်မြောက် နှစ်ပတ်လည် အခမ်းအနားကို ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပရန် သတ်မှတ်ထားသည်။ ပြည်နယ်တလွှားမှ ရခိုင်တိုင်းရင်းသားများ မြောက်ဦးသို့ ရောက်လာကြသည်။ သို့ရာတွင် အာဏာပိုင်များက ညနေခင်းအခမ်းအနားကို ရုတ်တရက် ဖျက်သိမ်းလိုက်သည်။ အခမ်းအနားတက်ရောက်ရန် စုဝေးနေကြသည့် လူအုပ်စုကြီးအတွင်း ဤသတင်း ပြန့်နှံ့သွားခဲ့သည်။ လူအုပ်ကြီးက ဆုံးဖြတ်ချက်ကို စတင်ဆန္ဒပြခဲ့ကြသည်။ မျက်မြင်သက်သေတစ်ဦးက ပြန်ပြောပြသည်မှာ-

> *လူတွေက မြောက်ဦးမှာ မနက်ကတည်းက စပြီးစုဝေးနေကြတယ်။ ကျနော်တို့လည်း မြို့ထဲမှာ ရှိပြီး အဲဒီည အခမ်းအနားအတွက် အသင့်ဖြစ်နေတယ်။ ဒါပေမယ့် အခမ်းအနားကို ဖျက်သိမ်းလိုက်တယ်လို့ မမျှော်လင့်ပဲ ကြားလိုက်ရတယ်။ ဒါကြောင့် စုဝေးပွဲက အခမ်းအနားအစား ဆန္ဒပြပွဲ ဖြစ်သွားတယ်။*[1009]

၄၄၆။ ဖြစ်ရပ်တွင်ပါဝင်သူများက ပင်မရဲစခန်းသို့ သွားရောက်ခဲ့ပြီးနောက် ခရိုင်အုပ်ချုပ်ရေးရုံးသို့ မည်သည့်အတွက်ကြောင့် ဖျက်သိမ်းသည်ကို သိရှိရန် သွားရောက်ခဲ့ကြသည်။ ခရိုင်အုပ်ချုပ်ရေးရုံးတွင် လုံခြုံရေးအဖွဲ့များက လူအုပ်ကြီး မဝင်နိုင်အောင် တံခါးကို ပိတ်ထားလိုက်ကြသည်။ ဆန္ဒပြပွဲက ဆက်ဖြစ်နေပြီး လူအုပ်ကြီးက ပိုပြီးစုမိလာသည်။ ညနေ ၆း၃၀ နာရီတွင် ထိုဧရိယာရှိ လမ်းမီးများကို လျှပ်စစ်ဖြတ်တောက်ရန် ဆုံးဖြတ်ချက် ချလိုက်ပုံရသည်။[1010]

၄၄၇။ ခြံဝင်းအတွင်း နေရာယူထားကြသော ရဲများက ကျည်အစစ်များဖြင့် စတင်ပစ်ခတ်သည်။ သူတို့က ပထမစစချင်း မိုးပေါ်ကို ထောင်ပစ်သည်။ ဒေသခံမီဒီယာတို့၏ ထုတ်ပြန်ချက်အရ ဆန္ဒပြသူများသည် လုံခြုံရေးတပ်ဖွဲ့များကို "ရော်ဘာလေးခွများ ကျောက်ခဲများဖြင့်ပစ်ပြီး အုတ်ခဲများဖြင့် ပစ်ပေါက်ကြ"ပြီး တချိန်သို့ ရောက်သောအခါ ရဲနှစ်ဦးထံမှ လက်နက်များကို လုယူရန် ကြိုးစားခဲ့ကြသည်။[1011] အစိုးရ၏ နောက်ဆက်တွဲပြောကြားချက်အရ ရဲများသည် ခေတ်မီရိုင်ဖယ်သေနတ်များဖြင့် အချက် ၂၀ သတိပေး ပစ်ဖောက်ခဲ့ပြီး ပြောင်းချော သေနတ်များဖြင့် အချက် ၄၀ သတိပေး ပစ်ခတ်ခဲ့သည်။[1012]

၄၄၈။ မစ်ရှင်က အင်တာဗျူးခဲ့သော မျက်မြင်သက်သေ၏ပြောကြားချက်အရ ကျည်အစစ်များကို လူအုပ်ဆီသို့လည်း ချိန်ပစ်ခဲ့ပြီး ဆန္ဒပြသူအများအပြားကို ထိမှန်ခဲ့သည်။ ရဲများက လူများကို သေနတ်များ ဒုတ်များဖြင့်လည်း ရိုက်ပြီး မြေကြီးပေါ်တွင် လူများကို ခြေထောက်ဖြင့်ကန်သည်။

---

[1008] CI-161, DI-042, DI-043.

[1009] DI-042.

[1010] Global New Light of Myanmar။ "Seven killed, 12 injured in Mrauk-U riot" (၂၀၁၈ ခု ဇန္နဝါရီလ ၁၈ ရက်)

[1011] Ibid.

[1012] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ "မြောက်ဦး ဆူပူမှုအတွင်း ခုနစ်ဦးသေ၊ ၁၂ ဦး ဒဏ်ရာရ" (၂၀၁၈ ခုနှစ် ဇန္နဝါရီ ၁၇ ရက်)

မျက်မြင်သက်သေများအဆိုအရ မှောင်နေပြီး လူအများက လွတ်မြောက်ရေးအတွက် အရပ်မျက်နှာအမျိုးမျိုးကို ထွက်ပြေးနေကြသောကြောင့် မည်သည့်ဘက်သို့ သေနတ်ဖြင့် ချိန်ပစ်သည်ကို သိရန် ခက်ခဲသည်ဟု ပြောသည်။ မျက်မြင်သက်သေ တစ်ဦးက ပြောသည်မှာ-

> *ကျနော် သေနတ်သံတွေ ကြားလိုက်ရတယ်။ နောက်တော့ အထဲကနေ (ခြံဝင်းအတွင်းကနေ) အဆက်မပြတ် လူအုပ်ထဲကို ပစ်တယ်။ လူနှစ်ယောက် မှန်သွားတာတွေ့တယ်။ အဲဒီနေရာမှာပဲ သူတို့ သေသွားတယ်။ တခြားသူတွေကတော့ ခြေတွေ လက်တွေ ထိကြတယ်။ ရဲတွေက လူအုပ်ထဲကို ညအချိန်မှာ ပစ်တယ်။ သူတို့က လူတွေကို သေနတ်တွေ။ ဒုတ်တွေနဲ့ရိုက်တယ်၊ စစ်ဖိနပ်တွေနဲ့လည်း လူတွေကို နင်းတယ်။*[1013]

၄၄၉။ အနည်းဆုံး ရခိုင်တိုင်းရင်းသားဆန္ဒပြသူ ခုနစ်ဦး သေနတ်မှန် သေဆုံးခဲ့ပြီး အနည်းဆုံး ၁၂ ဦးမှာ ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်။ အစိုးရက ထုတ်ပြန်သော ကြေညာချက်အရ "ဆူပူအုံကြွမှု မြင့်မားလာသည်နှင့်အမျှ၊ အာဏာပိုင်များက ပြောသည်မှာ လုံခြုံရေးတပ်ဖွဲ့များသည် သေနတ် ၁၀ ချက်ကို လူအုပ်အတွင်းသို့ ရိုင်ဖယ်သေနတ်များ၊ ပြောင်းချောရိုင်ဖယ် သေနတ်များဖြင့် ပစ်ခတ်ခဲ့ရာ လူ ခုနစ်ဦး သေဆုံးခဲ့သည်"။[1014]

၄၅၀။ နောက်ပိုင်းတွင် ရဲများက လူများကို စတင်ဖမ်းဆီးခဲ့သည်။ အထူးသဖြင့် လူငယ်များ ဖြစ်သည်။ ပါဝင်သူ အတော်များများက ဖမ်းဆီးခံရမည်ကို စိုးရိမ်သောကြောင့် မြန်မာနိုင်ငံမှ ထွက်ပြေးကြသည်။ မျက်မြင်သက်သေတစ်ဦးက ပြောသည်မှာ-

> *အဖြစ်အပျက်နောက်ပိုင်းမှာ အာဏာပိုင်တွေက ဆန္ဒပြပွဲမှာပါဝင်ခဲ့တဲ့ လူတွေနဲ့ အဖြစ်အပျက်ကို ကိုယ်တိုင်တွေ့ခဲ့တဲ့သူတွေကို စပြီး ဖမ်းပါတယ်။ ကျနော်လည်း ပစ်မှတ်ဖြစ်လာတယ်။ ဘာလို့လဲဆို ကျနော်က ဒဏ်ရာရတဲ့ သူငယ်ချင်းကို ကြည့်ဖို့ ဆေးရုံကို ခဏခဏ သွားခဲ့လို့ ဖြစ်တယ်။ ဆေးရုံဝင်းထဲမှာ ရဲတွေက မတွေ့နိုင်အောင် ပိတ်ထားတဲ့အတွက် ကျနော်သူငယ်ချင်းကို ကျွန်တော် မတွေ့ခဲ့ရဘူး။ ရဲတွေက ကျနော်ကို ဆေးရုံပတ်ဝန်းကျင်မှာ တွေ့သွားနိုင်တယ်။*[1015]

၄၅၁။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် အစိုးရသည် ဆန္ဒကျင်မှုများကို ချောမွေ့အောင် လုပ်ဆောင်ပေးရန် တာဝန်ရှိသည်။ ဥပဒေစိုးမိုးရေး အရာရှိများ၏ အင်အားသုံးခြင်းသည် ချွင်းချက်သာဖြစ်ရမည်။ အင်အားတစ်စုံတစ်ရာ အသုံးပြုခြင်းသည် မရှိမဖြစ်လိုအပ်မှုနှင့် အတိုင်းအတာမျှတမှု ဥပဒေသများကို လိုက်နာရမည်။ အင်အားအသုံးပြုမှု အတိုင်းအတာသည် အခြေအနေများတွင် လိုအပ်သော အနည်းဆုံး အနေအထား အကန့်အသတ်ဖြစ်ရမည်ဖြစ်ပြီး အကြမ်းဖက်မှုကို အသုံးပြုနေသော လူပုဂ္ဂိုလ် သို့မဟုတ် အန္တရာယ် ပြုဒ့်ဆဲဆဲ ခြိမ်းခြောက်မှုရှိနေသော ဖယ်ရှားရန် လူပုဂ္ဂိုလ်များကို ပစ်မှတ်ထားရမည်။ လူစုဝေးပွဲများတွင် သေနတ်များအသုံးပြုရန် သီးသန့်စည်းမျဉ်းများကို အသုံးပြုရမည်။ အသက်အန္တရာယ်ကို ကာကွယ်ရန် ဖြစ်စေ သို့မဟုတ် အသက်အန္တရာယ်ဖြစ်လောက်သော ထိခိုက်ဒဏ်ရာရမှုများကို ကာကွယ်ရန် ဖြစ်စေ အန္တရာယ် ဖြစ်ဒ့်ဆဲဆဲ ခြိမ်းခြောက်မှုအပေါ်တွင်သာ အသုံးပြုနိုင်သည်။ ထိုနေရာတွင် အခြားသော ဖြစ်နိုင်ချေ

---

[1013] DI-042.

[1014] Global New Light of Myanmar၊ "မြောက်ဦး ဆူပူမှုတွင် ခုနစ်ဦး သေ၊ ၁၂ ဦးဒဏ်ရာရ" (၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁၈ ရက်)

[1015] CI-161.

ရွေးချယ်စရာ ဥပမာ ဖမ်းဆီးခြင်း သို့မဟုတ် မသေစေနိုင်သော အင်အားသုံးခြင်း မလုပ်နိုင်သည့်အခြေအနေမျိုးလည်း ဖြစ်ရမည်။ လူအုပ်စုကို လူစုခွဲရန် သက်သက်ဖြင့် သေနတ်ကို မည်သည့်အခါမျှ မသုံးရပါ။ ပစ်မှတ်အတိအကျမရှိပဲ လူအုပ်အတွင်းသို့ ပစ်ခြင်းသည် မည်သည့်အခါမျှ ဥပဒေနှင့် မညီညွတ်ပါ။[1016]

၄၅၂။ ဖြစ်ရပ်မှာ လုံးဝမှောင်မိုက်နေသည့်အထဲတွင် ရဲကလူအုပ်အတွင်းသို့ ကျည်အစစ်ကို အသုံးပြုခဲ့ခြင်းကြောင့် ရလာဒ်အဖြစ် အနည်းဆုံး ဆန္ဒပြသူခုနစ်ဦး သေဆုံးခဲ့ခြင်းမှာ အငြင်းပွားဖွယ်မရှိပေ။ မစ်ရှင်၏ မှတ်သားချက်တွင် အချို့သောဆန္ဒပြသူများသည် အကြမ်းဖက်မှု (ခဲများဖြင့် ပစ်ခြင်း) ကို အသုံးပြုနိုင်သော်လည်း လမ်းမီးများ ပိတ်လိုက်ပြီးနောက် ညအချိန်တွင် လူအုပ်ထဲသို့ ခေတ်မီရိုင်ဖယ်သေနတ်ဖြင့် ပစ်ခတ်လောက်အောင် အခွင့်ပြုသင့်သည့် သေလောက်သည့်အင်အားကို အသုံးပြုရန် အကြောင်းခိုင်လုံသော၊ အသက်အန္တရာယ် သို့မဟုတ် အသက်ကို အန္တရာယ်ပြုလောက်သည့်၊ ထိခိုက်ဒဏ်ရာ ကျရောက်လုဆဲဆဲ ခြိမ်းခြောက်မှုတစ်ခုခု ရှိနေသည့် ညွှန်းပြမှုများကို မတွေ့ရပေ။ ထို့ကြောင့် မစ်ရှင်သည် ဤဆန္ဒပြမှုတွင် ရဲများသည် အင်အားအလွန်အကျွံ သုံးစွဲသည်ဟူသော ကောက်ချက်ချရန် ကျိုးကြောင်းခိုင်လုံသည့် အကြောင်းအရာ ရှိသည်။

၄၅၃။ ဤဖြစ်ရပ်၏ ပိုမိုကျယ်ပြန့်သော အခြေအနေက နောက်ထပ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် အကြောင်းခိုင်လုံသည်။ ယင်းတွင် အခမ်းအနားကို ကန့်သတ်ရန် တားမြစ်ချက်သည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် ကိုက်ညီမှုရှိမရှိ၊ မတရားသင်းအက်ဥပဒေ (ပုဒ်မ ၁၇/၁) ဖြင့် စွဲချက်တင်ပြီး ဆန္ဒပြသူများ နှင့် ထင်ရှားသော ရခိုင်လူကြီးနှစ်ဦး (ရခိုင်စာရေးဆရာ ဝေဟင်အောင် နှင့် ရခိုင်အမျိုးသားပါတီ၏ ယခင်ခေါင်းဆောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ အေးမောင်) တို့ကို ဖမ်းဆီး အရေးယူမှုများသည် ဥပဒေမဲ့ သို့မဟုတ် ထင်ရာမြင်ရာ ပြုလုပ်ခြင်း ဟုတ်မဟုတ် နှင့် အဖြစ်အပျက်များအား ကိုင်တွယ်မှုတစုံလုံးသည် တာဝန်ခံမှု ရှိမရှိနှင့် ရခိုင်တိုင်းရင်းသား သွင်ပြင်လက္ခဏာ ဖော်ထုတ်မှုကို ခွဲခြားဆက်ဆံသော ကန့်သတ်ချက်ဟုတ်မဟုတ် ဆန်းစစ်ရန်တို့ ပါဝင်သည်။

**၆။နိဂုံးချုပ်ချက်**

၄၅၄။ ရခိုင်တိုင်းရင်းသားတို့ တွေ့ကြုံနေရသော ဆိုးရွားပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် မြန်မာနိုင်ငံ၏ အခြားတိုင်းရင်းသား အုပ်စုများ ကြုံတွေ့နေရမှုများနှင့် ဆင်တူသည်။ အများစုမှာ တပ်မတော်က ဖောက်ဖျက်ကျူးလွန်သည်။

၄၅၅။ တပ်မတော်က ရခိုင်တိုင်းရင်းသားများအပေါ် စေခိုင်းသည့် အဓမ္မလုပ်အား နှင့် မလုပ်မနေရ လုပ်အားတို့မှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပြီး နိုင်ငံတကာအလုပ်အသမားဥပဒေ နှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေတို့အောက်ရှိ တာဝန်များကို ချိုးဖောက်သည်။ မှတ်တမ်းတင်ထားသော ဖြစ်ရပ်များက လုပ်ဆောင်မှုများသည် ခြိမ်းခြောက်မှု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အင်အား အသုံးပြုမှု နှင့် (သတ်ဖြတ်ရန်) ခြိမ်းခြောက်မှုတို့အောက်တွင် အတိအကျ ဖြစ်နေသည်။ ကျူးလွန်ခံရသူများမှာ လွတ်လပ်သောရွေးချယ်ခြင်း မရှိပဲ လိုက်နာရန်ကလွဲ၍ မရှိပါ။ မစ်ရှင်ကို တလျှောက်လုံး ပြောပြခဲ့သည့် အလုပ်အမျိုးအစားများနှင့် သူတို့ လုပ်ကိုင်ကြရသည့်

[1016] A/HRC/31/66၊ စာပိုဒ် ၅၇-၆၀။ A/HRC/26/36၊ စာပိုဒ် ၇၅။ OHCHR နှင့် ကုလသမဂ္ဂ မူးယစ်ဆေးဝါးနှင့် ရာဇဝတ်မှု ရုံး၊ "Resource book on the use of force and firearms in law enforcement" (နယူးယောက်၊ ကုလသမဂ္ဂ၊ ၂၀၁၇ ခုနှစ်)

အခြေအနေများမှာ နိုင်ငံတကာဥပဒေများအောက်တွင် ခွင့်ပြုနိုင်သော သေးငယ်သော လူမှုဝန်ဆောင်မှုများဟု အနက်အဓိပ္ပါယ် မကောက်ယူနိုင်ပါ။ တပ်မတော်သည် ရွာသားများကို နာခံလာစေရန် အနိုင်ကျင့်သည်၊ အင်အားသုံးသည်၊ အကြပ်ကိုင်သည်။ ယင်းသည် အများအပြားသော အဓမ္မဖယ်ရှားခြင်းများကို ဖြစ်ပေါ်စေပြီး ရွာသားများ၏ ပိုင်ဆိုင်ခွင့် အခွင့်အရေးကို လုံးဝမလေးစားခြင်းဖြစ်သည်။ တပ်မတော်စစ်သားများသည် သူတို့လိုချင်သည့်အချိန်တွင် လိုချင်သည့်အရာကို ယူသည်။ ထိုသို့လုပ်ခြင်းဖြင့် သူတို့သည် ရခိုင်တိုင်းရင်းသားရွာသားများနှင့် သူတို့၏မိသားစုများကို စီးပွားရေးအကြပ်အတည်းနှင့် ဆင်းရဲခြင်းသို့ တွန်းပို့သည်။ တပ်မတော်၏ လမ်းကြောင်းတလျှောက် စည်းမဲ့ဘောင်မဲ့ လုပ်ခြင်း အတိုင်းအတာနှင့် အာဏာအလွဲသုံးမှုတို့သည် အလွန်ထိတ်လန့်ဖွယ်ကောင်းလှပေသည်။

၄၅၆။ ယင်းသို့ပြုမူလုပ်ဆောင်မှုသည် စည်းမဲ့ဘောင်မဲ့ အသက်သေစေခြင်း၊ စည်းမဲ့ဘောင်မဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း၊ လိင်ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေပြု အကြမ်းဖက်မှု၊ နှင့် အခြားသော ပြင်းထန်သည့်ရက်စက်မှုများအပါအဝင် အခြားသော လူ့ခွင့်အရေးချိုးဖောက်မှု အများအပြားကို ဖြစ်ရန် တွန်းအားဖြစ်သည်။[1017] ထိုချိုးဖောက်မှုများသည် ထွက်ပြေးရန် ကြိုးပမ်းခြင်း၊ ဆန့်ကျင်ခြင်း သို့မဟုတ် လာဒ်လာဘ မပေးနိုင်ခြင်းတို့နှင့် မကြာခဏ ဆက်စပ်နေသည်။

၄၅၇။ မစ်ရှင်သည် ပညာသင်ကြားခွင့်၊ ကျန်းမာရေး၊ ယဉ်ကျေးမှု၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ လွတ်လပ်စွာ ငြိမ်းချမ်းစွာ စုစည်းမှုနှင့် အဖွဲ့အစည်း ဖွဲ့စည်းပိုင်ခွင့်၊ နှင့် ဘာသာရေးလွတ်လပ်ခွင့် တို့အပါအဝင် အခြားသောချိုးဖောက်မှုများကို ညွှန်ပြနေသော အပိုဆောင်းရရှိသော အချက်အလက်များအပေါ် နောက်ထပ်စိုးရိမ်မှု ဖြစ်ရသည်။ သို့ရာတွင် ဤစွပ်စွဲချက်များအပေါ် အချက်အလက်များမှာ ယခုအဆင့်တွင် ရှာဖွေရန် လုံလောက်မှု မရှိသေးပေ။

## ခ.ခ။ရိုဟင်ဂျာများအပေါ် စံနစ်တကျ ဖိနှိပ်ခြင်းနှင့် မတရားနိုပ်စက်ညှဉ်းပန်းခြင်း

> *ရခိုင်ပြည်နယ်မှာ မွတ်စလင်တွေဟာ လှိုဏ်ဂူထဲ ရောက်နေသလိုပဲ၊ သူတို့ အပြင်ကို ခရီးမသွားနိုင်ဘူး။ ရခိုင်က မွတ်စလင်တွေအတွက် လူ့အခွင့်အရေးဆိုတာ မရှိဘူး။ ဘုရားက ဘာဖြစ်လို့ ကျွန်တော်တို့ကို ဒီကို ပို့လိုက်သလဲဆိုတာ မသိဘူး။*[1018]

၄၅၈။ ရိုဟင်ဂျာများသည် မွေးဖွားချိန်မှ သေဆုံးသည်အထိ ပြင်းထန်သော၊ စနစ်တကျဖြစ်သော နှင့် ဖွဲ့စည်းတည်ဆောက်ထားသော ဖိနှိပ်မှုအခြေအနေတွင် ရှိသည်။ သူတို့၏ အလွန်အကျွံ ထိခိုက်လွယ်မှုသည် ရိုဟင်ဂျာများကို ဘေးဖယ်ခဲ့ပြီး သူတို့၏ လူ့အခွင့်အရေးခံစားခွင့်များကို လုံးပါးပါးစေခဲ့ခြင်းသည် အစိုးရမူဝါဒနှင့် အလေ့အထများကို ဆယ်စုနှစ်များစွာ အကောင်အထည်ဖော်မှု၏ နောက်ဆက်တွဲ ရလာဒ်များ ဖြစ်သည်။ ရိုဟင်ဂျာများကို "အခြားဖြစ်စေခြင်း" လုပ်ငန်းစဉ်နှင့် သူတို့အပေါ် ခွဲခြားဆက်ဆံမှုများသည် မစ်ရှင် တာဝန်ယူလုပ်ဆောင်ရသောကာလ မတိုင်မီကတည်းက စတင်နေခဲ့သည်။

၄၅၉။ ဤဖိနှိပ်မှုစနစ်၏ အခြေခံအုတ်မြစ်မှာ ရိုဟင်ဂျာတို့၏ တရားဝင်ဖြစ်မှုအနေအထား မရှိခြင်း ဖြစ်သည်။ ယင်းသည် သူတို့၏ လှုပ်ရှားမှုကို သက်ရောက်သော ကန့်သတ်မှုများ၊

---

[1017] CI-057, CI-059, CI-061, CI-157, CI-162, DI-014, DI-029, QI-072, QI-073.

[1018] DI-007.

အခြေခံစားဝတ်နေရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြားသော လူ့အခွင့်အရေးချိုးဖောက်မှု အများအပြားနှင့် ပေါင်းစပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာတို့၏ ဘဝမှာ တဖြေးဖြေးနှင့် ပို၍ပို၍ ဆက်လက်ထိန်းသိမ်းကာကွယ်နိုင်စွမ်း ကင်းမဲ့လာသည်။

### ၁။ တရားဝင်ဖြစ်မှု အခြေအနေနှင့် သွင်ပြင်လက္ခဏာပြဋ္ဌာန်းချက်ကို ငြင်းပယ်ခြင်း

၄၆၀။ မြန်မာအာဏာပိုင်များသည် အစဉ်တစိုက်နှင့် နှုတ်အားဖြင့် အခိုင်အမာပြောဆိုသည်မှာ "မြန်မာနိုင်ငံတွင် ရိုဟင်ဂျာမရှိ" ဟူ၍ဖြစ်သည်။ သူတို့က "ရိုဟင်ဂျာ" အမည် အသုံးပြုမှုကို ဆန့်ကျင်ပြီး ထိုအုပ်စုအား "ဘင်္ဂါလီ" ဟုခေါ်ပြီး ရိုဟင်ဂျာသည် မြန်မာနိုင်ငံနှင့် မသက်ဆိုင်ဟု ငြင်းဆိုသည်။ သူတို့ကို "တိုင်းရင်းသား လူမျိုး" တစ်ခုအဖြစ် မစဉ်းစားပဲ မကြာခဏပင် ဘင်္ဂလားဒေ့ရှ်မှ "တရားမဝင် ရွှေ့ပြောင်းလာသူများ" အဖြစ် ညွှန်းဆိုကြသည်။ ယင်းသည် အစဉ်အမြဲ မှန်နေသည် မဟုတ်သေးပါ။ နိုင်ငံသားဖြစ်မှုနှင့် တရားဝင်မှု အခြေအနေကို စီမံခန့်ခွဲသည့် အစဉ်အဆက် ဥပဒေများနှင့် မူဝါဒများသည် သူတို့၏ပုံဖော်ဆောင်မှုထဲတွင် ပို၍ ပို၍ ဘေးဖယ်ကျဉ်မှုများလာပြီး အကောင်အထည်ဖော်ရာတွင် စည်းမဲ့ဘောင်မဲ့နှင့် ခွဲခြားဆက်ဆံမှုများ ရှိခဲ့သည်။ ယနေ့တွင် ရိုဟင်ဂျာအများစုကြီးမှာ တရားဝင်မှု အနေအထား သို့မဟုတ် မည်သူမည်ဝါဖြစ်သည်ကို သက်သေပြရန်မရှိပဲ တရားမဝင် နိုင်ငံမဲ့များ ဖြစ်နေသည်။

### (က) မွေးစာရင်းများ ငြင်းပယ်ခြင်း

၄၆၁။ တရားဝင် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားမှာ မွေးစာရင်းက စတင်သည်။ ယင်းသည် ကလေးကို တရားဝင်အသိအမှတ်ပြုမှု ပေးသည်။ ကလေးအခွင့်အရေး သဘောတူညီချက် (CRC) ပုဒ်မ ၇ အရ ကလေးတိုင်းသည် မွေးဖွားပြီးသည်နှင့် ချက်ချင်း စာရင်းသွင်းခွင့် ရှိသည်။ စာရင်းသွင်းနိုင်မှုကို ကလေး သို့မဟုတ် ကလေး၏ မိဘများ၏ လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေး သို့မဟုတ် အခြား အယူအဆ၊ နိုင်ငံသား၊ တိုင်းရင်းသား သို့မဟုတ် လူမှုရေး အခြေခံ၊ ပိုင်ဆိုင်မှု၊ မသန်စွမ်းမှု၊ မွေးဖွားမှု သို့မဟုတ် အခြားအခြေအနေ အခြေခံတို့ အပါအဝင် မည်သို့သော အမျိုးအစား ခွဲခြားဆက်ဆံမှုဖြင့်မှ ဖယ်ရှားခြင်း မရှိစေရ။ နိုင်ငံသား မဟုတ်သော သို့မဟုတ် နိုင်ငံမဲ့ ကလေးများ အပါအဝင် ကလေးများအားလုံးသည် သူတို့မွေးဖွားသောနိုင်ငံတွင် မွေးစာရင်းသွင်းခွင့် ရရှိရမည်။[1019]

၄၆၂။ မြန်မာနိုင်ငံတွင် မွေးစာရင်းသွင်းခြင်းနှင့် ပတ်သက်သည့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ အများအပြားရှုတ်ထွေးလျက် ရှိသည်။ စနစ်ကို ဝန်ကြီးဌာနအများအပြားက စီမံခန့်ခွဲထားခြင်းဖြင့် လုပ်ထုံးလုပ်နည်းများကို ရှုတ်ထွေးစေပြီး အထူးသဖြင့် ရိုဟင်ဂျာများအတွက် စောင့်ကြည့်ရန် ခက်ခဲသည်။ [1020] ၁၉၉၃ ခုနှစ် မြန်မာနိုင်ငံကလေးဥပဒေ၏ ပုဒ်မ ၉ (ခ) အရ "မိဘများနှင့် အုပ်ထိန်းသူများသည် ဥပဒေနှင့်အညီ ကလေးမွေးဖွားခြင်းကို စာရင်းသွင်းရမည်။" ဟု ပါရှိသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေတွင် အလားတူ လိုအပ်ချက်ပါဝင်သော်လည်း ယင်းမှာ "နိုင်ငံတော် အတွင်းနှင့် ပြင်ပတွင် မွေးဖွားသော နိုင်ငံသားများ" အတွက်သာ အကျုံးဝင်ပြီး ကလေးများကို စာရင်းသွင်းရန် ပျက်ကွက်သော မိဘများနှင့် အုပ်ထိန်းသူများအား အပြစ်ပေး

[1019] See A/HRC/27/22, para. 11.

[1020] K-063.11. မြန်မာနိုင်ငံ မွေးစာရင်း စနစ်သည် နေရာ ဒေသအလိုက် ကွဲပြားခြားနားပြီး အောက်ပါ ဝန်ကြီးဌာနများသည် အလားတူ လုပ်ဆောင်မှု ရယူထားသည်။ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာန၊ ပြည်ထဲရေး ဝန်ကြီးဌာန၊ ကျန်းမာရေး ဝန်ကြီးဌာန၊ နှင့် အမျိုးသား စီမံကိန်းနှင့် စီးပွား ဖွံ့ဖြိုးရေး ဝန်ကြီးဌာန။ ၂၀၁၂ ခုနှစ်မှစ၍ ရွာအုပ်ချုပ်ရေးမှူးများသည်လည်း တာဝန်ခံမှုရှိသွားသည်။

အရေးယူသည့် ကိစ္စရပ်များ ပါဝင်သည်။ အချိန်မှီ မွေးစားရင်းသွင်းရန် ပျက်ကွက်ပါက ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု စီမံခန့်ခွဲမှု ဥပဒေ အောက်တွင် ရာဇဝတ် ပြစ်မှုပြစ်ဒဏ်များကိုလည်း ခံရနိုင်သည်။

၄၆၃။ ယုံကြည်ရလောက်သော အစီရင်ခံချက်များအရ အာဏာပိုင်များသည် ၁၉၉၀ ခုနှစ်များအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာ ကလေးများကို မွေးစားရင်းထုတ်ပေးခြင်းအား မူဝါဒ အပြောင်းအလဲအတွက် မည်သည့် အကြောင်းပြချက်မှ မပေးပဲ ရပ်ဆိုင်းခဲ့သည်။[1021] ထိုအချိန်မှ စ၍ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရိုဟင်ဂျာကလေးများ မွေးဖွားခြင်းအတွက် "စာရင်းသွင်းခြင်း" သည် "အိမ်ထောင်စုစာရင်း" ဟုခေါ်သော စာရင်းတွင် ထည့်သွင်းခြင်းသာ ရှိသည်။[1022] ယင်းထည့်သွင်းမှုသည် တရားဝင်ဖြစ်မှု အထောက်အထား လက်မှတ်များ၊ ခရီးသွားခွင့်ပြုချက်များ၊ လက်ထပ်ခွင့်ပြုခြင်းများ နှင့် အစိုးရ ကျောင်းအများစုတွင် ကျောင်းဝင်ခွင့်တို့အတွက် ကြိုတင်လိုအပ်ချက် ဖြစ်သည်။ မိဘများ၏ တောင်းဆိုချက်အပေါ်တွင် ရွာအုပ်ချုပ်ရေးမှူး သို့မဟုတ် "ကျေးရွာအုပ်စုမှ ကိုယ်စားပြုပုဂ္ဂိုလ်" က "မွေးဖွားကြောင်း သက်သေခံ လက်မှတ်" ကို ထုတ်ပေးနိုင်သည်။[1023] ဤလုပ်ထုံးလုပ်နည်းအတွက် ကုန်ကျစားရိတ်မှာ နေရာတနေရာနှင့် တနေရာ မိသားစုတစ်ခုနှင့် တစ်ခု ကွာခြားသည်။ ထို့နောက်တွင် မိဘများသည် လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များအား ချဉ်းကပ်ပြီး သူတို့၏ အိမ်ထောင်စုစာရင်း ပြင်ဆင်ဖြည့်စွက်ရန် တောင်းဆိုရပြီး နောက်ထပ် တရားမဝင် အခကြေးငွေကို ပေးရသည်။[1024] ဘူးသီးတောင်မှ အင်တာဗျူးပေးသူ တစ်ဦးက ပြောသည်မှာ-

> *ရိုဟင်ဂျာတွေက မွေးဖွားကြောင်း သက်သေခံလက်မှတ်ရဖို့နဲ့ မိသားစုစာရင်းမှာ အသစ်မွေးတဲ့ ကလေးထည့်ဖို့အတွက် ပိုက်ဆံအများကြီးပေးရတယ်။ ပေးရတဲ့ ပမာဏကတော့ တစ်ခါနဲ့ တစ်ခါမတူဘူး။ ရေးထားတဲ့ သတ်မှတ်ချက်မရှိဘူး။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ရိုဟင်ဂျာတွေအတွက်ပဲ အာဏာပိုင်တွေက ဒီ သတ်မှတ်ချက်တွေအားလုံးကို လုပ်ထားတာ။*[1025]

၄၆၄။ မောင်တောက အင်တာဗျူးဖြေသူတစ်ယောက်က ဤလုပ်ထုံးလုပ်နည်းသည် လူပ်ရှားသွားလာမှုအပေါ် မည်သို့ ခက်ခဲနှောင့်နှေးစေသည်ဆိုသည်နှင့် အိမ်ထောင်စုဇယားကို အချိန်မှီ ပြင်ဆင်ဖြည့်စွက်ခြင်း မပြုခြင်းဖြင့် မည်သို့သော ဘေးအန္တရာယ်များ ဖြစ်လာနိုင်သည်ကို ရှင်းပြသည်။

> *ကျနော့် ပထမသမီးမွေးပြီးတဲ့အခါ ကျနော်က ရွာအုပ်ချုပ်ရေးမှူးဆီသွားပြီး သူ့ရုံးက တယောက်ယောက်ကို နစခဆီမှာ ကျွန်တော့်သမီးမွေးတဲ့ အကြောင်း သွားပြောပေးဖို့ နဲ့ သူ့ကို အိမ်ထောင်စုစာရင်းမှာ ထည့်ဖို့ ၁၅, ၀၀၀ ကျပ် ပေးခဲ့တယ်။ ကျွန်တော်ကိုယ်တိုင် ဂိတ်ကို ဖြတ်မသွားနိုင်ဘူး ဘာလို့လဲဆိုတော့ သွားစရာမရှိတာရယ် ခရီးသွားဖို့အတွက် ခွင့်ပြုချက်လိုတာရယ်ကြောင့် ဖြစ်တယ်။ ရွာအုပ်ချုပ်ရေးမှူးက ကျွန်တော့်သမီးကို စာရင်းသွင်းဖို့ လုပ်ပြီးပြီလို့ ကျွန်တော်ကထင်ထားလိုက်တာ။ ရက်နည်းနည်းကြာတော့ အာဏာပိုင်တွေက ကျွန်တော်တို့ရွာကိုလာပြီး အိမ်ထောင်စု စာရင်းတွေ စစ်တယ်။ သူတို့ ကျွန်တော့်သမီးကို တွေ့ပေမယ့် သူက စာရင်းထဲမှာ ပါမနေဘူး။ ကျနော် ကျပ် ၅၀, ၀၀၀*

[1021] K-063.10, K-063.11

[1022] ဤအပိုင်း အခန်း B.5.b။ အိမ်ထောင်စု စာရင်းများဆိုင်ရာ ကန့်သတ်ချက်များကို ကြည့်။

[1023] K-063.11.

[1024] CI-061, CI-082, CI-094, DI-001, K-063.10.

[1025] CI-061.

*ပေးလိုက်ရတယ်။ ကျနော် တခြားလူတွေ အကူအညီနဲ့ ပိုက်ဆံလိုက်စုရတယ်။ ဒါမှမဟုတ်ရင် ကျနော်ထောင် ခြောက်လ အချခံရမယ်။*[1026]

၄၆၅။ ၂၀၁၅ ဒီဇင်ဘာလတွင် ရိုဟင်ဂျာ ကလေးများကို ပစ်မှတ်ထားသော လုပ်ထုံးလုပ်နည်းအသစ်ကို စာရွက်စာတမ်း တစ်စောင်တွင် "အိမ်ထောင်စု လူဦးရေ စာရင်းတွင် ဘင်္ဂလီတိုင်းရင်းသားများမှ မွေးဖွားလာသောကလေးများ၏ မွေးစာရင်းထည့်သွင်းခြင်း" အတွက် လိုအပ်ချက်များကို ဖော်ပြထားသည်။ ယုံကြည်ရလောက်သော အစီရင်ခံချက်များအရ ယင်း ထပ်မံဖြည့်စွက်သော စီမံခန့်ခွဲမှု လိုအပ်ချက်များသည် လုပ်ငန်းစဉ်ကို ပိုမိုရှည်ကြာစေသည်။ ရလာဒ်အားဖြင့် ၂၀၁၆ ခုနှစ်အတွင်းတွင် အသစ်မွေးဖွားသူ အရေအတွက် အနည်းငယ်သာလျှင် အိမ်ထောင်စု စာရင်းများတွင် ဖြည့်စွက်နိုင်ခဲ့သည်။ တနေရာနှင့် တနေရာ တူညီသော အကောင်အထည်ဖော်မှုနှင့် လျော့ကျထားမှုများကို ငြင်းပယ်သည့်ဖြစ်ရပ်များကို ကြားသိကြရသည်။[1027]

၄၆၆။ အချို့သော ရိုဟင်ဂျာ ကလေးများသည် သီးခြား "အမည်ပျက်စာရင်းဝင် ကလေး ပုံစံ" သို့မဟုတ် "တရားမဝင်ကလေး ပုံစံ" တွင် ဖြည့်စွက်ခြင်း ခံရသည်။ ယင်းတွင် တရားဝင် လက်ထပ်မှုခွင့်ပြုချက် မရသော မိဘများမှ မွေးဖွားသော ကလေးများ၊ အိမ်ထောင်စု စာရင်းပြင်ဆင်ဖြည့်စွက် ဆောင်ရွက်မှုတွင် ပါဝင်ခြင်းမရှိသော မိဘများ၏ ကလေးများ။ မွေးစားကလေးများနှင့် ရိုဟင်ဂျာများ၏ ကလေးအရေအတွက်ကို နှစ်ဦးသာ ကန့်သတ်ထားသည့် ဒေသန္တရအမိန့်၏ သက်ရောက်မှုအောက်တွင် မွေးဖွားသော ကလေးများ ပါဝင်သည်။ ၂၀၁၃ ခုနှစ် ဧပြီလတွင် "အမည်ပျက်စာရင်း" သွင်းထားသော ကလေးပေါင်း ၅,၁၁၁ ဦးရှိသည်ကို သိရှိရသည်။[1028] ထို "အမည်ပျက်" စာရင်းတွင် ထည့်သွင်းခံရသည့် ကလေးအရေအတွက်မှာ များစွာ ပိုမိုမည်ဟု ယုံကြည်ရသည်။

၄၆၇။ အိမ်ထောင်စုစာရင်းအတွင်း မွေးဖွားသူအသစ်များ၏ စာရင်းသွင်းမှုကို တပြေးညီလုပ်ဆောင်ခြင်းမရှိသည့်အတွက် ရလာဒ်အနေဖြင့် ရခိုင်ပြည်နယ်တွင် စာရင်းမသွင်းရသေးသော ရိုဟင်ဂျာ ကလေးများမည်မျှ ရှိသည်ကို မသိနိုင်ပဲ ဆက်ရှိနေသည်။ ခန့်မှန်းချက်များက ရခိုင်ပြည်နယ်ရှိ ကလေးများ၏ ထက်ဝက်ခန့်မှာ စာရင်းမသွင်းပဲ ရှိနေသည်ဟု ဆိုသည်။[1029]

၄၆၈။ ရခိုင်ပြည်နယ်အပေါ် အကြံပေး ကော်မရှင်၏ ယာယီ အစီရင်ခံစာတွင် အစိုးရအပေါ် အကြံပေးချက်အဖြစ် "မွေးစာရင်းသွင်းမှု လှုပ်ရှားမှုတစ်ခုကို ကလေးများ အားလုံးထံ ရောက်ရှိစေရန် တစ်အိမ်ဆင်းတစ်အိမ်တက် ရွေ့လျားအဖွဲ့များဖြင့် လုပ်ဆောင်သွားရန်" အကြံပြုချက်တစ်ရပ် ပါဝင်သည်။[1030] ၂၀၁၇ ခုနှစ် ဇူလိုင်လတွင် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေအတွက် အထူးကိုယ်စားလှယ်က အာဏာပိုင်များအနေဖြင့် အကြံပေး ကော်မရှင်ထံမှ ယာယီအကြံပြုချက်များနှင့်အညီ မွေးစာရင်းကို တိုးတက်စေရန် ကြိုးစားအားထုတ်မှုများ ကို အကြောင်းကြားခဲ့ကြောင်း ပြောပြသည်။ သူက ရခိုင်ပြည်နယ်တွင်

1026 CI-094.

1027 K-063.12, K-076.

1028 K-063.10.

1029 ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ ကြားဖြတ် အစီရင်ခံစာနှင့် အကြံပြုချက်များ (၂၀၁၇ ခု မတ်လ)၊ စာမျက်နှာ ၁၂ တွင်ကြည့်။ see also: CRC/C/MMR/CO/3-4၊ စာပိုဒ် ၄၃-၄၄(ဃ) တွင်လည်း ကြည့်။

1030 Ibid.

မွေးစာရင်း ၂၀,၀၀၀ ကျော် ထုတ်ပေးမှုကို ကြိုဆိုခဲ့သည်။[1031] ယာယီ အကြံပြုချက်များနှင့် ပတ်သက်၍ ဤမွေးစာရင်းများ သို့မဟုတ် အခြားသော မွေးစာရင်းများ ထုတ်ပေးခြင်းနှင့် ပတ်သက်သည့် နောက်ထပ် အသေးစိတ်အချက်အလက်များကို မစ်ရှင်က သိရှိရခြင်း မရှိပါ။ အကောင်အထည်ဖော်မှု အစီရင်ခံစာ (၂၀၁၈ ခုနှစ် ဇန္နဝါရီမှ ဧပြီလ) တွင် ရခိုင်ပြည်နယ်အပေါ် အကြံပြုချက်များ အကောင်အထည်ဖော်ဆောင်ရေး ကော်မတီသည် ရိုဟင်ဂျာ ကလေးများအတွက် မွေးစားရင်းများ ထုတ်ပေးမှုနှင့် သက်ဆိုင်သည့် မည်သည့် ကိုးကားဖော်ပြချက်ကိုမျှ လုပ်ဆောင်ခဲ့ခြင်း မရှိပါ။[1032]

**(ခ)နိုင်ငံသားဖြစ်မှု ငြင်းပယ်ခြင်း။**

၄၆၉။ တရားဝင်ဖြစ်မှုနှင့် မည်သူမည်ဝါဖြစ်သည်ဆိုခြင်းကို နိုင်ငံသားဖြစ်မှုက ဆက်လက်၍ ဆုံးဖြတ်ပေးသည်။ နိုင်ငံသားဖြစ်ခွင့်ကို "အခွင့်အရေးများ ရရှိနိုင်ခွင့်" အဖြစ် ဖော်ပြခဲ့သည်။[1033] ယင်းသည် အခြားသော လူ့အခွင့်အရေးများအားလုံး အကောင်အထည်ပေါ်ခြင်း နှင့် မြန်မာနိုင်ငံနှင့် သက်ဆိုင်သော နိုင်ငံတကာတရားဝင်ယန္တယားများ အများစုအတွင်း အသိအမှတ်ပြုခြင်းနှင့် ကာကွယ်ခြင်းကို ရရှိနိုင်ရန် အလွန်အရေးကြီးသည်။[1034] သူတို့၏ နိုင်ငံသားများ မည်သူမည်ဝါဖြစ်သည်ကို ဆုံးဖြတ်ရန်မှာ နိုင်ငံများ၏ သီးခြား လုပ်ပိုင်ခွင့်အခွင့်အရေးအဖြစ်တော့ဖြင့် လုံးဝ ဥသုံမဟုတ်ပေ။ နိုင်ငံများသည် နိုင်ငံသားဖြစ်မှုကို အာမခံခြင်းနှင့် ဆုံးရှုံးစေခြင်းတို့နှင့် ပတ်သက်သည့် သူတို့၏ လူ့အခွင့်အရေးများ အပေါ် တာဝန်ခံမှုများကို လိုက်နာရမည်ဖြစ်သည်။[1035]

၄၇၀။ နိုင်ငံသားဖြစ်ခွင့်သည် လူပုဂ္ဂိုလ် တစ်ဦးချင်း၏ နိုင်ငံသားဖြစ်မှုတစ်ရပ်ကို ရယူရန်၊ ပြောင်းလဲရန်နှင့် ထိန်းသိမ်းထားရန် အခွင့်အရေး ဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေက နိုင်ငံသားဖြစ်မှုတစ်ခုကို လက်လွတ်စပယ် ဖယ်ရှားခြင်းကို ရှင်းရှင်းလင်းလင်း တားမြစ်ထားသည်။ လက်လွတ်စပယ် လုပ်ဆောင်ခြင်း မပြုလုပ်စေရန် နိုင်ငံသားဖြစ်မှု ရပိုင်ခွင့်ကို ငြင်းပယ်ခြင်းသည် ပြည်တွင်းဥပဒေ နှင့် နိုင်ငံတကာဥပဒေ စံချိန်စံညွှန်းများနှင့် အထူးသဖြင့် သင့်တော်သောအတိုင်းအတာအလျောက်ဖြစ်မှု အခြေခံ ဥပဒေသအပေါ်တွင် ညီညွတ်မှု ရှိရမည်။ နိုင်ငံများသည် မည်သည့် အမျိုးအစားပေါ်တွင်မှ ခွဲခြားမှုမရှိပဲ လူပုဂ္ဂိုလ်အားလုံးသည် နိုင်ငံသား ဖြစ်ခွင့်ကို ခံစားခွင့် ရှိစေရန် အာမခံရန် တာဝန်ရှိပြီး မည်သူတစ်ဦးတစ်ယောက်မျှ ခွဲခြားဆက်ဆံမှု အကြောင်းအရာများပေါ်တွင် အခြေခံ လျက် သူတို့၏ နိုင်ငံသားဖြစ်မှု ငြင်းပယ်ခြင်း သို့မဟုတ် ဆုံးရှုံးခြင်း မရှိစေရပေ။[1036]

၄၇၁။ နိုင်ငံသားဖြစ်မှု ရုတ်သိမ်းခြင်းကြောင့် နိုင်ငံမဲ့ ဖြစ်စေခြင်းသည် တရားဝင် ရည်ရွယ်ချက်နှင့် သင့်တော်သောအချိုးကျဖြစ်မှုအလျောက် ပြုလုပ်ခြင်းမဟုတ်လျှင် ယေဘူယျအားဖြင့် တရားမဝင်

---

[1031] ယန်ဟီးလီ၊ ကုလသမဂ္ဂ မြန်မာနိုင်ငံ လူ့အခွင့်အရေးဆိုင်ရာ အထူး ကိုယ်စားလှယ်၊ "လုပ်ငန်းစဉ် အဆုံးသတ် ကြေညာချက်" (၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၁ ရက်)

[1032] ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ရေး ကော်မတီ၊ ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပြုချက်များ အကောင်အထည်ဖော်ခြင်း တိုးတက်မှု အပေါ် ပြည်သူသို့ အစီရင်ခံစာ။ ၂၀၁၈ ဇန္နဝါရီမှ ဧပြီလ အထိ)

[1033] ဥပမာ ၊ S. DeGooyer၊ A. Hunt, et al.၊ အခွင့်အရေးများ ရပိုင်ခွင့် (၂၀၁၈ ခု ဗာဆို၊ လန်ဒန်) ကိုကြည့်။ ကုလသမဂ္ဂ အထွေထွေညီလာခံက နိုင်ငံသား ဖြစ်ခွင့်၏ အခြေခံကျသော သဘာဝကို အစဉ်တစိုက် ထပ်မံ အတည်ပြုခဲ့သည်။ (ဥပမာ-A/RES/50/152) နှင့် ကုလသမဂ္ဂ လူ့အခွင့်အရေး ကောင်စီ (ဥပမာ-A/HRC/RES/7/10; A/HRC/RES/10/13; A/HRC/RES/13/2; A/HRC/RES/20/5; A/HRC/RES/26/14).

[1034] UDHR (ပုဒ်မ ၁၅) ၊ ICCPR (ပုဒ်မ ၂၄)၊ CRC (ပုဒ်မ ၇)၊ ICERD (ပုဒ်မ ၅)၊ CEDAW (ပုဒ်မ ၉ )၊ CRPD (ပုဒ်မ ၁၈)၊ ICPRM (ပုဒ်မ ၂၉)၊ အာဆီယံ ကြေညာချက် (ပုဒ်မ ၁၈)

[1035] A/HRC/13/34၊ စာပိုဒ် ၅၇။

[1036] A/HRC/13/34၊ စာပိုဒ် ၂၁၊ ၂၉ ၊ ၅၇-၅၈။

လက်လွတ်စပယ်လုပ်ခြင်းဖြစ်သည်။[1037] နိုင်ငံများသည် ထိုနိုင်ငံနှင့် သက်ဆိုင်သော ချိတ်ဆက်မှုရှိသည့် လူပုဂ္ဂိုလ်များကို နိုင်ငံမဲ့ ဖြစ်သွားစေသည့် နိုင်ငံသား ဖြစ်မှုအပေါ် ငြင်းပယ်ခြင်းကို မပြုလုပ်ရန် အာမခံရမည်။[1038] အထူးသဖြင့် ကလေးများအတွက် ဖြစ်သည်။ နိုင်ငံများသည် သူတို့နယ်မြေအတွင်း မွေးဖွားလာသော ကလေးတိုင်းကို နိုင်ငံသား ဖြစ်မှု ပေးရန် တာဝန်သတ်မှတ်ချက်မရှိသော်လည်း ၎င်းတို့အနေဖြင့် မိမိပြည်တွင်းတွင်ဖြစ်စေ၊ အခြားသောနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ဖြစ်စေ မွေးဖွားလာသော ကလေးတိုင်း နိုင်ငံသား ရှိစေရန် အာမခံနိုင်ရန်အတွက် သင့်လျော်သော အရေးယူဆောင်ရွက်မှုအားလုံးကို လက်ခံကျင့်သုံးရန် လိုအပ်သည်။[1039] အရေးယူဆောင်ရွက်နိုင်မှုတစ်ခုမှာ နိုင်ငံအတွင်းမွေးဖွားသော ကလေးတစ်ဦးကို နိုင်ငံမဲ့ဖြစ်သွားမည်ဆိုပါက နိုင်ငံသားအဖြစ် ပေးရသည်။[1040] နိုင်ငံသား ရယူခြင်း၊ ဆိုင်းငံ့ခြင်း သို့မဟုတ် ဆုံးရှုံးခြင်းနှင့် ပတ်သက်သော ဆုံးဖြတ်ချက်များသည် အနိမ့်ဆုံး လုပ်ထုံးလုပ်နည်း စံချိန်စံညွှန်းများနှင့်လည်း ကိုက်ညီရမည်၊ ဥပမာ- စာဖြင့် ရေးသား ထုတ်ပြန်ခြင်း နှင့် ထိရောက်သော စီမံခန့်ခွဲမှု သို့မဟုတ် တရားစီရင်ရေးဆိုင်ရာ သုံးသပ်မှုတို့ ဖွင့်ထားပေးရမည်။[1041] တစ်ဦးတစ်ယောက်သည် သူ၏ နိုင်ငံသားဖြစ်မှု တရားမဝင် ရုတ်သိမ်းခံရမှုကြောင့် နိုင်ငံမဲ့ဖြစ်မှုကို နိုင်ငံများအနေဖြင့် အခြားသော လူ့အခွင့်အရေးများ ငြင်းပယ်မှုအတွက် အကြောင်းပြချက်အဖြစ် အသုံးမပြုရပေ။[1042]

*နောက်ခံ သမိုင်းကြောင်း*

၄၇၂။ ရိုဟင်ဂျာများ၏ လက်ရှိနိုင်ငံသားဖြစ်မှု အခြေအနေကို သမိုင်းကြောင်း အခြေအနေအား ကြည့်ရှုခြင်းဖြင့်သာ နားလည်နိုင်သည်။[1043] ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် ၁၉၄၈ ခုနှစ် လွတ်လပ်သော မြန်မာနိုင်ငံသစ်၏ ပြည်ထောင်စုနိုင်ငံသားအက်ဥပဒေတို့သည် နှိုင်းယှဉ်ချက်အရ အားလုံးပါဝင်သော နိုင်ငံသားဖြစ်မှု မူဘောင်ဖြစ်သည်။[1044] လူမျိုးအပေါ် အခြေခံသော နိုင်ငံသား ဖြစ်မှုအပြင် ပြည်ထောင်စု နိုင်ငံသား အက်ဥပဒေ ပုဒ်မ ၄ (၂) တွင် "ပြည်ထောင်စု မြန်မာနိုင်ငံ နယ်နမိတ်တခုခုတွင် အနည်းဆုံး ဘိုးဘွားအားလုံး လက်ထက်မှစ၍ မိမိတို့ ပင်ရင်းတိုင်းပြည်အဖြစ်ဖြင့် မျိုးဆက်မပြတ် ထာဝစဉ် အခြေစိုက် နေထိုင်လာခဲ့သည့်အပြင် မိမိ၏ မိဘနှစ်ပါးနှင့်တကွ မိမိကိုယ်တိုင် ထိုနယ်မြေတခုခုတွင် မွေးဖွားသူဖြစ်လျှင် ထိုသူအား မြန်မာနိုင်ငံသားဖြစ်သည်ဟု သတ်မှတ်ရမည်" ဟု ဖော်ပြထားသည်။[1045] ထို့အပြင် ပုဒ်မ ၇ တွင် နိုင်ငံအတွင်း အနည်းဆုံး ငါးနှစ်ဆက်တိုက် နေထိုင်ပြီး နိုင်ငံအတွင်း အခြေချနေထိုင်လိုသော အသက် ၁၈ နှစ်ပြည့်ပြီးသူသည် နိုင်ငံသားအဖြစ် လျှောက်ထားခွင့်ရှိကြောင်း ဖော်ပြထားသည်။

---

[1037] A/HRC/13/34၊ စာပိုဒ် ၅၉။

[1038] A/HRC/13/34၊ စာပိုဒ် ၃၆၊ ၁၉၆၁ ခုနှစ် နိုင်ငံမဲ့များ လျော့ချရေး သဘောတူစာချုပ် တွင်ကြည့်၊ (မြန်မာက လက်မှတ်ရေးထိုးထားခြင်းတော့ မရှိသေးပါ)

[1039] CRC၊ ပုဒ်မ ၇။ ကုလသမဂ္ဂ ကလေးအခွင့်အရေးဆိုင်ရာ ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၁၁၊ သဘောတူညီချက်အောက်တွင် ဌာနေတိုင်းရင်းသား ကလေးများနှင့် သူတို့၏ အခွင့်အရေးများ ၊ ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်။ CRC/C/GC/11။ ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၁၇။ ကလေးအခွင့်အရေး (ပုဒ်မ ၂၄) ၁၉၈၉ ခုနှစ် ဧပြီ ၇ ရက်။

[1040] A/HRC/13/34၊ စာပိုဒ် ၆၀၊ A/HRC/31/29၊ စာပိုဒ် ၁၀။

[1041] A/HRC/13/34၊ စာပိုဒ် ၄၃။

[1042] ဥပမာအတွက် A/HRC/RES/32/5 ကြည့်။

[1043] မစ်ရှင်သည် သက်ဆိုင်သော သမိုင်းဆိုင်ရာ အခြေအနေကို အကျဉ်းချုပ်ရန် ယုံကြည်စိတ်ချရလောက်သော တစ်ဆင့်ခံ အရင်းအမြစ်များကို သုံးခဲ့ရသည်။

[1044] ၁၉၄၇ ခု ဖွဲ့စည်းပုံ အခြေခံ ဥပဒေ။ s. 11

[1045] ၁၉၄၈ ပြည်ထောင်စု နိုင်ငံသား အက်ဥပဒေသည် အလိုအလျောက် နိုင်ငံသား ရယူခြင်း မဟုတ်သော အမျိုးမျိုးသော နည်းလမ်းများ (ဥပမာ၊ နိုင်ငံသား ပြုခြင်း) အပါအဝင် ဤနေရာတွင် ထပ်မံ ဖော်ပြမထားသော အခြားသော လမ်းကြောင်းများ အများအပြား စာရင်းကို ဖော်ပြထားသည်။

သို့ဖြစ်ရာ ရေရှည်နေထိုင်သူ အများစုမှာ မြန်မာနိုင်ငံ၏ "ဌာနေတိုင်းရင်းသား လူမျိုးစု" တစ်ခုခုတွင် ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ဤသတ်မှတ်ချက်နှင့် ကိုက်ညီပြီးဖြစ်သည်။[1046]

၄၇၃။ သို့ဖြစ်ရာ လက်ရှိရခိုင်ပြည်နယ်ဟု သတ်မှတ်ထားသောနေရာတွင် နေထိုင်ခဲ့သော မွတ်စလင် အများစုမှာ ကိုလိုနီမတိုင်မီကာလများက သူတို့၏ဘိုးဘွားဘီဘင်များကို လိုက်လံရှာဖွေနိုင်သည်ဖြစ်စေ၊ မရှာဖွေနိုင်သည်ဖြစ်စေ သို့မဟုတ် ဒေသအတွင်းမှ ကိုလိုနီကာလ ရွှေ့ပြောင်းသူများဖြစ်သည်ဖြစ်စေ မဖြစ်သည်ဖြစ်စေ ပါဝင်ပြီးဖြစ်သည်။ ထို့အပြင် ရိုဟင်ဂျာများကို မြန်မာအာဏာပိုင်များက "တိုင်းရင်းသားလူမျိုး" အဖြစ် လက်ခံခဲ့သော အချိန်များရှိခဲ့သည်မှာလည်း ခိုင်မာသော အထောက်အထားများရှိသည်။ ဝန်ကြီးချုပ်ဦးနုနှင့် မြန်မာနိုင်ငံ၏ ပထမသမ္မတ စပ်ရွှေသိုက် နှစ်ဦးစလုံးက ရိုဟင်ဂျာကို မြန်မာနိုင်ငံ၏ ဌာနေတိုင်းရင်းသား အုပ်စုအဖြစ် ကိုးကားချက်များ ဖော်ပြချက်များ ရှိသည်။ ဦးနုက ၁၉၅၄ ခုနှစ် ရေဒီယို မိန့်ခွန်းတွင် "ငါတို့နိုင်ငံသား၊ ငါတို့ ညီနောင်များ" ဟု နာမည်တပ် ရည်ညွှန်းခဲ့သည်။[1047]

၄၇၄။ နိုင်ငံသားများသည် မှတ်ပုံတင်ကြရန်လိုအပ်ပြီး ထိုသို့ပြုလုပ်ပြီးသည့်နောက် အမျိုးသား မှတ်ပုံတင်ကဒ် (NRC) တစ်ခု ထုတ်ပေးသည်။ ၁၉၆၀ ခုနှစ်အကုန်တွင် အစိုးရက နိုင်ငံသား မှတ်ပုံတင်ကဒ်ပြား ၁၈ သန်းထုတ်ပေးခဲ့သည်ဟု ကြေညာခဲ့သည်။ ယင်းမှာ ထိုအချိန်က လူဦးရေ အားလုံးနီးပါး ဖြစ်သည်။[1048] အဖြူရောင်ကဒ်ပြားများဟု သိကြသော ယာယီမှတ်ပုံတင်ကဒ်များ (TRC) ကို ပျောက်ဆုံး၊ ပျက်စီး သို့မဟုတ် မှတ်ပုံတင်လျှောက်ထားမှု ဆိုင်းငံ့ထားပါက ထုတ်ပေးသည်။ NRC များနှင့် TRC များသည် နိုင်ငံသား လက်မှတ်များဟု ရည်ရွယ်ထားခြင်းမရှိသော်လည်း လက်တွေ့တွင် ယင်းတို့ကို နိုင်ငံသားကဒ်ပြား အဖြစ်သုံးကြသည်။

၄၇၅။ ဗိုလ်ချုပ်ကြီးနေဝင်းအစိုးရ အစတွင် နိုင်ငံသားဖြစ်မှု တရားဝင် မူဘောင်မှာ ပြောင်းလဲခြင်း မရှိခဲ့သေးပေ။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသည်လည်း "နိုင်ငံသား" ဖွင့်ဆိုမှုကို ထူးထူးခြားခြား ပြောင်းလဲခြင်း မရှိခဲ့ပေ။ ၁၉၄၈-၁၉၈၂ ကာလအတွင်း နိုင်ငံသားဖြစ်ခဲ့သော ရိုဟင်ဂျာများအားလုံးကို ယနေ့တိုင် နိုင်ငံသားများအဖြစ် ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ သို့ရာတွင် လက်တွေ့ဇာတ်လမ်းတွင်မူ "တိုင်းရင်းသားလူမျိုးများ" ၏ အရေးပါမှုကို ဖောင်းပေးခြင်း မြင့်မားလာမှု အခြေအနေအောက်တွင် ရခိုင်ပြည်နယ်မှ မွတ်စလင်အများစုမှာ တရားမဝင် ဘင်္ဂလီ ရွှေ့ပြောင်းသူများမှ ဆင်းသက်လာပြီး နိုင်ငံခြားသားဟု စွပ်စွဲခံရသူများကို ပြန်ပို့ရန် လိုအပ်သည်ဟု သတ်မှတ်သည်။[1049] ၁၉၇၈ ခုနှစ်တွင် တပ်မတော်နှင့် လူဝင်မှုကြီးကြပ်ရေး အရာရှိများသည် "နဂါးမင်းစစ်ဆင်ရေး" ဟုခေါ်သော စီမံကိန်းကို နိုင်ငံအနှံ့ အကောင်အထည်ဖော်ပြီး အမျိုးသားလူဦးရေ သန်းခေါင်စာရင်းကောက်ယူမှု မတိုင်မီတွင် နိုင်ငံသားများနှင့် နိုင်ငံခြားသားများအားလုံးကို စာရင်းသွင်းခဲ့သည်။ ရခိုင်ပြည်နယ်တွင်

---

[1046] "မြန်မာနိုင်ငံ တိုင်းရင်းသား တစ်မျိုးမျိုး" ဆိုသည်မှာ ကချင်၊ ကရင် [ကယား]၊ ချင်း၊ မြန်မာ၊ မွန်၊ ရခိုင်၊ သို့တည်းမဟုတ် ရှမ်းလူမျိုးကိုလည်းကောင်း၊ ခရစ်သက္ကရာဇ် ၁၈၂၃ ခုနှစ်၊ (မြန်မာသက္ကရာဇ် ၁၁၈၅ ခုနှစ်၊) မတိုင်မီ ကာလမှစ၍ ပြည်ထောင်စုတွင် ပါဝင်သော နယ်မြေတစ်ခုခု၌ မိမိတို့၏ ပင်ရင်းတိုင်းပြည်အဖြစ်ဖြင့် အခြေစိုက်နေထိုင်ခဲ့သော မျိုးနွယ်စုများကိုလည်းကောင်း ဆိုလို သည်။ ၁၉၄၈ ပြည်ထောင်စု နိုင်ငံသားဖြစ်မှု အက်ဥပဒေ၊ ပုဒ်မ ၃ (၁) ကြည့်

[1047] ဥပမာ- M. Haque, "Rohingya Ethnic Muslim Minority and the 1982 Citizenship Law in Burma"၊ *Journal of Muslim Minority Affairs*။ *37:4* (၂၀၁၇ ခုနှစ်)၊ စာမျက်နှာ ၄၅၄-၄၆၉

[1048] ညီညီကျော်၊ "Unpacking the Presumed Statelessness of Rohingyas"၊ *15(3) Journal of Immigrant & Refugee Studies* (၂၀၁၇ ခုနှစ်)၊ စာမျက်နှာ ၂၇၆။

[1049] အိန္ဒိယနှင့် တရုတ်အပါအဝင် အခြားအုပ်စုများကို "နိုင်ငံခြား" ဟု စဉ်းစားသည်။ N. Cheesman၊ "How in Myanmar 'National Races" Came to Surpass Citizenship and Exclude Rohingya"၊ *Journal of Contemporary Asia*၊ Volume 47, 2017 - Issue 3၊ pp. 461-483.

ယင်းစီမံကိန်း အကောင်အထည်ဖော်မှုကြောင့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ရှိသည်ဟု စွပ်စွဲချက်များအတွင်း ရိုဟင်ဂျာ ၂၀၀,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့သည်။ စီစစ်မှုမှ ရိုဟင်ဂျာ အများအပြားထွက်ပြေးခြင်းသည် သူတို့၏ တရားမဝင်သော အခြေအနေကို ဝန်ခံခြင်း ဖြစ်သည်ဟု အစိုးရက ပြောဆိုခဲ့သည်။ သို့ရာတွင် လေ့လာချက်များက စွပ်စွဲထားသော တရားမဝင် ရွှေ့ပြောင်းသူများအဖြစ် ဖော်ထုတ်နိုင်သည့် အရေအတွက်မှာ အလွန်နည်းပါးကြောင်း ဖော်ပြနေသည်။[1050] အစိုးရက "ဘင်္ဂလားဒေ့ရှ်နိုင်ငံအတွင်းရှိ စခန်းများတွင် ယခုအခါ ခိုလှုံနေသော တရားဝင် မြန်မာနိုင်ငံသားများကို ပြန်ပို့ရန်" ဘင်္ဂလားဒေ့ရှ် နှင့် သဘောတူခဲ့သည်။[1051] ဒုက္ခသည် အားလုံးနီးပါး မြန်မာနိုင်ငံသို့ ပြန်သွားခဲ့ကြသည်။

၄၇၆။ ထိုအခြေအနေအတွင်းတွင် ဗိုလ်ချုပ်ကြီးနေဝင်းသည် နိုင်ငံ၏ နိုင်ငံသားဖြစ်မှုဥပဒေများကို ပြန်လည်သုံးသပ်ရန် အစပျိုးလုပ်ဆောင်ခဲ့သည်။ သူက အရပ်သားအစိုးရအောက်တွင် နိုင်ငံသားဖြစ်မှုမှာ စီမံခန့်ခွဲမှု ညံ့ဖျင်းခဲ့ပြီး မကြာခဏပင် မှားယွင်းစွာ သတ်မှတ်ခဲ့ပြီး လူအများအပြားကို တရားဝင် လမ်းကြောင်းအတွင်း ရောက်စေခဲ့သည်ဟု ငြင်းချက်ထုတ်ခဲ့သည်။[1052] သူက လူအများအပြားသည် မြန်မာနိုင်ငံတွင် ကာလကြာမြင့်စွာ နေထိုင်ခဲ့ကြပြီး အစိုးရအနေဖြင့် "နေရာအမျိုးမျိုးမှ အကြောင်းအမျိုးမျိုးဖြင့် အချိန်အခါ အမျိုးမျိုးတွင် လာရောက်ခဲ့ကြသော ထိုလူများအားလုံးကို မောင်းထုတ်ရန် ရပ်တည်ချက်မရှိ" ကြောင်း အသိအမှတ်ပြုခဲ့သည်။ သို့ရာတွင် သူက ထပ်မံဖြည့်စွက်သည်မှာ "လူသားချင်းစာနာထောက်ထားမှု အခြေခံပေါ်တွင် သက်ညှာမှုပေးခြင်းသည် မိမိတို့ကိုယ်ကို ဘေးအန္တရာယ်ဖြစ်စေခြင်းမျိုး မဖြစ်စေရ" ဟု ထပ်မံဖြည့်စွက်ပြောဆိုခဲ့ပြီး "သွေးနှောခြင်းမရှိသော နိုင်ငံသားများ" အတွက် နိုင်ငံသား အပြည့်အဝဖြစ်မှုကို ထားရှိပြီး "နိုင်ငံသား အဆင့် သုံးမျိုး" အခြေခံသည့် စံနစ်မျိုးရှိရမည်ဟု ပြောဆိုခဲ့သည်။ အခြား နိုင်ငံသားအဆင့် နှစ်မျိုးမှာ "အပြည့်အဝယုံကြည်နိုင်သူများ" အတွက် ဖြစ်ပြီး သူတို့သည် "နိုင်ငံသားနှင့် အခွင့်အရေးများ အပြည့်အဝ" ရရှိနိုင်မည်မဟုတ်ပေ။ ထိုပြောဆိုချက်အရ ပစ်မှတ်ထားသော လူများတွင် မူစလင်များနှင့် တရုတ်လူမျိုးများ ပါဝင်ကြောင်း ရှင်းလင်းသည်။

*လက်ရှိ နိုင်ငံသားဖြစ်မှု သတ်မှတ်ချက်*

၄၇၇။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေက နိုင်ငံသားများ၏ "တိုင်းရင်းသားဖြစ်မှု" စဉ်းစားချက်ကို လုံးဝဖြစ်စေရန် နောက်ထပ် ခြေတလှမ်း သတ်မှတ်ပေးလိုက်သည်။[1053] အကောင်အထည်ဖော်ဆောင်မှု လုပ်ထုံးလုပ်နည်းများ (၁၉၈၃ လုပ်ထုံးလုပ်နည်းများ) နှင့် အတူ

---

[1050] ညီညီကျော်၊ သုံးသပ်ချက်။ "Unpacking the Presumed Statelessness of Rohingyas"၊ *15(3) Journal of Immigrant & Refugee Studies* (၂၀၁၇ ခုနှစ်)၊ စာမျက်နှာ ၂၇၄-၂၇၅၊ စာရေးသူက နဂါးမင်းစစ်ဆင်ရေးတွင် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို တွေ့ရှိသည့် အရေအတွက် အလွန်နည်းကြောင်း အစိုးရ အရာရှိ အများအပြားနှင့် အစိုးရ ထုတ်ဝေသည့် မီဒီယာများ ကို ကိုးကားထားသည် (ဥပမာ တစ်နိုင်ငံလုံးတွင် လူပေါင်း ၂, ၂၉၆ ဦးကိုသာ အရေးယူမှု ရှိခဲ့သည်။)

[1051] ၁၉၇၈ ခု၊ ဘင်္ဂလားဒေ့ရှ် ပြည်သူ့ သမ္မတနိုင်ငံအစိုးရနှင့် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံ တို့အကြား ပြန်လည်ပို့ဆောင်ရေး သဘောတူညီချက် (၁၉၇၈ခုနှစ် ဇူလိုင် ၉ ရက်)၊ အောက်ပါလင့်တွင် ရနိုင်သည် ။ https://dataspace.princeton.edu/jspui/bitstream/88435/dsp01th83kz538/1/1978%20Repatriation%20Agreement.pdf

[1052] အစည်းအဝေးကို ၁၉၈၂ ခု အောက်တိုဘာ ၈ ရက်တွင် အလုံလမ်း၊ သမ္မတ အိမ်တော်၊ ဗဟို အစည်းအဝေး ခန်းမတွင် ပြုလုပ်ခဲ့သည်။ ဗိုလ်ချုပ်ကြီး နေဝင်း၏ မိန့်ခွန်းကို The Working People's Daily သတင်းစာတွင် ဘာသာပြန်ဖော်ပြထားသည်။ ၁၉၈၂ ခုနှစ် အောက်တိုဘာ ၉ ရက် ။

[1053] ၁၉၄၈ ခု နိုင်ငံသား ဖြစ်မှု အက်ဥပဒေနှင့် ၁၉၄၈ ခု နိုင်ငံသားဖြစ်မှု (ရွေးကောက်ပွဲ) အက်ဥပဒေတို့ကို ၁၉၈၂ ခုနှစ်တွင် အစားထိုးခဲ့သည်။

နိုင်ငံသားများ၏ ကွဲပြားသော အမျိုးအစား (သို့မဟုတ် အဆင့်) သုံးခုပါဝင်သော နိုင်ငံသားဖြစ်မှု မူဘောင်ကို ဖန်တီးပေးခဲ့သည်။

- အပြည့်အဝ နိုင်ငံသားဖြစ်မှုသည် "ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင် သို့မဟုတ် ရှမ်း စသော တိုင်းရင်းသား လူမျိုးစုအုပ်စုများ ကဲ့သို့ တိုင်းရင်းသား လူမျိုးစု အုပ်စုများနှင့် ၁၈၂၃ မတိုင်မီက မြန်မာနိုင်ငံတွင် အခြေချနေထိုင်သော တိုင်းရင်းသား အုပ်စုများ" အတွက် အဓိက ထားရှိသည်။[1054] ဥပဒေက "နိုင်ငံတော် ကောင်စီသည် တိုင်းရင်းသား အုပ်စု တစ်ခုသည် နိုင်ငံသား ဖြစ်ခြင်း မဖြစ်ခြင်းကို ဆုံးဖြတ်မည်"ဟု ဆက်လက်ဖော်ပြသည်။[1055] ယင်းမူရင်း အုပ်စု ရှစ်ခုမှာ နောက်ပိုင်းတွင် လူမျိုး ၁၃၅ မျိုး စာရင်းအဖြစ် ထပ်မံ ခွဲခြားဖော်ပြထားသည်။ ယင်းတို့တွင် ရိုဟင်ဂျာ သို့မဟုတ် တရုတ်၊ အိန္ဒိယ သို့မဟုတ် နီပေါ နိုင်ငံများမှ ဆင်းသက်လာသော လူများမပါဝင်ပေ။[1056] နိုင်ငံသားအပြည့်ဖြစ်သူများမှာ မိဘ နှစ်ဦးစလုံး သည် နိုင်ငံသားဖြစ်သူ နိုင်ငံသားအပြည့်ဖြစ်သူ တစ်ဦး အပါဝင်ဖြစ်သော အမျိုးအစား၊ တခြား နိုင်ငံသား ဖြစ်မှု အမျိုးအစားနှစ်ခုတွင် တတိယ မျိုးဆက် နိုင်ငံသားများ၊ နှင့် ဥပဒေ အသက်ဝင်သည့် အချိန်တွင် နိုင်ငံသား ဖြစ်ပြီးသူများ ပါဝင်သည်။[1057] နိုင်ငံသား အပြည့်ဖြစ်သူများသည် နိုင်ငံသားစီစစ်ရေးကဒ်ပြား ရရှိသည်။
- "ဧည့်" နိုင်ငံသားမှာ ၁၉၈၂ ခု ဥပဒေ အသက်ဝင်သည့်အချိန်တွင် ၁၉၄၈ ခုနှစ် နိုင်ငံသားဖြစ်မှု ဥပဒေအောက်တွင် လျှောက်ထားမှုကို ဆိုင်းငံ့ထားသူများ အတွက်ဖြစ်သည်။ ဗဟို အဖွဲ့အစည်း တစ်ခုသည် လျှောက်လွှာများကို ဆုံးဖြတ်ရန် တာဝန်ရှိသည်။[1058] သူတို့သည် ဧည့်နိုင်ငံသား စီစစ်ရေး ကဒ်ပြား ရရှိသည်။
- နိုင်ငံသား "ပြုသူ" မှာ ၁၉၄၈ ခုနှစ် မတိုင်မီက မြန်မာနိုင်ငံသို့ ဝင်ရောက် နေထိုင်ကြောင်း နှင့် မြန်မာနိုင်ငံတွင် သူတို့၏ ကလေးများကို မွေးဖွားကြောင်း "ခိုင်မာသော အထောက်အထား" ပြသနိုင်သော သူများကို ပေးနိုင်သည်။[1059] ယင်းကို လက်ထပ်ခြင်း သို့မဟုတ် ဆင်းသက်ခြင်း အခြေအနေ တစ်ရပ်ပေါ်တွင်လည်း ပေးနိုင်သည်။ ထို့အပြင် နိုင်ငံသား "ပြုမှု" လျှောက်ထားသူများသည် အသက် ၁၈ နှစ်ပြည့်ပြီး တိုင်းရင်းသား ဘာသာစကား တစ်မျိုးမျိုးကို ကျွမ်းကျင်တပ်မြောက်ပြီး "ကိုယ်ကျင့်တရား" နှင့် "စာရိတ္တ" ကောင်းမွန်သူဖြစ်ရမည်။ နိုင်ငံသား ပြုမှုခံယူသူများသည် နိုင်ငံသားပြုခွင့်ရစီစစ်ရေးကဒ်ပြား ရရှိသည်။

---

[1054] ၁၉၈၂ ခု နိုင်ငံသား ဖြစ်မှု အက်ဥပဒေ၊ ပုဒ်မ- ၃။

[1055] Ibid.၊ ပုဒ်မ ၄

[1056] ၁၃၅ မျိုးစာရင်းကို အစိုးရ ထုတ်ဝေမှုများတွင် ပုံမှန်ဖော်ပြသည်။ ဥပမာ ၁၉၉၀ ခုနှစ် စက်တင်ဘာ ၂၆ ရက် ထုတ်ဝေသည့် The Working People’s Daily သတင်းစာ ("Our Union of Myanmar where 135 national races reside")

[1057] ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု အက်ဥပဒေ။ ပုဒ်မ ၅-၇။

[1058] ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု အက်ဥပဒေ။ ပုဒ်မ ၂၃။

[1059] ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုအက်ဥပဒေ။ ပုဒ်မ ၄၂ ။

၄၇၈။ ဥပဒေမူဘောင်သည် ရည်ရွယ်ချက်နှင့် သဘောထားပိုင်းဖြတ်ချက်တွင် ခွဲခြားကန့်သတ်မှု ရှိသော်လည်း ရိုဟင်ဂျာများကို နိုင်ငံသားဖြစ်မှုမှ လုံးဝ ဖယ်ရှားထားခြင်း မရှိပေ။ ပထမဦးစွာ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဥပဒေတို့ သက်ဝင်သည့် အချိန်တွင် နိုင်ငံသား ဖြစ်သူ မည်သူမဆိုကို နိုင်ငံသားအဖြစ် ဆက်လက်တည်ရှိသည်။[1060] ဒုတိယ အချက်မှာ ရိုဟင်ဂျာများသည် "တိုင်းရင်းသား လူမျိုးစု" ဖြစ်သည်မဖြစ်သည်နှင့် အခြေခံပေါ်တွင် နိုင်ငံသား အပြည့်အဝဖြစ်သည် မဖြစ်သည် ဆိုသည်ကို အငြင်းပွားနေစဉ်မှာပင် ရိုဟင်ဂျာများသည် အနည်းဆုံး "ဧည့်" နိုင်ငံသား သို့မဟုတ် နိုင်ငံသား "ပြုခြင်းခံရသူ" အတွက် အရည်အချင်း ကိုက်ညီနေသည်။ သူတို့၏ တတိယ မျိုးဆက်များမှာ ယခုအခါတွင် နိုင်ငံသား အပြည့်ဖြစ်နေရမည်ဖြစ်သည်။ တတိယ အနေဖြင့် ဥပဒေသည် "နိုင်ငံတော်၏ အကျိုးစီးပွားအပေါ်တွင်" မည်သူ တစ်ဦးတစ်ယောက်သည် နိုင်ငံသား ဖြစ်မှု အမျိုးအစား သုံးခုတွင် မည်သည်တွင်ပါဝင်သည်ဆိုသည်ကို ဆုံးဖြတ်ရန် နိုင်ငံတော်အား အပြည့်အဝ အာဏာပေးထားသေးသည်။[1061]

၄၇၉။ သို့ရာတွင် လက်တွေ့တွင် ဥပဒေကို ခွဲခြားဆက်ဆံမှုနှင့် လက်လွတ်စပယ် အခြေခံပေါ်တွင် အကောင်အထည် ဖော်ခဲ့သည်။[1062] အာဏာပိုင်များက ဥပဒေစိုးမိုးမှုကို နဝတ အဖွဲ့ ၁၉၈၈ ခုနှစ် အာဏာရယူပြီးနောက်မှ စတင်ခဲ့သည်။ နိုင်ငံတလွှား နိုင်ငံသားဖြစ်မှု စီစစ်ခြင်း လုပ်ငန်းအဖြစ် အမျိုးသားမှတ်ပုံတင်ကဒ်ပြား (NRC) ကို ပြန်လည် ပေးအပ်ပြီး နိုင်ငံသားစီစစ်ရေး ကဒ်ပြား (CSC) နှင့် အစားထိုးခဲ့သည်။ သို့ရာတွင် မှတ်ပုံတင်ကဒ်ပြားများ ပြန်လည် အပ်နှံခဲ့သော ရိုဟင်ဂျာများမှာ နိုင်ငံသားဖြစ်မှုအတွက် အခြေအနေများနှင့် ကိုက်ညီသော်လည်း နိုင်ငံသား စီစစ်ရေးကဒ်များကို ထုတ်မပေးပဲထားခဲ့ကြောင်း အစီရင်ခံမှုများ ရှိခဲ့သည်။ ယင်းသို့ လုပ်ထုံးလုပ်နည်းနှင့် မညီသော လုပ်ရပ်ကို ၁၉၈၂ ခု နိုင်ငံသား ဖြစ်မှု ဥပဒေ ပြဋ္ဌာန်းချက်များက ဆုံးဖြတ်ချက်ချမှတ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားမှုများ လုပ်စေရန် အထောက်အကူဖြစ်စေခဲ့သည်။[1063] ရိုဟင်ဂျာများမှာ မှတ်ပုံတင်ကဒ်ပြားများ ပြန်လည်ရရှိခြင်းမရှိပဲ ယင်းအစား ယာယီ သက်သေခံ ကဒ်ပြားများ (သို့မဟုတ် "အဖြူရောင် ကဒ်ပြားများ") ကိုရရှိခဲ့ကြသည်။[1064] နောက် နှစ်ပေါင်း ၂၀ ကာလအတွက် ထုတ်ပေးသော ယင်းယာယီ "အဖြူရောင်ကဒ်ပြားများ" သည် ခန့်မှန်းခြေအားဖြင့် ၇၀၀,၀၀၀ ခန့်ရှိသော ရိုဟင်ဂျာများအတွက် တရားမဝင် အထောက်အထား စာရွက်စာတမ်းများ ဖြစ်လာခဲ့သည်။[1065]

---

[1060] ၂၀၀၈ ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၃၄၅ တွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ပြဋ္ဌာန်းသည့် နေ့ရက်တွင် နိုင်ငံသား ဖြစ်ပြီးသူသည် နိုင်ငံသား အဖြစ်ဆက်လက်တည်ရှိသည်ဟု အတိအလင်း ဖော်ပြထားသည်။ ပုဒ် ၃၄၆ က နိုင်ငံသား ဖြစ်ခြင်း၊ နိုင်ငံသား ပြုခြင်းနှင့် နိုင်ငံသား အဖြစ်မှ ရပ်စဲခြင်းတို့သည် ဥပဒေနှင့် ပြဋ္ဌာန်းသည့်အတိုင်း ဖြစ်စေရမည် ဟု ဖော်ပြထားသည်။ ၁၉၈၂ ခု နိုင်ငံသား ဖြစ်မှု ဥပဒေ နောက်ပိုင်းတွင် မည်သည့် ဥပဒေကိုမှ လက်ခံကျင့်သုံးခြင်း မရှိသေးသည့်အတွက် ယင်းဥပဒေကို ဆက်လက် ကျင့်သုံးသည်။

[1061] ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု အက်ဥပဒေ။ ပုဒ်မ ၈။

[1062] N. Cheesman။ "How in Myanmar 'National Races' Came to Surpass Citizenship and Exclude Rohingya"၊ *Journal of Contemporary Asia*၊ အတွဲ ၄၇။ ၂၀၁၇ ခု၊ စာစောင် ၃။ ၂၀၁၇ ခု၊ စာ ၁၂။

[1063] ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှု အက်ဥပဒေ။ ပုဒ်မ ၇၁။ "ဤဥပဒေဖြင့် လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် အဖွဲ့အစည်းများသည် ဤဥပဒေပါ ကိစ္စရပ်များကို ဆောင်ရွက်ခြင်းနှင့် ပတ်သက်၍ တစ်စုံတစ်ရာ အကြောင်းပြရန် မလို"

[1064] N. Cheesman။ "How in Myanmar 'National Races' Came to Surpass Citizenship and Exclude Rohingya"၊ *Journal of Contemporary Asia*၊ အတွဲ ၄၇၊ ၂၀၁၇ ခု၊ စာစောင် ၃၊ ၂၀၁၇ ခု၊ စာ ၁၂။ ညီညီကျော်၊ "Unpacking the Presumed Statelessness of Rohingyas"။ *15(3) Journal of Immigrant & Refugee Studies* (၂၀၁၇ ခုနှစ်) ၊ စာမျက်နှာ ၂၇၈။

[1065] ညီညီကျော်၊ "Unpacking the Presumed Statelessness of Rohingyas"။ *15(3) Journal of Immigrant & Refugee Studies* (၂၀၁၇ ခုနှစ်) ၊ စာမျက်နှာ ၂၇၉ -၂၈၀။ လူဝင်မှုကြီးကြပ်ရေး နှင့် အမျိုးသား မှတ်ပုံတင်ဌာနရှိ အရင်းအမြစ်များကို ရည်ညွှန်းထားသည်။

၄၈၀။ ၁၉၉၀ ဆယ်စုနှစ် အစောပိုင်းကာလများအတွင်း ရခိုင်ပြည်နယ်တွင် လုံခြုံရေး ဆိုင်ရာ နောက်ထပ် စစ်ဆင်ရေးများက ပြင်းထန်သော လူ့အခွင့်အရေး ကျယ်ကျယ်ပြန့်ပြန့်ချိုးဖောက်သည်ဟူသော စွပ်စွဲချက်များနှင့် အတူ နောက်ထပ် လူပေါင်း ၂၅၀, ၀၀၀ ခန့်ကို ဘင်္ဂလားဒေ့ရှ်သို့ ထွက်ခွာစေခဲ့သည်။ မြန်မာအစိုးရသည် နောက်တကြိမ် ထပ်မံ၍ ဤကိစ္စရပ်သည် တရားမဝင် ဘင်္ဂလီ ရွှေ့ပြောင်းသူများ၏ ပြဿနာဖြစ်သည်ဟု ပြောဆိုနေခဲ့ရင်းနှင့်ပင်[1066] ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် နေရပ်ပြန်ပို့ရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ပြီး ရိုဟင်ဂျာများကို မြန်မာနိုင်ငံတွင် လက်ခံခဲ့သည်။

*နိုင်ငံသား စိစစ်ရေး လုပ်ငန်းစဉ်*

၄၈၁။ ၂၀၁၁ ခုနှစ်တွင် အစိုးရက "နိုင်ငံသားဖြစ်မှု လုပ်ငန်းစဉ်" ကို အသိအမှတ်ပြုထားသော တိုင်းရင်းသား အုပ်စု ၁၃၅ မျိုးအတွက် အလျင်အမြန် လျှောက်ထားမှုကို လုပ်ဆောင်ခဲ့သည်။[1067] ရိုဟင်ဂျာများသည် ဤလုပ်ငန်းစဉ်တွင် ပါဝင်ခွင့်မရရှိပဲ ရှည်လျားသော၊ အချိန်ကုန်သော နိုင်ထက်စီးနင်း ပိုများသော သီးခြား "နိုင်ငံသား စိစစ်ရေး" လုပ်ငန်းစဉ်ကို လုပ်ဆောင်ရသည်။ ၂၀၁၇ ခုနှစ်ရောက်သည်အထိ ရိုဟင်ဂျာ အရေးအတွက် အနည်းငယ်အတွက်သာလျှင် ပြီးစီးနိုင်ခဲ့သည်။

၄၈၂။ ၂၀၁၄ ခုနှစ် ဇူလိုင်လတွင် မြေပုံမြို့နယ် တောင်ပြို ဒုက္ခသည်စခန်းတွင် ရှေ့ပြေး နိုင်ငံသား စိစစ်ရေး လေ့ကျင့်မှုကို လုပ်ဆောင်ခဲ့သည်။ စာရင်းသွင်းရာတွင် ရိုဟင်ဂျာများသည် "ဘင်္ဂလီ" အဖြစ် ဖော်ပြရန် လိုအပ်ခဲ့သည်။[1068] ရိုဟင်ဂျာနှင့် တိုင်းရင်းသားရခိုင် နှစ်ဘက်စလုံး၏ ဆန့်ကျင်ကန့်ကွက်မှုနောက်ပိုင်းတွင်[1069] အစီအစဉ်ကို ရပ်ဆိုင်းခဲ့ပြီး ၂၀၁၄ ခုနှစ် ဒီဇင်ဘာလတွင် အဆုံးသတ်ခဲ့သည်။ ၂၀၁၅ ဩဂုတ်လတွင် နိုင်ငံသားစိစစ်ရေး ကဒ်ပြား တစ်ရာမပြည့်ပဲ ထုတ်ပေးခဲ့သည်။[1070] ဤလုပ်ငန်းစဉ်အတွင်း နိုင်ငံသားရရှိခဲ့သူများသည် ၂၀၁၅ ရွေးကောက်ပွဲတွင် မဲပေးခွင့် ရခဲ့သော်လည်း လွတ်လပ်စွာ သွားလာခွင့်မရှိပဲ ဒုက္ခသည် စခန်းအတွင်းတွင်သာ ဆက်လက်နေထိုင်ရသည်။[1071] ၂၀၁၅ ခု ဇန္နဝါရီလတွင် ရခိုင်ပြည်နယ် အနှံ့ နိုင်ငံသားစိစစ်ရေး လုပ်ငန်းစဉ်ကို တိုးချဲ့ခဲ့သော်လည်း အချိန်ကာလ မကြာမီမှာပင် ရပ်ဆိုင်းခဲ့သည်။[1072]

---

1066 E/CN.4/1993/62၊ ကုလသမဂ္ဂ ဘာသာရေး သို့မဟုတ် ယုံကြည်မှု လွတ်လပ်ခွင့်ဆိုင်ရာ အထူးကိုယ်စားလှယ် ထံ အစိုးရထံမှာ တုန့်ပြန်စာ အပါအဝင်။ စာတွင် "အချို့သော နိုင်ငံကြီးများ နှင့် အချို့သော နိုင်ငံခြား သတင်းအေဂျင်စီများက ချဲ့ကား ထားသော" စွပ်စွဲချက်များဟု ဖော်ပြထားပြီး "ထွက်ပြေးသွားသူများတွင် အခြား တဖက်တွင် အစားအစာနှင့် ကယ်ဆယ်ရေးပစ္စည်းများ ရရှိမည်ဆိုသော ဇာတ်လမ်းများဖြင့် သွေးဆောင်ဖျားယောင်းခံရသည့် ဆင်းရဲသားများ အများစုဖြစ်ပြီး" နှင့် "အချို့မှာ အကြမ်းဖက်သမားများက သူတို့၏ နေအိမ်များကို မီးရှို့မည်ဟု ခြိမ်းခြောက်သောကြောင့် ထွက်ခွာသွား" ကြပြီး အမှန်တကယ် ကိစ္စရပ်မှာ "၁၉၇၈ခုနှစ်က ဝင်ရောက်လာသော ဘင်္ဂါလီ ထွက်ခွာသူများ" ၏ အကြောင်းရင်းဖြစ်သော "တရားမဝင်ရွှေ့ပြောင်းမှု" ၏ အကြောင်းရင်း တစ်ခု ဖြစ်ကာ "မြန်မာနိုင်ငံတွင် သမိုင်းကြောင်း၊ နိုင်ငံရေး အရနှင့် တရားဝင်မှုအရ ရိုဟင်ဂျာ" ဟူသည်မှာ မရှိကြောင်း ဖော်ပြသည်။ ယင်းတို့မှာ ၂၀၁၇ ခုနှစ်နှောင်းပိုင်း ရိုဟင်ဂျာများ အစုအပြုံအလိုက် ထွက်ပြေးရာတွင် မြန်မာအစိုးရက ပေးသော ရှင်းပြချက်များနှင့် အဓိကအားဖြင့် တူညီနေသည်။

1067 V-054.

1068 Ibid.

1069 ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ အဆုံးသတ် အစီရင်ခံစာ၊ ရခိုင် ပြည်သူများအတွက် ငြိမ်းချမ်း မျှတပြီး ထွန်းတောက်သော အနာဂတ်သို့ ရည်မျှော်လျက် (၂၀၁၇ ခု ဩဂုတ်လ)

1070 K-063.1. ရပိုင်ခွင့်ရှိသော အရွယ်ရောက်သူ လျှောက်ထားနိုင်သူ အနီးစပ်ဆုံး ၁,၃၀၀ အထဲမှာ ၁,၂၀၀ ခန့် လျှောက်ထားသည်။ ၂၀၁၅ ဩဂုတ်လ နှောင်းပိုင်းတွင် နိုင်ငံသား စိစစ်ရေး ကဒ်ပြားများကို လူကြီး ၉ ၇ ဦးနှင့် ပြုနိုင်ငံသား စိစစ်ရေး ကဒ်များကို လူကြီး ၈၂၀ ဦးနှင့် ကလေး ၆၅၆ ဦးကို ထုတ်ပေးခဲ့သည်။

1071 K-063.1

1072 K-063.2.

၄၈၃။ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အဖြူရောင် ကဒ်ပြားများသည် ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်နေ့တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သမ္မတ ဦးသိန်းစိန်က ကြေညာခဲ့ပြီး ယင်းတို့ကို ၂၀၁၅ ခုနှစ် မေလ ၃၁ ရက်နေ့တွင် ပြန်လည်အပ်နှံရန် အမိန့်ထုတ်ခဲ့သည်။ ဤအမိန့်သည် ရိုဟင်ဂျာများအား ဥပဒေအရ မရေရာမှုကို ပိုမို ရောက်ရှိစေသည်။ ကိုင်ဆောင်သူများအား အဖြူရောင် ကဒ်ပြားများအပ်နှံမှုအတွက် အလဲအလှယ်အနေဖြင့် "အဖြူရောင်ကဒ်ပြားရရှိမှု ဖြတ်ပိုင်း" များ ပြန်လည်ပေးအပ်ခဲ့သည်။[1073] သတ်မှတ်ချိန်ရောက်သည့်အခါ ရခိုင်ပြည်နယ်၏ ၈၀ ရာခိုင်နှုန်း၏ ၆၇ ရာနှုန်းကသာ ကဒ်ပြားများ ပြန်လည် အပ်နှံခဲ့သည်။[1074]

၄၈၄။ အဖြူရောင်ကဒ်ပြားများ သက်တမ်း ကုန်ဆုံးပြီးနောက်တွင် နိုင်ငံသား စီစစ်ရေး သက်သေခံ ကဒ်ပြား (ICNV, Identity Card for National Verification) များကို "လျှောက်ထားသူသည် မြန်မာနိုင်ငံသား ဖြစ်လာရန် အရည်အသွေး ပြည့်မီခြင်းရှိမရှိကို စီစစ်ရန်" ရည်ရွယ်သည်ဟု ဖော်ပြလျက် စတင်ထုတ်ပေးခဲ့သည်။[1075] လျှောက်လွှာ စာရွက်တွင် ရိုဟင်ဂျာ လျှောက်ထားသူများသည် လူမျိုးအဖြစ် "ဘင်္ဂါလီ" ဟုဖြည့်စွက်ရန် လိုအပ်ပြီး ကဒ်ပြားများ၏ သက်တမ်းမှာ နှစ်နှစ်ဖြစ်မှု အပါအဝင် ကဒ်ပြားနှင့် ပတ်သက်သည့် ရပိုင်ခွင့်များမှာ ရှင်းလင်းမှု မရှိပါ။[1076] ကဒ်ပြားများကို လက်ခံခြင်း ပြုလာစေရန် လှုပ်ရှားမှုများ လုပ်ဆောင်လာခဲ့သည်။ ယင်းကို ခြိမ်းခြောက်မှုများနှင့် ပူးတွဲ လုပ်ဆောင်ခဲ့ကြောင်း အစီရင်ခံမှုများ ရှိခဲ့သည်။[1077] အဖြူရောင်ကဒ် ပြန်လည်ပေးအပ်မှု ဖြတ်ပိုင်းများ ထိန်းသိမ်းထားသူများသည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ပိုမို ကန့်သတ်မှုများ ခံကြရသည်။[1078] ထို့အပြင် ICNV ကဒ်ပြား လျှောက်ထားသော ရိုဟင်ဂျာ အရေအတွက်မှာ အလွန်နည်းပါးသည်။[1079]

၄၈၅။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရ လက်ထက် ၂၀၁၆ ခုနှစ်တွင် "နိုင်ငံသား စီစစ်ရေး လုပ်ငန်းစဉ်" ကို အသစ်နာမည်ပြန်လည်ပေးထားသော အမျိုးသား စီစစ်ရေး ကဒ်များ (NVC) အား ရိုဟင်ဂျာများ လက်ခံရန် စွဲဆောင်လျက် ပြန်လည် စတင်ခဲ့သည်။[1080] သို့ရာတွင် အတိတ်က အတွေ့အကြုံများမှရှိထားသော သံသယများနှင့် လုပ်ငန်းစဉ်သစ်အပေါ်တွင် နားလည်မှုအကန့်အသတ်များ ရှိနေခဲ့သည်။ ၂၀၁၆ အောက်တိုဘာ ၉ ရက် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" များ နောက်ပိုင်းတွင် လူတစ်ဦးချင်းအား NVC ကဒ်များ လက်ခံရန် နိုင်ထက်စီးနင်း ဖိအားပေးကြိုးပမ်းမှုများရှိကြောင်း အစီရင်ခံချက်များ ပိုမိုပေါ်ထွက်လာခဲ့သည်။[1081] ၂၀၁၇ခုနှစ် ဇန်နဝါရီလအထိ အဖြူရောင်ကဒ်ပြား ၄၀၀,၀၀၀ နီးပါး ပြန်လည် အပ်နှံထားသော ရခိုင်ပြည်နယ်တွင် NVC ကဒ်ပြား ၆,၀၀၀ ကျော်သာ ထုတ်ပေးနိုင်ခဲ့သည်။[1082] ၂၀၁၇ ခု

---

1073 K-063.1.

1074 Ibid.

1075 Ibid.

1076 Ibid.

1077 Ibid.

1078 Ibid.

1079 V-047.

1080 လျှောက်လွှာ ပုံစံပေါ်တွင် လူမျိုး ထည့်သွင်းရန် လိုအပ်ချက်နှင့် နှစ်နှစ် သက်တမ်းကို ပယ်ဖျက်ခဲ့သည်။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ အဆုံးသတ် အစီရင်ခံစာ၊ ရခိုင် ပြည်သူများအတွက် ငြိမ်းချမ်း မျှတပြီး ထွန်းတောက်သော အနာဂတ်သို့ ရည်မျှော်လျက် (၂၀၁၇ ခု ဩဂုတ်လ) တွင်ကြည့်။

1081 K-063.5, V-047။ အခန်း ၅၊ အပိုင်း D.2။ မှန်းမျှော်ကြည့်နိုင်သည့် အစီအစဉ် ဆွဲထားသည့် ကပ်ဘေးဒုက္ခ။

1082 လုပ်ငန်းစဉ်မှာ ရခိုင်တစ်နေရာတည်းနှင့် သက်ဆိုင်သည် မဟုတ်ပဲ နိုင်ငံ၏ အခြားသော နေရာများနှင့်လည်း သက်ဆိုင်သည်။ ၂၀၁၇ ခု ဇန္နဝါရီတွင် ရှမ်းပြည်နယ်တွင် NVS ကဒ်ပြား ၁၆,၀၀၀ နှင့် ကရင်တွင် ၃,၅၀၀ ထုတ်ပေးခဲ့သည်။ ပြည်နယ် နှစ်ခု စလုံးတွင် လူဦးရေ လေးပုံတစ်ပုံကျော်မှာ အထောက်အထား မရှိကြသေးပေ။

ဖေဖော်ဝါရီ ၈ ရက်တွင် အစိုးရက လုပ်ငန်းစဉ် သွက်လက်လျင်မြန်စေရန် NVC ကဒ်များ ထုတ်ပေးခြင်းအတွက် ကြီးကြပ်ရေး ကော်မတီကို တာဝန်ပေးအပ်ခဲ့သည်။

၄၈၆။ ၂၀၁၇ ခုနှစ် ဩဂုတ်လတွင် ရခိုင်ပြည်နယ်အကြံပေးကော်မရှင်က နေရာကွက်ကြား အကောင်အထည်ဖော်မှုနှင့် အစိုးရထံမှ ဆက်သွယ်ရေး၊ ဆွေးနွေးတိုင်ပင်မှုနှင့် လက်လှမ်းမီမှု အားနည်းချက်များကြောင့် လူထု၏ ယုံကြည်မှု လျော့နည်းစေခဲ့သည်ကို တွေ့ရှိခဲ့ကြောင်း ထုတ်ပြန်သည်။ ကော်မရှင်က အကြံပြုချက်အများအပြားကို ထုတ်ပြန်ခဲ့ရာ နိုင်ငံသား ဖြစ်မှုရရှိသောသူများကို ချက်ချင်း သက်ဆိုင်ရာအကျိုးခံစားခွင့်များ ခံစားခွင့်ရှိစေရန် အာမခံချက်ပေးရန်နှင့် စီစစ်ရေးလုပ်ငန်းစဉ်ကို ရှင်းလင်းမှု ရှိစေရန် တို့ ပါဝင်သည်။ လုပ်ငန်းစဉ်တွင် ဆန္ဒအလျောက် ပါဝင်ခြင်းဖြစ်စေရန် အာမခံချက်ပေးရန်လည်း အစိုးရကို တိုက်တွန်းထားသည်။[1083] ယင်း အကြံပြုချက်များနှင့် တိုက်ရိုက် ဆန့်ကျင်စွာပင် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် NVC များ တောင်းဆိုမှု ချဉ်းကပ်ချက်ကို အဆုံးသတ်နိုင်ရန် ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် တိုးချဲ့ခဲ့သည်။[1084] ရိုဟင်ဂျာများကို NVC ကဒ်များလက်ခံစေရန် ဖိအားပေးမှုများ ဆက်လက်ရှိနေပြီး ထိုကိစ္စနှင့် ပတ်သက်၍ ဖိအားနှင့် တင်းမာမှုများ ပိုမို စုပုံလာကာ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အကြမ်းဖက်မှုများ ပေါ်ပေါက်လာစေခဲ့ခြင်းကို အောက်တွင် ဆွေးနွေးထားသည်။[1085]

၄၈၇။ NVC က အာမခံမည့် အခွင့်အရေးများမှာ ရှင်းလင်းမှု မရှိသေးပဲ ရှိသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ရုံးက ကဒ်ပြားကိုင်ဆောင်သူများသည် နိုင်ငံအတွင်း မည်သည့်နေရာကို မဆို သွားနိုင်သည်ဟု ဆိုထားသော်လည်း ရခိုင်ပြည်နယ်အတွက် သီးခြား ထပ်ဆောင်း သတ်မှတ်ချက်များ ပါဝင်နေသည်။[1086] ယင်းသတ်မှတ်ချက်များက လက်တွေ့တွင် ရိုဟင်ဂျာများအတွက် သွားလာခွင့်မှာ တင်းကြပ်စွာ ကန့်သတ်ထားဆဲ ဖြစ်သည်ဟု အဓိပ္ပါယ်ရသည်။[1087] လူမှုဖူလုံရေး၊ ပြန်လည်နေရာချထားရေးနှင့် ကယ်ဆယ်ရေး ဝန်ကြီးဌာနက သွားလာခွင့်ကန့်သတ်ချက်များကို လျော့ပေးကောင်းပေးနိုင်သည်ဟု ပြောသည်။[1088] သို့ရာတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေဝန်ကြီးဌာနက ၂၀၁၈ ခု ဧပြီလတွင် "NVC ကဒ်ကိုင်ဆောင်သူများ နိုင်ငံအတွင်း မည်သည့်နေရာသို့မဆို သွားလာခွင့်ရှိသည်ဆိုသည့် အချက်အလက်မှာ လုံးဝ မှန်ကန်ခြင်းမရှိပါ။ မိမိတို့အနေဖြင့် ယင်းကို ခွင့်မပြုနိုင်ပါ။ မိမိအနေဖြင့် အမျိုးသားစီစစ်ရေးကဒ်ပြားများ ထုတ်ပေးသည့် အချိန်တွင် သတ်မှတ်ထားသော အခွင့်အရေးများ၊ ရပိုင်ခွင့်များနှင့် ကန့်သတ်ချက်များ အပြောင်းအလဲ မရှိသည်ကို အလေးထား ပြောလိုသည်"[1089] ဟု ဆိုသည့် အစီရင်ခံချက်အရ ရခိုင်ပြည်နယ်အတွင်း NVC

နိုင်ငံတော်၏ အကြံပေး ပုဂ္ဂိုလ် ရုံး အသိပေးကြော်ငြာစာ၊ "ICNV ဆိုတာဘာလဲ။" (၂၀၁၆ ခု ဒီဇင်ဘာ ၂၇ ရက်)။ ၂၀၁၄ ခုနှစ် မြန်မာ လူဦးရေနှင့် အိမ်ခြေ သန်းခေါင်စာရင်း။

1083 ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ အဆုံးသတ် အစီရင်ခံစာ၊ ရခိုင် ပြည်သူများအတွက် ငြိမ်းချမ်း မျှတပြီး ထွန်းတောက်သော အနာဂတ်သို့ ရည်မျှော်လျက် (၂၀၁၇ ခု ဩဂုတ်လ) စာ၊ ၂၆-၂၈

1084 K-063.36

1085 အခန်း ၅၊ အပိုင်း D.2။ မှန်းမျှော်ကြည့်နိုင်သည့် အစီအစဉ် ဆွဲထားသည့် ကပ်ဘေးဒုက္ခ။ တွင်ကြည့်။

1086 နိုင်ငံတော်၏ အကြံပေး ပုဂ္ဂိုလ် ရုံး အသိပေးကြော်ငြာစာ၊ "ICNV ဆိုတာဘာလဲ။" (၂၀၁၆ ခု ဒီဇင်ဘာ ၂၇ ရက်) ။

1087 ဤအပိုင်း၊ အခန်း B.2.b တွင်ကြည့်။ မြို့နယ်များအကြား ခရီးသွားလာရန် ယာယီ ခရီးသွား ထောက်ခံစာအတွက် လိုအပ်ချက်။

1088 အောက်ပါလင့်တွင် ဗီဒီယို ကြည့်နိုင်သည်။ https://www.facebook.com/theirrawaddyburmese/videos/2008808825829926/ (accessed August 2018) ။ Joshua Lipes၊ "Myanmar Lifts Travel Restrictions on Rohingyas With 'Verification Cards'" (လွတ်လပ်သော အာရှအသံ။ ၂၀၁၈ ဧပြီ ၁၉ ရက်)

1089 အောက်ပါလင့်တွင် ဗီဒီယိုကြည့်နိုင်သည်။ https://www.facebook.com/standardtimedaily/videos/1451972574914692/ (accessed August 2018)

ကိုင်ဆောင်သူများအနေဖြင့် သူတို့၏ မြို့နယ်အတွင်းတွင်သာ သွားလာခွင့်ကန့်သတ်ထားမှုကို ဆက်လက် ရရှိနေမည်ဖြစ်သည်။

၄၈၈။ တရားမဲ့ဆက်ဆံမှုများနှင့် သူတို့၏ တရားဝင်မှု အနေအထားနှင့် သက်သေခံ အထောက်အထားများနှင့် ပတ်သက်သည့် တရားဝင်မှုမရေမရာ ရှိနေခဲ့မှုများ ဆယ်စုနှစ်များနှင့်ချီရှိခဲ့သည့် နောက်တွင် ရိုဟင်ဂျာများအနေဖြင့် မြန်မာအာဏာပိုင်များအပေါ် ယုံကြည်မှု မရှိခြင်းနှင့် "နိုင်ငံသားစီစစ်ရေးလုပ်ငန်းစဉ်" အပေါ် သံသယ ဆက်လက်ရှိနေခြင်းတို့မှာ အံ့သြစရာ မဟုတ်ပေ။ သူတို့၏ အမြင်တွင် ယင်း ကြိုးပမ်းအားထုတ်မှုများနှင့် "NVC" တို့မှာ ခွဲခြားဆက်ဆံမှုရှိသော နိုင်ငံသားဖြစ်မှု လုပ်ငန်းစဉ်၏ လက္ခဏာ တရပ်သာဖြစ်ပြီး သူတို့၏ အနေအထားကို နောက်ထပ် "ရွှေ့ပြောင်းလာသူများ" အဖြစ်ဆက်လက်ရှိနေရန် ထောင်ချောက်ဖြစ်သည်ဟု မြင်ကြသည်။

**(ဂ) နိုင်ငံရေး ပါဝင်မှုကို ငြင်းပယ်ခြင်း**

၄၈၉။ အတိတ်တွင် ရိုဟင်ဂျာများကို နိုင်ငံရေး လုပ်ငန်းစဉ်များတွင် ပါဝင်ခွင့်ပေးခဲ့သည်။ သူတို့သည် ၁၉၉၀ လွှတ်တော် ရွေးကောက်ပွဲများတွင် မဲပေးခွင့်နှင့် ဝင်ရောက်ရွေးချယ်ပိုင်ခွင့်တို့ ရှိခဲ့ကြပြီး ရိုဟင်ဂျာ လေးဦးမှာ လွှတ်တော်ကိုယ်စားလှယ် အဖြစ်ရွေးချယ်ခံခဲ့ရသည်။ ၂၀၁၀ တွင် ရိုဟင်ဂျာများကို တရားဝင် နိုင်ငံသားများအဖြစ် သတ်မှတ်ခြင်း မရှိတော့သည့်အပြင် အဖြူရောင်ကဒ်ပြား ကိုင်ဆောင်သူများကို နိုင်ငံရေးတွင် ပါဝင်ခွင့်ပြုသည့် ဥပဒေအများအပြားကို ချမှတ်ခဲ့သည်။ လွှတ်တော်တွင် ရိုဟင်ဂျာ သုံးဦးနှင့် ရခိုင်ပြည်နယ် အစိုးရတွင် နှစ်ဦး ရွေးချယ်ခံခဲ့ရသည်။

၄၉၀။ သို့ရာတွင် ၂၀၁၄ ခု မတ်လတွင် လွှတ်တော်က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေကို ပြင်ဆင်ခဲ့ပြီး နိုင်ငံရေးပါတီများ၏ ခေါင်းဆောင်များသည် နိုင်ငံသား "အပြည့်အဝ" ဖြစ်ရန် လိုအပ်ပြီး ပါတီဝင်များသည် နိုင်ငံသား "အပြည့်" သို့မဟုတ် နိုင်ငံသား "ပြုသူ" များ ဖြစ်ရန် လိုအပ်လာသည်။[1090] ၂၀၁၅ ခု ဖေဖော်ဝါရီတွင် လွှတ်တော်က အဖြူရောင်ကဒ် ကိုင်ဆောင်သူများ မဲပေးခွင့်ပြုသော သတ်မှတ်ချက်ပါဝင်သည့် ဥပဒေကို အတည်ပြုခဲ့သော်လည်း ဖေဖော်ဝါရီ ၁၁ ရက်တွင် ဆန္ဒပြမှုများ ဖြစ်ပွားလာပြီးနောက် သမ္မတ ဦးသိန်းစိန်က အဖြူရောင် ကဒ်ပြားများသည် ၂၀၁၅ မတ်လ ၃၁ ရက်နေ့တွင် သက်တမ်း ကုန်ဆုံးပြီး ၂၀၁၅ ခု မေလ ၃၁ ရက်နေ့တွင် အပြီး ပြန်လည်အပ်နှံရန် အမိန့်ထုတ်ခဲ့သည်။ ဖွဲ့စည်းပုံဥပဒေဆိုင်ရာခုံရုံးက နောက်ပိုင်းတွင် အဖြူရောင်ကဒ် ကိုင်ဆောင်သူများအား မဲပေးခွင့်ပြုသော သတ်မှတ်ချက်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီခြင်းမရှိဟု ဆုံးဖြတ်ခဲ့ပြီး အဖြူရောင်ကဒ်ပြားရှိသူများ ရွေးကောက်ပွဲတွင် ပါဝင်ခွင့် ပြုသည့် သတ်မှတ်ချက်များကို ဖယ်ရှားပြီး လွှတ်တော်က ရွေးကောက်ပွဲဥပဒေများကို ပြင်ဆင်ခဲ့သည်။[1091] ယင်းသည် ရိုဟင်ဂျာ အများစုဖြစ်သော အဖြူရောင်ကဒ်ပြား ကိုင်ဆောင်သူအားလုံးကို နိုင်ငံသားဖြစ်ခွင့် ရုတ်သိမ်းလိုက်ခြင်းဖြစ်ပြီး ၂၀၁၅ ခု အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ခြင်းကို ရုတ်သိမ်းလိုက်ခြင်းဖြစ်သည်။

---

ဗီဒီယိုကို အောက်ပါလင့်တွင်လည်း ကြည့်နိုင်သည်။ https://www.facebook.com/NewsWatchJournal/videos/1669688809735580/ (accessed August 2018).

[1090] ၂၀၁၄ ခု စက်တင်ဘာလတွင် ပြင်ဆင်ချက်များ သက်ဝင်သည်။

[1091] ကာတာစင်တာ။ "Preliminary Findings of the Carter Center Expert Mission to Myanmar – ၂၀၁၅၊ ခု မေ-ဇူလိုင်။"

## (ဃ) သုံးသပ်ချက်

၄၉၁။ ရိုဟင်ဂျာများသည် တဖြေးဖြေးနှင့် မွေးစာရင်းလုပ်ခြင်း၊ နိုင်ငံသား ဖြစ်မှုနှင့် နိုင်ငံရေး အသိုင်းအဝိုင်းတွင် အဖွဲ့ဝင်ဖြစ်မှုများကို ငြင်းပယ်ခြင်းခံရလာသည်။ တရားဝင်မှု အနေအထား နှင့် သက်သေခံ အထောက်အထား မရှိခြင်းသည် ရိုဟင်ဂျာများအား ပစ်မှတ်ထားသည့် ဖိနှိပ်မှုစနစ်၏ အခြေခံ အုတ်မြစ်ဖြစ်သည်။ ယင်းမှာ တိုင်းရင်းသား အုပ်စုတစ်ခုကို ပစ်မှတ်ထားပြီး ဥပဒေများကို ခွဲခြားဆက်ဆံမှုနှင့် တရားမဲ့အသုံးပြုခြင်း၏ နောက်ဆက်တွဲရလာဒ်များ ဖြစ်ပြီး ယင်းအုပ်စုအဖွဲ့ဝင်များ၏ တရားဝင်အနေအထားကို ဖယ်ရှားပြီး နောက်တဆင့် ထပ်မံဖိနှိပ်ခြင်းဖြစ်သည်။ ယင်းမှာ နိုင်ငံတော်က ကျူးလွန်မှု နှင့် နိုင်ငံတကာဥပဒေအောက်တွင် မြန်မာနိုင်ငံ၏ တာဝန်ဝတ္တရားများကို ချိုးဖောက်ခြင်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ယင်းသည် လူမျိုး၊ တိုင်းရင်းသားဖြစ်မှုနှင့် ဘာသာရေး အခြေခံပေါ်တွင် ခွဲခြားဆက်ဆံခြင်းကြောင့် ဖြစ်သည်။ ယင်းသည် အခြားသော လူ့အခွင့်အရေးများအားလုံးအား ခံစားမှုအပေါ်တွင်လည်း သိသာထင်ရှားစွာ သက်ရောက်မှုရှိသည်။

၄၉၂။ နိုင်ငံသားဖြစ်မှုဆိုင်ရာ မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်နှင့် အထူးသဖြင့် ရိုဟင်ဂျာများအပေါ် ယင်းကို အသုံးပြုမှုသည် "နိုင်ငံသား"ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်း နှင့် ကွဲပြားခြားနားသော နိုင်ငံသား အမျိုးအစားများ၏ အခွင့်အရေးကို သတ်မှတ်ခြင်း နှစ်ရပ်စလုံးတွင် ဖေါ်ပြထားသော လူမျိုးဆိုင်ရာ ခွဲခြားဆက်ဆံခြင်းအပေါ် တားမြစ်ထားခြင်းဆိုသည်နှင့် ဆန့်ကျင်နေသည်။ မျိုးဆက်များစွာ နိုင်ငံအတွင်း ပေါက်ဖွားနေထိုင်ခဲ့သူများ အပါအဝင် တခြားသူများအားလုံးကို တဖြေးဖြေး ဖယ်ထုတ်နေသည်။ ဤအစွန်းရောက်ပြီး လူမျိုးအပေါ် ကျဉ်းမြောင်းသော အာရုံစိုက်မှုနှင့် လက်တွေ့တွင် တရားမဲ့ ကျင့်သုံးမှုတို့သည် သဘောထားပိုင်းဖြတ်ချက်၊ ရည်မှန်းချက်နှင့် သက်ရောက်မှုတို့တွင် ထင်ရှားစွာ ခွဲခြားဆက်ဆံမှု ဖြစ်နေသည်။

၄၉၃။ ရိုဟင်ဂျာများအပေါ် ဆက်ဆံမှုသည် နိုင်ငံသားဖြစ်မှုကို တရားလက်လွတ်ဖယ်ရှားမှု မြောက်သည်။ ယင်းသည် နိုင်ငံတွင်းဥပဒေများကို ချိုးဖောက်သည်။ ပယ်ဖျက်ရန် မည်သည့်အကြောင်းခံမှ မရှိပေ။ နိုင်ငံသားဖြစ်မှုကို ငြင်းပယ်ခြင်းသည် တားမြစ်ထားသော လူမျိုးရေးအခြေခံပေါ်တွင် အခြေပြုထားသည်။ ဤသို့ပြုလုပ်မှုသည် ဥပဒေနှင့်ညီညွတ်သည့် မြင်သာသော ရည်ရွယ်ချက်အတွက် လုပ်ဆောင်ခြင်းမဟုတ်ဘဲ ယင်းသို့ဖြစ်ခြင်းကြောင့် ကြီးမားများပြားသော နိုင်ငံမဲ့မှုကို ဖြစ်စေသည်။

၄၉၄။ ကလေးတစ်ဦးသည် နိုင်ငံမဲ့ဖြစ်မည့် အခြေအနေတွင် ဤသို့ပြုမူမှုသည် ကလေးတိုင်း နိုင်ငံသားဖြစ်မှုတစ်ခုရရှိခွင့် ရှိသည်ဆိုသည့် အခွင့်အရေးကို ချိုးဖောက်ပြန်သည်။ ကလေး အခွင့်အရေး သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးထားသော နိုင်ငံတစ်ခု၏ နယ်မြေတွင် နိုင်ငံမဲ့ မိဘနှစ်ဦးမှ မွေးဖွားလာသော ကလေးတစ်ဦးကို မွေးဖွားသောနိုင်ငံက နိုင်ငံသားအဖြစ် ပေးအပ်ရန် တာဝန်ရှိသည်။ သဘောတူစာချုပ် ပုဒ်မ ၇ တွင် ဖော်ပြထားသော နိုင်ငံသား ဖြစ်ခွင့်သည် သို့မဟုတ်ပါက အဓိပ္ပါယ် မဲ့သွားမည်။[1092] ရိုဟင်ဂျာကလေးများ မွေးစာရင်း ထုတ်မပေးသည့် အလေ့အထနှင့် နိုင်ငံနယ်မြေအပေါ်တွင် မွေးဖွားသော ကလေးများကို နိုင်ငံသား ဖြစ်မှု သို့မဟုတ် သင့်လျော်သော သက်သေခံ စာရွက်စာတမ်းကို ပေးအပ်မှု မရှိခြင်း သည် သဘောတူစာချုပ်ကို ချိုးဖောက်ခြင်း ဖြစ်သည်။ ယင်းသည် ရိုဟင်ဂျာ ကလေးများအား အမြဲတမ်း တည်ရှိမှုမှတ်တမ်းနှင့် တရားဝင် သက်သေအထောက်အထား မရှိဘဲ ဖြစ်စေသည်။

---

[1092] A/HRC/13/34၊ စာပိုဒ် ၃၆။ A/HRC/10/34၊ စာပိုဒ် ၆၄။

ယင်းသည် သူတို့အား ကျန်းမာရေး၊ ပညာရေးနှင့် အခြားသော ဝန်ဆောင်မှုများ ရရှိနိုင်မှုအပေါ် အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှု ဖြစ်စေသည်။ ယင်းသည် သူတို့အား လုံလောက်သော ကာကွယ်မှု ကင်းမဲ့စေသည်။

၄၉၅။ ၂၀၁၅ ခုနှစ်တွင် သူတို့၏ တရားဝင်မှုအနေအထားကို ပြင်းပယ်ခြင်းသည် ရိုဟင်ဂျာများအား နိုင်ငံရေးလုပ်ငန်းစဉ်မှ လုံးဝဖယ်ကြဉ်ပစ်ပယ်သွားစေသည်။ ယင်းသည် မြန်မာနိုင်ငံ နိုင်ငံရေးအသိုင်းအဝိုင်းမှ သူတို့အား ဖယ်ထုတ်လိုက်ခြင်း သင်္ကေတဖြစ်ပြီး နိုင်ငံ၏ အစိုးရတွင်ပါဝင်ခွင့် အခွင့်အရေးကို ချိုးဖောက်လိုက်သည်။[1093]

၄၉၆။ ရိုဟင်ဂျာလူထုများ ဆက်ဆံခံရသော လုံးဝတရားမဲ့မှုမှာ ထိတ်လန့်ဖွယ်ဖြစ်သည်။ ယင်းသည် ဥပဒေဆိုင်ရာ သေချာရေရာမှု၊ ဥပဒေစိုးမိုးရေး၊ နှင့် နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ ဥပဒေများကို ယေဘူယျအားဖြင့် ချိုးဖောက်သည်။ တရားမဲ့မှုကို နိုင်ငံသား ဖြစ်မှုအား ဖျက်သိမ်းရာတွင် တွေ့ရသည်။ ပြည်တွင်းဥပဒေများကို သုံးချင်သုံးသည်၊ မသုံးချင်မသုံးပါ။ ကဒ်ပြားများ ထုတ်ပေးပြီး ပြန်လည် ဖျက်သိမ်းသည်။ လူများကို "တရားမဝင် ခိုးဝင်သူများ" ဟု ခေါ်ဆိုသည်။ ထိုသည့်တိုင်အောင် လူအုပ်စုလိုက် ရွှေ့ပြောင်းမှုနှင့် နေရပ်ရင်း ပြန်မှု သံသရာကို အထပ်ထပ်အဖန်ဖန် လည်စေသည်။ ဥပဒေအရ ရေရာမှုမပေးခြင်းနှင့် အကောင်အထည်ဖော်ရန် ကြီးမားစွာသောပျက်ကွက်မှုတို့ကိုပေးသည့် ထပ်ကာထပ်ကာ ယာယီ ဖြေရှင်းမှုများသည်လည်း တရားမဲ့မှုကို ပြသနေသည်။ ရိုဟင်ဂျာများမှာ ဆယ်စုနှစ်ပေါင်းများစွာ မြန်မာနိုင်ငံ၏ နိုင်ငံသားဘဝတွင် မတူညီသောပါဝင်မှု အမျိုးမျိုးကြား ဟိုရောက်ဒီရောက် ဖြစ်နေခဲ့သည်။ နိုင်ငံသားအပြည့်မှသည် မဲပေးခွင့်ရသည့် နိုင်ငံသားမဟုတ်သူ၊ မဲပေးခွင့် မရသည့် နိုင်ငံသား မဟုတ်သူ၊ ပြန်လည်ထွက်ခွာရမည့် ခိုးဝင်နေထိုင်သူ၊ နေထိုင်အခြေချခွင့်ရှိသော ခိုးဝင် ရွှေ့ပြောင်းဝင်ရောက်သူ၊ နိုင်ငံသားဖြစ်မှု စီစစ်ရန် လိုအပ်သော တရားမဝင်ရွှေ့ပြောင်းသူ၊ စသဖြင့် ဖြစ်သည်။ အနေအထား တစ်ရပ်ချင်းကို မတူညီသောကဒ်ပြားများ သို့မဟုတ် ယင်းတို့ကို ပြန်လည်ရုတ်သိမ်းခြင်းတို့က ထင်ဟပ်နေသည်။

၄၉၇။ အဖွဲ့အစည်းအဆောက်အအုံတရပ်အနေဖြင့် မြန်မာနိုင်ငံတော်သည် ယခင် အစိုးရများ၏ လုပ်ဆောင်မှုများအပါအဝင် ယင်းလုပ်ဆောင်မှုများအတွက် တာဝန်ရှိသည်။ ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို တင်းတင်းကြပ်ကြပ် ကိုင်တွယ်အသုံးပြုခြင်းသည် ဥပဒေစိုးမိုးရေးကို အလေးမထားသည့် လက္ခဏာဖြစ်သည်။ လက်ရှိအစိုးရသည် ထိုဥပဒေနှင့် အညီ "နိုင်ငံသားဖြစ်မှု စီစစ်ရေး လုပ်ငန်းစဉ်" ကို အကျပ်ကိုင်မှု အပါအဝင် မည်သည့်တန်ဘိုး ပေးဆက်ရသည်ဖြစ်စေ စဉ်ဆက်မပြတ်ဆက်လက် အကောင်အထည်ဖော်ခဲ့သည်။ ယင်းမှာ စစ်အစိုးရက ချထားခဲ့သော ခွဲခြားဆက်ဆံမှုမူဝါဒကို အရပ်သားအစိုးရက ဆက်လက်လုပ်ဆောင်ခြင်းဖြစ်သည်။ ယင်းမူဝါဒများသည် လူမျိုးခွဲခြားမှုနှင့် ဖယ်ထုတ်မှုအမြင်ကို အကောင်အထည်ဖော်ခြင်းပင်ဖြစ်သည်။ လိုအပ်နေသည်မှာ နိုင်ငံသားဖြစ်မှုနှင့် "တိုင်းရင်းသား လူမျိုးစုများ" အကြား ဆက်စပ်မှုကို ပြန်လည်စီစစ်ရန် ဖြစ်ပြီး မြန်မာနိုင်ငံ နိုင်ငံရေးနှင့် ဥပဒေတွင် တိုင်းရင်းသားလူမျိုး စဉ်းစားချက်ကို ဖယ်ရှားရန် ဖြစ်သည်။ နိုင်ငံသားဖြစ်မှုအပေါ် ကျယ်ကျယ်ပြန့်ပြန့် အခြေခံထားသည့်၊ လူ့အခွင့်အရေးကို ကာကွယ်ရန်အတွက် ချို့ယွင်းလွဲမှားနေသည့် မြန်မာနိုင်ငံ၏ ဥပဒေမူဘောင်ကို ထည့်သွင်းစဉ်းစားကြည့်လိုက်လျှင်

[1093] ဥပမာ- UDHR ပုဒ်မ ၂၁(၁)

ဤဆက်စပ်မှုသည် အထူးသဖြင့် ပြဿနာဖြစ်နေကာ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့်လည်းဆန့်ကျင်ဖက်ဖြစ်နေသည်။

၄၉၈။ “တိုင်းရင်းသားလူမျိုးစု” အပေါ် အလေးထားမှုနှင့် ခွဲခြားဆက်ဆံသောလုပ်ထုံးလုပ်နည်းများ နောက်ဆက်တွဲ လိုက်ပါလာခြင်းသည် ရိုဟင်ဂျာများ နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံမဲ့မှုအပေါ် မေးခွန်းကို အဓိပ္ပါယ်ဖော်ရာတွင် ရိုဟင်ဂျာများ၊ တိုင်းရင်းသား ရခိုင်များနှင့် မြန်မာအစိုးရတို့အနေဖြင့် ရိုဟင်ဂျာများသည် “တိုင်းရင်းသား လူမျိုးစု” ဖြစ်ခြင်းမဖြစ်ခြင်းအပေါ် ငြင်းခုန်စရာဖြစ်လာသည်။ ယင်းမှာ အဓိကအချက်အလက်ကို လွဲချော်စေသည်။ “တိုင်းရင်းသား လူမျိုးစု”၊ နိုင်ငံသားအခွင့်အရေးများ နှင့် လူ့အခွင့်အရေးများကို တစ်ခုထဲ ပေါင်းစပ်ခြင်း မလုပ်သင့်ပေ။

## ၂။လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ငြင်းပယ်ခြင်း

### (က) တစုံလုံးခြုံငုံချက် နှင့် ဥပဒေ မူဘောင်

၄၉၉။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (UDHR) ပုဒ်မ ၁၃ သည် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်ကို အာမခံသည်။[1094] ယင်းတွင် နိုင်ငံတစ်နိုင်ငံ၏ နယ်မြေအတွင်းတွင် လူတိုင်းသည် လွတ်လပ်စွာသွားလာနိုင်ရန် အခွင့်အရေး ပါဝင်သည်။[1095] ယင်းသည် လူပုဂ္ဂိုလ်တစ်ဦး လွတ်လပ်စွာ ဖွံ့ဖြိုးတိုးတက်မှုအတွက် မရှိမဖြစ်သော အခြေအနေတစ်ရပ်ဖြစ်သည်။[1096] နိုင်ငံတကာလူ့အခွင့်အရေးအခြေခံအောက်တွင် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နိုင်ငံတစ်နိုင်ငံအတွင်း တရားဝင် ရှိနေပါက လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်အပေါ် ကန့်သတ်ခြင်း မရှိရသည့်သာမက နိုင်ငံသားများအပေါ် ယင်းသို့ လှုပ်ရှားသွားလာခွင့်နှင့် မကိုက်ညီသော မည်သည့်လုပ်ဆောင်မှုကိုမျှ မလုပ်ရပေ။ တစ်ခုတည်းသော ချွင်းချက်မှာ အကယ်၍ ဥပဒေအရ ပြဋ္ဌာန်းထားပြီး အမျိုးသား လုံခြုံရေး၊ လူထု အေးချမ်းသာယာရေး၊ အများပြည်သူကျန်းမာရေး သို့မဟုတ် စာရိတ္တ သို့မဟုတ် အခွင့်အရေးများနှင့် အခြားသူများ၏ လွတ်လပ်ခွင့်များကို ကာကွယ်ရန် လိုအပ်သည့်အခါမျှသာလျှင် ချမှတ်နိုင်သည်။[1097] ထိုသို့သော ချွင်းချက်အခြေအနေမရှိပါက နိုင်ငံသားမဟုတ်သူများသည်လည်း တနေရာမှ တနေရာသို့ သွားလာနိုင်သော အခွင့်အရေး ရှိရမည်။[1098] ချိတ်ဆက်လွှမ်းခြုံနေသော ခွဲခြားဆက်ဆံမှုမရှိခြင်း ဥပဒေသသည်လည်း လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အကောင်အထည်ပေါ်ရေးအပေါ် သက်ရောက်သည်။ အရေးကြီးသည်မှာ နိုင်ငံသားဖြစ်မှုကို တရားမဲ့ဖယ်ရှားခြင်းကြောင့် နိုင်ငံမဲ့ဖြစ်ရသော လူပုဂ္ဂိုလ်တစ်ဦးကို လွတ်လပ်စွာလှုပ်ရှားသွားလာခွင့် အပါအဝင် အခြားသော အခွင့်အရေးများကို ငြင်းပယ်ရန် နိုင်ငံများက အခြေအနေတရပ်အဖြစ် အသုံးမချနိုင်ပါ။[1099]

၅၀၀။ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာများ တွေ့ကြုံနေရသော လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်အပေါ် ကန့်သတ်မှုများသည် အထက်တွင် ဖော်ပြထားသည့် ခွင့်ပြုနိုင်သော အကန့်အသတ်ဘောင်အတွင်းတွင် ရှိမနေပေ။ မြို့နယ်တစ်ခုအတွင်း ကျေးရွာများအကြား၊

---

[1094] အာဆီယံ ကြေညာချက်။ ပုဒ်မ ၁၅ တွင်လည်း ။
[1095] ICCPR ပုဒ်မ ၁၂ တွင်ကြည့်။
[1096] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၊ အထွေထွေ မှတ်ချက် ၂၇။ လွတ်လပ်စွာ သွားလာ လှုပ်ရှားခွင့် (ပုဒ်မ ၁၂)။ ၁၉၉၉ နိုဝင်ဘာ ၂ ရက်။ CCPR/C/21/Rev.1/Add.9.
[1097] Ibid.
[1098] A/HRC/19/43၊ စာပိုဒ် ၈-၁၀ တွင်လည်း ကြည့်
[1099] ဥပမာ- A/HRC/RES/32/5.

မြို့နယ်များအကြား နှင့် ရခိုင်ပြည်နယ်အပြင်ဖက်သို့ သွားလာနိုင်သည့် သူတို့၏ သွားလာနိုင်စွမ်းကို ပြင်းထန်စွာ ပိတ်ပင်တားဆီးထားခြင်းကြောင့် သူတို့၏ဘဝကို ရှုထောင့်ပေါင်းစုံက မကောင်းသော သက်ရောက်မှုဖြစ်စေသည်။

၅၀၁။ ကန့်သတ်မှုများကို စာဖြင့် သို့မဟုတ် နှုတ်ဖြင့် ညွှန်ကြားချက်များသာမက လုံခြုံရေး စည်းမျဉ်းစည်းကမ်းများ၊ ရုပ်ဝတ္ထုအတားအဆီးများ၊ ဖိနှိပ်ညှင်းပမ်းသော အလေ့အထများ၊ နှင့် ကြောက်ရွံ့ခြင်းအပေါ် အခြေခံသော ကိုယ့်ကိုယ်ကို ကန့်သတ်ခြင်းများဖြင့် ရှုတ်ထွေးသော စနစ်မှတဆင့် ချမှတ်ထားသည်။ ဒေသခံအရာရှိများ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပြီး အကောင်အထည်ဖော်ခြင်းသည် တရားဝင်ခြင်းမရှိပေ။ ခွင့်ပြုသည့်အခါ သွားလာလှုပ်ရှားမှုများသည်လည်း လာဘ်ထိုးခြင်း နှင့် စော်ကားခြင်းများနှင့် ယှဉ်တွဲလျက် ရှိနေတတ်သည်။ ရိုဟင်ဂျာများအပေါ် ချမှတ်ထားသည့် ကန့်သတ်ချက်အားလုံးအတွက် ဥပဒေကြောင်းအခြေခံအသေးစိတ်မှာ ရှင်းလင်းခြင်း မရှိပေ။

၅၀၂။ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်က လွတ်လပ်စွာသွားလာလှုပ်ရှားမှုအပေါ် ကန့်သတ်ခြင်းများနှင့် စပ်လျင်း၍ အောက်ပါအတိုင်း အကျဉ်းချုံးဖော်ပြထားသည်။

> *ရခိုင်ပြည်နယ်အတွင်း လူမှုအသိုင်းအဝိုင်းများအကြား သဟဇာတဖြစ်မှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားဖွံ့ဖြိုးရေးအတွက် တိုးတက်မှုများ ဖြစ်စေရန် လွတ်လပ်စွာ လှုပ်ရှားသွားလာခွင့်သည် အရေးကြီးသောကိစ္စရပ်များထဲမှ တစ်ခုဖြစ်သည်။ သွားလာလှုပ်ရှားမှုကန့်သတ်ခြင်းများသည် ပညာရေး၊ ကျန်းမာရေးနှင့် ဝန်ဆောင်မှုများ ရရှိမှုကို လျော့နည်းစေခြင်း၊ လူမှုအသိုင်းအဝိုင်းများ ကွဲပြားမှုကို အားကောင်းစေခြင်း နှင့် စီးပွားရေးအရ အပြန်အလှန်ဆက်ဆံမှု လျော့နည်းစေခြင်း အပါအဝင် ထိခိုက်နစ်နာစေသောသက်ရောက်မှု အများအပြား ရှိစေသည်။ ရှေ့မတိုးနောက်မဆုတ် လက်ရှိအခြေအနေကို ထိန်းသိမ်းထားလိုသော အစိုးရ၏အကြောင်းပြချက်မှာ မငြိမ်မသက်ဖြစ်မည်ကို စိုးရွံ့ခြင်း၊ အထူးသဖြင့် ရခိုင်အသိုင်းအဝိုင်းသည် ပြည်နယ်အတွင်း မွတ်ဆလင်များ၏ ပိုမိုလွတ်လပ်စွာသွားလာလှုပ်ရှားမှုကို ဆန့်ကျင်မည်ဟု ထင်မှတ်ရခြင်း နှင့် အဓိက သက်ဆိုင်နေသည်။ သို့ရာတွင် သေချာစွာ လုပ်ဆောင်မည်ဆိုပါက သွားလာလှုပ်ရှားမှုအကန့်အသတ်များကို လျော့ချခြင်းသည် လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ အကျိုးခံစားခွင့်များကို များစွာရရှိစေနိုင်ပေသည်။*[1100]

### (ခ) မြို့နယ်များအကြား ခရီးသွားရန် ယာယီခရီးသွားထောက်ခံစာ လိုအပ်ချက်

၅၀၃။ ၁၉၉၇ ခုနှစ် ဖွန်လလောက်အထိ စောစွာပင် ရခိုင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ဌာနက ထုတ်ပြန်သော ညွှန်ကြားချက်အရ ရခိုင်ပြည်နယ်အတွင်း မြို့နယ်များအကြား ခရီးသွားလိုသော ရိုဟင်ဂျာများ အားလုံး ("ဘင်္ဂါလီ လူမျိုးများ" ဟု ရည်ညွှန်းထားသည်) သည် "ပုံစံ ၄" ဟုခေါ်သော ယာယီခရီးသွားခွင့်လက်မှတ် ကိုင်ဆောင်ရန် လိုအပ်သည်။ ယင်းသည် "နိုင်ငံခြားသားများနှင့် နိုင်ငံခြားသားဟု သံသယရှိသော လူပုဂ္ဂိုလ်များ" ကိုလည်း သက်ရောက်သည်။ ခရီးသွားသူသည် သူ၏ ထွက်ခွာခြင်း နှင့် ရောက်ရှိခြင်းတို့ကို အာဏာပိုင်များအား အကြောင်းကြားရသည်။ ပုံစံ ၄ သည် သတ်မှတ်ထားသော အချိန်အတိုင်းအတာအတွင်းသာ သက်ဝင်ပြီး အတည်ပြုချက်ပေးထားသော ခရီးစဉ် ပြီးဆုံးပါက

---

1100 ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေး ကော်မရှင်၊ အဆုံးသတ် အစီရင်ခံစာ၊ ရခိုင် ပြည်သူများအတွက် ငြိမ်းချမ်း မျှတပြီး ထွန်းတောက်သော အနာဂတ်သို့ ရည်မျှော်လျက် (၂၀၁၇ ခု ဩဂုတ်လ) စာ၊ ၃၃

ထုတ်ပေးသောအရာရှိထံ ပြန်လည်အပ်နှံရသည်။[1101] ထိုသတ်မှတ်ထားသော အမျိုးအစားများတွင် မပါဝင်သော်လည်း မြန်မာနိုင်ငံသားများဖြစ်သော ကမာန် များသည်လည်း ခရီးသွားလာရန် ပုံစံ ၄ လိုအပ်ခြင်းသည် "မွတ်ဆလင်များ" အတွက် ကျယ်ကျယ်ပြန့်ပြန့် သတ်မှတ်ထားကြောင်း ညွှန်းပြနေသည်။[1102] ၁၉၉၇ ခုနှစ် ညွှန်ကြားချက်မှ သတ်မှတ်ချက်များသည်လည်း ဆက်လက်သက်ဝင်နေလိမ့်အုန်းမည်ဖြစ်သည်။

၅၀၄။ ၁၉၉၇ ခုနှစ် ညွှန်ကြားချက်ကို ဖောက်ဖျက်ခြင်းသည် ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ ဖြင့် အရေးယူနိုင်ပြီး ထောင်ဒဏ် ၆ လအထိ သို့မဟုတ် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံအတွင်း နေထိုင်သူများအားကန့်သတ်သည့်အက်ဥပဒေ အရ ထောင်ဒဏ် နှစ်နှစ်အထိ အပြစ်ပေးခံရနိုင်သည်။[1103] ၂၀၁၁ ခုနှစ်တွင် မောင်တောမြို့နယ် အထွေထွေအုပ်ချုပ်ရေး ဌာနက အမိန့်အမှတ် ၁/၂၀၁၁ ကို ထုတ်ပြန်ခဲ့ပြီး မောင်တောမြို့နယ်တွင် နေထိုင်သော ရိုဟင်ဂျာများ မြို့နယ်များအကြား ခရီးသွားရန် ပုံစံ-၄ ကို ရယူရမည်ဖြစ်ကြောင်း ထပ်မံ ညွှန်ကြားသည်။ အမိန့်က "အချို့သော ဘင်္ဂါလီများ" ပုံစံ-၄ ရယူရန် လိုအပ်ချက်ကို မလိုက်နာခြင်းကို ရည်ညွှန်းထားပြီး "တည်ဆဲ ဥပဒေများနှင့် ပုဒ်မ ၁၈၈ နှင့် အညီ ပြင်းထန်သော အကျိုးဆက်များ ရင်ဆိုင်ရမည်" ဟု အလေးထား ဖော်ပြထားသည်။

၅၀၅။ ပုံစံ-၄ ကို ရယူသည့် လုပ်ငန်းစဉ်မှာ ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ရက်အနည်းငယ်မှ ရက်သတ္တတစ်ပတ် သို့မဟုတ် လနှင့် ချီပြီး ကြာမြင့်သည်။[1104] လျှောက်ထားသူသည် ဦးစွာပထမ ရွာအုပ်ချုပ်ရေးမှူးထံမှ ထောက်ခံစာကို ရယူရပြီးနောက်တွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးရုံး (လဝက) သို့သွားကာ ခွင့်ပြုချက် လျှောက်ထားရသည်။

၅၀၆။ ယုံကြည်ရလောက်သော အစီရင်ခံချက်များအရ ၂၀၁၂ ခုနှစ်အထိ ပုံစံ-၄ သည် ရက်ပေါင်း ၃၀ သက်တမ်း ရှိခဲ့သည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု နောက်ပိုင်းတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်ရှိ ရိုဟင်ဂျာများအတွက် ပုံစံ-၄ ထုတ်ပေးမှုကို ယာယီ ရပ်ဆိုင်းထားခဲ့သည်။ နောက်ပိုင်းတွင် မောင်တောနှင့် ဘူးသီးတောင်အကြား ခရီးသွားလာမှုအတွက် ပြန်လည်ထုတ်ပေးခဲ့သော်လည်း သက်တမ်းကို လျှော့ချထားပြီး အမြဲတမ်းလိုလို တစ်ပတ်မှ နှစ်ပတ် အတွင်းသာ ရရှိသည်။[1105] ၂၀၁၂ ခုနှစ်မှ စ၍ ရသေ့တောင် မြို့နယ်အတွင်း နေထိုင်ကြသော ရိုဟင်ဂျာများသည် ရသေ့တောင်မြို့လယ်သို့ သွားရောက်ခွင့် မရှိတော့သဖြင့် သူတို့၏ လဝကရုံးသို့ သွားရောက်နိုင်မှုကို တားဆီးထားလိုက်သကဲ့သို့ဖြစ်ကာ အခြားမြို့နယ်များသို့ တရားဝင်ခရီးသွားနိုင်ရန် ပုံစံ-၄ လျှောက်ထားမှုကို မလုပ်နိုင်တော့ပေ။

၅၀၇။ ပုံစံ-၄ ခွင့်ပြုချက်ကို လျှောက်ထားရာတွင် တင်ပြရသော စာရွက်စာတမ်းများတွင် ရွာမှ ထွက်ခွာခွင့်လက်မှတ်၊ အိမ်ထောင်စုစာရင်း မိတ္တူ နှင့် သက်သေခံ စာရွက်စာတမ်းတို့ ပါဝင်သည်။ ၂၀၁၅ ခုနှစ်ရောက်သည့်တိုင် ရိုဟင်ဂျာများအား သူတို့၏ ယာယီမှတ်ပုံတင်လက်မှတ် ("အဖြူရောင်ကဒ်") များကို ပြရန်တောင်းပြီး ထိုအချိန်မှစ၍ ယာယီမှတ်ပုံတင်လက်မှတ် ဖြတ်ပိုင်း

---

[1101] K-107.

[1102] CI-167, CI-168, CI-171။ ဤအပိုင်း၊ အခန်း C.2။ ရခိုင်ပြည်နယ်မှ ကမန်မူစလင်များ။ တွင်ကြည့်။

[1103] ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံ တွင် နေထိုင်သူများ မှတ်ပုံတင်ခြင်း အက်ဥပဒေ ပုဒ်မ ၆ (၂) နှင့် ၆ (၃) သည် လိုအပ်သော အထောက်အထားထုတ်လုပ်ရန် လိုအပ်ချက်ကို လိုက်နာရန် ပျက်ကွက်ပါက အလုပ်ကြမ်း နှင့် ဖြစ်စေ၊ မပါပဲ ဖြစ်စေ၊ နှစ်နှစ်အထိ ထောင်ဒဏ် နှင့်/သို့ ငွေဒဏ် ကျခံစေနိုင်သည်။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ သည် အစိုးရဝန်ထမ်း၏ အမိန့်ကို မနာခံသည့် အပြုအမူကို ခြောက်လ အထိ အပြစ်ဒဏ် နှင့်/သို့ ဒဏ်ငွေ ကျခံရစေနိုင်သည်။

[1104] CI-061, CI-062, CI-065, CI-073, CI-079, CI-082, CI-085, CI-090, CI-173, DI-001, DI-003, DI-013, DI-025, DI-046, DI-051, DI-073.

[1105] K-063, V-047.

ကိုတောင်းသည်။ ယုံကြည်ရသော သတင်းရင်းမြစ်များအရ ၂၀၁၇ အစောပိုင်းတွင် ဒေသခံ အာဏာပိုင်များသည် ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ရပ်ရွာခေါင်းဆောင်များအား အမျိုးသား မှတ်ပုံတင်ကဒ် (NVC) ရှိသူများသာ မြို့နယ်များအကြား ခရီးသွားနိုင်ခွင့်ရှိတော့မည်ဖြစ်ကြောင်း အကြောင်းကြားခဲ့သည်။[1106]

### (ဂ) ရခိုင်မြောက်ပိုင်း အတွင်း သီးခြား ကန့်သတ်မှုများနှင့် စစ်ဆေးရေးဂိတ်များတွင် အနှောက်အယှက်ပေးမှုများ

၅၀၈။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရိုဟင်ဂျာများသည် ဆယ်စုနှစ်များစွာ သွားလာလှုပ်ရှားမှု ကန့်သတ်ခြင်းများ ရင်ဆိုင်ခဲ့ရသည်။ ရခိုင်ပြည်နယ်တလွှားတွင် မြို့နယ်တစ်ခုမှ တခြားမြို့နယ်သို့ သွားလာရန် ပုံစံ-၄ လျောက်ထားရသည့်အပြင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာများသည် ရွာတစ်ရွာမှ အခြားတစ်ရွာသို့ သွားလျှင်ပင် ခွင့်ပြုချက်တောင်းရန် လိုအပ်သည်။ ထိုသို့လုပ်ရန်အတွက် သူတို့သည် "ကျေးရွာထွက်ခွာခွင့်လက်မှတ်" ဟုခေါ်သည်ကို သူတို့၏ ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ ခွင့်ပြုချက်အဖြစ် ရယူရသည်။ ပုံမှန်အားဖြင့် ရွာအပြင်တွင် နေထိုင်သည့်ကာလအပေါ် ကုန်ကျစားရိတ်ပေးရသော်လည်း နေရာဒေသကိုလိုက်၍ လုပ်ငန်းစဉ်နှင့် လက်မှတ်အတွက် ကုန်ကျစားရိတ်မှာ ကွာခြားသည်။ ခရီးသွားသူသည် ခရီးလမ်းဆုံးရှိ ကျေးရွာအုပ်ချုပ်ရေးမှူးကိုလည်း အလားတူ အခကြေးငွေ ပေးရသည်။[1107] ဤလိုအပ်ချက်များအတွက် ဥပဒေဆိုင်ရာ အခြေခံများမှာ ရှင်းလင်းမှု မရှိပေ။ သို့ရာတွင် သူတို့၏ ဘေးထွက်ဆိုးကျိုးနှင့် ခွဲခြားဆက်ဆံမှုဆိုင်ရာ သက်ရောက်မှုများမှာမူ မြင်သာသည်။

၅၀၉။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် သွားလာလှုပ်ရှားမှုဆိုင်ရာ အခြားသော ကန့်သတ်ချက်များမှာ ဘူးသီးတောင်နှင့် မောင်တောတို့တွင် ၂၀၁၂ ခုနှစ် ဇွန်လကတည်းက ထုတ်ပြန်ထားသော ညမထွက်ရအမိန့်များဖြစ်သည်။ [1108] ထိုအမိန့်များကို ရခိုင်ပြည်နယ် အခြားသော ဒေသများတွင် ထုတ်ပြန်သော်လည်း ထိုအချိန်ကတည်းက ပြန်ရုတ်သိမ်းခဲ့ပြီး ဖြစ်သည်။

၅၁၀။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် သွားလာလှုပ်ရှားမှုကန့်သတ်မှုများကို လုံခြုံရေး ဂိတ်များမှတဆင့် ပြုလုပ်သည်။ ထိုဂိတ်များကို ယခင်က နစက က ကြီးကြပ်လုပ်ဆောင်သည်။ ၂၀၁၃ ခုနှစ်မှစ၍ ထိုဂိတ်များကို နယ်ခြားစောင့်ရဲ နှင့် မြန်မာ့ရဲတပ်ဖွဲ့က အဓိကကွပ်ကဲပြီး တပ်မတော်လည်း ပါဝင်သည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ၂၀၁၆ အောက်တိုဘာလတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း တစ်ခုတည်းတွင် ဂိတ်ပေါင်း ၁၂၆ ဂိတ်အထိ ရှိသည်။ ၂၀၁၇ ဩဂုတ်လသို့ရောက်သောအခါ ဂိတ်အရေအတွက်မှာ ၁၆၀ ခုသို့ တိုးများလာကြောင်း အစီရင်ခံထားသည်။[1109] ဂိတ်များတွင် ရိုဟင်ဂျာများသည် မကြာခဏပင် မေးခွန်းထုတ်ခြင်း၊ ယာဉ်များကို စစ်ဆေးခြင်းနှင့် နှောက်ယှက်ခြင်းများ ကြုံတွေ့ကြရသည်။[1110] တိုင်းရင်းသား ခိုင်များသည်လည်း ယင်းဂိတ်များကို ဖြတ်သန်းသွားလာနေသော်လည်း အလားတူ စော်ကားမှုနှင့် နှောက်ယှက်မှုများကို ပုံမှန်အားဖြင့် တွေ့ကြုံလေ့မရှိကြပါ။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ရှင်းပြထားသည်မှာ -

---

[1106] K-063, K-076, V-047.

[1107] CI-061, CI-063, CI-064, CI-080, CI-082, CI-089, CI-090, CI-092, CI-094, DI-001, DI-002, DI-006, DI-010, DI-025, DI-026, DI-038, DI-051, DI-053, DI-073.

[1108] ဤအပိုင်း၊ အခန်း C.4.a။ ညမထွက်ရ အမိန့်နှင့် လူ ငါးဦးထက် ပိုမိုစုဝေးခြင်းကို တားမြစ်ခြင်း။

[1109] K-076.

[1110] CI-062, CI-063, CI-064, CI-079, DI-13, DI-026, DI-061.

*ရွာတွေကြားမှာ ဂိတ်တွေ အများကြီးရှိတယ်။ လုံခြုံရေးအဖွဲ့တွေက ကျနော်တို့ ကားတွေ၊ စာရွက်စာတမ်းတွေနဲ့ အိတ်တွေကို စစ်တတ်တယ်။ သူတို့က ရိုဟင်ဂျာတွေကိုပဲ စစ်တယ်၊ ရခိုင်တွေကိုတော့ ဘယ်တော့မှ မစစ်ဘူး။ ကားတစ်စီး ဂိတ်မှာ ရပ်ပြီဆိုရင် ခရီးသည်တွေအားလုံး အောက်ဆင်းရပြီး ယောကျ်ားတွေ နဲ့ မိန်းမတွေ သပ်သပ်စီ ရပ်နေရတယ်။ အရာရှိတွေက ကားထဲမှာ ရှိတဲ့အိတ်တွေကို စစ်တယ်။ ရှုတ်ပွထားခဲ့တယ်။ နောက် သူတို့က လူတွေကို စစစ်တယ်။ ပုံမှန်အားဖြင့် ယောကျ်ားတွေကို သံသယ ဖြစ်စရာ ရှိမရှိ ခန္ဓာကိုယ်တွေ ရှာတယ်။ မိန်းမတွေကိုတော့ အမျိုးသမီး လုံခြုံရေး အဖွဲ့တွေက သံသယရှိတယ်ဆိုရင် သူတို့ ကိုယ်ခန္ဓာတွေကို ရှာတယ်။ အမျိုးသမီးတွေရဲ့ လက်ကိုင်အိတ်တွေကိုလည်း စစ်တယ်။ ဆေးတွေတယ် ဆိုရင် ရိုးရိုးဆေးပဲ ဖြစ်ဖြစ် ဘာကြောင့် ဒီဆေးယူလာတာလဲ မေးတယ်။ သူတို့က ကျွန်တော်တို့ရဲ့ စာရွက်စာတမ်းတွေအားလုံးလည်း စစ်တယ်။ စစ်ဆေးတာက ခရီးသည် အရေအတွက်ကိုလိုက်ပြီး ၄၅ မိနစ်ကနေ တစ်နာရီလောက်အထိ ကြာတယ်။*[1111]

၅၁၁။ ထိုမျှသာမက လုံခြုံရေးတပ်ဖွဲ့များသည် ပုံမှန်အားဖြင့် ဂိတ်များတွင် ခရီးသည်များအား တခါတရံ တရားဝင်မဟုတ်သော မပေးမနေရ "ဖြတ်သန်းခ" တောင်းခံလေ့ရှိသည်။[1112] အင်တာဗျူးဖြေသူတစ်ဦးက မောင်တောတွင် ကျေးရွာထွက်ခွာခွင့်လက်မှတ် ရရှိရန်သာမက ဂိတ်များကို ဖြတ်သန်းရန် မည်သို့ လာဘ်ထိုးရသည်ကို အကျဉ်းချုံး ပြောပြသည်။ "ခင်ဗျားမှာ လက်မှတ်မရှိဘူးဆိုရင် အများကြီး ပေးရတယ်။ ခင်ဗျားမှာ ရှိတယ်ဆိုရင်တော့ တစ်စုံတစ်ရာ ပေးရတယ်""[1113] လိုအပ်သော စာရွက်စာတမ်းများမပါပဲ ခရီးသွားသောရိုဟင်ဂျာများသည် ဖမ်းဆီးခံရနိုင်သည့် အန္တရာယ်ရှိပြီး[1114] ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၈၈ သို့မဟုတ် ၁၉၄၉ ခုနှစ် မြန်မာနိုင်ငံနေထိုင်သူများ မှတ်ပုံတင်ခြင်းအက်ဥပဒေအရ အရေးယူခြင်း ခံရနိုင်သည်။ အခြား အင်တာဗျူး ဖြေသူတစ်ယောက် ခပ်ပြတ်ပြတ်ပင် "အာဏာပိုင်တွေကို ပိုက်ဆံမပေးရတဲ့သူ တယောက်မှ မရှိပါဘူး" ဟုပြောသည်။[1115]

### (ဃ) ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် သီးခြား ကန့်သတ်မှုများ

၅၁၂။ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ရိုဟင်ဂျာများနှင့် ကမာန်များ အပေါ် သွားလာလှုပ်ရှားမှု ကန့်သတ်မှုများသည် ၂၀၁၂ အကြမ်းဖက်မှုများ နောက်ပိုင်းတွင် သိသိသာသာ တိုးများလာသည်။ ကန့်သတ်ချက်များသည် အိုးအိမ်မဲ့များ နှင့် ဒုက္ခသည်မဟုတ်သူများအပေါ်ပါ အကျုံးဝင်သည်။ ယင်းသည် ရခိုင်ပြည် အလယ်ပိုင်းရှိ ကျေးရွာများတွင် နေထိုင်ကြသော ရိုဟင်ဂျာနှင့် ကမာန် များအပေါ် (ခန့်မှန်းခြေအားဖြင့် လူဦးရေ ၂၀၀,၀၀၀ မှ ၂၃၀,၀၀၀ အထိ) သက်ရောက်ပြီး နောက်ထပ် ဒုက္ခသည် စခန်းများနှင့် နေရာများတွင် နေထိုင်သော ရိုဟင်ဂျာ နှင့် ကမာန် ၁၂၈,၀၀၀ အပေါ် သက်ရောက်သည်။ အများစုမှာ စစ်တွေမြို့နယ် ကျေးလက်ဒေသများ ဖြစ်သည်။[1116]

၅၁၃။ ရခိုင်နှင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းများကို ၂၀၁၂ အကြမ်းဖက်မှုမှ စတင်၍ သီးခြား ခွဲထားခဲ့ကြသည်။ ယင်းမှာ လူမှုအသိုင်းအဝိုင်းများကို ကာကွယ်မှု အာမခံချက်ရှိစေရန်

---

[1111] DI-026.

[1112] CI-061, CI-063, CI-065, CI-079, CI-082, CI-090, CI-173, DI-001, DI-003, DI-013, DI-025, DI-051.

[1113] DI-051.

[1114] CI-089, K-076.

[1115] CI-094.

[1116] K-113.7.

ဖြစ်သည်ဟု ပြောသော်လည်း လက်တွေ့ ဘေးအန္တရာယ်နှင့် သက်ဆိုင်သည့် တိကျခိုင်မာသော သက်သေပြချက်မျိုး မရှိပေ။[1117] အမိန့်ဥပဒေများ ပြဌာန်းခြင်းမရှိသော်လည်း ကန့်သတ်ချက်အများစုမှာ တင်းတင်းကြပ်ကြပ် ပြုလုပ်ထားသည်ဟု အစီရင်ခံမှုများရှိသည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ရိုဟင်ဂျာနှင့် ကမာန်များသည် ဒေသအတွင်း လက်ခံထားသော စည်းများကို ကျော်လွန်၍ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ခရီးသွားပါက သူတို့သည် မကြာခဏ အဖမ်းဆီးခံရပြီး ဆိုဝါးစွာပြုမူခြင်း ခံကြရသည်။[1118]

၅၁၄။ ရွှေ့ပြောင်းခြင်းမပြုရသော မွတ်စလင်လူထုများ၏ သွားလာမှုကို လုံခြုံရေး တပ်ဖွဲ့များ၊ ဒေသခံအာဏာပိုင်များနှင့် လူထု အသိုင်းအဝိုင်းများက တင်းတင်းကြပ်ကြပ် ပိတ်ပင်ထားသည်။ သူတို့သည် စစ်တွေမြို့ သို့မဟုတ် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ အခြားသော အဓိကမြို့များသို့ အရေးပေါ်ဆေးကုသမှု သို့မဟုတ် အခြားသော ချွင်းချက်အခြေအနေများမှလွဲ၍ သွားခွင့်မရပေ။ ယင်းမြို့များမှာ ယခင်က မွတ်စလင်အသိုင်းအဝိုင်းများ အခိုင်အမာရှိခဲ့သည်။ ဒေသဆိုင်ရာ စီစဉ်မှုများဖြင့် ခွင့်ပြုသည်များ ရှိသော်လည်း ရိုဟင်ဂျာနှင့် ကမာန်များသည် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ရခိုင်ကျေးရွာ အများအပြားသို့ သွားရောက်ခွင့်ကိုလည်း တားမြစ်ခံထားရသည်။[1119]

၅၁၅။ ၂၀၁၂ ခုနှစ် စက်တင်ဘာလောက်အထိ စောစောပိုင်းကတည်းက မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်သည် ယင်းခွဲခြားထားမှု မူဝါဒ၏ ဘေးအန္တရာယ်များကို သတိပေးခဲ့သည်။

> *အကြမ်းဖက်မှု နောက်ပိုင်း မွတ်စလင်များနှင့် ဗုဒ္ဓဘာသာ အသိုင်းအဝိုင်းများကို လက်ရှိ ခွဲခြားထားမှုကို ရေရှည် ထိန်းသိမ်းမထားသင့်ပေ။ မြို့များ ရွာများကို ပြန်လည်တည်ဆောက်ရာတွင် အစိုးရ အာဏာပိုင်များသည် လူမျိုးရေးနှင့် ဘာသာရေးအပေါ် အခြေခံသော အရိုးစွဲနေသော အစွဲအလမ်းမှားများနှင့် ခွဲခြားဆက်ဆံမှု သဘောထားများကို တိုက်ဖျက်ရင်း လူမှုအသိုင်းအဝိုင်းများအကြား ယုံကြည်မှုနှင့် လေးစားမှုကို ပြန်လည်တည်ဆောက်ရန် ညီမျှသောအာရုံစိုက်မှု ပေးသင့်သည်။ ယင်းတို့မှာ မီဒီယာများ အထူးသဖြင့် လူမှုမီဒီယာများတွင် အကြမ်းဖက်မှုကို ပုံဖော်ထားသော တိကျမှန်ကန်မှုမရှိသော ချဲ့ကားထားသော ရိုဟင်ဂျာ ဆန့်ကျင်ရေး ကို ဖော်ဆောင်ထားခြင်းသာ ဖြစ်သည်။ ခွဲခြားထားခြင်းအစား ပြန်လည် ပေါင်းစပ်ရေး မူဝါဒကို ဦးစားပေးအနေဖြင့် နိုင်ငံအဆင့်နှင့် ဒေသဆိုင်ရာအဆင့်များတွင် ရေးဆွဲချမှတ်သင့်သည်။*[1120]

၅၁၆။ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်[1121] နှစ်ဦး၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး[1122] နှင့် အခြားသူများ၏ အကြိမ်ပေါင်းများစွာ တောင်းဆိုမှုများ ရှိခဲ့သော်လည်း ၂၀၁၂ အကြမ်းဖက်မှုများနောက် ခြောက်နှစ်ကြာသည်အထိ ဤခွဲခြားရေးမူဝါဒကို ဆက်လက်ထိန်းသိမ်းထားပြီး ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် လူမှုအသိုင်းအဝိုင်း နှစ်ခုအကြား

[1117] ဒိန်းမတ် ဒုက္ခသည် ကောင်စီ၊ ဥရောပ အရပ်သား ကာကွယ်ရေးနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီ စီမံကိန်းများ အတွက် ဥရောပ ကော်မရှင်၏ ညွှန်ကြားရေးမှူးချုပ်၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၊ CCCM အစုအဖွဲ့များ၊ ပူးတွဲ IDP အချက်အလက်ပြုစုရေး ဝန်ဆောင်မှု၊ စစ်တွေ စခန်း အချက်အလက် အစီရင်ခံစာ (၂၀၁၇ ခု ဇွန်) ၊ စာ- ၁၂။

[1118] K-069.

[1119] K-069, V-047

[1120] A/67/383၊ အပိုဒ် ၆၁ ။

[1121] A/67/383၊ အပိုဒ် ၆၁၊ A/68/397၊ အပိုဒ် ၅၂၊ A/HRC/25/64၊ အပိုဒ် ၈၂(ဂ)၊ A/HRC/28/72၊ အပိုဒ် ၆၀

[1122] A/HRC/32/18၊ အပိုဒ် ၅၄။

ဆက်သွယ်မှုများကို အလွန်တင်းကြပ်စွာ ကန့်သတ်ထားခဲ့သည်။ လက်တွေ့တွင် ဤမူဝါဒသည် လူသားမဆန်မှုအတွက် အားပေးအားမြောက်ဖြစ်စေသော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေပြီး အမုန်းပွားမှု လှုံ့ဆော်လှုပ်ရှားမှုများ နှင့် မှားယွင်းသော အမြင်များကို လူမှုအသိုင်းအဝိုင်း တစ်ခုစီ၏ စိတ်ခံစားမှုများတွင် အမြစ်တွယ်စေသည်။

*ရွှေ့ပြောင်းနေထိုင်ရသော စခန်းများနှင့် နေရာများ*

၅၁၇။ ၂၀၁၂ အကြမ်းဖက်မှု[1123] နောက်ပိုင်း တည်ထောင်ခဲ့သည့် ရွှေ့ပြောင်းစခန်းနှင့် နေရာများသည် လွတ်လပ်မှု အမှန်တကယ် ဖယ်ရှားခံရသောနေရာများဖြစ်သည်။ ယင်းတို့သည် ပြင်ပကမ္ဘာနှင့် အဆက်ပြတ်နေပြီး ရိုဟင်ဂျာများနှင့် ကမာန်များသည် ပြင်ပသို့လွတ်လပ်စွာ သွားလာနိုင်ခြင်း မရှိပေ။[1124] ဖြစ်ရပ်အများစုတွင် မြန်မာရဲတပ်ဖွဲ့ကချထားသော ဂိတ်များက သူတို့ထံ ဝင်ရောက်မှုကို တင်းကြပ်စွာ ထိန်းချုပ်ထားသည်။ ထို့အပြင် ယင်းစခန်းများကို သံဆူးကြိုးများဖြင့် ကာရံထားသည်။ စခန်းဧရိယာအတွင်းတွင် နောက်ထပ် ရဲဂိတ်နှင့် စစ်တပ်စခန်းရှိပြီး လွတ်လပ်စွာသွားလာခွင့်ကို ထပ်ဆင့်ကန့်သတ်ထားသည်။ အိုးအိမ်မဲ့ ရွှေ့ပြောင်းသူများကို နေရာချထားသော စစ်တွေစခန်းများအနီးတွင် ကြီးမားသော စစ်တပ်စခန်းတစ်ခုရှိသည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ နိုင်ငံတကာအဖွဲ့အစည်းများ၏ ဒေသခံဝန်ထမ်းအချို့သည်ပင် လွန်ခဲ့သည့် နှစ်အနည်းငယ် အတွင်း စခန်းများက ထွက်ခွာခွင့် မရခဲ့ကြပေ။[1125]

၅၁၈။ စခန်း လူထုအပေါ်တွင် ချမှတ်ထားသော လွတ်လပ်စွာ သွားလာခွင့် ကို တင်းကြပ်စွာ ချမှတ်ထားခြင်းကို အချို့သော လူသားချင်းစာနာထောက်ထားရေး လုပ်ရှားသူများနှင့် သုံးသပ်သူများက စခန်းများအား "ထိန်းသိမ်းရေးစခန်းများ" အဖြစ်ရည်ညွှန်းခေါ်ဆိုကြသည်။[1126]

> *ဒီစခန်းတွေကို ထိန်းသိမ်းရေးစခန်းတွေလို့ပဲ မြင်သင့်တယ်။ လူတွေက ခိုလှုံဖို့ ရှာဖွေနေတာ မဟုတ်ဘူး။ (ပြည်တွင်း ရွှေ့ပြောင်းနေထိုင်ရသူများအတွက် စခန်း၏ အဓိပ္ပာယ်ဖွင့်ဆိုမှု အနစ်သာရအရ) အဲဒီအစား သူတို့ဟာ "ပိတ်လှောင်ခံ" ထားရတယ်။ စခန်းထဲကို ရောက်ဖို့ဆိုရင် သံဆူးကြိုး အထပ်ထပ်ကို ဖြတ်သွားရမယ်၊ နောက် စစ်တပ်ဂိတ်၊ နောက်ပြီး ရဲဂိတ်ကို ဖြတ်သွားရမယ်။*[1127]

> *၂၀၁၂ ခုနှစ်နောက်ပိုင်းတွင် စခန်းများတည်ဆောက်မှုနှင့်အတူ ရခိုင်ပြည်နယ် အလယ်ပိုင်းက အခြေအနေများ ပြောင်းလဲလာခဲ့ပြီး ထိုလူများမှာ ရွှေ့ပြောင်း ဒုက္ခသည်လား၊ သို့မဟုတ် ထိန်းသိမ်းရေး စခန်းများသို့ အတင်းအဓမ္မ ပြောင်းရွှေ့ခံရသူလား ဆိုသည်မှာ မဖြေရှင်းနိုင်သော မေးခွန်းဖြစ်လာသည်။*[1128]

[1123] ဤအပိုင်း အခန်း C.1။ သင်္ကေတ အဖြစ်အပျက်များ

[1124] ဒိန်းမတ် ဒုက္ခသည် ကောင်စီ၊ ဥရောပ အရပ်သား ကာကွယ်ရေးနှင့် လူသားချင်းစာနာ ထောက်ထားမှု အကူအညီ စီမံကိန်းများ အတွက် ဥရောပ ကော်မရှင်၏ ညွှန်ကြားရေးမှူးချုပ်၊ ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး၊ CCCM အစုအဖွဲ့များ၊ ပူးတွဲ IDP အချက်အလက်ပြုစုရေး ဝန်ဆောင်မှု၊ စစ်တွေ စခန်း အချက်အလက် အစီရင်ခံစာ (၂၀၁၇ ခု ဇွန်)၊ စာ- ၁၂။.

[1125] DM-004, DM-005, V-047

[1126] QM-002, QM-005, V-337

[1127] QM-005.

[1128] QM-002.



ဝင်ပေါက်ဝကို အစောင့်ချထားမှုနှင့်
ာရုံထားသည်ကို ပြသထားသော ၂၀၁၈

၅၁၉။ ၂၀၁၅ ခုနှစ်တွင် ရခိုင်ပြည်နယ်အလယ်ပိုင်းမှာ ရွှေ့ပြောင်းပြည်သူလူထု၏ လွတ်လပ်စွာ သွားလာပိုင်ခွင့်ကို ကန့်သတ်ထားခြင်းများ တည်ရှိမှုကို အစိုးရက ငြင်းဆိုခဲ့သည်။ မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်၏ အစီရင်ခံစာကို တုန့်ပြန်သောအားဖြင့် မြန်မာအစိုးရက ထုတ်ပြန်ခဲ့သည်မှာ-

> *အိုင်ဒီပီများ၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ထားချက်မရှိပါ။ အိုင်ဒီပီ စခန်းများတွင် လုံခြုံရေးချထားခြင်းမှာ လူမှုအသိုင်းအဝိုင်း နှစ်ခုအကြား မယုံကြည်မှုမှာ မြင့်မားနေဆဲဖြစ်သည့်အတွက် လူမှုအကြမ်းဖက်မှုများ ပြန်လည်ဖြစ်ပွားလာခြင်းမှ ကာကွယ်ရန်သာ ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း နှစ်ခု သီးခြားစီ နေထိုင်ကြသည်မှာ ထိုသို့ နေထိုင်ခြင်းအားဖြင့် သူတို့အတွက် ပိုမိုလုံခြုံသည်ဟု သူတို့ ခံစားရသောကြောင့် ဖြစ်သည်။ လူမှုအသိုင်းအဝိုင်း နှစ်ခုစလုံးအတွက် စိတ်ပိုင်းဆိုင်ရာ နာကျင်မှုများမှ သူတို့ဘာသာ ကုစားသက်သာရန် အချိန်ယူရမည်ဖြစ်သည်။ အသိုင်းအဝိုင်း နှစ်ခုစလုံး အနေဖြင့် အပြန်အလှန်နားလည်မှုနှင့် ယုံကြည်မှု ပြန်လည်ရရှိစေရန် သင့်တင့်လျောက်ပတ်သောအချိန်ကို စောင့်စားရန် လိုအပ်သည်။ အစိုးရကသော်လည်းကောင်း အခြားသူများကသော်လည်းကောင်း သူတို့ကို ဘေးတိုက် ယှဉ်တွဲ နေထိုင်စေရန် အတင်းအကြပ် ပြုလုပ်၍မရပါ။*[1129]

[1129] A/HRC/25/64/Add.1 စာပိုဒ် ၁၅




ဆိုင်းဘုတ်ကို ပြထားသည့် ၂၀၁၈ ခုနှစ်က

ရ၏ ခွင့်ပြုချက် မရှိပဲ ဝင်ထွက်

ချက်" ပါရှိသည်။

အစိုးရ၏ထုတ်ပြန်ချက်မှလွဲ၍ ရွှေ့ပြောင်းသူများ၏ လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ထားမှုများ တည်ရှိမှုမှာ မငြင်းဆိုနိုင်ပေ။ ယင်းကို စခန်းများအဝင်ဝရှိ စစ်ဆေးရေး ဂိတ်များနှင့် ဆိုင်းဘုတ်များ၊ သံဆူးကြိုးများ၊ စခန်းမှထွက်ခွာရန် ကြိုးပမ်းသူများ၏ အတွေ့အကြုံများ၊ နှင့် ရိုးရှင်းသောအချက်မှာ လူပေါင်း ၁၂၈, ၀၀၀ သည် သူတို့က ဆန္ဒရှိသော်လည်း သူတို့၏ မူရင်းနေရာများသို့ ပြန်လည်မသွားရောက်နိုင်ခြင်းက သက်သေခံနေသည်။

*အောင်မင်္ဂလာ*

၅၂၀။ ၂၀၁၂ ခုနှစ် ဇွန်လမှ စ၍ စစ်တွေမြို့တွင် ဆက်လက်နေထိုင်နေသော မူစလင်များမှာ ခန့်မှန်းခြေအားဖြင့် ရိုဟင်ဂျာနှင့် ကမာန် ၄,၀၀၀ ခန့်ရှိပြီး သူတို့သည် အောင်မင်္ဂလာ ရပ်ကွက်တွင် ဆက်လက်နေထိုင်နေကြသည်။[1130] ဤဧရိယာသည် အမှန်တကယ်အားဖြင့် သီးခြားကန့်သတ် ရပ်ကွက်ကလေးဖြစ်ပြီး ၂၀၁၂ ခုနှစ်မှ စ၍ အခြားသောလူထုများနှင့် ခွဲခြား၍ မွတ်ဆလင်များ ပိတ်မိနေထိုင်နေသော နေရာဖြစ်သည်။ ယင်းကို လက်နက်ကိုင် ရဲများ၊ စစ်ဆေးရေး ဂိတ်များနှင့် သံဆူးကြိုးများနှင့် စောင့်ကြပ်ထားသည်။ အောင်မင်္ဂလာ စာသင်ကျောင်းဝင်းအတွင်း တပ်မတော် အနည်းငယ် ဆက်လက်တည်ရှိနေသေးသည်ဆိုသော စွပ်စွဲချက်များကို မစ်ရှင်က ရရှိခဲ့သည်။ လူများသည် အထူးခွင့်ပြုချက်ဖြင့် ရဲအစောင့်အကြပ်များပါသည့် ယာဉ်တန်းများဖြင့်သာ ရပ်ကွက်အတွင်းမှ ထွက်ခွာနိုင်သည်။[1131] အရေးပေါ်ဆေးကုသမှုအတွက် ထပ်ဆင့်လွှဲပြောင်းချက်များမှလွဲ၍ မွတ်ဆလင်များ အချို့သော အကန့်အသတ်ရှိသည့် လူဦးရေဖြင့် အောင်မင်္ဂလာအပြင်အပသို့ ထွက်နိုင်သောနေရာများမှာ ရွှေ့ပြောင်းစခန်းများ နှင့် တစ်ခါတစ်ရံ ဈေးဝယ်သွားနိုင်သော စစ်တွေကျေးလက်ဒေသများသာ ဖြစ်သည်။ ဤသွားလာမှုကို လုံခြုံရေး အဖွဲ့များက တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသည်။

---

[1130] ၂၀၁၂ အကြမ်းဖက်မှုမတိုင်မီက အောင်မင်္ဂလာ ရပ်ကွက်၏ လူဦးရေမှာ ခန့်မှန်းခြေ ၁၆,၀၀၀ ရှိသည်ဟူသော အစီရင်ခံချက်များရှိသည်။

[1131] K-069; V-047



စောင့်ကြပ်ထားသည့် ယာဉ်များဖြင့်သာ
ပေးရသည်။[1132]

ောင်မင်္ဂလာတွင် နေထိုင်သူများအတွက်
ပ်ကိုင်စားသောက်မှုများကို ကျယ်ပြန့်စွာ
းတွင် ရှိသော်လည်း နေထိုင်သူများမှာ
သော အရေးပေါ်ကုသခြင်းလွဲပြောင်းမှု
ကွက်၏ အဝင်ဝတွင် စစ်တွေစခန်းများ
အဝင်ဝတွင်ကဲ့သို့ပင် ပိတ်ဆို့ကန့်သတ်ထားသော ဆိုင်းဘုတ်တစ်ခု ရှိသည်။ (အပေါ်ပုံတွင် ကြည့်ပါ။) စိတ်ချယုံကြည်ရသော အစီရင်ခံချက်များအရ ၂၀၁၇ ခုနှစ်တွင် ရခိုင် အမျိုးသားရေး ဝါဒီများသည် အောင်မင်္ဂလာ ရပ်ကွက် လူဦးရေကို ၄,၀၀၀ မှ ၂၀,၀၀၀ အထိ တိုးပွားနေပြီဟု မားယွင်းစွပ်စွဲခဲ့သည်။ ရခိုင်ပြည်နယ်အစိုးရက တဆက်တည်းမှာပင် စီစစ်ရေး လုပ်ငန်းစဉ်ကို လုပ်ဆောင်ခဲ့ပြီး လူဦးရေမှာ မပြောင်းလဲပဲရှိနေသည်ကို တွေ့ရှိခဲ့သည်။ သို့ရာတွင် ဤစီစစ်ရေး လုပ်ငန်းစဉ် နောက်ပိုင်းတွင် ကန့်သတ်မှုအသစ်များကို ချမှတ်လာကြောင်း အစီရင်ခံမှုများအရ သိရသည်။ ယင်းမှာ အောင်မင်္ဂလာရပ်ကွက်နေ လူများသည် စစ်တွေစခန်းများသို့ အစားအစာ ဝယ်ယူရန် သို့မဟုတ် ဆေးကုသရန် လာရောက်လိုပါက စာရင်းသွင်းရပြီး သူတို့၏ ဓါတ်ပုံများ အရိုက်ခံရန် လိုအပ်ခြင်းဖြင့် စခန်းများသို့ လာရောက်ပြီးနောက်တွင် လာရောက်သူများသည် သူတို့ရပ်ကွက်သို့ ပြန်ကြောင်း သေချာစေသည်။[1134]

**အောင်မင်္ဂလာ ကန့်သတ်ထားသော ဝင်ပေါက်၏ ၂၀၁၈ ခုနှစ်က ဓါတ်ပုံ**

### (c) ညှော်စာရင်းတိုင်ခြင်း နှင့် အိမ်ထောင်စု စစ်ဆေးမှုများ

၅၂၂။ ၂၀၁၂ ခုနှစ် ထုတ်ပြန်သည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစီမံခန့်ခွဲရေး ဥပဒေအရ ဧည့်သည်များကို တစ်ညတည်း ဖြစ်စေ အိမ်တွင် ညအိပ် လက်ခံထားသူများသည် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးထံတွင် စာရင်းသွင်းရသည်။ ဤဥပဒေကို လူမှု

[1132] DM-004; V-047

[1133] ဤအပိုင်း၊ အခန်း B.3.b။ ကျန်းမာရေး စောင့်ရှောက်မှု ရယူမှုအပေါ် ကန့်သတ်ချက်များ

[1134] DM-004.

အဖွဲ့အစည်းများ နှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ အထူးကိုယ်စားလှယ်တို့က[1135] လူပုဂ္ဂိုလ် တစ်ဦးချင်း၊ အုပ်စုများ သို့မဟုတ် အသိုင်းအဝိုင်းအပေါ် စော်ကားမှုနှင့် နောက်ယှက်မှုအဖြစ် အပြင်းအထန် ဝေဖန်ခဲ့ကြသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ဤဥပဒေကို အခြားသော လွတ်လပ်စွာသွားလာခွင့်ကို ကန့်သတ်ချက်များနှင့်အတူ တင်းတင်းကြပ်ကြပ် ကျင့်သုံးသည်။[1136]

၅၂၃။ "ဧည့်စာရင်း အချက်အလက် နှင့် ပတ်သက်ပြီး ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးသည် မည်သည့်ငွေကြေးကိုမျှ ကောက်ခံလိမ့်မည်မဟုတ်" ဟု ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေး ဥပဒေတွင် ရှင်းလင်းစွာ ဖော်ပြထားသော်လည်း ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ရိုဟင်ဂျာအများအပြားသည် ကျေးရွာအုပ်ချုပ်ရေးမှူးကို ညအိပ်ဧည့်သည် ဧည့်စာရင်းတိုင်ရန်အတွက် ငွေပေးကြရသည်။[1137] ပမာဏမှာ အတိအကျ သတ်မှတ်ချက်မရှိပဲ လျှောက်ထားသူနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့၏ ဆက်ဆံရေးအပေါ် မူတည်သည်။[1138] ခွင့်ပြုချက်မရှိသော ညအိပ်ဧည့်သည်ကို ညအချိန် အိမ်ထောင်စုများ စစ်ဆေးချိန်တွင် တွေ့ရှိပါက ရိုဟင်ဂျာများသည် ဖမ်းဆီးခံကြရပြီး လွတ်မြောက်ရေးအတွက် နောက်ထပ်လာဒ်ငွေ ပေးကြရသည်။[1139]

၅၂၄။ ၂၀၁၆ ခုနှစ်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုစီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်ခဲ့သည်။ ဧည့်စာရင်း မတိုင်မနေရ လိုအပ်ချက်ကို တစ်စုံတစ်ဦး၏အိမ်တွင် တစ်လ သို့မဟုတ် ယင်းထက်ကြာမြင့်စွာ တည်းခိုမည့်သူများအတွက်သာဟု ပြောင်းလဲခဲ့သည်။[1140] သို့ရာတွင် ဥပဒေပြောင်းလဲချက်ကို ရခိုင်နှင့် အခြားနေရာများတွင် လက်တွေ့တွင် လိုက်နာဆောင်ရွက်ခြင်းရှိမရှိကို ထပ်မံစုံစမ်းမှု ပြုလုပ်ရန် လိုအပ်သည်။

### (စ) နိဂုံးချုပ်ချက်။

၅၂၅။ ရခိုင်ပြည်နယ်အနှံ့ ရိုဟင်ဂျာများသည် တင်းကြပ်သော သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များကို ကြုံတွေ့ကြရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရွာများအကြား သွားလာမှုကိုလည်း ကန့်သတ်ထားပြီး ညမထွက်ရအမိန့်များ ထုတ်ပြန်ထားသည်။ ကန့်သတ်ချက်များကို အများအပြားသော လုံခြုံရေး ဂိတ်များကတဆင့် လုပ်ဆောင်ပြီး လုံခြုံရေး ဂိတ်များသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် တွင် အရေအတွက် ၁၆၀ ကျော်အထိ ရှိခဲ့ကြောင်း အစီရင်ခံချက်များရှိသည်။[1141] ရခိုင်ပြည်နယ်အလယ်ပိုင်းတွင် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများမှ စတင်၍ တင်းကြပ်သောကန့်သတ်မှုများကို လုပ်ဆောင်ခဲ့ခြင်းဖြင့် လူမှု အသိုင်းအဝိုင်းများကို ခွဲခြားထားသော မူဝါဒကို ဖြစ်ပေါ်စေသည်။ ရိုဟင်ဂျာများသည် ယေဘူယျအားဖြင့် အဓိက မြို့များနှင့် ဈေးများအပါအဝင်ဖြစ်သော ရခိုင်တိုင်းရင်းသားများ၏ ဧရိယာများသို့ မသွားနိုင်ကြပေ။ လွန်ခဲ့သည့် ခြောက်နှစ်အတွင်း ရိုဟင်ဂျာနှင့် ကမာန် ၁၂၈,၀၀၀ တို့သည် ဒုက္ခသည် စခန်းများ သို့မဟုတ် နေရာများအတွင်း ပိတ်ထားခြင်းခံရပြီး မွတ်ဆလင် ၄,၀၀၀ မှာ စစ်တွေမြို့ရှိ အောင်မင်္ဂလာ သီးခြားကန့်သတ်ရပ်ကွက်အတွင်းတွင်

---

[1135] A/71/361, para. 19; A/HRC/31/71, Annex I; A/70/412, para. 29.

[1136] CI-061, CI-062, CI-065, CI-069, CI-070, CI-079, CI-089, CI-090, DI-001, DI-004, DI-009, DI-013, DI-025, DI-026, DI-038.

[1137] CI-061, CI-062, CI-089, DI-001, DI-004, DI-026.

[1138] CI-062, DI-001.

[1139] CI-062, CI-065, CI-069, CI-070, DI-004, DI-009, DI-026, DI-038.

[1140] ရပ်ကွက် သို့မဟုတ် ကျေးရွာ အုပ်စု စီမံခန့်ခွဲရေး ဥပဒေ၊ အခန်း ၉ ၊ ပုဒ်မ ၁၇။

[1141] K-076.

ပိတ်ဆို့ခံထားကြရသည်။ ဤကန့်သတ်ချက်များသည် အကျိုးဆက်အားဖြင့် အစားအစာ၊ နေ့စဉ်လုပ်ကိုင်စားသောက်မှု၊ ကျန်းမာရေးနှင့် ပညာရေး အပါအဝင် သူတို့၏နေ့စဉ်ဘဝ ဘက်ပေါင်းစုံကို သက်ရောက်လျက်ရှိပြီး အစွန်းရောက်ဖြစ်ရပ်များတွင် ကာကွယ်၍ ရနိုင်သော သေဆုံးမှုများအထိ ရှိနေသည်။ ၎င်းကန့်သတ်ချက်တို့တွင် တရားမဝင် အခကြေးငွေများ၊ ငွေညှစ်ခြင်း နှင့် ဖမ်းဆီးခံနိုင်သည့် အန္တရာယ်များ စုပေါင်းပါဝင်နေသည်။

၅၂၆။ မြန်မာနိုင်ငံအတွင်း သူတို့၏ နိုင်ငံသားဖြစ်မှုအခွင့်အရေးနှင့် အနေအထားအား အငြင်းအခုံဖြစ်နေစဉ်တွင် ရိုဟင်ဂျာအများစုမှာ မြန်မာနိုင်ငံတွင် နေထိုင်သူများဖြစ်သည်ကို မငြင်းပယ်ကြပါ။ သို့ဖြစ်သည့်အတွက် သူတို့သည် လွတ်လပ်စွာ သွားလာခွင့်ကို ရပိုင်ခွင့်ရှိသည်။ ထို့အပြင် သူတို့၏နိုင်ငံသားဖြစ်မှုကို တရားမဲ့ဖျက်သိမ်းခြင်းမှ ဖြစ်ပေါ်လာသည့် နိုင်ငံသား မဖြစ်မှုသည် အခြားလူ့အခွင့်အရေးများကို ငြင်းပယ်ရန် အသုံးပြု၍မရနိုင်ပေ။ ဤတင်းကြပ်ပြီး တရားဝင်မှုမရှိသည့် နှစ်ရှည်လများကြာအောင် သွားလာလှုပ်ရှားမှုကို မည်သည့် ရှင်းလင်းသော ဥပဒေ အခြေခံမှုမရှိပဲ ကန့်သတ်ထားခြင်းကို လိမ်ညာရန် မည်သည့်လုံခြုံရေးလိုအပ်ချက်မှု မလိုအပ်ပေ။ သို့ဖြစ်ရာ ကန့်သတ်မှုများသည် ရိုဟင်ဂျာများ၏ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ချိုးဖောက်သည်။

၅၂၇။ အထူးသဖြင့် ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်း တည်ထောင်ခဲ့သည့် ရွှေ့ပြောင်းစခန်းနှင့် နေရာများနှင့် ပတ်သက်လျှင် မစ်ရှင်က တွေ့ရှိသည်မှာ - သူတို့၏ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ချိုးဖောက်သည့်အပြင် - ရိုဟင်ဂျာများနှင့် ကမန်များအား ပိတ်လှောင်ထားခြင်းသည် လွတ်လပ်ခွင့်ကို ဖယ်ရှားခြင်း ဖြစ်သည်။ လွတ်လပ်ခွင့်ကို ဖယ်ရှားခြင်းတွင် သွားလာမှု လွတ်လပ်ခြင်းကို စွက်ဖက်ခြင်းထက် ပိုမိုကျဉ်းမြောင်း သေးငယ်သောနေရာအတွင်း သွားလာမှုကန့်သတ်ခြင်း ပါဝင်သည်။[1142] ရိုဟင်ဂျာများ နှင့် ကမာန်များသည် စခန်းများ သို့မဟုတ် နေရာများတွင်သာ အကန့်အသတ်နှင့် သွားလာနိုင်စွမ်းကို ရရှိနေချိန်တွင် အများအပြားသောစခန်းများကို သံဆူးကြိုးများ၊ စစ်စခန်းများ၊ လုံခြုံရေး အစောင့်များ နှင့် စစ်ဆေးရေးဂိတ်များကို အတွင်းတွင် ထားရှိပြီး ပြင်မှလည်း ဝိုင်းရံထားသည်။ စခန်းများနှင့် နေရာများသို့ ဝင်ရောက်ခွင့်ကို ကန့်သတ်ထားသည်။ အောင်မင်္ဂလာ တစ်ဘက်ပိတ် ရပ်ကွက်၏ အခြေအနေမှာ အလားတူ သို့မဟုတ် အချို့ကိစ္စရပ်များတွင် ပို၍ပင် ဆိုးရွားသေးသည်။ နေထိုင်သူများသည် စခန်းများ နှင့် နေရာများနှင့် အောင်မင်္ဂလာ ရပ်ကွက်တို့မှ လွတ်လပ်စွာ ထွက်ခွာနိုင်ခြင်းမရှိပေ။ သူတို့သည် ကျန်းမာရေး စောင့်ရှောက်မှု၊ ပညာရေး နှင့် စားဝတ်နေရေးတို့ကို လုံလောက်စွာ မရရှိကြပေ။ အုပ်စုတစ်ခုကို ယင်းအခြေအနေတွင် ခြောက်နှစ်ကျော် ထားထားခြင်းသည် သူတို့၏ လွတ်လပ်ခွင့်ကို ဖယ်ရှားခြင်း ဖြစ်သည်။

၅၂၈။ အစိုးရက သူတို့အား ပိတ်လှောင်ထားခြင်းအတွက် လုံခြုံရေး အခြေအနေကို အကြောင်းပြသည်။ သို့ရာတွင် မစ်ရှင်အနေဖြင့်မူ လူပေါင်း ၁၃၂,၀၀၀[1143] ကို ခြောက်နှစ်ကြာအောင် လုံခြုံရေးအရ ထိန်းသိမ်းထားလောက်သော လတ်တလော တိုက်ရိုက် အရေးပါသော ခြိမ်းခြောက်မှုမျိုးနှင့် ယင်းကို အခြားသော နည်းဖြင့် စွက်ဖက်မှုပိုမိုလျော့နည်းသော နည်းလမ်းများဖြင့် မဖြေရှင်းနိုင်သည့် အခြေအနေကို မတွေ့ခဲ့ရပေ။ [1144] ယင်းအခြေအနေကို

[1142] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၊ အထွေထွေ မှတ်ချက် အမှတ် ၃၅။ လူပုဂ္ဂိုလ်များ၏ လွတ်လပ်မှုနှင့် လုံခြုံမှု (ပုဒ်မ ၉ )၊ ၂၀၁၄ ခု ဒီဇင်ဘာ ၁၆။ CCPR/C/GC/35၊ စာပိုဒ် ၅။

[1143] ရွှေ့ပြောင်း ဒုက္ခသည် စခန်းများနှင့် နေရာများတွင် ရိုဟင်ဂျာနှင့် ကမန် ၁၂၈,၀၀၀ နှင့် အောင်မင်္ဂလာတွင် ၄,၀၀၀

[1144] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မရှင်၊ အထွေထွေ မှတ်ချက် အမှတ် ၃၅။ လူပုဂ္ဂိုလ်များ၏ လွတ်လပ်မှုနှင့် လုံခြုံမှု (ပုဒ်မ ၉ )၊ ၂၀၁၄ ခု ဒီဇင်ဘာ ၁၆။ CCPR/C/GC/35၊ စာပိုဒ် ၁၅။

ဥပဒေအခြေခံ သို့မဟုတ် ပိတ်ဆို့ထားမှုအပေါ် သုံးသပ်ခြင်းကင်းမဲ့မှုက ပိုမိုဆိုးရွားစေသည်။ လူမှုအသိုင်းအဝိုင်းကို ပိတ်ဆို့ရလောက်အောင် လုံခြုံရေးထိန်းသိမ်းထားရန် လိုအပ်နေပါက ရခိုင်ပြည်နယ်ရှိ မူစလင်အသိုင်းအဝိုင်းတစ်ခုထဲကိုသာကွက်ပြီး မည်သည့်အတွက်ကြောင့် သက်ရောက်သင့်သည်ကို မစ်ရှင်အနေဖြင့် မမြင်နိုင်ပေ။ ရိုဟင်ဂျာများ နှင့် ကမာန်များကို စခန်းများ နေရာများနှင့် အောင်မင်္ဂလာသီးခြားကန့်သတ်ရပ်ကွက်တွင် ထိန်းသိမ်းထားခြင်းသည် သူတို့၏ လွတ်လပ်ခွင့်ကို တရားဥပဒေမဲ့စွာ နှင့် ခွဲခြားဆက်ဆံစွာ ဖယ်ရှားခြင်း ဖြစ်သည်ဟု သုံးသပ်ရန် မစ်ရှင်တွင် ခိုင်လုံသောအကြောင်းများ ရှိသည်။

၅၂၉။ ဥပဒေနှင့် ညီညွတ်မှု မေးခွန်းကိုစွအပြင် စွပ်စွဲထားသော သို့မဟုတ် မြင်နေရသော လုံခြုံရေး ခြိမ်းခြောက်မှုကို လျော့နည်းသွားစေရန် အထူးသဖြင့် အချိန်ကာလကြာမြင့်စွာ ခွဲခြားထားခြင်း မူဝါဒများ၏ ထိရောက်မှုကို မစ်ရှင်အနေဖြင့် မေးခွန်းထုတ်စရာ ဖြစ်ပေသည်။ ရခိုင်ပြည်နယ်တွင် ရေရှည်တည်တံ့မည့် ငြိမ်းချမ်းရေးကို ဖြစ်ပေါ်စေမည့်အစား သူတို့သည် လူမှုအသိုင်းအဝိုင်းများအကြားရှိ ဆက်နွယ်မှုအားလုံးကို ဖြတ်တောက်နေသည်။ မစ်ရှင်အနေဖြင့် သူတို့သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်က ဖြစ်ရပ်များသို့ တိုက်ရိုက် တွန်းပို့နေခဲ့သည်ဟု သုံးသပ်သည်။

၅၃၀။ ဤလှုပ်ရှားမှုကန့်သတ်မှုများ၊ အချုပ်ဖြစ်ရပ်များတွင် လွတ်လပ်ခွင့် ဖယ်ရှားခြင်း၊ နှင့် သူတို့၏ ခွဲခြားဆက်ဆံမှုရှိသော အကောင်အထည်ဖော်ခြင်းများအတွက် ကျိုးကြောင်းဆီလျော်သော အကြောင်းပြချက်ကင်းမဲ့မှုကို ထည့်သွင်းစဉ်းစားခြင်းဖြင့် ယင်းတို့သည် ရိုဟင်ဂျာများအား ဖိနှိပ်မှုနှင့် စော်ကားနှောက်ယှက်သောစနစ်၏ ဒုတိယအုတ်မြစ်များဖြစ်သည်ဟု မစ်ရှင်က ကောက်ချက်ချသည်။

## ၃။အစားအစာ၊ အသက်မွေးဝမ်းကြောင်းမှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေးတို့ ရရှိရန် လက်လှမ်းမီနိုင်မှုအပေါ် ကန့်သတ်ခြင်းများ

### (က) အစားအစာနှင့် နေထိုင်ရေး ရရှိမှုအပေါ် ကန့်သတ်ခြင်းများ

*ခြုံငုံချက်နှင့် ဥပဒေ မူဘောင်*

၅၃၁။ အစားအစာ လုံလောက်ခွင့် လူ့အခွင့်အရေးသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၂၅၊ ICESCR ၏ ပုဒ်မ ၁၁၊ CRC ၏ ပုဒ်မ ၂၄ နှင့် ၂၇ နှင့် အာဆီယံ လူ့အခွင့် အရေး ကြေညာစာတမ်း ပုဒ်မ ၂၈ တို့ အပါအဝင် နိုင်ငံတကာလူ့အခွင့်အရေးဥပဒေတွင် အခိုင်အမာ အမြစ်တွယ်လျက် ရှိသည်။ အစားအစာရပိုင်ခွင့် လက်တွေ့ အကောင်အထည်ပေါ်ရန် နိုင်ငံများသည် အစားအစာ ရရှိအောင်၊ စီးပွားရေး နှင့် ရုပ်ပိုင်းဆိုင်ရာအရ လက်လှမ်းမီအောင်နှင့် လုံလောက်အောင် အာမခံကြရမည်။[1145] ဤအခွင့်အရေးသည် "ယောကျာ်း၊ မိန်းမနှင့် ကလေးတိုင်းသည် တစ်ဦးချင်း သို့မဟုတ် အသိုင်းအဝိုင်းတွင် အခြားသူများနှင့် အချိန်တိုင်းတွင် လုံလောက်သော အစားအစာ သို့မဟုတ် ယင်းကို ဝယ်ယူနိုင်သော နည်းလမ်းများကို ရုပ်ပိုင်းဆိုင်ရာ နှင့် စီးပွားရေး ဆိုင်ရာအရ လက်လှမ်းမီမှု" ရှိသည့်အခါ အကောင်အထည် ပေါ်သည်။[1146] အစားအစာရပိုင်ခွင့်သည် အသက်ရှင်သန်ပိုင်ခွင့်နှင့် နီးကပ်စွာ ဆက်စပ်နေသည်။ "အစားအစာမရှိဘဲ အသက်မရှင်နိုင်၊ မှားယွင်းသော အစားအစာဖြစ်ပါက အသက်တိုပြီး

[1145] ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မတီ။ အထွေထွေ မှတ်ချက် အမှတ် ၁၂။ လုံလောက်သော အစားအစာ ရရှိခွင့် (ပုဒ်မ ၁၁)၊ ၁၉၉၉ မေလ ၁၂ ရက်။ E/C.12/1999/5.

[1146] Ibid၊ စာပိုဒ် ၆

နာမကျန်းဖြစ်မှုကို ပိုမိုရရှိနိုင်သည်။"[1147] အသက်ရှင်သန်ပိုင်ခွင့်သည် နိုင်ငံများကို လူ့ဘဝ သက်တမ်းတိုးမြင့်အောင် အရေးယူဆောင်ရွက်မှုများ အထူးသဖြင့် အဟာရချို့တဲ့ခြင်းကို ဖယ်ရှားနိုင်ရန် အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် လိုအပ်စေသည်။[1148]

၅၃၂။ အစားအစာ အခွင့်အရေးကို တိုးတက်မှုရှိစွာ အကောင်အထည်ဖော်ဆောင်ရန် လိုအပ်နေစဉ် ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ ကော်မတီသည် အရင်းအမြစ်များ နှင့်/သို့မဟုတ် ဖွံ့ဖြိုးတိုးတက်မှု အဆင့် မည်သို့ပင်ရှိစေကာမူ ခွဲခြားဆက်ဆံမှုမရှိပဲ အန္တရာယ်ကျရောက်နိုင်သော လူထုများကို အကာအကွယ်ပေးလျက် ဆာလောင်မှု ကင်းမဲ့စေရန်၊ နိုင်ငံများတွင် အဓိက ချက်ချင်း တာဝန်ရှိသည်ဟု အတည်ပြုထားသည်။ ယင်းတွင် အနည်းဆုံး မရှိမဖြစ်လိုအပ်သော အဟာရအားဖြင့် လုံလောက်ပြီး ဘေးကင်းလုံခြုံသော အစားအစာကို လူတစ်ဦးချင်းစီအနေဖြင့် ဆာလောင် ငတ်မွတ်ခြင်းမှ ကင်းဝေးစေရန်၊ အာမခံနိုင်ရန်၊ လက်လှမ်းမီနိုင်မှုရှိစေရန် သတ်မှတ်ချက် ပါဝင်သည်။[1149]

၅၃၃။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများ သည် ကာလကြာရှည်စွာပင် ငါးဖမ်းခြင်း၊ လယ်ယာ နှင့် ကုန်သွယ်ခြင်းတို့ကို သူတို့ကိုယ်တိုင်နှင့် သူတို့မိသားစုများကိုပေးရန် မှီခိုခဲ့ကြသည်။ သို့ရာတွင် ယေဘူယျ သွားလာမှုကန့်သတ်မှုများနှင့်အတူ ငါးမျှားခြင်း၊ စိုက်ပျိုးမြေများ နှင့် သစ်တောများသို့ သွားရောက်ခြင်းကို အထူး တားမြစ်ချက်များသည် သူတို့၏ အစားအစာနှင့် စားဝတ်နေရေး လက်လှမ်းမီမှုကို ပိတ်ဆို့စေသည်။ ဈေးကြေး နှောက်ယှက်ခြင်း နှင့် ငွေတောင်းခြင်း အပါအဝင်တို့ကြောင့် စစ်ဆေးရေး ဂိတ်များ ဖြတ်သန်းရန် ကြောက်ရွံ့ခြင်းသည် အလားတူ အနှုတ်လက္ခဏာဆောင်သော သက်ရောက်မှုကို ဖြစ်စေသည်။

*အစားအစာ ရရှိနိုင်ခြင်းနှင့် အဟာရ ချို့တဲ့ခြင်း*

၅၃၄။ မြန်မာအစိုးရ၏ ၂၀၁၅ ခုနှစ်တွင် လုပ်ခဲ့သော စစ်တမ်းတစ်ခုအရ ရခိုင်ပြည်နယ်သည် ပြင်းထန်သော အဟာရချို့တဲ့မှုနှုန်းသည် ကမ္ဘာတဝှမ်းအဆင့်တွင် အမြင့်မားဆုံး ၁၃.၉ ရာနှုန်းရှိနေပြီး နိုင်ငံအတွင်းတွင် ပြင်းထန်သော အဟာရချို့တဲ့မှုနှုန်း ၃.၇ ရာနှုန်း ရှိသည်။[1150] သို့ရာတွင် ရိုဟင်ဂျာအများစု နေထိုင်သော ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပြင်းထန်သော အဟာရချို့တဲ့ခြင်းသည် မောင်တောတွင် ၁၉ ရာနှုန်း၊ ဘူးသီးတောင် မြို့နယ်တွင် ၁၅.၁ ရာနှုန်းရှိပြီး လေးဆ ငါးဆ မြင့်မားနေသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အရေးပေါ် သတ်မှတ်နှုန်း ၁၅ ရာနှုန်းအထက်တွင် ရှိနေသည်။[1151] အဟာရ ချို့တဲ့ခြင်းကြောင့် ဖြစ်သော ကျန်းမာရေးသက်ရောက်မှုများတွင် အထူးသဖြင့် ကလေးများအတွက် တားဆီးကာကွယ်နိုင်သော သေဆုံးမှုများ ဖြစ်ပွားနိုင်ချေ မြင့်မားခြင်း၊ နှင့် နဂိုမူလတည်ရှိနေသော အခြေအနေများ ပျက်ပြားသွားခြင်းတို့ ပါဝင်နိုင်သည်။ ကမ္ဘာ့ စားနပ်ရိက္ခာ အဖွဲ့က ၂၀၁၇ ခုနှစ် နှစ်လည်၌

---

[1147] A. Eide၊ "Adequate Standard of Living"၊ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ။ ဒုတိယအကြိမ် ထုတ်ဝေခြင်း ၊ D. Moeckli, S. Shah and S. Sivakumaran (အောက်စဖို့ တက္ကသိုလ် ပုံနှိပ်တိုက်။ အောက်စဖို့၊ ၂၀၁၄ ခုနှစ်) စာမျက်နှာ ၁၉၉

[1148] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၆။ အသက်ရှင်ပိုင်ခွင့် (ပုဒ်မ ၆) ၊ ၁၉၈၂ ခုနှစ် ဧပြီ ၃၀ ရက်။ HRI/GEN/1/Rev.1 စာပိုဒ် ၅

[1149] ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ကော်မတီ၊ အထွေထွေ မှတ်ချက် အမှတ် ၁၄။ အမြင့်ဆုံး ရရှိနိုင်သော ကျန်းမာရေး အဆင့်အတန်း ရပိုင်ခွင့် (ပုဒ်မ ၁၂) ၊ ၂၀၀၀ ခုနှစ် ဩဂုတ် ၁၁ ရက်။ E/C.12/2000/4 စာပိုဒ် ၄၃(ခ)

[1150] ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၊ ၂၀၁၅-၂၀၁၆ နေရာဒေသနှင့် ကျန်းမာရေး စစ်တမ်း- အဓိက တွေ့ရှိချက်များ (၂၀၁၇ ခုနှစ်) ။ ကုလသမဂ္ဂ ကွန်ရက်။ "အဟာရ အခြေအနေ သုံးသပ်ချက်။ abridged version (၂၀၁၇ ခု ဇွန်လ)

[1151] K-076.44.

ပြုလုပ်သော ရခိုင်ပြည်နယ် မြောက်ပိုင်းအပေါ် အစီရင်ခံစာတွင် အဓိက အဟာရ ချို့တဲ့ ရသည့် အကြောင်းရင်းအဖြစ် လွတ်လပ်စွာ သွားလာခွင့်အကန့်အသတ်နှင့် လုံခြုံရေး ချထားမှု တိုးမြှင့်ခြင်းတို့ကြောင့် သက်မွေးဝမ်းကြောင်းလုပ်ငန်းများ လက်လှမ်းမီမှု အကန့်အသတ်ဖြစ်ရသည်ကို မီးမောင်းထိုးပြထားသည်။ ထိုအချိန်က အခြေအနေကို အကျဉ်းချုပ်ဖော်ပြထားသည်မှာ-

> *ယခင် ဝေးကွာလှသော အရေးပေါ် သုံးသပ်ချက်နှင့် ကိုက်ညီစွာပင် စစ်တမ်းက ၂၀၁၆ ခု အောက်တိုဘာ ဖြစ်ရပ်များနှင့် နောက်ဆက်တွဲ လုံခြုံမှုစစ်ဆင်ရေးများနောက်ပိုင်းတွင် ယခင်ကတည်းက ဘေးအန္တရာယ် မြင့်မားစွာ ကြုံတွေ့နိုင်သော နေရာများ၌ အစားအစာ လုံခြုံရေး အခြေအနေမှာ ပိုမိုဆိုးရွားလျက်ရှိသည်ကို စစ်တမ်းကောက်ယူမှုက အတည်ပြုပေးခဲ့သည်။ လူဦးရေ၏ သုံးပုံတစ်ပုံခန့်မှာ ဆိုးရွားစွာ အစားအစာ မလုံခြုံမှု ရှိနေပြီး လူသားချင်းစာနာထောက်ထားသောအကူအညီကို လိုအပ်လျက်ရှိသည်။ အမျိုးသမီးများ၏ ၁၄ ရာခိုင်နှုန်းသာ အဟာရအစားအစာစုံလင်မှု အနိမ့်ဆုံးအဆင့်ကို ရရှိပြီး မည်သည့်ကလေးမျှ လုံလောက်သည့်အစားအစာ အနိမ့်ဆုံးအဆင့်ကို ရရှိခြင်းမရှိပေ။ ဝင်ငွေအခွင့်အလမ်းများမှာ ရှားပါးပြီး အိမ်ထောင်စုများသည် သူတို့၏ လိုအပ်ချက်များ ပြည့်စုံရန် လိုအပ်သောအစားအစာကို လက်လှမ်းမမီနိုင်ပဲ ရှိသည်။ ဈေးများ၏ ထက်ဝက်ခန့်မှာ အလုပ်ဖြစ်မနေပဲ သို့မဟုတ် တစ်ပိုင်းတစသာ လည်ပတ်လျက်ရှိပြီး အစားအစာဈေးနှုန်းများမှာ အတက်အကျမြင့်မားပြီး ဈေးအများအပြားတွင် ဈေးနှုန်းချိုသာသော အစားအစားများ ရောင်းချမှုမှာ ရှားပါးသည်။*[1152]

၅၃၅။ အစီရင်ခံစာက နောက်ထပ်ဖော်ပြသည်မှာ ကလေးများကို အစားအစာကျွေးသော အလေ့အထများမှာ အားနည်းခြင်းကြောင့် ကလေးများတွင် ခန္ဓာကိုယ် ကျုံလှီမှု မြင့်မားခြင်း (အရပ်နှင့်အညီဖြစ်ရမည့် အလေးချိန် နည်းခြင်း) ၊ နှင့် ပုပြတ်ခြင်း (အသက်အရွယ်အလိုက်ဖြစ်ရမည့် အရပ်နိမ့်ခြင်း) တို့ကို တွေ့ရသည်။ ယင်းလက္ခဏာ နှစ်ရပ်စလုံးမှာ ပြင်းထန်သော လက်တလော အဟာရဓါတ် လျော့ကျခြင်းဖြစ်သည်။ အကြီးမားဆုံး စိုးရိမ်ဖွယ်ရာမှာ အစီရင်ခံစာက နောက်လာမည့် ၁၂ လ ကာလတွင် အသက်ငါးနှစ်အောက် ခန့်မှန်းခြေ ကလေးပေါင်း ၈၀,၅၀၀ ကို ပြင်းထန်သော အဟာရချို့တဲ့ခြင်းအတွက် ကုသရန် လိုအပ်လိမ့်မည်ဟု မျှော်လင့်ရကြောင်း ဖော်ပြထားသည်။[1153] ယင်းမှာ ၂၀၁၇ ဩဂုတ် ၂၅ ရက်တွင် စတင်သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" နောက်ပိုင်းတွင် ဖြစ်သည်။

၅၃၆။ ရခိုင်ပြည်နယ်ရှိ အကြမ်းဖက်ဖြစ်ပွားမှု လှိုင်းအမျိုးမျိုးက အစားအစာသုံးစွဲခွင့်အပေါ် ပြင်းထန်သော ဘေးထွက်ဆိုးကျိုးအဖြစ် သက်ရောက်လျက်ရှိသည်။ ရခိုင်မြောက်ပိုင်းမှ အင်တာဗျူးပေးသူများက ၂၀၁၂ ခု အကြမ်းဖက်မှုနောက်ပိုင်း နောက်ထပ်သွားလာမှု ကန့်သတ်ချက်များနှင့် အကြောက်တရားကြောင့် ဆာလောင်မှု ပိုမိုများပြားလာသည်ဟု ပြောကြသည်။[1154] အင်တာဗျူးဖြေဆိုသူတစ်ဦးက သူတို့အိမ်မှ ထွက်ခွာရန် ကြောက်ရွံ့သည့်အတွက် တစ်ရက်ကို အစားအစာတစ်နပ်သာ မည်သို့စားခဲ့ရသည်ကို

---

[1152] ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ်၊ ရခိုင် ပြည်နယ်မြောက်ပိုင်းတွင် အစားအစာ လုံခြုံမှုကို စမ်းစစ်ခြင်း၊ အဆုံးသတ် အစီရင်ခံစာ (၂၀၁၇ ခုနှစ် ဇူလိုင်လ)

[1153] Ibid.

[1154] DI-009, DI-053, DI-054

ရှင်းပြသည်။[1155] အောက်ပါပြောဆိုချက်သည်လည်း အကြမ်းဖက်မှုများက အစားအစာရရှိရေးကို မည်သို့သက်ရောက်မှုရှိသည်ဆိုသည်ကို ပြောပြနေသည်။

> *လူတွေက အလုပ်မသွားနိုင်တော့ပဲ ဝင်ငွေလည်း မရှိတော့ဘူး။ တချိန်ရောက်တော့ အစားအစာမရှိပဲ ဖြစ်တယ်။ လူတွေက တစ်ယောက်နဲ့ တစ်ယောက် ကူညီဖို့ ကြိုးစားကြတယ်။ ဒါပေမယ့် သိပ်ဆင်းရဲတဲ့လူတွေအတွက် အထူးပဲ ဒုက္ခတွေ့ကြတယ်။ စစချင်းတော့ ဘယ်သူမှ အပြင်မထွက်ရဲဘူး။ နောက်တော့ ဆာလာတဲ့အခါ လူတွေကို အန္တရာယ်ဖြစ်မှာ မကြောက်တော့ဘူး အလုပ်ထွက်လုပ်ကြတယ်။ သူတို့ ထင်တာက "အစာငတ်ပြီးသေတာထက် ကျည်ဆံမှန်ပြီး သေတာက ကောင်းသေးတယ်"။*[1156]

၅၃၇။ ၂၀၁၆-၂၀၁၇ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် အလုံးစုံပျက်သုဉ်းစေသော သက်ရောက်မှုများ ရှိခဲ့သည်။[1157] ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၉ ရက်နှင့် ဩဂုတ် ၂၃ ရက်များတွင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်အုပ်စုတစ်ခုသည် မြန်မာအစိုးရထံ အရေးပေါ်တောင်းဆိုမှုနှစ်ခု ပြုလုပ်ခဲ့ပြီး ဤကိစ္စရပ်အပေါ် အာရုံစိုက်လာစေခဲ့သည်။[1158] ၂၀၁၇ ဩဂုတ်လဆက်သွယ်မှုက "ရခိုင်ပြည်နယ် မြောက်ပိုင်း အစားအစာ လုံခြုံမှု ပျက်စီးလာနေသည့် အထောက်အထားများ" နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို မီးမောင်းထိုးပြခြင်း ဖြစ်ပြီး "ဤဒေသတွင် လုံခြုံရေးစစ်ဆင်ရေး ကြာရှည်နေမည်ဆိုပါက ရေရှည်လုံလောက်သော အစားအစာ ရရှိနိုင်မှု ခက်ခဲမည်" ကို ဖော်ပြခဲ့သည်။ အထူးကိုယ်စားလှယ်များက ရခိုင်မြောက်ပိုင်းရှိ အိမ်များ၏ သုံးပုံတစ်ပုံမှာ အလွန်အကျွံ အစားအစာရှားပါးမှု တွေ့ကြုံနေရပြီး အထူးသဖြင့် ကလေးများမှာ သူတို့၏ မြင့်မားသော အဟာရချို့တဲ့မှု နှုန်းထားကြောင့် ဘေးအန္တရာယ်ကြုံနိုင်ကြောင်း စွပ်စွဲချက်များကို မီးမောင်းထိုးပြခဲ့သည်။ သတိပြုသင့်သည်မှာ ဤအရေးပေါ်တောင်းဆိုချက်သည် ၂၀၁၇ ဩဂုတ်လ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" မစတင်မီ ၂ ရက်အလိုတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်ပြီး ယင်းနောက်တွင် အစားအစာရရှိနိုင်မှုနှင့် ယင်း၏ နောက်ဆက်တွဲ အခြေအနေများမှာ နောက်ထပ်သိသာထင်ရှားစွာ ပျက်စီးဆိုးရွားလာခဲ့သည်။

*သက်မွေးဝမ်းကြောင်းမှုအား လက်လှမ်းမီမှုအပေါ် ကန့်သတ်ချက်များ*

၅၃၈။ စားဝတ်နေရေးအတွက် လုပ်ဆောင်မှုလုပ်ငန်းများကို သွားရောက်ခြင်းအတွက် ရိုဟင်ဂျာများသည် ဆယ်စုနှစ်များနှင့်ချီ၍ တင်းကြပ်သောတားမြစ်မှုများနှင့် ရင်ဆိုင်ခဲ့ရသည်။ ၁၉၉၀ ခုနှစ်များတွင် ရှိပြီးဖြစ်သော မြောက်ပိုင်းရခိုင်တွင် ရိုဟင်ဂျာများအား သွားလာမှု ကန့်သတ်ခြင်း တင်းကြပ်စွာချထားမှုကြောင့် လူအများအပြားသည် လူသားချင်းစာနာထောက်ထားသော အကူအညီများ လိုအပ်သည့်အခြေအနေထိ ပြင်းထန်သော ဆင်းရဲတွင်းနက်မှုကို ဖြစ်စေကြောင်း အစီရင်ခံမှုများ ရှိခဲ့ပြီးဖြစ်သည်။[1159] အကြမ်းဖက်မှု ဖြစ်ရပ်တစ်ခုချင်းတွင် ရခိုင်ပြည်နယ်တစ်ဝှမ်းလုံးတွင် သွားလာမှုများ ပိုမို၍

---

[1155] DI-009.

[1156] DI-054.

[1157] ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ်၊ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အစားအစာလုံခြုံမှုကို ဆန်းစစ်ခြင်း၊ အဆုံးသတ်အစီရင်ခံစာ (၂၀၁၇ ခုနှစ် ဇူလိုင်လ) ။ V-047

[1158] UA MMR 6/2016 အောက်ပါလင့်တွင် ရနိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=22927 နှင့် UA MMR 8/2017 အောက်ပါလင့်တွင် ရနိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=23297

[1159] အိုင်ယာလန်လူ့အခွင့်အရေးစင်တာ။ မြန်မာနိုင်ငံအနောက်ပိုင်းတွင် လူသားဖြစ်မှုကို ဆန့်ကျင်သောပြစ်မှုများ။ ရိုဟင်ဂျာများ၏ အခြေအနေ (၂၀၁၀ ခုနှစ်) စာမျက်နှာ ၉၉ ။ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့ချုပ်များ၏ အဖွဲ့ချုပ်။ မြန်မာ- ရခိုင်ပြည်နယ်တွင် ဖိနှိပ်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လူမျိုးတုန်း ရှင်းလင်းခြင်း။ (၂၀၁၀ ခု ဧပြီ) ၊ စာမျက်နှာ ၂၀

တင်းကြပ်လာခဲ့သည်[1160]ရခိုင်မြောက်ပိုင်းနှင့် အလယ်ပိုင်းမှ ရိုဟင်ဂျာများသည် (ကမ်းရိုးတန်းဒေသပြင်နှင့် ကုန်းတွင်းရေကြောင်းများအပါအဝင်) ငါးများသည့် ဧရိယာများ၊ လယ်ယာမြေများ၊ ဈေးများ သို့မဟုတ် သူတို့ ဧရိယာများနှင့်အနီးကပ် ပြင်ပနေရာများရှိ လုပ်ငန်းကိုင်ငန်းများကို သွားလာခြင်းမှ ကန့်သတ်ခံရခြင်းဖြင့် သူတို့၏ဝင်ငွေကို ပြင်းထန်စွာကန့်သတ်ခံခဲ့ကြရသည်။[1161] သက်မွေးဝမ်းကြောင်းလက်လုပ်မီမှုအပေါ် ကန့်သတ်ချက်များသည် အခြေခံအားဖြင့် ရိုဟင်ဂျာများကို မြန်မာနိုင်ငံမှ ထွက်ခွာစေသော အဓိကအကြောင်းရင်းခံများ ဖြစ်သည်။[1162]

၅၃၉။ ရခိုင် အလယ်ပိုင်းတွင် ၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်း ချမှတ်သော လွတ်လပ်စွာသွားလာမှုကို တင်းကြပ်သော ကန့်သတ်ချက်များသည် စားဝတ်နေရေး လက်လုပ်မီမှုများကို သိသာထင်ရှားစွာ သက်ရောက်မှု ရှိခဲ့သည်။ ဥပမာအားဖြင့် စစ်တွေအနီးရှိ ရိုဟင်ဂျာများသည် သူတို့၏ ပုဂ္ဂလိက ပိုင်ဆိုင်သော မြေယာများကို အတင်းအဓမ္မရောင်းချစေခြင်း နှင့် အသက်ရှင်သန်ရန် စားသောက်သော အကြိမ်အရေအတွက်ကို လျော့ချခိုင်း စေခြင်း ခံကြရသည်။[1163] အလားတူပင် ၂၀၁၃ ခုနှစ် ပထမ ခြောက်လ အတွင်းတွင် ဝေးလံခေါင်ဖျားသော ကျေးရွာများမှ မွတ်စလင် ၁၀,၀၀၀ ကျော်သည် စားဝတ်နေရေး ကန့်သတ်မှု အလွန်ကြီးမားသောကြောင့် ရွှေ့ပြောင်းစခန်းများ နှင့် နေရာများသို့ ရွှေ့ပြောင်းခဲ့ရသည်။ သူတို့ကို ပြည်တွင်း အိုးအိမ်မဲ့များအဖြစ် သတ်မှတ်ခြင်းမခံရပဲ လူသားချင်းစာနာထောက်ထားသော အကူအညီများ ရရှိရန် အလွန်ခက်ခဲခဲ့ကြသည်။[1164]

၅၄၀။ ၂၀၁၂ ခုနှစ်မှစ၍ ညမထွက်ရ အမိန့်များသည် ငါးဖမ်းသွားခြင်းကို တင်းကြပ်စွာ ပိတ်ဆို့ထားခဲ့သည်။[1165] ယင်းတို့အား ဝင်ရောက်ခွင့်ကို ညနက်ပိုင်း နှင့် မနက်စောစော အချိန်များတွင် မကြာခဏ တားမြစ်ထားသည်။ တံငါသည်များသည် ပုံမှန်ပင် လုံခြုံရေး တပ်ဖွဲ့များ လုပ်ဆောင်နေသော ဂိတ်များကို အခကြေးငွေ ပေးကြရပြီး ပြန်အလာတွင် တစ်ခါတရံ သူတို့ ဖမ်းဆီးရရှိခဲ့သည့်အထဲမှ အချို့ကို ပေးရသည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ညမထွက်ရ ကန့်သတ်ချိန်အတွင်း ငါးများနေသော သို့မဟုတ် မှားယွင်းသော နေရာတွင် တွေ့ရှိရသော ရိုဟင်ဂျာများမှာ ဆိုးဝါးစွာလုပ်ဆောင်ခံရခြင်းများ၊ တရားမဲ့ ဖမ်းဆီးမှုနှင့် သတ်ဖြတ်ခြင်းအထိပင် ခံကြရသည်။[1166] ကုလသမဂ္ဂအထူးကိုယ်စားလှယ်များက ၂၀၁၆ ခုနှစ် ဖွန်လ အတွင်းက တံငါသည်များကို BGP အရာရှိများ၏ နှိပ်စက်ငြင်းပမ်းမှုကြောင့် လူတစ်ဦးသေဆုံးခဲ့ရသည်ဆိုသော စွပ်စွဲချက်နှင့် ပတ်သက်၍ မြန်မာအစိုးရအား အရေးပေါ် ဖြေရှင်းပေးရန် တောင်းဆိုခဲ့သည်။[1167] အစိုးရက စွပ်စွဲချက်များကို ငြင်းဆိုခဲ့သည်။[1168]

---

[1160] ဤအပိုင်း၊ အခန်း b.2။ လွတ်လပ်စွာသွားလာလှုပ်ရှားသော အခွင့်အရေးကို ငြင်းပယ်ခြင်း
[1161] K-113.3.
[1162] CI-062, CI-079, CI-080
[1163] K-076
[1164] K-076.
[1165] ဤအပိုင်း၊ အခန်း C.4.a။ ညမထွက်ရ အမိန့်များနှင့် လူ ငါးဦးထက် ပိုမစုရ တားမြစ်ခြင်း
[1166] K-076.
[1167] UA MMR 3/2016၊ အောက်ပါလင့်တွင် ရနိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=3349
[1168] UA MMR 3/2016 ကို မြန်မာ အစိုးရ၏ တုန့်ပြန်ချက်။ ၂၀၁၆၊ ဒီဇင်ဘာ ၂၂ ရက်။ အောက်ပါလင့်တွင် ရနိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadFile?gId=80722

## (ခ)ကျန်းမာရေး စောင့်ရှောက်မှု ရရှိနိုင်မှုအပေါ် ကန့်သတ်ချက်များ

*ဥပဒေ မူဘောင်နှင့် ခြုံငုံဖော်ပြချက်*

၅၄၁။ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း UDHR ပုဒ်မ ၂၅ က လူတိုင်းသည် ဆေးကုသမှု အပါအဝင် သူတို့နှင့် သူတို့၏ မိသားစု၏ ကျန်းမာရေး အတွက် လုံလောက်သော နေထိုင်မှုအဆင့်အတန်းရှိခွင့်ကို ကာကွယ်သည်။ ICESCR ပုဒ်မ ၁၂ က "လူတိုင်းသည် ရရှိနိုင်သည့် အမြင့်ဆုံးသော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးခံစားခွင့်" ကို အကာအကွယ်ပေးသည်။ ကျန်းမာရေးခံစားခွင့်အပေါ် လူ့အခွင့်အရေးစံချိန်စံညွှန်းများသည် CEDAW ပုဒ်မ ၁၂၊ ပုဒ်မ ၂၄ ၊ CRPD ပုဒ်မ ၂၅ သာမက ASEAN ပုဒ်မ ၂၉ တို့တွင်လည်း ပါရှိသည်။

၅၄၂။ အမြင့်ဆုံး ကျန်းမာရေးစံချိန်စံညွှန်းရရှိနိုင်ခွင့်တွင် အမြင့်ဆုံးရရှိနိုင်သည့် ကျန်းမာရေး ဆင့်ကို ခံစားနိုင်ရန် လူအများအတွက် ညီမျှသော အခွင့်အလမ်းကို ပေးထားသည်။ ကျန်းမာရေး ကာကွယ်မှုစနစ်ကို ရပိုင်ခွင့်လည်း ပါဝင်သည်။[1169] ကျန်းမာရေးအခွင့်အရေး၏ အဓိက အစိတ်အပိုင်းများမှာ ခွဲခြားဆက်ဆံမှုမရှိခြင်းနှင့် တူညီသောကုသမှုဖြစ်သည်။ ယင်းတွင် ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကျန်းမာရေးဝန်ဆောင်မှုများလက်လှမ်းမီရန်အတွက် တူညီစွာ ရပိုင်ခွင့်လည်း ပါဝင်သည်။ ကော်မတီအနေဖြင့် ကျန်းမာရေး စောင့်ရှောက်မှု လက်လှမ်းမီနိုင်ခြင်း နှင့် ကျန်းမာရေးကို အဆုံးအဖြတ်ပေးနိုင်သော အခြေခံများ သာမက ယင်းတို့ကို ရရှိရန်အတွက် မည်သည့်နည်းလမ်းများနှင့်မဆို ခံစားပိုင်ခွင့်များကို ရရှိစေရာတွင် မည်သည့်ခွဲခြားဆက်ဆံမှုကို မဆို ICESCR က တားမြစ်ထားသည်။ ခွဲခြားဆက်ဆံမှုကို တားမြစ်ထားသည့် အခြေခံများတွင် လူမျိုး၊ အသားအရောင်၊ လိင်၊ ဘာသာစကား၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် လူမှု အရင်းအမြစ်များ ပါဝင်သည်။[1170]

၅၄၃။ ကျန်းမာရေးခံစားခွင့်ကို တိုးတက်မှုရှိစွာ အကောင်အထည်ဖော်ရမည်။ ICESCR၊ CRC၊ CEDAW နှင့် CPRD တို့၏ အဖွဲ့ဝင်ဖြစ်သော မြန်မာနိုင်ငံသည် အရင်းအမြစ်များ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ကျန်းမာရေး ဌာနများ၊ ပစ္စည်းများနှင့် ဝန်ဆောင်မှုများကို အထူးသဖြင့် ခုခံနိုင်မှုအားနည်းနေသောနှင့် ဘေးဖယ်ထားခြင်းခံရသော အုပ်စုများအတွက် ခွဲခြားဆက်ဆံခြင်းမရှိသည့် အခြေခံပေါ်တွင် လက်လှမ်းမှီစေမှုရှိခြင်းအတွက် အာမခံချက်ပေးရန် တာဝန်ရှိသည်။ ကျန်းမာရေးဌာနများ၊ ပစ္စည်းကိရိယာများနှင့် ဝန်ဆောင်မှုများအားလုံးကို ညီမျှသောခွဲဝေမှု ပြုလုပ်ရန်လည်း အာမခံရမည်။[1171]

၅၄၄။ ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်းအားလုံးအတွက် လုပ်ငန်းလည်ပတ်နေသော ကျန်းမာရေး ဌာနများ နှင့် ဝန်ဆောင်မှုများ ရရှိနိုင်မှုမှာ နည်းပါးပြီး ပျမ်းမျှအားဖြင့် နေထိုင်သူ လူဦးရေ ၁၀,၀၀၀ တွင် ကျန်းမာရေးလုပ်သား ငါးဦးသာ ရှိသည်။ ယင်းမှာ နိုင်ငံအဆင့် ပျမ်းမျှခြင်းဖြစ်သော လူပေါင်း ၁၀,၀၀၀ တွင် ကျန်းမာရေး လုပ်သား ၁၆ ဦးထက် လျော့နည်းနေပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အကြံပြုချက်မှာ လူပေါင်း ၁၀,၀၀၀ လျှင်

---

[1169] ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများဆိုင်ရာ ကော်မတီ။ အထွေထွေ မှတ်ချက် အမှတ် ၁၄။ အမြင့်ဆုံး ရနိုင်သည့် ကျန်းမာရေး အဆင့်အတန်း ရပိုင်ခွင့် (ပုဒ်မ ၁၂) ၊ ၂၀၀၀ ခုနှစ် နိုဝင်ဘာ ၈ ရက်။ E/C.12/2000/4 စာပိုဒ် ၈

[1170] Ibid. စာပိုဒ် ၁၈-၁၉

[1171] Ibid. စာပိုဒ် ၄၃

အနည်းဆုံး ကျန်းမာရေးလုပ်သား ၂၂.၈ ဦး ဖြစ်သည်။[1172] ရခိုင်ပြည်နယ်တွင်ရှိသော လူမှုအသိုင်းအဝိုင်းများအားလုံးသည် ကျန်းမာရေး စောင့်ရှောက်ခြင်းကိုလက်လှမ်းမီမှု လုံလောက်စွာမရှိပဲ တိုးတက်မှုနည်းပါးခြင်းနှင့် သယ်ယူပို့ဆောင်ရေး အားနည်းခြင်းတို့ကြောင့် အားလုံးအတွက် အထူးသဖြင့် ဝေးလံခေါင်ဖျားသော ဒေသတွင် နေထိုင်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုရရှိရန် ခက်ခဲစေသည်ကို မစ်ရှင်က သတိပြုမိသည်။ သို့ရာတွင် ရိုဟင်ဂျာများသည် ခရီးသွားလာမှု ကန့်သတ်ခြင်းများ၊ ဘဏ္ဍာရေး အခက်အခဲများ၊ ရှုတ်ထွေးကြန့်ကြာစေသော ဗျူရိုကရေစီလုပ်ထုံးလုပ်နည်းများနှင့် တစုံလုံး ခွဲခြားဆက်ဆံမှုများကြောင့် အပိုဆောင်း အတားအဆီးများကို တွေ့ကြုံကြရသည်။[1173] ကန့်သတ်ခြင်းများသည် မကြာခဏပင် တရားဝင်မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ ဖြစ်နေလေ့ရှိသည်။

*ကျန်းမာရေး လက်လှမ်းမီမှုအပေါ် သွားလာမှုကန့်သတ်ချက်များ*

၅၄၅။ သွားလာမှုတားမြစ်ချက်များသည် ရိုဟင်ဂျာများ ကျန်းမာရေး ဝန်ဆောင်မှုများ ရရှိနိုင်မှုကို ခက်ခဲစေသည်။ ရိုဟင်ဂျာနှင့် ကမာန် လူမှုအသိုင်းအဝိုင်းများသည် ဆေးရုံများသို့ သွားရန် တရားမဝင်သော နှင့် အလွန်ရှုတ်ထွေးကြန့်ကြာသော လုပ်ထုံးလုပ်နည်းများနှင့် ရင်ဆိုင်ရသည်။ ယင်းတို့ကြောင့် ရောဂါဖော်ထုတ်ချက် နောက်ကျခြင်း နှင့် အသက်ကယ်ကုသမှု နှောင့်နှေးခြင်းများကြောင့် လက်တွေ့တွင် ဆေးဖက်ဆိုင်ရာ အရေးပေါ်အခြေအနေများတွင် ဘေးအန္တရာယ်ရှိသည်။ ယင်းတို့ကြောင့် တားဆီး၍ရနိုင်သော သေဆုံးမှုများ ဖြစ်ပေါ်သည်။ ဥပမာအားဖြင့် ရခိုင်မြောက်ပိုင်းမှ အင်တာဗျူးဖြေဆိုသူတစ်ဦးက ကျန်းမာရေး ဆေးကုသမှု ရရှိရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ သွားရောက်ခြင်းသည် အနီးအနားရှိ စစ်တွေဆေးရုံသို့ သွားရောက်ခြင်းထက် လွယ်ကူကြောင်း ရှင်းပြသည်။[1174] နောက်တစ်ဦးက ပြောပြသည်မှာ-

> *ကျနော့်ဆွေမျိုးတစ်ယောက်က ဆေးကုဖို့ကို ရန်ကုန်ကို သွားခဲ့ရတယ်။ သူက ရန်ကုန်ကို သွားဖို့ လိုအပ်တဲ့ စာရွက်စာတမ်းတွေရအောင် ကြိုးစားခဲ့ပေမယ့် မရခဲ့တာကြောင့် စစ်တွေဆေးရုံကြီးမှာပဲ ဆုံးသွားခဲ့တယ်။ ရိုဟင်ဂျာတစ်ယောက်က သေးသေးမွှားမွှား ဖျားနာရင်တော့ အိုကေပါတယ်။ ဒါပေမယ့် ဖျားနာတာ ပြင်းထန်ရင်တော့ သေသေချာချာ ဆေးကုသမှုကို မရနိုင်ဘူး။*[1175]

၅၄၆။ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် လွတ်လပ်စွာသွားလာမှုအပေါ် ကန့်သတ်ခြင်းများကို ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်းတွင် ပြုလုပ်လာခဲ့ပြီး ရိုဟင်ဂျာနှင့် ကမာန်များကို သူတို့နှင့် အနီးဆုံး ဆေးရုံများနှင့် ဆေးခန်းများအားလက်လှမ်းမီမှုကို ငြင်းပယ်ခံခဲ့ရသည်။

၅၄၇။ ကုလသမဂ္ဂအရာရှိတစ်ဦးက ရခိုင်အလယ်ပိုင်းတွင် မြို့နယ်အာဏာပိုင်များနှင့် ရခိုင်လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များနှင့် ထိတွေ့ဆက်ဆံရန် ကြိုးပမ်းမှုအတွေ့အကြုံကို ပြန်ပြောပြသည်။ ထိုအရာရှိက ရိုဟင်ဂျာများသည် အရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု ရရှိရေး အာမခံနိုင်ရန် မြို့နယ်အာဏာပိုင်တို့၏ ပျက်ကွက်မှုကို ပြောပြသည့်အခါ တုန့်ပြန်ချက်မှာ ယင်းသည် အထက်အဆင့်များတွင် ဆွေးနွေးရန် လိုအပ်သော မူဝါဒရေးရာ ဖြစ်သည်ဟု

---

[1172] ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန (မြန်မာ) - ၂၀၁၅-၂၀၁၆ နေရာဒေသအလိုက် ကျန်းမာရေး စစ်တမ်း- အဓိက တွေ့ရှိချက်များ (၂၀၁၇ ခုနှစ်)

[1173] ရခိုင် ပြည်နယ် ဆိုင်ရာ အကြံပေး ကော်မရှင်။ ရခိုင် ပြည်သူများအတွက် ငြိမ်းချမ်း မျှတပြီး ထွန်းတောက်သော အနာဂတ်သို့။ (၂၀၁၇ ဩဂုတ်လ) စာမျက်နှာ ၄၂။

[1174] DI-004.

[1175] DI-013.

ဆိုသည်။ ရခိုင်လူမှုအသိုင်းအဝိုင်းခေါင်းဆောင်များကမူ မွတ်ဆလင်အသိုင်းအဝိုင်းများသည် "မြန်မာနိုင်ငံနှင့် မသက်ဆိုင်"ဘဲ သူတို့ကို "ထိန်းချုပ်ထားရန်လိုအပ်သည်" ဆိုသောအချက်အပါအဝင် အမျိုးမျိုးသောအခြေခံများအပေါ် ချဉ်းကပ်ပြီး အကြောင်းပြချက်ပေးသည်။[1176]

၅၄၈။ ဘေးအန္တရာယ်လျော့ချရေး အရေးယူဆောင်ရွက်မှုအဖြစ် လူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်းများသည် ရိုဟင်ဂျာနှင့် ကမာန် လူနာများအတွက် ကျန်းမာရေးဆိုင်ရာ အရေးပေါ်လွှဲပြောင်းရေးစနစ်ကို တည်ရှိအောင် ထည့်သွင်းရတော့သည်။ ယင်းစနစ်သည် ပုံမှန်အားဖြင့် လူသားချင်းစာနာမှုဝန်ထမ်းများက ရခိုင်ပြည်နယ်ကျန်းမာရေးဌာနနှင့် ညှိနှိုင်း၍ လူနာများကို စစ်တွေအထွေထွေကုဆေးရုံကြီးသို့ ပို့ဆောင်ရခြင်းဖြစ်သည်။ လုပ်ငန်းစဉ်မှာ ရှုတ်ထွေးသည်၊ ဗျူရိုကရေစီဆန်ပြီး နှေးကွေးသည်။ ထို့နောက် လူနာသည် နာရီပေါင်းများစွာ ခရီးသွားရန်လိုကောင်းလိုတတ်သည်။[1177] အရေးပေါ် ဆေးဖက်ဆိုင်ရာလွှဲပြောင်းမှုကို အာမခံချက်ရှိစေရန်ဒေသခံ မြို့နယ်ကျန်းမာရေးအရာရှိက လိုအပ်ချက်ကို ပထမဆုံး ထောက်ခံပေးရသည်။ လူသားချင်းစာနာမှုဆိုင်ရာဝန်ထမ်း၏ အကူအညီဖြင့် လူနာသည် ထို့နောက်တွင် ခရီးသွားရန်ခွင့်ပြုချက်ရသည်၊ သယ်ယူပို့ဆောင်ရေးကို စီစဉ်သည်၊ ရဲ လုံခြုံရေး အကူအညီရယူသည် ထို့နောက် သက်ဆိုင်ရာ ကုန်ကျစားရိတ်များကို ပေးရသည်။[1178] စီစဉ်မှုအားလုံး လုပ်ဆောင်ပြီးဖြစ်သည့်တိုင်အောင် ဆေးရုံကားသည် ရိုဟင်ဂျာရွာများ၊ စခန်းများ သို့မဟုတ် နေရာများသို့ သွားရန် ငြင်းဆိုကြောင်း အစီရင်ခံချက်များ ရှိခဲ့ပြီး ပြင်းထန်သည့် အစွန်းရောက်မျိုးချစ်အုပ်စုများကလည်း တစ်ခါတစ်ရံတွင် လူနာများကို စစ်တွေဆေးရုံကြီးသို့ မရောက်အောင် တားဆီးခြင်းမျိုးရှိသည်။[1179]

၅၄၉။ ရခိုင်အလယ်ပိုင်း စစ်တွေမြို့ရှိ အောင်မင်္ဂလာ သီးခြားကန့်သတ်ရပ်ကွက်သည် စစ်တွေအထွေထွေကုဆေးရုံကြီးနှင့် ဝေးကွာခြင်းမရှိပေ။ နိုင်ငံတကာ အဖွဲ့အစည်းများက လည်ပတ်သောရွေ့လျားကျန်းမာရေးဆေးခန်းသည် ရက်သတ္တပတ်၏ သတ်မှတ်ရက်များတွင် ပိုမိုလျင်မြန်သောလွှဲပြောင်းမှုများကို လုပ်ဆောင်နိုင်သည်။ သို့ရာတွင် ထိုအချိန်များက အရေးပေါ်ဆေးကုသမှုလိုအပ်ခြင်းအပါအဝင် ဆေးဖက်ဆိုင်ရာ ကုသမှုလိုအပ်သူများသည် ဆေးဖက်ဆိုင်ရာ လွှဲပြောင်းမှုလုပ်ဆောင်ရန် စစ်တွေ ရွှေ့ပြောင်းစခန်းရှိ ကျန်းမာရေးဌာနသို့ ပထမဦးဆုံး သွားရောက်ရသည်။ အောင်မြင်ပါက သူတို့ကို စစ်တွေအထွေထွေရောဂါကုဆေးရုံကြီးသို့ ပြန်လည်လွှဲပြောင်းပေးသည်။[1180]

*မလိုလားအပ်သည့် နောက်ဆက်တွဲဖြစ်ရပ်များ*

၅၅၀။ သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များနှင့် ရှည်လျားသော ဗျူရိုကရေစီလုပ်ထုံးလုပ်နည်းများသည် ကျန်းမာရေးဌာနများသို့ ရောက်ရှိရန် မလိုလားအပ်သောနှောင့်နှေးမှုများကို ဖြစ်ပေါ်စေသည်။[1181] ကလေးမမွေးနိုင်သော ကိုယ်ဝန်ဆောင်မိခင်များ၊ အရေးပေါ် အောက်ဆီဂျင်လိုအပ်နေသော ကလေးများ၊ နှလုံးသွေးကြောပိတ်ခြင်းကို ခံစားနေရသောလူများနှင့် မသန်စွမ်းမှုများ ကြီးမားစွာရှိသည့် လူများကိုပင် ကန့်သတ်မှုများကို

[1176] DM-005.
[1177] V-047.
[1178] DM-005.
[1179] K-076.12.
[1180] K-113.1.
[1181] K-076.12.

တင်းကြပ်စွာ ပြုလုပ်သည်။ အချို့သောဖြစ်ရပ်များတွင် ဤကန့်သတ်မှုများကြောင့် ဖြစ်ပေါ်သော နှောင့်နှေးမှုများက သေစေနိုင်သည်။[1182] သုတေသန ပြုလုပ်သူတစ်ဦးက မစ်ရှင်ကို ပြောသည်မှာ "ကျနော်/မ ရောက်ခဲ့တဲ့ ရခိုင်ပြည်နယ်ထဲက ရိုဟင်ဂျာ ရွာတိုင်းလိုလိုနီးပါးမှာ ကျန်းမာရေး စောင့်ရှောက်မှု မရနိုင်လို့ သေဆုံးသွားတာနဲ့ လွှဲပြောင်းခွင့်မရလို့ သေဆုံးသွားတဲ့ အဖြစ်အပျက်တွေ ရှိကြတယ်။"[1183]

*ကျန်းမာရေးဌာနများတွင် ခွဲခြားဆက်ဆံမှုများ*

၅၅၁။ သူတို့အနေဖြင့် အစိုးရကျန်းမာရေးဌာနများသို့ ရောက်ရှိအောင် လုပ်ဆောင်နိုင်ခဲ့လျှင်ပင် ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများသည် နောက်ထပ် နှောင့်နှေးမှုများအပါအဝင် ခွဲခြားဆက်ဆံမှုများကို ကြုံတွေ့ကြရသည်။[1184] အင်တာဗျူးဖြေဆိုသူများသည် လာဘ်ထိုးခြင်း သို့မဟုတ် မြင့်မားသော အခကြေးငွေ ပေးရခြင်းများကိုလည်း ပြောပြကြသည်။ မောင်တောမှ အင်တာဗျူး ဖြေဆိုသူတစ်ဦးက ပြောသည်မှာ-

> *ဆေးကုတာက ခင်ဗျားဆီမှာ ပိုက်ဆံဘယ်လောက်ရှိသလဲ ဆိုတဲ့ အပေါ် မူတည်တယ်။ ခင်ဗျားက ပိုပေးနိုင်ရင် သေချာဂရုစိုက်ကြည့်မယ်၊ ဆေးတွေရမယ်။ သူတို့က မူစလင်တွေကို ရခိုင်တွေထက် ပိုတောင်းတယ်။*[1185]

၅၅၂။ ရိုဟင်ဂျာများသည် "အစောင့်ကြေး"၊ ဆေးအတွက်နှင့် အစားအစာအတွက်၊ သူတို့ ကိုယ်ပိုင်ဖုန်းများကို သုံးခွင့်မပြုသည့်အတွက် ဖုန်းခနှင့် ဘာသာပြန်နှင့် "အုပ်ထိန်းသူ" ကြေး ကဲ့သို့ အပိုကုန်ကျစားရိတ်များကိုလည်း ရိုဟင်ဂျာများက ပေးရသည်။[1186]

၅၅၃။ ယုံကြည်စိတ်ချလောက်သော အစီရင်ခံချက်များအရ[1187] "ပိုမိုကောင်းမွန်သော ဆက်ဆံရေး" ရရှိစေရန် သူနာပြုများက လာဘ်ငွေ တောင်းခံခြင်း အပါအဝင် စစ်တွေအထွေထွေ ရောဂါကုဆေးရုံကြီးတွင် လက်မခံနိုင်လောက်သော အပြုအမူများကို ရခိုင်တိုင်းရင်းသားများရော မွတ်စလင် (ရိုဟင်ဂျာနှင့် ကမာန်) လူနာများပါ တွေ့ကြုံကြရသည်။ လူနာများသည် နှုတ်ဖြင့် စော်ကားခြင်း၊ ဂရုမစိုက်ခြင်း နှင့် အချို့သောဖြစ်ရပ်များတွင် ကိုယ်ခန္ဓာကို ထိခိုက်စော်ကားခြင်း နှင့် ကျန်းမာရေးဆိုင်ရာ လျစ်လျူရှုမှုများကိုလည်း ပြောပြကြသည်။ သို့ရာတွင် နောက်ထပ် ယုံကြည်ရလောက်သော အချက်အလက်များအရ[1188] စစ်တွေအထွေထွေရောဂါကု ဆေးရုံကြီးတွင် အချို့သော ခွဲခြားဆက်ဆံမှုအလေ့အထများကို မွတ်စလင်လူနာများသာ ကြုံတွေ့ကြရသည်။ ဥပမာ- သူတို့ကို ကုတင် ၂၀ သာ ရှိသော သီးခြား ခွဲထားသည့် အဆောင်ငယ်များတွင် လုံခြုံရေးအစောင့်များ၏ အစဉ်မပြတ်စောင့်ကြပ်မှု အောက်တွင် ထားရှိပြီး ကြီးကြပ်မှုအောက်တွင်သာ သွားနိုင်သည်။ ဆေးရုံတင်ခွင့်ရရှိရန် လူနာသည် အတူလိုက်ပါလာသော "အစောင့်" လိုအပ်သည်။ ရိုဟင်ဂျာ ဖြစ်ပါက ယင်းမှာ အမျိုးသမီးသာ (လုံခြုံရေး စိုးရိမ်ချက်အရ) ဖြစ်ရပြီး သူသည် မြန်မာစကား သို့မဟုတ် ရခိုင်စကား ပြောနိုင်ရမည်။ ထိုဘာသာစကားများကို မွတ်စလင်အမျိုးသမီး အနည်းငယ်သာ ပြောတတ်သဖြင့်

---

[1182] DI-013, K-076.12, K-113, DM-005, QM-005 တားဆီးနိုင်သော သေဆုံးမှုများ၏ အရေအတွက်ကို တွက်ချက်ရန် အလွန်ခက်ခဲသည်။ အချို့သော လူသားချင်းစာနာမှုဆိုင်ရာ အဖွဲ့အစည်းများက ၂၀၁၂ ခုနှစ်မှစ၍ ရခိုင်အလယ်ပိုင်းတွင် တားဆီးနိုင်သော သေဆုံးမှု ရာချီရှိသည်ဟု ခန့်မှန်းသည်။ (DM-005)

[1183] K-120.

[1184] CI-061, CI-064, CI-078, CI-079, CI-080, CI-173, CI-174, DI-001, DI-002, DI-004, DI-038, DI-051.

[1185] CI-173.

[1186] K-113.1, K-120.

[1187] K-113.1.

[1188] K-113.1

မိသားစုများသည် အမျိုးသမီး ဘာသာပြန်များကို ငှားရမ်းကြရသည်။ (ယင်းကြောင့် နောက်ထပ် ဘဏ္ဍာရေး ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်) သို့မဟုတ် မည်သူကိုမှ မငှားရမ်းရန် ဆိုလိုသည်မှာ လူနာကို သူ့ဘာသာသူ ဆေးရုံတွင် ထားရှိရန် ဆုံးဖြတ်ကြရသည်။

၅၅၄။ အချို့သောအခြေအနေများတွင် ကျန်းမာရေးဌာနများ၌ ရိုဟင်ဂျာများကို ကုသရာတွင် နှောင့်နှေးမှုများကြောင့် ကာကွယ်တားဆီးနိုင်သော သေဆုံးမှုများ ဖြစ်ပေါ်စေသည်။[1189] ရိုဟင်ဂျာ NGO ဝန်ထမ်း တစ်ဦးက ဘူးသီးတောင်ဆေးရုံတွင် သူမကြုံရသော အတွေ့အကြုံကို ပြန်ပြောပြသည်မှာ-

> *တနေ့တော့ ကျမက ဘူးသီးတောင်ဆေးရုံကို သတိလစ်နေတဲ့ ၈ နှစ်အရွယ် ကလေးတစ်ယောက်နဲ့ သွားတယ်။ စာရင်းသွင်းတဲ့ အခန်းကိုရောက်တော့ သူတို့က "ဒီမှာ လူနာတွေ အရမ်းများနေတယ်။ ဒီကလေးအတွက် ငါတို့ အခုဘာမှ မလုပ်ပေးနိုင်ဘူး။ ဟိုမှာ သွားပြီးထိုင်နေပါ။ နင်ဘာလို့ ငါတို့ကို လာမေးနေတာလဲ" လို့ သူတို့က ပြောတယ်။ သူနာပြု ဆရာမတွေက ရခိုင်လူနာကို ဦးစားပေးတယ်။ ကျမ မိနစ် ၃၀ စောင့်နေခဲ့ရတယ်၊ နောက်တော့ ကလေးဆုံးသွားတယ်။ ဒီလိုမျိုး ကျမ တစ်ယောက်ထဲ စုစုပေါင်း လူနာ သုံးယောက်နဲ့ ကြုံတယ်။ သူတို့အားလုံး ကလေးတွေချည်းပဲ။*[1190]

၅၅၅။ အစိုးရဆေးရုံများနှင့် ဌာနများတွင် ရိုဟင်ဂျာများကို ခွဲခြားဆက်ဆံမှုနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိခိုက်ပျက်စီးစေသော သတင်းအချက်အလက်အမှား နှင့် ကောလဟာလများကို ဆက်သွယ်ရေးနှင့် ဘာသာစကား ကိစ္စရပ်များက မီးထိုးပေးနေသည်။ ရိုဟင်ဂျာ အများအပြားက လစ်လျူရှုမှုနှင့် ခွဲခြားဆက်ဆံမှုများအပြင် သူတို့ ဆေးရုံသို့သွားပါက ကျန်းမာရေး ဝန်ထမ်းက သူတို့ကို သတ်ပစ်သည့် ဘေးအန္တရာယ်နှင့် အမှန်တကယ် ကြုံတွေ့နိုင်သည်ဟု ယုံကြည်ကြသည်။[1191] အင်တာဗျူးဖြေဆိုသူတစ်ဦးက ၂၀၁၂ အကြမ်းဖက်မှုများ နောက်ပိုင်းတွင် "ဆေးရုံက လူတွေက ရိုဟင်ဂျာတွေကို စပြီး သတ်ဖြတ်လာသည်" ဟု မစ်ရှင်ကို ပြောသည်။[1192] ယင်းကောလဟာလများကို ယုံကြည်ခြင်းက လူများကို အရေးပေါ်အခြေအနေများအပါအဝင်တွင် ဆေးကုသမှု ရှာဖွေခြင်းကို ကန့်သတ်ခြင်း သို့မဟုတ် နှောင့်နှေးခြင်းများ ဖြစ်စေသည်။ သုတေသနပြုလုပ်သူတစ်ဦးက "ဖြစ်ရပ် အများအပြားမှာ လူတွေဟာ အဲဒီ ကောလဟာလတွေ မှန်ကန်တယ်လို့ အခိုင်အမာယုံကြည်တာရဲ့ ရလာဒ်အဖြစ် ကျန်းမာရေး စောင့်ရှောက်မှုကို မရှာဖွေကြတော့ပဲ တားဆီးနိုင်တဲ့ရောဂါတွေနဲ့ သေဆုံးကြရတယ်။"[1193] ဟု ပြောပြသည်။ - သွားလာလှုပ်ရှားခွင့်အပေါ် ကန့်သတ်ထားခြင်းများနှင့် အခြား အကန့်အသတ်များကြောင့်- ကျန်းမာရေး ဌာနများသို့ရောက်ရှိရန် နှောင့်နှေးခြင်းများကြောင့် လူနာများသည် မကြာခဏပင် ရောဂါ အခြေအနေဆိုးပြီးသည့် အချိန်မှ ဆေးရုံသို့ ရောက်ရှိလာကြသည့် ရိုးရှင်းသော အချက်ကပင်လျှင် ယင်းကောလဟာလများကို မီးထိုးပေးခြင်းခံရသည်။

---

[1189] CI-173, DI-038.

[1190] DI-038.

[1191] CI-073, CI-080, CI-089, CI-174, DI-009, DI-046, DI-053, DI-054.

[1192] CI-080.

[1193] K-120.

### (ဂ) ပညာသင်ကြားနိုင်ခွင့်အပေါ် ကန့်သတ်ခြင်းများ

*ဥပဒေ မူဘောင်နှင့် ခြုံငုံတည်ရှိချက်*

၅၅၆။ ပညာသင်ကြားခွင့်ကို UDHR ပုဒ်မ ၂၆၊ ICESCR ပုဒ်မ ၁၃၊ နှင့် CRC ပုဒ်မ ၂၈ တို့က ကာကွယ်ပေးထားသည်။ ယင်းသတ်မှတ်ချက်များအရ မူလတန်းပညာရေးသည် "မသင်မနေရနှင့် အားလုံးအတွက် အခမဲ့" ဖြစ်ရမည်၊ အလယ်တန်းပညာရေးသည် "ယေဘူယျအားဖြင့် အားလုံးအတွက် ရရှိနိုင်ပြီး လက်လှမ်းမီ" ရမည်ဖြစ်ပြီး အဆင့်မြင့် ပညာရေးသည် "စွမ်းဆောင်ရည်အပေါ် မူတည်၍ အားလုံးအတွက် ညီမျှစွာ လက်လှမ်းမီစေရမည်" ဖြစ်သည်။ ပညာသင်ကြားခွင့်သည် "ဘဝမြှင့်တင်ရေး အခွင့်အရေး" ဖြစ်သည်။ ယင်းသည် "စီးပွားရေး နှင့် လူမှုရေးအရ ဘေးဖယ်ခံထားရသော အရွယ်ရောက်သူများနှင့် ကလေးများကို သူတို့ကိုယ်တိုင် ဆင်းရဲတွင်းမှ ရုန်းထွက်နိုင်စေရန် မြှင့်တင်ပေးနိုင်သည့် အဓိကမောင်းနှင်အားဖြစ်ပြီး သူတို့ အသိုင်းအဝိုင်းများတွင် ပါဝင်ခွင့်နည်းလမ်းများကို ရရှိစေနိုင်သည်။"[1194]

၅၅၇။ ပညာသင်ကြားခွင့်၏ အဓိကကျသော အစိတ်အပိုင်းတစ်ခုမှာ ခွဲခြားဆက်ဆံမှု ပုံစံအားလုံးကို တားမြစ်ခြင်း ဖြစ်သည်။ ဤကန့်သတ်ချက်သည် "ပညာရေး၏ ဘက်ပေါင်းစုံကဏ္ဍအားလုံးကို အပြည့်အဝနှင့် ချက်ချင်း သက်ရောက်ရမည်ဖြစ်ပြီး ခွဲခြားဆက်ဆံမှု အခြေခံများအပေါ် နိုင်ငံတကာ၏ ကန့်သတ်ချက်အားလုံးကိုလည်း လွှမ်းခြုံသည်"။ ခွဲခြားဆက်ဆံမှုမရှိခြင်း ဥပဒေသသည် "အဖွဲ့ဝင် နိုင်ငံ၏ နယ်မြေအတွင်း နေထိုင်ကြသော နိုင်ငံသားမဟုတ်သူများ အပါအဝင် နှင့် သူတို့၏ တရားဝင်ဖြစ်မှု အနေအထားနှင့် မသက်ဆိုင်ပဲ ကျောင်းနေရွယ် လူပုဂ္ဂိုလ်အားလုံး" ကို လွှမ်းခြုံသည်။[1195]

၅၅၈။ မြန်မာနိုင်ငံအစိုးရသည် ၎င်း၏ခွဲခြားဆက်ဆံမှု မူဝါဒများနှင့် အလေ့အထများမှ တဆင့် မူလတန်း၊ အထက်တန်း၊ အဆင့်မြင့် ပညာရေး အဆင့်များရှိ ရိုဟင်ဂျာ ကလေးများ နှင့် လူငယ်များ၏ ပညာသင်ကြားခွင့်ကို ချိုးဖောက်သည်။ အင်တာဗျူး ဖြေဆိုသေ ရိုဟင်ဂျာများက ညီမျှသော ပညာသင်ကြားခွင့်ကို သူတို့ မည်သို့ ငြင်းပယ်ခံရကြောင်း ထပ်ကာတလဲလဲ ရှင်းပြပြီး ယင်းကြောင့် သူတို့၏ဘဝများအပေါ် မည်သို့ နောက်ဆက်တွဲသက်ရောက်မှုများရှိသည်ကိုလည်း ပြောပြကြသည်။[1196]

> *၂၀၁၂ ခု အကြမ်းဖက်မှုတွေကြောင့် ကျနော့် မိဘတွေရဲ့ ပညာရေးအတွက် အိပ်မက်တွေ ပျက်စီးခဲ့ရတယ်။ ကျနော့် အဖေနဲ့ အကိုတွေက ဆရာတွေဖြစ်ပြီးတော့ ကျနော့်ကို ကြည့်ပါအုံး၊ စာတောင် မသင်နိုင်ဘူး။ အခုဆိုရင် ကျနော် ပညာတတ်တွေနဲ့တွေ့ရင် ကျွန်တော်စဉ်းစားမိတာက "ဘုရားရေ.. ငါ ၁၀ တန်းတောင် မအောင်ပါလား"။ ဒါပေမယ့် ကျနော် ပိုက်ဆံ နည်းနည်းစုနိုင်မယ်ဆိုရင် တစ်နေ့မှာ ကျနော့်ပညာရေးကို ပြန်စနိုင်မယ်လို့ ကျနော် မျှော်လင့်နေတုန်းပဲ၊ ဘာလို့လဲ ဆိုတော့ သိပ်ကို အရေးကြီးလို့ပါ။ စစ်တပ် ကျောထောက်နောက်ခံပေးထားတဲ့ အစိုးရက ကျနော်တို့ ဘဝတွေကို*

1194 ကုလသမဂ္ဂ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေး ကော်မတီ။ အထွေထွေ မှတ်ချက် အမှတ် ၁၃။ ပညာသင်ကြားပိုင်ခွင့် (ပုဒ်မ ၁၃) ၁၉၉၉ ခု ဒီဇင်ဘာ ၈ ရက်။ E/C.12/1999/10 စာပိုဒ် ၁။

1195 Ibid စာပိုဒ် ၃၁ နှင့် ၃၄။ CRC နှင့် ယူနက်စကို ပညာရေးတွင် ခွဲခြားဆက်ဆံမှုများအား ဆန့်ကျင်ရေး သဘောတူစာချုပ် ပုဒ်မ ၃ (င) တွင်လည်း ကြည့်။

1196 BI-004, BI-018, CI-019, CI-062, CI-063, CI-065, CI-069, CI-072, CI-073, CI-078, CI-079, CI-080, CI-125, CI-173, DI-003, DI-004, DI-005, DI-007, DI-010, DI-013, DI-022, DI-025, DI-026, DI-034, DI-038, DI-046, DI-047, DI-050, DI-052, DI-053, DI-073, DI-076, LI-055, LI-087, LI-092, LI-098, LI-101, LI-103, LI-116, LI-131, LI-135, QI-069.

*လုယူသွားတယ်။ သူတို့က နိုင်ငံမှာရှိတဲ့ ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို ပျက်စီးစေခဲ့တယ်။*[1197]

*ရခိုင်မြောက်ပိုင်း ကျောင်းများတွင် ခွဲခြား ဆက်ဆံမှုများ*

၅၅၉။ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ ကလေးအများစုကြီးသည် သူတို့၏ပညာရေးအတွက် အစိုးရဖွင့်လှစ်ထားသော အခြေခံပညာရေးကျောင်းများကို မှီခိုနေရသည်။[1198] ထိုကျောင်းများတွင် ရိုဟင်ဂျာများသည် ဆိုးရွားသော ခွဲခြားဆက်ဆံမှုများကို ခံကြရသည်။ ယင်းတို့တွင် စာသင်ခန်းအတွင်းတွင် ရခိုင်တိုင်းရင်းသား ကျောင်းသားများကို ရှေ့တန်းခုံများတွင် ထိုင်စေပြီး ရိုဟင်ဂျာကလေးများကို နောက်တန်းခုံများတွင် ထိုင်စေခြင်း သို့မဟုတ် ရိုဟင်ဂျာနှင့် ရခိုင် ကျောင်းသားများကို သီးခြားခွဲထားသော စာသင်ခန်းများတွင် ထားရှိခြင်းများ ပါဝင်သည်။[1199] အစိုးရခန့်ထားသော ဆရာအများအပြားသည် ရိုဟင်ဂျာ ကျောင်းသားများကို လစ်လျူရှုပြီး ရခိုင်ကျောင်းသားများနှင့် မတူညီစွာ ဆက်ဆံကြသည်။[1200] အချို့မှာ ရိုဟင်ဂျာ ကျောင်းသားများကို တက်ကြွစွာ ဖိနှိပ်သည်။ ဥပမာအားဖြင့် သူတို့ကို "ကုလား" ဟုခေါ်ခြင်း သို့မဟုတ် သူတို့ကို မြန်မာနိုင်ငံသား မဟုတ်ဟု ပြောဆိုခြင်း သို့မဟုတ် သူတို့တွင် "မည်သည့် နိုင်ငံမျှမရှိ" ဟု ဖြစ်သည်။[1201] မောင်တောမှ ရိုဟင်ဂျာ အမျိုးသမီးငယ်တစ်ဦးက ကျောင်းမှ သူ၏ အတွေ့အကြုံကို ဝေမျှသည်မှာ-

*ကျမ ဘဝမှာ နှောင်တရတာ တခုက ဘယ်ဆရာကမှ ကျမကို သူတို့ ချစ်တဲ့ ကျောင်းသား အဖြစ် မသတ်မှတ်တာပဲ ဖြစ်တယ်။ ခင်ဗျားတို့သိမှာ မဟုတ်ဘူး ကျမဆရာတွေရဲ့ စိတ်ဝင်စားမှုကို ရအောင် နဲ့ တခြား ကျောင်းသားတွေလို သင်ယူခဲ့ရအောင် ကျမ ဘာတွေလုပ်ခဲ့တယ်ဆိုတာ။ ကျမက စကားနားထောင်တယ်။ ကောင်းကောင်းမွန်မွန်နေတယ်။ ကျောက်သင်ပုန်းမှာ သူတို့ဘာရေးထားထား အဲဒါကို ကျမက ပြီးရင် ဖျက်ပေးတယ်။ ဆရာတွေက သူတို့နေ့လည်စာကို ထမင်းဘူးနဲ့ ယူလာကြတယ်။ သူတို့ကို တွေ့တာနဲ့ ကျမက ချက်ချင်းပဲ သူတို့ထမင်းဘူးတွေ ကူသယ်ပေးတယ်။ အဲဒါတွေ အားလုံး လုပ်ပေမယ့် ကျမ တကယ် စာသင်နေသလား ဆိုတာ သိအောင် သူတို့က ကျမရဲ့ အိမ်စာ ဒါမှမဟုတ် စာသင်ခန်းထဲမှာ လုပ်တဲ့ဟာတွေကို ကြည့်မပေးကြဘူး။ ဆရာ/မတွေက ကောင်းတယ်၊ ဂရုစိုက်တယ်ဆိုတာ ကျမ အမြဲကြားခဲ့တယ်။ ဒါပေမယ့် အဲဒါ ကျမအတွက်တော့ မဟုတ်ဘူး။ ကျမက အမြဲတမ်း အိမ်စာတွေ ပြီးအောင်လုပ်ပြီး သူတို့ကို ကြည့်စေချင်တယ်၊ ဒါပေမယ့် သူတို့က ဘာမှရှင်းမပြပဲ အမှန် ဒါမှမဟုတ် အမှားကိုပဲ စာရွက်ပေါ်မှာ ခြစ်ပေးလိုက်တယ်။ ရခိုင်ကျောင်းသားတွေဆိုရင် အဲလို မဟုတ်ဘူး။ အိမ်စာတွေကို သူတို့ သေချာစစ်ပေးတယ်။*[1202]

၅၆၀။ အင်တာဗျူးဖြေသူများ အဆက်မပြတ် မီးမောင်းထိုး ပြောပြသည့် နောက်ထပ် အတားအဆီးမှာ ဘာသာစကားဖြစ်သည်။ အတန်းကိုလိုက်၍ အစိုးရစာသင်ကျောင်းများတွင်

---

1197 DI-047.

1198 PLAN နှင့် REACH၊ ပညာရေးကဏ္ဍ ပူးတွဲ စမ်းစစ်ချက်။ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ မြန်မာနိုင်ငံ၊ (၂၀၁၅ ခုနှစ်) စာမျက်နှာ ၄။

1199 BI-018, CI-173, DI-005, DI-026, DI-038, DI-050, DI-053.

1200 CI-062.

1201 CI-065, CI-069, CI-072, CI-078, CI-073.

1202 DI-026.

ရိုဟင်ဂျာကျောင်းသားများ နားမလည်သော ရခိုင် သို့မဟုတ် မြန်မာ ဘာသာစကားဖြင့် သင်ကြားသည်။[1203] အင်တာဗျူးဖြေဆိုသော ရိုဟင်ဂျာများက သူတို့၏ စာသင်ခန်းများမှာ ပုံမှန်မဟုတ်ဘဲ ဆရာများပျက်ကွက်မှု အလွန်မြင့်ပြီး မကြာခဏပင် ကျောင်းတွင် သူတို့အတွက် လုပ်စရာမရှိ ဖြစ်နေတတ်သည်။[1204] အင်တာဗျူးဖြေဆိုသူတစ်ဦးက သူ၏ ကျောင်းတွင် ရိုဟင်ဂျာ ကျောင်းသားများကို သီးခြားအခန်းတွင် မည်ကဲ့သို့ ထားရှိပြီး ဆရာက သူတို့ကို မနက်ပိုင်းတွင်သာ နှုတ်ဆက်ပြီး ကျန်သည့်တရက်တာအချိန်ကာလကို ရခိုင်တိုင်းရင်းသား ကျောင်းသားများနှင့်သာ အသုံးပြုနေထိုင်ကြောင်းကို ရှင်းပြသည်။ ရိုဟင်ဂျာ ကျောင်းသားများသည် ဆရာနှင့် ကောင်းမွန်စွာဆက်သွယ်နိုင်စွမ်း မရှိကြပေ။[1205]

၅၆၁။ ၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်းတွင် အချို့ကျောင်းများ ပိတ်သွားခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် မူလတန်းအဆင့် ကျောင်းသား-ဆရာ အချိုးမှာ ဘူးသီးတောင်တွင် ၈၃း၁ နှင့် မောင်တောတွင် ၁၂၃း၁ တို့ဖြစ်ကြပြီး နိုင်ငံတကာသတ်မှတ်ချက်ထက် နှစ်ဆ နှင့် သုံးဆ ပိုများပြီး မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနက ချမှတ်ထားသည့် အစီရင်ခံထားသော ပစ်မှတ် ၃၀း၁ အထက် များစွာကျော်လွန်လျက်ရှိသည်။[1206] အစိုးရကျောင်းဆရာများ၏ ကျောင်းတက်မှုမှာ မကြာခဏထက် နည်းပါးပြီး အထူးသဖြင့် ဘူးသီးတောင်နှင့် မောင်တောတို့တွင် လုံခြုံရေး ကြောင့် ပျက်ကွက်သည်များ ရှိသည်။ အကျိုးဆက်အားဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စေတနာ့ဝန်ထမ်းများ ဝန်ထမ်းအဖြစ် လည်ပတ်သော စင်ပြိုင်ပညာရေးစနစ်ကို စတင်ခဲ့ပြီး ရိုဟင်ဂျာ ကလေးများကို ပညာသင်ကြားပေးသည်။[1207]

*ရခိုင်ပြည်နယ် အလယ်ပိုင်းက အခြေအနေ*

၅၆၂။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ရခိုင် အလယ်ပိုင်းတွင် သွားလာလှုပ်ရှားမှု ကန့်သတ်မှုများ၊ ကျောင်းမလုံလောက်ခြင်း နှင့် ရွှေ့ပြောင်း ကလေးငယ်ပေါင်း ခန့်မှန်းခြေ ၆၀,၀၀၀ ကျော်ကို ပိတ်လှောင်ထားခြင်းတို့ ပေါင်းစုချက်သည် ရိုဟင်ဂျာနှင့် ကမာန် ကလေးငယ်များ တရားဝင်ပညာရေးစနစ်ကို တက်ရောက်ရန် အတားအဆီးဖြစ်စေသည်။ ရွှေ့ပြောင်းစခန်းများ နှင့် နေရာများတွင် မူလတန်းပညာရေးကို ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်းတွင် တည်ထောင်ပြီး ကုလသမဂ္ဂနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ပံ့ပိုးထားသော "ယာယီသင်ယူရေးစင်တာများ" မှတဆင့် သင်ယူကြသည်။ ယင်းစင်တာများသည် အစိုးရသင်ရိုးညွှန်းတမ်းကို လိုက်နာသည်။ သူတို့သည် ရွှေ့ပြောင်း ကလေးများ နှင့် အစိုးရ ကျောင်းများ တက်ခွင့်မရသော မွတ်စလင်ရွာများမှ ကလေးများအတွက် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ သို့ရာတွင် ယင်းစင်တာများသည် မူလတန်းအဆင့်သာလျှင် ဖြစ်ပြီး

---

[1203] DI-004, DI-010, DI-026, DI-038.

[1204] DI-005, DI-025, DI-052, LI-116.

[1205] DI-005.

[1206] PLAN နှင့် REACH၊ ပညာရေးကဏ္ဍ ပူးတွဲ စမ်းစစ်ချက်။ ရခိုင်ပြည်နယ် မြောက်ပိုင်း၊ မြန်မာနိုင်ငံ၊ (၂၀၁၅ ခုနှစ်) စာမျက်နှာ ၅။ ယူနက်စကို အဆိုအရ "မူလတန်း ပညာရေးတွင် ကျောင်းသား-ဆရာ အချိုးအပေါ် ကမ္ဘာ တစ်ဝှမ်း ပစ်မှတ်မရှိသေးမီ အများဆုံး ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေသည့် နိုင်ငံတကာစံသတ်မှတ်ချက်မှာ ၄၀း၁ ဖြစ်သည်။" အားလုံးအတွက် ပညာရေး ကမ္ဘာတဝှမ်း စောင့်ကြည့်ရေး အစီရင်ခံစာ နှင့် ယူနက်စကို ပညာရေး ကဏ္ဍ။ "မူဝါဒ စာတမ်း ၁၉ ။ ဆရာ ရှားပါးခြင်း နှင့် အရည်အသွေး စိမ်ခေါ်မှု။ ကျွန်ုပ်တို့အနေနှင့် အရည်အသွေး ပြည့်မှီသော ဆရာများကို စာသင်ခန်းများအတွင်းသို့ လုံလောက်စွာ ရရှိအောင်မြင်ပြီလား။" (၂၀၁၅ ခု ဧပြီလ)

[1207] PLAN နှင့် REACH၊ ပညာရေး ကဏ္ဍ ပူးတွဲ လိုအပ်ချက် စမ်းစစ်ချက်။ ရခိုင်ပြည်နယ် မြောက်ပိုင်း။ မြန်မာ (၂၀၁၅ ခုနှစ်) စာမျက်နှာ ၅၊ LI-116

အစိုးရထံမှ ထောက်ပံ့မှု မရရှိသောကြောင့် အရင်းအမြစ်နည်းပါးပြီး အရည်အသွေးပြည့်သော ဆရာများ နည်းပါးသည်။[1208]

၅၆၃။ အလယ်တန်းကျောင်းနှင့် အထက်တန်းကျောင်း အခွင့်အလမ်းများမှာ ရခိုင်ပြည်အလယ်ပိုင်းတွင် မွတ်စလင်ကျောင်းသားများအတွက် ပို၍ပင် အကန့်အသတ်ရှိပြီး စစ်တွေ မြို့နယ်အပြင်ဘက်တွင် နေထိုင်သူတို့အတွက် မရှိသလောက် နည်းပါးသည်။ ရခိုင်အလယ်ပိုင်းတွင် ရိုဟင်ဂျာနှင့် ကမာန်ကလေးများ အတွက် စစ်တွေမြို့နယ် သက္ကယ်ပြင်တွင် တည်ရှိသော အထက်တန်းကျောင်း တစ်ခုသာ ရှိသည်။ ယင်းသည် အနီးစပ်ဆုံး ကျောင်းသား ၃,၅၀၀ ကျောင်းတက်နိုင်သည်။ အထက်တန်း အဆင့်တွင် စုစုပေါင်း ကျောင်းဆရာ ၆ ယောက်သာ ရှိပြီး ကျောင်းသား-ဆရာ အချိုးမှာ ၁၀၂း၁ ဖြစ်သည်။ စုစုပေါင်း ကျောင်းဆရာ ၅၇ ဦးအနက် ၅ ဦးသည် (အားလုံးမှာ ကမာန်များသာဖြစ်သည်) သာ အစိုးရ ခန့်ထားသော ဆရာများ ဖြစ်သည်ကို သိရှိရပြီး ကျန်သူများမှာ "စေတနာ့ဝန်ထမ်း ဆရာများ" ဖြစ်ကြသည်။[1209]

၅၆၄။ ၂၀၁၈ ခုနစ်တွင် UNICEF ပြောရေးဆိုခွင့်ရှိသူက ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ပညာရေး လက်လှမ်းမီမှုနှင့် ပတ်သက်၍ ရိုဟင်ဂျာကလေးများ၏အခြေအနေကို အောက်ပါအတိုင်း အကျဉ်းချုံး ဖော်ပြထားသည်။

> *ကျွန်မှာအနေ့က မျက်လုံးတွေက ရခိုင်ပြည်နယ်မြောက်ပိုင်းနဲ့ ကောက်စ်ဘဇားက အခြေအနေတွေအပေါ် အာရုံရောက်နေချိန်မှာ ၂၀၁၂ အကြမ်းဖက်မှုကြောင့် ရခိုင် အလယ်ပိုင်းက စခန်း ၂၃ ခုကို ရောက်လာပြီး အဲဒီမှာ ပိတ်မိနေတဲ့ ရိုဟင်ဂျာ ကလေး ၆၀,၀၀၀ ကျော်ကိုတော့ လုံးဝနီးပါး မေ့လျော့ခံထားရတယ်။ (... ) သွားလာ လှုပ်ရှားမှု ကန့်သတ်ချက်တွေက ကလေးတွေအတွက် အလားအလာနယ်နမိတ်ကို ကျဉ်းမြောင်းစေတယ်- ပညာရေးလို့ပြောရင် ဘယ်နေရာမှာမှ ဒီထက်မဆိုးနိုင်တော့ဘူး။ ယာယီဖြေရှင်းမှုတွေကို ချက်ချင်းတိုးတက်လာအောင် လုပ်ဖို့ လိုနေပြီး ကလေးတွေကို လေ့ကျင့်ထားတဲ့ ဆရာတွေက သင်ပေးပြီး ပညာရေးစနစ်က အသိအမှတ်ပြုထားတဲ့ တရားဝင် ပညာရေးရရှိဖို့အတွက် နှစ်လမ်းသွား စီစဉ်မှုတွေကို အမြန်ဆုံး နေရာချထားဖို့ လုပ်ရတော့မယ်။ အဲလိုမှမဟုတ်ရင် ဒီမျိုးဆက်ရဲ့ အနာဂတ်မျှော်လင့်ချက်တွေက ပြင်လို့ မရအောင် ပျက်စီးသွားတော့မယ်။*[1210]

*တက္ကသိုလ်တွင် ခွဲခြား ဆက်ဆံခြင်း*

၅၆၅။ ၂၀၁၂ ခုနစ်အထိ ရိုဟင်ဂျာ အရေအတွက်အနည်းငယ်သာ အဆင့်မြင့်ပညာရေးကို လက်လှမ်းမီပြီး အများစုမှာ စစ်တွေတက္ကသိုလ်တွင် သင်ကြားခွင့်ရခဲ့ကြသည်။ အလွန်သေးငယ်သော - ချမ်းသာသော သို့မဟုတ် ထင်ရှားသော- မိသားစုများမှ အနည်းစု ကျောင်းသားများသာ ရန်ကုန်သို့ သွားရောက်ပညာသင်နိုင်ကြသည်။ သွားလာမှု ကန့်သတ်ချက်များကြောင့် စစ်တွေ သို့မဟုတ် ရန်ကုန်သို့ သွားရောက် ပညာသင်ရန်မှာ စိမ်ခေါ်မှု တစ်ခုဖြစ်သည်။[1211] "နိုင်ငံသား မဟုတ်ခြင်း" အတွက် ရိုဟင်ဂျာများသည် (ဥပဒေ၊ ကွန်ပြူတာ သိပ္ပံ၊ အင်ဂျင်နီယာ၊ နှင့် ဆေးတက္ကသိုလ် အပါအဝင်) အချို့သော "အသက်မွေးဝမ်းကြောင်း"

---

[1208] QM-002, QM-005; K-113.2; ယူနီဆက်၊ ရခိုင်ပြည်နယ်ရှိ ကလေးများ အခြေအနေ တင်ပြချက် (၂၀၁၈ ခုနှစ် ဇန္နဝါရီလ)

[1209] QM-005; K-113.2.

[1210] ယူနီဆက်၊ ရခိုင်ပြည်နယ်ရှိ ကလေးများ အခြေအနေ တင်ပြချက် (၂၀၁၈ ခုနှစ် ဇန္နဝါရီလ)

[1211] CI-065, CI-069, CI-080, DI-004, LI-135.

ပညာရပ်များကို သင်ယူခွင့် မရကြပေ။ သူတို့မှာ သာမာန် ဝိဇ္ဇာ၊ သိပ္ပံတွဲထက် ကျော်လွန်၍ ပညာသင်ယူခွင့် မရှိကြပေ။[1212]

၅၆၆။ အချို့သောဖြစ်ရပ်များတွင် ရိုဟင်ဂျာကျောင်းသားများသည် သင်ကြားမှုပြီးဆုံးသော်လည်း ပြီးဆုံးကြောင်းလက်မှတ် ပေးအပ်ခြင်း မခံရပေ။[1213] အင်တာဗျူးဖြေဆိုသူတစ်ဦးက သူမ အနေဖြင့် သတ္တဗေဒ သုံးနှစ်သင်ကြားမှု ပြီးဆုံးခဲ့သော်လည်း စစ်တွေတက္ကသိုလ်က သူမကို လက်မှတ်ထုတ်ပေးရန် ငြင်းပယ်ခဲ့သဖြင့် သူမမှာ သန့်ရှင်းရေးသမား အဖြစ်သာ အလုပ်လုပ်ခဲ့ရကြောင်း ရှင်းပြသည်။[1214] အခြား အင်တာဗျူးဖြေဆိုသူ တစ်ဦးကတော့ သူမ အနေနှင့် သူမသင်ကြားခဲ့သည့် ဘာသာရပ်နှင့် မသက်ဆိုင်သော အောင်လက်မှတ် ရရှိရန်အတွက် တက္ကသိုလ်ကို လာဘ်ထိုးခဲ့ရသည်ဟု ပြောသည်။ ယင်းအပြင် ထိုအထောက်အထားရရှိခြင်း၏ အရေးပါပုံကို ရှင်းပြသည်မှာ-

> *နောက်ဆုံးတော့ ကျမရဲ့ လက်မှတ်ကို တက္ကသိုလ်က ကျမ ရခဲ့တယ်။ မြန်မာနိုင်ငံက လှေနဲ့ ထွက်ခဲ့တဲ့အချိန်မှာ ကျမရင်ဘတ်ထဲမှာ ဖွက်ပြီး ယူလာခဲ့တာဆိုလို့ အဲဒါ တစ်ခုပဲ ရှိတယ်။ လှေပေါ်မှာ လူတိုင်းက အဲဒီ စာရွက်ကို ဘာလို့ အဲလောက် ဂရုစိုက်နေရတာလဲလို့ ကျမကို မေးကြတယ်။ ကျမ တစ်သက်လုံး ပညာရေးမှာပဲ နှစ်မြုပ်သင်ယူခဲ့တယ်။ ဒီစာရွက်တစ်ရွက်ကိုပဲကျမ တန်ဖိုးထားတယ်။”*[1215]

၅၆၇။ ၂၀၁၂ ခုနှစ်မှ စ၍ ရိုဟင်ဂျာကျောင်းသားများသည် အတိအကျဖော်ပြမထားသော “လုံခြုံရေး စိုးရိမ်ချက်အရ” စစ်တွေတက္ကသိုလ်သို့ တက်ရောက်နိုင်ခြင်း မရှိတော့ပါ။ လက်တွေ့တွင် ယင်းသည် သူတို့ကို အဆင့်မြင့်ပညာရေးသင်ယူခွင့်ကို ထိရောက်စွာ ငြင်းပယ်လိုက်ခြင်း ဖြစ်သည်။[1216] ၂၀၁၇ ခုနှစ်တွင် အာဏာပိုင်များက ရိုဟင်ဂျာနှင့် ကမန် ကျောင်းသားများကို အဝေးသင်ပညာသင်ကြားမှုတွင် နေရာချထားပေးခဲ့သည်။[1217] သို့ရာတွင် မြန်မာဘာသာနှင့် သမိုင်းသင်ခန်းစာများကိုသာ အကန့်အသတ်ပေးထားသော ဤအစီအစဉ်တွင် အနည်းငယ်မျှသော အဓိကအားဖြင့် ကမန်ကျောင်းသားများသာ ဝင်ရောက်ခဲ့ကြသည်။[1218] ဤအစပျိုးလုပ်ဆောင်မှုသည် နိုင်ငံတကာဥပဒေအောက်တွင် ရိုဟင်ဂျာနှင့် ကမာန်ကျောင်းသားများအတွက် အဆင့်မြင့်ပညာ သင်ကြားပေးရန်လိုအပ်သော မြန်မာနိုင်ငံ၏ တာဝန်များကို လုံးလုံးလျားလျား လုံလောက်မှုမရှိ၊ ပြည့်မီခြင်းလည်း မရှိဟု မစ်ရှင်က မြင်သည်။ ကျောင်းသားများသည် မြန်မာနိုင်ငံရှိ တက္ကသိုလ်များအားလုံးတွင် ပညာသင်ကြားနိုင်ခွင့်လိုအပ်သည်။

### (ဃ) နိုင်ငံချုပ်ချက်

၅၆၈။ တရားဝင်မှု အနေအထား မရှိခြင်း၊ တင်းကြပ်သော သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များ အပြင် နှင့် မကြာခဏတွင် ယင်းတို့ကြောင့် ရိုဟင်ဂျာများသည် အစားအစာ၊ စားဝတ်နေရေး

[1212] CI-065, CI-069, CI-078, DI-003, DI-007, DI-013, DI-034, DI-073, DI-076, LI-135.

[1213] CI-078, DI-050, DI-076; A/HRC/28/72 စာပိုဒ် ၅၅ တွင်လည်း ကြည့်

[1214] DI-078.

[1215] DI-050.

[1216] CI-080, DI-026, DI-073, LI-135.

[1217] ပညာရေး ဝန်ကြီးဌာန၊ ‘ရခိုင် ပြည်နယ်တွင် အဝေးသင်တက္ကသိုလ် ကျောင်းသားများ ငြိမ်းချမ်းစွာ ပညာသင်ကြား’ (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်)

[1218] Ibid.

ဖြေရှင်းမှု၊ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပညာရေး တို့ လက်လှမ်းမီရန်လည်း ကန့်သတ်ချက်များ တွေ့ကြုံကြရသည်။

၅၆၉။ ရခိုင်ပြည်နယ်သည် မြန်မာနိုင်ငံတွင် အဆင်းရဲဆုံးပြည်နယ်များထဲမှ တစ်ခုဖြစ်သည်။ မြေသြဇာကောင်းမွန်သော်လည်း နိုင်းယှဉ်ချက်အရ သယံဇာတ ကြွယ်ဝပြီး မဟာဗျူဟာအရ အရေးပါသော နေရာဖြစ်သော်လည်း လူမှုအသိုင်းအဝိုင်းအားလုံးသည် ဆင်းရဲခြင်း၊ လူမှု ဝန်ဆောင်မှုများ အားနည်းခြင်း၊ နှင့် စားဝတ်နေရေးဖြေရှင်းမှု အခွင့်အလမ်းနည်းပါးခြင်း တို့ကို ခံစားနေကြရသည်။[1219] ရခိုင်ပြည်နယ်တွင် အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အလွန်ဆိုးရွားသော အဟာရချို့တဲ့မှုအဆင့်အတန်းများကို အာဏာပိုင်များ၏ မူဝါဒများနှင့် အလေ့အထများမြင်ကွင်းတွင် ကြည့်ရမည်ဖြစ်သည်။ ယင်းတို့သည် အာဏာပိုင်များ၏ လုပ်ဆောင်မှုများ နှင့် ဖုံးကွယ်ထားခြင်းများ၏ နောက်ဆက်တွဲဆိုးကျိုးများဖြစ်သည်။ ရိုဟင်ဂျာများအား မြေယာများ၊ သစ်တောများ၊ ငါးဖမ်းသည့်နေရာများနှင့် ဈေးများသို့ သွားရောက်ခြင်းအပေါ် သက်ရောက်မှုရှိသည့် သွားလာမှုကန့်သတ်ခြင်းများနှင့် အခြား ခွဲခြား ဆက်ဆံမှုမူဝါဒများသည် သူတို့၏ အစားအစာဖူလုံရေးနှင့် ကျန်းမာရေးအပေါ် တိုက်ရိုက်သက်ရောက်မှုရှိနေပြီး သူတို့၏ အသက်ရှင်သန်ပိုင်ခွင့်နှင့် ဂုဏ်သိက္ခာနှင့်အညီ နေထိုင်နိုင်သောစွမ်းရည်နှင့် ဆာလောင်မှုမှ ကင်းဝေးစွာ နေထိုင်နိုင်စွမ်းတို့ကို ခြိမ်းခြောက်နေသည်။ ရခိုင်ပြည်နယ်တွင် မူလက ခက်ခဲနေခဲ့သော အခြေအနေတစ်ရပ်သည် အကြမ်းဖက်မှုလှိုင်းများ၊ လုံခြုံရေးစစ်ဆင်ရေးများ နှင့် အစိုးရ၏လူသားခြင်းစာနာမှု အကူအညီများကို တင်းကြပ်စွာကန့်သတ်မှုတို့နှင့် ပေါင်းစပ်သွားခဲ့သည်။ မြန်မာနိုင်ငံအစိုးရသည် ရိုဟင်ဂျာလူပုဂ္ဂိုလ်များ၏ အစားအစာရရှိပိုင်ခွင့်အပါအဝင် လုံလောက်သော စံချိန်စံညွှန်းဖြင့် နေထိုင်နိုင်မှု အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန် ယင်း၏ တာဝန်များကို ပျက်ကွက်ခဲ့ကြောင်း ပြသခဲ့ပြီး ဖြစ်သည်။

၅၇၀။ ကျန်းမာရေး စောင့်ရှောက်မှုနှင့် ပတ်သက်လျှင်လည်း အလားတူ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်ကို ရရှိသည်။ ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်းများအားလုံးသည် ရရှိနိုင်မှုနည်းပါးသောနှင့် အရည်အသွေးနိမ့်ကျသော ကျန်းမာရေးစောင့်ရှောက်မှုကိုသာ ရရှိကြောင်း မစ်ရှင်က မှတ်သားရသည်။ သို့ရာတွင် တင်းကြပ်သော သွားလာလှုပ်ရှားမှု ကန့်သတ်ချက်များ၊ ဆေးရုံများနှင့် ကျန်းမာရေးဌာနများကို ရောက်ရှိရန် တရားမဝင်သော နှင့် ရှုတ်ထွေးကြန့်ကြာသော လုပ်ထုံးလုပ်နည်းများ၊ အပိုဆောင်း အခကြေးငွေများနှင့် သူတို့ပေးရသော လာဘ်ငွေများ၊ ကျန်းမာရေးဌာနများတွင် တွေ့ကြုံရသော ခွဲခြားဆက်ဆံမှုများ၊ ဘာသာစကား အကန့်အသတ်များက ရိုဟင်ဂျာများကို လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှုကို လုံးဝလက်လှမ်းမမီပဲ ဖြစ်စေသည်။ သူတို့သည် နှောင့်နှေးမှုများ၊ ရပ်ဆိုင်းသွားသော ကျန်းမာရေး စောင့်ရှောက်မှုများကို တွေ့ကြုံရပြီး သို့မဟုတ် တခြားသော ကျန်းမာရေး စောင့်ရှောက်မှု မဟာဗျူဟာများကိုသာ မှီခိုနေရပြီး သူတို့ကို ဘေးအန္တရာယ် ကြီးမားသော အနေအထားသို့ ရောက်စေသည်။ မြန်မာနိုင်ငံအစိုးရသည် ရရှိနိုင်သော၊ လက်လှမ်းမီသော၊ လက်ခံနိုင်လောက်သော နှင့် အရည်အသွေးရှိသော ကျန်းမာရေး စောင့်ရှောက်မှု ဖြစ်စေရန် အာမခံချက်ပေးရမည့် တာဝန်ဝတ္တရားကို ပျက်ကွက်သည်။ ယင်းပျက်ကွက်မှုက ရိုဟင်ဂျာများကို ဂုဏ်သိက္ခာ ငြိုးနွမ်းစေပြီး မလိုလားအပ်သော ခံစားမှုများ၊

[1219] ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေး ကော်မရှင်။ အဆုံးသတ် အစီရင်ခံစာ။ ရခိုင်ပြည်နယ်မှ ပြည်သူများအတွက် ငြိမ်းချမ်း မျှတပြီး ထွန်းတောက်သော အနာဂတ် သို့ (၂၀၁၇ ခုနှစ် ဩဂုတ်လ)၊ စာမျက်နှာ ၂၀။

ချက်ချင်းနှင့် ရေရှည် ကျန်းမာရေးဆိုင်ရာ ဘေးအန္တရာယ်များ၊ နှင့် ကာကွယ်နိုင်သော သေဆုံးမှုများကို ရင်ဆိုင်ရစေသည်။[1220] ထိုသို့သောဖြစ်စဉ်များတွင် ယင်းသည် အသက်ရှင်သန်ခွင့်၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာတို့ကို ချိုးဖောက်မှုများလည်း မြောက်စေသည်။

၅၇၁။ ရိုဟင်ဂျာများသည် ပညာရေးတွင်လည်း ခွဲခြားဆက်ဆံမှုများ ခံကြရသည်။ သူတို့အတွက် အရည်အသွေး ပြည့်မီသော ပညာရေးကို မရရှိနိုင်ပေ။ မူလတန်းနှင့် အလယ်တန်းကျောင်းများတွင် ခွဲခြားဆက်ဆံမှုများ ရှိနေပြီး အဆင့်မြင့်ပညာရေးကို တက်ရောက်ရန် ငြင်းပယ်ခံရကာ ပညာသင်ကြားခွင့် အခွင့်အရေးကို ချိုးဖောက်ခံနေရသည်။ သို့ရာတွင် ယင်းတို့သည် မျိုးဆက်နောက်နှစ်ဆက်ကို ဘေးဖယ်ထားစေရန် အာမခံသော၊ အားကောင်းသော နည်းလမ်းလည်း ဖြစ်သည်။ အထက်တွင်ဖော်ပြထားသော ပညာသင်ကြားမှုအပေါ် တားမြစ်ချက်များသည် ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်းကို တစုံလုံး အနေဖြင့် တဖြေးဖြေး ပြိုကျပြီး အားပျော့စေသည်။ မစ်ရှင်ကို အင်တာဗျူးဖြေဆိုသူတစ်ဦးက ပြောသည်မှာ -

> *အစိုးရက မွတ်စလင်တွေကို ပညာသင်ခွင့် တန်းတူမပေးဘူး။ ကျနော်တို့ကို ဖယ်ထုတ်ထားတယ်။ ပညာမတတ်တော့ ဘေးကိုရောက်တယ်။ ခင်ဗျားကို တခြား နိုင်ငံသားတွေနဲ့ စနစ်တကျ ခွဲခြားလိုက်တာပဲ။*[1221]

၅၇၂။ ထိုကန့်သတ်မှုများအကြား စိမ့်ဝင်ပြန့်နှံ့နေသည်မှာ ရိုဟင်ဂျာများကို အထူးသဖြင့် ပစ်မှတ်ထားသည့်၊ လူမျိုး သို့မဟုတ် ဘာသာရေး အခြေခံပေါ်တွင် သိသာထင်ရှားသည့် ခွဲခြားဆက်ဆံခြင်း ဖြစ်သည်။ ယင်းမှာ နိုင်ငံတော်က တည်ဆောက်ထားသော၊ ခွင့်ပြုထားသော နှင့်/သို့ မဖြေရှင်းဘဲထားသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ၏ အကျိုးဆက်ဖြစ်သည်။ ကန့်သတ်မှုများသည် ပြင်းထန်ပြီး စံနစ်အတွင်းသွတ်သွင်းတည်ဆောက်မှုကို အခြေခံထားသည့် ရိုဟင်ဂျာများအပေါ် ညှင်းပမ်းနှိပ်စက်ရန်အတွက် ဖိနှိပ်မှုစနစ်၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဖယ်ကျဉ် ထုတ်ပယ်ထားခြင်းကို ဖြစ်စေသည်။

### (၄) လူသားခြင်းစာနာမှုဆိုင်ရာ လက်လှမ်းမီမှုအပေါ် ကန့်သတ်ထားမှုများ

၅၇၃။ အမျိုးမျိုးသောအခြေအနေများတွင် အစိုးရသည် ရခိုင်ပြည်နယ်တွင် အလွန်အမင်း အကူအညီ လိုအပ်နေသော အထူးသဖြင့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် ဒေသများကို လူသားချင်းစာနာမှုဆိုင်ရာ လက်လှမ်းမီနိုင်မှုကို ဆိုင်းငံ့ထား သို့မဟုတ် တင်းကြပ်စွာ တားဆီးထားသည်။ ယင်းသည် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ ဖြစ်ပွားပြီးနောက်တွင်သာမက ၂၀၁၆ အောက်တိုဘာနှင့် ၂၀၁၇ ဩဂုတ် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" နောက်ပိုင်းတွင်လည်း ဖြစ်ပွားခဲ့သည်။ ယင်းကန့်သတ်မှုများသည် အစားအစာနှင့် ကျန်းမာရေးဝန်ဆောင်မှုများ လက်လှမ်းမီနိုင်မှု အပါအဝင် အရေးကြီးပြီး အသက်ကယ်အကူအညီမရှိသည့် လူထုအပေါ် ပြင်းထန်သောဘေးထွက် သက်ရောက်မှုဖြစ်စေသည်။[1222]

---

[1220] CI-063, CI-064, CI-073, CI-080, CI-089, CI-090, CI-092, CI-173, DI-002, DI-004, DI-054, DI-073; K-076.12.

[1221] DI-025.

[1222] K-069.1, K-069.7

၅၇၄။ ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များအရ ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ လူသားချင်းစာနာမှု အကူအညီများကို ၂၀၁၇ ဇွန်နှင့် ဇူလိုင်လ တိုက်ခိုက်မှုများ၊ ၂၀၁၇ ဩဂုတ် ၂၅ တိုက်ခိုက်မှုများ နှင့် တစ်ဆက်တစပ်တည်း ဆက်ဖြစ်သော "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" မတိုင်မီတွင် တင်းကြပ်ထားသည်။ ထို့အပြင် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့ (WFP) ၏ ရခိုင်ပြည်နယ်မြောက်ပိုင်း အစားအစာမလုံခြုံမှုအပေါ် ဆန်းစစ်ချက်အစီရင်ခံစာ ထုတ်ဝေပြီးနောက်ပိုင်းတွင် ထိုသို့သောဆန်းစစ်ချက်များ မပြုလုပ်ရန် တားမြစ်ချက်ပါဝင်ပြီး နိုင်ငံတကာ NGO များကို လိပ်မူထားသောစာတစောင်ကို ဖြန့်ဝေခဲ့သည်။[1223] WFP ၏ အစားအစာအကူအညီများကို ဇူလိုင် ၃၀ ရက်နေ့တွင် ARSA သင်တန်းစခန်းဟု ပြောသော နေရာတွင် အာဏာပိုင်များက တွေ့ရှိသည်ဟူသည့် စွပ်စွဲချက်ကို ကန့်သတ်ချက်များအတွက် အကြောင်းပြချက်အဖြစ် နောက်ပိုင်းတွင် အသုံးပြုသည်။ WFP ၏ ဒုက္ခသည်များအတွက် အကူအညီကို "အကြမ်းဖက်သမားများ" က အသုံးပြုနေကြောင်း တရားဝင်ကြေညာချက်ကို ထုတ်ပြန်ကြေညာခဲ့သည်။[1224] နောက်ပိုင်းတွင် ယင်းဘီစကစ်များသည် အမှန်တကယ်အားဖြင့် WFP က တိုက်ရိုက် ဖြန့်ဝေခဲ့ခြင်း မဟုတ်ကြောင်း သိရှိခဲ့ရသည်။[1225]

၅၇၅။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နောက်ပိုင်းတွင် ရခိုင်မြောက်ပိုင်းသို့ လူသားချင်းစာနာထောက်ထားမှု အကူအညီများ အားလုံးရပ်ဆိုင်းခဲ့သည်။ အစိုးရသည် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ဝန်ထမ်းအချို့သည် ARSA၏ တိုက်ခိုက်မှုများတွင် ပါဝင်သည်ဟုလည်း စွပ်စွဲခဲ့ပြီး WFP အစားအစာ ထောက်ပံ့မှု နှင့် သက်ဆိုင်သောစွပ်စွဲချက်ကို ထပ်မံစွပ်စွဲခဲ့ပြီး လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးလုပ်သား အရေအတွက်အများအပြား ထိုဒေသမှ ထွက်ပေးခဲ့ရသည်။[1226] လမ်းကြောင်းကို ထိုနောက်ပိုင်းတွင် တဖြေးဖြေးချင်း ပြန်လည်ရရှိလာသည်။ အစိုးရက အစပိုင်းတွင် ကြက်ခြေနီလှုပ်ရှားမှုကိုသာ ၂၀၁၇ စက်တင်ဘာလတွင် ရခိုင်မြောက်ပိုင်းတွင် ဝင်ရောက်ခွင့်ပေးခဲ့သည်။[1227] နှစ်လ ကြာသော အခါ WFP ကို ပေးသည်။ ထိုအဖွဲ့အစည်းနှစ်ခုမှ လွဲ၍ အစိုးရသည် အခြားသော နိုင်ငံတကာအဖွဲ့အစည်း အနည်းငယ်ကို ရွေးချယ်ပြီး အကန့်အသတ်နှင့် ထိတွေ့ခွင့် ပြုခဲ့သော်လည်း ၂၀၁၇ ခုနှစ် ဩဂုတ်လ မတိုင်မီ မည်သူမျှ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အလုပ်လုပ်သောအတွေ့အကြုံ မရှိခဲ့ပါ။[1228] လူသားချင်းစာနာထောက်ထားမှု လုပ်သား တစ်ဦးက မစ်ရှင်ကို ပြောသည်မှာ -

*အချို့သောအဖွဲ့အစည်းများမှာ ရခိုင်မြောက်ပိုင်းတွင် လုပ်ကိုင်ရန် ခွင့်ပြုချက် ရရှိသော်လည်း သူတို့ကို ခရီးသွားလာရန်အခွင့်ပေးခြင်း မရှိခဲ့ပေ။ ယင်းမှာ*

---

[1223] K-069.13.

[1224] ပြန်ကြားရေး ကော်မတီ "အစွမ်းရောက် အကြမ်းဖက်သမားများ နားခိုရန် ဆောက်လုပ်ထားသည်ဟု သံသယဖြစ်ဖွယ် တဲများအနီးတွင် တွေ့ရှိရသော ကုန်ပစ္စည်းများ" (Facebook post၊ ၂၀၁၇ ခု ဇူလိုင် ၃၁ ရက်။) အောက်ပါလင့်တွင်ကြည့်နိုင်သည်။ https://www.facebook.com/InfomationCommittee/posts/773457006160741.

[1225] K-069.13.

[1226] ပြန်ကြားရေး ကော်မတီ၊ "နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ရုံး၊ ပြန်ကြားရေး ကော်မတီ အစွန်းရောက် အကြမ်းဖက်သမားများနှင့် ပတ်သက်သည့် ကြေညာချက်" (Facebook post, 27 August 2017), အောက်ပါလင့်တွင် ကြည့်နိုင်သည်။ https://www.facebook.com/InfomationCommittee/posts/state-counsellor-office-information-committees-statement-regarding-extremist-ter/786270838212691/.

[1227] ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် သူတို့၏ တုန့်ပြန်မှု လုပ်ငန်းများကို ICRC၊ IFRC နှင့် မြန်မာ ကြက်ခြေနီ အသင်းတို့ အတူတကွ လုပ်ဆောင်ပြီး သူတို့အားလုံးကို စုပေါင်းလျက် သူတို့ကိုယ် သူတို့ "ကြက်ခြေနီ လှုပ်ရှားမှု" ဟု ခေါ်သည်။

[1228] QM-005.

*အာဏာပိုင်များက ဝင်ရောက်ခွင့်ပေးသည့် အသွင်ပြသော်လည်း လက်တွေ့တွင် ယင်းကို ငြင်းပယ်ထားခြင်း ဖြစ်သည်။*[1229]

၅၇၆။ ၂၀၁၈ ဇူလိုင်တွင် ၂၀၁၇ မတိုင်မီက ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လုပ်ရှားခဲ့ကြသော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းအများစုကို ဧရိယာအတွင်းတွင် ကွင်းဆင်း လုပ်ရှားမှုများ ပြန်လည်လုပ်ဆောင်ရန် ခွင့်ပြုခြင်းမရှိသေးပေ။[1230]လုပ်ဆောင်ခွင့်ကို ပေးသည့်တိုင်အောင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများသည် သူတို့၏ ခရီးသွားခွင့်ပြုချက် သက်တမ်း အလွန်တိုတောင်းခြင်း အပါအဝင် သူတို့၏ အလုပ်တွင် ကန့်သတ်မှု လုပ်ထုံးလုပ်နည်းများ၏ တားဆီးမှုကို ခံကြရသည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်များကို ပြီးပြည့်စုံသော ဆန်းစစ်ချက် မလုပ်ရသေးပေ။ သို့ရာတွင် လက်ရှိ တစ်ပိုင်းတစ်စ ဝင်ရောက်ခွင့်သည် လိုအပ်ချက်များအားလုံး ပြည့်မီအောင် လုံးဝ လုံလောက်ခြင်း မရှိသေးသည်မှာ မေးခွန်းထုတ်စရာ မလိုပေ။

၅၇၇။ ရခိုင်အလယ်ပိုင်းတွင် လူသားချင်းစာနာမှုဆိုင်ရာ အေဂျင်စီများသည် စခန်းများနှင့် အခြား ရွှေ့ပြောင်းနေရာများကို သွားရောက်ရန် ကြိုတင် ခွင့်ပြုချက်လိုအပ်သည်။ သူတို့သည် သွားရောက်မည့်ခရီးစဉ်၏ ရည်ရွယ်ချက်အပေါ် မေးခွန်းများနှင့် ရင်ဆိုင်ရပြီး သူတို့အနေဖြင့် လုပ်ရှားမှုအစီအစဉ် အသေးစိတ်ကို တင်ပြရသည်။ စစ်တွေ ကျေးလက်စခန်းများသို့ ဝင်ရောက်သော ယာဉ်များကို စခန်းအဝင်ဝတွင် ရပ်စေပြီး လိုအပ်သော ခွင့်ပြုချက်များကို တောင်းဆိုသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အေဂျင်စီများ ဝင်ရောက်ခွင့်ကို ကြိုတင်အသိမပေးပဲ ကန့်သတ်ထားတတ်သည်။

၅၇၈။ ၂၀၁၈ ဖေဖော်ဝါရီတွင် အရေးပေါ် ညှိနှိုင်းဆောင်ရွက်ရေးကော်မတီ[1231] သည် နိုင်ငံတကာ အဖွဲ့အစည်းများကို အောက်ပါ ပြင်းထန်သောညွှန်ကြားချက်များ ပေးခဲ့သည်။[1232]

- အစီအစဉ်ဆိုင်ရာ လိုအပ်ချက် စမ်းစစ်ခြင်း။ စမ်းစစ်ချက်များ လုပ်ဆောင်ရန် အထူးသဖြင့် နေရာသစ်များ တွင် သို့မဟုတ် အစီရင်ခံစာ ထုတ်ဝေရေးအတွက် ဖြစ်ပါက နိုင်ငံခြားရေးဝန်ကြီးဌာန၏ ကျင့်ဝတ်ဆိုင်ရာကော်မတီထံမှ- ခြောက်လအထိကြာမြင့်နိုင်သော- ခွင့်ပြုချက်ရယူရန် လိုအပ်ချက်။ စစ်တမ်း သို့မဟုတ် သုံးသပ်ချက်များ လုပ်ဆောင်သည့် ဖြစ်ရပ်တွင် အသုံးပြုမည့် မေးခွန်းလွှာများကို သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကြိုတင်၍ ဝေမျှပေးရမည်။
- နားလည်မှု စာချွန်လွှာ (MoU) ။ အဖွဲ့အစည်းက လုပ်ဆောင်မည့် လှုပ်ရှားမှု အားလုံး ကျေးရွာအဆင့်အထိ အသေးစိတ်များ အပါအဝင်ကို MoU တွင် ထည့်သွင်းရန် လိုအပ်ချက်။ အဖွဲ့အစည်းများသည် လူမှုအသိုင်းအဝိုင်း တစ်ခုချင်း၏ လိုအပ်ချက် မည်သို့ပင်ရှိစေကာမူ တူညီသောအကူအညီများကို ရခိုင်တိုင်းရင်းသား နှင့် မူစလင်များအား ပေးသည်ဆိုသည့် အထောက်အထား

[1229] Ibid.

[1230] K-069.7.

[1231] အရေးပေါ် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီသည် အစိုးရကိုယ်စားလှယ်များ၊ တိုင်းရင်းသား ရခိုင် မြို့မိမြို့ဖများ၊ လူမှု အဖွဲ့အစည်းများနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်းထားသော အဖွဲ့ဖြစ်သည်။ ယင်းသည် နိုင်ငံတကာ အဖွဲ့အစည်းများ၏ လှုပ်ရှားမှုများကို ထိန်းသိမ်း စောင့်ကြည့်သည်။ K-069.11; V-169, V-345

[1232] K-113.4.

လိုအပ်နိုင်သည်။ ယင်းကို ပြည့်မီခြင်း မရှိပါက အဖွဲ့အစည်းကို မောင်းထုတ်ခြင်း ခံရနိုင်သည်။

- ခရီးသွား ခွင့်ပြုချက်များ။ မည်သည့် ရက်သတ္တပတ်နစ်ပတ်တာ ကာလအတွက်ကိုမဆို နစ်ပတ်ကြိုတင်၍ တောင်းဆိုချက်များကို တင်ပြရန် လိုအပ်ချက်။

၅၇၉။ ယင်းညွှန်ကြားချက်များသည် ပြင်းထန်သော စိုးရိမ်ဖွယ်ရာများဖြစ်သည်။ လိုအပ်ချက် ဆန်းစစ်ချက်နှင့် ခရီးသွားခွင့်ပြုချက်များသည် နိုင်ငံတကာအဖွဲ့အစည်းများအနေဖြင့် သူတို့၏ လုပ်ငန်း ထိရောက်စွာ အကောင်အထည်ဖော်ရန်အား ပြင်းပြင်းထန်ထန် ပိတ်ဆို့ထားပြီး လူထုကို ဝေမျှသည့် ဆန်းစစ်ချက်များကို မိမိကိုယ်တိုင်ဆင်ဆာတည်းဖြတ်မှုများ ဖြစ်စေနိုင်သည်။ လူသားချင်းစာနာမှုဆိုင်ရာကူညီမှုအတွက် လူသားချင်းစာနာမှုဆိုင်ရာ လိုအပ်ချက်ကလွဲလျှင် လူမျိုး သို့မဟုတ် အခြားသောကိစ္စရပ်များအပေါ် အခြေခံ၍ ပေးဝေရမည့် မည်သည့် လိုအပ်ချက်မဆို ဘက်လိုက်မှုကင်းခြင်းဆိုသည့် လူသားချင်းစာနာမှု အခြေခံမှုကို ဖောက်ဖျက်ရာရောက်သည်။

### (၅) ပုဂ္ဂလိကဘဝကို သက်ရောက်နေသော ကန့်သတ်ချက်များ

၅၈၀။ တရားဝင်မှုအနေအထားကို တရားမဲ့ငြင်းဆိုခြင်း၊ တင်းကြပ်သော သွားလာ လှုပ်ရှားမှုကန့်သတ်ချက်များနှင့် သက်မွေးဝမ်းကြောင်းမှု၊ ကျန်းမာရေးနှင့် ပညာရေး ရရှိခွင့် ငြင်းပယ်ခြင်းများ အပြင် ရိုဟင်ဂျာများသည် သူတို့၏ ပုဂ္ဂလိက ဘဝများ၏ အဘက်ဘက်က ရှုထောင့်များကို တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသော အခြားသော ခွဲခြားဆက်ဆံသည့် မူဝါဒများနှင့် လက်တွေ့အသုံးပြုမှုများကိုပါ ရင်ဆိုင်ကြရသည်။ ယင်းတို့တွင် လက်ထပ်ခြင်းနှင့် သက်ဆိုင်သော ကန့်သတ်ချက်များ၊ အရေအတွက်နှင့် ကလေး "ခြားခြင်း"၊ နှင့် အိမ်များ ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်းတို့ ပါဝင်သည်။

၅၈၁။ ယင်း မူဝါဒအများစုမှာ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် နယ်စပ်ဒေသ လူဝင်မှုစစ်ဆေးရေးကွပ်ကဲမှု ဌာနချုပ် (နစက) ၊ သို့မဟုတ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား မှတ်ပုံတင် ဌာန (INRD, Immigration and National Registration Department) ၊ နှင့် မြို့နယ်နှင့် ခရိုင် အရာရှိများကဲ့သို့သော အဖွဲ့အစည်းများက ထုတ်ပြန်သည့် စီမံခန့်ခွဲရေး ဆိုင်ရာ ညွှန်ကြားချက်များအပေါ် အခြေခံသည်။ ယင်းတို့ကို ယေဘူယျအားဖြင့် "ဒေသန္တရအမိန့်များ" ဟု သိကြသည်။ ၂၀၀၈ ခုနှစ်တွင် နစက သည် "ဒေသန္တရအမိန့်နှင့် ဘင်္ဂါလီ လူဦးရေ ထိန်းချုပ်ရေးအတွက် လုပ်ငန်းစဉ်များ" ဟု ခေါ်သော လမ်းညွှန်ချက်ကို ထုတ်ပြန်သည်။ ၎င်းက ၁၉၉၃ ခုနှစ်တွင် ပထမအကြိမ် နှင့် ၂၀၀၈ ခုနှစ်တွင် ထုတ်ပြန်သော ဒေသန္တရအမိန့်များနှင့် ရိုဟင်ဂျာများကို ထိန်းချုပ်ရန် သီးခြားလမ်းညွှန်ချက်များ ထပ်မံပေါင်းထည့်ပြီး ဖြန့်ဝေခဲ့သည်။

- လူဦးရေ ထိန်းချုပ်ရေး
- အိမ်ထောင်စုစာရင်းနှင့် ပတ်သက်၍ "ရှောင်တခင် စစ်ဆေးခြင်း"
- အိမ်ထောင်စုစာရင်းသို့ သွင်းခြင်း နှင့် မှထုတ်ခြင်း
- အိမ်ထောင်စုစာရင်းအတွက် မိသားစု ဓါတ်ပုံရိုက်ခြင်း
- လက်ထပ်ခွင့်ပြုခြင်းများ

- မွေးဖွားခြင်း နှင့် သေဆုံးခြင်း

၅၈၂။ ကန့်သတ်မှုအများအပြားမှာ ဤစာရွက်စာတမ်းများ သို့မဟုတ် နောက်ပိုင်းတွင် ထုတ်ပြန်သည့် အလားတူညွှန်ကြားချက်များမှ အခြေခံလာပုံရသည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် နစက ကို ဖျက်သိမ်းပြီးသည့်နောက်တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ထိုအကောင်အထည်ဖော်မှုများကို ယာယီလျော့ပေးခဲ့ကြောင်း ရိုဟင်ဂျာများက ဖော်ပြကြသည်။ သို့ရာတွင် ၂၀၁၄ အစောပိုင်းသို့ ရောက်သောအခါ နယ်ခြားစောင့်ရဲတပ်ဖွဲ့ (BGP)၊ နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှု တားဆီးရေး ကော်မတီ (မခပ) နှင့် မြို့နယ် အာဏာပိုင်များသည် လက်တွေ့အသုံးပြုမှု အများအပြားကို ပြန်လည် အသုံးပြုလာကြသည်။[1233] ၂၀၁၈ ဩဂုတ်လ ၁၃ ရက်နေ့တွင် ပြည်ထောင်စုအစိုးရသည် နစက က ထုတ်ပြန်ထားသော အမိန့်ခြောက်ခု အပါအဝင် ရိုဟင်ဂျာများကို အဓိကပစ်မှတ်ထားသော ဒေသန္တရအမိန့်ရှစ်ခုကို ပယ်ဖျက်ကြောင်း ကြေညာချက် ထုတ်ပြန်သည်။[1234] မစ်ရှင်က ပြည်ထောင်စုအစိုးရ၏ အပြုသဘောဆောင်ရွက်ချက်ကို ကြိုဆိုလိုက်သော်လည်း ဤကြေညာချက်ကို လက်တွေ့တွင် မည်သို့အကောင်အထည်ဖော်မည်ကို ဆက်လက်စောင့်ကြည့်ရမည်ဖြစ်သည်။ အောက်တွင် ဖော်ပြထားသော အချက်အလက်များမှာ ၂၀၁၈ ဩဂုတ် မတိုင်မီက အခြေအနေကို ထင်ဟပ်ထားသည်။

### (က) အိမ်ထောင်စု စာရင်းများနှင့် သက်ဆိုင်သော ကန့်သတ်ချက်များ

၅၈၃။ မြန်မာနိုင်ငံရှိ အိမ်ထောင်စုတိုင်းတွင် အမြဲတမ်းနေထိုင်သူများ၏ နောက်ဆုံး ပြင်ဆင်ဖြည့်စွက်ထားသော "အိမ်ထောင်စုစာရင်း" ရှိရန် လိုအပ်သည်။ ၂၀၁၅ ခုနှစ် မတ်လ ၃၁ ရက်တွင် TRC (ယာယီမှတ်ပုံတင်ကဒ်) များ သက်တမ်းကုန်ဆုံးသည်မှစ၍[1235]ရိုဟင်ဂျာ အများအပြားအတွက် အိမ်ထောင်စုစာရင်းသည် တစ်ခုတည်းသော သက်သေခံပုံစံဖြစ်လာသည်။ ဤစာရွက်စာတမ်းသည် NVC လျှောက်ထားခြင်းများနှင့် လက်ထပ်ခြင်း သို့မဟုတ် ခရီးသွား ခွင့်ပြုချက်များ အပါအဝင် စီမံခန့်ခွဲရေး လုပ်ထုံးလုပ်နည်းများ အတွက် မရှိမဖြစ် လိုအပ်သည်။

၅၈၄။ အိမ်ထောင်စုစာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့်လူဦးရေ ဝန်ကြီးဌာနနှင့် ပြည်ထဲရေး ဝန်ကြီးဌာနတို့က ထုတ်ပေးပြီး ပြင်ဆင်ဖြည့်စွက်သည်။[1236] မွေးဖွားခြင်းများ၊ သေဆုံးခြင်းများနှင့် လက်ထပ်ထိမ်းမြားခြင်းများကို အစီရင်ခံရသည်။ နိုင်ငံ၏အခြားဒေသများနှင့် မတူပဲ ရခိုင်ပြည်နယ် မြောက်ပိုင်းက အာဏာပိုင်များသည် ရိုဟင်ဂျာများ၏အိမ်ထောင်စုစာရင်းများ ပြင်ဆင်ဖြည့်စွက်ခြင်း ပြုလုပ်ရန် သူတို့၏ အိမ်ထောင်စုစာရင်းများကို နှစ်စဉ် စစ်ဆေးမှု ပြုလုပ်သည်။ ပြောဆိုထားသော ရည်ရွယ်ချက်မှာ ထွက်ခွာသူ သို့မဟုတ် သေဆုံးသူများ၏

[1233] K-063.13.

[1234] မြန်မာနိုင်ငံ ပြည်ထောင်စု အစိုးရ ကြေညာချက် (၂၀၁၈ ဩဂုတ် ၁၃ ရက်) ၈၈/၂၀၁၈။ ကြေညာချက်သည် နစက မှ ထုတ်ပြန်ထားသော အမိန့် ခြောက်ခုကို ပယ်ဖျက်သည်။ (က) လက်ထပ်ခွင့်ကို စနစ်တကျဖြစ်စေရန် အမိန့်၊ (ခ) လက်ထပ်ခြင်းအတွက် ခွင့်ပြုခြင်း၊ (ဂ) ဘင်္ဂါလီ လူများအတွက် ကွာရှင်းပြတ်စဲခြင်း အပေါ်ကိစ္စရပ်များ၊ (ဃ) အခြားသော လူမျိုးများဖြစ်ပြီး တိုင်းရင်းသား မဟုတ်သူများ မည်သူဖြစ်သည်ကို အိမ်ထောင်စု စာရင်းရှိ သူတို့၏ ဖခင်အမည်ဖြင့် မှတ်တမ်းတင်သည့် ကိစ္စ (င) ဘင်္ဂါလီများအတွက် သီးခြား အိမ်ထောင်စုများဖန်တီးကြိုးပမ်းမှု ကိစ္စ၊ (စ) ကုလား အမည်များရှိသူများကို မြန်မာအမည်သို့ ပြောင်းခြင်းကို တားမြစ်ခြင်း ကိစ္စ။ ကာကွယ်ရေး ဝန်ကြီးဌာန။ ပြည်သူ့စစ်နှင့် နယ်စပ်ဒေသယူနစ်များက ထုတ်ပြန်သည့် အမိန့်နှစ်ခုကိုလည်း ဖျက်သိမ်းသည့် ကြေညာချက်။ (က) ဥပဒေနှင့် မညီပဲ မွေးဖွားလာသည့် ဘင်္ဂါလီ ကလေးများကို အိမ်ထောင်စု စာရင်းတွင် ထည့်သွင်းခြင်း ကိစ္စ။ (ခ) ဘင်္ဂါလီများကို လက်ထပ်ခွင့်ပြုခြင်း။

[1235] ဤအပိုင်းတွင်ကြည့်၊ အခန်း B.1.c။ နိုင်ငံသားဖြစ်မှု ငြင်းပယ်ခြင်း။

[1236] အိမ်ထောင်စု စာရင်းများကို လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသား သက်သေခံလက်မှတ် ဌာနချုပ်မှ ထုတ်ပေးသည်။ ယင်းကို စစ်တပ်က ထိန်းချုပ်ထားသော ပြည်ထဲရေး ဝန်ကြီးဌာန၏ ဌာနခွဲ တစ်ခု ဖြစ်သောအထွေထွေ အုပ်ချုပ်ရေးဌာနနှင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာနတို့က ပူးပေါင်း ထိန်းသိမ်းသည်။

အမည်များကို ထုတ်ပယ်ရန် ဖြစ်ပြီး အသစ်မွေးဖွားသူများကို ထည့်သွင်းရန် ဖြစ်သည်။ စာရင်းကို ပြင်ဆင်ဖြည့်စွက်ခြင်းမှာ အရပ်သားစီမံခန့်ခွဲရေး လုပ်ငန်းစဉ်ဖြစ်သော်လည်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင်မူ လုံခြုံရေးတပ်ဖွဲ့များနှင့် ပူးတွဲ လုပ်ဆောင် ပြီး ယင်းတို့က ကြီးကြပ်သည်။ ၂၀၁၅ ခုနှစ်မှစ၍ ယင်းကို BGP နှင့် မခပ တို့က လုပ်ဆောင်ခဲ့သည်။[1237] နှစ်စဉ် စစ်ဆေးခြင်းများကို ခွဲခြားဆက်ဆံသော ပုံစံဖြင့် လုပ်ဆောင်ခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စာရင်းအတွင်း လူပုဂ္ဂိုလ်များ၏အမည်များ ထည့်သွင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းလုပ်ရန် အာဏာပိုင်များကို လွတ်လပ်စွာ အခွင့်အာဏာပေးထားပြီး ပြန်လည်အယူခံဝင်ပိုင်ခွင့် မရှိပေ။ စစ်ဆေးမှုများသည် မကြာခဏပင် စော်ကားခြင်း၊ အကျပ်ကိုင်ခြင်း၊ တရားမဲ့ ဖမ်းဆီးခြင်း နှင့် စာရင်းအတွင်းမှ ကောက်ယူ ထိန်းသိမ်းခြင်းများ တွဲလျက်တွေ့ရသည်။[1238]

၅၈၅။ လုပ်ငန်းစဉ်တွင် အိမ်ထောင်စု၏ အမြဲတမ်း နေထိုင်သူများကို ဓါတ်ပုံရိုက်ခြင်း ပါဝင်သည်။ မိသားစုဝင်များသည် မကြာခဏပင် သူတို့၏ အိမ်ထောင်စုစာရင်းပေါ်တွင် “နံပတ်စဉ်”ကို ကိုယ်စားပြုသော ကဒ်ပြားများကို ကိုင်ဆောင်ကြရသည်။ ၂၀၀၈ ခုနှစ်တွင် နစက က ထုတ်ပြန်သော ဒေသန္တရအမိန့်၏ နောက်ဆက်တွဲစည်းမျဉ်းစည်းကမ်းအရ စစ်ဆေးသူကို လိမ်ညာရန်အတွက် ကလေးတစ်ဦးတစ်ယောက်ကို “အစားထိုး”ထားသည်ဟု သံသယတစ်စုံတစ်ရာ ရှိခဲ့ပါက “မိခင်ဖြစ်သူကို ကလေးအား နို့တိုက်ခိုင်းရမည်”၊ သို့မဟုတ် ကလေးများကို “သီးခြားခွဲ၍ မေးမြန်းရမည်”။[1239] ယင်းသည် မိခင်၏ ပုဂ္ဂလိကလွတ်လပ်ခွင့်ကို ချိုးဖောက်ပြီး ရိုင်းပြသော သို့မဟုတ် ဂုဏ်သိက္ခာညှိုးနွမ်းစေသော ဆက်ဆံမှု ဖြစ်သည်။ ယင်းမှာ ကလေးအတွက် အကောင်းဆုံး အကျိုးရှိစေမည်မဟုတ်သည်မှာ သေချာသည်။

၅၈၆။ အာဏာပိုင်များသည် စစ်ဆေးမှုများကို မကြာခဏပင် ညအချိန်တွင် မိသားစုများကို နှိုးပြီး ပြုလုပ်လေ့ရှိသည်။[1240] အင်တာဗျူးဖြေဆိုသူတစ်ဦးက လက်နက်ကိုင်ထားသော နစက အရာရှိများက သူမ၏အိမ်ကို နံနက်စောစောတွင် ကလေးငယ်များ အပါအဝင် တစ်ဦးချင်းကို အိပ်ယာမှနှိုးကာ မည်သို့ လာရောက်ခဲ့သည်ကို ရှင်းပြသည်။ “စာရင်းထဲမပါတဲ့ တစ်ယောက်ယောက် အိမ်မှာ ရှိတယ်ဆိုရင် သူတို့ကို ခေါ်သွားလိမ့်မယ်။”[1241] စစ်ဆေးမှုအတွင်း ရိုဟင်ဂျာများသည် စာရင်းအတွင်း အမည်များ ဖယ်ရှားရန် သို့မဟုတ် ဖြည့်စွက်ရန်အတွက် တရားမဝင် ငွေကြေးပမာဏ တစ်စုံတစ်ရာကို ပေးကြရသည်။[1242] မောင်တောမှ အင်တာဗျူး ဖြေဆိုသူတစ်ဦး၏ အတွေ့အကြုံက တရားမဲ့မှုနှင့် ခြိမ်းခြောက်ငွေညှစ်မှုကို ဖော်ပြနေသည်။

> *လူဝင်မှုကြီးကြပ်ရေးအရာရှိတွေ ကျနော်တို့ အိမ်ထောင်စုစာရင်းကို လာပြီး ပြင်ဆင်ဖြည့်စွက်တဲ့အခါ ကျနော့်မိန်းမက ကျပ် ၁၀,၀၀၀ ပေးရတယ်။ ဘာလို့လဲ ဆိုတော့ ကျနော် ထွက်သွားလို့။ အရင်တုန်းက ကျနော့်ရဲ့ ပထမ ကလေးလေးယောက် အတွက် တစ်ယောက်ချင်း စာရင်းထဲမှာ ထည့်ဖို့ ကျနော် ၁၀,၀၀၀ ကျပ် ပေးရတယ်။ အငယ်ဆုံး အတွက်ကတော့ ကျနော် ၃၀,၀၀၀ ပေးရတယ်။ ကျနော် ထွက်သွားပြီးနောက်ပိုင်းမှာ*

1237 K-063.12.

1238 CI-061, CI-062, CI-065, CI-073, CI-080, CI-082, CI-090, CI-092, CI-094, DI-001, DI-009, DI-013, DI-025, DI-026, DI-053.

1239 နစက။ ဘင်္ဂါလီ လူဦးရေ ထိန်းချုပ်ရေးအတွက် လုပ်ငန်းစဉ်အပေါ် ဒေသဆိုင်ရာ အမိန့်၊ (၂၀၀၈ ဖေဖော်ဝါရီ) ၊ “မြေပုံများ ဆွဲခြင်း၊ အဆောက်အဦးများများ မှတ်တမ်းပြုစုခြင်းနှင့် အိမ်ထောင်စု စာရင်း သုံးသပ်ချက်” အပေါ် ဖြည့်စွက်ချက်။ K-076

1240 CI-090, DI-013, DI-026.

1241 DI-026.

1242 CI-061, CI-062, CI-065, CI-072, CI-073, CI-079, CI-080, CI-082, CI-090, CI-092, CI-094, DI-001, DI-025.

*ကျနော့်အိမ်ကို စစ်တပ်က ဒါမှမဟုတ် နစက က လာခဲ့ရင် သူတို့ ပိုက်ဆံတောင်းတယ်။ ဒါကြောင့် ကျနော့်မိသားစုက ကျနော်ရှိတဲ့ မလေးရှားကို လိုက်လာခဲ့တာ။*[1243]

၅၈၇။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ပြင်ဆင်ဖြည့်စွက်ချက် လုပ်ဆောင်မှု အတွင်း အိမ်တွင်မရှိသော ရိုဟင်ဂျာများသည် စာရင်းမှ ပယ်ဖျက်ခံရသည်။ ထို့အပြင် ၂၀၁၂ အကြမ်းဖက်မှုနှင့် သက်ဆိုင်သည်ဟူသော စွပ်စွဲချက်ဖြင့် လူပုဂ္ဂိုလ်များကို အရေးယူသည့်အနေဖြင့် စာရင်းမှ ထုတ်ပယ်မှုများ ရှိခဲ့ကြောင်း သိရသည်။ တစ်ကြိမ် ဖယ်ထုတ်ခံရပြီးသည်နှင့် ထိုလူပုဂ္ဂိုလ်သည် ဘေးအန္တရာယ်ကြုံရန် အလားအလာအလွန်များသည်။ နေထိုင်သူအဖြစ် သက်သေခံကို ထိရောက်စွာ ငြင်းပယ်လိုက်ခြင်းဖြင့် သူတို့သည် ဖမ်းဆီးခံရနိုင်သည့် ဘေးအန္တရာယ်နှင့် လူဝင်မှု ကြီးကြပ်ရေး ချိုးဖောက်မှုများအတွက် အရေးယူခြင်းများ ခံရနိုင်သည့် အလားအလာမှာ မြင့်တက်သွားသည်။[1244]

၅၈၈။ အိမ်ထောင်စုစာရင်း ပြင်ဆင်ဖြည့်စွက်ခြင်း လုပ်ငန်းကို ၂၀၁၆ အောက်တိုဘာ ၉ ရက် ARSA တိုက်ခိုက်မှုများ နောက်တွင် ပြုလုပ်သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များအတွင်း ၂၀၁၆ ဒီဇင်ဘာနှင့် ၂၀၁၇ ဇန္နဝါရီလများ၌ လုပ်ဆောင်ခဲ့သည်။ ယင်းမှာ နှစ်စဉ်လုပ်ဆောင်သည်ထက် စောသည်။ မောင်တော တောင်ပိုင်းတွင် ရွှေ့ပြောင်းဒုက္ခသည်များကို အိမ်ထောင်စုစာရင်းများမှ ထုတ်ပယ်ပစ်သည်ဟု သိရသည်။ ပျက်ကွက်နေသော အချို့သူများကို သီးခြားစာရင်းတစ်ခုတွင် "ခရီးလွန်" သို့မဟုတ် "ပျောက်ဆုံး" အဖြစ် မှတ်တမ်းတင်ထားကြောင်း သိရသည်။[1245] ထို့အပြင် အဆောက်အဦး ၁,၉၀၀ ကို တရားမဝင်ဟု သတ်မှတ်ပြီး ဖျက်ဆီးပစ်ရန် မှတ်သားထားခဲ့သည်။

### (ခ) လက်ထပ်ခြင်း နှင့် ကလေးများနှင့် သက်ဆိုင်သော ကန့်သတ်ချက်များ

၅၈၉။ ရခိုင်မြောက်ပိုင်းရှိ ရိုဟင်ဂျာများသည် နှစ်ပေါင်းများစွာပင် လက်ထပ်ခြင်းနှင့် မွေးဖွားခြင်း နှင့် ဆိုင်သော ပစ်မှတ်ထားခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့ကို ရင်ဆိုင်ခဲ့ရသည်။ ယင်းတို့ကို အထွေထွေအုပ်ချုပ်ရေးဌာန သာမက ဥပဒေစိုးမိုးရေး အရာရှိများကပါ အကောင်အထည် ဖော်ခဲ့ကြသည်။ လက်ထပ်ခြင်းကို တရားဝင် မှတ်ပုံတင်ရန်၊ ရိုဟင်ဂျာများသည် ဥပဒေပြဌာန်း ထားခြင်းမရှိပဲ ရှုတ်ထွေးပြီး ရှည်လျားပြီး ငွေညှစ်ခြင်း ခံရနိုင်သော လုပ်ငန်းစဉ်ကို ဖြတ်သန်းကြရသည်။ သူတို့သည် ကလေးအရေအတွက်နှင့် ကလေးခြားခြင်း နှင့် ဆိုင်သော ခွဲခြားဆက်ဆံမှုရှိသည့် လိုအပ်ချက်များကိုလည်း လိုက်နာကြရသည်။ ချိုးဖောက်ခြင်းများအတွက် ရာဇဝတ်ပြစ်ဒဏ်ပေးခြင်း ခံရသည်။ ယင်းလုပ်ငန်းစဉ်များကို ရခိုင်ပြည်နယ် အခြား မည်သည့်နေရာတွင်မျှ အသုံးပြုခြင်း မရှိပါ။ သို့ရာတွင် ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံတွင် ယေဘူယျအားဖြင့် "ဗုဒ္ဓဘာသာဝင် မဟုတ်သူများ" ကို ဦးတည်လျက် နိုင်ငံအဆင့် ဥပဒေပြုမှုလုပ်ခြင်းဖြင့် ဒေသန္တရအမိန့်များကို အားဖြည့်ခဲ့သည်။

#### *လက်ထပ်ခြင်း အပေါ် ကန့်သတ်ချက်များ*

၅၉၀။ ၂၀၀၅ ခုနှစ်တွင် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှထုတ်ပြန်သော ဒေသန္တရအမိန့်သည် မောင်တောမြို့နယ်တွင် လက်ထပ်ထိမ်းမြားခြင်းများကို ထိန်းချုပ်ရန်

[1243] CI-073.
[1244] V-047.
[1245] K-063.12

ရည်ရွယ်ခဲ့သည်။ ယင်းသည် လူဦးရေ "ထူထပ်ခြင်း"၊ မွေးဖွားနှုန်း "အလွန်အမင်း မြင့်မားခြင်း" နှင့် "ငတ်မွတ်ခေါင်းပါးခြင်း ကျရောက်နိုင်သော" ဘေးအန္တရာယ်ရှိခြင်းတို့ကို ရည်ညွှန်းသည်။[1246] အမိန့်အများစုကို ယေဘူယျ အသုံးအနှုန်းများဖြင့်သာ ဖော်ပြလေ့ရှိသော်လည်း ပုဒ်မ ၁ (ဂ) သည် "အစ္စလာမ်မစ် ဘာသာဖြင့်" လက်ထပ်သူများနှင့်သာလျှင် သက်ဆိုင်သည်။ ယင်းသည် လက်ထပ်ရန် ခွင့်ပြုချက်ကို ရွာအဆင့်အုပ်ချုပ်ရေးနှင့် နကစ ဌာနချုပ်တို့မှ စစ်ဆေးပြီးနောက် ကောင်စီထံမှ ခွင့်ပြုချက်ယူရန် လိုအပ်သည်။ လက်ထပ်ရန် ခွင့်ပြုချက်ရသော သူများသည် ကလေးများကို ကန့်သတ်ရမည်။ မုဆိုးဖို နှင့် မုဆိုးမများသည် သုံးနှစ်ကြာပြီးနောက်တွင်မှ ထပ်မံလက်ထပ်ရန် ခွင့်ပြုချက် တောင်းခံနိုင်သည်။ ဤအမိန့်ကို ချိုးဖောက်ပြီး လက်ထပ်ခြင်း သို့မဟုတ် ကွာရှင်းပြတ်စဲခြင်း လုပ်သူများကို "ထိရောက်စွာ အရေးယူမည်" ဟု အမိန့်တွင် ဖော်ပြထားသည်။ ၂၀၀၈ ခုနှစ်တွင် နစက သည် (ဘာသာရေး ပုဂ္ဂိုလ်များ မာလဝီများမှ လွဲ၍) ယောကျာ်းလေးများသည် မုတ်ဆိတ်မွေးမပါသည့် ဓါတ်ပုံတင်ပြရန် လိုအပ်ချက် အပါအဝင် နောက်ထပ် အသေးစိတ် လျှောက်ထားရန် လိုအပ်ချက်များကို ချမှတ်ခဲ့ပြီး အမိန့်ကို ဆန့်ကျင်ပါက ရာဇဝတ် ဥပဒေအောက်တွင် သတ်မှတ်ထားသော အပြစ်ပေးမှုများ ခံရမည်ဟု ထုတ်ပြန်ခဲ့သည်။[1247]

၅၉၁။ ၂၀၀၉ ခုနှစ် ဩဂုတ်လတွင် နောက်ထပ် နစက ၏ ဒေသတွင်းအမိန့်တွင် အလားတူ သတ်မှတ်ချက်များ၊ ပါဝင်ပြီး စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ပါက ကာလရှည် ထောင်ဒဏ်များ ချမှတ်ခံရမည်ဟု ရည်ညွှန်းထားသည်။ အမိန့်သည် လက်ထပ်ခွင့် ရယူရန်အတွက် အင်တာဗျူး တစ်ခုနှင့် အနည်းဆုံး သက်သေ သုံးဦးပါရမည်ဆိုခြင်း အပါအဝင် အလားတူ ရှုတ်ထွေးပွေလီသော လုပ်ငန်းစဉ်များကို ချမှတ်ထားသည်။ လျှောက်လွှာပုံစံတွင် "အစ္စလာမ်" ဟူသော စကားလုံးကို ကြိုတင်ပုံနှိပ်ထားခြင်းဖြင့် ခွဲခြားဆက်ဆံသော ရည်ရွယ်ချက်ကို ရှင်းလင်းစွာ ပေါ်လွင်နေစေသည်။

၅၉၂။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ လုပ်ငန်းစဉ်အတွင်း စော်ကားမှုနှင့် အရှက်ရစေခြင်းတို့ မကြာခဏ ရှိခဲ့သည်။ စုံတွဲများကို သူတို့ ဆက်ဆံရေးနှင့် ပတ်သက်သည့် အတွင်းကျကျ မေးခွန်းများ မေးခွင့်ရှိသည်။ အချို့သော စုံတွဲများကို လက်များကို အတင်းအဓမ္မကိုင်ခိုင်းခြင်း သို့မဟုတ် အခြားသော ချစ်ခင်စုံမက်ခြင်း ဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ ပြသမှုများကို လုပ်ခိုင်းကြောင်း သိရသည်။ အမျိုးသား လျှောက်ထားသူများကို တစ်ခါတစ်ရံတွင် သူတို့၏မုတ်ဆိတ်မွေးများကို ရိတ်ခိုင်းတတ်ပြီး အမျိုးသမီးလျှောက်ထားသူများကို သူတို့၏ ဟီဂျာဘ် သို့မဟုတ် ခေါင်းဆောင်းများကို ဖယ်ရှားခိုင်းသည်။ အမျိုးသမီးများကို တစ်ခါတစ်ရံတွင် ကိုယ်ဝန်မရှိသေးကြောင်း သက်သေပြရန်အတွက် ကိုယ်ဝန်စစ်ဆေးမှုကို အစိုးရ ဆေးခန်းတွင် လုပ်စေကာ သူတို့၏ ဝမ်းဗိုက်ကို အမျိုးသား ဆေးဝန်ထမ်းများအား ပြသရခြင်း သို့မဟုတ် သူတို့ ဝမ်းဗိုက်များကို ထိတွေ့ခံရခြင်းများ ရှိခဲ့သည်။[1248] ယင်းအလေ့အထများသည် ရက်စက်သော၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူမှု ဖြစ်သည်။ ထို့အပြင် သူတို့သည် အမျိုးသမီးများကို အထူးရည်ရွယ်ထားလျက် လိင် အပေါ် အခြေခံပြီး ခွဲခြားဆက်ဆံသည်။ အမျိုးသမီးများအပေါ် နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှုများပပျောက်ရေးစာချုပ် ၏ ပုဒ်မ ၁၆(၁)(က)

---

[1246] မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ၊ ဒေသတွင်းရ အမိန့် ၁/၂၀၀၅ (၂၀၀၅ ခု မေလ ၁ ရက်) မစ်ရှင်မှ ဖိုင်တွဲ၊ K-076

[1247] နစက၊ ဘင်္ဂါလီ လူဦးရေ ထိန်းချုပ်ရေးအတွက် ဒေသဆိုင်ရာ အမိန့် (၂၀၀၈ ခု ဖေဖော်ဝါရီ၁၁ ရက်) ၊ "လူဦးရေ ထိန်းချုပ်ရေး လှုပ်ရှားမှုများ" အပေါ် ဖြည့်စွက်ချက်နှင့် "လက်ထပ်ရန် ခွင့်ပြုချက် တောင်းခံသော ဘင်္ဂါလီများအတွက် လိုအပ်ချက်များ။ မစ်ရှင်၏ ဖိုင်တွဲတွင် သိမ်းထားသည်။ K-076

[1248] K-076.15.

အောက်တွင် မြန်မာနိုင်ငံ၏ တာဝန်ဖြစ်သော “လက်ထပ်ထိမ်းမြားခြင်းနှင့် ဆိုင်သည့်ကိစ္စရပ်များ အားလုံးတွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုများ ပပျောက်စေရန် သင့်လျော်သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန်” ဟူသော အချက်ကို သူတို့အနေဖြင့် ချိုးဖောက်သည်။

၅၉၃။ ရိုဟင်ဂျာများနှင့်သက်ဆိုင်သော လက်ထပ်ခွင့်ခွင့်ပြုချက် လုပ်ငန်းစဉ်သည် ခွင့်ပြုချက်ရယူခြင်းနှင့် မတန်တဆအခကြေးငွေ ပေးရမှုများမှာ နှစ်နှစ်အထိ နှောင့်နှေးကြန့်ကြာခြင်းများ ရှိကြောင်း အစီရင်ခံချက်များ ရှိသည်။ တရားဝင် လက်ထပ်ခွင့် ခွင့်ပြုချက် မရယူသည့် စုံတွဲများမှာ ဒဏ်ငွေအပါအဝင် ရာဇဝတ် အပြစ်ပေးမှုများ ခံရနိုင်သည်။ ထို့အပြင် သူတို့၏ကလေးများသည် အိမ်ထောင်စုစာရင်းထဲမှ ထုတ်ပယ်ထားခံရနိုင်သည့် ဘေးအန္တရာယ် ရှိသည်။[1249]

၅၉၄။ နှောင့်နှေးမှုနှင့် ကုန်ကျစားရိတ်များကြောင့် စုံတွဲများသည် မကြာခဏပင် လက်မှတ်အတွက် လျှောက်ထားမနေပဲ ဘာသာရေးအရသာ လက်ထပ်လိုက်ပြီး နောက်ဆက်တွဲများအတွက် ဘေးအန္တရာယ်ကို ဖိတ်ခေါ်လိုက်ကြသည်။ ဘူးသီးတောင်မှ အင်တာဗျူးဖြေဆိုသူတစ်ဦးက သူ့ညီမ မည်သို့လက်ထပ်ခဲ့သည်ဆိုသည်နှင့် တရားဝင် ခွင့်ပြုချက် မရရှိသေးမီတွင် ကလေးတစ်ယောက်ရရှိခဲ့ပုံကို ပြောပြသည်။ ရဲက သူမကို လာရှာသောအခါ သူမအနေနှင့် ပုန်းနေခဲ့ရသည်။[1250] နောက်ထပ် အင်တာဗျူး ဖြေဆိုသူ တစ်ဦးက လုပ်ငန်းစဉ်နှင့် ပတ်သက်၍ လာဘ်ထိုးရခြင်း နှင့် ခွင့်ပြုချက် မတောင်းခံပါက ဖြစ်လာနိုင်သော နောက်ဆက်တွဲများကို ပြောပြသည်။

> *ကျနော့်အကိုက လက်ထပ်ခွင့် ထောက်ခံစာအတွက် နစကကို ကျပ် ၁၀၀,၀၀၀ ပေးပေမယ့် သူတို့ထုတ်မပေးခဲ့ဘူး။ သူက နောက်တော့ ဘာသာရေး ထုံးစံနဲ့ပဲ လုပ်လိုက်တယ်။ တစ်နေ့တော့ နစကက သူ့အိမ်ကို သွားပြီး သူ့မိန်းမ ကိုယ်ဝန်ရှိနေတာကို တွေ့သွားတယ်။ သူတို့က တရားဝင် လက်ထပ်ခွင့် စာရွက်စာတမ်း ပြခိုင်းတယ်။ ဒါပေမယ့် သူတို့မှာ မရှိဘူး။ ကျနော့်အကိုကို နစက က ဖမ်းသွားပြီး ဘူးသီးတောင် ထောင်မှာ ငါးနှစ် အဖမ်းခံခဲ့ရတယ်။*[1251]

၅၉၅။ တပြေးညီကျင့်သုံးခြင်း မဟုတ်သော်လည်း ယုံကြည်ရလောက်သော အစီရင်ခံချက်များက ရခိုင်မြောက်ပိုင်းတွင် ရိုဟင်ဂျာများ၏ လက်ထပ်ခြင်းများကို ကန့်သတ်သည့် အလေ့အထမှာ ၂၀၁၃ ခုနှစ် နစကကို ဖျက်သိမ်းပြီးသည်အထိ ဆက်ရှိနေကြောင်း ပြသနေသည်။ ယင်းကို နယ်ခြားစောင့်ရဲ (BGP) နှင့် မကပ နှင့် အထွေထွေ အုပ်ချုပ်ရေး ဌာနတို့က အသက်ဝင်အောင် လုပ်ဆောင်သည်။[1252] ၂၀၁၆ ခုနှစ် ဧပြီ ၂၈ ရက်နေ့တွင် မောင်တော BGP က လက်ထပ်ခွင့်ပြုခြင်းနှင့် ပတ်သက်သည့် ညွှန်ကြားချက်အသစ်ကို ထုတ်ပြန်ခဲ့သည်။ ဤညွှန်ကြားချက်အသစ်ကို ရခိုင်ပြည်နယ် တစ်ခုလုံးတွင် ကျင့်သုံးခြင်း ရှိမရှိ မသိရသော်လည်း မောင်တော်နှင့် ဘူးသီးတောင် တလျှောက်ရှိ BGP နယ်မြေအမျိုးမျိုးတွင် အလားတူ ညွှန်ကြားချက်များကို ထုတ်ပြန်ခဲ့ကြောင်း စွပ်စွဲချက်များ ရှိသည်။ “ဘင်္ဂါလီလူမျိုးများ၏ လက်ထပ်ထိမ်းမြားခြင်းဆိုင်ရာ ကိစ္စများ” အပေါ် လက်ထပ်ထိမ်းမြားခွင့်အတွက် နောက်ထပ် လိုအပ်ချက်များ ဖြည့်စွက်သည်။ နိဒါန်းပိုဒ်တွင် ပြောထားသည်မှာ-

[1249] CI-061, CI-062, CI-064, CI-065, CI-070, CI-072, CI-073, CI-079, CI-082, CI-090, CI-092, CI-094, CI-173, DI-001, DI-004, DI-009; K-063.15, K-076.15.

[1250] DI-009.

[1251] CI-064.

[1252] K-063.15.

*လူဦးရေ သိပ်သည်းမှု (....) သည် နိုင်ငံတကာ စံချိန်စံညွှန်းထက်များနေသည်။ ထိုအကြောင်းကြောင့် မိမိတို့ တရားစီရင်ရေးကဏ္ဍတွင် ဘင်္ဂါလီလူမျိုးများ၏ သွားလာလှုပ်ရှားမှုနှင့် လူဦးရေတိုးတက်နှုန်းတို့ကို အိမ်ထောင်စုဇယား ပြင်ဆင်ဖြည့်စွက်မှု လေ့ကျင့်ခန်းဖြင့် ထိန်းချုပ်သွားခဲ့သည်။*[1253]

*အရေအတွက်နှင့် ကလေးခြားမှုအပေါ် ကန့်သတ်ချက်များ*

၅၉၆။ မောင်တောမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဒေသန္တရဆိုင်ရာ အမိန့် ၁/၂၀၀၅ တွင် လက်ထပ်ရန်ခွင့်ပြုချက် တောင်းခံသူများသည် သူတို့တွင် ရှိမည့် ကလေးအရေအတွက်ကို "ကန့်သတ်" ရမည်။ နောက်ထပ် အသေးစိတ်ကို ပေးမထားပါ။ သို့ရာတွင် လက်ထပ်ထိမ်းမြားခွင့် တောင်းခံသည့် လုပ်ငန်းစဉ်အစိတ်အပိုင်းတစ်ခု အနေဖြင့် ရိုဟင်ဂျာစုံတွဲများ သည် ကလေးနှစ်ယောက်ထက် ပိုမို မယူကြောင်းနှင့် သန္ဓေတားဆေးကို သုံးစွဲမည်ဖြစ်ကြောင်း ဂတိပြုရသည်။[1254]

၅၉၇။ ၂၀၁၃ ခုနှစ် မေလတွင် ရခိုင်ပြည်နယ် အာဏာပိုင်များက မောင်တောနှင့် ဘူးသီးတောင်တို့တွင် ခွင့်ပြုနိုင်သော ကလေးအရေအတွက်ကို နှစ်ဦး ကန့်သတ်ချက်ကို ထပ်မံ အားဖြည့် ကြေညာသည်။[1255] ရခိုင်ပြည်နယ် အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူက ကလေးနှစ်ဦး မူဝါဒသည် ရိုဟင်ဂျာများနှင့်သာ သက်ဆိုင်ကြောင်း အသိအမှတ်ပြုကြောင်း သတင်းထုတ်ပြန်ချက်များ ရှိသည်။

> *မိသားစု စီမံကိန်းနှင့် ပတ်သက်၍ သူတို့ (ရိုဟင်ဂျာများ) သည် ကလေးနှစ်ဦးသာ ရနိုင်သည်။ (....) စည်းကမ်းက သတ်မှတ်ထားတဲ့ အုပ်စုတွေ အတွက်ပဲ ဖြစ်တယ်။ (...) ဗုဒ္ဓဘာသာဝင်တွေကတော့ အဲဒီ စည်းကမ်းမလိုဘူး၊ ဘာဖြစ်လို့လဲ ဆိုရင် ဗုဒ္ဓဘာသာဝင်တွေက မိန်းမတစ်ယောက်ပဲရှိကြတယ်။ ဒါဟာ လူဦးရေကို ထိန်းချုပ်ဖို့ အကောင်အထည်ဖော်ခြင်းဖြစ်တယ်။ ဘာကြောင့်လဲဆို အဲဒီမှာ လူတွေ သိပ်ပြီး ထူထပ်လာနေတယ်။*[1256]

၅၉၈။ ယုံကြည်စိတ်ချလောက်သော အစီရင်ခံချက်များအရ ပြည်ထောင်စု လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးသည် ၂၀၁၃ ခုနှစ်တွင် ဤမူဝါဒ တည်ရှိကြောင်း အတည်ပြုခဲ့သော်လည်း ယင်းသည် ပြည်ထောင်စု သို့မဟုတ် ပြည်နယ် အစိုးရထံမှ လာခြင်းမဟုတ်ကြောင်း ပြောသည်။ သူက ယင်းသည် "ဘင်္ဂါလီ အမျိုးသမီးများကို အကျိုးကျေးဇူး" ရှိစေမည်ဟု မီးမောင်းထိုးပြသည်။ ထိုအချိန်တွင် ဒေါ်အောင်ဆန်းစုကြည်က ယင်းမူဝါဒကို "ခွဲခြားဆက်ဆံခြင်း" ဟု ခေါ်ကြောင်းနှင့် "လူ့အခွင့်အရေးနှင့် ကိုက်ညီမှုမရှိကြောင်း" ပြောကြားခဲ့သည်ဟု သတင်းများ ထွက်ခဲ့သည်။[1257]

*ဘေးထွက် ဆိုးကျိုးများ*

၅၉၉။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ရှုတ်ထွေးကြန့်ကြာပြီး တရားဥပဒေနှင့် မညီသော လက်ထပ်ခွင့် ခွင့်ပြုခြင်း လုပ်ငန်းစဉ်နှင့် ယင်းနှင့် ပူးတွဲပါလာသော

[1253] K-076.

[1254] K-063.15, K-076.15

[1255] K-063.16.

[1256] ဧရာဝတီ "ရခိုင်ပြည်မြောက်ပိုင်းတွင် ရိုဟင်ဂျာများအတွက် ကလေး ၂ ယောက်သတ်မှတ်ချက် အစိုးရမှ ချမှတ်" (၂၀၁၃ ခု မေ ၂၀)

[1257] ရိုက်တာ၊ "ရိုဟင်ဂျာလူနည်းစု အတွက် ကလေး ၂ ယောက် ပေါ်လစီကို မြန်မာအစိုးရ ဝန်ကြီးမှ ထောက်ခံ" (၁၁ ဇွတ် ၂၀၁၃)

ဘေးအန္တရာယ်များသည် ရိုဟင်ဂျာ အများအပြားကို မြန်မာနိုင်ငံက ထွက်ခွာစေခဲ့သည်။ အမျိုးသမီးများသည် ဒေသန္တရဥပဒေများကို ချိုးဖောက်မိပြီး ပူးတွဲပါ ရာဇဝတ်ပြစ်မှု မြောက်မည်စိုးသောကြောင့် ဘေးကင်းလုံခြုံမှု မရှိသော ကိုယ်ဝန်ဖျက်ချခြင်းများဖြင့် ဖြေရှင်းခဲ့ကြောင်း အစီရင်ခံချက်များရှိခဲ့သည်။ အမျိုးသမီးများသည် တရားမဝင် ကိုယ်ဝန်ဖျက်ချထားခဲ့ခြင်းကြောင့် သို့မဟုတ် လက်ထပ်ခွင့် ခွင့်ပြုချက်မရှိပဲ တစ်စုံတစ်ဦးနှင့် အတူနေခဲ့ခြင်းအတွက် ရိုက်ခတ်မှုများကို စိုးရိမ်သည့်အတွက် ကျန်းမာရေး စောင့်ရှောက်မှုခံယူရမည်ကို မကြာခဏပင် ကြောက်ရွံ့နေတတ်သည်။ ယင်းသည် တားဆီးနိုင်သော မိခင်နှင့် မွေးကင်းစ ကလေး သေဆုံးမှုများကို ဖြစ်စေခဲ့ပြီး အသက်ရှင်ခဲ့ပါက အမျိုးသမီးများအတွက် ရေရှည် ကျန်းမာရေးသက်ရောက်မှုများကို ဖြစ်ပေါ်စေသည်။[1258]

*"လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ" ဥပဒေများ*

၆၀၀။ ၂၀၁၃ ခုနှစ် ဖွန်လတွင် ဘုန်းတော်ကြီး အရှင် ဝီရသူက ဘာသာမတူသူများ အကြား လက်ထပ်မှုအတွက် ဥပဒေပြဌာန်းရန် တောင်းဆိုခဲ့သည်။ ယင်းသည် နောက်ဆက်တွဲ အနေဖြင့် "နိုင်ငံသားနှင့် သာသနာကို စောင့်ရှောက်" သော ဥပဒေ လေးရပ်ကို တိုးချဲ့ ပေါ်ပေါက်လာစေသည်။ မဘသ အဖွဲ့က ယင်းအဆိုပြုချက်ကို ထောက်ခံသောစာအား သမ္မတ ဦးသိန်းစိန်ထံသို့ လက်မှတ်ပေါင်း ၁.၃ သန်းကျော်နှင့် အတူ တင်ပြခဲ့သည်။ ကုလသမဂ္ဂ ကျွမ်းကျင်သူများ[1259] အပါအဝင် စိုးရမ်မှုများက လူ့အခွင့်အရေး စံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိခြင်း မရှိခြင်းအပေါ် ပြောဆိုမှုများ ရှိသော်လည်း ယင်း မူကြမ်း လေးရပ်မှာ ၂၀၁၅ မေလနှင့် ဩဂုတ်လများအတွင်း ဥပဒေများ ဖြစ်လာခဲ့သည်။ ဥပဒေများက "ဗုဒ္ဓဘာသာဝင် မဟုတ်သူများ" ဟု ရည်ညွှန်းချက်များ ပေးခဲ့ပြီး ရိုဟင်ဂျာ သို့မဟုတ် မွတ်စလင်များဟု တိတိကျကျ အမည်တပ်ခြင်း မရှိခဲ့ပါ။ သို့ရာတွင် ယင်းတို့ကို လက်ခံသည့် အကြောင်းရင်းခံများအပေါ် ပြောဆိုမှုများကို ကြည့်ပါက ဥပဒေများသည် ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံလိုသည့် ရည်ရွယ်ချက်များ ရှင်းလင်းစွာ ပါရှိသည်။ ယင်းတို့မှာ ရိုဟင်ဂျာများသည် မိန်းမ အများကြီးယူသည်၊ မွေးဖွားနှုန်း မြင့်မားသည် နှင့် ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ အစ္စလာမ်ဘာသာသို့ ပြောင်းသွားခြင်းနှင့် မွတ်စလင်များနှင့် လက်ထပ်ခြင်းကို အကာအကွယ်ပေးရမည် စသည်တို့ အပါအဝင် တည်ရှိပြီးဖြစ်သော အယူအဆစွဲအမှားများ အပေါ်တွင် တည်ဆောက်ထားသည်။

- **ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ၏ အထူးလက်ထပ်ခြင်း ဥပဒေ။** ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားများအပေါ် ညီမျှမှုမရှိသော အပြစ်ဒဏ်များနှင့် ခွဲခြားဆက်ဆံသော အတားအဆီးများ ချမှတ်ထားသည်။ လက်ထပ်မှု ပျက်ပျယ်ခြင်း သို့မဟုတ် ကွာရှင်းပြတ်စဲခြင်း လုပ်ခဲ့ပါက ကလေးများအား ထိန်းသိမ်းနိုင်ခွင့်ကို ငြင်းပယ်ခြင်း အပါအဝင် ဗုဒ္ဓဘာသာဝင် ဇနီးများ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားများ၏ အခွင့်အရေးများကို ကန့်သတ်ထားသည်။ သူတို့၏ ယုံကြည်ကိုးကွယ်မှု ပြင်ပကသူများကို လက်ထပ်လိုသော ဗုဒ္ဓဘာသာ အမျိုးသမီးများအပေါ်တွင်သာ အရေးအတွက်

[1258] K-076.15.

[1259] MMR 4/2014၊ အောက်ပါလင့်တွင် ရရှိနိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=22569 နှင့် ၂၀၁၅ ခုနှစ် မေ ၁၁ ရက်။ MMR 5/2015 အောက်ပါလင့်တွင် ရနိုင်သည်။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=20241.

တစ်စုံတစ်ရာ ရှိသော ကန့်သတ်မှုများကို ချမှတ်ပြီး အမျိုးသမီးအပေါ် ခွဲခြားဆက်ဆံထားသည်။ ထို့အပြင် သူတို့၏ ယုံကြည်ကိုးကွယ်မှု ပြင်ပက သူများကို လက်ထပ်လိုသော ဗုဒ္ဓဘာသာ အမျိုးသမီးများ အတွက် အိမ်တွင်း အကြမ်းဖက်မှု ပုံစံအချို့ကို ကာကွယ်မှု ပေးထားသည်။ -

- **လူဦးရေ ထိန်းချုပ်မှု ကျန်းမာရေး စောင့်ရှောက်မှုဥပဒေ။** ဆင်းရဲမှုပပျောက်ရေးနှင့် နေထိုင်မှု စံချိန်စံညွှန်းများ တိုးတက်ရန် ချမှတ်ထားသော ရည်မှန်းချက်များ အကောင်အထည်ပေါ်လာစေရေးအတွက် နိုင်ငံထက်စီးနင်းနိုင်ပြီး သီးသန့်ရွေးချယ်သည့် ချဉ်းကပ်မှုကို ချမှတ်သည်။ ခွဲခြားဆက်ဆံမှုမှ ကင်းလွတ်မှုကို အာမခံရန် လိုအပ်သော ထိန်းသိမ်းကာကွယ်မှုများ အားနည်းသည်။ ထို့နောက် မြို့နယ်အုပ်စုများကို စုံတွဲများအား ၃၆ လ မွေးဖွားမှု ကာလ ခြားစေရန် "စီစဉ်ရန်"[1260] ခွင့်ပြုသည်။ နိုင်ငံထက်စီးနင်းလုပ်ဆောင်မှုများ အတွက် စိုးရိမ်ဖွယ်ဖြစ်သည်။
- **ဘာသာ ကူးပြောင်းမှု ဥပဒေ။** ရှုတ်ထွေးကြန့်ကြာပြီး နိုင်ငံတော်က လည်ပတ်သည့် ဘာသာပြောင်းခြင်းစံနစ်ကို တည်ဆောက်ထားသည်။ စာရင်းသွင်းခြင်းနှင့် အင်တာဗျူးနောက်တွင် နိုင်ငံတော်က အတည်ပြုချက်ပေးရန် လိုအပ်သည်။ ကလေးများအား ဘာသာ ပြောင်းခြင်းမှ တားဆီးသည်။
- တစ်လင်တစ်မယား ဥပဒေ။ နိုင်ငံတကာ လူ့အခွင့်အရေး လိုအပ်ချက်များနှင့်အညီ မယား အများအပြားယူခြင်းကို တားမြစ်ထားသော်လည်း အချို့သော သတ်မှတ်ချက်များသည် လက်ထပ်မှု လုပ်ထုံးလုပ်နည်းကို ကန့်သတ်မှုရှိပြီး ခွဲခြားဆက်ဆံမှုရှိသော ချဉ်းကပ်မှုများကို လက်ခံထားသည်။ "ဗုဒ္ဓဘာသာဝင် မဟုတ်သူ" ကို ရည်ညွှန်းချက်ပြုထားသည်။ အခြား လူထုအုပ်စုများ ကျင့်သုံးခဲ့သော စောစီးစွာနှင့် အဓမ္မ လက်ထပ်ခြင်းများအပါအဝင် အခြားသော ခွဲခြားဆက်ဆံမှုရှိသည့် လက်ထပ်ထိမ်းမြားသည့် ပုံစံများကို တားမြစ်ထားခြင်း မရှိပေ။

၆၀၁။ ဥပဒေများသည် အသက်ဝင်နေပြီဖြစ်သော်လည်း ယင်းတို့ အကောင်အထည်ဖော်မှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ ရရှိခြင်းမရှိသေးပါ။ အချို့သော အစီရင်ခံချက်များက တစ်လင်တစ်မယား ဥပဒေအောက်တွင် ပထမဆုံး စွဲဆိုသည့်အမှုမှာ မူစလင် ဖြစ်သော်လည်း[1261] နောက်ထပ် အမှုအများအပြားမှာ ဗုဒ္ဓဘာသာဝင်များအပေါ် အိမ်ထောင်ရေး ဖောက်ပြန်မှုများအတွက် စွဲဆိုမှုက ပိုမိုများပြားကြောင်း ညွှန်းဆိုသည်။[1262]

### (ဂ) အိမ်များ ပြုပြင်ခြင်းနှင့် ပတ်သက်သည့် ကန့်သတ်ချက်များ

၆၀၂။ အဆောက်အဦးများ တည်ဆောက်ခြင်း နှင့် ပြင်ဆင်ခြင်းနှင့် သက်ဆိုင်သော အသုံးပြုသည့် ဥပဒေမူဘောင်မှာ ရှင်းလင်းခြင်း မရှိပေ။ ရိုဟင်ဂျာများသည် ခွင့်ပြုချက်

---

[1260] ဥပဒေထဲတွင် ဝေဝါးသော သက်တမ်းကို အသုံးပြုထားသည်။
[1261] A/70/412 စာပိုဒ် ၇၆၊
[1262] V-244.

လျှောက်ထားခြင်း အပါအဝင် ဤကိစ္စရပ်များ နှင့် ပတ်သက်၍ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များကို လိုက်ပါလုပ်ဆောင်ရာတွင် အခက်အခဲများစွာ တွေ့ကြုံကြသည်။ အဆောက်အဦးများ ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းအတွက် တရားမဝင် အခွင့်အာဏာပေးမှုကို တရားမဝင်သော လာဘ်ထိုးမှုများ နှင့် ငွေကြေးပေးဆောင်မှုများဖြင့် ဖြစ်စေကြသည်။ ရိုဟင်ဂျာများအား သူတို့အိမ်များ ဆောက်လုပ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းတို့အတွက် အထူးသဖြင့် ကျေးလက်ဒေသများတွင် လုပ်ဆောင်ရန် ယင်းငွေကြေးများကို အထွေထွေအုပ်ချုပ်ရေးဌာနနှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ (နှင့် ယခင်က နစက) တို့ကို ပေးရသည်။[1263] အခွင့်အာဏာပေးခြင်းတွင် လုံခြုံမှု မပါဝင်ပဲ လာဘ်ငွေများ တောင်းဆိုခံရနိုင်သည်။ မလိုက်နာသော သူများ သို့မဟုတ် ခွင့်ပြုချက်မရပဲ အိမ်ဆောက်သူများမှာ သူတို့၏ ပိုင်ဆိုင်မှုများ ဆုံးရှုံးနိုင်သည့် အန္တရာယ် ရှိသည်။ အင်တာဗျူး ဖြေဆိုမှုတစ်ခုက ပြောသည်မှာ-

> *ကျနော့်မှာ အိမ်အသစ်ဆောက်ဖို့ လိုအပ်တဲ့ ခွင့်ပြုချက်တွေ အားလုံးရပြီးပြီ။ ဆောက်လုပ်ရေး စလုပ်တဲ့ရက်မှာပဲ ရဲငါးယောက်လောက်က ရွာအုပ်ချုပ်ရေးမှူးနဲ့အတူ အဲဒီနေရာကို ရောက်လာတယ်။ သူတို့က ဆောက်လုပ်ရေးနဲ့ပတ်သက်တဲ့ ခွင့်ပြုချက် အထောက်အထားတွေ တောင်းတော့ ကျနော်တို့ ပြလိုက်တယ်။ ရဲက စာရွက်စာတမ်းတွေပေါ်မှာ လက်မှတ်မပါဘူးလို့ပြောတယ်။ ဒါပေမယ့် ကျွန်တော်သိတယ် စာရွက်စာတမ်းတွေက ရာနှုန်းပြည့် မှန်တယ်။ ကျနော်က မဆန့်ကျင်နိုင်ပါဘူး၊ မဟုတ်ရင် သူတို့ ကျနော့်ကို ဖမ်းသွားနိုင်တယ်။ ကျနော်က သူတို့ကို ကျပ် ၁၀,၀၀၀ တန်ဖိုးရှိတဲ့ ကြက်တွေနဲ့ ဆန် ၂ ကီလိုပေးမယ်လို့ပြောတယ်။ သူတို့က အဲဒီအစား ကျပ် ၁၀၀,၀၀၀ တောင်းတယ်။ အဲဒီငွေ ရအောင် ကျနော် ၂ လလောက် စုလိုက်ရတယ်။*[1264]

၆၀၃။ ထို့အပြင် ရိုဟင်ဂျာများသည် ဒေသန္တရအမိန့်များ အကောင်အထည်ဖော်ခြင်းနှင့် ဆက်စပ်ပြီး ဆောက်လုပ်ရေးနှင့် ပြုပြင်ရေးတို့တွင် ကန့်သတ်မှုများ ရင်ဆိုင်ကြရသည်။ ဥပမာ တရားဝင် လက်ထပ်ရန် ခွင့်ပြုချက်မရှိသည့် စုံတွဲတစ်တွဲသည် အိမ်ဆောက်လုပ်ရန် ခွင့်ပြုချက် ရရှိရန် မရှိမဖြစ် လိုအပ်သော အိမ်ထောင်စုစာရင်း မလုပ်နိုင်ပါ။[1265]

၆၀၄။ ၂၀၁၆ စက်တင်ဘာတွင် ရခိုင်ပြည်နယ်လုံခြုံရေးဝန်ကြီးက လိုအပ်သော ခွင့်ပြုချက်များ မပါပဲ ဆောက်လုပ်ထားသော အဆောက်အဦများကို ဖျက်ဆီးပစ်မည်ဖြစ်ကြောင်း ကြေညာသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ တပ်မတော်က လုပ်ဆောင်သော "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး" အတွင်းတွင် အကောင်အထည်ဖော်မှုကို စတင်သည်။ ၂၀၁၇ ခု ဇန်နဝါရီတွင် ယုံကြည်စိတ်ချရသော အစီရင် ခံချက်များအရ ဖျက်ဆီးပစ်ရန် သတ်မှတ်ခဲ့သော အဆောက်အဦ ၁,၉၈၄ လုံးအနက်မှ စုစုပေါင်း အဆောက်အဦး ၁,၀၈၂ လုံးကို ဖျက်ဆီးခဲ့ကြောင်း ညွှန်ပြနေသည်။ ယင်းတို့တွင် ပလီများနှင့် မွတ်စလင် ဘာသာရေးကျောင်းများ (Madrassahs) ပါဝင်သည်။[1266] အကျိုးဆက်အားဖြင့် စုစုပေါင်း လူ ၄,၄၈၀ကို အတင်းအဓမ္မ ဖယ်ရှားခဲ့သည်ဟု အစီရင်ခံမှုများ ရှိခဲ့သည်။ ခွင့်ပြုချက်မရပဲ ဆောက်ထားသော အဆောက်အဦးများကို ရွေးချယ်သတ်မှတ်သည့် လုပ်ငန်းစဉ်အား မည်သို့လုပ်ဆောင်သည် ဆိုသည်မှာ ရှင်းလင်းခြင်း

[1263] CI-073, CI-090, DI-010, DI-038, DI-054.

[1264] CI-090.

[1265] ၂၀၀၈ ခု နစက ဒေသဆိုင်ရာ အမိန့် ဖြည့်စွက်ချက် ၂ အရ ရိုဟင်ဂျာများအပေါ် သာ သက်ဆိုင်သည်။ "အိမ်ကို ခွင့်ပြုချက်မရပဲ ဆောက်ခြင်း၊ ပြင်ခြင်း၊ တိုးချဲ့ခြင်း ပြုလုပ်သော ပုဂ္ဂိုလ်ကို အရေးယူရမည်။"

[1266] K-063.17.

မရှိပဲ ထိုဖြစ်စဉ်တွင် အခြားသော တိုင်းရင်းသားအုပ်စုများက ပိုင်ဆိုင်နေထိုင်သော အိမ်များနှင့် အဆောက်အဦများ ပါဝင်စစ်ဆေးခြင်း ရှိမရှိ မရှင်းလင်းပေ။

### (ဃ) နိဂုံးချုပ်ချက်

၆၀၅။ ရိုဟင်ဂျာများအား ထိန်းချုပ်မှုသည် တရားဝင်မှု အနေအထား ငြင်းပယ်ခြင်း၊ သွားလာလှုပ်ရှားမှု တင်းကြပ်စွာ နှင့် အစားအစာ၊ ကျန်းမာရေးနှင့် ပညာရေး လက်လှမ်းမီမှုများကို ကန့်သတ်ခြင်းတို့တွင် ရပ်တံ့မသွားပေ။ ယင်းသည် လက်ထပ်ခြင်းအပေါ် ကန့်သတ်ခြင်းများ၊ ကလေးခြားခြင်း မူဝါဒများ နှင့် အိမ်များနှင့် ဘာသာရေး အဆောက်အဦများ ဆောက်လုပ်ခြင်းနှင့် ပြင်ဆင်ခြင်းအပေါ် ပိုမိုလွန်ကဲစွာ ထိန်းချုပ်ခြင်းတို့ အပါအဝင် သူတို့၏ ပုဂ္ဂလိကဘဝများအပေါ် သက်ရောက်သည်။ ကြန့်ကြာရှုတ်ထွေးပြီး ပွင့်လင်းမြင်သာမှုမရှိသော လုပ်ထုံးလုပ်နည်းများကို ဘဝ၏ဘက်စုံဒေါင့်စုံတွင် ပြုလုပ်ထားပြီး ယေဘူယျအားဖြင့် တရားမဲ့စွာ အသုံးပြုကာ အခကြေးငွေ သို့မဟုတ် လာဘ်ငွေများ ပေးရန် လိုအပ်သည်။

၆၀၆။ ယင်းမူဝါဒများ နှင့် အလေ့အထများသည် ရိုဟင်ဂျာများကို "တရားမဝင် ဝင်ရောက်သူများ"၊ "မွေးဖွားနှုန်း ထိန်းချုပ်၍မရသော မွေးဖွားနှုန်း" ရှိသည် စသော ထွင်လုံးများဖြင့် ခေါင်းစဉ်တပ်သော အခြေအနေမှ ပေါ်ထွက်လာခြင်း ဖြစ်သည်။ ရိုဟင်ဂျာများ ရှိခြင်းသည်။ ဒေသခံ ဗုဒ္ဓဘာသာ လူမှုအသိုင်းအဝိုင်းအတွက်တွင်သာမက နိုင်ငံနှင့် ယင်း၏ ဗုဒ္ဓဘာသာ လက္ခဏာတစ်ခုလုံးကိုပါ ခြိမ်းခြောက်မှုအဖြစ် မြင်ကြသည်။[1267]ယင်းမူဝါဒများ၏ ခွဲခြားဆက်ဆံသော နှင့် နှိပ်စက်ညှင်းပမ်းလိုသော ရည်မှန်းချက်မှာ ထင်ရှားသည်။ သူတို့သည် မိသားစုဘဝ ပုဂ္ဂလိကလုံခြုံခွင့် နှင့် ရက်စက်သော၊ လူမဆန်သော၊ ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ဆက်ဆံမှုမှကင်းလွတ်ခွင့် အပါအဝင် လူ့အခွင့်အရေး အများအပြားကိုလည်း ချိုးဖောက်သည်။

### (၆) တရားလက်လွတ်ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်းတို့မှတဆင့် ဖိနှိပ်မှု

၆၀၇။ ရခိုင်ပြည်နယ် တလွှားတွင် ဖြစ်သော်လည်း အထူးသဖြင့် မြောက်ပိုင်းမြို့နယ်များတွင် ရိုဟင်ဂျာများအား ဥပဒေအရမဟုတ်ပဲ ဖမ်းဆီးထိန်းသိမ်းခြင်းကို ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျဖြစ်နေသည့်ပုံစံအား မစ်ရှင်က တွေ့ရသည်။ ယင်းဖမ်းဆီးမှုများမှာ ခွဲခြားဆက်ဆံမှုဖြစ်ပြီး ရိုဟင်ဂျာများကို စနစ်တကျ ပစ်မှတ်ထားထားသည်။ ယင်းဖမ်းဆီးမှုများကို နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် ယခင်က နစက သာမက တပ်မတော်အပါအဝင် အခြား လုံခြုံရေး တပ်ဖွဲ့များ အပါအဝင် အမျိုးမျိုးသော ဥပဒေစိုးမိုးရေးအေဂျင်စီများက ကျူးလွန်သည်။ ဖမ်းဆီးမှုများသည် ယေဘူယျအားဖြင့် ကျေးရွာများ၊ အိမ်များ သို့မဟုတ် ဆိုင်များကို ညအခါ ဝင်ရောက်စီးနင်းခြင်းများ၊ ဂိတ်များ သို့မဟုတ် အိမ်များကို ရှာဖွေမှုများ သို့မဟုတ် အိမ်ထောင်စု စာရင်း စစ်ဆေးခြင်းများတွင် ဖြစ်ပွားလေ့ရှိသည်။[1268]

၆၀၈။ သုံးသပ်မှုကာလတလျောက်လုံးတွင် ဥပဒေအရမဟုတ်ပဲ ဖမ်းဆီးမှုများနှင့် ထိန်းသိမ်းမှုများ၏ အတိုင်းအတာမှာ အလွန်အမင်း မြင့်မားသည်။ ၂၀၁၂ အကြမ်းဖက်မှုများ နှင့် ၂၀၁၆ အောက်တိုဘာ လုံခြုံရေးစစ်ဆင်ရေးများအပြီး ကာလများကဲ့သို့ အထူးသဖြင့် တင်းမာမှုများ မြင့်မားသည့်ကာလများတွင် သိသိသာသာ ထိုးတက်သွားသည်။ ဖမ်းဆီးမှုများမှာ ရောက်တတ်ရာရာဖြစ်ပြီး သက်သေအထောက်အထား သို့မဟုတ် ဝရမ်း အပေါ်အခြေခံခြင်းမဟုတ်ပဲ မကြာခဏပင် ရွာကို "ရှင်းလင်းရေး" လုပ်စဉ်အတွင်း အမျိုးသား

---

[1267] အပိုင်း ၃။ အခန်း B.2။ လူ့အဖွဲ့အစည်းအတွင်းက ဗုဒ္ဓဘာသာ နေရာများ

[1268] K-076.46.

ရွာသားများ ဖမ်းဆီးခံရသည်။ ဥပမာ- ၂၀၁၂ ဇွန် အကြမ်းဖက်မှုနောက်တွင် ယုံကြည်စိတ်ချရသော အစီရင်ခံချက်များက ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် လူပေါင်း ၁,၀၀၀ ကျော် ဖမ်းဆီးထိန်းသိမ်းခံရကြောင်း ညွှန်ပြနေသည်။[1269] ထိုသို့သော အစုအပြုံလိုက် ဖမ်းဆီးမှုများမှာ ရိုဟင်ဂျာ လူထုကို စုပေါင်းပြစ်ဒဏ်ပေးမှု မြောက်နိုင်ပေသည်။

၆၀၉။ ယင်းပုံစံများသည် မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေပေါ်တွင် အထူး ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီး၊[1270] နှင့် ကိစ္စရပ်ပေါ် တွင် စိုးရိမ်မှုကို ဖော်ထုတ်ပြသကြသူများ၏ အစီရင်ခံမှုများနှင့် တသဘောတည်း ကိုက်ညီသည်။ ဥပဒေနှင့် အညီမဟုတ်ဘဲ ဖမ်းဆီးမှုနှင့် ထိန်းသိမ်းမှုများသည် သုံးသပ်မှုလုပ်နေသောနှင့် ထိုမတိုင်မီကာလ တလျောက်လုံး ရိုဟင်ဂျာများ ဘဝ၏ ပုံမှန် ဖြစ်ရပ်တစ်ခု ဖြစ်နေခဲ့သည်ဟု အခြားအစီရင်ခံစာများကလည်း ထောက်ပြကြသည်။ ၂၀၁၀ တွင် ထုတ်ဝေခဲ့သော အသေးစိတ်လေ့လာမှုတစ်ခုက "ဥပဒေနှင့်မညီပဲ ရိုဟင်ဂျာများကို ထိန်းသိမ်းခြင်းသည် အလွန်များပြားလွန်းသောကြောင့် စက်ဖြင့်ထုတ်လုပ်လိုက်သလို အဆင့်များသို့ပင် ရောက်နေပြီဟု ထည့်သွင်း စဉ်းစားမိသည်" ဟု ဖော်ပြထားသည်။[1271] နောက် လေ့လာမှုတစ်ခုတွင် မောင်တောတွင် ကျေးရွာအုပ်စုများ၏ သုံးပုံ တစ်ပုံကို ၂၀၁၄ ခုနှစ် အတွင်း သုံးလတာကာလကျော် လေ့လာထားရာတွင် တစ်လလျှင် ပျမ်းမျှ ဖမ်းဆီးမှု ၉၀ နီးပါးရှိသည်။[1272] ၂၀၁၅ ခုနှစ် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ပြုလုပ်သည့် ဒုတိယ လေ့လာမှုတွင် ပျမ်းမျှ ထိန်းသိမ်းမှုမှာ တစ်လလျှင် အနီးစပ်ဆုံး ၃၃၀ ရှိကြောင်း တွေ့ရသည်။[1273]

၆၁၀။ ကျူးလွန်သူများ၏ အဓိက တွန်းအားပေးသည့် အကြောင်းအရာမှာ ခြိမ်းခြောက်ငွေညှစ်ခြင်းဖြစ်သည်။ မစ်ရှင်က လေ့လာတွေ့ရှိသည့် ထိုသို့သော ဖြစ်ရပ်များ အားလုံး နီးပါးတွင် လွတ်မြောက်ရေးအတွက် လာဘ်ငွေ ပေးခြင်း သို့မဟုတ် လာဘ်ငွေမပေးနိုင်သည့်အတွက် ဆက်လက်ထိန်းသိမ်းထားခြင်းများ ပါဝင်သည်။[1274] လုပ်ဆောင်မှုမှာ ပုံမှန်ဖြစ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်သူများမှာ နစက၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့ BGP၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လဝက၊ စရဖ (စစ်ထောက်လှမ်းရေး) နှင့် တပ်မတော်တို့ ဖြစ်ကြသည်။ လာဘ်ငွေ ပမာဏမှာ တကြိမ်နှင့် တကြိမ် မတူညီပဲ တစ်ခါတစ်ရံတွင် ရွာသားများကို အိမ်နီးနားချင်းများထံမှ များပြားသော ပမာဏရှိသောငွေကို ချေးယူစေမှုများလည်း ရှိသည်။ စီးပွားရေးဆိုင်ရာ သက်ရောက်မှုမှာ သိသာထင်ရှားသည်။ မောင်တောမြို့နယ်မှ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောပြသည်မှာ-

> *ကျနော့်အဖေ အဖမ်းခံရတဲ့အခါ ကျနော့်အမေက သူလွတ်လာဖို့ စစ်တပ်ကို ပိုက်ဆံပေးလေ့ရှိတယ်။ သူက အချုပ်ထဲမှာ အချိန်ကာလ အမျိုးမျိုး ကြာအောင် နေရတယ်။ အမေ ဘယ်လောက် မြန်မြန် ပေးနိုင်သလဲဆိုတဲ့အပေါ် မူတည်တယ်။ ပမာဏကလည်း တော်တော်ကွာခြားတယ်။ ကျနော့်အမေက သူများဆီက ငွေချေးယူပြီး လာဘ်ထိုးရတယ်။ အဲဒီနောက် ကျနော့်အဖေက အဲ့ဒီပိုက်ဆံ ပြန်ပေးနိုင်ဖို့*

[1269] K-076.46.
[1270] ဥပမာ- A/HR/32/18.
[1271] အိုင်ယာလန် လူ့အခွင့်အရေး စင်တာ၊ မြန်မာနိုင်ငံ အနောက်ပိုင်းတွင် လူသားဖြစ်တည်မှုကို ဆန့်ကျင့်သည့် ပြစ်မှုများ။ ရိုဟင်ဂျာများ၏ အခြေအနေ (၂၀၁၀ ခုနှစ်)
[1272] V-246.
[1273] K-076.
[1274] CI-064, CI-065, CI-082, CI-089, DI-009, DI-013, DI-020, DI-025, DI-054, DI-056.

*အလုပ်လုပ်ရတယ်။ သူတို့က သူ့ကို ဘာအကြောင်းမှ မပြောပဲဖမ်းတယ်။ အကြောင်းရင်းက ကျနော်တို့က မူစလင်တွေဖြစ်တယ်။ "ကုလား"တွေ ဖြစ်တယ်။*[1275]

၆၁၁။ အချို့သော အဖြစ်အပျက်များတွင် ဖမ်းဆီးမှုများမှာ ဘင်္ဂလားဒေ့ရှ်သို့ သွားခြင်း၊ လက်ကိုင်ဖုန်း သို့မဟုတ် ဘင်္ဂလားဒေ့ရှ် SIM ကဒ် ပိုင်ဆိုင်ခြင်း၊ သို့မဟုတ် ထင်းခုတ်ခြင်း အပါအဝင် မရေရာသော "ချိုးဖောက်မှုများ" နှင့် ပတ်သက်လေ့ရှိသည်။[1276] အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သူ့အကိုမှာ လက်ကိုင်ဖုန်း ပိုင်ဆိုင်ခြင်းကြောင့် ထိန်းသိမ်းခြင်း ခံရကြောင်း မစ်ရှင်ကို အသိပေးခဲ့သည်။ သူ့မိသားစုက ရဲက တောင်းဆိုသော လာဘ်ငွေကို မပေးနိုင်သည့်အတွက် သူသည် ၇ လ ကြာအောင် ထိန်းသိမ်းခံခဲ့ရသည်။[1277] ပိုမိုအဆင်ပြေသောသူများသည် လာဘ်ငွေပိုမိုပေးနိုင်သောကြောင့်ပင် ပစ်မှတ်ထားခံကြရသည်။

၆၁၂။ ဥပဒေအရမဟုတ်ပဲ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းထားခြင်းတို့သည် မကြာခဏပင် နှိပ်စက်ညှင်းပမ်းခြင်းနှင့် ဆိုးဝါးစွာဆက်ဆံခြင်းတို့ဖြင့် ယှဉ်တွဲလျက်ရှိတတ်သည်။[1278] အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ၂၀၁၁ ခုနှစ်တွင် ဥပဒေအရမဟုတ်ပဲ သူ မည်သို့ဖမ်းဆီးထိန်းသိမ်းခြင်းခံရပုံကို ပြောပြသည်။ သူ့အဖမ်းခံရမှုမှာ ရွာသင်္ချိုင်းမြေကို နစကက သိမ်းယူခဲ့ခြင်းအပေါ် ပြန်လည်တောင်းဆိုခဲ့မှုတွင် ပါဝင်ခဲ့ခြင်းနှင့် သက်ဆိုင်ပုံရသည်။ သူသည် သစ်သားဒုတ်ကြီးဖြင့် ထပ်ကာထပ်ကာ ရိုက်နက်ခြင်း ခံခဲ့ရသည်။[1279] ဥပဒေအရ မဟုတ်ပဲ ဖမ်းဆီးခဲ့ပြီး ထိန်းသိမ်းထားစဉ် သေဆုံးမှုများလည်း အစီရင်ခံချက်များ ရှိသည်။[1280]

**(၇) ဖိနှိပ်မှု အခြားပုံစံများ**

၆၁၃။ မြန်မာအာဏာပိုင်များ အထူးသဖြင့် လုံခြုံရေးတပ်ဖွဲ့များ၏ လက်တွင် ရိုဟင်ဂျာများသည် အခြား ဖိနှိပ်မှု ပုံစံအများအပြားကိုလည်း တွေ့ကြုံကြရသည်။ ယင်းတို့တွင် အဓမ္မလုပ်အား ခိုင်းစေခြင်း၊ ပိုင်ဆိုင်မှုများ သိမ်းယူခြင်း၊ ငွေညှစ်ခြင်းနှင့် လိင်ဆိုင်ရာ နှင့် လိင်စိတ်ခံယူမှုသဘောထားလက္ခဏာ ကွဲပြားမှု အခြေခံပေါ်တွင် အကြမ်းဖက်ခြင်းတို့ပါဝင်သည်။ ယင်းတို့မှာ ရိုဟင်ဂျာတို့တွင်သာ သီးခြား ဖြစ်ပွားသည် မဟုတ်ပေ။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ယင်းတို့ကို တိုင်းရင်းသား ရခိုင်များနှင့် အခြားသော အုပ်စုများသည်လည်း ကြီးမားသော အတိုင်းအတာနှင့် ရင်ဆိုင်ကြရသည်။ သို့ရာတွင် ရိုဟင်ဂျာ ကိစ္စတွင် အထက်တွင် ဖော်ပြထားသော ဖိနှိပ်မှုများ နှင့် ညှင်းပမ်းနှိပ်စက်မှုများ၏ အခြားသော ပုံစံများအားလုံးအပြင် ၎င်းတို့ကို ထပ်မံ ပေါင်းစပ်ထည့်လိုက်ခြင်းဖြစ်သည်။

**(က) အဓမ္မ သို့မဟုတ် မလုပ်မနေရ လုပ်အား**

၆၁၄။ ရခိုင်တိုင်းရင်းသားများနှင့်အတူ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာအများအပြားအတွက် အဓမ္မ သို့မဟုတ် မလုပ်မနေရ လုပ်အားမှာ နေ့စဉ်ကြုံတွေ့နေရသော အတွေ့အကြုံတစ်ခုဖြစ်သည်။ အလယ်ပိုင်းနှင့် တောင်ပိုင်းဒေသများရှိ ရိုဟင်ဂျာများသည်လည်း အလားတူ အတွေ့အကြုံများ ရှိနိုင်သော်လည်း မစ်ရှင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ ဖြစ်ရပ်များကို အတည်ပြုနိုင်ခဲ့သည်။[1281] အဓမ္မလုပ်အား

[1275] DI-009.

[1276] CI-064, DI-025, DI-054.

[1277] DI-054.

[1278] CI-064, CI-065, CI-082, CI-089, DI-025, DI-056.

[1279] CI-065.

[1280] K-076.46; V-245.

[1281] CI-062, CI-072, CI-079, CI-089, CI-092, CI-093, CI-094, CI-173, DI-001, DI-002, DI-005.

တည်ရှိနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ၂၀၁၁ မတိုင်မီ မြို့နယ် နှစ်ခုရှိ ရိုဟင်ဂျာ မိသားစု သုံးပုံနှစ်ပုံမှာ အဓမ္မလုပ်အား ခိုင်းစေခံခဲ့ရကြောင်း အစီရင်ခံချက်များ ရှိသည်။[1282] ၂၀၁၂ နှင့် ၂၀၁၃ အတွင်း အဓမ္မလုပ်အား ခိုင်းစေသည့် ဖြစ်ရပ်များကို မစ်ရှင်က တွေ့ရှိခဲ့သည်။ သို့သော်လည်း ယုံကြည်စိတ်ချရသော အချက်အလက်များက ညွှန်ပြနေသည်မှာ ၂၀၁၆ ခုနှစ်အထိ နှင့် ဆက်လက်၍လည်း ပိုမိုလျော့နည်းသောနှုန်းဖြင့် ရခိုင်မြောက်ပိုင်းတွင် ယင်းအလေ့အထရှိနေသည်။[1283] အဓမ္မလုပ်အား စေခိုင်းမှု ကျူးလွန်သူများမှာ အဓိကအားဖြင့် တပ်မတော်နှင့် နစက (၂၀၁၃ ခုနှစ် ယင်းကိုဖျက်သိမ်းသည်အထိ) ဖြစ်သည်။

၆၁၅။ အဓမ္မလုပ်အား ပုံစံများ (ဥပမာ ပေါ်တာဆွဲခြင်း၊ ဆောက်လုပ်ရေး လုပ်ငန်း၊ စိုက်ပျိုးရေး၊ လုံခြုံရေးစခန်းများ ပြင်ဆင်ခြင်း) ၊ လုပ်အား စေခိုင်းမှု အကြိမ်ရေ၊ ထိုလုပ်အား စေခိုင်းမှုအတွင်း ယေဘူယျအားဖြင့် မဖွယ်မရာ ဆက်ဆံခံရမှု (ရိုက်နှက်ခြင်းနှင့် နှုတ်ဖြင့် ဆဲဆိုခြင်းတို့အပါအဝင်) နှင့် လူတစ်ဦးချင်းအပေါ် နှင့် မိသားစုအပေါ် စီးပွားရေးအရ သက်ရောက်မှုတို့ အပါအဝင် တည်ရှိထားသော ပုံစံများမှာ တိုင်းရင်းသားရခိုင်များနှင့် ပတ်သက်၍ ဖော်ပြထားချက်များနှင့် အလွန် ဆင်တူသည်။ အချို့သော ဖြစ်ရပ်များတွင် အဓမ္မလုပ်အားကို လာဘ်ငွေပေးခြင်းမှ တဆင့်၊ သို့မဟုတ် အခြားသော ရွာသားများကို ကိုယ်စား လုပ်ဆောင်ရန် ပေးခြင်းမှ တဆင့် ရှောင်ရှားနိုင်သည့် နည်းလမ်းများ ရှိသည့်ပုံ ပေါ်သည်။[1284]

### (ခ) သိမ်းဆည်းခြင်းနှင့် ငွေညှစ်ခြင်း

၆၁၆။ အခြား ရခိုင်တိုင်းရင်းသားများကဲ့သို့ပင် ရိုဟင်ဂျာများသည် မွေးမြူထားသော တိရစ္ဆာန်များ နှင့် ပစ္စည်းများကို ယေဘူယျအားဖြင့် မည်သို့မျှ အရေးယူမခံရသည့် လုံခြုံရေး တပ်ဖွဲ့များက ဥပဒေနှင့်အညီမဟုတ်သော သိမ်းဆည်းခြင်းကို ခံကြရသည်။[1285] အင်တာဗျူးဖြေဆိုသူတစ်ဦးက ရှင်းပြသည်မှာ-

> *စစ်တပ်၊ နစက နဲ့ ရဲတွေက ဟင်းသီးဟင်းရွက်တွေနဲ့ အိမ်မွေးတိရစ္ဆာန်တွေ လုယူတာ ပုံမှန်ဖြစ်နေတာပါ။ သူတို့က မြေပေါ်မှာရှိတဲ့ သူတို့လိုချင်တာတွေအားလုံးကို ဘာမှ မပေးပဲ ယူလေ့ရှိပါတယ်။ သူတို့ အသုံးကျမယ်ထင်တဲ့ ပစ္စည်းတွေကိုလည်း ရွာသားတွေဆီက ယူပါတယ်။*[1286]

၆၁၇။ သူတို့၏ တရားဝင်မှု အနေအထား မရှိခြင်းနှင့် အခြားသော စနစ်တကျ ဖိနှိပ်မှုများကြောင့် အလွန်အမင်း ထိလွယ်ရှလွယ် ဖြစ်နေသော ရိုဟင်ဂျာများသည် လုံခြုံရေး တပ်ဖွဲ့များနှင့် အခြား အာဏာပိုင်များ၏ လက်တွင် ထပ်မံဖြည့်စွက်လာသည့် ငွေညှစ်ခြင်းကိုလည်း ခံကြရသည်။ ယင်းသည် သူတို့ဘဝ၏ အနေအထားအမျိုးမျိုးကို သက်ရောက်မှုရှိသည်။[1287] ယင်းတွင် တနေရာမှ တနေရာသို့ သွားလာနိုင်ရန် ခွင့်ပြုချက်ရယူရန် ပေးရခြင်း၊ အခြား အိမ်ထောင်စုတွင်

---

[1282] K-063.
[1283] K-063.
[1284] CI-080, CI-089, DI-047.
[1285] CI-062, CI-064, CI-065, CI-073, DI-013, DI-025, DI-038.
[1286] CI-073.
[1287] CI-061, CI-062, CI-063, CI-064, CI-065, CI-069, CI-070, CI-072, CI-073, CI-076, CI-079, CI-080, CI-082, CI-085, CI-089, CI-090, CI-092, CI-094, CI-098, CI-100, CI-133, CI-134, CI-136, CI-144, CI-146, CI-149, CI-162, CI-173, CI-174, CI-175, CI-176, CI-179, CI-181, CI-183, CI-186, CI-189, CI-190, CI-192, CI-194, DI-001, DI-003, DI-004, DI-008, DI-010, DI-013, DI-020, DI-025, DI-026, DI-037, DI-038, DI-046, DI-047, DI-050, DI-054, DI-076, LI-105, ZI-002.

တစ်ည တည်းခိုခြင်း၊ နှင့် ဂိတ်ဖြတ်သန်းခြင်း တို့ ပါဝင်သည်။[1288] သူတို့သည် လက်ထပ်ခွင့် ရယူရန် အတွက်၊ အိမ်ထောင်စုစာရင်းတွင် ကလေးကို ထည့်သွင်းခြင်း၊ စာရင်းမှ မိသားစုဝင်တစ်ဦးကို ဖယ်ထုတ်ခြင်း[1289]၊ သူတို့အိမ်များ ဆောက်လုပ်ရန် သို့မဟုတ် ပြင်ဆင်ရန် လိုအပ်သော ခွင့်ပြုချက် ရယူခြင်း၊ သစ်တောအတွင်းမှ ထင်း သို့မဟုတ် ဝါးများ သယ်ယူလာခြင်း၊[1290] တို့သာမက ဥပဒေနှင့် အညီမဟုတ်သော ဖမ်းဆီးမှုကို ရှောင်ရှားရန် သို့မဟုတ် ဖမ်းဆီးမှုမှ လွတ်မြောက်ရန်တို့အတွက်လည်း ငွေပေးခြင်း သို့မဟုတ် လာဘ်ထိုးခြင်းတို့ လုပ်ရသည်။[1291] မောင်တောမှ အင်တာဗျူး ဖြေဆိုသူတစ်ဦးက တပ်မတော် စစ်သားများ ရွာများသို့ ရောက်လာပြီး တွေ့သမျှလူများကို ဖမ်းဆီးသွားကာ ရဲစခန်းသို့ခေါ်ဆောင်သွားပြီး သူတို့လွတ်မြောက်ရေးအတွက် မိသားစုများထံမှ ငွေတောင်းပုံကို ရှင်းပြထားသည်။[1292] ဘူးသီးတောင်မှ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက အောက်ပါတို့ကို ဝေမျှထားခဲ့သည်။

> *ကျနော်တို့ အိမ်ထဲမှာ တစ်ခုခု အပြောင်းအလဲလုပ်ချင်တယ်ဆိုရင် ပိုက်ဆံပေးရတယ်။ ကျနော်တို့ မိသားစုက ကျနော်တို့အိမ် ဝါးလက်တန်းက တိုင်နှစ်ခု လဲရတယ်။ နစက အရာရှိတွေက အိမ်ပြင်နေတဲ့ အသံကြားတော့ သူတို့ရောက်လာပြီး ပိုက်ဆံတောင်းတယ်။*[1293]

၆၁၈။ တခါတရံ ငွေပေးပြီးသော်လည်း ကိစ္စများက မပြီးပြတ်ပဲ ရှိတတ်သည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သူ၏အကို ဖြစ်သူ လက်ထပ်ခွင့် ခွင့်ပြုချက်ရရှိရန် နစကကို ကျပ် ၁၀၀,၀၀၀ ပေးခဲ့သော်လည်း ခွင့်ပြုချက် ထုတ်မပေးခဲ့ကြောင်း ရှင်းပြသည်။ နောက်ပိုင်းတွင် ခွင့်ပြုချက်မရှိခြင်းကြောင့်ဟု ဆိုကာ သူသည် ငါးနှစ်ကြာ ထိန်းသိမ်းခံခဲ့ရသည်။[1294] နောက်ထပ် အင်တာဗျူးဖြေဆိုသူတစ်ဦးက သူ ရဲစခန်းတစ်ခုတွင် ထိန်းသိမ်းခံရပြီး ရဲအရာရှိက ပိုက်ဆံများများ ပေးရင် လွတ်မယ်ဟု ပြောခဲ့သည်။ သို့ရာတွင် သူပေးခဲ့သော်လည်း သူ့ကို ပြန်မလွှတ်ခဲ့ကြောင်း ရှင်းပြသည်။[1295]

၆၁၉။ ရိုဟင်ဂျာများထံမှ ထုတ်ယူသော ငွေပမာဏသည် သူတို့၏ ဝင်ငွေနှင့် နှိုင်းယှဉ်ပါက အလွန်များသည်။ ယင်းသည် အစားအစာနှင့် စားဝတ်နေရေးအတွက် လုပ်ဆောင်မှု နှင့် ကျန်းမာရေးနှင့် ဂုဏ်သိက္ခာများ အပါအဝင် အဆင့်အတန်းရှိစွာ နေထိုင်နိုင်ခွင့်ကို သွယ်ဝိုက်လျက် သက်ရောက်မှုရှိသည်။ တစ်ခါတစ်ရံတွင် ရှန်းမထွက်နိုင်သော အကြွေးသံသရာ၊ အိမ်ထောင်စုဆင်းရဲတွင်း နှင့် စိတ်ပျက်ဖွယ် စီမံခန့်ခွဲမှုယန္တယားများ အတွင်းသို့ ရောက်ရှိစေသည်။

1288 CI-061, CI-063, CI-064, CI-065, CI-069, CI-070, CI-072, CI-073, CI-079, CI-080, CI-082, CI-090, CI-174, DI-001, DI-003, DI-020, DI-025, LI-105.

1289 CI-061, CI-062, CI-064, CI-065, CI-070, CI-072, CI-073, CI-076, CI-079, CI-082, CI-089, CI-092, CI-173, DI-001, DI-004, DI-025.

1290 CI-061, CI-073, CI-079, CI-082, CI-090, DI-038, DI-10.

1291 CI-062, CI-065, CI-069, CI-072, CI-073, CI-082, CI-090, CI-092, CI-094, CI-100, CI-133, CI-134, CI-136, CI-144, CI-146, CI-149, CI-179, CI-181, CI-183, CI-186, CI-189, CI-190, DI-010, DI-020, DI-025, DI-026, DI-037, DI-038, DI-046, DI-050, ZI-002.

1292 DI-025.

1293 DI-010.

1294 CI-064.

1295 DI-037.

*ရဲက ပြောတယ်။ ကျနော်တို့ သူ့ကို ၃၅၀,၀၀၀ ကျပ် မပေးနိုင်ဘူးဆိုရင် ထောင်ထဲ သွားရမယ်။ ကျနော့်အမေက ပိုက်ဆံကို စီစဉ်ပေးတယ်။ ကျနော်လွတ်ဖို့အတွက် သူက ကျနော်တို့မြေကို ရောင်းလိုက်တယ်။*[1296]

## (ဂ) လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာ ကွဲပြားမှု အခြေပြု အကြမ်းဖက်မှု

၆၂၀။ လိင် နှင့် ကျား-မ ကွဲပြားမှုအပေါ် အခြေပြုသည့် အကြမ်းဖက်မှုများကို တပ်မတော်၊ ရဲနှင့် နစက အဖွဲ့ဝင်များက ရိုဟင်ဂျာ အမျိုးသမီးများနှင့် အမျိုးသမီးငယ်များအပေါ် ကျူးလွန်ခဲ့ကြောင်း ယုံကြည်စိတ်ချရသော၊ အစဉ်တစိုက် အစီရင်ခံချက်များ ရှိသည်။[1297] အင်တာဗျူး ဖြေဆိုသူ တစ်ဦးက အလွန်အကျွံ အကြမ်းဖက်မှုများဖြစ်သည့် ၂၀၁၂၊ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ်များ မဟုတ်သည့် အချိန်များတွင်ပင် ထိုသို့သောအပြုအမူများ အများအပြား ဖြစ်ပေါ်နေခြင်းကို ပေါ်လွင်စေသည့် အတွေ့အကြုံကို ဝေမျှခဲ့သည်။

> *ကျမကို မောင်တော အထက်တန်းကျောင်း ဘေးမှာရှိတဲ့ အစိုးရအဆောက်အဦကို ခေါ်သွားတယ်။ အဲဒီမှာ ရဲတွေ အများကြီးရှိတယ်။ ရိုဟင်ဂျာ အမျိုးသမီး ၁၀ ယောက်လောက် ရှိနေပြီးဖြစ်တဲ့ အခန်းတစ်ခန်းကို ကျွန်မကို ခေါ်သွားတယ်။ ယူနီဖောင်းနဲ့ လူတစ်ယောက်က အမျိုးသမီး လေးယောက် အဖွဲ့ကို ခေါ်ထုတ်သွားပြီးတဲ့နောက် ကျွန်မ အော်သံတွေ ကြားရတယ်။ ကျွန်မထင်တာတော့ သူတို့တွေ မုဒိန်းကျင့်ခံရတယ် ထင်တယ်။ မိန်းကလေးတွေက "အို.. အလ္လာ.. ကျမကို ကယ်ပါ" လို့ ပြောနေတာကြားရတယ်၊ နောက်ပြီး "ကျမကို မုဒိန်းမကျင့်ပါနဲ့" လို့လည်း ပြောတယ်။ အခြား အမျိုးသမီးတွေကလည်း ရဲတွေတင်မကဘူး လုံခြုံရေးအဖွဲ့ အမျိုးမျိုးက ယောကျ်ားတွေကို နှိပ်ပေးရတယ်။ တော်တော်ကို လူမဆန်ဘူး။ မိန်းကလေးတစ်ယောက်က နှိပ်ပေးမနေဘူးဆိုရင် သူ့ကို ရဲက ရိုက်တယ်။ အဲဒီနေရာက ရုံးခန်းနဲ့တူပေမယ့် အဲဒါတွေအားလုံး အဲဒီမှာ ဖြစ်နေတာပါ။ မိန်းကလေးငယ်လေးတွေ ပါးပေါ်မှာ ကိုက်ရာတွေနဲ့ အဝတ်အစားလုံးဝမရှိတဲ့ မိန်းမတယောက် ထွက်ပြေးတာ ကျွန်မ မြင်ခဲ့ရတယ်။ ကျမကတော့ အပေါက်သေးသေးလေးတစ်ခုကနေ ထွက်ပြေးနိုင်ခဲ့တယ်။*[1298]

၆၂၁။ ယင်းမှာ အခြားသော ယုံကြည်စိတ်ချရသည့် တစ်နစ်တာတလျောက် ထုတ်ပြန်သော အစီရင်ခံချက်များနှင့်လည်း ကိုက်ညီနေသည်။ ဥပမာ ၂၀၁၂ ခုနှစ်တွင် ထုတ်ပြန်သည့် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး၏ ပဋိပက္ခနှင့် ဆက်နွယ်သော လိင်ဆိုင်ရာ အကြမ်းဖက်မှုအစီရင်ခံစာတစ်ခုတွင် မုဒိန်းမှုကို စစ်တပ်အရာရှိများက ကျူးလွန်ခဲ့ကြသည်ဟု ဖော်ပြထားသည်။[1299] အစီရင်ခံခဲ့သော လိင်အကြမ်းဖက်မှု နမူနာများတွင် ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်က မောင်တောမြို့နယ် မြောက်ပိုင်းတွင် နစက တပ်ဖွဲ့များက ရိုဟင်ဂျာ မိန်းမနှင့် မိန်းကလေးငယ် ၁၃ ဦးကို မုဒိန်းကျင့်ခြင်း၊ ၂၀၁၄ ခုနှစ် အစောပိုင်းက ၁၆-နှစ်အရွယ် ရိုဟင်ဂျာ မိန်းကလေး တစ်ဦးကို ရဲများက အုပ်စုလိုက် မုဒိန်းကျင့်ခြင်း။ ၂၀၁၄ ခုနှစ် ဇန္နဝါရီ မှ ဖွန်လအတွင်း အုပ်စုလိုက် မုဒိန်းကျင့်မှုနှင့် လိင်ဆိုင်ရာ ကျူးလွန်မှု ၁၄ ခု ဖြစ်ပွားခဲ့ခြင်းနှင့်[1300]

---

[1296] DI-025.
[1297] CI-074, CI-077, CI-174, DI-038, DI-048, DI-050.
[1298] DI-048.
[1299] A/66/657*–S/2012/33*
[1300] S/2015/203, p. 12

၂၀၁၅ ခုနှစ် အစောပိုင်းတွင် စစ်တပ်က အသက် ၁၀ နှစ်အရွယ် မိန်းကလေးကို မုဒိမ်းကျင့်ခြင်း[1301] တို့ပါဝင်သည်။

### (ဈ) နိဂုံးချုပ်ချက်

၆၂၂။ ရိုဟင်ဂျာများ ရင်ဆိုင်ရသော ဖိနှိပ်မှု အတိုင်းအတာမှာ မတွေးရဲအောင်ပင်ဖြစ်သည်။ ဤအခန်းတွင် ဖော်ပြထားသော ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များနှင့် လက်တွေ့ကျင့်သုံးမှုများ စုပေါင်းလိုက်သည့်အခါ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ၏ ဘဝများမှာ တဖြေးဖြေးနှင့် မခံနိုင်လောက်အောင် ဖြစ်စေသည်။ ဘေးဖယ်ထားခြင်း၊ ဖယ်ထုတ်ခြင်းနှင့် "အခြားသူများ ဖြစ်စေခြင်း" လုပ်ငန်းစဉ်အတွင်း အခွင့်အရေးများကို ရိုက်ချိုးပြီး ဖယ်ရှားခံရသည်။ ခွဲခြားဆက်ဆံမှုနှင့် မလျော်မကန် ဆက်ဆံမှု အလွှာများလည်း ဖြည့်စွက်ထားသည်။ ယင်းတို့သည် သူတို့၏ တိုင်းရင်းသား ဖြစ်မှု၊ ဘာသာရေး အခြေခံအပေါ်တွင် ရိုဟင်ဂျာများကို ပစ်မှတ်ထားသည့် အမုန်းတရားနှင့် ခွဲခြားသောလုပ်ကြံထွင်လုံးဖြင့် ပြည့်နေသော အခြေအနေတွင် ဖြစ်ပွားနေခဲ့သည်။ အမျိုးစုံသော ဖိနှိပ်မှုအစိတ်အပိုင်းများသည် နိုင်ငံတော်က ချမှတ်ထားသော မူဝါဒများ၊ လက်တွေ့ကျင့်သုံးမှုများနှင့် နိုင်ငံတော်က ချမှတ်ထားသော ခွဲခြားဆက်ဆံခြင်း ပြောဆိုမှုများ၏ ပတ်ဝန်းကျင်တွင် ဖြစ်ပွားနေသည်။ ဤကဲ့သို့ မွေးဖွားသည်မှ သေဆုံးသည်အထိ ပြင်းထန်သော၊ စနစ်တကျဖြစ်သော နှင့် စံနစ်ပုံစံအတွင်းသွတ်သွင်းထားသာ ဖိနှိပ်မှုသည် နှိပ်စက်ညှင်းပမ်းမှု မြောက်သည်ဟု မစ်ရှင်က သုံးသပ်ထားသည်။

၆၂၃။ ဖိနှိပ်ညှင်းပမ်းမှုသည် ရိုဟင်ဂျာ ပြည်သူများကို အလွန်အကျွံ ထိလွယ်ရှလွယ်ဖြစ်စေကာ သူတို့ဘဝများ၏ ရှုထောင့်ပေါင်းစုံကိုလည်း ချိုးနှိမ်ထားပြီး သူတို့၏ နေထိုင်မှု အခြေအနေများနှင့် သူတို့၏ ခန့်ခွဲမှု ယန္တယားများကို ပျက်စီးစေသည်။ လူသား ဂုဏ်သိက္ခာအပေါ် နေ့စဉ် တိုက်ခိုက်မှုများသည် သည်းခံနိုင်စွမ်းမရှိတော့သော အခြေအနေများ နှင့် အားနည်းသော လူပုဂ္ဂိုလ်များ၊ မိသားစုများနှင့် လူမှု အသိုင်းအဝန်းများကို ဖြစ်ပေါ်စေပြီး သူတို့ကို နောက်ထပ် ဆင်းရဲချို့တဲ့ခြင်းနှင့် လုံခြုံမှု မရှိခြင်းတို့အတွင်းသို့ တွန်းပို့နေသည်။ ယင်းသည် ၂၀၁၂ ခုနှစ်မှ စတင်သော နှစ်များအတွင်း ထောင်နှင့်ချီသော ရိုဟင်ဂျာများကို ရခိုင်ပြည်နယ်မှ လှေများဖြင့် ထွက်ခွာမှုကို ဖြစ်ပေါ်စေသော ကြောက်ရွံ့ခြင်းနှင့် အရဲစွန့်ခြင်းကို ဖြစ်ပေါ်စေသော ဖိနှိပ်မှု အနေအထားဖြစ်သည်။ ဤကိစ္စရပ်များ၏ နောက်ခံအဖြစ် ဖြစ်ပွားခဲ့သည့် ၂၀၁၂၊ ၂၀၁၆ နှင့် ၂၀၁၇ အကြမ်းဖက်မှု ဖြစ်ရပ်များကိုလည်း စစ်ဆေးရန် လိုအပ်သည်။

## ဂဂ။ ၂၀၁၂ ၌ အကြမ်းဖက်မှု

### (၁) သင်္ကေတပုံစံဆောင်သော အဖြစ်အပျက်များ

၆၂၄။ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့က ရမ်းဗြဲမြို့နယ်နှင့် ၂၀၁၂ ခုနှစ် ဇွန်လ ၃ ရက်နေ့က တောင်ဂုတ်မြို့နယ်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်နှစ်ခုတို့သည် ၂၀၁၂ ခုနှစ်ဇွန်လ ၈ ရက်နေ့က ရခိုင်ပြည်နယ်တွင် ပေါက်ကွဲခဲ့သော အကြမ်းဖက်မှုအတွက် အဓိက အခန်းကဏ္ဍတွင် ပါဝင်ခဲ့သည်။ မစ်ရှင်အနေဖြင့် ယင်းအဖြစ်အပျက်နှစ်ခုကို စုံစမ်းစစ်ဆေးမှု မပြုလုပ်ခဲ့သော်လည်း အောက်ပါအချက်များမှာ အစိုးရ ထုတ်ဝေသည့် The New Light of Myanmar သတင်းစာနှင့် မြန်မာအစိုးရ၏ "ရခိုင်ပြည်နယ်အတွင်း လူမှုအကြမ်းဖက်မှုအပေါ် စုံစမ်းရေးကော်မရှင်" (ရခိုင်

[1301] K-125

စုံစမ်းရေး ကော်မရှင်) ၏ အစီရင်ခံစာတို့မှ ဖော်ပြချက်များအပါအဝင် လူထု အတွင်း ရရှိနိုင်သော အချက်အလက်များကို အခြေခံလျက် အကျဉ်းချုပ် ဖော်ပြထားပါသည်။

၆၂၅။ ၂၀၁၂ ခုနှစ် မေလ ၂၈ ရက်နေ့တွင် သက် ၂၇ နှစ်အရွယ် ဗုဒ္ဓဘာသာဝင် အမျိုးသမီး မသီတာထွေးသည် ရခိုင်ပြည်နယ်တောင်ပိုင်း ရမ်းဗြဲမြို့နယ် ကျောက်နီမော် ကျေးရွာအုပ်စုတွင် အသတ်ခံခဲ့ရသည်။ ၂၀၁၂ ခုနှစ် ဇွန်လတွင် The New Light of Myanmar သတင်းစာက မှုခင်းမှာ မုဒိန်းကျင့်ပြီး သတ်ဖြတ်ခံရကြောင်း သတင်းရေးသားသည်။ ယင်းသည် သံသယ ရှိသူ သုံးဦး၏ အမည်ကို သူတို့သည် "ဘင်္ဂါလီ/အစ္စလာမ်များ" ဖြစ်သည်ဆိုသည်ကို ဖော်ပြလျက် ထုတ်ဖော်ဖြန့်ဝေခဲ့သည်။[1302] စွပ်စွဲခံရသူ သုံးဦးကို ဆက်တိုက်ဆိုသလိုပင် တရားစွဲဆိုကာ သေဒဏ် ချမှတ်ခဲ့သည်။ သူတို့ထဲမှ တစ်ဦးသည် ဖမ်းဆီးခံထားရစဉ်အတွင်း ၂၀၁၂ ခုနှစ် ဇွန်လ ၉ ရက်နေ့တွင် သူ့ကိုသူ ကြိုးဆွဲချ သေဆုံးခဲ့ရကြောင်း သတင်းများ ထုတ်ပြန်ခဲ့သည်။[1303] ယင်းတွင် အမျိုးသမီးကို သတ်ဖြတ်သူများနှင့် ပတ်သက်၍ သံသယ ဖြစ်ဖွယ်ရာ မရှိသော်လည်း မစ်ရှင်သည် မုဒိန်းပြုကျင့်သည် ဟူသော စွပ်စွဲချက်နှင့် စွပ်စွဲခံရသူများ၏ မူလ တိုင်းရင်းသားဖြစ်မှုတို့အပေါ်တွင် သံသယ ရှိကြသည်ကို နားလည်သည်။[1304] နောက်ပိုင်း ရက်များနှင့် ရက်သတ္တပတ်များတွင် လူသတ်မှုထက် မုဒိန်းပြုကျင့်မှု စွပ်စွဲချက်သာ အဓိကဖြစ်လာခဲ့ပြီး ယင်းကို ရိုဟင်ဂျာများအား အကြမ်းဖက်မှုနှင့် အမုန်းပွားမှု ဖြစ်စေရန် လှုံ့ဆော်ရာတွင် အသုံးပြုခဲ့ကြသည်။ မြန်မာနိုင်ငံတွင် အခြားသော မွတ်စလင်ဆန့်ကျင်ရေး ဖြစ်ရပ်များသည်လည်း မုဒိန်းကျင့်မှု စွပ်စွဲချက်များ နောက်တွင် ဖြစ်ပေါ်ခဲ့ပြီး အချို့မှာ နောက်ပိုင်းတွင် မဟုတ်ကြောင်း ပြန်လည်ပေါ်ပေါက်ခဲ့သည်ကို မစ်ရှင်က သတိပြုမိသည်။[1305]

၆၂၆။ The New Light of Myanmar တွင် ဤအဖြစ်အပျက်ကို သတင်းရေးသားဖော်ပြခြင်း မပြုမီ အဖြစ်အပျက်ကို "ကုလားများ" အား အပြစ်ပုံချထားသည့် သွေးထိုးလှုံ့ဆော်သော သဘောထားထင်မြင်ချက်များ ပါဝင်သည့် သေဆုံးအမျိုးသမီး၏ မဖွယ်မရာဓါတ်ပုံများ ပြန့်နှံ့နေပြီးဖြစ်သည်။[1306] ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်က "သွေးထိုးလှုံ့ဆော်သော ကောက်ချက်များနှင့်အတူ" ဓါတ်ပုံများသည် "အမည်ဖော်ထားခြင်းမရှိသော အင်တာနက်ရှိ လမ်းကြောင်း" များမှ အလျင်အမြန်ပြန့်နှံ့နေခဲ့သည်ဟု မှတ်ချက်ပေးသည်။ ယင်းတွင် "အင်တာနက် ရရှိခြင်း မရှိသော ရခိုင် ကျေးရွာများနှင့် မြို့များသို့လည်း ရုပ်ပုံများနှင့် သတင်းများ ပြန့်နှံ့ခဲ့ကြောင်း" မီးမောင်းထိုးဖော်ပြခဲ့သည်။[1307]

၆၂၇။ ၂၀၁၂ ခုနှစ် ဇွန်လ ၃ ရက် The New Light of Myanmar သတင်းစာအရ ဝံသာနုရက္ခိတ အသင်းက ရခိုင်ပြည်နယ် တောင်ပိုင်း တောင်ကုတ်ရှိ လူစည်ကားသော နေရာများတွင် အမျိုးသမီး၏ရုပ်ပုံပါသော လက်ကမ်းစာစောင်များကို ဖြန့်ဝေခဲ့သည်။ သူတို့

[1302] New Light of Myanmar "Three murderers who raped, stabbed a woman to death to be brought to trial soonest" (5 June 2012).

[1303] MNA (မြန်မာ သတင်း အေဂျင်စီ)၊ "Two who rob, rape and murder a woman from Kyauknimaw Village sentenced to death" (The New Light of Myanmar၊ ၂၀၁၂ ခု ဇွန်လာ ၁၉ ရက်) အောက်ပါလင့်ခ်တွင် ကြည့်နိုင်သည်။ http://www.burmalibrary.org/docs13/NLM2012-06-19.pdf, p.2; DI-012.

[1304] DI-012, DI-077, DM-066

[1305] ဤအပိုင်း၊ အခန်း C.6.b။ ကြိုတင်ပြင်ဆင်မှု၊ စုံစမ်းစစ်ဆေးခြင်းနှင့် လုံခြုံရေး တပ်ဖွဲ့များ၏ အခန်းကဏ္ဍတွင် ကြည့်

[1306] ဥပမာအနေဖြင့် အောက်ပါ Blog စာမျက်နှာများတွင် ကြည့်။ http://hlaoo1980.blogspot.com/2012/06/arrakan-boiling-with-anti-islamic-fever.html (၂၀၁၈ ဩဂုတ်လက ကြည့်ရှုခဲ့သည်။) နှင့် http://terrorist2012.blogspot.com/2012/08/blog-post.html (၂၀၁၈ ဩဂုတ်လက ကြည့်ရှုခဲ့သည်) ။ ထိုသို့သော သတင်းများကို ထိုအချိန်မှ စ၍ ပယ်ဖျက်ခဲ့သည်။

[1307] ရခိုင်ပြည်နယ် လူမှု အသိုင်းအဝိုင်း အကြမ်းဖက်မှု စုံစမ်းရေး ကော်မရှင် ၊ နောက်ဆုံး အစီရင်ခံစာ၊ (၂၀၁၃ ဇူလိုင်) စာမျက်နှာ ၈။

တောင်ကုတ်ပြည်သူလူထုကို မွတ်စလင်များက ရခိုင်အမျိုးသမီးများကို “ရည်ရွယ်ချက်ရှိရှိ စော်ကား” နေသည်ကို “သတိထား”ကြရန် တောင်းဆိုထားသည်။ ထိုနေ့တစ်ရက်ထဲမှာပင် တောင်ဂုတ်တွင် လူပေါင်း ၃၀၀ လောက်ရှိသည့် လူအုပ်ကြီးက ရန်ကုန်သို့ ဘတ်စ်ကားဖြင့် သွားသော မွတ်စလင်ဘုရားဖူး ၁၀ ဦးကို သတ်ပစ်လိုက်သည်။[1308] ဆောင်းပါးတွင် ဖော်ပြထားသော အခြေအနေများကို ကြည့်ပါက တိုက်ခိုက်မှုမှာ ကြိုတင် ပြင်ဆင်ထားပုံရသည်။

၆၂၈။ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နောက်ပိုင်းတွင် ရခိုင်ပြည်နယ်တလွှား အကြမ်းဖက်မှု ပြန့်နှံ့သွားပြီး အနည်းဆုံး ၂၀၁၂ ဩဂုတ်လအထိ ကြာမြင့်ခဲ့သည်။ အကြမ်းဖက်မှု ဒုတိယလှိုင်းက ရခိုင်ပြည်နယ်ကို ၂၀၁၂ ခုနှစ် အောက်တိုဘာတွင် ရိုက်ခတ်ခဲ့သည်။ ယင်းသည် မြို့နယ် ၁၂ ခုရှိ ရိုဟင်ဂျာ၊ ရခိုင်တိုင်းရင်းသားများနှင့် ကမာန် လူ့အဖွဲ့အစည်းများကို ရိုက်ခတ်ခဲ့သည်။ နောက်ထပ် အကြမ်းဖက်မှုမှာ ၂၀၁၃ ခုနှစ်တွင် သံတွဲတွင် ဖြစ်ပွားခဲ့သည်။ ၂၀၁၂ နှင့် ၂၀၁၃ အတွင်း လုံခြုံရေး တပ်ဖွဲ့များ - တစ်ခါတစ်ရံတွင် ရခိုင်များနှင့် ယှဉ်တွဲလျက်- ရခိုင်ပြည်နယ် တဝှမ်း ရိုဟင်ဂျာနှင့် ကမာန်များအပေါ် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြသည်။ ယင်းတွင် အိမ်များကို မီးရှို့ခြင်း[1309]၊ ဆိုင်များကို လုယက်ခြင်း၊ မိန်းမများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် တရားမဲ့၊ မည်သူမည်ဝါ မခွဲခြားပဲ သတ်ဖြတ်ခြင်းများ၊ ပါဝင်သည်။[1310] အလောင်းများကို မကြာခဏ အာဏာပိုင်များက ယူဆောင်သွားကြပြီးနောက် မည်သို့ ရောက်သွားသည်ကို မသိရပေ။[1311] အာဏာပိုင်များသည် ရိုဟင်ဂျာများကို အစုအပြုံလိုက် ဥပဒေမဲ့ ဖမ်းဆီးခြင်းများကိုလည်း ပြုလုပ်ပြီး ရဲစခန်းများနှင့် ဘူးသီးတောင်ထောင်များတွင် နှိပ်စက်ညှင်းပမ်းမှုများ ပြုလုပ်ခဲ့ကြသည်။[1312] လုံခြုံရေး တပ်ဖွဲ့များသည် တိုင်းရင်းသားရခိုင်များ သို့မဟုတ် ရိုဟင်ဂျာများက ကျူးလွန်သည့် အကြမ်းဖက်မှုများကို လိုလိုလားလား တားဆီး စွက်ဖက်ရန် ပျက်ကွက်ခဲ့ကြသည်။ မူစလင်များအတွက် ယေဘူယျ ကန့်သတ်ချက်များကိုလည်း ထပ်မံ တင်းကြပ်လိုက်သည်။[1313] ရခိုင် စုံစမ်းစစ်ဆေးရေး ကော်မရှင် အဆိုအရ လူပေါင်း ၁၉၂ ဦးသေဆုံးပြီး ၂၆၅ ဦးထက်မနည်း ဒဏ်ရာရရှိကာ အိမ်ခြေပေါင်း ၈,၆၁၄ လုံး ဖျက်ဆီးခံခဲ့ရသည်။ ယင်းကိန်းဂဏန်းသည် အမှန်တကယ် အကြမ်းဖက်မှုကြောင့် ဖြစ်ပွားသည့် အရေအတွက်ထက် လျော့နည်းမည်ဟု ယုံကြည်သည်။

၆၂၉။ အကြမ်းဖက်မှုကြောင့် အခြားသော မြို့နယ် အများအပြား သက်ရောက်မှု ခံရချိန်တွင် မစ်ရှင်သည် အဓိက နေရာသုံးခုတွင် အထင်ကရ အဖြစ် ပိုမိုကျယ်ပြန့်သော ပုံဖော်နိုင်ရန် အသေးစိတ်အချက်အလက်များကို စစ်ဆေးခဲ့သည်။ ၂၀၁၂ ခုနှစ်ဇွန်လတွင် မောင်တော၊ ၂၀၁၂ ဇွန်လ တွင် စစ်တွေနှင့် ၂၀၁၂ အောက်တိုဘာတွင် ကျောက်ဖြူတို့ ဖြစ်သည်။

---

[1308] New Light of Myanmar, “10 Muslims killed in bus attack” (၂၀၁၂ ခု ဇွန်လ ၅ ရက်)

[1309] CI-052, CI-066, CI-068, CI-069, CI-076, CI-077, CI-078, CI-082, CI-083, CI-084, CI-085, CI-087, CI-088, CI-091, CI-094, CI-097, CI-098, CI-163, CI-165, CI-167, CI-168, CI-170, CI-171, CI-172, CI-173, CI-174, DI-004, DI-007, DI-012, DI-020, DI-021, DI-023, DI-024, DI-038, DI-051, DI-054, DI-055, DI-075, QI-076.

[1310] CI-069, CI-074, CI-077, CI-080, CI-083, CI-085, CI-086, CI-165, CI-166, CI-167, CI-168, CI-170, CI-173, CI-192, CI-193, DI-002, DI-004, DI-007, DI-008, DI-020, DI-021, DI-022, DI-023, DI-024, DI-038, DI-047, DI-049, DI-054, DI-073, QI-076, ZI-002.

[1311] CI-061, CI-068, CI-088, CI-174, DI-002, DI-022, DI-038.

[1312] CI-065, CI-068, CI-072, CI-073, CI-076, CI-079, CI-080, CI-083, CI-087, CI-089, CI-091, CI-094, CI-096, CI-173, CI-175, CI-193, DI-004, DI-006, DI-012, DI-020, DI-037, DI-038, DI-054, DI-073.

[1313] ဤအပိုင်း၊ အခန်း B။ စနစ်တကျ နှိပ်စက်ခြင်းနှင့် ရိုဟင်ဂျာများ၏ နှိပ်စက်ဖိဆီးမှုများ

### (က) မောင်တော အကြမ်းဖက်မှု - ၂၀၁၂ ခုနှစ် ဇွန်လ

*မောင်တောမြို့၊ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်။*

၆၃၀။ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့ အပါတ်စဉ် ဂျုမ္မာဆုတောင်းပွဲတွင် မောင်တောမြို့ရှိ မွတ်စလင်အသိုင်းအဝိုင်းသည် လွန်ခဲ့သောငါးရက်က တောင်ကုတ်တွင် အသတ်ခံရသော မွတ်စလင် ၁၀ ဦးအတွက် ဆုတောင်းသည်။[1314] ဝတ်ပြုမှု စုဝေးပွဲကို မြို့လယ်ရှိ မွန်ရှီ ပလီ[1315]တွင် လုပ်ရန် စီစဉ်ထားခဲ့သည်။ ပလီသို့ လူအရေအတွက် အများအပြား ရောက်ရှိလာခဲ့သည်။ ပလီမှာ လူများပြီး ကြပ်နေပြီဖြစ်သည့်အတွက် မွတ်စလင် ခေါင်းဆောင်များက နောက်ထပ် လူများ စုမလာစေရန် တားဆီးရန် ကြိုးစားခဲ့ကြသည်။[1316] အနီးအနားရှိ မြို့မ ဘုန်းကြီးကျောင်းမှ ပလီသို့ ကျောက်ခဲများဖြင့် ပစ်ပေါက်လာသောကြောင့် ဆုတောင်းမှုမှာ ရုတ်တရက် ရပ်ဆိုင်းသွားသည်။ လူများ ပလီမှ ထွက်ခွာကြပြီး ဦးတည်ချက် အမျိုးမျိုးသို့ ထွက်ပြေးကြပြီး[1317] သိပ်မကြာမီတွင် လုံခြုံရေး တပ်ဖွဲ့များက နေရာကို ဝိုင်းထားလိုက်ကြသည်။[1318]

၆၃၁။ ရှိနေသော ရိုဟင်ဂျာအများအပြားမှာ မောင်တောမြို့၏ လမ်းများပေါ်တွင် ဆန့်ကျင်ဆန္ဒပြမှုတွင် ပါဝင်ခဲ့ကြပြီး[1319] အနီးအနားရှိ ယူနိုက်တက် ဧည့်ဂေဟာနှင့် တောင်ပိုင်း မီတာရာပေါင်း အနည်းငယ်ရှိသော နာရီစင် ဧရိယာတို့တွင် ရိုဟင်ဂျာ ဆန္ဒပြသူများနှင့် တိုင်းရင်းသားရခိုင်များအကြား ထိပ်တိုက်ရင်ဆိုင်မှုများ ဖြစ်လာပြီး အခြေအနေမှာ ဆိုးရွားလာခဲ့သည်။ အင်တာဗျူး ဖြေဆိုသူတစ်ဦးအဆိုအရ တိုင်းရင်းသားရခိုင် အုပ်စုတစ်ခုနှင့် ဘုန်းကြီးများတွင် အချို့က ဓါးများကိုင်ဆောင်လျက် မြို့မဘုန်းကြီးကျောင်းတွင် စုဝေးခဲ့ကြသည်။[1320] နောက်ထပ် အင်တာဗျူးဖြေဆိုသူ အမျိုးသမီးတစ်ဦးမှ သူ့ကို ဘုန်းကြီး တပါးက ထိုနေ့အစောပိုင်းက အနီးအနားတွင် "ဓါးရှည်များကိုင်ဆောင်ထားသော ရခိုင်များ" ရှိနေသည့်အကြောင်း သတိပေးခဲ့ပြီး သူ့ကို အိမ်ပြန်ရန် ပြောခဲ့သည်။[1321] ယူနိုက်တက် ဧည့်ဂေဟာတွင် ရိုဟင်ဂျာလူအုပ်နှင့် အဆောက်အဦးထိပ်တွင် ရှိသော တိုင်းရင်းသား ရခိုင်များအကြား ကျောက်ခဲများဖြင့် အပြန်အလှန် ပစ်ပေါက်ကြသည်။ ရိုဟင်ဂျာလူအုပ်စုက ကျောက်ခဲများဖြင့်ပစ်သော ဗီဒီယိုကို ရိုက်ထားသော်လည်း ရခိုင်တိုင်းရင်းသားများဘက်က အကြမ်းဖက်မှုကိုတော့ ရိုက်ကူးထားခြင်းမရှိပေ။[1322] ယင်း ဗီဒီယိုကို ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်နေ့တွင် ရိုဟင်ဂျာများ "ရန်းရင်းဆန်ခတ်" ဖြစ်ခဲ့ကြောင်း အထောက်အထားအဖြစ် အစိုးရက ကျယ်ကျယ် ပြန့်ပြန့် အသုံးပြုခဲ့သည်။ ယင်းသည် အဖြစ်အပျက်များအား ပုံဖျက်ထားသော ပုံရိပ်တခုအဖြစ် ပေါ်ထွက်ခဲ့သည်။

၆၃၂။ လုံခြုံရေးတပ်ဖွဲ့များက သူတို့၏လက်နက်များဖြင့် ရိုဟင်ဂျာများကို ပစ်သည်။[1323] ကလေးများ အပါအဝင် လူအများအပြား သေဆုံးပြီး အခြားသူများမှာ ဒဏ်ရာရသည်။ အသက်

---

[1314] CI-173, CI-174, CI-175, CI-192, CI-193, DI-004, DI-012, DI-025, DI-073, XI-008.

[1315] ဂျိမ်း ပလီ ဟုလည်း သိကြသည်။

[1316] DI-056, DI-073.

[1317] CI-192, CI-193, ZI-002.

[1318] CI-192, ZI-002.

[1319] CI-173, CI-175.

[1320] DI-073.

[1321] DI-075.

[1322] CI-080, CI-175, DI-012, DI-073.

[1323] CI-173, CI-175, CI-193, CI-192, DI-004, DI-025, DI-038, DI-051, DI-054, DI-073, QI-100, XI-008, ZI-002.

၁၀ နှစ်အရွယ် ကလေးတစ်ဦး ပစ်သတ်ခံရသည်။[1324] အကြမ်းဖက်မှုပိုမိုကြီးထွားလာပြီး မျက်မြင်သက်သေများက တစ်ညလုံး သေနတ်ပစ်သံများ ကြားခဲ့ကြရသည်။[1325]

၆၃၃။ မောင်တောမြို့နယ် နေရာအများအပြားတွင် ရိုဟင်ဂျာနှင့် ရခိုင်တိုင်းရင်းသားများ၏ အိမ်များကို အခြားလူ့အသိုင်းအဝိုင်းမှ သူများက မီးရှို့ကြသည်။[1326] မွတ်စလင်ဈေးဆိုင်များ ဖျက်ဆီးခံရပြီး လုယက်ခြင်း ခံရသည်။[1327] လုယက်မှုများကို ရခိုင်တိုင်းရင်းသားများက လုံခြုံရေး များ၏ ရှေ့မှောက်တွင် လုပ်ဆောင်ခဲ့သလို လုံခြုံရေးတပ်ဖွဲ့များကလည်း တိုက်ရိုက် လုပ်ဆောင်ခဲ့ကြသည်။ သူတို့အား အကြမ်းဖက်မှုများ ရပ်တံ့စေရန် ကူညီပေးရန် ခေါ်ဆိုသည့် အခါ လုံခြုံရေးတပ်ဖွဲ့များသည် ကြားဝင် ဖြန်ဖြေမှုမရှိပဲ တုံ့ဏှိဘာဝေနေနေမှုကို ရခိုင်နှင့် ရိုဟင်ဂျာ မျက်မြင်သက်သေ နှစ်ဘက်စလုံးက ပြောပြသည်။[1328] အင်တာဗျူး ဖြေဆိုသော ရခိုင်တိုင်းရင်းသား တစ်ဦးက ပြောပြသည်မှာ-

> *ဇွန်လ ၈ ရက်နေ့ ည ၉ နာရီလောက်မှာ ရခိုင်ရွာတွေကို မွတ်စလင်တွေ ဝိုင်းထားတာ ကျနော် မြင်လိုက်တာကြောင့် ကျနော် တောင်ကုန်းတွေဘက်ကို ပြေးသွားလိုက်တယ်။ အဲဒီကနေ မွတ်စလင်တွေ ကျနော်တို့ရွာကို မီးတင်ရှို့နေတာ တွေ့ရတယ်။ ရွာအုပ်ချုပ်ရေးမှူးက လုံခြုံရေး တပ်ဖွဲ့တွေကို ခေါ်ပေမယ့် သူတို့က သူတို့မှာ အဲဒီကို လာပြီး ကူဖို့ စွမ်းရည်မရှိဘူးလို့ ပြန်ပြောခဲ့တယ်။*[1329]

၆၃၄။ မောင်တော၌ ပထမ အဖြစ်အပျက်များ ဖြစ်ပျက်ပြီး သိပ်မကြာခင် နိုင်ငံပိုင် မီဒီယာက အကြမ်းဖက်မှုအတွက် ရိုဟင်ဂျာတွေအပေါ် အပြစ်တင်သော သတင်းတွေ စပြီး ပုံနှိပ်ဖြန့်ဝေခဲ့သည်။ သူတို့က "အကြမ်းဖက်မှု" ဟု ရည်ညွှန်းထားသော သွေးထိုးလှုံ့ဆော်သည့် ခေါင်းစဉ်များ အသုံးပြုပြီး ရခိုင်တိုင်းရင်းသားများ၏ အကြမ်းဖက်မှုနှင့် အကြမ်းဖက်မှုတွင် လုံခြုံရေးတပ်ဖွဲ့များ တက်ကြွစွာ ပါဝင်ဖြေရှင်းခြင်းမပြုသည်ကို ဖော်ပြခြင်းမရှိပဲ ရိုဟင်ဂျာ "လူအုပ်စုများ" က ရခိုင်တိုင်းရင်းသား လူမှုအသိုင်းအဝိုင်းကို သောကြာနေ့ ဆုတောင်းပွဲအပြီးတွင် တိုက်ခိုက်ကြောင်း ဖော်ပြခဲ့သည်။[1330]

၆၃၅။ နောက်ပိုင်း ရက်သတ္တပတ်များအတွင်းတွင် ရဲများနှင့် တပ်မတော်စစ်သားများက မောင်တောတွင် မိန်းမနှင့် ကလေးများအပါအဝင် ရိုဟင်ဂျာများကို သတ်ဖြတ်တော့သည်။[1331] သတ်ဖြတ်မှုများသည် ဥပဒေနှင့်မညီပဲ လက်လွတ်စပယ်နိုင်သည်။ မျက်မြင်သက်သေတစ်ယောက်က ဈေးတွင် ရဲက ဟင်းသီးဟင်းရွက်ရောင်းနေသော အသက် ၈ နှစ်- ၉ နှစ်အရွယ် မိန်းကလေးငယ်လေးကို ပစ်သတ်လိုက်သည်ကို မြင်တွေ့ခဲ့ရကြောင်း ပြန်ပြောပြသည်။ ရဲက နောက်ပိုင်းတွင် ထိုအဖြစ်အပျက်တွင် ၎င်းတို့မှားယွင်းခဲ့ကြောင်း

---

1324 DI-054, ZI-002.

1325 DI-004, DI-025, DI-054, DI-073.

1326 CI-076, CI-082, CI-091, CI-092, CI-153, CI-173, CI-174, DI-004, DI-012, DI-038, DI-039, DI-040, DI-045, DI-051, DI-054, DI-075, QI-106, XI-008.

1327 CI-080, CI-091, DI-073, XI-008.

1328 DI-040, DI-045.

1329 DI-040.

1330 ဥပမာ- Myanmar Express, "Circulating news says the Yangon City Hall will be set on fire" (၂၀၁၂ ဇွန်လ ၈ ရက်) အောက်ပါလင့်တွင် ရရှိနိုင်သည်။ http://eaglefighter050.blogspot.com/2012/06/blog-post_1187.html (၂၀၁၈ စက်တင်ဘာလက ကြည့်ရှုသည်)။ Eleven Media Group, "Riots escalate due to insufficient security in Rakhine city" (၂၀၁၂ ခု ဇွန်လ ၁၀ ရက်)။ အင်တာဗျူးဖြေဆိုသူတစ်ဦးက ဖုန်းလိုင်းများနှင့် အင်တာနက်များ ပြတ်တောက်နေသော်လည်း ဇွန်လ ၈ ရက်နေ့က အကြမ်းဖက်မှုကိစ္စ ဓါတ်ပုံများကို Eleven Media က တင်ထားသည်ကို တွေ့ရသည့်အခါ အလွန် အံ့သြမိကြောင်း ပြောပြသည်။ (DI-176).

1331 CI-082, CI-173, CI-192, CI-193, DI-003, DI-004, DI-025, DI-038, DI-073, XI-008, ZI-002.

ပြောခဲ့သည်။[1332] နောက်ထပ် အင်တာဗျူးဖြေဆိုသူတစ်ဦးက ရဲက ရိုဟင်ဂျာအမျိုးသမီးတစ်ဦးကို သတ်ဖြတ်ခဲ့သည်ကို ပြန်လည်ပုံဖော်ပြောပြသည်။

> *ဟာရီရွာ ဈေးနဲ့ကပ်လျက်မှာ ကျနော့်အိမ်ရှိတယ်။ ၂၀၁၂ ခု ဇွန် ၉ ရက်မှာ ကျနော့်သူငယ်ချင်းအတွက် အစားအစာဝယ်ဖို့ အဲဒီကိုသွားခဲ့တယ်။ မနက် ၉ နာရီ ခွဲလောက်မှာ ရဲ ဆယ်ယောက်လောက် ဈေးထဲဝင်လာတယ်။ ရဲအရာရှိတယောက်က ပြေးနေတဲ့ အသက် ၃၀ အရွယ် မိန်းမတစ်ယောက်ကို သေနတ်နဲ့ပစ်တယ်။ အဲဒါကို ကျနော့်မျက်စိနဲ့ ကိုယ်တိုင်မြင်ခဲ့တယ်။ ရဲတွေက အဲဒီမိန်းမကို သူတို့ကားပေါ် တင်သွားတယ်။*[1333]

၆၃၆။ ရွာသားများအား အလောင်းများ သို့မဟုတ် ဒဏ်ရာရသူများကို မကောက်နိုင်အောင် တားထားပြီး ထိုသို့လုပ်ဆောင်သောသူများကို စစ်သားများက ပစ်သည်။[1334] မကြာခဏပင် ရဲ သို့မဟုတ် စစ်သားများက လူသေအလောင်းများကို သူတို့ကားများပေါ်သို့ တင်ကြသည်။ မောင်တောမှ ဘူးသီးတောင်သို့သွားသော လမ်းဘေးကပ်လျက်တွင် အလောင်းများကို အစုလိုက်အပြုံလိုက် မြှုပ်ထားသော မြေကျင်းနှစ်ခု ရှိကြောင်း စွပ်စွဲသည့် ယုံကြည်စိတ်ချရသော အစီရင်ခံချက်များ မစ်ရှင်က ရရှိခဲ့သည်။[1335] ထိုမျှသာမက အင်တာဗျူးဖြေဆိုသူတစ်ဦးက သူ့အနေဖြင့် ညအချိန်တွင် စစ်သားများ အကြိမ်ကြိမ်လာရောက်ပြီး အလောင်းများကို ကွင်းပြင်ရှိ ကျင်းတစ်ခုထဲသို့ ထည့်နေသည်ကို မြင်ကြောင်း ပြောပြသည်။ သူက အလောင်းများသည် အနီးရှိ မြစ်အတွင်း ပါသွားပြီး မြစ်ထဲတွင် အလောင်းများ မျောနေသည်ကို တွေ့ခဲ့ကြောင်း ပြောပြသည်။[1336]

၆၃၇။ လုံခြုံရေး တပ်ဖွဲ့များ၏ သတ်ဖြတ်မှုများ အပြင် မစ်ရှင်သည် ရိုဟင်ဂျာများက တိုင်းရင်းသား ရခိုင်များအား သတ်ဖြတ်မှုများ နှင့် တိုင်းရင်းသားရခိုင်များက ရိုဟင်ဂျာများအား သတ်ဖြတ်မှုများအကြောင်း အစီရင်ခံချက်များ ရရှိခဲ့သည်။

*ဥပဒေအရမဟုတ်သော ဖမ်းဆီးမှုများ*

၆၃၈။ ရဲ၊ နစက နှင့် တပ်မတော်တို့က ရိုဟင်ဂျာများကို ဥပဒေအရမဟုတ်ပဲ ဖမ်းဆီးခြင်းများသည် ၂၀၁၂ ဇွန်လ ၈ ရက် နောက်ပိုင်းအဖြစ်အပျက်များ၏ သွင်ပြင်လက္ခဏာများ ဖြစ်လာသည်။ ယင်းမှာ လအနည်းငယ်ကြာသည်အထိ ဆက်ဖြစ်နေခဲ့သည်။[1337] ထိုဖမ်းဆီးမှုများသည် အကြမ်းဖက်မှုများတွင် ပါဝင်သည်ဟူသော စွပ်စွဲချက်ဖြင့် ဥပဒေအရ မဟုတ်သော ဖမ်းဆီးမှုများ ဖြစ်ပြီး တစုတပေါင်းတည်းအပြစ်ပေးသည့် အပြုအမူဖြစ်ကြောင်း ထင်ရှားသည်။ အင်တာဗျူးဖြေဆိုသူ တစ်ဦးက ၂၀၁၂ ခု ဇွန်လ ၉ ရက်နေ့တွင် လူ ၅၀ ခန့်ဆန့်သော အမိုးဖွင့် ထရပ်ကားများဖြင့် မုန်ရှီပလီ အနီးရှိ ရဲစခန်းသို့ ရိုဟင်ဂျာ အများအပြားကို သယ်ဆောင်သွားကြောင်း ရှင်းပြသည်။[1338] အချို့သော ဖြစ်ရပ်များတွင် ထိန်းသိမ်းခံရသူများသည် နောက်ပိုင်းတွင် ပျောက်ဆုံးသွားသည်။[1339] ကြိမ်ဖန်များစွာပင် အာဏာပိုင်များသည်

---

[1332] DI-073.

[1333] DI-003

[1334] CI-082, CI-173, DI-054.

[1335] K-106.4.

[1336] CI-173.

[1337] CI-072, CI-076, CI-082, CI-091, CI-136, CI-173, CI-174, CI-175, CI-192, CI-193, DI-006, DI-025, DI-038, DI-054, DI-073, DI-075, QI-108, QI-106, XI-008, ZI-002.

[1338] DI-073.

[1339] CI-173, DI-025.

ထိန်းသိမ်းထားသူများကို ကြီးမားသော လာဘ်ငွေ ပေးဆောင်ပါက လွှတ်ပေးမည်ဟု ကမ်းလှမ်းခဲ့ကြသည်။ လာဘ်ငွေ မပေးနိုင်သူများမှာ မကြာခဏပင် ဘူးသီးတောင် ထောင်သို့ လွှဲပြောင်းခံရသည်။[1340] အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ပြောသည်မှာ-

> *တစ်ယောက်ယောက်ကို ရဲ ဒါမှမဟုတ် တပ်မတော်က ဖမ်းပြီဆိုရင် သူတို့ကို ဒေသခံ ရဲစခန်းမှာ နှစ်ရက် ဒါမှမဟုတ် သုံးရက် ထိန်းထားပြီး ဆွေမျိုးတွေက သူတို့ကို ငွေပေးအောင် စောင့်တယ်။ ငွေပေးနိုင်တဲ့ လူတွေကို လွှတ်ပေးတယ်။ တခြားသူတွေကိုတော့ ထောင်ကိုပို့တယ်။ ကျွန်တော် တခြားရွာသား ခုနစ်ယောက်နဲ့အတူ အဖမ်းခံရပြီး အကြမ်းဖက်မှုတွေမှာ ပါဝင်ခဲ့တယ်လို့ စွပ်စွဲခံရတယ်။ တချို့ ရွာသားတွေက ဆင်းရဲပြီး လာဒ်မထိုးနိုင်ကြဘူး။ သူတို့ကို ဘူးသီးတောင် ထောင်ကိုခေါ်သွားပြီး ထောင်ဒဏ် ၁၀ နှစ် ချလိုက်တယ်။ ကျွန်တော်အပါအဝင် တခြားသူတွေက အာဏာပိုင်တွေကို လာဘ်ထိုးပြီး လွတ်လာခဲ့တယ်။*[1341]

၆၃၉။ အချို့သော တိုင်းရင်းသားရခိုင်များသည်လည်း အကြမ်းဖက်မှုတွင် ပါဝင်သည်ဟူသော စွပ်စွဲချက်ဖြင့် ဥပဒေမဲ့ ဖမ်းဆီး ထိန်းသိမ်းခြင်း ခံရသည်။[1342]

၆၄၀။ ရိုဟင်ဂျာများအား အစုအပြုံလိုက် ဖမ်းဆီးခြင်းအပြင် အာဏာပိုင်များသည် ပြင်ဆင်ထားသော အမည်စာရင်းတွင် ပါဝင်သည့် သတ်မှတ်ထားသော ရိုဟင်ဂျာများကိုလည်း ဖမ်းဆီးသည်။[1343] လူငယ်များ၊ ပညာတတ်များ၊ NGO ဝန်ထမ်းများနှင့် ဘာသာရေး ခေါင်းဆောင်များကို ပစ်မှတ်ထားခဲ့သည်။[1344] မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များမှ NGO ဝန်ထမ်းများက သူတို့ကို အကြမ်းဖက်မှုတွင် ပါဝင်သည်ဟု စွပ်စွဲထားပြီး ရဲစခန်းသို့ သွားရောက်ရန် တောင်းဆိုထားသော စာတစ်စောင်ရရှိကြောင်း ပြောပြကြသည်။ အချို့မှာ လာဘ်ငွေ ပေးပြီး လွတ်မြောက်ခဲ့ကြသည်။ အခြားသူများမှာ ဘူးသီးတောင် ထောင်သို့ ရွှေ့ပြောင်းခံရသည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးအား ရဲအရာရှိတစ်ဦးက သူ့အမည်မှာ "နိုင်ငံတကာ အသိုင်းအဝိုင်းသို့ အချက်အလက်များ ပေးပို့သူ" လူပုဂ္ဂိုလ်များ၏ စာရင်းတွင် ပါရှိနေသည်ဟု ပြောခဲ့သည်။ ရဲအရာရှိက သူ့အား စောင့်ကြည့်ရန်နှင့် သူ့အကြောင်း အစီရင်ခံရန် "အထက် အာဏာပိုင်များ၏ ခွင့်ပြုချက်များ" ရရှိထားပြီးဖြစ်ကြောင်း ပြောပြီး သူ့ကို လာဘ်ငွေ တောင်းသည်။[1345] ဖမ်းဆီးခံရမည်ကို ကြောက်သောကြောင့် ရိုဟင်ဂျာ အများအပြားသည် အိမ်တွင်သာ အများစုအချိန်များတွင် နေထိုင်ကြသည် သို့မဟုတ် လုံခြုံရေး တပ်ဖွဲ့များ ရွာအနီး ချဉ်းကပ်လာသောအခါ ပုန်းနေကြရသည်။[1346] ရိုဟင်ဂျာများ အထူးသဖြင့် ကလေးများသည် ဆာလောင်ငတ်မွတ်မှုကို စတင်ခံစားလာရသည်။[1347]

---

[1340] အခန်း C.3၊ ဘူးသီးတောင် ထောင်တွင် နှိပ်စက်ညှင်းပမ်းမှုနှင့် မလျော်မကန် ပြုမူမှုများတွင် ကြည့်

[1341] CI-065.

[1342] DI-039.

[1343] CI-061, CI-136, CI-173, CI-175, DI-025.

[1344] CI-061, CI-065, DI-003, DI-004, DI-025, DI-037, DI-038, DI-051, DI-056, QI-106.

[1345] CI-061

[1346] DI-025.

[1347] DI-009, DI-054, DI-075.

### (ခ) စစ်တွေ အကြမ်းဖက်မှု - ၂၀၁၂ ခုနှစ် ဇွန်လ

၆၄၁။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု မတိုင်မီက စစ်တွေမြို့တွင် လူဦးရေ၏ ထက်ဝက်သည် (ရိုဟင်ဂျာနှင့် ကမာန်)[1348] များ ဖြစ်ကြသည်။

၆၄၂။ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက် မောင်တောတွင် အကြမ်းဖက်မှုများ ဖြစ်ပွားလာခဲ့ပြီး မကြာမီ တောင်ပိုင်း ကီလိုမီတာ ၁၀၀ ကျော်ဝေးကွာသော စစ်တွေတွင် အကြမ်းဖက်မှုဖြစ်ပွားသည်။[1349] အကြမ်းဖက်မှု အများစုမှာ ပထမပိုင်း ရက်အနည်းငယ်အတွင်း ဖြစ်ပွားခဲ့သည်။ ရခိုင် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အစီရင်ခံစာအရ စစ်တွေ အကြမ်းဖက်မှုတွင် ရခိုင် ၁၁ ဦးနှင့် ရိုဟင်ဂျာ ၂၄ ဦး သေဆုံးခဲ့သည်သာမက ရခိုင်အိမ်ပေါင်း ၆၆၆ အိမ်နှင့် ရိုဟင်ဂျာအိမ်ပေါင်း ၂, ၉၆၇ အိမ် ပျက်စီးခဲ့သည်။[1350] စစ်တွေတွင် အမှန်တကယ်ဖြစ်သော ထိခိုက်မှုများနှင့် ပျက်ဆီးမှုများမှာ ပိုမိုမြင့်မားမည်ဟု ယုံကြည်ရသည်။

၆၄၃။ အကြမ်းဖက်မှုတွင် အိမ်များ မီးလောင်ခြင်းနှင့် လုယက်ခြင်း၊ လူသတ်ခြင်း၊ အကျဉ်းရုံး သတ်ဖြတ်ခြင်းများ နှင့် ရခိုင်တိုင်းရင်းသားများနှင့် မွတ်စလင်များ နှစ်ဘက်စလုံးကို သက်ရောက်သော အကြီးအကျယ် ရွှေ့ပြောင်းရခြင်းများ တွေ့မြင်ရသည်။ စစ်တွေမြို့၏ မွတ်စလင်လူဦးရေ၏ အများစုမှာ အကြမ်းဖက်မှုတွင် ရွှေ့ပြောင်းခဲ့ရသည်။ ခြောက်နှစ် ကြာလာသည့်တိုင် အများစုမှာ စစ်တွေကျေးလက်ဒေသတွင် ဆောက်လုပ်ထားသော ရွှေ့ပြောင်း စခန်းများနှင့် နေရာများတွင် ရခိုင်တိုင်းရင်းသားများနှင့် လုံးဝခွဲခြားပြီး နေထိုင်နေကြဆဲဖြစ်သည်။ တစ်ခါတစ်ရံ “မွတ်စလင် သီးခြားကန့်သတ်ရပ်ကွက်” ဟု ရည်ညွှန်းလေ့ရှိသော အောင်မင်္ဂလာသည် စစ်တွေမြို့တွင် တစ်ခုတည်း ကျန်ရစ်သည့် မွတ်ဆလင် ဧရိယာဖြစ်သည်။[1351]

၆၄၄။ မြန်မာနိုင်ငံသို့ဝင်ရောက်ခွင့် မရသည့်အတွက် မစ်ရှင်သည် ၂၀၁၂ ခုနှစ် ဇွန်လ စစ်တွေတွင် ရခိုင်တိုင်းရင်းသားများအပေါ် ကျူးလွန်ခဲ့သည့် အကြမ်းဖက်မှုများအပေါ် လုံလောက်သော အချက်အလက် စုဆောင်းနိုင်ခဲ့ခြင်းမရှိပါ။ ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များအရ မွတ်စလင် အုပ်စုများသည် ရခိုင်တိုင်းရင်းသားများ၏ အိမ်များနှင့် ဘုန်းကြီးကျောင်းများကို မီးရှို့တိုက်ခိုက်ခဲ့ကြသည်။[1352] ဤကိစ္စကို ထပ်မံ စုံစမ်းရန် လိုအပ်သေးသည်။

*လုံခြုံရေး တပ်ဖွဲ့များ၏ ပါဝင်မှု*

၆၄၅။ စစ်တွေတွင် လုံခြုံရေးတပ်ဖွဲ့များသည် မွတ်စလင်များအပေါ် အကြမ်းဖက်မှုတွင် တက်ကြွသော ကဏ္ဍမှ ပါဝင်ခဲ့ကြပြီး မကြာခဏပင် ရခိုင်တိုင်းရင်းသားများနှင့်အတူ သူတို့နှင့် သူတို့၏ အိမ်များကို တိုက်ခိုက်ခဲ့ကြသည်။[1353] အခြားဖြစ်ရပ်များတွင် လုံခြုံရေး တပ်ဖွဲ့များသည် တိုက်ခိုက်မှုများကို ဦးဆောင်နေသော[1354] ရခိုင်များကို ပံ့ပိုးမှုပေးခဲ့သည် သို့မဟုတ် သူတို့၏ လုံခြုံရေးအတွက် အကူအညီတောင်းခံနေသော မွတ်စလင်များအား ပံ့ပိုးကူညီရန် ငြင်းဆန်ခဲ့ကြသည်။[1355] ကာကွယ်မှု တောင်းဆိုခဲ့သည့် အင်တာဗျူး ဖြေဆိုသော ကမာန်တစ်ဦးကို လုံခြုံရေးတပ်ဖွဲ့များက အထက်အာဏာပိုင်များထံမှ ညွှန်ကြားချက်မရပဲ

---

[1348] V-237

[1349] CI-096; K-076.9.15

[1350] ရခိုင်ပြည်နယ် လူမှု အသိုင်းအဝိုင်း အကြမ်းဖက်မှု စုံစမ်းရေး ကော်မရှင်၊နောက်ဆုံး အစီရင်ခံစာ (၂၀၁၃ ခု ဇူလိုင်လ)

[1351] ဤအခန်း၊ အပိုင်း B.2.d၊ ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် အထူး ကန့်သတ်ချက်များတွင်ကြည့်။

[1352] KI-076.9.01, KI-076.18.

[1353] CI-066, CI-086, CI-166, DI-020, DI-023, DI-035, DI-049, DI-050, DI-055.

[1354] CI-069, CI-086.

[1355] CI-066, CI-166.

သူတို့အနေနှင့် မကူညီနိုင်ကြောင်း ပြောပြခဲ့သည်။[1356] အလားတူပင် အင်တာဗျူး ဖြေဆိုသော ရိုဟင်ဂျာတစ်ဦးက ဇွန်လ ၁၀ ရက်နေ့တွင် ရခိုင်တိုင်းရင်းသား အုပ်စုကြီးတစ်ခုသည် သူ့ရွာကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး ရိုဟင်ဂျာမိသားစုများသည် အိမ်တစ်အိမ်တွင် ခိုလှုံနေကြရသည်ဟု ပြောပြသည်။ သူတို့က ရဲကို အကူအညီပေးရန် ဖုန်းဆက်ခဲ့သော်လည်း အရာရှိများက သူတို့သည် ရိုဟင်ဂျာများဖြစ်သည်ကို သိရှိနားလည်သွားသည့်အခါ ဖုန်းချသွားခဲ့သည်။[1357]

*သတ်ဖြတ်မှုများနှင့် အကျဉ်းရုံး သတ်ဖြတ်ခြင်းများ*

၆၄၆။ ရခိုင်တိုင်းရင်းသားများ၊ ရဲအရာရှိများနှင့် တပ်မတော်မှ စစ်သားများသည် ၂၀၁၂ ခုနှစ် ဇွန်လတွင် စစ်တွေတွင် မွတ်စလင်များကို သတ်ဖြတ်ခဲ့ကြသည်။ ဖြစ်ရပ်အများစုတွင် ရခိုင်တိုင်းရင်းသားများက သူတို့၏သားကောင်များကို ဓါးကြီးများဖြင့် သတ်ခဲ့ကြပြီး[1358] လုံခြုံရေး တပ်ဖွဲ့များက သေနတ်များသုံးခဲ့သည်။[1359] တစ်ခါတစ်ရံတွင် ရခိုင်တိုင်းရင်းသား ကျူးလွန်သူများကို မွတ်စလင်ရွာသားများက သိနေခဲ့ကြသည်။[1360] ယာစီနာ ကျေးရွာမှ အင်တာဗျူး ဖြေဆိုသူတစ်ဦးက ဓါးရှည်ကြီးများ ကိုင်ဆောင်ထားသော ရခိုင်တိုင်းရင်းသားအချို့ကို သူ မှတ်မိခဲ့ပုံကို ရှင်းပြသည်မှာ-

> *သူတို့တော်တော်များများကို ကျနော်သိတယ်။ အရင်က ကျနော်တို့ တော်တော်လေး ရင်းနှီးခဲ့ကြတယ်။ အဲဒါကို ကျနော် မြင်တော့ မျက်ရည်တွေ ကျလာတယ်။ အဒ်နေ့တွေမှာ ကျနော်တို့ အစားအစာတွေ ဝေပေးခဲ့တဲ့လူတွေလည်း ပါတယ်၊ အခု သူတို့က ကျနော်တို့ကို သတ်ဖို့ ရပ်နေကြတယ်။*[1361]

၆၄၇။ ယင်းနှင့် ခြားနားစွာပင် ရိုဟင်ဂျာတစ်ယောက်က သူမအမေ၏ အသက်ကို အခြားရခိုင် တစ်ဦးက သတ်ဖြတ်ကာနီးတွင် ရခိုင်တိုင်းရင်းသားတစ်ဦးက အသက်ကို ကယ်တင်လိုက်ကြောင်း မစ်ရှင်ကို ပြောပြသည်။[1362]

၆၄၈။ အချို့သောဖြစ်ရပ်များတွင် ရခိုင်တိုင်းရင်းသားများသည် သူတို့သားကောင်များ၏ လည်ပင်းကို လှီးသည်။[1363] အခြားသောဖြစ်ရပ်များတွင် အမျိုးသမီးများ၏ ရင်သားများအပါအဝင် ခန္ဓာကိုယ်များကို ဖြတ်တောက်သည်။[1364] ရခိုင်တိုင်းရင်းသားများက သတ်ဖြတ်ခြင်း အပြင် တပ်မတော် စစ်သားများ၊ ရဲအရာရှိများ နှင့် လုံထိန်းများက[1365] သူတို့၏ အိမ်များ မီးလောင်နေသည့် အချိန်များအပါအဝင်တွင် မွတ်ဆလင်များကို သေနတ်များဖြင့် ပစ်မှတ်ရေရေရာရာ မရှိပဲ ရမ်းသမ်း ပစ်ခတ်ကြသည်။[1366] အင်တာဗျူးဖြေဆိုသူ တစ်ယောက်က မွတ်ဆလင်အုပ်စုတစ်ခု လယ်ကွင်းထဲတွင် ထိုင်နေစဉ် စစ်သားများက သေနတ်များဖြင့် ပစ်ခတ်သောအခါ သူ၏အကို သေနတ်ဖြင့် ပစ်သတ်ခံရသည်ကို တွေ့မြင်ခဲ့ရကြောင်း

---

[1356] CI-166, V-166.
[1357] CI-066.
[1358] CI-066, CI-075, CI-078, CI-086, CI-097, DI-020, DI-049, DI-050.
[1359] CI-077, CI-086, DI-007, DI-020, DI-023, DI-035, DI-049, DI-050.
[1360] CI-066, DI-023.
[1361] DI-023.
[1362] DI-050.
[1363] CI-097, DI-023.
[1364] CI-077, CI-078, CI-086, DI-020, DI-049; KI-076.9.16.
[1365] လုံထိန်းဆိုသည်မှာ လုံခြုံမှုထိန်းသိမ်းရေးတပ်ရင်းကို အတိုကောက်ခေါ်ဝေါ်ခြင်းဖြစ်သည်။ "အထူးရဲတပ်ဖွဲ့" သို့မဟုတ် "အဓိကရုဏ်းရဲတပ်ဖွဲ့" ဟုလည်း သိကြသည်။
[1366] CI-069, CI-077, CI-086, DI-007, DI-020.

ပြောပြသည်။[1367] အခြားသော အင်တာဗျူးဖြေဆိုသူတစ်ဦးက ညမထွက်ရအမိန့် စတင်ချိန်ထက် ငါးမိနစ် ကျော်လွန်သွားသောကြောင့် သူမ၏ အိမ်နီးချင်းတစ်ဦးကို တပ်မတော်စစ်သားများက စစ်တွေမြို့တွင် သတ်ပစ်လိုက်သည်ကို ပြောပြသည်။[1368]

*မီးရှို့တိုက်ခိုက်မှုများ*

၆၄၉။ စစ်တွေတွင် အိမ်များနှင့်ပလီများ ကျယ်ကျယ်ပြန့်ပြန့် မီးလောင် ပျက်စီးခဲ့သည်။[1369] နာဇီကျေးရွာသည် အဆိုးဆုံး သက်ရောက်ခဲ့သော နေရာတစ်ခုဖြစ်သည်။ ရခိုင်တိုင်းရင်းသားများ၏အိမ်များလည်း မီးလောင်ခဲ့သော်လည်း မွတ်ဆလင်များ၏အိမ်များမှာ အချိုးအစား မညီမျှအောင်ပင် သက်ရောက်ခံခဲ့ရသည်။ လုံခြုံရေး တပ်ဖွဲ့များသည် မွတ်ဆလင် အိမ်များကို မီးရှို့ရာတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။ အချို့သောဖြစ်ရပ်များတွင် ရခိုင်တိုင်းရင်းသားများနှင့် လုံခြုံရေးတပ်ဖွဲ့များ ပူးပေါင်းပြီး အိမ်များကို မီးရှို့ခဲ့သည်။ မျက်မြင်သက်သေများက တပ်မတော် နှင့်/သို့ ရဲများက အိမ်များကို မီးရှို့ရာတွင် ကူညီခဲ့သည်[1370] သို့မဟုတ် ထိုသို့ပြုလုပ်သော ရခိုင်တိုင်းရင်းသားများကို ရုပ်ပိုင်းဆိုင်ရာ အကာအကွယ် ပေးခဲ့ကြသည်ဟု ရှင်းပြခဲ့ကြသည်။[1371] ဥပမာ- ရခိုင်တိုင်းရင်းသားများက မွတ်ဆလင်များ၏ အိမ်များကို ဓါတ်ဆီထည့်ထားသော ပုလင်းများဖြင့် ပစ်ပေါက်သည့်အခါ လုံခြုံရေးတပ်ဖွဲ့များက ပုလင်းများကို သေနတ်ဖြင့် ပစ်ခြင်းအားဖြင့် မီးကို ပြန့်နှံ့သွားစေသည်။[1372] အခြားသော ဖြစ်ရပ်များတွင် မွတ်ဆလင်အိမ်များကို ပစ်မှတ်ထားပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကိုယ်တိုင် မီးရှို့ခဲ့ကြသည်။[1373] လုံခြုံရေးတပ်ဖွဲ့များသည် မီးငြိမ်းရန် ကြိုးပမ်းသော ရွာသားများကိုလည်း သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြသည်။[1374] အင်တာဗျူးဖြေဆိုသူ တစ်ဦးက ဇွန် ၁၂ ရက်နေ့ နာဇီကျေးရွာတွင် သူတွေ့ကြုံရသောအဖြစ်အပျက်ကို ပြန်ပြောပြသည်မှာ-

> *ပထမတော့ ရခိုင်တွေက ဓါတ်ဆီဖြည့်ထားတဲ့ ပုလင်းတွေကို တဲတွေပေါ်ကို ပစ်တယ်။ မွတ်ဆလင်တွေက မီးလောင်တဲ့အပေါ် ရေလောင်းပြီး မီးလောင်တာကို ရပ်အောင် ကြိုးစားကြတယ်။ ဒါပေမယ့် ရဲနဲ့ တပ်မတော် စစ်သားတွေက သူတို့အဲဒီလို မလုပ်နိုင်အောင် သူတို့ဆီကို သေနတ်နဲ့ ပစ်တယ်။ အဲဒီနောက်မှာတော့ လုံခြုံရေး တပ်ဖွဲ့ဝင်တွေ ရောက်လာပြီး မီး-လောင်ခြာတွေနဲ့ သေသေချာချာ မီးမလောင်သေးတဲ့ အဆောက်အဦတွေကို မီးလောင်အောင် ပစ်တယ်။*[1375]

*ရွှေ့ပြောင်းမှုနှင့် IDP စခန်းများသို့ရွှေ့ပြောင်းမှုများ*

၆၅၀။ စစ်တွေမြို့နှင့် အနီးဝန်းကျင်ဧရိယာများမှ ရိုဟင်ဂျာနှင့် ကမာန်အများစုတို့သည် ရွှေ့ပြောင်းကြရသည်။[1376] အချို့က စစ်တွေမြို့အပြင်ဖက်ရှိ မွတ်ဆလင်ကျေးရွာများသို့ ထွက်ပြေးခဲ့ကြသည်။[1377] အချို့က အာဏာပိုင်များ အကြံပေးသည့်အတိုင်း ထွက်ခွာကြသည်။[1378]

---

[1367] DI-020.

[1368] DI-050.

[1369] CI-066, CI-067, CI-068, CI-069, CI-078, CI-086, CI-096, CI-097, CI-156, CI-159, CI-166, DI-007, DI-020, DI-023, DI-035, DI-049, DI-050, DI-055, K-076.1

[1370] CI-066, DI-007, DI-020, DI-035, DI-055.

[1371] CI-068, CI-069, CI-077, CI-086.

[1372] CI-066, DI-035, DI-055.

[1373] DI-023.

[1374] DI-007, KI-076.9.15; KI-076.9.16, V-166.

[1375] DI-007.

[1376] CI-066, CI-069, CI-077, CI-078, CI-096, DI-007, DI-023, DI-035.

[1377] CI-096, DI-007.

အင်တာဗျူးဖြေဆိုသူတစ်ဦးက ကောင်ချီကျေးရွာရှိ ပလီတွင် ခိုလှုံနေကြသော မွတ်စလင်များကို ရဲများက ဖယ်ရှားပြီး သေနတ်နှင့် ချိန်ခံရလျက် ထွက်ခွာခဲ့ရသည်ကို ပြောပြသည်။[1379] အချို့သော ဖြစ်ရပ်များတွင် တပ်မတော်စစ်သားများက မွတ်စလင်ဒုက္ခသည်များကို ပံ့ပိုးကူညီပေးခဲ့သော်လည်း ကျူးလွန်ခံရသူတစ်ဦးက ယင်းမှာ မြို့ကထွက်ခွာသွားပါမည်ဟူသော အခြေအနေပေါ်တွင် ကူညီခြင်းဖြစ်သည်ဟု ပြောပြသည်။[1380] စစ်သားများက ဒုက္ခသည်များကို စစ်တွေမြို့အပြင်ဖက် ကျေးလက်ဒေသရှိ မွတ်စလင်ကျေးရွာများသို့ လုံခြုံရေးယူပြီး ခေါ်ဆောင်သွားခဲ့သည်။ ကိုယ်ဝန်ဆောင်မိန်းမများ နှင့် ကလေးများကို စစ်ကားများဖြင့် သယ်ဆောင်သွားကြသည်။[1381] မွတ်စလင်များသည် အစပိုင်းတွင် ကျောင်းများကဲ့သို့ နေရာများတွင် ခိုလှုံပြီး နောက်ပိုင်းတွင် ရွှေ့ပြောင်းစခန်းများသို့ ပြောင်းရွှေ့ခဲ့သည်။ ၂၀၁၃ ခုနှစ် စက်တင်ဘာ ၃၀ ရက်နေ့တွင် စစ်တွေမြို့နယ်မှ မွတ်စလင် (ရိုဟင်ဂျာနှင့် ကမာန်များ) အများစု ဖြစ်ပြီး ရခိုင်အနည်းစုပါသော လူစုစုပေါင်း ၉၅,၅၀၀ မှာ ရွှေ့ပြောင်းခဲ့ရပြီးဖြစ်သည်။[1382] အင်တာဗျူး ဖြေဆိုခဲ့သော နာစီကျေးရွာမှ သက်ကြီးရွယ်အိုတစ်ဦးက သူ၏ကျေးရွာကို စွန့်ခွာရသည့်အခါ နာကျင်ရပုံကို ပြောပြသည်မှာ-

> *ကျနော်တို့ ထွက်ရတော့ ကျနော်တို့ငိုကြတယ်။ ကြိုးကြိုးစားစား ၂၅ နှစ်လုပ်ထားတာတွေ ဆုံးရှုံးသွားခဲ့တယ်။ ကျနော် ခင်ဗျားအပေါ် မှားတာ တစ်ခုခု လုပ်ခဲ့ရင် ခင်ဗျားက ကျနော်ကို တစ်ခုခု ပြန်လုပ်နိုင်တယ်။ ဒါပေမယ့် ကျနော်က အပြစ်မရှိဘူး။ ခင်ဗျားက ဘာလို့ ကျနော့်ကို နှိပ်စက်တာလဲ။ ကျနော်တို့ ဘာအမှားလုပ်ခဲ့လို့လဲ။ ကျနော့်အတွက် အချိန်က သိပ်မကျန်တော့ပါဘူး။ ဒါပေမယ့် ကျနော့်ကလေးတွေ ကျနော့်မြေးတွေ ဘာတွေ ဖြစ်ကြမလဲ။*[1383]

### (ဂ) ကျောက်ဖြူ အကြမ်းဖက်မှု - ၂၀၁၂ ခုနှစ် အောက်တိုဘာလ

၆၅၁။ ကျောက်ဖြူမြို့နယ်သည် ရခိုင်ပြည်နယ်အတွင်း ဘင်္ဂလားပင်လယ်အော် တလျောက်ရှိ ကမ်းရိုးတမ်း မြို့နယ်ဖြစ်သည်။ စစ်တွေမြို့၏ အရှေ့တောင်ဖက် ၁၂၀ ကီလို အကွာခန့်တွင် ရှိပြီး ခန့်မှန်းလူဦးရေ ၁၆၅,၀၀၀ ရှိသည်။[1384] ၂၀၁၂ ခုနှစ် အောက်တိုဘာ မတိုင်မီက မြို့နယ်သည် ရခိုင်တိုင်းရင်းသား အများစုနှင့် ကမာန်နှင့် ရိုဟင်ဂျာ လူနည်းစုများရှိသည်။ ၂၀၁၂ ခုနှစ် ဇွန်လတွင် ကျောက်ဖြူတွင် အဓိက အကြမ်းဖက်မှုဖြစ်ပွားကြောင်း အစီရင်ခံခြင်း မရှိခဲ့ပါ။[1385] သို့ရာတွင် အရေအတွက်များပြားသော လုံခြုံရေးတပ်ဖွဲ့များကို ဇွန်လနောက်ပိုင်းတွင် ချထားခဲ့သည်။[1386]

၆၅၂။ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ရခိုင်တိုင်းရင်းသားတို့သည် ရိုဟင်ဂျာနှင့် ကမာန်များကို ကျောက်ဖြူတွင် တိုက်ခိုက်ပြီး ပလီများဖျက်ဆီးခြင်း၊ အိမ်များ မီးရှို့ခြင်း၊ နှင့် ပစ္စည်းများလုယူခြင်းတို့ လုပ်ဆောင်သည်။[1387] ရပ်ကွက်နှင့်

---

[1378] DI-023.

[1379] DI-035.

[1380] CI-069.

[1381] CI-066, CI-077, CI-078

[1382] K-69.

[1383] DI-007.

[1384] အလုပ်သမား၊ လူဝင်မှု ကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာန၊ လူဦးရေး ဌာန။ "၂၀၁၄ မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်ခြေ သန်းခေါင်စာရင်း- ရခိုင်ပြည်နယ်၊ ကျောက်ဖြူ ခရိုင်" (၂၀၁၇ အောက်တိုဘာ)

[1385] CI-165, CI-167, CI-168, CI-170.

[1386] CI-084, CI-088, CI-165, CI-168, CI-170.

[1387] CI-167, CI-168, CI -170, DI-021; KI-109, V-050.

ကျေးရွာအုပ်စုအများအပြား ထိခိုက်ကြပြီး ယင်းတို့ထဲတွင် ပိုက်ဆိပ်ရပ်ကွက်မှာ အထိအနာဆုံးဖြစ်သည်။[1388] ရခိုင်စုံစမ်းစစ်ဆေးရေးကော်မရှင်က အကြမ်းဖက်မှုကြောင့် လူ ၁၁ ဦးသေဆုံးပြီး ၄၂ ဦး ဒဏ်ရာရ (ရခိုင် တိုင်းရင်းသားနှင့် ရိုဟင်ဂျာ နှစ်ဘက်စလုံး ထိခိုက်) ပြီး ရိုဟင်ဂျာ အိမ်ပေါင်း ၈၆၀ ပျက်ဆီးခဲ့သည်။ သို့ရာတွင် ထိခိုက်ဒဏ်ရာရသူ အရေအတွက်မှာ ယခုထက် ပိုမိုများပြားလိမ့်မည်ဟု ယုံကြည်ရသည်။ မစ်ရှင်က ကျောက်ဖြူအကြမ်းဖက်မှုနှင့် ပတ်သက်၍ တိုင်းရင်းသား ရခိုင်၊ ကမာန်နှင့် ရိုဟင်ဂျာများကို အင်တာဗျူး လုပ်ထားသည်။

၆၅၃။ ၂၀၁၂ အောက်တိုဘာ အကြမ်းဖက်မှု မတိုင်မီ ကျောက်ဖြူတွင် တင်းမာမှုများ တိုးမြင့်လာနေပြီး တိုင်းရင်းသားရခိုင်များက မွတ်စလင်ရွာသားများကို တိုက်ခိုက်နိုင်သည်ဟူသော ကောလဟာလများလည်း ပြန့်နှံ့နေသည်။ မွတ်စလင်ရွာသားများကို သူတို့၏ တိုင်းရင်းသားရခိုင် မိတ်ဆွေများက တိုက်ခိုက်မှု ဖြစ်လာနိုင်ကြောင်း သတိပေးခဲ့ကြသည်။[1389] အင်တာဗျူးဖြေဆိုသူ တစ်ဦးက သူ၏တိုင်းရင်းသားရခိုင်မိတ်ဆွေမှ တယ်လီဖုန်းဆက်ပြောဆိုမှုကို ပြန်ပြောပြသည်။ ထိုသူက သူ့ကို သိပ်မကြာမီတွင် တိုင်းရင်းသားရခိုင်များနှင့် လုံခြုံရေး တပ်ဖွဲ့များ ပူးပေါင်းပြီး တိုက်ခိုက်မှုတစ်ခု မကြာမီတွင် ဖြစ်ပေါ်လာရန် "အလားအလာ မြင့်မားကြောင်း" အသိပေးခဲ့သည်။[1390] အကြမ်းဖက်မှုမတိုင်မီ အချိန်တိုအတွင်းတွင် အစည်းအဝေးတစ်ခု လုပ်ခဲ့ရာ ထိုအချိန်တွင် ယင်းသို့တိုက်ခိုက်မှု ဖြစ်လာတော့မည် ဖြစ်ကြောင်း မွတ်ဆလင်များကို သတိပေးခဲ့ခြင်း ဖြစ်သည်။[1391]

၆၅၄။ ပိုက်ဆိပ်သည် အစောပိုင်းတွင် ကမာန်အများဆုံး နေထိုင်ပြီး အနောက်ပိုင်းတွင် တိုင်းရင်းသားရခိုင်များ နေထိုင်ခြင်းဖြင့် လူများရောနှောနေသည်။ ၂၀၁၂ ခုနှစ် ဇွန်လ အကြမ်းဖက်မှု နောက်ပိုင်းတွင် ရွာသားများသည် သူတို့အားကာကွယ်ရန်အတွက် လုံခြုံရေး တပ်ဖွဲ့များကို ငွေကြေးများ ပေးခဲ့ပြီးဖြစ်သည်။[1392] လုံခြုံရေးတပ်ဖွဲ့များသည် အစပိုင်းတွင် ယင်းသို့ကာကွယ်မှုကို ပေးခဲ့သော်လည်း ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၂ ရက်နေ့တွင် ပိုက်ဆိပ်မှ ထွက်ခွာသွားသည်။ ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၂ ရက် ည ၈ နာရီတွင် တိုင်းရင်းသားရခိုင်အုပ်စုတစ်ခု ရောက်လာပြီး မွတ်စလင်အိမ်တစ်လုံးကို မီးရှို့ကာ မကြာမီတွင် ပြန်လည်ထွက်ခွာသွားသည်။[1393] ယင်းဖြစ်ရပ် ဖြစ်ပွားသည့်အခါ အခြားသော လုံခြုံရေး တပ်ဖွဲ့များသည် အနီးဝန်းကျင်တွင် ရှိနေကြသည်။[1394]

၆၅၅။ အောက်တိုဘာ ၂၃ တွင် ဓါးရှည်များ၊ ဓါးမများ၊ လောက်လေးခွများနှင့် အခြားသော ရရာလက်နက်များ ကိုင်စွဲထားသော တိုင်းရင်းသားရခိုင် ၁၀၀ ကျော်တို့သည် ပိုက်ဆိပ် အရှေ့ပိုင်းကို တိုက်ခိုက်ခဲ့သည်။ သူတို့သည် မော်တော်ကားတာယာများနှင့် မီးလောင်လွယ်သော အရည်များ ဖြည့်ထားသည့်ပုလင်းများကိုလည်း ယူလာခဲ့ကြသည်။[1395] ရိုဟင်ဂျာနှင့် ကမာန် ရွာသားများ နှစ်မျိုးလုံးအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ ကျရောက်ခဲ့ပြီး သူတို့၏

[1388] အရာရှိ၊ ပိုက်ဆိပ် (အရှေ့နှင့် အနောက်) ၊ နှင့် သံပန်းချောင် ရပ်ကွက်များ နှင့် တောင်ရင်၊ ပြင်ဖြူမော်နှင့် မြင်းပြင် ကျေးရွာအုပ်စုများ အပါအဝင်။

[1389] CI-085, CI-165, CI-167, DI-021, V-050.

[1390] CI-165.

[1391] QI-076, KI-109, V-050.

[1392] CI-165, DI-021, DI-024, KI-109.

[1393] CI-168, DI-021, QI-076, KI-109, V-050, V-051.

[1394] DI-021, V-050.

[1395] CI-165, V-050.

ပိုင်ဆိုင်မှုများကို လုယက်ခြင်းနှင့် မီးရှို့ခြင်းများ ဖြစ်ပွားခဲ့သည်။[1396] တိုင်းရင်းသား ရခိုင်များနှင့်အတူ ရိုင်ဖယ်များကိုင်ဆောင်ထားသော ရဲများနှင့် စစ်သားများ ပါလာခဲ့သည်။[1397] မျက်မြင်သက်သေများက အကြမ်းဖက်မှုတွင် ပါဝင်သော တိုင်းရင်းသားရခိုင်အများစုကို သူတို့အနေဖြင့် သိရှိခြင်းမရှိကြောင်း ပြောပြကြသည်။[1398]

၆၅၆။ တိုင်းရင်းသားရခိုင်များနှင့် ရိုဟင်ဂျာ၊ ကမာန် လူအုပ်စုကြီးတို့ အရှေ့ပိုက်ဆိပ် ဂိုန်းပလီအနီးတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်။[1399] ပလီမှာ တပိုင်းတစ မီးလောင်ကျွမ်းသွားခဲ့သည်။[1400] လူအချို့ ဒဏ်ရာရသည်။ [1401] မွတ်စလင်အိမ်များ မီးလောင်ခဲ့သည်။[1402] ရခိုင်စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာတွင် တိုင်းရင်းသားရခိုင်နှစ်ဦး တိုက်ခိုက်မှုများအတွင်း သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။[1403]

၆၅၇။ စစ်သားများက ရွာသားများကို အိမ်ပြန်ကြရန် ပြောသော်လည်း ထို့နောက်တွင် ပလီအနီးတွင် စုဝေးနေသည့် ကမာန်နှင့် ရိုဟင်ဂျာ ရွာသားများကို သေနတ်ဖြင့် ပစ်သည်။[1404] ကလေးတစ်ဦးအပါအဝင် လူဆယ်ဦး သေဆုံးခဲ့ပြီး အရေအတွက်အများအပြား ဒဏ်ရာရခဲ့သည်။[1405]

၆၅၈။ ထိုညမှာပင် တိုင်းရင်းသားရခိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့များက အနောက်ပိုက်ဆိပ်ရှိ ကမာန်နှင့် ရိုဟင်ဂျာအိမ်များကို မီးရှို့ခဲ့သည်။[1406] စစ်သားနှင့် ရဲများက မီးငြိမ်းရန် ကြိုးပမ်းသော ရိုဟင်ဂျာနှင့် ကမာန်များကို သေနတ်ဖြင့် ပစ်ခတ်ခြင်းကြောင့် နှစ်ဦးသေဆုံးပြီး အခြားသူများ ဒဏ်ရာရခဲ့သည်။[1407] အင်တာဗျူးဖြေဆိုသူတစ်ဦးက သူနှင့် အခြားသူများက မီးလောင်နေသော အိမ်များကို မီးငြိမ်းသတ်ရန် ကြိုးပမ်းခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက သူတို့ကို သေနတ်များနှင့် ချိန်ပြီး ထိုသို့မလုပ်ရန် ပြောခဲ့ကြောင်း ရှင်းပြခဲ့သည်။[1408]

၆၅၉။ ကမာန်နှင့် ရိုဟင်ဂျာရွာသားအများအပြားမှာ ထိုညက ကမ်းခြေတွင် တညတာ ကုန်ဆုံးခဲ့ရပြီး ထိုနေရာမှ သူတို့ရွာမီးလောင်သည်ကို လှမ်းကြည့်ကြရသည်။[1409] နောက်ရက်တွင်လည်း ရဲနှင့် စစ်သားများက "လောင်ချာများ"[1410] အသုံးပြုပြီး ၎င်းတို့နှင့်အတူ တိုင်းရင်းသားရခိုင်များက မီးလောင်လွယ်သော အရည်များပါသည့်ပုလင်းများကို သုံးစွဲခဲ့သဖြင့် မီးဆက်လက် လောင်ကျွမ်းခဲ့သည်။[1411] ရွာမှအလောင်းများကို ဖယ်ရှားနေသည့်

---

[1396] CI-083, CI-165, CI-168, CI-170, DI-024, QI-076.

[1397] BM-025, CI-083, CI-165, CI-168, DI-021, QI-076; V-050.

[1398] CI-085, DI-021; V-050.

[1399] CI-083, CI-085, CI-088, CI-165, CI -168, CI-170; V-051.

[1400] CI-085, CI-165, CI-168, CI-170.

[1401] CI-168, V-051.

[1402] CI-083, DI-022.

[1403] CI-083, CI-084, CI-088.

[1404] CI-085, CI-165, CI-167, CI- 168, CI-170, QI-076; K-109; V-049, V-050.

[1405] CI-083, CI-085, CI-165, CI-167, CI-168, CI-170, DI-022, DI-024.

[1406] CI-088, CI-170, QI-076.

[1407] QI-076, DI-021; V-050.

[1408] QI-076.

[1409] CI-083, CI-084, CI-165, CI-170, DI-021, DI-022, QI-076; V-051.

[1410] တပ်မတော် စစ်သားများက ကျူးလွန်ခံရသူများက "လောင်ချာများ" ဟု ရည်ညွှန်းသော လက်နက်များကို အသုံးပြုခဲ့ကြသည်။ ယင်းတို့သည် အသံကျယ်လောင်စွာ ပေါက်ကွဲပြီး အဆောက်အဦး တစ်ခုလုံး သို့မဟုတ် အဆောက်အဦး အစိတ်အပိုင်းများ အလျင်အမြန် မီးလောင်ကျွမ်းစေသည်။ "လောင်ချာ" သည် ထိခိုက်မှု အပေါ်တွင် ပေါက်ကွဲသည် ကျည်ဆံကို ပစ်ခတ်ရသော လက်နက်ကို ရည်ညွှန်းပုံရသည်။

[1411] CI-088, CI-165, CI-170, QI-076.

စစ်သားများကိုလည်း တွေ့ရသည်။[1412] တိုင်းရင်းသားရခိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့များ ပင်လယ်ကမ်းစပ်သို့လာပြီး ရွာသားများကို ရွာသို့မပြန်နိုင်အောင် တားဆီးထားသည်။ တချိန်တည်းမှာပင် ရွာတွင်ကျန်နေသူများမှာလည်း ပင်လယ်ကမ်းစပ်သို့ အတင်းအဓမ္မမောင်းထုတ်ခြင်းခံရသည်။[1413] စိတ်ပိုင်းဆိုင်ရာ ချို့ယွင်းမှုရှိသည်ဟု သိထားရသော အသက် ၁၅ နှစ်အရွယ် ကောင်လေးတစ်ဦးမှာ လုံခြုံရေးတပ်ဖွဲ့များ ရှိနေစဉ်မှာပင် တိုင်းရင်းသား ရခိုင်များ၏ ဓါးဖြင့်ထိုးသတ်ခြင်းကို ခံရသည်။[1414] ထို့နောက်တွင် တိုင်းရင်းသားရခိုင်များနှင့် လုံခြုံရေးတပ်ဖွဲ့များက အိမ်များနှင့် ဈေးဆိုင်များကို လုယက်ကြသည်။[1415] ရဲများက သူ့ကို အိမ်မှထွက်ခွာရန် အမိန့်ပေးခံရပြီး သက်ကြီးရွယ်အို မိခင်အား သယ်ဆောင်လျက် သွားခဲ့ရပုံကို လူတစ်ယောက်က ပြောပြသည်မှာ-

> *ရဲတွေက အချိန်ပြည့်ပြီဆိုတာကိုပဲ ပြောနေပါတယ်။ ရဲအရာရှိတယောက်က ကျနော့်လက်ကို တုတ်နဲ့ရိုက်လိုက်တော့ ကျနော့်အမေ ပြုတ်ကျသွားတယ်။ သူ နောက်ကျောမှာ နာသွားပြီး နောက် ၁၀ ရက်အကြာမှာ ဆုံးသွားတယ်။ ကျနော် အခုထိ အဖြစ်အပျက်ကို သတိရနေတုန်းပဲ ခံနိုင်ရည်မရှိသေးဘူး။ ကျနော့်ကြောင့် ကျနော့် အမေသေရတာ။*[1416]

၆၆၀။ ညနက်လာပြီး ဒီရေက လုံလောက်အောင် မြင့်တက်လာသောအခါ မွတ်စလင် ရွာသားအများအပြားသည် ငါးဖမ်းလှေ ၅၀ ခန့်ဖြင့် ထွက်ခွာခဲ့ကြသည်။ လှေအများစုမှာ စစ်တွေရှိရာ မြောက်ဖက်သို့ ဦးတည်ခဲ့သည်။[1417] ပိုက်ဆိပ်မှ အိုးအိမ်မဲ့ရွှေ့ပြောင်းသူ အများစုမှာ တဖြေးဖြေးနှင့် စစ်တွေရှိ ရွှေ့ပြောင်းစခန်းများနှင့် နေရာများသို့ ပြောင်းရွှေ့သွားကြသည်။

၆၆၁။ အကြမ်းဖက်မှုသည် ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၅ ရက်တိုင်အောင် ကျောက်ဖြူ၏ ဧရိယာ အများအပြားတွင် ဆက်လက်ဖြစ်ပွားခဲ့သည်။ ယုံကြည်စိတ်ချရသော ဂြိုလ်တုရုပ်ပုံ သုံးသပ်ချက်များက ကျောက်ဖြူရှိ မီးလောင်ခြင်းနှင့် ဖျက်ဆီးခြင်းခံရသော ဧရိယာများမှာ မွတ်ဆလင်များ နေထိုင်ခဲ့သောနေရာများအားလုံး ဖြစ်သည်ကို ပြနေသည်။[1418]

### (ဃ) ၂၀၁၂ အကြမ်းဖက်မှုအတွင်း လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ပိုင်း ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေပြု အကြမ်းဖက်မှုများ

၆၆၂။ ၂၀၁၂ အကြမ်းဖက်မှုအတွင်း ရိုဟင်ဂျာမိန်းမများနှင့် အမျိုးသမီးငယ်များ မုဒိန်းကျင့်ခံရသည်၊ ကိုယ်ခန္ဓာများ ဖြတ်တောက်ခံရသည်၊ ဖမ်းဆီးခြင်းခံရပြီး အသတ်ခံကြရသည်။ ဥပမာ- မောင်တောမြို့မှ အမျိုးသမီး မျက်မြင်သက်သေတစ်ဦးက ၂၀၁၂ ခုနှစ် ဇွန်လတွင် ၁၆ နှစ်အရွယ် အိမ်နီးချင်းမိန်းကလေးကို စစ်သားများနှင့် ရဲများက အိမ်အပြင်တွင် မုဒိန်းကျင့်ပြီး သတ်ပစ်ခဲ့သည်ကို သူမ မြင်ခဲ့ကြောင်း ပြောပြသည်။[1419] စစ်တွေမှ

---

[1412] CI-088, DI-022; V-050.

[1413] CI-085, CI-088.

[1414] CI-085, CI-168, CI-170, V-051.

[1415] CI-083, CI-168, DI-021, V-050.

[1416] CI-165, V-050.

[1417] CI-170.

[1418] လူ့အခွင့်အရေး စောင့်ကြည့်ရေးအဖွဲ့။ ကျောက်ဖြူ ပျက်စီးမှု စမ်းစစ်ခြင်း အကျဉ်းချုပ်- ၂၀၁၂ အောက်တိုဘာ ၂၅ ရက် နံနက် ဂြိုလ်တု မှတ်တမ်းတင် ရုပ်ပုံများကို အခြေပြုထားသည်။ လူ့အခွင့်အရေး စောင့်ကြည့်ရေး အဖွဲ့။ မြန်မာနိုင်ငံ။ ရခိုင်ပြည်နယ် အကြမ်းဖက်မှု အသစ်များ- ဂြိုလ်တု ရုပ်ပုံများက ရိုဟင်ဂျာ အိမ်များ ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးခံရပုံကို ပြသထားသည်။ (၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၆ ရက်)

[1419] DI-038.

၂၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးက သူ၏ ဝမ်းကွဲတော်စပ်သူကို သတ်ဖြတ်သည့်အကြောင်း ပြောပြသည်မှာ-[1420]

*ဇွန်လ ၁၂ ရက် တနင်္လာနေ့မှာ ကျမရဲ့ အသက် ၁၄ နှစ်အရွယ် ဝမ်းကွဲညီမက သူ့အမေကို ရှာဖို့ အိမ်ပြင်ကို ထွက်သွားရာကနေ အိမ်ကို ဘယ်တော့မှ ပြန်မလာတော့ဘူး။ မနက် ၂ နာရီလောက်မှာ သူ့အလောင်းကို တွေ့တယ်။ သူ့ကို အဝတ်စလေးနဲ့ အုပ်ထားတယ်။ သူ့အလောင်းကိုတွေ့တော့ ကျမ အရမ်း လန့်သွားတယ်။ သူ့ရဲ့ ဘယ်ဘက်နို့ကို ဖြတ်ထားပြီး တခြားတဖက်က ကိုက်ရာတွေနဲ့ ပြင်းပြင်းထန်ထန် ဒဏ်ရာရှိနေတယ်။ သူ့မျက်နှာကို မှတ်မိအောင် မနည်းကြည့်ရတယ်။ သူ့လည်ပင်းက လည်နေပြီး ပုံမှန် အနေအထား မဟုတ်တော့ဘူး။ သူ မုဒိန်းကျင့်ခံရတယ်လို့ ကျမ ထင်တယ်။*[1421]

၆၆၃။ ၂၀၁၂ ခုနှစ် ဇွန်လတွင် စစ်တွေ နာဇီရပ်ကွက်မှ အမျိုးသမီးနှင့် မိန်းကလေးငယ် ၂၀ လောက်အထိ ပြန်ပေးဆွဲခံခဲ့ရပြီး စစ်သားများ၏ လိင်ကျွန်ပြုခြင်း သားကောင်များ ဖြစ်ခဲ့ရကြောင်း ယုံကြည်စိတ်ချရသော အစီရင်ခံချက်များ ရှိသည်။[1422] နောက်ထပ်အမျိုးသမီးတစ်ဦးမှာ ခန့်မှန်းခြေအားဖြင့် အသက် ၂၂ နှစ်ခန့်ဖြစ်ပြီး စစ်ဆေးရုံတစ်ခုတွင် ထိန်းသိမ်းခံခဲ့ရပြီး တပ်မတော်ဆေးတပ်ဖွဲ့မှ စစ်သားတစ်ဦးနှင့် အတင်းအဓမ္မ အိမ်ထောင်ချခြင်း ခံရသည်။[1423] ဤကာလအတွင်း ဖြစ်ပွားခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ဖြစ်ရပ်အများစုတွင် ကျူးလွန်သည်ဟု စွပ်စွဲခံရသူများမှာ တပ်မတော်၊ နစက သို့မဟုတ် အခြားလုံခြုံရေး တပ်ဖွဲ့များမှ အဖွဲ့ဝင်များ ဖြစ်ကြသည်။ လိင်အကြမ်းဖက်မှုများကို အိမ်များ ရှာဖွေစဉ်အတွင်း[1424] သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့များ၏ ဝင်းခြံများအတွင်းတွင် ကျူးလွန်လေ့ရှိသည်။[1425] လိင်အကြမ်းဖက်မှု အများစုမှာ အာဏာပိုင်များထံ သတင်းပို့ခြင်း မရှိခဲ့ပါ။ အဘယ်ကြောင့်ဆိုသော် ရိုဟင်ဂျာများသည် နောက်ဆက်တွဲ မလျော်ကန်သောဆက်ဆံမှု သို့မဟုတ် ဖမ်းဆီးမှုများ ခံရမည်ကို စိုးရိမ်သောကြောင့် ဖြစ်သည်။[1426]

### (၂) ရခိုင်ပြည်နယ်မှ ကမာန် မွတ်စလင်များ

၆၆၄။ ရိုဟင်ဂျာများနှင့် မတူပဲ ကမာန်မွတ်စလင်များသည် မြန်မာနိုင်ငံ၏ တရားဝင် အသိအမှတ်ပြုထားသော တိုင်းရင်းသား အုပ်စု ၁၃၅ ခုတွင် တစ်ခုအဖြစ်ပါဝင်သည်။ ထိုအနေအထားသတ်မှတ်ချက်ကို ရရှိထားသည့် တစ်ခုတည်းသော မွတ်စလင်အုပ်စု ဖြစ်သည်။ ၂၀၁၄ သန်းခေါင်စာရင်းတွင် ရိုဟင်ဂျာများကို ရေတွက်ခြင်းမပြုခဲ့သည့်အတွက် ရခိုင်ပြည်နယ်တွင် မှတ်တမ်းတင်ထားသည့် မွတ်စလင် ၂၈,၇၀၀ ထဲမှ အများစုမှာ ကမာန်များ ဖြစ်ဖို့များသည်။ မြန်မာနိုင်ငံ၏နိုင်ငံသားများဖြစ်သော်လည်း ၂၀၁၂ အကြမ်းဖက်မှုများ ဖြစ်ပွားသည့် အချိန်အထိ တိုင်းရင်းသားရခိုင်အိမ်နီးချင်းများနှင့် ပြဿနာရှိသော ဆက်ဆံရေး ရှိပုံမရသော်လည်း[1427] ကမာန်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြင်းပြင်းထန်ထန် ခံစားကြရသည်။ ယင်းသည် ၂၀၁၂ အကြမ်းဖက်မှု အချိန်မှစ၍ သိသိသာသာ ပိုမိုဆိုးရွားလာခဲ့သည်။ ဖြစ်နိုင်သည်မှာ တည်ရှိပြီးဖြစ်သော မွတ်စလင်ဆန့်ကျင်ရေး ပြင်းထန်မှုနှင့်

[1420] CI-077.
[1421] CI-077.
[1422] K-076.19.
[1423] K-076.19.
[1424] K-076.6.
[1425] K-076.7.
[1426] K-076.8.
[1427] V-355.

ကမာန်များနှင့် ရိုဟင်ဂျာများအကြား ရုပ်သွင်ပြင်လက္ခဏာ ခြားနားမှု မရှိခြင်းတို့ကြောင့်ဖြစ်နိုင်သည်။ ကျောက်ဖြူတွင်နေထိုင်ခဲ့သည့် ကမာန်ဒုက္ခသည်တစ်ဦးက ပြောသည်မှာ-

> *မြန်မာနိုင်ငံမှာ မွတ်စလင်ဖြစ်တာ ရာဇဝတ်မှုပဲ။ အာဏာပိုင်တွေက ရိုဟင်ဂျာတွေက ခိုးဝင် ဘင်္ဂါလီတွေလို့ ပြောကြတယ်။ ဒါဆို ကျနော်တို့ အကြောင်းကကော။ ကျနော်တို့က မြန်မာနိုင်ငံသားတွေဖြစ်တယ်။ အာဏာပိုင်တွေအတွက် အဓိက ကိစ္စက ဘာသာရေးလို့ ကျွန်တော် ထင်တယ်။*[1428]

၆၆၅။ ၂၀၁၈ ခုနှစ် မတ်လတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ လွှတ်တော်ကိုယ်စားလှယ်ဟောင်းနှင့် ဝန်ကြီးဟောင်းဖြစ်သူက ကမာန် အုပ်စုငယ်တစ်ခုကို ရွှေ့ပြောင်းစခန်းများမှ ရန်ကုန်သို့ ရွှေ့ပြောင်းအခြေချစေမည့် အစိုးရ၏ ဆုံးဖြတ်ချက်ကို ဆန့်ကျင်ခဲ့သည်။ သူ ပြောခဲ့သည်မှာ-

> *ရခိုင်ပြည်နယ်မှာဖြစ်တဲ့ ကင်ဆာကို ရခိုင်ပြည်နယ်အတွင်းမှာပဲ ကုတာ ပိုပြီး သင့်လျော်မယ်လို့ ကျွန်တော်ထင်ပါတယ်။ ကမာန်မိသားစုတွေကို ရန်ကုန်မှာ ပြန်လည်နေရာချထားဖို့ ခွင့်ပြုခြင်းဟာ ကင်ဆာရောဂါကို တစ်နိုင်ငံလုံးကို ပြန့်နှံ့ဖို့ ခွင့်ပေးလိုက်သလို ဖြစ်သွားမယ်။*[1429]

၆၆၆။ ကမာန်များသည် ၂၀၁၂ အကြမ်းဖက်မှုကို အထူးသဖြင့် အောက်တိုဘာတွင် ဖြစ်သည့် ဒုတိယလှိုင်း၏ သက်ရောက်မှုအောက်တွင် တိုက်ရိုက် ခံစားကြရသည်။ ကမာန်များသည် လုံခြုံရေးတပ်ဖွဲ့များကြောင့် သတ်ဖြတ်ခြင်းနှင့် ဒဏ်ရာရခြင်းများ ဖြစ်ခဲ့ရသည်။ အများအပြားမှာ အိုးအိမ်မဲ့ ဖြစ်ကြပြီး ရခိုင်ပြည်နယ်အတွင်းရှိ ရွှေ့ပြောင်းစခန်းများနှင့် နေရာများ အများအပြားသို့ ပြောင်းရွှေ့ခဲ့ကြရသည်။ ထိခိုက်မှုခံစားခဲ့ရသော ကမာန်အရေအတွက်ကို အတိအကျ မရရှိပေ။ ရခိုင်စုံစမ်းရေး ကော်မရှင်၏ အစီရင်ခံစာက ကမာန်များနှင့် ပတ်သက်သည့် အချက်အလက်များ ပေးထားခြင်းမရှိပဲ "ဘင်္ဂါလီမွတ်ဆလင်များ" သို့မဟုတ် "မွတ်ဆလင်များ" ဟုသာ ရည်ညွှန်းခဲ့သည်။[1430]

၆၆၇။ ကမာန်များသည် "ကုလား" ဟု စော်ကားခေါ်ဆိုမှုအပါအဝင်ဖြစ်သော ရိုဟင်ဂျာများနှင့် အလားတူ အတွေ့အကြုံများ ရှိကြသည်။[1431] အင်တာဗျူးဖြေဆိုသူတစ်ဦးက ကမာန်ကျောင်းသားများကို ကျောင်းများတွင် "ကုလား" ဟုသာ ရည်ညွှန်းကြပြီး သူတို့အမည်များကို မည်သည့်အခါမှ မခေါ်သည့်အပြင် ဆရာတစ်ဦးက သူ့ကို စာသင်ခန်းတွင် နေးကွေးသည်မှာ သူသည် "ပညာမတတ်သော ကုလား" ဖြစ်သောကြောင့်ဟု ပြောဆိုခဲ့သည်။[1432] ရိုဟင်ဂျာများ ကဲ့သို့ပင် ကမာန်များသည် မြို့နယ်များအကြား ခရီးသွားသည့်အခါ သူတို့သည် "နိုင်ငံခြားသား" သို့မဟုတ် " "ဘင်္ဂါလီ" အမျိုးအစားများတွင် အကျုံးဝင်ခြင်းမရှိသော်လည်း ခွင့်ပြုချက် (ပုံစံ-၄ ဟု လူသိများ) ကို ရယူရသည်။[1433] ခရီးသွား

---

[1428] CI-165.

[1429] V-355.

[1430] A. South နှင့် M. Lall (အယ်ဒီတာများ) ၊ *မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်မှု။ မြန်မာနိုင်ငံ သို့ နှင့် မှ လမ်းကြောင်းများ။* (ISEAS – Yusof Ishak Institute/Chiang Mai University Press, 2017).

[1431] CI-052, CI-167

[1432] CI-167.

[1433] ဤအပိုင်း အခန်း B.2.b ၊ မြို့နယ်များအကြား ခရီးသွားရန် ယာယီခရီးသွားခွင့်လက်မှတ်အတွက် လိုအပ်ချက်များ။

ထောက်ခံစာ ရယူရသော လုပ်ငန်းစဉ်သည် ငွေကုန်ကြေးကများပြီး၊ အချိန်ကုန်ကာ လာဘ်ထိုးမှုများ အတော်အတန် ပါဝင်သည်။[1434]

၆၆၈။ ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်း ခြောက်နှစ်ကြာသည့်တိုင်အောင် ရခိုင်ပြည်နယ်ရှိ ရွှေ့ပြောင်းစခန်းနှင့် နေရာများတွင် ထောင်နှင့်ချီသော ကမာန်များ ရှိနေဆဲ ဖြစ်သည်။ အခြားသူများမှာ ရန်ကုန် သို့မဟုတ် နိုင်ငံခြားသို့ ပြောင်းရွှေ့သွားကြသည်။ မြန်မာအာဏာပိုင်များသည် ကမာန်များကို သူတို့မူရင်းနေရာများတွင် ပြန်လည်နေထိုင်နိုင်ခြင်း ပြုရန်အတွက် ပံ့ပိုးကူညီသော မည်သည့်ခိုင်မာသည့်ခြေလှမ်းကိုမျှ လုပ်ဆောင်ပုံမရပေ။ မကြာသေးမီက ကမာန် ၁,၀၀၀ ကျော်သည် သူတို့၏ မူရင်းနေရာဖြစ်သော ကျောက်ဖြူအနီးရှိ ရွှေ့ပြောင်းစခန်းတွင် နေထိုင်နေကြသော်လည်း အာဏာပိုင်များက တိတိကျကျ ဖော်ပြခြင်းမရှိသော လုံခြုံရေး စိုးရိမ်မှုကို အကြောင်းပြကာ သူတို့ နေရပ်ပြန်ရန် အခွင့်အရေးကို ဆက်လက် ငြင်းပယ်ခဲ့သည်။[1435]

**(၃) ဘူးသီးတောင်ထောင်၌ ညှင်းပန်းနှိပ်စက်မှုနှင့် ဆိုးရွားစွာ ပြုမူဆက်ဆံမှု**

> *ဘူးသီးတောင်ထောင်ထဲက အခြေအနေက တော်တော်ဆိုးတယ်။ သူတို့က လူတိုင်းကို သစ်သားဒုတ်ချောင်းတွေနဲ့ ရိုက်တယ်။ ဘယ်အရာကိုမဆို ကန့်သတ်ထားတယ်။ အိမ်သာသွားတာ၊ စကားပြောတာ၊ ဟိုဒီသွားတာအစပေါ့။ ကျနော်တို့ အချုပ်ခန်းထဲက ထွက်တဲ့အခါ ကျနော်တို့ အရိုက်ခံရတယ်။ နောက်ပြန်လာတဲ့အခါမှာလည်း ကျနော်တို့ အရိုက်ခံရတယ်။ လူတွေက စက်ရုပ်တွေလို နေရတယ်။ ညဆိုရင် နေရာရွှေ့လို့မရဘူး ဒါမှမဟုတ်ရင် အကန်ခံရတယ်။ ဘူးသီးတောင်ထောင်က ငရဲလိုပဲ။*[1436]

၆၆၉။ ၂၀၁၂ အကြမ်းဖက်မှုများ နောက်ပိုင်း ဘူးသီးထောင်ထောင်တွင် ထိန်းသိမ်းထားသော ရိုဟင်ဂျာယောကျ်ားများနှင့် ယောကျ်ားကလေးများအပေါ် နှိပ်စက်ညှင်းပမ်းခြင်းပြုလုပ်မှုများ နှင့် အခြားပုံစံဖြင့် ရက်စက်သော၊ လူမဆန်သော သို့မဟုတ် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုများအမျိုးမျိုးကို မစ်ရှင်က ရရှိထားသည်။[1437] အလားတူ ချိုးဖောက်မှုများကို ၂၀၁၇ အထိ ဆက်လက်အတည်ပြု ရရှိနေသောကြောင့် ဘူးသီးတောင် အကျဉ်းထောင်အတွင်း မလျော်မကန် ဆက်ဆံမှုများသည် ကပ်ရောဂါသဖွယ် ပြန့်နှံ့နေသည်ကို ညွှန်ပြနေပေသည်။ လွဲမှားသောဆက်ဆံမှုများသည် ရခိုင်ပြည်နယ်တွင် ၂၀၁၂ ဇွန် အကြမ်းဖက်မှုများ နောက်ပိုင်းကာလတွင် အထူးသဖြင့် မြင့်တက်ခဲ့သည်။ သို့ရာတွင် အလားတူ ပုံစံကို ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် ARSA တိုက်ခိုက်မှုများ နောက်ပိုင်း နောက်ဆက်တွဲ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များအတွင်းတွင်လည်း သိသာထင်ရှားလောက်သော ရိုဟင်ဂျာအမျိုးသား အရေအတွက် ဖမ်းဆီးခံခဲ့ရသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" အခြေအနေတွင် အလားတူ ချိုးဖောက်မှုများ ဖြစ်ပွားခဲ့သည့် သာဓကများလည်း ရှိသည်။[1438] ချိုးဖောက်မှု အများအပြားမှာ

---

[1434] CI-052, CI-167, CI-171

[1435] V-356.

[1436] DI-037.

[1437] မစ်ရှင်အနေဖြင့် အခြားသော တိုင်းရင်းသားအုပ်စုများမှ ထိန်းသိမ်းခံရသူများကိုလည်း အလားတူ ပုံစံဖြင့် ဆက်ဆံခဲ့ခြင်း ရှိမရှိ သတင်းအချက်လက်ကို မရရှိသေးပါ။ ယင်းကို အလျှော့မပေးပဲ နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်သင့်သည်။

[1438] CI-176, RI-013.

ထောင်အာဏာပိုင်များက တိုက်ရိုက်ကျူးလွန်ခြင်း ဖြစ်သော်လည်း ထောင်ကျတိုင်းရင်းသား ရခိုင်များက ထောင်အာဏာပိုင်များထံမှ အကူအညီ သို့မဟုတ် အခွင့်အာဏာကို ရယူပြီး ကျူးလွန်ခြင်းလည်း ရှိသည်။[1439] ရရှိထားသော အချက်အလက်များက ဆိုးဝါးသော ဆက်ဆံမှုများသည် အထူးသဖြင့် တရားရုံးမတင်ရသေးသော ထိန်းသိမ်းခံများအပေါ်တွင် ပြင်းထန်ပြီး ပြစ်ဒဏ်ပေးခြင်းခံရပြီးနောက်တွင် အခြေအနေများ ကောင်းမွန်တိုးတက်လာသည်။[1440]

၆၇၀။ ထိန်းသိမ်းခံရသူများသည် ထောင်သို့မရောက်မီ သယ်ဆောင်လာသောလမ်းတွင် သို့မဟုတ် ထောင်မှ တရားရုံးသို့ သယ်ဆောင်ရာတွင် ဆိုးဝါးသောဆက်ဆံမှုများကို ခံစားကြရသည်။[1441] သယ်ယူပို့ဆောင်ရေးကို ပုံမှန်အားဖြင့် တပ်မတော် စစ်သားများက လုပ်ဆောင်ပေးပြီး ထိန်းသိမ်းခံရသူများကို အမိုးဖွင့်စစ်ထရပ်ကားများဖြင့် သယ်ယူလေ့ရှိသည်။ ထိန်းသိမ်းခံရသူများသည် သူတို့၏လက်များကို သူတို့၏ကျောဖက်တွင် ကြိုးဖြင့်ချည်ပြီးနောက် ထရပ်ကားအတွင်းပိုင်းသို့ လက်လွတ်စပယ် ပစ်ထည့်ခံရလေ့ရှိသည်။ သူတို့သည် တာပေါ်လင်စ အကြီးကြီးဖြင့် အလုံပိတ်ကျ ဖုံးအုပ်ခံရပြီး ရိုင်ဖယ်ဒင်များဖြင့် ထပ်ကာ ထပ်ကာ ရိုက်နက်ခြင်း၊ သို့မဟုတ် စစ်သားများ၏ ကန်ကျောက်ခြင်း ခံကြရသည်။ စစ်သားများသည် ထိန်းသိမ်းခံရသူများကို ဖုံးအုပ်ထားသည့် တာပေါ်လင်စများပေါ်တွင် ထိုင်ခြင်း သို့မဟုတ် လမ်းလျှောက်ခြင်းများ လုပ်လေ့ရှိသည်။ လမ်းတလျှောက်လုံးတွင် ရိုက်နက်ခြင်း သို့မဟုတ် တခြား လွဲမှားသော ဆက်ဆံမှု ပုံစံများကို လုပ်သွားလေ့ရှိသည်။ အင်တာဗျူး ဖြေဆိုသူတစ်ဦးက သူဆက်ဆံခံရပုံကို ပြောပြသည်မှာ-

> *သေနတ်ဒင်တွေနဲ့ ထုရိုက်သာမက တပ်မတော်စစ်သားတွေက ကျနော်တို့ မျက်နှာတွေကို စီးကရက်မီးနဲ့ထိုးတယ်။ သူက မီးညှိထားတဲ့ စီးကရက်ကို ကျနော့်နှာခေါင်းထဲ ထည့်နေတဲ့အချိန်မှာ စစ်သားတစ်ယောက်က "စီးကရက် သောက်ပါဒုံး" လို့ပြောတယ်။ ကျနော့်နှာခေါင်းအတွင်းမှာရှိတဲ့ အမွေးတွေ လောင်ကုန်တယ်။ အဲဒါ တော်တော်ကို နာတယ်။ စစ်သားတွေက ကျနော်တို့ အားလုံးကို ထောင်ရောက်တဲ့အထိ ၁၆ ကီလိုမီတာ ခရီးလမ်း တလျှောက်လုံး နှိပ်စက်သွားတယ်။*[1442]

၆၇၁။ သယ်ယူပို့ဆောင်မှုအတွင်း ဆိုးဝါးသောပြုမူဆက်ဆံမှုများသည် ထိန်းသိမ်းခံရသူများကို အရိုးကျိုးခြင်း နှင့် ဦးခေါင်းဒဏ်ရာရခြင်း အပါအဝင် ပြင်းထန်သော ဏ်ရာများ ရရှိစေပြီး တစ်ခါတစ်ရံ ရေရှည်နောက်ဆက်တွဲ ထိခိုက်နစ်နာမှုများ ဖြစ်စေသည်။ အင်တာဗျူးဖြေဆိုသူ တစ်ဦးက သူ၏ရင်ဘတ်ထိခိုက်ခံရမှုကြောင့် အသက်ရှူရခက်ခဲသည်ကို ပြောပြပြီး[1443] အခြားတစ်ယောက်က ရိုက်နက်မှုများကြောင့် ခရီးစဉ်အတွင်း သတိလစ်သွားခဲ့ရပုံကို ရှင်းပြသည်။[1444] နောက်ထပ် အင်တာဗျူးဖြေဆိုသူတစ်ဦးက နောက်ကျောနာခြင်း နှင့် လက်ကောက်ဝတ် ကျိုးထားခြင်းတို့ကြောင့် ငါးနှစ်ကျော်ကြာပြီးသည့်တိုင်အောင် လမ်းသွားရာတွင် အခက်အခဲဖြစ်ရသည်ကို ပြောပြသည်။[1445] နောက်ထပ် အင်တာဗျူးဖြေဆိုသူ

[1439] CI-136, QI-105, QI-106, QI-107, RI-011.

[1440] K-076.3.

[1441] CI-136, DI-037, QI-105, QI-106, RI-011, K-076.

[1442] CI-136.

[1443] DI-037.

[1444] QI-106.

[1445] QI-105.

တစ်ဦးကမူ တရားရုံးကြားနာမှုမှ အပြန်ခရီးတွင် ထိန်းသိမ်းခံရသူမိတ်ဆွေတစ်ဦး သတိလစ်သည်အထိ အရိုက်ခံရသည်ကို မှတ်မိနေခဲ့သည်။[1446]

၆၇၂။ ထိန်းသိမ်းခံသူတစ်ဦးသည် ဘူးသီးတောင်ထောင်သို့ ရောက်ရှိလာသည်နှင့် မလျော်ကန်သော ပြုမူဆက်ဆံမှုများကို ဆက်လက်ခံစားကြရသည်။ အချုပ်ခန်းများမှာ အလွန်အမင်း ပြည့်ကြပ်နေသည်။ အရေအတွက်မှာ ထားရှိနိုင်သောဦးရေထက် များစွာ ကျော်လွန်နေသည်။ ကုတင်များ သို့မဟုတ် အိပ်ယာခင်းများ မရှိပဲ မကြာခဏတွင် လှဲအိပ်စရာ နေရာပင် မရှိဘဲ ဖြစ်နေသည်။ အချုပ်ခန်းများအတွင်း ထိန်းသိမ်းထားသူ အရေအတွက်သည် အချုပ်ခန်း ဝင်ဆန့်နိုင်သော အရေအတွက်ထက် ၇ ဆခန့်ရှိမည်ဟု ယခင် ထိန်းသိမ်းခံခဲ့ရသူများကခန့်မှန်းပြီး အခန်းတစ်ခုထဲတွင် ရာနှင့် ချီသော ယောကျ်ားများကို အတူတကွ ထည့်သွင်းထားသည်။[1447] အစားအစာနှင့် သောက်စရာမှာ လုံလောက်ခြင်းမရှိ၊ မကြာခဏပင် ထမင်းအနည်းငယ်ကိုသာ ရရှိပြီး ထမင်းကို ကြမ်းပြင်ပေါ်သို့ လောင်းချပြီး သူတို့က ကြမ်းပြင်ပေါ်မှထမင်းများကို လျှာဖြင့်လျက်ပြီး စားရသည့်အချိန်အခါများ ရှိသည်ဟု စွပ်စွဲချက်များ ရှိသည်။[1448] ထိန်းသိမ်းခံရသူများအား ပေးသောအရည်များတွင် အချို့အချိန်များတွင် တမင်သက်သက် ဆီးများ ပါဝင်နေပုံ ရသည်။[1449]

၆၇၃။ မလျော်မကန် ပြုမူဆက်ဆံမှု အများအပြားကို ထိန်းသိမ်းခံထားရသော တိုင်းရင်းသား ရခိုင်များက ကျူးလွန်ပြီး ထောင်အာဏာပိုင်များက အားပေးအားမြှောက်လုပ်သည်။[1450] အချို့သောရခိုင်များကို ဤရည်ရွယ်ချက်အတွက် ထောင်အတွင်း သီးခြားခေါ်ထားခြင်းဖြစ်သည်ဟူသော စွပ်စွဲချက်များလည်း ရှိသည်။[1451] ယခင် ထိန်းသိမ်းခံရသူ တစ်ဦးက ထိန်းသိမ်းခံထားရသော "စည်းကမ်းထိန်းသိမ်းရေး တာဝန်ခံများဖြစ်သည့်"[1452] တိုင်းရင်းသားရခိုင် ၁၀ ဦးကို ရည်ညွှန်းသော်လည်း ပါတ်သက်သော အရေအတွက် တစုံလုံးမှာ ယင်းထက် ပိုများနိုင်သည်။[1453] ထိန်းသိမ်းခံထားရသော တိုင်းရင်းသားရခိုင်များသည် တစ်ရက်တာ၏ နာရီတိုင်းတွင် ချိုးဖောက်မှုများကို ကျူးလွန်သည်။ အထူးသဖြင့် သူတို့သည် ထိန်းသိမ်းခံထားရသော ရိုဟင်ဂျာများနှင့် အချုပ်ခန်းတစ်ခုထဲတွင် နေရသည့်အခါများတွင် ဖြစ်သည်။ အများအားဖြင့် ကြမ်းပြင်ပေါ်တွင် ဒူးထောက်စေပြီး "ဆုတောင်းသည့် အနေအထား" အဖြစ်နေစေကာ သစ်သားတုတ်ဖြင့် စနစ်တကျ ထပ်ခါထပ်ခါ ပြင်းထန်စွာရိုက်နက်ခြင်းများ ပါဝင်သည်။ အလားတူရိုက်နက်ခြင်းများကို ထောင်အစောင့်များကလည်း လုပ်ဆောင်သည်။ အချုပ်ခန်းအပြင်ဖက်တွင် အစောင့်များက ထိန်းသိမ်းခံများအား လောက်လေးခွများကို အသုံးပြုပြီး စက္ကူလုံးကျည်ဆန်များဖြင့် ထည့်ပစ်ခါ အချို့ ထိန်းသိမ်းခံရသူများကို

---

1446 DI-037.

1447 CI-130, CI-136, DI-037, QI-105, QI-106, QI-107, QI-108, RI-011.

1448 CI-130, CI-136, CI-176, DI-037, QI-105, QI-107, KI-076.4.

1449 CI-136, CI-176, QI-108.

1450 DI-037; KI-076.2, KI-076.3, KI-076.5.

1451 ၂၀၁၃ တွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေပေါ်တွင် အထူးကိုယ်စားလှယ်က "ရခိုင်ပြည်နယ်တွင် ၂၀၁၂ ဖွန်အကြမ်းဖက်မှုနောက်ပိုင်း မွတ်စလင် ယောကျ်ားများနှင့် ကောင်လေးများသည် ဘူးသီးတောင် ထောင်တွင် ဥပဒေမဲ့ ဖမ်းဆီး ထိန်းသိမ်းခံရကြောင်း စွပ်စွဲချက်များရှိသည်။ သူတို့ကို ထောင်အစောင့်များနှင့် မွတ်စလင် ထောင်သားများကို ရိုက်နက်ရန် ရည်ရွယ်ချက်ဖြင့် ခေါ်ယူလာသော ထောင်သား ၂၀ ခန့်တို့က သုံးလကြာ စနစ်တကျ နှိပ်စက်ညှင်းပမ်းပြီး မလျော်ကန်သော ဆက်ဆံမှုများ ပြုလုပ်ခဲ့ကြသည်။" A/68/397၊ စာပိုဒ် ၁၀; KI-076.4

1452 DI-037.

1453 A/68/397, စာပိုဒ် ၁၀

ကြမ်းပြင်ပေါ်တွင် တွားသွားခိုင်း၍ ယင်းအနေအထားတွင် ရိုက်နှက်ကြောင်း အစီရင်ခံချက်များ ရှိသည်။[1454]

၆၇၄။ ရိုက်နှက်မှုများအပြင် စော်ကားမှုများနှင့် ပြစ်တင်စွပ်စွဲထားသော အကြမ်းဖက်မှုကို ဒဏ်ခတ်သည့် ရည်ညွှန်းပြောဆိုချက်များ ပူးတွဲပါလာသည်။[1455] ဥပမာ- တိုင်းရင်းသား ရခိုင်တစ်ဦးက သူ့ကို ရိုက်နှက်ရင်း "မင်း ငါတို့အိမ်တွေကို မီးရှို့တယ်။ မင်းငါတို့လူတွေကို သတ်တယ်။ ဒါဟာ မင်းနိုင်ငံလား" ဟု ပြောဆိုကြောင်း အင်တာဗျူးဖြေဆိုသူတစ်ဦးက ပြောပြသည်။[1456] မကြာခဏပင် မုတ်ဆိတ်မွေးပါသူများ အထူးသဖြင့် ဘာသာရေး ပုဂ္ဂိုလ်များကို ပစ်မှတ်ထားပြီး သူတို့၏ မုတ်ဆိတ်မွေးများ အတင်းရိတ်ခိုင်းခြင်းဖြင့် မလျော်မကန် ပြုမူဆက်ဆံသည်။[1457]အင်တာဗျူးဖြေဆိုသော ရိုဟင်ဂျာတစ်ဦးက သူ့အား "ထိန်းသိမ်းခံထားရသူ ၁၀ ယောက်ကနေ အယောက် ၂၀" တို့၏ မုတ်ဆိတ်မွေးများကို သူ့လက်ဖြင့် နှုတ်ခိုင်းသည်။ "သူတို့အားလုံး သိပ်နာကြတယ်။ သူတို့ သွေးတွေ ထွက်နေတယ်။ ကျနော်လည်း ဘာမှ မတတ်နိုင်ဘူး။ ကျနော့်မှာ တခြားရွေးစရာမရှိဘူး။ စိတ်မကောင်းဘူး။"[1458]

၆၇၅။ ၂၀၁၂ ဖွန် အကြမ်းဖက်မှု နောက်ပိုင်းကာလများတွင် ယောကျ်ားများနှင့် ကောင်ကလေးများကို မုဒိန်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ နှိပ်စက်ညှင်းပမ်းခြင်းနှင့် စော်ကားခြင်း၊ အပါအဝင် လိင်ဆိုင်ရာ အကြမ်းဖက်မှုများကို အာဏာပိုင်များ သို့မဟုတ် သူတို့၏ မျက်မှောက်တွင် ပစ်မှတ်ထားကျူးလွန်ကြကြောင်း ယုံကြည်ရသော စဉ်ဆက်မပြတ်ဖြစ်သော အစီရင်ခံချက်များ ရရှိသည်။[1459] ရိုဟင်ဂျာကောင်လေးများကို အရွယ်ရောက်သော လူကြီးများနှင့်အတူ အချုပ်တွင် ထိန်းသိမ်းထားသည်။ အစောင့်များသည် ရိုဟင်ဂျာ ကောင်လေးများကို စအိုတွင် မုဒိန်းကျင့်ကြောင်း ထိန်းသိမ်းခံရသူများက ပြောပြသည်။ ညအခါ ကောင်လေးများနှင့် လူငယ်အုပ်စုများကို တိုင်းရင်းသားရခိုင်များက လိင်တံဖြင့် မုဒိန်းကျင့်ခြင်းကို ပါးစပ်မှရော စအိုမှပါ ပြုကျင့်ကြသည်။ အခြားထိန်းသိမ်းထားသူများနှင့် အတူရှိနေသည့် အချုပ်ခန်းတစ်ခုထဲတွင် ဖြစ်သည်။ ထိန်းသိမ်းထားခြင်းခံရသူ တစ်ဦးက ညမိုးချုပ်ပြီးနောက် ကောင်လေးများကို အိမ်သာသို့ မည်သို့ ခေါ်ဆောင်သွားသည်ကို ပြောပြသည်မှာ-

> *ညတိုင်းလိုလို သူတို့က အဲဒီကောင်လေးတွေကို အချုပ်မှာရှိတဲ့ အိမ်သာကို ခေါ်သွားကြတယ်။ သူတို့က ကောင်လေးတွေကို ပါးစပ်နဲ့ လိင်ဆက်ဆံခိုင်းပြီး မုဒိန်းကျင့်တယ်။ သူတို့ ပြင်းလို့ရှိရင် သူတို့ရဲ့မျက်နှာတွေကို အိမ်သာနဲ့ ပွတ်တယ်။ အကျင့်ခံရတဲ့လူတွေ အော်ဟစ်နေတာ ကျနော်တို့ ကြားရတယ်။ ဒါပေမယ့် ကျနော်တို့လည်း ဘာမှမတတ်နိုင်ဘူး၊ ဘာမှ မလုပ်နိုင်ဘူး။*[1460]

---

[1454] QI-105, QI-107, QI-108; KI-076.4, KI-076.5 အလားတူ ရိုက်နှက်မှုများကို မကြာသေးမီက ပိုမိုလုပ်လာကြသည်။ အင်တာဗျူးဖြေဆိုသူ တစ်ဦးက ၂၀၁၇ အစောပိုင်းက သူ၏ဆွေမျိုးများကို သွားရောက်တွေ့ဆုံရာတွင် သူတို့သည် "မမှတ်မိနိုင်အောင်ပင်" ကိုယ်ခန္ဓာများပေါ်တွင် နှင့် မျက်နှာများပေါ်တွင် အမှတ်များ၊ ယောင်ကိုင်းမှုများ နှင့် အညိုအမဲများ တွေ့ရသည်ဟု မစ်ရှင်ကို အသိပေးသည်။

[1455] CI-130, CI-136, QI-105, QI-106, QI-108.

[1456] QI-105.

[1457] CI-082, CI-176 ယင်းမှာ ၂၀၁၇ ခု ဩဂုတ် ၂၅ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" နောက်ပိုင်း ထိန်းသိမ်းခံရသော ရိုဟင်ဂျာ ယောကျ်ား များတွင် ဖြစ်ခဲ့သည်။ ဘာသာရေး ခေါင်းဆောင် ၃၀ ၏ မုတ်ဆိတ်မွေးများကို ဂက်စ်မီးခြစ်ဖြင့် မီးရှို့ခဲ့ခြင်းလည်း ပါဝင်သည်။

[1458] CI-136.

[1459] CI-136, DI-037, QI-107, QI-108.

[1460] CI-136.

၆၇၆။ ရိုဟင်ဂျာယောက်ျားများနှင့် ကောင်လေးများမှာ လိင်ဆိုင်ရာစော်ကားမှု သားကောင်များလည်း ဖြစ်ကြရသည်။ မကြာခဏပင် အခြားသောထောင်ကျများ ရှေ့မှောက်တွင် ဖြစ်လေ့ရှိသည်။ ထိန်းသိမ်းခံရသူများသည် သူတို့၏အချုပ်ဆောင်မှ ရေချိုးသည့်နေရာသို့ ကိုယ်တုံးလုံး လမ်းလျှောက်ခိုင်း ခံရခြင်းဖြင့် ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် ဆက်ဆံမှုကို ခံရတတ်ပြီး လူပေါင်း ၂၀ မှ ၃၀ ခန့်ရှိ လူများအကြား မိသားစုများ အပါအဝင် တစ်ဦးနှင့်တစ်ဦးရှေ့မှောက်တွင် ရေချိုးပြကြရသည်။ ယင်းမှာ အထူးမသက်မသာဖြစ်ရပြီး ရှက်စရာ ကောင်းသည်ဟု ယူဆကြသည်။[1461] ထိန်းသိမ်းခံရသူများသည် သူတို့၏ အချုပ်ဆောင်များ အပြင်တွင် ခန္ဓာကိုယ် ခြောက်သွေ့သည်အထိ အဝတ်မပါပဲ စောင့်နေကြရကြောင်းလည်း အစီရင်ခံချက်များ ရရှိသည်။[1462]နောက်ထပ် ထိန်းသိမ်းခံရသူ တစ်ဦးက အစောင့်များက ထိန်းသိမ်းခံရသူ ရိုဟင်ဂျာများ၏ လိင်အင်္ဂါများကို မီးဖြင့် မည်သို့ရှို့ပုံကို ပြောပြသည်။[1463]

၆၇၇။ ဘူးသီးတောင် ထောင်အတွင်း မလျော်ကန်သော ပြုမူဆက်ဆံမှုများကြောင့် ရိုဟင်ဂျာ ထိန်းသိမ်းခံရသူ အရေအတွက် အတော်များများမှာ သေဆုံးခဲ့ရသည်။ အချို့မှာ သေသည်အထိ အရိုက်ခံရပြီး အလောင်းများကို အချုပ်ဆောင်အပြင်သို့ ဒရွတ်တိုက် ဆွဲယူသွားခံရသည်။[1464] ယခင်က ထိန်းသိမ်းခံရဘူးသူတစ်ဦးက သူ၏ အချုပ်ဆောင်အတွင်း လူလေးဦး အသတ်ခံရသည်ကို မြင်ခဲ့ရကြောင်း ပြောပြသည်။ "အစောင့်တွေက သူတို့ကို ကျွန်တော့် ရှေ့မှာပဲ သေအောင် ရိုက်သတ်လိုက်တယ်။ တခြား သုံးယောက်က အရမ်း အရိုက်ခံရတယ်။ နောက် လနည်းနည်း ကြာတော့ သေသွားတယ်။"[1465]

၆၇၈။ ထိန်းသိမ်းခံရသူများသည် အရိုးကျိုးခြင်း၊ ပိုးဝင်နာများ နှင့် ဘဝကို ပြောင်းလဲစေသော အခြားသော ဒဏ်ရာများ အပါအဝင် ပြင်းထန်သော ဒဏ်ရာများ ခံစားကြရသည်။[1466] ထိန်းသိမ်းခံရဘူးသူ တစ်ဦးက တိုင်းရင်းသား ရခိုင်များနှင့် အစောင့်များက သူ့ကို တလကျော်ကြာအောင် ပုံမှန်ရိုက်နှက်ခြင်းကြောင့် သက်ရောက်မှုများကို ပြောပြသည်မှာ-

> *ကျနော့်နောက်ကျောမှာ ဒါဏ်ရာရခဲ့တယယ်။ ကျနော် နောက်ကျောပေါ်မှာ ဘာပစ္စည်းမှ မသယ်နိုင်တော့ဘူး။ သူတို့က ကျနော့်ခြေချောင်းတွေနဲ့ ခြေမျက်စိကို ရိုက်တယ်။ ကျနော့်လက်သန်းလေး ကျိုးသွားတယ်။ ကျနော့်လက်နဲ့ ခြေထောက်မှာ အမာရွတ်တွေရှိပြီး နောက်ကျောနဲ့ ခါးက နာနေတုန်းပဲ။*[1467]

၆၇၉ ။ ဘူးသီးတောင်ထောင်တွင် ခြစားမှုကလည်း ကြီးမားသည်။ ရိုက်နှက်မှုများ လျှော့ချရန် သို့မဟုတ် အဆုံးသတ်ရန် သို့မဟုတ် လိုအပ်သောဆေးကုသမှု ခံယူနိုင်ရန် ထောင် အစောင့်များက ပိုက်ဆံတောင်းသည်။[1468] ဆွေမျိုး သို့မဟုတ် သူငယ်ချင်းများက

[1461] CI-130, CI-136, DI-037, QI-105, QI-106, QI-108; KI-076.3, KI-076.4, KI-076.5.

[1462] KI-076.3, KI-076.4.

[1463] DI-037.

[1464] CI-136, DI-037, QI-105, QI-106, QI-107, QI-108, RI-011; KI-076.2, KI-076.4, KI-076.5.

[1465] QI-106.

[1466] CI-136, DI-037, QI-107.

[1467] CI-136.

[1468] CI-082, CI-175, DI-037, QI-104, QI-107.

ထိန်းသိမ်းထားသူများထံ လာရောက်တွေ့ဆုံရန် ပိုက်ဆံပေးရသည်။[1469] ငွေအမြောက်အများ ပေးပါက ထောင်မှ လွတ်မြောက်နိုင်သည်။[1470]

## (၄)၂၀၁၂ ခုနှစ် အကြမ်းဖက်မှုကို အစိုးရ၏ တုန့်ပြန်မှု

### (က) ညမထွက်ရ အမိန့်များနှင့် လူငါးဦးထက် ပိုမစုရန် တားမြစ်ခြင်း

၆၈၀။ မောင်တောအကြမ်းဖက်မှုအပေါ် အစိုးရ၏ ပထမဆုံးတုန့်ပြန်မှုများထဲမှ တခုမှာ မောင်တောမြို့နယ် အုပ်ချုပ်ရေးမှူးက ဇွန်လ ၈ ရက်နေ့တွင် ညမထွက်ရ အမိန့်ထုတ်ပြန်ပြီး လူငါးယောက်ထက်ပို စုဝေးခြင်းကို တားမြစ်ခြင်းဖြစ်သည်။[1471] အလားတူ ၂၀၁၂ အမိန့်များကို ဘူးသီးတောင်၊ ကျောက်ဖြူ၊ ရမ်းဗြဲ၊ စစ်တွေ၊ နှင့် သံတွဲ မြို့နယ်များတွင် ထုတ်ပြန်ခဲ့သည်။[1472] သမ္မတက "လူ့အသက်များ၊ ကျန်းမာရေး သို့မဟုတ် ဘေးကင်းလုံခြုံရေး ဘေးအန္တရာယ် ကျရောက်မည့် အခြေအနေ၊ သို့မဟုတ် လူထု အုံကြွမှု သို့မဟုတ် သတ်ပုတ်နောက်ယှက်မှု ဖြစ်နိုင်သည့် အခြေအနေ"ကြောင့် သက်တမ်းတိုးခြင်း မဟုတ်လျှင် ထိုအမိန့်များသည် ဥပဒေအရ နှစ်လသာ အသက်ဝင်သည်။[1473]

၆၈၁။ ၂၀၁၄ စက်တင်ဘာလတွင် မောင်တောနှင့် ဘူးသီးတောင် မြို့နယ်များမှ လွဲ၍ ၂၀၁၂ ခုမှစ၍ ဆက်တိုက် အသက်ဝင်ခဲ့သော ရခိုင်ပြည်နယ်ရှိ ညမထွက်ရ အမိန့်များအားလုံးကို ရုတ်သိမ်းလိုက်သည်။[1474] ယုံကြည်စိတ်ချရသော အစီရင်ခံချက်များ အရ ယင်းအမိန့်များသည် ဘူးသီးတောင်နှင့် မောင်တောမြို့များတွင် အနီးဝန်းကျင် ကျေးလက်ဒေသများထက် ပိုမိုတင်းကြပ်စွာ ကျင့်သုံးသည်။[1475]

၆၈၂။ ညမထွက်ရ အမိန့်များအရ လူများသည် ညနေ ၆ နာရီမှ မနက် ၆ နာရီအတွင်း သူတို့၏ အိမ်အပြင်ဘက်သို့ ထွက်ခွင့်မရှိပေ။ နောက်ပိုင်းတွင် ယင်းအချိန်ကို လျော့ချသော်လည်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် ဘူးသီးတောင်နှင့် မောင်တောတွင် ညမထွက်ရ အမိန့်ကို ပြန်လည်တိုးမြှင့်ခဲ့သည်။[1476] ညမထွက်ရ အမိန့်များကို ယေဘူယျ အသုံးအနှုန်းဖြင့် ထုတ်ပြန်ခဲ့သော်လည်း အဓိက ကျင့်သုံးမှုမှာ ယေဘူယျအားဖြင့် မွတ်စလင်များ နှင့် မောင်တောနှင့်

---

[1469] CI-082, CI-136, QI-104, QI-107.

[1470] DI-010, DI-037; K-076.4.

[1471] မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဌာန၊ ညမထွက်ရအမိန့်အမှတ် ၁/၂၀၁၂ (၂၀၁၂ ဇွန် ၈ရက်) အောက်ပါလင့်တွင်ရနိုင်သည်။ http://www.myanmargeneva.org/pressrelease/2.%20Preventive%20measures%20and%20actions%20taken%20by%20the%20government.pdf. စာမျက်နှာ ၇တွင်ကြည့်။ ယင်းသို့သော ညမထွက်ရအမိန့်ကို အထွေထွေအုပ်ချုပ်ရေးဌာနက မြို့နယ် အုပ်ချုပ်ရေးမှူးများမှတဆင့် ပိုမို ထုတ်ပြန်လာသည်။ ယင်းကို တပ်မတော်၏ ထိန်းချုပ်မှု ပိုမို အားကောင်းစေရန် သွယ်ဝိုက်သောနည်းဖြင့် လုပ်ဆောင်သည်ဟု မြင်သည်။ M. Crouch, "နေ့တိုင်း အရေးပေါ် အခြေအနေ။ *မြန်မာပြည်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြောင်းလဲမှုနှင့် ဥပဒေပြုပြင်ရေးတွင်* ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရာဇဝတ်မှုခင်းဆိုင်ရာ လုပ်ဆောင်မှု အစီအစဉ်များ၏ ကျင့်ဝတ်များအကြား" တွင်ကြည့်၊ A. Harding, Khin Khin Oo, eds. (Hart Publishing/Bloomsbury, 2017), စာမျက်နှာ ၁၆၅ တွင် ကြည့်

[1472] ကုလသမဂ္ဂဆိုင်ရာ မြန်မာနိုင်ငံ၏ အမြဲတမ်းကိုယ်စားလှယ်နှင့် ဂျနီဗာရှိ အခြားနိုင်ငံတကာ အဖွဲ့အစည်းများ အဖွဲ့မှ တင်ထားသော တင်ပြချက် "အစိုးရမှ ဆောင်ရွက်လာသော ကြိုတင်ကာကွယ်သည့် နည်းလမ်းများနှင့် ဆောင်ရွက်မှုများ"။ စာမျက်နှာ ၂ တွင်ကြည့်။ အောက်ပါလင့်တွင် ရရှိနိုင်သည်။ http://www.myanmargeneva.org/pressrelease/2.%20Preventive%20measures%20and%20actions%20taken%20by%20the%20government.pdf

[1473] ရာဇဝတ် လုပ်ထုံးလုပ်နည်း စည်းမျဉ်းများ၊ ၁၄၄ (၆)

[1474] V-047.

[1475] V-047.

[1476] အပိုင်း ၅၊ အခန်း ဒီ-၃၊ ကပ်ဘေးအန္တရာယ်များကို ရင်ဆိုင်ခြင်းတွင် ကြည့်။

ဘူးသီးတောင်မြို့နယ်များမှ ရိုဟင်ဂျာများအပေါ် ဖြစ်သည်။ ကျင့်သုံးမှုကို ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ နစက၊ နယ်ခြားစောင့်ရဲတပ်ဖွဲ့နှင့် တပ်မတော်တို့က လုပ်ဆောင်သည်။[1477]

၆၈၃။ အင်တာဗျူးဖြေဆိုသော ရိုဟင်ဂျာ အများအပြားက ထိုကာဖျူးကို ၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်း သူတို့တွေ့ကြုံရသော ကန့်သတ်မှုများအနက် အပြင်းထန်ဆုံးတခု အဖြစ် ရည်ညွှန်းကြသည်။[1478] ကာလကြာရှည်ပြီး ခွဲခြားဆက်ဆံမှုရှိသော အသုံးပြုမှုအတွက် ယင်းသည် ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ၏ ဘဝများအပေါ် စားဝတ်နေရေး ဖြေရှင်းမှုအပါအဝင် ဘေးထွက် သက်ရောက်မှု အများအပြား ရှိခဲ့သည်။[1479] အင်တာဗျူးဖြေဆိုသူများက သူတို့အား ညမထွက်ရ သတ်မှတ်ချိန်အတွင်း မီးများ သို့မဟုတ် ဖယောင်းတိုင်များကို ပေးမသုံးကြောင်း ပြောပြကြသည်။[1480] အချို့သော သီးခြားဖြစ်ရပ်များတွင် လုံခြုံရေးတပ်ဖွဲ့များသည် ပိုမို၍ လိုက်လိုက်လျောလျောရှိပြီး ချွင်းချက်များထားကာ ရိုဟင်ဂျာများကို ညမထွက်ရ သတ်မှတ်ချိန်အပြင်တွင် အပြင်ပေးထွက်သည်လည်း ရှိသည်။[1481] သို့ရာတွင် ဖြစ်ရပ် အများစုတွင် ညမထွက်ရအမိန့်ကို အထူးသဖြင့် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ARSA တိုက်ခိုက်မှုများ နောက်ပိုင်းကာလများတွင် တင်းတင်းကြပ်ကြပ် ကျင့်သုံးသည်။ အချို့သော ဖြစ်ရပ်များတွင် လုံခြုံရေးတပ်ဖွဲ့များသည် သက်ကြီးရွယ်အိုများအပါအဝင် ညမထွက်ရ အချိန်များတွင် အပြင်သို့ရောက်ရှိနေသော ရိုဟင်ဂျာများကို သတ်ဖြတ်သည်အထိ လုပ်ဆောင်ခဲ့သည်။[1482]

၆၈၄။ ညမထွက်ရအမိန့်သည် "လမ်းမများ၊ လမ်းများ၊ လမ်းသွယ်များ၊ ဥယျာဉ်များ သို့မဟုတ် ပလီများ နှင့် ပြည်သူပိုင်ကျောင်းများ" တွင် လူငါးယောက်ထက်ပိုမို စုဝေးခြင်းကိုလည်း တားမြစ်သည်။[1483] ယင်းသည် နောက်လာသည့် ခြောက်နှစ်အတွင်း ရေရှည်အထိဖြစ်သော ဘေးထွက်ဆိုးကျိုးများကို ဖြစ်စေခဲ့သည်။ လူငါးယောက်ထက်ပိုမစုရသော အများနှင့် သက်ဆိုင်သော နေရာစာရင်းကို ထုတ်ပြန်ရာတွင် ခွဲခြားဆက်ဆံသော ရည်ရွယ်ချက်ကို တွေ့ရသည်။ ယင်းတွင် ပလီများကို ထည့်သွင်းထားသော်လည်း ဘုန်းကြီးကျောင်းများနှင့် ဘုရားများ ပါဝင်ခြင်း မရှိပေ။ မွတ်စလင်များအတွက် ပလီများတွင် စုဝေးဝတ်ပြုမှုသည် အရေးကြီးလှသည်ဖြစ်ရာ ဤတားမြစ်မှုသည် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၁၈ အပါအဝင်နှင့် CRC ၏ ပုဒ်မ ၁၄ အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအောက်တွင် ကာကွယ်ထားသော ဘာသာရေးဆိုင်ရာ ဆုတောင်းခြင်း အပါအဝင်၊ ဘာသာရေး လွတ်လပ်ခွင့်ကို ပြင်းပြင်းထန်ထန် ပိတ်ပင်မှုကို ကိုယ်စားပြုသည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များက အချို့ရိုဟင်ဂျာများသည် ပုဂ္ဂလိကနေအိမ်များ၊ ယာယီပလီများ သို့မဟုတ် ဝေးလံခေါင်ဖျားသော ဧရိယာများမှ ဘာသာရေးကျောင်းများတွင်

---

1477 CI-125, DI-073, V-047 See also A/HRC/32/18

1478 CI-062, CI-063, CI-064, CI-076, CI-079, CI-080, CI-082, CI-084, CI-089, CI-092, CI-094, CI-174, CI-175, CI-181, CI-183, CI-184, CI-185, CI-186, CI-187, CI-188, CI-189, CI-192, CI-194, CI-195, CI-196, CI-198, CI-199, DI-003, DI-004, DI-047, DI-050, DI-052, DI-053, DI-054, DI-073, DI-075, DI-076, RI-002, RI-003, RI-009, RI-010, RI-012, RI-015, RI-017.

1479 DI-053.

1480 CI-082, CI-094, DI-053.

1481 DI-075, DI-076.

1482 CI-076, CI-174, DI-050, DI-054, DI-073.

1483 မြို့နယ် အထွေထွေ အုပ်ချုပ်ရေး ဌာန၊ ညမထွက်ရ အမိန့် အမှတ် ၁/၂၀၁၂ (၂၀၁၂ ဇွန်လ ၈ ရက်) အောက်ပါလင့်တွင် ကြည့်နိုင်သည်။ http://www.myanmargeneva.org/pressrelease/2.%20Preventive%20measures%20and%20actions%20taken%20by%20the%20government.pdf. စာမျက်နှာ ၇ ကြည့်

စုဝေးပြီး တိတ်တဆိတ် ဆုတောင်းကြကြောင်း ဖော်ပြထားသည်။[1484] ဤ ငါးယောက်ထက် ပိုပြီး လူမစုရသည့် တားမြစ်ချက်ကို အချိန် ကြာမြင့်စွာ တားမြစ်ထားခြင်းသည် ဥပမာအားဖြင့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း ပုဒ်မ ၂၀(၁) နှင့် CRC ပုဒ်မ ၁၅ မှ အကာအကွယ်ပေးထားသော ငြိမ်းချမ်းစွာ စုဝေးခွင့်ကိုလည်း ချိုးဖောက်ခြင်းဖြစ်သည်။

### (ခ) အရေးပေါ် အခြေအနေ

၆၈၅။ ၂၀၁၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် သမ္မတ ဦးသိန်းစိန်သည် ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၄၁၂ (က) အရ ရခိုင်ပြည်နယ်ကို အရေးပေါ် အခြေအနေကြေညာလိုက်ခြင်းဖြင့် ညမထွက်ရ အမိန့်များကို အားဖြည့်လိုက်သည်။[1485] သူက ယင်းသည် "ပြည်သူများအတွက် ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို အလျင်အမြန် ရယူပေးရန်" အတွက် ဖြစ်သည်ဟု ဖော်ပြသည်။ သူ၏ ကြေညာချက်တွင် သမ္မတက ဖွဲ့စည်းပုံအခြေခံ ဥပဒေ ပုဒ်မ ၄၁၃ (က) ကို "ကာကွယ်ရေး လုပ်ငန်းများ၏ အကူအညီရယူရန်" အခွင့်အာဏာကို အသုံးပြုထားသည်။ ပုဒ်မ ၄၁၄(ခ) အရ အရေးပေါ်အခြေအနေ ကြေညာသည့်အခါ သမ္မတသည် လိုအပ်ပါက အရေးပေါ် အခြေအနေ သက်ရောက်သော ဧရိယာများတွင် နေထိုင်ကြသော နိုင်ငံသားများ၏ တစ်ခု သို့မဟုတ် ထို့ထက်ပိုသော အခြေခံအခွင့်အရေးများကို ကန့်သတ် သို့မဟုတ် ဆိုင်းငံ့ထားနိုင်သည်။ သို့ရာတွင် သမ္မတ ထုတ်ပြန်သော အမိန့်ပြန်တမ်းတွင် ယင်းအာဏာကို အသုံးပြုထားခြင်း မရှိပါ။

၆၈၆။ ရခိုင်ပြည်နယ်တွင် အရေးပေါ် အခြေအနေသည် လေး နှစ်နီးပါး ကြာမြင့်ခဲ့သည်။ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ အရေးပေါ် အခြေအနေသည် "နိုင်ငံ၏ အသက်ကို ချိန်းခြောက်သော လူထု အရေးပေါ်အခြေအနေ" ရှိမှသာလျှင် အရေးပေါ် အခြေအနေကို ပြဌာန်းနိုင်ခွင့်ရှိသည်။ [1486] မြန်မာအစိုးရကိုယ်တိုင်ကပင်လျှင် ရခိုင် ပြည်နယ် အခြေအနေကို ယင်း သတ်မှတ်ချက်များနှင့် ရှုမြင်သည် မဟုတ်ပါ။ ဆန့်ကျင်စွာပင် ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီတွင် ပြုလုပ်သည့် ဒုတိယအကြိမ် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ်အစည်းအဝေး၌ မြန်မာနိုင်ငံ၏ အမြဲတမ်း ကိုယ်စားလှယ်က ၂၀၁၂ ခုနှစ် မှ စ၍ ရခိုင်ပြည်နယ်တွင် လူမှုအသိုင်းအဝိုင်းများ အကြား အကြမ်းဖက်မှုမရှိတော့ပဲ "ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းထားနိုင်ပြီ" ဟု ပြောဆိုခဲ့သည်။ သူက ဘူးသီးတောင်နှင့် မောင်တောရှိ လူမှုအသိုင်းအဝိုင်းများသည် "လူမှု အသိုင်းအဝိုင်းများအကြား ကုန်သွယ်ရေးနှင့် စီးပွားရေး ထိတွေ့မှုများ" ရှိနေပြီး သူတို့၏ ကလေးများသည် စာသင်ကျောင်းကို အတူတကွ တက်ရောက်နေပြီဖြစ်ကြောင်း မီးမောင်းထိုး ပြောကြားခဲ့သည်။[1487]

---

[1484] V-047.

[1485] ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ၊ သမ္မတ ရုံး၊ အမိန့်ပြန်တမ်း အမှတ် ၁/၂၀၁၂ (၂၀၁၂ ဇွန် ၁၀ ရက်) အောက်ပါလင့်တွင် ကြည့်နိုင်သည်။ http://www.myanmargeneva.org/pressrelease/2.%20Preventive%20measures%20and%20actions%20taken%20by%20the%20government.pdf . စာမျက်နှာ ၁၀ ကြည့်

[1486] ကုလသမဂ္ဂ လူ့အခွင့်အရေး ကော်မတီ။ အထွေထွေ ထင်မြင်ချက် အမှတ်၂၉ ။ *အရေးအပေါ်အခြေအနေတွင် ရှုတ်သိမ်းလာမှုများ* (၃၁ ဩဂုတ် ၂၀၀၁) လူ့အခွင့်အရေး ကော်မတီက ဖော်ပြထားသည်မှာ "ဆူပူမှု သို့မဟုတ် ကပ်ဘေးအန္တရာယ်များ အားလုံးသည် အသက်ကို ခြိမ်းခြောက်သည် နိုင်ငံတော်၏ လူထု အရေးပေါ် အခြေအနေအဖြစ် အရည်အသွေးမမှီပါ"။ နိုင်ငံတော် အရေးပေါ် အခြေအနေကြေညာခြင်းတွင် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ ပုဒ်မ ၄၁၄ (က) ၏ လိုအပ်ချက်ဖြစ်သော သက်တမ်းကို ဖော်ပြထားခြင်း မရှိသောကြောင့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေနှင့် မကိုက်ညီဟု မြင်သည်။

[1487] ဦးမောင်ဝေ၏ ကြေညာချက်၊ ပြည်ထောင်စု မြန်မာနိုင်ငံ၏ ကုလသမဂ္ဂ အမြဲတမ်း ကိုယ်စားလှယ် နှင့် ဂျနီဗာရှိ အခြားသော နိုင်ငံတကာ အဖွဲ့အစည်းများ "ရခိုင်ပြည်နယ် အခြေအနေနှင့် UNSG ၏အထူး ကိုယ်စားလှယ်နှင့် ပူးပေါင်း လုပ်ဆောင်မှု" ကို အောက်ပါလင့်တွင် ကြည့်နိုင်သည်။

၆၈၇။ ရခိုင်ပြည်နယ်၏ တည်ရှိနေသောအခြေအနေများသည် “နိုင်ငံတော်၏ အသက်ကို ခြိမ်းခြောက်မှု” မျိုး မဟုတ်ပဲ အရေးပေါ်အခြေအနေနှင့် ညမထွက်ရ အမိန့်များ ဆက်လက်ထားရှိရန် အကြောင်းပြချက်သည် ခိုင်လုံမှု မရှိကြောင်း မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ထိုအစား ယင်းအရေးယူဆောင်ရွက်မှုများသည် ယင်းတို့၏ ခွဲခြားဆက်ဆံသော အသုံးပြုမှုမှတဆင့် ရိုဟင်ဂျာနှင့် ကမန်များ၏ ဘဝများကို ကန့်သတ်ရန် နည်းလမ်းများဖြစ်နေပြီး တပ်မတော်အား အာဏာများပိုမိုပေးထားခြင်းဖြစ်သည်။ သမ္မတ ဦးသိန်းစိန်က ၂၀၁၆ ခုနှစ် မတ်လ ၂၈ ရက်နေ့ အသစ်တက်လာသော အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်အစိုးရသို့ အာဏာမလွှဲပြောင်းမီလေးတွင် အရေးပေါ်အခြေအနေကို ရုတ်သိမ်းခဲ့သည်။[1488]

## (ဂ) ရခိုင်ပြည်နယ် အုပ်စုကွဲများအကြား အကြမ်းဖက်မှုအပေါ် စုံစမ်းရေးကော်မရှင်

၆၈၈။ ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၇ ရက်နေ့တွင် ရခိုင်ပြည်နယ်တွင် အုပ်စုကွဲများအကြား အကြမ်းဖက်မှုအပေါ် စုံစမ်းရေးကော်မရှင်ကို သမ္မတက ဖွဲ့စည်းခဲ့သည်။[1489] သမ္မတက စုံစမ်းရေး ကော်မရှင် ဖွဲ့စည်းခြင်းသည် အပြုသဘောဆောင်သော ခြေလှမ်းဖြစ်သော်လည်း ကော်မရှင်၏ ဖွဲ့စည်းပုံသာမက ယင်း လုပ်ဆောင်ရသော လုပ်ပိုင်ခွင့်သည် အခြေခံအားဖြင့် လွဲမှားနေသည်။ အစတွင် ကော်မရှင်ကို မွတ်ဆလင် ခြောက်ဦးအပါအဝင် အဖွဲ့ဝင် ၂၇ ဦးနှင့် ဖွဲ့စည်းခဲ့သော်လည်း ရိုဟင်ဂျာ တစ်ဦးတစ်ယောက်ကိုမျှ ထည့်သွင်းထားခြင်းမရှိပေ။ မွတ်ဆလင် အဖွဲ့ဝင် ခြောက်ဦးအနက်မှ နှစ်ဦးကို[1490] အချို့သော ကိစ္စရပ်များအပေါ်တွင် အလွန်အမင်း လွတ်လပ်လွန်းသည်ဆိုကာ သူတို့ကို ကော်မရှင်မှ ထုတ်ပယ်ခဲ့ကြောင်း အစီရင်ခံမှုများရှိသည်။[1491] ကော်မရှင်သည် လူသိရှင်ကြား ရိုဟင်ဂျာ ဆန့်ကျင်ရေး အားကောင်းသော အဖွဲ့ဝင်များ ဥပမာ- ရခိုင်အမျိုးသားများ ဒီမိုကရက်တစ်ပါတီ၏ ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်နှင့် ၈၈ မျိုးဆက်ကျောင်းသား အုပ်စုမှ ဦးကိုကိုကြီးတို့ကို အဖွဲ့ဝင်အဖြစ် ထည့်သွင်းထားသည်။[1492] ကော်မရှင်ဥက္ကဋ္ဌမှာ ယခင် သာသနာရေး ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်ဖြစ်သူ ဒေါက်တာ မျိုးညွှန့်ဖြစ်သဖြင့် မစ်ရှင်သည် လွတ်လပ်မှု အားနည်းမည်ကို စိုးရိမ်စရာ ဖြစ်စေခဲ့သည်။[1493] ကော်မရှင်က သူ၏ အစီရင်ခံစာကို ၂၀၁၃ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ထုတ်ဝေသည်။[1494] မစ်ရှင်အနေဖြင့် ယင်း အစီရင်ခံစာ၏ အချို့အစိတ်အပိုင်း အချက်လက်များသည် အကြမ်းဖက်မှုအပေါ်တွင် လူမှု အသိုင်းအဝိုင်း နှစ်ရပ်စလုံး၏ အမြင်ကို ထင်ဟပ်ရှာဖွေထားမှုကို ကြိုဆိုသည်။ သို့ရာတွင် အစီရင်ခံစာတွင် အခြေခံအားနည်းချက်များ ရှိနေခြင်းကြောင့် ယင်း၏ ယုံကြည်စိတ်ချရမှုကို ပျက်စီးစေသည်။[1495]

---

https://extranet.ohchr.org/sites/upr/Sessions/23session/Myanmar/Statements/103.1_Closing%20Remarka%20-%201%20-%20Situation%20of%20Rakhine%20State_UPR_Myanmar.pdf

1488 အရေးပေါ်အခြေအနေ ရုတ်သိမ်းသည့် ကြေညာချက်ကို အောက်ပါလင့်တွင် ကြည့်နိုင်သည်။ http://www.moi.gov.mm/moi:eng/?q=news/29/03/2016/id-6792

1489 The New Light of Myanmar, “စုံစမ်းရေး ကော်မရှင် ဖွဲ့စည်း” (၂၀၁၂ ဩဂုတ် ၁၈ ရက်)

1490 ဟာဂျီ ဦးညွန့်မောင်ရှိန်နှင့် ဦးတင်မောင်သန်း။

1491 DI-077; K-240.

1492 ဤအခန်း အပိုင်း C.5 တွင် ကြည့်ပါ။ အမုန်းတရား ဖြန့်ဝေခြင်း

1493 DI-077.

1494 ရခိုင်ပြည်နယ် အုပ်စုများအကြား အကြမ်းဖက်မှု စုံစမ်းရေး ကော်မရှင်၊ နောက်ဆုံး အစီရင်ခံစာ (၂၀၁၃ ဇူလိုင်လ)

1495 အခန်း X၊ အပိုင်း B.2.b။ နမူနာ အဖြစ်အပျက်လေ့လာမှု၊ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုနှင့် ဖိနှိပ်မှု

### (ဃ) ရွှေပြောင်း ဒုက္ခသည် စခန်းများနှင့် နေရာများ

၆၈၉။ ၂၀၁၃ ခုနှစ် ဇူလိုင်လတွင် (ရိုဟင်ဂျာ၊ ရခိုင်၊ ကမာန်နှင့် မာရမာကြီး) လူပေါင်း ၁၄၀,၀၀၀ ခန့်သည် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ၏ ရလာဒ်ကြောင့် ရခိုင်ပြည်နယ်တွင် အိုးအိမ်မဲ့ ရွှေပြောင်းခဲ့ရသည်။ သူတို့သည် အစပိုင်းတွင် ရွှေပြောင်းစခန်း နှင့် နေရာ ၇၆ ခုတွင် နေထိုင်ခဲ့ကြသည်။[1496] အခြားသော လူ ၃၆,၀၀၀ မှာ အကြမ်းဖက်မှု၏ ဘေးထွက် သက်ရောက်မှုများ ရှိသော်လည်း အိုးအိမ်မဲ့ရွှေပြောင်းရခြင်း မရှိသောကြောင့် သူတို့ကို "လူသားချင်းစာနာထောက်ထားမှု လိုအပ်သောသူများ" အဖြစ် သတ်မှတ်ခဲ့သည်။ ရွှေပြောင်းဒုက္ခသည် စခန်းများနှင့် နေရာများသည် ရခိုင်ပြည်နယ် တဝှမ်းတွင် တည်ရှိသည်။ (အသေးစိတ်ကို အောက်ပါ မြေပုံတွင်ကြည့်ပါ)[1497] ၂၀၁၂-၂၀၁၃ ခုနှစ်တွင် အိုးအိမ်မဲ့ ရွှေပြောင်းခဲ့ရသူများ၏ ၉၅ ရာနှုန်းမှာ မွတ်စလင်များဖြစ်ပြီး အများစုကြီးမှာ ရိုဟင်ဂျာများဖြစ်ကာ ကျန် ငါးရာခိုင်နှုန်းမှာ တိုင်းရင်းသား ရခိုင်များနှင့် မာရမာကြီးများ ဖြစ်ကြသည်။[1498]

---

[1496] ၂၀၁၂ ဇွန်လ အကြမ်းဖက်မှုတွင် လူပေါင်း ၁၀၀,၀၀၀ အိုးအိမ်မဲ့ ရွှေပြောင်းခဲ့ရပြီး ကျန်သူများမှာ ၂၀၁၂ အောက်တိုဘာ အကြမ်းဖက်မှု၏ ရလာဒ်ကြောင့် ဖြစ်သည်။

[1497] ကုလသမဂ္ဂ၊ ရခိုင် တုန့်ပြန်မှု အစီအစဉ် (မြန်မာ)- ၂၀၁၂ ဇူလိုင်- ၂၀၁၃ ဒီဇင်ဘာ၊ စာ-၄

[1498] K-069.

## ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ အကြမ်းဖက်မှုကြောင့် သက်ရောက်ခံခဲ့ရသော လူဦးရေကို ဖော်ပြသည့် OCHA ၏ ၂၀၁၃ ဇွန်လ မြေပုံ




| Township | Displaced People | People in isolated and host communities | Total |
|---|---|---|---|
| Kyauk Phyu | 491 | - | 491 |
| Kyauktaw | 8,267 | 6,936 | 15,203 |
| Maungdaw | 3,569 | - | 3,569 |
| Myebon | 4,169 | - | 4,169 |
| Minbya | 5,152 | 8,558 | 13,710 |
| Mrauk-U | 4,135 | 11,026 | 15,161 |
| Pauktaw | 19,976 | 6,558 | 26,534 |
| Ramree | 260 | - | 260 |
| Rathedaung | 4,008 | - | 4,008 |
| Sittwe | 89,880 | 3,023 | 92,903 |
| Buthidaung | - | - | - |
| Total | 139,907 | 36,101 | 176,008 |

၆၉၀။ ၂၀၁၃ ခုနှစ်အလယ်တွင် စစ်တွေနှင့် မောင်တောရှိ ရွှေ့ပြောင်းဒုက္ခသည် နေရာ ၂၀ ခန့် ပိတ်ခဲ့သည်။ ယင်းတို့မှာ တိုင်းရင်းသား ရခိုင်များ ခေတ္တခိုလှုံရာ ဘုန်းကြီးကျောင်းများကဲ့သို့ နေရာငယ်များ ဖြစ်သည်။ ၂၀၁၅ အကုန်တွင် ရခိုင် အများစုအပါအဝင် ခန့်မှန်းခြေ ရွှေ့ပြောင်းသူပေါင်း ၂၅,၀၀၀ ခန့်ကို သူတို့၏ နေအိမ်များ သို့မဟုတ် ရခိုင်ပြည်နယ်အစိုးရ၏

ပံ့ပိုးမှုဖြင့် တစ်ဦးချင်းအိမ်ယာကူညီမှုဖြင့် နေရာပြန်လည်ချထားရေးကို နိုင်ငံတကာ အသိုင်းအဝိုင်း၏ အကူအညီဖြင့် လုပ်ဆောင်ခဲ့သည်။[1499]

၆၉၁။ ၂၀၁၈ ဇူလိုင် ၃၁ ရက်နေ့တွင် ကမာန် ကိန်းဂဏန်းအနည်းငယ်ပါဝင်ပြီး အဓိက ရိုဟင်ဂျာများပါဝင်သည့် လူပေါင်း ၁၂၈,၀၀၀ မှာ ရခိုင်ပြည်နယ် အလယ်ပိုင်း ရွှေ့ပြောင်း ဒုက္ခသည်စခန်း နှင့် နေရာ ၂၃ ခုတွင် ကျန်ရှိနေဆဲ ဖြစ်သည်။[1500] သူတို့ကို သူတို့၏ မူရင်းနေရာများသို့ ပြန်ရန်ခွင့်မပြုပဲ သူတို့၏ သွားလာလှုပ်ရှားမှုအခွင့်အရေးကို တင်းတင်းကြပ်ကြပ် ကန့်သတ်ချက်များနှင့်အတူ ပိတ်လှောင်ခံထားရသည်။ ရွှေ့ပြောင်း ဒုက္ခသည် အများစုမှာ စစ်တွေမြို့ မြို့စွန်ရှိ ကျယ်ဝန်းသော ဧရိယာတွင် နေထိုင်ကြသည်။ (အသေးစိတ်ကို အောက်ပါမြေပုံတွင်ကြည့်ပါ)

[1499] K-069.

[1500] OCHA, "မြန်မာနိုင်ငံ။ ရခိုင်ပြည်နယ် ဒုက္ခသည် နေရာများ- ၂၀၁၈ ခုဇူလိုင် ၃၁ရက်" (၂၀၁၈ ခု ဩဂုတ် ၂၀ရက်)

## ရခိုင်ပြည်နယ် ရွှေ့ပြောင်း လူဦးရေကို ပြသသည့် ၂၀၁၈ ဇူလိုင်လ OCHA မြေပုံ




၆၉၂။ ရခိုင်ပြည်နယ်ရှိ ဒုက္ခသည်စခန်းများသည် ရေရှည်စခန်းလူဦးရေပမာဏ အတွက် နိုင်ငံတကာ စံချိန်စံညွှန်းများနှင့် ပြည့်မီခြင်း မရှိပေ။ ထို့အပြင် အထက်တွင် မီးမောင်းထိုး ဖော်ပြထားသကဲ့သို့ပင် ထိုစခန်းများနှင့် နေရာများရှိ ရိုဟင်ဂျာများနှင့် ကမာန်များအား ၂၀၁၂ ခုနစ်ကတည်းက ထိန်းသိမ်းထားခြင်းမှာ ဥပဒေမဲ့စွာနှင့် ခွဲခြားဆက်ဆံမှုရှိစွာ သူတို့၏ လွတ်လပ်ခွင့်ကို ဖယ်ရှားထားခြင်း ဖြစ်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။[1501]

၆၉၃။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ စခန်းများကို တည်ထောင်သည့်အခါ အာဏာပိုင်များက သူတို့၏တည်နေရာကို ဆုံးဖြတ်ပေးပြီး ယင်းတို့သည် ရေရှည်အခိုင်အမာ

[1501] ဤအပိုင်း၊ အခန်း B.2.f။ သုံးသပ်ချက် ကြည့်

ဖြစ်မည် မဟုတ်ကြောင်း ပြောဆိုခဲ့သည်။[1502] သို့ရာတွင် ခြောက်နှစ်ကြာပြီးနောက် အပြောင်းအလဲ အနည်းငယ်သာရှိပြီး အခြေအနေကို မြင်နိုင်သည့် အနာဂတ်တွင် ဖြေရှင်းနိုင်လိမ့်မည်ဟူသော ညွှန်းပြချက်မရှိပါ။ ရွှေ့ပြောင်းလူထုများမှာ လူသားချင်းစာနာမှု အကူအညီအပေါ်တွင် ကြီးကြီးမားမား မှီခိုနေရသည်။ လူသားချင်းစာနာထောက်ထားသော အသိုင်းအဝိုင်းမှာ စခန်းများအတွင်း အခြေအနေများ တိုးတက်စေရန် လုပ်ဆောင်ရာတွင် အမျိုးမျိုးသော စိမ်ခေါ်မှုများကို ရင်ဆိုင်နေရသည်။ ရွှေ့ပြောင်းဒုက္ခသည် အများစုမှာ လူပြည့်ကြပ်နေသော တဲတန်းရှည်ကြီးများတွင် ကိုယ်ပိုင်လွတ်လပ်ခွင့် မရှိဘဲ စားဝတ်နေရေး ရှာဖွေမှု၊ ကျန်းမာရေးနှင့် ပညာရေးတို့ ရရှိနိုင်မှုကို ကန့်သတ်မှုများ ရှိနေသည်။ ပေါက်တောမြို့နယ် ငက်ချောင်း စခန်း ၂ တွင် ရွှေ့ပြောင်း ဒုက္ခသည် ၄,၀၀၀ သည် ရွံ့ထူသော၊ စိုစွတ်သော၊ ကျန်းမာရေးနှင့် မညီညွတ်သော အခြေအနေများတွင် နေထိုင်ရသည်၊ အဘယ်ကြောင့် ဆိုသော် စခန်းသည် မြေနိမ့်ပိုင်းတွင်ရှိပြီး အစဉ်မပြတ် ရေကြီးသောကြောင့် ဖြစ်သည်။[1503] လူသားချင်း စာနာမှုရေးရာ ကုလသမဂ္ဂ လက်ထောက်အထွေထွေအတွင်းရေးမှူးက သူမ၏ ၂၀၁၈ ဖေပြီ လာရောက်မှုအတွင်း စခန်းများရှိ အခြေအနေများကို "မည်သည့် လူပုဂ္ဂိုလ်မဆိုအတွက် ရှိရမည့် ဂုဏ်သိက္ခာနှင့် လွဲဖယ်ပြီး ရှိနေသည်ဟု" ဖော်ပြခဲ့သည်။[1504]

၆၉၄။ ရခိုင်ပြည်နယ်အပေါ် အကြံပေးကော်မရှင် (အကြံပေး ကော်မရှင်) က ၎င်း၏ ၂၀၁၇ ခုနှစ် မတ်လတွင် ထုတ်ပြန်သည့် ကြားဖြတ်အစီရင်ခံစာတွင် အစိုးရအနေဖြင့် "သက်ရောက်မှုခံရသော လူမှုအသိုင်းအဝိုင်းများ အားလုံးနှင့် ဆွေးနွေးတိုင်ပင်မှု လုပ်ငန်းစဉ်မှတဆင့်" အစိုးရသည် ဒုက္ခသည်စခန်းများ ပိတ်သိမ်းရန် ပြည့်စုံသော မဟာဗျူဟာတစ်ခုကို ပြင်ဆင်ရေးဆွဲရန် အကြံပြုခဲ့သည်။[1505] "စိတ်စေတနာကောင်း လက္ခဏာ၏ ပထမအဆင့်အဖြစ်" ကော်မရှင်က ရမ်းဗြဲ၊ ပေါက်တောနှင့် ကျောက်ဖြူ သုံးနေရာရှိ ရွှေ့ပြောင်း ဒုက္ခသည်များကို နေရပ်ရင်းပြန်ရန်နှင့် နေရာပြောင်းရွှေ့ရန် တောင်းဆိုထားသည်။ အစိုးရက ယင်းကို ၂၀၁၇ မေလတွင် ရရှိအောင် လုပ်ဆောင်မည်ဟု ပြောထားခဲ့သည်။ သို့ရာတွင် တိုင်းရင်းသားရခိုင်များကို ကျောက်ဖြူမှ ရခိုင်ပြည်နယ်အတွင်း နေရာချထားသော နေရာသစ်သို့ အောင်မြင်စွာ ရွှေ့ပြောင်းခဲ့ပြီး ကမန် အိမ်ထောင်စု ၅၅ စုကို ရမ်းဗြဲမှ ရန်ကုန်သို့ ပြောင်းရွှေ့ နေရာချထားခဲ့သည်။ သူတို့အနေဖြင့် သူတို့၏ မူရင်းနေရာများသို့ ပြန်လည်နေထိုင်ခွင့် ပြုတော့မည်မဟုတ်ကြောင်း သူတို့အား ပြောပြပြီး အနည်းငယ်သော ငွေကြေးထောက်ပံ့မှုကို ပေးခဲ့သည်။ ထို့အပြင် (ပေါက်တော) ငြိမ်းနီးပြင် စခန်းမှ ရိုဟင်ဂျာများကို သူတို့၏ နေရပ်ရင်းများသို့ ပြန်လည်နေရာချထားမည့်အစား သို့မဟုတ် တခြား တနေရာရာတွင် နေရာချထားပေးမည့်အစား အစိုးရသည် သူတို့၏ ပြောင်းရွှေ့ အခြေချထားသောနေရာတွင် လုံးချင်းအိမ်များ ဆောက်လုပ်လျက်ရှိသည်။[1506] အလားတူပင် အစိုးရ၏ ရခိုင်ပြည်နယ်အတွင်း ကျန်ရှိနေသော ရွှေ့ပြောင်းဒုက္ခသည်စခန်းများ စတင် ပိတ်သိမ်းရန် စမ်းသပ်စီမံကိန်းကို ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ကြေညာခဲ့ရာ ယင်းမှာ အလွန်ပင် စိတ်ကျေနပ်ဖွယ် မရှိလှပေ။[1507] ယုံကြည်စိတ်ချလောက်သော အစီရင်ခံချက်များအရ

---

[1502] K-069.1.

[1503] K-069.1.

[1504] ဗီဒီယိုကြည့်ရန်၊ https://twitter.com/uschimuller/status/981625075953782784?lang=fr

[1505] ရခိုင်ပြည်နယ် ဆိုင်ရာ အကြံပေး ကော်မရှင်။ ကြားဖြတ် အစီရင်ခံစာနှင့် အကြံပြုချက်များ (၂၀၁၇ ခုနှစ် မတ်လ)၊ စာမျက်နှာ ၁၂-၁၃။

[1506] ရခိုင်ပြည်နယ် လူမှု အကြမ်းဖက်မှု စုံစမ်းရေး ကော်မရှင်။ အဆုံးသတ် အစီရင်ခံစာ၊ (၂၀၁၃ ခု ဇူလိုင်) စာမျက်နှာ ၃၅၊ K-063

[1507] The Global New Light of Myanmar၊ "Meeting on IDP camps, freedom of movement matters held in Rakhine State" (၂၀၁၈ ခုနှစ် ဇန္နဝါရီ ၃ ရက်)။ ရခိုင်ပြည်နယ် အကြံပေး ကော်မရှင်၏ အဆုံးသတ် အစီရင်ခံစာအပေါ် နိုင်ငံတော်၏ အကြံပေး ပုဂ္ဂိုလ် ရုံးမှ ကြေညာချက်။ (၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်)

စမ်းသပ်စီမံချက်တွင် စခန်း ၁၀ ခု ပိတ်သိမ်း၍ ဒုက္ခသည်များကို သူတို့၏ နေရပ်ရင်းသို့ပြန်ပို့ခြင်း သို့မဟုတ် အခြားနေရာတစ်ခုတွင် ရွှေ့ပြောင်းနေရာချခြင်း လုပ်ဆောင်မည့်အစား ရည်ရွယ်ချက်မှာ ဒုက္ခသည်စခန်းများအချို့ကို ကျေးရွာများအဖြစ် အသွင်ပြောင်းရန် ဖြစ်သည်။ ယင်းသည် ဒုက္ခသည်အများစု၏ မြို့ပြစင်တာများတွင်ရှိသော နေရပ်ရင်းသို့ ပြန်လိုသော ဆန္ဒဖော်ထုတ်ချက်ကို ဆန့်ကျင်လျက် လုပ်ဆောင်ခြင်းဖြစ်သည်။[1508] ယင်းသည် အကြံပေး ကော်မရှင်၏ နောက်ဆုံး အကြံပြုချက်နှင့်လည်း ဆန့်ကျင်သည်။ ထိုအစီအစဉ်များ အကောင်အထည်ဖော်ခြင်းအားဖြင့် ငြိမ်းနီပြင်မှာကဲ့သို့ပင် ဘေးဖယ်ခံရစေခြင်း၊ ခွဲခြားထားခြင်းနှင့် ပိတ်လှောင်ထားခြင်းတို့ကို ပိုမို ဖြစ်စေလိမ့်မည်။

၆၉၅။ မစ်ရှင်သည် လူ့ပုဂ္ဂိုလ်များ၏ လူ့အခွင့်အရေးအပေါ် ဆိုးဆိုးရွားရွား သက်ရောက်နေသည့် ဒုက္ခသည်စခန်းများနှင့် နေရာများတွင် ရေရှည်ပိတ်လှောင်ခံထားနေရသော ရိုဟင်ဂျာနှင့် ကမာန် အသိုင်းအဝိုင်းများအတွက် အလွန်အမင်း စိုးရိမ်သည်။ အခြေအနေကို ကုလသမဂ္ဂ၏ ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအပေါ် လမ်းညွှန်ဥပဒေသများနှင့်အညီ အရေးတကြီး ဖြေရှင်းရန် မြန်မာအာဏာပိုင်များအား တောင်းဆိုလိုက်သည်။ ယင်း ဥပဒေသ ၂၈ သည် နေရာရွှေ့ပြောင်းရသူများကို သူတို့၏ နေအိမ်များ သို့ သူတို့၏ ဆန္ဒသဘောထားအလျောက် သို့မဟုတ် လူများ အခြေချနေထိုင်လေ့ရှိသည့်နေရာ သို့မဟုတ် နိုင်ငံ၏ အခြားနေရာ တစ်ခုခုတွင် သူတို့၏ ဆန္ဒသဘောထားအလျောက် အခြေချနေထိုင်ရန်အတွက် ဆန္ဒသဘောထားအလျောက်နှင့် ဂုဏ်သိက္ခာရှိစွာ ပြန်လာနိုင်ရေးအတွက် အရည်သွေးပြည့်သော အစိုးရများသည် အခြေအနေများကို ဖန်တီးပေးရုံသာမက နည်းလမ်းများကိုလည်း ရှာဖွေပေးရမည့် မူလအလုပ်တာဝန်နှင့် တာဝန်ရှိမှုများကို ဖော်ပြထားသည်။ ယင်းက ပြန်လာသူများအနေဖြင့် လူ့ဘောင်အသိုင်းအဝိုင်းတွင် ပြန်လည် ဝင်ဆန့်ရန် အကူအညီပေးရေးအတွက် ကြိုးစားအားထုတ်ရန်နှင့် သူတို့ပြန်လာရန် စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲမှုများတွင် သက်ရောက်မှုခံရသော လူ့ပုဂ္ဂိုလ်များ၏ အပြည့်အဝပါဝင်မှုကို အာမခံရန် အတွက် သဘောတူရန် အာဏာပိုင်များကို တောင်းဆိုသည်။

## (၅) အမုန်းတရား ဖြန့်ဖြူးခြင်း

### (က) ရိုဟင်ဂျာဆန့်ကျင်ရေး စိတ်ခံစားချက်များ လှုံ့ဆော်နိုးဆွခြင်း

၆၉၆။ မစ်ရှင်သည် ရိုဟင်ဂျာနှင့် မွတ်စလင်များအပေါ် ပိုမိုယေဘူယျကျသည့် လူထု၏ သဘောထားကို ပုံဖော်ရာတွင် ပါဝင်ခဲ့သည့် စာရွက်စာတမ်းများ၊ ပုံနှိပ်ထုတ်ဝေသော စာစောင်များ၊ ကြေညာချက်များ၊ ဖေ့ဘွတ် တင်သည့်ပို့စ်များနှင့် ရုပ်မြင်- သံကြား ထုတ်လုပ်မှုများကို စစ်ဆေးခဲ့သည်။ ခွဲခြမ်းစိတ်ဖြာ သုံးသပ်ချက်က မြန်မာနိုင်ငံ၏ ကျယ်ပြန့်သော လူဦးရေများအကြားတွင် မွတ်စလင်များအပေါ် အနှုတ်လက္ခဏာဆောင်သောအမြင်များ ဖြစ်ထွန်းလာစေရန် အသေအချာ ပြင်ဆင်ထုဆစ်ထားသော အမုန်းတရား လှုံ့ဆော်လှုပ်ရှားမှု တစ်ခု ဖြစ်ပွားခဲ့သည်။ ဤလှုံ့ဆော်လှုပ်ရှားမှုသည် အဓိကကျသော လှုပ်ရှားသူအချို့၏ လက်ရာဖြစ်ခဲ့သည်။ ယင်းတို့တွင် အမျိုးသားရေးနိုင်ငံရေး ပါတီများနှင့် နိုင်ငံရေးသမားများ၊ ထင်ရှားသော ဦးဆောင်သံဃာများ၊ ပညာရှင်များ၊ ထင်ရှားသော လူ့ပုဂ္ဂိုလ်များနှင့် အစိုးရ အဖွဲ့ဝင်များ ပါဝင်သည်။ ဤအမုန်းတရားလှုံ့ဆော်လှုပ်ရှားမှုသည် ယနေ့မျက်မှောက် အချိန်ထိအောင် ဆက်လက်ရှိနေပြီး ရိုဟင်ဂျာနှင့် အခြားမွတ်ဆလင်များကို မြန်မာနိုင်ငံနှင့်

[1508] K-063, K-069.1

ဗုဒ္ဓဘာသာအတွက် သဘောတရားဆိုင်ရာ ခြိမ်းခြောက်မှုအဖြစ် ပုံဖော်သည်။[1509] ရိုဟင်ဂျာများ၏ ကိစ္စတွင် တဆင့်ပိုပြီး ရောက်ရှိသည်။ ယင်းကို လူသားဆန်မှုမရှိသော အသုံးအနှုန်းများ နှင့် လူမှုအသိုင်းအဝိုင်းတစ်ခုလုံးကို "ခိုးဝင်ဘင်္ဂါလီ ရွှေ့ပြောင်းအခြေချသူများ" အဖြစ် တံဆိပ်ကပ်လိုက်သည်။ ဤလမ်းကြောင်းသည် အထွေထွေပြည်သူလူထုကြီး၏ အားကောင်းသောဆန့်ကျင်ခံရမှု မရှိဘဲ ရခိုင်ပြည်နယ်နှင့် အပြင်ဒေသများတွင် ဖြစ်ခဲ့သည့် ၂၀၁၂ နှင့် ၂၀၁၃ မွတ်စလင် ဆန့်ကျင်ရေး အကြမ်းဖက်မှုများအတွက် ဆွဲဆောင်မှုအားကောင်းသော ပတ်ဝန်းကျင်ကို ဖြစ်ပေါ်စေသည်။ ယင်းသည် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများနှင့် ကမာန်များအပေါ် ပိုမိုတင်းမာသည့် ဖိနှိပ်မှုဆောင်ရွက်ချက်များကို လုပ်နိုင်စေပြီး ၂၀၁၆-၂၀၁၇ ခုနှစ်များတွင် နိုင်ငံတော်က ဦးဆောင်သည့် နောက်ဆက်တွဲ အကြမ်းဖက်မှု လှိုင်းများကို ပေါ်ပေါက်နိုင်စေခဲ့သည်။

၆၉၇။ မွတ်စလင်ဆန့်ကျင်ရေး လှုံ့ဆော်စည်းရုံးမှုများမှာ မြန်မာနိုင်ငံတွင် မကြာသေးမီကမှ ဖြစ်ပေါ်သည့် ဖြစ်စဉ်တစ်ခုမဟုတ်ပေ။ ၁၉၈၀ ခုနှစ်များက အမည်မသိ စာရေးသူတစ်ဦး ထုတ်ဝေသည့် စာအုပ်တစ်အုပ်တွင် မွတ်စလင်ဆန့်ကျင်ရေးသဘောတရားများနှင့် သတိပေးချက်များအများအပြားကို ဖော်ပြထားသည်။ ယင်းသည် နှစ်ပေါင်း ၂၀-၃၀ ကြာသောအခါ ပြန်လည် ပေါ်ပေါက်လာခဲ့သည်။ "အမျိုးပျောက်မှာ စိုးကြောက်စရာ" ဟု ခေါင်းစဉ်တပ်ထားသော စာအုပ်သည် အစ္စလာမ်ကို ဗုဒ္ဓဘာသာအတွက် ကြီးမားသော ခြိမ်းခြောက်မှုအဖြစ် တင်ပြထားပြီး လူများကို "သူတို့၏ လူမျိုးနှင့် ဘာသာကို ကာကွယ်ရန်" တောင်းဆိုထားသည်။ ယင်းတွင် ဗုဒ္ဓဘာသာ အမျိုးသမီးများသည် အထူးသဖြင့် ထိခိုက်နစ်နာလွယ်ပြီး ကလေးများကို တခြားဘာသာကွဲကလေးများနှင့် မရင်းနှီးစေရေး သင်ကြားပေးရန် ဖော်ပြထားသည်။ စာအုပ်က စာဖတ်သူများကို မွတ်စလင်များနှင့် စီးပွားရေး မလုပ်ရန်လည်း တောင်းဆိုထားပြီး (နှိမ့်ချသော အခေါ်အဝေါ်ဖြစ်သည့် ကုလားများ[1510]ဟု သုံးထားသည်) "သေချာသည်မှာ နှစ်ပေါင်း ၁၀၀ အကြာတွင် ကြီးကျယ်ခမ်းနားသော ဗုဒ္ဓသာသနာတော်သည် မြန်မာတိုင်းရင်းသားလူမျိုးများနှင့်အတူ လုံးဝ ပျောက်ကွယ်သွားလိမ့်မည်" ဟု ဖော်ပြထားသည်။ ယင်းသည် မွတ်စလင်ဆိုင်များကို သပိတ်မှောက်ရန်လည်း ("... သူတို့ထံမှ ဝယ်ယူခြင်းသည် အဆိပ်ပင်ရေလောင်းသလို....") ဟု တောင်းဆိုထားပြီး ဖော်ပြထားသည်မှာ-

> *ကျွန်ုပ်တို့ သတိမပြုလျှင် တစ်နိုင်ငံလုံးသည် မွတ်စလင်ကုလားများ ဝါးမျိုးသွားမည်မှာ သေချာပေသည်။ (....)။ ကျွန်ုပ်တို့ ကမ္ဘာ့သမိုင်းကို လေ့လာသည့်အခါ ကမ္ဘာပေါ်ရှိ လူမျိုးအမျိုးမျိုးတို့သည် မြေမြုံခံရခြင်း မရှိသော်လည်း လူမြုံခြင်းသာ ရှိသည်။*[1511]

၆၉၈။ ဤစာအုပ်သည် ခွဲခြားဆက်ဆံမှုရှိသော ၁၉၈၂ ခုနှစ် နိုင်ငံသားဖြစ်မှုဥပဒေကို လက်ခံကျင့်သုံးမှုနှင့် နီးကပ်စွာ ထုတ်ဝေခဲ့သည်။ ယုံကြည်စိတ်ချရလောက်သော အစီရင်ခံချက်များအရ ယင်းကို အစပိုင်းတွင် စစ်အစိုးရက တားမြစ်ထားခဲ့သော်လည်း နောက်ပိုင်းတွင် အပြည့် သို့မဟုတ် ပိုမိုတိုသော မွတ်စလင်ဆန့်ကျင်ရေး လက်ကမ်းစာစောင်များအဖြစ် ဖြန့်ဝေခဲ့သည်။[1512] ၂၀၀၁ ခုနှစ်တွင် ယခင်က အဆင့်မြင့်

---

[1509] အပိုင်း ၆၊ အခန်း B.2 တွင်ကြည့်။ အမုန်းစကားများ ကိစ္စရပ်များအား ရှာဖွေခြင်း။

[1510] "ကုလား" ဟူသော စကားလုံးမှာ တစ်ဦးတစ်ယောက်၏ မဲသော အသားအရောင် သို့မဟုတ် နိုင်ငံခြားသားမှ ဆင်းသက်သူကို စော်ကားရန်နှင့် ပေါ်လွင်စေရန်အသုံးပြုသည့် လူမျိုးခွဲခြားသော နှိမ်ချသည့် စကားဖြစ်သည်။

[1511] K-112. အမျိုးပျောက်မှာ စိုးကြောက်စရာ ကို တရားမဝင် ဘာသာပြန်သည်။

[1512] K-111.

စစ်အရာရှိများက ၂၀၁၀ ခုနှစ်တွင် တည်ထောင်ခဲ့သော နောက်ပိုင်းတွင် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (USDP) အဖြစ် အသွင်ပြောင်းလာခဲ့သော ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း က ထိုလက်ကမ်းစာစောင်များ ဖြန့်ဝေပြီးနောက်တွင် တောင်ငူ (ပဲခူးတိုင်း) တွင် အကြမ်းဖက်မှုဖြစ်ပွားခဲ့သည်။ အကြမ်းဖက်မှုက မွတ်စလင် ၂၀၀ ခန့်သေစေခဲ့ပြီး ပလီများ ဖျက်ဆီးခံခဲ့ရကာ အိမ်များ မီးရှို့ခံခဲ့ရသည်။[1513] စာအုပ်၏ အဓိက ပြောဆိုချက်နှင့် မွတ်ဆလင် စီးပွားရေးလုပ်ငန်းများကို သပိတ်မှောက်ရန် တောင်းဆိုချက်များသည် ၂၀၁၂ ခုနှစ်တွင် ၉၆၉ လှုပ်ရှားမှုအားဖြင့် မဘသတို့က နောက်ပိုင်းတွင် ဆတိုး တိုးပွားစေခဲ့သည်။[1514] ပို၍ယေဘုယျကျစွာ ပြောလျှင် လူမြို့မှ လူမျိုးပျောက်မည်ဟူသည်ကို ယခုအခါ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာနအဖြစ် ပြောင်းလဲလိုက်သော လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေဝန်ကြီးဌာန၏ ကြွေးကြော်သံတွင် တွေ့နိုင်သည်။

*မြေမြို၍ လူမျိုးမပျောက်၊ လူမြို့မှ လူမျိုးပျောက်မည်။*

၆၉၉။ ဝန်ကြီးဌာနသည် ယင်းကို စတင်ထူထောင်သည့် ၁၉၉၅ မှစ၍ ဤကြွေးကြော်သံကို အသုံးပြုခဲ့သော်လည်း အချို့သော အစီရင်ခံချက်များက ၁၉၆၂ ခုနှစ် ပတ်ဝန်းကျင်က ပထမဆုံး စစ်အာဏာရှင် ဗိုလ်ချုပ်ကြီး နေဝင်းအထိ ခြေရာကောက်နိုင်သည်။ ယုံကြည်ရလောက်သော အစီရင်ခံချက်များက မကြာသေးခင်ကအထိ ဤကြွေးကြော်သံကို ဆိုင်းဘုတ်များနှင့် ရုံးခန်းများတွင် ထင်ရှားစွာ ပြသထားဆဲဖြစ်ကြောင်း ညွှန်ပြနေသည်။[1515] ယခုအခါ ယင်းကြွေးကြော်သံကို ယခင်ကလောက် ထင်ထင်ရှားရှား မတွေ့ရတော့သော်လည်း ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်တွင် ယခုအထိ ဖော်ပြထားဆဲ ဖြစ်သည်။ ၂၀၁၁ ခုနှစ် သြဂုတ်လ ၂၆ ရက်နေ့က အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) တွင် ရိုဟင်ဂျာများအား အဖြူရောင်ကဒ်ပြားများ ထုတ်ပေးရေးကိစ္စနှင့် ပတ်သက်၍ ဆွေးနွေးစဉ် ထိုအချိန်က လူဝင်မှု ကြီးကြပ်ရေးဝန်ကြီးက "ကျွန်တော်တို့ ဝန်ကြီးဌာနက "မြေမြို၍ လူမျိုးမပျောက်၊ လူမြို့မှ လူမျိုးပျောက်မည်" ဆိုတဲ့ ကြွေးကြော်သံကို အကောင်းဆုံး ဆုပ်ကိုင်ထားဖို့ ကြိုးစားနေပါတယ်။" ဟု ပြောခဲ့သည်။[1516]

၇၀၀။ ရိုဟင်ဂျာများအပေါ် အမုန်းပွားမှုနှင့် သက်ဆိုင်သည့် အခြား သြဇာရှိသောထုတ်ဝေမှုမှာ ပိုင်းရပ်စ်ပိုးများ ဝင်ရောက်ခြင်း- ရခိုင်ပြည်က တရားမဝင် မွတ်စလင်များ ဟူသော စာအုပ်ဖြစ်ပြီး ယင်းကို ဦးရွှေဇံနှင့် ဒေါက်တာအေးချမ်းတို့က ရေးသားကာ ၂၀၀၅ ခုနှစ် သြဂုတ်လတွင် အမေရိကန်ပြည်ထောင်စုတွင် ထုတ်ဝေခဲ့သည်။[1517] စာအုပ်တွင်ပါရှိသော ခေါင်းစဉ်နှင့် အကြောင်းအရာများသည် ရိုဟင်ဂျာများကို ထိုးနှက်တိုက်ခိုက်ပြီး နိမ့်ချသော ပုံစံဖြင့် ရေးသား

[1513] K-111.

[1514] ၉၆၉ နှင့် မဘသ၏ အကျဉ်းချုပ်ဖော်ပြချက်အတွက် အပိုင်း ၃၊ အခန်း b.2။ လူ့အသိုင်းအဝိုင်းအတွင်း ဗုဒ္ဓဘာသာ။ ကိုကြည့်။

[1515] V-240.

[1516] ပြည်သူ့လွှတ်တော်၊ "သက်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွှန့်၏ ပြည်ထောင်စု အစိုးရ အနေဖြင့် မြို့နယ် လူဝင်မှု ကြီးကြပ်ရေး အရာရှိများသည် အစ္စလာမ်ဘာသာကို ကိုးကွယ်ယုံကြည်သူများအား နိုင်ငံသား စိစစ်ရေး လုပ်ငန်းစဉ်ကို ဖြတ်ကျော်ရန်၊ အိမ်ထောင်စု စာရင်းနှင့် မွေးစာရင်းများ ရယူရန် မလိုအပ်သော နှောင့်နှေးမှုများ ဖြစ်ပေါ် စေရန် လုပ်ဆောင်လျက်ရှိခြင်းကို သတိပြုမိခြင်း ရှိမရှိ မေးမြန်းသည့် မေးခွန်းအပေါ် လူဝင်မှု ကြီးကြပ်ရေးနှင့် လူဦးရေ ဝန်ကြီးဌာန ဝန်ကြီး ဦးခင်ရီ၏ ဖြေကြားချက်" (၂၀၁၁ ခု သြဂုတ်လ ၂၆ ရက်) ကို အောက်ပါ လင့်တွင် ရနိုင်သည်။ https://pyithu.hluttaw.mm/question-2747

[1517] K-112. ပထမ စာရေးသူသည် ရခိုင်ပြည်နယ်တွင် လူဝင်မှု ကြီးကြပ်ရေး အရာရှိ လုပ်ဖူးသူဖြစ်သည်။ ဒုတိယ စာရေးသူမှာ ရခိုင် သမိုင်း ပညာရှင်နှင့် ဂျပန်ရှိ ကန်ဒါ တက္ကသိုလ် နိုင်ငံတကာ ပညာရပ်များမှ ပါမောက္ခဖြစ်သည်။ သူသည် လတ်တလောတွင် ၂၀၁၇ ခုနှစ်သြဂုတ်လ ၂၅ ရက် တိုက်ခိုက်မှုများ နောက်ပိုင်း ဖွဲ့စည်းထားသော "အနောက်ဖက် စစ်မျက်နှာ ရခိုင်အမျိုးသား နယ်မြေ ပြန်လည်တည်ဆောက်ရေး အရံကော်မတီ" ၏ ဥက္ကဌ ဖြစ်သည်။

ထားပြီး အင်္ဂလိပ်နှင့် မြန်မာဘာသာစကား အပိုင်းများတွင် အတော်လေး ခြားနားစွာ ရေးသားထားသည်။ မြန်မာဘာသာဖြင့်ရေးရာတွင် ရိုဟင်ဂျာများကို "မှတ်ဆိတ်မွေးရှည်များနှင့် အမွေးထူသော" ဟုလည်းကောင်း၊ "ဘင်္ဂါလီ ကုလား... အခြားလူမျိုးကို မြိုနေသည်" စသဖြင့် ရည်ညွှန်းဖော်ပြထားသည်။ အလားတူ ပုံစံများကို ပက်ဆီမာဖုံ မဂ္ဂဇင်းတွင် လည်းတွေ့ရသည်။ အင်္ဂလိပ်ဘာသာဖြင့် အကြောင်းအရာများတွင်- အချို့သော အကြောင်းများတွင် ဒေါက်တာ အေးချမ်း ရေးသားထားချက်၏ လေသံနှင့် စတိုင်မှာ မြန်မာဘာသာနှင့် အတော်ပင်ခြားနားသည်။ ဖြစ်နိုင်သည်မှာ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် ပိုမို လက်ခံနိုင်လောက်သော ပုံရိပ်ကို ဖော်ထုတ်ရန် ကြိုးပမ်းခြင်း ဖြစ်နိုင်သည်။

၇၀၁။ ဆွေးနွေးသူအများအပြားက မစ်ရှင်ကို အသိပေးကြသည်မှာ ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလ ထုတ် ပက္ခမဖုံ မဂ္ဂဇင်းသည် ရခိုင်ပြည်နယ်အတွင်း ရိုဟင်ဂျာများအပေါ် အမုန်းတရားနှင့် ရန်လိုတိုက်ခိုက်ခြင်းကို ပစ်မှတ်ထားလှုံ့ဆော်လှုပ်ရှားမှုတွင် အပြောင်းအလဲကို ဖြစ်ပေါ် စေခဲ့သည်။[1518] မဂ္ဂဇင်း၏ ပထမစာစောင်တွင် မောင်တော ခရိုင်အုပ်ချုပ်ရေးမှူး၏ အမှာစကား ပါဝင်သည်။ ယင်းတွင် မောင်တောနှင့် ဘူးသီးတောင်မြို့နယ်များမှ အဆင့်အမြင့်ဆုံး အစိုးရ အရာရှိများနှင့် ရဲမှူးများကို "နာယကများ" နှင့် "ကော်မတီဝင်များ" အဖြစ် စာရင်းဖော်ပြထားပြီး "အကြံပေးများ" အဖြစ် ဘုန်းကြီးများ၏ အမည်များနှင့် ရုပ်ပုံများကို ထည့်သွင်းထားသည်။[1519]

၇၀၂။ မဂ္ဂဇင်းတွင် ရိုဟင်ဂျာ ဆန့်ကျင်ရေး ဆောင်းပါးများပါဝင်သော အခန်းတစ်ခန်း ပါဝင်ပြီး "အရှက်တရား ဖုံးကွယ်ထားသည့် အနက်ရောင် ဒီရေလှိုင်း" သို့မဟုတ် "တဖြေးဖြေး ကျူးကျော်ခြင်း" စသည့် ထိုးနက်မှုပါဝင်သော ခေါင်းစဉ်များကို ရေးသားထားသည်။ ဆောင်းပါးများက ရိုဟင်ဂျာလူများအားလုံးကို အကြမ်းဖက်သမားများ၊ ရိုဟင်ဂျာ ဟူသော စကားလုံးမှာ နယ်မြေသိမ်းပိုက်ရန် တီထွင်ထားခြင်း၊ "ရိုဟင်ဂျာ ကျူးကျော်မှု"ဟု သုံးနှုန်းထားခြင်း။ ရိုဟင်ဂျာများ လူ့အခွင့်အရေး ချိုးဖောက်ခံရသည်ဟု ပြောဆိုမှုများကို စိမ်ခေါ်ချက်များ၊ ရိုဟင်ဂျာများကို ဆိုးရွားပြင်းထန်သော ချိုးဖောက်မှုကျူးလွန်သူများအဖြစ် ပုံဖော်ခြင်း၊ နှင့် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် ရိုဟင်ဂျာလိမ်ညာမှုများကို ယုံကြည်သည်ဟု စွပ်စွဲချက်များ နှင့် ရခိုင်ပြည်နယ်၏ အခြားသော အစိတ်အပိုင်းများထက် ဘူးသီးတောင်နှင့် မောင်တောကို ဦးစားပေး ဖော်ပြထားသည်။ ဆောင်းပါးတစ်ခုတွင် ရိုဟင်ဂျာများကို မြန်မာနိုင်ငံရှိ တိုင်းရင်းသား အုပ်စုအားလုံး၏ "ဘုံရန်သူ" အဖြစ် ရည်ညွှန်းထားသည်။[1520] နောက်ထပ် ဆောင်းပါးဖြစ်သော "ရိုဟင်ဂျာဆိုတာ ဘာလဲ" တွင် ဖော်ပြထားသည်မှာ-

> *ရိုဟင်ဂျာဘာလဲ၊ ရိုဟင်ဂျာသည် ဘာသာရေး အစွန်းရောက် အကြမ်းဖက်သမားများ၏ နောက်ဆုံးပေါ် လက်နက်ဖြစ်သည်။ .... သူတို့သည် နယ်မြေများ သိုးယူနိုင်ရန် အတတ်နိုင်ဆုံး ကြိုးစားနေကြသည်။ မွတ်စလင်အစွန်းရောက်များ၏ လက်ရှိ လုပ်ဆောင်မှုများမှာ အလွန်အမင်း ကြောက်လန့်ဖွယ် ကောင်းသည်။*[1521]

---

1518 ပက္ခမဖုံ မဂ္ဂဇင်း၊ အတွဲ ၁။ မစ်ရှင်၏ ဖိုင်တွဲ (K-၁၁၂)။ ပက္ခမ ဆိုသည်မှာ ဘူးသီးတောင်-မောင်တော ဒေသကို ဆိုလိုသည်။

1519 မောင်တော ခရိုင်အုပ်ချုပ်ရေးမှူး၊ မောင်တောခရိုင်ရဲမှူး၊ မောင်တော ခရိုင်စီမံကိန်းအုပ်ချုပ်ရေးမှူး၊ ဘူးသီးတောင်မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဘူးသီးတောင် မြို့နယ်ရဲမှူးကြီး၊ ဘူးသီးတောင်မြို့နယ် စီမံခန့်ခွဲရေး အရာရှိ နှင့် ဘူးသီးတောင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမျူး။

1520 ပက္ခမဖုံမဂ္ဂဇင်း၊ အတွဲ ၁။ "ရိုဟင်ဂျာဟု ခေါ်သူများအား ဒေသခံပြည်သူများ၏ အမြင်" (၂၀၁၂ ဖေဖော်ဝါရီ) စာမျက်နှာ၊ ၆၀-၆၁။

1521 စံရွှေမောင် "ရိုဟင်ဂျာဆိုတာ ဘာလဲ" ပက္ခမဖုံ မဂ္ဂဇင်း၊ အတွဲ ၁၊ ၂၀၁၂ ဖေဖော်ဝါရီ) စာ။ ၃၀-၃၂

၇၀၃။ အယ်ဒီတာဘုတ်အဖွဲ့တွင် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ အဓိကကျသော အရာရှိကြီးများ ပါရှိနေခြင်းသည် အဆိုပါ ဆောင်းပါးများကို သူတို့ ထောက်ခံမှုပေးသည် သို့မဟုတ် အနည်းဆုံး ထုတ်မပြောသော အတည်ပြုမှု ပေးထားကြောင်း ညွှန်းပြနေသည်။ ယင်းသည် ၂၀၁၂ အကြမ်းဖက်မှု မတိုင်မီ အချိန်တိုကာလအတွင်းတွင် အစိုးရ အရာရှိများ၏ ရိုဟင်ဂျာများအပေါ် ထားရှိသော သဘောထားကို ညွှန်းပြနေသည်။ မဂ္ဂဇင်းတွင် ပါဝင်သော အကြောင်းအရာများသည် အကြမ်းဖက်မှုများ မဖြစ်မီနှင့် ဖြစ်ပွားပြီးနောက်ပိုင်း ရိုဟင်ဂျာများအပေါ် အမုန်းပွားစေသော ပတ်ဝန်းကျင်ကို မြှင့်တင်ပေးပြီး ပိုမို၍စနစ်တကျ မွေးမြူ ပျိုးထောင်ပေးနေသည်။

၇၀၄။ ၂၀၁၂ ခုနှစ် မေလ ၂၉ ရက်၊ မြန်မာ့အလင်းသတင်းစာတွင် သတင်းမဖော်ပြမီ ခုနစ်ရက်တွင် နေရှူရာ သတင်းစာက မသီတာထွေး ယခင်ရက်က အသတ်ခံရသည့်အကြောင်း သတင်းတွင် "မြန်မာနိုင်ငံတွင် အဆိုးရွားဆုံး လူသတ်မှု" ဟု ရည်ညွှန်း ဖော်ပြထားသည်။ ရဲအရာရှိတယောက်ကို ကိုးကားပြီး သတင်းတွင် အမျိုးသမီးမှာ "ကုလားများ"၏ မုဒိန်းကျင့်ခြင်းကို ခံရသည်ဟု ပြောထားသည်။ ဤသတင်းကို Arakan Independent Bulletin တွင် သူမ သေဆုံးနေသည့် အလောင်း၏ ရုပ်ပျက်ဆင်းပျက် ဓါတ်ပုံနှင့်အတူ ထပ်မံ ဖော်ပြခဲ့သည်။ စာရေးသူက ရိုဟင်ဂျာ ကိစ္စ ကိုင်တွယ်ရာတွင် တိုင်းရင်းသား ရခိုင်များအားလုံး ညီညွတ်ကြရန် တောင်းဆိုထားသည်။[1522]

၇၀၅။ ၂၀၁၂ ခု ဇွန်လ ၁ ရက်နေ့ - မသီတာထွေး အသတ်ခံရပြီး သုံးရက်မြောက်နေ့နှင့် တောင်ကုတ်တွင် မွတ်စလင် ၁၀ ဦး အသတ်မခံရမီ ၂ ရက်တွင် မြန်မာနိုင်ငံ သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဦးဇော်ဌေးက သူ၏ပုဂ္ဂလိကဖေ့ဘွတ်စာမျက်နှာတွင် ပြောဆိုချက်တရပ်ကို တင်ခဲ့သည်။ သူက ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေး အဖွဲ့ (RSO) မှ နိုင်ငံရပ်ခြား "ရိုဟင်ဂျာ အစွန်းရောက်အကြမ်းဖက်သမားများ" ရောက်ရှိလာမှုနှင့် ပတ်သက်၍ သတိပေးထားပြီး မြန်မာ တပ်ဖွဲ့များက "သူတို့ကို လုံးဝ ချေမှုန်းမည်" ဟု ဖော်ပြထားသည်။

> *RSO အဖွဲ့ဝင် ရိုဟင်ဂျာ အကြမ်းဖက်သမားများသည် မြန်မာနိုင်ငံအတွင်းသို့ လက်နက်များဖြင့် ဝင်ရောက်လာနေသည်။..... မိမိတို့ တပ်ဖွဲ့များသည် သတင်းကြိုရထားပြီး ဖြစ်ရာ သူတို့ (ရိုဟင်ဂျာများ) ကို လုံးဝ ချေမှုန်း သွားမည်။ အခုဆိုရင် တပ်ဖွဲ့တွေဟာ သူတို့ (ရိုဟင်ဂျာများ) ကို ချေမှုန်းနေပြီဟု ယူဆနိုင်သည်။ မိမိတို့အနေဖြင့် မည်သည့် လူသားချင်းစာနာထောက်ထားမှု သို့မဟုတ် လူ့အခွင့်အရေး ချွင်းချက်ကိုမျှ မကြားချင်ပါ။ မိမိတို့အနေဖြင့် စိတ်ကောင်းစေတနာများ သို့မဟုတ် ငြိမ်းချမ်းရေးနှင့် မေတ္တာတရားများကို မကြားချင်ပါ။ (ရခိုင်ပြည်နယ်က ဘူးသီးတောင် မောင်တော ဒေသတွေကို သွားကြည့်ကြပါ။ မိမိတို့၏ တိုင်းရင်းသားများသည် သူတို့ကိုယ်ပိုင်မြေပေါ်မှာ အစဉ်တစိုက် ကြောက်ရွံ့နေကြရသည်။ ဒါကို ကျနော့်အနေနဲ့ ခါးခါး သီးသီး ခံစားရတယ်။ ဒါဟာ ကျနော်တို့ နိုင်ငံ ဖြစ်တယ်။ ဒါဟာ ကျွန်တော်တို့ မြေဖြစ်တယ်။) (ကျနော်က အစိုးရနဲ့ သမ္မတကို အမြဲဆန့်ကျင်နေတဲ့ အမျိုးသားပါတီများ၊ လွှတ်တော်အမတ်များ၊ လူမှု လူ့အဖွဲ့အစည်းများ ဖြစ်တဲ့ သင်တို့ကို ပြောနေတာ ဖြစ်တယ်။)*[1523]

[1522] ရခိုင်လွတ်လပ်သော စာစောင်၊ စာစောင်အမှတ် ၄၊ အမှတ် ၁၁ (၂၀၁၂ ခုနှစ် မေလ) စာ၊၃-၆
[1523] V-247.

၇၀၆။ ထိုရေးသားချက်ကို နောက်ပိုင်းတွင် ပြန်ဖြုတ်လိုက်သော်လည်း အဆင့်မြင့် အရာရှိကြီး တစ်ဦးက ရိုဟင်ဂျာများကို အကြမ်းဖက်မှုနှင့် တွဲဖက်ပြလိုက်သည့် သက်ရောက်မှုသည် နောက်တပတ်အကြာတွင် ပေါ်ပေါက်ခဲ့သည့် ၂၀၁၂ အကြမ်းဖက်မှု မတိုင်မီတွင် ထင်ရှားအရေးပါပေသည်။

၇၀၇။ ၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက် မြန်မာနိုင်ငံတွင် အကျယ်ပြန့်ဆုံး သတင်းစာတစ်စောင်ဖြစ်သည့် Eleven Media သတင်းစာက မောင်တောတွင် ထိုနေ့က ဖြစ်ပွားသော အကြမ်းဖက်မှုကို သတင်းဖော်ပြခဲ့သည်။ ခေါင်းစဉ်ကို "ရိုဟင်ဂျာ အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှုများအတွင်း ရခိုင်ပြည်နယ် မြို့နယ်များတွင် ညမထွက်ရအမိန့်ထုတ်ပြန်" ဟူသော သတင်းအောက်တွင် အကြမ်းဖက်မှုကို "ရိုဟင်ဂျာ အစွန်းရောက်အကြမ်းဖက်တိုက်ခိုက်မှု" ဟု လုံးဝ ကိုးကား ဖော်ပြလိုက်ပြီး တိုင်းရင်းသား ရခိုင်များနှင့် လုံခြုံရေး တပ်ဖွဲ့များက ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုများကို ဖော်ပြခြင်းမရှိခဲ့ပေ။[1524]

၇၀၈။ ရခိုင်အမျိုးသားများ ဖွံ့ဖြိုးရေးပါတီ (RNDP) နှင့် ၈၈ မျိုးဆက် ကျောင်းသားများအုပ်စု နှစ်ခုစလုံး က Eleven Media က ထုတ်ပြန်သည့် သတင်းဆောင်းပါး နှစ်ပုဒ်ထဲတွင် ရိုဟင်ဂျာ ဆန့်ကျင်ရေး ပြောဆိုချက်များကို ပြုလုပ်ခဲ့သည်။ ယင်း ပြောစကား ကိုးကားချက်များသည် ၂၀၁၂ ဇွန်လ ၈ ရက်နေ့က မောင်တောတွင် ဖြစ်ပွားခဲ့သည့် တိကျသော အဖြစ်အပျက်များထက် များစွာလွန်ကျူးသွားသည်။ RNDP ၏ ပြောဆိုချက်ကို ဇွန်လ ၈ ရက် ညနေ ၄း၁၅ နာရီတွင် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းဖော်ပြထားခြင်းကြောင့် အကြမ်းဖက်မှု စတင်ပြီး နောက် သုံးနာရီသာ ရှိသေးသည်။ ယင်းက အကြမ်းဖက်မှုကို "အစွန်းရောက် အကြမ်းဖက်တိုက်ခိုက်မှုများ" ဟု တံဆိပ်တပ်လိုက်ပြီး မြန်မာနိုင်ငံ၏ အသိအမှတ်ပြုထားသော တိုင်းရင်းသား ၁၃၅ မျိုးတွင် ရိုဟင်ဂျာများ ပါဝင်ခြင်းမရှိသည်ကို ဇောင်းပေး ဖော်ပြခဲ့သည်။

> *ရိုဟင်ဂျာများသည် နိုင်ငံသား တိုင်းရင်းသားမဟုတ်ကြပေ။ အဆက်ဆက်သော အစိုးရအရာရှိများက လာဘ်လာဘများ ရယူပြီး သူတို့အား အသားပေးကာ အမျိုးသား မှတ်ပုံတင်များ ထုတ်ပေးခဲ့ခြင်းကြောင့် သာလျှင် သူတို့သည် အလွန်အကျွံ အခွင့်အရေးရှိသူများပမာ ပြုမူနေကြသည်။ ရခိုင်တိုင်းရင်းသားများ၏ ထိန်းချုပ်မှုကြောင့် ယခုအချိန်ထိ သူတို့ ကျယ်ကျယ်ပြန့်ပြန့် ပြန်နှံ့သွားခြင်း မရှိသေးခြင်း ဖြစ်သည်။ လက်ရှိ တိုက်ခိုက်မှုသည် ဧည့်သည်က အိမ်ရှင်ကို စော်ကားခြင်းသာ ဖြစ်သည်။ ယင်းသည် အကြမ်းဖက် တိုက်ခိုက်မှု ဖြစ်သည်။*[1525]

၇၀၉။ တစ်ရက်တည်းမှာပင် Eleven Media က RNDP ဥက္ကဋ္ဌ ဒေါက်တာ အေးမောင်၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ ယင်းတွင် သူက ၂၀၁၂ ခု ဇွန်လ ၈ ရက် မောင်တော အကြမ်းဖက်မှုနှင့် ရိုဟင်ဂျာနှင့် ရခိုင်လူမျိုး ၆၀,၀၀၀ ကျော် သတ်ဖြတ်ခံခဲ့ရသည့် ဒုတိယ ကမ္ဘာစစ်အတွင်း ၁၉၄၂ ခုနှစ် လူမှု အသိုင်းအဝိုင်းနစ်ခု အကြား ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုကို ညီမျှခြင်း ချထားခဲ့သည်။[1526] သူက "ရခိုင်ပြည်သူများကို ပြင်းပြင်းထန်ထန် ခြိမ်းခြောက်နေသည့်

---

[1524] Eleven Media၊ "ရိုဟင်ဂျာ အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်ပွားနေစဉ် ရခိုင် မြို့နယ်တွင် ညမထွက်ရအမိန့်ထုတ်" (၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်) အောက်ပါလင့်တွင် ရနိုင်သည်။ http://aboutarakaneng.blogspot.com/2012/06/curfew-imposed-in-rakhine-township.html

[1525] Eleven Media၊ "ရိုဟင်ဂျာ အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်ပွားနေစဉ် ရခိုင် မြို့နယ်တွင် ညမထွက်ရအမိန့်ထုတ်" (၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်) အောက်ပါလင့်တွင် ရနိုင်သည်။ http://aboutarakaneng.blogspot.com/2012/06/curfew-imposed-in-rakhine-township.html

[1526] ၁၉၄၂ ခု အဖြစ်အပျက်များအပေါ် လေ့လာမှု J. Leider၊ "ရခိုင်ပြည်နယ် ပဋိပက္ခနှင့် အုပ်စု အကြမ်းဖက်မှု- ၁၉၄၂ ဖြစ်ရပ်များနှင့် နိုင်ငံရေး သွင်ပြင်လက္ခဏာ ဖန်တီးခြင်း"၊ မြန်မာနိုင်ငံ နိုင်ငံသားဖြစ်မှု၊ A. South, M. Lall (eds.)၊

တိုက်ခိုက်မှုများ” ဟု ကိုးကားခဲ့ပြီး ရခိုင်နှင့် ရှမ်းပြည်နယ်တို့တွင် ပြည်သူ့စစ်များ ဖွဲ့စည်းရေးကို တောင်းဆိုခဲ့သည်။ သူက ဆက်လက်၍ “ကန့်လန့်ကာ နောက်ကွယ်က ပုဂ္ဂိုလ်များ” ဟု အကြမ်းဖက်မှုကို စတင်ခဲ့သော အုပ်စုမှာ ရိုဟင်ဂျာများ ဖြစ်သည်ဟု စွပ်စွဲ လိုက်ပုံရကာ ထိုသူတို့သည် “နောက်ဆက်တွဲ ဖြစ်ပျက်မှုများကို တာဝန်ခံရမည်” ဟု ပြောသည်။[1527]

၇၁၀။ ၈၈ မျိုးဆက် ကျောင်းသား အဖွဲ့ကလည်း အလားတူ ပြောဆိုမှုများ လုပ်ခဲ့သည်။ အုပ်စု၏ ထင်ရှားသော ခေါင်းဆောင်တစ်ဦးနှင့် နိုင်ငံရေး အကျဉ်းသားဟောင်း ဖြစ်သူ ကိုမြအေးက အဖြစ်အပျက်များကို ဖော်ပြရာတွင် “အစွန်းရောက် အကြမ်းဖက် တိုက်ခိုက်မှု” ဟု ပြောပြီး “တရားမဝင် ဝင်ရောက်လာသူများ” က “စိမ့်ဝင်ပြန့်နှံ့နေသည်” ဆိုကာ “တိကျခိုင်မာသော လူဝင်မှုကြီးကြပ်ရေးဥပဒေ” ကို တောင်းဆိုသည်။ သတင်းဆောင်းပါးတွင် နောက်ထပ် ၈၈ မျိုးဆက် ကျောင်းသားအုပ်စုမှ ထင်ရှားသောခေါင်းဆောင်ဖြစ်ပြီး နိုင်ငံရေး အကျဉ်းသား ဟောင်းလည်း ဖြစ်သူ ကိုကိုကြီးကိုလည်း ကိုးကားထားသည်။ ကိုကိုကြီးက ရိုဟင်ဂျာများသည် မြန်မာ တိုင်းရင်းသား လူမျိုးမဟုတ်ပဲ ဤအဖြစ်အပျက်သည် “နိုင်ငံတော်၏ အချုပ်အချာကို ခြိမ်းခြောက်မှု ဖြစ်နိုင်သည်” ဟု ပြောသည်။[1528]

၇၁၁။ ၂၀၁၂ ခု ဇွန်လ ၂၅ ရက်တွင် Eleven Media အယ်ဒီတာ့အာဘော်အခန်းတွင် သူ၏ အယ်ဒီတာချုပ်က ရိုဟင်ဂျာများ၏ ခြိမ်းခြောက်မှု မှ ရလာဒ်အဖြစ် “လူမျိုးတုန်း ရှင်းလင်းမှု သို့မဟုတ် လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်လာနိုင်ချေနှင့် ဘေးအန္တရာယ်များ” နှင့် ပတ်သက်၍ သတိပေးထားသည်။ ယင်းက လျင်မြန်သော အရေးယူဆောင်ရွက်မှုသည် “လူမျိုးတုန်း သတ်ဖြတ်တိုက်ခိုက်မှုမှ ရခိုင်တိုင်းရင်းသားများ၏ အသက်များကို” ကယ်တင်လိုက်နိုင်သည်ဟု ပြောထားသည်။[1529]

၇၁၂။ ၂၀၁၂ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် သမ္မတ ဦးသိန်းစိန်သည် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီး မစ္စတာ အန်တိုနီယို ဂတ်တာ (Mr. Antonio Guterres) နှင့် နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။ အစည်းအဝေးအတွင်းတွင် သမ္မတက မြန်မာနိုင်ငံအတွင်း “ခိုးဝင်ခဲ့သော” “တရားမဝင် ရွှေ့ပြောင်းသူများသည်” “နောင်အခါ ရိုဟင်ဂျာအမည်ကို ယူခဲ့သည်” ဟု ပြောသည်။ သူက အဲဒီလူများအတွက် တာဝန်မယူနိုင်ကြောင်း၊ သူတို့ကို ဒုက္ခသည် စခန်းများသို့ ပို့ပြီး UNHCR က ပံ့ပိုးထားရန် သို့မဟုတ်ပါက တတိယ နိုင်ငံတစ်ခုသို့ ပို့ရန် ပြောဆိုခဲ့သည်။[1530] မြန်မာနိုင်ငံ၏ အမြင့်ဆုံး အရာရှိက ထိုသဘောသဘာဝကို ပုံဖော်လိုက်ခြင်းသည် တင်းမာမှုရှိနေပြီးသော ပတ်ဝန်းကျင်တွင် ရိုဟင်ဂျာများကို နောက်ထပ် မကောင်းသည့်အမြင်များ ပိုမို ဖြစ်စေသည်။

၇၁၃။ ၂၀၁၂ ခုနှစ် ဇွန်လလယ်တွင် ရခိုင်ပြည်လုံးဆိုင်ရာ ဒုက္ခသည် ကော်မတီ၊ RNDP၊ ဝံသာနုရက္ခိတ အသင်း နှင့် ရခိုင်ရဟန်းပျို အသင်း၊ ကဲ့သို့သော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး

---

(ချင်းမိုင် တက္ကသိုလ် ပုံနှိပ်တိုက်၊ ၂၀၁၈ ခုနှစ်) စာမျက်နှာ- ၁၉ ၃-၂၂၁။ “၁၉၄၂ ခုနှစ် လူမှု အသိုင်းအဝိုင်းများအကြား ဖြစ်ပွားသည့် တိုက်ခိုက်မှု လှိုင်းများကို မှတ်တမ်းတင်မှု အားနည်းသည်၊ စုံစမ်းစစ်ဆေးမှု နည်းပါးသည် နှင့် သေချာ လေ့လာထားခြင်းမရှိ” (စာ-၁၉ ၄) နှင့် “ဗုဒ္ဓဘာသာများနှင့် မူစလင်များ နှစ်ဘက်စလုံး သဘောတူနိုင်သည့် အချက်အလက် အခြေခံသော ပင်မ ဖြစ်စဉ်မရှိခြင်းသည် အဖြစ်အပျက်များအား သဘောတူညီချက်ဖြင့် အဓိပ္ပာယ် ဖွင့်ဆိုမှု ပေါင်းစပ်ခြင်းကို တားမြစ်ထားသည်။” (စာမျက်နှာ- ၂၁၁)

1527 Eleven Media၊ “ရိုဟင်ဂျာ အကြမ်းဖက်သမားများ တိုက်ခိုက်မှုဖြစ်ပွားနေစဉ် ရခိုင် မြို့နယ်တွင် ညမထွက်ရအမိန့်ထုတ်” (၂၀၁၂ ခုနှစ် ဇွန်လ ၈ ရက်) အောက်ပါလင့်တွင် ရနိုင်သည်။ http://aboutarakaneng.blogspot.com/2012/06/curfew-imposed-in-rakhine-township.html

1528 Ibid.

1529 သန်းထွဋ်အောင်၊ “ကျွန်တော် တကယ့် အမှန်တရားကို ပြောမယ်” (Eleven၊ ၂၀၁၂ ဇွန်လ ၂၅ ရက်)

1530 V-243.

အသင်းများ အပါအဝင် အုပ်စု အမျိုးမျိုးက ရခိုင်ပြည်နယ်အတွင်း လူထုများအကြားတွင် ရိုဟင်ဂျာဆန့်ကျင်ရေးများ ပိုမိုပြန့်နှံ့စေရန် ပံ့ပိုးသည့်လုပ်ငန်းများ တိုးမြင့် လုပ်ဆောင်လာခဲ့သည်။ ယင်းတို့တွင် ရိုဟင်ဂျာများက ခြိမ်းခြောက်မှု ဖြစ်နေကြောင်းနှင့် လူမှု အသိုင်းအဝိုင်း နှစ်ခုအကြား ဆက်စပ်မှုများကို ဖြတ်တောက်ရန် အဓိက ဆိုလိုရင်းများဖြင့် ရခိုင်လူထုကို တစ်စုံတရာ လုပ်ဆောင်ရန် အစွန်းရောက်တောင်းဆိုမှုများ နှင့် အခြား လှုံ့ဆော်သော ကြေညာချက်များ ပါဝင်သည်။[1531] ဥပမာ- ၂၀၁၂ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် RNDP က "လက်ရှိ ဘင်္ဂါလီ လူဦးရေ" နှင့် ပတ်သက်၍ သတိပေးခဲ့ပြီး "နောက်ဆုံး အဖြေ" အတွက် တောင်းဆိုခဲ့သည်။ RNDP ၏ အကြံပြုချက်များမှ တစ်ချက်မှာ "မြန်မာနိုင်ငံသား မဟုတ်သည့် ဘင်္ဂါလီများကို တတိယနိုင်ငံ တစ်ခုသို့ ရွှေ့ပြောင်းခြင်း" ဖြစ်သည်။[1532] RNDP က ဟစ်တလာကိုလည်း ချီးမွမ်းခဲ့ပြီး လူမျိုးတစ်မျိုးကို ထိန်းသိမ်းစောင့်ရှောက်ရန် တစ်ခါတစ်ရံတွင် လူမဆန်သော လုပ်ရပ်များ လိုအပ်ကြောင်း ပြောဆိုခဲ့သည်။ ၂၀၁၂ ခုနှစ် နိုဝင်ဘာလထုတ်စာစောင်တစ်ခုတွင် "ဘင်္ဂါလီ မွတ်စလင်များကိစ္စပေါ်တွင် ဆုံးဖြတ်ချက်ခိုင်မာသည့် ရပ်တည်ချက်" ရယူရန်မှာ စုပေါင်း လိုအပ်ချက်တစ်ခု ဖြစ်သည်ဟု ဖော်ထုတ်ခဲ့သည်။ "ကျွန်တော်တို့ ယခင်မျိုးဆက်ပေါင်းများစွာဆက်ခံခဲ့သည့် ဤပြဿနာများကို သတ္တိရှိစွာ မဖြေရှင်းနိုင်ပါက နောက်မျိုးဆက်တွင် သူတို့လက်ထဲ လွှဲပြောင်းလိုက်ရမည်ဖြစ်ပြီး သမိုင်းတွင် မိမိတို့တာဝန်မကျေရာ ရောက်လိမ့်မည်။" ဟု ဆက်ပြောထားသည်။

> *ဟစ်တလာနှင့် အိုက်ခမန်းတို့သည် ဂျူးများ၏ အကြီးဆုံး ရန်သူများဖြစ်သော်လည်း သူတို့သည် ဂျာမန်များ၏ သူရဲကောင်းများ ဖြစ်နိုင်သည်။ အမေရိကန်က ဟီရိုရှီးမားနှင့် နာဂါဆာကီ မြို့များပေါ်သို့ အနုမြူဗုံးများ ချခဲ့သည်။ အဘယ်ကြောင့်နည်း။ လူမျိုးတစ်မျိုး၊ နိုင်ငံတစ်နိုင်ငံ၊ နှင့် အချုပ်အချာအာဏာကို ထိန်းသိမ်းရန် လူမဆန်သော လုပ်ရပ်များကို တစ်ခါတစ်ရံ ခွင့်ပြုရပါက ရခိုင်လူမျိုး၊ အချုပ်အချာအာဏာနှင့် ပြည်ထောင်စု မြန်မာနိုင်ငံကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းစောင့်ရှောက်ရန် မိမိတို့၏ ကြိုးပမ်းမှုများကို လူသားမဆန်ဟု မခေါ်ဆိုနိုင်ပေ။*[1533]

၇၁၄။ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် ဘုန်းတော်ကြီး တစ်စုက "ရခိုင် တိုင်းရင်းသား သန့်စင်ရေး အစီအစဉ်ကို" ကာကွယ်ရန်အတွက် "မကောင်းဆိုးဝါး ဘင်္ဂါလီ (ကုလား) များနှင့် ဝေးဝေးနေရန် ကြီးမားသော အစီအစဉ်ကို" အကောင်အထည်ဖော်ရန် ရခိုင်တိုင်းရင်းသားများအား တောင်းဆိုသည့် ကြေညာချက် တစ်စောင် ထုတ်ပြန်ခဲ့သည်။ ယင်းကြေညာချက်က ရခိုင်တိုင်းရင်းသားများအနေနှင့် ရိုဟင်ဂျာများကို အလုပ်မပေးရန်နှင့် သူတို့နှင့် စီးပွားရေး မလုပ်ရန် တောင်းဆိုထားသည်။ အောက်တိုဘာလတွင် ဘုန်းတော်ကြီးများ၏ ညီလာခံတစ်ခုက "ဘင်္ဂါလီကုလားများကို စာနာသူများအား အမျိုးသား သစ္စာဖောက်များအဖြစ် ဓါတ်ပုံများနှင့် အချက်အလက်များကို မြို့နယ်တိုင်းသို့ဖြန့်ဝေရန်" လိုအပ်ချက်အဖြစ် ကောက်ချက်ချသည်။[1534]

၇၁၅။ ၂၀၁၂ ခုနှစ် ဩဂုတ်လတွင် "အကြမ်းဖက်သမား ၂၀၁၂" ဟု ခေါ်သည့် ဘလောက်တစ်ခုက "သီတာထွေးသို့၊ သွေးဖြင့်ရေးသည့် မှတ်တမ်း၊ သွေးဖြင့်ပေးသည့်ကတိ" ဟူသော ကဗျာကို ထုတ်ဝေခဲ့သည်။[1535] ၂၀၁၆ ခုနှစ်တွင် မဘသ သည် သီတာထွေးအား

---

[1531] K-112.

[1532] V-242.

[1533] RNDP၊ တိုးတက်ရေး ဂျာနယ်။ အတွဲ ၂ (၁၂) (၂၀၁၂ နိုဝင်ဘာ)

[1534] K-112.

[1535] http://terrorist2012.blogspot.com/2012/08/blog-post.html.

သတ်ဖြတ်မှုကို ပြန်လည်သရုပ်ဆောင်ထားသည့် အလားတူ နောက်ခံသီချင်းများ ပါဝင်သော ဗီဒီယိုကို ထုတ်ဝေခဲ့သည်။ ဗီဒီယိုသည် CD နှင့် အခြားပုံစံများဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြန့်နှံ့ခဲ့သည်။[1536]

၇၁၆။ တပ်မတော် တပ်သားသစ်များအတွင်း ရိုဟင်ဂျာများအပေါ် ကြောက်ရွံ့မုန်းတီးမှုများကို မျိုးစေ့ချရန် အထူး ကြိုးပမ်းမှုများလည်း ရှိခဲ့သည်။ ၂၀၁၂ ခုနှစ်အောက်တိုဘာလတွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်တွင် "အစ္စလာမ်ဘာသာ တိုးချဲ့ခြင်း" နှင့် "ဗုဒ္ဓဘာသာ မျိုးတုန်း ပျောက်ကွယ်ခြင်း" သင်တန်းကို စစ်သားများအား ပေးခဲ့သည်ဆိုသည့် အစီရင်ခံမှုများ ရရှိသည်။ "အမျိုးပျောက်မှာ စိုးကြောက်ခြင်း" ဟု ခေါင်းစဉ်တပ်ထားသော တင်ပြချက်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ က ထုတ်ဝေခဲ့သော စာအုပ်ထဲမှ မွတ်စလင် ဆန့်ကျင်ရေးအယူအဆများကို အဓိက ထင်ဟပ်ထားသည်။ ယင်းက "မိမိတို့ လူမျိုးနှင့် ဘာသာကို တတ်နိုင်သမျှ ကာကွယ်ကြရန်" လိုအပ်ချက်အဖြစ် ကောက်ချက်ချထားသည်။[1537]

### (ခ) နိုင်ငံတကာ အသိုင်းအဝိုင်းအပေါ် အပြုသဘောမဆောင်သော ခံစားမှုများ သွေးထိုးလှုံ့ဆော်ခြင်း

၇၁၇။ ၂၀၁၂ အကြမ်းဖက်မှုနောက်ပိုင်းတွင် နိုင်ငံတကာ အဖွဲ့အစည်းများ၏ ရခိုင် ပြည်နယ်အတွင်း လုပ်ငန်း ဆောင်ရွက်မှု အခြေအနေများမှာ အကြီးအကျယ် ယိမ်းယိုင် ပျက်စီးလာခဲ့သည်။ ရိုဟင်ဂျာ အသိုင်းအဝိုင်းများအား ထောက်ပံ့မှုများ ပြုလုပ်နေသော လူသားချင်းစာနာထောက်ထားမှု အဖွဲ့အစည်းများသည် အလွန်အကျွံ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုများကိုပင် ကြုံတွေ့လာကြသည်။ သူတို့အနေဖြင့် ရခိုင်တိုင်းရင်းသားများကို ထောက်ပံ့မှုပေးသည် ဖြစ်စေကာမူ ထိုကိစ္စကို ကြုံတွေ့ကြရသည်။ လူသားချင်းစာနာထောက်ထားသော အကူအညီများပေးရာတွင် မျှတမှုမရှိပဲ ရိုဟင်ဂျာများကို တိုင်းရင်းသားရခိုင်များထက် ပိုမိုဦးစားပေးသည်ဆိုသော ကောလဟာလများ ပြန့်နှံ့လာခဲ့သည်။ ယင်းသည် နိုင်ငံတကာအဖွဲ့အစည်းများအပေါ် ရန်လိုမှုကို လုပ်ဆောင်ခြင်းဖြစ်သည်။[1538] အဆိုပါ ရန်လိုမှုသည် ၂၀၁၂ အကြမ်းဖက်မှုမတိုင်မီကတည်းကပင် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် တည်ရှိပြီး ဖြစ်သော်လည်း ထိုနောက်ပိုင်းတွင် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ရွှေ့ပြောင်းဒုက္ခသည် စခန်းများနှင့် နေရာများကို အကူအညီများပေးခြင်းနှင့်အတူ ရခိုင်ပြည်နယ်အလယ်ပိုင်းတွင်လည်း ပိုမိုသိသာလာခဲ့သည်။ ယင်းကို အမျိုးသားရေးအင်အားစုများ၊ နိုင်ငံရေးပါတီများနှင့် ဘုန်းကြီးများက ထပ်မံ၍လည်း မီးထိုးပေးခဲ့သည်။ ဥပမာ ဝံသာနု တိုင်းရင်းသားအုပ်စုက ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအား ထိုနှိုင်းယှဉ်ချက်ကို အသုံးပြုလျက် "အဆိပ်ပင် ရေလောင်းသော" အဖွဲ့အစည်းများအဖြစ် စွပ်စွဲထားသော စာများကို ဖြန့်ဝေခဲ့ကြသည်။[1539] ထိုစာတွင် အဓိကကျသော နိုင်ငံတကာ အဖွဲ့အစည်း ကိုးခုကို ရိုဟင်ဂျာများအား ကူညီသည့်အတွက် "သစ္စာဖောက်များ" ဟု အမည်တပ်ထားသည်။ ထိုအုပ်စုက ရိုဟင်ဂျာများအား ကူညီနေသည့်အဖွဲ့အစည်းများအား ရုံးမြေနေရာ ငှားရမ်းသူများကိုလည်း သတိပေးခဲ့သည်။[1540]

---

[1536] ဗီဒီယို ဖော့ဘွတ် ပို့စ်၊ ထိုအချိန်ကတည်းက ဖျက်ထားပြီးဖြစ်သည်၊ မစ်ရှင်တွင် မိတ္တူကို ဖိုင်တွဲထားသည်။ (V-234).
[1537] K-106.3.
[1538] A/69/398.
[1539] ၁၉၈၀ ခုနှစ်များက ထုတ်ဝေသော အမျိုးပျောက်မှာ စိုးကြောက်စရာ အလားတူ မူရင်းကို သုံးထားသည်။ ဤအပိုင်း အခန်း C.5။ အမုန်းတရား ဖြန့်ဝေခြင်း တွင်ကြည့်
[1540] မစ်ရှင်ရှိ ဖိုင် (K-112).

၇၁၈။ ယင်းပြောဆိုချက်ကို အစိုးရ အရာရှိများကလည်း ဖြန့်ဝေခဲ့ကြသည်။ ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီနောက်ပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် အဓိက ကျန်းမာရေး စောင့်ရှောက်မှုပေးနေသော နိုင်ငံတကာအဖွဲ့အစည်း တစ်ခုအား မောင်တောမြို့နယ် ဒူချီးယာတန်းတွင် သတ်ဖြတ်မှုများအပေါ် ကြေညာချက် တစ်စောင်ထုတ်ပြန်ပြီးနောက်တွင် မြန်မာ တစ်နိုင်ငံလုံးတွင် လုပ်ငန်းလည်ပတ်မှုများ ရပ်ဆိုင်းရန် အမိန့်ထုတ်ခဲ့သည်[1541] သမ္မတ၏ ပြောရေး ဆိုခွင့်ရှိသူက "ဘင်္ဂါလီများအား ဦးစားပေး ဆက်ဆံမှုများ ပေးခဲ့ခြင်း" ကြောင့်ဖြစ်သည်ဟု ပြောခဲ့ကြောင်း သတင်းထုတ်ပြန်ချက်များရှိခဲ့သည်။[1542] ယင်းအဖွဲ့အစည်းကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာလအထိတိုင် ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ ပြန်လည်ဝင်ရောက်ခွင့်ကို ပိတ်ထားခဲ့သည်။[1543] ထိုသို့ဖြစ်ခြင်းကြောင့် အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အကျိုးကျေးဇူးခံစားရသူ အများအပြားမှာ အသက်ရှင်သန်ရေးအတွက် အရေးပါသောနှင့် အချို့သောအခြေအနေများတွင် အသက်ကယ်ဖြစ်သော ကျန်းမာရေးဝန်ဆောင်မှုများ မရရှိပဲ ဖြစ်ခဲ့သည်။

၇၁၉။ ၂၀၁၄ ခုနှစ် မတ်လ ၂၆ နှင့် ၂၇ ရက် သန်းခေါင်စာရင်း မကောက်ခံမီတွင်[1544] စစ်တွေရှိ ကုလသမဂ္ဂနှင့် အခြားနိုင်ငံတကာအဖွဲ့အစည်းရုံးနေရာ ၃၀ ကျော်ကို တိုင်းရင်းသား ရခိုင်လူအုပ်စုကြီးက တိုက်ခိုက်ခဲ့ကြသည်။ ပစ္စည်းများလုယူခြင်း နှင့် ဖျက်ဆီးခြင်းများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ခဲ့သည်။[1545] လုံခြုံရေးတပ်ဖွဲ့များမှ လူအုပ်ကြီးကို ထိန်းချုပ်ရန်အတွက် ဦးတည်ချက်မရှိ ပစ်လိုက်သော ကျည်ဆံတစ်တောင့်သည် တိုင်းရင်းသားရခိုင်ကလေးငယ် တစ်ဦးကို ထိမှန် သေဆုံးစေခဲ့သည်။[1546] လူသားချင်းစာနာထောက်ထားမှု ဝန်ထမ်း ၃၀၀ ခန့် ယာယီရွှေ့ပြောင်းခဲ့ရပြီး လူသားချင်းစာနာထောက်ထားမှုလုပ်ငန်းများ လေးပတ်ကြာအောင် ရပ်ဆိုင်းသွားခဲ့သည်။ အကြမ်းဖက်မှုဖြစ်စဉ်၏ အဓိကအကြောင်းရင်းမှာ သန်းခေါင်စာရင်းကောက်ယူမှုကို ဆန့်ကျင်လှုပ်ရှားထားသော ဗုဒ္ဓဘာသာ သာသနာ့အလံတစ်ခုကို သူမ၏ နေအိမ်အပြင်ဖက်တွင် လူသားချင်းစာနာထောက်ထားမှု ဝန်ထမ်းတစ်ဦးက ဖယ်ရှားလိုက်သည်ဟူသော ပြောဆိုချက်များက စတင်ခဲ့သည်။[1547] သို့ရာတွင် ယုံကြည်စိတ်ချလောက်သော အစီရင်ခံချက်များအရ အကြမ်းဖက်မှုများမှာ ကြိုတင်ကြံစည် ပူးပေါင်းဆောင်ရွက်မှုများ ရှိနေသည်ကို ညွှန်ပြနေသည်။[1548] ယင်းသို့ဖြစ်ပွားပြီးမကြာမီ ၂၀၁၄ ခုနှစ် မတ်လ ၂၉ ရက်နေ့တွင် အစိုးရသည် သန်းခေါင်စာရင်း ကောက်ယူရာတွင် ရိုဟင်ဂျာများအား မိမိကိုယ်ကိုယ် မည်သူမည်ဝါဆိုသည်ကို ထုတ်ဖော်ခွင့်ပြုမည်ဖြစ်ကြောင်း ရှင်းလင်းသော ကတိကဝတ် ထွက်လာပြန်သည်။

၇၂၀။ ယင်းဖြစ်ရပ်များသည် အသိုင်းအဝိုင်းနှစ်ခုစလုံးအား ဝန်ဆောင်မှုပေးခြင်းအပေါ် သိသာထင်ရှားသော သက်ရောက်မှုများ ရှိခဲ့သော်လည်း အထူးသဖြင့် ရိုဟင်ဂျာများအပေါ် သက်ရောက်သည်။ ၂၀၁၄ ခုနှစ် ဇွန်လ တွင် လူသားချင်းစာနာထောက်ထားမှု အသိုင်းအဝိုင်း၏

---

[1541] ၂၀၁၄ ခု ဇန္နဝါရီတွင် ကုလမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးသည် ၂၀၁၄ ဇန္နဝါရီလ ၉ ရက်မှ ၁၃ ရက်အတွင်း ဒူချီးယာတန် တွင် ရိုဟင်ဂျာ ၄၀ ကျော် အသတ်ခံခဲ့ရသည်ဟု ယုံကြည်ရသော အစီရင်ခံချက်များကို အစိုးရက စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ပေးရန် တောင်းဆိုသည် သတင်းထုတ်ပြန်ချက်ကို ထုတ်ပြန်ခဲ့သည်။ စွပ်စွဲချက်များကို အစိုးရက ပြင်းပြင်းထန်ထန် ငြင်းပယ်ခဲ့သည်။

[1542] V-053, V-333.

[1543] V-335.

[1544] ဤအပိုင်း မိတ်ဆက်တွင် ကြည့်

[1545] K-069.9; V-337.

[1546] V-338.

[1547] Ibid, V-339.

[1548] K-069.10; V-168, V-337.

လုပ်ဆောင်နိုင်စွမ်းမှာ ၂၀၁၄ ခုနှစ် မတ်လက ရှိခဲ့သည့်၏ ၆၀ ရာခိုင်နှုန်းသာ ရှိတော့ပြီး[1549] လိုအပ်ချက်ရှိသော လူအများအပြားကို အချိန်ကြာမြင့်စွာ မရှိမဖြစ်လိုအပ်သော ဝန်ဆောင်မှုများ မရရှိပဲ ဖြစ်စေသည်။

၇၂၁။ ထိုကာလအတွင်း လူသားချင်းစာနာထောက်ထားမှု လိုအပ်ချက် မည်သို့ရှိသည်ဖြစ်စေ အစိုးရက ရိုဟင်ဂျာနှင့် ရခိုင်တိုင်းရင်းသား အသိုင်းအဝိုင်းများကို ထောက်ပံ့မှု ၅၀ ရာနှုန်းစီ ပေးရမည်ဟု သတ်မှတ်ခဲ့သည်။[1550] ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု လုပ်ငန်းများအား အဆင်ပြေချောမွေ့စေရန် ရည်ရွယ်ထားသည့် အဖွဲ့အစည်းဖြစ်သည့် အရေးပေါ် ပူးပေါင်းဆောင်ရွက်ရေးစင်တာ (ECC) ကို မူရင်းအဖွဲ့ဝင်များဖြစ်သော အာဏာပိုင်များနှင့် ရဲများ နှင့်အတူ ဒေသခံ ရခိုင်လူထုခေါင်းဆောင်များဖြင့် တိုးချဲ့ခဲ့သည်။[1551] လူသားချင်းစာနာထောက်ထားမှု လုပ်ငန်းများ ပြန်လည်စတင်ရန် နှောင့်နှေးခဲ့ရခြင်းများသည်လည်း အနည်းဆုံး အတိုင်းအတာတစ်ခုအထိ ECC ကြောင့် ဖြစ်ပုံရသည်။[1552] ECC သည် အကူအညီများ ဖြန့်ဖြူးမှု "မျှတခြင်း" ရှိမရှိ သေချာစေရန် စောင့်ကြည့်သည့် လုပ်ငန်းကိုလည်း လုပ်ဆောင်သည်။[1553]

၇၂၂။ နိုင်ငံတကာ အဖွဲ့အစည်းများမှ ဒေသခံ ရခိုင်တိုင်းရင်းသားဝန်ထမ်းများသည် သူတို့အသိုင်းအဝိုင်းထံမှ ခြိမ်းခြောက်မှုနှင့် စော်ကားမှုများ ရင်ဆိုင်ကြရပြီး သူတို့၏အလုပ် ဆက်လုပ်ရန်အတွက် သစ္စာဖောက်များကဲ့သို့ ခံစားရသည်ဆိုသော အစီရင်ခံမှုများလည်း ရှိသည်။[1554] လမ်းများပေါ်တွင် နိုင်ငံတကာဝန်ထမ်းများကို နောက်ယှက်စော်ကားမှုများ ရှိခဲ့ပြီး အချို့ဖြစ်ရပ်များတွင် ခြိမ်းခြောက်သည်အထိ ဖြစ်ခဲ့သည်။[1555]

၇၂၃။ မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အခြေအနေအပေါ် ကုလသမဂ္ဂ အထူးကိုယ်စားလှယ် အဆက်ဆက်သည် ဆန့်ကျင်ဆန္ဒပြခြင်းနှင့် အချို့သောဖြစ်ရပ်များတွင် ခြိမ်းခြောက်ခြင်းအထိ ရင်ဆိုင်ကြရသည်။ မွတ်စလင် အသိုင်းအဝိုင်းများအား အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပြီးနောက်ပိုင်း ၂၀၁၃ ခုနှစ် ဩဂုတ်လတွင် ထိုအချိန်က အထူးကိုယ်စားလှယ် သောမတ် ကွင်တားနား (Thomas Quintana) သည် မိတ္ထီလာ (မန္တလေးတိုင်း ဒေသကြီး) သို့ သွားရောက်ရန် ကြိုးပမ်းစဉ် ဆန္ဒပြသူများက ဝိုင်းထားပြီး အချို့သော သူများက သူလိုက်ပါလာသော ယာဉ်တမ်းများ ကားများ၏တံခါးများကို လက်သီးဖြင့်ထိုးခြင်း၊ ခြေထောက်ဖြင့် ကန်ခြင်းများ ရှိခဲ့သည်။[1556] ၂၀၁၅ ခုနှစ် ဇန္နဝါရီလတွင် "လူမျိုးရေးနှင့် ဘာသာရေး" ဥပဒေကြမ်းများ[1557] မြှင့်တင်ရေး လူထု စုဝေးပွဲ တစ်ခုအတွင်းတွင် အရှင် ဝီရသူက လက်ရှိအထူးကိုယ်စားလှယ် ယန်ဟီးလီအား "ခွေးမ" နှင့် "ဖာသည်မ" ဟု ခေါ်ဆိုခဲ့သည်။[1558] သူက နောက်ပိုင်းတွင် သူမ၏ ကုလသမဂ္ဂလူ့အခွင့်အရေး

1549 V-340.
1550 V-169.
1551 K-069.11.
1552 K-069.12.
1553 V-169.
1554 K-069.11.
1555 V-341.
1556 V-168; သောမတ်စ် အိုဂျေ ကွင်တားနား။ "မြန်မာနိုင်ငံလူ့အခွင့်အရေး အခြေအနေပေါ်တွင် အထူး ကိုယ်စားလှယ်၏ ကြေညာချက်။" (၂၀၁၃ ဩဂုတ် ၂၁ ရက်)၊ အောက်ပါလင့်တွင် ရနိုင်သည်။ http://yangon.sites.unicnetwork.org/2013/08/21/statement-of-the-special-rapporteur-on-the-situation-of-human-rights-in-myanmar-2/
1557 ဤအပိုင်း၊ အခန်း B.5.b။ လက်ထပ်မှုနှင့် ကလေးနှင့် ပတ်သက်သည့် ကန့်သတ်မှုများတွင် ကြည့်။
1558 Youtube ရှိ ဗီဒီယိုကို အောက်ပါလင့်ခ်တွင် သွားရောက်ကြည့်ရှုနိုင်ပါသည်။ https://www.youtube.com/watch?v=comAfSalvEY

ကောင်စီသို့ တင်ပြသော အစီရင်ခံစာအပေါ် တုန့်ပြန်ပြီး သူမအား အကြမ်းဖက်တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့သည်။[1559]ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ အစွန်းရောက် အမျိုးသားရေးဝါဒီ ရခိုင်တိုင်းရင်းသား လူပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့အစည်းများက ရိုဟင်ဂျာ အသိုင်းအဝိုင်းများအား အကူအညီများ ဖြန့်ဝေခြင်း သို့မဟုတ် ဆေးရုံများသို့ ဆေးကုသရန် လိုအပ်ချက်အတွက် ပို့ဆောင်ခြင်းများကို တားဆီးခဲ့သည့် ဖြစ်ရပ်များ ရှိခဲ့သည်။[1560]

### (၆) တစ်ခုလုံး ခြုံငုံသုံးသပ်ချက်

#### (က) ၂၀၁၂ အကြမ်းဖက်မှု မတိုင်မီ လူ့အသိုင်းအဝိုင်းများ အကြား ဆက်ဆံရေးများ။

၇၂၄။ ရခိုင်ပြည်နယ် ပြဿနာများကို နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော ဝမ်းနည်းကြေကွဲမှုများနှင့် မှားယွင်းသော အစွဲအလမ်းများကို ထင်ဟပ်နေသည့် ရိုဟင်ဂျာများနှင့် တိုင်းရင်းသား ရခိုင်များအကြား ညံ့ဖျင်းသော ဆက်ဆံရေးအား မကြာခဏဆိုသလို ဖော်ပြသည်။ သို့ရာတွင် ထိုအကြောင်းအရာနှင့် ပတ်သက်၍ မစ်ရှင်က အင်တာဗျူး မေးမြန်းခဲ့သော ရိုဟင်ဂျာများနှင့် ရခိုင်အများစုက ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု မတိုင်မီ တစ်ဘက် အသိုင်းအဝိုင်းနှင့် သူတို့၏ ဆက်ဆံရေးမှာ ကောင်းသည်[1561] သို့မဟုတ် အလွန်ကောင်းသည်ဟု[1562] ရည်ညွှန်းဖြေဆိုခဲ့ကြသည်။ အခြားသူများက ၂၀၁၂ မတိုင်မီက "ပြဿနာမရှိ" သို့မဟုတ် "တင်းမာမှုမရှိ" ဟု ဖော်ပြခဲ့သည်။[1563] အချို့က အခြား အသိုင်းအဝိုင်းတွင် မိတ်ဆွေများရှိသည်၊ စီးပွားရေး လုပ်ငန်းအမျိုးမျိုး လုပ်ကိုင်သည်၊ အတူတကွ ပညာသင်ကြားသည်၊ တစ်ဦးအိမ်တစ်ဦး လည်ပတ်သည်၊ သို့မဟုတ် အခြားသူ၏ ပွဲလမ်းများတွင် ပါဝင်ဆင်နွှဲသည် တို့ကို ပြောပြကြသည်။ အချို့သော အင်တာဗျူး ဖြေဆိုသည့် ရခိုင်များက သူတို့ ရွာများအတွင်းတွင် သို့မဟုတ် အနီးတွင် ရိုဟင်ဂျာများ မရှိသောကြောင့် သူတို့အနေဖြင့် ရိုဟင်ဂျာများနှင့် မည်သည့် ဆက်နွယ်ပတ်သက်မှုမျှမရှိကြောင်း ပြောသည်။[1564]

၇၂၅။ မောင်တောမှ ရခိုင်တိုင်းရင်းသား တစ်ဦးက သူ့တွင် မွတ်စလင် သူငယ်ချင်းများ အများအပြား ရှိသော်လည်း ၂၀၁၂ အကြမ်းဖက်မှုများ နောက်ပိုင်းတွင် အသိုင်းအဝိုင်း နှစ်ခုအကြား မယုံကြည်မှုများ တိုးများလာကြောင်း ပြောသည်။[1565] ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု နောက်ပိုင်း မြန်မာနိုင်ငံမှ ထွက်လာသော ကျောက်ဖြူမှ နောက်ထပ် ရခိုင်တစ်ဦးကပြောသည်မှာ-

> *ရခိုင်နဲ့ ရိုဟင်ဂျာကြားက ဆက်ဆံရေးက ကျွန်တော် မြန်မာပြည်ကထွက်သည်အထိ အေးအေးဆေးဆေးပါပဲ။ ရခိုင်တွေမှာ မွတ်စလင်တွေနဲ့ ဘာပြဿနာမှ မရှိပါဘူး။ ပြဿနာက စစ်တပ်ရဲ့ ဖိနှိပ်မှုပဲ။*[1566]

၇၂၆။ မောင်တောမှ ရိုဟင်ဂျာ တစ်ဦးက ပြောသည်မှာ-

---

[1559] ယန်ဟီးလီ။ "လူ့အခွင့်အရေးကောင်စီ ၂၈ ကြိမ်မြောက် အစည်းအဝေးတွင် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေအပေါ် အထူးကိုယ်စားလှယ်၏ ထုတ်ပြန်ချက်။" (၂၀၁၅ ခု မတ်လ ၁၆ ရက်) ၊ အောက်ပါ လင့်တွင် ရနိုင်သည်။ https://www.ohchr.org/en/NewsEvents/Pages/DisplayNews.aspx?NewsID=15713&LangID=E

[1560] V-343, V-344.

[1561] CI-057, CI-062, CI-063, CI-064, CI-082, CI-083, CI-086, CI-091, CI-097, CI-154, CI-155, CI-162, DI-003, DI-017, DI-047, DI-051, DI-053, DI-073, QI-072, QI-073, QI-075, QI-076.

[1562] CI-065, CI-085, CI-088, CI-158, CI-159, CI-173, CI-175, DI-022, DI-023, DI-075, QI-105.

[1563] CI-153, CI-157, DI-014, DI-019, DI-031, DI-055, DM-002.

[1564] DI-018, DI-028, DI-029, DI-030, DI-032, DI-033, QI-074.

[1565] CI-158.

[1566] CI-154.

*၂၀၁၂ အကြမ်းဖက်မှု မတိုင်ခင်က ဗုဒ္ဓဘာသာတွေနဲ့ မွတ်စလင်တွေကြားက ဆက်ဆံရေးက တော်တော် ကောင်းပါတယ်။ ကျနော်တို့ ဘာပြဿနာမှ မရှိဘူး။ ကျနော်တို့ သူတို့အိမ်တွေသွားတယ်။ သူတို့က ကျနော်တို့ဆီ လာတယ်။ ဘုန်းကြီးကျောင်းတွေမှာတောင် ကျနော်တို့ ဆက်ဆံရေးကောင်းတယ်။ မွတ်စလင်နဲ့ ဗုဒ္ဓဘာသာ ပွဲတော်တွေမှာ ကျနော်တို့ တယောက်နဲ့တယောက် အစားအစာတွေ ပေးကြတယ်။ ကျနော်က အနားမှာ ရှိတဲ့ ဘုန်းကြီးကျောင်းကို သွားပြီး ကိုရင်လေးတွေနဲ့ ဘောလုံး ကန်လေ့ရှိခဲ့တယ်။*[1567]

၇၂၇။ အချို့သော ရိုဟင်ဂျာများက ကျောင်းတွင် သို့မဟုတ် တက္ကသိုလ်တွင် တိုင်းရင်းသား ရခိုင်များက သူတို့အပေါ် ဆက်ဆံပုံအပေါ်တွင် ခံစားချက်မကောင်းကြောင်း ဖော်ပြကြသည်။ အနည်းငယ်သော အင်တာဗျူး ဖြေဆိုသူများက ၂၀၁၂ အကြမ်းဖက်မှု မတိုင်မီက သူတို့၏ ရခိုင် အိမ်နီးချင်းများနှင့် ရှိခဲ့သည့် အခက်အခဲများကို ပြောပြကြသည်။[1568] သို့ရာတွင် ၂၀၁၂ အကြမ်းဖက်မှု နောက်ပိုင်း တိုင်းရင်းသားရခိုင်များနှင့် ရိုဟင်ဂျာများအကြား ဆက်ဆံရေးမှာ ဆိုးဆိုးရွားရွား ပျက်စီးယိုယွင်းသွားခဲ့သည်။[1569] အသိုင်းအဝိုင်းများအကြား အပြန်အလှန် ဆက်သွယ်မှုအများအပြား ရပ်ဆိုင်း သို့မဟုတ် သိသိသာသာ လျော့နည်းသွားခဲ့သည်။ ယင်းမှာ အကြောက်တရားကြောင့်သော်လည်းကောင်း၊ သို့မဟုတ် ရခိုင်ပြည်နယ် အလယ်ပိုင်းတွင် ချမှတ်သော ခွဲခြားထားရှိရေး မူဝါဒကြောင့် လည်းကောင်း ဖြစ်သည်။[1570]

### (ခ) ကြိုတင်ပြင်ဆင်မှု၊ သွေးထိုးလှုံ့ဆော်ခြင်းနှင့် လုံခြုံရေး တပ်ဖွဲ့များ၏ အခန်းကဏ္ဍ

၇၂၈။ ၂၀၁၂ အကြမ်းဖက်မှုကို အစိုးရက ရိုဟင်ဂျာနှင့် ရခိုင် "လူမှုအသိုင်းအဝိုင်းနှစ်ခု"အကြားတွင် ဖြစ်ပွားသည်ဟု ပုံဖော်ခဲ့သော်လည်း ယင်းမှာ တိကျမှန်ကန်မှု မရှိပေ။ ရိုဟင်ဂျာနှင့် ရခိုင် အုပ်စုများအကြား အမှန်တကယ် အကြမ်းဖက်မှုများဖြစ်ပွားခဲ့ပြီး သတ်ဖြတ်မှုများ ပိုင်ဆိုင်မှုပစ္စည်း ဖျက်ဆီးမှုများ ဖြစ်ပွားခဲ့သော်လည်း ယင်းတိုက်ခိုက်မှုများသည် အလိုအလျောက် ဖြစ်ပွားသော ရန်လိုတိုက်ခိုက်မှုများ မဟုတ်ပေ။ ယင်းတို့သည် အကြမ်းဖက်မှု လှုံ့ဆော်ရန်နှင့် တင်းမာမှု ဖန်တီးရန် ကြံစည်မှုမှ ပေါက်ဖွားလာခဲ့သည်။ ယင်းကို ၂၀၁၂ ခုနှစ် တွင် စတင်သော အမုန်းတရား လှုံ့ဆော်လှုပ်ရှားမှုက ပိုမို ပံပိုးကြီးထွားစေခဲ့ပြီး ၂၀၁၂ ခုမေလ ၂၈ ရက်နောက်ပိုင်းတွင် သိသိသာသာ ပြင်းထန်လာခဲ့သည်။[1571] မြန်မာလုံခြုံရေးတပ်ဖွဲ့များက အကြမ်းဖက်မှုများ ရပ်တံ့အောင် မလုပ်ဆောင်နိုင်ခဲ့ပဲ မကြာခဏပင် ကိုယ်တိုင် ပါဝင်ခဲ့ကြသည်။

*ရခိုင် တိုင်းရင်းသားများအား သွေးထိုးလှုံ့ဆော်သော လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း*

၇၂၉။ ယုံကြည်ရလောက်သော အချက်အလက်များအရ အဖြစ်အပျက်အချို့ မတိုင်မီတွင် သွေးထိုးလှုံ့ဆော်သော စာများ သို့မဟုတ် လက်ကမ်းစာစောင်များကို တိုင်းရင်းသား ရခိုင်များအကြား ဖြန့်ဝေခဲ့သည်။ စစ်တွေတွင် ၂၀၁၂ ဇွန်လ အကြမ်းဖက်မှု မတိုင်မီရက်အနည်းငယ်အလိုတွင် ရခိုင် လူမှုအသိုင်းအဝိုင်းများအကြားတွင်[1572] အိမ်နီးချင်း

[1567] DI-073.

[1568] DI-001, DI-004, DI-020.

[1569] CI-086, CI-158, CI-159, CI-160, CI-162, CI-163, DI-022, DI-023, DI-047, DI-051, DI-075, QI-105.

[1570] ဤအပိုင်း၊ အခန်း B.2.d။ ရခိုင်ပြည်နယ် အလယ်ပိုင်း အထူး ကန့်သတ်မှုများ တွင်ကြည့်။

[1571] ဤအပိုင်း၊ အခန်း C.5။ အမုန်းတရား ဖြန့်ဝေခြင်း တွင်ကြည့်။

[1572] K-114, K-076.9.20, K-076.9.24.

ရိုဟင်ဂျာများကို စီစဉ်ထားသည့်အတိုင်း တိုက်ခိုက်ရန် တစ်အိမ်လျှင် အနည်းဆုံး တစ်ဦးကျစီ ပါဝင်ကြရန် အခြားသူများက တန်ပြန်တိုက်ခိုက်မှုများ ဖြစ်ပေါ်ပါက သူတို့၏ကျေးရွာများကို ကာကွယ်နိုင်ရန်အတွက် ကျန်ရစ်ကြရန် တောင်းဆိုထားသော လက်ကမ်းစာစောင်များရရှိခဲ့ကြောင်း အစီရင်ခံချက်များရှိသည်။ ယုံကြည်ရလောက်သော အစီရင်ခံစာတစ်ခုတွင် အင်တာဗျူးဖြေဆိုသူ ရိုဟင်ဂျာတစ်ဦးက အကြမ်းဖက်မှုမတိုင်မီ ရခိုင်အိမ်များသို့ မော်တော်ဆိုင်ကယ်နှင့် လူများက လိုက်လံဖြန့်ဝေသည်ကို မြင်ခဲ့ရကြောင်း ကိုးကားဖော်ပြထားသည်။ သူတို့က တစ်စုံတစ်ခု ဖြစ်နေသည်ကို သိသော်လည်း နီးစပ်သော ရခိုင်များကပင် သူတို့အား လက်ကမ်းစာစောင်တွင် မည်သည်တို့ရေးသားထားသည်ကို ပြောပြခဲ့ခြင်း မရှိပေ။[1573] ၂၀၁၂ ခုနှစ် ဇွန်လတွင် အကြမ်းဖက်မှုများ ထင်ရှားစွာ ဖြစ်ပွားခဲ့သည့် ရမ်းဗြဲကျွန်းမှ အင်တာဗျူး ဖြေဆိုသူတစ်ဦးက လက်ကမ်းစာစောင်ထဲတွင် မြန်မာနိုင်ငံတွင် မူစလင်များကို နေထိုင်ခွင့်မပြုသင့်ကြောင်း ရေးသားထားသည်ဟု ပြောသည်။ သူ့ကို သူ၏ ရခိုင် သူငယ်ချင်းတစ်ဦးက ရခိုင်အချို့သည် မွတ်စလင်များကို တိုက်ခိုက်ရန်နှင့် သူတို့ရွာကို ဖျက်ဆီးရန် စီစဉ်နေကြောင်းသတိပေးခဲ့သည်။[1574]

*တိုင်းရင်းသား ရခိုင်များအား သယ်ယူပို့ဆောင်ခြင်းနှင့် လက်နက်များ ဖြန့်ဝေခြင်း*

၇၃၀။ တိုင်းရင်းသားရခိုင်များကို အကြမ်းဖက်မှုမဖြစ်မီတွင် အုပ်စုလိုက် သယ်ယူပို့ဆောင်ခဲ့ပြီး လက်နက်များကိုလည်း ဖြန့်ဝေခဲ့သည်။ ယုံကြည်စိတ်ချရသော အစီရင်ခံချက်များအရ ၂၀၁၂ ခုနှစ် ဇွန်လတွင် ရခိုင်လူအုပ်စုများကို စစ်တွေမြို့လယ်သို့ လှေများ ဘတ်စ်ကားများဖြင့် သယ်ယူပို့ဆောင်ခဲ့သည်။[1575] သူတို့က ဘတ်စ်ကားများအနီး စောင့်ဆိုင်းနေစဉ် သူတို့အား တုတ်များ တောခုတ်ဓါးများကို ပေးခဲ့သည်။[1576] အခြားအစီရင်ခံချက်တစ်ခုက တိုက်ခိုက်မှုများထဲမှ တစ်ခု မတိုင်မီတွင် လူအချို့က မော်တော်ဆိုင်ကယ်များစီးလျက် တိုက်ခိုက်မှုများကို နေ့ခင်း ၂ နာရီတွင် လုပ်ဆောင်မည်ဖြစ်ကြောင်း လှည့်လည်အော်ပြောကြပြီး ပြောသည့်အတိုင်းလည်း ဖြစ်ခဲ့သည်။[1577] အလားတူပင် ကျောက်ဖြူက အင်တာဗျူးဖြေဆိုသူ ကမာန်တစ်ဦးက ၂၀၁၂ ခုနှစ် အောက်တိုဘာ ၂၅ ရက် ပိုက်ဆိပ်တွင် အကြမ်းဖက်မှု မဖြစ်မီတွင် လုံခြုံရေးတပ်ဖွဲ့များ ရှေ့မှောက်တွင် တိုင်းရင်းသား ရခိုင်များအား RNDP အဖွဲ့ဝင်များက အရက်၊ တောခုတ်ဓါးများနှင့် ဓါးရှည်များ ဖြန့်ဝေပေးနေသည်ကို မြင်ခဲ့ကြောင်း မစ်ရှင်ကို ပြောပြသည်။[1578]

၇၃၁။ မောင်တောမြို့ အဝင်ဝရှိ ဆိပ်တား ရပ်ကွက်တွင် နေထိုင်သော အခြားသော အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ဘုန်းကြီးကျောင်းအများအပြားတွင် သူမ မမှတ်မိသော ရခိုင်တိုင်းရင်းသား အရေအတွက် အမြောက်အမြား စစ်ကားများဖြင့် ရောက်ရှိလာကြောင်း မျက်မြင်တွေ့ရှိခဲ့ရကြောင်း ပြောပြသည်။[1579] အလားတူပင် အခြားသော အင်တာဗျူးဖြေဆိုသူတစ်ဦးက ၂၀၁၂ ဇွန်လ ၈ ရက်နေ့တွင် တပ်မတော်စစ်သားများက ရခိုင်တိုင်းရင်းသားများနှင့် သူတို့၏ အဖိုးတန်ပစ္စည်းများကို ကားပေါ်တွင် တင်ဆောင်သွားသည်ကို မြင်ခဲ့သည်ဟုပြောသည်။

[1573] K-076.9.24.

[1574] CI-171.

[1575] K-076.9.18, K-114, V-168.

[1576] V-168.

[1577] K-076.17.

[1578] CI-165.

[1579] DI-026.

အစီရင်ခံချက်များအရ သိပ်မကြာမီတွင် ဖြစ်ပွားမည့် အိမ်မီးရှို့မှုများမှ သူတို့အား ကာကွယ်ရန် ဖြစ်သည်။[1580]

၇၃၂။ ဖြစ်ရပ်များ၏ တချိန်တည်း တပြိုင်တည်းတွင် ဖြစ်ပွားသောသဘောသဘာဝသက ကြိုတင်ပြင်ဆင်ထားမှုရှိနေကြောင်းကို ညွှန်ပြနေသည်။ ၂၀၁၂ ခုဇွန်လ ၈ ရက်နေ့ မောင်တောတွင်ဖြစ်သော အစပျိုးအကြမ်းဖက်မှု ဖြစ်ပွားပြီး ၁၂ နာရီအကြာတွင် တောင်ဖက် ကီလိုမီတာ ၆၀ အကွာရှိ စစ်တွေတွင် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ အလားတူပင် ၂၀၁၂ အောက်တိုဘာ ၂၁ ရက်မှ ၂၅ ရက်အတွင်း ရခိုင်ပြည်နယ်ရှိ မြို့နယ် ကိုးခုတွင် မွတ်စလင်များအား ရခိုင်များက တိုက်ခိုက်မှုများ တချိန်တည်း တပြိုင်တည်းလိုတွင် ဖြစ်ပွားခဲ့သည်။[1581]

*ဒေသခံ အရာရှိများနှင့် လုံခြုံရေး တပ်ဖွဲ့များ ပါဝင်မှု*

၇၃၃။ ရွာအုပ်ချုပ်ရေးမှူးများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပါအဝင် အစိုးရတာဝန်ရှိသူများ သည် အကြမ်းဖက်မှုများတွင် သိသာထင်ရှားစွာ ပါဝင်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်မှုများတွင် ကိုယ်တိုင်ပါဝင်ခဲ့သည်၊ သို့မဟုတ် တားဆီးရန် ပျက်ကွက် ခဲ့ကြသည်။[1582] ဥပမာ- ၂၀၁၂ ခုနှစ် ဇွန်လ ၁၀ ရက်နေ့တွင် ရမ်းဗြဲတွင် ရခိုင်တိုင်းရင်းသားလူအုပ်ကြီးက ကမာန်များ၏အိမ်များအား မီးရှို့ဖျက်ဆီးသည်ကို လုံခြုံရေးတပ်ဖွဲ့များက ဘေးနားတွင် ရပ်ကြည့်နေခဲ့သည်။[1583] ရဲနှင့် တပ်မတော်တွင် အကြမ်းဖက်မှုများကို ဝင်ရောက်စွက်ဖက်ရန်နှင့် ရပ်တန့်စေရန် စွမ်းရည်ရှိသော်လည်း ထိုသို့မလုပ်ရန် ရွေးချယ်ခဲ့ကြသည်။ အင်တာဗျူးဖြေဆိုသူ တစ်ဦးက ပြောပြသည်မှာ ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ရခိုင်ပြည်နယ်ကို အရေးပေါ် အခြေအနေကြေညာထားစဉ် သူတို့အနေဖြင့် ခရိုင်နှင့် မြို့နယ်အာဏာပိုင်များအား ချဉ်းကပ်ပြီး အကာအကွယ် ရှာဖွေခဲ့သော်လည်း သူတို့ကို အကူအညီပေးရန် ငြင်းဆန်ခဲ့ကြသည်။[1584] ကျောက်ဖြူမှ အင်တာဗျူးဖြေဆိုသူတစ်ဦးကလည်း ၂၀၁၂ ခုနှစ် အောက်တိုဘာလတွင် ပိုက်ဆိပ်အနောက်ပိုင်းတွင် အဆင့်မြင့် မြို့နယ်အရာရှိထံမှ အလားတူ တုန့်ပြန်မှုမျိုးကို ရခဲ့ဘူးသည်။ အရာရှိက မီးသတ်ကားများကို မီးလောင်နေသော အိမ်များအတွက် အသုံးမပြုနိုင်ကြောင်း အဘယ်ကြောင့်ဆိုသော် "အထက်အရာရှိများ" ထံမှ မည်သည့် ခွင့်ပြုချက်မှ မပေးထားသောကြောင့် ဖြစ်ကြောင်းပြောခဲ့သည်။[1585] ယုံကြည်စိတ်ချရသော အရင်းအမြစ်တစ်ခုက ရဲနှင့် တိုင်းရင်းသား ရခိုင်များသည် ကျောက်ဖြူ၏ ဧရိယာများတွင် မီးရှို့စဉ်က အတူတူ ရပ်နေခြင်းမျိုး ရှိခဲ့ကြောင်း ပြောပြသည်။ မွတ်စလင်များက မီးငြိမ်းသတ်ရန် ကြိုးပမ်းသည့်အခါ တိုင်းရင်းသားရခိုင်များ၊ လုံခြုံရေး တပ်ဖွဲ့များနှင့် မီးသတ်ကားတစ်စီးတို့က လမ်းတစ်ဖက်ထိပ်တွင် ဘာမှမလုပ်ပဲ ရပ်စောင့်နေခဲ့သည်။[1586]

၇၃၄။ မစ်ရှင်သည် တပ်မတော်၏အခွင့်အာဏာအောက်တွင် ကျရောက်သော စစ်တွေနှင့် ကျောက်ဖြူ မီးသတ်တပ်ဖွဲ့များသည် မီးငြိမ်းမည့်အစား မီးကို ပိုမိုကူးစက်အောင် လုပ်ခဲ့ကြောင်း

---

[1580] DI-054.

[1581] V-050.

[1582] ဤအပိုင်း၊ အခန်း C.1။ ထူးခြားသော လက္ခဏာရှိသည့် ဖြစ်ရပ်များတွင်ကြည့်။

[1583] CI-163, CI-171.

[1584] CI-085, CI-165, CI-168, CI-170.

[1585] CI-168.

[1586] V-050.

ပြောဆိုချက်များကို ရရှိထားသည်။[1587] စစ်တွေမှ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ၂၀၁၂ ခုနှစ် ဇွန်လမှအဖြစ်အပျက်ကို ယခုကဲ့သို့ ပြောပြထားသည်။

*ကားတစ်စီးက မီးငြိမ်းဖို့လာတယ်။ ဒါပေမယ့် ကားပေါ်က မီးသတ်သမားတွေက အရည်တွေ ဖြန်းလိုက်တဲ့အခါကျမှ ကျွန်တော်သိလိုက်ရတာက သူတို့က ဓါတ်ဆီတွေ ဖြန်းနေတာ ရေမဟုတ်ဘူး။ မီးကို မငြိမ်းစေပဲ ပိုပြီးလောင်စေတယ်။*[1588]

၇၃၅။ ကျောက်ဖြူတွင် ၂၀၁၂ ခုနှစ် အောက်တိုဘာက တိုင်းရင်းသားရခိုင်များက အိမ်များကို မီးရှို့သည့်အခါ ဒေသခံအစိုးရ အာဏာပိုင်များ ရှိနေခဲ့သည်။[1589] ဝင်ရောက်တားဆီးမည့်အစား အရာရှိတစ်ယောက်က ကမာန်နှင့် ရိုဟင်ဂျာ ရွာသားများကို အိမ်များ မီးရှို့ကြောင်း စွပ်စွဲပြီး သူတို့ကို ထွက်သွားရန်ပြောဆိုခဲ့သည်။[1590] ကျောက်ဖြူတွင်လည်း မွတ်စလင် ရွာသားများက သူတို့၏လုံခြုံရေးအတွက် ရက်သတ္တများစွာ ပိုက်ဆံပေးထားသော လုံခြုံရေးတပ်ဖွဲ့များသည် တိုင်းရင်းသားရခိုင်များ ထိုဧရိယာကို တိုက်ခိုက်ခြင်းမပြုမီ နာရီပိုင်းအလို ၂၀၁၂ အောက်တိုဘာ ၂၂ ရက် နံနက် တွင် ပိုက်ဆိပ်မှ ထွက်ခွာသွားခဲ့သည်။[1591]

*ဘုန်းကြီးများ နှင့် နိုင်ငံရေး ပါတီများ၏ ပါဝင်မှု*

၇၃၆။ ရခိုင်မျိုးချစ် နိုင်ငံရေးပါတီများနှင့် အဖွဲ့အစည်းများ သာမက ဩဇာရှိသော ဘုန်းကြီးများသည်လည်း အကြမ်းဖက်မှုများတွင် သွေးထိုးလှုံ့ဆော်ခြင်း သို့မဟုတ် တိုက်ရိုက်ပါဝင်ခြင်းအားဖြင့် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်ခဲ့ကြသည်။ ဘုန်းကြီးများနှင့် ရခိုင်အမျိုးသားများဖွံ့ဖြိုးရေးပါတီ (RNDP) အဖွဲ့ဝင်များသည် စစ်တွေတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့ကြောင်း အစီရင်ခံမှုများရှိသည်။[1592] ယေဘူယျပိုကျစွာ ဩဇာရှိသော ဗုဒ္ဓဘာသာအဖွဲ့အစည်းများနှင့် ၉၆၉ လှုပ်ရှားမှုသည် ၂၀၁၂ ခုနှစ်အစောပိုင်း အဆင့်များကတည်းက မွတ်စလင် ဆန့်ကျင်ရေး လှုံ့ဆော်မှုများကို သွေးထိုးပေးခြင်း၊ ရခိုင်တိုင်းရင်းသားများကို အကြမ်းဖက်မှုများ ပြုလုပ်ရန် သို့မဟုတ် အကြမ်းဖက်မှုများတွင် တိုက်ရိုက်ပါဝင်ရန် လှုံ့ဆော်ပေးခြင်းများဖြင့် ပါဝင်ခဲ့ကြသည်။[1593]

၇၃၇။ ကျောက်ဖြူတွင် ၉၆၉ အုပ်စု၏ ဒေသခံအုပ်စု ခေါင်းဆောင်ဦးဆောင်သော ရခိုင်တိုင်းရင်းသား အုပ်စုတစ်ခုသည် ၂၀၁၂ ခုနှစ် အောက်တိုဘာတွင် ကမာန် အိမ်များ မီးရှို့ရာတွင် ဦးဆောင်ခဲ့ကြောင်း အစီရင်ခံမှုများ ရှိသည်။[1594] အလားတူပင် ၂၀၁၃ ခုနှစ် သံတွဲမှ ကမာန်အသိုင်းအဝိုင်း ကို ပစ်မှတ်ထားသည့် အကြမ်းဖက်မှုကို ၉၆၉ လှုပ်ရှားမှု၏ အဖွဲ့ဝင်များက လုံခြုံရေးတပ်ဖွဲ့များ၏ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်သော ပံ့ပိုးမှုဖြင့် လှုံ့ဆော်ဦးဆောင်ခဲ့သည်။[1595] အင်တာဗျူးဖြေဆိုသူ ကမန်တစ်ဦးက ၂၀၁၂ ခုနှစ် ဇွန်လ ၃ ရက်တွင် တောင်ကုတ်တွင် မွတ်စလင် ၁၀ ဦးကို သတ်ဖြတ်ခဲ့မှုနှင့် ဆက်နွယ်သည့် သံတွဲမှ ၉၆၉ အုပ်စုခေါင်းဆောင်တစ်ဦးကို မှတ်မိခဲ့သည်။[1596] ယုံကြည်စိတ်ချရသော အစီရင်ခံမှုများကလည်း

[1587] CI 083, CI-084, CI-166, CI-168, DI- 021, DI-022; K-109, KI-076.17.
[1588] CI-166; KI-076.17.
[1589] CI-165, CI-168, CI-170.
[1590] CI-085, CI-165, CI-168, CI-170.
[1591] DI-021, DI-024; V-050.
[1592] CI-171; K-114, K-076.9.16, K-076.9.17, K-076.9.20, K-076.9.22, K-076.9.23, K-076.9.32.
[1593] CI-164.
[1594] CI-167.
[1595] CI-164, CI-169.
[1596] CI-164, CI-169.

ကျောက်ဖြူတွင် အကြမ်းဖက်မှုများ မတိုင်မီတွင် တိုင်းရင်းသားရခိုင်များအား လှုံ့ဆော်ရာတွင် RNDP ၏ ပါဝင်ပတ်သက်မှုကို ညွှန်ပြနေသည်။[1597]

၇၃၈။ ထို့အပြင် မစ်ရှင်က ၉၆၉ ခေါင်းဆောင်မှုနှင့် မဘသ နှင့် တပ်မတော် သို့မဟုတ် တပ်မတော်နှင့်ဆက်စပ်သည့် အစိုးရအဖွဲ့ဝင်အချို့တို့ အကြား ဆက်စပ်မှုများကို ညွှန်းပြနေသော ယုံကြည်စိတ်ချရသော အစီရင်ခံချက်များ ရရှိထားသည်။[1598] အစီရင်ခံချက်တစ်ခုက အဆင့်မြင့် အရာရှိများသည် ၂၀၀၇ ခုနှစ် "ရွှေဝါရောင် တော်လှန်ရေး" ၏ ယခင်ခေါင်းဆောင်များအား သူတို့ ထောင်မှ လွတ်သည့်အချိန်တွင် ချဉ်းကပ်ပြီး ဘဏ္ဍာရေးနှင့် အခြားသော ထောက်ပံ့မှုများကို ကမ်းလှမ်းကာ ၉၆၉ သို့မဟုတ် မဘသ သို့ ဝင်ရောက်ရန် အားပေးခဲ့ကြောင်း ထောက်ပြသည်။ အချို့သော ဘုန်းတော်ကြီးများက ငြင်းဆိုခဲ့သော်လည်း အရှင်ဝီရသူက လက်ခံခဲ့ကြောင်း အစီရင်ခံချက်များ ရှိသည်။[1599] မြန်မာနိုင်ငံတွင် မွတ်စလင် အကြမ်းဖက်မှုများတွင် သွေးထိုးလှုံ့ဆော်ပေးသော ၉၆၉ နှင့် မဘသ တို့၏ အရေးပါသော ကဏ္ဍအတွက် ယင်းစွပ်စွဲချက်များသည် အရေးပါပြီး ဆက်လက် စုံစမ်းစစ်ဆေးသွားရန် လိုအပ်သည်။

*မောင်တောမှ သီးခြား ဖြစ်ရပ်များ*

၇၃၉။ ရခိုင်နှင့် ရိုဟင်ဂျာ မျက်မြင်သက်သေ အများအပြားက အကြမ်းဖက်မှုတွင် ပါဝင်ရန် လူများကို မောင်တောသို့ ခေါ်ဆောင်လာကြောင်း[1600] သို့မဟုတ် မောင်တောရှိ ရခိုင်အိမ်များ မီးလောင်ရခြင်း အချို့အတွက် လုံခြုံရေး တပ်ဖွဲ့ဝင်များ ကိုယ်တိုင် တာဝန်ရှိကောင်းရှိနေနိုင်ကြောင်း ညွှန်ပြနေသည်။[1601]

*သမ္မတ ဦးသိန်းစိန်က အကြမ်းဖက်မှုအား သွေးထိုးလှုံ့ဆော်မှုများရှိကြောင်း ပြောခဲ့သည်။*

၇၄၀။ ၂၀၁၂ ခုနှစ် အောက်တိုဘာလ ၂၅ ရက်နေ့တွင် ထုတ်ပြန်သော ကြေညာချက်တွင် သမ္မတ ဦးသိန်းစိန် ကိုယ်တိုင်သည် အကြမ်းဖက်မှုကို "ရခိုင်ပြည်နယ်မှ ဖြစ်ရပ်များတွင် နောက်ကွယ်က ကြိုးကိုင်လှုပ်ရှားနေသော လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများ"က စီမံခန့်ခွဲနေကြောင်း ပြောခဲ့သည်။ သူက ကျူးလွန်သူများကို "ဖော်ထုတ်" ပြီး သူတို့အား ဥပဒေအရ အရေးယူသွားမည်ဟု ကတိပေးခဲ့သည်။[1602] သို့ရာတွင် မည်သည့် ဥပဒေဆိုင်ရာ အရေးယူမှုမျိုးမှ လုပ်ဆောင်ခဲ့ခြင်း မရှိပဲ သမ္မတက သွေးထိုးလှုံ့ဆော်သူများ မည်သူ မည်ဝါဖြစ်သည်ကို မည်သည့်အခါကမျှ ထုတ်ဖော်ပြောဆိုခြင်း မရှိခဲ့ပါ။ အထက်ပါ ကြေညာချက်နှင့် စပ်လျဉ်း၍ အမည်မဖော်လိုသော ဗဟိုအစိုးရ၏ စစ်ဘက်ဆိုင်ရာ အရင်းအမြစ်တစ်ခုကို ကိုးကားချက်တစ်ခုတွင် ၂၀၁၂ အောက်တိုဘာ တိုက်ခိုက်မှုများသည် အသေအချာ စီမံခန့်ခွဲထားသည်ဟု ယုံကြည်ရလောက်သော အစီရင်ခံချက်တစ်ခုတွင် ကိုးကားထားသည်။ စစ်ဘက်ဆိုင်ရာ အရင်းအမြစ်က "မွတ်စလင်ဆန့်ကျင်ရေးလှုံ့ဆော်မှုများ ဖြန့်ချီနေသော ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးများ၏ မီးထိုးမှု"ကို ခံရသော လူအုပ်ကြီးများကို ဦးဆောင်နေသော "ရခိုင် အမျိုးသားများဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် ပတ်သက်သော ရခိုင်မျိုးချစ်များ" ဟု

---

[1597] CI-165; V-050, V-051

[1598] DI-011; K-101, K-106; See also C4ADS, *Sticks and Stones - Hate Speech Narratives and Facilitators in Myanmar* (2016).

[1599] DI-011, K-106, DM-002.

[1600] DI-038, DI-045, QI-106.

[1601] CI-153.

[1602] The New Light of Myanmar (26 October 2012)

စွပ်စွဲထားသည်။[1603] နောက်တစ်နှစ်ကြာသော ၂၀၁၃ အောက်တိုဘာ ၃ ရက်နေ့တွင် သမ္မတက သွေးထိုးလှုံ့ဆော်သူများကို နောက်တကြိမ် ပြောဆိုထားပြီး ယခု အချိန်တွင်မူ သံတွဲတွင် အကြမ်းဖက်မှုအတွက် တာဝန်ရှိသော "ပြင်ပပုဂ္ဂိုလ်များ" ကို ရည်ညွှန်းထားသည်။

> *ရခိုင်တိုင်းရင်းသားများ နှင့် ကမန် တိုင်းရင်းသားများသည် ဤနေရာတွင် နှစ်ပေါင်းများစွာ အတူတကွ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ခဲ့ကြသည်။ ပြင်ပလှုံ့ဆော်မှုများက အကြမ်းဖက်မှုနှင့် ပဋိပက္ခများကို သွေးထိုးလှုံ့ဆော်ခဲ့သည်။ ရရှိထားသော အထောက်အထားများအရ ရွာများအား မီးရှို့သည့်ဆူပူသူများသည် ပြင်ပ ပုဂ္ဂိုလ်များ ဖြစ်သည်။ အဖြစ်အပျက်တွင် ပါဝင်သောသူများ နှင့် နောက်ကွယ်မှ ပဋိပက္ခကို သွေးထိုးလှုံ့ဆော်နေသူများကို ဖော်ထုတ် ဖမ်းဆီးနိုင်ရန် အားလုံး၏ ပါဝင်ဆောင်ရွက်မှု လိုအပ်သည်။ သို့မှသာလျှင် ပြဿနာ၏ အရင်းအမြစ်ကို ဖြေရှင်းနိုင်မည်။*[1604]

*အခြားနေရာတွင် ဖြစ်ပွားသော အခြားမူစလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများနှင့် ဆင်တူမှုများ။*

၇၄၁။ မြန်မာနိုင်ငံတွင် ၂၀၁၃ နှင့် ၂၀၁၄ တွင် ဖျက်ဆီးမှုများ သို့မဟုတ် ပလီမီးရှို့မှုများ အပါအဝင် မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုလှိုင်းများကို ရခိုင်ပြည်နယ် အပြင်တွင် ကြုံတွေ့ခဲ့ရသည်။ ဖြစ်ရပ်များသည် အောက်ပါနေရာများတွင် ဖြစ်ပွားခဲ့ကြောင်း အစီရင်ခံချက်များရှိသည်။ ရန်ကုန်မြို့ (၂၀၁၃ ဖေဖော်ဝါရီ) ၊ မန္တလေးနှင့် ပဲခူး (၂၀၁၃ မတ်လ) ၊ ရန်ကုန်တိုင်း ဥက္ကံ (၂၀၁၃ ဧပြီ-မေ) ၊ ကချင်ပြည်နယ် ဖားကန့် (၂၀၁၃ မေလ) ၊ ရှမ်းပြည်နယ် လားရှိုး (၂၀၁၃ မေလ) ၊ ပဲခူးတိုင်း မုန်း (၂၀၁၃ မေလ) နှင့် မန္တလေးမြို့ (၂၀၁၄ ဇူလိုင်လ) ။[1605]

၇၄၂။ မစ်ရှင်က ယင်းဖြစ်ရပ်များအား စုံစမ်းစစ်ဆေးမှု မလုပ်ခဲ့ပါ။ သို့ရာတွင် မြန်မာနိုင်ငံရှိ မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများ၏ တစုံလုံးအနေအထားကို နားလည်နိုင်ရန် ၎င်းဖြစ်ရပ်များ၏ ဆီလျော်သက်ဆိုင်နေမှုကို ထောက်ရှုထည့်သွင်းစဉ်းစားကြည့်ပါက ယင်းဖြစ်ရပ်များထဲမှ အများအပြားသည် ကြိုတင်ပြင်ဆင်၍ သွေးထိုးလှုံ့ဆော်ခဲ့ပြီး ပုံစံတူတခုတည်းထပ်တူလိုက်နေသည်ကို ညွှန်ပြနေသည့် ယုံကြည်နိုင်ဖွယ်ဖြစ်သော အချက်များကို စစ်ဆေးတွေ့ရှိရသည်။[1606] ထိုဖြစ်ရပ်များတွင် မှန်မှန် မှားမှား ၉၆၉ က အလျင်အမြန် ဖြန့်ချီလေ့ရှိသော မွတ်စလင် ကျူးလွန်သူ တစ်ဦးက ဗုဒ္ဓဘာသာဝင် ကျူးလွန်ခံရသူ တစ်ဦးကို မုဒိန်းကျင့်ခြင်း သို့မဟုတ် အခြားသော ရာဇဝတ်မှုတစ်ခုခုကို ကျူးလွန်သည်ဆိုသော စွပ်စွဲမှုတခုခုက မကြာခဏပင် ရှိနေသည်။ ထို့နောက် မွတ်စလင်များအပေါ် အမုန်းတရား ဖြန့်ဝေရန်နှင့် အကြမ်းဖက်မှုကို သွေးထိုးလှုံ့ဆော်ရန် ရည်ရွယ်သော လူထုစုဝေးပွဲတစ်ရပ်ကျင်းပသည်။ ယုံကြည်ရလောက်သော သတင်းအချက်အလက်များက ၂၀၁၂ အောက်တိုဘာမှ စ၍ အဓိက ဖြစ်ပွားသော ကြီးမားသော လူမှုအကြမ်းဖက်မှု

[1603] V-051.

[1604] မြန်မာ့အလင်း သတင်းစာ။ "အနိုင်ရသူ မရှိသည့် နှစ်ပေါင်း ၆၀ ကြာ လက်နက်ကိုင် ပဋိပက္ခ- ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ထိန်းသိမ်းစောင့်ရှောက်ရန်နှင့် ရခိုင်ပြည်နယ်တွင် ဥပဒေစိုးမိုးမှုရှိစေရန် အစိုးရသည် ဖွဲ့စည်းပုံ အခြေခံဥပဒေက သတ်မှတ်ပြဌာန်းထားသော နည်းလမ်းအားလုံးကို အသုံးပြုသွားမည်။ သမ္မတ။ (၂၀၁၃ ခုနှစ် အောက်တိုဘာ ၄ ရက်) အောက်ပါလင့်တွင် ရနိုင်သည်။ http://www.burmalibrary.org/docs16/NLM-2013-10-04-red.pdf

[1605] V-049.

[1606] V-167.

အားလုံးနီးပါးသည် ထိုဇရီယာတွင် ၉၆၉ က စီစဉ်သော တရားဟောပြောပွဲ ပုံမှန်အားဖြင့် အရှင်ဝီရသူ ကိုယ်တိုင် လုပ်ဆောင်ပြီးသည့် နောက်ပိုင်းတွင် ဖြစ်သည်ကို ညွှန်းပြနေသည်။[1607]

၇၄၃။ မိတ္ထီလာတွင် လူအုပ်စုများက အကြမ်းဖက်မှုမတိုင်မီ တစ်ပတ်အလိုတွင် တစ်အိမ်တက်ဆင်းသွားပြီး ဗုဒ္ဓဘာသာဆိုင်ရာ စတစ်ကာများကို လိုက်လံဖြန့်ဝေလျက် နောက်ပိုင်းတွင် ဖြစ်လာမည့် မွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုတွင် မီးရှို့ခြင်းမခံရစေရန် အိမ်များတွင် ကပ်ထားရန် တောင်းဆိုခဲ့သည်။ ဘုန်းကြီးများက အကြမ်းဖက်မှုတွင် ပါဝင်ကြောင်း စွပ်စွဲမှုများ ရှိသည်။[1608]

၇၄၄။ မန္တလေးတွင် မွတ်စလင်ယောက်ျား နှစ်ယောက်က ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦးကို မုဒိန်းကျင့်သည် ဆိုသော မားယွင်းသောစွပ်စွဲချက်များ လူမှုမီဒီယာတွင် ကျယ်ကျယ်ပြန့်ပြန့် ပြန့်နှံ့သွားပြီးနောက်တွင် ဖြစ်ပွားသောဆူပူမှုတွင် မွတ်စလင်တစ်ဦးနှင့် ဗုဒ္ဓဘာသာဝင် တစ်ဦး သေဆုံးခဲ့သည်။ ယုံကြည်ရလောက်သော အစီရင်ခံချက်များက အကြမ်းဖက်မှုကို ပြင်ပ သွေးထိုးလှုံ့ဆော်သူများက ဆွပေးခဲ့၊ ကျူးလွန်ခဲ့ကြောင်း အတည်ပြုပေးသည်။ သွေးထိုးလှုံ့ဆော်မှုများတွင် လူတစ်ဦးတယောက်ထဲက ငှားရမ်းပြီး လုပ်ဆောင်ခိုင်းသော မူစလင် အမျိုးသမီးတစ်ဦးနှင့် ဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦးတို့၏ မုဒိန်းကျင့်ခံရကြောင်း မမှန်မကန် စွပ်စွဲချက်နှစ်ခု ပါဝင်သည်။[1609] ၂၀၁၅ ခုနှစ် မတ်လတွင် ထိုအမျိုးသမီးနှစ်ဦးနှင့် အခြား လူသုံးဦးတို့ကို တရားစွဲဆိုပြီး အရေးပေါ်စီမံခန့်ခွဲမှုဥပဒေ နှင့် ပြစ်မှုဆိုင်ရာဥပဒေများအရ မားယွင်းသော မုဒိန်းကျင့်မှု စွပ်စွဲချက်များ ပြုလုပ်ခြင်းကြောင့် ထောင်ဒဏ် ၂၁ နှစ် ချမှတ်ခဲ့ကြောင်း အစီရင်ခံမှုများ ရှိသည်။[1610] အများအတွက်သော အစီရင်ခံစာတစ်ခုတွင် မန္တလေးမှ ဝါရင့်ဆရာတော်များက အဓိကရုဏ်းလုပ်သူများ ညအခါတွင် သူတို့ထံ ရောက်လာပြီး အချို့သောသူများမှာ ဘုန်းကြီးကဲ့သို့ဝတ်ထား၍ မူးနေသည်ဟုထင်ရပြီး အကြမ်းဖက်မှုတွင် ပါဝင်ရန် စည်းရုံးသိမ်းသွင်းခဲ့ရာ အောင်မြင်မှု မရသွားခဲ့ကြောင်း ပြောဆိုထားသည်။ အလားတူပင် မန္တလေးမှ မွတ်စလင်လူထုခေါင်းဆောင်များကလည်း ထိုအစီရင်ခံစာထဲတွင်ပင် မည်သူမည်ဝါမှန်းမသိရသူများက အလားတူနည်းလမ်းဖြင့် သူတို့အားစည်းရုံးရန် ကြိုးပမ်းခဲ့သော်လည်း သူတို့ကလည်း မပါဝင်ရန် ငြင်းဆိုခဲ့ကြောင်း ပြောဆိုထားသည်။[1611] ဗုဒ္ဓဘာသာနှင့် မွတ်စလင် ခေါင်းဆောင်များ၏ ရပ်တည်မှုက အကြမ်းဖက်မှုကို နောက်ထပ် ဆက်လက်မပြန့်ပွားအောင် တားဆီးခဲ့သည်။ ထို့အပြင် သမ္မတရုံးက မန္တလေးတွင် ဖေ့ဘွတ် ဝင်ရောက်နိုင်မှုကို ယာယီပိတ်ပင်ခြင်းဖြင့် မမှန်ကန်သော မုဒိန်းကျင့်မှုစွပ်စွဲချက်နှင့် သက်ဆိုင်သော အချက်အလက်များ ပြန့်နှံ့ခြင်းကို တားဆီးရန် ဆုံးဖြတ်ခဲ့ကြောင်း အစီရင်ခံမှုများ ရှိသည်။[1612]

---

1607 V-167.

1608 V-049.

1609 V-167.

1610 အချက်အလက်ကို အစိုးရသတင်းစာ မြန်မာ့အလင်း နေ့စဉ် သတင်းစာက ပထမဆုံး ဖော်ပြခဲ့သည်။ (၂၀၁၅ ခုနှစ် မတ်လ ၁၉ ရက်) အောက်ပါလင့်တွင် ရနိုင်သည်။ http://www.burmalibrary.org/docs21/19.Mar_.15_mal.pdf, p.14; K-238

1611 V-167.

1612 T. McLaughlin, "How Facebook's Rise Fueled Chaos and Confusion in Myanmar" (ကြေးနန်း၊ ၂၀၁၈ ခု ဇူလိုင် ၆ ရက်)

**(၇) နိဂုံးချုပ်ချက်။**

၇၄၅။ တရားဝင် ဖြစ်စဉ်ဇတ်ကြောင်းအရ ၂၀၁၂ အကြမ်းဖက်မှုသည် "လူမှု အသိုင်းအဝိုင်းအကြား" ဖြစ်ပျက်ခြင်းဖြစ်သည်ဆိုသည်ကို မြန်မာနိုင်ငံနှင့် နိုင်ငံတကာတွင် လွှမ်းမိုးခဲ့သည်။ ယင်းကို လူ့အခွင့်အရေး အဖွဲ့အစည်း အချို့၊ ဝေဖန်သုံးသပ်သူများနှင့် သတင်းစာ ဆရာများက မေးခွန်းထုတ်နေသော်လည်း သူတို့မှာ အထီးကျန်နေသာအသံများသာ ဖြစ်ခဲ့သည်။ မူလကတည်းက ရည်ရွယ်ရည်မှန်းချက် ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ မြန်မာ အာဏာပိုင်များက ယင်းဖြစ်စဉ်ကို ရိုဟင်ဂျာများနှင့် ကမာန် အသိုင်းအဝိုင်းများအား ထပ်မံ ဖိနှိပ်ရန် အသုံးပြုခဲ့ပြီး ရခိုင်အလယ်ပိုင်းတွင် သီးခြားခွဲခြားထားရှိပြီး မွတ်စလင်များကို ရွှေ့ပြောင်းစခန်းများနှင့် နေရာများတွင် ခြောက်နှစ်ကျော်ကြာအောင် ပိတ်လှောင်ထားခဲ့သည်။

၇၄၆။ ရခိုင်နှင့် ရိုဟင်ဂျာ နှစ်ဘက်စလုံးမှ ခေါင်းဆောင်များက မစ်ရှင်ကို ပြောသည်မှာ အကြမ်းဖက်မှုသည် ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပြီး အားကောင်းသော ခုခံမှုနှင့် ဆန့်ကျင်မှုများ ကြုံတွေ့ခဲ့ရသည့် ကျောက်ဖြူဖွံ့ဖြိုးရေးစီမံကိန်းမှ တိုင်းရင်းသားရခိုင်များကို အာရုံလွှဲစေရန် သွေးထိုးလှုံ့ဆော်ခဲ့ခြင်း ဖြစ်ကြောင်း သူတို့က ယုံကြည်ကြသည်။ သူတို့က တပ်မတော်အတွင်း အစိတ်အပိုင်းအချို့က ဒီမိုကရက်တစ် အပြောင်းအလဲများကို လမ်းလွှဲစေရန်နှင့် အာဏာကို ပြန်လည်ရရှိစေရန် နည်းလမ်းတစ်ခုဖြစ်နိုင်သည်ဟုလည်း ထောက်ပြကြသည်။[1613]

၇၄၇။ ရခိုင်ပြည်နယ်တွင် ဖြစ်သော ၂၀၁၂ နှင့် ၂၀၁၃ အကြမ်းဖက်မှုများသည် ကြိုတင်ပြင်ဆင်ထားသော သွေးထိုးလှုံ့ဆော်မှုများရှိကာ မြန်မာ့ လုံခြုံရေးတပ်ဖွဲ့များ ကိုယ်တိုင် ပါဝင်ပြီး ပတ်သက်မှုရှိကြောင်း မစ်ရှင်တွင် ကောက်ချက်ချရန် ကျိုးကြောင်းခိုင်လုံသော အကြောင်းရင်းများရှိသည်။ သူတို့သည် အကြမ်းဖက်မှု အပြုအမူတွင် ပါဝင်ခဲ့ကြသည်။ သူတို့သည် သူတို့၏တာဝန်ဖြစ်သော ကာကွယ်မှုပေးရန် အထူးသဖြင့် ရိုဟင်ဂျာများနှင့် ကမာန်များ လိုအပ်သောနှင့် သူတို့၏ပိုင်ဆိုင်မှုများကို ကာကွယ်မှုပေးရန် တာဝန်ကို ထမ်းဆောင်ရန် ပြင်းဆိုခဲ့သည်။ ဒေသခံအာဏာပိုင်များ၊ အစွန်းရောက်မျိုးချစ် ရခိုင် အဖွဲ့အစည်းများနှင့် နိုင်ငံရေးသမားများသာမက အစွန်းရောက်ဘုန်းတော်ကြီးများက အကြမ်းဖက်မှုကို အတိုင်းအတာအမျိုးမျိုးဖြင့် သွေးထိုးလှုံ့ဆော် နှင့်/သို့ ကူညီပံ့ပိုးခဲ့ကြသည်။ ထိုနေရာတွင်ရှိသော တပ်မတော်၏ ထိုအချိန်က အခန်းကဏ္ဍကို ထောက်ရှုစဉ်းစားပါက အကြမ်းဖက်မှုများကို သွေးထိုးလှုံ့ဆော်ရာတွင် "နောက်ကွယ်က လက်များ" ရှိသည် ဟူသော စွပ်စွဲချက်များနှင့် ပတ်သက်၍ ထပ်မံ စုံစမ်းစစ်ဆေးသင့်ပါသည်။

၇၄၈။ နောက်အခန်းများတွင် ဆွေးနွေးထားသကဲ့သို့ဖြစ်သော ၂၀၁၆ နှင့် ၂၀၁၇ တွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သော အကြမ်းဖက်မှု၏ အဆိုးစွန်ဆုံးသော အတိုင်းအတာများနှင့် ၎င်းတို့အား အစုအပြုံလိုက် ဖယ်ရှားခြင်းများကို ဤ နောက်ခံပိတ်ကားအပေါ်တွင်သာ နားလည်နိုင်ပေလိမ့်မည်။

- နှစ်ပေါင်းများစွာ ရိုဟင်ဂျာများအား "တရားမဝင် ရွှေ့ပြောင်းသူများ" အဖြစ်ပုံဖော်ထားပြီး နိုင်ငံနှင့် နိုင်ငံ၏ ကြန်အင်လက္ခဏာဖြစ်သော ဗုဒ္ဓဘာသာအတွက် ခြိမ်းခြောက်မှုတရပ်အဖြစ် တည်ဆောက်လျက် လူသားမဆန်သော သာသာစကားကို အသုံးပြုကာ နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများနှင့် ဩဇာရှိသော အာဏာပိုင် လူပုဂ္ဂိုလ်များ

[1613] DM-002, DM-006, DM-007, DM-008, DI-012.

ပါဝင်၍ ပူးပေါင်းအားထုတ်ခဲ့ကြသည့် အမုန်းတရား တိုက်တွန်းလှုံ့ဆော်မှုများ၏ ခုနစ်များ။

- မွေးဖွားသည်မှ သေဆုံးသည်အထိ ရိုဟင်ဂျာတို့၏ဘဝများအပေါ် သက်ရောက်နေသည့် နိုင်ငံတော်က ဖော်ဆောင်၍ စံနစ်အသွင် သွတ်သွင်းထားသည့် ဖိနှိပ်မှုစံနစ်ကို ဖြစ်ပေါ်စေသော ဆယ်စုနှစ်များစွာ တဖြေးဖြေး ဘေးဖယ်ကျဉ်မှုနှင့် အခွင့်အရေးများကို လိုက်စားခြင်း ဆယ်စုနှစ်များ။
- နှစ်ပေါင်းများစွာ ရိုဟင်ဂျာပြည်သူလူထုအား သိသာထင်ရှားစွာ အားပျော့စေသော တရားဝင် သွင်ပြင်လက္ခဏာပြဌာန်းချက်အား ငြင်းပယ်မှု၊ သွားလာလှုပ်ရှားမှု၊ အစားအစာ၊ သက်မွေးဝမ်းကြောင်းမှု၊ ကျန်းမာရေးနှင့် ပညာရေး ရပိုင်ခွင့်များ အပေါ် ကန့်သတ်ချက်များ။
- ရိုဟင်ဂျာများအား အစုအပြုံလိုက် ဖမ်းဆီးမှု၊ သီးသန့်ခွဲခြားထားရှိမှု မူဝါဒများနှင့် သူတို့အား ခြောက်နှစ်ကျော်ကြာအောင် တရားမဲ့ ထိန်းသိမ်းထားသော ရခိုင်ပြည်အလယ်ပိုင်းမှ ညစ်ပတ်နံစော်ပြီး သံဆူးကြိုးများ ကာရံထားသည့် "ရွှေ့ပြောင်း" စခန်းများနှင့် နေရာများသို့ အစုလိုက်အပြုံလိုက် ပြောင်းရွှေ့ခြင်းနှင့် အကျဉ်းချထားခြင်းကို ဖြစ်စေခဲ့သော နိုင်ငံတော်အဖွဲ့အစည်းများနှင့် အခြား အာဏာပိုင်မျက်နှာဖုံးများ ပါဝင်သည့် တိုင်းရင်းသားရခိုင်နှင့် ရိုဟင်ဂျာများအကြား တက်ကြွစွာ သွေးထိုးလှုံ့ဆော်ထားသော အကြမ်းဖက်မှု၊ နှင့်
- ချိုးဖောက်ကျူးလွန်သူများအား အတည်ပြုချက် တံဆိပ်ရိုက်နှိပ်ပေးထားသည့် အစိုးရ၏ အစဉ်တစိုက် တာဝန်ခံမှုကင်းမဲ့သော တုန့်ပြန်ချက်။

### ဃ.ဃ။ ၂၀၁၇ ဩဂုတ် ၂၅ နှင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"

> *ကမ္ဘာကြီး တစ်ခုလုံး ပြိုပျက်သွားနေခဲ့သလိုဘဲ အဲဒီနေ့ဟာ ဒီကမ္ဘာကြီးရဲ့ နောက်ဆုံးနေ့လို့ ခံစားလိုက်ရတယ်။ ကျနော်ကတော့ စီရင်တော်မူတဲ့ နေ့ရောက်လာပြီလို့ ထင်လိုက်တယ်။*[1614]

၇၄၉။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်နှင့် နောက်ထပ်ရက်များ၊ ရက်သတ္တပတ်များတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပျက်ခဲ့မှုမှာ ကာလကြာရှည်စွာ ပြုလုပ်ခဲ့ရသော ကပ်ဆိုက်မှုတခု လက်တွေ့ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ယင်းမှာ ရိုဟင်ဂျာများအပေါ် စနစ်တကျ ဖိနှိပ်မှု၊ ၂၀၁၂ ခု အကြမ်းဖက်မှုနှင့် အစိုးရ၏ စဉ်ဆက်မပြတ် အပြုအမူများနှင့် ထိန်ချန်မှုများမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ ယင်းသည် လူ့အသိုင်းအဝိုင်းတစ်ခုကို ပြိုကွဲစေပြီး လူ့အခွင့်အရေး ဘေးကပ်ဆိုက်မှုတစ်ခုကို ဖြစ်ပေါ်စေကာ မျိုးဆက်များစွာ သက်ရောက်စေမည်ဖြစ်သည်။

၇၅၀။ ဩဂုတ်လ ၂၅ ရက် အစောပိုင်းအချိန်များတွင် ARSA အနေဖြင့် ရိုဟင်ဂျာ အသိုင်းအဝိုင်းများအပေါ် တိုးများလာသည့် ဖိအားများအား တုန့်ပြန်ရန်နှင့် ကမ္ဘာတဝှမ်းမှ အာရုံစိုက်မှုရလာစေရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ စစ်တပ်စခန်း တစ်ခုနှင့်

[1614] LI-120.

ရဲကင်းစခန်း ၃၀ အထိကို စနစ်တကျ ချိတ်ဆက်ထားသည့် တိုက်ခိုက်မှုကို လုပ်ဆောင်ခဲ့သည်။ အနည်းအကျဉ်းသာ လေ့ကျင့်ထားသည့် အနည်းငယ်သော ခေါင်းဆောင်များတွင် လက်နက်အချို့နှင့် လေ့ကျင့်မထားသော သိသာထင်ရှားသည့် အရေအတွက်ရှိ ရွာသားများသည် တုတ်များ ဓါးများ ကိုင်ဆောင်ထားကြသည်။ အချို့တွင် လက်လုပ်ဖောက်ခွဲရေး ကိရိယာများ ရှိသည်။ လုံခြုံရေး တပ်သား ၁၂ ဦး သေဆုံးခဲ့သည်။

၇၅၁။ လုံခြုံရေးတပ်ဖွဲ့များ၏ တုန့်ပြန်မှုမှာ ချက်ချင်းဖြစ်သည်။ နာရီအနည်းငယ်အတွင်းတွင် ရက်စက်ကြမ်းကြုတ်ပြီး အချိုးအစားမညီမျှအောင် ကျယ်ပြန့်လှသည်။ ARSA ကြောင့် ရှိလာသော "အကြမ်းဖက် ခြိမ်းခြောက်မှု" ကို ဖယ်ရှားရန် တကယ်မဟုတ်သော်လည်း အကြောင်းရင်းအဖြစ်တင်ပြလာမှုက နောက်ဆက်တွဲ ရက်များနှင့် ရက်သတ္တပတ်များတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များမှ ရာနှင့်ချီသော ရွာများကို လွှမ်းခြုံခဲ့သည်။ စစ်ဆင်ရေးသည် ရိုဟင်ဂျာ လူထုအားလုံးကို ပစ်မှတ်ထား ထိတ်လန့်စေခဲ့သည်။ အာဏာပိုင်များက ယင်းတို့ကို "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ဟု ခေါ်သည်။ သူတို့သည် နှစ်လကျော်ကြာအောင် ဆက်လုပ်ခဲ့ပြီး ၂၀၁၇ ခုနှစ်စက်တင်ဘာလ ၅ ရက်နေ့တွင် အစိုးရက ပြီးဆုံးပြီဟု ပြောဆိုသည့်အချိန်အထိ တစ်စုံတစ်ရာ ကာလ ကြာမြင့်ခဲ့သည်။[1615] စစ်ဆင်ရေး ကာလအတွင်းတွင် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ကျေးရွာအားလုံး၏ ၄၀ ရာခိုင်နှုန်းကျော်မှာ တပိုင်းတစ သို့မဟုတ် လုံးဝ ပျက်စီးသွားခဲ့သည်။ အပြင်းထန်ဆုံးကာလမှာ ဖျက်ဆီးမှု၏ ၈၀ ရာနှုန်းကျော် ကျူးလွန်ခဲ့သည့် ပထမ သုံးပတ်ကာလဖြစ်သည်။ ရလာဒ်အဖြစ် ၂၀၁၈ ခုနှစ် စက်တင်ဘာလအထိ ရိုဟင်ဂျာ ၇၂၅,၀၀၀ ကျော် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့သည်။[1616]

၇၅၂။ စစ်ဆင်ရေးမှာ ပထဝီအနေအထား ကျယ်ကျယ်ပြန့်ပြန့်ကို လွှမ်းခြုံသည့်အပြင် ထိုးနှက်မှုများမှာ ဆင်တူကြသည်။ တပ်မတော်စစ်သားများသည် မကြာခဏပင် အခြားသော လုံခြုံရေးတပ်ဖွဲ့များ၊ မကြာခဏပင် တိုင်းရင်းသားရခိုင်များနှင့် တစ်ခါတစ်ရံ အခြားသော တိုင်းရင်းသားများပါဝင်လျက် လင်းအားကြီးအချိန်များတွင် ရွာတရွာရွာကို ဝင်ရောက်တိုက်ခိုက်ကြသည်။ ဩဂုတ်လအစောပိုင်းတွင် တပ်မတော်၏ ခြေမြန်တပ်မ ၃၃ နှင့် ၉၉ မှ တပ်ဖွဲ့များကို ရခိုင်ပြည်နယ်တွင် ချထားခဲ့သည်။ စစ်ဆင်ရေးများအား မြန်ဆန်သော လက်နက်ပစ်ခတ်မှုများ၊ ပေါက်ကွဲမှုများ သို့မဟုတ် အော်ဟစ်မှုနှင့် ရွာသားများ၏ ထိတ်လန့်အော်ဟစ်မှုများဖြင့် လူများကို လန့်နိုးစေပြီး ရုတ်တရက် ထိတ်လန့်ကြောက်ရွံ့ရန် ပုံစံဆွဲထားသည်။ အဆောက်အဦများကို မီးရှို့ပြီး တပ်မတော်စစ်သားများက လက်နက်များကို ဦးတည်ချက် အတိအကျမရှိပဲ အိမ်များ ကွင်းပြင်များ နှင့် ရွာသားများကို ပစ်ခတ်ကြသည်။

၇၅၃။ စစ်ဆင်ရေး၏ သဘောသဘာဝ၊ အတိုင်းအတာနှင့် စုဖွဲ့မှုတို့က စစ်ဆင်ရေး မြင့်မားနေသည့် အချိန်၌ ထုတ်ဖေါ်ပြောဆိုခဲ့သည့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏အမြင်နှင့် အစဉ်တစိုက်ဖြစ်သည့် တပ်မတော် ခေါင်းဆောင်ပိုင်း၏ အစိတ်အပိုင်းတွင် ရှိသည့် ကြိုတင်ပြင်ဆင်မှု အတိုင်းအတာနှင့် ပုံစံဆွဲထားမှု အဆင့်တဆင့်ကို ထင်ဟပ်နေသည်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ဘင်္ဂါလီ ပြဿနာဟာ အရင်

---

[1615] "ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မှ အမျိုးသား ပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးနှင့် ပတ်သက်၍ အစိုးရ၏ ကြိုးပမ်းအားထုတ်မှုများ အပေါ် ပြောကြားသော မိန့်ခွန်း" (၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၉ ရက်၊ Facebook post) https://www.facebook.com/state.counsellor/posts/speech-delivered-by-her-excellency-daw-aung-san-suu-kyi-state-counsellor-of-the-/1121130291354519.

[1616] https://www.humanitarianresponse.info/sites/www.humanitarianresponse.info/files/documents/files/iscg_situation_report_05_september_2018.pdf

အစိုးရတွေလက်ထက်က ဖြေရှင်းဖို့ကြိုးစားခဲ့ကြပေမယ့် မပြီးပြတ်နိုင်သေးတဲ့ ရေရှည်ပြဿနာဖြစ်တယ်။ လက်ရှိ တာဝန်ယူထားတဲ့ အစိုးရက ဒီပြဿနာကို ဖြေရှင်းဖို့ အထူး ဂရုစိုက် လုပ်ဆောင်နေတယ်" ဟုပြောခဲ့သည်။[1617]

**၁။လူ့အခွင့်အရေး ဘေးကပ်စိုက်ခြင်း**

၇၅၄။ မစ်ရှင်သည် ကျူးလွန်ခံရသူနှင့် မျက်မြင်သက်သေ အင်တာဗျူးပေါင်း ၆၀၀ ကျော်၊ ဂြိုလ်တု ရုပ်ပုံများ၊ စာရွက်စာတမ်းများ၊ ဓါတ်ပုံများ၊ နှင့် ဗီဒီယိုများအပါအဝင် ဤဖြစ်ရပ်များနှင့် ပတ်သက်သည့် အချက်အလက် ကြွယ်ဝစွာ ရရှိထားသည်။ ဖြစ်ရပ် အများအပြားကို မစ်ရှင်က အသေးစိတ် လေ့လာထားသည်။ အဆိုးရွားဆုံး လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် ကျူးလွန်မှုများကို အစဉ်တစိုက် တပြေးညီ ပုံစံဖြင့် တွေ့ရသည်။

**(က) အဆိုးရွားဆုံး အဖြစ်အပျက်များ**

၇၅၅။ ရွာခြောက်ရွာ သို့မဟုတ် ဧရိယာများရှိ ဖြစ်ရပ်များကို မစ်ရှင်က စီစစ်ထားသည့်အတိုင်း အောက်တွင် အသေးစိတ် ဖော်ပြထားသည်။ မစ်ရှင်က ကောက်ယူထားသည့် အချက်အလက်ပေါ် မူတည်လျက် ယင်းတို့သည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း ဝမ်းနည်းဖွယ်အကောင်းဆုံး အဖြစ်အပျက်များ ထဲမှ ဖြစ်ကြသည်။

*မင်းကြီး (တူလာတိုလီ)*

၇၅၆။ (ရိုဟင်ဂျာစကားဖြင့် တူလာတိုလီဟု သိသော) မင်းကြီးသည် ရခိုင်ပြည်နယ် မြောက်ပိုင်း မောင်တော မြို့နယ်ရှိ ကျေးရွာအုပ်စုဖြစ်သည်။ ခန့်မှန်းလူဦးရေအားဖြင့် ရိုဟင်ဂျာ ၄,၃၀၀ နှင့် တိုင်းရင်းသား ရခိုင် ၄၀၀[1618] ရှိပြီး ယင်း၏ သုံးဘက်သုံးတန်တွင် မြစ်က ဝန်းရံထားသည်။ မြစ်၏ တဘက်ကမ်း အရှေ့ဘက်တွင် ကျေးရွာအုပ်စု နှစ်ခုရှိပြီး ဝက်ကျိန်း (ရိုဟင်ဂျာ စကားဖြင့် ဝဒ်ကယောင်း) နှင့် ပဒါကာရွာသစ် (ရိုဟင်ဂျာ စကားဖြင့် ဒီယယ်တိုလီ) တို့ဖြစ်သည်။

---

[1617] ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် "အစိုးရ အဖွဲ့အစည်းများ အားလုံးနှင့် ပြည်သူလူထုသည် နိုင်ငံကို အားကောင်းသော မျိုးချစ်စိတ်ဓါတ်ဖြင့် ကာကွယ်ရမည်။" (၂၀၁၇ ခု စက်တင်ဘာလ ၂ ရက်၊ Facebook post)၊ ယခုအခါ ပြန်ဖျက်ထားပြီ၊ မစ်ရှင်က ပို့စ်ကို ဖိုင်ဖြင့် သိမ်းထားသည်။

[1618] V-064, V-065, V-066, V-067

**မင်းကြီး ကျေးရွာအုပ်စု အဝန်းအဝိုင်းရှိ ကျေးရွာအုပ်စုများ ပြသထားသည့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်မှ ရုပ်ပုံ**




၇၅၇။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ နှင့် ၂၆ ရက်တွင် ARSA တိုက်ခိုက်မှု နှစ်ခု မင်းကြီး အနီးတွင် ဖြစ်ပွားခဲ့သည်။[1619] မျက်မြင်သက်သေများက ထိုနေ့များတွင် မင်းကြီးအနီးတွင် သေနတ်ပစ်သံများလည်း ကြားရသည်ဟု ပြောသည်။[1620] အစိုးရက နောက်ထပ် သတင်းထုတ်ပြန်ရာတွင် ARSA သည် အိမ်အလုံး ၃၀ မီးရှို့ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် လက်လုပ်မိုင်း တစ်ခုကို ဖောက်ခွဲခဲ့သည်။[1621] ထိုတစ်ရက်ထဲတွင် အစိုးရက ARSA သည် ပဒါကာရွာသစ်ကျေးရွာအုပ်စု ခူဒိုင်း (မြို) ရွာရှိ မြိုတိုင်းရင်းသား အိမ်များကို မီးရှို့ဖျက်ဆီးခဲ့ပြီး ဤတိုက်ခိုက်မှုအတွင်း မြိုကျေးရွာသားများအပေါ် အကြမ်းဖက် အပြုအမူများအတွက် တာဝန်ရှိသည်ဟု ထုတ်ပြန်ခဲ့သည်။[1622]

၇၅၈။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၆ နှင့် ၂၉ ရက်အတွင်းတွင် တပ်မတော်စစ်သားများသည် မင်းကြီး အရှေ့ဘက် ဝက်ကျိန်းနှင့် ပဒါကာရွာသစ် ကျေးရွာအုပ်စုများရှိ ရိုဟင်ဂျာ ကျေးရွာများတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" နှစ်ခုကို လုပ်ဆောင်ခဲ့သည်။[1623] ဝက်ကျိန်းကို သူတို့

---

[1619] အစိုးရ အဆိုအရ ဩဂုတ်လ ၂၅ ရက် "နံနက် ၃း၃၅ နာရီခန့်တွင်" ARSAက မင်းကြီး၏ မြောက်ဘက် ကီလိုမီတာ အနည်းငယ်အကွာ နတ်ချောင်းကျေးရွာရှိ ရဲကာကင်းကို တိုက်ခိုက်ခဲ့သည်။ နောက်တရက် ၂၀၁၇ ဩဂုတ် ၂၆ ရက်တွင် ထုတ်ပြန်သော အစိုးရ၏ ဒုတိယ ထုတ်ပြန်ချက်က နောက်ထပ် ARSA များက ညနေ ၇း၁၆ နာရီခန့်တွင် ဝက်ကျိန်းရှိ လူမရှိသော ရဲဂိတ် တစ်ခုကို တိုက်ခိုက်ခဲ့သည်။ ပြန်ကြားရေး ကော်မတီ။ "ထူးခြား သတင်း ၈။ အစွန်းရောက် အကြမ်းဖက်သမားများသည် အကြမ်းဖက် တိုက်ခိုက်မှုများကို ဆက်လက် ပြုလုပ်ကြသည်။" (Facebook post ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်) https://www.facebook.com/InfomationCommittee/posts/786222098217565; K-154.2.

[1620] CI-041, CI-042, CI-046, CI-144, CI-189, EI-066, QI-030.

[1621] ပြန်ကြားရေး ကော်မတီ။ "ထူးခြား သတင်း ၁၂။ အစွန်းရောက် အကြမ်းဖက်သမားများသည် အကြမ်းဖက် တိုက်ခိုက်မှုများကို ဆက်လက် ပြုလုပ်ကြသည်။" (Facebook post ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၉ ရက်) https://www.facebook.com/InfomationCommittee/posts/787636841409424

[1622] ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၁၇။ အစွန်းရောက် အကြမ်းဖက်သမားများ အိမ်မီးရှို့မှုများ ဆက်လက်ပြုလုပ်" (Facebook post ၂၀၁၇ ခုနှစ် ဩဂုတ် ၃၀ ရက်) https://www.facebook.com/InfomationCommittee/posts/788328661340242; EI-098, RI-008, V-067, V-068, ဂြိုလ်တု ရုပ်ပုံများက ခူးဒိုင်းရှိ တိုင်းရင်းသား မြိုများ၏ နေအိမ်များ မီးရှို့ခံရကြောင်း အတည်ပြုပြီး မစ်ရှင်က ဤသတင်းအချက်အလက်သည် ယုံကြည်ရလောက်သည်ဟု ယုံကြည်သော်လည်း ဤစွပ်စွဲချက်များကို အတည်ပြုနိုင်ခြင်းမရှိပါ။ ဤအပိုင်း၊ အခန်း D.2.c ။ ရခိုင် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် ကိုကြည့်။

[1623] CI-040, CI-041, CI-042, LI-073, Q1-058, QI-071, QI-114, V-064, V-065.

ဝင်လာသည်နှင့် သူတို့သည် "လောင်ချာ"[1624]များကိုသုံးပြီး အိမ်များကို မီးရှို့ကြသည်။[1625] တချိန်တည်းမှာပင် တောင်ကုန်းပေါ်သို့ ထွက်ပြေးကြသော ရွာသားများကို ပစ်ခတ်ခဲ့ကြသည်။[1626] ထို့နောက် သူတို့သည် ပဒါကာ ရွာသစ်ကို ရွှေ့သွားပြီး ရွာသားများကို ဆက်လက်ပစ်ခတ်ပြီး အိမ်များကို မီးရှို့ခဲ့ကြသည်။[1627] လူအများအပြား ဒဏ်ရာ ရခဲ့သည်။ ဝက်ကျိန်းမှ ထွက်ပြေးလာသော ရွာသားတစ်ယောက်က စစ်တပ်က ရွာကို တံတားမှ "လောင်ချာများ" နှင့် သေနတ်များဖြင့် ပစ်ခတ်ခဲ့သည်ကို ပြန်ပြောပြသည်။ သူက သုံးနှစ်သားကလေးကို သယ်ပြီး ထွက်ပြေးရန် ကြိုးပမ်းသည့်အခါ ပေါင်တွင် သေနတ်ထိမှန်ခဲ့သည်။ ကျည်ဆံသည် သူ့ပေါင်ကို ဖောက်ထွက်သွားပြီး သူ့သား၏ရင်ဘတ်ကို ထိမှန်ကာ သားဖြစ်သူမှာ နေရာတွင် သေဆုံးခဲ့သည်။[1628] နောက်ထပ် အင်တာဗျူးဖြေဆိုသူတစ်ဦးဖြစ်သော ဆေးဘက်ဆိုင်ရာပစ္စည်း အရောင်းဆိုင်ပိုင်ရှင်က သူ့အနေဖြင့် သေနတ်ပစ်ခတ်မှုကြောင့် ဒဏ်ရာရသူ အနည်းဆုံး ၂၀ ကို ကုသပေးခဲ့ပြီး ခန့်မှန်းခြေ အနည်းဆုံး လူပေါင်း ၁၀၀မှာ ထွက်ပြေးစဉ် သေနတ်မှန်ပြီး ဒဏ်ရာရခဲ့သည်။[1629] အလားတူ ပြောဆိုချက်အရ ဝက်ကျိန်းနှင့် ပဒါကာရွာသစ်နှစ်ခုစလုံးတွင် သေနတ်မှန်ပြီး ဒဏ်ရာရသူ အများအပြား ရှိသည်။[1630]

၇၅၉။ အိမ်မီးလောင်မှုများနှင့် ပါတ်သက်သည့် လက်ဝယ်ပထမဆုံး ရရှိခဲ့သည့် ထွက်ဆိုချက်များကို ဝက်ကျိန်းနှင့် ပဒါကာ ရွာသစ် ကျေးရွာအုပ်စုများတွင် ခန့်မှန်းခြေ အဆောက်အဦး ၉၀၀ ကျော် ပျက်ဆီးမှုကို ပြသထားသည့် UNOSAT မှ ခွဲခြမ်းစိတ်ဖြာသုံးသပ်ပေးသော ဂြိုလ်တုရုပ်ပုံများဖြင့် အတည်ပြုခဲ့သည်။[1631]

၇၆၀။ ဝက်ကျိန်းနှင့် ပဒါကာရွာသစ်တို့မှ ထွက်ပြေးသော အချို့ရွာသားများသည် မင်းကြီးသို့ ထွက်ပြေးခဲ့ကြသည်။[1632] မင်းကြီးမှ ရခိုင်တိုင်းရင်းသားဥက္ကဌ ဖြစ်သူက ပဒါကာရွာသစ်နှင့် ဝက်ကျိန်းတို့မှ ထွက်ပြေးလာသူများအပါအဝင် ရွာသားများအား မင်းကြီးတွင် နေခြင်းဖြင့် လုံခြုံကြောင်း အာမခံခဲ့သည်။[1633] သူက ရွာသားများအား စစ်သားများလာလိမ့်မည် သို့သော် သူတို့သည် အန္တရာယ်ပြုမည် မဟုတ်သောကြောင့် ရွာသားများ ထွက်မပြေးရန် ပြောထားသည်။[1634]

၇၆၁။ ၂၀၁၇ ခုနှစ် ဩဂုတ် ၃၀ နံနက် ၈ နာရီနှင့် ၉ နာရီကြားတွင် တပ်မတော် စစ်သားများသည် လက်နက်ကိုင်ဆောင်ထားသော တိုင်းရင်းသား ရခိုင်များ၊ အခြားသော တိုင်းရင်းသား အုပ်စုများ နှင့် ရဲလုံခြုံရေးများ လိုက်ပါလျက်[1635]မင်းကြီးသို့ မြစ်ကြောင်းနှင့် အနောက် ပဒါကာရွာသစ်တို့ကို

---

[1624] တပ်တော် စစ်သားများသည် ကျူးလွန်ခံရသူ အများအပြားက "လောင်ချာများ"ဟု ပြောသော လက်နက်များကို အသုံးပြုခဲ့သည်။ ယင်းတို့ကို ကျယ်လောင်သော အသံဖြင့် ပေါက်ကွဲပြီး ယင်းနောက်ပိုင်းတွင် အဆောက်အဦး တစ်ခုလုံး အလျင်အမြန် မီးလောင်ကျွမ်းသွားသည်ဟု ပြောဆိုကြသည်။ "လောင်ချာ" မှာ လက်နက်ဖြစ်ပြီး ယင်းမှ ပစ်လိုက်သော ကျည်ဆံတမျိုးသည် ထိတွေ့သည့် နေရာတွင် ပေါက်ကွဲသော လက်နက်မျိုးကို ရည်ညွှန်းပုံရသည်။

[1625] CI-042, LI-073.

[1626] CI-040, LI-073.

[1627] CI-040, CI-041, CI-144, LI-105, LI-128, QI-058, QI-114, XI-006.

[1628] LI-073.

[1629] QI-114.

[1630] CI-189, LI-105, LI-106, LI-128, RI-008, XI-006.

[1631] မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တု ပုံရိပ် သုံးသပ်ချက်။

[1632] CI-040, CI-042, CI-144, CI-197, LI-097, QI-059, QI-071, QI-114.

[1633] CI-040, CI-041, CI-042, EI-066, LI-078, LI-095, QI-058, QI-059, QI-071, WI-037, WI-038, YI-025, V-064, V-065, V-066, V-069, V-072.

[1634] CI-197, LI-078, LI-095, QI-71, WI-038.

[1635] CI-197, CI-198, EI-066, LI-075, LI-078, LI-098, QI-030, QI-058, QI-059, QI-067, QI-071, YI-008, YI-025.

ဖြတ်လျက်ရောက်ရှိလာကြသည်။[1636] သူတို့သည် ရွာကို မြောက်ဘက်မှ[1637] ဝင်ရောက်လာပြီး သေနတ်များ ပစ်ဖောက်သည်၊ "လောင်ချာများ" အသုံးပြုလျက် ရွာအစပ်မှစတင်၍ အိမ်များကို စတင်မီးရှို့သည်။[1638] စစ်သားများ ရှေ့တိုးလာသည်နှင့် ရွာသားများ ထွက်ပြေးကြသည်။ အချို့မှာ တောင်ကုန်းများပေါ်သို့[1639]၊ အချို့မှာ မြစ်နံဘေးက ကမ်းစပ်ဟု ခေါ်သည့် ကျယ်ပြန့်သော မြစ်ကမ်းစပ်သဲပြင်[1640] များသို့ ထွက်ပြေးလွတ်မြောက်ခဲ့သည်။ ထို့နောက်တွင် စစ်သားများသည် ကမ်းစပ်သို့ ထွက်ပြေးနေသော လူအုပ်ကြီးအား တိုက်ရိုက်ချိန်ကာ သေနတ်များဖြင့် ပစ်ခတ်ခဲ့သည်။[1641] လူအများအပြား ထိမှန်ခဲ့သည်။ အမျိုးသား တစ်ဦးက ပြောပြသည်မှာ-

> *အဲဒီမနက်က ကျနော် အိမ်ထဲက ထွက်လာတော့ သေနတ်သံတွေ ကြားရပြီး ရွာမီးလောင်နေတာ တွေ့တယ်။ စစ်တပ်ကိုတောင် ကီလိုဝက်လောက်မှာ တွေ့ရတယ်။ သူတို့က သူတို့လက်နက်တွေနဲ့ ပစ်နေကြတယ်။ ကျနော်က ချက်ချင်းပဲ အိမ်ကနေ တခြားဖက်ကို ပြေးတယ်။ မြစ်နဲ့မြစ်ကမ်းဘက်ကိုပေ့ါ။ အဲဒီမှာ တော်တော်များများ ပစ်တယ်၊ လူတော်တော်များများ သေနတ်မှန်ပြီး လဲကျသွားတာ တွေ့ရတယ်။ ကျနော်တို့ ရွာက လူအားလုံး မြစ်ကမ်းဘက်ကို ပြေးကြတယ်လို့ ကျနော်ထင်တယ်။ ကျနော်ပြေးနေတဲ့အချိန်မှာ တော်တော်လေး ပစ်တယ်၊ လူတော်တော်များများ မှန်ပြီး လဲကျသွားကြတယ်။ မြစ်ကမ်းမှာ လူတွေ အများကြီးရောက်လာတယ်။ ကျနော် ရောက်ပြီး ငါးမိနစ်လောက်ကြာတဲ့အခါ စစ်တပ်က မြစ်ကမ်းဖက်ကို ရွှေ့လာပြီးတော့ လူအုပ်စုကို ဝိုင်းထားလိုက်တယ်။ အဲဒီအချိန်မှာ ရွာထဲက အိမ်တော်တော်များများက မီးလောင်နေပြီ။*[1642]

၇၆၂။ ထိုမနက်က ရွာအပေါ်တွင် ဟယ်လီကော်ပတာတစ်စီး ပျံဝဲ စောင့်ကြည့်နေသည်။[1643] တစ်ချို့က ဟယ်လီကော်ပတာသည် အနီးနားရှိ ရခိုင်တိုင်းရင်းသားရွာတွင် ဆင်းသွားပြီး[1644] ခါတ်ဆီပုံးများ ချခဲ့သည်ဟု ပြောပြသည်။[1645]

၇၆၃။ မြစ်ကမ်းစပ်ကို ထွက်ပြေးနိုင်ခဲ့သောရွာသားများသည် တဘက်တွင် မြစ် နှင့် တခြားတဘက်တွင် စစ်သားများဖြင့် ပိတ်မိနေခဲ့သည်။ "ကျမတို့ ဘယ်သွားရမှန်း မသိတော့ သဲပြင်ဘက်ကို ပြေးကြတယ်။ အဲဒီမှာ ဘယ်မှ ပြေးစရာ မရှိဘူး။" အသက်အရွယ်ကြီးရင့်သော အမျိုးသမီး တစ်ဦးက ပြောပြသည်။[1646]

၇၆၄။ အချို့က မြစ်တဘက်ကမ်းတွင် ရှိသော ဝက်ကျိန်းနှင့် ပဒါကာရွာသစ် ရှိရာ အရှေ့ဘက်သို့ ရေကူးပြေးရန် ကြိုးစားကြသည်။ တချို့က ဖြတ်ကူးနိုင်ခဲ့သည်။[1647] အထူးသဖြင့်

---

[1636] CI-046, CI-144, QI-066, QI-067, QI-068, WI-004, WI-037, WI-039, YI-025, V-064, V-065, V-066.

[1637] CI-041, CI -197, QI-030, QI-058, QI-114, WI-037, YI-025.

[1638] CI-042, CI-046, CI-198, EI-102, QI-058, QI-059, QI-060, QI-067, QI-068, WI-039.

[1639] WI-038, WI-039, YI-025.

[1640] CI-046, CI-197, EI-066, EI-102, LI-075, QI-030, QI-058, QI-066, QI-067, QI-068, QI-071, WI-037.

[1641] CI-041, EI-102, LI-078, QI-066, QI-067, WI-037.

[1642] QI-067.

[1643] CI-041, CI-046, CI-197, EI-066, LI-078, LI-095, LI-098, LI-128, QI-058, QI-068, WI-037, YI-008, YI-025.

[1644] CI-197, LI-078, LI-098, QI-058, YI-008, V-067.

[1645] CI-144, EI-066, LI-095, YI-025.

[1646] LI-078.

[1647] CI-198, LI-095, WI-037.

သက်ကြီးရွယ်အိုများနှင့် ကလေးများအပါအဝင် လူအများအပြား ရေနစ်သေဆုံးခဲ့သည်။[1648] အခြားသူများမှာ မြစ်ကို ဖြတ်ကူးရန် ကြိုးပမ်းနေစဉ် စစ်တပ်က ပစ်ခြင်း ခံရသည်။[1649]

၇၆၅။ အင်တာဗျူး ဖြေဆိုသူတစ်ဦးက စစ်သားတွေက သူ့ကို ပစ်သော်လည်း မြစ်ထဲသို့ ခုန်ချထွက်ပြေးနိုင်ခဲ့ပြီး သူ့ရှေ့တွင် အခြားသူတယောက် သေနတ်မှန်သွားသည်ကို မြင်တွေ့ခဲ့ရသည်။ ထို့နောက်တွင် သူက မြစ်ကို ဖြတ်၍ ကူးခဲ့ရာ အလောင်းများ ပေါလောပေါ်နေသည်ကို မြင်တွေ့ခဲ့ရသည်။ မြစ်ကမ်းဖက်မှ ပစ်ခတ်သံများနှင့် အော်ဟစ်သံများကိုလည်း သူကြားခဲ့ရသည်။[1650] ယောကျ်ားများ၊ မိန်းမများနှင့် ကလေးများ မြစ်ထဲတွင် မျောပါနေခဲ့သည်ကို လူအများအပြားက ပြန်ပြောပြကြသည်။[1651] ယောကျ်ားအဖွဲ့တစ်ဖွဲ့က မြစ်တဘက်ကမ်းတွင် ဒါဇင်နှင့် ချီသော အလောင်းများကို ဆယ်ယူနိုင်ခဲ့သည်။[1652]

၇၆၆။ ကမ်းစပ်တွင် ကျန်ရှိသော ရာဂဏန်းရှိသူများမှာ အဝိုင်းခံလိုက်ရသည်။ စစ်သားများက မိန်းမနှင့် ကလေးများကို ယောကျ်ားများနှင့် ခွဲထုတ်လိုက်သည်။[1653] ထို့နောက် စစ်သားများက ယောကျ်ားများကို စနစ်တကျ သတ်သည်။[1654] မျက်မြင်သက်သေတစ်ဦးက ပြောပြသည်မှာ-

> *ပထမတကြိမ်ပစ်တော့ ကျည်ဆံတွေက မိုးရွာသလိုပဲ။ ဒုတိယ တကြိမ်ကျတော့ နေးသွားပြီး စစ်သားတွေက ယောကျ်ားတွေကို တယောက်ချင်း ပစ်သတ်တယ်။ သူတို့က ယောကျ်ား တစ်ယောက်ချင်းကို သေနတ်နဲ့ချိန်ပြီး ပစ်တယ်။*[1655]

၇၆၇။ ထို့နောက် စစ်သားများသည် ကလေးများအပါအဝင် သေနတ်ဒဏ်ရာဖြင့် မသေသေးသူများကို ဓါးရှည်များဖြင့် သတ်ကြသည်။[1656] အမျိုးသမီးတစ်ဦးက သူ့ယောကျ်ားကို သေနတ်မှန်ပြီးနောက် လည်ပင်းကို ဓါးဖြင့်လှီးခံရသည်ကို ပြန်ပြောပြပြီး[1657] အခြား အမျိုးသမီးတစ်ဦးက ကလေး ခုနစ်ယောက် ဆုံးရှုံးခဲ့ရသည်ကို ယခုလို ပြောပြသည်။

> *စစ်သားတွေက လူတွေကို ယောကျ်ားနဲ့ မိန်းမ ခွဲလိုက်တယ်။ ယောကျ်ားတွေ အားလုံးကို အုပ်စုတစ်စုထဲထားပြီး နောက်သတ်တယ်။ သေနတ်နဲ့ ပစ်သတ်မခံရတဲ့ ယောကျ်ားတွေ၊ ရှုန်းကန်နေတဲ့ ဒါမှမဟုတ် ပြင်းပြင်းထန်ထန် ဒဏ်ရာရထားတဲ့ ယောကျ်ားတွေက ဓါးနဲ့ အသတ်ခံရတယ်။*[1658]

၇၆၈။ ထို့နောက် အလောင်းများကို စစ်တပ်နှင့် တိုင်းရင်းသားရခိုင်များ တူးထားသော ကျင်းများထဲသို့ ပစ်ချသည်၊ တာပေါ်လင်များဖြင့် ဖုံးကာ ဓါတ်ဆီလောင်း၍ မီးရှို့ခဲ့ကြသည်။[1659]

---

1648 CI-197, LI-097.
1649 QI-066, QI-067, QI-068, YI-025.
1650 QI-067.
1651 CI-040, CI-042, EI-066, LM-018, QI-058, QI-066, QI-067, YI-025.
1652 CI-040, CI-042, CI-197, LI-097, LM-018.
1653 CI-197, CI-198, EI-066, LI-078, LI-095, QI-058, QI-059, QI-060, QI-067, QI-071.
1654 CI-042, CI-046, CI-197, CI-198, EI-066, EI-081, LI-075, LI-078, QI-030, QI-058, QI-059, QI-060, QI-071.
1655 CI-046.
1656 CI-197, LI-078, QI-68, QI-071, WI-037.
1657 EI-102.
1658 LI-078.
1659 CI-041, CI-042, CI-046, CI-144, CI-197, CI-198, EI-066, EI-102, LI-075, LI-095, LI-097, QI-030, QI-058, QI-059, QI-067, QI-068, QI-071, WI-038, YI-008, YI-025, V-064, V-065.

*သူတို့က အလောင်းတွေအားလုံးကို အဲဒီကျင်း သုံးခုထဲကို ထည့်ပြီးတော့ နောက်မှ မီးရှို့တယ်။ စစ်တပ်က အလောင်းတွေကို မီးရှို့ဖို့ ဓါတ်ဆီသုံးတယ်ထင်တယ်၊ ဘာဖြစ်လို့လဲဆို မီးတောက်တွေက အတော်မြင့်မြင့်ကို မြန်မြန်ကြီး ရောက်သွားခဲ့တယ်။*[1660]

၇၆၉။ စစ်သားများက မီးမရှို့မီတွင် အလောင်းများထံမှ လက်ဝတ်ရတနာများနှင့် အခြား အဖိုးတန်ပစ္စည်းများကို ချွတ်ယူကြသည်။[1661]

၇၇၀။ ထို့နောက် စစ်သားများသည် မိန်းမများနှင့် ကလေးများ ဘက်သို့ လှည့်လာကြသည်။ ယောက်ျားများနှင့် ခွဲပြီးနောက်တွင် သူတို့ကို ကမ်းစပ်အနီးမှ်ပိုင်း နေရာတစ်ခုတွင် အတင်းထိုင်ခိုင်းထားသည်။ အချို့သော ကလေးများ သေနတ်နှင့် အပစ်ခံရသည်၊[1662] အချို့ကို မြစ်ထဲသို့ ပစ်ချသည်၊[1663] ထို့နောက် အခြားသူများကို မီးထဲသို့ ပစ်ခံရသည်။[1664] မျက်မြင်သက်သေ တစ်ဦးက ပြောပြသည်မှာ ဟယ်လီကော်ပတာ ပြန်သွားပြီးသည့်အချိန်တွင် စစ်သားများသည် မွေးကင်းစကလေးများကို မိခင်များပေါင်ပေါ်မှ လုယူပြီး မြစ်ထဲသို့ ပစ်ချခဲ့သည်။ သူက ကလေးများ၏ အလောင်းများ "အဝေးသို့ မျောပါ" သွားသည်ကို သရုပ်ဖော်ပြောပြသည်။[1665] နောက်ထပ် မျက်မြင် သက်သေတစ်ဦးက စစ်သားများသည် အသက် ၁၀ နှစ်အရွယ် ယောကျာ်းလေးတစ်ဦးကို ဓါးဖြင့် ထိုးနေသည်ကို မြင်တွေ့ရပုံကို ပြောပြသည်။ သူမက သူမ၏ တကိုယ်လုံး ကြောက်လွန်းသဖြင့် မည်သည့် ထိတွေ့မှုကိုမျှ မခံစားရတော့ကြောင်း ပြောပြသည်။[1666]

၇၇၁။ ထို့နောက် စစ်သားများသည် မိန်းမများနှင့် မိန်းကလေးများကို ငါးယောက်မှ ၇ ယောက် အုပ်စုများ ခွဲကာ ရွာထဲမှ ပိုကြီးသော အိမ်များသို့ ခေါ်ဆောင်သွားသည်။[1667] မိန်းမအများအပြားမှာ သူတို့နှင့် အတူ ကလေးငယ်များနှင့် မွေးကင်းစ ကလေးများ ပါရှိကြသည်။ မိခင်တယောက်က စစ်သားများ သူ့ကို ခေါ်သွားသည့်အခါ သူသည် သူ့သမီး၊ ဝမ်းကွဲ ညီမ နှစ်ဦး၊ သက်ကြီးရွယ်အို မိန်းမတစ်ဦးနှင့် အသက် ၇ နှစ်မှ ၁၀ နှစ်အတွင်း ရှိသော မတ်သုံးဦးတို့ သူနှင့် အတူ ရှိနေခဲ့ကြောင်း ပြောပြသည်။ အိမ်များသို့သွားရာ လမ်းတွင် သူတို့ကို အလောင်းများ လောလောလတ်လတ် ထည့်ထားသည့် ကျင်းကြီးများကို ဖြတ်၍ခေါ်သွားကြသည်။ စစ်သားတယောက်က အမျိုးသမီး၏ သမီးကို သူ့ထံမှ ဆွဲယူပြီးနောက် ကျင်းများ ထဲသို့ ပစ်ချခဲ့သည်။ သူမက သမီးဖြစ်သူကို မထားရစ်ခဲ့လိုပဲ ထိုနေရာတွင် ရပ်နေခဲ့သည်။ စစ်သားတစ်ဦးက သူမကို အကြိမ်များစွာ ရိုက်နက်ပြီး အိမ်များဆီသို့ အတင်းအဓမ္မသွားစေခဲ့သည်။[1668]

၇၇၂။ မိန်းမများနှင့် မိန်းကလေးများအား အခန်းများအတွင်းသို့ ခေါ်ဆောင်သွားပြီး သူတို့ထံမှ လက်ဝတ်ရတနာများနှင့် ပိုက်ဆံများကို ယူကြသည်။[1669] သူတို့ ရိုက်ခံရသည်၊[1670] ကြမ်းတမ်းစွာ

---

[1660] CI-046.
[1661] CI-046, CI-197, LI-098, QI-068.
[1662] LI-078.
[1663] CI-046, CI-144, CI-197, EI-102, LI-078, V-064, V-065.
[1664] EI-102, LI-097.
[1665] CI-046.
[1666] LI-078.
[1667] CI-042, CI-046, CI-197, EI-066, EI-080, EI-081, LI-075, LI-078, QI-030, QI-058, QI-059, QI-060, QI-068, QI-071, WI-037, WI-038 YI-025, YI-0081.
[1668] QI-071.
[1669] EI-080, QI-071.

မုဒိန်းပြုကျင့်ခံရပြီး[1671] မကြာခဏပင် ဓါးဖြင့် ထိုးခံရသည်။ သူတို့နှင့်အတူ အခန်းများသို့ ပါလာသော ကလေးများနှင့် မွေးကင်းစ ကလေးများသည်လည်း ဓါးဖြင့်ထိုးပြီး အသတ်ခံကြရသည် သို့မဟုတ် ဒဏ်ရာ အပြင်းအထန် ရရှိကြသည်။[1672] ထို့နောက် အိမ်များကို သော့ပိတ်ပြီး မီးတင်ရှို့ခဲ့သည်။[1673] အသက်ရှင်ကျန်ရစ်ပြီး မစ်ရှင်နှင့် စကားပြောခွင့်ရခဲ့သော အမျိုးသမီး အနည်းငယ်သည် သူတို့ပြောဆိုချက်များနှင့် အညီ ကြီးမားသော မီးလောင်ရာများ နှင့် ဓါးထိုးဒဏ်ရာများကို ပြသခဲ့ကြသည်။[1674] စိတ်ပိုင်းဆိုင်ရာ နာကျင်မှုကိုလည်း နက်ရှိုင်းစွာ ခံစားကြရသည်။[1675] သူတို့က အိမ်များအတွင်း ယောက်ျားများ၊ မိန်းမများနှင့် ကလေးများ၏ အလောင်းများ တွေ့မြင်ခဲ့ရပုံကိုလည်း ပြောပြကြသည်။[1676] အသက်ရှင် လွတ်မြောက်လာသူ တစ်ဦးက သူမကို သူမ၏ ညီမ၊ မိခင်၊ အိမ်နီးချင်း နှစ်ဦးနှင့် သမီးနှင့် သားငယ်တို့ကို အိမ်တစ်လုံးသို့ ခေါ်သွားခဲ့ကြောင်း ပြောပြသည်။ အိမ်ထဲသို့ ဝင်လိုက်သောအခါ မိန်းမတယောက် မုဒိန်းကျင့်ခံနေရသည်ကို မြင်ခဲ့သည်။ ထို့နောက် သူတို့ကို အခန်းလွတ်တစ်ခုထဲသို့ ခေါ်သွားခဲ့သည်။ အခန်းထဲတွင် သူတို့ထံမှ ပစ္စည်းများ လုယူသည်၊ အဝတ်အစားများချွတ်သည်။ မုဒိန်းကျင့်သည်။ သူ့ညီမ၊ အမေနှင့် သားမှာ အသတ်ခံလိုက်ရသည်။ "ကျွန်မသမီးက သူ့ကို မီးလောင်နေပြီလို့ ပြောပြီး ကျွန်မကို နိုးတယ်။ သူတို့ကို အိမ်ကို သော့ခတ်သွားပြီး မီးရှို့သွားခဲ့တယ်။ ကျွန်မက တံခါးကို ချိုးဖျက်နိုင်ခဲ့ပြီး ကျွန်မနဲ့ ကျွန်မသမီး တို့ ထွက်ပြေးနိုင်ခဲ့တယ်။ ကျွန်မမှာ ဘာအဝတ်မစားမှ မရှိဘူး ကျွန်မအရေပြားတွေ တော်တော် ဆိုးဆိုးရွားရွား မီးလောင်သွားခဲ့တယ်။"[1677] နောက်ထပ် အသက်ရှင်ကျန်ရစ်သူ တစ်ဦးကလည်း အလားတူ အတွေ့အကြုံကို ပြန်ပြောပြသည်။

> *ကျွန်မ အိမ်ထဲကို အိမ်နီးချင်း လေးယောက်နဲ့အတူ ဝင်ခဲ့တယ်။ ကျွန်မတို့ထဲက သုံးယောက်မှာ ကလေးငယ်လေးတွေ ရှိတယ်။ အဲဒီအိမ်ကို ကျွန်မသိတယ်။ ကြမ်းပြင်ပေါ်မှာ ကျွန်မတို့ရွာက ကောင်လေးတွေနဲ့ ယောက်ျားတွေရဲ့ အလောင်းတွေရှိတယ်။ ကျွန်မတို့ အိမ်ထဲဝင်သွားပြီးတဲ့နောက်မှာ စစ်သားတွေက အိမ်ကို သော့ခတ်လိုက်တယ်။ စစ်သားတယောက်က ကျွန်မကို မုဒိန်းကျင့်တယ်။ သူတို့က ကျွန်မ လည်ပင်းနောက်မှာ နဲ့ ဗိုက်မှာ ဓါးနဲ့ ထိုးတယ်။ ကျွန်မက ၂၈ ရက်သားပဲရှိသေးတဲ့ ကျွန်မကလေးကို ကယ်ဖို့ ကြိုးစားတယ်။ ဒါပေမယ့် သူတို့က ကလေးကို မြေကြီးပေါ် ပစ်ချတော့ သူသေသွားတယ်။ အဲဒီကို ပါလာတဲ့ တခြားမိန်းမတွေလည်း မုဒိန်းကျင့်ခံရတယ်။ ကျွန်မ သတိပြန်ရလာတော့ ညနေစောင်းနေပြီ။ ခေါင်မိုးပေါ်က မီးစလေးတွေ ကျွန်မကိုယ်ပေါ်ကို ကျလာလို့ ကျွန်မ နိုးလာတာ။ အခန်းထဲမှာ အသက်ရှင်တာ ကျွန်မ တစ်ယောက်ပဲ ရှိတယ်။ ကျွန်မက သိပ်မလှုပ်နိုင်တော့ပေမယ့် ကျွန်မ မီးလောင်ပြီး သေတော့မယ် ဆိုတာ သိနေတယ်။ ကျွန်မကလေး သေနေပေမယ့် ကျွန်မက သူ့ကို ကျွန်မ နလုံးသားနားမှာ ကပ်ပြီး ထားလိုက်တယ်။ ဒါပေမယ့်*

[1670] EI-080, EI-081, QI-071, LI-075, LI-078.
[1671] CI-046, EI-080, EI-081, LI-075, QI-071, QI-114, K-150, K-151.
[1672] EI-080, EI-081, LI-078, QI-071, WI-004.
[1673] CI-042, CI-046, CI-197, CI-198, EI-066, LI-075, LI-078, QI-030, QI-058, QI-059, QI-060, QI-068, QI-071, WI-037, WI-038, YI-008, YI-025.
[1674] EI-081, EI-102.
[1675] EI-081, EI-102.
[1676] EI-081, EI-102
[1677] EI-102.

*သူ့အလောင်းကို ကျွန်မနဲ့အတူ ယူမလာနိုင်လိုက်ဘူး။ ကျွန်မက မီးဖိုချောင်က တံခါး သေးသေးလေးကနေ လွတ်ခဲ့တယ်။ အဲဒီတံခါးက သော့ခတ်မထားဘူး။*[1678]

၇၇၃။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အတွင်း မင်းကြီးရှိ ရိုဟင်ဂျာ ရပ်ကွက်အများအပြားရှိ အိမ်များ အဆောက်အဦးများ လုံးဝမီးလောင်ပျက်စီးခဲ့သည်။ ဂြိုလ်တု ရုပ်ပုံ သုံးသပ်ချက်များက ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့တွင် မင်းကြီးသည် ဖျက်ဆီးခံလိုက်ရပြီး အနီးစပ်ဆုံး အဆောက်အဦး ၄၄၀ ခန့် မီးလောင်ခဲ့ကြောင်း အတည်ပြုပေးသည်။ တောင်ပိုင်းရှိ တိုင်းရင်းသား ရခိုင်ကျေးရွာမှာ မပျက်မစီးပဲ ကျန်ခဲ့သည်။ (ရုပ်ပုံထဲတွင်"Min Gyi (Tu Lar Tu Li)"ကို ရည်ညွှန်းသည်)[1679]

**၂၀၁၇ ခုနှစ် မေလ ၂၅ ရက် ရုပ်ပုံက မင်းကြီးတွင် မူလအတိုင်းရှိနေသော အိမ်ခြေများကို ပြသည်။**




1678 EI-081.

1679 မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တု ပုံရိပ် သုံးသပ်ချက်။

**၂၀၁၇ ခု စက်တင်ဘာ ၁၆ ရက် ရုပ်ပုံက မင်းကြီးတွင် ဖျက်ဆီးခံရသော ရိုဟင်ဂျာ အိမ်ခြေများနှင့် မူလအတိုင်းရှိနေသော ရခိုင် အိမ်ခြေများ (အောက်ခြေ ဘယ်ဘက်ထောင့်) ကို ပြသသည်။**




၇၇၄။ ရိုဟင်ဂျာ အသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများက ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ဒုက္ခသည်စခန်းတွင် ကောက်ခံခဲ့သော ယုံကြည်ရလောက်သည့် အချက်အလက်များအရ မင်းကြီး၏ ဒေသခံ အနည်းဆုံး လူ ၄၀၀ အပါအဝင် ၂၀၁၇ ခုနှစ် ဩဂုတ် ၃၀ ရက်နေ့က မင်းကြီးတွင် သေဆုံးခဲ့သူ အနည်းဆုံး ၇၅၀ ရှိသည်ကို ညွှန်ပြနေသည်။[1680] စုစုပေါင်း အရေအတွက်တွင် ဝက်ကျိန်း၊ ပဒါကာရွာသစ်နှင့် မင်းကြီးတွင် လာရောက်ခိုလှုံသော အခြားဒေသများက ရွာသားများပါဝင်ကြသည်။[1681] လူများသည် သေနတ်ဖြင့် ပစ်ခြင်း၊ ဓါးဖြင့်ထိုးခြင်း၊ လည်လှီးခြင်း၊ သေသည်အထိ ရိုက်နှက်ခြင်း၊ ရေနစ်ခြင်းနှင့် မီးလောင်ခြင်းတို့ကြောင့် သေဆုံးခဲ့သည်။ နောက်ထပ် အများအပြား ဒဏ်ရာရရှိပြီး အခြားသူများမှာ မည်သို့ဖြစ်သည်ကို စုံစမ်းမရနိုင်သေးပဲ ရှိသည်။

၇၇၅။ မစ်ရှင်အနေဖြင့် စာရင်းအတိအကျကို စီစစ်အတည်ပြုခြင်း မပြုနိုင်သေးချိန်တွင် မစ်ရှင်သည် မင်းကြီးတွင် မိသားစုဝင် အများအပြားဆုံးရှုံးခဲ့သော ဒါဇင်နှင့်ချီသော သူများကို အင်တာဗျူး လုပ်ခဲ့သည်။ အင်တာဗျူး ဖြေဆိုခဲ့သော အသက် ၂၅ နှစ်အရွယ် အမျိုးသား တစ်ဦးမှာ မိသားစု တစ်ခုလုံးဆုံးရှုံးခဲ့သည်။ သူ၏ အဖေနှင့် အသက် ၁၃နှစ်၊ ကိုးနှစ်နှင့် ခုနစ်နှစ်အရွယ် ညီသုံးဦး မှာ ပစ်သတ်ခံခဲ့ရပြီး အမေ၊ မိန်းမနှင့် ညီမများမှာ အိမ်များအတွင်းတွင် အသတ်ခံလိုက်ရသည်ဟု ယုံကြည်ရသည်။[1682] အသက် ၂၇ နှစ်အရွယ် အမျိုးသမီးတစ်ဦးက ထိုနေ့ မြစ်ကမ်းတွင် သူ၏ ရက် ၂၀ သား ကလေးငယ် အပါအဝင် မိသားစုဝင် ၁၁ ဦး သတ်ဖြတ်ခံလိုက်ရသည်ကို မြင်ခဲ့ရသည်။ ကလေးငယ်မှာ ဓါးဖြင့် ခုတ်သတ်ခံရပြီး မြေကြီးပေါ် ပစ်ချခံခဲ့ရသည်ဟု သူမကပြောသည်။[1683] အသက် ၂၂ နှစ်အရွယ် အမျိုးသားတစ်ဦးကတော့ သေဆုံးသွားသော သူ့မိသားစု၏ အလောင်းများ ပြန်ကောက်ရန် ရွာသို့ ပြန်ခဲ့ရာ

[1680] K-153.1.
[1681] K-153.1, V-070.
[1682] YI-025.
[1683] EI-066.

မီးလောင်ထားသော အလောင်းများသာတွေ့ခဲ့ရသည်ဟု ပြောပြသည်။[1684] အသက်ရှင်ကျန်ခဲ့သည့် အသက် ၂၅ နှစ်အရွယ် မုဒိန်းကျင့်ခံရသူ အမျိုးသမီးက ၂၈ ရက်သားအရွယ် သူမ၏ ကလေးအပါအဝင် သူမ၏ မိသားစု ၈ ဦး ကို ဆုံးရှုံးခဲ့ရသည် ဟု ပြောပြသည်။[1685]

၇၇၆။ အင်တာဗျူး ဖြေဆိုသူအားလုံးက တပ်မတော်စစ်သားများသည် အဓိက ချိုးဖောက် ကျူးလွန်သူများ ဖြစ်သည်ဟု ဖော်ပြကြသည်။[1686] အတော်များများက လက်မောင်းပေါ်မှ တံဆိပ်မှာ အနောက်ပိုင်းတိုင်း တံဆိပ်ဖြစ်ကြောင်း မှတ်မိကြသည်။[1687] ပြောပြသူ အများအပြားက ဟဲလ်မက် ဆောင်းထားသော စစ်သားများသည် ပျောက်ကြား ဝတ်စုံများဝင်ဆင်ထားပြီး အခြား ပုံမှန် စစ်သားများနှင့် ကွဲပြား ခြားနားကြောင်းလည်း ပြောပြကြသည်။[1688]ယင်း စစ်သားများမှာ တပ်မ ၉၉ မှ ဖြစ်သည်ဟု မစ်ရှင်က ယုံကြည်သည်။[1689] ယုံကြည်ရလောက်သော အရင်းအမြစ်များက တိုက်ခိုက်မှုအတွင်း မင်းကြီးတွင် တပ်မ ၉၉ ရှိနေသည်ဟု ပြောပြကြသည်။[1690]

၇၇၇။ တိုင်းရင်းသားရခိုင်များနှင့် အခြားသော တိုင်းရင်းသားများ ပါဝင်ခဲ့ကြသည်။ အင်တာဗျူး ဖြေဆိုသူ အများအပြားက တိုင်းရင်းသား ရခိုင်များ သာမက အနီးအနား ရွာများမှ မြို ၊ ချက္ကမာနှင့် ကူကီးတို့ကို ဖော်ပြခဲ့ကြသည်။[1691] သူတို့ကို ဓါးရှည်များ၊ တောခုတ်ဓါးများနှင့် အခြားသော ဒေသသုံး လက်နက်အမျိုးအစားများ တပ်ဆင်ထားသည်။[1692] သူတို့က ကလေးများ အပါအဝင် လူများသတ်ဖြတ်ရန် ဓါးမြောင်များကို အသုံးပြုသည်ကိုလည်း အချို့က တွေ့ခဲ့ကြသည်။[1693]

၇၇၈။ မင်းကြီးတွင် မုဒိန်းကျင့်ခံရပြီး အသက်ရှင်သူတို့က တပ်မတော်မှ စစ်သားများနှင့် ပျောက်ကြားယူနီဖောင်းဝတ် စစ်သားများကို အိမ်များအတွင်းတွင် မိန်းမများကို မုဒိန်းပြုကျင့်ခြင်းနှင့် ကလေးများကို သတ်ဖြတ်ခြင်းများတွင် ချိုးဖောက် ကျူးလွန်သူများအဖြစ် ဖော်ပြကြသည်။ ယင်းဖော်ပြချက်အရ တပ်မ ၉၉ သည် ယင်း မုဒိန်းမှုများ၏ ကျူးလွန်သူများအဖြစ် ပါဝင်ကြောင်း ညွှန်ပြနေခြင်း ဖြစ်နိုင်သည်။[1694]

*ချွတ်ပြင်*

၇၇၉။ (ရိုဟင်ဂျာတို့က ရှူအက်ပရွန် ဟု ခေါ်သော) ချွတ်ပြင်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း မြို့နယ် သုံးခု ဆုံရာ ရသေ့တောင် မြောက်ပိုင်းတွင် ရှိသည်။ ချွတ်ပြင်တွင် အခြေချနေထိုင်သူ မူရင်း လူဦးရေ ခန့်မှန်းခြေ ၁,၂၀၀ခန့် ရှိမည့် ရိုဟင်ဂျာကျေးရွာ၊ နှင့် တိုင်းရင်းသား ရခိုင်ရပ်ကွက်၊ သက် (ရိုဟင်ဂျာတို့က ချက္ကမာ ဟု သိကြသည်) တိုင်းရင်းသား ရခိုင် ၄၀၀ ခန့်အခြေချနေထိုင်ပြီး တိုတောင်းသော အကွာအဝေးတွင် ရှိသည်။ ကျေးရွာအုပ်စုအတွင်းတွင် နောက်ထပ် ချင်း

---

1684 CI-041.
1685 EI-082.
1686 CI-041, CI-046, CI-197, CI-198, EI-065, EI-066, EI-081, EI-102, LI-021, LI-075, LI-078, LI-095, LI-098, QI-030, QI-058, QI-059, QI-60, QI-066, QI-067, QI-068, QI-071, WI-034, WI-037, WI-038, WI-039, YI-008, YI-025.
1687 QI-060, QI-114.
1688 CI-197, CI-198, EI-066, EI-102, QI-059, QI-071, WI-004.
1689 CI-197, CI-198, LI-098, XM-008, YM-008.
1690 LM-014, XM-008, V-067, V-071.
1691 CI-197, CI-198, EI-066, LI-075, LI-078, LI-098, QI-030, QI-058, QI-059, QI-067, QI-071, YI-008, YI-025.
1692 CI-197, EI-066, LI-075, LI-078, QI-030, QI-058, QI-059, QI-067, QI-071, YI-008, YI-025.
1693 CI-197, LI-098, EI-066, LI-075, LI-078.
1694 CI-046, EI-080, EI-081, LI-075, QI-071, QI-114, WI-004.

(ပြင်တောင်) ဟုခေါ်သော ရိုဟင်ဂျာ ကျေးရွာနောက်ထပ် တစ်ခုရှိသည်။ ရိုဟင်ဂျာရပ်ကွက်၏ မြောက်ဖက် တွင် လုံခြုံရေး တပ်ဖွဲ့များ၏ စခန်းတစ်ခုရှိပြီး သက် တို့နှင့် နီးကပ်သည်။ ထိုနေရာတွင် တပ်မတော်၊ ရဲနှင့် နယ်ခြားစောင့်ရဲတို့ စခန်း ထိုင်ကြသည်။[1695]

၇၈၀။ ၂၀၁၇ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လများတလျှောက် ချွတ်ပြင် ကျေးရွာအုပ်စု အတွင်းနှင့် ပတ်ဝန်းကျင်တွင် ဖြစ်ပွားခဲ့သော အဖြစ်အပျက်တချို့သည် ရသေ့တောင် မြို့နယ် မြောက်ပိုင်းတွင် တင်းမာမှုများကို ဖြစ်ပေါ်စေသည်။[1696] စစ်တပ်တိုးချဲ့ချထားလာခြင်းက "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" မစတင်မီ ရက်သတ္တပတ်များတွင် ရွာသားများ၏ လွတ်လပ်စွာ သွားလာလုပ်ရှားခွင့်ကို အကြီးအကျယ် ကန့်သတ်မှုများ ဖြစ်စေခဲ့ပြီး ကျေးရွာ ခေါင်းဆောင်များအတွက် အစည်းအဝေးတစ်ရပ် ခေါ်ယူခဲ့ပြီး ယင်းအစည်းအဝေးတွင် တပ်မ ၃၃ မှ စစ်သားများက ရွာခေါင်းဆောင်များကို သတ်ပစ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။[1697]

၇၈၁။ "ဒေသ-၁၁ ရှိ ချော့ပြင် ကင်းစခန်း"ကို ၂၀၁၇ ခုနှစ် ဩဂုတ် ၂၇ ရက်တွင် ARSA တို့က "လက်လုပ်မိုင်းများဖြင့်" တိုက်ခိုက်ခဲ့သော်လည်း တိုက်ခိုက်မှုကို "လုံခြုံရေး တပ်ဖွဲ့များက တွန်းလှန်ခဲ့သည်" ဟု မြန်မာအာဏာပိုင်များက ပြောဆိုခဲ့သည်။ မည်သည့် ထိခိုက်ဒဏ်ရာရမှုကိုမှ ထုတ်ပြန်ခဲ့ခြင်း မရှိပေ။[1698] မစ်ရှင်က ထိုတိုက်ခိုက်မှုကို အတည်ပြုနိုင်ခြင်း မရှိခဲ့ပေ။[1699] သို့ရာတွင် ချွတ်ပြင်တွင် လုပ်ဆောင်ခဲ့သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ကို ပြင်ဆင်ခဲ့သည်မှာ ယင်းမတိုင်မီကတည်းက ဖြစ်ပုံရသည်။ ယခင်တစ်ရက် စေတီပြင်အနီး "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" မှ ထွက်ပြေးလာသော အုပ်စုအမျိုးမျိုးမှ လူများကို ရှိနေသော စစ်သားများက ချွတ်ပြင်သို့ မဝင်ရောက်ကြရန် လမ်းညွှန်ခဲ့သည်။ ရိုဟင်ဂျာ ကျေးရွာလူကြီးတစ်ဦးက ထိုသက်ရောက်မှုအတွက် ချင်း (ပြင်တောင်) ကျေးရွာအုပ်ချုပ်ရေးမှူးက သူ့ကို တယ်လီဖုန်းခေါ်ဆိုခဲ့သည်ကို ရရှိခဲ့ကြောင်း ပြောပြသည်။[1700] နောက်ဆက်တွဲအနေဖြင့် စေတီပြင်မှ ထွက်ပြေးပြီး ခိုလှုံရန် ရှာဖွေနေသော ရွာသားများသည် ချင်း (ပြင်တောင်) တွင် ခိုလှုံခဲ့ကြသည်။[1701]

၇၈၂။ ၂၀၁၇ နှစ် ဩဂုတ် ၂၇ ရက်တွင် ချွတ်ပြင်သည် ရက်စက်ကြမ်းတမ်းသော "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" ကို ခံခဲ့ရသည်။ နေ့ခင်း ၂ နာရီ ပတ်ဝန်းကျင်တွင်[1702] တပ်မ ၃၃ မှ တပ်ဖွဲ့ဝင်များ[1703]အပါအဝင် တပ်မတော်စစ်သား ရာနှင့် ချီသော အုပ်စုကြီး[1704] သာမက အခြား လုံခြုံရေးတပ်ဖွဲ့များ[1705]သည် ရခိုင်ရပ်ကွက်အတွင်းမှ[1706] ထွက်လာပြီး ချွတ်ပြင်ကို

---

1695 BI-007, BI-009, CI-185, WI-003, WI-006, V-072, V-073.

1696 ဤအပိုင်း၊ အခန်း D.2.b။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ သို့ တည်ဆောက်ခြင်း။

1697 RI-001, RI-004; ဤအပိုင်း၊ အခန်း D.2.b။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ သို့ တည်ဆောက်ခြင်း။

1698 ပြန်ကြားရေး ကော်မတီ။ ထူးခြား သတင်း ၁၀။ အကြမ်းဖက်သမားများ မောင်တောကို ဖျက်ဆီးရန် ကြိုးပမ်း" (Facebook post၊ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၇ ရက်) https://www.facebook.com/InfomationCommittee/posts/786691611503947

1699 K-154.1.

1700 CI-145, LI-118, LI-129, QI-115, K-155.1.

1701 CI-145, CI-184, LI-118, LI-129, QI-115, K-155.1.

1702 BI-007, BI-008, BI-009, BI-010, CI-019, CI-177, CI-185, CI-191, LI-008, QI-050, QI-052, RI-001, WI-003, WI-005, WI-006, WI-027, V-067.

1703 CI-191, LM-014, XM-008, V-067, V-071.

1704 BI-007, BI-008, BI-009, CI-019, CI-177, CI-191, EI-003, EI-004, EI-005, LI-008, LI-009, LI-010, QI-050, QI-052, WI-003, WI-005, WI-006, WI-024, WI-027, LM-006, LM-012, LM-018, K-151, K-155.1, V-075.

1705 BI-007, BI-008, BI-009, BI-010, CI-019, WI-003, WI-006, WI-024, LM-012, V-073, V-067.

1706 CI-177, WI-003.

ဝိုင်းထားခဲ့သည်။[1707] သူတို့နှင့်အတူ အိမ်နီးချင်း ရွာများမှ တိုင်းရင်းသားရခိုင်အချို့ ပါဝင်သည်။[1708]

၇၈၃။ ထို့နောက် လုံခြုံရေး တပ်ဖွဲ့များသည် ထွက်ပြေးသူများအပါအဝင် ရွာသားများအား သေနတ်များဖြင့် ပစ်ခတ်ခဲ့သည်။[1709] စစ်သားများက လူများကို အိမ်များပေါ်မှ ဆွဲချခဲ့ပြီး အချို့ကို အနီးကပ် ပစ်သတ်ခဲ့ကြသည်။[1710] အခြားသူများမှာ ဓါးမြောင်ကြီးများဖြင့် သူတို့၏ လည်ပင်းများကို လှီးဖြတ် သတ်ဖြတ်ခဲ့ကြရသည်။[1711] "လူတွေက သေနတ်ပစ်လို့မသေဘူးဆိုရင် သူတို့တွေကို သေတာ သေချာအောင်သတ်ပစ်တယ်" ဟု အသက်မသေပဲ ကျန်ရစ်သူ တစ်ဦးက ပြောပြသည်။[1712] ဓါးမြောင်များဖြင့် သတ်ဖြတ်ခြင်းကို တိုင်းရင်းသားရခိုင်များက မကြာခဏ ပြုလုပ်ကျူးလွန်လေ့ရှိသည်။[1713]

၇၈၄။ စစ်ဆင်ရေး အတွင်းတွင် ချွတ်ပြင်ရှိ အဆောက်အဦးများ မီးရှို့ဖျက်ဆီး ခံရသည်။ လုံခြုံရေး တပ်ဖွဲ့များက "လောင်ချာ" များအသုံးပြုလျက် လူရှိနေသော အိမ်များအပါအဝင် အိမ်များကို မီးရှို့ခဲ့ကြသည်။[1714] လူအများအပြားကို အိမ်များအတွင်းသို့အတင်း ဝင်ရောက်စေပြီးနောက်တွင် တမင်သက်သက် မီးတင်ရှို့ခဲ့ကြသည်။[1715] အိမ်တစ်လုံးတွင် လူ ခြောက်ယောက် ခုနစ်ယောက်ကို အတင်းဝင်ခိုင်းခဲ့သည်၊ အချို့မှာ ထွက်ပြေးလွတ်မြောက်ပြီး အခြားသူများမှာ အရှင်လတ်လတ် မီးရှို့ခံကြရသည်။[1716]

၇၈၅။ အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦးက သူ့အိမ်ကနေ အသက် ၇၀ အရွယ် အကိုဖြစ်သူနှင့်အတူ သူ မည်သို့ ထွက်ခဲ့သည်ကို ပြောပြသည်။

> *စစ်သားတွေက ရိုင်ဖယ်ဒင်နဲ့ ကျမ အစ်ကို ခေါင်းကို ထုတယ်၊ သူ့ ဦးနှောက်တွေ ထွက်လာတာ ကျမတွေ့ရတယ်။ လူတွေကို ဓါးရှည်တွေနဲ့သတ်နေတာ ကျမ တွေ့ရတယ်။ စစ်သားတွေက ကျည်ဆံတွေကို လျှောက်ပစ်နေပြီး လူတွေ အများကြီး ဒဏ်ရာရတယ်၊ သေကြတယ်။ ကျမတို့ ရွာက အလောင်းတွေနဲ့ ပြည့်သွားတယ်။ လူတွေ ဒါဇင်နဲ့ချီပြီး သေတာ ကျမတွေ့တယ်။ ပထမ သူတို့က လူတွေကို သေနတ်နဲ့ ပစ်တယ်။ အဲဒီနောက် မသေသေးဘူးဆိုရင် လူက လှုပ်နေသေးတယ်ဆိုရင် တောခုတ်ဓါးတွေနဲ့ လည်လှီးပြီး သတ်တယ်။*[1717]

၇၈၆။ သူမသည် ခြေထောက်တွင် သေနတ်မှန်ထားသော အသက် ၁၀ နှစ်အရွယ် မြေးမလေးနှင့် အတူ ထွက်ပြေးခဲ့သည်။ ကလေးက တုန်လှုပ်စွာနှင့် ပြန်ပြောပြသည်မှာ "သူတို့ ကျမတို့ကို သေနတ်နဲ့ပစ်တယ်။ ဒါကြောင့် ကျမတို့က အလောင်းတွေကြားမှာ တွားပြီး သွားခဲ့ရတယ်။"[1718]

---

[1707] BI-007, BI-008, BI-009, BI-010, CI-185, CI-191, LI-010, QI-052, WI-005, LM-006.

[1708] BI-008, BI-009, CI-019, CI-177, CI-185, CI-191, EI-003, EI-004, EI-005, LI-042, QI-031, QI-052, RI-001, RI-004, WI-005, WI-006, WI-027.

[1709] BI-008, BI-009, BI-010, CI-019, EI-003, EI-004, EI-005, LI-009, LI-010, QI-050, WI-003, WI-005, WI-006, WI-024, WI-027.

[1710] BI-008, LI-008, WI-024, LM-006.

[1711] CI-191, LI-008, LI-009, WI-002, WI-005, WI-027.

[1712] WI-005.

[1713] BI-009, CI-191, LI-042, QI-050, WI-024, WI-027, K-155.2, V-073, V-075.

[1714] BI-008, BI-009, BI-010, EI-003, EI-004, LI-008, LI-009, LI-010, QI-050, RI-001, WI-003, WI-005, WI-024, WI-027.

[1715] WI-003, WI-005.

[1716] WI-003, WI 005, V-075.

[1717] LI-008.

[1718] LI-009.

ကလေးက သူ၏ အဖေ၊ အမေ၊ ညီမနှင့် မောင်တို့ သတ်ဖြတ်ခံရသည်ကို မြင်ခဲ့ရသည်ဟု ပြောသည်။[1719] ကလေးမနှင့် သူ၏ အဖွားက ထိုနေ့က သူတို့မိသားစုဝင် ခုနစ်ဦး ဆုံးရှုံးခဲ့ရကြောင်း မစ်ရှင်ကို ပြောပြသည်။[1720]

၇၈၇။ ရှုတ်ထွေးနေသည့် အခြေအနေကို လက်မောင်းတွင် သေနတ်ထိမှန်ပြီး ထွက်ပြေးလွတ်မြောက်ရန် ကြိုးပမ်းနေခဲ့သည့် အမျိုးသမီးတစ်ဦးက ပြန်လည် ပြောပြခဲ့သည်။

> *သူတို့က အိမ်တွေကို မီးစရှို့နေတော့ ကျမ ပြေးတယ်။ အဲဒီအချိန်မှာ ကျမကို သေနတ်မှန်တာ။ ထွက်ပြေးလွတ်မြောက်ဖို့က မလွယ်ဘူး။ ကျမက ကျည်ဆံ မဖောက်နိုင်မယ့် အရာတွေကို ရှာပြီး ပုန်းရတယ်။ ကျမ ပြေးနေတုန်း တခြားသူတွေလည်း သူတို့အသက်ဘေးက လွတ်အောင် ပြေးနေတာ တွေ့ရတယ်။ လူတွေ သေနတ်နဲ့ ပစ်ခံရတယ်။ ဓါးနဲ့လှီးခံရတယ်။ ရိုက်ခံရတယ်။ ကျမတို့ တနေရာပြီး တနေရာ ထွက်ပြေးရတယ်။ အားလုံးက တုန်လှုပ်ခြောက်ခြားနေကြတယ်။ ကျမလည်း ဘယ်ကို ထွက်ပြေးရမှန်း မသိဘူး။*[1721]

၇၈၈။ ချွတ်ပြင်စစ်ဆင်ရေးသည် ညနေ ၇ နာရီခန့်အထိ ကြာမြင့်ခဲ့သည်။[1722] အနီးအနားရှိ ရွာများမှ ရိုဟင်ဂျာများသည် ချွတ်ပြင်မှ မီးခိုးများ ထွက်နေသည်ကို နေ့လည် ၂ နာရီမှ မိုးစတင်ရွာသည့် ညနေအထိ တွေ့ခဲ့ကြပြီး သေနတ်သံများကို ညနေ ၇ နာရီခန့်အထိ ကြားခဲ့ကြသည်။[1723] ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက် ဂြိုလ်တုပုံရိပ် သုံးသပ်ချက်က ချွတ်ပြင်တွင် ပျက်စီးမှု အတိုင်းအတာကို ဖော်ပြနေသည်။ ချွတ်ပြင်ရှိ ရိုဟင်ဂျာကျေးရွာ တစ်ခုလုံး ဖျက်ဆီးခံခဲ့ရပြီး အနီးအနားရှိ ရိုဟင်ဂျာမဟုတ်သော သက်ကျေးရွာမှာ ဘာမှမဖြစ်ပဲ ကျန်ရစ်သည်။

1719 LI-009.

1720 LI-008, LI-009.

1721 WI-003, V-075.

1722 CI-177, RI-001, WI-005, V-075.

1723 LI-118, LI-129, QI-031, QI-115.

**မီးလောင်ထားသည့် အဆောက်အဦးများကို ပြသထားသည့် ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၆ ရက်နေ့ ချွတ်ပြင်က ဓါတ်ပုံ**




၇၈၉။ အမျိုးသမီးများနှင့် ကလေး အရေအတွက် အများအပြားမှာ တိုက်ခိုက်မှုများ၏ သားကောင်များ ဖြစ်ကြရသည်။[1724] မွေးကင်းစနှင့် ကလေးငယ်များအပါအဝင် ကလေးများမှာ အထူးပစ်မှတ်ထားခံရသည်။ အချို့မှာ သူတို့၏ မိခင်များ လက်အတွင်းမှ လုယူခံရပြီး မြေကြီးပေါ်သို့ ပစ်ပေါက်ခံရသည်။ အခြားသူများမှာ မီးများအတွင်းသို့ ပစ်သွင်းခံရပြီး အရှင်လတ်လတ် မီးရှို့ခံကြရသည်။[1725] အမျိုးသမီး တစ်ဦး ရှင်းပြသကဲ့သို့ပင် အမျိုးသမီးများသည် တစ်ခါတစ်ရံ ထွက်ပြေးရာတွင် နှေးကွေးသောကြောင့် အထူးသဖြင့် သူတို့သည် မွေးကင်းစကလေးများ နှင့် ကလေးများကို ချီပိုးထားသည့်အခါတွင် လွယ်ကူသော ပစ်မှတ်များ ဖြစ်လာကြသည်။[1726] အမျိုးသမီးတစ်ဦးသည် သူ၏အိမ်အတွင်း ကလေးတအုပ်နှင့် ရှိနေစဉ်တွင် အိမ်ကို မီးရှို့ခံရသည်။ သူက လွတ်မြောက်ရန်အတွက် ၂၀ လသား ကလေးငယ်ကို ချီ၍ထွက်ပြေးရင်း သူမ၏ ၈ နှစ်အရွယ်ကလေးငယ်အား ဆွဲခေါ်လာရသည်။ ထို့နောက် သူမ သေနတ်ဖြင့်အပစ်ခံရသည်။ ကျည်ဆံက သူမကော ကလေးငယ်ကိုပါ ထိပြီး ကလေးငယ်မှာ နေရာတွင် သေဆုံးသွားသည်။ သူမ၏ ၈ နှစ်သားအရွယ်ကလေးမှာလည်း သေနတ်မှန်ပြီး သူတို့ပုန်းနေသော လယ်ကွင်းထဲတွင် ထိုညမှာပင် သေဆုံးသွားခဲ့သည်။[1727] နောက်ထပ် မိခင် တစ်ဦးက သူမ၏ နှစ်နှစ်ခွဲ အရွယ်သားငယ် နံဘေး အပေါ်ပိုင်းတွင် ထိမှန်ပြီး သေဆုံးခဲ့ရသည်ကို ပြန်လည် ပြောပြသည်။ သူ၏ နောက်ဆုံး ပြောခဲ့သော စကားများမှာ "အမေ၊ ကျွန်တော်ရေလိုချင်တယ်။ ကျွန်တော်ရေသိပ်ငတ်တယ်။"။ သူမက သူရဲ့ အလောင်းကို တစ်ညလုံး သူ့လက်မောင်းပေါ်တွင် ပွေ့ထားခဲ့သည်။[1728]

[1724] EI-003, EI-004, EI-005, LI-009, QI-050, WI-003, WI-005, WI-006, K-155.1.

[1725] QI-052, WI-003, WI-005, LM-018.

[1726] WI-006.

[1727] WI-003.

[1728] QI-050.

၇၉၀။ မိန်းမများနှင့် မိန်းကလေးငယ်များမှာ မုဒိန်းကျင့်ခြင်း၊ အုပ်စုလိုက် မုဒိန်းကျင့်ခြင်း၊ လိင်ပိုင်ဆိုင်ရာ ဖြတ်တောက်ခြင်း နှင့် လိင်စော်ကားမှုများကို "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း ချွတ်ပြင်၌ ခံခဲ့ကြရသည်။[1729] ယုံကြည်စိတ်ချရပြီး တလျောက်လုံး ရရှိနေသော အစီရင်ခံချက်များက တပ်မတော်က မိန်းမများနှင့် မိန်းကလေးငယ်များအား မည်သို့ ခွဲခြားထားလိုက်သည်ကို ဖော်ပြကြသည်။ သူတို့က သူတို့ထဲမှ လူများကို ရွေးချယ်လိုက်သည်။ ယာယီစစ်အခြေစိုက်စခန်းအဖြစ် အသုံးပြုထားသော စာသင်ကျောင်းသို့ ခေါ်သွားခဲ့သည်။ ထို့နောက် လူအမြောက်အများပါသော အစုအပြုံလိုက် မုဒိန်းကျင့်မှုကြီး ဖြစ်ပွားခဲ့သည်။[1730] မိန်းမများနှင့် မိန်းကလေးငယ်များသည် သူတို့၏ နို့များကို ဖြတ်တောက်ခြင်းအပါအဝင် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ ဒဏ်ရာများကို မုဒိန်းမကျင့်မီ ဖြစ်စေ မုဒိန်းကျင့် သတ်ဖြတ်ပြီး ဖြစ်စေ ရရှိခဲ့ကြသည်။[1731] အင်တာဗျူးဖြေဆိုသူတစ်ဦးက ချွတ်ပြင်သို့ အနီးအနား စစ်တပ်ဝင်း အတွင်းမှ တပ်မတော်စစ်သား အုပ်စုနှစ်ခု ရောက်ရှိလာသည်ကို မြင်တွေ့ခဲ့ရပုံကို ပြန်ပြောပြသည်။ သူပုန်းနေသည့် နေရာမှ စစ်သားများသည် မိန်းမများကို "ဆွဲခေါ်သွား" သည်ကို မြင်တွေ့ရပြီး မိန်းမများ၏ အော်ဟစ်သံများကို ကြားရသည်။ စစ်တပ်က နောက်ပိုင်းတွင် သေဆုံးသွားသော အမျိုးသမီး တစ်ဦး၏ ရင်သားကို ဖြတ်တောက်သည်ကို မြင်တွေ့ခဲ့ရသည်။[1732] တပ်မတော်သည် မိန်းမများနှင့် မိန်းကလေးများ ထံမှ ပစ္စည်းများ ခိုးယူစဉ်အတွင်းတွင်လည်း သူတို့အား နောက်ယှက် စော်ကားမှုများ ပြုလုပ်ခဲ့သည်။[1733]

၇၉၁။ ကျောင်းဆရာများနှင့် အခြား ပညာတတ်များ ပါသော ယောက်ျား ၅၇ ယောက်အုပ်စုကြီး တစ်ခုကို စစ်သားများက "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" အတွင်း ခေါ်ဆောင်သွားခဲ့သည်။ သူတို့မည်သည့်နေရာသို့ ရောက်ရှိနေသည် ဆိုသည့် သတင်းအချက်အလက်ကို နောက်ထပ်ဘာမှ မသိရပေ။[1734]

၇၉၂။ အချို့သော လူများမှာ လယ်ကွင်းများရှိ မြက်ပင်ရှည်များ သို့မဟုတ် ရေကန်များအတွင်းတွင် ပုန်းရှောင်နေခဲ့ခြင်းကြောင့် အသက်ရှင်သန် ကျန်ရစ်ခဲ့ကြသည်။[1735] သူတို့ထဲမှ အချို့သည် သူတို့ပုန်းအောင်းရာ နေရာများမှ အလောင်းအမြောက်အများကို တွေ့မြင်ခဲ့ရသည်။[1736] ထိုနေ့ညနေတွင် ရွာသို့ပြန်သော အခြားသူများသည် ရွာတလျောက်လုံးတွင် အိမ်များအတွင်း နှင့် အိမ်ဝင်းများ အပြင်ဘက်တွင် အလောင်းများ ရှုတ်ပွ ပြန့်ကျဲလျက်ရှိသည်ကို ပြောပြကြသည်။[1737] ရက်အနည်းငယ်အကြာတွင် ချွတ်ပြင်ကို ဖြတ်သွားသော နောက်ထပ် တစ်ဦးက "လူသေအလောင်းတွေ နေရာတိုင်းမှာ ရှိနေပြီး ကလေးအလောင်းတွေ အများကြီးက မြစ်ထဲမှာ ပေါလောပေါ်နေတယ်။ ကျွန်တော်တို့ ကြောက်လန့်သွားပြီး အနံ့ဆိုးတွေကြောင့် ပါးစပ်တွေ ပိတ်ထားရတယ်။"[1738] ဟုပြောပြသည်။

၇၉၃။ အသက်မသေသော ရိုဟင်ဂျာ ရွာသားများသည် အနီးအနား ကျေးရွာများသို့ ထွက်ပြေးကြသည်။ အများအပြားမှာ အထက်နန်းယာရွာ (ရိုဟင်ဂျာများက ရာဇာဘီဟု

---

[1729] CI-177, LI-009, QI-052, WI-005, WI-006, WI-027, K-151, K-155.1.

[1730] CI-191, EI-093, QI-052, K-151, K-155.1.

[1731] WI-005, WI-006, WI-027, LM-018.

[1732] WI-005.

[1733] BI-010, WI-003, WI-005.

[1734] CI-185, CI-191, RI-001, K-153.3.

[1735] BI-009, BI-010, CI-185, RI-001, WI-003, WI-027, LM-006.

[1736] BI-007, BI-008, BI-010, QI-050, QI-052, WI-003.

[1737] CI-019, CI-177, LI-042, QI-031.

[1738] LI-118.

ခေါ်သည်) တွင် ခိုလှုံခဲ့ကြပြီး ဒေသခံရိုဟင်ဂျာများက သူတို့ကို အခြေခံ ကျန်းမာရေး စောင့်ရှောက်မှု၊ အစားအစာနှင့် နေထိုင်စရာများ ပေးသည်။[1739] အမျိုးသမီးတစ်ဦးက အခြေအနေကို ပြန်ပြောပြသည်မှာ-

*လူတိုင်း ငိုနေကြတယ်။ ဘယ်သူမဆို သူတို့မိသားစုဝင် တစ်ယောက်ယောက်တော့ ဆုံးရှုံးသွားတာပဲ။ လူတွေအများကြီး သူတို့ဆွေမျိုးသားချင်းတွေ သေဆုံးသွားတဲ့အတွက် တချိန်တည်းမှာ ပူဆွေးဝမ်းနည်းနေရတာမျိုး ကျမ တစ်ခါမှ မတွေ့ဘူးဘူး။*[1740]

၇၉၄။ လုံလောက်သော ကျန်းမာရေးစောင့်ရှောက်မှုကို မရရှိသောကြောင့် အသက်ရှင်လွတ်မြောက်လာသူအများအပြား အထက်နန်းယာတွင် များမကြာမီတွင် သေဆုံးခဲ့ကြသည်။ ချွတ်ပြင်မှ ရရှိသောအလောင်းများကိုလည်း အထက်နန်းယာသို့ ယူဆောင်လာပြီး စုပေါင်းသင်္ချိုင်းကျင်းတွေထဲတွင် မြှုပ်လိုက်ကြသည်။[1741] အထက်နန်းယာမှ ရွာသား တစ်ယောက်က ရှင်းပြသည်မှာ-

*အဲဒီညက ချွတ်ပြင်က ပြေးလာတဲ့လူတွေ အများကြီး ကျနော်တို့ရွာကို ရောက်လာတယ်။ ကျနော့်အမျိုးတွေက ချွတ်ပြင်က အလောင်း ၁၆ လောင်းကို သယ်လာတယ်။ ကျနော်က အသုဘကို ပြင်ဆင်ပေးပြီး ရွာက သင်္ချိုင်းမြေမှာ သူတို့ကို မြှုပ်ပေးမယ်။ တခြား ရွာသားတွေကလည်း အလောင်းတွေနဲ့ ဒဏ်ရာရတဲ့လူတွေ အများကြီးကို ယူလာကြတယ်။*[1742]

၇၉၅။ မစ်ရှင်သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၉ ရက် ရက်စွဲတပ်ထားသော ဗီဒီယို အကြမ်းဖိုင်များကို ရရှိသည်။ ထိုဗီဒီယိုတွင် ဒဏ်ရာရသော ရိုဟင်ဂျာက ချွတ်ပြင်အပေါ် တိုက်ခိုက်မှုများအကြောင်း ပြောပြထားပြီး အထက်နန်းယာတွင် လူအစုလိုက် အပြုံလိုက်မြုပ်ထားသည့် မြေကျင်းများအကြောင်း ဖော်ပြထားသည့် နေရာများ၏ဗီဒီယို ဖိုင်များကိုလည်း ရရှိသည်။[1743] ယင်းဗီဒီယို ဖိုင်ကြမ်းများအပေါ် မှုခင်းဆေးပညာ သုံးသပ်ချက်အရ ထိုဗီဒီယိုတွင် ပြသထားသော သေနတ်ဒဏ်ရာများနှင့် အခြားပြင်းထန်သော ဒဏ်ရာများရရှိထားသော ယောကျ်ားများ၊ မိန်းမများနှင့် ကလေးများအပါအဝင် ရိုဟင်ဂျာများသည် ရရှိထားသော ထွက်ဆိုချက်များနှင့် ကိုက်ညီလျက် ရှိသည်။[1744] မှုခင်းဆေးပညာ သုံးသပ်ချက်က လတ်တလော တူးဖော်ထားသည့် မြေကြီးများမှာ သင်္ချိုင်းဂူ နေရာများ ဖြစ်ကြောင်း နောက်ထပ် ဖော်ထုတ်ထားသည်။

၇၉၆။ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာအသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများ ပြုစုထားသည့်စာရင်းအရ ထိုနေ့က သတ်ဖြတ်ခံရသူ ၃၈၅ ဦးရှိသည်။ စာရင်းမှာ နောက်ထပ် အသေးစိတ်အဖြစ် အသက် ၅ နှစ်နှင့် အောက် ကလေး ၁၂၇ ဦး သတ်ဖြတ်ခံရသည်။ အမျိုးသမီး ၁၉ ဦး မုဒိန်းကျင့်ခံရသည်၊ ရရှိသော ဒဏ်ရာများကြောင့် လူ ၉၄ ဦး ခြေလက်များ ဆုံးရှုံးခဲ့ရသည်။ လူ ၅၇ ဦးမှာ ပျောက်ဆုံးနေသည်။[1745] မစ်ရှင်အနေဖြင့်

---

[1739] BI-007, BI-009, BI-010, CI-019, CI-177, CI-185, CI-191, LI-008, LI-042, RI-001, WI-003, WI-006, WI-027, LM-006, LM-018.

[1740] WI-006.

[1741] CI-019, CI-177, CI-191, CI-199, WI-027, LM-006, LM-012, QI-050.

[1742] CI-199.

[1743] CI-200.

[1744] CI-191.

[1745] CI-185.

စာရင်း၏ တိကျမှန်ကန်မှုကို အတည်ပြုမပေးနိုင်သော်လည်း ယင်းမှာ ရရှိထားသော သတင်းအချက်အလက်များနှင့် ကိုက်ညီနေပြီး မစ်ရှင်က မှတ်တမ်းပြုစုထားသည့် သေဆုံးမှု အများအပြားကိုလည်း ထိုစာရင်းပေါ်တွင် တွေ့ရှိရသည်။ မစ်ရှင်က အင်တာဗျူး လုပ်ခဲ့သော လူ ၂၀ လုံး နီးပါးက သူတို့၏ မိသားစုများနှင့် အိမ်နီးချင်း အများအပြား သေဆုံးခဲ့ကြောင်း ပြောပြကြသည်။

၇၉၇။ ချွတ်ပြင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" များကို တပ်မတော်က ဦးဆောင်သည်။[1746] ကျူးလွန်ခံရသူ အများအပြားက အနောက်ပိုင်းတိုင်း တံဆိပ်ကို မှတ်မိကြသည်။[1747] တောက်လျှောက်နှင့် ယုံကြည်ရလောက်သော အရင်းအမြစ်များ သာမက မြန်မာမီဒီယာများ[1748] က တပ်မ ၃၃ က ဦးဆောင်သည် သို့မဟုတ် တက်ကြွစွာ ပါဝင်သည်ကို ညွှန်ပြနေသည်။[1749] တပ်မတော်နှင့်အတူ အခြားသော လုံခြုံရေး တပ်ဖွဲ့များ[1750] နှင့် တိုင်းရင်းသား ရခိုင်များ ပါဝင်သည်။[1751] အိမ်နီးချင်း တိုင်းရင်းသား ရခိုင်ကျေးရွာမှ လူပုဂ္ဂိုလ်ကို ပါဝင်သူများအဖြစ် မှတ်မိကြပြီး[1752] အချို့တိုင်းရင်းသားရခိုင်ယောကျ်ားများသည် စစ်တပ်အား ရိုဟင်ဂျာ ကျေးရွာသားများ မည်သူမည်ဝါဖြစ်သည်ကို ဖော်ထုတ်ရာတွင် အကူအညီပေးခဲ့သည်။[1753] အထူးသဖြင့် ချွတ်ပြင်ရှိ ရခိုင်ဥက္ကဋ္ဌသည် အကြမ်းဖက်မှုတွင် ပါဝင်ခဲ့သည်၊ ဓါးမြှောင် လက်နက် သို့မဟုတ် ခုတ်ဓါးကို ကိုင်ဆောင်ခဲ့ပြီး စစ်တပ်ကို ရွာအတွင်းသို့ ခေါ်ဆောင်လာခဲ့သည်။[1754]

၇၉၈။ အချို့သော တိုင်းရင်းသားရခိုင်များမှာ စစ်တပ်အဝတ်အစားများနှင့် မဟုတ်ပဲ[1755] ဓါးရှည်များ ၊ ဓါးမြှောင်များနှင့် တောခုတ်ဓါးများ သို့မဟုတ် အခြားသော ဒေသဆိုင်ရာ လက်နက်အမျိုးအစားများကို ကိုင်ဆောင်ကြသည်။[1756] အခြားသူများမှာ စစ်တပ်ပုံစံ ယူနီဖောင်းများ ဝတ်ဆင်ပြီး သေနတ်များ ကိုင်ဆောင်ကြသည်။[1757] ယင်းမှာ တိုင်းရင်းသားရခိုင် ပြည်သူ့စစ်များ ပါဝင်မှုကို ဖော်ပြနေသည်။

*မောင်နု*

၇၉၉။ မောင်နု (ရိုဟင်ဂျာများက မိုနုပါရာ ဟု သိကြသည်) သည် ဘူးသီးတောင် မြို့နယ် ချင်းသာမာ ကျေးရွာအုပ်စုရှိ ကျေးရွာဖြစ်ပြီး ရိုဟင်ဂျာအိမ်ထောင်စု ၄၀၀ ခန့်ရှိခဲ့သည်။[1758] မြောက်ဘက် တစ်ကီလိုမီတာမဝေးသော နေရာတွင် ခန့်မှန်းခြေ ရိုဟင်ဂျာအိမ်ထောင်စု ၃၅၀[1759] ရှိသော ဖောင်းတော်ပြင်ရွာ နှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့ ကာကင်းစခန်း ရှိသည်။

---

[1746] BI-007, BI-008, BI-009, CI-019, EI-003, EI-004, EI-005, LI-008, LI-009, LI-010, QI-050, QI-052, WI-003, WI-005, WI-006, WI-024, WI-027, LM-006, LM-018, K-155.1.

[1747] BI-009, QI-050, V-067.

[1748] K-163, V-256; "အစွန်းရောက်ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် မြန်မာ့တပ်မတော် တပ်မ ၃၃ တို့ ရသေ့တောင်မြို့နယ်။ ချွတ်ပြင်ရွာတွင် တိုက်ပွဲဖြစ်ပွားကြောင်း သတင်းရရှိသည်။" (Eleven Media Group၊ ၂၀၁၇ ခုနှစ် ဩဂုတ် လ ၂၇ ရက်)

[1749] CI-191, K-155.2, V-067, V-071.

[1750] BI-007, BI-008, BI-009, BI-010, CI-019, WI-003, WI-006, WI-024.

[1751] BI-008, BI-009, CI-019, CI-177, CI-185, CI-191, EI-003, EI-004, EI-005, LI-042, QI-031, QI-052, RI-001, RI-004, WI-005, WI-006, WI-027.

[1752] CI-019, QI-052, WI-005, LM-006, K-155.2.

[1753] BI-010, WI-005.

[1754] BI-007, BI-010, QI-115, LM-006, LM-012.

[1755] BI-008, CI-019, LI-042.

[1756] BI-008, BI-009, CI-019, CI-191, EI-003, LI-042, QI-031, RI-001, RI-004, WI-006.

[1757] EI-003, EI-004, EI-005, QI-052, RI-004, WI-005, WI-027, LM-006, K-155.2.

[1758] CI-196, LI-055, V-076.

[1759] CI-026, CI-109, LI-055.

၈၀၀။ မောင်နအနီးတွင် စစ်တပ် အခြေစိုက်စခန်း နှစ်ခု ရှိသည်။ နှစ်ခုစလုံးမှာ အနောက်ပိုင်းတိုင်း လက်အောက်ခံများ ဖြစ်သည်။ ခမရ ၅၆၄ သည် မောင်န၏တောင်ဘက် ကပ်လျက်ရှိပြီး ခမရ ၅၅၂ သည် ခန့်မှန်းခြေအရ ၁၀ ကီလိုမီတာမှ ၁၂ ကီလိုမီတာခန့် မြောက်ဖက်ကျသော ငရုံ့ချောင်း ကျေးရွာအုပ်စုတွင် (တောင်ဘဇား ဟုလည်း သိကြသည်) တည်ရှိသည်။

၈၀၁။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အစောပိုင်းတွင် ARSA က ဖောင်းတော်ပြင်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ကို တိုက်ခိုက်ခဲ့သည်။[1760] မောင်နနှင့် ဖောင်းတော်ပြင်ရှိ ရွာသားများက ထိုဦးတည်ရာအတိုင်း မနက်စောစောတွင် သေနတ်သံများ ကြားခဲ့ကြရသည်။[1761] အစိုးရက ရဲအရာရှိနှစ်ဦးနှင့် တိုက်ခိုက်သူ နှစ်ဦးတို့ သေဆုံးကြောင်း ကြေညာခဲ့သည်။[1762]

၈၀၂။ ထိုနေ့နံနက်စောစောက မောင်နအနီး နောက်ထပ် ARSA တိုက်ခိုက်မှု နှစ်ခု ဖြစ်ခဲ့သည်။ ပထမတစ်ခုမှာ ခမရ ၅၅၂ က သိမ်းပိုက်ထားသည့် စစ်အခြေစိုက်စခန်းတွင် ဖြစ်ပြီး ဒုတိယ တစ်ခုမှာ နယ်ခြားစောင့်ရဲကင်းစခန်း ကျော်ကျော်လေးတွင် ဖြစ်ပြီး နှစ်ခုစလုံးမှာ ငရုံ့ချောင်း ကျေးရွာအုပ်စုထဲတွင် ဖြစ်သည်။ အစိုးရက ပါဝင်ပတ်သက်သော တိုက်ခိုက်သူ ၇ ဦး၏ အလောင်းများကို ရှာဖွေတွေ့ရှိသည်ဟု ပြောသည်။[1763] အင်တာဗျူးဖြေဆိုသူတစ်ဦးက ထိုနေ့နံနက် ၈ နာရီခန့်က ပစ်ခတ်မှုများ ပြီးဆုံးသွားသည့်အခါ သူက သူ့အိမ်မှထွက်လာချိန်တွင် လုံခြုံရေး တပ်ဖွဲ့များက အလောင်း ၇ လောင်းကို လှေပေါ် ဆွဲတင်နေသည်ကို တွေ့ခဲ့သည်။[1764]

၈၀၃။ ထိုနံနက်နောက်ပိုင်းတွင် တပ်မတော်စစ်သားများသည် ဖောင်းတော်ပြင်သို့ သူတို့ယာဉ်များဖြင့် ဝင်ရောက်လျက် နယ်ခြားစောင့်ရဲစခန်းအနီးတွင် ရပ်ထားခဲ့သည်။ သူတို့က သေနတ်များဖြင့် ပစ်ခတ်ရာ လူများ စတင်ထွက်ပြေးခဲ့သည်။[1765] အင်တာဗျူးဖြေဆိုသူများက ရိုဟင်ဂျာရွာခေါင်းဆောင်၏ အသက် ၁၅ နှစ်အရွယ် သားဖြစ်သူနှင့် ၂၂ နှစ်အရွယ် ဘာသာရေး ဆရာတစ်ဦးအပါအဝင် လူငယ်လေးဦးကို စစ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များက ထိုနေ့ နံနက်က ဖမ်းဆီးခဲ့သည်။ ထိုသူနှစ်ဦးစလုံး သတ်ဖြတ်ခံရသည်ဟု ယူဆရသည်။[1766]

၈၀၄။ ဖောင်းတော်ပြင်နှင့် အနီးအနားဧရိယာများမှ လူအများအပြားသည် တောင်ဘက် မောင်နသို့ ထွက်ပြေးခဲ့သည်။[1767] အချို့မိသားစုများသည် ဆွေမျိုးများ၏ အိမ်များတွင် ခိုလှုံခဲ့ကြပြီး အချို့မှာ ထိုဧရိယာရှိ လုံခြုံရေးတပ်ဖွဲ့များနှင့် ဆက်ဆံရေး ကောင်းသည်ဟု သိထားကြသော ရိုဟင်ဂျာ ဆွေမျိုးနှစ်ဦးပိုင်ဆိုင်သော ခြံကျယ်ကြီးတစ်ခုအတွင်းတွင် ဝင်ရောက်ခိုလှုံခဲ့ကြသည်။[1768] ခြံဝင်းအတွင်းတွင် နှစ်ထပ်အိမ်အကြီးတစ်လုံး နှင့် ပိုမိုသေးငယ်သော အိမ်များ ရှိကြသည်။[1769] ယောကျ်ားအများစုမှာ ပင်မအိမ်၏ အပေါ်ထပ်တွင်

---

[1760] K-154.1, K-154.2.

[1761] CI-026, CI-044, CI-109, CI-110, CI-195, CI-196, EI-019, LI-055, LI-084, WI-017, YI-032, YI-033.

[1762] ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။) https://www.facebook.com/InfomationCommittee/posts/785202504986191

[1763] ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၁။ မောင်တောရှိ ရဲ ကင်းစခန်းများနှင့် ရဲစခန်း အများအပြား အစွန်းရောက် အကြမ်းဖက်သမားများ၏ တိုက်ခိုက်ခြင်းခံရ (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။) https://www.facebook.com/InfomationCommittee/photos/a.639477959558647.1073741828.639456206227489/785096194996822/?type=3

[1764] LI-055, V-077, V-078.

[1765] EI-019, WI-017.

[1766] CI-195, LI-084, V-067, V-076.

[1767] CI-109, CI-110, CI-026, CI-196, EI-019, LI-055, WI-017, YI-032.

[1768] CI-026, CI-110, CI-195, CI-196, LI-081, LI-084, LI-094, QI-042, WI-017, YI-032.

[1769] CI-026, CI-194, CI-195, LI-094.

ပုန်းခိုနေကြပြီး မိန်းမများနှင့် ကလေးများမှာ အောက်ထပ်တွင် ခိုလှုံနေကြသည်။ တဖြည်းဖြည်း လူပေါင်း ၂၀၀ လောက်သည် ခြံဝင်းအတွင်းတွင် ရောက်ရှိ ခိုလှုံလာခဲ့ကြသည်။[1770]

၈၀၅။ တပ်မတော်စစ်သား အုပ်စုကြီးတစ်ခုသည် မောင်နုသို့ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့ နံနက် ၁၀ နာရီနှင့် ၁၁ နာရီအကြားတွင် ဝင်ရောက်လာခဲ့သည်။[1771] သူတို့က စစ်ကားများနှင့် ရောက်ရှိလာပြီး ခြေလျင်အုပ်စုငယ်လေးများ ခွဲကာ လေထဲသို့ ထောင်ပစ်ရင်း ခြံဝင်းအတွင်းသို့ ဦးတည်လာခဲ့ကြသည်။[1772]

၈၀၆။ ခြံဝင်းအတွင်း ရောက်သည်နှင့် စစ်သားများသည် လူများကို အိမ်များမှ ထွက်လာရန် အမိန့်ပေးခဲ့သည်။[1773] သို့မဟုတ်ပါက အိမ်များကို မီးရှို့မည်ဟု ခြိမ်းခြောက်ခဲ့သည်။[1774] ထို့နောက် စစ်သားများက ပင်မအိမ်၏ တံခါးတစ်ခုကို ရိုက်ချိုးပြီး အချို့စစ်သားများ အိမ်အတွင်းသို့ ဝင်ရောက်ကာ ဟိုတစ်စ ဒီတစ်စ ပစ်ခတ်နေခဲ့သည်။[1775] ကလေးတစ်ယောက်ဦးခေါင်းကို ကျည်ဆံထိမှန်ခဲ့ပြီး သိပ်မကြာခင်မှာပင် သေဆုံးသွားခဲ့သည်။[1776]

> *စစ်သားတွေက တံခါးကို ချိုးဖျက်ပြီး အိမ်အတွင်းကို သေနတ်တွေနဲ့စပစ်တယ်။ ကျနော့်ညီရဲ့ အသက် ၁၀နှစ်အရွယ် ကလေးလေး ခေါင်းမှာ မှန်သွားတာ ကျနော်မြင်လိုက်တယ်။ သူခေါင်းက ပွင့်ထွက်သွားပြီး သူ့ ဦးနှောက်တွေက နံရံတွေပေါ်မှာ စင်ထွက်ကုန်တယ်။*[1777]

၈၀၇။ အိမ်များမှ လူများ စတင်ထွက်လာသည်နှင့် စစ်သားများသည် မိန်းမများနှင့် ကလေးများကို ယောက်ျားများနှင့် ခွဲထားလိုက်သည်။ စစ်သားများက မိန်းမများကို သေနတ်ဖြင့် ချိန်ပြီး သူတို့ရဲ့ ခေါင်းစည်းတွေကို ချွတ်ခိုင်းခဲ့သည်။ အချို့သောစစ်သားများက ခေါင်းစည်းများကို ဆွဲချွတ်သည်။ သူတို့က မိန်းမများတွင် အဖိုးတန်ပစ္စည်းများကို ထပ်ကာထပ်ကာရှာပြီး သူတို့၏ အဝတ်အစားများကို ဆွဲဖြဲပစ်သည်။[1778] အင်တာဗျူးဖြေဆိုသူတစ်ဦး၏ နားတွင်ရှိသော နားကပ်ကို စစ်သားတစ်ဦးက ဆွဲဖြုတ်ခဲ့သဖြင့် သူ့ကို ဒဏ်ရာရစေခဲ့သည်။[1779] ထို့နောက်စစ်သားများက မိန်းမနှင့်ကလေးများကို အုပ်စုငယ်လေးများခွဲပြီး ခြံဝင်းအတွင်းရှိ အိမ်ငယ်များတွင် သော့ခတ်ထားလိုက်သည်။[1780]

၈၀၈။ ခြံဝင်းကို ပိုင်ဆိုင်သော ယောက်ျားတစ်ယောက်သည် ပထမဆုံး အသတ်ခံရသူများအထဲတွင် ပါဝင်သည်။ စစ်သားနှစ်ယောက်က သူ့ကိုကိုင်ထားစဉ် တတိယတစ်ဦးက သူ့ကို ဓါးဖြင့်ထိုးခဲ့သည်။ ဝင်ရောက်တားဆီးရန် ကြိုးစားသည့် သူ့သားနှစ်ယောက်ကို သေနတ်ဖြင့်ပစ်သတ်ခဲ့သည်။[1781] ထို့နောက် သတ်ဖြတ်မှုများ ပိုမို၍ စနစ်တကျ ဖြစ်လာသည်။ ခြံဝင်းအတွင်းတွင် ယောက်ျားများနှင့် ကောင်လေးများ ကို ဝိုင်းထားပြီး အများစုမှာ သူတို့၏လက်များကို ကြိုးဖြင့်ချည်ထားပြီး ဒူးထောက်ကာ မျက်နှာကို

[1770] CI-026, CI-196, LI-079, QI-042, YI-032.
[1771] CI-026, CI-110, CI-196, LI-079, LI-084, QI-042, WI-017.
[1772] CI-026, CI-110, CI-195, CI-196, LI-055, YI-033.
[1773] CI-026, CI-109, CI-110, EI-019, LI-081, QI-042, WI-017, YI-032.
[1774] CI-195, LI-079, QI-042, WI-017, YI-032, V-076.
[1775] CI-195, EI-019, YI-032, YI-033.
[1776] QI-042, YI-032, YI-033, V-076. K-156.
[1777] QI-042.
[1778] LI-079, LI-084, QI-042, WI-017, YI-032, YI-033.
[1779] LI-084.
[1780] LI-079, QI-042, YI-032, YI-033.
[1781] CI-026, CI-109, CI-110, CI-196, WI-017.

အောက်စိုက်လျက် အရှေ့ဖက်ကို လှည့်ထားခိုင်းသည်။ စစ်သားများက ယောက်ျားများနှင့် ယောက်ျားလေးများအား မျက်စိကိုပိတ်ရာတွင်နှင့် သူတို့၏လက်များကို သူတို့၏ နောက်ကျောတွင်ချည်ရန်အတွက် မိန်းမများ၏ခေါင်းစည်းတချို့ကို အသုံးပြုခဲ့သည်။[1782] ထို့နောက်တွင် သူတို့က ယောက်ျားများနှင့်ကောင်လေးများကို သေနတ်ဖြင့်ပစ်သည်။ စစ်သားများသည် သူတို့၏လည်ပင်းများကိုလည်း ဓါးများဖြင့်လှီးခဲ့ကြသည်။[1783] ယောက်ျား တစ်ချို့နှင့် ကောင်လေးတစ်ချို့ကို ခြံဝင်းအတွင်းမှ မိနစ်အနည်းငယ်လမ်းလျှောက်သွားရသော ခြံပုတ်များသို့ ခေါ်ဆောင်သွားပြီး သတ်ပစ်ခဲ့သည်။[1784] ခြံဝင်းအတွင်း ပုန်းအောင်းနိုင်ခဲ့သော အင်တာဗျူး ဖြေဆိုသူတစ်ဦးက ပြန်လည် ပြောပြသည်မှာ-

> *စစ်သားတွေက ယောက်ျားတွေကို အိမ်ထဲကထုတ်ပြီး သူတို့လက်တွေကို သူတို့ နောက်ကြောမှာ ကြိုးနဲ့ ချည်တယ်။ ကြိုးကုန်သွားတဲ့အခါ သူတို့က မိန်းမတွေရဲ့ ခေါင်းစည်းပုဝါတွေကို သူတို့ကို ချည်ဖို့ သုံးတယ်။ စစ်သားတွေက သူတို့ကို မှောက်ခိုင်းပြီး မြေကြီးပေါ်မှာ မျက်နှာကိုအပ်ထားခိုင်းတယ်။ တချို့ကို အရင်ပစ်ပြီး သူတို့ရဲ့ လည်ပင်းတွေကို ဓါးနဲ့လှီးတယ်။ တခြားသူတွေကတော့ လည်ပဲလှီးခံရတယ်။*[1785]

၈၀၉။ ခြံဝင်းအတွင်းတွင် စစ်သားများသည် ကလေးငယ်အချို့ကို သတ်ဖြတ်ခဲ့သည်။[1786] အင်တာဗျူးဖြေဆိုသူတစ်ဦးက ငိုနေသောကလေးငယ်ကို စစ်သားများက ဓါးဖြင့်ထိုးနေသည်ကို တွေ့ခဲ့သည်။[1787] နောက်ထပ် အမျိုးသမီးတစ်ဦးမှာ စစ်သားများက သူ၏ တူနှစ်ယောက်အား သတ်ဖြတ်နေသည်ကို ခြံဝင်းအတွင်းရှိ အိမ်တစ်အိမ်၏ တံခါးရွက်အကြွဲကြားက တွေ့ခဲ့ရသည်။

> *စစ်သားတွေက ကျမမိသားစုရဲ့ယောက်ျားတွေအားလုံး သတ်လိုက်တယ်။ သူတို့က ပထမ သေနတ်နဲ့ပစ်တယ် နောက်ပြီး သူတို့လည်ပင်းကို လှီးတယ်။ ခြံဝင်းထဲမှာ သွေးတွေနဲ့ပြည့်နေတယ်။ သူတို့က ကျမယောက်ျား၊ ယောက္ခမ နဲ့ ကျမရဲ့ ၁၅ နှစ်နဲ့ရှစ်နှစ်အရွယ် တူလေးနှစ်ယောက်ကို သတ်တယ်။ သူတို့က ကလေးတွေကိုတောင်မှ အဲလိုနည်းနဲ့သတ်တယ်။*[1788]

၈၁၀။ မိန်းမများနှင့် ကောင်မလေးများသည်လည်း အုပ်စုလိုက်မုဒိန်းကျင့်ခြင်း နှင့် လိင်အင်္ဂါ ဖြတ်တောက်ခြင်းတို့ ခံကြရသည်။[1789] အင်တာဗျူးဖြေဆိုသူတစ်ဦးက မိန်းမ နှစ်ယောက်ကို တပ်မတော်မှစစ်သား နှစ်ယောက် သုံးယောက် မုဒိန်းကျင့်နေသည်ကို တွေ့ခဲ့သည်။ သူကြားခဲ့ရသော အော်သံမှာ ထိုအမျိုးသမီးနှစ်ယောက် အသတ်ခံရခြင်းဖြစ်မည်ဟု အင်တာဗျူး ဖြေသူက ကောက်ချက်ချသည်။[1790] အနီးအနားတွင် ပုန်းနေခဲ့သော နောက်ထပ် မျက်မြင်သက်သေက အမျိုးသမီးတစ်ယောက် သူမ၏ယောနိကို ဓါးဖြင့်ထိုးပြီး မည်သို့အသတ်ခံရသည်ကို ပြန်လည်ပြောပြသည်။[1791]

---

[1782] CI-026, CI-109, EI-019, QI-042, WI-017, YI-032, YI-033.
[1783] CI-026, CI-109, CI-110, CI-194, CI-196, EI-018, LI-079, LI-094, QI-042, WI-017.
[1784] CI-194, CI-196, V-067.
[1785] C1-196.
[1786] LM-018, V-077.
[1787] CI-109.
[1788] LI-079.
[1789] EI-019, EI-027, LI-081, LI-094.
[1790] LI-094.
[1791] LI-081.

၈၁၁။ မောင်နုရွာမှ အသက်ရှင်ကျန်ရစ်သည့် အမျိုးသမီးတစ်ဦးက ရွာမှထွက်ပြေးရန် ကြိုးစားနေစဉ် စစ်သားတွေက သူနှင့် အခြားအမျိုးသမီးများကို မည်ကဲ့သို့ ဖမ်းဆီးခဲ့သည်ဆိုသည်ကို ပြောပြသည်မှာ-

*ကျမက ပစ်နေတာတွေကနေ လွတ်အောင် တောင်ကုန်းတွေဘက်ကို ပြေးတယ်။ ကျမ ယောက်ျားနဲ့ ကျမကို စစ်တပ်က ဖမ်းမိသွားတယ်။ ကျမယောက်ျားက အရမ်းဆိုးဆိုးရွားရွား အရိုက်ခံရတော့ သူက မလှုပ်နိုင်တော့ဘူး။ စစ်သား သုံးယောက်က ကျမကို ခေါ်သွားတယ်။ ယောက်ျားတစ်ယောက်က ကျမကို ကိုင်ထားပြီး မြေကြီးပေါ်ကို ဖိထားတယ်။ သူတို့က ကျမ အဝတ်တွေကို စုတ်ဖြဲပစ်တယ်။ ယောက်ျားနှစ်ယောက်က မုဒိမ်းကျင့်တယ်။ ကျမယောက်ျားက ကျမကို မြင်နိုင်တယ်။ သူတို့ တခြား မိန်းမတွေကိုလည်း ခေါ်လာတယ်။ ၁၀-၂၀ လောက် ရှိနိုင်တယ်။ သူတို့ မုဒိမ်းကျင့်ခံနေရတာ ကျမ မြင်တယ်။ သူတို့က မိန်းမတွေကို အချိန်အမျိုးမျိုးမှာ ခေါ်တယ်။ တချို့မိန်းမတွေကို ကျမ သိတယ်။ သူတို့က ကျမတို့ ရွာကပဲ။*[1792]

၈၁၂။ အဖြစ်အပျက်က မိုးချုပ်သည်အထိ ဖြစ်နေခဲ့သည်။ သတ်ဖြတ်မှုများနောက်တွင် စစ်သားများသည် တာပေါ်လင်နှင့် ပတ်ထားသော အလောင်းအများအပြားကို စစ်ထရပ်ကားများပေါ်သို့ တင်သည်။[1793] အနီးအနားတွင် ပုန်းအောင်းနေခဲ့သည့် အင်တာဗျူး ဖြေဆိုသူတစ်ဦးက ညနေအစောပိုင်းတွင် စစ်သားများသည် စစ်ထရပ်ကားသုံးစီးဖြင့် ပြန်လည်ထွက်ခွာသွားသည်ကို တွေ့သည်။[1794] ပုန်းနေခဲ့သော အခြားမျက်မြင်သက်သေက စစ်ထရပ်ကားများ ထွက်ခွာသွားပြီး နောက်ပိုင်းတွင် ရွာသို့ အကြိမ်ကြိမ် ပြန်လာသည်ကို တွေ့ခဲ့သည်။ စစ်သားများက အလောင်းများကို စစ်စခန်းသို့ ပို့ဆောင်နေခြင်းဖြစ်သည်ဟု သူက ထင်သည်။[1795]

၈၁၃။ ထိုညနေနောင်းပိုင်းတွင် စစ်သားများ ထွက်ခွာသွားပြီးသည့်အခါ ရွာသားများ ပြန်လာပြီး မိန်းမများနှင့် ကလေးများကို ကယ်ကြသည်။ မျက်မြင်သက်သေများက သွေးများနှင့် မြေကြီးများ "စေးကပ်"နေသည်ကို မြင်ခဲ့ကြသည်။[1796] အခြားသူများက ကလေးများ အပါအဝင် အလောင်းများ နှင့် ခန္ဓာကိုယ်အစိတ်အပိုင်းများ ပြန့်ကျဲနေသည်ကို ပြန်ပြောပြသည်။[1797] အင်တာဗျူးဖြေသူတစ်ဦးက သွေးများပေနေသောလူများ၏ အဝတ်အစားများ၊ နှင့် ခေါင်းစည်းပဝါများအပေါ် တက်နင်းရခြင်း၊ ထို့နောက် လည်လှီးခံထားရသော လူသေအလောင်း တစ်ခုကို တွေ့ရခြင်း မြင်ကွင်းတို့ကို ပြန်ပြောပြသည်။ နောက်တစ်နေ့ သူပြန်သွားသည့်အခါ မြေကြီးအနေအထား ပျက်နေသော ကျင်းတစ်ခုကို တွေ့ရပြီး လူသေအလောင်းများ မြှုပ်ထားခြင်း ဖြစ်မည်ဟု ခန့်မှန်းသည်။[1798]

၈၁၄။ စိတ်ချယုံကြည်ရလောက်သော အစီရင်ခံချက်များက စစ်သားများသည် အနီးအနားရှိ ကွင်းပြင်များထဲတွင် တွင်းတိမ်တိမ်များတွင် အချို့သောအလောင်းများကို မြှုပ်ခဲ့ကြောင်း ညွှန်းပြနေသည်။[1799] မစ်ရှင်က ဗီဒီယိုခွေကြမ်းများနှင့် ဓါတ်ပုံများကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ခဲ့ရာ

[1792] EI-027.
[1793] CI-026, CI-194, CI-195, CI-196, LI-094, QI-042, WI-017, YI-033.
[1794] LI-055.
[1795] CI-196.
[1796] LI-084, LI-094, YI-033.
[1797] CI-026, CI-044, CI-194, LI-055, LI-079, LI-094.
[1798] LI-055, V-067.
[1799] VI-067.

ခြံဝင်းနှင့်နီးသောဇရိယာဟုပြောသော နေရာရှိ ခြုံပုတ်တစ်ခုတွင် သွေးကွက်များကို တွေ့ရသည်။[1800] မစ်ရှင်သည် ယခင်ဖော်ပြထားသည့် ဇရိယာနှင့် အလားတူ ဇရိယာတစ်ခုတွင် တာပေါ်လင်အိတ်များကို မြေမျက်နှာပြင်အောက် အနည်းငယ်သာနက်သော နေရာတွင် မြေမြုပ်ထားသည်ကိုလည်း ဗီဒီယိုဖိုင်ကြမ်းများ ပြန်လည်သုံးသပ်ရာတွင် တွေ့ရသည်။ ဆိုးဆိုးရွားရွား ပုတ်နေပြီဖြစ်သည့် လူခြေထောက်တစ်ခုမှာ အိတ်တစ်ခုထဲမှ ထိုးထွက်နေသည်ကို မြင်နိုင်သည်။ မစ်ရှင်အနေဖြင့် ပထဝီ နေရာ သို့မဟုတ် ဗီဒီယိုဖိုင်ကြမ်း ရိုက်ကူးသည့် ရက်စွဲတို့ကို သီးခြား အတည်မပြုနိုင်သော်လည်း သွေးကွက်များ၊ အမျိုးသမီး ခေါင်းစည်း ပုဝါများ နှင့် အခြားသော ပစ္စည်းပစ္စယများ ကဲ့သို့အသေးစိတ် ပြသမှုများသည် မောင်နု ဖြစ်ရပ်များတွင် မျက်မြင်သက်သေများ ပြောပြချက်များနှင့် ကိုက်ညီနေသည်။

၈၁၅။ သတင်းအချက်အလက်များက မောင်နုတွင် ယောကျ်ားများနှင့် ကောင်ကလေးများ အများစုဖြစ်သော လူ ၁၀၀ အထိ သတ်ဖြတ်ခံခဲ့ရသည်။[1801] မစ်ရှင်က ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာအသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများ ပြုစုထားသော အပြည့်အစုံမဟုတ်သေးသည့် သေဆုံးမှုများ စာရင်းတစ်ခုကို ရရှိသည်။ ယင်းတွင် သတ်ဖြတ်ခံရသော လူ ၈၂ ဦး (မောင်နုမှ ၄၈ ဦးနှင့် ဖောင်တော်ပြင်မှ ၃၄ ဦး) ၏ အမည်များ၊ အသက်၊ နှင့် အလုပ်အကိုင်တို့ ပါဝင်သည်။ အမျိုးသမီးတစ်ဦးမှလွဲ၍ သူတို့အားလုံးမှာ ယောကျ်ားများနှင့် ကောင်လေးများဖြစ်ပြီး ၂၈ ဦးမှာ အသက် ၁၈ နှစ်အောက်ဖြစ်ပြီး အငယ်ဆုံးမှာ အသက် ၆ နှစ် ဖြစ်သည်။ စာရင်း အပြည့်အစုံ၏ တိကျမှုကို မစ်ရှင်အနေဖြင့် အတည်မပြုနိုင်သော်လည်း ယင်းမှရရှိထားသော အချက်အလက်များတွင် မစ်ရှင်က မှတ်တမ်းတင်ထားသည့် အသတ်ခံရသည့် လူအမည်များ ပါလာသည်။[1802]

၈၁၆။ မောင်နုနှင့် ဖောင်တော်ပြင် တို့မှာ ရက်အတန်ကြာသည်အထိ မီးလောင်နေခဲ့သည်။ ဂြိုလ်တုရုပ်ပုံများက ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့က မောင်နုနှင့် ဖောင်တော်ပြင်တွင် မီးလောင်နေပြီး အဆောက်အဦးများ ပျက်ဆီးနေသည်ကို ပြနေသည်။ ရုပ်ပုံများက နေရာနှစ်ခုစလုံးတွင် အဆောက်အဦး ၃၂၀ ကျော်မီးလောင် ပျက်ဆီးခဲ့ကြောင်း ပြသနေသည်။[1803]

---

[1800] K-157.1.
[1801] EI-019, LI-055, V-076, V-079.
[1802] CI-026, CI-109, EI-019, LI-055, LI-079, LI-084, QI-042, WI-019.
[1803] မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တု ပုံရိပ် သုံးသပ်ချက်။

**၂၀၁၇ ခုစက်တင်ဘာ ၁၆ ရက် တွင် မောင်နုမှ မီးလောင်သွားသော အဆောက်အဦများ၏ ဧရိယာကို ပြနေပုံ**




၈၁၇။ တပ်မတော်စစ်သားများက မောင်နုတွင် စစ်ဆင်ရေးကို ဦးဆောင်သည်။[1804] မျက်မြင်သက်သေများက ခမရ ၅၆၄ မှ စစ်သားများကို မှတ်မိသည်။[1805] ပြန်လည်ပြောပြချက်အများအပြားက စစ်သားများထဲမှ တစ်ဦးအမည်ကို ဖော်ပြကြသည်။ သူသည် ခြံဝင်းအတွင်း မြက်ခင်းပေါ်တွင် ယောကျ်ားများနှင့်ကောင်ကလေးများကို သတ်ဖြတ်ရာတွင် တိုက်ရိုက် ဦးဆောင် ပါဝင်သူဖြစ်သည်။[1806]

*ဂူဒါးပြင်*

၈၁၈။ ဂူဒါးပြင်သည် ဘူးသီးတောင်မြို့၏ တောင်ဖက် ၁၅ ကီလိုမီတာခန့် အကွာအဝေးတွင်ရှိသည့် ဘူးသီးတောင်မြို့နယ် တောင်ပိုင်းရှိ ကျေးရွာအုပ်စုတစ်ခု ဖြစ်သည်။ တိုင်းရင်းသားရခိုင်များ အခြေချနေထိုင်ရာ နေရာသုံးခုနှင့် ပိုမိုကြီးမားသော ရိုဟင်ဂျာကျေးရွာနှစ်ခု ရှိသည်။ ဂူဒါးပြင်သည် ရိုဟင်ဂျာများ အဓိကနေထိုင်ရာဖြစ်သည်။ သူတို့က ဂူဒမ်ပါရာဟု ခေါ်သည်။ ကျေးရွာအုပ်စုတွင် ရဲစခန်းတစ်ခု ရှိသည်။ ယင်းသည် ဂူဒါးပြင်မှ ၁ မိုင်ခန့်ရှိ ကျောက်စာတိုင် တွင်ရှိသည်။[1807]

၈၁၉။ အစိုးရက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် သို့မဟုတ် နောက်ပိုင်းတွင် ဂူဒါးပြင်၌ ARSA တိုက်ခိုက်မှုကို အစဦးတွင် ထုတ်ပြန်ခြင်း မရှိသော်လည်း[1808] အနီးအနားပတ်ဝန်းကျင်ရှိ

---

[1804] CI-026, LI-079, LI-084, QI -042, WI-017.

[1805] EI-019, LI-094, WI-007.

[1806] CI-026, CI-109, CI-195, LI-094, LM-018, V-076, V-077.

[1807] CI-103.

[1808] ထိုအချိန်က ဂူဒါးပြင်တွင် တိုက်ခိုက်မှု ဖြစ်ပွားသည်ဟု ဖော်ပြထားခြင်း မရှိသော်လည်း ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်တွင် မီဒီယာ တစ်ခုကို တုန့်ပြန်ပြီး ဂူဒါးပြင်တွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" ၏ အသေးစိတ်များကို ပေးထားလျက် အစိုးရက ARSA တိုက်ခိုက်မှု အမှန်တကယ် ဖြစ်ပွားကြောင်း ပြောပြထားသည်။ Global New Light of Myanmar ၏ "Authorities refute AP's report on mass graves in Buthidaung" (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်) တွင် ဂူဒါးပြင်တွင် "လုံခြုံရေး တပ်ဖွဲ့များသည် ARSA အကြမ်းဖက်သမား ပူးပေါင်း အုပ်စု၏ တိုက်ခိုက်ခြင်းကို ခံရပြီး ၂၀၁၇ ခုနှစ်ဩဂုတ်လ ၂၈ ရက်နေ့တွင် ရွာသား ၅၀၀ ခန့်သည် လုံခြုံရေး တပ်ဖွဲ့များကို တိုက်ခိုက်ခဲ့သည်။" ဟု ဖော်ပြထားသည်။

တံတားပေါ်တွင် သို့မဟုတ် အနီးတွင် ဖြစ်နိုင်ချေရှိသော ပေါက်ကွဲမှု အပါအဝင် တစ်စုံတစ်ရာ ဖြစ်ရပ် ဖြစ်ပွားခဲ့ကြောင်း အတည်မပြုနိုင်သော သတင်းများ ထွက်ပေါ်ခဲ့သည်။[1809] နောက်တစ်ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ အများအပြား သိသိသာသာ တိုးပွားလာသည်ကို မြင်ရသည်။ ကိန်းဂဏန်းကြီးကြီးမားမားရှိသော တပ်မတော်စစ်သားများ စခန်းသို့ ရောက်ရှိလာသည်ကို တွေ့မြင်ကြရသည်။ အချို့မှာ မော်တော်ဆိုင်ကယ်များဖြင့် ရောက်လာသည်။[1810] အင်တာဗျူးဖြေဆိုသူတစ်ဦးက မော်တော်ဆိုင်ကယ်ဖြင့် အဖြူရောင် အိတ်များ စခန်းသို့ ပို့ဆောင်သည်ကို တွေ့မြင်ခဲ့သည်။[1811] ထိုအချိန် ပတ်ဝန်းကျင်တွင်ပင် စစ်သားများနှင့် ရိုဟင်ဂျာရွာခေါင်းဆောင်များ အကြား အစည်းအဝေး တရပ်ရှိကောင်းရှိနိုင်သည်။[1812] သတင်းအချက်အလက်များအရ အချို့သော ဒေသခံတိုင်းရင်းသား ရခိုင်ရွာသားများက တစ်စုံတစ်ခု ဖြစ်တော့မည်ဖြစ်၍ အိမ်နီးချင်း ရိုဟင်ဂျာများကို ထွက်ခွာသွားကြရန် သတိပေးကြောင်း ညွှန်ပြနေသည်။[1813]

၈၂၀။ တပ်မတော်နှင့် ရဲတို့က ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက် ပတ်ဝန်းကျင်တွင် အစပျိုး စစ်ဆင်ရေးကို လုပ်ဆောင်ခဲ့သည်။ နံနက်စောစောတွင် လုံခြုံရေး တပ်ဖွဲ့များသည် ဂူဒါးပြင် ပင်မ ရွာထဲသို့ ဝင်ရောက်လာပြီး လမ်းမကြီးတစ်ဖက်မှနေ၍ သေနတ်များ ပစ်ဖောက်ကြသည်။[1814] လူသေမှု ရှိမရှိ ရှင်းလင်းမှု မရှိသော်လည်း အင်တာဗျူးဖြေဆိုသူတစ်ဦးက လူနှစ်ဦး သေနတ်ဒဏ်ရာများ ရရှိခဲ့လိမ့်မည်ဟု ပြောပြသည်။[1815] သေနတ်ပစ်ခတ်မှုများက ရွာတွင် နေထိုင်သူများအကြား ထိတ်လန့်စေပြီး ထွက်ပြေးခဲ့ကြသည်။ အတော်များများမှာ မြစ်ကိုဖြတ်လျက် ရွာ၏ အရှေ့ဖျားသို့ ထွက်ပြေးကြသည်။ အင်တာဗျူး ဖြေဆိုသူ တစ်ဦးက သူမမှာ သူမ၏ကလေးနှင့်အတူ သစ်တောကို ဖြတ်လျက် မည်သို့ထွက်ပြေးခဲ့ကြောင်း နှင့် ထို့နောက်တွင် မြစ်ကိုဖြတ်ကူးခဲ့ကြောင်း ပြောပြသည်။ “မိုးရွာပြီး မြစ်ရေတက်နေတာမို့ မြစ်ကူးဖို့ကြိုးစားရင်း တချို့ကလေးတွေ သေတယ်။”[1816] စစ်ဆင်ရေးမှာ နံနက်အစောပိုင်းတွင် ပြီးဆုံးခဲ့သည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များက သူတို့စခန်းများသို့ ပြန်ကြသည်။ ရွာသား အတော်များများလည်း ရွာသို့ ပြန်လာသည်။

၈၂၁။ အဓိက “နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး” မှာ နောက်တရက် နေ့ခင်းအစောပိုင်းတွင် ဖြစ်ပွားသည်။[1817] စစ်ဆင်ရေးကို တပ်မတော်က ဦးဆောင်ပြီး လက်နက်ကိုင်ရဲများ နှင့် ယူနီဖောင်းဝတ်ထားခြင်းမရှိသော တိုင်းရင်းသားရခိုင်ဟု ဖော်ထုတ်သူများ ပါဝင်သည်။ အင်တာဗျူးဖြေဆိုသူတစ်ဦး ပြောပြချက်အရ လုံခြုံရေးတပ်ဖွဲ့များသည် ပထမဦးစွာ ရွာ အထက်က တောင်ကုန်းပေါ်တွင် စုဝေးကြသည်။ ထို့နောက် သူတို့က ရွာကိုဝိုင်းလိုက်ပြီး နေရာအမျိုးမျိုးမှ ရွာထဲသို့ ဝင်ခဲ့ကြသည်။ စစ်သားနှင့် လက်နက်ကိုင်ရဲများက ဝင်ရောက်လာသည်နှင့် ထွက်ပြေးလွတ်မြောက်ရန်ပြေးသူများ အပါအဝင် ရွာကို သေနတ်များဖြင့်ပစ်ခဲ့သည်။ ကလေးများအပါအဝင် ရိုဟင်ဂျာ ရွာသား အများအပြားမှာ ထွက်ပြေးရန် ကြိုးစားနေစဉ် ပစ်သတ်ခံရသည် သို့မဟုတ် ဒဏ်ရာများ ရရှိခဲ့ကြသည်။ အင်တာဗျူးဖြေဆိုသူတစ်ယောက်

[1809] LM-004, V-067.
[1810] CI-103, LI-062, LI-063.
[1811] LI-063.
[1812] CI-103, YI-013.
[1813] LI-065.
[1814] CI-103, LI-062, LI-063, LI-088, YI-013, YI-014, YI-015, YI-016, YI-018.
[1815] LI-062.
[1816] YI-015.
[1817] LI-062, LI-063, LI-064, LI-065, LI-088, YI-014, YI-017.

မိသားစု နွားများသိမ်းရန် ကြိုးစားနေစဉ် အသက် ၁၅ နှစ်အရွယ် ညီအကို ဝမ်းကွဲတော်သူတစ်ယောက် သေနတ်ဖြင့် ပစ်သတ်ခံရပုံကို ပြောပြသည်။[1818] တိုင်းရင်းသားရခိုင် ယောက်ျားများက ဒေသသုံးဓါးများကိုင်ဆောင်လျက် ဖမ်းဆီးမိသော သို့မဟုတ် ဒဏ်ရာရသော လူများကို လည်လှီး၍ သတ်ပစ်ကြသည်။[1819] စစ်သားများနှင့် လက်နက်ကိုင်ရဲများကလည်း ဖမ်းဆီးမိသော သို့မဟုတ် ဒဏ်ရာရထားသောလူများကို ဓါးများသုံး၍ သတ်ပစ်သည်။

၈၂၂။ စစ်ဆင်ရေးအတွင်း လုံခြုံရေး တပ်ဖွဲ့များနှင့် တိုင်းရင်းသားရခိုင်ယောက်ျားများက အဆောက်အဦးများကို မီးရှို့ဖျက်ဆီးခဲ့ကြသည်။ တပ်မတော်က "လောင်ချာများ" သုံးပြီး တိုင်းရင်းသားရခိုင်များက ဓါတ်ဆီကို သုံးခဲ့သည်။[1820] တစ်ရွာလုံး မီးလောင်ကျွမ်းရန်အတွက် နှစ်ရက်မှ သုံးရက်အထိ ကြာခဲ့သည်။

၈၂၃။ မြစ်တဘက်ကမ်း အိမ်နီးချင်းရွာမှ ကြည့်နေခဲ့သော အမျိုးသမီးတစ်ဦးက သူမြင်ခဲ့ရသည်ကို ပြောပြသည်မှာ

> *စစ်သားတွေက လူတွေကို သေနတ်နဲ့ပစ်တယ်။ အဲဒီလူတွေက မီးလောင်နေတဲ့ အိမ်တွေကနေ အသက်ဘေးလွတ်အောင် ထွက်ပြေးနေတာဖြစ်တယ်။ လူတွေက နေရာအနှံ့ကို ထွက်ပြေးနေကြတယ်၊ စပါးခင်းတွေဆီပြေးတယ်၊ မြစ်ထဲခုန်ချတယ်၊ သစ်ပင်တွေနောက်မှာ ပုန်းကြတယ်။ ကျမ လူတွေမီးလောင်နေတာ နဲ့ လူတွေ ခုတ်ဖြတ်ခံရတာတွေ မြင်နေရတယ်။*[1821]

၈၂၄။ လုံခြုံရေးတပ်ဖွဲ့များက ရွာကို သုံးဘက်သုံးတန်မှ ဝင်ရောက်လာစဉ် ထွက်ပြေးနိုင်သော ရွာသားများသည် မြစ်ကို ဖတ်ကူးရန် အရှေ့ဘက်သို့ ဦးတည်သွားကြရသည်။ မြစ်ကိုဖြတ်ကူးစဉ် ရိုဟင်ဂျာရွာသားများ ပစ်ခံရသည်။ အင်တာဗျူးဖြေဆိုသူတစ်ဦးက မြစ်တဖက်ကမ်း ရွာမှ ကြည့်ရှုနေစဉ် ရေထဲတွင် အလောင်းအများအပြား မျောပါနေသည်ကို ပြောပြသည်။[1822] မိန်းမများနှင့် ကလေးများအပါအဝင် အချို့မှာ မြစ်ထဲတွင် ရေနစ်သည်။ နောက်ထပ်အင်တာဗျူး ဖြေဆိုသူတစ်ဦးက သေနတ်ဒဏ်ရာကိုယ်စီရထားသော ယောက်ျား လေးယောက်ကို တဖက်ကမ်းတွင် ကူညီပေးခဲ့သည်။[1823]

၈၂၅။ မိခင်တစ်ဦးက သူ့အနေဖြင့် မည်သည့်ကလေးကို ကယ်ရမည်ဆိုသည်ကို ရွေးချယ်ခဲ့ရပုံကို ပြောပြသည်။ လုံခြုံရေးတပ်ဖွဲ့များသည် သူ့အိမ်အတွင်း ဝင်ရောက်လာပြီး သူ၏သမီးငယ်ကို ဆုပ်ကိုင်ထားသည်။ သူ့သားက သူ့ညီမဖြစ်သူကို ကယ်ရန်ကြိုးစားစဉ် လုံခြုံရေး တပ်ဖွဲ့များ၏ တိုက်ခိုက်ခြင်းကို ခံရသည်။ မိခင်ဖြစ်သူမှာ အိမ်တစ်ဘက်စွန်းတွင်ရှိနေပြီး ဤကလေးနှစ်ဦးမှာ အသက်ရှင်တော့မည်မဟုတ်ဟု စက္ကန့်ပိုင်းအတွင်း စဉ်းစားဆုံးဖြတ်ကာ သူ့အနေဖြင့် ကျန် ကလေးငယ်နှစ်ဦးကို ကယ်တင်ကောင်းကယ်တင်နိုင်မည်ဟု ဆုံးဖြတ်ခဲ့ရသည်။ သူမ၏ ယောကျ်ားဖြစ်သူက နောက်မနက်တွင် ရွာသို့ပြန်လာပြီး အလောင်းများမြှုပ်ထားသော ကျင်းများကို သူ့သား၏အလောင်းတွေ့သည်အထိ တူးဖော်နေခဲ့မိသည်။ သူတို့သမီး အလောင်းကိုတော့ သူတို့ရှာမတွေ့ခဲ့ကြတော့ပေ။ မိခင်ဖြစ်သူက မစ်ရှင်ကို ကြောက်ရွံ့နေသော

[1818] YI-015.
[1819] LI-065, LI-062, YI-014, V-080.
[1820] LI-062, LI-063, YI-014, YI-015, YI-016, YI-018.
[1821] WI-014.
[1822] LI-088.
[1823] YI-017.

မျက်လုံးများဖြင့် "ဒီလိုရွေးချယ်မှု လုပ်ခဲ့ပြီးတဲ့နောက် ကျမရဲ့ဘဝကို ကျွန်မဘယ်လို ဆက်သွားရမှာလဲ" ဟု ပြောပြသည်။[1824]

၈၂၆။ မိန်းမများနှင့် မိန်းကလေးငယ်များမှာ မုဒိန်းကျင့်ခြင်း၊ အုပ်စုလိုက်မုဒိန်းကျင့်ခြင်းနှင့် ပြန်ပေးဆွဲခြင်း အပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် ကျား-မ ကွဲပြားမှုအပေါ် အခြေခံသည့် အကြမ်းဖက်မှုများကို ခံစားကြရသည်။[1825] သူတို့ ထွက်ပြေးစဉ် ခြုံပုတ်ထူပြီး သစ်တောရှိသည့် ဧရိယာများတွင် တပ်မတော်မှစစ်သားများ၏ အုပ်စုလိုက်မုဒိန်းကျင့်ခြင်းကို ခံရသည်။[1826] သူတို့သည် အဓိက "နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး" မစတင်မီတွင် သူတို့အိမ်များမှ ဆွဲခေါ် ဖမ်းဆီးခြင်း ခံရသည်။[1827] ယုံကြည်ရလောက်သော အစီရင်ခံချက်များနှင့် အခြားသော နေရာများတွင် ဖြစ်ပွားသော အလားတူပုံစံများအပေါ် မူတည်၍ ဖမ်းဆီးခံရသော မိန်းမများနှင့် မိန်းကလေးများသည် မုဒိန်းကျင့်ခြင်း သို့မဟုတ် အုပ်စုလိုက် မုဒိန်းကျင့်ခြင်းကို ခံရဖွယ်ရှိသည်။ အသက် ၅၀ အရွယ် မိခင် တစ်ဦးက ပြောပြသည်မှာ-

> *စစ်သားတွေ ကျမအိမ်ကို ရောက်လာပြီး ကျမသမီးကို ခေါ်သွားတယ်။ သူဘာဖြစ်သလဲ ဆိုတာ ကျမ မသိတော့ဘူး။ စစ်သားတွေက ကျမတို့ ထွက်ပြေးတဲ့ အချိန်မှာ ချောချောလှလှ မိန်းကလေးတွေကို ခေါ်သွားတာ ကျမတွေ့တယ်။*[1828]

၈၂၇။ စစ်ဆင်ရေးတွင် ပါဝင်သူအချို့မှာ အနီးအနားရှိ နတလ[1829] ကျောက်စာတိုင်ရွာမှ ဒေသခံများ ဖြစ်သည်ဟု မှတ်မိသူများရှိသည်။ စစ်ဆင်ရေး မလုပ်မီ အချိန်အနည်းငယ်အလိုတွင် ယောကျ်ားအုပ်စုတစ်စုသည် ကျောက်စာတိုင်မှ[1830] ရောက်ရှိလာပြီး သူတို့ကို ရွာသို့ တပ်မတော်မှ ခေါ်လာပုံရသည်။

၈၂၈။ ဂြိုလ်တုရုပ်ပုံသုံးသပ်ချက်က ဂူဒါးပြင်ရွာမှ အဆောက်အဦးအားလုံးသည် စက်တင်ဘာ ၁၆ ရက်နေ့ရောက်သောအခါ မီးလောင်ပြီးဖြစ်သည်ကို အတည်ပြုပေးသည်။ [1831]

[1824] EI-079.

[1825] EI-078, EI-079, EI-080, K-151.

[1826] EI-078, EI-079, EI-080

[1827] EI-078, EI-079, EI-080, K-151

[1828] EI-079.

[1829] မြန်မာအာဏာပိုင်များသည် ၁၉၉၀ ခုနှစ်များမှ စ၍ "နတလ" ဟူသော အမည်ကိုယူပြီး နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ နေရာချထားပြီး တည်ထောင်သော "စံပြကျေးရွာများ" တည်ဆောက်ရေး မူဝါဒကို အကောင်အထည်ဖော်ခဲ့သည်။ မြေယာများ ဖန်တီးပေးပြီး မြို့ပြများမှ လူပုဂ္ဂိုလ်များနှင့် မိသားစုများကို နယ်စပ်ဒေသများတွင် နေရာချထားခဲ့သည်။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် "စံပြကျေးရွာများ" သည် မြန်မာနိုင်ငံ အခြားဒေသများမှ တိုင်းရင်းသား ရခိုင်လူမျိုးများ ကို အခြေချရန် အတွက် ခွင့်ပြုရန် သို့မဟုတ် တိုင်းရင်းသားရခိုင် အရင်းအမြစ် ပုဂ္ဂိုလ်များ (နှင့် အခြား တိုင်းရင်းသား လူမျိုးများလည်း ဖြစ်နိုင်သည်) ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရွှေ့ပြောင်းလာရန် ရည်ရွယ်ချက်မှာ အဓိက ဖြစ်သည်။ ထင်ရှားသော အနိမ့်ဆုံးရည်ရွယ်ချက်မှာ ယင်း၏ အစိတ်အပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်း လူဦးရေ ပြန့်နှံ့တည်ရှိမှုကို တိုင်းရင်းသား ရခိုင်များ သို့မဟုတ် ဗုဒ္ဓဘာသာ လူဦးရေများ အဖြစ် ပြောင်းလဲပစ်ရန်မှာ ပေါ်လွင်သည်။ K-063.20, K-160.1, K-160.2.

[1830] LI-062, LI-063, LI-065

[1831] မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တု ပုံရိပ် သုံးသပ်ချက်။

**စက်တင်ဘာ ၁၆ ရက်တွင် မီးလောင်မှုကို တွေ့မြင်နေရသည်ကို ပြသထားသည့် ၂၀၁၇ အောက်တိုဘာ ၁၀ ရက် မှ ဂြိုလ်တု ရုပ်ပုံ သုံးသပ်ချက်**




၈၂၉။ စစ်ဆင်ရေးပြီးဆုံးသည့်အခါ ရွာတလျောက်တွင် အလောင်းများ ပြန့်ကျဲနေခဲ့သည်။ မျက်မြင်သက်သေများက သေနတ်ဒဏ်ရာ၊ ဓါးများ၊ ဓါးရှည်များနှင့် ခုတ်ထားသည့် ဒဏ်ရာလက္ခဏာများ ပြသနေသည့် အလောင်းများနှင့် သီးခြားပြတ်ထွက်နေသောခေါင်းများကို အိမ်ဝင်းများနှင့် အများအပြားကို လယ်ကွင်းထဲတွင် တွေ့မြင်ခဲ့ရသည်။[1832]

၈၃၀။ တပ်မတော်၊ ရဲနှင့် တိုင်းရင်းသား ရခိုင်ယောကျာ်းများက အလောင်းများ မြှုပ်ရန် ကြိုးပမ်းအားထုတ်မှုများ ရှိခဲ့သည်။ နေရာအများအပြားတွင် ကျင်းများ တူးထားပြီး အလောင်းများကို ထိုကျင်းများထဲတွင် ထည့်ကြသည်။[1833] စစ်ဆင်ရေးအပြီး ရက်အနည်းငယ်အကြာတွင် ဂူဒါးပြင်သို့ ပြန်လာကြသည့် ရွာသားအများအပြားက မြေကျင်းတိမ်တိမ်များမှ ထွက်နေသော အလောင်းများကို မြင်ကြရသည်။ ယင်းတို့မှာ မဲပြီး ယောင်နေသည်။ မစ်ရှင်၏ဗီဒီယိုဖိုင်များ သုံးသပ်ချက်အရ မဲနက်ပြီး ယောင်နေသည့် လူခေါင်းများမှာ ပုပ်သိုးဆွေးမြေ့နေသည့် လက္ခဏာ ဖြစ်သည်။[1834]

၈၃၁။ စစ်ဆင်ရေး အပြီး သုံးရက်အကြာလောက်တွင် ရွာသို့ ပြန်လာခဲ့သော အင်တာဗျူး ဖြေဆိုသူ တစ်ဦးက ကျင်းများထဲမှ တစ်ကျင်းမှ မြေကြီးများ ဖယ်ရှားလိုက်သည့်အခါ မဲနေသော အလောင်းများကို မီးလောင်ထားသည့် မျက်နှာများသဖွယ် တွေ့မြင်ရသည်ကို ပြောပြသည်။ မြင်ကွင်းနှင့် အနံ့အသက်များက သူ့ကို ပျို့အန်စေသည်။[1835] "နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး" အပြီး ၁၂ ရက်အကြာတွင် ရွာကိုပြန်လာသော အင်တာဗျူးဖြေဆိုသူတစ်ဦးက အလောင်းများထည့်ထားသည် ကျင်းကြီး တစ်ကျင်းတွေ့ရပုံကို ပြောပြသည်မှာ-

1832 CI-103, LI-065, YI-016.
1833 CI-103, LI-062, LI-063, LI-088, YI-016.
1834 LI-062, LI-063.
1835 LI-063.

*သူတို့ကို သေချာဖုံးမထားဘူး။ ဒါကြောင့် ဖောင်းပြီး မျက်နာတွေမဲနေတဲ့ အလောင်းတွေကို ကျနော် တွေ့ရတယ်။ အလောင်းတွေက သိပ်ပုပ်နေတော့ ကျနော် ဘယ်သူ့ကိုမှ အသုဘ မလုပ်ပေးနိုင်တော့ဘူး။ ခေါင်းတော်တော်များများ ခန္ဓာကိုယ်နဲ့ တခြားစီ ဖြစ်နေတာ ကျနော်တွေ့ရတယ်။ အလောင်းတွေက နေရာအတော်များများမှာ ပြန့်ကျဲနေတယ်။ တချို့က တနေရာထဲမှာ စုပုံထားပြီး တချို့ကို ကျင်းတွေထဲမှာ မြှုပ်ထားတယ်။ ကလေးတွေနဲ့ မိန်းမတွေရဲ့အလောင်းတွေလည်း ပါတယ်။ ရွာမှာ ကျနော်တစ်နာရီပဲ နေတယ်။ ဒါပေမယ့် အဲဒါက သိပ်ကိုခြောက်ခြားဖို့ကောင်းလွန်းလို့ ဘင်္ဂလားဒေ့ရှ်ကိုလာတဲ့ လမ်းတလျှောက်လုံး ကျနော်ငိုနေမိတယ်။*[1836]

၈၃၂။ ထွက်ပြေးလွတ်မြောက်လာသော ရိုဟင်ဂျာများသည် မြစ်တလျှောက် အိမ်နီးချင်းရိုဟင်ဂျာ ကျေးရွာများတွင် ခိုလှုံခဲ့ကြသည်။ သို့မဟုတ် သစ်တောဧရိယာများတွင် ပုန်းအောင်းနေခဲ့ကြသည်။[1837] ရက်အနည်းငယ်ကြာသည့်အခါ ရွာမှယောက်ျားအချို့က အစားအစာနှင့် အခြားသောပစ္စည်းများ ပြန်ယူခဲ့ကြသည်။ သို့ရာတွင် သူတို့သည် တပ်မတော်နှင့် ထပ်မံတွေ့ကြုံပြီး အရေအတွက်အတော်များများမှာ ထွက်ပြေးရန် ကြိုးပမ်းစဉ် ပစ်သတ်ခံခဲ့ရသည်။[1838]

၈၃၃။ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" အတွင်း သတ်ဖြတ်ခံရသည့် ဂူဒါးပြင်ရှိ ရိုဟင်ဂျာ ရွာသားများ၏ စာရင်းအတိအကျကို တွက်ချက်ရန် ခက်ခဲခဲ့သော်လည်း ရိုဟင်ဂျာအသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများက အကြမ်းဖက်မှုမှ ထွက်ပြေးလာနိုင်ခဲ့ကြသော ရွာသွားများနှင့် တွေ့ဆုံစကားပြောပြီး စာရင်းများ ပြုစုခဲ့သည်။ သူတို့က စစ်ဆင်ရေး တလျှောက်တွင် လူပေါင်း ၂၄၃ ဦး သတ်ခံရသည်ဟု ခန့်မှန်းသည်။[1839] ထိုစာရင်း၏တိကျမှန်ကန်မှုကို မစ်ရှင်က အတည်မပြုနိုင်သော်လည်း လူအရေအတွက် အမြောက်အများ သေဆုံးခဲ့သည်ဆိုသည့် ရရှိထားသော အချက်အလက်များနှင့် ကိုက်ညီသည်။

*ကိုးတန်ကောက်*

၈၃၄။ (ရိုဟင်ဂျာများက ကိုးတန်ကောင်းဟု သိသော) ကိုးတန်ကောက်သည် ဘင်္ဂလား ပင်လယ်အော်တလျှောက် ပင်လယ်ကမ်းခြေတလျှောက်ရှိ မောင်တော၏တောင်ဘက်စွန်းကို ပိုင်းခြားထားသော ရသေ့တောင်မြို့နယ်ရှိ ကျေးရွာအုပ်စု ဖြစ်သည်။ ကျေးရွာအုပ်စုတွင် ရွာလေးရွာပါဝင်ပြီး ရိုဟင်ဂျာနှစ်ရွာနှင့် တိုင်းရင်းသားရခိုင်ရွာ နှစ်ရွာ ပါဝင်သည်။ ကိုးတန်ကောက်ရှိ အကြီးမားဆုံး ရိုဟင်ဂျာရွာ (ရိုဟင်ဂျာတို့က ဒွန်ဆေးပါရာ ဟုခေါ်သည်) တွင် အိမ်ထောင်စု ၁,၀၀၀ ခန့်ရှိသည်။[1840] ကျေးရွာအုပ်စုတွင် ရွှေ့ပြောင်းအခြေချနေထိုင်သော နေရာ နှစ်နေရာပါဝင်ပြီး နှစ်ခုစလုံးတွင် ၂၀၁၂ ခုနှစ်တွင် အခြား ရသေ့တောင်မြို့နယ် အတွင်းမှ ပြောင်းရွှေ့လာသော ရိုဟင်ဂျာများ နေထိုင်ကြသည်။[1841] ကျေးရွာအုပ်စုအတွင်း စစ်တပ် စခန်းနှင့် နယ်ခြားစောင့်ရဲကင်း စခန်းတစ်ခု ရှိသည်။[1842]

1836 LI-062.
1837 LI-062, YI-013, YI-014, YI-018.
1838 CI-103, YI-015.
1839 K-154.2.
1840 QI-113, K-158.3, K-158.4.
1841 RI-002, RI-003.
1842 CI-116, CI-137, LI-100, YI-007.

၈၃၅။ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက် ARSA တိုက်ခိုက်သောနေရာများမှ တစ်ခု[1843] ဖြစ်သည့်အတွက် ကိုးတန်ကောက်သည် အနီးကပ် စောင့်ကြည့်ခံရသည့် နေရာဖြစ်သည်။ ယင်းတွင် စစ်တပ်အင်အား အများအပြားရှိခြင်း၊ ရွာသားများအား အဆက်မပြတ် တိုးမြှင့်ဖိနှိပ်ခြင်းတို့ပါဝင်သည်။[1844] ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် လူထုများသည် ကုလသမဂ္ဂ ဌာနေတာဝန်ခံနှင့် ထိတွေ့မှုအတွက် တုန့်ပြန်သည့်အနေဖြင့် နှိပ်စက်ညှင်းပမ်းမှုနှင့် အစုအပြုံလိုက် ဖမ်းဆီးမှုများလုပ်ဆောင်ခဲ့သည်။[1845] ၂၀၁၇ ခုဩဂုတ်လတွင် နောက်ထပ်တင်းမာမှုများ တိုးများလာသည်။ ရွာသားများကို NVC ကဒ်များ လက်ခံရန် တောင်းဆိုသည့် ခြိမ်းခြောက်သော အစည်းအဝေးများ ပြုလုပ်ခဲ့သည်။[1846] ယုံကြည်ရလောက်သော အစီရင်ခံချက်များအရ ထိုအချိန်ခန့်တွင် တပ်မ ၃၃ သည် ကျေးရွာအုပ်စုသို့ရောက်ရှိလာခဲ့ကြောင်း ညွှန်ပြနေပြီး[1847] ရက်အနည်းငယ်အကြာတွင် သေဆုံးသွားသည့် ယောကျ်ားတစ်ဦးအား ရိုက်နှက်ခြင်းတွင် တာဝန်ရှိကောင်း ရှိနိုင်သည်။[1848] ၂၀၁၇ ခု ဩဂုတ်လအလယ်တွင် ရေတပ်သင်္ဘောနှစ်စီးသည် ကိုးတန်ကောက် ကမ်းလွန်တွင် နေရာယူထားသည်။[1849]

၈၃၆။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နံနက် ၄ နာရီခန့်တွင် ကိုးတန်ကောက် ကျေးရွာအုပ်စုအတွင်း ARSA တိုက်ခိုက်မှု ၂ ခု ဖြစ်ပွားခဲ့ကြောင်း တပ်မတော်က စွပ်စွဲသည်။[1850] ကိုးတန်ကောက်[1851]နှင့် အနီးအနားရှိ ချိန်ခါလီ[1852] ကျေးရွာ နှစ်ခုစလုံးတွင် နေထိုင်သူများ သေနတ်သံများ ကြားကြရသည်။ ထိုခိုက်ကျဆုံးမှုကို အစိုးရက ထုတ်ဖော်ပြောဆိုခြင်းမရှိသော်လည်း ARSA အဖွဲ့ဝင် ခုနစ်ဦး သေဆုံးကြောင်း မှတ်သားထားသည်။[1853]

၈၃၇။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ စောစောပိုင်းတွင် တပ်မတော် စစ်သားများသည်[1854] အတူလိုက်ပါလာသည့် အခြားသော လုံခြုံရေး တပ်ဖွဲ့များ[1855]နှင့် တိုင်းရင်းသားရခိုင်များ[1856] နှင့် အတူ ချိန်ခါလီကို တောင်ဘက်မှ ဝင်ရောက်လာပြီး[1857] ရွာသားများကို သေနတ်ဖြင့် ပစ်သည်။[1858] ရိုဟင်ဂျာ အချို့သည် သစ်တောများရှိသော တောင်တန်းများပေါ်သို့ ထွက်ပြေးခဲ့ကြပြီး[1859]

---

[1843] အခန်း D.1.c တွင်ကြည့်ပါ။ ရခိုင် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော်

[1844] CI-118, CI-119, CI-181, CI-182, LI-045, LI-053, LI-118.

[1845] ဤအပိုင်း။ အခန်း D.1.c။ ရခိုင် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော်။

[1846] CI-181, CI-182, CI-183.

[1847] CI-181, CI-182, LM-014, V-067.

[1848] CI-181, CI-182.

[1849] LI-045, LI-052, LI-053, LI-100, QI-113.

[1850] ပြန်ကြားရေး ကော်မတီက ARSA သည် ကိုးတန်ကျောက် ရဲစခန်းကို နံနက် ၄း၅၀ နာရီတွင် တိုက်ခိုက်ကြောင်း ထုတ်ပြန်သည်။ တပ်မတော် စစ်ကြောင်းများ နံနက် ၅း၁၅ နာရီတွင် ရောက်ရှိလာပြီး တုန့်ပြန် တိုက်ခိုက်ရာ တိုက်ခိုက်သူ ခြောက်ဦး သေဆုံးသည်။ ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။) https://www.facebook.com/InfomationCommittee/posts/785202504986191

[1851] CI-116, LI-100

[1852] CI-014, CI-030, CI-031, CI-137, CI-181, QI-003

[1853] ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။) https://www.facebook.com/InfomationCommittee/posts/785202504986191

[1854] CI-014, CI-030, CI-031, CI-137, LI-045, LI-052, LI-053, LI-100, YI -006, YI-007, WI-029, WI-030, V-067.

[1855] CI-137, LI-053, QI-002.

[1856] CI-137, LI-052, LI-053, YI-006, LI-045, K-076.22.

[1857] CI-014, CI-030, LI-052, LI-053, QI-002.

[1858] CI-014, CI-137.

[1859] CI-014, CI-030, CI-031, CI-137, LI-053, WI-029, WI-030, YI-007, V-067.

ထွက်ပြေးနေစဉ် လူအများအပြား သေနတ်ဖြင့် ပစ်ခံရသည်။[1860] အခြားသူများမှာ ပစ်မှတ်ထား သတ်ဖြတ်မှုများကြောင့် သေဆုံးရပြီး သူတို့၏လည်ပင်းများ လှီးဖြတ်ခံရပြီး သို့မဟုတ် ဓါးဖြင့် အထိုးခံရပြီး သေဆုံးကြသည်။[1861] တိုက်ခိုက်မှုအပြီး ရွာကို ပြန်သော သူများသည် ကလေးများအပါအဝင် လည်လှီးထားသောအလောင်းများ နှင့် ခန္ဓာကိုယ်မှ ပြတ်နေသော ခါင်းများကို တွေ့ကြရသည်။[1862] အသက်မသေပဲ ရွာပြန်သွားသူ တစ်ဦးက ပြန်ပြောသည်မှာ-

> *ကျနော့်ရဲ့ ခြောက်လသား သားလေးရဲ့အလောင်းကို ကျနော့်မိန်းမအလောင်းဘေးမှာ လဲနေတာ တွေ့တယ်။ သူမက သေနတ်နဲ့ပစ်ခံရတယ်။ ကျနော့်ကလေးလေးက ဗိုက်မှာ ဓါးထိုးခံရပြီး အူတွေအသည်းတွေ ထွက်နေတယ်။ သူ့ရဲ့အလောင်းလေးကို ကျနော့်ပေါင်ပေါ်တင်လိုက်တဲ့အခါ ကျနော့်တကိုယ်လုံး သူ့သွေးတွေ ပေသွားတယ်။*[1863]

၈၃၈။ ထို့နောက် စစ်သားများက တောင်ဘက်ပိုင်းမှ မြောက်ဘက်ပိုင်းသို့ ရွှေ့ပြောင်းပြီး စနစ်တကျပုံစံဖြင့် အိမ်များကို စတင်မီးရှို့သည်။[1864] "လောင်ချာများ" အသုံးပြုသည်[1865] သာမက ဓါတ်ဆီနှင့်မီးခြစ်များလည်း အသုံးပြုသည်။[1866] ရွာသားတစ်ယောက်က ထင်မြင်ချက်ပေးသည်မှာ "သူတို့အားလုံးကို မီးရှို့သွားတယ်။ သစ်ပင်တစ်ပင်တောင် မကျန်ဘူး။"[1867] မသန်စွမ်းသူများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများအပါအဝင် ထွက်မပြေးနိုင်သည့် လူအများအပြားမှာ သူတို့၏ အိမ်များအတွင်း မီးရှို့ခြင်း ခံကြရသည်။[1868] အလောင်းအတော်များများကို မီးလောင်နေသော အိမ်များထဲသို့ ပစ်သွင်းခဲ့ကြသည်။[1869]

၈၃၉။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်နေ့တွင် မြောက်ဘက် တစ်ကီလိုမီတာခွဲ အကွာ ကိုးတန်ကောက် ကျေးရွာတွင် တပ်မတော်က "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" လုပ်ခဲ့သည်။[1870] ထိုနေ့ နံနက်စောစောတွင် အခြားလုံခြုံရေးတပ်ဖွဲ့များ[1871] နှင့် တိုင်းရင်းသားရခိုင်များ[1872] လိုက်ပါလျက် တပ်မတော်စစ်သား အုပ်စုတစ်စုသည် ရွာကို နှစ်ဘက်စလုံးမှ ဝင်ရောက်ခဲ့ကြသည်။[1873] စစ်ဆင်ရေးကို တပ်မတော်က ဦးဆောင်ပြီး ထွက်ပြေးနေသော လူများဘက်သို့ ရွာထဲသို့ သေနတ်များဖြင့် ပစ်ခဲ့သည်။

၈၄၀။ ကမ်းလွန်တွင် တပ်စွဲထားသော ရေတပ်စစ်သင်္ဘောများမှလည်း ရွာဆီသို့ လက်နက်ကြီးများဖြင့် လှမ်းပစ်သည်။[1874] စစ်တပ်က အိမ်များကို "လောင်ချာများ" ဖြင့်လည်း ပစ်ခတ်သည်။[1875] သက်ကြီးရွယ်အိုများ[1876]နှင့် မသန်စွမ်းသူ[1877] အများအပြားမှာ သူတို့၏ နေအိမ်များအတွင်းတွင်ပင် မီးရှို့ခြင်း ခံလိုက်ကြရသည်။ သူတို့၏အလောင်းများကို

---

1860 CI-030, CI-137, LI-053.
1861 CI-030, CI-137, LI-045.
1862 CI-030, CI-137, LI-052, WI-030, YI-006.
1863 CI-030.
1864 CI-014, LI-052, LI-053, WI-029.
1865 CI-014, C-030, CI-137, YI-006, YI-007.
1866 CI-030.
1867 LI-045.
1868 CI-030, CI-137, LI-045, LI-052, LI-053.
1869 CI-137, LI-053, WI-029.
1870 CI-116, V-067.
1871 CI-116, CI-118, LI-100.
1872 CI-116, LI-100, QI-003, QI-33.
1873 CI-116, CI-118, LI-100, QI-113, XI-001, K-076.21.
1874 CI-183, LI-100, QI-113, V-081.
1875 CI-118, LI-100, QI-33, QI-034.
1876 QI-113.
1877 CI-116, CI-119, LI-100, QI-113.

အသက်ရှင်ကျန်ရစ်သူများကို သို့မဟုတ် အစားအစာနှင့် ပိုင်ဆိုင်သော ပစ္စည်းများကို ရှာဖွေရန် နောက်ပိုင်း ရက်များတွင် ရွာသို့ပြန်လာသောဆွေမျိုးများက တွေ့ရှိခဲ့ကြသည်။[1878]

၈၄၁။ နေရာနှစ်ခုစလုံးတွင် မုဒိန်းပြုကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ဖြစ်ပွားခဲ့သည်။ ကိုးတန်ကောက်ရွာတွင် လူတစ်ယောက်က အဝတ်အစားမရှိပဲ သွေးထွက်နေသော မိန်းကလေးတစ်ဦးကို တွေ့ခဲ့သည်။ မိန်းကလေးက စစ်သားများက မုဒိန်းကျင့်သွားခဲ့ကြောင်း သူ့ကို ပြောပြသည်။ မိန်းကလေးမှာ သေဆုံးသွားသည်။[1879] တပ်မတော်စစ်သားများက သူ၏ မိန်းမကို မုဒိန်းကျင့်ပြီး လည်လှီးသတ်ဖြတ်ရုံသာမက အသက်ငါးနှစ်အောက် သူ၏ ကလေးသုံးယောက်ကိုပါ သတ်ဖြတ်သွားသည်ကို မြင်တွေ့လိုက်ရသော ချိန်ခါလီမှ ယောကျ်ားတစ်ယောက်အကြောင်း အစီရင်ခံချက်တစ်ခုကို မစ်ရှင်ကရရှိခဲ့သည်။[1880]

၈၄၂။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၆ ရက် ဂြိုလ်တုပုံရိပ်သုံးသပ်ချက်က ရိုဟင်ဂျာ ကျေးရွာအားလုံးနှင့် ကျေးရွာအုပ်စုအတွင်းရှိ ဒုက္ခသည်စခန်းနှစ်ခုမှာ မီးလောင် ပျက်စီးသွားကြောင်း အတည်ပြုချက်ပေးသည်။ တိုင်းရင်းသားရခိုင်ကျေးရွာနှစ်ခုမှာ ထိခိုက်ပျက်စီးမှု မရှိပဲ ကျန်ရစ်သည်။[1881]

၈၄၃။ စုစုပေါင်းသေဆုံးသူဦးရေကို မသိနိုင်သည့်အချိန်တွင် ရိုဟင်ဂျာ အသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများက ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဒုက္ခသည်စခန်းများတွင် ပြုစုခဲ့သော ထိခိုက်သေဆုံးသူ အရေအတွက်မှာ ချိန်ခါလီတွင် ရိုဟင်ဂျာ ၉၄ ဦး သေဆုံးပြီး ကိုးတန်ကောက်တွင် ရိုဟင်ဂျာ ၉၄ ဦး သေဆုံးကာ ကျေးရွာအုပ်စုအတွင်း စုစုပေါင်း သေဆုံးသူမှာ ၁၈၀ ကျော်ရှိသည်။[1882] မစ်ရှင်အနေဖြင့် ထိခိုက်သေဆုံးသူအရေအတွက်ကို အတည်မပြုနိုင်ပဲ ရှိနေချိန်တွင် အင်တာဗျူးဖြေဆိုသူတိုင်း နီးပါးက “နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး” အတွင်း အနည်းဆုံးမိသားစုဝင်တစ်ဦး သေဆုံးကြောင်းနှင့် အများအပြားမှာ မိသားစုဝင်အများအပြား ဆုံးရှုံးခဲ့ကာ အခြားယုံကြည်စိတ်ချရသော အရင်းအမြစ်များက ဤကျေးရွာအုပ်စုအတွင်း သိသာထင်ရှားသော ထိခိုက်သေဆုံးမှုများ ရှိနေကြောင်းကို မှတ်သားရသည်။[1883]

၈၄၄။ စစ်ဆင်ရေးကို တပ်မတော်က ဦးဆောင်ခဲ့ပြီး ယုံကြည်စိတ်ချရသော လွတ်လပ်သည့် အရင်းအမြစ်အများအပြား၏ ဖော်ပြချက်အရ တပ်မ ၃၃ ပါဝင်သည်။[1884] တိုင်းရင်းသား ရခိုင်များသည်လည်း ပါဝင်ကြောင်း အိမ်နီးချင်းများနှင့် လက်ရှိနှင့် ကျေးရွာဥက္ကဋ္ဌ ဟောင်းများက မှတ်မိသိရှိကြသည်။[1885] တိုင်းရင်းသားရခိုင် အများစုမှာ အရပ်ဝတ်များ ဝတ်ဆင်ပြီး ဓါးရှည်များကိုင်ဆောင်ကြသည်။[1886] ချိန်ခါးလီတွင် အချို့မှာ ယူနီဖောင်းဝတ်ပြီး သေနတ်များ ကိုင်ဆောင်ခဲ့ကြသည်။[1887] ၂၀၁၂ မှစတင်လှုပ်ရှားခဲ့သည့် ဒေသခံ ရခိုင်

---

[1878] LI-100, QI-034, QI-113.

[1879] XI-001.

[1880] CI-181, CI-182, LI-052.

[1881] K-158.4. မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တု ပုံရိပ် သုံးသပ်ချက်။

[1882] K-153.2.

[1883] ဥပမာကြည့်ပါ Amnesty International, *မိမိတို့ အကုန်လုံးဖျက်ဆီး ပစ်မည်။ ရခိုင်ပြည်နယ်တွင် လူသားမျိုးနွယ်အပေါ် ကျူးကျော်သော ရာဇဝတ်မှုများအပေါ် တပ်မတော်၏ တာဝန်ရှိမှု (၂၀၁၈ ခုနှစ်) စာမျက်နှာ ၇၆-၆၉*

[1884] K-153.3, V-067.

[1885] CI-030, CI-137, LI-052.

[1886] LI-052, LI-053, YI-006, K-076.22.

[1887] YI-006

ပြည်သူ့စစ်များသည်လည်း ချိန်ခါးလီတွင် ပါဝင်ကြောင်း ဖော်ထုတ်ခဲ့ကြသည်။[1888] ကိုးတန်ကောက်တွင် တိုင်းရင်းသားရခိုင်များသည် အိမ်များမီးရှို့ခြင်းနှင့် လုယက်ခြင်းတို့တွင် ပါဝင်ကြသည်။[1889]

*မောင်တောတောင်ပိုင်း*

၈၄၅။ မောင်တောမြို့နယ် တောင်ပိုင်း သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ စတင်သော တပ်မတော် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး"၏ အစပျိုးအဆင့်တွင် အဓိကပစ်မှတ်တစ်ခုဖြစ်သည်။ ဩဂုတ် ၂၅ ရက် နံနက်စောစောတွင် စစ်ဆင်ရေး အများအပြားစတင်ခဲ့သည်။ ရက်အနည်းငယ်အတွင်းတွင် စစ်ဆင်ရေးများကို ဘင်္ဂလားပင်လယ်အော်နှင့် ဘူးသီးတောင်နှင့် မောင်တော မြို့နယ်များကို ပိုင်းခြားထားသော သစ်တောထူထပ်သည့် တောင်တန်းများအကြားရှိ မြေဩဇာကောင်းမွန်သော လွင်ပြင်များ တလျှောက်တည်ရှိနေသည့် ဒါဇင်နှင့် ချီသော ရိုဟင်ဂျာ ကျေးရွာများကို လွှမ်းခြုံသွားသည့် ကျယ်ပြန့်လှသော နယ်မြေတလွှားတွင် အကောင်အထည်ဖော်ခဲ့သည်။ ယင်းသည် ARSA တိုက်ခိုက်မှု အများအပြား ဖြစ်ပွားခဲ့ရာ ဒေသလည်း ဖြစ်သည်။ မစ်ရှင်သည် စစ်ဆင်ရေးပေါ်တွင် အသေးစိတ် အချက်အလက်များကို ကျေးရွာအုပ်စု လေးခုမှသာ ရယူခဲ့သော်လည်း ယင်းတို့သည် ဤဇရိယာတွင် မြင်တွေ့ရသည့် ပုံစံကို ထင်ဟပ်ပေါ်လွင်စေသည်။

*ကျောက်ပန်းတု*

၈၄၆။ ကျောက်ပန်းတု ကျေးရွာအုပ်စု- ရိုဟင်ဂျာများက ရှီတာဖာဝရီကာ ဟု သိကြသည်- တွင် ရိုဟင်ဂျာ ကျေးရွာ နှစ်ခု နှင့် တိုင်းရင်းသားရခိုင် နတလ ကျေးရွာ တစ်ခု ရှိသည်။ နယ်ခြားစောင့်ရဲ စခန်းမှာ နတလ ကျေးရွာအတွင်းတွင် တည်ရှိသည်။[1890] ARSA သည် ဩဂုတ်လ ၂၅ ရက်နေ့တွင် ကျောက်ပန်းတုရှိ နယ်ခြားစောင့်ရဲကင်းစခန်းကို တိုက်ခိုက်ခဲ့ပြီး[1891] ARSA က အနီးအနားရှိ တံတားငယ်လေးတစ်ခုကို ဖျက်ဆီးခဲ့ကြောင်း တရားဝင် မှတ်တမ်းများ ရှိသည်။[1892] ရိုဟင်ဂျာရွာသားများက ဩဂုတ်လ ၂၅ ရက်နေ့ နံနက် ၃ နာရီခန့်တွင် သေနတ်သံများ ကြားခဲ့ကြသည်။[1893]

၈၄၇။ တပ်မတော်သည် နယ်ခြားစောင့်ရဲစခန်း လမ်းကြောင်းအတိုင်း ရောက်ရှိလာပြီး အိမ်နီးချင်း ရိုဟင်ဂျာ ကျေးရွာ နှစ်ခုတွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး"ကို ချက်ချင်းပင် စတင်ခဲ့သည်။ သူတို့နှင့်အတူ လက်နက်ကိုင်ထားသော နယ်ခြားစောင့်ရဲအရာရှိများ ပါဝင်ပြီး ရခိုင်တိုင်းရင်းသား ရွာသားများဟု ယူဆရသည့် ယူနီဖောင်းဝတ်မထားသူများက ဓါးများ ကိုင်ဆောင်ထားကြသည်။[1894] တပ်မ ၉၉ မှ တပ်ဖွဲ့ဝင်များ စစ်ဆင်ရေးတွင် ပါဝင်ခဲ့ကြသည်။[1895] "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" မှာ အနည်းဆုံး နှစ်ရက် ကြာမြင့်ခဲ့ပြီး လူဦးရေ အမြောက်အများ

---

[1888] CI-181, CI-183, LI-052.

[1889] CI-016, CI-183, LI-100, QI-002, XI-001.

[1890] LI-130.

[1891] K-154.2, ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။)၊ https://www.facebook.com/InfomationCommittee/posts/785202504986191.

[1892] "ကျောက်ပန်းထု။ နံနက် ၈း၅ နာရီတွင် အစွန်းရောက် အကြမ်းဖက်သမားများသည် ကျောက်ပန်းထု ရွာ အနီးရှိ ကွန်ကရစ် တံတားဟောင်းငယ်အား ဖောက်ခွဲပစ်လိုက်သည်။" ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။) https://www.facebook.com/InfomationCommittee/posts/785202504986191

[1893] CI-138, WI-016.

[1894] CI-138, LI-039, LI-120, QI-013, WI-016, YI-010.

[1895] RI-012, ZI-001, K-153.3

သေဆုံး သို့မဟုတ် ဒဏ်ရာရရှိခဲ့ပြီး ကျေးရွာအုပ်စုအတွင်းရှိ ရိုဟင်ဂျာ ကျေးရွာ နှစ်ခုစလုံးနှင့် သူတို့၏ပိုင်ဆိုင်မှု အားလုံးနီးပါး[1896]ကို မီးရှို့ဖျက်ဆီးခဲ့သည်။[1897] ဒုတိယနေ့တွင် နောက်ထပ် တပ်မတော်သားများ ခြေလျင်ဖြင့် အိမ်နီးချင်း သင်္ဘောကွေ့ကျေးရွာအုပ်စုမှ တောင်ဘက်သို့ ဦးတည်ပြီး ရောက်ရှိလာကြကြောင်း အစီရင်ခံချက်များရှိသည်။[1898]

၈၄၈။ စစ်ဆင်ရေးအတွင်း လူများက အိမ်များကိုချန်ထားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့များက အော်တော်မစ်တစ်ရိုင်ဖယ်များဖြင့် ပစ်ခတ်ခဲ့သည်။ ထွက်ပြေးသောသူများအား ထိမှန်သည်၊ ဒဏ်ရာရသည်၊ သို့မဟုတ် သေဆုံးကြသည်။[1899] မိသားစုဝင်များ ထွက်ပြေးပြီးနောက် အသက်အရွယ်ကြီးရင့်သော အမျိုးသမီးတစ်ဦး အိမ်တွင်ကျန်နေရစ်သည်။ သူ့သားကသူ့ကို ပြန်လာခေါ်သည့်အခါ သူ၏ဦးခေါင်းတွင် သေနတ်ထိမှန်ပြီး သေဆုံးနေသည်။[1900]

၈၄၉။ ဖမ်းဆီးမိသော သို့မဟုတ် ဒဏ်ရာရသော ရိုဟင်ဂျာအချို့ကို သတ်ဖြတ်ရန်အတွက် ဓါးများကို အသုံးပြုကြသည်။[1901] မျက်မြင်သက်သေတစ်ဦး၏ ယောက်ဖတော်သူတစ်ဦးမှာ ပေါင်တွင်သေနတ်ထိမှန်ပြီးနောက် မပြေးနိုင်သည့်အခါတွင် အသတ်ခံလိုက်ရသည်။ သူ့ကို ခန့်မှန်းခြေ စစ်သား ၁၂ ယောက်က ဝိုင်းထားခဲ့ပြီး သူတို့ထဲမှနှစ်ဦးက သူ့ကိုကိုင်ထားခဲ့ပြီး တစ်ဦးက သူ့ခေါင်းကိုနောက်သို့လှန်ကာ တတိယတစ်ဦးက သူ၏လည်ပင်းကို လှီးခဲ့သည်။[1902] နောက်မျက်မြင်သက်သေတစ်ဦးက မြစ်အနီးတွင် သူတို့မိသားစုပုန်းနေစဉ် မြန်မြန်မပြေးနိုင်သော သက်ကြီးရွယ်အိုလေးဦး ဖမ်းမိပြီး ရိုက်ခံရသည်ကို ပြန်ပြောပြခဲ့သည်။ နောက်ပိုင်း သူတို့လေးဦး အသတ်ခံရသည်ဟု သူကြားခဲ့ရသည်။[1903] လူအများအပြားမှာ လယ်ကွင်းများ၊ ကျေးရွာများနှင့် သစ်တောဖုံးသောတောင်တန်းများအကြားရှိ ရှုံမြောင်များအတွင်း ပုန်းခိုခဲ့ကြသည်။ အချို့မှာ အသတ်ခံကြရသည်။[1904] ရွာကိုပြန်သွားသော ရွာသားတစ်ယောက်က မြောင်းတစ်ခုထဲတွင် သူ့အဖေနှင့်သူ့တူမ အပါအဝင် အလောင်း ၁၂ လောင်းကို တွေ့ရှိခဲ့သည်။ ထိုနေရာတွင် လူအများ အကာအကွယ်ယူသည်ကို သူတွေ့ရှိခဲ့ရပြီး စစ်သားများလည်း တွေ့ရှိသွားသွားကြောင့် သူတို့အား သတ်ဖြတ်ခဲ့သည်ဟု သူကယုံကြည်သည်။[1905] ဖမ်းမိသော သို့မဟုတ် ဒဏ်ရာရသော သူများကိုလည်း လုံခြုံရေးတပ်ဖွဲ့များက မီးလောင်နေသောအိမ်များအတွင်း တွန်းထည့်သည်ကို မြင်တွေ့ခဲ့ကြရသည်။[1906] တခြားထွက်မပြေးနိုင်သောလူများသည် သူတို့၏ အိမ်များထဲတွင် မီးရှို့ခံခဲ့ရပုံ ရသည်။

၈၅၀။ ရွာကိုဖျက်ဆီးမှုမှာ အနည်းဆုံးနှစ်ရက်ကြာမြင့်ပြီး "လောင်ချာ" များအသုံးပြုမှု ပါဝင်ခဲ့သည်။[1907] ပလီနှင့် ကျောင်းအပါအဝင် ရွာတစ်ရွာလုံး မီးရှို့ဖျက်ဆီးခံခဲ့ရသည်။[1908]

၈၅၁။ ထွက်ပြေးနိုင်သောရွာသားများမှာ အနောက်ဘက်ရှိသစ်တောများရှိသော တောင်တန်းများပေါ်တွင် ခိုလှုံခဲ့ကြပြီး[1909] ခက်ခက်ခဲခဲအခြေအနေတွင် ရက်ပေါင်းများစွာ

---

[1896] မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တု ပုံရိပ် သုံးသပ်ချက်။
[1897] CI-138, LI-020, WI-016.
[1898] LI-120.
[1899] CI-014, CI-138, LI-005, LI-028, LI-039, RI-012, WI-016, ZI-001.
[1900] LI-039.
[1901] LI-039, WI-016.
[1902] WI-016.
[1903] LI-120.
[1904] CI-138, QI-013.
[1905] QI-013.
[1906] LI-005, LI-039.
[1907] CI-138, LI-039, LI-120, QI-013, YI-010.
[1908] LI-039, WI-016.

ပုန်းနေကြရသည်။ လုံခြုံရေးတပ်ဖွဲ့များ မြောက်ဘက်သို့ ပြန်သွားပြီးသည့်အချိန်တွင် အချို့သော ရွာသားများမှာ သူတို့၏ရွာများသို့ ညအချိန်တွင် ပြန်သွားနိုင်ကြသည်။[1910] သူတို့သည် အလောင်း အရေအတွက်အများအပြားကို တွေ့ရှိခဲ့ကြပြီး အချို့အတွက် အသုဘ အခမ်းအနားလုပ်ပေးခဲ့ကြသည်။ ပြန်သွားခဲ့သော ရွာသားတစ်ယောက်က အလောင်း ၂၅ လောင်းခန့်ကို မြှုပ်ပေးခဲ့ရသည်ကို ပြန်ပြောပြသည်။ သေဆုံးသူများမှာ အသက် ၁ လမှ ၈၀ နှစ်အထိရှိပြီး ယောကျ်ားရော မိန်းမများပါ ပါဝင်သည်။ သူက အိမ်များတွင် မီးလောင် သေဆုံးနေသော အသက်ကြီးရွယ်အို ၁၀ ဦးကိုလည်း တွေ့မြင်ခဲ့သည်။ [1911]

၈၅၂။ တိုင်းရင်းသားရခိုင်ရွာသားများသည် မီးမရှို့မီတွင် ရိုဟင်ဂျာအိမ်များမှ ပစ္စည်းများကို လုယူကြပြီး အိမ်အပြင်တွင် ပစ္စည်းများစုပုံထားကာ မော်တော်ယာဉ်များဖြင့် နောက်ပိုင်းတွင်မှ သယ်ယူကြသည်။[1912]

၈၅၃။ ရက်ပေါင်းများစွာ ပုန်းအောင်းနေပြီး အိမ်မပြန်နိုင်သည့်အခါ ရွာသားအများအပြားမှာ ဘင်္ဂလားဒေ့ရှ်သို့ ထွက်ခွာခဲ့ကြသည်။ လူတစ်ဦးက ရိုဟင်ဂျာများ မေရူလာ ဟု ခေါ်သည့် မြင်းလွှတ်သို့ မြောက်ဘက်ခရီးကို လမ်းလျှောက်သွားရပုံကို ပြောပြသည်။ မြင်းလွှတ်ကို တိုက်ခိုက်ခြင်းမပြုမီ ထိုနေရာတွင် တစ်ညအိပ်ခဲ့ပြီး "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး"က သူတို့ကို ဒုတိယ အကြိမ် ထွက်ပြေးရစေသည်။[1913]

၈၅၄။ ကျောက်ပန်းတုတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အတွင်း မိန်းမများနှင့် မိန်းကလေးငယ်များသည် တပ်မတော်နှင့် တိုင်းရင်းသားရခိုင်ယောကျ်ားများ၏ အုပ်စုလိုက်မုဒိမ်းကျင့်ခြင်းနှင့် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာဒဏ်ရာများ ရရှိအောင် ပြုလုပ်ခံကြရသည်။ ယင်းတို့တွင် လူအစုအပြုံအလိုက် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုလည်း ပါဝင်သည်။[1914] အသက်နှစ်ဆယ်အရွယ် အမျိုးသမီးငယ် တစ်ဦးက သူ့အတွေ့အကြုံကို ပြောပြသည်မှာ-

> *ကျမယောကျ်ားက သေနတ်မှန်တယ်၊ နောက်တော့ သူ့ကို လည်လှီးသတ်လိုက်တယ်။ ကျမကို မုဒိမ်းကျင့်တယ်။ ဘာဖြစ်ခဲ့တယ်ဆိုတာ ပြန်ပြောရတာ သိပ်ခက်တယ်။ သူတို့က ကျမ အဝတ်တွေ ဆုတ်ဖြဲပစ်တယ်။ အဲဒီနောက် စစ်သားခြောက်ယောက်က ကျမကို မုဒိမ်းကျင့်တယ်။ အဲဒီနောက် ကျမသိတဲ့ ရခိုင်တိုင်းရင်းသားနှစ်ယောက်က ကျမကို မုဒိမ်းကျင့်တယ်။ သူတို့က ကျမရဲ့ ရင်သားနဲ့မျက်နှာကို ဆက်တိုက်ဖိထားကြတယ်။ ကျမမျက်နှာက အပြာရောင်တောင် ပြောင်းလာတော့မယ်။ အနီးအနားမှာနေတဲ့ တိုင်းရင်းသားရခိုင်တွေ ကျမသိတယ်။*[1915]

၈၅၅။ ရိုဟင်ဂျာအသိုင်းအဝိုင်းစေတနာ့ဝန်ထမ်းများ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ဒုက္ခသည်စခန်းများအတွင်းတွင် ပြုစုသော ထိခိုက်သေဆုံးစာရင်းတွင် သေဆုံးသူ ဦးရေ ၃၈ ဦးရှိသည်။ မစ်ရှင်က ထိုကိန်းဂဏန်းကို စီစစ်အတည်ပြုခြင်း မလုပ်နိုင်သေးချိန်တွင် ယင်းသည် ရရှိထားသော ထွက်ဆိုချက်များနှင့် ကိုက်ညီသည်။

---

[1909] LI-120, WI-016.
[1910] LI-028, LI-039, WI-016.
[1911] WI-016.
[1912] CI-138, LI-120, QI-013.
[1913] LI-120.
[1914] EI-007, EI-072, LI-020, LI-039, WI-016.
[1915] EI-072.

*မြင်းလွှတ်*

> *လူတွေက ဘက်ပေါင်းစုံကို ပြေးနေကြတယ်။ ကျမက ကိုယ့်ကလေးတွေကိုတောင် မသယ်နိုင်တော့ဘူး။ လူတိုင်းက ကိုယ့်အသက်အတွက် ကိုယ်ပြေးနေကြရတယ်။*[1916]

၈၅၆။ မြင်းလွှတ်- ရိုဟင်ဂျာများက မေရူလာဟု သိကြသည်- သည် ကျောက်ပန်းတု၏ မြောက်ဘက်တွင်ရှိသော ကျေးရွာအုပ်စု ဖြစ်သည်။ ပင်လယ်ကမ်းခြေတလျောက် မြေသြဇာကောင်းသော မြေတလျောက် ကျေးရွာ ၁၀ ရွာ ပြန့်နှံ့နေပြီး အများစုမှာ ရိုဟင်ဂျာများ ဖြစ်ကြသည်။ ကျေးရွာအုပ်စု၏ အနောက်ပိုင်းတွင် ရဲစခန်းတစ်ခု ရှိသည်။

၈၅၇။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်တွင် မြင်းလွှတ်တွင် ARSA တိုက်ခိုက်မှု တစ်ခု ဖြစ်ပွားခဲ့ပြီး တပ်မတော်က ရဲအရာရှိနှစ်ဦး သေဆုံးသည်ဟု စွပ်စွဲထားသည်။[1917] စောစောပိုင်း အချိန်များတွင် သေနတ်သံများ ဆက်တိုက်ကြားခဲ့ကြရသည်။[1918] ရွာသားတစ်ယောက်က သူတို့မိသားစု ကြောက်ရွံ့စွာ စုဝေးနေကြပုံကို ပြောပြသည်။ ကျည်ဆံများက အိမ်ထဲဝင်လာခဲ့သည်။ သူ့ဦးလေး၏အိမ်တွင် ဝမ်းကွဲတစ်ယောက် ကျည်ဆံထိမှန်ပြီး သေဆုံး သွားခဲ့သည်။[1919]

၈၅၈။ ရွာအတွင်း ပဏာမ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး"ကို ဩဂုတ်လ ၂၅ ရက် နံနက် စောစောတွင် တပ်မတော်မှ စစ်သားများနှင့် နယ်ခြားစောင့်တပ်ဖွဲ့ဝင်များ အနောက်ဘက်မှ ဝင်ရောက်လာပြီး ပြေးနေသောလူများကို သေနတ်များဖြင့်ပစ်ပြီး ပိုင်ဆိုင်မှုပစ္စည်းများကို မီးရှို့ခြင်းဖြင့် စတင်ခဲ့သည်။[1920] လူအရေအတွက်အများအပြား သေနတ်မှန်သေဆုံးခဲ့ပြီး အချို့က ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားနေခဲ့ကြသည်။[1921] လုံခြုံရေးတပ်ဖွဲ့များက လူများကို ဓါးဖြင့် လည်ပင်းလှီးခြင်းဖြင့်လည်း သတ်ဖြတ်ကြသည်။[1922]

၈၅၉။ အမှိုက်ပစ်သည့်နေရာတွင် ပုန်းအောင်းနေခဲ့သော မျက်မြင်သက်သေတစ်ဦးက စစ်ဆင်ရေးတွင် ပါဝင်သော နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို မှတ်မိသည်။ သူက သူတို့နှင့်အတူ ဘောလုံးကစားရင်း သိခဲ့ခြင်းဖြစ်သည်။[1923] မြင်းလွှတ်မြောက်ပိုင်းနှင့် တောင်ပိုင်းရှိ ပိုင်ဆိုင်မှု ပစ္စည်းအရေအတွက် အမြောက်အများမှာ "လောင်ချာများ" ကြောင့် မီးလောင်ခဲ့ရသည်။[1924] မျက်မြင်သက်သေတစ်ဦးက လုံခြုံရေး တပ်ဖွဲ့ဝင်များက ဈေးအဆောက်အဦးများနှင့် အနောက်ဘက်တွင် မဒရာဆာကို ပထမမီးရှို့ပြီး ထို့နောက်တွင် ပထမကျေးရွာကို ရွှေ့သွားကာ သူတို့သွားသည့်အတိုင်း အိမ်များကို မီးရှို့သွားခဲ့သည်။ သူက မိသားစုဝင်များနှင့်အတူ ပြေးနေစဉ် သူ့ခြေထောက်ကို ကျည်ဆံ ထိမှန်ခဲ့သည်။

> *လူတိုင်းက ကိုယ့်အသက်အတွက် ကိုယ်ပြေးနေကြတယ်။ ကျနော်က ညီမကို ထွက်ပြေးနိုင်အောင် ကူညီပေးနေတာ။ ကျနော့်ခြေထောက် ကျည်ဆံမှန်သွားပြီး ကျည်ဆံက အရိုးကို ကျိုးသွားစေခဲ့တယ်။ ကျနော်လဲကျသွားတယ်၊ ဒါပေမယ့်*

---

[1916] QI-111.

[1917] K-154.2, V-082; ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ အစွန်းရောက် အကြမ်းဖက်သမားများ မောင်တောမြို့နယ်ရှိ ရဲစခန်းများနှင့် ရဲရှေ့ကင်းစခန်းများအား တိုက်ခိုက်မှုများ အများအပြား လုပ်ဆောင်" (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။)

[1918] BI-002, QI-111, QI-112, YI-010.

[1919] QI-111.

[1920] BI-002, YI-010

[1921] EI-035, QI-112, WI-022, YI-010

[1922] WI-020, WI-022

[1923] YI-010.

[1924] BI-014, WI-022, YI -010

*ကျနော့်အဖေနဲ့ ကျနော့်ဦးလေးက ကျနော့်ကို တောအုပ်ဘေးကရွာကို သယ်သွားကြတယ်။ အဲဒီမှာ သူတို့က သွေးတိတ်အောင် ကြိုးစားကြတယ်။*[1925]

၈၆၀။ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" သည် ရက်ပေါင်းအတော်ကြာခဲ့သည်။[1926] လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်ဆင်ရေးကို ပထမဦးစွာ ရဲစခန်းနှင့်အနီးဆုံး အနောက်တောင်ပိုင်းရွာများတွင် လုပ်ဆောင်ခဲ့ပြီး နောက်ပိုင်းတွင်မှ အရှေ့ဘက်နှင့် မြောက်ဘက်သို့ ရွှေ့သွားခဲ့ပုံရသည်။ သူတို့ ရွှေ့သွားသည့်တလျောက် အဆောက်အဦများကို မီးရှို့သွားခဲ့သည်။ မျက်မြင်သက်သေတစ်ဦးက လုံခြုံရေးတပ်ဖွဲ့များ ချဉ်းကပ်လာသည့်အချိန်တွင် သူ့အိမ်မှ ထွက်ခွာပုံကို ပြန်ပြောပြခဲ့သည်။

*ကျနော် အိမ်ထဲက ထွက်ပြီးပြေးတယ်၊ ဒါပေမယ့် ကျနော် လယ်ကွင်းတစ်ခုကို ဖြတ်ပြေးတဲ့အခါ ကျနော့်ပါးစပ်ကို ကျည်ဆံလာမှန်တယ်။ ကျနော်လဲကျသွားပြီး အဲဒီမှာ သတိလစ်ပြီး လဲနေတယ်။ ကျနော်သတိရလာတော့ ကျနော့်အမေ၊ အကိုနဲ့ အမတို့ ကျနော့်ကို လာကယ်တင်ပြီး တောအုပ်ထဲကို သယ်ခဲ့တယ်ဆိုတာ သိလိုက်ရတယ်။ ကျနော်တို့ အိမ်လုံးဝ မီးလောင်သွားတာ ကျနော်တွေ့ရတယ်။ တခြားအိမ်တွေအများကြီးလည်း မီးလောင်သွားတယ်။*[1927]

၈၆၁။ အချို့လူများက မြောက်ဘက်ဆုံးရွာဖြစ်သည့် ရိုးဒါးဘက်သို့ ပြေးပြီးနောက် သစ်တောများရှိသော တောင်များဘက်သို့ပြေးသည်။ ဒဏ်ရာရသူများ၊ မိန်းမများနှင့် ကလေးများအပါအဝင် လူများသည် တောအုပ်ထဲတွင် ရက်အနည်းငယ် ပုန်းနေခဲ့ကြသည်။ ဒဏ်ရာပြင်းထန်စွာရသော သူများသည် တောအုပ်ထဲတွင် ဆေးပညာအနည်းငယ် သိကျွမ်းသော ရွာသားတယောက်ထံမှ ဆေးကုသမှုကို ခံယူရသည်။[1928]

၈၆၂။ မိန်းမများနှင့် မိန်းကလေးငယ်များသည် တပ်မတော်မှစစ်သားများနှင့် ရဲများက သူတို့အား သူတို့အိမ်များ နှင့် သူတို့ထွက်ပြေးရန် ကြိုးစားသော တောအုပ်များတွင် မုဒိန်းကျင့်ခြင်း အပါအဝင် လိင်အကြမ်းဖက်မှုများကို ခံကြရသည်။[1929] အသက်မသေပဲ ကျန်ရစ်သူ တစ်ဦးက ပြောသည်မှာ-

*စစ်တပ်တွေက ကျနော်တို့ ရွာကို လာတယ်။ ကျနော်က အိမ်နဲ့ ခပ်လှမ်းလှမ်းက အိမ်သာထဲမှာ ပုန်းနေတယ်။ ကျနော်တို့ အိမ်ကို စစ်သား ၁၀ ယောက်နဲ့ ရဲတစ်ချို့ ဝိုင်းထားတာ ကျွန်တော်တွေ့တယ်။ ဘာတွေဖြစ်နေသလဲဆိုတာ ကျနော် မြင်နေရတယ်။ ပထမသူတို့က ကျနော့်မိဘတွေကို ကြိုးနဲ့ချည်တယ်။ အဲဒီနောက် သူတို့က ကျနော့်အဖေကို သေနတ်နဲ့ပစ်ပြီး အမေကို မုဒိန်းကျင့်တယ်။ နောက်ပိုင်းမှာ သူ့ကိုလည်း သတ်လိုက်တယ်။ အဲဒီနောက်တော့ သူတို့ ကျနော်တို့အိမ်ကို မီးရှို့တယ်။ အိမ်သာက အိမ်နဲ့ ဝေးတယ်၊ ကျနော်လွတ်လာနိုင်ခဲ့တာ။*[1930]

၈၆၃။ ဂြိုလ်တုပုံရိပ်သုံးသပ်ချက်များက မြင်းလွှတ်ကျေးရွာအုပ်စုရှိ ရိုဟင်ဂျာ ကျေးရွာများမှာ ၂၀၁၇ ခု စက်တင်ဘာလ ၁၆ ရက်နေ့သို့ ရောက်သည့်အခါ မီးလောင်ပျက်စီးပြီး ဖြစ်နေကြောင်း ပြသနေသည်။ ထို့နောက် ဂြိုလ်တုပုံရိပ်သုံးသပ်ချက်က ၂၀၁၈ ဖေဖော်ဝါရီ ၁၃ ရက်နေ့

[1925] BI-002.
[1926] EI-017, LI-120.
[1927] BI-014.
[1928] BI-014.
[1929] BI-002, WI-020, V-085, V-127.
[1930] WI-020.

ရောက်သောအခါ ထိုဧရိယာကို ဘူဒိုဇာဖြင့် ထိုးထားပြီး အဆောက်အဦးများ စိုက်ခင်းများအားလုံးကို ရှင်းထားပြီးဖြစ်သည်ကို တွေ့ရသည်။[1931]

၈၆၄။ ရိုဟင်ဂျာအသိုင်းအဝိုင်း စေတနာ့ဝန်ထမ်းများက ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ဒုက္ခသည်စခန်းများတွင် ပြုစုထားသော ထိခိုက်သေဆုံးသူစာရင်းသည် မြင်းလွှတ်တွင် လူ ၇၀ အထိ သေဆုံးခဲ့သည်ကို ပြသနေသည်။ ထိုကိန်းဂဏန်းကို မစ်ရှင်က သီးခြား အတည်မပြုနိုင်သော်လည်း ယင်းမှာ ရရှိထားသော ထွက်ဆိုချက်များနှင့် ကိုက်ညီနေသည်။

*အလယ်သန်ကျော်*

၈၆၅။ အလယ်သန်ကျော် (ရိုဟင်ဂျာများက ဟာဆူရတာ ဟုသိသည်) သည် ပင်လယ်ကမ်းခြေ ခန့်မှန်းခြေ ၆ ကီလိုမီတာခန့်ရှိသော ကျေးရွာအုပ်စုဖြစ်သည်။ အဓိကကျေးရွာ ခုနစ်ခုရှိပြီး ရိုဟင်ဂျာလူဦးရေမှာ အများစုဖြစ်သည်။ ကျေးရွာအုပ်စု၏ အရှေ့မြောက်ပိုင်းတွင် တိုင်းရင်းသား ရခိုင်လူဦးရေ အနည်းငယ်ရှိသည်။ နယ်ခြားစောင့်ရဲဂိတ်နှင့် စခန်းလည်း ရှိပြီး ထိုနေရာတွင် တပ်မတော်စစ်သားများလည်း အခြေစိုက်သည်။ လုံခြုံရေးတပ်ဖွဲ့များ ရှိခြင်းသည် ၂၀၁၆ အောက်တိုဘာ နောက်ပိုင်းမှ စ၍ ထိုနေရာများတွင် သိသိသာသာ အရေးပါမှု ရှိလာပုံ ရသည်။[1932]

၈၆၆။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နံနက် ၄ နာရီ ပတ်ဝန်းကျင်တွင် ARSA က နယ်ခြားစောင့်ရဲ BGP နေရာနှစ်ခုကို တိုက်ခိုက်ခဲ့သည်။ အစိုးရ၏ပြောကြားချက်အရ လက်ထောက်မြို့နယ် လူဝင်မှုကြီးကြပ်ရေးအရာရှိ သေဆုံးခဲ့သည်။ ရဲအရာရှိတစ်ဦးက ARSA တိုက်ခိုက်မှုတွင် ပါဝင်သူ ၁၇ ဦးသည် သုံးနာရီ အပြန်အလှန်ပစ်ခတ်မှုတွင် သေဆုံးခဲ့သည်ဟု ပြောခဲ့ကြောင်း သတင်းထုတ်ပြန်မှုများ ရှိသည်။[1933] ထိုရဲအရာရှိကပင် သူ့အား ကြိုတင် သတိပေးထားခဲ့ခြင်းကြောင့် မွတ်စလင်မဟုတ်သောသူများကို စခန်းအတွင်း အကာအကွယ်အဖြစ် ခေါ်ထားခဲ့သည်ဟူ၍ ပြောကြောင်းလည်း အစီရင်ခံချက်များ ရှိသည်။[1934] သေနတ်သံများကို ကျေးရွာအုပ်စုရှိ နေထိုင်သူများနှင့် မြောက်ဘက်ရှိ အိမ်နီးချင်း ချိန်ခါလီ ကျေးရွာအုပ်စုမှ လူများလည်း ကြားကြသည်။[1935]

၈၆၇။ မကြာမီအချိန်အတွင်း[1936] "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ကို နယ်ခြားစောင့်ရဲ စခန်းနေရာမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့အရာရှိများနှင့် တပ်မတော်စစ်သားများ၏ အဆက်မပြတ်ပစ်ခတ်မှုများဖြင့် စတင်ခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့များက ဘောလုံးကွင်းအပါအဝင် နေရာပေါင်းစုံသို့ ရွေ့သွားကြပြီး လူများ၏ အိမ်များဘက်သို့နှင့် ထွက်ပြေးသောလူများဘက်သို့ အဆက်မပြတ် ပစ်ခတ်သွားကြသည်။[1937] မျက်မြင်သက်သေတစ်ဦးက နောက်ပိုင်းတွင်

---

[1931] မစ်ရှင်အတွက် UNITAR-UNOSAT မှ ပြင်ဆင်ပေးသော ဂြိုလ်တုပုံရိပ် သုံးသပ်ချက်။

[1932] CI-129, CI-192, LI-111, LI-112, ZI-006.

[1933] XI-008, V-083; ပြန်ကြားရေး ကော်မတီ။ "ထူးခြားသတင်း ၂။ အစွန်းရောက် အကြမ်းဖက်သမားများ မောင်တောမြို့နယ်ရှိ ရဲစခန်းများနှင့် ရဲရှေ့ကင်းစခန်းများအား တိုက်ခိုက်မှုများ အများအပြား လုပ်ဆောင်" (Facebook post၊ ၂၀၁၈ ခု ဩဂုတ်လ ၂၅ ရက်။) ၊ https://www.facebook.com/InfomationCommittee/posts/785202504986191, သူတို့ ဘယ်မှာ ထုတ်ပြန်သလဲ။ "အလယ်သန်းကျော်။ နံနက် ၄း၅၀။ အရေးအတွက် မသိရသေးသော အစွန်းရောက် အကြမ်းဖက်သမားများက ဒေသ ၈ ရှိ အလယ်သန်ကျော် ရဲစခန်းကို တိုက်ခိုက်ခဲ့ရာ လက်ထောက် မြို့နယ်လူဝင်မှု ကြီးကြပ်ရေးအရာရှိ ဇာမုန်း သေဆုံးသည်။ ရဲများက တွန်းလှန်ခဲ့သဖြင့် အခင်းဖြစ်ပွားရာမှ အကြမ်းဖက်သမားများ ဆုတ်ခွာသွားသည်။"

[1934] V-083.

[1935] BI-012, CI-013, CI-038, CI-039, CI-065, CI-129, LI-111, LI-112.

[1936] CI-013, CI-039, CI-129, CI-187, LI-112, ZI-006.

[1937] LI-068.

သူတို့အိမ်များအတွင်း လူ ၇ ဦး သို့မဟုတ် ၈ ဦး သေဆုံးနေသည်ကို မြင်တွေ့ခဲ့ရသည်ဟု ပြောသည်။[1938] စစ်ဆင်ရေးက လူများကို အရှေ့မြောက်ဘက် ကီလိုမီတာ အနည်းငယ်ဝေးကွာသော သစ်တောများရှိရာ တောင်ကုန်းများသို့ ထွက်ပြေးစေသည်။ ထိုနေ့နောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များသည် ဈေးကုန်းတန်းကျေးရွာရှိ ဈေးဧရိယာသို့ သွားရောက်ခဲ့သည်။ ထိုနေရာတွင် ပစ်ခတ်မှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။[1939] မျက်မြင်သက်သေတစ်ဦးအဆိုအရ တိုင်းရင်းသားရခိုင်ရွာသားများက ဈေးဆိုင်တန်းများကို စတင်လုယက်ခြင်းကြောင့် ဒေသခံ ရိုဟင်ဂျာဈေးဆိုင်ပိုင်ရှင်များနှင့် ထိပ်တိုက်ရင်ဆိုင်ထိတွေ့မှုများ ဖြစ်ပွားပြီးနောက်တွင် ပစ်ခတ်မှုများ ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။[1940] နောက်ပိုင်းတွင် ဈေးအလယ်ခေါင်ရှိ ရေတွင်းအောက်ခြေ၌ ၁၅ လောင်းအထိရှိမည့် အလောင်းများကို တွေ့ရှိခဲ့ကြသည်။[1941]

၈၆၈။ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" သည် အနည်းဆုံး သုံးရက်အထိ ကြာခဲ့ပြီး ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှုအများစု မီးလောင်ပျက်စီးခဲ့သည်။ ရွာသားတစ်ယောက်က လုံခြုံရေး တပ်ဖွဲ့များ ထွက်ခွာသွားပြီးနောက် သူ့အိမ်သို့ သူပြန်သွားခဲ့ရာတွင် အသက် နှစ်နှစ် နှင့် သုံးနှစ် အရွယ်ရှိ သူ၏ တူနှစ်ဦး၏ မီးလောင်ထားသည့် အလောင်းများကို မည်သို့တွေ့ခဲ့ရသည်ကို ပြောပြသည်။[1942] ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက်နေ့ရောက်သည်အထိ ရွာအတွင်းရှိ အဆောက်အဦများမှာ မီးခိုးများထွက်လျက် ရှိနေသေးသည်။ မီးလောင်မှုမှာ ၁၂ ရက်ကြာသည်အထိ ဖြစ်ပွားခဲ့သည်ကို ပြသနေသည်။[1943] လုံခြုံရေး တပ်ဖွဲ့ဝင်များက ပစ္စည်းများလောင်ကျွမ်းစေရန် "လောင်ချာများ" ကို အသုံးပြုခဲ့သည်။[1944] တိုင်းရင်းသား ရခိုင်များက သတ်ဖြတ်မှုများနှင့် လုယက်မှုများတွင် ပါဝင်ခဲ့သည်။[1945] မျက်မြင်သက်သေတစ်ဦးက တပ်မတော်အထူးတပ်ဖွဲ့ စစ်ကူများ ဩဂုတ် ၂၆ ရက် ညနေပိုင်းတွင် ရွာသို့ ရောက်ရှိလာပြီး ထရပ်ကား သုံးစီးနှင့် စစ်သားများ ရောက်ရှိလာသည်ကို သူတွေ့ရှိခဲ့ရသည်။ ထိုသူတို့မှာ တပ်မ ၉၉ မှ ဖြစ်သည်ဟု သူယုံကြည်သည်။ နောက်တရက်တွင် ပိုမိုပြင်းထန်သော စစ်ဆင်ရေး စတင်ခဲ့ပြီး ကျန်ရှိနေသူများ ထွက်ပြေးခဲ့ရသည်။[1946]

၈၆၉။ ကျေးရွာအုပ်စုတွင် သေဆုံး သို့မဟုတ် ဒဏ်ရာရသူ အရေအတွက်ကို စီစစ်ရန် စိမ်ခေါ်မှု ကြီးမားသော်လည်း အရေအတွက် များပြားကြောင်း ညွှန်းပြမှုများရှိသည်။ ရိုဟင်ဂျာရွာသားများ ပြုစုထားသည့် ထိခိုက်သေဆုံးသူစာရင်းက အလယ်တန်းကျော်တွင် လူပေါင်း ၇၇ ဦး သတ်ခံရကြောင်း ညွှန်ပြနေသည်။ မစ်ရှင်က ထိုကိန်းဂဏန်းကို အတည်မပြုနိုင်သော်လည်း ရရှိထားသော ထွက်ဆိုချက်များနှင့် ကိုက်ညီနေသည်။

၈၇၀။ နောက်ထပ် တောင်ဘက်ပိုင်းပိုကျသော ရွာသားများက ဘင်္ဂလားဒေ့ရှ်သို့ လာရာ လမ်းတလျှောက် ရွာအတွင်းတွင် အလောင်းများကို တွေ့ရှိခဲ့သည်။[1947] အင်းဒင်ရွာမှ ရွာသားတစ်ဦးက အောက်ပါအတိုင်း ပြောပြသည်။

---

1938 LI-112.
1939 CI-129, LI-112.
1940 CI-129, LI-112.
1941 CI-129, LI-112.
1942 CI-035.
1943 V-083.
1944 CI-035, CI-129, LI-111, LI-112.
1945 CI-013.
1946 LI-112.
1947 LI-112, QI-116, YI-010.

*ကျွန်တော်တို့ ဟာဆူရာတာကို ဖြတ်လာတဲ့အခါ အိမ်တွေ အများအပြားမှာ အလောင်း ၁၅ လောင်း ကျွန်တော်တွေ့တယ်။ အားလုံးက သေနတ်ဒဏ်ရာနဲ့ချည်းပဲ။ ကျွန်တော်တို့က အဲဒီမှာ အိပ်မလို့စီစဉ်ထားပေမယ့် အလောင်းတွေနဲ့ အတူမအိပ်ဖို့ ဆုံးဖြတ်လိုက်တယ်။*[1948]

**အင်းဒင်**

၈၇၁။ အင်းဒင်သည် သီးခြားရိုဟင်ဂျာအခြေချနေထိုင်မှု ခြောက်ခုပါဝင်သော ကျေးရွာအုပ်စု တစ်ခုဖြစ်ပြီး၊ ရခိုင်တိုင်းရင်းသား ရွာငယ်နှစ်ရွာ ပါဝင်ကာ၊ ထိုအနက်မှ တစ်ရွာသည် နတလကျေးရွာဖြစ်သည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" မတိုင်မီက အင်းဒင်၏ လူဦးရေသည် ၇၀၀၀ ဝန်းကျင်ရှိခဲ့ပြီး၊ ၎င်းတို့အနက်မှ ၉၀ ရာခိုင်နှုန်းမှာ ရိုဟင်ဂျာများ[1949] ဖြစ်ခဲ့ကြသည်။ အင်းဒင်ရွာတွင် ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက်က အာဆာ တိုက်ခိုက်မှုများ မရှိခဲ့သော်လည်း၊ မြောက်ဘက်တည့်တည့်နှင့် တောင်ဘက်တည့်တည့်ရှိ သင်းဘောကွေ့နှင့် သာဝင်းချောင်း ကျေးရွာ အုပ်စုများမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကင်းစခန်းများကို တိုက်ခိုက်မှုများ ရှိခဲ့ကြသည်။

၈၇၂။ တပ်မတော်စစ်သားများနှင့် ရခိုင်တိုင်းရင်းသားများ ရောက်ရှိနေကြသည်နှင့် ရိုဟင်ဂျာရွာသားများကို[1950] ထိခိုက်ဒဏ်ရာ ရစေခဲ့သည့် ပစ်ခတ်မှုများဖြစ်ပွားခဲ့ခြင်းတို့ကို ရွာသားများက သတင်းပေးပို့ကြခြင်းကြောင့် ဩဂုတ်လ ၂၅ရက် ဖြစ်ပြီးပြီးခြင်းမှာပင် တင်းမာမှုများ မြင့်မားလာခဲ့သည်။ ၎င်း၏နွားကို တောထဲယူသွားခံခဲ့ရသူ ရခိုင်တိုင်းရင်းသား တစ်ဦးလည်း ပျောက်ဆုံးနေခဲ့သည်။ အဆိုပါအချက်က နောက်ထပ် ပိုမိုတိုးမြင့်လာသည့် တင်းမာမှုများကို ပေါ်ပေါက်လာ စေခဲ့သည်။[1951] ယုံကြည်လောက်သည့် အခြား သတင်းပို့ချက်များက အင်းဒင်ရွာမှ ရွာခံ ရခိုင်တိုင်းရင်းသား အများအပြားသည် တပ်မတော်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ အရာရှိများ ရှိနေသည့် ဒေသခံ ဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ခိုလှုံခဲ့ကြသည်ဟု ဖော်ပြကြသည်။[1952]

၈၇၃။ အိမ်နီးချင်း ကျေးရွာအုပ်စုများကဲ့သို့ ပုံစံတူဟန်ပန် နည်းလမ်းနှင့် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးတခု"ကို အင်းဒင် ကျေးရွာ အုပ်စုတလျောက် စတင်ဆောင်ရွက်ခဲ့သည်။ ထိုကိစ္စသည် ရခိုင်တိုင်းရင်းသားများ၏ တက်ကြွစွာပါဝင်မှုနှင့်အတူ တပ်မတော်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ တစ်ပတ်ခန့်ထိ ကြာမြင့်ခဲ့သောဖြစ်စဉ်အတွင်း အင်းဒင်ရွာမှ ရိုဟင်ဂျာအခြေချနေထိုင်သူများသည် မကြာခဏဆိုသလို မနက်ခင်းအစောပိုင်းများတွင် ရုတ်ချည်း ရောက်ရှိလာတတ်သော၊ စစ်သားများနှင့် ရခိုင်[1953]တိုင်းရင်းသား များ၏ ပစ်မှတ် ဖြစ်ခဲ့ရသည်။ သေနတ်သံများ၊ လောင်ချာကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုပစ်ခတ်မှုများ အပါအဝင် အိမ်များနှင့် ရိုဟင်ဂျာများ၏ ပစ္စည်းဥစ္စာများကို မီးရှို့ခြင်းများနှင့်အတူ ၎င်းတို့၏ ရောက်ရှိလာလေ့ရှိသည်။ အမျိုးသားများ၊ အမျိုးသမီးများနှင့် ကလေးငယ်များမှာ ထိခိုက်ဒဏ်ရာရ၊ သတ်ဖြတ်ခံကြရသည်။ သေနတ်ဖြင့် သူတို့ပစ်ခတ်ခံကြရသည်။ ရခိုင်

1948 QI-116.
1949 V-084
1950 CI-146, LI-006, LI-130, QI-116.
1951 LI-130, V-067; Wa Lone, Kyaw Soe Oo, S. Lewis, A. Slodkowski, "မြန်မာပြည်တွင် အစုအပြုံလိုက်သတ်ဖြတ်မှု (ရိုက်တာ၊ ၈ ဖေဖော်ဝါရီ ၂၀၁၈ ခုနှစ်)
1952 V-067.
1953 CI-029, CI-146, EI-006, EI-008, EI-057, LI-006, LI-027, LI-130, QI-006, QI-051, QI-116.

တိုင်းရင်းသားဟုယူဆရသော အရပ်ဝတ်ပုဂ္ဂိုလ်များအပါအဝင် ဖြစ်သူများက သူတို့ကို ဓါးဖြင့်ထိုးခြင်း (သို့မဟုတ်) ဓါးကြီးများ၊ ဓါးရှည်များဖြင့် လှီးဖြတ်ခြင်း များကို ခံခဲ့ကြရသည်။

၈၇၄။ တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ အများအပြားက ရိုဟင်ဂျာရွာသားများ ပစ်သတ်ခံရခြင်း (သို့မဟုတ်) ဓါးဖြင့်ထိုးသတ်ခံရခြင်းကို မြင်တွေ့ခဲ့ ကြသည်။ ၂၀၁၇ခုနှစ် စက်တင်ဘာလ အလယ်တွင် ဘင်္ဂလားဒေ့ရှ်ရှိ ဆေးရုံတစ်ရုံတွင် တွေ့ဆုံမေးမြန်းခံခဲ့ရသော သက်ကြီးရွယ်အို အမျိုးသမီးတစ်ဦးသည် စစ်သားများက အိမ်များကို မီးတင်ရှို့ နေခဲ့ကြပြီး သူမ၏သက်ကြီးရွယ်အို အိမ်နီးချင်းများ[1954] အပါအဝင် လူများကို ပစ်ခတ်နေခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်။ ငယ်ရွယ်သောမိခင်တစ်ယောက်က အံ့သြဖွယ်ရာကောင်းသည့် စစ်ဆင်ရေး၏ သဘောသဘာဝ မြင်ကွင်းကို ပြောပြခဲ့သည်။ သူမ သေနတ်သံများ ကြားခဲ့ရချိန် နံနက်စောစောပိုင်း နာရီများတွင် သူမအိမ်တွင်ရှိနေခဲ့သည်။ သူမအိမ်နီးချင်း၏အိမ် မီးတောက်များထဲတွင် မီးတင်ရှို့ခံလိုက်ရသည်ကို သူမမြင်တွေ့ခဲ့ရသည်။ ထို့နောက်တွင် သူမ၏နေအိမ်တွင်းသို့ ကျည်ဆန်များ ဝင်ရောက်လာခဲ့ပြီး အသက် ၃နှစ်အရွယ် သားငယ်လေး ထိမှန် သေဆုံး ခဲ့ရသည်။ သူမ၏ အခြားကလေးများနှင့်အတူ တောအုပ်အတွင်းသို့ ထွက်ပြေးခဲ့ရပြီး တစ်ရွာလုံးရှိ အိမ်များ မီးလောင်ကျွမ်းနေသည် ကိုလည်း မြင်ခဲ့ရသည်။ လည်ပင်းလှီးဖြတ်[1955] အသတ်ခံထားရသည့် သူမ၏ဦးလေးနှင့် ခဲအိုဖြစ်သူတို့၏ အလောင်းများကိုလည်း သူမတွေ့ခဲ့ရသည်။ အခြားသော ဖြစ်ပွားမှုတစ်ခုတွင် မိသားစုတစ်စုအတွင်းမှ မိသားစုဝင် ၃ဦး တပ်မတော်စစ်သားများနှင့် ရခိုင်တိုင်းရင်းသားများ၏ စီရင်သတ်ဖြတ်ခြင်းကို ခံခဲ့ကြရသည်။ သားတစ်ဦးနှင့်အတူ အိမ်သာ တစ်ခုအတွင်း ပုန်းအောင်းနေခဲ့သော မျက်မြင်သက်သေတစ်ဦးသည် မကြာခင်အချိန်တွင် ဓါးဖြင့်ထိုးခံထားရပြီး လည်ပင်းလှီးဖြတ်ခံထားရသည့် ၎င်း၏အခြားသားငယ်တစ်ဦး၊ ၎င်း၏ ယောက္ခမနှင့် ဦးလေး ဖြစ်သူတို့၏ အလောင်းများကို တွေ့ခဲ့ရသည်။[1956]

၈၇၅။ တစ်နေရာတွင် ရိုဟင်ဂျာဘာသာဖြင့် "ဘော်ပါရာ"ဟု ခေါ်သော ရွာငယ်တစ်ရွာမှ ရိုဟင်ဂျာအင်အားစုကြီး တစ်စုက ခုခံ တော်လှန်မှု တစ်ခု ပြုလုပ်ရေးအတွက် ကြိုးစား အားထုတ် ခဲ့ကြသည်ကို တွေ့ခဲ့ရသည်။ အမျိုးသားများ စုဝေးကြပြီး၊ စစ်သားများနှင့် ရခိုင်တိုင်းရင်းသားများ ရွာငယ်အတွင်းသို့ ဝင်ရောက်လာခြင်းမှ ကာကွယ်ရန် ကြိုးပမ်းခဲ့ကြသည်။ စစ်သားများက ထိုလူစုကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ပြီးနောက် ၎င်းအဖွဲ့မှာ လူစုကွဲသွားခဲ့ပြီး အနည်းဆုံး လူတစ်ဦး ပစ်သတ်ခံခဲ့ရသည်။[1957]

၈၇၆။ လွတ်မြောက်သွားခဲ့ကြသူများ အများအပြားသည် ကျေးရွာအုပ်စု၏ အရှေ့ဘက်ပိုင်းတွင်ရှိသော တောင်ကုန်းတောအုပ်များတွင် ခိုလှုံခဲ့ကြသည်။ အချို့မှာ တောင်ကုန်းများအကြားတွင် ရက်သတ္တပတ် တစ်ပတ်ခန့်အထိ ခက်ခဲဆင်းရဲသော အခြေအနေများတွင် ယာယီတဲများ[1958] ထိုးကာ နေခဲ့ရသည်ဟု ပြောပြခဲ့ကြသည်။ စစ်သားများက လူများပုန်းအောင်း ခိုလှုံနေရာတောအုပ်များထဲသို့လည်း သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြပြီး နောက်ဆက်တွဲ ဒဏ်ရာရရှိမှုများနှင့် သေဆုံးမှု[1959] အချို့ ရှိခဲ့ကြသည်။

[1954] EI-006.
[1955] LI-027.
[1956] QI-051.
[1957] CI-146, LI-130.
[1958] CI-146, QI-051.
[1959] CI-029, LI-027, QI-116.

၈၇၇။ ကမ်းခြေတွင် စုရုံးခဲ့ကြသော အခြားရွာသားများမှာ တောအုပ်တောင်ကုန်းများကို ခက်ခဲဆင်းရဲသောအခြေအနေများ၊ ရေနှင့်အစားအစာ ပြတ်လပ်မှုများကြောင့် မဖြစ်မနေစွန့်ခွာခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်[1960] ဘက်သို့ ဆက်လက် ထွက်ခွာခဲ့ကြရသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁ရက်နေ့ က ကမ်းခြေတွင် စုဝေးခဲ့ကြသည့် လူရာပေါင်းများစွာအနက်မှ သီးခြား ခွဲထုတ်ခံခဲ့ရပြီး နောက်တစ်နေ့တွင် စီရင်သတ်ဖြတ်[1961] ခံခဲ့ရသည့် လူ ၁၀ဦး အကြောင်းကို ရိုက်တာသတင်းထောက်များက စုံစမ်းဖော်ထုတ်နိုင်ခဲ့ကြသည်။ ဤထွက်ဆိုချက်သည် ၄င်းလူများအနက်မှ တစ်ဦး၏ဇနီးဖြစ်သူက ၂၀၁၇ စက်တင်ဘာတွင် သူမ ဘင်္ဂလားဒေ့ရှ်သို့ရောက်ရှိပြီး အချိန်တိုအတွင်းတွင် ပေးခဲ့သောထွက်ဆိုချက် အပါအဝင် မစ်ရှင် အဖွဲ့မှ အတည်ပြုထားသော[1962] အချက်အလက်နှင့် ကိုက်ညီမှန်ကန်မှုရှိသည်။ သူမနှင့် သူမ၏ မိသားစုဝင်များ ကမ်းခြေတွင် မည်သို့စုဝေးခဲ့ရသည်ကို သူမကရှင်းပြခဲ့သည်။ ထို့နောက် သူမ၏ ခင်ပွန်းဖြစ်သူနှင့် မောင်ဖြစ်သူ အပါအဝင် အမျိုးသားများမှာ ၄င်းတို့လက်များကို နောက်ပြန် တုပ်နှောင်ကာ အတန်းလိုက်ထိုင်ရန် သီးခြားခွဲထုတ်ခံခဲ့ရသည်။ ထိုအချိန်မှစ၍ ၄င်းတို့ကို သူမ မတွေ့ရတော့ပဲ သူတို့အသတ်ခံလိုက်ရပြီဟုသာ သိခဲ့ရသည်။[1963]

၈၇၈။ အင်းဒင်ရွာတွင်း "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" သည် အဓိကအားဖြင့် တပ်မတော် စစ်သားများမှ တာဝန်ယူ ဆောင်ရွက်ခဲ့ပြီး ဒေသခံ နယ်ခြားစောင့်ရဲတပ်ဖွဲ့အရာရှိများနှင့် ရခိုင်တိုင်းရင်းသားများမှ ပံ့ပိုး ခဲ့ကြခြင်း ဖြစ်သည်။ စီမံချက်ဖြစ်စဉ်အတွင်း[1964] ဒေသအခြေစိုက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ စစ်သားများကို တပ်မ ၃၃ တပ်သား များမှ ပူးပေါင်းပါဝင်ခဲ့ကြသည်။ စီမံချက်တွင် ပါဝင်ခဲ့ကြသော ရခိုင်တိုင်းရင်းသားများမှာ ဒေသတွင်း ကျေးရွာများမှ ဖြစ်ကြပြီး၊ ၄င်းတို့ကို ရိုဟင်ဂျာမျက်မြင်သက်သေများမှ မှတ်မိခဲ့ကြသည်။[1965] မည်သို့ပင်ဖြစ်စေ အချို့သော စစ်သားများနှင့် ရဲများသည်လည်း ရခိုင်တိုင်းရင်းသားများ နှင့်အတူ အရပ်သားအဝတ်များဝတ်ထားခဲ့ကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအဖြစ် မှတ်မိစေနိုင်ခြင်း[1966] မရှိအောင် ရှောင်ရှားခဲ့ကြသည်။

၈၇၉။ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်နေ့ ဂြိုဟ်တုရုပ်ပုံများဆိုင်ရာ လေ့လာဆန်းစစ်မှုများအရ၊ ရွာ၏အများစုဖြစ်ပြီး ရိုဟင်ဂျာအိမ်များ ဖြစ်နိုင်သော အိမ်များအားလုံး မီးရှို့ဖျက်ဆီး[1967] ခံလိုက်ရသည်ကို တွေ့ခဲ့ရသည်။ အိမ်နီးချင်းကျေးရွာဖြစ်သော ပဲယုန်း ကျေးရွာမှာမူ အထိအခိုက်မရှိ မူလအတိုင်းပင်ဖြစ်သည်။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ထပ်မံရရှိသော ဂြိုဟ်တုရုပ်ပုံဆိုင်ရာ လေ့လာဆန်းစစ်မှုများအရ မီးရှို့ခံခဲ့ရသော ရိုဟင်ဂျာ အိမ်များ၊ သစ်ပင်များ ဟင်းသီးဟင်းရွက်စိုက်ခင်းများ နှင့် ပိုင်ဆိုင်မှုများ အားလုံးမှာ ဘူဒိုဇာများဖြင့်[1968] ပုံဖျက်ခံလိုက်ရပြီး ဖြစ်သည်။

*အခြား စစ်ဆေးအတည်ပြုပြီးသော ဖြစ်ပျက်မှုများ*

[1960] V-067, V-084
[1961] Wa Lone, Kyaw Soe Oo, S. Lewis, A. Slodkowski, "မြန်မာပြည်တွင် အစုအပြုံလိုက်သတ်ဖြတ်မှု (ရိုက်တာ၊ ၈ ဖေဖော်ဝါရီ ၂၀၁၈ ခုနှစ်)
[1962] CI-146, LI-006, LI-130, QI-051, RI-012.
[1963] LI-006.
[1964] LI-112, ZI-001, V-067, V-084.
[1965] LI-006, LI-027.
[1966] Wa Lone, Kyaw Soe Oo, S. Lewis, A. Slodkowski, "မြန်မာပြည်တွင် အစုအပြုံလိုက်သတ်ဖြတ်မှု (ရိုက်တာ၊ ၈ ဖေဖော်ဝါရီ ၂၀၁၈ ခုနှစ်).
[1967] အင်းဒင်၏ ဂြိုလ်တုပုံရိပ်ကို အောက်တွင် ပြန်ပြုလုပ်တထားသည်။
[1968] Satellite imagery analysis prepared for the Mission by UNITAR-UNOSAT.

၈၈၀။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် ရခိုင်မြောက်ပိုင်း ဒေသတဝန်းလုံးရှိ အခြားသော ရိုဟင်ဂျာကျေးရွာ အတော်များများတွင် ဖြစ်ပေါ်ခဲ့သည့်ပုံစံတူ လုပ်နည်းလုပ်ဟန်အတိုင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ အထက်တွင်ဖော်ပြခဲ့သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် သီးခြားဒေသပေါင်း ၅၄ခုမှ ရရှိခဲ့သော အသေးစိတ် အချက်များ၊ နောက်တိုး "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ဖြစ်ပွားခဲ့သည့် အခြားဒေသ ၂၂ခုမှ ရရှိခဲ့သော ကိုယ်တွေ့ဖြစ်စဉ်များနှင့် တူညီနေသည်ကို တွေ့ဆုံမေးမြန်းမှု မြောက်များစွာနှင့် အခြား သတင်းအချက်အလက်များအားဖြင့် မစ်ရှင်အဖွဲ့မှ စစ်ဆေးအတည်ပြုခဲ့သည်။

၈၈၁။ ဉပမာအားဖြင့် မောင်တောမြို့နယ် မြောက်ပိုင်း ကွမ်းသီးပြင်[1969]၊ သမန်းသား[1970]၊ ခမောင်းဆိပ်[1971]၊ ပါဒကာ ဒေဝနလီ/ နတ်ချောင်း[1972] နှင့် ကြိမ်ချောင်း[1973] ကျေးရွာ အုပ်စုများတွင် ရိုဟင်ဂျာများအပေါ် ကျူးလွန်ခဲ့သည့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို တွေ့မြင်ခဲ့ရသည့် နောက်တိုး "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"ကို မစ်ရှင်အဖွဲ့မှ စစ်ဆေးအတည်ပြုနိုင်ခဲ့သည်။ အလားတူပင်၊ ဘူးသီးတောင်မြို့နယ်တွင်လည်း၊ ရိုဟင်ဂျာစကားဖြင့် တောင်ဘဇာဟု အများသိကြသော ကျေးရွာအစုအဝေးကြီး နည်းတူ တင်းမေ[1974]တွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ဖြစ်ပွားခဲ့သည်ကို မစ်ရှင်အဖွဲ့မှ စစ်ဆေးအတည်ပြုခဲ့သည်။ စစ်သားများက ကျေးရွာတစ်ရွာတွင် ရက်ကာလ အတန်ကြာပြီးတိုင်း နောက်တစ်ရွာသို့ ပြောင်းရွှေ့ ဆောင်ရွက်ခဲ့ ကြသည့်အလျောက် ဤဒေသအတွင်းမှ ရိုဟင်ဂျာကျေးရွာများ အနှံ့အပြားတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ၏လှိုင်းဒဏ်ကို ခံခဲ့ရသည်။ ထိုစီမံချက်လှိုင်းတွင် မိချောင်းဈေး[1975] ငါးရံ့ချောင်း[1976] သင်းဂါးနက်[1977] ကျေးရွာ အုပ်စုများလည်း ပါဝင်ခဲ့ကြသည်။

၈၈၂။ အဆိုပါဖြစ်ပွားမှုများ တစ်ခုစီတိုင်းတွင် မြန်မာ့တပ်မတော်နှင့် လုံခြုံရေး အဖွဲ့များမှ လုပ်ရပ်အပြုအမူများ၏ တူညီသောပုံစံကို တွေ့မြင်ခဲ့ကြရသည်။ တပ်မတော်စစ်သားများ၊ တခါတရံ အခြားကျူးလွန်သူများ ပါပါဝင်ပြီး၊ ကျေးရွာတစ်ခုကို တိုက်ခိုက်မှုဖြစ်ပွားသည်နှင့် ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှုပစ္စည်းဉစ္စာများကို မီးရှို့ခြင်း၊ အရမ်းကာရော ပစ်ခတ်ခြင်း (သို့မဟုတ်) ပစ်မှတ်ထား သတ်ဖြတ်ခြင်း၊ အရပ်သားများကို အနာတရဖြစ်စေခြင်း၊ သတ်ဖြတ်ခြင်းများဖြင့် အစုအပြုံလိုက် သေဆုံးမှုများကို ဖြစ်စေခဲ့သည်။ အဖြစ်အပျက် အများအပြားတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံမျိုးစုံ ကျူးလွန်ခံခဲ့ကြရသည်။

### (ခ) မြန်မာလုံခြုံရေးတပ်ဖွဲ့များပြုလုပ်သည့် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ပုံစံများ

[1969] LI-015, LI-017, LI-032.
[1970] BI-006, CI-049, CI-050, CI-124, LI-014, LI-103, LI-104, QI-070, WI-048.
[1971] CI-002, CI-004, CI-048, CI-104, CI-121, CI-122, EI-014, EI-049, EI-064, EI-089, EI-090, LI-101, LI-102, QI-069, WI-047.
[1972] CI-131, LI-076, LI-113, LI-119, QI-114, XI-003.
[1973] CI-114, CI-123, CI-125, EI-023, EI-028, EI-045, EI-096, EI-097, EI-098, EI-104, LI-031, LI-107, LI-109, LI-110, QI-114, WI-004, YI-023.
[1974] CI-021, CI-115, EI-001, EI-067, EI-068, EI-069, EI-071, LI-056, LI-116, YI-029.
[1975] CI-112, CI-135, EI-021, EI-107, LI-044, QI-024, XI-005.
[1976] EI-093, WI-007, YI-030
[1977] BI-013, LI-081, YI-031.

၈၈၃။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် လူ့အခွင့်အရေးကပ်ဘေးကြီးပင် ဖြစ်သည်။ မြန်မာ့တပ်မတော်နှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များသည် နိုင်ငံတကာတရားဥပဒေများ၏ အခြေခံရေသောက်မြစ်များကိုပါ ချိုးဖောက်ပြီး အလွန်ကြီးမားသောပမာဏဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ စစ်ဆင်ရေးများသည် ရက်စက်ကြမ်းကြုတ် ခံခဲ့ရသည့်၊ အကြမ်းဖက် ခြိမ်းခြောက်ခံခဲ့ရသည့်၊ ပစ်မှတ်ထားခံခဲ့ရသည့် ရိုဟင်ဂျာ အရပ်သား လူထုအပေါ် အကြီးအကျယ်ပျက်စီးစေသော အကျိုးသက်ရောက်မှုများ ဖြစ်စေခဲ့သည်။ ထောင်နှင့်ချီသော ရိုဟင်ဂျာရွာသားများမှာ ထိခိုက်ဒဏ်ရာ ရရှိစေခြင်းနှင့် သတ်ဖြတ်ခြင်းများ ခံခဲ့ကြရသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ ကျူးလွန်ခံခဲ့ရသည်။ အများအားဖြင့် ကျူးလွန်ခံရပြီးသည့် အခါ အသတ်ခံကြရသည်။ ကလေးငယ်များမှာ တမင်တကာ ရည်ရွယ်ကာ စာနာစိတ်ကင်းမဲ့စွာ အတိုက်ခိုက်ခံခဲ့ကြရပြီး ကြီးလေးသော ချိုးဖောက်မှုများ ကျူးလွန်ခံခဲ့ကြရသည်။ အမျိုးသားများ ယောကျ်ားလေးငယ်များမှာ ပျောက်ဆုံးသွားခဲ့ကြပြီး၊ အသတ်ခံလိုက်ကြရခြင်း ဖြစ်နိုင်သည်။ ဘင်္ဂလားဒေ့ရှ်သို့ ခက်ခဲကြမ်းတမ်းသောခရီးကလည်း နောက်ထပ် သေကြေ ထိခိုက်မှုများဖြစ်စေခဲ့သည်။ ရခိုင် ပြည်နယ် မြောက်ပိုင်းမြို့နယ် ၃ခုရှိ ရိုဟင်ဂျာလူထုများ၏ နယ်မြေများသည် ပစ်မှတ်ထားသည့် ပုံစံဖြင့် တမင် ရည်ရွယ်ချက်ရှိစွာ ဖျက်ဆီးခံ ခဲ့ရသည်။

*မတရား သတ်ဖြတ်ခြင်းများ၊ အခြားပုံစံအမျိုးမျိုးသော အလွန်အကျွံနှင့် လက်လွတ်စပယ် အင်အားသုံးမှုများ*

၈၈၄။ ။ လက်လွတ်စပယ်ပစ်ခတ်မှုများကြောင့် ရိုဟင်ဂျာ အများအပြား သေကြေဒဏ်ရာရခဲ့ ကြသည်။ ရိုဟင်ဂျာကျေးရွာများသည် အများအားဖြင့် မနက်စောစောပိုင်းများတွင် တစ်ခုမကသောလမ်းကြောင်းများမှ လက်နက်ကိုင်တပ်မတော် စစ်သားများ၏ ကြိုတင်သတိပေးခြင်း မရှိပဲ ချဉ်းနင်းဝင်ရောက်မှုများကို ခံခဲ့ကြရသည်။ ၎င်းတို့ နှင့်အတူ မကြာခဏဆိုသလိုပင် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ (လုံထိန်းဟုသိကြသော) အဓိကရုဏ်း နှိမ်နင်းရေးအဖွဲ့နှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့တို့အပါအဝင် အခြားသော လုံခြုံရေးတပ်ဖွဲ့များနှင့် အကြိမ်များစွာတွင် ရခိုင်တိုင်းရင်းသားအရပ်သားများပါ ပူးပေါင်းလိုက်ပါ ဆောင်ရွက် ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အဓိကအားဖြင့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တပ်မ ၃၃နှင့် တပ်မ၉၉ တို့မှ တပ်မတော်စစ်သားများသည် ရိုဟင်ဂျာရွာများဆီသို့ စစ်ရေးရည်ရွယ်ချက် တစ်ခုခုကိုမျှ ပစ်မှတ်ထားခြင်းမရှိပဲ (သို့မဟုတ်) အာဆာ တိုက်ခိုက်ရေးသမားများနှင့် အရပ်သားများကို ခွဲခြားမှုမရှိဘဲ ချေမှုန်းရေးရိုင်ဖယ်များဖြင့် အဝေးမှ ပစ်ခတ်ခဲ့ကြသည်။ အမျိုးသား၊ အမျိုးသမီး များနှင့် ကလေးငယ်များအားလုံး သေနတ်ဖြင့် ပစ်ခတ်[1978] ခံခဲ့ကြရသည်။ ဓားစာခံ များက

---

[1978] CI-001, CI-002, CI-005, CI-006, CI-007, CI-008, CI-013, CI-014, CI-015, CI-017, CI-019, CI-020, CI-021, CI-024, CI-029, CI-030, CI-033, CI-034, CI-035, CI-040, CI-050, CI-103, CI-105, CI-106, CI-108, CI-118, CI-109, CI-110, CI-111, 112, CI-113, CI-114, CI-115, CI-116, CI-118, CI-120, CI-121, CI-122, CI-123, CI-124, CI-126, CI-127, CI-128, CI-129, CI-131, CI-132, CI-133, CI-134, CI-135, CI-137, CI-138, CI-139, CI-140, CI-142, CI-143, CI-144, CI-146, CI-147, CI-148, CI-149, CI-150, CI-177, CI-178, CI-179, CI-180, CI-181, CI-184, CI-185, CI-186, CI-187, CI-188, CI-189, CI-191, CI-192, CI-193,CI-195, CI-196, CI-197, CI-198, CI-199, EI-001, EI-003, EI-004, EI-005, EI-006, EI-008, EI-009, EI-010, EI-011, EI-013, EI-015, EI-018, EI-019, EI-020, EI-024, EI-027, EI-029, EI-030, EI-035, EI-039, EI-040, EI-041, EI-044, EI-045, EI-047, EI-048, EI-049, EI-050, EI-051, EI-053, EI-061, EI-062, EI-064, EI-065, EI-066, EI-071, EI-076, EI-078, EI-080, EI-081, EI-082, EI-083, EI-097, EI-098,EI-102, LI-005, LI-008, LI-010, LI-011, LI-012, LI-013, LI-015, LI-016, LI-017, LI-018, LI-020, LI-021, LI-022, LI-027, LI-028, LI-030, LI-031, LI-032, LI-036, LI-039, LI-041, LI-042, LI-044, LI-045, LI-046, LI-047, LI-054, LI-062, LI-064, LI-065, LI-067, LI-069, LI-070, LI-072, LI-073, LI-074, LI-076, LI-080, LI-081, LI-102, LI-103, LI-104, LI-105, LI-109, LI-111, LI-112, LI-114, LI-117, LI-119, LI-120, LI-124, LI-128, LI-130, LI-

သေနတ်ပစ်ခတ်မှုပမာဏကို ရည်ညွှန်းပြောဆိုရာတွင် "ကျည်ဆန် မိုးများရွာ"[1979] သကဲ့သို့ ဖြစ်သည်ဟု ဖော်ပြပြောကြားခဲ့ကြသည်။ အများအပြားမှာ ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားစဉ်တွင် ပစ်ခတ် သတ်ဖြတ်ခံ ခဲ့ကြရပြီး ထိခိုက်ဒဏ်ရာရ သေကျေခဲ့ကြသည်။

၈၈၅။ မျက်မြင်သက်သေများအနေဖြင့် ၎င်းတို့ကိုယ်တိုင် ပြေးလွှား နေရစဉ်တွင် ဆွေမျိုးများ၊ မိတ်ဆွေသူငယ်ချင်းများ၊ အိမ်နီးချင်းများ သို့မဟုတ် တစ်ရွာတည်းသားများ ပစ်ခတ်ခံခဲ့ရပြီး လဲကျသွားခဲ့ကြသည်ကို တွေ့ခဲ့ကြရပြီး၊ ထိခိုက်ဒဏ်ရာရ၍ သို့မဟုတ် ပစ်ခတ်ခံရပြီး သေဆုံး၍ မြေပေါ်တွင် လူများလဲကျ နေကြသည်ကိုလည်း တွေ့ခဲ့ကြရသည်။ မောင်တောမြို့နယ်အတွင်းမှ စစ်ဆင်ရေးကို အမျိုးသမီးငယ် တစ်ဦးက ပုံဖော်ပြောကြားခဲ့သည်မှာ

> *"စစ်သားတွေ ကျမတို့ရွာကိုဝင်လာခဲ့ချိန်မှာ ကျမတို့အားလုံး ထွက်ပြေးခဲ့ကြတယ်၊ ပြီးတော့ သူတို့ ကျမတို့ကို သေနတ်နဲ့ ပစ်ခဲ့တယ်။ ကျမတို့ အားလုံး လူ၅၀လောက်ရှိခဲ့တယ်။ ကျမတို့ထဲက တစ်ဝက်လောက် ဖြစ်မယ် အပစ်ခံခဲ့ရတယ်။ လူတွေက ပြေးနေကြတုန်းမှာ ပစ်ခံရပြီး လဲကျသွားခဲ့ကြတယ်။ တစ်ချို့လည်း သေသွားကြပြီး တစ်ချို့တော့ လွတ်သွားကြတယ်။ ဘာပဲဖြစ်ဖြစ် ကျမကတော့ လွတ်မြောက်ခဲ့ပါတယ်။*[1980]

၈၈၆။ အခြားအမျိုးသားတစ်ဦးက မောင်တောမြို့နယ်၊ သစ်တုံးနား ခွဆုံ ကျေးရွာအုပ်စုတွင်းရှိ ၎င်းတို့၏ကျေးရွာကို စွန့်ခွာထွက်ပြေးနေစဉ် ၎င်း၏ဇနီး သေနတ်ဖြင့် ပစ်ခံခဲ့ရပုံကို ပုံဖော်ပြောကြားခဲ့သည်မှာ

> *"ကျနော်က ကျွန်တော်တို့ အိမ်ထဲမှာ မိသားစုနဲ့အတူ ရှိနေခဲ့တယ်။ ကျနော့်ဇနီးက ထမင်းချက်ပြီးရုံလေးပဲ ရှိသေးတယ်။ ကျနော်တို့ သေနတ်ပစ်သံတွေ ကြားလိုက်ပြီး အိမ်အပြင်ကို ထွက်ပြေးခဲ့ကြတယ်။ ကျနော့်ဇနီးက ကျနော့်နောက်က လိုက်လာတယ်။ ဒါပေမယ့် အိမ်အပြင်ဘက်လေးမှာတင် သူမရဲ့ ရင်ဘတ်ကို ကျည်ဆန်တစ်ခု မှန်သွားခဲ့တယ်။ ကျွန်တော် သူမကို ပွေ့ထားဖို့ ကြိုးစားခဲ့ သေးတယ်။ နောက်တော့ သူမ သေသွားပြီ ဆိုတာ ကျနော် သိလိုက်တယ်။ ပစ်ခတ်မှုက ရပ်မသွားခဲ့တာကြောင့် ကျနော် သူမအလောင်းကို သယ်မလာနိုင် ခဲ့တော့ဘူး။ နေရာတိုင်းမှာ ပစ်ခတ်နေကြပြီး ကျနော့် အသက်ကိုကယ်ဖို့ ကျနော် ပြေးခဲ့ရတယ်။ ကျနော့်ကိုလည်း ကျည်ဆန်တွေ ထိမှန်နိုင်ခဲ့ပေမယ့် ကျနော် ကံကောင်းခဲ့တယ်။*[1981]

၈၈၇။ အနီးအနား တောင်ကုန်းတောအုပ်များကဲ့သို့ နေရာများတွင် ပုန်းခိုရာ ရခဲ့သည့် သူများကလည်း တစ်ရွာတည်းသားများ ပစ်ခတ်ထိမှန်ခံ ခဲ့ကြသည်ကို မျက်မြင်တွေ့ရှိခဲ့ကြသည်။ နောက်ရက်များ တခါတရံညများတွင် မိမိတို့ကျေးရွာများသို့ ပြန်သွားနိုင်ခဲ့ကြသော

131, LI-132, QI-001, QI-003, QI-004, QI-008, QI-009, QI-011, QI-012, QI-014, QI-016, QI-023, QI-025, QI-028, QI-029, QI-048, QI-070, QI-106, QI-107, QI-112, QI-113, QI-114, QI-116, RI-002, RI-003, RI-004, RI-005, RI-007, RI-008, RI-010, RI-012, RI-013, RI-016, RI-018, WI-001, WI-002, WI-009, WI-015, WI-017, WI-024, WI-039, XI-001, XI-002, XI-003, XI-004, XI-006, YI-006, YI-007, YI-009, YI-010, YI-011, YI-013, YI-014, YI-018, YI-025, YI-030, YI-031, YI-032, YI-033. V-128, K-061, V-128; See also XChange.org, *The ရိုဟင်ဂျာ အချက်အလက် ရှာဖွေကောက်ယူခြင်း* (15 December 2017), တုန့်ပြန်သူများ၏ ၄၀%က ခွဲခြားရွေးချယ်မှုမရှိသော ပစ်ခတ်မှုများ ရှိခဲ့သည်ဟု ပြောခဲ့ကြသည်။

[1979] CI-033, CI-112, CI-150, LI-120, QI-036, QI-116, RI-012.

[1980] LI-011.

[1981] YI-009.

သူများကလည်း သေနတ်ထိမှန်ထားသော ဒဏ်ရာများဖြင့်[1982] လူသေအလောင်းများကို တွေ့ရှိခဲ့ကြသည်။

၈၈၈။ ။ မသေနိုင်လောက်သော ကျည်ဆန်ထိမှန် ဒဏ်ရာရခဲ့ကြသည့် ရွာသား အများအပြားမှာ ထွက်ပြေးနေရသော ၎င်းတို့ဆွေမျိုးများမှ (မဖြစ်မနေ) ချန်ထားခဲ့ကြရပြီး သေဆုံးသွားပြီဟု ယူဆရသည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"၏ ပြင်းထန်မှုက သူတို့၏ကယ်ဆယ်ရေးကို မဖြစ်နိုင်အောင် အတားအဆီးဖြစ်ခဲ့သည်။ မောင်တောမြို့နယ်တွင်းရှိ ရိုဟင်ဂျာ ဘာသာဖြင့် ဘိုလီဘဇားဟုခေါ်သော ကြိမ်ချောင်း ကျေးရွာအုပ်စုမှ ရွာသားတစ်ဦးက သူ၏သမီး သတ်ဖြတ်ခံခဲ့ရသည့် အခြေအနေ အဖြစ်အပျက်ကို ရှင်းပြခဲ့ သည်မှာ

> *"အဲ့ဒီနေ့က လူဘယ်နှစ်ယောက် သေခဲ့ကြလဲ ကျနော် မသိတော့ ပါဘူး။ စစ်တပ်ဟာ ဘယ်သူ့မဆိုကို ပစ်ခတ်နေတော့တာပါပဲ။ လမ်းတွေပေါ်မှာ ဖြစ်ဖြစ် အိမ်တွေထဲမှာဖြစ်ဖြစ် သူတို့ မြင်သမျှ လူတွေ အကုန်လုံးကို ပစ်ခတ် နေခဲ့တာပါ။ သူတို့ပစ်နေတဲ့အချိန်မှာ သေနတ်ထိမှန်သွားတဲ့ သူတွေကို ပြန်လှည့်ကြည့်ဖို့နဲ့ ဂရုစိုက်ဖို့ အချိန်တောင် မရှိခဲ့ပါဘူး။ လူတွေ ပြေးနေရင်းမှာပဲ စစ်တပ်က သူတို့ကို ပစ်ခတ်နေခဲ့ပါတယ်။ ဒီလိုနဲ့ ကျနော့်သမီး သေသွားခဲ့တာပါပဲ။ သူမ ထွက်ပြေးနေတုန်းမှာ ကျည်ဆံထိသွားခဲ့တာပါ။ ကျွန်တော် သူမကို ပြန်လှည့်ပြီး မသယ်နိုင်ခဲ့ပါဘူး။*[1983]

၈၈၉။ အချို့လူများက ဒဏ်ရာရနေသောကြောင့်ဖြစ်စေ အခြား အကြောင်းကြောင့်ဖြစ်စေ ကယ်ရာမဲ့ ဖြစ်နေသော ဆွေမျိုးသားချင်းများကို သယ်ဆောင်လာရေးအတွက် ကြိုးပမ်းရန် (သို့မဟုတ်) အတူ ပြန်လည်ခေါ်ဆောင်လာနိုင်ရေးအတွက်ဖြစ်စေ ၎င်းတို့၏ အသက်ကို စွန့်စား ဆောင်ရွက်ခဲ့ကြသည်။ မောင်တောမြို့နယ် ကျောက်ပန်းဒူတွင် ကယ်သူမဲ့ဖြစ်နေသော အဘွားအိုတစ်ဦးမှာ သူမ၏သားဖြစ်သူမှ ကယ်ဆယ်ခံခဲ့ရပြီး၊ ထိုသူမှာ နောက်ပိုင်းတွင် အသတ်ခံ ခဲ့ရသည်။ မည်သို့ ဖြစ်ပျက်ခဲ့သည်ကို သူမက ပုံဖော်ပြောကြားခဲ့သည်မှာ

> *"တကယ့်ကို ဝရုန်းသုန်းကားဖြစ်ခဲ့တာ။ ကျမတို့ ကြားနေခဲ့ရတာ သေနတ်သံတွေ ချည်းပါပဲ မိသားစုထဲက အခြားသူတွေ အကုန်လုံး ထွက်ပြေး သွားခဲ့ကြတယ်။ အဲဒီတော့ ကျမနောက်မှာ ကျန်နေခဲ့ရတယ်။ နောက်တော့ ကျမသားက ကျမကိုပြန်ခေါ်ဖို့ ပြန်လာ ခဲ့တယ်။ သူက ကျမကို ကယ်ဆယ်ခဲ့ပြီး ကျမမိသားစုနဲ့ ပြန်ဆုံ ခဲ့ရတယ်။ ဒါပေမယ့် သူက ဆန်နဲ့ ကျွန်မတို့ရဲ့ပစ္စည်းတွေကို ယူဖို့ အိမ်ကိုနောက်တစ်ခေါက် ထပ်သွားတဲ့အခါမှာတော့ ကျမသားဟာ ကျမတို့အိမ်ထဲမှာပဲ သေနတ်နဲ့ ပစ်ခံလိုက်ရတယ်။ ကျည်ဆန်က အိမ်ထဲကိုဝင်သွားခဲ့ပြီး ကျမသားရဲ့ ခေါင်းကို ထိသွားခဲ့တာပဲ။ စစ်တပ် ပြန်ထွက်သွားပြီး အဲ့ဒီညမှာပဲ ကျမသားရဲ့ အလောင်းကို ကြည့်ဖို့ အိမ်ဘက် ကျမ ပြန်သွားခဲ့တယ်။ သူက အသက် ၃၀ပါ။*[1984]*"*

၈၉၀။ ခွဲခြားဆန်းစစ်မှုမရှိသော ပစ်ခတ်ခြင်းက အလျင်အမြန် မသွားလာနိုင်သူများ၊ တခါတရံ ကလေးငယ်များ၊ ကိုယ်ဝန်ဆောင်အမျိုးသမီးများ (သို့မဟုတ်) သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူ[1985] များကို မမျှတစွာ ထိခိုက်စေခဲ့သည်။ ကျည်ဆန်ရာများဖြင့် ၎င်းတို့၏ အလောင်း များကို နောက်ပိုင်းတွင် မကြာခဏတွေ့ရှိခဲ့ရသည်။ မောင်တောမြို့နယ် မြောက်ပိုင်း၊ ခမောင်းဆိပ်

---

[1982] CI-030, LI-028, LI-029, LI-042, LI-074, LI-093, LI-114, QI-002, QI-027.

[1983] LI-107.

[1984] LI-029.

[1985] LI-039, LI-093, QI-014, QI-071, WI-032, YI-018, YI-019.

ကျေးရွာမှ အမျိုးသားတစ်ဦးက သူ၏ကျေးရွာမှ သက်ကြီးရွယ်အို အဘွားအိုတစ်ဦး၏ အဖြစ်အပျက်ကို ဤသို့ ရှင်းလင်း ပြောပြခဲ့သည်။

> *"စစ်သားတွေ ဝင်လာတုန်းမှာ လွတ်အောင် မကယ်နိုင်တော့လို့ မိသားစုတွေက ချန်ထားခဲ့ရတဲ့ အသက်အရမ်းကြီးပြီဖြစ်တဲ့ အဘွားအိုတစ်ဦး ကျနော်တို့ရွာမှာ ရှိခဲ့ပါတယ်။ ရက်အနည်းငယ် ကြာပြီးတဲ့နောက် ကျနော်ရွာကို ပြန်သွားကြည့်တဲ့အခါမှာ သူမဟာ သေနတ်နဲ့ ပစ်သတ်ခံခဲ့ရပြီး သေဆုံးနေတာ တွေ့ခဲ့ရပါတယ်။ ကျည်ဆန်ထိမှန်ထားတဲ့ ဒဏ်ရာတွေ ကျနော် မြင်ခဲ့ပါတယ်။[1986]"*

၈၉၁။ ထွက်မပြေးနိုင်ခဲ့သော ရိုဟင်ဂျာများ (သို့မဟုတ်) နေအိမ်များအတွင်း ပုန်းအောင်း နေခဲ့ကြသော သူများမှာလည်း သက်ကယ်အမိုးများနှင့် ဝါးထရံနံရံများကို[1987] ထွင်းဖောက် ဝင်လာခဲ့သော ကျည်ဆန်များ ထိမှန်ကာသေဆုံး (သို့မဟုတ်) ထိခိုက်ဒဏ်ရာ ရခဲ့ကြသည်။ ပုန်းအောင်းစရာ ရှာတွေ့ခဲ့သူ ရွာသားအချို့မှာလည်း တောင်ကုန်းတောအုပ်များထဲသို့ သေနတ်များဖြင့် တရစပ်ပစ်ခတ်မှုများကြောင့် သေနတ်ထိမှန်ခဲ့ကြသည်။[1988]

၈၉၂။ ရိုဟင်ဂျာ အမြောက်အများမှာ တမင်ပစ်မှတ်ထား တိုက်ခိုက်မှုများတွင်လည်း အသတ်ခံခဲ့ကြရသည်။ ကိုးတန်ကောက် ကျေးရွာအုပ်စုတွင်း မင်းကြီး၊ မောင်နု၊ ချွတ်ပြင်၊ ဂုတားပြင်ကျေးရွာများတွင် ကျူးလွန်ခဲ့သည့် အတည်ပြုပြီးသော အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများထက်ပိုသည့် အသေးစိတ်ဖြစ်ရပ်များကို မစ်ရှင်အဖွဲ့မှ ပေးအပ်ခဲ့သည်။ ဒါဇင်နှင့်ချီသော၊ အချို့နေရာများတွင် ရာနှင့်ချီသော အမျိုးသား၊ အမျိုးသမီးများနှင့် ကလေးများမှာ အသတ်ခံခဲ့ကြရသည်။ ထပ်မံ၍ အစုအလိုက် အပြုံလိုက် စနစ်တကျ စီစဉ်သတ်ဖြတ်မှုများလည်း ဖြစ်ပွားခဲ့ဖွယ် ရှိသည်။ ခုတ်ဖြတ်ခံထားရသော ဦးခေါင်းများ အပါအဝင် သေနတ်ဒဏ်ရာများနှင့် တောခုတ်ဓါးဒဏ်ရာများ ရရှိထားသော ရိုဟင်ဂျာ အလောင်းမြောက်များစွာကို မျက်မြင် သက်သေများက ဘင်္ဂလားဒေ့ရှ်သို့ သွားရာလမ်းတလျှောက်ရှိ[1989] မီးရှို့ခံထားရသည့် ကျေးရွာ များတွင် တွေ့ရှိခဲ့ကြကြောင်း ထွက်ဆိုခဲ့ကြသည်။ အခြားသော အလားတူ အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများလည်း မှတ်တမ်းမရရှိပဲ ကျန်နေဦးမည်ဟု မစ်ရှင်အဖွဲ့က ယူဆခဲ့သည်။ ထို့အပြင် အခြားသော ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာများမှ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"မှာ ကြီးမားသော ပမာဏဖြင့် ထိခိုက်သေကျေမှုများ တခါတရံ ဒါဇင်နှင့်ချီ သေဆုံးမှုများ ရှိခဲ့သည်ကို မစ်ရှင်အဖွဲ့မှ စစ်ဆေးအတည်ပြုခဲ့ကြသည်။ ထိုဖြစ်ပွားမှုများမှာ တမင်စီစဉ် ဆောင်ရွက်ခဲ့သည့် အပြုအမူ အနည်းငယ်သာ တွေ့ရသည်ဟု ထင်ရသော်လည်း အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများတွင် ပါဝင်သည်။

၈၉၃။ အစုလိုက်အပြုံလိုက် ပစ်မှတ်ထား သတ်ဖြတ်မှုဖြစ်ရပ်များကို ထပ်လောင်း၍ အနီးကပ်မှ[1990] ပစ်ခတ်မှုများ အပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်းများကို လုံခြုံရေးတပ်ဖွဲ့များက ပစ်ခတ်ခဲ့မှုများ ဒဏ်ရာရသူ များပါမကျန် ၊ လည်ပင်းကို ဓါးရှည်များဖြင့် လှီးဖြတ်၍ လူများကို စီရင်သတ်ဖြတ်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြုလုပ်ခဲ့ကြသည်။ အချို့နေရာများတွင်

---

[1986] LI-102.

[1987] LI-025, LI-027, LI-029, LI-039, LI-041, LI-099, LI-107, QI-111, YI-011.

[1988] WI-007.

[1989] BI-013, CI-014, CI-016, CI-023, CI-183, QI-063, QI-065, QI-116.

[1990] EI-024, LI-011, LI-027, LI-030, QI-035, QI-038, WI-039, WI-007, WI-010, XI-006; အခန်း D.1.a: အဆိုးရွားဆုံးအဖြစ်အပျက်များ အခန်းတွင်ကြည့်ပါ။

တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များက တစ်အိမ်တက်ဆင်း စနစ်တကျ ရွှေ့ပြောင်း၍ လူများကို ၄င်းတို့၏အိမ်များမှ ဆွဲထုတ်ကာ စီရင်သတ်ဖြတ်ခြင်း၊ (သို့မဟုတ်) ၄င်းတို့၏ အိမ်များထဲတွင် (သို့မဟုတ်) နေအိမ်များကို ၄င်းတို့ စွန့်ခွာ ထွက်ပြေးချိန်များတွင် တခါတရံ မိသားစုဝင်များရှေ့မှောက်တွင်ပင်[1991] ၄င်းတို့ကို ပစ်ခတ်သတ်ဖြတ်ခြင်းများဖြင့် အဆိုပါ ပစ်မှတ်ထားသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့ကြသည်။ တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များနှင့်အတူ လုပ်ကိုင်ဆောင်ရွက်ခဲ့ကြသော ရခိုင်တိုင်းရင်းသားများကလည်း ဓားစာခံများကို ဓါးရှည်များဖြင့် ခုတ်ဖြတ်သတ်ခဲ့ကြသည်။

၈၉၄။ မောင်းတောမြို့နယ်မြောက်ပိုင်းရှိ ကြိမ်ချောင်းကျေးရွာအုပ်စုနေ အမျိုးသမီးတစ်ဦးသည် မိသားစုဝင် အများအပြား သတ်ဖြတ်ခံရသည်ကို မြင်တွေ့ခဲ့ ရသည်။ သူမ၏ ယောက္ခမဖြစ်သူမှာ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရပြီး သူမ၏ခင်ပွန်းမှာ ထွက်ပြေးလာစဉ်အတွင်း သေနတ်ဖြင့် ပစ်ခံခဲ့ရသည်။ သူမ၏ကလေးနှစ်ယောက်လည်း အသတ်ခံခဲ့ရပြီး သူမ၏ တတိယမြောက်ကလေးမှာ ဦးခေါင်းတွင် ဓါးဒဏ်ရာ အမြောက်အများ ရခဲ့သော်လည်း အသက်ရှင်ကျန်ရစ်သည်။

> *"စစ်သားတွေက ကျမကို အိမ်တစ်အိမ်ထဲခေါ်သွားပြီး ကျမနဲ့ ကျမရဲ့ အငယ်ဆုံးကလေးကို ရိုက်နှက်ခဲ့ကြတယ်။ ရိုက်နှက်တဲ့ဒဏ်ကြောင့်ပဲ သူသေသွားခဲ့တယ် သူက အသက် (၁) နှစ်ခွဲ အရွယ်ပါ။ ကျမရဲ့ လေးနှစ်အရွယ် သားလေးလက်ကို ကျွန်မသမီးက ကိုင်ထားခဲ့တယ်။ သူမခေါင်းကိုလည်း ဓါးနဲ့ ထိုးခံထား ရတယ်။ သူစဉ်လိုက်တဲ့အချိန်မှာ စစ်တပ်က သူ့ကို ဓါးနဲ့ထိုးလိုက်ပြီး သေသွားခဲ့တယ်။ လက်ဖျံလောက်ရှည်တဲ့ ဓါးနဲ့သူ့ကို ထိုးလိုက်တာ။ သူ့ကိုသတ်ပြီးတော့ စစ်သားတွေက အဲ့ဒီဓါးကို ဆေးလိုက်ကြတယ်။[1992]"*

၈၉၅။ အခြားအမျိုးသားတစ်ဦးက မောင်တောမြို့နယ်၊ ကြက်ရိုးပြင် ကျေးရွာအုပ်စုရှိ နေအိမ် တစ်အိမ်အတွင်း၌ အမျိုးသမီးများနှင့် ကလေးငယ် အုပ်စုတစ်စုကို သတ်ဖြတ်ခံခဲ့ပုံကို ဖော်ပြ ပြောဆိုခဲ့သည်။

> *"မီးဖွားနေတဲ့ ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးကို သားဖွားဆရာမနဲ့အတူ အမျိုးသမီးဆွေမျိုးသားချင်းတွေက ကူညီနေခဲ့ကြတယ်။ ခန့်မှန်းခြေ စစ်သား ၅ယောက်လောက် အိမ်ထဲဝင်သွားတာ ကျနော် မြင်ခဲ့တယ် ပြီးတော့ သေနတ်သံ တချို့ ကြားလိုက်ရတယ်။ နောက်တော့ ကျနော် ပြန်သွားကြည့်တဲ့အခါ သက်ကြီးရွယ်အို အမျိုးသမီးတစ်ယောက်၊ မီးဖွားနေတဲ့မိခင်၊ နှစ်နှစ် အရွယ် မိန်းကလေးတစ်ယောက်နဲ့ တခြား အသက် ၁၆ကနေ ၁၈နှစ်လောက်ရှိမယ့် မိန်းကလေးတစ်ယောက် ပြီးတော့ မွေးခါစ ကလေးလေးတစ်ယောက်ရဲ့ လူသေအလောင်းတွေ တွေ့ခဲ့ရတယ်။[1993]"*

၈၉၆။ တပ်မတော် စစ်သားများနှင့် ရခိုင်တိုင်းရင်းသားများသည် ထိခိုက်ဒဏ်ရာ ရစေရန်နှင့် သတ်ဖြတ်ရန် ဓါးရှည်များ၊ ဓါးများနှင့် တောခုတ်ဓါးများကို အသုံးပြုခဲ့ကြပြီး ရိုဟင်ဂျာ ရွာသားများကို ရည်ရွယ်ချက်ရှိစွာ လည်လှီးသတ်ဖြတ်မှုတို့တွင် အထင်ရှားဆုံး ဖြစ်သည်။ မြောက်များစွာသော တွေ့ဆုံမေးမြန်းခံရသူများနှင့် မျက်မြင်သက်သေများက

[1991] EI-024, LI-011, LI-027, QI-038, WI-039, XI-006.

[1992] WI-004.

[1993] CI-111.

ထိုကဲ့သို့သတ်ဖြတ်ခြင်းများကို မြင်တွေ့ခဲ့သည်ဟု မျှဝေထွက်ဆိုထားခဲ့သည်။[1994] အမျိုးသားတစ်ယောက်သည် စပါးခင်းထဲတွင် ပုန်းအောင်း နေစဉ်အတွင်း စစ်သားအုပ်စုတစ်စုက ၄င်း၏ အသက် ၇၀အရွယ် မိခင်ကို ၄င်းတို့နေအိမ်မှ ခေါ်ဆောင်သွားခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ စစ်သားတစ်ဦးက ဓါးကြီးတစ်လက်ဖြင့် သူမ၏လည်ပင်းကို လှီးဖြတ်ခဲ့ပြီး သူမ၏အလောင်းကို မြေပြင်ပေါ် ချန်ထားခဲ့သည်။[1995] မောင်တောမြို့နယ် မြောက်ပိုင်း ရွာတစ်ရွာရှိ အခြားအမျိုးသမီး ငယ်တစ်ဦးကလည်း သူမ၏မိခင် သတ်ဖြတ်ခံရသည်ကို မျက်မြင်တွေ့ခဲ့ရသည်။ "ကျမက ကျမရဲ့ကလေးကိုခေါ်ဖို့ ကျမတို့အိမ်ထဲမှာ ရှိနေခဲ့တယ်၊ ဒါပေမယ့် အဲဒီအချိန်လေးမှာပဲ စစ်သားတစ်ယောက်က ဓါးကြီးတစ်လက်ကို ဆွဲထုတ်လိုက်ပြီး ကျမအမေရဲ့ လည်ပင်းကို လှီးဖြတ်လိုက်တယ်။ သူမရဲ့ခန္ဓာကိုယ် မြေပြင်ပေါ်လဲကျသွားတာ ကျမ မြင်တွေ့ခဲ့ ရတယ်။"[1996]

၈၉၇။ အချို့သောဖြစ်စဉ်များတွင် ရခိုင်တိုင်းရင်းသားများသည် သေနတ်ထိမှန်ခံထားရပြီး ဒဏ်ရာရနေသော ရိုဟင်ဂျာရွာသားများကို သတ်ဖြတ်ခြင်း[1997] အခန်းကဏ္ဍတွင် ရှိခဲ့သည်ဟု ယူဆရသည်။ ၄င်းတို့သည် အမျိုးအစားတူ ဖြစ်သော ဓါးရှည်များ[1998] (သို့မဟုတ်) ဓါးကြီးများကို အများဆုံး အသုံးပြုခဲ့ကြသည်။ ဘူးသီးတောင်မြို့နယ်ရှိ (ရိုဟင်ဂျာလို ရှအက်ဘ်ဘဇားဟုသိကြသော) မောင်းကြီးတောင်ကျေးရွာမှ အမျိုးသမီးတစ်ဦးက သေနတ်ထိမှန်ပြီး ဒဏ်ရာရနေခဲ့သော လူ၆ဦးအား ရခိုင်တိုင်းရင်းသားများက ဓါးများကိုအသုံးပြုပြီး[1999] ၄င်းတို့၏လည်ပင်းများကို လှီးဖြတ်၍ သတ်ဖြတ်နေသည်ကို မြင်တွေ့ ခဲ့ကြောင်း ပြန်လည် ပြောဆိုခဲ့သည်။

၈၉၈။ ။ အချို့သော ရွာများတွင်၊ အချို့သော ဖြစ်စဉ်များ၌ ဝတ်စုံများ ဝတ်ဆင်ထားခဲ့ကြသော ရခိုင်တိုင်းရင်းသားများဟု သတ်မှတ်ခံထားရသူများက သေနတ်များကိုင်ဆောင်ထားကြပြီး ရိုဟင်ဂျာများကို ပစ်ခတ်သတ်ဖြတ်ခဲ့[2000] ကြသည်။ တခါတရံတွင် ၄င်းတို့သည် "သေလ" သို့မဟုတ် "ဂျေတာနီ"[2001] ဟု ဒေသအခေါ်ရှိသော ကျည်တစ်ထောင့်ထိုး အိမ်တွင်းလုပ်သေနတ်များကို အသုံးပြုကြသော်လည်း အခြားသော အမှုဖြစ်ရပ်များတွင်မူ စစ်တပ်သုံးအဆင့်ရှိ လက်နက်များကို အသုံးပြုခဲ့ ကြသည်။ စစ်တပ်သုံးအဆင့်[2002] သေနတ်များကို တပ်မတော်မှ ရခိုင်တိုင်းရင်းသားများသို့ ဖြန့်ဝေထားသည်ကိုလည်း တွေ့ရပြီး၊ အချို့ဖြစ်ရပ်များတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" မတိုင်မီ[2003] အချိန်ပိုင်း အတွင်း ဖြစ်သည်။

၈၉၉။ ။ အခြားသော ရိုဟင်ဂျာများမှာလည်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရသူများ အပါအဝင် မိသားစုဝင်များနှင့် အိမ်နီးချင်းများကို အကူအညီပေးရန် ကြိုးစားစဉ်တွင်

---

[1994] CI-029, CI-045, EI-029, EI-034, LI-003, LI-008, LI-010, LI-011, LI-012, LI-013, LI-063, LI-072, QI-028, WI-001, WI-002, WI-009.

[1995] QI-028.

[1996] EI-029.

[1997] EI-030, LI-073, LI-027, LI-065, WI-016, WI-024, YI-014; D.1.a အဆိုးဝါးဆုံးဖြစ်ရပ်များ အခန်းတွင်ကြည့်ပါ။

[1998] CI-001, CI-029, CI-114, CI-124, EI-030, EI-049, EI-057, EI-066, EI-073 EI-102, LI-003, LI-027, LI-039, LI-062, LI-063, LI-065, LI-071, LI-073, LI-081, LI-104, LI-118, LI-129, QI-004, QI-011, QI-029, QI-066, WI-004, WI-005, WI-016, WI-024, WI-027, WI-036, WI-037, WI-038, WI-041, WI-042, WI-044, WI-048, XI-003, YI-004, YI-014, YI-027. CI-001, CI-029, CI-114, CI-124, EI-030, EI-049, LI-003, LI-027, LI-039, LI-062, LI-063, LI-065, LI-071, LI-073, LI-081, LI-104, LI-118, LI-129, QI-004, QI-011, QI-029, QI-066, WI-016, WI-048, YI-014, YI-027.

[1999] EI-030.

[2000] CI-120, EI 003, EI 004, EI-005, LI-052, QI-052, WI-005, WI-027, YI-006, YI-031.

[2001] CI-124, LI-062, LI-065, LI-069, WI-048.

[2002] CI-120, LI-052, LI-054, LI-120, YI-031.

[2003] LI-052, LI-103, YI-031.

အကျဥ်းချုံးနည်းဖြင့် စီရင်သတ်ဖြတ်ခံ ခဲ့ကြရသည်။ မောင်တောမြို့နယ် မြောက်ပိုင်း ကွမ်းသီးပင်ရွာရှိ အမျိုးသမီးတစ်ဦးမှ အောက်ပါဖြစ်ပွားမှုတရပ်ကို ဖော်ပြခဲ့သည်။

> *"ကျမရဲ့ ယောက္ခမ၊ ကျမရဲ့ ကလေးသုံးယောက်၊ ကျမရဲ့ ယောက်ျားနဲ့ ကျမရဲ့ တချို့ဆွေမျိုးတွေနဲ့အတူတူ ကျမက အိမ်ထဲမှာ ရှိနေခဲ့တယ်။ စစ်သားတွေ ကျမတို့ ရွာအနီးကို ကပ်လာပြီး သူတို့ရဲ့လက်နက်တွေနဲ့ ပစ်ခတ်ခဲ့ကြတဲ့အချိန်မှာ မနက် အစောပိုင်းပဲ ရှိသေးတယ်။ သေနတ်ကျည်ဆံတွေက ကျမတို့ရဲ့ အိမ်ခြံဝန်း အတွင်းမှာရှိတဲ့ သစ်ပင်တွေကို ထိမှန်ခဲ့တယ်။ တချို့အိမ်တွေမှာ မီးလောင်ကျွမ်းနေတာကိုလည်း ကျမ မြင်တွေ့ခဲ့တယ်။ ပြီးတော့ ကျမတို့အိမ်ထဲကို သူတို့ တန်းတန်းမတ်မတ် ဝင်ရောက်လာခဲ့တယ်။ ကျမရဲ့ ခန္ဓာကိုယ်ကို သူတို့ကိုင်တွယ်ခဲ့ကြပြီး ကျမရဲ့ ဆံပင်တွေကို ဆွဲခဲ့ကြတယ်။ ကျမရဲ့ ခေါင်းပေါင်းပုဝါကိုလည်း ဆွဲဖယ်ပြီး ကျမကိုယ်ပေါ်က အဝတ်တွေ ကိုလည်း ချွတ်ဖို့နဲ့ မြေကြီးပေါ်မှာ ကျမကိုယ်ပေါ် တက်ဖို့ ကြိုးစားခဲ့ ကြတယ်။ ကျမ ယောက်ျားက သူတို့ကို တားဆီးဖို့နဲ့ ကျမကို ကာကွယ်ဖို့ ကြိုးစားခဲ့တယ်။ သူတို့က ကျမရဲ့ ယောက်ျားမျက်နှာတည့်တည့်ကို သေနတ်နဲ့ ပစ်ခတ်ခဲ့တယ်။ ပြီးတော့ လည်ပင်းကို ဓါးကြီးတစ်လက်နဲ့ လှီးလိုက်တယ်။ သူ့အသက်က ၃၅ နှစ်ပါ။[2004]"*

၉၀၀။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"မှ ထွက်ပြေးလာခဲ့သော ရိုဟင်ဂျာများသည် နယ်စပ်ဖြတ်ကျော်ဂိတ်များတွင်လည်း ကြမ်းတမ်းသောတိုက်ခိုက်မှုများနှင့် ရင်ဆိုင်ခဲ့ရပြီး ရလဒ်အဖြစ် အသက်ဆုံးရှုံးမှုနှင့် ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရမှုများ ဖြစ်ခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့[2005] ဖြတ်ကူးဝင်ရောက်ရန် စောင့်ဆိုင်းနေစဉ် နတ်မြစ် (သို့မဟုတ်) ဘင်္ဂလားပင်လယ်အော် ကမ်းခြေများတွင် စုဝေးနေသည့် အရေအတွက်မြောက်များစွာ အပါအဝင် နယ်စပ်ဖြတ်ကျော်ဂိတ်များ သို့မဟုတ် အနီးအနားမှ ရိုဟင်ဂျာလူအုပ်စုများကို စစ်သားများက ပစ်ခတ်ခဲ့ကြသည်။ ဘူးသီးတောင်မြို့နယ် ငါးရံ့ချောင်းကျေးရွာအုပ်စုမှ အမျိုးသားတစ်ဦးက ၂၀၁၇ခုနှစ်၊ စက်တင်ဘာလ အလယ်ပိုင်းခန့်တွင် နတ်မြစ်သို့ ရောက်ရှိခဲ့ပြီး စစ်သားများ၏ပစ်ခတ်ခြင်းကို ခံခဲ့ရသည်ကို ပြောပြခဲ့သည်။ အချို့လူများက ထွက်ပြေးခဲ့ကြပြီး ၄င်းကဲ့သို့ အခြားသူများက မြေပြင်ပေါ်တွင် ဝပ်နေခဲ့ကြသည်။ သူ၏ဆွေမျိုး[2006] သုံးဦး အပါအဝင် လူ ၂၅ ဦး သတ်ဖြတ်ခံခဲ့ရသည်ဟု သူကပြောခဲ့သည်။

၉၀၁။ စစ်သားများက ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ်ဘက်သို့ သယ်ဆောင်သွားသော လှေများကိုလည်း သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြပြီး ရလဒ်အဖြစ် နောက်ထပ် ထိခိုက်သေကျေမှုများ[2007] ဖြစ်ခဲ့ကြသည်။ မျက်မြင်သက်သေ အမျိုးသမီးတဦးက နတ်မြစ်ကို ဖြတ်ကူးစဉ် သူမလိုက်ပါခဲ့သောလှေမှာ မည်သို့မည်ပုံ စစ်သားများ၏ပစ်ခတ်မှုကို ခံခဲ့ရပြီး အမျိုးသမီး ၂ ဦးနှင့် အမျိုးသား ၃ဦးတို့ သတ်ဖြတ်ခံ[2008] ခဲ့ရသည်ကို ရှင်းလင်းပြောဆိုခဲ့သည်။ အခြားမျက်မြင်တစ်ဦးကလည်း စက်လှေစောင့်ဆိုင်းနေစဉ် သူမ၏အတွေ့အကြုံကို ဖော်ပြခဲ့သည်။

> *"စစ်သားတွေက သေနတ်နဲ့ စပစ်နေကြတယ်။ ဒါကြောင့် ကျမတို့က ဝေးရာကို တွားသွားခဲ့ပြီး သစ်ပင်တွေရဲ့နောက်က ရွှံ့တောထဲမှာ လှဲချနေခဲ့ရတယ်။*

---

[2004] LI-032

[2005] CI-050, EI-065, LI-030, LI-070, LI-076, LI-077, LI-127, LI-131, QI-069, QI-109, WI-007, XI-006.

[2006] QI-109.

[2007] BI-017, EI-034, EI-065, LI-107, LI-127, QI-026, QI-099, QI-109, WI-007, XI-001.

[2008] EI-034.

*လူတွေအများကြီး အပစ်ခံရပြီး ထိမှန်ခဲ့ကြတာ ကျမတွေ့ခဲ့တယ်။ အမျိုးသားတွေ၊ အမျိုးသမီး တွေနဲ့ ကလေးတွေရဲ့ အလောင်းတွေ မြစ်ထဲမှာ မျောနေခဲ့ကြတယ်။*[2009]

၉၀၂။ စစ်သားများက နယ်စပ်ဖြတ်ကူးနေသည့်[2010] ရိုဟင်ဂျာတစ်ဦးချင်းကို သတ်ဖြတ်ရန် (သို့မဟုတ်) သတ်ဖြတ်ရေးအတွက် အားထုတ်ရန် ဓါးကြီးများကိုလည်း အသုံးပြုခဲ့ကြသည်။ ၁၃ နှစ်အရွယ် ကောင်လေးတစ်ဦးက ၎င်းတို့ကို စစ်သားများ၏ တိုက်ခိုက်ခြင်းခံခဲ့ရစဉ် နတ်မြစ်ကိုကူးဖြတ်ဖို့ စောင့်ဆိုင်းနေသည့် လူအုပ်စုကြီးတစ်စုထဲတွင် ရှိနေခဲ့ကြောင်းရှင်းပြခဲ့သည်။ ထိုကောင်လေးမှာ ဓါးကြီးတစ်လက်ဖြင့် အခုတ်ခံခဲ့ရပြီး သူ၏လက်မောင်းတွင် ပြတ်ရှဒဏ်ရာရခဲ့သော်လည်း ရေထဲမှ ထွက်ပြေးလွတ်မြောက်အောင် လုပ်နိုင်ခဲ့သည်။ သတ်ဖြတ်ခံထားရသည့် လူသေအလောင်း ၇လောင်းကို[2011] သူမြင်တွေ့ခဲ့သည်။ မစ်ရှင်အဖွဲ့အနေဖြင့် ထိုလူငယ်လေး၏ လက်မောင်းဒဏ်ရာကို ကြည့်ရှုခဲ့ပြီး ဓါးကြီးတစ်လက် သို့မဟုတ် အခြားထက်သော အရာတစ်ခုဖြင့် ခုတ်ဖြတ်ခံခဲ့ရသည်မှာ ကိုက်ညီကြောင်းတွေ့ခဲ့ရသည်။

၉၀၃။ တပ်မတော်စစ်သားများက နယ်စပ်တွင် စုဝေးနေကြသည့် ရိုဟင်ဂျာအုပ်စုများရှိရာ ဘက်သို့လည်း သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ ကြောက်ရွံ့မှုနှင့် တုန်လှုပ်မှုကို ဖြစ်စေခဲ့သော်လည်း သိသာထင်ရှားစွာပင် ထိခိုက်ဒဏ်ရာရရှိခြင်း[2012] မရှိခဲ့ပေ။ အဆိုပါသေနတ်ပစ်ခတ်မှုများသည် ကြောက်စိတ် သွတ်သွင်းပေးရန်နှင့် ရိုဟင်ဂျာများ မြန်မာပြည်ကနေ ထွက်ခွာသွားမှု သေချာစေရန် ရည်ရွယ်၍ ပစ်ခတ်သည်ဟုထင်ရသည်။ မမျှော်လင့်ပဲ လမ်းခရီးတွင် စစ်တပ်နှင့်ဆုံခဲ့ရသည့် အခြားသော ရိုဟင်ဂျာအုပ်စုတဖွဲ့မှာ အကြမ်းဖက်မခံခဲ့ရသော်လည်း ခြိမ်းခြောက်ခံ[2013] ခဲ့ကြရသည်။ နစ်နာသူတစ်ဦးက နယ်စပ်ဘက်သို့ ဦးတည်လမ်းလျှောက် နေခဲ့သည့် ခန့်မှန်းခြေအားဖြင့် ၂၀၀ခန့် ရှိသည့် ရိုဟင်ဂျာ အုပ်စုကြီးတစ်စုတွင် တစ်ဦးအပါအဝင် ဖြစ်ခဲ့ကြောင်း ရှင်းပြသည်။ စစ်သားအုပ်စု တစ်စုနှင့် ကြုံတွေ့ခဲ့ရပြီး ထိုစစ်သားများက ၎င်းတို့ကို ဝိုင်းရံထားကာ အကယ်၍ ၎င်းတို့အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ ထွက်သွားခဲ့ပြီး ဘယ်တော့မှ ပြန်မလာတော့ပါဟု ကတိပေးမည်ဆိုလျှင် ၎င်းတို့အား လွတ်လပ်စွာ သွားခွင့်ပြုမည်ဟု ပြောဆိုခဲ့သည်။ ထိုသို့ မလုပ်ခဲ့လျှင် ၎င်းတို့ သတ်ဖြတ်ခံရမည်ဟု စစ်သားများက ပြောခဲ့ကြသည်။[2014] နောက်ထပ်နစ်နာသူတစ်ဦးမှာ လက်နက်ကိုင် စစ်သားအုပ်စု တစ်စုမှ ချဉ်းကပ်ခြင်းခံခဲ့ရပြီး ထွက်ခွာသွားရန် သို့မဟုတ် အသတ်ခံရန် အတိအလင်း ပြောဆိုခံခဲ့သည်။

*"ကျနော်တို့က နတ်မြစ်ကိုဖြတ်ကျော်ထားတဲ့ အခိက နယ်စပ်ဖြတ်ကျော်ဂိတ်တစ်ခုကို ဦးတည်ပြီး သွားနေခဲ့ကြတယ်။ လက်နက်ကိုင် တပ်မတော်စစ်သားတွေက အဲဒီနေရာမှာ ကျနော်တို့ကို မြင်တွေ့ခဲ့ပြီး၊ ကျနော်တို့ကို သူတို့ ပြောခဲ့တာက" "ဘင်္ဂလားဒေ့ရှ်ဘက်ကို မြန်မြန်ထွက်သွားကြ၊ မဟုတ်ရင် နင့်တို့ကို ငါတို့သတ်ရလိမ့်မယ်။"*[2015]

---

[2009] EI-034.
[2010] LI-019, LI-068.
[2011] LI-019.
[2012] LI-099, LI-028.
[2013] LI-099, LI-028.
[2014] LI-048.
[2015] LI-099.

၉၀၄။ အခြားသော ရိုဟင်ဂျာများမှာ ရိုက်နက်ခံရခြင်းများမှ ထိခိုက်ဒဏ်ရာ ရရှိခဲ့ခြင်းနှင့်[2016] သေဆုံးခဲ့ကြရခြင်းများရှိကြပြီး တခါတရံ ကလေးများ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများ[2017] အပါအဝင်၊ ထိခိုက်အလွယ်ဆုံး ဖြစ်သောသူများကို ပစ်မှတ်ထား ခံကြရသည်။ ရသေ့တောင်မြို့နယ်၊ ချွတ်ပြင်ကျေးရွာမှ မျက်မြင်သက်သေတစ်ဦးက အသက် ၇၀ အရွယ်ရှိ သူမ၏အစ်ကိုဖြစ်သူအား စစ်သားများက ရိုင်ဖယ်သေနတ်ဒင်ဖြင့် အစ်ကိုဖြစ်သူ၏ ဦးခေါင်းကို သေဆုံးသည်အထိ တရစပ် ရိုက်နက်သတ်ဖြတ်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်။ ရိုက်နက်မှုမှာ အလွန်ပြင်းထန်သောကြောင့် သူ၏ဦးခေါင်းမှ ဦးနှောက် အစိတ်အပိုင်းများ အပြင်သို့ ထွက်ကျခဲ့ရသည်။[2018] စစ်တမ်းတခုအရ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း ခန့်မှန်းခြေ သေဆုံးမှု ၁၈.၄ ရာခိုင်နှုန်းမှာ ရိုက်နက်ခံရခြင်း ကြောင့်ဖြစ်ပြီး သေနတ်ဒဏ်ရာဖြင့် သေဆုံးမှုနှုန်းပြီးလျှင် ဒုတိယအမြင့်ဆုံး ဖြစ်ကြောင်း ဖော်ပြထားသည်။[2019]

၉၀၅။ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ၏ နောက်ထပ် အင်္ဂါရပ်တစ်ခုမှာ ရိုဟင်ဂျာများ၏ နေအိမ်များနှင့်ကျေးရွာများကို ကျယ်ပြန့်စွာ ဖျက်ဆီးမှုကြီးဖြစ်ပြီး မီးရှို့မှုများမှ နောက်ထပ် သေဆုံးမှုများနှင့် ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်။ အိမ်များမှာ လူကိုယ်တိုင် မီးလောင် စေတတ်သောအရည်နှင့် မီးခြစ်များကို အသုံးပြုခြင်းနှင့် ထိမှန်ကျရောက်ရာတွင် ပေါက်ကွဲစေတတ်သော[2020] လက်နက်ခဲယမ်းတစ်ခုဖြစ်သော "လောင်ချာ" လက်နက်များကို အသုံးပြု၍ ပစ်ခတ်ခြင်းတို့ဖြင့် မီးရှို့ခံခဲ့ကြရသည်။ ဖော်ပြပါနည်းလမ်းသည် အထူးသဖြင့် နစ်နာခံစားရသူများကို မကြာခဏ အငိုက်မိစေခဲ့ကာ ထွက်ပြေးလွတ်မြောက်ရန် အချိန် အနည်းငယ်သာ ရရှိစေခဲ့သည်။ ထိုနည်းလမ်းဖြင့် မီးလောင်၍ သေဆုံးရမှုများသည် သက်ကြီးရွယ်အိုများ၊ မသန်စွမ်းများ၊ ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ အပါအဝင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"မှ ထွက်ပြေးလွတ်မြောက်ရန် များစွာ မတတ်နိုင်သော ထိခိုက်လွယ်သူများအား အချိုးအစားမမျှတစွာ သက်ရောက်စေခဲ့သည်။ မြောက်များစွာသော မျက်မြင်သက်သေများက မီးလောင်မှုများမှ ၎င်းတို့ ထွက်ပြေးရချိန်တွင် မိသားစုဝင်များနှင့် အခြားလူများ နောက်တွင်ကျန်ရစ်ခဲ့ကြောင်း ပြောပြခဲ့ကြသည်။ သတင်း အချက်အလက်များက အဆိုပါနည်းလမ်းဖြင့် သေဆုံးခဲ့ရသောလူများ၏ အရေအတွက်မှာ မြင့်မားပြီး သတင်းမရပဲ ကျန်နေသည်များလည်း ရှိနိုင်ဖွယ် ဖြစ်သည်ဟု ညွှန်ပြနေသည်။

၉၀၆။ ၎င်းတို့၏ ကျေးရွာများသို့ ပြန်လည်သွားရောက်နိုင်ခဲ့သူများက အိမ်များတွင် မီးလောင်ထားသော အလောင်းများကို တွေ့ခဲ့ရကြောင်း ပြောပြခဲ့သည်။ မောင်းတောမြို့နယ် တောင်ပိုင်းရှိ ကျောက်ပန်းဒူရွာသို့ ပြန်လည်သွားရောက်ခဲ့သော အမျိုးသားတစ်ဦးက ၎င်းတို့၏ နေအိမ်အတွင်း သက်ကြီးရွယ်အို ၁၀ဦးနှင့် လူငယ်တစ်ဦး၏ အလောင်းများ တွေ့ခဲ့ရသည်။[2021] ဘူးသီးတောင်မြို့နယ်အတွင်းရှိ ရွာတစ်ရွာမှ အမျိုးသားတစ်ဦးက ၎င်း၏ရွာသို့ ညအမှောင်ကျချိန်တွင် ပြန်လည်သွားရောက်နိုင်ခဲ့ပြီး နေအိမ်တွင် မီးရှို့ခံထားရသည့် သက်ကြီးရွယ်အို အလောင်း ၁၂လောင်းကို တွေ့မြင်ခဲ့ရသည်။[2022] မောင်တောမြို့နယ်

[2016] CI-006, CI-146, EI-024, LI-008, LI-022, QI-018, YI-001.

[2017] EI-052, LI-008, LI-022, LI-061.

[2018] LI-008.

[2019] Médecins Sans Frontiers, "Balukhali 2 နှင့် Tasnimarkhola စခန်းများတွင် အတိတ်ကာလသေဆုံးနှုန်း၊ အဟာရ နှင့် ဝက်သက်ကာကွယ်ဆေးလွှမ်းခြုံမှုကို စစ်တမ်းကောက်ယူမှု" (Bangladesh, 2017).

[2020] အိမ်များကို မီးရှို့သည့်နည်းလမ်းများနှင့် ပါတ်သက်၍ ဤအခန်းတွင် အသေးစိပ်ဖေါ်ပြထားသည်။

[2021] WI-016.

[2022] QI-007.

မြောက်ပိုင်းရှိ တမန်းသားရွာမှ အခြားသော နစ်နာခံစားရသူတစ်ဦးမှာ ပြန်သွားသည့်အခါ မီးကျွမ်းနေသော မသန်စွမ်းအမျိုးသားတစ်ဦးနှင့် သက်ကြီးရွယ်အိုနှစ်ဦး၏ အလောင်းတို့ကို သူတို့၏ နေအိမ်တွင် တွေ့ရှိခဲ့သည်။[2023] ၂၀၁၇ ခုနှစ် စက်တင်ဘာလ အစောပိုင်းတွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" ဆောင်ရွက်ခံခဲ့ရသည့် မောင်တောမြို့နယ်ရှိ ရွာတစ်ရွာမှ နစ်နာခံစားရသူ အမျိုးသမီးတစ်ဦးက သူမ၏ အတွေ့အကြုံကိုပြန်လည်ပြောပြခဲ့သည်မှာ-

*"ကျမရဲ့အိမ်က ရွာရဲ့အနောက်ဘက်ခြမ်းမှာ ရှိခဲ့ပြီး စစ်တပ်က အရှေ့ဘက်ကနေ ဝင်လာခဲ့ပါတယ်။ သူတို့က အိမ်တွေကို မီးစရှို့ခဲ့ကြပြီး၊ မီးတောက်တွေ ကျမမြင်ခဲ့ရတယ်။ ကျမရဲ့ မသန်စွမ်းအစ်ကိုက အရှေ့ဘက်မှာ သူ့အိမ် ရှိခဲ့တယ်။ သူ့ရဲ့ မိန်းမနဲ့ သူရဲ့ကလေးတွေက ထွက်ပြေးနိုင်ခဲ့ပေမယ့် သူကတော့ ထွက်မပြေးနိုင်ခဲ့ဘူးလို့ သူ့မိန်းမက ပြောပြတယ်။ သူအပြင် မထွက်နိုင်ခဲ့တာကြောင့် သူ့အိမ်ထဲမှာပဲ သူမီးလောင် သေဆုံးခဲ့ရပါတယ်။ ရွာမီးလောင်နေတာကို ပုန်းအောင်းနေရင်းက စောင့်ကြည့်ခဲ့ရပြီး နှစ်ရက်အကြာမှာ ကျမတို့တွေ ဘင်္ဂလားဒေ့ရှ် နိုင်ငံဘက် ထွက်ခွာလာခဲ့ကြပါတယ်။[2024]"*

၉၀၇။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုခဲ့သူတစ်ဦးက သူ၏ကျေးရွာဖြစ်သည့် မောင်တောမြို့နယ် တောင်ပိုင်းရှိ သပြေတောကျေးရွာအုပ်စု၊ ဖုန်ကာရာ ရွာထဲသို့ စစ်သားများ ဝင်ရောက်လာကြပြီး ကျေးရွာတစ်ဖက်ထိပ်မှစ၍ အိမ်များကို မီးရှို့ခဲ့ကြသည်ဟု ဖော်ပြပြောဆိုခဲ့သည်။ သူ၏ အသက် ၈၀ အရွယ် မိခင်မှာ ထွက်ပြေးနိုင်ခြင်း မရှိခဲ့ပေ။ အချိန်အနည်းငယ်အကြာတွင် သူ၏အိမ် မီးလောင်နေသည်ကို သူပုန်းအောင်းရာနေရာမှ နေ၍ သူမြင်တွေ့ခဲ့ရသည်။ နောက်ရက်တွင် သူ၏ရွာကို ပြန်ရောက်သည့်အခါ သူ၏အမေ၏ မီးလောင်ကျွမ်းနေသည့် အလောင်းကို မြင်တွေ့ခဲ့ရသည်။[2025] အခြားမျက်မြင်သက်သေ တစ်ဦးကလည်း သူ၏ အဖွာ ဖြစ်သူနှင့် မွေးကင်းစအရွယ် တူလေးနှစ်ဦးတို့ မောင်တော မြို့နယ် တောင်ပိုင်းရှိ အလယ်သံကျော်ရွာမှ ၎င်း၏အဖွားဖြစ်သူ နေအိမ်တွင် မီးလောင်သေဆုံးခဲ့သည်ကို တွေ့မြင်ခဲ့ရသည်ဟု ပြောပြခဲ့သည်။[2026]

၉၀၈။ ထို့ပြင် မစ်ရှင်အဖွဲ့က မီးလောင်နေသော သို့မဟုတ် မီးတင်ရှို့မည့်ဆဲဆဲ နေအိမ်များထဲသို့ လူများကို တမင်ရည်ရွယ်၍ အတင်းအကျပ် မောင်းသွင်းကာ တခါတရံ အိမ်ထဲတွင် သော့ခတ်ထားခဲ့သည့်[2027] တပ်မတော်စစ်သားများ၏ လုပ်ကိုင်ပုံနည်းလမ်းပုံစံတစ်ခုကို စစ်ဆေးအတည်ပြုခဲ့သည်။ မောင်တောမြို့နယ် မြောက်ပိုင်း၊ ငန်းချွန်ရွာမှ နစ်နာသူ တစ်ဦးက အသေးစိတ်ပြန်လည် ပြောပြခဲ့သည်မှာ-

*"စစ်တပ်ကကျနော်တို့ရဲ့ ရွာထဲကို ဝင်ရောက်လာခဲ့ပြီး အိမ်တွေကို လောင်ချာနဲ့ ပစ်ပြီး မီးရှို့ခဲ့တယ်။ စစ်သားတွေက အပြင်ကနေ တံခါးကို ပိတ်လိုက်တဲ့အချိန်မှာ ကျနော်နဲ့ ကျနော့်ရဲ့ကလေးတွေက အိမ်ထဲမှာ ရှိနေခဲ့တယ်။ အိမ်က မီးလောင်နေခဲ့တယ် ဒါပေမယ့် အိမ်ရဲ့ဝါးထရံကို ကျနော် ချိုးဖောက်ထွက်နိုင်ခဲ့ပြီး ကျနော့်ရဲ့ကလေးတွေကို*

[2023] QI-070.
[2024] QI-025.
[2025] QI-012.
[2026] CI-025.
[2027] BI-006, CI-023, EI-007, EI-058, EI-066, LI-005, LI-012, LI-059, LI-071, LI-075, LI-078, QI-049, QI-059, QI-111, WI-003, WI-004, WI-005, WI-016, WI-029, XI-001, YI-008.

*တစ်ယောက်ချင်းစီ ကျနော် ကယ်ထုတ်ခဲ့တယ်။ ဒါပေမယ့် ကျနော့်ရဲ့ ၁၁ နှစ်အရွယ် သမီးလေးကတော့ ပြင်းပြင်းထန်ထန် မီးလောင်ခံခဲ့ရတယ်။[2028]"*

၉၀၉။ မင်းကြီးရွာမှ စစ်ဆင်ရေးကာလအတွင်း စစ်သားများက အမျိုးသမီးများနှင့် ကလေးငယ်များကို မုဒိန်းကျင့်မှုနှင့် အုပ်စုလိုက် မုဒိမ်းကျင့်မှု ခံရမည့် အိမ်များအတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ ထို့နောက် တံခါးများကို ပိတ်ဆို့ပြီး အိမ်များကို မီးတင်ရှို့ခဲ့ကြသည်။ ၎င်းတို့၏မိခင်များနှင့် အတူရှိနေကြသည့် ကလေးငယ်များ အပါအဝင် နစ်နာခံစားရသူ အများစုမှာ ထွက်ပြေးလွတ်မြောက်ရန် မစွမ်းနိုင်ခဲ့ကြပဲ မီးလောင်သေဆုံးခဲ့ကြရသည်။ အလားတူပင် ချွတ်ပြင်ရွာတွင် လူအများအပြားမှာ အိမ်များအတွင်းသို့ အတင်းအကျပ် မောင်းသွင်းခံရပြီး နောက်တွင် ထိုအိမ်များမှာ စစ်သားများ၏ တမင်ရည်ရွယ်၍ မီးရှို့ခြင်းကိုခံခဲ့ကြသည်။[2029]

၉၁၀။ ။မွေးကင်းစကလေးများ၊ ကလေးများ အပါအဝင် လူများမှာ မီးလောင်နေသော နေအိမ်များထဲသို့ စစ်သားများ၏ မောင်းသွင်းခြင်း သို့မဟုတ် ပစ်ထည့်ခြင်းကို[2030] ခံခဲ့ရကြောင်း တစ်ဦးထက်မကသော ထွက်ဆိုချက်အများအပြား လက်ခံရရှိခဲ့သည်။ မောင်တောမြို့နယ် မြင်လွှတ်ကျေးရွာမှ စစ်ဆင်ရေးကာလအတွင်းတွင် မီးလောင်နေသည့်အိမ်ထဲမှ အပြင်ဘက်သို့ ထွက်ပြေးခဲ့ကြသော ၆နှစ် သို့မဟုတ် ၇နှစ် အရွယ်ရှိ ကလေး ၂ယောက်ကို စစ်သားများက မီးလောင်အိမ်ထဲ ပြန်တွန်းပို့ခဲ့သည်ကို[2031] မြင်တွေ့ခဲ့ရကြောင်း တွေ့ဆုံမေးမြန်းမှု ဖြေကြားသူ တစ်ဦးက သတင်းပေးပို့ခဲ့သည်။ မောင်တောမြို့နယ် ကျောက်ပန်းဒူ ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေကြားသူ တစ်ဦးကလည်း ခန့်မှန်းခြေ ၁၀ဦး ခန့်ရှိသည့် အမျိုးသမီး၊ ကလေးများနှင့် သက်ကြီးရွယ်အိုများ အုပ်စုတစ်စုမှာ မီးလောင်နေသည့် အိမ်တစ်အိမ်မှ လွတ်မြောက်ရန် ကြိုးစား နေခဲ့ကြသော်လည်း စစ်သားများက အိမ်အတွင်းသို့ ပြန်လည်တွန်းပို့ခြင်းကို ခံခဲ့ရကြောင်း ပုံဖော်ပြောဆို ထားသည်။ စစ်သားတစ်ယောက်က ကလေးတစ်ယောက်ကို ဓါးဖြင့် ထိုးလိုက်ပြီးနောက် မီးလောင်အိမ်ထဲသို့ တွန်းပို့ခဲ့သည်ကို သူက မြင်တွေ့ခဲ့သည်။ လူအုပ်စု တစ်စုလုံးမှာ ထိုနေအိမ်ထဲတွင် အသက်ရှင်လျက် မီးရှို့ သတ်ဖြတ်ခြင်း ခံခဲ့ကြရသည်။[2032]

၉၁၁။ အလားတူ အဖြစ်အပျက်တစ်ခုတွင် မောင်တောမြို့နယ် သူးအူလော် ကျေးရွာအုပ်စု ကူးလားဘောကျေးရွာ မှ အမျိုးသမီးတစ်ဦးက သူမ၏ခင်ပွန်းဖြစ်သူနှင့် သူမ၏ ၉နှစ် အရွယ် သမီးဖြစ်သူတို့နှင့်အတူ မီးလောင်နေသည့် သူတို့၏နေအိမ်မှ ထွက်ပြေးခဲ့ကြောင်း ပုံဖော် ပြောပြခဲ့သည်။ သူမ၏ခင်ပွန်းသည် ၎င်းတို့၏ သမီးလက်ကို ကိုင်ထားခဲ့ပြီး သူ၏ခြေထောက်မှာ ကျည်ဆန် ထိမှန်ခဲ့ရသည်။ ၎င်းတို့၏သမီးက ဖခင်ကိုကူညီရန် ရပ်တန့်လိုက်ချိန်တွင် စစ်သားများက ၎င်းတို့နှစ်ဦးလုံးကို မီးလောင်နေသည့်အိမ်ထဲသို့ ဆွဲခေါ်သွားခဲ့သည်။ ၎င်းတို့နှစ်ဦးစလုံး အသက်ရှင်လျက် မီးရှို့သတ်ဖြတ်ခံခဲ့ရသည်။ "ကျမသမီးရဲ့လက်ကို ကိုင်ထားခဲ့တာ ကျမယောကျ်ားဖြစ်မယ့်အစား ကျမပဲ ဖြစ်လိုက်ချင်ပါတယ်"[2033]

၉၁၂။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ အစိတ်အပိုင်း တစ်ခုအနေဖြင့် ရိုဟင်ဂျာရွာများ အနီးပတ်လည်တွင် တပ်မတော်က ထောင်ထားခဲ့သည့် မြေမြှုပ်မိုင်းများကလည်း သေဆုံးမှုနှင့်

[2028] LI-071.
[2029] အခန်း D.1.a: အဆိုးရွားဆုံး အဖြစ်အပျက်များ အခန်းတွင် ကြည့်ပါ။
[2030] EI-007, EI-058, LI-005, LI-059, QI-111, WI-005.
[2031] QI-011.
[2032] EI-007, LI-005.
[2033] EI-058.

ထိခိုက်ဒဏ်ရာရမှုများ ဖြစ်စေခဲ့သည်။[2034] ၂၀၁၇ ခုနှစ် ၊ ဩဂုတ်လ ၂၆ ရက် (သို့မဟုတ်) ထိုရက် တဝိုက်တွင် တပ်မတော်စစ်သားများ အုပ်စုတစ်စုသည် ဘူးသီးတောင်မြို့နယ် မောင်းကြီးတောင် ကျေးရွာအုပ်စုရှိ စဉ်အိုးပြင် (ရွာကြီး) သို့ ချဉ်းကပ်ရောက်ရှိ လာခဲ့ကြသည်။ ၎င်းတို့သည် ကျေးရွာဆီသို့ ဦးတည်နေသည့် အဓိကလမ်းမကြီး နံဘေးတလျောက်တွင်[2035] မိုင်းများ စနစ်တကျ မြှုပ်နှံခဲ့ပြီး ရွာသားတစ်ဦးက ၁၅ပေအကွာဟု[2036] ဖော်ပြ ပြောဆိုခဲ့သည်။ စစ်ဆင်ရေးများ စတင်ခဲ့သည်နှင့် တပြိုင်နက် မြေမြှုပ်မိုင်းများက ထွက်ပြေးရန်ကြိုးစားခဲ့သူ အများအပြားကို ထိခိုက်ဒဏ်ရာမှုနှင့် သေဆုံးမှုများ ဖြစ်စေခဲ့သည်။[2037] ရွာသားတစ်ဦးက ဖော်ပြချက်အရ " မိုင်းတွေကို ရွာအဝင်ဝမှာ ထောင်ထားခဲ့ကြတယ်၊ အဲဒါက တစ်ခုတည်းသော ထွက်ပေါက်ပဲ အဲ့တော့ လူတွေက ထွက်ပြေးတဲ့အခါမှာ မိုင်းတွေပေါ်တက်နင်းမိပြီး သေဆုံးခဲ့ကြရတယ်။"[2038] အခြားတစ်ယောက်က ပြန်ပြောပြခဲ့သည်မှာ-

> *"မိုင်းတွေမြှုပ်ထားတာ မသိခဲ့ကြတော့ ထွက်ပြေးနေကြရင်းနဲ့ မြေမြှုပ်မိုင်း တွေကြောင့် သေခဲ့ကြရတယ်။ တချို့တွေကတော့ လယ်ကွင်းထဲက ပြန်လာတုန်း မိုင်းတွေထိမှန်ခဲ့ကြတယ်။ အသက် ၁၈နှစ်အရွယ်ရှိတဲ့ ကျနော့်ရဲ့ ဆွေမျိုးတစ်ယောက်က လယ်ကွင်းထဲက အပြန် ကျနော့်ရဲ့ အိမ်ရှေ့မှာတင် မိုင်းပေါက်ကွဲမှုကြောင့် သေဆုံးခဲ့တယ်။[2039]"*

၉၁၃။ ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လူသွားလမ်းကြောင်းများ သို့မဟုတ် လမ်းများတွင် မြှုပ်နှံထားခဲ့သော မိုင်းများကလည်း ရွာသားများ ထွက်ပြေးလာကြချိန်တွင် ပေါက်ကွဲထိမှန် စေခဲ့ကြသည်။[2040] ခြေထောက်များ ကျိုးကြေခဲ့ပြီး လက်များနှင့် ခြေထောက်များတွင် ပြင်းထန်သည့် မီးလောင်ရာများအပါအဝင် မိုင်းပေါက်ကွဲမှုအတွင်း ဆိုးရွားပြင်းထန်စွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အသက် ၁၈ နှစ်အရွယ် အမျိုးသားတစ်ဦးက သူ၏ အတွေ့အကြုံများကို ရှင်းလင်းပြောပြခဲ့သည်။

> *"သေနတ်ပစ်သံတွေ ကြားတဲ့အချိန်မှာ ကျနော့်မိသားစုကိုရှာဖို့ ကျနော့်ရွာဘက်ကို စပြေးခဲ့တယ်။ လမ်းမတလျောက်မှာ စစ်ဆေးရေး ဂိတ်တွေ ရှိနေတာကြောင့် ကျနော့်ရဲ့ မိသားစုဆီကို အမြန်ဆုံး ရောက်နိုင်ဖို့ လမ်းသွယ်လေး တစ်ခုအတိုင်း ကျနော် ရွေးပြီး ပြေးခဲ့တယ်။ ရွာကနေ ၁၅မိနစ်လောက် ဝေးတဲ့နေရာကို ရောက်တော့ ကျနော် မြေပေါ်ကနေ ပေါက်ကွဲလွင့်တက် သွားခဲ့တယ်။ အဲဒါက ဗုံးကြီးတစ်လုံး ပေါက်ကွဲတဲ့ အသံနဲ့တူတယ်။ ပြီးတော့ ကျနော်သတိလစ်သွားခဲ့တယ်။ ကျနော်ဒီလမ်းကနေ ကျောင်းကို မကြာခဏ သွားနေကျပဲ ဒါပေမယ့် ဒီလမ်းကြောင်းမှာ ဒီလို ပေါက်ကွဲမှုမျိုး တစ်ခါမှ မမြင်ဖူး မကြားဖူးခဲ့ပါဘူး။[2041]"*

၉၁၄။ အာဆာအဖွဲ့ကသာ ဒေသတွင်း၌ မြေမြှုပ်မိုင်းများ ထောင်ထားခဲ့သည်ဟု အစိုးရ ပြောဆိုခဲ့သည်။[2042] ဩဂုတ်လ ၂၅ရက် တိုက်ခိုက်မှုများတွင် အာဆာအဖွဲ့က

[2034] CI-006, CI-007, CI-016, YI-029, V-087.
[2035] CI-132, CI-133, LI-046, LI-114, LI-117, QI-107, XI-004.
[2036] LI-114.
[2037] CI-132, CI-133, LI-046, LI-114, LI-117, QI-107, XI-004, YI-001.
[2038] LI-046.
[2039] LI-114.
[2040] BI-004, CI-001, WI-009, V-087.
[2041] BI-004.
[2042] V-088.

လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ အသုံးပြုခဲ့သော်လည်း၊ အာဆာတွင် မြေမြှုပ်မိုင်းများကို လက်လှမ်းမီ ရရှိခဲ့မှု သို့မဟုတ် အသုံးပြုခဲ့မှုရှိကြောင်း ပြောဆိုချက်ကို အထောက်အကူပြုရန် သတင်းအချက်အလက် မရှိခဲ့ပါ။[2043] အာဆာအဖွဲ့က အသုံးပြုခဲ့သည့် လက်လုပ်ဖောက်ခွဲရေး ပစ္စည်းများကို ရှာဖွေတွေ့ရှိခဲ့သည်ဟု တပ်မတော်က ဆိုခဲ့သော်လည်း ထိုကဲ့သို့ မြေမြှုပ်မိုင်းများနှင့် ပတ်သက်ဆက်နွယ်သည့် မည်သည့်ထုတ်ဖော်ပြောဆိုမှုမျိုးကိုမှ တပ်မတော်က မပြုလုပ်ခဲ့ပေ။[2044]

၉၁၅။ *Medicins Sans Frontiers* နယ်စည်းမခြား ဆရာဝန်များ အဖွဲ့က ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက်နှင့် ဒီဇင်ဘာလ ၃ ရက် အတွင်း၊ ကူတူပါလောင်ဒုက္ခသည်စခန်းရှိ ၄င်းတို့၏ဆေးခန်းတွင် အကြမ်းဖက်မှုနှင့် ပတ်သက်၍ ဒဏ်ရာရရှိထားသူ ၂၂၄ဦး ကုသပေးခဲ့ရပြီး သေနတ်ထိမှန် ဒဏ်ရာများ လာရောက်ပြသခဲ့သည့် လူနာများ၏ အရေအတွက်မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၅ရက်[2045] နောက်ပိုင်းမှ လျော့ကျသွားခဲ့သည်ဟု ပြောဆိုထားသည်။ အဆိုပါအချက်က ကြမ်းကြုတ် ရက်စက်သော "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် အစိုးရက ကြေညာ ထားသော အဆုံးသတ်ရက်စွဲ ဖြစ်သည့် ၂၀၁၇ခုနှစ် စက်တင်ဘာလ ၅ရက်ထက် များစွာ ကျော်လွန် နောက်ကျနေသည်ဟူသည့် မစ်ရှင်အဖွဲ့၏ ကောက်ချက်ကို အတည်ပြုပေးခဲ့သည်။

၉၁၆။ ။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း နစ်နာခဲ့ရသူများနှင့် မြောက်မြားစွာသော ထိခိုက်ဒဏ်ရာရရှိ ခံစားနေရသူများကို မစ်ရှင်အဖွဲ့က တွေ့ဆုံခဲ့သည်။ အစိတ်အပိုင်း အများစုအတွက် ဤနေရာတွင် မှတ်သားထားသင့်သည်မှာ၊ (တွေ့ဆုံခဲ့သူများမှာ) ပြင်းထန်မှုနည်းပါးသော ထိခိုက်ဒဏ်ရာများ ရရှိခံစားထားရပြီး ဘင်္ဂလားဒေ့ရှ်သို့ သွားရာခရီးလမ်းဆီ လွတ်မြောက်လာခဲ့သော၊ မစ်ရှင်အဖွဲ့ဝင်များနှင့် တွေ့ဆုံနိုင်ခဲ့သည့် "လမ်းလျှောက်နိုင်သော ဒဏ်ရာရရှိထားသူများ" ထံမှ မှုခင်းဆိုင်ရာ ဆေးပညာ သတင်းအချက်အလက်များကို စုဆောင်းရရှိနိုင်ခဲ့သူများ ဖြစ်ကြသည်။ မစ်ရှင်အဖွဲ့မှ တွေ့ဆုံ မေးမြန်းမှု ပြုလုပ်ခဲ့သော နစ်နာခံစားရသူ ၅၀ဦးကျော်၏ ဓါတ်ပုံမှတ်တမ်း တင်ထားသော ထိခိုက်ဒဏ်ရာရရှိမှုများနှင့် အချို့အမှုဖြစ်ရပ်များတွင် ဆေးဘက်ဆိုင်ရာမှတ်တမ်းများ၏ မှုခင်းဆိုင်ရာဆေးပညာ လေ့လာဆန်းစစ်ချက်ကို မစ်ရှင်အဖွဲ့က ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ထိုကိစ္စက ထိခိုက်ဒဏ်ရာ ရရှိမှုများသည် တိကျသောစွပ်စွဲချက်များကို အတည်ပြု နိုင်ခြင်းရှိမရှိနှင့် မျက်မြင်သက်သေများ၏ အများလက်ခံနိုင်မှုနှင့် ယုံကြည်နိုင်ဖွယ်ရှိမှု၏ ယေဘုယျအကဲဖြတ်မှုကို ထောက်ပံ့ပေးသကဲ့သို့ ဓမ္မဓိဌာန်ကျသော ချင့်ချိန်ဆုံးဖြတ်မှုတစ်ခုအတွက် လမ်းဖွင့်ပေးခဲ့သည်။ ယေဘုယျအားဖြင့် မှတ်တမ်းတင်ထားသော ထိခိုက်ဒဏ်ရာ ရရှိမှုများ၏ မှုခင်းဆိုင်ရာ ဆေးပညာ အကဲဖြတ်မှုက စွပ်စွဲမှုများ၏ နောက်ထပ်မှန်ကန်ကြောင်း ထောက်ခံမှု တခါတရံ ခိုင်မာသော မှန်ကန်ကြောင်း ထောက်ခံမှုကို ပံ့ပိုးပေးသည်။ အရေအတွက်အနည်းငယ်သော အမှုဖြစ်ရပ်များတွင် ထိခိုက်ဒဏ်ရာရရှိမှု၏ အသေးစိတ်မပါရှိမှု သို့မဟုတ် အတိအကျမဖြစ်မှုကြောင့် ကြားသတင်း အဖြစ်သာထားပြီး အမှုဖြစ်ရပ်တစ်ခုတွင်သာ စွပ်စွဲချက်၏ အများလက်ခံနိုင်မှုကို လျော့ပါးစေသည့် သတင်းအချက်အလက် ဖြစ်နေပါသည်။ ယေဘုယျအားဖြင့် ထိခိုက်ဒဏ်ရာရရှိသည့် နစ်နာခံစားရသူမှာ ကလေးငယ် တစ်ယောက်

---

[2043] အခန်း D.1.c: အာရကန် ရိုဟင်ဂျာ ကယ်ဆယ်ရေး တပ်မတော်

[2044] Global New Light of Myanmar, "ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်ခံရစဉ်ကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေး အဖွဲ့၏ တွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန်ထုတ်ပြန်ရေးအဖွဲ့ မှ သတင်းထုတ်ပြန်ကြေညာချက်" (နိုဝင်ဘာ ၁၄ ရက်နေ့ ၂၀၁၇ ခုနှစ်)

[2045] Médecins Sans Frontiers, "Balukhali 2 နှင့် Tasnimarkhola စခန်းများတွင် အတိတ်ကာလသေဆုံးနှုန်း၊ အဟာရ နှင့် ဝက်သက်ကာကွယ်ဆေးလွှမ်းခြုံမှုကို စစ်တမ်းကောက်ယူမှု" (Bangladesh, 2017).

ဖြစ်နေပြီး သေနတ်ဒဏ်ရာကဲ့သို့ ထိခိုက်ဒဏ်ရာတစ်ခု၏ တည်ရှိနေမှုက ဤကလေးရှိသောနေရာသည်ပင်လျှင် အထူး စိုးရိမ်စရာ ဖြစ်သည်။

၉၁၇။ မှုခင်းဆိုင်ရာဆေးပညာ လေ့လာဆန်းစစ်ချက်က ထည့်သွင်း ပံ့ပိုးပေးထားသော ထပ်လောင်း မှန်ကန်ကြောင်း ထောက်ခံမှု၏ ပုံဖော် ထားသော နမူနာများ (၁) မြေမြှုပ်မိုင်းပေါက်ကွဲမှုအရှိန်ကြောင့် ခြေလက် ၄ချောင်းစလုံး လောင်ကျွမ်းခဲ့ရပြီး ညာဘက် ခြေထောက် အောက်ပိုင်း[2046] ကျိုးကြေပျက်စီးခဲ့ရသော နစ်နာခံစားရသူ တစ်ဦးဖြစ်သည့် မောင်တောမြို့နယ် သရက်အုပ်ကျေးရွာမှ ကျောင်းသားလေး တစ်ဦး (၂) မြေပြင်တွင် တွားသွား ရှောင်တိမ်းနေစဉ် အတောအတွင်း သေနတ်ထိမှန်ခံရပြီး သူမ၏ခြေထောက်တွင်[2047] မကုသရသေးသော သေနတ်ဒဏ်ရာများ ၂ခု ရှိနေသည့် ရသေ့တောင်မြို့နယ် ချွတ်ပြင်ရွာမှ ၁၀နှစ် အရွယ် မိန်းကလေးတစ်ဦး (၃) သူမနေအိမ်ကို လောင်ချာကျည် ထိမှန်ပြီး မီးရှို့ခံရမှုကြောင့် ကြီးကျယ်သော မီးလောင်ဒဏ်ရာ ခံစားခဲ့ရသည့် မောင်တောမြို့နယ် ငန်းချောင်ရွာမှ ၁၁နှစ်အရွယ် မိန်းကလေးတစ်ဦး[2048] (၄) တပ်မတော်စစ်သားများ ဓါးကြီးတစ်လက်ဖြင့် အကြိမ်ကြိမ်ထိုးခုတ်မှုမှ ဦးခေါင်းတွင် အင်အားပြင်း ထက်ရှဒဏ်ရာ အနံ့အပြားရရှိထားသော မောင်တောမြို့နယ်၊ ကြိမ်ချောင်းရွာမှ ၁၀နှစ်အရွယ် မိန်းကလေးတစ်ဦး[2049] (၅) ထွက်ပြေးရန် ကြိုးစားအားထုတ်နေချိန်တွင် ခြေဖဝါး နှစ်ဘက်စလုံးကို သေနတ်ထိမှန်ခံခဲ့ရသည့် မောင်တောမြို့နယ်၊ မြို့သူကြီးရွာမှ အသက် ၄၅နှစ်အရွယ် အမျိုးသမီးတစ်ဦး[2050]

၉၁၈။ ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဇစ်ဘဇား (Cox's Bazar) မှ စဒ်ဒါး (Sadar) ဆေးရုံနှင့် စစ်တကောင်း (Chittagong) ဆေးကောလိပ် အပါအဝင် ဆေးခန်းများကလည်း အကြမ်းဖက်မှုနှင့် ဆက်နွယ်သော ထိခိုက်ဒဏ်ရာများနှင့် လူနာများကို ဆေးဝါး ကုသမှုများ ပြုလုပ်ပေး ခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်းရှိ ပုဂ္ဂလိကဆေးရုံများနှင့် ဆေးခန်းများ ကလည်း ရိုဟင်ဂျာလူနာများကို ဆေးကုသပေးခဲ့သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ သေနတ်ဒဏ်ရာ ရရှိထားသည့် နစ်နာခံစားရသူများကို ကုသပေးခဲ့သော ဆေးကုခန်းများနှင့် ဆေးပညာရှင်များ၏ ဆေးဘက်ဆိုင်ရာ အစီရင်ခံစာများက အမျိုးသမီးများ၊ ကလေး သူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် သေနတ်ထိမှန်ခဲ့သည့် နစ်နာခံစားရသူများသည် နောက်ကျောဘက်မှ သေနတ် ကျည်ဆံဖောက်ဝင်ရာများ ရှိခဲ့ကြပြီး ထွက်ပြေးနေစဉ်အချိန်အတွင်း သေနတ်ဖြင့် ပစ်ခတ်ခံခဲ့ရသည်ဟူသည့် အချက်နှင့် ကိုက်ညီမှုရှိသည်ကို အတည်ပြုခဲ့ကြသည်။[2051]

၉၁၉။ ထိခိုက်ဒဏ်ရာများ၏ အမျိုးအစား၊ သဘောသဘာဝများ သို့မဟုတ် ဆေးကုသမှု ခံယူခဲ့သူများ၏ အရေအတွက် များကို တစုတစ်စည်းတည်း ပေါင်းစပ်ထားသော အချက်အလက်အနေဖြင့် မရှိခဲ့ပေ။ ထို့အပြင် ရိုဟင်ဂျာ အများအပြားမှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ စခန်းများအတွင်း ဝန်ဆောင်မှုများရရှိနိုင်ရန် အခက်အခဲများကြောင့် အထူးသဖြင့် ရရှိနိုင်သော တောင်းဆိုလိုအပ်ချက်များက ဝန်ဆောင်မှု များထက် အဆများစွာ သာလွန်များပြားနေခဲ့သည့် ကနဦး သီတင်းပတ်များနှင့် လများ အတွင်း

[2046] BI-004.
[2047] LI-009.
[2048] LI-071.
[2049] WI-004.
[2050] WI-011.
[2051] K-155, V-085

၄င်းတို့၏ ထိခိုက်ဒဏ်ရာများအတွက် ဆေးကုသမှုများ မခံယူခဲ့ကြပေ။ ပြင်းထန်သော သေနတ်ဒဏ်ရာ သို့မဟုတ် ဓါးထိုးမှုနှင့် စပ်လျဉ်းသည့် ဒဏ်ရရှိထားသော တွေ့ဆုံမေးမြန်းမှုတွင် ဖြေဆိုသူများ၏ အရေအတွက်တချို့မှာ ဆေးကုသမှု မရယူခဲ့ရကြောင်းကို မစ်ရှင်အဖွဲ့က လေ့လာ တွေ့ရှိခဲ့သည်။ ထိုအချက်သည် ရိုဟင်ဂျာအများအပြားအတွက် ရခိုင်ပြည်နယ်အတွင်း ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုများကို လက်လှမ်းမီ ရရှိနိုင်ခြင်း မရှိမှုကြောင့် ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိမှုများအတွက်ပင်လျှင် ကျွမ်းကျင်သော ဆေးဘက်ဆိုင်ရာကုသ စောင့်ရှောက်မှု မခံယူရခြင်း အလေ့အထသည် ပုံမှန်ဖြစ်စေခဲ့သည်ဟု ယူဆရသည်။[2052]

*မုဒိမ်းမှု၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု၊ နှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံများ*

၉၂၀။ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက် မှစတင်ခဲ့သော "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ကာလအတွင်း မုဒိမ်းမှု၊ အခြား လိင်ပိုင်း ဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများ ပမာဏ အလွန်ကြီးမားစွာ ကျူးလွန်ခံခဲ့ကြရသည်။ ထိုအထဲတွင် အစုလိုက် အပြုံလိုက်ကို အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများ၊ လိင်ပိုင်းဆိုင်ရာ စော်ကားပြုကျင့်မှုများ၊ လိင်ကျေးကျွန် ပြုမှုများနှင့် လိင်ပိုင်းဆိုင်ရာအင်္ဂါများကို ဖြတ်တောက်မှုများ[2053] ပါဝင်ခဲ့သည်။ အချို့ဖြစ်ရပ်များတွင် အမျိုးသားများနှင့် ယောက်ျားလေးငယ်များ ပါဝင်ခဲ့သော်လည်း အဓိက နစ်နာခံစားရသူများမှာ ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ဖြစ်ခဲ့ကြသည်။ အမျိုးသမီးငယ်များနှင့် မိန်းကလေးငယ်များမှာ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ အထူးသီးသန့် ပစ်မှတ်ထားခံခဲ့ကြရပြီး အဆမတန် ထိခိုက်နစ်နာခဲ့ကြသည်။ တခါတရံတွင် အခြား လုံခြုံရေး တပ်ဖွဲ့များနှင့် ရခိုင်တိုင်းရင်းသား အမျိုးသားများ ပါဝင်ခဲ့သော်လည်း အဓိက ကျူးလွန်သူများမှာ တပ်မတော် စစ်သားများဖြစ်ကြသည်။

၉၂၁။ ။ကျူးလွန်သူ မြောက်များစွာပါဝင်ပြီး နစ်နာခံစားရသူများလည်း များစွာတပြိုင်နက် ပါဝင်သော အစုလိုက် အပြုံလိုက် အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများမှာ သတိပြုမိလောက်အောင် ထင်ရှားသော ပုံစံတစ်ရပ် ဖြစ်သည်။[2054] ဩဂုတ်လ ၂၅ရက်မှ စက်တင်ဘာ လအလယ် အထိ ကာလအတွင်း ကျေးရွာအုပ်စုများ အနည်းဆုံး၁၀ခုတွင် ဖြစ်ပွားခဲ့သည်။[2055] အခြားနေရာဒေသ များတွင်လည်း အစုအလိုက် အပြုံလိုက် အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများ ရှိခဲ့ကြောင်း ယုံကြည်လောက်သည့် သတင်းပေးထွက်ဆိုမှုများကို မစ်ရှင်အဖွဲ့မှ ရရှိခဲ့သည်။ အစုလိုက် အပြုံလိုက် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများသည် ယေဘုယျအားဖြင့် လူမြင်ကွင်း အများရှေ့မှောက်နေရာများတွင် ကျူးလွန်ခံခဲ့ကြရခြင်း ဖြစ်ပြီး မိသားစုများနှင့် အိမ်နီးချင်းများ၏ ရှေ့မှောက်တွင် ဖြစ်ကာ ကျေးရွာအနီးတဝိုက်ရှိ တောအုပ်နေရာများ[2056] ကျေးရွာအတွင်းရှိ အိမ်ကြီးများနှင့်[2057] ထိန်းသိမ်းထားစဉ်ကာလအတွင်း စစ်တပ်နှင့် ရဲတပ်ဖွဲ့ခြံဝင်းများတွင်လည်း[2058]

[2052] အခန်း V.B.3: အစားအစာ၊ အသက်မွေးဝမ်းကြောင်း၊ ကျန်းမာရေးစောင့်ရှောက်မှု နှင့် ပညာရေး လက်လှမ်းမီနိုင်မှုအပေါ် ကန့်သတ်ထားခြင်းများ

[2053] လက်ဝတ်ရတနာနှင့် ပိုက်ဆံအတွက် ကိုယ်ခန္ဓာအားရှာဖွေစဉ် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာလည်း လိင်ပိုင်းဆိုင်ရာ စော်ကားမှုများကို ခံကြရသည်။

[2054] EI-001, EI-030, EI-038, EI-039, EI-065, EI-067, EI-073, EI-075, EI-080, EI-081, EI-089, EI-094, EI-097, EI-098, LI-105, K-128

[2055] မောင်တော: ခမောက်ဆိပ် (Fwaira Bazar), (မင်းကြီး) (Tula Toli), ကြိမ်ချောင်း (Boli Bazar), ကျောက်ပန်ဒူ (Shitar Fawrikka); ဘူးသီးတောင်: ဘဒါဂါး (Fati Yaar), ငရံ့ချောင်း (a) Taung Bazar (Nga Yant Chaung), ချင်သမာ (Hang Sar Para), ဂူဒါးပြင် (Gudam Para), မောင်ကြီးတောင် (Shab Bazar) နှင့် ရသေ့တောင်: ချွတ်ပြင် (Shuap Praung).

[2056] EI-021, EI-027, EI-030, EI-064, YI-030

[2057] CI-042, CI-046, EI-021, EI-080, EI-081, QI-052, QI-060, QI-071, WI-038. K-128

[2058] EI-023, EI-028, EI-064, EI-066, EI-086, EI-094, EI-097, K-151, K-127.

ပါဝင်သည်။ အချို့ဖြစ်ပွားမှုများတွင် အမျိုးသမီးများနှင့် မိန်းကလေးများ ၄၀ဦးအထိ မုဒိမ်းကျင့်ခြင်း (သို့မဟုတ်) အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်းများကို ခံခဲ့ကြရသည်။[2059] အမျိုးသမီးများနှင့် မိန်းကလေးငယ် များသည် ယေဘုယျအားဖြင့် တစ်ယောက်ထက် မကသော ကျူးလွန်သူများ၏ မုဒိမ်းကျင့်ခြင်းကို ခံခဲ့ကြရပြီး အကြိမ်ကြိမ်ပင် တခါတရံ ၁၀ယောက်ထိ ရှိတတ်သော ကျူးလွန်သူ အများအပြား၏ မုဒိမ်းကျင့်ခြင်းကိုလည်း ခံခဲ့ကြရသည်။[2060] မောင်တောမြို့နယ် မြောက်ပိုင်း ကြိမ်ချောင်းတွင် အသက်၃၅နှစ် အရွယ် အမျိုးသမီးတစ်ဦးက သူမ၏နေအိမ်အနီးတွင် အမျိုးသား ၉ဦး၏ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းကို ခံခဲ့ရကြောင်း ပြောခဲ့သည်။

> *"ကျမက ကိုယ်ဝန် ၈လ ရှိနေခဲ့တာပါ။ သူတို့က ကျမရဲ့ ဝမ်းဗိုက်ကို စစ်ဖိနပ်တွေနဲ့ နင်းပြီးကန်ခဲ့ကြတယ်။ ပြီးတော့ ကျမအဝတ်တွေကို ဆွဲချွတ်ခဲ့ကြတယ်။ ရွာနားက စစ်စခန်းက စစ်သားတချို့ကို ကျမ မှတ်မိခဲ့တယ်။ ကျမ မျက်လုံးတွေကို အဝတ်နဲ့စည်းထားခံခဲ့ရတယ်။ ပြီးတော့ လက်ကောက်ဝတ်ကနေ ကြိုးနဲ့ချည်ပြီး သစ်ပင်မှာ ချိတ်ထားခံခဲ့ရတယ်။ ကျမရဲ့ စအိုကိုရော ယောနိကိုပါ ၉ကြိမ် မုဒိမ်းကျင့်ခံခဲ့ရတယ်။ မုဒိမ်းကျင့်ခံရတဲ့ အကြိမ်တွေကို ကျွန်မ ရေတွက်ထားခဲ့တယ်။ သူတို့ကျမကို မုဒိမ်းကျင့်ကြတဲ့အချိန်မှာ ကျမရဲ့ ရင်သားတွေနဲ့ လည်ပင်းကိုလည်း ကိုက်ခဲ့ကြတယ်။ ပြီးတော့ ကျမကို သစ်ပင်မှာ ကြိုးတန်းလန်းနဲ့ ချည်ထားခဲ့ကြတယ်။ ညနေကျမှ ကျမအမေက ကျမကိုရှာတွေ့ခဲ့တယ်။ ကျမရဲ့ မမွေးရသေးတဲ့ ကလေးလည်း သေသွားခဲ့တယ်။[2061]*

အသက်ဘေးကလွတ်မြောက်လာသော အခြားအမျိုးသမီးတစ်ယောက်က မစ်ရှင်အဖွဲ့ကို ပြောပြခဲ့သည်မှာ "ကျမကတော့ ကံကောင်းခဲ့ပါတယ်။ ကျမကို ယောက်ျား ၃ယောက်ကပဲ မုဒိမ်းကျင့်တာခံခဲ့ရတယ်"[2062]

၉၂၂။ အများအားဖြင့် အစုလိုက်အပြုံလိုက်ကို အုပ်စုဖွဲ့ မုဒိမ်းကျင့်မှု များသည် အမျိုးသမီးနှင့် မိန်းကလေးငယ်များကို အမျိုးသားများနှင့် သီးခြား ခွဲထုတ်ပြီးသည့် အချိန်များတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။[2063] အချို့ ဖြစ်စဉ်များတွင်၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် ရုပ်ဖျက်ထားသူများနှင့် စစ်ခမောက်[2064] ဆောင်းထားသော အမျိုးသားများ အပါအဝင် တပ်မတော်စစ်သားများ စောင့်ဆိုင်းနေကြသော အိမ်များအတွင်းသို့ ခေါ်ဆောင်သွား ခံခဲ့ကြရသည်။ အိမ်များအတွင်းသို့ ဝင်ရောက်ပြီးသည့်အခါတွင် အမျိုးသမီးများ နှင့် မိန်းကလေးငယ်များမှာ ရိုက်နက်၍အဝတ်များဆွဲချွတ်ခြင်းခံရပြီး ရက်စက်ကြမ်းကြုတ်စွာ မုဒိမ်းကျင့်ခြင်း၊ လူအများရှိရာနေရာများတွင် အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်းများ (သို့မဟုတ်) သီးခြားအခန်းများ၊ အိမ်သာ (သို့မဟုတ်) အခြားနေရာများတွင် မုဒိမ်းကျင့်ခြင်းများ ခံခဲ့ကြရသည်။[2065]

၉၂၃။ ဥပမာဆိုရလျှင်၊ မောင်တောမြို့နယ် ကြက်ရိုးပြင် ကျေးရွာအုပ်စုတွင်းရှိ ရွာတစ်ရွာမှ အမျိုးသမီးငယ်တစ်ဦးက သူမကို အခြားအမျိုးသမီးနှင့် မိန်းကလေးငယ်များ ၂၀၊ ၃၀ ဦးခန့်နှင့်

[2059] EI-007, EI-055, LI-037.
[2060] EI-007, EI-014, EI-057, EI-096, EI-102
[2061] EI-096.
[2062] EI-075.
[2063] CI-034, CI-042, CI-046, EI-021, EI-080, EI-081, EI-097, QI-052, QI-60, QI-072, WI-038, K-151.
[2064] EI-057, EI-065, EI-080, EI-081.
[2065] CI-042, CI-046, EI-080, EI-081, EI-097, QI-052, QI-060, QI-072, WI-038, K-151.

အတူ တပ်မတော်စစ်သားများ၏ ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို ခံခဲ့ရသည်ဟု ပြောပြခဲ့သည်။ ထို့နောက် အမျိုးသမီးများမှာ မုဒိမ်းကျင့်ခံရရန်အတွက် သီးခြားအခန်းများအတွင်းသို့ ခေါ်ဆောင်သွားခံခဲ့ရသည်။[2066] ဘူးသီးတောင် မြို့နယ် မောင်ဂင်ဟောင်းမှ အသက် ၁၈နှစ် အရွယ် အမျိုးသမီးတစ်ဦးက သူမနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ၁၂ဦး တောစပ်တွင် မည်သို့ အုပ်စုဖွဲ့မုဒိမ်းကျင့်ခံခဲ့ရသည်ကို ပုံဖော်ပြောကြားခဲ့သည်။ သူမကို စစ်သား၂ဦးက မုဒိမ်းကျင့်ခြင်းခံခဲ့ရပြီး၊ အခြားအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို စစ်သားများက ဆွဲခေါ်သွားကာ မုဒိမ်းကျင့်ခဲ့ကြပြီး အော်ဟစ်သံများလည်း ကြားခဲ့ရသည်။ ထို့နောက် အဆိုပါ အမျိုသမီးများက ၎င်းတို့လည်း မုဒိမ်းကျင့်ခံခဲ့ကြရကြောင်း သူမကို ပြောခဲ့ကြသည်။[2067] ဘူးသီးတောင်မြို့နယ်၊ ငါးရံ့ချောင်းကျေးရွာမှ အသက်၂၃နှစ် အရွယ် အမျိုးသမီးတစ်ဦးက ရွာသားများကို ရွာလယ်တွင် ခေါ်ယူစုဝေးစေခဲ့ပြီးနောက် စစ်သားများက သူမနှင့် အခြား အမျိုးသမီးများကို ၄ယောက်တစ်စု ၅ယောက်တစ်စု စုကာ တောစပ်များသို့ ခေါ်ဆောင် သွားခဲ့ကြောင်း ပြောပြခဲ့သည်။ သူမကို ကျေးရွာအနီး စစ်တပ်ဝင်းအတွင်းမှ သူမမှတ်မိခဲ့သော စစ်သား၂ဦးက မုဒိမ်းကျင့်ခြင်း ခံခဲ့ရပြီး၊ အခြားအမျိုးသမီးများ မုဒိမ်းကျင့်ခံခဲ့ရသည်ကို တွေ့မြင်ခဲ့ ရသည်။[2068]

၉၂၄။ ။မောင်တောမြို့နယ် မင်းကြီးရွာတွင်မူ ရက်စက်ကြမ်းကြုတ်ဆုံး မြင်ကွင်းတစ်ခု ဖြစ်ပေါ်ခဲ့သည်။[2069] တစ်ဒါဇင်ခန့်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို တပ်မတော် စစ်သားများက အိမ်ကြီးတစ်အိမ်အတွင်းသို့ ခေါ်ဆောင်သွားခဲ့ကြသည်။ အိမ်တွင်းသို့ ရောက်သည်နှင့် တစ်စုခြင်းစီကို သီးခြားအခန်းတစ်ခုစီသို့ ခေါ်သွင်းသွားခဲ့သည်။ အခန်းများ ထဲတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ အဝတ်များဆွဲချွတ်ခံရကာ တုတ်များနှင့် ရိုက်နှက်ခံခဲ့ရပြီး ထိုးကြိတ်ခြင်းနှင့် ဓါးဖြင့်ထိုးခြင်းများ ခံခဲ့ကြရသည်။ ထို့နောက် ၎င်းတို့အနက်မှ တစ်ကြိမ်လျှင် ၇ဦးခန့် အစုလိုက်မုဒိမ်းကျင့်ခံခဲ့ရသည်။[2070] အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အများစုတွင် လူမမယ်ကလေးငယ်လေးများ အတူပါလာကြပြီး၊ သူတို့၏ မိခင်များ မုဒိမ်းကျင့်ခံနေကြရစဉ်အတွင်း အသတ်ခံခဲ့ရ (သို့မဟုတ်) ဒဏ်ရာပြင်းစွာ ရရှိခဲ့ကြရသည်။[2071] အများအားဖြင့် မုဒိမ်းကျင့်ခြင်းများအပြီးတွင် ထိုအိမ်များမှာ မီးတင်ရှို့ခံရပြီး အသက်ရှင်ကျန်ရစ်သော နစ်နာခံစားရသူအများစုမှာ မီးလောင်သေဆုံးခဲ့ကြသည်။[2072] အသက်မသေပဲလွတ်မြောက်လာခဲ့သည့် အနည်းငယ်သော အမျိုးသမီးများက အိမ်မီးလောင်နေချိန်တွင် သူမတို့ မေ့မြောရာမှ သတိပြန်ရခဲ့ကြပြီး အခန်းတွင်း သေဆုံးနေကြသော အမျိုးသမီးများနှင့် ကလေးငယ်များကို မြင်တွေ့ခဲ့ရသည်ဟု ပြန်ပြောပြ ခဲ့ကြသည်။[2073] မီးလောင်နေသောအိမ်များမှ အသက်ရှင်လျက် ပြန်လည် လွတ်မြောက်လာကြသူ အမျိုးသမီးများက ၎င်းတို့၏ ခါင်းနှင့် လည်ပင်းတို့ရှိ ဓါးဒဏ်ရာများနှင့် မီးလောင်ဒဏ်ရာ အမာရွတ်များကို ပြသခဲ့ကြသည်။[2074] မစ်ရှင်အဖွဲ့အနေဖြင့် ညာဘက်ခြေထောက်၊ လက်၊

[2066] EI-097.

[2067] EI-030.

[2068] EI-021.

[2069] အခန်း ဃဃ. ၁။ အဆိုးရွားဆုံး အဖြစ်အပျက်များ အခန်းတွင် ကြည့်ပါ။

[2070] CI-042, CI-046, EI-080, EI-081, QI-60, QI-071, WI-038, K-150, K-151.

[2071] CI-042, CI-046, EI-080, EI-81, QI-060, QI-071, WI-038, K-150, K-151 အခန်း ဃဃ ၁။ အဆိုးရွားဆုံး အဖြစ်အပျက်များ အခန်းတွင် ကြည့်ပါ။

[2072] CI-042, CI-046, EI-080, EI-81, QI-060, QI-071, WI-038, K-150, K-151 အခန်း ဃဃ ၁။ အဆိုးရွားဆုံး အဖြစ်အပျက်များ အခန်းတွင် ကြည့်ပါ။

[2073] EI-80, EI-081

[2074] EI-80, EI-081

လက်ကောက်ဝတ်၊ ညာဘက်နဖူးနှင့် ပါးပြင်တို့အပါအဝင် ခန္ဓာကိုယ် ညာဘက်ခြမ်းတွင် ကြီးမားကျယ်ပြန့်သည့် မီးလောင်ဒဏ်ရာများနှင့် အမျိုးသမီး၏ဒဏ်ရာများကို မှုခင်းဆိုင်ရာ ဆေးစစ်မှုများပြုလုပ်ခဲ့သည်။ မီးလောင်ဒဏ်ရာ အမာရွတ်ပုံစံသည် မီးလောင်နေသော အိမ်အတွင်း မေ့မျောလဲလျောင်းနေရာမှ သူမ၏ခန္ဓာကိုယ် ညာဘက်ခြမ်းပေါ်သို့ မီးလောင်နေသည့်အရာများ ပြုတ်ကျလာသည့်အချိန်တွင် ပြန်လည်သတိရလာခဲ့သည် ဟူသော သူမ၏ ထွက်ဆိုချက်ကို ထပ်လောင်း အတည်ပြုနိုင်စေခဲ့သည်။ ထိုဖြစ်ရပ်က သူမကို သတိပြန်ရစေခဲ့ပြီး လွတ်မြောက်စေခဲ့ခြင်းဖြစ်သည်။[2075]

၉၂၅။ ရိုဟင်ဂျာအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မုဒိမ်းကျင့်မှုများသည် အထူး ရက်စက်ကြမ်းကြုတ်ပြီး၊ မကြာခဏပင် လိင်ပိုင်းဆိုင်ရာ အရှက်တကွဲ ဖြစ်စေမှု၊ ရုပ်ပိုင်းစိတ်ပိုင်း ညှင်းပန်းနှိပ်စက်မှုများလည်း တွဲလျက်ပါဝင်ခဲ့သည်။ နစ်နာခံစားရသူ အများအပြားမှာ မုဒိမ်းကျင့်မခံရမီ သေနတ်၊ တုတ်၊ ဝိုင်ယာကြိုးနှင့် လက်သီး စသည်တို့ဖြင့် ထိုးကြိတ် ရိုက်နှက်မှုများနှင့် ဝမ်းဗိုက်နှင့် ခေါင်းတို့ကို ကန်ခံရခြင်းတို့ဖြင့် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြသည်။[2076] ထိခိုက်ဒဏ်ရာများတွင် အရိုးကျိုးခြင်းလည်း ပါဝင်သည်။[2077] အမျိုးသမီးများမှာ နိပ်ကွပ်ခံရသည်နှင့် တပြိုင်နက် ၎င်းတို့၏အဝတ်များလည်း ဆုတ်ဖြဲ ခံကြရသည်။[2078] မသေဘဲလွတ်မြောက်လာသူတစ်ဦးက စစ်သားများသည် ကတ်ကြေးများကို ယူဆောင်လာခဲ့ပြီး "သူတို့ တကယ်လို့များ ကျွန်မအဝတ်တွေကို ဆွဲဖြဲလို့မရရင် သုံးဖို့"[2079]ဟု ပြောခဲ့သည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ် အများအပြား တောစပ်နေရာများတွင် တုန်လှုပ် ခြောက်ခြားစွာ အဝတ်မပါပဲ ကိုယ်တုံးလုံးပြေးလွှားနေခဲ့ကြပြီး မျက်မြင်သက်သေ များက ၎င်းတို့ မုဒိမ်းကျင့်ခံခဲ့ရသည်ဟု ယုံကြည်ယူဆ ကြသည်။[2080] မျက်နှာစည်းအဝတ်များလည်း အများအားဖြင့် အသုံးပြုခဲ့ကြသည်။[2081] မကြာခဏပင် စစ်သားတစ်ဦးက နစ်နာခံစားရသူကို မြေပေါ်ဖိချ ချုပ်ကိုင်ပေးထားပြီး၊ အခြားတစ်ဦး မုဒိမ်းကျင့်နေချိန်တွင် တခါတရံ လက်ကောက်ဝတ်ကို ချုပ်ထားပေးသည်။ ထို့နောက် ၎င်းတို့ နေရာချင်းလဲကြပြီး တလှည့်စီ မုဒိမ်းကျင့်ကြသည်။[2082] အချို့ဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ၎င်းတို့၏ ခြေထောက်များကို တံခါးများတွင် ချည်နှောင်ထားခြင်း ခံခဲ့ကြရသည်။[2083] အခြားအမျိုးသမီး များမှာ ၎င်းတို့၏ လက်များဖြင့်ဖြစ်စေ ဆံပင်များဖြင့်ဖြစ်စေ ဖုံးကာ၍[2084] တောစပ်သစ်ပင်များ အကြားသို့ အဝတ်မပါ ကိုယ်တုံးလုံးဖြင့် အထိတ်တလန့် ထွက်ပြေးခဲ့ကြရသည်။

၉၂၆။ မုဒိမ်းကျင့်နေစဉ်အတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ် အများစုသည် ပါး၊ လည်ပင်း၊ ရင်သားနှင့် ပေါင်သားတို့ကို သွားဖြင့် အကိုက်ခံခဲ့ကြရသည်။[2085] ကိုက်ခံရသည့် အမာရွတ်များမှာ မစ်ရှင်အဖွဲ့၊ ကုလသမဂ္ဂမှ ဆရာဝန်များနှင့် အကြံပေးပညာရှင်များ မြင်တွေ့ရသည်အထိ လနှင့်ချီ ထင်ကျန်နေခဲ့သည်။ သွားဖြင့်ကိုက်ရာများနှင့် အခြား ကိုယ်အင်္ဂါအစိတ်အပိုင်း

[2075] EI-102.
[2076] EI-007, EI-029, EI-057, EI-083
[2077] EI-029, EI-057, EI-083
[2078] EI-083, EI-089, XI-001
[2079] EI-089.
[2080] EI-011, EI-014, EI-022, EI-076, EI-094, LI-105, XI-001
[2081] EI-069, EI-086, EI-089, EI-096, EI-098
[2082] EI-027, EI-089
[2083] EI-034, EI-057, EI-078, EI-102
[2084] EI-096, EI-098, LI-105
[2085] EI-011, EI-014, EI-022, EI-076, EI- 094, XI-001

လိင်ဖြစ်မှုများသည် မသေဘဲ လွတ်မြောက်ခဲ့သူများအတွက် မပျောက်မပျက်နိုင်တော့သော သေရာပါအမာရွတ်များ ဖြစ်ခဲ့ပြီး ဖြစ်ပျက်ခဲ့သမျှကို ၎င်းတို့ ကိုယ်တိုင်အပါအဝင် ၎င်းတို့၏ ခင်ပွန်းများ၊ မိသားစုနှင့် လူမှုအသိုက်အဝန်း အတွက် ၎င်းတို့ ခံစားခဲ့ရသော ချိုးဖောက်မှုများနှင့် အရှက်တကွဲဖြစ်စေခဲ့မှုများကို အမြဲတမ်း သတိပေးနေသကဲ့သို့ ဖြစ်သည်။ ထိခိုက်ခံခဲ့ရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပမာဏကြီးမားသော အရေအတွက်အရ ဤဖြစ်ရပ်များမှာ တမင်ရည်ရွယ် လုပ်ဆောင်မှုနှင့် အမှတ်အသား တံဆိပ်ခတ်ခြင်းကဲ့သို့သော လုပ်ရပ်များ မဟုတ်ကြောင်း ယုံကြည်နိုင်ရန် ခက်ခဲသည်။ မစ်ရှင်အဖွဲ့အနေဖြင့် ထိုသို့သောဒဏ်ရာရမှုများကို မှုခင်းဆေးပညာဆိုင်ရာ လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့သည်။ ဥပမာအားဖြင့် အခြားမိန်းကလေးငယ် ၃ဦးနှင့်အတူ အစုလိုက်အပြုံလိုက် အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း ခံခဲ့ရသော မောင်တောမြို့နယ်မှ ၁၅နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး၏ သတင်းအချက်အလက်ကို ထပ်လောင်းအတည်ပြုနိုင်ခဲ့သည်။ မှုခင်းဆေးပညာ လေ့လာဆန်းစစ်မှုက မုဒိမ်းကျင့်ခံရစဉ်တွင် ထင်ကျန်နေခဲ့သည့် ပါးပြင်တဖက်စီပေါ်မှ ကြမ်းကြုတ် ရက်စက်သော ကိုက်ရာ ၂ခုကို အတည်ပြုပေးခဲ့သည်။[2086]

၉၂၇။ အများအပြားသော နစ်နာခံစားရသူများမှာ မုဒိမ်းကျင့်ခံရပြီးချိန်တွင် အသတ်ဖြတ် ခံကြရသည်။ အများစုမှာ လည်ပင်းကိုလှီးဖြတ် အသတ်ခံခဲ့ရခြင်း သို့မဟုတ် သေသည်အထိ မီးရှို့သတ်ဖြတ် ခံခဲ့ရခြင်းများဖြစ်သည်။[2087] မြောက်များစွာသော တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူများက ဘင်္ဂလားဒေ့ရှ်သို့ သွားရာလမ်းခရီးတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏အလောင်းများစွာ မြင်တွေ့ခဲ့ကြရပြီး ၎င်းတို့မှာ မုဒိမ်းကျင့်သတ်ဖြတ်ခံခဲ့ကြရသည်ဟု ယုံကြည်ယူဆကြသည်။ အဘယ်ကြောင့်ဆိုသော် အလောင်းများမှာ အဝတ်မပါ ကိုယ်တုံးလုံး ဖြစ်နေကြပြီး ၎င်းတို့၏ ခြေထောက်များအကြား သွေးများ အမြောက်အများ ကျဆင်းနေခဲ့သည်ကို မြင်ခဲ့ရ၍ဖြစ်သည်။[2088] တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူ အတော်များများက အဆိုပါမိန်းကလေးများမှာ သေသည်အထိ မုဒိမ်းကျင့်ခံခဲ့ကြရသည်ဟု ဆိုကြသည်။[2089] အဘယ်ကြောင့်ဆိုသော် လိင်အင်္ဂါတဝိုက်တွင် ပုံမှန်မဟုတ်သောပမာဏဖြင့် သွေးများထွက်နေခဲ့၍ဖြစ်သည်။ အချို့ဖြစ်စဉ်များတွင် လိင်အင်္ဂါ (သို့မဟုတ်) ၎င်းတို့၏ရင်သားများမှာ ဖြတ်တောက်ခံထားရသည်ဟု ပေါ်ပေါက်သည်။[2090] လိင်အင်္ဂါတွင် ရရှိသော ဒဏ်ရာဒဏ်ချက်ကြောင့် သေဆုံးမှုများလည်း ဖြစ်ကောင်း ဖြစ်ခဲ့နိုင်သည်။[2091] အထူးသဖြင့် အမျိုးသမီးတစ်ဦးအနေဖြင့် အုပ်စုလိုက်မုဒိမ်းကျင့်ခံရသည့်အခါ သို့မဟုတ် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအနေဖြင့် တုတ်၊ဓါးကဲ့သို့ ကိရိယာတန်ဆာပလာများသုံး၍ မုဒိမ်းကျင့်ခံရသည့်အခါ ခန္ဓာကိုယ်တွင်း အစိတ်အပိုင်း ထိခိုက်ပျက်စီးမှု ဖြစ်စေနိုင်ပြီး သေဆုံးသည်အထိ ဒဏ်ရာပြင်းထန်နိုင်ပေသည်။[2092]

၉၂၈။ အကြိမ်များစွာပင်၊ မုဒိမ်းကျင့်မှုများမှာ လင်ယောကျ်ားများ၊ မိဘများနှင့် ကလေးငယ်များ အပါအဝင် မိသားစုဝင်များ၏ရှေ့တွင်ပင် ဖြစ်ပွားခဲ့ကြသည်။[2093] အင်းဒင်ရွာမှ မိခင်တစ်ဦးက

[2086] CI-045.

[2087] E1-014, EI-064, EI-065, EI-067, EI-075, EI-076, EI-080, EI-081, EI-088, EI-094, EI-098

[2088] EI-067, EI-077, EI-078, EI-095, XI-001

[2089] EI-064, EI-067, EI-092, LI-081, LI-105, WI-006, WI-027

[2090] EI-064, EI-067, EI-092, LI-081, LI-105, WI-006, WI-027, XI-001

[2091] K-124.

[2092] K-124.

[2093] EI-027, EI-029, EI-057, EI-071, EI-083 ကလေးများအပေါ် ကြီးမားစွာ ချိုးဖောက်ခြင်းနှင့် တိုက်ခိုက်ခြင်းများ၊ ဤ အခန်း၏ အောက်ပိုင်းတွင် ကြည့်ပါ။

သူမ၏ အရွယ်ရောက်ပြီးသောသမီးမှာ ခြေထောက်များကို တံခါးများတွင် တွဲချည်ခံရပြီး ကျူးလွန်သူ ၁၀ယောက်က ဝိုင်းဝန်းမုဒိမ်းကျင့်ခဲ့ကြပုံကို ပြောပြခဲ့သည်။ ထို့နောက် သူမ၏ သမီးမှာ လည်လှီးအသတ်ခံလိုက်ရပြီး အိမ်ကိုမီးတင်ရှို့ခံခဲ့ရသည်။[2094] မိခင်များမှာလည်း မကြာခဏပင် ၎င်းတို့၏ကလေးငယ်များ[2095] (တခါတရံ နိုပ်စက်ခံရပြီး တခါတရံ အသတ်ဖြတ်ခံခဲ့ကြရသော[2096]) ရှေ့တွင်ပင် မုဒိမ်းကျင့်ခံကြရသည်။ ငါးရံ့ချောင်း ကျေးရွာမှ မိခင်တစ်ဦးမှာ ရဲဝတ်စုံဝတ်ထားသည့် အမျိုးသား ၅ဦးက အုပ်စုလိုက် မုဒိမ်းကျင့်နေစဉ်မှာပင် သူမ၏ အသက် ၇နှစ်အရွယ်သားကို ဓါးကြီးတစ်လက်ဖြင့် သတ်ဖြတ်လိုက်သည်ကို မြင်ခဲ့ရသည်။[2097] အမျိုးသမီးများနှင့် မိန်းကလေးငယ်များက မုဒိမ်းကျင့်ခံရခြင်းသည် ၎င်းတို့ခံစားခဲ့ရသော ဘေးဒုက္ခများ၏ ကဏ္ဍတစ်ခုသာ ရှိသေးသည်ဟု ထွက်ဆိုခဲ့ကြသည်။ မိသားစုဝင်များ၊ အတိအကျအားဖြင့် ကလေးငယ်များ သို့မဟုတ် သန္ဓေသားကလေးများကို ဆုံးရှုံးရမှုများမှာ "မခံစားနိုင်လောက်သောကိစ္စ"[2098]ဟု မိခင်များမှ မစ်ရှင်အဖွဲ့သို့ ထွက်ဆိုခဲ့ကြသည်။

၉၂၉။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးသည်" အမျိုးသမီးများကို စနစ်တကျဖြင့် အဓမ္မခေါ်ဆောင်ခြင်းနှင့် ၎င်းတို့ မုဒိမ်းကျင့်ခံရသည့် သို့မဟုတ် အများအားဖြင့် အုပ်စုလိုက် မုဒိမ်းကျင့်ခံကြရသည့် နေရာများဖြစ်သော စစ်တပ်နှင့် ရဲတပ်ဖွဲ့ခြံဝန်းများအတွင်း ထိန်းသိမ်းခြင်း များလည်း ပါဝင်သည်။[2099] တပ်မတော်က အဓမ္မဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံခဲ့ရသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို နောက်ထပ် ပြန်မတွေ့ရတော့ဟု မိဘများ၊ ဆွေမျိုးများနှင့် အိမ်နီးချင်းများက ထွက်ဆိုကြသည်။ ကြီးမားသော အရေအတွက်ရှိသည့် ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ပျောက်ဆုံးနေကြဆဲဖြစ်ပြီး၊ သေဆုံးသွားကြပြီဟုယူဆရသည်။ တပ်မတော်က အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ၎င်းတို့၏ တပ်ဖွဲ့ဝန်းအတွင်းသို့ ခေါ်ဆောင်လာရန် အမိန့်ပေးခဲ့သည့် နမူနာဖြစ်ရပ်များကို မစ်ရှင်အဖွဲ့မှ ရရှိထားသည်။[2100] မောင်တော မြို့နယ် ဓါးကြီးဇားကျေးရွာမှ အမျိုးသမီးငယ်တစ်ဦးက ဩဂုတ်လ နှောင်းပိုင်းတွင် ထိုကဲ့သို့သောအမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အခြား အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အယောက်၂၀နှင့်အတူ ဒေသန္တရစစ်တပ်ဝန်းအတွင်းသို့ မည်သို့ သွားရောက်ခဲ့ရသည်ကို ပြောကြားခဲ့သည်။ ၎င်းတို့မှာ အခန်းတစ်ခန်းထဲတွင် ၃ရက်ကြာ ပိတ်လှောင်ထားခံခဲ့ရပြီး အသက် ၁၃သို့မဟုတ် ၁၄နှစ်အရွယ် မိန်းကလေးငယ် ၂ဦးမှာ ဘေးကပ်ရပ် အခန်းတစ်ခုအတွင်းသို့ ခေါ်ဆောင်သွားခံခဲ့ရသည်။ ထို့နောက် တပ်မတော်စစ်သားများ ထိုအခန်းတွင်း ဝင်သွားကြပြီး အော်သံများ ကြားနေခဲ့ရသည်။ နာရီအနည်းငယ်ကြာသည့်အခါ မိန်းကလေးများ၏အလောင်းများကို အပြင်သို့ သယ်ထုတ်သွားကြသည်။ ၎င်းတို့မှာ ခါးအထက်ပိုင်းတွင် အဝတ်မပါ ကိုယ်လုံးတီး ဖြစ်နေကြပြီး လိင်အင်္ဂါတဝိုက်နေရာများတွင် သွေးများထွက်နေကြသည်။ မျက်နှာများပေါ်တွင် ကိုက်ရာများ (သို့မဟုတ်) ကုတ်ခြစ်ရာများရှိနေကြသည်။[2101]

---

[2094] EI-057.

[2095] EI-025, EI-029, EI-083; ကလေးများအပေါ် ကြီးမားစွာ ချိုးဖောက်ခြင်းနှင့် တိုက်ခိုက်ခြင်းများ၊ ဤ အခန်း၏ အောက်ပိုင်းတွင် ကြည့်ပါ။

[2096] EI-044, EI-071, EI-083; ကလေးများအပေါ် ကြီးမားစွာ ချိုးဖောက်ခြင်းနှင့် တိုက်ခိုက်ခြင်းများ၊ ဤ အခန်း၏ အောက်ပိုင်းတွင် ကြည့်ပါ။

[2097] EI-083.

[2098] EI-083, EI-096

[2099] EI-022, EI-064, EI-078, EI-079, EI-080, EI-083, EI-086, XI-001

[2100] EI-022, EI-083

[2101] EI-022.

၉၃၀။ ဘူးသီးတောင်မြို့တွင်းနှင့် အနီးတဝိုက်တွင် စစ်တပ်နှင့် ရဲတပ်ဖွဲ့ ခြံဝန်းများအတွင်း အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ စနစ်တကျဖြင့် အဓမ္မခေါ်ဆောင်ခြင်း၊ ဖမ်းဆီးထိန်းသိမ်းခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် သတ်ဖြတ်ခြင်းများကို "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း ခံခဲ့ကြရသည်။ ဘူးသီးတောင်မြို့အနီး ကျေးရွာတစ်ရွာမှ အသက် ၁၈နှစ်အရွယ် အမျိုးသမီးငယ်တစ်ဦးမှာ စစ်တပ်ဝန်း တစ်ခုအတွင်း ၅ရက်ကြာ ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းကို ခံခဲ့ရသည်။ သူမဖမ်းဆီးခံထားရစဉ် ကာလအတွင်း အခြားအခန်းများမှ အမျိုးသမီးများ၏ နာကျင်ဟစ်အော်သံများကို ကြားခဲ့ရသည်။ အခြားအမျိုးသမီး ၂၀ခန့်အထိလည်း မုဒိမ်းကျင့်ခံခဲ့ရသည်ဟု သူမက ယုံကြည် ယူဆသည်။[2102] ၂၀၁၇ခုနှစ် စက်တင်ဘာလ တတိယပတ်အတွင်းတွင် ဘူးသီးတောင်မြို့အတွင်းရှိ စစ်တပ်ဝန်း အတွင်းသို့ စစ်ကားများရောက်လာပြီး အသက်၁၂နှစ်မှ ၁၈နှစ်ခန့် အထိဟု ခန့်မှန်းရသည့် မိန်းကလေးငယ် ၁၀ဦးကို ကားပေါ်မှ ချနေသည်ကို အသက်၄၀ အရွယ်ရှိ မျက်မြင်သက်သေ အမျိုးသမီးတစ်ဦးက တွေ့ခဲ့သည်။ ၄င်းမိန်းကလေးများအား စစ်သားများက အဝတ်များ ဆွဲချွတ်ချနေကြသည်ကို သူမထွက်မပြေးခင်တွင် မြင်တွေ့ခဲ့ ရသည်။[2103]

၉၃၁။ ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာနှင့် ကပ်လျက်ရှိ စစ်တပ်ဝင်းတစ်ခု အတွင်းတွင်လည်း ထိုရွာကို "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"ဆောင်ရွက်နေစဉ် နေ့တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အဓမ္မဖမ်းဆီးခေါ်ဆောင်ပြီး အုပ်စုဖွဲ့ မုဒိမ်းပြုကျင့်မှုများ ဖြစ်ပွားခဲ့သည်။[2104] အမျိုးသမီးတစ်ဦးက သူမ၏ ၁၅နှစ်အရွယ် သမီး ဖြစ်သူကို စစ်သားများက အခြားမိန်းကလေးငယ်များနှင့်အတူ တပ်ဝန်း အတွင်းသို့ အဓမ္မ ခေါ်ဆောင် သွားသည်ကို ပုံဖော်ပြောကြားခဲ့သည်။ "ကျမသမီးက သူမကိုကယ်တင်ဖို့ ကျမကို လှမ်းအော်ခဲ့တယ်။ သူမကို မမြင်ရတော့တဲ့အထိ သူမ ဖမ်းခေါ်သွားခံရတာကို ကျမကြည့်နေခဲ့ မိတယ်။ ကျမ မငိုရတဲ့နေ့ တစ်နေ့မှ မရှိခဲ့ပါဘူး"[2105] ထိုနေ့ တစ်ရက်တည်းမှာပင် အခြားအမျိုးသမီးတစ်ယောက် ကလည်း သူမ၏ ၁၅နှစ်အရွယ် သမီးကို သူမ၏ သားအကြီးဖြစ်သူက တားဆီးနေသည့်ကြားမှ စစ်သားများက နေအိမ်မှ ဖမ်းခေါ်သွားကြသည်ကို မြင်တွေ့ခဲ့ရသည်။ သူမနှင့် သူမ၏ခင်ပွန်းတို့မှာ ၄င်းတို့၏ ကလေးအငယ်များ နှင့်အတူ လွတ်မြောက်ခဲ့ကြသည်။ နောက်တစ်နေ့တွင် သူမ၏ခင်ပွန်းမှ အိမ်သို့ပြန်ကြည့်သည့်အခါ သားဖြစ်သူ၏အလောင်းကို တွေ့ခဲ့ရသည်။ သမီးဖြစ်သူမှာ ဘာဆက်ဖြစ်သည်ကို ၄င်းတို့ မသိရှိတော့ပါ။[2106]

၉၃၂။ ။ တပ်မတော်သည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ အဓိကကျူးလွန်သူ တရားခံဖြစ်သည်။ မစ်ရှင်အဖွဲ့မှ စစ်ဆေး အတည်ပြုထားသော မုဒိမ်းပြုကျင့်မှု ဖြစ်ပွားမှုများ၏ ၈၀ရာခိုင်နှုန်းမှာ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများ ဖြစ်ကြပြီး အဆိုပါ အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများ၏ ၈၂ ရာခိုင်နှုန်းမှာ တပ်မတော်က ကျူးလွန်ခဲ့ခြင်းဖြစ်သည်။ အတော်ပင် နည်းသော်လည်း မုဒိမ်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ နယ်ခြားစောင့် တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် ရခိုင် တိုင်းရင်းသားများမှ ပြုလုပ် ကျူးလွန်ခဲ့သည်လည်း ရှိသည်။[2107] ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အများစုမှာ မြန်မာစကားကို နားမလည်သော်လည်း နားလည်သူအချို့က

[2102] EI-086.
[2103] EI-064.
[2104] EI-078, EI-079, EI-080, K-151
[2105] EI-078.
[2106] EI-079.
[2107] EI-075, EI-083, EI-084, EI-088, EI-098, EI-093

မုဒိန်းပြုကျင့်စဉ်အတွင်း အသုံးပြုခဲ့သည့် တန်ဖိုးယုတ် လျော့စေတတ်သော စကားများကို ပုံဖော်ပြောကြားခဲ့သည်။ ညီမဖြစ်သူနှင့်အတူ အုပ်စုလိုက် မုဒိမ်းကျင့်ခံခဲ့ရသော အမျိုးသမီးတစ်ဦးက တပ်မတော် တပ်ဖွဲ့ဝင်တစ်ဦး ပြောကြားခဲ့သည်ကို ပြန်ပြောပြခဲ့သည်မှာ "နင်တို့ကို ငါတို့ ဒီလိုနည်းလမ်းနဲ့ မုဒိမ်းကျင့်ပြီး သတ်မယ်။ ငါတို့တွေက ရိုဟင်ဂျာတွေကို သတ်တော့မှာ ငါတို့ နင်တို့ကို မုဒိမ်းကျင့်မယ် ဒါက နင်တို့တိုင်းပြည်မဟုတ်ဘူး"ဟု ဖြစ်သည်။[2108] မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာမှ အခြားအမျိုးသမီးတစ်ဦးက "နင်တို့ကို ငါတို့ မုဒိမ်းကျင့်ပြီး သတ်ပစ်မယ်"ဟုဆိုကာ "ကုလား"[2109] ကဲ့သို့သော စော်ကားသည့် အသုံးအနှုန်းများသုံး၍ စစ်သားတစ်ဦးက ပြောခဲ့သည်ကို တင်ပြခဲ့သည်။

၉၃၃။ မျိုးပွားမှုပြုလုပ်နိုင်သော အသက်အရွယ်ရှိသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ပစ်မှတ်ထားခံခဲ့ရသည်။ အခြား သတင်းအချက်အလက်များနှင့် တွေ့ဆုံမေးမြန်းမှုများအပေါ် မစ်ရှင်အဖွဲ့၏ ပြန်လှန်သုံးသပ်မှုများအရ မုဒိမ်းကျင့်မှုနှင့် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများ၏ ယေဘုယျအဖြစ်ဆုံး ခန့်မှန်း အသက်အပိုင်းအခြားမှာ ၁၃နှစ်မှ၂၅နှစ် ဖြစ်ကြောင်း ညွှန်ပြနေသည်။ စစ်သားများမှာ အများအားဖြင့် အိမ်ထောင်မရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ရွေးချယ်ခဲ့ကြသည်။[2110] ကိုယ်ဝန်ဆောင်အမျိုးသမီးများကို သီးသန့်ပစ်မှတ်ထားခဲ့ခြင်း ရှိမရှိ မရှင်းလင်းသော်လည်း အများအပြားပင် မုဒိမ်းကျင့်ခံ ခဲ့ကြရသည်။ ထို့အပြင် ကိုယ်ဝန် ၈လအမျိုးသမီးတစ်ဦး အပါအဝင် အများစုမှာ မုဒိမ်းကျင့်ခံရပြီးနောက် ကိုယ်ဝန်ပျက်ကြခြင်း သန္ဓေသားသေဆုံးခြင်းများ ဖြစ်ခဲ့သည်။[2111] အသက်ကြီးပိုင်းအမျိုးသမီးများလည်း ငယ်ရွယ်သူမိန်းကလေးများနည်းတူ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများ၏ နစ်နာခံစားရသူများ ဖြစ်ခဲ့ကြရသည်။[2112]

၉၃၄။ နစ်နာခံစားရသူများမှာ လိင်အင်္ဂါတဝိုက်တွင် နာကျင်မှု ပြင်းထန်စွာခံစားရခြင်း၊ ပြင်းထန်စွာ သွေးထွက်ခြင်း၊ ဝမ်းဗိုက်အောက်ပိုင်းတွင် နာကျင်ခြင်းနှင့် ဆီးသွားစဉ် ပြင်းထန်စွာနာကျင်ခြင်းများကို မကြာခဏဆိုသလိုပင် ဖွင့်ဟတိုင်ကြားခဲ့ကြသည်။[2113] မကြာခဏ ဆိုသလိုပင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ လမ်းမလျှောက်နိုင်တော့သဖြင့် ခင်ပွန်းများ၊ အကိုမောင်များ၊ သားများ (သို့မဟုတ်) အိမ်နီးချင်းများက ဘင်္ဂလားဒေ့ရှ်သို့ ထမ်းပိုး သယ်ဆောင်ပေးကြ ရသည်။[2114] မုဒိမ်းကျင့်ခံရပြီး လပေါင်းများစွာတိုင်အောင်ပင် နစ်နာခံစားရသူများမှာ ပြင်းထန်သော ထိခိုက်ဒဏ်ရာများ ခံစားခဲ့ကြရပြီး ၎င်းတို့၏ခင်ပွန်းများနှင့် လိင်မဆက်ဆံနိုင်အောင် အတားအဆီး ဖြစ်စေခဲ့သည်။ ထို့ပြင် ၎င်းတို့ခင်ပွန်းများက စွန့်ပစ်သွားမည်ကို စိုးရိမ်မှုနှင့် နောင်တွင် ကလေးမရနိုင်တော့မည်ကို စိုးရိမ်မှုများကိုလည်း အမျိုးသမီးများက ပြောခဲ့ကြသည်။[2115] မောင်တောမြို့နယ် လောင်းဒုံကျေးရွာမှ အမျိုးသမီးတစ်ဦးမှာ မုဒိမ်းကျင့်ခံရစဉ်က ရရှိခဲ့သည့် ထိခိုက်ဒဏ်ရာများကြောင့် ဘင်္ဂလားဒေ့ရှ်တွင် သားအိမ်ထုတ်ပစ်လိုက်ရသည်။[2116] ဘင်္ဂလားဒေ့ရှ်သို့ ခရီးသွားရာလမ်းခရီးနှင့်

[2108] EI-084.
[2109] EI-090.
[2110] EI-014, QI-052, WI-004
[2111] EI-014, EI-073, EI-083, EI-096
[2112] EI-067, EI-068, EI-048, V-138
[2113] EI-029, EI-025, EI-030, EI-071, EI-083, EI-089
[2114] EI-074, EI-081, EI-083, EI-090
[2115] EI-025, EI-029, EI-030, EI-083, EI-089
[2116] K-151.

ရောက်ရှိကာစ အခြေအနေများအတွင်း ကျန်မာရေးစောင့်ရှောက်မှု မရှိခြင်းက ထိခိုက်ဒဏ်ရာများကို ပိုမိုဆိုးဝါးစေခဲ့သည်။ ဒဏ်ရာပြင်းထန်မှုနှင့် ဆေးဝါးကုသမှုမရှိခြင်းတို့ကြောင့် လမ်းခရီးတွင် သေဆုံးခဲ့ကြရသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ သတင်းအချက်အလက်များကိုလည်း မစ်ရှင်အဖွဲ့မှ ရရှိခဲ့သည်။[2117] ကိုယ်ဝန်မရှိအောင် ကာကွယ်ရန် သို့မဟုတ် လိင်မှတဆင့်ကူးစက်တတ်သော ရောဂါများကို ကုသရန် သို့မဟုတ် လိင်အင်္ဂါ ဒဏ်ရာဒဏ်ချက်များကို ကုသရန်အတွက် ဆေးဝါးကုသမှုများကို အကန့်အသတ် ဖြစ်စေခြင်း၊ မရရှိနိုင်ခြင်းများ ဖြစ်ခဲ့သည်။ အများစုမှာ ဘင်္ဂလားဒေ့ရှ်တွင် ဆေးဝါးကုသမှုများ ရရှိနိုင်သည်ကို မသိရှိခဲ့ကြပေ၊ သို့မဟုတ် ၎င်းတို့ ကြုံခဲ့ဖူးသည့် ခွဲခြားဆက်ဆံမှု အတွေ့အကြုံများနှင့် မြန်မာနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုတွင် ၎င်းတို့အပေါ် ထိရောက်သော လျစ်လျူရှုမှုများကို ကြောက်ရွံ့ခြင်းကြောင့်သော်လည်းကောင်း သို့မဟုတ် မိသားစုနှင့် လူမှုအသိုက်အဝန်းတွင် အရှက်တကွဲ ဖြစ်ရမှုကို ကြောက်ရွံ့၍သော်လည်းကောင်း ဆေးဝါးကုသမှု ရရှိရန် မကြိုးစားခဲ့ကြပေ။

၉၃၅။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အများအပြားမှာ မုဒိမ်းကျင့် ခံရခြင်းကြောင့် ကိုယ်ဝန်များရရှိခဲ့ကြပြီး အရေအတွက်ကို မသိရပေ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည်စခန်းများအတွင်း ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ အရေအတွက်များ ထိုးတက်လာခဲ့သည်ကို ၂၀၁၈ ခုနှစ် မေလမှ ဖွန်လအတွင်း၊ ကုလသမဂ္ဂနှင့် အခြားအဖွဲ့အစည်းများမှ သတိပြုမိခဲ့ကြသည်။[2118] ၂၀၁၆ခုနှစ် အကြမ်းဖက်မှုများပြီးနောက် ပေါ်ထွက်ခဲ့သည့် "မုဒိမ်းမှုအတုများ"ဆိုသည့် တရားဝင်ထုတ်ပြန်ချက်များ ရှိခဲ့သော်လည်း[2119] အရေအတွက်ကြီးမားစွာသော မုဒိမ်းကျင့်မှုများဖြစ်ပွားခဲ့ပြီး ကလေးငယ်များစွာလည်း မုဒိမ်းမှု၏ ရလဒ်အဖြစ် မွေးဖွားလာခဲ့ကြသည်ကို မြန်မာအစိုးရက အကြွင်းမဲ့လက်ခံခဲ့သည်။ နေရပ်ပြန်လည်ပို့ဆောင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နှင့် လက်မှတ်ထိုးခဲ့သော သဘောတူညီမှုစာချုပ်၏ ကဏ္ဍ ၆(ဖ)တွင် စာပိုဒ်တစ်ပိုဒ်ပါဝင်ပြီး၊ ထိုအပိုဒ်သည် မုဒိမ်းကျင့်ခံရမှုမှ မွေးဖွားလာသော ကလေးငယ်များ၏ အရေးကိစ္စကို အထူးသီးသန့် ရည်ညွှန်းရန် ပေါ်ပေါက်လာခြင်းဖြစ်သည်။ "အကြောင်းမဲ့ဖြစ်ပွားမှုများမှ မွေးဖွားလာခဲ့ကြသော ကလေးငယ်များသည် ဘင်္ဂလားဒေ့ရှ် တရားရုံးတစ်ခုမှ အတည်ပြုခြင်းကို ခံယူရမည်ဖြစ်သည်"[2120]

၉၃၆။ ၂၀၁၈ခုနှစ် မတ်လနှင့် ဧပြီလတို့အတွင်း အချိန်နောက်ကျမှ ကိုယ်ဝန်ဖျက်ချမှု ပြုလုပ်ပေးရန် တောင်းဆိုမှုများ မြင့်တက်ခဲ့ကြောင်း ဆေးခန်းများက အစီရင်ခံခဲ့ကြပြီး အသက် ၁၃ မှ ၁၇နှစ် အကြား မိန်းကလေးငယ်များက ၎င်းတို့ကို တပ်မတော်က မုဒိမ်းကျင့်ခဲ့သောကြောင့် ရရှိခဲ့သောကိုယ်ဝန်များ ဖျက်ချပေးရန် ဆေးခန်းများသို့ တောင်းဆိုခဲ့ကြသည်။[2121] ကျန်းမာရေးဆေးပေးခန်းများက ကိုယ်ဝန်ဖျက်ချပေးရန် တောင်းဆိုပါက ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏

---

2117 CI-034, QI-061

2118 V-139, "ဘင်္ဂလားဒေ့ရှ် ဒုက္ခသည်စခန်းများတွင် နေ့စဉ် ၆၀ ထက် ပိုမိုသော ရိုဟင်ဂျာ ကလေးငယ်များမွေးဖွား"– UNICEF, 17 May 2018 https://www.unicef.org/press-releases/more-60-rohingya-babies-born bangladesh-refugee-camps-every-day%E2%80%93-unicef. တွင်ကြည့်နိုင်ပါသည်။

2119 V-254, V-255 နိုင်ငံတော်၏ အတိုင်ပင်ခံ၏ ဖေ့ဘုတ်စာမျက်နှာ တွင် "မုဒိမ်းမှုအတု" စွပ်စွဲချက်သည် နဖူးစီးစာတန်းပုံဖြင့် တက်လာခဲ့သည်။ (၎င်းအား ဓါတ်ပုံမှတ်တမ်းရိုက်ထားသည့်ဖိုင် မစ်ရှင်တွင်ရှိသည်။) ဤအကြောင်းကို အခန်း ၁၀၊ အပိုင်း B.2.a တွင်ဆွေးနွေးထားသည်။ ဖြစ်ရပ်အမှု လေ့လာခြင်း ၁။ တပ်မတော်မှ မုဒိမ်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို http://www.statecounsellor.gov.mm/en/node/545 တွင် ကြည့်ပါ။

2120 " ရခိုင်ပြည်မှ ရွှေ့ပြောင်းခံရသူများ ပြန်ရန်အတွက် အစီအစဉ်" ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမတနိုင်ငံ အစိုးရနှင့် ပြည်ထောင်စုသမတ မြန်မာနိုင်ငံ အကြား၊ (နေပြည်တော်၊ နိုဝင်ဘာလ ၂၃ ရက်နေ့၊ ၂၀၁၇ ခုနှစ်)

2121 KI-129.

(“ဓမ္မတာဆိုင်ရာ လုပ်ထုံးလုပ်နည်း”) ဥပဒေများနှင့် အညီဆောင်ရွက်ပေးခဲ့ကြသည်။ ဆရာဝန်များနှင့် အတိုင်ပင်ခံများက အကယ်၍ ၎င်းတို့အနေဖြင့် ဆေးဘက်ဆိုင်ရာ ကိုယ်ဝန်ဖျက်ချမှုကို ပြုလုပ်မပေးနိုင်ပါက၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ဘေးကင်းလုံခြုံမှု မရှိသောနည်းလမ်းများကို သုံးပြီး ကိုယ်ဝန်ဖျက်ချလိမ့်မည်ဟု ပြောသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အနီးတဝိုက်မှ ရရှိသော မိခင်နှင့်သန္ဓေသားကိုပါ အဆိပ်သင့်စေသည့် ကိုယ်ဝန်ဖျက်ချဆေးရည်များ သို့မဟုတ် ဘင်္ဂလားဒေ့ရှ်မှ ရသည့် ကိုယ်ဝန်ဖျက်ချဆေးများကို အသုံးပြုခဲ့ကြသည်။[2122]

၉၃၇။ မုဒိမ်းကျင့်ခံရမှုမှ မွေးဖွားလာသော ကလေးငယ်များသည် ၎င်းတို့၏မိခင်များအတွက် ဖြစ်ပျက်ခဲ့သမျှကို ကြာရှည်စွာမှတ်မိနေစေရန် အမြဲတမ်းသတိပေးချက်တစ်ခု ဖြစ်နေစေပြီး၊ စိတ်မကျေနပ်မှုများလည်း ဖြစ်စေနိုင်သည်။ မွေးကင်းစကလေး သတ်ဖြတ်မှုနှင့် ဆယ်ကျော်သက်အရွယ် ကိုယ်ဝန်သည်မိန်းကလေးငယ်များကို သတ်ဖြတ်မှုအချို့လည်း ရှိခဲ့ကြောင်း ဘင်္ဂလားဒေ့ရှ်မှ အတိုင်ပင်ခံများက မစ်ရှင်အဖွဲ့သို့ တင်ပြခဲ့ကြသည်။[2123] မုဒိမ်းကျင့်ခံခဲ့ရပြီး မသေဘဲ လွတ်မြောက်လာခဲ့သူများမှာလည်း ကဲ့ရဲ့ပြစ်တင်ခြင်းများ ခံကြရသည်။ လိင်အကြမ်းဖက်မှုများခံခဲ့ရပြီး မသေဘဲလွတ်မြောက်လာသူ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ၎င်းတို့၏ခင်ပွန်းများ၊ မိသားစုများ သို့မဟုတ် ပတ်ဝန်းကျင်က သိရှိသွားမည်ကို စိုးရိမ်ကြောက်ရွံ့ရင်း နေထိုင်ကြရသည်။[2124] အိမ်ထောင်မရှိသူ အမျိုးသမီးများအတွက် ထိုကိစ္စမှာ ပိုမိုခက်ခဲဆိုးဝါးသည်။ ယေဘုယျအားဖြင့် အကယ်၍ မိန်းကလေးငယ်တစ်ဦးအနေဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံခဲ့ရဖူးသည်ဟု လူအများ သိသွားပါက၊ ထိုမိန်းကလေးကို လက်ထပ်သူရှိရန် အလားအလာ မရှိတော့ပေ။

၉၃၈။ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းရှိ လူများ အလွန်အမင်း ပြည့်ကျပ်နေသော ဒုက္ခသည်စခန်းများအတွင်းမှ အခြေအနေများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်မှုနှင့် စော်ကားမှုများ ကျူးလွန်ခံရရန် အန္တရာယ်များ ရှိနေဆဲဖြစ်သည်။ မစ်ရှင်အဖွဲ့အနေဖြင့် လိင်ပိုင်းဆိုင်ရာ ခေါင်းပုံဖြတ်အမြတ်ထုတ်ရန်နှင့် စော်ကားမှုများ အတွက် ရည်ရွယ်သော လူကုန်ကူးမှုများအကြောင်း သတင်းပေးပို့ချက်များအပေါ် အလေးထား စိုးရိမ်ပူပန်မှုရှိခဲ့သည်။ အမျိုးသမီးများအနေဖြင့် ဒုက္ခသည်စခန်းများတွင် မိသားစုတွင်း အကြမ်းဖက်ခံရမှုများလည်း မြင့်တက်လာလျက် ရှိကြောင်း ပြောဆိုမှုများရှိသည်။[2125]

၉၃၉။ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး” ကာလအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ခံစားခဲ့ရပြီး လွတ်မြောက်လာခဲ့သည့် နစ်နာခံစားရသူများမှာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များချည်း ဖြစ်ခဲ့သည် မဟုတ်ပေ။ မုဒိမ်းမှု[2126] လိင်အင်္ဂါဖြတ်တောက်မှု[2127]နှင့် တခါတရံ အသက်သေစေသည်ထိဖြစ်ခဲ့သော[2128] လိင်မှုဆိုင်ရာညှဉ်းပန်းနှိပ်စက်မှုများ အပါအဝင် အမျိုးသားများနှင့် ယောကျာ်းလေးငယ်များအပေါ် ကျူးလွန်ခဲ့သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများလည်း ရှိခဲ့ကြောင်း ယုံကြည်ရသည့် သတင်းပေးထွက်ဆိုမှုများကို မစ်ရှင်အဖွဲ့မှ

[2122] K-124.
[2123] K-124.
[2124] K-124.
[2125] K-124.
[2126] K-130, V-134
[2127] EI-092, EI-096, LI-022
[2128] EI-092, EI-096

ရရှိခဲ့သည်။ အဆိုပါ လိင်အကြမ်းဖက်မှုများ၏ ပမာဏကိုမူ မသိရှိနိုင်ပေ။ ရိုဟင်ဂျာ လူမှုအသိုက်အဝန်းအတွင်းမှ ဘာသာရေးဆရာများ၏ ဗဟိုချက်မကျမှုနှင့် မဟာဖိုဝါဒကြီးစိုးသည့်သဘာဝတို့က အမျိုးသားများနှင့် ယောကျ်ားလေး များအတွက် ၄င်းတို့အပေါ် ကျူးလွန်ခံခဲ့ရသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို ထုတ်ဖော်ဆွေးနွေးရန် မဖြစ်နိုင်လောက်အောင် ခက်ခဲစေသည်။ သီးသန့်ထီးတည်းဖြစ်မှု၊ ယဉ်ကျေးမှုဆိုင်ရာ ညွှန်းဆိုချက်များနှင့် ဆက်စပ်နီးနွယ်မှုနှင့် ပညာရေးအဆင့် နိမ့်ပါးမှုတို့က အမျိုးသားများနှင့် ယောကျ်ားလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် တိကျသော အကဲဖြတ်မှုကို အတားအဆီး ဖြစ်စေခဲ့သည်။

၉၄၀။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"ကာလတလျှောက်လုံး အတွင်းရှိ ဖမ်းဆီးထိန်းသိမ်းခံရစဉ် အချိန်များတွင် အမျိုးသားများနှင့် ယောကျ်ားလေးငယ်များကို မုဒိမ်းမှု၊ လိင်ကိစ္စဆိုင်ရာ ညှင်းပန်းနှိပ်စက်မှုများနှင့် အရှက်တကွဲ ဖြစ်စေမှုများ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အာဏာပိုင်များက သို့မဟုတ် ၄င်းတို့ရှိနေချိန်တွင် ကျူးလွန်ခံခဲ့ရသည် ဆိုသည့် တသမတ်တည်းဖြစ်သောယုံကြည်ရသည့် သတင်းပို့ထွက်ဆိုမှုများရှိခဲ့သည်။[2129] ရခိုင်မြောက်ပိုင်းဒေသတွင် အဆိုပါ ကာလတလျှောက်အတွင်း အမျိုးသားများနှင့် ယောကျ်ားလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ အတိုင်းအတာမှာ နောက်ဆက်တွဲ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လုံလောက်သည်။

၉၄၁။ တစ်ဦးချင်းဘဝများ၊ မိသားစုများနှင့် ရိုဟင်ဂျာ လူမှုအသိုက်အဝန်း တစ်ခုလုံးမှာ ၄င်းတို့ ကိုယ်တွေ့ကြုံခဲ့ရသော (သို့မဟုတ်) မျက်မြင်တွေ့ရှိခဲ့ရသော ကြမ်းကြုတ်ရက်စက်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကြောင့် အကြီးအကျယ် စိတ်ဒဏ်ရာများရရှိခဲ့ကြသည်။ မုဒိမ်းမှုများကို လူမှုအသိုက်အဝန်းအား ကြောက်လန့်တုန်လှုပ်စေရန်နှင့် စစ်ပွဲ၏ နည်းနာတစ်ခုကဲ့သို့ ညှင်းပန်းနှိပ်စက်မှုပုံစံတစ်ခုအဖြစ် အသုံးပြုခဲ့ကြသည်။ ထိုကိစ္စသည် ခံစားခဲ့ရသည့်သူ တစ်ဦးချင်းစီတိုင်း၊ ၄င်းတို့၏မိသားစုများနှင့် ရိုဟင်ဂျာ လူမှုအသိုက်အဝန်း တစ်ခုလုံးကို ရုပ်ပိုင်းဆိုင်ရာအရရော စိတ်ပိုင်းဆိုင်ရာအရပါ ယူကျုံးမရဖြစ်ခြင်း၊ ကာလကြာရှည် ဆိုးကျိုးသက်ရောက်စေခြင်းများ ဆက်လက်ဖြစ်ပေါ်စေခဲ့သည်။ ကျယ်ပြန့်စွာဖြစ်ပေါ်ခဲ့သော လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ကျူးလွန်ရာတွင် လုပ်ဆောင်ခဲ့သည့် အပြုအမူများသည် ရိုဟင်ဂျာ လူ့အသိုက်အဝန်း၏ လူမှုသဟဇာတဖြစ်မှုကို အားနည်းအောင် ပြုလုပ်ရန်နှင့် ရိုဟင်ဂျာများအား အုပ်စုတစ်စုအဖြစ်မှ ဖြိုလှဲဖျက်ဆီးပစ်မှုကို အထောက်အကူပြုရန်၊ ရိုဟင်ဂျာ လူနေမှုဘဝ နေနည်းကို[2130] ချိုးဖျက်ပစ်ရန် အနည်းဆုံး တစ်စိတ်တစ်ပိုင်းအနေဖြင့်ဖြစ်စေ ရည်ရွယ်ချက်ရှိသော အားထုတ်မှုများအဖြစ် မစ်ရှင်အဖွဲ့က ကောက်ချက်ချသည်။

*ကလေးသူငယ်များအပေါ် တိုက်ခိုက်မှုများနှင့် ကြမ်းကြုတ်ရက်စက်သော ချိုးဖောက်မှုများ*

၉၄၂။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ကာလအတွင်း မွေးကင်းစ ကလေးငယ်များ၊ ကလေးသူငယ်များမှာ ခွဲခြားမှုမရှိပဲ သတ်ဖြတ်ခံခဲ့ရပြီး အချို့ဖြစ်ရပ်များတွင် ပစ်မှတ်ထား သတ်ဖြတ်ခြင်းကို ခံခဲ့ရသည်။[2131] မွေးကင်းစကလေးများနှင့် ကလေးသူငယ်များမှာ သေနတ်ဖြင့် ပစ်ခတ်၍သော်လည်းကောင်း၊ ဓါးဖြင့်ထိုး၍ သို့မဟုတ် သေသည်အထိ မီးရှို့၍ မကြာခဏ

[2129] K-151, V-134; ဤအခန်းကိုကြည့်ပါ။ အပိုင်း D.2.b ၂၀၁၇ ခုနှစ် ၂၅ ရက်နေ့ကို ဖြစ်လာစေခဲ့မှု။
[2130] K-122, K-124.
[2131] CI-045, CI-131, CI-136, CI-137, LI-024, LI-025, LI-026, LI-094, LI-099, LI-105, LI-112, LI-115, LI-119, LI-148

အသတ်ခံခဲ့ကြရသည်။[2132] နယ်စည်းမခြား ဆရာဝန်များအဖွဲ့က ထုတ်ပြန်ခဲ့သော ကျန်းမာရေး စစ်တမ်းတစ်ခုက လေ့လာတွေ့ရှိခဲ့သည်မှာ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက်နောက်ပိုင်းတွင် အကြမ်းဖက်မှုများကြောင့် ကလေးသူငယ် ၅၇.၅ ရာခိုင်နှုန်းသေဆုံးခဲ့ရပြီး ၎င်းတို့အနက်မှ ၅၆.၅ ရာခိုင်နှုန်းမှာ သေနတ်ထိမှန် ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်း ဖြစ်ကြောင်းဖော်ပြထားသည်။[2133]

၉၄၃။ ။ အချို့ဖြစ်ရပ်များတွင် ကလေးများမှာ ပစ်မှတ်ထား သတ်ဖြတ်ခံခဲ့ရပြီး ၎င်းတို့၏ မိဘများမှာ အသက်ရှင်ရက် ချန်ထားခံခဲ့ကြရသည်။[2134] ဘူးသီးတောင်မြို့နယ် ခြင်းသမားကျေးရွာမှ အသက်၂၃နှစ် အရွယ် အမျိုးသမီးတစ်ဦးက ပြန်ပြောပြခဲ့သည်မှာ

*"သတ်ဖြတ်နေတာတွေကို ကျမ တံခါးကြားကနေချောင်းကြည့် ခဲ့တယ်။ အမျိုးသမီးတွေ အားလုံး ကြောက်လန့်ငိုယို အော်ဟစ်နေတုန်းမှာ စစ်သားတွေက သေနတ်နဲ့ စပစ်ခဲ့ကြတယ်။ ၈နှစ်သား ကလေးတစ်ယောက်ကိုတောင် သူတို့သတ်ပစ်ခဲ့ကြတယ်။ အဲ့ဒီည မှာပဲ ကျမလွတ်မြောက်ခဲ့ပြီးတော့ ကလေးတွေအပါအဝင် လူသေအလောင်းတွေ အများကြီး ကျမတွေ့ခဲ့ရတယ်။ ကလေ အများစုဟာယောကျ်ားလေးတွေပဲ ဒါပေမယ့်မိန်းကလေးတွေလည်း ပါတယ်။[2135]"*

၉၄၄။ ။ မောင်တောမြို့နယ် ကျောက်ချောင်းကျေးရွာအုပ်စုမှ ဖခင်တစ်ယောက်က ပြန်ပြောပြခဲ့သည်မှာ-

> *"ကျနော့်သားနဲ့သမီးက ရေကန်ငယ်လေးတစ်ခုထဲမှာ ရေချိုးနေကြတုန်း ကျနော်က သူတို့ကို အစာစားဖို့ လှမ်းခေါ်မယ့်ဆဲဆဲအချိန်မှာ ကျနော့်သားဟာ ခေါင်းကို သေနတ်နဲ့ပစ်ခံလိုက်ရပြီး သေသွားတယ်။ ကျနော့်သမီးက အော်ဟစ်ပြီး မြေပြင်ပေါ် လဲကျသွားတယ်။ နောက်တော့ ဒုတိယ သေနတ်သံတစ်ချက် ကြားလိုက်ရတယ်။ သူတို့ ကျနော့်သမီးရဲ့ ရင်ဘတ်ကို သေနတ်နဲ့ ပစ်ခဲ့ကြတယ်။ အဲ့ဒီကျည်စက မြေကိုထောက်ပြီး ကျနော့်ခြေထောက်ကို လာမှန်ခဲ့တယ်။ သေနတ်ကျည်ဆန်တွေဟာ ကျနော်တို့နဲ့ ပေ၂၀လောက်ပဲ ဝေးတဲ့နေရာမှာ ရပ်နေတဲ့စစ်သားတွေဆီက လာခဲ့တာပဲ။ သူတို့ဟာ ၆နှစ်နဲ့ ၄နှစ်ပဲ ရှိကြပါသေးတယ်"[2136]*

၉၄၅။ မောင်တောမြို့နယ် ကြက်ရိုးပြင်ရွာမှ မျက်မြင်သက်သေတစ်ဦးက ၂နှစ်အရွယ် မိန်းကလေးငယ်တစ်ဦး၊ မွေးကင်းစကလေး တစ်ဦးနှင့် ဆယ်ကျော်သက် မိန်းကလေးတစ်ဦးတို့၏ အလောင်းများကို တွေ့ရှိခဲ့ကြောင်း ပြန်လည်ပြောပြခဲ့ပြီး[2137] အခြားမျက်မြင်သက်သေတစ်ဦး ကလည်း စစ်သားများက သတ်ဖြတ်လိုက်သဖြင့် သေဆုံးသွားခဲ့သော မိခင်ကို လိုက်လံရှာဖွေနေသည့် ကလေး၂ဦးကို တွေ့မြင်ခဲ့ရကြောင်း ပြောသည်။ ၆နှစ်အရွယ်ကလေးငယ်တစ်ဦးမှာ လည်ပင်းလှီးဖြတ် သတ်ခံခဲ့ရပြီး၊ ၄နှစ်သားကလေးတစ်ဦးမှာ သေသည်အထိ ဖိနင်း၍ သတ်ဖြတ်ခံခဲ့ရကာ အလောင်းကို အနီးရှိမီးလောင်နေသော အိမ်တစ်အိမ်ထဲသို့ ပစ်ထည့်ခံခဲ့ရသည်။[2138]

---

[2132] CI-013, CI-019, CI-035, CI-045, CI-131, CI-136, CI-137, EI-080, LI-024, LI-025, LI-026, LI-054, LI-073, LI-094, LI-099, LI-105, LI-112, LI-115, LI-119, QI-036, WI-004, YI-009; YI-028, YI-030, V-138.

[2133] V-086.

[2134] EI-038, EI-075, LI-085, WI-004, K-076.25, K.076.26

[2135] LI-079.

[2136] QI-026.

[2137] CI-111.

[2138] CI-137.

၉၄၆။ ကျေးရွာများကို မီးရှို့ဖျက်ဆီးမှုကြောင့် ကလေးသူငယ်များနှင့် မွေးကင်းစကလေးများမှာ အချိုးအစားမမျှတစွာ ဆိုးကျိုးသက်ရောက် ခဲ့ရသည်။ အိမ်များထဲတွင် ထွက်မပြေးနိုင်သဖြင့် မီးလောင်သေဆုံးခဲ့ရသည့် အရေအတွက်မှာ ကြီးမားများပြားသည်။[2139] မွေးကင်းစ ကလေးများနှင့် ကလေးသူငယ်များမှာ အိမ်များကို မီးတင်ရှို့ခံရချိန်တွင် အိပ်ပျော်နေကြခြင်း၊ စွန့်ခွာထွက်ပြေးရန် အလွန်နေးကွေးနေကြခြင်း (သို့မဟုတ်) အလွန်ကြောက်ရွံ့နေ၍ ထွက်မပြေးနိုင်ကြခြင်း တို့ကြောင့် သေဆုံးခဲ့ကြရသည်။ တပ်မတော်စစ်သားများမှ ကလေးများကို မီးလောင်နေသော အိမ်များထဲသို့ပြန်ဝင်ရန် အတင်းအဓမ္မ မောင်းထုတ် ခဲ့သည်များလည်းရှိသည်။[2140] မောင်တောမြို့နယ် ကျောက်ပန်းဒူကျေးရွာမှ အသက်၁၄နှစ် အရွယ် ယောကျာ်းလေးတစ်ဦးက၊ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ကာလအတွင်း အဓိကအားဖြင့် ကလေးငယ်များဖြစ်ကြပြီး အမျိုးသမီးများသက်ကြီးရွယ်အိုများလည်းပါဝင်သော လူ၁၀ဦးခန့်ကို နေအိမ်တစ်အိမ်အတွင်းသို့ ပြန်ဝင်ရန် စစ်သားများက အတင်းတွန်းပို့နေခဲ့ကြသည်ကို တွေ့မြင်ခဲ့သည်။ လူအုပ်စုက အိမ်ကိုစွန့်ခွာပြေးရန် ကြိုးစားချိန်တွင် ၎င်းတို့အနက်မှ ကလေးငယ်တစ်ဦးမှာ ဓါးဖြင့် ထိုးသတ်ခံလိုက်ရသည်။ ထို့နောက် စစ်သားများက နေအိမ်ကို မီးတင်ရှို့လိုက်ကြပြီး ၎င်းတို့အားလုံး သေဆုံးသွားခဲ့သည်ဟု မျက်မြင်သက်သေများက ယုံကြည်ကြသည်။[2141]

၉၄၇။ ။ကလေးသူငယ်များနှင့် မွေးကင်းစကလေးငယ်များမှာ ၎င်းတို့၏မိခင်များ မုဒိမ်းကျင့်ခံနေရစဉ် သို့မဟုတ် အုပ်စုဖွဲ့မုဒိမ်းကျင့်ခံနေရစဉ် အချိန်များတွင်လည်း အသတ်ခံရသည်များ ရှိခဲ့သည်။[2142] ဘူးသီးတောင်မြို့နယ် တင်မေကျေးရွာမှ အမျိုးသမီးတစ်ဦးမှာ အုပ်စုဖွဲ့မုဒိမ်းကျင့် ခံနေရစဉ်အချိန်တွင် ၎င်း၏ ၁၀နှစ်အရွယ် သားငယ်လေးမှာ ဓါးဖြင့်ထိုး၍ သတ်ခံခဲ့ရသည်။[2143] ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာမှ မိခင်တစ်ဦးက ပြန်လည်ပြောပြခဲ့သည်မှာ

> *"ကျမကို ရဲတပ်ဖွဲ့ဝင်တွေ ဘယ်နှစ်ယောက်က မုဒိမ်းကျင့် သွားခဲ့လဲဆိုတာ ကျမမသိဘူး၊ အဲဒါက ကျမအတွက် ဦးစားပေးကိစ္စ မဟုတ်ခဲ့ဘူး၊ ကျမသိတဲ့ တစ်ခုတည်းသောကိစ္စက သူတို့ ကျမရဲ့ ကလေးကို လုယူခဲ့ကြတယ်။ ကျမရဲ့ သားလေးကို ကုတင်အောက်ကနေ ဆွဲထုတ်သွားကြတယ်။ သားလေးကို ကာကွယ်ဖို့ ကျမ အော်ဟစ်ရုန်းကန် ကြိုးစားခဲ့တယ်။ ကျမရဲ့ သားလေးကို ခုချိန်ထိ ပြန်မတွေ့ရတော့ဘူး။[2144]"*

၉၄၈။ ကလေးသူငယ်များမှာ ထွက်ပြေးရာလမ်းခရီးအတွင်း တောအုပ်တောင်ကုန်းများတွင် အကာအကွယ်မဲ့ အိပ်စက်ကြရခြင်းနှင့် ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိရန် မြစ်ချောင်းများ၊ ပင်လယ်များကို ကူးဖြတ်ရခြင်း တို့ကဲ့သို့သော အခြေအနေများကြောင့်လည်း အချိုးအစားမမျှစွာ အရွယ်နှင့်မလိုက်အောင် ထိခိုက်ခံစားခဲ့ကြရသည်။ ကလေးသူငယ်များစွာနှင့် မွေးကင်းစကလေးများစွာမှာ ရေမကူးတတ်သဖြင့် အထူးသဖြင့် မုတ်သုန်ရာသီ၏ ရေပြင်မြင့်တက်မှုများအတွင်း ရေနစ်သေဆုံးခဲ့ကြရသည်။ အခြားကလေးများမှာ လှေများတိမ်းမှောက်စဉ် ရေနစ်သေဆုံးခဲ့ ကြသည်။[2145] မောင်တောမြို့နယ်၊ ကြိမ်ချောင်းရွာမှ

[2139] EI-001, EI-007.

[2140] CI-049, CI-137, LI-042, LI-135.

[2141] EI-007.

[2142] EI-071, EI-075, EI-081, EI-083, EI-102

[2143] EI-071.

[2144] EI-075.

[2145] CI-123, CI-137, EI-084, LI-097, LI-114, LI-115, LI-118.

အသက် ၁၈နှစ် အရွယ် အမျိုးသမီးငယ်တစ်ဦးက ၎င်းတို့စီးနင်းလာသော လှေ တိမ်းမှောက်စဉ်တွင် ကလေးငယ် ၂ဦး ရေနစ်သေဆုံးခဲ့ရကြောင်းကို ပြန်လည် ပြောပြခဲ့သည်။[2146]မိဘအချို့မှာ လမ်းခရီးတွင် ၎င်းတို့၏ ကလေးငယ်များနှင့်တစ်နေရာစီကွဲကွာခဲ့ကြသည်။[2147]ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာ "ရှင်းလင်းမှု စစ်ဆင်ရေး"မှ ထွက်ပြေးလာခဲ့သူ မိခင်တစ်ဦးမှာ သူမ၏ ၆နှစ်အရွယ် သမီးငယ်ကို ပြေးလွှားနေကြသူ လူအုပ်အတွင်း ပျောက်ဆုံးသွားခဲ့သည်။ သူမ၏သမီးကို နောက်ထပ် ပြန်မတွေ့ရတော့ပေ။[2148] တစ်ယောက်တည်း (သို့မဟုတ်) မောင်နှမများ နှင့်သာ ထွက်ပြေး လွတ်မြောက်လာခဲ့ကြသော ကလေးသူငယ်များလည်း အရေအတွက် အများအပြားရှိကြသည်။

၉၄၉။ မောင်တောမြို့နယ် ဝေါ်ဒူသာရ (ရွာသစ်ကေ) ကျေးရွာမှ အသက် ၁၂နှစ်အရွယ် ယောကျာ်းလေးတစ်ဦးက ၎င်း၏မိဘများ အသတ်ခံလိုက်ရပြီးသည့်နောက် မြန်မာနိုင်ငံမှ မည်သို့ ထွက်ခွာလာခဲ့သည်ကို မစ်ရှင်အဖွဲ့အား ပြောပြခဲ့သည်။ ယခုအခါ သူသည် ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းတစ်ခုတွင် သူ၏ ညီညီမငယ် ၅ဦးကို ကြည့်ရှုစောင့်ရှောက်ရင်း နေထိုင်လျက်ရှိသည်။[2149]

> *"ကျနော့်ရွာဘက်က မီးခိုးတွေတက်လာတာ ကျနော် မြင်ခဲ့ရတယ်။ ခဏကြာတော့ စစ်သားတွေ ထွက်သွားတဲ့အချိန် ကျနော့်ဦးလေးနဲ့အတူ ရွာထဲကို ကျနော် ပြန်ဝင်လာခဲ့တယ်။ ကျနော်တို့အိမ်ကိုရောက်တဲ့ အချိန်ကျတော့ ကျနော့်မိဘတွေရဲ့ အလောင်းတွေကို တွေ့လိုက်ရတယ်။ ကျနော့်ရဲ့ ၁နှစ်အရွယ် ညီမလေးကလည်း ကျနော့်အမေရဲ့ပေါင်ပေါ်မှာ သေပြီး မီးကျွမ်းနေတယ်။ ကျနော်တို့ရွာထဲမှာ လူသေ အလောင်းတွေ အများကြီး ကျနော်တွေ့ခဲ့ရတယ် အလောင်းတွေက အိမ်တွေထဲမှာရော အိမ်အပြင်ဘက်တွေမှာရောပဲ သူတို့မှာ သေနတ်ဒဏ်ရာတွေ၊ ဓါးထိုးခံထားရတဲ့ ဒဏ်ရာတွေနဲ့ မီးလောင်ဒဏ်ရာတွေနဲ့ တွေ့ရတယ် ကျနော် ဘယ်လိုမှ မခံနိုင်တော့ဘူး ကျနော့်အဝတ်တွေတောင် ကျနော်နဲ့အတူ ယူမလာနိုင်တော့ဘူး၊ အကုန်လုံး မီးလောင်ကျွမ်း ကုန်ပြီ။[2150]"*

၉၅၀။ မစ်ရှင်အဖွဲ့သည် ၂၀၁၇ခုနှစ် စက်တင်ဘာလနှင့် အောက်တိုဘာလ အတွင်း ဘင်္ဂလားဒေ့ရှ်ရှိ ဒုက္ခသည်စခန်းများတွင် ထွက်ဆိုချက်များနှင့် ကိုက်ညီစွာ မျက်မြင်တွေ့ရှိနိုင်သည့် သေနတ်ဒဏ်ရာများ၊ ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်း ထိမှန်ဒဏ်ရာများ၊ ဓါးဒဏ်ရာ (သို့မဟုတ်) ချွန်ထက်သော လက်နက်ဖြင့် ထိုးခံရသည့် ဒဏ်ရာများ သို့မဟုတ် မီးလောင် ဒဏ်ရာများကို ထုတ်ဖော် ပြခဲ့ကြသည့် အရေအတွက် အများအပြားသော ကလေးငယ်များကို တွေ့ခဲ့ရသည်။ ဥပမာအားဖြင့် ချွတ်ပြင်ရွာမှ အသက် ၁၅နှစ် အရွယ် မိန်းကလေးငယ်တစ်ဦးမှာ စစ်သားတစ်ဦး၏ ပစ်ခတ်ခြင်းကြောင့် ကျည်ဆန်ထိမှန်ခဲ့သည်ဟု သူမ ထွက်ဆိုခဲ့သည့်အချက်နှင့် ကိုက်ညီစွာ သူမ၏ဆေးမှတ်တမ်းတွင် ပေါက်ကွဲစေတတ်သော လက်နက်ခဲယမ်း ထိမှန်ဒဏ်ရာများရရှိခဲ့သည်ကိုတွေ့ရသည်။ ဘူးသီးတောင်မြို့နယ် ငါးရံ့ချောင်းကျေးရွာမှ စစ်သားများက သေနတ်ဖြင့်ပစ်ခတ်ခဲ့၍ ရရှိခဲ့သည်ဆိုသော ခြေထောက်မှဒဏ်ရာကို ပြသခဲ့သည့်

---

[2146] CI-023.

[2147] CI-148, EI-078, LI-097, LI-119, LI-122.

[2148] EI-078.

[2149] WI-033.

[2150] WI-033.

အသက် ၁၂နှစ် အရွယ် မိန်းကလေးငယ်တစ်ဦးမှာလည်း ဘင်္ဂလားဒေ့ရှ်ဆေးရုံမှ သူမ၏ဆေးမှတ်တမ်းတွင် သူမသည် သေနတ်ဒဏ်ရာများဖြင့် ဆေးရုံ၌ ရက်၃၀ တက်ရောက်ခဲ့ရကြောင်း ဖော်ပြထားသည်။ မစ်ရှင်အဖွဲ့က သူမကို တွေ့ဆုံခဲ့သည့်အချိန်တွင် သူမသည် လမ်းမလျှောက်နိုင်ခဲ့ပါ။[2151]

၉၅၁။ ကလေးသူငယ်များလည်း လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ၏ သားကောင်ဖြစ်ခဲ့ရသည်။ မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ်လေးများမှာ မုဒိမ်းကျင့်ရန်၊ အစုလိုက် အပြုံလိုက်ကို အုပ်စုဖွဲ့ မုဒိမ်းကျင့်ရန်၊ လိင်ကျေးကျွန်ပြုရန်နှင့် အဝမ္မကိုယ်တုံးလုံးချွတ်ခိုင်းရန် အတွက် ပစ်မှတ်ထားခံခဲ့ကြရသည်။ အသက် ၁၁နှစ်အရွယ် မိန်းကလေးငယ်များနှင့် တခါတရံ အငယ်ဆုံး အသက် ၇နှစ်အထိပါဝင်သော မိန်းကလေးငယ်လေးများသည် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခံရရန် တပ်မတော်အဖွဲ့ဝင်များ၏ ရွေးချယ်မှုကို ခံခဲ့ကြရသည်။ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး" ကာလများအတွင်း တပ်မတော်သည် စာသင်ကျောင်းများကို စစ်တပ် စခန်းများအဖြစ် အသုံးပြုခဲ့ကြပြီး[2152] ထိုနေရာများတွင် အရပ်သားများအပေါ် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှုများ ကျူးလွန်ခြင်း၊ ရိုက်နှက်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်း၊ အချို့ဖြစ်စဉ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မုဒိမ်းကျင့်ခြင်းနှင့် အစုလိုက် အပြုံလိုက်ကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းများ ပြုလုပ်ခဲ့ကြသည်။ မိန်းကလေးငယ်များ သည်လည်း ၂၀၁၇ခုနှစ် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး" အတွင်း တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့က ၎င်းတို့၏ နေအိမ်များမှ အဓမ္မ ဖမ်းဆီးခေါ်ဆောင်ခြင်းကို ခံကြရပြီး မကြာခဏ မုဒိမ်းကျင့်ခြင်း၊ အစုလိုက် အပြုံလိုက်ကို အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် နောက်ပိုင်းတွင် သတ်ဖြတ်ခြင်းများကို ခံခဲ့ကြရသည်။

*အမျိုးသားများနှင့် ယောက်ျားလေးများပျောက်ဆုံးမှု*

၉၅၂။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် ဥပဒေမဲ့ဖမ်းဆီးမှုများ၊ ထိန်းသိမ်းမှုများ၊ ရိုဟင်ဂျာ အမျိုးသားများနှင့် ယောကျ်ားလေးငယ်များ ပျောက်ဆုံးမှုများပါအပါအဝင် တခါတရံ တပ်မတော်၏ ကျူးလွန်မှုများဖြင့် အတင်းအဓမ္မ ပျောက်ဆုံးစေမှု များကိုလည်း ဖြစ်ပေါ်စေခဲ့သည်။ ၎င်းတို့၏ ရွှေ့ပြောင်းမှုများသည် ပုံမှန်အားဖြင့် ရန့်ရင်းကြမ်းတမ်းလှပြီး ဖမ်းဆီးခံရသူများကို ခေါ်ဆောင်မသွားမီ ရိုက်နှက်ခြင်း၊ အုပ်စုများဖြင့် စုရုံးခြင်း၊ လက်များကို ကြိုးဖြင့်တွဲချည်၍ တခါတရံ မျက်နှာဖုံးများ ဖုံးအုပ်ဖမ်းဆီးခြင်းများလည်း ပြုလုပ်လေ့ရှိသည်။[2153]

၉၅၃။ တပ်မတော်စစ်သားများက နွားများမှဖြုတ်ယူထားသော ကြိုးများဖြင့် သူမ၏သားကို အခြား ရွာသားအမျိုးသားများနှင့်အတူ ချည်နှောင်ဖမ်းဆီးခဲ့ပုံကို မိခင်တစ်ဦးက ပြန်လည်ပြောပြခဲ့သည်။ ထို့နောက် ၎င်းတို့ကို မြေပေါ်သို့ လှဲချစေခဲ့သည်။[2154] အခြားအမျိုးသမီး မျက်မြင်သက်သေတစ်ဦးက သူမ၏ မိသားစုဝင်များထဲမှ ယောကျ်ားများ ဘူးသီးတောင်မြို့နယ် မောင်းကြီးတောင် ကျေးရွာအုပ်စုတွင် စုရုံးဖမ်းဆီးခံရပုံကို ပြန်လည်ပုံဖော်ပြောကြားခဲ့သည်။

> *"စစ်သားတွေက သူတို့လက်တွေကို ကြိုးတွေနဲ့ လက်ပြန်တုပ်ချည် လိုက်ကြတယ်။ အသက်၁၈နှစ်အရွယ် ကျမရဲ့သားနဲ့ ကျမရဲ့ယောကျ်ားပါ အပါအဝင်*

---

[2151] EI-040

[2152] EI-077.

[2153] EI-030, LI-048, QI-115, WI-007, WI-017, YI-001

[2154] EI-030.

*ကြိုးတစ်ချောင်းတည်းမှာ အတူတွဲချည်ထားတာ လူ၂၅ယောက်ရှိတယ်။သူတို့တွေကို ဆိုးဆိုးရွားရွား အရိုက်နှက်ခံကြရပြီး မြေပေါ်ကို အတင်းလှဲချခိုင်းကြတယ်။*[2155] "

၉၅၄။ ။ဘူးသီးတောင်မြို့နယ် ဝါးရုံ့ချောင်းကျေးရွာမှ အတွေ့အကြုံကို အခြားရွာသား တစ်ယောက်မှ ပြောပြခဲ့သည်မှာ-

"*သူတို့က အိမ်တွေ တစ်အိမ်ပြီး တစ်အိမ်ဝင်ပြီး ယောကျာ်းတွေကို ဆွဲထုတ်နေကြတယ်။ လူတွေကို စုခိုင်းပြီး တန်းစီခိုင်းတယ်။ လူတွေရဲ့လက်တွေကို စုပြီး ကြိုးနဲ့ချည်တယ် အဲ့လိုချည်နေတုန်းမှာ ဖမ်းခံထားရတဲ့လူတွေကို သေနတ်တွေနဲ့ ရိုက်တယ်၊ ကန်တယ်၊ တချို့လူတွေ အဲ့ဒီမှာတင် ဒဏ်ရာတွေရကြတယ်။*[2156] "

၉၅၅။ သတင်းအချက်အလက်များက ထောက်ပြသည်မှာ အများအားဖြင့် ငယ်ရွယ်သော အမျိုးသားများကို လူအများက လေးစားကြည်ညိုခံရသူများ သို့မဟုတ် ဩဇာရှိသူများ[2157] နှင့်အတူ အဓိကပစ်မှတ်ထား ဖမ်းဆီးထိန်းသိမ်းခဲ့ကြခြင်းဖြစ်ပြီး ဘာသာရေး ခေါင်းဆောင်များ၊ ဆရာများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများလည်း ပါဝင်သည်။ ဖြစ်စဉ်အများစုတွင် အမျိုးသားများသည် ကျေးရွာများမှ ဝေးရာသို့ ခြေလျင် (သို့မဟုတ်) စစ်တပ်ထရပ်ကား (သို့မဟုတ်) အခြားယာဉ်များဖြင့် သယ်ဆောင်သွားခံခဲ့ရသည်။

၉၅၆။ ဤသို့ အမျိုးသားများကို ပစ်မှတ်ထား၍ ပျောက်ဆုံးစေခြင်းပုံစံသည် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးစဉ် ကာလတွင်လည်း ဆက်လက် ပေါ်ပေါက်နေခဲ့သည်။ အမျိုးသမီးတစ်ဦးက သူမနှင့်အတူ ခရီးသွားနေခဲ့သောအဖွဲ့နှင့် တပ်မတော်စစ်သားများ ဆုံတွေ့ခဲ့ပုံကို ပြန်ပြောပြ ခဲ့သည်။ သူမပြောခဲ့သည်မှာ အချို့သောအမျိုးသားများမှာ ပစ်ခတ်ခံခဲ့ရပြီး၊ အချို့မှာ ကြိုးဖြင့် တုပ်နှောင်ခံရပြီး ဖမ်းဆီးခေါ်ဆောင်သွားခံရကာ နောက်ထပ်ပြန်မတွေ့ရတော့ပေ။[2158] အမျိုးသမီးတစ်ဦးက သူမ၏သား၂ဦး ဘင်္ဂလားဒေ့ရှ်သို့ သွားရာခရီးတွင် မောင်တောမြို့နယ် အလယ်သံကျော်ရွာ၌ ခေတ္တပုန်းခိုရင်း အဖမ်းခံလိုက်ရပုံကို ပြန်ပြောပြခဲ့သည်။

"*ကျမတို့ သစ်ပင်တစ်ပင်အောက်မှာ ထမင်းချက်ဖို့ ကြိုးစားနေတုန်း စစ်သားတွေ ရောက်လာကြပြီး ကျမတို့အားလုံးကို စုခိုင်းတယ်။ စစ်သားတွေက ကျမသားနှစ်ယောက် အပါအဝင် အမျိုးသားတွေကို ရွေးထုတ်လိုက်တယ်။ သူတို့တွေကို ခေါင်းနောက်မှာ လက်ပြန်ကြိုးတုပ်ပြီး မြေပေါ်လှဲချခိုင်းတယ်။ စစ်သားတွေက ကျွန်မသားတစ်ယောက်ရဲ့ မျက်နှာကို စစ်ဖိနပ်နဲ့နင်းတယ်။ ပြီးတဲ့အခါ ကျမသားတွေအပါအဝင် အမျိုးသား ၁၃ယောက်ကို ခေါ်သွားကြတယ်။*[2159] "

၉၅၇။ ဖမ်းဆီးထိန်းသိမ်းခံလိုက်ရသော အမျိုးသားများနှင့် ယောကျာ်းလေးများကို ထိုအချိန်ကတည်းက နောက်ထပ်မတွေ့ရတော့ပဲ ၄င်းတို့ မည်သည့်နေရာတွင်ရှိနေသည် ဆိုသည်ကိုလည်း မသိရတော့ပေ။[2160] "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အတွင်း အဆိုပါအမျိုးသားများ ဖမ်းဆီးထိန်းသိမ်းခံရသည့် အခြေအနေများသည် မိသားစုဝင်များအတွက် ယခုအခါ ဘင်္ဂလားဒေ့ရှ်တွင် ရှိနေသောဆွေမျိုးများနှင့် အာဏာပိုင်များထံမှ

---

[2155] YI-001.
[2156] WI-007.
[2157] LI-001, LI-004, QI-051, XI-009, YI-001
[2158] XI-001.
[2159] EI-030.
[2160] BI-016, XI-006

သတင်းအချက်အလက် တစုံတရာ ရယူခွဲနိုင်ရန် အခွင့်အလမ်းမသာခဲ့ပါ။ မည်သည့်ဖြစ်ရပ်တွင်မဆို တပ်မတော်အနေဖြင့် ၄င်းတို့အား သတင်းအချက်အလက်များဖြင့် ကူညီပေးမည့် အလားအလာလည်း မရှိပေ။ တပ်မတော်အနေဖြင့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ အတွင်းက "ဘင်္ဂါလီ" ၁၁၄ဦးအား ဖမ်းဆီးမှုကို ၄င်းတို့မည်သူဖြစ်သည်နှင့် မည်သည့်နေရာတွင် ရှိနေသည်ကို သို့မဟုတ် တရားစွဲဆိုမှု တစ်ခုခု ပြုလုပ်ပြီးသည်ဖြစ်စေ သို့မဟုတ် တရားစီရင်မှု လုပ်ငန်းစတင်လုပ်ဆောင်ခဲ့သည်ဖြစ်စေ[2161] စသည့် နောက်ဆက်တွဲ အသေးစိတ်အချက်များကို မဖော်ပြခဲ့သော်လည်း တရားဝင် ညွှန်းဆိုထုတ်ဖော်ခဲ့သည်။ အဆိုပါပျောက်ဆုံးမှုများကို အကြမ်းဖျင်း ခန့်မှန်းတွက်ချက် ကြည့်လျှင်ပင် တပ်မတော်က ဖော်ပြခဲ့သည့်ကိန်းဂဏန်းများထက် အမြောက်အများ ပိုမိုပေသည်။ ဆွေမျိုးသားချင်းများက ဖမ်းဆီးခေါ်ဆောင်သွားခံရသူများမှာ ထိန်းသိမ်းထားခံရသည်ဟု မျှော်လင့်ထားကြသော်လည်း၊ အများစုကမူ ၄င်းတို့ အသတ်ခံလိုက်ရပြီးဖြစ်သည်ဟု ယူဆကြသည်။ အမျိုးသားများနှင့် ယောကျာ်းလေးငယ်များကို ဖမ်းဆီးခေါ်ဆောင်သွားစဉ်က ဖြစ်ပျက်ခဲ့သည့်ဖြစ်ရပ်လက္ခဏာများအပေါ် အခြေခံပြီး အဆိုပါ စိုးရိမ်ကြောင့်ကြမှုများ ဖြစ်ပေါ်နေခြင်းဖြစ်သည်။ ဥပမာအားဖြင့် ၄င်း၏သားဖြစ်သူနှင့် အခြားအမျိုးသားများအား ဖမ်းခေါ်သွားခဲ့သည်ကို မြင်တွေ့ခဲ့ရသော အမျိုးသမီးတစ်ဦးအား စစ်သားများက ပြောခဲ့သည်မှာ "နင်တို့ကို ငါတို့ဘာမှမလုပ်ဘူး ဒါပေမယ့် သူတို့ (ဖမ်းဆီးခံအမျိုးသားများ) ကိုတော့ အကုန်လုံးသတ်ပစ်မှာ"ဟုဖြစ်သည်။[2162] တွေ့ဆုံမေးမြန်းမှု ဖြေဆိုခဲ့သူ အခြားတစ်ယောက်သည်လည်း အမျိုးသားအချို့ကို အိမ်တစ်အိမ်အတွင်း ကြိုးဖြင့်တုပ်၍ ခေါ်ဆောင်သွားခဲ့သည်ကို မြင်တွေ့ခဲ့ရပြီး ယင်းနောက် သေနတ်သံများကြားလိုက်ရသည်။ မည်သို့ဖြစ်ခဲ့သည်ကို သူ မမြင်တွေ့ခဲ့ရသော်လည်း ၄င်းတို့အားလုံး သတ်ဖြတ်ခံလိုက်ရပြီဟုသူကယုံကြည်သည်။[2163]အလားတူပင် ကောင်းစွာမှတ်တမ်းတင်နိုင်ခဲ့သည့် ဖြစ်ပွားမှုတစ်ခုတွင်၊ မောင်တောမြို့နယ်တောင်ပိုင်း အင်းဒင်ကျေးရွာမှ အမျိုးသား ၁၀ဦးအား လက်များကို ကြိုးတုပ်ခေါ်ဆောင်သွားပြီး နောက်ပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့များနှင့် ရွာသားအချို့က သတ်ဖြတ်ခြင်းကို ခံခဲ့လိုက်ရသည်။[2164]

၉၅၈။ ပျောက်ဆုံးနေသောသူများ မည်သို့ဖြစ်နေကြသည်ကို မသိရှိရခြင်းကြောင့် ဖြစ်ပေါ်နေသည့် ပူဆွေးသောကသည် ရိုဟင်ဂျာလူမှုအသိုက်အဝန်းအတွင်းမှ ကျန်ရစ်သူမိသားစုများကို စိတ်ထိခိုက်စေသည်။ အမျိုးသားတစ်ဦးမှ မစ်ရှင်အဖွဲ့သို့ တိကျသောမေးခွန်းတစ်ခု မေးမြန်းခဲ့ပါသည်။

> *"ကျေးဇူးပြုပြီးတော့ ဖမ်းခေါ်သွားခံလိုက်ရတဲ့ သူတွေရဲ့အကြောင်း ရှာဖွေသိရှိနိုင်ဖို့ ကျတော်တို့ကို ကူညီပေးပါ။ သေသွားတဲ့သူတွေက ပြီးသွားပါပြီ၊ ဒါပေမယ့် ဖမ်းခံလိုက်ရတဲ့သူတွေရဲ့ သတင်းအချက်အလက်တွေတော့ ကူရှာပေးကြပါ။[2165]"*

[2161] ဤသည်ကို တပ်မတော်၏ ကနဦး စုံစမ်းစစ်ဆေးမှုက နိဝင်ဘာလာတွင် ဖေါ်ပြခဲ့ပြီး ပို၍ လက်တလောကြသော ထုတ်ဝေမှုများတွင်လည်း ဤအရေအတွက်ကိုပင် ထပ်မံအတည်ပြု ပြောဆိုခဲ့ပါသည်။ " မြန်မာ့နိုင်ငံရေးနှင့် တပ်မတော် - အတွဲ ၁" (၂၀၁၈)

[2162] EI-030.

[2163] QI-115.

[2164] CI-146, LI-006, LI-130, QI-051; အခန်း D.1.a အဆိုးဝါးဆုံး ဖြစ်ရပ်များ; Wa Lone, Kyaw Soe Oo, S. Lewis, A. Slodkowski, "မြန်မာပြည်မှ အစုပြုံလိုက်သတ်ဖြတ်မှု" (Reuters, 8 February 2018) ကာကွယ်ရေးဦးစီးချုပ် "မောင်တောမြို့နယ် အင်းဒင်ကျေးရွာသုသာန်မှ တွေ့ရှိခဲ့သော အမည်မဖေါ်နိုင်သည့် ရုပ်အလောင်းများနှင့် ပါတ်သက်၍ ရှာဖွေတွေ့ရှိချက်အပေါ် တပ်မတော်စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ထုတ်ပြန်ကြေညာချက်" (Facebook post, 10 January 2018), မစ်ရှင်ထံတွင် ဖိုင်တွဲရှိသည်။

[2165] RI-001.

*အရပ်သားများ၏ နေအိမ်များ၊ ပိုင်ဆိုင်မှုများနှင့် အခြား ထိန်းသိမ်းစောင့်ရှောက်ထားသော ပစ္စည်းများကို ဖျက်ဆီးမှုနှင့်လုယက်မှု*

*ပိုင်ဆိုင်မှုများကို မီးရှို့ဖျက်ဆီးမှု*

၉၅၉။ ရခိုင်ပြည်နယ်မြောက်ပိုင်း ရိုဟင်ဂျာလူမျိုးများ နေထိုင်ရာ မြို့နယ် ၃ခုအတွင်း စနစ်တကျ ကျယ်ပြန့်သော တမင်ရည်ရွယ် စီစဉ်၍ အဓိကအားဖြင့် မီးရှို့ပြီး ပစ်မှတ်ထားဖျက်ဆီးမှုများကို မစ်ရှင်အဖွဲ့သည် မျက်မြင်သက်သေများ၏ ထွက်ဆိုချက်များနှင့် ဂြိုဟ်တုဓါတ်ပုံများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်၍ အခိုင်အမာ သက်သေထူနိုင်ခဲ့သည်။ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များသည် ကျေးရွာပေါင်း ၉၉၃ ရွာခန့်ဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ၂၀၁၇ ဩဂုတ်လမှ ၂၀၁၈ မတ်လအတွင်း[2166] ဂြိုဟ်တု ဓါတ်ပုံများ အရ၊ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက် နောက်ပိုင်းတွင် အနီးစပ်ဆုံး ခန့်မှန်းခြေ မြို့နယ် ၃ခုတွင်းမှ ရွာပေါင်း ၃၉၂ရွာ ဖျက်ဆီးခံခဲ့ရပြီး[2167] (၂၁၄ရွာ)မှာ တစ်စိတ်တစ်ပိုင်း (၁၇၈)ရွာမှာ အလုံးစုံ ထိုကာလအတွင်း ဖျက်ဆီးခံခဲ့ရသည်ကို တွေ့ရှိရသည်။ ထိုအချက်သည် ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အနီးစပ်ဆုံး ခန့်မှန်းခြေ ၄၀ရာခိုင်နှုန်းသော ကျေးရွာများ ဖျက်ဆီးခံရမှုကို ဖော်ပြသည်။ ဖျက်ဆီးခံ ခဲ့ရသော ကျေးရွာများ၏ ၇၀ရာခိုင်နှုန်းအထက် သို့မဟုတ် ၂၇၇ရွာမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရိုဟင်ဂျာများ၏ အများစုအခြေချနေထိုင်ရာ မောင်တောမြို့နယ် အတွင်းတွင် တည်ရှိသည်။ မီးရှို့ခြင်းသည် ဖျက်ဆီးမှု၏ အဓိကနည်းလမ်းဖြစ်ခဲ့သည်။

***မြေပုံများမှာ ရခိုင်ပြည်နယ်မြောက်ပိုင်းမှ အိမ်များ၊ အခြား အဆောက် အအုံများနှင့် စိုက်ခင်းများကို မီးရှို့ဖျက်ဆီးထားသည့် မြင်တွေ့နိုင်သော ဖျက်ဆီးမှုများကို ဖော်ပြနေသည်။ မြေပုံမှာ ၂၀၁၈ခုနှစ် ဩဂုတ်လ ၂၅ရက် မှ ၂၀၁၈ခုနှစ် မတ်လ ၁၈ရက် အတွင်း ရက်စွဲအမျိုးမျိုးတွင် ဖမ်းယူရရှိသည့် ပုံရိပ်ပြတ်သားမှု မြင့်မားသော ဂြိုဟ်တုဓါတ်ပုံများကို လေ့လာဆန်းစစ်မှုများ ပြုလုပ်လျက် တည်ဆောက်ထားခြင်း ဖြစ်သည်။ အရောင်ခြယ်ထားသော အစက်များသည် ဖျက်ဆီးမှုများကို ကိုယ်စားပြုသည်။ မြင်တွေ့နိုင်သော ဖျက်ဆီးမှုကို ထောက်လှမ်းရရှိသည့် ရက်စွဲအပိုင်းအခြားကို အရောင်များဖြင့် လိုက်လျောညီထွေ ပြုလုပ်ထားသည်။ တိမ်များဖုံးကွယ်မှုနှင့် ဂြိုဟ်တုဖြတ်သန်းချိန် အပိုင်းအခြားတို့ကြောင့် အပျက်အစီးများမှာ ရက်စွဲအတိအကျမဟုတ်ပဲ ရက်စွဲအပိုင်းအခြားဖြင့်သာ ထောက်လှမ်း သိရှိခဲ့သည်။ ရက်စွဲအပိုင်းအခြားများသည် အပျက်အစီးများ ထောက်လှမ်းရရှိမှုကို ညွှန်းဆိုပြီး မည်သည့်အချိန်ဖြစ်ပျက်ခဲ့သည်ကို မဖော်ပြပေ။***

[2166] ဤသည်မှာ မစ်ရှင်သို့ UNITAR-UNOSAT မှပေးပို့သည့် အချက်အလက်များ ဆန်းစစ်သုံးသပ်ချက်မှ ကြည့်ရှုသည့် အချိန်ကာလကို ဖေါ်ပြသည်။ အနှစ်ချုပ်ကို ဤနေရာတွင် ကြည့်ရှုနိုင်သည်။ https://www.ohchr.org/Documents/HRBodies/HRCouncil/FFM-Myanmar/UNOSATReportMyanmar_20180912.pdf

[2167] မောင်တောတွင် ၂၂၇ ရွာ၊ ဘူးသီးတောင်တွင် ၉ ၆ ရွာ၊ ရသေ့တောင်တွင် ၁၉ ရွာ


unitar
United Nations Institute for Training and Research
Satellite Data: Multiple images ranging from August 2017 to March 2018
Copyright: © 2018 DigitalGlobe
Analysis: UNITAR - UNOSAT
UNOSAT
MAUNGDAW
BANGLADESH
BUTHIDAUNG
MYANMAR
RATHEDAUNG
Bay of Bengal
Kha Maung Seik
Pa Da Kar Taung
Pa Da Kar Ywar Thit
Min Gyi
Wet Kyein
Kyein Chaung
Ah Htet Pyu Ma
Kyet Yoe Pyin
Dar Gyi Zar
Nga Yant Chaung
Thin Ga Net
Moe Chaung Zay
Chin Tha Mar
Maung Gyi Taung
Buthidaung
Myo Thu Gyi
Maungdaw
Pan Taw Pyin
Gu Dar Pyin
Zaw Ma Tet
Ah Lel Than Kyaw
Myin Hlut
Hpet Leik
Zay Di Pyin
Chut Pyin
Ah Htet Nan Yar
Auk Nan Yar
Kyauk Pan Du
Inn Din
Rathedaung
Koe Tan Kauk
Legend
Township capital
Populated place
International boundary
Township boundary
Areas with visible destruction summarized by when detected
25 August 2017 - 11 October 2017
11 October 2017 - 16 December 2017
16 December 2017 - 18 March 2018
Map Scale for A4: 1:550,000
0 2.5 5 10 Km
The depiction and use of boundaries, geographic names and related data shown here are not warranted to be error-free nor do they imply official endorsement or acceptance by the United Nations.

၉၆၀။ အဆိုပါ ထိခိုက်ပျက်စီးခဲ့သောကျေးရွာများတွင် အနီးစပ်ဆုံး ခန့်မှန်းခြေ အဆောက်အအုံပေါင်း ၃၇,၇၀၀ ဖျက်ဆီးခံခဲ့ရသည်။[2168] အဓိကအများစုမှာ ရိုဟင်ဂျာတို့၏ နေအိမ်များဖြစ်ကြပြီး ဈေးများ၊[2169] ဘာသာရေး ကျောင်းများ၊[2170] ဗလီဝတ်ကျောင်းများ အပါအဝင် အခြား အဆောက်အအုံများလည်း ဖျက်ဆီးခံခဲ့ကြရသည်။ ထောက်လှမ်းရရှိသည့် အပျက်အစီးများ၏ အများစု အနီးစပ်ဆုံးခန့်မှန်းခြေ ၈၀ ရာခိုင်နှုန်းမှာ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်က ဂြိုဟ်တုဓါတ်ပုံ များတွင်တွေ့မြင်ရပြီးဖြစ်သည်။ အဆိုပါရက်စွဲတွင်ပင် ရွာပေါင်း၂၇၉ရွာရှိ[2171] အနီးစပ်ဆုံးခန့်မှန်းခြေ အဆောက်အအုံ ၃၀,၈၀၀ မှာ ဖျက်ဆီးပြီးနှင့် ဖျက်ဆီးနေပြီဖြစ်သည်။ ယင်းကဲ့သို့ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"၏ ပထမ ၃ပတ်အတွင်း ဖြစ်ပွားခဲ့သည့် ဖျက်ဆီးမှုအများစုသည် ဤအစီရင်ခံစာပါ အပြင်းထန်ဆုံး ဖြစ်ပွားမှုများ၏ ဖြစ်ပျက်ချိန်များနှင့် ကိုက်ညီလျက်ရှိသည်။ မည်သို့ဆိုစေကာမူ အဆောက်အအုံများနှင့် နေအိမ်များကို မီးရှို့ဖျက်ဆီးမှုမှာ ဆက်လက် ထပ်တိုးဖြစ်ပွားနေခဲ့သည်မှာ အနည်းဆုံး ၂၀၁၈ခုနှစ် မတ်လအထိဖြစ်သည်။[2172]

၉၆၁။ ရွာများသည် တပ်မတော်စစ်သားများနှင့် ရခိုင်တိုင်းရင်းသားများ၏ မီးရှို့ခြင်းကိုခံခဲ့ကြရသည်။ အများစုသော မီးရှို့မှုများမှာ လူကိုယ်တိုင်ဖြင့် ပြုလုပ်ခြင်းဖြစ်ပြီး မီးလောင်စေတတ်သော အရည်များကို အဆောက်အအုံများပေါ်သို့ လောင်းချကာ မီးခြစ်များဖြင့် မီးညှိရှို့ခြင်းနှင့် မီးတုတ်များဖြင့် အဆောက်အအုံကို မီးရှို့ခြင်းများ ဖြစ်ကြသည်။ အသံကျယ်လောင်စွာပေါက်ကွဲမြည်ဟီးပြီး အဆောက်အအုံတစ်ခုလုံး (သို့မဟုတ်) အဆောက်အအုံများအတွဲလိုက် ချက်ချင်း မီးထတောက်လောင်သွားသည်ဟု နစ်နာသူအများအပြား၏ ပုံဖော်ပြောကြား ချက်များအရ တပ်မတော်စစ်သားများက "လောင်ချာ" များလည်း သုံးစွဲခဲ့သည်ကို ဖော်ပြနေသည်။ "လောင်ချာ"သည် ကျရောက် ထိမှန်သည့် နေရာတွင် ပေါက်ကွဲစေသည့် ခဲယမ်းမီးကျောက်များထည့်၍ ပစ်ခတ်နိုင်သောလက်နက်ကို ရည်ညွှန်းခြင်း ဖြစ်ဖွယ်ရှိသည်။ နစ်နာ ခံစားရသူများက ယေဘုယျအားဖြင့် လက်ဖြင့် ကိုင်တွယ်ပစ်ခတ်ရသော (သို့မဟုတ်) ပုခုံးပေါ်တွင် ထမ်းပိုးပစ်ခတ်ရသော လက်နက်ဟု ပြောကြား ခဲ့ကြပြီး အချို့ကလည်း တစ်စုံတစ်ရာဖြင့် ထောက်ပင့်၍ မြေပေါ်တွင် တပ်ဆင်ကာပစ်ခတ်သည့် လက်နက်ဟု ပုံဖော်ပြောကြားကြသည်လည်းရှိသည်။ နစ်နာခံစားရသူများက ပြောကြားကြသည်မှာ သယ်ယူနိုင်သော အပေါ့စား သံချပ်ကာဖျက်လက်နက် RPG-7

[2168] UNOSAT သည် ရိုးရှင်းသော မျဉ်းကြောင်းဖြင့်ပြသည့် ဆုတ်ယုတ်ခြင်းဂရပ်ကို အခြေခံသော စာရင်းဇယားဆိုင်ရာ ခန့်မှန်းသုံးသပ်နည်းကို အသုံးပြု၍ ပျက်ဆီးမှု အကဲဖြတ်ချက်တရပ်ကို ဆောင်ရွက်ခြင်းဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ နှင့် ၂၀၁၈ ခုနှစ် မတ် ၁၈ ရက်အတွင်း ထိခိုက်ခဲ့သောမြို့နယ်များမှ ဖျက်ဆီးခံရသော အဆောက်အဦးများ၏ အရေအတွက်ကို ခန့်မှန်းကြည့်ခဲ့ပါသည်။ ဤနည်းတွင် ကိုယ်စားပြုသောဒေသများ၏ နမူနာတရပ်ကို ရွေးချယ်ခြင်းနှင့် ထိုနေရာဒေသများတွင် အဆောက်အဦးများကို ရေတွက်ခြင်းတို့ပါဝင်ပါသည်။ ဤသည်က "အချက်အလက်တစုံ ပုံစံနမူနာ" ကို ဖန်တီးပေးပြီး မြို့နယ် ၃ ခုတလျှောက် ပျက်စီးသည်ဟု ဖေါ်ထုတ်ထားသောဒေသများအတွင်း ဖျက်ဆီးခံရသော အဆောက်အဦးများ၏ အရေအတွက်ကို ခန့်မှန်းရန်အတွက် ၎င်းကို အသုံးပြုပါသည်။ UNOSAT က ရေတွက်ရာတွင် မှားယွင်းနိုင်သော ဝန်းကျင်မှာ ၁၀ % လောက်အထိ နည်းနိုင်ပါသည်ဟု ခန့်မှန်းသည်။

[2169] BI-002, CI-189, CI-192, CI-194, QI-106, RI-008.

[2170] BI-002, CI-009, CI-028, CI-042, CI-102, CI-103, CI-108, CI-114, CI-129, CI-135, CI-189, EI-017, EI-066, LI-076, QI-001, QI-070, RI-015, RI-016, WI-005, WI-006, WI-009, WI-012, WI-013, WI-014, WI-017, YI-001, YI-013, YI-019 YI-030.

[2171] UNOSAT ၏ အလိုအရ ပုံရိပ်များကို စုဆောင်းယူသည့် ထိုအချိန်ကာလအတွင်း အလွန်အမင်းတိမ်ထူထပ်နေသောကြောင့် ပျက်ဆီးမှုသုံးသပ်ခြင်းမှာ လက်တွေ့ထက် နည်းနေနိုင်သည်ဟု ဆိုသည်။ UNOSAT စက်တင်ဘာ ၁၆ ရက်နေ့က တိမ်များဖုံးလွှမ်းနေသော ထိုနေရာများမှ ပုံရိပ်များ ထပ်မံစုဆောင်းခဲ့သလို တခုချင်း အဆောက်အအုံ ၁၇၀၀ ကို ထိခိုက်ထားသော ရွာ ၁၀ ရွာမှ ပုံရိပ်များကိုပါ ထပ်မံဖေါ်ထုတ်နိုင်ခဲ့ပါသည်။ ပျက်စီးမှုများ၏ ပုံစံနှင့် ထိုနေရာများတွင် မီးလောင်မှုကို ရှာဖွေတွေ့ရှိခြင်းကို ထောက်ရှုပါက် ထိုဖျက်ဆီးမှုသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်နေ့ မတိုင်မီက ဖြစ်ပွားခဲ့ခြင်း ဖြစ်နိုင်ခြေများပါသည်။

[2172] UNITAR-UNOSAT မှ မစ်ရှင်အတွက် ဂြိုလ်တုပုံရိပ် ခွဲခြမ်းစိပ်ဖြာသုံးသပ်ချက်ကို ပြင်ဆင်ပေးပါသည်။

(ဒုံးကျည်ဒလက်တပ် ဗုံးသီးလောင်ချာ) (သို့မဟုတ်) M-3 ကားလ်ဂူစတပ်ဖ် နောက်ပြန်မကန်သောရိုင်ဖယ် ဖြစ်နိုင်ပြီး ယင်း၂မျိုးလုံးမှာ တပ်မတော်တွင် သုံးစွဲသည့်လက်နက်များဖြစ်ကာ အသုံးပြုပုံနှင့် အကျိုးရလဒ်များသည်လည်း ပြောဆိုဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသည်။ တပ်မတော် စစ်သားများက အဆောက်အအုံများနှင့် နေအိမ်များကို ဖျက်ဆီးရန် လောင်ချာဒုံးကျည်များရော မော်တာများပါ အသုံးပြုခဲ့ကြခြင်း ဖြစ်နိုင်ဖွယ်ရှိသည်။

၉၆၂။ ကောက်ယူရရှိသော ထွက်ဆိုချက်များက ကျေးရွာများကို စနစ်တကျနှင့် ကြိုတင်စီမံထားသည့် သဘောဖြင့် မီးရှို့မှုများကို သရုပ်ဖော်ပြနေသည်။ မီးလောင်မှုများမှာ လုပ်ရိုးလုပ်စဉ် ပုံစံတစ်ခုအတိုင်း ဖြစ်ပွားခဲ့သည်။ တွေ့ဆုံမေးမြန်းမှုဖြေကြားခဲ့သူများက အများအားဖြင့် ညဘက်များ သို့မဟုတ် မနက်စောစောပိုင်းများတွင် စစ်သားများက "လောင်ချာများ" ဖြင့် ရိုဟင်ဂျာများနေထိုင်ရာ နေရာများသို့ တိုက်ရိုက် ပစ်ခတ်လေ့ရှိကြပြီး အဆောက်အအုံတစ်ခု (သို့မဟုတ်) ထို့ထက်ပို၍ မီးလောင်ကျွမ်းစေသည်ဟု ပြောကြားခဲ့ကြသည်။ ရခိုင်တိုင်းရင်းသားများက ရိုဟင်ဂျာများ၏ အိမ်များကို လူကိုယ်တိုင် တစ်အိမ်ပြီးတစ်အိမ် လိုက်လံမီးရှို့သည့် အခန်းကဏ္ဍကို ဆောင်ရွက်ခဲ့ကြပြီး တခါတရံ လောင်စာဆီပုံးများနှင့် အခြားကိရိယာ တန်ဆာပလာများလည်း အသုံးပြုကြသည်။[2173] အချို့ကျေးရွာများတွင်မူ၊ အခြားလူနည်းစု တိုင်းရင်းသား များက ထိုကဏ္ဍကိုဆောင်ရွက်ခဲ့ကြသည်။[2174]ဥပမာအားဖြင့် ဘူးသီးတောင်မြို့နယ် မိချောင်းဈေး ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေကြားသူတစ်ဦးက ဟိန္ဒူလူမျိုး လူနည်းစုဝင်များနှင့် တပ်မတော် စစ်သားများ ပူးပေါင်း၍ ၎င်းတို့ရွာကို မီးရှို့ခဲ့ကြကြောင်း ထွက်ဆိုခဲ့သည်။ အဆိုပါ ဟိန္ဒူများကို ဈေးအနီးရှိ ဆံပင်ညှပ်ဆိုင်မှ မှတ်မိသိရှိခဲ့ခြင်းဖြစ်သည်။[2175] ရခိုင်တိုင်းရင်းသားများနှင့် အခြား လူမျိုးစု လူမှုအသိုက်အဝန်းများ၏ မီးရှို့ခြင်းတွင် ပါဝင်လုပ်ဆောင်မှုသည် အများအားဖြင့် တပ်မတော်စစ်ဆင်ရေးနှင့်အတူ ပူးပေါင်းစီစဉ်ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။ နေရာဒေသ အတော်များများတွင်၊ စစ်သားများနှင့်အတူလိုက်ပါလျက် ရခိုင်တိုင်းရင်းသားများက အိမ်များကို စနစ်တကျမီးတင်ရှို့ခဲ့ကြခြင်းဖြစ်သည်။[2176] မောင်တောမြို့နယ် ကျောက်ပန်းဒူကျေးရွာမှ ရိုဟင်ဂျာ တစ်ဦးက ရှင်းလင်းပြခဲ့သည်မှာ-

> *"အိမ်တွေပေါ်ကို အရည်တွေအပြည့်နဲ့ ပုလင်းတွေ လှမ်းပစ်လိုက်ကြတယ် ပြီးတော့ မီးခြစ်ကို ပစ်ထည့်လိုက်တယ်။ ၁၀ကနေ ၂၀လီတာလောက်ရှိမယ့် အရည်တွေပါတဲ့ သံပုံးအကြီးတွေလည်း သူတို့သုံးကြတယ် စစ်တပ်က လောင်ချာတွေနဲ့ ပစ်ပြီးတော့၊ ရခိုင်တွေကိုတော့ အိမ်အသေးတွေကို ပစ်မှတ်ထား မီးရှို့ဖို့နဲ့ လောင်ချာနဲ့ ပစ်ပြီးတဲ့အချိန်မှာ မီးမလောင်ပဲ ကျန်နေတဲ့အိမ်တွေကို မီးလိုက်ရှို့ဖို့ အမိန့်ပေး ညွှန်ကြားနေခဲ့ကြတယ်။[2177]"*

၉၆၃။ အာဆာအဖွဲ့၏ တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာနေရာများတွင် သိသာထင်ရှားသော မီးလောင်မှုများ ဖြစ်ပွားခဲ့သော်လည်း၊ မီးလောင်မှုများ ထိခိုက်ခဲ့သည့် စုစုပေါင်းဧရိယာများ

[2173] CI-036, CI-120, CI-124, CI-125, LI-066, LI-069, LI-102, LI-118, LI-120, LI-129, LI-132, QI-002, QI-005, QI-115, WI-007, WI-014, WI-032, WI-016, XI-002, XI-003, XI-005, YI-006, YI-013, YI-014, YI-015, YI-018, YI-021, YI-030.

[2174] CI-125, CI-135, CI-148, EI-057, LI-044, LI-119, QI-012, QI-022, QI-035, QI-109, WI-044.

[2175] CI-135, LI-044.

[2176] CI-124, LI-066, LI-119, WI-016, YI-006, YI-014.

[2177] WI-016.

အဆမတန် ပိုမိုများပြားခဲ့ပြီး တိုက်ခိုက်မှုများနှင့် သိသိသာသာ ဝေးကွာသောနေရာများမှ[2178] ကျေးရွာများကိုပါ လွှမ်းခြုံဝန်းပတ်၍ မီးရှို့ခဲ့ခြင်းဖြစ်သည်။

၉၆၄။ ။ အာဆာတိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာ နေရာအနီးတဝိုက်မှ ကျေးရွာ အချို့တွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့် မီးရှို့မှုများကို၊ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက် တိုက်ခိုက်မှုများအပြီး နာရီပိုင်းအတွင်းမှာပင် ရုတ်တရက်ချက်ချင်း နောက်ဆက်တွဲအနေနှင့် ကြုံတွေ့ခဲ့ရသည်။ အောက်တွင် နမူနာ ၃ခုကို ဖော်ပြထားသည်။ စစ်ဆေးပြီးသော ထွက်ဆိုချက်များက နေရာတစ်ခုစီတိုင်းတွင် ဩဂုတ် ၂၅ မှစ၍ ရွာမီးရှို့မှုများ စတင်ခဲ့ပြီး နောက်ပိုင်း ရက်အတော်ကြာထိ ဖြစ်ပွားခဲ့သည်ဟု အတည်ပြုဖော်ပြခဲ့သည်။ ၂၀၁၇ စက်တင်ဘာလ ၁၆ ရက်နေ့ တိမ်များဖုံးကွယ်ခြင်း ရှိမနေချိန် အသေးစိတ်ပုံရိပ်များ ရရှိနိုင်ခဲ့စဉ်တွင် ရိုက်ကူးဆန်းစစ်ခဲ့သော ဂြိုဟ်တုဓါတ်ပုံများက နေရာဒေသ တစ်ခုချင်းစီတိုင်းရှိ ထိခိုက်ပျက်ဆီးမှု အတိုင်းအတာကို ညွှန်ပြနေခဲ့သည်။

၉၆၅။ ။ ဘူးသီးတောင်မြို့နယ် မိကျောင်းဈေးကျေးရွာအုပ်စုသည် အာဆာ တိုက်ခိုက်မှု ၃ခု၏ အနီးတွင်ဖြစ်သည်။[2179] ရွာသစ်၊ မာဇီ နှင့် ဖော်တေအာလီ ရွာများမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူများက ဩဂုတ်လ မနက်အစောပိုင်းတွင် သေနတ်သံများ ရွာအနီးတွင်ကြားခဲ့ရပြီးနောက် စစ်သားများ ရွာထဲသို့ ဝင်ရောက်လာခဲ့ကြသည်ဟု ထွက်ဆိုခဲ့ကြသည်။ ထို့နောက်စစ်သားများက လူများကို သေနတ်ဖြင့် ပစ်ခတ်ကြကာ အိမ်များကို "လောင်ချာ" များဖြင့် ပစ်ခတ်၍ မီးလောင်ကျွမ်းစေခဲ့သည်။ လူများက ရွာအနီးရှိ တောအုပ်တောင်ကုန်းများတွင်[2180] ပုန်းအောင်းခိုလှုံနေခဲ့ကြစဉ်တွင် အိမ်များမှာ ရက်အတန်ကြာအထိ မီးလောင်ကျွမ်းနေခဲ့ကြသည်။ ဗလီဝတ်ကျောင်းလည်း မီးလောင်သွားခဲ့သည်။[2181]

**၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက်နေ့က မီးချောင်းဈေး ကျေးရွာပုံ။ မီးလောင်မှုကို ပထမ ထောက်လှမ်းသိရှိရစဉ် ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်**

[2178] UNITAR-UNOSAT မှ မစ်ရှင်အတွက် ဂြိုလ်တုပုံရိပ် ခွဲခြမ်းစိပ်ဖြာသုံးသပ်ချက်ကို ပြင်ဆင်ပေးပါသည်။

[2179] ခြေမြန်တပ်ရင်း ၅၅၂ ခြေကုပ်ယူထားသော အခြေစိုက်တပ်စခန်းရှိရာ ဖောင်တော်ပြင်မှ နယ်ခြားစောင့်ရဲ ကင်းစခန်းကို အာဆာမှ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ အစောပိုင်းအချိန်က တိုက်ခိုက်မှု တခုပြုလုပ်ပြီး နောက်သိပ်မကြာမီ ငါးရံ့ချောင်းရှိ နယ်ခြားစောင့်ရဲ ကင်းစခန်းကိုလည်း တိုက်ခိုက်ခဲ့သည်။

[2180] CI-112, CI-135, QI -024, XI-005.

[2181] CI-195, YI-030; K-164




၉၆၆။ မောင်တောမြို့နယ် မြို့သူကြီးကျေးရွာအုပ်စုမှ ရွာသားများက ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက် မနက်ပိုင်းနှင့် နောက်ပိုင်းရက်များတွင်[2182] စစ်သားများက ရခိုင်တိုင်းရင်းသားများ ခြံရံလိုက်ပါလျက် အိမ်များကို မီးရှို့ခဲ့ပုံကို ဖော်ပြပြောကြားခဲ့ ကြသည်။ စစ်သားများက အနီးပတ်ဝန်းကျင်ရှိ ရွာငယ်များ အများအပြားကို မီးရှို့ခဲ့ကြသည်။ ဩဂုတ်လ ၂၅ရက်က အာဆာအဖွဲ့၏ တိုက်ခိုက်မှုများဖြစ်ပွားခဲ့သည့် နေရာများဟု အစိုးရ၏ တရားဝင်ထွက်ဆိုမှုများတွင် ဖော်ပြထားသည့် နေရာတစ်ခု မဟုတ်သည့်အချက်ကို ဆန့်ကျင်နေသော (၂၀၁၇ခုနှစ် ဩဂုတ်လ ၂၆ရက်တွင် နစ်ဖက်အပြန်အလှန် ပစ်ခတ်မှုများ[2183] ဖြစ်ပွားစေခဲ့သော) အာဆာအဖွဲ့က လုံခြုံရေးအဖွဲ့များ၏ ယာဉ်တန်းကို မြို့သူကြီးရွာတွင် ခြုံခိုတိုက်ခိုက်ခဲ့သည့် တရားဝင် ကိုးကားချက်ရှိနေသည်။

**၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက် မြို့သူကြီး ကျေးရွာပုံ။**
**မီးလောင်မှုကို ပထမ ထောက်လှမ်းသိရှိရစဉ် ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်**

[2182] QI-035, QI-108, WI-011

[2183] သတင်းပြန်ကြားရေးကော်မတီ "ကြားဖြတ်သတင်းထူး အမှတ်စဉ် ၆" (Facebook post, 28 August 2017),https://www.facebook.com/InfomationCommittee/posts/786693624837079




၉၆၇။ ရွာသစ်ကေ၊ မောင်တောမြို့ ရပ်ကွက် ၅ သည်လည်း အာဆာတိုက်ခိုက်မှု ဖြစ်ပွားခဲ့ရာ နေရာတစ်ခုဖြစ်သည်။[2184] တွေ့ဆုံမေးမြန်းမှု ဖြေကြားခဲ့သူတစ်ဦးက ပြောကြားခဲ့သည်မှာ ဩဂုတ်လ မနက် ၃နာရီ ဝန်းကျင်ခန့်တွင် သေနတ်သံများနှင့် ကျယ်လောင်သော ပေါက်ကွဲသံများ သူမကြားခဲ့ရပြီး အနီးအနားရှိရွာတစ်ရွာသို့ အခြားသူများနှင့်အတူ ထွက်ပြေး တိမ်းရှောင်ခဲ့ရသည် ဟုဆိုသည်။ နောက်၂ရက် အကြာတွင် သူမ၏ နေအိမ်သို့ ပြန်လာသည့်အခါ စစ်သားများနှင့် ရခိုင်တိုင်းရင်းသားများက နေအိမ်များကို မီးတင်ရှို့နေသည်ကို သူမတွေ့ခဲ့ ရသည်။[2185]

**၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၅ရက် ရွာသစ်ကေ ကျေးရွာပုံ။**
**မီးလောင်မှုကို ပထမ ထောက်လှမ်းသိရှိရစဉ်၊ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်**

[2184] သတင်းပြန်ကြားရေးကော်မတီ "ကြားဖြတ်သတင်းထူး အမှတ်စဉ် ၂" (Facebook post, 25 August 2017), https://www.facebook.com/InfomationCommittee/posts/785202504986191; K-154.2
[2185] YI-021.




၉၆၈။ အာဆာအဖွဲ့၏ တိုက်ခိုက်မှုများ နောက်ပိုင်း "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် အာဆာတိုက်ခိုက်မှုများနှင့် အနီးဝန်းကျင်ဒေသတွင် မပါဝင်သော ရခိုင်ပြည်နယ်မြောက်ပိုင်း တဝန်းလုံးရှိ အခြားနေရာ ဒေသများစွာတွင်လည်း စတင်ခဲ့သည်။ ဥပမာတစ်ခု အနေဖြင့် ဘူးသီးတောင်မြို့နယ် မောင်ကြီးထောင် ကျေးရွာအုပ်စု စဥ့်အိုးပြင်ကျေးရွာတွင် ဖြစ်သည်။ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၆ရက် (သို့မဟုတ်) ထိုရက်ဝန်းကျင်တွင် တပ်မတော်စစ်သားများက ကျေးရွာကို မီးတင်ရှို့ခဲ့ကြသည်။ အစိုးရဖြစ်စေ အခြားရင်းမြစ်တစ်ခုကဖြစ်စေ ထိုနေရာအနီး တဝိုက်အတွင်း အာဆာတိုက်ခိုက်မှု ဖြစ်ပွားခဲ့သည်ဟု သတင်းဖော်ပြထားခြင်း မရှိခဲ့ပေ။ တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ မြောက်များစွာက ပြောကြားခဲ့သည်မှာ စစ်သားများရွာအတွင်းသို့ ဝင်ရောက်လာကြပြီး ရွာသားများကို သေနတ်ဖြင့်ပစ်ခတ်ကာ အိမ်များကို "လောင်ချာများ" ဖြင့် ပစ်ခတ်မီးရှို့ခဲ့ကြသည်ဟု ဖြစ်သည်။[2186] "စစ်သားတွေက နေရာတိုင်းမှာပဲ တစ်ရွာလုံးမှာ စစ်သားတွေချည်း ပြည့်နှက်နေသလိုပဲ" သူတို့က လူတွေကို ကျပန်း ချိန်ရွယ်ပစ်ခတ် နေခဲ့ကြပြီး အိမ်တွေကို လောင်ချာတွေနဲ့ပစ်ပြီး မီးရှို့ပစ်ကြတယ်"[2187] အဆိုပါ ထွက်ဆိုချက်များသည် ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်တွင် ဖမ်းယူရရှိခဲ့သည့် မီးလောင်ထားသော စဥ့်အိုးပြင်ရွာ၏ ဂြိုဟ်တုဓါတ်ပုံများအပေါ် မစ်ရှင်အဖွဲ့မှ လေ့လာဆန်းစစ်ထားသည့် အချက်များနှင့် ကိုက်ညီမှု ရှိသည်။

**၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက် စဥ့်အိုးပြင်ကျေးရွာပုံရိပ်။**
**မီးလောင်မှုကို ပထမ ထောက်လှမ်းသိရှိရစဥ် ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်**

[2186] CI-132, LI-047, LI-114, XI-004.
[2187] LI-114.




၉၆၉။ လုံခြုံရေးတပ်ဖွဲ့များနှင့် ရခိုင်တိုင်းရင်းသား များသည် မကြာခဏပင် ရွာများသို့ "ရှင်းလင်းရန်" ပြန်လည်ဝင်ရောက်လာပြီး စနစ်တကျ ရွာမီးရှို့မှုများလည်း ပြုလုပ်ကြသည်။[2188] စက်တင်ဘာလ ၅ရက်တွင်[2189] "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး"များ ပြီးဆုံးခဲ့သည်ဟု ဆိုသော နိုင်ငံတော်၏ အတိုင်ခံပုဂ္ဂိုလ်၏ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၉ရက်က ထုတ်ဖော်ပြောဆိုချက်နှင့် ဆန့်ကျင်လျက် ကျေးရွာများကို ဖျက်ဆီးမှုများမှာ နောက်ပိုင်းသီတင်းပတ်များအထိ ဆက်လက်ဖြစ်ပွားနေခဲ့သည်ကို ဂြိုဟ်တုပုံရိပ်များက အတည်ပြုထားသည်။ ဥပမာတစ်ခုအဖြစ် ဘူးသီးတောင်မြို့နယ် ဂုပ္ပီကျေးရွာသည် စက်တင်ဘာလ ၂၅ရက် အထိ နဂိုမူလအတိုင်း ရှိနေခဲ့ပြီး နောက်ဆက်တွဲအဖြစ် အောက်တိုဘာ ၁၁တွင်[2190] မီးရှို့ခံထားရပြီ ဖြစ်သည်ကို တွေ့ရသည်။

**၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၅ရက် ဂုပ္ပီ ကျေးရွာပုံ။**
**အဆောက်အအုံ အားလုံး နဂိုမူလ အတိုင်းရှိနေကြသည်။**

[2188] CI-043, QI-008, QI-010, QI-011, QI-017, QI-025, QI-061, QI-062, QI-107.

[2189] "အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအပေါ်တွင် အစိုးရ၏ အားထုတ်မှုများနှင့် ပါတ်သက်၍ ပြည်ထောင်စုသမတ မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားသောမိန့်ခွန်း (Facebook post, 19 September 2017), https://www.facebook.com/state.counsellor/posts/speech-delivered-by-her-excellency-daw-aung-san-suu-kyi-state-counsellor-of-the-/1121130291354519.

[2190] ဥပမာအားဖြင့် အာဆာက တခါမှ မတိုက်ခဲ့သောနေရာများ ဖြစ်သည့် ကျောင်တောက် ကျေးရွာအုပ်စု (ဘူးသီးတောင်) ရှိ အော်လန်းပြင်ကျေးရွာ၊ တင်မေ (ဘူးသီးတောင်)၊ ဂုတ်ပိ (ဘူးသီးတောင်) တို့မှာ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၅ ရက်နေ့နောက်တွင် မီးရှို့ခံခဲ့ရသည်။




၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက် ဂုပ္ပီ ကျေးရွာပုံ။
အဆောက်အအုံ အရေအတွက် မြောက်များစွာ မီးရှို့ဖျက်ဆီးခံထားရပုံ




၉၇၀။ ။ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းတွင်ရှိနေစဉ်၊ မစ်ရှင်အဖွဲ့အနေဖြင့် အိမ်နီးချင်း မြန်မာနိုင်ငံ နယ်စပ်အနီးမှ၊ ကြီးမားသော မီးလောင်မှုများ ဖြစ်ပေါ် နေသည်ကို ညွှန်ပြနေသည့် မီးခိုးလုံးများကို တွေ့ရှိခဲ့ရသည်။ စက်တင်ဘာလ ၁၅ရက်တွင် မောင်တောမြောက်ပိုင်း (သို့မဟုတ်) ဘူးသီးတောင်

အနောက်မြောက်ပိုင်းနှင့် စက်တင်ဘာလ ၁၇ရက်တွင် မောင်တော အလယ်ပိုင်း အဖြစ်နိုင်ဆုံးမှာ ကျောက်လှေကား သို့မဟုတ် ဇင်းပိုင်ညား ကျေးရွာအုပ်စုများ ဖြစ်သည်။[2191]

၉၇၁။ ပုံရိပ်များက သရုပ်ဖော်ပြနေသည်မှာ ဖျက်ဆီးမှုများသည် ရိုဟင်ဂျာကျေးရွာများနှင့် ပိုင်ဆိုင်မှုများကို တမင်ရည်ရွယ်၍ ပစ်မှတ်ထား ပြုလုပ်နေခြင်းပင်ဖြစ်သည်။ ဓါတ်ပုံများက အချို့နေရာဒေသများတွင် ပတ်ဝန်းကျင် သီးနှံစိုက်ခင်းများကို မထိမတို့ပဲ နဂိုအတိုင်းရှိနေချိန်တွင် အဆောက်အအုံ အစုအဝေးတချို့သာ မီးလောင်ကျွမ်းခဲ့သည်ကို ပြသနေပြီး မီးလောင်မှုများမှာ သီးခြားစီခွဲ၍ ရှို့ခဲ့ခြင်းနှင့် တမင်ရည်ရွယ် ပစ်မှတ်ထားသည့် အဆောက်အအုံ အတိအကျကို လောင်ကျွမ်းစေခဲ့ခြင်းများဖြစ်ကြောင်း ညွှန်ပြနေသည်။[2192] ၂၀၁၇ခုနှစ် စက်တင်ဘာလ ၅ရက်က အောက်ဖော်ပြပါဓါတ်ပုံသည် မောင်တောမြို့နယ်ရှိ လှဖိုးခေါင်ကျေးရွာနှင့် မောင်နမကျေးရွာတို့မှ မြင်တွေ့နေရသော မီးလောင်နေမှုများ ဖြစ်သည်။[2193] ထိုမီးလောင်မှုများမှာ မီးများ တစ်နေရာမှ အခြားတစ်နေရာသို့ ပြန့်နှံ့လောင်ကျွမ်းနေရမည့်အစား ကွဲပြားခြားနားပြီး သီးခြားစီ ဖြစ်နေသည်မှာ ပေါ်လွင်နေသည်။




[2191] ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၅ ရက်နေ့ ညနေ ၁ နာရီ ၁၅ မိနစ်တွင် မစ်ရှင်ဝန်ထမ်းက 21°12'36.9"N 92°09'40.0"E နေရာမှ ရိုက်ယူထားသည့် ဓါတ်ပုံများမှာ မောင်တော မြောက်ပိုင်း သို့မဟုတ် ဘူးသီးတောင် အနောက်မြောက်ပိုင်းတွင် မီးလောင်နေသည့် ဓါတ်ပုံများဖြစ်ပြီး ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၇ ရက်နေ့ ညနေ ၃ နာရီ ၃၄ မိနစ်တွင် မစ်ရှင်ဝန်ထမ်းက 20°53'29.0"N 92°17'44.0"E မှ ရိုက်ယူထားသောပုံမှာ ကျောက်လှေကား သို့မဟုတ် မောင်တောအလယ်ပိုင်းရှိ ဇင်ပိုင်ညာ ကျေးရွာအုပ်စု မီးလောင်နေသောပုံ ဖြစ်ဖို့များသည်။ (FFM ထံရှိ မှတ်တမ်းဖိုင်မှ)

[2192] V-067.

[2193] US National Imaging Systems




၉၇၂။ ပစ်မှတ်ထား၍မီးရှို့ခြင်း၏ သဘောသဘာဝအား ကျေးရွာအုပ်စု တစ်ခုတည်းရှိ ရိုဟင်ဂျာမဟုတ်သော အခြားအခြေချနေထိုင်မှုများအပေါ် မထိမတို့ပဲ နဂိုမူလအတိုင်း ကျန်ရှိနေခဲ့ချိန်တွင်[2194] ရိုဟင်ဂျာ အခြေချနေထိုင်မှုများကိုသာ ထိခိုက်စေမှုဖြစ်စေသော မီးလောင်မှုများကို အနည်းဆုံး နေရာ ၂၂ခုတွင် ဆန်းစစ်ထားသည့်အချက်က သရုပ်ဖော်ပြနေခဲ့သည်။ မထိမခိုက်ကျန်ရစ်သော အခြေချနေထိုင်မှုများသည် အများအားဖြင့် အသွင်အပြင်ပိုင်းတွင် စနစ်တကျရှိပြီး အတန်းလိုက်ပုံစံ ညီညာစွာ ပျံ့နှံ့နေကာ အမြှောင်းပုံဖော်ထားသော သံထည်အမိုးများအပါအဝင် အရည်အသွေး ပိုမြင့်သော ပစ္စည်းများဖြင့် ဆောက်လုပ်ထားသည့်ပုံစံရှိသည်။ ဗုဒ္ဓဘာသာ စေတီပုထိုးများကိုလည်း အခြေချနေထိုင်မှုများအကြား (သို့မဟုတ်) အနီးအနားတွင် ရံဖန်ရံခါ တွေ့မြင်နိုင်သည်။ မီးရှို့ခံထားရသော အခြေချနေထိုင်ရာများမှာ ယေဘုယျအားဖြင့် ပိုမိုစနစ် မကျသည့် သွင်ပြင်ပုံစံရှိပြီး အချိန်ကာလများ ကြာမြင့်ပြီးနောက် သဘာဝအလျောက် ပေါ်ပေါက်တည်ရှိနေခဲ့သည့် ပုံပန်းသဏ္ဍာန်ရှိနေကာ သက်ကယ်မိုးများဖြင့် တောင့်တင်းခိုင်မာမှုနည်းသော တည်ဆောက်မှု ပုံစံများဖြစ်ကြသည်။ အဆိုပါ အချက်များက နဂိုအတိုင်းကျန်ရှိနေခဲ့သော နေရာများမှာ ရိုဟင်ဂျာမဟုတ်သော ပုံမှန်အားဖြင့် ရခိုင်တိုင်းရင်းသားများ နေရာများဖြစ်ကြပြီး မီးရှို့ခံထားရသော နေရာများမှာ ရိုဟင်ဂျာများ၏ နေရာများ ဖြစ်ကြောင်း ညွှန်ပြ နေသည်။

၉၇၃။ အလားတူပင် ရိုဟင်ဂျာများသာ နေထိုင်သည့်နေရာများကိုသာ ပစ်မှတ်ထားခံရခြင်းကို ဂြိုဟ်တုဓါတ်ပုံများက ဖော်ပြနေသည်ကို ကြည့်ခြင်းဖြင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် လူမျိုးရောနှောနေသည့် ကျေးရွာများတွင်လည်း ဆောင်ရွက်ခဲ့သည်ကို မစ်ရှင်အဖွဲ့မှ အခိုင်အမာအတည်ပြုနိုင်ခဲ့သည်။ မစ်ရှင်အဖွဲ့သို့ ပေးပို့ရရှိသော ထွက်ဆိုချက်များက

[2194] ခမောက်ဆိပ် (မောင်တော); ကျီးကန်ပြင် (မောင်တော), လောင်းဒုံ (ဆင်သေပြင်ရွာ၊ မောင်တော); နိုတန်ကောက် (ရသေ့တောင်); မြို့သူကြီး (မောင်တော); အင်ဒင်း (မောင်တော); ညောင်ချောင်း (မောင်တော); (ဒူ) ချီးယာတန် (မောင်တော); ရွာသစ်ကေ (ဂေါ်ဒူးသာယာရွာ၊ မောင်တော); ဝါးချ (မောင်တော); ချွတ်ပြင် (ရသေ့တောင်); သမာန်းသာ (မောင်တော); မင်းကြီး (မောင်တော); ကျောက်ပြင်ဆိပ် (မောင်တော); သာယာကုန်းတန်း (မောင်တော); ဖော်မထက် (မောင်တော); ကျောက်ပန်းဒူ (မောင်တော); မျောက်ရဲ (ခေါ်) ပန်းပဲချောင်း (ဘူးသီးတောင်); ဇီးတွန်း (ဘူးသီးတောင်); စေတီပြင် (ရသေ့တောင်)

ဤလေ့လာသုံးသပ်ချက်ကို နောက်ထပ်ပို၍ အခိုင်အမာ အတည်ပြုစေခဲ့သည်။[2195] ဥပမာအားဖြင့် အောက်တွင် ဖော်ပြထားသောပုံသည် ရသေ့တောင်မြို့နယ်ရှိ ရခိုင်တိုင်းရင်းသားများ အများစုနေထိုင်သော လူမျိုးရောနှောကျေးရွာတစ်ခုဖြစ်သည့် စေတီပြင်ကျေးရွာရှိ မီးလောင်ပျက်စီးခဲ့သော နေရာတစ်ခုဖော်ပြထားသည်။ မစ်ရှင်အဖွဲ့သို့ ပေးပို့လာသော ထွက်ဆိုချက်များအရ မီးလောင်ခဲ့သောနေရာသည် ရိုဟင်ဂျာများနေထိုင်ခဲ့ရာနေရာ ဖြစ်သည်။

**၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၆ရက်တွင် ရိုက်ကူးထားသော စေတီပြင်ရွာ၏ပုံ**




၉၇၄။ မထိခိုက်ပဲ နဂိုအတိုင်းကျန်ခဲ့သည့် အခြေချနေထိုင်မှု အများစုရှိသည့် လူမျိုးရောနှောကျေးရွာများမှာ “နတလ” ကျေးရွာဟုခေါ်ကြသည့် “စံပြ”ကျေးရွာများ ဖြစ်ကြသည်။ ဥပမာ မောင်တောမြို့နယ် တောင်ပိုင်းရှိ အင်းဒင်ရွာတွင် ရိုဟင်ဂျာကျေးရွာငယ် ၆ရွာနှင့် ရခိုင်တိုင်းရင်းသား ကျေးရွာငယ် ၂ ရွာရှိကြပြီး ၎င်းတို့အနက်မှ တစ်ရွာမှာ နတလ ကျေးရွာ ဖြစ်သည်။ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုများက အင်းဒင်အုပ်စုရှိ ကျေးရွာများ အားလုံးနီးပါး အလုံးစုံ မီးလောင်သွားခဲ့သော်လည်း နတလကျေးရွာဖြစ်သည့် ပဲယုံးရွာမှာ မထိခိုက်ပဲကျန်ရှိနေခဲ့သည့်ကို ဖော်ပြနေသည်။ မစ်ရှင်အဖွဲ့အနေဖြင့် တပ်မတော် စစ်သားများနှင့် ရခိုင် တိုင်းရင်းသားများ၏ ပစ်မှတ်ထားမီးရှို့ခြင်းခံခဲ့ရသည့် အင်းဒင်ရှိ ရိုဟင်ဂျာ အခြေချ နေထိုင်ရာများ ၏ ထွက်ဆိုချက်များ အများအပြားကို စုဆောင်းရရှိခဲ့သည်။

**၂၀၁၇ခုနှစ် အောက်တိုဘာလ ၉ရက်တွင် ရိုက်ကူးခဲ့သော မီးလောင် ပျက်စီးနေသည့် အဆောက်အအုံများကို ပြသထားသည့် အင်းဒင်ကျေးရွာ ပုံနှင့်အနောက်ဘက်ရှိ မူလအတိုင်းရှိနေသော ပဲယုံး နတလကျေးရွာ (ဘောင်ခတ်ထားသော အကွက်ဖြင့် စေတီပုံပြထားသော)**

[2195] CI-007, LI-006, LI-042, LI-100, LI-101, LI-118, LI-142.




၉၇၅။ အလားတူပင် ဂြိုဟ်တုဓါတ်ပုံလေ့လာဆန်းစစ်မှုက မောင်တောမြို့နယ် တောင်ပိုင်းရှိ ကျောက်ပန်းဒူ ကျေးရွာအုပ်စု၏ အများစုမှာ မီးလောင်ပျက်စီးနေပြီး၊ အိမ်များနှင့် စေတီပုထိုးတစ်ဆူ ပိုမိုအစီအစဉ်တကျ ပျံ့နှံ့တည်ရှိနေပုံဖြင့် ထူးခြားသည့် လက္ခဏာရှိသော နတလ ကျေးရွာမှာ မထိခိုက်ပဲ ကျန်နေခဲ့သည်ကို ဖော်ပြနေသည်။

**၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၁ရက်တွင် ရိုက်ကူးထားသည့် ကျောက်ပန်းဒူရွာပုံ**



၉၇၆။ မောင်တောမြို့နယ်တောင်ပိုင်း သပြေတော ကျေးရွာအုပ်စု၏ ဂြိုဟ်တုဓါတ်ပုံများကို လေ့လာဆန်းစစ်မှုတွင်လည်း ပစ်မှတ်ထားဖျက်ဆီးမှုကို တွေ့မြင်နိုင်သည်။ ဘေးပတ်လည် ကျေးရွာ၃ခု ဖြစ်သည့် သပြေတော၊ ဇုန်းကားရာနှင့်သာယာတောရွာတို့မှာအရှေ့တောင်ဘက်တွင် ရှိသည့် မြင်းလွတ်ရွာကဲ့သို့ လုံးဝပျက်စီးသွားသည့်အချိန်တွင် အလယ်ဗဟိုတွင် စေတီတစ်ဆူရှိသည့် လူနေရပ်ကွက်ငယ်တစ်ခုမှာ နဂိုမူလအတိုင်း ကျန်ရှိနေခဲ့သည်။ အလားတူပင် မောင်တောမြို့နယ်တောင်ပိုင်း သရဲကုန်းတန်း ကျေးရွာအုပ်စုမှ အဓိကအခြေချနေထိုင်ရာ အများစုမှာ ပျက်စီးသွားချိန်တွင် အနီးရှိနတလကျေးရွာဖြစ်သည့် သရေကုန်းဘောင်မှာ စောကီးနာရွာကဲ့သို့ပင် မထိခိုက်ပဲ ကျန်ရှိနေခဲ့သည်။ မီးလောင်ထိခိုက်ခံရမှု မရှိခဲ့သော စေတီများကို နေရာတစ်ခုစီတိုင်းတွင် တွေ့မြင်နိုင်သည်။ သရေကုန်းတန်းကျေးရွာအုပ်စု၏ မကြာသေးခင်က ဓါတ်ပုံတစ်ပုံတွင် စေတီနှင့် သရေကုန်းဘောင်သို့ လမ်းအသစ်တစ်ခု ဖောက်လုပ်ထားပြီးသည့် တိုးတက်ဖြစ်ပေါ်မှုကို ဖော်ပြနေသည်။

**၂၀၁၈ခုနှစ် မတ်လ ၁၈ရက်က ရိုက်ကူးထားသော သပြေတောကျေးရွာ၏ ဓါတ်ပုံ**




**၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက်က ရိုက်ကူးထားသော သရေကုန်းတန်းကျေးရွာ၏ ဓါတ်ပုံ**




၂၀၁၇ခုနှစ် ဒီဇင်ဘာလ ၁၆ရက်က ရိုက်ကူးထားသော သရေကုန်းတန်းကျေးရွာ၏ ဓါတ်ပုံ




၉၇၇။ မစ်ရှင်အဖွဲ့အနေဖြင့် စစ်သားများ သို့မဟုတ် ဒေသအာဏာပိုင်များက ရိုဟင်ဂျာများ၏ ကျေးရွာများကို မီးမရှို့ပဲ ချန်ထားစေလိုပါက ၄င်းတို့အား လာဘ်ငွေအမြောက်အများပေးရန် တောင်းဆိုမှုများ ရှိခဲ့ကြောင်း သတင်းအချက်အလက်များကိုလည်း ရရှိခဲ့သည်။[2196] ဥပမာတစ်ခုမှာ မောင်တောမြို့နယ် အလယ်ပိုင်းရှိ ဇောမတက်ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက တပ်မတော်က ကျေးရွာဈေးကို ဩဂုတ်လ၂၇ရက်တွင်

[2196] QI-040, QI-041, QI-106.

မီးရှို့ပြီးသည့်နောက်တွင် ကျပ်ငွေ သန်း၆၀ ပေးရန် သို့မဟုတ်ပါက ကျေးရွာကို တိုက်ခိုက်ခံရမည်ဟု တောင်းဆိုခဲ့ကြောင်း အခိုင်အမာဆိုခဲ့သည်။ တွေ့ဆုံမေးမြန်းမှုဖြေဆိုသူက ၎င်းတို့အနေဖြင့် ထိုမျှကြီးမားသည့်ငွေပမာဏကို ပေးနိုင်ခြင်းမရှိခဲ့သောကြောင့်ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးလာခဲ့ရသည်ဟု ထွက်ဆိုခဲ့သည်။ ဂြိုဟ်တုဓါတ်ပုံများကို လေ့လာဆန်းစစ်မှုက ထိုကျေးရွာလည်း နောက်ပိုင်းတွင် မီးရှို့ခံလိုက်ရကြောင်း ဖော်ပြထားသည်။[2197]

**၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက်တွင် ရိုက်ကူးထားသော ဇောမတက်ကျေးရွာ၏ပုံ**




*လုယက်ခြင်း*

၄၇၈။ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ”တွင် ပစ္စည်းဥစ္စာ များအား လုယက်မှုများလည်း ပါဝင်ပြီး ထိုကိစ္စများတွင် အရပ်သားများက အဓိကအခန်းကဏ္ဍမှ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်သည်။ အများစုအားဖြင့်၊ လုယက်မှုများသည် လုံNခံုရေးတပ်ဖွဲ့ဝင်များနှင့် ရခိုင်တိုင်းရင်းသားများ အတူတကွ လုပ်ဆောင်ခဲ့ကြခြင်း ဖြစ်ပြီး တခါတရံ ၎င်းတို့ကို ရိုဟင်ဂျာအိမ်နီးချင်းများက မှတ်မိသိရှိနေခဲ့ကြသည်။[2198] အခြားသော လူနည်းစုအုပ်စုများကလည်း လုယက်ခဲ့ကြပြီး ၎င်းတို့၏ထင်ရှားသော ဝတ်စားဆင်ယင်မှုများ သို့မဟုတ် ပုံပန်းသဏ္ဍာန်များကြောင့် မှတ်မိသိရှိနိုင်စေခဲ့သည်။[2199] လုယက်မှုများမှာ တခါတရံ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး” အစတွင်ပင် ဖြစ်ပွားခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ ပါဝင်သူများ ရောက်ရှိလာကြပြီး ရွာကို မီးမရှို့မီတွင် နေအိမ်များမှ ရိုဟင်ဂျာများ၏ ပစ္စည်းဥစ္စာများနှင့် အခြားပိုင်ဆိုင်မှုများကို အစီအစဉ်ရှိစွာ လုယက်ကြခြင်းဖြစ်သည်။

၄၇၉။ လုယက်မှုများသည် ကျယ်ပြန့်၍ အားလုံးခြုံငုံပါဝင်သည်။ တခါတရံတွင် ရွှေနှင့် အခြားအဖိုးတန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များ၊ နွားအုပ်များ၊

---

[2197] QI-106.

[2198] CI-029, CI-036, CI-120, CI-124, CI-138, LI-066, LI-069, LI-081, LI-100, LI-102, LI-109, LI-119, LI-120, LI-131, LI-132, QI-005, QI-013, QI-027, WI-004, WI-032, YI-006, YI-009, YI-014, YI-015, YI-018, YI-021, YI-031.

[2199] CI-124, LI-076, LI-109, LI-112, LI-119.

ဆိတ်များနှင့် အခြား မွေးမြူရေးသတ္တဝါများ အပါအဝင်[2200] ရွှေ့ပြောင်းနိုင်သော ပစ္စည်းဥစ္စာများ အားလုံး ခိုးယူခံရသည်။ ခိုးယူပြီးသော ပစ္စည်းဥစ္စာများကို အခင်းဖြစ်ရာ၏ ဘေးဘက်တွင် ချထားကြပြီး မီးရှို့မှုများစတင်သည့်အခါ အပျက်အစီးထဲတွင် မပါဝင်စေရန်ဖြစ်သည်။[2201] ရိုဟင်ဂျာ မျက်မြင်သက်သေတစ်ဦးက ရခိုင်တိုင်းရင်းသားများ သူ၏ကျေးရွာမှ "အားလုံးယူသွားနေကြတယ်"[2202] ဟုဖော်ပြပြောကြားခဲ့ပြီး၊ အခြားတစ်ဦးကမူ ရခိုင်တိုင်းရင်းသားများက အဆောက်အအုံများကို မီးမရှို့မီ လုယက်ထားသော ပစ္စည်းဥစ္စာများကို အပြင်တွင် အိတ်များဖြင့် ထည့်ထားကြသည်ဟု ရှင်းလင်း ပြောပြ ခဲ့သည်။[2203] မောင်တော တောင်ပိုင်းရှိ သူ၏ ကျေးရွာအတွင်းမှ မြင်ကွင်း တစ်ခုကို အမျိုးသားတစ်ဦးက ဖော်ပြခဲ့သည်မှာ။

> *"ကျနော့်အိမ်ကိုစွန့်ပြီး ကျနော့်မိသားစုနဲ့အတူ မြစ်ကမ်းနားက ခြုံပုတ်တွေထဲကနေ တွားသွားပြီး ပုန်းရှောင်ရင်း ပြေးလာခဲ့ရတယ်။ ရခိုင်လူမျိုးတွေက အိမ်တွေကိုဝင်လုနေတာကို အဲ့ဒီနေရာကနေ ကျနော်မြင်ခဲ့ရတယ်။ သူတို့က တန်ဖိုးရှိတဲ့ အရာမှန်သမျှကို အပြင်ထုတ်ပြီး စုပုံနေကြတယ်။ အိမ်တွေကို မီးမရှို့ခင်မှာပေါ့။ သူတို့က ပစ္စည်းတွေကို လမ်းမပေါ်မှာ စုပုံနေကြတာ။ တချို့ပစ္စည်းတွေကို အိတ်တွေထဲမှာ ထည့်ထားပြီး တချို့ကိုတော့ လမ်းမပေါ် ချထားကြတယ်။[2204]"*

၉၈၀။ တခါတရံတွင် အိမ်များကိုမီးမရှို့မီ တခါတရံ ပစ္စည်းဥစ္စာများကို စစ်တပ် ထရပ်ကားကြီးများ အပါအဝင် စစ်တပ်ယာဉ်များပေါ်သို့ တိုက်ရိုက် သယ်ယူထည့်လိုက်ကြခြင်း ဖြစ်သည်။[2205] ရိုဟင်ဂျာ ရွာသားတစ်ဦးက စစ်တပ်ယာဉ်များဖြင့် အပြည့်တင်ဆောင်ကာ မောင်းထွက်သွား ပြီးသည့် နောက်တွင် ရခိုင်လူမျိုးများ ၎င်းတို့သယ်နိုင်သမျှပစ္စည်းများကို[2206] သယ်ဆောင်၍ ထွက်သွားကြသည်ကို မြင်ခဲ့ရကြောင်း ဖော်ပြပြောဆိုခဲ့သည်။ အခြားရွာသားတစ်ဦးကလည်း လုယူထားသောပစ္စည်းများကို ယာယီစစ်စခန်းဆီသို့ မည်သို့သယ်ဆောင်သွားကြသည်ကို ပုံဖော်ပြောဆို ခဲ့သည်။[2207]

၉၈၁။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" တစ်ခုပြီးတိုင်း နောက်ရက်များ တွင်လည်း လုယက်မှုများ ဆက်လက်ဖြစ်ပေါ်နေခဲ့ပြီး၊ တိုင်းရင်းသားရခိုင်များသည် မကြာခဏပင် ရှင်းလင်းပြီးသော ကျေးရွာများသို့ ဆက်လက်လုယူရန် ပြန်ရောက်လာကြကာ စွန့်ပစ်ခံခဲ့ရသော နွားအုပ်များကို စုစည်းသယ်ယူ သွားတတ်ကြသည်။[2208]

၉၈၂။ အစုလိုက်အပြုံလိုက် တိုက်ခိုက်လုယူမှုကြီးသည် ရိုဟင်ဂျာများ၏ ပစ္စည်းဥစ္စာများကိုသာ အနှံ့အပြား ခိုးယူခြင်းတင်မကပဲ၊ ရိုဟင်ဂျာလူထုအား အခမွဲနှင်ထုတ်ခြင်း အခမွဲခိုးကိုးရာမဲ့ ဖြစ်စေခြင်းအတွက်ပါ အထောက်အပံ့ဖြစ်စေခဲ့သည်။ မွေးမြူရေးတိရိစ္ဆာန်များနှင့် အခြားပစ္စည်းဥစ္စာများကိစ္စသည် ၎င်းတို့၏အသက်မွေးဝမ်းကျောင်းဘဝ ဆုံးရှုံးမှုပင်ဖြစ်သည်။

၉၈၃။ အမျိုးသမီးများနှင့် မိန်းကလေးငယ်အများအပြား မသေဘဲ လွတ်မြောက်လာသူများ အပါအဝင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ နစ်နာခံစားခဲ့ရသူများသည်လည်း

---

[2200] CI-138, LI-037.
[2201] LI-112, LI-120, LI-132.
[2202] LI-100.
[2203] LI-132.
[2204] LI-120.
[2205] CI-034, CI-138, LI-037, QI-013.
[2206] CI-034.
[2207] WI-032.
[2208] QI-113, XI-005.

ခန္ဓာကိုယ်ပေါ်ရှာဖွေမှုများ ပြုလုပ်စဉ်နှင့် ထိပါးစော်ကားမှုများပြုလုပ်စဉ်တွင် စနစ်တကျ အကွက်ချ၍ ဓါးပြတိုက် ခံခဲ့ကြရပြီး၊ ၎င်းတို့၏နေအိမ်များနှင့် ပိုင်ဆိုင်မှုများကို ဆုံးရှုံးရသည့် ခံစားမှုများအကြောင်း ကြိမ်ဖန်များစွာ ပြောပြခဲ့ကြသည်။[2209] ရွှေငွေလက်ဝတ်ရတနာသည် အရေးကြီးသော အဆင့်အတန်း သင်္ကေတဖြစ်ပြီး ထိုအရာများကို ဆုံးရှုံးရမှုသည် နက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ သက်ရောက်ထိခိုက်မှု ရှိစေသည်။[2210] မုဒိမ်းကျင့်မှုများမှ နစ်နာခံစားရသူ အများစုမှာ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" မစတင်မီ အိဒ်ပွဲတော်အတွက် ဝယ်ယူထားခဲ့သော ၎င်းတို့၏ အဝတ်အထည်များ ဆုံးရှုံးရမှုကိုလည်း ဝမ်းနည်းတသဖြစ်ခဲ့ကြသည်။[2211]

*ခက်ခဲကြမ်းတမ်းသောခရီး: ပိုမိုသေဆုံးမှုများနှင့် ဆင်းရဲဒုက္ခ*

၉၈၄။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် သိန်းနှင့်ချီသော ရိုဟင်ဂျာများကို ရက်ပေါင်းများစွာ သို့မဟုတ် သီတင်းပတ်များစွာထိ တောအုပ်များကိုဖြတ်သန်းပြီး တောင်များကိုဖြတ်ကျော်ကာ ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိရန် လမ်းလျှောက်၍ စွန့်ခွာထွက်ပြေးရ စေသည်။ ဤလမ်းခရီးတွင်လည်း ထပ်မံ၍ အမြောက်အများ သေဆုံးခြင်း (သို့မဟုတ်) သတ်ဖြတ်ခံရခြင်း (သို့မဟုတ်) ထိခိုက်ဒဏ်ရာရခြင်းများလည်း ဖြစ်ပွားခဲ့သည်။ လူများအမိုးအကာမဲ့နေရာများတွင် အိပ်စက်ကြရသည့်ပြင် ပုန်းအောင်းခိုလှုံစရာ နေရာ အနည်းအကျဉ်းသာ ရှိခဲ့ပြီး အစားအစာနှင့် ရေလည်း အနည်းငယ်သာ ရှိခဲ့ကြသည်။

၉၈၅။ တပ်မတော်စစ်သားများက လမ်းခရီးတွင် တွေ့ရသော ရိုဟင်ဂျာ များကိုလည်း ပစ်ခတ်ခဲ့သည်။[2212] တစ်ခါတစ်ရံ ထိုသို့တိုက်ခိုက်မှုများမှာ မီးလောင်ပြီးသော ရွာများတွင် ထွက်ပြေးလာသော ရိုဟင်ဂျာများက ၎င်းတို့ခရီးလမ်းအတွင်း ခေတ္တ ခိုလှုံရာရှာဖွေစဉ်[2213] အချိန်များတွင်လည်း ဖြစ်ပွားခဲ့ကြသည်။ အခြားသောအချိန်များတွင် တိုက်ခိုက်မှုများသည် တောအုပ်များ (သို့မဟုတ်) ကွင်းပြင်များဆီသို့ ရိုဟင်ဂျာများကို ထွက်သွားရန် ဖိအားပေးခံရသည့် အခါများ ဥပမာ မြစ်များကို ဖြတ်ကျော်ချိန် များတွင်[2214] ဖြစ်ပွားတတ် ကြသည်။ ဘူးသီးတောင် မြို့နယ် ခြင်းသမားကျေးရွာအုပ်စုမှ အမျိုးသမီးတစ်ဦးက ၂ရက်ကြာ လမ်းလျှောက် ထွက်ခွာလာပြီးနောက် သူမနှင့် သူမ၏အဖွဲ့တို့ မြစ်တစ်ခုအနားတွင် ဖြတ်ကူးရန်ပြင်နေစဉ် စစ်သားများက ဖြတ်ကူးနှင့် နေပြီဖြစ်သော လူအုပ်ကို သေနတ်ဖြင့်ပစ်ခတ်လိုက်ကြောင်း ပြောပြခဲ့သည်။ လူ၂ဦးထိမှန်သွားသည်ကို[2215] သူမ မြင်တွေ့ခဲ့ရသည်။ အခြားအမျိုးသား တစ်ဦးကလည်း မြစ်ကိုဖြတ်ကူးရန် ၎င်းတို့ကို သယ်ဆောင်ပေးမည့်လှေအား သူနှင့်သူ၏ မိသားစုတို့ စောင့်ဆိုင်းနေခဲ့ကြပုံကို ပြန်ပြောပြ ခဲ့သည်။ စစ်သားတစ်အုပ် ရောက်လာပြီး လူများကို သယ်ဆောင်၍ မြစ်ကိုဖြတ်ကူးနေသည့် လှေတစ်စီးကို သေနတ်များဖြင့် ပစ်ခတ်လိုက်ပြီး ခရီးသည် ၄ဦးကို သတ်ဖြတ်ခဲ့ကြသည်ဟု ဆိုသည်။[2216]

၉၈၆။ လမ်းခရီးတလျှောက်တွင် မြင်တွေ့ခဲ့ရသည့် လူသေအလောင်းများမှာ ကျည်ဆန်သို့မဟုတ် ဓါးထိုးခံထားရသည့်ဒဏ်ရာများ မြင်နေကြရသည်။ တောင်တန်းများအတွင်းမှ တောင်ကြားများကို

---

[2209] EI-034, EI-069, EI-096, EI-099.
[2210] K-122.
[2211] EI-086.
[2212] CI-001, LI-057, LI-119, WI-007, XI-001, YI-031.
[2213] QI-003.
[2214] CI-001, CI-050, EI-027, EI-034, LI-003, WI-007, XI-001.
[2215] EI-027.
[2216] CI-050.

ဖြတ်ကျော်စဉ်အချိန်များတွင် အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့သည့် လက္ခဏာများလည်းရှိသည်။ ဘူးသီးတောင်မြို့နယ် မြောက်ပိုင်းနှင့် မောင်တောမြို့နယ် မြောက်ပိုင်းတို့ကို ပိုင်းခြားထားသော "ဖာတီယာ ဒါလာ" တောင်ကြားတွင် အဖြစ်များဆုံးဖြစ်သည်။ မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါသတ်ဖြတ်မှုများ ဖြစ်ပွားခဲ့သည့် အခိုက်အတန့်အခြေအနေများကို အတည်ပြုနိုင်ခဲ့ခြင်း မရှိသော်လည်း ကြမ်းကြုတ်သော ထိခိုက်ဒဏ်ရာ ရရှိခဲ့မှုများကို ညွှန်ပြနေသည့် ရိုဟင်ဂျာ အလောင်းကောင်များအကြောင်း ထွက်ဆိုချက်များ ရရှိခဲ့သည်။ ထိုအထဲတွင် လည်ပင်းလှီး သတ်ခံထားရသူများနှင့် ကျည်ဆန်ရာဖြင့် သေဆုံးသူများလည်းပါဝင်သည်။[2217] မျက်မြင်သက်သေများက ထိုနေရာတွင် စုပုံထားသော အလောင်းများနှင့် တန်းစီထားသော ခေါင်းပြတ်များ[2218] တွေ့ရှိခဲ့ကြောင်းပြောခဲ့ကြသည်။ အမျိုးသားတစ်ဦးက ပြန်ပြောပြခဲ့သည်မှာ-

> *"အဲ့ဒီ ဖာတီယာနားမှာ အလောင်းတွေ အများကြီးပဲ ရှိခဲ့တယ်။ ကျနော်ထင်တယ် အဲ့ဒီမှာ အလောင်းပေါင်း ၅၀ထက် မနည်းရှိခဲ့တယ်။ စွန့်ပစ်ထားတဲ့ ဆန်အိတ်တွေနဲ့ အခြား ပိုင်ဆိုင်မှုတွေ ရှိနေတဲ့နေရာမှာ သူတို့ကိုတွေ့ခဲ့ရတာပဲ။ အဲ့ဒီ လူတွေက သူတို့အသတ်ခံခဲ့ရတဲ့ အချိန်မှာ တစုတည်း ရှိနေခဲ့ကြတဲ့ ပုံပဲ။[2219]"*

၉၈၇။ အခြားရွာသားတစ်ဦးကလည်း အရေအတွက်များပြားသည့် အလောင်းများကို အခြားအနီးအနား တောင်ကြား တစ်ခု ဖြစ်သည့် "လော်ဘိုင် ဒါလာ" တွင်တွေ့ခဲ့ပြီး ထိုနေရာမှာ မောင်တောမြို့နယ်မှ (ပါဒါကာဒေဝါနာလီ) နတ်ချောင်းကျေးရွာအုပ်စုအနီးတွင် ဖြစ်သည်။[2220] အမျိုးသားတစ်ဦးက ထိုတောင်များကို ဖြတ်သန်းခဲ့သည့် ၎င်း၏ခရီးစဉ်ကို ပုံဖော်ပြောပြခဲ့သည်မှာ-

> *"ဖာတီယာဒါလာကို ကျနော် ဖြတ်ကျော်လာခဲ့တယ်။ အဲ့ဒီမှာ အမျိုးသမီးတွေနဲ့ ပြတ်နေတဲ့ ခေါင်းတချို့ပါပါတဲ့ အလောင်းတွေ ကျနော်တွေ့ခဲ့ရတယ်။ လူတစ်ယောက်ကို နွယ်ကြိုးနဲ့ လည်ပင်းညစ် သတ်ထားတာလည်း ကျွန်တော်တွေ့ခဲ့တယ်။ အဲဒါနဲ့ ကျနော် ဖာတီယာဒါလာက ထွက်လာခဲ့ပြီး အဲ့ဒီအနားက ပိုသေးတဲ့တောင်ဖြစ်တဲ့ လော်ဘိုင် ဒါလာကို ဖြတ်ကျော်လာခဲ့တယ် အဲ့ဒီမှာ အလောင်းတွေ ပိုအများကြီးတွေ့ခဲ့ရပြန်တယ် ကျနော် တွေ့ခဲ့ရတာ လူတွေအများကြီး ဓါးတွေနဲ့ အသတ်ခံ ခဲ့ကြရတာပဲ။ ကျည်ဆန်ရာနဲ့လူ အတော်နည်းနည်းပဲရှိခဲ့တယ်။ အဲ့ဒီမှာ ခင်ဗျားတို့ အလောင်းတွေ အများကြီးကိုပဲ တွေ့နိုင်တယ်။[2221]"*

၉၈၈။ *Médecins Sans Frontiers* နယ်စည်းမခြား ဆရာဝန်များအဖွဲ့၏ အချက်အလက်များက ဘင်္ဂလားဒေ့ရှ်သို့သွားရာ လမ်းခရီးရှိ ကြမ်းကြုတ်ရက်စက်သော သတ်ဖြတ်မှုများ၏ ပမာဏကို ၎င်းတို့၏ကျေးရွာများမှ ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိချိန်ထိ[2222] ပြောင်းရွှေ့မှု ကာလအတွင်း သေဆုံးမှုများ ၁၃.၄ရာခိုင်နှုန်းထိဖြစ်ပေါ်ခဲ့သည်ဟု သတိပြုမိကြောင်း ညွှန်ပြနေသည်။

---

[2217] CI-135, LI-049, LI-114, LI-051, QI-024, YI-030, YI-031.

[2218] LI-049, LI-051, LI-059.

[2219] QI-024.

[2220] CI-010, YI-030, YI-031.

[2221] YI-030.

[2222] Médecins Sans Frontiers, "Balukhali 2 နှင့် Tasnimarkhola စခန်းများတွင် အတိတ်ကာလသေဆုံးနှုန်း၊ အဟာရ နှင့် ဝက်သက်ကာကွယ်ဆေးလွှမ်းခြုံမှုကို စစ်တမ်းကောက်ယူမှု" (Bangladesh, 2017).

၉၈၉။ ခရီးလမ်း၏ ကြောက်ခမန်းလိလိဖြစ်သော အခြေအနေများသည်လည်း ထိခိုက်သေကျေ ပျက်စီးသူများ၏ အရေအတွက် ကိန်းဂဏန်းများ မြင့်မားမှုအတွက် အထောက်အပံ့ဖြစ်စေခဲ့သည်။ သိန်းနှင့်ချီသော ရိုဟင်ဂျာများမှာ အနည်းငယ် (သို့မဟုတ်) လုံးဝသတိမပြုမိပဲ ပိုင်ဆိုင်မှုများ ပါရှိခဲ့ပါကလည်း အနည်းငယ်ဖြင့်သာ ထွက်ပြေးလာခဲ့ကြခြင်း ဖြစ်သည်။ အများအပြားမှာ ထိခိုက်ဒဏ်ရာများ ဆက်လက်ဖြစ်ပွားနေပြီး ဆေးဝါးကုသမှု ချက်ချင်းရရှိရန် လိုအပ်ခဲ့ကြသည်။ မိမိတို့နေအိမ်များနှင့် ကျေးရွာများ ဖျက်ဆီးခံရမှု တို့အပြင် အများအပြားက မိသားစုဝင်များနှင့် အိမ်နီးချင်းများ သေဆုံးခဲ့ကြရသည်ကို မျက်မြင်တွေ့ခဲ့ရသည့် ကာလများအတွင်းမှ ကြမ်းကြုတ်ရက်စက်သော တိုက်ခိုက်မှုများအပြီး နောက်ပိုင်းတွင် နေအိမ်များကို စွန့်ခွာထွက်ပြေးလာခဲ့ရသည့် အများစုမှာ နက်ရှိုင်းသော စိတ်ပိုင်းဆိုင်ရာ ဒဏ်ရာအနာတရ ကြီးမားစွာ တွေ့ကြုံခံစားခဲ့ကြရလိမ့်မည်ဖြစ်သည်။ ဆက်လက်လုပ်ဆောင်နေသော "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး"နှင့် တပ်မတော်စစ်သားများနှင့် အခြားသော လုံခြုံရေးအဖွဲ့ဝင်များ အရေအတွက် ကြီးမားစွာ တည်ရှိနေမှုတို့က လမ်းမများပေါ်မှာ ခရီးသွားလာရန် သို့မဟုတ် အခြားရွာများတွင် ခိုလှုံရာနှင့် စားနပ်ရိက္ခာများ ရှာဖွေရန်တို့အတွက် အန္တရာယ် ကြီးမားစေခဲ့သည်။ ထိုအစား ရိုဟင်ဂျာရွာသားများသည် တောအုပ် များနှင့် တောင်ကုန်း ဇရိယာများ အတွင်း ယာယီတဲများ သို့မဟုတ် ဟင်းလင်းပြင်များတွင် အိပ်စက်ကာ သည်းထန်စွာ ရွာသွန်းနေခဲ့သော မုတ်သုန် မိုးများအတွင်း လုံလောက်သည့် အစားအသောက်နှင့် သောက်သုံး ရေများမရှိပဲ နေ့ရက်များစွာ သို့မဟုတ် သီတင်းပတ်များစွာ လမ်းလျှောက်ခဲ့ကြသည်။ အဆိုပါအချက်သည် အင်အားမမျှသော ကလေးငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် အထိခိုက်လွယ်ဆုံးသူများကို အချိုးအစားမျှတစွာ ထိခိုက်စေခဲ့သည်။ လူများစွာ သေဆုံးခဲ့ကြပြီး ယာယီသင်္ချိုင်းမြေပုံများတွင် မြှုပ်နှံခံခဲ့ကြရသည်။ အမျိုးသမီးတစ်ဦးက အခြားသူ များစွာ၏ ပုံစံကဲ့သို့ဖြစ်သော သူမ၏ခရီးလမ်းကို ဖော်ပြပြောကြားခဲ့သည်မှာ-

> *"ဘင်္ဂလားဒေ့ရှ်ကို ရောက်ဖို့ ၉ရက်တောင်ကြာခဲ့တယ်။ လမ်းမှာ၊ ခုတ်ဖြတ်ခံထားရတဲ့ ဦးခေါင်း လေးငါးလုံး လမ်းဘေးမှာ ကျမ တွေ့ခဲ့ရတယ်။ ကျမတို့အဖွဲ့ထဲက တစ်ယောက် လမ်းမှာ သေသွားခဲ့တယ်။ ကောင်လေးတစ်ယောက် အမျိုးသမီး တစ်ယောက် ကတော့ ကလေးမွေးခဲ့တယ်။ ကျမမှာ ဘီစကစ်တစ်ထုပ်ရှိခဲ့ပြီး တခြားဘာမှမရှိခဲ့ဘူး။ မိုးတွေက အရမ်းသည်းသည်းမည်းမည်း ရွာနေခဲ့တယ်။ ကျမတို့ ပတ်ပတ်လည်မှာ အရာအားလုံး လောင်ကျွမ်း နေတော့တာပဲ။*[2223] *"*

၉၉၀။ ခင်ပွန်းဖြစ်သူနှင့်သားဖြစ်သူတို့ အသတ်ခံခဲ့ရသည့် မောင်တောမြို့နယ် ခမောင်းဆိပ်ရွာမှ အမျိုးသမီးတစ်ဦးမှာ ဘင်္ဂလားဒေ့ရှ်သို့ မရောက်ရှိမီ တောထဲတွင် ၃ညအိပ်ခဲ့ရသည်။ ထိုကာလအတွင်း သူမ၏ကလေးငယ်များ ဆာလောင်ငတ်မွတ်နေခဲ့ရပုံနှင့် ၎င်းတို့ကို သူမ မည်ကဲ့သို့ အရွက်များဖြင့်[2224] အစာကျွေးခဲ့ရပုံတို့ကို ပြန်ပြောင်းပြောပြခဲ့သည်။ ဘူးသီးတောင် မြို့နယ်မှ အခြားအမျိုးသားတစ်ဦးက ဘင်္ဂလားဒေ့ရှ်သို့ ၁၆ရက်တိုင်အောင် တောအုပ်များကို ဖြတ်၍ လမ်းလျှောက်ခဲ့ရပြီး အရွက်များကို ချက်ပြုတ်စားရန် အိုးငယ်တစ်လုံးကို အသုံးပြုခဲ့ရကာ စမ်းချောင်းများမှရေကို သောက်ခဲ့ရပုံများကို ပြန်လည် ပြောပြခဲ့သည်။ ၎င်း၏ အဒေါ်အပါအဝင် ၎င်းနှင့်အတူ ပါလာသော လူ၃ဦးမှာ လမ်းခရီးတွင် သေဆုံးခဲ့ကြသည်။[2225]

[2223] QI-062.
[2224] EI-049.
[2225] QI-061.

၉၉၁။ ရွာသားများသည် ထိခိုက်ဒဏ်ရာရရှိခဲ့ကြသော ဆွေမျိုးသားချင်းများ သို့မဟုတ် အိမ်နီးချင်းများကို ခရီးတလျှောက် သယ်ဆောင်ခဲ့ကြသည်။[2226] အချို့သူများကိုမူ လူအုပ်နှင့်အတူ သယ်ယူခေါ်ဆောင်လာရန် မတတ်နိုင်တော့၍ ချန်ထားရစ်ခဲ့ရပြီး ခက်ခဲသော ဆုံးဖြတ်ချက်များ ချမှတ်ရစေခဲ့သည်။[2227] မောင်တောမြို့နယ် မင်းကြီးကျေးရွာမှ လွတ်မြောက်ခဲ့သူတစ်ဦးက သူမနှင့် သူမ၏ယောက်မတို့ အခြားအမျိုးသမီးတစ်ဦးကို နောက်တွင် မည်သို့ချန်ထားခဲ့ရပုံကို ပြန်လည်ပြောပြခဲ့သည်။

> *"မိုးတွေအရမ်းသည်းနေခဲ့လို့ ရွှံ့တွေတအားထူနေခဲ့တယ်။ အဲ့ဒီ တခြားအမျိုးသမီးက လည်ဂုတ်မှာ ဓါးထိုးခံထားရတဲ့ဒဏ်ရာ ရထားတယ်၊ အဲဒါက သူမကို လမ်းလျှောက်ဖို့ အရမ်းကို ခက်ခဲစေခဲ့တယ်။ ကျမတို့အားလုံး ရွှံ့တွေထဲမှာ ချော်နေခဲ့ကြတယ်။ ပြီးတော့ သူမကို ဆက်ပြီးဆွဲခေါ်လာဖို့ မတတ်နိုင်တော့ဘူးဆိုတာ ကျမတို့ သိလိုက်ရတယ်။ စစ်သားတွေနဲ့ ရခိုင်လူမျိုးတွေ အနီးအနားက ရေတွင်းတစ်ခုမှာ စကားပြောနေကြတာ ကျမတို့ ကြားခဲ့ရတယ်။ ပြီးတော့ တကယ်လို့ ကျမတို့ အဲ့ဒီအမျိုးသမီးကို စောင့်ခေါ်နေမယ်ဆိုရင် ကျမတို့အကုန်လုံး သတ်ခံရတော့မယ်ဆိုတာ ကျမတို့ နားလည်လိုက်ခဲ့တယ်။ သူမကို ရွှေ့ခေါ်လာဖို့ ကျမတို့ တစ်ခေါက်ထပ်ကြိုးစားခဲ့ကြသေးတယ်။ ဒါပေမယ့် ကျမတို့ မလုပ်နိုင်ခဲ့ဘူး ပြီးတော့ သူမကို ထားရစ်ခဲ့ဖို့ကလွဲပြီး တခြားရွေးစရာ မရှိတော့ဘူးလို့ ဆုံးဖြတ်ခဲ့ကြတယ်။ ကျမရဲ့ ယောက်မက ကျမကို ဆွဲခေါ်သွားပြီး "နောက်ပြန်လှည့်မကြည့်နဲ့ အဲ့ဒီမှာ ဘာမှမရှိဘူး"လို့ ပြောခဲ့တယ်။*[2228]

၉၉၂။ ဆေးဝါးကုသစောင့်ရှောက်မှု ကင်းမဲ့ခြင်းကြောင့် အပါအဝင် လူများအနေဖြင့် ၎င်းတို့၏ ထိခိုက်ဒဏ်ရာများကို မလွန်ဆန်နိုင်ခဲ့ကြပေ။ မိခင်များက လမ်းခရီးတွင် ကလေးငယ်များ မွေးဖွားခဲ့ကြပြီး[2229]အချို့လူများမှာ သေဆုံးခဲ့ရခြင်း သို့မဟုတ် အလွန်ပြင်းထန်သည့် အာဟာရ ပြတ်လပ်မှုကို ခံစားခဲ့ကြရသည်။[2230]လူများက ၎င်းတို့ကို ဘင်္ဂလားဒေ့ရှ်သို့ ပို့ဆောင်ပေးမည့် လှေများကို ရက်များစွာကြာအောင် စောင့်ဆိုင်းနေခဲ့ရချိန်တွင် ဘင်္ဂလားပင်လယ်အော်၏ ကမ်းခြေများတွင် သေဆုံးမှုများ ဖြစ်ပွားခဲ့ကြသည်။ အမျိုးသားတစ်ဦးက ကမ်းခြေတွင် ကလေးငယ်များ မွေးဖွားလာခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်နှင့် ထိုနေရာတွင် သေဆုံးခဲ့သည့် ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများ အပါအဝင် ၁၀ဦးထက်မနည်းသော လူများကို မြှုပ်နှံသင်္ဂြိုလ်ရာတွင် ကူညီခဲ့ရပုံကို ပြန်လည်ပြောပြခဲ့သည်မှာ- "အဲ့ဒီမှာ အရမ်းပူပြင်းနေပြီး အစားအသောက်နဲ့ ရေလည်း လုံလုံ လာက်လောက် မရှိခဲ့ဘူး"[2231]

၉၉၃။ မြောက်များစွာသောရိုဟင်ဂျာများမှာ လုံခြုံရာသို့ ထွက်ပြေးရန် ကြိုးစားစဉ် ပင်လယ် (သို့မဟုတ်) မြစ်များအတွင်း ရေနစ်၍လည်း သေဆုံးခဲ့ကြသည်။ ရခိုင်မြောက်ပိုင်းမှ ရေထုအများစုသည် ဩဂုတ်လနှင့် စက်တင်ဘာလများအတွင်း မုတ်သုန်မိုးများကြောင့် မြင့်တက်နေချိန်ဖြစ်ပြီး အန္တရာယ်ရှိသော လှိုင်းလုံးများကြောင့် စွန့်စားမှုများ ပိုများခဲ့သည်။ ကောင်းစွာရေမကူးနိုင်ကြသော ကလေးသူငယ်များ၊ အမျိုးသမီးများနှင့် သက်ကြီးရွယ်အိုများမှာ

---

[2226] BI-005, BI-010, BI-014, QI-024, WI-003.
[2227] CI-029, CI-116, CI-126, CI-179, CI-197, CI-198, QI-071, WI-005.
[2228] QI-071.
[2229] CI-111, QI-011, QI-063 http://www.unhcr.org/news/stories/2018/8/5b75848e4/cant-save-life-give-comfort.html တွင်ကြည့်ပါ။
[2230] QI-036, http://www.unhcr.org/news/stories/2018/8/5b75848e4/cant-save-life-give-comfort.html. တွင်ကြည့်ပါ။
[2231] QI-011.

အထူးသဖြင့် ထိခိုက်အလွယ်ဆုံးဖြစ်ခဲ့ကြသည်။[2232] ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာမှ စွန့်ခွာထွက်ပြေးလာသူ အမျိုးသားတစ်ဦးက သူ၏အိမ်နဘေးရှိ ခပ်ကျဉ်းကျဉ်း မြစ်တစ်မြစ်ကို လူအများ ဖြတ်ကူးရန် ကြိုးပမ်းအားထုတ်ခဲ့ကြသည်ကို ပြန်လည် ပြောပြခဲ့သည်။ လှိုင်းများ၏အမြင့်ကြောင့် မြစ်ကိုဖြတ်လျှောက်မည့်အစား ရေကူးပြီးဖြတ်ကြရန် လူများကို ဖိအားဖြစ်စေခဲ့သည်။ ရေမကူးနိုင်သော ၁၀နှစ်နှင့် ၁၂နှစ်အရွယ် ညီအစ်မ၂ယောက်မှာ ရေနစ်သေဆုံးခဲ့ကြသည်။[2233] ဘူးသီးတောင်မြို့နယ် တောင်ပိုင်း မြောင်းနားကျေးရွာမှ အခြားလူတစ်ဦးကလည်း "အဲ့ဒီမှာ ကလေးအလောင်းတွေ ရေထဲမှာ မျောနေတာ တွေ့ခဲ့တယ်" ဟု ပြန်ပြောပြခဲ့သည်။[2234]

၉၉၄။ လွတ်မြောက်မည့် နည်းလမ်းအဖြစ် ကြီးမားသောရေထုကို ဖြတ်ကူးရန်သာ ရှိခဲ့သည့် အဆိုပါကျေးရွာများတွင် ရေနစ်သေဆုံးမှုများသည် ပျံ့နှံ့ဖြစ်ပွားခဲ့သည်။ မောင်တောမြို့နယ်တွင်း ကျယ်ပြန့်သော မြစ်တမြစ်၏ ရှည်လျားသော အကွေ့တစ်ခုပေါ်တွင်[2235] တည်ရှိသည့် မင်းကြီးရွာတွင်လည်း ကမ်းခြေမှလွတ်မြောက်ရန် ကြိုးပမ်းစဉ် အများအပြား ရေနစ်သေဆုံးခဲ့ကြသည်။ မြစ်ရေသည် အလွန်မြင့်နေခဲ့ပြီး သက်ကြီးရွယ်အို များနှင့် ကလေးသူငယ်များမှာ ဖြတ်ကူးရန် မတတ်နိုင်ကြသောကြောင့် ၎င်းတို့အနက်မှများစွာ သေဆုံးခဲ့ကြသည်။ သူ၏သားငယ်မှာလည်း ရေနစ် သေဆုံးခဲ့ဖွယ်ရှိသည်။ "သူလည်း ကျွန်တော်တို့နဲ့ ရေကူးပြီးဖြတ်ဖို့ ကြိုးစားခဲ့တယ်။ ဒါပေမယ့် သူကငယ်သေးတယ် အသက်၇နှစ်ပဲ ရှိသေးတယ်။ ကျန်တဲ့မိသားစုဝင်တွေကတော့ ရေကူးပြီး ဖြတ်နိုင်ခဲ့ ကြတယ် ဒါပေမယ့် သူကတော့ ဘာဖြစ်သွားခဲ့လဲ ကျွန်တော်တို့ မသိရတော့ဘူး"[2236] အလားတူပင် ဘူးသီးတောင် မြို့နယ် ဂူတာပြင်ကျေးရွာတွင်လည်း အကြမ်းဖက်မှုများမှ လွတ်မြောက်ရန်အတွက် လူများသည် အနီးရှိမြစ်ကို ဖြတ်ကူးရန် ကြိုးစားခဲ့ကြပြီး ရေနစ်သေဆုံးမှုများ ဖြစ်ပေါ်စေခဲ့ပြန်သည်။ ရွာသားတစ်ဦးက အများစုမှာ အမျိုးသမီးများဖြစ်သော လူ၁၀မှ ၁၂ဦးထိ မြစ်အတွင်း ရေနစ်သေဆုံးခဲ့ကြသည်ကို မြင်ခဲ့ရကြောင်း ပြန်ပြောပြ ခဲ့သည်။[2237]

၉၉၅။ သေနတ်ဖြင့်ပစ်ခတ်ခံရ၍ ထိမှန်ပြီးနောက် မဖြစ်မနေ ရေထဲခုန်ချခဲ့ရသဖြင့် ရေနစ်သေဆုံးရသည်များလည်း ရှိခဲ့သည်။ မြစ်ကိုဖြတ်ကူးရန် ကြိုးပမ်းနေကြသော လူအုပ်စုတစ်စုကို စစ်တပ်က သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည့် သက်ကြီးပိုင်း အမျိုးသားတစ်ဦးက၊ လူများ ရေထဲခုန်ဆင်းပြေးခဲ့ကြပြီး တချို့ရေနစ်သေဆုံးခဲ့ကြသည်ဟု ပြန်ပြောပြခဲ့သည်။

> *"ကျနော့်ရဲ့ မြေး ၃နှစ်သားကောင်လေးဟာ ကျနော့်ရဲ့ ချွေးမဖြစ်သူ မြစ်ထဲခုန်ဆင်းပြီး ကူးဖြတ်တုန်းမှာ သေသွားခဲ့တယ်။ မြစ်ကို ဖြတ်ကူးတော့မယ့်ဆဲဆဲမှာပဲ စစ်တပ်က လူတွေကို သေနတ်နဲ့ စပစ်ခဲ့တာ သူမက ကြောက်လန့်ပြီး သူမရဲ့သားလေးနဲ့အတူ မြစ်ထဲ ခုန်ချခဲ့တာ ကလေးက ရေနစ်သေသွားပြီး သူ့ရဲ့အလောင်းကို နောက်မှ ကျနော်တို့ပြန်တွေ့ခဲ့တယ်။[2238]"*

[2232] CI-023, EI-065, LI-107, LI-129.
[2233] LI-129.
[2234] LI-107.
[2235] အခန်း ဃဃ. ၁။ အဆိုးရွားဆုံး အဖြစ်အပျက်များ အခန်းတွင် ကြည့်ပါ။
[2236] LI-097.
[2237] LI-063.
[2238] CI-023.

၉၉၆။ တချို့နေရာများတွင်မူ ကလေးငယ်များသည် လုံခြုံရေးတပ်ဖွဲ့ဝင် များက မြစ်အတွင်းသို့ ပစ်ချခြင်းခံခဲ့ကြရပြီး ရည်ရွယ်ချက်ရှိစွာ ရေနစ်သတ် ခံခဲ့ကြရသည်။[2239] ဘူးသီးတောင်မြို့နယ် မောင်းကြီးတောင်ကျေးရွာတွင် မွေးကင်းစကလေးများနှင့် ကလေးသူငယ်များကို စစ်သားများက ၄င်းတို့၏ မိခင်များထံမှ ဆွဲယူ၍ မြစ်ထဲသို့ပစ်ချခဲ့ကြသည်ဟု အမျိုးသမီးတစ်ဦးက ပြောပြခဲ့သည်။ အချို့သောမိဘများမှာ တားဆီးကန့်ကွက်ခဲ့ကြပြီး အသတ်ခံခဲ့ရကာ၊ အချို့မှာမူ ၄င်းတို့၏ ကလေးငယ်များကို မြစ်ထဲမှ ဆယ်ယူကယ်တင်နိုင်ခဲ့ကြသည်။ သူမက အခြားမိခင်များမှာ မြစ်ကို ဖြတ်ကူးရန် ကြိုးစားရင်း ၄င်းတို့၏ကလေးငယ်များကို ဆုံးရှုံးခဲ့ရသည်ဟု ပြောပြခဲ့သည်။ "ကလေးငယ်တွေက ပစ္စည်းတွေကို တွယ်မထားနိုင်ကြတော့ဘူး နောက်တော့သူတို့ ရေထဲမှာ ပျောက်သွားကြတယ်"[2240]

၉၉၇။ နတ်ဖမြစ်ကို ဖြတ်သန်း၍ သို့မဟုတ် ဘင်္ဂလားပင်လယ်အော်၏ စိတ်မချရသော ရေပြင်ကျယ်ကြီးကိုဖြတ်သန်း၍ ဘင်္ဂလားဒေ့ရှ်သို့ သွားရာခရီးတွင် လှေများတိမ်းမှောက်မှုကြောင့် မြောက်များစွာသော လူများသေဆုံးခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်း နယ်စပ်တွင် ဘင်္ဂလားဒေ့ရှ် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လူသေအလောင်း ၁၀၀ထက် မနည်း ပြန်လည်ဆယ်ယူရရှိခဲ့သည်။ လှေများတိမ်းမှောက်မှု လူများရေနစ်သေဆုံးမှုနှင့် ရေထဲတွင် လူသေအလောင်းများ မျောနေခြင်းတို့ကို လူအများအပြားက တွေ့မြင်ခဲ့ကြသည်။[2241] မျက်မြင်သက်သေတစ်ဦးက သူမ မြစ်ကို ဖြတ်ကူးနေစဉ် လှေတစ်စင်း တိမ်းမှောက်သွားကာ ကလေးများအပါအဝင် ခရီးသည်အားလုံး ရေထဲနစ်မြုပ်သွားကြသည်ကို တွေ့မြင်ခဲ့သည်။[2242] အခြားအမျိုးသားတစ်ဦးက ဘင်္ဂလားဒေ့ရှ်ဘက်ခြမ်းနယ်စပ်သို့ ၄င်းရောက်ရှိချိန်တွင် ရေထဲ၌ လူသေအလောင်း မြောက်များစွာ တွေ့မြင်ခဲ့ရကြောင်း ပြန်ပြောပြခဲ့သည်။ "အဲ့ဒီမှာ လူတွေအများကြီး ဝိုကြွေးနေခဲ့ကြတယ် ရေနစ်သေသွားတဲ့ သူတို့ရဲ့ မိသားစုဝင်တွေအတွက် ဝမ်းနည်းပူဆွေးနေကြတာ"[2243]

၉၉၈။ ၂၀၁၇ခုနှစ် အောက်တိုဘာလ ၃၁ရက်က ရှမ်လာပူရ်၏ မြောက်ဘက် ၁၂ကီလိုမီတာခန့် အကွာမှ ဘင်္ဂလားဒေ့ရှ်ကမ်းခြေ အီမန်နီတွင် လှေတစ်စင်း တိမ်းမှောက်မှု၏ အနိဋ္ဌာရုံနောက်ဆက်တွဲကို မစ်ရှင်အဖွဲ့ဝင်များ ကိုယ်တိုင် မျက်မြင် တွေ့ခဲ့ကြသည်။ လှေသည် ကမ်းခြေနှင့် မဝေးလှသောနေရာမှ လှိုင်းများကြားတွင် တိမ်းမှောက် သွားခဲ့ပြီး သက်ကြီးပိုင်း အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူ၁၀ဦး ရေနစ်သေဆုံးသွားခဲ့ကြသည်။

*အလောင်းများစွန့်ပစ်မှု*

၉၉၉။ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" သည် ကျေးရွာများ ထဲတွင် ပြန့်ကျဲ၍ အိမ်များထဲ၊ လမ်းမများတလျှောက်၊ လယ်ကွင်း (သို့မဟုတ်) ရေကန်များ မြစ်များထဲတွင် ပေါလောမျောလျက်ရှိကြသည့် မြောက်များစွာသော အလောင်းကောင်များကို ရလဒ်အဖြစ်ပေါ် ထွက်လာစေခဲ့သည်။ လူအများအပြားက ၄င်းတို့ ဘင်္ဂလားဒေ့ရှ်သို့ လာရာလမ်းတွင် တခါတရံ မီးလောင်ထားသောရွာများထဲ (သို့မဟုတ်) အနီးအနားတွင် လူသေအလောင်းများကို တွေ့ခဲ့ကြရသည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"အပြီး ၄င်းတို့၏ရွာများသို့ ပုံမှန်အားဖြင့် ညမှောင်သည့်အချိန်တွင် ပြန်ဝင်နိုင်ခဲ့ကြသည့် မျက်မြင်သက်သေများမှာ ၄င်းတို့၏

[2239] CI-046, EI-030, EI-050, WI-021.
[2240] EI-030.
[2241] EI-045, WI-016.
[2242] CI-123.
[2243] QI-111.

အိမ်နီးချင်းများနှင့် ဆွေမျိုးသားချင်းများ၏ အလောင်းများကို မြင်တွေ့ခဲ့ ကြသည်။ မည်သို့ဆိုစေ ကျေးရွာများသို့ ပြန်ဝင်ရောက်ခဲ့ကြသည့် အချို့သူများမှာမူ သတ်ဖြတ်ခံခဲ့ရသည်ကို ၄င်းတို့ကိုယ်တိုင် မျက်မြင်တွေ့ခဲ့ကြသည့် ၄င်းတို့ဆွေမျိုးသားချင်းများ၏ အလောင်းများကို ပြန်ရှာမတွေ့ခဲ့ ကြပေ။[2244]

၁၀၀၀။ အတော်များများသောနေရာများတွင် လုံခြုံရေးတပ်ဖွဲ့များက သတ်ဖြတ်ခံထားရသော ရိုဟင်ဂျာများ၏ အလောင်းများကို မီးရှို့ဖျက်ဆီး ခဲ့ကြသည်။[2245]တပ်မတော်စစ်သားများက အလောင်းများကို လေ့တစ်စီးပေါ် သယ်ဆောင်နေကြပြီး ထို့နောက်တွင် ထိုအလောင်းများမှာ မီးရှို့ခံလိုက်ရသည်ကို ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ရွာမှ ရွာသားတစ်ဦးက မြင်တွေ့ခဲ့သည်။[2246]မောင်တောမြို့နယ် ခမောင်းဆိပ်ရွာ၌ တစ်နေရာထဲတွင် စုထားသည့် မီးလောင်ထားသောအလောင်းများ အရေအတွက် အမြောက်အများကို တွေ့မြင်ခဲ့ရကြောင်း အခြားသောမျက်မြင်တစ်ဦးက ပြောသည်။[2247] မောင်တောမြို့နယ် ရေခတ်ချောင်း ဂွဆုံရွာကျေးရွာအုပ်စုမှ ရွာသားတစ်ယောက်က စစ်သားများက နေအိမ်များကို မီးတင်မရှို့မီတွင် သေဆုံးနေသည့် အလောင်းများကို ကောက်ယူကာ နေအိမ်များအထဲသို့ ထည့်သွင်းနေခဲ့ကြသည်ကို လေ့လာတွေ့ရှိခဲ့သည်။[2248] အလားတူပင် ချွတ်ပြင်ရွာတွင်လည်း အလောင်းများကို နေအိမ်တစ်အိမ်ထဲတွင် မီးရှို့ခံခဲ့ရသည်။[2249] စစ်သားများက သေဆုံးနေသည့် အလောင်းများကို ကောက်ယူပြီး မီးလောင်နေသည့် အိမ်တစ်အိမ်ထဲသို့ ပစ်ထည့်နေခဲ့ ကြသည်ကို မျက်မြင်သက်သေတစ်ယောက်က ၂ နာရီကြာ စောင့်ကြည့်ခဲ့သည်။[2250] မင်းကြီးရွာတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုဖြစ်ပွားခဲ့ပြီး နောက်တွင် မြေတွင်းကြီး ၃တွင်း ထဲတွင် အလောင်းများကို မြှုပ်နှံခဲ့သော်လည်း အမျိုးသမီးအမြောက်အများ၏ အလောင်းများမှာ အစုလိုက်အပြုံလိုက် အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းခံခဲ့ရသည့် အိမ်များထဲတွင် မီးရှို့ခံခဲ့ ကြရသည်။[2251]

၁၀၀၁။ အခြားနေရာ အတော်များများတွင်လည်း တပ်မတော်က အလောင်းများကို အစုလိုက် အပြုံလိုက် သင်္ချိုင်းမြေတွင်းများတွင် မြှုပ်နှံခဲ့သည်။ မောင်နု၊ ဂုတားပြင်နှင့် အင်းဒင်ကျေးရွာတို့ အပါအဝင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုများဖြစ်ပွားခဲ့သောနေရာ အတော်များများရှိ သင်္ချိုင်းမြေတွင်း တည်နေရာများမှာ မှတ်တမ်းတင်ထားပြီး ဖြစ်သည်။[2252] စစ်သားများနှင့် လုံခြုံရေးတပ်ဖွဲ့များက အခြားနေရာများတွင် အလောင်းမျိုးစုံကို မြေကျင်းတူး၍ မြှုပ်နှံထားကြောင်း နောက်ထပ် သတင်းပေးပို့မှုများကို မစ်ရှင်အဖွဲ့က လက်ခံရရှိခဲ့သည်။[2253] အမျိုးသားတစ်ယောက်သည် အိမ်တစ်အိမ်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ သေနတ်ဖြင့် ပစ်သတ်ခံထားရသည့် အလောင်းများကို တွေ့မြင်ခဲ့သော်လည်း ပစ်ခတ်မှုများမှ ထွက်ပြေးရန် အတင်းအကျပ် စေခိုင်းခံခဲ့ရသည်။ နာရီအချို့ ကြာပြီးနောက် ၄င်းပြန်ရောက်လာခဲ့ချိန်တွင် အလောင်းများမှာ မြေတွင်းတစ်ခုထဲတွင် ရွှေ့ပြောင်းခံထားရပြီးဖြစ်သည်။[2254] အလယ်သံကျော်ရှိ ၄င်း၏ရွာကို ပြန်ရောက်လာခဲ့ချိန်တွင်

---

[2244] CI-079, LI-055, LI-083 LI-099, WI-002, WI-003.

[2245] CI-030, LI-020, LI-048, LI-059, LI-072, LI-088, QI-002, QI-003, QI-004, QI-035, RI-004, V-075.

[2246] XI-001.

[2247] QI-029.

[2248] LI-020.

[2249] CI-177, CI-186, CI-191.

[2250] CI-186

[2251] အခန်း D.1.a ပိုမိုပြင်းထန်သော ဖြစ်ရပ်များ တွင် ကြည့်ပါ။

[2252] အခန်း D.1.a ပိုမိုပြင်းထန်သော ဖြစ်ရပ်များ တွင် ကြည့်ပါ။

[2253] EI-047, CI-111, CI-187, CI-195, WI-011.

[2254] CI-111.

သေနတ်ဖြင့်ပစ်သတ်ခံရပြီး သေဆုံးနေသောအမျိုးသားများ၏ ရုပ်အလောင်းများကို ရေတွင်းထဲသို့ ပစ်ချခံထားရသည်ကို အခြားအမျိုးသားတစ်ယောက်က တွေ့ရှိခဲ့သည်။[2255] မြစ်ချောင်းများ၊ ရေကန်များနှင့် လယ်ကွင်းများထဲတွင်[2256] ရုပ်အလောင်းများ ပစ်ချထားခံခဲ့ရသည့်အကြောင်း အကြိမ်ကြိမ် သတင်းပေးပို့မှုများကိုလည်း မစ်ရှင်အဖွဲ့က ကြားသိခဲ့ရသည်။

၁၀၀၂။ ရွာများတွင် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" ပြုလုပ် ပြီးနောက် ရိုဟင်ဂျာများ၏ ရုပ်အလောင်းများကို ရှင်းထုတ်ပစ်ရန် တပ်မတော်၏စုပေါင်းအားထုတ်မှုတစ်ခုကို သတင်းအချက်အလက်များက ညွှန်ပြနေသည်။ ရုပ်အလောင်းများ ရှင်းထုတ်ပစ်မှုမှ လုပ်နည်း လုပ်ဟန်တွင် အလောင်းများကိုမီးရှို့ရန်နှင့်မြေမြှုပ်ရန် ၂မျိုးစလုံးအတွက် ကြီးမားသော မြေတွင်းများ ပြင်ဆင်ထားမှုအပါအဝင်၊ အလောင်းကောင်များကို သယ်ယူရန် မော်တော်ယာဉ်များ အသုံးပြုမှုနှင့် အခြားသောပစ္စည်းကိရိယာများ အသုံးပြုမှု တို့က ကြိုတင်စီမံခြင်း အဆင့်တစ်ခုနှင့် ရာဇဝတ်မှုဆိုင်ရာ သက်သေအထောက်အထားများကို ဖျက်ဆီးပစ်ရန် ရည်ရွယ်ချက်တစ်ခု ၂ခုလုံးပါဝင်နေကြောင်း ညွှန်ပြ နေသည်။ ထိုအချက်သည် မီးလောင်ထားသည့် အလောင်းများနှင့် သင်္ချိုင်းမြေကျင်းများ၏ သက်သေအထောက်အထားများကို ဖယ်ရှား ပြောင်းရွှေ့ခြင်း၊ မြေထိုးစက်ဖြင့် ထိုးခြင်းများ မှတဆင့် နောက်ဆက်တွဲ မြေပြင်အနေအထား ရှင်းလင်းမှုဖြင့် ပေါင်းစည်းထားခဲ့သည်။ ရာပေါင်း များစွာနှင့် ထောင်ပေါင်းများစွာ ဖြစ်ကောင်း ဖြစ်နိုင်သော ရုပ်အလောင်း များမှာ မီးရှို့ခံရခြင်း၊ မြေမြှုပ်ခံရခြင်း သို့မဟုတ် နောက်ဆက်တွဲ ဖျက်ဆီး ခံခဲ့ရခြင်းများ ဖြစ်နိုင်ဖွယ်ရှိသည်။

၁၀၀၃။ တပ်မတော်က သေဆုံးနေသော ရုပ်အလောင်းများကို စစ်တပ် မော်တော်ယာဉ်များအတွင်း စုဆောင်းကောက်ယူခြင်းနှင့် ရွှေ့ပြောင်းခဲ့ခြင်း များကိုလည်း မျက်မြင် သက်သေများ ရှိခဲ့သည်။[2257] အထူးသဖြင့် ဘူးသီးတောင်မြို့နယ် အလယ်ပိုင်းတွင် စစ်သားများက မောင်နကျေးရွာ အစုအပြုံလိုက် သတ်ဖြတ်မှုဖြစ်ပွားခဲ့သော နေရာဖြစ်သည့် ခြင်းသမား ကျေးရွာအုပ်စုမှ ရုပ်အလောင်းများကို ပလစ်စတစ်အချပ်များဖြင့် ပတ်ထားခဲ့ပြီးနောက် စစ်တပ် မော်တော်ယာဉ်များဖြင့် ပြောင်းရွှေ့ခဲ့ကြသည်။[2258] ထို့နောက် ရုပ်အလောင်းများမှာ စစ်တပ်မော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များဖြင့် ရွှေ့ပြောင်းခံခဲ့ကြသည်။ ခြင်းသမားကျေးရွာမှ ရွာသားတစ်ဦးက တစ်စီးစီတိုင်းတွင် ရုပ်အလောင်းများပါရှိသော ကုန်တင် ယာဉ်ကြီးများ အတော်များများ မောင်းထွက်သွားသည်ကို မြင်တွေ့ခဲ့ရကြောင်း ပြောပြခဲ့သည်။[2259] အခြားသော မျက်မြင် သက်သေတစ်ဦးကလည်း စစ်တပ် ကုန်တင်ယာဉ်များ ရွာတွင်းမှ ထွက်ခွာ သွားလိုက် ပြန်ရောက်လာလိုက် အကြိမ်များစွာရှိခဲ့သည်ကို မြင်တွေ့ခဲ့သည်။ စစ်သားများက ရုပ်အလောင်းများကို စစ်တပ်အခြေစိုက်စခန်းသို့ သယ်ယူပို့ဆောင်နေခဲ့သည်ဟု သူက ယုံကြည်ခဲ့သည်။[2260]

၁၀၀၄။ ပုံမှန်အားဖြင့် ညအမှောင်ချိန်တွင် သူတို့၏ကျေးရွာများသို့ ပြန်ရောက်လာကာ အရေးပါသော ယဉ်ကျေးမှုနှင့်ဘာသာရေး ဓလေ့ထုံးလမ်းစဉ်လာ တစ်ခုအဖြစ် ဈာပနများဆောင်ရွက်ခဲ့ကြသည့် အချို့သော ရိုဟင်ဂျာနစ်နာခံစားသူများ၏ အတော်အတန်

[2255] CI-129, LI-112.
[2256] CI-004, CI-014, CI-015, CI-021, CI-146, CI-183, LI-046, LI-055, LI-063, LI-080, LI-094.
[2257] CI-016, CI-035, EI-017, LI-055.
[2258] CI-027, CI-109, CI-195, LI-020, LI-046, LI-055, LI-080, QI-042, WI-017, V-067, V-75, V-077.
[2259] LI-020.
[2260] CI-196.

အားထုတ်မှုများကို မစ်ရှင်အဖွဲ့က သတိပြုမိခဲ့သည်။ အဆိုပါ ဈာပနများမှာ ယေဘုယျအားဖြင့် ရုပ်အလောင်း အရေအတွက် အတော်များများကို ယာယီသင်္ချိုင်းတစ်ခုတွင် ထည့်သွင်းကာ အလျင်စလို ပြုလုပ်ပြီးစီးခဲ့ကြရခြင်းဖြစ်သည်။[2261]

*၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ၏ ထိခိုက်သေဆုံးမှုများ*

၁၀၀၅။ "နယ်မြေရှင်းလင်းရေးစစ်ဆင်ရေး" ကာလအတွင်း သတ်ဖြတ်ခံရသည့် (သို့မဟုတ်) ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လူများ၏ကိန်းဂဏန်းကို ရေတွက်ခြင်းသည် စိန်ခေါ်မှုရှိသည်။ ဤသည်မှာ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ သဘောသဘာဝ တစ်စိတ်တစ်ပိုင်းဖြစ်သောကြောင့် ဖြစ်သည်။ အရေအတွက် မြောက်မြားစွာသော လူများမှာ မျက်မြင်သက်သေများမရှိဘဲ သတ်ဖြတ်ခံခဲ့ကြရပြီး မီးရှို့ဖျက်စီးခြင်း၊ မြေပြင်အနေအထား ရှင်းလင်းခြင်းနှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရောမမြေဧရိယာများကို မြေထိုးစက်ဖြင့် ထိုးခြင်းများအပါအဝင် နောက်ပိုင်းတွင် ၎င်းတို့၏ရုပ်အလောင်းများကို စနစ်တကျ ရှင်းထုတ်ပစ်ခံခဲ့ရသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ရိုဟင်ဂျာလူဦးရေ၏ တိကျသော လူမှုပထဝီ အချက်အလက်များ ရရှိနိုင်မှုမရှိခြင်းကြောင့် ထိုအခက်အခဲများမှာ ပိုမို ဆိုးဝါးစေခဲ့သည် မြန်မာအာဏာပိုင်များက "အိမ်ထောင်စုစာရင်း" များ၏ နှစ်ပတ်လည်အစီရင်ခံစာမှ ကောက်ယူရရှိသော အချက်အလက်များဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင်ရှိသော ရိုဟင်ဂျာရွာသားများ၏ အသေးစိတ်စာရင်းကို ပြုစုထားသော်လည်း ထိုအချက်အလက်များမှ ရရှိနိုင်မှုမရှိပေ။ ထို့ပြင်၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ သန်းခေါင်စာရင်းတွင်လည်း ရိုဟင်ဂျာလူမျိုးများ မပါဝင်ခဲ့ကြပေ။ ထို့ကြောင့် ထိုအချိန်က ၎င်းတို့၏ အရေအတွက်များသည် တရားဝင်အများသိမှတ်တမ်းများတွင် မပါရှိခဲ့ပေ။ ယနေ့အချိန်အထိ မည်သည့် ပါဝင်ပတ်သက်သူ တစ်ဦးတစ်ဖွဲ့ကမျှ ပြည့်စုံသော ထိခိုက်ပျက်စီးမှု မှတ်တမ်းတင်ခြင်း လုပ်ငန်းစဉ်ကို တာဝန်ယူ ဆောင်ရွက်ခြင်းမရှိသေးပါ။ ၂၀၁၇ခုနှစ် နိုဝင်ဘာလ၁၄ရက်က တပ်မတော် စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ၎င်းတို့၏ "အကြမ်းဖက်တိုက်ခိုက်မှုများ"နှင့် နောက်ဆက်တွဲဖြစ်သော "စစ်တပ်စစ်ဆင်ရေး"များအတွင်း စုံစမ်းစစ်ဆေးမှု၏ ရလဒ်များကို တင်ပြခဲ့ပြီး ယင်းတွင် လူပေါင်း ၅၂၀ ဦး အသတ်ခံခဲ့ရသည်ဟုသာ ရည်ညွှန်းခဲ့ကာ ထိုသူများအားလုံး နီးပါးအနက် တစ်ဦးတစ်ယောက်မျှ ရိုဟင်ဂျာ အရပ်သားများ မဟုတ်ခဲ့ကြပေ။ ထိုအချက်သည် မစ်ရှင်အဖွဲ့မှ အခိုင်အမာသက်သေ ထူထားသော ဖြစ်ရပ်မှန် အချက်များနှင့် သိသိသာသာ တစ်မူထူးခြားနေပေသည်။[2262]

၁၀၀၆။ ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဒုက္ခသည်များစခန်းရှိ ရိုဟင်ဂျာလူမှုအသိုက်အဝန်း စေတနာ့ဝန်ထမ်းများက မိသားစုဝင်များထံမှ အချက်အလက်များကို တိုက်ရိုက် ရယူစုဆောင်းခြင်းဖြင့် အသေးစိတ် ထိခိုက်သေကျေပျက်စီးမှု စာရင်းများကို ပြုစုနေလျက်ရှိကြသည်။ အဆိုပါ စာရင်းများတွင် အသတ်ခံရသူများ (သို့မဟုတ်) အသတ်ခံခဲ့ရပြီဟု ယူဆရသူများ၏ အမည်များ၊ အသက်အရွယ်များ၊ ကျေးရွာများကို စာရင်းသွင်း

[2261] CI-006, CI-023, CI-030, CI-039, CI-114, CI-115, CI-122, CI-127, CI-128, CI-131, CI-194, EI-014, LI-029, LI-041, LI-077, LI-114, LI-119, LI-131, QI-004, QI-005, QI-011, QI-026, WI-016, WI-032, ZI-001.

[2262] စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံထားသော တွေ့ရှိချက်ဖြစ်သည့် "အာဆာဘင်္ဂါလီအကြမ်းဖက်" ၃၇၆ ဦး၊ "တိုင်းရင်းသား/ဟိန္ဒူ/ဘင်္ဂါလီ" ပြည်သူ ၁၃၁ ဦး နှင့် "လုံခြုံရေးတပ်ဖွဲ့ဝင်" ၁၃ ဦး သေဆုံးသည်ဆိုသည့် သတင်းကိုရည်ညွှန်းထားခြင်းဖြစ်သည်။ Global New Light of Myanmar, "ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်" (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)

ထားသည်။ ထိုအကဲဖြတ်ဆန်းစစ်မှုက ရိုဟင်ဂျာ ၉၂၀၈ဦး အသတ်ခံရပြီး၊ နောက်ထပ် ၁၃၅၈ဦးက ဘယ်ဆီဘယ်ဝယ် မသိနိုင်ဖြစ်၍ ပျောက်ဆုံး သွားသည် (သို့မဟုတ်) အသတ်ခံလိုက်ရသည်ဟု ယူဆရကာ ဖမ်းဆီးထိန်းသိမ်းခံရသူ ၂၁၅၇ ဦးနှင့် မုဒိမ်းကျင့်မှုများမှ နစ်နာခံစားရသူ ၁၈၃၄ဦးကို စာရင်းသွင်းထားသည်။[2263] အဆိုပါကိန်းဂဏန်းများက လမ်းခရီးတွင် ရေနစ်သေဆုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် သေဆုံးခြင်း တို့ကဲ့သို့ အကြမ်းမဖက် သေဆုံးမှုများကို ထည့်သွင်း မထားပါ။ ဤစာရင်းသည် မပြီးဆုံးသေးပဲ အစီရင်ခံစာ တင်သွင်းနေစဉ်အတွင်း ပြုလုပ်ဆဲလုပ်ငန်း ကျန်ရှိနေသေးသည်။ ဤစာရင်းကို မစ်ရှင်အဖွဲ့က မှန်ကန်ကြောင်း စစ်ဆေးအတည် မပြုနိုင်ပါ။ မစ်ရှင်အဖွဲ့က ကိန်းဂဏန်းများသည် အခြားသော ကိန်းဂဏန်းစာရင်းဇယားဆိုင်ရာ လေ့လာမှုများ၏ နီးစပ်သော အကွာအဝေးတွင် ရှိနေသည်ဟု သတိပြုမိသည်။

၁၀၀၇။ ဥပမာ ကျန်းမာရေး စစ်တမ်း (၆) ခု က ထိခိုက်သေကျေပျက်စီးမှုများ၏ ရေတွက်တိုင်းတာ၍ရသော အချက်အလက်များ ပေးအပ်ထားပြီး အဆိုပါ ပေးအပ်ထားချက်က ခန့်မှန်းခြေ ၉,၄၂၅ ဦးမှ ၁၃,၇၅၉ ဦး အကြားရှိသော ရိုဟင်ဂျာများသည် ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက်နှင့် စက်တင်ဘာလ၂၄ရက်အတွင်း မြန်မာနိုင်ငံတွင် ၎င်းတို့၏ အသက်များကို ဆုံးရှုံးခဲ့ကြရပြီး ၎င်းတို့အနက်မှ ၆,၇၅၉ ဦးမှ ၉,၈၆၇ ဦး အကြား လူများမှာ အကြမ်းဖက်မှုကြောင့် သေဆုံးခဲ့ကြရခြင်းဖြစ်သည်။ အဆိုပါအရေအတွက်များ၏ အနည်းဆုံး ၇၃၀ ဦးမှာ အသက် ၅နှစ်အောက် ရိုဟင်ဂျာကလေးငယ်များ ဖြစ်ခဲ့ကြသည်။[2264] သတင်းအချက်အလက် သိရသော်လည်း အဆိုပါ ကိန်းဂဏန်းများမှာ မိသားစုဝင်များ၏ သေဆုံးမှုများကို မျက်မြင်တွေ့ရှိခဲ့ကြသည့် စစ်တမ်းဖြေဆိုသူများဖြင့်သာ မှတ်တမ်းတင် ထားခြင်းဖြစ်ပြီး အမှန်ဖြစ်သည်ထက်နည်းနိုင်သော ခန့်မှန်းချက်အဖြစ်ဖြင့်သာ ထည့်သွင်းစဉ်းစားသင့်သည်။[2265] ထို့အပြင် အဆိုပါခန့်မှန်းချက်များသည် "ရှင်းလင်းမှု စစ်ဆင်ရေး" ကာလ၏ ပထမလနှင့်သာ သက်ဆိုင်သည်ကို သတိပြုသင့်သည်။ အခြားသော ကိန်းဂဏန်းစာရင်းဇယားအရ အခြေခံထားသည့် ခန့်မှန်းချက်များက သိသိသာသာ ပိုမိုမြင့်မားသော ကိန်းဂဏန်းများကို ညွှန်ပြထားခဲ့ကြသည်။[2266]

၁၀၀၈။ ၂၀၁၇ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"နှင့် ပတ်သက်၍ ၎င်း၏အချက်အလက်ရှာဖွေမှုဖြစ်စဉ်တလျှောက် မစ်ရှင်အဖွဲ့မှ စုဆောင်းကောက်ခံခဲ့သော အချက်အလက်များမှာ ယနေ့အထိ ကြီးစားအားထုတ်ခဲ့မှုများကို ညွှန်ပြနေသည့် ကိန်းဂဏန်းများနှင့် သိသိသာသာ ကိုက်ညီနေပြီး သေဆုံးသူများ ၁၀,၀၀၀ ထိ ရှိသည် ဟူသည့် ခန့်မှန်းချက်သည် လက်တွေ့ထက်နည်းနေသည်ဟု ညွှန်းပြနေသည်။

### (ဂ) အာရကန်ရိုဟင်ဂျာ ကယ်တင်ရေးတပ်မတော် (ARSA)

[2263] K-153.1.

[2264] Médecins Sans Frontiers, *ရိုဟင်ဂျာ အကြပ်အတည်း - ပေါင်းစပ်ထားသော စစ်တမ်း ၆ ခုမှ အနှစ်ချုပ် တင်ပြချက် တရပ်* (၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့)

[2265] Ibid.

[2266] ဥပမာအားဖြင့် International-State Crime Initiative (ISCI) ၏ အစီရင်ခံစာ အရ သေဆုံးခန့်မှန်း နောက်ဆုံးစာရင်းမှာ ၂၂၀၀၀ နှင့် ၂၅၀၀၀ အကြားရှိသည်။ ISCI, *မျိုးနွယ်တုန်း သတ်ဖြတ်မှု ပြီးမြောက်ခဲ့သည်။ မြန်မာနိုင်ငံ၏ ရိုဟင်ဂျာများအပေါ် အမြစ်ပြုတ်သုတ်သင်ခြင်း* (Queen Mary University, ၂၀၁၈ ခုနှစ် မေလ ၁၉ ရက်နေ့)), စာမျက်နှာ ၁၄။ လူ့အခွင့်အရေးအတွက် ASEAN လွှတ်တော်ကိုယ်စားလှယ်များအဖွဲ့၊ " ရိုဟင်ဂျာ အကြပ်အတည်း၊ အတိတ်၊ ပစ္စုပ္ပန်နှင့် အနာဂတ်" (တွေ့ရှိချက်များ၏ အနှစ်ချုပ် ၂၀၁၈ ခုနှစ် ဇန္နဝါရီ ၂၁-၂၄ ရက်နေ့) မှ မှတ်ချက်ပြုသည်မှာ ဩဂုတ်လ ၂၅ ရက်နေ့မှ စ၍ ၎င်းအဖွဲ့ သွားရောက်ခဲ့သည့်အချိန်အထိ လူသစ်ရောက်ရှိသူ အရေအတွက် အကြမ်းဖျဉ်း ၆၈၈၀၀၀ ရှိပြီး ၃၆၀၀၀ ဦးရေထက် ပိုသော ကလေးသူငယ်များသည် အနည်းဆုံး မိဘတပါး ဆုံးရှုံးခဲ့ကြပြီး ၇၇၀၀ ထက်ပိုသောဦးရေမှာ မိဘ ၂ ပါးစလုံး ဆုံးရှုံးခဲ့ရသည်။

*အဖွဲ့အစည်း၊ ဖွဲ့စည်းတည်ဆောက်ပုံနှင့် အရင်းအမြစ်*

၁၀၀၉။ ၂၀၁၂ခုနှစ် အကြမ်းဖက်မှုများ၏နောက်ပိုင်း အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (ARSA) ပေါ်ထွက်လာသည်။ ၂၀၁၂ခုနှစ် ဖြစ်ရပ်များ အကြမ်းဖက်မှုများတွင် အာဏာပိုင်များ ကိုယ်တိုင်ပါဝင်ခဲ့မှု အပါအဝင် ပျံ့နှံ့နေသော ရိုဟင်ဂျာများအပေါ် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရိုဟင်ဂျာများ၏ ဘဝကဏ္ဍအားလုံးကို ထိခိုက်စေသော တိုးမြင့်လာနေသည့် ဖိနှိပ်ချုပ်ချယ်မှုများက စတင်တည်ထောင်သူ၊ အစောပိုင်း အဖွဲ့ဝင်များအတွက် မီးပွားတစ်စအဖြစ် အသုံးဝင်စေခဲ့သည်။[2267] ရခိုင်ပြည်နယ်တွင်းရှိ လုံခြုံရေးကင်းစခန်း ၃ ခုကို ချိတ်ဆက်ညှိနှိုင်း တိုက်ခိုက်မှု ၃ခု စတင်ခဲ့သည့် ၂၀၁၆ အောက်တိုဘာ လတွင် လူအများ၏ အာရုံစိုက်မှုအတွင်းသို့ ၎င်းအဖွဲ့ စတင်ဝင်ရောက်လာခဲ့သည်။ ၂၀၁၇ခုနှစ် ဩဂုတ်လ ၎င်းတို့၏နောက်ဆက်တွဲတိုက်ခိုက်မှုများ နောက်ပိုင်း ပိုမို၍ မြင်သာလာခဲ့သည်။

၁၀၁၀။ အစောပိုင်းအဆင့်များတွင် ဤအဖွဲ့အစည်းသည် အမည်လည်းမရှိ (သို့မဟုတ်) ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားသော ရည်မှန်းချက်ပန်းတိုင် မရှိခဲ့ပေ။[2268] ရိုဟင်ဂျာ မွတ်စလင် လူမှုအသိုက်အဝန်းအတွက် တရားမျှတမှုရှာဖွေရေး အခြေခံမူလောက်ဖြင့် လျော့တိလျော့ရဲဖြင့် ဖွဲ့စည်းထားခဲ့သည်။ ကနဦးအနေဖြင့် လှုပ်ရှားမှုသည် နိုင်ငံရေးအရ ဖြေရှင်းနည်းရှာဖွေရန်အတွက် အထူးသဖြင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအစပြုမှုကာလအတွင်း အာဏာပိုင်များနှင့် ထိတွေ့ဆက်စပ်မှုပြုလုပ်ရန် လမ်းဖွင့်ထားခဲ့ဖွယ်ရှိသည်။[2269] ထိုအစုအဖွဲ့သည် ရိုဟင်ဂျာများ၏ အခွင့်အရေးများကို ကာကွယ်မှုနှင့် မြှင့်တင်မှုများဖြင့် အပြုသဘောဆောင်သော အပြောင်းအလဲများ ယူဆောင်လာလိမ့်မည်ဟု မျှော်လင့်လျက် ၂၀၁၆ခုနှစ်တွင် အရပ်သားအစိုးရသို့ အာဏာလွှဲပြောင်းမှုကို စောင့်ဆိုင်းနေခဲ့ဟန်ရှိသည်။ သို့သော် NLD အာဏာရရှိပြီး လအတန်ကြာတွင် ရိုဟင်ဂျာများအတွက် သိသာထင်ရှားသော တိုးတက်မှုများ တစ်ခုခုမျှ ရှိမလာခဲ့သည့်အလျောက် အစုအဖွဲ့သည် ၎င်းတို့၏ စစ်ရေးမဟာဗျူဟာကို စတင်ပြင်ဆင်လာခဲ့သည်။[2270]

၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် အစုအဖွဲ့သည် ၎င်းတို့၏ မောင်တောမြို့နယ်တွင်းမှ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကင်းစခန်းများကို တိုက်ခိုက်မှု ၃ခု ပြုလုပ်ခြင်းဖြင့် အစိုးရပစ်မှတ်များအပေါ် ပထမဆုံး တိုက်စစ်လှုပ်ရှားမှုကို စတင်ခဲ့သည်။အဆိုပါ တိုက်ခိုက်မှုများ နောက်ပိုင်းမှသာ Harakah-al-Yaqin (Faith Movement) ဟာရာခါ-အယ်လ်-ယာကင် (ယုံကြည်ချက်လှုပ်ရှားမှု) ဟူသည့် တရားဝင်အမည်ကို ခံယူ ခဲ့သည်။[2271]

၁၀၁၂။ ၂၀၁၇ခုနှစ် မတ်လတွင် အဖွဲ့အစည်းသည် တွစ်တာအကောင့်တစ်ခုကို ဖွင့်ခဲ့ပြီး အင်္ဂလိပ်အမည်ဖြစ်သည့် Arakan Rohingya Salvation Army (ARSA) အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော် (အာဆာ)[2272] ဆိုသည့်အမည်ကို အသုံးပြု၍ ၎င်း၏ ပထမဆုံး အများသိကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။ အာဆာက ရိုဟင်ဂျာများနှင့် ၎င်းတို့၏ အခွင့်အရေးကို "ကာကွယ်" ရန် ၎င်း၏ပန်းတိုင်ကို ထပ်လောင်းပြောဆိုလျက် ၎င်း၏

---

[2267] LI-121, LI-122, QI-099, XI-007, XI-008, BM-024, BM-025, V-094; အခန်း V.B: ရိုဟင်ဂျာများအား စံနစ်တကျ ဖိနှိပ်ခြင်းနှင့် နှိပ်စက်ညှဉ်းပန်းခြင်း

[2268] QI-099.

[2269] LI-122, BM-024, BM-025.

[2270] BM-024, BM-025, V-129, ARSA/PR/01/2017.

[2271] @ARSA_Official ဟူသောတွစ်တာအကောင့်တွင် ၎င်း၏ ကိုယ်ရေးရာဇဝင်တွင် ၎င်းကို၎င်းက "ယုံကြည်ချက်လှုပ်ရှားမှု သို့မဟုတ် Harakah Al Yaqeen"ဟု ဖွင့်ဆိုထားသည်။

[2272] See: https://twitter.com/ARSA_Official

ရည်မှန်းချက်များနှင့် ရည်ရွယ်ချက်များအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် အများသိ ကြေညာချက်များ အတွဲလိုက်ထုတ်ပြန်ခဲ့သည်။ ၂၀၁၇ မတ်လ ၁၀ရက်က တွစ်တာတွင် ထုတ်ပြန် ကြေညာခဲ့သော ၎င်း၏ ပထမဆုံး သတင်းထုတ်ပြန်ချက်တွင် အာဆာက ဖော်ပြခဲ့သည်မှာ-

> *...ကျွန်ုပ်တို့တွင် နိုင်ငံတကာဥပဒေအရ မိမိကိုယ်ကို ခုခံကာကွယ်ခြင်း၏ အခြေခံမူများနှင့်အညီ ကျွန်ုပ်တို့ကိုယ်ကို ကျွန်ုပ်တို့ကာကွယ်ခုခံရန် တရားဝင်အခွင့်အရေး ရှိထားသည့်အလျောက် ကျွန်ုပ်တို့၏တစ်ခုတည်းသော ရည်ရွယ်ချက်သည် အာရကန်ပြည်နယ်ရှိ အပြစ်မဲ့ ဒေသခံဌာနေတိုင်းရင်းသား ရိုဟင်ဂျာလူမျိုးများအား ကျွန်ုပ်တို့၏ အကောင်းဆုံးစွမ်းရည်ဖြင့် ခုခံရန်၊ ကယ်တင်ရန်နှင့် ကာကွယ်ရန်ပင် ဖြစ်သည်။ ထိုသို့လုပ်ဆောင်ရာတွင်၊ ကျွန်ုပ်တို့၏ တောင်းဆိုချက်များကို ဖြည့်ဆည်းပြီးသည်အထိ[2273] ကျွန်ုပ်တို့၏ ခုခံကာကွယ်ရေး တိုက်ခိုက်မှုများသည် နိုင်ငံတကာ စံနှုန်းများနှင့်အခြေခံမူများအတိုင်း ဗမာအကြမ်းဖက် အစိုးရနှင့် ၎င်း၏ အကြမ်းဖက်စစ်အစိုးရကိုသာ ရည်ရွယ်လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။...*

၁၀၁၃။ ထိုသတင်းထုတ်ပြန်ချက်တွင်ပင် အာဆာအဖွဲ့က ရိုဟင်ဂျာများအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ၊ ကျူးလွန်ခံရမှု စွပ်စွဲချက်များ အားလုံးကို ကုလသမဂ္ဂအပါအဝင်[2274] လွတ်လပ်သောစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်းနှင့် အတိတ် ကာလ မတရားပြုမှုများအတွက်[2275] တာဝန်ခံမှုရှိရန် အစရှိသည်တို့ ပါဝင်သည့် အချက်၂၀ ပါသော တောင်းဆိုချက်များကို စာရင်းဖြင့် အသေးစိတ် ဖော်ပြရှင်းလင်းခဲ့သည်။

အာဆာက ၎င်း၏ပစ်မှတ်သည် အရပ်သားများ (သို့မဟုတ်) အခြားတိုင်းရင်းသားလူမျိုး အုပ်စုဝင်များမဟုတ်ပဲ တပ်မတော်သာဖြစ်သည်ဟု ရှင်းလင်းခဲ့သည်။

> *"အာဆာသည် အခြေခံမူများအရ မည်သည့်ဘာသာနှင့် မည်သည့်လူမျိုး နောက်ခံဖြစ်သည်ဖြစ်စေ အရပ်သားများ ၏ ဝတ်ပြုကိုးကွယ်ရာနေရာများနှင့် ပိုင်ဆိုင်မှုများကို ကျွန်ုပ်တို့၏ အဖွဲ့ဝင်များမှ မည်သူကမျှ တိုက်ခိုက်မှုမပြုရန် တင်းကျပ်စွာ တားမြစ်ထားသည်။[2276]"*

၁၀၁၄။ အာဆာအဖွဲ့အနေဖြင့် ဘာသာရေးဆိုင်ရာ နောက်ခံလှုံ့ဆော်မှုများ မရှိသော်လည်း ခိုင်မာသော မွတ်စလင် ကြွန်အင်လက္ခဏာပြဌာန်းချက်တရပ်ကို[2277] ကိုင်စွဲလျက် ဘာသာရေးပဓါနမကျသော အယူအဆတစ်ရပ် ရှိသည်ဟု ထင်မြင်ယူဆရသည်။ မြန်မာ အဆင့်မြင့်အရာရှိများက အာဆာသည် လွတ်လပ်သော ပြည်နယ်၊ အမိမြေ (သို့မဟုတ်) ပိုင်နက်နယ်မြေ[2278] ရယူရန် ကြိုးစားနေသည်ဟု သွယ်ဝိုက်ညွှန်းဆိုပြောကြားနေစေကာမူ မစ်ရှင်အဖွဲ့အနေဖြင့် အာဆာအဖွဲ့ထံမှ ထိုကဲ့သို့ ထုတ်ဖော်ကြေညာမှုမျိုး မတွေ့ခဲ့ရပေ။[2279]

---

[2273] BM-025. ARSA ၏ သတင်းထုတ်ပြန်ချက် ARSA/PR/01/2017 (10 March 2017) ကိုကြည့်ပါ။

[2274] ARSA ၏ သတင်းထုတ်ပြန်ချက် ARSA/PR/08/2017 (6 September 2017)

[2275] ARSA ၏ သတင်းထုတ်ပြန်ချက် ARSA/PR/01/2017 (10 March 2017)

[2276] ARSA ၏ သတင်းထုတ်ပြန်ချက် ARSA/PR/27/2018 (31 January 2018) ARSA ၏ သတင်းထုတ်ပြန်ချက် ARSA/PR/01/2017 (10 March 2017) ARSA ၏ သတင်းထုတ်ပြန်ချက် ARSA/PR/02/2017 (30 May 2017)

[2277] BM-025; ARSA ၏ လူသိရှင်ကြား ထုတ်ပြန်ကြေညာချက်များ ၁ မှ ၅

[2278] ဥပမာအားဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်နေ့တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ "ၚင်းတို့ (ရိုဟင်ဂျာ) သည် နိုင်ငံသားဖြစ်မှုမရှိ၊ "လူမျိုး" မဟုတ်၊ အသိအမှတ်ပြုခြင်းခံထားရသော တိုင်းရင်းသားအုပ်စုတစ်ခု မဟုတ်ခြင်းကြောင့် မည်သည့်နည်းနှင့်မျှ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ပြည်နယ်ကို တောင်းဆိုပိုင်ခွင့် မရှိချေ။ ထို့ကြောင့် ၚင်းတို့မှ ဖြစ်နိုင်သမျှနည်းလမ်းဖြင့် အုပ်ချုပ်မှုအဆောက်အအုံကို (ရခိုင်ပြည်နယ်တွင်) ဖယ်ရှားလိုသည်။ ဒေသတွင်းတွင် ၚင်းတို့မှအပ ကျန်တိုင်းရင်းသားများအားလုံးကို ဖယ်ရှားလိမ့်မည်။ အစိုးရနှင့် အခြားတိုင်ရင်းသာများ ဒေသတွင်းသို့ မဝင်နိုင်စေရန် သေချာအောင်ပြုလိမ့်မည်။" "ရခိုင်ပြဿနာနှင့်

၁၀၁၅။ အာဆာအဖွဲ့တွင် စစ်ရေးဘက်အပိုင်း (military wing) နှင့် နိုင်ငံရေးဘက်အပိုင်း[2280] (political wing) ပါရှိသည်။ စစ်ရေးပိုင်း (military wing) သည် အထက်မှ အောက်သို့ ရာထူးအဆင့်ဆင့်ဖြင့် ဖွဲ့စည်းထားပြီး အမြင့်ဆုံးကောင်စီ (Supreme Council) ဟုခေါ်သည့် တပ်မှူးများ၏ အုပ်စုငယ်တစ်ခုက ဆုံးဖြတ်ချက်ချမှတ်သည့် အာဏာဖြင့်ဦးဆောင်သည်။[2281]

၁၀၁၆။ အာဆာ၏စစ်သေနာပတိချုပ် (Commander-in-Chief) ကို "အာတာအူလ္လာ" ဟု သိကြသော်လည်း ၎င်းသည် အခြားသော အမည်ဝှက်များဖြင့်လည်း လှုပ်ရှားဆောင်ရွက် နိုင်ဖွယ်ရှိသည်။ ယုံကြည်ရသော သတင်းရင်းမြစ်များက အာတာအူလ္လာသည် ရိုဟင်ဂျာ ဒုက္ခသည်မိသားတစ်စုမှ မြန်မာနိုင်ငံပြင်ပတွင် မွေးဖွားခဲ့ပြီး သူ၏ဘဝ၏အချိန် အများအပြားကို ဆော်ဒီအာရေဗျနိုင်ငံနှင့် ပါကစ္စတန်နိုင်ငံတို့တွင် နေထိုင်ကုန်လွန်ခဲ့သည်ဟု ညွှန်းဆိုကြသည်။ သူသည် ၂၀၁၂ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အကြား ကာလများတွင် မြန်မာနိုင်ငံသို့ ပြန်ရောက်လာခဲ့သည်ဟု ပြောဆိုကြသည်။ အာတာအူလ္လာသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် အာဆာတိုက်ခိုက်မှု၏ နောက်ဆက်တွဲ ဗွီဒီယိုတစ်ခု ထုတ်လွှင့်အပြီးတွင် အာဆာ၏ခေါင်းဆောင်အဖြစ် နိုင်ငံတကာက အသိအမှတ်ပြုမှုကို ပထမဆုံး ရရှိခဲ့သည်။[2282] ၂၀၁၇ခုနှစ်တွင် တွစ်တာတွင် အာဆာ စတင်လှုပ်ရှားချိန်မှစ၍ သူ၏လက်မှတ်သည် အများသိ ထုတ်ပြန်ကြေညာချက်အားလုံးတွင် စစ်သေနာပတိချုပ်(Commander-in-Chief) ဟု ရည်ညွှန်းလျက် ပါရှိခဲ့သည်။ အာတာအူလ္လာသည် ၎င်းမည်သူမည်ဝါ ဖြစ်ကြောင်းကို လျှို့ဝှက်မှုအဖြစ် ထိန်းသိမ်းထားသည်ဟုယူဆရပြီး ထိုကြောင့် အာဆာအဖွဲ့ဝင် အလွန်အနည်းအကျဉ်းကသာ သူ့ကိုမြင်ဖူးတွေ့ဖူးခဲ့ကြသည်ဟု ပြောကြသည်။[2283]

၁၀၁၇။ စစ်ရေးခေါင်းဆောင်မှုအဆင့်မှ အာဆာအဖွဲ့ဝင်များသည် ရွာသားများ၏ အုပ်စုပေါင်းအဖွဲ့များ[2284] (Clusters of Villagers) အတွက် တာဝန်ရှိခဲ့ကြပြီး ၎င်းအောက်တွင် ကျေးရွာအဆင့် "ကလပ်စည်းများ"[2285] (Cells) အဖြစ် ရည်ညွှန်းဖော်ပြထားသည်။ အဆင့်တစ်ခုချင်းဆီမှ[2286] တာဝန်ရှိသူတိုင်းသည် အင်တာနက် အခြေပြု သတင်းပို့လုပ်ဆောင်မှုစနစ်များဖြင့် အမိန့်ပေးစံနစ်တလျှောက် ညွှန်ကြားချက်များနှင့် ဆက်သွယ်မှုများကို လက်ခံရရှိကြသည်။ ကျေးရွာခေါင်းဆောင်များက အဆိုပါအမိန့်များကို ရွာများထဲရှိ ထောက်ခံသူများထံ ထပ်ဆင့်ဆက်သွယ် ပြောကြားကြရသည်။[2287]

၁၀၁၈။ အာဆာအဖွဲ့ဝင်များအကြား အလုပ်တာဝန်များနှင့် ကျွမ်းကျင်မှုများအလိုက် မတူညီသောကဏ္ဍများတွင် ပေါ့ပါးလျော့ရဲစွာ ခွဲခြားထားသည်။ ၎င်းတို့ထဲတွင် အင်အားစုဆောင်းခြင်း၊ သင်တန်းပို့ချခြင်းနှင့် တခါတရံ "ကျားအဖွဲ့"[2288]အဖြစ် ညွှန်းဆိုသော တိုက်ခိုက်ရေးသမားများအုပ်စုတစ်စုတို့ ပါဝင်သည်။ ကျန်သူများမှာ ဒေသတွင်းထုတ် ဖောက်ခွဲရေးပစ္စည်းများ ထုတ်လုပ်မှု၊ စုံစမ်းထောက်လှမ်းရေးပုံစံ လှုပ်ရှားမှုများနှင့် ကျေးရွာများ၏

ငြိမ်းချမ်းရေး အလားအလာ အကြောင်း စကားဝိုင်း" အပိုင်း ၆။ ဖေ့ဘုတ်တွင် တင်ပြမှု (ဖြုတ်ပစ်လိုက်သည်။ မစ်ရှင်ထံတွင် သိမ်းဆည်းထားသည်။)

2279 BM-025; အာဆာ၏ ထုတ်ပြန်ကြေညာချက်များအားလုံးကို ကြည့်ပါ။

2280 BM-003, BM-025, BM-024

2281 QI-099, BM-025, QM-013

2282 https://www.youtube.com/watch?v=qcCPxEod87o တွင် ဗီဒီယို ရယူနိုင်ပါသည်။

2283 K-159, V-097.

2284 QI-099, K-159.

2285 BM-025.

2286 CI-140, QI-099, QI-100, QI-103, XI-137.

2287 LI-122, QI-99, QI-102, BM-003.

2288 QI-099, XI-008.

ကင်းသမားတာဝန်တို့တွင်[2289]ပါဝင်ကြရသည်။ အာဆာအဖွဲ့တွင် စစ်တပ်ပုံစံ တူညီဝတ်စုံမရှိခဲ့ပေ။[2290] သို့သော် ၄င်းတို့အနက်မှ အချို့က အွန်လိုင်းတွင်တင်ခဲ့သည့် အချို့ဗွီဒီယိုများတွင် မြင်တွေ့ရသည့်အတိုင်း အနက်ရောင်များ ဝတ်ဆင်ကြသည်ဟု[2291] ယုံကြည်လောက်သည့် ကိုးကားချက်များ ရှိသော်လည်း အာဆာသည် တူညီဝတ်စုံ မဝတ်ကြပေ။

၁၀၁၉။ အာဆာအဖွဲ့၏ နိုင်ငံရေးအပိုင်း (political wing) သည် အဖွဲ့အစည်းကို ကိုယ်စားပြုရန် လုပ်ပိုင်ခွင့်ရှိကြပြီး ၅ဦးဖြင့် ဖွဲ့စည်းကာ မြန်မာနိုင်ငံပြင်ပတွင် နေထိုင်ကြသည်။[2292] ၄င်းတို့သည် အာဆာ၏ တွစ်တာစာမျက်နှာတွင် ထုတ်ပြန်ခဲ့သော အများသိထုတ်ပြန် ကြေညာချက်များ အပါအဝင် အဖွဲ့အစည်း၏ နိုင်ငံရေးနှင့် မီဒီယာမဟာဗျူဟာတို့အတွက် တာဝန်ရှိသည်ဟု ယူဆရသည်။ ၂၀၁၆ အောက်တိုဘာလ တိုက်ခိုက်မှုများမှ စတင်ပြီး အာဆာအဖွဲ့သည် ဗွီဒီယိုများနှင့် တွစ်တာတွင် သတင်းပို့မှုများအပါအဝင် ရေးသားထားသော သတင်းထုတ်ပြန်ချက်များ အနည်းဆုံး ၃၁ ခု ထုတ်ပြန်ခဲ့သည်။[2293]

၁၀၂၀။ ARSA အဖွဲ့ဝင်များနှင့် ထောက်ခံသူများ၏ အရေအတွက်သည် အချိန်အလိုက် ကွဲပြားမှု ရှိသည်။ ၂၀၁၆ခုနှစ် တိုက်ခိုက်မှု ၃ ခုသည် တိုက်ခိုက်ရေးသမားများ အုပ်စုငယ်တစ်စုက ပြုလုပ်ခဲ့ခြင်းဖြစ်သည်။[2294] သို့သော် ၄င်းတို့၏ အထိုက်အလျောက်အောင်မြင်မှုမှာ ထောက်ခံမှုများအတွက် ပြောင်းလဲမှတ်တစ်ခု ဖြစ်ခဲ့သည်။ အစိုးရ၏ တုန့်ပြန်မှုကြောင့် ရရှိလာသော ထင်ပေါ်ကျော်ကြားမှုက အာဆာအဖွဲ့၏ မြင်သာထင်သာရှိမှုကို ပြည်တွင်းရော ပြည်ပတွင်ပါ တိုးမြင့်လာစေခဲ့ပြီး အဆိုပါအချက်က ရိုဟင်ဂျာအမျိုးသားများကို အာဆာအား ထောက်ခံကြရန် တွန်းအားဖြစ်စေခဲ့ကာ အချို့ကို အဖွဲ့သို့ နည်းလမ်းတကျ ဆက်သွယ်ဝင်ရောက်စေမှုများကို ဖြစ်စေခဲ့သည်။[2295] ထို့ပြင် ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် အကြမ်းဖက်မှုများသည် တပ်မတော် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ ပထမတွဲကို ဦးတည် ဖြစ်ပေါ်စေခဲ့ပြီး မြန်မာအဏ္ဏာပိုင်များမှ ရိုဟင်ဂျာများအပေါ် ဖိနှိပ်ချုပ်ချယ်မှုများ၊ ခွဲခြားဆက်ဆံ၍ ရင့်သီးရုန့်ရင်းကြမ်းတမ်းသော ပြုမူဆက်ဆံမှုများကို တိုးမြင့်လာစေခဲ့သည်။[2296] ရလဒ်အနေဖြင့် ၂၀၁၆ အောက်တိုဘာလနှင့် ၂၀၁၇ခုနှစ် ဩဂုတ်လအကြား ကာလတွင် အာဆာ အဖွဲ့သည် ၄င်းတို့၏ အဖွဲ့ဝင်ရော၊ အခြေခံထောက်ခံမှုပါ ၂မျိုးလုံးကို ပိုမို အားကောင်းကြီးထွားလာနိုင်စေခဲ့သည်။[2297]

၁၀၂၁။ ၄င်းတို့ လှုပ်ရှားမှုရှိသော ကျေးရွာအုပ်စု တစ်ခုစီတိုင်းတွင် အာဆာထောက်ခံသူ အနည်းဆုံး ၁၀ဦးခန့် ရှိခဲ့နိုင်သည်ဟု[2298] ညွှန်ပြနေသော သတင်းအချက်အလက်များအရ အာဆာအဖွဲ့ဝင်များနှင့် ထောက်ခံသူများ၏အရေအတွက်သည် တစ်ရွာနှင့်တစ်ရွာ

[2289] CI-137, CI-140, QI-099, QI-100.
[2290] LI-054, BM-003.
[2291] V-075.
[2292] ARSA, တရားဝင်ကိုယ်စားလှယ်များခန့်အပ်ခြင်း ARSA/PR/21/2017, (16 November 2017)
[2293] https://twitter.com/ARSA_Official တွင်ကြည့်ပါ။
[2294] V-094
[2295] CI-137, LI-121, LI-124, QI-102, XI-007.
[2296] ဤအပိုင်းကိုကြည့်ပါ။ အပိုင်း D.2.b: ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ကို ဖြစ်လာစေမှု
[2297] LI-121, BM-025.
[2298] CI-140, LI-054, QI-099, QI-103, YI-029.

ခြားနားမှုရှိသည်။ မည်သို့ဆိုစေ ရခိုင်မြောက်ပိုင်းရှိ မြို့နယ်၃ခုအတွင်း[2299] ၄င်းတို့ လက်လှမ်းမီနိုင်သောအတိုင်းအတာမှာ တသမတ်တည်းမရှိပေ။

၁၀၂၂။ အဖွဲ့ဝင်များနှင့် ထောက်ခံသူများ၏ အရေအတွက်မှာ အသေအချာ လေ့လာစီစစ်ရန် ခက်ခဲသည်။ အမှန်တကယ် အဖွဲ့ဝင် အရေအတွက်မှာ နည်းပါးလိမ့်မည်ဟု ထင်ရသည်။ သို့သော် အခြေခံထောက်ခံမှုမှာ ရာနှင့်ချီရှိသည်မှာ အသေအချာပင်ဖြစ်သည်။ ထိုပမာဏသည် ရိုဟင်ဂျာအများအပြားအား "နောက်ဆုံးမိနစ်" လှုံ့ဆော်စည်းရုံးမှုဖြစ်သည့် ထိုနေ့မတိုင်ခင် အချိန်အနည်းငယ်အတွင်း (သို့မဟုတ်) ထိုနေ့တွင်ပင် လှုံ့ဆော်စည်းရုံးခံခဲ့ရသည့် ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက် တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့ကြသူများ၏ အများစု အပါအဝင်ဖြစ်သည်။[2300] မည်သို့ဆိုစေ အဖွဲ့ဝင်စုစုပေါင်းနှင့် အာဆာထောက်ခံမှုများသည် လူဦးရေစုစုပေါင်း၏ အနည်းစုကိုသာ ကိုယ်စားပြုပေသည်။

၁၀၂၃။ ကာလရှည်ကြာ တည်ရှိနေသော ရိုဟင်ဂျာများအပေါ် ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေး လျစ်လျူရှုမှုတို့ကို တိုက်ခိုက်ရန် လိုအပ်ချက်ကြောင့် စိတ်ဓါတ်တက်ကြွခဲ့ကြသည်ဟု ထောက်ခံသူများက ဆိုကြသည်။[2301] အချို့မှာ တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ၏ ဖိနှိပ်မှုများနှင့် မတရားပြုမှုများကို ကိုယ်တွေ့နစ်နာခံစားခဲ့ကြသည်။[2302] လူငယ်တစ်ဦးက ၂၀၁၆ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှုများ နောက်ပိုင်းတွင် တပ်မတော်မှ ရက်အတန်ကြာ ဖမ်းဆီးထိန်းသိမ်းပြီး ညှင်းပန်းနှိပ်စက်ခြင်းကို ခံခဲ့ရပြီးနောက် အာဆာအဖွဲ့သို့ သူဝင်ရောက်ခဲ့သည်ဟုဆိုခဲ့သည်။[2303] အခြားအမျိုးသားတစ်ဦးမှာ ၂၀၁၂ခုနှစ် အကြမ်းဖက်မှုများအတွင်း ၄င်း၏မိခင်နှင့် အစ်ကိုဖြစ်သူတို့ အသတ်ခံခဲ့ရပြီး ထိုအတွေ့အကြုံနှင့်အတူ အခြားသော ဖိနှိပ်ချုပ်ချယ်သော ဆောင်ရွက်မှုများ၏ ရလဒ်အဖြစ် အာဆာအဖွဲ့သို့ သူဝင်ရောက်ခဲ့သည်။

> *"စစ်တပ်ရဲ့ ရည်မှန်းချက်ပန်းတိုင်က ကျနော်တို့အားလုံးကို သတ်ပစ်ဖို့ပဲ။ အဲ့ဒီမတရားပြုမှုတွေ အားလုံးကြောင့်ပဲ ကျနော်တို့ကိုယ် ကျနော်တို့ ကာကွယ်ဖို့ကြိုးစားမယ်လို့ ဆုံးဖြတ်ခဲ့တာ။ ကျနော်တို့ရဲ့ အခွင့်အရေးတွေကို ကာကွယ်စောင့်ရှောက်ဖို့ အုပ်စုတစ်ခုကို ကျနော်တို့တည်ထောင်ဖို့ လိုအပ်ခဲ့တယ်။*[2304]

၁၀၂၄။ အာဆာသည် ရိုဟင်ဂျာအုပ်စုတစ်စုအနေဖြင့် ခိုင်မာသော မွတ်စလင်အမှတ်လက္ခဏာကို ကိုင်စွဲခဲ့ပြီး ကျေးရွာအဆင့်ရှိ လူအင်အားစုဆောင်းမှုများအတွက် တခါတရံ ဒေသခံ ဘာသာရေး ခေါင်းဆောင်များမှတဆင့် ပြုလုပ်ဆောင်ရွက်ခဲ့သည်။ ထိုအချက်သည် ၄င်းတို့၏ ဘာသာရေးလုပ်ငန်းများချည်းသက်သက်[2305] ထက် ရိုဟင်ဂျာလူထုအတွင်း ၄င်းတို့၏ ဩဇာလွှမ်းမိုးနိုင်မှုကြောင့် ပို၍ဖြစ်နိုင်သည်။ မိုလူဗစ်ဟု ခေါ်ကြသော ဘာသာရေးကျောင်းသားများသည် အထူးသဖြင့် ၂၀၁၆ခုနှစ်နှင့် ၂၀၁၇ခုနှစ် အာဆာတိုက်ခိုက်မှုများမတိုင်မီ လများတွင် အလားအလာရှိသော ထောက်ခံသူများကို တခါတရံ ဗလီကျောင်းများ အပြင်ဘက်တွင် ချဉ်းကပ်ခဲ့သည်။[2306] အဖွဲ့ဝင်ဖြစ်ရန်

---

[2299] BM-025.

[2300] CI-140, LI-054, LI-121, QI-103, XI-007, BM-003, BM-029, BM-049, QM-013, V-079.

[2301] CI-140, LI-121, LI-124, QI-099, QI-100, XI-007, XI-008, BM-024.

[2302] CI-137, CI-140, LI-122, QI-103.

[2303] QI-103.

[2304] LI-122.

[2305] LI-124, BM-025.

[2306] LI-054, LI-089, LI-124.

အလားအလာရှိသူများသည် ၄င်းတို့၏ရွာများတွင် ကင်းသမားအဖြစ် တာဝန်ယူရန် ကနဦး စေခိုင်းခြင်းခံကြရပြီး နောက်ပိုင်းတွင် တခါတရံ တိုက်ခိုက်မှုများတွင်ပါ ပါဝင်ကြရသည်။[2307]

၁၀၂၅။ အာဆာအဖွဲ့သို့ ပါဝင်မှုသည် အဓိကအားဖြင့် မိမိဆန္ဒအလျောက်[2308] ဖြစ်နိုင်ကြသော်လည်း ယုံကြည်ရသည့် လူသိထင်ရှားအစီရင်ခံစာများက အာဆာအနေဖြင့် ၄င်း၏တပ်ဖွဲ့အတွင်းသို့ ဝင်ရောက်ရေးအတွက် လူများကို တွန်းအားပေးရန် လူမှုအသိုက်အဝန်းအတွင်း ၄င်း၏သြဇာလွှမ်းမိုးမှုနှင့်အတူ ခြိမ်းခြောက်ခြင်း၊အကျပ်ကိုင်ခြင်းနှင့် ဖိအားပေးခြင်းနည်းများ အသုံးပြုခဲ့သည်ဟု ညွှန်ပြနေသည်။[2309] အသက်၁၈နှစ်အောက် ယောကျ်ားလေးငယ်များလည်း အဖွဲ့ဝင် အဖြစ်နှင့် လှုပ်ရှားမှုများတွင်ပါဝင်ရန် စုဆောင်းခံခဲ့ကြရသည်။[2310] ၂၀၁၇ခုနှစ် တိုက်ခိုက်မှုများ မတိုင်ခင် တိုက်ရိုက် စုဆောင်းခံခဲ့ရသည့် အမျိုးသားတစ်ဦးက ရှင်းပြသည်မှာ:

> *တိုက်ခိုက်မှုဖြစ်တဲ့ညမှာ၊ ကျနော့်ကို ကြိုပြီး အသိပေးမထားခဲ့ဘူး။ ခေါင်းဆောင်က ကျနော့်အိမ်ကို မနက် ၃နာရီလောက် ရောက်လာပြီး လာခဲ့တိုက်ကြမယ်လို့ ပြောခဲ့တယ်။ ကျနော် ဇဝေဇဝါ ခံစားနေခဲ့ရတယ်။ ဒါပေမယ့် သူတို့က ကျနော့်အိမ်ထဲရောက်နေပြီဆိုတော့ ကျနော့်ကို ဖိအားပေးသလိုခံစားခဲ့ရတယ်။*[2311]

၁၀၂၆။ အချို့အဖွဲ့ဝင်များမှာ အာဆာမှ နုတ်ထွက်နိုင်ခဲ့သည်ဟု ယူဆရသည်။[2312] ၂၀၁၆ခုနှစ် အောက်တိုဘာလ တိုက်ခိုက်မှုများတွင် ပါဝင်ခဲ့သည့် အဖွဲ့ဝင်တစ်ဦးမှာ တပ်မတော်၏ပစ်ခတ်မှုကြောင့် လက်တွင် ကျည်ဆန်ထိမှန်ခဲ့သည်။ သူ့အနေဖြင့် အာဆာသည် တိုက်ခိုက်မှုများအတွင်း လူအင်အားနှင့် လက်နက်ခဲယမ်းပိုင်းတွင် ပိုမိုကောင်းမွန်သော ထောက်ပံ့မှုများ ပံပိုးပေးလိမ့်မည်ဟု ယုံကြည်ယူဆခဲ့သည်။ တပ်မတော်၏ ကြမ်းကြုတ်ရက်စက်သော တုန့်ပြန်မှုများနှင့်အတူ ၎င်းတွင် နောက်ကူအင်အား မရှိခဲ့ခြင်းကို သူ့အနေဖြင့် အံ့အားသင့်ခဲ့ရပြီးနောက် အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်လိုက်သည်။ "အဖွဲ့ထဲ ပြန်မဝင်တဲ့အတွက် ဘာပြဿနာမှ မရှိခဲ့ဘူး"[2313] ဟု သူက မှတ်ချက်ပေးခဲ့သည်။

၁၀၂၇။ အာဆာအဖွဲ့ဝင်ဖြစ်မှုကို လျှို့ဝှက်မှုအဆင့်ဖြင့် ဝန်းရံထားသည်။ အဖွဲ့ဝင်များနှင့် ထောက်ခံသူများသည် မည်သူများ အဖွဲ့တွင် ပါဝင်သည်ဆိုသည်ကို တစ်ရွာတည်းနေသူချင်းပင် သိရှိရန်မလိုအပ်ပေ။ ကျမ်းသစ္စာဆိုမှုလည်း လိုအပ်ခဲ့လိမ့်မည်ဟု ယူဆရသည်။[2314] အဖွဲ့ဝင်များမှ ၄င်းတို့အနေဖြင့် အာဆာအကြောင်း ပြောဆိုခြင်း သို့မဟုတ် သစ္စာဖောက်ခြင်း မပြုလုပ်ရန်[2315] ကတိပြုခဲ့ရသည်ဟုထွက်ဆိုခဲ့ခြင်းကြောင့် ဖြစ်သည်။ လျှို့ဝှက်မှုအတွက် ထိုအချက်သည် အာဆာလှုပ်ရှားမှုများကို တပ်မတော်၏ အာရုံစိုက်မှုများနှင့် အဖွဲ့ဝင်များကို ကာကွယ်ရန် မဟာဗျူဟာ တစ်ခုဖြစ်လိမ့်မည်ဟု ထင်ရသည်။[2316]

---

[2307] LI-054, LI-074, LI-124, YI-010.
[2308] CI-137, CI-140, LI-054, LI-074, LI-124, QI-103, QI-100, XI-008.
[2309] LI-054, XI-009, QM-013, V-098.
[2310] CI-137, XI-008.
[2311] LI-054.
[2312] LI-054, LI-089.
[2313] LI-089.
[2314] LI-054, QI-102, LM-007, V-159.
[2315] LI-054, QI-102, WI-044, BM-003, LM-007
[2316] BM-003, EM-001, QM-013

၁၀၂၈။ နိုင်ငံရပ်ခြား အကြမ်းဖက်အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု မရှိကြောင်း အာဆာအဖွဲ့မှ ငြင်းဆိုသော်လည်း[2317] ၂၀၁၇ခုနှစ် ဩဂုတ် ၂၅တိုက်ခိုက်မှုများအပြီးတွင် အယ်လ်-ကိုင်ဒါ ကဲ့သို့ နိုင်ငံတကာအစ္စလာမ္မစ်အကြမ်းဖက်အဖွဲ့အစည်းများက ရိုဟင်ဂျာများကို လူအများက ထောက်ခံမှုပေးရန် ကြေညာခဲ့ကြောင်း သတင်းထုတ်ပြန်မှုရှိခဲ့သည်။[2318] ထိုအချက်သည် မတောင်းဆိုဘဲဖြစ်ခဲ့သော ကိစ္စဖြစ်သည်ဟု ယူဆရသည်။ နောက်ရက်တွင်ပင် အာဆာက အယ်လ်-ကိုင်ဒါ၊ အစ္စလာမ္မစ်နိုင်ငံတော်အဖွဲ့ (Daesh သို့မဟုတ် ISIS)၊ လက်ရှ်ကာ-အီ-တိုင်ဘာနှင့် အခြားသော နိုင်ငံဖြတ်ကျော် အကြမ်းဖက်အုပ်စုများအားလုံးနှင့် ချိတ်ဆက်မှုမရှိကြောင်း ၎င်းတို့အနေဖြင့် "အဆိုပါအုပ်စုများ၏ အာရကန်ပဋိပက္ခတွင် ပါဝင်ပတ်သက်မှုကို မကြိုဆိုကြောင်း"[2319] မှတ်ချက်ပြုလျက် တိကျပြတ်သားစွာ ငြင်းဆိုထားသော၊ သတင်းထုတ်ပြန်ချက် တစ်ရပ်ထုတ်ပြန်ခဲ့သည်။ အောက်တွင်အကြမ်းဖော်ပြထားသည့် အာဆာအဖွဲ့၏ အင်အားမပြည့်စုံသော သဘောသဘာဝက အဆိုပါ အဆိုကို ယုံကြည်လက်ခံနိုင်မှု အားဖြည့်ပေးခဲ့ပြီး[2320] မစ်ရှင်အဖွဲ့အနေဖြင့် ထိုကဲ့သို့ ချိတ်ဆက်မှုရှိသည်ဟု ညွှန်ပြနေသည့် သတင်းအချက်အလက် တစုံတရာ မတွေ့ရှိခဲ့ပေ။ မည်သို့ဆိုစေ၊ အာဆာအဖွဲ့သည် ပြည်ပရောက် ရိုဟင်ဂျာများထံမှာ ငွေကြေးထောက်ပံ့မှုများရရှိခဲ့သည်။[2321]

၁၀၂၉။ အာဆာအဖွဲ့ဝင်များနှင့် ထောက်ခံသူများ တက်ရောက်ရရှိခဲ့သော သင်တန်းများမှာ အလွန်ပင် ကွဲပြားခြားနားသည်။ အာဆာအဖွဲ့ဝင်များ၏ အတွင်းပိုင်းအုပ်စုသည် လက်နက်အမျိုးမျိုးအပါအဝင် စစ်ရေးဆိုင်ရာ သင်တန်းအချို့ တက်ရောက်ရသည်။[2322] လက်နက်သင်တန်းတက်ရောက်ပြီးခဲ့သူအချို့သည် အများအားဖြင့် လက်နက်မပါဘဲ ကိုယ်နေဟန်ထားဖြင့် သစ်သားပုံစံတုများကိုသုံး၍ အခြားသူများအတွက် ပုံတူဆင့်ပွားသင်တန်းပေးရသည်။[2323] အခြားအဖွဲ့ဝင်များမှ မိမိကိုယ်ကိုခုခံကာကွယ်မှု၊ ဓါးအသုံးပြုမှု နှင့် လက်ချင်းတိုက်ခိုက်မှုတို့အတွက် အခြေခံ ညွှန်ကြားချက်များ ပံ့ပိုးရရှိကြသည်။[2324]

၁၀၃၀။ ၂၀၁၇ တိုက်ခိုက်မှုများမတိုင်ခင် အချိန်အနည်းငယ်အတွင်း နှိုးဆော်စည်းရုံးခံရသည့် အာဆာထောက်ခံသူများမှာ သင်တန်းတက်ရောက်ရခြင်းမရှိပဲ အဖွဲ့အကြောင်း သတင်းအချက်အလက်လည်း အနည်းငယ်သာ ရရှိခဲ့ကြသည်။[2325] လူငယ်အမျိုးသားတစ်ယောက် ရှင်းပြခဲ့သည်မှာ

> *ကျနော် အာဆာအဖွဲ့ထဲကို ၂၀၁၇ ဩဂုတ်လ တိုက်ခိုက်မှုတွေမဖြစ်ခင် လအနည်းငယ်မှာ ဝင်ရောက်ခဲ့တယ်။ ကျနော် ဘာသင်တန်း ဘာလက်နက် တစ်ခုမှ မရခဲ့ဘူး တိုက်ခိုက်မှုဖြစ်တဲ့ညမှာ၊ ကျနော့်ကို ကြိုပြီးအသိပေးမထားခဲ့ဘူး။ မနက် ၁နာရီလောက်မှာ ခပ်လှမ်းလှမ်းက သေနတ်သံတွေ ကျနော် ကြားလိုက်တယ်။ ခေါင်းဆောင်က*

[2317] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/12/2017 (14 September 2017) XI-007, XI-008, BM-025, V-099, V-100 V-101, ARSA ၏ တရားဝင်ဗီဒီယို (18 August 2017) https://www.youtube.com/watch?v=NJoWeV1DlFM&feature=youtu.be;
[2318] V-254, V-255.
[2319] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/12/2017 (14 September 2017)
[2320] BM-049.
[2321] BM-003, BM-025, QM-013, V-094.
[2322] CI-140, QI-099, BM-049.
[2323] LI-121, QI-102, BM-049.
[2324] CI-137, CI-140, QI-102, XI-008.
[2325] CI-141, LI-054, LI-089, LI-121, BM-049, V-075, V-102.

> *ကျနော့်အိမ်ကို မနက် ၃နာရီခွဲလောက်မှာ ရောက်လာပြီး လာခဲ့၊ တိုက်ကြမယ်လို့ပြောခဲ့တယ်။ ဒါပေမယ့် ကျနော့်မှာ မြေကြီးတူတဲ့ ကိရိယာလေးတစ်ခုပဲ ရှိတယ်။*[2326]

၁၀၃၁။ ၂၀၁၆ခုနှစ် အောက်တိုဘာလ ၉ရက် တိုက်ခိုက်မှုများ၏ ရည်မှန်းချက်တစ်ခုမှာ လက်နက်များ ရရန်ဖြစ်သည်။[2327] အဆိုပါ တိုက်ခိုက်မှုများအတွင်းတွင် အာဆာအဖွဲ့သည် မောင်တောမြို့နယ် ကျီးကန်းပြင် (တနားရှော့) ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဌာနချုပ်မှ အပါအဝင် သေနတ် အနည်းငယ်ရရှိခဲ့သည်။[2328]

၁၀၃၂။ ၂၀၁၇ ခုနှစ် တိုက်ခိုက်မှုများတွင်၊ အာဆာအဖွဲ့ဝင်အများစုမှာ သေနတ်မရှိခဲ့ပဲ၊[2329] တုတ်၊ဓါး၊ ဓါးရှည်၊လောက်လေးဂွနှင့် လက်လုပ်ဖောက်ခွဲရေးပစ္စည်းအချို့ကဲ့သို့ အိမ်တွင်းဖြစ် လက်နက်များ တပ်ဆင်ကိုင်ဆောင်ခဲ့ကြသည်။[2330] ပါဝင်သူအချို့က မှတ်ချက်ပြုခဲ့သည်မှာ ၂၀၁၆ခုနှစ် အောက်တိုဘာလနောက်ပိုင်း တပ်မတော်က ရိုဟင်ဂျာမိသားစုများထံမှ ဓါးများနှင့် အခြားထက်သောပစ္စည်းများကို သိမ်းယူခဲ့ခြင်းကို ထည့်သွင်းစဉ်းစားပါက ထိုကဲ့သို့သော အိမ်တွင်းဖြစ် လက်နက်များကိုပင် ရရှိရန်ခက်ခဲသည်ဟုဆိုသည်။[2331]

၁၀၃၃။ ကျေးရွာအဆင့်တွင် ပါဝင်ရန် လှုံ့ဆော်စည်းရုံးခံရသူများမှာ သင့်တော်သည့်အချိန်အခါတွင် လက်နက်များနှင့် စနစ်တကျသင်တန်းပေးမည်ဟု နောက်ဆုံးတွင် ဖြစ်မလာခဲ့သော်လည်း စိတ်ချစေရန် ပြောကြားခံခဲ့ရသည်။[2332] ပါဝင်သူတစ်ဦးက သူနှင့်အခြားသူများကို သင်တန်းနှင့် လက်နက်များ ပံ့ပိုးပေးမည်ဟု အာဆာအဖွဲ့ဝင်များက ပြောကြားခဲ့ကြောင်း ထွက်ဆိုခဲ့သည်။ "ဒါပေမယ့် သူတို့လုပ်ခဲ့သမျှအားလုံးက ကျွန်တော်တို့ကို တုတ်တစ်ချောင်းပေးပြီး ကျွန်တော်တို့က ဒါကို လက်နက်လို့ ဟန်ဆောင်ပြီးကိုင်ရမယ်လို့ ပြောခဲ့တာပဲရှိတယ်။ ကျွန်တော်တို့ ဘာသင်တန်း ဘာလက်နက်မှ မရခဲ့ဘူး"[2333]

၁၀၃၄။ အာဆာအဖွဲ့သည် လက်လုပ်ဖောက်ခွဲရေးပစ္စည်းအကြမ်းအချို့ ထုတ်လုပ်ရန်[2334] စွမ်းရည်အချို့ရှိခဲ့သည်။ သို့သော် ထုတ်လုပ်မှုတွင်ရော၊ အကောင်အထည်ဖော်မှုတွင်ပါ ထိုစွမ်းရည်မှာ စဉ်းစားဖွယ်ရာဖြစ်သည်။[2335] အာဆာအဖွဲ့ဝင်တစ်ယောက် အသေးစိတ်ရှင်းပြခဲ့သည်မှာ "လက်လုပ်ဖောက်ခွဲရေးပစ္စည်းတွေဟာ အဖွဲ့ဝင်တွေက ဒေသတွင်းမှာပဲ ပြုလုပ်ခဲ့ကြတာ အရမ်းအားမပြင်းကြဘူး။ ကျွန်တော်တို့က ဒါတွေကို စစ်တပ်ကို ခြောက်ဖို့အတွက်ပဲသုံးခဲ့တာ"[2336]။ ၄င်းပါဝင်ခဲ့သော တိုက်ခိုက်မှုတစ်ခုတွင် ဖောက်ခွဲရေးပစ္စည်းသည် ရည်ရွယ်ထားသော စစ်ဆေးရေးဂိတ်တွင် တိုက်ရိုက်မပေါက်ကွဲခဲ့ပဲ[2337]

---

[2326] LI-054.

[2327] LI-121, LI-122, XI-008; ကာကွယ်ရေးဦးစီးချုပ်၏ ဖေ့ဘုတ်တွင် တင်ခဲ့သော ပို့စ်များကို ဖြုတ်ပစ်ခဲ့သည်။ မစ်ရှင်ထံတွင် ဖိုင်များရှိသည်။

[2328] LI-121, LI-122, BM-003, အစိုးရ၏ တရားဝင်ထုတ်ပြန်ချက်များအရ အာဆာမှ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့ တိုက်ခိုက်မှုတွင် သေနတ် ၆၅ မှ ၆၈ လက်နှင့် ခဲယမ်းကျည်အများအပြား လုယူသွားခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့တွင် ၎င်းတို့အထဲမှ ၃၇ လက်ကို ပြန်လည်သိမ်းဆည်းရခဲ့သည်ဟုဆိုသည်။ ကာကွယ်ရေးဦးစီးချုပ်၏ ဖေ့ဘုတ်တွင် တင်ခဲ့သော ပို့စ်များကို ဖြုတ်ပစ်ခဲ့သည်။ မစ်ရှင်ထံတွင် ဖိုင်များရှိသည်။

[2329] CI-140, LI-089, QI-099, QI-103, XI-007, BM-025.

[2330] CI-137, CI-140, QI-102, QI-103, XI-007, XI-008.

[2331] LI-054, ဤအပိုင်းကိုကြည့်ပါ။ အပိုင်း D.2.b: ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ကို ဖြစ်လာစေမှု

[2332] LI-054, LI-089, CI-137.

[2333] LI-089.

[2334] CI-022, CI-137, CI-140, QI-099, XI-007, BM-003.

[2335] CI-140, V-102

[2336] CI-140.

[2337] CI-140.

စစ်တပ်ဘက်မှ ထိခိုက်သေကြေမှု သတင်းလည်းမရရှိခဲ့ပေ။ မြန်မာအစိုးရ၏ အာဆာတိုက်ခိုက်မှုများစာရင်းတွင် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ အာဆာအဖွဲ့မှ အသုံးပြုခဲ့မှုကို ဖော်ပြထားစေကာမူ၊ လက်လုပ်ဖောက်ခွဲရေးပစ္စည်းတစ်ခုကြောင့် ဖြစ်ရသည်ဟု သတင်းပေးပို့ထားသည့် သေကြေထိခိုက်ရသူများကို မြန်မာလုံခြုံရေးတပ်ဖွဲ့များမှ အတည်ပြုနိုင်ခဲ့ခြင်းမရှိပေ။[2338]

၁၀၃၅။ မြန်မာအစိုးရက ၂၀၁၇ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း "သေနတ်မျိုးစုံ ၁၅လက်၊ ခဲယမ်းမီးကျောက် ၉၇ ခု" "အိမ်တွင်းဖြစ် လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ ၆၇ ခု"[2339] ၎င်းတို့သိမ်းဆည်းရရှိသည်ဟု သတင်းထုတ်ပြန်ခဲ့သည်။ ထိုကိန်းဂဏန်းများက အထူးသဖြင့် ထိုစဉ်က တပ်မတော်၏ စစ်ရေးဆောင်ရွက်နိုင်စွမ်းနှင့် နှိုင်းယှဉ်စရာ ဆန့်ကျင်ဘက် ဖြစ်နေသည့် အာဆာအဖွဲ့၏ လက်နက်အင်အားကို သရုပ်ဖော်ပြနေသည်။ အစိုးရ၏ စုံစမ်းစစ်ဆေးရေးအစီရင်ခံစာတွင် ဖော်ပြထားသော သိမ်းဆည်းရမိသည့် လက်နက်များ၏ဓါတ်ပုံများက ခေတ်မီချေမှုန်းရေးရိုင်ဖယ် သေနတ်တစ်လက်၊ တုတ်ချောင်းများနှင့် လက်လုပ် အသွားထက် လက်နက်များကို ပြသသည်။[2340]

*၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ရက်နေ့ အာဆာတိုက်ခိုက်မှုများ*

၁၀၃၆။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ရက်တွင် အာဆာအဖွဲ့သည် ကျီးကန်းပြင်ကျေးရွာ (မောင်တောမြို့နယ်) ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ဌာနချုပ်များ၊ ငါးခူရကျေးရွာ (မောင်တောမြို့နယ်) မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းနှင့် ကိုးတန်ကောက် (ရသေ့တောင်မြို့နယ်)[2341] မှ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းတို့ကို တိုက်ခိုက်မှု ၃ခု စတင်ပြုလုပ်ခဲ့သည်။ တိုက်ခိုက်မှု ၃ခုလုံးမှာ အဓိကအားဖြင့် တုတ်များ၊ဓါးများနှင့် သေနတ်အနည်းငယ် ကိုင်ဆောင်ထားသော တိုက်ခိုက်ရေးသမားများဖြင့် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ နှစ်ဘက်စလုံးတွင် ထိခိုက်သေကျေမှုများရှိခဲ့ကြသည်။[2342] အစိုးရ၏သတင်းထုတ်ပြန်ချက်များအရ ရဲအရာရှိ

---

[2338] သတင်းပြန်ကြားရေးကော်မတီမှ ထုတ်ပြန်ထားသော အောက်ပါ ပို့စ်များအားလုံးကို ကြည့်ပါ။ " ကြားဖြတ်အထူးသတင်း အမှတ် ၇ - အစွန်းရောက်အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခံရပြီးနောက် အစွန်းရောက်သောင်းကျန်းသူများ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေ။" (Facebook Post, 26 August 2017), https://www.facebook.com/InfomationCommittee/posts/786695324836909; "ကြားဖြတ်အထူးသတင်း အမှတ် ၈ - အစွန်းရောက်သောင်းကျန်းသူများ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေ။"(Facebook Post, 26 August 2017), https://www.facebook.com/InfomationCommittee/posts/786222098217565; "ကြားဖြတ်အထူးသတင်း အမှတ် ၁၀ - အကြမ်းဖက်သူများ မောင်တောကို ဖျက်ဆီးရန် ကြိုးပမ်း" (Facebook post, 27 August 2017), https://www.facebook.com/InfomationCommittee/posts/786691611503947; "ကြားဖြတ်အထူးသတင်း အမှတ် ၁၂ - အစွန်းရောက်သောင်းကျန်းသူများ အကြမ်းဖက်တိုက်ခိုက်မှုများ ဆက်လက်ပြုလုပ်နေ။" (Facebook post, 29 August 2017), https://www.facebook.com/InfomationCommittee/posts/787636841409424; "ကြားဖြတ်အထူးသတင်း အမှတ် ၁၄ - အကြမ်းဖက်သောင်းကျန်းသူများ၏ လျှို့ဝှက်စခန်းများ တွေ့ရှိဖေါ်ထုတ်၊ နိုင်ငံတကာ အဖွဲ့အစည်းများမှ ပံ့ပိုးထားသော ပစ္စည်းများ သိမ်းဆည်းရရှိ" (Facebook post, 30 August 2017), https://www.facebook.com/InfomationCommittee/posts/787634948076280; "ကြားဖြတ်အထူးသတင်း အမှတ် ၁၇ - အာဆာအစွန်းရောက် သောင်းကျန်းသူများ အိမ်များကို မီးဆက်လက်ရှို့လျက်ရှိ" (Facebook post, 30 August 2017), https://www.facebook.com/InfomationCommittee/posts/788328661340242

[2339] Global New Light of Myanmar, "ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်" (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)

[2340] Global New Light of Myanmar, "ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်" (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)

[2341] CI-118, CI-119, သတင်းပြန်ကြားရေးကော်မတီ - မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ (Facebook Post, 2017), https://www.facebook.com/InfomationCommittee/posts/665265300313246; K-154.2

[2342] CI-137, LI-121, LI-122

၉ယောက်နှင့် ရန်ပြုတိုက်ခိုက်သူ ၈ယောက်သေဆုံးခဲ့ကြောင်းသိရသည်။[2343] အာဆာအဖွဲ့က အဆိုပါတိုက်ခိုက်မှုများအတွက် တာဝန်ယူကြောင်း ထွက်ဆိုခဲ့သည်။[2344] တုန့်ပြန်မှုအနေဖြင့် စစ်တပ်နှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့က အာဆာအဖွဲ့မှ လုယူသွားခဲ့သော သေနတ်များနှင့် ခဲယမ်းမီးကျောက်များ ပြန်လည်သိမ်းပိုက်ရန်ဟု ထုတ်ဖော်ထားသည့် ရည်ရွယ်ချက်ဖြင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" စတင်ဆောင်ရွက်ခဲ့ကြသည်။[2345]

၁၀၃၇။ အစိုးရက အာဆာအဖွဲ့ တိုက်ခိုက်မှုများတွင် လက်လုပ် ဖောက်ခွဲရေးပစ္စည်းများ ပါဝင်သည်ဟု စွပ်စွဲခဲ့ပြီး ၂၀၁၆ခုနှစ် နိုဝင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်များတွင် ဖြစ်ပွားခဲ့သော လုံခြုံရေးတပ်ဖွဲ့ ယာဉ်တန်းကို ခြုံခိုတိုက်ခိုက်မှုတွင် စစ်သား ၂ဦး သေဆုံး ခဲ့သည်။[2346]မစ်ရှင် အဖွဲ့အနေဖြင့် အဆိုပါ ဖြစ်ပွားမှုများကို အခိုင်အမာ အတည်မပြုနိုင်ခဲ့ပါ။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၄ ရက် တပ်မတော်မှထုတ်ပြန်ခဲ့သော ကြေညာချက်အရ အောက်တိုဘာလနှင့် နိုဝင်ဘာလ တိုက်ခိုက်မှုများက အာဆာတိုက်ခိုက်ရေးသမား ၆၉ ဦး၊ တပ်မတော် စစ်သား ၇ ဦးနှင့် ရဲအရာရှိ ၁၀ ဦးတို့ သေဆုံးခဲ့ပြီး၊ တပ်မတော်သား ၅ ဦးနှင့်ရဲအရာရှိ ၆ဦးတို့ ဒဏ်ရာရရှိကာ ရိုဟင်ဂျာ ၂၃၄ ဦး ဖမ်းဆီးခံခဲ့ရသည်။[2347]

*၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ အာဆာတိုက်ခိုက်မှုများ*

၁၀၃၈။ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ ရက် အစောပိုင်းတွင် အာဆာအဖွဲ့က ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ လုံခြုံရေးကင်းစခန်း ၃၀ ဝန်းကျင်ကို တိုက်ခိုက်ခဲ့သည်။ အာဆာအဖွဲ့က နောက်ဆက်တွဲအနေဖြင့် တိုက်ခိုက်မှုများနှင့် ဆက်စပ်ပတ်သက်မှုကို တာဝန်ယူကြောင်း ကြေညာထွက်ဆိုခဲ့သည်။[2348] အဓိကကျသော တိုက်ခိုက်မှုများမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် အစောပိုင်းနာရီများတွင် စတင်ဖြစ်ပွားခဲ့ကြောင်းနှင့် နောက်ဆက်တွဲတိုက်ခိုက်မှုများလည်း နောက်ပိုင်းရက်များဖြစ်သည့် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၇ နှင့် ၂၈ ရက်များတွင် ဖြစ်ပွားခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်ရုံးက ဩဂုတ်လ ၂၅ရက်တွင် "ထိတွေ့မှု" ၃၈ ခု[2349] ဖြစ်ပွားခဲ့ကြောင်း ရှင်းလင်းထွက်ဆိုခဲ့သည်။ ၂၀၁၇နိုဝင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် တပ်မတော် စုံစမ်းစစ်ဆေးရေးအဖွဲ့ လေ့လာတွေ့ရှိချက်များက ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ ရက်နှင့် စက်တင်ဘာလ ၅ ရက်အတွင်း "ထိတွေ့မှု" ၉၄ ခု ရှိခဲ့ကြောင်းတင်ပြထားသည်။[2350] မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါ ကိန်းဂဏန်းများကို အတည်ပြုနိုင်ခြင်းမရှိခဲ့ပါ။

---

2343 သတင်းပြန်ကြားရေးကော်မတီ - "မောင်တောစုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကြားဖြတ်အစီရင်ခံစာ၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံ" (Facebook post, 3 January 2017) https://www.facebook.com/InfomationCommittee/posts/665265300313246

2344 K-154.2.

2345 V-068; ၂၀၁၆ ခုနှစ် အကြမ်းဖက်မှု အခန်း၊ အပိုင်း D.2.a တွင်ကြည့်ပါ။

2346 ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်သော သတင်း (ဖေ့ဘုတ်ပို့စ်မှာ အသက်မဝင်တော့ပါ။) မစ်ရှင်ထံတွင် ဖိုင်သိမ်းဆည်းထားပါသည်။

2347 ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်သော သတင်း (ဖေ့ဘုတ်ပို့စ်မှာ အသက်မဝင်တော့ပါ။) မစ်ရှင်ထံတွင် ဖိုင်သိမ်းဆည်းထားပါသည်။

2348 K-154.2.

2349 ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်သော သတင်း (ဖေ့ဘုတ်ပို့စ်မှာ အသက်မဝင်တော့ပါ။) မစ်ရှင်ထံတွင် ဖိုင်သိမ်းဆည်းထားပါသည်။.

2350 Global New Light of Myanmar, "ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန်ထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်" (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)

၁၀၃၉။ ရွေးချယ်ခံရသည့် ပစ်မှတ်အများစုမှာ ခြွင်းချက်အနေဖြင့် ဘူးသီးတောင်မြို့နယ် ခြင်းသမားကျေးရွာအုပ်စုမှ စစ်အခြေစိုက်စခန်း ၅၂၂ မှလွဲ၍ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းများနှင့် စစ်ဆေးရေးဂိတ်များဖြစ်ကြသည်။ အဆိုပါတိုက်ခိုက်မှုများမှာ အာဆာအဖွဲ့ဝင်များက ထောက်ခံရန် လှုံ့ဆော်စည်းရုံးထားသော ဒေသခံကျေးရွာသားများနှင့်အတူ ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။[2351] မစ်ရှင်အဖွဲ့အနေဖြင့် စစ်အခြေစိုက်စခန်း ၅၂၂ ကို တိုက်ခိုက်မှု အပါအဝင် သီးခြားတိုက်ခိုက်မှု ၁၇ခုကို အတည်ပြုနိုင်ခဲ့သည်။ ယုံကြည်နိုင်သည့် သတင်းအချက်အလက်များက နောက်ထပ် တိုက်ခိုက်မှု ၁၇ ခုလည်း ဖြစ်ပွားခဲ့သည်ဟုဆိုခဲ့သည်။ အစိုးရက မူလတွင် ရန်ပြုတိုက်ခိုက်သူများ၏ အရေအတွက်မှာ အချို့နေရာများတွင် ၁၀ဦးမှ၂၀ဦး၊ အခြားနေရာများတွင် ၁၀၀မှ ၃၀၀ဦးကြားနှင့် မောင်တောမြို့နယ် မြင်းလွတ် (မေယုလာ) ကျေးရွာတွင် ၁၀၀၀ခန့် ထိရှိနိုင်သည်ဟု ခန့်မှန်းတွက်ချက်ထားခဲ့သည်။ မည်သို့ဆိုစေ တပ်မတော်၏ စုံစမ်းစစ်ဆေးရေးအဖွဲ့ကမူ ဩဂုတ်လ ၂၅ရက်က ၆,၂၀၀နှင့် “၁၀,၀၀၀ ထက်ပိုသော” အာဆာအဖွဲ့ဝင်များဟု ရည်ညွှန်းခဲ့သည်။[2352] မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါ ကိန်းဂဏန်းများကို အတည်မပြုနိုင်ခဲ့ပေ။ အစိုးရက ၂၀၁၇ခုနှစ် စက်တင်ဘာလ ၅ ရက်တွင် ထိုးစစ်များ အဆုံးသတ်ခဲ့သည်ဟု တရားဝင် ကြေညာခဲ့သော်လည်း[2353] တပ်မတော် “နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ” ထိုရက်စွဲနောက်ပိုင်း အချိန်အတော်ကြာအထိ ဆက်လက်ဖြစ်ပွားနေခဲ့သည်။[2354] ဩဂုတ်လ ၂၅ ရက် “ထိတွေ့မှုများ”တွင် တပ်မတော်မှ ထိခိုက်သေကျေမှုများ ခံစားခဲ့ရကြောင်းညွှန်ပြနေသည့် အချက်များမရှိခဲ့ပေ။ မစ်ရှင်အဖွဲ့အနေဖြင့် စက်တင်ဘာလအတွင်းတွင် အာဆာအဖွဲ့နှင့် ထိပ်တိုက်ရင်ဆိုင်တွေ့မှု သို့မဟုတ် ထိုးစစ်များ ဆက်လက်ဖြစ်ပွားနေခဲ့သည်ဟူသော အစိုးရ၏ပြောဆိုချက်ကို အထောက်အထား ခိုင်လုံစွာပြသရန် ယုံကြည်ရသည့် သတင်းအချက်အလက်များ ရှာဖွေတွေ့ခဲ့ခြင်းမရှိပေ။

၁၀၄၀။ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၀ ရက်တွင် အာဆာအဖွဲ့က “လူသားခြင်းစာနာမှု ဆောင်ရွက်သူများအနေဖြင့် အာရ်ကန်ပြည်နယ်အတွင်း လူသားချင်းစာနာမှုကပ်ဘေးကို လက်လှမ်းမီနိုင်စေရန်နှင့် အရေးယူဆောင်ရွက်ရန်”[2355] တစ်လကြာ အပစ်အခတ်ရပ်စဲရေး ကြေညာခဲ့သည်။ ရပ်နားမှုအတွက် သတ်မှတ်ထားသော နောက်ဆုံးအချိန်ကျော်လွန်ခဲ့ချိန်တွင်၊ ရန်လိုတိုက်ခိုက်မှုများ ဆက်လက်မဖြစ်ပွားခဲ့ပေ။ မည်သို့ပင်ဖြစ်စေ ၄လကြာပြီးနောက် ၂၀၁၈ခုနှစ် ဇန်နဝါရီတွင်၊ အာဆာအဖွဲ့က မောင်တောမြို့နယ် မြောက်ပိုင်း စန်းခါးပင်ရင်း ကျေးရွာအုပ်စုမှ တူရိန်ကျေးရွာတွင် စစ်တပ်ယာဉ်တန်းတစ်ခုကို ချုံခိုတိုက်ခိုက်မှုအတွက် တာဝန်ယူကြောင်းကြေညာခဲ့သည်။ ထိုချုံခိုတိုက်ခိုက်မှု၏ ဗွီဒီယိုဖိုင်တွင် အာဆာအဖွဲ့အမှတ်တံဆိပ်တပ်ထားသော တိုက်ခိုက်ရေးသမားအချို့က စစ်တပ်ယာဉ်ကို

[2351] QI-099.

[2352] Global New Light of Myanmar, “ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်” (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)

[2353] “အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးအပေါ်တွင် အစိုးရ၏ အားထုတ်မှုများနှင့် ပါတ်သက်၍ ပြည်ထောင်စုသမတ မြန်မာနိုင်ငံ နိုင်ငံတော်၏ အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်မှ ပြောကြားသောမိန့်ခွန်း” (Facebook post, 19 September 2017), https://www.facebook.com/state.counsellor/posts/speech-delivered-by-her-excellency-daw-aung-san-suu-kyi-state-counsellor-of-the-/1121130291354519.

[2354] ဥပမာအားဖြင့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ “စက်တင်ဘာ ၅ ရက်နေ့မှစ၍ ထိတွေ့မှုများ စတင်ကျဆင်း” ဟုပြောခဲ့သည်။ (Facebook post ဖိုင် မစ်ရှင်ထံတွင်ရှိသည်။) CI-043, QI-008, QI-010, QI-011, QI-025, QI-061, QI-062

[2355] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/10/2017 (10 September 2017)

ချုံခိုတိုက်ခိုက်နေကြပုံများ ပါဝင်ခဲ့ကြသည်။[2356] ထိခိုက်သေကျေမှုများ သတင်းပေးပို့မှုမရှိခဲ့ပေ။[2357]

၁၀၄၁။ အစိုးရထုတ်ပြန်ချက်အရ ၂၀၁၇ခုနှစ် တိုက်ခိုက်မှုများတွင် ရန်ပြုတိုက်ခိုက်သူများ ၃၇၆ ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ၁၃ ဦး သေဆုံးခဲ့ကြပြီး၊ သေနတ်မျိုးစုံ ၁၅ လက်၊ လက်နက်ခဲယမ်း ၉၇ ခု၊ ယမ်းမှုန့် ၁၀ ထုပ်နှင့် လက်လုပ်မိုင်း ၆၇ ခုတို့ကို အာဆာအဖွဲ့ဝင်များဟု စွပ်စွဲထားသူများထံမှ သိမ်းဆည်းရမိသည်ဟု ဆိုသည်။[2358]

၁၀၄၂။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက် တိုက်ခိုက်မှုများနောက်ပိုင်းတွင် အစိုးရက အာဆာအဖွဲ့ကို "အကြမ်းဖက်အဖွဲ့အစည်း" တစ်ဖွဲ့အဖြစ် ကြေညာခဲ့ပြီး၊ ထိုအကြောင်းကြောင့် အမျိုးသားလုံခြုံရေးအတွက် ခြိမ်းခြောက်မှုဖြစ်သည်ဟုဆိုသည်။[2359] အာဆာထောက်ခံသူများသည် အကြမ်းဖက်မှုလုပ်ရပ်များအတွက် တရားခံအဖြစ် ဖမ်းခံရနိုင်ပြီး အာဆာအဖွဲ့မှ ပြုလုပ်ခဲ့သော တိုက်ခိုက်မှုများမှာ မြန်မာနိုင်ငံ၏ ပြစ်မှုဥပဒေ သို့မဟုတ် ၂၀၁၄ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ တို့အရ ရာဇဝတ်မှုအဖြစ် ပြစ်မှုမြောက်သည်။[2360]

၁၀၄၃။ အာဆာအဖွဲ့က ၂၀၁၇ခုနှစ် တိုက်ခိုက်မှုများသည် ၎င်းတို့အမြင်အရ ရိုဟင်ဂျာများအပေါ် ယခင်လများ သီတင်းပတ်များအတွင်း တိုးမြင့်လာသော ဖိနှိပ်မှုများ၊ ထင်ရာမြင်ရာ ဖမ်းဆီးမှုများနှင့် စစ်ကြောမေးမြန်းမှုများ၊ ခြိမ်းခြောက်ငွေညှစ်မှုများ၊ လွတ်လပ်စွာသွားလာခွင့်အပေါ် ပိတ်ပင်ကန့်သတ်ချက်များ တိုးမြင့်လာခြင်းနှင့် လူများပျောက်ဆုံးရမှုများအပေါ် တုန့်ပြန်မှုဖြစ်သည်ဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာရှိ ရိုဟင်ဂျာများကို "ဝန်းရံပိတ်ဆို့ထားမှု" သည် အထူးအကျိုးသက်မှုဖြစ်စေခဲ့သည် ဟုယူဆရသည်။[2361] ၂၀၁၇ ဩဂုတ် ၁၅ ရက်တွင် အတ္တာအူလာသည် လက်နက်ကိုင် တိုက်ခိုက်ရေးသမား ၄ ဦးနှင့်အတူ ဗွီဒီယိုဖိုင်တစ်ခုတွင် ပေါ်လာခဲ့ပြီး မြန်မာအစိုးရနှင့် စစ်တပ်တို့အနေဖြင့် မတရားပြုမှုများ ပြုလုပ်နေခြင်းကို ရပ်တန့်ရန် သတိပေးခဲ့သည်။ ရိုဟင်ဂျာများကို ဖိနှိပ်ညှင်းပန်းခြင်းနှင့် ကာလရှည်ကြာ ဒုက္ခဆင်းရဲခံစားနေကြရခြင်းများကို ပြောဆိုခဲ့ပြီး စေတီပြင်ကျေးရွာအား "ဝန်းရံပိတ်ဆို့ထားမှု" ကို ရပ်တန့်ရန် မြန်မာအစိုးရကို တိုက်တွန်းပြောဆိုခဲ့သည်။[2362]

၁၀၄၄။ ၂၀၁၇ ခုနှစ် ဩဂုတ်လ အစောပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် စစ်တပ်၏ "လှုပ်ရှားမှုများ အမြောက်အမြား တိုးမြင့်လာမှု"နှင့် တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ၏ ဖိနှိပ်ညှင်းပန်းမှုများ တိုးမြင့်လာမှုတို့သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်ဟောင်း

---

[2356] BM-049.

[2357] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/23/2018 (7 January 2018) ကို ကြည့်ပါ။ သတင်းထုတ်ပြန်ရေးကော်မတီ - သတင်းထုတ်ပြန်ရေးကော်မတီ "စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေပြီဖြစ်သည့် လက်နက်ကိုင်သောင်းကျန်းသူ အုပ်စုတစု၏ တိုက်ခိုက်မှုကြောင့် စစ်သားများနှင့် အရပ်သားများ ထိခိုက်ဒဏ်ရာရရှိ" ကို ကြည့်ပါ။ (Facebook Post, 5 January 2018), https://www.facebook.com/InfomationCommittee/photos/a.639477959558647.1073741828.639456206227489/855053054667802/; ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ထုတ်ပြန်သော သတင်း ဖေ့ဘုတ်ပို့စ်။ မစ်ရှင်ထံတွင် ဖိုင်သိမ်းဆည်းထားပါသည်။

[2358] Global New Light of Myanmar, "ရခိုင်ပြည်နယ် မောင်တောဒေသတွင် အကြမ်းဖက်တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ ဆောင်ရွက်မှုနှင့်ပါတ်သက်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များအပေါ် တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့မှ သတင်းထုတ်ပြန်ချက်" (၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၄ ရက်နေ့)

[2359] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် အကြမ်းဖက်သောင်းကျန်းသူ တိုက်ဖျက်ရေးကော်မတီ ကြေညာချက် အမှတ် ၁/၂၀၁၇ (27 Aug 2017) http://www.statecounsellor.gov.mm/en/node/968.

[2360] V-120.

[2361] ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်နေ့ ဖြစ်တည်လာခဲ့မှု အခန်း၊ အပိုင်း D.2.b ကိုကြည့်ပါ။

[2362] XI-007, V-101

ကိုဖီအာနန် ဦးဆောင်သည့် ရခိုင်ပြည်နယ် အကြံပေးကော်မရှင်၏ အကြံပြုချက်များ နှင့်လုပ်ငန်းများကို "လမ်းချော်စေ" ရန် အားထုတ်မှုတစ်ခုဖြစ်သည်ဟု အာဆာက ထုတ်ဖော် ပြောကြားခဲ့သည်။[2363] ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာက[2364] ဥပမာအားဖြင့် ရိုဟင်ဂျာများအတွက် နိုင်ငံသားအဖြစ် သတ်မှတ်ပေးရေး[2365] အပါအဝင် အကြံပြုချက်များ ပါဝင်သော ရခိုင်ပြည်နယ် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖြေရှင်းနည်းများ စီစဉ်တင်ပြပေးခဲ့သည်။ အာဆာတိုက်ခိုက်မှုများသည် ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၄ရက်က ရန်ကုန်မြို့တွင် ကော်မရှင်၏ အပြီးသတ်အစီရင်ခံစာ ထုတ်ပြန်အပြီး နာရီအနည်းငယ်အတွင်း စတင်ခဲ့ခြင်းဖြစ်သည်။

၁၀၄၅။ အာဆာက ၎င်းတို့၏တိုက်ခိုက်မှုများသည် ကော်မရှင် အစီရင်ခံစာနှင့် ချိတ်ဆက်မှု ရှိသည်ဆိုခြင်းကို ငြင်းပယ်ခဲ့သည်။ ၎င်းတို့အနေဖြင့် ဩဂုတ်လ ၂၅ ရက်တွင် လက်လုပ်ဖောက်ခွဲရေးပစ္စည်း မတော်တဆ ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ပြီး တပ်မတော်က ၎င်းတို့၏ လှုပ်ရှားမှုများကို သတိထားမိသွားလိမ့်မည်ဟု အာဆာခေါင်းဆောင်ပိုင်းအတွင်း မြင့်တက်လာသော စိုးရိမ်မှုများကြောင့် ချက်ချင်းလက်ငင်း ဆောင်ရွက်ခဲ့ခြင်း ဖြစ်ခဲ့ပုံရသည်။[2366] ထိုပေါက်ကွဲမှုဖြစ်ပွားပြီး အချိန်အနည်းငယ်အကြာတွင် အာဆာ "ကာလပ်စည်း" ခေါင်းဆောင်များကို ရွာသားများအား လှုံ့ဆော်စည်းရုံးရန် အမိန့်ပေးချက်တစ်ခု သတင်းပို့ အက်ပလီကေးရှင်း တစ်ခုမှတဆင့် ပေးပို့ခဲ့သည်ဟု ယူဆရသည်။[2367] မည်သို့ဆိုစေ အဆိုပါ ပေါက်ကွဲမှုသည် နောက်ထပ် ၁ ရက်မှ ၂ ရက်အတွင်း ဖြစ်ပေါ်စေရန် စီစဉ်ထားသည်ဟု ယူဆရသည်။

၁၀၄၆။ အာဆာအနေဖြင့် တင်းကျပ်စွာ ထိန်းချုပ်ထားပြီး စစ်တပ်များတပ်စွဲထားသော ပတ်ဝန်းကျင်အခြေအနေတွင် စစ်ရေးလုပ်ဆောင်နိုင်စွမ်း အနည်းငယ်မျှဖြင့် ညှိနှိုင်းချိတ်ဆက် တိုက်ခိုက်မှုများကို တပြိုင်တည်း အနှံ့အပြား ပြုလုပ်နိုင်ခဲ့သည်။ တိုက်ခိုက်မှုများသည် အဓိကအားဖြင့် အများစုက တုတ်ဓါးများ စွဲကိုင်ထားကြသည့် လေ့ကျင့်ထားခြင်းမရှိသော အရပ်သားများဖြင့် "ပြောက်ကျား"နည်းနာများကို အသုံးပြုခဲ့ကြသည်။ အာဆာတိုက်ခိုက်မှုများသည် ၎င်းတို့၏ ကျဆုံးမှုများနှင့်ယှဉ်လျှင် တပ်မတော်ဘက်ကို ထိခိုက်သေကျေမှု အနည်းအကျဉ်းသာ ဖြစ်စေခဲ့သည်။

၁၀၄၇။ ထို့ကြောင့် အာဆာတိုက်ခိုက်မှုများ၏ ရည်မှန်းချက်များသည် စစ်ရေးဆိုင်ရာအရ မဖြစ်နိုင်ပဲ ရိုဟင်ဂျာများ၏ အခြေအနေအပေါ် ထပ်မံ၍ ကမ္ဘာလုံးဆိုင်ရာ အလေးပေးအာရုံစိုက်မှု ရယူရေးဟူသည့် ပိုမိုကျယ်ပြန့်သော ပန်းတိုင်ဖြင့် (၂၀၁၆ခုနှစ် အောက်တိုလတွင်းက ကဲ့သို့) တပ်မတော်၏တုန့်ပြန်မှုများကို ဆွဲထုတ်ရန် ရည်ရွယ်သည်ဟု ယူဆရသည်။[2368] အာဆာအဖွဲ့ဝင်တစ်ဦးပြောဆိုချက်အရ

> *တိုက်ခိုက်မှုတွေရဲ့ အဓိကရည်ရွယ်ချက်က (တပ်မတော်၏) တုန့်ပြန်မှုတွေဟာ လူမဆန်အောင် ဖြစ်လိမ့်မယ်ဆိုတာ ကျနော်တို့ သိထားပြီးတဲ့အတိုင်း နိုင်ငံတကာ အာရုံစိုက်မှုကိုရယူဖို့ပဲ၊ တကယ်လို့ ကမ္ဘာကြီးက သူတို့ရဲ့ တုန့်ပြန်မှုတွေကို မြင်ရင်*

---

[2363] ARSA ထုတ်ပြန်ကြေညာချက် (25 August 2017) (https://twitter.com/ARSA_Official/status/900904120076435457)
[2364] V-119.
[2365] BM-025, V-117.
[2366] CI-140, LI-121, QI-099, XI-008.
[2367] V-068.
[2368] CI-137, CI-140, XI-008, XI-009, EM-001.

*နောက်ဆုံးမှာ ကျနော်တို့ရဲ့ ဆင်းရဲဒုက္ခကို နားလည်လာမလားလို့ ကျွန်တော်တို့ မျှော်လင့်ခဲ့ကြတယ်။*[2369]

၁၀၄၈။ အချို့သော အာဆာအဖွဲ့ဝင်များက တိုက်ခိုက်မှု၏ ရည်ရွယ်ချက်မှာ ရိုဟင်ဂျာအရေးကို အာရုံစိုက်မှုရရေး ဖြစ်သောကြောင့် ၂၀၁၇ တိုက်ခိုက်မှုများတွင် တပ်မတော်ကို လက်နက်များသုံး၍ မတိုက်ရန် ညွှန်ကြားချက်တစ်ခု ရှိခဲ့ကြောင်း မှတ်ချက်ပြုပြောခဲ့သည်။[2370] အချို့လက်နက်များကို သုံးစွဲခဲ့သည်ကို ထည့်သွင်းစဉ်းစားပါက အဆိုပါညွှန်ကြားချက်ကို အားလုံးက လိုက်နာခဲ့မှုရှိမရှိ မသိရစေကာမူ၊ ထိုအချက်သည် အာဆာ၏ စစ်ဆင်ရေးသည် စစ်ရေးအောင်မြင်မှုရရှိရန်ထက် အာရုံစိုက်မှုရယူရန်ရည်မှန်းသည်ဟူသည့် ကောက်ချက်ကို အားဖြည့်ပေးသည်။

၁၀၄၉။ ၂၀၁၇ ဩဂုတ်လ တိုက်ခိုက်မှုများတွင် အခြား အာဆာ ပါဝင်သူတစ်ဦးက အောက်ပါအတိုင်း ထူးခြားသည့် သွင်ပြင်လက္ခဏာကိုဖော်ပြခဲ့သည်။

*ကျွန်တော်တို့ အမျိုးသားအုပ်စုတစ်စုဟာ စစ်ဆေးရေးဂိတ်ကို တုတ်တွေ ခဲတွေကိုင်ပြီး ချဉ်းကပ်ခဲ့ကြတယ်။ ဒါပေမယ့် နောက်တော့ စစ်တပ်က ပစ်ခတ်မှုတွ စခဲ့တယ်။ ကျွန်တော်တို့မှာ တုတ်နဲ့ ခဲတွေပဲရှိခဲ့လို့ ကျွန်တော်တို့ မတုန့်ပြန်နိုင်ခဲ့ဘူး။ တကယ်တော့ ကျွန်တော်တို့ဘက်က စစ်ရေးတိုက်ခိုက်မှု လုပ်ခဲ့တာနဲ့ မတူပါဘူး။ ကျွန်တော်တို့ ရပိုင်ခွင့်တွေကို ပြန်တောင်းဆိုဖို့ ဆန္ဒကျင်ဆန္ဒပြတာ ဒါမှမဟုတ် အုံကြွတာပါပဲ။*[2371]

*အာဆာအဖွဲ့မှ ကျူးလွန်ခဲ့သည်ဆိုသော လူ့အခွင့်အရေး မတရားပြုမှု စွပ်စွဲချက်များ*

၁၀၅၀။ ။ အာဆာအဖွဲ့အနေဖြင့် ရိုဟင်ဂျာလူထုအပေါ်နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ အခြား လူနည်းစုတိုင်းရင်းသားအုပ်စုများ အပေါ်ကိုပါ မတရားမှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသည်။ အဆိုပါ စွပ်စွဲချက်များသည် လေးနက်မှုရှိပြီး စုံစမ်းစစ်ဆေးမှု အပြည့်အစုံပြုလုပ်ရန် အကြောင်းခိုင်လုံစေသည်။ မစ်ရှင်အဖွဲ့ကိုယ်တိုင်သည်လည်း မြန်မာ နိုင်ငံသို့ လက်လှမ်းမီရောက်နိုင်မှု မရှိခြင်းကြောင့် လုပ်ကိုင်ဆောင်ရွက်ရန် ဘောင်ကျဉ်းမြောင်းခဲ့ရသည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွင်း ရခိုင်ပြည်နယ်မှ အခြေအနေများအပေါ် စုံစမ်းစစ်ဆေးမှုအတွက် ဘင်္ဂလားဒေ့ရှ်သို့ ရိုဟင်ဂျာများ အစုလိုက်အပြုံလိုက် ထွက်ခွာရမှုကြောင့်၊ မစ်ရှင်အဖွဲ့အနေဖြင့် အရေအတွက် မြောက်မြားစွာသော ရိုဟင်ဂျာ နစ်နာခံစားရသူများကို ထိတွေ့လက်လှမ်းမီခဲ့ပြီး အဖွဲ့မှ ထူထောင် ထားသော နည်းပညာအတိုင်း လိုက်နာလျက် တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်နိုင်ခဲ့သည်။ အာဆာအဖွဲ့မှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသော မတရားမှုများ၏ နစ်နာခံစားရသအများစုမှာ ရခိုင်ပြည်နယ်တွင် ဆက်လက်တည်ရှိနေသည်ကို ထည့်သွင်းစဉ်းစားလျှက် မစ်ရှင်အဖွဲ့သည် ထိုသူများကို လက်လှမ်းမီ ထိတွေ့နိုင်ခြင်း မရှိခဲ့ပေ။ ပူးပေါင်းဆောင်ရွက်မှုများ အတွက် လက်တုန့်ပြန်ခံရနိုင်သည်ကို သဘောရိုးအတိုင်း ကြောက်ရွံ့နေနိုင်မှု နှင့် သတင်းရင်းမြစ်များကို ကာကွယ်ရမည်တို့ကို သိရှိသောကြောင့် မစ်ရှင်အဖွဲ့သည် မြန်မာနိုင်ငံ အတွင်းရှိ ထိခိုက်ခံနေရသည် ဆိုသော လူမှုအသိုက်အဝန်းများကို လက်လှမ်းမီနိုင်ရန် အခြားနည်းလမ်းများဖြင့် မကြိုးစားခဲ့ပေ။

---

[2369] XI-008.

[2370] CI-137, CI-140.

[2371] LI-121, BM-003.

၁၀၅၁။ ထို့အပြင် ဘင်္ဂလားဒေ့ရှ်တွင်ပင် အာဆာအဖွဲ့နှင့် ၎င်းတို့ကျူးလွန်ခဲ့သည်ဟု စွပ်စွဲခံထားရသော မတရားပြုမှုများအကြောင်းကို ပြောဆိုရန် ရိုဟင်ဂျာများအကြား ပျံ့နှံ့နေသော ဝန်လေးမှုကို မစ်ရှင်အဖွဲ့က သတိပြုမိခဲ့သည်။ ထိုအကြောင်းမှာ ရိုဟင်ဂျာများက အာဆာကို ကြောက်ရွံ့နေသောကြောင့်ငင်း (သို့မဟုတ်) ၎င်းတို့ကိုယ်တိုင် ခံစားကျူးလွန်ခံခဲ့ရသော ချိုးဖောက်မှုများ၏ လေးနက်မှုများ သေးသိမ်နိမ့်ကျ သွားအောင် ပြုလုပ်ခြင်းမှ ရှောင်ရှားရန်ကြောင့်ငင်း ဖြစ်ကောင်းဖြစ်နိုင်သည်။ အာဆာအဖွဲ့၏ လျှို့ဝှက်တတ်သော သဘော သဘာဝနှင့် ၎င်းတို့အကြောင်း သိရှိမှု မရှိကြခြင်းတို့လည်း ပါဝင်နိုင်သည်။

*ရိုဟင်ဂျာ သတင်းပေးများအား သတ်ဖြတ်မှု*

၁၀၅၂။ ရိုဟင်ဂျာများအပေါ် အာဆာအဖွဲ့က ကျူးလွန်ခဲ့သည်ဆိုသော မတရားပြုမှုများ၏ စွပ်စွဲချက်များသည် အများစုအားဖြင့် မြန်မာအာဏာပိုင် များဆီသို့ သတင်းအချက်အလက်များ ပေးပို့နေသည်ဟု သံသယဖြစ်ခံ ရသော တသီးပုဂ္ဂလ ရိုဟင်ဂျာ တစ်ဦးချင်းအပေါ် နိုပ်စက်မှု သို့မဟုတ် သတ်ဖြတ်မှုများ ဖြစ်ကြသည်။ အာဆာအဖွဲ့က ၎င်း၏ရည်မှန်းချက်သည် တပ်မတော် (သို့မဟုတ်) လုံခြုံရေးဆိုင်ရာ ပစ်မှတ်များကို တိုက်ခိုက်ရန်သာ ဖြစ်သည်ဟု ထုတ်ဖော်ပြောကြားခဲ့ပြီး အရပ်သားများအား[2372] သတ်ဖြတ်မှုကို ငြင်းဆိုခဲ့သည်။ မည်သို့ဆိုစေ လျှို့ဝှက်မှုကို ကာကွယ်ရန်အတွက် လူထုအပေါ် အကြမ်းဖက်မှုများ အပါအဝင် ဒဏ်ပေးမည်ဟု ကြိမ်းဝါးခြင်းများနှင့် ခြိမ်းခြောက်ခြင်းတို့ကို အသုံးပြုခဲ့သည်။ ဒေသတွင် "တက်ဘီ"ဟု ခေါ်ကြသော သတင်းပေးများသည် ရိုဟင်ဂျာ လူမှုအသိုက်အဝန်းအတွင်း တည်ရှိနေကြပြီး မြန်မာအာဏာပိုင်များထံသို့ သတင်းအချက် အလက်များ ပေးပို့ခဲ့ကြသည်။ ရိုက်နှက်ခြင်းနှင့် သတ်ဖြတ်ခြင်းများ အပါအဝင်ဖြင့် အာဆာက ၎င်းတို့ကိုထိန်းချုပ်ရန် ဆောင်ရွက်ခဲ့သည်။[2373] တွေ့ဆုံမေးမြန်းမှုဖြေဆိုသူတစ်ဦးက ၂၀၁၇ ဩဂုတ်လ အကြမ်းဖက်မှုများ မတိုင်ခင်လေးတွင်ပင် အာဆာအကြောင်း သတင်းအချက်အလက်များကို မြင်းလွှတ်(မေရုလာ)[2374] ရှိ နယ်ခြားစောင့် ရဲတပ်ဖွဲ့ထံ ပေးပို့နေသည်ဟု သံသယရှိသော လူ၃ဦးအား စောင့်ကြည့်ရန် ဘာသာရေး ခေါင်းဆောင်တစ်ဦး၏ ချဉ်းကပ်မှုကို ခံခဲ့ရသည်ဟု ထွက်ဆိုခဲ့သည်။

၁၀၅၃။ ၂၀၁၇ခုနှစ် ဇွန်လ ၂၉ ရက် Global New Light of Myanmar အစိုးရသတင်းစာက ၂၀၁၆ အောက်တိုဘာလမှ ၂၀၁၇ ဇွန်လအထိ ကာလအတွင်း အရပ်သား ၃၈ ဦးကို သတ်ဖြတ်မှုများ ပါဝင်သော စွပ်စွဲထားသည့် ဖြစ်ပွားမှုပေါင်း ၃၅ ခု၏ စာရင်းကို ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုများအနက်မှ ၁၁ခုမှာ "အနက်ရောင် မျက်နှာဖုံး တပ်ဆင် ထားသူများ"[2375]မှ ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်ဟု ပြောဆိုထားသည်။ အခြား သတင်းရင်းမြစ်များက အာဆာကပင် ကျူးလွန်သည်ဟု ပြောဆိုကြသော အခြားစွပ်စွဲထားသည့် ထိုကာလအတွင်း ရိုဟင်ဂျာများအား သတ်ဖြတ်မှုများကို ရည်ညွှန်းဖော်ပြခဲ့ကြသည်။ စုစုပေါင်း အားဖြင့် စွပ်စွဲမှုများက ထိုကာလအတွင်း ၅၀ ဦး ထက်ပိုသော "သတင်းပေးများ" မှာ အာဆာအဖွဲ့၏[2376] သတ်ဖြတ်မှုကို ခံခဲ့ရဖွယ်ရှိသည်ဟု ဖော်ပြနေသည်။

---

[2372] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/09/2017 (30 May 2017)

[2373] LI-122, QI-016, QI-102, QI-103, XI-008, YI-010, YI-022, V-0940

[2374] YI-100.

[2375] Global New Light of Myanmar, "မောင်တောခရိုင်တွင်းမှ အသတ်ခံရသော အရပ်သားများ စာရင်း" (၂၀၁၆ ခုနှစ် အောက်တိုဘာ မှ ၂၀၁၇ ခုနှစ် ဇွန် ၂၇ ရက်နေ့အထိ) (29 June 2017).

[2376] LM-017, V-094, V-115, V-075

၁၀၅၄။ မစ်ရှင်အဖွဲ့မှ အဆိုပါ အသေးစိတ်ဖြစ်ပွားမှု တစ်ခုစီတိုင်းကို မှန်ကန်ကြောင်းအတည်ပြုရန် မတတ်နိုင်ခဲ့သော်လည်း ယုံကြည်နိုင်သော သတင်းများက ရိုဟင်ဂျာများအား သတ်ဖြတ်မှုနှင့် သတ်ဖြတ်မှုအများအပြားအတွက် တာဝန်ရှိမှုကို အာဆာအဖွဲ့[2377]အပေါ် မှတ်ယူနိုင်သည်ဟု ညွှန်ပြနေသည်။[2378]မစ်ရှင်အဖွဲ့သည် မောင်တောမြို့နယ် ဦးရှေကျ ကျေးရွာအုပ်စုမှ သတင်းပေး ၂ဦး အသတ်ခံရမှုကို အသိအမှတ်ပြု လက်ခံထားသော လူ၂ ဦး ထံမှ သတင်းအချက်အလက်များ ရရှိခဲ့သည်။ အခြားသတင်းရင်းမြစ်များကလည်း နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ ဝင်ရောက်စီနင်းမှုများနှင့် ဖမ်းဆီးမှုများ[2379] ဖြစ်စေခဲ့သည့် ဒေသခံ အာဆာအဖွဲ့ဝင် ၈ဦး၏ အမည်များကို နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ ပေးပို့မှုပြုခဲ့ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ထိုသတ်ဖြတ်မှုများကို ရည်ညွှန်းဖော်ပြကြသည်။

၁၀၅၅။ အရေအတွက်အချို့သော နောက်ထပ် ရိုဟင်ဂျာစစ်သွေးကြွ အုပ်စုငယ်များလည်း ရခိုင်မြောက်ပိုင်းတွင် လှုပ်ရှားခဲ့ကြသည်ဟု ယူဆရပြီး သတင်းပေးများအား ထိန်းချုပ်ခြင်းနှင့် သတ်ဖြတ်ခြင်းများတွင်[2380] ပါဝင်ခဲ့ဖွယ်ရှိသည်။ မစ်ရှင်အဖွဲ့သည် အာဏာပိုင်များဆီသို့ သတင်းအချက်အလက်များ ပေးပို့ခဲ့သည်ဟု သံသယရှိခံရပြီး အမည်များ ညွှန်းဆိုဖော်ပြခံရသည့် ရွာသားများကို မျက်နှာဖုံးအနက်ရောင် ဝတ်ဆင်ထားသည့် အမျိုးသားများက သေစေလောက်သော ခြိမ်းခြောက်နှိပ်စက်မှုများ ပြုလုပ်နေပုံကို ပြသနေသည့် ဗွီဒီယိုအချို့ကို ပြန်လည် စစ်ဆေးသုံးသပ်ခဲ့သည်။ အာဆာအဖွဲ့က မျက်နှာဖုံးအနက် ဝတ်ဆင် ထားသော အမျိုးသားများသည် အာဆာအဖွဲ့ဝင်များ မဟုတ်ခဲ့ကြဟု ထုတ်ဖော်ပြောဆိုခဲ့သည်။ မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါ ဗွီဒီယိုများ၏ မူလဇစ်မြစ်နှင့် ပါဝင်သောအကြောင်းအရာများကို[2381] မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ခြင်း မရှိပေ။

*အခြားသော တိုင်းရင်းသားလူမျိုးအုပ်စုဝင်များအား သတ်ဖြတ်မှုများ*

၁၀၅၆။ ပွင့်လင်းသတင်းရင်းမြစ်များက အာဆာအဖွဲ့မှ ရခိုင်တိုင်းရင်းသားရွာသားများအား သတ်ဖြတ်ခြင်းဟု စွပ်စွဲခံရသော ပထမဆုံး အမှုဖြစ်ရပ်ကို ၂၀၁၇ခုနှစ် ဇွန်လ ၂၄ရက်တွင် သတင်းဖော်ပြခဲ့ကြသည်။ အာဆာအဖွဲ့ဝင်များက မောင်တောမြို့နယ် မြောက်ပိုင်း ကျွန်းပေါက်ဖြူစု ကျေးရွာအုပ်စုတွင် လက်လုပ် ဖောက်ခွဲရေး စွည်းများ ဝှက်ထားရာနေရာသို့ ဖြတ်ကျော် ဝင်ရောက်လာခဲ့သော ကျွဲနွားကျောင်းနေခဲ့ကြသည့် ရွာသား ၄ ဦးနှင့် ထိပ်တိုက်ရင်ဆိုင် ခဲ့ကြရသည် ဟုဆိုကြသည်။ ၂ ဦးမှာ သေနတ်ဖြင့် ပစ်ခတ်ခံရ၍ သေဆုံးခဲ့ကြပြီး ထိခိုက် ဒဏ်ရာရသူ ၂ ဦးအနက် တစ်ဦးက ထွက်ပြေးလွတ်မြောက်သွားခဲ့ပြီး အာဏာပိုင်များသို့ သတိပေး အကြောင်းကြားခဲ့သည်။ အာဏာပိုင်များ အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိလာချိန်တွင် ပစ္စည်းကိရိယာများကို မတွေ့ရတော့ပေ။[2382] ယုံကြည်လောက်သော သတင်းရင်းမြစ်များက ထိုကိစ္စသည် အာဆာဟု မှတ်ယူနိုင်သည်ဟု[2383] ညွှန်ပြနေသော်လည်း မစ်ရှင်အဖွဲ့အနေဖြင့် ထိုဖြစ်ပွားမှုကို[2384] အတည်မပြုနိုင်ခဲ့ပေ။

---

[2377] BM-003, LM-007, LM-017, QM-013, V-067, V-075.

[2378] CI-137, XI-009.

[2379] V-094.

[2380] BM-025.

[2381] LM-017.

[2382] V-068.

[2383] ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ဖြစ်တည်လာမှု အပိုင်း၊ အခန်း D.2.b တွင်ကြည့်ပါ။

[2384] V-067, K-156.2

၁၀၅၇။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃ ရက်တွင် မြို လူမျိုး အမျိုးသားများနှင့် အမျိုးသမီးများ ၆ ယောက်မှ ၇ ယောက်ထိ မောင်တောမြို့နယ်မှ ၄င်းတို့နေထိုင်ရာ ကိုင်းကြီး နတလ ကျေးရွာအနီး တောင်ကုန်းများပေါ်တွင် သတ်ဖြတ်ခံခဲ့ရသည်။ မြန်မာအစိုးရက ထိုသတ်ဖြတ်မှုများအတွက် အာဆာအဖွဲ့တွင် တာဝန်ရှိသည်ဟု ပြောကြားခဲ့ပြီး ထိုစွပ်စွဲချက်များမှာ မြန်မာ[2385]တစ်နိုင်ငံလုံး လူသိထင်ရှား ကျယ်ကျယ်ပြန့်ပြန့် ပျံ့နှံ့ခဲ့သည်။ မစ်ရှင်အဖွဲ့အနေဖြင့် ထိုဖြစ်ပွားမှုနှင့် သို့မဟုတ် ကျူးလွန်သူများကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်း မရှိခဲ့ပေ။ ယုံကြည်လောက်သော သတင်းအချက်အလက်များက မည်သို့ပင်ဖြစ်စေထိုသတ်ဖြတ်မှုများသည် တရားမဝင်[2386] မူးယစ်ဆေးဝါးကုန်သွယ်မှုများနှင့် ဆက်စပ်မှုရှိနိုင်သည်ဟု ညွှန်ပြနေသည်။ အာဆာအဖွဲ့က [2387]ထိုဖြစ်ပွားမှုတွင် ပါဝင်ပတ်သက်မှု မရှိဟု ငြင်းဆိုခဲ့သည်။

၁၀၅၈။ ။ အစိုးရက ထပ်မံ၍ အာဆာအဖွဲ့သည် မောင်တောမြို့နယ် မြောက်ပိုင်း ကာလာဒေဖက် ကျေးရွာအုပ်စု၊ ရန်ခါစေတီကျေးရွာမှ အောင်ဇံ/ဘောက်ရှုဖွေ့ ကျေးရွာအုပ်စု အောင်ဇံကျေးရွာသို့ ဦးတည်သွားနေခဲ့ကြသော ဒိုင်းနက်လူမျိုး ရွာသားများကို တိုက်ခိုက်မှုအတွက် တာဝန်ရှိသည်ဟု စွပ်စွဲခဲ့သည်။ မူလက အာဆာမှ တိုက်ခိုက်မှု ဖြစ်ပွားပြီးနောက် ထိုအုပ်စုမှ ၁၉ ဦး ပျောက်ဆုံးနေခဲ့သည်ဟု သတင်းထွက်ခဲ့ပြီးနောက်တွင် ထိုအုပ်စု အနက်မှ ၅ ဦး [2388]အသတ်ခံ လိုက်ရကြောင်း သတင်းများ ထွက်ပေါ်ခဲ့သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် ထိုဖြစ်ပွားမှုကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်း မရှိခဲ့ပါ။

၁၀၅၉။ အာဆာအဖွဲ့သည်မ ောင်တောမြို့နယ်မြောက်ပိုင်း ခမောင်းဆိပ်ကျေးရွာအုပ်စုမှ ဟိန္ဒူ အမျိုးသားများနှင့် အမျိုးသမီးများ ၁၀၀ ခန့် အသတ်ခံရမှုနှင့် ပျောက်ဆုံးမှုတို့အတွက်လည်း စွပ်စွဲခံထားခဲ့ရသည်။ ထိုစွပ်စွဲမှုမှာ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ရက်တွင် အာဆာအဖွဲ့က[2389] အနောက်ခမောင်းဆိပ်ကျေးရွာတွင် ဟိန္ဒူ ၄၅ ဦးကို သတ်ဖြတ်ခဲ့ပြီး ထို့နောက် ကျေးရွာအုပ်စုတစ်ခုတည်းအတွင်းမှ ဒုတိယကျေးရွာဖြစ်သည့် ရဲဘော်ကျ ကျေးရွာ (ရိတ်ခ်ကျပါရ)[2390] တွင်လည်း အလားတူ အရေအတွက်ကို သတ်ဖြတ်ခဲ့သည်ဟုဆိုသည်။ ထိုဖြစ်ပွားမှုကို ရည်ညွှန်း၍ Amnesty International (အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်) အဖွဲ့က "အနည်းဆုံးဖြစ်ပွားမှုတစ်ခု၊ ဖြစ်နိုင်ချေရှိသော ဒုတိယတစ်ခုတွင်လည်း ဟိန္ဒူအမျိုးသမီးများ၊ အမျိုးသားများနှင့် ကလေးများအား အစုလိုက်အပြုံလိုက် အသတ်ခံရမှုနှင့်အတူ [2391]၂၀၁၇ ခုနှစ် ဩဂုတ်လ အတွင်း နောက်ထပ်တရားမဝင် သတ်ဖြတ်မှုများနှင့် ဟိန္ဒူရွာသားများအား အဓမ္မခေါ်ဆောင်ခြင်းများ အတွက်" အာဆာအဖွဲ့တွင် တာဝန်ရှိသည်ဟု ကောက်ချက်ချခဲ့သည်။ အာဆာအဖွဲ့သည်

[2385] သတင်းပြန်ကြားရေးကော်မတီ "မောင်တောအခြေအနေနှင့်ပါတ်သက်၍ သတင်းထုတ်ပြန်ကြေညာချက်" (Facebook post, 11 August 2017) အပိုဒ် ၄
https://www.facebook.com/InfomationCommittee/photos/pcb.778752418964533/778752095631232/?type=3&theater

[2386] BM-025, LM-007, V-094

[2387] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/04/2017 ဩဂုတ်လ ၆ ရက် ၂၀၁၇ ခုနှစ်၊ ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/05/2017 (ဩဂုတ်လ ၁၃ ရက် ၂၀၁၇ ခုနှစ်)

[2388] V-113; ပြန်ကြားရေးဝန်ကြီးဌာန "အာဆာအကြမ်းဖက်သောင်းကျန်းသူများမှ သတ်ဖြတ်မှုကြောင့် သေဆုံးရသော ရွာသားများ၏ မိသားစုဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်း" (စက်တာဘာ ၄ ရက် ၂၀၁၇ ခုနှစ်) http://www.moi.gov.mm/moi:eng/?q=news/4/09/2017/id-11434; ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အကြိမ်ကြိမ်တင်ပြထားသည့် ဖေ့ဘုတ်ပို့စ်များ၊ ယခုအသက်မဝင်တော့ပါ။ မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

[2389] V-067; Global New Light of Myanmar, "အာဆာအကြမ်းဖက်သူများမှ အသတ်ခံရသော ဟိန္ဒူများ၏ မိသားစုဆွေမျိုးများနှင့် တွေ့ဆုံမေးမြန်းမှု" (စက်တင်ဘာလ ၂၇ ရက်နေ့ ၂၀၁၇ ခုနှစ်) http://www.statecounsellor.gov.mm/en/node/1041

[2390] V-067.

[2391] V-108.

[2392]၂၀၁၇ခုနှစ် ဩဂုတ်လ ၂၆ ရက်က မောင်တောမြို့ ဆင်ခြေဖုံးရှိ မြို့သူကြီးကျေးရွာတွင် အခြား ဟိန္ဒူ ၆ဦး အသတ်ခံရမှုအတွက်လည်း တာဝန်ရှိသည်ဟု စွပ်စွဲ ခံထားရသည်။ မြန်မာအစိုးရက အာဆာအဖွဲ့အနေဖြင့် ထိုဖြစ်ပွားမှုများအတွက် တာဝန်ရှိသည်ဟု ထုတ်ပြန်ခဲ့သည်။ [2393]၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် မြန်မာအာဏာပိုင်များက ခမောင်းဆိပ် ကျေးရွာတွင် ပြည်တွင်းပြည်ပ သတင်းမီဒီယာကိုယ်စားလှယ်များဖြင့် အခမ်းအနား တစ်ခု ကျင်းပပြုလုပ်ခဲ့ပြီး ထိုပွဲအတွင်း လူသေအလောင်း အမြောက်အမြားကို ပြသခဲ့သည်။ ထိုအခမ်းအနားက အလောင်းများသည် အနောက်ခမောင်းဆိပ်ကျေးရွာမှ ဟိန္ဒူနှစ်နာခံစားရသူများဖြစ်ပြီး အစုလိုက်အပြုံလိုက် မြုပ်နှံထားသော[2394] သင်္ချိုင်းမြေကျင်း တစ်ခုအတွင်းမှ တူးဖော်ရရှိခဲ့သည်ဟု ထုတ်ပြန်ခဲ့သည်။ အာဆာအဖွဲ့က အဆိုပါ သတ်ဖြတ်မှုများတွင်[2395] မည်သည့်ပါဝင်ပတ်သက်မှုမျှ မရှိဟု ငြင်းဆို ခဲ့သည်။

၁၀၆၀။ မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါဖြစ်ရပ်များကို မျက်မြင်တွေ့ခဲ့သူများ သို့မဟုတ်[2396]၂၀၁၇စက်တင်ဘာလ မတရားပြုမှုများအတွင်း နစ်နာခံစားခဲ့ရသူများ ဖြစ်သည့် အနောက်ခမောင်းဆိပ် (ရှအက်ဘ်ဘဇား) နှင့် အနား ကျေးရွာများမှ ဟိန္ဒူ ၇ဦးကို တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ မစ်ရှင်အဖွဲ့အနေဖြင့် အရေအတွက် အမြောက်အမြားသော နစ်နာခံစားရသူ ဟိန္ဒူများမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် အနောက်ခမောင်းဆိပ် ကျေးရွာ၌ အသတ်ခံခဲ့ကြရသည်ကို မှန်ကန်ကြောင်း အတည်ပြု နိုင်ခဲ့သည်။ သို့သော် ကျူးလွန်သူများသည် ၎င်းတို့၏ မျက်နှာများကို ဖုံးအုပ်ထားခဲ့ကြသည်ဟု ဆိုကြသည့်အလျောက် ဘာသာစကားသည် အဓိက ခွဲခြားသတ်မှတ်နိုင်သော လက္ခဏာရပ် ဖြစ်ခဲ့ပြီး ကျူးလွန်သူများ ပြောဆိုခဲ့သော ဘာသာစကားများနှင့် စပ်လျဉ်း၍ အပါအဝင် ရယူခဲ့သော ထွက်ဆိုချက်များအရ ရရှိခဲ့သော သတင်းအချက်အလက်များမှာ ရှေ့နောက်မညီ ဖြစ်နေခဲ့သည်။ မစ်ရှင်အဖွဲ့၏ သတင်း အချက်အလက်များမှာ ကျူးလွန်သူများကို မည်သူမည်ဝါ ပုံဖော်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ခိုင်လုံသော အခြေအမြစ်များအပေါ်တွင် စိစစ်သတ်မှတ်မှုတစ်ခု ပြုလုပ်နိုင်ရန် လုံလောက်မှုမရှိခဲ့ပေ။ မစ်ရှင်အဖွဲ့အနေဖြင့် မြို့သူကြီးကျေးရွာတွင် အသတ်ခံရသည့် ဟိန္ဒူများနှင့် ပတ်သက်၍လည်း အဖြစ်မှအချက်များကို မှန်ကန်ကြောင်း အတည်ပြု နိုင်ခြင်း မရှိခဲ့ပေ။

*ရိုဟင်ဂျာမဟုတ်သော ကျေးရွာများကို မီးရှို့မှု*

[2392] သတင်းပြန်ကြားရေးကော်မတီ “ကြားဖြတ်အထူးသတင်း အမှတ် ၂၂ = မောင်တောနှင့် စစ်တွေ သတင်းများကို ပြည်တွင်းပြည်ပ မီဒီယာများမှ ဆက်လက်ဖော်ပြနေကြသည်။” (Facebook post, 1 September 2017), https://www.facebook.com/InfomationCommittee/posts/789155627924212; သတင်းပြန်ကြားရေးကော်မတီ “၎င်းတို့ရွာမှ ထွက်ပြေးလာဓာ ဟိန္ဒူများနှင့် တွေ့ဆုံမေးမြန်းခြင်း” (Facebook post, 1 September 2018); https://www.facebook.com/InfomationCommittee/posts/788602791312829; သမတရုံး “အကြမ်းဖက်သောင်းကျန်းသူများလက်မှ ထွက်ပြေးလွတ်မြောက်လာသည့် ဟိန္ဒူ အမျိုးသမီးများနှင့် ကလေးများ” (3 September 2017), နိုင်ငံတော် အတိုင်ပင်ခံရုံး “အာဆာအကြမ်းဖက်သောင်းကျန်းသူများ သတ်ဖြတ်မှုခံရသော ဟိန္ဒူများ၏ ကျန်ရစ်သူမိသားစုများနှင့် တွေ့ဆုံမေးမြန်းမှု” (27 September 2017) http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-7656; V-067.

[2393] ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်နေ့ ဖြစ်တည်လာခဲ့မှု အခန်း၊ အပိုင်း D.2.b ကိုကြည့်ပါ။

[2394] V-106, Global New Light of Myanmar, “သတ်ဖြတ်ခံရသော ဟိန္ဒူများမှ အာဆာအကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်မှုကို သက်သေထွက်ဆိုချက်” (စက်တင်ဘာ ၂၈ ရက် ၂၀၁၇ ခုနှစ်)

[2395] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/13/2017 (27 September 2017) ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/28/2018 (25 May 2018)

[2396] LI-023, LI-024, LI-025, LI-026, QI-019, QI-020, QI-021

၁၀၆၁။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အစပြုခြင်းနောက် ၃ ရက် အကြာတွင် ရိုဟင်ဂျာမဟုတ်သော ကျေးရွာများကို မီးရှို့ရန် အသံဖြင့် အမိန့်ပေးချက်တစ်ခု သတင်းပေးပို့လုပ်ဆောင်မှုစနစ်[2397] တစ်ခုမှတဆင့် အာဏာအူလ္လာမှ ပေးပို့ခဲ့သည်ဟု စွပ်စွဲလျက် ထွက်ပေါ်လာခဲ့သည်။ မစ်ရှင်အဖွဲ့က အသံဖိုင်မိတ္တူတစ်ခုကို ရရှိခဲ့ပြီး ထိုအထဲတွင် ရိုဟင်ဂျာများအား ရိုဟင်ဂျာမဟုတ်သော ကျေးရွာများကို မီးရှို့ရန် ညွှန်ကြားချက်တစ်ခု ပါဝင်ခဲ့သည်။ အသံဖမ်းယူ မှတ်တမ်းတင်ထားမှု (သို့မဟုတ်) ၎င်း၏ရင်းမြစ်ကို သေချာအောင် လေ့လာစိစစ်နိုင်ခြင်း မရှိခဲ့ပေ။

၁၀၆၂။ အသံဖြင့် သတင်းပေးပို့ချက်၏ စစ်မှန်မှုကို ထည့်သွင်းစဉ်းစားခြင်း မရှိသည့်တိုင်အောင် အာဆာအဖွဲ့က အထက်ပြူးမကျေးရွာ[2398] အုပ်စုမှ ရခိုင်ကျေးရွာတစ်ခုကို မီးရှို့ခဲ့သည်။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူ ရိုဟင်ဂျာတစ်ဦးက ကျေးရွာမီးလောင်နေသည်ကို မြင်တွေ့ခဲ့သည်။ ၎င်းက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် မနက်အစောပိုင်းတွင် အထက်ပြူးမ ကျေးရွာအုပ်စု Purma Fume ပါမာဖူးမ် အနီးရှိ ကင်းစခန်းတစ်ခု၌ အာဆာအဖွဲ့နှင့် ရဲတပ်ဖွဲ့တို့အကြား အပြန်အလှန် ပစ်ခတ်သံများကို ကြားနေခဲ့ ရသည်ဟု ဖော်ပြပြောကြားခဲ့သည်။ *"ကျနော် သေနတ်သံတွေ ကြားခဲ့ပြီး သေနတ်ကျည်ဆန် မီးပွင့်အတန်းတွေ တဖက်တချက်ဆီကို ဖြတ်သွားနေတာ တွေ့ခဲ့ရတယ်။ ကျနော် အိပ်ရာထဲကထလာခဲ့ပြီး အပြင်ထွက် ကြည့်ခဲ့တယ်။ ကျွန်တော်က ၂ မိုင်လောက် အကွာမှာ ရှိနေခဲ့ပြီး ပစ်ခတ်မှုတွေက ၁နာရီခွဲလောက် ကြာခဲ့တယ်။"* တွေ့ဆုံမေးမြန်းမှုတွင် ပါဝင်သူက နောက်တစ်နေ့တွင် ရခိုင်ရွာသားများ ထွက်ပြေး သွားခဲ့ကြပြီး ထို့နောက် အာဆာအဖွဲ့က ရွာကိုမီးရှို့ခဲ့သည်[2399] ဟုပြောသည်။ အနီးစပ်ဆုံး ခန့်မှန်းခြေ ရခိုင်မိသားစု ၁၀၀ခန့် ထိုနေရာတွင် နေထိုင်ခဲ့ကြသည်။ အာဆာအဖွဲ့က ကျေးရွာများအား မီးရှို့မှုအတွက် တာဝန်ရှိမှုကို ထွက်ဆိုမှု မပြုခဲ့သော်လည်း အထက်ပြူးမကျေးရွာ[2400] အုပ်စုမှ ရဲစခန်းအား တိုက်ခိုက်မှုကို ထွက်ဆိုခဲ့သည်။

၁၀၆၃။ ဂြိုဟ်တုဓါတ်ပုံများ လေ့လာဆန်းစစ်မှုက အထက်ပြူးမကျေးရွာ မီးလောင်ခဲ့မှုကို အတည်ပြုခဲ့သည်။ ပုံရိပ်များက ထိုနေရာတွင် ကျေးရွာ၏ အပိုင်း၂ပိုင်း ရှိနေခဲ့ပြီး မြောက်ဘက် အပိုင်းမှာ ရခိုင်တိုင်းရင်းသားများ နေထိုင်ခဲ့သည်ဟု ညွှန်ပြနေသော အရည်အသွေး ပိုမို ကောင်းမွန်သည့် ပစ္စည်းများဖြင့် ဆောက်လုပ်ထားသည့် ပိုမိုစနစ်ကျသော ပုံစံဖြင့် စီတန်းနေသည့် အဆောက်အအုံများ ပါရှိသောအပိုင်းနှင့် ရိုဟင်ဂျာများ၏အပိုင်းဟု ယူဆရသည့် တောင်ဘက် ပိုကျဲသောအပိုင်းတို့ကို ထုတ်ဖော်ပြနေသည်။ ကျေးရွာ၏အပိုင်း ၂ပိုင်းလုံးမှာ မီးလောင်ကျွမ်း ခဲ့သည်။[2401] ထိုပုံရိပ်က မီးလောင်မှုသည် ကျေးရွာအုပ်စု၏ ကြီးမားသော အဓိက အပိုင်းတွင် ဖြစ်ပွားခဲ့ပြီး ရခိုင်ကျေးရွာငယ်များမှာ ပကတိ[2402] အတိုင်းကျန်ရစ်ခဲ့သည်ကို ဆန့်ကျင်ဘက် ဖော်ပြနေသည်။

**ရိုဟင်ဂျာနှင့် ရခိုင်တိုင်းရင်းသား အခြေချနေထိုင်မှု ၂ မျိုးစလုံး၏ မီးလောင်ကျွမ်းမှုကို ၂၀၁၇ ခုနှစ် မေလ ၂၃ ရက်နှင့် စက်တင်ဘာလ ၁၆ ရက်များမှ အထက်ပြူးမကျေးရွာ၏ ဓါတ်ပုံများကို နှိုင်းယှဉ်ချက်**

[2397] K-163.01, K-163.02
[2398] QI-018, V-067
[2399] QI-018.
[2400] K-154.2.
[2401] ဂြိုလ်တုပုံရိပ် ခွဲခြမ်းစိပ်ဖြာသုံးသပ်မှုကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးခဲ့သည်။
[2402] မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပုံစံများအခန်း၊ အပိုင်း D.1.b တွင်ကြည့်ပါ။




၁၀၆၄။ အာဆာအဖွဲ့က ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၈ ရက်[2403]တွင် ပဒကာ ရွာသစ် ကျေးရွာအုပ်စုမှ ခူတိုင် မြို့ကျေးရွာကို မီးရှို့ခဲ့သည်ဟု သတင်းများ ထွက်ပေါ်ခဲ့သည်။ ဂြိုဟ်တုဓါတ်ပုံများ လေ့လာဆန်းစစ်မှုက ခူတိုင်ကျေးရွာ၏ မီးလောင်မှုနှင့် ပျက်စီးမှုကို ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် အတည်ပြုခဲ့သည်။ ရိုဟင်ဂျာများ သို့မဟုတ် အာဆာ အဖွဲ့တွင် ထိုကျေးရွာ၏ မီးလောင်မှုအတွက် တာဝန်ရှိကြောင်း မစ်ရှင်အဖွဲ့တွင် ယုံကြည်လောက်သော သတင်းအချက်အလက်များရှိနေသည်။[2404] အခြားသတင်းရင်းမြစ်များကလည်း လူပုဂ္ဂိုလ်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အချို့မှာ သေဆုံးခဲ့သည်ဟု ယူဆရသည့်[2405] အဆိုပါတိုက်ခိုက်မှု၏ တစိတ်တဒေသအဖြစ် မြို့ရွာသားများအပေါ် အကြမ်းဖက်လုပ်ရပ်များအတွက် အာဆာအဖွဲ့တွင် တာဝန်ရှိသည်ဟု မစ်ရှစ်အဖွဲ့အနေဖြင့် အဆိုပါ စွပ်စွဲချက်များကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့ခြင်းမရှိသော်လည်း ဖော်ပြခဲ့ကြသည်။

**နဂိုမူလက အခြေချနေထိုင်မှုများကို ဖော်ပြနေသည့် ၂၀၁၇ ခုနှစ် မေလ ၂၅ ရက်မှ ခူတိုင်ကျေးရွာ၏ ဓါတ်ပုံ**

[2403] သတင်းပြန်ကြားရေးကော်မတီ "ကြားဖြတ်အထူးသတင်း ၁၇- အာဆာ အကြမ်းဖက်သောင်းကျန်းသူများမှ အိမ်များကို ဆက်လက်မီးရှို့နေခြင်း" (ဖေ့ဘုတ်တင်ပြမှု၊ ဩဂုတ်လ ၃၀ ရက်နေ့၊ ၂၀၁၇ ခုနှစ်) https://www.facebook.com/InfomationCommittee/posts/788328661340242; V-067, Global New Light of Myanmar, "ရခိုင်တွင် အရပ်သား ၇ ဦး ထပ်မံ အသတ်ခံရခြင်း" (ဩဂုတ်လ ၃၁ ရက်နေ့၊ ၂၀၁၇ ခုနှစ်)

[2404] RI-008, LM-007, LM-017, V-067

[2405] V-067, Global New Light of Myanmar "ရခိုင်တွင် အရပ်သား ၇ ဦး ထပ်မံ အသတ်ခံရခြင်း" (ဩဂုတ်လ ၃၁ ရက်နေ့၊ ၂၀၁၇ ခုနှစ်)




**မီးလောင်မှုနှင့် ပျက်စီးမှုများကို ဖော်ပြနေသည့် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၁ ရက်မှ ခူတိုင်ကျေးရွာ၏ဓါတ်ပုံ**

**မီးလောင်မှုမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ပထမဦးစွာ ထောက်လှမ်းရရှိခဲ့သည်။**




၁၀၆၅။ ဖေ့စ်ဘုတ်ပို့စ်များ အမြောက်အမြားတွင် အာဆာအဖွဲ့သည် အခြားသော ရခိုင်နှင့် တိုင်းရင်းသားလူနည်းစု နေအိမ်များနှင့် ကျေးရွာများ[2406]ကို မီးရှို့မှုများအတွက် တာဝန်ရှိသည်ဟု တပ်မတော်က ဖော်ပြခဲ့သည်။ အဆိုပါပို့စ်များမှ သတင်းအချက်အလက်များသည် ရှင်းလင်းမှု မရှိသည့်ပြင် အဆိုပါ ပြောဆိုမှုများကို အထောက်အကူပြုရန်အတွက် အခြားသက်သေ

[2406] ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အကြိမ်ကြိမ်တင်ပြထားသည့် ဖေ့ဘုတ်ပို့စ်များ၊ ယခုအသက်မဝင်တော့ပါ။ မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

အထောက်အထားများလည်း ပေးအပ်နိုင်ခြင်း မရှိပေ။ အဆိုပါ စွပ်စွဲချက်များအပေါ် ရှင်းလင်းတိကျမှုကို ပံပိုးပေးမည့် အခြားသော တရားဝင်အစိုးရအရင်းအမြစ်များ မရှိဟု ယူဆရသည်။ မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါအခိုင်အမာပြောဆိုမှုများကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်းမရှိခဲ့ပေ။

*ရိုဟင်ဂျာကျေးရွာများကို အာဆာအဖွဲ့က မီးရှို့ခဲ့ခြင်းနှင့် စပ်လျဉ်းသည့် အစိုးရ၏ စွပ်စွဲချက်များ*

၁၀၆၆။ ရိုဟင်ဂျာကျေးရွာများ အမြောက်အမြားကို အာဆာအဖွဲ့က မီးရှို့ခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ရိုဟင်ဂျာကျေးရွာများ၏ ပျက်စီးဆုံးရှုံးမှုကို ဦးတည်စေခဲ့သည့် ကျယ်ပြန့်သော မီးလောင်မှုများမှာ အာဆာအဖွဲ့လုပ်ရပ်များ၏[2407] ရလဒ်တစ်ခု ဖြစ်ခဲ့သည်ဟု အစိုးရက စွပ်စွဲခဲ့သည်။ အာဆာသည် ရိုဟင်ဂျာများ၏ အိမ်များ၏ မီးလောင်မှုများနှင့်[2408] အာဆာအဖွဲ့ကို ကြောက်ရွံ့ပြီး ရိုဟင်ဂျာလူမျိုးများ သိန်းနှင့်ချီ၍ မြန်မာနိုင်ငံမှ ထွက်ပြေးစေရန် ညွှန်ကြားခဲ့မှုအတွက် တာဝန်ရှိသည်ဟု ၂၀၁၇ အရေးအခင်းအပေါ် ၄င်းတို့တပ်တွင်း စုံစမ်းစစ်ဆေးမှုတွင် တပ်မတော်က အမှန်တကယ်ပင် ဖော်ပြခဲ့သည်။ အာဆာအဖွဲ့က အဆိုပါ [2409]စွပ်စွပ်ချက်များကို ငြင်းပယ်ခဲ့သည်။

၁၀၆၇။ ။ အစိုးရက အခင်းဖြစ်ရပ်များအပေါ် ၄င်း၏တင်ဆက်ပုံကို အထောက်အပံ့ပေးရန် ယုံကြည်လောက်သည့် သက်သေအထောက်အထား ပံပိုးမပေးခဲ့ပေ။ ယင်းနှင့် ဆန့်ကျင်စွာပင် မစ်ရှင်အဖွဲ့က ရိုဟင်ဂျာကျေးရွာများ၏ မီးရှို့ခံရမှုသည် အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ရခိုင် တိုင်းရင်းသားများနှင့်အတူ အခြားသော တိုင်းရင်းသားနှင့်ဘာသာရေး လူနည်းစုများနှင့် အတူတကွ "လောင်ချာများ" နှင့် [2410]အခြားနည်းလမ်း များကို အသုံးပြုလျက် တပ်မတော် စစ်သားများက စနစ်တကျ တာဝန်ယူဆောင်ရွက်ခဲ့သည်ကို အခိုင်အမာ သက်သေထူနိုင်ခဲ့သည်။

## (၂) ကြိုတင်သိမြင်နိုင်ပြီး အကွက်ချ စီစဉ်ထားသော ကပ်ဘေးတခု

၁၀၆၈။ ။ ၂၀၁၇ အာဆာတိုက်ခိုက်မှုများနှင့် အကျိုးဆက်ဖြစ်စေခဲ့သော "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"သည် ဗလာထဲတည်း ဖြစ်ပေါ် ခဲ့ခြင်း မဟုတ်ပေ။ ယင်းဖြစ်ရပ်များမှ ကြိုတင်သိမြင်နိုင်ခဲ့ပီး အကွက်ချ စီစဉ် ထားခဲ့ခြင်း ဖြစ်သည်။

### (က) ၂၀၁၆ခုနှစ် အကြမ်းဖက်မှု

*ခြုံငုံသုံးသပ်ချက်*

၁၀၆၉။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် အာဆာအဖွဲ့က ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ ကင်းစခန်း ၃ ခုအား ပထမတိုက်ခိုက်မှု အငယ်စားတစ်ခု စတင်ခဲ့သည်။ ရဲအရာရှိ ၉ ဦး သေဆုံးခဲ့သည်။ တပ်မတော်ခေါင်းဆောင်သည့် လုံခြုံရေးတပ်ဖွဲ့များက မောင်တောမြို့နယ် အလယ်ပိုင်းရှိ မောင်တောမြို့နှင့် တောင်ပြိုလက်ဝဲ အကြား "နယ်မြေ

[2407] သတင်းပြန်ကြားရေးကော်မတီ "ကြားဖြတ်အထူးသတင်း ၇- အကြမ်းဖက်သောင်းကျန်းသူအဖွဲ့အဖြစ် ကြေညာခံရပြီးနောက် အစွန်းရောက်သောင်းကျန်းသူများသည် အကြမ်းဖက်တိုက်ခိုက်မှုများကို ဆက်လက်ပြုလုပ်နေကြသည်။" (Facebook post, 28 August 2018), https://www.facebook.com/InfomationCommittee/posts/786695324836909; ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အကြိမ်ကြိမ်တင်ပြထားသည့် ဖေ့ဘုတ်ပို့စ်များ၊ ယခုအသက်မဝင်တော့ပါ။ မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

[2408] ယခုအသက်မဝင်တော့သည့် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဖေ့ဘုတ်ပို့စ်များ၊ မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

[2409] ARSA ထုတ်ပြန်ကြေညာချက် ARSA/PR/06/2017(28 August 2017)

[2410] မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ ပုံစံများအခန်း၊ အပိုင်း D.1.b တွင်ကြည့်ပါ။

ရှင်းလင်းရေးဖုန်”တစ်ခုကို ဖြတ်၍ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ” စီမံဆောင်ရွက်ခြင်းဖြင့် တုန့်ပြန်ခဲ့ကြသည်။

၁၀၇၀။ ထိုဖြစ်ရပ်အပြီး သီတင်းပတ်များတွင် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးခဲ့ကြသော ရိုဟင်ဂျာများက အဆိုပါစစ်ဆင်ရေးများသည် ညှင်းပန်းနှိပ်စက်မှုများ၊ မုဒိမ်းကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ ထိပါးစော်ကားမှုများ၊ သတ်ဖြတ်မှုများ နှင့် နေအိမ်များနှင့် ဗလီဝတ်ကျောင်း များကို ဖျက်ဆီးမှုများ အပါအဝင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများဖြင့် ထူးခြားသော အသွင်အပြင် လက္ခဏာဆောင်ခဲ့သည်ကို ဖွင့်ချထုတ်ဖော်ခဲ့ကြသည်။ နောက်ပိုင်း ၂၀၁၇ ခုနှစ် မှာကဲ့သို့ တူညီသော နည်းနာများနှင့် ချိုးဖောက်မှုများမှာလည်း ထိုစစ်ဆင်ရေးတွင် တွေ့မြင်ခဲ့ရပြီး သို့သော်ငြားလည်း ပိုမိုသေးငယ်သော ပမာဏဖြင့် ဖြစ်သည်။ နောင်တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လ စစ်ဆင်ရေးများ၏ လုပ်နည်းလုပ်ဟန် ဖြစ်လာမည့် တိုက်ခိုက်မှု၏ နည်းလမ်းများနှင့် စည်းစနစ်များမှာ တင်ဆက်ခဲ့ပြီး ဖြစ်သည်။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလတွင် Human Rights Watch အဖွဲ့မှ တာဝန်ယူဆောင်ရွက်ခဲ့သော ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက [2411]မောင်တောမြို့နယ်အတွင်း သီးခြားနေရာဒေသ ၁၁ ခုရှိ အဆောက်အအုံပေါင်း ၁၅၀၀ မီးရှို့ခံခဲ့ရသည်ဟု ခန့်မှန်းတွက်ချက် ခဲ့သည်။ စစ်တပ် စစ်ဆင်ရေးလှုပ်ရှားမှုမှာ အနည်းဆုံး ၂လထိ ဆက်လက်ပြုလုပ်ခဲ့ပြီး မြန်မာအစိုးရက [2412]၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်တွင် စစ်ဆင်ရေး ပြီးဆုံးကြောင်း ကြေညာခဲ့သည်။ နောက်ဆုံးတွင် ရိုဟင်ဂျာ ၈၇,၀၀၀ခန့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားခဲ့ ကြရသည်။

၁၀၇၁။ ဒုတိယသမ္မတ ဦးဆောင်သည့် အစိုးရ စုံစမ်းစစ်ဆေးရေးကော်မရှင်နှင့် လုံခြုံရေး တပ်ဖွဲ့များ၏ ကိုယ်ပိုင်စုံစမ်းစစ်ဆေးမှုများက လုံခြုံရေးတပ်ဖွဲ့များ၏ အပြစ်များကို “ဥပဒေအရ ညီညွတ်ပြီး သင့်လျော်သော တုန့်ပြန်ဆောင်ရွက်မှု[2413]” ဟု ထောက်ခံချက်ပေးပြီး ရှင်းလင်း ပေးခဲ့သည်။

*မှန်ကန်ကြောင်း အတည်ပြုထားသော ဖြစ်ပွားမှုများနှင့် ၂၀၁၆ ခုနှစ် “နယ်မြေ ရှင်းလင်းမှု စစ်ဆင်ရေးများ”*

၁၀၇၂။ ၂၀၁၆ခုနှစ် “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ” သည် မောင်တော မြို့နယ် မြောက်ပိုင်းရှိ ကြီးမားကျယ်ပြန့်သော ဧရိယာကြီးတလျှောက် ဖြစ်ပွားခဲ့ပြီး အနည်းဆုံး နေရာဒေသ ၁၁ ခုကို သက်ရောက် ထိခိုက်စေခဲ့သည်။ မစ်ရှင်အဖွဲ့သည် ၎င်း၏ အချက်အလက်ရှာဖွေရေး လုပ်ငန်းကို အဓိက ဖြစ်ပွားမှုများ ၂ မျိုးအပေါ် အာရုံစိုက်ခဲ့ပြီး ယင်းတို့သည် အကြမ်းကြုတ်ဆုံးဟု သုံးသပ်ထင်မှတ်ရသည်။ ထိုအာရုံစိုက်မှုသည် ၂၀၁၆ ခုနှစ် အကြမ်းဖက်မှုများ၏ ပမာဏ သို့မဟုတ် အရေးပါမှုမှ မည်သည့်နည်းနှင့်မျှ သေးသိမ်သွားစေမည်မဟုတ်ဘဲ နောက်ထပ် တိုး၍ စုံစမ်းစစ်ဆေးမှုများနှင့် စောင့်ကြည့် မှတ်တမ်းတင်မှုများ ပြုလုပ်ရန် အကြောင်း ခိုင်လုံစေသည်။

*ပွင့်ဖြူချောင်း*

၁၀၇၃။ ပွင့်ဖြူချောင်း ကျေးရွာအုပ်စု ယိုင်ခွတ်ကျေးရွာသည် မောင်တောမြို့နယ် မြောက်ပိုင်း၊ မောင်တောမြို့၏ မြောက်ဘက် ခန့်မှန်းခြေ ၁၂ ကီလိုမီတာခန့်တွင်ရှိသည်။ ၎င်းသည် ရိုဟင်ဂျာ

---

[2411] Human Rights Watch, “မြန်မာ၊ တပ်မတော်မှ ရခိုင်ပြည်နယ်တွင် ရွာများကို မီးရှို့ခဲ့သည်။” (ဒီဇင်ဘာ ၁၃ ရက်နေ့ ၂၀၁၆ ခုနှစ်) https://www.hrw.org/news/2016/12/13/burma-military-burned-villages-rakhine-state.

[2412] ပြည်ထောင်စုသမတမြန်မာနိုင်ငံ - သမတရုံး “တပ်မတော်မှ ရခိုင်မြောက်ပိုင်းတွင် နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးများကို ရပ်တန့်ခဲ့သည်။” http://www.president-office.gov.mm/en/?q=print/7288.

[2413] အခန်း ၁၀ ပြစ်ဒါဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအခန်းတွင် ကြည့်ပါ။

ကျေးရွာငယ် ၃ ရွာဖြင့် ဖွဲ့စည်းထားသည်။ [2414]၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ နှင့် ၁၂ ရက်များတွင် ပွင့်ဖြူချောင်းကျေးရွာတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"ကို တပ်မတော်က ဦးဆောင်ခဲ့သည်။

၁၀၇၄။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် အာဆာတိုက်ခိုက်မှုများ နောက်ပိုင်းတွင် စစ်သားများ လာရောက်မှုများ တိုးမြင့်လာခဲ့ပြီး ကျေးရွာခေါင်းဆောင်များနှင့် ပုံမှန်အစည်းအဝေးများ ပြုလုပ်ခဲ့ကာ ၁ ပတ်လျှင် ၂ ကြိမ် ရွာသို့ ပုံမှန်လာ၍ "လူဆိုးများ" ကိုရှာဖွေခဲ့သည်။[2415]

၁၀၇၅။ ထိုအခြေအနေသည် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက် အစောပိုင်း စစ်သားများက ရွာရှိ ဗလီတွင် ဝတ်ပြုနေကြသည့် အမျိုးသား အမြောက်အမြားကို ဖမ်းဆီးခဲ့ခြင်းဖြင့် ပိုမိုဆိုးရွား လာခဲ့သည်။ ၆၀ ဦးမှ ၈၀ ဦး အကြားရှိသည့် အမျိုးသားများမှာ ပြန်မလွတ်ခင်ထိ ၂နာရီ (သို့မဟုတ်) ထို့ထက်ပိုကြာ ထိန်းသိမ်း ခံခဲ့ကြရသည်။ အချို့မှာ ရိုက်နှက်ခြင်းနှင့်[2416] အခြားနှိပ်စက်မှုများ ခံခဲ့ကြရသည်။ အမျိုးသားတစ်ဦးက ဗလီကျောင်းမှ စာသင်ကျောင်းထဲသို့ ကြိုးတစ်ချောင်းတွင် အတူတွဲ ချည်နှောင်ခံရပြီး ခေါ်ဆောင်သွားခံခဲ့ရပုံကို ပုံဖော်ပြောကြား ခဲ့သည်။ ထို့အတူ ကန်ခြင်း၊ သေနတ်ဒင်ဖြင့် ရိုက်ခြင်းများ ခံခဲ့ရပြီး စစ်သားများက ၎င်း၏ မုတ်ဆိတ်နှင့် မေးစိကို မီးခြစ်ဖြင့် ရှို့ခဲ့ကြသည်။ ဖမ်းဆီးခံခဲ့ရသူများမှာ "ဘင်္ဂါလီ" နှင့် "ကုလား" ဟု ခေါ်ခံခဲ့ကြရသည်။[2417]

၁၀၇၆။ ၎င်းတို့လွတ်မြောက်လာပြီးနောက် မူလက ဖမ်းဆီးထိန်းသိမ်း ခံခဲ့ကြရသော အမျိုးသားများအား ကျေးရွာအစည်းအဝေး စုရပ်သို့ နေ့လည်၁၂နာရီတွင် ပြန်လာကြရန် တပ်မတော်တပ်မှူးက မှာကြားလိုက်ခဲ့သည်။ ထိုစကားမှာ ကျေးရွာမှ အခြား အမျိုးသားများလည်း တက်ရောက်ရမည်ဟု ပျံ့နှံ့သွားခဲ့သည်။ ခန့်မှန်းခြေ ၆၀ ခန့်ရှိမည့် အမျိုးသားများက အစည်းအဝေးစုရပ်သို့ ညွှန်ကြားထားသည့်အတိုင်း နိုဝင်ဘာလ ၁၁ ရက် နေ့လည် ၁၂ နာရီခန့်တွင် ရောက်လာခဲ့ကြသည်။ ၎င်းတို့မှာ ဘူးသီးတောင် အကျဉ်းထောင်သို့ စစ်ကားများဖြင့် ခေါ်ဆောင်သွားခံခဲ့ကြရပြီး အနည်းဆုံး ၁ နှစ် ဖမ်းဆီးခံခဲ့ကြရသည်။ အနည်းဆုံး တသီးပုဂ္ဂလ သက်ကြီးပိုင်း အမျိုးသားတစ်ဦး [2418]အကျဉ်းထောင်သို့ သွားရာ လမ်းတွင် သေဆုံးခဲ့ရသည်။ နောက်ပိုင်းတွင် ထိုအုပ်စုထဲမှ ဆွေမျိုးတစ်ဦးကို သွားရောက်တွေ့ဆုံခဲ့သည့် အမျိုးသားတစ်ဦးက ၎င်းတို့၏ ပုံပန်းသဏ္ဌာန်မှာ [2419]နှိပ်စက်ခံထားရသည်ဟု ယူဆခဲ့သည်။

၁၀၇၇။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက် နောက်တစ်နေ့မနက် ၃ နာရီမှ စ၍ တပ်မတော် စစ်ကားများဖြင့် စစ်သားများနှင့် ရဲများ အမြောက်အမြား ကျေးရွာအုပ်စု အတွင်းသို့ ရောက်ရှိလာကြပြီး "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" တစ်ခုကို ရပ်ကွက် ၃ ခု အတွင်း သွားသွားပြန်ပြန်လုပ်၍ အစပြုခဲ့သည်။ နေအိမ်များကို မီးရှို့ပြီးနောက် လက်နက်များ ပစ်ခတ်မှု များကို ရွာ၏တောင်ဘက်စွန်းပိုင်းမှ စတင်ခဲ့ကြသည်။ ရွာသားများ ထွက်ပြေးခဲ့ကြပြီး အများအပြားမှာ အနီးအနားရှိ တောအုပ်များ (သို့မဟုတ်) အနီးမှ ကျေးရွာများသို့ ပြေးသွားခဲ့ကြသည်။ အိမ်များကို မီးရှို့ရန် ဓါတ်ဆီများ အသုံးပြုခဲ့ကြပြီး၊ "လောင်ချာ" ကဲ့သို့ ပုံဖော်

[2414] LI-133.
[2415] CI-142, LI-133, QI-104.
[2416] CI-142, CI-143, LI-127, LI-133, QI-104.
[2417] LI-127.
[2418] CI-142, CI-143, LI-096, LI-127, QI-104.
[2419] QI-104.

ပြောဆိုကြသည့် လက်နက်များလည်း သုံးခဲ့ကြသည်။ မီးလောင်မှုများမှာ တစ်နေ့လုံး ဆက်လက်ဖြစ်ပွားခဲ့ပြီး ဒါဇင်နှင့်ချီသော အိမ်များ[2420]မီးရှို့ခံ ခဲ့ကြရသည်။

၁၀၇၈။ သတ်ဖြတ်ခံရသူ (သို့မဟုတ်) ထိခိုက်ဒဏ်ရာ ရရှိခဲ့သူများ အရေအတွက်ကို မသိရသော်လည်း သေနတ်ဒဏ်ရာကြောင့် [2421]သေဆုံးသူ ၉ဦးအထိ ရှိခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ တစ်ဦးက အသက် ၁၃ နှစ်မှ ၇၇ နှစ် အတွင်း ရှိကြသည့် သူ၏ ဆွေမျိုးသားချင်း အမျိုးသား ၄ ဦးကို ၄င်းတို့၏ လက်များကို ကြိုးများဖြင့် ချည်နှောင် ထားလျက် အိမ်တစ်အိမ်အတွင်း ထည့်သွင်းခံလိုက်ရသည်ကို မြင်တွေ့ခဲ့ရပြီး မကြာခင်ပင် ထိုအိမ် မီးလောင်သွားသည်ကို သူမြင်ခဲ့ရသည်။ ၄င်းတို့ကို ထိုအချိန်မှစ၍ သူမတွေ့ရတော့ပဲ [2422]အသတ်ခံလိုက်ရပြီဟု ယုံကြည်ယူဆခဲ့သည်။ နောက်ရက်အနည်းငယ်အကြာတွင် ရွာသို့ ပြန်ရောက်လာနိုင် ခဲ့ကြသည့် ကျေးရွာလူကြီးများက လူလေး-ငါးဦး၏ အလောင်းများကို မီးလောင်ထားသည့် [2423]အိမ်တစ်အိမ်တွင် တွေ့ရှိခဲ့ ကြသည်။

၁၀၇၉။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အရေအတွက် အများအပြားသည်လည်း [2424]စစ်ဆင်ရေး ကာလအတွင်း လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေခံသည့် အကြမ်းဖက်မှုများ ခံခဲ့ကြရသည်။ မျက်မြင်သက်သေတစ်ဦးက ၄င်း၏တူမဖြစ်သူမှာ အုပ်စုဖွဲ့မုဒိမ်းကျင့်ခံခဲ့ရပြီးနောက် စစ်သားများ[2425]က သေနတ်ဖြင့် ပစ်သတ်ခြင်း ခံလိုက်ရသည်ကို ပုန်းအောင်းနေရာမှ စောင့်ကြည့်ခဲ့ရကြောင်း ပြောခဲ့သည်။

၁၀၈၀။ ကျေးရွာလူကြီးများ အုပ်စုတစ်စုက ၄င်းတို့၏ ကျေးရွာအုပ်စုအတွင်း "နယ်မြေရှင်းလင်းရေးစစ်ဆင်ရေး" ၏ အကျိုးဆက်သက်ရောက်မှုများကို မှတ်တမ်းတင်ထားခဲ့ကြသည်။ ၄င်းတို့က ခန့်မှန်းခြေ အိမ် ၁၇၀ ခန့်၊ ဗလီဝတ်ကျောင်း၂ခု၊ ဘာသာရေးကျောင်း ၂ကျောင်း (သို့မဟုတ်) ၃ကျောင်း၊ ဈေးဆိုင် ၁၆ဆိုင်နှင့်အတူ မီးရှို့ဖျက်ဆီးခံခဲ့ရသည်ဟု စာရင်းသွင်းထားကြသည်။ ဈေးဆိုင်များမှာလည်း လုယက်ခံခဲ့ရပြီး တိရိစ္ဆာန် ၁,၀၀၀ ကျော်နှင့် ဒါဇင်နှင့်ချီသော မော်တော်ဆိုင်ကယ် များလည်း ခိုးယူခံခဲ့ကြရသည်။[2426] ယုံကြည်နိုင်သော ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုများက ၂၀၁၇ ခုနှစ်[2427] နိုဝင်ဘာလ ၁၀ ရက်မှ ၁၇ ရက် အတွင်း ကျေးရွာအုပ်စုအတွင်းမှ အနည်းဆုံး အဆောက်အအုံ ၆၅ ခု မီးလောင်ခဲ့ပြီး ဖျက်ဆီးခံခဲ့ရသည်ဟု အတည်ပြုထားသည်။

၁၀၈၁။ အကြမ်းဖက်မှုများကို ကျူးလွန်ခဲ့ကြသူများမှာ တပ်မတော် စစ်သားများဖြစ်ကြပြီး ရဲများက ပူးပေါင်းပါဝင်ခဲ့ကြသည်။[2428]

၁၀၈၂။ ပွင့်ဖြူချောင်း ကျေးရွာအုပ်စုမှ ရွာသားအများစုမှာ နောက်ဆုံးတွင် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားခဲ့ကြသော်လည်း အချို့မှာ ၂၀၁၆ ခုနှစ် နှစ်အကုန်ပိုင်း သို့မဟုတ် ၂၀၁၇ ခုနှစ်

[2420] CI-142, CI-143, CI-150, LI-127, LI-133, QI-104.
[2421] CI-142, CI-143, CI-150, LI-127, LI-133, QI-104, QI-100, XI-009.
[2422] LI-133.
[2423] CI-143, LI-127, LI-133, QI-104.
[2424] CI-150, LI-127, QI-100.
[2425] LI-127.
[2426] CI-142, CI-143, LI-133.
[2427] Human Rights Watch, *မောင်တောခရိုင်တွင် သက်ရောက်မှုခံရသောရွာများ၏ ဖျက်ဆီးမှု နောက်ဆုံးအခြေအနေ အကဲဖြတ်ချက်* နိုဝင်ဘာ ၁၈၊ ၂၀၁၆ ခုနှစ်
[2428] CI-142, LI-127, LI-133, QI-100

အစပိုင်းတွင် ပြန်လည်သွားရောက်ခဲ့ကြပြီး ရွက်ဖျင်တဲများနှင့် ယာယီတဲများတွင် နေထိုင်ခဲ့ကြကာ နိုင်ငံတကာလူသားချင်းစာနာမှု အကူအညီများဖြင့် ရပ်တည်ခဲ့ကြရသည်။ ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" မှစ၍ အားလုံးမဟုတ်လျှင်ပင် ကျေးရွာသား အများစုမှာ ဘင်္ဂလားဒေ့ရှ်သို့ ရွှေ့ပြောင်းသွား၍ အခြေချခဲ့ကြသည်။[2429]

*ဒါးကြီးဇား*

၁၀၈၃။ ဒါးကြီးဇားကျေးရွာအုပ်စု ရိုဟင်ဂျာဘာသာဖြင့် ချိုတိုဂိုဇီဘီလ် ဟုခေါ်သည့် ကျေးရွာသည် ကျေးရွာငယ်များဖြင့် ဖွဲ့စည်းထားပြီး မောင်တောမြို့နယ် မြောက်ပိုင်းတွင် ပွင့်ဖြူချောင်းကျေးရွာ၏ တောင်ဘက် ၃ သို့မဟုတ် ၄ ကီလိုမီတာခန့် အကွာတွင်တည်ရှိသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၂ ရက်တွင် ဒါးကြီးဇား ကျေးရွာနှင့် မြောက်ဘက်တည့်တည့်ရှိ ရေခပ်ချောင်းခွဆုံ ကျေးရွာအုပ်စုတို့တွင် တပ်မတော်က "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ကို စတင်ခဲ့သည်။ ဒါးကြီးဇားရွာ စစ်ဆင်ရေးမှာ ၂ရက်ကြာမြင့်ခဲ့သည်။

၁၀၈၄။ ဒါးကြီးဇားကျေးရွာမှ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"သည် ရဟတ်ယာဉ် ၂ စင်း (သို့မဟုတ်) ၃ စင်း ရောက်ရှိလာပြီး ထိုရဟတ်ယာဉ်များမှ စစ်သားများက စက်သေနတ်များဖြင့် ပစ်ခတ်ကြခြင်းဖြင့် အစပြုခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် ရွာသားများ ကြောက်လန့်တကြား ခြေဦးတည့်ရာ ပြေးလွှားကာ ပုန်းခိုရာ ရှာခဲ့ကြရသည်။ လူများမှာ အိမ်များ၏ အပြင်ဘက်တွင်ရော အိမ်များထဲတွင်ပါ သေနတ်ဖြင့် ပစ်ခတ်ခံကြရပြီး သေဆုံး ထိခိုက်ဒဏ်ရာ ရကြသည်။ ရဟတ်ယာဉ်များပေါ်မှ ပစ်ခတ်မှုများမှာ ၂နာရီခန့် ကြာမြင့်ခဲ့သည်။ အနည်းဆုံး အမျိုးသမီးတစ်ဦး နေအိမ်တွင်း သေနတ်ထိမှန်သေဆုံးခဲ့ပြီး မျက်မြင်သက်သေများက ရဟတ်ယာဉ်များပေါ်မှ[2430] သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခံခဲ့ရသူများ၏ အလောင်း ၁၅ လောင်းထိ တွေ့မြင်ခဲ့ကြသည်။ ရွာသားအများအပြား အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များမှာ ကျေးရွာတောင်ပိုင်းရှိ ကူးလားဘီလ် ဘက်သို့ ထွက်ပြေးခဲ့ကြသည်။

၁၀၈၅။ နောက်တစ်နေ့မနက်တွင် စစ်သား ၂၀၀ ခန့်ရှိသော အုပ်စုတစ်စု ဒါးကြီးဇားရွာလယ် လမ်းမကြီးမှ ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့က မည်သူမည်ဝါ ခွဲခြားမှုမရှိပဲ သေနတ်များဖြင့် ပစ်ခတ်ခဲ့ကြပြီး "လောင်ချာများ"ပါ အပါအဝင် အသုံးပြု၍ အိမ်များကို စတင်မီးရှို့ ခဲ့ကြသည်။ လူများ ထပ်မံ [2431]ထွက်ပြေးကြရပြီး အချို့မှာ သေနတ် ထိမှန် သေဆုံးကြသည်။ မျက်မြင်သက်သေတစ်ဦးက လူ၁၆ ဦးခန့်[2432] သေနတ်ထိမှန်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။ လူများမှာ ထွက်ပြေးခဲ့ကြပြီး လယ်ကွင်းများထဲတွင် ပုန်းအောင်း ခဲ့ကြသည်။ ရွာကို စနစ်တကျ[2433] မီးတင်ရှို့ခံခဲ့ရသည်ကို ထိုနေရာမှနေ၍ ၎င်းတို့ကြည့်ရှု ခဲ့ကြရသည်။ ထိုနေ့ဖြစ်စဉ်တလျှောက်တွင် ရွာထဲရှိအိမ်များမှာ အားလုံးနီးပါး [2434]မီးလောင်ကျွမ်းခဲ့ရသည်။

၁၀၈၆။ တပ်မတော် စစ်သားများက ၂၀၀ ခန့်ထိရှိမည့် အမျိုးသား အမျိုးသမီးနှင့် ကလေးငယ်များကို ဖမ်းဆီးကာ လယ်ကွင်းများဆီသို့ ခေါ်ဆောင်သွားခဲ့ပြီး ထိုနေရာတွင် ၎င်းတို့ကို ဒူးထောက်ရန် စေခိုင်းခဲ့သည်။ လူများမှာ ရိုက်နှက်ခံကြရပြီးနောက် အမျိုးသားများနှင့်

---

[2429] LI-127, QI-104.
[2430] CI-139, LI-123, LI-125, LI-135, QI-101, XI-009.
[2431] CI-139, LI-123, LI-135.
[2432] LI-123.
[2433] CI-139, LI-135.
[2434] CI-139, LI-123, LI-135.

အသက် ၁၂ နှစ်အောက် ယောက်ျားလေးငယ်များမှာ အုပ်စုထဲမှ သီးခြားခွဲထုတ်ခံခဲ့ရသည်။ အမျိုးသားများမှာ ၎င်းတို့၏အင်္ကျီများကိုချွတ်ရန် စေခိုင်းခံခဲ့ကြရပြီး အမျိုးသမီးများမှာ ခန္ဓာကိုယ်တွင် ရှာဖွေခံရကာ လက်ဝတ်ရတနာများ လုယက်ခံရပြီး ဖြစ်စဉ်အတွင်း မလျော်ကန်သော ကိုင်တွယ်မှုများလည်း ခံခဲ့ကြရသည်။ ထို့နောက် အမျိုးသမီးများနှင့် ကလေးငယ်များမှာ မြေကြီး-နံရံဖြင့် အိမ်တစ်လုံးအတွင်း ခေါ်ဆောင်ထည့်သွင်းခံခဲ့ရပြီး အမျိုးသားများနှင့် ယောက်ျားလေးငယ်များမှာ အပြင်ဘက်တွင် ထိန်းသိမ်းထားခံရသည်။ ထို့နောက်တွင် အမျိုးသမီးများသည် အဆက်မပြတ် သေနတ်ပစ်သံများနှင့် အမျိုးသားများနှင့် ယောက်ျားလေးငယ်များ၏ နာကျင်အော်ဟစ်သံများကို ကြားခဲ့ကြရသည်။[2435]

၁၀၈၇။ နေဝင်ချိန်တွင် စစ်သားများ ထွက်ခွာသွားကြပြီး အမျိုးသမီးများ၊ မိန်းကလေးငယ်များနှင့် ကလေးငယ်များမှာ ထိုအိမ်မှ ထွက်လာနိုင်ခဲ့ကြသည်။ အမျိုးသားများနှင့် ယောက်ျားလေးငယ်များ၏ အလောင်းများကို အပုံလိုက် (သို့မဟုတ်) အပုံများ အတန်းလိုက် ပုံထားကြပြီး ကောက်ရိုးများ၊ ရိတ်သိမ်းထားသော စပါးပင်များနှင့် ချွတ်ထားသော အင်္ကျီများကို အသုံးပြုကာ မီးရှို့ခံထားရသည်။ အခြားမျက်မြင်သက်သေ အတော်များများလည်း မီးလောင်ကျွမ်းနေသော အလောင်းပုံများကို မြင်တွေ့ခဲ့ကြသည်။ ၂ ပတ်ခန့်အကြာတွင် အရိုးပုံများလည်း မြင်တွေ့ခဲ့ကြရသည်။[2436] ထိုနေရာတွင် အမျိုးသားများနှင့် ယောက်ျားလေးငယ်များ၏ အလောင်း ၄၀ ခန့်ထိ မီးရှို့ခံခဲ့ရပြီး ထို့ထက်မကလည်း [2437] ဖြစ်နိုင်ခြေရှိမည်ဟု ယူဆရသော်လည်း စုစုပေါင်းအရေအတွက်မှာ ရှင်းလင်းမှုမရှိပေ။ မြေကြီး-နံရံ အိမ်ထဲတွင် ထိန်းသိမ်းခံခဲ့ရသော နစ်နာခံစားခဲ့ရသူတစ်ဦးက သူမ၏ခင်ပွန်းနှင့်အတူ အသက် ၁၀ နှစ်နှင့် ၁၃ နှစ် အရွယ်ရှိ သားငယ်လေး ၂ ဦး [2438]အသတ်ခံခဲ့ရပြီး မီးရှို့ခံခဲ့ကြရကြောင်း မစ်ရှင်အဖွဲ့သို့ အသိပေးခဲ့သည်။ အခြား မိသားစုများမှာလည်း ၎င်းတို့၏ နေအိမ်များအတွင်း မီးရှို့ခံထားခဲ့ကြရပြီး အလောင်းများကို အတူနေရွာသားများ[2439]က နောက်ပိုင်းတွင် တွေ့ရှိခဲ့ကြသည်။

၁၀၈၈။ နိုဝင်ဘာလ ၁၂ ရက်နှင့် ၁၃ ရက်တွင် ဒါးကြီးဇားရွာတွင် သတ်ဖြတ်ခံခဲ့ကြရသည့် လူများ၏အရေအတွက်မှာ [2440]ဘင်္ဂလားဒေ့ရှ်တောင်ပိုင်း ဒုက္ခသည်စခန်းများမှ ရိုဟင်ဂျာ လူမှုအဖွဲ့အစည်းများ ပြုစုထားသော စာရင်းတစ်ခုအရ ၇၅ ဦးခန့် ရှိမည်ဟု ခန့်မှန်းရသည်။ မစ်ရှင်အဖွဲ့က ထိုကိန်းဂဏန်းများ၏ တိကျမှုကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်း မရှိသော်လည်း ထိုစာရင်းမှာ မစ်ရှင်အဖွဲ့မှ အခြားရရှိထားသော ထိခိုက်သေကျေပျက်စီးမှုများ၏ မြင့်မားသောအရေအတွက် ဖော်ပြသည့် သတင်းအချက်အလက်များနှင့် ကိုက်ညီမှုရှိသည်။

၁၀၈၉။ ဒါးကြီးဇားရွာ မီးရှို့ခံရပြီးနောက်ပိုင်း ပတ်ဝန်းကျင် ဒေသများ၏ အခြေအနေများမှာ ရွာသားအမြောက်အမြား ဟင်းလင်းပြင်များတွင် အိပ်စက်ခဲ့ကြရပြီး စစ်သားများလည်း နောက်ထပ် ရောက်ရှိလာခဲ့ကြကာ အလွန်ခက်ခဲ ဆင်းရဲခဲ့ကြသည်။ ဒေသခံ ရခိုင်တိုင်းရင်းသား ကျေးရွာအုပ်ချုပ်ရေးမှူးက စွန့်ခွာပြေးရသော ရိုဟင်ဂျာများ ပြန်လာနိုင်ရေးအတွက် တပ်မတော်နှင့် စေ့စပ်ညှိနှိုင်းခဲ့သည်ဟု ယူဆရသည်။ နောက်ဆုံးတွင် အချို့မှာ

---

[2435] CI-142, CI-143, LI-133.

[2436] Human Rights Watch, *Updated Damage Assessment of Affected Villages in Maungdaw District*, 18 November 2016.

[2437] LI-123, LI-126, LI-135.

[2438] LI-125.

[2439] CI-139, LI-123, LI-135.

[2440] K-153.3.

ပြန်လည်သွားရောက်နိုင်ခဲ့ကြသည်။ ၎င်းတို့မှာ ၎င်းတို့၏ မူလနေအိမ်များ တည်ရှိရာ နေရာများတွင် ရွက်ဖျင်တဲများနှင့် ယာယီ အဆောက်အအုံများ ဆောက်လုပ်ကာ ကြိုကြားကြိုကြားရရှိသော နိုင်ငံတကာအကူအညီ ဖြန့်ဖြူးမှုများဖြင့် နေထိုင်ခဲ့ကြရသည်။ အခြားသူများမှာ [2441]ဘင်္ဂလားဒေ့ရှ်နိုင်ငံရှိ ဒုက္ခသည် စခန်းများသို့ ခရီးဆက်ခဲ့ ကြသည်။

၁၀၉၀။ ယုံကြည်နိုင်သော ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုတစ်ခုက [2442]၂၀၁၇ခုနှစ် နိုဝင်ဘာလ ၁၀ ရက်နှင့် ၁၇ ရက်အတွင်း အဆောက်အအုံပေါင်း ၂၆၅ ခု မီးရှို့ခံခဲ့ရပြီး ပျက်စီးခဲ့ကြောင်း ဖော်ပြသည်။ ရိုဟင်ဂျာလူမှုအဖွဲ့အစည်းများက ဒါးကြီးဇားကျေးရွာအုပ်စုတွင် စုစုပေါင်း အဆောက်အအုံ ၄၀၀ မီးရှို့ခံခဲ့ရပြီး ဗလီတံကျောင်း ၅ ခုနှင့်အတူ ဈေးဆိုင် ၃၈ ဆိုင်လည်း ပါဝင်ခဲ့ကာ အဆိုပါ ဈေးဆိုင်များမှာ လုယက်မှုလည်း[2443] ခံခဲ့ရသည်ဟု ဖော်ပြကြသည်။

*လိင်ပိုင်းဆိုင်ရာနှင့် ကျားမဖြစ်တည်မှု-အခြေခံ အကြမ်းဖက်မှုများ*

၁၀၉၁။ ။ မုဒိမ်းမှုများ၊ အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများနှင့် အခြားသော ပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှာ ၂၀၁၆ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ ဖြစ်စဉ်တလျှောက်တွင် ကျယ်ပြန့်စွာ ကျူးလွန်ခံခဲ့ကြရသည်။ တပ်မတော်မှ ဦးဆောင်၍ [2444]အစုလိုက်အပြုံလိုက် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများမှာ ၂၀၁၆ခုနှစ် အောက်တိုဘာလ မှ ဒီဇင်ဘာလ အတွင်း အကြမ်းဖက်မှုများ၏ သိသာထင်ရှားသော ပုံစံတစ်ခု ဖြစ်သည်။ မစ်ရှင်အဖွဲ့မှ မှန်ကန်ကြောင်း စိစစ်အတည်ပြုပြီးသော အချက်အလက်များအရ ၎င်းတို့မှာ အခြားသော နေရာဒေသများအထဲမှ ရေခပ်ချောင်း ခွဆုံ၊ ကြိမ်ချောင်းနှင့် ကြက်ရိုးပြင်တို့တွင် ကျူးလွန်ခံခဲ့ရခြင်းဖြစ်သည်။ မောင်တောမြို့မှ ၁၄နှစ်အရွယ် မိန်းကလေးငယ်တစ်ဦးက သူမ၏ အတွေ့အကြုံကို ဖော်ပြခဲ့သည်မှာ-

*"ကျမတို့တွေက တောအုပ်ထဲမှာ ပုန်းအောင်းနေခဲ့ကြတုန်း စစ်သားတွေက အသက် ၁၂နှစ်အရွယ် ကျမရဲ့ ညီမလေးနဲ့ တခြား မိန်းကလေးငယ် ၈ ယောက်ကို ဆွဲခေါ်သွားခဲ့ကြတယ်။ သူတို့ထဲက ၄ ယောက်က မုဒိမ်းကျင့်ပြီး အသတ်ခံခဲ့ကြရတယ်။ ပြီးတဲ့အခါ စစ်သားတွေက ကျမကို ဆွဲခေါ်သွားခဲ့တယ်။ တောအုပ်ထဲမှာ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေ အယောက် ၄၀ လောက် ရှိနေခဲ့ကြတယ်။ ကျမကို မုဒိမ်းကျင့်ခဲ့တဲ့ ပထမဆုံး အမျိုးသား တစ်ယောက်ကို မှတ်မိပြီး နာကျင်မှုတွေ အကုန်လုံး ခံစားခဲ့ရတယ်။ နောက်ထပ် ၃ ယောက်မှာ ကျမ ထုံသွားပြီးတော့ နောက်ပိုင်း ကျမ သတိလစ်သွားခဲ့တယ်။ အမျိုးသမီးတွေနဲ့ မိန်းကလေးငယ်တွေ အများစုကို သူတို့ မုဒိမ်းကျင့်ခဲ့ကြတယ်။[2445]"*

၁၀၉၂။ ကြက်ရိုးပြင်ကျေးရွာမှ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"တွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ ထူးခြားစွာ လူမဆန် ကြမ်းကြုတ်ရက်စက်သည့် အဆင့်ကို တွေ့ခဲ့ရသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အစုလိုက်အပြုံလိုက် အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်း၊ အတင်းအကျပ် ကိုယ်တုံးလုံး ချွတ်စေခြင်း၊ လိင်ပိုင်းဆိုင်ရာ အရှက်တကွဲဖြစ်စေခြင်း[2446]နှင့် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် စော်ကားခြင်းများကို ပြုလုပ်ခံခဲ့ကြရသည်။ အသက် ၃၀ အရွယ်ရှိ မသေဘဲ လွတ်မြောက်လာသူ ကိုယ်ဝန်သည်တစ်ဦးက စစ်တပ်ထရပ်ကား တစ်စီးဖြင့်

---

[2441] CI-139, LI-123, LI-125, LI-126, LI-135.

[2442] V-150.

[2443] K-153.3.

[2444] CI-106, EI-055, EI-091, EI-093, EI-094, EI-095, LI-105, K-127, K-128.

[2445] EI-055.

[2446] CI-106, K-076.25, K-076.27, K-076.28, K-076.29, K-076.30, K-076.31, K-076.33, K-076.34, K-076.35, K-076.36.

စစ်သားများ ရောက်ရှိလာခဲ့ကြပုံကို ပုံဖော်ပြောပြခဲ့သည်။ ထို့နောက် ၄င်းတို့သည် အမျိုးသမီးများကို မုဒိမ်းမကျင့်မီ တစ်အိမ်တက်ဆင်း လက်ဝတ်ရတနာများ၊ ငွေကြေးများနှင့် ပစ္စည်းဥစ္စာများကို ယူဆောင်ခဲ့ကြသည်။ သူမကအသက် [2447]၁၀ နှစ်နှင့် ၁၅ နှစ်အရွယ်ရှိ ၄င်း၏ တူမလေး ၂ ဦးအပါအဝင် ၄င်းတို့မိသားစုမှ မိသားစုဝင် ၆ ဦး မုဒိမ်းကျင့် ခံခဲ့ရသည်ဟု ပြောပြခဲ့သည်။

၁၀၉၃။ ကြက်ရိုးပြင်ရွာတွင် မုဒိမ်းကျင့်ခံခဲ့ကြရသည့် အချို့သောအမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ မုဒိမ်းကျင့်ခံရပြီးနောက် အသတ်ခံခဲ့ကြရသည်။ [2448]မသေဘဲ လွတ်မြောက်လာသူတစ်ဦးက တပ်မတော် စစ်သား ၈ ဦးမှ ၁၀ ဦးခန့် သူမရှိနေခဲ့သော အိမ်အတွင်းသို့ ဝင်ရောက်လာခဲ့ကြပြီး မိန်းကလေးငယ် ၂ ဦးကို အိမ်သာအတွင်းသို့ ခေါ်ဆောင် သွားခဲ့ကြပုံကို ပြောပြခဲ့သည်။ စစ်သားများက သူမကို ကလေးမိခင်တစ်ဦးဖြစ်ကြောင်း သိရှိပြီး မုဒိမ်းကျင့်လိမ့်မည် မဟုတ်ဟု ယူဆသဖြင့် သူမက ပေါင်ပေါ်တွင် ကလေးငယ်တစ်ဦးကို ချီထား ခဲ့သည်။ စစ်သားများက ကလေးငယ်ကို ဘေးသို့လွှင့်ပစ်လိုက်ပြီး ၅ ယောက် ၆ ယောက်ခန့် သူမကို မုဒိမ်းကျင့်ခဲ့ကြသည်။ ထို့နောက် သူမ တစ်ကိုယ်လုံးတွင် နာကျင်မှုများခံစားခဲ့ရပြီး ဘင်္ဂလားဒေ့ရှ်သို့ ရောက်ရှိချိန်ထိ သွေးများကျဆင်းနေခဲ့သည်ဟု သူမက ပြောပြခဲ့သည်။ [2449]အိမ်သာအတွင်းသို့ ခေါ်ဆောင်သွားခံခဲ့ရသော မိန်းကလေးငယ် ၂ ဦးမှာ သေဆုံးသွားခဲ့ကြသည်ဟု သူမ ကြားသိခဲ့ရသည်။ ကြက်ရိုးပြင်ရွာမှ အသက်၂၅ နှစ် အရွယ် အခြားသော မသေဘဲ လွတ်မြောက်လာသူ အမျိုးသမီးတစ်ဦးက ထိုကာလအတွင်း သူမကို တပ်မတော် စစ်သား ၄ ဦးက သူမ၏အိမ်တွင်ပင် အုပ်စုဖွဲ့မုဒိမ်းကျင့်သည်ကို ခံခဲ့ရကြောင်း ရှင်းပြခဲ့သည်။[2450]

၁၀၉၄။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် မောင်တောမြို့နယ် အလယ်ပိုင်းရှိ နေရာဒေသများတွင် ပစ်မှတ်ထား ဖြစ်ပွားခဲ့စေကာမူ မုဒိမ်းကျင့်မှုများနှင့် အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများမှာ [2451]ဘူးသီးတောင်မြို့နယ်တွင်လည်း ဖြစ်ပွားကျူးလွန်ခဲ့ကြသည်။ မောင်းကြီးတောင် ကျေးရွာမှ အသက် ၂၅ နှစ်အရွယ်ရှိ တွေ့ဆုံမေးမြန်းမှုတွင် ဖြေဆိုသူ တစ်ဦးက သူမတို့၏ကျေးရွာလူကြီးမှာ ရွာအနီးရှိ စစ်တပ်ဝန်းအတွင်းသို့ မိန်းကလေးငယ်များကို ခေါ်ဆောင်လာရန် ညွှန်ကြားခံရသည့်အတိုင်း လုပ်ဆောင်ရန် ပျက်ကွက်ခဲ့ပြီးနောက် သူမအိမ်တွင် အုပ်စုဖွဲ့မုဒိမ်းကျင့်ခံခဲ့ရသည်ကို ပုံဖော်ပြောပြခဲ့သည်။ သူမမှာ သူမ၏ နဖူး၊ ပါးပြင်နှင့် ဘယ်ဘက်ရင်သားတို့တွင် သွားဖြင့် ပြင်းထန်စွာ ကိုက်ခံခဲ့ရသည်။ သတိလစ် မေ့မြောသွားခဲ့ပြီး သူမကို လူဘယ်နှစ်ဦး မုဒိမ်းကျင့်ခဲ့ကြသည်ကို သူမ မသိနိုင်ခဲ့ပေ။ မုဒိမ်းကျင့်ခံရသည့်အချိန်က သူမတွင် ကိုယ်ဝန်ရှိနေခဲ့ပြီး ထို့နောက် များမကြာခင်မှာပင် ကိုယ်ဝန် ပျက်ကျ ခဲ့ရသည်။[2452]

၁၀၉၅။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ ခန္ဓာကိုယ်ပေါ် ရှာဖွေစစ်ဆေးမှုများတွင်လည်း တပ်မတော်စစ်သားများမှ[2453]လိင်ပိုင်းဆိုင်ရာအရ ကိုယ်ထိလက်ရောက် စော်ကားမှုများနှင့် အရှက်တကွဲ ဖြစ်စေမှုများကို ခံခဲ့ရကြသည်။ မောင်တောမြို့နယ် ဦးရှည်ကျကျေးရွာမှ

[2447] CI-106.
[2448] CI-105, CI-106, EI-054.
[2449] K-076.28.
[2450] CI-105.
[2451] EI-094, EI-095, EI-107.
[2452] EI-094.
[2453] CI-105, EI-091, EI-106, K-076.41.

*အသက်၃၀အရွယ် အမျိုးသမီးတစ်ဦးက စစ်တပ်မှ ပြုလုပ်ခဲ့သည်မှာ "ရက်စရာ အကောင်းဆုံး ခန္ဓာကိုယ် ရှာဖွေမှုပဲ၊ သူတို့တွေက လူတွေအားလုံးရှေ့မှာပဲ ကျမတို့တွေရဲ့ အပေါ်ပိုင်းထဲကို လက်နဲ့နှိုက်ခဲ့ပြီး ကျမတို့ ရင်သားတွေကို ဆုပ်နယ်ကြတယ်၊ နို့သီးခေါင်းတွေကို ဖျစ်ညှစ်ကြတယ်။"*[2454] မောင်တောမြို့နယ် ဒိုးတန်းကျေးရွာမှ အသက်၂၀ အရွယ်ရှိ အခြား အမျိုးသမီးတဦးက ၎င်းတို့ကျေးရွာကို စစ်သားများ ရောက်ရှိလာကာ ဝိုင်းထားခဲ့ကြပြီး အမျိုးသမီးများထံမှ လက်ဝတ်ရတနာများနှင့် ငွေကြေးများကို မွှေနှောက်ရှာဖွေကြပုံကို ပြောပြခဲ့သည်။ အမျိုးသမီးများမှာ လယ်ကွင်းထဲတွင် ၎င်းတို့၏ဦးခေါင်းများကို အောက်သို့ငုံ့၍ ထိုင်ရန် စေခိုင်းခံကြရပြီး အမျိုးသမီး အများအပြားမှာ ၎င်းတို့၏ ခေါင်းဆောင်းပုဝါများကို ဆွဲချွတ်ခံကြရသည်။[2455]

### (ခ) ၂၀၁၇ ဩဂုတ်လ ၂၅ ရက် ဆီသို့ အရှိန်မြင့်လာခြင်း

> *"၂၀၁၆ခုနှစ် အောက်တိုဘာလကစပြီး ဘဝက ခက်ခဲဆင်းရဲလာတယ်။ ကျနော်တို့မှာ ညဘက်ကို အိမ်တွေမှာ မီးတောင် ထွန်းခွင့်မရတော့ဘူး၊ ဈေးမှာလည်း ဘာမှဝယ်ခွင့်မရတော့ဘူး။ ကျနော်တို့ ဘုရားလည်း ရှိခိုးခွင့် မရတော့ဘူး။ လွှက်ရည်ကော်ဖီဆိုင်တွေမှာလည်း စစ်သားတွေက ကျနော်တို့ အမျိုးသားတွေကို ထိုင်ခွင့်မပေးတော့ဘူး။ တချို့လူတွေ အရမ်းကို နာမကျန်းဖြစ်နေတာတောင် ကျနော်တို့တွေ ဆေးရုံကို သွားခွင့်မရတော့ဘူး။ အိမ်တွေမှာ ညဘက် မီးအလင်းရောင်မရှိတော့ ကျနော်တို့ ညဘက်ဆို ဘာမှစားလို့မရတော့ဘူး၊ အဲဒီတော့ ကျနော်တို့ အိပ်ရာ စောစောဝင်ကြရတယ်။ စစ်တပ်က ကျနော်တို့တွေနဲ့ ဈေးထဲက ကျနော်တို့ ဆိုင်တွေကိုလည်း ဓါးပြတိုက် လုယူကြတယ်။*[2456]*"*

၁၀၉၆။ စနစ်တကျ ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများမှာ ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ၏ ဘဝတစိတ်တပိုင်း ဖြစ်နေခဲ့ပြီး ဖြစ်သော်လည်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် တိုက်ခိုက်မှုများ နောက်ပိုင်းကာလတွင် အထူးသဖြင့် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ရိုဟင်ဂျာများကို ပစ်မှတ်ထား၍ အနေအထိုင်ကျပ်တည်းစေသော စီမံဆောင်ရွက်မှုများ၏ ပိုမိုပြင်းထန်လာရန် အရှိန်မြှင့်မှုတစ်ခုကို တွေ့ခဲ့ရသည်။ အဆိုပါ စီမံဆောင်ရွက်ချက်များသည် ၂၀၁၆ ခုနှစ် အောက်တိုဘာလ နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ တို့အကြား ကာလအတွင်း လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ ကျယ်ပြန့်သော နယ်ပယ်တစ်ခုကို ရလဒ်ဖြစ်စေသည့် လုံခြုံရေးတပ်ဖွဲ့များ ပိုမိုတိုးမြှင့် တာဝန်ချထားမှုနှင့် တွဲဖက်ဖြစ်ပေါ်ခဲ့သည်။

*မြန်မာလုံခြုံရေးတပ်ဖွဲ့များ၏ တိုးမြင့်လာသော ခြိမ်းခြောက်မှုများ လှုပ်ရှားမှု*

*လုံခြုံရေးတပ်ဖွဲ့များ ပိုမိုတိုးမြင့် တာဝန်ချထားမှု*

၁၀၉၇။ ၂၀၁၆ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် ရိုဟင်ဂျာကျေးရွာများအနီး လုံခြုံရေးတပ်ဖွဲ့များ တာဝန်ချထားမှုမှာ တိုးမြင့်လာ ခဲ့သည်။ စစ်တပ်စခန်းအသစ်များနှင့် စစ်ဆေးရေးဂိတ်များကို ကျေးရွာများအတွင်း[2457] ထူထောင်ခဲ့ကြသည်။ ဥပမာ[2458]ဘူးသီးတောင်မြို့နယ် တင်းမေကျေးရွာအနီး နယ်စပ်လုံခြုံရေးရဲတပ်ဖွဲ့ စစ်ဆေးရေးဂိတ်

---

[2454] K-127.
[2455] EI-091.
[2456] LI-084.
[2457] CI-112, CI-115, CI-144, CI-145, LI-053, LI-054, LI-057, LI-073, LI-074, LI-103, LI-105, WI-010.
[2458] CI-115.

အသစ်တစ်ခု [2459]ဘူးသီးတောင်မြို့အနီး နန်းရာကုန်းကျေးရွာတွင် ယာယီစစ်စခန်းတစ်ခုနှင့် [2460]မောင်တောမြို့နယ် မြောက်ပိုင်း ပဒါကာရွာသစ်ကျေးရွာတွင် ရဲစစ်ဆေးရေး ဂိတ်အသစ်တစ်ခုတို့ ဖြစ်သည်။

၁၀၉၈။ တည်ရှိနေသောစစ်တပ် (သို့မဟုတ်) နယ်ခြားစောင့် လုံခြုံရေး တပ်ဖွဲ့ခြံဝန်းများအတွင်း[2461] သို့မဟုတ် စာသင်ကျောင်းများနှင့် ဘာသာရေး အဆောက်အဦးများ ကဲ့သို့ သိမ်းပိုက်ထားသော ရပ်ရွာအဆောက်အအုံများ[2462] တွင်လည်း နောက်ထပ် စစ်သည်များကို နေရာချထားခဲ့ကြသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် ကိုးတန်ကောက် နယ်ခြားစောင့်တပ်ဖွဲ့စခန်းကို တိုက်ခိုက်မှုနောက်ပိုင်းတွင် အရံထောက်ပံ့မှုများ ပေးရန်[2463] ကိုးတန်ကောက် ကျေးရွာအုပ်စုအတွင်းရှိ ချိန်ခါလီကျေးရွာ စစ်တပ်ဝန်းအတွင်း ထပ်တိုး တပ်မတော်စစ်သားများ တာဝန်ချထားခဲ့ကြသည်။

၁၀၉၉။ မောင်တောမြို့နယ် မြင်းလွတ်ကျေးရွာတွင် ဩဂုတ်လ အစောပိုင်းက လုံခြုံရေး တပ်ဖွဲ့များမှ အမှုထမ်း ၅၀ မှ ၁၀၀ အထိ ခြေလျင်ကင်းလှည့်မှုများ တိုးမြင့်လာခဲ့ပြီး စစ်တပ်ယာဉ်များ ပိုမိုများပြားစွာ ရွေ့ပြောင်း ွားလာခဲ့ကြသည်။ ယခင်က ထိုနေရာဒေသတွင် တပ်မတော်စစ်သားများကို ရံဖန်ရံခါမျှသာ တွေ့မြင်ခဲ့ရသည်။[2464]

၁၁၀၀။ အရှိန်တိုးမြှင့်လာမှုသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၀ ရက် နောက်ပိုင်းတွင် တပ်မ ၃၃န ှင့် တပ်မ ၉၉ တို့မှ တပ်များ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ရောက်ရှိလာခဲ့ပြီး ထူးခြားစွာ သိသာလာခဲ့သည်။[2465]

*ဥပဒေမဲ့ဖမ်းဆီးခြင်း၊ ချုပ်နှောင်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးသောပြုမူဆက်ဆံခြင်း*

၁၁၀၁။ လုံခြုံရေးတပ်ဖွဲ့များ တိုးမြှင့်တာဝန်ချထားမှုသည် ကင်းလှည့်မှုများ အကြိမ်ရေ ပိုစိတ်လာခြင်းကို ရလဒ်ဖြစ်ပေါ်စေပြီး ထိုကင်းလှည့်မှု များအတွင်း ရွာသားများ အထူးသဖြင့်[2466]လူငယ်များမှာ မကြာခဏ ရိုက်နက်ခံကြရသည်။ ကင်းလှည့်မှုများက ရိုဟင်ဂျာများအပေါ် ပိုမိုတိုးမြင့်လာသော ဥပဒေမဲ့ဖမ်းဆီးခြင်းနှင့် လုယက်မှုတို့ အပါအဝင် အခြားသော ချိုးဖောက်မှုများ တသီတတန်း ဖြစ်စေရန်လည်း ဦးတည်စေခဲ့သည်။

၁၁၀၂။ ချမ်းသာကြွယ်ဝ၍ ပညာတတ်ပြီး ဩဇာလွှမ်းမိုးမှုရှိသော အမျိုးသားများမှာ အာဆာအဖွဲ့ဝင်များ တည်ရှိရာကို ဖော်ထုတ်ရန် (သို့မဟုတ်) ၎င်းတို့၏လှုပ်ရှားမှုများ အကြောင်း သတင်းအချက်အလက်များ စုစည်းရန် အစရှိသဖြင့် ဥပဒေမဲ့ဖမ်းဆီးမှုများအတွက် မကြာခဏ ပစ်မှတ်ထားခံကြရသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၎င်းတို့သည် "လူဆိုးများ" (သို့မဟုတ်) "အစိုးရ ဆန့်ကျင်သူများ"[2467]ကို ရှာဖွေနေသည်ဟု မကြာခဏဆိုသလို ပြောကာ

[2459] LI-057.
[2460] LI-074.
[2461] CI-119, LI-100, WI-010.
[2462] CI-183, LI-046, QI-101, YI-021, K-063.35.
[2463] CI-119, LI-100.
[2464] QI-111, QI-112.
[2465] V-213, V-231
[2466] CI-181, CI-182, LI-053, XI-001, YI-006, YI-007.
[2467] CI-007, CI-016, CI-021, CI-028, CI-032, CI- 034, CI-048, CI -071, CI-104, CI-105, CI-106, CI-111, CI-112, CI-118, CI-119, CI-133, CI-134, CI-140, CI-144, LI- 002, LI-030, LI-051, LI-053, LI-066, LI-069, LI-073, LI-074, LI-076, QI-002, QI-014, QI-015, QI-022, QI-038, QI-040, QI-062, QI-102, QI-111, WI-006, WI-044, YI-001, YI-002, YI-003, YI-007, YI-012, YI-021, BM-025, V-073.

ဖမ်းဆီးခံရသူများမှာ မကြာခဏဗပင် ရိုက်နှက် (သို့မဟုတ်) နှိပ်စက်ခံကြရပြီး အာဆာအဖွဲ့ဝင်အဖြစ် စွပ်စွဲခံကြရသည်။ ပြန်လည်လွတ်မြောက်ရန်မှာ ပုံမှန်အားဖြင့် လာဘ်ငွေပေးရန်လိုအပ်သည်။[2468] ထိုအလေ့အကျင့်မှာ မြို့နယ် ၃ ခု အတွင်း ပျံ့နှံ့နေခဲ့သည်။ မောင်တောမြို့နယ် ပွင့်ဖြူချောင်းကျေးရွာမှ ရိုဟင်ဂျာ အမျိုးသားတစ်ဦးက ၂၀၁၆ ခုနှစ် အောက်တိုဘာလ တိုက်ခိုက်မှုများနောက်ပိုင်း ၎င်း၏အတွေ့အကြုံကို ရှင်းလင်းပြောပြခဲ့သည်မှာ-

> *"သူတို့က ကျနော့်ရဲ့ ဈေးဆိုင်တံခါးကို ချိုးဖျက် ဝင်လာကြတယ်။ ကျနော့်ကို ကြိုးနဲ့တုပ်ပြီး ၅နာရီလောက် ရိုက်နှက်ကြတယ်။ နောက်တော့ ကျနော့်ကို စစ်တပ်စခန်းကို ခေါ်သွား ခံခဲ့ရတယ်။ သူတို့ ကျနော့်ကို ၃ ရက်နဲ့ ၃ ည လက်ပြန်ကြိုးတုပ်ပြီး ဒူးထောက်ထိုင်ခိုင်းထားခဲ့တယ်။ ကျနော်က တခြား ရိုဟင်ဂျာ ၂၅ ယောက်နဲ့အတူ ရှိခဲ့တယ်။ ကျနော်တို့ကို ရေတောင် မတိုက်ခဲ့ဘူး။ သူတို့ ကျနော်တို့ကို နည်းလမ်း ပေါင်းစုံနဲ့ ညှဉ်းပန်းနှိပ်စက်ခဲ့ကြတယ်။ ကျနော်တို့ ပါးစပ်တွေထဲ သေနတ်ပြောင်းတွေ ထိုးထည့်တယ်၊ စီးကရက်မီးတွေနဲ့ အသားတွေကို ထိုးတယ်၊ ကျွန်တော်တို့ လိင်တံတွေပေါ်ကို ဖယောင်းစက်တွေနဲ့ ချတယ်။ ညှဉ်းပန်းနှိပ်စက်မှုကြောင့် လူ ၅ ယောက် သေသွားခဲ့တယ်။ ကျန်တဲ့လူ ၂၀ မှာ ၁၈ ယောက်က လွတ်ဖို့အတွက် ပိုက်ဆံတွေ အများကြီး ပေးနိုင်ခဲ့ကြတယ်။[2469]"*

၁၁၀၃။ မောင်တောမြို့နယ် ပဒါကာရွာသစ်ကျေးရွာမှ ရွာသားများက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် နောက်ပိုင်းတွင် ၎င်းတို့ ကျေးရွာကို ရဲများ ပုံမှန်လာရောက်ကြပြီး ညပိုင်းတွင် အမျိုးသားများကို ဖမ်းဆီးတတ်သည်ဟု ပြောကြသည်။ ရဲများက အမျိုးသားကို အာဆာအဖွဲ့မှဟု စွပ်စွဲပြီး ပြန်လွှတ်ပေးရန်အတွက် ငွေကြေးပေးရန် တောင်းကြသည်။[2470]

၁၁၀၄။ သိရှိရသလောက် အာဆာနှင့် ပူးပေါင်းဆောင်ရွက်မှု ရှိခဲ့သည်ဆိုကာ ဖမ်းဆီးခဲ့ပြီး ပုံမှန်အားဖြင့် လာဘ်ငွေပေး၍ ပြန်လည်လွတ်မြောက်ခဲ့ကြသော အဆိုပါ "ဖမ်းဆီးမှုများ"ကို ထည့်သွင်းစဉ်းစားလျှင် အမှုဖြစ်ရပ်အများအပြားတွင် ဖမ်းဆီးမှုများသည် ဥပဒေရေးရာ (သို့မဟုတ်) အဖြစ်မှန်အခြေခံ မရှိဟု မစ်ရှင်အဖွဲ့က သုံးသပ်သည်။ ယင်းအစား မြန်မာလုံခြုံရေးတပ်ဖွဲ့များက ဖိနှိပ်ရန်၊ မတရားပြုရန်နှင့် ရိုဟင်ဂျာများထံမှ ခြိမ်းခြောက်ငွေညှစ်ရန် အသုံးချခဲ့သော နည်းလမ်းတစ်ခုသာ ဖြစ်နိုင်သည်။ ရိုဟင်ဂျာ မျက်မြင်သက်သေတစ်ဦး မှတ်ချက်ပြုခဲ့သည်အရ- *"အာဏာပိုင်တွေရဲ့ အမြင်မှာ ခင်ဗျားက ငွေမပေးနိုင်ရင် လူဆိုးဖြစ်ပြီး၊ ပေးနိုင်ရင်တော့ လူကောင်းပဲ ။"*[2471] ထိုအချက်က အချမ်းသာဆုံးသူများမှာ အဘယ်ကြောင့် မကြာခဏ ပစ်မှတ်ထားခံရသည်ကို ရှင်းလင်းနိုင်ဖွယ်ရှိသည်။ မည်သို့ဆိုစေ ထိုခြိမ်းခြောက်ငွေညှစ်မှုသည် လူမှုအသိုက်အဝန်း၏ ပိုမိုဆင်းရဲသောသူများနှင့် ငွေမပေးနိုင်သည့် သူများအပေါ် အချိုးမညီမျှစွာ သက်ရောက်စေခဲ့သည်။

၁၁၀၅။ အချို့အမှုဖြစ်ရပ်များတွင် ထိန်းသိမ်းချုပ်နှောင်ခံရသူများကို နောက်ထပ် ပြန်မတွေ့ရတော့ပေ။[2472] ၂၀၁၇ ခုနှစ် မေလ (သို့မဟုတ်) ဇွန်လတွင် တပ်မတော်စစ်သား

---

[2468] CI-118, CI-145, LI-066, LI-073, LI-074, LI-076, XI-005, YI-003

[2469] QI-103.

[2470] CI-144, LI-074

[2471] QI-114.

[2472] CI-111, LI-002; ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး "လျပ်တပြက် အစီရင်ခံစာ- ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့ ကတည်းက ထွက်ပြေးလာသော ရိုဟင်ဂျာများနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏မစ်ရှင် ဘင်္ဂလားဒေ့ရှ်သွားစဉ် တွေ့ဆုံမေးမြန်းမှု အစီရင်ခံစာ"

အုပ်စုကြီးတစ်စုက ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာမှ အမျိုးသား ၆ ဦး သို့မဟုတ် ၇ ဦးခန့်ကို ထိန်းသိမ်းချုပ်နှောင်ခဲ့သည်။ ထိုအုပ်စုတွင် အီမန်ဆရာတစ်ဦးနှင့် ဘာသာရေးဆရာများ ပါဝင်ခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှုဖြေကြားသူတစ်ဦး၏ အဆိုအရ စစ်သားများက ၎င်းတို့ ရှာဖွေနေသော အမျိုးသားများ၏ အမည်စာရင်းတစ်ခု ယူဆောင်လာခဲ့ကြပြီး ထိုသူများကို မည်သူ မည်ဝါ ခွဲခြားရန် ရခိုင်တိုင်းရင်းသားကျေးရွာဥက္ကဋ္ဌ၏ အကူအညီကို ရယူခဲ့သည်။[2473] ထိုအမျိုးသားများ မည်သည့်နေရာတွင် ရှိနေသည်ကို မသိရပေ။[2474] ထိုသို့ လုပ်နည်းလုပ်ဟန်မျိုးဖြင့် ပျောက်ဆုံးသွားခဲ့ကြသော လူများ၏အရေအတွက်ကို ခန့်မှန်းတွက်ချက်ရန် ခက်ခဲသည်။ အချို့သူများက သူတို့၏မိသားစုဝင်များမှာ စစ်တွေ သို့မဟုတ် ဘူးသီးတောင်ထောင်သို့ ရွှေ့ပြောင်းခံခဲ့ရသည်ဟု တွေးထင်ကြပြီး အာဆာတွင် ပါဝင်သည်ဟု စွပ်စွဲခံရကာ အရေးယူခြင်း သို့မဟုတ် ပြစ်ဒဏ်ချမှတ်ခြင်း ခံနေခဲ့ရသည်ဟု ယူဆကြသည်။ အချို့ကမူ ၎င်းတို့မှာ သတ်ဖြတ်ခံလိုက်ကြရပြီဟု သံသယ ရှိကြသည်။[2475]

၁၁၀၆။ အချို့လူများမှာ ၂၀၁၆ ခုနှစ် အာဆာတိုက်ခိုက်မှုများအတွက် တရားစွဲဆိုခြင်းနှင့် ပြစ်ဒဏ်ချမှတ်ခြင်းများ ခံခဲ့ရဖွယ်ရှိပြီး ရိုဟင်ဂျာရွာသားများက ထိုကဲ့သို့သော လုပ်ရပ်များအတွက် ဖမ်းဆီးခံထားရပြီး တရားစွဲဆိုခံထားရသည့် ဆွေမျိုးသားချင်းများ၏ သတင်းအချက်အလက်များကို ပေးပို့ခဲ့ကြသည်။[2476] မည်သို့ဆိုစေ ယုံကြည်နိုင်ဖွယ်ရှိသော (သို့မဟုတ်) တိကျသော သတင်းအချက်အလက်များမှာ ရှားပါးနေဆဲဖြစ်သည်။ မောင်တောမြို့နယ် မြင်းလွှတ်ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၄ ရက် သို့မဟုတ် ထိုရက်တဝိုက်တွင် ရဲများနှင့်စစ်သားများ ၎င်းတို့ရွာသို့ ရောက်လာခဲ့ကြပြီး အိမ်များကို ရှာဖွေခဲ့သည်ဟု ဆိုသည်။ ၎င်းက အခြားရွာသားများနှင့်အတူ တောင်ကုန်းများပေါ်သို့ ထွက်ပြေးခဲ့ပြီး စီးပွားရေးသမားများနှင့် ကျောင်းဆရာတစ်ယောက်တို့ ဖမ်းဆီးချုပ်နှောင်ခံခဲ့ကြရသည်။ တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ၏ အဆိုအရ တရားစွဲမှုများနှင့် တရားရင်ဆိုင်ရမှုများ အတွက် ၎င်းတွင် သတင်းအချက်အလက်များ မရှိသော်လည်း ၎င်းတို့မှာ နောက်ပိုင်းတွင် ၁၀နှစ်နှင့် ၇နှစ်တို့ ထောင်ဒဏ်အသီးသီး ချမှတ်ခံလိုက်ရသည်ဟု ဆိုသည်။[2477]

၁၁၀၇။ အစိုးရက တိုက်ခိုက်မှုများနှင့် ဆက်စပ်၍ ၅၇၅ ဦးကို ဖမ်းဆီး ချုပ်နှောင်ပြီး တရားစွဲဆိုထားကြောင်း ကနဦးကြေညာခဲ့သည်။[2478] ဖမ်းဆီးချုပ်နှောင်ထားသူများအား တရားစွဲဆိုမှုအပေါ် မည်သည့်သတင်းအချက်အလက်မှ ဖော်ပြခြင်းမရှိပဲ အားလုံးမှာ ပြစ်မှုတစ်ခု သတ်သတ်မှတ်မှတ်ဖြင့် တရားစွဲဆိုခံခဲ့ရခြင်း ဖြစ်မဖြစ် မသိရပေ။ ဘူးသီးတောင်မြို့နယ် တရားရုံးမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက် ရက်စွဲဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလအတွင်းက ဖြစ်ရပ်များနှင့်ဆက်စပ်၍ မတရားအသင်းဥပဒေ ပုဒ်မ ၁၇/၁ နှင့် ၁၇/၂ တို့ဖြင့် ရုံးတင်စစ်ဆေးခဲ့သည့် လူ ၄၁၆ ဦး စာရင်းသွင်းလျက် စီရင်ချက်တစ်ခု ချမှတ်

[2473] YI-014.

[2474] LI-063, YI-013, YI-015, YI-016.

[2475] LI-002, LI-116.

[2476] CI-189, LI-104, QI-111, RI-008.

[2477] QI-111.

[2478] နိုင်ငံတော်အတိုင်ပင်ခံ၏ရုံး "မောင်တော မြောက်ပိုင်း တိုက်ခိုက်မှုအတွက် သံသယဖြစ်သူ ၄၇၀ ဦး ကို ဆက်လက်စုံစမ်းစစ်ဆေးနေသည်။" http://www.statecounsellor.gov.mm/en/node/481
အစီရင်ခံမှုအရ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၉ ရက်နေ့ တိုက်ခိုက်မှုနှင့် နောက်ဆက်တွဲ အကြမ်းဖက်မှုတွင် ပါဝင်သည်ဟု သံသယရှိ၍ ဖမ်းဆီးထားသူ ၅၇၅ ဦးအနက် ၈၈ ဦးကို ပြစ်ဒါဏ်စီရင်ခဲ့ပြီး ၁၁ ဦး ကိုလွှတ်ပေး၍ ၆ ဦးမှာ ထိန်းသိမ်းထားစဉ် သေဆုံးခဲ့သည်။ သံသယရှိသူ ၄၇၀ ဦးကို ဆက်လက်စုံစမ်းစစ်ဆေးနေဆဲ ဖြစ်သည်ဟု ထပ်မံ မှတ်ချက်ပြုထားသည်။

ထုတ်ပြန်ခဲ့သည်။ ထို ၄၁၆ ဦးအနက် ၃၉၂ ဦးကို ပြစ်ဒဏ်စီရင်ခံခဲ့ပြီး ၂၄ ဦးကို တရားသေလွှတ်ပေးခဲ့ကြောင်း စီရင်ချက်က ဖော်ပြပါရှိသည်။[2479]

၁၁၀၈။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ တိုက်ခိုက်မှုများနှင့် ချိတ်ဆက်ပြီး ဖမ်းဆီးချုပ်နှောင်ခံထားရသောသူများကို ရုံးတင်စစ်ဆေးရန်အတွက် မြို့နယ်နှင့် ခရိုင်အဆင့်ရှိ "အထူးတရားရုံး" များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီလမှစ၍ ဘူးသီးတောင်မြို့နယ် မြို့သစ်တောင်ရပ်ကွက်တွင် ဖွင့်လှစ်ခဲ့သည်ဟု ယုံကြည်နိုင်သော သတင်းအချက်အလက်များကို မစ်ရှင်အဖွဲ့မှ ရရှိခဲ့သည်။ ကုန်လှောင်ရုံအဆောက်အအုံများကို ကြားနာစစ်ဆေးမှုကာလအတွင်း ရုံးတင်စစ်ဆေးမှုအတွက် တရားရုံးခန်းမများအဖြစ်နှင့် ယာယီချုပ်နှောင်မှု အသုံးအဆောင်များအဖြစ် အသွင်ပြောင်းလဲ အသုံးပြုခဲ့သည်ဟု သိရသည်။ "အထူးတရားရုံးများ" မှာ ဥပဒေကြောင်းအရနှင့် တရားဝင် ပြန်တမ်းထုတ်ပြန်ပြီး ထူထောင်ခဲ့ခြင်း ဟုတ်မဟုတ် နှင့် ရုံးတင်စစ်ဆေးမှုများ မစတင်ခင် ထိုလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးမြောက်ခဲ့ခြင်း ရှိမရှိမှာမူ မရှင်းလင်းပဲ ကျန်ရှိနေသည်။[2480] ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် ဘူးသီးတောင်အကျဉ်းထောင်မှ ဖမ်းဆီးချုပ်နှောင် ခံထားရသူများကို မြန်ဆန်သွက်လက်သော ရုံးတင်စစ်ဆေးမှုများ ပြုလုပ်ခဲ့သည့် အဆိုပါ "အထူးတရားရုံးများ" သို့ ပို့ဆောင်ခဲ့ကြသည်ဟု သိရသည်။ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူများမှာ [2481]မြန်ဆန်သွက်လက်သော ရုံးတင်စစ်ဆေးမှုများအတွင်း ရှေ့နေဖြင့် ကိုယ်စားပြု ချေပခွင့်ရခြင်း (သို့မဟုတ်) ရှေ့နေများ ရရှိရန် လက်လှမ်းမီခြင်း မရှိခဲ့ဟု ပြောဆိုကြသည်။

၁၁၀၉။ ၂၀၁၇ ခုနှစ် ဇန္နဝါရီလတွင် အဆိုပါ အထူးတရားရုံးများ၌ ဖမ်းဆီးချုပ်နှောင်ခံခဲ့ရသူ ၅၀၀ ဦးကို ရုံးတင်စစ်ဆေးပြီး ပြစ်ဒဏ်ချမှတ်ခဲ့ကာ ရုံးတင်စစ်ဆေးခံခဲ့ရသူ အများအပြားမှာ သေဒဏ် (သို့မဟုတ်)[2482] တသက်တကျွန်း ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရသည်ဟု စွပ်စွဲခံထားရသည်။ အပြစ်မရှိကြောင်း ထင်မြင်ယူဆခြင်းနှင့် အထက်တရားရုံးဖြင့် ပြန်လည်စစ်ဆေးခွင့်တို့ အပါအဝင် ကျင့်ထုံးဆိုင်ရာ အာမခံချက်များ ပေးအပ်ခဲ့ခြင်း ရှိမရှိနှင့် စပ်လျဉ်း၍ ရှင်းလင်းမှု မရှိခဲ့ကြောင်း မစ်ရှင်အဖွဲ့အနေဖြင့် သတိပြုမိသည်။ အခြားယုံကြည်နိုင်သော အစီရင်ခံစာတစ်ခုက အသက် ၁၀နှစ်အထိ ငယ်ရွယ်သော ကလေးငယ်များပါ ဖမ်းဆီးချုပ်နှောင် ခံခဲ့ရပြီး တရားစွဲဆိုခံခဲ့ရသည်ဟု ညွှန်ပြနေသည်။[2483] အဆိုပါ ဖမ်းဆီးမှုများနှင့် ဖမ်းဆီး ချုပ်နှောင်မှုများဖြင့် ချိတ်ဆက်သည့် အချုပ်ခန်းအတွင်း ရိုဟင်ဂျာများ သေဆုံးမှုကို ယုံကြည်နိုင်သော သတင်းပေးပို့မှုများ အမြောက်အမြား ရှိခဲ့သည်။[2484]

*လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေခံ အကြမ်းဖက်မှုများ*

*"တစ်နှစ်ကျော်ကြာလောက်အထိ ကျမတို့အိမ်မှာ မအိပ်ခဲ့ရဘူး၊ ဘာကြောင့်လဲဆိုတော့ စစ်တပ်က အကြိမ်ကြိမ်လာပြီး လူတွေကိုဖမ်း ခြိမ်းခြောက် ငွေညှစ်၊ ပြီးတော့ အမျိုးသမီးတွေကို ခေါ်သွားတာတွေ လုပ်လို့[2485]"*

---

[2479] K-166.

[2480] K-076.36, K.076.38,

[2481] Ibid.

[2482] K-076.37.

[2483] QI-107, K.076.36, K.076.38, V-257 ပြန်ကြားရေး ဝန်ကြီးဌာန "ထိန်းသိမ်းခံ ကလေး ဒုတိယအကြိမ်ဆေးရုံတက်" (၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်) တွင် ကြည့်ပါ။ http://www.moi.gov.mm/moi:eng/?q=news/2/03/2017/id-10083

[2484] K-076.41, V-215, မြန်မာအစိုးရထံသို့ အထူးလုပ်ထုံးလုပ်နည်းများဆိုင်ရာ ဆက်သွယ်ချက် UA MMR 3/2017, (11 July 2017) နှင့် UA MMR 4/2016, (21 October 2016) တွင်ကြည့်ပါ။ https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=23089; https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=22815

[2485] LI-117.

၁၁၁၀။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" မတိုင်ခင်လများတွင် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့ မုဒိမ်းကျင့်ခြင်း နှင့် လိင်ကျေးကျွန်ပြုခြင်းများကို ခံခဲ့ကြရသည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် နောက်ပိုင်းတွင် စစ်သားများများ ကျေးရွာများအတွင်းသို့ အကြိမ်ရေ ပိုများစွာ ဝင်ရောက်လာကြခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို ၎င်းတို့၏ နေအိမ်များမှ မုဒိမ်းကျင့်ခံရမည့် သို့မဟုတ် အုပ်စုဖွဲ့မုဒိမ်းကျင့်ခံရမည့် စစ်အခြေစိုက်စခန်းများသို့ ခေါ်ဆောင်သွားခြင်းများဖြင့် စစ်သားများ၏ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေခံ အကြမ်းဖက်မှုများမှာ ပိုမို တိုးမြင့်လာခဲ့သည်။[2486]

၁၁၁၁။ ဥပမာအားဖြင့် မောင်တောမြို့နယ် ကြက်ရိုးပြင်ကျေးရွာမှ မသေဘဲ လွတ်မြောက်လာသူတစ်ဦးက အမျိုးသမီး ၁၀၀ ဦး ထက်မနည်း မုဒိမ်းကျင့်ခံခဲ့ကြရသည်ဟု ခန့်မှန်းပြောဆိုခဲ့သည်။ သူမက သူမ၏သမီးများကို [2487]စစ်သားများ ရောက်လာတိုင်း ဖွက်ထားခဲ့ရသည်ဟု ပြောခဲ့သည်။ အလားတူပင် ဘူးသီးတောင်မြို့နယ် ဖုန်ညိုလိပ်ကျေးရွာမှ မျက်မြင်သက်သေတစ်ဦးက စစ်သားများက အမျိုးသမီးများကို ခေါ်ဆောင်ရန် တစ်ပတ်လျှင် ၂ကြိမ် ရွာထဲသို့ ဝင်ရောက်လှည့်လည်လေ့ရှိကြပြီး ထို့နောက် ၎င်းတို့မှာ မုဒိမ်းကျင့် ခံကြရသည်ဟု ဖော်ပြပြောကြားခဲ့သည်။[2488] အခြားရွာတစ်ရွာတွင် [2489]မုဒိမ်းကျင့် ခံရမှုမှ သွေးထွက်လွန်ခြင်းကြောင့် ခန့်မှန်းခြေ အမျိုးသမီး ၁၅ ဦးထိ သေဆုံးခဲ့ရကြောင်း သိရသည်။ မောင်တောမြို့နယ် သက်ဦးချောင်းကျေးရွာမှ မသေဘဲ လွတ်မြောက်လာသူ အသက် ၂၀အရွယ် အမျိုးသမီးတစ်ဦးက ၂၀၁၇ခုနှစ် မတ်လတွင် တပ်မတော်စစ်သားများ သူမ၏ ရွာသို့ ဝင်ရောက်လာခဲ့ကြပြီး သူမမှာ တပ်မတော်စစ်သား ၃ ဦး (သို့မဟုတ်) ၄ ဦးက [2490]သူမ၏ နေအိမ်တွင် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုကို ခံခဲ့ရသည်ဟု ဖော်ပြပြောဆိုခဲ့သည်။ ရသေ့တောင်မြို့နယ် ကိုးတန်ကောက်ကျေးရွာတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ ကိုယ်ထိလက်ရောက် စော်ကားမှုများမှာ ပုံမှန်လို ဖြစ်နေကျ ဖြစ်ခဲ့ပြီး စစ်တပ်စခန်းသို့ ခေါ်ဆောင်သွားခံရသည့် အမျိုးသမီးများနှင့် မိန်းကလေးငယ်အချို့မှာ ပြန်လည်ရောက်ရှိမလာတော့ပေ။[2491]

၁၁၁၂။ မျက်မြင်သက်သေများက ကျေးရွာအုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) အခြားရွာသားများကို စစ်တပ်သို့ အမျိုးသမီးများ ပေးသွင်းရန် စေခိုင်းခံခဲ့ရပြီး တခါတရံ တစ်ညလျှင် အမျိုးသမီး ၁၀ဦး အထိ ပါဝင်သောအုပ်စုများ ပို့ပေးခဲ့ရကာ [2492]"နိုင်ငံတော်ကို အလုပ်အကျွေးပြုရန်"ဟု တစ်ဦးကို ပြောခံခဲ့ရကြောင်း မှန်ကန်ကြောင်း ထောက်ခံသော ထွက်ဆိုချက်များ ပေးခဲ့ကြသည်။ မောင်တောမြို့နယ် မောင်နမကျေးရွာတွင် မျက်မြင်သက်သေတစ်ဦးက အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို တပ်ရင်းအမှတ် ၅၆၄ နှင့် ၃၄၅ တို့၏ အခြေစိုက်စခန်းများသို့ ခေါ်ဆောင်သွားခံရသည်ကို မြင်တွေ့ခဲ့သည်။ ပြန်လာကြသည့်သူများမှာ မုဒိမ်းကျင့် ခံခဲ့ကြရသည်ဟု ၎င်းက ပြောပြခဲ့သည်။[2493]အခြားမျက်မြင်သက်သေတစ်ဦးက ဘူးသီးတောင်

[2486] CI-105, CI-119, CI-133, CI-145, EI-094, LI-004, LI-045, LI-059, LI-077, LI-117, QI-063, QI-105, QI-114.
[2487] CI-105.
[2488] LI-077.
[2489] LI-004.
[2490] EI-041.
[2491] CI-119, LI-045, XI-001.
[2492] CI-145, LI-059, LI-117.
[2493] LI-117.

မြို့နယ် ခြင်းသမားကျေးရွာတွင် လက်ကိုင်အသံချဲ့စက်ဖြင့် လိုက်လံနိုးဆော်ကြေညာခဲ့သည်ကို ပြန်လည်ပြောပြခဲ့သည်။ နိုးဆော်ချက်က အမျိုးသမီးငယ်များအား အပ်ချုပ်နှင့် လက်မှုပညာများ သင်ကြားမှုခံယူရမည့် နေရာဖြစ်သည့် စစ်တပ်စခန်းသို့ သွားရောက်ကြရန်ဖြစ်သည်။ မိန်းကလေးငယ် ၇ ဦး သွားရောက်ခဲ့ကြရပြီး ၎င်းတို့ကို နောက်ထပ်မတွေ့ရတော့ပေ။ မျက်မြင်သက်သေမှာလည်း ၎င်းတို့ မည်သို့ ဖြစ်သွားခဲ့သည်ကို မသိရတော့ပေ။[2494]

*တိုးမြင့်လာသော ကန့်သတ်မှုများနှင့် ဖိနှပ်ချုပ်ချယ်မှုများ*

၁၁၁၃။ ရိုဟင်ဂျာများမှာ ၎င်းတို့၏ လွတ်လပ်စွာသွားလာခွင့်အပေါ် ကန့်သတ်ချက်များကို ကာလကြာရှည် ဒုက္ခခံစားခဲ့ကြရပြီး ဖြစ်သည်။ ထိုကိစ္စသည် [2495]၂၀၁၂ ခုနှစ် နောက်ပိုင်းတွင် ပိုမိုသိသာခဲ့သည်။ သို့သော် ၂၀၁၆ ခုနှစ် အောက်တိုဘာလအလွန်တွင် ရိုဟင်ဂျာများက ၎င်းတို့၏ သွားလာမှုတွင် အကြီးမားဆုံး အခက်အခဲများနှင့် ကန့်သတ်မှုများကို ရင်ဆိုင်ခဲ့ရသည်ဟု ပြောပြခဲ့ကြသည်။ ခရီးသွားလာခွင့် ခွင့်ပြုချက် ထုတ်ပေးသော်လည်း ကျေးရွာများအကြား ခရီးသွားလာရန် ရိုဟင်ဂျာ များကို ခြိမ်းခြောက်ရန်၊ ငွေညှစ်ရန်နှင့် ကိုယ်ထိလက်ရောက် အကြမ်းဖက်ရန် တိုးမြှင့်ဖော်ပြလာသော ပိုမိုများပြားလာသည့် စစ်ဆေးရေးဂိတ်များကို ဖြတ်ကျော်သွားရန် လိုအပ်လာခဲ့သည်။ လူအများအပြားအတွက် မိသားစုများဆီ အလည်အပတ်သွားရန်၊ စီးပွားရေးလုပ်ရန် (သို့မဟုတ်) အသက်မွေးမှုပြုလုပ်ရန် ပိုမိုခက်ခဲ (သို့မဟုတ်) မဖြစ်နိုင်တော့သလောက်ပင် ဖြစ်လာခဲ့သည်။[2496] ကန့်သတ်ချက် အများအပြားမှာ ၂၀၁၆ခုနှစ် အောက်တိုဘာလ မတိုင်မီကပင် ရှိနေနှင့်ပြီး ဖြစ်သော်လည်း ထိုအချိန် နောက်ပိုင်းတွင် ပိုမို တင်းကျပ်စွာ နှင့် ကြမ်းတမ်းစွာ အာဏာသက်ရောက် လာခဲ့သည်ကို မစ်ရှင်အဖွဲ့မှ သဘောပေါက် ခဲ့သည်။

၁၁၁၄။ မျက်မြင်သက်သေတစ်ဦးက၂၀၁၇ ခုနှစ် ဩဂုတ်လ အစောပိုင်းတွင် အခြား ကျေးရွာအုပ်စုရှိ မိသားစုဝင်များထံ ခရီးသွားခဲ့စဉ်က ၎င်း၏အတွေ့အကြုံကို ပြန်လည်ပြောကြားခဲ့သည်။ ၎င်းသည် ၎င်း၏မြေးဖြစ်သူနှင့်အတူ ၎င်း၏ဆိုင်ကယ်ပေါ်တွင် ရှိနေခဲ့စဉ် တပ်မတော်စစ်သားများ၏ တားဆီးခြင်းကို ခံခဲ့ရပြီး အနီးရှိ စစ်တပ်စခန်းသို့ ခေါ်ဆောင်သွားခံခဲ့ရသည်။ စစ်သားများက ၎င်းကို ၎င်း၏မှတ်ဆိတ်မွေးအား ရိတ်ပစ်ရန် အဓမ္မဖိအားပေးခဲ့ပြီး ၎င်း၏ဆိုင်ကယ်သော့ကို သိမ်းယူခဲ့ကြသည်။ ထို့နောက် ငွေကျပ် ၆၀,၀၀၀ ဖြင့် ပြန်လည် ရွေးယူရန် ပြောခဲ့သည်။ ၎င်းက ငွေမပေးနိုင်သဖြင့် စစ်သားများက ၎င်းနှင့် ၎င်း၏မြေးတို့ကို ရိုက်နှက်ခဲ့ကြပြီး ၎င်းတို့၏ဖုန်းများကို ယူခဲ့ကြသည်။ ၎င်းတို့မှာ ၎င်းတို့၏ ရွာဥက္ကဋ္ဌက မည်သူမည်ဝါဖြစ်ကြောင်း လာရောက်သက်သေခံသည့်အခါမှ ပြန်လည် လွတ်မြောက်လာခဲ့သည်။ ဆိုင်ကယ်ကိုမူ ပြန်မရတော့ပေ။[2497]

၁၁၁၅။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် နောက်ပိုင်းတွင် တပ်မတော်က မြို့နယ် ၃ ခုအတွင်းရှိ နေရာများအားလုံးကို "စစ်ဆင်ရေးနယ်မြေ" ဟုကြေညာခဲ့သည်။[2498] ဘူးသီးတောင်နှင့် မောင်တောမြို့များတွင် အောက်တိုဘာလ ၉ ရက် နောက်ပိုင်း၌ အပြင်မထွက်ရအမိန့်ကို ည ၇ နာရီမှ မနက် ၆ နာရီသို့ တိုးချဲ့သတ်မှတ်လိုက်သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလတွင် ထိုသတ်မှတ်ချက်အား ည ၉ နာရီမှ မနက် ၅ နာရီသို့

[2494] QI-063.

[2495] အပိုင်း B.2: လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်ကို ငြင်းပယ်ခြင်း

[2496] CI-112, LI-069, QI-051, QI-110, QI-111, YI-005.

[2497] YI-023.

[2498] V-211.

ပြန်လည်လျှော့ချခဲ့သည်။[2499] အဆိုပါ အပြင်မထွက်ရအမိန့်များသည် တင်းကျပ်စွာ အာဏာသက်ရောက်ပြီး ရွာသားများမှာ ဒေသအာဏာပိုင်များနှင့် [2500]ရဲများမှ ဖမ်းဆီးခြင်း၊ ကိုယ်ထိလက်ရောက် အကြမ်းဖက်ခြင်း သို့မဟုတ် မကြာခဏပင် ခြိမ်းခြောက်ငွေညှစ်ခံရခြင်းတို့ကို ခံခဲ့ကြ ရသည်။[2501]

၁၁၁၆။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၁ ရက်တွင် စစ်တပ်က မောင်တောမြို့နယ် ပွင့်ဖြူချောင်းရွာမှ ဗလီဝတ်ကျောင်း ၃ ခုတွင် အပြင်မထွက်ရ အမိန့်သတ်မှတ်နာရီ ပြင်ပအချိန်အတွင်း ဝတ်ပြုနေကြသည့် အရေအတွက် အမြောက်အမြားရှိသည့် အမျိုးသားများကို ဖမ်းဆီးသွားခဲ့သည်ဟု ပြောပြခဲ့သည်။ အပြင်မထွက်ရ အမိန့်သတ်မှတ်ပြဋ္ဌာန်းမှု၏ အစိတ်အပိုင်း တစ်ခုအဖြစ် လူများမှာ ညမှောင်လျှင် ၄င်းတို့၏ အိမ်များကို မီးထွန်းခွင့်ပါ မရတော့ပေ။[2502]

၁၁၁၇။ ခရီးသွားလာခွင့် ကန့်သတ်မှုများနှင့် အပြင်မထွက်ရအမိန့် တို့က လူအများအပြားကို အိမ်နီးချင်း ရခိုင်တိုင်းရင်းသားကျေးရွာများရှိ ဈေးများတွင် [2503]ကုန်ပစ္စည်းများ ဝယ်ယူရန် သို့မဟုတ် ရောင်းချရန် (သို့မဟုတ်) [2504]လယ်ကွင်းများသို့ သွားရောက်ရန် လက်လှမ်းမီခွင့်မရတော့ဟု အဓိပ္ပာယ်သက်ရောက်စေခဲ့သည်။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူများက ကျေးရွာအုပ်ချုပ်ရေးထံမှ မကြာခဏပင် ငွေကြေးပေး၍ ခွင့်ပြုချက်ရယူရန် လိုအပ်ခြင်းကို ဖော်ပြပြောကြားခဲ့ကြသည်။[2505] လူအများအပြားမှာ အစားအစာ (သို့မဟုတ်) ဆေးဝါးများ မဝယ်နိုင်ခဲ့ကြပေ။

၁၁၁၈။ ၂၀၁၇ ခုနှစ် ဩဂုတ်လ အကြမ်းဖက်မှုများ မတိုင်မီ ၁လ (သို့မဟုတ်) ၂လခန့်က အချို့နေရာဒေသများတွင် ရိုဟင်ဂျာများမှာ မည်သည့်အခြေအနေမျိုးတွင်မဆို ၄င်းတို့ကျေးရွာများမှ အပြင် ထွက်ခွင့်မရတော့ပေ။[2506] ရသေ့တောင်မြို့နယ် ချွတ်ပြင်ကျေးရွာမှ အမျိုးသားတစ်ဦးက ရှင်းပြခဲ့သည်မှာ-

> *"အကြမ်းဖက်မှုတွေ မတိုင်ခင် ၂ လလောက်မှာ အရာအားလုံး ပြောင်းလဲ သွားခဲ့တယ်။ အရင်တုန်းက ဥက္ကဋ္ဌဆီက သတ်မှတ်ထားတဲ့ လက်မှတ်ရှိရင် အခြားကျေးရွာတွေကို သွားလို့ရတယ် ဒါပေမယ့် ရုတ်တရက်ကြီးပဲ လူတွေ ဒီလက်မှတ်တွေသုံးပြီး ကျေးရွာတစ်ခုနဲ့တစ်ခု သွားလို့မရတော့ဘူး။ ကျေးရွာအုပ်စု တစ်ခုတည်းမှာရှိတဲ့ ရွာအချင်းချင်းကြားမှာတောင် သွားလို့မရတော့ဘူး။ ကျနော်တို့ ရွာအပြင်ဘက်ကို သွားခွင့်မရတော့ဘူး။[2507]"*

၁၁၁၉။ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ခိုးမှု၊ ခြိမ်းခြောက်မှုနှင့် ငွေညှစ်မှုတို့သည် [2508]ရိုဟင်ဂျာများ၏ ဘဝအတွက် ကြီးမားသောအစိတ်အပိုင်း တစ်ခုဖြစ်ခဲ့ပြီး ၂၀၁၆ခုနှစ် အောက်တိုဘာလ

---

[2499] V-047.
[2500] CI-118, CI-134, CI-140, LI-066, LI-074, LI-104, QI-113, YI-021, YI-028.
[2501] QI-104.
[2502] LI-084, RI-005.
[2503] CI-122, LI-053, LI-066, LI- 072, LI-084, LI-105, QI-067, WI-007, YI-019.
[2504] LI-045, LI-053.
[2505] LI-053, LI-105, QI-058, QI-059, QI-060, QI-067.
[2506] RI-001, RI-004.
[2507] RI-004.
[2508] ဖိနှိပ်မှုများ၏ အခြားပုံစံများ အခန်း၊ အပိုင်း B.7 ကိုကြည့်ပါ။

နောက်ပိုင်း ထိုကာလများအတွင်း၌ ဒေသအတွင်း တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ တိုးမြှင့်တာဝန်ချထားမှု၏ ကြီးမားသော ရလဒ်အနေဖြင့် ပိုမို တိုးမြင့်လာခဲ့သည်။

၁၁၂၀။ ရိုဟင်ဂျာများမှာ ၎င်းတို့၏ ပုဂ္ဂလိက၊ စီးပွားရေးနှင့် [2509]လူမှုအသိုက်အဝန်းဘဝ၏ ကဏ္ဍတိုင်းတွင် အဆမတန် တရားမဝင် အခွန်အခများ (သို့မဟုတ်) လာဘ်ငွေများ ပေးရန် လိုအပ်သည်။ ခြိမ်းခြောက်ငွေညှစ်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ခိုးယူခံရခြင်းများသည် လုံခြုံရေး တပ်ဖွဲ့များ ပုံမှန်ကင်းလှည့်သည့် အခြေအနေများတွင် ဖြစ်ပွားခဲ့ကြသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ရိုဟင်ဂျာများထံမှ ခိုးယူခြင်းနှင့် ပိုင်ဆိုင်မှုများနှင့် အဖိုးတန်ပစ္စည်းများကို ပုံမှန် လုယက်ခြင်းများနှင့် ခြိမ်းခြောက် [2510]ငွေညှစ်ခြင်းများ ပြုလုပ်ကြသည်။ ရိုဟင်ဂျာများ၏ နွားအုပ်များနှင့် တိရိစ္ဆာန်များမှာလည်း ပုံမှန်လိုပင် ခိုးယူခံကြရသည်။[2511]

၁၁၂၁။ ရိုဟင်ဂျာဈေးဆိုင်များ အခိုးခံရခြင်းမှာ ဖြစ်နေကျကိစ္စ တစ်ခုပင်ဖြစ်သည်။[2512] တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက မောင်တောမြို့နယ် ပဒကာ ရွာသစ်ရှိ ၎င်း၏ဆေးဆိုင်သို့ စစ်တပ်က ခြိမ်းခြောက်ငွေညှစ်ရန် ပုံမှန်လာလေ့ရှိသည်ဟု ဆိုသည်။ တစ်ကြိမ်တွင် ၎င်းကို ဖမ်းဆီးချုပ်နှောင်၍ ရိုက်နှက်ခံခဲ့ရပြီး [2513]ပြန်လွတ်ရန်အတွက် "ဒဏ်ကြေး" ပေးဆောင်ခဲ့ရသည်။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူအခြားတစ်ဦးက ရွာအတွင်းသို့ ရဲများဝင်ရောက်လာသည့် မည်သည့် အချိန်မဆို ၎င်း၏ဈေးဆိုင်ကို ပိတ်ထားရန် မဟုတ်ပါက [2514]ခိုးယူခံရမည်ဟု အဓမ္မ ဖိအားပေး ခံခဲ့ရသည်။ ရွာသားများက တိရိစ္ဆာန်တစ်ကောင်ကောင် သတ်ဖြတ်လျှင် [2515]နယ်ခြားစောင့်ရဲတပ်ဖွဲ့သို့ မျှဝေပေးရန်လည်း ဖိအားပေးခံကြရသည်။

၁၁၂၂။ ရိုဟင်ဂျာ ၅ ဦးထက်ပို၍ စုဝေးမှုပြုခြင်းမှာ ၂၀၁၂ ခုနှစ် နောက်ပိုင်း ကတည်းက ထိုအချိန်က[2516] ပြဌာန်းခဲ့သည့် အပြင်မထွက်ရ အမိန့်အရ တားမြစ်ထားခဲ့သည်။ မည်သို့ဆိုစေ ရခိုင်ပြည်နယ်၏ နေရာဒေသအများစုတွင် အပြင်မထွက်ရ အမိန့်များကို ၂၀၁၄ ခုနှစ် စက်တင်ဘာလကတည်းက ရုတ်သိမ်းပြီး ဖြစ်သော်လည်း ဘူးသီးတောင်နှင့် မောင်တော မြို့နယ်တို့တွင် လက်ရှိကာလထိ အသက်ဝင်ကျန်နေဆဲ ဖြစ်သည်။ ထိုတားမြစ်ချက်မှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှုများနောက်ပိုင်းတွင် ပိုမိုတင်းကျပ်စွာ အာဏာ သက်ရောက်လာခဲ့သည်ဟု ယူဆရသည်။ ထိုဆောင်ရွက်ချက်သည် ရိုဟင်ဂျာများကို ၎င်းတို့ ယုံကြည်မှုကို[2517] ကျင့်သုံးရန် အတူတကွ စုရုံးရေးအတွက် အတားအဆီး ဖြစ်စေခဲ့သည်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလနောက်ပိုင်းတွင် တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူအများအပြားက ဗလီ ဝတ်ကျောင်းများနှင့် ဘာသာရေးကျောင်းများမှာ သော့ပိတ်ခြင်း၊ ပိတ်သိမ်းခြင်း သို့မဟုတ် ဖျက်ဆီးများ ခံခဲ့ကြရသည်ဟု ပြောဆိုကြသည်။[2518] ဘူးသီးတောင်မြို့နယ်မှ ဘာသာရေး ခေါင်းဆောင်တစ်ဦးဖြစ်သည့် တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ၎င်းတို့၏ ဘာသာရေး စာသင်ကျောင်းများနှင့် ဗလီဝတ်ကျောင်းများမှာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင်

[2509] LI-104, XI-008.

[2510] CI-118, CI-119, CI-140, LI-049, LI-053, LI-067, LI-084, LI-118.

[2511] CI-012, CI-105, CI-133, LI-050, LI-057, WI-010.

[2512] CI-047, CI-049, CI-105, CI-112, CI-118, CI-119, CI-133, LI-050, LI-057, LI-084, QI-002, QI-051, QI-063, QI-114, QI-036, WI-005, WI-006, WI-010.

[2513] QI-114.

[2514] QI-036.

[2515] QI-002.

[2516] See this chapter, section C.5: Spreading hate.

[2517] CI-140, LI-053, LI-104, QI-106, XI-008, YI-012

[2518] LI -049, LI-050, LI-053, LI-066, LI-067, LI-076, LI-104, LI-124, QI-106, QI-111, YI-010, YI-025.

ပိတ်ခံလိုက်ရပြီး ကိုရ်အန်ကျမ်းစာများလည်း ဖျက်ဆီး ခံခဲ့ရသည်ဟု ပြန်လည်ပြောပြခဲ့သည်။ ဘာသာရေးသမားများကို ပစ်မှတ်ထားခံလာရခြင်းကြောင့် ၎င်း၏ ဘာသာရေးဝတ်စုံ ဝတ်ဆင်ခြင်းကို ရပ်တန့်ခဲ့သည်။[2519] လုံခြုံရေးတပ်ဖွဲ့များသည် [2520]ရိုဟင်ဂျာအမျိုးသားများ၏ မုတ်ဆိတ်များကိုရိတ်၍ အရှက်တကွဲဖြစ်စေခြင်းနှင့် အဆင့်အတန်းနိမ့်ချခြင်း အလေ့အထများကိုလည်း ပြုလုပ်ခဲ့ကြသည်။

၁၁၂၃။ ထိုကာလအတွင်း သတိပြုမိလောက်အောင် ထင်ရှားသော ဖြစ်ပွားမှုတစ်ခုမှာ ၂၀၁၇ခုနှစ် ဖွန်လအတွင်း ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာ၏ ဗလီဝတ်ကျောင်းကို ရာမာဒန် ဥပုသ်လအတွင်း မီးရှို့တိုက်ခိုက်ဖျက်ဆီးမှုဖြစ်ပြီး လုံခြုံရေးတပ်ဖွဲ့များ၏ ကာကွယ်ပေးရန် ပျက်ကွက်ခဲ့မှု ဖြစ်သည်။ အနှစ် ၁၀၀ ကျော် သက်တမ်းရှိသော ဗလီဝတ်ကျောင်းမှာ ဒေသခံ [2521]ရခိုင်တိုင်းရင်းသားများ၏ မီးရှို့ခြင်းကိုခံခဲ့ရပြီး[2522] ရိုဟင်ဂျာရွာသားများက ငြိမ်းသတ်ရန် ကြိုးစားသည်ကိုလည်း တားဆီးခံခဲ့ရသည်။ ကူညီပေးရမည့်အစား နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် ဘာသာရေးခေါင်းဆောင်အချို့ကို စခန်းသို့ခေါ်ယူကာ ဗလီကို [2523]၎င်းတို့ကိုယ်တိုင် မီးရှို့ခဲ့ခြင်း ဖြစ်ကြောင်း ရေးသားထားသည့်စာရွက်တွင် လက်မှတ်ရေးထိုးရန် အဓမ္မဖိအားပေးခဲ့သည်။ ကိုရ်အန်ကျမ်းစာများနှင့် အီမန်များ၏ ဘာသာရေးအဝတ်အထည်များ အပါအဝင် ဘာသာရေး အသုံးအဆောင် အများအပြား မီးရှို့ ခံခဲ့ရသည်ဟု ယူဆရသည်။

၁၁၂၄။ ထိုကာလအတွင်း ရခိုင်ပြည်နယ် မြောက်ပိုင်း မြို့နယ် ၃ ခု အတွင်းရှိ ရိုဟင်ဂျာ အိမ်များမှာ အကြိမ်ကြိမ် ရှာဖွေစစ်ဆေး ခံခဲ့ကြရသည်။ အာဏာပိုင်များက ဓါးအသေးများနှင့် ချက်ပြုတ်ရန်နှင့် လယ်ယာလုပ်ငန်းများတွင် အသုံးပြုသည့် ကိရိယာတန်ဆာပလာများ အပါအဝင် ချွန်ထက်သော အရာများအားလုံးကို သိမ်းဆည်းသွားခဲ့ကြသည်။[2524] အမျိုးသမီးတစ်ဦးက "သူတို့တွေက ငါးတွေကိုဆေးဖို့ ကိရိယာသေးသေးလေး တစ်ခုတောင် မချန်ခဲ့ဘူး" ပြောခဲ့သည်။[2525] အဆိုပါ အိမ်များကို ရှာဖွေမှုများမှာ ၎င်းတို့အဆိုအရ သောင်းကျန်းသူများ လှုပ်ရှားမှုကို ဆန့်ကျင်ရေးနှင့် ဆက်စပ်သည်ဟု ဆိုကြပြီး လက်တွေ့တွင်မူ ၎င်းတို့က ရိုဟင်ဂျာမိသားစုများကို နေ့စဉ် လုပ်ဆောင်မှုများ ပြုလုပ်ရန် လိုအပ်သည့် ကိရိယာများနှင့် တန်ဆာပလာများ သုံးစွဲခွင့် မရအောင် ပိတ်ပင်ခြင်းနှင့် အချို့ ဖြစ်ရပ်များတွင် ရိုဟင်ဂျာများ၏ အသက်မွေးမှုကို ပိတ်ပင်ခြင်းပင် ဖြစ်သည်။ အမျိုးသား တစ်ဦးက ပြောခဲ့သည်မှာ-

> *"ဂျူလိုင်လတုန်းက စစ်သားတွေ ရောက်လာခဲ့ပြီး ကျနော်တို့ ဆီက ဓါးတွေ၊ ဓါးမတွေ စတဲ့ ချွန်ထက်တဲ့ ကိရိယာမှန်သမျှ အကုန်ယူသွားကြတယ် သူတို့တွေက ကျနော်တို့ကို ကွမ်းသီးညှပ်တဲ့ (ကွမ်းညှပ်) ကတ်ကြေး အသေးတစ်ခုပဲ ချန်ထားပေးခဲ့တယ်။ အဲဒါက ကျနော်တို့ အစားအစာတွေ ချက်ပြုတ်ရင်သုံးဖို့ တစ်ခုတည်းသောပစ္စည်းပဲ။[2526]"*

၁၁၂၅။ ၂၀၁၆ ခုနှစ် ဖွန်လ ၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်ရှိ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနက မောင်တောမြို့နယ်အတွင်းရှိ ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့

[2519] LI-124.
[2520] LI-046, LI-051, LI-068, LI-127, YI-023.
[2521] CI-145, CI-178, LI-129.
[2522] CI-145, LI-129.
[2523] CI-145, CI-178.
[2524] BI-001, CI-044, CI-048, CI-100, CI-118, CI-119, CI-122, CI-182, LI-023, LI-053, LI-054, LI-066, LI-105, QI-002, QI-014, QI-052, QI-061, QI-069, RI-006, RI-007, WI-002, WI-027, WI-031, WI-032, YI-003, YI-010.
[2525] CI-118.
[2526] QI-069.

ရိုဟင်ဂျာများ ၎င်းတို့ ခြံဝန်းများပတ်လည်တွင် ကာရံရန် အသုံးပြုလေ့ရှိသည့် သွပ်ပြားများနှင့် ပတ်သက်၍ စာတစ်စောင် ရေးသားခဲ့သည်။ ထိုစာက မြို့နယ်စီမံမှုကော်မတီ ဆုံးဖြတ်ချက် တစ်ခုကို ကိုးကားထားပြီး သွပ်ပြားဖြင့် ခြံစည်းရိုးကာရံမှုကို တားဆီးပိတ်ပင်ခဲ့ပြီး ကွန်ကရိတိုင်များနှင့် သံဆူးကြိုးများဖြင့် ခြံစည်းရိုးခတ်ရန် ညွှန်ကြားခဲ့သည်။[2527]

၁၁၂၆။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ အကြမ်းဖက်မှုများ နောက်ပိုင်းတွင် ထိုအုပ်ချုပ်ရေးအမိန့်အား အကောင်အထည်ဖော်မှုကို အရှိန်မြှင့်လုပ်ဆောင်ခဲ့ကြသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းရှိ ရိုဟင်ဂျာရွာသားများသည် ၎င်းတို့၏ခြံဝန်းများ ပတ်လည်မှ ခြံစည်းရိုး အကာများကို ဖယ်ရှားပေးရန် အမိန့်ပေးခံခဲ့ကြရသည်။ ထိုကိစ္စကို မြို့နယ် ၃ ခု အတွင်းတွင် ကျယ်ပြန့်စွာ အကောင်အထည်ဖော်ခဲ့ကြပြီး ယေဘုယျအားဖြင့် ရခိုင်တိုင်းရင်းသားကျေးရွာ အုပ်ချုပ်ရေးမှူးများက ဆက်သွယ်ပြောကြားခဲ့ကြသည်။ အချို့ဖြစ်ရပ်များတွင် ကျေးရွာအုပ်ချုပ်ရေးမှူးများသည် လုံခြုံရေးတပ်ဖွဲ့များနှင့်အတူ ရောက်ရှိလာပြီး စစ်သားများ (သို့မဟုတ်) ရဲများက ခြံစည်းရိုးများကို အဓမ္မဖယ်ရှားပစ်ကြသည်။ အဆိုပါအမိန့်ကို မလိုက်နာပါက ရလဒ်မှာ မကြာခဏပင် ရိုက်နက်ခံရခြင်းနှင့် ဒဏ်ငွေကောက်ခံရခြင်းများ ဖြစ်သည်။[2528] မောင်တောမြို့နယ် ခမောင်းဆိပ်ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦး ပြောပြခဲ့သည်မှာ-

> *"၂၀၁၇ ခုနှစ် ဖြစ်ပွားမှုတွေ မတိုင်ခင် လအနည်းငယ်က ကျေးရွာအုပ်ချုပ်ရေးမှူး ရခိုင်တစ်ယောက် စစ်သားတွေနဲ့အတူ ရောက်လာပြီး ခြံဝန်းနဲ့ အိမ်ပတ်လည်က ခြံစည်းရိုးတွေကို ဖြုတ်ပစ်ဖို့ လာပြောတယ်။ ခြံစည်းရိုးတွေ ဖြုတ်ဖို့ အမိန့်ထွက်ပြီး ကတည်းက ရွာကို ရဲတွေနဲ့အတူ ၃ ကြိမ် လာခဲ့တယ်။ အမိန့်ကို မလိုက်နာတဲ့ ရွာသားတွေက အရိုက်နက်ခံရပြီး ဥက္ကဋ္ဌဆီမှာ ဒဏ်ငွေဆောင်ရတယ်။[2529]"*

၁၁၂၇။ အဆိုပါ ဆောင်ရွက်ချက်မှာ အဆိုအရ "လုံခြုံရေးဆိုင်ရာ စဉ်းစားဆောင်ရွက်ချက်များ" ဟု အကြောင်းပြသော်လည်း ထိုကိစ္စသည် အထူးသဖြင့် ယဉ်ကျေးမှုအရ အရေးပါသော ကိစ္စဖြစ်သည့် ၎င်းတို့၏ နေအိမ်များကို ပုဂ္ဂိုလ်ရေး လုံခြုံမှုရှိရန် ရိုဟင်ဂျာများ၏ ဆောင်ရွက် နိုင်မှုကို အကြီးအကျယ် ကန့်သတ်ရာရောက်စေသည်။ ရွာသားများမှာ ပိုမိုအားငယ်မှုနှင့် [2530]လုံခြုံရေးတပ်ဖွဲ့များနှင့် ရခိုင်တိုင်းရင်းသားများ၏ ခြိမ်းခြောက်မှုနှင့် အနှောင့်အယှက်ပေးမှုများမှ အကာအကွယ်မဲ့မှုတို့ကို ခံစားရစေပြီး ၎င်းတို့၏ [2531]ကိုယ်ပိုင်အိမ်များတွင်ပင် လုံခြုံစွာခိုလှုံရန် အခက်အခဲ ဖြစ်စေခဲ့သည်။ ရေချိုးရန်နှင့် အိမ်သာ အသုံးအဆောင်များမှာ အများအားဖြင့် ထိုကဲ့သို့ အကာအရံများဖြင့် ခြံဝန်းအတွင်း တည်ရှိတတ် ကြသဖြင့် ထိုကိစ္စသည် အထူးသဖြင့် အားငယ်ထိခိုက်မှုနှင့် စိတ်မလုံခြုံမှုတို့ကို ခံစားရသည့် အမျိုးသမီးများအပေါ် ပို၍အချိုးမညီမျှစွာ သက်ရောက်စေသည်။ ရိုဟင်ဂျာ အမျိုးသမီးငယ် တစ်ဦးက အကာအရံများ ဖယ်ရှားခံရပြီးသည့်နောက် သူမအတွက် ရေချိုးခန်းသွားရန် အခက်အခဲ ဖြစ်ခဲ့ရသည်ဟု ပြောပြခဲ့သည်။ သူမက ထိုကိစ္စမှာ "အကာအကွယ်မရှိ အိမ်သာ"[2532] ကို အသုံးပြုရသကဲ့သို့ဖြစ်သည်ဟု ဆိုသည်။ ခြံစည်းရိုးအကာအရံများကို ဖယ်ရှားခြင်း၏

[2527] K-076.41.
[2528] CI-044, CI-046, CI-048, CI-112, CI-115, CI-118, CI-120, LI-105, QI-110, QI-111, YI-019, YI-025.
[2529] CI-048.
[2530] K-104
[2531] A/HRC/34/67.
[2532] QI-069.

အကျိုးဆက်မှာ ရိုဟင်ဂျာ အိမ်ထောင်စုများကို ပို၍ကျယ်ပြန့်သော စောင့်ကြည့်မှု ပြုလုပ်ရန်နှင့် ရိုဟင်ဂျာများ၏အိမ်ရာဝင်းများအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ဝင်ထွက်သွားလာမှု လွယ်ကူချောမွေ့စေရန်ဖြစ်သည်မှာ အတိအကျပင်ဖြစ်သည်။

၁၁၂၈။ ၂၀၁၇ ခုနှစ် မတ်လ ၅ ရက်တွင် မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာနက NVC ကဒ်ပြား ကိုင်ဆောင်ထားသူများသာ ငါးဖမ်းထွက်ခွင့်ရှိပြီး ငါးဖမ်းသမားများသည်[2533]စစ်ဆေးရေး ဂိတ်များတွင် စိစစ်မှုခံရမည်ဆိုသည့် မောင်တောခရိုင် အုပ်ချုပ်ရေးမှူးရုံး၏ ဆုံးဖြတ်ချက်တစ်ခုနှင့် ပတ်သက်၍ စာတစ်စောင် ထုတ်ပြန်ခဲ့သည်။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူအမြောက်အမြားက ထိုကိစ္စနောက်ပိုင်း ၎င်းတို့အနေဖြင့် ငါးဖမ်းထွက်ခွင့် မရရှိတော့ဟု ပြောပြခဲ့သည်။[2534] မောင်တောမြို့နယ် အလယ်သံကျော် ကျေးရွာအုပ်စုမှာ ရွာသားတစ်ဦးက ရှင်းပြသည်မှာ:

> *"တပ်မတော်က ကျနော်တို့ရွာ ကမ်းခြေက လှေဆိပ်ကို ပိတ်လိုက်တယ်။ သူတို့က ကျနော်တို့ရဲ့ လှေတွေဆီက အင်ဂျင်စက်တွေနဲ့ ပန်ကာတွေကိုလည်း ဖြုတ်သိမ်းသွားကြတယ်။ စစ်သားတွေက အစိုးရအမိန့်အတိုင်း သူတို့ လုပ်ကြရတာလို့ ပြောတယ်။ ပြီးတော့ သူတို့က တစ်ရွာချင်းစီကို သွားပြီး [2535]NVC ကဒ်ကို လက်ခံတယ်ဆိုတဲ့သူတွေပဲ သူတို့လှေတွေကို ပြန်အသုံးပြုခွင့်ရပြီး အင်ဂျင်စက်တွေနဲ့ ပန်ကာတွေကို ပြန်ရမယ်လို့ ပြောခဲ့ကြတယ်။"*

၁၁၂၉။ အလားတူ ကန့်သတ်ချက်များကို ထင်း၊ အခြားသစ်တောထွက် ပစ္စည်းများနှင့် အသက်မွေးမှုအတွက် ခရီးသွားလာရမည့်သူများ အပေါ်တွင်လည်း ချမှတ်ခဲ့ကြသည်ဟု ပြောကြသည်။[2536]မိသားစုများနှင့် လူမှုအသိုက်အဝန်းမှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုများကို ပိတ်ပင်ခံခဲ့ကြရပြီး အစားအစာလုံခြုံမှုကို ထိခိုက်စေခဲ့သည်။

၁၁၃၀။ NVC ကဒ်ကို လက်ခံရန် ဖိအားပေးမှုများမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လဆီသို့ နီးကပ်လာသည့်လများတွင် တိုးမြင့်လာခဲ့သည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် လုပ်ငန်းစဉ် မြန်ဆန်သွက်လက်စေရန် ဦးဆောင်ကော်မတီတစ်ခုကို တာဝန်ပေးအပ်ခဲ့သည်။[2537] ယင်းနှင့် ဆန့်ကျင်လျက် လုပ်ငန်းစဉ်နှင့်ပတ်သက်၍ သတင်းအချက်အလက် အနည်းငယ်သာ ရှိခဲ့ပြီး တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူအများအပြားက [2538]နိုင်ငံသားဖြစ်မှုအတွက် အာမခံချက်မရှိပဲ ၎င်းတို့၏ အဆင့်ကို "ဘင်္ဂလီ ရွှေ့ပြောင်းအခြေချသူ" အဖြစ် ခိုင်မာအောင် ပြုလုပ်ရန်ဟု ထင်မြင်သည့်အလျောက် ကဒ်ကိုလက်ခံရန် ငြင်းဆိုခဲ့ကြသည်။ အချို့သော ရိုဟင်ဂျာများက NVC ကို လက်ခံခြင်းသည် ၎င်းတို့ ပစ္စည်းဥစ္စာနှင့် အိမ်ရာပိုင်ဆိုင်ခွင့်ကို ဆက်လက် ထိန်းသိမ်းထားနိုင်မှုမှ တားဆီးခံရပြီး ၎င်းတို့၏မြေယာများကို ဆုံးရှုံးစေလိမ့်မည်ဟု ယုံကြည်ကြသည်။[2539] အာဏာပိုင်များက ရိုဟင်ဂျာရွာသားများနှင့် အစည်းအဝေးများ မကြာခဏ ကျင်းပကြပြီး တခါတရံ ရခိုင်တိုင်းရင်းသား ကျေးရွာအုပ်ချုပ်ရေးမှူးများက လူဝင်မှုကြီးကြပ်ရေး (လဝက)နှင့် တခါတရံ နယ်ခြားစောင့်တပ်ဖွဲ့၊ ရဲနှင့် စစ်သားများနှင့်အတူ

---

[2533] လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်လုပ်ငန်း ဝန်ကြီးဌာန၊ မောင်တောခရိုင် ငါးလုပ်ငန်းဦးစီးဌာန စာအမှတ်- ငါးလုပ်ငန်း-ခရိုင်/မောင်တော-၁၃/၂၀၁၇ (၁၈၂၉ /၁၈၃၁) K-076.40

[2534] LI-045, LI-053, LI-077, LI-103, QI-106, YI-005, YI-012

[2535] RI-006.

[2536] K-076.42.

[2537] နိုင်ငံသားဖြစ်မှုအတွက် စိစစ်ခံရမည့်သူများအတွက် ရခိုင်ပြည်နယ် အမျိုးသားစိစစ်ရေးကဒ် ထုတ်ဝေရေး ဦးဆောင်ကော်မတီ ဖွဲ့စည်းခြင်း အသိပေးအကြောင်းကြားစာ အမှတ် 21/2017 (8 February 2017).

[2538] CI-178, CI-194, CI-196, CI-198, LI-066, RI-008

[2539] WI-040, V-073, V-151.

စီစဉ်ဆောင်ရွက်သည်။[2540] အစည်းအဝေးများ၏ ရည်ရွယ်ချက်မှာ ရိုဟင်ဂျာများက NVC ကဒ်ကို လက်ခံလာစေရေးအတွက် အယုံသွင်းစည်းရုံးရန် ဖြစ်သော်လည်း ၎င်းတို့က အကြောက်တရားကိုလည်း သွတ်သွင်းပေးကြသည်။ အစည်းအဝေး တက်ရောက်ကြသော ရိုဟင်ဂျာများမှာ ကဒ်ကိုလက်ခံရန် ပျက်ကွက်ပါက ၎င်းတို့၏ လွတ်လပ်စွာသွားလာခွင့်နှင့် [2541]အသက်မွေးမှုအတွက် ပို၍ ကျယ်ပြန့်သည့်ကန့်သတ်မှုများရလဒ် ဖြစ်ပေါ်လိမ့်မည် ဟူသည့် သတိပေးခြင်း အပါအဝင် ကြိမ်းဝါးမှုနှင့် ခြိမ်းခြောက်မှုများ ခံကြရသည်။ အချို့မှာ NVC ကိုလက်ခံရန်နှင့် သို့မဟုတ်ပါက တိုင်းပြည်မှ[2542] ထွက်သွားရန် ဖိအားပေး ခံရမည်ဟု ပြောဆိုခံ ခဲ့ကြရသည်။

၁၁၃၁။ ပို၍ပစ်မှတ်ထားပြီး ရန်လိုသော အစည်းအဝေးများကို ၂၀၁၇ ခုနှစ် ဩဂုတ်လ အလယ်ပိုင်းတွင် နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် တပ်မတော် စစ်သားများ၊ တခါတရံ လတ်တလော တာဝန်ချထားသည့် တပ်မ ၃၃နှင့် ၉၉ တို့မှ စစ်သားများက တခါတရံ ရခိုင်တိုင်းရင်းသား ကျေးရွာ [2543]အုပ်ချုပ်ရေးမှူးများနှင့်အတူ ရိုဟင်ဂျာလူကြီးများနှင့် စီစဉ်ကျင်းပခဲ့ကြသည်။ ရသေ့တောင် မြို့နယ်မှ ချွတ်ပြင်နှင့် ကိုးတန်ကောက်၊ မောင်တော မြို့နယ်မှ မင်းကြီးနှင့် ကျောက်ပန်းဒူ ရွာများ အပါအဝင် နေရာအတော်များများတွင် အစည်းအဝေးများ ကျင်းပခဲ့ကြသည်။ ထိုနေရာများတွင် နောက်ပိုင်း၌ အချို့သော လူမဆန် အကြမ်းကြုတ်ဆုံး "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" ဖြစ်ပွားခဲ့ကြသည်။ အဆိုပါ [2544]အစည်းအဝေးများတွင် NVC ကဒ်ကို ဆက်လက်ငြင်းဆို နေမှုများနှင့် ပတ်သက်၍ ခြိမ်းခြောက်မှုများ ပြုလုပ်ခံခဲ့ကြရသည်။

၁၁၃၂။ သိသာထင်ရှားသော အစည်းအဝေးတစ်ခုကို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၂ ရက်တွင် ချွတ်ပြင်ကျေးရွာအုပ်စုမှ ရခိုင်ရွာရှိ စာသင်ကျောင်းတွင် တပ်မ ၃၃ စစ်သားများက ကျင်းပခဲ့သည်။ အစည်းအဝေးအတွင်းတွင် တပ်မ ၃၃၉ ခေါင်းဆောင်က ချွတ်ပြင်ရွာမှ လူကြီးများနှင့်အတူ အခြားသော အနီးအနား [2545]ကျေးရွာများမှ တက်ရောက်လာကြသော ရိုဟင်ဂျာလူကြီးများကို ကြိမ်းမောင်းခြိမ်းခြောက်ခဲ့သည်။ တပ်မ ၃၃မှ တပ်မှူးတစ်ဦးက (၎င်း၏အမည် မစ်ရှင်အဖွဲ့၏ ဖိုင်တွင်ရှိသည်)[2546] ၎င်း၏တပ်မနှင့်အတူ ၎င်းသည် ကချင်ပြည်နယ်မှ မကြာသေးခင်က တာဝန်ကျခဲ့သည်ဟု ပြောခဲ့သည်။ ၎င်းက ရိုဟင်ဂျာများ အနေဖြင့် NVC ကဒ်ကို လက်ခံရမည် ဖြစ်ပြီး သို့မဟုတ်ပါ က [2547]မြန်မာနိုင်ငံမြောက်ပိုင်းမှ ရွာသားများ ဖြစ်ခဲ့ကြသကဲ့သို့ အသတ်ခံ ရမည်ဟု ပြောခဲ့သည်။ အစည်းအဝေးကို [2548]ချွတ်ပြင်ရွာ၏ ရခိုင်ဥက္ကဋ္ဌလည်း တက်ရောက် ခဲ့သည်။ အစည်းအဝေးနောက်ပိုင်းတွင် ရွာခေါင်းဆောင်များက ကမ်းလှမ်းချက်ကို ဆွေးနွေးခဲ့ကြသော်လည်း ၎င်းတို့အနေဖြင့် [2549]NVC ကဒ်ကို လက်မခံနိုင်ကြောင်း ပြန်လည် အစီရင်ခံခဲ့ကြသည်။ ထိုအစည်းအဝေးပြီးနောက် ရွာသားများမှာ ၎င်းတို့အိမ်များတွင် အကျယ်ချုပ် ချခံကြရသည်ဟု ပြောဆိုမှုများ ရှိခဲ့ကြပြီး ဖိနှိပ်မှုများမှာ ပို၍ တိုးမြင့်လာခဲ့သည်။[2550]

---

[2540] BI-017, CI-178, CI-179, CI-181, CI-182, CI-194, CI-195, LI-057, LI-066, QI-058, QI-060, QI-066, QI-070, QI-106, RI-010, RI-017, WI-016, WI-042, YI-004, ZI-006, V-073, V-222

[2541] CI-182, LI-045, LI-053, LI-066, LI-077, LI-103, QI-106, WI-041, YI-004, YI-005, YI-012, V-073.

[2542] CI-182, CI-179, CI-181, CI-183, CI-192.

[2543] CI-197, CI-198, ZI-001.

[2544] QI-058, V-076.

[2545] CI-185, CI-186, CI-191, LM-006, LM-012, K-155, V-067, V-076.

[2546] CI-186, CI-191, LM-006, V-067, V-076, K-155.

[2547] CI-177, CI-185, CI-186, CI-191, RI-001, LM-006, LM-012, LM-018, K-155, V-067, V-076.

[2548] CI-186, RI-004.

[2549] CI-185, CI-191.

[2550] LM-006, V-076.

၁၁၃၃။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် တိုက်ခိုက်မှုများ မတိုင်မီကာလလေး အတွင်း၌ပင် မင်းကြီးရွာမှ ရခိုင်တိုင်းရင်းသား ဥက္ကဌက အစည်းအဝေးတစ်ခု ကျင်းပခဲ့ပြီး ထိုအစည်းအဝေး အတွင်း ၎င်းက မိန့်ခွန်းတစ်ခုပြောခဲ့ကာ ရိုဟင်ဂျာများအား ကဒ်ပြားကို[2551] လက်ခံရန် ညွှန်ကြားခဲ့ပြီး ထိုသို့မဟုတ်ပါက ရိုဟင်ဂျာများအနေဖြင့် [2552]"မြန်မာနိုင်ငံတွင် နေထိုင်ခွင့် ရတော့မည်မဟုတ်"ဟု ဆိုခဲ့သည်။ မင်းကြီး (တူလာတိုလီ) ရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ပြောပြခဲ့သည်မှာ-

> *"ကျနော်တို့ကို "မင်းတို့ NVCs ကဒ်ကို လက်ခံရမယ်"လို့ ပြောခဲ့တဲ့ အစည်းအဝေးတွေ ရှိခဲ့တယ်။ ကျနော်တို့က အမြဲတမ်း ငြင်းခဲ့တယ်။ အဲ့ဒီဖိအားက တစ်နှစ်လောက် ရှိပါပြီ။ ဒါပေမယ့် အဆိုးဆုံး ဖြစ်ပွားမှုကတော့ ၂လ ၃လလောက် အလိုမှာ (၂၀၁၇ ခုနှစ် ဩဂုတ်လ အကြမ်းဖက်မှုများ မတိုင်မီ) ကျေးရွာဥက္ကဌက လက်နက်ကိုင်ထားတဲ့ စစ်သားတွေနဲ့အတူ ရောက်လာခဲ့ပြီး ကျနော်တို့ကို ကဒ်ပြားယူဖို့ သေနတ်တွေနဲ့ ချိန်ပြီး ပြောခဲ့တယ်။ ကျနော်တို့ ငြင်းခဲ့တယ်။[2553]"*

***ရခိုင်မြောက်ပိုင်းမှ မြင့်တက်လာသော တင်းမာမှု***

၁၁၃၄။ ၂၀၁၆ ခုနှစ် အောက်တိုဘာလအပြီး နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သတင်းထုတ်ပြန်ရေးကော်မတီ၊ နိုင်ငံပိုင် မီဒီယာ နှင့် အခြား ပြည်တွင်းမီဒီယာများတွင် ပိုမိုစောင့်ကြည့်မှုများ နှင့် သတင်းရေးသားမှုများဖြင့် အာဆာလှုပ်ရှားမှုများကို အာရုံစိုက်ခဲ့ကြသည်။ ထိုသတင်းရေးသားမှုများ၏ လှုံ့ဆော်တတ်သော သဘောသဘာဝအရ မကြာခဏ လိုပင် ပြင်းထန်လာသည့် ခါးခါးသီးသီး အကျယ်တဝင့် ရေးသားချက်နှင့် ရိုဟင်ဂျာများအပေါ် အမုန်းစကားများ တွဲဖက်လျက် ရိုဟင်ဂျာများကို "ဘင်္ဂါလီ အကြမ်းဖက် သမားများ" ဟု လက္ခဏာ သတ်မှတ်ဖော်ပြကာ ပေါက်ကွဲလွယ်ဖြစ်နေနှင့်ပြီးသော အခြေအနေကို လောင်စာဖြည့်ပေးခဲ့သည်။[2554]

၁၁၃၅။ ဒေသတွင်းနှင့် နိုင်ငံအတွင်းတွင် ထင်ရှားသော အဆိုပါ သတင်းဖော်ပြချက်များသည် စွပ်စွဲပြောဆိုကြနေကြသော အကြမ်းဖက်လှုပ်ရှားမှုများရှိနေသည့် ရခိုင်ပြည်နယ် အတွင်းရှိ ရိုဟင်ဂျာမဟုတ်သောသူများအကြား အကြောက်တရားကို ပံ့ပိုးပေးခဲ့သည်။ ၎င်းတို့က လူ့အသိုက်အဝန်း ၂ ခုအကြား သံသယနှင့် အကြောက်တရားကို ပိုမိုနက်ရှိုင်းစေခဲ့သည်။ ၎င်းတို့က အထူးသဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် မတိုင်ခင် သီတင်းပတ်များအတွင်း လူမှုအသိုက်အဝန်းများအကြား ဆက်ဆံရေးကို သတိပြုမိလောက်တောင် ထင်ရှားသော ပျက်ပြားမှုတွင် အခြေခံအကြောင်းရင်းတစ်ခု ဖြစ်နိုင်ဖွယ်ရှိသည်။

၁၁၃၆။ ၂၀၁၇ ခုနှစ် မေလနှင့် ဇူလိုင်လ အကြားတွင် သတင်းမီဒီယာရင်းမြစ်များက ရိုဟင်ဂျာ သတင်းပေးများကို အာဆာ၏သတ်ဖြတ်မှုနှင့်[2555] နိုင်ငံခြားသား ၂ ဦး အပါအဝင် လူ ၇ ဦး သေဆုံးခဲ့သော[2556] သင်တန်းတစ်ခုအတွင်း မတော်တဆ ပေါက်ကွဲမှုတစ်ခုတို့ အပါအဝင်

---

[2551] QI-058, QI-060, QI-066, QI-067, WI-037, V-073.
[2552] QI-060.
[2553] QI-058; အဆိုးဝါးဆုံး အဖြစ်အပျက်များ အခန်း၊ အပိုင်း D.1.a တွင်ကြည့်ပါ။
[2554] "အမုန်းစကား" အကြောင်း၊ တွေ့ရှိချက်များ၊ အခန်း VI, အပိုင်း B.2 တွင်ကြည့်ပါ။
[2555] *Global New Light of Myanmar, "အကြမ်းဖက်သောင်းကျန်းသူများ၏ ရခိုင်တွင် ရက်စက်စွာသတ်ဖြတ်မှုများ"* (ဇူလိုင် ၂၂၊ ၂၀၁၇ ခုနှစ်)
[2556] V-094, V-216; Global New Light of Myanmar, "ဘူးသီးတောင် မေလ ၅ ရက်နေ့ ပေါက်ကွဲမှုတွင် အလောင်း ၅ လောင်း တွေ့ရှိ" (၂၀၁၇ ခုနှစ် မေလ ၁၆ ရက်နေ့)

အာဆာဟုစွပ်စွဲထားသော လှုပ်ရှားမှုများ အတော်များများကို သတင်းရေးသားခဲ့ကြသည်။ ဖောက်ခွဲရေးပစ္စည်းများ ပြုလုပ်ရန် ကုန်ကြမ်းများ ရှာဖွေတွေ့ရှိခဲ့ပြီး [2557]အာဆာအဖွဲ့ဝင်များ သေဆုံးခဲ့သော အာဆာသင်တန်းစခန်းများဟု စွပ်စွဲထားသောစခန်းများအား နေရာအချို့တွင် တွေ့ရှိမှုတို့ကိုလည်း မီဒီယာများက ရေးသားဖော်ပြကြသည်။ ထိုကိစ္စက နယ်မြေဒေသအတွင်း လူအများအပြား သတ်ဖြတ်ခံရပြီး [2558]မေလနှင့် ဇွန်လအတွင်း အချို့မိသားစုများကို ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ထွက်ပြေးစေခဲ့သော အထူးသဖြင့် တင်းမေ ကျေးရွာအုပ်စု အနီးတဝိုက်တွင် ကြမ်းကြုတ်သော နှင်ထုတ်ခြင်းနှင့် ဖမ်းဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့များမှ လုပ်ဆောင်စေရန် စေ့ဆော်ပေးခဲ့သည်။ ၂၀၁၇ ခုနှစ် ဇွန်လ ၂၂ ရက်တွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သတင်းထုတ်ပြန်ရေးကော်မတီက မေယုတောင်ကြောအတွင်း အာဆာအကြမ်းဖက် သင်တန်းစခန်းဟု စွပ်စွဲထားသော ဓါတ်ပုံများကို ထုတ်ပြန်ခဲ့ပြီး စွပ်စွဲထားသော သတင်းပေးများကို သတ်ဖြတ်မှုများ[2559] အပါအဝင် အာဆာအဖွဲ့၏ သတင်းအချက်အလက်များနှင့် ၎င်းတို့၏ လှုပ်ရှားမှုစာမျက်နှာများကိုလည်း ထုတ်ပြန်ခဲ့သည်။

၁၁၃၇။ ရိုဟင်ဂျာ မဟုတ်သည့် လူမှုအသိုက်အဝန်းများ၏ အုပ်စုဝင်များကို အာဆာအဖွဲ့က သတ်ဖြတ်မှုများကို သတင်းရေးသားမှုများလည်း ရှိခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဇွန်လ ၂၄ ရက် Global New Light of Myanmar အစိုးရသတင်းစာက [2560]မောင်တောမြို့နယ် ကျွန်းပေါက်ဖြူစု ကျေးရွာတွင် ပေါက်ကွဲစေတတ်သော ပစ္စည်းများကို မတော်တဆ ရှာဖွေတွေ့ရှိခဲ့သည့် ရခိုင်ကျေးရွာသားများကို အာဆာအဖွဲ့ဝင်များက ပစ်ခတ်ခဲ့ရာ ၂ ဦးထိမှန် သေဆုံးပြီး ၂ ဦးထိခိုက် ဒဏ်ရာရခဲ့သည်ကို သတင်းဖော်ပြခဲ့သည်။ ယုံကြည်လောက်သည့် အစီရင်ခံစာ များက အဆိုပါ ဖြစ်ပွားမှုသည်[2561] အာဆာမှ ကျူးလွန်ခြင်း ဖြစ်နိုင်သည်ဟု ညွှန်ပြနေသော်လည်း မစ်ရှင်အဖွဲ့ အနေဖြင့် အဆိုပါသတ်ဖြတ်မှုများအတွက် တာဝန်ရှိမှုကို မှန်ကန်ကြောင်း အတည်ပြုနိုင်ခြင်း မရှိခဲ့ပါ။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃၈ က်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ သတင်းထုတ်ပြန်ရေးကော်မတီက အာဆာအဖွဲ့သည် မောင်တောမြို့နယ် ကိုင်းကြီးရွာအနီး အလောင်းများတွေ့ရှိရသော မြိုလူမျိုး ၇ ဦးကို သတ်ဖြတ်မှုအတွက် တာဝန်ရှိသည်ဟု အခိုင်အမာဆိုခဲ့သည်။ ၎င်းတို့အနက် အချို့မှာ သေနတ်ဖြင့် ပစ်သတ်ခံခဲ့ရခြင်း ဖြစ်ပြီး အချို့မှာ ကိုင်းခုတ်ဓါးဖြင့် အသတ်ခံခဲ့ကြရခြင်း ဖြစ်သည်။[2562] ယုံကြည်နိုင်သော သို့သော် အတည်မပြုနိုင်သော သတင်းအချက်အလက်များက အဆိုပါသတ်ဖြတ်မှုများသည် အာဆာနှင့် ချိတ်ဆက်မှုမရှိပဲ သီးခြားဖြစ်သော ရာဇဝတ်မှုလုပ်ရပ် ဖြစ်သည်ဟု ညွှန်ပြနေသည်။[2563]

၁၁၃၈။ တွေ့ဆုံမေးမြန်းမှုတွင်ပါဝင်သူ ရိုဟင်ဂျာများက ထိုကာလအတွင်း ရခိုင် တိုင်းရင်းသားများက စီးပွားရေးဆိုင်ရာဆက်ဆံရေးများ လုပ်ဆောင်မှု ရပ်တန့်လာခြင်းနှင့်

---

[2557] *The Irrawaddy,* "ဘူးသီးတောင်တွင် အလောင်း ၅ လောင်းတွေ့ရှိ", (၂၀၁၇ ခုနှစ် မေလ ၁၅ ရက်); Global New Light of Myanmar, "မေယုတောင်များပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းများနှင့် လက်နက်များ ဖေါ်ထုတ်ရရှိ" (၂၀၁၇ ခုနှစ် ဇွန်လ ၂၂ ရက်နေ့) Global New Light of Myanmar, "မေယုတောင်ပေါ်တွင် တိုက်ခိုက်သူများ၏ တဲများ တွေ့ရှိ" (၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့)

[2558] V-094.

[2559] Global New Light of Myanmar, "မေယုတောင်များပေါ်တွင် အကြမ်းဖက်သောင်းကျန်းသူများ၏ စခန်းများနှင့် လက်နက်များ ဖေါ်ထုတ်ရရှိ" (၂၀၁၇ ခုနှစ် ဇွန်လ ၂၂ ရက်နေ့)

[2560] V-067, V-152; Global New Light of Myanmar, "ဒေသခံတိုင်းရင်းသား ၄ ဦးအား ဓါးများဖြင့် တိုက်ခိုက်၊ ၂ ဦး သေဆုံး" (၂၀၁၇ ခုနှစ် ဇွန်လ ၂၆ ရက်နေ့)

[2561] အာရကန်ရိုဟင်ဂျာ ကယ်ဆယ်ရေးတပ်မတော် အခန်း၊ အပိုင်း D.1.c တွင်ကြည့်ပါ။

[2562] သတင်းပြန်ကြားရေးကော်မတီ "မောင်တောအခြေအနေအပေါ် သတင်းထုတ်ပြန်ချက်" (Facebook Post, 11 August 2017), အပိုဒ် ၄
https://www.facebook.com/InfomationCommittee/photos/pcb.778752418964533/778752095631232/?type=3&theater

[2563] အာရကန်ရိုဟင်ဂျာ ကယ်ဆယ်ရေးတပ်မတော် အခန်း၊ အပိုင်း D.1.c တွင်ကြည့်ပါ။

ရိုဟင်ဂျာများ၏မြေယာများကို အပိုင်စီးမှု[2564] ဖြစ်ရပ်များဖြင့် လူမှုအသိုက်အဝန်းများအကြား ယိုယွင်းဆိုးရွားလာသော ဆက်ဆံရေးများကို ထွက်ဆိုခဲ့ကြသည်။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူ တစ်ဦးမှ ရခိုင်တိုင်းရင်းသားတစ်ဦးက ၎င်း၏ယာမြေကို သိမ်းပိုက်ပြီး အနီရောင်အလံများဖြင့် ခြံစည်းရိုးခတ်ထားခဲ့ပြီးနောက် ၎င်းအနေဖြင့် အသုံးပြုခွင့်မရတော့ဟု ပြောပြခဲ့သည်။[2565] တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ အခြားတစ်ဦးက သူ၏အိမ်နီးချင်းတစ်ဦးမှာ ၎င်း၏မြေယာသည် "၎င်း၏မြေယာ မဟုတ်"ဟု ပြောဆိုခံခဲ့ရပြီး၊ နောက်ဆုံးတွင် လျော့ပါးကုန်ဆုံးသွားသော ၎င်း၏ စားနပ်ရိက္ခာများဖြင့်သာ ကပ်ရပ်နေထိုင်ခဲ့ရသည်ဟု ပြောပြခဲ့သည်။[2566] အချို့ရိုဟင်ဂျာများက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် [2567]အကြမ်းဖက်မှုများ ရောက်လုနီးကာလတွင် ဆက်ဆံရေး ပျက်ပြားမှုများကို သတိပြုမိခဲ့ကြသည်။ဥပမာ အနေဖြင့် တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ၂၀၁၇ ခုနှစ် အောက်တိုဘာလလယ်တွင် ရခိုင်တိုင်းရင်းသားများထံ သူ၏ကုန်ပစ္စည်းများ ရောင်းချ၍ မရတော့သည်ကို ပြောပြခဲ့သည်။[2568]

၁၁၃၉။ မစ်ရှင်အဖွဲ့သည် ရခိုင်တိုင်းရင်းသားအိမ်နီးချင်းများက ၎င်းတို့၏အိမ်နီးချင်း ရိုဟင်ဂျာများအား ဖြစ်ပွားတော့မည့် အကြမ်းဖက်မှုများကို သတိပေးချက်များ စိတ်ပါလက်ပါ ထုတ်ပေးခဲ့ကြသည်ဟု သတင်းပို့ချက်များကိုလည်း ရရှိခဲ့သည်။[2569] ဥပမာအားဖြင့် ရသေ့တောင် မြို့နယ် စေတီပြင်ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ၎င်း၏ ရခိုင်တိုင်းရင်းသား မိတ်ဆွေတစ်ဦးက ၎င်းကို သတိပေး ခဲ့သည်ကို ပြောပြခဲ့သည်မှာ-

> *"မင်းတို့တွေ (ရိုဟင်ဂျာ) ဒီမှာနေလို့ မရတော့ဘူး ပြီးတော့ ငါတို့လည်း ငါတို့ထဲက သဘောထားဆိုးတဲ့သူတွေကို ထိန်းမရတော့ဘူး။ အစိုးရက မင်းတို့ လူတွေကို မောင်းထုတ်ဖို့ စီစဉ်နေပြီ[2570]"*

၁၁၄၀။ သတိပြုမှတ်သားထားရန် စိတ်ဝင်စားဖွယ် အချက်တစ်ခုမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် မတိုင်မီ ၁ ရက် ၂ ရက်ခန့်တွင် ဟိန္ဒူ မိသားစု ၁၀ စုခန့်အထိ မောင်တောမြို့နယ် တောင်ပိုင်း မြင်းလွှတ်ကျေးရွာအုပ်စုမှ ထွက်ခွာသွားခဲ့ကြခြင်း ဖြစ်သည်။ ၎င်းတို့သည် ဆံသဆိုင်များ အပါအဝင် အငှားဈေးဆိုင်ခန်းများတွင် နေထိုင်ခဲ့ကြသူများ ဖြစ်ကြသော်လည်း အနီးကပ်၍ အသိပေးမှုဖြင့် ၎င်းတို့၏နေထိုင်ရာများကို စွန့်ခွာသွားခဲ့ကြသည်။ မျက်မြင်သက်သေတစ်ဦးမှ လူများအနေဖြင့် ဈေးဆိုင်များဆီ ပုံမှန်အတိုင်း သွားရောက်ခဲ့ကြပြီး နောက်တွင်မှ ဟိန္ဒူ မိသားစုများ [2571]ထွက်ခွာသွားကြပြီကို သိခဲ့ကြရသည်ဟု ဆိုသည်။

၁၁၄၁။ အချို့ရခိုင်တိုင်းရင်းသားများမှ သတိပေးခဲ့မှုနှင့် အကြမ်းဖက်မှုများမတိုင်မီ ကြိုတင်၍ အခြားအုပ်စုများ ထွက်ခွာမှုတို့နှင့်အတူ လူမှုအသိုက်အဝန်းများအကြား ဆက်ဆံရေး ပျက်ပြားမှုများက အချို့သော ရိုဟင်ဂျာမဟုတ်သူများအနေဖြင့် ဖြစ်ပေါ်လုဆဲဆဲ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး"နှင့် စပ်လျဉ်း၍ တပ်မတော်၏ ပြုလုပ်တော့မည့် အစီအမံများကို အကြောင်းကြားခံထားရခြင်း (သို့မဟုတ်) သတိပြုမိခြင်းတို့ ရှိခဲ့နိုင်ကြောင်း ညွှန်ပြနေသည်ကို မစ်ရှင်အဖွဲ့က သတိပြုမိသည်။

---

[2564] LI-077, LI-114, QI-040, YI-005.
[2565] YI-005.
[2566] QI-040.
[2567] LI-065, LI-081, LI-114.
[2568] LI-114.
[2569] LI-033, LI-118.
[2570] LI-118.
[2571] QI-111, QI-112.

၁၁၄၂။ အချို့နေရာဒေသများတွင် ရခိုင်တိုင်းရင်းသား ကျေးရွာဥက္ကဌများ အထူးသဖြင့် ရိုဟင်ဂျာများအပေါ် ရန်လိုသည့်သူများက ဆက်ဆံရေးပျက်ပြားမှုကို ပို၍ ပံ့ပိုးပေးခဲ့ကြသည်။ ဥပမာအနေဖြင့် ထွက်ဆိုချက်အများစုက မင်းကြီးရွာ (တူလာတိုလီ) မှ ရိုဟင်ဂျာများနှင့် ၎င်းတို့၏ ရခိုင်တိုင်းရင်းသား အိမ်နီးချင်းများအကြား ဆက်ဆံရေးမှာ ကနဦးက ခင်မင်ချစ်ကြည်မှု မပျက် ရှိခဲ့ကြသည်ဟု ဖော်ပြကြသည်။ ၂၀၁၅ ခုနှစ်တွင် ကျေးရွာဥက္ကဌအသစ် ရွေးချယ်ခံခဲ့ရပြီးချိန်တွင် ဆက်ဆံရေးများ စတင်ယိုယွင်းလာပြီး အနီးအနားကျေးရွာများမှ ဈေးများသို့ သွားရောက်ခွင့်ကို ပြင်းထန်စွာ ပိတ်ပင်ခြင်းများဖြင့် အပါအဝင် ၂၀၁၇ ခုနှစ်ထိ တလျှောက်လုံး ပိုမိုဆိုးရွားလာခဲ့သည်။[2572]

၁၁၄၃။ ထိုကာလအတွင်း မြန်မာအာဏာပိုင်များက ရခိုင်တိုင်းရင်းသားများကို လုံခြုံရေးယန္တရား၏ အဖွဲ့ဝင်များအဖြစ် စုဆောင်းရန် ကြိုးပမ်းမှုများ ပိုမိုလုပ်ဆောင်ခဲ့ကြသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလတွင် ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့အကြီးအကဲက ၎င်း၏ရဲတပ်ဖွဲ့သည် မောင်တောမြို့နယ် အတွင်းမှ ရခိုင်တိုင်းရင်းသားများနှင့် အခြားမွတ်ဆလင်မဟုတ်သော တိုင်းရင်းသားလူနည်းစုများထဲမှ "ဒေသခံရဲ" အသစ်များကို [2573]၎င်းတို့၏ ကျေးရွာများတွင် တာဝန်ထမ်းဆောင်ရန် စုဆောင်းနေကြောင်း ပြောကြားခဲ့သည်ဟု ဆိုကြသည်။ ၎င်းတို့က စုဆောင်းရရှိသူများကို လက်နက်၊ အခြားတန်ဆာပလာများနှင့် [2574]စားရိတ်များ ပေးအပ်ရန် ရည်ရွယ်ထားသည်ဟု ပြောကြသည်။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်တွင် မြန်မာ ရဲတပ်ဖွဲ့အာဏာပိုင်များက ရဲတပ်ဖွဲ့ဝင်အသစ် ၁၆ဦးကို "ဒေသခံများအား ရာဇဝတ်မှုပုံစံ အမျိုးမျိုးမှ ကာကွယ်ရန်" "အထူး" ၄ လ လုံခြုံရေးသင်တန်း စတင်ခဲ့ပြီးဖြစ်ကြောင်း တရားဝင် သတင်းထုတ်ပြန်ခဲ့သည်။ စုဆောင်းရရှိထားသူများမှာ ကိုယ်ခံပညာ၊ လက်နက်အသုံးပြုမှုနှင့် အဓိကရုဏ်းနှိမ်နင်းရေး နည်းနာသင်တန်းများ ရရှိခဲ့ကြသည်။ ထုတ်ပြန်ကြေညာချက်က "မိမိတို့ပြည်နယ်ကို ကာကွယ်လိုသည့် ရခိုင်လူမျိုးတိုင်း ဒေသခံ လက်နက်ကိုင်ရဲတပ်ဖွဲ့၏ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ရန် အခွင့်ရှိစေရမည်"[2575]ဟု ဆက်လက်ဖော်ပြထားသည်။ ထို အကူရဲတပ်ဖွဲ့သည် ရဲတပ်ဖွဲ့ ဝတ်စုံဝတ်ဆင်ကာ နယ်ခြားစောင့်ရဲတပ်ဖွဲ့၏ ညွှန်ကြားမှု အောက်တွင် ရှိခဲ့ရန်ဖြစ်ပြီး စစ်တပ်စစ်ဆင်ရေးကာလအတွင်း နောက်ဆုံး၌ တပ်မတော်၏ ထိန်းချုပ်မှုအောက်သို့ ကျရောက်သွားခဲ့သည်။[2576]

၁၁၄၄။ ထို့အပြင် ရိုဟင်ဂျာမဟုတ်သူများကို အစိုးရက ထောက်ပံ့ပေးထားသော လက်နက်ကိုင်ပြည်သူ့စစ်အဖြစ် စုဆောင်းမှုသည် [2577]ရခိုင်ပြည်နယ်တွင် ထိုကာလ တလျှောက်လုံး ရှိခဲ့သည်။ အစိုးရအနေဖြင့် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ[2578] နောက်ပိုင်းတွင် ပြည်သူ့စစ်ထူထောင်မှုကို ထောက်ပံ့ပေးခဲ့သည်ဟု ယူဆရပြီး အစိုးရမှ လက်နက် တပ်ဆင်ပေးကာ [2579]ဝတ်စုံများနှင့် သင်တန်းများပေးပြီး ၎င်းတို့ကို နောက်ပိုင်းတွင် ရခိုင်ပြည်နယ်မြောက်ပိုင်းရှိ ကျေးရွာအုပ်စုအသီးသီးတွင် ချထားခဲ့သည်ဟု ယူဆရသည်။

---

[2572] QI-058, QI-059, QI-060, QI-066, QI-067.

[2573] V-153, V-154

[2574] V-153.

[2575] ပြည်ထောင်စုသမတမြန်မာနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန "ရခိုင်ပြည်နယ်တွင် လုံခြုံရေးတိုးမြှင့်ရန် ရည်ရွယ်၍ ရဲသင်တန်းပြုလုပ်" (၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့) http://www.moi.gov.mm/moi:eng/?q=news/18/11/2016/id-9208

[2576] V-165.

[2577] မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၀၊ နိုင်ငံတော် ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ အတည်ပြုခွင့်ပြုမိန့် လိုအပ်နေမည်ဖြစ်သော်လည်း

[2578] V-164.

[2579] LI-052, LI-101, LI-103, LI-104, LI-118, YI-009.

တခါတရံတွင် ရိုဟင်ဂျာ ရွာသားများက ပြည်သူ့စစ်အဖွဲ့ဝင်များကို ၎င်းတို့အားသိ၍ဖြစ်စေ (သို့မဟုတ်) တပ်မတော်နှင့် ရဲတပ်ဖွဲ့တို့နှင့် ကွဲပြားခြားနားသော စစ်ဝတ်စုံကို ဝတ်ဆင်ကြ၍ မှတ်မိနိုင်သောကြောင့်ဖြစ်စေ မည်သူမည်ဝါ ခွဲခြားနိုင် ကြသည်။[2580]

၁၁၄၅။ ပြည်သူ့စစ်၏ လွတ်လပ်မှု၊ ၂၀၁၆ခုနှစ် အောက်တိုဘာလ နောက်ပိုင်းတွင် မြန်မာ အာဏာပိုင်များက လှုံ့ဆော်စည်းရုံးပြီး အခြား ရခိုင်ပြည်သူ့စစ်အုပ်စုများအဖြစ် လက်နက် တပ်ဆင်ပေးခဲ့သည်။[2581] တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက အဆိုပါအုပ်စုများမှာ တူညီဝတ်စုံ မရှိဟု ဆိုသည်။[2582] အခြားရွာသားတစ်ဦးဖြစ်သည့် ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးက တပ်မတော်မှ လက်နက်များကို သယ်ဆောင်လာပြီး[2583] ရခိုင်တိုင်းရင်းသားများကို ပေးအပ်ခဲ့သည်ကို မြင်တွေ့ခဲ့ရသည်ဟု ဆိုသည်။ အစိုးရက[2584] ၂၀၁၈ ခုနှစ် ဇန္နဝါရီလအတွင်း လွှတ်တော်ဆွေးနွေးမှုတစ်ခုတွင် ပြည်သူ့စစ် "အသစ်" ထူထောင်မှုကို အတည်ပြု ပြောဆိုခဲ့သည်။ ပြည်ထဲရေး ဒုတိယဝန်ကြီးက အောက်တိုဘာလ အကြမ်းဖက်မှုများနောက်ပိုင်းတွင် မောင်တော- ဘူးသီးတောင်ဒေသအတွင်း ရခိုင်ဒေသခံ ပြည်သူ့စစ် ၃၄ ခု ထပ်မံ၍ ထူထောင်ဖွဲ့စည်းခဲ့ပြီး ၎င်းတို့ အနက်မှ ၃ဖွဲ့ကို တပ်မတော်မှ လက်နက်တပ်ဆင်ပေးကာ လက်နက်နည်းဗျူဟာ သင်တန်းပေးခဲ့ပြီး ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလနှင့် မတ်လတို့တွင် အဆင့်မြင့် သင်တန်းပေးခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။[2585] ၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက်တွင် ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက "မွတ်စလင် ဘင်္ဂါလီများ"မှ ကျူးလွန်ခဲ့သည့် "အစွန်းရောက် အကြမ်းဖက်မှုများ"က "ဒေသခံများကို ၎င်းတို့၏ဇာတိနေရပ်များမှ ထွက်ပြေးစွန့်ခွာစေရန်" တွန်းအားပေးခဲ့သည်ဟု ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည်။ သိသာ ထင်ရှားစွာပင် ကြေညာချက်က "လုံခြုံရေးစနစ်တစ်ခုနှင့် ပြည်သူလူထုနှင့် ဆိုင်ရာလုံခြုံရေးတပ်ဖွဲ့များအကြား ပူးပေါင်းဆောင်ရွက်မှု"[2586] ကို ရည်ညွှန်းကိုးကားခဲ့သည်။

၁၁၄၆။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ရခိုင်အမျိုးသားပါတီမှ အဖွဲ့ဝင် ၇ ဦးပါ ကိုယ်စားလှယ်အဖွဲ့တစ်ဖွဲ့က ဒေသတွင်း အလေးထားပူပန်မှုများကို ဆွေးနွေးရန်နှင့် [2587]ရခိုင်ပြည်နယ်အတွင်း လုံခြုံရေးဆောင်ရွက်မှု ထပ်မံမြှင့်တင်ရေးအတွက် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နေပြည်တော်တွင် သွားရောက် တွေ့ဆုံ ခဲ့ကြသည်။ နောက်တစ်နေ့တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့က[2588] မေယုတောင်ကြောတွင် တပ်မတော်မှ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" တစ်ရပ် ပြုလုပ်မည်ဟု ကြေညာခဲ့သည်။ သတင်းမီဒီယာရင်းမြစ်များအရ ထိုကြေညာချက်သည် ရခိုင်တိုင်းရင်းသားများကို နှိုးဆော်ရန်နှင့် ၎င်းတို့အနေဖြင့် ပစ်မှတ်အဖြစ် မှားယွင်းအထိခိုက်မခံရစေရေးအတွက် ထိုတောင်တန်းများကို ရှောင်ကြဉ်ကြရန် ရည်ရွယ်သည်ဟု ဆိုကြသည်။[2589]

---

[2580] LI-052, LI-104, LI-118.

[2581] LI-054, LI-101, LI-103, YI-009.

[2582] YI-009.

[2583] LI-101.

[2584] "ဒုတိယအကြိမ်အမျိုးသားလွှတ်တော်၊ ၇ ကြိမ်မြောက် ပုံမှန်အစည်းအဝေး၊ ၉ ရက်မြောက်နေ့၊ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၃၀ ရက်နေ့" အစည်းအဝေးမှတ်တမ်းကို ဤနေရာတွင် ရနိုင်သည်။ https://bit.ly/2NaW1SQ

[2585] Ibid., မျိုးမြင့် "မောင်တောတွင် တပ်မတော်မှ ပြည်သူ့စစ် ၃၀ အား လေ့ကျင့်၊ လက်နက်တပ်ဆင်နေကြောင်း ဒုဝန်ကြီးမှ ပြောကြား" (၂၀၁၈ ခုနှစ် ဇန္နဝါရီ ၃၀ ရက်နေ့၊ ဧရာဝတီ)

[2586] ပြည်ထောင်စု သမတ မြန်မာနိုင်ငံ၊ ပြည်နယ်အုပ်ချုပ်ရေး အစိုးရ၊ ရခိုင်ပြည်နယ် ထုတ်ပြန်ကြေညာချက် ၁/၂၀၀၇ (၂၀၁၇ ခုနှစ် ဩဂုတ်လ ၈ ရက်နေ့)

[2587] V-229.

[2588] V-231

[2589] http://thevoicemyanmar.com/news/10992-mrt

၁၁၄၇။ ရခိုင်တိုင်းရင်းသားများအား မိမိကိုယ်ကို ကာကွယ်ရန်အတွက် လက်နက်တပ်ဆင်ပေးရန် ရခိုင်နိုင်ငံရေးသမားများ၏ ထပ်တလဲလဲ တောင်းဆိုမှုများ၊ အချို့သော ရခိုင်တိုင်းရင်းသားများကို အမှန်တကယ် လက်နက်တပ်ဆင်ပြီး သင်တန်းပို့ချမှုများနှင့် သဘောထားကွဲစေသော ဟောပြောမှုများကြောင့် လူ့အသိုက်အဝန်းများအကြား ဆက်ဆံရေးများမှာ ပို၍ အားနည်းလာစေခဲ့သည်။

၁၁၄၈။ နတလ ကျေးရွာများ အပါအဝင် အချို့သောကျေးရွာအုပ်စုများတွင် ရိုဟင်ဂျာ မဟုတ်သော လူအသစ်များကို ရခိုင်ပြည်နယ်မြောက်ပိုင်းသို့[2590] နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများမတိုင်မီ ခေါ်ယူလာကြသည်။ အချို့မှာ[2591] ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဗုဒ္ဓဘာသာဝင်များဟု ယူဆရသော်လည်း အဆိုပါလူများမှာ မည်သူများဖြစ်သည် ဆိုသည့် အချက်မှာ ရှင်းလင်းမှုမရှိပေ။ မောင်တောမြို့နယ်တောင်ပိုင်း ကျောက်ပန်းဒူရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ်လ အရှေ့ပိုင်း ၂ လမှ ၃ လအတွင်း အနီးရှိ နတလ ကျေးရွာသို့ လူအသစ်များ ရောက်ရှိလာကြသည်ကို မျက်မြင်တွေ့ခဲ့ရသည်။ ၄င်းက ထိုနေရာတွင် လူငယ်အုပ်စုကြီးတစ်စု တစ်ပတ်ခန့် နေထိုင်သွားခဲ့ကြပြီး ထို့နောက် ပြန်လည် ထွက်ခွာသွားကာ နောက်တွင် ပြန်ရောက်လာပြီး အဆိုပါလူများကို[2592] "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"တွင် ပါဝင်သူများအဖြစ် ၄င်းက နောက်ပိုင်းတွင် ခွဲခြားမှတ်မိခဲ့သည်ဟု ပြောခဲ့သည်။ တွေ့ဆုံမေးမြန်းမှုဖြေဆိုသူ အတော်များများကလည်း နတလ ကျေးရွာများတွင် အသစ်ရောက်ရှိ လာသူများကို[2593] "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်သည်ကို မြင်တွေ့ခဲ့ကြကြောင်း မစ်ရှင်အဖွဲ့သို့ အသိပေးခဲ့ကြသည်။

၁၁၄၉။ ဘူးသီးတောင်မြို့နယ် ဂူတာပြင်ကျေးရွာတွင် ရွာသားများက ဩဂုတ်လ ၂၅ ရက် ရှေ့တစ်ပတ်တွင် အဆိုပါ အသစ်ရောက်ရှိလာသည့်လူများကို လေ့လာတွေ့ရှိခဲ့သည်။ ရိုဟင်ဂျာ အမျိုးသား တစ်ဦးက ပြောပြသည်မှာ-

> *"မကြာခင်ကပဲ နတလရွာမှာနေဖို့ လူအသစ်တွေ ရောက်လာကြတယ် ကျွန်တော်တို့ ရိုဟင်ဂျာ ရွာသားတွေက ရခိုင်အိမ်နီးချင်းတွေနဲ့ ကောင်းမွန်တဲ့ဆက်ဆံရေး အမြဲတမ်း ရှိကြတယ်။ ၂၀၁၆ ခုနှစ် အောက်တိုဘာလ နောက်ပိုင်းမှာတောင်မှ ဆက်ဆံရေးက ကောင်းခဲ့တယ်။ ဒါပေမယ့် အသစ်ရောက်လာတဲ့ သူတွေက အကြမ်းဖက်မှုတွေ မတိုင်ခင် တစ်ပတ်မှာပဲ ရောက်လာခဲ့ကြတယ်။ ဆက်ဆံရေးအားလုံး ပျက်ပြားကုန်တယ်။[2594]"*

*၂၀၁၆ ခုနှစ် အောက်တိုဘာလနောက်ပိုင်း ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် စစ်တပ် များပြားလာမှုများ*

၁၁၅၀။ ဩဂုတ်လ ၂၅ ရက် အာဆာတိုက်ခိုက်မှုများ မတိုင်မီ သီတင်းပတ်များအတွင်း မြို့နယ် ၃ ခု ၌ စစ်တပ်အင်အား တည်ဆောက်မှုနှင့် အခြားစစ်တပ်ပိုင်ဆိုင်မှုများ သိသာသော များပြားကြီးထွားလာမှု ရှိခဲ့သည်။[2595]

---

[2590] http://thevoicemyanmar.com/news/10992-mrt

[2591] LI-054, LI-110, WI-048.

[2592] ZI-001.

[2593] LI-054, LI-061, LI-063, LI-065, LI-066, LI-071, LI-110.

[2594] LI-062.

[2595] LI-071, QI-111, QI-112, QI-116, WM-003.

၁၁၅၁။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင်၊ ရခိုင်ပြည်နယ် အပြင်ဘက်တွင် အခြေစိုက်သော တပ်မတော် ခြေမြန်တပ်မဌာနချုပ် ၃၃ နှင့် ၉၉ တို့မှ တပ်သား ၁၆၀၀ ကို ၎င်းတို့အား တာဝန်ချထားရာ မြန်မာနိုင်ငံမြောက်ပိုင်းမှ ရခိုင်ပြည်နယ်သို့ လေကြောင်းဖြင့် ပို့ဆောင်ခဲ့သည်။ ထိုပြောင်းရွှေ့တာဝန်ချထားမှုကို နိုင်ငံတွင်းမီဒီယာများက စစ်သည်များ "ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရန် သွားရောက်"[2596] ဟု ဖော်ပြရေးသားခဲ့သည်။

၁၁၅၂။ အခြားသော စစ်တပ်အခြေစိုက်စခန်းများမှ တပ်ဖွဲ့များသည်လည်း ရွှေ့ပြောင်းခဲ့ ကြပြီး ဘူးသီးတောင်မြို့နယ် အခြေစိုက် စစ်တပ်စစ်ဆင်ရေးဌာနချုပ် (MOC)-15 နှင့် တွဲဖက် တာဝန်ချထားသည်။ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်ရင်း ၉ ရင်းလည်း တင့်ကား နှင့် စစ်သည်တင် သံချပ်ကာယာဉ်များ ၆၀ စီး ခန့်အထိပါဝင်သော သံချပ်ကာ တပ်မဟာ တစ်ခုနှင့် အတူ MOC-15 သို့ တွဲဖက် တာဝန်ချထားခဲ့သည်။[2597] MI-17 ရဟတ်ယာဉ် ၈ စီးကိုလည်း ရခိုင်ပြည်နယ်သို့ ရွှေ့ပြောင်းနေရာချထားခဲ့သည်။[2598] တင့်ကား၊ လက်နက်ကြီးများနှင့် ရဟတ်ယာဉ်အရေအတွက် အများအပြား တာဝန်ချထားမှုသည် ပုံမှန်ဖြစ်ရိုးဖြစ်စဉ် မဟုတ်ပေ။[2599]

၁၁၅၃။ ထို့အပြင် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် မတိုင်ခင် သီတင်းပတ် အတွင်းတွင်လည်း[2600]တပ်မတော်စစ်သားများကို နယ်စပ်နှင့် ပို၍နီးရာသို့ ရွှေ့ပြောင်းခဲ့ကြပြီး ရခိုင်ပြည်နယ်ရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့ စခန်းများသို့ ရဟတ်ယာဉ်များ ဝင်ထွက် သွားလာမှုများလည်း တိုးမြင့်လာခဲ့သည်။ ပုံမှန်အားဖြင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ စောင့်ကြပ်သော နယ်မြေဒေသတွင် ယခုအခါ တပ်မတော်စစ်သားများ၏ သိသာထင်ရှားသော တာဝန်ချထားမှုလည်း ရှိနေခဲ့သည်။ ဩဂုတ်လအစပိုင်းတွင် စစ်သည်အသစ်များ ရောက်ရှိလာမှုသည် ရွာသားများအတွက် သတိပြုမိလောက်စရာ ဖြစ်သည်။[2601] အချို့စစ်သားများမှာ [2602]စစ်ယာဉ်တန်းများဖြင့် ခရီးသွားလာကြသည်။ အချို့မှာမူ စစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့ စခန်းများတွက် တပ်ချထားသည်။[2603] ရွာသား တစ်ဦးက "စစ်သားအသစ်တွေ ရောက်လာတယ်ဆိုတာ ကျနော်တို့ ရှင်းရှင်းလင်းလင်းသိရတယ်။ သူတို့က ဒီက စစ်တပ်ဝန်းထဲမှာ အမြဲတမ်း အထိုင်ရှိနေပြီး ကျနော်တို့ သိတဲ့ မှတ်မိတဲ့ စစ်သားတွေနဲ့ မတူတဲ့ ဝတ်စုံတွေ ဝတ်ကြလို့ပဲ"[2604] တပ်များ၏ ဂုဏ်သတင်းနှင့် ပတ်သက်၍ တွေ့ဆုံ မေးမြန်းမှုတွင် ဖြေဆိုသူတစ်ဦးက အောက်ပါအတိုင်း ပြောဆိုခဲ့သည်။

> *"စစ်သားအသစ်တွေက ရန်ကုန်ကနေ ရောက်လာခဲ့ကြပြီး သူတို့က အရမ်းကြမ်းတယ်။ ကျနော့်ရဲ့ ရခိုင်အိမ်နီးချင်းတစ်ယောက်က ကျနော့်ကို ပြောတာက "အခု မင်းတို့ ရိုဟင်ဂျာတွေ ဂြိုဟ်ဆိုးဝင်ပြီ ဘာလို့လဲဆိုတော့ အစိုးရက ရန်ကုန်ကနေ မွတ်စလင် မှန်သမျှကို သတ်မယ့် စစ်တပ်တွေ ပို့နေပြီ။ တစ်နေ့ကျရင် ရခိုင်ပြည်နယ်မှာ ရိုဟင်ဂျာ မွတ်စလင် တစ်ယောက်မှ ရှိမှာမဟုတ်တော့ဘူး"*[2605]

---

[2596] V-212, V-213.
[2597] K-002.
[2598] K-002. .
[2599] XM-005.
[2600] QM-001, XM-005.
[2601] LI-062, LI-081, LI-100, QI-069, QI-110, QI-111, QI-112.
[2602] LI-069, LI-081, LI-112.
[2603] LI-081, QI-110, QI-116.
[2604] LI-081.
[2605] LI-092.

၁၁၅၄။ တပ်မတော်နှင့် အခြား လုံခြုံရေးတပ်ဖွဲ့များသို့ စစ်လက်နက်ကိရိယာပစ္စည်းများ ပို့ဆောင်မှုမှာ ၂၀၁၇ခုနှစ် ဩဂုတ်လ မတိုင်ခင်ကတည်းက ပြုလုပ်ပြီးဖြစ်သည်။[2606] စစ်တပ်စခန်း နံဘေးတွင် ဈေးဆိုင်ဖွင့်ထားသော ရွာသားတစ်ဦးက ရှင်းပြသည်မှာ

> *"နယ်မြေရှင်းလင်းရေးစစ်ဆင်ရေး မတိုင်ခင် ခန့်မှန်းခြေ ၄ရက်လောက် အလိုက ကျနော်တို့ရွာမှာ စစ်စခန်းကို ကားတွေ အများကြီး ရောက်လာကြတယ်။ ထရပ်ကား ၅ စီးက စစ်သား အပြည့်နဲ့၊ နောက်ထပ် ၂ စီးက လက်နက်ကိရိယာတွေ အပြည့်နဲ့၊ လက်နက်ကိရိယာတွေ တင်လာတဲ့ ထရပ်ကားမှာ အဖြူရောင်အိတ်တွေ အပြည့်ပဲ။ အသစ်ရောက်လာတဲ့ စစ်သားတွေက ကားထဲက ထွက်လာပြီးတာနဲ့ အိတ်တွေထဲက ပစ္စည်းတွေကို ထုတ်သယ်လာကြတယ်။ သူတို့ "လောင်ချာ"တွေဝေနေကြတာ ကျနော် တွေ့ခဲ့ရတယ်။ [2607]"*

၁၁၅၅။ ဘူးသီးတောင်မြို့နယ် မောင်းကြီးတောင်ကျေးရွာတွင် လက်နက်ကြီးဟု ယူဆရသည့် အရာတစ်ခုကို ကျေးရွာကို အပေါ်စီးမှ လှမ်းမြင်နေရသည့် တောင်ကုန်းများပေါ်တွင် ခန့်မှန်းခြေ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ ရက် ရှေ့ပိုင်း တစ်ပတ်ခန့်တွင် တပ်ဆင်ထားခဲ့သည်။ ထိုလက်နက်ကို နောက်တစ်ပတ်အကြာ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"တွင် အသုံးပြုခဲ့သည်။[2608] ထိုလက်နက်ကို ပစ်ခတ်သည့်အချိန်တွင် ကျယ်လောင်သော အသံနှင့် နောက်ဆက်တွဲ ပေါက်ကွဲမှုက လယ်ကွင်းတစ်ခုကို "ဖျက်ဆီးခဲ့သည်"ဟု မျက်မြင်သက်သေတစ်ဦးက ဆိုသည်။[2609]

၁၁၅၆။ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၅ အရှေ့ပိုင်း ခန့်မှန်းခြေ ၂၀ တ်ခန့် အကြာက နယ်မြေ ဒေသအတွင်း ပုံမှန်တွေ့နေကျ မဟုတ်သည့် ရေတပ်သင်္ဘော ၂ စင်း မောင်တောမြို့နယ် တောင်ပိုင်းနှင့် [2610]ရသေ့တောင်မြို့နယ် ကမ်းရိုးတန်း ဘင်္ဂလားပင်လယ်အော် အတွင်းတွင် ခုတ်မောင်းနေခဲ့သည်။ အနည်းဆုံး ၄င်းတို့အနက်မှ သင်္ဘောတစ်စင်းက ရိုဟင်ဂျာ ကျေးရွာတစ်ခုကို ပစ်ခတ်ခဲ့သည်။[2611]

၁၁၅၇။ ထိုမျှအဆင့်ရှိသည့် အရေအတွက်ရော သဘောသဘာဝ အရပါ များပြားလာမှုသည် အတော်အတန်ကြာသော ကာလတစ်ခုအတွင်း သိသာထင်ရှားသော ထောက်ပံ့ပို့ဆောင်ရေး စီမံမှုများ လိုအပ်ခဲ့လိမ့်မည် ဖြစ်သည်။ ထိုကိစ္စသည် တပ်မတော်၏ ရာထူးအမြင့်ဆုံး အဆင့်များမှ ဆုံးဖြတ်ချက်ကို လိုအပ်ခဲ့မည် ဖြစ်သည်။ မစ်ရှင်အဖွဲ့က ထိုပြင်ဆင်ဆောင်ရွက်မှုများ၊[2612] စစ်ဆင်ရေးများ၏ ပူးပေါင်းဆောင်ရွက်မှု သဘောသဘာဝနှင့် တပ်မများ တာဝန်ချထားမှုတို့က "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သို့မဟုတ် အနည်းဆုံးအားဖြင့် ကြီးမား၍ အနှံ့အပြားကျယ်ပြောသော စစ်ဆင်ရေးတစ်ခု ဆောင်ရွက်ရန်အတွက် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် မတိုင်ခင် အတန်ကြာကာလကတည်းက ကောင်းစွာ စီမံအကွက်ချ၍ အမိန့်ပေး ညွှန်ကြားထားပြီး ဖြစ်သည်ဟု မစ်ရှင် အဖွဲ့က ကောက်ချက်ချသည်။

---

[2606] LI-063, LI-081.

[2607] LI-081.

[2608] LI-114, LI-117.

[2609] LI-117.

[2610] LI-045, LI-052, LI-053, LI-100, QI-113.

[2611] အပြင်းထန်ဆုံး ဖြစ်ရပ်များ အခန်း၊ အပိုင်း D.1.a တွင် ကိုးတန်ကောက်၌ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ၏ အသေးစိပ်ကို ကြည့်ပါ။

[2612] ပူးတွဲစစ်ဆင်ရေးများဆိုသည်မှာ ကြည်းတပ်၊ ရေတပ် နှင့်/သို့မဟုတ် လေတပ်တို့အနက်မှ တပ်ဖွဲ့ ၂ ဖွဲ့ သို့မဟုတ် ၂ ဖွဲ့ထက်ပို၍ ပါသော စစ်ဆင်ရေးများကို ဆိုလိုသည်။

### *၂၀၁၇ ခုနှစ် ဇူလိုင်နှင့် ဩဂုတ်လ၊ ရသေ့တောင်မြို့နယ်အတွင်း ဖြစ်ပွားမှုများ*

၁၁၅၈။ ရသေ့တောင်မြို့နယ် မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ် ဇူလိုင်လနှင့် ဩဂုတ်လတို့အတွင်း ဖြစ်ပွားခဲ့သည့် ဖြစ်ပွားမှု အတော်များများသည် ရခိုင်ပြည်နယ်တဝန်းတွင် အဆက်မပြတ် မြင့်တက်နေသော တင်းမာမှုများကို ပံ့ပိုးပေးခဲ့သည်။ အဆိုပါဖြစ်ရပ်များမှာ သီးခြားဖြစ်ပွားခဲ့ခြင်း မဟုတ်ပဲ တစ်ခုနှင့် တစ်ခု နီးကပ်သောဝန်းကျင်များတွင် အိမ်နီးချင်း ကျေးရွာအုပ်စုများတလျောက် ဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။

၁၁၅၉။ အဆိုပါဖြစ်ပွားမှုများမှာ[2613] ရခိုင်သတင်းမီဒီယာများက[2614] နိုင်ငံတွင်းနှင့် [2615] နိုင်ငံတကာ မီဒီယာများနှင့်အတူ ကောင်းစွာ လူသိရှင်ကြား သတင်းလွှင့်ခဲ့ပြီး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။ အများသိ ကြေညာချက်တစ်ခုတွင် အာဆာက အဆိုပါဖြစ်ပွားမှုများသည် "ကြိုတင်စီမံ အကွက်ချထားပြီး စနစ်တကျ စီစဉ်ထားသော ရာဇဝတ်မှုများ" ဖြစ်ပြီး ၎င်းတို့က ထင်မြင်သည်မှာ ရခိုင်ပြည်နယ် အတွင်းရှိ လူမှုအသိုက်အဝန်းများအကြား အကြမ်းဖက်မှုများ ဖြစ်ပွားစေရန် ရည်ရွယ်ထားပြီး "၂၀၁၂ ခုနှစ်ပုံစံ အကြမ်းဖက်မှုများကို တဖန်ထပ်ဖြစ်ရေးအတွက် မောင်းဖြုတ်ပေးရန်"[2616] ဖြစ်သည်ဟု ဆိုသည်။

**ချွတ်ပြင်၊ အထက်နန်းရာ၊ အောက်နန်းရာနှင့် စေတီပြင်နှင့် ချင်း (ပြိုင်တောင်) ကျေးရွာများ၏ နီးကပ်မှုကို အသားပေး ပြသထားသော ရသေ့တောင်မြို့နယ် မြောက်ပိုင်းမြေပုံ၊ အနီရောင် အမှတ်အသားများက ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ထောက်လှမ်းရရှိသည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး"များအတွင်း နောက်ဆက်တွဲ မီးရှို့ခံခဲ့ရသော ကျေးရွာများ ကို ညွှန်ပြသည်။**

[2613] Narinjara, "Cows are still being stolen, killed and eaten, despite the increased security in Zay Di Pyin, Mayu coastal area" (Narinjara News, 13 August 2017): https://bit.ly/2xbYja9

[2614] For example, Global New Light on Myanmar, "Attack on police force arresting financial supporter of violent attackers in Yathedaung" (5 August 2017).

[2615] S. Naing, "Rohingya villagers blockaded amid fresh tensions in Myanmar's Rakhine – residents" (Reuters, 22 August 2017).

[2616] ARSA Statement, ARSA/PR/04/2017, on 6 August 2017.




### *ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ အရှင်ဝီရသူ လာရောက်ခဲ့မှု*

၁၁၆၀။ ၂၀၁၇ ခုနှစ် မေလနှင့် ဇူလိုင်လတို့တွင် ဘုန်းတော်ကြီး အရှင်ဝီရသူသည် ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ လာရောက်ခဲ့သည်။ မေလဆန်းပိုင်းတွင် ဝီရသူသည် အခြားကျေးရွာများ အထဲမှ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၉ ရက် တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ရာနေရာများသို့

[2617]နယ်ခြားစောင့်ရဲတပ်ဖွဲ့မှ လက်နက်ကိုင် အစောင့်အရှောက်များဖြင့် သွားရောက်ခဲ့သည်ဟု ဆိုကြသည်။ ခရီးစဉ်၏ အပိုင်းတစ်ခုအနေဖြင့် ဝီရသူသည် ကျီးကန်းပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ စခန်းမှ ဗိုလ်မှူးချုပ်နှင့် သီးသန့်အစည်းအဝေးတစ်ခု ပြုလုပ်ခဲ့သည်ဟု သတင်းထွက်ခဲ့သည်။ ၅ရက်တာခရီးစဉ်၏ အဆုံးတွင် ဝီရသူကို အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး တစ်ဦး အပါအဝင် စစ်တပ် အဆင့်မြင့်အရာရှိကြီးများနှင့်အတူ တွေ့မြင်ခဲ့ရသည်ဟု ပြောဆိုကြသည်။ ရခိုင်အမျိုးသားပါတီ (ANP) က လာရောက်လည်ပတ်မှုကို လူသိရှင်ကြား ကြိုဆိုခဲ့ပြီး ၎င်း၏ နောက်လိုက်များအတွက် လှူဒါန်းမှုများ ပြုလုပ်ခဲ့သည်ဟု ပြောဆိုကြသည်။[2618]

၁၁၆၁။ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁၁ ရက်တွင် ရခိုင်ပြည်နယ်သို့ ဝီရသူ ထပ်မံရောက်ရှိခဲ့သည်။[2619] ၎င်းသည် စစ်တွေမြို့မှ ရသေ့တောင်မြို့နယ် မြောက်ပိုင်းသို့ သွားခဲ့ပြီး စေတီပြင်နှင့် ချွတ်ပြင် ကျေးရွာအုပ်စုများသို့ သွားရောက်ခဲ့သည်။ ၎င်း ၂ နေရာလုံးမှာ ရခိုင်တိုင်းရင်းသားအများစု နေရာများ ဖြစ်သော်လည်း သိသာထင်ရှားသော ရိုဟင်ဂျာလူဦးရေရှိပြီး[2620] သီတင်းပတ်တချို့ အကြာတွင် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများတွင် အကျုံးဝင်ခဲ့သည့် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" ဖြစ်ပွားခဲ့ရာ နေရာများဖြစ်သည်။" ဝီရသူသည် ပထမဦးစွာ စေတီပြင်ဘုန်းကြီးကျောင်းတွင် တရားပွဲတစ်ခု ကျင်းပခဲ့ပြီး တရားတစ်ခု ဟောပြောခဲ့ကာ[2621] လူအမြောက်အမြား တက်ရောက်ခဲ့ကြသည်ဟု ဆိုကြသည်။ ထို့နောက် နောက်ရက်တွင် အနီးရှိ ချွတ်ပြင်ကျေးရွာသို့[2622] အလားတူတရားပွဲတစ်ခုအတွက် သွားခဲ့သည်။ ရိုဟင်ဂျာအမျိုးသား တစ်ဦး မှတ်ချက်ပြုသည် အရ-

> *"ဝီရသူကို ကျနော်ကိုယ်တိုင် စေတီပြင်မှာ တွေ့ခဲ့တယ်။ ဝီရသူလာတဲ့ အချိန်မှာ ရွာသား အားလုံးက သာသနာ့အလံတွေနဲ့ ကြိုဆိုကြတယ်။ ရခိုင်ရွာသားတွေက လက်ကိုင် အသံချဲ့စက်နဲ့ "ဘုန်းတော်ကြီးမြတ်သော ဆရာတော်ဝီရသူ" ကြွလာပြီလို့ ကြေညာခဲ့ကြတယ်။ တရားပွဲအပြီးမှာ ကျနော့်ရဲ့ ရခိုင်မိတ်ဆွေတွေဆီကနေ သိခဲ့တာက ဝီရသူ အဲ့ဒီမှာ ရှိခဲ့တယ် ဆိုတာပဲ။[2623]"*

လူထုကို ဆူပူအုံကြွလာစေရန် လှုံ့ဆော်တတ်သော၊ မွတ်ဆလင်များနှင့် ရိုဟင်ဂျာများကို ဦးတည်သည့် ဝီရသူ၏ လူသိရှင်ကြား ပြောကြားချက်များကို ထည့်သွင်းစဉ်းစားလျှင် ထိုလာရောက်မှုသည် နယ်မြေဒေသအတွင်း တင်းမာမှုများကို အရှိန်မြှင့်ခဲ့ရန် ဖြစ်နိုင်ဖွယ်ရှိသည်။ ဝီရသူ စေတီပြင်ရွာသို့ လာရောက်ခဲ့ပြီး ရက်အနည်းငယ်အကြာတွင် ရခိုင် ကျေးရွာ အုပ်ချုပ်ရေးမှူးက ရိုဟင်ဂျာလူကြီးများကို အစည်းအဝေးခေါ်ခဲ့သည်ဟု ပြောကြသည်။ တက်ရောက်ခဲ့သူတစ်ဦးကို ပြောဆိုခံခဲ့ရသည်မှာ- "ဒါ မင်းတို့မြေ မဟုတ်ဘူး ဒါမင်းတို့ နိုင်ငံမဟုတ်ဘူး ဒီနေရာက ထွက်သွားကြ"[2624] ချွတ်ပြင်ရွာရှိ အခြားရွာသားတစ်ဦးကလည်း

[2617] V-223, V-224, V-225, V-226 "မေနှင့် ဇူလိုင်က အနောက်ဖက်တံခါး လုံခြုံရေးခရီးလှည့်လည်မှု" ဟုမှတ်ချက်ပြုထားသော ဝီရသူ၏ ဝက်ဘ်ဆိုဒ်တွင် တင်ထားမှုကို ကြည့်ပါ။ https://www.eng.wirathu.com/2017/07/25/west-gate-security-trips-1/ (ဩဂုတ် ၂၀၁၈ ခုနှစ်တွင် ကြည့်ရှု၍ ရခဲ့သည်။)

[2618] V-227, V-228.

[2619] V-223, V-224.

[2620] CI-177, LI-129, QI-115, LM-012

[2621] LI-129, QI-115, LM-012.

[2622] LI-129, LM-012.

[2623] LI-129.

[2624] LI-129.

ဝီရသူ လာရောက်ပြီးနောက်ပိုင်း တပ်မတော်စစ်သားများ ကရော[2625] ရခိုင်တိုင်းရင်းသား များကပါ ရိုဟင်ဂျာများအပေါ် နောင့်ယှက်စော်ကားမှုများ တိုးမြင့်လာခဲ့သည် ဟုဆိုသည်။

*ချွတ်ပြင်ကျေးရွာမှ ရိုဟင်ဂျာများအပေါ် ဖမ်းဆီးမှုများ၊ ချုပ်နှောင်မှု များနှင့် ညှင်းပန်းနှိပ်စက်မှုများ*

၁၁၆၂။ အနီးစပ်ဆုံး ခန့်မှန်းခြေ ၂၀၁၇ ခုနှစ် ဇူလိုင် ၁၄ တွင်[2626] တပ်မတော် စစ်သားများနှင့် နယ်စပ်လုံခြုံရေးရဲများ အုပ်စုတစ်စုသည် ရသေ့တောင်မြို့နယ် ချွတ်ပြင်ကျေးရွာအုပ်စု ချင်း (ပြိုင်းတောင်) ရွာသို့ ညသန်းခေါင်တွင် ဝင်ရောက်လာခဲ့ကြသည်။ ၎င်းတို့သည် ရွာကို ဝိုင်းထားခဲ့ပြီး အမျိုးသား ၈ ဦးကို ဖမ်းဆီးခဲ့သည်။ အမျိုးသားများမှာ ပြင်းထန်စွာ ရိုက်နှက်ခံရပြီး လက်ထိပ်ခတ်ကာ သံကြိုးတစ်ချောင်းတွင် အတူတွဲ၍ ချည်နှောင်ခံရပြီး [2627]စေတီပြင်ကျေးရွာရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းသို့ ခေါ်ဆောင်သွားခံခဲ့ရသည်။ ၄/၅ရက် ကြာသည်အထိ အမျိုးသားများမှာ အဆက်မပြတ် ရိုက်နှက်ခြင်းနှင့် ၎င်းတို့၏ လိင်အင်္ဂါများကို[2628] ဖယောင်းတိုင်မီးနှင့်ရှို့ခြင်းတို့ အပါအဝင် ညှင်းပန်းနှိပ်စက်ခံခဲ့ကြရသည်။ ၄ ဦးမှာ ၎င်းတို့ကျေးရွာ[2629]လူကြီးများမှ လာဘ်ငွေပေး၍ လွတ်မြောက်ခဲ့ကြသည်။ အခြား ၄ ဦးမှာမူ စစ်တွေအကျဉ်းထောင်သို့ အကြမ်းဖက်မှုပြစ်မှုဖြင့် တရားစွဲခံရရန် ပို့ခံလိုက်ရသည်ဟု ကြားသိရသည်။ ၎င်းတို့ မည်သည့်နေရာတွင် ရှိနေသည်၊ ၎င်းတို့အား တရားစွဲသည့်ပုဒ်မ (သို့မဟုတ်)[2630] တရားစီရင်ရေး လုပ်ငန်းစဉ်တို့နှင့် ပတ်သက်၍ မည်သည့် သတင်းအချက်အလက်မှ မရရှိပေ။

*ချွတ်ပြင်ရွာမှ ရခိုင်အမျိုးသားတစ်ဦး ပျောက်ဆုံးမှုနှင့် ရိုဟင်ဂျာ ၃ဦး အသတ်ခံရမှု*

၁၁၆၃။ ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၉ ရက်တွင် ချွတ်ပြင်ကျေးရွာအုပ်စုမှ ရခိုင်တိုင်းရင်းသား တစ်ဦး[2631] တောထဲတွင် ပျောက်ဆုံးခဲ့သည်။ နောက်ရက်တွင် ရခိုင်တိုင်းရင်းသားများ ရာနှင့်ချီ၍ ၎င်းကို ရှာဖွေရန် စုရုံးကြပြီး တုတ်များဓါးများ ကိုင်ဆောင်လာခဲ့ကြသည်။[2632]လက်နက် ကိုင်ဆောင်ထားသော လက်တုန့်ပြန်ရန် သိသာသည့် ရခိုင်တိုင်းရင်းသား လူအုပ်တစ်အုပ်သည် အထက်နန်းရာရှိ ရိုဟင်ဂျာကျေးရွာသို့ ချဉ်းကပ်လာခဲ့ကြသည်။ ရိုဟင်ဂျာရွာသားများက ၎င်းတို့ကိုယ် ၎င်းတို့ ကာကွယ်ရန် ပြင်ဆင်ခဲ့ကြသည်။ စစ်တပ်နှင့် နယ်ခြားစောင့် ရဲတပ်ဖွဲ့က ကြားဝင်ပြီး[2633] အခြေအနေကို ထိန်းသိမ်းခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ ရိုဟင်ဂျာ ၃ ဦး၏ အမျိုးသား ၂ ဦးနှင့် ၁၅ နှစ်သား ယောကျာ်းလေးငယ်တစ်ဦးတို့၏ အလောင်းများကို နောက်တစ်နေ့တွင်[2634] ချောင်းအတွင်း၌ တွေ့ကြရသည်။ သတင်းများက ပျောက်ဆုံးနေသော [2635] ရခိုင်တိုင်းရင်းသား အမျိုးသားတစ်ဦးအတွက် ရခိုင်တိုင်းရင်းသားများက လက်တုန့်ပြန် သတ်ဖြတ်ခြင်းဟု ညွှန်ပြနေသော်လည်းအစိုးရက အဆိုပါ သတ်ဖြတ်မှုများမှာ အာဆာအဖွဲ့က

---

[2625] CI-177.

[2626] V-067, V-218.

[2627] CI-186, CI-190, RI-005, RI-009, V-067.

[2628] CI-190, RI-009, V-067.

[2629] CI-186, CI-190, RI-009.

[2630] CI-186, CI-190

[2631] CI-177, CI-199, QI-115, V-067, V-163; Global New Light of Myanmar, "မေယုတောင်ပေါ်တွင် အကြမ်းဖက်တိုက်ခိုက်သူများ၏ တဲများကိုတွေ့ရှိ (၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့)

[2632] V-218, K-063.35.

[2633] CI-177, CI-199, K-063.35.

[2634] QI-115, V-163, K-063.35.

[2635] KI-002, LM-006, V-163

ရိုဟင်ဂျာသတင်းပေးများကို ကျူးလွန်ခြင်းဟု သတင်း ထုတ်ပြန်ခဲ့သည်။ အဆိုပါ ဖြစ်ပွားမှုများ နောက်တွင် မွတ်စလင်များသည်[2636] ရိုဟင်ဂျာကျေးရွာများ အပါအဝင် ပတ်ပတ်လည် ကျေးရွာများအတွက် အဓိကဈေးကြီး ဖြစ်သော [2637]စေတီပြင်ဈေးသို့ လာခွင့်မရတော့ပေ။ အဆိုပါ ကန့်သတ်ချက်များက ပတ်ပတ်လည် ရိုဟင်ဂျာ လူမှုအသိုက်အဝန်းအတွက် အသက်မွေးမှုနှင့် အစားအစာ လုံခြုံမှုတို့ကို ရရှိနိုင်ရန် ပြင်းထန်သော ပြဿနာကို ဖြစ်စေခဲ့သည်။

*စေတီပြင် ဝန်းရံပိတ်ဆို့မှု*

၁၁၆၄။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁ ရက် သို့မဟုတ် ထိုနေ့ရက်တဝိုက်တွင်၊ စေတီပြင် ကျေးရွာအုပ်စုအတွင်းရှိ ရခိုင်ကျေးရွာများ ပတ်လည်ဝန်းရံထားသည့် ရိုဟင်ဂျာ ရွာငယ်လေးတစ်ခုဖြစ်သော ကြန်းတောင်ရွာကို ရခိုင်တိုင်းရင်းသား အုပ်စုတစ်စုက လုံခြုံရေးတပ်ဖွဲ့များ ရှေ့မှောက်တွင်ပင် ဝန်းရံထားခဲ့သည်။ ၎င်းတို့က သံဆူးကြိုး အကာအရံများကို ရွာပတ်လည် တပ်ဆင်ကာရံလိုက်ကြပြီး အဝင်ဝတွင် တိုင်စိုက်ထားခဲ့သည်။ ရွာအဝင်ပေါက်၌ ရခိုင်တိုင်းရင်းသားများနှင့် [2638]လုံခြုံရေး တပ်ဖွဲ့များက စောင့်ကြပ်ခြင်းဖြင့် ကျေးရွာငယ်အား ထိရောက်သော ဝန်းရံပိတ်ဆို့မှုကို အစပျိုးခဲ့သည်။ ရိုးရာဓါးများ သံတုတ်များ၊ လက်လုပ်သေနတ်များနှင့် လောက်လေးဂွများဖြင့် လက်နက်တပ်ဆင်ထားကြသော ရခိုင် တိုင်းရင်းသား "ကင်းသမား"များသည် အတွင်းတွင်[2639] ပိတ်မိနေကြသော ရိုဟင်ဂျာများကို ခဲများဖြင့် ပစ်ခဲ့ကြသည်။

၁၁၆၅။ အတိုက်ခိုက်ခံရခြင်း၏ ကြောက်ရွံ့မှုကြောင့် ဝိုင်းပိတ်ခံထားရသော ကျေးရွာတွင်းတွင်ပင် လူအတော်များများမှာ ထိခိုက်ဒဏ်ရာရမည်စိုး၍ အိမ်များမှ မထွက်ရဲကြပေ။ ရွာသားတစ်ဦးက ရှင်းပြသည်မှာ-

> *"ကျနော်တို့တွေ ညစာကို နေမဝင်ခင် စားကြရတယ်။ တကယ်လို့ ညဘက်မှာ အလင်းရောင်မြင်ရင် သူတို့က အဲ့ဒီအိမ်ကို ခဲနဲ့ပစ်တယ်။ ကျနော်တို့ ညဘက်ဆို အိမ်သာ မသွားရဲဘူး၊ ဘာလို့လဲဆိုတော့ ကျနော်တို့ကို လောက်လေးဂွနဲ့ ပစ်ခံရမှာ မို့။ ကျနော့် အိမ်နောက်မှာ မာလကာသီးတွေ သစ်ပင်မှာ အများကြီး သီးနေတယ် ဒါပေမယ့် ကျနော်တို့ ခူးတောင် မခူးရဲဘူး။"* [2640]

၁၁၆၆။ ဝန်းရံပိတ်ဆို့မှုက ရိုဟင်ဂျာများကို ပုံမှန်အားဖြင့် ၎င်းတို့ ခပ်ယူနေကြ[2641] ကျေးရွာအပြင်ဘက် ရေထွက်ရာနေရာမှ ရေသန့်ကိုပင် ယူမရနိုင်အောင် ဖြစ်စေခဲ့သည်။ မိုးရေကို ခံယူပြီး သုံးစွဲကြသော်လည်း ရွာသားတစ်ဦးက ပြန်ပြောသည်မှာ *"ချက်ပြုတ်ဖို့အတွက် ထင်းလည်း မရှိဘူး။ ဒါကြောင့် တစ်ခါဆို ကျနော်တို့တွေ ဆန်ကို အစိမ်းစား ခဲ့ကြရတယ်"*[2642] စုဆောင်းထားသောရိက္ခာများမှာ လျှင်မြန်စွာ ကုန်သွားခဲ့ကြသည်။[2643] လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရိုဟင်ဂျာများကတောင်းဆိုမှုကြောင့် တစ်ကြိမ်တွင် ရိုဟင်ဂျာအမျိုးသားများ အုပ်စုငယ်တစ်စုကို အနီးအနား ကျေးရွာတစ်ရွာသို့[2644] ရိက္ခာဖြည့်တင်းဝယ်ယူရန် လိုက်ပို့ပေးခဲ့သည်။

[2636] K-063.35.
[2637] CI-177, CI-199, K-063.35.
[2638] CI-145, CI-178, LI-118, LI-129, QI-115, LM-006, V-068.
[2639] CI-145, CI-178, LI-129, QI-115.
[2640] LI-129.
[2641] CI-145, LI-129, V-163.
[2642] LI-118.
[2643] CI-145, LI-118, LI-129, QI-115.
[2644] QI-115, V-163.

ရိုဟင်ဂျာများမှာ ၎င်းတို့၏ကျွဲနွားများကိုလည်း မထိန်းကျောင်းနိုင်ခဲ့ရပဲ အများအပြားမှာ ခိုးယူခံခဲ့ကြရသည်။[2645]ဆေးဝါးကုသမှု မရရှိနိုင်ခြင်းကြောင့် လူများမှာ မကုသပဲထားရသော[2646]နာမကျန်းမှုများကို ဒုက္ခခံစားကြရသည်။

၁၁၆၇။ နိုင်ငံတွင်းနှင့်[2647] နိုင်ငံတကာ သတင်းမီဒီယာများတွင်[2648] စေတီပြင်ကျေးရွာ[2649] ဝန်းရံပိတ်ဆို့ထားမှုကို သတင်းဖော်ပြခဲ့ကြသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင် အာဆာအဖွဲ့က ဗွီဒီယိုတစ်ခုကို ထုတ်လွှင့်ခဲ့ပြီး ၎င်းတို့ခေါင်းဆောင် အာတာအူလ္လာက တိုက်ခိုက်ရေးသမားများ ခြံရံပြီး မြန်မာစစ်တပ်ကို ရခိုင်ပြည်နယ်မြောက်ပိုင်းအား စစ်ရေး တည်ဆောက်မှုလျှော့ချရေး လုပ်ရန်နှင့် ရိုဟင်ဂျာများအား မတရားပြုမှုများ ရပ်တန့်ရန် သတိပေးခဲ့ပြီး အထူးသဖြင့် စေတီပြင်ကျေးရွာအား ဝန်းရံပိတ်ဆို့ထားမှုကို ရည်ညွှန်းပြောဆိုခဲ့သည်။

၁၁၆၈။ ဝန်းရံပိတ်ဆို့ထားမှုများမှာ ခန့်မှန်းခြေ တစ်လခန့် ကြာမြင့် ခဲ့သည်။[2650]၂၀၁၇ ခုနှစ် ဩဂုတ်လ၂၅ ရက်တွင် ဗုဒ္ဓဘာသာဝင်များအားလုံး[2651] တက်ရောက်ရန် အစည်းအဝေးတစ်ခုကို အသံချဲ့စက်ဖြင့် ကြေညာခဲ့သည်။ ထို့နောက်တွင် ဗလီဝတ်ကျောင်းနှင့် အိမ်အရေအတွက် အတော်များများမှာ မီးရှို့ခံလိုက်ကြရသည်။[2652] နောက်ရက်တွင် ဓါးကိုင်ထားသည့် ရခိုင် တိုင်းရင်းသားများက အကာအရံများကို[2653] ဖယ်ရှားလိုက်ကြပြီး ကျေးရွာအတွင်း "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အစပြုခဲ့ပြီး တပ်မတော် စစ်သားများနှင့် ရဲများ လုံခြုံရေးတပ်ဖွဲ့များက ရခိုင် တိုင်းရင်းသားများနှင့်အတူတကွ ကျူးလွန်ခဲ့ကြသည်။[2654] ပါဝင်ခဲ့ကြသော ရခိုင်တိုင်းရင်းသားများမှာ[2655]အိမ်နီးချင်းကျေးရွာများမှ ဖြစ်သည့်အလျောက် မှတ်မိသိရှိနေကြသည်။လုံခြုံရေးတပ်ဖွဲ့များက ကျေးရွာကို ဦးတည်၍ "လောင်ချာများ" ဖြင့်ပစ်ခတ်ခဲ့ကြသည်။[2656] အိမ်များမှာလည်း ရခိုင်တိုင်းရင်းသားများက ဓါတ်ဆီနှင့် မီးခြစ်တို့ကို အသုံးပြု၍ မီးရှို့မှုကို ခံခဲ့ကြရသည်။[2657] ကလေးငယ် ၃ ဦးအပါအဝင် လူ ၅ ဦးရှိသော မိသားစု တစ်စုမှာ[2658] အရှင်လတ်လတ် မီးရှို့သတ်ဖြတ် ခံခဲ့ကြရသည်။အချို့က မြစ်ကိုဖြတ်ကူးကာ အိမ်နီးချင်း ကျေးရွာအုပ်စုသို့ ထွက်ပြေးလွတ်မြောက် နိုင်ခဲ့ကြသော်လည်း အမျိုးသမီးများနှင့် ကလေးငယ်များ အပါအဝင် အတော်များများမှာ[2659] ကူးဖြတ်ရန် ကြိုးစားစဉ် ရေနစ်သေဆုံးခဲ့ ကြသည်။

---

[2645] CI-178, LI-118, LI-129.

[2646] CI-178, K-063.35.

[2647] V-219.

[2648] V-163.

[2649] XI-007, BM-025. "ARSA Commander Addresses Rohingya diaspora & the world; Warns Myanmar military", video available on YouTube: https://www.youtube.com/watch?v=NJoWeV1DlFM (accessed August 2018).

[2650] CI-145, CI-178, LI-118, QI-115, K-063.35.

[2651] LI-129, QI-115.

[2652] LI-118.

[2653] CI-145, LI-118, LI-129.

[2654] CI-145, LI-129, QI-115.

[2655] CI-145, LI-118.

[2656] CI-145, LI-129.

[2657] CI-145, LI-118, QI-115; Burning confirmed through satellite imagery analysis provided for the Mission by UNITAR-UNOSAT.

[2658] CI-145, LI-118, LM-006.

[2659] CI-145, QI-115, LI-118, LI-129.

*အနောက်နန်းရာမှ ဖြစ်ပွားမှု*

၁၁၆၉။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၄ ရက်တွင်၊ လုံခြုံရေး တပ်ဖွဲ့များ[2660] အနောက်နန်းရာကျေးရွာ အတွင်းသို့ ဝင်ရောက်လာကြပြီး အမျိုးသား ၄ ဦးကို[2661] အာဆာခေါင်းဆောင်များဟု သံသယဖြင့်ဟုဆိုကာ ဖမ်းဆီးချုပ်နှောင်ခဲ့သည်။ ရိုဟင်ဂျာအမျိုးသားများ စုရုံးခဲ့ကြပြီး တရားဥပဒေမဲ့ ဖမ်းဆီးမှုဟု ၄င်းတို့ ယုံကြည်သည့်အတွက် တုတ်များကိုင်ကာ ကန့်ကွက် ဆန္ဒပြခဲ့ကြသည်။ ကန့်ကွက်ဆန္ဒပြသူများကို လူစုခွဲရန် လုံခြုံရေး တပ်ဖွဲ့များက လူအုပ်ထဲသို့ ပစ်ခတ်ခဲ့ကြသည်။ လူတစ်ချို့ သေနတ်ထိမှန် ဒဏ်ရာရခဲ့ကြပြီး[2662] ၂ ဦးမှာ[2663] ပြင်းထန်သော ထိခိုက်ဒဏ်ရာရရှိခဲ့သည် ဟုဆိုကြသည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့က နောက်ထပ် ရိုဟင်ဂျာ ရွာသား ၅ ဦးကို ဖမ်းဆီးခဲ့ပြီး[2664] စေတီပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းတွင် ထိန်းသိမ်းခဲ့သည်။ ၉ ရက် အကြာတွင် အမျိုးသားတစ်ဦး ပြန်လည် လွတ်မြောက်လာခဲ့သည်ဟု ဆိုကြသည်။ ၄င်းကို တွေ့ဆုံမေးမြန်းခဲ့ကြသော ယုံကြည်လောက်သည့် ရင်းမြစ်များက ၄င်းမှာ ညှင်းပန်းနှိပ်စက် ခံခဲ့ရပြီး တစ်နေရာတည်းတွင် ဖမ်းဆီးခံထားရသူများမှာလည်း တစ်ပုံစံတည်း နည်းလမ်းများဖြင့် ညှဉ်းပန်းနှိပ်စက်ခံ ခဲ့ကြသည်ဟု ဆိုခဲ့သည်။[2665] အခြားဖမ်းဆီးခံခဲ့ရသူများမှာ[2666] စစ်တွေ အကျဉ်းထောင်သို့ ရွှေ့ပြောင်းခံလိုက်ရပြီဟု ယူဆရသည်။

*အထက်နန်းရာမှ မတရားပြုမှု*

၁၁၇၀။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၃ နှင့် ၂၄ တို့တွင်၊ တပ်မ၃၃ အပါအဝင် တပ်မတော်စစ်သားများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့တို့က ရသေ့တောင်မြို့နယ် အထက်နန်းရာ ကျေးရွာအုပ်စုရှိ ရိုဟင်ဂျာကျေးရွာနှင့် ပန်းကိန် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်[2667]စခန်း တို့တွင် အစုလိုက် အပြုံလိုက် ဖမ်းဆီးမှုများ ပြုလုပ်ခဲ့ကြသည်။ ရိုဟင်ဂျာများက မှတ်မိသိရှိနေကြသော အနီးအနား ရခိုင်ကျေးရွာများမှ လာကြသည့် ရခိုင်တိုင်းရင်းသားများလည်း ရှိခဲ့ကြသည်။[2668] ပန်းကိန် ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်စခန်းတွင် တပ်ဖွဲ့များက ရွာသားများကို [2669]လယ်ကွင်းများအတွင်း စုရုံးခိုင်းခဲ့သည်။ အမျိုးသားများနှင့် အမျိုးသမီးများကို သီးခြား ခွဲထုတ်ခဲ့သည်။ အုပ်စု ၂ စုလုံးကို ကြိုးဖြင့်တုပ်ကာ ရိုက်နှက် ခံခဲ့ကြရပြီး အဖိုးတန်သည့် ပစ္စည်းများ ခိုးယူခံကြရသည်။[2670] ငယ်ရွယ်သော အမျိုးသမီးများမှာ အဝေးသို့ ခေါ်ဆောင် သွားခံခဲ့ရသည်။[2671] မျက်မြင်သက်သေတစ်ဦးက ၄င်းတို့ကို အနီးအနား[2672] ရခိုင်ကျေးရွာရှိ နယ်ခြားစောင့်ရဲတပ်ဖွဲ့စခန်းသို့ ခေါ်ဆောင်သွားခံရသည်ဟု ယူဆသည်။ မိခင်တစ်ဦးက လအနည်းငယ် အကြာတွင် ပြောခဲ့သည်မှာ စစ်သားများက ၄င်း၏သမီးကို ခေါ်ဆောင် သွားခဲ့ကြပြီး သူမမှာ ပျောက်ဆုံးနေဆဲ ဖြစ်သည်ဟု ဆိုသည်။

---

2660 CI-140, LI-033, K-063.35

2661 CI-140, V-220.

2662 CI-140, LI-033, K-063.34, V-218, V-221.

2663 K-063.34, K-063.35.

2664 CI-140, LI-033, K-063.34, K-063.35, V-067.

2665 V-067.

2666 CI-140.

2667 CI-199, LI-037, LI-038, LI-118, QI-033, LM-012, K-063.34.

2668 LI-037, LI-038, LI-040, QI-010, LM-012, K-063.34.

2669 CI-199, LI-037, LI-038, LI-040, QI-031.

2670 LI-037, LI-038, LI-040, K-063.34.

2671 LI-037, LI-040, V-218.

2672 LI-037.

*"ကျမသူ့ကို အဲ့ဒီကတည်းက မတွေ့ရတော့ဘူး၊ သူ့ကို မုဒိမ်းကျင့်ခံရမှာနဲ့ ပိုဆိုးတာတွေ ဖြစ်မှာ စိုးရိမ်မိတယ်။ ကျမ သမီးအတွက် အရမ်းစိတ်ပူတယ်။ သူဘာဖြစ်ခဲ့မလဲ ဆိုတာ စိတ်ပူတဲ့ အတွေးနဲ့တင် ကျမမှာ ညှဥ်းပန်းနှိပ်စက်ခံနေရတယ်။[2673]"*

၁၁၇၁။ အခြား အမျိုးသမီးတစ်ဦးကလည်း မိန်းကလေးငယ်များနှင့် အမျိုးသမီးငယ်များ ခေါ်ဆောင်သွားခံရပြီး အချို့ပြန်လာကြသည်ကို တွေ့မြင်ခဲ့ရသည်။ ၎င်းတို့မှာ မျက်ရည်များကျ၍ အဝတ်များစုတ်ပြဲနေပြီး[2674] လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့ကို "မကောင်းတာတွေ လုပ်လိုက်တယ်"ဟု သူမကို ပြောပြခဲ့သော်လည်း ထိုအကြောင်းကို ပြန်မပြောပြရန်လည်း မှာကြားခဲ့သည်။[2675] တပ်မတော်၏ အခြေခိုင်နေသော အပြုအမူပုံစံအရ အဆိုပါ အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှာ မုဒိမ်းကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ ခံခဲ့ရဖွယ်ရှိပြီး အချို့မှာလည်း သတ်ဖြတ်ခြင်း ခံခဲ့ရဖွယ်ရှိသည်။[2676]

၁၁၇၂။ အဆိုပါ ၂ ရက်အတွင်း ရိုဟင်ဂျာအမျိုးသား ၅၀ကျော် ပါသည့် လူအုပ်စုကြီး ၂စုမှာ ကြိုးဖြင့်တုပ်နှောင်ပြီး ရိုက်နှက်ခံရကာ စစ်တပ်ယာဉ်များဖြင့် ခေါ်ဆောင်သွားခြင်း ခံခဲ့ရသည်။ အချို့က ငြင်းဆန်သည့်အခါ လုံခြုံရေးတပ်ဖွဲ့များက သေနတ်ဖြင့်ပစ်ခတ်ခဲ့ပြီး ရိုဟင်ဂျာ အမျိုးသား ၃ဦး အသတ်ခံခဲ့ရသည်။[2677] အချို့မှာ ထိုနေ့တွင်ပင် လွတ်မြောက်ခဲ့သော်လည်း အုပ်စုကြီးမှာ ၎င်းတို့အား ညှင်းပန်းနှိပ်စက်မှုများ ပြုလုပ်ခံရမည့် စေတီပြင် နယ်ခြားစောင့်ရဲတပ်ဖွဲ့ အခြေစိုက် စခန်းသို့[2678] ခေါ်ဆောင်သွားခံခဲ့ရသည်။ အမျိုးသားတစ်ဦးမှာ ချုပ်နှောင် ခံထားရစဉ် အတွင်း သေဆုံးခဲ့ရသည်။[2679] အထက်နန်းရာကျေးရွာနှင့် ပန်းကိန် ပြည်တွင်းရွှေ့ပြောင်းစခန်းတို့မှာ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၈ ရက်တွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ပြုလုပ်ခြင်း ခံခဲ့ရပြီး ထိုအတောအတွင်း ထိုနေရာ ၂ခုစလုံး မီးရှို့ ဖျက်ဆီးခံခဲ့ရသည်။[2680]

### *သုံးသပ်ချက်*

၁၁၇၃။ အာဆာအဖွဲ့၏ လှုပ်ရှားမှုကို ချေမှုန်းရန်ဟု ဆိုသော်လည်း ၂၀၁၆ ခုနှစ် အောက်တိုဘာလ အလွန်ကာလတွင် တပ်မတော်သည် ရခိုင်ပြည်နယ်မြောက်ပိုင်း နေရာအများအပြားကို လုံခြုံရေးနယ်မြေအဖြစ် ပြောင်းလဲပစ်ခဲ့သည်။ ရိုဟင်ဂျာများအပေါ် ဖိနှိပ်ချုပ်ချယ်မှုများမှာ ပိုမိုပြင်းထန်လာခဲ့ပြီး နေ့စဉ်ဘဝတွင် မရပ်တည်နိုင်လောက်အောင် ဖြစ်ခဲ့ရသည်။ တပြိုင်တည်းမှာပင် "ဘင်္ဂါလီ အကြမ်းဖက်သမား" ခြိမ်းခြောက်မှုတိုးမြင့်လာသည်ဟူသည့် လှုံ့ဆော်သော သတင်းရေးသားမှုများသည် ခါးသီးသော နိုင်ငံတော်မှ-ထောက်ပံ့ထားသည့် အမုန်းစကားများနှင့် ရခိုင်နိုင်ငံရေးသမားများနှင့် ဗုဒ္ဓဘာသာ အစွန်းရောက်များ၏ စိတ်ဝမ်းကွဲစေသော ဟောပြောမှုများကြောင့် အားကောင်းလာခဲ့သည်။ အခြားတိုင်းရင်းသားလူမှုအသိုက်အဝန်းတွင် အကြောက်တရား သွတ်သွင်းခံခဲ့ရကာ လူမှုအသိုက်အဝန်းများ အကြား ဆက်ဆံရေးများ အားနည်းလာခဲ့ပြီး ဒေသတွင်း ပြည်သူ့စစ်များ အားကောင်းလာခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်သို့ ရောက်လာမည့်

---

[2673] LI-040.
[2674] LI-037.
[2675] LI-037.
[2676] အခန်း ၇၊ တပ်မတော်၏ ထုံးတမ်းအစဉ်အလာ စရိုက်အသွင်အပြင်၊ အခန်း ခ- လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အခန်းတွင်ကြည့်ပါ။
[2677] CI-199, LI-038, LI-040, QI-010, QI-031, LM-012, K-063.34.
[2678] CI-199, LI-038, QI-010, QI-031, K-063.34, V-067.
[2679] LI-038, V-067.
[2680] QI-031.

သီတင်းပတ်များတွင် သတိပေးချက် ရွှေ့ပြောင်းလက္ခဏာများ အမြောက်အမြား မြင်တွေ့ခဲ့ ရသည်။ တပ်မများ တာဝန်ချထားမှုဖြင့် သိသာ ထင်ရှားသော စစ်အင်အား တိုးပွားများပြားလာမှုရှိခဲ့ပြီး ရသေ့တောင်မြို့နယ် မြောက်ပိုင်းမှ အမှုဖြစ်ရပ်များ တသီတတန်းက တင်းမာမှုများကို မြင့်တက်စေခဲ့သည်။အာဆာတိုက်ခိုက်မှုများနှင့် တပ်မတော်"နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ၂မျိုးလုံးကို တိုက်တွန်းအားပေးပြီး ဖြစ်မြောက်စေသော ပတ်ဝန်းကျင် အခြေအနေတစ်ခုကို ဖန်တီးထားခဲ့သည်။ ၂၀၁၇ ခုနှစ် လူ့အခွင့်အရေးကပ်ဘေးသည် အကွက်ချ စီမံထားသည့် ကြိုတင်သိမြင်နိုင်ပြီး မလွဲကေန်ဖြစ်သောကိစ္စဖြစ်ခဲ့သည်။

## (၃) ကြာရှည်ဖြစ်တည်နေသော ကပ်ဘေး တစ်ခု

### (က) "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ သက်ရောက်မှုများ

၁၁၇၄။ ရိုဟင်ဂျာ ၇၂၅,၀၀၀ ခန့်သည် ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ အကျိုးဆက်အဖြစ် ၂၀၁၈ ခုနှစ် စက်တင်ဘာလထက် နောက်မကျပဲ ဘင်္ဂလားဒေ့ရှ် နိုင်ငံအတွင်းသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်ခဲ့ကြပြီး ယခင်က ထွက်ပြေးနှင့် ခဲ့ကြသူ များနှင့် ပူးပေါင်းခဲ့သည်။[2681] ယခုအခါ ဒုက္ခသည်စခန်းများတွင် ရိုဟင်ဂျာများ တစ်သန်းကျော် နေထိုင်လျက် ရှိကြပြီဖြစ်သည်။ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ပြီး နယ်စပ်ဂိတ်များ ဖွင့်ပေးခြင်း နေထိုင်စရာ အရေးပေါ်အကူအညီများနှင့် စောင့်ရှောက်မှုများ ရရှိရန် စီစဉ်ပေးခြင်းတို့ ပြုလုပ်ခဲ့သည်။ မည်သို့ဆိုစေ ဒုက္ခသည်စခန်းများအတွင်း ယေဘုယျ အခြေအနေမှာ ကြောက်မက်ဖွယ်ပင်ဖြစ်သည်။ ရိုဟင်ဂျာများမှာ လူများ သိပ်သည်းထူထပ်စွာ ပြည့်ကျပ်နေသော စခန်းအတွင်း လုံလောက်မှုမရှိသော အမိုးအကာများတွင် လုပ်ကိုင်စရာ မည်မည်ရရမရှိပဲ လူသားခြင်းစာနာမှု အထောက်အပံ့များကိုသာ မှီခိုကာ နေရာချထား ခံခဲ့ရသည်။ ကလေးငယ်များအတွက် ပညာရေးအခွင့်အလမ်းများမှာ အကန့်အသတ်ဖြင့် သာရှိပြီး အနာဂတ်အတွက် သေချာရေရာ မရှိမှုကလည်း ထိုအခက်အခဲများကြား အပါအဝင် ဖြစ်သည်။ ထိုအချက်များက အထူးသဖြင့် အမျိုးသမီးများနှင့် မိန်းကလေး ငယ်များ အတွက် လူကုန်ကူးခံရရန်နှင့် အခြားသော ခေါင်းပုံဖြတ်မှုများခံရရန် အားငယ်ထိခိုက်လွယ်မှုကို မြင့်မားစေသည်။[2682] ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ မေတ္တာကရုဏာကြီးမားသော လူသားချင်းစာနာမှု အကူအညီများ ရှိနေသော်ငြားလည်း ထိုနေရာရှိ စခန်းများမှာ ရေရှည်တည်တံ့နိုင်ပြီး ခိုင်မာသော ဖြေရှင်းချက်တစ်ခု မဟုတ်ပေ။ ရိုဟင်ဂျာအများအပြားက မစ်ရှင်အဖွဲ့သို့ မြန်မာပြည်သို့ ပြန်ချင်ကြောင်းသာ ပြောခဲ့ကြပြီး လုံခြုံရေး၊ တရားမျှတမှုနှင့် [2683]၎င်းတို့၏ အခွင့်အရေးများကို

[2681] Inter Sector Coordination Group, "ရိုဟင်ဂျာဒုက္ခသည် အကြပ်အတည်းအပေါ် အခြေအနေအစီရင်ခံစာ" ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၅ ရက်နေ့ https://www.humanitarianresponse.info/sites/www.humanitarianresponse.info/files/documents/files/iscg_situation_report_05_september_2018.pdf

[2682] E.g. International Organization for Migration, "ရိုဟင်ဂျာ ဒုက္ခသည် အကြပ်အတည်းကြားမှ လူကုန်ကူးခံရမည့် အန္တရာယ်သို့ ရောက်နေသည့် ထောင်ချီ၍ ရှိနေသူများ" (သတင်းထုတ်ပြန်ချက် ၂၀၁၈ ခုနှစ် ဇူလိုင် ၃၁)

[2683] BI-002, BI-014, BI-017, CI-002, CI-116, CI-118, CI-119, CI-133, CI-138, LI-065, LI-102, LI-103, LI-109, LI-110, LI-112, LI-122, LI-130, RI-011, RI-012, RI-013, RI-015. Xchange ၏ "ရိုဟင်ဂျာများ ပြန်လည်ဝင်ရောက်နိုင်မှုအပေါ် စစ်တမ်းကောက်မှု" (၂၀၁၈ ခုနှစ် မေ ၂၃ ရက်နေ့) ၎င်းမှ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းရှိ ရိုဟင်ဂျာ ၁၈၂၃ ဦးနှင့် တွေ့ဆုံဆွေးနွေးခြင်းမှ တဆင့် အရည်အတွက်အရဖြစ်သော လေ့လာမှုတရပ်ကို ပြုလုပ်ခဲ့သည်။ တုန့်ပြန်သူအကုန်လုံးနီးပါးက (၉၉ %) အချို့သော အခြေအနေများ ရရှိမှသာ ပြန်နိုင်လိမ့်မည်ဟု ဆိုကြသည်။ အများစုဖော်ပြသည့်အချက်များမှာ ၎င်းတို့အား ရိုဟင်ဂျာအဖြစ် အသိအမှတ်ပြုသော မြန်မာနိုင်ငံသားဖြစ်မှု၊ လွတ်လပ်စွာ သွားလာလှုပ်ရှားခွင့်နှင့် ကိုးကွယ်ယုံကြည်ခွင့် နှင့် ၎င်းတို့၏ အခွင့်အရေးများနှင့် ဂုဏ်သိက္ခာများ ပြန်လည်ရရှိခြင်းများ တို့ဖြစ်သည်။ http://xchange.org/rohingya-repatriation-survey,

လေးစားမှုရှိသည့် အခြေအနေများ အောက်တွင် ဖြစ်သည်။ ဘူးသီးတောင်မြို့နယ်၊ ဂူတာပြင် ကျေးရွာမှ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူတစ်ဦးက မစ်ရှင်အဖွဲ့သို့ ပြောခဲ့သည်မှာ

*"အစိုးရက လက်ခံမယ်ဆိုရင် ကျနော် ပြန်မယ်။ အခြား မြန်မာနိုင်ငံသားတွေ အားလုံးလိုပဲ တူညီတဲ့ အခွင့်အရေးတွေ ကျနော် ရချင်တယ်။ ကျနော့်နိုင်ငံကို ကျွန်တော် အရမ်းချစ်တယ်။ ကျနော့်အဖေနဲ့ ကျနော့်အမေကိုလည်း အဲ့ဒီမှာပဲ မြှုပ်နှံသင်္ဂြိုဟ်ခဲ့တယ်။ ကျနော့်ရဲ့ လယ်ကွင်းတွေကို ကျနော်ချစ်တယ်။ ဒီမှာ ဒုက္ခသည်စခန်းက အရမ်း ဆင်းရဲခက်ခဲတယ်။ ကျနော့်ဘဝကို ဒီစခန်းထဲမှာထိုင်ပြီး အချိန်မကုန်ချင်ဘူး။ ကျနော် အလုပ်လုပ်ချင်တယ်။[2684]"*

၁၁၇၅။ မြန်မာသတင်းမီဒီယာများ၏ သတင်းများအရ ရိုဟင်ဂျာ မဟုတ်သော အရပ်သား ၃၀,၀၀၀ လည်း အကြမ်းဖက်မှုများကြောင့် [2685]ရခိုင်ပြည်နယ် အတွင်းပင် ရွှေ့ပြောင်းခဲ့ကြရသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလလယ် မတိုင်မီတွင် ၄င်းတို့အနက်မှ ၄,၃၀၀ နီးပါးမှာ[2686] ၄င်းတို့၏ အိမ်များသို့ ပြန်လည်ရောက်ရှိကြပြီး ဖြစ်သည် ဟုဆိုကြသည်။ ထိုအချက်က ရခိုင်ပြည်နယ် အတွင်းမှ နေရပ် ပြန်လည်မရောက်ရှိသေးသည့် ရိုဟင်ဂျာမဟုတ်သော ရွှေ့ပြောင်းခံရသည့် လူများကို ပြန်လည်နေရာချထားရန် အဆိုပါ [2687]ထိခိုက်ခံရသည့် လူမှုအသိုက်အဝန်းများအတွက် ရည်ရွယ်၍ ကျေးရွာများနှင့် ဆောက်လုပ်ဆဲ နေအိမ်များတည်ဆောက်ရေးတို့ဖြင့် အဓိက လုပ်ငန်း စီမံကိန်းကြီးတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နေပြီဟု ယူဆရသည်။ အများစုက မူလက ရိုဟင်ဂျာများ အခြေချနေထိုင်ခဲ့သော နယ်မြေပေါ်တွင် အချို့သော ဆောက်လုပ်ရေးလုပ်ငန်းခွင်အသစ်များ စတင်ပေါ်ထွက်လာပြီး အသေးစိတ်မှာ အောက်တွင် ဖော်ပြထားသည်။

### (ခ) ဥပဒေမူဘောင်

၁၁၇၆။ ဒုက္ခသည်များ၏ မိမိတို့နိုင်ငံသို့ ပြန်လည်ခြေချရန် အခွင့်အရေးများသည် နိုင်ငံတကာ ဥပဒေများတွင် အသိအမှတ်ပြုပြီး ဖြစ်သည်။ ဥပမာ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် ၁၃ (၂) တွင် "လူတိုင်းသည် မိမိတိုင်းပြည် အပါအဝင် မည်သည့်တိုင်းပြည်မှ/ကို မဆို ထွက်ခွာခွင့်နှင့် ပြန်လည်ဝင်ရောက်ခွင့် ရှိသည်" ဟု အခွင့်အလမ်း ပေးအပ်ထားသည်။ ရိုဟင်ဂျာများ၏ မြန်မာနိုင်ငံသို့ နေရပ်ပြန်ခြင်းသည် နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေများနှင့် နိုင်ငံတကာ ဒုက္ခသည်ဆိုင်ရာ ဥပဒေများ၏ စံချိန်စံနှုန်းများကို အပြည့်အဝ လေးစား လိုက်နာရမည် ဖြစ်သည်။ ထိုအချက်သည် အတင်းအကျပ်ပြန်ပို့ခြင်း-မဟုတ်သည့် အခြေခံမူနှင့် ညီညွတ်ပြီး အဓိက အခြေခံမူများဖြစ်သော မိမိဆန္ဒအလျောက်ဖြစ်မှု၊ ဂုဏ်သိက္ခာရှိမှုနှင့် လုံခြုံမှုတို့ အရ ဖြစ်ရမည်ဖြစ်သည်။

၁၁၇၇။ သို့ဖြစ်သောကြောင့် အဆိုပါ ရခိုင်ပြည်နယ်တွင်းနှင့် ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းခံရသူများ သည်လည်း ၄င်းတို့၏ မူလနေရာများသို့ ပြန်လည်အခြေချနိုင်ပြီး ၄င်းတို့၏နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းမှုကို ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်ရရှိရေး ဆောင်ရွက်ချက်

---

[2684] LI-065.

[2685] ပြန်ကြားရေးဝန်ကြီးဌာန - "ဒေသခံ တိုင်းရင်းသားရွာများမှ ရွှေ့ပြောင်းနေထိုင်သူ ၄,၂၀၀ ကျော် အိမ်ပြန်ကြသည်။" (၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၃ ရက်နေ့) http://www.moi.gov.mm/moi:eng/?q=news/14/09/2017/id-11511

[2686] Ibid.

[2687] ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) "မောင်တောတွင် ရွှေ့ပြောင်းနေထိုင်နေရသော ရွာသားများအတွက် အိမ် အလုံးရေ ၈၀၀ နီးပါးဆောက်လုပ်နေ၊" (သတင်းထုတ်ပြန်ချက်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့) http://rakhine.unionenterprise.org/latest-news-en/235-nearly-800-houses-under-construction-for-displaced-villagers-in-maungtaw

များတွင် ပါဝင်နိုင်ခွင့် ရှိရမည်ဖြစ်သည်။ အရေးကြီးသည်မှာ၊ ရွှေ့ပြောင်းခံရသူများ၏ လုံခြုံစွာ နေရပ်ပြန်ရေးအတွက် ၎င်းတို့၏ လူ့အခွင့်အရေးများကို လေးစားမှု၊ ကာကွယ်မှုနှင့် ဖြည့်ဆည်းပေးမှုတို့အတွက် အာမခံချက်တစ်ခု လိုအပ်သည်။ ထိုအချက်တွင် နိုင်ငံသားဖြစ်မှု အခြေခံ၊ အသက်ရှင်နေထိုင်ခွင့်နှင့်အတူ လူပုဂ္ဂိုလ်၏ လွတ်လပ်မှုနှင့် လုံခြုံမှု၊ ညှဉ်းပန်းနှိပ်စက်မှု (သို့မဟုတ်) ကြမ်းကြုတ်မှု လူသားမဆန်မှု (သို့မဟုတ်) နိမ့်ချ ဆက်ဆံမှု (သို့မဟုတ်) ပြစ်ဒဏ်ခတ်မှုတို့ ပြုလုပ်မခံရခြင်းနှင့် လွတ်လပ်စွာသွားလာခွင့်တို့လည်း ပါဝင်သည်။ ထိုနေရပ်ပြန်မှုတွင် အသက်မွေးဝမ်းကျောင်းမှု၊ ပညာရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုတို့ ရရှိရန်လည်း လိုအပ်သည်။ အဆိုပါ အခွင့်အရေးများအားလုံးသည် ခွဲခြားဆက်ဆံမှု-မရှိရေး အခြေခံမှုတွင် အခြေခံသည်။

၁၁၇၈။ အခန်း ၈ တွင် အသေးစိတ်ဆွေးနွေးမည့် တာဝန်ခံမှုအပေါ်တွင် ပြင်းထန်လေးနက်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအား နစ်နာခံစားခဲ့ရသူများအနေဖြင့် ညီမျှ၍ ထိရောက်သော တရားမျှတမှုကို ရရှိခံစားနိုင်မှု၊ ထိခိုက်နစ်နာခံစားခဲ့ရမှုများအတွက် လုံလောက်၍ ထိရောက်ပြီး ချက်ချင်းလက်ငင်းဖြစ်သော ပြန်လည်ကုစားပေးမှုများ၊ ချိုးဖောက်ခဲ့မှုများနှင့် ပြန်လည်ကုစားမှုယန္တရားတို့နှင့် ပါတ်သက်သော ဆက်စပ်သက်ဆိုင်သည့် သတင်း အချက်အလက်များ ရရှိနိုင်မှုတို့ ပါဝင်သည်။ ၎င်းတို့တွင် အမှန်တရား၊ တရားမျှတမှုနှင့် ထပ်မံဖြစ်ပွားမှု-မရှိစေရေး အာမခံချက်များ အတွက် ရပိုင်ခွင့်ရှိသည်။

၁၁၇၉။ မြန်မာနိုင်ငံအစိုးရသည် ရွှေ့ပြောင်းခံရသော ရိုဟင်ဂျာများအတွက် အဆိုပါအခွင့်အရေးများကို အမှန်တကယ် ပေါ်ပေါက်လာစေရေးအတွက် သေချာအောင် ဆောင်ရွက်ရန် လိုက်နာရမည့် တာဝန်ဝတ္တရား အောက်တွင်ရှိသည်။ နိုင်ငံတကာ ဥပဒေများအောက်တွင် ၎င်း၏တာဝန်များကို လေးစားလိုက်နာရန်အတွက် အစိုးရသည် ၎င်းတို့၏ နေရပ်ပြန်ရေးကို ချောမွေ့အဆင်ပြေအောင် မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သည်။ ထိုအချက်တွင် ၎င်းတို့ကို လုံခြုံမှုရှိရှိ ဂုဏ်သိက္ခာရှိရှိ ၎င်းတို့နေအိမ်များ သို့မဟုတ် အခြေချနေထိုင်ခဲ့သောနေရာများသို့ မိမိသဘောဆန္ဒအလျောက် ပြန်လည်သွားရောက်နေထိုင်ရန် (သို့မဟုတ်) နိုင်ငံ၏ အခြား အစိတ်အပိုင်းများတွင် အခြေချနိုင်ရန် ခွင့်ပြု ပေးသောနည်းလမ်းများ သတ်မှတ်ပြဋ္ဌာန်းပေးခြင်းနှင့် အခြေအနေများ ဖန်တီးပေးခြင်းတို့ ပါဝင်သည်။[2688]

### နေရပ်ပြန်ရန် မဖြစ်နိုင်မှု

၁၁၈၀။ တသီတတန်း ဖြစ်နေသော အခြေခံအကြောင်းရင်းများက ရိုဟင်ဂျာဒုက္ခသည်များ မြန်မာ နိုင်ငံသို့ နေရပ်ပြန်နိုင်ရေး၏ ဖြစ်နိုင်ခြေအလားအလာများအတွက် မျှော်လင့်အားရဖွယ် မရှိသော မြင်ကွင်းတစ်ခုကို ပြဋ္ဌာန်းပေးနေသည်။ ၂၀၁၇ခုနှစ် ဩဂုတ်လ ကတည်းက ရခိုင်ပြည်နယ်တွင် ကျန်နေရစ်ခဲ့ကြသော ရိုဟင်ဂျာများ၏ အခြေအနေများသည် ဆက်လက်ကျူးလွန် နေဆဲဖြစ်သော ပျံ့နှံ့နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများဖြင့် ဆင်းရဲခက်ခဲလျက်ပင် ရှိသည်။ ထိုအချက်ကို ၂၀၁၈ ခုနှစ် ဩဂုတ်လမှစ၍ ရိုဟင်ဂျာများ တစ်လလျှင် ၁,၇၃၃ဦး နှုန်းဖြင့် ၂၀၁၈ခုနှစ် တလျှောက်လုံး မြန်မာနိုင်ငံမှ ဆက်လက်ထွက်ခွာနေသည့် အချက်ဖြင့် နမူနာသက်သေ ပြလျက်ရှိသည်။

[2688] ပြည်တွင်းရွှေ့ပြောင်းနေထိုင်မှုအတွက် ကုလသမဂ္ဂ၏ လမ်းညွှန်မှုများ (၁၉၉၈) အခြေခံမှု ၂၈ ကို ကြည့်ပါ။

၁၁၈၁။ မြန်မာအစိုးရက ရိုဟင်ဂျာများ နေရပ်ပြန်ရေးကို မူအရ ကတိပြုထားသော်လည်း[2689] ထိုကိစ္စသည် လူ့အခွင့်အရေးများကို လေးစားသည့် အပြုအမူအောက်တွင် လုံခြုံမှုရှိ၍ ဂုဏ်သိက္ခာရှိပြီး ရေရှည်တည်တံ့သော နေရပ်ပြန်မှုကို သေချာစေသော လုပ်နည်းလုပ်ဟန် တစ်ခုဖြင့် ဖြစ်လိမ့်မည်ဟု ညွှန်ပြနေသော အချက်တစ်ခုမျှ မရှိပေ။ နေရပ်ပြန်ရေး လုပ်ထုံးလုပ်နည်းသည် နိုင်ငံသားဖြစ်မှု စိစစ်အတည်ပြုရေး ကဒ်ပြားများ (NVCs) ကို လက်ခံရန် လိုအပ်ပြီး သံဆူးကြိုးများ ကာရံထားသော ကြိုဆိုရေးဌာနများတွင် စီစဉ်ဆောင်ရွက်ခြင်း ဖြစ်သည်။ အစုလိုက် အပြုံလိုက် ထွက်ခွာမှု၏ ပင်မအကြောင်းရင်းများ ဖြစ်ကြသည့် နိုင်ငံတော်က-ခွင့်ပြုထားသော ဖိနှိပ်ချုပ်ချယ်မှုများနှင့် သီးခြားဖယ်ထုတ်၍ စိတ်ဝမ်းကွဲစေသော လုပ်ကြံပြောဆိုမှုများမှာ မဟုတ်မမှန်ကြောင်း ငြင်းပယ်ခံရပြီး လျော့ပါးမသွားပဲ ဆက်လက်ဖြစ်နေဆဲ ဖြစ်သည်။ ကမ်းကုန်အောင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ရခြင်းဖြင့် ကျူးလွန်ခဲ့ကြသည့် လုံခြုံရေးတပ်ဖွဲ့များ အနေဖြင့် လုံခြုံစိတ်ချရသော နေရပ်ပြန်မှုကို သေချာစေရန်အတွက် တာဝန်ခံရလိမ့်မည် ဖြစ်သည်။ ထိုကဲ့သို့သော အခြေအနေများတွင် နေရပ်ပြန်ရေးမှာ စိတ်ကူး၍ပင် ရနိုင်မည် မဟုတ်ပေ။ ဤအတိုင်းဆိုလျှင်မူ လက်ရှိအချိန်တွင် နေရပ်ပြန်ရေးအတွက် နည်းပါးသော သို့မဟုတ် လက်တွေ့မကျသော အလားအလာ၊ မျှော်လင့်ချက်သာ ရှိသည်။ OCHA[2690] UNHCR[2691] နှင့် ICRC[2692] တို့က ၂၀၁၈ခုနှစ် ဧပြီလနှင့် ဇူလိုင်လတို့တွင် အသီးသီး ကိုယ်စီထုတ်ပြန်ခဲ့သည်မှာ နေရပ်ပြန်ရေးများ ဆောင်ရွက်ရန် အခြေအနေများမရှိဟု ဆိုသည်။

၁၁၈၂။ ဆန့်ကျင်ဘက်အားဖြင့် မြန်မာနိုင်ငံသည် ရိုဟင်ဂျာကျေးရွာများ ဖျက်ဆီးမှု၊ ဖယ်ရှားပြီးသောမြေများကို အပိုင်စီးမှုနှင့် မြေအနေအထား ရှင်းလင်းမှု၊ ရိုဟင်ဂျာ လူမှုအသိုက်အဝန်း၏ ခြေရာလက်ရာများ တစ်ခုစီတိုင်းကို ဖျောက်ဖျက်မှု၊ အခြားတိုင်းရင်းသား အုပ်စုများအတွက် နေအိမ်များကို ထိုမြေနေရာများတွင် ဆောက်လုပ်နေမှုတို့ကို ပေါင်းစည်း ဆောင်ရွက်ခြင်းဖြင့် နေရပ်ပြန်မှုကို တားဆီးရန် တက်ကြွသော ကြိုးပမ်းအားထုတ်မှုများ ပြုလုပ်နေ လျက်ရှိသည်။ ရိုဟင်ဂျာနယ်မြေများကို အပိုင်စီး၍ လမ်းမသစ်များနှင့် သတ္တုတွင်းများ အပါအဝင် အခြား အခြေခံအဆောက်အအုံ လုပ်ငန်းစီမံကိန်းများလည်း ဆောင်ရွက်နေဆဲ ဖြစ်သည်။

*နေရပ်ပြန်ရေးအတွက် လုံလောက်မှု မရှိသော မူဘောင်*

၁၁၈၃။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်တွင်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မာမွတ်အလီတို့သည် ပူးပေါင်းဆောင်ရွက်ရေးနှင့် ရိုဟင်ဂျာများ နေရပ်ပြန်ရေး[2693] တို့အတွက် မူဘောင်တစ်ခု အပေါ်

---

[2689] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် - သမတရုံး (သတင်းထုတ်ပြန်ချက် - ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၇ ရက်နေ့) http://www.president-office.gov.mm/en/?q=briefing-room/news/2018/09/07/id-8986

[2690] OCHA, "ကုလသမဂ္ဂ လူသားချင်းစာနာမှု ဒုတိယ တာဝန်ခံ၊ မြန်မာပြည်တွင် လူသားချင်းစာနာမှု အကြပ်အတည်း သက်ရောက်ခြင်းခံရသူများအားလုံး ၎င်းတို့လိုအပ်သော ထောက်ပံ့မှုနှင့် ကာကွယ်မှုကို ရသင့်သည်။ (ခရီးစဉ်အဆုံး ထုတ်ပြန်ကြေညာချက်၊ ၂၀၁၈ ခုနှစ် ဧပြီလ ၈ ရက်နေ့) V-147

[2691] UNHCR, "ဒုက္ခသည်များအနေဖြင့် အခြေအနေများ မှန်ကန်နေပြီဟု ဆုံးဖြတ်ချိန်တွင် မိမိသဘောအလျောက်ပြန်နိုင်မည့် မူဘောင်အပေါ် ဘင်္ဂလားဒေ့ရှ်နှင့် UNHCR သဘောတူညီကြသည်။" (သတင်းထုတ်ပြန်ချက်- ၂၀၁၈ ခုနှစ် ဧပြီလ ၁၃ ရက်နေ့)

[2692] ICRC, "ICRC ဥက္ကဋ္ဌ Peter Maurer က ဘင်္ဂလားဒေ့ရှ်-မြန်မာ အကြပ်အတည်းသည် ပြည်သူများအတွက် နှစ်ဘက်စလုံး အကျိုးမရှိစေသည့် အခြေအနေဖြစ်သည်ဟု ပြောဆိုလိုက်သည်။" (ထုတ်ပြန်ကြေညာချက်- ၂၀၁၈ ခုနှစ် ဇူလိုင် ၃ ရက်နေ့)

[2693] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော် - သမတရုံး "ရခိုင်ပြည်နယ်မှ ရွှေ့ပြောင်းခံရသူများ အပြန်အတွက် သဘောတူညီချက်" သဘောတူညီချက်ကို နိုင်ငံတော် အတိုင်ပင်ခံရုံး ပြည်ထောင်စုဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံခြားရေးဝန်ကြီးတို့မှ

သဘော တူညီ ကြသည်။ နေရပ်ပြန်ရေး အတွက် လုပ်ငန်း ကော်မတီ တစ်ခုကိုလည်း ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၂၃ ရက်တွင် နေရပ်ပြန်ရေးများ စတင်မည့် ကနဦး လက္ခဏာသတ်မှတ်ချက်များဖြင့် ဖွဲ့စည်းခဲ့ကြသည်။ မြန်မာနိုင်ငံမှ တစ်ပတ်လျှင် ရိုဟင်ဂျာ ၁,၅၀၀ ဦးနှုန်းဖြင့်[2694] နေရပ်ပြန်ရေးကို သဘောတူခဲ့သည်ဟု သိရသည်။ ထိုနှုန်းဖြင့်ဆိုလျှင် ရိုဟင်ဂျာများ ၎င်းတို့၏နေအိမ်များသို့ နေရပ်ပြန်ပို့ရန် အချိန် ၁၂ နှစ်ကျော် ကြာမြင့်လိမ့်မည် ဖြစ်ပြီး နေရပ်ပြန်ရေးမှာ တစ်ကြိမ်သာ စတင်ခဲ့ကာ မရောက်ရှိကြသေးပေ။

၁၁၈၄။ ထို့အပြင် မြန်မာအစိုးရက ရိုဟင်ဂျာများ၏ နေရပ်ပြန်ရေးကို မြန်မာနိုင်ငံတွင် ယခင်က နေထိုင်ခဲ့သူများအဖြစ် စိစစ်အတည်ပြုခြင်းနှင့် ၎င်းတို့မှ NVCs ကဒ်ကို လက်ခံရန်ဖြစ်မှုတို့ဖြင့် မရေမရာ ဖြစ်အောင် ပြုလုပ်ထားခဲ့သည်။ အဆိုပါ အခြေအနေများက နေရပ်ပြန်ရန် ခက်ခဲအောင် သို့မဟုတ်လျှင်လည်း မဖြစ်နိုင်အောင် ပြုလုပ်နေပေသည်။ ရိုဟင်ဂျာများ အနေဖြင့် ၎င်းတို့၏ အခွင့်အရေးများ ဖယ်ရှားခံရမည်ကို စိုးရိမ်ပူပန်၍ NVCs ကဒ်ကို လက်ခံရန် ကြီးမားစွာ ငြင်းပယ်ခဲ့ပြီးဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံမှ ရိုဟင်ဂျာများ ထွက်ခွာလာခဲ့ရသည့် ပုံစံများက အများစုမှာ ယခင်က မြန်မာနိုင်ငံတွင် နေထိုင်ခဲ့မှုကို သက်သေပြရန် စာရွက်စာတမ်းတစ်ခုမှ လက်ဝယ် ဆက်လက်ပိုင်ဆိုင်ခြင်း မရှိနိုင်တော့သည့် သဘောရှိသည်။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူအများအပြားက ထွက်ပြေးလာကြချိန်တွင် ၎င်းတို့အနေဖြင့် မည်သည့် စာရွက်စာတမ်းမျှ ယူဆောင်လာနိုင်ခြင်း မရှိကြကြောင်း အသိပေးခဲ့ ကြသည်။ မြန်မာ အာဏာပိုင်များတွင် နှစ်စဉ် အိမ်ထောင်စုစာရင်းပြုစုခြင်း လုပ်ငန်းစဉ်များမှ တဆင့် ရခိုင်ပြည်နယ်တွင် နေထိုင်ကြသော ရိုဟင်ဂျာတစ်ဦးချင်းစီ အတွက် မည်သူမည်ဝါ ဖြစ်ကြောင်း အထောက်အထားများ ရှိသော်လည်း အဆိုပါမှတ်တမ်းများကို မည်သူမည်ဝါ ခွဲခြား သတ်မှတ်မှုနှင့် နေရပ်ပြန်ရေးတို့ကို ချောမွေ့အဆင်ပြေအောင် ဆောင်ရွက်ရန်အတွက် ရရှိနိုင်အောင် ပြုလုပ်ထားကြောင်း ဖော်ပြရန် သတင်း အချက်အလက်များ မရှိပေ။

၁၁၈၅။ ၂၀၁၈ ခုနှစ် ဇွန်လတွင် မြန်မာနိုင်ငံအစိုးရ၊ UNHCR နှင့် UNDP တို့သည် နေရပ်ပြန်ရေး လုပ်ငန်းစဉ်နှင့်[2695] ပတ်သက်သော နားလည်မှုစာချွန်လွှာ (MoU) တစ်ခုကို လက်မှတ် ရေးထိုးခဲ့ကြသည်။ ထို (MoU) သည် UNHCR၏ မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းနှင့် ပတ်သက်သော လမ်းညွှန်စာအုပ်အရ လိုအပ်သကဲ့သို့[2696] ရိုဟင်ဂျာ ဒုက္ခသည်များနှင့် တိုင်ပင်ဆွေးနွေးပြီး ပြုစုထားခြင်း မဟုတ်ပေ။ MoU ၏ အသေးစိတ် အချက်အလက်များကို အများသိစေရန် ပြုလုပ်ထားခြင်း မရှိဘဲ မစ်ရှင်အဖွဲ့အနေဖြင့် ၎င်း၏ ပါဝင်သောအကြောင်းအရာ များကို ပြန်လည်သုံးသပ်ရန် အခွင့်အလမ်းကို ၂၀၁၈ခုနှစ် ဇက်တင်ဘာလအထိ ရရှိနိုင်ခြင်း မရှိသေးပေ။ အွန်လိုင်းတွင် ဖြန့်ဝေနေသည့် ပေါက်ကြားထားသော မူပုံစံက အချက်အချာ အရေးကိစ္စများဖြစ်သော ရိုဟင်ဂျာများ ရခိုင်ပြည်နယ်နယ်နမိတ်ကို ကျော်လွန်၍ လွတ်လပ်စွာ

---

လက်မှတ်ရေးထိုးခဲ့ကြသည်။ (သတင်းထုတ်ပြန်ချက်၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့) http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8028

[2694] BBC, "ရိုဟင်ဂျာအကြပ်အတည်း-ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာတို့ ဒုက္ခသည်များ ပြန်ပို့မည့် အချိန်ဇယားကို သဘောတူကြသည်။ (၂၀၁၈ ခုနှစ် ဇန္နဝါရီလာ ၁၆ ရက်နေ့) Z. Siddiqui "ဘင်္ဂလားဒေ့ရှ်က ဒုက္ခသည်များ ပြန်ပို့ရန် စီစဉ်နေသကဲ့သို့ မြန်မာမှ ရိုဟင်ဂျာများကလည်း ပိုမိုထွက်ပြေးနေကြသည်။" (ရိုက်တာသတင်းဌာန- ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၈ ရက်နေ့) V. Milko, "ရိုဟင်ဂျာဒုက္ခသည်များ ပြန်ပို့ရန် အစီအစဉ်သည် အသစ်သော အန္တရာယ်များအပေါ် ကြောက်ရွံ့မှုများဆီသို့ ဦးတည်နေသည်" (ဝါရှင်တန်ပို့စ်- ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၃၁ ရက်နေ့)

[2695] UNHCR, "UNHCR နှင့် UNDP တို့ မြန်မာအစိုးရနှင့် ဘင်္ဂလားဒေ့ရှ်မှ ဒုက္ခသည်များ ပြန်ရန်အတွက် အခြေအနေများဖန်တီးရေးအတွက် ထောက်ကူပံ့ပိုးရန် နားလည်မှုစာချွန်လွှာ (MOU) ကို လက်မှတ်ရေးထိုးခဲ့သည်။" (သတင်းထုတ်ပြန်ချက် - ၂၀၁၈ ခုနှစ် ဇွန်လ ၆ ရက်နေ့)

[2696] UNHCR, "မိမိသဘောဆန္ဒအလျောက် ပြန်လည်ဝင်ရောက်ရေး - နိုင်ငံတကာ၏ ကာကွယ်မှု" (လက်စွဲစာအုပ်၊ ၁၉၉၆ ခုနှစ်)

သွားလာခွင့်၊ နိုင်ငံသားဖြစ်မှုနှင့် နိုင်ငံမဲ့ဖြစ်မှုတို့[2697] အပါအဝင် အချို့သော အခြေခံလူ့အခွင့်အရေး အရေးကိစ္စများအပေါ် MoUက လုံလောက်စွာ ကိုင်တွယ်ဖော်ပြထားခြင်း ဖြစ်နိုင်ဖွယ် မရှိပေ။

၁၁၈၆။ ၂၀၁၈ခုနှစ် ဇန္နဝါရီလ ၁၇ ရက်နှင့် ၂၃ ရက်တို့တွင် မြန်မာအာဏာပိုင်များက[2698] ရခိုင်ပြည်နယ်တွင်း အကြမ်းဖက်မှုနှင့်-သက်ဆိုင်သောလုပ်ရပ်များတွင် ပတ်သက်ဆက်နွယ်မှု သို့မဟုတ် ပါဝင်မှုတို့ဖြင့် စွပ်စွဲခံထားရသော အမျိုးသား အမျိုးသမီးနှင့် ကလေးများ အပါအဝင် လူပေါင်း ၁၃၀၀ ကျော်၏ အမည်၊ ဓါတ်ပုံနှင့် မည်သူမည်ဝါ ခွဲခြားထားသော သတင်းအချက်အလက်များဖြင့် စာရင်းတစ်ခုကို ထုတ်ပြန်ကြေညာခဲ့သည်။ ထိုစာရင်းတွင် အမည်၊ အသက်၊ ကျေးရွာ၊ စွပ်စွဲခံရသော ပြစ်မှုနှင့် အခြား လူပုဂ္ဂိုလ်ခွဲခြားနိုင်သော သတင်းအချက်အလက်များ စုံလင်စွာပါဝင်သော အောက်ခြေမှတ်စုများဖြင့် ပူးတွဲဖော်ပြထားသော ဓါတ်ပုံများ ပါဝင်သည်။ အများစုမှာ "အကြမ်းဖက်သမား"ဟု သတ်မှတ်ဖော်ထုတ်ခံထားရပြီး အချို့မှာမူ "အကြမ်းဖက်သမား၏ မိသားစုဝင်" အဖြစ် သို့မဟုတ် "အကြမ်းဖက် သမား အုပ်စုများကို ထောက်ခံမှု"[2699] ရှိခြင်းအဖြစ် လက္ခဏာ ဖော်ပြခံထားရသည်။ အသေးစိတ်စာရင်း အပြည့်အစုံကို နယ်ခြားစောင့်ရဲတပ်ဖွဲ့က ပြုစုပြင်ဆင်ခဲ့ကာ ဘင်္ဂလားဒေ့ရှ်အစိုးရထံ ပေးပို့ထားသည်ဟု ဆိုကြပြီး အာဆာ"အကြမ်းဖက်သမား" "မိသားစုဝင်" နှင့် "ထောက်ခံအားပေးသူ"[2700] ဟူ၍ လူပေါင်း ၃၀၀၀ကျော်၏ အမည်များ ပါဝင်သည်။

၁၁၈၇။ လုပ်ရမည့်ဖြစ်စဉ်ပုံစံတခုခုဖြင့် အဆိုပါစာရင်းများကို ထုတ်ပြန်ထားခြင်း မဟုတ်သလို ပံ့ပိုးပေးသော သက်သေတစ်ခုခု သို့မဟုတ် မှန်ကန်ကြောင်း စိစစ်အတည်ပြုမှု ဆောင်ရွက်ချက်များ မည်သို့ ဆောင်ရွက်ထားကြောင်း သတင်းအချက်အလက် တစ်ခုမျှ မရှိပဲ ထုတ်ပြန်ထားပြီး "အကြမ်းဖက်သမားများ" နှင့် ၎င်းတို့၏ မိသားစုဝင်များအဖြစ် စာရင်းဖော်ပြ ခံထားရသူများ၏ဘဝများကို အန္တရာယ်ဖြစ်စေသည်။ ၎င်းစာရင်းများသည် နေရပ်ပြန်ရေးကို အဟန့်အတား ဖြစ်စေလိမ့်မည် ဖြစ်သည်။

၁၁၈၈။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် နေရပ်ပြန်ရေး အတွက် ရိုဟင်ဂျာ ၈,၀၀၀ ကျော်၏ ကနဦး စာရင်းကို မြန်မာအစိုးရထံသို့ ဘင်္ဂလားဒေ့ရှ် အာဏာပိုင်များမှ ပေးပို့ခဲ့သည်။[2701] ပထမဦးစွာ မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနက လူ၃၇၄ ဦးသာ အရည်အချင်း ကိုက်ညီသည်ဟု

[2697] ပြည်ထောင်စုသမတမြန်မာနိုင်ငံ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် လူဦးရေဝန်ကြီးဌာန၊ ကုလသမဂ္ဂဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဒုက္ခသည်များဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးများရုံးတို့ အကြား နားလည်မှုစာချွန်လွှာ (နားလည်မှုစာခွန်လွှာ ၂၀၁၈ ခုနှစ် မေလ ၃၀ ရက်နေ့) အပြင်သို့ပေါက်ကြားလာသောစာကို ဤနေရာတွင် ရယူနိုင်ပါသည်။ https://www.scribd.com/document/382854287/The-MOU-between-Myanmar-Government-and-UNDP-and-UNHCR.

[2698] ပြန်ကြားရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သော စာရင်းကို Global New Light of Myanmar သတင်းစာ (အင်္ဂလိပ်ဘာသာ) တွင်ဖော်ပြခဲ့သည်။ ကောက်နှုတ်ချက်များကို ပြည်ထောင်စုသမတရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ ထုတ်ပြန်ခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနမှ "စွပ်စွဲခံရသူများ" အား မြန်မာနိုင်ငံသို့ ပြန်ပို့ပေးရန် ဘင်္ဂလားဒေ့ရှ် နိုင်ငံသို့ ၂၀၁၈ ဇန္နဝါရီလ ၁၆ ရက်နေ့တွင် တောင်းခံခဲ့သည်။

[2699] ဥပမာ Global New Light of Myanmar, "အာဆာအကြမ်းဖက်သောင်းကန်းသူအဖွဲ့၏ အဖွဲ့ဝင်- ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့ မောင်တော တန်ပြန်တိုက်ခိုက်မှုတွင် ပါဝင်ခဲ့သော အာဆာအကြမ်းဖက်သောင်းကျန်းသူများ၏ ဓါတ်ပုံများနှင့် သတင်းများ" (၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၈၊ ၁၉ ၊ ၂၀ ရက်နေ့များ) အချပ်ပို- A-P; ပြည်ထောင်စုသမတ မြန်မာနိုင်ငံ၊ သမတရုံး "ဘင်္ဂလားဒေ့ရှ်သို့ အာဆာအကြမ်းဖက်သောင်းကျန်းသူများ၏ နာမည် ၁၃၀၀ ကျော် ပို့လိုက်သည်။" (၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၇ ရက်နေ့) http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8356

[2700] K-002.

[2701] V-161.

ကြေညာခဲ့ပြီး[2702] ၅ ရာခိုင်နှုန်းအောက်ပင် လျော့နည်းခဲ့သည်။ ၂၀၁၈ ခုနှစ် မေလ ၁၈ ရက်တွင် ၎င်းတို့က အဆိုပါ[2703] စာရင်းမှ ၁,၁၀၀ ဦးကို နေရပ်ပြန်ပို့ပေးမည်ဟု နောက်ထပ် ကြေညာခဲ့သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် အဆိုပါစာရင်းမှ ပါဝင်သောလူများက မြန်မာနိုင်ငံသို့ မိမိတို့ဆန္ဒအလျောက် ပြန်သွားလိုသည့် ဆန္ဒရှိကြောင်း ဖော်ပြထားခြင်း ရှိမရှိနှင့် ၎င်းတို့အနက်မှ တစ်ဦးဦးက နောက်ပိုင်းတွင် ပြန်သွားခဲ့ခြင်း ရှိမရှိ မသိရှိခဲ့ပေ။

၁၁၈၉။ ။ ထို့ပြင် မြန်မာအစိုးရက ၎င်းတို့အနေဖြင့် နေရပ်ပြန်ရန် အရည်အချင်း ကိုက်ညီသည်ဟု သုံးသပ်သော ရိုဟင်ဂျာများကို ရည်ရွယ်သတ်မှတ်ထားသည့် ပြန်လည်နေရာချထားရေး နယ်မြေ ၁၁ ခုသို့ မပို့ခင်တွင် "ကြိုဆိုရေးစခန်းများ"၌ ယာယီနေရာ ချထားပေးမည်ဟု ကြေညာခဲ့သည်။ ထိုနေရာများမှာ ပြင်ဆင်ပြုလုပ်မထားသော နေရာများဖြစ်ပြီး ပြန်လာသူများသည် ၎င်းတို့၏နေအိမ်များကို ၎င်းတို့ဖာသာ ဆောက်လုပ်နေထိုင်ရမည်ဟု ပြောဆိုကြသည်။ အစိုးရက "ငွေကြေးရရန်အလုပ်" အစီအစဉ်တစ်ခုကို စီစဉ်ထားသည်ဟု ပြောဆိုကြပြီး ပြန်လာသူများမှာ ထိုဝင်ငွေများဖြင့် အိမ်ရာစရိတ်များ အသုံးပြုနိုင်မည်ဟု ဆိုသည်။[2704] ၂၀၁၇ ခုနှစ် ဧပြီလ ၃၀ ရက်တွင် နေပြည်တော်သို့ သွားရောက် ခဲ့သော ကုလသမဂ္ဂ လုံခြုံရေးကောင်စီ ကိုယ်စားလှယ်အဖွဲ့ကို ပြောကြားခဲ့သော ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မိန့်ခွန်းတွင် ရိုဟင်ဂျာများကို နေရပ်ပြန်ပို့ခံရမည်ဆိုလျှင် ၎င်းတို့သည် အဆိုပါ သီးသန့် တည်နေရာများသို့ ပို့ခံရလိမ့်မည်ဟု အတည်ပြု ပြောကြား ခဲ့သည်။ "သူတို့တွေသာ သူတို့အတွက် ရည်ရွယ်သတ်မှတ်ထားတဲ့ နေရာတွေမှာ နေမယ်ဆိုရင် [ဘင်္ဂါလီတွေ]ရဲ့ လုံခြုံရေးအတွက် စိတ်ပူစရာ မလိုအပ်ပါဘူး။"[2705]

၁၁၉၀။ ယနေ့အထိ မြန်မာအစိုးရသည် မောင်တောမြို့နယ်တွင် "ကြိုဆိုရေးစခန်းများ" ၂ ခုနှင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း ဖျက်ဆီးခံခဲ့ရသည့် ရိုဟင်ဂျာကျေးရွာများအနီးရှိ ရိုဟင်ဂျာများ-ပိုင်ဆိုင်သော လယ်မြေများတွင်[2706] "အလတ်စား ယာယီစခန်း" တစ်ခု တို့တွင် "အသိအမှတ်ပြု လက်ခံပြီးသော" ရိုဟင်ဂျာများမှ[2707] ယာယီခိုလှုံနေထိုင်ကြရမည်ဟု ဆိုကြသည်။ "ကြိုဆိုရေးစခန်းများ"ကို အသစ်ဆောက်လုပ်ခါစ ပတ်ပတ်လည် ခြံစည်းရိုးများဖြင့် ဝန်းရံထားသည်။ ဂြိုဟ်တုဓါတ်ပုံ လေ့လာသုံးသပ်မှုက နေရာ ၃ ခုအနက်မှ တစ်ခုဖြစ်သော အောင်ဇေယျသည် သံဆူးကြိုးခြံစည်းရိုးဖြင့် ပတ်လည်ခတ်ထားသည့် ဝင်းထဲမှ အဆောက်အဦးတခု ဖြစ်သည်ကို ပြသနေသည်။ တိုးမြှင့်ထားသော လုံခြုံရေး

[2702] Global New Light of Myanmar, "ပြည်ထောင်စုအရာရှိများက အစုအပြုံလိုက်ထွက်ပြေးမှု၏ အကြောင်းရင်း၊ အာဆာ၏ ခြိမ်းခြောက်မှု နှင့် ပြန်လည်ပို့ဆောင်မှုကို ပိတ်ဆို့ခြင်းများအား ရှင်းပြသည်။" (၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်နေ့)

[2703] Global New Light of Myanmar, "ဘင်္ဂလားဒေ့ရှ်မှာ စီစစ်အတည်ပြုထားသော ရွှေ့ပြောင်းခံများ ပြန်လည်ပို့ဆောင်ရေးအပေါ် ဒုတိယအကြိမ်မြောက် အလုပ်အဖွဲ့ ဒုတိယအကြိမ် ပူးတွဲအစည်းအဝေးအား မြန်မာကိုယ်စားလှယ် အဖွဲ့တက်ရောက်" (၂၀၁၈ ခုနှစ် မေလ ၁၈ ရက်နေ့)

[2704] Sithu Aung Myint, "ရိုဟင်ဂျာများ ပြန်လည်ပို့ဆောင်ရေး သဘောတူညီချက်နှင့် ၎င်း၏ များစွာ၊ များစွာသော စိမ်ခေါ်မှုများ" (Frontier Myanmar, ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၄ ရက်နေ့)

[2705] "ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ၏ အမြဲတန်းကိုယ်စားလှယ်များ ဆွေးနွေးပွဲများ (Website post, ၂၀၁၈ ခုနှစ် မေလ ၄ ရက်နေ့), https://www.seniorgeneralminaunghlaing.com.mm/en/6841/discussions-senior-general-min-aung-hlaing-permanent-envoys-unsc/

[2706] VI-067, VI-172. "ကြိုဆိုရေးစခန်း" တခုမှာ တောင်ပြိုလက်ရာ ကျေးရွာအုပ်စုထဲရှိ အောင်ဇေယျရွာတွင်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်နယ်စပ်၏ တောင်ဘက် ၂ ကီလိုအကွာတွင် ရှိကာ ၎င်းနေရာမှာ "ရှင်းလင်းရေး စစ်ဆင်ရေး"အတွင်းက မီးရှို့ဖျက်ဆီးထားသော နေရာဖြစ်သည်။ အဆောက်အဦးအသစ်များကို ပျက်စီးနေသော ရာပေါင်းများစွာရှိ အဆောက်အဦးများအနားတွင် ဆောက်ထားသည်။ ဒုတိယ ကြိုဆိုရေးစခန်းကိုမူ ငါးခူရ ကျေးရွာအုပ်စု၊ ငါးခူရကျေးရွာ ဖြစ်သည်။ အဆောက်အဦးများမှ လယ်မြေပေါ်တွင် ထင်ရှားစွာရှိနေပြီး ဂြိုလ်တုပုံရိပ်များအရ အနီးအနားမှ ရွာ ၆ ရွာသည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များအတွင် ဖျက်ဆီးခံထားရသော ရွာများဖြစ်သည်။

[2707] ပြည်ထောင်စုသမတမြန်မာနိုင်ငံ၊ သမတရုံး- "ပြန်လည်ပို့ဆောင်ရေးစခန်းများ မကြာခင် အဆင်သင့်ဖြစ်တော့မည်။" (သတင်းထုတ်ပြန်ချက်၊ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၄ ရက်နေ့) http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8337

ဆောင်ရွက်မှုများကိုလည်း ယာယီတည်းခိုရေးဌာနများတွင် လေ့လာတွေ့ရှိရပြီး၊ ထိုနေရာတွင် ပတ်လည် ခြံစည်းရိုး အသစ်တစ်ခုကို အရှေ့ဘက်သို့ ခန့်မှန်းခြေ ၁ကီလိုမီတာခန့်တွင် သဲချောင်းရွာသစ်ကေကျေးရွာ[2708] အနီးရှိ လုံခြုံရေးကင်းစခန်း တစ်ခုကို ဝန်းရံလျက် ဆောက်လုပ်ထားသည်ကို တွေ့ရသည်။ နယ်ခြားစောင့် ရဲတပ်ဖွဲ့နှင့် တပ်မတော် စစ်သားများကို ကြိုဆိုရေးစခန်း ၂ ခုစလုံးတွင် တာဝန်ချထားသည်ဟု[2709] ဆိုကြပြီး လွတ်လပ်စွာ သွားလာခွင့်မှာ ကန့်သတ်ခံထားရမည်ဟု ဖော်ပြလျက် ရှိသည်။

**၂၀၁၈ခုနှစ် မတ်လ ၇ရက် နေ့စွဲဖြင့် ဓါတ်ပုံက အောင်ဇေယျ ကြိုဆိုရေးစခန်း ပတ်လည်တွင် တိုးမြှင့်ထားသော လုံခြုံရေးဆောင်ရွက်မှုများကို ပြသနေသည်။ အနီးအနားမှ မီးရှို့ခံထားရသည့် ရိုဟင်ဂျာ ကျေးရွာများမှာ အနီရောင် လိုင်းများအတွင်း ပြသထားသည်။**




၁၃၉၁။ လက်ရှိ ပတ်ဝန်းကျင်အခြေအနေတွင် နေရပ်ပြန်ခြင်းများသည် ရိုဟင်ဂျာများကို ထိန်းချုပ်ထားသောစခန်းများ အတွင်းသို့ပို့၍ ခွဲခြားမှုများနှင့် ပိတ်လှောင်အကျဉ်းချထားမှုကို ရလဒ်ဖြစ်ပေါ်စေမည်ဖြစ်ပြီး ဤသည်မှာ ရခိုင်ပြည်နယ်အလယ်ပိုင်းက စခန်းများ၏ ကြေးမုံပုံရိပ်ကဲ့သို့ ဖြစ်နိုင်ဖွယ်ရှိသည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ၏နောက်တွင် ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ပြောင်းရွှေ့စခန်းများအတွင်း၌ ရိုဟင်ဂျာနှင့် ကမန်လူမျိုး ၁၃၂,၀၀၀ ကို ကန့်သတ်ပိတ်လှောင်ထားသည်ကို မြင်တွေ့ခဲ့ရသည်။ ၎င်းတို့၏ ဇာတိကျေးရွာများသို့ ပြန်ချင်ကြသောဆန္ဒကို ဆန့်ကျင်လျက် အဆိုပါစခန်းများနှင့် နေရာများကို ၎င်းတို့မှာ ၆နှစ်ကြာ စွန့်ခွာခွင့် မရခဲ့ကြပေ။ အဆိုပါစခန်းများ၏ အခြေအနေများမှာ အထက်တွင် ဖော်ပြထားသကဲ့သို့ပင်ဖြစ်ပြီး ၎င်းတို့၏လွတ်လပ်မှုကို ဥပဒေမဲ့ပိတ်ပင်မှုနှင့်အတူ လွတ်လပ်စွာ သွားလာခွင့်အတွက် မလျော်ကန်သော ကန့်သတ်ချက်များအဖြစ် သက်ရောက်သည်။

[2708] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။
[2709] V-067.

၁၃၉၂။ ၂၀၁၈ခုနှစ် စက်တင်ဘာလ အထိဆိုလျှင် ရိုဟင်ဂျာများ အစုလိုက် အပြုံလိုက် ထွက်ခွာမှု စတင်ခဲ့ချိန်၏ ၁နှစ်ကျော်သည့်အထိ နေရပ်ပြန်ရေး အစီအစဉ်မှာ အစပြုခြင်း မရှိသေးပေ။ ၂၀၁၈ ခုနှစ် ဧပြီလ ၁၄ ရက်တွင် အစိုးရရင်းမြစ်တစ်ခုက မြန်မာနိုင်ငံသို့ ဆန္ဒအလျောက် နေရပ်ပြန်လာသော[2710] ၅ ဦးပါဝင်သော မွတ်စလင်မိသားစုတစ်စုကို "တောင်ပြိုလက်ဝဲ"၌ လက်ခံခဲ့ပြီး ၎င်းတို့က NVCs ကို လက်ခံခဲ့သည်ဟု ဆိုခဲ့သည်။ ယုံကြည်နိုင်သောရင်းမြစ်များက ကျော်ကြားမှုရရန် စတန့်တစ်ခုအဖြစ် ထိုကြေညာချက်ကို ပယ်ချခဲ့ကြပြီး[2711] အချို့က ထိုမိသားစုမှာ[2712] ရိုဟင်ဂျာများပင် မဟုတ်ဟု ဆိုခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ်နှင့် UNHCR တို့က ထိုနေရပ်ပြန်မှုမှာ[2713] နေရပ်ပြန်ရေးသဘောတူညီချက်၏ အကြောင်းအရာများအရ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ဟု လက်ခံအတည်ပြုခဲ့သည်။

*နေရပ်ပြန်ရန် ထောက်ကူသော အခြေအနေများ မရှိခြင်း*

၁၃၉၃။ ခန့်မှန်းခြေ ၂၀၁၈ ခုနှစ်တွင် ၂၀၀,၀၀၀ မှ ၂၄၀,၀၀၀ အတွင်းရှိသော ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် ကျန်ရစ်နေကြသည့် ရိုဟင်ဂျာများအတွက် အခြေအနေများမှာ ဆက်လက် ကျူးလွန်နေကြဆဲ ၎င်းတို့အပေါ် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများဖြင့် အလွန်အမင်း ခက်ခဲနေဆဲ ဖြစ်သည်။

၁၃၉၄။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာလမှ ၂၀၁၈ ခုနှစ် ဇွန်လထိ ရခိုင်ပြည်နယ်တွင် ကျန်နေရစ်ကြပြီး ယင်းနောက်တွင်မှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးလာကြသော သိသိသာသာ အရေအတွက် များပြားသည့် ရိုဟင်ဂျာများကို မစ်ရှင်အဖွဲ့က တွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ အဓိကအားဖြင့် ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်တို့မှ ဖြစ်ကြပြီး၊ ယေဘုယျ ပုံဖော်ကြသည့် ရှုခင်းမှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ အရှေ့မှ အခြေအနေများထက်စာလျှင်ပင် သိသာထင်ရှားစွာ ယိုယွင်းပျက်ဆီးလာမှု တစ်ခုဖြစ်ပြီး အလွန်အမင်း ခက်ခဲသည့် အခြေအနေများအနက်မှ တစ်ခုဖြစ်သည်။[2714]

၁၃၉၅။ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူများက လွတ်လပ်စွာ သွားလာခွင့်အပေါ် ပို၍တင်းကျပ်သော ကန့်သတ်ချက်များအကြောင်း ပြောပြကြပြီး[2715] ၎င်းတို့ကျေးရွာများကို အကျဉ်းချ ပိတ်လှောင် ခံထားရသည်ဟု ရှုမြင်ကြသည်။ အချို့နေရာများတွင် ရွာသားများမှာ[2716] ၎င်းတို့၏ နေအိမ်များတွင်ပင် အကျဉ်းချ ပိတ်လှောင်ထားခံခဲ့ရသည်။ ဈေးများနှင့်[2717] အသက်မွေးဝမ်းကျောင်းမှုများကို သွားရောက်ရန် မဖြစ်နိုင်မှုအပါအဝင် ကန့်သတ်ချက်များက ဆိုးရွားပြင်းထန်သည့်[2718] အစားအစာ ပြတ်လပ်မှုကိုပါ ဖြစ်စေခဲ့သည်။ ထိုခေါင်းပါးမှုသည် [2719]ရခိုင်ပြည်နယ် မြောက်ပိုင်းအတွင်းသို့ လူသားချင်းစာနာမှု အစားအစာ အထောက်အပံ့များ

[2710] Global New Light of Myanmar, "ရွှေ့ပြောင်းခံရသူများ တောင်ပြိုလက်ရာ ကြိုဆိုရေးစခန်းသို့ ပြန်ရောက်လာဖြင်း" ( ၂၀၁၈ ခုနှစ် ဧပြီလ ၁၆ ရက်နေ့)

[2711] V-173, V-236.

[2712] V-236.

[2713] V-175, V-236.

[2714] CI-025, CI-100, CI-101, CI-102, CI-103, CI-107, CI-108, CI-151, LI-049, LI-051, LI-057, LI-058, LI-059, LI-060, LI-061, LI-077, LI-085, LI-086, LI-087, LI-088, LI-091, LI-092, QI-040, QI-064, QI-065, RI-014, RI-015, WI-014, WI-041, YI-004, YI-005, YI-012, YI-026, ZI-004.

[2715] LI-107, V-067.

[2716] LI-085, LI-088, LI-091.

[2717] CI-100, CI-102, LI-091, LI-092.

[2718] CI-100, CI-102, CI-103, CI-107, LI-057, LI-061, LI-085, LI-086, LI-092, QI-040, WI-014.

[2719] LI-092; ဤအခန်း၏ အပိုင်း B.3: အစားအစာ၊ သက်မွေးဝမ်းကြောင်းမှု၊ ကျန်းမာရေးနှင့် ပညာရေးတို့အား လက်လှမ်းမီမှုအပေါ် ကန့်သတ်ထားခြင်း ကိုကြည့်ပါ။

အပေါ် ကန့်သတ်မှုများဖြင့်ပါ ထပ်မံပေါင်းစပ်ထားသည်။ အစားအစာရရှိမှုကို ပိတ်ပင်ရန် အဆိုပါ ပစ်မှတ်ထား လုပ်ဆောင်မှုသည် [2720]အစားအစာချို့တဲ့မှုမှတဆင့် ရိုဟင်ဂျာများ ထွက်ပြေးစေရန် ဖိအားပေးသော မူဝါဒတစ်ခုကို ချမှတ်ကျင့်သုံးခြင်း ဖြစ်သည်ဟု ယူဆရသည်။ ရသေ့တောင် မြို့နယ် ညောင်ပင်ကြီးကျေးရွာအုပ်စုရှိ ၎င်း၏ ကျေးရွာမှ ဘင်္ဂလားဒေ့ရှ်သို့ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလတွင် ရောက်ရှိလာသော ရိုဟင်ဂျာ တစ်ယောက်က ပြောကြားသည်မှာ:

> *"WFP က ရိက္ခာ ခွဲတမ်းတွေ ပို့မပေးခဲ့တာ ၄ လလောက် ရှိပြီ။ ပြီးတော့ မိသားစုကို နေ့စဉ် ကျွေးမွေးဖို့ တော်တော်ခက်တယ်။ ရိက္ခာအကျန်လေး နည်းနည်းတော့ ရှိခဲ့တယ်။ ဒါပေမယ့် အရမ်းခက်ခဲတယ်။ တခါတလေမှာဆို တစ်ရက်ကို တစ်ကြိမ်စာပဲ စားဖို့ ရှိခဲ့တယ်။ တခါတလေ ဆိုရင်တော့ ဘာစားစရာမှကို မရှိဘူး။[2721]"*

၁၁၉၆။ ကျန်ရစ်ကြသော ရိုဟင်ဂျာ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့များက ဖိနှိပ်ချုပ်ချယ်မှုများ ဆက်လက် လုပ်ဆောင်ကြဆဲဖြစ်သည်။ ၎င်းတို့သည် ရိုက်နှက်ခြင်းနှင့် သတ်ဖြတ်ခြင်းများ အပါအဝင် အကြမ်းဖက်ခြိမ်းခြောက်မှုများ၊ ပြတ်တောင်း ပြတ်တောင်း အကြမ်းဖက်မှုများ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှုအခြေခံ အကြမ်းဖက်မှုများနှင့် အိမ်ရာများမီးရှို့မှုနှင့် ခိုးယူမှုနှင့်[2722] ခြိမ်းခြောက်ငွေညှစ်မှုတို့ အပါအဝင် ပစ္စည်းဥစ္စာပိုင်ဆိုင်မှု အပေါ် ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အကြမ်းဖက်မှုများကို အမြဲမပြတ် ကြောက်ရွံ့နေရမှုနှင့် အနာဂတ်အတွက် မသေချာမရေရာမှုတို့က အများအပြားကို ထွက်ပြေး စွန့်ခွာစေရန် ဖိအားပေးခဲ့သည်။ ထူးခြားသော အလေးထားစရာကိစ္စတစ်ခုမှာ တွေ့ဆုံမေးမြန်းမှု ဖြေဆိုသူများက တပ်မတော်စစ်သားများသည် ကျေးရွာများထဲသို့ ရောက်လာကြပြီး အမျိုးသားများကို ကြမ်းတမ်းစွာ သိမ်းကြုံးစုရုံးစေကာ ဥပဒေမဲ့ ချုပ်နှောင်ဖမ်းဆီးခြင်းနှင့် ခေါ်ဆောင် သွားခြင်းများကို ဆက်လက်ကျင့်သုံးနေသည်ဟု ထွက်ဆိုကြခြင်း ဖြစ်သည်။ အချို့သော ချုပ်နှောင်ဖမ်းဆီးခံရသူများမှာ နောက်ထပ် မတွေ့ရတော့ပေ။[2723] ခေါ်ဆောင်သွားခံရသူ အချို့မှာလည်း ဆိုးဝါးစွာ ပြုမူဆက်ဆံခြင်းနှင့် [2724]ညှဉ်းပန်းနှိပ်စက်ခြင်းများ ခံကြရသည်ဟု ဆိုကြသည်။ ထိုသို့ သိမ်းကြုံးဖမ်းဆီးမှုတစ်ခုတွင် ခေါ်ဆောင်သွား ခံခဲ့ရသူ တစ်ဦးက ချုပ်နှောင်ဖမ်းဆီးခံထားရစဉ် ညှဉ်းပန်းနှိပ်စက်ခံခဲ့ရကြောင်းနှင့် နောက်ဆုံးတွင် [2725]လာဘ်ငွေပေး၍ လွတ်မြောက်ခဲ့ရကြောင်း ပြောပြခဲ့သည်။

၁၁၉၇။ လုံခြုံရေးတပ်ဖွဲ့များသည် ရိုဟင်ဂျာအမျိုးသမီးများကို အဓမ္မခေါ်ဆောင်ခြင်းနှင့် မုဒိမ်းကျင့်ခြင်းများ အပါအဝင် လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု-အခြေခံ အကြမ်းဖက်မှုများလည်း ဆက်လက်ကျူးလွန်ခဲ့ကြပြီး ၎င်းတို့အနက်မှ အချို့မှာ နောက်ထပ် ပြန်မတွေ့ရ တော့ပေ။[2726] ၂၀၁၇ခုနှစ် အောက်တိုဘာလကုန်တွင် တပ်မတော် စစ်သား တစ်ဦးနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ အရာရှိတစ်ဦးတို့ ၎င်း၏ အိမ်နီးချင်း၏ နေအိမ်အတွင်းသို့ ဝင်ရောက်

---

[2720] နိုင်ငံတကာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီးက ၎င်းကို အဓမ္မအစာငတ်ပြတ်စေခြင်းမူဝါဒ ဟု ခေါ်သည်ကို မစ်ရှင်မှ မှတ်ယူထားပါသည်။ Amnesty International, ငါတို့ အကုန်ဖျက်ဆီးပစ်မယ် စာမျက်နှာ ၁၀၁-၁၀၃

[2721] LI-092.

[2722] CI-100, CI-101, CI-102, CI-108, CI-151, LI-041, LI-057, LI-059, LI-077, LI-085, LI-086, LI-087, QI-040, WI-014, YI-026.

[2723] CI-100, CI-101, CI-102, CI-107, CI-108, CI-151, LI-059, LI-085, LI-086, LI-092, QI-040, V-067

[2724] LI-057, LI-087.

[2725] LI-057.

[2726] CI-151, LI-057, LI-085, LI-091, LI-092, V-067.

လာခဲ့ကြပြီး သက်ကြီးပိုင်း အမျိုးသမီးတစ်ဦးကို ကြိုးဖြင့် တုပ်နှောင်ကာ အမျိုးသမီးငယ် ၂ဦးကို အိမ်အတွင်း မုဒိမ်းကျင့်ခဲ့ကြပုံကို ပုံဖော်ပြောပြခဲ့သည်။ ၎င်း၏ ရှင်းပြချက်မှာ:

> *"အမျိုးသမီး ၂ယောက်က မုဒိမ်းကျင့် ခံနေရပါတယ်လို့ ဟစ်အော်နေကြတယ်။ သူတို့တွေ အရိုက်ခံနေရတဲ့ အသံတွေကို ကျနော် ကြားနေခဲ့ရတယ်။ အဲ့ဒီလူတွေက အမျိုးသမီးတွေ အနားမှာ ၂ နာရီလောက် နေခဲ့ကြပြီးတော့ ထွက်ခွာသွားကြတယ်။ အဲဒီနောက်မှာ အမျိုးသမီးတွေကို ကျနော် တွေ့ခဲ့တယ်။ သူတို့မှာ သွေးတွေထွက်နေကြပြီး ၂ယောက်လုံးရဲ့ ပါးတွေပေါ်မှာ သွားနဲ့ ကိုက်ရာတွေနဲ့ ပြီးတော့ သူတို့ရဲ့ ရင်သားတွေကို ဓါးနဲ့ ထိုးခံထားရတယ်။ အဲဒီ ဖြစ်ရပ်ပြီးတဲ့နောက်ပိုင်း ဘင်္ဂလားဒေ့ရှ်ကို ထွက်ခွာဖို့ ကျနော် ဆုံးဖြတ်လိုက်တယ်။[2727]"*

၁၁၉၈။ ရိုဟင်ဂျာများသည် ကျယ်ကျယ်ပြန့်ပြန့် ရှိနေသော ရခိုင်တိုင်းရင်းသားများ၏ စောင့်ကြည့်တိုက်ခိုက်မှုများမှလည်း ကာကွယ်မှု မရရှိကြပေ။ အဆိုပါ တိုက်ခိုက်မှုများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ၊ ဆက်လက်၍ မီးရှို့မှုများနှင့် မြေယာ၊ ကျွဲနွားနှင့် [2728]ပိုင်ဆိုင်မှု ဥစ္စာပစ္စည်းများကို ခိုးယူမှုများ ပါဝင်သည်။ ဆန့်ကျင်ဘက် အနေဖြင့် တပ်မတော်က ရခိုင်တိုင်းရင်းသားများ တိုက်ခိုက်မှုများ ပြုလုပ်နိုင်ရေးအတွက် အဆင်ပြေ ချောမွေ့အောင်ပင် ဆောင်ရွက်ပေးကြသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် ဘူးသီးတောင်မြို့နယ်ရှိ ၎င်း၏ ကျေးရွာမှ ထွက်ပြေးလာခဲ့သော ရိုဟင်ဂျာအမျိုးသားတစ်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ်လ နောက်ပိုင်း စစ်သားများသည် ၎င်း၏ကျေးရွာအတွင်း ပုံမှန် ကင်းလှည့်နေခဲ့ကြသည်ဟု ဆိုခဲ့သည်။ သို့သော် မကြာသေးခင် ကာလတွင်မှ ၎င်းတို့ လာရောက်ခြင်းကို ရပ်တန့်ခဲ့သည်ဟု ဆိုသည်။ ထိုအစား ရခိုင်တိုင်းရင်းသားများမှာ ကျေးရွာများသို့ လာရောက်ကြပြီး ရိုဟင်ဂျာများကို မတရားပြုကျင့်ကြသည်။ ၎င်းကို ၎င်းတို့ကျေးရွာ၏ဥက္ကဋ္ဌက တပ်မတော်မှ[2729] "ရိုဟင်ဂျာတွေ ရန်ကနေ တိုင်းပြည်ကို ကာကွယ်ဖို့ ငါတို့ကို တာဝန်ပေးခဲ့တယ်"ဟု ပြောခဲ့သည်။ အခြား ရိုဟင်ဂျာတစ်ဦးက ၎င်း၏ လယ်ကွင်းကို ၎င်း၏ အိမ်နီးချင်း ရခိုင်တစ်ဦးက သိမ်းယူသွားသည်ကို တွေ့ခဲ့ရပြီး ထိုသူက သူ့ကို ထိုသို့ ပြုလုပ်ရန် [2730]တပ်မတော်က စေခိုင်းခဲ့သည်ဟု ဆိုခဲ့သည်။

၁၁၉၉။ ရိုဟင်ဂျာများ၏ ပိုင်ဆိုင်မှုများကို မီးရှို့၍ ဆက်လက်ဖျက်ဆီးမှုများသည် ရခိုင်ပြည်နယ် မြောက်ပိုင်းမှ ဆိုးရွားကြမ်းတမ်းသော အခြေအနေများနှင့်ပေါင်းစပ်၍ ဖြစ်ပေါ် လျက်ရှိသည်။ ဖျက်ဆီးမှုအားလုံး၏ ၂၀ ရာခိုင်နှုန်းမှာ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက် နောက်ပိုင်းမှ ဖြစ်ပွားခဲ့ခြင်း ဖြစ်ပြီး စုစုပေါင်း အဆောက်အအုံ ၇,၀၀၀ကျော် ရှိကာ ဖျက်ဆီးမှုများမှာ အနည်းဆုံး ၂၀၁၈ခုနှစ် မတ်လထိ ဆက်လက် ဖြစ်ပေါ်ခဲ့သည်။[2731]

၁၂၀၀။ မြန်မာအာဏာပိုင်များက ရိုဟင်ဂျာများကို NVCs ကဒ်လက်ခံရန် သို့မဟုတ်ပါက မြန်မာနိုင်ငံမှ ထွက်ခွာသွားရန် ၂၀၁၇ ခုနှစ် ဩဂုတ်က ၂၅ ရက်[2732] အကြမ်းဖက်မှုများ ကာလ ကတည်းက ဆက်လက် ဖိအားပေး နေကြဆဲပင် ဖြစ်သည်။ရွာသားတစ်ဦးက ၂၀၁၈ ခုနှစ်တွင် အချို့ ရိုဟင်ဂျာများမှာ[2733] "၎င်းတို့ အသက်ကို ကာကွယ်ရန်" အတွက် ၂၀၁၈ ခုနှစ်တွင်

---

[2727] LI-057.
[2728] CI-100, LI-059, LI-087, LI-092, QI-040, QI-064, WI-041, YI-005, YI-026
[2729] LI-092.
[2730] WI-041.
[2731] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။
[2732] CI-151, LI-057, QI-063, QI-116, WI-041.
[2733] CI-151.

အာဏာပိုင်များက ထုတ်ပေးသော NVCs ကဒ်ကို ရယူခဲ့ကြသည်ဟု ဆိုသည်။ ဘူးသီးတောင်မြို့နယ် ကျောက်တောင်ကျေးရွာမှ အခြားရွာသားတစ်ဦးက ၎င်း၏ အတွေ့အကြုံကို ရှင်းပြသည်မှာ-

*"စစ်သားတွေက ကျနော်တို့ကို ပြောခဲ့တာက သူတို့ ငြိမ်းငြိမ်း ချမ်းချမ်း ထွက်သွားမယ်။ ဒါပေမယ့် ကျွန်တော်တို့က NVCs ကို ယူရမယ်တဲ့။ ကျနော်တို့က ကျနော်တို့ ယူမှာ မဟုတ်ဘူးလို့ ပြောခဲ့တယ်။ စစ်သားတွေ ပြောတာက တကယ်လို့ ကျနော်တို့ NVCs ကို လက်မခံရင်[2734] ကျနော်တို့ ထွက်သွားရမယ်တဲ့။"*

၁၂၀၀။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် ကတည်းက မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များရှိ ခံစားထိခိုက်နေကြသော လူများဆီသို့ လူသားချင်း စာနာမှုဆိုင်ရာ လက်လှမ်းမီနိုင်မှုမှာ လူသားချင်းစာနာမှု ဆောင်ရွက်သူများ၏ ကူညီပေးမှုကို မြန်မာ အာဏာပိုင်များက တားဆီးခဲ့သောကြောင့် အကြီးအကျယ် လျော့ကျခဲ့ရသည်။ လက်လှမ်းမီမှုကို ကန့်သတ်ထိန်းချုပ်ရန်အတွက် ဗျူရိုကရေစီ လုပ်ထုံးလုပ်နည်း တသီတတန်းကို သုံးခဲ့ကြသည်။ ခွင့်ပြုချက်အဆင့် တချို့ ရရှိခဲ့သော အဖွဲ့အစည်းများမှာ ထိရောက်စွာ လုပ်ငန်းဆောင်ရွက်နိုင်ရန် ၎င်းတို့၏ လုပ်နိုင်စွမ်းများကို ကန့်သတ်ချက်များက သိသာထင်ရှားစွာ လျော့ချနေသည်ကို တွေ့ရှိခဲ့ရသည်။ လက်လှမ်းမီနိုင်မှုအပေါ် ကန့်သတ်ချက်များက လူသားချင်းစာနာမှုအဖွဲ့အစည်း အတော်များများအနေဖြင့် ရခိုင်ပြည်နယ်မှ ဝန်ထမ်းများအား ပြန်လည်ခေါ်ယူရန်အထိ ဖြစ်စေခဲ့သည်။ အချို့သော လူသားချင်းစာနာမှုအဖွဲ့အစည်းများမှာ အချို့အကူအညီများကို ပေးအပ်ခွင့် ပြန်ရခဲ့သော်လည်း လူသားချင်းစာနာမှု အကူအညီ လိုအပ်ချက် အကဲဖြတ်မှုများကို ပြုလုပ်ရန် မဖြစ်နိုင်ခဲ့သည့်အလျောက် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ကျန်ရှိနေသည့် ရိုဟင်ဂျာများနှင့် အခြားသော လူမှုအသိုက်အဝန်းများ၏ အမှန်တကယ် အခြေအနေများကို အပြည့်အဝ သိနားလည်နိုင်ခြင်း မရှိခဲ့ပေ။[2735]

၁၂၀၁။ ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ရွှေ့ပြောင်းခံခဲ့ရပြီးနောက် ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအကြား မောင်တောမြို့နယ် မြောက်ပိုင်း တောင်ပြိုလက်ယာ ဒေသနှင့် ဘေးချင်းကပ်လျက် "သုညမှတ်" သို့မဟုတ် "ပိုင်ရှင်မဲ့မြေ"ဟု ရည်ညွှန်းကြသော နေရာတွင် အခြေချခဲ့ကြရသည့် အနီးစပ်ဆုံး ခန့်မှန်းခြေ ၆,၅၀၀ခန့် ရှိသည့် ရိုဟင်ဂျာများအတွက် အခြေအနေများမှာ ဆိုးရွားစွာ ခက်ခဲဆင်းရဲ ခဲ့သည်။ ထိုနေရာဒေသမှာ မြန်မာနိုင်ငံ၏ နယ်စပ်စည်းရိုး အပြင်ဘက်တွင် ရှိနေသော်လည်း မြန်မာနိုင်ငံ၏ပိုင်နက် ဖြစ်သည်။ အချို့သော ရိုဟင်ဂျာများသည် ထိုနေရာတွင် အခြေချခဲ့ကြပြီး ယင်းက နေရပ်သို့ပြန်ရန် ပိုကောင်းသော အခွင့်အရေးကို ပေးနိုင်လိမ့်မည်ဟု မျှော်လင့်ကြ၍ ဖြစ်သည်ဟု ဆိုကြသည်။

၁၂၀၂။ ထိုအုပ်စုမှာ မြန်မာအာဏာပိုင်များ၏ ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုဖြစ်ရပ်များက ဘင်္ဂလားဒေ့ရှ်သို့ ထွက်သွားရန် တွန်းအားပေးမှုများကို ဆက်လက် ပြုလုပ်ခံနေရသည်။ အနီးစပ်ဆုံး ခန့်မှန်းခြေ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီခန့်က တပ်မတော်က အသံချဲ့စက်များ အသုံးပြုပြီး [2736]ရိုဟင်ဂျာများကို အပျက်သဘောဆောင်သည့် ရန့်ရင်းကြမ်းတမ်းသော သတင်းစကားများ ထုတ်လွှင့်ခဲ့သည်။ ထုတ်လွှင့်မှုတွင် ဖော်ပြပါကဲ့သို့ "နိုင်ငံမဲ့ ဘင်္ဂါလီတွေ ထွက်သွားကြ"; "မအေ ိုးတွေ ဒီနေရာက ထွက်သွားကြစမ်း"၊ "မင်းတို့ မအေ ိုးတွေ ဒါ မင်းတို့

[2734] LI-057.
[2735] LI-131.
[2736] CI-147, CI-148, LI-131, LI-132.

အမေတိုင်းပြည် မဟုတ်ဘူး၊ ဒီတိုင်းပြည်ကို မင်းတို့ ဘာအခွင့်အရေးမှ မရှိဘူး"[2737] ပြောဆိုချက်များ ပါဝင်ပါသည်။ ၂၀၁၈ခုနှစ် မတ်လတွင် မြန်မာစစ်သည်များသည် နယ်စပ်မှ ထိုနေရာတလျှောက် ၄င်းတို့၏ တပ်ချထားမှုကို ထပ်မံအားဖြည့်ခဲ့ကြပြီး မြန်မာဘက်ခြမ်းမှနေ၍ [2738]"သုညမှတ်"ရှိ ရိုဟင်ဂျာများဆီသို့ သေနတ်ဖြင့် ပစ်ခတ် ခဲ့ကြသည်။ မြန်မာလုံခြုံရေး တပ်ဖွဲ့များက " သုညမှတ် "[2739] အတွင်းရှိ ရိုဟင်ဂျာများဆီသို့ နယ်စပ်ကိုဖြတ်၍ ခဲလုံးများဖြင့် ပစ်ခတ်ရန် လောက်လေးဂွ များကိုလည်း အသုံးပြုခဲ့ကြပြီး မိန်းကလေးငယ် တစ်ဦး ထိခိုက် ဒဏ်ရာရခဲ့ကာ [2740]ဘင်္ဂလားဒေ့ရှ်တွင် ဆေးကုသမှု ခံယူရန် ခေါ်ဆောင်သွားခဲ့ရသည်။

၁၂၀၄။ အခြားသူများ နေရပ်ပြန်ရေး ဖြစ်နိုင်ရန်အတွက် ထိုနေရာမှ အခြေအနေများကို သိရှိနိုင်ရန် အနည်းငယ်မျှသော ရိုဟင်ဂျာများမှာ ဆန္ဒအလျောက် မြန်မာနိုင်ငံသို့ ပြန်သွားခဲ့ကြသည်ဆိုသည့် ယုံကြည်နိုင်သော သတင်းပို့ချက်များလည်း ရှိခဲ့သည်။ ၄င်းတို့မှာ ချုပ်နှောင်ဖမ်းဆီး ခံခဲ့ကြရပြီး [2741]တရားမဝင် နယ်စပ်ဖြတ်ကျော်မှုဖြင့် တရားစွဲ အပြစ်ပေး ခံခဲ့ကြရသည်။ သတင်းအချက်အလက်များက ဆန္ဒအလျောက် ပြန်သွားခဲ့ကြသည့် အမျိုးသား အချို့မှာ ဖမ်းဆီးခံရပြီး ချုပ်နှောင်ထားစဉ်အတွင်း နှိပ်စက်ခံခဲ့ကြရသည်ဟု ဖော်ပြနေသည်။ ၄င်းတို့သည် မျက်ကွယ်စီရင်ချက်ချ ခံခဲ့ကြရပြီး ထောင်ဒဏ်ချမှတ်ခံရကာ နောက်ပိုင်းတွင် လွတ်ငြိမ်းချမ်းသာခွင့် ရခဲ့ကြသည်ဟု ပြောကြသည်။ ၄င်းတို့ လွတ်မြောက်ခါနီးတွင် NVCs ကဒ်ကို လက်ခံရန် အတင်းအကျပ် ဖိအားပေးခံခဲ့ရပြီး လုံခြုံရေးချထားသော ချုပ်နှောင်ရေး စခန်းတွင်းသို့ ခေါ်ဆောင်သွားခံရကာ [2742]ထပ်မံ၍ ခြိမ်းခြောက် ခံခဲ့ကြရသည်ဟု ဆိုကြသည်။ အများအပြားမှာ လွတ်မြောက်ရန် ကြိုးပမ်းနိုင်ခဲ့ကြပြီး (သို့မဟုတ်) လွတ်မြောက်ရန်နှင့် ဘင်္ဂလားဒေ့ရှ်သို့ ပြန်သွားရန် ခွင့်ပြုချက် ရခဲ့ကြသည်။

*နယ်စပ်တွင် မြေမြှုပ်မိုင်းများ အသုံးပြုခြင်း*

၁၂၀၅။ မောင်တော မြို့နယ် မြောက်ပိုင်းရှိ နယ်စပ် ဖြတ်ကျော်ရေး ဂိတ်များ တလျှောက်တွင် တပ်မတော်က မြေမြှုပ်မိုင်းများ မြှုပ်နှံထားခဲ့သည်။[2743] စစ်သားများမှာ [2744]၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နောက်ပိုင်းကာလများတွင် နယ်စပ်ဧရိယာအတွင်း မိုင်းများ ချထားနေသည်ကို မျက်မြင် သက်သေများက မြင်တွေ့ခဲ့ကြသည်။ ဥပမာ ဘင်္ဂလားဒေ့ရှ်နှင့် မြန်မာအကြားရှိ "သုညမှတ်"၏ [2745] မြန်မာဘက်ခြမ်းတွင် မိုင်းများ မြှုပ်နှံ ထားခဲ့သည်။

၁၂၀၆။ ၂၀၁၇ ခုနှစ် စက်တင်ဘာလဆန်းပိုင်းတွင် ထိုဒေသအတွင်း ပေါက်ကွဲမှု အတော်များများ ရှိခဲ့ပြီး[2746] ကလေးငယ်များ အပါအဝင် ရိုဟင်ဂျာများကို ပြင်းထန်သော သေရာပါ ထိခိုက်ဒဏ်ရာ ရရှိမှုများနှင့် သေဆုံးမှုများ ဖြစ်စေခဲ့သည်။ အချို့သော ပေါက်ကွဲမှုများမှာ ထွက်ပြေး လာသော ရိုဟင်ဂျာများက [2747]ဘင်္ဂလားဒေ့သို့ မြေသား နယ်စပ်မှ ဖြတ်ကူး ကြစဉ် မြေမြှုပ်မိုင်းအပေါ်

[2737] CI-147, CI-148, LI-132

[2738] CI-147, CI-148, LI-131, LI-132

[2739] CI-147, CI-148

[2740] CI-147, V-190, V-189 ပြည်ထောင်စုသမတ မြန်မာနိုင်ငံ၊ နိုင်ငံတော်အတိုင်ပင်ခံ၏ ရုံး "ကော့ဇ်ဘဇားတွင်ရှိသာ စခန်းများမှ ပထမဆုံးသော သူများ ကြိုဆိုရေးစခန်းသို့ ရောက်ရှိလာ" (ဖေ့ဘုတ်ပို့စ် ၂၀၁၈ ခုနှစ် မေ လ ၂၇ ရက်နေ့) https://www.facebook.com/state.counsellor/photos/pcb.1285956094871937/1285955904871956

[2741] Ibid.

[2742] CI-147, CI-148, LI-132, QM-001, XM-005, V-087, V-176.

[2743] CI-147, CI-148, LI-132, QM-001, XM-005, V-087, V-176.

[2744] CI-147, CI-148, LI-132, QM-001, XM-005, V-087, V-176.

[2745] CI-009, CI-147, CI-148, LI-132, WI-001, WI-002

[2746] QM-001, WM-003, K-076.20, V-177, V-178, V-179

[2747] V-067, V-087

တက်နင်းမိ၍ ပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ အခြားသော ထိခိုက်ဒဏ်ရာ ရရှိမှုများနှင့် သေဆုံးမှုများမှာ ပိုင်ဆိုင်မှုများ ပြန်ယူရန် သို့မဟုတ် ကျန်နေခဲ့သော ဆွေမျိုးသားချင်းများကို ပြန်ခေါ်ရန် ဘင်္ဂလားဒေ့ရှ်မှ သို့မဟုတ် "သုညမှတ်"မှ ၎င်းတို့၏ ကျေးရွာများဆီသို့ ပြန်သွားကြစဉ် ဆက်လက် ဖြစ်ပေါ် ခဲ့ကြခြင်း ဖြစ်သည်။[2748]

၁၂၀၇။ ရိုဟင်ဂျာ မိသားစုတစ်စုတည်းမှ မိသားစုဝင် ၂ ဦးမှာ ထိုနယ်စပ်ဒေသတွင် မိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ကြရသည်။ ထိုမိသားစုသည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"မှ ထွက်ပြေးခဲ့ကြပြီး ကျန်မိသားစုကို စောင့်ရှောက်ရန် လူငယ်လေးတစ်ဦးကို နောက်ချန်ထားခဲ့ကြသည်။ နောက်ဆုံးတွင် ၎င်းမှာလည်း အကြမ်းဖက်မှုများမှ ထွက်ပြေးလာခဲ့ရသည်။ ၎င်းသည် မောင်တောမြို့နယ် မြောက်ပိုင်းရှိ ငါးရံ့ချောင်း ကျေးရွာအုပ်စု၌ နယ်စပ်ကို ဖြတ်ကျော်စဉ် မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိခဲ့ပြီး ပေါက်ကွဲမှုဖြစ်ကာ ဆိုးဝါးပြင်းထန်စွာ ဒဏ်ရာ ရခဲ့သည်။ ၎င်း၏ အကို ၂ဦးက ၎င်းကို ကူညီရန် (သို့မဟုတ်) အလောင်းကို ပြန်ယူရန် ဘင်္ဂလားဒေ့ရှ်ဘက်မှ လာခဲ့ကြသည်။ ၎င်းတို့ ရောက်ရှိချိန်တွင် ပေါက်ကွဲမှု ဖြစ်သည့်နေရာတွင် ထိုလူငယ်လေး၏ အဝတ်အထည် အကြွင်းအကျန် တစ်ခုကိုသာ တွေ့ရှိခဲ့ကြသည်။ ထိုသို့ ရှာဖွေနေစဉ် အချိန်အတွင်း အကို၂ ဦး အနက်မှ တစ်ဦးမှာ မြေမြှုပ်မိုင်း တစ်လုံးပေါ် နင်းမိခဲ့ပြီး ပြင်းထန်သော ဒဏ်ရာများရရှိခဲ့ကာ ခြေထောက်နှစ်ဖက်စလုံးနှင့် လက်တစ်ဖက် ပြတ်တောက်၍ မျက်လုံးတစ်ဖက် ကန်းသွားခဲ့သည်။[2749]

၁၂၀၈။ မစ်ရှင်အဖွဲ့က မြေမြှုပ်မိုင်းကြောင့် ဒဏ်ရာ ပြင်းထန်စွာရရှိကာ အခြားသော ဒဏ်ရာများနှင့်အတူ ဘယ်ဘက်ခြေဖဝါးနှင့် ညာဘက်မျက်လုံးအမြင် ဆုံးရှုံးခဲ့ရသော အခြား အမျိုးသားငယ်တစ်ဦးကိုလည်း တွေ့ဆုံခဲ့သည်။ ၎င်းသည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" နောက်ပိုင်း "သုညမှတ်"တွင် ခိုလှုံနေခဲ့သည်။ သို့သော် သူ၏ ကျွဲနွား တချို့ကို ပြန်ယူရန် မြန်မာနိုင်ငံဘက်သို့ ပြန်သွားခဲ့သည်။ [2750]မြန်ပြည်သို့ ပြန်သွားနေစဉ်တွင် ၎င်းသည် မိုင်းကို နင်းမိခဲ့သည်။ နောက်ထပ် ဖြစ်ပွားမှုတစ်ခုတွင် သက်လတ်ပိုင်း အမျိုးသမီးတစ်ဦးမှာ "သုညမှတ်"တွင် မြေမြှုပ်မိုင်းတစ်လုံးကို တက်နင်းမိခဲ့ပြီး [2751]သူမ၏ ခြေထောက် ၂ဖက်စလုံး ဆုံးရှုံးခဲ့ရသည်။ မြေမြှုပ်မိုင်းများကြောင့် ထိခိုက်သေကျေမှုတွင် အများစုမှာ ထွက်ပြေး လာသော ရိုဟင်ဂျာများ ပါဝင်သော်လည်း သတင်းမီဒီယာ ရေးသားမှုများက ဘင်္ဂလားဒေ့ရှ်လူမျိုး ၂ဦး အပါအဝင် အခြားသူများလည်း ထိခိုက်ခဲ့ဖွယ် ရှိသည်ဟု ဆိုကြသည်။[2752]

၁၂၀၉။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" စတင်သည်နှင့် တပ်မတော်သည် အာဆာအဖွဲ့၏ သတိထားမိလောက်အောင် ထင်ရှားသော ခုခံမှုကို ရင်မဆိုင်ခဲ့ရပေ။ သို့တည်းမဟုတ် ဘင်္ဂလားဒေ့ရှ်နယ်စပ်ကို ဖြတ်လျက် ခြိမ်းခြောက်မှု တစ်ခုခုမရှိခဲ့ပေ။ ထိုအချက်က ဖော်ပြနေသည်မှာ မြေမြှုပ်မိုင်းများ အသုံးပြုမှုသည် ထွက်ပြေးနေသော ရိုဟင်ဂျာ အရပ်သားများကို ပစ်မှတ်ထားရန်နှင့် ထွက်ခွာသွားခဲ့ပြီးသောသူများ ပြန်လည် ဝင်ရောက်လာခြင်းကို တားဆီးရန် ရည်ရွယ်ခဲ့ခြင်း ဖြစ်သည်။

---

[2748] CI-009, CI-147, CI-148, LI-132, WI-001, WI-002.

[2749] WI-001, WI-002, V-180.

[2750] CI-009.

[2751] CI-148, LI-132.

[2752] S. Bashu Das "ဘာဒါဗန်နယ်စပ်၌ မြေမြှုပ်မိုင်းကြောင့် သေဆုံးသူ ရိုဟင်ဂျာ ဒုက္ခသည်များထဲတွင် ဘင်္ဂလားဒေ့ရှ်လူမျိုးပါ" (*Dhaka Tribune,* ၂၀၁၇ စက်တင်ဘာ ၁၃ ရက်နေ့); Radio Free Asia: "ဘင်္ဂလားဒေ့ရှ်- မြေမြှုပ်မိုင်းကြောင့် မြန်မာပြည်သို့ဝင်ရန် ကြိုးစားသည့် ဗုဒ္ဓဘာသာဝင် တစ်ဦး သေဆုံး) (၂၀၁၈ ခုနှစ် မတ်လ ၁၅ ရက်နေ့)

၁၂၁၀။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၆ ရက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံက [2753]မြန်မာနိုင်ငံသို့ မြေမြှုပ်မိုင်းအသုံးပြုခြင်းနှင့် ပတ်သက်၍ တရားဝင်ကန့်ကွက်စာ ပေးပို့ခဲ့သည်ဟု ဆိုသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက်တွင် ဘင်္ဂလားဒေ့ရှ် ဝန်ကြီးချုပ် ရှိတ်ခ်ဟာစီနာက ကုလသမဂ္ဂ အထွေထွေ ညီလာခံသို့ တင်ပြခဲ့သည်မှာ

*"မြန်မာအာဏာပိုင်တွေက နယ်စပ်တလျှောက် သူတို့ဘက်ခြမ်းမှာ ရိုဟင်ဂျာတွေ မြန်မာပြည် ပြန်မလာအောင် တားဆီးဖို့ မြေမြှုပ်မိုင်းတွေ ချထားနေခဲ့တာ မြင်တွေ့ရပြီး ကျွန်မတို့တွေ ထိတ်လန့်တုန်လှုပ်ခဲ့ရတယ်။[2754]"*

၁၂၁၁။ ထိုအချိန်မတိုင်ခင် ၅ လ အလိုက ၂၀၁၇ ခုနှစ် ဧပြီလတွင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်တို့သည်[2755] နယ်စပ်ဒေသမှ မြေမြှုပ်မိုင်းများနှင့် လက်လုပ်ဖောက်ခွဲရေး ပစ္စည်းများကို ဖယ်ရှားရန် သဘောတူခဲ့ကြသည်။ ဩဂုတ်လအထိတွင် တပ်မတော်သည် နယ်စပ်တလျှောက် မြေမြှုပ်မိုင်းများ ချထားနေခဲ့ပြီး ၎င်းတို့ကို မဖယ်ရှားခဲ့ပေ။

၁၂၁၂။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နောက်ပိုင်း "သုညမှတ်" နေရာဒေသတွင် နေထိုင်ခဲ့ကြသော ပြောင်းရွှေ့ခံရသည့် ရိုဟင်ဂျာများသည် အချို့မြေမြှုပ်မိုင်းများကို[2756] ဝါးတုတ်တံ များဖြင့် တူးဖော်နိုင်ခဲ့ကြသည်။ ရိုဟင်ဂျာများ တူးဖော်ရရှိခဲ့ကြသော မိုင်းများ၏ ဓါတ်ပုံများကို နောက်ပိုင်းတွင် လေ့လာဆန်းစစ်ခဲ့ပြီး အနည်းဆုံး ၎င်းတို့အနက်မှ တချို့မှာ PMN-1 အမျိုးအစားများဖြစ်ပြီး ၎င်းမှာ မြန်မာနိုင်ငံက ထုတ်လုပ်မှု၊ ဝယ်ယူမှုနှင့်[2757] တပ်မတော်က အသုံးပြုမှုရှိသည်ဟု သိထားကြသော အမျိုးအစားဖြစ်သည်။ လေ့လာတွေ့ရှိခဲ့သော ထိခိုက်ဒဏ်ရာများ၏ ပြင်းထန်မှုမှာလည်း[2758] PMN-1 အမျိုးအစား မြေမြှုပ်မိုင်းများ အသုံးပြုမှုနှင့် ကိုက်ညီလျက်ရှိသည်။ တပ်မတော်က ထိုမိုင်းများကို မြုပ်နှံထားသည်မှာ[2759] လွန်ခဲ့သောအနှစ် ၂၀ ကျော်ကဖြစ်သည်ဟု ရှင်းလင်းထားကြောင်းသိရသည်။ မည်သို့ဆိုစေ ထိုရှင်းလင်းချက်မှာ တပ်မတော်က[2760] ရခိုင်ပြည်နယ်တွင်းမှ ၎င်း၏ စစ်တပ်စစ်ဆင်ရေးများတွင် လူသတ်မြေမြှုပ်မိုင်းများ အသုံးပြုခဲ့သည် ဆိုသောအချက်အလက်များနှင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း မြေမြှုပ်မိုင်းများ မြုပ်နှံခဲ့သည်ဆိုသော မူရင်း ထွက်ဆိုချက်များဖြင့် ချိန်ညှိနိုင်ရန် ခက်ခဲသည်။

၁၂၁၃။ ထို့အပြင် ပထမဦးဆုံး မိုင်းပေါက်ကွဲမှုမှာ ၂၀၁၇ခုနှစ် စက်တင်ဘာလ အစောပိုင်းတွင် ဖြစ်ပြီး "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အစပြုခဲ့ပြီးနောက် ၂ပတ်အတွင်း ဖြစ်ကာ မိုင်းများပေါက်ကွဲသည်ဟုဆိုသော [2761]မှတ်တမ်းတင်ထားသည့် ဖြတ်ကူးဝင်ရောက်သည့်

---

[2753] K.N. Dash, "ဘင်္ဂလားဒေ့ရှ်မှ နယ်စပ်တွင် မြန်မာဘက်မှ မြုပ်နှံထားသည်ဟု ယူဆရသော မြေမြှုပ်မိုင်းများနှင့် ပါတ်သက်၍ ကန့်ကွက်" (ရိုက်တာသတင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက်)

[2754] ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဝန်ကြီးချုပ် H.E. Ms. Sheikh Hasina ၏ ၇၂ ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ပြောကြားသော မိန့်ခွန်းကို ဤနေရာတွင် ရယူနိုင်ပါသည်။

[2755] V-183, V-201

[2756] CI-148, V-067, V-087

[2757] Landmine & Cluster Munition Monitor, Myanmar Burma: မိုင်းပိတ်ပင်တားဆီးမှု ပေါ်လစီ- ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်နေ့၊ အောက်ခြေမှတ်စု ၄၀နှင့် ၄၂ (မြန်မာနိုင်ငံမှ ဝယ်ယူ အသုံးပြုသော နိုင်ငံခြားလုပ် PMN အမျိုးအစားနှင့် ၎င်းနှင့် တူသော China Type-58 အမျိုးအစား မြေမြှုပ်မိုင်းများ၊ ထို့အတူ China Type-58 ကို အတုယူထားသော MM2 ကို ပြည်တွင်းတွင် ထုတ်လုပ်သုံးစွဲမှုများကို ညွှန်းပြထားသည်။)

[2758] V-067.

[2759] K.N. Das, "ဘင်္ဂလားဒေ့ရှ်မှ နယ်စပ်တွင် မြန်မာဘက်မှ မြုပ်နှံထားသည်ဟု ယူဆရသော မြေမြှုပ်မိုင်းများနှင့် ပါတ်သက်၍ ကန့်ကွက်" (ရိုက်တာသတင်း၊ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၆ ရက်)

[2760] V-067, V-184, V-185, V-186, V-187, V-188.

[2761] QM-001

နေရာများအပါအဝင် ရိုဟင်ဂျာများ အနည်းဆုံး ၄၀၀,၀၀၀ ခန့် ဘင်္ဂလားဒေ့ရှ်သို့ ဖြတ်ကျော်ဝင်ရောက်သွားခဲ့ပြီးချိန်မှ ဖြစ်သည်။ ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ရာ နေရာများမှာ ရိုဟင်ဂျာရွာသားများက ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"[2762] မတိုင်မီကတည်းက အသုံးပြုခဲ့ကြပြီး မည်သည့် ပေါက်ကွဲမှု (သို့မဟုတ်) ထိခိုက် ဒဏ်ရာရမှုမှ မကြားသိခဲ့ရပေ။

၁၂၁၄။ ဤအတိုင်းဆိုလျှင် မြေမြှုပ်မိုင်းများမှာ တပ်မတော်မှ နယ်စပ်ဒေသတွင်ရောရခိုင်ပြည်နယ်အတွင်း၌ပါ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေးသွားသော ရိုဟင်ဂျာများကို ထိခိုက်စေနိုင်ခြင်း (သို့မဟုတ်) သေစေနိုင်ခြင်း အကျိုးသက်ရောက်မှုများကို ကြိုတင် သိမြင်လျက် သို့မဟုတ် ထိုသို့ဖြစ်စေရန် ရည်ရွယ်၍ မြှုပ်နှံထားခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်နိုင်ရန် ခိုင်လုံသော အကျိုးအကြောင်းများ မစ်ရှင်အဖွဲ့တွင် ရရှိပြီးဖြစ်သည်။ ထို့အပြင် ရိုဟင်ဂျာဒုက္ခသည်များ မြန်မာနိုင်ငံသို့ ပြန်လာရန် ကြိုးစားအားထုတ်မှု မပြုလုပ်စေရန် တားဆီးရေးအတွက် တမင်ရည်ရွယ်ပြီး စီမံအကွက်ချထားသောဗျူဟာ၏ တစိတ်တဒေသအဖြစ် လူသတ်မိုင်းများကို နယ်စပ်ဒေသများတွင် ချထားခြင်းဖြစ်သည်ဟု ယူဆနိုင်ဖွယ် ရှိသည်။

*နယ်စပ်စည်းရိုးတည်ဆောက်ခြင်း*

၁၂၁၅။ ဘင်္ဂလားဒေ့ရှ် နယ်စပ်တလျှောက်တွင် သိသာထင်ရှားမှုရှိသည့် ပိုမိုကြံ့ခိုင်သော ခြံစည်းရိုးများ ဆောက်လုပ်ခြင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ရိုဟင်ဂျာများ ပြန်လာခြင်းကို တားဆီးရန် (သို့မဟုတ်) သိသာထင်ရှားစွာ ထိန်းချုပ်ကန့်သတ်ရန် တရားဝင်စီမံကိန်း၏ ညွှန်းပြချက်တစ်ခု ဖြစ်သည်။ အဆိုပါ နယ်စပ်ခြံစည်းရိုးများ ပိုမိုခိုင်မာအောင် ပြုလုပ်ခြင်းကို ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်က ထိုဆောက်လုပ်မှုများကို အများသိအတည်ပြုထုတ်ဖော်ပြောခဲ့သည့်[2763] ထိုအချိန် ၂၀၁၇ ခုနှစ် စက်တင်ဘာလ အစောပိုင်းတွင် အစပြုခဲ့သည်။[2764] ဒုက္ခသည်များ ပြန်လာမည့်အရပ်ကို မျက်နှာမူလျက် ချွန်ထားသော တုတ်ချောင်းများကို မြေပေါ်တွင် စိုက်ထားကြသည်။ ၂၀၁၈ ခုနှစ် မတ်လမှစ၍ ထိုခြံစည်းရိုးအသစ်များသည် နယ်စပ်တလျှောက်လုံးတွင်[2765] ကီလိုမီတာ ၆၀ အထိ ဆောက်လုပ်ပြီးစီးခဲ့ပြီဟု ဆိုကြသည်။ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလတွင် လွှတ်တော်က ထိုကိစ္စ အတွက် [2766]ဒေါ်လာ ၁၅သန်း ခွင့်ပြုခဲ့ပြီး နောက်ပိုင်းတွင် ဖြစ်သည်။ ခြံစည်းရိုးအသစ်သည် ပြည်ထဲရေးဝန်ကြီးဌာနမှ ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းဝန်ကြီးဌာနသည် တပ်မတော်၏ ထိန်းချုပ်မှုအောက်တွင် ရှိနေသည်။ နယ်စပ်ဒေသကိုလည်း ထပ်တိုးစစ်သည်များ၊ [2767]စစ်တပ်ကင်းစခန်းများဖြင့် ပို၍ အခိုင်အမာ ခံစစ်ပြင်ထားခဲ့သည်။

---

[2762] BI-004, QM-001.

[2763] Global New Light of Myanmar, "ဗိုလ်ချုပ်မှူးကြီး ရခိုင်မြောက်ပိုင်းမှ ဒေသခံများနှင့်တွေ့၊ ဂျပန်ကိုယ်စားလှယ်အဖွဲ့ကို နေပြည်တော်တွင်တွေ့ဆုံ" (၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့)

[2764] QM-001, XM-002, XM-006

[2765] V-189.

[2766] V-207; Global New Light of Myanmar, "ပြည်ထောင်စုလွှတ်တော်မှ အိမ်ရာနှင့် အောက်ခြေအဆောက်အအုံ ချေးငွေကိစ္စဆွေးနွေး" (၂၀၁၈ ခုနှစ် မေလ ၂၃ ရက်နေ့) အစည်းအဝေးမှတ်တမ်းအနှစ်ချုပ်၊ ၇ ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၉ ရက်မြောက်နေ့၊ ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုသမတမြန်မာနိုင်ငံ (တရားဝင်အစည်းအဝေးမှတ်တမ်း၊ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလာ ၂၂ ရက်နေ့) https://pyidaungsu.hluttaw.mm/uploads/pdf/okyLLx_9%20Day%20Meeting(22-2-2018).pdf

[2767] J. Emont, "ရိုဟင်ဂျာများ အပြန်ကို မြန်မာက ခြံစည်းရိုး၊ သံဆူးခွေ၊ မြေမြှုပ်မိုင်းများဖြစ် ပိတ်ဆို့ (Wall Street Journal ၂၀၁၈ ခုနှစ် မတ်လ ၂၀ ရက်နေ့).

## (ဃ) မြေပြင်အနေအထား ရှင်းလင်းရေးနှင့် ဆောက်လုပ်ရေး

၁၂၁၆။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာအစိုးရသည် စက်ယန္တရားကြီးများကို အသုံးပြု၍ မီးလောင်ထားသော အဆောက်အအုံများကို ဖယ်ရှားရှင်းလင်းရန်နှင့် ၄င်းနေရာများတွင် အခြေခံ အဆောက်အအုံအသစ်များ ဆောက်လုပ်ရန် အဓိကစီမံချက်ကြီး တစ်ခုကို စတင်ဆောင်ရွက် ခဲ့သည်။ အစိုးရက ထိုလုပ်ငန်းသည် [2768]ရိုဟင်ဂျာများ နေရပ်ပြန်ရေး အတွက် ပြင်ဆင်ဆောင်ရွက်မှု ဖြစ်သည်ဟု ဆိုခဲ့သည်။ ထိုလုပ်ငန်းစဉ်ဖြင့် ရိုဟင်ဂျာကျေးရွာ အများအပြားမှာ အဆောက်အအုံများ သစ်ပင်များနှင့် သီးနှံစိုက်ခင်းများ မရှိတော့ပဲ မမှတ်မိနိုင် လောက်အောင် ဖြစ်ခဲ့သည်။ အာဏာပိုင်များသည် လုံခြုံရေးအဆောက်အအုံများ ဆောက်လုပ်ခြင်း၊ အခြေခံအဆောက်အအုံစီမံကိန်းများ တိုးတက်ဖွံ့ဖြိုးအောင် ပြုလုပ်ခြင်းနှင့် အဓိကအားဖြင့် [2769]ရိုဟင်ဂျာ မဟုတ်သော လူမှုအသိုက်အဝန်းများအတွက် သီးသန့် ဖြစ်နိုင်သော "စံပြကျေးရွာ" အသစ်များ ဆောက်လုပ်ခြင်း တို့ကို ဆောင်ရွက် နေခဲ့ကြသည်။ ဘင်္ဂလားဒေ့ရှ် နိုင်ငံသား မိသားစုများအား မြေယာ၊ နိုင်ငံသားဖြစ်မှုနှင့် [2770]အခမဲ့ အစားအစာများ ရရှိမည်ဟူသည့် ကတိများဖြင့် ရခိုင်ပြည်နယ်သို့ လာရောက်နေထိုင်ကြရန် မြန်မာနိုင်ငံမှ ဖိတ်ခေါ်ခဲ့သည်ဟု ဆိုကြသည်။ ၂၀၁၈ ခုနှစ်တွင် မြန်မာနိုင်ငံမှ ထွက်ပြေး လာကြသည့် ရိုဟင်ဂျာများက ဘူဒိုဇာများနှင့် အခြား [2771]မြေယာရှင်းလင်းမှု စက်ကိရိယာများကို တွေ့မြင်ခဲ့ကြသည်။ မြန်မာနိုင်ငံမှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီ လလယ်ပိုင်းတွင် ထွက်ပြေးလာခဲ့သော ဘူးသီးတောင်မြို့နယ်တောင်ပိုင်းရှိ ကျေးရွာတစ်ခုမှ ရိုဟင်ဂျာအမျိုးသမီးတစ်ဦး၏ မစ်ရှင်အဖွဲ့သို့ ပြောကြားချက် အရ

*"မောင်တောမြို့နယ်ကို ဖြတ်လာခဲ့တဲ့အချိန်မှာ ကျမတို့ ဘာသစ်ပင် ဘာနေအိမ်တွေမှ မတွေ့ခဲ့ရဘူး။ အကုန်လုံး ဖယ်ရှားခံလိုက်ရပြီ။ ဘူဒိုဇာတွေပဲ ကျမတို့ တွေ့လိုက်ရတယ်။ အစိုးရက သူတို့ဖျက်ဆီးခဲ့တာတွေကို ဖျောက်ဖျက်ပစ်ဖို့ မြေယာတွေကို ရှင်းလင်းပစ်နေကြတယ်။[2772]"*

၁၂၁၇။ ရိုဟင်ဂျာများ၏မြေများကို သိမ်းယူမှုသည် ဥပဒေများအတိုင်း ကျင့်သုံးမှု ဟုဆိုကာ ပို၍ ခိုင်မာအမြစ်တွယ်စေခဲ့ပြီး ရိုဟင်ဂျာများသည်လည်း နောက်ထပ် ဆုံးရှုံးစေဦးမည် ဖြစ်သည်။ ၂၀၁၇ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးက မောင်တောဒေသ ပြန်လည် ဖွံ့ဖြိုးတိုးတက်ရေးကို သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲရေး[2773]ဥပဒေ (NDML) အရ အကောင်အထည်ဖော် ဆောင်ရွက်လိမ့်မည်ဟု ထုတ်ဖော် ပြောကြားခဲ့သည်။

---

[2768] V-191; လူ့အခွင့်အရေးကောင်စီ ၃၇ ကြိမ်မြောက်အစည်းအဝေး၌ မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေအပေါ် အပြန်အလှန်ဆွေးနွေးမှုပြုစဉ် မြန်မာသံအမတ်၏ တုန့်ပြန်ပြောဆိုမှုကို ကြည့်ပါ။ "ပြန်လည်ပို့ဆောင်ရေးအတွက် လိုအပ်မည့်အရာများကိုပြင်ဆင်ရာတွင် မြေကြီးကို ဘူဒိုဇာထိုးခြင်းမှာ ဖြစ်စဉ်၏ အစိပ်အပိုင်းသာဖြစ်ကြောင်း။" http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8555

[2769] ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) "မောင်တောတွင် ရွှေ့ပြောင်းနေထိုင်နေရသော ရွာသားများအတွက် အိမ် အလုံးရေ ၈၀၀ နီးပါးဆောက်လုပ်နေ၊" (သတင်းထုတ်ပြန်ချက်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့), http://rakhine.unionenterprise.org/latest-news-en/235-nearly-800-houses-under-construction-for-displaced-villagers-in-maungtaw

[2770] LM-016; Reuters, "မြန်မာမှ ဘင်္ဂလားဒေ့ရှ် ဗုဒ္ဓဘာသာဝင်များအား ရိုဟင်ဂျာမြေများကို လာယူရန် ဆွဲဆောင်ဓ (၂၀၁၈ ခုနှစ် ဧပြီလ ၂ ရက်နေ့) RFA, "ဘင်္ဂလားဒေ့ရှ် တောင်တန်းသားများအတွက် မြန်မာပြည်တွင် မြေ၊ နိုင်ငံသားဖြစ်မှုတို့က စောင့်ကြိုနေသည်ဟု ပြော" (၂၀၁၈ ခုနှစ် ဧပြီလ ၂၄ ရက်နေ့)

[2771] CI-101, CI-102, CI-103, CI-107, CI-151.

[2772] CI-102.

[2773] သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ (ပြည်ထောင်စု လွှတ်တော် ဥပဒေ အမှတ် ၂၁.၂၀၁၃)

*"အကြမ်းဖက်မှုလုပ်ရပ်တွေ ဖြစ်ပွားခဲ့တဲ့ နေရာတွေအတွက် ပြန်လည်ဖွံ့ဖြိုးရေး လုပ်ငန်းတွေ စီမံဆောင်ရွက်တဲ့အခါမှာ ဥပဒေအတိုင်း ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ အချို့နေရာတွေမှာ မီးလောင်ပြင် ဖြစ်နေကြပြီ။ ဥပဒေအတိုင်းဆိုရင် မီးလောင်ထားတဲ့ နေရာတွေဟာ အစိုးရစီမံခန့်ခွဲမှု နယ်မြေတွေ ဖြစ်သွားပြီ။ မီးလောင်ပြင်တွေကို စီမံအုပ်ချုပ်တဲ့ ဥပဒေကတော့ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေပဲ ဖြစ်ပါတယ်။[2774] "*

၁၂၁၈။ NDML၏အပိုဒ် ၂ က သဘာဝဘေးအန္တရာယ်ဆိုသည်ကို သဘာဝကြောင့် ဖြစ်စေ (သို့မဟုတ်) လူ-လုပ် မတော်တဆ ဖြစ်ရပ်များ (သို့မဟုတ်) မီးလောင်မှုကဲ့သို့ ပေါ်ဆမှု (သို့မဟုတ်) အကြမ်းဖက်မှုနှင့်[2775] လက်နက်ကိုင်သောင်းကျန်းမှုများကြောင့်ဖြစ်စေ "မြေယာပိုင်ဆိုင်မှုများ၊ အသက်မွေးဝမ်းကျောင်းမှု များနှင့် အခြေခံအဆောက်အအုံများ ပျက်စီးမှုအဖြစ်" အဓိပ္ပာယ်ဖွင့်ဆိုထားသည်။ အစိုးရက ဖွဲ့စည်းပေးထားသော သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ကော်မတီသည်[2776] "သဘာဝဘေးအန္တရာယ်များ အပြီး ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ" အတွက် စီမံကိန်းများ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများကို ဦးဆောင်ရန်အတွက် တာဝန်ယူပြီး အဆိုပါဥပဒေကို အကောင်အထည်ဖော်ရန် ဖြစ်သည်။ ထိုဥပဒေက အစိုးရ (သို့မဟုတ်) သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီကဲ့သို့ တာဝန်ရှိသောအစုအဖွဲ့အပေါ်[2777] "စိတ်စေတနာကောင်းဖြင့် လုပ်ဆောင်ခဲ့သော" သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုတွင် ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှုမှ ဟန့်တားပိတ်ပင်ထားသည်။

၁၂၁၉။ မစ်ရှင်အဖွဲ့၏အမြင်တွင် ထိုကိစ္စသည် ဥပဒေကို လက်ရှိအကြောင်းအရာထဲတွင် တလွဲ ကျင့်သုံးခြင်း ဖြစ်သည်။ တပ်မတော်သည် ရိုဟင်ဂျာကျေးရွာများနှင့် အိမ်ရာပိုင်ဆိုင်မှုများကို ရည်ရွယ်ချက်ရှိသော မီးရှို့မှုနှင့် ဖျက်ဆီးမှုများအတွက် တာဝန်ရှိသည်။ ထိုဥပဒေကို ဤအကြောင်းအရာတွင် ကိုးကားမှုသည် မြန်မာအစိုးရက ၎င်း၏ လုပ်ဆောင်ချက်များအတွက် တာဝန်ယူရန် ပျက်ကွက်မှုကို ပို၍သရုပ်ဖော်နေပြီး လုံခြုံ၍ ဆန္ဒအလျောက်ဖြစ်ပြီး ဂုဏ်သိက္ခာရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ နေရပ်ပြန်ရေးသည် မဖြစ်နိုင်ကြောင်း ကောက်ချက် ချရေးဆီသို့ ပို၍ ဦးတည်စေသည်။

*အဆောက်အဦးများ ဖြိုချခြင်းနှင့် အခြားသော မြေပြင်အနေအထား ရှင်းလင်းရေး ပုံစံများ*

**မောင်တောမြို့နယ်တောင်ပိုင်းရှိ ချိန်ခါလီနှင့် သောင်ပိုင်ညာ ကျေးရွာများ၏ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၂၀ရက်တွင် ရိုက်ကူးခဲ့သော ဓါတ်ပုံများက ဘူဒိုဇာထိုးခြင်းကြောင့် မြေပြင်အနေအထား အလွန်အမင်း သန့်စစ်ရှင်းလင်းသွားမှုကို ဖော်ပြနေသည်။**

[2774] ပြန်ကြားရေးဝန်ကြီးဌာန "မောင်တောဒေသ ပြန်လည်ဖွံ့ဖြိုးရေးကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ အတိုင်းဖြစ်။" (၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့) www.moi.gov.mm/moi:eng/?q=news/27/09/2017/id-11604

[2775] သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ အပိုဒ် ၂

[2776] သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ အပိုဒ် ၅

[2777] သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ အပိုဒ် ၃၅




၁၂၂၀။ မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင် မြို့နယ်များအတွင်း “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ” မတိုင်ခင်က ရိုဟင်ဂျာများ နေထိုင်ခဲ့ကြသော ကျေးရွာများတလျှောက် ရှင်းလင်းသန့်စင်ထားသော မြေပြင်အနေထား၏ ကြီးမားကျယ်ပြန့်သော ဧရိယာတစ်ခုကို ဖော်ပြလျက်ရှိသည့် ဂြိုဟ်တုဓါတ်ပုံနှင့် အခြားကောင်းကင်ဓါတ်ပုံများကို မစ်ရှင်အဖွဲ့က လေ့လာ ဆန်းစစ်ခဲ့သည်။ ထိုလေ့လာဆန်းစစ်မှုမှ တဆင့် မစ်ရှင် အဖွဲ့သည် မြို့နယ် ၃ ခု တလျှောက်ရှိ ကျေးရွာများ၊ အနည်းဆုံး ၇၈ ရွာ၏ ၂၀၁၈ခုနှစ် မတ်လအထိ ဖြိုချဖျက်ဆီးမှု သို့မဟုတ် အခြားသော မြေပြင်အနေအထား ရှင်းလင်းရေးပုံစံများ ပေါ်ပေါက်ခဲ့မှု လက္ခဏာများကို ဖော်ထုတ်ခဲ့ပြီး ဖြစ်သည်။ အဆိုပါ ကျေးရွာ ၇၈ ခုအနက်[2778] “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ” ကာလအတွင်း မီးလောင်မှုကြောင့် ရွာ ၅၀မှာ အလုံးစုံ ပျက်စီးခဲ့ပြီး ၂၈ ရွာမှာ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ခြင်း ဖြစ်သည်။

၁၂၂၁။ မြေပြင်အနေအထား ရှင်းလင်းရေးကို ၂၀၁၇ ခုနှစ် နိုဝင်ဘာ လမှစ၍ [2779]မောင်တောမြို့နှင့် မောင်တောမြို့နယ် အတွင်းရှိ ကျောက်ပန်းဒူ ကျေးရွာအုပ်စုမှ ဟိုခေဒေကုန်းနားနှင့် စေတီကျေးရွာတို့တွင် တွေ့မြင် နိုင်သည်။ ၎င်းသည် မောင်တောမြို့နယ် မြောက်ပိုင်း အဓိကအားဖြင့် လောင်းဒုံနှင့် ကြိမ်ချောင်း ကျေးရွာအုပ်စုများတဝိုက် ၂၀၁၇ခုနှစ် ကုန်ပိုင်းတွင် ဖြစ်ပွားခဲ့ပြီး ၂၀၁၈ ခုနှစ် ဇန်နဝါရီတွင် မောင်တောမြို့နယ်တောင်ပိုင်း ကမ်းရိုးတန်းတလျှောက်တွင် ပို၍အရှိန်မြှင့်မြှင့် ဖြစ်ပွားခဲ့သည်။ မြေပြင်အနေအထား ရှင်းလင်းမှု များမှာ ဤအစီရင်ခံစာအတွင်း အပြင်းထန်ဆုံးသောဖြစ်ပွားမှုများ အထူးဖော်ပြထားသည့်နေရာ ဒေသများ အပါအဝင် ရသေ့တောင်မြို့နယ်အတွင်းမှ ကျေးရွာ ၇ ရွာနှင့် ဘူးသီးတောင်မြို့နယ်မှ ၂ ရွာတို့တွင်လည်း ထိုကာလအတွင်း တွေ့မြင်နိုင်သည်။[2780] မြေပြင်အနေအထား ရှင်းလင်းရေး

[2778] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။
[2779] Ibid.
[2780] ဥပမာအားဖြင့် မောင်နု (ဘူးသီးတောင် မြို့နယ်) ချွတ်ပြင် နှင့် အထက်နန်းရာ (ရသေ့တောင် မြို့နယ်)

လုပ်ဆောင်ချက်များသည် မြို့နယ် ၃ ခုလုံးတလျှောက် [2781]၂၀၁၈ ခုနှစ် ဇန်နဝါရီမှ အနည်းဆုံး မတ်လအထိ ဆက်လက်ဆောင်ရွက်နေခဲ့သည်။

၁၂၂၂။ ထိုအရွယ်အစား ကြီးမားသည့် မြေပြင်အနေအထား ရှင်းလင်းမှုသည် အဓိကအားဖြင့် ယခင်က မီးလောင်ကျွမ်းခဲ့သော နေရာဒေသများတွင် ဖြစ်ပွားခဲ့သော်လည်း ယခင်မီးရှို့မှုများမှ လွတ်မြောက်ခဲ့သော အဆောက်အအုံများမှာလည်း ရှင်းလင်းခံခဲ့ရသည်။ ထိုပုံစံကို မောင်တောမြို့နယ် အတွင်းမှ ချိန်ခါလီ၊ ဝါးခြား၊ ဂေါ်ဒူသာရ (ရွာသစ်ကေ) ၊ (ဒူ) ချီယာတန်းနှင့် မြင်းလွှတ် ကျေးရွာများရှိ အခြေချနေထိုင်ရာများတွင် လေ့လာတွေ့ရှိခဲ့သည်။[2782]

၁၂၂၃။ မောင်တောမြို့နယ်မှ မြင်းလွှတ်နှင့် ဂေါ်ဒူသာရ ကျေးရွာအုပ်စု တို့၏ ဂြိုဟ်တုဓါတ်ပုံများ လေ့လာဆန်းစစ်မှုက ၂၀၁၇ ခုနှစ် စက်တင်ဘာလ မတိုင်ခင်အထိ မီးလောင်ထားသော အဆောက်အအုံများဖြင့် အနှံ့အပြား ပျက်စီးမှုများကို ဖော်ပြထားသည်။ နောက်ထပ် ဂြိုဟ်တု ဓါတ်ပုံ လေ့လာဆန်းစစ်မှုများက အချို့သော အဆောက်အအုံများ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ကျန်ရှိနေသေးသည်ကို ဖော်ပြခဲ့သည်။ သို့သော် မြေပြင်အနေအထား ရှင်းလင်းရေးက နေရာဒေသ ၂ ခုစလုံးမှ အဆောက်အအုံအားလုံးနှင့် စိုက်ခင်းများကို ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ မတိုင်မီတွင် ဖယ်ရှား ရှင်းလင်းခဲ့သည်။[2783]

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရိုက်ကူးခဲ့သော မြင်းလွှတ် ကျေးရွာ အုပ်စု၏ ဓါတ်ပုံက အနီရောင်လိုင်းအတွင်း မီးလောင်မှုမှ ပျက်စီးခဲ့သော အဆောက်အအုံများကို ပြသနေသည်။ ထိုပျက်စီးမှုသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ပထမအကြိမ် ထောက်လှမ်း ရရှိခဲ့ခြင်း ဖြစ်သည်။ မှန်ဘီလူးဖြင့် ချဲ့ထားသော နေရာများ အပါအဝင် အနီရောင်လိုင်း အပြင်ဘက်ရှိ အဆောက်အအုံများမှာ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်ထိ မထိမခိုက်ဘဲ ကျန်ရှိနေခဲ့သည်။**

[2781] ၂၀၁၈ ခုနှစ် မတ်လနောက်ပိုင်းတွင် ကြည်လင်သော ဂြိုလ်တုပုံရိပ်များ ရရှိနိုင်မှုမှာ ထူထင်သောမြူနှင့်တိမ်များ ပိုမိုများလာခြင်းကြောင့် နည်းပါးကျဆင်းခဲ့ရသည်။ မည်သို့င်ဆိုစေကာမူ ၂၀၁၈ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် စုဆောင်းရရှိခဲ့သော တိမ်အနည်းငယ် ထူထပ်နေသည့် ဂြိုလ်တုပုံရိပ်များကို မစ်ရှင်က သုံးသပ်ရာတွင် မောင်တောမြောက်ပိုင်း၌ သစ်ပင်များ၊ သီးနှံစိုက်ခင်းများနှင့် အိမ်များကို ထိခိုက်သော မြေလှန်မှု၏ အသစ်သော လက္ခဏာများကို တွေ့ရှိခဲ့ရသည်။ ပုံရိပ်များက ကျောင်းတိုးကျေးရွာများ (ဘောက်ရှူဖွက်/အောင်ဇံ ကျေးရွာအုပ်စု) နှင့် မိကျောင်းချောင်း (မင်္ဂလာဂီကျေးရွာအုပ်စု) အကြား အနောက်မြောက်မှ အရှေ့တောင်တကြော ၈ ကီလိုမီတာရှိသည့် ပျက်စီးနေသော ဒေသကို ဖော်ပြနေပါသည်။ ထိုဒေသသည် ၂၀၁၇ စက်တင်ဘာအစက အနည်းငယ်သာ ပျက်စီးခဲ့သောနေရာသာ ဖြစ်ပြီး ယခုအခါ လုံးဝဖျက်ဆီးခံထားရသည်။

[2782] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။ V-067.

[2783] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။ V-194, V-195.




၅ ပတ်အကြာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ရိုက်ကူးခဲ့သော မြင်းလွှတ်ကျေးရွာ၏ ဓါတ်ပုံက မှန်ဘီလူးဖြင့် ချဲ့ထားသော နေရာများ အပါအဝင် မီးလောင်ပြင်များနှင့် မထိမခိုက်ဘဲ ကျန်ရှိခဲ့သော အဆောက်အအုံများနှင့် စိုက်ခင်းများကို နယ်မြေဒေသ တလျှောက်လုံး မြေပြင်အနေအထား ရှင်းလင်းမှုက ဖယ်ရှား ရှင်းလင်းလိုက်သည်ကို ဖော်ပြနေသည်။ ကျေးရွာ၏ အမှတ်လက္ခဏာအားလုံးမှာ ဖျောက်ဖျက် ခံလိုက်ရပြီ ဖြစ်သည်။



၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရိုက်ကူးခဲ့သော ဂေါ်ဒူသာရ ကျေးရွာအုပ်စု၏ ဓါတ်ပုံက အနီရောင်လိုင်း အတွင်း မီးလောင်မှုကြောင့် ပျက်စီးမှုများကို ပြသနေခဲ့သည်။ ထိုဓါတ်ပုံသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်တွင် ထောက်လှမ်းရရှိ ခဲ့ခြင်း ဖြစ်သည်။ မှန်ဘီလူးဖြင့် ချဲ့ထားသောနေရာများ အပါအဝင် အနီရောင်လိုင်း အပြင်ဘက်ရှိ အဆောက်အအုံများမှာ မထိမခိုက်ဘဲ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်အထိ မထိမခိုက်ဘဲ ကျန်ရှိနေခဲ့သည်။




၅ ပတ်အကြာ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်တွင် ရိုက်ကူးခဲ့သော ဂေါ်ဒူသာရကျေးရွာ၏ ဓါတ်ပုံက မှန်ဘီလူးဖြင့် ချဲ့ထားသော နေရာများ အပါအဝင် မီးလောင်ပြင်များနှင့် မထိမခိုက်ဘဲ ကျန်ရှိခဲ့သော အဆောက်အအုံများနှင့် စိုက်ခင်းများကို နယ်မြေဒေသတလျှောက်လုံး မြေပြင်အနေအထား ရှင်းလင်းမှုက ဖယ်ရှား ရှင်းလင်းလိုက်သည်ကို ဖော်ပြနေသည်။ ကျေးရွာ၏အမှတ်လက္ခဏာ အားလုံးမှာ ဖျောက်ဖျက် ခံလိုက်ရပြီ ဖြစ်သည်။




*အသစ်ဆောက်လုပ်ခြင်း*

၁၂၂၄။ မြေပြင်အနေအထား ရှင်းလင်းမှု ပြီးလျှင်ပြီးခြင်း ဆောက်လုပ်ရေးများနှင့် အခြေခံအဆောက်အအုံ၊ အဆောက်အဦးအသစ်များတည်ဆောက်မှုဖြင့် အလျင်အမြန် နောက်ဆက်တွဲ အကောင်အထည်ဖေါ်လျက် ရှိသည်။ မစ်ရှင်အဖွဲ့က မောင်တောမြို့နယ် အတွင်းမှ အများစုဖြစ်သော ကျေးရွာပေါင်း ၃၆ ရွာ၏ ဂြိုဟ်တုဓါတ်ပုံများကို လေ့လာဆန်းစစ်ခဲ့သည်။ ကျေးရွာ ၂၃ ခုရှိ ဆောက်လုပ်ရေးလုပ်ငန်းများမှာ ပျက်စီးခဲ့သော (သို့မဟုတ်) တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သော ကျေးရွာများအနီးတွင် တည်ရှိပြီး အဓိကအားဖြင့် ပတ်ပတ်လည် လယ်ကွင်းများတွင် ဖြစ်သည်။ ကျေးရွာ ၁၃ ရွာတွင် အဆောက်အအုံအသစ်များသည် “နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ” ကာလအတွင်း မီးလောင်ခဲ့ပြီး နောက်ပိုင်းတွင်မှ ရှင်းလင်းခံခဲ့ရသော နေရာများတွင် ဆောက်လုပ်ထားကြသည်။ ဂြိုလ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက အဆောက်အအုံအသစ်အများစုသည် လုံခြုံရေးအဆောက်အအုံများ ဖြစ်ကြပြီး ပြန်လည်နေရာချထားရေးစခန်းများနှင့် အခြားသော အရပ်သားအခြေခံ အဆောက်အအုံများကိုလည်း အလားတူ ဖော်ပြသည်။

ကျေးရွာများနှင့် နေအိမ်အသစ်များ

၁၂၂၅။ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်တွင် [2784] ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး

[2784] ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) သည် အစိုးရနှင့်ပုဂ္ဂလိကဖက်စပ်လုပ်ငန်းဖြစ်ပြီး ရည်ရွယ်ချက် ၃ ရပ် ဖေါ်ပြထားသည်။ ရခိုင်ပြည်နယ်တွင် လူသားချင်းစာနာမှု အကူအညီများ ထောက်ပံ့ရန်၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ပြုစုပျိုးထောင်ရေးကို ဆောင်ရွက်ရန် နှင့် ဖွံ့ဖြိုးတိုးတက်မှုကို ဆောင်ကြဉ်းရန်တို့ ဖြစ်သည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဥက္ကဌဖြစ်ပြီး လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီးက ဒု-ဥက္ကဌ အဖြစ်တာဝန်ယူဆောင်ရွက်သည်။ http://rakhine.unionenterprise.org/

ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) က [2785]၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နောက်ပိုင်း ဖျက်ဆီးခံခဲ့ရသော မောင်တောမြို့နယ်အတွင်းမှ ခန့်မှန်းခြေ ကျေးရွာ ၂၆ ရွာတွင် နေအိမ် ၈၀၀ နီးပါး ဆောက်လုပ်မည့် စီမံချက် တစ်ခုကို ကြေညာခဲ့သည်။ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၁၁ရက်တွင် သမ္မတရုံးက [2786]"အကြမ်းဖက်မှု လုပ်ရပ်များ" ကြောင့် ရွှေ့ပြောင်းခံခဲ့ရသော "တိုင်းရင်းသား လူမျိုးများ၊ ဟိန္ဒူနှင့် မွတ်ဆလင်များကို လက်ခံခြင်းနှင့် ပြန်လည်နေရာချထားခြင်း" ပြုလုပ်ရန် ရည်ရွယ်ချက်တစ်ခုဖြင့် "နေရပ်ပြန်ရေးနှင့် အကဲဖြတ်မှု စခန်း ၃ ခု" အပါအဝင် အဆိုပါ ဆောက်လုပ်ရေး လုပ်ငန်းများ အစပြု ဆောင်ရွက်မှုကို ကြေညာခဲ့သည်။

၁၂၂၆။ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက ဆောက်လုပ်ရေးလုပ်ငန်းများသည် အဆိုပါ နေရာဒေသ ၂၆ ခု၏ အများစုတွင် ဆက်လက် လုပ်ဆောင်နေကြောင်း အတည်ပြုနေပြီး (ဘင်္ဂါလီများဟု ရည်ညွှန်းထားသော) ရွှေ့ပြောင်းခံရသည့် ရိုဟင်ဂျာများအတွက် စုစုပေါင်း၏ ၃ ရာခိုင်နှုန်းသာဖြစ်သော နေအိမ် ၂၂ လုံး ဆောက်လုပ်မှုကို မျှော်မှန်းထားသော စီမံချက်ကို မစ်ရှင်အဖွဲ့က သတိပြုမိသည်။ အဆိုပါ နေအိမ် ၂၂ လုံးမှာ [2787]"နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"အတွင်း မီးရှို့ခံရပြီး အားလုံးနီးပါး ပျက်စီးခဲ့ရသော ပန်းတောပြင် ကျေးရွာအုပ်စုရှိ ရွာသစ်ကျေးရွာတွင် ဆောက်လုပ်နေခြင်း ဖြစ်သည်။ စီမံကိန်းတွင် စာရင်းသွင်း ထားသော နေအိမ် ၈၀၀ ခန့် အနက်မှ ကျန်ရှိသည့် ၉၇ ရာခိုင်နှုန်းမှာ အခြား တိုင်းရင်းသား လူမှုအသိုက်အဝန်းများအတွက် နေရာချထားပေးမည် ဖြစ်သည်။

၁၂၂၇။ သာဓကအားဖြင့် အကြီးမားဆုံးနှင့် စံတင်လောက်သော [2788]အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုတစ်ခု၏ တည်နေရာဖြစ်သည့် မင်းကြီးရွာတွင် ရခိုင်တိုင်းရင်းသားများအတွက် နေအိမ် ၇၃ လုံး ဆောက်လုပ်ရန်ကို ၎င်းမူလစီမံကိန်းတွင် မြင်တွေ့ခဲ့ရသည်။ ၂၀၁၈ ခုနှစ် မေလ ၁၄ ရက်တွင် အာဏာပိုင်များက မင်းကြီးရွာရှိ အဆိုပါ ဆောက်လုပ်ရေးလုပ်ငန်းတွင် "ရခိုင်ပြည်နယ်အတွင်း ရွှေ့ပြောင်းခံရသော တိုင်းရင်းသား များအတွက်"[2789] နေအိမ်၈၀လုံး၊ စာသင်ကျောင်း ၁ ကျောင်းနှင့် ဘုန်းကြီးကျောင်း တစ်ကျောင်းတို့ ပါဝင်မည်ဟု ကြေညာထားသည်။ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံ၏ တိုင်းရင်းသားလူမျိုးများ အဖြစ် ထည့်သွင်း စဉ်းစားခြင်း မခံရတော့ပေ။ ထို့ကြောင့် အရေးပါသော အလားအလာရှိသည့် အကျိုးကျေးဇူး ခံစားရမည့် သူများလည်း မဟုတ်ကြပေ။

၁၂၂၈။ ၂၀၁၈ခုနှစ် ဇူလိုင်လ ၂၆ရက် မတိုင်မီ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက မင်းကြီးရွာတွင် မြေပြင်အနေအထား ရှင်းလင်းရေး သို့မဟုတ် ပြန်လည်ဆောက်လုပ်ရေး လုပ်ငန်းများ၏ အမှတ်လက္ခဏာများအား မတွေ့မြင်ခဲ့ရပေ။ သို့သော် "စံပြကျေးရွာ" အသစ်

---

[2785] ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) "မောင်တောတွင် ရွှေ့ပြောင်းနေထိုင်နေရသော ရွာသားများအတွက် အိမ် အလုံးရေ ၈၀၀ နီးပါးဆောက်လုပ်နေ" (သတင်းထုတ်ပြန်ချက်၊ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၆ ရက်နေ့), http://rakhine.unionenterprise.org/latest-news-en/235-nearly-800-houses-under-construction-for-displaced-villagers-in-maungtaw

[2786] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်- သမတရုံး "ရခိုင်ပြည်နယ်တွင် ရွှေ့ပြောင်းခံရသူများ လက်ခံနိုင်ရေးအတွက် UEHRD မှ ပြင်ဆင်ရေးများကို ဦးဆောင်နေ" (၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၁ ရက်နေ့) http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8308

[2787] UNITAR-UNOSAT ၏ ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုက ရွာ၏ မြောက်ပိုင်းရှိ ဖျက်ဆီးခံခဲ့ရသော ရိုဟင်ဂျာအိမ် ၁၀၀ ကျော်၏ အကြွင်းအကျန်များအား ရှင်းလင်းထားသောမြေပေါ်တွင် အဆောက်အဦး ဖြစ်နိုင်သော ၂၂ အိမ် ဆောက်လုပ်နေမှုကို မစ်ရှင်အား အတည်ပြုပေးခဲ့သည်။

[2788] ဤအခန်း အပိုင်း D.1.a: အဆိုးဝါးဆုံး အဖြစ်အပျက်များ တွင် ကြည့်ပါ။

[2789] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်-သမတရုံး "တိုင်းရင်းသားလူမျိုးများအတွက် ရခိုင်ပြည်နယ်တွင် အိမ် အလုံး ၈၀ ကျော် ဆောက်လုပ်ပြီးစီး" (၂၀၁၈ ခုနှစ် မေလ ၁၃ ရက်နေ့) http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8761

တည်ဆောက်မှုကို မင်းကြီးကျေးရွာအုပ်စုတောင်ပိုင်း ဒုံးပိတ်ကျေးရွာအုပ်စုမှ ကြက်ကြိမ်ကျေးရွာ အနီးတွင် တွေ့မြင်နေရသည်။ ထိုကိစ္စမှာ သတင်းမီဒီယာများတွင် "ပြောင်းရွှေ့နေရာ ချထားခဲ့သော" မင်းကြီးကျေးရွာ "အသစ်"ကို [2790]မောင်တော-တောင်ပြို လမ်းမ (နဘေးတွင်) တည်ဆောက်မည်ဖြစ်ကြောင်း ထပ်၍ ရေးသားဖော်ပြခဲ့ကြသည်။ ၂၀၁၈ ခုနှစ် ဖွန်လ မတိုင်ခင်တွင် ခန့်မှန်းခြေ ၇၂ ခုခန့်ရှိသော အဆောက်အအုံအသစ်များကို (၅၀ ခုပြီးစီးနေပြီး ကျန်အဆောက်အအုံများအတွက် အုတ်မြစ်များနှင့်)[2791] ထိုနေရာတွင် မြင်တွေ့နိုင်ခဲ့သည်။

၁၂၂၉။ ယခင်က ရိုဟင်ဂျာကျေးရွာများ၏ နေရာများအနီး "ကျေးရွာသစ်များ" ဆောက်လုပ်ခြင်းသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၏ လူမှုပထဝီ မြင်ကွင်းကို ပြောင်းလဲပစ်ရန် ကြိုးပမ်းအားထုတ်မှုတစ်ခု ဖြစ်လာရန် ယူဆရသည်။ ရခိုင်ပြည်နယ် အတွင်းရေးမှူးနှင့် စစ်တပ်က ထိန်းချုပ်သော အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အကြီးတန်းအရာရှိ တင်မောင်ဆွေက လယ်ယာစိုက်ပျိုးရေးနှင့် သစ်တောလုပ်ငန်းတို့ကဲ့သို့ ရည်ရွယ်ချက်များဖြင့် အခြေချနေထိုင်သူများအတွက် ဆောက်လုပ် နေသော ကျေးရွာ အသစ်များဖြင့် ရိုဟင်ဂျာကျေးရွာများ ယခင်က ပိုင်ဆိုင်ခဲ့သည့် မြေများတွင် နယ်မြေ-ပြန်လည်သတ်မှတ်မှု သို့မဟုတ် အမျိုးအစား ပြန်လည် ခွဲခြားသတ်မှတ်မှုများအား ပြည်ထဲရေးဝန်ကြီးဌာနမှ ဦးဆောင်သော အစိုးရဦးစီးဌာနများမှ ပြုလုပ်ခဲ့သည်ဟု တရားဝင် ထုတ်ဖော် ပြောဆိုခဲ့သည်။ ၎င်းက နေရပ်ပြန်လာမည့် ဒုက္ခသည်များသည် ၎င်းတို့၏ မူလ [2792]ကျေးရွာများသို့ ပြန်လည် သွားရောက်ရန် အခွင့်ရှိလိမ့်မည် မဟုတ်ဟုလည်း ဆိုခဲ့သည်။ ထိုအချက်သည် နေရပ်ပြန်ရန် အခြေခံမူများ၏ အခြေခံမူ အမှတ် ၂၈ "လုံခြုံမှုနှင့် ဂုဏ်သိက္ခာဖြင့် ၎င်းတို့၏ နေအိမ်များ သို့မဟုတ် အခြေချနေထိုင်ခဲ့ရာ နေရာများသို့" ဆိုသည်နှင့် ကိုက်ညီနိုင်မည် မဟုတ်ပေ။

၁၂၃၀။ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက နေရာဒေသ ၉ ခုရှိ "ကျေးရွာသစ်များ" ဖြစ်ဖွယ်ရှိသည့် အစီအစဉ်ကျနသော အမြဲတမ်း အဆောက်အအုံများ၏ ပမာဏကြီးမားသော ဆောက်လုပ်ရေး လုပ်ငန်းခွင်တစ်ခုကို သတ်မှတ် ဖော်ထုတ် ခဲ့သည်။

- ပဒါကာတောင် (နတ်ချောင်း/ ပဒါကာ ဒေဝါနာလီ ကျေးရွာ အုပ်စု) ၊ သစ်တုံးနား ခွဆုံ (သစ်တုံးနား ခွဆုံ ကျေးရွာ အုပ်စု) ၊ ဒူသန်ဒါ (သန်ဒါ ကျေးရွာ အုပ်စု) ၊ ပဒါကာ ရွာသစ် (ပဒါကာ ရွာသစ် ကျေးရွာ အုပ်စု)၊ ကြက်ကြိမ် ( ကြက်ကြိမ် ကျေးရွာ အုပ်စု)၊ အထက်ပြူးမ (အထက်ပြူးမ ကျေးရွာ အုပ်စု) နှင့် မောင်တောမြို့နယ်တွင် မောင်တောမြို့
- ဘူးသီးတောင် မြို့နယ်တွင် ယင်းမာဈေး (ငါးရံ့ချောင်း ကျေးရွာ အုပ်စု) နှင့်
- ရသေ့တောင် မြို့နယ်တွင် ကိုးတန်ကောက် ကျေးရွာ အုပ်စု

၁၂၃၁။ အောက်တွင် ဖော်ပြထားသောဓါတ်ပုံများမှာ မောင်တောမြို့နယ် မြောက်ပိုင်းမှ သစ်တုံးနား ခွဆုံ ကျေးရွာအုပ်စုရှိ "စံပြ" ကျေးရွာအသစ်များအနက်မှ တစ်ခု ဖြစ်သည်။ ထိုဓါတ်ပုံများက "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" မတိုင်ခင် အပျက်အစီးများ မရှိသည့် ၂၀၁၇ ခုနှစ် မေလ ၂၅ ရက်နေ့မှစ၍ ကျယ်ပြန့်သော မြေပြင်အနေအထား ရှင်းလင်းမှုများနှင့်အတူ အစီအစဉ်တကျ အဆင်အပြင်တခုတွင် သွပ်မိုးနေအိမ်များ၏ အသစ်ဆောက်လုပ်ခဲ့သည့် ၂၀၁၈ ခုနှစ် ဖေဖေါ်ဝါရီလ ၁၃ အထိ ထိုနယ်မြေ ဒေသ၏ ဆင့်ကဲ ဖြစ်ပေါ်မှုများကို ဖော်ပြနေသည်။

[2790] V-196.

[2791] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။

[2792] V-198; ပြန်ကြားရေးဝန်ကြီးဌာန "မောင်တောဒေသ ပြန်လည်ဖွံ့ဖြိုးရေးကို သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ အတိုင်းဖြစ်။" (၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၆ ရက်နေ့) www.moi.gov.mm/moi:eng/?q=news/27/09/2017/id-11604

သစ်တုံးနားခွဆုံ ကျေးရွာသည် အထက်တွင် ဖော်ပြခဲ့သော ရခိုင်ပြည်နယ် လူသားချင်း စာနာမှု ကူညီထောက်ပံ့ရေး၊ ပြန်လည်နေရာ ချထားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး ပြည်ထောင်စု လုပ်ငန်းအဖွဲ့ UEHRD ၏ နေအိမ်များ ပြန်လည်ဆောက်လုပ်ရေး စီမံကိန်း အတွင်းရှိ နေရာဒေသ ၂၆ ခု အနက်မှ တစ်ခုဖြစ်သည်။ ထိုစီမံကိန်းက သစ်တုံးနားခွဆုံ ကျေးရွာအုပ်စုမှ "သစ်တုံးနားခွဆုံ ကျေးရွာအနီး" နေအိမ် ၈၆ လုံး တည်ဆောက်မည့် မြို တိုင်းရင်းသားကျေးရွာ ၄ ရွာကို စာရင်း ထည့်သွင်း ထားသည်။[2793]

**၂၀၁၇ ခုနှစ် မေလ ရက်စွဲဖြင့် သစ်တုံးနားခွဆုံကျေးရွာ၌ အပျက်အစီး မရှိကြောင်း ပြသနေသည့် ဓါတ်ပုံ**




[2793] မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ သတင်းထုတ်ပြန်ရာတွင် ပြည်သူ ၅၅၉ ဦးအတွက် အိမ် ၈၆ လုံးဆောက်လုပ်ပေးမည့် မြိုတိုင်းရင်းသားလူမျိုးများအတွက် ရွာ ၄ ရွာ နာမည်စာရင်းကို ဖော်ပြခဲ့ပြီး ၎င်းတို့မှာ သစ်တုံးနားခွဆုံ ကျေးရွာအုပ်စုမှ "သစ်တုံးနားခွဆုံ ကျေးရွာအနီး" တွင်ဖြစ်သည်။ http://rakhine.unionenterprise.org/latest-news-en/235-nearly-800-houses-under-construction-fordisplaced-villagers-in-maungtaw; Global New Light of Myanmar, "New homes for residents in Maungtaw, Rakhine State" (24 February 2018).

၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်စွဲဖြင့် သစ်တုံးနားခွဆုံ ကျေးရွာ၏ မီးလောင်ပျက်စီးနေသော အဆောက်အအုံများအား ပြသနေသည့် ဓါတ်ပုံ




၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်စွဲဖြင့် သစ်တုံးနားခွဆုံ ကျေးရွာ၏ မီးလောင်ပျက်စီးနေသော မြေပေါ်တွင် မြေပြင်အနေအထား ရှင်လင်းရေးနှင့် အဆောက်အအုံ အသစ်များအား ပြသနေသည့် ဓါတ်ပုံ



**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်စွဲဖြင့် သစ်တုံးနားခွဆုံကျေးရွာ၏ နောက်ထပ် ကျယ်ပြန့်သော မြေပြင်အနေအထား ရှင်းလင်းရေးနှင့် ထပ်တိုးလာသော အဆောက်အအုံများအား ပြသနေသည့် ဓါတ်ပုံ**




၁၂၃၂။ အလားတူပင် ၂၀၁၇ ခုနှစ် မေလ ၂၅ ရက်နေ့မှ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့အတွင်း ပဒါကာရွာသစ် ကျေးရွာအုပ်စု၌ ဆင့်ကဲပြောင်းလဲလာသော ဖြစ်စဉ်ကို အောက်ပါ ဓါတ်ပုံ ၄ ပုံက ဖော်ပြနေပြီး ယခင်က ပျက်စီးခဲ့သောနေရာပေါ်တွင် သွပ်မိုးများပါသော စံနစ်တကျ သေသေချာချာရှိသည့် အိမ်များအား ထပ်ဆင့်ဆောက်လုပ်နေခြင်းကိုပါ ဖော်ပြနေပါသည်။ ပဒါကာရွာသစ် (ရိုဟင်ဂျာလို ဒီယာတိုလီ ဟုခေါ်သည့်) သည် မင်းကြီးဖြစ်ရပ်များ မဖြစ်မီ ရက်ပိုင်းက "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" အတွင်း မီးရှို့ခြင်းခံခဲ့ရသော နေရာဖြစ်သည်။ ရိုဟင်ဂျာများနှင့် မြို လူမှုအသိုင်းအဝိုင်းများအတွက် အိမ်နေရာဖြစ်ခဲ့ပါသည်။[2794] ၆၀၀ ထက်များသော အဆောက်အဦးများ မီးလောင်ပျက်စီးခဲ့ရသည်။[2795] အစိုးရ၏ ဆောက်လုပ်ရေး စီမံချက်က ပဒါကာရွာသစ်တွင် အိမ်အလုံး ၁၄၀ ဆောက်လုပ်ရန် မျှော်မှန်းထားသော်လည်း ရွှေ့ပြောင်းခံရသော မြို့တိုင်းရင်းသားလူမျိုးများအတွက်သာ ဖြစ်သည်။[2796]

**၂၀၁၇ ခုနှစ် မေလ ၂၅ ရက်စွဲဖြင့် ပဒါကာရွာသစ်၌ အပျက်အစီးများ မရှိကြောင်း ပြသသော ဓါတ်ပုံ**

[2794] ဤအခန်း၊ အပိုင်း D.1.a အဆိုးရွားဆုံးဖြစ်ရပ်များ ခေါင်းစဉ်အောက်တွင် ကြည့်နိုင်ပါသည်။
[2795] ဂြိုလ်တုပုံရိပ်များ ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက်ကို မစ်ရှင်အတွက် UNITAR-UNOSAT က ပြင်ဆင်ပေးသည်။
[2796] မြန်မာအစိုးရ၏ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုအကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး ဖွံ့ဖြိုးရေးစီမံကိန်း (UEHRD) မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၆ ရက်နေ့က သတင်းထုတ်ပြန်ရာတွင် ပြည်သူ ၇၆၃ ဦးအတွက် အိမ် ၁၃၂ လုံးဆောက်လုပ်ပေးမည့် မြို့တိုင်းရင်းသားလူမျိုးများအတွက် ရွာ ၅ ရွာ နာမည်စာရင်းကို ဖော်ပြခဲ့ပြီး ၎င်းတို့မှာ ပဒါကာရွာသစ် ကျေးရွာအုပ်စုမှ "ပဒါကာရွာသစ် ကျေးရွာအနီး" တွင်ဖြစ်သည်။ See: http://rakhine.unionenterprise.org/latest-news-en/235-nearly-800-houses-under-construction-fordisplaced-villagers-in-maungtaw




၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၆ ရက်စွဲဖြင့် ပဒါကာရွာသစ်၌ မီးလောင်ပျက်စီးနေသော အဆောက်အအုံများအား ပြသသော ဓါတ်ပုံ




၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၆ ရက်စွဲဖြင့် ပဒါကာရွာသစ်၌ ဆောက်လုပ်ရေးလုပ်ငန်း အသစ်များ လမ်းဖောက်လုပ်ရေးများ ပြသသော ဓါတ်ပုံ




**ဖေဖေါ်ဝါရီလ ၁၃ ရက်စွဲဖြင့် သစ်တုံးနားခွဆုံကျေးရွာ၌ ကျယ်ပြန့်သော အဆောက်အအုံ အသစ်များ ပြသနေသည့် ဓါတ်ပုံ**




*လုံခြုံရေးနှင့် ဆက်စပ်သော ဆောက်လုပ်ရေး*

၁၂၃၃။ အခြားနေရာများတွင် ဆောက်လုပ်ရေးလုပ်ငန်းအသစ်များ၌ လုံခြုံရေး (သို့မဟုတ်) စစ်ရေးရည်ရွယ်ချက်များ ရှိသည်ဟု ဂြိုဟ်တုဓါတ်ပုံများက ညွှန်ပြခဲ့သည်။ ဓါတ်ပုံများက လုံခြုံရေး

ကင်းစခန်း နှင့် စစ်တပ်အခြေစိုက်စခန်း အသစ်များ တိုးချဲ့မှု (သို့မဟုတ်) ယခင်က ရှိနှင့်ပြီးသော လုံခြုံရေး နှင့် စစ်တပ်ကင်းစခန်းများအား အင်အားဖြည့်တင်းမှုတို့အတွက် ဆောက်လုပ်ရေး လုပ်ငန်းများကို ဖော်ပြနေသည်။

၁၂၃၄။ မောင်နုကျေးရွာသည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂ ဂုက်မှ နောက်ရက်ပေါင်း များစွာ မီးလောင်နေခဲ့သည်။ အောက်တွင် ဖော်ပြထားသော ဓါတ်ပုံ ၄ ပုံက မောင်နုကျေးရွာ၏ ၂၀၁၇ ခုနှစ် မေလ ၂၅ ရက်မှ ၂၀၁၈ ခုနှစ် မတ်လ ၁၈ ရက်အတွင်း ဆင့်ကဲ ဖြစ်ပေါ်မှုများနှင့် လုံခြုံရေး သို့မဟုတ် စစ်ရေး နေရာထိုင်ခင်းအသစ်များ တည်ဆောက်မှုကို ဖော်ပြနေသည်။ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ မတ်လ ၁၈ ရက် အကြား နောက်ထပ် အဆောက်အအုံများ ဖျက်ဆီးမှုကို အတည်ပြုနေသည်။ ပွင့်လင်းအရင်းအမြစ် (open source) အစီရင်ခံစာတစ်ခုက ၂၀၁၈ ခုနှစ် မတ်လ ၅ ရက် ညနေခင်းတွင် နေအိမ် ၁၃ လုံးကို လုံခြုံရေး တပ်ဖွဲ့များက မီးရှို့ခဲ့သည်ကို ရည်ညွှန်းထားသည်။ အဆိုပါ အစီရင်ခံစာ ကပင် [2797]ဖောင်းတောပြင်ကျေးရွာတွင် ၂၀၁၇ခု နှစ် ဩဂုတ်လ ၂၅ ရက်က အာဆာအဖွဲ့၏ တိုက်ခိုက်မှုကို ခံခဲ့ရသော နယ်ခြားစောင့်တပ်ဖွဲ့ ကင်းစခန်းကို ပြန်လည်အစားထိုးရန် နယ်ခြားစောင့်တပ်ဖွဲ့ ကင်းစခန်း အသစ်တစ်ခု တည်ဆောက် ခဲ့သည်ဟု ဆိုခဲ့သည်။

**၂၀၁၇ ခုနှစ် မေလ ၂၆ ရက်စွဲဖြင့် မောင်နုရွာ၏ အပျက်အစီးများ မရှိကြောင်း ပြသနေသော ဓါတ်ပုံ**




**၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၅ ရက်စွဲဖြင့် မောင်နုရွာ၏ မီးလောင် ပျက်စီးနေသော အဆောက်အအုံများနှင့် မြေပြင် အနေအထား ရှင်းလင်းရေး မပြုလုပ်ခင် နေရာများ ပြသသောပုံ**

[2797] V-197. ဤအခန်း၊ အပိုင်း D.1.a တွင် မောင်နု၌ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ပြုလုပ်ပုံ အသေးစိပ်ကို အဆိုးရွားဆုံးဖြစ်ရပ်များ ခေါင်းစဉ်အောက်တွင် ကြည့်နိုင်ပါသည်။




၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်စွဲဖြင့် မောင်နုရွာ၏ မီးလောင်ပျက်စီးနေသော အဆောက်အအုံများနှင့် မြေပြင်အနေအထား ရှင်းလင်းရေး ပြုလုပ်ထားသော နေရာများ နောက်ထပ် ပျက်စီးခဲ့သော အဆောက်အအုံများနှင့် စစ်တပ် အဆောက်အအုံအသစ်များ ဆောက်လုပ်နေဆဲ လုပ်ငန်းခွင်တို့ကို ပြသသော ဓါတ်ပုံ



**၂၀၁၈ ခုနှစ် မတ်လ ၁၈ ရက်စွဲဖြင့် နောက်ထပ် မြေပြင်အနေအထား ရှင်းလင်းရေးနှင့် စစ်တပ် အဆောက်အအုံ အသစ်တစ်ခု ဆောက်လုပ်ရေးတို့ကြောင့် နောက်ထပ်တိုးလာသော မီးလောင် ပျက်စီးခဲ့သည့် အဆောက်အအုံ ၁၃ လုံး (အနီရောင် အကွက်များ အတွင်း) ကို ပြသသော ဓါတ်ပုံ**




၁၂၃၅။ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက မောင်တောမြို့နယ် ကန်ကျကျေးရွာတွင် ပတ်လည် ခြံစည်းရိုးဖြင့် ဝန်းရံထားသော အဆောက်အအုံအသစ်များ တည်ရှိနေမှုကို ဖော်ပြနေသည်။ မောင်တောမြို့နယ် တောင်ပိုင်းရှိ[2798] အင်းဒင်ကျေးရွာ၏ တောင်ပိုင်း၌ ရိုဟင်ဂျာအဆောက်အအုံများ မူလကတည်ရှိခဲ့သော နေရာများတွင်လည်း ကြီးမားသည့် အဆောက်အအုံအသစ်များကို ဆောက်လုပ်ထားသည်အား ဖော်ပြထားသော ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုတွင် အလားတူပုံစံကို လေ့လာတွေ့ရှိခဲ့သည်။ ယုံကြည်နိုင်သော အစီရင်ခံမှုများက နေရာဒေသ ၂ ခုစလုံးရှိ ဆောက်လုပ်ရေးများသည် [2799]နယ်ခြားစောင့် တပ်ဖွဲ့စခန်းအသစ်များအတွက် ဖြစ်သည်ဟု ဆိုသည်။

**၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်စွဲဖြင့် ကန်ကျကျေးရွာ၏ ကျယ်ပြန့်သော လုံခြုံရေး အဆောက်အအုံအသစ်များနှင့် ပတ်လည်ခြံစည်းရိုးတစ်ခု ဆောက်လုပ်ရေးကို ပြသသော ဓါတ်ပုံ**

[2798] အင်းဒင်ကျေးရွာသည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း အစုအပြုံလိုက် သတ်ဖြတ်မှုများ ဖြစ်ခဲ့သည်ဟု တပ်မတော်မှ ဝန်ခံခဲ့သော တခုတည်းသော နေရာဖြစ်သည်။ အင်းဒင်ရွာတွင် ဖြစ်ခဲ့သာ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ၏ အသေးစိပ် အချက်အလက်များကို ဤအခန်း အပိုင်း D.1.a: အဆိုးဝါးဆုံးဖြစ်သော အဖြစ်အပျက်များ နေရာတွင် ကြည့်ပါ။

[2799] LM-019, V-067, V-192




၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်စွဲဖြင့် အင်းဒင်ကျေးရွာ၏ ရိုဟင်ဂျာအဆောက်အအုံများ မူလက တည်ရှိခဲ့ပြီး အနောက်ဘက်တွင် မထိမတို့ပဲ နဂိုမူလအတိုင်း ကျန်နေခဲ့သော နတလ ကျေးရွာ (စေတီတစ်ခုဖြင့် ပြသနေသော) နေရာ၊ အဆောက်အအုံအသစ်များကို ပြသသော ဓါတ်ပုံ




၁၂၃၆။ မစ်ရှင်အဖွဲ့က ၂၀၁၈ ခုနှစ် ဇန်နဝါရီနှင့် ဖေဖော်ဝါရီ အကြားတွင် မြန်မာအာဏာပိုင်များက ဘူးသီးတောင်မြို့နယ် အလယ်သံကျော် ကျေးရွာအုပ်စုအတွင်း ရိုဟင်ဂျာများ၏ လယ်ယာမြေ ဧကေ ရာပေါင်းများစွာကို သိမ်းယူခဲ့ကြသည်ဆိုသည့် သတင်းပို့ချက်များ လက်ခံရရှိခဲ့သည်။

သတင်းပို့ချက်များအရ ထိုနယ်မြေသည် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ ကာလအတွင်း မထိမခိုက်ဘဲ ကျန်ရှိနေခဲ့ပြီး [2800]မြေယာသိမ်းယူသည့် အချိန်အထိ ရိုဟင်ဂျာများ အခြေချနေထိုင်ပြီး အသုံးပြုနေဆဲ ဖြစ်သည်ဟု ဆိုကြသည်။ နောက်ထပ် သတင်းပို့ချက်များက ရိုဟင်ဂျာများသည် နောက်ပိုင်း မြေပြင်အနေအထား ရှင်းလင်းရေးနှင့် [2801]၄င်းတို့မြေများတွင် ဆောက်လုပ်ရေး လုပ်ငန်းအသစ်များ၏ နောက်ဆက်တွဲများအဖြစ် ကျေးရွာများကို စွန့်ခွာသွားရန် အဓမ္မဖိအားပေး ခံခဲ့ကြရသည်ဟု ညွှန်ပြနေသည်။ ၂၀၁၈ ခုနှစ် မတ်လ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုက အလယ်ချောင် ကျေးရွာအုပ်စုမှ လက်သာကျေးရွာအနီး ဆောက်လုပ်ရေးလုပ်ငန်းအသစ်ကို ဖော်ပြနေသည်။ အောက်တွင်ဖော်ပြထားသော ဓါတ်ပုံက လမ်းမအသစ်များ၊ ကြီးမားသည့် အဆောက်အအုံများ၊ ပတ်လည်ခြံစည်းရိုး ခတ်ထားသော ဆောက်လုပ်ဆဲနေရာများ၊ လုံခြုံရေးတပ်ဖွဲ့ အခြေစိုက်စခန်း အသစ်တစ်ခု ထူထောင်နေမှု ဖြစ်နိုင်ဖွယ် ရှိသည်ဟု ညွှန်ပြနေသော အရာများကို ဖော်ပြနေသည်။

**၂၀၁၈ ခုနှစ် မေလ ၂၀ ရက်စွဲဖြင့် အလယ်သံကျော် ကျေးရွာအုပ်စု လက်သာကျေးရွာ၏ မြေပြင်အနေအထား ရှင်းလင်းရေးနှင့် မူလက ရိုဟင်ဂျာများ၏ လယ်မြေပေါ်တွင် ကျယ်ပြန့်သော စစ်တပ်အဆောက်အအုံ အသစ်တစ်ခု ဆောက်လုပ်ရေးကို ပြသသော ဓါတ်ပုံ**




၁၂၃၇။ မြို့နယ် ၃ ခု တလျှောက် ကြိုတင်-ရှိနှင့်နေပြီးသော လုံခြုံရေးဆိုင်ရာ နေရာထိုင်ခင်းများတွင်လည်း ဆောက်လုပ်ရေးလုပ်ငန်းကို လေ့လာတွေ့ရှိခဲ့သည်။ ပိုမိုကျယ်ပြန့်သော ပတ်လည်အတိုင်းအတာကို လွှမ်းခြုံလျက် ကာကွယ်ရေးဒုတိယစည်း၏ ခြံစည်းရိုးအသစ်များကို အင်းဒင်ကျေးရွာနှင့် ရသေ့တောင်မြို့နယ် စေတီပြင်ကျေးရွာတို့ရှိ လုံခြုံရေးအဆောက်အအုံများပတ်လည်တွင် ဆောက်လုပ်ထားခဲ့သည်။ အလားတူပုံစံကို မောင်တောမြို့နယ်မှ လုံခြုံရေး နှင့် ဘူးသီးတောင်မြို့နယ် တမန်းသာ ကျေးရွာအုပ်စုမှ တမန်းသား ပိုလ်မှူးကြီးကျေးရွာ တို့တွင် ကင်းစခန်းငယ် ၂ ခု၌ လေ့လာတွေ့ရှိခဲ့သည်။ စခန်းဝင်း၏ နေရာအကန့်အသတ်အတွင်း

[2800] V-199.
[2801] V-067, V-200

ခြံစည်းရိုးအသစ်များ (သို့မဟုတ်) ကတုတ်ကျင်းအသစ်များဖြစ်နိုင်ချေ ရှိသောပုံစံဖြင့် အင်အားဖြည့်တင်းမှု ဆောင်ရွက်ချက်များအား မောင်တောမြို့နယ် သပြေတော ကျေးရွာအုပ်စုမှ သပြေတော ကျေးရွာနှင့် ဘူးသီးတောင်မြို့နယ် ခြင်းသမား ကျေးရွာအုပ်စုမှ ပုလဲချောင်း ကျေးရွာ တို့တွင် တွေ့မြင်နိုင်သည်။

**၂၀၁၈ ခုနှစ် မတ်လ ၁၈ ရက်က ရိုက်ကူးခဲ့သော သပြေတော ကျေးရွာရှိ လုံခြုံရေး/စစ်ရေး အဆောက်အအုံတစ်ခု၏ ဓါတ်ပုံက စခန်းဝင်းအတွင်း ဖြစ်နိုင်ခြေရှိသော ကတုတ်ကျင်း အသစ်တစ်ခုကို ဖော်ပြနေသည်။**




**သပြေတောကျေးရွာမှ လုံခြုံရေး အဆောက်အအုံများ အနီးကပ် ဓါတ်ပုံများ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်တွင် ရိုက်ကူးခဲ့သော (ဝဲဘက်ပုံ) နှင့် ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက် (ယာဘက်ပုံ) တို့က ကတုတ်ကျင်းတစ်ခု ဖြစ်နိုင်ခြေရှိသော အင်အားဖြည့်တင်းမှုအသစ်များ တည်ရှိမှုကို ဖော်ပြနေသည်။**




**ကျောက်လှေကား ကျေးရွာမှ လုံခြုံရေး အဆောက်အအုံများ အနီးကပ် ဓါတ်ပုံများ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၉ ရက်တွင် ရိုက်ကူးခဲ့သော (ဝဲဘက်ပုံ) နှင့် ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက် (ယာဘက်ပုံ) တို့က စခန်းဝင်းအတွင်း တည်ဆောက်ထားသည့် ဖြစ်နိုင်ခြေရှိသော ကာကွယ်ရေးတံတိုင်း အသစ်တစ်ခုကို ဖော်ပြနေသည်။**




၁၂၃၈။ ထပ်မံ၍ ဘူးသီးတောင်မြို့နယ် လက်ဝဲ ဓါတ်ပြင်ရှည် ကျေးရွာအုပ်စုမှ စစ်တပ်အခြေစိုက်စခန်းတွင် ကြီးမားသော အဆောက်အအုံ အနည်းဆုံး ၆ ခုကို တည်ဆောက်ခဲ့ပြီး ဘူးသီးတောင်မြို့ အနောက်ဘက် ၁ကီလိုမီတာအထိ နောက်ထပ်တိုးချဲ့ထားမှုကို လုံခြုံရေး အဆောက်အအုံဝင်းအတွင်း မြင်တွေ့နိုင်သည်။ တိုးချဲ့ထားမှု အမှတ်လက္ခဏာများကို ဘူးသီးတောင် မြို့နယ် ယင်းမာဈေးကျေးရွာရှိ စစ်တပ်စခန်းငယ် တစ်ခုတွင်လည်း ထောက်လှမ်းတွေ့ရှိခဲ့သည်။

*အခြား အခြေခံအဆောက်အအုံများ ဆောက်လုပ်ရေး*

၁၂၃၉။ ယခင် ဖျက်ဆီးခံခဲ့ရသော နေရာဒေသများတွင် လမ်းမအသစ်များ ဆောက်လုပ်နေမှုကို ဖော်ပြနေသည့် ဓါတ်ပုံများကို မစ်ရှင်အဖွဲ့က လေ့လာဆန်းစစ်ခဲ့သည်။ မောင်တောမြို့နယ် ကျောက်ပန်းဒူကျေးရွာ၏ ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ဂြိုဟ်တုဓါတ်ပုံ လေ့လာဆန်းစစ်မှုနှင့်

ကောင်းကင်ဓါတ်ပုံများက မြေပြင်အနေအထား ရှင်းလင်းရေး နောက်ပိုင်းတွင် လမ်းမအသစ် တစ်ခုအား ဟိုကေဒေးကုန်းနားနှင့် ဇေတီတို့ရှိ မီးလောင်ထားသော ကျေးရွာများနှင့် ယခင်က ရှိဟင်ဂျာနေအိမ်များ၊ ခြံဝန်းများ တည်ရှိခဲ့သောမြေများကို ဖြတ်သန်းလျက် ဖောက်လုပ်ထားသည်ကို ညွှန်ပြလျက်ရှိသည်။[2802]

**၂၀၁၈ခုနှစ် ဖေဖေါ်ဝါရီလနှင့် မတ်လ တို့တွင် ရိုက်ကူးခဲ့သော ရခိုင်ပြည်နယ် မြောက်ပိုင်းမှ လမ်းအသစ်များ ဖောက်လုပ်နေမှုကို ပြသနေသောဓါတ်ပုံ**




[2802] မြေပြင်အနေအထား ရှင်းလင်းမှု၏ ပထမဆုံးအချက်ပြမှုကို ကျောက်ပန်းဒူ နေရာတွင် အစောဆုံး ၂၀၁၇ ခုနှစ် နိုဝင်ဘာလက စတင်တွေ့မြင်ခဲ့ရသည်။ ကျောက်ပန်းဒူရွာတွင် ဖြစ်ခဲ့သော "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" ၏ အသေးစိပ် အချက်အလက်များကို ဤအခန်း အပိုင်း D.1.a: အဆိုးဝါးဆုံးဖြစ်သော အဖြစ်အပျက်များ နေရာတွင် ကြည့်ပါ။



၁၂၄၀။ အဆိုပါလမ်းမများသည် မြို့နယ် ၃ ခု တလျှောက်ရှိ အနည်းဆုံး ကျေးရွာ ၈ ရွာ၏ နယ်မြေများကို ကျော်ဖြတ်၍ ဖောက်လုပ်ထားခြင်း ဖြစ်သည်။ (မောင်တောမြို့နယ်တွင် ၅ ရွာနှင့် ရသေ့တောင်မြို့နယ်တွင် ၂ ရွာနှင့် ဘူးသီးတောင်မြို့နယ်တွင် ၁ရွာ) လမ်းမကြီး ၂ ခုမှာလည်း မေယုတောင်တန်းကို ဖြတ်သန်းလျက် တစ်လမ်းမှာ ဘူးသီးတောင်မြို့နယ် ဂုပ္ပိမြို့နှင့် မောင်တော မြို့နယ် ကြိမ်ချောင်းကျေးရွာကို ဆက်သွယ်ထားသည်။ ထိုနေရာမှာ ကျယ်ပြန့်သော မြေဧရိယာ တစ်ခုကို ရှင်းလင်းထားခဲ့ပြီး ဆောက်လုပ်ရေးလုပ်ငန်း အသစ်အတွက် ပြင်ဆင်ခဲ့မှုဟု ယူဆရသည်။ ဒုတိယလမ်းမှာ ရသေ့တောင်မြို့နယ်မှ အထက်နန်းရာကျေးရွာနှင့် မောင်တော မြို့နယ်မှ ဟိုကေဒေးကုန်းနားကျေးရွာတို့ကို ဆက်သွယ်ထားသည်။ နေအိမ်အသစ်များ ဆောက်လုပ်မှုနှင့် မြေပြင်အနေအထား ရှင်းလင်းမှုတို့ကိုလည်း ထိုဒုတိယနေရာဒေသတွင် တွေ့မြင်နိုင်သည်။ အချို့ ဖြစ်ရပ်များတွင် အဆိုပါ လမ်းမအသစ်များသည် ရသေ့တောင်မြို့နယ် အထက်နန်းရာကျေးရွာနှင့် မောင်တောမြို့နယ် စေတီကျေးရွာ တို့ကဲ့သို့ ယခင်က ဖျက်ဆီးခံခဲ့ရသော ကျေးရွာများကို ဖြတ်သန်းလျက် ဖောက်လုပ်ထားသည်။

၁၂၄၁။ ရသေ့တောင်မြို့နယ်နှင့် ဘူးသီးတောင်မြို့နယ် တောင်ပိုင်းတို့အကြား နယ်မြေအတွင်းရှိ အခြားသော အခြေခံအဆောက်အအုံ အသစ်များမှာ ဆက်သွယ်ရေး အင်တင်နာအသစ်များနှင့် လျှပ်စစ် (သို့မဟုတ်) ဓါတ်ငွေ့လိုင်းအသစ်များ ပါဝင်သည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းမှ အကြမ်းဖက်မှုများ စတင်ခဲ့ချိန် နောက်ပိုင်းတွင် ရဟတ်ယာဉ်ကွင်းအသစ်များလည်း ဆောက်လုပ်ခဲ့သည်ကို လေ့လာတွေ့ရှိခဲ့ပြီး မောင်တောမြို့နယ်အတွင်း နေရာ ၈ ခုနှင့် ဘူးသီးတောင်မြို့နယ် အတွင်း နေရာ ၂ ခုတို့တွင် ဖြစ်သည်။

*သက်သေအထောက်အထားများ ဖျက်ဆီးမှု*

၁၂၄၂။ ရခိုင်ပြည်နယ်မြောက်ပိုင်း အနှံ့အပြား အစုလိုက်အပြုံလိုက် ဖြိုချဖျက်ဆီးမှုနှင့် မြေပြင် အနေအထား ရှင်းလင်းမှုသည် အလားအလာရှိသော သက်သေအထောက်အထားများ ဖျက်ဆီးမှု

နှင့် [2803]နိုင်ငံတကာဥပဒေအရ အလေးနက်ဆုံးသော ရာဇဝတ်မှုများ အပါအဝင် ရာဇဝတ်မှုများအား အနာဂတ်တွင် စုံစမ်းစစ်ဆေးမှုများအပေါ် ၎င်း၏အကျိုးသက်ရောက်မှုများ အတွက် လေးနက်သော စိုးရိမ်ပူပန်မှုများကို မြင့်တက်စေခဲ့သည်။ မင်းကြီး၊ မြင်းလွှတ်၊ ကျောက်ပန်းဒူးနှင့် အင်းဒင်တို့ အပါအဝင် အဆိုပါ ကျေးရွာအများအပြားမှာ ပြင်းထန်သော ရာဇဝတ်မှုများ၏ တည်နေရာများ ဖြစ်ခဲ့သည်။

၁၂၄၃။ နေရာဒေသ သတင်းအချက်အလက်များ ကြိုတင်စုဆောင်းမှုနှင့် စုံစမ်းမှုများ မရှိလိုက်ရဘဲ ထိုပမာဏအတိုင်းအတာဖြင့် မြေပြင်အနေအထား ရှင်းလင်းမှုသည် မှုခင်းဖြစ်ပွားရာ မြင်ကွင်းတည်နေရာကို ပြရန်နှင့် မြှုပ်နှံထားသော နေရာများ၊ မှုခင်းဆေးပညာဆိုင်ရာ လေ့လာဆန်းစစ်မှုအတွက် သက်သေအထောက်အထားများ စုဆောင်းရန်၊ စုံစမ်းစစ်ဆေးသူများအတွက် မည်သည်တို့ ဖြစ်ပျက်ခဲ့သည်ကို တစ်စစီစုစည်းရန် မလွဲမသွေပင် ပိုမိုခက်ခဲစေမည် ဖြစ်သည်။ သက်သေအထောက်အထားများကို ဖျက်ဆီးမှုသည် ရိုဟင်ဂျာများအတွက် ဥပဒေကြောင်းအရ တရားစွဲဆိုတောင်းဆိုမှုများ ပြုလုပ်ရန် ပိုမိုခက်ခဲစေသည်။ ထို့ပြင် ရိုဟင်ဂျာများမှာ ဖျက်ဆီးခံခဲ့ရသော နေအိမ်များနှင့် သိမ်းယူခံခဲ့ရသော မြေယာများအတွက် တိုင်ပင်ခံခဲ့ရခြင်း၊ နစ်နာကြေး ကမ်းလှမ်းခဲ့ခြင်း မရှိခဲ့သလို၊ ၎င်းတို့အနေဖြင့် ၎င်းတို့နေအိမ်များနှင့် အသက်မွေးဝမ်းကျောင်းမှု များကို ပြန်လည်တည်ဆောက်ရန် အရိပ်အခြေပြမှု တစုံတရာမှ မရှိခဲ့ပေ။

၁၂၄၄။ ထိုကိစ္စသည် တရားစီရင်မှုကို နှောင့်ယှက်ဟန့်တားရန် တညီတညွတ်တည်း နှင့် တမင်ရည်ရွယ်လျက် ကြိုးပမ်းအားထုတ်မှုသည့် သဘောသက်ရောက်စေသည်။ ၎င်းသည် [2804]ရာဇဝတ်မှုများအတွက် အဆိုပါတာဝန်ရှိသူများကို တရားစွဲဆိုခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်းများ သေချာစေရန် ရည်ရွယ်ချက်ဖြင့် ချက်ချင်းလက်ငင်း ထိရောက်မှုရှိပြီး မကြွင်းမကျန်၊ အမှီအခိုကင်းလွတ်လပ်၍ ဘက်လိုက်မှု မရှိသော စုံစမ်းစစ်ဆေးမှုများကို တာဝန်ယူ ပြုလုပ်ဆောင်ရွက်ရန် အတွက် နိုင်ငံတော်မှ လိုက်နာရန် တာဝန်ရှိမှုကို ချိုးဖောက်ရာရောက်သည်။ ကျေးရွာများကို ဘူဒိုဇာထိုးခဲ့ခြင်းနှင့် ရှင်းလင်းဖယ်ရှားခြင်းများ ပြုလုပ်ခံခဲ့ရစဉ်ကတည်းက ထိုအချက်မှာ ပထမဆုံး သိသာပေါ်လွင်ခဲ့ပြီး စိုးရိမ်ပူပန်မှုများ မြင့်တက်လာခဲ့သည်။ ၂၀၁၈ခုနှစ် ဖေဖော်ဝါရီလ ၁၃ရက်တွင် မြန်မာနိုင်ငံမှ အခြေအနေများအပေါ် ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အစည်းအဝေး တစ်ခု၌ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကိုယ်စားလှယ်များက “ကျေးရွာများကို ဘူဒိုဇာထိုးခြင်းနှင့် ဖယ်ရှားရှင်းလင်းခြင်း အစီရင်ခံစာများ”ကို ကိုးကားပြီး အလေးထား စိုးရိမ်ပူပန်မှုတစ်ခုကို တင်ပြခဲ့ပြီး ထိုကိစ္စသည် “ပိုင်ဆိုင်မှု အခွင့်အရေးများကို အသိမှတ်ပြုရမည့် အင်္ဂါရပ်များကို ဖယ်ထုတ်ရှင်းလင်းပစ်ခြင်းသာ မကဘဲ၊ အဓမ္မ ရွှေ့ပြောင်းခံရသော လူများ အပေါ် ကျူးလွန်ခဲ့ကြသော စွပ်စွဲထားသည့် ကြမ်းကြုတ်ရက်စက်မှုများ၏ သက်သေ အထောက်အထားများ (သို့မဟုတ်) ကျန်ရှိနေသော သက်သေတစ်ခုခုကို ဖျောက်ဖျက်ရန် ကြိုးပမ်းခြင်းဖြစ်သည် ဟု ပြောဆိုခဲ့သည်။”[2805]

[2803] V-067, V-194

[2804] အခန်း ၁၀၊ ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်း အခန်းတွင် ကြည့်ပါ။

[2805] S/PV.8179

## (၄) ကျူးလွန်ချိုးဖောက်သူများ

### (က) တပ်မတော်

၁၂၄၅။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် တပ်မတော်မှ ဦးဆောင်ခဲ့ခြင်းဖြစ်သည်။ တပ်မတော်သားများကို "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" တိုင်းတွင် မြင်တွေ့ခဲ့ရသည်ကို မစ်ရှင်အဖွဲ့မှ မှန်ကန်ကြောင်း အတည်ပြုနိုင်ခဲ့သည်။ တပ်မတော်သည် အဆိုပါ တိုက်ခိုက်မှုများ တလျှောက် ဦးဆောင်မှုမှပါဝင်ခဲ့ပြီး ကျူးလွန်ခဲ့ကြသော ချိုးဖောက်မှုများအတွက် အကြီးမားဆုံး တာဝန်ရှိသည်။ ၎င်းတို့သည် ခွဲခြားသတ်မှတ်မှုမရှိသော၊ ပစ်မှတ်ထားသော သတ်ဖြတ်မှုများ၏ အဓိကအများစုအတွက် တာဝန်ရှိပြီး၊ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုနှင့် အစုလိုက် အပြုံလိုက် အုပ်စုဖွဲ့မုဒိမ်းကျင့်မှုများ အတွက်လည်း တာဝန်ရှိသည်။ ၎င်းတို့သည် အိမ်ရာ ပိုင်ဆိုင်မှုများကို မီးရှို့၍ အနှံ့အပြား ဖျက်ဆီးမှုများ၊ ဥပဒေမဲ့ ဖမ်းဆီးမှုများ၊ အတင်းအဓမ္မ ပျောက်ဆုံးစေမှုများနှင့် ရိုဟင်ဂျာများကို အဓမ္မရွှေ့ပြောင်းစေမှုများ အပါအဝင် အခြားချိုးဖောက်မှုများ အတွက်လည်း တာဝန်ရှိသည်။ ရိုဟင်ဂျာ ရွာသားများအနေဖြင့် တပ်မတော်စစ်သားများ၏ ပါဝင်ပတ်သက်မှုကို ဖော်ထုတ်သတ်မှတ်ရာတွင် ၎င်းတို့ဝတ်စုံများ၏ ထင်ရှားစွာ မှတ်မိသိရှိနိုင်မှုနှင့် အခြားသော ဖော်ထုတ်သတ်မှတ်နိုင်သည့် လက္ခဏာ ရပ်များကြောင့် အခက်အခဲ အနည်းငယ်သာ ရှိခဲ့ကြသည်။

၁၂၄၆။ မစ်ရှင်အဖွဲ့သည် အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများ၏ သီးသန့် ဖြစ်ပွားမှုများ အပါအဝင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့ကြသော တပ်မတော် စစ်သားများနှင့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ၏ အမည်များ၏ စာရင်းကို ပြုစုထား ခဲ့သည်။

၁၂၄၇။ တပ်မတော်က အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ လုပ်နည်းလုပ်ဟန်သည် သိသိသာသာ အရေးပါ ထင်ရှားသော ထောက်ပံ့ရေး စီမံကိန်း ဆောင်ရွက်မှုများ လိုအပ်သည်။ တပ်မများ ထုတ်ယူသုံးစွဲမှုအပါအဝင် ပူးတွဲစစ်ဆင်ရေးဟူသော သဘောသဘာဝက ဤသည်ကို ထိပ်ပိုင်းအမြင့်ဆုံးအဆင့်မှ စီမံလုပ်ဆောင်ခြင်း ဖြစ်ကြောင်း ဖော်ပြနေသည်။[2806] အမိန့်ပေးစေခိုင်းမှု၏ တာဝန်ရှိမှု၏ အရေးကိစ္စကို အခန်း ၉ အောက်တွင် အမည်ထုတ်ဖော် တင်ပြထားသည်။

*အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်*

၁၂၄၈။ ရခိုင်ပြည်နယ်အတွက် တာဝန်ရှိသော ဒေသဆိုင်ရာအမိန့်ပေးဌာန ဖြစ်သည့် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ တပ်ဖွဲ့များသည် အရပ်သားလူထုများအပေါ် ချိုးဖောက်မှုများကို ကျူးလွန်မှုများဖြစ်သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" တလျှောက် တိုက်ရိုက် ပါဝင် ခဲ့ကြသည်။ အခြားသော စစ်တပ်အခြေစိုက်စခန်းများမှ တပ်ဖွဲ့များကိုလည်း ရွှေ့ပြောင်းခဲ့ကြပြီး ဘူးသီးတောင် မြို့နယ်အတွက် တာဝန်ရှိသော စစ်ဆင်ရေး ကွပ်ကဲမှု(Military Operation Command-MOC)-15 နှင့် တွဲဖက် တာဝန်ချထားသည်။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တပ်ရင်း ၉ ရင်းလည်း တင့်ကား နှင့် စစ်သည်တင် သံချပ်ကာယာဉ်များ ၆၀ အထိ ပါဝင်သော သံချပ်ကာ တပ်မဟာ တစ်ခုနှင့်အတူ MOC-15 သို့ တွဲဖက် တာဝန်ချထားခဲ့သည်။[2807]

၁၂၄၉။ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ အချို့သော စစ်စခန်းများသည် အချို့နေရာ ဒေသများ၏ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများတွင်" အထူးသီးသန့် ပါဝင်ခဲ့ကြသည်။ စိတ်ဝင်စားဖွယ်

---

[2806] ပူးတွဲစစ်ဆင်ရေးဆိုသည်မှာ တပ်မတော်အစိပ်အပိုင်းများဖြစ်ကြသော ကြည်းတပ်၊ ရေတပ် နှင့်/သို့မဟုတ် လေတပ် ၂ ခု သို့မဟုတ် ပိုမိုပါဝင်သော စစ်ဆင်ရေးများကို ဆိုလိုသည်။

[2807] KI-002.

အချက်မှာ ခြေမြန်တပ်ရင်း ၅၆၄ မှ စစ်သည်များ၏ ထင်ရှားသော အခန်းကဏ္ဍဖြစ်ပြီး ၄င်းသည် ဘူးသီးတောင်မြို့နယ် တောင်ဘဇား ကျေးရွာအုပ်စုမှ ကျေးရွာများ၏ နယ်မြေများအတွင်း "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့်အတူ မောင်နုကျေးရွာ အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု ဖြစ်ပွားမှုတွင် ပါဝင်ခဲ့ပြီး ခြင်းသမားကျေးရွာအုပ်စုတွင် ကြီးမားသော စစ်စခန်း တစ်ခု ရှိသည်။ မစ်ရှင်အဖွဲ့အနေဖြင့် တောင်ဘဇား နယ်မြေ အတွင်း အလားတူ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" များပြုလုပ်ခဲ့သော ငါးရုံ့ချောင်းကျေးရွာ အုပ်စုတွင် တည်ရှိသည့် ခြေမြန်တပ်ရင်း ၅၅၂ ၏ အခန်းကဏ္ဍကိုလည်း သတိပြု မှတ်သားခဲ့သည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၉ ရက်တွင် ရခိုင်အမျိုးသားပါတီမှ အဖွဲ့ဝင် ၇ ဦးပါ ကိုယ်စားလှယ်အဖွဲ့ တစ်ဖွဲ့က ဒေသတွင်း အလေးထားပူပန်မှုများကို ဆွေးနွေးရန်နှင့် ရခိုင်ပြည်နယ် အတွင်း လုံခြုံရေး ဆောင်ရွက်မှု ထပ်မံမြှင့်တင်ရေးအတွက် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နေပြည်တော်တွင် သွားရောက် တွေ့ဆုံ ခဲ့ကြသည်။[2808]

**အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၏ ရာထူးတံဆိပ် အဆောင်အယောင်များ**



*ခြေမြန်တပ်မ ၃၃ နှင့် ၉၉*

၁၂၅၀။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၀ ရက်တွင် ပုံမှန်အားဖြင့် ရခိုင်ပြည်နယ် ပြင်ပတွင် အခြေစိုက်ကြသော တပ်မ ၃၃ နှင့် ၉၉ တို့မှ စစ်သား ၁၆၀၀ ကျော် ပါဝင်သည့် တပ်ရင်းများသည် ရခိုင်ပြည်နယ် အတွင်းသို့ လေကြောင်း ပို့ဆောင်မှုဖြင့် ရောက်ရှိခဲ့ကြသည်။ အဆိုပါ စစ်သားများသည် စစ်တွေမြို့မှ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် "နယ်မြေ ရှင်းလင်းရေး" လုပ်ဆောင်ရန် သွားရောက်ကြသည်ဟု နိုင်ငံတွင်း သတင်းမီဒီယာ များတွင် ဖော်ပြကြသည်။[2809]

၁၂၅၁။ ထိုတပ်မများသည် တပ်မတော်အတွင်း စစ်ရေးစွမ်းရည် အပြည့်ဝဆုံးသော တပ်များဟု ယူဆကြသည်။ ၄င်းတို့သည် မကြာခဏပင် စစ်ဆင်ရေးများ၏ ပင်မတိုက်ခိုက်ရေး တပ်များအဖြစ် တာဝန်ချထားခံရပြီး အစိုးရ-မဟုတ်သော လက်နက်ကိုင် တပ်ဖွဲ့များ အပေါ် သောင်းကျန်းမှု-နှိမ်နင်းရေး လုပ်ငန်းများတွင်လည်း တာဝန် ပေးအပ်ခံရသည်။ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ စွပ်စွဲချက်များမှာ ၄င်းတို့အပေါ် အထူးသဖြင့် တပ်မ ၃၃ နှင့် ၉၉ တို့အတွက် မြင့်တက်လျက်

[2808] ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဝက်ဘ်ဆိုက်, "ဌာနချုပ်ကို အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများမှ ကာကွယ်ရန် ရဲရင့်သော အားထုတ် ကြိုးပမ်းမှုများနှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့ အတွက် ပြောင်မြောက်သော အားထုတ်မှုများကို ဂုဏ်ပြုခဲ့" (၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၁ရက်), https://www.seniorgeneralminaunghlaing.com.mm/en/1346/gallant-efforts-to-defend-the-hq-against-terrorist-attacks-and-brilliant-efforts-to-restore-regional-peace-security-are-honoured/ (accessed September 2018).

[2809] ဥပမာ ဧရာဝတီသတင်းဌာန။ "မောင်တောတွင် မြန်မာ့တပ်မတော်မှ တပ်စွဲနေရာယူထားသည်။" (၂၀၁၇ ခုနှစ် ဩဂုတ်လ ၁၁ ရက်နေ့)

ရှိနေခဲ့ပြီး ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် တို့တွင် အပါအဝင် အခြားသော စစ်ဆင်ရေးများ၏ ဆက်စပ်အကြောင်းအရာများလည်း ပါဝင်သည်။[2810]

**တပ်မ ၃၃၏ အဆောင်အယောင် အမှတ်သားတံဆိပ်**



**တပ်မ ၉၉ ၏ အဆောင်အယောင် အမှတ်သားတံဆိပ်**



[2810] V-133; Amnesty International, *အားလုံးသောအရပ်သားများ ခံစားကြရ-မြန်မာပြည် မြောက်ပိုင်းမှ ပဋိပက္ခ၊ ရွှေ့ပြောင်းခံရမှုနှင့် အလွဲသုံးစားပြုမှုများ (၂၀၁၇)* တွင်ကြည့်ပါ။

၁၂၅၂။ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ” အစပြုမှု မတိုင်ခင် ၂ ပတ်အတွင်း ရခိုင်ပြည်နယ် အတွင်း ထိုတပ်မများ ရောက်ရှိလာမှု၏နောက်တွင် ခိုးမှုများ၊ မြိမ်းခြောက် ငွေညှစ်မှုများ၊ ကြမ်းကြုတ်သော ရိုက်နှက်မှုများနှင့် သတ်ဖြတ်မှုများပင် အပါအဝင် မြောက်မြားစွာသော ချိုးဖောက်မှု ဖြစ်ရပ်များကို ၎င်းတို့မှ ကျူးလွန်ခဲ့ကြသည်။ ထိုတပ်မများမှ အရာရှိများသည်လည်း တခါတရံ သေစေသည်ထိ မြိမ်းခြောက်မှုများ အပါအဝင် ရိုဟင်ဂျာများကို မြိမ်းခြောက် ခံခဲ့ရသော အစည်းအဝေး များတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်။

၁၂၅၃။ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ” ကာလအတွင်း အကြမ်းကြုတ်ဆုံးသော အစုလိုက် အပြုံလိုက် သတ်ဖြတ်မှု အချို့တွင် ထိုတပ်မများသည် အဓိက အရေးပါသော အခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့ကြသည်ကို မစ်ရှင်အဖွဲ့မှ မှန်ကန်ကြောင်း အတည်ပြုခဲ့သည်။ တပ်မ ၉၉ သည် မောင်တောမြို့နယ် မြောက်ပိုင်းတွင် အဓိကကျသော လုပ်ငန်းဆောင်ရွက်မှု ယန္တရားဖြစ်ခဲ့သည်ဟု ယူဆရသည်။[2811] မင်းကြီးရွာတွင် တပ်မ ၉၉ မှ စစ်သားများသည် ရိုဟင်ဂျာ ရွာသားများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်မှုများရော အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများတွင်ပါ ပင်မ အခန်းကဏ္ဍမှ လုပ်ဆောင်ခဲ့ကြသည်။ အရေးပါ ထင်ရှားသော ထိခိုက် သေကျေမှုများ ဖြစ်ပွားခဲ့သည့် ဒိုင်ယယ်လ်တိုလီမှ ယခင် တိုက်ခိုက်မှုများတွင်လည်း ၎င်းစစ်သားများပင် ပါဝင်ဆောင်ရွက် ခဲ့ကြသည်ဟု ယူဆရသည်။ တပ်မ ၉၉ သည် အနည်းဆုံး ၂၀၁၇ ခုနှစ် နိုဝင်ဘာလအထိ မင်းကြီးရွာတွင် ရှိနေခဲ့သည်ဟု ပြောဆိုကြသည်။[2812]

၁၂၅၄။ ရခိုင်ပြည်နယ်တွင် တာဝန်ချထား ခံရပြီးနောက် တပ်မ ၃၃ သည် အဓိက အားဖြင့် မောင်တောမြို့နယ် တောင်ပိုင်းနှင့် ရသေ့တောင် မြို့နယ်တို့တွင် လုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။ ထိုအချိန် တပိုက်အတွင်း ရသေ့တောင် မြို့နယ်သို့ ၎င်းတို့၏ ရောက်ရှိလာမှုကို ဖေ့ဘုတ်ခ်ပို့စ်များက ဖော်ထုတ် ပြသနေသည်။[2813] တပ်မ ၃၃ သည် ချွတ်ပြင်ရွာတွင် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကို လုပ်ဆောင်ခဲ့ပြီး ယုံကြည်နိုင်သော သတင်းပေးပို့မှုများ အရ အင်းဒင်ကျေးရွာ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများနှင့် ကိုးတန်ကောက်ကျေးရွာ အုပ်စုအတွင်း တသီတတန်းသော နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ တွင်လည်း ကဏ္ဍတစ်ခုမှ ဆောင်ရွက်ခဲ့သည်ကို ဖော်ပြနေသည်။ အခြားသော သတင်းအချက်အလက်များကလည်း ၎င်းတို့သည် မောင်တောမြို့နယ် တောင်ပိုင်းမှ “နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး” များတွင်လည်း ပင်မအခန်းကဏ္ဍမှ လုပ်ဆောင်ခဲ့သည်ဟု ဖော်ပြနေသည်။[2814] ကာကွယ်ရေး ဦးစီးချုပ် ဖေ့ဘုတ်ခ် စာမျက်နှာတွင် ဖြန့်ဝေခဲ့သော ဓါတ်ပုံများက တပ်မ ၃၃ သည် ၂၀၁၈ခုနှစ် ဇန်နဝါရီလတွင် ရသေ့တောင် မြို့နယ် စေတီပြင် ကျေးရွာမှ ထွက်ခွာနေခဲ့သည်ကို ပြသနေခဲ့သည်။[2815]

---

2811 XM-008, V-067, V-239.

2812 XM-008, V-239

2813 Facebook တွင်တင်ပြမှုများနှင့် ဓါတ်ပုံများ မစ်ရှင်ထံတွင် ဖိုင်နှင့် ရှိသည်။ V-067.

2814 LI-112, ZI-001, RI-012, LM-006. See also S. Lewis, Z. Siddiqui, C. Baldwin, A. Marshall, “မြန်မာပြည်မှ ရိုဟင်ဂျာများကို ခါတ်ကြမ်းတိုက်သော တပ်ဖွဲ့များ” (ရိုက်တာ၊ ၂၀၁၈ ခုနှစ် ဇွန်လ ၂၂ ရက်နေ့)

2815 Facebook ဓါတ်ပုံများ မစ်ရှင်ထံတွင် ဖိုင်နှင့် ရှိသည်။

(ခ) နယ်ခြားစောင့် ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နှင့် လုံထိန်း

၁၂၅၅။ ။ နယ်ခြားစောင့် ရဲတပ်ဖွဲ့သည် ၂၀၁၇ ခုနှစ် ဩဂုတ်လ ဆီသို့ ဦးတည်၍ ဆက်လက်ဖြစ်ပွားနေခဲ့သော ရိုဟင်ဂျာများ အပေါ် ဖိနှိပ်ချုပ်ချယ်မှုများကို ၂၀၁၆ ခုနှစ် အောက်တိုဘာလနောက်ပိုင်းကာလ တလျှောက်လုံးတွင် ကဏ္ဍတစ်ခုမှပါဝင် ဆောင်ရွက်ခဲ့သည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့သည် လိင်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများ ကျူးလွန်ခဲ့သော စေတီပြင် ကျေးရွာရှိ နယ်ခြားစောင့် တပ်စခန်းအတွင်းတွင် အမျိုးသားများကို စုရုံးဖမ်းဆီးပြီး ၄င်းတို့ အနက်မှ အချို့ကို ညှင်းပန်းနှိပ်စက်ခြင်း များကို ပြုလုပ်ခဲ့ကြသည်။ နယ်ခြားစောင့်ရဲတပ်ဖွဲ့ အရာရှိများသည် ရိုဟင်ဂျာ အရပ်သားများကို အတော်များပြားသော ပမာဏဖြင့် ခြိမ်းခြောက်ငွေညှစ်မှုများတွင်လည်း ပါဝင် ဆောင်ရွက်ခဲ့ကြသည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း တပ်မတော်နှင့်အတူ နယ်ခြားစောင့် ရဲတပ်ဖွဲ့က မကြာခဏဆိုသလိုပင် ပူးပေါင်းပါဝင်ပြီး ရာဇဝတ်မှုများကို ၄င်းတို့နှင့် အတူတွဲ၍ ကျူးလွန်ခဲ့ကြသည်။

၁၂၅၆။ အလားတူပင် ပြည်ထဲရေး ဝန်ကြီးဌာနသို့ အစီရင်ခံရသော မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် တက်ကြွသော အခန်းကဏ္ဍမှ ဆောင်ရွက်ခဲ့သည်။ အင်းဒင်ကျေးရွာတွင် ရဲများသည် အနည်းဆုံး အနေဖြင့် အမျိုးသား ၁၀ဦးကို တရားစီရင်မှုမရှိပဲ သတ်ဖြတ်ခြင်းအတွက် တာဝန်ရှိသည်။ ရဲအရာရှိများသည် အခြားကျေးရွာများရှိ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့ကြောင်း ဖော်ထုတ် သတ်မှတ် ခံထားရပြီး ၄င်းတို့၏ ပါဝင်မှု အတိအကျကို ဆုံးဖြတ်ရန်အတွက် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အစိတ်အပိုင်း တစ်ခုဖြစ်သည့် မြန်မာဘာသာဖြင့် လုံထိန်းဟု ခေါ်ကြသော အဓိကရုဏ်းနှိမ်နင်းရေး ရဲများသည်လည်း အချို့သော နေရာများတွင် ပါဝင်သူများ အဖြစ် ဖော်ထုတ်သတ်မှတ် ခံထားရသည်။ အစုလိုက် အပြုံလိုက်ကို အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများသည် ရဲတပ်ဖွဲ့ ခြံဝန်းများအတွင်း ကျူးလွန်ခဲ့ကြခြင်း ဖြစ်သည်။ အဆိုပါ အမှုဖြစ်ရပ် အချို့တွင် ရဲများသည် ကျူးလွန်သူများ ဖြစ်ခဲ့ကြသည်။

၁၂၅၇။ နစ်နာခံစားရသူ ရိုဟင်ဂျာအများအပြားသည် သီးခြားစီ ဖြစ်သော ရဲဝတ်စုံများကို ဖော်ထုတ်သတ်မှတ်နိုင်ကြပြီး မတူညီသော ရဲတပ်ရင်းများအကြား ခွဲခြားသိမြင်နိုင်ကြသည်။ သို့သော် အမြဲတမ်းတော့ မဟုတ်ကြပေ။ ခွဲခြား ဖော်ထုတ်သတ်မှတ်မှုသည် အထူးသဖြင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ ဖရိုဖရဲဖြစ်မှု အတွင်းတွင် စိန်ခေါ်မှုများ ရှိသည်။ ထို့အတွက်ကြောင့် အဆိုပါ အမျိုးမျိုးသော အုပ်စုများ၏ တိကျသော အခန်းကဏ္ဍများကို ပိုမိုကောင်းမွန်စွာ နားလည်သဘောပေါက်ရန် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။ တချိန်တည်းမှာပင် ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း အဆိုပါ အဖွဲ့အစည်း ၃ ခု၏ ပါဝင်မှုများကို မစ်ရှင်အဖွဲ့မှ အတည်ပြုထားသည်။ ထို့ပြင် အဆိုပါ ပိုမိုကျယ်ပြန့်သော စစ်ဆင်ရေးများတွင် ၄င်းတို့ပါဝင်မှုကို ဆက်စပ်ညှိနှိုင်း ဆောင်ရွက်သည့် ပုံစံကိုကြည့်ပါက ၄င်းတို့သည် တပ်မတော်၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် ဆောင်ရွက်နေခဲ့ကြခြင်း ဖြစ်သည်ကို ဖော်ပြနေသည်။

### (ဂ) အရပ်သား ကျူးလွန်သူများ

၁၂၅၈။ လုံခြုံရေးအဖွဲ့များ-မဟုတ်သောသူများ၏ လုပ်ဆောင်ချက်များ၏ အတိုင်းအတာနှင့် လေးနက်မှုတို့မှာ တစ်ရွာနှင့်တစ်ရွာ ကွဲပြားသော်လည်း ရခိုင်တိုင်းရင်းသားများနှင့် အခြား လူနည်းစုအုပ်စုဝင်များ၏ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်မှုမှာ အကျယ်အပြန့်ပင် ဖြစ်သည်။ အဆိုပါ အရပ်သားများသည် သိသာဖော်ထုတ်နိုင်ပြီး တသမတ်တည်း ဖြစ်သော နည်းလမ်းများဖြင့် သတ်မှတ်ထားသော လုပ်ငန်းများကို လုပ်ကြရသည်သည်။ ၎င်းတို့သည် တပ်မတော်၊ အခြားသော လုံခြုံရေး တပ်ဖွဲ့များနှင့် အတူတွဲဖက်၍ ပုံမှန်အားဖြင့် အတိုင်အဖောက် ညီစေရန် အင်အားဖြည့်စွက် ဆောင်ရွက်ခဲ့ကြသည်။ အရပ်သား ပါဝင်သူများသည် စစ်တပ် စစ်ဆင်ရေး၏ အစိတ်အပိုင်း တစ်ခု အနေဖြင့် တိကျသော တာဝန်ပေးအပ်ထားသည့် လုပ်ဆောင်မှုများကို ဆောင်ရွက်ရန် အတွက် လက်နက်များ၊ မီးရှို့ရန် အတွက် မီးလောင်စေတတ်သော အရည်များနှင့် မီးခြစ်များ၊ လုယက်ရန်အတွက် အိတ်များ (သို့မဟုတ်) ယာဉ်များနှင့် သတ်ဖြတ်ရန် အပါအဝင် အကြမ်းဖက် လုပ်ရပ်များ အတွက် ဓါးများ (သို့မဟုတ်) သေနတ်များကဲ့သို့ လိုအပ်သော ကိရိယာ တန်ဆာပလာများ (သို့မဟုတ်) လက်နက်များဖြင့် ရိုဟင်ဂျာ ရွာများသို့ စနစ်တကျ ရောက်ရှိလာကြသည်။ အရပ်သား ကျူးလွန်သူများသည် ရိုဟင်ဂျာ အဆောက်အအုံများကို စနစ်တကျ မီးရှို့ခြင်းတွင် အထူးသဖြင့် ပါဝင်ခဲ့ကြပြီး "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ အပြီးသတ် နောက်ပိုင်းတွင် ၂၀၁၈ ခုနှစ် မတ်လအထိ ပိုင်ဆိုင်မှုပစ္စည်းများကို ဆက်လက်၍ မီးရှို့ခြင်းတွင်လည်း တာဝန်ရှိသည်ဟု ယူဆရသည်။ တခါတရံတွင် ရခိုင်တိုင်းရင်းသားများသည် မုဒိမ်းမှုနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုပုံစံများ၏ ကျူးလွန်သူ များလည်း ဖြစ်ခဲ့ကြသည်။

၁၂၅၉။ အချို့ တိကျသော နေရာများတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ ဖြစ်စဉ် အတွင်း တပ်မတော်က ရခိုင်တိုင်းရင်းသားများအား အမျိုးမျိုးသော လက်နက်များကို တက်ကြွစွာ ဖြန့်ဖြူး ပေးခဲ့သည်။ ကျေးရွာများနှင့် နေရာဒေသများ အမျိုးမျိုးတွင် အဆိုပါ အုပ်စုများ၏ပါဝင်မှုသည် စနစ်တကျ စီစဉ်ထားခြင်း ဖြစ်ပြီး ရုတ်ချည်း သို့မဟုတ် အခွင့်သာခိုက် ဆောင်ရွက်သည့် သဘောသဘာဝ မဟုတ်ကြောင်း ထိုအပြအမူ၏ ပုံစံက သရုပ်ဖော်ပြနေသည်။ ရခိုင် တိုင်းရင်းသားများနှင့် အခြားလူနည်းစုများ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့သော ဟန်ပန်ပုံစံက ၎င်းတို့၏ ပါဝင်ပတ်သက်မှုသည် ကြိုတင်စီမံထားပြီး ချိတ်ဆက် ညှိနှိုင်းထားကာ တပ်မတော်၏ အမိန့်နှင့် ထိန်းချုပ်မှု အောက်တွင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်ကြောင်း သရုပ်ဖော်ပြနေသည်။

၁၂၆၀။ မစ်ရှင်အဖွဲ့သည် ကျေးရွာအုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) ကျေးရွာ အုပ်ချုပ်ရေးမှူးဟောင်းများ အပါအဝင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" တွင် ပါဝင်ခဲ့သည်ဟု ဖော်ပြခံထားရသော တသီးပုဂ္ဂလ ကျူးလွန်သူ အရပ်သားများ၏ အမည်များ စာရင်းတစ်ခုကို ပြုစုထားခဲ့သည်။

*ရခိုင် တိုင်းရင်းသားများနှင့် နတလ အခြေချနေထိုင်သူများ*

၁၂၆၁။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ပြုလုပ်ခဲ့ကြသော ရိုဟင်ဂျာ ကျေးရွာ အရေအတွက် အများအပြားတွင် ပါဝင်ခဲ့ကြသည့် ရခိုင်တိုင်းရင်းသားများမှာ အနီးအနား ရခိုင် ကျေးရွာများမှ အိမ်နီးချင်းများ ဖြစ်ကြသည့် အလျောက် မျက်မြင် သက်သေများက မှတ်မိ သိရှိခဲ့ကြသည်။[2816] အခြား အမှုဖြစ်ရပ်များတွင် အကြမ်းဖက် လုပ်ရပ်များ၌ ပါဝင်ခဲ့ကြသော ရွာသားများမှာ အနီးအနား နတလ "စံပြ" ကျေးရွာများတွင် အခြေချနေထိုင်သူများဟု ဖော်ထုတ် သတ်မှတ်ထားပြီး[2817] ၎င်းတို့အနက်မှ အချို့မှာ နတလ ကျေးရွာများ၏ လူမျိုး-ရောနှောမှုကို ထည့်သွင်း စဉ်းစားထားသော်လည်း ရခိုင်တိုင်းရင်းသားများဟုသာ ဖော်ထုတ်သတ်မှတ် ထားသည်။ ထိုကဲ့သို့ အမှုဖြစ်ရပ်များ၏ အများစုတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့ကြသော ရခိုင်တိုင်းရင်းသားများနှင့် နတလ ကျေးရွာသားများသည် ရခိုင်ကျေးရွာသားများ နေ့စဉ်ဘဝတွင် ဝတ်လေ့ရှိသော တီ-ရှပ်နှင့် အတန်သင့်-အရှည် ဘောင်းဘီတိုများ (သို့မဟုတ်) လုံချည်များကဲ့သို့ ပုံမှန် ရိုးရာအဝတ်အစားများကို ဝတ်ဆင်ထားခဲ့ကြသည်။[2818]

၁၂၆၂။ အခြားသော ဖြစ်စဉ်များတွင် ရိုဟင်ဂျာရွာသားများသည် ၎င်းတို့ကိုယ်တိုင် တစ်ဦးစီကို မမှတ်မိသော်လည်း ၎င်းတို့က ရခိုင်ဟု ယူဆသောသူများ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့သည်ကို သတိပြု မှတ်သားထားခဲ့ကြသည်။ အချို့သော နေရာဒေသများတွင် နတလ ကျေးရွာများသို့ ရောက်ရှိလာကြသည်ကို မြင်တွေ့ခဲ့ရသော အခြေချနေထိုင်သူ အသစ်များအပါအဝင် လူအသစ်များကို ရခိုင်ပြည်နယ် အတွင်းသို့ ၂၀၁၇ခုနှစ် ဩဂုတ်လ မတိုင်ခင် ကြိုတင်၍ ပို့ဆောင်ခဲ့ကြသည်ကို ဖော်ပြချက် တစ်ခုရှိနေခဲ့သည်။ အဆိုပါ အသစ်ရောက်လာသူများ အနက်မှ အချို့ကို နောက်ပိုင်းတွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း တိကျသော နေရာဒေသများ၌ မျက်မြင်တွေ့ခဲ့ ကြသည်။[2819]

၁၂၆၃။ ။ အချို့သော လက်ရှိနှင့် ယခင် ရခိုင်တိုင်းရင်းသား ကျေးရွာ-အဆင့် အုပ်ချုပ်ရေးမှူးများသည်လည်း တိကျသော "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ခဲ့ကြသည်။ ဥပမာအားဖြင့် အပြင်းထန်ဆုံး ဖြစ်ပွားမှု ၂ ခုဖြစ်သည့် ချွတ်ပြင်နှင့် မင်းကြီးရွာတို့တွင် ရခိုင်တိုင်းရင်းသား ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အခန်းကဏ္ဍသည် တိုက်ခိုက်ခံရစဉ်အတွင်း ရိုဟင်ဂျာရွာသားများ ရွာအတွင်းတွင်ရှိနေခဲ့သည်ဆိုသည့် စွပ်စွဲမှုကို သေချာစေခြင်း အပါအဝင် စစ်ဆင်ရေး မတိုင်မီရော "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေး"အတွင်းတွင်ပါ တပ်မတော်အား ကူညီမှု ဆောင်ရွက်မှုတွင် အချက်အချာကြခဲ့သည်ဟု ယူဆရသည်။

---

[2816] CI-029, CI-034, CI-049, CI-050, CI-120, CI-124, LI-006, LI-033, LI-037, LI-059, LI-062, LI-065, LI-066, LI-069, LI-081, LI-102, LI-103, LI-104, LI-109, LI-112, LI-120, LI-129, LI-132, WI-005, WI-006, WI-032, WI-044, WI-048, QI-002, QI-005, QI-012, QI-027, QI-049, QI-058, QI-061, QI-071, YI-006, YI-019, YI-025, YI-030, YI-031.

[2817] CI-034, CI-125, LI-054, LI-066, LI-102, LI-120, LI-132, WI-048, V-075.

[2818] CI-029, CI-137, CI-138, CI-146, LI-003, LI-037.

[2819] LI-054, LI-061, LI-063, LI-065, LI-066, LI-071, LI-006 ။

၁၂၆၄။ အခြားနေရာဒေသများတွင် ရခိုင်တိုင်းရင်းသား အုပ်ချုပ်ရေးမှူးများ (သို့မဟုတ်) အုပ်ချုပ်ရေးမှူးဟောင်းများသည် အကြမ်းဖက်မှုများတွင် တက်ကြွစွာ ပါဝင်ခဲ့ကြသည်ကို မြင်တွေ့ခဲ့ရသည်။[2820] ကျေးရွာ ၂ ရွာတွင် လက်နက်ကိုင်ဆောင်ထားသော အုပ်ချုပ်ရေးမှူးများသည် တပ်မတော်စစ်သားများအား ကျေးရွာတလျောက် ကူညီညွှန်ပြခဲ့ကြသည်ဟု ဆိုကြပြီး စစ်သားများကို လမ်းများပြကာ သက်ဆိုင်ရာပစ်မှတ်များကို ဖော်ထုတ် သတ်မှတ် ပေးခဲ့ကြသည်။[2821]

၁၂၆၅။ တပ်မတော်သည် ဝတ်စုံများကို တသမတ်တည်း ဝတ်ဆင်ခြင်းနှင့် ပတ်သက်၍ စည်းကမ်းမရှိသည်ကို မစ်ရှင်အဖွဲ့မှ သတိပြုမိထားပြီး လုံခြုံရေးတပ်ဖွဲ့များသည် ၂၀၁၇ခုနှစ် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း ၎င်းတို့၏ အမှတ်လက္ခဏာကို ဖုံးကွယ်ရန် အရပ်သားအဝတ်များကို တမင် ရည်ရွယ်ချက်ရှိစွာ ဝတ်ဆင်ခဲ့ကြသည်ကိုလည်း သတိပြုမှတ်သားထားသည်။[2822] အချို့ ဖြစ်ရပ်များတွင် အရပ်သား အဝတ်များ ဝတ်ထားသော လုံခြုံရေး တပ်ဖွဲ့များသည်လည်း ရခိုင်တိုင်းရင်းသားများ ( သို့မဟုတ် အခြား လူနည်းစု အုပ်စုဝင်များ) အဖြစ် မှားယွင်း၍ သတ်မှတ်ဖော်ထုတ်ခံရနိုင်သည်။ မည်သို့ဆိုစေ ၎င်းတို့၏ အိမ်နီးချင်းများကို မှတ်မိသိရှိနေသော ရိုဟင်ဂျာများ၏ မြောက်များလှသည့် အရေအတွက်ရှိသည့် ထွက်ဆိုချက်များအရ မစ်ရှင်အဖွဲ့သည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"အတွင်း ရခိုင်တိုင်းရင်းသားများ တိုက်ရိုက် ပါဝင်ဆောင်ရွက်ခဲ့သော အခန်းကဏ္ဍကို အတည်ပြုခဲ့သည်။

*ပြည်သူ့စစ်နှင့် အခြား ရခိုင်လက်နက်ကိုင်များ*

၁၂၆၆။ အချို့နေရာဒေသများတွင် ရခိုင်ပြည်သူ့စစ်များသည် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်လုပ်ရပ်များတွင် ပါဝင်ခဲ့ကြသည်။ အချို့သော အမှုဖြစ်ရပ်များတွင် ရွာသားများသည် ၎င်းတို့(ပြည်သူ့စစ်များ)ကို ခွဲခြား ဖော်ထုတ်သတ်မှတ် နိုင်ကြသည်ဟု သိရသည်။ အဘယ်ကြောင့်ဆိုသော် အဆိုပါ အုပ်စုများ၏ တည်ရှိမှုများနှင့် ပြည်သူ့စစ် အဖွဲ့ဝင်များ၏ အမှတ်လက္ခဏာများကို သိနေ၍ဖြစ်စေ ထိုအုပ်စုများကို လူမြင်ကွင်းနေရာများတွင် လေ့ကျင့်သင်ကြားခဲ့မှုများကို မျက်မြင်တွေ့ခဲ့၍ ဖြစ်စေ (သို့မဟုတ်) ၎င်းတို့သည် စစ်တပ်ဝတ်စုံများကို အတုယူထားသော ဝတ်စုံများ ဝတ်ဆင်ထားခဲ့၍ ဖြစ်စေ ဖြစ်ကြသည်။[2823] ဥပမာအားဖြင့် မောင်တော မြို့နယ် မြောက်ပိုင်း တမန်းသားကျေးရွာအုပ်စုမှ အမျိုးသားတစ်ဦးသည် သူ၏ကျေးရွာရှိ ပြည်သူ့စစ်များကို အလွယ်တကူပင် မှတ်မိသိရှိပြီး ဖော်ထုတ် သတ်မှတ်နိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အပ်ချုပ်သမား တစ်ဦးဖြစ်သည့်အလျောက် ၎င်းတို့၏ဝတ်စုံများကို ပြင်ဆင်ပေးခဲ့ရသောကြောင့် ဖြစ်သည်။[2824]

---

[2820] CI-049, CI-050, CI-124, LI-102, WI-032.

[2821] LI-102, YI-030.

[2822] E.g. Wa Lone, Kyaw Soe Oo, S. Lewis, A. Slodkowski, "ရိုက်တာ၏ အထူးသတင်း အစီရင်ခံချက်။ မြန်မာပြည်မှ အစုအပြုံလိုက် သတ်ဖြတ်မှု" (ရိုက်တာသတင်းဌာန- ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်နေ့)

[2823] LI-052, LI-104, LI-118.

[2824] LI-104.

၁၂၆၇။ အခြားသော ကျေးရွာများတွင်မူ ရခိုင်တိုင်းရင်းသားများသည် ဝတ်စုံများ မဝတ်ဆင်ခဲ့ကြသော်လည်း စစ်တပ်သုံး-အဆင့်ရှိသည့် လက်နက်များကို ကိုင်ဆောင်ထားခဲ့ကြသည်။ အချို့ အမှုဖြစ်ရပ်များတွင် အဆိုပါ လက်နက်များကို တပ်မတော်မှ ရခိုင်တိုင်းရင်းသားများထံသို့ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" မတိုင်မီလေးတင် ဖြန့်ဖြူးပေးခဲ့သည်ကို မြင်တွေ့ခဲ့ကြရသည်။[2825] အထက်တွင် ဖော်ပြထားသကဲ့သို့ပင်[2826] ရခိုင် ပြည်သူ့စစ်များကို ၂၀၁၆ ခုနှစ် နောက်ပိုင်းတွင် တက်ကြွစွာ စည်းရုံးခဲ့ကြောင်း အစိုးရအနေဖြင့် ဝန်ခံပြောကြား ထားခဲ့သည်။ ဤသည်ကိုကြည့်ရခြင်းက ရခိုင်တိုင်းရင်းသားများ စစ်တပ်သုံး အဆင့်ရှိသည့် လက်နက်များကို အသုံးပြုခဲ့ကြသည့် နေရာများတွင် တပ်မတော်အနေဖြင့် ၎င်းတို့အား ပြည်သူ့စစ်အသစ်များအဖြစ် လက်နက် တပ်ဆင်ပေးမှု ဗျူဟာ၏ အစိတ်အပိုင်း တစ်ခုအဖြစ် ဆော်သြစည်းရုံးခဲ့သည်မှာ ဖြစ်နိုင်သည်။

*အခြားလူနည်းစု အုပ်စုများ၏ အခန်းကဏ္ဍ*

၁၂၆၈။ အနည်းငယ်သော ကျေးရွာများတွင် အခြားသော လူနည်းစုအုပ်စုများသည် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့မှုကို ဖော်ထုတ် သတ်မှတ် ခံထားရသည်။ ထိုကိစ္စတွင် ခမီ၊ ဟိန္ဒူ၊ မြို (မူရွှန်ဟုလည်း ဖော်ပြကြသည်) သက်၊ ဒိုင်းနက်( ချက်ကမာဟုလည်း ဖော်ပြကြသည်)နှင့် ဘိုရုဝါ (မရမ္မာကြီး) တသီးပုဂ္ဂလများကို မြင်တွေ့ရခြင်းများလည်း အပါအဝင် ဖြစ်သည်။[2827] မြန်မာနိုင်ငံသို့ မကြာသေးခင်ကမှ ရောက်ရှိလာခဲ့ကြသော ဘင်္ဂလားဒေ့ရှ် နိုင်ငံသား ရခိုင်လူမျိုးများကိုလည်း ရည်ညွှန်းဖော်ပြမှုများ ရှိခဲ့ကြသည်။[2828]

၁၂၆၉။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ပါဝင်ခဲ့ကြသော လူနည်းစုများကို ၎င်းတို့၏ ကွဲပြားထင်ရှားသော အဝတ်အစားများကြောင့် ဖြစ်စေ ၎င်းတို့ကို လူပုဂ္ဂိုလ်အရ သိရှိနေခြင်းကြောင့် ဖြစ်စေ ရိုဟင်ဂျာရွာသားများက ခွဲခြား ဖော်ထုတ် နိုင်ခဲ့ကြသည်။[2829] နေရာဒေသ ၃ ခုတွင် ဟိန္ဒူများသည် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"အတွင်း မွတ်ဆလင်များ ရိုးရာအရ ဝတ်ဆင်သည့် အဝတ်များကို ဝတ်ဆင်ထားလျက် ပါဝင်ခဲ့သည်ကို ဖော်ထုတ် သတ်မှတ် ခံထားရသည်။[2830] ရိုဟင်ဂျာ မျက်မြင် သက်သေတစ်ဦး မှတ်ချက်ပြုခဲ့သည်အရ

> *ဟိန္ဒူ အသိုက်အဝန်းထဲက အုပ်စုဝင် ၆ ယောက်လောက် စစ်တပ်နဲ့ အတူ လမ်းလျှောက်နေတာ ကျနော် မြင်ခဲ့တယ်။ သူတို့တွေက မွတ်ဆလင်တွေလို ဝတ်ဆင်ထားတာ မြင်ရတော့ ကျနော် အံ့အားသင့်ခဲ့ရတယ်။ သူတို့က ကျွန်တော်သိတဲ့လူတွေမို့လို့ ကျွန်တော် မှတ်မိနေတယ်။ သူတို့က တောင်ဘဇား ဈေးထဲက ဆံပင်ညှပ်သမားတွေ ဒါပေမယ့် သူတို့က ကျွန်တော်တို့ ရွာက ဈေးထဲကိုလည်း မကြာခဏ*

2825 LI-052, LI-103, YI-031.

2826 ဤအခန်း၊ အပိုင်း D.2.b တွင်ကြည့်ပါ။ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ဖြစ်တည်လာမှု

2827 CI-124, CI-125, CI-135, CI-148, CI-189, CI-198, EI-051, EI-053, LI-044, LI-059, LI-076, LI-104, LI-109, LI-111, LI-119, WI-034, WI-044, QI-012, QI-022, QI-058, QI-109, RI-007, WI-034, WI-044.

2828 WI-034, LI-054.

2829 CI-135, CI-148, CI-189, EI-198, LI-053, LI-044, QI-012, QI-022, QI-058, QI-007, WI-044.

2830 LI-044, LI-059, QI-012.

*လာတတ်ကြတယ်။ သူတို့တွေက အဖြူရောင် ဘာသာရေး အင်္ကျီ (ကူတာ) နဲ့ သံပုရာခွံ ဦးထုပ်တွေလည်း ဆောင်းထားကြတယ်။*[2831]

၁၂၇၀။ မစ်ရှင်အဖွဲ့အနေဖြင့် အဆိုပါ စွပ်စွဲချက်များကို မှန်ကန်ကြောင်း အတည်မပြုနိုင်သော်လည်း မွတ်ဆလင်များကဲ့သို့ ဝတ်ဆင်ထားကြောင်း ပေါ်ပေါက်ခဲ့သည့် ဟိန္ဒူများ၏ ဓါတ်ပုံများဖြင့် မိမိတို့၏ နေအိမ်များကို မီးရှို့နေသည်ဟူသည့် ဓါတ်ပုံအတုများကို အစိုးရ-ထောက်ပံ့ပေးခဲ့သော နိုင်ငံတကာ ပုဂ္ဂိုလ်များ၏ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ရခိုင်ပြည်နယ် ခရီးစဉ်အတွင်း အစိုးရမှ ဖြန့်ဝေခဲ့ကြောင်း ယုံကြည်နိုင်သော သတင်းပေးပို့မှုများကို သတိပြုမိခဲ့သည်။[2832]

၁၂၇၁။ ထို့ပြင် ရိုဟင်ဂျာများက မကြာခဏ ဆိုသလိုပင် "မော့ဂ်" ဟူသည့် စုပေါင်း အသုံးအနှုန်းကို ရခိုင်တိုင်းရင်းသား လူမျိုးများအား ရည်ညွှန်းလျက် အသုံးပြုလေ့ရှိကြသည်။ အချို့ အမှုဖြစ်ရပ်များတွင် ထိုအခေါ်အဝေါ်သည် ရိုဟင်ဂျာ-မဟုတ်သော မည်သည့် ပုဂ္ဂိုလ်ကိုမဆိုလည်း ကျယ်ပြန့်စွာ ရည်ညွှန်းလေ့ ရှိသည်။ သို့ဖြစ်၍ အမှုဖြစ်ရပ်များ အားလုံးတွင် မစ်ရှင်အဖွဲ့သည် ထိုနည်းလမ်းဖြင့် ဖော်ထုတ် သတ်မှတ် ခံထားရသော လူပုဂ္ဂိုလ်များ၏ လူမျိုး အမှတ်လက္ခဏာကို ရှင်းလင်းစေရန် အားထုတ်ခဲ့ရသည်။ အမှန်တကယ်တမ်းတွင် အမှုဖြစ်ရပ် အများစုတွင် တွေ့ဆုံဆွေးနွေးဖြေဆိုသူများသည် ဖော်ထုတ် သတ်မှတ် ခံထားရသော သူများအတွက် တိကျသော ရှင်းလင်းချက်များ ပံ့ပိုးပေးနိုင် ခဲ့ကြသည်။ မည်သို့ဆိုစေ အခေါ်အဝေါ် အသုံးအနှုန်း အသုံးပြုမှု၏ ပြောင်းလဲတတ်ခြင်းကို ထည့်သွင်းစဉ်းစားလျှင် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် အခြား အုပ်စုများ၏ အခန်းကဏ္ဍအတွက် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်လိမ့်မည် ဖြစ်သည်။

## (ဃ) အာဆာ

၁၂၇၂။ အာဆာအဖွဲ့သည်လည်း ဒါဇင်နှင့်ချီသော သတင်းပေးဟု သံသယရှိသူများကို သတ်ဖြတ်ခြင်းနှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် အထက်ပြူးမ ရခိုင်ကျေးရွာကို မီးရှို့မှု အပါအဝင် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ကျူးလွန်ခဲ့ကြသည်။ အစိုးရက အာဆာအဖွဲ့မှ ရိုဟင်ဂျာ ကျေးရွာများကို မီးရှို့ခဲ့သည်ဟု ထွက်ဆိုခဲ့သော်လည်း မစ်ရှင်အဖွဲ့ အနေဖြင့် ထိုကိစ္စကို ညွှန်ပြနေသည့် အချက်များ မတွေ့ရှိခဲ့ပေ။ မြို လူမျိုးများ အသတ်ခံရမှုနှင့် ခမောင်းဆိပ် ကျေးရွာမှ ဟိန္ဒူ အမျိုးသားများနှင့် အမျိုးသမီးများ ၁၀၀ ဦးခန့်ထိ အသတ်ခံရမှုတို့ အပါအဝင် ရခိုင်နှင့် အခြား လူမျိုးအုပ်စုဝင်များကို အာဆာအဖွဲ့မှ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော အခြား မတရားပြုမှုများ အတွက် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။ နောက်ပိုင်း ဖြစ်ပွားမှုများတွင် မစ်ရှင်အဖွဲ့၏ မူလသတင်းရင်းမြစ်များက သတ်ဖြတ်မှုများကို အတည်ပြု ထောက်ခံ ခဲ့ကြသည်။ သို့သော် ကျူးလွန်သူများ ကိုမူ သေချာရေရာမှု မရှိခဲ့ပေ။

---

2831 LI-044.

2832 ဥပမာအဖြစ်ကြည့်ပါ။ J. Head, "ရိုဟင်ဂျာ အကြပ်အတည်း - မြန်မာပြည်၏ တရားဝင်ဇာတ်လမ်းထဲမှ ကြည့်ကြည့်ခြင်း" (ဘီဘီစီ၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁၁ ရက်)

အခြားသော စစ်သွေးကြွများနှင့် ရာဇဝတ်ဂိုဏ်းများသည်လည်း နယ်မြေအတွင်း လှုပ်ရှားမှု ရှိနေခဲ့ပြီး မတရားပြုမှုများ အတွက် တာဝန်ရှိကောင်း ရှိခဲ့နိုင်သည်။

**(၅) နိုင်ငံတကာ ဥပဒေများအပေါ် ချိုးဖောက်မှု**

၁၂၇၃။ ရခိုင်ပြည်နယ်မှ ၂၀၁၆ ခုနှစ်နှင့် နောက်ပိုင်း တဖန် ၂၀၁၇ ခုနှစ်များအတွင်း နှစ်ခုလုံး၏ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် လူမဆန်အောင် ကြမ်းကြုတ်ပြီး အချိုးအစား မမျှဖြစ်ခဲ့ကြသည်။ ၄င်းစစ်ဆင်ရေးများသည် လူသားဘဝနှင့် ဂုဏ်သိက္ခာတို့ကို အလုံးစုံ လျစ်လျူရှုလျက် လူ့အခွင့်အရေးကို လေးစားမှု အလျဉ်းမရှိဘဲ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများ၏ အရေးအကြီးဆုံး အခြေခံမှုများကို အစဉ်တစိုက် အပြည့်အဝဖြစ်သော ချိုးဖောက်မှုများဖြင့် လုပ်ကိုင် ဆောင်ရွက်ခဲ့ကြခြင်း ဖြစ်သည်။ ထိုလေးနက်မှုနှင့် အတိုင်းအတာအပေါ် ချိုးဖောက်မှုများသည် နစ်နာခံစားရသူများ ကျူးလွန်ခံရမှုအတွက် ၄င်းတို့အပေါ် လုံးဝဥသုံ အထင်သေးစက်ဆုပ်ခြင်းဖြင့် တွန်းအားပေးမှသာလျှင် ဖြစ်နိုင်ပေသည်။

၁၂၇၄။ ဤအပိုင်းသည် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ ဦးတည်ရာ လမ်းကြောင်းအတွင်း နိုင်ငံတကာဥပဒေများကို ချိုးဖောက်မှုများ၏ အမျိုးအစားများ၏ အကျဉ်းချုံး ခြုံငုံသုံးသပ်ချက်တစ်ခုကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် လူသားချင်း စာနာမှုဥပဒေတို့အပေါ် အဓိကအာရုံစိုက်၍ ပံ့ပိုးဖော်ပြထားသည်။ အဆိုပါ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေကို ချိုးဖောက်မှုများ၏ ပမာဏသည် နိုင်ငံတကာဥပဒေ အောက်တွင် လေးနက်သော ရာဇဝတ်မှုများအဖြစ် သဘော သက်ရောက် စေနိုင်ပြီး အောက်ပိုင်း အခန်း ၈ တွင် ဆန်းစစ် ဖော်ပြထားသည်။

**(က) နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေ**

၁၂၇၅။ တပ်ဖွဲ့အင်အား အလွန်အကျွံ အသုံးပြုမှုကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် တားမြစ်ထားသည်။[2833] တပ်ဖွဲ့အင်အား အသုံးပြုမှုကို အလွန်အကျွံ မဖြစ်စေရန်အတွက် ဆိုလျှင် တရားဥပဒေနှင့် ညီညွတ်မှု၊ လိုအပ်မှုနှင့် အချိုးအစား မျှတမှုတို့၏ အခြေခံမှုများကို လိုက်နာရမည်ဖြစ်ပြီး အင်အားအသုံးပြုမှု ဒီဂရီသည်လည်း အခြေအနေများ အလိုက် အနိမ့်ဆုံး လိုအပ်ချက်ထိ ကန့်သတ်ထား ရမည် ဖြစ်သည်။ အားအသုံးပြုမှုကို အကြမ်းဖက်မှုကို အသုံးပြုနေသော တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များအတွက် (သို့မဟုတ်) ဖြစ်လုဆဲဆဲ ခြိမ်းခြောက်မှု တစ်ခုကို ဖယ်ရှားခြင်းအတွက် ရည်ရွယ်ရမည် ဖြစ်သည်။ အဆိုပါစံများကို ရခိုင် ပြည်နယ်အတွင်း ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်တို့၌ ဖြစ်ပွားသော "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ရှင်းလင်းထင်ရှားစွာပင် ဖြည့်ဆည်း ဆောင်ရွက်မှု မရှိခဲ့ပေ။ ထိုသို့ဖြင့် ဤစစ်ဆင်ရေးများသည် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေများ အောက်တွင် ရခိုင်ပြည်နယ် အတွင်းရှိ အရပ်သားများ အထူးသဖြင့် ရိုဟင်ဂျာများအပေါ် ချိုးဖောက်မှုများ၏ လွှမ်းမိုးသော အကျယ်အဝန်းတစ်ခုဆီသို့ မြင့်တက်စေခဲ့သည်။ ရခိုင်ပြည်နယ်အတွင်းမှ အနဲ့အပြား

[2833] အခန်း(၂) အပိုင်း (ဂ)ကို ကြည့်ပါ ဥပဒေမူဘောင်

သတ်ဖြတ်မှုများသည် ဓလေ့ထုံးတမ်းအစဉ်အလာဖြစ်သော နိုင်ငံတကာ ဥပဒေ၏ အစိတ်အပိုင်း အဖြစ် ပုံဖော်ထားသော မည်သည့် အခြေအနေတွင်မျှ သိမ်းပိုက်ချိုးဖောက်ခွင့်မရှိသော အခွင့်အရေး တစ်ခုဖြစ်သည့် အသက်ရှင်သန် နေထိုင်ခွင့်ကို ချိုးဖောက်ခဲ့သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် အနီးစပ်ဆုံး ခန့်မှန်းခြေ လူပုဂ္ဂိုလ် ၁၀၀၀၀ သည် ၂၀၁၇ ခုနှစ် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" တစ်ခုတည်း၏ နောက်ဆက်တွဲအဖြစ် သတ်ဖြတ်ခံခဲ့ရသည်ဟု ယူဆပြီး ၄င်းမှာ မယုတ်မလွန် ခန့်မှန်းချက် ဖြစ်သည်။

၁၂၇၆။ ဒေသအလိုက် ဖြစ်ပွားခဲ့သော ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ တခါတရံ အမျိုးသားများနှင့် ယောကျ်ားလေးငယ်များ အပေါ် မုဒိမ်းကျင့်မှုများ၊ အစုလိုက် အပြုံလိုက် အုပ်စုဖွဲ့ မုဒိမ်းကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု များသည် အဆိုပါ နစ်နာခံစားရသူများ၏ လူပုဂ္ဂိုလ်၏ လုံခြုံမှု အခွင့်အရေးများနှင့် ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် အခြားသော နှိပ်စက်မှုများမှ ကာကွယ်ခံရရန် အခွင့်အရေးတို့ကို ချိုးဖောက်နေခဲ့သည်။ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု-အခြေခံ အကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုများ သည်လည်း အမျိုးသမီးများအပေါ် ပုံစံအမျိုးမျိုးသော ခွဲခြားဆက်ဆံမှုများ ပပျောက်ရေး သဘောတူစာချုပ်ဖြင့် (CEDAW) တားမြစ်ထားသော ခွဲခြားဆက်ဆံမှု ပုံစံတစ်ခုပင် ဖြစ်သည်။ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု-အခြေခံ အကြမ်းဖက်မှုများကို တားဆီးကာကွယ်ရန်၊ စုံစမ်းစစ်ဆေးရန်၊ တရားစွဲဆိုရန်နှင့် အပြစ်ပေးအရေးယူရန် မြန်မာနိုင်ငံ၏ ပျက်ကွက်မှုသည် အဖွဲ့ဝင်နိုင်ငံတစ်ခုအနေဖြင့် ၄င်း၏ လိုက်နာရန် တာဝန်ရှိမှုကို ချိုးဖောက်ခြင်းပင် ဖြစ်သည်။[2834] ကလေးသူငယ်များနှင့် မွေးကင်းစ ကလေးငယ်များကို ခွဲခြားမှုမရှိဘဲ တိုက်ခိုက်မှုများနှင့် တမင်ရည်ရွယ် သတ်ဖြတ်မှုများသည်လည်း ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ သဘောတူ စာချုပ် (CRC)ကို ချိုးဖောက် ခြင်းပင် ဖြစ်သည်။ အဖွဲ့ဝင်နိုင်ငံတစ်ခု အနေဖြင့် မြန်မာနိုင်ငံသည် အသက် ၁၈ နှစ်အောက် လူပုဂ္ဂိုလ်များအားလုံး၏ အသက်ရှင်သန်နေထိုင်ခွင့်၊ ရပ်တည်ရှင်သန်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပုံစံအားလုံးမှ အကာအကွယ် ရရှိရန်၊ လိင်ပိုင်းဆိုင်ရာ အလွဲသုံးစား မတရားပြုမှုအပါအဝင် ထိခိုက်နာကျင်မှု၊ မတရားပြုမှု နှင့် ညှင်းပန်းနှိပ်စက်ခံရမှု (သို့မဟုတ်) အခြား ရက်စက်ကြမ်းကြုတ်သော၊ လူမဆန်သော (သို့မဟုတ်) အဆင့်နိမ့်ချ ဆက်ဆံမှု (သို့မဟုတ်) အပြစ်ပေးမှုများ မရှိစေရေးတို့ကို အာမခံပေးရေးအတွက် လိုက်နာရန် တာဝန်ရှိသည်။[2835] CRC အရ အစိုးရများသည် လက်နက်ကိုင် ပဋိပက္ခများကြောင့် ထိခိုက်ခံစား ခဲ့ရသော ကလေးများကို ကာကွယ်ရန်နှင့် စောင့်ရှောက်ရန် ၄င်းတို့ တတ်နိုင်သမျှ အရာအားလုံးကို မဖြစ်မနေ လုပ်ဆောင်ရမည် ဖြစ်သည်။ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ၏ အကြောင်းအရာ အခြေအနေတွင်မူ ကာကွယ်ခံရမှုနှင့် စောင့်ရှောက်ခံရမှုတို့ကို ရရှိမည့်အစား ကလေးသူငယ်များနှင့် မွေးကင်းစ ကလေးငယ်များမှာ

[2834] CEDAW, arts. 2 and 15.

[2835] CRC, arts 1, 4, 6, 7, 19, 24, 28, 34, 37

တိုက်ရိုက် ပစ်မှတ်ထား သတ်ဖြတ်ခံခဲ့ရပြီး မကြာခဏပင် ၎င်းတို့၏ မိဘများ ရှေ့မှောက်တွင် ကျူးလွန် ခံခဲ့ကြရသည်။

၁၂၇၇။ ဥပဒေမဲ့ ဖမ်းဆီးမှုများနှင့် အချို့ အမှုဖြစ်ရပ်များတွင် ဖမ်းဆီးမှု (သို့မဟုတ်) ချုပ်နှောင်မှု၏ အကြောင်းပြချက်ကို ဖမ်းဆီးခံရသော (သို့မဟုတ်) ချုပ်နှောင်ခံရသော လူများကို အသိပေးရန်၊ ထိုသူများကို တရားရုံးတော် ရှေ့မှောက်သို့ အလျင်အမြန် ခေါ်ယူတင်သွင်းရန်နှင့် ထိုသူများ အနေဖြင့် တရားဥပဒေအရ ထူထောင် ဖွဲ့စည်းထားသည့် သင့်တင့်သော၊ အမှီအခိုကင်း လွတ်လပ်သော၊ ဘက်မလိုက်သော ခုံရုံးဖြင့် မျှတ၍ အများသိဖြစ်သော ကြားနာမှု တစ်ခု ရရှိနိုင်ရန်တို့ကို သေချာအောင် ပြုလုပ်ပေးရန် မြန်မာနိုင်ငံ၏ တာဝန်ရှိမှု နှင့်အတူ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" ကာလအတွင်း ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအား အတင်းအဓမ္မ ပျောက်ဆုံးစေမှုများသည် လူပုဂ္ဂိုလ်၏ လွတ်လပ်မှုနှင့် လုံခြုံမှု၊ မတရားဖမ်းဆီးခံရမှုနှင့် ချုပ်နှောင်ခံရမှုများမှ လွတ်လပ်ခွင့်တို့ကို ချိုးဖောက်နေခဲ့သည်။ အာဏာပိုင်များသည် အတင်းအဓမ္မ ပျောက်ဆုံးစေမှု နည်းလမ်းအားဖြင့် ရိုဟင်ဂျာများကို ဥပဒေ၏ အကာအကွယ် ပြင်ပသို့ ဆွဲထုတ်ကာ ၎င်းတို့အား ဖမ်းဆီးမှုများကို ဝန်ခံရန် ငြင်းဆိုခဲ့ကြပြီး (သို့မဟုတ်) ချုပ်နှောင်မှုကို ဖုံးကွယ်ခဲ့ကြပြီး မြန်မာနိုင်ငံကို အတင်းအဓမ္မပျောက်ဆုံးစေမှု အပေါ် တားမြစ်ပိတ်ပင်ထားသော ဓလေ့ထုံးတမ်း ဥပဒေနှင့် အတင်းအဓမ္မပျောက်ဆုံးစေမှုမှ လူပုဂ္ဂိုလ်ကို အကာအကွယ်ပေးရေး ကြေညာစာတမ်းတို့ကို ဖောက်ဖျက်မှု အတွင်းသို့ ဆိုက်ရောက်စေခဲ့သည်။ အဆိုပါ ဥပဒေမဲ့ ဖမ်းဆီးမှုများနှင့် မကြာခဏ အတူ ပေါ်ပေါက်ခဲ့သော ညှဉ်းပန်းနှိပ်စက်မှုများ သည်လည်း တားမြစ်ပိတ်ပင်ခံထားရပြီး၊ ညှဉ်းပန်းနှိပ်စက်မှုကို တားမြစ်ပိတ်ပင်မှုသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် ခြွင်းချက်မဲ့ ဖြစ်သည်။

၁၂၇၈။ ရိုဟင်ဂျာများ၏ နေအိမ်များကို မီးရှို့မှု၊ ဖျက်ဆီးမှုနှင့် ၎င်းတို့၏ ကျေးရွာများကို ချေဖျက် ပျက်သုဉ်းစေမှု တို့သည် မြန်မာနိုင်ငံက အဖွဲ့ဝင်ဖြစ်သည့် အပြည်ပြည်ဆိုင်ရာ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများ သဘောတူစာချုပ်က (ICESCR) ပေးအပ်ထားသော လုံလောက်သော အိမ်ရာ ရရှိပိုင်ခွင့်ကို ချိုးဖောက်နေသည်။ တခါတရံ ပမာဏကျယ်ပြန့်စွာ လုယက်မှုဖြင့် ရှေးဦးစတင်ပြီး နောက်ဆက်တွဲအဖြစ် ဒေသအလိုက် မြေပြင် အနေအထား ရှင်းလင်းမှုနှင့် အဆောက်အအုံများ ပြန်လည်ဆောက်လုပ်မှုတို့ဖြင့် ရိုဟင်ဂျာ ကျေးရွာများကို ရွာလုံးကျွတ် ဖျက်ဆီးမှုများသည်လည်း နေအိမ်ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်နှင့် ၎င်းအခွင့်အရေးကို ဥပဒေမဲ့ ပိတ်ပင်မှု မပြုရန်တို့ကို ချိုးဖောက်နေသည်။.[2836]

၁၂၇၉။ ICESCR စာချုပ်သည် လုံလောက်သော အစားအစာနှင့် နေအိမ် ရရှိပိုင်ခွင့် တို့ကိုလည်း ကာကွယ်ပေးထားသည်။[2837] ၂၀၁၆ခုနှစ် အာဆာ တိုက်ခိုက်မှုများ နောက်ပိုင်းတွင် စိုက်ပျိုးရေး မြေယာများ၊ သစ်တောများသို့ သွားရောက်ရန်နှင့် ငါးဖမ်းထွက်ရန် တို့သည် အကြီးအကျယ် အကန့်အသတ် ဖြစ်ခဲ့ပြီး ထိုကိစ္စက ရိုဟင်ဂျာများအတွက် အစားအစာ၊ အသက်မွေးမှုနှင့် ဝင်ငွေ

[2836] UDHR, art, 17
[2837] ICESCR, art, 11

ရရှိနိုင်မှုတို့ကို ပိတ်ပင်စေခဲ့သည်။ လုံလောက်သော အစားအစာနှင့် နေအိမ်ရရှိနိုင်မှု မရှိခြင်းသည် ဘင်္ဂလားဒေ့ရှ်သို့ သွားရာခရီးအတွက် သတိမပြုဘဲမနေနိုင်လောက်အောင် ထင်ရှားသော အချက်တစ်ခုဖြစ်ခဲ့သလို ၎င်းတို့ကိုယ်တိုင် ၎င်းတို့ ရပ်တည်နိုင်ရန် လုပ်ဆောင်နိုင်မှုအားလုံး ဆုံးရှုံးရခြင်းတို့ဖြင့် ဘင်္ဂလာဒေ့ရှ်တွင် အမြောက်အမြား ဆက်လက်ဒုက္ခခံစားကြရသည်။ ရခိုင်ပြည်နယ်အတွင်း ကျန်ရစ်ခဲ့ကြသူများအတွက် အစားအစာ ရရှိနိုင်မှုကို ပိတ်ပင်ခံရခြင်း၏ ရလဒ်များ အပါအဝင် ၂၀၁၇ခုနှစ် နိုဝင်ဘာလမှ ရှေ့ဆက် ကန့်သတ်ပိတ်ပင်မှုများ၏ ဆိုးရွား ပြင်းထန်မှုသည် ကျန်ရစ်သော ရိုဟင်ဂျာ အမြောက်အမြားအား မြန်မာနိုင်ငံကို စွန့်ခွာစေရန် ဦးတည်စေခဲ့သည်။

၁၂၈၀။ ICESCR သည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့၏ အမြင့်ဆုံး ရယူခံစားနိုင်သော အဆင့်ထိ ရပိုင်ခွင့်ကိုလည်း ကာကွယ်ပေးထားသည်။[2838] မြစ်များကို ဖြတ်ကူး၍ တောင်များကို ကျော်ဖြတ်ကာ တောအုပ်များ တလျှောက် နေ့များစွာ (သို့မဟုတ်) သီတင်းပတ် များစွာ လမ်းလျှောက်ခဲ့ရစေသည့် ဒဏ်ရရှိထားသူများကို ဆေးဝါးကုသ စောင့်ရှောက်မှု တစ်စုံတစ်ရာ ကူညီပေးရန် လုံးဝဥဿုံ ပျက်ကွက်မှုသည် နောက်ထပ် ထိခိုက် သေကျေ ပျက်စီးမှုများကို ဖြစ်စေခဲ့သည်။ ရိုဟင်ဂျာများ လူမှုဘဝ၏ ခံစားခွင့် အခွင့်အရေးများ ဥပဒေမဲ့ ပိတ်ပင်ခံမှုများအပေါ် ထပ်လောင်း၍ အရေအတွက် မြောက်မြားစွာသော ရွာသားများမှာ နက်ရှိုင်း၍ ကာလကြာရှည် တည်နေမည့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများနှင့်အတူ မြောက်မြားစွာသော ဘဝကို- ပြောင်းလဲစေပြီး အမြဲတမ်း ဖြစ်နေမည့် သိသာထင်ရှားသော ထိခိုက်ဒဏ်ရာများဖြင့် ရရှိကျန်နေရစ်ခဲ့သည်။

၁၂၈၁။ ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ၏ ရလဒ်တစ်ခု အဖြစ် ရိုဟင်ဂျာ-မဟုတ်သော အရပ်သား ၃၀၀၀၀ ခန့် ၎င်းတို့ နေအိမ်များနှင့် ကျေးရွာများမှ ရွှေ့ပြောင်းခဲ့ကြရသည်ကိုလည်း သတင်းများက ခန့်မှန်းခဲ့ကြသည်။ အဆိုပါ အရပ်သားများ၏ လုံလောက်သော အစားအစာနှင့် နေအိမ် ရရှိပိုင်ခွင့်၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးတို့အပေါ် အမြင့်ဆုံး ရယူခံစားနိုင်သော အဆင့်စံသတ်မှတ်ချက် တို့သည်လည်း ချိုးဖောက်ခံခဲ့ကြရသည်။

၁၂၈၂။ အာဆာအဖွဲ့၏ လုပ်ဆောင်ချက် အချို့ကလည်း လူ့အခွင့်အရေး မတရားပြုမှုများနှင့် ညီမျှသည်။ အထူးသဖြင့် ရိုဟင်ဂျာ သတင်းပေးဟု သံသယရှိသူများကို သတ်ဖြတ်ခဲ့ပြီး အထက်ပြူးမ ရခိုင်ကျေးရွာကို မီးရှို့ခဲ့ခြင်းများ ဖြစ်သည်။

## (ခ) နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ

၁၂၈၃။ ဤအစီရင်ခံစာတွင် ဖော်ပြခဲ့သော ပုံစံများကို ကြည့်၍ တပ်မတော်နှင့် အခြား လုံခြုံရေးတပ်ဖွဲ့များသည် တစ်ဘက်တွင် အရပ်သားများနှင့် အရပ်ဘက် အဆောက်အအုံ အရာဝတ္ထုများ အခြား တစ်ဘက်တွင် တိုက်ခိုက်ရေး သမားများနှင့် စစ်ဘက်ဆိုင်ရာ ပစ်မှတ်များ

[2838] ICESCR, art, 12(1)

အကြား ခွဲခြားခဲ့ခြင်း မရှိခဲ့ဟု မစ်ရှင်အဖွဲ့မှ သုံးသပ်သည်။ ၎င်းတို့သည် အရပ်သားများ၏ အသက်များ ဆုံးရှုံးခြင်း၊ အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း၊ အရပ်ဘက် အဆောက်အအုံ အရာဝတ္ထုများ ပျက်စီးခြင်း (သို့မဟုတ်) ယင်းတို့ အားလုံး စုပေါင်း ဖြစ်ပေါ်ခြင်းများ ဖြစ်ပွားစေရန် ရည်ရွယ်ထားနိုင်သော တိုက်ခိုက်မှုများတွင် လိုလိုလားလား ပါဝင်လုပ်ဆောင် ခဲ့ကြပြီး၊ ယင်းသည် ကြိုတင် မျှော်မှန်းနိုင်သည့် ခိုင်လုံပြီး တိုက်ရိုက်ဖြစ်သော မည်သည့် စစ်ရေး အကျိုးမြတ် အသာစီးရမှုထက်မဆို ရှင်းလင်းစွာ သာလွန်များပြား နေပေသည်။ အရပ်သားများ၏ အသက်များ ဆုံးရှုံးခြင်း၊ အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း၊ အရပ်ဘက် အဆောက်အအုံ အရာဝတ္ထုများ ပျက်စီးခြင်းတို့ကို ရှောင်ရှားရန်နှင့် အနည်းဆုံး ဖြစ်အောင် ပြုလုပ်ရန် ဖြစ်နိုင်သော ကြိုတင် ကာကွယ်မှု တစ်ခုခုပြုလုပ်ရန် အားထုတ်မှု မရှိခဲ့ပေ။ ဆန့်ကျင်ဘက် အနေဖြင့် ကလေးသူငယ်များ အပါအဝင် အရပ်သားများမှာ တမင်ရည်ရွယ်လျက် ပစ်မှတ်ထား ခံခဲ့ရသည်ဟု မစ်ရှင်အဖွဲ့မှ ကောက်ချက်ချခဲ့သည်။ ရိုဟင်ဂျာ ကျေးရွာများသည် မီးရှို့ခံခဲ့ရပြီး တစ်ချိန်က တည်ရှိခဲ့ကြောင်း သဲလွန်စ မကျန်တော့သည်အထိ ယခုအခါ ဖြစ်ပွားမှု အမြောက်အမြားတွင် ရှင်းလင်းခံခဲ့ ကြရသည်။ ထိုလုပ်ဆောင်မှု တလျှောက်တွင် တပ်မတော်သည် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ၏ အခြေခံအုတ်မြစ် သက်ဝင်ယုံကြည်မှုများကို တသမတ်တည်း ဆက်တိုက် ချိုးဖောက်ခဲ့သည်။[2839]

၁၂၈၄။ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"သည် အာဏာအဖွဲ့မှ ပြုလုပ်ခဲ့သော လက်ဆုပ်လက်ကိုင်ပြနိုင်သည့် စစ်ရေး ခြိမ်းခြောက်မှုကို ကိုင်တွယ်ရန် လိုအပ်သော မည်သည့် နည်းလမ်းနှင့်မဆို အချိုးအစား မျှတမှု မရှိပေ။ မည်သည့်အခြေအနေတွင်မျှ သိမ်းပိုက်ချိုးဖောက်ခွင့်မရှိသော အသက်ရှင်သန် နေထိုင်ခွင့်နှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဂုဏ်သိက္ခာ အခွင့်အရေးများ အပါအဝင် အုပ်စု တစ်စု၏ အခြေခံ လူ့အခွင့်အရေးများအား အလုံးစုံ ထုတ်ပယ်ခြင်းကို မည်သည့် စစ်ရေး (သို့မဟုတ်) လုံခြုံရေး ရည်မှန်းချက်ကမှ မှန်ကန်ကြောင်း ဖြေရှင်းချက် ထုတ်ပေးနိုင်မည် မဟုတ်ပေ။ အန္တအပြားဖြစ်သော နေအိမ်များ၊ ဗလီ ဝတ်ကျောင်းများနှင့် ဘာသာရေး ကျောင်းများ၊ အရပ်သား အိမ်ရာ ပိုင်ဆိုင်မှုများ အားလုံးကို မီးရှို့မှုများနှင့် ဖျက်ဆီးမှုများ သည်လည်း နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေကို ချိုးဖောက်ပေသည်။

၁၂၈၅။ အမျိုးသမီးများနှင့် ကလေးသူငယ်များအပါအဝင် အစုအပြုံလိုက်သတ်ဖြတ်ခြင်းများ၊ ကြီးမားသော အတိုင်းအတာဖြင့် မုဒိမ်းကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၊ ကလေးသူငယ်များကို အထူးသီးသန့် (သို့မဟုတ်) ပမာဏ ကြီးမားသော ပစ်မှတ်ထားမှုများ၊ မြို့နယ် ၃ခု အတွင်း တမင်ရည်ရွယ်သော လုယက်မှုများနှင့် ရွာလုံးကျွတ် ဖျက်ဆီးမှုများကို ပြုလုပ် ဆောင်ရွက်ရန် လိုအပ်ချက် တစ်ခု မည်သည့်အခါမျှ မရှိနိုင်ပေ။ တပ်မတော်နှင့် အခြား လုံခြုံရေး တပ်ဖွဲ့များက ဒေသခံရခိုင် တိုင်းရင်းသားများ၏ ကူညီမှုဖြင့် တင်ဆက်ခဲ့သော လုပ်ဆောင်မှုသည်

[2839] အခန်း (၂) အပိုင်း ဂ၊ ဥပဒေမူဘောင်တွင် ရှင်းပြခဲ့သလိုပင် အနည်းဆုံး ၂၀၁၇ ခုနှစ် ဩဂုတ်မှစ၍ ရခိုင်ပြည်အခြေအနေသည် နိုင်ငံတကာမပါသော လက်နက်ကိုင်ပဋိပက္ခအဆင့်သို့ ရောက်နေပြီဖြစ်ကြောင်း မစ်ရှင်က စဉ်းစားသည်။

တုန်လှုပ်ဖွယ်ရာ အဆင့်များထိ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ချိုးဖောက်မှုများ ရလဒ်ထွက်စေခဲ့သည်။

၁၂၈၆။ အာဆာအဖွဲ့သည်လည်း ၎င်းချိုးဖောက်ခဲ့သော နိုင်ငံတကာ လူသားချင်း စာနာမှု ဥပဒေအရ တာဝန် ဝတ္တရားရှိသည်။ ဥပမာ အားဖြင့် အထက်ပြူးမ ရခိုင်ကျေးရွာကို မီးရှို့ခြင်းသည် ကွဲပြား ခြားနားမှုနှင့် အချိုးအစားညီမျှမှုတို့၏ အခြေခံမှုကို ချိုးဖောက်မှု တစ်ရပ် ဖြစ်နိုင်ဖွယ်ရှိသည်။

## ၆။သက်ေတပုံစံဆောင်သော အခြေအနေ (ဂ) ဒီမိုကရက်တစ် အခင်းအကျင်းနှင့် အခြေခံ လွတ်လပ်ခွင့်များ ကျင့်သုံးမှု

၁၂၈၇။ ပြည်သူများအနေဖြင့် ၎င်းတို့ ကိုယ်ကိုဖော်ထုတ်နိုင်ရန် နှင့် ဆန္ဒပြမှုများတွင် ပါဝင်နိုင်ရန်၊ ပိုမို လွတ်လပ်သော သတင်းမီဒီယာ ပတ်ဝန်းကျင်တစ်ခု နှင့် လူမှုကွန်ရက်မှ တစ်ဆင့် အပါအဝင် အင်တာနက် အသုံးပြုသူများ အတွက် လွတ်လပ်ခွင့်နှင့် အသုံးပြုနိုင်မှုတို့အတွက် ပိုမို ပွင့်လင်းသော ပတ်ဝန်းကျင် အနေအထား တစ်ခု အပါအဝင် ၂၀၁၁ ခုနှစ်မှ စ၍ မြန်မာနိုင်ငံတွင် ရှေးယခင် နှစ် ၅၀ နှင့် နှိုင်းယှဉ်လျှင် မှတ်သားလောက်ဖွယ် ထူးခြားသော ဒီမိုကရက်တစ် အခင်းအကျင်း တစ်ခုသို့ ဖွင့်လှစ်မှု တစ်ခုရှိခဲ့သည်။[2840] ဥပမာအားဖြင့် ယုံကြည်ချက် အကျဉ်းသားများ လွှတ်ပေးခြင်းသည် ၂၀၁၁ ခုနှစ် ကတည်းက မြန်မာ အစိုးရ၏ အဓိက အောင်မြင်မှုများ အနက်မှ တစ်ခုအဖြစ် မီးမောင်းထိုးခံခဲ့ရပြီး ထောင်နှင့်ချီသော အကျဉ်းသားများကို အကျိုးရှိစေခဲ့သည်။[2841]

၁၂၈၈။ မည်သို့ဆိုစေ မြန်မာနိုင်ငံ အနေဖြင့် သိသာထင်ရှားသော ခြေလှမ်းများ ပြုလုပ်ခဲ့သော်လည်း စိန်ခေါ်မှုများနှင့် အနှုတ်လက္ခဏာ လမ်းကြောင်းများလည်း ပေါ်ထွက်လာခဲ့သည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ်မှ စ၍ဖြစ်သည်။ တိုင်းပြည်၏ ဒီမိုကရက်တစ် အသွင်ကူးပြောင်းမှုသည် အစောပိုင်း အဆင့်များတွင်ပင် ကျန်ရှိနေခဲ့သည်။ အမှန်စင်စစ်တွင် ယင်းသည် စစ်တပ်က နိုင်ငံရေးတွင် လွှမ်းမိုး ကြီးစိုးသည့် အခန်းကဏ္ဍကို ထိန်းသိမ်းထားခြင်းဖြင့် စသည်ဆိုရုံမျှသာ ရှိသေးပေသည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့် အခွင့်အရေးများ အပေါ် ကန့်သတ်ပိတ်ပင်မှုများ တိုးမြင့်လာခဲ့ပြီး အဆိုပါ အခွင့်အရေးများကို ကျင့်သုံးမှုနှင့် ဆက်နွယ်သော တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များကို ဖမ်းဆီးခြင်းနှင့် ချုပ်နှောင်ခြင်းများ ဆက်လက် ပြုလုပ်နေပြီး လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများအပေါ် ထောက်လှမ်းခြင်း၊ စောင့်ကြည့်ခြင်းနှင့် ခြိမ်းခြောက်ခြင်းများ တိုးမြင့် လုပ်ဆောင်နေခဲ့သည်ဟု လေ့လာသူများက ဆိုခဲ့ကြသည်။[2842] နိုင်ငံရေးအကျဉ်းသား အမြောက်အမြား လွှတ်ပေးခဲ့ခြင်းကို ဆန့်ကျင်လျက် ၎င်းတို့၏ အရေအတွက်မှာ “စိုးရိမ်ဖွယ် မြင့်မား” နေဆဲဖြစ်ကြောင်း ဆိုကြသည်။[2843]

---

[2840] E.g. A/HRC/22/58, paras. 15, 24; A/HRC/28/72, para. 4; A/HRC/31/71, para. 18
[2841] See A/HRC/22/58, para. 6; A/HRC/25/64, para. 4; A/HRC/31/71, para. 28
[2842] E.g. A/HRC/28/72, para. 8
[2843] E.g. A/HRC/22/58, para. 7; A/HRC/28/72, para. 15; A/HRC/31/71, para. 28

၁၂၈၉။ မစ်ရှင် အဖွဲ့အနေဖြင့် ၎င်း၏ စစ်ဆေးမှုကို ဆက်နွယ်နေသော ဦးတည်ရာ ၂ ခုအပေါ်တွင် အလေးပေး အာရုံစိုက်ခဲ့ပြီး ယင်းတို့မှာ- ဝေဖန်မှုအသံများအပေါ် တက်တက်ကြွကြွ နှုတ်ဆိတ်ခြင်းကို လုပ်ဆောင်လာခဲ့ရသည်အထိ မြန်မာအာဏာပိုင်များအနေဖြင့် စီစစ်တင်းကြပ်မှုများ နှင့် ဝေဖန်မှုများကြောင့် ဖြစ်ရသည့် သိသာထင်ရှားသော စိတ်မသက်မသာ ဖြစ်မှု၊ နှင့် "အမုန်းစကားများ" အပေါ် အာဏာပိုင်များ၏ လုံလောက်မှု မရှိသော တုန့်ပြန်မှုနှင့် အားပေး အားမြှောက်ပြုမှုတို့ ဖြစ်သည်။

### က.က ဝေဖန်သံများကို နှုတ်ဆိတ်စေခြင်း

၁၂၉၀။ မစ်ရှင်အဖွဲ့အနေဖြင့် ဒီမိုကရက်တစ်အခင်းအကျင်းကို အနုတ်သဘောဆောင်စွာ ထိခိုက်စေပြီး ဝေဖန်သံများကို တမင်ရည်ရွယ်ချက်ရှိစွာ တိတ်ဆိတ်စေရန် လုပ်ဆောင်နေသည့် ပိုမိုကျယ်ပြန့်သော ဦးတည်ရာ တစ်ခုအတွက် အနည်းဆုံး ရှုထောင့် ၃ ခုကို လေ့လာခဲ့ပြီး ၎င်းတို့မှာ အခြေခံ လွတ်လပ်ခွင့်များ၏ ငြိမ်းချမ်းစွာ တည်ရှိမှုကို ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းနေသော ပြည်တွင်း ဥပဒေ အမျိုးမျိုးကို ဆက်လက်အသုံးပြုနေမှု၊ ကုလသမဂ္ဂနှင့် အခြား နိုင်ငံတကာပုဂ္ဂိုလ်များနှင့် ဆက်စပ်လုပ်ဆောင်မှု ရှိသည်ဟု ယူဆသော တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ အပေါ် ခြိမ်းခြောက်ခြင်းနှင့် လက်တုန့်ပြန်ခြင်း များနှင့် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လျှော့ချ ဖြတ်တောက်မှုများ ဖြစ်ကြသည်။

#### (၁) အခြေခံ လွတ်လပ်ခွင့်များအား ကန့်သတ်ပိတ်ပင်ထားခြင်းအတွက် ဥပဒေဆိုင်ရာ အသုံးပြုကရိယာများ

၁၂၉၁။ အပြန်အလှန် ဆက်နွယ်နေသည့် အခွင့်အရေးများ ဖြစ်ကြသော လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ ထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့် နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့်တို့သည် အခြေခံ လွတ်လပ်ခွင့်များ ဖြစ်ကြပြီး ဒီမိုကရေစီ စနစ် တစ်ခု၏ အသက်ဝင် လည်ပတ်မှုအတွက် အလွန်အရေးပါပြီး အခြားသော အခွင့်အရေးများ အားလုံး လက်တွေ့ ဖြစ်ပေါ်လာအောင် ပြုလုပ်ရေးအတွက် လိုအပ်ချက် တစ်ခုဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် ပြတ်ပြတ်သားသား ကာကွယ်ခံထားရသော အခွင့်အရေးများ ဖြစ်ကြသည်။[2844] မြန်မာနိုင်ငံအနေဖြင့် နိုင်ငံသားနှင့် နိုင်ငံရေး အခွင့်အရေးများဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူညီစာချုပ် (ICCPR) ကို အတည်ပြု လက်မှတ် မရေးထိုးရသေးသော်လည်း လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ ထုတ်ဖော်ခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့် အခွင့်အရေးများကို အလေးဂရု ပြုထားသော ICCPR ၏ ပြဋ္ဌာန်းချက်များမှာ နိုင်ငံတကာဥပဒေ အတတ်ပညာတွင် ၎င်းတို့၏ အနက်အဓိပ္ပာယ်ဖွင့်ဆိုမှုနှင့် အသုံးချမှုတို့နှင့်အတူ သက်ဆိုင် ဆီလျော်မှုရှိနေဆဲ ဖြစ်သည်။ မြန်မာနိုင်ငံသည် နှိုင်းယှဉ်နိုင်သော ပြဋ္ဌာန်းချက်များဖြင့် အခြားသော

[2844] UDHR, arts. 19-20; ICCPR, arts. 19-22; CRC, arts. 13, 15; CPRD, art. 21; ASEAN Declaration, arts. 23-24.

သဘောတူစာချုပ်များကို အတည်ပြု လက်မှတ်ရေးထိုးထားခဲ့ပြီး သတိပြုနိုင်ဆုံးမှာ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ သဘောတူညီ စာချုပ်(CRC) ဖြစ်သည်။

၁၂၉၂။ လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့် အခွင့်အရေးများသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအရ အကြွင်းမဲ့ မဟုတ်ပေ။ (သတင်းအချက် အလက်များနှင့် စိတ်ကူးဉာဏ် အမျိုးမျိုးကို ရယူရန် လက်ခံရန်နှင့် အခြေအနေ တစ်ရပ် ဖန်တီးပေးရန်တို့ ပါဝင်သော) လွတ်လပ်စွာ ထုတ်ဖော်ခွင့် အခွင့်အရေးကို ကျင့်သုံးမှုတွင် ကန့်သတ်မှုများ ပြုလုပ်ခံရကောင်း ခံရနိုင်ပေသည်။ မည်သို့ပင်ဖြစ်စေ ထိုသို့သော ကန့်သတ်မှုများသည် ဥပဒေအရ ပံ့ပိုးထားရမည် ဖြစ်ပြီး ဒီမိုကရက်တစ် လူ့အဖွဲ့အစည်းတွင် အခြားတစ်ပါးသူများ၏ အခွင့်အရေးများနှင့် ဂုဏ်သတင်းများကို လေးစားမှုအတွက် (သို့မဟုတ်) နိုင်ငံတော် လုံခြုံရေးနှင့် အများပြည်သူဆိုင်ရာ အမိန့်ညွှန်ကြားချက်များကို ကာကွယ်ရန်အတွက် (သို့မဟုတ်) အများပြည်သူ ကျန်းမာရေးနှင့် ကိုယ်ကျင့်တရားများကို ကာကွယ်ရန်တို့ အတွက် လိုအပ်သည်။[2845] လိုအပ်သော ကန့်သတ်ချက်များသည် အချိုးအစားညီမျှရမည်ဖြစ်ပြီး လုံလောက်သော အသေးစိတ်တိကျမှုဖြင့် ဖန်တီးဖော်ထုတ်ရမည် ဖြစ်သည်။ ကန့်သတ်ချက်များက နိုင်ငံတော်လုံခြုံရေးကို ရယူရာတွင် ၎င်းတို့သည် နိုင်ငံတော်တစ်ခုလုံးကို နိုင်ငံရေးအရ (သို့မဟုတ်) စစ်ရေးအရ ခြိမ်းခြောက်မှုများအတွက် အလေးအနက်ဖြစ်သော အမှုဖြစ်ရပ်များတွင်သာ ခွင့်ပြုနိုင်ရမည်။ လွတ်လပ်စွာ ထုတ်ဖော်ခွင့် အခွင့်အရေးသည် အပြင်းအထန် တိုက်ခိုက်သည်ဟု ထင်ရသော ဖွင့်ဟထုတ်ဖေါ်မှုကိုပင်လျှင် လက်ကမ်းကြိုဆိုပေသည်။ နိုင်ငံရေးဆိုင်ရာ အမြင့်ဆုံး လုပ်ပိုင်ခွင့် အာဏာကို ကျင့်သုံးနေသူများ အပါအဝင် အများဆိုင်ရာ ပုဂ္ဂိုလ်များ အားလုံးသည် ဝေဖန်ပြစ်တင်မှုနှင့် နိုင်ငံရေးအရ အတိုက်အခံ ဆန့်ကျင်မှုတို့ကို တရားဝင်ဖြစ်စွာ ပြုလုပ်ခံရမည် ဖြစ်သည်။ (၎င်းတို့အပေါ် ဝေဖန်ပြစ်တင်မှုများသည် အလိုအလျောက် တရားဝင်ပြီး ဖြစ်သည်။) ထိုကဲ့သို့သော အာဏာပိုင်များကို ဝေဖန်ပြစ်တင်မှုသည် ရိုင်းပျ ဆဲရေးစော်ကားမှုဟု ယူဆနိုင်လျှင်ပင် ယင်းကို ပြစ်ဒဏ်များ သတ်မှတ်ခြင်းမှာ မှန်ကန်ကြောင်း ရှင်းချက်ထုတ်ရန် မလုံလောက်ပေ။[2846] လွတ်လပ်စွာ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့် အခွင့်အရေးများကို ကျင့်သုံးမှု သည်လည်း အလားတူ တင်းကျပ်သော အခြေအနေများ အောက်တွင်သာ ကန့်သတ်နိုင်ပေသည်။

၁၂၉၃။ မြန်မာနိုင်ငံ၏ ပြည်တွင်း ဥပဒေမူဘောင်များနှင့် ပါတ်သက်သော ပြဿနာမှာ နစ်ဆပိုကြီးသည်။ ပထမမှာ လွတ်လပ်စွာ ထင်မြင်ယူဆခွင့်၊ ထုတ်ဖော်ခွင့်၊သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့် တို့အပေါ် လေးစားသမှုဖြင့် အခြေခံဥပဒေ လူ့အခွင့်အရေး အာမခံချက်များက အားနည်း၍ မပြတ်မသား မရှင်းမလင်း ဖြစ်နေသည်။ ၂၀၀၈ ခုနစ် အခြေခံဥပဒေ၏ ပုဒ်မ ၃၅၄ တွင် "နိုင်ငံသားများ"အတွက် အဆိုပါ အခွင့်အရေးများသည်၊ အကယ်၍ " ပြည်ထောင်စု လုံခြုံရေး၊ဥပဒေနှင့် အမိန့်များ ပျံ့နှံ့ စိုးမိုးရေး၊ နိုင်ငံတော် လုံခြုံရေး၊ တရားဥပဒေ စိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး (သို့မဟုတ်) ပြည်သူတို့၏ ကိုယ်ကျင့်တရား အကျိုးငှာ

[2845] ICCPR, art. 19(3); CRC, art. 13

[2846] United Nations Human Rights Committee, General Comment no. 34 (CCPR/C/GC/34).

ပြဋ္ဌာန်းထားသော ဥပဒေများနှင့် ဆန့်ကျင်ခြင်း မရှိလျှင်” ကာကွယ်ပေးထားသည်ဟု ဆိုသည်။ နိုင်ငံတကာဥပဒေများအောက်မှ အချက်များနှင့်မသက်ဆိုင်ဘဲ ဆိုလျှင်ပင် အဆိုပါ အခွင့်အရေးများသည် နိုင်ငံသားတဦးတည်းကိုသာ ကန့်သတ် မထားသင့်ပေ။ “ရပ်ရွာအေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေး”ဟူသည့် အယူအဆသည်လည်း လက်သင့်မခံနိုင်လောက်အောင်ပင် မရေမရာနှင့် ကျယ်ပြန့်လွန်းပေသည်။ ထို့ပြင် ဖော်ပြထားသည့် ပန်းတိုင်များကို ရရှိရေးအတွက် ကန့်သတ်ချက်ကို “လိုအပ်စေသော” ပင်မလိုအပ်ချက်မှာ ပျောက်ကွယ်နေသည်။ ဒုတိယမှာ မြောက်မြားစွာသော ပြည်တွင်း ဥပဒေများတွင် အခြေခံ လွတ်လပ်မှုများ ကျင့်သုံးမှုအပေါ် မတိကျသော (သို့မဟုတ်) လွန်ကဲစွာ ကျယ်ပြန့်သော ကန့်သတ်ချက်များ ပါဝင်နေပြီး ထိုကဲ့သို့ အခွင့်အရေးများ၏ ငြိမ်းချမ်းစွာ ကျင့်သုံးမှုကို ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းခြင်းများဖြင့် အပါအဝင်ဖြစ်သည်။

၁၂၉၄။ အရပ်ဘက် အဖွဲ့အစည်းများ? သတင်းသမားများ၊ ရှေ့နေများနှင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများကို ခြိမ်းခြောက်ရန်နှင့် ၎င်းတို့ကို အသံတိတ်သွားစေရန် အမြင်တစ်ခု ပါဝင်လျက် ၎င်းတို့ကို ဖမ်းဆီးရန်၊ တရားစွဲဆိုရန်နှင့် ပြစ်ဒဏ်စီရင်ရန်တို့ အတွက် ပြဿနာရှိနေသော ဥပဒေများကို ကြိမ်ဖန်များစွာ အသုံးပြုခဲ့ကြသည်။

- ပြစ်မှုဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၁၄၃ မှ ၁၄၇ ဖြင့် ဥပဒေနှင့် မညီသော စုရုံးမှုများကို အပြစ်ပေးထားခြင်း။ ။ အဆိုပါ ပြဋ္ဌာန်းချက်များတွင် ဥပဒေနှင့် မညီသော စုရုံးမှုများကို လွန်ကဲစွာ ကျယ်ပြန့်သော အဓိပ္ပာယ် ဖွင့်ဆိုမှု တစ်ရပ် ပါဝင်နေပြီး ထိုအချက်သည် ငြိမ်းချမ်းစွာ စုရုံးမှုများကိုပါ လွှမ်းခြုံနိုင်နေသည်။

  အရေးကြီးသည်မှာ ပုဒ်မ ၁၄၇ က တွင် စည်းကမ်း ပြဋ္ဌာန်းထားသည်မှာ အင်အား (သို့မဟုတ်) အကြမ်းဖက်မှုကို ဥပဒေနှင့် မညီသော စုရုံးမှု တစ်ခုမှ (သို့မဟုတ်) ယင်း၏ အဖွဲ့ဝင် တစ်ဦးဦးမှ အသုံးပြုခဲ့လျှင် ထိုစုရုံးမှု၏ အဖွဲ့ဝင် ပါဝင်သူ အားလုံးသည် အဓိကရုဏ်း ဖြစ်စေမှု၏ ပြစ်မှုဖြင့် အပြစ်ရှိသည်ဟု ဖြစ်သည်။ မည်သို့ဆိုစေ ငြိမ်းချမ်းစွာ စုဝေးခွင့်သည် တသီးပုဂ္ဂလဆိုင်ရာ အခွင့်အရေး တစ်ရပ်ဖြစ်သည်။ ထို့ကြောင့် စုရုံးမှုထဲတွင် ပါဝင်သော လူအချို့မှ အကြမ်းဖက် လုပ်ရပ် ပြုလုပ်မှုကြောင့် စုရုံးမှု တစ်ခုလုံးကို အကြမ်းဖက်မှုဟု ယူဆ၍မရနိုင်ပေ။ အကြမ်းဖက်မှုတွင် (သို့မဟုတ်) အကြမ်းဖက်ရန် လှုံ့ဆော်မှုတွင် မပါဝင်သော တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များသည် အခြားသူများ၏ လုပ်ဆောင်ချက်အတွက် တာဝန်ယူရမှု မဖြစ်သင့်ပေ။[2847] ထိုသို့သော ပြဋ္ဌာန်းချက်များက လူထု ဆန္ဒပြပွဲ တစ်ခုလုံးကို “ဥပဒေနှင့်မညီသော” အဖြစ် ကိုင်တွယ်ခံရစေရန်နှင့် ပါဝင်သူများအား အစုလိုက် အပြုံလိုက် ဖမ်းဆီးရန် အားထားကျင့်သုံးခြင်း အတွက် ခွင့်ပြုပေးနေသည်။

[2847] A/HRC/31/66, para. ၂၀

- ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၄၉၉ မှ ၅၀၂ သည် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ပြဌာန်းထားသည်။[2848] နိုင်ငံကာ လူ့အခွင့်အရေး စံသတ်မှတ်ချက်များနှင့် စံချိန်စံနှုန်းများ အောက်တွင် အသရေဖျက်မှုကို ရာဇဝတ် ပြစ်ဒဏ်များ သတ်မှတ်ခြင်းသည် မှန်ကန်ကြောင်း ရှင်းချက်ထုတ်၍ မရနိုင်သည့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်အပေါ် ကန့်သတ်ချက် တစ်ခုဖြစ်သည်။ အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် ပြဌာန်းခြင်းသည် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များကို အာဏာပိုင်များနှင့် အစိုးရ မူဝါဒများ အပေါ် ဆန်းစစ်ဝေဖန် ပြောဆိုမှုများမှ ရှောင်ရှားစေရန် တားဆီးပေးသည်။ တရားမမှုဆိုင်ရာ တာဝန်ရှိကြောင်း တရားစွဲဆိုခြင်းများသည်သာ ဂုဏ်သတင်းကို ထိခိုက်ပျက်စီးမှု၏ တိုင်တန်းချက်များအတွက် တရားသဖြင့် ဖြစ်စေရန် တစ်ခုတည်းသော လုပ်နည်းလုပ်ဟန် ဖြစ်သင့်ပေသည်။[2849] မြန်မာနိုင်ငံတွင် အသရေဖျက်မှု ဥပဒေများကို အစိုးရ (သို့မဟုတ်) လုံခြုံရေး တပ်ဖွဲ့များကို ဆန်းစစ်ဝေဖန်သော ဆောင်းပါးများ အတွက် သတင်းသမားများနှင့် အခြားသော သတင်းမီဒီယာ လုပ်သားများ အပေါ် ကြိမ်ဖန်များစွာ အသုံးပြုခဲ့သည်။
- ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၅(ခ) သည် " အများပြည်သူလူထုကို (သို့မဟုတ်) အများပြည်သူလူထု၏ ကဏ္ဍတစ်ခုခုကို ထိုသို့အားဖြင့် နိုင်ငံတော်ကို ဆန့်ကျင်သော (သို့မဟုတ်) အများပြည်သူ တည်ငြိမ်အေးချမ်းမှုကို ဆန့်ကျင်သော ပြစ်မှုတစ်ခုကို ပါဝင်ကျူးလွန်ရန် တစ်စုံတစ်ယောက်ကို တိုက်တွန်းခံရနိုင်သော ကြောက်ရွံ့မှု (သို့မဟုတ်) ထိတ်လန့်မှု" ကို ဖြစ်ပေါ်စေရန် ရည်ရွယ်ချက်ဖြင့် (သို့မဟုတ်) ယင်းသို့ ဖြစ်နိုင်ဖွယ် ရှိစေသော မည်သည့် ထုတ်ဖော်ပြောကြားမှု၊ ကောလာဟလ (သို့မဟုတ်) အစီရင်ခံမှု ကို မဆို ပြုလုပ်၊ ထုတ်ပြန်(သို့မဟုတ်) ဖြန့်ချိသူ မည်သူမဆိုကို ရာဇဝတ်မှု အဖြစ် ပြဌာန်းထားသည်။ ထိုပြဌာန်းချက်သည် နိုင်ငံတကာ လူ့အခွင့်အရေး စံသတ်မှတ်ချက်များနှင့် စံချိန်စံနှုန်းများအရ အလွန်ပင် ကျယ်ပြန့်ပြီး မတိကျမရေရာ ဖြစ်သည်။ "အထိတ်တလန့် ဖြစ်နိုင်ဖွယ် ရှိစေသော" ကြောင့် "အများပြည်သူ တည်ငြိမ်အေးချမ်းမှု"ကို ဆန့်ကျင်သော ပြစ်မှုတစ်ခုကို ပါဝင်ကျူးလွန်ရန် တစ်စုံတစ်ယောက်ကို ဦးဆောင်မှု "ဖြစ်ကောင်း ဖြစ်နိုင်သော" ဟု ထုတ်ဖော်ပြောကြားမှုကို ရာဇဝတ်မှုကြောင်းအရ ကန့်သတ်ခြင်းသည် ဒီမိုကရေစီစနစ်တစ်ရပ်တွင် လိုအပ်သော ဆောင်ရွက်မှုတစ်ခုအဖြစ် မှန်ကန်ကြောင်း ရှင်းချက်ထုတ်၍ မရနိုင်ပေ။ အသုံးပြုထားသော ပညာရပ်ဆိုင်ရာ ဝေါဟာရသည်လည်း တစ်သီးပုဂ္ဂလ လူပုဂ္ဂိုလ်တစ်ဦး အတွက် မည်သည့်အရာက လက်သင့်မခံနိုင်သော အရာဖြစ်သည်ကို သိရှိရန် မရေမရာ ဖြစ်လွန်းပြီး ဥပဒေစိုးမိုးရေး အာဏာပိုင်များမှ မတရားမှုပြုရန် အထူးသဖြင့် ဆန်းစစ်ဝေဖန်သော အသံများကို တိတ်ဆိတ်အောင် ပြုလုပ်စေရန် တံခါးဖွင့်ပေးထားသည်။

[2848] ဆက်သွယ်ရေးဥပဒေ၊ အီလက်ထရောနစ် ဆက်သွယ်မှုလုပ်ငန်းဆိုင်ရာ အက်ဥပဒေနှင့် သတင်းမီဒီယာ ဥပဒေတို့ အပါအဝင် အခြားသော ပြည်တွင်း ဥပဒေများသည်လည်း အသရေဖျက်မှုကို ရာဇဝတ်မှု အဖြစ်ပြဌာန်းထားသည်။

[2849] See A/HRC/14/23, စာပိုဒ် ၈၃-၈၄ ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ အထွေထွေ တုန့်ပြန်ချက် အမှတ် ၃၄ (CCPR/C/GC/34) စာပိုဒ် ၄၇

ထိုပြဌာန်းချက်သည် မြန်မာအစိုးရ (သို့မဟုတ်) စစ်တပ်ကို ဆန်းစစ်ဝေဖန်မှုများ အပေါ် ပုံမှန်အားဖြင့် အသုံးပြုလေ့ရှိပြီး ဥပမာအားဖြင့် လူထု ဆန္ဒပြမှုများနှင့် ဆက်နွယ်မှုတွင် ဖြစ်သည်။ ရခိုင်ပြည်နယ်အတွင်း အဓမ္မလုပ်အားခိုင်းစေမှုများနှင့် နှိပ်စက်မှုများ အပါအဝင် တပ်မတော်က အရပ်သားများ အပေါ် ချိုးဖောက်မှုများ ကျူးလွန်ခဲ့သည်ဟု စွပ်စွဲထားသော ထုတ်ပြန်ကြေညာချက် တစ်ရပ်ကို ၂၀၁၆ ခုနှစ် ဧပြီလတွင် အာရ်ကန်လွတ်မြောက်ရေးပါတီ (ALP) က ထုတ်ပြန်ခဲ့ပြီးနောက်တွင် ထိုစွပ်စွဲချက်များကို အထောက်အထား ခိုင်ခိုင်လုံလုံ တင်ပြရန် ပေးအပ်ထားသော သက်သေများ ရှိနေသော်လည်း ထိုစဉ်က ALP ၏ လက်ထောက် ပြန်ကြားရေး တာဝန်ခံ ခိုင်မျိုးထွန်းအား ပုဒ်မ ၅၀၅(ခ) နှင့် (ဂ) တို့ဖြင့် ထောင်ဒဏ် ၁၈ လ ချမှတ်ခံခဲ့သည်။[2850]

- နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေသည် စာရွက်စာတမ်းများနှင့် သတင်းအချက်အလက်များ၏ ကျယ်ပြန့်သော အတိုင်းအတာ တစ်ခု အထူးသဖြင့် အစိုးရ စာရွက်စာတမ်းများကို လက်ခံရယူခြင်း (သို့မဟုတ်) ဖြန့်ချိခြင်းကို အပြစ်ပေးထားသည်။ အချို့ ပြဌာန်းချက်များသည် အထူးသဖြင့် ပုဒ်မ ၃ နှင့် ၅ တို့သည် နိုင်ငံတကာ စံသတ်မှတ်ချက်များနှင့် စံချိန်စံနှုန်းများဖြင့် ဆန့်ကျင်ဖီလာနေသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တစ်ရပ်တွင် "လိုအပ်ချက်" ဖြစ်ရန် အလွန်ပင် ကျယ်ပြန့်လွန်း သောကြောင့် ဖြစ်သည်။ အနှစ်သာရ အားဖြင့် ၎င်းတို့သည် အများပြည်သူ အကျိုးစီးပွား ဖြစ်နိုင်သော ကိစ္စရပ်များ အပါအဝင် မည်သည့် သတင်းအချက်အလက် ပုံစံတစ်မျိုးမျိုးကိုမဆို လွှမ်းခြုံနေပေသည်။ (သတင်းအချက် အလက်များနှင့် စိတ်ကူးဉာဏ် အမျိုးမျိုးကို ရယူရန် လက်ခံရန်နှင့် အခြေအနေ တစ်ရပ် ဖန်တီးပေးရန်တို့ အပါအဝင်) လွတ်လပ်စွာ ထုတ်ဖော်ခွင့် အပေါ် ကန့်သတ် ပိတ်ပင်မှုများသည် နိုင်ငံတော် လုံခြုံရေးကို ကာကွယ်မှု အတွက် လက်သင့်ခံနိုင်သည်။ သို့သော် နိုင်ငံတော် တစ်ခုလုံးကို နိုင်ငံရေးအရ (သို့မဟုတ်) စစ်ရေးအရ ခြိမ်းခြောက်မှုများ၏ အရေးပါသော အမှုဖြစ်ရပ်များ တွင်သာ ဖြစ်သည်။[2851] ပုဒ်မ ၅ သည် မည်သို့ပင်ဆိုစေ စာရွက်စာတမ်းများ (သို့မဟုတ်) သတင်း အချက်အလက်များ ဖွင့်ဟဖော်ထုတ်မှု၊ လက်ဝယ် ပိုင်ဆိုင်မှု (သို့မဟုတ်) လက်ခံရရှိမှုတို့ကို ၎င်းစာရွက်စာတမ်း၏ ဖွင့်ဟထုတ်ဖော်ချက်က နိုင်ငံတော် လုံခြုံရေး (သို့မဟုတ်) အများပြည်သူဆိုင်ရာ အမိန့် ညွှန်ကြားချက်များကို ခြိမ်းခြောက်စေသည်ကို လက်တွေ့ သရုပ်ဖော်ပြသရန် လိုအပ်ချက် မပါဘဲ ရာဇဝတ်မှုအဖြစ် ပြဌာန်းထားသည်။ ထိုအက်ဥပဒေသည် အများပြည်သူထံသို့ သတင်း အချက်အလက်များကို ပိတ်ပင်ရန်နှင့် အစိုးရ၏ အမှားများကို ဖုံးကွယ်ရန် တို့အတွက် အလွယ်တကူပင် အသုံးပြုနိုင်ပေသည်။ ပုဒ်မ၃(၁)(ဂ)သည် နိုင်ငံခြား တိုင်းပြည်တစ်ခုအတွက် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ အသုံးဝင် "နိုင်ဖွယ်ရှိသော" (သို့မဟုတ်) "ထိုသို့ဖြစ်ရန် ရည်ရွယ်သော" မည်သည့်

[2850] K-104; A/HRC/34/67; MMR 2/2016.

[2851] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ အထွေထွေ တုန့်ပြန်ပြောဆိုချက် အမှတ် ၃၄ (CCPR/C/GC/34).

စာရွက်စာတမ်း တစ်ခုခုကို မဆို ပြုလုပ်ခြင်း၊ လက်ခံရယူခြင်း (သို့မဟုတ်) ဆက်သွယ်ပြောဆိုခြင်းတို့ အပါအဝင် "သူလျှိုလုပ်ခြင်း"၏ အထူးတလည် ကျယ်ပြန့်သော အဓိပ္ပာယ် ဖွင့်ဆိုမှု တစ်ခုကိုလည်း ထည့်သွင်းထားသည်။ ထိုသို့သော နည်းလမ်းများဖြင့် သူလျှိုလုပ်ခြင်း အတွက် အပြစ်ဒဏ်မှာ ထောင်ဒဏ် ၁၄ နှစ်ထိဖြစ်သည်။ ထိုဥပဒေသည် နိုင်ငံတော် လုံခြုံရေးအတွက် လက်တွေ့ အန္တရာယ်ရှိမှု (သို့မဟုတ်) ထိုသို့သော အန္တရာယ်၏ အမှန်တကယ် အရဲစွန့်ရမှု ပင်လျှင် ရှိရန်မလိုအပ်ပေ။ မည်သို့ဆိုစေ အခြားတိုင်းပြည် အတွက် သတင်း အချက်အလက်များ၏ အလားအလာရှိသော အသုံးဝင်မှုသည် နိုင်ငံတော် လုံခြုံရေးကို ခြိမ်းခြောက်မှု တစ်ခုနှင့် ညီမျှရန် မလိုအပ်ပေ။ အောက်တွင် အသေးစိတ် ဖော်ပြထားသော ရိုက်တာ သတင်းသမား ၂ ဦးအပေါ် အမှုဖြစ်ရပ်က ညွှန်ပြနေ သကဲ့သို့ပင် နိုင်ငံတော် လျှို့ဝှက်ချက် အက်ဥပဒေသည် သတင်းသမားများကို တရားဝင် သတင်းဆိုင်ရာ လုပ်ငန်းများ လုပ်ကိုင် ဆောင်ရွက်မှုမှ ခြိမ်းခြောက်ရန် မတရား အလွဲသုံးစား ပြုနိုင်ပေသည်။

- ၂၀၁၃ ခုနှစ် ဆက်သွယ်ရေး အက်ဥပဒေ၏ ပုဒ်မ ၆၆(ဃ)သည် ဆက်သွယ်ရေး ကွန်ရက်ကို အသုံးပြု၍ အသရေဖျက်ခြင်းကို ရာဇဝတ်မှု အဖြစ် ပြဋ္ဌာန်းထားသည်။ ထိုပြဋ္ဌာန်းချက်က အွန်လိုင်း လုပ်ဆောင်မှု ၇ မျိုးကို ပြစ်ဒဏ်ပေးနိုင်အောင် ပြုလုပ်ထားသည် ၎င်းတို့မှာ ခြိမ်းခြောက် အကျပ်ကိုင်ခြင်း၊ အနိုင်ကျင့်ခြင်း၊ တစ်စုံတစ်ယောက်ကို မတရား ကန့်သတ် ထိန်းချုပ်မှု ပြုလုပ်ခြင်း၊ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ မလျော်ကန်သော ဩဇာ အသုံးပြုခြင်း (သို့မဟုတ်) ခြိမ်းခြောက် ကြိမ်းဝါးခြင်း တို့ဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် ပြင်ဆင်ချက် တစ်ခုက အဆိုပါ ပြစ်မှုများကို ဆက်သွယ်ရေး ကွန်ရက် တစ်ခုကို အသုံးပြု၍ တစ်စုံတစ်ယောက်ကို ခြိမ်းခြောက်ငွေညှစ်ခြင်း၊ အသရေဖျက်ခြင်း၊ နှောက်ယှက်ခြင်း (သို့မဟုတ်) ခြိမ်းခြောက် ကြိမ်းဝါးခြင်းနှင့် အမြင့်ဆုံး ပြစ်ဒဏ်စီရင်မှုကို ထောင်ဒဏ် ၂ နှစ် အောက်သို့ အတည်ပြုခဲ့သည်။ အဆိုပါ လုပ်ဆောင်မှုများ အနက်မှ မည်သည့် တစ်ခုကိုမျှ အတိအကျ အဓိပ္ပာယ်ဖွင့်ဆိုမထားဘဲ အချို့သော အယူအဆများမှာ ဓမ္မဓိဋ္ဌာန်မကျ၍ မတရား အလွဲသုံးစားပြုရန် တံခါးဖွင့်ပေးထားသည်။ တစ်စုံတစ်ယောက်အား "နှောင့်ယှက်ခြင်း" ကဲ့သို့သော လုပ်ဆောင်ချက် တစ်ချို့မှာ ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တစ်ရပ်တွင် ကန့်သတ်ချက် လိုအပ်နေသော တရားဝင် ရည်ရွယ်ချက် တစ်ခုတွင်လည်း မပါဝင်ပေ။ ပြစ်မှုဆိုင်ရာ ဥပဒေ၏ ပုဒ်မ ၄၉၉ မှ ၅၀၂ တို့နှင့် ဆက်နွယ်မှုကို ရည်ညွှန်း ဖော်ပြထား သကဲ့သို့ပင် အသရေဖျက်မှုကို ရာဇဝတ်မှုအဖြစ် မပြဋ္ဌာန်းသင့်ပေ။ ပုဒ်မ ၆၆(ဃ) ကို "သတင်းမီဒီယာများနှင့် အွန်လိုင်းတွင် အာဏာရှိသူများကို အမှန်တရားဖြင့် ထုတ်ဖော်ပြောဆိုမှုများ အပေါ် ရန်လိုအပြစ်ပေးရန်အတွက် လက်နက် ကိရိယာ တစ်ခုအဖြစ် ပုံမှန်အားဖြင့် ယူဆနေကြသော နာမည်ဆိုးဖြင့် အကျော်ဇောဆုံး သင်္ကေတ" အဖြစ် ဖော်ပြခံရသည်။[2852]

[2852] Free Expression Myanmar, "၆၆ (ဃ)- အစစ်အမှန်ပြောင်းလဲချက် ဘာမှမရှိ" (December 2017)

- အခြားသော အလားတူ ပြဿနာရှိနေသော ဥပဒေများတွင် ၁၉၅၀ ခုနှစ် အရေးပေါ် စီမံချက်များ အက်ဥပဒေ[2853]၊ ၁၉၇၅ ခုနှစ် နိုင်ငံတော် လုံခြုံရေး အက်ဥပဒေ၊[2854] အီလက်ထရောနစ် ဆက်သွယ်မှုလုပ်ငန်းဆိုင်ရာ ဥပဒေ၊ သတင်းမီဒီယာဥပဒေ၊ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေဖြန့်ချိရေး လုပ်ငန်း ဥပဒေ၊ နိုင်ငံသားများ လုံခြုံမှုနှင့် လူပုဂ္ဂိုလ်ဆိုင်ရာ ကာကွယ်မှု ဥပဒေ၊ မတရားအသင်း အက်ဥပဒေ (ပုဒ်မ ၁၇/၁)၊ ငြိမ်းချမ်းစွာ စုရုံးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဆိုင်ရာ ဥပဒေနှင့် ပြစ်မှုဆိုင်ရာ ဥပဒေ၏ အချို့သော အခြားပြဋ္ဌာန်းချက်များ (ဥပမာ၊ ပုဒ်မ ၁၂၄(က) နိုင်ငံတော်အကြည်ညိုပျက်စေမှု) တို့ပါဝင်သည်။ အဆိုပါ ဥပဒေများအားလုံးကို လူ့အခွင့်အရေး ကာကွယ် လှုပ်ရှားသူများနှင့် သတင်းသမားများ အပေါ် အမှုဖြစ်ရပ်များတွင် အသုံးပြုခဲ့ပြီး ဖြစ်သည်။[2855]

၁၂၉၅။ အဆိုပါ ပြဿနာရှိနေသော ဥပဒေများသည် သဘောထားကွဲလွဲမှုများကို နှိမ်နင်းရန်နှင့် ၎င်းတို့၏ လုပ်ဆောင်မှုများကို တရားဝင် စူးစမ်း စစ်ဆေးခံရမှုများမှ ခေါင်းရှောင်ရန် သဘောဆန္ဒရှိကြသော အစိုးရ အာဏာပိုင်များနှင့် ကိုယ်စားလှယ်များ အတွက် လက်နက်ကိရိယာ သေတ္တာ တစ်ခု သဖွယ် တည်ရှိလျက် ရှိနေသည်။ ထိုအချက်က လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးမှု အခွင့်အရေးများကို လျှော့ချ ဖြတ်တောက်ရန်နှင့် အပြစ်ပေး အရေးယူရန် ၎င်းတို့ကို ရွေးချယ်စရာ နည်းလမ်းအမျိုးမျိုး ပေးအပ်ထားသည်။[2856] ဆန့်ကျင်ဝေဖန်သော အသံများကို တိတ်ဆိတ်စေရန် အတွက် အဆိုပါ ဥပဒေများကို အသုံးပြုမှုသည် အစီရင်ခံစာ ပြုစုနေစဉ် ကာလ တလျှောက်လုံး အောက်မှာပင် တိုးမြင့်လာနေ၍ ပုံမှန် ဖြစ်လာသော ဖြစ်စဉ်တစ်ရပ် ဖြစ်နေခဲ့သည်။ အစိုးရ (သို့မဟုတ်) လုံခြုံရေး တပ်ဖွဲ့များကို ဆန့်ကျင်ဝေဖန်ကြသော တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို ထုတ်ဖော် (သို့မဟုတ်) ပြောကြားသူများမှာ အထူးသဖြင့် ထိုဥပဒေများကြောင့် ထိခိုက်နစ်နာရန် လွယ်ကူသည်။[2857] ပစ်မှတ်ထားခံရသော လူပုဂ္ဂိုလ်များတွင် နိုင်ငံတဝန်းရှိ မြေယာ သိမ်းပိုက်မှု၊ အကြီးစား ဖွံ့ဖြိုးရေး စီမံကိန်းကြီးများ၊ သဘာဝပတ်ဝန်းကျင် ဆုတ်ယုတ်ယိုယွင်းမှု၊ အခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေး၊ စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ၏ စစ်ဆင်ရေးများနှင့် ပတ်သက်၍ လူထု လှုပ်ရှားမှုများ ပြုလုပ်ဆောင်ရွက်ကြသူများ ပါဝင်သည်။ ထိုသို့သော ဥပဒေများကို အသုံးပြုမှုသည် မြန်မာနိုင်ငံတွင်းရှိ ဒီမိုကရေစီ အခင်းအကျင်းကို ဟန့်တားစေခဲ့သည်။

၁၂၉၆။ သတိပြုမိလောက်အောင် ထင်ရှားသော ဥပမာ တစ်ခုမှာ ၂၀၁၇ခုနှစ် ဒီဇင်ဘာလတွင် ဖမ်းဆီးခံခဲ့ရပြီး ချုပ်နှောင်ခံခဲ့ရသော ရိုက်တာ သတင်းသမား ၂ဦးဖြစ်သည့် ဝလုံးနှင့် ကျော်စိုးဦးတို့၏ အမှုဖြစ်ရပ် ဖြစ်ခဲ့ပြီး အပြင်ပန်းအားဖြင့် နိုင်ငံတော် လျှို့ဝှက်ချက် ဥပဒေကို

[2853] ၂၀၁၆ တွင် ပယ်ဖျက်ခဲ့သည်။

[2854] ၂၀၁၆ တွင် ပယ်ဖျက်ခဲ့သည်။

[2855] E.g. A/HRC/32/71, အပိုဒ် ၁၉
ဥပမာ အားဖြင့် မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေများ အပေါ် အထူး အစီရင်ခံစာ တင်သွင်းသူက လွတ်လပ်စွာ ထင်မြင်ယူဆခွင့် ထုတ်ဖော်ခွင့်နှင့် သင်းပင်းဖွဲ့စည်းခွင့်နှင့် စုရုံးခွင့် အခွင့်အရေးများကို ငြိမ်းချမ်းစွာ ကျင့်သုံးမှု အတွက် လူပုဂ္ဂိုလ်ပေါင်း ၁၇၀ နီးပါး အကျဉ်းချ ခံထားရကြောင်း သတင်း အချက်အလက်များကို ရရှိခဲ့သည်ဟု ပြောခဲ့သည်။ (A/HRC/34/67, para. 26
E.g. BM-007, BM-008, BM-039, PI-037, PI-038, PI-106, QM-006.

ချိုးဖောက်ခဲ့သည်ဟု စွပ်စွဲခဲ့ကာ အမှန်တကယ်တွင်မူ မြန်မာလုံခြုံရေး တပ်ဖွဲ့များက ကျူးလွန်ခဲ့ကြသော ပြင်းထန်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ အကြောင်း သတင်း တစ်ပုဒ် ရေးသားဖော်ပြခြင်းကို ပိတ်ပင်တားဆီးရန် (သို့မဟုတ်) အပြစ်ပေးရန် ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ထောင်ဒဏ် ၁၄ နှစ်ထိ ကျခံရနိုင်သော ထိုနိုင်ငံတော် လျှို့ဝှက်ချက် ဥပဒေအရ ပြစ်မှုကျူးလွန်ကြောင်း စွဲချက်တင် ခံခဲ့ကြရသည်။ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်တွင် ၎င်းတို့ကို အပြစ်ရှိကြောင်း စီရင်ချက် ချမှတ်ခဲ့ပြီး ထောင်ဒဏ် ၇ နှစ် ပြစ်ဒဏ်ချမှတ်ခဲ့သည်။[2858] ရခိုင်ပြည်နယ် အတွင်းမှ လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ စွပ်စွဲချက်များကို စုံစမ်းဖော်ထုတ်မှု သတင်းစာပညာ၏ လုပ်ဆောင်ချက်များ အပေါ် တရားစွဲဆိုမှုသည် ၎င်း၏ အကြောင်းအရာ လေးနက်မှုကြောင့် လူထု စိတ်ဝင်စားမှု အမြင့်မားဆုံး အရေးကိစ္စများ ဖြစ်ခဲ့သည်။[2859] ထိုသတင်းသမား ၂ ဦးသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဖော်ထုတ်ဖွင့်ချရန်နှင့် ပတ်သက်၍ သတင်းသမားများ အနေဖြင့် ၎င်းတို့၏ တာဝန်များကို ဆောင်ရွက်ခြင်းကြောင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရပြီး ပြင်းထန်စွာ အပြစ်ပေးခံရခြင်း ဖြစ်သည်ဟု မစ်ရှင်အဖွဲ့မှ သုံးသပ်သည်။ ၎င်းလူသိများ-ထင်ရှားသော အမှုဖြစ်ရပ်သည် အခြားသော သတင်းသမားများနှင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများ အတွက် ကျောချမ်းဖွယ် သတင်းစကား တစ်ခုကို ပေးပို့ခဲ့ပြီး လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် သတင်းအချက်အလက် ရယူပိုင်ခွင့်တို့ကို လျော့ကျစေရုံသာမက လူ့အခွင့်အရေးကာကွယ် မြှင့်တင်မှုကိုလည်း အဟန့်အတား ဖြစ်စေခဲ့သည်။

## (၂) ကုလသမဂ္ဂနှင့် ထိတွေ့ဆက်ဆံခြင်းအပေါ် ထိပါးနှောက်ယှက်ခြင်းနှင့် လက်တုံ့ပြန်ခြင်း

၁၂၉၇။ မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေများအပေါ် အထူးအစီရင်ခံစာ တင်သွင်းသူ၏ တိုင်းပြည်တွင်းသို့ သွားရောက်စဉ် ကာလအတွင်း အပါအဝင် နိုင်ငံတွင်း (သို့မဟုတ်) ပြည်ပမှ ကုလသမဂ္ဂအရာရှိများနှင့် ဆက်စပ်လုပ်ဆောင်ခဲ့သည့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ အပေါ် ခြိမ်းခြောက်ခြင်းနှင့် လက်တုံ့ပြန်ခြင်းတို့အပေါ် စွပ်စွဲချက်များ အတော်များများ ရှိခဲ့ကြသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်နှင့်အတူ အထူးအစီရင်ခံစာ တင်သွင်းသူနှင့် အခြား လုပ်ပိုင်ခွင့် ရှိသူများကလည်း ထိုသို့သော စွပ်စွဲမှုများအပေါ် စိုးရိမ်ပူပန်မှုများ မြင့်တက်ခဲ့ကြသည်။[2860] လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေများ အပေါ် ၎င်း၏ဆုံးဖြတ်ချက် အမှတ် ၃၄/၂၂တွင် အလေးပေး ဖော်ပြခဲ့သည်မှာ အထူးအစီရင်ခံစာ တင်သွင်းသူ၊ ကုလသမဂ္ဂ (သို့မဟုတ်) အချက်အလက် ရှာဖွေရေး မစ်ရှင်တို့ အပါအဝင် အထူး လုပ်ငန်းစဉ်များနှင့် ပူးပေါင်းဆောင်ရွက်မှု (သို့မဟုတ်) ပြောဆို ဆက်ဆံမှုများ အတွက်

Reuters, "သတင်းထောက် ဝလုံးနှင့် ကျော်စိုးဝင်းတို့နှင့်ပါတ်သက်၍ ရိုက်တာသတင်းဌာန အယ်ဒီတာချုပ် Stephen J. Adler ၏ ထုတ်ပြန်ကြေညာချက်" (3 September 2018); OHCHR, "မြန်မာပြည်မှ ရိုက်တာသတင်းထောက် ၂ ဦး အပေါ်တွင် ပြစ်ဒါဏ်စီရင်ခြင်းနှင့်ပါတ်သက်၍ UN High Commissioner for Human Rights Michelle Bachelet ၏ တုန့်ပြန်ပြောဆိုချက်" (3 September 2018).

[2859] See also Y. Lee, D. Kaye, "မြန်မာ: ကုလသမဂ္ဂ ကျွမ်းကျင်သူများက ရိုက်တာသတင်းထောက်များ အပေါ် တရားစွဲဆိုခြင်းများအား အထူးစိုးရိမ်ပူပန်" (သတင်းထုတ်ပြန်ချက်၊ ၂၀၁၈ ခုနှစ် ဇူလိုင်လ ၁၁) (https://www.ohchr.org/EN/NewsEvents/Pages/DisplayNews.aspx?NewsID=23357&LangID=E)

[2860] E.g. A/HRC/34/75, စာပိုဒ် ၁၀ A/HRC/36/31, စာပိုဒ် ၄၃-၄၅

လက်တုံ့ပြန်မှုများ၊ စောင့်ကြည့်မှု၊ ထောက်လှမ်းမှု၊ ခြိမ်းခြောက်မှု၊ ထိပါးနှောင့်ယှက်မှု (သို့မဟုတ်) ကြိမ်းဝါးမှုများ မည်သူမျှ ပြုလုပ်ခံရမှု မရှိသင့်ဟု ဆိုထားသည်။

၁၂၉၈။ သံတမန် အသိုင်းအဝိုင်း အဖွဲ့ဝင်များ အပါအဝင် ကုလသမဂ္ဂ (သို့မဟုတ်) အခြားနိုင်ငံတကာ ပုဂ္ဂိုလ်များနှင့် အမှန်တကယ် ဆက်စပ်လုပ်ဆောင်မှု (သို့မဟုတ်) ထိုသို့ယူဆရမှုများအတွက် ထိုကဲ့သို့ ခြိမ်းခြောက်ကြိမ်းဝါးမှု (သို့မဟုတ်) လက်တုံ့ပြန်မှုများကို သတင်းပေးပို့ချက် အမြောက်အမြား မစ်ရှင်အဖွဲ့မှ လက်ခံရရှိခဲ့သည်။ ဥပမာအားဖြင့် မစ်ရှင်အဖွဲ့သည် ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ်နှင့် အချို့သောသံတမန်များ အပါအဝင် အဆင့်မြင့် အရာရှိကြီးများ၏ ခရီးစဉ်နောက်ပိုင်း ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ကိုးတန်ကောက် ကျေးရွာအုပ်စုမှ ဖြစ်ပွားမှုတစ်ခုကို မှန်ကန်ကြောင်း ထောက်ခံအတည်ပြုခဲ့သည်။ ခရီးစဉ်အတွင်း ရိုဟင်ဂျာရွာသားများက ၎င်းတို့၏ အခြေအနေများနှင့် ပတ်သက်သည့် သတင်း အချက်အလက်များကို ကိုယ်စားလှယ်အဖွဲ့သို့ မျှဝေဖွင့်ဟခဲ့ကြသည်။[2861] အာဏာပိုင်များက ကိုယ်စားလှယ်အဖွဲ့နှင့် အပြန်အလှန်ပြောဆိုနေကြသော လူပုဂ္ဂိုလ်များ၏ ဓါတ်ပုံနှင့် ဗွီဒီယိုများကို ရိုက်ကူးရယူခဲ့ကြသည်။[2862] ရက်အနည်းငယ် ကြာပြီးနောက် ကျေးရွာသို့ လုံခြုံရေး တပ်ဖွဲ့များ ရောက်ရှိလာခဲ့ပြီး အမျိုးသားများနှင့် ယောကျ်ားလေးများကို စုရုံးစေကာ နှိပ်စက်မှုများနှင့် နှုတ်ဖြင့် မတရားအနိုင်ကျင့်မှုများ ပြုလုပ်ခြင်း ခံခဲ့ကြရသည်။ လုံခြုံရေး တပ်ဖွဲ့ဝင်များအနက်မှ အရာရှိတစ်ဦးက ထိုဖြစ်ပွားမှုကို ဗွီဒီယို ရိုက်ကူးခဲ့ပြီး ထိုမှတ်တမ်းမှာ နောက်ပိုင်းတွင် အင်တာနက်ပေါ် ပျံ့နှံ့ခဲ့သည်။[2863] အမျိုးသမီးများနှင့် ကလေးငယ်များမှာ နာရီအတန်ကြာ မတရားအနိုင်ကျင့်ခံခဲ့ရသော်လည်း အမျိုးသားများနှင့် ယောကျ်ားလေးငယ်များမှာ ၂ ရက်ကြာ ချုပ်နှောင်ခံခဲ့ကြရသည်။ ၎င်းတို့၏ အနိုင်ကျင့်နှိပ်စက်မှု ပြုလုပ်စဉ်တလျှောက်လုံးတွင် ကုလသမဂ္ဂကို ရည်ညွှန်းပြောဆိုမှုများ ပြုလုပ်ခဲ့ပြီး ရွာသားများအား အဘယ်ကြောင့် ၎င်းတို့၏ ပြဿနာများကို ကုလသမဂ္ဂသို့ တင်ပြရှင်းလင်းခဲ့သနည်းဟု မေးမြန်းခြင်း[2864] (သို့မဟုတ်) “UNHCR နှင့် WFP တို့မှ ထောက်ပံ့ပေးသော အစားအစာများကို စားသောက်သည်ဟု” စွပ်စွဲခြင်းများ ပြုလုပ်ခဲ့ကြသည်။[2865] အမျိုးသား အတော်များများမှာ နောက်ပိုင်းတွင် စစ်တွေအကျဉ်းထောင်သို့ ပို့ဆောင်ခံခဲ့ကြရသည်။[2866] ချုပ်နှောင်ခံရသူများအနက်မှ တစ်ဦးမှာ ထိန်းသိမ်းခံရစဉ် အချုပ်ခန်းအတွင်း အသတ်ခံခဲ့ရဖွယ်ရှိသည်ဟု ညွှန်ပြနေသော ယုံကြည်လောက်သည့် သတင်းအချက်အလက်များကို မစ်ရှင်အဖွဲ့မှ ရရှိခဲ့သည်။[2867] ထိုဗွီဒီယိုဖိုင် လူထုနယ်ပယ်အတွင်းသို့ ရောက်ရှိသွားပြီးသည့်နောက်တွင် အစိုးရက အာဏာတိုက်ခိုက်မှုများနှင့် ပတ်သက်၍ ရဲတပ်ဖွဲ့ စစ်ဆင်ရေးတစ်ခု စတင်ခဲ့သည်ဟု ထွက်ဆိုထားသည့် ကြေညာချက်တစ်ခု

---

[2861] EI-070, QI-113, XI-001.

[2862] CI-116, CI-118, CI-119.

[2863] BBC News, “ရိုဟင်ဂျာကို ရိုက်သောဗီဒီယိုကြောင့် မြန်မာရဲ အရာရှိများ အဖမ်းခံရ” (၂၀၁၇ ခုနှစ် ဇန္နဝါရီလ ၂ ရက်နေ့) (https://www.youtube.com/watch?v=vJLAZKTPQgE).

[2864] XI-001.

[2865] RI-003.

[2866] CI-116, CI-118, CI-119, CI-179, XI-001.

[2867] CI-116, CI-118, CI-119, XI-001.

ထုတ်ပြန်ခဲ့ပြီး အဆိုပါကိစ္စ၏ ကျူးလွန်သူများမှာ ကိုးတန်ကောက် ကျေးရွာတွင် ပုန်းအောင်း နေနိုင်သည်ဟု ဆိုခဲ့သည်။ မည်သို့ဆိုစေ လုံခြုံရေး တပ်ဖွဲ့များသည် “နိုင်ငံခြား သံတမန်များ၏ အဖွဲ့တစ်ဖွဲ့ ကျေးရွာတွင်းသို့ ရောက်ရှိလာစဉ်တွင် သတင်းအချက်အလက်အတုများ ပါရှိသော စာရွက်စာတမ်းများနှင့် ပိုစတာများကို ရွာသားများထံသို့ ဖြန့်ဝေခဲ့သည်” ဆိုသည့် အမျိုးသား တစ်ဦးကို ရှာဖွေနေကြောင်း ထိုဖြစ်စဉ်က ဝန်ခံအမှတ်ပြုခဲ့သည်။[2868] ထိုဖြစ်ပွားမှုသည် နိုင်ငံခြားအရာရှိကြီးများ၏ ခရီးစဉ်နှင့် လက်တုန့်ပြန်မှုတစ်ခု ပါဝင်နေသည်ကို ချိတ်ဆက်ခဲ့ပြီး မစ်ရှင်အဖွဲ့အနေဖြင့် အားရကျေနပ်ခဲ့သည်။[2869]

၁၂၉၉။ မစ်ရှင်အဖွဲ့နှင့် ပါဝင်ဆွေးနွေးသူ အတော်များများက ၄င်းတို့၏ မစ်ရှင်အဖွဲ့သို့ သတင်းအချက်အလက်များ မျှဝေခြင်း (သို့မဟုတ်) ဖြစ်နိုင်သော ဆက်စပ် လုပ်ဆောင်မှုများကြောင့် မြန်မာအစိုးရနှင့် လုံခြုံရေးတပ်ဖွဲ့များမှ ခြိမ်းခြောက်မှု၊ ထိပါး နှောင့်ယှက်မှုနှင့် အခြားလက်တုန့်ပြန်မှု နည်းလမ်းတစ်ခုခုနှင့် ရင်ဆိုင်ရမည်ကို စိုးရိမ်ကြောက်ရွံ့ကြောင်း ထုတ်ဖော် ပြောကြားခဲ့ကြသည်။ အရပ်ဖက်အဖွဲ့အစည်း ပုဂ္ဂိုလ်များနှင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများက ၄င်းတို့၏ အခွင့်အရေးများကို ကျင့်သုံးမှုနှင့် ကုလသမဂ္ဂအရာရှိများနှင့် ဆက်သွယ်မှုရှိခြင်း တို့အတွက် အမြဲမပြတ် ခြိမ်းခြောက်နေသော အပြစ်ပေးမှုကို အထူးပြောကြားခဲ့ကြသည်။ မြန်မာအာဏာပိုင်များက တက်ကြွစွာ အားပေး မြှင့်တင်ထားခဲ့သည့် ကုလသမဂ္ဂ-ဆန့်ကျင်ရေး အခြေအနေတစ်ခုက ထိုအနေအထားကို ပံ့ပိုးပေးခဲ့သည်ဟု မစ်ရှင်အဖွဲ့မှ သုံးသပ်သည်။

### (၃) ငြိမ်းချမ်းစွာ ဆန္ဒပြမှုများအပေါ် ချုံ့ချယ်ကန့်သတ်မှု

၁၃၀၀။ ကန့်ကွက်ဆန္ဒပြမှုများနှင့် သရုပ်ဖော်ဆန္ဒပြမှုများကို ကိုင်တွယ်ဖြေရှင်းမှုတွင် တပ်ဖွဲ့အင်အားများ အလွန်အကျွံသုံးစွဲမှုနှင့် ကန့်ကွက်ဆန္ဒပြမှုများနှင့် သရုပ်ဖော်ဆန္ဒပြမှုများတွင် ပါဝင်သူများကို တရားစွဲဆိုခြင်း ငြိမ်းချမ်းစွာ စုရုံးမှု အခွင့်အရေးကို ဖြတ်တောက် လျှော့ချခြင်း အမှုဖြစ်ရပ်များကို မစ်ရှင်အဖွဲ့မှ အတည်ပြုခဲ့သည်။ သတိပြုမိလောက်အောင် ထင်ရှားသော ဖြစ်ရပ် တစ်ခုမှာ ၂၀၁၈ ခုနှစ် ဇန္နဝါရီလအတွင်းက မြောက်ဦးမြို့တွင် ဆန္ဒပြသူများကို ရဲတပ်ဖွဲ့က သေနတ်ဖြင့် ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။[2870] အခြားသော လတ်တလော ဥပမာမှာ ၂၀၁၈ ခုနှစ် ဧပြီလကုန်ပိုင်းနှင့် မေလအတွင်း ကချင်ပြည်နယ်တွင် ပိတ်မိနေသော ပြည်တွင်းရွှေ့ပြောင်းခံသူများ (IDPs) နှင့်အတူ သွေးစည်းညီညွတ်မှုပြသသော မြစ်ကြီးနား၊ ပဲခူး၊ မန္တလေးနှင့် ရန်ကုန်တို့ အပါအဝင် အချို့သောမြို့များ၌ ငြိမ်းချမ်းရေးဆန္ဒပြပွဲများ

---

[2868] သတင်းပြန်ကြားရေးကော်မတီ “မောင်တော၊ ကိုတန်ကောက်ကျေးရွာတွင် နယ်မြေရှင်းလင်းစစ်ဆင်ရေးလုပ်စဉ် ရဲအရာရှိများ ရိုက်ကူးခဲ့သော ဗီဒီယို နှင့်ပါတ်သက်၍ သတင်းထုတ်ပြန်ချက်” (ဇန္နဝါရီ လ ၂ ရက်နေ့၊ ၂၀၁၇ ခုနှစ်) (https://www.facebook.com/InfomationCommittee/posts/663761827130260).

[2869] ထိုအဖြစ်အပျက်သည် မြန်မာပြည်လူ့အခွင့်အရေးအခြေအနေဆိုင်ရာ ကုလသမဂ္ဂအထူးစုံစမ်းစစ်ဆေးရေးအရာရှိ မစ္စရန်ဟီးလီး အလည်လာရောက်သည့်ဖြစ်စဉ်နှင့် ပါတ်သက်၍ ဖြစ်ခြင်းဖြစ်ကြောင်း မစ်ရှင်နှင့် ဆွေးနွေးသူများက ပြောဆိုကြသည်။ ထိုသူများသည် ဤအဖြစ်အပျက်ကို ထပ်တူ တွေ့မြင်ခဲ့ကြသူများဖြစ်ပြီး ကုလသမဂ္ဂအရာရှိများလာရောက်မှုနှင့် ရောထွေးသွားခြင်းဖြစ်သည်ဟု မစ်ရှင်မှ လက်ခံယုံကြည်သည်။

[2870] အခန်း ၅၊ အပိုင်း က (၅)- သင်္ကေတပုံဆောင်သော အဖြစ်အပျက်။ ၂၀၁၈ ခုနှစ် ဇန္နဝါရီလ ၁၆ ရက်နေ့တွင် မြောက်ဦးတွင် ဖြစ်ခဲ့သော ပစ်ခတ်မှု

စီစဉ်ပြုလုပ်ခဲ့သည့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များကို ငြိမ်းချမ်းစွာစုရုံးခြင်းနှင့် စီတန်းလှည့်လည်ခြင်းဥပဒေဖြင့် တရားစွဲဆိုမှုများ ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။[2871] ရန်ကုန်မြို့တွင် ဆန္ဒပြသူများမှာ ရိုက်နှက်မှုများလည်း ခံခဲ့ကြရသည်။ ပါဝင်သူတစ်ဦးက မစ်ရှင်အဖွဲ့သို့ ပြောပြခဲ့သည်မှာ-

*၂၀၁၈ ခုနှစ် မေလ ၁၂ ရက်မှာ ကျနော်/ကျမတို့ ချီတက်ပွဲကို စတင်ခဲ့ပြီး သီချင်းတွေ ဆိုခဲ့ကြတယ်။ ဒါပေမယ့် ရဲတွေက မီးသတ်ပိုက်တွေနဲ့ ကျနော်/ကျမတို့ရဲ့ လမ်းကြောင်းကို တားဆီးပိတ်ဆို့ထားခဲ့တယ်။ ရဲတွေက သူတို့မှာ ချီတက်ပွဲကို တားဆီးပိတ်ဆို့ဖို့ အမိန့်ပါလာတယ်လို့ ပြောခဲ့တယ်။ ရဲတွေက ဆန္ဒပြတဲ့သူတွေကို ရိုက်နှက်မှုတွေ စတင်ခဲ့တဲ့ အချိန်မှာ ကျနော်/ကျမတို့က ချီတက်ပွဲကို ရပ်တန့်ဖို့ ဆုံးဖြတ်ခဲ့ ပြီးနေပြီ။ အဲဒီမှာ အရပ်ဝတ်နဲ့ လူတွေလည်း ရှိနေကြပြီး ရဲတွေနဲ့ အတူတွဲပြီး လုပ်ဆောင်ခဲ့ကြတယ်။ ရဲတွေက ဆန္ဒပြတဲ့သူ တစ်ချို့နဲ့ ဘေးကလူတစ်ချို့ အပါအဝင် လူ ၉ ဦးကို ဖမ်းဆီးခဲ့ကြတယ်။ အခုတော့ လူ ၁၇ ဦး တရားစွဲခံထားရတယ်။*[2872]

၁၃၀၁။ အလားတူဖြစ်ပွားမှုများ၏ အခြားသော ယုံကြည်လောက်သည့် သတင်းပေးပို့မှုများနှင့် အတူတကွ အဆိုပါဖြစ်ရပ်များကို ထည့်သွင်းစဉ်းစားသော်[2873] ဆန်းစစ်ဝေဖန်သော အသံများကို တိတ်ဆိတ်စေရန် ရည်ရွယ်ချက် (သို့မဟုတ်) သက်ရောက်မှုဖြင့် ကန့်ကွက်ဆန္ဒပြမှုများနှင့် သရုပ်ဖော်ဆန္ဒပြမှုများကို ကိုင်တွယ်ဖြေရှင်းမှုရာတွင် တပ်ဖွဲ့အင်အားများ အလွန်အကျွံသုံးစွဲမှုနှင့် ပါဝင်သူများကို တရားစွဲဆိုသည့် လုပ်ဟန်ပုံစံတစ်ခု ရှိနေသည်ဟု မစ်ရှင်အဖွဲ့အနေဖြင့် ကောက်ချက်ချသည်။

## ခ၈။ "အမုန်းစကား"၏ ပြဿနာကိစ္စ

၁၃၀၂။ "အမုန်းစကား"များ အပါအဝင် ရိုဟင်ဂျာ-ဆန့်ကျင်ရေးနှင့် ပိုမိုကျယ်ပြန့်သော မွတ်စလင်-ဆန့်ကျင်ရေး ခံစားချက်သည် မြန်မာနိုင်ငံတွင် ကျယ်ပြန့်စွာ ပျံ့နှံ့နေပြီး အတိုးတက်ဆုံးသော ဒီမိုကရေစီ-ထောက်ခံသူ အသိုင်းအဝိုင်းများတွင်ပင်လျှင် တည်ရှိနေသည်။ အထက်တွင် ဆွေးနွေးခဲ့သကဲ့သို့[2874] ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများနှင့် ဆက်နွယ်၍ အမုန်းတရားနှင့် ရိုဟင်ဂျာများကို လူ့ဂုဏ်သိက္ခာကင်းမဲ့စေမှု လှုံ့ဆော်လှုပ်ရှားမှု တစ်ခုသည် အကြမ်းဖက်မှုများ မတိုင်ခင် လနှင့်ချီ၍ ဆောင်ရွက်နေခဲ့ခြင်း ဖြစ်သည်။ ထိုလှုံ့ဆော်လှုပ်ရှားမှုသည် ရခိုင်အမျိုးသားများ ဖွံ့ဖြိုးတိုးတက်ရေး ပါတီ (RNDP)၊ ရခိုင်တိုင်းရင်းသားအဖွဲ့အစည်း အမျိုးမျိုး၊

---

[2871] ရှေ့ပြေးအသံ၏ "ကျွန်ုပ်တို့အသံများကို ကြားချိန်တန်ပြီ-လွတ်လပ်စွာစုရုံးမှုနှင့် မြန်မာပြည်မှ လူငယ်ငြိမ်းချမ်းရေးလှုပ်ရှားမှု" ၂၀၁၈ ခုနှစ် ဇူလိုင်

[2872] PI-102

[2873] E.g. A/HRC/22/58, para. 30; A/HRC/25/64, para. 28; A/HRC/28/72, paras. 19, 50; A/61/311, para. 35. Also PI-048

[2874] See chapter V, section C.5: Violence in 2012, Spreading hate.

(၉၆၉အုပ်စု အပါအဝင်) အခြေခံဝါဒီ ဗုဒ္ဓဘာသာဘုန်းကြီး အဖွဲ့အစည်းများ၊ အချို့သော အာဏာပိုင်များနှင့် သြဇာရှိသောလူပုဂ္ဂိုလ်များမှ ဦးဆောင်ခဲ့သည်။

၁၃၀၃။ ရိုဟင်ဂျာများနှင့် ယေဘုယျအားဖြင့် မွတ်စလင်များ အပေါ် ပြင်းထန် ခါးသီးသော အမုန်းစကားများသည် ထိုအချိန်ကစ၍ ရပ်တန့်သွားခြင်း မရှိခဲ့ပေ။[2875] ဆန့်ကျင်ဘက် အနေဖြင့် ထိုကိစ္စသည် ပို၍အရှိန်မြင့် ပြင်းထန်လာခဲ့သည်။ အမုန်းတရား၏ သတင်းစကားများကို ဇာတ်ကောင် အမြောက်အများဖြင့် ဝါဒဖြန့်ချီနေခဲ့စဉ်တွင် ၎င်းတို့အကြား၌ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးများအတွင်းမှ အစွန်းရောက် အမျိုးသားရေး အုပ်စုများသည် ဤကိစ္စနှင့်စပ်လျဉ်း၍ အရင်းအမြစ်အများဆုံး ထိရောက်မှုအရှိဆုံး အတက်ကြွဆုံးသူများ ဖြစ်သည်ဟု ယေဘုယျအားဖြင့် လက်ခံထားကြ သည်။ ယင်းတွင် ၂၀၁၂ ခုနှစ်က ဖန်တီးခဲ့သော ၉၆၉ လှုပ်ရှားမှုနှင့် ၂၀၁၄ ခုနှစ်တွင် ပေါ်ထွက်လာခဲ့သော (မဘသဟု ခေါ်ကြသည့်) အမျိုးဘာသာ သာသနာ ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တို့ ပါဝင်သည်။ လူသိများ-ထင်ရှားသော ဘုန်းကြီးများဖြစ်သည့် ဝီရသူ၊ ပါမောက္ခနှင့် သီတဂူ ဆရာတော်တို့သည် မွတ်ဆလင်-ဆန့်ကျင်ရေး ဇာတ်ကြောင်းများကို နှစ်ပေါင်းများစွာပင် ပွင့်လင်းစွာနှင့် တက်ကြွစွာ အားပေးထောက်ခံပြီး မြှင့်တင် ပေးနေခဲ့ကြသည်။

၁၃၀၄။ မြန်မာအာဏာပိုင်များ၏ အခန်းကဏ္ဍနှင့် တုန့်ပြန်မှု တို့နှင့်အတူ ပျံ့နှံ့နေသော ထိုအမုန်းတရား လှုံ့ဆော် လှုပ်ရှားမှုများ သတင်းစကားများနှင့် ဖြစ်စဉ်ဇာတ်ကြောင်းများ၏ ပုံစံများ အပေါ် ခြေခြေမြစ်မြစ်ရှိသော စူးစမ်းလေ့လာမှုတစ်ခုကို မစ်ရှင်အဖွဲ့မှ ဆောင်ရွက်ခဲ့သည်။ မစ်ရှင်အဖွဲ့သည် မြန်မာနိုင်ငံတဝန်းတွင် ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုများတွင် "အမုန်းစကားများ"၏ အခန်းကဏ္ဍသည် အရေးပါသည်ဟု စွပ်စွဲထားသော အကဲဖြတ်မှုကိုလည်း ထည့်သွင်းစဉ်းစားပြီး အချို့လေ့လာသူများကလည်း လွတ်လပ်စွာထုတ်ဖော်ခွင့်၏ အဆင့် မြင့်တက်လာမှု၊ ပိုမိုလွတ်လပ်သော ပုံနှိပ်ထုတ်ဝေရေးနှင့် သတင်းမီဒီယာ ဝန်းကျင်တစ်ခုနှင့် အင်တာနက်နှင့် လူမှုကွန်ရက်တို့ကို ပိုမိုလွယ်ကူစွာ ရရှိနိုင်မှုတို့ အပါအဝင် မြန်မာမာနိုင်ငံမှ ဒီမိုကရက်တစ် အခင်းအကျင်း၏ ပွင့်လင်းလာမှုနှင့် "အမုန်းစကားများ" အကြား ချိတ်ဆက်မှု တစ်ခုကိုလည်း ညွှန်ပြခဲ့ကြသည်။

### (၁) ဥပဒေမူဘောင်

၁၃၀၅။ "အမုန်းစကား" အရေးကိစ္စသည် လွတ်လပ်စွာ ထင်မြင်ယူဆမှုနှင့် ထုတ်ဖော်မှု အခွင့်အရေးများနှင့် တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှု-မရှိစေရေး အခွင့်အရေးများ နှစ်မျိုးစလုံး အရ အလေးထား သုံးသပ်သင့်သည်။ အခြေခံမူအရ လွတ်လပ်စွာ ထင်မြင်ယူဆမှုနှင့် ထုတ်ဖော်မှု

---

[2875] အချို့သော အစီရင်ခံစာများက အခြား တိုင်းရင်းသား လူမျိုး (သို့မဟုတ်) ဘာသာရေး လူနည်းစု အုပ်စုများ၊ အမျိုးသမီးများနှင့် နိုင်ငံရေးသမားများ ကဲ့သို့ ပြည်သူလူထု၏ အခြား အစိတ်အပိုင်းများကို ပစ်မှတ်ထားနေသည့် "အမုန်းစကားများ"ကို အလေးထားဂရုပြုမှုရအောင် ကြိုးပမ်းခဲ့ ကြသည်။ ဥပမာကြည့်ပါ။ Pen Myanmar, "အမုန်းစကား-မြန်မာပြည်ရှိ ပုံနှိပ်ထုတ်ဝေမှု၊ ရုပ်ရှင်များ၊ သီချင်းများနှင့် လူမှုမီဒီယာများအပေါ် လေ့လာချက်တရပ်" (၂၀၁၅) Institute for War and Peace အစီရင်ခံခြင်း "အမုန်းစကားများ အလိုမရှိ ပရိုဂျက်" (၂၀၁၇): https://www.facebook.com/NoHateSpeechProject/; see also A/72/382, စာပိုဒ် ၅၆။ မည်သို့ဆိုစေ မွတ်စလင်များနှင့် အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် အမုန်းစကား လှုံ့ဆော်လှုပ်ရှားမှု၏ ထူးခြားသော ပမာဏနှင့် လေးနက်ပြင်းထန်မှုအရ မစ်ရှင်အဖွဲ့အနေဖြင့် ၎င်း၏ အာရုံစူးစိုက်မှုကို ထိုအဖြစ်အပျက်တွင် ဂရုပြုခဲ့သည်။

အခွင့်အရေးများသည် အလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်စေသော ထုတ်ဖော်မှုမျိုး ကိုပင်လျှင် လက်ခံထားပေသည်။[2876] မည်သို့ဆိုစေ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေအရ လူ့အခွင့်အရေးများကို ကျင့်သုံးမှုသည် အခြားတစ်ပါးသူများ၏ အခွင့်အရေးများနှင့် လွတ်လပ်မှုတို့ကို မချိုးဖောက်ရပေ။ နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေသော အမုန်းတရား၏ ထုတ်ဖော်မှုနှင့် သရုပ်ပြမှုများသည် အချို့သော အခြေအနေများတွင် အခြား တစ်ပါးသူများ၏ အခွင့်အရေးများကို ယုတ်လျော့နိမ့်ပါးစေနိုင်ပေသည်။[2877] ထိုအချက်ကို မှတ်သားစဉ်းစားလျက် နိုင်ငံတကာဥပဒေက မဖြစ်မနေ ပိတ်ပင်တားဆီးမှု *လုပ်ရမည့်* *(must be)* အမုန်းတရား ထုတ်ဖော်မှုများ၊ ပိတ်ပင်တားဆီးမှု *လုပ်ကောင်းလုပ်ရမည့်* *(may be)* ထုတ်ဖော်မှုများနှင့် ကန့်သတ်ပိတ်ပင်မှုမှ ကာကွယ်မှု *လုပ်သင့်သည့်* *(should be)* ထုတ်ဖော်မှုများဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

၁၃၀၆။ အမုန်းတရား ထုတ်ဖော်မှုများကို နိုင်ငံတကာဥပဒေအရ မဖြစ်မနေ ပိတ်ပင်တားဆီးမှု *လုပ်ရမည်* ဖြစ်ပြီး လူမျိုးတုန်း သုတ်သင်မှုကို ကျူးလွန်စေရန် လူထုအတွင်း တိုက်ရိုက်နှင့် သွေးထိုးလှုံ့ဆော်မှု[2878] ခွဲခြားဆက်ဆံခြင်း၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှု တို့ကို သွေးထိုးလှုံ့ဆော်မှု ဖြစ်သော မည်သည့် နိုင်ငံသား၊ လူမျိုးရေး (သို့မဟုတ်) ဘာသာရေး အမုန်းတရားများ စည်းရုံးလှုံ့ဆော်မှုမဆိုနှင့်[2879] လူမျိုးရေး သာလွန်မြင့်မြတ်မှု (သို့မဟုတ်) အမုန်းတရားနှင့် လူမျိုးရေး ခွဲခြားဆက်ဆံခြင်းကို သွေးထိုးလှုံ့ဆော်မှုတို့ အပေါ် အခြေခံသည့် စိတ်ကူး စိတ်သန်းများကို ဖြန့်ချိမှုအားလုံး[2880] တို့ပါဝင်သည်။ ခြားနားချက်မှာ အခြား တစ်ပါးသူများနှင့် လူ့အခွင့်အရေးများကို ၄င်းတို့၏ရရှိခံစားမှု အတွက် ပြင်းထန်သော အန္တရာယ် တစ်ခုပါရှိနေသော လွတ်လပ်စွာ ထုတ်ဖော်ခွင့်၏ ကျင့်သုံးမှုကို ကန့်သတ်*ပိတ်ပင်မှု ပြုလုပ်ကောင်း* လုပ်ရမည် ဖြစ်သည်။ ထိုသို့သော ကန့်သတ်ချက်များသည် ရှင်းလင်းတိကျသည့် လုပ်နည်းလုပ်ဟန်အတွင်း ဥပဒေဖြင့် ပံ့ပိုးပေးအပ်ရမည်ဖြစ်ပြီး ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တစ်ရပ်တွင် အခြား တစ်ပါးသူများ၏ အခွင့်အရေးများကို လေးစားမှု (သို့မဟုတ်) ဂုဏ်သတင်းတို့ အတွက် (သို့မဟုတ်) နိုင်ငံတော် လုံခြုံရေး (သို့မဟုတ်) အများပြည်သူဆိုင်ရာ ဥပဒေများကို ကာကွယ်ရန် လိုအပ်၍ အချိုးအစား မျှတရမည်ဖြစ်သည်။[2881] အဆိုပါ အမျိုးအစားများအောက်တွင် မကျရောက်သော ထုတ်ဖော်ပြောဆိုမှု နည်းလမ်းများသည် အလွန်အမင်း စိတ်အနှောင့်အယှက် ဖြစ်စေနေလျှင်ပင် ဥပဒေနှင့် ညီညွတ်ပြီး ကန့်သတ်မှုများမှ ကာကွယ်ပေးရမည်ဖြစ်သည်။ ထိုအချက်သည် မည်သို့ဆိုစေ အဆိုပါကဲ့သို့ ပြောဆိုမှုမျိုးကို လက်ခံနိုင်သည့်ကိစ္စအဖြစ် သဘောထားသင့်သည်ဟု မဆိုလိုပေ။ ၄င်းသည်

[2876] ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ၊ အထွေထွေ တုန့်ပြန်ချက် ၃၄ (CCPR/C/GC/34)
[2877] A/67/357, စာပိုဒ် ၃၇

[2878] Genocide Convention, art. III (c).
[2879] ICCPR, art. 20 (2).
[2880] လူမျိုးရေးခွဲခြားဆက်ဆံမှု ပုံစံအားလုံး ပပျောက်ရေး နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၄
[2881] ဤအခန်း အပိုင်း ကက (၁) အခြေခံလွတ်လပ်ခွင့်ကျင့်သုံးခြင်းများအား ကန့်သတ်ထားခြင်းအတွက် ဥပဒေဆိုင်ရာ အသုံးပြုကရိယာများကို ကြည့်ပါ။

သဘောထားကြီးမှုအရ ပြဿနာတစ်ရပ် ဖြစ်ပေါ်စေနိုင်ဆဲ ဖြစ်ပြီး အစိုးရထံမှ အရေးပါသော တုန့်ပြန်ဆောင်ရွက်မှု တစ်ခု လိုကောင်းလိုနိုင်သည်။ အထူးသဖြင့် ထိုထုတ်ဖော် ပြောစကားကို လက္ခဏာတစ်ရပ် ဖြစ်စေသည့် နောက်ခံအကြောင်းရင်း မလိုမုန်းထားမှုများကို ဖော်ထုတ်ရန် ဖြစ်သည်။

၁၃၀၇။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအရ "အမုန်းစကား" ဟူသည့် အသုံးအနှုန်း၏ အဓိပ္ပာယ် ဖွင့်ဆိုချက် မရှိသော်လည်း ဤအစီရင်ခံစာသည် လူများဆီသို့ ခွဲခြားဆက်ဆံသော အမုန်းတရား (သို့မဟုတ်) အကြမ်းဖက်မှုတို့၏ မည်သည့် ထုတ်ဖော်ပြောဆိုမှုကိုမဆို ရည်ညွှန်းဖော်ပြရန် ၄င်းအသုံးအနှုန်းကို သုံးစွဲထားသည်။ ထိုအဓိပ္ပာယ်တွင် ၄င်းသည် အထက်တွင် ဖော်ပြခဲ့သော (အဆိုပါ မဖြစ်မနေ ပိတ်ပင်တားဆီးမှု လုပ်ရမည်များ၊ အဆိုပါ ပိတ်ပင်တားဆီးမှု လုပ်ကောင်း လုပ်ရမည်များနှင့် အဆိုပါ ပိတ်ပင်တားဆီးမှု မလုပ်ရမည့် သို့သော် အရေးပါသော တုန့်ပြန်ဆောင်ရွက်မှု လိုအပ်နိုင်မည်များ) အမျိုးအစားများ၏ တစ်ခုချင်းစီတိုင်းမှ ထုတ်ဖော်ပြောဆိုမှုများကို လွှမ်းခြုံသည်။

၁၃၀၈။ ဆုံးဖြတ်ချက် အမှတ် ၃၄/၂၂ တွင် လူ့အခွင့်အရေးကောင်စီက မြန်မာနိုင်ငံ အစိုးရကို ၄င်း၏ ဆုံးဖြတ်ချက်အမှတ် ၁၆/၁၈ နှင့် Rabat အရေးယူ ဆောင်ရွက်မှု စီမံချက် (Rabat Plan of Action) တို့အရ အမုန်းစကား၏ အရေးကိစ္စကို ဖော်ထုတ်ရေးအတွက် ပို၍ အရေးယူဆောင်ရွက်မှု ပြုလုပ်ရန် တိုက်တွန်းထားသည်။ "သဘောထားသေးခြင်း၊ အနုတ်သဘောဆောင်သော ပုံစံသွင်းခြင်းနှင့် ကဲ့ရဲ့ပြစ်တင်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်ရန် သွေးထိုးလှုံ့ဆော်ခြင်းနှင့် ဘာသာရေးနှင့် ယုံကြည်မှုအပေါ် အခြေခံ၍ လူပုဂ္ဂိုလ်များအပေါ် အကြမ်းဖက်မှု" တို့အပေါ် လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် ၁၆/၁၈ သည် ဘာသာရေးနှင့် ယုံကြည်မှုတို့ အပေါ် အခြေခံသည့် သဘောထားသေးမှုကို ဖော်ထုတ်ရန်အတွက် အရေးယူဆောင်ရွက်မှု စီမံချက် တစ်ရပ်ကို ချမှတ်ခဲ့သည်။ ၄င်းသည် ပါဝင်မှုကိုမြှင့်တင်ခြင်း၊ ကွဲပြားစုံလင်မှုနှင့် ဘာသာလူမျိုးများ ယှဉ်တွဲနေထိုင်မှု(pluralism) တို့ကို မြှင့်တင်ခြင်းအပေါ် အခြေတည်ပြီး မူများနှင့် ဥပဒေများကပါ ခွဲခြားဆက်ဆံမှု၏ အခြေခံဇစ်မြစ်များကို အရေးယူကိုင်တွယ်မှုနှင့် တွဲဖက်ခြင်းသည် သဘောထားသေးသော ထုတ်ဖော် ပြောဆိုမှုများ အတွက် အကောင်းဆုံး အဆိပ်ဖြေဆေးဖြစ်သည် ဟူသော သဘောတရား ပေါ်တွင် တည်ထောင်ထားသည်။ Rabat အရေးယူဆောင်ရွက်မှု စီမံချက်သည် OHCHR ၏ ကမကထပြုမှု အောက်တွင် အတိုင်ပင်ခံ ဖြစ်စဉ်တစ်ခု နောက်တွင် ကျွမ်းကျင်သူများဖြင့် ပြဌာန်းအတည်ပြုခဲ့ပြီး "ခွဲခြားဆက်ဆံခြင်း၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှုတို့ကို သွေးထိုးလှုံ့ဆော်မှုဖြစ်သော မည်သည့် နိုင်ငံသား၊ လူမျိုးရေး (သို့မဟုတ်) ဘာသာရေး အမုန်းတရားများ စည်းရုံးလှုံ့ဆော်မှု မဆို" ပိတ်ပင်တားဆီးမှု အပေါ် နိုင်ငံများသို့ လုပ်ပိုင်ခွင့်ရှိသော လမ်းညွှန်မှုများကို ပံ့ပိုးပေးထားသည်။[2882] မစ်ရှင်အဖွဲ့က အမုန်းစကား အရေးကိစ္စကို မြန်မာနိုင်ငံအစိုးရ၏ တုန့်ပြန်ဆောင်ရွက်မှုများအပေါ် ၄င်း၏ အကဲဖြတ်မှုတွင် အဆိုပါ တိုင်းတာမှု ကိရိယာများကို ထည့်သွင်းသုံးသပ်ခဲ့သည်။

[2882] A/HRC/22/17/Add.4. See also: https://www.ohchr.org/EN/Issues/FreedomReligion/Pages/RabatPlanOfAction.aspx.

### (၂) ရှာဖွေတွေ့ရှိချက်များ

၁၃၀၉။ အမုန်းစကား ဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၏ မည်မည်ရရရှိသော ပမာဏတစ်ခုကို မြန်မာနိုင်ငံရှိ အမုန်းစကားများ၏ပုံစံများကို ပိုင်းခြားစိတ်ဖြာသော အစီရင်ခံချက်များနှင့်အတူ မစ်ရှင်အဖွဲ့မှ လက်ခံရရှိခဲ့သည်။[2883] မစ်ရှင်အဖွဲ့အနေဖြင့် ၎င်း၏ ကိုယ်ပိုင် သုတေသနဖြင့် မှန်ကန်ကြောင်း အတည်ပြုစစ်ဆေးမှုကိုလည်း ဆောင်ရွက်ခဲ့သည်။ မစ်ရှင်အဖွဲ့သည် အမုန်းစကားများကို ပုံမှန် ဖြန့်ချိနေသူများဟု ယူဆရသည့် အွန်လိုင်းအကောင့်များ (accounts) ၊ အုပ်စုများ (groups)နှင့် စာမျက်နှာများ (pages) ၏ ကြီးမားသည့် အရေအတွက် တစ်ခုနှင့်အတူ ထုတ်ဝေဖြန့်ချိမှုများနှင့် ရုပ်သံထုတ်လွှင့်မှုများ၏ ကျယ်ပြန့်သော အတိုင်းအတာတစ်ခုကို တက်ကြွစွာ စောင့်ကြည့်လေ့လာခဲ့ပြီး တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

#### (က) မွတ်ဆလင်များ အထူးသဖြင့် ရိုဟင်ဂျာများကို ပစ်မှတ်ထားနေသည့် အမုန်းစကားများ၏ ပျံ့နှံ့မှု

၁၃၁၀။ ယေဘုယျအားဖြင့် မွတ်စလင်များနှင့် အထူးအားဖြင့် ရိုဟင်ဂျာများ အပေါ် အမုန်းစကားများသည် မြန်မာနိုင်ငံတွင် လွှမ်းကဲပြင်းထန်စွာ ပျံ့နှံ့နေခဲ့သည်မှာ သံသယဖြစ်စရာ မရှိပေ။ ယင်းတွင် ခွဲခြားဆက်ဆံခြင်း၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှု တို့ကို သွေးထိုးလှုံ့ဆော်မှု ဖြစ်စေသော ပိတ်ပင်တားမြစ်ထားသည့် နိုင်ငံသား၊ လူမျိုးရေး (သို့မဟုတ်) ဘာသာရေး အမုန်းတရားများ စည်းရုံးနိုးဆော်မှုများ ပါဝင်သည်။ ပုံနှိပ်မီဒီယာများ၊ ရုပ်သံထုတ်လွှင့်မှုများ၊ လက်ကမ်းစာစောင်များ၊ စီဒီ/ဒီဗွီဒီများ၊ သီချင်းများ၊ အင်တာနက် ဝက်ဘ်စာမျက်နှာများနှင့် လူမှုကွန်ရက် အကောင့်များ အပါအဝင် စကြ်နလမ်းကြောင်း ပုံစံအားလုံးကို ဖြတ်သန်းသွားသည့် အမုန်းစကားများ၏ အလွန်ကြီးမားသော ပမာဏ တစ်ခုကို မစ်ရှင်အဖွဲ့က မြင်တွေ့ခဲ့ရသည်။ (ဥပမာ။ ။ မစ်ရှင်အဖွဲ့သည် မွတ်စလင်များ (သို့မဟုတ်) အထူးသဖြင့် ရိုဟင်ဂျာများ အပေါ် အမုန်းစကားသဘော သက်ရောက်စေသော သတင်းစကားများ ပုံမှန်ပျံ့နှံ့စေခဲ့သည့် အများသိ အွန်လိုင်း လူမှုကွန်ရက် အကောင့်များ၊စာမျက်နှာများနှင့် အုပ်စုများ အရေအတွက် ၁၅၀ကျော်ကို ဖေါ်ထုတ်တွေ့ရှိခဲ့သည်။) မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်ခ်၏ ဩဇာကြီးမားလွှမ်းမိုးမှုကို ထည့်သွင်းစဉ်းစားလျက် မစ်ရှင်အဖွဲ့သည် အားပေးသူများ (followers) အရေအတွက် (အားလုံးမှာ ၁၀,၀၀၀ အထက်၊ သို့သော် အချို့မှာ ၁သန်းအထက်) အားပေးသူများ၏ ပို့စ့်များနှင့် ဆက်စပ်လုပ်ဆောင်မှု၏ မြင့်မားသော အဆင့်များ (မှတ်ချက်ရေးသားခြင်း၊ မျှဝေခြင်း) နှင့် ပို့စ့်အသစ်များ၏ ကြိမ်နှုန်းများ (ယေဘုယျအားဖြင့် နေ့စဉ်၊ ထိုသို့မဟုတ်လျှင် နာရီတိုင်း)ကို ကြည့်လျက် ဩဇာလွှမ်းမိုးမှုရှိသည်ဟု ယူဆရသော ဖေ့စ်ဘုတ်ခ် အကောင့် အတော်များများကို အသေးစိတ် အလေးထားဂရုပြုမှုပေးခဲ့သည်။ အဆိုပါ အကောင့်များ အပြင် ကြုံရာကျပန်း တွေ့ရှိလိုက်သော အမုန်းစကားများ၏ အခြေအနေများမှလည်း ထုတ်နုတ်ရယူခဲ့သည်။

[2883] B-001, B-002, B-003, B-004, K-070, K-093, K-098, K-101.

၁၃၁၁။ ဤနေရာတွင် တင်ပြခဲ့သော ဥပမာများသည် မြန်မာနိုင်ငံတွင် မကြာသေးခင် နှစ်များအတွင့် ဖြန့်ဝေခဲ့ကြသော သတင်းစကား အမျိုးအစားများ၏ သေးငယ်သော နမူနာပုံတစ်ခုမျှသာဖြစ်သည်။ ပို့စ်များသည် အားပေးသူများမှ မျှဝေနိုင်ပြီး ထိုနောက် ၎င်းတို့၏ အားပေးသူများ ကလည်း အကန့်အသတ်မရှိ ထပ်မံ မျှဝေနိုင်သောကြောင့် ၎င်းတို့ ရရှိခဲ့သော ရောက်ရှိထိတွေ့သွားမှု၏ အတိုင်းအတာ အပြည့်ကို ခြေရာခံလိုက်ရန် မစ်ရှင်အဖွဲ့အတွက် မဖြစ်နိုင်ခဲ့ပေ။ မြန်မာ ဘာသာစကားအတွင်း သိမ်မွေ့နက်နဲမှုနှင့် ပုံပြင်များနှင့် ခိုင်းနှိုင်း တင်စားချက်များ အသုံးပြုမှုတို့က အွန္တရာယ်ရှိသော ဖြစ်ရန် အလားအလာရှိသည့် ပို့စ့်များကို ထောက်လှမ်း စူးစမ်းရန် ခက်ခဲစေခဲ့သည်။ သတင်းစကား အများအပြားမှာ Viber နှင့် Messenger ကဲ့သို့ သီးသန့် ဆက်သွယ်ရေး နည်းလမ်းများမှ တဆင့်လည်း မျှဝေခဲ့ကြသည်ဟု ဆိုကြပြီး မစ်ရှင်အဖွဲ့အနေဖြင့် ယင်းတို့ကို မရရှိနိုင်ခဲ့ပေ။

၁၃၁၂။ ရိုဟင်ဂျာများ (သို့မဟုတ်) ယေဘုယျအားဖြင့် မွတ်ဆလင်များကို ရည်ညွှန်းရန် အသုံးပြုခဲ့ကျသော ယုတ်ညံ့ ရိုင်းစိုင်းသည့် အခေါ်အဝေါ်များမှာ အမျိုးစုံလင် ထူးကဲလှသည်။ ရိုဟင်ဂျာများအတွက် ပုံမှန်သရုပ်ဖော်စကားလုံးမှာ “ဘင်္ဂလီ” (နိုင်ငံရပ်ခြားမူလဇစ်မြစ်ဟု သွယ်ဝိုက်ညွှန်းဆိုနေသော) (သို့မဟုတ်) “ကုလား”ဟူသည့် အခေါ်အဝေါ်ဖြစ်သည်။ ဒုတိယ စကားလုံးမှာ အာရှတောင်ပိုင်းမှ ဆင်းသက်လာသူများကို ယေဘုယျအားဖြင့် ရည်ညွှန်းကြသည်။ အချို့က ၎င်းစကားလုံးကို ကြင်နာသောဟန်ပန်ဖြင့် သုံးစွဲပြောဆိုနိုင်သည်ဟု ငြင်းချက် ထုတ်ကြသော်လည်း ၎င်းစကားလုံးမှာ မြန်မာ “တိုင်းရင်းသားလူမျိုးများ”နှင့် နှိုင်းယှဉ်လျှင် သိမ်ငယ်သည့် သဘောလက္ခဏာ ဆောင်စေလျက် နိုင်ငံခြား မျိုးနွယ် (သို့မဟုတ်) အသားမည်းသူ တစ်စုံတစ်ယောက်ကို မီးမောင်းထိုးပြရန်နှင့် စော်ကားရန်နှင့် လူမျိုးရေးခွဲခြားသော မတရားပြောဆိုမှုတစ်ခုအဖြစ် မကြာခဏ ဆိုသလို အသုံးပြုကြသည်။ အခြား အသုံးပြုကြသည့် အသုံးအနှုန်းများလည်း တသီတတန်း ရှိနေပြီး အချို့မှာ ပိုမို သိမ်မွေ့ကြသည်။[2884]

• မွတ်ကုလား (“မွတ်စလင် ကုလား”) “မွတ်” ဆိုသည့် မွတ်ဆလင်အတွက် အတိုကောက်နှင့် ကုလားကို ပေါင်းစပ်ထားသော အခေါ်အဝေါ်။ ထိုအခေါ်အဝေါ်သည် ပုံမှန်အားဖြင့် ဘုန်းကြီး ဝီရသူမှ ယေဘုယျ အားဖြင့် မွတ်စလင်များ တခါတရံ ရိုဟင်ဂျာများ အတွက် သီးသန့် အသုံးပြုခဲ့သည်။ ဥပမာအားဖြင့် လူသိများသော မွတ်စလင် ဥပဒေအကြံပေး တစ်ဦးဖြစ်သည့်၊ ကွယ်လွန်သွားသော ဦးကိုနီမှာ “မွတ်ကုလား MP” နှင့် “မွတ်ကုလား ငနီ”ဟု ဖေ့စ်ဘုတ်ခ်တွင် ကြိမ်ဖန်များစွာ ပစ်မှတ်ထား ခေါ်ဝေါ်ခံခဲ့ရသည်။ “ငနီ” ဆိုသည်မှာ ရိုင်းစိုင်းသော အမည်တစ်ခု ဖြစ်ပြီး ပုံမှန်အားဖြင့် ခွေးများကို ခေါ်လေ့ရှိသည်။[2885] ၂၀၁၆ခုနှစ် မတ်လမှ ပို့စ်တစ်ခုတွင် သမ္မတ ဦးထင်ကျော်၏ နဘေးတွင် ရပ်နေသော ဦးကိုနီ၏ ဓါတ်ပုံကို “မြန်မာ့နိုင်ငံရေး တံခါးပေါက် ထဲကို ဒီမွတ်ကုလား ခြေချလာတာဟာ ငါတို့ ထိုင်ကြည့်နေရမယ့် ကိစ္စမဟုတ်ဘူး၊ ငါတို့ တစ်ခုခုလုပ်မှရမယ် ” ဆိုသည့် စာတန်း ရေးထိုးထား ခဲ့သည်။[2886] ထိုပို့စ်မှာ

---

[2884] အောက်တွင် ဖော်ပြထားသော စာပိုဒ်များထဲမှ ဥပမာများကို မစ်ရှင်အဖွဲ့မှ မြင်တွေ့ခဲ့ပြီး ဖြစ်သည်။ အချို့မှာ နောက်ပိုင်းတွင် ဖျက်သွားကြပြီး ထိုဥပမာများ၏ Screen Shots များသည် မစ်ရှင်အဖွဲ့ဖိုင်တွင် ပါရှိသည်။

[2885] V-023, V-030.

[2886] V-023.

တုန့်ပြန်မှု ၈၀၀ ကျော်၊ မျှဝေမှု ၄၅၀ နှင့် မှတ်ချက် ၆၀ ရရှိခဲ့သည်။ မှတ်ချက် အမြောက်အများက ဦးကိုနီအား "ရှင်းပစ်ရန်" တောင်းဆိုခဲ့ကြသည်။

> *NLDနဲ့ ဦးထင်ကျော် ခင်ဗျားတို့ ဒီငနီကို ချေမှုန်းသုတ်သင်ပစ်ဖို့ လိုတယ်၊ မွတ်ကုလားနဲ့ သမ္မတဟာ အတူမရှိသင့်ဘူး။ ငါတို့ ငနီကို မလိုလားဘူး ထိုင်စောင့်နေဖို့ အချိန်မရှိဘူး။ ထပြီး သူ့ကို ကန်ထုတ်ဖို့ အချိန်တန်ပြီ။*[2887]
>
> *အချိန်ရှိသေးတယ်။ အရေးယူပါ။ အဲ့ဒီလိုမလုပ်ရင် လူမျိုး ၁၃၅ မျိုးလုံး ငိုရလိမ့်မယ်။ လွှတ်တော်ထဲမှာ ခွေးတစ်ကောင် အဝင်မခံနဲ့။*[2888]

၂၀၁၆ခုနှစ် မတ်လမှ အောက်တိုဘာလထိ ဦးကိုနီကို ရည်ရွယ် ခြိမ်းခြောက်နေသော အလားတူ သတင်းစကားမျိုးဖြင့် ပို့စ်အမြောက်အများကို မစ်ရှင် အဖွဲ့မှ မြင်တွေ့ခဲ့ရသည်။[2889] ၂၀၁၇ခုနှစ် ဇန်နဝါရီလ ၂၉ရက်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ဦးကိုနီ လုပ်ကြံ သတ်ဖြတ်ခံခဲ့ရသည်။[2890]

- ခွေးကုလား ("မွတ်စလင်ခွေး") မြန်မာနိုင်ငံတွင် ခွေးများသည် တိရိစ္ဆာန်များတွင် အနိမ့်ဆုံးအမျိုးအစားများ၏ အစိတ်အပိုင်းတစ်ခုအဖြစ် မှတ်ယူထားကြ၍ "ခွေး"ဆိုသည့် စကားလုံးသည် လူပုဂ္ဂိုလ် တစ်ဦး (သို့မဟုတ်) လူထုတစ်ရပ်နှင့် ပတ်သက်၍ သုံးစွဲခံရလျှင် အလွန်အမင်း စော်ကားရာရောက်သည်။ ၂၀၁၇ခုနှစ် အောက်တိုဘာလတွင် ရိုဟင်ဂျာများအပေါ် အမုန်းသတင်းစကားများကို တက်ကြွစွာ ဖြန့်ချိသူတစ်ဦးဖြစ်ပြီး ဩဇာလွှမ်းမိုးသူတစ်ဦး၏ ဖေ့စ်ဘုတ်ခ် ပို့စ့်တစ်ခုက ထုတ်ဖော်ခဲ့သည်မှာ- " အခု ထမိန်ခြုံ အစိုးရက [နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်သော NLD အစိုးရ] အာဏာရ လာပြီး ပခုက္ကူရဲ့ သမိုင်းရိုင်းပြီ" ၎င်းသည် ပခုက္ကူမြို့တွင် ကျင်းပခဲ့သည့် ဘာသာပေါင်းစုံ ညီညွတ်ရေး အခမ်းအနားတစ်ခုကို တုန့်ပြန်ခဲ့ခြင်း ဖြစ်သည်။ ထိုအသုံးပြုသူသည် အတိတ်ကာလတွင် မည်သို့ဖြစ်ခဲ့သည်ကို ပြောခဲ့သည်မှာ "ခွေးကုလား"တွေဟာ ပခုက္ကူမြို့ပြင်မှာ လမ်းလျှောက်သွားရင် ဘယ်တော့မှ သူတို့ခေါင်းတွေကို မမော့ရဲခဲ့ဘူး။ ပခုက္ကူသည် မွတ်စလင်မရှိသောမြို့ဟု ဆိုသည့် ကျောက်ပန်းတောင်းမြို့ အနီးမှ မြို့တစ်မြို့ဖြစ်သည်။ "သူတို့တွေ ကျောက်ပန်းတောင်းမှာ ဘယ်တော့ ဒီလိုမျိုး ဘာသာပေါင်းစုံ ညီညွတ်ရေး အခမ်းအနား လုပ်မလဲဆိုတာ ငါကြည့်ချင်တယ် ငါစောင့်ကြည့်နေမယ်" ရေးသားသူသည် စာပိုဒ်တို တစ်ခုတွင် "ခွေးကုလား" ဟူသည့် အခေါ်အဝေါ်ကို ၉ ကြိမ် အသုံးပြုထားပြီး အယုတ္တအနတ္တများ-ပြည့်နေသည့် စာသားကို ကြေညာရေးသားခဲ့သည်။[2891] ထိုပို့စ်သည် ၂၀၁၈ ဇူလိုင်လထိ တည်ရှိနေဆဲဖြစ်ခဲ့ပြီး တုန့်ပြန်မှု ၂၀၀ ကျော် မျှဝေမှု ၃၈၀ နှင့် မှတ်ချက် ၆၅ ခု ရှိခဲ့သည်။ ပို့စ်အောက်မှ မှတ်ချက်များတွင် ဆဲရေးတိုင်းထွာမှုအမျိုးမျိုးကို စော်ကားသော ခွေးပုံများဖြင့် တွဲလျက် အသုံးပြုထားပြီး NLD

---

[2887] V-024.

[2888] V-025.

[2889] V-027, V-028, V-029

[2890] ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရ- သမ္မတရုံးမှာ ၂၀၁၇ခုနှစ် ဇန်နဝါရီ ၃၀ရက်တွင် ဦးကိုနီ၏ လုပ်ကြံခံရမှုနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်" ထုတ်ခဲ့သည်။

[2891] V-031.

အစိုးရကို ဘာသာပေါင်းစုံ ညီညွှတ်ရေး အခမ်းအနား ကျင်းပမှုနှင့် "မွတ်စလင်ခွေးများ"ကို တည်ခင်းဧည့်ခံ ကျွေးမွေးသည်ဟု ပြစ်တင်ဝေဖန်ထားခဲ့သည်။"[2892] ၂၀၁၇ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလများအတွင်း မြန်မာနိုင်ငံမှ ပြည်နယ်နှင့်တိုင်းဒေသကြီးများ တစ်ခုစီတိုင်းတွင် ကျင်းပခဲ့သော ဘာသာပေါင်းစုံ "ဆုတောင်းပွဲ အခမ်းအနားများ"သည် မြင့်မားစွာ အများသိပြုလုပ် ခံခဲ့ရပြီး အလားတူ အနုတ်လက္ခဏာ ဆောင်ပြီး ယုတ်ညံ့ရိုင်းစိုင်းသော အွန်လိုင်း မှတ်ချက်များကို ရရှိခဲ့သည်။ "မွတ်စလင်ခွေး"ဟူသည့် အခေါ်အဝေါ်သည် ၂၀၁၇ ခုနှစ် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"အလွန် ကာလ အတွင်းတွင် မြန်မာလုံခြုံရေး တပ်ဖွဲ့များမှလည်း သုံးစွဲခဲ့ကြသည်။

• **"ရို-လိမ်-ညာ"** မြန်မာ ဘာသာစကားတွင် (ရို-လူလိမ်များ/ ရိုဟင်ဂျာ များသည် လူလိမ်များ)- "ရိုဟင်ဂျာ" စကားလုံး၏ အသံထွက်နှင့် ဆင်တူပြီး "ရိုလိမ်ညာ"သည် "ရို-လူလိမ်"ဟု အဓိပ္ပာယ်ရသည်။ ထိုအခေါ်အဝေါ်သည် ရိုဟင်ဂျာများသည် လူလိမ်များ ဖြစ်ကြပြီး ရိုဟင်ဂျာဆိုသည်မှာ မရှိ၊ "ရို-လိမ်-ညာ"သာ ရှိသည်ဆိုသော ပျံ့နှံ့နေသည့် ဇာတ်ကြောင်း၏ အစိတ်အပိုင်းအဖြစ် သွယ်ဝိုက်ရည်ညွှန်းသည်။ တစ်ခါတစ်ရံတွင် ထိုအခေါ်ဝေါ်သည် ရိုဟင်ဂျာများအပေါ် မတရားပြုမှုများ၏ ဓါတ်ပုံများနှင့် အစီရင်ခံချက်များကို တုန့်ပြန်ရာတွင် အသုံးပြုကြသည်။ ထိုအခေါ်အဝေါ်ကို ရိုဟင်ဂျာများအကြောင်း နိုင်ငံတကာ သတင်းမီဒီယာ တင်ပြချက်များ အပေါ် ငြင်းဆိုရန် (သို့မဟုတ်) မျှဝေမှုများ တွင်လည်း အသုံးပြုကြသည်။ ဥပမာအားဖြင့် (အင်းဒင်မှ ရိုဟင်ဂျာ ၁၀ ဦး သတ်ဖြတ်ခံရမှုကို ရိုက်တာမှ အထူးသတင်းတင်ပြချက် ထုတ်ဝေအပြီး ၂ ရက်အကြာ)၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်တွင် အားပေးသူ ၁.၃ သန်းကျော် ရှိသည့် "မီဒီယာ/သတင်း ကုမ္ပဏီ"ဟု မိမိဘာသာ-ကြေညာထားသော Shwewiki.comက ဆောင်းပါးတစ်ပုဒ်၏ လင့်ခ်တစ်ခုကို "ရိုလိမ်ညာတွေရဲ့ အလိမ်တွေပေါ်ပြီ"ဟု ခေါင်းစဉ်တပ်ထားသော ပို့စ်တစ်ခုကို တင်ခဲ့သည်။[2893] ၎င်းက ရိုက်တာသတင်းဌာနမှ ဆောင်းပါးတွင် ထည့်သွင်းထားသော ဓါတ်ပုံသည် "ဟူတီသူပုန်များ"က စစ်သားများကို သတ်ဖြတ်ရာ နေရာဖြစ်သည့် "ပါကစ္စတန်မှ ဘိုကိုဟာရမ်"များမှ ယူထားသည်ဟု ဖော်ပြထားသည်။[2894] ထိုပို့စ်က ရိုက်တာဆောင်းပါးကို "သတင်းအတု"ဟု ခေါ်ဆိုထားပြီး "ရိုလူလိမ်များကို" အားပေးမြှင့်တင်နေသည်ဟု ဆိုထားသည်။ ထိုဆောင်းပါးသည် အာဆီယံ ခေါင်းဆောင်အချို့က ထို "သတင်းတုများ"ကို ရှုတ်ချထားသည်ဟု ရည်ညွှန်းဖော်ပြ ထားသည်။ အဆုံးသတ်တွင် ၎င်းသည် ယုံကြည်စိတ်ချရသော သတင်းရင်းမြစ် တစ်ခုမှ တရားဝင် သတင်းတစ်ပုဒ် ဖြစ်သည်ဟု ထွက်ဆိုထားသော "အာရှသတင်းမီဒီယာ ကောင်စီ သတင်းထုတ်ပြန်ချက်" တံဆိပ် တစ်ခုပါရှိသည်။ ထိုပို့စ်သည် မစ်ရှင်အဖွဲ့မှ နောက်ဆုံး တွေ့မြင်ခဲ့ချိန်တွင် တုန့်ပြန်မှု ၄၀၀၀ ကျော်၊ မျှဝေမှု ၁၀၀၀ နှင့် မှတ်ချက် ၆၅ ခုရရှိခဲ့သည်။

[2892] V-032, V-033, V-034.

[2893] V-035

[2894] ဘိုကိုဟာရမ် သည် နိုင်ဂျီးယား နိုင်ငံမှ ဖြစ်ပြီး၊ ပါကစ္စတန် နိုင်ငံမှ မဟုတ်ပေ။ "ဟူတီ"သည် ယီမင်နိုင်ငံတွင် လှုပ်ရှားနေသော "ဟူသီ"ကို ရည်ညွှန်းခြင်းဟု ယူဆရပြီး၊ ၎င်းသည်လည်း ပါကစ္စတန် နိုင်ငံမှ မဟုတ်ပေ။

၄င်းသည် မူလ ဖေ့စ်ဘုတ်နှင့် ဘလော့ဂ်တို့မှ ဖယ်ရှားထားပြီး ဖြစ်သော်လည်း အခြား အွန်လိုင်း ဘလော့ဂ်များတွင် ရှိနေဆဲဖြစ်သည်။[2895]

• **ရို-ဂိန်-ညာ** ("ရိုဟင်ဂျာတွေဟာ လိမ်ညာနေတဲ့ ခွေးတွေ")- ထိုအခေါ်အဝေါ်သည် မြန်မာ ဘာသာစကားတွင် ခွေးများ၏ အသံဟု မှတ်ယူကြသော "ဂိန်"ဟူသည့် အသံနှင့် အထက်တွင် ဖော်ပြထားသော ရို-လိမ်-ညာကို ပေါင်းစပ်ထားခြင်း ဖြစ်သည်။ ပုံမှန်အားဖြင့် ကာတွန်းများတွင် ခွေးတစ်ကောင်သည် အကန်ခံရလျှင် "ဂိန်"ဟူသည့် အသံဖြင့် အော်လေ့ရှိသည်။ လူ့ဂုဏ်သိက္ခာကို ကင်းမဲ့စေသော ထိုအခေါ်အဝေါ်သည် ရိုဟင်ဂျာများကို "အကန်ခံရန် လိုအပ်နေသော ခွေးများ" အဖြစ် သရုပ်ဖော်ရန် အသုံးပြုခဲ့သည်။ ထိုသုံးစွဲမှု၏ ဥပမာတစ်ခုမှာ ၂၀၁၆ခုနှစ် ဖွန်လက မကွေးတိုင်း ဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် ကျင်းပမည့် ရိုဟင်ဂျာ-ဆန့်ကျင်ရေး ဆန္ဒပြပွဲကို ကြော်ငြာ ထားသော ဘုန်းကြီးတစ်ပါး၏ ပို့စ်တစ်ခုတွင် ဖြစ်သည်။ ထိုပို့စ်က ဖော်ပြထားသည်မှာ "မကွေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့သည် "ရို-ဂိန်-ညာ"များကို မောင်းထုတ်ရန် ပွဲများ ကျင်းပတော့မည်"ဟု ဖြစ်သည်။ ဓါတ်ပုံတွင် ပါဝင်သော စာသားက ပြောသည်မှာ " လိမ်နေသော လူမျိုး (ရိုဟင်ဂျာ)များ၏ တောင်းဆိုချက်ကို ငြင်းဆိုရန် အစိုးရက တရားဝင် ငြင်းပယ်စာ မထုတ်ခဲ့သည့် အတွက် ပြည်သူများမှ (အနယ်နယ်အရပ်ရပ်မှ) ဆန္ဒပြပွဲများ ကျင်းပရမည်"ဟု ဖြစ်သည်။[2896] ၂၀၁၈ခုနှစ် ဩဂုတ်လမှ စ၍ ထိုပို့စ်သည် ဖေ့စ်ဘုတ်ခ်တွင် ရှိနေဆဲ ဖြစ်သည်။

• **အနောက်တံခါး-** တိုင်းပြည်သို့ အနောက်အရပ်မှ "ဝင်ပေါက်"ဟု အနက်ရသော အသုံးအနှုန်းဖြစ်ပြီး အတိအကျ ပြောရလျှင် ရခိုင်ပြည်နယ်နှင့် အနောက်အရပ်မှ ဘင်္ဂလားဒေ့ နယ်စပ်ဖြစ်သည်။ ထိုအသုံးအနှုန်းသည် ရွှေ့ပြောင်းဝင်ရောက်မှုနှင့် "ပြည်ပကျူးကျော်မှု"ကို လူထုအကြားတွင် အကြောက်တရား မြှင့်တင်ရန် အသုံးပြုခဲ့သည်။ ဥပမာအားဖြင့် အာဆာအဖွဲ့ တိုက်ခိုက်မှုများ အပြီး ၆ ရက်အကြာ ၂၀၁၆ ခုနှစ် အောက်တိုဘာလ ၁၂ ရက်တွင် ဖေ့စ်ဘုတ်ခ်တွင် အားပေးသူ ၁.၅ သန်းကျော်ရှိသည် လူသိများသော မိုးလေဝသ ပညာရှင် ဒေါက်တာထွန်းလွင်က မြန်မာ ပြည်သူများအား "အနောက်တံခါး"ကို ကာကွယ်ရန် အတွက် စည်းလုံး ညီညွတ်ကြရန်နှင့် "အခု အဲဒီမှာ ဘုံရန်သူ တစ်ယောက်ရှိနေပြီ" သတိရှိကြဖို့ လိုပြီဟု နှိုးဆော်ခဲ့သည်။ ၄င်းက မြန်မာနိုင်ငံအနေဖြင့် ကျူးကျော်သူများကို သည်းခံမည် မဟုတ်ဟု ပြောဆိုခဲ့သည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လမှ စ၍ ထိုပို့စ်တွင် တုန့်ပြန်မှု ၄၇၀၀၀၊ မှတ်ချက် ၈၃၀ ကျော်နှင့် မျှဝေမှု ၁၀၀၀၀ နီးပါး ရှိခဲ့သည်။[2897] အချို့သော မှတ်ချက်များက ရခိုင်ပြည်နယ်မှ အခြေအနေများကို "မွတ်စလင် ကျူးကျော်မှု"ဟု ရည်ညွှန်းလျက် ရိုဟင်ဂျာများကို "အမြစ်ဖြုတ်ခြင်း"နှင့် "ချေမှုန်းသုတ်သင်ခြင်း"များ ချက်ချင်းပြုလုပ်ရန် တောင်းဆိုခဲ့ကြသည်။[2898]

2895 E.g. https://www.apyolay.com/archives/9670 (accessed July 2018).

2896 https://www.facebook.com/photo.php?fbid=1601058356872424&set=a.1381500878828174.1073741828.100009048252137&type=3; V-036.

2897 https://www.facebook.com/tunlwin48/posts/1424521840895717; V-037.

2898 V-040, V-041, V-042.

• **ရေမျောကမ်းတင်** ("အလိုမရှိသောသူ")- "မြစ်ကြောင်းတလျှောက် မျောပါပြီး ကမ်းခြေသို့ ဆိုက်ရောက်လာကာ မည်သည့်နေရာမှ စတင်လာခဲ့သည်ကို မသိသော အမှိုက်သရိုက်"ကို ရည်ညွှန်းပြောဆိုသည်။ ရိုဟင်ဂျာအရေး နောက်ခံအခြေအနေတွင် အထူးသဖြင့် ၂၀၁၅ ခုနှစ်အတွင်းက ကပ္ပလီပင်လယ်ထဲတွင် မြန်မာနိုင်ငံမှ လှေများဖြင့် ထွက်ပြေးခဲ့ကြသော ထောင်နှင့်ချီသည့် ရိုဟင်ဂျာများ အရေးအခင်း ကာလအတွင်း ၎င်းစကားလုံးကို ယေဘုယျအားဖြင့် အသုံးပြုခဲ့ကြသည်။ ဥပမာအားဖြင့် ၂၀၁၇ ခုနှစ် ဇန်နဝါရီလအတွင်း ဖေ့စ်ဘုတ်ခ် ပေါ်တွင် မျိုးချစ်မြန်မာဟု မိမိကိုယ်ကို-ဖော်ပြထားသော အားပေးသူ ၁၇၀၀၀ ကျော်ရှိသည့် အကောင့်က အခြားတိုင်းပြည် တစ်ခုတွင် ရဲများက အရပ်သားများကို အကြမ်းဖက်နေသည့် ဗွီဒီယို ပုံရိပ်တစ်ခု တင်ခဲ့သည်။ ၎င်းက ပို့စ်ကို အောက်ပါအတိုင်း စာတန်းထိုးခဲ့သည်။ "ဒီဗွီဒီယိုကိုကြည့်ကြ ကန်ကျောက် ရိုက်နှက်မှုတွေက အရမ်းပဲ လူမဆန်ဘူး ငါဒီဗွီဒီယိုကို ကြည့်ပြီး ဒါက မလုံလောက်သေးဘူးလို့ ခံစားရတယ် အနာဂတ်မှာ ငါတို့တိုင်းပြည်ကို လှေနဲ့ခိုးဝင်လာတဲ့ ရွံ့စရာကောင်းတဲ့ ကုလားလူမျိုး အကြမ်းဖက်သမား "ရေမျောကမ်းတင်" ၇၈၆ ဘင်္ဂါလီတွေကို အဲ့ဒီလိုမျိုး ရိုက်နှက်ရမယ် ငါတို့တွေ စိတ်ကျေနပ်တဲ့အထိ သူတို့ကို ရိုက်နှက်ရမယ်" ထိုပို့စ်အောက်မှ မှတ်ချက် တစ်ခုကို ဖတ်ရသည်မှာ- "ဒါကို ကြည့်ရတာ အရမ်း အားရစရာပဲ မြန်မာပြည်က လုံခြုံရေး တပ်ဖွဲ့တွေ သူတို့ရဲ့ ရိုက်နှက်မှုမှာ ဒီလောက် မကျွမ်းကျင်တာ စိတ်မကောင်း စရာပဲ" ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ထိုပို့စ်ကို ကြည့်ရှုမှု ၂၃၀၀၀ ကျော်၊ တုန့်ပြန်မှု ၈၃၀ နှင့် မျှဝေမှု ၅၁၇ ခု ရှိခဲ့သည်။[2899]

• ဧည့်ဆိုး ("မကောင်းသော ဧည့်သည်") မြန်မာနိုင်ငံမှ ရိုဟင်ဂျာများ၏ ဌာနေတိုင်းရင်းသား-မဟုတ်သော အခြေအနေကို သရုပ်ဖော်ရန် ၎င်းတို့အား အခြားတိုင်းပြည်မှ ဧည့်သည်များ အဖြစ်နှင့် "မကောင်းသောသူများ" အဖြစ် ရည်ညွှန်းသည်။ ထိုအခေါ်အဝေါ်က ရိုဟင်ဂျာများသည် "ဧည့်ဆိုးများ" ဖြစ်ကြသည်။ အဘယ်ကြောင့် ဆိုသော် ၎င်းတို့သည် "အိမ်ရှင်ကို စော်ကား"၍ဖြစ်သည်ဟု သွယ်ဝိုက်ဖော်ပြရန် အသုံးပြုသည်။ ဥပမာ အားဖြင့် ဘုန်းကြီး တစ်ပါးဟု ထင်ရသည့် အကောင့် ပိုင်ရှင် တစ်ဦးက ၂၀၁၇ ခုနှစ် ဩဂုတ်လ ၃ ရက်တွင် "ဘင်္ဂါလီ"များက သတ်ခဲ့သည့် ဗုဒ္ဓဘာသာဝင် မြိုလူမျိုးများဟု ဖော်ပြလျက် စွပ်စွဲထားသော ဓါတ်ပုံများကိုဖြင့် ကဗျာ တစ်ပုဒ်ကို "ဘင်္ဂလီ"များ ပြုလုပ်ခဲ့သည်ဟု စွပ်စွဲထားသော စေတီတစ်ဆူ၏ ဓါတ်ပုံများဖြင့် အတူတွဲ၍ တင်ခဲ့သည်။ ထိုကဗျာက "ဧည့်ဆိုးတွေက စေတီ တစ်ဆူကို ဖျက်ဆီးခဲ့ပြီး ငါတို့ လူမျိုးတွေကို နှိပ်စက် သတ်ဖြတ်ခဲ့တယ်။ ဒါကို သည်းခံနေလို့ မဖြစ်ဘူး"ဟု ဖော်ပြခဲ့သည်။ ထိုပို့စ်မှ ဓါတ်ပုံများကို ၂၀၁၈ခုနှစ် ဩဂုတ်လထိ တွေ့နိုင်ဆဲ ဖြစ်သည်။[2900] ကဗျာမှာမူ ဖယ်ရှားခဲ့ပြီး ဖြစ်သည်။

---

[2899] မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

[2900] https://www.facebook.com/photo.php?fbid=276331909519563&set=pb.100014282670913.-2207520000.1523636460.&type=3&size=607%2C873; V-043.

- **ကုလား-အုပ်** ("ကုလားအုတ်") ကုလားအုတ်သည် စကား တစ်လုံးတည်း အနေဖြင့် ကုလားအုတ် တိရိစ္ဆာန်ဖြစ်သည် သို့သော် "ကုလား အုပ်စု တစ်စု"ဟုလည်း အဓိပ္ပာယ် ရနိုင်သည်။ (အုတ်သည် အသံထွက် အရ အုပ်စုမှ အုပ်နှင့်လည်းတူသည်) ထိုယုတ်ညံ့ ရိုင်းစိုင်းသော အသုံးအနှုန်းကို အသုံးပြုမှုသည် ကုလားအုတ် တစ်ကောင်က သူ၏ ကုန်သည်၏ တဲအတွင်းသို့ နောက်ဆုံးတွင် ကုန်သည်ကို မောင်းထုတ်လိုက်သည် အထိ တဖြည်းဖြည်းချင်း တိုး၍ နေရာယူခဲ့သော မြန်မာ ပုံဝတ္ထုတစ်ခုနှင့် ချိတ်ဆက်နေသည်။ ထိုပုံဝတ္ထုက အကယ်၍ "ကုလား" အချို့ကို တိုင်းပြည်တွင်း ဝင်ခွင့်ပြုခဲ့လျှင် ၎င်းတို့သည် တဖြည်းဖြည်းချင်း နေရာတိုးယူလာပြီး မူလ အခြေချနေထိုင်သူများကို မောင်းထုတ် လိမ့်မည်ဟု သွယ်ဝိုက် ညွှန်းဆိုသည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဖေ့စ်ဘုတ်ခ် စာမျက်နှာမှ ပို့စ်တစ်ခုတွင် ထိုပုံဝတ္ထုကို ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ အရေးကိစ္စနှင့် ချိတ်ဆက်မှုပြုပြီး အသေးစိတ် ရှင်းလင်းပြထားသည်။ ထိုပို့စ်သည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၈ ရက်တွင် မြဝတီ မီဒီယာ အုပ်စုမှ ကျင်းပခဲ့သော "ရခိုင်အရေးနှင့် လုံခြုံရေးအမြင် စကားဝိုင်း" အခမ်းအနားမှ ကောက်နုတ်ချက်များ တသီတတန်း အနက်မှ တစ်ခုဖြစ်ပြီး မြဝတီ မီဒီယာနှင့် ကာကွယ်ရေး ဦးစီးချုပ်၏ ဖေ့စ်ဘုတ်ခ် စာမျက်နှာများတွင် တိုက်ရိုက် ထုတ်လွှင့်ခဲ့သည်။ ကုန်သည်နှင့် ကုလားအုတ် ပုံဝတ္ထုကို ဖော်ပြပြီးသည့်နောက် ဆွေးနွေးပွဲ အကျိုးဆောင်က ပြောခဲ့သည်မှာ "အစ္စလာမ်သည် ကမ္ဘာတဝန်းလုံး ပျံ့နှံ့နေသော ရောဂါ တစ်ခုဖြစ်သည်"ဟုနှင့် "မွတ်ဆလင်များသည် တစ်ကမ္ဘာလုံးကို အစ္စလာမ်ပြုလုပ်ရန် ကြိုးပမ်း အားထုတ်နေသည်"ဟုဖြစ်သည်။ ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် ၎င်းစာမျက်နှာကို ဖေ့စ်ဘုတ်ခ်မှ ဖျက်သိမ်းမှု မပြုခင်အထိ ထိုပို့စ်တွင် တုန့်ပြန်မှု ၁၀၀၀၀ ခန့် ဝေမျှမှု ၆၀၀၀ ကျော်နှင့် မှတ်ချက်များ ၁၄၆ ခု ရှိခဲ့သည်။[2901]

- ခိုးဝင်ဘင်္ဂါလီ ("ခိုးဝင်လာသော ဘင်္ဂါလီ") ထိုအခေါ်အဝေါ်သည် ရိုဟင်ဂျာများမှာ မြန်မာနိုင်ငံတွင်းသို့ ခိုးဝှက်၍ ဝင်ရောက် လာခဲ့ကြပြီး ကျူးကျော် သိမ်းပိုက်မှု ပြုလုပ်ရန် အစီအစဉ် တစ်ခု ရှိသည်ဟူသည့် စွပ်စွဲချက်ကို ဖော်ပြသည်။ ဥပမာ အားဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်တွင် ဖြန့်ဝေခဲ့သော ပို့စ်တစ်ခုက ထိုအခေါ်အဝေါ်ကို အာဆာအဖွဲ့နှင့် ရိုဟင်ဂျာ လူမျိုးများကို တွဲ၍ "အကြမ်းဖက်သမားများ" ဆိုသည့် စကားလုံးဖြင့် အကြိမ်ပေါင်း များစွာ အပြန်အလှန် အသုံးပြုခဲ့သည်။ "တရားသော စစ်ပွဲတစ်ခု စတင်ခဲ့ပြီ"ဟု ခေါင်းစဉ်တပ်ထားသော ထိုပို့စ်က ရေးထားသည်မှာ- "UN က ဘင်္ဂါလီတွေကို ထောက်ခံနေပေမယ့် အမေရိကန်နှင့် ဗြိတိသျှ သံရုံးတွေနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းက *ခိုးဝင် ဘင်္ဂါလီ* အကြမ်းဖက်သမားတွေရဲ့ လုပ်ရပ်တွေကို ရှုတ်ချခဲ့ကြတယ်။ ဒါကြောင့် ဒီတရားသော စစ်ပွဲမှာ ခေါင်းဖြတ်ခံခဲ့ရတဲ့ တိုင်းရင်းသား လူမျိုးစုတွေနဲ့ တစစီဖြစ်တဲ့ထိ အပိုင်းပိုင်း ခုတ်ထစ်ခံခဲ့ရတဲ့ ရဲတွေရဲ့ သေဆုံးမှုတွေအတွက် လက်စားချေဖို့ အတွက် အဲ့ဒီ အကြမ်းဖက်သမားတွေကို စိစိညက်ညက် ကျေပြီး အမှုန့်ဖြစ်တဲ့အထိ လုပ်ဖို့နဲ့ သူတို့ရဲ့ အစိတ်အပိုင်း တစ်ခုမှ မကျန်အောင်လုပ်ပစ်ဖို့ တပ်မတော်ကို ငါတို့တိုက်တွန်းတယ်"

[2901] မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

"တိုင်းရင်းသား လူမျိုးများ"နှင့် ရဲများ၏ သတ်ဖြတ်ခံရမှု စွပ်စွဲချက်နှင့် သက်ဆိုင်သော ဥပမာ တစ်ခုမှ မပါဝင်သည့် ထိုပို့စ်သည် ၂၀၁၈ ခုနှစ် ဇူလိုင်လ အထိ တုန့်ပြန်မှု ၂၀၀၀၀ ကျော်၊ မျှဝေမှု ၁၁၀၀၀ ကျော်နှင့် မှတ်ချက် ၄၁၀၀ ကျော် ရှိခဲ့သည်။[2902]

• **ကုလားဆိုး** ("ဆိုးသော ကုလား"): ထိုအခေါ်အဝေါ်သည် အာဆာအဖွဲ့၏ ထွက်ပေါ်လာမှု မတိုင်ခင် ကတည်းက ဖြစ်ပြီး ရိုဟင်ဂျာများသည် ကြမ်းကြုတ်သည်ဟု သွယ်ဝိုက်ညွှန်းဆိုသည်။ ၎င်းအခေါ်အဝေါ်သည် ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်မှ အကြမ်းဖက်မှုများ အပြီး ပေါ်ပေါ်လွင်လွင် အသုံးပြုခဲ့ခြင်း ဖြစ်သည်။ ဥပမာအားဖြင့် ၂၀၁၄ခုနှစ် ဇွန်လတွင် Myanmar Express Journal မှ ဆောင်းပါး တစ်ပုဒ်၏ ကောက်နုတ်ချက် တစ်ခုကကို အွန်လိုင်း ဘလော့ဂ် တစ်ခုတွင် တင်ခဲ့သည်။ ထိုကောက်နုတ်ချက်က စစ်တပ် အရာရှိဟောင်း ခင်ညွန့်နှင့် ရိုဟင်ဂျာနှင့် ပတ်သက်သည့် မေးခွန်း အပေါ် တွေ့ဆုံမေးမြန်းမှု တစ်ခုကို ထည့်သွင်းထားသည်။[2903] ခင်ညွန့်က ပြောခဲ့သည်မှာ: "ရိုဟင်ဂျာဆိုတာ မရှိဘူး။ ဘာကြောင့်လဲဆိုတော့ ရိုဟင်ဂျာ ဆိုတာ သောင်းကျန်းသူတွေ မို့ပဲ။ RSO ဆိုတာ ရှိတယ်။ ငါတို့က သူတို့ကို ကုလားဆိုးလို့ ခေါ်တယ်။ ကုလားဆိုး သောင်းကျန်းသူတွေဟာ RSO အုပ်စုပဲ၊ ရိုဟင်ဂျာ သွေးစည်းညီညွတ်ရေး အဖွဲ့ရဲ့ အတိုကောက်ပဲ။ ရိုဟင်ဂျာ ဆိုတာ သောင်းကျန်းသူတွေရဲ့ နာမည်ပဲ"။[2904]

၁၃၁၃။ အဆိုပါ ယုတ်ညံ့ရိုင်းစိုင်းသော အခေါ်အဝေါ်များကို အသုံးပြုထားသည့် ထုတ်ဖော်ပြောဆိုမှုများကို အွန်လိုင်းတွင်ရော ပြင်ပတွင်ပါ အလွန် ကြီးမားသော အရေအတွက်ဖြင့် ကြိမ်ဖန်များစွာ တွေ့ရှိခဲ့ရသည်။ ၎င်းတို့သည် တစ်ခါတစ်ရံတွင် သတင်းစကား၏ သက်ရောက်မှုကို အဆများ တိုးချဲ့ထားသော ကာတွန်းများ၊ ဖေ့စ်ဘုတ် ဟာသများ (memes) (သို့မဟုတ်) ဓါတ်ပုံ အကြောင်းအရာများနှင့် အတူတွဲ၍ ဖော်ပြကြသည်။ အောက်ဖော်ပြပါ ဥပမာ ၂ခုမှာ ကျယ်ကျယ်ပြန့်ပြန့် မျှဝေခဲ့ကြသော ကာတွန်းများဖြစ်သည်။ တစ်ခုမှာ နာမည်ကြီး မြန်မာ ကာတွန်းဆရာ တစ်ဦးဖြစ်သော ဟန်လေး၏ လက်ရာဖြစ်သည်။

[2902] မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

[2903] ၁၉၉၇ မှ ၂၀၀၃ ခုနှစ် အထိ ထိုစဉ်က ဗိုလ်ချုပ် တစ်ဦးဖြစ်ခဲ့သော ခင်ညွန့်သည် (အာဏာသိမ်း အစိုးရ၏ ဝန်ကြီးချုပ်) နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ စစ်အစိုးရ၏ အတွင်းရေးမှူး ဖြစ်ခဲ့ပြီး၊ စစ်အစိုးရမှ သုတ်သင်မှုကို ခံခဲ့ရသည့် အချိန်တွင် ၂၀၀၃မှ ၂၀၀၄ခုနှစ်အထိ ဝန်ကြီးချုပ် ဖြစ်ခဲ့သည်။

[2904] http://theimageofpeople.blogspot.com/2014/06/rso.html.







၁၃၁၄။ အဆိုပါ ကာတွန်းများနှင့် အလားတူ သတင်းစကားများ၏ ပါဝင်သည့်အရာများကို ခြေခြေမြစ်မြစ်ရှိသော ဆန်းစစ်လေ့လာမှု တစ်ရပ်က ၎င်းတို့သည် တိုင်းပြည်၏ ဗုဒ္ဓဘာသာဝင် ဝိသေသ လက္ခဏာကို အန္တရာယ်ပေးနေသော "မွတ်စလင် ခြိမ်းခြောက်မှု" တစ်ခု၏ ဗဟိုချက်မ ဆိုလိုရင်းနှင့် ချိတ်ဆက် ထားသည်ကို ဖော်ပြနေသည်။ ထိုဆိုလိုရင်း၏ အောက်တွင် မွတ်စလင်/ရိုဟင်ဂျာများသည် တိုင်းပြည်၏ ဖြစ်တည်မှုဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခုအဖြစ်၊ မွတ်စလင်/ရိုဟင်ဂျာများသည် ဗမာလူမျိုး သန့်စင်မှုကို ခြိမ်းခြောက်မှု တစ်ခု အဖြစ်နှင့် အစ္စလာမ်သည် ဗုဒ္ဓဘာသာဝင် ဘာသာရေး မွန်မြတ်သန့်စင်မှုနှင့် မြန်မာနိုင်ငံမှ ယင်း၏ အဆင့်အတန်းကို ခြိမ်းခြောက်မှု တစ်ခုအဖြစ်တို့ အပါအဝင် မြောက်မြားစွာသော ဇာတ်ကြောင်းများ တည်ရှိနေသည်။[2905] ထိုသို့သော ဇာတ်ကြောင်းများသည် ကာလကြာရှည် တည်ရှိနေသော မွတ်စလင်-ဆန့်ကျင်ရေး အယူစွဲများနှင့် ပုံသေကားကျ အယူအဆများ အပေါ်တွင် တွယ်ကပ်နေပြီး ၎င်းတို့သည် အကြောက်တရားကို ထိုးဆွပေးရန် ပုံစံချထားသည်။

၁၃၁၅။ ပထမတွင် မွတ်စလင်နှင့် အထူးသဖြင့် ရိုဟင်ဂျာများသည် တိုင်းပြည်အတွက် ဖြစ်တည်မှုဆိုင်ရာ ခြိမ်းခြောက်မှု တစ်ခု အဖြစ် ကိုယ်စားပြု ခံထားရသည်။ ထိုဇာတ်ကြောင်း အောက်မှ သတင်းစကားများသည် (ဥပမာ အားဖြင့် "ဘင်္ဂါလီ တရားမဝင် ရွှေ့ပြောင်းလာသူများ"၊ "တရားမဝင် ဘင်္ဂါလီ"၊ "သူတို့က ငါတို့ကို မျိုသွားလိမ့်မယ်"၊ "သူတို့တွေ တိုင်းပြည်ထဲကို ခိုးဝင်လာကြတယ်"၊ "လှေစီးခိုးဝင်တွေ"၊ "အနောက်တံခါးကို မွတ်စလင်တွေ ရန်ကနေ ကာကွယ်ရမယ်"၊ "သူတို့တွေက ရခိုင်ပြည်နယ် မြောက်ပိုင်းကို သူတို့ရဲ့ လွတ်လပ်တဲ့ နိုင်ငံအနေနဲ့ ခွဲထုတ်ယူချင် ကြတယ်") အကြမ်းဖက်ဝါဒ ( ဥပမာအားဖြင့် "ဘင်္ဂါလီ အစွန်းရောက် အကြမ်းဖက်သမားတွေ" "ဂျီဟာဒ်ဝါဒီတွေ")နှင့် မလုံခြုံမှု (ဥပမာအားဖြင့် "ရာဇဝတ်ကောင်တွေနဲ့ မုဒိမ်းကောင်တွေ") ဆိုသည့် တိုင်းပြည်တွင်းသို့ အစုလိုက် အပြုံလိုက် တရားမဝင် ရွှေ့ပြောင်းဝင်ရောက်မှုနှင့် ကျူးကျော် ဝင်ရောက်မှုတို့ကို ဗဟိုပြု၍ လည်ပတ်နေသည်။

[2905] See also C4ADS, *Sticks and Stones - Hate Speech Narratives and Facilitators in Myanmar*, February 2016.

ထိုသို့သော သတင်းစကားများသည် ISIS ကဲ့သို့သော နိုင်ငံခြား အကြမ်းဖက် အုပ်စုများမှ ကျူးလွန်ခဲ့သည့် ရာဇဝတ်မှုများနှင့် အဆိုပါ အုပ်စုများမှ ထုတ်ပြန်ခဲ့သည့် ရိုဟင်ဂျာ-ထောက်ခံမှု ထုတ်ပြန် ကြေညာချက်များမှလည်း ကောက်ချက်ယူ၍ ဆက်စပ်ထားသည့် သတင်းဇာတ်လမ်းများနှင့် ရုပ်ပုံများဖြင့် ကြိမ်ဖန်များစွာ အတူတွဲထားသည်။ ယေဘုယျ ဇာတ်ကြောင်းမှာ မြန်မာ "တိုင်းရင်းသားလူမျိုး" ပြည်သူများသည် အစုလိုက် အပြုံလိုက် မွတ်စလင်များ ရွှေ့ပြောင်း ဝင်ရောက်မှုကို သဘောထားမကြီးသင့်ပေ အဘယ်ကြောင့်ဆိုသော်"ဘင်္ဂါလီ ရွှေ့ပြောင်းဝင်ရောက်သူများ" (သို့မဟုတ်) "အကြမ်းဖက်သမားများ"သည် တိုင်းပြည်၏ ဗုဒ္ဓဘာသာ ဝိသေသ လက္ခဏာကို ကြမ်းကြုတ်စွာ ပြောင်းလဲပစ်ပြီး ၎င်းကို ကျဆုံးစေလိမ့်မည် ဖြစ်သောကြောင့် ဟူ၍ ဖြစ်သည်။ ထိုအချက်ကို မကြာခဏပင် အာဖဂန်နစ္စတန် (သို့မဟုတ်) အင်ဒိုနီးရှားတို့ကို အဆိုပါ တိုင်းပြည်များမှာ တချိန်က ဗုဒ္ဓဘာသာဝင်များ ဖြစ်ခဲ့ကြပြီး ယခုအခါ မွတ်စလင် လူများစုများ ဖြစ်သွားခဲ့ကြပုံကို မီးမောင်းထိုးပြသော ကိုးကားမှုများဖြင့် ပြည့်စုံထင်ရှားအောင် ပြုလုပ်ထားသည်။ အောက်ဖော်ပြပါ ဥပမာများမှာ သာဓက ဖြစ်သည်-

- မဘသ၏ လစဉ်ထုတ် စာစောင် ဖြစ်သည့် ၂၀၁၆ ခုနှစ် မေလ ၆ ရက်ထုတ် သာကီသွေးဂျာနယ် အတွဲ ၃ အမှတ်စဉ် ၂၂ တွင် ရိုဟင်ဂျာ-ဆန့်ကျင်ရေး ဆန္ဒပြပွဲ တစ်ခုမှ ဝင်းကိုကိုလတ်[2906]နှင့် အခြားသူများ၏ ဓါတ်ပုံဖြင့် ဆောင်းပါးတစ်ပုဒ် ဖော်ပြထားသည်။ "ရိုဟင်ဂျာ ဖြစ်ဖို့ ကြိုးစားနေတဲ့ ဘင်္ဂါလီတွေကို ဆန့်ကျင်ကြစို့"ဟု ခေါင်းစဉ်တပ်ထားသည့် ထိုဆောင်းပါးက ပြောထားသည်မှာ ဘင်္ဂါလီ အရေးကိစ္စသည် အစိုးရ အဆက်ဆက်ကို စိန်ခေါ်နေပြီး ရလဒ်အနေဖြင့် ပိုမို ကြီးထွားလာနေသည်။ ဘင်္ဂါလီများသည် မြန်မာနိုင်ငံ အတွင်း လွတ်လပ်သော အစ္စလာမ်မစ် နိုင်ငံ တစ်ခုကို ဖန်တီးရန် ကြိုးပမ်းနေစဉ် ကမ္ဘာကြီး၏ အမြင်တွင် ဒုက္ခသည်များအဖြစ် သရုပ်ဆောင်နေကြသည်"ဟူ၍ ဖြစ်သည်။[2907] ဆောင်းပါးရှင်က ရိုဟင်ဂျာများနှင့် ISIS ကဲ့သို့ အခြားသော အစ္စလာမ်မစ် အကြမ်းဖက် အုပ်စုများ အကြား ချိတ်ဆက်မှုနှင့် ၎င်းတို့က အရှေ့တောင် အာရှ နိုင်ငံများ၏ တစ်စိတ်တစ်ပိုင်းကို သိမ်းပိုက်ရန် ကြိုးပမ်းနေပုံကို ဖော်ပြရန် ရေးသား သွားခဲ့သည်။
- အခြားသော မဘသ မဂ္ဂဇင်းတစ်ခုဖြစ်သည့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၁၈ ရက်ထုတ် အောင်ဇေယျတု အမှတ် ၁၄၉ တွင် ဘုန်းကြီးတစ်ပါး ရေးသားထားသည့် "ဘင်္ဂါလီများကြောင့် မြန်မာလူမျိုး မျိုးတုန်းသွားနိုင်သည်"ဟု ခေါင်းစဉ် တပ်ထားသည့် ဆောင်းပါး တစ်ပုဒ် ဖော်ပြခဲ့သည်။ ၎င်းဆောင်းပါးက သတိပေးထားသည်မှာ အာဆာ၏ "အကြမ်းဖက်" တိုက်ခိုက်မှုများကြောင့် ရခိုင်ပြည်နယ်ရှိ မွတ်စလင်များမှာ ယုံကြည်စိတ်ချရမှု မရှိပဲ မြန်မာနိုင်ငံရှိ ဗုဒ္ဓဘာသာ အပေါ် ဝါးမျိုရန်နှင့် လွှမ်းမိုးသိမ်းပိုက်ရန် အမျိုးမျိုးသော နည်းလမ်းများကို

[2906] ဝင်းကိုကိုလတ်သည် မဘသ နှင့် နီးနီးစပ်စပ်ရှိနေသော မျိုးချစ်အဖွဲ့အစည်းတခုဖြစ်သည့် မြန်မာအမျိုးသားကွန်ရက်၏ ဥက္ကဋ္ဌဖြစ်သည်။ ၂၀၁၇ ခုနှစ်တွင် အမေရိကန်သံရုံးရှေ့တွင် ဆန္ဒပြမှုကြောင့် ဘုန်းကြီး ဦးပါမောက္ခနှင့်အတူ အဖမ်းခံခဲ့ရဘူးသည်။ (ရိုဟင်ဂျာ စကားလုံးကို အသုံးပြုမှုအား ဆန့်ကျင်သည့် ဆန္ဒပြမှုဖြစ်သည်။)

[2907] Photo available here: https://www.facebook.com/1448332835475983/photos/a.1449306808711919.1073741829.1448332835475983/1535200873455845/?type=3&theater (accessed July 2018).

အသုံးပြုနေကြသည်။ အထူးသဖြင့် တစ်နေ့တွင် လွှတ်တော်အတွင်း မွတ်စလင် အမတ်များ ဖြစ်လာရန် ဦးတည်လျက် နိုင်ငံသားဖြစ်မှုကို တောင်းဆိုခြင်းဖြင့် ဖြစ်သည်။ "၂၀၁၆ ခုနှစ်ဖေဖော်ဝါရီလ ၁ ရက်တွင် စတင် ကျင်းပသည့် လွှတ်တော်အသစ်တွင် မွတ်စလင် မရှိပေ။ ထိုကိစ္စသည် မြန်မာပြည်သူများ ဂုဏ်ယူသင့်သည့် အံ့အားသင့်ဖွယ် အချက်တစ်ခု ဖြစ်သည်။ အနာဂတ်တွင် ကျွန်ုပ်တို့သည် လွှတ်တော်တွင် မွတ်စလင်များ ရှိမလာစေရန် ဂရုစိုက်ရန်နှင့် သေချာအောင် ပြုလုပ်ရန် လိုအပ်သည်။ ကျွန်ုပ်တို့ အနေဖြင့် မအောင်မြင်ခဲ့လျှင် တိုင်းပြည်ကို ကာကွယ်ရန် အတွက် ဥပဒေများ ထုတ်ပြန်ရန် လိုအပ်သည်"[2908] ဟူ၍ ဖြစ်သည်။

- ၂၀၁၇ ခုနှစ် မေလ ၂၆ ရက်ထုတ် အောင်ဇေယျတု မဂ္ဂဇင်း တွင်လည်း "ကျွန်ုပ်တို့၏ တိုင်းပြည်၊ လူမျိုးနှင့် ဘာသာ သာသနာသည် ကျွန်ုပ်တို့ ကာကွယ်နိုင်မှသာ ရှင်သန်မည်"ဟု ခေါင်းစဉ် တပ်ထားသည့် ဆောင်းပါး တစ်ပုဒ် ဖော်ပြခဲ့သည်။ စာသားများက သတိပေးခဲ့သည်မှာ "အကယ်၍ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးကို အလေးထား ဂရုပြုမှု ပြုလွန်းလျှင် မွတ်စလင် တိုင်းပြည်ဖြစ်သွားမည်" ဟူ၍ ဖြစ်သည်။[2909]

- ဝီရသူက ၎င်း၏ ကိုယ်ပိုင် ဘလော့ဂ်တွင် "ဂျီဟာဒ် အန္တရာယ် ကာကွယ်ကြ" "ဂျီဟာဒ်နဲ့ အနာဂတ်"နှင့် "ဂျီဟာဒ်စစ်ပွဲနှင့် မြန်မာပြည်၏ အနာဂတ်"[2910]ဟု အမည်များ တပ်ထားသော ပို့စ်များ အတွဲလိုက်ကို တင်ခဲ့သည်။ ၎င်းတို့ အားလုံးမှာ တိုင်းပြည်က ရင်ဆိုင်နေရသည့် "လတ်တလော" အစ္စလာမ်မစ် ခြိမ်းခြောက်မှု အပေါ် အရေးယူ ဆောင်ရွက်မှု ပြုလုပ်ရန် တောင်းဆိုထားသည်။

- ဝဲအောက်ဘက်မှ screen shot သည် ၂၀၁၅ ခုနှစ် ဇွန်လ ၁ ရက်တွင် မဘသ ဗဟိုမှ ထုတ်ပြန်ခဲ့သော တရားဝင်ကြေညာချက် ဖြစ်သည်။ ၎င်းက ဆိုထားသည်မှာ- " အာဖဂန်နစ္စတန်၊ ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင် တောင်ပိုင်း၊ ထိုင်းတောင်ပိုင်းနှင့် မြန်မာနိုင်ငံမှ ရခိုင်ဒေသတို့တွင် အမျိုးဘာသာ သာသနာ ဆုံးရှုံးမှု ဖြစ်စဉ်များ ရှိခဲ့သည်။ ရခိုင်ပြည်နယ် အတွင်းသို့ မကြာသေးခင်က လက်ခံခဲ့သော ဘင်္ဂါလီ ၂၀၀ ဦးသည် ပြန်လည် စေလွှတ်ရန် မဖြစ်နိုင်တော့ပါ။ ၎င်းတို့သည် ဒေသခံများအား အနှောင့်အယှက်ပြုနေသည်။ လေ့စီးခိုးဝင်သူများအတွက် ကျွန်ုပ်တို့ စိတ်မကောင်း ဖြစ်ခဲ့ကြသောကြောင့် ကျွန်ုပ်တို့၏ ကိုယ်ပိုင်မြေကို ဆုံးရှုံးခဲ့ရသည်။ မဘသမှ ဤနေရာတွင် ကြေညာသည်မှာ မြန်မာနိုင်ငံအတွင်း ရှိနေပြီးသော အဆိုပါ (ရိုဟင်ဂျာ)များ အနေဖြင့် မြန်နိုင်သမျှ အမြန်ဆုံး ပြန်လည် ထွက်ခွာသွားစေရေး သေချာစေရန် ချက်ချင်း လက်ငင်း

[2908] See also No Hate Speech project, https://www.facebook.com/NoHateSpeechMyanmar/posts/1699017717077839 (accessed July 2018).

[2909] See also No Hate Speech project, https://www.facebook.com/NoHateSpeechMyanmar/photos/a.1547581885554757.1073741828.1547579185555027/1795167930796150/?type=3&theater (accessed July 2018).

[2910] https://wirathu.blogspot.com (ထိုဝက်ဘ်ဆိုဒ် သည ၂၀၁၈ ခုနှစ် ဩဂုတ်လတွင် မရှိတော့ပါ။) ပို့စ်များ မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

အရေးယူဆောင်ရွက်မှု တစ်ခု ပြုလုပ်ရန် လိုအပ်ပြီး အနာဂတ် လေ့စီးခိုးဝင်သူများလည် မြန်မာ့နယ်စပ်သို့ ဘယ်သောအခါမျှ မဝင်ရောက်စေရ"[2911] ဟူ၍ ဖြစ်သည်။

• အောက်မှ ဒုတိယ screen shotသည် မဘသ၏ အခြား ပုံမှန်ထုတ် စာစောင်တစ်ခုဖြစ်သော ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၃ရက်ထုတ် အတုမရှိ ဂျာနယ်၏ မျက်နှာဖုံးဖြစ်သည်။ ထိုမျက်နှာဖုံး ဓါတ်ပုံက ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် လူထုစည်းဝေးပွဲ တစ်ခုအတွင်း ဟောပြောနေသည့် ဝီရသူ၏ ဓါတ်ပုံကို "မောင်တောမြို့ကြီးကို လက်လွှတ် ဆုံးရှုံး ခံတော့မှာလား (ကျူးကျော် ဝင်ရောက်မှု တစ်ခုအောက်တွင်)"ဟု ခေါင်းစဉ်တပ်ပြီး ဖော်ပြထားသည်။ ထိုအပတ်စဉ်ထုတ်မှ ဆောင်းပါးများသည် အခြား အပတ်စဉ်ထုတ်များမှ ဆောင်းပါးများ နှင့်အတူ ဖေ့စ်ဘုတ်ခ် ပေါ်တွင် ဓါတ်ပုံများ အဖြစ် ပုံမှန် တင်ထားခဲ့သည်။


အမျိုး၊ ဘာသာ၊ သာသနာ စောင့်ရှောက်ရေးအဖွဲ့ (ဗဟို)
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်




• ထိုသို့သော ဟောပြောချက်၏ အတိုင်းအတာသည် ပုံမှန်ဖြစ်စေလာခဲ့ပြီး ရခိုင်ပြည်နယ် အရေးအခင်း အပေါ် (များသောအားဖြင့် *အမျိုးသား လွှတ်တော်*နှင့် *ပြည်ထောင်စု လွှတ်တော်* ၊ *ပြည်သူ့ လွှတ်တော်* တွင်လည်း တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်မှုများကို ထိန်းချုပ်ရန်နှင့် "အစ္စလာမ်မစ် အကြမ်းဖက်သမားများ"၏ "ဂျီဟဒ်" ခြိမ်းခြောက်မှုကို တားဆီးကာကွယ်ရန်" ဟူသည့်) လွှတ်တော်အမတ် အချို့၏ လွှတ်တော် ဆွေးနွေးမှုများဖြင့် သာဓကပြခဲ့သည်။[2912]

---

[2911] ဤထုတ်ပြန်ကြေညာချက်ကို ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် ရရှိနေပါသေးသည်။ V-044.

[2912] ဥပမာ ၂၀၁၇ ခုနှစ် ဩဂုတ် ၁၆ ရက်နေ့ ဒုတိယအကြိမ်အမျိုးသားလွှတ်တော်၏ ၅ ကြိမ်မြောက်ပုံမှန်အစည်းအဝေး၏ ၄၄ ရက်နေ့မြောက် အစည်းအဝေးအစီအစဉ် ၁၀ ၏ အစည်းအဝေးမှတ်တမ်းတွင် တွေ့နိုင်သည်။ Agenda 10: http://www.amyotha.hluttaw.mm/meetings/%E1%81%84%E1%81%84-%E1%80%9B%E1%80%80%E1%80%BA%E1%80%99%E1%80%BC%E1%80%B1%E1%80%AC%E1%80%80%E1%80%BA%E1%80%94%E1%80%B1%E1%80%B7%E1%80%99%E1%80%BE%E1

၁၃၁၆။ ဒုတိယ ယေဘုယျ ပြောဆိုမှုဇာတ်ကြောင်းမှာ မွတ်စလင်များနှင့် အထူးသဖြင့် ရိုဟင်ဂျာများသည် ဗမာ လူမျိုး သန့်စင်မှု အပေါ် ခြိမ်းခြောက်မှု အဖြစ် ဖြစ်သည်။ ထိုဆိုလိုရင်းသည် လူမှုပထဝီ မျှခြေ အနေအထားကို အနတ်လက္ခဏာဆောင်စွာ ထိခိုက်လာနေသည် ဟူသော ("ထိန်းချုပ် မရနိုင်သည့် မွေးဖွားနှုန်း၊" "သူတို့တွေက ယုန်တွေ လိုပဲ သားပေါက်ကြတယ်" "အင်မတန် ကြီးမားတဲ့ မိသားစုတွေ") ရိုဟင်ဂျာများ အကြား လူဦးရေ တိုးပွားမှု၊ မယားပြိုင်စနစ် ကျင့်သုံးမှုနှင့် ဘာသာမတူ လက်ထပ်မှုများ၏ အနတ်လက္ခဏာ အကျိုးဆက်များ အပေါ် သတင်းစကားများတွင် ထင်ရှားလာသည်။ ထိုသို့သော အမုန်းတရား သတင်းစကားများနှင့် ထုတ်ဖော်ပြောဆိုမှုများသည် မွတ်စလင်များမှ ဗုဒ္ဓဘာသာဝင်များကို "မျိုးစပ်ခြင်း/သွေးနှောခြင်း"နှင့် မွတ်စလင် အမျိုးသားများကို လက်ထပ်ခြင်း၏ အန္တရာယ်များဟု စွပ်စွဲထားပြီး အစ္စလာမ် ဘာသာသို့ အဓမ္မ ကူးပြောင်းခိုင်းခြင်းနှင့် ကိုယ်ထိလက်ရောက် မတရား အနိုင်ကျင့်မှုဆီသို့ ချိတ်ဆက်ထားမှုတို့ အပေါ် ဦးတည်သည်။ အောက်ဖော်ပြပါ ဥပမာများသည် အဆိုပါ မှတ်ချက်များ၏ ထုံးစံဖြစ်သည်-

*မွတ်စလင်တွေဟာ အာဖရိက ငါးကြင်းတွေလိုပဲ။ သူတို့တွေက အလျင်အမြန် မျိုးပွားကြပြီး သူတို့ဟာ ကြမ်းကြုတ်တယ်။ ပြီးတော့ ကိုယ့်အမျိုးကို ကိုယ်ပြန်စားတယ်။ သူတို့တွေက ဒီမှာ အနည်းစု ဖြစ်နေတာတောင်မှ ကျုပ်တို့မှာ သူတို့ ယူလာတဲ့ ဝန်ထုပ်ဝန်ပိုးတွေ အောက်မှာ ဒုက္ခခံစားနေရတယ်။ [ဝီရသူ ဂလိုဘယ်ပို့စ် သတင်းစာနှင့် ၂၀၁၃ ခုနှစ် ဇူလိုင်လ အတွင်း တွေ့ဆုံမေးမြန်းမှု တစ်ခု]*[2913]

*စတုန်းကတော့ ပေါင်းပင်လေး တစ်ပင်တည်းနဲ့ စခဲ့တာပဲ။ ဒါပေမယ့် ရက်တွေ လတွေကြာလာတော့ ဒီပေါင်းပင်တွေက ထိန်းမနိုင်သိမ်းမရ ဖြစ်လာပြီး ပိုတန်ဖိုးရှိတဲ့ ပန်းပွင့်တွေနဲ့ တခြား အပင်တွေကို မျိုလာတယ်။ အဲ့လိုပဲ ပထမတော့ ဘင်္ဂါလီ တစ်ယောက် ဒါမှမဟုတ် ၂ ယောက် ရောက်လာခဲ့တယ်။ ဒါပေမယ့် သူတို့ရဲ့ မိန်းမတွေ အများကြီးယူပြီး ကလေးတွေ များနိုင်သမျှ များများ မွေးဖို့ အကြံအစည်ကြောင့် သူတို့ရဲ့ လူဦးရေက အချိုးအစားမမျှလောက်အောင် တိုးပွားလာတယ်။ မြန်မာအစိုးရနဲ့ နိုင်ငံသားတွေ ဂရုမစိုက်ခဲ့ဘူး ဆိုရင် နှစ်အနည်းငယ် အတွင်းမှာပဲ တန်ဖိုးရှိတဲ့ ပန်းပင်တွေလိုပဲ ဘင်္ဂါလီတွေလို ပေါင်းပင်တွေက မျိုးတုန်း တဲ့အထိ ဝါးမျိုတာ ခံရလိမ့်မယ်။ [ မဘသ ပုံနှိပ်ထုတ်ဝေမှု အောင်ဇေယျတု ဂျာနယ်၏ ၂၀၁၇ခုနှစ် ဇွန်လ ၉ရက်ထုတ်တွင် အခြားသော ဘုန်းကြီး တစ်ပါး၏ ဆောင်းပါး]*[2914]

*မြန်မာ ဗုဒ္ဓဘာသာဝင်တွေက ဘင်္ဂါလီတွေကို မျိုးတုန်း ပျောက်ကွယ်သွားအောင် လုပ်ဖို့ လူမျိုးတုန်း သုတ်သင်တယ်လို့ စွပ်စွဲခံနေရတယ်။ တကယ်တမ်းမှာ သေခဲ့တဲ့လူတွေရဲ့*

%80%90%E1%80%BA%E1%80%90%E1%80%99%E1%80%BA%E1%80%B8-%E1%81%81%E1%81%86%E1%81%88%E1%81%82%E1%81%80%E1%81%81%E1%81%87, p. 42.

[2913] တင်အောင်ကျော် "မြန်မာမွတ်စလင်များအား ဆန့်ကျင်သော အကြမ်းဖက်အမျိုးသားရေးလှုပ်ရှားမှုကို ဗုဒ္ဓဘာသာဘုန်းကြီး ဦးဝီရသူမှ ဦးဆောင်" (Global Post, ၂၀၁၃ ခုနှစ် ဇွန် ၂၁ ရက်နေ့).

[2914] See "No Hate Speech Project": https://www.facebook.com/NoHateSpeechMyanmar/posts/1797471910565752.

> *အရေအတွက်ကို စဆောင်းကြည့်လိုက် စုစုပေါင်းမှ ၂၀၀ ပဲရှိတယ်။ အဲ့ဒီလူမျိုးတွေ (ရိုဟင်ဂျာများ) ဘယ်တော့မှ ပျောက်ကွယ်သွားမှာ မဟုတ်ဘူး။ ကဲသူတို့ ဘယ်လိုမျိုးပွားသလဲ (ရယ်သံများ) သူတို့တွေက မြန်မာနိုင်ငံမှာ မျိုးတုန်းသွားမှာ မဟုတ်ဘူး။ သူတို့ ဒီမှာ အများကြီး မျိုးပွားထားပြီ။ [သီတဂူ ဆရာတော်]*[2915]

၁၃၁၇။ မွတ်စလင်များ အထူးသဖြင့် ရိုဟင်ဂျာများကို ကိုယ်စားပြုထားသော တတိယ ပြောဆိုမှုဇာတ်ကြောင်းမှုမှာ ဗုဒ္ဓဘာသာဝင် ဘာသာရေး မွန်မြတ်သန့်စင်မှု အပေါ် ခြိမ်းခြောက်မှု အဖြစ် ဖြစ်သည်။ ၎င်းသည် ယေဘုယျအားဖြင့် မွတ်စလင် ထုံးစံများကို ချိုးချိုးဖဲ့ဖဲ့ ပြောဆိုသော မှတ်ချက်များ မှတဆင့် အများအားဖြင့် ပျံ့နှံ့နေသည်။ ထိုသို့သော သတင်းစကားများက မွတ်စလင် ထုံးစံများနှင့် တန်ဖိုးများသည် ဗုဒ္ဓဘာသာနှင့် သဟဇာတမဖြစ် (သို့မဟုတ်) စော်ကားနေသည် ဟူသည့် စိတ်ကူး အယူအဆကို ကြိမ်ဖန်များစွာ လည်ပတ်နေသည်။ အဓိက ဥပမာ တစ်ခုမှာ နွားများ သတ်ဖြတ်မှုအပေါ် အမနာပ ပြောဆိုမှုဖြစ်ပြီး မွတ်စလင်များသည် နဂိုမူလတည်းက ကြမ်းကြုတ် ရက်စက်ကြသည်၊ အဘယ်ကြောင့်ဆိုသော် ၎င်းတို့သည် နွားများကို သတ်ပြီး စားကြသည် ဟူ၍ဖြစ်သည်။ ၂၀၁၅ ခုနှစ်တွင် မဘသက အစိုးရကို မွတ်စလင်များအား ဘာသာရေး အခမ်းအနားများတွင် တိရိစ္ဆာန်များသတ်ဖြတ်ခြင်းကို ပိတ်ပင်ပေးရန် တောင်းဆိုထားသော ထုတ်ပြန်ကြေညာချက်တရပ် ထုတ်ခဲ့သည်။[2916] အခြားသော ဥပမာများသည်လည်း မွတ်စလင်ထုံးစံများအပေါ် ချိုးချိုးဖဲ့ဖဲ့ မှတ်ချက်များ ပါဝင်သည်။ အမျိုးသမီးများ ခြုံလွှမ်းသော ခေါင်းပေါင်းဝတ်ရုံနှင့် ပတ်သက်၍ ဝီရသူက ပြောသည်မှာ- "မွတ်စလင်တွေက အမျိုးသားတွေကို အမျိုးသမီးယောင်ဆောင်ဖို့ အကူအညီပေးတဲ့ ခြုံထည်ဝတ်ရုံတွေကို အသေခံ ဗုံးခွဲမှုမှာ သုံးကြတယ်။ ဒါက တိုင်းပြည်ရဲ့ အချုပ်အခြာအာဏာကို ခြိမ်းခြောက်မှုနဲ့ နိုင်ငံတော် လုံခြုံရေး အရေးကိစ္စပဲ အဲဒီထုံးစံကို ရပ်တန့်အောင် ကျုပ်တို့ လုပ်ရမယ်"[2917] အောက်ဖော်ပြပါသည် ဖေ့စ်ဘုတ်ခ်တွင် ကျယ်ပြန့်စွာ ဖြန့်ဝေထားသော နွားများ သတ်ဖြတ်ခံနေရသည့် ပုံရိပ်များနှင့် ဓါတ်ပုံများ၏ ဥပမာ တစ်ခုဖြစ်သည်။

[2915] YouTube တွင် ဗီဒီယိုရနိုင်ပါသည်: https://www.youtube.com/watch?v=FDk4CST48PQ (accessed August 2018).

[2916] Myanmar Now, "အထူးသတင်းအစီရင်ခံမှု - တရားဝင်ကူညီမှုနှင့်အတူ မြန်မာနိုင်ငံမှ တင်းမာသည့် ဗုဒ္ဓဘာသာဝင်များသည် မွတ်စလင်များပိုင်သော စီးပွားရေးများကို ပစ်မှတ်ထားလာကြသည်။" ၂၀၁၅ ခုနှစ် စက်တင်ဘာ ၁၇ ရက်

[2917] Hnin Yadana Zaw, A. Slodkowski, "တင်းမာသည့် မြန်မာသံဃာများက ရွေးကောက်ပွဲအတွက် လက်ရှိအုပ်ချုပ်နေသော ပါတီကို ထောက်ခံပြီး အတိုက်အခံများကို ညီးညူကြသည်။" (ရိုက်တ ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၄ ရက်နေ့)




၁၃၁၈။ ထိုသို့သော သတင်းစကားများနှင့် ပို့စ် အများအပြားသည် ပြောဆိုမှုဇာတ်ကြောင်း ၃ မျိုးစလုံး အောက်တွင် အွန်လိုင်း အားပေးထောက်ခံသူများဆီမှ ရက်ရောပေါများသော တုန့်ပြန်မှုများနှင့် မှတ်ချက်ပေးမှုများ နှိုက်ယူထားပြီး သတ်ဖြတ်ရန် ခြိမ်းခြောက်မှုများနှင့် အကြမ်းဖက်မှုကို တိုက်ရိုက် ပြောင်ကျကျ နှိုးဆော်မှုများ အပါအဝင် မကြာခဏပင် ၎င်းတို့ကို ရှင်းလင်း ပြတ်သားသော စကားဖြင့် ထောက်ခံ အတည်ပြုထားကြသည်။ ဥပမာ အားဖြင့် shweiki.comတွင် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၉ ရက်မှ ပို့စ်တစ်ခုက အာဆာအဖွဲ့၏ တွစ်တာ ကြေညာချက် တစ်စောင်ကို ထည့်သွင်းထားပြီး အောက်ပါမှတ်ချက်များကို ကောက်ယူထားသည်။ "လူမျိုးတုန်း သတ်ဖြတ်မှုရဲ့ စွပ်စွဲချက်တွေဟာ အခြေအမြစ်မရှိဘူး၊ ဘာလို့လဲဆိုတော့ မြန်မာစစ်တပ်က သတ်နေတာဟာ လူတွေ မဟုတ်ဘူး၊ တိရိစ္ဆာန်တွေမို့လို့ပဲ၊ ဒီလို လူဖြစ်ဖို့ မထိုက်တန်တဲ့ သတ္တဝါတွေကို သတ်တဲ့အတွက် ငါတို့ ငရဲကို သွားစရာမလိုဘူး"၊ "တကယ်လို့ မြန်မာ့ တပ်မတော်က သူတို့ကို သတ်တယ်ဆိုရင် ငါတို့ မြန်မာလူမျိုးတွေ လက်ခံနိုင်တယ် ကုလားတွေကို ခုလို သတ်နေတာဟာ မလုံလောက်သေးဘူး ငါတို့ ဒီထက် ပိုသတ်ဖို့ လိုတယ်"၊ "သူတို့ကို ငါတို့အခု မရှင်းနိုင်ရင် ကမ္ဘာစစ်ဆင်နွှဲပြီး ချေမှုန်းပစ်ရလိမ့်မယ်"

၁၃၁၉။ အဆိုပါ သတင်းစကားများ၏ များပြားလှသော ပမာဏ တစ်ခုသည် နိုင်ငံတကာ ဥပဒေအရ ပိတ်ပင်တားဆီးမှုနှင့် အပြစ်ပေးအရေးယူမှု (၎င်းတို့သည် ခွဲခြားဆက်ဆံခြင်း၊ ရန်လိုမှု (သို့မဟုတ်) အကြမ်းဖက်မှု တို့ကို သွေးထိုးလှုံ့ဆော်မှု ဖြစ်သော နိုင်ငံသား၊ လူမျိုးရေး (သို့မဟုတ်) ဘာသာရေး အမုန်းတရားများ စည်းရုံးလှုံ့ဆော်မှု မြောက်သောကြောင့်) (သို့မဟုတ်) ပိတ်ပင်တားဆီးမှု ပြုလုပ်ကောင်းလုပ်ရန် (အခြားတစ်ပါးသူများ၏ လူ့အခွင့်အရေးများကို ရရှိခံစားမှုများကို ကာကွယ်ရန် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တစ်ရပ်တွင် လိုအပ်ချက် အဖြစ် ) လိုအပ်သော အမုန်းစကား ပုံစံများဖြစ်သည်။  လူသားမျိုးနွယ် အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ၏ နောက်ခံ

အခြေအနေတွင် အမုန်းစကားများ၏ အချို့သော အစွန်းရောက်နည်းလမ်းများသည် နိပ်စက်ညှဉ်းပန်းမှုလုပ်ရပ် ဖြစ်ကောင်း ဖြစ်နိုင်သည်။[2918]

**(ခ) ချိတ်ဆက် စီမံထားသော အမုန်းတရား လှုပ်ရှားမှုများနှင့် အကြမ်းဖက်မှုများ ပျံ့နှံ့ဖြစ်ပေါ်မှုတို့၏ ဖြစ်နိုင်ချေ ရှိသော ချိတ်ဆက်မှုများ**

၁၃၂၀။ ။ အမုန်းတရား သတင်းစကားများ၏ မူလပိုင်ရှင်များနှင့် ဝါဒဖြန့်ချိသူ များ၏ ပြည့်စုံသော ရုပ်ပုံကားချပ် တစ်ခုကို တည်ဆောက်ရန်မှာ ခက်ခဲသည်။ မည်သို့ဆိုစေ ထင်ရှား ရှင်းလင်းစွာပင် ဗုဒ္ဓဘာသာဝင် ပရဟိတနှင့် လူမှုဝန်ထမ်း အုပ်စုများ၊ မဘသနှင့် ၉၆၉ ကဲ့သို့သော လှုပ်ရှားမှုများ၊ ရခိုင် အမျိုးသားရေး နိုင်ငံရေး ပါတီများနှင့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များသည် "လူမျိုးနှင့်ဘာသာ"ကို ကာကွယ်စောင့်ရှောက်ရေး အတွက် လှုံ့ဆော်လှုပ်ရှားမှုတစ်ခု ဆင်နွှဲခဲ့ကြသည်။ ရိုဟင်ဂျာများ ယေဘုယျအားဖြင့် မွတ်စလင်များကို ပြစ်မှတ်ထား၍ လူ့ဂုဏ်သိက္ခာ ကင်းမဲ့စေပြီး ကဲ့ရဲ့ပြစ်တင်သော စကားများသည် ထိုသို့သော တိုက်ပွဲလှုပ်ရှားမှု၏ အဓိကသော့ချက် အစိတ်အပိုင်းများ ဖြစ်ကြသည်။

၁၃၂၁။ မဘသ၏ အယူဝါဒသည် အဖွဲ့၏ အမည်က ဖော်ပြထားသည့် ("အမျိုးဘာသာ သာသနာ ကာကွယ် စောင့်ရှောက်ရေး") နှင့် ၎င်း၏ ထုတ်ဝေ ဖြန့်ချိမှုများ၊ လူမှုကွန်ရက် မီဒီယာ ပို့စ်များနှင့် လူထု တရားပွဲများတွင် ထင်ဟပ်ထားခဲ့သကဲ့သို့ပင် မြန်မာနိုင်ငံတွင် ဗုဒ္ဓဘာသာကို ကာကွယ် စောင့်ရှောက်ရန်၊ အားကောင်းစေရန်၊ ပျံ့နှံ့စေရန်ဆိုသည့် သိရှိခံယူပြီးဖြစ်သည့် လိုအပ်ချက်နှင့် အစ္စလာမ်သည် ဗုဒ္ဓဘာသာကို လွှမ်းမိုးရန်နှင့် ဖယ်ထုတ်ရန် ဖြစ်စဉ်တွင် ရှိနေသည် ဟူသော အခိုင်အမာတင်ပြခြင်းတို့အပေါ် အခြေခံသည်။ ကနဦးအနေဖြင့် မဘသသည် ပို၍ ယေဘုယျကျသည့် မွတ်ဆလင်-ဆန့်ကျင်ရေးကို ဦးတည်ခဲ့သည်။ ၎င်း၏ ပထမဆုံး အဓိက တိုက်ပွဲ လှုပ်ရှားမှုသည် "မျိုးစောင့်ဥပဒေ ၄ မျိုး" မူကြမ်းရေးဆွဲရန်နှင့် အတည်ပြုရေး အတွက် တောင်းဆိုရန် ဖြစ်သည်။[2919] မည်သို့ဆိုစေ မဘသ၏ ဝါဒဖြန့်ချိမှုသည် ရိုဟင်ဂျာ-ဆန့်ကျင်ရေးကို ပို၍ သီးသန့်ထားလာပြီး တိုင်းပြည်ကို ကျူးကျော် ဝင်ရောက်နေပြီး အမျိုးသား လုံခြုံရေးကို ခြိမ်းခြောက် နေသော "တရားမဝင် ဘင်္ဂါလီ"ဆိုသော အမျိုးသားရေး ဟောပြောမှုများ ဆီသို့ တဖြည်းဖြည်းနှင့် ရွေ့ပြောင်းလာခဲ့သည်။

၁၃၂၂။ မဘသ ဟောပြောမှုများသည် လမ်းကြောင်း အမျိုးမျိုးကို ဖြတ်သန်းလျက် အလျင်အမြန် ပျံ့နှံ့ခဲ့သည်။ မသဘသည် ရခိုင်ပြည်နယ်တွင် ၂၀၁၂ ခုနှစ် အတွင်းက အကြမ်းဖက်မှုများ၏ စနက်တံတစ်ခု ဖြစ်သော ၂၀၁၂ ခုနှစ် မေလအတွင်း မသီတာထွေးကို မုဒိမ်းကျင့် သတ်ဖြတ်ခံရမှု စွပ်စွဲချက်၏ ဆိုးရွားသော ပြန်လည် သရုပ်ဆောင်မှု တစ်ခုအပါအဝင် သွေးထိုးလှုံ့ဆော်သော ဗွီဒီယိုများကို ထုတ်လုပ်ခဲ့သည်။[2920] အဆိုပါ ဗွီဒီယိုများကို စေတီပုထိုးများ၊ လူထု တရားပွဲများနှင့် အခြား အခမ်းအနားများတွင် အခမဲ့ (သို့မဟုတ်) အလွန်နည်းသော စျေးနှုန်းဖြင့် ဖြန့်ဝေခဲ့ကြသည်။ မဘသ အမြင်များသည် ဘုန်းတော်ကြီးသင် ကျောင်းများနှင့် ဓမ္မစကူးလ် ကျောင်းများ အပါအဝင်

[2918] See chapter VI, section B.2: လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ
[2919] အခန်း ၅ ခခ (၂) လွတ်လပ်စွာသွားလာလှုပ်ရှားခွင့်ကို ငြင်းပယ်ခြင်း
[2920] ဗီဒီယိုမိတ္တူကို မစ်ရှင်ထံတွင် သိမ်းဆည်းထားသည်။

စာသင်ကျောင်းများ မှတဆင့် ပျံ့နှံ့ခဲ့သည်။[2921] "ဓမ္မစကူးလ် ကျောင်းများ၏ အတန်း ၁ မှ အတန်း ၆ အထိ ပြဌာန်း စာအုပ်များတွင် "မသင့်တော်သော ပေါင်းသင်း ဆက်ဆံမှုများ" နှင့် "မကောင်းသော သူများကို လက်ထပ်ခြင်း" တို့နှင့် "ဗုဒ္ဓဘာသာ တိုင်းပြည်များ"၏ အယူအဆ ဆိုသည့် ကဏ္ဍများ ပါဝင်ခဲ့သည်။[2922] မဘသသည် ဂျာနယ်နှင့် မဂ္ဂဇင်းများ အနည်းဆုံး အမျိုးကွဲ ၁၀ ခုထိ ထုတ်လုပ်ခဲ့ပြီး၊ ဖြစ်ရပ်မှန်နှင့် ပုံပြင်စာအုပ်များ ထုတ်ဝေ ဖြန့်ချိခဲ့ကာ ဖေ့စ်ဘုတ်၊ ယူကျုဘ်၊ တွစ်တာ၊ ဘလော့ဂ်များနှင့် ဝက်ဘ်ဆိုက်များ အပါအဝင် အမျိုးမျိုးသော အွန်လိုင်း စကြ်န်များမှ တဆင့် သတင်းစကားများ ဖြန့်ဝေခဲ့သည်။ မဘသ အယူဝါဒသည် စာရေးဆရာများ၊ သီချင်းရေး ဆရာများ၊ လုပ်ငန်းရှင်များနှင့် မဘသကို လူသိရှင်ကြား ထောက်ခံ ပံ့ပိုးပြီး ၎င်း၏ သတင်းစကားများကို အများဆိုင်ရာ အခမ်းအနားများတွင် မြှင့်တင်ပေးခဲ့ကြသည့် အခြားသော အများဆိုင်ရာ ပုဂ္ဂိုလ်များဖြင့် လူကြိုက်များ ရေပန်းစားသော ယဉ်ကျေးမှုတစ်ခု အတွင်း ပျံ့နှံ့စေခဲ့သည်။

၁၃၂၃။ မဘသသည် အထွေထွေ လူထုအကြားတွင် ကျယ်ပြန့်စွာ ထောက်ခံမှု ရရှိခဲ့သည်ဟု ဆိုကြသည်။ ထိုအချက်သည် သွေးလှူဒါန်းမှုများ၊ အသက်မွေးမှု ပညာသင်သင်တန်းများနှင့် ပရဟိတ လှူပ်ရှားမှုများ အပါအဝင် ၎င်း၏ ဘာသာရေးနှင့် လူမှုရေး ဝန်ဆောင်မှုများဖြင့် တစ်စိတ်တစ်ပိုင်း ရှင်းလင်းပြနိုင်ဖွယ် ရှိသည်။ မဘသနှင့် အပေါင်းအပါ လူပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများမှ ဖြန့်ဖြူးခဲ့သော သတင်းစကားများသည် ကြိုတင်-တည်ရှိနေနှင့်ပြီး ကာလကြာရှည်-တည်ရှိနေသော မွတ်စလင်များအပေါ် မလိုမုန်းထားမှုများနှင့် တိုင်းပြည်အတွင်း ဗုဒ္ဓဘာသာ၏ မေးမိန်လာမှုအပေါ် အလေးထားသော စိုးရိမ်ပူပန်မှုများ၊ တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်မှုများနှင့် စစ်ဆေးမှုမရှိသော နယ်စပ်တို့ကြောင့် အထွေထွေလူထုအား ကောင်းစွာ အသံပေး လှုံ့ဆော်နိုင်ခဲ့ဖွယ်ရှိသည်။[2923] မဘသတွင် စာသင်ကျောင်းများ၊ လူကြိုက်များ ရေပန်းစားသော ယဉ်ကျေးမှုများ၊ ပရဟိတ လုပ်ငန်းများ၊ အွန်လိုင်းနှင့် ရိုးရာဆက်သွယ်ရေး နည်းလမ်းများမှတဆင့် မြန်မာ လူ့အဖွဲ့အစည်း၏ ပင်မရေစီးကို ထိုးဖောက်နေသော ကျယ်ပြန့်၍ ကောင်းစွာ ထောက်ပံ့ထားသော ကွန်ရက်တစ်ခု အသေအချာ ရှိနေပြီး ကာလကြာရှည်-တည်ရှိနေသော အယူစွဲများနှင့် စိုးရိမ်သောကများ အပေါ် အမြတ်ထုတ်ကာ "တိုင်းပြည်ကို ကာကွယ်ရန်"နှင့် ၎င်း၏ ဗုဒ္ဓဘာသာယဉ်ကျေးမှု သဘာဝကို ကာကွယ်ရန် သာမန်အရပ်သားများကို တောင်းဆိုနေသည်။ မဘသနှင့် အပေါင်းအပါ တသီးပုဂ္ဂလ ပုဂ္ဂိုလ်များသည် မွတ်စလင် လူထုတရပ်လုံး အထူးသဖြင့် ရိုဟင်ဂျာများကို သိက္ခာချပုံဖျက်ခြင်း

[2921] မြန်မာနိုင်ငံတွင် ၂၀၁၃ ခုနှစ်အတွင်း စတင်ဖွင့်လှစ်ခဲ့သော ဓမ္မစကူလ်း ကျောင်းများသည် ကလေးများ ဗုဒ္ဓဘာသာကို လေ့လာသော တနင်္ဂနွေကျောင်းများ ဖြစ်ကြသည်။

[2922] ဗုဒ္ဓဘာသာကို လေ့လာသော တနင်္ဂနွေကျောင်းများ ဖြစ်ကြသည်။
ဥပမာအားဖြင့် ဓမ္မစကူးလ်ကျောင်းမှ ပြဌာန်းစာအုပ်များက သင်ကြားသော သင်ခန်းစာများမှာ "မြေခွေးနှင့် (မှားယွင်းစွာ)ပေါင်းမိသော ခြင်္သေ့" (အတန်း ၁)၊ "ပေါင်းသင်းဆက်ဆံမှု၏ အခါအခွင့်သင့်သော အပြုအမူ အနေအထိုင်များ"(အတန်း ၂)၊ အခါအခွင့်သင့်သော နေထိုင်နည်း" (အတန်း ၂)၊ "သင်ဘယ်လို လူမျိုးဖြစ်ချင်လဲ" (အတန်း ၃)၊ "အခါအခွင့်သင့်သော လူမှုရေး အပြုအမူ အနေအထိုင်" (အတန်း ၄)၊ "ဗုဒ္ဓဘာသာ တိုင်းပြည်များ" (အတန်း ၅နှင့်၆) မစ်ရှင်ထံတွင် ကော်ပီများကို ဖိုင်အဖြစ်သိမ်းထားသည်။

[2923] See e.g. Matthew Schissler, Matthew Walton, Phyu Phyu Thi, "ခြိမ်းခြောက်မှုနှင့် သိက္ခာပိုင်းအရကောင်းမွန်သောခုခံကာကွယ်မှု-မြန်မာပြည်မြို့ ၆ မြို့တွင် ဖြစ်ပွားသော ပဋိပက္ခ၏ ပြောဆိုမှုဇတ်ကြောင်းများကို နားထောင်ခြင်း" M.MAS Working Paper 1.1, University of Oxford, 2015.

တွင် အောင်မြင်ခဲ့သည်။ အဆိုပါ နယ်ပယ်များ အားလုံးတွင် မဘသ၏ တိကျသော ပေါက်မြောက်မှုနှင့် အမုန်းစကားများ ဖြန့်ချိရန် ထမ်းဆောင်နေကြသော သီးသန့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ၏ အခန်းကဏ္ဍတို့အပေါ် နောက်ထပ် အလေးထား စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ထိုက်တန်ပေသည်။

၁၃၂၄။ ၂၀၁၂ နှင့် ၂၀၁၃ ခုနှစ် ကာလများ အတွင်း အချို့သော အမုန်း စကား သတင်းစကားများနှင့် လုပ်ကြံသတင်းများသည် အစိုးရနှင့် လုံခြုံရေး အရာရှိများ၏ ပါဝင်မှု (သို့မဟုတ်) နားလည်မှုဖြင့် အတည်ပြုပေးမှုတို့ဖြင့် ဖြန့်ဖြူးခဲ့သည်။ မဘသမှ လှည့်လည် တိုက်ပွဲဝင် လှုပ်ရှားခဲ့သော အမျိုးဘာသာ သာသနာ ကာကွယ် စောင့်ရှောက်ရေးသည် ရိုဟင်ဂျာများကို ထိခိုက်စေသော (ဥပမာအားဖြင့် မဲပေးခွင့် ငြင်းပယ်ခံရခြင်း၊ လူမျိုးနှင့် ဘာသာရေးဆိုင်ရာဥပဒေ) သီးသန့်ဥပဒေ ပြဌာန်းအတည်ပြုမှုကို ရှေ့ရှုစေခဲ့သည်။[2924] လူထု အခမ်းအနားများ လူထုစည်းဝေးပွဲများနှင့် သရုပ်ဖော် ဆန္ဒပြပွဲများ၌ အများသိ ထုတ်ပြန်ပြောဆိုမှုများနှင့် ထုတ်လွှင့်မှုများသည် မဘသ၏ သတင်းစကားများနှင့် အဆိုပြုထားသော မူဝါဒများကို နိုင်ငံရေးသမား အများအပြား (အထူးသဖြင့် ရခိုင်ပြည်နယ်တွင်)နှင့် စစ်တပ်နှင့် လုံခြုံရေး တပ်ဖွဲ့များမှ ထောက်ခံအားပေးခဲ့သည်မှာ ထင်ရှား ပေါ်လွင်သည်။ ငွေကြေး လှူဒါန်းမှုများ၊ စစ်တပ်၏ စစ်ဆင်ရေးများကို ထောက်ခံသော သီးသန့်နှင့် လူထု တရားပွဲများနှင့် လူထု စည်းဝေးပွဲများနှင့် ဟောပြောပွဲများကို စီစဉ်ကျင်းပမှုများတွင် စစ်တပ်၏ ထောက်ခံမှုများ အပါအဝင် နီးကပ်သော ချိတ်ဆက်မှုများကို ဖော်ပြနေသော အချက်များရှိသည်။ အဆင့်မြင့် နိုင်ငံရေး သမားများနှင့် နောက်ထပ် စုံစမ်း စစ်ဆေးမှုများ ပြုလုပ်ရန် လိုအပ်သော လုံခြုံရေး တပ်ဖွဲ့များ၏ ခေါင်းဆောင် တပ်မှူးများ အကြား ပုဂ္ဂိုလ်ရေး ချိတ်ဆက်မှုများကို စွပ်စွဲထားမှုများလည်း ရှိသည်။

၁၃၂၅။ မွတ်စလင်များနှင့် ရိုဟင်ဂျာများအပေါ် အမုန်းစကားကင်ပိန်း လှုပ်ရှားမှုများက အကြမ်းဖက်မှုများ လက်တွေ့ဖြစ်ပွားမှုများကို ဦးတည် ဖြစ်ပေါ်စေခဲ့သည် (သို့မဟုတ်) အားဖြည့်ပေးခဲ့သည် ဆိုသည့် အချက်ကို အခိုင်အမာ သက်သေထူရန် ခက်ခဲသည်။ အချို့သော အစီရင်ခံချက်များက အကြမ်းဖက်မှုများ၏ ဖြစ်ပွားမှုများတွင် မွတ်စလင် ဆန့်ကျင်ရေး လက်ကမ်း ကြော်ငြာများနှင့် (သို့မဟုတ်) လူမှုကွန်ရက် မီဒီယာတွင် အမုန်းစကားများ တိုးပွားစေသော မဘသနှင့် ပါဝင်ပတ်သက်နေသည့် ဘုန်းကြီးများ၏ လာရောက်မှု (သို့မဟုတ်) တရားပွဲများက ကနဦးအရင် ဖြစ်ပေါ်ခဲ့သည်ကို ဖော်ပြနေသည်။[2925] ဥပမာတစ်ခုမှာ ၂၀၁၄ ခုနှစ် ဇူလိုင်လ အစပိုင်းတွင် မန္တလေး၌ ဖြစ်ပွားခဲ့သောအကြမ်းဖက်မှု ဖြစ်သည်။ ၎င်းဖြစ်စဉ်က လူ ၂ ဦး သေဆုံးပြီး လူအများ ဒဏ်ရာရရှိခဲ့ကာ အဆောက်အဦးများ ပျက်စီးခဲ့သည်။ အကြမ်းဖက်မှုမှာ လက်ဖက်ရည်ဆိုင်ပိုင်ရှင် မွတ်စလင် ၂ ဦးက ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးအား မုဒိမ်းကျင့်ခဲ့သည် ဆိုပြီး ကျူးလွန်သူဟု စွပ်စွဲခံရသူနှင့် နစ်နာခံစားရသူဟု စွပ်စွဲခံရသူတို့၏အမည်

[2924] အခန်း ၆ ခခ (၅) ပုဂ္ဂလိက ဘဝကို ထိခိုက်နေသော ကန့်သတ်ပိတ်ပင်မှုများ တွင်ကြည့်ပါ။

[2925] ဥပမာ Justice Trust Policy Report, *မြန်မာနိုင်ငံမှ လူမှုအသိုင်းအဝန်း အကြမ်းဖက်မှုမျနောက်ကွယ်မှလက်များ*။ မန္တလေးအဓိကရုဏ်းအား လေ့လာခြင်း (မတ်လ ၂၀၁၅) B-001.

အပြည့်အစုံများ အပါအဝင် လက်ဖက်ရည်ဆိုင်၏ အမည်နှင့် တည်နေရာများကို သတ်မှတ်ဖော်ပြထားသည့် ၂၀၁၄ ခုနှစ် ဇွန်လ ၃၀ ရက်က အွန်လိုင်း သတင်းဖော်ပြချက် တစ်ခုမှ မီးစမွှေးခဲ့သည်ဟု ယုံကြည်ယူဆရသည်။ ဝီရသူက ၎င်း၏ ဖေ့စ်ဘုတ်ခ် စာမျက်နှာတွင် "လူဆိုးဂိုဏ်း (မွတ်စလင်များ၏) ပျံ့နှံ့နေပြီ"ဟုနှင့် "ဗမာလူမျိုးများ အသင့်ပြင်ကြ"ဟု ခေါင်းစဉ်တပ်ထားသော ဆောင်းပါးကို ပြန်တင်ခဲ့သည်။ အကြမ်းဖက်မှုမှာ နောက်ရက်တွင် ပေါ်ပေါက်ခဲ့သည်။ မုဒိမ်းကျင့်ခံရမှု ဇာတ်လမ်းမှာ "နစ်နာခံစားရသူ"က သူမက မုဒိမ်းမှု စွပ်စွဲချက်များ လုပ်ဇာတ်ခင်းခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ခြင်းဖြင့် လုပ်ကြံဇာတ်လမ်းအဖြစ် ပေါ်ပေါက်ခဲ့သည်။[2926] အကြမ်းဖက်မှုကို မန္တလေးမြို့အတွင်း မကူးစက်စေရေး ထိန်းသိမ်းရန် ကြိုးပမ်းမှုတွင် အစိုးရသည် မန္တလေးမြို့တွင်း ဖေ့စ်ဘုတ်ခ် သုံးစွဲမှုကို ပိတ်ပင်ခဲ့ပြီး ထိုကိစ္စနှင့် စပ်လျဉ်း၍ ဖေ့စ်ဘုတ်ခ်၏အခန်းကဏ္ဍကို ဝန်ခံအသိအမှတ် ပြုခဲ့သည်။[2927] မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ အကြီးအကဲက လှုံ့ဆော်မှုများကို ရပ်တန့်ရန် အစိုးရအနေဖြင့် ဖေ့စ်ဘုတ်ခ်ကို ပိတ်ပင်ခဲ့ကြောင်း အတည်ပြု ပြောကြားခဲ့သည်ဟု ဆိုကြသည်။[2928]

၁၃၂၆။ မစ်ရှင်အဖွဲ့မှ အွန်လိုင်းနှင့် ပြင်ပမှ အမုန်းစကားများ နှင့် လက်တွေ့ဘဝ ခွဲခြားဆက်ဆံမှုများ၊ အကြမ်းဖက်မှုတို့ အကြား ချိတ်ဆက်မှုသည် လက်ဆုပ်လက်ကိုင် မပြနိုင်သော်လည်း ယုံကြည်နိုင်လောက်သော အခြေအနေထက် ပိုသည်။ အမုန်းစကား တရားပွဲများနှင့် ဟောပြောမှုများ ပုံသဏ္ဌာန်များ ပေါ်ထွက်လာပြီးသည့် နေရာဒေသများတွင် နောက်ပိုင်းတွင် အကြမ်းဖက်မှုကို တွေ့ကြုံခဲ့ရပြီး အွန်လိုင်း အမုန်းစကားများ၏ အထွဋ်အထိပ် ရောက်ချိန်ကို ဖော်ပြချက်များသည်လည်း အကြမ်းဖက်မှုများ ဖြစ်ပွားချိန်လောက်တွင်ဖြစ်သည်။။ ထိုသို့သော ပုံသဏ္ဌာန်များနှင့် ဖော်ပြချက်များကို ပြည့်စုံစွာ စူးစမ်း စစ်ဆေးရန် လိုအပ်သည်။[2929]

## (ဂ) ဇာတ်ကြောင်းကို အစိုးရနှင့် စစ်တပ်တို့မှ ပံ့ပိုးထင်ဟပ်စေမှုနှင့် ပေးပို့မှု

၁၃၂၇။ တိုင်းပြည်အတွင်း အမုန်းစကားများ တိုးတက်ပွားများလာမှု နှင့် မွတ်ဆလင်များ အထူးသဖြင့် ရိုဟင်ဂျာများကို တိုက်ရိုက်ရည်ရွယ်သော ဆက်စပ်ချိတ်ဆက်မှုရှိသည့် အမုန်းစကားများ ကင်ပိန်းလှုပ်ရှားမှုများကို ကိုင်တွယ်ရန် တာဝန်မှာ အစိုးရတွင်ရှိသည်။ ထိုကိစ္စနှင့် စပ်လျဉ်းသည့် တုန့်ပြန်မှုမှာ လုံးလုံးလျားလျားပင် လုံလောက်မှု မရှိခဲ့ပေ။ တကယ်တမ်းတွင် မြန်မာ အာဏာပိုင် များသည် ထိုသို့သော အလေ့အထများကို လျစ်လျူရှုခဲ့ရုံမက တက်ကြွစွာ ပါဝင်ခဲ့ပြီး အားပေးမြှင့်တင်ခဲ့ကြသည်။ ထိုအချက်သည် အမုန်းစကား များကို

[2926] Z. Mann, " မန္တလေး အဓိကရုဏ်းများကို ဖြစ်စေခဲ့သည်ဟု စွပ်စွဲခံရသူ ၅ ဦးကို ထောင်ဒဏ် ၂၁ ချမှတ်လိုက်ခြင်း" (ဧရာဝတီသတင်းဌာန၊ ၂၀၁၅ ခုနှစ် မတ်လ ၁၉ ရက်နေ့)

[2927] T. McLaughlin, "ဖေ့ဘုတ်အသုံးပြုမှုမြင့်တက်လာမှုက မြန်မာပြည်တွင် ရှန်းရင်းဆန်ခတ်မှုများနှင့် စိတ်ရှုပ်တွေးခြင်းများကို မည်သို့ ဖြစ်စေခဲ့သနည်း။" (ဝိုင်ယာသတင်း၊ ၂၀၁၈ ခုနှစ် ဇူလိုင် ၆ ရက်နေ့)

[2928] https://burma.irrawaddy.com/opinion/2014/07/04/61420.html; သန့်စင် "မြန်မာပြည်၏ အုပ်စုကွဲများအကြားအကြမ်းဖက်မှုများရုတ်ခြည်းဖြစ်လာမှုကို မည်သူ့အား အပြစ်တင်မည်နည်း" (Global Voices Online, ၂၀၁၄ ခုနှစ် ဇူလိုင် ၁၂ ရက်နေ့)

[2929] ဖေ့စ်ဘုတ်သည် တိုင်းပြည်၏ အသေးစိတ်အချက်များ နှင့်ပါတ်သက်၍ ၎င်း၏ ပွင့်လင်းမြင်သာမှုကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ရန် အစောပိုင်း အဆင့်များတွင်သာ ရှိသေးသဖြင့် မစ်ရှင် အဖွဲ့ အနေဖြင့် ဖေ့စ်ဘုတ် ထံမှ မြန်မာနိုင်ငံအတွင်း အမုန်းစကားများ ဖြန့်ချိရန် နှင့် အကြမ်းဖက် မှုများ လှုံ့ဆော်ရန် ဖေ့စ်ဘုတ်ကို အသုံးပြုမှု အကြောင်း ပြည့်စုံသော အချက်အလက်များ ရယူရန် မတတ်နိုင်ခဲ့ပေ။ အောက်တွင် ထပ်၍ကြည့်ပါ။

ရှင်သန်စေသော၊ ပြည်သူများနှင့် အုပ်စုများက အကြမ်းဖက်မှုသို့ လှုံ့ဆော်သည့် နှိုးဆောင်သံများကို နားလည်လွယ်စေသည့် ဝန်းကျင်တစ်ရပ်ကို ဖြည့်ဆည်းပေးခဲ့၊ ပိုမို ဆိုးဝါးစေခဲ့သည်။

၁၃၂၈။ မစ်ရှင်အဖွဲ့သည် စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များ၊ နိုင်ငံရေး သမားများ အပါအဝင် အစိုးရ အရာရှိများ (သို့မဟုတ်) ကိုယ်စားလှယ်များ၏ မျိုးစုံသော နက်နက်ရှိုင်းရှိုင်း ပြဿနာရှိသည့် အများသိထုတ်ပြန်မှုများ နှင့် အလားတူပြဿနာရှိသော တရားဝင် အစိုးရ (သို့မဟုတ်) စစ်တပ် ပုံစံဖြင့် ပြုလုပ်ထားသော ထုတ်ပြန်မှု များကို တွေ့ရှိခဲ့သည်။ ၄င်းတို့သည် မွတ်စလင် များနှင့် အထူးသဖြင့် ရိုဟင်ဂျာများအပေါ် နက်ရှိုင်းစွာ အမြစ်တွယ်နေသော ၄င်းတို့ကိုယ်တိုင်၏ ခွဲခြား ဆက်ဆံမှုရှိသော ခံစားချက်များကို ညွှန်ပြချက်ပင်ဖြစ်သည်။ အောက်ဖော်ပြပါ အချက်များမှာ အဆိုပါ ထုတ်ပြန်မှု များ၏ အနည်းငယ် ဖြစ်သည်။

- *ဘင်္ဂါလီတွေဟာ မြန်မာနိုင်ငံရဲ့ တိုင်းရင်းသား လူမျိုးတွေနဲ့ ဘုံတူညီတဲ့ စရိုက် လက္ခဏာ တစ်ခုမှ မရှိဘူး။ တင်းမာမှု တွေဟာ (ရခိုင် ပြည်နယ်မှ) လောင်စာ ဖြည့်ပေး ခံထားရတယ်။ ဘာကြောင့်လဲ ဆိုတော့ ဘင်္ဂါလီတွေက နိုင်ငံသား ဖြစ်ဖို့ တောင်းဆိုနေကြလို့ပဲ။* [ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ၂၀၁၈ ခုနှစ် မတ်လ ၁၉ ရက်][2930]

- *"ရိုဟင်ဂျာ သွေးစည်း ညီညွတ်ရေး အဖွဲ့" (RSO)ဆိုတဲ့ အမည်နဲ့ ရိုဟင်ဂျာ အကြမ်းဖက် သမားတွေ လက်နက်တွေနဲ့ နယ်စပ်ကို ဖြတ်ကျော် လာနေတယ်လို့ ကျွန်တော်တို့ သတင်းတွေ ရခဲ့တယ်။ ဒါဟာ ပြည်ပက ရိုဟင်ဂျာ စိမ့်ဝင်ထိုး ဖောက်မှုပဲ။ ကျွန်တော်တို့ရဲ့ စစ်သည်တွေက သတင်းကို ကြိုတင်ရခဲ့တာကြောင့် ကျွန်တော်တို့တွေ သူတို့ကို (ရိုဟင်ဂျာများ) အလုပ်ပြီးတဲ့ အထိအောင် အမြစ်ပြတ် ချေမှုန်းမှာဖြစ်တယ်။[2931] စစ်သည်တွေက (ရိုဟင်ဂျာများကို) ချေမှုန်း သုတ်သင်နေကြပြီလို့ ကျွန်တော် ယူဆတယ်။ ဒီအရေးကိစ္စနဲ့ ပတ်သက်လို့ လူသားချင်း စာနာမှု ဒါမှမဟုတ် လူ့အခွင့်အရေးဆိုတဲ့ ဆင်ခြေတွေ တစ်ခုမှ ကျွန်တော်တို့ မကြားချင်ဘူး။ ခင်ဗျားတို့ရဲ့ ကိုယ်ကျင့်တရား မြင့်မြတ်မှုတွေ ဒါမှမဟုတ် ငြိမ်းချမ်းမှုနဲ့ ချစ်ခြင်းမေတ္တာလို့ ပြောတဲ့ဟာတွေ ကျွန်တော်တို့ မကြားချင်ဘူး။ (ရခိုင်ပြည်နယ်က ဘူးသီးတောင်နဲ့ မောင်းတော ဒေသတွေကို သွားပြီးတော့ ကြည့်ကြ) ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေဟာ အမြဲတမ်း အကြောက်တရားနဲ့ နေရတယ်။ ဒီကိစ္စနဲ့ ပတ်သက်လို့ ကျွန်တော် အရမ်း နာကြည်းတယ်။ ဒါဟာ ကျွန်တော်တို့ တိုင်းပြည်။ ဒါဟာ ကျွန်တော်တို့မြေ) (အစိုးရနဲ့ သမ္မတကို အမြဲတမ်း ဆန့်ကျင်နေတဲ့ ခင်ဗျားတို့ တိုင်းရင်းသား ပါတီတွေ၊ အမတ်တွေ၊ အရပ်ဘက် အဖွဲ့အစည်းတွေ... ခင်ဗျားတို့တွေကို ပြောနေတာပဲ)* [ဇော်ဌေး ထိုအချိန်က ဦးသိန်းစိန်၏ ရုံးတွင် တွဲဖက်ဖြစ်ပြီး

[2930] ထိုထုတ်ဖော် ပြောကြားချက်ကို အင်္ဂလိပ် ဘာသာဖြင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဝက်ဘ်ဆိုက်နှင့် ဖေ့စ်ဘုတ်ခ် စာမျက်နှာ တို့တွင် တင်ထားခဲ့ပြီး၊ ၂၀၁၈ ခုနှစ် မတ်လ ၂၆ ရက်တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတားရက်စ်မှ အများသိ ရှုတ်ချမှု မှတ်ချက်ပြုပြီး နောက် ဖေ့စ်ဘုတ်မှ ဖျက်သိမ်းပစ်ခဲ့သည်။(see https://www.un.org/press/en/2018/sgsm18957.doc.htm). မြန်မာ ဘာသာဖြင့်

[2931] "ချေမှုန်း" ဆိုသောမြန်မာစကားသည် အပြီးသတ်ဖျက်ဆီးခြင်းဟု ဆိုလိုပြီး ရန်သူတစ်ဦးနှင့် တိုက်သောအခြေအနေတွင် သုံးသည်။ စကားအသွားအလားထဲမှ ပြင်းထန်သောလေသံကို ထင်ဟပ်ရပါက "အမြစ်ဖြုတ်" ဟု ပြန်ဆိုနိုင်ပါသည်။

လက်ရှိတွင် နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံး အထွေထွေ ညွှန်ကြားရေးမှူးနှင့် နိုင်ငံတော် သမ္မတရုံး ပြောရေးဆိုခွင့် ရှိသူ ၂၀၁၂ ခုနှစ် ဇွန်လ ၁ ရက်][2932]

- *အဲ့ဒီမှာ မကောင်းဆိုးဝါး စစ်သားတွေ ၅ သိန်းလောက် စစ်ပွဲထဲမှာ သေကြတယ်။ အဲဒီကိစ္စကြောင့် ဘုရင်ကြီးဟာ ညဘက် အိပ်မပျော်တော့ဘူး၊ ဗုဒ္ဓဘာသာမှာ လူသားတွေကို သတ်တာဟာ အဆိုးဆုံး အပြစ်တစ်ခု ဖြစ်တာကိုး။ ဒါကိုသိတဲ့ ဘုန်းကြီး ၈ ပါးက ဘုရင်ကြီးကို ပြောကြတယ်။ "အရှင်မင်းကြီး စိတ်မပူပါနဲ့ သင် သတ်ခဲ့တဲ့ သူတွေထဲက တစ်ယောက်ကမှ ဗုဒ္ဓဘာသာတွေ မဟုတ်ကြပါဘူး။ သူတို့တွေက ဗုဒ္ဓရဲ့ အဆုံးအမတွေကို မလိုက်နာကြဘူး။ ဒါကြောင့် ဘာက ကောင်းပြီး ဘာက ဆိုးတယ်ဆိုတာ သူတို့ မသိကြဘူး။ အကောင်းလား အဆိုးလား မသိတာဟာ တိရိစ္ဆာန်တွေရဲ့ သဘာဝပဲ။ သင် သတ်ခဲ့တဲ့ ၅ သိန်း ထဲက တစ်ယောက်နဲ့တပိုင်းပဲ လူဖြစ်တယ်။ ဒါကြောင့် အဲဒါဟာ အပြစ်သေးသေးလေးပဲ ဒါက သင့်ရဲ့ စိုးရိမ်သောကနဲ့ မထိုက်တန်ပါဘူး။* [သီတဂူ ဆရာတော် အကြည်ညိုခံရဆုံး ဘုန်းကြီး၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃၀ ရက်။ ဘုရင့်နောင် စစ်တပ် ရိပ်သာနှင့် ကရင်ပြည်နယ် သံတောင်မြို့ စစ်တပ် သင်တန်းတွင်][2933]

- *ကျုပ်အများကြီး မပြောဘူး၊ ကျုပ်တိုတိုနဲ့ တည့်တည့်ပဲပြောမယ်။ နံပါတ် ၁ သေနတ်နဲ့ပစ်ပြီး အကုန်သတ်ပစ် (ရိုဟင်ဂျာများကို)၊ နံပါတ် ၂ သတ်ပြီး အကုန်လုံးကို သေနတ်နဲ့ပစ် (ရိုဟင်ဂျာများကို)၊ နံပါတ် ၃ သေနတ်နဲ့ပစ်ပြီး အကုန် သင်္ဂြိုဟ်ပစ်လိုက် (ရိုဟင်ဂျာများကို)၊ နံပါတ် ၄ သင်္ဂြိုဟ်ပြီး အကုန် သေနတ်နဲ့ပစ် (ရိုဟင်ဂျာများကို) ကျုပ်တို့က သူတို့ကို မသတ်ရင် သေနတ်နဲ့ မပစ်ရင်၊ သင်္ဂြိုဟ် မပစ်ရင်၊ သူတို့တွေ ကျုပ်တို့ နိုင်ငံထဲကို ခိုးဝင်နေကြဦးမှာပဲ၊* [နေမျိုးဝေ၊ မတူကွဲပြားခြင်းနှင့် ငြိမ်းချမ်းရေး ပါတီ ဥက္ကဌ၊ ၂၀၁၅ ခုနှစ် ရန်ကုန် ဗိုလ်စိန်မှန် ဘောလုံးကွင်းတွင်][2934]

- *သူတို့တွေက အရမ်း ညစ်ပတ်တယ် ဘင်္ဂါလီ/ရိုဟင်ဂျာ မိန်းမတွေဟာ လူနေမှု အဆင့်အတန်း အရမ်းနိမ့်ပြီး သန့်ရှင်းမှု အရမ်းနည်းကြတယ်။ သူတို့ဟာ ဆွဲဆောင်မှုလည်း မရှိကြဘူး။ ဒါကြောင့် ဒေသခံ ဗုဒ္ဓဘာသာဝင် ယောကျ်ားတွေ ပဲဖြစ်ဖြစ် စစ်သားတွေက ပဲဖြစ်ဖြစ် သူတို့ကို စိတ်မဝင်စားကြဘူး၊*[အောင်ဝင်း၊ ရခိုင်အမျိုးသား ပါတီ၏ အမတ်၊ ရခိုင် စုံစမ်းစစ်ဆေးရေး ကော်မတီ ဥက္ကဌ၊ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၇ ရက် ဘီဘီစီနှင့် တွေ့ဆုံမေးမြန်းမှုတွင် (ရိုဟင်ဂျာ

[2932] Hmuu Zaw အမည်ဖြင့် ဖေ့ဘုတ်တွင် အကောင့်ရှိသည်။ V-045.

[2933] ၁၅ရာစု ဗုဒ္ဓဘာသာဝင် မှတ်တမ်း မဟာဝံသမှ ကောက်နုတ်ချက် စာသားတစ်ခုကို ၄င်းက အသေးစိတ် ပြန်ပြောခဲ့ပြီး ၄င်းတွင် စစ်ပွဲတွင် လူပေါင်းများစွာကို သတ်ခဲ့မိပြီး နောင်တကြီးစွာ ရနေသည့် ဒုဌာဂါမဏိ ဘုရင်ထံ ဘုန်းကြီးများက လာရောက်ခဲ့သည်။ ထိုတရားသည် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" စတင်ခဲ့ပြီး မကြာခင် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၃၀ ရက်က စစ်တပ် ပရိသတ်များကို ဟောပြောခဲ့ခြင်း ဖြစ်ပြီး ဖေ့စ်ဘုတ်တွင် တိုက်ရိုက် ထုတ်လွှင့် ခဲ့သည်။ https://www.facebook.com/sitagulivedhamma/videos/705111109681007/.

[2934] မြန်မာနိုင်ငံမှ လူ့အခွင့်အရေး အခြေအနေများအပေါ် အထူး အစီရင်ခံစာ တင်သွင်းသူ၊ လူနည်းစု အရေး ကိစ္စများ အပေါ် အထူး အစီရင်ခံစာ တင်သွင်းသူနှင့် ခေတ်ပြိုင် လူမျိုးရေးဝါဒ၊ လူမျိုးရေး ဆိုင်ရာ ခွဲခြား ဆက်ဆံမှုနှင့် နိုင်ငံခြားသားကြောက်ရွံ့မှုနှင့် ဆက်နွယ်သော သဘောထား သေး သိမ်မှုတို့ အပေါ် အထူး အစီရင်ခံစာ တင်သွင်းသူတို့၏ ၂၀၁၅ခုနှစ် ဇူလိုင်လ ၇ရက်၊ အရေးပေါ် လျှောက်ထားချက် ua mmr 7/2015 (https://spcommreports.ohchr.org/TMResultsBase/DownLoadPublicCommunicationFile?gId=20947).

အမျိုးသမီးများ အပေါ် ကြီးမားသော ပမာဏဖြင့် မုဒိမ်းကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ စွပ်စွဲချက်များကို တုန့်ပြန်မှု)[2935]

- *တကယ့် အဖြစ်မှန်မှာ ရိုဟင်ဂျာတွေဟာ "မြန်မာ လူမျိုး"လည်း မဟုတ်သလို မြန်မာနိုင်ငံရဲ့ တိုင်းရင်းသား လူမျိုးလည်း မဟုတ်ကြဘူး။ သူတို့ရဲ့ ဓါတ်ပုံတွေထဲမှာ သူတို့ရဲ့ အသားအရေတွေက "မည်း"တာကို ခင်ဗျားတို့ တွေ့ရလိမ့်မယ်။ မြန်မာ လူမျိုးတွေရဲ့ အသားအရေက လတ်ပြီး နူးညံ့တယ် ကြည့်လို့လည်း ကောင်းတယ်။ ကျွန်တော့်ရဲ့ အသားအရေက မြန်မာ အမျိုးသား အစစ်တွေရဲ့ ထုံးစံပဲ၊ ခင်ဗျားရဲ့ လုပ်ဖော်ကိုင်ဖက် မစ္စတာရဲပဲဟာ ဘယ်လောက် ချောမောတယ်ဆိုတာ လက်ခံလိမ့်မယ်။ အဲဒါက ခင်ဗျားတို့ သတင်းစာတွေထဲမှာ ဖတ်နေရတွေနဲ့ အရမ်း ကွာခြားတယ်။* (သူတို့က ဘီလူးတွေလိုပဲ ရုပ်ဆိုးတယ်) [ရဲမြင့်အောင် ဟောင်ကောင်နှင့် မကာအို အတွက် မြန်မာ ကောင်စစ်ဝန်၊ (နောက်ပိုင်းတွင် ဂျီနီဗာ၌ မြန်မာနိုင်ငံ ဆိုင်ရာ ကုလသမဂ္ဂ သံအမတ်ကြီး အဖြစ် ရာထူးတိုးမြှင့် ခံခဲ့ရသည်။) ၂၀၀၉ခုနှစ် ဖေဖော်ဝါရီလ ၉ရက် ဟောင်ကောင်နှင့် မကာအို ကောင်စစ်ဝန်ချုပ်သို့ ပေးစာမှ][2936]

- *အမှန်တကယ်တော့ အစွန်းရောက် သမားတွေ၊ အကြမ်းဖက် သမားတွေ၊ အစွန်းရောက်-အခွင့်အရေး သမားတွေနဲ့ ကြမ်းကြုတ်တဲ့ ရာဇဝတ်သား တွေဟာ သူတို့ရဲ့ အနံ့ဆိုးတွေ အတွက်နဲ့ ကျွန်တော်တို့ရဲ့ သွေးကို စုပ်တဲ့အတွက် ကျွန်တော်တို့ အင်မတန် စက်ဆုပ် ရွံရှာတဲ့ ဂျပိုး တွေလိုပဲ။ အဲ့ဒီ လူဂျပိုးတွေဟာ လူတွေကို သတ်ဖြတ်ခြင်းနဲ့ တခြားသူတွေရဲ့ အချုပ်အခြာ အာဏာကို နှောင့်ယှက်ခြင်းတွေနဲ့ ကျွန်တော်တို့ ကမ္ဘာကြီးကို ဖျက်စီးနေကြတယ်။ အဲ့လိုပဲ ကျွန်တော်တို့ တိုင်းပြည်ဟာလည်း အဲ့ဒီ လူဂျပိုးတွေရဲ့ အန္တရာယ်ကို ရင်ဆိုင်နေရတယ်။ ဂျပိုးတွေက လေဆင်နှာမောင်း မလုပ်နိုင်ဘူး။ ဒါပေမယ့် သူတို့တွေက သူတို့ရဲ့ အင်အားကို စုစည်းဖို့ တစ်ယောက်နဲ့ တစ်ယောက် ပေါင်းဖို့ ကြိုးစားနေတယ်။ ပြီးတော့ ကျွန်တော်တို့ရဲ့ စည်းလုံး ညီညွတ်မှုနဲ့ အင်အားကို နည်းလမ်း အများကြီးနဲ့ လက်နက်ကိုင် တိုက်ခိုက်မှုတွေ ဆင်နွှဲပြီး ဖြိုခွဲဖို့ ကြိုးစားနေကြတယ်။ ဒီရန်သူကို ကျွန်တော်တို့ လျှော့မတွက် သင့်ဘူး။ အခုလို အဖျက်သမားတွေ ပတ်လည်ဝိုင်းနေတုန် တိုင်းပြည်က ဖက်ဒရယ် ဒီမိုကရေစီ နိုင်ငံတော် တစ်ခုစီ ချီတက်နေတဲ့ အချိန်မှာ၊ ကျွန်တော်တို့တွေ စက်ဆုပ် မုန်းတီးစရာကောင်းတဲ့ လူဂျပိုးတွေရဲ့ အန္တရာယ်ကို သတိပြုကြဖို့လိုတယ်။* [၂၀၁၆ခုနှစ် နိုဝင်ဘာလ ၂၆ရက် မြန်မာ့အလင်း အစိုးရသတင်းစာတွင် ဖော်ပြခဲ့သည့် အတွေးအမြင် ကဏ္ဍမှ][2937]

- *ဒီနေ့ဒီအချိန်မှာ ဘင်္ဂါလီအရေးနဲ့ပတ်သက်ရင် ပြည်ထောင်စု အစိုးရနဲ့ ပြည်သူတွေ ပြတ်ပြတ်သားသား ရပ်တည်ချက်တစ်ခု စုပေါင်းပြီး ရှိသင့်နေပြီ။ ကျွန်တော်တို့ အချိန်ဖြုန်းမနေနိုင်တော့ဘူး။ ကျွန်တော်တို့မှာ ကိုယ်ပိုင် အချုပ်အခြာ အာဏာရှိနေသရွေ့ ဘယ်ဖိအားမှ ကျွန်တော်တို့ ဂရုစိုက်စရာ မလိုဘူး။ ရှေ့မျိုးဆက်တွေဆီက အမွေရခဲ့တဲ့*

---

[2935] J. Fisher, "မွတ်စလင်အရပ်သားများအား မြန်မာ့တပ်မတော်မှ သတ်ဖြတ်'" (BBC News, ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့).

[2936] စာမိတ္တူ မစ်ရှင်ထံတွင် ဖိုင်ရှိသည်။; V-046.

[2937] Khin Maung Oo, "ခွေးလေးခုန်လို့ ဖုန်မထဘူး၊ ဒါပေမယ့်" (The Global New Light of Myanmar, ၂၀၁၆ နိုဝင်ဘာ ၁၆ ရက်နေ့)

*ဒီပြဿနာတွေကို ကျွန်တော်တို့ သတ္တိရှိရှိ မရှင်းရင် သမိုင်းမှာ ကျွန်တော်တို့ဟာ သူရဲဘောကြောင်သူတွေ အဖြစ် ကျန်ခဲ့လိမ့်မယ်။ ကျွန်တော်တို့ ပြည်သူတွေအတွက် ဗုဒ္ဓဘာသာကို ထိန်းသိမ်းဖို့အတွက် ကျွန်တော်တို့ရဲ့ ယဉ်ကျေးမှုကို ကာကွယ် စောင့်ရှောက်ဖို့အတွက် ဒီအချိန်ဟာ စတေးပေးဆပ်ရမယ့် အချိန်ပဲ။ ဟစ်တလာနဲ့ အိုက်ခ်မန်းဟာ ဂျူးတွေအတွက် မဟာရန်သူကြီးတွေ ဖြစ်ခဲ့ပေမယ့် သူတို့တွေဟာ ဂျာမန်တွေ အတွက်တော့ သူရဲကောင်းတွေ ဖြစ်နေခဲ့နိုင်တယ်။ အမေရိကားဟာ ဟီရိုရှီးမားနဲ့ နာဂါဆာကီကို အနုမြူဗုံး ကျဲချခဲ့တယ်။ ဘာကြောင့်လဲ လူမျိုးတစ်မျိုး တိုင်းပြည်တစ်ပြည်နဲ့ အချုပ်အခြာ အာဏာ တစ်ခုကို ထိန်းသိမ်းဖို့ လူသားမဆန်တဲ့ လုပ်ရပ်တွေကို တခါတရံ ခွင့်ပြုနိုင်တယ် ဆိုရင် ရခိုင် လူမျိုးနဲ့ ပြည်ထောင်စု မြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာနဲ့ အရှည်တည်တံ့မှုကို ထိန်းသိမ်းဖို့ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေဟာ လူမဆန်ဘူးလို့ တံဆိပ်ကပ် မခံရနိုင်ဘူး။* [ရခိုင် အမျိုးသားများ တိုးတက်ရေး ပါတီ (RNDP) မဂ္ဂဇင်း "တိုးတက်ရေး"မှ အယ်ဒီတာ့ အာဘော် ၂၀၁၂ခုနှစ် နိုဝင်ဘာလ][2938]

• *အမှန်တရားရဲ့ အချက်အလက် တစ်ခုအနေနဲ့ ရခိုင် မြောက်ပိုင်းက အရေးကိစ္စတွေဟာ လူမျိုးရေး ဘာသာရေး ပဋိပက္ခ အဖြစ် မယူဆဘူး။ ဒါဟာ မြန်မာနိုင်ငံရဲ့ အချုပ်အခြာ အာဏာကို ထိပါးမှုတွေနဲ့ မြန်မာနိုင်ငံရဲ့ ပိုင်နက်မြေကို ကျူးကျော်မှုတွေရဲ့ အရေးကိစ္စ သက်သက်ပဲ ဖြစ်တယ်။ တပြိုက်နက်တည်းမှာပဲ ရခိုင် အမျိုးသားတွေဟာ အခြား ဘာသာတရားတွေကို ကိုးကွယ် ယုံကြည်ကြတဲ့ နိုင်ငံခြားသားတွေ အပေါ် ရန်လိုနေကြတဲ့ သူတွေ မဟုတ်ဘူး။ သူတို့တွေဟာ ကမာန် အစ္စလာမ်တွေနဲ့ အတူနေခဲ့ကြတာ နှစ်ပေါင်းများစွာပဲ။ အစိုးရဟာ သူ့ပြည်သူတွေရဲ့ အသက်တွေ ဘဝတွေ စည်းစိမ် ဥစ္စာတွေကို ခြိမ်းခြောက်နေပြီး၊ ဥပဒေ ချိုးဖောက်နေတဲ့ မတည်ငြိမ်မှုတွေကို ဖြစ်ပေါ်စေတဲ့ တိုင်းပြည်ရဲ့ အချုပ်အခြာ အာဏာကို ထိပါးနေတဲ့ မည်သည့် ပြဿနာကို မဆို ဖြေရှင်းဖို့ တာဝန်ရှိတယ်။ တနည်းပြောရရင် ဆူးဆိုတာ စစူးတဲ့ အချိန်မှာ နုတ်ပစ်ရတယ်။*[၂၀၁၆ ခုနှစ် အောက်တိုဘာလ ၃၁ ရက် မြန်မာ့အလင်း အစိုးရ သတင်းစာတွင် ဖော်ပြခဲ့သည့် အတွေးအမြင် ကဏ္ဍမှ][2939]

• *ဦးဝီရသူရဲ့ တရားပွဲတွေဟာ ဘာသာတရားတွေ အကြားမှာ ချစ်ခြင်းမေတ္တာနဲ့ နားလည်မှုကို မြှင့်တင်ပေးနေတဲ့ အကြောင်းအရာတွေပါ။ သူက ဘာသာရေး အကြမ်းဖက်မှုတွေကို လှုံ့ဆော်ပေးနေတယ် ဆိုတာ မဖြစ်နိုင်ပါဘူး။* [ဆန်းဆင့် USDP သာသနာရေး ဝန်ကြီး၊ ၂၀၁၃ ခုနှစ် ဇွန်လအတွင်း ရိုက်တာနှင့် တွေ့ဆုံ မေးမြန်းမှုတွင်][2940]

---

[2938] မဂ္ဂဇင်းမိတ္တူ မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

[2939] Khin Maung Oo, "*ဆူးဆိုတာ စစူးတဲ့ အချိန်မှာ နုတ်ပစ်ရတယ်*" (The Global New Light of Myanmar, ၂၀၁၆ အောက်တိုဘာ ၃၁).

[2940] A. Marshall, "အထူးအစီရင်ခံချက်: မွတ်စလင်ဆန့်ကျင်သော သံဃာများအား မြန်မာမှ တရားဝင် ချီးမြှောက်မှုပေး" (Reuters, ၂၀၁၃ ဇွန် ၂၇).

• *ဒါက ဘယ်လိုလုပ်ပြီး လူမျိုးသန့်စင်ရေး ဖြစ်နိုင်မှာလဲ/ သူတို့က တိုင်းရင်းသား လူမျိုးမှ မဟုတ်တာ။* [ဝင်းမြိုင်၊ ရခိုင်ပြည်နယ် အစိုးရ ပြောခွင့်ရပုဂ္ဂိုလ်။ ၂၀၁၃ခုနှစ် မေလ ရိုက်တာနှင့် တွေ့ဆုံမေးမြန်းမှုမှ][2941]

၁၃၂၉။ အစိုးရနှင့် လုံခြုံရေးကဏ္ဍ အရာရှိများနှင့် တရားဝင်အခြေအနေတွင်ရှိသော လူများ၏ ထုတ်ပြန်ကြေညာမှုများနှင့် ဆက်သွယ်ပြောကြားမှုများကို စနစ်တကျ လေ့လာဆန်းစစ်မှု တစ်ခုက ဖော်ပြနေသည်မှာ- ၄င်းတို့သည် သွေးထိုးလှုံ့ဆော်မှု နည်းပါးသော အပြောအဆိုများကို အများအားဖြင့် အသုံးပြုခဲ့ကြသော်လည်း ၄င်းတို့သည် မဘသနှင့် အခြားသူများက ထောက်ခံအားပေးထားသော ဇာတ်ကြောင်း တစ်ခုတည်းကိုပင် ထင်ဟပ်စေပြီး မြှင့်တင်ပေးခဲ့ကြခြင်း ဖြစ်သည်။ မစ်ရှင်အဖွဲ့အနေဖြင့် ၂၀၁၇ ခုနှစ် ဩဂုတ်လ ရခိုင်ပြည်နယ်တွင်း ဖြစ်ရပ်များ နောက်ပိုင်း လများတွင် အစိုးရ၏ အဓိကကျသော အဖွဲ့အစည်းများမှ ထုတ်ပြန်ခဲ့သော ဆက်သွယ် ပြောကြားမှုများကို အသေးစိတ် စူးစမ်းစစ်ဆေးမှု တစ်ခု ပြုလုပ်ဆောင်ရွက် ခဲ့သည်။ ၄င်းတို့တွင် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ရုံး တရားဝင် ဖေ့စ်ဘုတ်ခ် စာမျက်နှာ (အားပေးသူ ၂.၉ သန်း)၊ နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်ရုံး သတင်းထုတ်ပြန်ရေး ကော်မတီ ဖေ့စ်ဘုတ် စာမျက်နှာ ( အားပေးသူ ၄ သိန်းနီးပါး)၊ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဖေ့စ်ဘုတ်ခ် စာမျက်နှာ (အားပေးသူ ၁.၄သန်း)နှင့် ပြန်ကြားရေး ဝန်ကြီးဌာန တရားဝင် ဖေ့စ်ဘုတ်ခ် စာမျက်နှာ (အားပေးသူ ၁.၃သန်း) တို့ပါဝင်သည်။[2942]

၁၃၃၀။ မစ်ရှင် အဖွဲ့၏ ပထမဆုံး တွေ့ရှိချက်မှာ အစိုးရက "ရိုဟင်ဂျာ"ဟူသည့် အခေါ်အဝေါ်ကို ရှောင်ရှားရန် ခက်ခဲပင်ပန်းစွာ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရိုဟင်ဂျာ မရှိဆိုသည့် ဇာတ်ကြောင်းကို အဆက်မပြတ် တက်ကြွစွာ အကြိမ်ကြိမ် ပေးပို့ ဖြန့်ချီထားသည်။ ဥပမာ အားဖြင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၁ ရက် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြောကြားခဲ့သည်မှာ " ဒါကြောင့် တို့နိုင်ငံမှာ ရိုဟင်ဂျာ လူမျိုး မရှိဘူးဆိုတာ ရှင်းရှင်းလင်းလင်းပဲ ထုတ်ပြောရမယ်"[2943] ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ၏ သမိုင်းသည် မဟုတ်မှန်ကြောင်း ငြင်းဆိုခံထားရပြီး ထိုကဲ့သို့ အလွယ်တကူ ပြောဆိုသော ထုတ်ပြန် ပြောဆိုမှုများက ကွဲပြားချက်များ ရှိသော သမိုင်းဆိုင်ရာ အမြင်ရှုထောင့်များ တစ်ခုကို ပံ့ပိုးမှုမရှိပဲ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံနှင့် သက်ဆိုင်မှု မရှိဆိုသည့် ဇာတ်ကြောင်းကိုသာ ပြောဆိုနေခဲ့ကြသည်ကို မစ်ရှင်အဖွဲ့အနေဖြင့် သတိပြုမိခဲ့သည်။ ၄င်းသည် ရိုဟင်ဂျာများ၏ ကိုယ်ပိုင် ပြဌာန်းခွင့်ကို ငြင်းပယ်ထားပြီး ၄င်းတို့အား ကဲ့ရဲ့ပြစ်တင်ခြင်းနှင့် ဘေးသို့ ဖယ်ထုတ်ထားခြင်း တို့ကို အားဖြည့်ပေးခဲ့သည်။ ထို့ပြင် ရိုဟင်ဂျာများသည် အခြားတိုင်းပြည်မှ လူမှု အသိုက်အဝန်းများ ဖြစ်သောကြောင့် တပ်မတော်သည် ရိုဟင်ဂျာများကို ကာကွယ်ရန် မလိုဟု ကာကွယ်ရေး ဦးစီးချုပ်

2941 J. Szep, "အထူးအစီရင်ခံချက်: မြန်မာပြည်တွင် မွတ်စလင်လူနည်းစုအပေါ် အသားရောင်ခွဲခြားသည့် နည်းနာကျင့်သုံး" (Reuters, ၂၀၁၃ မေ ၁၅).

2942 ကာကွယ်ရေး ဦးစီးချုပ်ရုံး ဖေ့စ်ဘုတ်ခ် စာမျက်နှာနှင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ တရားဝင် ဖေ့စ်ဘုတ်ခ် စာမျက်နှာတို့မှာ ၂၀၁၈ခုနှစ် ဩဂုတ်လ ၂၇ရက်တွင် ဖေ့စ်ဘုတ်ခ်မှ ပိတ်သိမ်းခြင်းကို ခံခဲ့ရသည်။ (Facebook Newsroom, "မြန်မာတပ်မတော်စစ်အရာရှိများအား ဖေ့ဘုတ်မှ ဖယ်ရှားခြင်",

2943 ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တိုက်ရိုက်ကျပြီး နက်နက်ရှိုင်းရှိုင်း မှားယွင်းသော နောက်ဆက်တွဲအဖြစ် ၎င်း၏ ကိုယ်ပိုင်ထုတ်ဖော်ပြောကြားချက်မှ ထုတ်ယူပြောကြားခဲ့သည်။ ဆက်နွယ်ပတ်သက်သော နောက်ဆက်တွဲတစ်ခုမှာ တပ်မတော်သည် ရိုဟင်ဂျာများမှ အပ မြန်မာလူထု၏ အခြားသော အစိတ်အပိုင်းများကို ကာကွယ်ရမည် ဟုဖြစ်သည်။ ဥပမာအားဖြင့် ဤအချက်သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၆ ရက်က ပို့စ်တစ်ခုတွင် သရုပ်ဖော်ပြထားခဲ့သည်။ "ဗိုလ်ချုပ်မှူးကြီးမှ ပြောကြားခဲ့သည့် အဆိုပါ ပထမဆုံး မှတ်သားရန်မှာ ဘင်္ဂါလီများသည် မြန်မာ တိုင်းရင်းသား လူမျိုးများ မဟုတ်ကြောင်း- ထို့ကြောင့် တပ်မတော် အနေဖြင့် ဒေသခံ ပြည်သူများအတွက် လုံခြုံရေး အစီအမံများ ဆောင်ရွက်ရန် လိုအပ်ကြောင်း"နှင့် "ဘင်္ဂါလီများသည် မြန်မာနိုင်ငံမှ တိုင်းရင်းသားလူမျိုးများ မဟုတ်" ရိုဟင်ဂျာများသည် မြန်မာ တိုင်းရင်းသားလူမျိုးများ၏ စာရင်းတွင် ထည့်သွင်းမထားပေ။- တပ်မတော်သည် ၎င်းဘက်မှ တိုင်းရင်းသားလူမျိုးများ၏ လုံခြုံရေးနှင့် အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် ဦးစားပေး ဆောင်ရွက်နေစဉ်တွင် မြန်မာနိုင်ငံတွင် အခြေချ နေထိုင်သော နိုင်ငံသားများ ကိုလည်း ကာကွယ်နေသည်။"[2944] ထိုသို့သော ထုတ်ဖော် ပြောကြားချက် များသည် မြန်မာ လုံခြုံရေး တပ်ဖွဲ့များ၏ အခန်းကဏ္ဍကို စိုးရိမ်ထိတ်လန့်ဖွယ်ရာ ကောင်းစွာ ခွဲခြားဆက်ဆံနေသော သိနားလည်မှုနှင့် နိုင်ငံတကာလူ့အခွင့်ရေး ဥပဒေ၏ အခြေခံမူ တစ်ခုဖြစ်သော ခွဲခြားဆက်ဆံမှု မရှိခြင်းနှင့် တန်းတူညီမျှ ကာကွယ်စောင့်ရှောက်မှုကို ပြောင်ပြောင် တင်းတင်း ကျူးလွန်သော လျစ်လျူရှုမှု တစ်ခုကို ဖော်ထုတ် ပြနေသည်။

၁၃၃၁။ မြန်မာ ("တိုင်းရင်းသား လူမျိုးများ") တွင် သက်ဆိုင်ပါဝင်သော အုပ်စုများနှင့် အခြားသူများ အကြား ခွဲခြားမှုသည် မြန်မာအာဏာပိုင်များက နစ်နာခံစားရသူများနှင့် အကြမ်းဖက်မှု များမှ ထိခိုက်ခံစားခဲ့ရသော အရပ်သားများကို ရည်ညွှန်းဖော်ပြသည့် နည်းလမ်းကို အကြောင်းပြု၍လည်း ဖြစ်ပေါ်ခဲ့သည်။ ပထမအနေဖြင့် ရိုဟင်ဂျာ (သို့မဟုတ် "ဘင်္ဂါလီ") ဆိုသည့် အလားအလာရှိသော နစ်နာခံစားရသူများအဖြစ် ရည်ညွှန်းဖော်ပြချက်ကို မစ်ရှင် အဖွဲ့အနေဖြင့် မတွေ့ရသလောက်ပင် ဖြစ်သည်။ အင်းဒင်ကျေးရွာမှ အစုလိုက် အပြုံလိုက် သင်္ချိုင်းမြေတွင်း တစ်ခုတွင် တွေ့ခဲ့ရသည့် အမျိုးသား ၁၀ ဦး၏ တရားစီရင်မှုမရှိပဲ သတ်ဖြတ်ခံရမှုကို တပ်မတော်က အတည်ပြုခဲ့ချိန်တွင်ပင် နစ်နာခံစားရသူများကို "ဘင်္ဂါလီ အကြမ်းဖက်သမားများ"[2945]ဟု ရည်ညွှန်းဖော်ပြခဲ့ကြသည်။ အကြမ်းဖက်မှုများကြောင့် ဘင်္ဂလားဒေ့ရှ်သို့ ထွက်ပြေး သွားခဲ့ကြသော ရိုဟင်ဂျာ ၇၀၀၀၀၀ ကျော်နှင့် ၎င်းတို့၏ ဒုက္ခခံစားရမှုများမှာလည်း အလွန်ရှားပါးစွာ ဖော်ပြ (သို့မဟုတ်) အသိအမှတ်ပြုခံခဲ့ရသည်။ ၎င်းတို့မှာ "တစ်ဘက်နိုင်ငံသို့ ထွက်ပြေးသွားကြသူများ" ဆိုသည့် နားမလည်နိုင်စရာ ရှုပ်ထွေးသောစကားစုဖြင့် ဖော်ပြခံခဲ့ကြရသည်။"[2946] အမှန်တကယ်တွင် နစ်နာခံစားရသူ ရိုဟင်ဂျာများမှာ မကြာခဏပင် ကျူးလွန်သူများနှင့် "အကြမ်းဖက်သမားများ" အဖြစ် တစ်စုတစ်ပေါင်းတည်း ပုံဖော်ခံကြရသည်။ (အောက်တွင် ကြည့်ပါ) ဆန့်ကျင်ဘက်တွင်

---

[2944] ရိုဟင်ဂျာများသည် "မြန်မာပြည်၏ နိုင်ငံသားများ"မဟုတ်ပါ ဆိုသည်ကို မှတ်ယူထားသည်။ ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

[2945] ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

[2946] ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

အခြား တိုင်းရင်းသား လူမျိုးအုပ်စုများနှင့် ဘာသာရေး အုပ်စုများမှ (ရခိုင်၊ ဟိန္ဒူနှင့် မြိုတို့ အပါအဝင်) နစ်နာခံစားရသူများသည် တွေ့ဆုံမေးမြန်းမှုများ၊ ဗွီဒီယိုများနှင့် ဓါတ်ပုံများမှ တဆင့် အကြိမ်များစွာ အလေးပေးဖော်ပြမှုနှင့် စာနာအလေးထားမှု ပြုခံကြရပြီး ယင်းက အဆိုပါ နစ်နာခံစားရသူများအတွက် လူမှုကွန်ရက် မီဒီယာများတွင် စာနာကရုဏာထားမှုများအနှံ့အပြားဖြစ်သော ထုတ်ဖော်ပြောဆိုမှုများကို ဖြစ်ပေါ်စေ ခဲ့သည်။[2947]

၁၃၃၂။ မြန်မာ အာဏာပိုင်များက ဟိန္ဒူ အမျိုးသမီး ၈ ဦး ဘင်္ဂလားဒေ့ရှ်မှ မြန်မာနိုင်ငံသို့ ပြန်လည် ရောက်ရှိလာမှုကို တင်ဆက် ပြောကြားမှုများတွင် သာဓကအားဖြင့် ရိုဟင်ဂျာများနှင့် ဆန့်ကျင်စွာ သိသာထင်ရှားသော ဘက်လိုက်မှုကို ဖော်ပြခဲ့သည်။ အဆိုပါအမျိုးသမီးများ အကြောင်း ဓါတ်ပုံများ၊ ဗွီဒီယိုများ၊ တွေ့ဆုံမေးမြန်းမှုများနှင့် ဇာတ်လမ်းများကို တရားဝင် အကောင့်များ အားလုံးဖြင့် မြှင့်တင်ပေးခဲ့ပြီး မျှဝေခဲ့ကြသည်။ ထိုအမျိုးသမီးများသည် ၄င်းတို့၏ ခင်ပွန်းများအား အာဆာက သတ်ဖြတ်ခြင်းကို ခံခဲ့ကြပြီး ၄င်းတို့မှာ ပြန်ပေးဆွဲ ဖမ်းဆီးခံရကာ အစ္စလာမ်သို့ ကူးပြောင်းရန် (သို့မဟုတ်) အသတ်ခံရမည်ဟု ပြောကြားခံခဲ့ရသည်ဟု စွပ်စွဲ ပြောဆို ထားကြသည်။ အဆိုပါ ထွက်ချက်များကို အမှန်တကယ် ဖြစ်သင့်သည်ထက် ပို၍ လက်ခံထားသလို[2948] အခြားသော စွပ်စွဲချက်များနှင့် ပြင်းထန်သော ဖြစ်ပွားမှုများအပေါ် အလေးထား ဖော်ပြမှု (သို့မဟုတ်) အသိအမှတ်ပြုမှု မရရှိသည့် နောက်ခံ အခင်းအကျင်းတစ်ခုရှိနေချိန်တွင် အထက်ပါ အဆိုဖြစ်ပွားမှုတစ်ခုကို အလွန်အမင်း အာရုံစူးစိုက်မှုက အစ္စလာမ် ဘာသာကို ကြမ်းကြုတ်သော ဘာသာတရား တစ်ခုအဖြစ်နှင့် ရိုဟင်ဂျာများကို မြန်မာနိုင်ငံအား အစ္စလာမ်သို့ သွတ်သွင်းရန် ကြိုးပမ်းနေသူများ အဖြစ် ပုံဖော်ရန် ရည်ရွယ်ချက်ကို အလုပ်အကျွေးပြုနေပေသည်။ ဟိန္ဒူ အမျိုးသမီးများနှင့် တွေ့ဆုံမေးမြန်းမှုများကို ဖော်ပြထားသော ဗွီဒီယို တစ်ခုကို ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ဖေ့စ်ဘုတ်ခ် စာမျက်နှာတွင် တင်ထားပြီး စာတန်း ထိုးထားသည်မှာ- " ဘင်္ဂါလီများမှ ဟိန္ဒူများကို အစုလိုက် အပြုံလိုက် သတ်ဖြတ်ခံရမှုမှ အသက်မသေဘဲ လွတ်မြောက်လာကြသူများ၏ အသံများ"[2949] ဟုဖြစ်သည်။ ဗွီဒီယိုအောက်မှ မှတ်ချက်များတွင် ပါဝင်သည်မှာ- "အားတင်းထား ငါ့ညီမ အဲ့ဒီ မကောင်းဆိုးဝါး

---

[2947] ဟိန္ဒူနစ်နာခံစားရသူများအပေါ် သတင်းတင်ပြမှုကို ဥပမာအားဖြင့် သတင်းပြန်ကြားရေးကော်မတီမှ ပို့စ်များ "ရွာများမှထွက်ပြေးလာသာဟိန္ဒူများဖြင့် တွေ့ဆုံမေးမြန်းခြင်း" ၂၀၁၇ စက်တင်ဘာလ ၁ ရက်နေ့ (https://www.facebook.com/InfomationCommittee/posts/788602791312829) နှင့် "အာဆာအကြမ်းဖက်သောင်းကျန်းသူများမှ သတ်ဖြတ်လိုက်သော သူများ၏ ကျန်ရစ်သူမိသားစုများ၏ စကားများ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၂၇ ရက်နေ့ (https://www.facebook.com/InfomationCommittee/posts/807089859464122) အလားတူ ဖေ့ဘုတ်တွင် မရှိတော့သော ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ပို့စ်များ၊ မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။ မြိုများအပေါ် သတင်းတင်ပြမှုအဖြစ် ဥပမာ သတင်းပြန်ကြားရေးကော်မတီ၏ "အာဆာအစွန်းရောက် အကြမ်းဖက်သမားများ အိမ်များကို ဆက်လက်မီးရှို့နေခြင်း" ၂၀၁၇ ဩဂုတ်လ ၃၀ ရက်နေ့ (https://www.facebook.com/InfomationCommittee/posts/788328661340242).

[2948] အခန်း ၅ ဃဃ (၃) တွင်ကြည့်ပါ။ အာရကန် ရိုဟင်ဂျာ ကယ်တင်ရေး တပ်မတော်(ARSA)

[2949] ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

ဘာသာရဲ့ လူမဆန်တဲ့ နောက်လိုက်တွေဟာ ငါတို့မြေပေါ်ကနေ တစ်နေ့ ပျောက်ကွယ်သွားလိမ့်မယ်” “အဲ့ဒီခွေးကုလားတွေ အကုန်သတ်ပစ် မအေလိုး ချီး-ရှိ တိရိစ္ဆာန်တွေ”[2950]

၁၃၃၃။ မြန်မာ အာဏာပိုင်များသည် ရိုဟင်ဂျာ အမှတ်လက္ခဏာကို အကြမ်းဖက်မှုနှင့် တက်တက်ကြွကြွ တွဲဖက်ခဲ့ကြသည်။ ရိုဟင်ဂျာများသည် ထုံးစံအားဖြင့် အကြမ်းဖက်သမားများအဖြစ် (သို့မဟုတ်) အကြမ်းဖက်သမားဟု သံသယ ရှိခံရသူများ အဖြစ်သာ ရည်ညွှန်းဖော်ပြ ခံကြရပြီး မကြာခဏပင် အုပ်စုတစ်ခုလုံးသည် အကြမ်းဖက်သမားများ (သို့မဟုတ်) ကြမ်းကြုတ်သော စရိုက်သဘာဝရှိသူများဟု သိမ်းကျုံးထားသော စကားစုများတွင် သွယ်ဝိုက် ညွှန်းဆိုခံကြရသည်။ ထိုဇာတ်ကြောင်းသည် အာဆာအဖွဲ့၏ ပေါ်ပေါက်လာမှုထက် ရှေ့ကျသည်။ ဥပမာအားဖြင့် တပ်မတော်မှ ထုတ်ဝေသော သတင်းစာ တစ်စောင်ဖြစ်သည့် မြဝတီနေ့စဉ် ၂၀၁၆ ခုနှစ် မေလ ၂၃ ရက်ထုတ်တွင် ဆောင်းပါး တစ်ပုဒ်က ဖော်ပြသည်မှာ “ခေတ်အဆက်ဆက် တလျှောက်လုံး ရခိုင်ပြည်နယ်တွင် လူမျိုးရေးနှင့် ဘာသာရေး ပဋိပက္ခအချို့ ‘ခိုးဝင် ဘင်္ဂါလီများ ကြောင့်ပင်’ ဖြစ်ပွားခဲ့ ကြသည်။ [တိုင်းပြည်တွင်းသို့ ခိုး၍ ဝင်ရောက် လာသော ဘင်္ဂါလီများ] လူမျိုးရေး တိုက်ခိုက်မှုသည် ရခိုင်ပြည်နယ်အတွင်း ၂၀၁၂ခုနှစ်တွင် ထပ်မံဖြစ်ပွားခဲ့ပြီး နိုင်ငံသား မဟုတ်သည့်‘ခိုးဝင် ဘင်္ဂါလီများ’နှင့် တိုင်းရင်းသား လူမျိုးပြည်သူများ အကြားတွင် ဖြစ်သည်။ ထိုတိုက်ခိုက်မှုသည် ဘာသာရေး ပဋိပက္ခအဖြစ် ပုံဖျက်ထားခဲ့သည်။”[2951] အဆိုပါ ဆောင်းပါး တစ်ခုတည်း၏ ကောက်နုတ်ချက် အပိုဒ်တွင် ဆောင်းပါးရှင်က “အနောက်တံခါး အရေးသည် မြန်မာနိုင်ငံသား အားလုံး၏ အရေးဖြစ်သည်”ဟု ဆိုထားခဲ့သည်။

၁၃၃၄။ ရိုဟင်ဂျာ လူထုတစ်ခုလုံးကို “အကြမ်းဖက်သမားများ” အဖြစ်နှင့် မူလကတည်းက ကြမ်းကြုတ်သောသူများအဖြစ် ပုံဖော်ထားသော ဇာတ်ကြောင်းသည် အာဆာ တိုက်ခိုက်မှုများ၏ နောက်ဆက်တွဲတွင် အားဖြည့်ပေးခဲ့သည်။ ရခိုင်ပြည်နယ်မှ အရေးအခင်းကို ဆွေးနွေးချိန်တွင် တပ်မတော်သည် ယေဘုယျ အားဖြင့် “အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက် သမားများ”နှင့် “အာဆာ အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက် သမားများ” ဟု တလှည့်စီ ဖော်ပြလေ့ရှိပြီး တခါတရံ ဘင်္ဂါလီဟုသာ ဖော်ပြသည်။ “ဘင်္ဂါလီ”ဆိုသည့် စကားလုံးကို စနစ်တကျ ထည့်သွင်း ထားသည်ကို သတိပြု မှတ်သားရန် အရေးကြီးသည်။ တိုင်းပြည် အတွင်းရှိ အခြားသော သောင်းကျန်းမှုများ (သို့မဟုတ်) လက်နက်ကိုင် ပဋိပက္ခများနှင့် ပတ်သက်လျှင် စစ်တပ်သည် ၎င်း၏ ဆန့်ကျင်ဘက် (သို့မဟုတ်) ကျူးလွန်သူဟု စွပ်စွဲထားသူကို ဖော်ပြရာတွင် တိုင်းရင်းသားလူမျိုး ဆက်နွယ်မှုကို မည်သည့် အခါမျှ ထည့်သွင်းခြင်း မရှိပေ။ ဥပမာအားဖြင့် ကချင် လွတ်မြောက်ရေးတပ်နှင့် ပတ်သက်၍ “ကေအိုင်အေ သောင်းကျန်းသူ” သို့မဟုတ် “ကေအိုင်အေ အကြမ်းဖက် သမားများ”ဟူ ဖော်ပြပြီး “ကချင် သောင်းကျန်းသူများ” သို့မဟုတ် “အစွန်းရောက် ကချင် အကြမ်းဖက် သမားများ”ဟု မဟုတ်ပေ။ အလားတူပင် ရခိုင့်တပ်မတော် အတွက် “အစွန်းရောက် ရခိုင် အကြမ်းဖက် သမားများ”ဟု မဟုတ်ဘဲ “အေအေ သောင်းကျန်းသူများ” သို့မဟုတ် “အေအေ

[2950] ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။
[2951] No. 35, Vol. 6 of Myawady Daily: http://www.myawady.net.mm/index.php/download/category/35-%E1%81%85-%E1%81%82%E1%81%80%E1%81%81%E1%81%86?download=702:2352016&start=20, p. 13.

အကြမ်းဖက် သမားများ”ဟုသာ ဖော်ပြသည်။ သတိပြုမိလောက်အောင် ထင်ရှားသည်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နောက်ပိုင်း ပထမ ရက်အနည်းငယ်တွင် နိုင်ငံတော်၏အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ရုံး (သတင်းထုတ်ပြန်ရေး ကော်မတီ)နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး တရားဝင် ဖေ့စ်ဘုတ်ခ် စာမျက်နှာများတွင် “အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက် သမားများ”ဟု သုံးစွဲခဲ့ပြီး နောက်နေ့များတွင် ရှေ့ဆက်ပုဒ် အာဆာကို ထည့်သွင်းကာ “အာဆာ အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက် သမားများ”ဟု သုံးစွဲခဲ့သည်။[2952] ထိုဇာတ်ကြောင်းကို “သွေးဆာနေသော ဘင်္ဂါလီ အကြမ်းဖက် သမားများ”[2953] နှင့် ဖမ်းဆီးရမိသော “အကြမ်းဖက် သမားများ”၏ ပုံများကို တင်ခြင်း တို့ကဲ့သို့သော အာဏာပိုင်များ၏ ခံစားချက်ပြင်း၍ ခွဲခြားသော အပြောအဆိုများဖြင့် ပို၍ လောင်စာ ဖြည့်ပေးခဲ့သည်။[2954]

၁၃၃၅။ ရိုဟင်ဂျာများအား ရည်ညွှန်းနေမှုတွင် ယေဘုယျဖြစ်နေသော ထုတ်ပြန်ချက်များ နှင့် အာဆာတပ်စုများနှင့် အရပ်သားများ အကြား လျော့ကန်သော ခွဲခြားမှု ပြုလုပ်ရန် ပေါ့လွှင့်လှသည့် စိတ်ဝင်စားမှု ထင်ထင်ရှားရှား ကင်းမဲ့နေခြင်းဆီသို့ အဆိုပါ တိမ်းညွှတ်မှုသည် အစိုးရ သတင်းစာ တစ်ခုဖြစ်သည့် Global New Light of Myanmar သတင်းစာ၏ “အာဆာ အကြမ်းဖက် သမားများ” ဟု ဆိုသည့် ကလေးများ အပါအဝင် ၁၃၀၀ ဦးခန့်ရှိသည့် အမည်များနှင့် ဓါတ်ပုံများ၏ ထုတ်ဝေဖြန့်ချိမှုများတွင် ပုံဖော်ထားသည်။[2955] အဆိုပါ စာရင်းများမှာ လျော့ကန်သော လုပ်ငန်းစဉ် ပုံစံ တစ်ခုခုနှင့် ထုတ်ပြန်ထားခြင်း မဟုတ်သလို ပံ့ပိုးပေးသော သက်သေ တစ်ခုခု သို့မဟုတ် မှန်ကန်ကြောင်း စိစစ်အတည်ပြုမှု ဆောင်ရွက်ချက်များ ပြုလုပ်ထားသည်ဆိုသည့် သတင်းအချက်အလက် တစ်ခုခု မရှိပဲ ထုတ်ပြန်ထားပြီး “အကြမ်းဖက်သမားများ” နှင့် ၎င်းတို့၏ မိသားစုဝင်များအဖြစ် စာရင်းဖော်ပြခံထားရသူများ၏ ဘဝများကို အန္တရာယ်ရှိစေသည်။ အဆိုပါစာရင်းကို ထိုအချိန်က သမ္မတ ဦးထင်ကျော်၏ ရုံးမှလည်း ပို့စ်တင်ခဲ့သည်။[2956]

၁၃၃၆။ ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ၁၉၄၂ခုနှစ်က ၎င်းက ခေါ်ဝေါ်သည့် “ဘင်္ဂလီ ပြဿနာ” “အလယ်သံကျော် အရေးအခင်း” ဟုဆိုသည်ကို ဆွေးနွေးမှုတွင် အကြိမ်ကြိမ် ရည်ညွှန်း ဖော်ပြခဲ့သည်။ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁ ရက်တွင် ရခိုင်ပြည်နယ်မှ “နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ” အရှိန်မြင့်နေစဉ် “အစိုးရအဖွဲ့ ယန္တရား တစ်စုံလုံးနှင့် ပြည်သူများ အနေဖြင့် တိုင်းပြည်ကို မျိုးချစ်စိတ် အပြည့်ဖြင့် ကာကွယ်ကြရမည်”ဟု ခေါင်းစဉ်တပ်ထားသော ပို့စ်တစ်ခုတွင်[2957] ထုတ်ဖော်ပြောကြားချက် တစ်ခုကို ၎င်းက

[2952] ဤပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် ရှိသည်။

[2953] https://scontent-mxp1-1.xx.fbcdn.net/v/t1.0-9/33333112_1702663973187794_2065212338264342528_n.jpg?_nc_cat=0&oh=442ac7b0455213ea2ded951f1d9d35d8&oe=5B9F1BA8, ကာကွယ်ရေးဦးစီးချုပ်၏ ဖေ့ဘုတ်စာမျက်နှာတွင် ဓါတ်ပုံပူးတွဲပါဝင်သော ဖေ့ဘုတ်ပို့စ် တခု ရှိသည်။ (မစ်ရှင်ထံတွင်ဖိုင်ရှိသည်။)

[2954] ပြန်ကြားရေးကော်မတီ၏ ဖေ့ဘုတ်စာမျက်နှာတွင် ဓါတ်ပုံပူးတွဲပါဝင်သော ဖေ့ဘုတ်ပို့စ် တခု ရှိသည်။https://www.facebook.com/InfomationCommittee/posts/855052794667828 (accessed July 2018).

[2955] The Global New Light of Myanmar, issues of 18, 19, and 20 January 2018.

[2956] http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-8356 (accessed July 2018).

[2957] Post on file with the Mission.

အောက်ပါအတိုင်း စတင်ခဲ့သည်။ "ရခိုင် တိုင်းရင်းသားများသည် ၁၉၄၂ခုနှစ်က ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သော ဘင်္ဂါလီများက တိုက်ခိုက်ခဲ့သည့် အလယ်သံကျော်အရေးအခင်းတွင် ၎င်းတို့၏ မြေများကို ဆုံးရှုံးခဲ့ပြီး သတ်ဖြတ်ခံခဲ့ ကြရကာ ၎င်းတို့၏ နေအိမ်များကို စွန့်ခွာရန် ဖိအားပေးခံ ခဲ့ကြရသည်။ ကျွန်ုပ်တို့အနေဖြင့် ထိုကဲ့သို့ ဆိုးရွားသည့် ဖြစ်ပျက်မှုများကို ထပ်မံ၍ အဖြစ်ခံမည် မဟုတ်ပေ။ တပ်မတော်သည် မြန်မာနိုင်ငံ၏ အချုပ်အခြာ အာဏာကို မည်သည့်နည်းနှင့်မျှ အထိပါးမခံဘဲ အပြည့်အဝ ကာကွယ် စောင့်ရှောက်မည် ဖြစ်သည်"။ ထိုပို့စ်က "ဘင်္ဂါလီ ပြဿနာသည် ကြာလကြာရှည်-တည်ရှိနေသော ပြဿနာ တစ်ရပ်ဖြစ်ပြီး ယခင်အစိုးရများ ဖြေရှင်းရန် ကြိုးပမ်းမှုများကို မမူဘဲ မပြီးပြတ်သော လုပ်ငန်းတစ်ခု ဖြစ်လာသည်။ အာဏာရ အစိုးရ အနေဖြင့် ထိုပြဿနာကို ဖြေရှင်းမှုတွင် အထူးပင် အလေးထား ဆောင်ရွက် နေလျက် ရှိသည်။" ဟု ရေးသားပြီး စွပ်စွဲထားသော ၁၉၄၂ ခုနှစ်က ရက်စက်ကြမ်းကြုတ်မှုများကို ဆက်လက်အသေးစိတ်ဖော်ပြထားသည်။ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၁၀ရက်နှင့် ၂၀ရက်တို့တွင် အပါအဝင် နောက်ပိုင်း ပို့စ်များတွင်လည်း ထိုဖြစ်စဉ်များကိုပင် ကိုးကား ရည်ညွှန်းမှုများ ပါဝင်ခဲ့သည်။[2958] ၁၉၄၂ ဖြစ်စဉ်များကို တစ်ဖက်သတ် ပြန်လည် ရှင်းလင်းတင်ဆက်မှုများကို ထည့်မတွက်လျှင်ပင်[2959] ရခိုင်ပြည်နယ်မှ ၂၀၁၇ ခုနှစ် "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့် ၁၉၄၂ ခုနှစ် ဆီသို့ နောက်ကြောင်း ပြန်လည်ဖော်ပြထားသည့် "ဘင်္ဂါလီ ပြဿနာ" အကြား တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ ပွင့်ပွင့်လင်းလင်း ချိတ်ဆက်မှုက ၂၀၁၇ ခုနှစ် စစ်တပ် စစ်ဆင်ရေးသည် ချေပ ထွက်ဆို ရှင်းလင်းထားသကဲ့သို့ အာဆာ တိုက်ခိုက်မှုများကို တုန့်ပြန်ရန် (သာ) မဟုတ်ဘဲ ထိုအုပ်စုက ဖန်တီးခဲ့သည့် ခြိမ်းခြောက်မှုများကို နှိမ်နင်းရန် အတွက်ပါ ဖြစ်သည်ကို ထုတ်ဖော် လှစ်ဟနေသည်။ ၎င်းသည် သမိုင်းဆိုင်ရာ ဇစ်မြစ်များနှင့်အတူ တပ်မတော်၏ ပိုမိုကျယ်ပြန့်သော ရည်မှန်းချက်တစ်ခုကို ပြောဆိုနေခြင်း ဖြစ်ကာ "ဘင်္ဂါလီ" အားလုံးသည် ပြဿနာ တစ်ရပ်ဖြစ်ပြီး အကြမ်းဖက် သမားများနှင့် အရပ်သားများ/ နစ်နာခံစားရသူများ အကြား ခွဲခြားမှုတစ်ခုရှိရန် ဆီလျော်သက်ဆိုင်မှုမရှိ ဟူသည့် ဇတ်ကြောင်းကို ထပ်မံအားဖြည့်စေသည်။

၁၃၃၇။ မြန်မာအာဏာပိုင်များ၏ ပို့စ် အများစုနှင့် ဆက်သွယ်ပြောကြားမှုများတွင်လည်း အွန်လိုင်းနှင့် အခြား ရင်းမြစ်များ ၂မျိုးစလုံး မှတဆင့် မဘသနှင့် ဆက်နွယ်သော အုပ်စုများနှင့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ အားပေးမြှင့်တင်ထားသည့်၊ မြန်မာနိုင်ငံတွင်း ကျယ်ပြန့်စွာ

---

[2958] Posts on file with the Mission.

[2959] ၁၉၄၂ခုနှစ် ဖြစ်စဉ်များ အပေါ် လေ့လာချက် တစ်ခုကို ကြည့်ပါ။ J. Leider, "အာရ်ကန် (ရခိုင်ပြည်နယ်)မှ ပဋိပက္ခများနှင့် အစုလိုက် အပြုံလိုက် အကြမ်းဖက်မှုများ" မြန်မာနိုင်ငံတွင် နိုင်ငံသားဖြစ်မှု ၁၉၄၂ခုနှစ် ဖြစ်စဉ်များနှင့် နိုင်ငံရေး အမှတ်လက္ခဏာ တည်ဆောက်မှု" A. South, M. Lall (eds.), (Chiang Mai University Press, 2018), pp. 193-221, ရေးမှတ်ထားသည်မှာ " ၁၉၄၂ခုနှစ် လူမှုအသိုက်အဝန်း ပဋိပက္ခများ၏ လှိုင်းများသည် အားနည်းမှေးမှိန်စွာ မှတ်တမ်းတင်ထားပြီး မည်ကာမတ္တမျှသာ စုံစမ်းစစ်ဆေးမှုပြုခဲ့ကာ ရှားပါးစွာ လေ့လာခဲ့ကြသည်" (p. 194) ထို့ပြင် " ဗုဒ္ဓဘာသာဝင်များနှင့် မွတ်ဆလင်များ နှစ်ဘက်စလုံးက သဘောတူညီထားသော အချက်အလက်ဆိုင်ရာ ပင်မ ဇာတ်ကြောင်း တစ်ခု မရှိခြင်းက ဖြစ်စဉ်များကို အများသဘောဖြစ်သော အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်များ ထွက်ပေါ်လာရေးကို အတားအဆီး ဖြစ်စေခဲ့သည်။" (p. 211) ဖြစ်စဉ်များသည် ဒုတိယကမ္ဘာစစ် ကာလအတွင်း ရိုဟင်ဂျာများက ဗြိတိသျှတို့ကို ထောက်ခံခဲ့ပြီး ရခိုင်များက ဂျပန်တို့ကို ထောက်ခံခဲ့ကြချိန်တွင် ဖြစ်ပွားခဲ့ကြခြင်း ဖြစ်သည်။ တပ်မတော်သည် ထိုကာလ အတွင်းတွင် ဂျပန် စစ်တပ်၏ ကူညီထောက်ပံ့မှုဖြစ် ထူထောင်ခဲ့ခြင်း ဖြစ်သည်။

မြှင့်တင်ခံထားရသည့်အတိုင်း တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်မှုနှင့် အစ္စလာမစ် ခြိမ်းခြောက်မှုတို့၏ ဇာတ်ကြောင်းများကို တိုက်ရိုက် ထည့်သွင်းခဲ့ကြသည်။ ရိုဟင်ဂျာများအား ဘင်္ဂလားဒေ့ရှ် နိုင်ငံမှ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူများအဖြစ် ကိုယ်စားပြုထားသော ဇာတ်ကြောင်းသည် “ဘင်္ဂါလီ” ဆိုသည့် စကားလုံးကို ထပ်တလဲလဲ အသုံးပြုခြင်းဖြင့်သာမက ပြန်လည်နေရာချထားရေး ဆွေးနွေးမှုများ နှင့် ဒုက္ခသည်များ၏ အမှန်တကယ် အရေအတွက်များမှာ များစွာ နည်းပါးရမည်ဆိုသည့် ထင်မြင်ချက်များ ပါသည့် နောက်ခံအခြေအနေဖြင့် နိုင်ငံသားဖြစ်မှုနှင့် အခြေချနေထိုင်မှု စီစစ်အတည်ပြုခြင်း အဓိကဦးတည်ထားမှုတွင်လည်း မြှင့်တင်ဖော်ပြခဲ့ကြသည်။ အဆိုပါ သတင်းစကားများသည် ဗုဒ္ဓဘာသာ ဘုန်းကြီးကျောင်းများ၏ အပျက်အစီးများနှင့် ပျက်စီးသွားသော ဘုန်းကြီးကျောင်းများကို ပြန်လည်တည်ဆောက်ရန်အတွက် ဒေသခံ ဘုန်းကြီးများနှင့် အတူပူးပေါင်း ဆောင်ရွက်ရန် စစ်တပ်၏ ကြိုးပမ်း အားထုတ်မှုများကို အသားပေး ဖော်ပြထားသည့် အစိုးရ ပြောဆိုချက်များ အားဖြင့် အားဖြည့်ပေးထားသည်။[2960] ဥပမာအားဖြင့်




[2960] ဥပမာအားဖြင့် သတင်းပြန်ကြားရေး ကော်မတီ၏ အောက်ပါ ပို့စ်တွင် ကြည့်ပါ။ https://www.facebook.com/InfomationCommittee/posts/786691611503947; https://www.facebook.com/InfomationCommittee/posts/790059134500528; https://www.facebook.com/InfomationCommittee/photos/a.639477959558647.1073741828.639456206227489/787636464742795/?type=3&theater (၂၀၁၈ ဇူလိုင်တွင် ကြည့်၍ ရခဲ့သည်)

ရခိုင်ပြည်နယ် မောင်တောဒေသရှိ နံ့သာတောင် ဘုန်းကြီးကျောင်း၌ ဗုဒ္ဓဆင်းတုတော်များအား အစွန်းရောက် ဘင်္ဂါလီ သောင်းကျန်းသူများမှ ဖျက်ဆီးခဲ့သည်။

၁၃၃၈။ အလုပ်သမားနှင့် လူဝင်မှုကြီးကြပ်ရေး ဝန်ကြီးဌာန၏ ဆောင်ပုဒ်မှာ- "မြေမျို၍ လူမျိုးမပြုတ် လူမျိုးမှ လူမျိုးပြုတ်မည်" [2961] ဟုဖြစ်သည်။ မြန်မာအာဏာပိုင်များ ထံမှ တရားဝင် ဆက်သွယ်ပြောကြားချက်များ တလျှောက်တွင် အလားတူ အာဘော်ပင် ပေါ်ပေါက်ခဲ့သည်။ ဥပမာ အားဖြင့်၊ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၂၁ ရက် "ဌာနချုပ်ကို အကြမ်းဖက်သမားများ၏ တိုက်ခိုက်မှုများမှ ကာကွယ်ရန် ရဲရင့်သော အားထုတ်ကြိုးပမ်းမှုများနှင့် ဒေသတွင်း ငြိမ်းချမ်းရေးနှင့် လုံခြုံရေးတို့အတွက် ပြောင်မြောက်သော အားထုတ်မှုများကို ဂုဏ်ပြုခဲ့"[2962] ဟု ခေါင်းစဉ်တပ်ထားသည့် ဖေ့စ်ဘုတ်ခ် ပို့စ်တစ်ခုတွင် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "ဘင်္ဂါလီလူဦးရေဟာ ပေါက်ကွဲနေပြီး တိုင်းတပါးသားတွေက ဒေသခံတိုင်းရင်းသားတွေရဲ့ မြေတွေကို သိမ်းပိုက်ဖို့ ကြိုးစားနေတယ်" နှင့် "ဘင်္ဂါလီတွေက တိုင်းပြည်ထဲကို ဝင်ရောက်ဖို့ နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းနေတဲ့ ဖြစ်ရပ်တွေကို စစ်ဆေးကြည့်တဲ့အခါမှာ အရာရှိတချို့ရဲ့ ပါဝင် ပတ်သက်မှုတွေကို ဖမ်းဆီးမိခဲ့တယ်။ မြေမျိုလို့ လူမျိုးမပြုတ်ဘူး လူမျိုးမှ လူမျိုးပြုတ်မယ်။ အားလုံးဟာ မိမိရဲ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ပြီး နိုင်ငံတော်ကို သစ္စာရှိရမယ်။ ဒါဆိုရင် ဒီလို ဖြစ်ရပ်တွေ နောက်ထပ် မဖြစ်ပေါ်တော့ဘူး" ဟုပြောကြားခဲ့သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၁၁ ရက်တွင် "လုပ်ငန်းစဉ်ကို လက်မခံဘူး ဆိုတာဟာ တရားမဝင် ရွှေ့ပြောင်းသူတွေက မွေးဖွားလာသူတွေနဲ့ တရားမဝင် ရွှေ့ပြောင်း ဝင်ရောက်လာသူတွေရဲ့ ဝင်ရောက်မှုတွေ ရှိနေတယ်လို့ အဓိပ္ပာယ်ရတယ်" မိသားစု တစ်ခုစီမှာ အယောက် ၄၀ လောက်ထိ ရှိတဲ့ ဘင်္ဂါလီ မိသားစုတွေ အများကြီးပဲ"[2963]ဟု ပြောကြားခဲ့သည်။ ထိုပို့စ်မှာပင် "ဘင်္ဂါလီတွေရဲ့ ဇာတိအရပ်က အမှန်တကယ်ကို ဘန်ဂေါလ်ပြည်နယ်ပဲ။ ဒါကြောင့် သူတို့နဲ့ ဘာသာစကား၊ လူမျိုးနဲ့ ယဉ်ကျေးမှုတူတဲ့ အခြားတိုင်းပြည်ကို သူတို့တွေ ပိုပြီး လုံခြုံလိမ့်မယ်လို့ ယူဆပြီး ထွက်ပြေးသွားခဲ့ကြတာ ဖြစ်လိမ့်မယ်"ဟုလည်း ရည်ညွှန်းထားသည်။ ရိုဟင်ဂျာများသည် မြန်မာနိုင်ငံမှ မဟုတ် ဆိုသည့် အာဘော်မှာ ၂၀၁၈ ခုနှစ် မတ်လ ၁ ရက် ထုတ်ဖော်ပြောဆိုချက်တွင် ထင်ရှားစေခဲ့သည်။ မင်းအောင်လှိုင် ပြောဆိုခဲ့သည့် ထိုအချက်တွင် " ဘင်္ဂါလီတွေမှာ မြန်မာနိုင်ငံက တိုင်းရင်းသားတွေနဲ့ ဘုံတူညီတဲ့ စရိုက်လက္ခဏာ ဒါမှမဟုတ် ယဉ်ကျေးမှု တစ်ခုခုမှ မရှိဘူး (ရခိုင်ပြည်နယ်တွင်းမှ) တင်းမာမှုတွေဟာ ဘင်္ဂါလီတွေက နိုင်ငံသား တောင်းဆိုခဲ့ကြလို့ အရှိန်မြင့်ခဲ့တာပဲ"[2964] ဟုဖြစ်သည်။

၁၃၃၉။ ထိုသို့သော အများသိ ထုတ်ဖော်ပြောကြားချက်များ၏ သက်ရောက်မှုသည် ပျံ့နှံ့နေသော ခွဲခြားဆက်ဆံသည့် ဇာတ်ကြောင်းများနှင့် သဘောထား ခံစားချက်များကို လောင်စာဖြည့်ပေးပြီး ထပ်တိုး အချက် ၂ချက်ဖြင့် ပိုမိုဆိုးဝါးစေခဲ့သည်။ ပထမမှာ ရခိုင်ပြည်နယ်မှ ဖြစ်ရပ်များအကြောင်း

---

[2961] မြန်မာဘာသာစကားဖြင့် ဆောင်ပုဒ်ကို ဝန်ကြီးဌာန၏ ဝက်ဘ်ဆိုက်ဒ် ရှေ့စာမျက်နှာတွင် တွေ့မြင်နိုင်သည်။ http://www.mip.gov.mm/ (၂၀၁၈ ဩဂုတ်လတွင် ကြည့်၍ ရခဲ့သည်။)

[2962] ပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် သိမ်းဆည်းထားသည်။

[2963] ပို့စ်ကို မစ်ရှင်ထံတွင် ဖိုင်ဖြင့် သိမ်းဆည်းထားသည်။

[2964] အပေါ်တွင် ကြည့်ပါ။

သတင်းအချက်အလက် ပုံဖျက်မှုများ၏ အတောမသတ်သော ရေစီးကြောင်း တစ်ခုက အခြေအနေများ၏ အရေးပါမှုကို မှေးမှိန်ပစ်ပြီး ပြည်တွင်း လူထုပရိတ်သတ်ကို လှည့်စားခဲ့သည်။ မြန်မာ လုံခြုံရေး တပ်ဖွဲ့များ၏ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများ၏ စွပ်စွဲချက်များသည် စနစ်တကျ ငြင်းဆိုခံခဲ့ ရသော်လည်း[2965] အစိုးရက အထင်အရှားပြနိုင်သော ရခိုင်ပြည်နယ်မှာ အခြေအနေများ အကြောင်း သတင်းအချက်အလက် အမှားများကို ဖြန့်ခဲ့သည်။ ဥပမာ အားဖြင့် မြန်မာနိုင်ငံမှ ထွက်ပြေးသွားသော ရိုဟင်ဂျာများ၏ အရေအတွက်မှာ မြင့်မားမှု မရှိ (သို့မဟုတ်) ရိုဟင်ဂျာများ မြန်မာနိုင်ငံမှ အေးဆေးသော ဟန်ပန်ဖြင့် ၎င်းတို့ ဆန္ဒအလျောက် ထွက်ခွာသွားခဲ့သည်ဟု ပုံမှန်အားဖြင့် ဖော်ပြခံရသည်။ ဥပမာ အားဖြင့် ၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၁ရက်တွင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က " ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးသွားတဲ့ ဘင်္ဂါလီတွေရဲ့ အရေအတွက်ကို အလွန်ကြီးမားတယ်လို့ ပုံကြီးချဲ့ ပြောဆိုကြတယ်" ဟု ပို့စ်တင်ခဲ့သည်။ ထိုအချိန်တွင် မြန်မာနိုင်ငံမှ သီတင်းပတ် ၆ပတ်တာ ကာလအတွင်း ရိုဟင်ဂျာ ၆၀၀၀၀၀ ကျော် ထွက်ပြေးသွားခဲ့ပြီး ဖြစ်သည်။ ၂၀၁၇ခုနှစ် အောက်တိုဘာလ ၁၂ရက်တွင် "မှတ်တမ်းဓါတ်ပုံတွေက ဘင်္ဂါလီတွေ ဘင်္ဂလားဒေ့ရှ်ကို အဆင်ပြေစွာ ထွက်ခွာသွားခဲ့ကြတယ်ကြပြီး မြန်မာပြည်ကနေ ကြောက်လန့်တကြား ထွက်ပြေးသွားကြတာ မဟုတ်ဘူးလို့ ပြသနေတယ်" ဟုနှင့် " သူတို့တွေက ဘင်္ဂလားဒေ့ရှ်ကို သူတို့နဲ့ ဘာသာစကား၊ လူမျိုးနှင့် ယဉ်ကျေးမှုတူလို့ ထွက်ပြေးသွားခဲ့ကြတာ တချို့ ဘင်္ဂါလီရွာတွေက လူတွေက တိုက်ခိုက်မှုတွေမှာ သူတို့တွေ မပါဝင်ခဲ့လို့ ထွက်မပြေးခဲ့ကြဘူး"ဟု သူကပို့စ်တင်ခဲ့သည်။ ၂၀၁၇ခုနှစ် နိုဝင်ဘာလ ၁၅ရက်တွင် ၎င်းက ၎င်း၏ နောက်လိုက်များကို သတင်းပေးခဲ့သည်မှာ မြန်မာနိုင်ငံမှာ ဩဂုတ်လ ၂၅ရက်နှင့် စက်တင်ဘာလ ၅ရက်( "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ"၏ တရားဝင် ပြီးဆုံးသည့်နေ့) အကြား ထွက်ခွာသွားခဲ့သော "ဘင်္ဂါလီ"များ၏ အရေအတွက်မှာ "အလွန်နည်းပါး"ပြီး ထိုအချိန်နောက်ပိုင်း ကာလတွင် "ပိုမိုများပြားသည်" ဟုဖြစ်သည်။ ၎င်းက အစုလိုက်အပြုံလိုက် ထွက်ခွာမှု၏ အဓိက အကြောင်းရင်းမှာ "အာဆာ အစွန်းရောက် ဘင်္ဂါလီ အကြမ်းဖက်သမားများ"သည် တန်ပြန်တိုက်ခိုက်မှုကို ကြောက်လန့်ပြီး ၎င်းတို့၏ မိသားစုများကို ၎င်းတို့နှင့် အတူ ခေါ်ဆောင်သွားကြခြင်း ဖြစ်သည်ဟု ဆိုသည်။ ၎င်းက "အခြား ဘင်္ဂါလီတွေက ဘင်္ဂလားဒေ့ရှ်ကို ထွက်ပြေးဖို့ ခြိမ်းခြောက် ဖိအားပေးခံခဲ့ရပြီး တချို့ကတော့ တတိယနိုင်ငံမှာ နေထိုင်ရမယ်လို့ သွေးဆောင်စည်းရုံး ခံခဲ့ရတယ်"ဟု ထပ်လောင်း ပြောကြားခဲ့သည်။

၁၃၄၀။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ သတင်းထုတ်ပြန်ရေး ကော်မတီမှ အလားတူပင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ၏ စွပ်စွဲမှုများကို "ကောလဟာလ"အဖြစ် "မုဒိမ်းအတု"ဟု ဖော်ပြထားသည့် ခေါင်းစဉ်အောက်တွင် အလားတူပင် ပယ်ချခဲ့သည်။[2966] သတင်းထုတ်ပြန်ရေး ကော်မတီသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု သတင်းပေးပို့ချက်များကို

---

[2965] တော်တော်များများ ပို့စ်ကို မစ်ရှင်တွင် ဖိုင်ဖြင့် သိမ်းထားသည်။

[2966] အခန်း ၁၀၊ အပိုင်း ခခ တွင်ကြည့်ပါ။ မြန်မာနိုင်ငံတွင် ပြစ်ဒဏ်မှကင်းလွတ်ခွင့်ရမှု၏ သမိုင်းနှင့် ရာသီဥတု

"သတင်းတုများ" အဖြစ် အကြိမ်ကြိမ် ပယ်ချခဲ့သည်။[2967] နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ရခိုင်ပြည်နယ်မှ အခြေအနေများ အကြောင်းကို "သတင်းအချက်အလက် အမှားများ၏ ရေခဲတောင်ထိပ်" ဟု ရည်ညွှန်းပြောဆိုခဲ့သည်။[2968] ရိုဟင်ဂျာများက ၎င်းတို့၏ ကျေးရွာများကို ၎င်းတို့ကိုယ်တိုင် မီးရှို့နေသည် ဆိုသည့် ဇာတ်ကြောင်းကို ပြန့်ပွားစေရန် သူမ၏ သတင်းထုတ်ပြန်ရေး ကော်မတီမှ မျှဝေခဲ့သည့် ဓါတ်ပုံ အချို့မှာ ဇာတ်ကွက်ဆင် တင်ဆက်မှုအဖြစ် ပြသခံခဲ့ရသည်။[2969] အလားတူပင် တပ်မတော်၏ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံးမှ "မြန်မာ နိုင်ငံရေးနှင့် တပ်မတော်" ဟူသည့် ၂၀၁၈ခုနှစ် အတွင်း ထုတ်ဝေမှု တစ်ခုတွင်၊ တန်ဇန်းနီးယား နိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ဓါတ်ပုံများကို အသုံးပြုခဲ့ပြီး ၎င်းက "ဘင်္ဂါလီ" အရေအတွက် အများအပြား ဘင်္ဂလားဒေ့ရှ်မှ ရခိုင်ပြည်နယ် အတွင်းသို့ ဝင်ရောက်လာသည်ဟု ဆိုထားပြီး ၎င်းတို့၏ "ဘင်္ဂါလီများ"အပေါ် စွပ်စွဲချက်များကို သရုပ်ဖော်ထားသည်။[2970]

၁၃၄၁။ ဒုတိယ ပိုမိုဆိုးဝါးစေသော အချက်မှာ ထိုသို့သော ဇာတ်ကြောင်းများနှင့် သတင်းအချက်အလက် အမှားများနှင့် အတူပါရှိသည့် အမျိုးသားရေးနှင့် မျိုးချစ် လှုပ်ရှားမှုအတွက် ပြောင်ကျသော နှိုးဆော်ချက် ဖြစ်သည်။ ထိုနှိုးဆော်ချက်က တိုင်းပြည်သည် အဝိုင်းခံထားရသည်ဟု ဖော်ပြထားပြီး နိုင်ငံသားများ အနေဖြင့် ၎င်းတို့ကိုယ်ပိုင်နည်းလမ်းများဖြင့် အရေးယူ လုပ်ဆောင်ကြရန် အနည်းဆုံးအားဖြင့် သွယ်ဝိုက်၍ တိုက်တွန်းထားသည်။ ၂၀၁၇ခုနှစ် စက်တင်ဘာလ ၂၂ရက်တွင် ရခိုင်ပြည်နယ်မှ တိုင်းရင်းသား ပြည်သူများနှင့် တွေ့ဆုံမှုတွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က "လုံလောက်သည့် ကာကွယ်စောင့်ရှောက်မှုများ ပေးရန် လုံခြုံရေး တပ်ဖွဲ့ဝင်များ ပြတ်လပ်မှု" အတွက် ၎င်း၏ နောင်တဖြစ်မှုကို ထုတ်ဖော် ပြောကြားခဲ့သည်။ ၎င်းက ထပ်မံ၍ " ပြည်သူလူထု ပူးပေါင်းဆောင်ရွက်မှုနဲ့ ပါဝင်မှုဟာ လုံခြုံရေး အစီအမံတွေ ဆောင်ရွက်ရာမှာ အရေးကြီးတယ်။ ဒေသခံ တိုင်းရင်းသား လူမျိုးတွေဟာ စည်းလုံးညီညွတ်စွာ နေထိုင်ကြခြင်းနဲ့ အုပ်ချုပ်ရေး ယန္တရားတွေနဲ့ လုံခြုံရေး တပ်ဖွဲ့တွေနဲ့ တသားတည်း လက်တွဲထားခြင်း အားဖြင့် ကာကွယ်ရေး စွမ်းပကားကို အင်အားမြှင့်တင် နိုင်တယ်"ဟု ပြောခဲ့သည်။[2971] ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၂၇ရ က်တွင် "လူမျိုး၊ ဘာသာ၊ ယဉ်ကျေးမှု အမှတ်လက္ခဏာများနှင့် အမျိုးသား အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ရန် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်"ဟု ခေါင်းစဉ်တပ်ထားသော အခြား ဖေ့ဘုတ်ခ်ပို့စ် တစ်ခုတွင် ကာကွယ်ရေးဦးစီးချုပ် မင်းအောင်လှိုင်က "ကောင်းမွန်တဲ့ စရိုက်လက္ခဏာတွေနဲ့ လုပ်ဆောင်ချက်တွေကို ကြီးပွားတိုးတက်စေခြင်း၊ တိုင်းပြည်ရဲ့ ပြောင်မြောက်တဲ့

---

[2967] ဥပမာ၊ အစုလိုက် အပြုံလိုက် မြေမြုပ် ထားသည့် သချိုင်းများ https://www.facebook.com/InfomationCommittee/posts/869272283245879 (accessed August 2018).

[2968] https://www.facebook.com/InfomationCommittee/posts/790712274435214 (accessed August 2018).

[2969] BBC, "ရိုဟင်ဂျာ အကြပ်အတည်း။ "မြန်မာပြည်၏ တရားဝင် ဇတ်လမ်းမှတဆင့် ကြည့်မြင်ခြင်း" (BBC, ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၁ ရက်နေ့)

[2970] P. McPherson, "အထူး သီးသန့်၊ ရိုဟင်ဂျာ အကြပ်အတည်း အကြောင်း မြန်မာ့တပ်မတော်၏ "သတင်းမှန်များ" စာအုပ်တွင် ပါဝင်သည့် ဓတ်ပုံအတုများ" (ရိုက်တာ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့)။ မစ်ရှင်ထံတွင် ၎င်းစာအုပ် ဖိုင်ဖြင့်ရှိသည်။

[2971] မစ်ရှင်ထံတွင် ဖိုင်ဖြင့် သိမ်းဆည်းထားသည်။

စရိုက်လက္ခဏာတွေကို ထိန်းသိမ်း စောင့်ရှောက်ခြင်း အတွက် အပြုသဘောဆောင်တဲ့ ဖြစ်ပေါ်တိုးတက်မှုအတွက် အားလုံး ကြိုးပမ်းရမယ်။ တိုင်းပြည်ထဲမှာ နေထိုင်ကြတဲ့ ပြည်သူအားလုံးဟာ တိုင်းပြည် ကောင်းဖို့ မျိုးချစ်ဝါဒနဲ့ ကြိုးပမ်းကြရမယ်။ နောက်ပြီးတော့ နိုင်ငံတော် ကာကွယ်ရေး တာဝန်ဟာ နိုင်ငံသား အားလုံးမှာ ရှိတယ်"ဟု ပြောကြားခဲ့သည်။ ၂၀၁၈ခုနှစ် မေလ ၂၁ရက်တွင် ထိုအချက်ကို ထပ်လောင်း ပြောဆို၍ ပြောကြားခဲ့သည်မှာ "အမျိုးသားရေး စိတ်ဓါတ်ဆိုတာ ကိုယ့်တိုင်းပြည်နဲ့ နိုင်ငံသားတွေကို ထာဝရ ကာကွယ်စောင့်ရှောက် နေတယ်... ပိုမိုကျယ်ပြန့်တဲ့ အသိအမြင် ရှိတဲ့ လူငယ်တွေက မျိုးချစ်စိတ်ဓါတ်နဲ့ အမျိုးသားရေး စိတ်ဓါတ်ကို နှိမ့်ချနေတဲ့ အပြုအမူတွေကို တားဆီးကာကွယ်တဲ့ အချိန်မှသာ နိုင်ငံတော်ရဲ့ အမျိုးသား ကာကွယ်ရေး စွမ်းရည် မြင့်တက်လာပြီး မြန်မာနိုင်ငံဟာ ကမ္ဘာတည်သရွေ့ တည်ရှိနေမှာ ဖြစ်တယ်"ဟု ဖြစ်သည်။[2972]

### (ဃ) ဖေ့စ်ဘုတ်ခ်နှင့် အခြားသော လူမှုကွန်ရက် စကြ်န်များ၏ အခန်းကဏ္ဍ

၁၃၂၄။ ကမ္ဘာပေါ်ရှိ နေရာတိုင်း ကဲ့သို့ပင် အင်တာနက်နှင့် လူမှုကွန်ရက် မီဒီယာ စကြ်န်များသည် ထိုကဲ့သို့သော အမုန်းပွားစေပြီး သွေးခွဲသော ဟောပြောမှုများ ပျံ့နှံ့မှုကို ဖြစ်မြောက်စေခဲ့သည်။ နှိုင်းယှဉ်ချက်အားဖြင့် အင်တာနက်နှင့် လူမှုကွန်ရက်ကို မြန်မာ လူထု၏ ထိတွေ့မှု အသစ်ကြောင့် မည်သို့ဆိုစေ မြန်မာနိုင်ငံ အခြေအနေမှာ ခြားနားသည်။ ရိုဟင်ဂျာများကို ကြမ်းကြုတ်သော၊ မရိုးသားသော၊ ဗမာ-ဆန့်ကျင်သော၊ ဗုဒ္ဓဘာသာ-ဆန့်ကျင်သော၊ တရားမဝင် ရွှေ့ပြောင်းဝင်ရောက်လာသူများ နှင့်/သို့မဟုတ် အကြမ်းဖက်သမားများ အထက်ဖော်ပြပါ အမျိုးအစားအဖြစ် ပုံဖော်ထားသော သတင်းစကားများမှာ အထူးသဖြင့် လူမှုကွန်ရက်တွင် ပျံ့နှံ့နေသည်။ ရိုဟင်ဂျာများ ကိုယ်တိုင်ကိုသာမကဘဲ အစွန်းမရောက်သော ဟောပြောရေးသားသူများ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် တရားဝင် လမ်းကြောင်းမှ ကွဲပြား ခြားနားသော အမြင်ရှိသည့် သာမန်ပြည်သူများကိုပါ အသက်အန္တရာယ် ခြိမ်းခြောက်မှုများ၊ အကြမ်းဖက်ရန် လှုံ့ဆော်မှုများ၊ ခွဲခြား ဆက်ဆံမှုများနှင့် အွန်လိုင်း အနှောင့်အယှက်ပေးမှုများသည် တူညီသော သွင်ပြင်လက္ခဏာရပ်များ ဖြစ်နေခဲ့သည်။

၁၃၄၃။ ၂၀၁၁ ခုနှစ် မတိုင်မီတွင် စစ်အစိုးရသည် သတင်းမီဒီယာကို ပြင်းထန်စွာ ဆင်ဆာပြုလုပ်ခဲ့ပြီး အင်တာနက်မှာ လက်လှမ်းမမီနိုင်လောက်အောင် ဈေးကြီးသောကြောင့် သီးသန့် လူအနည်းငယ်အတွက်သာ ဖြစ်ခဲ့သည်။ ၄င်းသည် ဒီမိုကရေစီ ပြောင်းလဲမှု ဖြစ်စဉ်နှင့် ဆက်သွယ်ရေးလုပ်ငန်း ဖြေလျော့မှုများနှင့်အတူ ပြောင်းလဲခဲ့ပြီး ယင်းက မြန်မာလူထု၏ မိုဘိုင်းလ်ဖုန်းနှင့် အင်တာနက် လက်လှမ်းမီရရှိမှုကို ရုတ်ခြည်း မြင့်တင်မှု တစ်ခုသို့ ဦးတည်စေခဲ့သည်။[2973] မိုဘိုင်းလ် ဆယ်လူလာ ချိတ်ဆက်မှုသည် ၂၀၁၀ခုနှစ်တွင် လူ၁၀၀ လျှင်

---

[2972] မစ်ရှင်ထံတွင် ဖိုင်ဖြင့် သိမ်းဆည်းထားသည်။

[2973] ၂၀၁၄ခုနှစ်တွင် နော်ဝေနိုင်ငံမှ တယ်လီနော မြန်မာ လီမိတက် (TML)နှင့် ကာတာနိုင်ငံမှာ အော်ရီဒူးမြန်မာ လီမိတက်တို့သည် တစ်ဦးတည်းသော အော်ပရေတာဖြစ်သည့် အစိုးရပိုင် မြန်မာ့စာတိုက်နှင့်ဆက်သွယ်ရေးလုပ်ငန်း (MPT)နှင့် ယှဉ်ပြိုင်လုပ်ကိုင်ရန် ခွင့်ပြုချက် ရရှိခဲ့ကြသည်။ ၂၀၁၇ခုနှစ်တွင် စတုတ္ထမြောက် ခွင့်ပြုချက်ကို မြန်မာကုမ္ပဏီများနှင့် ဗီယက်နမ်နိုင်ငံမှ ဗီယက်တဲလ်တို့၏ အကျိုးတူပူးပေါင်းထားသော အဖွဲ့အစည်းတစ်ခု ဖြစ်သည့် ဆက်သွယ်ရေး နိုင်ငံတကာ မြန်မာ ကုမ္ပဏီ လီမိတက် (MyTel)ကို ထုတ်ပေးခဲ့သည်။ ဗီယက်နမ် နိုင်ငံ ကာကွယ်ရေး ဝန်ကြီးဌာနမှ အလုံးစုံ ပိုင်ဆိုင်သည်ဟု ဆိုကြသော ဗီယက်တဲလ်က MNTC၏ ၄၉ရာခိုင်နှုန်းကို ပိုင်ဆိုင်ပြီး Star High

၁.၁၈ ရှိခဲ့သော်လည်း ၂၀၁၄ ခုနှစ်တွင် ၅၅.၉၁ ရှိပြီး ၂၀၁၆ ခုနှစ်တွင် ၉၅.၆၅ ရှိခဲ့သည်။ အလားတူပင် မိုဘိုင်းလ် ဘရော့ဒ်ဘန်း ချိတ်ဆက်မှုမှာ ၂၀၁၁ ခုနှစ်တွင် ၀.၀၂မှ ၂၀၁၆ ခုနှစ်တွင် ၅၆.၃၀ သို့ ထိုးတက်သွားခဲ့သည်။[2974] ထိုသို့သော သတင်းအချက်အလက်နှင့် ဆက်သွယ်ရေး နည်းလမ်းများ လက်လှမ်းမီမှု တိုးမြင့်လာခြင်းက ဒီမိုကရေစီပြုမှု ဖြစ်စဉ်၏ လက်ဆုပ်လက်ကိုင် ပြနိုင်ဆုံးသော အကျိုးကျေးဇူးများ အနက်မှ တစ်ခုဖြစ်သည်။ ၎င်းသည် ပိုမိုကျယ်ပြန့်ပြီး မြန်ဆန်သော အမုန်းစကား ဖြန့်ဖြူးမှုကို ဖြစ်မြောက်စေခဲ့သော်လည်း လွတ်လပ်စွာထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့် အခွင့်အရေးများကို ပိုမို ကြီးမားစွာ ရရှိခံစားမှုအတွက် သံသယဖြစ်ဖွယ် မရှိအောင် ဖြည့်ဆည်းပေးခဲ့သည်။

၁၃၄၄။ အင်တာနက် လက်လှမ်းမီရရှိနိုင်မှု နှင့်အတူ လူမှုကွန်ရက် စကြ်န်များ ဆီသို့ လက်လှမ်းမီမှု ရောက်ရှိလာခဲ့သည်။ မြန်မာပြည်တွင် လူမှုကွန်ရက် အသုံးပြုမှု ကိန်းဂဏန်း အချက်အလက်များမှာ အလွယ်အကူ မရရှိနိုင်သေးသော်လည်း ဖေ့ဘုတ်ခ်သည် ရှင်းလင်းထင်ရှားစွာပင် မြန်မာနိုင်ငံတွင် အသုံးပြုနေသော ယေဘုယျ အသုံးအများဆုံး လူမှုကွန်ရက် စကြ်န် ဖြစ်ပေသည်။[2975] ဖေ့စ်ဘုတ်မှာ ယခင်ကတည်းက အသုံးပြုနေခဲ့ကြပြီ ဖြစ်သော်လည်း သီးသန့် မြန်မာပုံစံမှာ ၂၀၁၅ ခုနှစ်တွင် စတင်ဖြန့်ဖြူးခဲ့ခြင်း ဖြစ်သည်။[2976] ကျွမ်းကျင်သူများက မြန်မာနိုင်ငံတွင် အသက်ဝင်နေသော ဖေ့စ်ဘုတ်ခ် အသုံးပြုသူ အရေအတွက်မှာ အနီးစပ်ဆုံး သန်း ၂၀ ခန့်ရှိမည်ဟု ခန့်မှန်းခဲ့ကြသည်။[2977] မိုဘိုင်းလ် ကွန်ရက်များက ဖေ့စ်ဘုတ်ခ် လက်လှမ်းမီနိုင်မှုကို အထူးအခွင့်အရေး ပြုလုပ်ထားသော သီးသန့် အပေးအယူများကို ကမ်းလှမ်းကြသည်။[2978] ၂၀၁၆

အများပိုင် ကုမ္ပဏီက ၂၈ရာခိုင်နှုန်း ပိုင်ဆိုင်ကာ ၎င်းသည် ဦးပိုင် ကုမ္ပဏီ၊ မြန်မာ့ စီးပွားရေး ကော်ပိုရေးရှင်း မှတဆင့် မြန်မာစစ်တပ်က ပိုင်ဆိုင်သည်။ ၎င်းအချက်က MyTelသည် အခြေခံအားဖြင့် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံများမှ စစ်တပ်များ၏ ဖက်စပ် လုပ်ငန်း တစ်ခု ဖြစ်စေသည်။ ဥပမာအားဖြင့် A. Burkitt-Gray, "မြန်မာပြည်၏ စတုတ္ထမြောက် တယ်လီကွန်း လိုင်စင်ကို စစ်တပ်မှ လွှမ်းမိုးထားသည်။" (Capacity Media, ၂၀၁၇ ဇန္နဝါရီ ၁၃). MyTel ဖုန်းနံပါတ်များသည် ၀-၉၆၉ နှင့် စသည်။

2974 K-074.

2975 ၎င်းအချက်က ဖေ့စ်ဘုတ်သည် မြန်မာနိုင်ငံမှ လူမှုကွန်ရက် စကြ်န်များ အကြား ၉၀ရာခိုင်နှုန်းကျော် ဝေစုကို ရရှိခံစားနေသည်ဟု ဖော်ပြနေပြီး ယင်းမှာ ၂၀၁၂ခုနှစ် ကတည်းကပင် ဖြစ်သည်။ E.g. http://gs.statcounter.com/social-media-stats/all/myanmar.

2976 ဖေ့စ်ဘုတ်မှ တင်ပြချက် မြန်မာနိုင်ငံမှ လူမှု သတင်းပို့မှု အတွက် အခြား ရေပန်းစားသော စကြ်န်တစ်ခုမှာ Viber ဗိုက်ပါဖြစ်ပြီး ၂၀၁၇ခုနှစ်တွင် သုံးစွဲသူ ခန့်မှန်းခြေ ၁၈သန်း ရှိသည်။ အာရှတိုက်မှ ဒစ်ဂျစ်တယ် ကိုကြည့်ပါ။ "မြန်မာနိုင်ငံ မိုဘိုင်းလ် အသုံးပြုသူ ၃၃သန်း၊ စမတ်ဖုန်း အသုံးပြုမှု ၈၀% (၂၀၁၇ခုနှစ် ဇန်နဝါရီ ၉ရက်)

2977 B-005; see also J. Russell, "ဖေ့စ်ဘုတ် အမုန်းစကား တားဆီးကာကွယ်မှု အပေါ် ဇူကာဘတ်၏ ထွက်ဆိုချက် မြန်မာအုပ်စု ကြိမ်းမောင်း ပြစ်တင်" (Tech Crunch, 6 April 2018). ၂၀၁၆ခုနှစ် ဇွန်လတွင် အသုံးပြုသူ အရေအတွက်သည် ၁၀သန်းထိ ရောက်ရှိခဲ့ပြီဟု ယူဆရသည်။ see C. Trautwein " မြန်မာ အသုံးပြုသူ ၁၀သန်းသို့ ဖေ့စ်ဘုတ်ခ် ထိုးဖောက်ရောက်ရှိ" (Myanmar Times, 13 June 2016).

2978 ဥပမာ အားဖြင့် Mytelက ဖေ့စ်ဘုတ်ခ် အသုံးပြုရန်အတွက် အသုံးပြုသူများ၏ ဆင်းမ်ကဒ်များကို မှတ်ပုံတင်ရန်နှင့် အလဲအလှယ် အနေဖြင့် ဖေ့စ်ဘုတ်ခ်တွင် သီးသန့် အသုံးပြုမှုအတွက် အခမဲ့ ဒေတာ ၆လစာကို အသုံးပြုသူက ရရှိမည်ဟု ကမ်းလှမ်းထားသည်။ (https://www.facebook.com/mytelmyanmar/posts/394974640914463). TML တွင် အသုံးပြုသူက တိကျသော ငွေပမာဏတစ်ခု ပြန်လည် ဖြည့်သွင်းချိန်တွင် ဖေ့စ်ဘုတ်ခ်တွင် သီးသန့် အသုံးပြုမှုအတွက် ၁GB အခမဲ့ ကမ်းလှမ်းသည့် အစုံအတွဲများ ရှိသည်။ (https://www.telenor.com.mm/en/offer/facebook-free; https://www.telenor.com.mm/en/offer/everyday-fb-bonus) and Facebook-exclusive data rates that are cheaper than ordinary data plans (https://www.telenor.com.mm/en/offer/myanmar%E2%80%99s-cheapest-facebook-pack). အော်ရီဒူးနှင့် MPTတွင်လည်း ဖေ့စ်ဘုတ်ခ် အပါအဝင် လူမှုကွန်ရက်များ အတွက် ပိုမို ဈေးသက်သာသော ဒေတာ အစီအစဉ်များ ရှိကြသည်။

ခုနစ် ဇူလိုင်လတွင် ဖေ့စ်ဘုတ်ခ်နှင့် မြန်မာ့စာတိုက်နှင့် ဆက်သွယ်ရေးလုပ်ငန်းတို့သည် “Free Basics”နှင့် “Facebook Flex” တို့ကို မြန်မာနိုင်ငံတွင် ပူးပေါင်း၍ စတင်ဖြန့်ဖြူးခဲ့ကြသည်။[2979] Facebook Flex သည် ဒေတာ အသုံးပြုခ ဖြတ်တောက်ခြင်း မရှိဘဲ ဖေ့စ်ဘုတ်ခ်၏ စာသား-သက်သက် ပုံစံကို အသုံးပြုသူများ ရရှိနိုင်ရန် ဖြစ်မြောက်စေသော ထုတ်ကုန် တစ်ခုဖြစ်သည်။ Free Basics သည် ဒေတာ အသုံးပြုခ မလိုဘဲ အခြေခံ ဝန်ဆောင်မှုများကို ၎င်းတို့၏ မိုဘိုင်းလ်ဖုန်းများတွင် လက်လှမ်းမီမှုအား တန်ဖိုးနှင့် ထိုက်သင့်သော အခမဲ့ အင်တာနက် ချိတ်ဆက်နိုင်မှု သို့သော် အရေအတွက် အကန့်အသတ်ရှိသော ဝက်ဘ်ဆိုက်ဒ်များကိုသာ “အတွေ့အကြုံခံစား”ရန် အခွင့်အလမ်းတစ်ခု ပေးအပ်ခြင်းဟု ဖော်ပြထားသည့် ရည်ရွယ်ချက်ဖြင့် ပြည်သူများကို ပံ့ပိုးပေးသည်။ Free Basics သည် ၂၀၁၇ခုနှစ် စက်တင်ဘာလတွင် ဆက်လက် ဆောင်ရွက်ခြင်း မရှိတော့ပေ။ ၂၀၁၆ခုနှစ် ဇူလိုင်လနှင့် ၂၀၁၇ခုနှစ် စက်တင်ဘာလ အကြားတွင် မြန်မာနိုင်ငံမှ ပြည်သူများသည် ဖေ့စ်ဘုတ်၏ အခြေခံ ပုံစံနှင့် အတော်များများသော လက်တွေ့အသုံးကျ အက်ပလီကေးရှင်းများနှင့် အကြောင်းအရာ အရင်းအမြစ်များကို လက်လှမ်းမီရန် အသုံးပြုနိုင်ခဲ့ကြသည်။[2980] လူများက စမတ်ဖုန်း ဝယ်သည့်အချိန်တွင် အထူးသဖြင့် ၎င်းတို့သည် အင်တာနက်နှင့် ရင်းနှီးမှု မရှိသည့်အခါ၊ ရောင်းချသူများက စားသုံးသူများအတွက် ဖေ့စ်ဘုတ် အကောင့် ဖန်တီးရန်နှင့် ထည့်သွင်းပေးရန် ကမ်းလှမ်းကြသည်ဟု ဆိုကြသည်။[2981]

၁၃၄၅။ လူထု၏ အင်တာနက်နှင့် ဒစ်ဂျစ်တယ် စကြန်များကို နှိုင်းယှဉ်ချက်အရ ရင်းနှီးကျွမ်းဝင်မှု မရှိခြင်းနှင့် ပိုမိုလွယ်ကူပြီး ပိုမိုဈေးသက်သာသော ဖေ့စ်ဘုတ်ကို လက်လှမ်းမီနိုင်မှုတို့က မြန်မာနိုင်ငံတွင် ဖေ့စ်ဘုတ်ခ်သည် အင်တာနက် ဖြစ်နေသည့် အခြေအနေ တစ်ခုသို့ ဦးတည်စေခဲ့သည်။ ၎င်းသည် အများပြည်သူ အကြားတွင် ဆက်သွယ်ပြောကြားမှုများ၏ ပင်မ နည်းလမ်းဖြစ်လာပြီး မြန်မာ အာဏာပိုင်များ အတွက် အများပြည်သူသို့ ရောက်ရှိရန် ပုံမှန် အသုံးပြုခံရသော ကိရိယာ တစ်ခု ဖြစ်လာခဲ့သည်။ နိုင်ငံတော် သမ္မတ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၊ ကာကွယ်ရေး ဦးစီးချုပ်၊ ပြန်ကြားရေး ဝန်ကြီးဌာန၊ တပ်မတော်နှင့် အခြား အဓိက အစိုးရဆိုင်ရာ အဖွဲ့အစည်းများသည် သတင်းနှင့် သတင်းအချက်အလက်များ ထုတ်ပြန်ရန် ဖေ့စ်ဘုတ် အပေါ် အားထားလာကြသည်။ မီဒီယာများ ဖြစ်ကြသော Eleven Media (အားပေးသူ ၁၇ သန်း), 7 Days News (အားပေးသူ ၂၀.၈ သန်း), The Irrawaddy (အားပေးသူ ၁၂ သန်း), Mizzima (အားပေးသူ ၁၂ သန်း) နှင့် BBC Burmese (အားပေးသူ ၁၃.၉ သန်း) တို့သည် ဖေ့စ်ဘုတ်ကို ဆောင်းပါးများ ဖြန့်ချိရန် အဓိက နည်းလမ်းအဖြစ် အသုံးပြုကြသည်။ လူအများအတွက် အွန်လိုင်း သတင်းများနှင့် အင်တာနက်ကို ပိုမို ကျယ်ပြန့်စွာ အသုံးပြုရန် မဟုတ်လျှင် ဖေ့စ်ဘုတ်ခ်သည် အဓိက စကြန် ဖြစ်သည်။ ဒစ်ဂျစ်တယ်နှင့် လူမှုကွန်ရက်

(http://mpt.com.mm/en/home/mobile-services/data/; http://www.ooredoo.com.mm/en/Personal/Promotions/2017/08/01/Facebook-Plus-Pack.aspx).

2979 ဖေ့စ်ဘုတ်မှ တင်ပြချက်

2980 ဖေ့စ်ဘုတ်မှ တင်ပြချက်

2981 B-004, B-005.

သိနားလည်တတ်မြောက်မှု နိမ့်ပါးသော နောက်ခံ အခြေအနေတွင် တရားဝင် အသိပေးကြေညာချက်များနှင့် သတင်းအချက်အလက်များ မျှဝေခြင်းတို့အတွက် အစိုးရမှ ဖေ့စ်ဘုတ်ခ်ကို အသုံးပြုမှုသည် ဖေ့စ်ဘုတ်ကို ယုံကြည်အားထားရသော သတင်းအချက်အလက် ရင်းမြစ် တစ်ခု အဖြစ် အသုံးပြုသူများ၏ သိမြင်နားလည်မှုကို ပိုမို ပံပိုး ဖြည့်ဆည်းပေးသည်။

၁၃၄၆။ ဖေ့စ်ဘုတ်ခ်သည် ကုမ္ပဏီက ၎င်း၏ အဓိက ရည်မှန်းချက် အဖြစ် မကြာခဏပင် ကိုးကား ပြောဆိုသော ပြည်သူများကို ချိတ်ဆက်ပေးရန် ဝန်ဆောင်ပေးပြီး ဆက်သွယ်ပြောကြားမှုနှင့် သတင်းအချက်အလက် လက်လှမ်းမီနိုင်မှုတို့ကို ချောမွေ့လွယ်ကူစေသည်။ ၎င်းသည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများကို ရရှိခံစားမှုကို မြှင့်တင်ရန် နည်းလမ်းများစွာဖြင့် အသုံးပြုနိုင်ပြီး အသုံးပြုခံရပြီး ဖြစ်သည်။ မည်သို့ဆိုစေ၊ ကျယ်ပြန့်သော ရောက်ရှိမှု၊ နှိုင်းယှဉ်ချက်အရ အသုံးပြုသူ အမည်လျှို့ဝှက်နိုင်မှုနှင့် စောင့်ကြည့်ခြင်း သို့မဟုတ် ပို့စ်များ ဖယ်ရှားခြင်း၏ ခက်ခဲမှုတို့ကလည်း ခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုတို့ကို လှုံ့ဆော်မှုပါဝင်သော အမျိုးသားရေး၊ လူမျိုးရေး သို့မဟုတ် ဘာသာရေး အမုန်းများ စည်းရုံးလှုံ့ဆော်မှု အပါအဝင် အမုန်းစကား ပါဝင်နိုင်သော သတင်းစကားများ ဖြန့်ဝေရန် သင့်တော်သော ကိရိယာ တန်ဆာပလာ တစ်ခုဖြစ်စေသည်။ အမုန်းစကား ဝါဒဖြန့်ချိသူများက ဖေ့စ်ဘုတ်ခ်ကို အမုန်းတရား တိုက်ပွဲဝင်လှုပ်ရှားမှုများ ဆင်နွှဲရန်၊ ၎င်းတို့၏ သတင်းစကားများကို အသံချဲ့ရန်နှင့် ပရိတ်သတ် အသစ်များဆီ ရောက်ရှိရန်တို့ အတွက် အားကိုးအားထား ပြုကြသည်မှာ အံ့သြဖွယ်ရာ မရှိပေ။ အမုန်းစကားများ အပြင် အစိုးရ အရာရှိများနှင့် တပ်မတော် တို့ အပါအဝင် အထက်တွင် သာဓကပြ ဖော်ပြထား သကဲ့သို့ သတင်းအချက်အလက် အမှားများ ဖြန့်ဝေရန်လည်း ဖေ့စ်ဘုတ်ကို ကျယ်ပြန့်စွာ အသုံးချခံ ခဲ့ရသည်။

၁၃၄၇။ ဖေ့စ်ဘုတ်ခ်မှ ပို့စ်များနှင့် သတင်းစကားများက မြန်မာနိုင်ငံတွင် ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို မြင့်တက်စေခဲ့သည် ဆိုသည့် စွပ်စွဲချက်များမှာ ထူပြော ပေါများစွာ ရှိခဲ့သည်။ အထူးသဖြင့် ပို့စ်များနှင့် သတင်းစကားများက စွပ်စွဲထားသော အစွလာမ်မစ် "သိမ်းပိုက်မှု" သို့မဟုတ် မွတ်စလင်များက ဗုဒ္ဓဘာသာဝင်များအား (အထူးသဖြင့် အမျိုးသမီးများအား) နှောင့်ယှက်နေသည်ဟု ဘောင်သွင်းထားသော အချက်များဖြစ်သည်။ ဥပမာ အားဖြင့် ၂၀၁၂ခုနှစ် အစောပိုင်းတွင် ရိုဟင်ဂျာ အမျိုးသားများက ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးကို မုဒိမ်းကျင့်ပြီး သတ်ဖြတ်ခဲ့သည်ဟု စွပ်စွဲခဲ့သော ဖြစ်စဉ်တစ်ခု ကို ကျယ်ပြန့်စွာဖြန့်ဝေခဲ့ကြသည်ဟု ဆိုကြပြီး ရခိုင်ပြည်နယ်အတွင်း တင်းမာမှုများနှင့် အကြမ်းဖက်မှုများကို ဖြည့်ဆည်းပံ့ပိုးပေးခဲ့ သည်ဟု ယူဆရသည်။[2982] အလားတူပင် မန္တလေးမြို့တွင် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတစ်ဦးကို မွတ်စလင် များက မုဒိမ်းကျင့်သည်ဟု စွပ်စွဲမှုတစ်ခုအကြောင်း ပို့စ့်များသည် ၂၀၁၄ ခုနှစ်တွင် အဓိကရုဏ်းများကို ဦးတည်စေခဲ့သည်ဟု ယူဆရသည်။[2983]

၁၃၄၈။ အခြားသော ဥပမာတစ်ခုမှာ ရခိုင်ပြည်နယ်မှ အရေးအခင်းများ၏ အကြားတွင် တူညီပေသည့် ဆန့်ကျင်ဖက် ဖြစ်နေသော တန်းစီချိတ်ဆက် သတင်းစကားများကို ဖေ့စ်ဘုတ်ခ်

[2982] K-101; အခန်း ၅၊ အပိုင်း ဂဂ.၁။ သင်္ကေတပုံဆောင်သော အဖြစ်အပျက်များတွင် ကြည်ပါ။
[2983] အထက်တွင် ကြည့်ပါ။

မက်ဆင်ဂျာတွင် မွတ်စလင်နှင့် ဗုဒ္ဓဘာသာ လူမှုအသိုက်အဝန်းများ ဆီသို့ အပြိုင်ဖြန့်ချိမှုများမှ တဆင့် ၂၀၁၇ ခုနှစ် စက်တင်ဘာလ အစောပိုင်းက လူမှုအသိုက်အဝန်း မငြိမ်သက်မှုများကို လှုံ့ဆော်ချက်ဖြစ်သည်။ တန်းစီချိတ်ဆက် သတင်းစကား တစ်ခုစီက အခြား အုပ်စုသည် စက်တင်ဘာလ ၁၁ ရက်တွင် ကြီးမားသော အကြမ်းဖက်မှုကြီး အတွက် ပြင်ဆင်နေကြသည်ဟု ဖော်ပြထားပြီး လက်ခံရရှိသူကို ခုခံရန်အတွက် အသင့်ပြင်ဆင်ထားရန် တိုက်တွန်းထားသည်။ ဒေသခံ အရပ်ဖက်အဖွဲ့အစည်း အုပ်စုများက ထိုသတင်းစကားသည် တစ်နိုင်ငံလုံး အနှံ့ရောက်ရှိခဲ့ပြီး အနှံ့အပြား ကြောက်ရွံ့မှုများနှင့် အနည်းဆုံး အကြမ်းဖက်မှု ၃ ခု ဖြစ်ပေါ်စေခဲ့သည်ဟု ဆိုကြသည်။[2984] အောက်တွင် ဖော်ပြထားသည်မှာ သတင်းစကားများ၏ မျက်နှာပြင် ပုံရိပ်ဖမ်းယူမှု ဖြစ်ပြီး မြန်မာ အရပ်ဖက်အဖွဲ့အစည်းများမှ ဖေ့စ်ဘုတ်ခ်၏ စီအီးအိုထံသို့ ပေးပို့ထားသော အိတ်ဖွင့်ပေးစာမှ ရယူထားခြင်းဖြစ်သည်။[2985] ပထမ တစ်ခုမှာ ဗုဒ္ဓဘာသာဝင်များထံသို့ ပေးပို့ထားခြင်း ဖြစ်ပြီး ဒုတိယ တစ်ခုမှာ မွတ်ဆလင်များထံသို့ ဖြစ်သည်။




၁၃၄၉။ အသုံးပြုသူ တစ်ဦးချင်းစီတိုင်းမှ မဖြစ်မနေ သဘောတူညီရမည့် ဖေ့စ်ဘုတ်ခ်၏ လူမှုအသိုက်အဝန်း စံနှုန်းများတွင် အမုန်းစကားနှင့် အကြမ်းဖက်မှုများဆိုင်ရာ ကဏ္ဍများ ပါဝင်ပြီး အကောင့် အတုများနှင့် သတင်းမှားများ အပေါ် ကုမ္ပဏီ၏ ကိုင်တွယ်ဖြေရှင်းနည်းကို ဖော်ပြထားသည်။ အဆိုပါ စံနှုန်းများအရ ဖေ့စ်ဘုတ်ခ်သည် ၎င်း၏ မူဝါဒများကို ချိုးဖောက်သော အကြောင်းအရာများကို ဖယ်ရှားပစ် လိမ့် မည်ဖြစ်သည်။ အသုံးပြုသူများ အနေဖြင့် ထိုကဲ့သို့သော အကြောင်းအရာများကို ဖေ့စ်ဘုတ်ခ်ထံသို့ ၎င်း၏ စိစစ်ပေးသူများ (moderators) မှ ပြန်လည်ဆန်းစစ်ရန် အတွက် သတင်းပေးပို့နိုင်သည်။ ကုမ္ပဏီသည် ၎င်း၏ စံနှုန်းများကို ချိုးဖောက်သည့် ထိုသို့သော အကြောင်းအရာ အမျိုးအစားများကို ဖော်ထုတ် သတ်မှတ်ရန် အတွက် နည်းပညာကိုလည်း အသုံးပြုသည်။ ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် ဖေ့စ်ဘုတ်ခ်က ၎င်း၏ လူမှုအသိုက်အဝန်း စံနှုန်းများ၏ မြန်မာဘာသာဖြင့် သရုပ်ဖော်ထားသော ပုံစံတစ်ခုကို စတင်

[2984] Mark Zuckerberg, CEO of Facebook ထံသို့ မြန်မာပြည် အရပ်ဖက် လူထုအဖွဲ့အစည်းများမှ ပေးပို့သော အိတ်ဖွင့်ပေးစာ (၂၀၁၈ ခုနှစ် ဧပြီ ၅ ရက်နေ့) ဤနေရာတွင် ရယူနိုင်သည်။ https://www.documentcloud.org/documents/4432469-Myanmar-Open-Letter-to-Mark-Zuckerberg.html.
[2985] Ibid. သူတို့ သတိပြုမိသည့်နောက်တွင် ထိုသတင်းစကားများကို Facebook မှ ပယ်ဖျက်ခဲ့သည်ဟု အတည်ပြုခဲ့သည်။

ကြေညာဖြန့်ချိခဲ့သည်။ ဖေ့စ်ဘုတ်ခ်သည် အဆိုပါ စံနှုန်းများ အကြောင်း မြန်မာနိုင်ငံ ပြည်သူများကို အသိ ပညာပေးရန် အခြားသော ပဏာမခြေလှမ်းများ အချို့ကိုလည်း ဆောင်ရွက်ခဲ့သည်။[2986]

၁၃၅၀။ မည်သို့ဆိုစေ ဖေ့စ်ဘုတ်ခ်သို့ အိတ်ဖွင့်ပေးစာ တစ်စောင်တွင် အမုန်းစကား အရေးကိစ္စအပေါ် လုပ်ကိုင်ဆောင်ရွက်နေကြ သော ဒေသခံ အရပ်ဖက်အဖွဲ့အစည်း ၆ ခုက ကုမ္ပဏီ၏ ထိရောက်မှုမရှိသော အကြောင်းအရာ စိစစ်မှု moderation ကို မီးမောင်းထိုး ဖော်ပြထားခဲ့သည်။ ထိုအဖွဲ့အစည်းများက ဖေ့စ်ဘုတ်ခ်မှ စိစစ်မှုသည် တတိယ အဖွဲ့အစည်းများအပေါ်တွင် အလွန်အကျွံ မှီခိုအားထားမှု၊ အရေးပေါ်အရှိန်မြှင့်တက်မှု အတွက် သင့်တော်သော ယန္တရား တစ်ခု ရှိမနေခြင်း၊ စနစ်ဆိုင်ရာ ဖြေရှင်းချက်များတွင် ဒေသခံ ပါဝင်ပတ်သက်သူများ ပါဝင်ဆောင်ရွက်ရန် ဖိတ်ခေါ်မှု နည်းပါးခြင်း (reticence)နှင့် ပွင့်လင်းမြင်သာမှု မရှိခြင်းတို့ကို ထုတ်ဖော်ပြနေသည်ဟု ရည်ညွှန်းခဲ့သည်။[2987] အလေးထား စိုးရိမ်မှုများက ဖေ့စ်ဘုတ်ခ်တွင် မြန်မာ ဘာသာစကားနှင့် ၎င်း၏ သိမ်မွေ့သော ကွဲပြားချက်များ နှင့်အတူ မှတ်ချက်ပြုမှုများအတွင်း နောက်ခံအကြောင်းအရာများကို နားလည်သော အကြောင်းအရာ စိစစ်သူများ လုံလောက်စွာ မရှိခြင်း၊ ဖေ့စ်ဘုတ်၏ နည်းပညာသည် မတူညီကွဲသွားသော မြန်မာဘာသာစကား စာလုံးပုံစံဖောင့်များနှင့် အံဝင်ခွင်ကျမှု မရှိခြင်းနှင့် ဖေ့စ်ဘုတ်တွင် မြန်မာ ဘာသာစကားနှင့် ဗမာ ယဉ်ကျေးမှု အပေါ် သီးသန့် မဖြစ်လျှင်ပင် ခိုင်မာအားကောင်းသော အလေးထားမှု မရှိခြင်း အစရှိသည်တို့ကို အလေးထား စိုးရိမ်မှုများ မြင့်တက်ခဲ့သည်။[2988]

၁၃၅၁။ မစ်ရှင်အဖွဲ့ ကိုယ်တိုင်ပင်လျှင် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူ တစ်ဦး၏ စွပ်စွဲခံခဲ့ရသော မစ်ရှင်အဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်မှု အတွက် ပစ်မှတ်ထားနေသည့် ပို့စ်တစ်ခုကို ကုမ္ပဏီအား သတိပေးနှိုးဆော်ရန် စံပြုထားသော သတင်းပေးပို့မှု ယန္တရားကို အသုံးပြုခဲ့ချိန်တွင် နှေးကွေးပြီး ထိရောက်မှု မရှိသော တုန့်ပြန်မှုကို တွေ့ကြုံခဲ့ရသည်။ ထိုပို့စ်က ထိုလူပုဂ္ဂိုလ်အား "အမျိုးသား သစ္စာဖောက်" အဖြစ် ဖော်ပြထားပြီး "မွတ်စလင်"ဟူသော နာမဝိသေသနကို တစိုက်မတ်မတ် ရေး့မှ ထည့်သွင်းထားခဲ့သည်။ ထိုပို့စ်သည် အကြိမ်ပေါင်း ၁၀၀၀ ကျော် မျှဝေမှုနှင့် ပြန်လည်-ပို့စ်တင် ခံခဲ့ရသည်။ ထိုပို့စ်မှ မြောက်များစွာသော မှတ်ချက်များက ထိုပုဂ္ဂိုလ်ကို သတ်ဖြတ်ရန် ပြတ်ပြတ်သားသား အသုံးအနှုန်းများဖြင့် ထင်ရှားစွာ တောင်းဆိုခဲ့ကြသည်။ "သူတောင်းစား-ခွေးမျိုး ငါတို့တွေက သူတို့အတွက် စိတ်မကောင်း ဖြစ်နေသ၍ ငါတို့တိုင်းပြည် ငြိမ်းချမ်းမှာ မဟုတ်ဘူး၊ ဒီခွေးတွေကို လုံးဝ သုတ်သင်ပစ်ဖို့ လိုတယ်" "ဒီတိရိစ္ဆာန် အသက်ရှိနေမယ် ဆိုရင် ဒီကောင်ကို ရှာကြ သတ်ပစ်ကြ NGO တွေမှာ အစိုးရ အရာရှိတွေ ရှိဖို့ လိုတယ်" "သူတို့ ဘယ်နေရာမှာပဲ ဖြစ်ဖြစ် မွတ်စလင် တိရိစ္ဆာန်တွေဟာ တိုင်းပြည်ကို သစ္စာရှိဖို့

[2986] ဖေ့ဘုတ်ထံမှ ရရှိသော တင်ပြချက်

[2987] Mark Zuckerberg, CEO of Facebook ထံသို့ မြန်မာပြည် အရပ်ဖက် လူထုအဖွဲ့အစည်းများမှ ပေးပို့သော အိတ်ဖွင့်ပေးစာ (၂၀၁၈ ခုနှစ် ဧပြီ ၅ ရက်နေ့) ဤနေရာတွင် ရယူနိုင်သည်။ https://www.documentcloud.org/documents/4432469-Myanmar-Open-Letter-to-Mark-Zuckerberg.html.

[2988] B-005, K-101.

မသိကြဘူး” “သူက မွတ်စလင်၊ မွတ်စလင်ဆိုတာ ခွေးတွေပဲ၊ သေနတ်နဲ့ ပစ်ခံရဖို့လိုတယ်” “ဒီကောင်ကို အရှင်မထားနဲ့ ဒီကောင့် တစ်မျိုးလုံးကို သုတ်သင်ပစ် အချိန်မရှိတော့ဘူး” မစ်ရှင်အဖွဲ့က ထိုပို့စ်ကို အချိန် ၄ ခုတွင် ဖေ့စ်ဘုတ်ခ်သို့ သတင်းပို့ခဲ့ပြီး၊ တကြိမ်စီတိုင်းတွင် လက်ခံရရှိခဲ့သော တုန့်ပြန်မှုမှာ ထိုပို့စ်ကို စူးစမ်းစစ်ဆေးပြီးဖြစ်သည် “သို့သော် [ဖေ့စ်ဘုတ်ခ်၏] တိကျသော လူမှုအသိုက်အဝန်း စံနှုန်း တစ်ခုခုကိုမျှ ဆန့်ကျင်နေခြင်းမရှိပါ” ဟုဖြစ်သည်။ မစ်ရှင်အဖွဲ့က နောက်ပိုင်းတွင် တရားဝင် ဖေ့စ်ဘုတ်အီးမေးလ် အကောင့်တစ်ခုသို့ ထိုကိစ္စအကြောင်း သတင်းတစ်ခုကို ပေးပို့ခဲ့သော်လည်း တုန့်ပြန်မှု မရခဲ့ပေ။ ထိုပို့စ်မှာ ရက်သတ္တပတ် အချို့ကြာပြီးနောက် ဖယ်ရှားခံခဲ့ရသော်လည်း ယင်းမှ ဖေ့စ်ဘုတ်ခ်မှ အသိတစ်ဦး၏ ကူညီမှုမှ တဆင့်ဖြစ်ပြီး တရားဝင်လမ်းကြောင်း မှတဆင့် မဟုတ်ခဲ့ပေ။[2989] မည်သို့ဆိုစေ လအချို့အကြာတွင် မူလပို့စ်၏ ပြန်လည်-ပို့စ်တင်မှု အနည်းဆုံး ၆ ခုမှ ဖေ့စ်ဘုတ်ပေါ်တွင် ပျံ့နှံ့လည်ပတ်နေဆဲ ဖြစ်သည်ကို မစ်ရှင်အဖွဲ့မှ တွေ့ရှိခဲ့သည်။[2990] အွန်လိုင်းတွင် ထိုပို့စ် ရောက်ရှိသွားပြီး ရက်သတ္တပတ်များနှင့် လများ ကြာပြီးနောက်တွင် ထိုလူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူမှာ ဖေ့စ်ဘုတ်ခ် အသုံးပြုသူများထံမှ အသက်အန္တရာယ် ခြိမ်းခြောက်မှုများ၊ ၎င်း၏ ဓါတ်ပုံနှင့် ပို့စ်ကို ဖေ့စ်ဘုတ်ခ်တွင် တွေ့မြင်ခဲ့ပြီးကြသည့် အိမ်နီးချင်းများ၊ မိတ်ဆွေများ၊ တက္ကစီ ယာဉ်မောင်းများနှင့် အခြား အသိများထံမှ သတိပေးမှုများနှင့် ထိုပို့စ်မှာ ကနဦး သတိပေးချက် ဖြစ်သည်ဆိုသည့် ပြင်းထန်သော အကြံပြုချက်များ မြောက်များစွာကို လက်ခံရရှိခဲ့သည်။ ၎င်း၏ မိသားစုဝင်များမှာလည်း ခြိမ်းခြောက်ခံခဲ့ ကြရသည်။ တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ၊ ပုံမှန်အားဖြင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများ သို့မဟုတ် သတင်းသမားများ အနေဖြင့် အကြမ်းဖက်ရန် ခြိမ်းခြောက်သော သို့မဟုတ် လှုံ့ဆော်သော အွန်လိုင်း အမုန်း တိုက်ပွဲဝင်လှုပ်ရှားမှုတစ်ခု၏ ပစ်မှတ်ဖြစ်လာခဲ့သည့် အလားတူ အမှုဖြစ်ရပ် များစွာကို မစ်ရှင်အဖွဲ့မှ မြင်တွေ့ခဲ့ရသည်။

၁၃၅၂။ ဖေ့စ်ဘုတ်ခ်က အရပ်ဖက် အဖွဲ့အစည်းများမှ တင်ပြခဲ့သော အလေးထား ပူပန်မှုများကို တုန့်ပြန်ရာတွင် ကုမ္ပဏီအနေဖြင့် “အလွန်နှေး” ကွေးခဲ့သည်ကို လူသိရှင်ကြား ဝန်ခံခဲ့သည်။[2991] ၂၀၁၈ခုနှစ် ဇွန်လတွင် ဖေ့စ်ဘုတ်ခ်က မြန်မာနိုင်ငံမှ သီးသန့် ပြဿနာ ၂ခုဖြစ်သည့် အမုန်းစကားနှင့် အမုန်းစကားအတွက် လက်နက်ကိရိယာ အဖြစ် သတင်းအချက်အလက်အမှား

---

[2989] K-104.

[2990] အဆိုပါ ပို့စ်များကို ဖေ့စ်ဘုတ်ခ်၏ အာရုံစိုက် အလေးထားမှု ဆီသို့ ယူဆောင်ပေးပို့ခဲ့ပြီးသည့် နောက်ပိုင်းတွင် ၎င်းတို့မှာလည်း ဖယ်ရှားခံခဲ့ရသည်။

[2991] ဉပမာ ကြည့်ရန်၊ Facebook Newsroom, “မြန်မာ စစ်တပ်အရာရှိများကို ဖေ့စ်ဘုတ်ခ်ပေါ်မှ ဖယ်ရှားခြင်း” https://newsroom.fb.com/news/2018/08/removing-myanmar-officials/). အမေရိကန် ပြည်ထောင်စု ကွန်ဂရက်စ်၏ ရှေ့မှောက်တွင် မက်ဇူကာဘတ်ခ်၏ ထွက်ဆိုချက်ကိုလည်း ကြည့်ရန် “မြန်မာနိုင်ငံ ကဲ့သို့ နေရာများတွင် အမုန်းနှင့် အကြမ်းဖက်မှုများကို ကိုင်တွယ်ရန် ကျွန်ုပ်တို့ အလွန်အမင်း နှေးကွေးခဲ့သည်။ တိုင်းပြည်အတွင်း အွန်လိုင်းအပေါ် မြန်ဆန်စွာ ရောက်လာသည့် ကျွန်ုပ်တို့ ရင်ဆိုင်ခဲ့ရသော စိန်ခေါ်မှုများမှာ ကမ္ဘာကြီး၏ အခြား နေရာများမှ ကိစ္စများထက် အလွန်ပင် ကွဲပြားခြားနားပြီး ကျွန်ုပ်တို့ အနေဖြင့် ၎င်းတို့ကို ဖြစ်နိုင်သမျှ ထိရောက်စွာ ကူညီဖော်ထုတ်ရန် လူများ၊ နည်းပညာနှင့် အစီအစဉ်များ ရင်နှီးမြှုပ်နှံလျက်ရှိပါသည်။” (https://docs.house.gov/meetings/IF/IF00/20180411/108090/HHRG-115-IF00-Wstate-ZuckerbergM-20180411.pdf)

တို့ကို ဖြေရှင်းရန် ကြိုးစားနေကြောင်း မစ်ရှင်အဖွဲ့သို့ အသိပေး အကြောင်းကြားခဲ့သည်။[2992] ၎င်းက ဖော်ပြထားသည်မှာ ၎င်းသည် (မြန်မာ ဘာသာ စကားတွင် မတူခြားနားသော စာလုံးပုံစံဖောင့်များ အသုံးပြုမှု ကဲ့သို့) နည်းပညာဆိုင်ရာ စိန်ခေါ်မှုများကို ကျော်လွှားနေခြင်း သတင်းပို့ခြင်း စီးဆင်းမှုကို ပိုမိုကောင်းမွန်အောင် ပြုလုပ်ခြင်း (ဥပမာ မကြာခင်က ပေါ်ထွက်လာသည့် ဖေ့စ်ဘုတ်ခ် မက်ဆင်ဂျာတွင် မျှဝေထားသော အကြောင်းအရာကို သတင်းပေးပို့ရန် လုပ်ဆောင်နိုင်မှု)၊ (ပြန်လည်ဆန်းစစ် ရန်အတွက် အကြောင်းအရာကို ကြိုတင် ခွဲခြားဖော်ထုတ်နိုင်ရန် အသိဉာဏ်တု artificial intelligence ရှာဖွေဖော်ထုတ်မှု အပါအဝင်) အလိုအလျောက် လုပ်ဆောင်မှုစနစ်နှင့် သတင်းအချက်အလက်အများ (အကောင့်တုများတွင် လုပ်ဆောင်နေသည့်)ကို အာရုံစိုက်နေသည်ဟု ဖြစ်သည်။ ဖေ့စ်ဘုတ်ခ်က ၎င်း၏ဝန်ဆောင်မှုများ အားလုံး တလျှောက်မှ အသုံးပြုသူများ၏ သတင်းပေးပို့မှုများကို ကိုင်တွယ်ရန် မြန်မာဘာသာစကား ပြန်လည်ဆန်းစစ်သူများ ထပ်တိုးထားကြောင်းနှင့် မြန်မာနိုင်ငံနှင့်-သက်ဆိုင်သော အရေးကိစ္စများ အပေါ် ကုမ္ပဏီ တဝန်းလုံး လူအရေအတွက်များ တိုးမြှင့်ထားပြီး အထူးသီးသန့် ဒေသဆိုင်ရာ စိန်ခေါ်မှုများကို ပိုမိုကောင်းမွန်စွာ နားလည်ရန်နှင့် မှန်ကန်သော ကိရိယာများကို တည်ဆောက်ရန် လုပ်ဆောင်နေသည့် အထူးအဖွဲ့ တစ်ဖွဲ့ကို ခန့်ထားပြီးဖြစ်ကြောင်းလည်း ဖော်ပြထားခဲ့သည်။[2993] ဖေ့စ်ဘုတ်ခ်က ထပ်မံ၍ ကြေညာခဲ့သည်မှာ ၎င်းအနေဖြင့် မြန်မာနိုင်ငံတွင် ပြီးပြည့်စုံသော လူ့အခွင့်အရေး သက်ရောက်မှု အကဲဖြတ်ဆန်းစစ်ချက် တစ်ခုကို ဆောင်ရွက်သွားမည် ဖြစ်ပြီး ယင်း၏ တွေ့ရှိချက်များကို အများသိပြုလုပ်မည်ဟု ဖြစ်သည်။[2994]

၁၃၅၃။ ၂၀၁၈ ခုနှစ်တွင် ဖေ့စ်ဘုတ်ခ်မှ မဘသနှင့် ဘုန်းကြီးများ ဖြစ်သည့် ဝီရသူ၊ သုစိတ္တနှင့် ပါမောက္ခတို့အား အမုန်းတရား ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအဖြစ် သတ်မှတ်ခဲ့သည်။[2995] ၎င်းတို့ အနေဖြင့် ဖေ့စ်ဘုတ်ခ်တွင် တည်ရှိနေရန် ခွင့်ပြုခြင်း မခံရတော့ဘဲ အခြားသော ကောက်ကြောင်းပုံဖော်ပြချက် (profile) ၊ စာမျက်နှာ အုပ်စု (သို့မဟုတ်) ၎င်းတို့အား အမွှန်းတင်ထားသော သို့မဟုတ် ထောက်ခံနေသော အကြောင်းအရာ အစိတ်အပိုင်းများအားလုံး ဖယ်ရှားခံရမည်ဖြစ်သည်။ ၂၀၁၈ ခုနှစ် ဧပြီလ မှစ၍ မစ်ရှင်အဖွဲ့၏ အောက်ပါ သတိပေး နှိုးဆော်ချက်များ အပါအဝင် ၎င်း၏ စကြန်ပေါ်မှ အမုန်းစကားများကို ဖယ်ရှားရန် ဖေ့စ်ဘုတ်ခ်မှ ကြိုးပမ်းအားထုတ်မှုများ မြင့်တက်လာခဲ့သည်ကို မစ်ရှင်အဖွဲ့မှ သတိပြုမိခဲ့သည်။ ၂၀၁၈ ခုနှစ် သြဂုတ်လ ၂၇ ရက်တွင် ဖေ့စ်ဘုတ်ခ်မှ ၎င်းအနေဖြင့် လူပေါင်း ၁၂သန်းနီးပါးမှ အားပေးထားသော စုစုပေါင်း ဖေ့စ်ဘုတ်ခ် အကောင့် ၁၈ ခု၊ Instagram အကောင့် တစ်ခုနှင့် ဖေ့စ်ဘုတ်ခ် စာမျက်နှာ ၅၂ ခု တို့ကို ဖယ်ရှားခဲ့ပြီး ဖြစ်ကြောင်း ကြေညာခဲ့သည်။ ၎င်းအနေဖြင့် မြန်မာနိုင်ငံမှ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အပါအဝင် တသီးပုဂ္ဂလနှင့် အဖွဲ့အစည်းများ ၂၀ ခုတို့ကို

[2992] ဖေ့စ်ဘုတ်မှ တင်ပြချက်

[2993] K. Roose, P. Mozur, "မြန်မာပြည် အကြမ်းဖက်မှုကိစ္စ အပေါ် ဇူကာဘတ်အား ခေါ်ယူမေးမြန်းခဲ့၊ ဤတွင် သူ၏ တောင်းပန်ချက်" (The New York Times, ၂၀၁၈ ခုနှစ် ဧပြီလ ၉ ရက်နေ့)

[2994] ဖေ့စ်ဘုတ်မှ တင်ပြချက်

[2995] ဖေ့စ်ဘုတ်မှ တင်ပြချက်

ပိတ်သိမ်းခဲ့သည်။ ၎င်းက "ဖေ့စ်ဘုတ်ခ်တွင် အစစ်အမှန်မဟုတ်သော အပြုအမူများ ချိတ်ဆက်ဆောင်ရွက်မှုတွင် ပါဝင်နေသည့် စာမျက်နှာ ၄၆ ခုနှင့် အကောင့် ၁၂ခု တို့ကို" "၎င်းတို့အနေဖြင့် အမြင်အားဖြင့် အမှီအခိုကင်းသော သတင်းနှင့် ထင်မြင်ယူဆချက် ဟု ထင်အောင် ပြုထားသည့် စာမျက်နှာများဖြင့် မြန်မာစစ်တပ်၏ သတင်းစကားများအား ခိုးကြောင် ခိုးဝှက် တိုက်တွန်းရာတွင် အသုံးပြုခဲ့သည်" ကို ဖော်ထုတ်တွေ့ရှိခဲ့ ပြီးသည့်နောက်တွင် ဖယ်ရှားပစ်ခဲ့သည်ဟု ထပ်မံ၍ ဖော်ပြထားခဲ့သည်။[2996] အရေးကြီးသည်မှာ ဖေ့စ်ဘုတ်ခ်က ၎င်းအနေဖြင့် အဆိုပါ စာမျက်နှာများမှ အချက်အလက်များနှင့် အကြောင်းအရာများကို ထိန်းသိမ်းထားသည်ဟု ဖော်ပြထားခဲ့ခြင်း ဖြစ်သည်။[2997] ဖယ်ရှားခံခဲ့ရသော အချက်အလက်များနှင့် အကြောင်းအရာများကို မြန်မာနိုင်ငံမှ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်များကို ကျူးလွန်သူများအား ရာဇဝတ်မှုဆိုင်ရာ တရားစွဲဆိုမှု အပါအဝင် တာဝန်ခံမှုဆိုင်ရာ ရည်ရွယ်ချက်များအတွက် ကောင်းမွန်စွာ တရားဝင် လုပ်ပိုင်ခွင့် အပ်နှင်းထားသည့် နိုင်ငံတကာနှင့် နိုင်ငံတွင်း တရားစီရင်ရေး အာဏာပိုင်များအနေဖြင့် ရရှိနိုင်သင့်သည်။

၁၃၅၄။ မစ်ရှင်အဖွဲ့အနေဖြင့် မြန်မာနိုင်ငံတွင် အမုန်းစကား ပျံ့နှံ့မှုသည် တင်းမာမှုနှင့် တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များနှင့် အုပ်စုများကို အကြမ်းဖက်မှု အတွက် လှုံ့ဆော်ချက်၊ တိုက်တွန်းနှိုးဆော်ချက်များကို ပိုမိုလက်ခံနိုင်မှု ရှိလာစေဖွယ်ရှိသည့် ပတ်ဝန်းကျင် အခြေအနေ တစ်ခုကို တိုးမြင့်လာခဲ့စေရန် သိသာထင်ရှားစွာ ပံ့ပိုးဖြည့်ဆည်း ပေးခဲ့သည်ကို သံသယ မရှိပေ။ ထိုအချက်သည် ဖေ့စ်ဘုတ်ခ်မှ အမုန်းစကားများနှင့်လည်း သက်ဆိုင်သည်။ မြန်မာနိုင်ငံမှ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုတို့ကို မြင့်တက်စေခဲ့သော ဖေ့စ်ဘုတ်ခ် ပေါ်မှ သတင်းစကားများနှင့် ကောလဟာလများ၏ ဖြန့်ဝေမှု အတိုင်းအတာသည် အမှီအခို ကင်းစွာနှင့် စေ့စေ့စပ်စပ် သုတေသနပြုလုပ် ရမည်ဖြစ်ပြီး သို့မှသာ သင့်လျော်သော သင်ခန်းစာများကို သင်ယူနိုင်မည်ဖြစ်ကာ အလားတူ ဖြစ်ရပ်မြစ်ကွင်းများကို တားဆီးကာကွယ်နိုင်မည် ဖြစ်သည်။ အလားတူပင် ဖေ့စ်ဘုတ်ခ် အနေဖြင့် ၎င်း၏ စကြ်ာန်ကို အလွဲသုံးစားပြုမှုမှ တားဆီးကာကွယ်ရန်နှင့် ရေတို ကုစားရန် အတွက် လတ်တလော စီမံဆောင်ရွက်မှုများ၏ သက်ရောက်မှုကိုလည်း အကဲဖြတ်ရန် လိုအပ်သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် ဖေ့စ်ဘုတ်မှ ၎င်း၏ စကြ်ာန်ပေါ်တွင် အမုန်းစကား ဖြန့်ချိမှုများနှင့် စပ်လျဉ်းသည့် တိုင်းပြည်ဆိုင်ရာ-တိကျသော အချက်အလက်များကို ပေးအပ်နိုင်ရန် မဆောင်ရွက်နိုင်ခဲ့သည်ကို စိတ်မကောင်းဖြစ်ရပြီး ယင်းသည် ပြဿနာနှင့် ၎င်း၏ တုန့်ပြန်မှု၏ လုံလောက်မှုကို အကဲဖြတ်ရန် အလွန်အရေးပါသည်။[2998] ဖေ့စ်ဘုတ်ခ် အနေဖြင့် ထိုတိုင်းပြည်ဆိုင်ရာ-တိကျသော အချက်အလက်များကို စုဆောင်းထားရန်နှင့် အများပြည်သူ

[2996] Facebook Newsroom, "ဖေ့ဘွတ်မှ မြန်မာတပ်မတော် အရာရှိများကို ဖယ်ရှား" https://newsroom.fb.com/news/2018/08/removing-myanmar-officials/).

[2997] အစောပိုင်း ၂၀၁၈ ခုနှစ် ဇွန်လတွင် ဖေ့ဘုတ်အနေဖြင့် ထိုသို့ပြုလုပ်ရန် ၎င်းတို့ထံတွင် ပေါ်လစီ မရှိကြောင်း မစ်ရှင်ထံ အကြောင်းကြားခဲ့ပါသည်။

[2998] ဖေ့ဘုတ်မှ တင်ပြချက်; BM-050.

ရရှိနိုင်စေရန် ပြုလုပ်ထားမှု ဖြစ်မြောက်စေရန် စနစ်များကို ထူထောင်ရန်နှင့် အကောင်အထည်ဖော် ဆောင်ရွက်ရန် မရှိမဖြစ် လိုအပ်သည်ဟု မစ်ရှင်အဖွဲ့မှ ယူဆသည်။

### (c) အစိုးရ တုန့်ပြန်မှု

၁၃၅၅။ နေရာတကာတွင် ပျံ့နှံ့နေပြီး မကြာခဏပင် နိုင်ငံတော်မှ-ထောက်ပံ့ပေးထား၍ ဥပဒေတွင် အမြစ်တွယ်နေသည့် ခွဲခြားဆက်ဆံမှုနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကို လူသိရှင်ကြား ရှုတ်ချရန်နှင့် ဖော်ထုတ်ရန် အစိုးရအာဏာပိုင်များနှင့် ဗုဒ္ဓဘာသာဝင် ခေါင်းဆောင်များက ပျက်ကွက်ခဲ့သော အခြေအနေတွင် မဘသနှင့် အချို့သော ၎င်း၏ အဖွဲ့ဝင် ဘုန်းကြီးများက ဝါဒဖြန့်ချခဲ့သည့် အမုန်းစကားများ၏ အစွန်းရောက်ဆုံးနှင့် အခြေခံအကျဆုံးသော ဖြစ်ရပ်များကို ဖော်ထုတ်ရန် အချို့သော အာဏာပိုင်များ၏ ဖြစ်ကတတ်ဆန်း အားထုတ်မှုများမှာ အလွန်အမင်း လုံလောက်မှုမရှိခဲ့ပေ။[2999] လိုအပ်နေခဲ့သည့် အရာမှာ ရှင်းလင်းသော၊ ပြတ်သား၍ တရားဝင်သော တုန့်ပြန်မှု တစ်ခုဖြစ်သည်။ ယုံကြည်စိတ်ချရသော အစိုးရ တုန့်ပြန်မှု တစ်ရပ်ဆိုသည်မှာ အမုန်းပွားဖွယ်နှင့် သွေးကြွဲစေသော ဟိတ်ဟန်ဖြင့်ဟောပြောမှုများ သုံးစွဲမှုမှ[3000]၊ ၎င်းတို့ကိုယ်ပိုင် တရားဝင် ရှောင်ကြဉ်ခြင်း၊ အမုန်းစကား ဖြစ်ရပ်များကို စနစ်တကျဖြစ်စွာ ကန့်ကွက်ရှုတ်ချခြင်း၊ မွတ်စလင်များ အထူးသဖြင့် ရိုဟင်ဂျာများနှင့် ပတ်သက်၍ ရေပန်းစားနေသော ခွဲခြားဆက်ဆံသည့် ဇာတ်ကြောင်းများကို တန်ပြန်ခြင်းနှင့် အာလုံး၏ လူ့အခွင့်အရေး အတွက် သဘောထားကြီး သည်းခံမှုနှင့် လေးစားမှုတို့၏ သတင်းစကားများကို တက်ကြွစွာ မြှင့်တင်ပေးခြင်း

[2999] မစ်ရှင် အဖွဲ့သည် အချို့သော အဆင့်မြင့် အရာရှိများက အချို့သော ထုတ်ပြန်ကြေညာချက်များနှင့် စပ်လျဉ်းသည့် ပြောကြားမှုများကို မှတ်တမ်း ရယူထားခဲ့သည်။ ဥပမာ ၂၀၁၄ခုနှစ် အောက်တိုဘာလ ၂၉ရက်တွင် ပြန်ကြားရေး ဝန်ကြီးဌာနက မဘသ ဂျာနယ် ဖြစ်သည့် အောင်ဇေယျ (အမှတ်စဉ် ၄၄)မှ ဆောင်းပါ တစ်ပုဒ်သည် အစ္စလာမ်ကို လွဲမှားစွာ သရုပ်ဖော်ထားခြင်း အတွက် မြန်မာနိုင်ငံ အစ္စလာမ် ဘာသာရေး အသင်းက သတင်းပို့တင်ပြထားပြီး ၎င်းဆောင်းပါးသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ပုဒ်မများ ဖြစ်သည့် ၃၅၄(ဃ)၊ ၃၆၂-၃၆၄ တို့နည်းတူ သတင်းမီဒီယာ အက်ဥပဒေနှင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေဖြန့်ချိခြင်းဆိုင်ရာ ဥပဒေတို့ကိုလည်း ချိုးဖောက်နေသည်ကို တွေ့ရှိရသည်ဟု ထုတ်ပြန်ကြေညာချက်တစ်ခု ထုတ်ပြန်ခဲ့သည် အချိန်တွင်ဖြစ်သည်။ [အသိပေးအကြောင်းကြားခြင်း အမှတ်စဉ် ၁-၆(၈)/၂၀၁၄ (၇၁၈၂)] ၂၀၁၇ခုနှစ် မတ်လ ၁၀ရက်တွင် မြန်မာ ဗုဒ္ဓဘာသာဝင် ဘုန်းကြီးများကို စည်းမျဉ်း စည်းကမ်းဖြင့် ထိန်းသိမ်းသည့် အစိုးရမှ-တာဝန်လွှဲအပ်ထားသော အစုအဖွဲ့ဖြစ်သည့် သံဃာ့ မဟာနာယက အဖွဲ့ (မဟန) က ဝီရသူကို ၂၀၁၈ခုနှစ် မတ်လအထိ တစ်နှစ် အကြာ နိုင်ငံတဝန်းလုံးတွင် ဟောပြောခြင်းမှ ပိတ်ပင်သည့် ကြေညာချက် တစ်ခုကို နောက်ပိုင်း ဘာသာရေး အမုန်းစကား ဖြန့်ချိမှုကို ကိုးကားလျက် ထုတ်ပြန်ခဲ့သည်။ (ကြေညာချက် အတွက် http://www.mahana.org.mm/?p=1351ကိုကြည့်ပါ) ၂၀၁၇ခုနှစ် မေလ ၂၃ရက်တွင် မဟနက မဘသသည် သံဃာ့ အဖွဲ့အစည်း ဥပဒေနှင့် သံဃာ့ အဖွဲ့အစည်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ ကိုက်ညီစွာ ဖွဲ့စည်းထားခြင်း မဟုတ်ကြောင်းနှင့် ၎င်းအဖွဲ့နှင့် ဆက်စပ်နေသော လူပုဂ္ဂိုလ်ဖြစ်စေ အဖွဲ့အစည်းဖြစ်စေ ၎င်းအဖွဲ့က အသုံးပြုနေသော ဗမာအမည် အပြည့်အစုံကို အသုံးမပြုနိုင်ဘဲ နိုင်ငံတဝန်းလုံးရှိ အဖွဲ့အစည်း၏ ဆိုင်းဘုတ်များ အားလုံး ဖြုတ်ချရမည်ဟု ကြေညာထားသော ထုတ်ပြန်ကြေညာချက် တစ်ခု ထုတ်ပြန်ခဲ့သည်။ (see M. Walton, "မြန်မာနိုင်ငံ၏ မဘသကို လွဲမှားစွာ နားလည်ခြင်း (Asia Times, 9 June 2017)

၂၀၁၈ခုနှစ် ဇူလိုင်လ ၂၀ရက်တွင် မဟနသည် မဘသကို ဆက်ခံသူ ဖြစ်သည့် ဓမ္မဝံသာနု ရက္ခိတ အသင်းကို ပိတ်ပင်ခဲ့သည်ဟု ယူဆရသည်။ ( ဧရာဝတီ ကြည့်ပါ "မဘသ အပေါ် ပိတ်ပင်မှု အသစ်ကို ရှုတ်ချရန် အမျိုးသားရေးသမားများ ရန်ကုန်တွင် အင်အားပြ" ၂၀၁၈ခုနှစ် ဩဂုတ်လ ၁၃ရက်)

[3000] ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၃ ရက်နေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာန၏ နိုင်ငံတကာအဖွဲ့အစည်းဌာနမှ ရန်ကုန်တွင်ရှိသော ကုလသမဂ္ဂအေဂျင်စီ အသီးသီးသို့ အီးမေးတစ်စောင်နှင့်အတူ ရခိုင်ပြည်အကြောင်းနှင့် ၂၀၁၇ ဩဂုတ်လ အဖြစ်အပျက်များ အကြောင်း ဗီဒီယို ၄ ခု ပါသည့် လင့်ခ် နှင့် အတူ ပေးပို့ခဲ့သည်။ ထိုဗီဒီယိုများထဲတွင် မွတ်စလင် ဆန့်ကျင်ရေး/ရိုဟင်ဂျာ ဆန့်ကျင်ရေး သတင်းစကားများ ပါဝင်သည်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဝန်ကြီးဌာနက ထိုသို့သော ဗီဒီယိုများကို မျှဝေသည့် ကနဦးလုပ်ဆောင်မှုများ လုပ်ခြင်းသည် လွန်စွာမှ ထူးခြားထင်ရှားပေသည်။ (K-069-16).

တို့ဖြင့် အစပြု ဆောင်ရွက်သင့်သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် ရခိုင်ပြည်နယ်မှ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"၏ အခြေအနေအတွင်း အစိုးရ အွန်လိုင်းပိုစ့်များကို ၎င်း၏ လေ့လာဆန်းစစ်မှုတွင် ထိုသို့သော သတင်းစကားများ၏ ဥပမာများကို မတွေ့ရှိခဲ့ပေ။ အလားတူပင် မြန်မာနိုင်ငံတွင်းရှိ ဘာသာရေး အုပ်စုများ အကြား ပြန့်ပွားနေသော တင်းမာမှုများကို ရည်ရွယ်ထားသည့် အမျိုးမျိုးသော ဘာသာပေါင်းစုံ စုဝေးမှုများကို မြန်မာအစိုးရ အဆက်ဆက်က အားပေးထောက်ခံ ခဲ့သော်လည်း[3001] ၎င်းတို့အနေဖြင့် ယေဘုယျအားဖြင့် ရိုဟင်ဂျာများနှင့် တွေ့ဆုံဆွေးနွေးမှုများ မပါဝင်စေခဲ့ပေ။ ဆန့်ကျင်ဘက်အားဖြင့် ရခိုင်ပြည်နယ်မှ အရေးအခင်းအပေါ် ၎င်းတို့၏ ကိုင်တွယ်မှုများအား နိုင်ငံတကာမျက်နှာစာတွင် ကန့်ကွက်ရှုတ်ချနေခြင်းအတွက် တပ်မတော် အပါအဝင် လက်ရှိအစိုးရကို ထောက်ခံမှု ပြသရန် လတ်တလော အခမ်းအနား အချို့ကို စီစဉ်ကျင်းပခဲ့ကြသည်ဟု ယူဆရသည်။[3002] ထိုသို့သော အခမ်းအနားများက ဘာသာပေါင်းစုံ ဆက်ဆံရေးနှင့် သဘောကြီး သည်းခံမှုကို မည်ကာမတ္တ မြှင့်တင်နေသော်လည်း ထိုသို့သော အခမ်းအနားများက ရိုဟင်ဂျာများကို ဦးတည်နေသည့် သဘောထား သေးသိမ်မှု၏ ခက်ထန်သော အနုတ်လက္ခဏာ ထင်မြင်ယူဆချက်များကို စွန့်စားမှု ပြုနေသည်။

၁၃၅၆။ မြန်မာအစိုးရက အမုန်းစကား ကာကွယ်ရန်အတွက် ဥပဒေမူကြမ်း တစ်ခု ပြင်ဆင်နေသည်ဟု သတင်းမှုများ ရှိခဲ့ပြီး ယင်းဥပဒေ မူကြမ်းကို အစောပိုင်းက ဘာသာပေါင်းစုံ သဟဇာတဖြစ်စွာ အတူယှဉ်တွဲနေထိုင်ခြင်း ဥပဒေမူကြမ်းဟု ခေါ်ဆိုခဲ့သည်။[3003] ထိုအဆိုပြုထားသည့် ဥပဒေနှင့် ပတ်သက်၍ တရားဝင် ဆက်သွယ်ပြောကြား ပြုလုပ်ခဲ့ခြင်း မရှိခဲ့၍ ၎င်း၏ တိကျသော အခြေအနေမှာ မစ်ရှင်အဖွဲ့ အတွက် မသိရှိရသော်လည်း မူကြမ်း စာသား တစ်ခုမှာ အွန်လိုင်းတွင် ပျံ့နှံ့လည်ပတ်နေသည်။ ထိုမူကြမ်းက နိုင်ငံတကာ ဥပဒေအရ လိုအပ်ပြီး လက်သင့်ခံသည်ထက် ကျော်လွန်နေသော အမုန်းစကား အပေါ် ရာဇဝတ်မှုအဖြစ် ပြဋ္ဌာန်းသတ်မှတ်ခြင်း အပေါ် အာရုံစူးစိုက်ထားသည်။ ၂၀၁၈ခုနှစ် မေလတွင် မြန်မာနိုင်ငံ အစိုးရသည် လူမှုကွန်ရက် စောင့်ကြည့်ရေးအဖွဲ့ ဖန်တီးမှုအတွက် ကျပ်ငွေ ၆.၄ ဘီလျံကို အတည်ပြုခဲ့သည်။[3004] ထိုအဖွဲ့၏ လုပ်ငန်းလမ်းညွှန်များ၏ အသေးစိတ်များမှာ မသိရှိရပေ။ သို့သော် အရပ်ဖက် အဖွဲ့အစည်းများမှ ၎င်းကိစ္စသည် စုံစမ်းထောက်လှမ်းမှု နှင့် ယေဘုယျအနေဖြင့် အမုန်းစကားကို မဟုတ်ဘဲ လွတ်လပ်စွာ ပြောဆိုခွင့်ကို ဆင်ဆာဖြတ်မှုတို့၏ ပုံစံအသစ်များနှင့် လူ့အခွင့်အရေးများ ရရှိခံစားမှုကို လျှော့ချဖြတ်တောက်မှု အဖြစ် ရလဒ်ဖြစ်ပေါ်နိုင်ဖွယ်

[3001] E.g. မြန်မာသတင်း အေဂျင်စီ " ငြိမ်းချမ်းရေး၊ သဟဇာတဖြစ်မှုနှင့် လုံခြုံရေးအတွက် ဘာသာပေါင်းစုံ တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့" (The Global New Light of Myanmar, 6 August 2017)

[3002] E.g. " ငြိမ်းချမ်းရေး အတွက် ဘာသာပေါင်းစုံ ဆုတောင်းပွဲ၌ NLD၏ နောက်တွင် ထောင်နှင့်ချီ အင်အားပြ"

[3003] ဥပဒေမူကြမ်းသည် သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာနတွင် ပဏာမစတင်ခဲ့သည်ဟု ယူဆရသော်လည်း ပြည်ထဲရေး ဝန်ကြီးဌာနသို့ လွှဲပြောင်း ခံခဲ့ရသည်ဟု ဆိုကြသည်။ ထိုအချက်မှာ အတည်မပြုရသေးပေ။

[3004] ၂၀၁၈ခုနှစ် မတ်လ ၁၉ရက် ပြည်ထောင်စု လွှတ်တော် အစည်းအဝေးတွင် ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်က "၂၀၁၇ခုနှစ် ပြည်ထောင်စု ဘတ်ဂျက်ခွဲဝေမှု ဥပဒေ အရ ပြည်ထောင်စု အစိုးရ၏ ခွင့်ပြုချက် အမှု (၅/၂၀၁၈)ဖြင့် အရေးပေါ် ရန်ပုံငွေကို လူမှုကွန်ရက် စောင့်ကြည့်ရေး အဖွဲ့ လုပ်ဆောင်မှုအတွက်၊ ` ဟာ်ဒဝဲနှင့် ပစ္စည်းကိရိယာများ၊ ဆော့ဖ်ဝဲများ ဝယ်ယူမှုအတွက် စုစုပေါင်း ဘတ်ဂျက် ကျပ်ငွေ ၆.၄၂၆.၀၀၀.၀၀၀ကို နိုင်ငံတော် သမ္မတရုံးမှ သုံးစွဲခဲ့သည်။" (https://pyidaungsu.hluttaw.mm/second-meeting-records/record19032018)

ရှိနေသည်ကို အလေးထား ပူပန်ခဲ့ကြသည်။[3005] မစ်ရှင်အဖွဲ့မှ မြန်မာနိုင်ငံ အစိုးရအနေဖြင့် အဆိုပါ ပဏာမ ခြေလှမ်းများနှင့် ပတ်သက်၍ ပွင့်လင်းမြင်သာစေရန်နှင့် သက်ဆိုင်သော ပါဝင်ပတ်သက်သူများ အားလုံးကို အမုန်းစကား အရေးကိစ္စအပေါ် လျော်ညီသော တုန့်ပြန်မှုများကို စိတ်ကူးမှ စကားလုံးဖြင့် ဖော်ထုတ်မှုတွင် အထူးသဖြင့် အရပ်ဘက် အဖွဲ့အစည်းများနှင့် သတင်းမီဒီယာ အဖွဲ့အစည်းများအား ပါဝင်အောင်ပြုလုပ်ရန် တိုက်တွန်းထားသည်။ ဆင်ဆာဖြတ်တောက်မှုအဖြစ် ရလဒ်ထွက်ပေါ်စေနိုင်သည့် အမုန်းစကားကို ကျယ်ပြန့်စွာ(လွန်ကဲစွာ) ရာဇဝတ်မှု အဖြစ်ပြဌာန်းသတ်မှတ်ခြင်းနှင့် အခြား စီမံဆောင်ရွက်မှုများ အပေါ် ကျဉ်းမြောင်းစွာ အာရုံစူးစိုက်ခြင်းထက် လွတ်လပ်စွာ ထုတ်ဖော်ခွင့် အခွင့်အရေးနှင့် တန်းတူညီမျှမှုနှင့် ခွဲခြားဆက်ဆံမှုအားလုံး-မရှိရေး အခွင့်အရေးများကို မြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတို့ကို ပတ်လည် ဗဟိုပြုထားသော အပြုသဘော စီမံဆောင်ရွက်မှုများကို ပေါင်းစပ်ထားသော လုပ်နည်းကိုင်နည်း တစ်ခုကို ရွေးချယ်ရန် မြန်မာနိုင်ငံ၏ အစိုးရကို မစ်ရှင်အဖွဲ့မှ တိုက်တွန်းသည်။

**ဂဂ။ နိဂုံးချုပ်ချက်**

၁၃၅၇။ မြန်မာအစိုးရသည် အပြန်အလှန် ဆက်စပ်နေသော အခွင့်အရေးများဖြစ်သည့် လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့် အထူးသဖြင့် သဘောထား ကွဲလွဲသော၊ စစ်တပ်၏ အခန်းကဏ္ဍကို စိန်ခေါ်သောနှင့် တာဝန်ခံမှုကို တောင်းဆိုသော သူများ အပါအဝင် ၎င်း၏ ပြည်သူများ၏ အခြေခံအခွင့်အရေးများကို အမြဲတမ်းဆိုသလို ချိုးဖောက်ခဲ့ကြောင်း ကောက်ချက်ချရန် လုံလောက်သော အချက်အလက်များ မစ်ရှင်အဖွဲ့တွင် ရှိသည်။ အဆိုပါ ချိုးဖောက်မှုများသည် လူမျိုးနှင့် ဘာသာရေး လူနည်းစုများ၏ အဖွဲ့ဝင်ဖြစ်သူ တသီးပုဂ္ဂလ လူပုဂ္ဂိုလ်များ သို့မဟုတ် ၎င်းတို့၏ အရေးကို ကာကွယ်သူများကို အထူးသဖြင့် ထိခိုက်ခဲ့သော်လည်း ၎င်းတို့သည် တိုင်းပြည် တစ်ခုလုံး၏ အလေးထား ပူပန်ရမည့် အရေးများ ဖြစ်သင့်သည်။ အဆိုပါ ချိုးဖောက်မှုများသည် တိုင်းပြည် တစ်ပြည်လုံး အတွင်း ဒီမိုကရေစီ အခင်းအကျင်းအပေါ် အကြီးအကျယ် အနုတ်လက္ခဏာဆောင်သော သက်ရောက်မှု တစ်ခုရှိပြီး မြန်မာနိုင်ငံ၏ နှေးကွေးသော ဒီမိုကရေစီ အသွင်ပြောင်းမှုကို ရပ်တန့်သွားသည် အထိ ပြင်းထန်သော အန္တရာယ် တစ်ခုကို သယ်ဆောင်လာနေသည်။

၁၃၅၈။ မြန်မာအာဏာပိုင်များသည် စေ့စေ့စပ်စပ် စစ်ဆေးမှုနှင့် ဝေဖန်ထောက်ပြမှုများကို အမြဲတမ်း စိတ်မသက်မသာ ဖြစ်မှုတစ်ခု အဖြစ် သရုပ်ဖော်ပြလေ့ရှိပြီး အမှီအခိုကင်းသော သတင်းမီဒီယာ ထင်မြင်သုံးသပ်ချက်များကို ကန့်သတ်ရန်၊ သဘာဝကျသော သဘော ကွဲလွဲမှုကို နှိမ်နင်းရန်နှင့် လူ့အခွင့်အရေး ကာကွယ်လှုပ်ရှားသူများကို ဖြိုခွဲရန် တက်ကြွသော စီမံဆောင်ရွက်မှုများကို ဆောင်ရွက်နေကြသည်။ တစ်ချိန်တည်းမှာပင် ပြောင်ပြောင်တင်းတင်း အမုန်းစကား ဖြန့်ချိရန်နှင့် အကြမ်းဖက်မှု၊ ရန်လိုမှုနှင့် အချို့သော အုပ်စုများ အပေါ် ခွဲခြားဆက်ဆံမှုတို့ လှုံ့ဆော်ရန် ၉၆၉နှင့် မဘသတို့ အပါအဝင် အစွန်းရောက်သော တသီးပုဂ္ဂလ

[3005] သာဓက အားဖြင့်၊ ဖော်ဖော်ထွေး၊ အောင်ကျော်မြင့် "ဖေ့ဘုတ်စောင့်ကြည့်ရေးအပေါ်တွင် အစိုးရ ဘတ်ဂျက်သုံးစွဲမှုနှင့် ပါတ်သက်၍ ဝေဖန်သူများက အပြစ်တင်" (မြန်မာတိုင်းမ် ၂၀၁၈ ခုနှစ် မတ်လ ၂၂ ရက်နေ့)

လူပုဂ္ဂိုလ်များနှင့် စုဖွဲ့ထားသော အဖွဲ့အစည်းများ အတွက် အားပေးစေသော ပတ်ဝန်းကျင် တစ်ခုကို ဖန်တီးခဲ့သည်။ ထိုသူများက သွေးထိုးလှုံ့ဆော်မှု နည်းသော ဘာသာစကား အသုံးအနှုန်းကို ယေဘုယျ သုံးစွဲကြသော်လည်း အာဏာပိုင်များသည် အဆိုပါ တိုးတက်ဖြစ်ပေါ်မှုများကို လျစ်လျူရှုခဲ့ကြပြီး ၎င်းတို့၏ ဟောပြောချက်က အစွန်းရောက် ဇာတ်ကြောင်းများကို ရောင်ပြန်ဟပ်ပြီး မြှင့်တင် ပေးခဲ့ကြသည်။ အမုန်းစကား ရှင်သန်ပြီး လူ့အခွင့်အရေး ချိုးဖောက်မှုများက တရားဝင်ဖြစ်နေကာ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို လှုံ့ဆော်မှုအား လွယ်ကူချောမွေ့စေသည့် ပတ်ဝန်းကျင် အခြေအနေ တစ်ခုကို အစိုးရနှင့် တပ်မတော် နှစ်မျိုးစလုံး ပါဝင်သော မြန်မာအာဏာပိုင်များက အားပေး မြှင့်တင်ပေးခဲ့ကြသည်။ ၎င်းတို့သည် အမုန်းတရားနှင့် သဘောထား သေးသိမ်မှုတို့ကို ဟောပြောသူများအား ရဲဆေးတင်ပေးကြပြီး သဘောထားကြီး သည်းခံမှုနှင့် လူ့အခွင့်အရေး အတွက် ရပ်တည်သူများကို တိတ်ဆိတ်စေခဲ့သည်။

၁၃၅၉။ အဆိုပါ လမ်းကြောင်း ၂ခု၏ စုပေါင်း အကျိုးသက်ရောက်မှုမှာ မြန်မာနိုင်ငံ အနေဖြင့် သင့်လျော်သော နိုင်ငံရေးဆိုင်ရာ ဆွေးနွေးမှုတွင် ပါဝင်မှုအတွက် လွတ်လပ်စွာ ပြောဆိုခွင့်ကိုလည်း သေချာစေခြင်း မပြုဘဲ ရန်လိုမှု၊ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှု တို့ကို လှုံ့ဆော်သော စကားများကိုလည်း ပိတ်ပင်တားဆီးမှု မပြုလုပ်ကာ ကြီးလေးသော ရာဇဝတ်မှုများကို ကျူးလွန်မှုဆီသို့ ချိတ်ဆက် ပေးခဲ့သည်။ ကိစ္စရပ် နှစ်မျိုးစလုံးတွင် နိုင်ငံတကာ ဥပဒေအရ ၎င်း၏ လိုက်နာရန် တာဝန်ရှိမှုများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်နေခဲ့သည်။ အစိုးရနှင့် စစ်တပ်၏ လုပ်ဆောင်မှုများကို စေ့စေ့စပ်စပ် စစ်ဆေးမှုနှင့် ဝေဖန်ထောက်ပြမှုကို မြှင့်တင်ပေးသည့် စကားများအတွက် နယ်ပယ်ကို ချဲ့ထွင်ပေးပြီး အမုန်းစကားအတွက် နယ်ပယ်ကို ကန့်သတ်ရန် ၂မျိုးစလုံး လိုအပ်သည်။

၁၃၆၀။ အခြေအနေကို ဖြေရှင်းရန်အတွက် လိုအပ်သည်မှာ သဘာဝကျသော ထုတ်ဖော်ပြောဆိုမှုများကို ရာဇဝတ်မှု အဖြစ် သတ်မှတ် ပြဌာန်းရန်၊ ဆင်ဆာ ဖြတ်တောက်ရန် သို့မဟုတ် တိတ်ဆိတ်စေရန် စသော ကနဦးခြေလှမ်းများ မဟုတ်ပေ။ ထိုအစား မြန်မာနိုင်ငံ အစိုးရ အနေဖြင့် နိုင်ငံတကာ လူ့အခွင့်အရေး သတ်မှတ်ချက်များ၊ စံနှုန်းများနှင့် ကိုက်ညီသော လွတ်လပ်စွာ ထုတ်ဖော်ခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုရုံးခွင့် အခွင့်အရေးများကို အပြည့်အဝ ခံစားရရှိနိုင်မည့် တရားဝင်ပြီး ဖြစ်မြောက်စေသော ပတ်ဝန်းကျင် တစ်ခုကို အားပေး မြှင့်တင်ရေးကို ဦးစားပေး ဆောင်ရွက်သင့်သည်။ ၎င်းသည် အခြေခံ လွတ်လပ်မှုများကို တရားဝင် ကျင့်သုံးမှုအား ရာဇဝတ်မှု အဖြစ် သတ်မှတ်ပြဌာန်းနေသော ဥပဒေများကို ရုတ်သိမ်းခြင်း၊ ခွဲခြားဆက်ဆံသော ဥပဒေများနှင့် မူဝါဒများကို ဖျက်သိမ်းခြင်း၊ သန်မာသော ခွဲခြားဆက်ဆံမှု-ဆန့်ကျင်ရေးနှင့် တန်းတူညီမျှရေး ဥပဒေ တစ်ရပ် ပြဌာန်း ကျင့်သုံးခြင်းနှင့် ရန်လိုမှု၊ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုတို့ကို လှုံ့ဆော်သော ထုတ်ဖော်ပြောဆိုမှုများကို တားဆီးပိတ်ပင်ရန် ဆောင်ရွက်ခြင်းများဖြင့် စတင်သည်။ လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၁၆/၁၈ ရဘတ် (Rabat) လုပ်ဆောင်မှု စီမံချက်သည် ထိုသို့သော မူဝါဒများ အတွက် အသေးစိတ် မူဘောင် တစ်ခုကို ပံ့ပိုး ပေးအပ်ထားသည်။

## ၇။ တပ်မတော်စစ်ဆင်ရေးများ၏ ထုံးတမ်းစဉ်လာ စရိုက်အသွင်အပြင်

၁၃၆၁။ မြန်မာပြည်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်ရှိ လူ့အခွင့်အရေးအခြေအနေများအပေါ် အသေးစိတ် အချက်အလက်ရှာဖွေခြင်း နှင့် မြန်မာနိုင်ငံတလွှား အခြေခံလွတ်လပ်ခွင့်များအပေါ် လေးစားမှုရှိခြင်းအား ဆန်းစစ်ချက်များ ပြုလုပ်ရာ လမ်းကြောင်း တွင် သီးသန့်ဖြစ်သော အခြေအနေများနှင့် အတိုင်းအတာပမာဏ ကွာခြားမှုများ ရှိလင့်ကစား စစ်ဆင်ရေးများနှင့် ပြုမူကျင့်ကြံမှုများ မည်သို့မည်ပုံ ပြုလုပ်ခဲ့ခြင်းသည် အခြေခံအားဖြင့် အတူတူပင် ဖြစ်နေကြောင်း မစ်ရှင်အနေဖြင့် ထိခိုက်စွာ သိရှိခဲ့ရပါသည်။ အခြားလုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်းစစ်ဆင်ရေးများ အပါအဝင် တပ်မတော်စစ်ဆင်ရေးများ၏ တူညီသော ဝိသေသလက္ခဏာ အနည်းဆုံး ၄ ချက်ကို မစ်ရှင်မှာ ဖော်ထုတ်သတ်မှတ်နိုင်ခဲ့ပါသည်။ ၎င်းတို့ကို "ထုံးတမ်းစဉ်လာ စရိုက်သွင်ပြင်" ဟု စဉ်းစားနိုင်မည်ဖြစ်သည်။ ဤ အထွေထွေ ဝိသေသလက္ခဏာများသည် တပ်မတော်၏ အခြေခံ နည်းလမ်းအသုံးပြုမှုနည်းပညာ-၎င်း၏ မဟာဗျူဟာနှင့် နည်းပရိယာယ်များကို တည်ဆောက်ပေးပြီး ၎င်း၏ ပြုမူဆောင်ရွက်မှုအပေါ် နိဂုံးချုပ်နိုင်စေခြင်း သို့မဟုတ် ပြုမူဆောင်ရွက်မှုကင်းမဲ့ခြင်း သို့မဟုတ် နိုင်ငံတကာဥပဒေအောက်တွင် ၎င်း၏ တာဝန်ရှိမှုများ ကို သုံးသပ်နိုင်ခြင်းတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။

**ကက။ အရပ်သားများအား ပစ်မှတ်ထားခြင်း**

၁၃၆၂။ ယခင်အခန်းများတွင် ဖော်ပြခဲ့သကဲ့သို့ နိုင်ငံတကာလူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ၏ အခြေခံမှုများဖြစ်သော ခွဲခြားထင်ရှားသတ်မှတ်ခြင်း၊ သင့်လျော်သောအတိုင်းအတာအလျောက်သာဖြစ်စေခြင်း၊ ကြိုတင်သတိထားခြင်း အစရှိသည့် အခြေခံမှုများကို တပ်မတော် ဦးဆောင်သည့် စစ်ဆင်ရေးများက လေးစားလိုက်နာရန် အစဉ်တစိုက် ပျက်ကွက်ခဲ့ပါသည်။ ၎င်းတို့သည် အရပ်သားများအပေါ် အဓိကကျစွာ သက်ရောက်စေရုံသည်သာ မကဘဲ အရပ်သားများကိုပါ မကြာခဏ ရှင်းလင်းစွာ ပစ်မှတ်ထားခံနေရခြင်းလည်း ဖြစ်ပါသည်။

၁၃၆၃။ ကချင်နှင့် ရခိုင်ပြည်နယ်များတွင် တပ်မတော်အနေဖြင့် အရပ်သားပြည်သူလူထု သို့မဟုတ် တသီးပုဂ္ဂလ အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ၊ မကြာခဏ၊ စနစ်တကျ၊ တိုက်ရိုက်တိုက်ခိုက်လေ့ရှိကြောင်း မစ်ရှင်အနေဖြင့် တည်ဆောက်ထားနိုင်ခဲ့ပါသည်။ တပ်မတော်သည် တမင်သက်သက်ဖြင့် စနစ်တကျ တိုက်ခိုက်မှုများကို ပြုလုပ်နေခြင်းဖြစ်ပြီး တိကျသော စစ်ရေးပစ်မှတ်ကို တိုက်ရိုက် ဦးမတည်ခြင်းကြောင့် သို့မဟုတ် တိကျသော စစ်ရေးပစ်မှတ်ကို တိုက်ရိုက် ဦးမတည်နိုင်သော နည်းလမ်း သို့မဟုတ် နည်းနာကို ချမှတ်ခြင်းကြောင့် ဖြစ်သည်။ ဤသို့သော နည်းပရိယာယ်၏ အောက်တွင် ထိုပြည်သူတိုင်းသည် ထိုတိုင်းရင်းသားအုပ်စုမှဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် သောင်းကျန်းသူအဖွဲ့ကို လိုလိုချင်ချင် ထောက်ကူနေသော သို့မဟုတ် ထောက်ခံနေသော ၎င်းတိုင်းရင်းသားအုပ်စုနှင့် သက်ဆိုင်နေသည်ဟူသော ယူဆချက်ရှိနေပြီး သို့ဖြစ်၍ အရပ်သားလူထုနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ကို တမင်သက်သက် ရည်ရွယ်ချက်ဖြင့် ရောယှက်ပေါင်းစပ်လိုက်ခြင်းဖြစ်သည်။ တိုက်ခိုက်မှုများသည် အရပ်သားများထူထပ်သော နေထိုင်ရာဒေသများတွင် အမြဲလိုဖြစ်ပြီး လူ့အသက်၊ ဥစ္စာပစ္စည်း ပိုင်ဆိုင်မှုနှင့်

ကျန်းမာချမ်းသာမှုတို့ကို ပြောင်ပြောင်တင်းတင်း အလေးထားလေ့မရှိပါ။ ဤလုပ်ပုံကိုင်နည်းသည် ယခုအစီရင်ခံစာထဲတွင် ဖော်ပြခဲ့သည့် တရားမဝင် သတ်ဖြတ်ခြင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာ ပြုမူဆက်ဆံခြင်း၊ မုဒိန်းကျင့်ခြင်းနှင့် အခြားလိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခြင်း၊ တရားလက်လွတ် ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းချုပ်နှောင်ခြင်း၊ ရွာများနှင့် အရပ်သားပိုင် ပစ္စည်းဥစ္စာများကို ကျယ်ပြန့်သော အတိုင်းအတာဖြင့် ဖျက်ဆီးခြင်းများ အစရှိသည့် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု အတိုင်းအတာတခုအတွက် အပြောင်းအလဲ အထောက်အကူတရပ် ဖြစ်ပါသည်။ တပ်မတော်မှ ရွာများကို ရွေးချယ်မှုမထားဘဲ လက်နက်ကြီးများ ပစ်ခတ်ခြင်း၊ အရပ်သားထူထပ်သော နေရာများသို့ ပုံးကြဲခြင်း၊ ထွက်ပြေးသော အရပ်သားများကို ပစ်ခတ်ခြင်း၊ ထိမ်းသိန်းထားစဉ် အရပ်သားများကို သတ်ဖြတ်ခြင်း နှင့် ရွာများကို မီးရှို့ခြင်း အစရှိသော ဖြစ်ရပ်များအကြောင်းကို မျက်မြင်သက်သေများက အစဉ်တစိုက် ပေးအပ်ခဲ့ပါသည်။

၁၃၆၄။ ပြင်းထန်မှုအတိုင်းအတာ မတူညီသော်လည်း ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအပေါ် ပြုလုပ်သော တပ်မတော်၏ စစ်ဆင်ရေးသည်လည်း အလားတူ ပြုလုပ်ဟန်များကို လိုက်ပါဆောင်ရွက်သည်။ လက်ခံထားပြီး သို့မဟုတ် သတ်မှတ်ဖေါ်ထုတ်ထားပြီး ဖြစ်သည့်၊ ခြိမ်းခြောက်မှုတရပ်ဖြစ်သည့်၊ အစိုးရမဟုတ်သော သက်ဆိုင်ပါဝင်သူ လက်နက်ကိုင် နှင့် အရပ်သားလူထု တခုလုံးဖြစ်သည့်၊ ရိုဟင်ဂျာများကို ထပ်တူပြုမှုတရပ်ဖြင့် စစ်ဆင်ရေးများက အမှတ်သညာပြုလိုက်သည်။ လက်တွေ့မြေပြင်တွင် အစုလိုက်အပြုံလိုက် ဖျက်ဆီးခြင်း နှိုးဆော်လှုပ်ရှားမှုတရပ်ကို ၎င်းအချက်က စေ့ဆော်လိုက်သည်။ ဤအစီရင်ခံစာတွင် ရှင်းပြထားသည့် ကြောက်ရွံ့ဖွယ် ပြုလုပ်ဟန်များက အရပ်သားများ၊ အရပ်သား ပစ္စည်းဥစ္စာများက တဘက်၊ တိုက်ခိုက်သူများနှင့် စစ်ရေးဦးတည်ချက် တို့က အခြားတဖက်ဟူ၍ မည်သည့် ထင်ရှားခွဲခြားမှုမျှ မလုပ်သည်ကို ရှင်းလင်းစေသည်။ မြင်မြင်သမျှ လူ၊ အရာ အားလုံးသည် ပစ်မှတ်ဖြစ်ခဲ့သည်။ ကျယ်ပြန့်သော အတိုင်းအတာရှိသည့် အစုပြုံလိုက် သေကြေပျက်ဆီးမှုများကို ပြုလုပ်ခဲ့ကြသည်။ အမျိုးသား၊ အမျိုးသမီး၊ ကလေးများ သတ်ဖြတ်ခံရပြီး ထင်မြင်မှန်းဆ မကြည့်နိုင်လောက်သည့် အလွဲသုံးစားပြုမှုများ အလုပ်ခံကြရသည်။ ရွာများအားလုံး မြေပုံပေါ်မှ ဖယ်ရှားခြင်းခံလိုက်ရသည်။ အာဆာကြောင့်ဖြစ်သော တိကျပြီး အကန့်အသတ်ရှိသည့် လုံခြုံရေးခြိမ်းခြောက်မှုကို ဖယ်ရှားရန် စစ်ဆင်ရေးများနှင့် အင်အားအသုံးပြုမှုက ပစ်မှတ်ထားခြင်း မဟုတ်ပေ။ အာဆာ၏ ထောက်ခံမှုအခြေပြုရာကို ဖယ်ရှားရန်အတွက် သူတို့အား အုပ်စုအနေဖြင့် မဟုတ်ဘဲ ရိုဟင်ဂျာ တခုလုံးအနေဖြင့် ပစ်မှတ်အထားခံရခြင်းဖြစ်သည်။

၁၃၆၅။ တပ်မတော် အနေဖြင့် အရပ်သားများအား အလေးဂရုမထားခြင်းကို ရခိုင်လူထုအပေါ် ၎င်းတို့၏ ပြုမူဆက်ဆံပုံက ထပ်မံ သက်သေပြပါသည်။ မြန်မာပြည်ရှိ အခြားအုပ်စုများကဲ့သို့ပင် အတင်းအကြပ် လုပ်အားပေးစေခိုင်းမှု၊ ၎င်းတို့၏ ပိုင်ဆိုင်မှုများကို လက်လွတ်စပယ် သိမ်းဆည်းမှု နှင့် ၎င်းတို့၏ အခွင့်အရေးများအပေါ် အခြားချိုးဖောက်ခြင်းများအာ ရင်ဆိုင်ခဲ့ကြရပါသည်။ တပ်မတော်အပိုင်းတွင် တရားလက်လွတ်ပြုမူမှုနှင့် အာဏာအလွဲသုံးစားပြုမှု၏ အဆင့်အတန်းသည် အလွန်ပင် အံ့အားသင့်စရာ ကောင်းလှပါသည်။

၁၃၆၆။ အရပ်သားများအပေါ် ပစ်မှတ်ထားခြင်းကို တပ်မတော်စစ်ဆင်ရေးများက ကလေးများကိုပင် မည်သို့ ချမ်းသာမပေးခြင်းကို ကြည့်ခြင်းအားဖြင့် ပိုမို သတိပြုနိုင်ပေလိမ့်မည်။ ထို့အစား ကလေးများကို မကြာခဏ ပို၍ ပစ်မှတ်အထားခံနေရပါသည်။ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်၏ ကလေးသူငယ်နှင့် လက်နက်ကိုင်ပဋိပက္ခဆိုင်ရာ အထူးကိုယ်စားလှယ်က ပြဌာန်းဖေါ်ထုတ်ထားသည့်အတိုင်း မြန်မာပြည်ရှိ ကလေးများအပေါ် သက်ရောက်ခဲ့သော ကြီးမားပြင်းထန်သည့် ချိုးဖောက်မှု အမျိုးအစား ၆ မျိုးကို မစ်ရှင်မှ တွေ့ရှိခဲ့ပါသည်။[3006] ၎င်းတို့မှာ ကလေးသူငယ်များအား အင်အားစုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊ ကလေးသူငယ်များအား သတ်ဖြတ်ခြင်းနှင့် ခန္ဓာကိုယ် အစိပ်အပိုင်းကို သုံးမရအောင် ဒါဏ်ရာဖြစ်စေခြင်း၊ ကလေးသူငယ်များအပေါ် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်စေခြင်း၊ ကျောင်းများကို တိုက်ခိုက်ခြင်း၊ ကလေးသူငယ်များအား ဖမ်းဆီးခေါ်ဆောင်သွားခြင်း နှင့် လူသားခြင်းစာနာမှုဆိုင်ရာ လက်လှမ်းမီမှုကို ငြင်းပယ်ခြင်း တို့ဖြစ်ပါသည်။ မစ်ရှင်အနေဖြင့် အထူးစိုးရိမ်မိသည့်ကိစ္စမှာ ၂၀၁၆၊ ၂၀၁၇ ခုနှစ်က ရခိုင်ပြည်နယ်တွင် ဆင်နွှဲခဲ့သည့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း ကလေးသူငယ်များအား တမင်သက်သက် သတ်ဖြတ်ရန် ပစ်မှတ်ထား လုပ်ဆောင်သည်ဟု ထင်ရသည့် ကိစ္စဖြစ်ပါသည်။ ကလေးများနှင့် မွေးကင်းစများကို ပစ်ခတ်ခြင်း၊ ဓါးဖြင့်ထိုးခြင်း၊ မီးလောင်နေသောအိမ်များထဲသို့ တမင်သက်သက် လွှင့်ပစ်ခြင်း သို့မဟုတ် ပိတ်မိနေစေခြင်းများ အစရှိသည့် အဖြစ်အပျက် ပြောပြချက်များသည် အလွန်အမင်း စိတ်ညစ်ညူးစေရသည်။ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းရှိ ဒုက္ခသည်လူဦးရေ၏ ၆၀% သည် ကလေးသူငယ်များဖြစ်ပြီး ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် စစ်ဆင်ရေးများအပြီး စခန်းများသို့ ရောက်ရှိလာသည့် ကလေးဦးရေမှာ ခန့်မှန်းခြေ ၅ သိန်းခန့်ရှိမည်ဖြစ်သည်။ မစ်ရှင်မှ တွေ့ဆုံမေးမြန်းခဲ့သော ကလေးသူငယ်၊ မိဘများ၊ ဆွေမျိုးများ အများစုက ပြင်းထန်သော ချိုးဖောက်မှုများကို ခံကြရသည့် သို့မဟုတ် မျက်မြင်သက်သေဖြစ်ခဲ့ရသည့် တသမတ်တည်းဖြစ်သော အဖြစ်အပျက် ပြောပြချက်များကို ပေးခဲ့ပါသည်။ ဤကလေးသူငယ်မျိုးဆက်အပေါ် သက်ရောက်ခဲ့သော ထိခိုက်မှုကို လျှော့တွက်၍ မရနိုင်ပါ။ နောက်ဆက်တွဲသက်ရောက်မှုများကို မျိုးဆက်များစွာ ခံစား တွေ့ကြုံရပေလိမ့်မည်။

၁၃၆၇။ အရပ်သားများအပေါ် ပြောင်ကျကျ ပစ်မှတ်ထားခြင်းသည် တပ်မတော်၏ မူ၊ နည်းနာနှင့် ကျင့်သုံးမှုဖြစ်နေသည်မှာ ဆယ်စုနှစ်များစွာဖြစ်သည်။ ၁၉၆၀ ခုနှစ်များဆီက စတင် ပေါ်ပေါက် အကောင်အထည်ဖေါ်ခဲ့သော "ဖြတ်လေးဖြတ်" သောင်းကျန်းသူဆန့်ကျင်ရေးပေါ်လစီကို ကြာမြင့်စွာ သိရှိခဲ့ရပြီးဖြစ်သည်။ ထိုပေါ်လစီသည် အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများကို ရိက္ခာ၊ ဘဏ္ဍာ၊ သတင်း နှင့် လူအင်အားစုဆောင်းမှုကိုဒေသခံ အရပ်သားပြည်သူလူထုထံမှ လက်လှမ်းမီမှုအား ဖြတ်တောက်ရန် ရည်ရွယ်သည်။[3007] ဤပေါ်လစီကို အစုအပြုံလိုက် ရွှေ့ပြောင်းမှုအား ဦးတည်စေခဲ့သည့်၊ အရေအတွက်များစွာသော

[3006] A/RES/51/77.

[3007] XM-009, XM-010; မောင်အောင်မျိုး၊ *တပ်မတော်ကို တည်ထောင်ခြင်း၊ ၁၉၄၈ ခုနှစ်မှ စ၍ မြန်မာ့လက်နက်ကိုင် တပ်ဖွဲ့များ* (Institute of Southeast Asian Studies, Singapore, 2009); A. Selth, *မြန်မာ့ လက်နက်ကိုင်တပ်ဖွဲ့များ- ဂုဏ်တောက်ပမှု ကင်းမဲ့သည့် အာဏာ* (EastBridge, 2002)

အရပ်သားများ အသတ်ခံရပြီး ရွာလုံးကျွတ်နီးပါး ဖျက်ဆီးခံရသည့်၊ မြေလှန်ပစ်ခြင်း လှုပ်ရှားမှု အနစ်သာရဖြင့် "နယ်မြေရှင်းလင်းရေး" စစ်ဆင်ရေးများမှ တဆင့် အကောင်အထည် ဖေါ်နေခဲ့ပါသည်။[3008] တပ်မတော်အနေဖြင့် ၎င်းတို့ ထိန်းချုပ်နိုင်သည့်မြေအနေအထား အတိုင်းအတာအလိုက် အုပ်စုခွဲသတ်မှတ်ပြီး ထိုအုပ်စုအလိုက် တိုက်ပွဲထိတွေ့မှုစည်းမျဉ်းပုံစံများကို အဆင့်လိုက်ဖြစ်စေခဲ့ကြောင်း သိရှိခဲ့ရပြီး ထိုထိတွေ့မှုစည်းမျဉ်းပုံစံအချို့သည် အမျိုးသမီးနှင့်ကလေးသူငယ်များ အပါအဝင် အရပ်သားများအား ပစ်မှတ်ထားခြင်းအပေါ် အပြစ်မယူ လျစ်လျူရှုခြင်း သို့မဟုတ် အမိန့်ပေး၍ပင် ဆောင်ရွက်စေခြင်းများပါ ပါဝင်သည်။[3009] အစီရင်ခံမှုများအရ အစိုးရထိန်းချုပ်မှု အများဆုံးရှိသည့်နေရာများကို "အဖြူရောင်"၊ နစ်ဖက်ရင်ဆိုင်နေရသော နေရာများကို "အညိုရောင်"၊ ထိန်းချုပ်မှု အနည်းငယ် သို့မဟုတ် လုံးဝမရှိသည့် နေရာများကို "အမည်းရောင်" ဟု စဉ်းစားခဲ့ကြောင်း ညွှန်ပြပါသည်။ "အမည်းရောင်" နယ်မြေများကို "စိတ်ကြိုက်ပစ်ခွင့်" ရှိသောဇုံအဖြစ် ရှင်းပြထားပြီး ထိုအခြေအနေတွင် အရပ်သားများမှာ ဘောင်ဝင်သော တရားဝင်ပစ်မှတ်များ ဖြစ်သွားပါသည်။ အရပ်သားများ၏ အသက်ဆုံးရှုံးမှုအပြင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များသည် သက်ရောက်ခံရသော လူထု၏ ကြီးမားသော အစိပ်အပိုင်းများ ရွှေ့ပြောင်းနေထိုင်ရမှုကို အစဉ်တစိုက် ဖြစ်စေခဲ့ပါသည်။[3010] သာဓကအားဖြင့် ၁၉၉၆ ခုနစ်မှစ၍ မြန်မာပြည်အရှေ့ပိုင်းတွင် အတင်းအကြပ် ရွှေ့ပြောင်းနေထိုင်ရမှုများ ဖြစ်ခဲ့ပြီး ၃၅၀၀ ထက်ကျော်သော ရွာများ နှင့် ပုန်းခိုရာနေရာများ ဖျက်ဆီးခံရမှုကို လူသားချင်းစာနာမှုဆိုင်ရာ နှင့် လူ့အခွင့်အရေးအဖွဲ့များက မှတ်တမ်းတင်ထားခဲ့ကြောင်း မြန်မာပြည် လူ့အခွင့်အရေးဆိုင်ရာ အထူးစုံစမ်းသူက ၂၀၁၀ ခုနစ်တွင် အစီရင်ခံခဲ့ပါသည်။[3011]

၁၃၆၈။ မစ်ရှင်အနေဖြင့် ဤသုံးသပ်မှုပြုလုပ်သည့် ကာလအတွင်း "ဖြတ်လေးဖြတ်" ပေါ်လစီသည် တရားဝင် ရှိနေခြင်း ရှိမရှိ နှင့် သုံးသပ်ခဲ့သော စစ်ရေးကင်ပိန်းများသည်လည်း ထိုပေါ်လစီမှ မြစ်ဖျားခံခဲ့ခြင်း ဟုတ်မဟုတ် အတည်ပြုရန် အနေအထားတွင် မရှိပါ။ မည်သို့ပင် ဆိုစေကာမူ တပ်မတော်အနေဖြင့် "ဖြတ်လေးဖြတ်" ဟူသော အခေါ်အဝေါ် သုံးစွဲမှု မရှိတော့သော်လည်း စစ်ဆင်ရေးများ၏ ဖြစ်ပွားမှုပုံစံမှာ ထို ပေါ်လစီ သို့မဟုတ် ၎င်း၏ အမျိုးကွဲ သည် ကျန်ရှိနေသေးကြောင်း ညွှန်းပြချက်များ ရှိနေပါသည်။[3012] ဖေ့ဘုတ်ပို့စ် အချို့ အရေအတွက်အရ လက်ရှိစစ်ဆင်ရေးများနှင့် ပါတ်သက်ပြီး ထိုပေါ်လစီ အကောင်အထည်ဖေါ်မှုကို စစ်သားများက ရည်ညွှန်းခဲ့သည်ဟု မစ်ရှင်မှ တွေ့ရှိခဲ့သည်။ သာဓကအားဖြင့် ၂၀၁၇ ခုနစ် ဇွန်လ ၆ ရက်နေ့ ပို့စ်တခုတွင် စစ်သားတစ်ဦးက ကချင်ပြည်နယ်ရှိ စစ်ဆင်ရေးတခုနှင့် ပါတ်သက်၍ "ကျနော်တို့

[3008] XM-010, XM-009, XM-012; Also, International Human Rights Clinic at Harvard Law School, *ဥပဒေမှတ်တမ်း - မြန်မာပြည်အရှေ့ပိုင်းရှိ စစ်ရာဇဝတ်မှုများနှင့် လူသားဖြစ်မှုကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ (၂၀၁၄)* International Human Rights Clinic at Harvard Law School, "*မြန်မာ့တပ်မတော်၏ အရပ်သားများအပေါ် တရားလက်လွတ်တိုက်ခိုက်မှုများနှင့် လိုလိုလားလား သတ်ဖြတ်ခြင်းများကို တားဆီးခြင်း (၂၀၁၄)*.

[3009] Ibid.

[3010] Ibid.

[3011] A/HRC/65/368, para. 49; for similar figures, see A/61/369, para. 44; A/HRC/4/14, para.54.

[3012] XM-009, XM-010, XM-011, XM-013

ဒေသရှင်းလင်းရေး စစ်ဆင်ရေးကို ဆောင်ရွက်တော့မည် ဖြစ်ပါသည်။ နယ်မြေမှ ထွက်ခွာရန် နောက်ဆုံးသတ်မှတ်ရက်သည် ဇွန်လ ၁၅ ရက်နေ့ ဖြစ်ပါသည်။ ဤ နောက်ဆုံးထွက်ခွာရက် နောက်ပိုင်း ကျန်နေသူအားလုံးကို ကေအိုင်အေ၏ အပေါင်းအပါဟု သတ်မှတ်ခြင်း ခံရမည်။ မိမိတို့မှ ကေအိုင်အေအား "ဖြတ်လေးဖြတ်" လုပ်လျှင် ၎င်းတို့ အခွင့်အရေး တစမျှ မရနိုင်ပါ။ ယခုအချိန်မှစပြီး အရပ်သားများနှင့် ရောထွေးနေသည့် ရဲတင်းသော ကေအိုင်အေများ ပွဲကောင်းကောင်းနှင့် ရင်ဆိုင်ရလိမ့်မည်။"[3013]

၁၃၆၉။ ယုံကြည်နိုင်ရသော အချက်အလက်များအရ ကလေးသူငယ်များ အပါအဝင် အရပ်သားများကို ပစ်မှတ်ထားသော ကျယ်ပြန့်၍ စနစ်တကျဖြစ်သော ကျင့်သုံးမှု၊ အရပ်သားများ၏ ဘဝနှင့် အရာဝတ္ထုများကို လုံးဝ အလေးမထားမှုတို့သည် ထိုပေါ်လစီများနှင့် ထိုနည်းနာများကို ထုတ်ဖော်ပြနေသည့် တိုက်ပွဲထိတွေ့မှုစည်းမျဉ်းများအား အကောင်အထည်ဖော်နေခြင်း၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုများသာ ဖြစ်ကြောင်း မစ်ရှင်မှ သုံးသပ်ပါသည်။ ထိုသို့သော ပေါ်လစီများနှင့် ကျင့်သုံးမှုများသည် နိုင်ငံတကာ ဥပဒေအောက်တွင် ရှိသော မြန်မာနိုင်ငံ၏ တာဝန်ရှိမှုများကို ချိုးဖောက်ပြီး ရာဇဝတ်မှုဆိုင်ရာ အပြုအမူအဖြစ် သက်ရောက်သည်။ ၎င်းတို့သည် အကြောင်းခိုင်လုံမှု မရှိခဲ့သလို ထင်ရာစိုင်းသတ်ဖြတ်ခြင်းများ၊ အမျိုးသမီးများကို အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်းများ၊ ကလေးများကို တိုက်ခိုက်ခြင်းများ နှင့် တရွာလုံးမီးရှို့ခြင်းများ အပေါ် စစ်ရေးအရလိုအပ်ချက်ကိုလည်း မည်သည့်အခါမျှ တရားမျှတကြောင်း ပြနိုင်မည် မဟုတ်ပါ။ မြန်မာပြည်မြောက်ပိုင်းတွင်ရော အထူးသဖြင့် ရခိုင်ပြည်နယ်တွင်ပါ တပ်မတော်မှ အသုံးပြုခဲ့သော နည်းနာများသည် အမုန်တကယ် လုံခြုံရေး ခြိမ်းခြောက်မှုနှင့် တစိုက်မတ်မတ် ရုန်းရင်းကြမ်းတမ်းစွာ အချိုးမကျ ဖြစ်နေခဲ့ပါသည်။

၁၃၇၀။ ယခုအစီရင်ခံစာက ကချင်၊ ရခိုင် နှင့် ရှမ်းပြည်နယ်များရှိ များစွာသော တိုင်းရင်းသားအုပ်စုများမှ အရပ်သားများအပေါ် ချိုးဖောက်မှုများကို ထောက်ပြနေသော်လည်း လူသားဘဝ၊ ဖြောင့်မတ်တည်ကြည်မှု၊ လွတ်လပ်မှု နှင့် နိုင်ငံတကာ တရားဥပဒေအပေါ် တပ်မတော်၏ မထေမဲ့မြင်ပြုမှုသည် မြန်မာပြည်သူတရပ်လုံးအတွက် ယေဘူယျအားဖြင့် စိုးရိမ်ပူပန်စရာ ဖြစ်သင့်ပါသည်။ ပြည်နယ် ၃ ခု အပြင်ဘက်တွင် ရှိနေသော ဒုက္ခသည် အရေအတွက်သည် မြန်မာပြည်၏ အခြားနေရာများတွင်လည်း အလားတူ စိုးရိမ်ပူပန်စရာများ ရှိနေမှုကို ခိုင်မာသော အထောက်အထား ပေးနေစေပါသည်။

### ခ၁။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု

၁၃၇၁။ ၂၀၁၆ ခုနစ်မှ စ၍ နိုင်ငံတော်၏အတိုင်ပင်ခံဖြစ်လာသော ဒေါ်အောင်ဆန်းစုကြည်က ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုအပေါ် ၂၀၁၁ ခုနစ် ဗီဒီယို ပြောကြားမှုတခုတွင် " ငြိမ်းငြိမ်းချမ်းချမ်းသာ နေချင်တဲ့သူတွေ၊ သူတို့ရဲ့ အခြေခံအခွင့်အရေးကိုသာ ခိုင်မာစေချင်တဲ့သူတွေအပေါ် ကျမတို့တိုင်းပြည်မှာ မုဒိန်းကျင့်တာကို လက်နက်အဖြစ် သုံးကြတယ်။ လက်နက်ကိုင်တပ်ဖွဲ့တွေက တိုင်းရင်းသားလူမျိုးစုတွေမပေါ် ခြိမ်းခြောက်ဘို့ နဲ့

[3013] V-052, post on file with the Mission

ကျမတို့ တိုင်းပြည်ကို ဖြိုခွဲဘို့ အဲဒါကို လက်နက်အနေနဲ့ အသုံးပြုတယ်။"[3014] စုစည်းရမိသော သတင်းအချက်အလက်များအပေါ် အခြေခံ၍ ဒေါ်အောင်ဆန်းစုကြည်၏ အမြင်သည် မှန်ကန်သည်ဟု မစ်ရှင်မှ ကောက်ချက်ချသည်။ သူမ၏ ထုတ်ဖော်ပြောဆိုချိန်ကတည်းက စပြီး မုဒိန်းကျင့်ခြင်းနှင် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အသုံးပြုခြင်းသည် နှစ်ပေါင်းများစွာ လျော့နည်းသွားခြင်း မရှိပေ။

၁၃၇၂။ ဤအစီရင်ခံစာတွင် သိသာထင်ရှားသကဲ့သို့ မုဒိန်းကျင့်ခြင်းနှင့် အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့သည် ရခိုင်၊ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ၂၀၁၁ ခုနှစ်ကတည်းက စ၍ အရပ်သားများကို ပစ်မှတ်ထားသော သေသေချာချာ လွှန်ကဲစွာ ထပ်တလဲလဲ ဖြစ်နေသော ကြန်အင်လက္ခဏာ ဖြစ်နေခဲ့သည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များမှ ဖမ်းယူခေါ်ဆောင်သွားခြင်း၊ အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်း အပါအဝင် မုဒိန်းကျင့်ခြင်း၊ အခြားသော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ပြုလုပ်ခြင်းတို့ကို ခံနေရသည်။ တစ်ဦးချင်း စစ်သားများ သို့မဟုတ် စစ်သားအုပ်စုများသည် အမျိုးသမီးများနှင့် မိန်းကလေးများကို လယ်ကွင်းများ၊ တောအုပ်များ၊ ၎င်းတို့၏ စစ်ခြံဝင်းအတွင်း နှင့် ၎င်းတို့၏ အိမ်များအတွင်း မုဒိန်းကျင့်ခြင်း၊ အုပ်စုလိုက်မုဒိန်းကျင့်ခြင်း သို့မဟုတ် မုဒိန်းကျင့်ရန် ကြိုးစားခြင်းတို့ကို ပြုကြသည်။ ရခိုင်ပြည်နယ်တွင် ဤ အစီရင်ခံစာ တင်ပြရသည့် ကာလတလျှောက်လုံး မုဒိန်းကျင့်ခြင်းနှင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့ကိုခံရသည့် အလားတူ အခြေအနေများ ရှိခဲ့သည်။ မည်သို့ပင်ဆိုစေ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း မုဒိန်းကျင့်မှုနှင့် အခြားပုံစံဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အကြီးအကျယ် အတိုင်းအတာဖြင့် ကျူးလွန်ခဲ့ကြသည်။ ရာချီသော အမျိုးသမီးများနှင့် မိန်းကလေးများ မုဒိန်းကျင့်ခံရပြီး မကြာခဏဆိုသလို အုပ်စုဖြင့် မုဒိန်းကျင့်ခံရသည်။ အဖြစ်အပျက်တခုတည်းတွင် များစွာသော ကျူးလွန်သူနှင့် များစွာသော နစ်နာခံစားရသူများ ပါဝင်သည့် အစုအပြုံလိုက် မုဒိန်းကျင့်မှုသည် သတိမပြုဘဲ မနေနိုင်လောက်အောင် ဖြစ်ရသည့် ဖြစ်ဟန်ပုံစံ တခုဖြစ်သည်။ မစ်ရှင်က မှန်ကန်ကြောင်းဖော်ထုတ်ရရှိသည့် မုဒိန်းကျင့်မှုဖြစ်ရပ်များ၏ ၈၀% သည် အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်း ဖြစ်ပြီး ၈၂% သော အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်းကို တပ်မတော်က ကျူးလွန်ခြင်း ဖြစ်သည်။ ဤဖြစ်ရပ်သည် ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ နှင့် စက်တင်ဘာလလည် ကြားကာလအတွင်း အနည်းဆုံး ကျေးရွာအုပ်စု ၁၀ စု တွင် ဖြစ်ပွားခဲ့သည်။ တချို့ဖြစ်ရပ်များတွင် အမျိုးသမီးနှင့် မိန်းကလေး ၄၀ ခန့် အထိ အားလုံးကို အတူတကွ မုဒိန်းကျင့်ခြင်း သို့မဟုတ် အုပ်စုလိုက်မုဒိန်းကျင့်ခြင်း ဖြစ်သည်။ အမျိုးသမီးနှင့် မိန်းကလေးများမှာ များသောအားဖြင့် အုပ်စုလိုက် မုဒိန်းကျင့်ခံရခြင်းဖြစ်ပြီး ကျူးလွန်သူမှာ ၁၀ ယောက်အထိ အများဆုံးရှိတတ်သည်။

[3014] ဒေါ်အောင်ဆန်းစုကြည်- Nobel Women's Initiative မှ ပြုလုပ်သော "လုံခြုံမှု အသစ်ဆီသို့ အမျိုးသမီးများ ရှေ့တက်လှမ်းခြင်း။ ။ ပဋိပက္ခအတွင်း လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အဆုံးသတ်ခြင်း ညီလာခံ" (၂၀၁၁) တွင် ပြောကြားသော ဗီဒီယို ပြောဆိုချက်။ ဗီဒီယိုကို ဤနေရာတွင် ရနိုင်ပါသည်။ https://www.opendemocracy.net/5050/opendemocracy/aung-san-suu-kyi-on-sexual-violence-in-conflict

ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် မုဒိန်းကျင့်ခြင်းများသည် အသေအချာ ရက်စက်ကြမ်းကြုတ်ကာ လိင်ပိုင်းဆိုင်ရာ အရှက်ကွဲစေမှု၊ ရုပ်ပိုင်းနှင့်စိတ်ပိုင်းဆိုင်ရာ ညှဉ်းပန်းနှိပ်စက်မှုများလည်း အတူတကွ ပါဝင်ပါသည်။ ဤဖြစ်ရပ်များတွင် ၎င်းတို့၏ ကလေးသူငယ်များ အသတ်ခံရခြင်းမျိုးလည်း မကြာခဏ ပူးတွဲနေတတ်ပါသည်။ စစ်ဆင်ရေးများတွင် အမျိုးသမီးများနှင့် မိန်းကလေးများကို ဖမ်းဆီးခေါ်ဆောင်သွားခြင်းများပါ ရှိတတ်ပြီး အမှုဖြစ်ရပ်များစွာတွင် ၎င်းတို့ မုဒိန်းကျင့် သို့မဟုတ် အုပ်စုလိုက် မုဒိန်းကျင့် ခံရမည့် နေရာများဖြစ်သည့် စစ်တပ်နှင့်ရဲ ခြံဝင်းများထဲသို့ ဖမ်းဆီးခေါ်ဆောင်သွားလေ့ရှိပါသည်။ မုဒိန်းကျင့်မှု၊ အုပ်စုလိုက် မုဒိန်းကျင့်မှု၊ လိင်ကျွန်ပြုမှု၊ အတင်းအကြပ် ဝတ်လစ်စလစ်ဖြစ်စေမှု၊ လိင်ပိုင်းဆိုင်ရာ အရှက်ခွဲခြင်း၊ အစိပ်အပိုင်းများ ဖြတ်တောက်ခြင်း နှင့် လိင်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုများနောက်တွင် မကြာခဏဆိုသလို နစ်နာခံရသူများကို သတ်ဖြတ်လေ့ရှိပါသည်။ တပ်မတော်သည် ထင်ရှားစွာပင် အဓိက ကျူးလွန်သူဖြစ်ပါသည်။

၁၃၇၃။ တပ်မတော် စစ်ဆင်ရေးများ၏ နောက်ခံအခြေအနေထဲတွင် မြန်မာပြည်၌ အလားတူ မုဒိန်းကျင့်ခြင်းနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အနည်းဆုံး ၁၀ စုနှစ် သုံးခုအထိ ဖြစ်ပွားခဲ့ပြီးဖြစ်ကြောင်း ကုလသမဂ္ဂ၊ ဒေသခံနှင့် နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများက အစီရင်ခံခဲ့ကြပါသည်။ မြန်မာပြည် လူ့အခွင့်ရေးအခြေအနေဆိုင်ရာ အထူးစုံစမ်းစစ်ဆေးသူ အရာရှိ ယိုဇို ယိုကိုတာက "စစ်သားများအနေဖြင့် မုဒိန်းကျင့်ခြင်းကို ရပိုင်ခွင့်တခု အနေဖြင့် ရှုမြင်ကြပြီး ရံဖန်ရံခါတွင် ၎င်းကို အရာရှိများကိုယ်တိုင်က အားပေးအားမြှောက် ပြုလုပ်ခြင်းများ ရှိသည်။" ဟု ညွှန်းပြချက်များ ရှိကြောင်း ၁၉၉၅ ခုနှစ်၌ အစီရင်ခံခဲ့ပါသည်။[3015] ကုလသမဂ္ဂ အထွေထွေညီလာခံနှင့် ၎င်း၏ လူ့အခွင့်အရေးကော်မရှင်က မုဒိန်းကျင့်ခြင်းများ အပါအဝင် လူ့အခွင့်အရေး ချိုးဖောက်မှုများ အပေါ် အလေးအနက် စိုးရိမ်ပူပန်မှုများ ရှိကြောင်း ၂၀၀၂ ခုနှစ် နှင့် ၂၀၀၅ ခုနှစ်များတွင် ဖော်ပြခဲ့ကြပြီး ထိုကိစ္စများ ရပ်တန့်ရန် တောင်းဆိုခဲ့ပါသည်။[3016] နောက်ဆက်တွဲနှစ်များတွင် မုဒိန်းမှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့သည် ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျ ဖြစ်လာနေပြီး[3017] အထူးသဖြင့် ပဋိပက္ခနေရာများနှင့် စစ်ရေးတည်ဆောက်မှု မြင့်မားလာသော နေရာများတွင် ဖြစ်သည်ဟု အစီရင်ခံကြပါသည်။[3018] ၂၀၀၈ ခုနှစ်တွင် အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပပျောက်ခြင်းဆိုင်ရာ ကုလသမဂ္ဂ ကော်မတီက လက်နက်ကိုင်တပ်ဖွဲ့များမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ဖြစ်ပွားမှုနှုန်း မြင့်မားလာမှုအပေါ် စိုးရိမ်ပန်မှုကို ဖော်ပြခဲ့ကြပြီး ထိုချိုးဖောက်မှုများကို ရပ်တန့်ရန်အတွက် မြန်မာအနေဖြင့် ချက်ချင်းလုပ်ဆောင်မှုများ ပြုလုပ်ရန်နှင့် ကျူးလွန်သူများကို တရားစွဲ အရေးယူ အပြစ်ပေးရန် တိုက်တွန်းခဲ့ပါသည်။[3019] များမကြာသေးမီ ၂၀၁၅ ခုနှစ်က ကချင်၊ မြောက်ပိုင်းရှမ်းပြည် နှင့် ရခိုင်ပြည်နယ်များ၊ အပစ်ခတ်ရပ်စဲရေး သဘောတူညီချက်များနှင့်

[3015] A/50/568, para. 37.

[3016] E/CN.4/RES2002/67; A/RES/59/263.

[3017] E.g. A/49/594, စာပိုဒ် 14; A/61/369, စာပိုဒ် 27; A/HRC/10/19 စာပိုဒ် 56.

[3018] E.g. A/HRC/22/58, စာပိုဒ် 37; A/HRC/28/72, စာပိုဒ် 35; A/HRC/31/71, စာပိုဒ် 52; A/HRC/34/67, စာပိုဒ် 54-56.

[3019] CEDAW/C/MMR/CO/3, စာပိုဒ် 24 and 25

အကျုံးဝင်နေသည့် ချင်းပြည်နယ်နှင့် တိုင်းပြည်၏ အရှေ့တောင်ဘက်ရှိ ဒေသများတွင် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ ကျယ်ပြန့်စွာ ကျန်ရှိနေသေးသည်ကို ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်က တွေ့ရှိခဲ့ပါသည်။[3020]

၁၃၇၄။ ဤအချိန်ကာလတလျှောက် မုဒိန်းကျင့်မှုနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုကို အရပ်သား ပြည်သူလူထုအား ခြိမ်းခြောက် ကြောက်ရွံ့စေရန် သို့မဟုတ် အပြစ်ပေးရန် ရည်ရွယ်ချက်ရှိရှိဖြစ်သော မဟာဗျူဟာ၏ အစိတ်အပိုင်းတရပ်၊ နှင့် စစ်နည်းဗျူဟာ တရပ်အဖြစ် အသုံးပြုခြင်းဖြစ်ကြောင်း ထိုအခွင့်အရေးချိုးဖောက်မှုများ၏ အတိုင်းအတာပမာဏ၊ ရက်စက်ကြမ်းယုတ်၍ စနစ်တကျဖြစ်သော သဘောသဘာဝက ညွှန်းပြနေပါသည်။ ပုံမှန်ဖြစ်ရိုးဖြစ်စဉ် အနေအထားအဆင့်သို့ ဤကိစ္စရောက်ရှိနေမှုသည် အပြစ်ဒါဏ်အပေးခံရမှုမှ ကင်းလွတ် နေသော ပါတ်ဝန်းကျင် အခြေအနေတရပ် ကြာရှည်စွာ ရှိနေမှသာ ဖြစ်နိုင်ပါသည်။ မုဒိန်းကျင့်မှုများနှင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အရေးယူမှုနှင့် နောက်ဆက်တွဲ ကိစ္စတစ်ရပ် မရှိလာဘဲ အဆင့်မြင့် စစ်ရေးအရာရှိများ ရှိနေသောအချိန် သို့မဟုတ် ထိုအရာရှိများကိုယ်တိုင် ကျူးလွန်ကြသည့်အခါ တပ်မတော်စစ်သားများအနေဖြင့် သူတို့သည်လည်း အလားတူ လုပ်ရန် ခွင့်ပြုခံရသည်ဟု သူတို့ကိုယ်တိုင် မည်သို့မည်ပုံ ဤစဉ်းစားချက် ရရှိလာသည်ကို မြင်ကြည့်ရန် လွယ်ကူနိုင်လိမ့်မည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လိင်ပိုင်းဆိုင်ရာ နှင့် လိင်စိတ်ဝိသေသလက္ခဏာ အခြေပြု အကြမ်းဖက်မှုများ ကျယ်ကျယ်ပြန့်ပြန့် ကျူးလွန်နေမှုများအပေါ် မြန်မာ အာဏာပိုင်များမှ ကိုင်တွယ်ဖြေရှင်းရန် ပျက်ကွယ်မှုသည် အမျိုးသမီးများနှင့် မိန်းကလေးများအား ပဋိပက္ခ၏ ဘေးတွင် အဆင့်လျှော့ချထား၍ ၎င်းတို့ကို ကာကွယ်ပေးရမည့်အစား ၎င်း၏ ရှေ့တန်းစစ်မျက်နှာမှ နစ်နာခံစားရသူများ အဖြစ်သို့ ရောက်ရှိသွားစေမှုကို သေချာစွာ အထောက်အကူ ပြုလိုက်ခဲ့ပါသည်။[3021]

### ဂဂ။ ဖယ်ထုတ်ခွဲခြားဆက်ဆံသော ဟိတ်ဟန်ထွားမှုများ

၁၃၇၅။ တပ်မတော်သည် ဗမာ-ဗုဒ္ဓဘာသာ ကြန်အင်လက္ခဏာသက်သေ နှင့် အကျိုးစီးပွားကို ဦးစားပေးစဉ်မှာပင် "တိုင်းရင်းသားလူမျိုး ကွဲပြားခြားနားမှုအကြား အမျိုးသားရေး ညီညွတ်မှု" ကို ထိန်းသိမ်းနေသည့် တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်သူအဖြစ် သမိုင်းကြောင်းတွင် ၎င်းကိုယ်၎င်း ပုံဖော်ထားသည်။ တိုင်းရင်းသားလူမျိုးစု နှင့် ဘာသာရေး လူနည်းစုအုပ်စုများအပေါ် ခွဲခြားဆက်ဆံမှုများကို ဆယ်စုနှစ်များအတွက် ကောင်းစွာ မှတ်တမ်းတင်ထားပြီး ဖြစ်သည်။

၁၃၇၆။ မြေပြင်အခြေအနေတွင် စစ်ဆင်ရေးများ၌ တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေး အပေါ် ချိတ်ဆက်နေသည့် ထိခိုက်စော်ကားပြောဆိုမှုများ၊ ပွင့်ပွင့်လင်းလင်း တိုက်ရိုက်ခြိမ်းခြောက်မှုများ မကြာခဏဆိုသလို ပူးတွဲပါဝင်လျက်ရှိသည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင်

[3020] E.g. S/2015/203 စာပိုဒ် 41; S/2018/250, စာပိုဒ် 55-60

[3021] ကျယ်ပြန့်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအပေါ် စွပ်စွဲချက်များကို အဓိပ္ပါယ်ရှိ၍ လွတ်လပ်သော သို့မဟုတ် တရားမျှတသော စုံစမ်းစစ်ဆေးမှုများ ပျက်လုပ်ရန် အစိုးရမှ ပျက်ကွက်ခြင်းသည် ၁၉၉၇ က ပြဋ္ဌာန်းခဲ့သော အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှု ပုံစံအားလုံးမှ ပပျောက်ရေး စာချုပ်ပါ အပိုဒ် ၂ နှင့် ၁၅ တွင် ရှိသော ၎င်း၏ တာဝန်ရှိမှုများကို ချိုးဖောက်ရာ ရောက်သည်။

တပ်မတော်အနေဖြင့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်စဉ် ယုတ်ညံ့သော အသုံးအနှုန်း များ သုံးခဲ့ကြောင်း နစ်နာခံစားရသူများနှင့် သက်သေများထံမှ များစွာသော ထွက်ဆိုချက်များကို မစ်ရှင်မှ ရရှိခဲ့သည်။ သာဓကအားဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု အပါအဝင်ဖြစ်သော ညှဉ်းပန်းနှိပ်စက်ခြင်းနှင့် ဆိုးဝါးစွာ ဆက်ဆံခြင်း အပြုအမူတွင် ကချင်နှင့် ရှမ်းပြည်နယ်ရှိ တိုင်းရင်းသား လူနည်းစုများအား တပ်မတော်မှ ၎င်းတို့၏ဘာသာရေးနှင့် လူမျိုးဖြစ်မှုကို နှုတ်အားဖြင့် သိက္ခာချခြင်းဖြင့် လူသားဆန်မှုကို နှိမ့်ချဖျက်ဆီးမှု ဖြစ်ပွားကြောင်း မကြာခဏ ညွှန်းပြကြသည်။ ခရစ်ယာန်ဘာသာ နစ်နာခံစားသူတစ်ဦးဆိုလျှင် လက်ဝါးကပ်တိုင်တွင် လက်သံရိုက်ခံထားရသည့် ယေရှုပုံစံမျိုး လုပ်ခိုင်းခဲ့သည်။[3022] မုဒိန်းကျင့်ခံရသော နစ်နာသူများက ၎င်းတို့ကို ကျူးလွန်သူများမှ "ကချင်အရိုင်းစိုင်းမ" သို့မဟုတ် ခွေးများနှင့် နှိုင်းယှဉ်ခဲ့ကြသည်ဟုပြောပြကြသည်။[3023] မိန်းကလေးငယ် ၂ ဦးကို အုပ်စုဖွဲ့ မုဒိန်းကျင့်နေသူများက "နင်တို့ ကချင်အရိုင်းစိုင်းမတွေကို နင်တို့ သေတဲ့အထိ ငါတို့ နှိပ်စက်ပြမယ်။" ဟု ပြောသည်ကို ကြားခဲ့ကြောင်း မျက်မြင်သက်သေ တစ်ဦးက ပြောပြသည်။[3024]

၁၃၇၇။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ၏ အခြေအနေသည် နိုင်ငံတော်မှ ဖေါ်ဆောင်သော သိက္ခာချ ပုံဖျက်မှုများအပြင် ၁၉၆၀ ခုနှစ်ကတည်းက စခဲ့သော မြန်မာနိုင်ငံမှ တဖြည်းဖြည်း ဖယ်ထုတ်ခံရခြင်းအားဖြင့် ပိုမိုဆိုးဝါးလာခဲ့ပြီး တရားမဝင် နိုင်ငံမဲ့ ဖြစ်တည်မှုသို့ ရွေ့ရှုလာခဲ့ရာ လူထုအများစု၏ မုန်းတီးခြင်းကိုလည်း ခံခဲ့ရပါသည်။ မစ်ရှင်အဖွဲ့ဝင်များအနေဖြင့် မြန်မာ့လူ့အဖွဲ့အစည်းအတွင်း တပ်မတော်မှ တက်ကြွစွာ ပြုစုပျိုးထောင်ပေးနေသည့် နက်နက်ရှိုင်းရှိုင်း ဖယ်ထုတ်လိုခြင်း၊ လူသားဆန်မှုကို နှိမ့်ချဖျက်ဆီးလိုခြင်းက ပုံမှန်နဂို အခြေအနေဖြစ်နေမှုအပေါ် များစွာ ရိုက်ခတ်ခံရမှုရှိပါသည်။ အနိမ့်ဆုံး သဘောတရားအရ အခြားတိုင်းရင်းသားများနှင့် ဘာသာရေး လူနည်းစုများကိုမူ ၎င်းတို့၏ "အမျိုးသား လူမျိုး" အဆင့်အတန်းအရ နိုင်ငံတော်နှင့် သက်ဆိုင်သောကြောင့် လက်ခံသော်လည်း ရိုဟင်ဂျာများ၏ အသိအမှတ်ပြုမှု အဆင့်အတန်း ပျောက်ဆုံးနေခြင်းသည် ၎င်းတို့၏ ထိခိုက်ခံလွယ်မှုကို လွန်မင်းစွာ မြင့်မားစေပြီး ၎င်းတို့အပေါ် အဆုံးစွန်သော အတိုင်းအတာ၊ ပြင်းထန်မှုဖြင့် ဖြစ်သော လူ့အခွင့်အရေးချိုးဖောက်မှုများကိုလည်း သက်ရောက်မှု ဖြစ်စေပါသည်။

၁၃၇၈။ တွေ့ဆုံမေးမြန်းခဲ့သော ရိုဟင်ဂျာ အများစုက ၎င်းတို့အပေါ်တွင် တပ်မတော်သားများ အသုံးပြုသော ယုတ်ညံ့ပြီး လူသားဆန်မှုကို နှိမ့်ချဖျက်ဆီးခြင်း ဖြစ်စေသော စကားများ အသုံးပြုပုံကို စုံစုံလင်လင် အသေးစိပ် ရှင်းပြခဲ့ကြသည်။ "ကုလား"၊ "မွတ်ကုလား" ဟု ရည်ညွှန်း အခေါ်ခံရပုံ၊ "မလိုချင်သောသူ" (ရေမျောကမ်းတင်) ဟူသော အသုံးဖြင့် ခေါ်ဆိုပုံတို့ကို ၎င်းတို့မှ ရှင်းပြခဲ့သည်။[3025] ဤသို့ပြောဆိုမှုသည် များသောအားဖြင့် ရိုက်နက်ခြင်း၊ ဖမ်းဆီးခြင်းခံရသော အခါများတွင်၎င်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ပြုလုပ်သော အခါတွင်၎င်း ဖြစ်ပွားလေ့ရှိသည်။ ထိုသို့ အသုံးပြုသော စကားသည် ထိပါးစော်ကားရုံတင်သာမက ဖယ်ထုတ်လိုသည့် အမြင်ကိုပါ

[3022] PI-056.
[3023] PI-004, PI-023.
[3024] PI-069.
[3025] အခန်း ၆၊ ခခ - "အမုန်းစကား" ပြဿနာကိစ္စ တွင်ကြည့်ပါ။

ပေါ်လွင်စေပါသည်။ ရိုဟင်ဂျာများသည် "ဘင်္ဂါလီ" သို့မဟုတ် "တရားမဝင် ဘင်္ဂါလီ" များဖြစ်ခြင်း နှင့် မြန်မာနိုင်ငံသည် ၎င်းတို့နိုင်ငံ မဟုတ်သဖြင့် ထွက်ခွာသွားသင့်ကြောင်း အပြောခံရမှုများစွာကို ထုတ်ဖော်ကြသည်။[3026] ကျူးလွန်သူများက ၎င်းတို့ကို "ဒီ တိုင်းပြည်က ထွက်သွားကြ၊ ဘယ်တော့မှ ပြန်မလာနဲ့၊ ဒါမှမဟုတ်ရင် အသတ်ခံရမယ်။" ဟု ပြောဆိုခံရကြောင်း များစွာသော နစ်နာခံစားရသူများက ထုတ်ပြောကြသည်။[3027] အလားတူပင် မုဒိန်းကျင့်ခံပြီး ရှင်သန်နေသူများက ကျူးလွန်သူများသည် "ကုလား" ကဲ့သို့ စော်ကားသည့် စကားလုံးများ အသုံးပြုသလို၊ "မင်းတို့ကို မုဒိန်းကျင့်ပြီး သတ်ပစ်မယ်" နှင့် "မင်းတို့ကို မုဒိန်းကျင့်ပြီး ဒီလို သတ်ပစ်မယ်၊ ငါတို့ ရိုဟင်ဂျာတွေကို သတ်ပစ်မှာ၊ ဒါ မင်းတို့ တိုင်းပြည်မဟုတ်ဘူး။" ဟု ပြောဆိုကြကြောင်း ထုတ်ဖော်ကြပါသည်။ [3028] မစ်ရှင်က တွေ့ရှိခဲ့သော ဖေ့ဘုတ်ပို့စ်များတွင် တပ်မတော်စစ်သားများသည် အလားတူ စကားများကို အသုံးပြုနေကြကြောင်း မြင်ရသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့က ခြေမြန်တပ်မ ၉၉ မှ စစ်သားတစ်ဦးက ရခိုင်ပြည်နယ်တွင် တာဝန်ချမှုကို မစောင့်နိုင်တော့ကြောင်း အဘယ်ကြောင့်ဆိုသော် စက္ကန့်တိုင်းတွင် "မွတ်စလင်ခွေးများ"က နိုင်ငံသားများကို ခြိမ်းခြောက်မှု တခု ပြုနေသောကြောင့် ဟု ပြောခဲ့သည်။[3029] နောက်နေ့တွင်လည်း သူက "စစ်မြေပြင်မှာ ဘယ်သူမြန်မြန် မင်းတို့ကို စားနိုင်မလဲ၊ မွတ်စလင်ခွေးတွေ" ဟု ပြောခဲ့သည်။[3030] ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၇ ရက်နေ့က ရခိုင်ပြည်နယ် တပ်မတော်စစ်ဆင်ရေးတွင် ပါဝင်သော ရဲအရာရှိတစ်ဦးက "ဒီကုလားတွေကို သတ်ချင်လို့ စောင့်နေတာကြာလှပြီ။ အခုမှ သူတို့ကို သတ်ရတော့မယ်။" ဟု ပို့စ်တင်ခဲ့ပါသည်။[3031]

၁၃၇၉ ။ လက်တွေ့တွင် ထိုသို့ ယုတ်ညံ့၊ ခွဲခြား၊ ဖယ်ထုတ်သော အသုံးအနှုန်းများအား စစ်ဆင်ရေးများတွင် သုံးစွဲခြင်းသည် အံ့ဩစရာ မရှိလှချေ။ ဤသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ပြောသော ထုတ်ပြန်ကြေညာချက်များကို ပုံတူထင်ဟပ်နေခြင်းသာ ဖြစ်သည်။ ဗိုလ်ချုပ်မှူးကြီးနှင့် ၎င်း၏ရုံးမှ ထုတ်ပြန်ထားသော အများသိကြေညာချက်များက ဩဇာရှိသော အစွန်းရောက် ဗုဒ္ဓဘာသာအုပ်စုများမှ မြှင့်တင်ပေးနေသော မုန်းတီးမှုပါသည့် ရိုဟင်ဂျာဆန့်ကျင်ရေး ထွင်လုံးများကို ရောင်ပြန်ဟပ်နေသော နက်နက်ရှိုင်းရှိုင်း ခွဲခြားဖယ်ထုတ်သည့် အမြင်များကို ဖော်ပြလျက် ရှိနေပါသည်။[3032] ဗိုလ်ချုပ်မှူးကြီးက "ရိုဟင်ဂျာ" ဟု ခေါ်သော အုပ်စု ရှိသည်မှာ မဟုတ်ကြောင်း ငြင်းဆိုပြီး ထိုအုပ်စုကို "ဘင်္ဂါလီ" ဟူ၍သာ အစဉ်တစိုက် ခေါ်ဆိုကာ ၎င်းတို့ကို တရားမဝင် ဝင်ရောက်ခြင်း၊ အကြမ်းဖက်ခြင်း၊ အစွန်းရောက်ခြင်းတို့ဖြင့် အမြဲ ချိတ်ဆက်လေ့ရှိသည်။ ရက်စက်ကြမ်းကြုတ်ဆုံး စစ်ရေးလှုပ်ရှားမှု ရှိနေသည့်ကြားမှပင် ရိုဟင်ဂျာတို့၏ ခံစားနေရမှု၊ စစ်တပ်မှ မှားယွင်းလုပ်ဆောင်သည် ဆိုသည်များကို ငြင်းပယ်ရင်း

---

[3026] BI-001, BI-006, EI-017, LI-006; LI-041, QI-041, QI-059, QI-064, YI-030, WI-010

[3027] BI-001, CI-147, LI-048, LI-059, LI-099, QI-038, QI-041, QI-111, YI-030.

[3028] EI-084, EI-090

[3029] V-10.

[3030] V-11.

[3031] V-01.

[3032] အခန်း ၆၊ ခခ - "အမုန်းစကား" ပြဿနာကိစ္စ တွင်ကြည့်ပါ။

တပ်မတော်၏ စည်းကမ်းလိုက်နာမှုကို ချီးကျူးခဲ့သည်။ တပြိုင်တည်းမှာပင် ၎င်းက မြန်မာ "တိုင်းရင်းသားများ" ၊ သူ့စကားအရဆိုလျှင် ရိုဟင်ဂျာ မဟုတ်သော ပြည်သူလူထုကြီးကို နိုင်ငံတော်၏ ဘေးအန္တရာယ်များ ရင်ဆိုင်ရာတွင် မျိုးချစ်သူများ ဖြစ်ကြရန် တောင်းဆိုခဲ့သည်။ ဤသို့ပြုခြင်းအားဖြင့် ရိုဟင်ဂျာ အုပ်စုကြီး တခုလုံးကို ရန်သူအဖြစ် ထိရောက်စွာ ဖန်တီးလိုက်ခြင်းဖြစ်သည်။ ထို ထုတ်ပြန်ကြေညာချက်များသည် ကျယ်ပြန့်သော ဝါဒဖြန့်ချီရေး နှိုးဆော်လှုပ်ရှားမှု၏ အစိပ်အပိုင်း တစ်ရပ် ဖြစ်ပြီး သတင်းမှားများကို သိသာစွာ ဖြန့်ဖြူးခြင်း၊ အမုန်းတရား၊ ခွဲခြားဆက်ဆံမှု နှင့် အကြမ်းဖက်မှုတို့ကို လှုံ့ဆော်ခြင်းများ ပြုခြင်းဖြစ်သည်။ လက်တလော သာဓက တစ်ခုမှာ ရခိုင်ပြည်နယ်၏ သမိုင်းနှင့် တပ်မတော်၏ ဆောင်ရွက်ချက်များကို အသေးစိပ်ဖေါ်ပြထားသည့် တပ်မတော် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေးဌာနက ထုတ်ဝေသည့် စာအုပ်ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် စွပ်စွဲလိုသော "ဘင်္ဂါလီ" ဝင်ရောက်မှုကို ဖေါ်ပြရန်အတွက် တန်ဇန်နီးယားနှင့် ဘင်္ဂလားဒေ့ရှ်မှ ဓါတ်ပုံများကို အသုံးပြုခဲ့သည်။ [3033] ဤစာအုပ်မှပင် ထောက်ပြသည်မှာ "ဒေါင်းများအကြားတွင်နေသော်လည်း ကျီးသည် မည်သည့်အခါမျှ ဒေါင်းဖြစ်လာလိမ့်မည်မဟုတ်။" ဟု ဖြစ်သည်။[3034]

**ဃဃ၊ အမိန့်ပေးစံနစ် ရာသီဝင်နီးကျင်နှင့် အပြစ်ဒါဏ် စီရင်ခြင်းမှ ကင်းလွတ်ခြင်း**

၁၃၈၀။ တပ်မတော်အနေဖြင့် ပြစ်ဒါဏ်စီရင်ခံခြင်းမှ လုံးဝဥဿုံ ကင်းလွတ်စွာ ပြုမူဆောင်ရွက်နေပြီး ၎င်းမှ တချိန်လုံး ပါဝင်ပါတ်သက် ကျူးလွန်နေသည့် နိုင်ငံတကာ ဥပဒေချိုးဖောက်မှုများ အပေါ်တွင်လည်း မည်သည့်အခါမျှ တာဝန်ခံမှု မပြုခဲ့ရပါချေ။ တခါတရံ ရှားရှားပါးပါး တသီးပုဂ္ဂလ စစ်သားအရေအတွက် အနည်းငယ်မျှသာ ၎င်းတို့ဆောင်ရွက်မှုအတွက် တရားစွဲဆိုခြင်း ခံခဲ့ရသော်လည်း တပ်မတော်၏ ခေါင်းဆောင်များနှင့် အဖွဲ့အစည်းတရပ် အနေဖြင့် လုံးဝဥဿုံ ပြစ်ဒါဏ်ကင်းလွတ်ခြင်းကို ခံစားနေရပါသည်။[3035] နိုင်ငံတလွှား ကျယ်ကျယ်ပြန့်ပြန့် နှင့် စနစ်တကျ ဖြစ်နေသော သဘောသဘာဝရှိသည့် ချိုးဖောက်မှုများကို ကျူးလွန်နေသော တပ်မတော်သည် တပ်မတော်အတွင်း အတိအလင်းဖြစ်စေ သို့မဟုတ် အကွက်ြင်းမဲ့ဖြစ်စေ ထိုချိုးဖောက်မှုများကို လုပ်ပိုင်ခွင့်ပေးသည့် အမိန့်ပေးကွပ်ကဲမှု၏ ရာသီဝင်နီးကျင်နှင့် ချိတ်ဆက်နေသည်။ အပြစ်ကျူးလွန်မှုများအတွက် ပြစ်ဒါဏ်ကင်းလွတ်ခွင့် ရှိနေခြင်းသည် ထိုသို့သော အမိန့်ပေး ဝန်းကျင်ဖြစ်စေရန် အထောက်အကူပြုနေသော အစိပ်အပိုင်း တစ်ရပ်ဖြစ်ပါသည်။

၁၃၈၁။ ကျယ်ပြန့်၍ စနစ်တကျ ဖြစ်သည့် အလွဲသုံးစားလုပ်ဆောင်မှုများ ပုံမှန်စံသတ်မှတ်ချက်ကဲ့သို့ ဖြစ်လာသည့် တပ်မတော်အတွင်းရှိ အဓိကကျသော

[3033] P. McPherson, "အထူးသီးသန့်။ ရိုဟင်ဂျာ အကြပ်အတည်းအပေါ် မြန်မာ့တပ်မတော်၏ "သတင်းမှန်များ" စာအုပ်တွင်ပါသော ဓါတ်ပုံ အတုများ (ရိုက်တာ၊ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၃၀ ရက်); A. Slodkowski, S. Naing, "ရိုဟင်ဂျာ အကြပ်အတည်းအပေါ် စာအုပ်ထဲတွင် မှားယွင်းသော ဓါတ်ပုံများအတွက် မြန်မာ့တပ်မတော်မှ တောင်းပန်" (ရိုက်တာ၊ ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့)

[3034] တပ်မတော် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓါတ်စစ်ဆင်ရေးဌာန "မြန်မာ နိုင်ငံရေးနှင့် တပ်မတော်" ၂၀၁၈ ခုနှစ် စာမျက်နှာ ၁၁၅

[3035] အခန်း ၁၀၊ ခ။ မြန်မာပြည်ရှိ ပြစ်ဒါဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် ရာသီဥတု တွင် ကြည့်ပါ။

အဆိပ်အတောက်ဖြစ်သည့် အမိန့်ပေးကွပ်ကဲမှု အတွက် အထောက်အပံ့ဖြစ်စေသော အကြောင်းအချက်တချို့ ရှိသည်ဟု မစ်ရှင်မှ စဉ်းစားပါသည်။ ၎င်းတို့မှာ အရပ်သားများကို ပစ်မှတ်ထားခြင်းအတွက် အတိအလင်းဖြစ်စေ သို့ အကြွင်းမဲ့ဖြစ်စေ လိုအပ်သည့် ပေါ်လစီ၊ ယုတ်ညံ့၊ ခွဲခြား၊ ဖယ်ထုတ်သော အသုံးအနှုန်းကို အဖွဲ့အစည်းပုံစံ အသုံးပြုမှု၊ နှင့် ချိုးဖောက်မှုများဖြင့် ပြည့်နှက်နေသော နေရာမှာပင် တပ်မတော်၏ စွမ်းဆောင်မှုကို ချီးကျူးဂုဏ်ပြုခြင်း တို့ဖြစ်ပါသည်။ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ချိုးဖောက်ခဲ့မှုများအပေါ် စွပ်စွဲခြင်းများကို အစဉ်တစိုက် ရစေခဲ့သည့် ဖေါ်ဆောင်ခဲ့သော စစ်ဆင်ရေးများ၏ သေချာစွာမှတ်တမ်းတင်ထားသည့် ရှည်လျားသော သမိုင်းကို တပ်မတော်မှ ရရှိနေပြီ ဖြစ်ပါသည်။ နောက်ထပ်ဝင်ရောက်လာသော ဦးစီးချုပ်များသည်လည်း အများသိပြီး မှတ်တမ်းတင်ထားသော အတိတ်မှ အပြုမူများအပေါ် ဥပဒေအရ၊ အယူဝါဒအရ သို့မဟုတ် စစ်ဆင်ရေးအရ ပြောင်းလဲချက်များကို အကြံပေးခြင်း သို့မဟုတ် အကောင်အထည်ဖေါ်ခြင်း မရှိဘဲ လက်ခံသည်ဆိုလျှင် ၎င်းတို့သည် အတိတ်က နည်းနာများအား ထူထောင်ထားပြီးသား ပုံမှတ်စံသတ်မှတ်ချက်အဖြစ် ခံယူ၍ ဆက်လက်ဖေါ်ဆောင်ခြင်းသာ ဖြစ်သည်။

၁၃၈၂။ ၂၀၁၁ ခုနှစ်တွင် ကာကွယ်ရေးဦးစီးချုပ်အဖြစ် ခန့်အပ်ခံရသော ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် ရခိုင်ပြည်နယ်အတွင်းကဲ့သို့သော အထူးစစ်ဆင်ရေးများ နှင့် ပိုမို ယေဘူယျကျသော အခြေအနေများအတွက် တပ်မတော်မှ မှားယွင်းလုပ်ဆောင်မှုများ မရှိခဲ့ကြောင့် တစိုက်မတ်မတ် ငြင်းဆိုခဲ့ပါသည်။ သာဓကအားဖြင့် "မြန်မာ့တပ်မတော် သမိုင်းတွင် မည်သည့် လိင်အကြမ်းဖက်မှုမျိုးမှ မဖြစ်ပွားခဲ့ကြောင်း" ပြောဆိုခဲ့ပါသည်။[3036] သူ့အနေဖြင့် တပ်မတော်တပ်ဖွဲ့များ၏ ပြုမူပုံနှင့် စည်းကမ်းသေဝပ်မှုကို ချီးကျူးဂုဏ်ပြုသည့် ပို့စ်များ ပုံမှန် ထုတ်ပြန်လေ့ရှိပါသည်။ သာဓကအားဖြင့် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့စွဲဖြင့် တရားဝင်ထုတ်ပြန်ချက် တခုတွင် "လုံခြုံရေးတပ်ဖွဲ့များ အနေဖြင့် ဥပဒေနှင့် အညီ အရေးယူမှုများကို လုပ်ဆောင်ခဲ့ကြောင်း နှင့် ဥပဒေကို ကျော်လွန်၍ မလုပ်ခဲ့ကြောင်း" နှင့် ၎င်း၏လူများသည် "လက်ရှိ ရခိုင်အကြပ်အတည်းတွင် အမိန့်များကို တိကျစွာ လိုက်နာ၍ တိုက်ပွဲများတွင် လိုက်နာရမည့် စည်းကမ်းများနှင့် အညီ ပြုမူဆောင်ရွက်ကြောင်း" ပြောကြားထားသည်ကို မှတ်သားရပါသည်။ [3037] ဤသို့သော ကြေညာချက်များက တပ်မတော်၏ အမြင့်မားဆုံးသော ထိပ်ပိုင်းအာဏာပိုင်များ အနေဖြင့် ဆောင်ရွက်ခဲ့သော လုပ်ဆောင်မှုများကို ထောက်ခံကြောင်းကိုသာမက တပ်ဖွဲ့များကလည်း ၎င်း၏ အမိန့်များက မျှော်လင့်သည့်အတိုင်း "တိတိကျကျ" လိုက်နာဆောင်ရွက်ခြင်း ဖြစ်ကြောင်းကိုပါ ညွှန်ပြနေပါသည်။ ရခိုင်ပြည်နယ်နှင့် မြန်မာပြည်မြောက်ပိုင်းရှိ "နယ်မြေရှင်းလင်းရေး

[3036] ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်။ ၂၀၁၈ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ ဖေ့ဘုတ် ပို့စ် (မစ်ရှင်ထံတွင် ဖိုင်ဖြင့်ရှိသည်။)

[3037] ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ရုံး။ ဖေ့ဘုတ်ပို့စ်။ "ရခိုင်ပြည်နယ် မောင်တောဒေသတွင် သောင်းကျန်းသူများ တိုက်ခိုက်မှုကာလအတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် ဆက်စပ်၍ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ ရှာဖွေတွေ့ရှိချက်များ။" (တပ်မတော် သတင်းမှန် ထုတ်ပြန်ရေးအဖွဲ့၊ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၃ ရက်နေ့) မစ်ရှင်ထံတွင် ဖိုင်ရှိသည်။

စစ်ဆင်ရေးများ” တွင် ၎င်းတို့၏ တပ်ဖွဲ့များ မှားယွင်းဆောင်ရွက်မှုများအတွက် တာဝန်ရှိသည့် တပ်ခေါင်းဆောင်များအား အရေးယူသည်ဆိုသည့် မည်သည့်ညွှန်းပြမှုမှ မရှိခဲ့ပါချေ။

၁၃၈၃။ ဤသို့သော အမိန့်ပေးကွပ်ကဲမှု ရာသီဥတုကို ပံ့ပိုးပေးနေသော နောက်ဆုံးအချက်တရပ်မှာ တပ်မတော်၏ တရားစီရင်ရေးစနစ်ဖြစ်ပါသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ “နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး” အပေါ် တရားဝင် စုံစမ်းစစ်ဆေးရေးကို ဦးဖောင်ခဲ့သည့် တပ်မတော် စစ်ဆေးရေး အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး အေးဝင်းက နိဂုံးချုပ်သည်မှာ “လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးသည် အထက်အဆင့်ဆင့်များမှ ညွှန်ကြားချက်များနှင့် အမိန့်များအတိုင်း လိုက်နာခဲ့ကြသည်။” ဟူ၍ ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် “ဒေသရှင်းလင်းရေး စစ်ဆင်ရေးများ ဆောင်ရွက်ရာ၌ စစ်ပွဲများနှင့်ပါတ်သက်သော ဥပဒေများကို လိုက်နာခဲ့ကြကြောင်း တွေ့ရှိခဲ့သည်။ သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့သည် အလွန်အမင်း အင်အားသုံးစွဲမှုကို မပြုလုပ်ခဲ့ကြောင်း တွေ့ရှိခဲ့သည်။”[3038] အရပ်သားများအပေါ် ကျယ်ကျယ်ပြန့်ပြန့် ရက်စက်ကြမ်းကြုတ်ပြီး၊ မှန်ကန်ကြောင်း သက်သေမပြနိုင်သည့် တိုက်ခိုက်မှုများ ရှိနေလျက်နှင့် တပ်မတော်တပ်ဖွဲ့များကို အပြစ်ဖြေပေးသည့် ကြေညာချက်များသည် ကျူးလွန်သူများကို ၎င်းတို့၏ ရာဇဝတ်မှုများမှ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ကြသည်ဟု အချက်ပြလိုက်ခြင်းဖြစ်ပြီး သူတို့ ထပ်မံပြုလုပ်ရန်အတွက် မြင်ကွင်းကို ပုံဖော်ပေးလိုက်သည်။

၁၃၈၄။ တပ်မတော်ခေါင်းဆောင်များသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ရှိမှုကို မှတ်ယူရန် အစဉ်တစိုက် ပျက်ကွက်နေခဲ့ပါသည်။ ၎င်းက တပ်ဖွဲ့များကို ယင်းတို့အပေါ် မည်သည့် နောက်ဆက်တွဲသက်ရောက်မှုမှ မရှိစေရဟူသော သတင်းစကားကို ထပ်ဆင့် အားဖြည့်သကဲ့သို့ ဖြစ်နေပါသည်။ ဤသည်က တိုင်းပြည်အနှံ့ ထိုသို့ချိုးဖောက်မှုများ အဖန်တလဲလဲ ကာလကြာရှည်စွာ ဖြစ်ပေါ်နေခဲ့သည်ကို ရှင်းပြပါသည်။ ခေါင်းဆောင်မှုကိုယ်တိုင်က ၎င်း၏ တာဝန်ရှိမှုကို လက်ခံရန် ငြင်းဆန်နေပါသည်။ တပ်မတော် စစ်ဆေးရေး အရာရှိချုပ် ဒု-ဗိုလ်ချုပ်ကြီး အေးဝင်းမှ တွေ့ရှိခဲ့သည့်အတိုင်း “လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးသည် အထက်အဆင့်ဆင့်များမှ ညွှန်ကြားချက်များနှင့် အမိန့်များအတိုင်း လိုက်နာခဲ့ကြသည်။” ဟုဆိုပါလျှင် ထို “အထက်အဆင့်ဆင့်များ” ဆိုသည်မှာ ကာကွယ်ရေးဦးစီးချုပ် အဆင့်အထိရောက်သွားပြီး ၎င်းသည်လည်း နိုင်ငံတကာ ဥပဒေအောက်တွင် အဆိုးဝါးဆုံး ရာဇဝတ်မှုများအတွက် တာဝန်ရှိသူဖြစ်ကာ၊ တာဝန်ခံရမည်ဖြစ်သည်။

## ၈။ နိုင်ငံတကာဥပဒေအောက်မှ ရာဇဝတ်မှုများ

၁၃၈၅။ မစ်ရှင်အနေဖြင့် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်သည်ဟု စွပ်စွဲခံထားရသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် အလွဲသုံးစားပြုမှုများအတွက် အချက်အလက်နှင့် အခြေအနေများကို “ကျူးလွန်သူများအတွက် အပြည့်အဝ တာဝန်ခံမှုနှင့်

[3038] Ibid.

ကျူးလွန်ခံရသူများအတွက် တရားမျှတမှုကို သေချာစေသည့် အမြင်တရပ်ဖြင့်" ထူထောင်ရန် လုပ်ပိုင်ခွင့် ပေးအပ်ခြင်း ခံခဲ့ရပါသည်။ ဤသည်၏ အဓိပ္ပါယ်က မည်သည့် အတိုင်းအတာ ချိုးဖောက်မှုနှင့် အလွဲသုံးစားပြုမှုက နိုင်ငံတကာဥပဒေအောက်တွင် မည်သည့်ပြစ်မှု ကျူးလွန်ရာရောက်သည် ဆိုသည်ကို တစ်ဦးချင်း ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုကို ဖြစ်ပေါ်စေလျက် စဉ်းစားသင့်သည်ဟု မစ်ရှင်မှ နားလည်ခဲ့ပါသည်။ မစ်ရှင်မှ အဓိကအားဖြင့် စစ်ရာဇဝတ်မှု၊ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှု နှင့်/သို့မဟုတ် လူမျိုးတုန်း သတ်ဖြတ်မှုတို့ကို ကျူးလွန်ခြင်း ရှိမရှိ စမ်းသတ်စစ်ဆေးပါသည်။

၁၃၆၈။ ဤသို့ဆောင်ရွက်ရာတွင် မစ်ရှင်သည် တရားဥပဒေရုံး သို့မဟုတ် တရားစီရင်ရေးအဖွဲ့ မဟုတ်ကြောင်းနှင့် တစ်ဦးချင်း ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ရှိမှုအတွက် နောက်ဆုံး ဆုံးဖြတ်ချက်များကိုလည်း လုပ်မပေးနိုင်ကြောင်း မစ်ရှင်အနေဖြင့် သိရှိနားလည်ထားခဲ့ပါသည်။ ဤကဲ့သို့ မစ်ရှင်အနေဖြင့် နိုင်ငံတကာဥပဒေအောက်တွင် ရာဇဝတ်မှု တခု ကျူးလွန်ခဲ့သည်ဟု ယူဆရသည့် လက်ခံနိုင်ဘွယ် အခြေအနေများကို တွေ့ရှိခဲ့လျှင် ဤသည်ကို နားလည်ရမည်မှာ စွမ်းဆောင်ရည်ရှိသော တရားစီရင်ရေးအဖွဲ့ တခုမှ ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ထိုသို့သော စွဲချက်များဖြင့် စီရင်ဆုံးဖြတ်နိုင်မည့် အမှုတခုကို ပြင်ဆင်နိုင်ရေးအတွက် လုံလောက်သော အစိတ်အပိုင်းများ ရရှိပြီဖြစ်သည် ဟူသည့် အဓိပ္ပါယ်အဖြစ် ဖြစ်သည်။

၁၃၆၇။ ဤအခန်းတွင် ညွှန်းဆိုနေသော ပြုကျင့်မှု သည် ယခင်အခန်းများတွင် အသေးစိပ်ဖေါ်ပြထားခဲ့သော အချက်များမှ ထုတ်နုတ်လာခြင်းဖြစ်ပြီး အနစ်ချုပ်ပုံစံဖြင့် ပေါ်ပေါက်နေမည် ဖြစ်သည်။

### ကက။ လူမျိုးတုန်း သတ်ဖြတ်မှု

၁၃၈၈။ လူမျိုးတုန်းသတ်ဖြတ်မှုအပေါ် တားမြစ်ထားခြင်းသည် နိုင်ငံတကာဥပဒေ၏ နာခံဆောင်ရွက်ရမည့် စံသတ်မှတ်ချက် (*jus cogens*) ဖြစ်ပြီး ၎င်းထံမှ မည်သည့် တရားဥပဒေစိုးမိုးမှု လျော့ပါးခြင်း (ချွင်းချက်ပေးခြင်း) ကိုမှ ခွင့်ပြုမထားပါ။ လူမျိုးတုန်းသတ်ဖြတ်ခြင်း ကို ၁၉၄၈ ခုနှစ် လူမျိုးတုန်းသတ်ဖြတ်ခြင်း ရာဇဝတ်မှုကို တားဆီးခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ အစည်းအဝေးမှ ပထမဦးဆုံးအကြိမ် ရာဇဝတ်မှု အဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး မြန်မာမှ ၁၉၅၆ ခုနှစ်တွင် ပါဝင်လျက် နိုင်ငံပေါင်း ၁၅၀ ခန့်က ယခုအချိန်တွင် သဘောတူ လက်မှတ်ရေးထိုး ထားပြီဖြစ်သည်။

၁၃၈၉။ လူမျိုးတုန်း စာချုပ်၏ အပိုဒ် ၂ မှ အဓိပ္ပါယ်ဖွင့်ဆိုထားသည်မှာ အမျိုးသား၊ တိုင်းရင်းသား၊ လူမျိုး သို့မဟုတ် ဘာသာရေး အုပ်စုတခုကို တခုလုံး သို့မဟုတ် တစိတ်တပိုင်းအားဖြင့် ပျက်စီးရန် ကြံရွယ်ချက်ဖြင့် အောက်ပါ ပြုမူချက်များကို ကျူးလွန်လျှင် လူမျိုးတုန်းမှု မြောက်သည်။ (က) အုပ်စု၏ အဖွဲ့ဝင်များကို သတ်ဖြတ်ခြင်း (ခ) အုပ်စု၏ အဖွဲ့ဝင်များကို ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အန္တရာယ် ဖြစ်စေခြင်း (ဂ) တခုလုံး သို့မဟုတ် တစိတ်တပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးခြင်းကို ဖြစ်ပေါ်စေမည့် တွက်ချက်မှုဖြင့် အုပ်စု၏ ဘဝ အခြေအနေအပေါ် တမင်သက်သက်

ထိခိုက်ခြင်း (ဃ) အုပ်စုအတွင်း ကလေးမွေးဖွားခြင်းအား တားဆီးမှုကို ရည်ရွယ်ပြီး လုပ်ဆောင်မှုများ ချမှတ်ခြင်း (င) အုပ်စုမှ ကလေးများကို အခြားအုပ်စုသို့ အတင်းအကြပ် လွှဲပြောင်းခြင်း။ ဤအဓိပ္ပါယ်ဖွင့်ဆိုချက်က ဤအုပ်စုသည် ကာကွယ်ခံထားသော အုပ်စုဟုတ်မဟုတ်၊ ပြဋ္ဌာန်းထားသော ခေါင်းစဉ်အုပ်စုများမှ တခု သို့မဟုတ် တခုထက်ပို၍ ကျူးလွန်ခြင်း ရှိမရှိ၊ ပြုမူချက်များသည် လူမျိုးတုန်းစေလိုသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခြင်းဟုတ်မဟုတ် တို့အပေါ် စဉ်းစားချက်တရပ် လုပ်ပေးရန်လိုအပ်သည်။

**ကက။ ၁ ကာကွယ်ခံ အုပ်စု**

၁၃၉၀။ လူမျိုးတုန်းသတ်ဖြတ်မှု ကို အမျိုးသား၊ "တိုင်းရင်းသား"၊ လူမျိုး သို့မဟုတ် ဘာသာရေး အစရှိသည့် အုပ်စုများအပေါ် ကျူးလွန်နိုင်သည်။ ဤ စာရင်းသည် အားကုန်ဆုံးဖွယ်ရာဖြစ်သည်။ ဥပဒေဆိုင်ရာ အယူဝါဒ နှင့် ဥပဒေဆိုင်ရာ အတွေးအခေါ် တို့သည်လည်း တသမတ်တည်းဖြစ်နေသည်မဟုတ် သို့သော်လည်း တည်ရှိနေသည့် လူမှုရေး သို့မဟုတ် သမိုင်းနောက်ခံ အခြေအနေမှ ဓမ္မဓိဋ္ဌာန်ဖြစ်သော အကျိုးအကြောင်းများနှင့် ကျူးလွန်သူများ၏ မိမိကိုယ်ကို အခြေပြု သိမြင်နားလည်မှုများအား ပေါင်းစပ်ပေးသော၊ ဖြစ်ရပ်ကိစ္စ တခုချင်း လေ့လာဆန်းစစ်မှုတခုကို လုပ်ခြင်းဖြင့် လက်တွေ့ကျင့်သုံးမှု တရပ် ပေါ်ထွက်လာခဲ့ပါသည်။ [3039]

၁၃၉၁။ မြန်မာပြည် ရခိုင်ပြည်နယ်တွင် အများဆုံး နေထိုင်ကြသည့် ရိုဟင်ဂျာသည် ကာကွယ်ခံအုပ်စုတွင် အကျုံးဝင်သဖြင့် မစ်ရှင်မှာ ကျေနပ်အားရပါသည်။ ရိုဟင်ဂျာကို တိုင်းရင်းသားတမျိုးဟု မြင်နိုင်သလို ("အဖွဲ့ဝင်များသည် တူညီသော စကား သို့ ယဉ်ကျေးမှုရှိသည်။") လူမျိုးအုပ်စု ဟုလည်းမြင်နိုင်သည်၊ (စကား၊ ယဉ်ကျေးမှု၊ အမျိုးသား သို့ ဘာသာရေး အကြောင်းအချက်များ မပါဘဲ မျိုးရိုးအလိုက်ပါသော ရုပ်ပိုင်းဆိုင်ရာ ထူးခြားသည့် ဥပမိ အရည်အသွေးအပေါ် အခြေခံသည်။ တခါတရံတွင် ပထဝီဒေသတခုပါဝင်လျက် သတ်မှတ်သည်။") သို့မဟုတ် ဘာသာရေး အုပ်စု ဟုလည်းမြင်နိုင်သည်။ (အဖွဲ့ဝင်များသည် တူညီသော ဘာသာ၊ ဂိုဏ်းခွဲ သို့မဟုတ် ဝတ်ပြုသည့်ပုံစံ ကို ကျင့်သုံးသည်")[3040] သို့မဟုတ် အားလုံး ပေါင်းစပ်၍လည်း မြင်နိုင်ပါသည်။ မြန်မာအာဏာပိုင်များနှင့် လုံခြုံရေး တပ်ဖွဲ့များ မြင်သလိုပင် ရိုဟင်ဂျာများကလည်း မိမိကိုယ်ကို ကွဲပြားသော အုပ်စုဟု စဉ်းစားကြသည်။ မြန်မာပြည်ရှိ ရိုဟင်ဂျာများ၏ သမိုင်းဇစ်မြစ်နှင့် မြန်မာဥပဒေအောက်တွင် ၎င်းတို့၏ တောင်းဆိုမှုဖြစ်သော "အမျိုးသားလူမျိုး" အဆင့်အတန်း ဆိုသည့်ကိစ္စသည် မြန်မာပြည်တွင် အငြင်းပွားနေခဲ့ရသည်။ မည်သို့ပင်ဆိုစေကာမူ ဤအခြေအနေသည် ရိုဟင်ဂျာသည် ကွဲပြားသော အုပ်စုဖြစ်သည် ဆိုခြင်းကိုသော်လည်းကောင်း၊ မြန်မာအာဏာပိုင်များမှ ၎င်းတို့အား "အမျိုးသားလူမျိုး" တခုအဖြစ် တရားဝင် အသိအမှတ် မပြုခြင်း သို့မဟုတ် "ဘင်္ဂါလီ" ဟု ရည်ညွှန်ခေါ်ဆိုခြင်း ကိုသော်လည်းကေ ကာင်း မေးခွန်းတခု ဖြစ်မလာစေပါ။ အထူးသီးသန့် ဥပဒေများနှင့် လက်တွေ့ကျင့်သုံးမှုများ ချမှတ်ခြင်းမှ တဆင့် ရိုဟင်ဂျာများအား

[3039] ICTR, *Prosecutor v Bagilishema*, ICTR-95-1A-T, ဆုံးဖြတ်ချက်, ၂၀၀၁ ခုနှစ် ဇွန်လ ၇ ရက်, စာပိုဒ် ၆၅; ICTY, *Prosecutor v Brdjanin*, IT-99-36-T, ဆုံးဖြတ်ချက် ၂၀၀၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့, စာပိုဒ် ၆၈၄

[3040] ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, ဆုံးဖြတ်ချက်၊ ၁၉၉၈ ခုနှစ် စက်တင်ဘာ ၂၊ စာပိုဒ် ၅၁၂-.

ကွဲပြားခြားနားသော ဆက်ဆံပြုမူခြင်းများ ပြုလုပ်နေခြင်းကိုက ဂျီနိုဆိုဒ် ကွန်ဗင်းရှင်းက ချမှတ်ထားသော ကာကွယ်ခံ အုပ်စု ဖြစ်နေသည်ဟု နိဂုံးချုပ်ချက်ကို အထောက်အကူပြုနေပါသည်။

### ကက.၂။ ရုပ်ပိုင်းဆိုင်ရာ ပြုမူမှု

၁၃၉၂။ လူမျိုးတုန်းသတ်ဖြတ်မှု ဖြစ်ခြင်းအတွက် ၎င်း၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် စာရင်းပြုထားသော တားမြစ်ချက်အုပ်စု ၅ စုတွင် ပါဝင်သော လက်တွေ့ရုပ်ပိုင်းဆိုင်ရာ ဆောင်ရွက်ချက် တခုခု ပြုမူရန် လိုအပ်မည်ဖြစ်ပါသည်။ ဤအစီရင်ခံစာတွင် အသေးစိပ် ဖေါ်ပြထားသော ရိုဟင်ဂျာများအနေဖြင့် တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များလက်ဝယ် (တခါတရံ အရပ်သားများပါသည်) ခံစားခဲ့ရသည့် ရှန်းရင် ကြမ်းတမ်းသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် အဆိုပါ မကျူးလွန်ရ ဆိုသည့် သတ်မှတ်ချက် အုပ်စု ၅ ခု အနက်မှ ၄ ခုတွင် ကျရောက်နေပါသည်။ ကျူးလွန်သူများသည် ရိုဟင်ဂျာများကို သတ်ဖြတ်ခြင်း၊ ရိုဟင်ဂျာများအပေါ် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ဖြစ်မှုများ သက်ရောက်စေခြင်း၊ ရိုဟင်ဂျာများ၏ ရုပ်ဘဝ ပျက်စီးစေမှုကို ပေါ်လာစေမည့် တွက်ချက်ထားသော ဘဝ အခြေအနေများကို တမင်သက်သက် ထိခိုက်စေခြင်း၊ ရိုဟင်ဂျာကလေးများ မွေးမြူမှုကို တားဆီးရန် ရည်ရွယ်သော လုပ်ဆောင်မှုများ ချမှတ်ခြင်း အစရှိသည်တို့ ဖြစ်ပါသည်။

၁၃၉၃။ တားမြစ်ထားသော ရုပ်ပိုင်းဆိုင်ရာ အပြုအမူအတွက် ICC ရုံး၏ ရာဇဝတ်မှု အစိတ်အပိုင်းများ အနေဖြင့် ဤပြုမူချက်သည် "ထိုအုပ်စုအပေါ် ရည်ရွယ်သည့် သိသာသော အလားတူ ပြုမူမှုမျိုး၏ အခြေအနေတွင် သို့မဟုတ် ဖျက်ဆီးခြင်းကို ၎င်း ဖာသာ ၎င်း သက်ရောက်စေသည့် ပြုမူမှု အခြေအနေ" တွင်ဖြစ်ကြောင်း လိုအပ်ပါသည်။[3041] ဤအချက်က သီးသန့်ဖြစ်သော ရာဇဝတ်မှုများသည် မျိုးနွယ်တုန်းမှု ရာဇဝတ်ဘောင်အတွင်းသို့ ရောက်ရှိခြင်းမှ ဟန့်တားပါသည်။[3042] အရှေ့ပိုင်းအခန်းများနှင့် အောက်တွင် ဆွေးနွေးမှုများအတွက် အထောက်အထား အလိုအရ မြန်မာပြည်မှ ရုပ်ပိုင်းဆိုင်ရာ ပြုမူဆောင်ရွက်ချက်များသည် တူညီသော ပြုမူချက်ကို သိသာထင်ရှားစွာ ပြသည့် နောက်ခံအခြေအနေတွင် ကျူးလွန်ခြင်းဖြစ်ပါသည်။

### (က) အုပ်စု အဖွဲ့ဝင်များအား သတ်ဖြတ်ခြင်း

၁၃၉၄။ တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များသည် (တခါတရံတွင် အရပ်သားများနှင့် ဟန်ချက်ညီဆက်စပ်၍) ရိုဟင်ဂျာ အမျိုးသားများ၊ အမျိုးသမီးများ နှင့် ကလေးသူငယ်များကို ဤသုံးသပ်မှု လွှမ်းခြုံသည့်ကာလတလျှောက်လုံး ၂၀၁၁ ခုနှစ်မှစ၍ တိတိကျကျ ပြောရလျှင် ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်မှ စ၍ ရည်ရွယ်ချက်ရှိရှိ၊ ဥပဒေမဲ့စွာ သတ်ဖြတ်ခဲ့ကြသည်။

---

[3041] International Criminal Court, *Elements of Crimes* (The Hague, 2011), hereafter "ICC Elements of Crimes", art. 6(a), para. 4.

[3042] The ICTY rejected this requirement, considering that it does not form part of customary international law: ICTY, *Prosecutor v. Krstic*, IT-98-33-A, Judgment, 19 April 2004, para. 224; ICTY, *Prosecutor v. Jelisic*, IT-95-10-T, Judgment, 14 December 1999, para. 100.

ထိုသေဆုံးမှုများသည် ရိုဟင်ဂျာများအပေါ် ပြင်းပြင်းထန်ထန် စနစ်တကျ ဖိနှိပ်ခဲ့သော လုပ်ဆောင်မှုများ နှင့် ၂၀၁၆ ခုနှစ်၊ အရှိန်အမြင့်ဆုံး မြှင့်တင်ခဲ့သည့် ၂၀၁၇ ခုနှစ်များက ဆင်နွှဲခဲ့သော "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" များ" တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရလဒ်များ ဖြစ်ပေသည်။ လုံခြုံရေးတပ်ဖွဲ့များသည် တရွာဝင် တရွာထွက်ဖြင့် ရွာသားများကို ပစ်ခတ်ကာ ၎င်းတို့၏ အိမ်များကို မီးရှို့ကြပါသည်။ ရွာသားများကို ပစ်မှတ်တခု အဖြစ် ထားသောအမူအကျင့်ဖြင့် လက်လွတ်စပယ် သတ်ဖြတ်ခဲ့သည်။ ရွာသားများကို မီးလောင်နေသော အိမ်များတွင် ပိတ်ထားခြင်း သို့မဟုတ် လွှင့်ပစ်သွင်းခြင်း နှင့် တန်းစီ၍ စီရင်ခြင်းများ လုပ်ပါသည်။ အတူပါလာသော ရခိုင်များက ဒါဏ်ရာ ပြင်းထန်နေသော၊ ထွက်ပြေးလွတ်မြောက်ရန်အတွက် ငယ်သူ သို့မဟုတ် ကြီးသူများ၏ လည်ပင်းများအား လှီးပါသည်။

၁၃၉၅။ ဖိနှိပ်မှု၏ နှစ်ပေါင်းများစွာအတွင်း သေဆုံးသွားသူများကိုသော်လည်းကောင်း "ရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်း သေဆုံးသွားသူများသော်လည်းကောင်း အသေအပျောက်များ၏ တိတိကျကျစာရင်းကို မည်သည့်အခါမျှ သိရှိနိုင်မည် မဟုတ်ချေ။ အထက်တွင် လမ်းကြောင်းပြခဲ့သလို ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက်နေ့က စခဲ့သော "ရှင်းလင်းရှင်း စစ်ဆင်ရေး" တခုတည်းကပင် သေဆုံးမှု ၁ သောင်းကျော် တိုက်ရိုက်ရလဒ် ဖြစ်စေခဲ့သည်ဟု ယုံကြည်နိုင်လောက်သော အချက်အလက်များအရ မစ်ရှင်မှ နိဂုံးချုပ်ပါသည်။ ဤ အစီရင်ခံစာတွင် နေရာ ၅ ခုတွင် ဖြစ်ပွားသော ကြီးမားသည့် အတိုင်းအတာဖြင့် ဖြစ်သည့် အစုအပြုံလိုက် သေဆုံးမှုများ၏ အသေးစိပ်ကို ဖေါ်ပြထားပြီး တခါတရံတွင် ရွာသား ရာချီသေပြီး တခါတရံ တချို့နေရာတွင် ရွာသား ဒါဇင်ချီ၍ သေသော အဖြစ်အပျက်များ ဖြစ်ပါသည်။ မင်းကြီးနှင့် မောင်န တွင် ရွာသားများကို ခေါ်ယူစုရုံးလိုက်ပြီး အမျိုးသားများနှင့် ယောကျာ်းလေးများ သီးခြားစီခွဲလိုက်ကာ သတ်ခဲ့ပါသည်။ မင်းကြီးတွင်ပင် အမျိုးသမီးနှင့် မိန်းကလေးများကို အနီးအနားအိမ်များသို့ ခေါ်သွား၍ အုပ်စုလိုက် မုဒိန်းကျင့်ပြီးနောက် သတ်ပစ်ခြင်း သို့မဟုတ် ပြင်းထန်စွာ နာကျင်ခြင်းကို ဖြစ်စေပါသည်။ အိမ်များကို တံခါးပိတ်ပြီး မီးတင်ရှို့သည်။ တချို့ အသက်ရှင်သန်ကျန်ခဲ့သည်။ မြောက်မြားစွာသော တွေ့ဆုံမေးမြန်းမှုများနှင့် အခြားအချက်အလက်များအရ မတူညီသော နေရာ ၅၄ ခု ရှိ "ရှင်းလင်းရေး စစ်ဆင်ရေးများ" နှင့် လက်ဦးမှုရင်း သတင်းများဖြင့် နောက်ထပ် နေရာ ၂၂ ခုမှ ထပ်တိုး "ရှင်းလင်းရေး စစ်ဆင်ရေးများ" ကို စီစစ်နိုင်ခဲ့ပါသည်။ သတ်ဖြတ်မှုများမှာ ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ နှင့် ရက်စက်ကြမ်းကြုတ်ပါသည်။

### (ခ) ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ အန္တရာယ် ဖြစ်စေခြင်း

၁၃၉၆။ အလေးအနက်ဖြစ်သော *ရုပ်ပိုင်းဆိုင်ရာ* အန္တရာယ် ဖြစ်စေခြင်း ဆိုသည်မှာ ကျန်းမာရေးကို ပြင်းထန်သော ဒါဏ်ရာဖြစ်စေခြင်း၊ ခန္ဓာကိုယ် အစိပ်အပိုင်း ပုံပျက်ခြင်း၊ သို့မဟုတ် အပြင်ပိုင်း သို့မဟုတ် အတွင်းပိုင်း ကိုယ်အင်္ဂါအစိတ်အပိုင်းများ သို့မဟုတ် အာရုံခံစားမှုများကို ဒါဏ်ရာရစေခြင်း တို့ပါဝင်ပါသည်။[3043] ၎င်းကို ပြုမူကျင့်ကြံမှုများ ဥပမာ ညည်းပန်းနှိပ်စက်မှု၊

[3043] ICTR, *Prosecutor v. Kayishema*, ICTR-95-1-T, Judgment, 21 May 1999, para. 109.

မုဒိန်းကျင့်ခြင်း၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်း သို့မဟုတ် လူမဆန်သော သို့မဟုတ် သိက္ခာကျဆင်းစေသည့် ပြုမူဆက်ဆံမှုများက ဖြစ်စေပါသည်။[3044] ထိုမျှလောက်ဖြင့် ကန့်သတ်ထားခြင်း မဟုတ်ပါ။ အလေးအနက်ဖြစ်သော *စိတ်ပိုင်းဆိုင်ရာ* အန္တရာယ် ဆိုသည်မှာ စိတ်ပိုင်းဆိုင်ရာ စွမ်းရည်များ[3045] ယာယီ ပျက်စီးမှုတခု ထက်ပိုပြီး အခင်းဖြစ်ပွားမှုကို ဝိုင်းရံထားသည့် လက်တလော ပါတ်ဝန်းကျင်အခြေအနေများကိုပါ ထည့်သွင်းစဉ်းစားလျက် ဖြစ်ရပ်တခုချင်းလိုက် ဆန်းစစ်ရသည်။[3046] ရုပ်ပိုင်းဆိုင်ရာဖြစ်စေ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ဖြစ်စေ အန္တရာယ်သည် အမြဲတန်း သို့မဟုတ် ကုစား၍ မရသော ဟု ဖြစ်စရာမလိုသော်လည်း ယာယီစိတ်မပျော်ရွှင်မှု၊ စိတ်အနောက်အယှက်ဖြစ်ရမှု သို့မဟုတ် အရှက်တကွဲဖြစ်စေမှုထက် ကျော်လွန်ပြီး "ပုံမှန်နှင့် အပြုသဘောဖြစ်သော ဘဝကို ဦးဆောင်နိုင်ရမည့် လူတစ်ယောက်၏ စွမ်းဆောင်ရည်ကို စိုးရိမ်ဖွယ် ရေရှည် ထိခိုက်မှုကို ဖြစ်စေသော အပြုခံရမှုကို ဆိုလိုသည်။[3047] "လေးနက်သော" ဆိုသော အသုံးအနှုံး ဆိုသည်မှာ ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်သည် အုပ်စု တခုလုံးကိုဖြစ်စေ သို့မဟုတ် အစိပ်အပိုင်းကို ဖြစ်စေ ၎င်း၏ ပျက်စီးမှုကို ခြိမ်းခြောက်သည် အထိ ဖြစ်ရမည်။[3048]

၁၃၉၇။ ၂၀၁၆ အောက်တိုဘာ နှင့် ၂၀၁၇ ဩဂုတ်လ "ရှင်းလင်းရေး စစ်ဆင်ရေးများ"မှ ရှင်သန်ကျန်ရစ်ခဲ့သောသူများ၏ ကြီးမားသော ပမာဏရှိသည့် ကိုယ်ကာယ ဒါဏ်ရာများသည် လေးနက်သော ကိုယ်ခန္ဓာ ဒါဏ်ရာရမှု အဆင့်သို့ တိုးမြှင့်သွားခဲ့သည်။ တိုက်ခိုက်မှုများ၏ အတိုင်းအတာ ပမာဏနှင့် ရက်စက်ကြမ်းကြုတ်မှု၊ လက်နက်များ အနီးကပ်အသုံးပြုမှု၊ ဓါးများအား ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုမှု၊ လူများအား အိမ်ထဲတွင် မီးရှို့သတ်သော လက်တွေ့ကျင့်သုံးမှု စသည်တို့က ဆိုလိုနေသည်မှာ "ရှင်းလင်းရေး စစ်ဆင်ရေးများ" မှ ရှင်သန်ကျန်ရစ်သူ များစွာတို့သည် ရုပ်ပျက်မှု သာမက ရေရှည် လေးနက်သော ဒါဏ်ရာအနာကို ဖြစ်စေသည့် ကျည်ဆံ၏ အကျိုးဆက်၊ မီးလောင်ရာ၊ ဓါးဒါဏ်ရာ တို့ကို ခံစားကြရသည်။ နို့အဖြတ်ခံရသူ၊ ခြေလက်များ သို့မဟုတ် ခြေလက် အစိတ်အပိုင်းများ ဆုံးရှုံးသူ အမျိုးသမီးများနှင့် မိန်းကလေးများသည် "ပြင်ပ ကိုယ်အင်္ဂါအစိတ်အပိုင်းများ၏ လေးနက်သော ဒါဏ်ရာ" အား ခံစားရပြီး လေးနက်သော ကိုယ်ခန္ဓာ အန္တရာယ် အဆင့်သို့ မြင့်တက်သွားခဲ့ပါသည်။ "ရှင်းလင်းရေး စစ်ဆင်ရေးများ" အတွင်းနှင့် မတိုင်မီတွင် ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် ဖြစ်ခဲ့သော မုဒိန်း၊ အုပ်စုဖွဲ့မုဒိန်း နှင့် အခြား လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုတို့သည် လေးနက်သော ခန္ဓာကိုယ် အန္တရာယ်အတွက် ထပ်ဆင့်ထိခိုက်မှုများဖြင့် တွဲပါလေ့ ရှိပါသည်။ နစ်နာခံစားရသူများမှာ ပြင်းပြင်းထန်ထန် အကိုက်ခံရခြင်း သို့မဟုတ် မျက်နှာ၊ နို့များ၊ ပေါင်များ၊ လိင်အင်္ဂါများတွင် အမာရွတ် ဖြစ်စေခြင်း၊ သူတို့၏ မျိုးပွားအင်္ဂါများကို ဖြတ်တောက်ခံရခြင်း တို့ကို ထပ်ဆင့်ခံစားရပါသည်။ ကိုက်ရာများနှင့် အခြား လိင်အင်္ဂါဖြတ်တောက်မှုများမှာ အမြဲတမ်း

---

[3044] ICC Elements of the Crimes, art. 6; ICTR, *Prosecutor v. Karemera and Ngirumpatse*, ICTR-98-44-T, Judgment, 2 September 2012, para. 1609.

[3045] ICTR, *Prosecutor v. Ntagerura et al.*, ICTR-99-46-T, Judgment, 25 February 2004, para. 664.

[3046] ICTR, *Prosecutor v. Rukundo*, ICTR-2001-70-T, Judgment, 27 February 2009, paras. 261-262.

[3047] ICTY, *Prosecutor v. Karadzic,* IT-95-5/18-T, Judgment, 24 March 2016, paras. 543-545.

[3048] ICTR, *Prosecutor v. Kajelijeli*, ICTR-98-44-T, Judgment, 1 December 2003, para. 814.

အမာရွတ်များ ကျန်ရစ်စေပြီး ရှင်ကျန်ရစ်သူ၊ ၎င်းတို့၏ မိသားစုများ၊ ၎င်းတို့ကို ရည်ရွယ်ခဲ့သည့် ရာဇဝတ်မှုများ ဖြစ်သည့် အသိုင်းအဝန်းတို့ အတွက် အစဉ်အမြဲ သတိရစရာ တခု ဖြစ်နေပါတော့သည်။ ထိခိုက်ခံခဲ့ရသော အမျိုးသမီးများနှင့် မိန်းကလေးများ၏ ခိုင်မာသော အရေအတွက်ကို ကြည့်ပါက တံဆိပ်ခတ်မှု ပုံစံတခုအတွက် မနီးယိုးစွဲ ဖြစ်စေနိုင်သည့် တမင်သက်သက် လုပ်ဆောင်မှု တခု မဟုတ်ကြောင်း ယုံနိုင်ရန် ခက်ခဲပါသည်။ အမြဲတမ်း စိတ်အနောက်အယှက်ဖြစ်ရသော သတိရစရာများ မရှိဘဲနှင့်လျှင်ပင် မုဒိန်းမှုနှင့် အခြားလိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် အုပ်စုတခုအား ဖျက်ဆီးခြင်းတွင် အဆင့်များ ဖြစ်ပါသည်။ "ဝိညာဉ်ကို ဖျက်ဆီးခြင်း၊ အသက်ရှင်သန်နေထိုင်လိုစိတ်ကို ဖျက်ဆီးခြင်း၊ ဘဝကို ဖျက်ဆီးခြင်း" ဖြစ်ပါသည်။[3049] "ဖြစ်စဉ်ထဲတွင် အုပ်စု၏ အဖွဲ့ဝင်များကို အထူးတလည် နာကျင်ခံစားမှုများကို ဖြစ်စေရုံမျှမဟုတ်ဘဲ" အုပ်စုကို ဖျက်ဆီးရန်အတွက် ရည်ရွယ်ချက် တခုကို သရုပ်ဖော်ပြနေသကဲ့သို့ ၎င်းကို အသိအမှတ်ပြုထားခြင်း ခံရပါသည်။[3050]

၁၃၉၈။ အစုအပြုံလိုက်သတ်မှတ်သော အခြေအနေများ သို့မဟုတ် ကြီးမားသော အတိုင်းအတာဖြင့် ဖြစ်သည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများမှ လွတ်မြောက်လာသူများသည် ကိုယ်ကာယ အမာရွတ်များ အပြင် ၎င်းတို့ခံစားရသော ဝေဒနာသည် "လေးနက်သော စိတ်ပိုင်းဆိုင်ရာ အန္တရာယ်" အဖြစ် မြောက်သည်။ "အဖမ်းခံရမည်ကို ကြောက်ရွံ့မှု နှင့် ခွဲခွာကင်းကွာနေရသည့် အချိန်အခိုက်အတန့်၌ အကြွင်းမဲ့ အကူအညီမဲ့မှုကို ခံစားရသည့် အာရုံ နှင့် ၎င်းတို့၏ မိသားစု၊ သူငယ်ချင်းများနှင့် ၎င်းတို့ကိုယ်တိုင် လုံခြုံမှုအတွက် အလွန်အမင်း ကြောက်လန့်မှု သည် အနာတရဖြစ်သော အတွေ့အကြုံဖြစ်ပြီး ၎င်းမှ လွယ်ကူစွာ ပြန်လည် သက်သာရာရဖွယ် မဖြစ်နိုင်ပါ။"[3051] ထွက်ပြေးမလွတ်မြောက်နိုင်သူများအတွက်လည်း သေမည်ဟု ခြိမ်းခြောက်မှုနှင့် မကြာခင် သေနိုင်သည်ဟူသော အသိက သတ်ဖြတ်ခြင်းနှင့်ဆိုင်သော လူမျိုးတုန်းဖြစ်မှုဆိုင်ရာ တခြားလုပ်ဆောင်မှုတခုကဲ့သို့ လေးနက်သော စိတ်ပိုင်းဆိုင်ရာ အန္တရာယ် အဖြစ်လည်း သက်ရောက်ပါသည်။[3052] မစ်ရှင်မှ တွေ့ခဲ့ရသော များပြားသည့် နစ်နာခံစားရသူများသည် လေးနက်သော စိတ်ပိုင်းဆိုင်ရာ အနာတရဒဏ်များ၏ လက္ခဏာများကို ဖေါ်ပြနေကြပါသည်။ မစ်ရှင်မှ လက်ခံရရှိခဲ့သော ကျွမ်းကျင်ပညာရှင် အမြင်တခုနှင့် ခိုင်မာသော သတင်းအချက်အလက်အရ ဘင်္ဂလားဒေ့ရှ်တောင်ပိုင်းရှိ ဒုက္ခသည်စခန်းများတွင် လက်တလော နေထိုင်နေသည့် မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှု အခြားပုံစံများမှ ရှင်သန်ကျန်နေသူ တော်တော်များများသည် လူမှုရေးအရ ရှောင်ဖယ်ဖယ်ဖြစ်နေကာ အစာစားရန် တွန့်ဆုတ်နေပြီး ၎င်းတို့၏ အပြုမူများသည်လည်း တက်ကြွမှု မရှိ၊ ကြောက်လန့်နေကြသည့် ပုံစံမျိုး ဖြစ်လာကြသည်ဟု ညွှန်ပြကြသည်။[3053]

---

[3049] ICTR, *Prosecutor v. Akayesu,* ICTR-96-4-T, Judgment, 2 September 1998, para. 732.

[3050] ICTR, *Prosecutor v. Akayesu,* ICTR-96-4-T, Judgment, 2 September 1998, para. 733.

[3051] ICTY, *Prosecutor v. Blagojevic and Jokic*, IT-02-60-T, Judgment, 17 January 2005, para. 647.

[3052] ICTY, *Prosecutor v. Tolimir*, IT-05-88/2-A, Judgment, 8 April 2015, para. 206.

[3053] K-122, K-124.

၁၃၉၉ ။ လေးနက်သော စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ကို ထိခိုက်စေခြင်းသည် အကြမ်းဖက်မှု ရပ်ဆိုင်းသွားသော်လည်း ရပ်တန့်သွားသည် မဟုတ်ပါ။ ဥပမာအားဖြင့် ယခင် ယူဂိုးဆလားဗီးယားနိုင်ငံမှ ၁၉၉၅ ဇူလိုင် ဆရီဘရီနီကား သတ်ဖြတ်မှုမှာ ရှင်ကျန်ရစ်သူများသည် သတ်ဖြတ်မှု စစ်ဆင်ရေးအား မျက်မြင်တွေ့ရခြင်းနှင့် ၎င်းတို့လွတ်မြောက်ခဲ့ရသည့် ကြောက်ရွံ့ဖွယ်ရာ အခြေအနေများ နှစ်ခုစလုံးမှ ရသည့် လေးနက်သော စိတ်ပိုင်းဆိုင်ရာ ဒါဏ်ရာရမှုများ ခံစားခဲ့ကြရသည်ကို တွေ့ရှိခဲ့ရပါသည်။[3054] ယခင် ယူဂိုဆလားဗီယားအတွက် ဖွဲ့စည်းထားသော နိုင်ငံတကာ ရာဇဝတ်မှု ခုံရုံးက မိသားစုအဖွဲ့ဝင်များ၏ နာကျင်ရသော ခွဲခွာခြင်းဖြစ်စဉ်၊ ၎င်းတို့နှင့် ပျောက်ဆုံးနေသော ဆွေမျိုးများ၏ ကံကြမ္မာ မရေရာမသေချာမှု၊ အကြောက်တရား၊ ခရီးလမ်း၏ စိတ်ပျက်ဖွယ်ရာ အခြေအနေများ၊ နက်ရှိုင်းသော ထိခိုက်အနာများ ဆက်ဖြစ်ပွားနေမှု၊ လုံးလုံးလျားလျားပြောင်းလဲသွားသော ၎င်းတို့ဘဝများတွင် ကြုံတွေ့နေရသည့် ဘဏ္ဍာရေးနှင့် စိတ်ခံစားမှုပိုင်းဆိုင်ရာ အခက်အခဲများ အပေါ် အသိအမှတ်ပြုခဲ့ပြီး ဆရီဘရီနီကားမှ အတင်းအကြပ် လွှဲပြောင်းခံခဲ့ရသော အမျိုးသမီးများ၊ ကလေးများနှင့် သက်ကြီးရွယ်အိုများသည် လေးနက်သော စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ကို ခံစားနေရကြောင်း နိဂုံးချုပ်ချက်ကို ထောက်ခံခဲ့ပါသည်။[3055] ၎င်းတို့မှာ ရိုဟင်ဂျာ ဒုက္ခသည်များ၏ အတွေ့အကြုံနှင့် အခြေအနေများနှင့် ရှင်းလင်းသော တုနှိုင်းစရာများ ဖြစ်ပါသည်။ "ရှင်းလင်းရေး စစ်ဆင်ရေးများ" ကျ ရှင်ကျန်ရစ်သူများသည် စိတ်ပျက်ဖွယ်ရာ ကောင်းသော အခြေအနေ အောက်တွင် ထင်ရှားသော အန္တရာယ်ရှိသည့် ခရီးလမ်းကို ရင်ဆိုင်ရပြီး တော်တော်များများမှာ မိသားစု၊ သူငယ်ချင်းများ၊ အိမ်များ၊ ရွာများကို ဆုံးရှုံးခြင်းနှင့် ဆုံးရှုံးခြင်းကို မျက်မြင်တွေ့ရခြင်းမှ ရသည့် လောလောလတ်လတ် ဒါဏ်ရာအနာကို ခံစားနေကြရသည်။ မစ်ရှင်အနေဖြင့် လူမျိုးတုန်းသတ်ဖြတ်ခြင်းကို ဖြစ်စေသော လက်အောက်ခံ လုပ်ဆောင်ချက် သကဲ့သို့ ဖြစ်သော လေးနက်သည့် ရုပ်ခန္ဓာပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ အန္တရာယ် ရှိနေသည်ဟု ဆုံးဖြတ်ချက်ချပါသည်။

### (ဂ) တခုလုံး သို့မဟုတ် တစိပ်တပိုင်းတွင် ရုပ်ပိုင်းဆိုင်ရာ ပျက်စီးခြင်းကို ဖြစ်ပေါ်စေမည့် တွက်ချက်မှုဖြင့် အုပ်စု၏ ဘဝ အခြေအနေအပေါ် တမင်သက်သက် ထိခိုက်ခြင်း

၁၄၀၀။ "တစိမ့်စိမ့်သေခြင်းကို ဖြစ်စေသည့် လုပ်ဆောင်မှုများ" ဟုခေါ်ဆိုနိုင်သည့် ထိုလုပ်ဆောင်မှုများ၏ အခြေအနေများကို ဤအုပ်စုတွင် ထည့်ယူ ထားခြင်းဖြစ်သည်။ ဆိုလိုသည်မှာ ကျူးလွန်သူသည် အုပ်စု၏ အဖွဲ့ဝင်များကို ချက်ချင်း သတ်ခြင်းကို မပြုသော်လည်း အဆုံးတွင် ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ပျက်ဆီးမှုကို သယ်ဆောင်လာတော့မည့် နည်းလမ်းများကို အသုံးပြုခြင်း ဖြစ်သည်။ ဤနည်းသည် အခြေအနေများက သေခြင်း သို့မဟုတ် လေးနက်သော ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ အန္တရာယ်ကို တိုက်ရိုက်ရှေ့ရှုသွားစေခြင်း ဟူသော

[3054] ICTY, *Prosecutor v. Tolimir*, IT-05-88/2-A, Judgment, 8 April 2015, fn. 595.

[3055] ICTY, *Prosecutor v. Tolimir*, IT-05-88/2-A, Judgment, 8 April 2015, para. 210.

သက်သေပြချက် မလိုပါ။ ရလဒ်ကို ရရန်အတွက် ၎င်းတို့ကို တွက်ချက်ထားရုံဖြင့် လုံလောက်ပါသည်။[3056]

၁၄၀၁။ အခြားနောက်ခံအခြေအနေများတွင် တာဝန်ရှိမှုများကို ဖြစ်စေသည့် လုပ်ဆောင်မှုများမှာ လုံလောက်သော ကျန်းမာရေး စောင့်ရှောက်မှု ပေးရန် ပျက်ကွက်ခြင်း၊ အုပ်စု၏ အဖွဲ့ဝင်များကို ၎င်းတို့အိမ်များမှ စနစ်တကျ မောင်းထုတ်ခြင်း၊ သင့်လျော်သော အစားအစာ၊ ရေ၊ ခိုနားရာ၊ အဝတ်အစား၊ အညစ်အကြေး သန့်ရှင်းရေးတို့ ကင်းမဲ့ခြင်း သို့မဟုတ် အုပ်စုအဖွဲ့ဝင်များကို အလွန်အကျူး အလုပ်များ သို့မဟုတ် ခွန်အားစိုက်ထုတ်မှုများတွင် အသုံးပြုခြင်း အစရှိသည့် တစိမ့်စိမ့်သေစေမည့် အခြေအနေများကို ယေဘူယျအားဖြင့် ဖန်တီးခြင်း တို့ ဖြစ်ပါသည်။[3057] အုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးမှုကို ဖြစ်လာစေမည့် တွက်ချက်ထားသော လုပ်ဆောင်မှုများ ဖြစ်မဖြစ် ဆိုသည်မှာ အခြေအနေများ၏ အမှန်တကယ် သဘောသဘာဝ၊ ထိုလုပ်ဆောင်မှုများထံသို့ ရောက်ရှိခံရသည့် အုပ်စုအဖွဲ့ဝင်များ၏ အချိန်ကာလ အတိုင်းအတာ နှင့် အဖွဲ့၏ ထိခိုက်လွယ်နိုင်မှု ကဲ့သို့သော ကြွန်အင်လက္ခဏာရပ်များ အပေါ်တွင် မူတည်ပေသည်။[3058]

၁၄၀၂။ ရိုဟင်ဂျာများသည် ရည်ရွယ်ချက်ရှိစွာ ထိခိုက်လွယ်သော အဖွဲ့ တစ်ခု ဖြစ်ပါသည်။ အပေါ်ယံအနေဖြင့် ဖိစီးနှိပ်စက်မှုအဖြစ် ရောက်ရှိစေမည့် ကာလကြာမြင့်စွာ ၎င်းတို့၏ ဘဝ ဘက်ပေါင်းစုံ အပေါ် ဖိနှိပ်သော စနစ်တကျ ကန့်သတ်မှုများကို ခံစားနေခဲ့ကြရပြီး ထိုသည်တို့မှာ ၎င်းတို့၏ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးခြင်းကို ရောက်ရှိလာစေမည့် ကြိုတင်တွက်ချက်ထားခြင်း အဖြစ် ပေါ်ပေါက်လာပါသည်။ ရိုဟင်ဂျာများကို တိုင်းရင်းသားရေး သို့မဟုတ် ဘာသာရေးအခြေခံများအပေါ် ပစ်မှတ်ထား၍ အမုန်းပွားမှုများ ပြည့်နေသော ဟိတ်ဟန်များနေသည့် နောက်ခံအခြေအနေတွင် တဖြည်းဖြည်း ဖယ်ချန်ဘေးထုတ်ထားခြင်း၊ ထုတ်ပယ်ခြင်း နှင့် "အခြား ဖြစ်စေခြင်း" ဖြစ်စဉ်တွင် ထိုရည်ရွယ်ချက်သည် ထင်ရှားပေါ်လွင်လာပါသည်။ လက်ခံထားပြီးသော နိုင်ငံတော်အပေါ် "လက်တွေ့တည်ရှိနေသည့် ခြိမ်းခြောက်မှု" တရပ်အဖြစ် ထိုအုပ်စုကို ထိန်းချုပ်ရန်၊ "ထိန်းချုပ် မနိုင်သော" မွေးဖွားမှုနှုန်းကို ထိန်းချုပ်နိုင်ရန်၊ ရခိုင်ပြည်နယ်၏ လူဦးရေ ဖွဲ့စည်းမှု အနေအထားကို ပြောင်းလဲရန် ဖိနှိပ်သော စည်းမျဉ်းများ၊ ပေါ်လစီများနှင့် အမိန့်များ ပါဝင်သည့် ရှုပ်ထွေးသော စနစ်တခုကို ထူထောက်ခဲ့ပါသည်။ ၎င်းက ရိုဟင်ဂျာ ပြည်သူလူထုကို အလွန်အမင်း ထိခိုက်လွယ်မှု၊ အားလျော့နည်းသည့် လူပုဂ္ဂိုလ်များ၊ မိသားစုများ၊ ရပ်ရွာအသိုင်းအဝန်းများ ဖြစ်အောင် တွန်းပို့လိုက်ပါသည်။

၁၄၀၃။ သွားလာလှုပ်ရှားမှု ကန့်သတ်ခြင်း၊ အစားအစာနှင့် အသက်မွေးဝမ်းကြောင်းမှု အပေါ် လက်လှမ်းမီမှုများကို ကန့်သတ်ခြင်း၊ ဆေးရုံများနှင့် ကျန်းမာရေး ဝန်ဆောင်နေရာများအား

3056 ICTY, *Prosecutor v. Karadzic*, IT-95-5/18-T, Judgment, 24 March 2016, para. 546.

3057 ICTY, *Prosecutor v Brdjanin*, IT-99-36-T, Judgment, 1 December 2004, para. 691; ICTY, *Prosecutor v. Stakic*, IT-97-24-T, Judgment, 31 July 2003, para. 517; ICTR, *Prosecutor v. Musema*, ICTR-96-13-T, Judgment, 27 January 2000, para. 157; ICTR*, Prosecutor v. Kayishema and Ruzindana,* ICTR-95-1-T, Judgment, 21 May 1999, paras. 115–116; ICTR, *Prosecutor v. Akayesu,* ICTR-96-4-T, Judgment, 2 September 1998, para. 506.

3058 ICTY, *Prosecutor v. Karadzic*, IT-95-5/18-T, Judgment, 24 March 2016, para. 548.

လက်လှမ်းမီမှုကို ထင်တိုင်းလုပ်ပြီး နှေးကွေးစေသော လုပ်နည်းများ၊ ပညာရေးအပေါ် ကန့်သတ်မှုများ၊ မတန်တဆ လာဘ်များ၊ အခများ နှင့် စီးပွားရေးဖိအားများ၊ အခြားရပ်ရွာအသိုင်းအဝန်းများနှင့် ခွဲခြားထားမှုများ နှင့် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှုဆိုင်ရာ ကူညီမှုများအား ပုံမှန် ပိတ်ဆို့ထားခြင်း အစရှိသည့် လုပ်ဆောင်မှုများက ၎င်းတို့ဖာသာ ထောက်ပံ့နိုင်မှု နှင့် ရခိုင်ပြည်နယ်တွင် လူ့အသိုင်းအဝန်း တခု အဖြစ် ရှင်သန်နိုင်မည့် ရိုဟင်ဂျာများ၏ စွမ်းရည်ကို တစုတစည်းတည်း ချိုးဖဲ့ယိုယွင်းစေပါသည်။ ၎င်းတို့က ရိုဟင်ဂျာများကို ဆင်းရဲချို့တဲ့ခြင်း၊ လက်တလောနှင့် ရေရှည် ကျန်းမာရေး အန္တရာယ်များ နှင့် ကာကွယ်နိုင်သော သေဆုံးများဆီကို ရောက်ရှိစေပါသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် အစာအဟာရချို့တဲ့မှု၏ ပြင်းထန်သော အဆင့်က အထက်ပါအချက်ကို ခိုင်မာသော အထောက်အထား ဖြစ်စေသည်။

၁၄၀၄။ ရိုဟင်ဂျာများသည် ၎င်းတို့၏အိမ်များ၊ မြေများမှ စံနစ်တကျ ဖယ်ရှားခြင်း ခံခဲ့ရပါသည်။ နိုင်ငံတော်မှ ပြုလုပ်သော ဖိနှိပ်မှု နှင့် နှိပ်စက်မှုများ၊ အုပ်စုအလိုက် အကြမ်းဖက်ခံရမှုများကို အဖန်တလဲလဲ ကြုံတွေ့ရမှုများက ရိုဟင်ဂျာများကို မထင်မှတ်သည့် အတိုင်းအတာအထိ မြန်မာပြည်မှ ထွက်ပြေးမှုများကို ဖြစ်စေခဲ့ပါသည်။ ဤသုံးသပ်မှု ပြုနေသည့် ကာလတလျှောက်လုံး ထောင်ချီသော ရိုဟင်ဂျာများက ဘင်္ဂလားပင်လယ်အော်နှင့် အန်ဒမန်ပင်လယ် အတွင်းသို့ လှေများဖြင့် ထွက်ခွာစီးသွားခြင်းအားဖြင့်သာ ၎င်းတို့ ဘဝများအတွက် အန္တရာယ်ကို ရင်ဆိုင်ရန် နည်းလမ်းဟု တွန်းအားပေး ခံနေရသည်ဟု ခံစားနေကြရပါသည်။ ၂၀၁၂ ခုနှစ်တွင် ဖြစ်ပွားသော အကြမ်းဖက်မှုက ထောင် ဆယ်ချီသော ရွှေ့ပြောင်းနေထိုင်ရမှုကို ဖြစ်စေပါသည်။ ၂၀၁၆ "ရှင်းလင်းရေး စစ်ဆင်ရေးများ" အပြီးနောက်တွင် ခန့်မှန်းခြေအားဖြင့် ၈၇၀၀ ခန့် ဘင်္ဂလားဒေ့ရှ်ဘက်သို့ ကျော်ဖြတ်သွားပါသည်။ ၂၀၁၇ ခုနှစ် "ရှင်းလင်းရေး စစ်ဆင်ရေး" ကို ၇၂၅၀၀၀ ထက် ပိုသောသူများ အုပ်စုလိုက် ထွက်ပြေးသွားပြီး ဘင်္ဂလားဒေ့ရှ် နိုင်ငံ ဒုက္ခသည်စခန်းများတွင် ခိုလှုံလျက်ရှိသည်။ လူဦးရေ ထူထပ်မှု၊ ကိုယ်ပိုင်လွတ်လပ်ခြင်း မရှိမှု၊ အလုပ်အကိုင် သို့မဟုတ် သက်မွေးဝမ်းကြောင်း သို့မဟုတ် ပညာရေးအခွင့်အလန်း မရှိမှု၊ ကျန်းမာရေး စောင့်ရှောက်မှု အတွက် အကန့်အသတ်ဖြစ်သော လက်လှမ်းမီမှု တို့ အပါအဝင် ၎င်းတို့သည် ထိုနေရာ၌ အလွန်ပင် ခက်ခဲသော အခြေအနေ၌ နေနေကြရသည်။ ထပ်ခါတလဲလဲ ဖြစ်သော အတင်းအကြပ် ရွှေ့ပြောင်းနေထိုင်မှု သံသရာမှ ရိုဟင်ဂျာများသည် ထိုအခြေအနေများသို့ တွန်းပို့ခြင်းခံရပြီး ပုံမှန် နှင့် အပြုသဘောဆောင်သော ဘဝကို ဦးဆောင်ရမည့် ၎င်းတို့၏ စွမ်းဆောင်ရည်အပေါ် စိုးရိမ်ဖွယ်ဖြစ်ပြီး ရေရှည် ဆိုးကျိုးကို ဖြစ်စေကာ ၎င်းတို၏ အုပ်စုအဖြစ် ပျက်စီးခြင်းသို့ သက်ရောက်မှု ဖြစ်စေသည်။

၁၄၀၅။ အုပ်စုတစုသည် "၎င်း၏ တသီးပုဂ္ဂလ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည်သာမက ၎င်း၏ သမိုင်းကြောင်း၊ အခြားအုပ်စုများနှင့် ဆက်ဆံမှု နှင့် ပထဝီမြေဖြင့် ၎င်း၏ ဆက်ဆံရေး" ပါ ပါဝင်ဖွဲ့စည်းပါသည်။[3059] "၎င်းဖာသာ၎င်း ပြန်လည် မဖွဲ့စည်းနိုင်သည့် အနေအထားသို့ သက်ရောက်စေသော နည်းလမ်းဖြင့် ပြည်သူလူထုအား အတင်းအကြပ် ရွှေ့ပြောင်းမှု တခု ၏

[3059] ICTY, *Prosecutor v Blagojevic and Jokic*, IT-02-60-T, Judgment, 17 January 2005, para. 666.

ဖြစ်နိုင်ဘွယ် ရလဒ်အဖြစ် အုပ်စုတစ်စု၏ ခန္ဓာပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ ဖျက်ဆီးခြင်းအဖြစ် စဉ်းစားနိုင်မည် ဖြစ်သည်” ဟု ခံယူထားခဲ့ပါသည်။[3060] နေရာများစွာတွင် ရိုဟင်ဂျာရွာများကို ပျက်စီးစေသော ကျယ်ပြန့်သည့် မီးရှို့မှုများ ပြုလုပ်ပြီးနောက် ဘူဒိုဇာများဖြင့် မြေများကို မမှတ်မိနိုင်လောက်သော အခြေအနေသို့ ရောက်အောင် ပြုလုပ်ခြင်းသည် ရိုဟင်ဂျာများ သူတို့အသက်ကို ငဲ့ကွက်၍ အိမ်များ၊ မြေများ ထားရစ်ပြီး ထွက်ပြေးသွားရာမှ ဘယ်တော့မှ ပြန်သွား၍ မရတော့သည့် အခြေအနေများသို့ ရောက်ရှိသွားသည် ဟူသော ပုံပန်းချီကားကို ပြည့်စုံသွားစေပါသည်။ ရခိုင်ပြည် မြောက်ပိုင်း မြို့နယ် ၃ ခု တွင် တည်ရှိခဲ့ဘူးသော ၎င်းတို့၏ ရွာများနှင့် ရပ်ရွာအသိုင်းအဝန်းများသည် ထာဝရ ပယ်ဖျက်ပျောက်ကွယ်သွားပြီ ဖြစ်ပါသည်။

၁၄၀၆။ ပြင်းထန်သော ဖိနှိပ်မှုနှင့် ထပ်ခါတလဲလဲ ရွှေ့ပြောင်းမှုများကို တပ်မတော် တပ်ဖွဲ့များမှ ကျူးလွန်သော နေရာတကာ သက်ရောက်နေသည့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ အတူယှဉ်တွဲ စဉ်းစားသင့်ပါသည်။ မုဒိန်းကျင့်ခြင်းသည် ဘဝ၏ ပျက်စီးမှုကို သယ်ဆောင်လာရန် ပုံစံဖေါ်ထားသည့် ဘဝအခြေအနေတရပ်အဖြစ် အသိအမှတ် ပြုထားပြီး “လူအုပ်စု တခုကို အစာငတ်ထားခြင်း၊ လိုအပ်သော ကုသမှုဆိုင်ရာ ဝန်ဆောင်မှုကို အနိမ့်ဆုံး လိုအပ်ချက်အောက်တွင် ထားခြင်း၊ ဖြစ်သင့်သော ကာလ တခုအတွက် လုံလောက်သော နေထိုင်စရာကို ဆိုင်းငံ့ထားခြင်း” တို့ကဲ့သို့ ထပ်တူပြုခံ ရပါသည်။[3061] ရဝမ်ဒါ အခြေအနေကို လေ့လာခဲ့သူ ပညာရှင် တဦးအလိုအရ “မုဒိန်းကျင့်သူ အများအပြားက မျှော်လင့်ထားခဲ့သလို ၎င်းတို့ တိုက်ခိုက်မှု၏ အကျိုးဆက်အဖြစ် တွတ်စီ အမျိုးသမီး တစ်ဦးချင်းအပေါ် သက်ရောက်ခဲ့သော စိတ်ပိုင်းဆိုင်ရာ နှင့် ရုပ်ပိုင်းဆိုင်ရာ တိုက်ခိုက်မှုသည် တွတ်ဆီလူထုကြီး၏ ပျက်စီးမှု အကြောင်းတရားအဖြစ် တွန်းပို့ခဲ့သည် ဟု သက်သေ ဖေါ်ပြနေပါသည်” ဟု ပြောခဲ့သည်။[3062] ရိုဟင်ဂျာအမျိုးသမီးများအပေါ် မုဒိန်းကျင့်ခြင်း၊ အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် အခြားပုံစံများဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်ခြင်းတို့၏ အတိုင်းအတာ၊ ရက်စက်ကြမ်းကြုတ်မှုနှင့် စနစ်တကျဖြစ်သော သဘောသဘာဝတို့က ထိုလုပ်ဆောင်ချက်များသည် အထူးသဖြင့် ရိုဟင်ဂျာအသိုင်းအဝန်းအတွင်း မုဒိန်းကျင့်ခံရခြင်းနှင့် ပါတ်သက်သည့် အစွဲအလန်းကို ထည့်သွင်းစဉ်းစားပါက လူ့အသိုင်းအဝန်း၏ အလွန်ပင် အခြေခံကျသော တည်ဆောက်ထားမှု အစိတ်အပိုင်းကို ဖျက်ဆီးရန် ရည်ရွယ်၍ ဆောင်ရွက်သည်ဟူသော ယူဆချက်သို့ မလွဲမသွေ ဦးတည်သွားစေပါသည်။

၁၄၀၇။ နေရာအနှံ့တွင် သက်ရောက်သော သဘောသဘာဝဖြင့် ကာလရှည်ကြာ များစွာ ထိခိုက်စေပြီး မူလကပင် လွန်မင်းစွာ ထိခိုက်လွယ် အားနည်းအောင်ပြုထားခံရသော အုပ်စုအပေါ် စုစုံသက်ရောက်နေသော ဤအချက်များသည် ရိုဟင်ဂျာ အုပ်စု၏ ရုပ်ပိုင်းဆိုင်ရာ ပျက်စီးခြင်းကို လူမျိုးတုန်းဆောင်ရွက်ချက်အဖြစ် သယ်ဆောင်လာမည့် တွက်ချက်ထားသော ဘဝ၏

[3060] Ibid.

[3061] ICTR, *Prosecutor v. Kayishema and Ruzindana*, ICTR-95-1-T, Judgment, 21 May 1999, para. 116.

[3062] B. Nowrojee, *ကြေမွသွားသော ဘဝများ: ရဝမ်ဒါ လူမျိုးတုန်းသတ်ဖြတ်မှု ကာလအတွင်း လိင်မှုဆိုင်ရာ အကြမ်းဖက်မှု နှင့် နောက်ပိုင်းကာလ (၁၉၉၆ ခုနှစ် စက်တင်ဘာ ၄ ရက်နေ့) စာမျက်နှာ ၁၆*

အခြေအနေများ ချမှတ်လိုက်ခြင်း ဖြစ်တည်မှုဟု နိဂုံးချုပ်စရာ ယုံကြည်ရလောက်သည့် အခြေအနေကို ပေးပါသည်။

**(ဃ) အုပ်စုအတွင်း မွေးဖွားမှုကို တားဆီးရန် ရည်ရွယ်ချက်ဖြင့် အရေးယူဆောင်ရွက်မှုများ ချမှတ်ခြင်း**

၁၄၀၈။ ဤအမျိုးအစားသည် အုပ်စုအဖွဲ့ဝင်များ၏ မျိုးပွားမှု စွမ်းရည်ကို တားဆီးရန် ဦးတည်သည့် အရေးယူဆောင်ရွက်မှုများကို လွှမ်းခြုံသည်။ အရေးယူဆောင်ရွက်မှုများသည် ရုပ်ပိုင်းဆိုင်ရာ (ရုပ်ပိုင်းဆိုင်ရာ နည်းလမ်းဖြင့် အုပ်စု၏ မျိုးဆက်ပွား အရည်အသွေးကို ဖျက်ဆီးအောင် အရေးယူလုပ်ဆောင်မှုများ) သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ (ကလေးရရှိခြင်းအတွက် အလွန်ကြီးမားသော စိတ်ပိုင်းဆိုင်ရာ အခက်အခဲများကို ချမှတ်သည့် အရေးယူဆောင်ရွက်မှုများ) တို့ ဖြစ်နိုင်သည်။

၁၄၀၉။ ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ချမှတ်သည့် အရေးယူဆောင်ရွက်မှုများသည် အုပ်စုအား "သက်ရှင်နေထိုင်ပြီး ပုံမှန် မျိုးဆက်ပြန့်ပွားမှု" စွမ်းရည်ကို တစ်ဦးချင်းရော အုပ်စုလိုက်ပါ ပစ်မှတ်ထားပုံရသည်ဟု ထည့်သွင်းစဉ်းစားသည်။[3063] တပ်မတော်အပါအဝင် မြန်မာအာဏာပိုင်များက နိုင်ငံအတွက် ခြိမ်းခြောက်မှုအန္တရာယ်ကို ပြဌာန်းသော "မထိန်းချုပ်နိုင်သည့်" ရိုဟင်ဂျာ မွေးဖွားနှုန်း အကြောင်းအား တက်ကြွစွာ ဝါဒဖြန့်ချိခဲ့သည်။ ယင်းသည် ၂၀၁၆ ခုနှစ်တွင် ထုတ်ပြန်သော ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်ထောင်စု သန်းကောင်စာရင်းမှ ရလာဒ်များနှင့် ကွဲပြားနေသည်။ ရလာဒ်များက မကြာသေးမီ ဆယ်စုနှစ်များအတွင်းက နိုင်ငံအတွင်း မွတ်စလင်လူဦးရေသည် အဓိပ္ပါယ်ရှိစွာ တိုးတက်လာမှု မရှိကြောင်း ပြသနေသည်။[3064] မည်သို့ပင်ဖြစ်စေ ရိုဟင်ဂျာများက "ဌာနေတိုင်းရင်းသား" အုပ်စုများထက် လူဦးရေ အလွန်များပြားသွားမည့်အပေါ် စိုးရိမ်မှုများသည် ၂၀၁၅ ခုနှစ် နိုင်ငံအဆင့် "အမျိုးဘာသာ ကာကွယ်ရေး" ဥပဒေ အစုကို ထွက်ပေါ်စေပြီး ယင်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ခွဲခြားဆက်ဆံသည်။ ဤဥပဒေများအပေါ် အကောင်အထည်ဖော်မှု အဆင့်မည်မျှရှိသည်မှာ မရှင်းလင်းသော်လည်း နှစ်ပေါင်းများစွာပင် ရခိုင်မြောက်ပိုင်းတွင် ထုတ်ပြန်သော ဒေသတွင်း အမိန့်များသည် ရိုဟင်ဂျာများအပေါ် လက်ထပ်ခြင်းဆိုင်ရာ တားမြစ်မှုများသာမက ခွင့်ပြုသောကလေးအရေအတွက်နှင့် ကလေးခြားခြင်း အပေါ် ကန့်သတ်ချက်များကို ချမှတ်ထားခဲ့သည်။ အထက်တွင် အသေးစိတ်ဖော်ပြထားသကဲ့သို့ ယင်းတို့သည် လက်ထပ်ခွင့်ရယူရာတွင် ရှုပ်ထွေးပြီး နှောက်ယှက်မှုများပါသည့် လုပ်ထုံးလုပ်နည်းများဖြင့် ကာလကြာရှည် ဆိုင်းငံ့မှုများ ဖြစ်စေပြီး မကြာခဏပင် စုံတွဲများကို ဘာသာရေးအရသာ လက်ထပ်မှုများ ဖြစ်စေပြီး အပြစ်ဒဏ်ပေးခံရနိုင်မှု အန္တရာယ်များ ကျရောက်စေသည်။ ယင်းသည် ဘေးကင်းလုံခြုံမှုမရှိသော ကိုယ်ဝန်ဖျက်ချမှုများကိုလည်း ဖြစ်စေသည်။

[3063] ICTY, *Prosecutor v. Popovic et al.*, IT-05-88-T, စီရင်ချက်၊ ၂၀၁၀ ဇွန် ၁၀၊ စာပိုဒ် ၈၅၅။

[3064] ၂၀၁၄ ခု မြန်မာနိုင်ငံ လူဦးရေနှင့် အိမ်ထောင်စု သန်းကောင်စာရင်း တွင်ကြည့်၊ (အောက်ပါလင့်ခ်တွင် ရနိုင်သည်။ http://myanmar.unfpa.org/sites/default/files/pub-pdf/UNION_2-C_religion_EN_0.pdf)

၁၄၁၀။ ရိုဟင်ဂျာများ ကလေးမွေးဖွားနှုန်းအပေါ် စိုးရိမ်မှု နှင့် ရခိုင်ပြည်နယ်တွင် လူဦးရေ ပြန့်နှံ့မှု အနေအထား ပြောင်းလဲခြင်း၏ အရေးကြီးမှု အခြေအနေအတွင်းတွင် အထူးသဖြင့် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" အခြေအနေအတွင်း မုဒိန်းပြုကျင့်မှုနှုန်း မြင့်မားခြင်းနှင့် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အခြားသော လိင်အကြမ်းဖက်မှု၏ ရက်စက်သော ပုံစံများသည် သူတို့၏ မျိုးဆက်ပွားမှု စွမ်းရည်ကို ထိခိုက်စေအောင် ရည်ရွယ်ထားခဲ့ခြင်း ဖြစ်နိုင်သည်။ ကျူးလွန်ခံရသူအများစုမှာ ကလေးရနိုင်သည့်အရွယ် သို့မဟုတ် ထို့ထက် ငယ်ရွယ်သော အရွယ်ဖြစ်ပြီး မုဒိန်းကျင့်မှုများတွင် လိင်အင်္ဂါ ဖြတ်တောက်ခြင်းများ မကြာခဏ တွဲလျက်ရှိခဲ့သည်။ မစ်ရှင်က တွေ့ဆုံမေးမြန်းခဲ့သော မုဒိန်းကျင့်မှု ကျူးလွန်ခံရသူများ၏ ရှစ်ဆယ်ရာနှုန်းမှာ အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်း ခံရသူများဖြစ်သည်။ ထိုအမှုဖြစ်ရပ်များတွင် မျိုးဆက်ပွားမှု စွမ်းရည်ကို ရုပ်ပိုင်းဆိုင်ရာအရ ထင်ရှားစွာ ဖျက်ဆီးခြင်းအပြင် ရိုဟင်ဂျာလူမှု အသိုင်းအဝိုင်းမှ လိင်အကြမ်းဖက်မှု တွေ့ကြုံခဲ့ရသူများသည် ကလေးရရှိနိုင်ချေ နည်းသွားသည်။ မုဒိန်းပြုကျင့်ခြင်း၊ အုပ်စုဖွဲ့ မုဒိန်းပြုကျင့်ခြင်း နှင့် လိင်အကြမ်းဖက်မှု တွေ့ကြုံခဲ့ရသည့် ရိုဟင်ဂျာ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များအတွက် အိမ်ထောင်ကျနိုင်သည့် ဖြစ်နိုင်ခြေကို သိသိသာသာ လျော့ကျသွားစေသည်။ အချို့သော ဖြစ်ရပ်များတွင် ရိုဟင်ဂျာ ခင်ပွန်းများက လင်အကြမ်းဖက်မှု ခံထားရသော အိမ်ထောင်ဖက်များကို ငြင်းပယ်ခဲ့ကြသည်။ ယင်းသည် အဓိကအားဖြင့် လိင်အကြမ်းဖက်မှု၊ သားကောင်ဖြစ်ခြင်း နှင့် အသိုင်းအဝိုင်းအတွင်း လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အခန်းကဏ္ဍများအပေါ် လက်ခံမှု၊ လိင်အကြမ်းဖက်မှု အပေါ် ရှုမြင်သော ယဉ်ကျေးမှုဆိုင်ရာ အစွဲအလမ်းအမှားများကြောင့် ဖြစ်သည်။ မုဒိန်းကျင့်ခြင်းသည် "မုဒိန်းပြုကျင့်ခံရသူက နောက်ဆက်တွဲ အနေဖြင့် ကလေးရယူရန် ငြင်းဆန်သောအခါ အုပ်စုဝင်များကို ခြိမ်းခြောက်မှု သို့မဟုတ် အနာတရ ဖြစ်စေမှုတို့မှ တဆင့် မျိုးဆက်ပွားခြင်းမပြုစေရန် ဖြစ်စေသည့် နည်းတူ ကလေးမွေးခြင်းများကို တားဆီးရန် ရည်ရွယ်သော အရေးယူဆောင်ရွက်မှု တစ်ခု ဖြစ်နိုင်သည်။"[3065] လိင်အကြမ်းဖက်မှုများကို ကျူးလွန်သော လုံခြုံရေး တပ်ဖွဲ့ဝင်များနှင့် အမိန့်ပေးသော သို့မဟုတ် မသိချင်ယောင်ဆောင်သော သူတို့၏တပ်မှူးများက ဤ ဖြစ်ပွားမှုပုံစံကို သတိပြုမိကြလိမ့်မည်။

### ကက.၃။ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်

၁၄၁၁။ လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှုကို အဓိပ္ပါယ် ဖွင့်ဆိုထားရာတွင် ယင်း၏ သတ်မှတ်ထားသော ရည်ရွယ်ချက်ရှိရန် လိုအပ်သည်။ ကျူးလွန်သူသည် ဖြစ်ပျက်ခဲ့သော အပြုအမူကို ကျူးလွန်ရန် ရည်ရွယ်ချက် ရှိကြောင်း ပြသရမည့်အပြင် ထိုအပြုအမူကို အကာအကွယ်ပေးရမည်ဖြစ်သော အုပ်စုတစ်ခုကို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ကို ယင်းအတိုင်း ဖျက်ဆီးရန် ရည်ရွယ်ချက် ရှိကြောင်း သတ်သတ်မှတ်မှတ် ရည်ရွယ်ချက် (*dolus specialis*) ကိုလည်း ပြသရမည်။

#### (က) ဥပဒေဆိုင်ရာ လိုအပ်ချက်များ

[3065] ICTR, *Prosecutor v. Akayesu,* ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၅၀၈။

၁၄၁၂။ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ဖြစ်စေရန် ချိုးဖောက်ကျူးလွန်သူသည် အကာအကွယ်ပေးရမည့် အုပ်စု တစ်ခုလုံး သို့မဟုတ် အစိတ်အပိုင်းကို ယင်းအတိုင်း "ဖျက်ဆီး" ရန် ရည်ရွယ်ချက်ရှိရန် လိုအပ်သည်။ ဖျက်ဆီးခြင်းဆိုသည်ကို ထိုအုပ်စုအား ဖျက်သိမ်းခြင်း သို့မဟုတ် မောင်းထုတ်ခြင်းထက် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ ဖျက်ဆီးမှုကို ဆိုလိုသည်ဟု နားလည်ထားသည်။ အခြားသော ဖျက်ဆီးမှုပုံစံများ ဥပမာ လူမှု ရောနှောခြင်း သို့မဟုတ် ယဉ်ကျေးမှု သွင်ပြင်လက္ခဏာများအား တိုက်ခိုက်ခြင်းများသည် အုပ်စုကို ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် ဇီဝဆိုင်ရာ ဖျက်ဆီးခြင်းနှင့် ဆက်နွယ်မှုမရှိပါက လူမျိုးတုန်းသတ်ဖြတ်မှုဟု မသတ်မှတ်ပါ။[3066]

၁၄၁၃။ "တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း" ဟူသော ဝေါဟာရသည် ချိုးဖောက်ကျူးလွန်သူသည် အုပ်စု တစ်ခုလုံးကို ဖျက်ဆီးရန် ရည်ရွယ်ချက်ရှိရန် မလိုအပ်ပေ။ အုပ်စုကို တစ်စိတ်တစ်ပိုင်း ဖျက်ဆီးခြင်း (ဥပမာ- တစ်စုံတစ်ခုသော ပထဝီ တည်နေရာတွင် ဖျက်ဆီးခြင်း) ဆိုရာတွင် ပစ်မှတ်ထားသော အုပ်စု၏ အခိုင်အမာ အစိတ်အပိုင်းသည် တစ်စိတ်တစ်ပိုင်းဖြစ်ရာတွင် အုပ်စုတစ်ခုလုံးကို သက်ရောက်မှုရှိလောက်အောင် သိသာထင်ရှားစွာ ကြီးမားမှု ရှိရန်လိုအပ်သည်။[3067] အုပ်စု၏ ပစ်မှတ်ထားခံရသော အစိတ်အပိုင်းသည် ဤသတ်မှတ်ချက်ကို ပြည့်မီခြင်း ရှိမရှိ တိုင်းတာနိုင်သော အကြောင်းရင်းများတွင် ယင်း၏ ကိန်းဂဏန်း အရွယ်အစား (အမှန်တကယ်နှင့် နှိုင်းယှဉ်မှု နှစ်ခုစလုံး) နှင့် ထိုအထဲတွင် ပါဝင်သော ပစ်မှတ်ထားခံရသည့် လူပုဂ္ဂိုလ်များ၏ ထင်ရှားမှုတို့ ပါဝင်သည်။[3068]

၁၄၁၄။ "ယင်းအတိုင်း" ဟူသောစကားလုံးသည် လူပုဂ္ဂိုလ် တစ်ဦးချင်းထက် ကာကွယ်ခံအုပ်စုကို "သီးခြား၊ ထင်ရှား ဖြစ်သော အရာအနေဖြင့်" ဖျက်ဆီးရန် ဆန္ဒကို အလေးပြု ဖော်ပြထားသည်။ ကျူးလွန်ခံရသူများကို လူပုဂ္ဂိုလ်တစ်ဦးချင်း အနေဖြင့် ဆန့်ကျင်ခြင်းမဟုတ်ပဲ ဖျက်ဆီးရန် ရည်ရွယ်ထားသော အုပ်စု၏ အဖွဲ့ဝင်ဖြစ်ခြင်းအပေါ်တွင် ရွေးချယ်သည်။[3069]

**(ခ) လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်အား တည်ဆောက်ခြင်း**

၁၄၁၅။ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်၏ တိုက်ရိုက် အထောက်အထားမှာ တည်ရှိရန် ခဲယဉ်းသည်။[3070] ထိုသို့မရှိသည့်အခါ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အထောက်အထား မှတဆင့် ဆက်စပ်ကောက်ချက်ဆွဲယူရသည်။

---

[3066] ICTY, *Prosecutor v. Krstic*, IT-98-33-T, စီရင်ချက်၊ ၂၀၀၁ ဩဂုတ် ၂ ရက်၊ စာပိုဒ် ၅၈၀။ ICJ၊ မျိုးတုန်းသတ်ဖြတ်မှု တားဆီးခြင်းနှင့် အပြစ်ပေးအရေးယူခြင်းဆိုင်ရာ သဘောတူစာချုပ် အသုံးပြုမှုနှင့် သက်ဆိုင်သည့် အမှု၊ ဘော့စနီးယား ဟာဇီဂိုဗီးနား နှင့် ယူဂိုဆလားဗီးယား။ (Serbia and Montenegro), စီရင်ချက်၊ ၂၀၀၇ ဖေဖော်ဝါရီ ၂၇ ရက်၊ စာပိုဒ် ၃၄၄။

[3067] ICJ, ဘော့စနီးယား ဟာဇီဂိုဗီးနား နှင့် ယူဂိုဆလားဗီးယား။ (Serbia and Montenegro), စီရင်ချက်၊ ၂၀၀၇ ဖေဖော်ဝါရီ ၂၇ ရက်၊ စာပိုဒ် ၁၉၈။

[3068] ICTY, *Prosecutor v. Krstic*, IT-98-33-A, ၂၀၀၄ ဧပြီ ၁၉ ရက်၊ စာပိုဒ် ၁၂-၁၄။

[3069] Ibid.

[3070] ICTR, *Prosecutor v. Kayishema and Ruzindana*, ICTR-95-1-A, စီရင်ချက်၊ ၂၀၀၁ ဇွန် ၁ ရက်၊ စာပိုဒ် ၁၅၉။ "ထင်ရှားသော အကြောင်းရင်းများအတွက် ရာဇဝတ် ရည်ရွယ်ချက်၏ ရှင်းလင်းသော သွင်ပြင်လက္ခဏာများမှာ မကြာခဏပင် ရာဇဝတ် ကြားနာမှုများ၏ တစ်စုံလုံးဆိုင်ရာ အခြေအနေတွင် ရှားပါးသည်။"

ဆိုလိုသည်မှာ "အထောက်အထားအားလုံးကို အတူတကွရယူခြင်း" ဖြစ်သည်။[3071] "သံသယဖြစ်စရာမလို" သည့် ရာဇဝတ် စံချိန်စံညွှန်းတည်ဆောက်နိုင်ရန် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်အတွက် ဆက်စပ်ကောက်ချက်ဆွဲယူသော မည်သည့် ပတ်ဝန်းကျင်အခြေအနေမဆိုသည် မေးခွန်းထုတ်စရာဖြစ်နေသော အပြုအမူများမှ ကျိုးကြောင်းစီလျော်စွာ လိုက်ပါလျက် ကောက်ချက်ဆွဲယူခြင်းသာ ဖြစ်ရမည်။[3072] လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်နှင့် သက်ဆိုင်သော အကြောင်းအရာများတွင် အောက်ပါတို့ ပါဝင်သည်။[3073]

• *စွပ်စွဲခံရသူတစ်ဦးမှ ထွက်ပေါ်လာသော သို့မဟုတ် စွပ်စွဲသူ တစ်ဦးနှင့် သက်ဆိုင်သော အထောက်အထား။* ။ စွပ်စွဲခံရသူထံမှ သီးသန့် စကားလုံးများ၊ ပြောဆိုချက်များ နှင့် စွပ်စွဲခံရသူက ပစ်မှတ်ထားခံရသော အုပ်စုအပေါ် တိုက်ခိုက်မှုများကို အမိန့်ပေးထားသည်ကို ပြသနေသော အထောက်အထားများ အပါအဝင် ဖြစ်နိုင်ချေရှိသော ရည်ရွယ်ချက် ဖွဲ့တည်မှု ကို ပြသနေသော အမျိုးမျိုးသော ဆက်သွယ်မှု ပုံစံများအပါအဝင်။[3074]

• *အခြားသူများနှင့် ဆိုင်သော အထောက်အထား။* ။ စွပ်စွဲခံရသူ၏ အမိန့်နှင့် သို့မဟုတ် အမိန့်တွင် လုပ်ဆောင်သော အခြားသူများ၏ စကားလုံးများ နှင့် ရည်ရွယ်ချက်ပါဝင်သော အပြုအမူများ။[3075]

• *အစီအစဉ်များ၊ မူဝါဒများနှင့် ပြင်ဆင်မှုများ ပုံစံဖြင့် အခြေအနေတစ်စုံလုံးခြုံငုံသည့် အထောက်အထား။* ။ လူမျိုးတုန်းသတ်ဖြတ်မှု အစီအစဉ် သို့မဟုတ် မူဝါဒ တည်ရှိခြင်းသည် ဥပဒေကြောင်းအရ လိုအပ်ချက်မဟုတ်သောလည်း ရည်ရွယ်ချက်ကို တည်ဆောက်ရာတွင် ယင်းသို့ အစီအစဉ်ရှိကြောင်း အထောက်အထားသည် သက်ဆိုင်သည်ဟု ထည့်သွင်းစဉ်းစားသည်။[3076] ထိုသို့သော အစီအစဉ် သို့မဟုတ် မူဝါဒ တည်ရှိမှုသည် အမျိုးမျိုးသော အညွှန်းလက္ခဏာများမှ မှီငြမ်းနိုင်သည်။ တိုက်ခိုက်မှုများတွင် အစိုးရ၏ ပါဝင်မှု၊[3077]

---

[3071] ICTY, *Prosecutor v. Karadzic*, IT-95-5/18-T, စီရင်ချက်၊ ၂၀၁၆ မတ် ၂၄ ရက်၊ စာပိုဒ် ၅၅၀၊ ၂၅၉၂။ ICTY, *Prosecutor v. Popovic et al.*, IT-05-88-A, စီရင်ချက်၊ ၂၀၁၅ ဇန္နဝါရီ ၃၀ ရက်၊ စာပိုဒ် ၄၆၈။ *Prosecutor v. Hategekimana*, ICTR-00-55A-A, စီရင်ချက်၊ ၂၀၁၂ မေ ၈ ရက်၊ စာပိုဒ် ၁၃၃။

[3072] ICJ, ဘော့စနီးယား ဟာဇီဂိုဗီးနား နှင့် ယူဂိုဆလားဗီးယား။ (Serbia and Montenegro), စီရင်ချက်၊ ၂၀၀၇ ဖေဖော်ဝါရီ ၂၇ ရက်၊ စာပိုဒ် ၃၇၃။ ICTY, *Prosecutor v. Karadzic*, IT-95-5/18-T, စီရင်ချက်၊ ၂၀၁၆ မတ် ၂၄ ရက်၊ စာပိုဒ် ၂၅၉၂။ ICTY, *Prosecutor v Brdjanin*, IT-99-36-T, စီရင်ချက်၊ ၂၀၀၄ ဒီဇင်ဘာ ၁ ရက်၊ စာပိုဒ် ၉ ၇၀ တွင်လည်း ကြည့်။

[3073] ICC, *Prosecutor v. Omar Hassan Ahmad Al Bashir,* ICC-02/05-01/09-3, တရားသူကြီး Anita Usacka ၏ သီးခြားနှင့် ဆန့်ကျင်ခြားနားသော အမြင်၊ ၂၀၀၉ မတ် ၄ ရက်၊ စာပိုဒ် ၁၇-၂၉။

[3074] ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-A, စီရင်ချက်၊ ၂၀၀၁ ဇွန် ၁ ရက်၊ စာပိုဒ် ၁၄၈။ ICTY, *Prosecutor v. Jelisic*, IT-95-10-T, စီရင်ချက်၊ ၁၉၉၉ ဒီဇင်ဘာ ၁၄ ရက်၊ စာပိုဒ် ၇၅။ ICTR, *Prosecutor v. Bagilishema*, No. ICTR-95-1A-T, စီရင်ချက်၊ ၂၀၀၁ ဇွန် ၇ ရက်၊ စာပိုဒ် ၆၃။ ICTR, *Prosecutor v Akayesu*, No. ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၇၂၈။ ICTR, *Prosecutor v. Rutaganda*, No. ICTR-96-3-T, စီရင်ချက်၊ ၁၉၉၉ ဒီဇင်ဘာ ၆ ရက်၊ စာပိုဒ် ၃၉၉။ ICTR, *Prosecutor v Gacumbitsi*, ICTR-2001-64-T, စီရင်ချက်၊ ၂၀၀၄ ဇွန် ၁၇ ရက်၊ စာပိုဒ် ၂၅၉။

[3075] ICTR, *Prosecutor v Niyitegeka*, ICTR-96-14-T, စီရင်ချက်၊ ၂၀၀၃ မေ ၁၆ ရက်၊ စာပိုဒ် ၄၁၃၊ ၄၁၉။

[3076] ICTY, *Prosecutor v Jelisic*, IT-95-10-A, စီရင်ချက်၊ ၂၀၀၁ ဇူလိုင် ၅ ရက်၊ စာပိုဒ် ၄၈။ ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၉၄။

[3077] ICTY, *Prosecutor v Krstic*, IT-98-33-A, စီရင်ချက်၊ ၂၀၀၄ ဧပြီ ၁၉ ရက်၊ စာပိုဒ် ၃၅။ ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၃၀၉-၃၁၂။

တိုက်ခိုက်မှုကို လုပ်ဆောင်ရာတွင် အစိုးရ အရာရှိများ သို့မဟုတ် စစ်သားများ၏ ပါဝင်မှု၊[3078] အကာအကွယ်ပေးထားသော အုပ်စုကို ပစ်မှတ်ထားသည့် သတ်ဖြတ်မှု စာရင်းများ တည်ရှိမှု၊ အစွန်းရောက် အယူဝါဒများ ဖြန့်ချီခြင်း၊ အကာအကွယ်ပေးထားသော အုပ်စုတွင် ပါဝင်သည့် သူတို့၏ အဖွဲ့ဝင်ဖြစ်မှုအပေါ် အခြေခံသည့် သားကောင်များ စီစစ်ခြင်းနှင့် ရွေးချယ်ခြင်း။[3079]

- *စစ်ဆင်ရေး လုပ်ဆောင်သည့် နည်းလမ်းပုံစံတွင် အခြေအနေတစ်စုံလုံးခြုံငုံသည့် အထောက်အထား။* ။ အကာအကွယ်ပေးထားသော အုပ်စုတစ်ခုကို စနစ်တကျ ဦးတည်ဆန့်ကျင်လျက် အစဉ်တစ်စိုက် သွင်ပြင်လက္ခဏာရှိသော အပြုအမူများ ရှိသောအခါ။[3080]
- *ကျယ်ပြန့်မှုနှင့် အတိုင်းအတာ ပမာဏ အထောက်အထား။* ။ တိုက်ခိုက်မှုများ၏ ကျယ်ပြန့်မှုနှင့် အတိုင်းအတာသာမက တိုက်ခိုက်မှုများသည် နေရာအနှံ့ဖြစ်ပေါ်နေခြင်းရှိမရှိ၊ ရည်ရွယ်ချက် ဖွဲ့စည်းမှုအပေါ် ညွှန်ပြသော သက်ဆိုင်မှု ရှိမရှိတို့ပါဝင်သည်။[3081] အချို့သော ဖြစ်ရပ်များတွင် ထောင်ပေါင်းများစွာနှင့်ချီသော အုပ်စုအဖွဲ့ဝင်များကို ပစ်မှတ်ထားတိုက်ခိုက်သည့် သီးသန့် ရက်စက်သော တိုက်ခိုက်မှုသည် ရည်ရွယ်ချက်ရှိမှုကို ညွှန်ပြနိုင်သည်။[3082]
- *အခြားအကြောင်းအရာများ။* ။ ဥပမာ ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှုများ ကျယ်ပြန့်မှု ရှိမရှိ၊ ပစ်မှတ်ထားခံရသော အုပ်စု၏ ပစ္စည်းဥစ္စာ ပိုင်ဆိုင်မှုများကို ပစ်မှတ်ထားခြင်းရှိမရှိ၊ ပစ်မှတ်ထားခံရသော အုပ်စုအဖွဲ့ဝင်များအပေါ် စွပ်စွဲခံရသူ သို့မဟုတ် အခြားသူများက နှိမ့်ချပြောဆိုသော စကားများ သုံးစွဲမှု ရှိမရှိ။[3083]

၁၄၁၆။ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို စုံစမ်းစစ်ဆေးမှုတစ်ခုသည် လူမျိုးတုန်းသတ်ဖြတ်မှု အပြုအမူ တစ်ခုစီမှတဆင့် အကာအကွယ်ပေးထားသော အုပ်စုကို သီးခြားဖျက်ဆီးလိုသော ရည်ရွယ်ချက် ရှိမရှိ အဖြစ် ထည့်သွင်းစဉ်းစားပြီး သီးခြားအကန့်ဖြင့်

---

3078 ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၅၃၆။ ICTR, *Prosecutor v Niyitegeka*, ICTR-96-14-T, စီရင်ချက်၊ ၂၀၀၃ မေ ၁၆ ရက်၊ စာပိုဒ် ၄၁၄။ ICTR, *Prosecutor v Kamuhanda*, ICTR-95-54A-T, စီရင်ချက်၊ ၂၀၀၅ ဇန္နဝါရီ ၂၂ ရက်၊ စာပိုဒ် ၆၄၄။

3079 ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-A, စီရင်ချက်၊ ၂၀၀၁ ဇွန် ၁ ရက်၊ စာပိုဒ် ၁၃၉။

3080 ICTY, *Prosecutor v Jelisic*, IT-95-10-A, စီရင်ချက်၊ ၂၀၀၁ ဇူလိုင် ၅ ရက်၊ စာပိုဒ် ၄၇။ ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၅၂၃။ ICTR, *Prosecutor v Kayishema*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၉၃၊ ၂၈၉၊ ၅၃၄-၅၃၅၊ ၅၃၇။ ICTR, *Prosecutor v Muhimana*, ICTR-95-1B-T, စီရင်ချက်၊ ၂၀၀၅ ဧပြီ ၁၉ ရက်၊ စာပိုဒ် ၄၉၆။

3081 ICTY, *Prosecutor v Krstic*, IT-98-33-A, စီရင်ချက်၊ ၂၀၀၄ ဧပြီ ၁၉၊ စာပိုဒ် ၃၅။ ICTR, *Prosecutor v. Gacumbitsi*, ICTR-2001-64-T, စီရင်ချက်၊ ၂၀၀၄ ဇွန် ၁၇ ရက်၊ စာပိုဒ် ၂၅၈။ ICTR, *Prosecutor v Kamuhanda*, ICTR-95-54A-T, စီရင်ချက်၊ ၂၀၀၅ ဇန္နဝါရီ ၂၂ ရက်၊ စာပိုဒ် ၆၂၉။ ICTR, *Prosecutor v Akayesu*. ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၇၃၀။ ICTR, *Prosecutor v Muhimana*, ICTR-95-1B-T, စီရင်ချက်၊ ၂၀၀၅ ဧပြီ ၂၈ ရက်၊ စာပိုဒ် ၄၉၆၊ ၄၉၈၊ ၅၁၆။ ICTR, *Prosecutor v. Ntakirutimana*, ICTR-96-10 and ICTR-96-17-T, စီရင်ချက်၊ စီရင်ချက်၊ ၂၀၀၃ ဖေဖော်ဝါရီ ၂၁ ရက်၊ စာပိုဒ် ၇၈၅။

3082 ICTR, *Prosecutor v Ndindabahizi*, ICTR-2001-71-T, စီရင်ချက်၊ ၂၀၀၄ ဇူလိုင် ၁၅၊ စာပိုဒ် ၄၆၁။

3083 ICTR, *Prosecutor v. Muhimana*, ICTR-95-1B-T, စီရင်ချက်၊ ၂၀၀၅ ဧပြီ ၂၈ ရက်၊ စာပိုဒ် ၄၉၆။ ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၇၂၈။

လုပ်ဆောင်၍မရနိုင်ပေ။[3084] လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက် တည်ရှိမှုကို အတူတကွ ရယူထားသော အထောက်အထား အားလုံးကို အခြေခံရမည်။[3085]

### (ဂ) ရိုဟင်ဂျာ ကိစ္စအပေါ် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို စဉ်းစားခြင်း

*လက်ရှိ ခွဲခြမ်းစိတ်ဖြာသုံးသပ်မှု၏ မြင်ကွင်း*

၁၄၁၇။ လူမျိုးတုန်းသတ်ဖြတ်မှု ဥပဒေ အကြောင်းအရာများကို စိတ်ထဲထားလျက် "လူမျိုးတုန်းသတ်ဖြစ်မှု" ဖြစ်ပွားခဲ့ခြင်း ရှာဖွေချက်တရပ်ကို စိတ်ကူးယဉ်သက်သက်ဖြင့် မလုပ်နိုင်ပါ။ ရာဇဝတ် အစိတ်အပိုင်းတစ်ခုအဖြစ် "လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်" ပါဝင်မှုဆိုသည်မှာ သက်ဆိုင်ရာ အချိန်ကာလ တစ်ခုတွင် အကာအကွယ်ပေးထားသော အုပ်စုတစ်ခုကို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ဖျက်ဆီးရန် ရည်ရွယ်ချက်ကို သတ်သတ်မှတ်မှတ် ချိုးဖောက်ကျူးလွန်သူ (သို့မဟုတ် အုပ်စု သို့မဟုတ် ချိုးဖောက်ကျူးလွန်သူများ) တွင် ရှိထားခြင်း ဟုတ်မဟုတ်အပေါ် အကဲဖြတ်မှု တစ်ခု မရှိမဖြစ် ပါဝင်သည့် မျိုးတုန်းသတ်ဖြတ်မှု ဟုတ်မဟုတ်ကို အကဲဖြတ်ခြင်းကို ဆိုလိုသည်။ သို့ဖြစ်ရာ ဆုံးဖြတ်ချက်ပေးနိုင်သော အကြောင်းအရာမှာ စွပ်စွဲခံရသော သူများက သူတို့ကိုယ်တိုင်လုပ်ဆောင်သော အပြုအမူများနှင့် လုပ်ဆောင်မှုများ သို့မဟုတ် သူတို့၏ အမိန့်ပေး စေခိုင်းမှုအပေါ် အခြားသူများက လုပ်ဆောင်သော အပြုအမူများနှင့် လုပ်ဆောင်မှုများ ဖြစ်သည်။ စွပ်စွဲခံရသူ၏ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို "အထက်ပါအရာများအားလုံးနှင့် သူ၏ စကားလုံးများနှင့် ရည်ရွယ်ချက်ရှိသော လုပ်ဆောင်မှုများ အပေါ် ဆုံးဖြတ်ရမည်ဖြစ်ပြီး ရည်ရွယ်ချက်ပါသော အပြုအမူ၏ ပုံစံများမှ အထောက်အထားရယူခြင်း ဖြစ်သင့်သည်။"[3086]

၁၄၁၈။ လုပ်ငန်းမတိုင်မီ အချက်အလက်များ၏ အခြေခံပေါ်တွင်နှင့် မစ်ရှင်၏ လုပ်ပိုင်ခွင့် အကန့်အသတ်များအပေါ်တွင် သတိထားလျက် မစ်ရှင်သည် လူမျိုးတုန်းသတ်ဖြတ်မှုအတွက် လူတစ်ဦးချင်း၏ ရာဇဝတ် တာဝန်ခံမှုကို မပေးပဲ လိုအပ်သော အထူး ရည်ရွယ်ချက်နှင့် ဖော်ထုတ်ထားသော ကန့်သတ်ထားသည့် အပြုအမူများကို ကျူးလွန်သော သတ်သတ်မှတ်မှတ် လူပုဂ္ဂိုလ်များကို ကောက်ချက်ချထားခြင်း မရှိပါ။ ယင်းအစား ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာ အမှုဖြစ်ရပ်တွင် နိုင်ငံတကာ တရားခုံရုံးများတွင် တရားစီရင်ရေးဆိုင်ရာ အခြေအနေတွင် ရရှိနိုင်သော အချက်အလက်များနှင့် အခြားသော အခြေအနေများနှင့် ဖြစ်ရပ်များတွင် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို ကျိုးကြောင်းဆီလျော်စွာ ရည်ညွှန်းချက်အတွက် ခွင့်ပြုထားခဲ့သော အကြောင်းအရာများ ရှိမရှိကို အကဲဖြတ်ထားသည်။ ဤလုပ်ဆောင်မှုကို ဥပဒေကြောင်းဆိုင်ရာ တရားရုံးရှေ့မှောက်တွင် အသေအချာ ဖော်ထုတ်ထားသော သတ်သတ်မှတ်မှတ် ချိုးဖောက်ကျူးလွန်သူများ၏ အပိုင်းတွင် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်အပေါ် ဖြစ်ပေါ်လာနိုင်သည့် ဆုံးဖြတ်ချက် တစ်စုံတစ်ရာကို အထောက်အကူဖြစ်စေရန် လုပ်ဆောင်ထားသည်။

---

[3084] ICTY, *Prosecutor v. Stakic*, IT-97-24-A, စီရင်ချက်၊ ၂၀၀၆ မတ် ၂၂ ရက်၊ စာပိုဒ် ၅၅။

[3085] Ibid.

[3086] ICTR, *Prosecutor v Bagilishema*, ICTR-95-1A-T, စီရင်ချက်၊ ၂၀၀၁ ဖွန် ၇ ရက်။ စာပိုဒ် ၆၃။

*လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက် ရှာဖွေရန် သက်ဆိုင်ရာ အကြောင်းအရာများ*

၁၄၁၉။ မစ်ရှင်က သတ်မှတ်ဖော်ထုတ်ထားသော အကြောင်းအရာများမှာ အမျိုးအစား ငါးမျိုးတွင် ကျယ်ကျယ်ပြန့်ပြန့်ပါဝင်သည်။ ပထမ အကြောင်းအရာ အုပ်စုသည် အပြုအမူများဖြစ်ပွားမှုအတွင်းရှိ ကျယ်ပြန့်သော တစ်စုံလုံးခြုံငုံသည့် အခြေအနေနှင့် ရိုဟင်ဂျာများအပေါ် ကျယ်ကျယ်ပြန့်ပြန့် လွှမ်းမိုးနေသည့် အမုန်းတရား နှင့် မနှစ်သက်သော ပြောဆိုချက်များ ပါဝင်သည်။ ရှေ့အခန်းများတွင် ဖော်ပြထားသော တားမြစ်ထားသည့် ရုပ်ပိုင်းဆိုင်ရာ အပြုအမူများသည် မည်သည့်အကြောင်းအရာမှ မရှိသည့် ဟာလာဟင်းလင်းအခြေအနေတွင် ဖြစ်ပွားခဲ့ခြင်း မဟုတ်ပေ။ ယင်းတို့ကို ရိုဟင်ဂျာများ၏ တိုင်းရင်းသား၊ လူမျိုး နှင့်/သို့ ဘာသာရေး သွင်ပြင်လက္ခဏာများအပေါ် အခြေခံထားသည့် ကာလကြာရှည်၊ အစွန်းရောက် နှင့် စနစ်တကျ ခွဲခြားဆက်ဆံမှု ပတ်ဝန်းကျင်မှတဆင့် ပျိုးထောင်မွေးမြူလာခြင်း ဖြစ်သည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသည့်အတိုင်း ထိုသို့သော ခွဲခြားဆက်ဆံမှုများသည် မြန်မာနိုင်ငံ၏ ဥပဒေများ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများတွင် အမြစ်တွယ်လျက်ရှိသည်။ ရိုဟင်ဂျာ လူမှု အသိုင်းအဝိုင်းသည် ကာလကြာရှည်ကပင် ခွဲခြား ဖိနှိပ်ခံခဲ့ကြရသည်။ ဤဖိနှိပ်ခြင်းနှင့် ပစ်မှတ်ထားခြင်းတို့မှာ အစိုးရအရာရှိများ၊ စစ်တပ်နှင့် အခြား လုံခြုံရေး တပ်ဖွဲ့များနှင့် ဘာသာရေးဆိုင်ရာ ထင်ရှားသော ပုဂ္ဂိုလ်များက အခန်းကဏ္ဍတစ်ခုအဖြစ် ပါဝင်လျက် အုပ်စု၏ အယူအစွဲ အမှားများ ဖြစ်ပေါ်အောင် လုပ်ဆောင်ခြင်းနှင့် ပူးတွဲလျက် နှင့် ရောစပ်လျက် ရှိနေသည်။

၁၄၂၀။ ရိုဟင်ဂျာများသည် ကြန်အင် သက်သေခံ အထောက်အထား ငြင်းပယ်ခံရရုံသာမကပဲ သူတို့ကို စနစ်တကျ ဖော်ထုတ်ထားသော ဂုဏ်သိက္ခာ ညှိုးနွမ်းစေပြီး လူသားမဆန်သော စကားလုံးများဖြင့် ရည်ညွှန်းခေါ်ဆို ခံကြရသည်။[3087] ထိုပြောဆိုချက်များ၏ သိသာထင်ရှားသော ရည်ရွယ်ချက်နှင့် ဦးတည်ချက်များသည် "တိုင်းရင်းသား လူမျိုးစုများ" အပေါ် အခြေခံသည့် တစ်ခုတည်းသော အမြင်ကို ဆွဲကိုင်လျက် တချိန်က သူတို့ နေထိုင်ပိုင်ဆိုင်ခဲ့သော မြန်မာနိုင်ငံမှ သူတို့ကို ဖယ်ထုတ်ရန် ဖြစ်သည်။ ဤ ရိုဟင်ဂျာများကို "အခြားသူ ဖြစ်စေခြင်း" လုပ်ငန်းစဉ်သည် သူတို့ကို စနစ်တကျ "ဘင်္ဂါလီများ" နှင့် "တရားမဝင် ဝင်ရောက်လာသူများ" ဟု အခေါ် ခံရပြီး နိုင်ငံကို အစ္စလာမ်မစ် နိုင်ငံ ဖြစ်စေမည့်သူများဟု သတ်မှတ်ခံရသည်။ သူတို့အား နိုင်ငံအတွက် နှင့် ဗုဒ္ဓဘာသာ သွင်ပြင်လက္ခဏာများအတွက် တည်ရှိနေသော ခြိမ်းခြောက်မှုအဖြစ် ပုံသွင်းခံရသည်။ ဩဇာအာဏာရှိသော လူပုဂ္ဂိုလ်များထံမှလာသော ထိုသို့ ပြောဆိုမှုများသည် နိုင်ငံတလွှားတွင် ရိုဟင်ဂျာဆန့်ကျင်ရေး ခံစားမှုများကို နှစ်ပေါင်းများစွာ မီးထိုးပေးနေခဲ့သည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများ နောက်ပိုင်းတွင် ဤပြောဆိုမှုများသည် ရိုဟင်ဂျာများကို "အကြမ်းဖက်သမားများ" နှင့် "အစွန်းရောက် အကြမ်းဖက်သူများ" ဟု တိုးမြှင့်သုံးနှုန်းလာပြီး "အကြမ်းဖက် အစ္စလာမ်" ဟုလည်း သုံးနှုန်းလာသည်ကို တွေ့ရပြီး အကြောက်တရားနှင့် နက်ရှိုင်းသော ခံစားချက်များကို ပိုမို မီးထိုးပေးခဲ့သည်။ လူမှု မီဒီယာ ကွန်ရက်များမှတဆင့် နိမ့်ချပြောဆိုမှုများ၏ သက်ရောက်မှုသည် ပိုမိုကြီးမားလာပြီး အမုန်းစကားများ၊

[3087] အခန်း ၆၊ အပိုင်း ခ၊ "အမုန်းစကား" ကိစ္စ တွင် ကြည့်။

ခွဲခြားဆက်ဆံသည့် ဖြစ်စဉ် ဇာတ်ကြောင်းများနှင့် လှုံ့ဆော်မှုများမှသည် ရန်လိုမှုနှင့် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုတို့သည် ထိန်းမနိုင်သိမ်းမရ ဖြစ်လာခဲ့သည်။

၁၄၂၁။ ပစ်မှတ်ထားသော အုပ်စုအဖွဲ့ဝင်များအပေါ် နှိမ်ချဆက်ဆံသော စကားများသုံးနှုန်းခြင်းသည် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်အတွက် သင့်လျော်သော အညွှန်းတစ်ခုဖြစ်သည်။[3088] ယင်းသည် အုပ်စုတစ်ခုကို တိုက်ရိုက်ချိုးဖောက်ကျူးလွန်သူများ၏ အမြင်တွင် လူသားဖြစ်မှု အခြေအနေကို ဖယ်ရှားရန် ကြိုးပမ်းသည့် အနေဖြင့် ချေဖျက်ပြီး နှိမ်ချစော်ကားရန် လိုလားမှုကို ပြသနေပြီး ယင်းသို့ဖြစ်ခြင်းသည် မကြာခဏပင် အကြမ်းဖက်မှု အပြုအမူများ ဖြစ်ပေါ်စေရန် အမြုတေတစ်ခု ဖြစ်သည်။ လူမျိုးတုန်းသတ်ဖြတ်မှု အပြုအမူများကို ဖြစ်ပေါ်စေသော "အထွေထွေ နိုင်ငံရေး အယူဝါဒ"[3089] သည် အခြားသော အခြေအနေများတွင် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက် တည်ရှိမှုကို ဆုံးဖြတ်သတ်မှတ်ရာတွင် အရေးကြီးသော အကြောင်းအရာ တစ်ခုဖြစ်သည်။ ရိုဟင်ဂျာများနှင့် ပတ်သက်၍ အထွေထွေ နိုင်ငံရေး အယူဝါဒသည် အစိုးရက ချမှတ်သော ဖိနှိပ်မှုနှင့် သူတို့ဘဝ၏ ဘက်ပေါင်းစုံတွင် ခွဲခြားဖိနှိပ်မှုများထဲမှ တစ်ခု ဖြစ်သည်။ ဤအရာကို ရိုဟင်ဂျာများအပေါ် အမုန်းတရားနှင့် မနှစ်သက်မှုများ ကျယ်ကျယ်ပြန့်ပြန့်ပြောဆိုနေမှုအား အတိတ်နှင့် လက်ရှိ အစိုးရများက ဝေဖန်ပြစ်တင်ရန် ပျက်ကွက်ခြင်းသာမက ယင်းတွင် အဆင့်မြင့် အရာရှိများနှင့် ဩဇာအာဏာရှိသော လူပုဂ္ဂိုလ်များ ပါဝင်နေခြင်းတို့ ပူးပေါင်းလိုက်သည့်အခါ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်နှင့် ကျူးလွန်သော အပြုအမူများဖြစ်ကြောင်း ကျိုးကြောင်းဆီလျော်စွာ ကောက်ယူနိုင်သော အညွှန်း အစုအဖွဲ့တစ်ခုကို ဖြစ်ပေါ်စေသည်။

၁၄၂၂။ ဒုတိယ အညွှန်း အစုမှာ အစိုးရ အရာရှိများ၊ နိုင်ငံရေး သမားများ၊ ဘာသာရေး အာဏာပိုင်များနှင့် စစ်တပ် တပ်မှူးများ သာမက အကြမ်းဖက်မှု မတိုင်မီ၊ ဖြစ်ပွားနေစဉ် အတွင်းနှင့် နောက်ပိုင်း တိုက်ရိုက် ချိုးဖောက်ကျူးလွန်သူများ၏ သတ်သတ်မှတ်မှတ် ပြောဆိုချက်များ ဖြစ်သည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"မှ အသက်မသေပဲ လွတ်မြောက်လာသူများက အကြမ်းဖက်မှု အပြုအမူများနှင့် အတူ ပုံမှန်အားဖြင့် နှိမ့်ချချိုးနှိမ်သော ပြောဆိုမှုများ တွဲလျက်ပါလေ့ရှိကြောင်း ပြောပြကြသည်။ ဤအသုံးအနှုန်းများသည် စော်ကားရုံသာမက ချိုးဖောက်ကျူးလွန်သူများက "သွားစမ်းပါ"၊ "မင်းတို့နဲ့ ဒီနေရာနဲ့ မဆိုင်ဘူး"၊ "မင်းက ဘင်္ဂါလီပဲ"၊ "မင်းတို့အားလုံးကို ငါတို့သတ်ပစ်မယ်" ကဲ့သို့သော ပြောဆိုချက်များကို အသုံးပြုကာ ဖယ်ကျဉ်လိုသော အမြင်ကိုလည်း မကြာခဏ ဖော်ထုတ်သည်။[3090] သူ၏ ညီအမ ဖြစ်သူနှင့်အတူ အုပ်စုလိုက် မုဒိန်းပြုကျင့်ခံရမှုမှ ရှင်သန်လွတ်မြောက်ခဲ့သူ အမျိုးသမီးတစ်ဦးက တပ်မတော်သား တစ်ဦး ပြောဆိုခဲ့မှုကို ပြန်လည်ပြောပြသည်မှာ "ငါတို့မင်းကို ဒီလို

---

[3088] ICTR, *Prosecutor v. Kayishema and Ruzindana*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၅၂၇။ ICTY, *Prosecutor v. Popovic et al*, IT-05-88-T, စီရင်ချက်နှင့် ပြစ်ဒဏ်၊ ၂၀၁၀ ဇွန် ၁၀ ရက်၊ စာပိုဒ် ၁၁၇၇၊ ICTR, *Prosecutor v. Muhimana*, ICTR-95-1B-T, စီရင်ချက်၊ ၂၀၀၅ ဧပြီ ၂၈ ရက်၊ စာပိုဒ် ၄၉၆။

[3089] ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, Judgment, 2 September 1998, para. 524.

[3090] BI-001, BI-006, CI-147, EI-017, LI-006; LI-041, LI-048, LI-059, LI-099, QI-038, QI-041, QI-059, QI-064, QI-111, YI-030, WI-010.

မုဒိန်းကျင့်ပြီးသတ်မယ်၊ ငါတို့က ရိုဟင်ဂျာတွေကို သတ်မယ်၊ ငါတို့မင်းကို မုဒိန်းကျင့်မယ်။ ဒါဟာ မင်းတို့ နိုင်ငံမဟုတ်ဘူး။"[3091] ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ဖေ့ဘွတ်ပို့စ်တစ်တွင် တပ်မတော်စစ်သားတစ်ယောက်က ရခိုင်ပြည်နယ်တွင် တာဝန်ကျသည့်အပေါ် စိတ်လှုပ်ရှားစွာ ပြောဆိုခဲ့သည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံသားများကို "မွတ်စလင်ခွေးများ"က ခြိမ်းခြောက်လျက်ရှိခြင်းကြောင့် ဖြစ်သည်။[3092] တချိန်တည်းမှာပင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" တွင်ပါဝင်သော ရဲအရာရှိတစ်ဦးက " ဒီ 'ကုလား' တွေကို သတ်ချင်နေတာကြာလှပြီ၊ ခုမှပဲ သူတို့ကို သတ်နိုင်တော့တယ်" ဟု ပို့စ်တင်ခဲ့သည်။[3093] ရဝမ်ဒါတွင် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို ရှာဖွေရာတွင် တွတ်ဆီများကို မျိုးဖြုတ်ရန် ရည်ညွှန်းသော သီချင်းများ သီဆိုနေခြင်းကို တိုက်ခိုက်သူများ ကြားခဲ့သည့် အချက်ကို ထည့်သွင်းစဉ်းစားခဲ့သည်။[3094] "သူတို့ကို မျိုးဖြုတ်ပစ်၊ နေရာတိုင်းမှာ သူတို့ကို ရှာကြ၊ သူတို့ကို သတ်ပစ်၊ ပြီးရင် လုပ်ငန်းကို အဆုံးသတ်ကြ" ကဲ့သို့သော စကားစုများသည် အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုနေရာတစ်ခုတွင် တိုက်ခိုက်သူများအား တွတ်ဆီလူထုများကို ဖျက်ဆီးရန် သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်အဖြစ် ဖော်ပြရန် အမှီပြုခဲ့သည်။[3095] "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အခြေအနေတွင် အလားတူ ပြောဆိုမှုများသည် ရိုဟင်ဂျာများကို အုပ်စုတစ်ခု အဖြစ် ဖျက်ဆီးပစ်ရန် တိုက်ရိုက်ချိုးဖောက်ကျူးလွန်သူများဘက်မှ ရည်ရွယ်ချက်ကို ဖော်ပြနေသည်။

၁၄၂၃။ အစိုးရ အရာရှိများ၊ နိုင်ငံရေး သမားများ၊ ဘာသာရေး ခေါင်းဆောင်များနှင့် စစ်တပ်နှင့် လုံခြုံရေး တပ်ဖွဲ့တပ်မှူးများကလည်း အလွန်ပင် အနှောက်အယှက်ဖြစ်စေသော လူထု ကြေညာချက်များနှင့် ထင်မြင်ချက်ပေးမှုများကို ပြုလုပ်ခဲ့ကြသည်။ ဤအစီရင်ခံစာတွင် မီးမောင်းထိုးပြထားသည့်အတိုင်း ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်းကို အကြမ်းဖက်မှုအပေါ် တိုက်ရိုက်ခြိမ်းခြောက်မှု၊ သို့မဟုတ် လှုံ့ဆော်မှုများဖြင့် လုံးဝ မနှစ်သက်မှုကို ပြသသော ထုတ်ပြန် ပြောဆိုချက် အများအပြားကို မစ်ရှင်က တွေ့ရှိခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် ရန်ကုန် ဗဟန်းမြို့နယ် ဗိုလ်စိန်မှန် ဘောလုံးကွင်းတွင် ပြုလုပ်ခဲ့သည့် လူထုစည်းဝေးပွဲတွင် ငြိမ်းချမ်းရေးနှင့် ကွဲပြားခြားနားခြင်း ပါတီ ဥက္ကဋ္ဌ နေမျိုးဝေက "ကျနော်အများကြီး မပြောဘူး၊ ကျနော် တိုတိုနဲ့ တိုက်ရိုက် ပြောမယ်၊ နံပါတ်တစ် သူတို့ကို (ရိုဟင်ဂျာများကို) ပစ်ပြီး သတ် ပါ၊ နံပါတ်နှစ် သူတို့ကို (ရိုဟင်ဂျာများကို) သတ်ပြီး ပစ်ပါ၊ နံပတ်သုံး သူတို့ကို (ရိုဟင်ဂျာများကို) ပစ်ပြီး မြေမြှုပ်၊ နံပတ်လေး သူတို့ကို (ရိုဟင်ဂျာများကို) မြေမြှုပ်ပြီး ပစ်ပါ။ ကျနော်တို့ သူတို့ကို မသတ်ဘူး၊ မပစ်ဘူး၊ မြေမမြှုပ်ဘူးဆိုရင် သူတို့က ကျနော်တို့ နိုင်ငံကို ခိုးဝင်နေအုံးမှာပဲ။" ဟု လူထု ပရိသတ်ကို ကြေညာခဲ့ပြီး လူထုကလည်း ဟစ်အော် အားပေးသည်ကို Youtube တွင် တင်ထားသော ဗီဒီယိုတွင် တွေ့နိုင်သည်။ ရိုဟင်ဂျာများအပေါ် မည်သည့်ချိုးဖောက်မှုကို မဆို

3091 EI-084.

3092 V-10.

3093 V-01.

3094 ICTR, *Prosecutor v. Ntakirutimana*, ICTR-96-10-A and ICTR-96-17-A, စီရင်ချက်၊ ၂၀၀၄ ဒီဇင်ဘာ ၁၃ ရက်၊ စာပိုဒ် ၃၆၀-၃၆၄။

3095 ICTR, *Prosecutor v. Ntakirutimana*, ICTR-96-10-A and ICTR-96-17-A, စီရင်ချက်၊၂၀၀၄ ဒီဇင်ဘာ ၁၃ ရက်၊ စာပိုဒ် ၃၆၀-၃၆၄။ ICTY, *Prosecutor v. Popovic et al.*, IT-05-88-T, စီရင်ချက်၊ ၂၀၁၀ ဇွန် ၁၀ ရက်၊ စာပိုဒ် ၁၁၇၇။

ငြင်းပယ်သည့် တရားဝင် ဖြစ်ရပ် ဇာတ်လမ်းများ၊ ရိုဟင်ဂျာများအပေါ် ကြီးမားသည့် ရာဇဝတ်များကို လှုံ့ဆော်သူများနှင့် ချိုးဖောက်ကျူးလွန်ခဲ့သူများအပေါ် လုံးဝနီးပါး အရေးယူမှု မရှိခြင်း၊ နှင့် ရိုဟင်ဂျာများအပေါ် အကြမ်းဖက်မှုအပေါ် ပြစ်တင်ရှုတ်ချမှု အားနည်းခြင်းတို့ ပေါင်းစပ်လိုက်သည့်အခါ ယင်းသို့သော ပြောဆိုချက်များမှာ ဤအုပ်စုအပေါ် ခွဲခြားဆက်ဆံမှုနှင့် အစွန်းရောက် အကြမ်းဖက်မှုများကို တရားဝင် အသိအမှတ်ပြုပေးခြင်း ဆိုသည်မှလွဲ၍ အခြားလွဲချော်မြင်နိုင်ရန် ခက်ခဲပေသည်။[3096]

၁၄၂၄။ မြန်မာလူမှုအသိုင်းအဝိုင်း၏ အမြင့်ဆုံး ဩဇာအာဏာရှိသူအချို့ကလည်း ပြောဆိုမှုများ လုပ်ဆောင်ခဲ့သည်။ ၂၀၁၂ ခုနှစ် ဇူလိုင်လတွင် သမ္မတ ဦးသိန်းစိန်က လူသိရှင်ကြားပြောခဲ့သည်မှာ "ဒီကိစ္စနဲ့ ပတ်သက်ပြီး နောက်ဆုံး လုပ်နိုင်တာကတော့ ခိုးဝင်လာတဲ့ ရိုဟင်ဂျာတွေကို ဒုက္ခသည်စခန်းတွေမှာ နေဖို့ UNHCR လက်ကို အပ်ရုံပဲ ဖြစ်တယ်" ဟု ဖြစ်သည်။ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် အများကြည်ညိုလေးစားသော ဘုန်းကြီးများထဲမှ တစ်ပါးဖြစ်သည့် သီတဂူဆရာတော်က စစ်သင်တန်းကျောင်းတစ်ခုမှ အဖွဲ့ဝင်များကို ဟောကြားရာတွင် ရိုဟင်ဂျာများကို သတ်ဖြတ်မှုအတွက် မည်သည့် အပြစ် သို့မဟုတ် အရေးယူမှုကိုမျှ ခံရမည် မဟုတ်သည်ကို ထင်ထင်ရှားရှားပြောခဲ့သည်။ ၂၀၁၁ ခုနှစ်ကတည်းက တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဖြစ်ခဲ့ပြီး မြန်မာနိုင်ငံတွင် အာဏာအရှိဆုံးပုဂ္ဂိုလ်ဖြစ်သည့် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ရိုဟင်ဂျာဆိုသည်မှာ မရှိကြောင်း ငြင်းဆိုချက်များ၊ ထိုအုပ်စုကို တရားမဝင် ရွှေ့ပြောင်းလာသူများ၊ အကြမ်းဖက်သမားများ၊ အစွန်းရောက်များအဖြစ် တံဆိပ်ကပ်မှုများ၊ ရခိုင်ပြည်နယ်တွင် တပ်မတော် စစ်ဆင်ရေးများတွင် မည်သည့် မှားယွင်းမှုမှ မရှိကြောင်း ငြင်းဆိုမှုများ၊ ရိုဟင်ဂျာများ ခံစားနေရမှုများကို လျစ်လျူရှုမှုများ ကို  လူသိရှင်ကြား ပြောဆိုခဲ့ပြီး မြန်မာ "တိုင်းရင်းသား ပြည်သူများ" ကို မျိုးချစ်လုပ်ငန်းများ လုပ်ဆောင်ရန် တောင်းဆိုခဲ့သည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" အရှိန်အဟုန်မြင့်မားနေစဉ်တွင် သူက "ဘင်္ဂါလီပြဿနာ"သည် အစိုးရက အလေးထားဆောင်ရွက်ရမည့် "မပြီးဆုံးသေးသော တာဝန်" ဖြစ်ကြောင်း ပြောခဲ့သည်။ ဤပြောဆိုချက်များအားလုံးကို အလွန်ပေါက်ကွဲလွယ်ပြီး တင်းမာနေသော အခြေအနေတွင် ပြောဆိုခဲ့ခြင်းဖြစ်သည်။ အာဏာပိုင်များ ရွေးချယ်သော အချက်အလက် ကိန်းဂဏန်းများသည် ယင်းတို့ကို တိုက်ဖျက်ရန်ထက် အစွန်းရောက်အမျိုးသားရေး လှုပ်ရှားမှုက ဖြန့်ချီသော အမုန်းပွားစေသော ဖြစ်ရပ် ဇာတ်လမ်းများ ကို ထင်ဟပ်လျက်ရှိသည်။ ယင်းမှာ သူတို့ကိုယ်တိုင်၏ ခံစားချက်များနှင့် ရည်ရွယ်ချက်များကို ထုတ်ဖော်ခြင်းလည်း ဖြစ်နိုင်သည်။

၁၄၂၅။ ရည်ရွယ်ချက် အညွှန်းများ၏ တတိယ အစုမှာ ရိုဟင်ဂျာများ၏ အချိုးကို လျော့ကျစေရန် ရည်ရွယ်ချက်ဖြင့် ရခိုင်ပြည်နယ်၏ လူဦးရေ ပြန့်နှံ့တည်ရှိမှုနှင့် တိုင်းရင်းသား အချိုးအစားကို ပြောင်းလဲရန် လုပ်ဆောင်သော ခွဲခြားဆက်ဆံမှု အစီအစဉ်များနှင့် မူဝါဒများ တည်ရှိမှု ဖြစ်သည်။ အထက်တွင် မီးမောင်းထိုးဖော်ပြခဲ့သကဲ့သို့ပင် မြန်မာအစိုးရနှင့် အခြား ဩဇာအာဏာရှိသော

[3096] ICTR, *Prosecutor v. Karemera and Ngirumpatse*, ICTR-98-44-T, စီရင်ချက်၊ ၂၀၁၂ ဖေဖော်ဝါရီ ၂ ရက်၊ စာပိုဒ် ၁၅၉၇။

ပုဂ္ဂိုလ်များသည် ရခိုင်ပြည်နယ်၏ လူဦးရေ ပြန့်နှံ့နေထိုင်မှုအပေါ် ယင်းကို ပြောင်းလဲရန်အတွက် သက်ဆိုင်ရာ ဥပဒေပြုမှုများ နှင့် အခြား အရေးယူဆောင်ရွက်မှုများ ပြုလုပ်သည့်အထိပင် အလွန်အမင်းစိုးရိမ်ကြသည်။ ဥပမာများတွင် ရခိုင်ပြည်နယ် မြောက်ပိုင်း ရိုဟင်ဂျာ ပြည်သူများအကြားတွင် လက်ထပ်ခြင်းများနှင့် မွေးဖွားခြင်းများကို ကန့်သတ်သည့် ဥပဒေများနှင့် အမိန့်များသာမက ၁၉၉၀ ခုနှစ်များကတည်းက နတလ "စံပြ" ကျေးရွာများ တည်ဆောက်သည့် မူဝါဒများလည်း ပါဝင်သည်။ ယင်းအတွက် တိုင်းရင်းသား ရခိုင်များ သို့မဟုတ် အခြား အရပ်ဒေသများမှ အခြား ဗုဒ္ဓဘာသာများကို အခြေချ နေထိုင်စေရန် အတွက် မြေယာများ သိမ်းဆည်းရန် လိုအပ်ခဲ့သည်။ ၂၀၁၇ တွင် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"လုပ်ပြီး နောက်ပိုင်း အစိုးရ၏ ဖွံ့ဖြိုးရေးနှင့် ပြန်လည်တည်ဆောက်ရေး ကြိုးပမ်းမှုများသည်လည်း တချိန်က ရိုဟင်ဂျာ ကျေးရွာများ တည်ရှိခဲ့သော မြေများပေါ်တွင် အခြား တိုင်းရင်းသား အုပ်စုများကို နေရာချထားသော အစီအစဉ်များက ညွှန်ပြနေသည်။ ယေဘူယျ ပိုကျသည့် အဆင့်တွင် ရိုဟင်ဂျာများအား နိုင်ငံသားဖြစ်မှုကို အာဏာရှင်ဆန်ဆန် ဖယ်ရှားခြင်း၊ သူတို့ကို နောက်ဆက်တွဲနှင့် အစဉ်တစိုက် "ဘင်္ဂါလီ" သို့မဟုတ် "တရားမဝင် ရွှေ့ပြောင်းသူများ" အဖြစ် တံဆိပ်ကပ်ခြင်း၊ နှင့် "နိုင်ငံသားဖြစ်မှု" ကိစ္စ၏ နောက်ပြန်ဆွဲမှုနှင့် ဖြေရှင်းနိုင်မှုမရှိသည့် သဘာဝများသည်လည်း မြန်မာနိုင်ငံမှ ရိုဟင်ဂျာများကို ဖယ်ထုတ်လိုသော ဆန္ဒကို ဖော်ပြနေသည်။

၁၄၂၆။ ယင်းနောက်ခံများပေါ်တွင် ရိုဟင်ဂျာများ၏ "ထိန်းချုပ်မရသည့် ကလေးမွေးဖွားနှုန်း" အပေါ် ကျယ်ကျယ်ပြန့်ပြန့် ပြောဆိုမှု၊ ရိုဟင်ဂျာ အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အထူးသဖြင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" တွင် ကျယ်ကျယ်ပြန့်ပြန့် မုဒိန်းပြုကျင့်မှုနှင့် လိင်အကြမ်းဖက်မှုများ၊ တို့သည် သူတို့၏ မျိုးဆက်ပြန့်ပွားမှု စွမ်းရည်ကို ထိခိုက်စေရန် ရည်ရွယ်ခြင်း အလွန် ဖြစ်နိုင်သည်။ လိင်အင်္ဂါများ ဖြတ်တောက်ခြင်း ဖြစ်ရပ်များ ကဲ့သို့ မျိုးဆက်ပြန့်ပွားမှု စွမ်းရည်အပေါ် ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုအပြင် မုဒိန်းပြုကျင့်ခံရသော သို့မဟုတ် အုပ်စုဖွဲ့ မုဒိန်းပြုကျင့်ခံရသော ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် အထက်တွင် ဖော်ပြထားသော အကြောင်းပြချက်များအတွက် လက်ထပ်ရန်နှင့် မျိုးဆက်ပွားရန် အလားအလာ သိသိသာသာ လျော့နည်းသွားသည်။

၁၄၂၇။ လူဦးရေ ပြန့်နှံ့မှုကို သို့မဟုတ် နယ်မြေရှိ တိုင်းရင်းသား အချိုးကို ပြောင်းလဲရန် ရည်ရွယ်ချက်သည် ယင်းတို့ ကိုယ်နှိုက်အားဖြင့် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ဖြစ်သည်ဟု ကောက်ယူ၍ မရသော်လည်း ဤအစီအစဉ်များ၊ မူဝါဒများနှင့် အပြုအမူများက ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများ တည်ရှိမှုအပေါ် ဆန့်ကျင်မှုတွင် အစိုးရနှင့် စစ်အာဏာပိုင်များ၏ တစ်စိတ်တစ်ပိုင်းသည် တက်ကြွစွာ ပါဝင်လျက်ရှိသည်ကို ပြသနေသည်။ ကာကွယ်ပေးထားသော အုပ်စု၏ လျော့နည်းသွားမှုသည်လည်း ယင်း၏ ဖျက်ဆီးမှုနှင့် ထပ်တူညီခြင်း မဟုတ်ပေ။ အစပျိုးလုပ်ဆောင်သူများက သက်ဆိုင်ရာ လူမျိုးစု သို့မဟုတ် ဘာသာရေး အုပ်စုကို သတ်မှတ်ထားသော မူလ နယ်မြေအတွင်းမှ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက် မရှိဘဲလျက် တိုက်တွန်းအားပေးခြင်း သို့မဟုတ် အတင်းအဓမ္မ ထွက်ခွာစေသည့် တိုင်အောင်ပင် သေချာပေါက်

ဖြစ်နိုင်ချေရှိသော အခြေအနေများကို စဉ်းစားကြည့်နိုင်သည်။ သို့ရာတွင် ယခင်ယူဂိုဆလားဗီးယား အခြေအနေတွင် လူမျိုးစုအားဖြင့် တစ်ခုတည်းဖြစ်သော နိုင်ငံကို ဖော်ဆောင်ရန် အုပ်စုဝင်မဟုတ်သော သူများကို အကြမ်းဖက်ခြင်းဖြင့် ဖယ်ထုတ်ရန် ရည်ရွယ်ချက်၏ အထောက်အထားနှင့်အတူ အစီအစဉ်တစ်ခုရှိပြီး ပစ်မှတ်ထားခံရသော အုပ်စုသည် မည်သည့် သတ်သတ်မှတ်မှတ် နယ်မြေကိုမျှ တောင်းဆိုပိုင်ခွင့်မရှိကြောင်း အထောက်အထားရှိပြီး အဖွဲ့ဝင်မဟုတ်သော တိုင်းရင်းသား အုပ်စုများကို ဖျက်ဆီးခြင်းဖြင့် ဖယ်ရှားမှုကို အကောင်အထည်ဖော်ရန် အစီအစဉ်ကို ကောက်ချက်အနေဖြင့် အထောက်အကူအဖြစ် တွေ့ရှိခဲ့သည်။[3097] ရိုဟင်ဂျာများ၏ ဖြစ်ရပ်တွင် ရခိုင်ပြည်နယ်မှ ဤပစ်မှတ်ထားခံရသော အုပ်စုကို လျှော့ချရန် သို့မဟုတ် ဖယ်ရှားရန် အာဏာပိုင်များ၏ ဘက်မှ အကောင်အထည်ဖော်ရန် ရည်ရွယ်ချက်သည် ရာဇဝတ်မှု အပြုအမူများ ကို ယင်းတို့ကိုယ်နှိုက်ပင် တဖြည်းဖြည်း ဖြစ်ပေါ်စေခဲ့သော ရည်ရွယ်ချက်နှင့် ကိုက်ညီစေသည်။

၁၄၂၈။ ရိုဟင်ဂျာ ဖြစ်ရပ်တွင် ရည်ရွယ်ချက် အညွှန်းများ၏ စတုတ္ထအစုမှာ စနစ်တကျ စုစည်းထားသည့် ဖျက်ဆီးမှု အစီအစဉ်၏ အထောက်အထားများနှင့် သက်ဆိုင်သည်။ အစီအစဉ်တစ်ခု သို့မဟုတ် မူဝါဒ တစ်ခု တည်ရှိခြင်းသည် လူမျိုးတုန်းသတ်ဖြတ်မှု ရာဇဝတ်မှု၏ ဥပဒေကြောင်းဆိုင်ရာ အစိတ်အပိုင်း မဟုတ်ပေ။ သို့ရာတွင် လူမျိုးတုန်း သတ်ဖြတ်မှု ရည်ရွယ်ချက်ကို သက်သေပြသည့် အခြေအနေတွင် အစီအစဉ် သို့မဟုတ် မူဝါဒတစ်ခုတည်ရှိခြင်းသည် အထောက်အထားဆိုင်ရာ အရေးကြီးသော အကြောင်းအရာ တစ်ခု ဖြစ်လာနိုင်သည်။[3098] အကာအကွယ်ပေးထားသော အုပ်စုတစ်ခု အပေါ် စနစ်တကျ ဦးတည်သည့် အစဉ်တစိုက် သွင်ပြင်လက္ခဏာ တစ်ခု၏ အပြုအမူများကို ဖော်ပြလာသောအခါ ထိုသို့သော အပြုအမူများသည် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို ကောက်ချက်ချရန် အထောက်အကူ ဖြစ်လာနိုင်ပေသည်။[3099] ဤအတိုင်းအတာအထိ ၂၀၁၆ နှင့် ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"သည် သူတို့၏ ကျယ်ပြန့်မှု၊ ပြင်းထန်မှုနှင့် ရက်စက်မှုများ၏ သတ်မှတ်ချက်များမှာ သီးခြား ဖြစ်သော်လည်း ယင်းတို့မှာ ကြီးမားသော ရုပ်ပုံကားချပ်တွင် အစိတ်အပိုင်း တစ်ခုတည်းသာ ဖြစ်သည်။ ယင်းတို့သည် နယ်မြေအတွင်း အစွန်းရောက် ထိန်းချုပ်မှုနှင့် လုံခြုံမှု ထိန်းသိမ်းရေးကို ဖြစ်ပေါ်စေသော ရိုဟင်ဂျာများအပေါ် ပစ်မှတ်ထားသည့် ရေရှည်ရှိနေသော ဖိနှိပ်မှုများ နှင့် ခွဲခြားဖိနှိပ်မှုများဆိုင်ရာ မူဝါဒ၏ ရလာဒ်ဟု ငြင်းဆိုနိုင်ပေသည်။ ယင်းတို့သည် မြန်မာနိုင်ငံမှ ရိုဟင်ဂျာများ အစုအပြုံလိုက် ထွက်ခွာမှု၏ လတ်တလောအကျဆုံး အကြောင်းရင်းလည်း ဖြစ်သည်။

---

[3097] ICTY, *Prosecutor v Karadzic*, IT-95-5/IT-18-1-R-61, လုပ်ထုံးလုပ်နည်းနှင့် အထောက်အထား စည်းမျဉ်းများ၏ စည်းမျဉ်း ၆၁ အရ စွဲဆိုချက်များအပေါ် သုံးသပ်ချက်၊ ၁၉၉၆ ဇူလိုင် ၁၁ ရက်၊ စာပိုဒ် ၉၄။

[3098] ICTR *Prosecutor v. Jelisic*, IT-95-10-A. စီရင်ချက်၊၂၀၀၁ ဇူလိုင် ၅ ရက်၊ စာပိုဒ် ၄၈။ ICTY, *Prosecutor v Krstic*, IT98-33-A, စီရင်ချက်၊ ၂၀၀၄ ဧပြီ ၁၉ ရက်၊ စာပိုဒ် ၂၂၅။

[3099] ICTY, *Prosecutor v Jelisic*, IT-95-10-A, စီရင်ချက်၊ ၂၀၀၁ ဇူလိုင် ၅ ရက်၊ စာပိုဒ် ၄၇။ ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၅၂၃။ ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၉၃၊ ၂၈၉၊ ၅၃၄-၅၃၅၊ ၅၃၇။ ICTR, *Prosecutor v Muhimana*, ICTR-95-1B-T, စီရင်ချက်၊ ၂၀၀၅ ဧပြီ ၂၈ ရက်၊ စာပိုဒ် ၄၉၆။

၁၄၂၉။ အဖွဲ့အစည်းတစ်ခု၏ ဖျက်ဆီးမှု အစီအစဉ်၏ အထောက်အထား အတိုင်းအတာကိုလည်း အချက်အလက် အများအပြားဖြင့် ဖော်ပြနိုင်သည်။ သတ်ဖြတ်မှုများသည် စနစ်တကျ ပုံစံဖြင့် ကျူးလွန်ခြင်း၊[3100] တိုက်ခိုက်သူများက ချထားသော လက်နက်များနှင့် နည်းဗျူဟာ အမျိုးအစားများသည် တိုက်ခိုက်မှုများ တလျောက် တူညီမှု ရှိခြင်း၊[3101] နှင့် ထိုတိုက်ခိုက်မှုများ တလျောက် စစ်ဆင်ရေး နည်းနာများကို တိုက်ခိုက်သူများက တူညီစွာ ချထားခြင်း တို့ ဖြစ်သည်။[3102] ၂၀၁၇ ခုနှစ် စစ်ဆင်ရေးများ (နှင့် ၂၀၁၆ မတိုင်မီ အချို့သော အတိုင်းအတာ) များတွင် လုပ်ဆောင်ခဲ့သော ပုံစံသည် လုံး၀ နည်းပါး တူညီနေသည်။ စစ်ဆင်ရေးများသည် ကျယ်ပြန့်သော ပထဝီ နယ်မြေကို လွှမ်းခြုံခဲ့ပြီး ရက်သတ္တပေါင်းများစွာ ကြာခဲ့သော်လည်း မြို့နယ်သုံးခုနှင့် ကျေးရွာအုပ်စု အများအပြား တလျောက်ရှိ ကျူးလွန်ခံသူများနှင့် မျက်မြင်သက်သေများက လုံခြုံရေး တပ်ဖွဲ့များ၏ အစိတ်အပိုင်းများ၏ တူညီသော လုပ်ဆောင်မှုပုံစံများကို ပြောပြကြသည်။ စစ်ဆင်ရေးများ အချိန်ကိုက်ဖြစ်ပုံ၊ အဖြစ်အပျက်များ၏ ဖြစ်စဉ်၊ အသုံးပြုသည့် လက်နက်အမျိုးအစားများ၊ အခြား လုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် ရခိုင်တိုင်းရင်းသားများထံမှ အကူအညီ ရယူမှု၊ ချိုးဖောက်ကျူးလွန်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကဏ္ဍများခွဲခြားမှု၊ ချိုးဖောက်မှု အမျိုးအစားများနှင့် သူတို့ ကျူးလွန်သည့် ပုံစံတို့တွင် မှတ်သားဖွယ်ရာ တူညီမှုများ ရှိခဲ့သည်။ ဤတိုက်ခိုက်မှုများ၏ စစ်ဆင်ရေး နည်းဗျူဟာများမှာ မှတ်မိသိရှိနိုင်ပြီး တလျောက်လုံး တူညီမှုများ ရှိသည်။ ယင်းသည် သိသာထင်ရှားသော ကြိုတင်စဉ်းစားမှုနှင့် ပြင်ဆင်မှုများ မရှိပဲ မဖြစ်နိုင်ပေ။

၁၄၃၀။ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် ARSA တိုက်ခိုက်မှုများအပေါ် လုံခြုံရေး တပ်ဖွဲ့များ၏ တုန့်ပြန်မှုမှာ နာရီအနည်းငယ်အတွင်း ချက်ချင်းပင် ဖြစ်သည်။ ယင်းမတိုင်မီ တလကျော်ကတည်းက နယ်မြေအတွင်း စစ်စွမ်းရည် တည်ဆောက်မှုများ ကြိုတင် ရှိနေခဲ့ပြီး ရိုဟင်ဂျာများ၏ အိမ်များ ပတ်၀န်းကျင်ရှိ ကာကွယ်ထားသော ခြံစည်းရိုးများကို ဖယ်ရှားမှုများပါ၀င်သည့် ဖိနှိပ် လှုပ်ရှားမှုများ လနှင့်ချီပြီး ရှိခဲ့ကာ ရိုဟင်ဂျာများထံမှ လက်နက် သို့မဟုတ် ချွန်ထက်သော မည်သည့်ပစ္စည်းမျိုးကိုမဆို သိမ်းဆည်းခဲ့သည်။ ရိုဟင်ဂျာများထံမှ လက်နက်သိမ်းခြင်းသည် တိုင်းရင်းသား ရခိုင်အုပ်စုများနှင့် ပြည်သူ့စစ်များကို လက်နက်တပ်ဆင်ခြင်းနှင့် အပြိုင်ဖြစ်ခဲ့သည်။ ဤအစိတ်အပိုင်းများသည် စစ်ဆင်ရေးများကို ကြိုတင် စီစဉ်ခြင်းနှင့် ပြင်ဆင်ခြင်း အတိုင်းအတာကို ပြသနေသည်။ နောက်ထပ် ဆက်စပ်သည်မှာ တပ်မတော်၏ အမိန့်ပေး စနစ်တစ်ခုလုံး ကာကွယ်ရေး ဦးစီးချုပ်မှသည် အောက်ခြေတပ်သားအထိ အဆင့်အားလုံး ပါ၀င်နေခြင်း ဖြစ်သည်။ "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" ကို သီးသန့် စစ်သားအုပ်စုတစ်ခုက စီစဉ် အကောင်အထည်ဖော်ခြင်းမဟုတ်ပဲ တပ်မတော်တစ်ခုလုံး ပါ၀င်ခဲ့သည်။ စစ်ဆင်ရေး တစ်ခုတွင် စစ်တပ်အမိန့်ပေးမှု အဆင့်အများအပြားကို အသုံးပြုမှုသည် အပြစ်ရှိသော အပြုအမူများ နှင့် စနစ်တကျ ဖျက်ဆီးမှု အစီအစဉ်တို့၏ စနစ်ကျနသော သဘာ၀ကို

[3100] ICTY, *Prosecutor v Krstic*, IT-98-33-T, စီရင်ချက်၊ ၂၀၀၁ ဩဂုတ် ၂ ရက်၊ စာပိုဒ် ၅၄၇။

[3101] ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-T, စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၅၃၇။

[3102] ICTY, *Prosecutor v Jelisic*, IT-95-10-T, စီရင်ချက်၊ ၁၉၉၉ ဒီဇင်ဘာ ၁၄ ရက်၊ စာပိုဒ် ၈၈၊ ICTR, *Prosecutor v Kayishema and Ruzindana*, ICTR-95-1-T, ကြားနာမှု စီရင်ချက်၊ ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၅၃၅။

အထောက်အထားဖြစ်စေပြီး လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်၏ ကောက်ချက်ကို အထောက်အကူ ဖြစ်စေသည်။[3103]

၁၄၃၁။ ချိုးဖောက်ကျူးလွန်သူများက အစဉ်တစိုက် ပစ်မှတ်ထားခြင်းသည်လည်း အစီအစဉ်ရေးဆွဲမှု အတိုင်းအတာနှင့် ကြိုတင်စဉ်းစားချက်တို့ကို ညွှန်ပြနေသည်။[3104] မျိုးဆက်ပြန့်ပွားမှု အသက်အရွယ်တွင်ရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို မုဒိမ်းပြုကျင့်ခြင်း၊ အုပ်စုဖွဲ့မုဒိမ်းပြုကျင့်ခြင်းနှင့် လိင်အကြမ်းဖက်မှုများအတွက် ပစ်မှတ်ထားခဲ့သည်။ ကလေးများကို သတ်ဖြတ်ရန် ပစ်မှတ်ထားခဲ့သည်။ မြို့များနှင့် ရွာများရှိ ပညာတတ်၊ ချမ်းသာကြွယ်ဝပြီး ဩဇာအာဏာရှိသူ ရိုဟင်ဂျာခေါင်းဆောင်များကိုလည်း အထူး ပစ်မှတ်ထားခဲ့သည်။ ရိုဟင်ဂျာ လူမှုအသိုင်းအဝိုင်း၏ သူတို့ဘာသာ ပြန်လည်တည်ဆောက်နိုင်မှု စွမ်းရည်အပေါ် နောက်ဆက်တွဲ သက်ရောက်မှု အပြင် ဤအုပ်စုများအား သီးသန့် ပစ်မှတ်ထားခြင်းသည်လည်း ရည်ရွယ်ချက်ရှိသော အစီအစဉ် သို့မဟုတ် ဖျက်ဆီးမှု အစီအစဉ်၏ စနစ်တကျ စီစဉ်ဆောင်ရွက်နိုင်မှု အတိုင်းအတာကို ပြသနေသည်။ ရိုဟင်ဂျာ ပြည်သူများအား တိုက်ခိုက်မှုများသည် အလိုအလျောက် သို့မဟုတ် ကွက်ကြား ဖြစ်ခဲ့သည် သို့မဟုတ် ယင်းတို့သည် အဆက်အစပ်မရှိ သို့မဟုတ် အစီအစဉ်မရှိပဲ တဖြည်းဖြည်းဖြစ်လာခဲ့သည် သို့မဟုတ် သူတို့၏ ရက်စက်မှုများနှင့် ဖျက်ဆီးမှုများသည် ကွဲပြားခြားနားမှုများရှိသည် ဟု မည်သို့မျှ ကျိုးကြောင်းဆီလျော်သော ငြင်းဆိုချက်ကို ပြလုပ်နိုင်ခြင်း မရှိပေ။ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ကို သက်သေပြသည့် အခြေအနေတွင် ဖျက်ဆီးမှုများအတွက် အစီအစဉ် သို့မဟုတ် မူဝါဒ တည်ရှိမှု၏ အရေးကြီးပုံကို ပေးထားလျက် စနစ်တကျ ပေါင်းစည်းဆက်စပ်ပြီး ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှုများ၏ သက်သေအထောက်အထားသည် ရိုဟင်ဂျာများအပေါ် တားမြစ်ထားသော အပြုအမူများကို ဖျက်ဆီးရန် ရည်ရွယ်ချက်ဖြင့် ချိုးဖောက်ကျူးလွန်ကြောင်း ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိချက်များက ပံ့ပိုးပေးနိုင်သည်။

၁၄၃၂။ ရည်ရွယ်ချက်၏ အညွှန်း ပဋ္ဌမအစုမှာ အပြုအမူများ၏ အလွန်အကျွံ ရက်စက်မှု များနှင့် ရိုဟင်ဂျာများအား ဆန့်ကျင်သည့် နှိုးဆော်လှုပ်ရှားမှု တို့တွင် ရှိနေသည်။[3105] တိုက်ခိုက်မှု တစ်ခု၏ ရက်စက်မှုသည် သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်ဖြင့် ချိုးဖောက်ကျူးလွန်ခြင်း ရှိမရှိနှင့် သက်ဆိုင်သည်။ ပေးထားချက်အရ "လူမျိုးစု အုပ်စုတစ်ခု၏ ထောင်ပေါင်းများစွာသော အဖွဲ့ဝင်များအပေါ် ပစ်မှတ်ထားတိုက်ခိုက်မှု တစ်ခုသည် ယင်းကိုယ်တိုင်ပင် လူမျိုးစု အုပ်စုကို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို ဖျက်ဆီးရန်လိုအပ်သော ရည်ရွယ်ချက်၏ အညွှန်းပင် ဖြစ်သည်။"[3106] ဥပမာအားဖြင့် ကိုယ်ဝန်ဆောင် မိန်းမများနှင့် ကလေးငယ်များကို ချမ်းသာမပေးသော အချက်သည် "အုပ်စုတစ်ခုလုံးအား ဖယ်ရှားပစ်ရန်" ရည်ရွယ်ချက်ကို

[3103] ICTY, *Prosecutor v Tolimir*, IT-05-88/2-A, စီရင်ချက်၊ ၂၀၁၅ မေ ၈ ရက်၊ စာပိုဒ် ၂၅၂။
[3104] ICTY, *Prosecutor v Tolimir*, IT-05-88/2-A, စီရင်ချက်၊ ၂၀၁၅ မေ ၈ ရက်၊ စာပိုဒ် ၂၆၃။
[3105] ICTY, *Prosecutor v Jelisic*, IT-95-10-A, စီရင်ချက်၊ ၂၀၀၁ ဇူလိုင် ၅ ရက်၊ စာပိုဒ် ၄၇။
[3106] ICTR, *Prosecutor v Ndindabahizi*, ICTR-2001-71-T, စီရင်ချက်၊ ၂၀၀၄ ဇူလိုင် ၁၅ ရက်၊ စာပိုဒ် ၄၆၁။

ပြသနေကြောင်း တွေ့ရသည်။[3107] "ခန္ဓာကိုယ် ထိခိုက်ဒဏ်ရာရမှုများ၏ အတိုင်းအတာ" သည်လည်း သက်ဆိုင်သော အကြောင်းအရာ တစ်ခုဖြစ်သည်။[3108]

၁၄၃၃။ အရပ်သားများအား သတ်ဖြတ်ခြင်းသည် မည်သည့်အခြေအနေတွင်မဆို အခြေခံအားဖြင့် ရက်စက်မှု ဖြစ်သည်။ ရခိုင်ပြည်နယ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ"တွင် ချိုးဖောက်ကျူးလွန်သူများသည် ဤနေရာတွင် အပိုဆောင်း အနေအထားကို မိတ်ဆက်ထားသည်။ ထိုနေရာတွင် ARSA တိုက်ခိုက်ရေး သမားများနှင့် အရပ်သားများ အကြား ခွဲခြားမှုတစ်စုံတစ်ရာကို လုပ်ဆောင်ထားရန် သို့မဟုတ် စစ်ရေး ရည်မှန်းချက်တစ်ခုကို သတ်သတ်မှတ်မှတ်ပစ်မှတ်ထားရန် သို့မဟုတ် လတ်တလော အန္တရာယ်ကို ဖော်ထုတ်သတ်မှတ်ရန်နှင့် တွန်းလှန်ရန် သူတို့အပိုင်းတွင် မည်သည့်အနည်းဆုံးသော အားထုတ်မှုကိုမျှ မတွေ့ရှိရပေ။ လူတိုင်းသည် ပစ်မှတ်ဖြစ်ပြီး မည်သူ့ကိုမျှ ချမ်းသာမပေးခဲ့ပေ။ မိခင်များ၊ မွေးကင်းစကလေးများ၊ ကိုယ်ဝန်ဆောင် မိန်းမများ၊ သက်ကြီးရွယ်အိုနှင့် မသန်စွမ်းသူများအားလုံးသည် ညာတာမှုကင်းမဲ့သော ရည်ရွယ်ချက်ရှိရှိလုပ်ဆောင်မှု၏ သားကောင်အဖြစ် ကျရောက်ခဲ့ကြသည်။ မုဒိန်းပြုကျင့်မှု၊ အုပ်စုဖွဲ့ မုဒိန်းပြုကျင့်မှုနှင့် အခြား လိင်အကြမ်းဖက်ပုံစံများကို အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ပစ်မှတ်ထားခြင်းသာမက ယေဘူယျအားဖြင့် ကလေးများအပေါ် ပစ်မှတ်ထားပြီး သက်ရောက်စေမှုများသည် ထိတ်လန့်တုန်လှုပ်ဖွယ် ဖြစ်သည်။ နောက်ခံအပြုအမူများနှင့် ရက်စက်ကြမ်းကြုတ်မှုများကို လုပ်ဆောင်ခဲ့ခြင်းသည် သူတို့သည် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်ဖြင့် ကျူးလွန်ခဲ့ကြောင်း ကောက်ချက်ချရန်အတွက် နောက်ထပ် အထောက်အကူများ ပေးနေသည်။

*ရရှိထားသော အချက်အလက်များမှ အခြားသော ကျိုးကြောင်းစီလျော်သည့် ကောက်ချက်များ*

၁၄၃၄။ ကောက်ယူ စုဆောင်းထားသော အချက်အလက်များနှင့် အရာဝတ္ထုများသည် ဖျက်ဆီးရန် ရည်ရွယ်ချက်က တွန်းအားပေးခဲ့သော တားမြစ်ထားသည့် သတ်သတ်မှတ်မှတ် အပြုအမူများထက် ပိုမိုသော ကျိုးကြောင်းဆီလျော်သည့် ကောက်ချက်များ ချမှတ်နိုင်ခြင်း ရှိမရှိကိုလည်း မစ်ရှင် ထည့်သွင်းစဉ်းစားသည်။

၁၄၃၅။ ပထမအနေဖြင့် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် ARSA မှ အကြမ်းဖက်ခြိမ်းခြောက်မှုကို ဖယ်ရှားရန်အတွက် ဥပဒေနှင့် ညီစွာ ပစ်မှတ်ထားခဲ့ခြင်း ဖြစ်သည်ဆိုသော်လည်း အစိုးရနှင့် စစ်တပ် အာဏာပိုင်များ၏ ရှင်းပြချက်များ၏ ယုံကြည်လက်ခံနိုင်မှုကို ထည့်သွင်းစဉ်းစားခဲ့သည်။ တရားဝင် ရှင်းလင်းမှုက စစ်ဆင်ရေးများသည် လူထုအပေါ် ပိုမိုကြီးမားသော ထိန်းချုပ်မှုနှင့် စောင့်ကြည့်နိုင်မှုအတွက် အခြေအနေများကို ဖော်ထုတ်ခြင်း အပါအဝင် ရခိုင်ပြည်နယ်၏ လုံခြုံရေးကို ပြန်လည်ထိန်းသိမ်းရန်

[3107] ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၁၂၁။

[3108] ICTR, *Prosecutor v. Muhimana*, ICTR-95-1B-T, စီရင်ချက်၊ ၂၀၀၅ ဧပြီ ၂၈ ရက်၊ စာပိုဒ် ၄၉၆။

ရည်ရွယ်ထားသည်ဟု ဖော်ပြလိုပုံရသည်။ ယင်းကို အားဖြည့်ထားသော လုံခြုံရေး တပ်စခန်းများ အနီးဝန်းကျင်တွင် ပိုမို ထိန်းချုပ်ရ လွယ်ကူသော ကျေးရွာ အသစ်များကို ဆောက်လုပ်ပြီး ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်အသစ်ကို ဖန်တီးခြင်းမှ ဖြစ်ပေါ်လာလိမ့်မည်။ ထိန်းချုပ်မှုရှိသော ရိုဟင်ဂျာလူထု တစ်ရပ်လုံးကို ပြန်လည်လက်ခံခြင်းသည် စီမံခန့်ခွဲနိုင်သော ပြန်လည်နေရာချထားရေး၊ လူမျိုးစုအုပ်စုများ မျှတမှုနှင့် “အကြမ်းဖက်မှု” အစိတ်အပိုင်းများ ဖယ်ရှားရန် ပြန်လာသူများအားလုံးအား စီစစ်ရေးတို့ကို လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ယင်းသည် အခြေအနေသတ်မှတ်ချက်အပေါ်တွင် ပြန်လာခြင်းဖြင့် NVC ကဒ်များ စနစ်တကျ ထုတ်ပေးခြင်းကိုလည်း ခွင့်ပြုလိမ့်မည်။

၁၄၃၆။ ရှင်းပြချက်မှာ လိမ်ညာမှု ဖြစ်သည်။ စစ်ဆင်ရေးများ ပြုလုပ်သည့် ပုံစံသည် ရိုဟင်ဂျာများ အားလုံးသည် “အကြမ်းဖက်သမားများ” ဖြစ်ရန် လိုအပ်နေပြီး ဥပဒေနှင့် ညီသော ပစ်မှတ်သည် ရွာများနှင့် လူမှု အသိုင်းအဝိုင်းများ အားလုံးအား ဖျက်ဆီးခြင်း ဖြစ်သည်။ လက်တွေ့တွင် တပ်မတော်အတွက် သိထားသည်မှာ ARSA သည် အကန့်အသတ်ဖြင့်သာ ခြိမ်းခြောက်မှု ရှိသည်။ တပ်မတော်သည် ဒေသအတွင်းတွင် တည်ရှိခဲ့သည့်မှာ နှစ်ပေါင်းများစွာ ရှိခဲ့ပြီဖြစ်ပြီး စစ်ဆင်ရေး လိုအပ်ချက်များနှင့် ရင်းနှီးကျွမ်းဝင်ပြီးဖြစ်သည်။ ပေါ်ပေါက်ကာစ ဖြစ်သော်လည်း အလွန်သေးငယ်သည့် လက်နက်ကိုင် အုပ်စုမှခြိမ်းခြောက်မှုအား ဖယ်ရှားရန် လုံခြုံရေး တိုးမြှင့်မှုကို ယခုထက်ပိုမို အကန့်အသတ်ရှိသော၊ ပစ်မှတ်ထားသော နှင့် ကျယ်ပြန့်မှု ပိုမိုနည်းပါးသော နည်းလမ်းများဖြင့် အကောင်အထည်ဖော်ခဲ့သင့်သည်။ အမျိုးသမီးများအား အုပ်စုဖွဲ့ မုဒိန်းပြုကျင့်ခြင်း၊ ကလေးငယ်များအား သတ်ဖြတ်ခြင်းနှင့် ကျေးရွာများ တစ်ခုလုံး တစ်ခုလုံးကို ဖယ်ရှားခြင်းတို့မှတဆင့် လုံးဝ အကြမ်းဖက်ပြီး ရက်စက်စွာ စစ်ဆင်ရေး လုပ်ဆောင်မှုကို သိထားသမျှတွင် ယင်းတုန့်ပြန်မှုသည် ဥပဒေနှင့် မညီညွတ်ပဲ အချိုးအစား မျှတမှု မရှိခြင်းတို့မှာ အခြားသော ရည်ရွယ်ချက်ရှိသည်ကို ဖော်ပြနေသည်။ စစ်ဆင်ရေးများအကြားနှင့် “၁၉၄၂ ခုနှစ်” ကတည်းက နိုင်ငံက တွေ့ကြုံနေရသော “ဘင်္ဂါလီပြဿနာ” တို့အပေါ် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ မကြာခဏ ရှင်းရှင်းလင်းလင်း ချိတ်ဆက်မှုများက စစ်ဆင်ရေးများသည် လတ်တလောနှင့် ARSA ကြောင့် ဖြစ်လာသော သတ်သတ်မှတ်မှတ် လုံခြုံရေး ခြိမ်းခြောက်မှုအပေါ် တုန့်ပြန်မှု မဟုတ်ကြောင်း နောက်ထပ် ညွှန်းပြနေသည်။

၁၄၃၇။ အလားတူပင် စစ်တပ်၏ အကြမ်းဖက်မှုနှင့် ရက်စက်မှု အတိုင်းအတာ သို့မဟုတ် အရပ်သား လူထုများအပေါ် လုပ်ဆောင်ခဲ့သည့် ပြင်းထန်သော ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်နာကျင်မှုများသည် အာဏာပိုင်များက ရခိုင်ပြည်နယ်တွင် လူဦးရေ ပြန့်နှံ့မှုကို ဥပဒေနှင့် လျော်ညီစွာ ရှာဖွေနေခဲ့ခြင်းဖြစ်သည် ဆိုသော ထင်မြင်ချက် (ရိုဟင်ဂျာအုပ်စုကို ယင်းကဲ့သို့ ဖျက်ဆီးမှုများ လုပ်နေပါသည်ဆိုသည်ကို ချေဖျက်လျက်) နှင့် မည်သို့မျှ ကိုက်ညီခြင်း မရှိပေ။ နက်နက်ရှိုင်းရှိုင်း ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှုနည်းလမ်း ဖြစ်သော်လည်း အကြမ်းမဖက်သည့်နည်းလမ်းဖြင့် လူဦးရေ ပြန့်နှံ့တည်ရှိမှု အပြောင်းအလဲကို နှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်။ ယင်းအတွက် အရပ်သား ၁၀,၀၀၀ ကျော်ကို သတ်ဖြတ်ခြင်း၊ အမျိုးသမီးများအား စနစ်တကျနှင့် အချိတ်အဆက်မိမိ မုဒိန်းပြုကျင့်ခြင်း၊ လူပေါင်း ၇၂၅,၀၀၀

ကျော်ကို အစုအပြုံလိုက် ထွက်ခွာစေခြင်းနှင့် ရွာလုံးကျွတ်များကို ဖျက်ဆီးခြင်းတို့လုပ်ဆောင်ရန် လိုအပ်ခဲ့မည် မဟုတ်ပေ။

၁၄၃၈။ ရည်ရွယ်ချက်မှာ ကျယ်ကျယ်ပြန့်ပြန့် ဖျက်ဆီးမှုများ လုပ်ဆောင်ရန် မဟုတ်ပဲ ရိုဟင်ဂျာ လူထုများကို ရွှေ့ပြောင်းရုံသာ ဖြစ်နိုင်သည်ဟူသော ငြင်းဆိုချက်မှာလည်း အလားတူပင် ပြဿနာဖြစ်နေသည်။ အမျိုးမျိုးသော ပုံစံများဖြင့် အကြမ်းဖက်မှု၏ အတိုင်းအတာနှင့် ကျယ်ပြန့်မှု၊ တိုက်ခိုက်မှုများ၏ ပြင်းထန်မှုနှင့် ရက်စက်မှု၊ နှင့် တချိန်က ရှိခဲ့သော ရိုဟင်ဂျာများ၏ ဘဝများကို သူတို့၏ ရွာများနှင့် အိမ်များကို အစုအပြုံလိုက် ရှင်းလင်းဖယ်ရှားပစ်ခြင်းမှတဆင့် ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးမှုများသည် ထိုသို့သော ကောက်ချက် တစ်စုံတစ်ရာသည် ကျိုးကြောင်းဆီလျော်သည်ဟု စဉ်းစားပေးရန် ခက်ခဲသည်။ ဆယ်စုနှစ်ပေါင်းများစွာ လုပ်ဆောင်ခဲ့သော ဖိနှိပ်မှုနှင့် လူမဆန်အောင် နှိမ့်ချဆက်ဆံမှု ပုံစံများ နှင့် ရိုဟင်ဂျာများ၏ ဘေးကင်းလုံခြုံမှု၊ လုပ်ကိုင်စားသောက်မှုနှင့် ကာကွယ်မှုအတွက် အာမခံပေးရမည်ဟု ယုံကြည်မှုရှိရမည့် အာဏာပိုင်များဘက်တွင် အချိတ်အဆက်မိမိနှင့် ကျယ်ကျယ်ပြန့်ပြန့်လွှမ်းမိုးနေသော ခွဲခြားဆက်ဆံမှု ပြောဆိုချက်များကို ထည့်သွင်းစဉ်းစားသောအခါတွင် ပိုမို၍ပင် ပြည့်စုံစွာ ရုပ်လုံးပေါ်လာခဲ့ပေသည်။

**(ဃ) ကောက်ချက်။**

၁၄၃၉။ မြန်မာနိုင်ငံ၏ ရိုဟင်ဂျာလူများအပေါ် တိုက်ခိုက်မှုသည် ကျယ်ပြန့်မှုအတိုင်းအတာတွင် အလွန်ဆိုးရွားခဲ့သည်။ လူမှု အသိုင်းအဝိုင်း တစ်ခုလုံးက သူတို့ အိမ်များကို စွန့်၍ သူတို့၏ ကလေးများနှင့် မွေးကင်းစများနှင့် သက်ကြီးရွယ်အိုများ ထိခိုက်ဒဏ်ရာရသူများနှင့် သေလုမျောပါးလူများကို သယ်ဆောင်လျက် မြစ်များ၊ ရွှံ့နွံထူထပ်သော ကမ်းစပ်များကို ဖြတ်လျက် ထွက်ပြေးနေကြသည့် ရုပ်ပုံများသည် နိုင်ငံတကာ အသိုင်းအဝိုင်း၏ စိတ်တွင် ဆက်လက်တောက်လောင်နေမည်၊ ဆက်လက်တောက်လောင်နေရမည်ဖြစ်သည်။ ထိုကဲ့သို့ပင် "မတိုင်မီနှင့် နောက်ပိုင်း" ဂြိုလ်တု ဓါတ်ပုံများသည် ရွာလုံးကျွတ် ရွာလုံးကျွတ်များ မြေပုံပေါ်မှ ပျောက်ကွယ်သွားသည်ကို ပြသနေလိမ့်မည်။ ရခိုင်ပြည်နယ် မြောက်ပိုင်း နေရာ အများအပြားတွင် ဆယ်စုနှစ်ပေါင်းများစွာ တည်ရှိခဲ့သော ရိုဟင်ဂျာများ၏ သဲလွန်စများအားလုံး၊ သူတို့၏ ဘဝနှင့် လူမှုအသိုင်းအဝိုင်းသည် ဖယ်ရှားခံခဲ့ရသည်။ နယ်မြေအများအပြားရှိ အခြေအနေမှာ ယခုအခါတွင် တရားဝင် ဖြစ်စဉ်ဇာတ်ကြောင်းဖြစ်သည့် "မြန်မာနိုင်ငံတွင် ရိုဟင်ဂျာဟု ခေါ်သော လူအုပ်စု မရှိ" ဆိုသည်နှင့် ကိုက်ညီ သွားပုံ ရသည်။ "နယ်မြေ ရှင်းလင်းရေး စစ်ဆင်ရေးများ" အမှန်တကယ် အောင်မြင်သွားခဲ့သည်။

၁၄၄၀။ လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက် ရှိမရှိ မေးခွန်းသည် တစ်ခါတစ်ရံတွင် သက်ဆိုင်ရာ အာဏာပိုင်များနှင့် ချိုးဖောက်ကျူးလွန်သူများက ဘာတွေ လုပ်ဆောင်ခဲ့ပြီး ဖြစ်သည်၊ သူတို့အနေဖြင့် ပစ်မှတ်အုပ်စုကို တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်း ဖျက်ဆီးလိုခဲ့သလား ဆိုသည်ကို စစ်ဆေးခြင်းဖြင့် ပြောင်းပြန် ချည်းကပ်ပါက အသုံးဝင်နိုင်သည်။ ရိုဟင်ဂျာများအပေါ် တိုက်ခိုက်မှုများကို အတူတကွ ပေါင်းစည်းလုပ်ဆောင်ကြသူများ၏ အပြုအမူများကို

အမျိုးမျိုးကွဲပြားသော စီစစ်မှု စာရင်းတွင် တွေ့နိုင်သည်။ လူ့အခွင့်အရေးများကို စနစ်တကျ ဖယ်ရှားခြင်း၊ လူမဆန်စွာ နှိမ့်ချသည် ဖြစ်ရပ် ဇာတ်ကြောင်းများနှင့် ပြောဆိုမှုများ၊ နည်းစနစ်ကျနသော စီစဉ်မှုများ၊ အစုအပြုံလိုက်သတ်ဖြတ်မှု၊ အစုအပြုံလိုက် ရွှေ့ပြောင်းစေမှု၊ အစုအပြုံလိုက် အကြောက်တရား၊ အားလုံးကို လွှမ်းခြုံသည့် အဆင့်ရှိ ရက်စက်မှုတို့သည် ပစ်မှတ် လူထုများ၏ အိမ်များကို ရုပ်ပိုင်းဆိုင်ရာ ဖျက်ဆီးခြင်း တို့ကို မြင်ကွင်းတိုင်းနှင့် အဆင့်တိုင်းတွင် ပူးတွဲလျက်တွေ့ရှိရသည်။

၁၄၄၁။ ထို့ကြောင့် မစ်ရှင်က ကျိုးကြောင်း ဆီလျော်သော အခြေခံများအပေါ်တွင် လူမျိုးတုန်းသတ်ဖြတ်မှု ရည်ရွယ်ချက်၏ သက်ရောက်မှုများကို ခွင့်ပြုသော အကြောင်းအရာများကို ကောက်ချက်ချထားသည်။ ယခုအခါ အရည်အသွေးပြည့်ဝသော တရားစွဲဆိုသည့် အဖွဲ့အစည်းနှင့် ဥပဒေဆိုင်ရာ တရားရုံး တို့က သက်ဆိုင်ရာ လူပုဂ္ဂိုလ်များအပေါ် လူပုဂ္ဂိုလ်တစ်ဦးချင်းက အပြစ်ရှိသည် သို့မဟုတ် အပြစ်မရှိ ဆိုသည်ကို စုံစမ်းစစ်ဆေးရန် ဖြစ်သည်။

## ခ။ လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ

၁၄၄၂။ လူသားမျိုးနွယ် အပေါ် ကျူးလွန်သော ရာဇဝတ်မှုသည် နိုင်ငံတကာ ဥပဒေအောက်တွင် အဆိုးရွားဆုံး ရာဇဝတ်မှုများထဲတွင် ပါဝင်သည်။ ယင်းတို့မှာ အထူးသဖြင့် မည်သည့် အရပ်သား ပြည်သူများကိုမဆိုအပေါ် ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှု၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်သော ပြင်းထန်ဆိုးရွားသည့် နှိမ့်ချစော်ကားမှု သို့မဟုတ် ဂုဏ်သိက္ခာ ညှိုးနွမ်းစေမှုကို ဖြစ်ပေါ်စေသည့် ကြီးမားသည့် ချိုးဖောက်လုပ်ဆောင်မှုများဖြစ်သည်။[3109] ဤသတ်သတ်မှတ်မှတ် အခြေအနေသည် အဖွဲ့အစည်း တစ်ခု၏ လူသားဆန်မှု အသိကို အထိတ်တလန့်ဖြစ်စေသော အတိုင်းအတာနှင့် ပမာဏကို ဖော်ညွှန်းသည့် "သာမာန်" ရာဇဝတ် အပြုအမူများ ကို နိုင်ငံတကာ အသိုင်းအဝိုင်း တစ်ခုလုံး အနေဖြင့် စိုးရိမ်ပူပန်ဖွယ်ဖြစ်စေရန် မြှင့်တင်ပေးလိုက်သည့် အထူး အခြေအနေဖြစ်သည်။ ဤစဉ်းစားချက်ပေါ်တွင် တည်ဆောက်ရရှိထားသော အချက်အလက်များသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု မြောက်မမြောက်ကို မစ်ရှင်က ICC ၏ ရောမ သဘောတူ စာချုပ် ပုဒ်မ ၇ တွင် ပါဝင်သော အဓိပ္ပါယ် ဖွင့်ဆိုချက်အပေါ် တွင် အမှီပြုထားသည်။[3110] သက်ဆိုင်သည့် နေရာများတွင် ဓလေ့ထုံးစံများမှ ဖြစ်နိုင်ချေရှိသည့် ကွဲပြားမှုများကို မှတ်ချက်ပြုထားသည်။

၁၄၄၃။ လူသားမျိုးနွယ် ကို ဆန့်ကျင်သော ရာဇဝတ်မှုအတွက် ဥပဒေဆိုင်ရာ သတ်မှတ်မှုမူဘောင်သည် မြင့်မားသည်။ ပထမဦးစွာ လိုအပ်သော ရာဇဝတ်ဆိုင်ရာ

---

[3109] A. Cassese၊ နိုင်ငံတကာ ရာဇဝတ် ဥပဒေ၊ (တတိယအကြိမ်)၊ (Oxford University Press၊ Oxford၊ ၂၀၁၃)၊ စာ-၉၀-၉၁။

[3110] ဤအဓိပ္ပာယ် ဖွင့်ဆိုချက်သည် အစိုးရများအကြားတွင် ကျယ်ပြန့်သော ထောက်ခံမှုကို ရရှိသည်။ A/CN.4/680၊ နိုင်ငံတကာ ဥပဒေ ကော်မရှင်၊ Sean D. Murphy ရေးသော လူသားကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ ပထမ အစီရင်ခံစာ၊ အထူးကိုယ်စားလှယ်၊ စာပိုဒ် ၁၂၂၊ A/70/10၊ နိုင်ငံတကာ ဥပဒေ ကော်မရှင် အစီရင်ခံစာ၊ ၂၀၁၅ ဩဂုတ် ၁၄၊ စာ-၅၉၊ စာပိုဒ် ၈ ကိုလည်းကြည့်၊

ရည်ရွယ်ချက်နှင့်အတူ တားမြစ်ထားသော အပြုအမူများ ဖြစ်ပွားခဲ့ခြင်း ရှိမရှိကို ဖော်ပြရမည်။[3111] လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများသည် သူတို့၏ အခြေအနေအနေအထားပေါ်တွင် အဓိပ္ပါယ်ဖွင့်ဆိုထားသောကြောင့် အပြုအမူသည် "တစ်စုံတစ်ခုသော အရပ်သား ပြည်သူများကို ဦးတည်သည် ကျယ်ပြန့်သော သို့မဟုတ် စနစ်တကျလုပ်ဆောင်သော တိုက်ခိုက်မှု၏ အစိတ်အပိုင်းဖြစ်ကြောင်း" လည်း ပြသရမည်ဖြစ်သည်။ အရပ်သား ပြည်သူများကို ဦးတည်သည့် တိုက်ခိုက်မှု ဆိုသည်မှာ "ထိုတိုက်ခိုက်မှုကို ကျူးလွန်ရန် အစိုးရ သို့မဟုတ် အဖွဲ့အစည်း ဆိုင်ရာ မူဝါဒ နှင့်အညီ သို့မဟုတ် မူဝါဒ နှင့် တဆက်တစပ်တည်း ဖြစ်သော မည်သည့် အရပ်သား ပြည်သူလူထုအပေါ် မဆို (တားမြစ်ထားသော) အပြုအမူများအား အမျိုးမျိုးသော လုပ်ဆောင်မှုများ ပါဝင်သည့် အပြုအမူလမ်းကြောင်း တစ်ခု ဖြစ်သည်။[3112] "တိုက်ခိုက်မှု" တစ်ခု ဆိုရာတွင် စစ်ရေး တိုက်ခိုက်မှု သို့မဟုတ် လက်နက်ကိုင် အင်အား အသုံးပြုမှု ပါဝင်ရန် လိုအပ်ခြင်း မရှိပဲ။ ယင်းသည် ဥပမာအားဖြင့် အရပ်သား ပြည်သူများအား မှားယွင်းသော ပြုမူဆက်ဆံမှုအားလုံး ဖြစ်နိုင်သည်။[3113] "(အရပ်သားပြည်သူများ) အပေါ် ဦးတည်သော" ဆိုရာတွင် ဖြစ်ရပ်အလိုက် ကျူးလွန်ခံရသူ တစ်ဦးတစ်ယောက်ချင်းထက် အရပ်သား ပြည်သူများကို အဓိက ပစ်မှတ်အဖြစ် တိုက်ခိုက်မှုဖြစ်ရန် လိုအပ်သည်။[3114] "မည်သည့်.. ကိုမဆို" ဟူသော စကားလုံးသည် "အရပ်သား ပြည်သူများ" ကို နိုင်ငံသားဖြစ်မှု၊ လူမျိုး သို့မဟုတ် အခြား ထူးခြားသော သွင်ပြင်လက္ခဏာများနှင့်[3115] မသက်ဆိုင်ပဲ ကျယ်ကျယ်ပြန့်ပြန့် နားလည်မှုကို ရည်ညွှန်းသည်။[3116]

၁၄၄၄။ တိုက်ခိုက်မှုသည် ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ ဖြစ်ရမည်။ ကျယ်ကျယ်ပြန့်ပြန့် ဆိုသည်မှာ ယေဘူယျအားဖြင့် အရေအတွက်နှင့် ပထဝီဆိုင်ရာ အစိတ်အပိုင်း ပါဝင်ပြီး ပစ်မှတ်ထားခံရသော လူများ၏ အရေအတွက်၊[3117] ကျူးလွန်ခံရသူများ ကွဲပြားများပြားမှု၊[3118] ပြုမူလုပ်ဆောင်မှုများ၏ အကြိမ်ရေ၊[3119] နှင့်/သို့ တိုက်ခိုက်မှုသည် နေရာ

---

[3111] ICC သဘောတူစာချုပ်၊ ပုဒ်မ ၇(၁)။

[3112] ICC သဘောတူစာချုပ်၊ ပုဒ်မ ၇(၂)(က)။

[3113] ICC ရာဇဝတ်မှု၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇၊ စာပိုဒ် ၃။ ICTY၊ *Prosecutor v. Kunarac et al.*၊ IT-96-23 and IT-96-23/1-a၊ စီရင်ချက်။ ၂၀၀၂ ဇွန် ၁၂ ရက်၊ စာပိုဒ် ၈၆။

[3114] ICC, *Prosecutor v. Katanga*, ICC-01/04-01/07-3436-tENG။ သဘောတူစာချုပ်၏ ပုဒ်မ ၇၄ အရ ဆုံးဖြတ်ချက်၊ ၂၀၁၅ ခုဧပြီ ၂၀ ရက်၊ စာပိုဒ် ၁၁၀၄။ ICTY, *Prosecutor v. Kunarac et al.*, IT-96-23-T and IT-96-23/ 1-T, စီရင်ချက်။ ၂၀၀၁ ဖေဖော်ဝါရီ ၂၂ ရက်၊ စာပိုဒ် -၄၂၁။

[3115] ICC, *Prosecutor v. Katanga and Ngudjolo*, ICC-01/04-01/07-717၊ အရေးယူမှုများ၏ အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်။ ၂၀၀၈ စက်တင်ဘာ ၃၀ ရက်၊ စာပိုဒ်- ၃၉၉။

[3116] ICTY, *Prosecutor v. Mrksic et al.,* IT-95-13/1-T၊ စီရင်ချက်။ ၂၀၀၇ စက်တင်ဘာ ၂၇ ရက်၊ စာပိုဒ်- ၄၄၂။ ICTY, *Prosecutor v. Tadic*, IT-94-1-T၊ စီရင်ချက်၊ ၁၉၉၇ မေ ၇ ရက်၊ စာပိုဒ် ၆၄၃။ ICTY *Prosecutor v. Kupreskic*, IT-95-16-T၊ စီရင်ချက်။ ၂၀၀၀ ဇန္နဝါရီ ၁၄ ရက်၊ စာပိုဒ် ၅၄၇။

[3117] ICC, *Prosecutor v. Katanga and Ngudjolo*, ICC-01/04-01/07-717၊ အရေးယူမှုများ၏ အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်။ ၂၀၀၈ စက်တင်ဘာ ၃၀ ရက်၊ စာပိုဒ်- ၃၉၄။ ICTY, *Prosecutor v. Kordic and Cerkez*, IT-95-14/2-a၊ စီရင်ချက်၊ ၂၀၀၄ ဒီဇင်ဘာ ၁၇ ရက်၊ စာပိုဒ် ၉၄။ *Prosecutor v. Blagojevic and Jokic*, IT-02-60-T, စီရင်ချက်။ ၂၀၀၅ ဇန္နဝါရီ ၁၇ ရက်။ စာပိုဒ် ၅၄၅-၅၄၆။

[3118] A/51/10၊ ယင်း၏ လေးဆယ့် ရှစ်ကြိမ်မြောက် အစည်းအဝေး၏ လုပ်ငန်းရပ်များအပေါ် နိုင်ငံတကာ ဥပဒေ ကော်မရှင်၏ အစီရင်ခံစာ၊ ၁၉၉၆ မေ ၆-ဇူလိုင် ၂၆၊ အထွေထွေညီလာခံ ၅၁ ကြိမ်မြောက် အစည်းအဝေး တရားဝင် မှတ်တမ်းများ၊ အချပ်ပို အမှတ် ၁၀၊ စာမျက်နှာ ၄၇ (ကျယ်ပြန့်သော စကားအစား ရောမအတိုင်းအတာဟု သုံးသည်။) ICTR, *Prosecutor v. Akayesu*, ICTR-96-4-T၊ စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၅။ စာပိုဒ် ၅၈၀။ ICTR, *Prosecutor v. Kayishema and Ruzindana*, ICTR-95-1-T၊ စီရင်ချက် ၁၉၉၉ မေ ၂၁ ရက်၊ စာပိုဒ် ၁၂၃။ ICTY, *Prosecutor v. Mrksic,* IT-95-13/1-T၊ စီရင်ချက်၊ ၂၀၀၇ စက်တင်ဘာ ၂၇ ရက်၊ စာပိုဒ်- ၄၃၇။

ဒေသအများအပြားတွင် ဖြစ်ပွားမှု[3120]တို့နှင့် သက်ဆိုင်သည်။ စနစ်တကျ ဆိုရာတွင် အကြမ်းဖက် အပြုအမူ၏ စနစ်တကျ ဖွဲ့စည်းထားသော သဘာဝနှင့် သူတို့၏ ကွက်ကြား ဖြစ်ပွားမှု၏ ဖြစ်နိုင်ချေ မရှိမှု[3121] သို့မဟုတ် အစဉ်တစိုက် ပုံစံတစ်ခုကို လိုက်နာနေသော စနစ်တကျ လုပ်ဆောင်မှု သို့မဟုတ် မူဝါဒ သို့မဟုတ် စီမံချက် တစ်ခုနှင့် သက်ဆိုင်နေခြင်းတို့ နှင့် သက်ဆိုင်သည်။[3122] ရာဇဝတ်မှုများ၏ ပုံစံများ သို့မဟုတ် "ပုံမှန်ဖြစ်မှု အခြေခံပေါ်တွင် အလားတူ ရာဇဝတ် အပြုအမူ၏ မတော်တဆ မဟုတ်သော ထပ်ကာဖြစ်ပွားမှု" တို့ကို စနစ်တကျ ဖြစ်ပွားမှု၏ တူညီသော ဖော်ပြချက်များအဖြစ် မြင်သည်။[3123] တိုက်ခိုက်မှု တစ်ခုသည် ဥပမာအားဖြင့် "ကျူးလွန်သူများက မတူညီသော နေရာဒေသများတွင် အလားတူ နည်းလမ်းနှင့် နည်းနာများကို ကျင့်သုံးသည့်အခါ" စနစ်တကျ တိုက်ခိုက်မှု ဖြစ်လာသည်။[3124] နောက်ဆုံးအနေဖြင့် ကျူးလွန်သူများသည် ပြုမှုလုပ်ဆောင်မှုများ ဖြစ်ပွားနေသည့် ကျယ်ပြန့်သော အခြေအနေကို သတိပြုမိကြောင်း ဖော်ပြချက်လည်း ရှိရမည်။

၁၄၄၅။ ယင်းအခြေအနေဆိုင်ရာ အစိတ်အပိုင်းများသည် တားမြစ်ထားသော ပြုမူဆောင်ရွက်မှု တစ်စုံတစ်ခုသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု အဆင့် ရောက်မရောက်ကို ဆုံးဖြတ်သည်။ ယင်းတားမြစ်ထားသော အပြုအမူများတွင် လူသတ်မှု၊ မျိုးတုန်းစေခြင်း၊ ကျွန်ပြုခြင်း၊ လူအုပ်စုတစ်ခုကို ပြည်ပသို့ ထွက်ခွာစေခြင်း သို့မဟုတ် အဓမ္မ ရွှေ့ပြောင်းစေခြင်း၊ အကျဉ်းချထားခြင်း သို့မဟုတ် နိုင်ငံတကာ ဥပဒေ၏ အခြေခံစည်းမျဉ်းများကို ချိုးဖောက်သည့် ရုပ်ပိုင်းဆိုင်ရာ လွတ်လပ်ခွင့်ကို ပြင်းထန်စွာ ဖယ်ရှားခြင်း၊ နှိပ်စက်ညှင်းပန်းခြင်း၊ မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်း၊ ပြည့်တန်ဆာအဖြစ် အဓမ္မလုပ်စေခြင်း၊ အဓမ္မ ကိုယ်ဝန်ဆောင်စေခြင်း၊ သားကြောဖြတ်အောင် လုပ်ဆောင်ခြင်း၊ သို့မဟုတ် အခြားသော နှိုင်းယှဉ်ချက်အရ ကြီးမားသော လိင်ဆိုင်ရာ အကြမ်းဖက်မှု  ပုံစံတစ်မျိုးမျိုး၊ သတ်မှတ်ဖော်ထုတ်နိုင်သော အုပ်စု သို့မဟုတ် စုပေါင်းထားသူများကို နောက်ယှက်စော်ကားခြင်း၊ လူများကို အဓမ္မ ပျောက်ဆုံးစေခြင်း၊ အသားအရောင်ခွဲခြားခြင်း၊ ကြီးမားသော ခံစားမှု သို့မဟုတ် ခန္ဓာကိုယ်အား ပြင်းထန်သော

---

[3119] ICC, *Prosecutor v. Mbarushimana,* ICC-01/04-01/10-465-Red၊ အရေးယူမှုများ၏ အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်။ ၂၀၁၁ ဒီဇင်ဘာ ၁၆ ရက်၊ စာပိုဒ်- ၂၆၅။ ရာဇဝတ်မှုများမှာ မလုံလောက်ပါ အဘယ်ကြောင့်ဆိုသော် ယင်းတို့သည် ၆ လကာလအတွင်း ကျူးလွန်ပြီး ပြန့်ကျဲနေသောကြောင့်ဖြစ်သည်။

[3120] ICC, *Prosecutor v. Ruto,* ICC-01/09-01/11-373၊ ပုဒ်မ ၆၁(၇)(က) နှင့် (ခ) အရ အရေးယူမှုများ၏ အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်။ ၂၀၀၈ စက်တင်ဘာ ၃၀ ရက်၊ စာပိုဒ်- ၃၉၉။ ရောမ သဘောတူစာချုပ် ပုဒ်မ ၆၁(၇)(က)နှင့် (ခ)နှင့် ဆက်နွယ်သည့် အပြစ်ပေး အရေးယူမှုကို အတည်ပြုသော ဆုံးဖြတ်ချက်။ ၂၀၁၂ ဇန္နဝါရီ ၂၃ ရက်၊ စာပိုဒ် ၁၇၇။

[3121] ICC, *Prosecutor v. Katanga and Ngudjolo*, ICC-01/04-01/07-717၊ အပြစ်ပေး အရေးယူမှုကို အတည်ပြုသော ဆုံးဖြတ်ချက်။ ၂၀၀၈ အောက်တိုဘာ ၁၄၊ စာပိုဒ်-၃၉၄။ ICC, *Prosecutor v. Ruto*, ICC-01/09-01/11-373, ရောမ သဘောတူစာချုပ် ပုဒ်မ ၆၁(၇)(က)နှင့် (ခ)နှင့် ဆက်နွယ်သည့် အပြစ်ပေး အရေးယူမှုကို အတည်ပြုသော ဆုံးဖြတ်ချက်။ ၂၀၁၂ ဇန္နဝါရီ ၂၃ ရက်၊ စာပိုဒ် ၁၇၉။ ICTY, *Prosecutor v. Mrksic*, IT-95-13/1-T၊ စီရင်ချက်။ ၂၀၀၇ စက်တင်ဘာ ၂၇ ရက်၊  စာပိုဒ် ၄၃၇။ ICTY, *Prosecutor v. Kunarac et al.*, IT-96-23-T and IT-96-23/1-T၊ စီရင်ချက်။ ၂၀၀၁ ဖေဖော်ဝါရီ ၂၂ ရက်။ စာပိုဒ် ၄၂၉။

[3122] ICTR, *Prosecutor v. Akayesu,* ICTR-96-4-T၊ စီရင်ချက်။ ၁၉၉၈ စက်တင်ဘာ ၅ ရက်၊ စာပိုဒ် ၅၈၀။  *Prosecutor v. Kayishema and Ruzindana*, ICTR-95-1-T၊ စီရင်ချက်။ ၁၉၉၉ မေ ၂၁ ရက်။ စာပိုဒ် ၁၂၃။

[3123] ICTR, *Prosecutor v. Kunarac et al.*, IT-96-23 & IT-96-23/1-a၊ စီရင်ချက်၊ ၂၀၀၂ ဇွန် ၁၂ ရက်၊ စာပိုဒ် ၉၄။

[3124] ICC, *The Prosecutor v. Ntaganda*, ICC-01/04-02/06-36-Red၊ တရားစွဲသူ၏ လျှောက်ထားမှု အောက်တွင် ပုဒ်မ ၅၈ အရ စီရင်ချက်။ ၂၀၁၂ ဇူလိုင် ၁၃၊ စာပိုဒ် ၃၁။

ထိခိုက်ဒဏ်ရာ သို့မဟုတ် စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေး ထိခိုက်မှုကို တမင်သက်သက် ဖြစ်စေရန် အလားတူ သဘောလက္ခဏာရှိသော လူသားမဆန်သည့် အခြားသော အပြုအမူများ၊ ပါဝင်သည်။

### ၁။ ကချင်နှင့် ရှမ်းပြည်နယ်များ

### (က) ရှိထားပြီး တားမြစ်ထားသော အပြုအမူများ

*လူသတ်မှု*

၁၄၄၆။ လူသတ်မှုကို နိုင်ငံတကာ ဥပဒေအောက်တွင် လူသားတစ်ဦးကို ဥပဒေနှင့်မညီပဲ ရည်ရွယ်ချက်ရှိရှိ သတ်ဖြတ်ခြင်းဟု အဓိပ္ပါယ်ဖွင့်သည်။[3125] ကျူးလွန်ခံရသူ၏ သေဆုံးမှုသည် သတ်ဖြတ်ရန် ရည်ရွယ်ချက်ရှိသော သို့မဟုတ် ကျူးလွန်သူအနေဖြင့် သေဆုံးနိုင်သည်အထိ ဖြစ်သွားနိုင်ကြောင်း ကျိုးကြောင်းဆက်စပ်လျက်သိရှိသော ပြင်းထန်သည့် ခန္ဓာကိုယ် ထိခိုက်မှု ဖြစ်စေရန် ရည်ရွယ်ချက်ရှိသော အပြုအမူ သို့မဟုတ် လစ်လျူရှုမှုမှ ဖြစ်ပေါ်ရမည်။[3126]

၁၄၄၇။ သုံးသပ်မှု လုပ်နေစဉ်ကာလ အောက်တွင် ကချင်နှင့် ရှမ်းပြည်နယ်များအတွင်း အရပ်သားများအား ဥပဒေနှင့်မညီသော သတ်ဖြတ်မှု အများအပြားဖြင့် အသက်ရှင်ရပ်တည်ခွင့်ကို ချိုးဖောက်သော ပုံစံများအပေါ် တည်ဆောက်ထားသော အစဉ်တစိုက်နှင့် ယုံကြည်ရလောက်သော အချက်အလက်များကို ဤအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည်။ မစ်ရှင်ကို အစီရင်ခံသော သတ်ဖြတ်မှုအများအပြားမှာ တပ်မတော်၏ ချုပ်နှောင်မှုအတွင်းတွင် လူပုဂ္ဂိုလ်များအား သတ်ဖြတ်မှု သို့မဟုတ် ဥပဒေပြင်ပ သေဒဏ်ပေးမှုများ ဖြစ်သည်။ အခြားသော ဥပဒေနှင့် မညီသည့် သတ်ဖြတ်မှုများသည် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေး အခြေအနေများအတွင်း ခွဲခြားသတ်မှတ်မှုမရှိသော တိုက်ခိုက်မှုများ သို့မဟုတ် အရပ်သားများအပေါ် ဦးတည်သည့် တိုက်ခိုက်မှုများ၏ အကျိုးဆက်အဖြစ် ဖြစ်ပွားသည်။ အမျိုးသမီးများနှင့် ကလေးများအပါအဝင် အရပ်သားများသည် တိုက်ခိုက်မှုများမှ ထွက်ပြေးနေစဉ် သို့မဟုတ် ပုန်းခိုရာ ရှာဖွေနေစဉ်အတွင်း တပ်မတော်က သူတို့ကို တိုက်ရိုက်ဦးတည်သော ပစ်ခတ်မှုများ သို့မဟုတ် လက်နက်ကြီး ပစ်ခတ်မှုများကြောင့် ဖြစ်ပွားကြောင်း ထွက်ဆိုချက်များကို ရရှိသည်။ ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများက တပ်မတော်က သူတို့၏ ရန်ဘက်ဖြစ်သော လက်နက်ကိုင်အဖွဲ့အစည်းများနှင့် လူမျိုးချင်းတူသော အရပ်သား လူပုဂ္ဂိုလ်များကို မည်သို့ ပစ်မှတ်ထားသည်ဆိုသည်ကို အကြိမ်ကြိမ် အစဉ်တစိုက် ပြန်လည်ပြောပြကြသည်။ အထူးသဖြင့် ပစ်မှတ်ထားခံရသူများမှာ တိုက်ခိုက်ရေးလုပ်နိုင်သည့် အသက်အရွယ်ဖြစ်သော အသက် ၁၈ နှစ်မှ ၄၀ နှစ်အတွင်း ယောကျ်ားများ ဖြစ်ကြသည်။

---

[3125] ICC ရာဇဝတ်မှု၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(က)။ ICTR, *Prosecutor v. Akayesu,* ICTR-96-4-T၊ စီရင်ချက်။ ၁၉၉၈ စက်တင်ဘာ ၅။ စာပိုဒ် ၅၈၉ ။

[3126] ICTY, *Prosecutor v. Kvocka et al.*, IT-98-30/1-a၊ စီရင်ချက်၊ ၂၀၀၅ ဖေဖော်ဝါရီ ၂၈၊ စာပိုဒ် ၂၅၉။

၁၄၄၈။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် လူသားကိုဆန့်ကျင်သော ရာဇဝတ်မှု အခြေခံများအပေါ်တွင် သတ်ဖြတ်မှုများကို ကျူးလွန်နေကြောင်း ကျိုးကြောင်းခိုင်လုံသော အချက်အလက်များအရ မစ်ရှင်က ကောက်ချက်ချသည်။

*ကျွန်ပြုခြင်း*

၁၄၄၉။ ကျွန်ပြုခြင်းဆိုသည်မှာ လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အပေါ်[3127] ပိုင်ဆိုင်ခွင့်အတွက် တစ်စုံတစ်ရာသော သို့မဟုတ် အားလုံးသော ဩဇာအာဏာများကို အသုံးပြုခြင်းဖြစ်သည်။ အဓိပ္ပါယ်မှာ "လူတစ်ဦးတစ်ယောက်၏ ကိုယ်ပိုင်လွတ်လပ်ခွင့်တစ်စုံတစ်ရာကို ဖယ်ရှားရန် သက်ဆိုင်သော မှီခိုမှု အခြေအနေတပ်ရပ်ကို ထားရှိခြင်းဖြင့် ဥစ္စာပစ္စည်း တစ်ခုအနေဖြင့် သဘောထားလျက် ထိုလူအား အသုံးပြုခြင်း၊ ပျော်ပါးခြင်း နှင့် ဖယ်ရှားခြင်း" ဖြစ်သည်။[3128] ယင်းတွင် လူပုဂ္ဂိုလ် တစ်ဦးအား ဝယ်ယူခြင်း၊ ရောင်းချခြင်း၊ ချေးငှားခြင်း သို့မဟုတ် လဲလှယ်ခြင်းတို့ ပါဝင်သည်။[3129] အခြေအနေတစ်ရပ်သည် ကျွန်ပြုခြင်း မြောက်မမြောက်မှာ တစ်စုံတစ်ဦး၏ လှုပ်ရှားသွားလာမှုကို ထိန်းချုပ်ခြင်း၊ ရုပ်ပတ်ဝန်းကျင်ကို ထိန်းချုပ်ခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိန်းချုပ်မှု၊ လွတ်မြောက်မှုမှ တားဆီးရန် သို့မဟုတ် လွဲချော်စေရန် လုပ်ဆောင်သော အရေးယူဆောင်ရွက်မှုများ၊ အင်အား သို့မဟုတ် ဖိအားပေးခြင်းဖြင့် ခြိမ်းခြောက်ခြင်း၊ အချိန်ကာလ၊ သီးခြားဖြစ်မှုကို ကြေညာခြင်း၊ ရက်စက်သော ဆက်ဆံမှုနှင့် မှားယွင်းသော လုပ်ဆောင်မှုများ ကျရောက်စေခြင်း၊ လိင်မှုဆိုင်ရာ ထိန်းချုပ်ခြင်း နှင့် အဓမ္မ လုပ်အားတို့ ပါဝင်သည်။[3130] အခြားသော မှားယွင်းလုပ်ဆောင်မှု အထောက်အထားများ မရှိသည့်တိုင်ပင် အဓမ္မ လုပ်အားသည် ကျွန်ပြုခြင်း အဆင့်သို့ မြင့်တက်လာနိုင်သည်။[3131] အဓမ္မလုပ်အား စေခိုင်းမှုက အကန့်အသတ်ကို ကျော်လွန်ခြင်း ရှိမရှိကို မေးခွန်းထုတ်ရာတွင် "သက်ဆိုင်ရာ ပုဂ္ဂိုလ်များတွင် သူတို့ လုပ်မည်မလုပ်မည်ကို ရွေးချယ်စရာ မရှိ" မှုကို ဆန်းစစ်သည်။[3132] ထို့အပြင် ကျူးလွန်သူသည် ပိုင်ဆိုင်ခွင့်နှင့် ပူးတွဲလျက် အခွင့်အာဏာကို ကျင့်သုံးရန် ရည်ရွယ်ချက်လည်း ရှိရမည်။[3133]

---

[3127] ICC စာချုပ်၊ အပိုဒ် ၇ (၂) (ဂ)

[3128] ICC, *Prosecutor v. Katanga*, ICC-01/04-01/07-3436-tENG၊ စီရင်ချက်၊ ၂၀၁၄ မတ် ၇ ရက်၊ စာပိုဒ် ၉၇၅။

[3129] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဂ)၊ စာပိုဒ် ၁။

[3130] ICTY, *Prosecutor v. Kunarac et al.*, IT-96-23-T & IT-96-23/1-T၊ စီရင်ချက်၊ စာပိုဒ် ၅၄၂။ ICTY, *Prosecutor v. Kunarac et al.*, IT-96-23 & IT-96-23/1-a၊ စီရင်ချက်၊ ၂၀၀၂ ဇွန် ၁၂ ရက်၊ စာပိုဒ် ၁၁၉ ။ ICC, *Prosecutor v. Katanga*, ICC-01/04-01/07-3436၊ သဘောတူစာချုပ် ပုဒ်မ ၇၄ အရ စီရင်ချက်။ ၂၀၁၄ မတ် ၇ ရက်။ စာပိုဒ် ၉၇၆။ ECCC, *Prosecutor v. Kaing Guek Eav*, 001/18-07-2007- ECCC/SC၊ စီရင်ချက် ၂၀၁၂ ဖေဖော်ဝါရီ ၃၊ စာပိုဒ် ၁၁၇-၁၆၂။

[3131] ECCC, *Prosecutor v. Kaing Guek Eav*, 001/18-07-2007- ECCC/SC၊ အယူခံ စီရင်ချက်၊ ၂၀၁၂ ဖေဖော်ဝါရီ ၃။ စာပိုဒ် ၁၂၆။ *Prosecutor v. Kunarac et al.*, IT-96-23/IT-96-23/1၊ စီရင်ချက်။ ၂၀၀၁ ဖေဖော်ဝါရီ ၂၂ ရက်၊ စာပိုဒ် ၅၄၁။

[3132] SCSL, *Prosecutor v. Taylor*, SCSL-03-1-T၊ စီရင်ချက်။ ၂၀၁၂ မေ ၁၈ ရက်၊ စာပိုဒ် ၄၄၈။ ICTY, *Prosecutor v. Krnojelac*, IT-97-25-T၊ စီရင်ချက်၊ ၂၀၀၂ မတ် ၁၅ ရက်၊ စာပိုဒ် ၃၅၉။ နိုင်ငံတကာ စစ်ရာဇဝတ်ခုံရုံး၊ နူရင်ဘတ် ရှေ့မှောက်တွင် အဓိက စစ်ရာဇဝတ်ကောင်များအား တရားစီရင်ခြင်း၊ ၁၉၄၅ နိုဝင်ဘာ ၁၄ ရက်- ၁၉၄၆ အောက်တိုဘာ ၁ ရက်၊ အတွဲ ၂၂ (၁၉၄၇)၊ စာမျက်နှာ ၅၆၅-၅၆၆။ နိုင်ငံတကာ စစ်ရာဇဝတ်ခုံရုံး၊ နူရင်ဘတ် ရှေ့မှောက်တွင် အဓိက စစ်ရာဇဝတ်ကောင်များအား တရားစီရင်ခြင်း၊ ၁၉၄၅ နိုဝင်ဘာ ၁၄ ရက်- ၁၉၄၆ အောက်တိုဘာ ၁ ရက်၊ အတွဲ ၂၂ (၁၉၄၇)၊ စာမျက်နှာ ၅၇၉။

[3133] ICTY, *Prosecutor v. Kunarac et al.*, IT-96-23 & IT-96-23/1-a၊ စီရင်ချက်၊ ၂၀၀၂ ဇွန် ၁၂ ရက်၊ စာပိုဒ် ၁၂၂။

၁၄၅၀။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် အဓမ္မလုပ်အား စေခိုင်းမှု အတိုင်းအတာ မည်မျှရှိပြီး တိုင်းရင်းသား လူနည်းစုများ၏ နေ့စဉ်ဘဝ အဖြစ်ရှိနေသည်ဆိုသည်ကို မျက်မြင်သက်သေတစ်ဦး၏ မစ်ရှင်ကို ပြောပြချက်ထက် မည်သည့်အရာကမျှ ပို၍ ကောင်းအောင် ဖော်ပြနိုင်မည်မထင်ပေ။ သူက မြန်မာနိုင်ငံမှ ထွက်ခွာလာသည့်အချိန်အထိ ယင်းအလေ့အထမှာ တရားမဝင်ကြောင်း သတိမထားမိခဲ့ဟု ပြောပြသည်။ အသက် ၁၂ နှစ် ၁၃ နှစ်အရွယ်မှစ၍ တစ်လလျှင် နှစ်ကြိမ် အဓမ္မလုပ်အား စေခိုင်းခံခဲ့ရသော အခြား မျက်မြင်သက်သေတစ်ဦး၏ စကားလုံးဖြင့် ပြောရလျှင် "ကျွန်မတို့ အဲဒါကို တစ်သက်လုံး လုပ်ခဲ့တယ်" ဟု ဖြစ်သည်။[3134] မလုပ်ရန် ငြင်းဆန်ခြင်းမှာ မည်သို့မျှ မဖြစ်နိုင်ပေ။ ခြိမ်းခြောက်ခြင်း သို့မဟုတ် အကြမ်းဖက်ခြင်း ရလာဒ်များအပြင် အခြား မည်သည့် အရာမဆိုဖြစ်နိုင်သည်။ စစ်သားများက ထွက်ပြေးရန် ကြိုးပမ်းသူများကို ပစ်ခတ်သည့် အစီရင်ခံချက်များ ရှိသည်။ ဤအစီရင်ခံစာတွင် ဖော်ပြထားသောမည်သည့် လုပ်အားစေခိုင်းမှုမျှ အလုပ်လုပ်သူ၏ ကိုယ်ပိုင်ဆန္ဒဖြင့် လုပ်ဆောင်ခဲ့သည်မဟုတ်ပဲ ဖြစ်ရပ် အများအပြားတွင် တပ်မတော်နှင့် လုံခြုံရေး တပ်ဖွဲ့များက အရပ်သားများအပေါ် ပိုင်ဆိုင်မှု သြဇာအာဏာကို အသုံးပြုလျက် အတင်းအဓမ္မလုပ်အားကို စီမံခန့်ခွဲခြင်းဖြစ်သည့်အပေါ် မစ်ရှင်က ကျေနပ်သည်။ ယင်းကို ဖိအား၊ ခြိမ်းခြောက်မှု၊ လွတ်မြောက်ရန် လမ်းစမရှိခြင်း၊ မလျော်မကန်ပြုမှုဆက်ဆံခြင်းနှင့် မကြာခဏပင် အဓမ္မလုပ်အား နှင့် တွဲလျက်ရှိပြီး ကျူးလွန်ခံရသော သူတို့ ကြုံတွေ့ရသော အကြောက်တရား အတိုင်းအတာတို့က သက်သေခံလျက်ရှိသည်။ ကျူးလွန်ခံရသူများက သူတို့၏ အသက်များ၊ လှုပ်ရှားမှုများ၊ လုပ်ဆောင်မှုများနှင့် သူတို့၏ ခန္ဓာကိုယ်များသည်ပင် သူတို့၏ ထိန်းချုပ်မှုမှ မည်သို့လွတ်ကင်းလျက်ရှိသည်ကို ဖော်ပြကြသည်။

၁၄၅၁။ နိုင်ငံတကာ တရား စီရင်ရေးရှိ ကျွန်ပြုမှု ဖြစ်ရပ်များတွင် အဓမ္မလုပ်အား စေခိုင်းမှု အတိုင်းအတာနှင့် ကျယ်ပြန့်မှုတွင် ကျူးလွန်ခံရသူများသည် ပစ္စည်းများ သယ်ပိုးရခြင်း၊ အိမ်တွင်းမှု လုပ်ငန်းများ လုပ်ဆောင်ရခြင်း၊ စိန်တွင်းများတွင် အလုပ်လုပ်ရခြင်း[3135]၊ လိင်ဝန်ဆောင်မှုများ လုပ်ဆောင်ရခြင်း၊[3136] စပါးစိုက်ရခြင်း၊ ရေကာတာများ ဆောက်လုပ်ရခြင်း နှင့် တူးမြောင်းများ တူးဖော်ရခြင်း[3137]တို့တွင် အဓမ္မ လုပ်အား စေခိုင်းခြင်း ခံကြရသည်။ အလုပ်လုပ်သူများအနေဖြင့် အလုပ်စေခိုင်းခံရခြင်း အပြင် အပိုဆောင်း မလျော်မကန် ဆက်ဆံခံရမှုများ ရှိရန် လိုအပ်ခြင်း မရှိပေ။ ကချင်နှင့် ရှမ်းပြည်နယ်များမှ ပြည်သူများ အဓမ္မ လုပ်အား စေခိုင်းခံရခြင်း အများအပြားသည် "လူသား မိုင်းရှင်းကိရိယာများ" အဖြစ် အဓမ္မစေခိုင်းခံရသူများ၊ နှင့် ဤအခြေအနေတွင် စစ်တပ်၏ မုဒိန်းကျင့်မှုနှင့် လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်းခံရသော မိန်းမများနှင့် မိန်းကလေးငယ်များနှင့် နှိုင်းယှဉ်နိုင်ကြောင်း မစ်ရှင်အနေဖြင့် မှတ်ချက်ချပြီး အထူး စိုးရိမ်မိသည်။

---

[3134] DI-063.

[3135] SCSL, *Prosecutor v. Taylor*, SCSL-03-1-T၊ စီရင်ချက်၊ ၂၀၁၂ မေ ၁၈ ရက်၊စာပိုဒ် ၁၇၃၈။

[3136] *Prosecutor v. Kunarac et al.*, IT-96-23/IT-96-23/1၊ စီရင်ချက်။ ၂၀၀၁ ဖေဖော်ဝါရီ ၂၂ ရက်၊ စာပိုဒ် ၇၄၁-၇၄၂။

[3137] ECCC, *Prosecutor v. Kaing Guek Eav,* 001/18-07-2007/ECCC/TC၊ စီရင်ချက်၊ ၂၀၁၀ ဇူလိုင်၂၆၊ စာပိုဒ် ၂၂၅-၂၃၅။

၁၄၅၂။ သို့ရာတွင် ဤအလေ့အထမှာ အမှန်တကယ်ဖြစ်လျှင်ပင် အစဉ်အမြဲမဟုတ်ပါ။ အချို့ဖြစ်ရပ်များတွင် အဓမ္မလုပ်အား စေခိုင်းမှုသည် လများစွာ သို့မဟုတ် နှစ်နှင့် ချီ၍ ကြာရှည်သော်လည်း အချို့ ဖြစ်ရပ်များတွင်မူ တစ်ရက်သာ ကြာပြီး ရွာသားများမှာ ညနေပိုင်းများတွင် အိမ်သို့ ပြန်လာကြသည်။ တရားရုံးများက ပိုင်ဆိုင်မှု ကျင့်သုံးခြင်းသည် လအနည်းငယ် သို့မဟုတ် ရက်အနည်းငယ်သာ ကြာမြင့်ခဲ့ခြင်း ရှိမရှိအပေါ် ထည့်သွင်းစဉ်းစားခြင်းကြောင့် အဓမ္မလုပ်အား စေခိုင်းမှု ကာလသည် ကျွန်ပြုခြင်း အဆင့်ထိ ရောက်မရောက်အပေါ်တွင်လည်း သက်ဆိုင်ပေသည်။[3138] သို့ရာတွင် မည်သည့် ဖြစ်ရပ်တွင် မဆိုတွင် အချိန်ကာလ၏ အရေးပါမှုသည် "အခြား ကျွန်ပြုမှု အညွှန်းများ တည်ရှိမှုအပေါ်တွင်လည်း မူတည်သည်။"[3139] အဓမ္မလုပ်အား စေခိုင်းမှု တစ်ခုချင်းစီ၏ ကာလများမှာ နှိုင်းယှဉ်ချက်အရ တိုတောင်းလျှင်ပင် ဖြစ်စေ ယင်းသည် နေရာအနှံ့ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေပြီး လူ့အသိုင်းအဝိုင်း တစ်ခုလုံးကို တစ်ပြေးညီ သက်ရောက်မှု ရှိနေသည်ဟု မစ်ရှင်က ထည့်သွင်း စဉ်းစားသည်။ ယင်းဆုတ်ကိုင်မှုအောက်မှ မည်သည့် မိသားစုမျှ ဘေးကင်းရန် မမျှော်လင့်နိုင်ပါ။ ရွာသားများသည် အဓမ္မလုပ်အားပေးစေခိုင်းခြင်းကို အကြိမ်ကြိမ်အထပ်ထပ် နှင့် အများအပြားမှာ ကလေးဘဝမှသည် လူကြီးအထိ စေခိုင်းခံရသော အချက်အလက် ထွက်ဆိုချက်များကို မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ထို့အပြင် သူတို့ဘာမျှ မသိရပေ။ သူတို့ကို မည်သည့် အချိန်တွင်ဖမ်းခေါ်မည် သို့မဟုတ် သူတို့အား ထိန်းသိမ်းထားစဉ်တွင် မည်မျှကြာအောင် ထိန်းသိမ်းထားမည်ကို မသိရပေ။ သူတို့၏ ကံကြမ္မာကို သူတို့ ဘာမှ မသိရပဲ သူတို့အနေဖြင့် ဘာကိုမှ ဆုံးဖြတ်နိုင်စွမ်းမရှိပေ။ သို့ဖြစ်ရာ ဤလုပ်ဆောင်မှုသည် လူသားကို ဆန့်ကျင်သည့် ရာဇဝတ်မှုများ ဖြစ်ပေါ်မှု အခြေခံ ပေါ်တွင် ကျိုးကြောင်းခိုင်လုံသော အခြေအနေတွင် ကျွန်ပြုမှုဖြစ်သည်ဟု သတ်မှတ်နိုင်စရာ ဖြစ်ပေသည်။

*ပြည်သူများအား အဓမ္မရွှေ့ပြောင်းစေခြင်း*

၁၄၅၃။ အဓမ္မရွှေ့ပြောင်းခြင်းသည် "နိုင်ငံတကာ ဥပဒေအောက်တွင် ခွင့်ပြုခြင်းမရှိသော အခြေခံများပေါ်တွင် လူပုဂ္ဂိုလ်များကို သူတို့ တရားဝင် နေထိုင်ရာ ဧရိယာမှ မောင်းထုတ်ခြင်းသို့မဟုတ် အခြားသော ဖိအားပေးသော အပြုအမူများ ဖြင့် အဓမ္မ နေရာရွှေ့ပြောင်းစေခြင်း" ဖြစ်သည်။[3140] ယင်းမှာ နိုင်ငံတစ်နိုင်ငံ၏ နယ်နမိတ်အတွင်း ရွှေ့ပြောင်းခြင်းကို ရည်ညွှန်းသည်။[3141]

---

[3138] ဥပမာ Kunarac အဖြစ်အပျက်တွင် ICTYတွင် တရားခံသည် သူ အိမ်တအိမ်တွင် ဖမ်းဆီးထားပြီး အိမ်မှု ကိစ္စများ အဓမ္မလုပ်ရန် မိန်းကလေး နှစ်ဦးအား စေခိုင်းပြီး လိင်ဝန်ဆောင်မှုများကို ငါးလမှ ခြောက်လ လုပ်ငန်း ခိုင်းစေမှုဖြင့် ကျွန်ပြုခြင်း မြောက်သည်။ သူသည် အိမ်မှ ရက်အနည်းငယ်အတွင်း ထွက်သွားသော မိန်းကလေးနှင့် ဆက်ဆံမှု မရှိခဲ့ပေ။ ICTY, *Prosecutor v. Kunarac et al.*, IT-96-23 and IT-96-23/1-a၊ စီရင်ချက်၊ ၂၀၀၂ ဇွန် ၁၂ ရက်၊ စာပိုဒ် ၇၁၇-၇၄၅။

[3139] ICTY, *Prosecutor v. Kunarac et al.*, IT-96-23 and IT-96-23/1-T၊ စီရင်ချက်၊ ၂၀၀၁ ဖေဖော်ဝါရီ ၂၂ ရက်။ စာပိုဒ် ၅၄၂။

[3140] ICC သဘောတူစာချုပ်၊ ပုဒ်မ ၇(၁)(ဃ)၊ ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဃ)

[3141] ICC၊ တရားလိုက သဘောတူစာချုပ်၏ ပုဒ်မ ၁၉(၃) အောက်တွင် တရားစီရင်ချက်ချရန် တောင်းဆိုချက်အပေါ် ဆုံးဖြတ်ချက်။ ICC-RoC46(3)-01/18-37၊ ၂၀၁၈ စက်တင်ဘာ ၆ ရက်၊ စာပိုဒ် ၅၃-၅၅။

၁၄၅၄။ ရွှေ့ပြောင်းမှုသည် "မောင်းထုတ်ခြင်း သို့မဟုတ် အခြား ဖိအားပေးသော အပြုအမူများ" ၏ နောက်ဆက်တွဲ အကျိုးဆက်ဖြစ်ရမည်။ ယင်းတွင် "အကြမ်းဖက်ခြင်း၊ ဖိအားပေးခြင်း၊ ထိန်းသိမ်းခြင်း တို့ပြုမည်ကို ကြောက်ရွံ့ခြင်း၊ ထိုပုဂ္ဂိုလ် သို့မဟုတ် လူပုဂ္ဂိုလ်များ သို့မဟုတ် အခြားလူပုဂ္ဂိုလ်များအပေါ် စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်မှု သို့မဟုတ် အာဏာ အလွဲသုံးမှု၊ သို့မဟုတ် ဖိအားဖြစ်စေသော ပတ်ဝန်းကျင် အခြေအနေကို အသုံးပြုခြင်း ကဲ့သို့" ဖိအား သို့မဟုတ် အင်အားသုံး ခြိမ်းခြောက်မှု ပါဝင်သည်။[3142] ဆုံးဖြတ်ချက်ပေးသော အချက်မှာ ကျူးလွန်ခံရသူ၏ ဘက်တွင် စစ်မှန်သော ရွေးချယ်စရာ ကင်းမဲ့ခြင်း ဖြစ်သည်။[3143] အကြမ်းဖက်မှု သို့မဟုတ် နောက်ယှက်စော်ကားမှုမှ လွတ်မြောက်ရန် ထွက်ပြေးခြင်းမှာ ဆန္ဒ အလျောက်မဟုတ်သလို လွတ်လပ်သော ရွေးချယ်မှုလည်း မဟုတ်ပေ။[3144] ရာဇဝတ်မှု တွင် "သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခြင်း၊ သူတို့၏ အိမ်များကို ဖျက်ဆီးခြင်း၊ နှင့် အုပ်စုဝင် လူများကို အလုပ်မှ ဖယ်ရှားခြင်း သို့မဟုတ် ကျောင်းတက်ခြင်းမှ ဖယ်ရှားခြင်း ကဲ့သို့ အခြားသော နောက်ယှက်စော်ကားမှု အပြုအမူများ အပါအဝင် လူများကို သူတို့၏ နေအိမ်များမှ ထွက်ပြေးစေရန် ဖိအားပေးသည့် ကျယ်ပြန့်သော ဖိအားပေးမှုများ" ပါဝင်သည်။[3145] ကျူးလွန်သူက ပြည်သူများကို အမြဲတစေ နေရာရွှေ့ပြောင်းစေရန် ရည်ရွယ်ချက်ရှိရန် မလိုပေ။[3146] သို့ရာတွင် အဓမ္မ ရွှေ့ပြောင်းစေမှုသည် ဥပမာ အားဖြင့် လုံခြုံရေး သို့မဟုတ် စစ်ရေးလိုအပ်ချက် အကြောင်းပြချက်များအတွက် နိုင်ငံတကာ ဥပဒေအောက်တွင် ဥပဒေနှင့် မညီခြင်း သို့မဟုတ် ကျိုးကြောင်းခိုင်လုံခြင်း မရှိရပေ။[3147] ထို့အပြင် ရွှေ့ပြောင်းသော ပြည်သူများသည် ပထမအနေဖြင့် ယင်းနယ်မြေတွင် ဥပဒေနှင့် အညီ နေထိုင်နေခြင်းဖြစ်ရန် လိုအပ်သည်။[3148]

၁၄၅၅။ မစ်ရှင်သည် တပ်မတော်က ကချင်နှင့် ရှမ်းပြည်နယ်များတွင် အရပ်သားများကို သူတို့ နေအိမ်များမှ အဓမ္မထွက်ခွာစေသည့် အလေ့အထကို ဖော်ပြခဲ့ပြီးဖြစ်သည်။ ရွာသားများသည် သူတို့၏ နေအိမ်များနှင့် ရွာများမှ ထွက်ခွာရန် အမိန့်ပေးခံကြရကြောင်း၊ ပြန်မလာရန် အမိန့်ပေးခံကြရကြောင်း သို့မဟုတ် ထိုသို့ပြုလုပ်မည်ကို ရုပ်ပိုင်းဆိုင်ရာအရ တားမြစ်ခံရကြောင်းတို့အပေါ် အစဉ်တစိုက် ထွက်ဆိုချက်များကို မစ်ရှင်က စုဆောင်းရရှိသည်။ ရှမ်းပြည်နယ် လွိုင်လင် ခရိုင်မှ ယခင် လယ်သမားတစ်ဦး၏ ပြောဆိုချက်ကို ဖော်ပြထားသည်။ တပ်မတော်က သူ၏ ရွာကို လာပြီး ရွာသားများကို "မင်းတို့တောင်ယာလုပ်ခွင့်မရှိတော့ဘူး၊ မင်းတို့အားလုံး ရွာကနေ ချက်ချင်းထွက်ရမယ်၊ ဒါမှမဟုတ်ရင် မင်းတို့အိမ်တွေအားလုံးကို ငါတို့မီးရှို့ပစ်မယ်" ဟု ပြောသည်။[3149] ထို့နောက်တွင် တပ်မတော် စစ်သားများက သူ့အိမ်ကို

---

[3142] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဃ) fn- ၁၂။

[3143] ICTY, *Prosecutor v. Krnojelac*, IT-97-25-a၊ စီရင်ချက်၊ ၂၀၀၃ စက်တင်ဘာ ၁၇၊ စာပိုဒ် ၂၂၉ ။

[3144] ICTY, *Prosecutor v. Krstic*, IT-98-33-T၊ စီရင်ချက်၊ ၂၀၀၁ ခု ဩဂုတ် ၂ ရက်၊ စာပိုဒ် ၅၃၀။

[3145] Christopher K. Hall in Otto Triffterer (ed.)၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၊ ရောမ သဘောတူစာချုပ်အပေါ် ထင်မြင်ချက် ဆောင်းပါး။ (Baden-Baden: Nomos Verlagsgesellschaft, 1999)၊ စာ- ၁၆၂။

[3146] ICTY, *Prosecutor v. Stakic*, IT-97-24-a၊ စီရင်ချက်၊ ၂၀၀၆ မတ် ၂၂ ရက်၊ စာပိုဒ် ၂၇၈၊ ၃၀၇။ ICTY, *Prosecutor v. Brdjanin*, IT-99-36-a၊ စီရင်ချက်၊ ၂၀၀၇ ဧပြီ ၃ ရက်၊ စာပိုဒ် ၂၀၆။

[3147] အရပ်သားများအပေါ် ကာကွယ်မှုဆိုင်ရာ ဂျနီဗာ သဘောတူညီချက် ၄၊ ပုဒ်မ ၄၉ ။ ICRC/Customary IHL, rule 129.

[3148] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဃ)၊ စာပိုဒ် ၂။

[3149] PI-082.

ရွာထဲမှ အခြားသော အိမ်များနှင့်အတူ မီးရှို့ခဲ့သည်။ အရပ်သားများ၏ အိမ်များကို ရည်ရွယ်ချက်ရှိရှိ မီးရှို့ခြင်းအပါအဝင် အရပ်သားပိုင် ပစ္စည်းဥစ္စာများကို တိုက်ခိုက်ခြင်း၊ ဖျက်ဆီးခြင်း နှင့် လုယူခြင်းများ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေသည်ကို မစ်ရှင်က ဖော်ထုတ်ခဲ့ပြီးဖြစ်သည်။ တိုက်ခိုက်မှုများနောက်တွင် ရွာပြန်ရန် ကြိုးစားခဲ့သော အချို့ ကျူးလွန်ခံရသူများက သူတို့ မြေများကို သိမ်းဆည်းခံထားရသည်ကို တွေ့ကြရသည်။

၁၄၅၆။ ရွှေ့ပြောင်းခံရသော အရပ်သားများသည် သူတို့၏ နယ်မြေတွင် တရားဝင် နေထိုင်ခဲ့ကြသူများဖြစ်သည်။ ရွှေ့ပြောင်းမှုကို ဖော်ပြသော အစဉ်တစိုက် ထွက်ဆိုချက်များ အပေါ် သုံးသပ်ရာတွင် ယင်းသည် သဘောဆန္ဒအလျောက် မဟုတ်ပဲရွှေ့ပြောင်းခံရသူများမှာ ထွက်ပြေးရန်မှလွဲ၍ အခြား ရွေးချယ်စရာမရှိကြောင်း မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ "ဖိအားပေးသော အပြုအမူများ" (နှင့် ရုပ်ပိုင်းဆိုင်ရာ မောင်းထုတ်ခြင်းသာ မဟုတ်ခြင်း) သည် ရာဇဝတ်မြောက်မှုကို ဖြစ်စေကြောင်းကို ပြန်လည် သုံးသပ်ခြင်းဖြင့် တပ်မတော်၏ အရပ်သားများအား ဖမ်းဆီးခြင်း၊ အစားအစာများ သိမ်းဆည်းခြင်း၊ နှောက်ယှက်ခြင်းနှင့် စော်ကားခြင်း၊ နှင့် ယေဘူယျအားဖြင့် "ကျေးရွာတွင် အသက်ရှင်နေထိုင်ရန် မဖြစ်နိုင်တော့အောင် လုပ်ခြင်း" [3150]တို့ ပေါင်းစပ်နေသည်ကို မစ်ရှင်က သတိပြုမိသည်။ ရွာများကို တိုက်ခိုက်နေစဉ်အတွင်း အပါအဝင် ယင်း ရွှေ့ပြောင်းမှု ဖြစ်ပေါ်သော အခြေအနေများသည် မည်သည့် အတိုင်းအတာအရ စစ်ရေးလိုအပ်ချက်ဖြစ်သည်ကို ကျိုးကြောင်းဆက်စပ်နိုင်မှုကို မြင်ရန် ခက်ခဲပေသည်။ ထို အခြေအနေများအောက်တွင် သုံးသပ်ချက်ကာလအတွင်းတွင် ကချင်နှင့် ရှမ်းပြည်နယ်များတွင် အဓမ္မ ရွှေ့ပြောင်းမှုများသည် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေခံ အပြုအမူတစ်ခု အဖြစ် မစ်ရှင်က ကျိုးကြောင်းညီညွတ်သော အခြေခံအဖြစ် ထည့်သွင်းစဉ်းစားသည်။

*မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် လိင်အကြမ်းဖက်မှု*

၁၄၅၇။ မုဒိန်းကျင့်ခြင်းသည် "ကျူးလွန်သူက လူတစ်ဦး၏ ခန္ဓာကိုယ်ကို ထိုးဖောက်ဝင်ရောက်သော အပြုအမူအားဖြင့် ကျူးလွန်ခံရသူ သို့မဟုတ် ကျူးလွန်သူ ခန္ဓာကိုယ်၏ မည်သည့် အစိတ်အပိုင်းကိုမဆို လိင်အင်္ဂါ တစ်ခုဖြင့် ထိုးဖောက်ဝင်ရောက်ခြင်း သို့မဟုတ် ကျူးလွန်ခံရသူ၏ စအို သို့မဟုတ် လိင်အင်္ဂါ အပေါက် ကို မည်သည့်အရာဝတ္ထု တစ်ခုခု သို့မဟုတ် ခန္ဓာကိုယ်၏ အစိတ်အပိုင်း တစ်ခုခုဖြင့် ထိုးသွင်းခြင်း" အပြုအမူ ဖြစ်သည်။[3151] ကျူးကျော်ဝင်ရောက်ခြင်းသည် "လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အခြား လူတစ်ဦးအပေါ် သို့မဟုတ် ဖိနှိပ်သော ပတ်ဝန်းကျင်ကို အခွင့်ကောင်းယူလျက် အကြမ်းဖက်မှု၊ ဖိအားပေးမှု၊ ထိန်းသိမ်းထားမှု၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ခြင်း သို့မဟုတ် အာဏာ အလွဲသုံးခြင်း၊ သို့မဟုတ် လူပုဂ္ဂိုလ်၏ စစ်မှန်သော သဘောတူညီချက်ကို ပေးနိုင်သည့် အခြေအနေမရှိသည့် အပေါ်တွင် ထိုးဖောက်ဝင်ရောက်ခြင်း

[3150] PI-035.

[3151] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဆ)-၁၊ စာပိုဒ် ၁။

တို့ကြောင့် ဖြစ်ပွားခြင်း ကဲ့သို့သော အင်အားဖြင့် ကျူးလွန်ခြင်း သို့မဟုတ် အင်အား သို့မဟုတ် ဖိအားဖြင့် ခြိမ်းခြောက်ခြင်း" ဖြစ်ရမည်။[3152]

၁၄၅၈။ လိင် ကျွန်ပြုခြင်းသည် အထူးသဖြင့် ပြင်းထန်သော ကျွန်ပြုမှု ဖြစ်သည်။ ထိုမှုသာမက လူပုဂ္ဂိုလ် (များ) အပေါ်တွင် ပိုင်ဆိုင်ခွင့်နှင့် ပတ်သက်သည့် တစ်စုံတစ်ရာသော သို့မဟုတ် ဩဇာအာဏာများအားလုံးကို အသုံးပြုလျက် ကျူးလွန်သူသည် လူတစ်ဦးအား လိင်သဘာဝရှိသည့် အပြုအမူ တစ်ခု သို့မဟုတ် အများအပြားကိုလည်း ထိတွေ့လုပ်ဆောင်စေရမည်။[3153] စီးပွားဖြစ် ငွေလွှဲပြောင်းမှု ပါရှိစရာမလိုပဲ ကျွန်ပြုမှုမှတ်ချက်သည် "ကျူးလွန်ခံရသူသည် သူ၏ အခြေအနေပြောင်းလဲမှုကို လုပ်ဆောင်နိုင်စွမ်းမရှိခြင်း" နှင့် အဓိက ဆက်စပ်မှုရှိသည်။[3154] လိင်ကျွန်ပြုခြင်းသည် အမျိုးသမီးများ နှင့် မိန်းကလေးများ အဓမ္မ "လက်ထပ်စေခြင်း"၊ အိမ်တွင်း ကျွန်ပြုမှု သို့မဟုတ် သူတို့အား ဖမ်းဆီးထားသူက မုဒိန်းကျင့်မှု အပါအဝင် မလုပ်မနေရ လိင်အပြုအမူပါဝင်သော အခြား အဓမ္မ လုပ်အားများကိုလည်း လွှမ်းခြုံမှုရှိသည်။[3155]

၁၄၅၉။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု၏ အဓိပ္ပါယ်တွင် တားမြစ်ထားသော အခြေခံပြုမှုမှုအဖြစ် "နှိုင်းယှဉ်နိုင်လောက်သော ကြီးမားသည့် အခြား လိင်ဆိုင်ရာ အကြမ်းဖက်မှု"လည်း ပါဝင်သည်။ ယင်းသည် ကျူးလွန်သူက လိင်သဘာဝရှိသော အပြုအမူတစ်ခုကျူးလွန်ခြင်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် အခြား လူတစ်ဦးအပေါ် သို့မဟုတ် ဖိနှိပ်သော ပတ်ဝန်းကျင်ကို အခွင့်ကောင်းယူလျက် အကြမ်းဖက်မှု၊ ဖိအားပေးမှု၊ ထိန်းသိမ်းထားမှု၊ စိတ်ပိုင်းဆိုင်ရာ ဖိနှိပ်ခြင်း သို့မဟုတ် အာဏာ အလွဲသုံးခြင်း၊ သို့မဟုတ် လူပုဂ္ဂိုလ်၏ စစ်မှန်သော သဘောတူညီချက်ကို ပေးနိုင်သည့် အခြေအနေမရှိသည့် အပေါ်တွင် ထိုးဖောက်ဝင်ရောက်ခြင်း တို့ကြောင့် ဖြစ်ပွားခြင်း ကဲ့သို့သော အင်အားဖြင့် ကျူးလွန်ခြင်း သို့မဟုတ် အင်အား သို့မဟုတ် ဖိအားဖြင့် ခြိမ်းခြောက်ခြင်းဖြင့် လူတစ်ဦး သို့မဟုတ် လူများကို လိင်သဘာဝရှိသော အပြုအမူတွင် ထိတွေ့ပါဝင်စေခြင်းဖြစ်သော ဖြစ်ရပ်များကို လွှမ်းခြုံသည်။[3156] လုပ်ဆောင်မှုသည် နှိုင်းယှဉ်ချက်အရ မုဒိန်းမှု၊ လိင်ကျွန်ပြုမှု၊ အဓမ္မ ပြည့်တန်ဆာစေခိုင်းခြင်း၊ အဓမ္မ ကိုယ်ဝန်ဆောင်စေခြင်း နှင့် အဓမ္မ သားကြောဖြတ်ခြင်းကဲ့သို့ ကြီးလေးမှု ရှိရမည်။

၁၄၆၀။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် စစ်တပ် ရှိခြင်းနှင့် ထိုးစစ်များ၏ အသွင်လက္ခဏာမှာ လိင်အကြမ်းဖက်မှုများ ဖြစ်ခဲ့သည်။[3157] သတင်းအချက်အလက် ပြည့်စုံစွာ မရရှိသည့်တိုင်အောင်ပင် တပ်မတော်သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အမျိုးမျိုးသော လိင်အကြမ်းဖက်မှု ပုံစံများဖြင့် ပစ်မှတ်ထားကြောင်း စီစစ်ရရှိသော ထွက်ဆိုချက်

---

[3152] I ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဆ)-၁၊ စာပိုဒ် ၂။

[3153] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဆ)-၂၊ စာပိုဒ် ၂။

[3154] ICC, *Prosecutor v. Katanga,* ICC-01/04-01/07-3436-tENG၊ သဘောတူစာချုပ်၏ ပုဒ်မ ၇၄ အရ ဆုံးဖြတ်ချက်၊ ၂၀၁၄ မတ် ၇ ရက်၊ စာပိုဒ် ၉၇၆။

[3155] ICC, *Prosecutor v. Katanga and Ngudjolo*, ICC-01/04-01/07-717၊ အပြစ်ပေး အရေးယူမှု အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်၊ ၂၀၀၈ စက်တင်ဘာ ၃၀၊စာပိုဒ် ၄၃၁။

[3156] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဆ)-၆၊ စာပိုဒ် ၁။

[3157] A/HRC/31/71, p.11; A/66/365, p.11.

အရေအတွက် အများအပြားကို မစ်ရှင်က တွေ့ရှိခဲ့သည်။ အဆင့်မြင့်အရာရှိများ ရှိလျက် (သို့မဟုတ် အဆင့်မြင့်အရာရှိတို့ကိုယ်တိုင်) အပါအဝင် စစ်သားများ သို့မဟုတ် စစ်သားအုပ်စုများသည် မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှုများ ကျူးလွန်နေမှု အများအပြားဖြစ်နေခြင်းသည် ကျယ်ပြန့်စွာ လွှတ်ထားသည့် သဘာဝ သို့မဟုတ်ပါက စော်ကားခြင်း နှင့် ဂုဏ်သိက္ခာညှိုးနွမ်းစေရန် ချမှတ်ထားသောမူဝါဒကို ထင်ဟပ်နေသည်ဟု မစ်ရှင်က မှတ်ချက်ပြုသည်။ အစဉ်တစ်စိုက်ပင် ပြန်လည်တိုက်ခိုက်ရန် သို့မဟုတ် ထွက်ပြေးလွတ်မြောက်ရန် ကြိုးစားအောင်မြင်ခဲ့သော အမျိုးသမီးများကို သူတို့အား ကျူးလွန်သူများက သူတို့၏ အိမ်များသို့လာရောက်ပြီး ကျူးလွန်ခံရသူများ၏ မိသားစုများကို ခြိမ်းခြောက်ခြင်း နှင့် ရုပ်ပိုင်းဆိုင်ရာ ချိုးဖောက်ကျူးလွန်ခြင်းများ ပြုပြီး သိမ်းဆည်းရမိသော ပစ္စည်းဥစ္စာများအား ဖျက်ဆီးခြင်းများ ပြုလုပ်သည်။

၁၄၆၁။ ယောကျ်ားများအပေါ် နှိပ်စက်ညှင်းပမ်းမှု သို့မဟုတ် မလျော်မကန် ပြုမူမှုအဖြစ် ကျူးလွန်သော လိင်အကြမ်းဖက်မှု ပုံစံကိုလည်း မစ်ရှင်က တည်ဆောက်ထားနိုင်သည်။ ဤအစီရင်ခံစာတွင် ကျူးလွန်ခံရသူများက ရပ်တန့်ပေးရန် တောင်းပန်သည်ကို ရယ်မောနေခဲ့ကြသော စရဖ အရာရှိများ ရှေ့မှောက်တွင် အချင်းချင်း အဝတ်အစားများ အဓမ္မချွတ်စေပြီး မုဒိန်းကျင့်စေခိုင်းခံခဲ့ရသော ကျူးလွန်ခံရသူများ၏ ထွက်ဆိုချက်များကိုလည်း အသေးစိတ် ထည့်သွင်းထားသည်။[3158] စရဖ အေးဂျင့်များသည် ကျူးလွန်ခံရသူတစ်ဦး၏ လိင်တံအရေပြားကို စုတ်ပြတ်ပြီး သွေးထွက်သည်အထိ ပွတ်တိုက်ခဲ့ကြသည်။[3159] ကျူးလွန်သူများသည် ထိန်းသိမ်းထားသည့် ဖိနှိပ်သော ပတ်ဝန်းကျင်နှင့် သူတို့၏ သြဇာအာဏာ အနေအထားတို့ကို အခွင့်ကောင်းယူလျက် ထိန်းသိမ်းခံထားရသူများကို ဤအပြုအမူများကို အဓမ္မ လုပ်ဆောင်စေခဲ့ခြင်းဖြစ်သည်။

၁၄၆၂။ ကျူးလွန်ခံရသူ၏ ခန္ဓာကိုယ်အား ထိုးသွင်းခြင်းကို အတင်းအဓမ္မ သို့မဟုတ် ဖိအားပေးမှု၊ ထိန်းသိမ်းထားမှု၊ အာဏာအလွဲသုံးမှု သို့မဟုတ် ဖိအားရှိနေသော ပတ်ဝန်းကျင်အပေါ် အခွင့်ကောင်းယူမှုတို့ဖြင့် ကျူးလွန်သည်။ ကျူးလွန်ခံရသူများကို တစ်ဦးနှင့် တစ်ဦး အတင်းအဓမ္မ လိင်အပြုအမူများ ပြုလုပ်စေခြင်းသည် "နှိုင်းယှဉ်မှုအရ ကြီးလေးသော အခြား လိင်အကြမ်းဖက်မှု အပြုအမူ" သတ်မှတ်ချက်အတွင်းတွင် ကျရောက်သည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ကျူးလွန်သော မုဒိန်းမှုနှင့် အခြားသော လိင်အကြမ်းဖက်မှု ပုံစံများသည် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှု အခြေခံ အကြောင်းတရားများအောက်တွင် ကျရောက်ကြောင်း ကောက်ချက်ချနိုင်သည့် ကျိုးကြောင်းစီလျော်သော အကြောင်းရင်းခံများ ရှိကြောင်း မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။

၁၄၆၃။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေခံအပြုအမူများအဖြစ်ရှိနေသော လိင်ကျွန်ပြုမှုနှင့် အဓမ္မ လက်ထပ်စေမှုများ၏ အတိုင်းအတာနှင့် သဘောသဘာဝကို ဆုံးဖြတ်နိုင်ရန်နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လိုအပ်သည်။ မစ်ရှင်က ယခင် ကုလသမဂ္ဂ

[3158] PI-052.

[3159] PI-055.

အစီရင်ခံစာများနှင့် တသားတည်းဖြစ်သော ကျူးလွန်ခံရသူများမှ ထွက်ဆိုချက်နှစ်ခုပါအဝင် ထိုအလေ့အထများအပေါ် အကန့်အသတ်ရှိသော အချက်အလက်များကိုသာ ရရှိသည်။

၁၄၆၄။ မုဒိန်းကျင့်ခြင်းနှင့် အခြား လိင်အကြမ်းဖက်မှုများသည် သီးခြားစီ ရာဇဝတ်မှုဖြစ်နေသော်လည်း မစ်ရှင်အနေဖြင့် ထပ်မံပြောဆိုလိုသည်မှာ ယင်း အပြုအမူများတွင် နှိပ်စက်ညှင်းပမ်းမှုလည်း အတိုင်းအတာတစ်ခုအရ ပါဝင်ကြောင်း တွေ့ရသည်။[3160] မုဒိန်းပြုကျင့်ခြင်းနှင့် လိင်အကြမ်းဖက်မှု အပြုအမူများအတွင်း ချိုးဖောက်ကျူးလွန်သူများသည် သူတို့၏ ချုပ်နှောင်မှုနှင့် ထိန်းချုပ်မှုအောက်တွင် ရှိသော ကျူးလွန်ခံရသူများအပေါ် ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ နာကျင်မှု သို့မဟုတ် ခံစားစေမှုများကို ပြင်းထန်စွာ ဖြစ်ပေါ်စေသည်မှာ သံသယရှိဖွယ်မလိုပေ။ သို့ဖြစ်သည်နှင့် အညီ မစ်ရှင်သည် တပ်မတော် တပ်ဖွဲ့များနှင့် အခြားသူများက ကချင်နှင့် ရှမ်းပြည်နယ်များတွင် အရပ်သားများအပေါ် ကျူးလွန်သော မုဒိန်းပြုကျင့်မှုနှင့် လိင်အကြမ်းဖက်မှု အပြုအမူများသည်လည်း နှိပ်စက်ညှင်းပမ်းမှု အတွက် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုခံရနိုင်မှုကို ဖြစ်နိုင်ကြောင်း မှတ်ချက်ပြုသည်။

*အကျဉ်းချခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်းနှင့် အဝမ္မ ပျောက်ဆုံးစေခြင်း။*

၁၄၆၅။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု အဖြစ် အကျဉ်းချထားခြင်းသည် ချိုးဖောက်ကျူးလွန်သူက လူတစ်ဦး သို့မဟုတ် ပိုမိုများသော လူများ ကို အကျဉ်းချထားသည့်အခါ သို့မဟုတ် သူတို့၏ လွတ်လပ်ခွင့်ကို ကြီးမားစွာ ဖယ်ရှားပစ်သည့်အခါများတွင် ဖြစ်ပွားသည်။[3161] အကျဉ်းချထားခြင်းသည် ဥပဒေမဲ့ ဖြစ်ရမည်။[3162] ထည့်သွင်းစဉ်းစားရမည့် အချက်များမှာ အကျဉ်းချထားခြင်း ဖြစ်ပွားသည့်အခါ (၁) ဖမ်းဆီးရန် သက်တမ်းရှိသော ဝရမ်း ပါမပါ၊ (၂) ထိန်းသိမ်းခံရသူအား သူ့ကို ဖမ်းဆီးသည့် အကြောင်းရင်းအား အသိပေးခြင်း ရှိမရှိ၊ (၃) ထိန်းသိမ်းခံရသူအား တရားဝင် စွဲချက်တင်ခြင်း ရှိမရှိ၊ (၄) ထိန်းသိမ်းခံရသူသည် လုပ်ထုံးလုပ်နည်းဆိုင်ရာ အခွင့်အရေးများကို အသိပေးခံရခြင်း ရှိမရှိ တို့ ထည့်သွင်းစဉ်းစားရမည်။[3163] အရပ်သားများတွင် လှုပ်ရှားသွားလာခွင့် အနည်းအကျဉ်း ရှိပါသည်ဟု ဆိုလိုချက်သည်လည်း သူတို့သည် သူတို့၏ လွတ်လပ်ခွင့်ကို ဖယ်ရှားခံရပြီးဖြစ်သောကြောင့် ဥပဒေနှင့် မညီသော အကျဉ်းချထားမှု သို့မဟုတ် ချုပ်နှောင်မှုဟူ၍သာ ဆိုရမည်ဖြစ်သည်။[3164]

၁၄၆၆။ နှိပ်စက်ညှင်းပမ်းမှုသည် ချိုးဖောက်ကျူးလွန်သူ၏ ချုပ်နှောင်မှု သို့မဟုတ် ထိန်းချုပ်မှု အောက်တွင် ရှိနေစဉ် လူတစ်ဦးအပေါ် ရုပ်ပိုင်းဖြစ်စေ စိတ်ပိုင်းဖြစ်စေ ပြင်းထန်သော နာကျင်မှု သို့မဟုတ် ခံစားမှုကို ဖြစ်စေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခြင်း ဖြစ်သည်။ ယင်းတွင် မူလရှိပြီးဖြစ်သော သို့မဟုတ် မတော်တဆ သို့မဟုတ် ဥပဒေနှင့် ညီသော အရေးယူမှုမှသာ

---

3160 ICTY, *Prosecutor v. Mucic et al.,* IT-96-21-T၊ စီရင်ချက်၊ ၁၉၉၈ နိုဝင်ဘာ ၁၆၊ စာပိုဒ် ၄၉ ၆။ See also ICTR, *Prosecutor v. Akayes*u, ICTR-96-4-T၊ စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၇၃၁။

3161 ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(င)

3162 ICTY, *Prosecutor v Krajisnik*, IT-00-39-T၊ စီရင်ချက်နှင့် ပြစ်ဒဏ်၊ ၂၀၀၆ စက်တင်ဘာ ၂၇။ စာပိုဒ် ၇၅၂။

3163 ICTR, *Prosecutor v. Ntagerura et al.*, ICTR-99-46-T, စီရင်ချက်၊၂၀၀၄ ဖေဖော်ဝါရီ ၂၅။ စာပိုဒ် ၇၀၂။

3164 ICTY *Prosecutor v Prlic et al.*, IT-04-74-A, စီရင်ချက်၊ ၂၀၁၇ နိုဝင်ဘာ ၂၉ ၊ စာပိုဒ် ၄၇၃။

ဖြစ်ပေါ်လာသော နာကျင်မှု သို့မဟုတ် ခံစားမှု မပါအဝင်ပေ။[3165] နှိပ်စက်ညှင်းပမ်းမှု မြောက်သော ရာဇဝတ် အပြုအမူ ဖြစ်စေရန် အတွက် ပြင်းထန်သော နာကျင်မှု သို့မဟုတ် ခံစားမှု အဆင့်ကို ရောက်ရှိရန် လိုအပ်သည်။[3166] ချိုးဖောက်ကျူးလွန်သူက ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ရမည်ဖြစ်ပြီး ကျူးလွန်ခံရသူသည် ပြင်းထန်သော နာကျင်မှု သို့မဟုတ် ခံစားမှုကို ရရှိခံစားရမည်။[3167]

၁၄၆၇။ ဥပဒေအရပျောက်ဆုံးစေခြင်း ဆိုသည်မှာ အခွင့်အာဏာဖြင့် သို့မဟုတ် အစိုးရ သို့မဟုတ် နိုင်ငံရေး အဖွဲ့အစည်း တစ်ခု၏ အခွင့်အာဏာ၊ ပံ့ပိုးမှု သို့မဟုတ် သဘောတူညီချက်ဖြင့် လူပုဂ္ဂိုလ်များကို ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်း သို့မဟုတ် ပြန်ပေးဆွဲထားခြင်း တို့ဖြစ်ပြီး နောက်ပိုင်းတွင် လွတ်လပ်ခွင့်ကို ဖယ်ရှားထားကြောင်း အသိအမှတ်ပြုရန် သို့မဟုတ် ထိုသူများ ဘာဖြစ်နေသည် မည်သည့်နေရာတွင်ရှိသည်ဆိုသည့် အချက်အလက်ကို ပေးရန် အချိန်ကာလကြာမြင့်စွာ ဥပဒေစောင့်ရှောက်မှုအောက်မှ ဖယ်ရှားရန် ရည်ရွယ်ချက်ဖြင့် ငြင်းဆိုခြင်း ဖြစ်သည်။[3168]

၁၄၆၈။ သက်ဆိုင်ရာ လူမျိုးစုများတွင် ပါဝင်သူများ အားလုံးသည် သက်ဆိုင်ရာ "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း"ကို ထောက်ခံသည်ဟူသော တပ်မတော်၏ ယုက်နွယ်ဆက်စပ် ယူဆချက်သည် အစီရင်ခံသုံးသပ်မှု ကာလတလျှောက်လုံးတွင် ကချင်နှင့် ရှမ်းပြည်နယ်များရှိ အရပ်သားများအား တရားမဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းကို ကျယ်ပြန့်သော ပုံစံဖြင့် ဖြစ်စေသည်။ အဓမ္မအလုပ်စေခိုင်းခြင်း ရည်ရွယ်ချက်အတွက် တရားမဲ့ ထိန်းသိမ်းခြင်းများ ဖြစ်ပွားခဲ့ပြီး လူအစုလိုက်အပြုံလိုက် ဖမ်းဆီး ထိန်းသိမ်းခြင်းများအပေါ် ထွက်ဆိုချက်များကို မစ်ရှင်က ရရှိခဲ့သည်။ ကျူးလွန်ခံရသူများသည် တရားမဝင်သော ထိန်းသိမ်းမှုနေရာများတွင် တစ်ရက်မှ နှစ်နှစ်အထိကြား ကာလများအတွင်း မည်သူနှင့်မျှ အဆက်အသွယ်မလုပ်နိုင်ပဲ ထိန်းသိမ်းခံခဲ့ကြရသည်။ တရားမဲ့ ဖမ်းဆီးခြင်းခံရသူ အများစုမှာ ဖမ်းဆီးရခြင်း အကြောင်းရင်းကို အသိပေးမခံရပဲ သူတို့ကို တရားသူကြီးရှေ့မှောက်သို့ ခေါ်ဆောင်ခြင်းလည်း မခံရပေ။ လုပ်သင့်လုပ်ထိုက်သော လုပ်ငန်းစဉ်မရှိပဲ အကျဉ်းချထားမှုများကို လူသားကို ဆန့်ကျင်သော ရာဇဝတ်မှု အခြေခံသော အပြုအမူများ ကျူးလွန်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားရန် ကျိုးကြောင်းခိုင်လုံသော အခြေခံများ ရှိသည်။

၁၄၆၉။ အကျဉ်းချခြင်းနှင့် အဓမ္မလုပ်အားတို့သည် အရပ်သားများ နှိပ်စက်ညှင်းပမ်းခံရခြင်း သို့မဟုတ် မလျော်မကန် ဆက်ဆံခံရခြင်းတို့၏ နောက်ခံ ပိတ်သားသဖွယ် ဖြစ်သည်။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများအကြောင်း အချက်အလက်များ တောင်းဆိုခြင်းသည်

---

[3165] ICC သဘောတူစာချုပ် ပုဒ်မ ၇(၂)(င)။

[3166] A/RES/39/46၊ ကုလသမဂ္ဂ နှိပ်စက်ညှင်းပမ်းမှု၊ နှင့် အခြား ရက်စက်သော၊ လူမဆန်သော သို့မဟုတ် နှိမ့်ချသော ဆက်ဆံမှု သို့မဟုတ် အပြစ်ပေးအရေးယူမှု ဆိုင်ရာ သဘောတူစာချုပ်၊ ပုဒ်မ ၁။ ICC, *Prosecutor v. Bemba*, ICC-01/05-01/08-424၊ ချိုးဖောက်ကျူးလွန်သူအပေါ် အပြစ်ပေးအရေးယူသည့် ရောမ သဘောတူစာချုပ် ပုဒ်မ ၆၁(၇)(က) နှင့် (ခ) အပေါ် ဆုံးဖြတ်ချက်၊ စာပိုဒ် ၁၉၃။

[3167] ICC, *Prosecutor v. Bemba*, ICC-01/05-01/08-424၊ ချိုးဖောက်ကျူးလွန်သူအပေါ် အပြစ်ပေးအရေးယူသည့် ရောမ သဘောတူစာချုပ် ပုဒ်မ ၆၁(၇)(က) နှင့် (ခ) အပေါ် ဆုံးဖြတ်ချက်၊ စာပိုဒ် ၁၉၄။

[3168] ICC သဘောတူစာချုပ် ပုဒ်မ ၇(၂)(ဈ)။ ကုလသမဂ္ဂ အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် ၄၇/၁၃၃။ အဓမ္မ ပျောက်ဆုံးစေမှုများမှ လူပုဂ္ဂိုလ်အားလုံးအား ကာကွယ်ခြင်းဆိုင်ရာ ကုလသမဂ္ဂ ကြေညာစာတမ်း။ ၁၉၉၂ ဒီဇင်ဘာ ၁၈၊ နိဒါန်း။

ရိုက်နှက်ခြင်းနှင့် အခြား မလျော်ကန်သော ဆက်ဆံမှုများတွင် တွဲ၍ ရှိနေသည်။ ယင်းတို့တွင် ချိုးဖောက်ကျူးလွန်သူများသည် တမင်သက်သက် ပြင်းထန်သော နာကျင်မှုနှင့် ခံစားမှု ဖြစ်စေရန် လုပ်ဆောင်ကြသည်။ ထိုသို့သော မည်သည့် အကြမ်းဖက်မှုမျှသည် ဥပဒေနှင့် ညီသော အရေးယူဆောင်ရွက်မှုမဟုတ်သော်လည်း ချုပ်နှောင်မှုနှင့် ထိန်းချုပ်မှုခံနေရသဖြင့် နိမ့်ကျသော အခြေအနေတွင် ရောက်ရှိနေကြသည့် ထိန်းသိမ်းခံထားရသူများအား ပြင်းထန်သော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ချိုးဖောက်ကျူးလွန်မှုများ ဖြစ်စေသည်။ အရပ်သားများသည် ရွာများ သို့မဟုတ် မြို့များအတွင်း၊ အိမ်များတွင်၊ သစ်တောများ အတွင်း၊ ဘုန်းကြီးကျောင်းများနှင့် စစ်တပ်စခန်းများတွင် ထိန်းသိမ်းခြင်းမခံရပါက အကြမ်းဖက်ခြင်းလည်း ခံရမည်မဟုတ်ပေ။ မလျော်မကန် ပြုကျင့်မှုများကို စံနစ်ပုံစံအတွင်း သွတ်သွင်း လုပ်ဆောင်ခြင်း၊ ကျူးလွန်ခံရသူများအပေါ် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ သက်ရောက်မှု၊ ချိုးဖောက်ကျူးလွန်သူနှင့် ကျူးလွန်ခံရသူတို့၏ သက်ဆိုင်မှု အနေအထား၊ နှင့် ဝါးတုတ် သို့မဟုတ် သတ္တုတုတ် ဖြင့်ရိုက်ခြင်း၊ သတ်ဖြတ်မည်ဟု ခြိမ်းခြောက်ခြင်းနှင့် အသတ်ခံရမည်ဟူသော အကြောက်တရား တည်ဆောက်ခြင်း၊ မုဒိန်းပြုကျင့်ခြင်းနှင့် လိင်အကြမ်းဖက်မှု၊ သံပူဓါး သို့မဟုတ် စီးကရက် တိုများဖြင့် အရေခွံလောင်စေခြင်း၊ ဖယောင်းရည် အစက်ချခြင်း၊ အရေပြားကို ချွန်ထက်သော ဓါး သို့မဟုတ် အပ်များဖြင့် ထိုးဆွခြင်း၊ ကျူးလွန်ခံရသူများကို သူတို့အား မြှုပ်နှံမည့် ကျင်းများကို ကိုယ်တိုင်တူးစေခြင်း၊ နှင့် ကျူးလွန်ခံရသူ၏ ရှေ့မှောက်တွင် အခြားသော ထိန်းသိမ်းခံထားရသူများကို သတ်ဖြတ်ခြင်း သို့မဟုတ် မုဒိန်းကျင့်ခြင်း သို့မဟုတ် နှိပ်စက်ညှဉ်းပန်းခြင်းတို့ အပါအဝင် နည်းလမ်းများ အသုံးပြုသည့် အခြေအနေများကိုပါ ထောက်ရှုကြည့်သည့်အခါ ကျူးလွန်ခံရသော နာကျင်မှုနှင့် ခံစားမှု အတိုင်းအတာသည် နှိပ်စက်ညှဉ်းပန်းမှု ဟု ဖြစ်စေသော ဥပဒေအရ အရည်အသွေး အဆင့်တခု သို့ တသမတ်တည်း ရောက်သည်ဟု မစ်ရှင်က အကဲဖြတ်သည်။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် နှိပ်စက်ညှင်းပမ်းမှုသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေခံ အပြုအမူတစ်ခု အဖြစ် ယုံကြည်နိုင်လောက်သော အကျိုးအကြောင်းအခြေအနေများအရ မစ်ရှင်က သုံးသပ်ချက်ချသည်။

၁၄၇၀။ ချိုးဖောက်ကျူးလွန်ခံရသူ အများအပြားမှာ ထွက်ဆိုပြောပြခြင်း မရှိသေးပေ။ ပျောက်ဆုံးမှုကို ကာကွယ်ပေးသည့် ထိန်းသိမ်းမှုအတွက် အကာအကွယ်ပေးသော လုပ်ထုံးလုပ်နည်းများကို လိုက်နာရန် အားနည်းခြင်းသည် မိသားစုဝင်များအတွက် မကြာခဏပင် ထိန်းသိမ်းခံနေရသော သူတို့၏ ဆွေမျိုးများ မည်သည့်နေရာတွင်ရှိသည် ဆိုသည်ကို ထိုသူများ ထွက်ပြေးလွတ်မြောက်၊ ထိုသူများကို လွှတ်ပေး၊ သို့မဟုတ် ထိုသူများကို တရားဝင် ထိန်းသိမ်းရေး နေရာများသို့ ပြောင်းပေးသည်အထိ မသိရှိကြပေ။ အချို့သော ဖြစ်ရပ်များတွင် ယင်းသည် ရက်သတ္တများ သို့မဟုတ် လများကြာမှ သိရသည်။ တခြားသော ဖြစ်ရပ်များတွင် ဖမ်းဆီးခံရသော လူများသည် မည်သည့်အခါမျှ ပြန်မလာကြတော့ပဲ သူတို့၏ မိသားစုများသည် သူတို့၏ ကံကြမ္မာကို မသိကြရပဲရှိသည်။ လူများသည် တပ်မတော်၏ ထိန်းသိမ်းခြင်းခံရပြီး နောက်ပိုင်းတွင် သေဆုံးလျက် မကြာခဏပင် မြှုပ်နှံထားသည်များကို တွေ့ကြရသည့် ဖြစ်ရပ်များအပေါ်

ပြောပြချက်များကို မစ်ရှင်က ရရှိထားသည်။ ကျူးလွန်ခံရသူများအား ဥပဒေ အကာအကွယ်ပေးမှုမှ ထိရောက်စွာ ဖယ်ရှားထားခြင်း၊ နှင့် နောက်ဆက်တွဲ အချက်အလက် သို့မဟုတ် မိသားစုများအား လိုက်ကြည့်ရန် စစ်မှန်သော နေရာ မသိရှိရခြင်း တို့က ဖြစ်ရပ်အများအပြားတွင် အဓမ္မပျောက်ဆုံးစေမှု၏ တရားဝင် စံချိန်စံညွှန်းများ နှင့် ကိုက်ညီနေသည်ဟု ဆိုလိုသည်။ သို့ဖြစ်ရာ ကချင်နှင့် ရှမ်းပြည်နယ်များတွင် အရပ်သားများအပေါ် ကျူးလွန်သော အဓမ္မပျောက်ဆုံးစေမှုသည် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုအဖြစ် ကောက်ချက်ချရန် ကျိုးကြောင်းခိုင်လုံသော အခြေခံများ ရှိနေသည်။

*မတရားနိုပ်ကွပ် ဆက်ဆံခြင်း*

၁၄၇၁။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု ဖြစ်သော မတရားနိုပ်ကွပ် ဆက်ဆံခြင်း ဆိုသည်မှာ အုပ်စု တစ်ခု၏ သွင်ပြင်လက္ခဏာကြောင့် အခြေခံ အခွင့်အရေးများအား နိုင်ငံတကာ ဥပဒေနှင့် ဆန့်ကျင်လျက် ရည်ရွယ်ချက်ရှိရှိ ပြင်းထန်စွာ ဖယ်ရှားခြင်းဖြစ်သည်။[3169] မတရားနိုပ်ကွပ် ဆက်ဆံခြင်း ဖြစ်ရန်အတွက် (၁) အခြားသော လူသားကို ဆန့်ကျင်သည့် ရာဇဝတ်မှုများကဲ့သို့ ကြီးမားပြင်းထန်သော အတိုင်းအတာကို ရောက်ရှိသည့် (၂) နိုင်ငံတကာ ဓလေ့ထုံးစံနှင့် သဘောတူစာချုပ် ဥပဒေ တွင် ချမှတ်ထားသော အခြေခံ အခွင့်အရေး တစ်ခုခုကို (၃) ခွဲခြားဆက်ဆံမှု အခြေခံများပေါ်တွင် (၄) ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် ကြီးမားပြင်းထန်စွာ ငြင်းပယ်ရန် လိုအပ်သည်။[3170] မတရားနိုပ်ကွပ် ဆက်ဆံခြင်း ဖြစ်ရန် လိုအပ်သော သွင်ပြင်လက္ခဏာမှာ ခွဲခြားဆက်ဆံသော ရည်ရွယ်ချက်ဖြစ်သည် - ချိုးဖောက်ကျူးလွန်သူသည် သက်ဆိုင်ရာ အသိုင်းအဝိုင်း သို့မဟုတ် အုပ်စု ဝင် တစ်ဦးဦးဖြစ်ခြင်းကြောင့် ကျူးလွန်ခံရသူအပေါ် ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့်- ပြုမူဆောင်ရွက်ခြင်း ဖြစ်ရမည်။[3171] ICTY နှင့် ICTR သဘောတူ စာချုပ်များသည် နိုင်ငံရေး၊ လူမျိုးရေးနှင့် ဘာသာရေး အခြေခံများအပေါ်တွင် မတရားနိုပ်ကွပ် ဆက်ဆံခြင်း ကို တားမြစ်ထားသည်။[3172] ICC သဘောတူစာချုပ်တွင် "နိုင်ငံတကာ ဥပဒေအောက်တွင် ခွင့်မပြုရန် အသိအမှတ်ပြုထားသည့်" နိုင်ငံသားဖြစ်မှု၊ တိုင်းရင်းသားဖြစ်မှု၊ ယဉ်ကျေးမှု၊ လိင်ကွဲပြားမှု သို့မဟုတ် အခြားသော အခြေခံများကို စာရင်းတွင် တိုးချဲ့ ထည့်သွင်းထားသည်။[3173]

၁၄၇၂။ ICC စာချုပ် အောက်တွင် မတရားနိုပ်ကွပ် ဆက်ဆံခြင်းကို တရားရုံး၏ စီရင်ပိုင်ခွင့်အတွင်းတွင် အခြားသော ရာဇဝတ်မှုများနှင့် ပူးတွဲ၍သာ တရားစီရင်နိုင်သည်။[3174] ထိုအကြောင်းကြောင့် မတရားနိုပ်ကွပ် ဆက်ဆံခြင်း သည် "ဆက်စပ်" ရာဇဝတ်မှု ဖြစ်ပြီး မတရားနိုပ်ကွပ် ဆက်ဆံခြင်း ကို ဖြစ်စေသော ရာဇဝတ်မှုများအဖြစ် ယင်းတို့ဘာသာ ရှိနေပြီးဖြစ်သည့် သီးသန့် အပြုအမူများ သို့မဟုတ် လျစ်လျူရှုမှုများ လိုအပ်သည်။ (ဥပမာ-

---

[3169] ICC သဘောတူစာချုပ် ပုဒ်မ ၇(၂)(ဆ)။

[3170] ICTY, *Prosecutor v. Kupreskic et al.*, IT-95-16-T၊ စီရင်ချက်၊ ၂၀၀၀ ဇန္နဝါရီ ၁၄ ရက်၊ စာပိုဒ် ၆၂၁။

[3171] ICTY, *Prosecutor v. Karadzic*, IT-95-5/18-T၊ စီရင်ချက်၊ ၂၀၁၆ မတ် ၂၄ ရက်၊ စာပိုဒ် ၅၀၀။

[3172] ICTY Statute, art. 5(h); ICTR Statute art. 3(h)

[3173] ICC Statute, art. 7(2)(g)

[3174] ICC Statute, art. 7(1)(h)

မုဒိန်းကျင့်ခြင်း မှ တဆင့် မတရားနိပ်ကွပ် ဆက်ဆံခြင်း သို့မဟုတ် နိပ်စက်ညှင်းပမ်းခြင်းမှ တဆင့် မတရားနိပ်ကွပ် ဆက်ဆံခြင်း) ။[3175] ကြီးမားကျယ်ပြန့်မှု အတိုင်းအတာကို သတ်မှတ်ရာတွင် အပြုအမူများကို သီးခြား စဥ်းစားခြင်းမဟုတ်သော်လည်း အခြေအနေ နှင့် တဖြည်းဖြည်း စုပေါင်းလာသော သက်ရောက်မှုများကို စစ်ဆေးသည်။[3176] ခွဲခြားဆက်ဆံမှု ရည်ရွယ်ချက်အတွက် အထောက်အထားကို အခြေအနေတစ်စုံလုံးအပေါ်တွင် "ချိုးဖောက်ကျူးလွန်သူဟု စွပ်စွဲခံရသူ၏ အပြုအမူက ဖော်ပြသော ၎င်း၏ သဘောထား ရပ်တည်ချက်" အပါအဝင် ဥပမာအားဖြင့် အုပ်စုတစ်ခုနှင့် ပတ်သက်၍ (ထိုသုံးစွဲမှုသည် ပုံမှန်သုံးစွဲနေကြ ဖြစ်သည့်တိုင်အောင်) နှိမ်ချဆက်ဆံသော စကားအသုံးအနှုန်း သို့မဟုတ် အုပ်စုတစ်ခုဝင် လူအများအပေါ်တွင်သာ ပြုမူလုပ်ဆောင်သော အပြုအမူ အပါအဝင် သက်ဆိုင်ရာ အကြောင်းအရာများနှင့်အတူ[3177] ဆင်ခြင်သုံးသပ်၍ ကောက်ချက်ချသည်။[3178]

၁၄၇၃။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် ရှိသော တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများအပေါ် အကြမ်းဖက်အပြုအမူများသည် သူတို့၏ တိုင်းရင်းသားဖြစ်မှုနှင့် ဘာသာရေး အခြေခံ တည်ရှိနေမှု အခြေအနေအပေါ်တွင် ပြင်းထန်ပြီး ကာလရှည်ကြာစွာ ဖြစ်ပေါ်နေသည်။ စီစစ်ထားသော ပြောဆိုချက်များက တိုင်းရင်းသား သို့မဟုတ် ဘာသာရေး လူနည်းစု ဝင်များအပေါ် နှိမ်ချဆက်ဆံသော အသုံးအနှုန်း သုံးစွဲသည်ကို ထုတ်ဖော်တွေ့ရှိရသည်။ မျက်မြင်သက်သေတစ်ဦးက ပြန်ပြောပြခဲ့သည်မှာ- "တပ်မတော် စစ်သားတွေက ကျနော်တို့ကို လူလိုမဆက်ဆံဘူး၊ သူတို့က ကျနော်တို့ကို တိရစ္ဆာန်တွေလိုပဲ ဆက်ဆံတယ်။ သူတို့က ကျနော်တို့ကို ရှိတယ်လို့တောင်မထင်ဘူး။ ကချင်ပြည်နယ်လို့ ပြောပေမယ့် သူတို့က ကချင်တွေ အဲဒီမှာ ရှိတယ်လို့တောင် မထင်ဘူး။"[3179] ကြီးမားကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများတွင် တိုင်းရင်းသားဖြစ်မှုအပေါ် ပြောဆိုချက်များ နှင့် လူအများအပေါ် နှိမ့်ချဆက်ဆံမှု သို့မဟုတ် "လူမဆန်စွာ" ဆက်ဆံမှုများကို ပုံမှန် သတင်းပို့ချက်များ ရရှိခဲ့သည်။

၁၄၇၄။ သုံးသပ်စီစစ်မှု ကာလအတွင်း ကချင်နှင့် ရှမ်းပြည်နယ်များအတွင်း အကျဉ်းချထားမှုနှင့် နိပ်စက်ညှင်းပမ်းမှု အပြုအမူများတွင် တိုင်းရင်းသား ဆိုင်ရာအစိတ်အပိုင်းများ ပါဝင်သည်။ ကျူးလွန်ခံရသူများသည် မကြာခဏပင် တပ်မတော်၏ ဘာသာတရား သွင်ပြင်လက္ခဏာများကို နှုတ်ဖြင့် ချိုးနှိမ်ပြောဆိုမှုများကို စစ်ဆေးမေးမြန်းမှုများအတွင်း ကြုံကြရသည်။ မုဒိန်းပြုကျင့်မှုနှင့် လိင်အကြမ်းဖက်မှုများမှာ ပုံမှန်အားဖြင့် နှုတ်ဖြင့်စော်ကားပြောဆိုခြင်း၊ တံတွေးထွေးခြင်း၊ နှင့် ရုပ်ပိုင်းဆိုင်ရာ နိပ်စက်မှုများကဲ့သို့ ချိုးနှိမ်နှိမ့်ချသော အပြုအမူများနှင့် တွဲလျက် ရှိသည်။ ကျူးလွန်ခံရသူ ခရစ်ယာန် တစ်ဦးသည် လက်ဝါးကပ်တိုင်ပေါ်တွင် ရှိသော သခင်ယေရှုကဲ့သို့

---

[3175] ICTY, Prosecutor v. *Stanisic and Zupljanin*, IT-08-91-T၊ စီရင်ချက်၊ ၂၀၁၃ မတ် ၂၇ ရက်၊ စာပိုဒ် ၆၇။ ICTY, *Prosecutor v. Kupreskic et al.*, IT-95-16-a၊ စီရင်ချက် စာပိုဒ် ၉၈။

[3176] ICTY, *Prosecutor v. Kupreskic et al.*, IT-95-16-A စီရင်ချက်၊ ၂၀၀၁ အောက်တိုဘာ ၂၃ ရက်၊ စာပိုဒ် ၆၁၅။ ICTY, *Prosecutor v. Popovic et al.*, IT-05-88-a၊ စီရင်ချက်။ ၂၀၁၅ ဇန္နဝါရီ ၃၀ ရက်၊ စာပိုဒ် ၇၆၆။

[3177] ICTY, *Prosecutor v. Kvocka et al.,* IT-98-30/1-a စီရင်ချက်၊ ၂၀၀၅ ဖေဖော်ဝါရီ ၂၈၊ စာပိုဒ် ၃၆၆။

[3178] ICTY, *Prosecutor v. Kvocka et al.,* IT-98-30/1-A, Judgment, 28 February 2005, para. 366.

[3179] QI-094.

ပုံစံတူ လုပ်ခိုင်းခြင်းခံရသည်။[3180] ချိုးဖောက်ကျူးလွန်သူများက သူတို့ကို "ကချင်အရိုင်းအစိုင်းမ" ဟု ခေါ်ဆိုခြင်း သို့မဟုတ် သူတို့ကို ခွေးနှင့်နှိုင်းယှဉ်ပြောဆိုခြင်းများ ခံခဲ့ရကြောင်း မုဒိန်းပြုကျင့်ခံရသူများက ပြောပြသည်။[3181] မိန်းကလေးနှစ်ဦးအား အုပ်စုလိုက် မုဒိန်းပြုကျင့်မှု၏ မျက်မြင်သက်သေ တစ်ဦးက ချိုးဖောက်ကျူးလွန်သူများက "ငါတို့ နင်တို့ ကချင်အရိုင်းအစိုင်းမ တွေကို မျိုးတုန်းသွားအောင် နိပ်စက်ပြမယ်" ဟု ပြောဆိုသည်ကို ကြားခဲ့ရသည်။[3182] မုဒိန်းကျင့်ခြင်းနှင့် လိင်ဆိုင်ရာ ချိုးဖောက်ခြင်းများ လုပ်ဆောင်နေစဉ်အတွင်း ထိုသို့ နှိမ်ချပြောဆိုမှုများနှင့် စော်ကား ပြောဆိုမှုများသည် ထိုအပြုအမူများကို ခွဲခြားဆက်ဆံသော ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်သည်ဟု ကောက်ချက်ချစရာ ဖြစ်လာသည်။ ကျူးလွန်ခံရသူများသည် အနည်းဆုံး တစ်စိတ်တစ်ပိုင်းအနေဖြင့် သူတို့၏ တိုင်းရင်းသား သို့မဟုတ် ဘာသာရေး နောက်ခံအပေါ်တွင် ပစ်မှတ် ထားခြင်းခံရသည်ကို ညွှန်ပြနေပေသည်။

၁၄၇၅။ တပ်မတော်သည် ဘုရားကျောင်းများနှင့် ဘာသာရေး အထိမ်းအမှတ် အရာဝတ္ထုများကို ဖျက်ဆီးခြင်း နှင့် ဖြိုလှဲခြင်းများ လုပ်ဆောင်ခဲ့သည်ကို ညွှန်ပြနေသော အချက်အလက်များကို မစ်ရှင်က ရရှိထားသည်။ အချို့သော ဖြစ်ရပ်များတွင် သူတို့က ဘုရားများ တည်ခဲ့သည်။ ဥစ္စာ ပစ္စည်း ဖျက်ဆီးမှုများသည် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများထဲတွင် စာရင်းမပါသော်လည်း "ဖျက်စီးမှု သဘာဝနှင့် အတိုင်းအတာ ပေါ်မူတည်၍ ယင်းကို ခွဲခြားဆက်ဆံမှု ရည်ရွယ်ချက်ဖြင့် ကျူးလွန်ပါက ဥစ္စာပစ္စည်း ဖျက်စီးမှုသည်လည်း တူညီသော ကြီးလေးမှု ဖြစ်နိုင်ပြီး" ယင်းသည် မတရားခွဲခြားဖိနှိပ်မှု မြောက်နိုင်သည်။[3183] ဘုရားကျောင်းများနှင့် အခြား ဘာသာရေးဆိုင်ရာ အရာဝတ္ထုများကဲ့သို့ ပစ်မှတ်များ၏ အရေးပါမှုကို ယင်းတို့ကို ပစ်မှတ်ထားသော တပ်မတော်စစ်သားများ သိရှိလိမ့်မည်ဖြစ်သည်။ ထိုအရာများကို တမင်သက်သက် ဘုရားများဖြင့် အစားထိုးခြင်း (ဘာသာရေး တစ်ခုကို အခြားဘာသာဖြင့် အစားထိုးသည့် သင်္ကေတ) သည် သူတို့အပြုအမူများ၏ ခွဲခြားဆက်ဆံမှု သဘောသဘာဝကို ပြသနေသည်။ ယင်းသည် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ ဆက်လုပ်ရန် လိုအပ်နေသည်။

၁၄၇၆။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေနှင့် သဘောတူစာချုပ် ဥပဒေများက ချမှတ်ထားသည့် ကန့်သတ်သည့် အရေးယူဆောင်ရွက်မှုများ ချထားခြင်းနှင့် ထိန်းသိမ်းထားခြင်း၊ ဥစ္စာပစ္စည်းများ ဖျက်ဆီးမှု နှင့် မကြာခဏ ဖြစ်ပွားနေသည့် အကျဉ်းချထားခြင်းများ၊ နှိပ်စက်ညှင်းပမ်းခြင်း၊ မုဒိန်းကျင့်ခြင်း နှင့် လိင်အကြမ်းဖက်မှု ကျူးလွန်ခြင်းများနှင့် အရပ်သားများ၏ အခြေခံ အခွင့်အရေးများအား ငြင်းပယ်ခြင်းတို့ဖြစ်နေသည်။ ယင်း အပြုအမူများသည် ပြည်သူများအတွင်း လူမျိုးရေးနှင့် ဘာသာရေး လူနည်းစုများအပေါ် အချက်အလက်အားဖြင့်၊ စုပေါင်း၍ နှင့် စနစ်တကျ ခွဲခြားဆက်ဆံမှုလည်း ဖြစ်သည်။[3184]

---

[3180] PI-056.

[3181] PI-004, PI-023

[3182] PI-069.

[3183] ICTY, *Prosecutor v. Blaskic*, IT-95-14-a၊ စီရင်ချက်၊ ၂၀၀၄ ဇူလိုင် ၂၉ ရက်၊ စာပိုဒ် ၁၄၆၊၁၄၉။ ICTY, *Prosecutor v. Karadzic*, IT-95-5/18-T, စီရင်ချက်၊ ၂၀၁၆ မတ် ၂၄ ရက်၊ စာပိုဒ် ၅၃၁။

[3184] ICTY, *Prosecutor v. Stanisic and Zupljanin*, IT-08-91-T, စီရင်ချက်၊ ၂၀၁၃ မတ် ၂၇ ရက်၊ စာပိုဒ် ၂၂၆၊ ၂၈၃။

လုပ်ဆောင်မှု၏ တစ်စုံလုံး ပုံစံ၏ အခြေခံပေါ်တွင် ချိုးဖောက်ကျူးလွန်သူများသည် ထို အပြုအမူများကို ယင်း တိုင်းရင်းသားနှင့် ဘာသာရေး လူနည်းစုများ အပေါ် ခွဲခြားဆက်ဆံသည့် ရည်ရွယ်ချက်ဖြင့် ပြုလုပ်ကြောင်း ကောက်ချက်ချရန် ကျိုးကြောင်းခိုင်လုံသည့် အခြေခံများ ဖြစ်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ သို့ဖြစ်ရာ ခွဲခြားဖိနှိပ်မှုကို လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေခံ အပြုအမူအဖြစ် ကချင်နှင့် ရှမ်းပြည်နယ်များအတွင်းတွင် သက်ဆိုင်ရာ ကာလအတွင်း ကျူးလွန်နေသည်ဟု ကောက်ချက်ချစရာ ကျိုးကြောင်းစီလျော်သော အခြေခံများ ရှိနေသည်။

## (ခ) လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေအနေဆိုင်ရာ အစိတ်အပိုင်းများ

၁၄၇၇။ ကချင်နှင့် ရှမ်းပြည်နယ်များမှ အရပ်သား ပြည်သူများ သည် ကြီးမားသော အတိုင်းအတာဖြင့် အသက်ဆုံးရှုံးမှုကိုသာမက ပုံမှန်ဘဝ၏ မည်သည့်အခန်းကဏ္ဍကိုမျှ မကျန်စေသည့် နှိုးဆော်လှုပ်ရှားမှု၏ သားကောင်များ ဖြစ်ခဲ့ကြရသည်။ ထိုကင်ပိန်း၏ အစိတ်အပိုင်းအဖြစ် ကျူးလွန်သော အပြုအမူများသည် "မည်သည့် အရပ်သား ပြည်သူများကိုမဆို ၎င်းတို့အပေါ်တွင် ဦးတည်သော ကျယ်ပြန့်၍ စနစ်တကျ တိုက်ခိုက်မှု၏ အစိတ်အပိုင်းတစ်ခုအဖြစ်" ကျူးလွန်ခဲ့ပါက လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အဆင့်သို့ ရောက်ရှိလိမ့်မည်။ "တိုက်ခိုက်မှု" တစ်ခု သည် လက်နက်ကိုင် တပ်ဖွဲ့၏ လုပ်ဆောင်မှုကိုသာ ကန့်သတ်ထားခြင်း မဟုတ်ပါ။[3185] စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေး ဆိုသည့် အဓိပ္ပါယ်ထက် "တိုက်ခိုက်မှု" ဟူသော ဝေါဟာရကို သာမာန် လှုံ့ဆော်သော ကွက်ကြား အပြုအမူများ (ယင်းသည် လိုအပ်သော အဆင့်ထိ မရောက်ပေ) နှင့် ဖြစ်ရပ် အဆင့်ဆင့် သို့မဟုတ် တစ်စုံလုံး ဖြစ်ရပ်များ စီးဆင်းမှုအကြား ခွဲခြားရာတွင် အသုံးပြုသည်။[3186] ဥပမာအား ဖြင့် "တိုက်ခိုက်မှု"သည် လက်နက်ကိုင် ပဋိပက္ခ မတိုင်မီ၊ ပဋိပက္ခမှ ထွက်ပေါ်သော သို့မဟုတ် ပဋိပက္ခနှင့် အတူတွဲလျက် လုပ်ဆောင်သော အရပ်သား ပြည်သူများအပေါ် လုပ်ဆောင်သော မှားယွင်းသည့် လှုပ်ရှားမှု တစ်ခု ဖြစ်သည်။[3187]

၁၄၇၈။ အထက်တွင် ဖော်ပြထားသော အခြေခံ အပြုအမူများသည် ကချင်နှင့် ရှမ်းပြည်နယ်များရှိ အရပ်သား ပြည်သူများအပေါ် တိုက်ခိုက်မှုတစ်ခု၏ အခြေအနေတွင် ကျူးလွန်ကြောင်း မစ်ရှင်က စဉ်းစားသည်။ ဤတိုက်ခိုက်မှု၏ အနှစ်သာရတွင် တပ်မတော်၏ ယုက်နွယ်စဉ်းစားချက်မှာ သက်ဆိုင်ရာ လူမျိုးစုဝင် လူတိုင်းသည် သက်ဆိုင်ရာ "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းကို ထောက်ခံသည်" ဟု ဖြစ်သည်။ ယင်းသည် တပ်မတော်က အရပ်သားများကို ကိုင်တွယ်မှုအားလုံးတွင် ထင်ဟပ်နေပြီး သူတို့အပေါ် ကျယ်ပြန့်ပြီး စနစ်ကျသော လှုပ်ရှားမှုကို ဖြစ်ပေါ်စေသည်။ အရပ်သားများမှာ ထိန်းသိမ်းခံရသည်၊ စစ်ဆေးမေးမြန်းခံရသည်၊ နှိပ်စက်ညှဉ်းပန်းခံရသည်၊ သတ်ဖြတ်ခံရသည်။ ထိန်းသိမ်းခံရသူ အများအပြားမှာ တရားဝင် မှတ်တမ်း တစ်ခုမှ မရှိပဲ သူတို့မည်သည့်နေရာတွင် ရောက်ရှိနေသည်ကို သဲလွန်စ မရှိပေ။

---

[3185] ICTY, *Prosecutor v. Kordic and Cerkez*, IT-95-14/2-A, စီရင်ချက်၊ ၂၀၀၄ ဒီဇင်ဘာ ၁၇ ရက်၊ စာပိုဒ် ၆၆၆။
[3186] ICC, *Prosecutor v. Bemba*, ICC-01/05-01/08-3343, စီရင်ချက်၊ ၂၀၁၆ မတ် ၂၁၊ စာပိုဒ် ၁၄၉။
[3187] ICTY, *Prosecutor v. Blagojevic and Jokic*, IT-02-60-T, စီရင်ချက်၊ ၂၀၀၅ ဇန္နဝါရီ ၁၇ ရက်၊ စာပိုဒ် ၅၄၃။

အဓမ္မလုပ်အားပေး ခိုင်းစေမှုမှာ ကပ်ရောဂါသဖွယ် နှစ်ပေါင်းများစွာ ပြန့်နှံ့နေပြီး ကျူးလွန်ခံရသူများအား မလျော်ကန်သော ဆက်ဆံမှုများ ခံရစေနိုင်သော အခြေအနေများဖြစ်စေပြီး လွတ်မြောက်နိုင်စရာ အကြောင်းလည်း မရှိပေ။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား မုဒိမ်းကျင့်မှုနှင့် လိင်အကြမ်းဖက်မှုများမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေသည်။ မိသားစုများနှင့် အများအပြားသော ရွာလုံးကျွတ် အဓမ္မရွှေ့ပြောင်းခံရမှုကို တိုက်ရိုက်အမိန့်များ၊ ခြိမ်းခြောက်မှုများ၊ အိမ်များ ဖျက်ဆီးခံရခြင်း တို့ကြောင့်သာမက တပ်မတော်၏ ကြိုးပမ်းအားထုတ်မှုများသည် ဘဝ အခြေအနေများကို မခံနိုင်အောင်ဖြစ်စေခြင်းကြောင့် ထိုမိသားစုများသည် သူတို့၏ အိမ်များ၊ မြေများနှင့် လူထုအသိုင်းအဝိုင်းများမှ ထွက်ပြေးနေကြရသည်။ ဤအများအပြားသော အပြုအမူများသည် လုပ်ဆောင်မှု လမ်းကြောင်းတစ်ခုကို ဖြစ်ပေါ် စေပြီး ယင်းတို့မှာ သီးခြား ဖြစ်ရပ်များ သို့မဟုတ် ရမ်းသမ်းပြုလုပ်သော အပြုအမူများ မဟုတ်ဆိုသည့် အချက်အဖြစ် မစ်ရှင်က သတ်မှတ်သည်။ ယင်းသည် အရပ်သားများအပေါ် ဘက်ပေါင်းစုံ တိုက်ခိုက်မှုဖြစ်ပြီး နိုင်ငံတကာ အသိုင်းအဝိုင်း တစ်ခုလုံးက စိုးရိမ်သော ရာဇဝတ်မှုများကို ဖြစ်ပေါ်စေသည်။

၁၄၇၉။ မစ်ရှင်က တိုက်ခိုက်မှုသည် ကျယ်ပြန့်မှုရှိသည်ဟု နောက်ထပ် စဉ်းစားသည်။ ပစ်မှတ်ထားခံရသော လူပုဂ္ဂိုလ် အရေအတွက်၊ ကျူးလွန်ခံရသူ အမျိုးမျိုး၊ အပြုအမူများ၏ အကြိမ်ရေ နှင့်/သို့ တိုက်ခိုက်မှုများသည် မတူညီသော နေရာဒေသများတွင် ဖြစ်ပျက်နေခြင်းတို့မှာ သတ်မှတ်ချက်နှင့် ဆက်နွယ်နေသည်။ ကချင်နှင့် ရှမ်းပြည်နယ်များမှ အရပ်သား ပြည်သူများအပေါ် တိုက်ခိုက်မှု ဖြစ်ရပ်တွင် အကြမ်းဖက်မှုနှင့် မလျော်မကန် ပြုမူမှုများသည် အချိန်အတိုင်းအတာ ကာလ တစ်ခုကြာမြင့်လျက် သီးခြား နေရာတစ်ခုအတွင်းတွင် ဖြစ်ပေါ်နေသည်မဟုတ်ပေ။ နှစ်များစွာကြာမြင့်သည့် ကာလအတွင်းတွင် ပြည်နယ်နှစ်ခု တစ်လျောက်ရှိ ကျေးရွာအုပ်စုအများအပြားရှိ ယောကျာ်းများ၊ မိန်းမများနှင့် ကလေးများ အပေါ် သက်ရောက်လျက်ရှိသည်။ တိုက်ခိုက်မှု၏ ကျယ်ပြန့်သော သဘာဝသည် လိုအပ်ချက်ဖြစ်သော စနစ်တကျဖြစ်မှု နှင့် သွေဖယ်နေသော်လည်း ဤဒုတိယသတ်မှတ်ချက်နှင့် ကိုက်ညီနေသည်။ စနစ်တကျ ဖြစ်မှုသည် ရာဇဝတ်မှုများ၏ ပြင်ဆင်စီစဉ်ထားသော သဘာဝ နှင့် သူတို့၏ ကွက်ကြား ဖြစ်ပွားမှု ဖြစ်နိုင်ချေမရှိမှုနှင့် သက်ဆိုင်သည်။[3188] တပ်မတော်၏ အရပ်သားပြည်သူများအပေါ် မည်သည့် ချည်းကပ်မှုကမျှ ကွက်ကြား သို့မဟုတ် အလိုအလျောက် ဖြစ်ပေါ်နေခြင်းမဟုတ်ပေ။ ဤချိုးဖောက်မှုများသည်လည်း ရာဇဝတ်မှု ကျူးလွန်လိုသော သီးခြား တပ်စု တစ်ခု၏ အပြုအမူမျိုးသာ ဖြစ်နေခြင်း မဟုတ်ပေ။ ယင်းသည် စနစ်တကျ ပြင်ဆင်ထားသော လုပ်ဆောင်မှု ပုံစံဖြစ်ပြီး[3189] အဆင့်မြင့် တပ်မှူးများက ဆုံးဖြတ်ထားသော စီမံချက်ကို လိုက်လျောက်ပြီး

[3188] ICC, *Prosecutor v. Katanga and Ngudjolo*, ICC-01/04-01/07-717, အရေးယူမှုအပေါ် အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်။ ၂၀၀၈ အောက်တိုဘာ ၁၄ ရက်၊ စာပိုဒ် ၃၉၄။ ရောမ သဘောတူစာချုပ်၊ ပုဒ်မ ၆၁(၇)(က) နှင့် (ခ) အရ အရေးယူမှုအပေါ် အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်။ ၂၀၁၂ ဇန်နဝါရီ ၂၃ ရက်။ စာပိုဒ် ၁၇၉။ ICTY, *Prosecutor v. Mrksic*, IT-95-13/1-T, စီရင်ချက်၊ ၂၀၀၇ စက်တင်ဘာ ၂၇ ရက်၊ စာပိုဒ် ၄၃၇။ ICTY, *Prosecutor v. Kunarac et al.*, IT-96-23-T and IT-96-23/ 1-T, စီရင်ချက်၊ ၂၀၀၁ ဖေဖော်ဝါရီ ၂၂ ရက်၊ စာပိုဒ် ၄၂၉။

[3189] ICTR, *Prosecutor v. Akayesu* ICTR-96-4-T, Judgment, 5 September 1998, para. 580.

ပစ်မှတ်ထားခံရသော ကျေးရွာများတလျောက် ရုပ်ပိုင်းဆိုင်ရာ အရာ ချိုးဖောက်ကျူးလွန်သော ကြီးမားသည့် အုပ်စုကြီးက ပုံမှန်နှင့် နည်းနာ ကျကျ အကောင်အထည်ဖော်ထားခြင်း ဖြစ်သည်။

၁၄၈၀။ စိုးရိမ်မှုများအတိုင်း တိုက်ခိုက်မှု ဖြစ်ရန် လိုအပ်ချက်အဖြစ် “အစိုးရ သို့မဟုတ် အဖွဲ့အစည်း မူဝါဒ အောက်တွင် သို့မဟုတ် နှင့်တဆက်တည်းဖြစ်သော” ကျူးလွန်မှုဖြစ်ရန် လိုသည်။ ဤလိုအပ်ချက်မှာ တိုက်ခိုက်မှုကို ပထဝီ အနေအထား ကျယ်ကျယ်ပြန့်ပြန့်တွင် လုပ်ဆောင်သည်ဖြစ်စေ သို့မဟုတ် ကျူးလွန်ခံရသူ အရေအတွက် အများအပြားကို ဦးတည်သည်ဖြစ်စေ ယင်းမှာ စနစ်တကျ နှင့် ပုံမှန် ပုံစံကို လိုက်နာဆဲ ဖြစ်သည်။ လက်ရှိ ဖြစ်ရပ်တွင် အခြေခံ အပြုအမူများသည် စစ်တပ်၏ ရန်သူများ နှင့် ဆက်စပ်နေသော အရပ်သား လူထုကို တိုက်ခိုက်ရန် တပ်မတော်၏ မူဝါဒနှင့် တဆက်တည်းဖြစ်နေသည်ဟု စဉ်းစားရန် ကျိုးကြောင်းဆီလျော်သော အခြေခံများ ရှိသည်။ စီစစ်နေသော မူဝါဒမှာ တရားဝင် ကြေညာထားရန် မလိုအပ်ပဲ အပြုအမူများ အထပ်ထပ် အကြိမ်ကြိမ်လုပ်ခြင်းမှ ဆုံးဖြတ်နိုင်ကြောင်း မစ်ရှင်က ထပ်လောင်း ပြောဆိုသည်။[3190] ဤဖြစ်ရပ်တွင် အခြားသော လုပ်ဆောင်မှုများအတွင်းတွင် သတ်ဖြတ်မှုများ၊ မုဒိမ်းပြုကျင့်သည့် အပြုအမူများ၊ ကျွန်ပြုမှုများ၊ အဓမ္မပျောက်ဆုံးစေမှုများ၊ နှိပ်စက်ညှင်းပမ်းမှုများ၊ အဓမ္မရွှေ့ပြောင်းမှုများ၊ အကြိမ်ကြိမ်ဖြစ်ပွားခြင်းသည် ထိုသို့သော မူဝါဒ တည်ရှိနေသည်ဆိုသည့်အပေါ် ကောက်ချက်ချခြင်းကို အခိုင်အမာ ပံ့ပိုးနေပေသည်။ ထိုမျှသာမက ယင်းတို့သည် အရပ်သားများကို ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားသော ရေရှည်ကျင့်သုံးခဲ့သည့် သောင်းကျန်းသူ ဆန့်ကျင်ရေး “ဖြတ်လေးဖြတ်” မူဝါဒကို တပ်မတော်က ဆက်လက်ကျင့်သုံးလျက်ရှိနေဆဲ ဖြစ်ကြောင်း ပြသနေသည်။ မူဝါဒကို “သက်ဆိုင်ရာ နယ်မြေတစ်ခုကို အုပ်ချုပ်သော လူပုဂ္ဂိုလ်များ ပါဝင်သည့် အုပ်စုများက သို့မဟုတ် အရပ်သား စစ်ဆင်ရေးကို ကျယ်ကျယ်ပြန့်ပြန့် သို့မဟုတ် စနစ်တကျ တိုက်ခိုက်မှု ကျူးလွန်နိုင်သော စွမ်းရည်ရှိသည့် အဖွဲ့အစည်းက” လုပ်ဆောင်နိုင်သည်။[3191] တပ်မတော်တွင် ယင်းစွမ်းရည်ရှိပြီး ယင်းအပေါ်တွင် လုပ်ဆောင်လျက်ရှိသည်။

၁၄၈၁။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေအနေဆိုင်ရာ အစိတ်အပိုင်းများ ရှိနေမှုကို မစ်ရှင်က လုံလောက်သည်ဟု လက်ခံပြီးဖြစ်ရာ ဤအစီရင်ခံစာတွင် ဖော်ပြထားသော မြန်မာနိုင်ငံမြောက်ပိုင်းရှိ ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ဖြစ်ရပ် အများအပြားတွင် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ မြောက်ပေလိမ့်မည်။

[3190] ICC, *Prosecutor v. Katanga,* ICC-01/04-01/07-3436-tENG, သဘောတူညီချက်၏ ပုဒ်မ ၇၄ အရ စီရင်ချက်၊ ၂၀၁၄ မတ်လ ၇ ရက်၊ စာပိုဒ် ၁၁၀၉။

[3191] ICC, *Prosecutor v. Katanga and Ngjudolo*, ICC-01/04-01/07-717, အရေးယူမှုအပေါ် အတည်ပြုချက်အပေါ် ဆုံးဖြတ်ချက်၊ ၂၀၀၈ အောက်တိုဘာ ၁၄ ရက်၊ စာပိုဒ် ၃၉ ၆။

## ၂။ ရခိုင်ပြည်နယ်

### (က) ရှိရင်းစွဲ တားမြစ်ထားသော အပြုအမူများ

*သတ်ဖြတ်ခြင်းနှင့် အမြစ်ဖြတ်သုတ်သင်ခြင်း*

၁၄၈၂။ ဤအခန်းတွင် သတ်ဖြတ်မှုများကို လူမျိုးတုန်းသတ်ဖြတ်မှု၏ အခြေခံ အပြုအမူအဖြစ် ဆွေးနွေးခြင်း အပါအဝင် အထက်တွင် ဖော်ပြထားသကဲ့သို့ ရခိုင်ပြည်နယ်တွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ"၏ အခြေအနေအတွင်း လုပ်ဆောင်သော သတ်ဖြတ်မှုများသည် အတိုင်းအတာ၊ ကျယ်ပြန့်မှု၊ ရက်စက်မှုနှင့် ပြင်းထန်မှုတို့တွင် ကြောက်ရွံ့ထိတ်လန့်ဖွယ်ရာ ဖြစ်သည်။ ၂၀၁၇ ခုနှစ် သြဂုတ်-စက်တင်ဘာ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" တစ်ခုတည်းအတွင်းတွင် ခန့်မှန်းခြေ လူပေါင်း တစ်သောင်းကျော် သေဆုံးခဲ့ခြင်းသည် ပြင်းထန်လွန်းသည်ဟု မစ်ရှင်က ကောက်ချက်ချသည်။ ချိုးဖောက်ကျူးလွန်သူများက သတ်ဖြတ်ရန် ရည်ရွယ်ချက်ဖြင့် သို့မဟုတ် သေဆုံးမှုကို ဖြစ်စေနိုင်ကြောင်း ကျိုးကြောင်း ဆီလျော်စွာ သိရှိနိုင်ပြီး ခန္ဓာကိုယ်ကို အပြင်အထန် နာကျင်စေမှုများဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခဲ့ပြီး လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်ပြစ်မှု၏ အခြေခံအဖြစ် လူသတ်မှု မြောက်လောက်အောင် ဖြစ်စေခဲ့ကြောင်းမှာ သံသယ ဖြစ်ဖွယ် မရှိပါ။

၁၄၈၃။ မေးစရာ မေးခွန်းမှာ အမြစ်ဖြတ်သုတ်သင်ခြင်းလည်း ဖြစ်ပွားခဲ့ကြောင်း ထည့်သွင်းစဉ်းစားစရာ ကျိုးကြောင်း ဆီလျော်သော အခြေခံများ ရှိမရှိ ဖြစ်လာသည်။ အမြစ်ဖြတ်သုတ်သင်ခြင်းမှာ လူသတ်ခြင်းနှင့် ခြားနားသည်။ ထိုသတ်ဖြတ်မှုအတွင်းတွင် "အစုအပြုံလိုက်" သို့မဟုတ် "ကြီးမားသော" အတိုင်းအတာ ဖြစ်ရမည်။[3192] အခြေအနေတစ်ခုချင်းက ယင်း၏ အချက်အလက်များအပေါ် အခြေခံပြီး အမြစ်ဖြတ်သုတ်သင်ခြင်း အပြုအမူအခြေခံကို ကျေနပ်လောက်အောင် "ကိန်းဂဏန်းအရ ဖော်ပြသော ထင်ရှားသည့်" သတ်မှတ်ချက် မရှိပေ။[3193] သို့ရာတွင် နှိုင်းယှဉ် ဖြစ်ရပ်များကို သုံးသပ်ခြင်းကို လမ်းညွှန်ထားသည်။ ဆီးရီးယားတွင် "တာရှည်သော အချိန်ကာလအတွင်းတွင် နေရာ အမျိုးမျိုး၌ အကြိမ်ရေ မြင့်မားစွာ" ဖြစ်ပွားခဲ့သော ထိန်းသိမ်းထားစဉ် သတ်ဖြတ်မှုများသည် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများအဖြစ် စစ်ဆေးရန် ကုလသမဂ္ဂက ယုံကြည်ရန် ကျိုးကြောင်းခိုင်လုံသော အခြေခံများကို တွေ့ရှိခဲ့သည်။ အစီရင်ခံစာက "ထောင်နှင့် ချီသော" ထိန်းသိမ်းထားခံရသည့် လူများ ပျောက်ဆုံးမှုကို ရည်ညွှန်းသည်။[3194] ရဝမ်ဒါရှိ တွတ်ဆီများ၏ အစုအပြုံလိုက်သတ်ဖြတ်ခြင်းသည် အမြစ်ဖြတ်သတ်ဖြတ်ခြင်း သတ်မှတ်ချက်ကို ပြည့်မီကြောင်း

---

[3192] ICC Elements of Crime, art. 7(1)(b); ICTR, *Prosecutor v. Bagosora et al.,* ICTR-98-41-A, စီရင်ချက်၊ ၂၀၁၁ ဒီဇင်ဘာ ၁၄ ရက်၊ စာပိုဒ် ၃၉၄။ ICTR, *Prosecutor v. Rukundo*, ICTR-2001-76-A, စီရင်ချက်၊ ၂၀၁၀ အောက်တိုဘာ ၂၀ ရက်၊ စာပိုဒ် ၁၈၅။ ICTR, *Prosecutor v. Seromba*, ICTR-2001-66-A, စီရင်ချက် ၂၀၀၈ မတ် ၁၂ ရက်၊ စာပိုဒ် ၁၈၉။

[3193] ICTY, *Prosecutor v Brdjanin*, IT-99-36-T, စီရင်ချက်။ ၂၀၀၄ ဒီဇင်ဘာ ၁ ရက်၊ စာပိုဒ် ၃၉ ၁။ 391; ICTY *Prosecutor v. Stakic*, IT-97-24-T, စီရင်ချက်၊ စာပိုဒ် ၆၄၀။

[3194] A/HRC/31/CRP.1၊ စာပိုဒ် ၄။

အကြိမ်ကြိမ် တွေ့ရှိခဲ့သည်။[3195] ယခင် ယူဂိုဆလားဗီးယားတွင် ကျူးလွန်ခံရသူ အနည်းဆုံး ၁၆၉၉ ဦးအား သတ်ဖြတ်ခဲ့ခြင်းကို အမြစ်ဖြတ်သတ်ဖြတ်ခြင်းအတွက် လိုအပ်သော "အစုအပြုံလိုက်ဖြစ်ခြင်း အကြောင်းအရာ" အဖြစ် လက်ခံသည်ကို တွေ့ရှိရသည်။[3196] ဤမြင့်မားသော သတ်မှတ်ချက်များကို စဉ်းစားလျက် ၂၀၁၇ ခုနှစ် ဩဂုတ်-စက်တင်ဘာလများအတွင်း ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာအရပ်သားများအား တမင်သက်သက် ဥပဒေနှင့် မညီပဲ သတ်ဖြတ်ခဲ့ခြင်းအပေါ် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှု ဖြစ်သည့် အခြေခံ အပြုအမူမြောက်ကြောင်း ကောက်ချက်ချရန် ကျိုးကြောင်းဆီလျော်သော အခြေခံများ ရှိကြောင်း မစ်ရှင်က တွေ့ရှိသည်။

*ကျွန်ပြုခြင်း*

၁၄၈၄။ အချို့သော အခြေအနေများတွင် အဓမ္မလုပ်အားစေခိုင်းမှုသည် ကျွန်ပြုခြင်း မြောက်ကြောင်း ပြန်လည် ဖော်ပြလျက် မစ်ရှင်သည် ယင်းမှာ မြန်မာနိုင်ငံရှိ အခြား အုပ်စုအများအပြားအတွက် ကဲ့သို့ပင် ရိုဟင်ဂျာဘဝ၏ သွင်ပြင်လက္ခဏာ ဖြစ်ကြောင်း မှတ်ချက်ပြုသည်။ ပေါ်တာထမ်းခိုင်းခြင်း၊ စိုက်ပျိုးခင်းများတွင် ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းစေခြင်း နှင့် လုံခြုံရေး တပ်ဖွဲ့များ၏ စခန်းများကို ထိန်းသိမ်းခြင်းတို့အတွက် ရခိုင်ပြည်နယ်တွင် အရပ်သား ပြည်သူများသည် တပ်မတော်အတွက် ငွေပေးစရာမလိုသော လုပ်အား အရင်းအမြစ်ဖြစ်သည်။

၁၄၈၅။ လုပ်အားမှာ မလုပ်မနေရ ဖြစ်သည်။ ယေဘူယျအားဖြင့် တပ်မတော်စစ်သားများ ရောက်လာပြီး ရွာသားများကို လိုက်ခဲ့ရန် ခေါ်သည်။ ကျူးလွန်ခံရသူများ၏ ထွက်ဆိုချက်များအရ အလုပ်လုပ်ရာတွင် နှေးကွေးသောကြောင့် သို့မဟုတ် အားနည်းသောကြောင့် ရိုက်နက်ခံရခြင်းသည် အလုပ်ကို ငြင်းဆိုရန်နှင့် အခြေအနေများကို ထိန်းချုပ်ရန် အခွင့်အလမ်းမရှိကြောင်း ညွှန်ပြနေသည်။ ဤအပြုအမူ တစ်ခုမျှ အလုပ်လုပ်သူ၏ လွတ်လပ်သော ဆန္ဒသဘောထားဖြင့် မဟုတ်ပဲ အဓမ္မလုပ်အားကို စီမံခန့်ခွဲသော တပ်မတော်နှင့် လုံခြုံရေး တပ်ဖွဲ့များက အဓမ္မလုပ်အားစေခိုင်းခံရသော အရပ်သားများအပေါ် ပိုင်ဆိုင်မှုအာဏာများကို ရည်ရွယ်ချက်ရှိရှိ ကျင့်သုံးခြင်းဖြစ်သည်ဟု မစ်ရှင်က လက်ခံသည်။ အချို့ဖြစ်ရပ်များတွင် ငွေပေးနိုင်သူ အချို့သော လူများအတွက်ပင် အဓမ္မလုပ်အားကို ရှောင်လွှဲနိုင်ရန် လာဒ်ငွေ ပေးရန် ရွေးချယ်စရာ ရှိသော်လည်း ယင်းမှာ ဆန္ဒအလျောက်မဟုတ်ခြင်းဖြစ်သည်။

၁၄၈၆။ အဓမ္မလုပ်အားစေခိုင်းခြင်းကို တိုင်းရင်းသား ရခိုင်များအပေါ်တွင်လည်း ကျင့်သုံးပြီး ထိုသူတို့မှာလည်း အလားတူ ချိုးဖောက်မှုများကို ခံကြရသည်။ မစ်ရှင်က စုဆောင်းထားသည့် ထွက်ဆိုချက်များက ထိုအလေ့အထသည် အထူးသဖြင့် ဝေးလံခေါင်ဖျားသော ကျေးလက် ဧရိယာများတွင် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပွားခဲ့သည်။ သုံးသပ်ချက်လုပ်ဆောင်သော ကာလတလျောက်လုံးတွင် တပ်မတော်သည် မကြာခဏပင် မလျော်ကန်သော ပြုမူ

[3195] ICTR, *Prosecutor v. Ntakirutimana*, ICTR-96-10-A and ICTR-96-17-A, စီရင်ချက်၊ ၂၀၀၄ ဒီဇင်ဘာ ၁၃ ရက်၊ စာပိုဒ် ၅၁၆။ ICTR, ICTR, *Prosecutor v. Seromba*, ICTR-2001-66-A, စီရင်ချက်၊ ၂၀၀၈ မတ် ၁၂ ရက်၊ စာပိုဒ် ၁၉၀။ ICTR, *Prosecutor v. Munyakazi*, စီရင်ချက်၊ ICTR-97-36A-A, ၂၀၁၁ စက်တင်ဘာ ၂၈ ရက်၊ စာပိုဒ် ၁၄၂။

[3196] ICTY, *Prosecutor v Brdjanin*, IT-99-36-T, စီရင်ချက်၊ ၂၀၀၄ ဒီဇင်ဘာ ၁ ရက်၊ စာပိုဒ် ၄၆၅။

ဆက်ဆံမှုများနှင့် အတူ ယောက်ျားများ၊ မိန်းမများနှင့် ကလေးများကို အဓမ္မလုပ်အားအတွက် အစဉ်တစိုက် အသုံးပြုခဲ့သည်မှာ ထင်ရှားသည်။ အဓမ္မလုပ်အားစေခိုင်းခံရသော တိုင်းရင်းသား ရခိုင်များအတွက် ထွက်ပြေးလွတ်မြောက်ရာ လမ်းမရှိပေ။ ပေါ်တာဟောင်းတစ်ဦးက "တကယ်လို့ ကျနော်တို့ ပြေးရင် ကျနော်တို့ အပစ်ခံရမယ်" ဟု ရှင်းပြသည်။[3197] သို့ဖြစ်ရာ အဓမ္မလုပ်အားကို စီမံခန့်ခွဲသော တပ်မတော်နှင့် လုံခြုံရေး တပ်ဖွဲ့များသည် သူတို့ အဓမ္မအလုပ်စေခိုင်းသည့် အရပ်သားများအပေါ် ပိုင်ဆိုင်မှု အာဏာကို တမင်သက်သက် ကျင့်သုံးကြောင်း မစ်ရှင်က ခိုင်လုံစွာ တွေ့ရှိရသည်။

၁၄၈၇။ သို့ဖြစ်ရာ မစ်ရှင်သည် ရိုဟင်ဂျာနှင့် တိုင်းရင်းသား ရခိုင်များ နှစ်ဦးစလုံးအပေါ် အဓမ္မလုပ်အားစေခိုင်းသည့် အချို့သော အပြုအမူများသည် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများ ၏ အခြေခံ အပြုအမူအဖြစ် ကျွန်ပြုခြင်း မြောက်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။

*နိုင်ငံမှ မောင်းထုတ်ခြင်းနှင့် ပြည်သူများအား အဓမ္မရွှေ့ပြောင်းစေခြင်း။*

၁၄၈၈။ နိုင်ငံမှမောင်းထုတ်ခြင်းနှင့် အဓမ္မရွှေ့ပြောင်းစေခြင်းတို့မှာ သီးခြား ရာဇဝတ်မှုများ[3198] ဖြစ်ပြီး "လူများကို သူတို့၏ တရားဝင် တည်ရှိနေသော နေရာများမှ နိုင်ငံတကာ ဥပဒေက ခွင့်ပြုထားသော အခြေခံများ မရှိပဲလျက် မောင်းထုတ်ခြင်း သို့မဟုတ် အခြား ဖိအားပေးသော အပြုအမူများလုပ်ခြင်းဖြင့် သူတို့၏ နေရာမှ အဓမ္မရွှေ့ပြောင်းစေခြင်း" အခြေအနေများ ပေါ်ပေါက်စေသည်။[3199] နိုင်ငံမှ မောင်းထုတ်ခြင်းဆိုသည်မှာ နိုင်ငံတကာ နယ်စပ်ကို ဖြတ်ကျော်စေလျက် နှင့် အဓမ္မရွှေ့ပြောင်းစေခြင်း ဆိုသည်မှာ နိုင်ငံနယ်နမိတ်အတွင်း ရွှေ့ပြောင်းစေမှုကို ဆိုလိုသည်။[3200]

၁၄၈၉။ ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများ" သည် အဓိက အားဖြင့် နယ်စပ်ကို ဖြတ်ကျော်လျက် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရိုဟင်ဂျာ ၇၂၅,၀၀၀ ကျော်ရွှေ့ပြောင်းမှုကို ဖြစ်စေခဲ့သည်။ ယင်းသည် ၂၀၁၆ ခုနှစ်က အဖြစ်အပျက်ကို ရောင်ပြန်ဟပ်စေသည်။ ရိုဟင်ဂျာ ၈၇,၀၀၀ ခန့်ပါဝင်ခဲ့သည်။ သို့သော် ယခုတစ်ကြိမ်က ထိတ်လန့်ဖွယ် အတိုင်းအတာပင်ဖြစ်သည်။ လူဦးရေ တစ်ခုလုံး အစုလိုက် အပြုံလိုက် ထိရောက်စွာ ရွှေ့ပြောင်းကြရသည်။ ရိုဟင်ဂျာများ က သူတို့၏ အိမ်များ မြေများကို ချန်ထားခဲ့ပြီး တပ်မတော်၏ လျင်မြန်စွာပေးသော အမိန့်များကို လိုက်နာကြရသည်၊ သို့မဟုတ် အစုအပြုံလိုက် အကြမ်းဖက်မှု၊ သတ်ဖြတ်မှုများ၊ နှင့် ဥစ္စာပစ္စည်း ဖျက်စီးမှုများမှ ထွက်ပြေးကြရသည်။ ရာဇဝတ်မှုကို အဆုံးအဖြတ်ပေးသော အကြောင်းအရာမှာ ဘေးပတ်ဝန်းကျင် အခြေအနေများ၏ မြင်ကွင်းတွင် လေ့လာစမ်းစစ်သည့်အခါ[3201]

[3197] DI-028. Also CI-153

[3198] ICC၊ "သဘောတူ စာချုပ် ပုဒ်မ ၁၉(၃) အရ တရားစီရင်ချက်အပေါ် ပြင်ဆင်ပေးရန် တရားလို၏ တောင်းဆိုချက်" အပေါ် ဆုံးဖြတ်ချက်။ ICC-RoC46(3)-01/18-37, ၂၀၁၈ စက်တင်ဘာ ၆ ရက်၊ စာပိုဒ် ၅၃။

[3199] ICC ရောမ သဘောတူစာချုပ်၊ ပုဒ်မ ၇(၂)(ဃ)။

[3200] ICC, သဘောတူစာချုပ်၏ ပုဒ်မ ၁၉(၃) အောက်တွင် စီရင်ချက်အပေါ် ပြန်လည်ပြင်ဆင်ရန်အတွက် တရားလိုမှ တောင်းဆိုချက် အပေါ် ဆုံးဖြတ်ချက်။ ICC-RoC46(3)-01/18-37, ၂၀၁၈ စက်တင်ဘာ ၆၊ စာပိုဒ် ၅၃-၅၅။

[3201] ICTY, *Prosecutor v. Stakic*, IT-97-24-A, စီရင်ချက်၊ ၂၀၀၆ မတ် ၂၂ ရက်၊ စာပိုဒ် ၂၇၉။ *Prosecutor v. Martic*, IT-95-11-T, စီရင်ချက်၊ ၂၀၀၇ ဇွန် ၁၂ ရက်၊ စာပိုဒ် ၁၀၈။

ကျူးလွန်ခံရသူဘက်မှ စစ်မှန်သော ရွေးချယ်စရာ မရှိခြင်း ဖြစ်သည်။[3202] ရိုဟင်ဂျာများ သူတို့၏ အိမ်များနှင့် ကျေးရွာများမှ ရွှေ့ပြောင်းရခြင်းသည် စစ်မှန်သော ရွေးချယ်မှု၏ ရလာဒ်ဖြစ်သည်ဟု ကျိုးကြောင်းခိုင်လုံသော အကြံပြုစရာ မရှိပေ။ အကြမ်းဖက်မှုနှင့် ခွဲခြား ဖိနှိပ်မှုမှ ထွက်ပြေးရန် ရွေးချယ်ခြင်းသည် ဆန္ဒအလျောက်မဟုတ်သလို လွတ်လပ်စွာရွေးချယ်ခြင်းလည်း မဟုတ်ပေ။[3203] ဤကိစ္စတွင် ဘင်္ဂလားဒေ့ရှ်ရှိ စခန်းများတွင် စောင့်ကြိုနေသော ခြောက်ခြားဖွယ် အခြေအနေများနှင့် လမ်းခရီးတွင် တွေ့ကြုံရသော အခြေအနေများက ယင်းငြင်းဆိုချက်ကို အားပျော့စေသည်။ ထိုမျှသာမက ပထဝီဝင် ဒေသတစ်ခုမှ ဤအစုလိုက်အပြုံလိုက် ရွှေ့ပြောင်းမှုမှာ နိုင်ငံတကာ ဥပဒေအောက်တွင် ဥပမာအားဖြင့် လုံခြုံရေး သို့မဟုတ် စစ်ရေး လိုအပ်ချက်ဟု ကျိုးကြောင်းခိုင်လုံအောင် သက်သေပြ၍ မရနိုင်ပေ။[3204]

၁၄၉၀။ ရွှေ့ပြောင်းသူများသည် ပထမဦးစွာ နယ်မြေအတွင်း ဥပဒေနှင့် ညီစွာ တည်ရှိရန် လိုအပ်ကြောင်း မစ်ရှင်က သတိပြုမိသည်။[3205] "ဥပဒေနှင့် ညီစွာ တည်ရှိရန်" ဆိုသော စကားလုံးသည် ဥပဒေရေးရာ စဉ်းစားချက်ဖြစ်သော ဥပဒေနှင့် ညီသော နေအိမ်နှင့် မတူပါ။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်သည် နေထိုင်ရန် တရားဝင် လိုအပ်ချက်များနှင့် ပြည့်မီခြင်း ရှိမရှိ သို့မဟုတ် သူ့အနေဖြင့် အနေအထား တရပ်ရပ် ရရှိထားခြင်း ဟုတ်မဟုတ် တို့နှင့် မသက်ဆိုင်ပါ။ မည်သည့် အကြောင်းကြောင့် ဖြစ်စေ လူ့အသိုင်းအဝိုင်း တစ်ခုတွင် ရေတိုဖြစ်စေ၊ သို့မဟုတ် ယာယီဖြစ်စေ "နေထိုင်ရန်" လာရောက် သူများကို အကာအကွယ်ပေးရမည်။[3206] ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများသည် သူတို့၏ သက်ဆိုင်ရာ အိမ်များနှင့် ကျေးရွာများတွင် ဤ အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် အညီ နေထိုင်ခဲ့ကြသည်။ သက်ဆိုင်ရာ လူပုဂ္ဂိုလ်များ၏ တည်ရှိမှုအပေါ် ဥပဒေနှင့် ညီညွတ်မှုကို အဓိကအားဖြင့် ပြည်တွင်း ဥပဒေက ဆုံးဖြတ်ပေးသော်လည်း ပြည်တွင်း ဥပဒေသည်လည်း နိုင်ငံတကာ ဥပဒေစံနှုန်းများနှင့် ကိုက်ညီခြင်းရှိမရှိကို တိုင်းတာရမည်။ ပြည်တွင်း ဥပဒေသည် နိုင်ငံတကာ ဥပဒေ၏ သက်ဆိုင်ရာ စည်းမျဉ်းများအား ချိုးဖောက်လျက် ဥပဒေနှင့် ညီသော တည်ရှိမှုကို အဆုံးသတ်ခြင်း မပြုနိုင်ပေ။[3207] ရိုဟင်ဂျာများ၏ နိုင်ငံသားဖြစ်မှုကို အစိုးရက တရားမဲ့ ဖယ်ရှားခံရခြင်းအပေါ်တွင် ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများ တည်ရှိမှုသည် ဥပဒေနှင့် မညီသို့မဟုတ် ဥပဒေနှင့် မညီပဲ ဖြစ်လာသည်ဟု ငြင်းဆို၍မရပေ။ အစိုးရက သူတို့အား "ဘင်္ဂါလီ" သို့မဟုတ် "ခိုးဝင်သူများ" ဟု တံဆိပ်ကပ်ခြင်းသည် မလျော်ကန်ပေ။ သို့ဖြစ်ရာ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေခံ အပြုအမူအဖြစ် ပြည်ပသို့ မောင်းထုတ်ခြင်း ဖြစ်ပွားခဲ့ကြောင်း ကောက်ချက်ချစရာ ကျိုးကြောင်းခိုင်လုံသော အခြေခံများ ရှိသည်ဟု မစ်ရှင်က တွေ့ရှိသည်။

---

[3202] ICTY, *Prosecutor v. Krnojelac*, IT-97-25-A, စီရင်ချက်၊ ၂၀၀၃ စက်တင်ဘာ ၁၇ ရက်၊ စာပိုဒ် ၂၂၉။

[3203] ICTY, *Prosecutor v. Krstic*, IT-98-33-T, စီရင်ချက်၊၂၀၀၁ ဩဂုတ် ၂ ရက်၊ စာပိုဒ် ၅၃၀။

[3204] အရပ်သားများ အပေါ် ကာကွယ်မှု နှင့် သက်ဆိုင်သည့် ဂျနီဗာ သဘောတူညီချက် ၄၊ ပုဒ်မ ၄၉။ See also ICRC/Customary IHL, rule 129.

[3205] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ဃ)၊ စာပိုဒ် ၂။

[3206] ICTY, *Prosecutor v. Popovic et al.*, IT-05-88-T, စီရင်ချက်၊၂၀၁၀ ဇွန် ၁၀ ရက်၊ စာပိုဒ် ၉၀၀။

[3207] G. Werle, နိုင်ငံတကာ ရာဇဝတ် ဥပဒေ၏ ဥပဒေသများ။ (TMC Asser Press, 2009), စာ ၂၄၁။

၁၄၉၁။ ရိုဟင်ဂျာ အသိုင်းအဝိုင်းများကို ရခိုင်ပြည်နယ် အလယ်ပိုင်းရှိ ရွှေ့ပြောင်း ဒုက္ခသည်စခန်းများနှင့် နေရာများသို့ အဓမ္မရွှေ့ပြောင်းစေခြင်းသည်လည်း လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အခြေခံ အပြုအမူကို ဖြစ်စေသည်ဟု မစ်ရှင်က စဉ်းစားသည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုများနောက်တွင် ရိုဟင်ဂျာ ၁၂၈,၀၀၀ ခန့်သည် တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသော "ဒုက္ခသည် စခန်းများ"တွင် ခြောက်နှစ်ကျော်အောင် ထိန်းသိမ်းထားခံရပြီး သူတို့မှာ ယနေ့ထက်တိုင် ထိုနေရာများတွင် ထိန်းသိမ်းထားခံနေရပြီး လုံခြုံရေး တပ်ဖွဲ့များက ဝန်းရံထိန်းချုပ်ထားသည်။ ထိုစခန်းများနှင့် နေရာများတွင် နေထိုင်ကြသော ရိုဟင်ဂျာ (နှင့် ကမာန်)များသည် ထိုနေရာများသို့ သွားရောက်ရန် ဖိအားပေးခံခဲ့ကြရပြီး ထွက်ခွာခွင့်နှင့် သူတို့အိမ်များသို့ ပြန်ခွင့် မရကြပဲရှိသည်။

*အကျဉ်းချထားခြင်း၊ နှိပ်စက်ညှဉ်းပန်းခြင်းနှင့် အဓမ္မ ပျောက်ဆုံးစေခြင်း။*

၁၄၉၂။ လက်ရှိ အစိုးရင်ခံစာက ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာ အသိုင်းအဝိုင်းကို နယ်ခြားစောင့်ရဲ၊ ယခင် နစက နှင့် တပ်မတော်အပါအဝင် အမျိုးမျိုးသော ဥပဒေစိုးမိုးရေး အဖွဲ့အစည်းများက ကျယ်ပြန့်ပြီး စနစ်တကျဖြစ်သော တရားမဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများကို အသေးစိတ်ဖော်ပြထားသည်။ ထိုအလေ့အကျင့်များမှာ အထူးသဖြင့် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ပိုမိုများပြားသည်။ ဖမ်းဆီးမှုများသည် ယေဘူယျအားဖြင့် ရွာများ၊ အိမ်များသို့မဟုတ် ဈေးဆိုင်များကို ညအချိန်ဝင်ရောက် စစ်ဆေးခြင်း၊ လုံခြုံရေး ဂိတ်များ သို့မဟုတ် အိမ်များကို ရှာဖွေစဉ် သို့မဟုတ် အိမ်ထောင်စု စာရင်း စီစစ်ခြင်း များတွင် ဖြစ်လေ့ရှိသည်။ ကာလတလျှောက်လုံး တရားမဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်းများ ဖြစ်ပွားလျက်ရှိသော်လည်း ၂၀၁၂ ခုနှစ် အကြမ်းဖက်မှုနှင့် ၂၀၁၆ ခုနှစ် အောက်တိုဘာနောက်ပိုင်း လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေး ကဲ့သို့ တင်းမာမှု မြင့်မားသည့် ကာလများအတွင်းတွင် သိသာထင်ရှားစွာ မြင့်တက်မှုများ ရှိသည်။

၁၄၉၃။ အစီရင်ခံစာက "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး"၏ အခြေအနေတွင် မကြာခဏပင် အဓမ္မပျောက်ဆုံးစေမှုကို ဖြစ်ပွားစေသော တရားမဲ့ ဖမ်းဆီးခြင်းနှင့် ထိန်းသိမ်းခြင်း ဖြစ်ရပ် အရေအတွက် အများအပြားကို ဖော်ပြထားသည်။ ပစ်မှတ်ထားခံရသူအများစုမှာ လူငယ်ယောကျ်ားများဖြစ်ပြီး သူတို့နှင့် အတူ လေးစားခံရသူများ သို့မဟုတ် ဩဇာရှိသူ လူပုဂ္ဂိုလ်များလည်း ပါဝင်သည်။ မကြာခဏပင် ယောကျ်ားများနှင့် ကောင်ကလေးများမှာ နောက်ထပ် ပြန်မတွေ့ကြရသလို သူတို့မည်သည့်နေရာသို့ ရောက်သွားသည်ကိုလည်း မသိကြရပေ။ ဖြစ်ရပ် အများစုတွင် ဖမ်းဆီးမှုအတွက် ကျိုးကြောင်းခိုင်လုံသော အထောက်အထားမရှိသလို အကာအကွယ်ပေးမှု သို့မဟုတ် တာဝန်ခံမှု အခြေခံ လုပ်ထုံးလုပ်နည်း လုပ်ငန်းစဉ် လည်း မရှိပေ။ ယခုထိ ပျောက်ဆုံးနေဆဲဖြစ်သော ထိုထိန်းသိမ်းခံများသည် ဥပဒေ၏ကာကွယ်မှုကို ထိရောက်စွာ ဖယ်ရှားခံထားကြပြီး ဥပဒေအရ ကုစားမှုများ ရရှိရန် အသုံးပြုနိုင်သည့် လမ်းစမရှိဘဲ သို့မဟုတ် လုပ်နည်းလုပ်ဟန်အရ အာမခံချက် မရှိဘဲ ဖြစ်နေသည်။ သူတို့ ဘယ်မှာ ရှိသည်ဆိုသည်ကို ပိတ်ထားပြီး သူတို့၏ မိသားစုများမှာ ရှာဖွေ စီစစ်ရန် လမ်းကြောင်း မရှိပဲ ဖြစ်နေသည်။

၁၄၉၄။ ဖမ်းဆီးမှု နှင့် ထိန်းသိမ်းမှုများကို ပြန်လည်ပြောဆိုချက်များတွင် အကြမ်းဖက်မှု၊ ရိုက်နှက်မှုများ နှင့် မလျော်မကန် ပြုမူမှုများ မကြာခဏ တွဲလျက်ရှိသည်။ ၂၀၁၂ ခုနှစ် အကြမ်းဖက်မှု နောက်ပိုင်း ဘူးသီးတောင် ထောင်တွင် ထောင်သားများကို ပြင်းထန်သော မလျော်မကန် ပြုမူဆက်ဆံမှု ပုံစံများကို မစ်ရှင်က အချက်အလက်များ တည်ဆောက်ထားနိုင်သည်။ ထိန်းသိမ်းခံရသူများ အပေါ် ဖြစ်ပေါ်စေသော နာကျင်မှုနှင့် ခံစားမှု အတိုင်းအတာများသည် နှိပ်စက်ညှဉ်းပန်းမှုကို ဥပဒေအရ အရည်အသွေးပြည့်မှီစေသည့် အတိုင်းအတာကို အစဉ်အမြဲ ရောက်ရှိသည်။ အထူးသဖြင့် ကျူးလွန်ခံရသူများအပေါ် သက်ရောက်သော ရုပ်ပိုင်းနှင့် စိတ်ပိုင်း ဆိုင်ရာ သက်ရောက်မှုများ၊ သက်ဆိုင်ရာ ချိုးဖောက်ကျူးလွန်သူများနှင့် သူတို့၏ ကျူးလွန်ခြင်းခံရသူများ၏ အနေအထားများနှင့် အသုံးပြုသော နည်းလမ်းများကို ထည့်သွင်းစဉ်းစားသည့်အခါ နှိပ်စက်ညှဉ်းပန်းမှု အဆင့်ကို အစဉ်အမြဲ ရောက်ရှိသည်။

၁၄၉၅။ သို့ဖြစ်ရာ သုံးသပ်ချက်လုပ်ဆောင်မှု ကာလအတွင်း ရခိုင်ပြည်နယ်တွင် အကျဉ်းချထားမှု၊ အဓမ္မ ပျောက်ဆုံးစေမှုနှင့် နှိပ်စက်ညှဉ်းပန်းမှုတို့၏ အခြေခံ အပြုအမူများကို ကျူးလွန်ခဲ့ကြောင်း ကောက်ချက်ချရန် ကျိုးကြောင်းညီညွတ်သည့် အခြေခံများ ရှိသည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။

*မုဒိန်းကျင့်ခြင်း၊ လိင်ကျွန်ပြုခြင်းနှင့် လိင် အကြမ်းဖက်မှုများ*

၁၄၉၆။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော မြို့နယ် သုံးခုတလျောက် အနည်းဆုံး ကျေးရွာအုပ်စု ဆယ်ခုတွင် ဖြစ်ပွားခဲ့သော "အဓိက" အဖြစ်အပျက်များ၏ ထိတ်လန့်ဖွယ် သွင်ပြင်လက္ခဏာတစ်ခုမှာ ရိုဟင်ဂျာ အမျိုးသမီးများ နှင့် မိန်းကလေးငယ်များကို မုဒိန်းကျင့်ခြင်းနှင့် အုပ်စုလိုက်မုဒိန်းကျင့်ခြင်းများ ဖြစ်သည်။ မုဒိန်းကျင့်မှုနှင့် အုပ်စုလိုက် မုဒိန်းကျင့်မှု၏ ကျယ်ပြန့်မှု၊ ဒေသတလျောက် ဖြစ်ပွားပုံ တူညီမှု၊ နှင့် ချိုးဖောက် ကျူးလွန်သူများက သူတို့၏ ရိုဟင်ဂျာ ကျူးလွန်ခံရသူများအပေါ် ထားရှိသည့် သဘောထားတို့က ဤ လိင် အကြမ်းဖက်မှု အပြုအမူများ၏ ကြိုတင် စီစဉ်ထားမှု သဘာဝကို ဖော်ပြနေသည်။ မစ်ရှင်သည် အများအပြားသော ချိုးဖောက်ကျူးလွန်သူများနှင့် ကျူးလွန်ခံရသူများ ပါဝင်ပြီး မကြာခဏတွင် အထူးသဖြင့် အိမ်များ၊ စစ်တပ် သို့မဟုတ် ရဲစခန်း ဝင်းများ ကဲ့သို့ ရွေးချယ်ထားသည့် နေရာများတွင် ဖြစ်ပွားသော ရောမ အတိုင်းအတာ အုပ်စုလိုက် မုဒိန်းကျင့်မှု အကြိမ်ရေအပေါ်တွင် အထူးသဖြင့် အထိတ်တလန့် ဖြစ်ရသည်။ ယင်းတို့မှာ ရာဇဝတ် အမူအကျင့်ရှိသော စစ်သားအချို့၏ ကွက်ကြား အပြုအမူမျိုး မဟုတ်ပေ၊ ယင်းမှာ တပ်မတော်က ရိုဟင်ဂျာ မိခင်များ၊ မိန်းမများ၊ ညီအစ်မများနှင့် သမီးများကို စနစ်တကျ ပြင်ဆင် တိုက်ခိုက်မှု ဖြစ်သည်။ တစ်ချိန်တည်းမှာပင် ရခိုင်ပြည်နယ်ရှိ မုဒိန်းမှုနှင့် လိင်အကြမ်းဖက်မှုများသည် ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" မှ ပေါက်ဖွားလာခဲ့ခြင်း မဟုတ်ပေ။ အစီရင်ခံသည့် ကာလတလျောက်လုံးတွင် တပ်မတော်၊ ရဲနှင့် နကစ (နောက်ပိုင်း နယ်ခြားစောင့်ရဲ) တို့သည် မုဒိန်းမှုများနှင့် အုပ်စုဖွဲ့ မုဒိန်းမှုများကို ကျူးလွန်နေခဲ့ကြသည်။ မစ်ရှင်က လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု၏ အခြေခံ အပြုအမူအဖြစ် မုဒိန်းမှုကို ကျူးလွန်နေကြောင်း ထည့်သွင်းစဉ်းစားသည်။

၁၄၉၇။ မစ်ရှင်က ပြန်လည် ပြောပြလိုသည်မှာ ၂၀၁၇ ခုနှစ်တွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" အတွင်းနှင့် မတိုင်မီ ရက်သတ္တပတ် အနည်းငယ် အတွင်းတွင် တပ်မတော် သို့မဟုတ် ရဲတပ်ဖွဲ့ဝင်များက ရိုဟင်ဂျာ မိန်းကလေးငယ်များကို ရမ်းသမ်း "ရွေးချယ်" ခဲ့သည် သို့မဟုတ် ရွာတစ်ရွာလုံး အပြစ်ပေးခံရမည်ဟု ခြိမ်းခြောက်ခံရမှု အပေါ် သူတို့ကိုယ်တိုင် စစ်တပ် သို့မဟုတ် ရဲ စခန်းများသို့ သွားရောက် ခဲ့ကြရသည်။ ထို မိန်းမများနှင့် မိန်းကလေးငယ်များသည် ထိန်းသိမ်းခံကြရပြီး ထိန်းသိမ်းခံထားရစဉ်အတွင်း မုဒိန်းကျင့်ခြင်း၊ အုပ်စုဖွဲ့ မုဒိန်းကျင့်ခြင်း၊ လိင်ဆိုင်ရာ စော်ကားခြင်းနှင့် အခြား လိင်အကြမ်းဖက်မှု ပုံစံများ ကျူးလွန်ခြင်း များကို ခံခဲ့ကြရသည်။ ဤ ဖမ်းဆီးခြင်း၊ ထိန်းသိမ်းခြင်းနှင့် လိင် ချိုးဖောက်ခြင်း အချို့ ဖြစ်ရပ်များသည် လိင်ကျွန်ပြုခြင်း အပြုအမူ မြောက်သည်။ ဤကာလများအတွင်း ကျူးလွန်ခံရသူများသည် လက်နက်ကိုင် တပ်ဖွဲ့ဝင်များက သူတို့ကို နာခံရန်နှင့် လွတ်မြောက်မှုကို တားဆီးရန် ခြိမ်းခြောက်မှုများ၊ အင်အားသုံးခြင်းနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ဖိအားများကို အသုံးပြုခြင်းဖြင့် သူတို့၏ လွတ်လပ်ခွင့်ကို ဖယ်ရှားခံခဲ့ကြရသည်။ ထို ဖမ်းဆီးခံရသူများသည် လိင် သဘာဝရှိ အပြုအမူများကို အဓမ္မ လုပ်ဆောင်ခိုင်းခံကြရပြီး ချိုးဖောက်ကျူးလွန်သူများ၏ ရုပ်ပိုင်းဆိုင်ရာအရ ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့ကြသည်။ မစ်ရှင်က ဤအမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် သူတို့၏ အခြေအနေကို ထိန်းချုပ်နိုင်ရန် သို့မဟုတ် ပြောင်းလဲရန် လုံးဝ မဖြစ်နိုင်ကြောင်း ခိုင်လုံစွာ တွေ့ရှိခဲ့သည်။

၁၄၉၈။ တပ်မတော် စစ်သားများသည် ရိုဟင်ဂျာ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ရင်သားများ သို့မဟုတ် လိင်အင်္ဂါများအားလည်း ဖြတ်တောက်ခဲ့ပြီး သူတို့အား အဓမ္မ ကိုယ်လုံးတီး ချွတ်စေခဲ့သည်။ အချို့သော အခြေအနေများတွင် အဓမ္မကိုယ်လုံးတီးချွတ်စေခြင်းနှင့် လိင်စော်ကားခြင်း ဖြစ်ရပ်များသည် လုံခြုံရေး တပ်ဖွဲ့များက လွန်လွန်ကျူးကျူး ခန္ဓာကိုယ်ကို ရှာဖွေစဉ်အတွင်းတွင် ဖြစ်ပွားခဲ့သည်။ ယင်းအပြုအမူသည် "နိုင်ငံယှဉ်မှုအရ ကြီးမားသော လိင်အကြမ်းဖက်မှု အခြားပုံစံများ" ၏ တရားဝင် အဓိပ္ပါယ်ဖွင့်ဆိုချက်အတွင်းတွင် ကျရောက်သည်။ မစ်ရှင်က ပြန်လည် ဖော်ပြလိုသည်မှာ မုဒိန်းကျင့်မှုနှင့် လိင်အကြမ်းဖက်မှု အပြုအမူများသည်လည်း နှိပ်စက်ညှင်းပမ်းမှု မြောက်စေသည်ကို တွေ့ရှိရသည်။[3208] ဤအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသည့် ရခိုင်ပြည်နယ်တွင် ကျူးလွန်ခဲ့သော မုဒိန်းကျင့်ခြင်းနှင့် လိင် အကြမ်းဖက်မှု အပြုအမူများအတွင်းတွင် ချိုးဖောက်ကျူးလွန်သူများသည် သူတို့၏ ထိန်းသိမ်းမှုနှင့် ထိန်းချုပ်မှု အောက်တွင် ရှိသော လူတစ်ဦးနှင့် လူတစ်ဦးထက် ပိုမိုများပြားသော လူများကို ပြင်းထန်သော ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နာကျင်မှု သို့မဟုတ် ခံစားစေမှုများကို လုပ်ဆောင်ခဲ့သည်။ သို့ဖြစ်ရာ ဤအစီရင်ခံစာတွင် အသေးစိတ်ဖော်ပြထားသော ရိုဟင်ဂျာ လူ့အသိုင်းအဝိုင်းမှ လူများအပေါ် တပ်မတော် တပ်ဖွဲ့များက ကျူးလွန်သော မုဒိန်းပြုကျင့်ခြင်းနှင့် လိင်အကြမ်းဖက်ခြင်း အပြုအမူများသည် နှိပ်စက်ညှင်းပမ်းမှုအတွက် ရာဇဝတ်ကြောင်းအရ တရားစွဲဆိုနိုင်သည့် အနေအထား ရှိနိုင်ကြောင်း မစ်ရှင်က မှတ်ချက်ပြုသည်။

---

[3208] ICTY, *Prosecutor v. Mucic et al.*, IT-96-21-T, စီရင်ချက်၊၁၉၉၈ နိုဝင်ဘာ ၁၆ ရက်၊ စာပိုဒ် ၄၉၆။ ICTR, *Prosecutor v. Akayesu*, ICTR-96-4-T, စီရင်ချက်၊ ၁၉၉၈ စက်တင်ဘာ ၂ ရက်၊ စာပိုဒ် ၇၃၁။

*မတရားခွဲခြား ဖိနှိပ်မှု*

၁၄၉၉။ ရခိုင်ပြည်နယ်ရှိ ရိုဟင်ဂျာများ သည် သူတို့၏ တိုင်းရင်းသား ဖြစ်မှုနှင့် ဘာသာရေး အခြေခံအပေါ်တွင် ကပ်ရောဂါသဖွယ် ကျယ်ပြန့်စွာ ခွဲခြားဆက်ဆံမှုများကို ခံခဲ့ရပြီး ဆက်လက်လည်း ခံနေကြရအုံးမည်။ ခွဲခြားဆက်ဆံမှုသည် ရိုဟင်ဂျာများကို ဘေးဖယ်ထားခဲ့သည့် မူဝါဒများနှင့် အလေ့အထများတွင် ထဲထဲဝင်ဝင်ရှိနေပြီး ပြင်းထန်သော၊ စနစ်ကျသော အစိုးရက လုပ်ဆောင်သော ဖိနှိပ်မှု အဆင့်သို့ပင် ရောက်ရှိနေသည်။ ဤဖိနှိပ်မှု စနစ်တွင် တပ်မတော်နှင့် အခြား လုံခြုံရေး တပ်ဖွဲ့များ သည် လှုပ်ရှားသွားလာမှုကို ခွဲခြား ကန့်သတ်ခြင်း၊ စစ်ဆေးရေးဂိတ်များကို စီမံခန့်ခွဲခြင်း၊ နှင့် အစိုးရ၏ ခွဲခြားဆက်ဆံသော မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အကောင်းအထည်ဖော်ခြင်း၊ ကြီးကြပ်ခြင်းတို့ကို လက်ခံခြင်း နှင့် အကောင်အထည်ဖော်ခြင်းတို့တွင် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ခဲ့ကြသည်။ တိုက်ရိုက် ချိုးဖောက်ကျူးလွန်သူများ အဆင့်တွင် ရာဇဝတ် အပြုအမူများကို ချိုးဖောက်ကျူးလွန်ရာတွင် မကြာခဏပင် နက်နက်ရှိုင်းရှိုင်း ထိုးနက် တိုက်ခိုက်မှုနှင့် နိမ့်ချသော ပြောဆိုမှုတို့နှင့် အတူ ခွဲခြားဆက်ဆံသော ရည်ရွယ်ချက်ဖြင့် ကျူးလွန်သည်ကို အစဉ်တစိုက် ထွက်ဆိုချက်များကို မစ်ရှင်က ရရှိခဲ့သည်။ မေးခွန်းထုတ်စရာမှာ ဤခွဲခြားဆက်ဆံမှု အပြုအမူများသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု အဖြစ် ခွဲခြားဖိနှိပ်မှုမှာ ကြီးမား ပြင်းထန်ခြင်း ရှိမရှိ ဖြစ်သည်။

၁၅၀၀။ ကန့်သတ်သော အရေးယူဆောင်ရွက်ချက်များ ချမှတ်ခြင်းနှင့် ထိန်းသိမ်းထားခြင်းတို့သည် သီးခြား ဖြစ်စေ သို့မဟုတ် အခြားသော အပြုအမူများနှင့် ယှဉ်တွဲလျက်ဖြစ်စေ စဉ်းစားသည့်အခါ ခွဲခြား ဖိနှိပ်မှု မြောက်စေနိုင်သည်။[3209] ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများ၏ ဖြစ်ရပ်တွင် ခွဲခြားဆက်ဆံသော မူဝါဒများနှင့် ယင်းတို့၏ တရားမဲ့မှုနှင့် မညီမျှသော အကောင်ထည်မှုတို့သည် ဓလေ့ထုံးတမ်းနှင့် သဘောတူစာချုပ် ဥပဒေများက အသိအမှတ်ပြုထားသော အခြေခံ အခွင့်အရေး အရေအတွက်အများအပြားကို ကျယ်ကျယ်ပြန့်ပြန့် ငြင်းပယ်ရာရောက်သည်။ ထိုအရေးယူဆောင်ရွက်မှုများကို ချမှတ်ခြင်းနှင့် ထိန်းသိမ်းထားခြင်းတို့သည် အထူးသဖြင့် အားလုံးကို စုပေါင်း စဉ်းစားသည့်အခါ ရိုဟင်ဂျာများကို အုပ်စုတစ်ခုအဖြစ်နှင့် သူတို့၏ တစ်ဦးချင်း လူသားဖြစ်မှုကို ဖယ်ရှားရန် လုပ်ဆောင်သည်။ မစ်ရှင်၏ အမြင်တွင် ယင်းတို့သည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများနှင့် တူညီစွာ ကြီးလေးမှုရှိပြီး အချက်အလက်အရ ခွဲခြားဆက်ဆံမှု ဖြစ်ကာ တိုင်းရင်းသားဖြစ်မှုနှင့် ဘာသာရေး အခြေခံများအပေါ်တွင် ချိုးဖောက်ကျူးလွန်သူများက မရှိမဖြစ် ခွဲခြားဆက်ဆံမှု ရည်ရွယ်ချက်ဖြင့် လုပ်ဆောင်ခြင်းဖြစ်သည်။

၁၅၀၁။ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော သတ်ဖြတ်မှု၊ မုဒိန်းကျင့်မှု၊ နှင့် နှိပ်စက်ညှင်းပမ်းမှု အပြုအမူ အများအပြားသည် သူတို့၏ ကျူးလွန်မှုတွင် အမြစ်တွယ်နေသော ခွဲခြားဆက်ဆံမှု အစိတ်အပိုင်းများကို ထည့်သွင်းစဉ်းစားကြည့်ပါက ခွဲခြား ဖိနှိပ်မှုသည် ရာဇဝတ်မှုအတွက်

[3209] ICTY, *Prosecutor v. Brdjanin*, IT-99-36-A, စီရင်ချက်၊ ၂၀၀၇ ဧပြီ ၃ ရက်၊ စာပိုဒ် ၂၉၅၊ ၂၉၇။ ICTY, *Proseutor v. Karadzic*, IT-95-5/18-T, စီရင်ချက်၊ ၂၀၁၆ မတ် ၂၄ ရက်၊ စာပိုဒ် ၅၃၅-၅၃၆။

လိုအပ်သော သတ်မှတ်ချက်ကို ပြည့်မီသည်ဟု ကောက်ချက်ချစရာ ကျိုးကြောင်းစီလျော်သော အခြေခံများ ရှိသည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ယင်းအပြုအမူများကို "အကြမ်းဖက် မွတ်စလင်" သို့မဟုတ် "အကြမ်းဖက်သမားများ" နှင့် ဆက်စပ်သည့် "ခိုးဝင် ရွှေ့ပြောင်းသူများ" ဟု အစဉ်တစိုက် ခေါ်တွင်ခဲ့သော ရိုဟင်ဂျာများအပေါ် အမုန်းတရားနှင့် နှိမ့်ချမှု ပါဝင်သော၊ ကျယ်ကျယ်ပြန့်ပြန့် တည်ရှိနေသော အခြေအနေတွင် ကျူးလွန်သည်။ အမျိုးသမီးများကို အစ္စလာမ်ဘာသာကို စွန့်လွှတ်မည်ဆိုပါက မုဒိန်းကျင့်ခြင်းမှ ကင်းလွတ်ခွင့်ပေးမည်ဟု ကမ်းလှမ်းချက်များ၊[3210] ကျူးလွန်ခံရသူများကို "ဒါ မင်းတို့နိုင်ငံမဟုတ်ဘူး" ဟု အကြိမ်ကြိမ်ပြောဆိုမှုများ နှင့် ကျူးလွန်ခံရသူများကို နှိမ့်ချခေါ်ဝေါ်သော "ကုလား" နှင့် အလားတူ အသုံးအနှုန်းများ သုံးစွဲခြင်း အပါအဝင် နက်နက်ရှိုင်းရှိုင်း ခွဲခြားဆက်ဆံသော ရည်ရွယ်ချက်ကို ဖော်ပြသည့် တိုက်ရိုက် ချိုးဖောက်ကျူးလွန်သူများ၏ သတ်သတ်မှတ်မှတ် ပြောဆိုချက်များအပေါ် ထွက်ဆိုချက် အများအပြားကို မစ်ရှင်က ရရှိခဲ့သည်။ ဘာသာရေး အဝတ်အစားများနှင့် အမှတ်လက္ခဏာများကို ပစ်မှတ်ထားခဲ့သည်။ ယောက်ျားများကို မှတ်ဆိတ်မွေးများ အဓမ္မ ရိတ်ခိုင်းသည်။

၁၅၀၂။ ဤခွဲခြားဆက်ဆံသော အဆိုပြုချက်များ၊ ပြောဆိုချက်များနှင့် ချိုးဖောက်မှုများက ချိုးဖောက်ကျူးလွန်သူများသည် ကျူးလွန်ခံရသူများအား ပစ်မှတ် အဖြစ် ရည်ရွယ်တိုက်ခိုက်ရခြင်း၏ အတိအကျ ရည်ရွယ်ချက်မှာ သူတို့သည် ရိုဟင်ဂျာ အုပ်စုတွင် ပါဝင်နေခြင်းဖြစ်ရာ လူမျိုးနှင့် ဘာသာရေး အခြေခံများအပေါ်တွင် ခိုင်မာသော ခွဲခြားဆက်ဆံမှု ရည်ရွယ်ချက်ဖြင့် ပြုမူခဲ့ခြင်း ဖြစ်သည်။ ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာများအပေါ် မုဒိန်းပြုကျင့်ခြင်းနှင့် လိင်အကြမ်းဖက်မှု အပြုအမူများသည် လိင်ကွဲပြားမှု အခြေခံများအပေါ်တွင် ခွဲခြား ဖိနှိပ်မှု မြောက်နိုင်သည်ဟုလည်း မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ရခိုင်ပြည်နယ် မြောက်ပိုင်းတွင် တပ်မတော်၏ မုဒိန်းပြုကျင့်ခြင်း၊ အုပ်စုလိုက် မုဒိန်းကျင့်ခြင်းနှင့် အခြား လိင်အကြမ်းဖက်မှု ပုံစံများ ပြုလုပ်ခြင်းများ နေရာအနှံ့ဖြစ်ပေါ်ခြင်းသည် လိင်ကွဲပြားမှုအပေါ်တွင် အမျိုးသမီးများကို သတ်သတ်မှတ်မှတ် ပစ်မှတ်ထားခြင်း ဖြစ်သည်ကို ဖော်ပြနေသည်။ မုဒိန်းပြုကျင့်ခြင်းနှင့် လိင်အကြမ်းဖက်မှုသည် အစဉ်တစိုက် ခွဲခြားဆက်ဆံမှုဖြစ်သည်ဟူသော ငြင်းဆိုချက်သည် ဤအခြေအနေတွင် အထူး ထင်ရှားသည်။ လိင်အကြမ်းဖက်မှုကို ရှိုးရာ အစဉ်အလာ ကျား၊မ ကွဲပြားမှု အခန်းကဏ္ဍကို ဖျက်ဆီးရန် နှင့် လိင်အကြမ်းဖက်မှု ပတ်ဝန်းကျင်ရှိ ယဉ်ကျေးမှု အစွဲမှားများကို အသုံးပြုလျက် မိသားစု ဆက်နွယ်မှုများကို ချိုးဖျက်ရန် အသုံးပြုခြင်းဖြစ်သည်။

### *အသားအရောင် ခွဲခြားခြင်း*

၁၅၀၃။ ရောမ သဘောတူစာချုပ်တွင် အသားအရောင်ခွဲခြားသော ရာဇဝတ်မှုကို လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုအဖြစ် ထည့်သွင်းထားသည်။[3211] အသားအရောင်ခွဲခြားမှု သည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အဓိပ္ပါယ်တွင် ဖော်ပြထားသော

[3210] EI-072.

[3211] ICC သဘောတူစာချုပ်၊ ပုဒ်မ ၇(၂)(ဇ)

လက်အောက်ခံ အပြုအမူများ သို့မဟုတ် အခြား လူသားမဆန်သော "အလားတူ သဘောသဘာဝနှင့် ပြင်းထန်မှု" ရှိသောပြုအမူများကို "လူမျိုး အုပ်စုတစ်ခုက အခြားသော လူမျိုးအုပ်စု သို့မဟုတ် အုပ်စုများကို စနစ်တကျ ဖိနှိပ် လွှမ်းမိုးခြင်းအား စံနစ်အတွင်းသွတ်သွင်းထားနှင့်ပြီးသော အခြေအနေတစ်ရပ်တွင် ကျူးလွန်ခြင်း" ဖြစ်သည်။ ချိုးဖောက်ကျူးလွန်သူသည် လူမဆန်သော အပြုအမူကို စနစ်အတွင်းသွတ်သွားထားပြီးသော ထူထောင်မှုတရပ်အား ထိန်းသိမ်းကာကွယ်ရန် သတ်သတ်မှတ်မှတ် ရည်ရွယ်ချက်ဖြင့် ကျူးလွန်ရမည်။[3212]

၁၅၀၄။ ဤစဉ်းစားချက်များကို ယခုထိတိုင်အောင် တရားရုံးစီရင်ချက်များအနေဖြင့် စဉ်းစားခြင်းမရှိသေးပဲ အသားအရောင်ခွဲခြားခြင်း ရာဇဝတ်မှု၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၊ ဖော်ပြချက်နှင့် ဘာသာပြန်ဆိုမှုတို့တွင် မရေရာမှုများသာ ဝန်းရံနေသည်။ အသားအရောင်ခွဲခြားခြင်းမှာ လူသားကို ဆန့်ကျင်သော ရာဇဝတ်မှု ဟုတ်မဟုတ်မှာ ဓလေ့ထုံးစံ စံချိန်စံညွှန်းတစ်ခု ဟုတ်မဟုတ်ကိုလည်း မသတ်မှတ်ရသေးပေ။[3213] သို့ရာတွင် ယင်း၏ ရည်ရွယ်ချက်ရှိသော အတိုင်းအတာအပေါ် လမ်းညွှန်ချက်ကို နိုင်ငံပေါင်း ၁၀၉ နိုင်ငံ လက်မှတ်ရေးထိုးထားသော အသားအရောင်ခွဲခြားခြင်း ရာဇဝတ်မှုကို ဖိနှိပ်ခြင်းနှင့် အပြစ်ပေးခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူ စာချုပ် (၁၉၇၃) မှ ထုတ်ယူနိုင်ပေသည်။ ယင်းတွင်လည်း အသားအရောင်ခွဲခြားခြင်းကို လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုအဖြစ် သတ်မှတ်ထားသည်။ ဤအစီရင်ခံစာတွင် ရိုဟင်ဂျာများ၏ ပတ်ဝန်းကျင် အခြေအနေတွင် အထူးသဖြင့် ဖော်ပြထားသော နက်နက်ရှိုင်းရှိုင်း ခွဲခြားဆက်ဆံမှု အတိုင်းအတာအပေါ်တွင် အသားအရောင်ခွဲခြားမှု ရာဇဝတ်မှု ဖြစ်နိုင်ချေအပေါ်တွင် စစ်ဆေးရန် သင့်လျော်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။

၁၅၀၅။ ရှေးဦးစွာ ပတ်ဝန်းကျင်အခြေအနေ အစိတ်အပိုင်းများဘက်ကို လှည့်လျင် စနစ်တကျ စိုးမိုးမှုနှင့် ဖိနှိပ်ချုပ်ချယ်မှု၏ "စနစ်အတွင်းသွတ်သွင်း တည်ဆောက်ထားသော ထူထောင်မှု" တစ်ရပ် ဆိုသည်မှာ "တည်ဆဲ အမိန့် သို့မဟုတ် တည်ရှိပြီး ဖြစ်သော ဥပဒေ သို့မဟုတ် အစိုးရ၏ လုပ်ဆောင်မှု" ကို ဆိုလိုသည်ဟု ထင်ရသည်။[3214] တခြားနေရာများတွင် ဆွေးနွေးထားသော အကြောင်းရင်းများအတွက် မြန်မာအာဏာပိုင်များသည် အထက်တွင် ဖော်ပြထားသည့် အကြောင်းပြချက်များအတွက် ရိုဟင်ဂျာများအပေါ် လူမျိုးအုပ်စုအဖြစ် စဉ်းစားနိုင်ခဲ့ပြီး ချမှတ်ထားပြီးဖြစ်သော ဖိနှိပ်မှု အလေ့အထကို ကျင့်သုံးခဲ့ခြင်းဖြစ်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ရိုဟင်ဂျာ များအပေါ် အုပ်ချုပ်မှု နည်းစနစ်သည် ကွက်ကြား အဖြစ်အပျက်များ အစုအပြုံလိုက် ဖြစ်ခြင်းမဟုတ်ပဲ ကန့်သတ်မှုများနှင့် ချိုးဖောက်မှုများ

---

[3212] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၇(၁)(ည)

[3213] C. Lingaas၊ "အပါသိုက်နောက်ပိုင်း ကမ္ဘာတွင် အပါသိုက် ၏ လူသားကို ဆန့်ကျင်သော ရာဇဝတ်မှု"၊ *Oslo Law Review (၂၀၁၅) ၊ nr. 2*၊ ၈၆-၁၁၅။ A. Cassese၊ နိုင်ငံတကာ ရာဇဝတ် ဥပဒေ (ဒုတိယအကြိမ်)၊(Oxford University Press, Oxford, 2008)၊ စာ- ၁၃။

[3214] Christine Byron၊ နိုင်ငံတကာ ရာဇဝတ်ခုံရုံး၏ ရောမ သဘောတူစာချုပ်တွင် စစ်ရာဇဝတ်မှုများနှင့် လူသားကို ဆန့်ကျင်သော ရာဇဝတ်မှုများ (Manchester University Press၊ Manchester၊ ၂၀၀၉) စာ- ၂၄၂။

လွှမ်းခြုံဆက်နွယ်နေမှု တပ်ရပ်ဖြစ်ပြီး အခွင့်အရေး ဖယ်ရှားမှုများကို တဖြည်းဖြည်း စုပေါင်းလာကာ အသိုင်းအဝိုင်း၏ ဂုဏ်သိက္ခာကို ချိုးဖျက်ခြင်း ဖြစ်သည်။ လှုပ်ရှားသွားလာမှု၊ အလုပ်လုပ်မှု။ ကျန်းမာရေး စောင့်ရှောက်မှု ရရှိမှု၊ မိသားစု ပံ့ပိုးမှု သို့မဟုတ် ကိုယ်ပိုင် ဓါးများကိုပင် မလုပ်နိုင်သော သို့မဟုတ် ခြံစည်းရိုးနောက်ကွယ်တွင် နေနေရသော ဘဝ အခြေအနေများနှင့် တရားဝင်ဖြစ်မှုအနေအထား ဖယ်ရှားခံရခြင်းသည် သေချာစဉ်းစားထားပြီး သေချာလုပ်ဆောင်သည့် စနစ်၏ အစိတ်အပိုင်းဖြစ်သည်။ အမုန်းပွားစေသော ပြောဆိုမှုနှင့် ဝါဒဖြန့်ချိမှုများ ပေါင်းစပ်လိုက်သော အခါ ရိုဟင်ဂျာများသည် ဘေးဖယ်ခံလိုက်ရသည်၊ ဆင်းရဲသွားကြသည်၊ ဖယ်ထုတ်ခံရသည်။ ထို့နောက် "အခြား" သူများ အကန့်များတွင် တင်းတင်းကြပ်ကြပ် ထည့်သွင်းခံကြရသည်။ "လူမျိုးအုပ်စု တစ်စုက အခြား တစ်ခုအပေါ် လွှမ်းမိုးခြင်း" မှာ ပြည့်စုံပြီး ဖြစ်သွားသည်။

၁၅၀၆။ အသားအရောင်ခွဲခြားမှု ရာဇဝတ်မှုကို ဖြစ်ပေါ်စေသည့် လက်အောက်ခံ အပြုအမူများကို လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ရေးသားထားသော အရာများ ဖြစ်ရုံသာမက "အလားတူ သဘာဝနှင့် ပြင်းထန်မှု" ရှိသော အခြား အပြုအမူများလည်း ပါဝင်သည်။[3215] တရားစီရင်ထုံး မရှိသည့် အခြေအနေတွင် ခွဲခြားဆက်ဆံမှုနှင့် ဖိနှိပ်မှု ဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်များ၊ စည်းမျဉ်းများနှင့် အလေ့အထများကို စုဆောင်းခြင်းသည် "လူသားမဆန်သော အပြုအမူ" မြောက်ခြင်း မမြောက်ခြင်း သေချာရန် ခက်ခဲပေသည်။ သေချာသည်မှာ ယင်း လုပ်ဆောင်မှုများသည် "လူမျိုးစု အုပ်စုတစ်ခု သို့မဟုတ် အုပ်စုများကို နိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဘဝများတွင် ပါဝင်မှုကို တားဆီးရန်နှင့် ထိုအုပ်စုတစ်ခု၏ အပြည့်အဝ ဖွံ့ဖြိုးတိုးတက်မှုကို တားဆီးသော အခြေအနေများကို တမင်သက်သက် ဖန်တီးခြင်းအပေါ် တွက်ချက်ထားသည့် ဥပဒေပြုမှု အရေးယူဆောင်ရွက်ချက်များနှင့် အခြား လုပ်ဆောင်ချက်များ" ကို တားမြစ်ထားသော အသားအရောင်ခွဲခြားမှု သဘောတူစာချုပ်အောက်တွင် ရာဇဝတ်မှု မြောက်သည်။[3216] မည်သည့် ဖြစ်ရပ်တွင်မဆို ဤအစီရင်ခံစာတွင် ထည့်သွင်းထားသော လက်အောက်ခံ အပြုအမူများ (သတ်ဖြတ်မှု၊ အမြစ်ဖြတ်သုတ်သင်မှု၊ မုဒိန်းပြုကျင့်မှု၊ နှိပ်စက်ညှင်းပမ်းမှု၊ ကျွန်ပြုမှုနှင့် အခြား) တို့သည် လူမျိုးအုပ်စု တစ်ခုက နောက်တစ်ခု အပေါ် စနစ်တကျ ဖိနှိပ်မှုနှင့် လွှမ်းမိုးခြင်း ဖွဲ့စည်းတည်ဆောက်မှုပုံစံ၏ အနေအထားတွင် ကျူးလွန်ခြင်း ဖြစ်ပြီး အသားအရောင်ခွဲခြားခြင်း ရာဇဝတ်မှု ကျူးလွန်ခြင်းကို ဖော်ပြနေကြောင်း မစ်ရှင်က တွေ့ရှိသည်။

၁၅၀၇။ စနစ်အတွင်း သွတ်သွင်းတည်ဆောက်ဖွဲ့စည်းထားသော ထူထောင်မှုကို ထိန်းသိမ်းရန် သတ်သတ်မှတ်မှတ်ရည်ရွယ်ချက်ဖြင့် ချိုးဖောက်ကျူးလွန်သူများက လူမဆန်သော အပြုအမူကို ကျူးလွန်ခဲ့ခြင်း လိုအပ်ချက်အတွက် မစ်ရှင်သည် သတ်သတ်မှတ်မှတ် ကျူးလွန်ချိုးဖောက်သူများ၊ သူတို့၏ အထက်အရာရှိများ သို့မဟုတ် သူတို့၏ ရာဇဝတ်မှုများကို အမိန့်ပေးစေခိုင်းသူများ (သို့မဟုတ် ပံ့ပိုးမှု နှင့် အားပေးကူညီမှုပြုသူများ) ၏ ရည်ရွယ်ချက်ကို ရှာဖွေနိုင်သည့် အနေအထားတွင် မရှိပေ။ သို့ရာတွင် ထင်ရှားသည်မှာ ရိုဟင်ဂျာများအပေါ် ကျူးလွန်သော

[3215] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ။ ပုဒ်မ ၇(၁)(ည)၊ စာပိုဒ်-၂၊ fn. 29.

[3216] အသားအရောင်ခွဲခြားမှု သဘောတူစာချုပ်၊ ပုဒ်မ ၁၁။

ရာဇဝတ်မှုများမှာ ဖိနှိပ်သော ပုံစံကို နေရာတကျ ထိန်းသိမ်းရန် အထောက်အကူဖြစ်စေပြီး အချက်အလက်အားဖြင့် ယင်းသည် အဓိကကျသော အစိတ်အပိုင်းဖြစ်ပေသည်။ အနိမ့်ဆုံးအားဖြင့် ခွဲခြား ဆက်ဆံမှု မူဝါဒများနှင့် အလေ့အထများကို ရေးဆွဲ အကောင်အထည်ဖော်ဆောင်သော သူများသည် ရိုဟင်ဂျာတို့၏ ဘဝ ဖူလုံမှုနှင့် အရည်အသွေး အပေါ် သူတို့ စီမံသော သက်ရောက်မှု ရှိမည်ကို သိရှိခဲ့ကြသည်။ ယင်းအခြေအနေတွင် ဆက်လက်ပြီး အကျဉ်းချထားမှု၊ မုဒိန်းပြုကျင့်မှု။ နှင့် သတ်ဖြတ်မှုများကို အစုအပြုံလိုက်အတိုင်းအတာဖြင့် ဆက်လက်လုပ်ဆောင်နေသော ချိုးဖောက်ကျူးလွန်သူများသည် စံနစ်အတွင်းသွတ်သွင်းတည်ဆောက်ထားသော ပုံစံကို ထိန်းသိမ်းရန် ရည်ရွယ်ထားသည်မှာ သိသာထင်ရှားကြောင်း တွေ့ရှိရသည်။

## (ခ)လူ့သားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ ပတ်ဝန်းကျင်အခြေအနေဆိုင်ရာ အစိတ်အပိုင်းများ

၁၅၀၈။ ရခိုင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များက "နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး" တစ်ခုစီသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ ပတ်ဝန်းကျင်အခြေအနေအစိတ်အပိုင်းများ၏ ရည်ရွယ်ချက်များအတွက် ရိုဟင်ဂျာ ပြည်သူများကို တိုက်ခိုက်ခဲ့သည်။ တပ်မတော်သည် အခြားသော လုံခြုံရေး တပ်ဖွဲ့များ၊ အရပ်သားအုပ်စုများနှင့် အတူ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ပါဝင်သော "အပြုအမူများ၏ အများအပြား လုပ်ဆောင်မှု ပါဝင်သော ပြုကျင့်မှုလမ်းကြောင်း" တစ်ခုတွင် ပါဝင်ပတ်သက်ခဲ့သည်။ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်ခုစလုံးတွင် ရာဇဝတ်မှုများသည် အစီအစဉ်မကျသော အပြုအမူများ၏ စုဝေးလာမှုမျှသာ မဟုတ်ပဲ ဖြစ်ရပ်များ၏ တူညီသော စီးဆင်းမှု အစိတ်အပိုင်းဖြစ်သည်။[3217] ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် နှစ်ခုစလုံးတွင် တိုက်ခိုက်မှုများသည် သူတို့၏ နယ်မြေရောက်ရှိမှုနှင့် ပစ်မှတ်ထားသော လူပုဂ္ဂိုလ်နှင့် ကျူးလွန်ခံရသူတို့၏ ကြီးမားသော အရေအတွက်များ အတိုင်းအတာအရ ကျယ်ကျယ် ပြန့်ပြန့်ရှိခဲ့သည်။ ယင်းတို့သည် သူတို့၏ အစီအစဉ်မကျ ဖြစ်သည့် အဖြစ်အပျက်များဟူသည့် ဖြစ်နိုင်ချေကို ပယ်ဖျက်နိုင်လောက်အောင် စုစည်းမှု နှင့် အကောင်အထည်ဖော်ဆောင်မှု ရှိသည့် ပုံစံဖြင့် လုပ်ဆောင်သည်။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မစ်ရှင်သည် အများအပြားသော အင်တာဗျူးများနှင့် အခြား အချက်အလက်များမှ တဆင့် သီးခြား နေရာ ၅၄ နေရာရှိ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" နှင့် ရခိုင်ပြည်နယ် မြောက်ပိုင်း မြို့နယ် သုံးခုတလျှောက်မှ နောက်ထပ် နေရာ ၂၂ နေရာရှိ ထပ်တိုး "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ"အပေါ် ပင်မ ထွက်ဆိုချက်များကိုလည်း ရရှိထားသည်။ တိုက်ခိုက်မှုများသည် ကျယ်ပြန့်ပြီး စနစ်တကျ ရှိနေသည်မှာ သံသယဖြစ်စရာ မရှိပေ။ သို့သော် စစ်ဆင်ရေး အနေအထားမှာ ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အကြားတွင် ကွာခြားမှု အနည်းငယ်ရှိသော်လည်း (ဥပမာ- ၂၀၁၆ ခုနှစ် တိုက်ခိုက်မှုများတွင် ဟယ်လီကော်ပတာနှင့် လေကြောင်းမှ ပစ်ခတ်တိုက်ခိုက်မှုများက ထင်ရှားစေသည်)၊ တခုလုံးခြုံကြည့်လျှင် အတူတူပင် ဖြစ်သည်။ အတိုင်းအတာနှင့် ကျယ်ပြန့်မှုမှာ

[3217] ICC, *Prosecutor v. Gbagbo*, ICC-02/11-01/11-656-Red၊ လောရင့် ဂျီဘက်ဘိုအပေါ် ပြစ်ဒဏ်များ ချမှတ်မှု အတည်ပြုခြင်းအပေါ် ဆုံးဖြတ်ချက်။ ၂၀၁၄ ဇွန် ၁၂၊ စာပိုဒ်-၂၀၉။

ထိတ်လန့်စရာဖြစ်လျက် ဤစစ်ဆင်ရေးများသည် "သာမာန်" ရာဇဝတ်မှုများမှ နိုင်ငံတကာ အသိုင်းအဝိုင်း တစ်ခုလုံးက စိုးရိမ်ရသည့် ရာဇဝတ်မှုများအဆင့်သို့ မြင့်တက်သော အခြေအနေကို ပေးထားသည်။

၁၅၀၉။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်၏ ရည်ရွယ်ချက်များအတွက် "တိုက်ခိုက်မှု" တစ်ခုသည် လက်နက်ကိုင် ပဋိပက္ခ မတိုင်မီ၊ နောက်ပိုင်း သို့မဟုတ် အတူတကွ လုပ်ဆောင်သော အရပ်သား ပြည်သူများအပေါ် လုပ်ဆောင်သည့် များယွင်းသော လုပ်ရပ် အစီအစဉ် ဖြစ်နိုင်သည်။[3218] သက်ဆိုင်ရာ အခြေအနေသည် တပ်မတော်၏ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" ၏ နေ့ရက်များ နှင့် ရက်သတ္တပါတ်များကို အကန့်အသတ် ရှိလိမ့်မည်မဟုတ်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ယင်းအစား "တိုက်ခိုက်မှု" သည်လည်း မြန်မာနိုင်ငံ၏ နယ်နမိတ်များအတွင်းရှိ ဤအရပ်သား အုပ်စု၏ လူသားဂုဏ်သိက္ခာကို ဖြည်းဖြည်းချင်း ချိုးဖဲ့သွားသော အစိုးရက အရေးယူလုပ်ဆောင်သည့် ခွဲခြားဆက်ဆံရေးနှင့် ဖိနှိပ်မှု ပုံစံတွင် အကြုံးဝင်ပေသည်။ အနိမ့်ဆုံး အနေဖြင့် ၂၀၁၆ အကြမ်းဖက်မှု နောက်ပိုင်း သူတို့၏ တိုးချဲ့မှုများမှ စ၍ ယင်း လုပ်ကိုင်ဆောင်ရွက်မှုများသည် ရိုဟင်ဂျာ ပြည်သူများအပေါ် တိုက်ခိုက်မှုကို ပြဌာန်းသော မလျော်မကန် လုပ်ဆောင်မှု ကင်ပိန်း မြောက်ပေသည်။ သို့ဖြစ်ရာ ၂၀၁၆ ခုနှစ် အကြမ်းဖက်မှုမှ စ၍ ကျူးလွန်ခဲ့သော အောက်ခံ အပြုအမူများအားလုံးသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများအတွင်း ကျရောက်သင့်သည်ဟု မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ စနစ်အတွင်း သွတ်သွင်းတည်ဆောက်ထားသော ဖိနှိပ်သည့် စနစ်နှင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်များအတွင်း တပ်မတော်က ချိုးဖောက်ကျူးလွန်သော အကြမ်းဖက်မှုများကို အတူတကွ ထည့်သွင်းစဉ်းစားပါက အခြား မည်သည့် ရည်ညွှန်းချက်မှ မလိုအပ်ပဲ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ လိုအပ်သော "အစိုးရ သို့မဟုတ် အဖွဲ့အစည်း၏ မူဝါဒ ကို လိုက်နာမှု အတွက် သို့မဟုတ် မူဝါဒ၏ နောက်ဆက်တွဲ အဖြစ်" ကျူးလွန်ခံရသော တိုက်ခိုက်မှု ဖြစ်သည်။

၁၅၁၀။ အထက်တွင် ဖော်ပြထားသကဲ့သို့ တိုင်းရင်းသား ရခိုင်များအပေါ် အဓမ္မလုပ်အား စေခိုင်းမှု အပြုအမူများသည် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု၏ အောက်ခံ အပြုအမူအဖြစ် ကျွန်ပြုခြင်း အတိုင်းအတာကိုလည်း ပြည့်မီကြောင်း မစ်ရှင်က ထည့်သွင်းစဉ်းစားသည်။ ထို့နောက်တွင် ရှိလာသည့် မေးခွန်းမှာ ထိုအပြုအမူများကို လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများသို့ မြင့်တင်ပေးသော အခြေအနေဆိုင်ရာ အစိတ်အပိုင်းများ ရှိမရှိဖြစ်သည်။ တိုင်းရင်းသား ရခိုင်များအပေါ် လုပ်ဆောင်သော အဓမ္မလုပ်အားစေခိုင်းမှုသည် ရခိုင်ပြည်နယ်ရှိ အရပ်သား ပြည်သူများအပေါ် ဦးတည်သော ကျယ်ကျယ်ပြန့်ပြန့်နှင့် စနစ်တကျ တိုက်ခိုက်မှုမဟုတ်ဟု ငြင်းချက်ထုတ်စရာ အကြောင်းရှိနိုင်ပေသည်။ ဤကိစ္စရပ်ကို ထပ်မံ စုံစမ်းစစ်ဆေးရန် လိုအပ်သည်။

[3218] ICTY, *Prosecutor v. Blagojevic and Jokic*, IT-02-60-T၊ ဆုံးဖြတ်ချက်၊ ၂၀၀၅ ဇန္နဝါရီ ၁၇၊ စာပိုဒ် ၅၄၃။

## ၃။ ကောက်ချက်

၁၅၁၁။ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် အဓိကအားဖြင့် တပ်မတော်က ချိုးဖောက်ကျူးလွန်ကြောင်း မစ်ရှင်က တွေ့ရှိသည်။ ကချင်နှင့် ရှမ်းပြည်နယ်များအတွက် ယင်းဒေသများတွင် သတ်ဖြတ်မှု၊ အကျဉ်းချထားမှု၊ အဓမ္မပျောက်ဆုံးစေမှု၊ နှိပ်စက်ညှင်းပမ်းမှု၊ မုဒိမ်းပြုကျင့်မှု၊ လိင်ကျွန်ပြုမှုနှင့် အခြား လိင်အကြမ်းဖက်မှုပုံစံများ၊ ခွဲခြား ဖိနှိပ်မှု၊ နှင့် ကျွန်ပြုမှုတို့၏ လူသားမျိုးနွယ်ကိုဆန့်ကျင်သော ရာဇဝတ်မှုများ ပါဝင်သည်။ ရခိုင်ပြည်နယ်တွင် ယင်းတို့နှင့် နောက်ထပ် လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်သည်။ အမြစ်ဖြတ်သတ်ဖြတ်မှုများနှင့် နိုင်ငံပြင်ပသို့ မောင်းထုတ်ခြင်း၏ အစိတ်အပိုင်းများလည်း ရှိပြီး စနစ်တကျ ဖိနှိပ်ခြင်းနှင့် ခွဲခြားဆက်ဆံခြင်းတို့သည် ခွဲခြားဖိနှိပ်မှုကို ရှာဖွေတွေ့ရှိရန် ပံ့ပိုးပေးသည်သာမကပဲ အသားအရောင်ခွဲခြားမှု ရာဇဝတ်မှုကိုပါ မြောက်စေနိုင်သည်။

## ဂ။ စစ်ရာဇဝတ်မှုများ

၁၅၁၂။ စစ်ရာဇဝတ်မှုများသည် လူပုဂ္ဂိုလ် တစ်ဦးချင်းအား ရာဇဝတ်ကြောင်းဆိုင်ရာ တာဝန်ခံမှုကို ဖြစ်စေသော နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခြင်းများ ဖြစ်သည်။ စစ်ရာဇဝတ်မှု မြောက်စေရန် မေးခွန်းထုတ်စရာဖြစ်သော ကျူးလွန်မှုများသည် လက်နက်ကိုင် ပဋိပက္ခတစ်ခုခုနှင့် ဆက်နွယ်မှု ရှိနေရမည်။[3219]

၁၅၁၃။ ကချင်နှင့် ရှမ်းပြည်နယ်များတွင် (သုံးသပ်ချက် ပြုလုပ်သည့် ကာလ တလျောက်လုံးအတွက်) နှင့် ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် ဩဂုတ်လမှစ၍ နိုင်ငံတကာ အဆင့်မဟုတ်သော လက်နက်ကိုင် ပဋိပက္ခရှိနေခဲ့သည်။ သို့ဖြစ်ရာ တပ်မတော်နှင့် အခြား လုံခြုံရေး တပ်ဖွဲ့များ၏ လူသားမျိုးနွယ်ကို ဆန့်ကျင်သော ရာဇဝတ်မှု မြောက်စေသော လုပ်ဆောင်မှု အများစုသည် လူသတ်မှု၊[3220] နှိပ်စက်ညှဉ်းပန်းမှု၊[3221] ရက်စက်သော ဆက်ဆံမှု၊[3222] ပုဂ္ဂိုလ်ရေး ဂုဏ်သိက္ခာအပေါ် ညှိုးနွမ်းစေမှု၊[3223] အရပ်သားများအား တိုက်ခိုက်မှု၊[3224] အရပ်သားများအား ရွှေ့ပြောင်းစေမှု၊[3225] လုယက်မှုများ၊[3226] အကာအကွယ်ပေးရမည့်

---

[3219] ICTY, *Prosecutor v. Tadic*, IT-94-1-T၊ စီရင်ချက်၊ ၁၉၉၇ မေ ၇ ရက်၊ စာပိုဒ် ၅၇၃။

[3220] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)-၁။ ICC, *Prosecutor v. Bemba*, ICC-01/05-01/08-3343၊ သဘောတူစာချုပ် ပုဒ်မ ၇၄ အရ စီရင်ချက်။ ၂၀၁၆ မတ် ၂၁ ရက်၊ စာပိုဒ် ၉၁-၉၄။

[3221] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၁)-၄။ ICC, *Prosecutor v. Bemba*, ICC-01/05-01/08-424, Jean-Pierre Bemba Gombo အပေါ် တရားလို၏ အရေးယူမှု အပေါ် ရောမ သဘောတူစာချုပ်၏ ပုဒ်မ ၆၁(၇)(က) နှင့် (ခ) အရ ဆုံးဖြတ်ချက်၊၂၀၀၉ ဇွန် ၁၅ ရက်၊ စာပိုဒ် ၁၉၅၊ ၂၈၉ -၂၉၅။

[3222] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၁)-၃၊ စာပိုဒ် ၁။ ICTY, *Prosecutor v. Mucic et al*, IT-96-21-T, စီရင်ချက်၊၁၉၉၈ နိုဝင်ဘာ ၁၆ ရက်၊ စာပိုဒ် ၅၅၂။

[3223] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၂)

[3224] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(င)(၁) စာပိုဒ် ၂။ ICC, *Prosecutor v. Katanga*, ICC-01/04-01/07-3436-tENG, စီရင်ချက်၊၂၀၁၅ ဧပြီ ၂၀ ရက်၊ စာပိုဒ် ၈၀၀-၈၀၁။

[3225] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(င)(၈) စာပိုဒ် ၂။ ICTY, *Prosecutor v. Gotovina*, IT-06-90-T, စီရင်ချက်။ ၂၀၁၁ ဧပြီ ၁၅ ရက်၊ စာပိုဒ် ၁၇၃၈-၁၇၄၀။

[3226] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(င)(၅) စာပိုဒ် ၁-၃။ ICC, *Prosecutor v. Bemba*, ICC-01/05-01/08-424, Jean-Pierre Bemba Gombo အပေါ် တရားလိုက အရေးယူရန် ရောမ သဘောတူစာချုပ် ပုဒ်မ

အရာဝတ္ထုများအား တိုက်ခိုက်မှု၊[3227] ဓါးစာခံဖမ်းဆီးခြင်း၊[3228] လိုအပ်သော လုပ်ထုံးလုပ်နည်း မဟုတ်ပဲ အပြစ်ပေးခြင်း သို့မဟုတ် သတ်ဖြတ်ခြင်း၊[3229] တို့သာမက မုဒိန်းပြုကျင့်မှု၊ လိင်ကျွန်ပြုမှု၊ နှင့် လိင်အကြမ်းဖက်မှုများ[3230]၏ စစ်ရာဇဝတ်မှု အစိတ်အပိုင်းများဖြင့် ပြည့်စုံစေသည်။ "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများ" နှင့် ARSA က ကျူးလွန်သော အချို့သော အပြုအမူများသည်လည်း စစ်ရာဇဝတ်မှု မြောက်နိုင်သည်။

၁၅၁၄။ ကချင်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်းများတွင် တပ်မတော်သည် အရပ်သား ပြည်သူများ သို့မဟုတ် အရပ်သား လူပုဂ္ဂိုလ်များအပေါ် ရည်ရွယ်ချက်ရှိစွာ၊ မကြာခဏ၊ စနစ်ကျသော တိုက်ခိုက်မှုများကို ညွှန်ကြားခဲ့သည်။ တပ်မတော် စစ်သားများသည် ကချင်နှင့် ရှမ်းပြည်နယ်များတွင် ဒေသခံများသည် ရန်ဘက်အဖွဲ့အစည်းနှင့် တူညီသော တိုင်းရင်းသား အုပ်စုဖြစ်ခြင်းမှ လွဲ၍အခြား ထင်ရှားသော အကြောင်းပြချက်မရှိပဲ ရွာများကို ပုံမှန် တိုက်ခိုက်ခဲ့သည်။ သီးသန့်စစ်ရေး ရည်မှန်းချက် တစ်ခုအပေါ် ဦးတည်ခြင်း မဟုတ်သော သို့မဟုတ် တိုက်ရိုက်မဖြစ်နိုင်သော တိုက်ခိုက်မှု နည်းလမ်း သို့မဟုတ် နည်းနာကို ချမှတ်ခြင်းတို့ဖြစ်သည့် ခွဲခြားသတ်မှတ်မှုမရှိသော တိုက်ခိုက်ခြင်းများသည် လူအများအပြားကို သေဆုံး ဒဏ်ရာရစေခဲ့သည်။ တပ်မတော်က သတ်သတ်မှတ်မှတ် စစ်ရေး ရည်မှန်းချက်တစ်ခုကို ရည်ရွယ် တိုက်ခိုက်ခဲ့သည် ဖြစ်စေကာမူ မကြာခဏပင် အထူးသဖြင့် အရပ်သားများ ထူထပ်စွာ နေထိုင်တည်ရှိနေသော နေရာများကို စစ်ဆင်ရေးများတွင် ကြိုတင်သတိထားရမည့် ဥပဒေသများကို လေးစားလိုက်နာရန် ပျက်ကွက်ခဲ့သည်ကို အချက်အလက်များက ထောက်ပြနေသည်။ ဤအပြုအမူများသည် စစ်ရာဇဝတ်မှုကို မြောက်စေသော နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ပြင်းထန်စွာ ချိုးဖောက်ခြင်း ဖြစ်ကြောင်း ကျိုးကြောင်းခိုင်လုံသော အခြေခံများ ရှိကြောင်း မစ်ရှင်က ကောက်ချက်ချသည်။ ထိုစစ်ရာဇဝတ်မှုများတွင် ချိုးဖောက်ကျူးလွန်သူများ၊ အပြစ်ရှိသော အထက်အရာရှိများ နှင့် ချိုးဖောက်မှုများကို အမိန့်ပေးသော၊ စီစဉ်သော၊ လှုံ့ဆော်သော သို့မဟုတ် ပံ့ပိုးသော နှင့် အားပေးကူညီသော အခြားသူများသည် တစ်ဦးချင်း ရာဇဝတ်ကြောင်းအရ တရားစွဲဆို ခံရနိုင်သည်။

၁၅၁၅။ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများလည်း ဖေါ်ထုတ်ခံခဲ့ရသည်။ ကချင်နှင့် ရှမ်းပြည်နယ်များရှိ တိုက်ပွဲဝင်နေသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း အများအပြားသည် အတိုင်းအတာ တစ်စုံတစ်ရာအထိ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့်

၆၁(၇)(က) နှင့် (ခ) အရ ဆုံးဖြတ်ချက်။ ၂၀၀၉ ဇွန် ၁၅ ရက်၊ စာပိုဒ် ၃၁၇။ ICC, *Prosecutor v. Katanga*, ICC-01/04-01/07-3436-tENG, သဘောတူစာချုပ်၏ ပုဒ်မ ၇၄ အရ စီရင်ချက်၊ ၂၀၁၅ မတ် ၇ ရက်၊ စာပိုဒ် ၉၀၉။

[3227] ICC၊သဘောတူစာချုပ် ပုဒ်မ ၈(၂)(င)(၄)။ ICC, *Prosecutor v. Al-Mahdi*, ICC-01/12-01/15-171, စီရင်ချက်၊ ၂၀၁၆ စက်တင်ဘာ ၂၇ ရက်၊ စာပိုဒ် ၁၅။

[3228] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၃)၊ ICTY, *Prosecutor v. Blaskic*, IT-95-14-A, စီရင်ချက်၊ ၂၀၀၄ ဇူလိုင် ၂၉ ၊ စာပိုဒ် ၆၃၈-၆၃၉ ။

[3229] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၄)။

[3230] ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၄)-၁၊ ICC ရာဇဝတ်မှုများ၏ အစိတ်အပိုင်းများ၊ ပုဒ်မ ၈(၂)(ဂ)(၄)-၂၊ ပုဒ်မ ၈(၂)(င)(၄)-၆။ ICC *Prosecutor v. Ntaganda*, ICC-01/04-02/06-1707, ဆွဲချက် ၆ နှင့် ၉ အပေါ် တရားရုံး၏ တရားစီရင်မှုကို တရားခံ၏ စိန်ခေါ်မှုအပေါ် ဒုတိယ ဆုံးဖြတ်ချက်။ ၂၀၁၇ ဇန္နဝါရီ ၄ ရက်၊ စာပိုဒ် ၅၂။

နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ချိုးဖောက်မှုများကို ကျူးလွန်ကြောင်း ညွှန်းပြနေသော အကန့်အသတ်ရှိသော်လည်း ယုံကြည်စိတ်ချလောက်သော အချက်အလက်များကို မစ်ရှင်က ရရှိထားသည်။ အချက်အလက်များက ဥပမာ ဖြစ်ရပ်အများအပြားတွင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများသည် အရပ်သား အသက်ဆုံးရှုံးမှု၊ အရပ်သားများအား ဒဏ်ရာရစေမှု နှင့် အရပ်ဖက် အရာဝတ္ထုများကို ပျက်စီးစေမှု များ၏ ဆုံးရှုံးမှု ဖြစ်ရပ်များကို ရှောင်ကျဉ်ရန် သို့မဟုတ် လျော့နည်းစေရန် ပျက်ကွက်ခဲ့ကြသည်။ မစ်ရှင်ကို အထူး စိုးရိမ်စေသည့် အချက်မှာ တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့များက အရွယ်ရောက်ပြီးသူကော ကလေးများကိုပါ တိုက်ခိုက်ရေး အခန်းကဏ္ဍများတွင် အတင်းအဓမ္မ စစ်သားသစ် စုဆောင်းသည့် သိသာထင်ရှားသော ပုံစံဖြစ်သည်။ အရပ်သား အရာဝတ္ထုများ ဖျက်စီးခြင်းနှင့် သိမ်းဆည်းခြင်း၊ လွတ်လပ်ခွင့်ကို တရားမဲ့ ဖယ်ရှားခြင်း၊ နှိပ်စက်ညှင်းပမ်းခြင်း၊ မလျော်မကန် ပြုမူဆက်ဆံခြင်း နှင့် အခြားသော ချိုးဖောက်မှုစွပ်စွဲချက် ဖြစ်ရပ်များကို အစီရင်ခံစာတွင် စစ်ဆေးထားသည်။ နိုင်ငံတကာအဆင့် မဟုတ်သော လက်နက်ကိုင် ပဋိပက္ခနှင့် ဆက်စပ်၍ ကျူးလွန်သော ဤအပြုအမူ အချို့သည် လူပုဂ္ဂိုလ်ဆိုင်ရာ စစ်ရာဇဝတ်မှုများအတွက် တရားစွဲဆို ခံရနိုင်မှုကို ဖြစ်စေနိုင်သည်။ ယင်းကို နောက်ထပ် စုံစမ်းစစ်ဆေးရန် လိုအပ်သည်။

၁၅၁၆။ ရခိုင်ပြည်နယ်တွင် ၂၀၁၇ ခုနှစ် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" အတွင်းတွင် တပ်မတော်စစ်သားများသည် စစ်ဥပဒေများဖြင့် လုံးဝ တားမြစ်ခံရခြင်း မရှိပေ။ ခွဲခြားထင်ရှားမှု၊ သင့်တင့်လျောက်ပတ်မှုနှင့် ကြိုတင်တားဆီးကာကွယ်မှုများအားလုံးကို လျစ်လျူရှုထားခဲ့သည်။ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ၏ ကာကွယ်မှုကို အကျိုးခံစားခွင့်ရှိသော အရပ်သား ပြည်သူများကို ရှေ့တန်း ပစ်ခတ်မှုတွင် တိုက်ရိုက် ထားရှိပြီး သနားကြင်နာမှု ကင်းမဲ့စွာ တိုက်ခိုက်ခဲ့ကြသည်။ ဤအခြေအနေများအတွင်းတွင် အကာအကွယ်ပေးရမည့် သူများနှင့် ဥစ္စာပစ္စည်းများကို တိုက်ခိုက်ခြင်း၊ ရွာများကို ဖျက်ဆီးခြင်း၊ အရာဝတ္ထုများကို လုယက်ခြင်း၊ နှင့် မုဒိမ်းကျင့်ခြင်းနှင့် လိင်အကြမ်းဖက်မှုကို ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုခြင်းတို့သည် စစ်ရာဇဝတ်မှုမြောက်သော နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေကို ပြင်းထန်သော ချိုးဖောက်မှု ဖြစ်စေကြောင်း မစ်ရှင်က ကောက်ချက်ချသည်။

၁၅၁၇။ တပ်မတော်က ကျူးလွန်သော ရာဇဝတ်မှုများအပြင် ARSA သည်လည်း ရခိုင်ပြည်နယ်အတွင်းတွင် ရိုဟင်ဂျာပြည်သူများ နှင့် အခြား တိုင်းရင်းသား အုပ်စု အဖွဲ့ဝင်များအပေါ် ချိုးဖောက်မှုများ ကျူးလွန်ကြောင်းကို အစိုးရနှင့် ယုံကြည်စိတ်ချရသော အပြင်လူ နှစ်ရပ်စလုံးက စွပ်စွဲထားကြသည်။ ဤအစီရင်ခံစာတွင် မှတ်ချက်ပြုထားသည့်အတိုင်း ဤချိုးဖောက်မှုစွပ်စွဲချက်များ၏ ကျူးလွန်ခံရသူများကို နှိုင်းယှဉ်ချက်အရ ထိတွေ့ တွေ့ဆုံရန် မဖြစ်နိုင်သောကြောင့် နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်စေလိုသည်။ ၂၀၁၇ ဩဂုတ်လ မတိုင်မီ သတင်းပေးဟု သံသယရှိသူများကို သတ်ဖြတ်မှုကဲ့သို့ ARSA ၏ ရာဇဝတ်မှုများကို အများအပြားက စွပ်စွဲထားသည်။ ထိုရက်စွဲနောက်ပိုင်း ကာလကို မစ်ရှင်က နိုင်ငံတကာအဆင့်မဟုတ်သော လက်နက်ကိုင် ပဋိပက္ခ ရှိပြီဟု သတ်မှတ်သည်။ ထိုအပြုအမူများသည် စစ်ရာဇဝတ်မှု မဟုတ်သော်လည်း ရာဇဝတ်မှု မြောက်သည်။ သို့ရာတွင်

အချို့ စွပ်စွဲချက်များသည် လက်နက်ကိုင် ပဋိပက္ခ၏ သက်ဆိုင်ရာကာလ နှင့် ဆက်စပ်နေပြီး ယင်းနှင့် ချိတ်ဆက်မှုရှိပုံပေါ်သည်။ ယင်းတွင် အထက် မြူမ ရခိုင်ကျေးရွာ မီးရှို့မှု ပါဝင်ပြီး ယင်းသည် စစ်ရာဇဝတ်မှု မြောက်နိုင်ပြီး လူပုဂ္ဂိုလ် ဆိုင်ရာ ရာဇဝတ် တာဝန်ခံမှုကို ပေးနိုင်သည်။ အထက်တွင် ဖော်ပြထားသကဲ့သို့ ARSA သည် ခမောင်းဆိပ် ကျေးရွာအုပ်စုမှ ဟိန္ဒူ ယောက်ျားနှင့် မိန်းမ ၁၀၀ အထိကို သတ်ဖြတ်ရာတွင် တာဝန်ရှိကြောင်း စွပ်စွဲချက်များ ရှိသည်။ မစ်ရှင်က သတ်ဖြတ်မှုများကို အတည်ပြုနိုင်သော်လည်း ချိုးဖောက်ကျူးလွန်သူနှင့် ပတ်သက်သည့် အချက်အလက်များမှာ အဆုံးသတ် ကောက်ချက်ချနိုင်ခြင်းမရှိပေ။ မစ်ရှင်က နောက်ထပ် စုံစမ်းစစ်ဆေးမှုများလုပ်ရန် အကြံပြုပြီး စစ်ရာဇဝတ်မှု မြောက်နိုင်သော ဤသတ်ဖြတ်မှုများအတွက် တာဝန်ရှိသူများကို အရေးယူရန် အကြံပြုသည်။

## ၉။ တာဝန်ရှိမှု

၁၅၁၈။ ဤအစီရင်ခံစာတွင် ဖော်ပြထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးမှုများ သာမက နိုင်ငံတကာ ဥပဒေအောက်ရှိ ရာဇဝတ်မှုများသည် နိုင်ငံတော်၏ တာဝန်ရှိမှုနှင့် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ရာဇဝတ်ဆိုင်ရာ တာဝန်ရှိမှုနှစ်ခုစလုံးကို ပေးသည်။

၁၅၁၉ ။ နိုင်ငံတော်သည် ယင်းနှင့် သက်ဆိုင်သော အပြုအမူများအားလုံးနှင့် နိုင်ငံတကာ တာဝန်ခံမှုများအပေါ် ချိုးဖောက်မှုမြောက်သည့် ကိစ္စရပ်များကို တာဝန်ခံရမည်။[3231] ဤအစီရင်ခံစာတွင် ဖော်ပြထားသော အပြုအမူများနှင့် လုပ်ဆောင်မှုများသည် နိုင်ငံတကာ သဘောတူစာချုပ်များနှင့် နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေများအောက်တွင် မြန်မာနိုင်ငံ၏ နိုင်ငံတကာ တာဝန်ခံမှုများကို ချိုးဖောက်နေသည်မှာ မေးခွန်းထုတ်စရာ မလိုပေ။ ဒုတိယ သွင်ပြင်လက္ခဏာဖြစ်သော နိုင်ငံတကာ ဓလေ့ထုံးတမ်း ဥပဒေအောက်တွင် အစိုးရ၏ အစိတ်အပိုင်း သို့မဟုတ် အစိုးရ၏ အခွင့်အာဏာကို ကျင့်သုံးသော လူများ သို့မဟုတ် အဖွဲ့အစည်းများက ကျူးလွန်ပါက ယင်းအပြုအမူတို့သည် အစိုးရ နှင့် သက်ဆိုင်သည်။[3232] အစိုးရမဟုတ်သော လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများ၏ လုပ်ရပ် ဖြစ်သော ဖြစ်ရပ်တွင် ထို လူပုဂ္ဂိုလ်များ သို့မဟုတ် အုပ်စုများက အစိုးရ၏ ညွှန်ကြားချက် သို့မဟုတ် လမ်းညွှန်ချက် သို့မဟုတ် ထိန်းချုပ်မှုအောက် သို့မဟုတ် အစိုးရ မဟုတ်သော အုပ်စုများ၏ လုပ်ရပ်ကို အစိုးရ အေးဂျင့်များက သိရှိလက်ခံထားပါက အစိုးရက တာဝန်ခံရဆဲ ဖြစ်သည်။[3233] အစိုးရမဟုတ်သော လုပ်ဆောင်သူ၏ ကျူးလွန်သော အပြုအမူများကို ကာကွယ်ရန် နှင့် အစိုးရမဟုတ်သော လုပ်ဆောင်သူများ၏ အပြုအမူမှ သူ၏ ပြည်သူလူထုကို ကာကွယ်ရန် ကျိုးကြောင်းခိုင်လုံပြီး လိုအပ်သော အရေးယူဆောင်ရွက်မှုအားလုံးကို လုပ်ဆောင်ရန် ပျက်ကွက်သည့်အခါတွင်လည်း အစိုးရက တာဝန်ခံရသည်။

[3231] နိုင်ငံတကာ ဥပဒေ ကော်မရှင်၏ အစိုးရ တာဝန်ခံမှုများအပေါ် ပုဒ်မများ၊ ပုဒ်မ ၂၊ (အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် ၅၆/၈၃)။ hereinafter “ILC Articles”.

[3232] ILC ပုဒ်မများ၊ ပုဒ်မ ၄ နှင့် ၅၊ ကိုကြည့်။

[3233] ILC ပုဒ်မများ၊ ပုဒ်မ ၈ နှင့် ၁၁၊ ကိုကြည့်။

၁၅၂၀။ ထို့အပြင် ဤအစီရင်ခံစာတွင် ဖော်ပြထားသော ချိုးဖောက်မှုများနှင့် လွဲမှားလုပ်ဆောင်မှုများသည် ပြည်တွင်း ရာဇဝတ် ဥပဒေအရဖြစ်စေ နိုင်ငံတကာ ရာဇဝတ်ဥပဒေအရ ဖြစ်စေ လူတစ်ဦးချင်း၏ ရာဇဝတ်ဆိုင်ရာ တာဝန်ခံမှု ရှိရမည်မှာ သံသယဖြစ်စရာ မရှိပေ။ နူရင်ဘတ် ဆုံးဖြတ်ချက်တွင် ဖော်ပြခဲ့သည့်အတိုင်း "နိုင်ငံတကာ ဥပဒေများကို ဆန့်ကျင်သော ရာဇဝတ်မှုများကို ကျူးလွန်သူများမှာ လူများဖြစ်သည်၊ အကောင်အထည်မရှိသော အဖွဲ့အစည်းများ မဟုတ်ပေ။ သို့ဖြစ်ရာ ထိုရာဇဝတ်မှုများကို ကျူးလွန်သော လူပုဂ္ဂိုလ်များကို အပြစ်ပေးခြင်းကသာလျှင် နိုင်ငံတကာ ဥပဒေ သတ်မှတ်ချက်များကို အသက်ဝင်စေနိုင်ပေလိမ့်မည်။"[3234]

## က။ တပ်မတော်နှင့် အခြား လုံခြုံရေး တပ်ဖွဲ့များ

၁၅၂၁။ သုံးသပ်မှု လုပ်နေသည့် ကာလအတွင်း ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် တပ်မတော်သည် ကြီးမားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် နိုင်ငံတကာ ဥပဒေအောက်ရှိ ရာဇဝတ်မှုများကို အဓိက ချိုးဖောက်ကျူးလွန်သူ ဖြစ်သည်။ ထို့အပြင် ရခိုင်ပြည်နယ်တွင် မြန်မာ့ရဲတပ်ဖွဲ့၊ နစက နှင့် နယ်စပ် လုံခြုံရေး ရဲတပ်ဖွဲ့တို့သည်လည်း ချိုးဖောက်ကျူးလွန်သူများ ဖြစ်ကြသည်။ ပြည်သူ့စစ်များနှင့် အရပ်သား "စစ်သွေးကြွ" အုပ်စုများသည် အချို့သော ချိုးဖောက်မှုနှင့် ရာဇဝတ်မှုများ တွင် ပါဝင် သို့မဟုတ် ကူညီပံ့ပိုး ကြသည်။

### ၁။ တပ်မတော်နှင့် သူ၏ အမိန့်စီးဆင်းမှု တည်ဆောက်ပုံ

၁၅၂၂။ မြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေအရ တပ်မတော်သည် ကာကွယ်ရေး၊ လုံခြုံရေးနှင့် သူ၏ အတွင်းပိုင်း စီမံခန့်ခွဲမှု ဆိုင်ရာ ကိစ္စရပ်များအားလုံးတွင် သီးခြား လုပ်ပိုင်ခွင့်ရရှိထားသည့် "နိုင်ငံတော် ကာကွယ်ရေးအတွက် အဓိက လက်နက်ကိုင် တပ်ဖွဲ့" ဖြစ်သည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေက "နိုင်ငံတော်အတွင်းရှိ လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးသည် (တပ်မတော်၏) ကွပ်ကဲမှုအောက်တွင် ရှိရမည်" ဟုလည်း ပြဌာန်းထားသည်။[3235] တပ်မတော်တွင် အပိုင်း သုံးပိုင်း ရှိသည်။ ကြည်းတပ်၊ ရေတပ်နှင့် လေတပ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် သုံးသပ်ချက် ကာလ တလျောက်လုံးတွင် ကာကွယ်ရေး ဦးစီးချုပ်ဖြစ်သည်။ သူသည် လက်နက်ကိုင် တပ်ဖွဲ့များ အားလုံး၏ သေနာပတိချုပ်ဖြစ်သည်။[3236] သူသည် တပ်မတော်၏ ယူနစ်များအားလုံးကို တိုက်ပွဲဝင်ရန် အမိန့်ပေးနိုင်ပြီး (မြန်မာရဲတပ်ဖွဲ့၊ နယ်ခြားစောင့် ရဲတပ်ဖွဲ့၊ နှင့် ပြည်သူ့စစ်များ အပါအဝင်) အရံတပ်ဖွဲ့များကို နေရာချထားနိုင်ပြီး လိုအပ်သလို တိုက်ခိုက်ရေး ယူနစ်များနှင့် ပူးတွဲ လုပ်ဆောင်စေနိုင်သည်။

၁၅၂၃။ ကာကွယ်ရေး ဦးစီးချုပ်ရုံးသည် (အချိန်များစွာ ပင် စစ်ရုံးချုပ်ဟု သုံးစွဲသည်) စစ်ဦးစီးချုပ်မှ တဆင့် အောက်ခြေယူနစ်များအားလုံးကို အမိန့်ပေးနိုင်သည်။ စစ်ရေး မဟာဗျူဟာ တစ်စုံလုံးနှင့်

[3234] နိုင်ငံတကာ စစ်ရာဇဝတ် ခုံရုံး။ ပြင်သစ်နှင့် အခြား *v. Göring and others*၊ ဆုံးဖြတ်ချက်နှင့် အပြစ်ဒဏ်၊ (၁၉၄၆)၊ 22 IMT 2013, (1947).

[3235] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၃၃၇-၃၃၈။

[3236] မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၂၀ (ဂ)

မှုဝါဒကို ဦးစီးအရာရှိချုပ်များ အတွင်းတွင် ဆုံးဖြတ်သည်။ နောက်ဆက်တွဲ အမိန့်များအားလုံးသည် ဤ တစ်စုံလုံး မဟာဗျူဟာပေါ်တွင် အခြေခံသည်။ တပ်မတော်၏ အစိတ်အပိုင်း တစ်ခုချင်းစီသည် သူ့ဖွဲ့စည်းပုံနှင့် သူရှိသည်။ တပ်မတော် (ကြည်း) သည် ဥပမာအားဖြင့် သူ၏ ကိုယ်ပိုင် ဦးစီးချုပ် (ကြည်းတပ် ဦးစီးချုပ်- ကြည်း၊ လတ်တလောတွင် ဒုတိယ-ဗိုလ်ချုပ်မှူးကြီး စိုးဝင်းဖြစ်ပြီး သူသည် တပ်မတော်၏ ဒုတိယ ကာကွယ်ရေး ဦးစီးချုပ်လည်း ဖြစ်သည်။) နှင့် ကြည်းတပ် ဦးစီးအရာရှိ ရှိသည်။ ကြည်းတပ်ဦးစီးအရာရှိရုံးတွင် ပြည်သူ့စစ်နှင့် နယ်ခြားကာကွယ်ရေး တပ်ဖွဲ့များ ဦးစီးဌာန (ပြည်သူ့စစ်တပ်ဖွဲ့များ စုဖွဲ့မှုနှင့် သင်တန်းပေးရန် အပြည့်အဝ တာဝန်ရှိသည်)၊ အပါအဝင် ဌာနခွဲများ အများအပြားရှိသည်။

၁၅၂၄။ တပ်မတော် (ကြည်း) တွင် အထူးစစ်ဆင်ရေး အဖွဲ့ ခြောက်ခု ရှိပြီး ယင်းတို့ကို စစ်ဆင်ရေး ပထမဆင့် ဌာနချုပ် အဖြစ် သတ်မှတ်သည်။ အထူးစစ်ဆင်ရေး အဖွဲ့တစ်ခုစီသည် ပထဝီဒေသ တစ်ခုစီကို တာဝန်ခံရသည်။ ပထဝီ ဒေသတစ်ခုစီကို တိုင်းစစ်ဌာနချုပ်များအဖြစ် ထပ်မံခွဲထားသည်။ ဥပမာ စစ်ဆင်ရေးအထူးအဖွဲ့ ၃ တွင် စစ်တိုင်းဌာနချုပ် သုံးခု ဖြစ်သော အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နှင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်တို့ ပါဝင်သည်။ တိုင်းစစ်ဌာနချုပ် တစ်ခုစီ၏ အောက်တွင် "တိုက်ခိုက်ရေး တပ်မ" တစ်ခုမှ သုံးခုရှိပြီး ယေဘူယျအားဖြင့် စစ်ဆင်ရေးကွပ်ကဲမှုဌာနချုပ်ဟု ခေါ်ပြီး ယင်းတို့တွင် ခြေလျင်တပ်ရင်း ဆယ်ခု အထိ ပါဝင်သည်။ ဥပမာ- ရခိုင်ပြည်နယ်ကို တာဝန်ယူရသော အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်အောက်တွင် စစ်ဆင်ရေး ကွပ်ကဲမှု ဌာနချုပ် အမှတ် ၅၊ အမှတ် ၉ နှင့် အမှတ် ၁၅ တို့ နှင့် အခြား တပ်ရင်းများ ရှိသည်။ ယင်းတို့တွင် အထူး စစ်ဆင်ရေးများအတွက် ပူးတွဲလုပ်ဆောင်ရန် အရံတပ်ဖွဲ့များလည်း ရှိနိုင်သည်။

၁၅၂၅။ ခြေမြန် တပ်မ (LIDs) များကို ပထဝီ ဒေသများအလိုက် ချထားခြင်း မဟုတ်ပဲ ကာကွယ်ရေး ဦးစီးချုပ်၏ တိုက်ရိုက် ကွပ်ကဲမှု အောက်တွင် "လှုပ်ရှား" ယူနစ်များ အဖြစ် လိုအပ်သည့်နေရာများတွင် ချထားသည်။ သူတို့အတွက် တပ်ချထားမှုကို အမိန့်ပေး အင်္ဂါစဉ်အရ အနိမ့်ဆုံး တပ်မတော် ကြည်း ဦးစီးချုပ် က တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် သိရှိမှုဖြင့် အမိန့်ပေးရသည်။ အထက်တွင် ဖော်ပြထားပြီးဖြစ်သည့်အတိုင်း တပ်မတော်ကြည်း ဦးစီးချုပ်သည် တပ်မတော်တစ်ခုလုံး၏ ဒုတိယ ကာကွယ်ရေးဦးစီးချုပ်ဖြစ်သည်။ လေတပ်တပ်ဖွဲ့များနှင့် လက်နက်ကြီး ယူနစ်များနှင့် အတူ တပ်မများသည် မဟာဗျူဟာမြောက် ပိုင်ဆိုင်မှုဖြစ်ပြီး ယေဘူယျအားဖြင့် ကာကွယ်ရေး ဦးစီးချုပ်၏ အခွင့်အာဏာဖြင့် ဖြန့်ခွဲချထားသည်။[3237] တပ်မများသည် တပ်မတော်အတွင်းတွင် တိုက်ပွဲ အတွေ့အကြုံ အရင့်ကျက်ဆုံး ယူနစ်များအဖြစ်လည်း သတ်မှတ်သည်။ ယင်းတို့ကို မကြာခဏပင် စစ်ဆင်ရေး၏ အဓိက ထိုးစစ်တပ်ဖွဲ့အဖြစ် ချထားပြီး အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့အစည်းများအပေါ် သောင်းကျန်းသူနှိမ်နင်းမှု စစ်ဆင်ရေးတွင် အသုံးပြုရန်အတွက် ညွှန်ကြားလေ့ရှိသည်။ တပ်မများ ချထားပြီးဖြစ်ပါက နေ့စဉ် စစ်ဆင်ရေးအမိန့်ကို သက်ဆိုင်ရာ ဒေသဆိုင်ရာ စစ်တိုင်း ဌာနချုပ်က

3237 XM-009, XM-010, XM-011, XM-012, XM-013

ပေးသည်။ သို့ရာတွင် သူတို့၏ တပ်မ ဌာနချုပ်သို့ သို့မဟုတ် နောက်ထပ် ရှေ့တန်းတစ်နေရာသို့ နောက်ဆက်တွဲ နေရာပြန်လည်ချထားမှုကို တပ်မတော် ကြည်း ဦးစီးချုပ်က အမိန့်ပေးသည်။[3238]

၁၅၂၆။ မစ်ရှင်က ကောက်ယူရရှိသော အချက်အလက်များက တပ်မတော်သည် လုပ်ငန်းလည်ပတ်နေသော စနစ်ကျသည့် စစ်တပ်ဖွဲ့ဖြစ်ပြီး ခွဲခြား သတ်မှတ်နိုင်သည့် အမိန့်စီးဆင်းမှု လမ်းကြောင်း ရှိကာ "တစ်ခုတည်းသောအမိန့်" ဥပဒေသအောက်တွင် လည်ပတ်နေသည်။ ဦးဆောင်မှု အဆင့်အားလုံးသည် အောက်ခြေယူနစ်များ ကို ထိရောက်စွာ ထိန်းချုပ် ကွပ်ကဲနိုင်ပြီး အမိန့်များကို ထုတ်ပြန်ခြင်း နှင့် လိုက်နာခြင်း ရှိကာ တင်းကြပ်သော အစီရင်ခံမှု စနစ်ကို ဆုပ်ကိုင်ထားသည်။[3239] တပ်မတော်၏ ရွှတ်ထွေးခက်ခဲသော လုပ်ငန်းလည်ပတ်နိုင်မှု စွမ်းရည်ကို ကြီးမားသော အတိုင်းအတာရှိသည့် ကျယ်ပြန့်သော ပထဝီ နယ်မြေများ တလျှောက် ပူးတွဲ စစ်ဆင်ရေးများ လုပ်ဆောင်နိုင်သည့် စွမ်းရည်က ပြသနေသည်။[3240] ယင်းသည် တပ်မတော်တွင် သက်ဆိုင်ရာ ဖွဲ့စည်း တည်ဆောက်ပုံများ (ထောက်လှမ်းရေး၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး အစရှိသည်) တို့ နေရာတကျရှိနေပြီး ယင်းတွင် ကာကွယ်ရေး ဦးစီးချုပ်ရုံးက ဦးဆောင်ထားသော အချိန်နှင့် တပြေးညီ သတင်းအချက်အလက်များကို လက်ဆင့်ကမ်းရရှိနေပြီး တပ်ဖွဲ့များ၏ လှုပ်ရှားမှုများကို ထိရောက်စွာ ညွှန်ကြားနေနိုင်သော ထိရောက်သော လုပ်ငန်းဆိုင်ရာ အမိန့်စီးဆင်းမှုရှိနေသည်ကို ပြသနေသည်။[3241]

၁၅၂၇။ တပ်မတော်သည် တင်းတင်းကြပ်ကြပ် ထိန်းချုပ်ထားသော လက်နက်ကိုင် တပ်ဖွဲ့ဖြစ်သည်။ ဆိုလိုသည်မှာ လက်အောက်ခံ ယူနစ်များသည် ပုံမှန်အားဖြင့် တိုက်ရိုက် အမိန့်များအပေါ်တွင် သာ လိုက်နာ လုပ်ဆောင်သော်လည်း လွဲချော်လုပ်ဆောင်မှုများကို ချက်ချင်း အရေးယူခံရနိုင်သည့် အနေအထားတွင် ရှိနေပုံ မရပေ။[3242] တပ်မတော်သည် အချိန်အများအပြားတွင် စစ်သားစုဆောင်းမှု အားနည်းခြင်း၊ စိတ်ဓါတ် ကျခြင်း၊ သင်တန်း အရည်အသွေးမမှီခြင်း၊ တပ်ပြေးများပြားခြင်း၊ နှင့် ထိရောက်မှုနှင့် လုပ်နိုင်စွမ်းကို သက်ရောက်စေသော အခြား အကြောင်းအရာများ ရှိနေကြောင်း အစီရင်ခံချက်များ ရှိသည်။[3243] သို့ရာတွင် ယင်း အခက်အခဲများသည် တည်ဆဲဖြစ်သော အလွန်အားကောင်းပြီး ဗဟိုချုပ်ကိုင်မှု ရှိသည့် အမိန့်ပေး ဖွဲ့စည်းပုံကို သက်ရောက်နိုင်ခဲ့ခြင်း မရှိပေ။[3244] တပ်မတော်သည် လည်ပတ်မှုရှိသော စနစ်ကျသည့်၊ အောက်ခြေအဆင့်ဆင့်ကို ညွှန်ကြား၊ အမိန့်ပေး ပြီး ထိန်းချုပ်နိုင်သော စွမ်းရည်ရှိပြီး နိုင်ငံတစ်ဝှမ်း လုပ်ငန်းလည်ပတ်မှုများ နှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ရရှိသည့် နိုင်ငံအဆင့်တပ်ဖွဲ့ ဖြစ်မှုအပေါ် မစ်ရှင်က ကျေနပ်သည်။[3245]

---

[3238] XM-009, XM-010, XM-011, XM-013
[3239] XM-009, XM-010, XM-011, XM-012, XM-013, K-015
[3240] XM-010, XM-011, XM-012
[3241] XM-009, XM-010, XM-011, XM-012, XM-013
[3242] XM-009, XM-010, XM-012
[3243] XM-009, XM-010
[3244] XM-009, XM-010, XM-012
[3245] XM-009, XM-010, XM-011, XM-012, XM-013

## ၂။ လုံခြုံရေး တပ်ဖွဲ့များ၏ ရာဇဝတ်မှုများအပေါ် ကွပ်ကဲမှုမှ တာဝန်ရှိမှု

၁၅၂၈။ လုံခြုံမှု စစ်ဆင်ရေးများအတွင်း တပ်မတော်နှင့် မြန်မာနိုင်ငံမှ အခြား လုံခြုံရေး တပ်ဖွဲ့များ၏ အပြုအမူများ သာမက သူတို့၏ အောက်ခြေ ယူနစ်များ၏ အပြုအမူများသည် အစိုးရကို ရည်ညွှန်းနိုင်ပြီး အစိုးရ၏ တာဝန်ရှိမှုကို ဖြစ်စေသည်။

၁၅၂၉။ လက်နက်ကိုင် တပ်ဖွဲ့ဝင်များ (သို့မဟုတ် ယင်းတို့၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် လုပ်ဆောင်သူများ) သည် အရပ်သားများအပေါ် ရာဇဝတ်မှုများ ကျူးလွန်သည့်အခါ တိုက်ရိုက်ချိုးဖောက်ကျူးလွန်သူနှင့် တပ်မှူးနှစ်ဦးစလုံးသည် ရာဇဝတ်မှုအရ တရားစွဲဆို ခံရသင့်သည်။ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်၊ တပ်မတော် စစ်ဦးစီးချုပ်ရုံး အဖွဲ့ဝင်များ၊ အဆင့်မြင့် တပ်မှူးများနှင့် ဖြစ်ရပ်များအတွင်း မေးခွန်းထုတ်ဖွယ်ဖြစ်သော မြေပြင်ရှိ တပ်မတော် တပ်မှူးများသည် သုံးသပ်ချက် လုပ်စဉ် ကာလအတွင်း ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် ရာဇဝတ်မှုများ ကျူးလွန်ခဲ့သော ချိုးဖောက်ကျူးလွန်သူများ၏ အပြုအမူများအတွက် ရာဇဝတ်ဆိုင်ရာ တရားစွဲဆိုမှုကို ခံသင့်သည်ဟု ကျိုးကြောင်းစီလျော်သော အခြေခံများ ရှိကြောင်း မစ်ရှင်က ကောက်ချက်ချသည်။

၁၅၃၀။ တပ်မှူး တစ်ဦးသည် (က) စစ်တပ် တပ်မှူး သို့မဟုတ် တပ်မှူး အဖြစ် ထိရောက်စွာ တာဝန်ယူနေသော ပုဂ္ဂိုလ် ဖြစ်ပါက၊ (ခ) တပ်ဖွဲ့များအပေါ် ထိရောက်သော အမိန့်ပေးမှုနှင့် ထိန်းချုပ်မှု လုပ်နိုင်သူ ဖြစ်ပါက၊ (ဂ) ထိုရာဇဝတ်မှုများကို တပ်ဖွဲ့များက ကျူးလွန်နေကြောင်း သို့မဟုတ် ကျူးလွန်ရန်ရှိကြောင်း သိရှိသောသူ ဖြစ်ပါက (သို့မဟုတ် အခြေအနေများ အပေါ်မူတည်၍ သိရှိရမည့်သူဖြစ်ပါက) ၊ (ဃ) ထိုလုပ်ငန်းကို တားဆီးရန် သို့မဟုတ် နှိပ်ကွပ်ရန် ကျိုးကြောင်းစီလျော်သော အရေးယူဆောင်ရွက်မှုများ လုပ်ဆောင်ရန် ပျက်ကွက်သူ ဖြစ်ပါက၊ နှင့် (င) ရာဇဝတ်မှုများသည် တပ်မှူး၏ ပျက်ကွက်မှုကြောင့် ဖြစ်ပွားခြင်းဖြစ်ပါက လက်အောက်ငယ်သားများ ကျူးလွန်သော ရာဇဝတ်မှုများအတွက် တရားစွဲဆို ခံရနိုင်သည်။[3246] ထိုလိုအပ်ချက်များ တစ်ခုစီသည် မြန်မာနိုင်ငံရှိ အခြေအနေများနှင့် ကိုက်ညီနေသည်။

### (က) စစ်တပ် တပ်မှူး

၁၅၃၁။ အထက်တွင် ဖော်ပြထားသည့်အတိုင်း တပ်မတော်သည် အမိန့်များ နှင့် ညွှန်ကြားချက်များမှ တဆင့် လက်အောက်ခံ ယူနစ်များကို ထိန်းချုပ်သော အမိန့်ပေး ဖွဲ့စည်းမှု အပါအဝင် လက်နက်ကိုင် တပ်ဖွဲ့တစ်ခု၏ အဓိကကျသော အစိတ်အပိုင်းများကို ထိန်းချုပ်ထားနိုင်ကြောင်း ဖော်ပြနေသည်။ ဤအမိန့်ပေး ဖွဲ့စည်းပုံအတွင်းတွင်ရှိသော ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဦးစီးချုပ်ရုံး အဖွဲ့ဝင်များနှင့် မြေပြင်တွင်

[3246] ICC သဘောတူစာချုပ် ပုဒ်မ ၂၈ (က)၊ ICTY နှင့် ICTR တို့တွင် တပ်မှူး၏ မအောင်မြင်မှု "ရလာဒ်အဖြစ်" ဖြစ်ပွားသော ရာဇဝတ်မှုများကို တည်ဆောက်ရန် တရားလိုအတွက် မလိုအပ်ပေ။ (the causal nexus). See ICTY, *Prosecutor v. Hadzihasanovic*, IT-01-47-T, စီရင်ချက်၊ ၂၀၀၆ မတ် ၁၅ ရက်၊ စာပိုဒ် ၁၉၁။ 191. ပုံမှန် နောက်ဆက်တွဲကို ဆက်လက်ဖွင့်ထားရန် ရောမ သဘောတူညီချက်၏ ပုဒ်မ ၂၈(က) တွင် လိုမလို မေးခွန်း။ See ICC, *Prosecutor v. Bemba*, ICC-01/05-01/08-3636-Anx2, Separate opinion Judge Christine Van den Wyngaert and Judge Howard Morrison, 8 June 2018, para. 51. လက်ရှိ ပြည့်စုံမှုအတွက် သုံးသပ်ချက်တွင် ထည့်သွင်းထားသည်။

စစ်ဆင်ရေးများကို ညွှန်ကြားနေသော တပ်မှူးများသည် ရာဇဝတ်မှု စွဲဆိုမှု ခံယူရန် ရည်ရွယ်ချက်နှင့်ကိုက်ညီသော စစ်တပ် တပ်မှူးများဖြစ်သည်မှာ မေးခွန်း ထုတ်စရာ မလိုပေ။

### (ခ) ထိရောက်သော ထိန်းချုပ်မှု

၁၅၃၂။ လက်ရှိ အစီရင်ခံစာတွင် ဆွေးနွေးထားသော ရာဇဝတ်မှုများကို တပ်မတော် တစ်ခုတည်း သို့မဟုတ် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ နယ်စပ် လုံခြုံရေး တပ်ဖွဲ့များ နှင့် ပြည်သူ့စစ် အစိတ်အပိုင်းများ ကဲ့သို့သော လက်အောက်ခံ ယူနစ်များနှင့် အတူ လုပ်ဆောင်ခဲ့သည်။ တပ်မှူး တစ်ဦးသည် လက်အောက်ခံ တစ်ဦး အပေါ် "ထိရောက်သော ထိန်းချုပ်မှု" ရှိမရှိမှာ အချက်အလက်အရ မေးခွန်း ထုတ်စရာတစ်ခုဖြစ်သည်။ ထိရောက်သော ထိန်းချုပ်မှုတည်ရှိခြင်းကို ဖော်ပြသော အကြောင်းအရာများတွင် တပ်မှူး၏ တရားဝင် တာဝန်၊ အမိန့်များ ထုတ်ပြန်နိုင်သည့် အာဏာ၊ အမိန့်များကို လိုက်နာအောင် လုပ်ဆောင်နိုင်မှု၊ တပ်ဖွဲ့ဝင် မည်သူ့အပေါ်တွင် မဆို ရာထူးတိုးရန်၊ အစားထိုးရန်၊ ဖယ်ရှားရန် နှင့် အပြစ်ပေးအရေးယူနိုင်သော သြဇာအာဏာ၊ နှင့် နေရာ တစ်နေရာသို့ တပ်ဖွဲ့များကို စေလွှတ်နိုင်သော အခွင့်အာဏာနှင့် သတ်မှတ်ထားသော မည်သည့် အချိန်တွင် မဆို ယင်းတို့ကို ပြန်လည်ရုတ်သိမ်းနိုင်သော အခွင့်အာဏာတို့ ပါဝင်သည်။[3247]

၁၅၃၃။ အစီရင်ခံစာကို သုံးသပ်သော အချိန်ကာလအတွင်း ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ စစ်ဆင်ရေးများတွင် ပါဝင်သော တပ်ဖွဲ့များသည် သူတို့၏ တပ်မှူးများနှင့် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် ရှိနေခဲ့ခြင်းမှာ သံသယ ဖြစ်စရာ မရှိပေ။[3248] တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်သည် ကာကွယ်ရေး ဦးစီးချုပ်ရုံးကို ဦးဆောင်ပြီး ကာကွယ်ရေး ဦးစီးချုပ်ရုံးသည် စစ်တပ် စစ်ဆင်ရေးများ၏ ရည်ရွယ်ချက်များနှင့် ကန့်သတ်ချက်များ၊ ပါဝင်မည့် တပ်ဖွဲ့များ၏ အခန်းကဏ္ဍနှင့် အစီအစဉ်ချထားမှု၊ ထိတွေ့မှု စည်းမျဉ်းစည်းကမ်းများ၊ နှင့် လိုအပ်သော သယ်ယူပို့ဆောင်ရေးများကို ရေးဆွဲရန်အတွက် တာဝန်ရှိသည်။ စစ်ဆင်ရေးများ၏ စနစ်တကျ ဖြစ်သော၊ ဆက်တိုက်ဖြစ်သော၊ ထပ်ကာ လုပ်ဆောင်သော သဘာဝများသည် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် စစ်ဆင်ရေးများလုပ်ဆောင်ရန် အဆင့်မြင့် စီမံကိန်းတစ်ခု တည်ရှိပြီး အကောင်အထည်ဖော်နေကြောင်း ပြသနေသည်။ ရောမ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများ အတွင်း အမျိုးမျိုးသော လှုပ်ရှားယူနစ်များ ဆက်စပ်မှု မကြာခဏပင် လေကြောင်း ပစ်ကူပါဝင်မှုတို့မှာ ကာကွယ်ရေး ဦးစီးချုပ် အဆင့်က စီမံကိန်းရေးဆွဲ၊ အမိန့်ပေးပြီး ကြီးကြပ်မှသာလျှင် ဖြစ်နိုင်ပေမည်။[3249] နောက်ပိုင်းတွင် ယင်းကို ထပ်မံ ပေါ်လွင်စေသည်မှာ စစ်ဆင်ရေးများတွင် ထင်ရှားစွာ သူ၏ Facebook စာမျက်နှာတွင် ပါဝင်သကဲ့သို့ ရခိုင်ပြည်နယ် စစ်ဆင်ရေးများ နောက်ပိုင်းတွင် အချို့သော အဆင့်မြင့် တပ်မှူးများအား ဖယ်ရှားခြင်း သို့မဟုတ်

[3247] ICC, *Prosecutor v. Bemba*, ICC-01/05-01/08-3343, စီရင်ချက်၊၂၀၁၆ မတ် ၂၁ ရက်၊ စာပိုဒ် ၁၈၈။
[3248] XM-009, XM-010, XM-011, XM-012, XM-013.
[3249] XM-011, XM-009, XM-010, XM-012

ပြောင်းရွှေ့ခြင်းသည် ကာကွယ်ရေး ဦးစီးချုပ်၏ အနီးကပ် ပါဝင်မှုကို ဖော်ပြနေသည်။[3250] တပ်မတော်ကဲ့သို့ တင်းကြပ်စွာ ထိန်းချုပ်ထားသော စစ်တပ်တစ်ခုတွင် အောက်ခြေ တပ်ဖွဲ့များသည် တိုက်ရိုက် အမိန့်ပေးမှုများအောက်တွင်သာ လုပ်ဆောင်ပြီး အမိန့်မှ လွဲချော်မှုကို လက်ခံနိုင်မည်မဟုတ်ပေ။[3251] တပ်မတော်၏ အဆင့်မြင့် တပ်မှူးများသည် မည်သည့်အချိန်တွင် မဆို စစ်ဆင်ရေးကို ရပ်တန့်ခဲ့မှု သို့မဟုတ် ချိုးဖောက်မှုများ အစီရင်ခံမှုတွင် ပါဝင်နေသော ယူနစ်များနှင့် တပ်ဖွဲ့များကို ပြန်လည်ဆုတ်ခွာ စေခဲ့ သင့်သည်။ ထိရောက်သော ထိန်းချုပ်မှုသည် သက်ဆိုင်ရာ အချိန်တိုင်းတွင် အဆက်မပြတ် ရှိနေခဲ့သည်။

၁၅၃၄။ နယ်ခြားစောင့် ရဲတပ်ဖွဲ့ အပါအဝင် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများ အတွင်း တပ်မတော်နှင့်အတူ ပါဝင်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည်လည်း တပ်မတော်၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် ရှိသည်။[3252] ရဲတပ်ဖွဲ့သည် တပ်မတော်နှင့် မသက်ဆိုင်သော သီးခြား အဖွဲ့အစည်းဖြစ်ပြီး သူ့ကိုယ်ပိုင် အမိန့်ပေး လမ်းကြောင်း ရှိသည်။[3253] သို့ရာတွင် ပူးတွဲစစ်ဆင်ရေးများတွင် တပ်မတော်နှင့် အတူတွဲဖက်ချထားပြီးသည်နှင့် ရဲယူနစ်များသည် သက်ဆိုင်ရာ ဒေသအပေါ် တာဝန်ရှိသော တပ်မတော် ယူနစ်များ၏ လက်အောက်ခံ ဖြစ်သွားသည်။ ထိုအခါ တပ်မတော်က ရဲတပ်ဖွဲ့ ယူနစ်များ၏ လုပ်ငန်းထိန်းချုပ်မှုကို ရယူပြီး ဖြစ်သည်။[3254]

၁၅၃၅။ အလားတူပင် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ယခင် အစိုးရ မဟုတ်သော လက်နက်ကိုင် တပ်ဖွဲ့ သို့မဟုတ် "တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်း" ဖြစ်ခဲ့သော နယ်ခြားစောင့် တပ်ဖွဲ့ သည်လည်း တပ်မတော်နှင့် ပူးတွဲပြီး လက်အောက်ခံ ဖြစ်သည်။ သူတို့ကို တပ်မတော်က လက်နက်တပ်ဆင်၊ ထောက်ပံ့ပြီး သင်တန်းပေးထားကာ စစ်ဆင်ရေးများအတွင်း သူတို့၏လုပ်ဆောင်မှုများအပေါ် ထိန်းချုပ်မှုကို ရယူထားသည်။[3255] ကိုယ်တိုင် တပ်မတော်အဖြစ် ပူးပေါင်းခြင်း မရှိသော်လည်း အခြား ပြည်သူ့စစ်များသည်လည်း မကြာခဏပင် တပ်မတော်က အနည်းဆုံး တစ်ပိုင်းတစ်စ ထောက်ပံ့၊ လက်နက်တပ်ဆင်ကာ သင်တန်းပေးထားသည်။[3256] ရခိုင်ပြည်နယ်တွင် စစ်ဆင်ရေးများတွင် ပြန်လည်ပေါ်ပေါက်လာပြီး စနစ်တကျ ပါဝင်လာသော "အရပ်သား" အုပ်စုများနှင့် သူတို့ကို လက်နက်တပ်ဆင်မှု၊ လုပ်ငန်း သတ်မှတ်မှုနှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း တလျှောက် လုပ်ဆောင်မှု တို့က တပ်မတော်၏ စီစဉ်ညွှန်ကြားမှုနှင့် ထိန်းချုပ်မှုကို ပြသနေသည်။ ထိုအုပ်စုများသည် တပ်မတော်၏ စစ်ဆင်ရေးဆိုင်ရာ အမိန့်များကို

---

3250 ထက်နိုင်ဇော်။ "မြန်မာစစ်တပ်က ရခိုင် တပ်မှူးကို လဲလှယ်ခြင်း" (The Irrawaddy၊ ၂၀၁၇ နိုဝင်ဘာ ၁၄)။ လွန်းမင်းမောင်၊ "EU အရေးယူစာရင်းတွင် ပါဝင်သော ထိပ်တန်း ဗိုလ်ချုပ်များအား တပ်မတော်က ထုတ်ပယ်ခြင်း" (Myanmar Times၊ ၂၀၁၈ ဇွန် ၂၆ ရက်)

3251 XM-009, XM-010, XM-012

3252 XM-009, XM-010, XM-011

3253 သို့ရာတွင် ရဲတပ်ဖွဲ့၏ အဆင့်မြင့် အရာရှိအများအပြားမှာ ယခင် စစ်တပ် အရာရှိများ ဖြစ်ကြသည်။ ရဲတပ်ဖွဲ့က အစီရင်ခံရသည့် ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီးသည် ကာကွယ်ရေး ဦးစီးချုပ်က အမည်စာရင်း တင်သွင်းပြီး သမ္မတက ခန့်ထားသည့် စစ်တပ် အရာရှိဖြစ်သည်။ မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၊ ပုဒ်မ ၂၃၂ (ခ)(၂)။

3254 XM-009, XM-010

3255 BM-038, XM-009; J. Buchanon၊ မြန်မာနိုင်ငံရှိ ပြည်သူ့ စစ်များ (The Asia Foundation, July 2016)

3256 XM-090, XM-010

လိုက်နာပြီး တပ်မတော်၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် ကျရောက်နေသည်မှာ သံသယ ဖြစ်ဖွယ်မရှိပေ။

၁၅၃၆။ တပ်မတော်တိုက်ခိုက်မှု နည်းနာများက ယင်း၏ ကာကွယ်ရေး ဦးစီးချုပ် ဦးဆောင်သော ကာကွယ်ရေး ဦးစီးအရာရှိများသည် ဤသုံးသပ်မှုပြုလုပ်နေသော စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးနှင့် လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေး များတွင် ပါဝင်သော ယူနစ်များနှင့် လူပုဂ္ဂိုလ်များအားလုံးအပေါ်တွင် ထိရောက်သော ထိန်းချုပ်မှုကို ကျင့်သုံးကြောင်း ကျိုးကြောင်းခိုင်လုံသည့် ကောက်ချက်ချနိုင်ရန် ပံ့ပိုးပေးလျက်ရှိသည်။ တပြေးညီဖြစ်သော လုပ်ဆောင်မှုပုံစံကို လက်ခံထားခြင်းသည် တစ်စုံတစ်ရာ အတိုင်းအတာ ကြိုတင်ပြင်ဆင်မှုကို ညွှန်းပြရုံသာမက တစ်ခုတည်းသော အမိန့်ပေးမှု၏ ထိရောက်သော ထိန်းချုပ်မှုအောက်တွင် တပ်ဖွဲ့များ အားလုံး လုပ်ဆောင်မှသာ ရရှိနိုင်မည့် ပူးပေါင်းဆောင်ရွက်မှု အတိုင်းအတာ နည်းဗျူဟာ ပုံသေနည်းကို ပြသနေသည်။

### (ဂ) ရာဇဝတ်မှုများအား သိရှိမှု

၁၅၃၇။ လက်အောက်ငယ်သားများ ရာဇဝတ် ဆိုင်ရာ လုပ်ဆောင်မှုများလုပ်ဆောင်သည်ကို တပ်မှူးက သိမသိ (သို့မဟုတ် သိရန် အကြောင်းရှိမရှိ) ကို ပုံမှန်အားဖြင့် ဆိုးသွမ်းသူများ သို့မဟုတ် သီးခြား တပ်စု သို့မဟုတ် တပ်ဖွဲ့ဝင် စစ်ကြောင်း တစ်ကြောင်းက ရာဇဝတ်မှု ကျူးလွန်သော နောက်ခံအခြေအနေ အောက်တွင် ဆန်းစစ်ပြီး ဤ "ငါးခုံးမ" များကို စစ်ဆင်ရေးအဆင့် တပ်မှူးများက သိမသိကိုလည်း ဆန်းစစ်သည်။ တပ်မတော်၏ ကိစ္စရပ်တွင် လုပ်ငန်းလည်ပတ်မှု အမိန့်ပေးမှု၏ အမြင့်ဆုံး အဆင့်များက ရာဇဝတ်မှုများကို သိရုံသာမက ယင်းရာဇဝတ်မှုတို့သည် တပ်မတော်၏ တစ်စုံလုံးသော စစ်ဘက်ဆိုင်ရာ မဟာဗျူဟာ၏ အစိတ်အပိုင်းတရပ် အဖြစ် ပုံဖော်လျက်ရှိသည်။ အထက်တွင် ဆွေးနွေးခဲ့သော "ဖြတ်လေးဖြတ်" မဟာဗျူဟာသည် ပြည်သူလူထုကိုယ်နိုက် အပါအဝင် အရပ်သား လူထုမှ ရရှိနိုင်သမျှ ပံ့ပိုးမှုများရှိသော နယ်မြေကို ရှင်းလင်းသည့် မူဝါဒအတွက် စစ်ဆင်ရေး မူဘောင်ဖြစ်သည်။ ထိုမူဝါဒများနှင့် အညီ တပ်မတော်တပ်ဖွဲ့များသည် ဆက်စပ်နေသော အစီအစဉ်၏ အစိတ်အပိုင်းအဖြစ် အရပ်သားများအား ပစ်မှတ်ထားသည်၊ သတ်ဖြတ်သည်၊ မုဒိန်းကျင့်သည်။ ယင်းနောက်ခံ အပေါ်တွင် တပ်မတော်အတွင်း စစ်ဘက်ဆိုင်ရာ တပ်မှူးများသည် သူတို့၏ လက်အောက်ငယ်သားများ ရာဇဝတ်မှုများ ကျူးလွန်နေသည်ကို မသိရှိ သို့မဟုတ် သိရှိရန် အကြောင်းမရှိဟု မည်သည့် လက်ခံနိုင်လောက်သော အကြံပြုချက်ကိုမျှ ပြုလုပ်၍ မရနိုင်ပေ။ ယင်းမှာ နေရာတိုင်း၊ စစ်ဆင်ရေးတိုင်းတွင် ဖြစ်နေပြီး သူတို့ ကိုယ်တိုင် လုပ်ထားပြီး အကောင်အထည်ဖော်နေသော မူဝါဒနှင့် တဆက်တစပ်တည်း ဖြစ်သည်။ တပ်မတော် တပ်မှူးများသည် ဥပဒေနှင့် မညီသော အရပ်သား ထိခိုက်သေဆုံးမှုများ နှင့် အရပ်သား ပစ္စည်း ဥစ္စာများ ပျက်စီးမှုများ ဖြစ်နိုင်ခြေများကို သိလျက်နှင့် လက်ခံထားသည်။ သူတို့ အတည်ပြု၍ အမိန့်ပေးထားသော စစ်ဘက်ဆိုင်ရာ မဟာဗျူဟာတွင် ကြီးမားသော ရာဇဝတ်မှုများ လုပ်ဆောင်ရန်မှာ မရှိမဖြစ်အစိတ်အပိုင်းဖြစ်နေသည်ကို သူတို့ လက်ခံထားသည်။

၁၅၃၈။ အရပ်သားများအား တိုက်ခိုက်ရန် ထုတ်ဖော်ပြောဆိုထားသည့် မူဝါဒ မရှိသည့်တိုင်အောင်ပင် တပ်မတော်၏ စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေး အခြေအနေများတွင် အရပ်သားများအပေါ် ရာဇဝတ်မှုများအား စိုးရိမ်ပူပန်မှုများကို မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ် ငါးဦးစလုံးက ဆယ်စုနှစ်များစွာ တပ်မတော်ထိပ်ပိုင်းကို ပြောဆိုထားပြီး ဖြစ်သည်။ တပ်မတော် အဖွဲ့ဝင်များက ယင်း စွပ်စွဲချက်များကို တုန့်ပြန်ခဲ့ပြီးဖြစ်သည်။ ရှားရှားပါးပါး အခြေအနေများတွင် သူတို့က အစိတ်အပိုင်း အနည်းငယ်ဖြစ်သော ချိုးဖောက်ကျူးလွန်သူများကို ပြင်းပြင်းထန်ထန် အပြစ်ပေး အရေးယူထားကြောင်း ပြောဆိုသည်။ အခါအားလျော်စွာပင် သူတို့က ရာဇဝတ် အပြုအမူများ မရှိကြောင်း ကျယ်ကျယ်လောင်လောင် ငြင်းဆိုခဲ့သည်။ မည်သို့ပင်ဖြစ်စေ တပ်မတော်အတွင်း ထိပ်ပိုင်း ခေါင်းဆောင်များက လက်အောက်ငယ်သားများ၏ ရာဇဝတ်အပြုအမူများအပေါ် စွပ်စွဲချက်များကို မည်သည့်အခါမျှ မသိရှိ သို့မဟုတ် သိရှိရန် အကြောင်းမရှိဟု ပြောဆိုရန် မည်သို့မျှ ကျိုးကြောင်းခိုင်လုံခြင်း မရှိပေ။ ရခိုင်ပြည်နယ် ဖြစ်စဉ်တွင် ယင်းကောက်ချက်သည် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" နှင့် ကြီးလေးသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို နိုင်ငံတကာ သတင်းဌာနများက တချိန်တည်း တပြိုင်တည်း အချိန်နှင့် တပြေးညီနီးပါး သတင်းထုတ်ပြန်နေပြီး ကမ္ဘာအနှံ့အပြား သိရှိနေသော အချက်အလက်ကို ခိုင်မာစေရုံသာဖြစ်သည်။ မသိရှိခြင်းမှာ လုံးဝ ဖြစ်နိုင်ခြင်းမရှိပေ။

၁၅၃၉။ ရာဇဝတ်မှုများအား သိရှိမှုသည် တပ်မတော် ထိပ်ပိုင်းနှင့် ယင်းအတွင်းရှိ အထူးလူပုဂ္ဂိုလ်များထံ ယေဘူယျအားဖြင့် ရောက်ရှိပြီးဖြစ်သည်။ ဥပမာ- ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြေပြင် ဖြစ်ပေါ်တိုးတက်မှုများကို အချိန်နှင့် တပြေးညီ ကောင်းမွန်စွာ သိရှိပုံရသည်။ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် စစ်တွေရှိ ဒေသစစ်ဆင်ရေးကွပ်ကဲမှု ဌာနချုပ်သို့ ရောက်ရှိလာပြီး သူ့အား အခြေအနေများကို အသေးစိတ်တင်ပြခဲ့ပြီး စစ်ဆင်ရေး မြေပုံများကို လေ့လာခဲ့သည်။[3257] နောက်တစ်ရက်တွင် သူသည် ဘူးသီးတောင် မြို့နယ် တောင်ဘဇာသို့ သွားရောက်ခဲ့ပြီး ဒေသခံ တပ်မတော် တပ်ရင်းဌာနချုပ်တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့ပြီး သူ့အနေနှင့် မြေပြင်တွင် ဖြစ်ပွားနေသော ဖြစ်ရပ်များကို အသေးစိတ် မည်မျှသိရှိသည်ကို ဖော်ပြခဲ့သည်။[3258] သတင်းများအရ ကာကွယ်ရေး ဦးစီးချုပ်သည် "အချိန်နှင့် တပြေးညီ အချက်အလက်များ ရရှိရန်၊ ညွှန်ကြားချက်များပေးခြင်း၊ အရာရှိများအနေဖြင့် အနီးကပ်ကြီးကြပ်မှုများပြုလုပ်ခြင်းဖြင့် လုံခြုံရေး ကိစ္စရပ်များတွင် မည်သည့် မှားယွင်းမှုမှ မရှိစေရန်၊ ဒေသတွင်း အေးချမ်းသာယာရေးနှင့် တည်ငြိမ်ရေး ရှိစေရန် ပူးပေါင်းဆောင်ရွက်ကြရန်၊ လုံခြုံသော ခိုင်ခံ့သော နယ်စပ် ခြံစည်းရိုးများ ဖြစ်စေရန် လမ်းညွှန်ချက်များပေးခဲ့သည်။....... ထို့နောက် ဒေသအတွင်း နေထိုင်ကြသူများကို နိုင်ငံသား စီစစ်ရေး ကပ်ပြားများ ဆက်လက်ထုတ်ပေးရန် ညွှန်ကြားခဲ့သည်။" ယင်းသည် သူ၏ အမိန့်များ နှင့် သူ၏ စောင့်ကြည့်မှု နှစ်ခုစလုံး မည်သို့ရှိနေသည်ကို အပြည့်အဝ သိရှိနေသော တပ်မှူးဖြစ်သည်။

[3257] မစ်ရှင်တွင် ဖိုင်တွဲထားသည့် Facebook ပို့စ်။
[3258] မစ်ရှင်တွင် ဖိုင်တွဲထားသည့် Facebook ပို့စ်။

ယင်းကို စစ်ဆင်ရေး တလျောက်လုံးတွင် "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး" အပေါ် နေ့စဉ် ပြင်ဆင်ဖြည့်စွက်နေသော တပ်မတော်နှင့် ကာကွယ်ရေး ဦးစီးချုပ်၏ Facebook စာမျက်နှာများကသာမက နိုင်ငံတော်၏ အတိုင်ပင်ခံ ပုဂ္ဂိုလ်၏ သတင်းပြန်ကြားရေး Facebook စာမျက်နှာများတွင် ဖော်ပြနေသည်များက နောက်ထပ် သက်သေခံနေပေသည်။

### (ဃ) လိုအပ်သော၊ ကျိုးကြောင်း ညီညွတ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်ရန် ပျက်ကွက်ခြင်း

၁၅၄၀။ ရာဇဝတ်မှုများ "ကာကွယ်ရန်နှင့် ချိုးနှိမ်ရန်" တာဝန်နှင့် အညီ တာဝန်ခံမှုရှိသော အမိန့်နှင့် လိုက်နာမှုကို အာမခံရန် တပ်မှူးတစ်ယောက်အနေဖြင့် လုပ်ဆောင်ရမည့် အရေးယူ ဆောင်ရွက်ချက်များအတွက် နိုင်ငံတကာ ဥပဒေတွင် စီစစ်ရန် ဇယား မရှိပေ။ တပ်မှူး၏ အရေးယူဆောင်ရွက်မှုများသည် ပြည့်စုံလုံလောက်မှုကို အချက်အလက် အခြေပြု စုံစမ်းစစ်ဆေးမှု[3259] ဖြစ်ပြီး သူ၏ "ရုပ်ဝတ္ထုဆိုင်ရာ စွမ်းရည်" အတွင်း အရေးယူဆောင်ရွက်မှုများအပေါ် တည်မှီနေသည်။[3260] သို့ရာတွင် ရှင်းလင်းသည်မှာ တပ်မှူးသည် ရာဇဝတ်မှုများမှ ကာကွယ်ရန် အရေးယူဆောင်ရွက်မှုများ (ဥပမာ- စစ်ဥပဒေများအပေါ် လုံလောက်သော သင်တန်းများနှင့် ညွှန်ကြားချက်များ၊ တိုက်ခိုက်ရေး တပ်ဖွဲ့များ၏ စည်းကမ်းရှိမှုကို အာမခံခြင်း၊ စည်းမျဉ်းစည်းကမ်းများကို ဖြန့်ဝေခြင်းနှင့် လူအများသိရှိလိုက်နာစေခြင်း၊ နှင့် စစ်ဆင်ရေးအတွင်း ရာဇဝတ်မှုများ ကျူးလွန်ခြင်းမရှိစေရန် တည်မြဲအမိန့်များ ပေးခြင်း တို့မှတဆင့်) လုပ်ဆောင်ရမည်။[3261] ထို့နောက် ရာဇဝတ်စွပ်စွဲချက်များ ရှိလာပါက စုံစမ်းစစ်ဆေးရန် တာဝန်ရှိပြီး သင့်လျော်ပါက ပါဝင်ပတ်သက်သော တပ်ဖွဲ့များအပေါ် စည်းကမ်းထိန်းသိမ်းမှု သို့မဟုတ် အပြစ်ပေးအရေးယူမှုများ အစပျိုးလုပ်ဆောင်ရမည်။[3262] အတုအယောင် စုံစမ်းစစ်ဆေးရေးကို သိလျက်နှင့် စတင်ခြင်း သို့မဟုတ် ပါဝင်ခြင်း ပြုသော တပ်မှူးသည် သူ၏ အပြစ်ပေးအရေးယူရန် တာဝန်ကို မကျေပွန်ခြင်း ဖြစ်သည်။[3263]

၁၅၄၁။ ကာကွယ်ရေး ဦးစီးချုပ် မင်းအောင်လှိုင်က စည်းကမ်းသည် "တပ်မတော်၏ ကျောရိုးဖြစ်သည်" ဟု ပြောဆိုခဲ့သည်။ တည်ဆဲ စစ်တပ် စည်းမျဉ်းစည်းကမ်းများကို ရည်ညွှန်းလျက် သူက "ငါတို့ တပ်မတော်ဟာ အင်အားကောင်းတဲ့ တပ်မတော်ဖြစ်တယ်။ ဘာလို့လဲဆိုရင် စစ်စည်းကမ်းနဲ့ အမိန့်နာခံမှုကောင်းတဲ့ အခြေခံပေါ်မှာ ရပ်တည်ထားလို့ဖြစ်တယ်။ တပ်မတော်သား တစ်ဦးချင်းနဲ့ အယောက်တိုင်းဟာ စည်းမျဉ်းစည်းကမ်းနဲ့ လုပ်ထုံးလုပ်နည်းတွေ၊ အမိန့်တွေနဲ့ ညွှန်ကြားချက်တွေကို တိတိကျကျ လိုက်နာရမယ်။" ဟု ပြောခဲ့သည်။[3264] သို့ရာတွင် ထို အများပြည်သူရှေ့မှောက် ပြောဆိုချက်များသည် လက်တွေ့တွင် ဖြစ်နေသော တပ်မတော်၏ လုပ်ရပ်များ၏ ပကတိဖြစ်ရပ်နှင့် ကိုက်ညီခြင်းမရှိပေ။ တပ်မတော်တွင် စစ်ရာဇဝတ်မှုများနှင့်

---

[3259] ICTY, *Prosecutor v. Blaskic*, IT-95-14-a၊ စီရင်ချက်။ ၂၀၀၄ ဇူလိုင် ၂၉ ၊ စာပိုဒ် ၇၂၊ ၄၁၇။

[3260] ICTY, *Prosecutor v Halilovic*, IT-01-48-a၊ စီရင်ချက်၊ ၂၀၀၇ အောက်တိုဘာ ၁၆၊ စာပိုဒ် ၆၃၊ fn. 163

[3261] ICC, *Prosecutor v. Bemba*, ICC-01/05-01/08-3343၊ စီရင်ချက်၊ ၂၀၁၆ မတ် ၂၁ ရက်၊ စာပိုဒ် ၂၀၃-၂၀၄။

[3262] See, for example, ICTY, *Prosecutor v. Blaskic*, IT-95-14-a၊ စီရင်ချက်၊ ၂၀၀၄ ဇူလိုင် ၂၉ ရက်၊ စာပိုဒ် ၉ ၃။ *Prosecutor v. Hadzihasanovic and Kubura*, IT-01-47-a၊ စီရင်ချက်၊ ၂၀၀၈ ဧပြီ ၂၂ ရက်၊ စာပိုဒ် ၂၆၀။

[3263] E.g. ICTY, *Prosecutor v. Strugar*, IT-02-42-T၊ စီရင်ချက်၊ ၂၀၀၅ ဇန္နဝါရီ ၃၀ ရက်၊ စာပိုဒ် ၄၃၅-၄၃၆၊ ၄၃၉။

[3264] The Irrawaddy၊ "ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တပ်မတော်နေ့ မိန့်ခွန်း ကောက်နုတ်ချက်" (၂၀၁၈ မတ် ၂၈ ရက်)

လူသားကို ဆန့်ကျင်သော ရာဇဝတ်မှု စွပ်စွဲချက်ရလာဒ်များ ရရှိစေသော စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများ၏ သမိုင်းကြောင်း မှတ်တမ်း ကောင်းစွာ ရှိသည်။ ကျယ်ပြန့်သော ရာဇဝတ် အပြုအမူများနှင့် အရပ်သားများအပေါ် တိုက်ခိုက်မှုများသည် တပ်မှူးများက ရာဇဝတ်မှုများကို ကာကွယ်ရန် လိုအပ်သောနှင့် ကျိုးကြောင်းစီလျော်သော အရေးယူဆောင်ရွက်မှု အားလုံး လုပ်ဆောင်သည့် စည်းကမ်းရှိသော တပ်ဖွဲ့၏ အမှတ်သညာမဟုတ်ပေ။ တပ်မတော် တပ်ဖွဲ့များ သို့မဟုတ် သူတို့နှင့် အတူတွဲဖက်တိုက်ပွဲဝင်သော သူများ သည် အရပ်သားများကို ထိခိုက်မှု မရှိစေရန် အမိန့်များကို သို့မဟုတ် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ၏ အခြေခံ ဥပဒေသများကိုပင် လိုက်နာမှု ရှိကြောင်း မည်သည့် အညွှန်းပြမှုမှ မရှိပေ။ ရာဇဝတ်မှုများ ကာကွယ်ရန်နှင့် ချိုးနှိမ်ရန် တာဝန်ကို အစဉ်တစိုက်ပင် ချိုးဖောက်ခဲ့ကြသည်။

၁၅၄၂။ မည်သည့် တပ်မတော်တပ်မှူးကမျှ စစ်ဆင်ရေးများ၏ ဥပဒေနှင့် မညီသော သွင်ပြင်လက္ခဏာများနှင့် လူသားဘဝနှင့် ဂုဏ်သိက္ခာအပေါ် ယင်းတို့၏ ပျက်စီးစေသော နောက်ဆက်တွဲ အကျိုးဆက်များကို လျော့ကျသွားအောင် မည်သည့် ခိုင်မာသော အဆင့်များကို လုပ်ဆောင်သည့် ညွှန်းပြချက်မျှ မရှိပေ။ စစ်မှန်သော စုံစမ်းစစ်ဆေးမှုနှင့် သင့်လျော်သော အပြစ်ပေးအရေးယူမှုကို ချက်ချင်း လုပ်ဆောင်သင့်သည့် ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်မှု စွပ်စွဲချက်များမှာ အများရှေ့မှောက်တွင် ငြင်းဆိုခြင်းနှင့် ပိတ်ဆို့ခြင်းရလာဒ်များသာ ရခဲ့သည်။ ချိုးဖောက်ကျူးလွန်သူဟု စွပ်စွဲခံရသူများမှာ ချီးကျူးဂုဏ်ပြုခံရပြီး ရာထူးတိုးသွားကြသည်။ ရာဇဝတ်မှုများ၏ အထောက်အထားများက ငြင်းဆိုနိုင်ခြင်းမရှိသော အခါနှင့် ပြင်ပ ဖိအားက တစ်စုံတရာ အတိုင်းအတာရှိလာသည့်အခါများတွင် အပေါ်ယံ စုံစမ်းစစ်ဆေးခြင်းများအား လုပ်ဆောင်ပြီး "ပြင်းထန်သော" အပြစ်ပေး အရေးယူမှုများကို လုပ်ဆောင်ထားပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာချက်များကို စိတ်အားထက်သန်စွာ ထုတ်ပြန်သည်။ ဤအရေးယူ ဆောင်ရွက်မှုများ၏ သဘောသဘာဝသည် တပ်ဖွဲ့များအား အရပ်သားများအပေါ် တိုက်ခိုက်ခြင်းအတွက် မည်သည့် အကျိုးသက်ရောက်မှုကိုမျှ မခံစားရစေပဲ ရှာဖွေတွေ့ရှိမှုအတွက်သာနှင့် နိုင်ငံတကာ မီဒီယာတွင် သတင်းထုတ်ပြန်ရန်သာ လုပ်ဆောင်သည်။ အများပြည်သူရှေ့မှောက်တွင် တပ်ဖွဲ့များ၏ စည်းကမ်းကို ကျယ်ကျယ်လောင်လောင် ပြောနေသော်လည်း တပ်မတော်၏ ကြမ်းကြုတ်ရက်စက်သော သမိုင်းကြောင်း မှတ်တမ်းသည် တာဝန်ခံမှုရှိသော အမိန့်ပေးမှု သို့မဟုတ် ရာဇဝတ်မှုများကို ကာကွယ်သော သို့မဟုတ် ချိုးနှိမ်သော အရေးယူဆောင်ရွက်မှုများ လုံးဝ မရှိကြောင်း ပြသနေသည်။

## (c) ကြောင်းကျိုးဆက်စပ်သော ချိတ်ဆက်မှု

၁၅၄၃။ လက်အောက်ငယ်သား ချိုးဖောက်ကျူးလွန်သူ၏ လုပ်ဆောင်မှုအတွက် တပ်မှူးအပေါ် တာဝန်ရှိမှု သက်ရောက်ခြင်းမှာ ရာဇဝတ်မှုများကို တားဆီးရန် နှင့် အပြစ်ပေးရန် သူ၏ ပျက်ကွက်မှုများ၏ "ရလာဒ် တရပ်ကြောင့်" သာ ဖြစ်သည်။ လက်ရှိ ဖြစ်ရပ်တွင် တပ်မတော်၏ ထိပ်တန်းအဆင့်များက ချိုးဖောက်ကျူးလွန်မှုများအပေါ် တားဆီးအပြစ်ပေးရန် သမိုင်းဝင် ပျက်ကွက်မှုနှင့် မေးခွန်းထုတ်ဖွယ်ဖြစ်သော စစ်ဆင်ရေးများအတွင်း ကျူးလွန်သည့် ရာဇဝတ်မှုများအကြားတွင် ရှင်းလင်းသည့် ကျိုးကြောင်းဆက်စပ်သော ချိတ်ဆက်မှု ရှိနေသည်။

ရာဇဝတ်မှုများအား အပြစ်ပေးရန် ကျယ်ကျယ်ပြန့်ပြန့် ပျက်ကွက်ခြင်းသည် ပထမဦးစွာ အပြစ်ပေးအရေးယူခြင်းမှ ကင်းလွတ်သော ယဉ်ကျေးမှုကို ဖြစ်ပေါ်စေပြီး ယင်းတွင် စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများတွင် အရပ်သား ထိခိုက်သေဆုံးမှုနှင့် ရက်စက်ကြမ်းကြုတ်မှုများက မလွှဲမရှောင်နိုင်အောင် ဖြစ်လာသည်။ အရပ်သားများအပေါ် အကြမ်းဖက်ခြင်းသည် ပုံမှန်ဖြစ်လာပြီး ချိုးဖောက်ကျူးလွန်သူများက သူတို့၏ လုပ်ရပ်အပေါ် မည်သို့မှ တန်ပြန်ရိုက်ခတ်လာမည်မဟုတ်ကြောင်း အသိဖြင့် လုပ်ဆောင်လာသည်။ ရှေ့နောက်မညီသော သတင်းစကားများ (လူထုရှေ့မှောက်တွင် ပြင်းထန်သော အပြစ်ပေးအရေးယူမှုများကို ကြေညာသော်လည်း ရာဇဝတ်မှုများအတွက် ကျူးလွန်သူများ အပြစ်ပေး အရေးယူခံရခြင်းမှ လုံးဝ နီးပါး ကင်းလွတ်ခွင့်ရနေသည်။) သည် ခွင့်ပြုထားသော ယဉ်ကျေးမှုကို အားဖြည့်စေသည်။ လက်အောက်ခံ တပ်မှူးများနှင့် တပ်ဖွဲ့ဝင်များသည် သူတို့၏ ရာဇဝတ်မှုများကို သည်းခံပြီး ကျိုးကြောင်းဆီလျော်မှု ဖြစ်လာစေလိမ့်မည်ကို သိရှိထားကြသည်။ ဤပျက်ကွက်မှုများ အတူတကွ ပေါင်းစပ်ထားခြင်းသည် ရာဇဝတ် အမှုအကျင့်များကို အကောင်းဆုံး လက်ခံ ခွင့်လွှတ်ပြီး ယင်းကို အဆိုးဆုံး အားပေးသည့် အမိန့်ပေးမှု ရာသီဥတုကို ဖြစ်ပေါ်စေသည်။

၁၅၄၄။ ကာကွယ်မှုနှင့် အပြစ်ပေးမှုကို မည်သို့ လစ်လျူရှုသည် ဆိုသည့်အပေါ် အခိုင်အမာ ဥပမာကို ရခိုင်ပြည်နယ်ရှိ ခြေမြန်တပ်မများ ပါဝင်ပတ်သက်သော ရာဇဝတ်မှုများနှင့် ကျိုးကြောင်း ဆက်နွယ်သော ဆက်စပ်မှု အဖြစ် တွေ့ရသည်။ ၂၀၁၇ ခုနှစ် ဩဂုတ်လ မတိုင်မီက ကချင်နှင့် ရှမ်းပြည်နယ်များတွင် တပ်မ ၃၃ နှင့် ၉၉ တို့သည် အရပ်သားများအပေါ် ရာဇဝတ်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲခံခဲ့ကြရသည်။ ဤစွပ်စွဲချက်များအပေါ် ယုံကြည်စိတ်ချရပြီး စစ်မှန်သော စုံစမ်းစစ်ဆေးမှုများ လုပ်မည့်အစား ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ARSA တိုက်ခိုက်မှု လုပ်ခဲ့သည့် ဩဂုတ်လ ၂၅ ရက်မတိုင်မီ ၂၀၁၇ ခုနှစ် ဩဂုတ်လ အစောပိုင်းတွင် တပ်မ ၃၃ နှင့် ၉၉ တို့ကို ချထားလိုက်ခြင်းဖြင့် ရခိုင်ပြည်နယ်ရှိ အခြေအနေကို အရှိန်တက်စေခဲ့သည်။ "နယ်မြေရှင်းလင်းမှု စစ်ဆင်ရေးများ" အတွင်း လွန်လွန်ကျူးကျူး ချိုးဖောက်မှု အများစုမှ အချို့ကို ဤတပ်ဖွဲ့များက ကျူးလွန်ခဲ့သည်မှာ အံ့ဩစရာမဟုတ်ပေ။

၁၅၄၅။ ဤအမိန့်ပေးမှု ရာသီဥတုကို ထပ်မံ ဖြည့်စွက်လိုက်သည်မှာ ရာဇဝတ်မှုများတွင် ပါဝင်သော သို့မဟုတ် ပါဝင်မှုအတွက် သံသယရှိသော တပ်မှူးများနှင့် စစ်သားများကို တပ်မတော် ဦးဆောင်မှု၏ ချီးမြှောက်မှုနှင့် ရာထူးတိုးပေးခြင်း ဖြစ်သည်။ ဥပမာ- ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ရခိုင်ပြည်နယ် ဘေးကပ်ဆိုက်နေချိန် တပ်မတော်၏ ကိုင်တွယ်မှုကို ချီးကျူးခဲ့သည်။ တရားဝင် ထုတ်ပြန်ကြေညာချက်တွင် "လုံခြုံရေး တပ်ဖွဲ့များသည် ဥပဒေနှင့် အညီလုပ်ဆောင်နေပြီး ဥပဒေကို ကျော်လွန်ခြင်း မရှိပါ" ဟုပြောထားပြီး သူ့လူများသည် "မကြာသေးမီက ရခိုင်ပြည်နယ် အကြပ်အတည်းတွင် အမိန့်များကို တိတိကျကျ လိုက်နာပြီး တိုက်ပွဲထိတွေ့မှုစည်းမျဉ်းစည်းကမ်းများနှင့် အညီ လုပ်ဆောင်ခဲ့သည်။" ဟု ဖော်ပြထားသည်။[3265] အရပ်သားများအပေါ် ကျယ်ပြန့်သော တိုက်ခိုက်မှုများကို ဖြစ်ပေါ်စေခဲ့သည့် စစ်ဘက်ဆိုင်ရာ

[3265] မစ်ရှင်တွင် ဖိုင်တွဲထားသော Facebook ပို့စ်။

စစ်ဆင်ရေးများကို ဥပဒေနှင့် အညီ ပြုမူသော စစ်သားများ၏ နမူနာတရပ်အဖြစ် အောင်ပွဲခံလိုက်သည့်အခါ၊ သူတို့ကို အမိန့်ပေးညွှန်ကြားသူများကို ချီးကျူးပြီး ရာထူးတိုးပေးလိုက်သောအခါ၊ အကြမ်းဖက်မှု စက်ဝန်းဖြစ်စေမည့် ဇတ်ကွက်ကို တည်ဆောက်ပေးလိုက်သလို ဖြစ်သွားခဲ့သည်။ ယင်းမှာ သုံးသပ်ချက် ကာလတလျှောက် မြန်မာနိုင်ငံအတွင်း ဖြစ်ပျက်ခဲ့မှုများဖြစ်သည်။

## ခခ။ အရပ်သား အာဏာပိုင်များ

၁၅၄၆။ အရပ်သား အာဏာပိုင်များ၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေက ပေးထားသော အာဏာမှာ တပ်မတော်၏ အပြုအမူများကို ထိန်းချုပ်ရန် ကျယ်ပြန့်မှု အားနည်းသည်။ ထို့အပြင် ရခိုင်ပြည်နယ်သို့မဟုတ် မြန်မာနိုင်ငံ မြောက်ပိုင်းရှိ စစ်ဆင်ရေးများနှင့် ပတ်သက်၍ လုံခြုံရေး စစ်ဆင်ရေးများ အစီအစဉ် ရေးဆွဲခြင်း သို့မဟုတ် အကောင်အထည်ဖော်ခြင်းတွင် သို့မဟုတ် အမိန့်ပေး တည်ဆောက်ပုံ၏ အစိတ်အပိုင်းအဖြစ် ပါဝင်မှုတို့ တိုက်ရိုက်ရှိသည့် မည်သည့် ညွှန်ပြချက်မျှ မရှိပေ။ အထက်တွင် ဖော်ပြထားသကဲ့သို့ လုံခြုံရေး ကိစ္စများသည် လုံးဝ တပ်မတော်၏ စီရင်ပိုင်ခွင့်အတွင်းတွင်ရှိပြီး အရပ်သား ကြီးကြပ်မှု မရှိပဲဖြစ်သည်။ ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံရှိ လက်နက်ကိုင် တပ်ဖွဲ့အားလုံး၏ စစ်သေနာပတိချုပ်ဖြစ်ရာ နိုင်ငံ့ခေါင်းဆောင်သည် ယေဘူယျအားဖြင့် စစ်သေနာပတိချုပ်ဖြစ်ပြီး အဆင့်အမြင့်ဆုံး စစ်တပ်အရာရှိများနှင့် အဖွဲ့အစည်းများမှာ လက်အောက်ခံအဖြစ်ရှိသော ခေတ်မီ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေမူဘောင် အများစုနှင့် ကွဲလွဲသည်။ အဓိကကျသော ကာကွယ်ရေး၊ ပြည်ထဲရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးများကို တပ်မတော်က ခန့်ထားသည်။ ယင်းခန့်ထားမှုများမှ တဆင့် ကာကွယ်ရေး ဦးစီးချုပ်သည် အမျိုးသား ကာကွယ်ရေးနှင့် လုံခြုံရေး ကောင်စီတွင် မဲအများစုကိုလည်း ချုပ်ကိုင်ထားသည်။

၁၅၄၇။ မြန်မာနိုင်ငံသို့ ကုလသမဂ္ဂ လုံခြုံရေး ကောင်စီ သွားရောက်စဉ် အခြေအနေအတွင်းတွင် ကာကွယ်ရေး ဦးစီးချုပ်သည် မကြာသေးမီက ထုတ်ဖော်ခုခံခဲ့သည်မှာ "ကျနော်က တပ်မတော်ရဲ့ ခေါင်းဆောင်ဖြစ်ပေမယ့် ကျနော်တို့နိုင်ငံမှာ သမ္မတ ရှိပါတယ်။ ကျနော်တို့ တပ်မတော်ဟာ သမ္မတရဲ့ ဦးဆောင်မှုအောက်မှာ လုပ်ဆောင်ပါတယ်" နောက်ပြီး "ကျနော်တို့တပ်မတော်ဟာ မြန်မာအစိုးရရဲ့ လမ်းညွှန်မှုအောက်မှာ ရှိပါတယ်။ ကျနော်တို့ဟာ ဥပဒေက ပေးထားတဲ့ လုပ်ပိုင်ခွင့်နဲ့ အညီ လုပ်ဆောင်ပါတယ်။ ဒါကြောင့် ကျနော်တို့ဟာ ဥပဒေစည်းမျဉ်းတွေထက် ကျော်လွန်ပြီး ဘာမှ လုပ်ခွင့်မရှိပါဘူး။"[3266] မည်သို့ပင် ဆိုစေကာမူ တပ်မတော်သည် သူ၏ အမိန့်ပေး လမ်းကြောင်း အထူးသဖြင့် ကာကွယ်ရေးဦးစီးချုပ်နှင့် သူ၏ လက်အောက်ခံများ၏ အပြင်ဖက်မှ အမိန့်များ အောက်တွင် လုပ်ဆောင်ခဲ့သည့် မည်သည့် ညွှန်ပြချက်ကိုမျှ မစ်ရှင်က တွေ့ရှိခဲ့ခြင်း မရှိပါ။

---

[3266] https://www.facebook.com/seniorgeneralminaunghlaing/posts/1963383073696171 (မစ်ရှင်တွင် ဖိုင်တွဲထားသည်)။

၁၅၄၈။ မည်သို့ပင်ဖြစ်စေ ပြည်ထောင်စု နှင့် ပြည်နယ် အဆင့် အရပ်သား အာဏာပိုင်များက နိုင်ငံအတွင်း အထူးသဖြင့် နိုင်ငံတကာ ဥပဒေအောက်တွင် အဆိုးရွားဆုံး ရာဇဝတ်မှုများကို ကျူးလွန်ခဲ့သည့် ရခိုင်ပြည်နယ်တွင် သူတို့၏ အကန့်အသတ်ရှိသော အာဏာများကို အသုံးပြုလျက် မြေပြင်ပေါ်ရှိ အခြေအနေကို ဩဇာလွှမ်းမိုးရန် လုပ်ဆောင်ခဲ့သည့် မည်သည့် အညွှန်းပြချက်မျှ မရှိပါ။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည်လည်း သူ၏ တရားမဝင်ရယူထားသော အစိုးရခေါင်းဆောင် ရာထူးနှင့် သူ၏ စိတ်ဓါတ်ဆိုင်ရာ အခွင့်အာဏာများကို အသုံးပြုလျက် ဖြစ်ရပ်များ ကို ရပ်တန့်အောင် သို့မဟုတ် တားဆီးခြင်း သို့မဟုတ် အရပ်သား ပြည်သူများကို ကာကွယ်ရန် အစိုးရ၏ တာဝန်ခံမှုကို ပြည့်မီအောင် အခြားသော လမ်းကြောင်းများ ရှာဖွေခြင်း သို့မဟုတ် ဖြစ်ပျက်နေသော ကိစ္စရပ်များကို ဖော်ထုတ်ခြင်းနှင့် ပြစ်တင်ဝေဖန်ခြင်းကိုပင် မလုပ်ဆောင်ခဲ့ပေ။ ယင်းနှင့် ဆန့်ကျင်စွာပင် အရပ်သား အာဏာပိုင်များသည် မှားယွင်းပြီး အမုန်းပွားစေသည့် အဖြစ်အပျက်များကို ဖြန့်ဝေသည်၊ တပ်မတော်၏ မှားယွင်းသော လုပ်ဆောင်မှုများကို ငြင်းဆိုသည်၊ အချက်အလက်ရှာဖွေရေး မစ်ရှင် အပါအဝင် လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများကို ပိတ်ဆို့သည်၊ မီးရှို့ခံထားရသည့် ရိုဟင်ဂျာကျေးရွာများကို ဘူဒိုဇာဖြင့် ထိုးခြင်းနှင့် ရာဇဝတ် နေရာများနှင့် အထောက်အထားများကို ဖျက်စီးခြင်းကို မမြင်ယောင်ဆောင်သည်။ မြန်မာ အရပ်သား အာဏာပိုင်များ လုံးဝ မသိရှိဟူသည့် အစိတ်အပိုင်းမှာ လုံးဝ ဖြစ်နိုင်ချေမရှိပေ။ ရခိုင်ပြည်နယ်တွင် “နယ်မြေရှင်းလင်းမှု စစ်ဆင်ရေး” အတွင်း မီဒီယာ များက ကျယ်ပြန့်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအပေါ် စွပ်စွဲချက်များကို ကျယ်ကျယ်ပြန့်ပြန့် ရေးသားထုတ်ဖော်ခဲ့ပြီး စစ်တပ်နှင့် အရပ်ဘက် အာဏာပိုင်များက ဖေ့ဘွတ်အပါအဝင် ဖြစ်ပေါ်တိုးတက်မှုများကို သူတို့ကိုယ်တိုင် တိုက်ရိုက် တင်ပြ ပေးပို့နေခဲ့သည်။

၁၅၄၉။ သို့ဖြစ်ရာ သူတို့၏ အပြုအမူများနှင့် ထိန်ချန်ထားမှုများမှ တဆင့် အရပ်ဖက် အာဏာပိုင်များသည် တပ်မတော်၏ ရက်စက်သော၊ ရာဇဝတ်မှုမြောက်သော နှင့် ကြီးမားပြီး မတန်တဆဖြစ်သော အပြုအမူများကို နည်းနာအရ လက်ခံ အတည်ပြုချက် ပေးပြီး ဖြစ်သည်။ ထို့အပြင် သုံးသပ်ချက်လုပ်သည့် ကာလအတွင်းတွင် အရပ်သားအာဏာပိုင်များသည် ရိုဟင်ဂျာများအပေါ် ပြင်းထန် စနစ်ကျပြီး ဖွဲ့စည်းတည်ဆောက်ပုံအရ ဖိနှိပ်မှုများကို ပံ့ပိုးခဲ့ပြီး လူသိရှင်ကြား ကာကွယ်ခဲ့သည်။ သူတို့က အစွန်းရောက် ဗုဒ္ဓဘာသာ အုပ်စုများက လက်ခံထားသော မှားယွင်းသော၊ အမုန်းပွားစေသော၊ ကွဲပြားစေသော ဖြစ်ရပ်များကို တက်ကြွလှုပ်ရှားသူများနှင့် ဝေဖန်သူများကို အသံတိတ်စေခြင်းဖြင့်၊ မမြင်ချင်ယောင်ဆောင်သည်၊ ထင်ဟပ်စေသည်၊ မြင့်တင်ပေးသည်၊ သူတို့က ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများကို ဖြစ်ပွားစေသော ပတ်ဝန်းကျင်ကို မွေးမြူပေးသည်။ ယုံကြည်ရလောက်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် မှားယွင်းလုပ်ဆောင်မှု စွပ်စွဲချက်များကို သူတို့၏ ခေါင်းမာသော ငြင်းဆိုမှုများအားဖြင့် သူတို့သည် ချိုးဖောက်ကျူးလွန်သူများကို အားပေးခဲ့ကြသည်။ ယင်းအပြုအမူသည် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအောက်တွင် မြန်မာနိုင်ငံ၏ တာဝန်ကို ချိုးဖောက်ခြင်းသာမကပဲ နိုင်ငံနှင့် ယင်း၏ ဒီမိုကရေစီ အပြောင်းအလဲကိုလည်း ထင်ရှားစွာ

ပျက်စီးစေခဲ့သည်။ ဝမ်းနည်းဖွယ်ရာ ရာဇဝတ်မှုများ ထွက်ပေါ်လာသည့် အခြေအနေတွင် တိတ်ဆိတ်စွာ နေခြင်းသည် ကြီးလေးသော တာဝန် လျစ်လျူရှုမှု မြောက်သည်။

၁၅၅၀။ သူတို့၏ အပြုအမူများနှင့် လျစ်လျူရှုမှုများမှတဆင့် အရပ်သား အာဏာပိုင်များသည် ကြမ်းကြုတ်ရက်စက်သော ရာဇဝတ်မှုများ လုပ်ဆောင်ရာတွင် ပါဝင်ကြသည်။ ထိုလုပ်ဆောင်မှုအတွက် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ကို ရာဇဝတ်မှုများကို လုပ်ဆောင်ရာတွင် ပံ့ပိုးခြင်းနှင့် အားပေးကူညီခြင်း ပုံစံမျိုးဖြင့်[3267] ရာဇဝတ်ဆိုင်ရာ တာဝန်ခံမှု အတွက် ကျခံရမည်ဆိုလျှင် ယင်းသည် သက်သေပြသပြီး ဖြစ်ရမည်။ ပထမအချက်အနေဖြင့် ရာဇဝတ်မှုများ လုပ်ဆောင်ရန်အတွက် လက်တွေ့ အကူအညီ၊ အားပေးခြင်း သို့မဟုတ် ပံ့ပိုးခြင်း တို့သည် ရာဇဝတ်မှု ချိုးဖောက်ကျူးလွန်ရာတွင် ခိုင်မာသော သက်ရောက်မှု ရှိရမည် ဖြစ်ပြီး ဒုတိယအနေဖြင့် ပြုမူမှုများ သို့မဟုတ် လျစ်လျူရှုမှုများသည် ချိုးဖောက်ကျူးလွန်သူကို ပံ့ပိုးကူညီမှု ဖြစ်စေသည်ဟူသော အသိရှိလျက် လက်တွေ့ အကူအညီ၊ အားပေးခြင်း သို့မဟုတ် ပံ့ပိုးမှုတို့ကို ပေးအပ်ခြင်းကို ပြုလုပ်ခြင်းဖြစ်သည်။[3268] လက်ရှိ မစ်ရှင်က ရရှိထားသော အချက်အလက်များသည် ကျိုးကြောင်းဆီလျော်သော အခြေခံပေါ်တွင် ယင်း ကောက်ချက်ကို ချနိုင်ရန် ခွင့်မပြုပေ။ သို့ရာတွင် ပံ့ပိုးခြင်းနှင့် အားပေးကူညီခြင်းအတွက် တရားစွဲဆိုခံရနိုင်မှုသည် အရပ်သား အာဏာပိုင်များအနေဖြင့် ရာဇဝတ်မှု ကျူးလွန်ခြင်းကို ကူညီရာ၌ တဖက်ပြိုင်ဖက်ကို[3269] လက်နက်ချရန် တောင်းဆိုခြင်းဖြင့်၎င်း၊ ချိုးဖောက်ကျူးလွန်သူများကို အားပေးခြင်းနှင့် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု ပေးခြင်းမှ တဆင့်ဖြင့်၎င်း၊[3270](တိတိကျကျ ရှင်းရှင်းလင်းလင်း ဖြစ်ရန်မလိုပါ)၊[3271] နှင့် ဒုက္ခသည်များကို တိုက်ခိုက်မှုများ လုပ်နေစဉ်အတွင်း တည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေ စိုးမိုးမှု နှင့် လူအများ၏ လုံခြုံရေး ကို အာမခံရန် တရားဝင် တာဝန်များကို ထမ်းဆောင်ရန် ပျက်ကွက်ခြင်းမှ တဆင့်ဖြင့်၎င်း ဖြစ်နိုင်သည်။[3272]

---

[3267] See ICTY Statute, Article 7(1), ICTR Statute, Article 6(1). See also, ICC Statute, Article 25(3)(c), က ဆိုသည်မှာ "တရားရုံးစီရင်ပိုင်ခွင့်အတွင်း ရာဇဝတ်မှု တခုအတွက် လူတစ်ဦးအား ပြစ်ဒဏ်ပေးရန်အတွက် ရာဇဝတ်ကြောင်းအရ တာဝန်ရှိမှု၊ တာဝန်ခံမှု ဖြစ်သည့်အခြေအနေမှာ ထိုပုဂ္ဂိုလ်က (ဂ) ဤသို့ ရာဇဝတ်မှု တခု၏ လုပ်ဆောင်မှုကို အကျိုးဆောင်ရန် ရည်ရွယ်ချက်အတွက် ၎င်း၏ ဆောင်ရွက်မှု သို့မဟုတ် ဆောင်ရွက်ရန် ကြိုးပမ်းမှုတွင် ဆောင်ရွက်မှုအတွက် နည်းလမ်းများပေးခြင်း အပါအဝင် ထောက်ပံ့ခြင်း၊ အားပေးခြင်း သို့မဟုတ် ကူညီခြင်း" ဟု ဖြစ်သည်။ Article 25(3)(c) က အကူအညီသည် "ထိုပြစ်မှုကို လုပ်ဆောင်ရန် အတွက် တိုးတက်၊ တွန်းပို့ သို့မဟုတ် အကျိုးဆောင်ခြင်း ဖြစ်မြောက်ရမည်။" ဟု ဆိုထားသည်။ See ICC, *Prosecutor v. Bemba et al.*, ICC-01/05-01/13-1989-Red, Judgment, 19 October 2016, para. 94.

[3268] ဥပမာ- ICTY, *Prosecutor v. Popovic et al.*, IT-05-88-a၊ စီရင်ချက်။ ၂၀၁၅ ဇန္နဝါရီ ၂၀ ရက်၊ စာပိုဒ်- ၁၇၃၂။ ICTR, *Prosecutor v. Nyiramasuhuko et* al., IT-98-42-a၊ စီရင်ချက်၊ ၂၀၁၅ ဒီဇင်ဘာ ၁၄ ရက်၊ စာပိုဒ် ၂၀၈၃ ကိုကြည့်။

[3269] ICTY, *Prosecutor v. Brdjanin*, IT-00-36-T၊ စီရင်ချက်၊ ၂၀၀၄ စက်တင်ဘာ ၁ ရက်၊ စာပိုဒ် ၃၆၇။

[3270] SCSL, *Prosecutor v. Taylor*, SCSL-03-01-a၊ စီရင်ချက်၊ ၂၀၁၃ စက်တင်ဘာ ၂၆၊ စာပိုဒ် ၅၂၃-၅၂၄။

[3271] ICC, *Prosecutor v. Bemba et al.*, ICC-01/05-01/13-1989-Red၊ စီရင်ချက်၊၂၀၁၆ အောက်တိုဘာ ၁၉ ရက်၊ စာပိုဒ် ၉၄။

[3272] ICTR, *Prosecutor v. Nyiramasuhuko et al.*, ICTR-98-42-A, Judgment, 14 December 2015, at paras. 2189-2222.

## ဂဂ။ အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများနှင့် လူပုဂ္ဂိုလ်များ

၁၅၅၁။ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များရှိ အစိုးရ မဟုတ်သော လက်နက်ကိုင် အုပ်စုများသည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အရပ်သားများအပေါ် ရာဇဝတ်မှုများ ကျူးလွန်ကြပြီး အချို့သော ဖြစ်ရပ်များတွင် စစ်ရာဇဝတ်မှုပင် မြောက်သည်။ အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများအတွင်း တိုက်ခိုက်ရေး သမားများသည် ရာဇဝတ်ဆိုင်ရာ တာဝန်ခံမှုများရှိသင့်သည်။ အမိန့်ပေး တာဝန်ခံမှု အယူအဆသည် အစိုးရမဟုတ်သော လက်နက်ကိုင် အုပ်စုများအပေါ်လည်း ကျယ်ပြန့်လွှမ်းခြုံသည်။ သို့ဖြစ်ရာ တပ်ဖွဲ့များအပေါ် ထိရောက်သော ထိန်းချုပ်မှု ပေးနေသည့် တပ်မှူးများသည် သူတို့သိသော (သို့မဟုတ် သိရှိပြီး ဖြစ်သင့်သော) ရာဇဝတ်မှုများကို ကာကွယ်ရန်နှင့် အပြစ်ပေးရန် လိုအပ်သောနှင့် ကျိုးကြောင်း ဆီလျော်သော အရေးယူဆောင်ရွက်မှုများကို လုပ်ဆောင်ရန် ပျက်ကွက်ပါက ထိုတပ်ဖွဲ့များ၏ အပြုအမူအတွက် ပုဂ္ဂိုလ်ဆိုင်ရာ ရာဇဝတ် တာဝန်ခံမှု ပူးတွဲ ပါရှိလာနိုင်သည်။

၁၅၅၂။ ဒေသခံအာဏာပိုင်များ၊ နိုင်ငံရေး သမားများနှင့် ဘုန်းကြီးများသည် ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ လုပ်ဆောင်ရာတွင် ပါဝင်မှု သို့မဟုတ် ကူညီမှု အတိုင်းအတာ တစ်စုံတစ်ရာ ရှိကြသည်။ ဤအဆုံးထိတိုင် မစ်ရှင်က ပြန်လည် ဖော်ပြလိုသည်မှာ ဥပမာအားဖြင့် အဆိပ်ပြင်းသော ရိုဟင်ဂျာနှင့် မွတ်စလင် ဆန့်ကျင်ရေး အမုန်းစကားများ၊ နှင့် ပြောဆိုချက်များနှင့် ဝါဒဖြန့်ချိမှုများနှင့် အကြမ်းဖက်မှု ဖြစ်ပွားခြင်း အကြား ချိတ်ဆက်မှုများ သိသာထင်ရှားစွာ ရှိနေသည်။ ပြုမူလုပ်ဆောင်သူများ သို့မဟုတ် လျစ်လျူရှု ထိန်ချန်သူများသည် ရာဇဝတ်မှုများ လုပ်ဆောင်မှုအပေါ် ခိုင်မာသော သက်ရောက်မှုများ ရှိနေပြီး သူတို့၏ လုပ်ဆောင်မှုအတွက် ကူညီပေးခြင်း နှင့် အားပေးကူညီခြင်းအတွက် တရားစွဲဆို ခံရနိုင်သည်။ ဤပါဝင်မှုမှာ ရုပ်ပိုင်းဆိုင်ရာ ပါဝင်မှု ဖြစ်ရန်မလိုပဲ တရားစွဲဆိုခံရနိုင်ခြင်းသည် စိတ်ပိုင်းဆိုင်ရာ ပံ့ပိုးမှု သို့မဟုတ် ရှင်းလင်းသော တရားဝင် တာဝန်ကို ထမ်းရွက်ရန် ပျက်ကွက်ခြင်း အတွက်လည်း တရားစွဲခံရမှုမှာ ပေါ်ပေါက်နိုင်သည်။ ဤ ဒေသခံ အာဏာပိုင်များ၊ နိုင်ငံရေး သမားများ နှင့် ဘုန်းကြီးများ၏ လူပုဂ္ဂိုလ် တစ်ဦးချင်းအတွက် အပြစ်တင်ခံရမှု အတိုင်းအတာအတွက်မှု နောက်ထပ် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန် လိုအပ်သည်။

## ဃဃ။ ချိုးဖောက်ကျူးလွန်သူများဟု စွပ်စွဲခံရသော မပြည့်စုံသေးသည့် စာရင်း

၁၅၅၃။ မစ်ရှင်သည် နိုင်ငံတကာ ဥပဒေအောက်တွင် ရာဇဝတ်မှုများ ကျူးလွန်သူ ဖြစ်နိုင်သူများအဖြစ် လူတစ်ဦးချင်း စုံစမ်းစစ်ဆေးမှုနှင့် တရားစွဲဆိုမှု လုပ်ဆောင်ရန် ထည့်သွင်းစဉ်းစားသင့်သော လူပုဂ္ဂိုလ်များ၏ မပြည့်စုံသေးသော စာရင်းကို ဦးစားပေး အကြောင်းအရာများ အပါအဝင် ပြုစုထားသည်။ ယင်းတွင် ကြီးမားပြင်းထန်သော လူ့အခွင့်အရေးများ သာမက ဤအစီရင်ခံစာတွင် ဖော်ပြထားသော နိုင်ငံတကာ ဥပဒေအောက်တွင် ဖြစ်နိုင်ချေရှိသည့် ရာဇဝတ်မှုများ ချိုးဖောက်မှုနှင့် လွဲမှား လုပ်ဆောင်ချက်များ တွင် သူတို့၏ ပါဝင်မှုကို ညွှန်းပြသော အချက်အလက်များကို မစ်ရှင်က ရရှိထားသူများနှင့်

သက်ဆိုင်သော လူပုဂ္ဂိုလ်များ အားလုံး ပါဝင်သည်။ စာရင်းတွင် တပ်မတော် နှင့် အခြား မြန်မာနိုင်ငံရှိ လုံခြုံရေး တပ်ဖွဲ့များတွင် ပါဝင်သူ လူပုဂ္ဂိုလ်များ၊ အစိုးရမဟုတ်သော လက်နက်ကိုင် လုပ်ဆောင်သူများနှင့် အချို့သော အရပ်သား လူပုဂ္ဂိုလ်များ ပါဝင်သည်။ စာရင်းတွင် တိုက်ရိုက်ကျူးလွန်သည်ဟု စွပ်စွဲခံရသော လူပုဂ္ဂိုလ်များ၏ အမည်များ ပါဝင်သကဲ့သို့ ထိုသူတို့အပေါ် ထိရောက်သော ထိန်းချုပ်မှုကို လုပ်ဆောင်သူများကိုလည်း အာရုံစိုက် ထည့်သွင်းထားသည်။

၁၅၅၄။ မစ်ရှင်က တွေ့ရှိရသော ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ အများစုမှာ တပ်မတော် သို့မဟုတ် သူ၏ ထိန်းချုပ်မှုအောက်ရှိ တပ်ဖွဲ့များက ကျူးလွန်ခဲ့သည်။ အဖွဲ့အစည်းအတွင်း အမိန့်နှင့် ထိန်းချုပ်မှုကို ခွဲခြမ်းစိတ်ဖြာသုံးသပ်သည့်အခါ တပ်မတော်တပ်မှူးများသည် သူတို့၏ ကိုယ်ပိုင် စစ်သားများအပေါ်တွင် သာမက စစ်ဘက်ဆိုင်ရာ စစ်ဆင်ရေးများတွင် ချထားသော အခြားသော လက်နက်ကိုင် ပုဂ္ဂိုလ်များ၊ အပေါ်တွင်လည်း ထိရောက်သော ထိန်းချုပ်မှုရှိသည်ဟု ထည့်သွင်းစဉ်းစားပြီး မစ်ရှင်က တပ်မတော်အတွင်း ထိပ်ပိုင်း တပ်မှူး ခြောက်ဦး၏ အမည်စာရင်းကို လူသိထင်ရှား ထုတ်ပြန်ရန် ဆုံးဖြတ်ခဲ့သည်။ ထိပ်ပိုင်းခေါင်းဆောင်များမှာ ကချင်နှင့် ရှမ်းပြည်နယ်များအပါအဝင် တစ်နိုင်ငံလုံးအပေါ် တာဝန်ခံမှု ရှိနေစဉ်တွင် အခြားသူများမှာ ရခိုင်ပြည်နယ်အတွင်း "နယ်မြေရှင်းလင်းမှုစစ်ဆင်ရေးများ" နှင့် (ရုပ်ပုံ ဇယားပါ အတိုင်း) အထူးသဖြင့် ပတ်သက်ဆက်နွယ်သည်။ အမိန့်၏ အမြင့်ဆုံး အဆင့်များကို အမည်တပ်ခြင်းဖြင့် ကျူးလွန်သော ရာဇဝတ်မှုများအတွက် သူတို့၏ တာဝန်ခံမှုကို မစ်ရှင်က အလေးအနက် ဖြစ်စေလိုသည်။ တာဝန်ခံမှုကို ထိပ်ပိုင်းမှ စတင်သည်။

၁၅၅၅။ စာရင်းတွင် ပါဝင်သူများမှာ-

- တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊
- ဒုတိယ ကာကွယ်ရေး ဦးစီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊
- အမှတ် ၃၊ အထူး စစ်ဆင်ရေး အဖွဲ့ တပ်မှူး၊ ဒုတိယ ဗိုလ်ချုပ်ကြီး အောင်ကျော်ဇော၊
- အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်ချုပ် မောင်မောင်စိုး၊
- တပ်မ ၃၃၊ တပ်မမှူး ဗိုလ်မှူးချုပ် အောင်အောင်၊
- တပ်မ ၉၉၊ တပ်မမှူး ဗိုလ်မှူးချုပ် သန်းဦး။

**၂၀၁၇ ဩဂုတ် ၂၅ ရက်အချိန်တွင် “နယ်မြေရှင်းလင်းမှုစစ်ဆင်ရေး”အတွင်း တပ်မတော်၏ အမိန့်ပေး လမ်းကြောင်းကို ခြုံငုံဖော်ပြသော ဇယား**




၁၅၅၆။ စာရင်းအပြည့်အစုံကို မစ်ရှင်၏ သိမ်းဆည်းမှု အစိတ်အပိုင်းအဖြစ် ထားရှိပြီး ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီး၏ ထိန်းသိမ်းမှုအတွင်း ထားရှိသည်။ ယင်းကို မျှတသော တရားစီရင်မှုနှင့် ပတ်သက်၍အပါအဝင် နိုင်ငံတကာစံချိန်စံညွှန်းများကိုအသိအမှတ်ပြုပြီး တာဝန်ခံမှုရှိသော စွမ်းဆောင်ရည်ရှိပြီး ယုံကြည်စိတ်ချရသော အဖွဲ့အစည်းများနှင့် ဝေမျှနိုင်သည်။

## CC။ နိုင်ငံတကာ အသိုင်းအဝိုင်း

၁၅၅၇။ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ကျူးလွန်သော ကြီးမားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် အလွဲသုံးမှုများ၏ သဘာဝနှင့် အတိုင်းအတာသည် နိုင်ငံတကာ ဥပဒေအောက်တွင် အဆိုးရွားဆုံးသော ရာဇဝတ်မှုများ မြောက်လျက်ရှိနေသည်ကို ထည့်သွင်းစဉ်းစားပါက လူမျိုးတုန်းသတ်ဖြတ်မှု အပါအဝင် ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများကို အရပ်သား ပြည်သူများအပေါ် လုပ်ဆောင်နေခြင်းမှ ကာကွယ်ရန် သူ၏ တာဝန်ကို နိုင်ငံတကာ အသိုင်းအဝိုင်းက ပြည့်မီခြင်း ရှိမရှိ မေးခွန်းထုတ်စရာ ဖြစ်လာသည်။ ရက်စက်ကြမ်းကြုတ်သော ရာဇဝတ်မှုများမှ ပြည်သူများအား ကာကွယ်ရန်အတွက် အထောက်အကူဖြစ်စေရန် ကုလမသဂ္ဂမှ တဆင့် နိုင်ငံတကာ အသိုင်းအဝိုင်းသည် သင့်လျော်သော သံတမာန်ရေး၊ လူသားချင်းစာနာထောက်ထားမှု နှင့် အခြား ငြိမ်းချမ်းသော

နည်းများကို အသုံးပြုရန်နှင့် လုံခြုံရေး ကောင်စီမှ တဆင့် အခြား စုပေါင်း အရေးယူဆောင်ရွက်မှု ပုံစံများကို အသုံးပြုရန် တာဝန်ရှိသည်။[3273]

၁၅၅၈။ ဤအစီရင်ခံစာတွင် ချမှတ်ထားသည့် ကိစ္စရပ်များနှင့် ပတ်သက်၍ ကုလသမဂ္ဂနှင့် လူသားချင်းစာနာမှု အသိုင်းအဝိုင်း၏ အခန်းကဏ္ဍကို မစ်ရှင်က သီးခြား စုံစမ်းစစ်ဆေးထားခြင်း မရှိပါ။ တချိန်တည်းမှာပင် ဤဖြစ်ရပ်များသည် အထူးသဖြင့် ရခိုင်ပြည်နယ်တွင် လက်တွေ့ မြေပြင်ပေါ်တွင် ကြီးမားသော တက်ကြွသည့် နိုင်ငံတကာ အသိုင်းအဝိုင်း တည်ရှိနေချိန်တွင် ဖြစ်ပွားခဲ့ခြင်းသဖြင့် မစ်ရှင်က အထူး စိုးရိမ်သည်။ ကုလသမဂ္ဂ၏ လူ့အခွင့်အရေး မြင့်တင်ရေး လုပ်ငန်း စီမံချက်ကို အကောင်အထည်ဖော်နေစဉ်တွင် ဖြစ်ခဲ့ခြင်း ဖြစ်သည်။[3274]

၁၅၅၉။ သုံးသပ်ချက် ပြုလုပ်စဉ် ကာလ တစ်လျောက်လုံးတွင် မြန်မာနိုင်ငံကို လူ့အခွင့်အရေး အပေါ် အခြေခံသည့် လုပ်ငန်း အစီအစဉ်တွင် ချမှတ်ထားသည့် ဘေးဒုက္ခများကို "ကုလသမဂ္ဂ တစ်ခုလုံး"က တုန့်ပြန်ရန် လိုအပ်နေသည့် အခြေအနေတစ်ခုအဖြစ် အကြိမ်ကြိမ်သတ်မှတ်ခဲ့သည်။ ယင်းချဉ်းကပ်မှုမှာ ရှိခဲ့သည်ဆိုလျှင်ပင် ရှားရှားပါးပါးဖြစ်သည်။ သို့ရာတွင် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ နှင့် လူသားချင်းစာနာမှု ထိတွေ့နိုင်မှုကိုသာလျှင် ဦးစားပေးထားသည့် "ပုံမှန် လုပ်ငန်း အခြေအနေ" သာ ရှိနေခဲ့သည်။ မစ်ရှင်က ရရှိသော အချက်အလက်များက မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ စနစ်အတွင်းရှိ လူပုဂ္ဂိုလ် အရေအတွက် အများအပြားသည် လူ့အခွင့်အရေး ရှေ့တန်းတင် ချဉ်းကပ်မှုကို ချမှတ်ရန် ကြိုးစားခဲ့ကြကြောင်း ညွှန်ပြနေသည်။ မစ်ရှင်က ထိုလူပုဂ္ဂိုလ်များမှာ လစ်လျူရှုခံ၊ အဝေဖန်ခံ၊ ဘေးဖယ်ခံ သို့မဟုတ် ထိုကြိုးပမ်းမှုများကို ပိတ်ဆို့ခံနေရကြောင်း စွပ်စွဲချက်များကို စိုးရိမ်မိပါသည်။

၁၅၆၀။ နိုင်ငံအတွင်းရှိ ကုလသမဂ္ဂ ဦးဆောင်မှုသည် "တိုးတိတ်သော သံတမာန်နည်း" ချဉ်းကပ်မှုမှတစ်ဆင့် လူ့အခွင့်အရေး ကိစ္စရပ်များကို အစိုးရနှင့် စိုးရိမ်ချက်များကို ပြောဆိုလျက် ထိတွေ့လိုသည်။ ယင်းတို့တွင် မြန်မာအာဏာပိုင်များအား စာပေးပို့ခြင်း နှင့် ထိပ်တန်း အရာရှိများနှင့် တွေ့ဆုံ စည်းဝေးခြင်းတို့ ပါဝင်သည်။ သို့ရာတွင် လူထု နှိုးဆော်စည်းရုံးမှုကို "ပုံမှန် တရားခံများ" ဖြစ်သော ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေး အခြေအနေ ဆိုင်ရာ ကုလသမဂ္ဂ အထူး ကိုယ်စားလှယ်တို့နှင့် ချန်ထားလိုကြသည်။ ယင်းကို အချက်အလက်အရ ထပ်မံပံ့ပိုးပေးနေသည်မှာ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၅ ရက် နောက်ပိုင်း အဖြစ်အပျက်များ အပြီးတွင်ပင်လျှင် ဌာနေ ကိုယ်စားလှယ်ရုံး၏ တစ်ခုတည်းသော ထုတ်ပြန်ချက်မှာ ARSA တိုက်ခိုက်မှုများကို ရှုတ်ချပြီး မြန်မာ့လုံခြုံရေး တပ်ဖွဲ့များ၏ ဆုံးရှုံးမှုများ

3273 A/RES/60/1 (၂၀၀၅ ကမ္ဘာ့ ထိပ်သီးညီလာခံ ရလာဒ်) စာပိုဒ်- ၁၃၉ ။

3274 လူ့အခွင့်အရေး ရှေ့တန်းတင် လုပ်ငန်းစီမံချက်ကို ၂၀၁၂ ခုနှစ် သီရိလင်္ကာတွင် သီရိလင်္ကာ အကြပ်အတည်းကို ကုလသမဂ္ဂက ကိုင်တွယ်ခဲ့ရာတွင် "စနစ်တကျ ကျဆုံးမှု" အဖြစ် သတ်မှတ်ခဲ့သော ကုလသမဂ္ဂ၏ လုပ်ငန်း စီမံချက် အပေါ် အထွေထွေ အတွင်းရေးမှူးချုပ်၏ အဖွဲ့တွင် သုံးသပ်ချက် အစီရင်ခံစာမှ သင့်လျော်သော သင်ခန်းစာများကို ရယူရန် ၀၁၃ ခုနှစ်တွင် စတင်ခဲ့သည်။ ဤလုပ်ငန်း စီမံချက်၏ အဓိက ရည်ရွယ်ချက်မှာ "ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ရှုတ်ထွေးသော ဘေးကပ်များကို ကုလသမဂ္ဂ စနစ်၏ ထိရောက်စွာ ကာကွယ်ရန် နှင့် တုန့်ပြန်ရန် စွမ်းရည်ကို" အားဖြည့်ရန် နှင့် ထိုအခြေအနေမျိုးကို ကုလသမဂ္ဂတဝှမ်း တုန့်ပြန်ရာတွင် အချိန်ကိုက် ဖြစ်စေရန်နှင့် ပိုမိုပြီး ဖြစ်နိုင်ချေများကို တွက်ချက်ရန် မူဘောင်ကို ပေးထားခြင်းဖြစ်သည်။

အပေါ်တွင်သာ ဖြစ်သည်။[3275] လူ့အခွင့်အရေး အခြေအနေများကို ကုလသမဂ္ဂ စနစ်အဖြစ် စုပေါင်း ဖြေရှင်းမည့်အစား အထူးပြု အဖွဲ့အစည်းများနှင့် ချန်ထားခြင်းသည် မြန်မာနိုင်ငံရှိ ကုလသမဂ္ဂ၏ ထိရောက်မှုကို ပိုမိုလျော့နည်းသွားစေသည်။ မြန်မာနိုင်ငံရှိ နိုင်ငံတကာ အသိုင်းအဝိုင်း၏ ချည်းကပ်မှုကို အသေးစိတ် လေ့လာထားမှု တစ်ခုတွင် ကောက်ချက်ချထားသည်မှာ-

*မြန်မာနိုင်ငံအတွင်းရှိ ကုလသမဂ္ဂ ခေါင်းဆောင်များသည် အစဉ်အမြဲပင် လူထု စည်းရုံးနိုးဆော်မှု ကဏ္ဍကို မြင်သာထင်သာ ပံ့ပိုးမှု သို့မဟုတ် ကျောထောက်နောက်ခံ ပြုမှု မရှိပဲ အပြင်ပတွင် အခြေစိုက်သော လူ့အခွင့်အရေးဆိုင်ရာ လုပ်ပိုင်ခွင့် ရှိသူများလက်တွင်သာ ချန်ထားခဲ့သည်။ […] အရိုးစွဲနေကာ ကျွမ်းကျင်နေပြီးဖြစ်သော မိမိကိုယ်တိုင် ဆင်ဆာတည်ဖြတ်သည့် အလေ့အကျင့်မှာ ၂၀၁၆- ၂၀၁၇ ခုနှစ် အဆိုးဆုံးအကြမ်းဖက်မှုများဖြစ်ပွားပြီးသည့် အချိန်မှာပင် အလွန်အားကောင်းစွာ ကျန်ရှိနေသည်။*[3276]

၁၅၆၁။ ယခုတိုင်ပင်လျှင် ချည်းကပ်မှုသည် သခ်ာန်းစာ အနည်းငယ်သာ ရယူနိုင်သည့် လက္ခဏာကို ပြသနေသည်။ ဘာဖြစ်ခဲ့သည်၊ ချည်းကပ်မှုကို မည်သည့်နေရာတွင် ရယူခဲ့ခြင်းက အပြုသဘောဆောင်သော သက်ရောက်မှု ရှိခဲ့သည်၊ နှင့် မည်သည့်နေရာတွင် မရှိခဲ့၊ နှင့် အနာဂတ် ဘေးအန္တရာယ်များ ကျရောက်သည့်အခါ ကုလသမဂ္ဂ၏ ချည်းကပ်မှုက မည်သို့ ဖြစ်သင့်သည် ဆိုသည်တို့အပေါ် သုံးသပ်မှု မရှိသေးပါ။ ဤသို့သော ဆိုးရွားသည့် ပျက်စီးဆုံးရှုံးမှုကို ကိုင်တွယ်နေရသည့် မည်သည့် အဖွဲ့အစည်းတွင်မဆို ဤကဲ့သို့သော သုံးသပ်ချက်မျိုးကို အနည်းဆုံး မျှော်လင့်နေမည်သာဖြစ်သည်။ မကြာသေးမီက အစိုးရနှင့် ကုသလမဂ္ဂ အေဂျင်စီများနှင့် နိုင်ငံတကာ အလှူရှင်များ အကြားရေးထိုးသော သဘောတူညီချက်များတွင် လူ့အခွင့်အရေးမှာ ပျောက်ဆုံးလျက် ရှိနေဆဲပင်ဖြစ်သည်။ ဤအစီရင်ခံစာတွင် ပါဝင်သော အခြေခံ ကျသည့် စိမ်ခေါ်မှုများကို ဖြေရှင်းမည်ဆိုပါက အဆင့်အမြင့်ဆုံး အဆင့်များမှ စည်းရုံးနိုးဆော်ရေးအပါအဝင် ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းတို့၏ အလုပ်များ တလျှောက် ထက်မြက်သော လူ့အခွင့်အရေးဆိုင်ရာ ပေါင်းစည်းမှု ချည်းကပ်ချက်တစ်ခု မရှိမဖြစ် လိုအပ်လျက်ရှိသည်။ အသေးစိတ်လေ့လာချက်တွင် မီးမောင်းထိုးပြ ထားသေးသည်မှာ-

*မြန်မာနိုင်ငံအတွင်း နိုင်ငံတကာ အသိုင်းအဝိုင်းသည် သူ့ကိုယ်သူ အလွန်သေးငယ်သော နေရာလေးတွင် ချောင်ပိတ်ထားပြီး တိတ်ဆိတ်သော ရှုတ်ထွေးမှုအတွင်းသို့ လူမျိုးစု သန့်စင်ဖယ်ရှားခြင်းနှင့် ဖိအားပေး အသုံးချကိုင်တွယ်ခြင်း ခံထားရပြီး ကုလသမဂ္ဂ နှင့် ယင်း၏ လူသားချင်းစာနာမှု လုပ်ဖော်ကိုင်ဖက်များက ထိုနေရာလေးကို ပွင့်လင်းလာစေရန် တွန်းအားပေး ကြိုးပမ်းနိုင်မည့် သတ္တိနှင့် တီထွင်ကြံဆမှုကို ရှာဖွေနိုင်ခြင်း ရှိမရှိကို စောင့်ကြည့်နေရအုန်းမည်။ ထိုသို့သော အခြေအနေမျိုးတွင် နိုင်ငံတကာ သက်ဆိုင်သူများသည် သူတို့တွင် ရှိသည်ဟု သူတို့ယုံကြည်သော နိုင်ငံရေး နေရာနှင့် လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်းတို့ မည်မျှ သေးငယ်သည်ကို*

---

[3275] ရခိုင်ပြည်နယ်တွင် တိုက်ခိုက်မှုများအပေါ် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ ဌာနေကိုယ်စားလှယ် Renata Lok-Dessallien ၏ ထုတ်ပြန်ကြေညာချက်။ (၂၀၁၇ ဩဂုတ် ၂၅ ရက်)

[3276] L. Mahoney (Fieldview Solutions)၊ "အကျင့်ဟောင်းများ စွန့်ရမည့်အချိန်။ ရိုဟင်ဂျာများအား ကာကွယ်မှုပေးခြင်း ရှုတ်ထွေးမှုမှ ပြောင်းရွှေ့ခြင်း၊" (၂၀၁၈ ဇူလိုင်)

*ညီးတွားရေရွတ် တတ်ပြီး ယင်းကို ကျယ်ပြန့်အောင် မကြိုးပမ်းသည့်အပေါ် ယင်းတို့ကို အကြောင်းပြချက်တရပ်အဖြစ် ဝိရောဓိဖြစ်စရာ အသုံးချသည်။ သို့ရာတွင် နိုင်ငံရေး နေရာမှာ မကြာခဏပင် ကိုယ့်ဖာသာကိုယ် ကန့်သတ်ထားခြင်းမျိုးဖြစ်သည်။ မြန်မာအစိုးရသည် ကုလမသဂ္ဂနှင့် လူသားချင်းစာနာမှုဆိုင်ရာ ကိုယ်တိုင် ဆင်ဆာတည်းဖြတ်မှုကို ရရှိနိုင်ကြောင်း အတွေ့အကြုံ ရှိခဲ့ပြီး ဖြစ်သည်။*[3277]

၁၅၆၂။ မစ်ရှင်သည် မိမိတို့၏ အလုပ်တွင် လိုအပ်သော အဖိုးတန် အကူအညီနှင့် သတင်းအချက်အလက်များ ပေးခဲ့သော ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် လူပုဂ္ဂိုလ်များကို အလွန်ပင် ကျေးဇူးတင်ရှိပါသည်။ သို့ရာတွင် အခြားသူများ၏ ပူးပေါင်းဆောင်ရွက်မှု နည်းပါးသည့်အပေါ်လည်း ဝမ်းနည်းမိပါသည်။ မစ်ရှင်က စိုးရိမ်သည်မှာ ကုလသမဂ္ဂစနစ်အတွင်း အရေအတွက် အများအပြားသော တာဝန်ခံများသည် အလုပ်အပေါ်တွင် ခုခံကာကွယ်သော သဘောထားကို ထားရှိပြီး ယင်းကို မြန်မာနိုင်ငံ ရင်ဆိုင်နေရသည့် အမြစ်တွယ်နေပြီ ဖြစ်သော လူ့အခွင့်အရေး စိမ်ခေါ်မှုများကို ဖြေရှင်းရန် နည်းလမ်းအဖြစ် မြင်မည့်အစား ခြိမ်းခြောက်မှု တစ်ခုအဖြစ် မြင်နေကြသည်။ ဤသဘောထားနှင့် ချဉ်းကပ်မှုများကို ပြောင်းလဲရမည်။

## ၁၀။ ပြစ်ဒါဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းနှင့် တာဝန်ယူမှု တာဝန်ခံမှု

> *ကျနော်/ ကျမတို့အတွက် တရားမျှမှုဆိုတာ လုံးဝ မမြင်မိဘူး။ မြန်မာပြည်မှာ တရားမျှတမှု ဘယ်တုန်းကမှ မရှိဘူး။ အကြမ်းဖက်မှုတွေ ပြင်းပြင်းထန်ထန်ဖြစ်တဲ့ အဆင့်အထိ ဖြစ်လို့သာ လက်ရှိမှာ အခြေအနေက ပိုပြီး အာရုံစိုက်ခံနေရတာပါ။*[3278]

၁၅၆၃။ ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံများသည် လူမျိုးတုန်းသတ်ဖြတ်ခြင်း၊ စစ်ရာဇဝတ်မှုများ၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သော ရာဇဝတ်မှုများ၊ နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုနှင့် လူ့အခွင့်အရေးဥပဒေများကို ပြင်းပြင်းထန်ထန် ချိုးဖောက်ခြင်း ကျူးလွန်မှုများအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းကို အဆုံးသတ်ရန် ၂၀၁၂ ခုနှစ်တွင် အတိအလင်း သဘောတူခဲ့သည်။ ပြည်တွင်းယန္တရားများမှတစ်ဆင့်ဖြစ်စေ၊ သို့မဟုတ် သင့်လျော်ပါက နိုင်ငံတကာ ဥပဒေများနှင့်အညီ နိုင်ငံတကာဒေသအတွင်း သို့မဟုတ် နိုင်ငံတကာယန္တရားများမှ တစ်ဆင့်ဖြစ်စေ ရာဇဝတ်မှုကျူးလွန်သူတွေကို တရားမျှတမှု ပေါ်ပေါက်ရေး အရေးယူဆောင်ရွက်နိုင်စေရန် အပါအဝင် ကျူးလွန်မှုများအပေါ် ကောင်းမွန်သော စုံစမ်းစစ်ဆေးမှုများနှင့် သင့်လျော်သော ဒဏ်ခတ်အရေးယူခြင်းများ ဆောင်ရွက်နိုင်ရန် ၎င်းတို့အနေဖြင့် ကတိပြုခဲ့ကြသည်။[3279] "ချိုးဖောက်မှုများကို ကြိုတင်ကာကွယ်ရန်၊ ထပ်မံ မဖြစ်ပေါ်အောင် ရှောင်ရှားရန်နှင့် ရေရှည်တည်မြဲသော

---

[3277] Ibid.

[3278] DI-048.

[3279] A/RES/67/1, နိုင်ငံအဆင့်နှင့် နိုင်ငံတကာအဆင့်များတွင် တရားဥပဒေစိုးမိုးရေးအတွက် ကုလသမဂ္ဂအထွေထွေ ညီလာခံ၏ ထိပ်တန်းအဆင့် အစည်းအဝေးမှ ထုတ်ပြန်ကြေညာချက်

ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ အမှန်တရားနှင့် ပြန်လည်ရင်ကြားစေ့ရေး ရှာဖွေနိုင်ရန်”[3280] အတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်နှင့် ထဲထဲဝင်ဝင် စုံစမ်းစစ်ဆေးအရေးယူမှု ပြုလုပ်ရန် အစိုးရများအနေဖြင့် တာဝန်ရှိကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက အလေးထား ပြောဆိုခဲ့ပါသည်။

၁၅၆၄။ ဤအစီရင်ခံစာထဲတွင် ဖော်ပြထားသည့် ကျူးလွန်မှုများ ၊ ရာဇဝတ်မှုများအတွက် တာဝန်ယူမှု၊တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင် တာဝန်ရှိသည်။ သို့သော် ယနေ့အချိန်အထိ ထိရောက်သော ဆောင်ရွက်ချက်များ လုံးဝမရှိသေးပေ။ ဖေဖော်ဝါရီလ၊ ၂၀၁၈ ခုနှစ် လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် မြန်မာနိုင်ငံကိုယ်စားလှယ်က အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို မျက်ကွယ်ပြုထားမည်မဟုတ်ကြောင်း၊ “ခိုင်လုံသည့် သက်သေရှိပါက”[3281] ကျူးလွန်သူများကို အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် ထိုပြောကြားချက်ကို မှုအရကြိုဆိုသော်လည်း ထိုသို့ပြောကြားရုံဖြင့် မလုံလောက်ကြောင်း ထောက်ပြလိုသည်။ ထိုပြောကြားချက်သည် မြန်မာနိုင်ငံ၏ ဥပဒေရေးရာ တာဝန်များပေါ် နားလည်မှုလွဲနေကြောင်း ဖော်ပြနေသည်။ မြန်မာနိုင်ငံ၏ တာဝန်သည် အခြားသူများ ဖော်ပြလာသော “ခိုင်လုံသည့်သက်သေ” နှင့် မသက်ဆိုင်ပါ။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များအားလုံးကို လျှင်မြန်သော၊ စေ့စပ်သော၊ ဘက်လိုက်မှုမရှိ လွတ်လပ်အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခြင်း၊ ခိုင်မာသည့် သက်သေများ ပျောက်ဆုံးခြင်း၊ ဖျက်ဆီးခံရခြင်းမရှိအောင် စုဆောင်ထားခြင်း ဆောင်ရွက်ရမည်ဖြစ်သည်။ ၎င်းအနေဖြင့် စောင့်ဆိုင်းခြင်းထက် ကမကထပြု ဆောင်ရွက်ရမည်။

၁၅၆၅။ ပြစ်မှုများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် ပြုလုပ်ခြင်းသည် ဥပဒေဆိုင်ရာ တာဝန်တစ်ခုထဲအရ လိုအပ်ခြင်းမဟုတ်ပါ။ ဖိနှိပ်မှုအလေ့အထများနှင့် အကြမ်းဖက်မှု သံသရာအတွင်း ရာစုနှစ်တစ်ဝက်မျှကြာအောင် ပိတ်မိနေသော မြန်မာနိုင်ငံတွင် အဆိုပါ အခြေအနေကို ခြေဖျက်ရန်အတွက်လည်း အဓိကသော့ချက်တစ်ခုဖြစ်သည်။ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းသည် အမြစ်တွယ်နေသော ဖိနှိပ်မှုနှင့် ခွဲခြားဆက်ဆံသည့် လုပ်ရပ်များကို တရားဝင်ဖြစ်စေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကြမ်းကြုတ်သောပြစ်မှုများ ထပ်မံဖြစ်ပေါ်စေခြင်း၊ ကျူးလွန်သူများကို အားပေး၍ ကျူးလွန်ခံရသူများကို နှုတ်ဆိတ်စေခြင်း စသည်တို့ကို ကြီးမားစွာနှင့် သိသာစွာ အထောက်အကူဖြစ်စေသည်။ အစိုးရ၏ တရားဝင်မှုကို မှေးမှိန်စေပြီး တိုင်းရင်းသားလူမျိုးစုများနှင့် လူမျိုးများအကြား သဘောထားကွဲလွဲမှုများ ပိုမိုဖြစ်ပေါ်စေသည်။ မြန်မာနိုင်ငံ၏ ခေတ်မီ ဒီမိုကရေစီနည်းကျ နိုင်ငံတစ်ခုအဖြစ် ဆက်လက်ဖွံ့ဖြိုးမှုကို

[3280] ဥပမာအားဖြင့် S/PRST/2010/11 (လုံခြုံရေးကောင်စီ ဥက္ကဌ၏ ထုတ်ပြန်ကြေညာချက်။ နိုင်ငံတကာ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိန်းသိမ်းရေးအတွက် တရားဥပဒေ စိုးမိုးရေးကို မြှင့်တင်ခြင်းနှင့် အားကောင်းစေခြင်း ၂၀၁၀ ခုနှစ် ဇွန်လ ၂၉ ရက်နေ့)

[3281] H.E. Mr. Kyaw Tin “ထိပ်တန်းအဆင့် အပိုင်းတွင်ပြောသော ထုတ်ပြန်ချက် - ၄ ကြိမ်မြောက်အစည်းအဝေး၊ ၃၇ ကြိမ်မြောက် လူ့အခွင့်အရေးကောင်စီ ပုံမှန်အစည်းအဝေး (၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၂၇ ရက်နေ့)

တာဆီးနေသည်။ နိုင်ငံအပေါ်လည်းကောင်း၊ ပြည်သူအားလုံး အောင်မြင်တိုးတက်နိုင်စွမ်းရှိသည့် လုံခြုံမှု၊ တန်းတူညီမျှမှုရှိသော လူမှုအသိုင်းအဝိုင်းကို အာမခံပေးနိုင်သည့် နိုင်ငံ၏ စွမ်းဆောင်ရည်အပေါ်လည်းကောင်း ပြည်သူများယုံကြည်မှု ပြန်ရှိစေရန် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရေးက အခရာကျသည်။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်မှု တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ၏ နိဒါန်းတွင် ဖော်ပြထားသည့်အတိုင်း "တရားမျှတမှုအတွက် လိုအပ်သော ထိရောက်သည့် ဖြည့်ဆည်းမှု မပြုလုပ်ပါက တန်းတူညီမှုနှင့် ရေရှည်တည်မြဲမှုရှိသော ပြန်လည်ရင်ကြားစေ့ရေး မရရှိနိုင်ပါ။"[3282] တောင်အာဖရိကနိုင်ငံ၏ လူမျိုးရေးခွဲခြားမှုစနစ်အလွန်နှင့် တောင်အမေရိကနိုင်ငံများ၏ စစ်အာဏာရှင်စနစ်နှင့် ပြည်တွင်းစစ်ကာလအလွန် ပြုပြင်ပြောင်းလဲရေး ဖြစ်စဉ်များသည် ဤအခြေခံမူအတွက် ခိုင်မာသော ဥပမာများဖြစ်သည်။

## ကက။ တာဝန်ယူမှုတာဝန်ခံမှုဆိုင်ရာ ဥပဒေမူဘောင်နှင့် နိုင်ငံတကာ စံနှုန်းများ

၁၅၆၆။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်း ဆိုသည်မှာ ရာဇဝတ်မှုဆိုင်ရာဖြစ်စေ၊ တရားမမှုဆိုင်ရာဖြစ်စေ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဖြစ်စေ သို့မဟုတ် စည်းကမ်းထိမ်းသိမ်းရေးပိုင်း ဆိုင်ရာဖြစ်စေ အမှုများစီရင်ဆောင်ရွက်ရာတွင် ချိုးဖောက်မှု ကျူးလွန်သူများကို အရေးယူရန် ဥပဒေအရဖြစ်စေ သို့မဟုတ် ဥပဒေအရမဟုတ်ပဲဖြစ်စေ မဖြစ်နိုင်ခြင်းကို ဆိုလိုသည်။ ကျူးလွန်သူများသည် စွပ်စွဲခြင်း၊ ဖမ်းဆီးထိမ်းသိမ်းခြင်း၊ တရားရင်ဆိုင်ခြင်း၊ ထို့ပြင် အပြစ်ရှိကြောင်းတွေ့ရှိပါက ထိုက်သင့်သော ပြစ်ဒဏ်ကျခံစေခြင်းနှင့် ကျူးလွန်ခံရ သူများအတွက် ပြန်လည်ပေးလျော်ခြင်း စသည့် အခြေအနေများသို့ ဦးတည်သွားနိုင်သည့် စုံစမ်းမေးမြန်းမှုများ ပြုလုပ်ခံရခြင်းမှ အကာအကွယ်ပေးခံထားရသည်။[3283] မစ်ရှင် အဖွဲ့ အနေဖြင့် တာဝန်ယူမှု၊ တာဝန်ခံမှု အယူအဆနှင့် ပတ်သက်၍ ကျယ်ပြန့်သော အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေခံ၍ လိုက်နာဆောင်ရွက်ပါသည်။ အမှန်တရား၊ တရားမျှတမှု၊ ပြန်လည်ထူထောင်ခြင်းနှင့် ထပ်မံမပေါ်ပေါက်ရေး အာမခံချက် တည်ဆောက်ခြင်း တို့အား မြှင့်တင်ခြင်းဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က ထောက်ပြထားသည့်အတိုင်း "ပမာဏကြီးမားသော သို့မဟုတ် စနစ်တကျချိုးဖောက်သော လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်ခံရသူများ၏ တရားမျှတမှုတောင်းဆိုချက်ကို ရာဇဝတ်မှုဆိုင်ရာတရားစီရင်ရေး တစ်ခုထဲက ဖြည့်ဆည်းပေးရန် မလုံလောက်နိုင်ပါ။"[3284] ထို့ပြင် တာဝန်ယူမှု၊ တာဝန်ခံမှုဆိုရာတွင် အမှန်တရားကို သိရှိခွင့်၊ ထိရောက်သော ကုသမှုနှင့် ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ

---

[3282] အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် ဆောင်ရွက်ချက်မှ တဆင့် လူ့အခွင့်အရေးကို ကာကွယ်မြှင့်တင်ခြင်းဆိုင်ရာ အခြေခံမူများ၏ နောက်ဆုံး ပြင်ဆင်ချက် အစုံ (E/CN.4/2005/102/Add.1) ဤနေရမှစ၍ "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" ဟု သုံးစွဲသွားမည်။

[3283] "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အဓိပ္ပါယ်ဖွင့်ဆိုချက်

[3284] A/HRC/36/50/Add.1, စာပိုဒ် ၂၅

ရရှိပိုင်ခွင့်နှင့် ထပ်မံမဖြစ်ပေါ်စေကြောင်း အာမခံချက် စသည်တို့ကို အကောင်အထည်ဖော်သည့် ဆောင်ရွက်ချက်များပါဝင်သည်။[3285]

၁၅၆၇။ ဤကျယ်ပြန့်သော တာဝန်ယူမှုတာဝန်ခံမှု အဓိပ္ပါယ်ဖွင့်ဆိုချက်သည် နိုင်ငံတကာ ဥပဒေများအရ နိုင်ငံများတွင်ရှိသော တာဝန်မှ ဆင်းသက်လာသည်။ ချိုးဖောက်မှုများအတွက် ပြန်လည်ပြုပြင်ခြင်းအပါအဝင် ထိရောက်၍ လက်လှမ်းမှီနိုင်သော ပြည့်လည်ကုစားမှု လုပ်ငန်းများရှိအောင် ဆောက်ရွက်ပေးခြင်းဖြင့် ပြည်သူများအနေဖြင့် ၎င်းတို့၏ အခွင့်အရေး များကို အကောင်အထည်ဖော်နိုင်အောင် ဆောက်ရွက်ပေးရန် အစိုးရများအနေဖြင့် တာဝန်ရှိသည်။[3286] ထိုတာဝန်များထဲတွင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ နှင့် ပြင်းထန်သော နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာဥပဒေ ချိုးဖောက်မှုများ အထူးသဖြင့် နိုင်ငံတကာဥပဒေပါ သတ်မှတ်ထားသော ရာဇဝတ်မှုများ မြောက်ပါက စုံစမ်းဖော်ထုတ်ခြင်း၊ စီရင်ခြင်းနှင့် အပြစ်ပေးအရေးယူခြင်းများ ပြုလုပ်ရန်ပါဝင်သည်။[3287] ဥပမာ၊ အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပပျောက်ရေး သဘောတူစာချုပ်အရ လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများကို ကြိုတင်ကာကွယ်ခြင်း၊ စုံစမ်းစစ်ဆေးခြင်း၊ စီရင်ဆုံးဖြတ်ခြင်းနှင့် ကျင့်ဝတ်လုပ်ထုံးအရ ဒဏ်ခတ်အရေးယူခြင်း ပြုလုပ်ရန် မြန်မာနိုင်ငံကဲ့သို့ နိုင်ငံများတွင် တာဝန်ရှိသည်။ ထိုသို့ စုံစမ်စစ်ဆေးခြင်းနှင့် စီရင်ဆုံးဖြတ်ခြင်း ပြုလုပ်ရန် ပျက်ကွက်ခြင်း သည်ပင် လူ့အခွင့်အရေး

[3285] "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ (၁)

[3286] B. Ramcharan, အောက်စဖို့ဒ် မှ ထုတ်သည့် *နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ လက်စွဲစာအုပ်တွင် ပါဝင်သော* "ဥပဒေပြုလုပ်ခြင်း ဖြစ်စဉ်: ကြေညာချက်မှ စာချုပ်၊ အစဉ်လာထုံးတမ်း၊ တားဆီးခြင်း အဆင့်ဆင့်သို့" D. Shelton ed. (Oxford, Oxford University Press, 2013), စာမျက်နှာ ၅၁၂။ လူ့အခွင့်အရေးများ ချိုးဖောက်ခံရခြင်းတွက် ထိရောက်၍ အတည်ပြုနိုင်သော ကုစားမှု တရပ်ကို ရရှိနိုင်သော အခွင့်အရေးအား အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး ကြေညာစာတမ်း (အပိုဒ် ၈) အပါအဝင် နိုင်ငံတကာ ဥပဒေ အများအပြားတွင် ဖေါ်ပြထားပါသည်။ ASEAN လူ့အခွင့်အရေးကြေညာစာတမ်း (အပိုဒ် ၅), နိုင်ငံတကာ စာချုပ်များ (ဥပမာ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူညီစာချုပ်၊ လူမျိုးရေးခွဲခြားမှုမျိုးစုံ ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ် (အပိုဒ် ၆) ညှဉ်းပန်းနှိပ်စက်မှု နှင့် အခြား ရက်စက်၍ လူမဆန်သော သို့မဟုတ် သိက္ခာကျဆင်းစေသည့် ပြုမူဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှု ဆန့်ကျင်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ် (အပိုဒ် ၁၃) ကလေးသူငယ်အခွင့်အရေး ဆိုင်ရာစာချုပ် (အပိုဒ် ၃၉ ) ၁၉၀၇ ခုနှစ် အောက်တိုဘာ ၁၈ ရက်မှ စစ်ပွဲများ ဆိုင်ရာ ဥပဒေ နှင့် ထုံးတမ်းများ လေးစားအသိအမှတ်ပြုရေး ဟိဂ် သဘောတူစာချုပ် (အပိုဒ် ၃) ၁၉၄၉ ဩဂုတ်လ ၁၂ ရက်နေ့၏ ဂျီနီဗာ သဘောတူစာချုပ်များ ၏ နောက်ဆက်တွဲ စာချုပ် (အပိုဒ် ၉၁) ၁၉၇၇ ခုနှစ် ဇွန်လ ၈ ရက်နေ့မှ နိုင်ငံတကာ လက်နက်ကိုင်ပဋိပက္ခများတွင် ထိခိုက်နစ်နာခံစားရသူများ ကာကွယ်ခြင်းဆိုင်ရာ (ကျင့်ဝတ် ၁) နိုင်ငံတကာရာဇဝတ်မှုခုံရုံးဆိုင်ရာ ရောမ စာချုပ်၏ အပိုဒ် ၆၈ နှင့် ၇၅။ ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၁၆ ရက်နေ့တွင် အထွေထွေ ညီလာခံ ဆုံးဖြတ်ချက် ၆၀/၁၄၇ ဖြင့် အတည်ပြု ကြေညာခဲ့သည့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေအပေါ် ဆိုးဝါးစွာ ချိုးဖောက်ခြင်းများ နှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဆိုင်ရာ ဥပဒေ အပေါ် ပြင်းထန်စွာ ချိုးဖေါက်ခြင်းများကို နစ်နာခံစားရသူများအတွက် ကုသမှု နှင့် ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အခွင့်အရေး အတွက် ကုလသမဂ္ဂ၏ အခြေခံမူများနှင့် လမ်းညွှန်ချက်များ ကို နောက်ထပ်ဆက်လက် ဖေါ်ထုတ်ခဲ့ပါသည်။ (ဤမှစ၍ "ကုသမှု နှင့် ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အခွင့်အရေးအတွက် အခြေခံမူများနှင့် လမ်းညွှန်ချက်များ" ဟု သုံးစွဲသွားမည်။)

[3287] ဥပမာအားဖြင့် A/HRC/27/56, စာပိုဒ် ၂၇။ လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ် (အပိုဒ် ၁) ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ အထွေထွေ ထင်မြင်ချက် အမှတ် ၃၁ (CCPR/C/21/Rev.1/Add.13); J.M. Henckaerts and L. Doswald-Beck, "ထုံးတမ်းအစဉ်အလာဖြစ်သော နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေ Volume I: စည်းမျဉ်းများ" (Cambridge, ICRC/Cambridge University Press, 2005), စည်းမျဉ်း ၁၅၀ နှင့် ၁၅၈ (ဤမှစ၍ "ICRC/Customary IHL" ဟုသုံးစွဲမည်) "ကုသမှု နှင့် ပြန်လည်ကုစားပေးလျော်မှုဆိုင်ရာ အခွင့်အရေးအတွက် အခြေခံမူများနှင့် လမ်းညွှန်ချက်များ" နှင့် "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" တို့တွင် ကြည့်ပါ။

ချိုးဖောက်မှုမြောက်နိုင်သည်။[3288] ချိုးဖောက်မှုများနှင့် ရာဇဝတ်မှုများ ကျူးလွန်ကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရာတွင် မြန်ဆန်မှု၊ စေ့စပ်မှု၊ ထိရောက်မှု၊ လွတ်လပ်အမှီအခိုကင်းမှု၊ ဘက်မလိုက်မှုနှင့် ပွင့်လင်းမြင်သာမှု ရှိရမည်။[3289] ကြိုတင်ကာကွယ်ရန်၊ စုံစမ်းစစ်ဆေးရန်နှင့် လိုအပ်ပါက စီရင်ဆုံးဖြတ်ရန် အစိုးရများတွင် တာဝန်ရှိကြောင်း နိုင်ငံတကာနှင့် ပြည်တွင်းတရားရုံးများက အသိအမှတ်ပြုထားသည်။[3290]

၁၅၆၈။ မြန်မာနိုင်ငံ၏ အထူးသီးသန့်အခြေအနေကို ထည့်သွင်းစဉ်းစားသည့်အနေဖြင့် နိုင်ငံတကာ စံနှုန်းများနှင့်အညီ မြန်ဆန်မှု၊ စေ့စပ်စီစစ်မှုနှင့်ထိရောက်မှု၊ လွတ်လပ်အမှီအခိုကင်းမှုနှင့် ဘက်မလိုက်မှု၊ ပွင့်လင်းမြင်သာမှုရှိသော စုံစမ်းစစ်ဆေးမှု စသည်တို့၏ ဆိုလိုရင်းအဓိပ္ပါယ်ကို အကျဉ်းချုပ်ပြန်လည် လေ့လာရန်လို အရေးကြီးသည်။

**မြန်ဆန်မှု** - အစိုးရအနေဖြင့် ကမကထပြု၍ လူ့အခွင့်အရေးချိုးဖောက်မှုစွပ်စွဲချက်များ အပေါ် မြန်နိုင်သမျှအမြန်ဆုံး စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန်နှင့် ကျိုးကြောင်းခိုင်လုံမှုမရှိသော ကြန့်ကြာမှုများမရှိပဲ ဆက်လက်ဆောင်ရွက်ရမည်။ ကျိုးကြောင်းခိုင်လုံသော စွပ်စွဲချက် တစ်ခုသည် စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်ရန် လုံလောက်စေရမည်။ တရားဝင် တိုင်ကြားချက် သို့မဟုတ် ခိုင်မာသော သက်သေမလိုအပ်ပါ။

**စေ့စပ်စီစစ်မှုနှင့် ထိရောက်မှု** - စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ဥပမာအားဖြင့် စစ်တပ်နှင့် အစိုးရအဖွဲ့ဝင်များအပါအဝင် ချိုးဖောက်မှုအတွက် တာဝန်ရှိသူများကို ဖော်ထုတ်ခြင်း၊ စီရင်ဆုံးဖြတ်ခြင်း၊ ဒဏ်ခတ်အရေးယူခြင်းသို့ ဦးတည်သော ပုံစံမျိုးဖြင့် ဆောင်ရွက်ရမည်။ မတရားသေဆုံးမှုများနှင့် ပတ်သက်ပါက စုံစမ်းစစ်ဆေးမှု ပြုလုပ်ရာတွင် မျက်မြင်သက်သေများထံမှ ထွက်ဆိုချက်များရယူခြင်းနှင့် မှုခင်းသိပ္ပံ ပညာရပ်ဆိုင်ရာ သက်သေများ စုဆောင်းခြင်းအပြင် အလောင်းခွဲစိတ်ခြင်းတို့ ပါဝင်မည်ဖြစ်သည်။[3291] စုံစမ်းစစ်ဆေးမှုပြုလုပ်ရာတွင် ကျူးလွန်သူတစ်ဦးချင်းစီအား ဖော်ထုတ်ခြင်းအပါအဝင် မတရားသေဆုံးမှုများ ဖြစ်ပေါ်စေသော မူဝါဒနှင့် စနစ်ပိုင်းဆိုင်ရာ ပျက်ကွက်မှုများကို

---

[3288] ဥပမာအားဖြင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မတီ အထွေထွေ ထင်မြင်ချက် အမှတ် ၃၁။ (CCPR/C/21/Rev.1/Add.13) စာပိုဒ် ၁၅

[3289] Ibid. "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ ၁၉ ၊ ဥပဒေမဲ့ဖြစ်နိုင်ဖွယ်ရာရှိသော သေဆုံးမှုများ စုံစမ်းစစ်ဆေးရေးအတွက် မီနီဆိုးတား လိုက်ပါဆောင်ရွက်ရန် ကျင့်ဝတ် (၂၀၁၆) ဥပဒေပြင်ပ၊ လက်လွတ်စပယ်၊ အကျဉ်းရုံးသတ်ဖြတ်မှုများ အတွက် ထိထိရောက်ရောက် တားဆီးရေးနှင့် စုံစမ်းစစ်ဆေးခြင်း ဆိုင်ရာ ပြန်လည် တည်းဖြတ်ထားသော ကုလသမဂ္ဂ၏ လက်စွဲလမ်းညွှန် (New York and Geneva, United Nations, 2017) (ဤမှ စ၍ "Minnesota ကျင့်ဝတ်" ဟု သုံးနှုံးစွဲသွားမည်။)

[3290] Inter-American Court of Human Rights, *Velasquez Rodriguez v. Honduras*, ၁၉၈၈ ခုနှစ် ဇူလိုင် ၂၉ အစိုးရများတွင် တာဝန်ရှိကြောင်း တရားစီရင်ချက် Ser. C, No. 4, အစိုးရများအနေဖြင့် အခွင့်အရေးများကို သေချာစေရန်၊ စုံစမ်းစစ်ဆေးရန် နှင့် ခိုင်မာလျှင် ချိုးဖောက်မှုများကို တရားစွဲရန်၊ အပြစ်ပေးရန် နှင့် နစ်နာသူများကို ကုသမှုပေးရန်။ အခြားသော ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂစာချုပ်စာတမ်းအဖွဲ့အစည်းများက ဤမူကို ထပ်မံအတည်ပြုကြသည်။ European Court of Human Rights, *Case of Benzer and others v. Turkey*, App no. 23502/06, ၂၀၁၄ မတ်လ ၂၄ African Commission on Human and Peoples' Rights, *Zimbabwe Human Rights NGO Forum v. Zimbabwe*, Communication no. 245/2002 (2006); ကုလသမဂ္ဂလူ့အခွင့်အရေးကော်မတီ *Algeria အပေါ် လေ့လာတွေ့ရှိချက်များ*, CCPR/C/109/D/1874/2009, ၂၀၁၄ ခုနှစ် ဇန္နဝါရီလ ၇ ရက်နေ့ အပိုဒ် ၇.၁၀

[3291] မီနီဆိုးတား ကျင့်ဝတ် အပိုဒ် ၂၄-၂၅

ရှာဖွေဖော်ထုတ်ခြင်းတို့ ပါဝင်သင့်သည်။[3292] စုံစမ်းစစ်ဆေးမှုကို သင့်လျော်သော အရင်းအမြစ်နှင့် လုပ်ပိုင်ခွင့်အာဏာရှိသော ယန္တရားဖြင့် ဆောင်ရွက်ပြီး သက်သေများ၏ လုံခြုံရေးကို အာမခံပေးနိုင်သော စွမ်းဆောင်ရည် ရှိရမည်။

**လွတ်လပ်အမှီအခိုကင်းမှုနှင့် ဘက်မလိုက်မှု** - စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် တာဝန်ရှိသော ပုဂ္ဂိုလ် သို့မဟုတ် ယန္တရားသည် စုံစမ်းစစ်ဆေးခြင်း ခံရနိုင်သူများထံမှ လွတ်လပ်အမှီအခိုကင်းရမည်။ ဆိုလိုသည်မှာ စုံစမ်းစစ်ဆေးသူနှင့် ကျူးလွန်သူများကြား လုပ်ငန်းဝါစဉ်အရသော်လည်းကောင်း အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း ပတ်သက်ဆက်နွှယ်မှုမရှိရန် အနည်းဆုံး လိုအပ်သည်။[3293] စုံစမ်းစစ်ဆေးသူ များသည် သက်သေပစ္စည်းများကို ဆန်းစစ်သုံးသပ်ရာတွင် ပုဂ္ဂိုလ်ရေးခံစားချက်မပါ၊ ဘက်လိုက်မှု မရှိပဲ သမာသမတ်ကျရမည်။

**ပွင့်လင်းမြင်သာမှု** - စုံစမ်းစစ်ဆေးမှုလုပ်ငန်းစဉ်နှင့် ရလဒ်များသည် ပွင့်လင်းမြင်သာမှုရှိပြီး ကျူးလွန်ခံရသူများ၏ မိသားစုနှင့် အများပြည်သူက စီစစ်မှု ပြုလုပ်နိုင်ရမည်။ စစ်မှန်သော ရည်ရွယ်ချက်အတွက် မဖြစ်မနေလုပ်ရန် လိုအပ်မှသာ ပွင့်လင်းမြင်သာမှုကို အကန့်အသတ် ပြုလုပ်ရမည်။ (ဥပမာ ။ ။ စုံစမ်းစစ်ဆေးမှု ဆက်လက်ပြုလုပ်ရမည့် မူလရည်ရွယ်ချက် မပျောက်ဆုံးစေပဲ သို့မဟုတ် စစ်တပ် သို့မဟုတ် ရဲဌာန စစ်ဆင်ရေးများနှင့် သက်ဆိုင်သည့် ထိရှလွယ်သည့် အချက်အလက်များ ရရှိနိုင်မှု မပျောက်ဆုံးစေပဲ သက်ရောက်ခံရသော လူပုဂ္ဂိုလ်များ၏ လုံခြုံရေးနှင့် ပုဂ္ဂိုလ်ရေးလွတ်လပ်ခွင့်ကို ကာကွယ်ရန်။)[3294]

၁၅၆၉။ လူပုဂ္ဂိုလ်များအား ရာဇဝတ်မှုဆိုင်ရာတာဝန်ခံမှုရှိအောင် ဆောင်ရွက်ခြင်းအပြင် ချိုးဖောက်မှုနှင့် ပတ်သက်၍ ကျူးလွန်ခံရသူများ၏ အမှန်တရား သိရှိခွင့်ရှိအောင် ဆောင်ရွက်ရန်လည်း လိုအပ်သည်။[3295] အမှန်တရား သိရှိခွင့်ကို ပြည့်ဝစွာနှင့် ထိရောက်စွာ ကျင့်သုံးခြင်းသည် "ချိုးဖောက်မှုများ ထပ်မံ မပေါ်ပေါက်အောင် တားဆီးသည့် မရှိမဖြစ်လိုသော ကာကွယ်ရေး အစီအမံ တစ်ခုဖြစ်သည်" ဟု *အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်း တိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂအခြေခံမူများ* တွင် ဖော်ပြထားသည်။ ကျူးလွန်ခံရသူများနှင့် လူမှုအသိုင်းအဝိုင်းများအနေဖြင့် ကြမ်းကြုတ်သောရာဇဝတ်မှု ကျူးလွန်ခြင်းကိုဖြစ်စေ၊ ထိုသို့ဖြစ်စေသည့် အကြောင်းတရားများနှင့် ပတ်သက်၍ဖြစ်စေ အမှန်တရားကို သိရှိပိုင်ခွင့် ရှိသည်။[3296] အမှန်တရားသိရှိပိုင်ခွင့်ကို နိုင်ငံတကာစာချုပ်အချို့တွင် ထည့်သွင်း ဖော်ပြထားသည်။[3297] ဤအခွင့်အရေးကို

[3292] မီနီဆိုးတား ကျင့်ဝတ် အပိုဒ် ၂၆
[3293] ဥပဒေနှင့်မညီညွတ်သော သေဆုံးမှုများ-မီနီဆိုးတား ကျင့်ဝတ် အပိုဒ် ၂၈
[3294] မီနီဆိုးတား ကျင့်ဝတ် အပိုဒ် ၃၂၊ ၃၃
[3295] အမှန်တရား သိရှိပိုင်ခွင့်။ E/CN.4/2006/91, A/HRC/5/7, A/HRC/12/19 and A/HRC/15/33 တွင်ကြည့်ပါ။
[3296] "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ ၂
[3297] ကုသခံခွင့် အခြေခံမူများနှင့် လမ်းညွှန်ချက်များ အခြေခံမူ ၂၄။ "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ ၂-၅

ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီက အသိအမှတ်ပြုထားပြီး[3298]လူပုဂ္ဂိုလ် အစဖျောက်မှုများနှင့်ဆိုင်သော နိုင်ငံတကာ ဥပဒေတွင်လည်း ပြဋ္ဌာန်းထားသည်။[3299] ထို့ပြင် သေဆုံးချင်းနှင့် အစဖျောက်ခံရခြင်း ဖြစ်သည့်အခါ ကျူးလွန်ခံရသူများ၏ မိသားစုဝင်များသည် ချိုးဖောက်မှုဖြစ်ပေါ်ခဲ့သော အခြေအနေများအပြင် ကျူးလွန်ခံရသူများ၏ ကံကြမ္မာနှင့် ပတ်သက်၍ အမှန်တရားကို သိရှိပိုင်ခွင့်ရှိသည်။[3300] ဆိုးဝါးသော လူ့အခွင့်အရေးချိုးဖောက်မှုများ အပေါ် အမှန်တရား ဖေါ်ထုတ်ရေးကို အကျိုးဆောင်ပေးရန်အတွက် ယန္တရားများ ထူထောင်ပေးရန် အစိုးရတွင် တာဝန်ရှိသည်။[3301]

၁၅၇၀။ ပြန်လည်ကုစားမှုဟုဆိုရာတွင် ခံစားခဲ့ရသော ထိခိုက်မှုများအတွက် လုံလောက်မှု၊ ထိရောက်မှုနှင့် မြန်ဆန်မှုရှိသော ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ထပ်မံပါဝင်သည်။[3302] ကျူးလွန်ခံရသူများသည် ပြည့်စုံမှုနှင့် ထိရောက်မှုရှိသော ပြန်လည်ကုစားပေးလျော်ခြင်း ရပိုင်ခွင့်ရှိပြီး ထိုထဲတွင် ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ လျော်ကြေးပေးခြင်း၊ ပြန်လည်ထူထောင်ခြင်း၊ စိတ်ကျေနပ်မှုရှိခြင်းနှင့် ထပ်မံမဖြစ်ပေါ်စေရေးအတွက် အာမခံချက်ပေးခြင်းတို့ ပါဝင်သည်။[3303] ပြန်လည်ဖြည့်ဆည်းပေးခြင်း၏ ရည်ရွယ်ချက်သည် ကျူးလွန်ခံရကို ချိုးဖောက်မှု မဖြစ်ပေါ်ခင်အခြေအနေသို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ခြင်းဖြစ်သည်။ ထိုထဲတွင် လွတ်လပ်မှု၊ လူ့အခွင့်အရေးရရှိခံစားနိုင်မှု၊ ကြွန်အင်လက္ခဏာသက်သေ၊ မိသားစုဘဝနှင့် နိုင်ငံသားဖြစ်မှု၊ မူလနေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်း၊ အသက်မွေးဝမ်းကြောင်း ပြန်လည်တည်ဆောက်ခြင်းနှင့် ပိုင်ဆိုင်မှုပြန်လည်ပေးအပ်ခြင်း စသည်တို့ ပါဝင်နိုင်သည်။ လျော်ကြေးပေးရာတွင် ငွေကြေးဖြင့် တန်ဖိုးတွက်ချက်နိုင်သော နစ်နာမှုများ အားလုံးအတွက် ပါဝင်ရမည်။ (ဥပမာ ရုပ်ပိုင်းဆိုင်ရာနှင့် သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ၊ အခွင့်အရေး ဆုံးရှုံးမှုများ၊ အိမ်ထောင်ရေးအပေါ် ထိခိုက်မှုများ)။ ပြန်လည်တည်ထောင်ခြင်းတွင် ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ စောက်ရှောက်မှုများအပြင် ဥပဒေပိုင်းဆိုင်ရာနှင့် လူမှုရေးဆိုင်ရာ

---

[3298] ၂၀၀၅ ခုနှစ်တွင် လူ့အခွင့်အရေးကော်မရှင်က အမှန်တရား သိရှိပိုင်ခွင့် အပေါ် ဆုံးဖြတ်ချက် ၂၀၀၅/၆၆ ကိုချမှတ်ခဲ့ပြီး လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးကို အမှန်တရား သိပိုင်ခွင့်နှင့်ပါတ်သက်၍ လေ့လာမှု တခုကို ပြင်ဆင်ရန် မေတ္တာရပ်ခံခဲ့သည်။ (E/CN.4/2006/91) လူ့အခွင့်အရေး ကောင်စီ ဆုံးဖြတ်ချက် အမှတ် ၉/၁၁၊ ၁၂/၁၂ နှင့် ၂၁/၇ တို့ဖြင့်လည်း အမှန်တရား သိရှိပိုင်ခွင့် ကို ထောက်ခံခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကုလသမဂ္ဂ အထွေထွေညီလာခံ က အမှန်တရားသိရှိပိုင်ခွင့်အပေါ် ဆုံးဖြတ်ချက် (A/RES/68/165) ချမှတ်ခဲ့ပြီး "ပြစ်ဒါဏ်မှ ကင်းလွတ်ခြင်းကို အဆုံးသတ်ရန်နှင့် လူ့အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရန်အတွက် အမှန်တရား သိရှိပိုင်ခွင့်ကို လေးစားခြင်းနှင့် သေချာစေခြင်း၏ အရေးကြီးမှု" ကို အသိအမှတ်ပြုခဲ့သည်။

[3299] အာဏာခွင့်ပြုချက်သုံး၍ ပျောက်ဆုံးစေမှုမှ လူအားလုံးကို ကာကွယ်ရန် နိုင်ငံတကာ သဘောတူစာချုပ် အပိုဒ် ၂၄ (၂)

[3300] "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ ၄။ ဤအခွင့်အရေး၏ မြစ်ဖျားဇာတိကို နိုင်ငံတကာ လူသားချင်းစာနာမှုဆိုင်ရာ ဥပဒေတွင် တွေ့ရမည်။ ICRC/Customary IHL, စည်းမျဉ်း ၁၁၇

[3301] ဥပမာ A/HRC/24/42 စာပိုဒ် ၂၀။ D. Groome, "အမှန်တရားအတွက် ရှုတ်သိမ်း၍ မရနိုင်သော အခွင့်အရေး"။ *ကုလသမဂ္ဂ၏ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ - ထင်မြင်ရေးသားချက် တခု* - F. Haldemann, T. Unger, eds. (Oxford, Oxford University Press, 2018) စာမျက်နှာ ၅၉ - ၇၀ တွင်ကြည့်ပါ။

[3302] ကုသမှုအတွက် အခြေခံမူများနှင့် လမ်းညွှန်ချက်များ၊ အခြေခံမူ ၁၁၊ ၁၄-၁၅ ။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ ၄ နှင့် ၃၁ ICC, *Prosecutor v. Thomas Lubanga Dyilo*, ICC-01/04-01/06, ပြန်လည်ကုစားပေးလျော်ခြင်းများ အတွက် အသုံးပြုရမည့် အခြေခံမူများနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်သော ဆုံးဖြတ်ချက် (၂၀၁၂ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့) တွင်ကြည့်ပါ။

[3303] ကုသမှုအတွက် အခြေခံမူများနှင့် လမ်းညွှန်ချက်များ၊ အခြေခံမူ ၁၈

ဝန်ဆောင်မှုများ ပါဝင်သည်။[3304] စိတ်ကြေနပ်စေမှုဟုဆိုရာတွင် ချိုးဖောက်မှုများ ဆက်လက်မဖြစ်ပေါ်အောင် တားဆီးရန် ရည်ရွယ်သည့် ထိရောက်သောလုပ်ဆောင်မှုများ ပြုလုပ်ခြင်း၊ အချက်အလက် များအား စီစစ်အတည်ပြုခြင်း၊ အမှန်တရားအား အများပြည်သူထံ ပြည့်စုံစွာ အသိပေးချပြခြင်း၊ ပျောက်ဆုံးသူများ၏ တည်နေရာရှာဖွေခြင်း၊ အလောင်းရှာဖွေ၍ သေဆုံးသူမည်သူဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် သဂြိုလ်ခြင်း၊ လူသိရှင်ကြားတောင်းပန်ခြင်းနှင့် အမှန်တရားကို အသိအမှတ်ပြု၍ တာဝန်ခံခြင်း၊ ကျူးလွန်ခံရသူများအတွက် ပြန်လည်အောက်မေ့ဖွယ် အထိမ်းအမှတ်နှင့် ဂုဏ်ပြုအစီအစဉ်များ ပြုလုပ်ခြင်း တို့ပါဝင်သည်။[3305] ပြန်လည်ကုစားပေးလျော်ခြင်းများသည် ချိုးဖောက်မှုအတိုင်းအဆနှင့် ဖြစ်စဉ်တစ်ခုစီ၏ အခြေအနေနှင့်အညီ သင့်တင့်မျှတသည့် ပမာဏ ရှိသင့်သည်။

၁၅၇၁။ ထိရောက်သော ပြန်လည်ကုစားမှုအတွက် မရှိမဖြစ်လိုအပ်သော အစိတ်အပိုင်းတစ်ခုမှာ ချိုးဖောက်မှု ထပ်မံမဖြစ်ပေါ်အောင် အာမခံချက်ပေးခြင်းဖြစ်သည်။[3306] ဥပမာ စစ်တပ်နှင့် လုံခြုံရေးအာဏာပိုင်များအား အရပ်သားထိန်းချုပ်မှုအောက် ရောက်ရှိအောင် ဆောင်ရွက်ခြင်း၊ အရပ်ဘက်နှင့် စစ်ဘက်တရားစီရင်ရေး လုပ်ငန်းစဉ်အားလုံး နိုင်ငံတကာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊ တရားရေးစနစ် လွတ်လပ်အမှီအခိုကင်းမှု ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း၊ သတင်းထောက်များနှင့် လူ့အခွင့်အရေး ကာကွယ်သူများအား ကာကွယ်မှုပေးခြင်း၊ ကဏ္ဍပေါင်းစုံမှ လူမှုအသိုင်းများအား လူ့အခွင့်အရေးနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအကြောင်း ပညာပေးခြင်းနှင့် တရားဥပဒေစိုးမိုးရေး အရာရှိများ၊ စစ်တပ်နှင့် လုံခြုံရေးတပ်ဖွဲ့များကို သင်တန်းပေးခြင်း၊ ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စံသတ်မှတ်ချက်များ၊ အထူးသဖြင့် နိုင်ငံတကာစံနှုန်းများကို ပြည်သူ့ဝန်ထမ်းများ လိုက်တာကျင့်သုံးလာအောင် အားပေးမြှင့်တင်ခြင်း၊ လူမှုရေးပဋိပက္ခ ဖြစ်ပေါ်မှုများနှင့် ပြန်လည်ဖြေရှင်းမှုများနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ခြင်းနှင့် စောင့်ကြည့် လေ့လာခြင်း ပြုလုပ်သော ယန္တရားများကို အားပေးမြှင့်တင်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများ ဖြစ်ပေါ်ခြင်းအား ခွင့်ပြုထားသော သို့မဟုတ် ဖြစ်စေရန် တွန်းပို့နေသော ဥပဒေများအား ပြန်လည်သုံးသပ်ခြင်းနှင့် ပြင်ဆင်ခြင်း စသည်တို့ ပါဝင်သည်။[3307]

၁၅၇၂။ မြန်မာနိုင်ငံတွင် စစ်မှန်၍ ပြည့်စုံသော တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် ဆောင်ရွက် နိုင်ရန်အတွက် ဤသို့သော ဥပဒေပိုင်းဆိုင်ရာတာဝန်နှင့် နိုင်ငံတကာ စံသတ်မှတ်ချက်များက လမ်းညွှန်ပေးထားသည်။ ဤခရီးသည် အလွန်ရှည်ပြီး လွယ်ကူသော

[3304] Ibid. အခြေခံမှု ၂၁

[3305] Ibid. အခြေခံမှု ၂၂

[3306] A/HRC/30/42 ပြန်လည်မဖြစ်ပွားစေရေး အာမခံချက် အယူအဆပေါ်တွင် နက်နက်ရှိုင်းရှိုင်း ရှာဖွေစူးစမ်းမှု တရပ်

[3307] ကုသမှုအတွက် အခြေခံမှုများနှင့် လမ်းညွှန်ချက်များ၊ အခြေခံမှု ၂၃

အဖြေမရှိပါ။ သို့သော် "ကျွန်ုပ်တို့ကို သက်သေပြပါက စုံစမ်းစစ်ဆေးမှု ပြုလုပ်ပါမည်" ဆိုသော တုန့်ပြန်မှုသည် လုံလောက်မှု မရှိကြောင်း ထင်ရှားပါသည်။

**ခခ။ မြန်မာနိုင်ငံအတွင်းရှိ ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းဆိုင်ရာ သမိုင်းကြောင်းနှင့် ရာသီဝန်းကျင်**

၁၅၇၃။ မြန်မာနိုင်ငံရှိ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုသည် ဆယ်စုနှစ်များစွာ ကြာသည့်တိုင်အောင်မှေးမှိန်နေဆဲဖြစ်သည်။ ကျူးလွန်မှုများကို ရှုံ့ချရန်၊ စုံစမ်းစစ်ဆေးရန်နှင့် ဒဏ်ခတ်အရေးယူရန် အာဏာပိုင်များက စနစ်တကျပျက်ကွက်နေသည်။ နှစ်ပေါင်း (၃၀) အတွင်းတွင် ကုလသမဂ္ဂဆုံးဖြတ်ချက်များနှင့် အစီရင်ခံစာများအပြင် အရပ်ဘက် လူမှုအဖွဲ့အစည်းများမှ အစီရင်ခံစာများတွင် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကို မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများ ဆက်လက်ဖြစ်ပေါ်နေရခြင်း၏ အဓိက အကြောင်းရင်းတစ်ခုအဖြစ် ဖော်ပြလာခဲ့ကြသည်။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်၏ နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကို ကုလသဂ္ဂအထွေထွေညီလာခံ၊ လူ့အခွင့်အရေး ကော်မရှင်နှင့် လူ့အခွင့်အရေးကောင်စီက အနည်းဆုံး ၁၉၉၄ ခုနှစ်လောက်ကတည်းက မီးမောင်းထိုး ထောက်ပြလာခဲ့ပြီး ကျူးလွန်သူများကို အရေးယူရန် မြန်မာနိုင်ငံအား တောင်းဆိုခြင်းများကို ပြုလုပ်လာခဲ့သည်။[3308]

၁၅၇၄။ စနစ်တကျတည်ဆောက်ထားသော အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး လက်တွေ့ကျင့်သုံးအကောင်အထည်ဖော်ရန် အဓိကကျသော အတားအဆီးတစ်ခုဖြစ်သည်ဟု မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေးအထူး ကိုယ်စားလှယ် (၅) ဦးစလုံးက သတ်မှတ်ခဲ့ကြသည်။ ၁၉၉၄ ခုနှစ်တွင် ပထမဆုံး အထူးကိုယ်စားလှယ် ယိုဇိုယိုကိုတာက "ချိုးဖောက်မှုအတိုင်းအဆများကိုကြည့်ပါက လူ့အခွင့်အရေး ချိုးဖောက်မှုတွင်ပါဝင်သော အာဏာပိုင်များ၏ လုပ်ဆောင်ချက်များအားလုံးကို အစိုးရအနေဖြင့် တရားဝင် ရှုတ်ချမှုများပြုလုပ်သင့်သည်။ လက်ရှိစနစ်အရ အစိုးရက အလုံးစုံငြင်းဆိုခြင်း၊ အစိုးရလက်အောက် အပစ်ပေးခြင်းမှ ကင်းလွတ်ခြင်းရှိနေခြင်းကြောင့် ခြောက်လှန့်မှု၊ ခြိမ်းခြောက်မှု သို့မဟုတ် လက်စားချေမှု လုပ်ရပ်များအား အားပေးရာရောက်စေခြင်းမျိုး မဖြစ်သင့်ပါ။"[3309]

၁၅၇၅။ (၁၂) နှစ်ကြာပြီးနောက်၊ ၂၀၀၆ ခုနှစ်ထုတ် အစီရင်ခံစာတစ်ခုတွင်၊ ပေါလိုဆာဂျီယိုပင်ညယ်ရိုက အပစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကြောင့် လူ့အခွင့်အရေး အခြေအနေအပေါ် စိုးရိမ်မှုများ မည်သို့ကြီးထွားလာကြောင်းနှင့်၊ မြန်မာနိုင်ငံရှိ

---

[3308] ဥပမာ E/CN.4/1994/132, op. 8, "တပ်မတော်အဖွဲ့ဝင်များအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများအား ကျူးလွန်သူများ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းအား အဆုံးသတ်ရန် မြန်မာအစိုးရ၏ ဆောင်ရွက်ပေးရန် တာဝန်နှင့် အခြေအနေအားလုံးအတွင်း ၎င်း၏ နယ်မြေအတွင်း ၎င်း၏ အေးဂျင့်များက ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးရန်၊ တရားဥပဒေ ရှေ့မှောက်သို့ ခေါ်ဆောင်လာရန်၊ တရားစီရင်ရန် နှင့် အပြစ်ရှိသူများကို အပြစ်ပေးရန် တာဝန်ရှိမှု" ကို သတိပေးခြင်း တွင် ကြည့်ပါ။
အထွေထွေညီလာခံအတွက် A/RES/52/137, A/RES/53/162, A/RES/56/231, A/RES/59/263 တွင်ကြည့်ပါ။

[3309] E/CN.4/1994/57, စာပိုဒ် ၇၄ (ဆ)

ကျေးလက်ရွာသူရွာသားများ၏ လူမှုစီးပွားရေး အခြေအနေများ မည်သို့ပိုမိုဆိုးရွားလာကြောင်း ရှင်းလင်းဖော်ပြထားသည်။[3310] အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကို ဥပဒေအရ တရားဝင် အတည်ပြုပြဋ္ဌာန်းထားသောကြောင့် အစိုးရအာဏာပိုင်များသည် "ချိုးဖောက်မှုများကို ကျေနပ်စွာ ကျူးလွန်နေကြသည်" ဟု ၎င်း၏ တွေ့ရှိချက်တွင် ဖော်ပြထားသည်။ တရားရေးစနစ်ကို အလွဲသုံးစားလုပ်ခြင်းနှင့် တရားရေးစနစ် လွတ်လပ်အမှီအခိုကင်းမှု မရှိခြင်းသည် ဥပဒေမူဘောင်အရ အာဏာအလွဲသုံးစားလုပ်ခြင်းနှင့် ကျူးလွန်သူများ လွတ်မြောက်နေခြင်း ဖြစ်စေသည်ဟု ၎င်းကထောက်ပြထားသည်။[3311] ဆယ်စုနှစ်တစ်ခု အကြာတွင် လက်ရှိကုလသမဂ္ဂအထူးကိုယ်စားလှယ် ယန်ဟီးလီက စစ်တပ်နှင့် အခြားလုံခြုံရေးအဖွဲ့များ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်နေခြင်းနှင့် အစိုးရအတွင်းတွင် ၎င်းတို့က ဩဇာရှိသော နေရာတွင်ရှိနေခြင်းက တိုင်းပြည်အတွင်း ထပ်မံဖြစ်ပေါ်နေသော လူ့အခွင့်အရေး ပြဿနာများ၏ အဓိကအကြောင်းရင်း နှစ်ခုဖြစ်သည်ဟု သတ်မှတ်ခဲ့သည်။ ချိုးဖောက်မှုများ ဖြစ်ကြောင်း စွပ်စွဲခံရပါက အစိုးရသည် တာဝန်ယူမှုတာဝန်ခံမှုနှင့် ဆန့်ကျင်သည့် "ပုံမှန်ရပ်တည်ချက်အတိုင်း ကာကွယ်ခြင်း၊ ငြင်းဆိုခြင်းနှင့် ပလပ်ခြင်း"[3312] နည်းလမ်းကို အလျှင်အမြန် ထုတ်သုံးကြောင်း တွေ့ရသည်" ဟု၎င်းက မှတ်ချက်ပြုထားသည်။

၁၅၇၆။ အရပ်ဘက်ဖြစ်စေ၊ စစ်တပ်ဖြစ်စေ မြန်မာနိုင်ငံအာဏာပိုင်များသည် ထုထည်ကြီးမားသည့် ချိုးဖောက်မှုများနှင့်ပက်သက်လျှင် ငြင်းချက်ထုတ်ခြင်းနှင့် ကျူးလွန်သူများအား အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိရေး မူကို ခိုင်မာစွာဆက်လက်ကိုင်တွယ်ထားဆဲ ဖြစ်သည်။

### ၁။ မြန်မာနိုင်ငံအတွင်း တာဝန်ယူမှုတာဝန်ခံမှုရရှိရေး အဓိကအဟန့်အတားများ

၁၅၇၇။ ဖြေရှင်းရန် စိတ်ဆန္ဒမရှိခြင်းအပြင် မြန်မာနိုင်ငံအတွင်းရှိ (အထူးသဖြင့် လုံခြုံရေးအဖွဲ့များမှ ကျူးလွန်သော) လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် အများအားဖြင့် စနစ်တကျ တည်ရှိနေခြင်းဖြစ်ပြီး ဥပဒေမူဘောင်နှင့် အုပ်ချုပ်ရေးစနစ်ထဲတွင် ထည့်သွင်းတည်ဆောက်ထားသည်။

### (က) ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှုအတွက် ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများ

၁၅၇၈။ လူ့အခွင့်အရေးချိုးဖောက်မှုအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကို ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားပြည်တွင်းဥပဒေများတွင် ဖော်ပြထားသည်။ "မည်သည့် တာဝန်အရ ဆောင်ရွက်ချက်များအပေါ်တွင်မျှ အကြောင်းပြုလျက်" စစ်တပ်နှင့် အစိုးရ အရာရှိများအား အရေးယူဆောင်ရွက်ခြင်း မရှိစေရဟု ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၄၅ တွင် ဖော်ပြထားသည်။ ဤယေဘူယျပြဋ္ဌာန်းချက်သည် ယခင်စစ်အစိုးရများဖြစ်သော န.ဝ.တ နှင့် န.အ.ဖ တို့ကို ၂၀၁၁ ခုနှစ်၊ မတ်လ မတိုင်ခင် ကျူးလွန်မှုများအတွက် အပြစ်ပေး

---

[3310] A/61/369, စာပိုဒ် ၂၇-၃၃။ E/CN.4/1999/35 စာပိုဒ် ၇၈ တွင်လည်း ကြည့်ပါ။
[3311] A/61/369, စာပိုဒ် ၃၄။ A/62/233, စာပိုဒ် ၃၀။
[3312] A/HRC/34/67, စာပိုဒ် ၈၃။ Also A/HRC/28/72 စာပိုဒ် ၅၇

အရေးယူခံရခြင်းမှ အကာအကွယ်ပေးရန် ရည်ရွယ်သည့် ပုံပေါ်သော်လည်း ဤပြဋ္ဌာန်းချက်ကို ၂၀၁၁ နောက်ပိုင်း ဆောင်ရွက်ချက်များအတွက် လွတ်ငြိမ်းခွင့် ပေးထားသည်ဟုလည်း အဓိပ္ပါယ်ဖွင့်ဆိုနိုင်သည်။ ၂၀၁၆ ခုနှစ်တွင်လည်း ဦးသိန်းစိန်အစိုးရသည် *နိုင်ငံတော်သမ္မတ တာဝန်ထမ်းဆောင်ခဲ့သူ၏ လုံခြုံရေးဆိုင်ရာဥပဒေ* ပြဋ္ဌာန်းခဲ့သည်။ ထိုဥပဒေထဲတွင် နိုင်ငံတော် သမ္မတများအား ယင်းတို့၏ အစိုးရသက်တမ်းကာလအတွင်း ကျူးလွန်သော ပြစ်မှုများအတွက် အရေးယူခံရခြင်းမှ ဥပဒေအရလွတ်ငြိမ်းခွင့် ပေးထားသည်။[3313]

၁၅၇၉။ ထို့ပြင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (ခ) တွင် တပ်မတော်အား “တပ်ပိုင်းဆိုင်ရာကိစ္စများအားလုံးကို လွတ်လပ်စွာ စီမံခန့်ခွဲ စီရင်ဆောင်ရွက်” ပိုင်ခွင့် ပေးထားပြီး ပုဒ်မ ၂၉၃ (ခ) နှင့် ၃၁၉ အရ အမြဲတမ်းစစ်ခုံရုံး ဖွဲ့စည်းထားသည်။ ၁၉၅၉ ခုနှစ် တပ်မတော်အက်ဥပဒေတွင် တပ်မတော်သား တစ်ဦးသည် တန်းပြည့်စစ်မှုထမ်းချိန်အတွင်း အရပ်သားတစ်ဦးအပေါ် ပြင်းထန်သောပြစ်မှု ကျူးလွန် ပါက (လူသတ်မှု၊ လူသေမှု၊ မုဒိန်းမှု) စစ်ခုံရုံးတွင် စစ်ဆေးစီရင်ခြင်း ခံစေရမည်ဟု ဖော်ပြထားသည်။ (ပုဒ်မ ၇၂) “တန်းပြည့်စစ်မှုထမ်းချိန်” ကို အဓိပ္ပါယ်ဖွင့်ဆိုရာတွင် အလွန်ကျယ်ပြန့်သောကြောင့် တပ်မတော်သားတစ်ဦးသည် စစ်ခုံရုံး၏ စီရင်ပိုင်ခွင့်အောက် အမြဲကျရောက်ရန် ဖြစ်စေသည်။[3314] အခြေခံဥပဒေ ပုဒ်မ ၃၄၃ (ခ) အရ တပ်ပိုင်းဆိုင်ရာ တရားမျှတမှုနှင့် ပတ်သက်လျှင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဆုံးဖြတ်ချက်သည် “အပြီးပြတ်” ဖြစ်ပြီး ဆက်လက် အယူခံဝင်ခွင့် မရှိပါ။ ဆိုလိုသည်မှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေဖြင့် စစ်ခုံရုံးက အပြစ်ရှိကြောင်း ဆုံးဖြတ်ထားသည့် မည်သူ့ကိုမဆို လွတ်ငြိမ်းချမ်းသာခွင့် ပေးပိုင်ခွင့်လည်းရှိပါသည်။ ဆိုးရွားသောပြစ်မှု ကျူးလွန်မှုကြောင့် ပြစ်ဒဏ်ချခံရသော တပ်မတော်သား အလွန်နည်းပါးပြီး ယင်းတို့သည် အမှန်တကယ် ပြစ်ဒဏ်ကျခံခဲ့ခြင်းရှိမရှိ *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် အတည်မပြုနိုင်ပါ။

၁၅၈၀။ ဤဥပဒေပြဋ္ဌာန်းချက်များသည် လွတ်ငြိမ်းခွင့် ကျယ်ကျယ်ပြန့်ပြန့်ပေးထားပြီး တပ်မတော်အား မိမိကိုယ်ကိုသာ တာဝန်ပြန်ခံမှု ဖြစ်စေသည်။ ဤအချက်သည် လူ့အခွင့်အရေး ချိုးဖောက်ကြောင်း စွပ်စွဲချက်များအား ဘက်လိုက်မှုမရှိပဲ လွတ်လပ်အမှီအခိုကင်းစွာ စုံးစမ်းစစ်ဆေးမှုရှိစေရေး ဆောင်ရွက်ရမည့် အစိုးရများ၏ တာဝန်ဝတ္တရားနှင့် သွေဖယ်နေသည်။ လူ့အခွင့်အရေးချိုးဖောက်မှုများသည် သာမန်အရပ်ဘက်တရားရုံးများ၏ စီရင်ပိုင်ခွင့်အောက်တွင် ရှိရမည်ဟူသော

---

[3313] ယခင်သမတဟောင်းများအတွက် လုံခြုံရေးဆိုင်ရာ ဥပဒေ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂၅/၂၀၁၆ ၂၀၁၆ ခုနှစ် ဇန္နဝါရီ ၂၈ ခုနှစ်)

[3314] ဤပုဒ်မက “ထိုသူပါဝင်ဆောင်ရွက်နေသည့်အချိန် (၁) ရန်သူနှင့် ပြိုင်ဆိုင်တိုက်ပွဲဆင်နွဲနေသော တပ်ဖွဲ့တဖွဲ့တွင်၊ တွဲဘက်ထားသည့် အချိန် သို့မဟုတ် ပါဝင်သည့်အချိန် သို့မဟုတ် (၂) ရန်သူက လုံးဝသော်၎င်း၀ တစိတ်တဒေသသော်၎င်း၊ သိမ်းပိုက်ထားသော တိုင်းပြည်တပြည်၌ဖြစ်စေ၊ နေရာတခု၌ဖြစ်စေ၊ တိုက်ပွဲဆင်နေသည့်အချိန်၊ သို့မဟုတ် ယင်းကဲ့သို့သော တိုင်းပြည်တပြည်သို့ဖြစ်စေ၊ နေရာတခုသို့ဖြစ်စေ၊ စစ်ချီတက်နေရာ၌ ပါဝင်သည့်အချန် သို့မဟုတ် (၃) နိုင်ငံခြား နိုင်ငံတခုကို သိမ်းပိုက်ထားသော တပ်ဖွဲ့တဖွဲ့တွင် တွဲဘက်ထားသည့်အချိန် သို့တည်းမဟုတ် ပါဝင်သည့်အချိန်” (၁၉၅၉ တပ်မတော်အက်ဥပဒေ ပုဒ်မ ၃။)

နိုင်ငံတကာစံနှုန်းများနှင့်လဲ သွေဖယ်နေသည်။[3315] စစ်ဘက်တရားရုံးများ သည် လူ့အခွင့်အရေးချိုးဖောက်မှုများကို စီရင်ရန် သင့်လျော်သည့် နေရာများမဟုတ်ပေ။[3316] အထူးသဖြင့် မြန်မာနိုင်ငံတွင် စစ်ဘက်တရားရုံးများသည် တပ်မတော်သားများက ကျူးလွန်သည့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများကို စီရင်ဆုံးဖြတ်ရန် လိုအပ်သော လွတ်လပ်အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှု မရှိပါ။ ထို့ပြင် စစ်ဘက်ဆိုင်ရာတရားရုံးများတွင် ပြုလုပ်သော ကြားနာမှုများသည် အများပြည်သူ တက်ရောက်နိုင်သော တံခါးဖွင့်ကြားနာမှုများ မဟုတ်ပါ။ ကျူးလွန်ခံရသူများအနေဖြင့်လည်း ဖြစ်နိုင်ခြေ ကျူးလွန်သူများအပေါ် အရေးယူ မှုများနှင့်ပတ်သက်၍ ယေဘူယျအားဖြင့် သိရှိကြခြင်း မရှိပါ။

၁၅၈၁။ အတိုချုပ်ဆိုရလျှင် လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဥပဒေမူဘောင်အောက်တွင် အရပ်သားအာဏာပိုင်များသည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တပ်မတော် သို့မဟုတ် တပ်မတော်သားများကို တာဝန်ယူမှုတာဝန်ခံမှုအတွက် အရေးယူဆောင်ရွက်နိုင်စွမ်း မရှိပါ။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်နိုင်ရန် လွှတ်တော်တွင် ၇၅% ထက်ပိုသော ဆန္ဒမဲ ရရှိရန်လိုအပ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ တပ်မတော်သည် လွှတ်တော်တွင် ၂၅% နေရာယူထားသောကြောင့် မည်သည့်ပြင်ဆင်မှုမဆို ပြုလုပ်မည်ဆိုပါက ယင်းတို့၏ သဘောဆန္ဒပါဝင်ရန် လိုအပ်မည်ဖြစ်သည်။[3317]

၁၅၈၂။ ရဲတပ်ဖွဲ့ဝင်များအတွက်မူ တာဝန်ထမ်းဆောင်စဉ်အချိန်အတွင်း ကျူးလွန်သော ပြစ်မှုများ အတွက် အရေးယူခံရခြင်းမှ အကာကွယ်ပေးရန် ၁၉၉၅ ခုနှစ် *ပြည်သူ့ရဲတပ်ဖွဲ့စည်းကမ်းထိန်းသိမ်းရေးဥပဒေက* အထောက်အကူဖြစ်စေသည်။ ဥပဒေထဲတွင် သက်သေ တစ်ဦးအား ခြိမ်းခြောက်ခြင်း (ပုဒ်မ ၁၃ (ဂ))၊ တရားလက်လွတ်ဖမ်းဆီးထိန်သိမ်းခြင်း (ပုဒ်မ ၁၇(က))၊ အကျဉ်းသားများကို ရိုက်နှက်ခြင်း သို့မဟုတ် မညှာမတာ ဆက်ဆံခြင်း (ပုဒ်မ ၁၇(ဂ)) သို့မဟုတ် အကျင့်ပျက်ခြစားခြင်း (ပုဒ်မ ၁၇(ဓ)) စသည့် ရဲတပ်ဖွဲ့ဝင်များကို ရဲဘက်တရားရုံးတွင် စီရင်စစ်ဆေးနိုင်သော "ပြစ်မှုများ" များကို ဖော်ပြထားသည်။ ထို့ကြောင့် ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ရာဇသတ်ကြီးဥပဒေပါ ပြစ်မှုများမြောက် နိုင်လောက်သော ကျူးလွန်မှုများ ပြုလုပ်လျှင်ပင် ပြည်တွင်းတရားရေး စနစ်အောက် အရေးယူခံရခြင်းမှ အကာကွယ်ရနေသည်။

---

[3315] "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခြင်းကို တိုက်ဖျက်ရန် မူများ" အခြေခံမူ ၂၉။ ကုလသမဂ္ဂ လူ့အခွင့်အရေးကော်မရှင်- စစ်ခုံရုံးများမှ တဆင့် တရားမျှတမှုအား စီမံခန့်ခွဲရာတွင် လွှမ်းမိုးရမည့် အခြေခံမူများ မူကြမ်း (E/CN.4/2006/58) တို့တွင်ကြည့်ပါ။

[3316] ဥပမာ F. Ni Aolain, "အခြေခံမူ ၂၉ - စစ်ခုံရုံးများ၏ တရားစီရင်ခွင့် အပေါ် ကန့်သတ်ခြင်းများ" ကို F. Haldemann နှင့် T. Unger (eds.) ၏ *အပြစ်ပေးခြင်းမှ ကင်းလွတ်မှုအား တိုက်ဖျက်ရန် ကုလသမဂ္ဂ၏ အခြေခံမူများ - ထင်မြင်သုံးသပ်ချက် တရပ်* (Oxford, Oxford University Press, 2018) စာမျက်နှာ ၃၂၂ တွင် ကြည့်ပါ။ "ချိနဲ့အားနည်းပြီး အသွင်ကူးပြောင်းနေသော ပဋိပက္ခလွန် တိုင်းပြည်များတွင် စစ်တရားရုံးများ ပြုလုပ်လျှင် စစ်ဆေးခြင်းပုံစံသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု အခြေအနကို ရှာဖွေခြင်းထက် တရားဥပဒေစိုးမိုးခြင်း၏ အားနည်းချက်များဖြင့် ပေါင်းစပ်နေမည့် ရှင်းလင်းသော လက်တလော အန္တရာယ် ရှိနိုင်ပါသည်။"

[3317] မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၃၆

အများစိုးရိမ်ချက်များအတိုင်း လွတ်လပ်အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှု မရှိသည့်အပြင် စွပ်စွဲခံရသူတစ်ဦးသည် ရဲဘက်တရားရုံးတွင် ပိုမိုနည်းပါးသော ပြစ်ဒဏ်သာ ရင်ဆိုင်ရသည်။ (ဥပမာ၊ "သက်သေ တစ်ဦးအား ခြိမ်းခြောက်ခြင်း" အတွက် အများဆုံးထောင်ဒဏ် တစ်နှစ်ချမှတ်နိုင်ပြီး၊ ပြစ်မှုဆိုင်ရာ ဥပဒေပါ "ရာဇဝတ်မှုဆိုင်ရာ ခြိမ်းခြောက်မှု" အတွက်မူ အများဆုံး (၇) နှစ်အထိ ထောင်ဒဏ်ချ အရေးယူနိုင်သည်။[3318] ရဲတပ်ဖွဲ့သည်လည်းကောင်းနှင့် ရဲတပ်ဖွဲ့အပေါ် စီမံအုပ်ချုပ်မှုသည်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာနလက်အောက်တွင်ရှိပြီး အဆုံးသတ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံသို့သာ တာဝန်ခံရသည်။

### (ခ) ခိုင်မာသည့်ဥပဒေမူဘောင်များ လုံလောက်စွာမရှိခြင်း

၁၅၈၃။ မြန်မာနိုင်ငံသည် *လူမျိုးတုန်းသတ်ဖြတ်မှုဆိုင်ရာ သဘောတူစာချုပ်* ကို အတည်ပြု လက်မှတ်ရေးထိုးပြီး ဖြစ်သောကြောင့် လူမျိုးတုန်းသတ်ဖြတ်မှုကို ရာဇဝတ်မှုအဖြစ် သတ်မှတ်ပြီး ပြည်တွင်းဥပဒေများအရ အပြစ်ပေးအရေးယူမှု ပြုလုပ်ရမည်ဖြစ်သည်။ လက်ရှိတွင် လူသားမျိုးနွယ်အပေါ် ကျူးလွန်သည့် ရာဇဝတ်မှုများ သို့မဟုတ် စစ်ရာဇဝတ်မှုများကိုလည်း ရာဇဝတ်မှုမြောက်စေအောင် သေချာစွာ ဆောင်ရွက်ထားခြင်း မရှိသေးပါ။ ရာဇသတ်ကြီး ဥပဒေထဲတွင် ဆိုးရွားသော ပြစ်မှုများကို ထည့်သွင်းဖော်ပြထားသော်လည်း အဓိပ္ပါယ်ဖွင့် ဆိုချက်များသည် နိုင်ငံတကာစံနှုန်းများ၊ သတ်မှတ်ချက်များနှင့် အမြဲတန်း ကိုက်ညီမှုမရှိပါ။ ဥပမာ၊ ညှင်းပန်းနှိပ်စက်မှုကို ရာဇဝတ်မှုမြောက်ကြောင်း သတ်မှတ်ထားသော်လည်း (ပုဒ်မ ၃၃၀၊ ၃၃၁) အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ကျူးလွန်ခံရသူထံမှ တုန့်ပြန်မှု (ဝန်ခံချက်) ရရှိလိုမှုကြောင့် ပြုလုပ်သည့် ဆောင်ရွက်ချက်ကိုသာ ရည်ညွှန်းထားပြီး နိုင်ငံတကာအဓိပ္ပါယ်ဖွင့်ဆိုချက်က ပိုမိုကျယ်ပြန့်သည်။ ညာတာမှုမရှိသော ပြုမှုဆံဆက်မှုအတွက်မူ သီးသန့်ပြဋ္ဌာန်းချက် မရှိပါ။ ရာဇသတ်ကြီးဥပဒေပါ မုဒိန်းနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု ပြဋ္ဌာန်းချက်များသည် အကန့်အသတ်များရှိနေသည်။[3319]

၁၅၈၄။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ယေဘူယျအားဖြင့် "နိုင်ငံသားများ" ကိုသာ လူ့အခွင့်အရေး ချိုးဖောက်မှုမှ ကာကွယ်မှုပေးသောကြောင့် အထူးသဖြင့် ထိုရှုထောင့်အရ ပြဿနာရှိနေသည်။ နိုင်ငံသားစည်းမျဉ်းဥပဒေများသည် အခြေခံအားဖြင့် ခွဲခြားဆက်ဆံမှုရှိနေပြီး လူဦးရေ၏ ပမာဏ ကြီးကြီးမားမား တစ်ခုကို အမှန်တကယ်နိုင်ငံမဲ့ ဟုတ်သည်ဖြစ်စေ မဟုတ်သည်ဖြစ်စေ နိုင်ငံမဲ့ဖြစ်အောင် တွန်းပို့လိုက်သည့် အခြေအနေကြောင့် နိုင်ငံသားမဟုတ်သူများအားလုံးကို ယင်းတို့၏ အခွင့်အရေးရပိုင်ခွင့်အတွက် အကာကွယ်ရယူခြင်းနှင့် ချိုးဖောက်ခံရမှုများအတွက် ထိရောက်သော ပြန်လည်ကုစားမှုရယူခြင်း မပြုနိုင်အောင် ချန်ထားခံရစေသည်။ ထို့ပြင် မြန်မာနိုင်ငံ ဥပဒေမူဘောင်အရ ဥပဒေများ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များသည်

---

[3318] ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၅၀၃၊ ၅၀၆
[3319] CEDAW/C/MMR/CO/4-5, စာပိုဒ် ၂၇ (က) တွင်ကြည့်ပါ။

ရိုဟင်ဂျာများအပေါ် အထူးသဖြင့် ဖိနှိပ်မှုပြုနေပြီး ယေဘူယျအားဖြင့် လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့်ကို ကန့်သတ်မှု ပြုလုပ်ထားသည်။

**(ဂ) ထိရောက်သော တိုင်ကြားမှုယန္တရားနှင့် တရားမျှတမှုရှာဖွေနိုင်သောအစီအစဉ်များ မရှိခြင်း**

၁၅၈၅။ အရပ်သားအုပ်ချုပ်မှုအောက်တွင် တရားမျှတမှုအတွက် ထိရောက်သော အစီအစဉ်များ မရှိပါ။ ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှု ရှိအောင် ဆောင်ရွက်ရန် တရားရေးစနစ်သည်လည်းကောင်း၊ *မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်* သည်လည်းကောင်း လက်တွေ့ကျသော နည်းလမ်းများမဟုတ်ပါ။ မြန်မာနိုင်ငံသည် နိုင်ငံတကာ လူ့အခွင့်အရေးမူဘောင်အောက်တွင်ရှိသော မည်သည့် တစ်ဦးချင်းစီ တိုင်ကြားမှုယန္တရား၏ လုပ်ပိုင်ခွင့်ကိုမျှ အသိအမှတ်ပြုထားခြင်းမရှိပါ။

၁၅၈၆။ စစ်အာဏာရှင်အစိုးရလက်ထက် ကြာမြင့်သော အချိန်ကာလအတွင်းတွင် မြန်မာနိုင်ငံ တရားရေးအာဏာပိုင်များ၏ အခန်းကဏ္ဍကို မှေးမှိန်စေခြင်း၊ ချိနဲ့စေခြင်းနှင့် ဥပက္ခာပြုခြင်း ပြုလုပ်ခံခဲ့ရသည်။ ၂၀၁၁ ခုနှစ်နောက်ပိုင်းမှစ၍ တိုးတက်မှုများ ရှိခဲ့သော်လည်း[3320] လွတ်လပ်အမှီအခိုကင်းမှု မရှိခြင်း၊ လေ့ကျင့်မှုညံ့ဖျင်းခြင်းနှင့် အရင်းအမြစ်မရှိခြင်း၊ လွယ်ကူအဆင်ပြေမှုမရှိခြင်းနှင့် အကျင့်ပျက်ခြားစားမှုများပြားခြင်း ဖြစ်ပေါ်နေကြောင်း ဆန်းစစ်ချက်များအရ အစဉ်တစိုက် သတ်မှတ်ခံနေရသည်။[3321] ဤအကြောင်း တရားများသည် ၎င်း၏ မျှတသော တရားစီရင်မှုရရှိခွင့် အာမခံချက်ပေးနိုင်စွမ်းအပေါ် သက်ရောက်မှုရှိနေသည်။

---

[3320] မြန်မာနိုင်ငံ တရားရုံးချုပ်၏ တရားစီရင်ရေး မဟာဗျူဟာ စီမံချက် ၂၀၁၈-၂၀၂၂ ("အားလုံးအတွက် တရားမျှတမှု တိုးတက်ကောင်းမွန်ရေးဆီသို့") "တရားစီရင်ရေး လွတ်လပ်မှုနှင့် စီမံအုပ်ချုပ်ရေးစွမ်းရည် မြင့်မားရန်၂" နှင့် တရားစီရင်ရေး၏ လုပ်ငန်းကျွမ်းကျင်မှု၊ တာဝန်ယူတာဝန်ခံမှုနှင့် ဖြောင့်မတ်တည်ကြည်မှု တို့ကို မြှင့်တင်ရန် နှင့် သေချာမှုရှိစေရန်ဓ တို့ကို အဓိကကျသော မဟာဗျူဟာ ဆောင်ရွက်ရန်နေရာ အဖြစ် စာရင်းလုပ်ထားသည်။ လက်တလော အပြုသဘော ဆောင်သည့် တိုးတက်မှုများတွင် တရားရုံးချုပ်နှင့် ပြည်ထောင်စု ဥပဒေအရာရှိချုပ်ရုံးတို့၏ လိုက်နာရမည့် ကျင့်ဝတ်များကို ပြဌာန်းခြင်း ဖြစ်သည်။ စွပ်စွဲခံရသူများ၏ အခွင့်အရေးနှင့် ရာဇဝတ်များ ကိုင်တွယ်စစ်ဆေးရာတွင် ကောင်းမွန်စွာ လိုက်နာကျင့်သုံးရမည့်အပြုအမူများနှင့် ပါတ်သက်၍ နားလည်သိမြင်မှု မြှင့်တင်ရန် ဥပဒေအရာရှိများ (တရားသူကြီးများ) အတွက် တရားမျှတသော စီရင်ရေး စံသတ်မှတ်ချက်များ လက်စွဲစာအုပ်ကို ပြည်ထောင်စု ဥပဒေအရာရှိချုပ်မှ ထုတ်ပြန်လိုက်ပါသည်။

[3321] International Bar Association, *မြန်မာပြည်ရှိ တရားဥပဒေစိုးမိုးမှု၊ စိမ်ခေါ်မှုများနှင့် အလားအလာများ* (London, December 2012); Kyaw Min San ၏ *မြန်မာပြည်၏ အသွင်ကူးပြောင်းရေး- အပွင့်များ၊ အခက်အခဲများ နှင့် အခွင့်အလန်းများ* ထဲမှ "မြန်မာပြည် တရားဥပဒေစိုးမိုးရေးအတွက် အရေးကြီးသော ပြဿနာအကြောင်းများ" N. Cheesman, M. Skidmore, T. Wilson, eds. (Singapore, Institute of Southeast Asian Studies 2012), စာမျက်နှာ ၂၁၇-၂၂၉ N. Cheesman, "Myanmar's Courts and the Sound Money Makes", in *Myanmar's Transition: Openings, Obstacles and Opportunities,* N. Cheesman, M. Skidmore, T. Wilson, eds. (Singapore, Institute of Southeast Asian Studies 2012), စာမျက်နှာ ၂၃၁-၂၄၈ N. Cheesman, *တရားဥပဒေစိုးမိုးမှုကို ဆန့်ကျင်ခြင်း - မြန်မာတရားရုံးများက တရားဥပဒေစိုးမိုးရေးကို မည်သို့ပြုသနည်း။* Cambridge University Press, Cambridge, 2015; Justice Base, *မြန်မာပြည်တွင် စောင့်ကြည့်အကဲဖြတ်ခြင်း - မျှတသော တရားစီရင်ရေး အခွင့်အရေးအတွက် မြန်မာ၏ လိုက်နာမှုကို ခွဲခြမ်းစိတ်ဖြာသုံးသပ်ချက် တရပ်* (Yangon, 2017); International Commission of Jurists, *မြန်မာပြည်ရှိ ရှုန်းရင်ကြမ်းတမ်းသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုကို ရရှိခြင်း - အခြေခံကောက်ကြောင်း လေ့လာချက် (*Geneva, January 2018); M. Crouch, "တရားစီရင်ရေးဆိုင်ရာ", in *Routledge Handbook of Contemporary Myanmar*, A.

၁၅၈၇။ တရားရေးအာဏာပိုင်များ လွတ်လပ်အမှီအခိုကင်းမှုမရှိကြောင်း ယေဘူယျအားဖြင့် သတ်မှတ်နိုင်သည်။ ပြည်တောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ်များကို သမ္မတက ခန့်အပ်ပြီး ပြည်ထောင်စု လွှတ်တော်က အကန့်အသတ်ဖြင့်သာ စီစစ်ခွင့်ရှိသည်။[3322] ခန့်အပ်ရာတွင် ဥပဒေပညာရှင်အဖြစ် နိုင်ငံတော်သမ္မတက ယူဆသူဖြစ်လျှင် လုံလောက်စေပြီး ဥပဒေဘွဲ့ တစ်ခုခုဖြစ်စေ၊ အတွေ့အကြုံဖြစ်စေ ရှိရန် မလိုအပ်ပေ။ ပြည်တောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအများစုသည် စစ်တပ်မှခန့်အပ်ထားသူများဖြစ်ပြီး ၂၀၁၁ ခုနှစ်တွင် ခန့်အပ်ခြင်းခံခဲ့ရသော လက်ရှိပြည်ထောင်စု တရားသူကြီးချုပ် ဦးထွန်းထွန်းဦးအပါအဝင် တချို့တရားသူကြီးများသည် စစ်တပ်တွင် တာဝန်ထမ်းဆောင်ခဲ့ဖူးသူများဖြစ်ကြသည်။ အထူးသဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများ အပါအဝင် နိုင်ငံရေးအရထိရှလွယ်သော အမှုကိစ္စများအပေါ် နိုင်ငံတော်အာဏာပိုင်များ အထူးသဖြင့် အုပ်ချုပ်ရေးနှင့်တပ်မတော်တို့၏ မလျော်ဩဇာလွှမ်းမိုးမှု မည်မျှအတိုင်းအတာအထိ ရှိနေကြောင်း ဤသို့သော ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်များကများကို ကြည့်ခြင်းဖြင့် သိရှိနိုင်သည်။

၁၅၈၈။ အခြားစိန်ခေါ်မှုများတွင် ဥပဒေရေးရာကျွမ်းကျင်ပညာရှင်များနှင့် တရားရေးဆိုင်ရာ အတွေ့အကြုံများ လုံလောက်မှုမရှိခြင်းတို့ပါဝင်သည်။ ယေဘူယျအားဖြင့် အရင်းအမြစ်များ လုံလောက်မှုမရှိခြင်းကြောင့် ဝန်ထမ်းအင်အား၊ အကျိုးခံစားခွင့်နှင့် သင်ကြားမှုအခွင့်အရေးများ နည်းပါးသည်။ အကျင့်ပျက်ခြစားမှု ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်နေသည်ဟု ကျွမ်းကျင်ပညာရှင်များ၊ လေ့လာသူများနှင့် တက်ကျွမ်းကျင်လည်သူများက သတ်မှတ်ကြသည်။[3323] မတ်လ ၂၀၁၈ ခုနှစ်၊ နေပြည်တော်တွင် ကျင်းပခဲ့သော "တရားဥပဒေ စိုးမိုးရေးအတွက် တရားမျှတမှုဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေး ညီလာခံ" တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "တရားမျှတမှုကဏ္ဍမှာ လုပ်ကိုင်နေကြသောသူတွေအပေါ် အများပြည်သူရဲ့ ယုံကြည်မှု တဖြည်းဖြည်းယုတ်လျော့လာနေတယ်။ ဒါတွေဟာ အကျင့်ပျက်ခြစားတာ၊ ဥပဒေကို ကိုယ်ကျိုးအတွက်ပဲ အသုံးချတာ၊ ဘက်မလိုက်ပဲ တရားမျှတမှုဖော်ဆောင်ရမယ်ဆိုတဲ့ အခြေခံမှုတွေ ထိန်းသိမ်းဖို့ ပျက်ကွက်တာ၊ ကိုယ့်အလုပ်ကိုယ် အလွယ်တကူ ပြီးမြောက်အောင် မလုပ်နိုင်တာနဲ့ တက်ကျွမ်းမှုမရှိတာတွေကြောင့်ဖြစ်တယ်။" ဟု ပြောကြားခဲ့သည်။[3324] *ကိုယ်စားလှယ်အဖွဲ့* က တွေ့ဆုံမေးမြန်းမှုပြုလုပ်ခဲ့သူများစွာကလည်း ဤသို့ ခံစားရကြောင်း အလားတူ ပြောဆိုကြပြီး မြန်မာနိုင်ငံ၏ တရားရေးစနစ်အပေါ် အယုံအကြည်မရှိကြောင်း အမြဲတမ်း ထုတ်ဖော်ပြောဆိုကြသည်။

Simpson, N. Farrelly and I. Holliday, eds. (Routledge, London and New York, 2018), စာမျက်နှာ ၂၄၈-၂၅၆

[3322] မြန်မာနိုင်ငံ ဖွဲ့စည်းပုံ အခြေခံဥပဒေ ပုဒ်မ ၂၉ ၉

[3323] အထက်ပါအတိုင်း

[3324] ပြည်ထောင်စုသမတ မြန်မာနိုင်ငံ၊ ပြန်ကြားရေးဝန်ကြီးဌာန "အားလုံးအတွက် တရားဥပဒေ စိုးမိုးရေး-တရားစီရင်ရေးနှင့် ဥပဒေရေးရာ အဖွဲ့အစည်းများအားလုံး ပြုပြင်ပြောင်းလဲမှုများ အတွက် ရိုးသားစွာ အလုပ်လုပ်ကြရန် တိုက်တွန်း (၂၀၁၈ ခုနှစ် မတ်လ ၇ ရက်နေ့) http://www.moi.gov.mm/moi:eng/?q=news/8/03/2018/id-12933 (accessed August 2018)

၁၅၈၉။ အမှုများစုံစမ်းစစ်ဆေးခြင်းနှင့် ပတ်သက်၍လည်း အလားတူ ပြဿနာရင်ဆိုင်နေရသည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့သည် အများပြည်သူ၏ အထင်သေးခြင်းခံရပြီး ဖွဲ့စည်းအုပ်ချုပ်ပုံစနစ်ဆိုင်ရာ လွတ်လပ်အမှီအခိုကင်းမှု မရှိသည့်အပြင် အကျင့်ပျက်ခြစားမှုပမာဏ မြင့်မားနေသည်။[3325] မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်သည် စစ်တပ်တွင်တာဝန်ထမ်းဆောင်ဖူးပြီး ရဲတပ်ဖွဲ့သည် စစ်တပ်က ထိန်းချုပ်ထားသည့် ဝန်ကြီးဌာနများထဲက တစ်ခုဖြစ်သည့် ပြည်ထဲရေးဝန်ကြီးဌာနအောက်တွင် ရှိနေသည်။ လုံခြုံရေး တွဲဘက်စစ်ဆင်ရေးပြုလုပ်ချိန်များတွင် ရဲတပ်ဖွဲ့သည် စစ်တပ်၏ ကွပ်ကဲမှုအောက်တွင်ရှိသည်။[3326] ရဲတပ်ဖွဲ့သည် နိုင်ငံတကာ စံနှုန်းများနှင့်အညီ မှုခင်းစုံစမ်းစစ်ဆေးရေးနှင့် မှုခင်းသိပ္ပံဆိုင်ရာ သုံးသပ်ချက်များ ဆောင်ရွက်ခြင်းအပါအဝင် ရှုပ်ထွေးသော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် နည်းစနစ်ပိုင်းကျွမ်းကျင်မှု အကန့်အသတ်များလည်း ရှိနေသည်။[3327] ရဲ့တပ်ဖွဲ့သည် စစ်တပ်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များက ကျူးလွန်ကြောင်း စွပ်စွဲထားသော ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ယုံကြည်ရသော၊ လွတ်လပ်အမှီအခိုကင်းမှုရှိသော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လိမ့်မည်ဟု အာမခံချက် လုံးဝမရှိပါ။

၁၅၉၀။ အလားတူပင်၊ ပြည်ထောင်စုရှေ့နေချုပ်သည် အစိုးရ၏ အုပ်ချုပ်ရေးကဏ္ဍမှ အဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ပြည်ထောင်စုရှေ့နေချုပ်သည် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရေးရှိအောင် ဆောက်ရွက်ရာတွင် အခရာကျသော အခန်းကဏ္ဍတွင်ရှိသည်။ ပြည်ထောင်စုရှေ့နေချုပ်ရုံးသည် တိုင်းပြည်အတွင်းရှိ အစိုးရ တရားရေးရှေ့နေများကို ကြီးကြပ်ခြင်းအပြင် အမှုများကို ရွေးချယ်ခြင်းနှင့် ရာဇဝတ်ကျင့်ထုံးအရ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်သည်။ သို့သော် ပြည်ထောင်စုရှေ့နေချုပ်ရုံးအပေါ် အများပြည်သူ၏ ယုံကြည်မှု နိမ့်ကျနေသည်။ အများအားဖြင့် စစ်တပ်၏အကျိုးကို ကာကွယ်ပေးသည့် သမိုင်းကြောင်းနှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများကဲ့သို့ ထိရှလွယ်သော အကြောင်းအရာများနှင့်ပတ်သက်၍ ညံ့ဖျင်းသောဆောင်ရွက်ချက် မှတ်တမ်းများ (ဥပမာ သတင်းထောက်များ၊ လူ့အခွင့်အရေး ကာကွယ်သူများနှင့် တက်ကြွလှုပ်ရှားသူများအား မဟုတ်မမှန်သော စွပ်စွဲချက်များအပေါ် အခြေခံ၍ အရေးယူခြင်းများ) ရှိထားသောကြောင့် ဖြစ်သည်။ ဥပဒေအရာရှိများနှင့် အစိုးရ ရှေ့နေများသည် လူ့အခွင့်အရေး

[3325] E.g. A. Selth, *မြန်မာပြည်တွင် ရဲတပ်ဖွဲ့ ပြုပြင်ပြောင်းလဲရေး (မြန်မာ)- ရည်မှန်းချက်၊ အခက်အခဲများ နှင့် ရလဒ်များ* Regional Outlook Paper: No. 44, 2013 (Griffith Asia Institute)

[3326] အသေးစိပ်ကို အခန်း ၉ ၊ တာဝန်ရှိမှု။ မြန်မာ့တပ်မတော်နှင့် အခြားသော လုံခြုံရေးတပ်ဖွဲ့များ အခန်းတွင် ကြည့်ပါ။

[3327] လက်တလော ပူးပေါင်းဆောင်ရွက်သည့် စီမံချက်များသည် မြန်မာရဲတပ်ဖွဲ့၏ ခေတ်မီတိုးတက်ရေးကို ထောက်ကူပေးရန် အာရုံထားပြီး ရပ်ရွာအသိုင်းအဝန်းအတွင်းရဲလုပ်ငန်းဆောင်ရွက်ခြင်း၊ လူအုပ်စု ထိန်းသိမ်းခြင်းနှင့် ရာဇဝတ်မှု စုံစမ်းစစ်ဆေးခြင်း တို့တွင် ဦးစားပေးထားသည်။ ဥပမာအားဖြင့် ဥရောပ သမဂ္ဂ မှ ရံပုံငွေ ထောက်ပံ့သော ပရိုဂျက် "MYPOL" (http://www.mypol.eu/) ကို ကြည့်ပါ။

ချိုးဖောက်မှုကြောင်းသော လုပ်ရပ်များအတွက် အရေးယူဆောင်ရွက်ရန် လွတ်လပ် အမှီအခိုကင်းမှုနှင့် စွမ်းဆောင်ရည်မရှိဟု ယေဘူယျအားဖြင့် သတ်မှတ်နိုင်သည်။[3328]

၁၅၉၁။ ၂၀၁၁ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး[3329] ၂၀၁၄ တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းခဲ့သော[3330] မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) သည် မူအရ လူ့အခွင့်အရေးကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် ကျယ်ပြန့်သော လုပ်ပိုင်ခွင့်ရှိသည်။ MNHRC သည် သက်သေများကို ဆင့်ခေါ်ခြင်းနှင့် (ကြိုတင်အကြောင်းကြားပြီးမှသာ) အချုပ်ခန်းများအား သွားရောက်ခြင်း ပြုလုပ်နိုင်သည့် အာဏာအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများကို စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သည့် အာဏာရှိသည်။ "လူ့အခွင့်အရေးချိုးဖောက်မှုများကို ဖြစ်စေသော အခြေအနေများနှင့် ဆောင်ရွက်ချက်များ ကျယ်ကျယ်ပြန့်ပြန့်၊ စနစ်တကျ သို့မဟုတ် နက်နက်ရှိုင်းရှိုင်း" ရှိနေကြောင်း သိရှိပါက စုံစမ်းမေးမြန်းမှု ပြုလုပ်နိုင်သည်။ ပြည်သူတစ်ဦးချင်းစီမှ တိုင်ကြားစာများကိုလည်း လက်ခံပေးနိုင်သော်လည်း တရားရုံးတစ်ခုက စစ်ဆေးရန်ရှိသည့်အမှုများ သို့မဟုတ် အပြီးပြတ်ဆုံးဖြတ်ချက်ချထားပြီးသား အမှုများကို စုံစစ်းစစ်ဆေးပိုင်ခွင့်မရှိပါ။ ၂၀၁၄ ခုနှစ်တွင် ပြန်လည်ပြင်ဆင်ဖွဲ့စည်းပြီးနောက် MNHRC သည် နိုင်ငံတကာ *အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ညှိနှိုင်းဆောင်ရွက်ရေး ကော်မတီ* ထံမှ "B အဆင့်သတ်မှတ်ချက်" ကိုရရှိခဲ့သည်။[3331] ဆိုလိုသည်မှာ ၎င်းသည် အဆင့်သတ်မှတ်ချက်အတွက် စံနှုန်းများချမှတ်ထားသော *ပါရီအခြေခံမူများ* နှင့် တစ်စိတ်တစ်ဒေသ ကိုက်ညီမှုရှိသည်။

၁၅၉၂။ "A အဆင့်သတ်မှတ်ချက်" ရရန် အဓိက အဟန့်အတားများမှာ အဖွဲ့ဝင်များအတွင်း ကွဲပြားစုံလင်မှု မလုံလောက်ခြင်း (အထူးသဖြင့် အမျိုးသမီး အဖွဲ့ဝင် မရှိခြင်း) ၊ ဘဏ္ဍာရေးဆိုင်ရာ လွတ်လပ် အမှီအခိုကင်းမှုနှင့် ပတ်သက်၍ ပြဿနာများရှိနေခြင်းနှင့်၊ ၎င်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို အကောင်အထည်ဖော်ရာတွင် လုံလောက်သော အားစိုက်လုပ်ဆောင်မှုမရှိခြင်း တို့ဖြစ်သည်။[3332] ဥပမာ၊ MNHRC ကို ရိုဟင်ဂျာများနှင့် အခြားလူနည်းစုများ၏ အခွင့်အရေးကိစ္စကို ဖြေရှင်းပေးရာတွင် ပိုမိုတက်ကြွစွာ ဆောင်ရွက်ရန်

[3328] ဥပမာ International Commission of Jurists, *မြန်မာပြည်ရှိ ရှန်းရင်ကြမ်းတမ်းသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တရားမျှတမှုကို ရရှိခြင်း - အခြေခံကောက်ကြောင်း လေ့လာချက်* (Geneva, January 2018); D. Aguirre, V. Sathisan, "တရားဥပဒေ စိုးမိုးရေးသည် ပြည်ထောင်စု တရားရေးအရာရှိချုပ်၏ ရုံး ပြုပြင်ပြောင်းလဲမှု အပေါ်တွင် မူတည်သည်။" (Myanmar Times, 27 January 2016) ပြည်ထောင်စု တရားရေးအရာရှိချုပ်၏ ရုံး *တရားဥပဒေစိုးမိုးရေးဆီသို့ ရွေ့ရှူခြင်း - မဟာဗျူဟာ စီမံချက်* (နေပြည်တော ၂၀၁၅)

[3329] ပြည်ထောင်စု သမတ မြန်မာနိုင်ငံ သမတရုံးအမိန့် အမှတ် ၃၄/၂၀၁၁

[3330] မြန်မာနိုင်ငံ လူ့အခွင့်အရေးကော်မရှင် ဥပဒေ၊ ဥပဒေ အမှတ် ၂၁/၂၀၁၄

[3331] ယခု"Global Alliance of National Human Rights Institutions"ဟု ခေါ်သည်။

[3332] MNHRC အပေါ် အပြည့်အစုံသုံးသပ်ချက်နှင့် ၎င်း၏ စိမ်ခေါ်မှုများကို J. Liljeblad ၏ "အမျိုးသား လူ့အခွင့်အရေးကော်မရှင်များ၏ စွမ်အားအာနိသင်ကို နောက်ခံအခြေအနေအတွင်းမှ မြင်ရခြင်း- မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ သင်ခန်းစားများ" *Yale Human Rights and Development Journal*, Vol. 19(1) 2017, စာမျက်နှာ ၉ ၅-၁၃၂

တိုက်တွန်းထားသည်။[3333] လက်နက်ကိုင် ပဋိပက္ခအခြေအနေအတွင်း ဖြစ်ပျက်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပက်သက်၍ တက်ကြွစွာ ဆောင်ရွက်မှုမရှိခြင်း (ဆောင်ရွက်ချက်များမတွေ့ရခြင်း) နှင့် လုံခြုံရေးအဖွဲ့များက ကျူးလွန်သော လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ဖြေရှင်းမှုမရှိခြင်း တို့ကြောင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ ဝေဖန်ခြင်း ခံခဲ့ရသည်။[3334]

**(ဃ) ခြောက်လှန့်ခြင်း၊ တန်ပြန်လက်စားချေခံရမည်ကိုကြောက်ရွံ့ခြင်းနှင့် ကျူးလွန်ခံရသူများနှင့် သက်သေများအတွက် အကာအကွယ်မရှိခြင်း**

၁၅၉၃။ လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ရှိနေသည့်အပြင် တိုင်ကြားမှုပြုလုပ်သူများကို ဥပဒေအရပြန်လည်အရေးယူခြင်းနှင့် နောက်ယှက်မှုပြုလုပ်သည့် အလေ့အကျင့်များကြောင့် အခြေအနေကို ပိုမိုဆိုးရွားစေသည်။ ပြဿနာများ ရှိနေသည့် ဥပဒေပြဋ္ဌာန်းချက်များကို အသုံးပြု၍ ကျူးလွန်ခံရသူများနှင့် ယင်းတို့၏ မိသားစုဝင်များကို တပ်မတော်နှင့် ရဲတပ်ဖွဲ့များက ဥပဒေအရ အရေးမှုများ ပြုလုပ်ခဲ့သည်။[3335] တနိုင်းမြို့နယ် (ကချင်ပြည်နယ်) တွင် ဇန်နဝါရီလ ၂၀၁၈ ခုနှစ်က ဖြစ်ပျက်ခဲ့သော တိုက်ခိုက်မှုတစ်ခုနှင့်ပတ်သက်၍ *ကိုယ်စားလှယ်အဖွဲ့* က တွေ့ဆုံမေးမြန်းခဲ့သည့် ကျူးလွန်ခံရသူတစ်ဦးက ရှောင်လွှဲမရနိုင်ပဲ ကြုံတွေ့ရမည့် နောက်ဆက်တွဲများနှင့် ပတ်သက်၍ “ကျွန်တော်/ကျွန်မ ထွက်ဆိုချက် ပေးချင်ပါတယ်။ ပြီးတော့ အဲ့ဒီအတွက်လဲ အဖမ်းခံဖို့ အသင့်ပါပဲ” ဟု ပြောခဲ့သည်။[3336] လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကြုံတွေ့ခဲ့ရသူများ အပါအဝင် ကျူးလွန်ခံခဲ့ရသူများသည် အာဏာပိုင်များ၏ လူသိရှင်ကြား အရှက်ခွဲမှုနှင့် လှောင်ပြောင်မှုများ ခံခဲ့ရသည်။[3337]

## ၂။ ဥပမာ ဖြစ်စဉ်နှစ်ခု - ရခိုင်ပြည်နယ်အတွင်းရှိ အကြမ်းဖက်မှုနှင့် လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု

**(က) ဖြစ်စဉ် (၁) - စစ်တပ်က မုဒိန်းနှင့် အခြားနည်းလမ်းဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများကို အသုံးပြုခြင်း**

---

[3333] ရခိုင်ပြည်နယ်ရှိ ပဋိပက္ခ အပေါ် MNHRC’၏ တုန့်ပြန်မှုအပေါ် ခြုံငုံသုံးသပ်ချက်။ ဤအခန်း အပိုင်း ခ၁။၂။ ခ = အမှုဖြစ်ရပ် လေ့လာမှု ၂ - ရခိုင်ပြည်နယ်ရှင် အကြမ်းဖက်မှုနှင့် ဖိနှိပ်မှု

[3334] Asian NGOs Network on National Human Rights Institutions, Progressive Voice, Smile Education and Development Foundation, Action Committee for Democracy Development တို့မှ ထုတ်ပြန်သည့် *သံသယစိတ်များ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ ယုံကြည်မှု ချို့ယွင်းခြင်း (၂၀၁၇)*

[3335] အခန်း ၆ ကက။ (၁) အခြေခံလွတ်လပ်ခွင့်များအား ကန့်သတ်ထားခြင်းအတွက် ဥပဒေဆိုင်ရာ အသုံးပြုကရိယာများ

[3336] PI-043.

[3337] အောက်ပါစာပိုဒ်များတွင် ကြည့်ပါ။

၁၅၉၄။ အထက်တွင် ဖော်ပြထားသည့်အတိုင်း မုဒိန်းနှင့် အခြားနည်းလမ်းဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် တပ်မတော်စစ်ဆင်ရေးများ၏ ပြရုပ်များထဲမှ တစ်ခုဖြစ်သည်ဟု မစ်ရှင်အဖွဲ့ အနေဖြင့် သတ်မှတ်သည်။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် ၂၀၁၁ ခုနှစ်နှင့် ၂၀၁၈ ခုနှစ်ကြား တပ်မတော်၏ ပြုလုပ်သော ကချင်၊ ရှမ်းနှင့် ရခိုင်ပြည်နယ် စစ်ဆင်ရေးများတွင် မကြာခဏ တွေ့မြင်ရသော သွင်ပြင်လက္ခဏာ တစ်ခုဖြစ်ပြီး လွန်ခဲ့သော နှစ်ပေါင်း (၃၀) အတွင်းတွင်လည်း အလားတူ ကျူးလွန်မှုများရှိကြောင်း စွပ်စွဲချက်များ ရှိခဲ့သည်။ ယခုလို စနစ်တကျ ဖြစ်နေခြင်းကို ကြည့်ခြင်းအားဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် အရပ်သားပြည်သူတစ်စုအား ခြောက်လှန့်ရန်၊ ကြောက်ရွံ့တုန်လှုပ်စေရန်နှင့် ဒဏ်ခတ်ရန် ရည်ရွယ်ချက်ဖြင့် အကောင်အထည်ဖော်နေသော ပိုမိုကြီးမားသည့် မဟာဗျူဟာ၏ အစိတ်အပိုင်း တစ်ခုဖြစ်ကြောင်း ဖော်ပြနေသည်။ ဤအတိုင်းအတာအထိ သမရိုးကျသဖွယ် ဖြစ်ပျက်နေခြင်း သည် အခြေအနေသည် တပ်မတော်သားများအနေဖြင့် အပြစ်ပေးအရေးယူခြင်းနှင့် ကြပ်မတ်ထိန်းသိမ်းခြင်း ခံရမည်ကို ကြောက်ရွံ့စရာ အကြောင်းမရှိသည့် သီးခံခွင့်ပြုထားခြင်းနှင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ရေရှည်တည်ရှိလာသော အခြေအနေတွင်သာ ဖြစ်ပေါ် နိုင်သည်။

၁၅၉၅။ လိင်ပိုင်းဆိုင်ရာ အကြမ်းဖတ်မှုအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် ပြန်လည်ကုစားမှုပြုလုပ်ရန် အရေးတကြီးလိုအပ်နေသည့် အဓိကကျသော ကိစ္စတစ်ခုဖြစ်ကြောင်း ထောက်ပြပြောဆိုလာကြသည်မှာ နှစ်ပေါင်း (၃၀) ရှိပြီဖြစ်သည်။[3338] ဥပမာ ၂၀၀၆ ခုနစ်တွင် ကုလသမဂ္ဂအထူးကိုယ်စားလှယ် *ပင်ညဲရိုး* က အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်ဆိုင်ရာ အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း စွပ်စွဲချက်များ အလွန်မြင့်မားနေကြောင်း ထောက်ပြခဲ့ပြီး "အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် အစဉ်တစိုက်ဖြစ်ပေါ်ခဲ့ပြီး ဆက်လက် ဖြစ်ပေါ်နေကြောင်း သိသာထင်ရှားသည့် သဓေက နောက်ထပ်တစ်ခု" ဟု ပြောဆိုခဲ့သည်။ ယင်းက သူ့ထံ တင်ပြလာခဲ့သည့် ရာပေါင်းများစွာသော ဖြစ်စဉ်များကို စာရင်းပြု ဖော်ပြခဲ့သည်။[3339] ဤတွေ့ရှိချက်များသည် စိတ်ဝေဒနာ ခံစားရခြင်းနှင့် လူမှုရေး ဖယ်ကျင်မှုများကြောင့် ထုတ်ဖော်ပြောဆိုမှု နည်းပါးနိုင်ခြေကို ထည့်သွင်းစဉ်းစားလျှင် "အလွန် စိုးထိပ်ဖွယ်ကောင်းသည်" ဟု ၎င်းက ယူဆခဲ့သည်။ "မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျူးလွန်သူများ ကို ဖော်ထုတ်အရေးယူရန် ရည်ရွယ်ချက်ဖြင့် ဤဆိုးရွားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအား ကိုင်တွယ်ရန် ဆောင်ရွက်ချက် တစ်ခုမျှ သတိမပြုမိခဲ့ကြောင်း" ၎င်းက ပြောခဲ့သည်။ "မုဒိန်းမှုနှင့် လိင်ပိုင်ဆိုင်ရာအကြမ်းဖက်မှုအတွက် တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးခြင်း၊ အရေးယူ ဆောင်ရွက်ခြင်းနှင့် အပြစ်ပေးခြင်း ပြုလုပ်ရန် ပျက်ကွက်မှုကြောင့် မြန်မာနိုင်ငံတွင်

[3338] ဥပမာ A/HRC/7/18, စာပိုဒ် ၈၇ E/CN.4/2006/34, စာပိုဒ် ၇၉

[3339] ၁၉၈၈ မှ ၂၀၀၇ အတွင်း မြန်မာပြည်တွင် ဖြစ်ပွားခဲ့သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၏ အသေးစိပ် အဖြစ်အပျက်များအပေါ် အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ခြုံငုံကြည့်ရရချက်တွင် ကြည့်ပါ။ International Center for Transitional Justice, *အပြစ်ပေးခြင်းမှ ကင်းလွတ်တာ ကြာပြီ၊ မြန်မာပြည်နှင့် ၎င်း၏ ဖွဲ့စည်းပုံအခြေခံဥပဒေ* (New York, 2009) စာမျက်နှာ ၁၄

အမျိုးသမီးနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှု ကျူးလွန်ခြင်းကို အားပေးသည့် ပတ်ဝန်းကျင် ဖြစ်ပေါ်လာရန် အထောက်အကူဖြစ်စေသည်” ဟု ၎င်းက အဆုံးသတ် ကောက်ချက်ချခဲ့သည်။[3340]

၁၅၉၆။ ယတိပြတ် ငြင်းဆိုခြင်းနှင့် ကျူးလွန်ခံရသူများနှင့် သက်သေများအား ခြိမ်းခြောက်ခြင်း သည် မြန်မာအာဏာပိုင်များ၏ ပုံသေတုန့်ပြန်မှုများပင်ဖြစ်သည်။ တခါတရံတွင် အမြဲမပြတ် ကျရောက်လာသော နိုင်ငံတကာဖိအားများကို တုန့်ပြန်ရန် အနှစ်သာရမရှိသော စုံစမ်း စစ်ဆေးမှုများ မကြာခဏ ပြုလုပ်လေ့ရှိသည်။ ဥပမာ ၂၀၀၃ ခုနှစ်တွင် တပ်မတော်သားများက ရှမ်းအမျိုးသမီးများအပေါ် စနစ်တကျစီစဉ်သည့် မုဒိန်းမှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များ အပေါ် ကုလသမဂ္ဂအထူးကိုယ်စားလှယ်သည် အနီးကပ်စောင့်ကြည့်လေ့လာခဲ့သည်။ ၎င်းသည် စုံစမ်းစစ်ဆေးမှု သုံးခုအတွက် အာဏာပိုင်များထံမှ အသေးစိတ် ပြန်လည်တင်ပြချက်များကို လက်ခံရရှိခဲ့ပြီး စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များတွင် “စွပ်စွဲချက်များသည် အခြေအမြစ် မရှိကြောင်း၊ ချဲကားပြောဆိုမှုများဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံနှင့် မြန်မာနိုင်ငံ လက်နက်ကိုင် တပ်ဖွဲ့များ၏ ဂုဏ်သိက္ခာကို ထိခိုက်စေလိုသော ရည်ရွယ်ချက်ဖြစ် ပြုလုပ်ခြင်းဖြစ်ကြောင်း” ဖော်ပြထားသည်။[3341] စုံစမ်းစစ်ဆေးမှုများကို “လုံခြုံရေးအထူးအဖွဲ့ဝင်များ” က ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၎င်းအဖွဲ့ထဲတွင် ဗိုလ်ချုပ်ခင်ညွန့် (ယခင် နိုင်ငံတော်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး (၁)) ၏ လမ်းညွှန်မှုအောက်ရှိ ပြည်ထဲရေးဒုဝန်ကြီးနှင့် ဒေါ်ခင်ဝင်းရွှေ (ဗိုလ်ချုပ်ခင်ညွန့်၏ဇနီး) ဦးဆောင်သော မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အမျိုးသားအဆင့် လုပ်ငန်းကော်မတီဝင်များ ပါဝင်သည်။ စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များအရ “၁၉၉၆ ခုနှစ်နှင့် ၁၉၉၉ ခုနှစ်ကြားကာလနှင့် ၂၀၀၂ ခုနှစ်တို့တွင် တပ်မတော်သားများက မုဒိန်းမှုများ ကျူးလွန်ခဲ့ခြင်းမရှိကြောင်း” ၊ သို့သော် “၂၀၀၀ ခုနှစ်နှင့် ၂၀၀၁ ခုနှစ်တွင် (၃) မှုဖြစ်ပေါ်ခဲ့ကြောင်း” ကောက်ချက်ချခဲ့ပြီး ကျူးလွန်သူများကို အမိန့်ချခဲ့ကြောင်း သိရသည်။

၁၅၉၇။ အဆိုပါ စုံစစ်စစ်ဆေးမှုများကို တပ်မတော်နှင့် အခြားအစိုးရ အရာရှိများက ဆောင်ရွက်ခဲ့ခြင်းဖြစ်သောကြောင့် “လက်ခံယုံကြည်နိုင်ရန် လိုအပ်သော လွတ်လပ် အမှီအခိုကင်းမှုမရှိကြောင်း” ကုလသမဂ္ဂအထူးကိုယ်စားလှယ်က သုံးသပ်သည်။ စုံစမ်းစစ်ဆေးမှု များသည် နိုင်ငံတကာလူ့အခွင့်အရေး စံနှုန်းများ၊ နည်းစနစ်များနှင့်အညီ ဆောင်ရွက်ခဲ့ခြင်း မဟုတ်ကြောင်း၊ ဥပမာ - ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများက တုန့်ပြန်လက်စားချေ ခံရမည်ကို ကြောက်ရွံ့ခြင်းမရှိပဲ ထွက်ဆိုချက်များပေးနိုင်သည့် အခြေအနေတွင် ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း ၎င်းက ကောက်ချက်ချခဲ့သည်။[3342] ဤအမှုများအပြင် အခြားများစွာသော အခြားလူ့အခွင့်အရေး

[3340] A/61/369 စာပိုဒ် ၃၀
[3341] E/CN.4/2003/41 စာပိုဒ် ၃၈ မှ ၄၆
[3342] Ibid., စာပိုဒ် ၄၂

ချိုးဖောက်မှုစွပ်စွဲချက်များအတွက် ယုံကြည်နိုင်သည့် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နိုင်ရန် နည်းလမ်းအချို့ကို ၎င်းက အဆိုပြုခဲ့သော်လည်း[3343] တစ်ခုမျှ လက်ခံအကောင်အထည်ဖော်ခြင်း မခံခဲ့ရပါ။

၁၅၉၈။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် ၂၀၁၁ ခုနှစ်နှစ်ကတည်းက ဆက်လက်တည်ရှိလာခဲ့သည်။ တပ်မတော်သား အနည်းအကျဉ်းအား လိင်ပိုင်းဆိုင်ရာအကြမ်းဖက်မှု လုပ်ရပ်များအတွက် ရံဖန်ရံခါ ပြစ်မှုထင်ရှားကြောင်းစီရင်ခြင်းကြောင့် ပြဿနာ၏အတိုင်းအဆ သို့မဟုတ် ပြဿနာ၏ အရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းရန် သိသာသည့် အားစိုက်မှုရှိကြောင်း လုံးဝ မသတ်မှတ်နိုင်ပါ။[3344] ရခိုင်ပြည်နယ်တွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် လိင်ပိုင်းဆိုင်ရာနှင့် ကျား၊ မ အပေါ်အခြေခံသည့် အကြမ်းဖက်မှုများ ကျူးလွန်ခဲ့ကြောင်း "ဆယ်စုနှစ်များစွာ ထုတ်ဖော်ပြောဆိုကြသော်လည်း" ထိုစွပ်စွဲချက်များနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သို့မဟုတ် ကျူးလွန်သူများကို အရေးယူခဲ့ကြောင်း မှတ်တမ်းတစ်ခုမှ မိမိတွင်မရှိဟု ၂၀၁၆ ခုနှစ်တွင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးက ပြောခဲ့သည်။[3345] အဆိုပါ ခုနှစ်တွင်ပင် ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က တပ်မတော်သားနှစ်ဦး ပြစ်မှုထင်ရှား စီရင်ခြင်း ခံခဲ့ရသည့်အပေါ် ကြိုဆိုကြောင်း ပြောကြားခဲ့သော်လည်း "ဤဆောင်ရွက်ချက်များသည် ပုံမှန်ဆောင်ရွက်ချက် သို့မဟုတ် ဖွဲ့စည်းအုပ်ချုပ်မှုစနစ်အရ အပြောင်းအလဲ ပြုလုပ်ချက် မဟုတ်ကြောင်းနှင့် ထို့ကြောင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ဖြစ်ပေါ်ရန် မကြာခန ဦးတည်စေကြောင်း" မှတ်ချက်ပြုခဲ့သည်။[3346] ၂၀၁၆ ခုနှစ်တွင် ကုလသမဂ္ဂ အမျိုးသမီးများအပေါ်ခွဲခြားဆက်ဆံမှု ပပျောက်ရေးဆိုင်ရာ ကော်မတီက မြန်မာနိုင်ငံအား "ပဋိပက္ခကာလအတွင်းနှင့် ပဋိပက္ခအလွန်ကာလအတွင်း ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများအတွက် အပြစ်ပေးခံရခြင်းမှကင်းလွတ်ခွင့်ကို ဖြစ်စေသော ဥပဒေများအားလုံး ပယ်ဖျက်ရန်နှင့် တပ်မတော်နှင့် လက်နက်ကိုင်အဖွဲ့များက ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများ စုံစမ်းစစ်ဆေးခြင်းနှင့် အပြစ်ပေးအရေးယူခြင်း အမြန်ဆုံး ဆောင်ရွက်ရန်" အကြံပြုချက်ပေးခဲ့သည်။[3347]

၁၅၉၉။ ရခိုင်ပြည်နယ်အတွင်း ဖြစ်စဉ်များအတွက် မကြာခင်က ပြုလုပ်ခဲ့သော အစိုးရ၏ စုံစမ်းစစ်ဆေးမှုများနှင့် ပတ်သက်သည့် လူသိရှင်ကြား အဖြစ်အပျက်များ၊ ထုတ်ဖော်ပြောဆို

[3343] Ibid., စာပိုဒ် ၄၃

[3344] ဥပမာ ၂၀၁၆ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာနက အထူးစုံစမ်းစစ်ဆေးသူကို မြန်မာတပ်မတော်မှ ၂၀၁၁ ခုနှစ်နှင့် ၂၀၁၅ ခုနှစ်အတွင်း လိင်ပိုင်းဆိုင်ရာ နှင့် လိင်စိတ်ဝိသေသလက္ခဏာကွဲပြားမှု အပေါ် အခြေပြုသော အကြမ်းဖက်မှုများ ပြုလုပ်ချက်များအတွက် တပ်မတော်သား ၆၁ ဦးကို တရားစီရင်ခဲ့ကြောင့် အကြောင်းကြားခဲ့သည်ဟု ဆိုပါသည်။ ၃၁ ဦးကို စစ်ခုံရုံးဖြင့် စစ်ဆေး အပြစ်ပေးခဲ့ခြင်းဖြစ်သည်။ (A/HRC/31/71, စာပိုဒ် ၄၉)

[3345] A/HRC/32/18 စာပိုဒ် ၃၆

[3346] A/HRC/32/18 စာပိုဒ် ၄၉

[3347] CEDAW/C/MMR/CO/4-5 စာပိုဒ် ၂၇

မှုများက လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်သူများအား အပြစ်ပေးအရေးယူရန် စစ်မှန်သည့် အားစိုက်လုပ်ဆောင်မှုမရှိကြောင်း ဖော်ပြနေသည်။

- ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ၊ ၇ ရက်နေ့တွင် ရခိုင်လွှတ်တော်အမတ်တစ်ဦးဖြစ်ပြီး၊ အောက်တိုဘာလ၊ ၂၀၁၆ ခုနှစ် "နယ်မြေရှင်းလင်းရေးလုပ်ငန်း" ပြုလုပ်စဉ်အတွင်း လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြောင်း စွပ်စွဲချက်များအား စုံစစ်စစ်ဆေးရန် ဖွဲ့စည်းခဲ့သော ပြည်နယ်အဆင့်ကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဦးအောင်ဝင်းက တွေ့ဆုံမေးမြန်းမှုတစ်ခု ပြုလုပ်ခဲ့သည်။ မုဒိန်းမှု ကျူးလွန်ကြောင်း စွပ်စွဲချက်များနှင့် ပတ်သက်သည့် မေးခွန်းအပေါ် ၎င်းက မုဒိန်းမှုသည် ယုံကြည်ရန် မဖြစ်နိုင်ကြောင်းနှင့် "သူတို့ဟာ အလွန်ညစ်ပတ်တယ်။ ဘင်္ဂါလီ/ရိုဟင်ဂျာ အမျိုးသမီးတွေက နေထိုင်မှု အရမ်းနိမ့်ကျတယ်။ တကိုယ်ရေသန့်ရှင်းမှုလဲမရှိဘူး။ သူတို့က ဆွဲဆောင်မှုမရှိဘူး။ ဒါကြောင့် ဒေသခံ ရခိုင်တွေရော တပ်မတော်သားတွေရော သူတို့ကို စိတ်မဝင်စားဘူး" ဟု ရှင်းပြခဲ့သည်။[3348] စုံစမ်းစစ်ဆေးရေးကော်မတီထံမှ မည်သည့်တွေ့ရှိချက်မျှ ထွက်ပေါ် မလာသေးပေ။

- ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ၊ ၂၆ ရက်နေ့တွင် နိုင်ငံတော်၏ အတိုင်ပင်ခံရုံးက အောက်တိုဘာလ ၂၀၁၆ ခုနှစ် "နယ်မြေရှင်းလင်းရေးလုပ်ငန်း" နှင့်စပ်လျဉ်း၍ "မုဒိန်းမှု ကောလဟာလ" များကို ငြင်းဆိုသည့် ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။[3349] ထိုကြေညာချက်ထဲတွင် အစိုးရစုံစမ်းစစ်ဆေးရေးကော်မရှင်က ရိုဟင်ဂျာ အမျိုးသမီးတစ်ဦးကို တွေ့ဆုံမေးမြန်း ခဲ့ကြောင်း၊ အဆိုပါအမျိုးသမီးက ၎င်းသည် မုဒိန်းကျင့်ခြင်း မခံခဲ့ရကြောင်းနှင့် မုဒိန်း ကျူးလွန်ခြင်းအား မျက်မြင်တွေ့ခဲ့ရခြင်း မရှိကြောင်း ကော်မရှင်အဖွဲ့ဝင်များထံသို့ ပြောကြားကြောင်း ဖော်ပြထားသည်။ ထိုနောက် ကြေညာချက်ထဲတွင် အဆိုပါ အမျိုးသမီးကိုပင် သတင်းထောက်များက နောက်ပိုင်းတွင် တွေ့ဆုံမေးမြန်းခဲ့ရာ ၎င်းသည် မုဒိန်းကျင့်ခံခဲ့ရသည်ဟု ဖြေကြားခဲ့ကြောင်း ထပ်မံဖော်ပြထားသည်။ ကြေညာချက်ထဲတွင် အဆိုပါအမျိုးသမီးအား တွေ့ဆုံမေးမြန်း ထားသော ပုံအချို့နှင့် "မုဒိန်းမှုအတု" ဟူသော စာသားပါ ပုံကို ထည့်သွင်းဖော်ပြထားသည်။ ထိုအချိန်မတိုင်ခင် ရက်အနည်းငယ်အလိုတွင် မုဒိန်းမှုစွပ်စွဲချက်များနှင့် ပတ်သက်၍

[3348] J. Fisher, "မွတ်စလင်အရပ်မသားများ မြန်မာ့တပ်မတော်မှ သတ်ဖြတ်) (BBC News, 7 November 2016), စကားအပြန်အလှန်ပြောဆိုနေသော ဗီဒီယို တခု ပါ ပါဝင်သည်။

[3349] ပြည်ထောင်စု သမတ မြန်မာနိုင်ငံ၊ နိုင်ငံတော်အတိုင်ပင်ခံရုံး (သတင်းပြန်ကြားရေးကော်မတီ "မုဒိန်း ကောလဟာလ များကို ငြင်းဆို" (26 December 2016, http://www.statecounsellor.gov.mm/en/node/545).

အဆိုပါအမျိုးသမီးအား တွေ့ဆုံမေးမြန်းမှု ပြုလုပ်ထားသော ဗီဒီယိုဖိုင်တစ်ခုကို နိုင်ငံတော်သမ္မတရုံးက တင်ခဲ့သည်။[3350] ဗီဒီယိုဖိုင်ကို စီစစ်သုံးသပ်ကြည့်ရာ အောက်ပါအတိုင်းတွေ့ရှိရသည်။

- အမျိုးသားအများစု ဝန်းရံနေသောအချိန်တွင် အဆိုပါအမျိုးသမီးကို ကော်မရှင်ဝင် များက လူသိရှင်ကြားတွေ့ဆုံမေးမြန်းခြင်း ပြုလုပ်ခဲ့ကြောင်း တွေ့ဆုံမေးမြန်းမှုအား မှတ်တမ်းတင်ခြင်းနှင့် ဗီဒီယိုရိုက်ကူးခြင်းပြုလုပ်ခဲ့ကြောင်း တွေ့ရသည်။ ဤအချက်သည် အကျိုးအကြောင်း နားလည်ပြီးမှ သဘောဆန္ဒပေးခြင်း၊ ပုဂ္ဂိုလ်ရေး လုံခြုံမှု၊ လျှို့ဝှက်ထိန်းသိမ်းပေးခြင်းနှင့် လုံခြုံရေး စသည့်အချက်များနှင့် စပ်လျဉ်းသော လူ့အခွင့်အရေး စုံစမ်းစစ်ဆေးခြင်းဆိုင်ရာ အခြေခံစည်းမျဉ်းများကို ချိုးဖောက်နေသည်။

- မေးခွန်းမေးမြန်းသည့် ပုံစံအရ အဆိုပါအမျိုးသမီးသည် ၎င်း၏အတွေ့အကြုံကို လွတ်လပ်စွာ ပြန်လည်မျှဝေနိုင်သည့် အခွင့်အလမ်း ကန့်သတ်ခံထားရသည်။ သူမသည် ရန်လိုသောလေသံဖြင့် မေးမြန်းခံခဲ့ရသည်။ အမျိုးသားဘာသာပြန်က "အဲ့ဒါမပြောနဲ့" ဟု သူမအားပြောဆိုသံကို ကြားနိုင်သည်။ ဘာသာပြန်သည် သူမ၏ ပြောကြားမှု အသေးစိတ်ကိုလည်း မှန်ကန်အောင် မပြန်ဆိုခဲ့ခြင်းမရှိပဲ အဆိုပါအမျိုးသမီးက အခြားအမျိုးသမီးများ ခြေထောက်နစ်ဖက်ကြား သွေးထွက်နေသည်ကို မျက်မြင် တွေ့ခဲ့ရကြောင်း ပြောသောအခါ ဘာသာပြန်က ကြားဖြတ်ကာ "ဒါပေမယ့် သူတို့ မုဒိန်းကျင့်ခံခဲ့ရတာ နင်မြင်ခဲ့လား" ဟု မေးမြန်းခဲ့သည်။ အမျိုးသမီးက "မတွေ့ဘူး ဒါပေမယ့် ... " ဟု ဆက်ပြောသောအခါ ဘာသာပြန်က "မုဒိန်းကျင့်တာ သူမတွေ့ခဲ့ပါဘူး" ဟု ၎င်းတို့နှစ်ဦးအကြား အပြန်အလှန်ပြောဆိုမှုကို ချုံ့ပြန်ဆိုခဲ့သည်။

- အဆိုပါကြေညာချက်သည် ထိုအမျိုးသမီးအား လူသိရှင်ကြား လှောင်ပြောင်မှု စတင်ဖြစ်ပေါ်စေခဲ့ကြောင်း အစိုးရ၏ ဖေ့စ်ဘွတ်စာမျက်နှာ ရေးသားချက်တစ်ခု အောက်ရှိ မှတ်ချက်များက ဖော်ပြနေသည်။ ၂၀၁၈

[3350] မြန်မာ သမတရုံး (Facebook post, 23 December 2016) (https://m.facebook.com/story.php?story_fbid=1181529845228083&id=813476528700085&tra=1&refid=52&__tn__=%2As%2As-R) (accessed August 2018)

ခုနှစ်၊ ဩဂုတ်လတွင် မှတ်ချက်များထဲမှ အကြောင်းအရာနှင့် သက်ဆိုင်မှု အရှိဆုံး မှတ်ချက်တစ်ခုတွင် "ဖာသယ်မ၊ နင့်မျက်နှာနဲ့ နင့်ကို ဘယ်သူမှ မုဒိန်းမကျင့်ချင်ဘူး။ နင်က ကုလားစော်နံနေတာ နင့်နားက ဆယ်ပေအကွာမှာတောင် ငါတို့မနေချင်ဘူး။"[3351] ဟု ရေးသားထားပြီး အဆိုပါမှတ်ချက်သည်။ Like ပေါင်း ၁၁၉ ခုနှင့် Reply ၂၅ ခုရှိခဲ့သည်။ အခြားမှတ်ချက်များမှာ ရိုဟင်ဂျာအမျိုးသမီးများသည် လိမ်ညာ သူများ၊ ဆွဲဆောင်မှုမရှိသူများ၊ ညစ်ပတ်သူများနှင့် "ရွံ့စရာကောင်းသူများ" စသည်ဖြင့် စော်ကားထားသည့် ပြောဆိုမှုများ ပါဝင်သည်။ တစ်နှစ်ခွဲကျော် ကြာပြီးသည့်တိုင်အောင် အဆိုပါရေးသားချက်များနှင့် မှတ်ချက်များသည် သမ္မတ၏ ဖေ့စ်ဘွတ်စာမျက်နှာ ပေါ်တွင် ရှိနေဆဲဖြစ်သည်။

○ သမ္မတနှင့် နိုင်ငံတော်အတိုင်ပင်ခံရုံးမှ ထုတ်ပြန်ခဲ့သော ကြေညာချက်များသည် စုံစမ်းစစ်ဆေးရေးကော်မရှင်က ကြားဖြတ်အစီရင်ခံစာနှင့် နောက်ဆုံးအစီရင်ခံစာ မထုတ်ပြန်မီ စုံစမ်းစစ်ဆေးမှုပြုလုပ်ဆဲ ကာလတွင် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

• ၂၀၁၈ ခုနှစ်၊ ဖေရယ်လ၊ ၃၀ ရက်နေ့တွင် တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၎င်းနှင့်ကုလသမဂ္ဂလုံခြုံရေးကောင်စီ ကိုယ်စားလှယ် အဖွဲ့ကြား တွေ့ဆုံဆွေးနွေးမှုအတွင်း ပြောကြားချက်များကို ၎င်း၏ဖေ့စ်ဘွတ် စာမျက်နှာတွင် ပြန်လည်ဖော်ပြခဲ့သည်။ ပြောကြားချက်ထဲတွင် "မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ဘာသာတရားအရ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုသည် စက်ဆုပ်ရွံ့ရှာဖွယ် ကောင်းပါသည်" ၊ "ချိုးဖောက်သူများသည် ပြင်းပြင်းထန်ထန် အရေးယူခြင်း ခံရပါသည်" ဟု ပြောကြားထားပြီး၊ နောက်တွင် ဖြည့်စွက်၍ "မြန်မာ့တပ်မတော်၏ သမိုင်းတွင် မည်သည့်လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုမှ မရှိခဲ့ပါ" ဟု ပြောကြားခဲ့သည်။[3352]

၁၆၀၀။ မုဒိန်းနှင့် အခြားနည်းလမ်းဖြင့် လိင်အကြမ်းဖက်မှုများနှင့် ပက်သက်၍ ယုံကြည်နိုင် လောက်သော စွပ်စွဲချက်များကို ဆယ်စုနှစ်များစွာ ငြင်းဆိုလာခဲ့သော သမိုင်းကြောင်းကို အမှီပြုလျက် အစိုးရအရာရှိများက အဆိုပါ ပြစ်မှုများကို ဝိုင်းဝန်းဖုံးဖိပေးခြင်းနှင့် ဖြစ်နိုင်ခြေ ကျူးလွန်ခံရသူများနှင့်မျက်မြင်သက်သေများအား လှောင်ပြောင်ခြင်း ပြုလုပ်လာသောအခါ မုဒိန်းကျင့်ခြင်းနှင့် အခြားနည်းလမ်းဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများသည် လုံခြုံရေး အဖွဲ့များ၏ စစ်ဆင်ရေးများတွင်

---

[3351] https://www.facebook.com/myanmarpresidentoffice.gov.mm/videos/1181529845228083/?comment_id=1181606718553729&comment_tracking=%7B%22tn%22%3A%22R9%22%7D (accessed August 2018).
[3352] Post ကို မစ်ရှင်ထံတွင် ဖိုင်နှင့် ရှိသည်။

ကျယ်ကျယ်ပြန့်ပြန့်၊ နည်းစနစ်တကျနှင့် အဖွဲ့အစည်း ယန္တရားအလိုက် ကျင့်သုံးသော နည်းစနစ်ဖြစ်လာသည်မှာ အံ့သြဖွယ်ရာ မဟုတ်တော့ပေ။

### (ခ) ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုများ

၁၆၀၁။ ၂၀၁၂ ခုနှစ်တွင် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှုများ ဖြစ်ပေါ်ပြီးမကြာမီ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်က ဖြစ်စဉ်များနှင့် ပတ်သက်ပြီး "အလွန်ကွဲပြားသော" သတင်းအချက်အလက်များ နှင့်ပတ်သက်၍ စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောဆို ခဲ့သည်။[3353] ၎င်းက ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်မှု ရရှိနိုင်ရေးအတွက် အမှန်တရားနှင့် တရားမျှတမှုရှိရန် မရှိမဖြစ် လိုအပ်ကြောင်းနှင့် "အမှန်တရား မရှာဖွေနိုင်ပါက ချဲ့ကားပြောဆိုမှုများ ထင်ယောင်ထင်မှားပြောဆိုမှုများ" က အစားထိုး ဝင်ရောက်လာကာ လူမှုအသိုင်းအဝိုင်းများကြား မယုံကြည်မှုနှင့် တင်းမာမှုများကို စေ့ဆော်မှုများ ဖြစ်စေလိမ့်မည်ဟု အလေးထားပြောဆိုခဲ့သည်။[3354] အမှန်တရားကို ဘယ်တုန်းကမှ မပေါ်ပေါက်ခဲ့ပါ။ တာဝန်ယူမှုတာဝန်ခံမှုလည်း မရှိခဲ့ပါ။ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုင်း အဝိုင်းများကြား ဆက်ဆံရေး သိသိသာသာ ဆိုးရွားသွားခဲ့သည့် တစ်ချိန်ထဲတွင် ရိုဟင်ဂျာများကို သရုပ်ဖျက်သည့် တစိုက်မတ်မတ် သတင်းမှားဖြန့်ဝေရေး လှုပ်ရှားမှုများ ဖြစ်ပေါ်ခဲ့ပြီး ၎င်းတို့သည် မခံစားနိုင်လောက်တော့သည့် အခြေအနေအထိ အခွင့်အရေးကန့်သတ်မှုများ ဆက်လက် ကြုံတွေ့ခဲ့ရသည်။ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း ဤအခြေအနေသည် ပိုမိုတင်းမာမှုများ၊ ပိုမိုဆိုးရွားသော လုံခြုံရေးအခြေအနေများ၊ နောက်ဆုံး ARSA တိုက်ခိုက်မှုများနှင့် တပ်မတော်၏ "နယ်မြေရှင်းလင်းရေးလုပ်ငန်းများ" ဆီသို့ ဦးတည်သွားစေခဲ့သည်။

၁၆၀၂။ ၂၀၁၂ ခုနှစ်မှစ၍ မြန်မာအာဏာပိုင်များသည် တရားဝင်စုံစမ်းစစ်ဆေးမှု အချို့ကို ပြုလုပ်ခဲ့ပြီး ရခိုင်ပြည်နယ်အခြေအနေနှင့် အဆက်ဆက်ဖြစ်ပေါ်ခဲ့သော ပဋိပက္ခများ နှင့်ပတ်သက်၍ စုံစမ်း မေးမြန်းမှုများ ပြုလုပ်ခဲ့သည်။ သို့သော် တစ်ခုမျှ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များအပေါ် ယုံကြည်နိုင်လောက်သည့် စုံစမ်းစစ်ဆေးမှုများ မဟုတ်ခဲ့ပဲ နိုင်ငံတကာစံနှုန်းများ (လျှင်မြန်မှု၊ စေ့စပ်မှု၊ ထိရောက်မှု၊ လွတ်လပ်အမှီအခိုကင်းမှု၊ သမာသမတ်ကျမှုနှင့် ပွင့်လင်းမြင်သာမှု) နှင့် ကိုက်ညီမှုမရှိခဲ့ပါ။ တစ်ခုမျှ တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ပေးနိုင်ခဲ့ခြင်းလည်း မရှိပါ။

၁၆၀၃။ ၂၀၁၂ ခုနှစ် ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်မှု ဖြစ်ပေါ်ပြီးနောက်၊ သမ္မတ ဦးသိန်းစိန်က ရခိုင်ပြည်နယ်အတွင်း ဂိုဏ်းဂဏဆိုင်ရာ အကြမ်းဖက်မှုများ စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် အတော်အသင့် ကျယ်ပြန့်သော တာဝန်နှင့်လုပ်ပိုင်ခွင့် ရှိခဲ့သည်။ ပဏာမ ကော်မရှင်အဖွဲ့ဝင်များတွင် အမျိုးသမီး (၄) ဦးနှင့်

---

[3353] A/67/383, စာပိုဒ် ၅၈
[3354] Ibid.

မွတ်စလင် (၆) ဦးသာ ပါရှိခဲ့သည်။ မွတ်စလင်အဖွဲ့ဝင် (၂) ဦးကို နောက်ပိုင်းတွင် ထုတ်ပယ်ခဲ့သည်။ ကော်မရှင်ဝင် တစ်ဦးမျှ ရိုဟင်ဂျာမဟုတ်သော်လည်း အဖွဲ့ဝင်အချို့က ရိုဟင်ဂျာဆန့်ကျင်ရေး အမြင်များကို လူသိရှင်ကြား ဖော်ထုတ်ခဲ့ကြသည်။ အစီရင်ခံစာထဲတွင် အထွေထွေ ရိုဟင်ဂျာဆန့်ကျင်ရေး ဘက်လိုက်ဖော်ပြမှုများ ပါဝင်နေသည့်အပြင်[3355] စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ဆောင်ရွက်ချက်များသည် ချို့ယွင်းချက်များ ရှိနေခဲ့သည်။ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များကိုလည်းကောင်း၊ အဖြစ်အပျက်များနှင့် ဖြစ်ပေါ်ရခြင်းအကြောင်းရင်းများနှင့် ပတ်သက်၍ သက်ဆိုင်ရာ လူမှုအသိုင်းအဝိုင်းများ၏ မတူညီသောအမြင်များကိုလည်းကောင်း စေ့စေ့စပ်စပ် စစ်ဆေးခြင်းမရှိပါ။ လုံခြုံရေးအဖွဲ့များ၏ အခန်းကဏ္ဍနှင့် ဆက်စပ်တာဝန်များကို ဖော်ထုတ်ခြင်း သို့မဟုတ် တာဝန်ယူမှုတာဝန်ခံမှုအတွက် ခိုင်မာသည့် တောင်းဆိုချက်များပြုထားလုပ်ခြင်း မရှိပါ။[3356] ကော်မရှင်သည် လူမှုအသိုင်းအဝိုင်းများအကြား တွေ့ရှိလာသော မတူညီသည့်အမြင်များပေါ် ကိုင်တွယ်ဖြေရှင်းမှု မရှိပဲ အချိန်ကြာမြင့်စွာ ဖြစ်တည်လာသော "အုပ်စုများအကြားပဋိပက္ခများ" နှင့် "လုံခြုံရေးခြိမ်းခြောက်မှုများ" အကြောင်းကိုသာ ထပ်လောင်းပြောဆိုခြင်းဖြင့် ဘက်လိုက်သော အမြင်များ၊ ခွဲခြားဆက်ဆံသော အပြုအမူများနှင့် မူဝါဒရွေးချယ်မှုများရှိကြောင်း အတည်ပြုပေးရာ ရောက်သည်။[3357] အကြံပြုချက်များထဲတွင် လုံခြုံရေးပိုမိုတင်းကြပ်ရန်နှင့် တရားဥပဒေ စိုးမိုးရေးရှိရန် လိုအပ်ကြောင်း ယေဘူယျအားဖြင့် အသားပေး ဖော်ပြထားသည်။[3358] သို့သော် ပုံမှန် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်နှင့် တရားမျှတမှုကင်းမဲ့ပြီး ခွဲခြားဆက်ဆံမှုရှိနေသည့် တည်ဆဲဥပဒေများ ရှိနေသည့် အခြေအနေတွင် တရားဥပဒေစိုးမိုးရေး ပိုမိုတင်းကြပ်စွာ ဆောင်ရွက်ခြင်းနှင့် လုံခြုံရေးတပ်ဖွဲ့များတိုးချဲ့ ချထားခြင်းသည် ရိုဟင်ဂျာပြည်သူများအတွက် ပိုမိုကောင်းမွန်သော အကာအကွယ် မည်သို့ဖြစ်စေသည်ကို ထည့်သွင်းစဉ်းစားခြင်းမရှိပါ။

---

[3355] ပြည်ထောင်စုသမတမြန်မာနိုင်ငံ၊ *ရခိုင်ပြည်နယ်တွင် အုပ်စုကွဲများအကြားဖြစ်ပွားသော အကြမ်းဖက်မှု အပေါ် စုံစမ်းရေး ကော်မရှင်၏ နောက်ဆုံးအစီရင်ခံစာ* (၈ ဇူလိုင် ၂၀၁၃) မစ်ရှင်အဖွဲ့ အနေဖြင့် ဤ အစီရင်ခံစာတွင် အရေးကြီးသော အကြံပြုချက် တချို့ပါဝင်ကြောင်းကို အသိအမှတ်ပြုသည်။ ဥပမာအားဖြင့် ရခိုင်ပြည်နယ်တွင် ငြိမ်းချမ်းစွာ ယှဉ်တွဲအတူနေထိုင်နိုင်ရေးအတွက် "အစိုးရ နှင့် အခြားသက်ဆိုင်သူများအားလုံး ပဋိပက္ခတွင် အကျုံးဝင်နေသူအားလုံးအတွက် လူ့အခွင့်အရေး ကာကွယ်မှု သေချာစေရေးအတွက် အစပြုကြပါရန်" ရှင်းလင်းစွာ ဖေါ်ပြထားပါသည်။ (စာပိုဒ် ၁၂.၁၃ တွင်ကြည့်ရန်)။ အကြံပြုသော လုပ်ဆောင်ရန်များ အများအပြားမှ နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့် လိုက်လျောညီထွေဖြစ်ရန် ခြွင်းချက်ဆန်နေပါသည်။

[3356] အကြံပြုချက်များတွင် အခြေခံမှုနှင့်ပါတ်သက်၍ အထွေထွေ ထုတ်ဖေါ်မှုများ ပါဝင်သည်။ ဥပမာ "လုံခြုံရေးနှင့် အရေးပေါ်အခြေအနေ တုန့်ပြန်မှု တာဝန်ရှိသူများသည် ၎င်းတို့၏ တာဝန်များကို ဥပဒေနှင့် အညီဆောင်ရွက်သင့်ပြီး ဥပဒေချိုးဖောက်သူများအား တည်ရှိနေသော ဥပဒေများနှင့်အညီ တာဝန်ခံစေရမည်။"

[3357] စိတ်ဝင်စားစရာဖြစ်စွာပင် ကော်မရှင်က "ဗုဒ္ဓဘာသာဝင်များနှင့် အစ္စလမ်မစ် အသိုင်းအဝန်းအကြား ဖြစ်ပွားသော အုပ်စုအကြား အကြမ်းဖက်မှုများ၏ ဇစ်မြစ်ပြဿနာကို ဆုံးဖြတ်နိုင်ရန်အတွက် အမှန်တရား ရှာဖွေရေး ကော်မတီ တရပ်" ဖွဲ့ရန် အကြံပြုထားခြင်း ဖြစ်သည်။

[3358] အစိုးရ အနေဖြင့် ဆက်တိုက်ဆိုသလို ရခိုင်ပြည်နယ် တည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖေါ်ရေး ကော်မတီကို ထူထောင်လိုက်ပြီး ဒု-သမတဖြစ်သူ ဒေါက်တာ စိုင်းမောက်ခမ်းမှ ဥက္ကဋ္ဌ တာဝန် ယူပါသည်။ ဤကော်မတီတွင် ကော်မတီခွဲ ၆ ခု ပါဝင်ပြီး ဗဟိုကော်မတီက ချမှတ်ထားသော ပေါ်လစီများ နှင့် စုံစမ်းရေး ကော်မရှင်က အကြံပြုချက်များကို အကောင်အထည်ဖေါ်ရန် တာဝန်ယူရပါသည်။ ၎င်းတို့သည် သမတနှင့် စုံစမ်းစစ်ဆေးရေးကော်မရှင်မှ ဖေါ်ထုတ်လိုက်သော လမ်းကြောင်းကို လိုက်ပါလိုက်ခြင်း ဖြစ်သည်။ ၎င်းတိုပ်သည် လူ့အခွင့်အရေးနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုတို့ကို အာရုံထားစရာ မလိုပါ။

၁၆၀၄။ ဇန်နဝါရီလ ၂၀၁၄ ခုနှစ်တွင် ရခိုင်ပြည်နယ် ဒူချီရာတန်ကျေးရွာတွင် ရဲတပ်ဖွဲ့၏ စစ်ဆင်ရေးတစ်ခုနှစ်ပတ်သက်၍ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်အသစ်များ ထွက်ပေါ်လာခဲ့သည်။ စွပ်စွဲချက်များထဲတွင် သတ်ဖြတ်မှုများ၊ လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှုများနှင့် မီးရှို့ဖျက်ဆီးမှုများ[3359] ပါဝင်ပြီး ကုလသမဂ္ဂအထူးကိုယ်စားလှယ်က အဆိုပါအဖြစ်အပျက်နှင့် ပတ်သက်ပြီး ပြည်တွင်းစုံစမ်းစစ်ဆေးမှုများသည် ကျေနပ်ဖွယ်ရာ မရှိသည့်အတွက် စိုးရိမ်မိကြောင်း ထုတ်ဖော်ပြောဆိုခဲ့သည်။[3360] ရခိုင်ပြည်နယ် စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့သည် အဆိုပါကျေးရွာကို သွားရောက်ခဲ့ပြီးနောက် ရိုဟင်ဂျာပြည်သူများကို သတ်ဖြတ်မှုနှင့် ရိုဟင်ဂျာဆန့်ကျင်ရေး အကြမ်းဖက်မှု စွပ်စွဲချက်များသည် မှားယွင်းနေကြောင်း သို့မဟုတ် "စီစစ်အတည်ပြု၍ မရနိုင်ကြောင်း" ကောက်ချက်ချခဲ့သည်။[3361] ထို့နောက်တွင် သမ္မတသည် အဖွဲ့ဝင် (၁၀) ဦး ပါသော စုံစမ်းစစ်ဆေးရေး ကော်မရှင်တစ်ခု ဖွဲ့စည်းခဲ့သည်။ ကော်မရှင်သည် ၎င်း၏ တွေ့ရှိချက်များကို အစီရင်ခံစာအနှစ်ချုပ် ထုတ်ပြန်ခဲ့ရာ အလားတူ ကောက်ချက်ချမှုများ ပါဝင်ခဲ့သည်။[3362] ရခိုင်ပြည်နယ်စုံစမ်းစစ်ဆေးရေးကော်မရှင်၏ ကနဦးခရီးစဉ်မတိုင်ခင် သတ်ဖြတ်မှုများနှင့်ပတ်သက်၍ ပြောကြားခြင်းမပြုရန် ရွာသားများအား သတိပေး ခြိမ်းခြောက်မှုများရှိခဲ့ကြောင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ တင်ပြလာသော စိုးရိမ်မှုများအပေါ် ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် မှတ်သားရပါသည်။[3363] ကိုယ်စားလှယ်အဖွဲ့ အနေဖြင့် ဤတင်ပြချက်ကို အတည်ပြု၍ မရနိုင်သော်လည်း ဤအချက်သည် အခြားသော နေရာများတွင် တွေ့ရှိရသော ဖြစ်ပေါ်နေကျအခြေအနေများနှင့် ကိုက်ညီနေသည်။ အစီရင်ခံစာထဲတွင်လည်း မေးခွန်းထုတ်စရာများ ရှိနေသည်။ ဥပမာ - ရိုဟင်ဂျာပြည်သူများ၏ ပိုင်ဆိုင်မှုများကို (ရိုဟင်ဂျာများစွာက ပြောခဲ့သည့်အတိုင်း) ရဲများက မီးရှို့ခြင်းမဟုတ်ကြောင်း၊ "မီးလောင်၍ အုံကြွမှုများဖြစ်စေလိုသည့် နိုင်ငံရေးရည်ရွယ်ချက်ရှိသည့် အစိုးရဆန့်ကျင်သူ လူတစ်စုက" ပြုလုပ်ခြင်းဖြစ်ကြောင်း အစီရင်ခံစာက ဆိုထားသည်။ တွေ့ရှိချက်များကို ရှင်းလင်းထားခြင်းမရှိသည့်အပြင် စွပ်စွဲထားသော လူတစ်စုဆိုသည်ကိုလဲ ဖော်ထုတ်ထားခြင်း မရှိပါ။

၁၆၀၅။ ဒေသတွင်းတွင် တင်းမာမှုများပိုမိုမြင့်တင့်လာပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလတွင် ARSA တိုက်ခိုက်မှုနှင့် တပ်မတော်၏ "နယ်မြေရှင်းလင်းမှုလုပ်ငန်းများ" ဆက်လက်

[3359] OHCHR, "ရခိုင်ပြည်မြောက်ပိုင်း ရှိ သတ်ဖြတ်မှုများကို စုံစမ်းစစ်ဆေးရန် Pillay မှ တောင်းဆိုလိုက်" (၂၀၁၄ ခုနှစ် ဇန္နဝါရီ ၂၃ ရက်)

[3360] A/HRC/25/64, စာပိုဒ် ၄၇-၄၈

[3361] A/HRC/25/64/Add.1 စာပိုဒ် ၂၂ -၂၅

[3362] *၂၀၁၄ ခုနှစ်က ဖြစ်သော ဒူချီးယာ အရေးအခင်းနှင့် ဆက်စပ်သော အဖြစ်အပျက်များအတွက် စုံစမ်းစစ်ဆေးရေး ကော်မရှင်၏ အကျဉ်းချုပ် အစီရင်ခံစာ* (https://drive.google.com/file/d/0Bwd1WXitJ5PHdVJxWGtSdVlSX0U/view, accessed August 2018).

[3363] International Coordinating Committee Sub-Committee on Accreditation - မြန်မာ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ တရားဝင် အသိအမှတ်ပြုခံရခြင်း- The Asian NGO Network on National Human Rights Institutions နှင့် Burma Partnership တို့မှ တင်သွင်းခြင်း (16 July 2015).

ဖြစ်ပေါ်လာစေခဲ့သည်။ မြန်မာလုံခြုံရေးတပ်ဖွဲ့များသည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်ကြောင်း ယုံကြည်နိုင်လောက်သည့် စွပ်စွဲချက်များ ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်ခဲ့ပြီး လူသားမျိုးနွယ်အပေါ် ကျူးလွန်သောရာဇဝတ်မှု မြောက်နိုင်လောက်သည့် လုပ်ရပ်များရှိခဲ့ကြောင်း စွပ်စွဲချက်များလည်း ပါဝင်ခဲ့သည်။ အာဏာပိုင်များသည် ပြည်ထောင်စုအဆင့်၊ ရဲတပ်ဖွဲ့ကပြုလုပ်သောအဆင့်၊ တပ်မတော်ကပြုလုပ်သောအဆင့်နှင့် ပြည်နယ်အဆင့်တို့တွင် စုံစမ်းမေးမြန်းမှု အနည်းဆုံး (၄) ကြိမ် ပြုလုပ်ခဲ့သည်။[3364]

၁၆၀၆။ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁ ရက်နေ့တွင် သမ္မတ ဦးထင်ကျော်သည် ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်အတွက် အဖွဲ့ဝင် ၁၃ ဦးပါဝင်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခုကို ဖွဲ့စည်းခဲ့သည်။[3365] ကော်မရှင်တွင် ဒုသမ္မတ ဗိုလ်ချုပ်မှူးကြီး မြင့်ဆွေက (တပ်မတော်က ခန့်အပ်ထားသော ဒုသမ္မတ) ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး နောက်ထပ် တပ်မတော် ဗိုလ်ချုပ်ကြီးဟောင်း တစ်ဦး (ဦးအောင်ကြည်) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် (ဗိုလ်ချုပ်ဇော်ဝင်း) တို့ပါဝင်ကြသည်။ ကော်မရှင်ထဲတွင် ရိုဟင်ဂျာတစ်ဦးမှ မပါဝင်ပဲ အမျိုးသမီး (၂) ဦးသာ ပါဝင်သည်။ ၂၀၁၇ ခုနှစ်၊ ဇန်နဝါရီလ အစောပိုင်းတွင် ကြားဖြတ်အစီရင်ခံစာတစ်ခုကို ကော်မရှင်က ထုတ်ပြန်ခဲ့ပြီး[3366] "ဒေသထဲတွင် လူမျိုးတုန်းသတ်ဖြတ်မှုနှင့် ဘာသာရေး နှိပ်ကွပ်မှုများမတွေ့ခဲ့ရ" ကြောင်းထုတ်ပြန်ခဲ့သည်။ မောင်းတောမြို့နယ်တွင် ရိုဟင်ဂျာပြည်သူများ ဆက်လက်ရှိနေခြင်း၊ ဗလီများနှင့် ဘာသာရေးအဖွဲ့အစည်းများ ဆက်လက်ရှိနေခြင်းက သက်သေဖြစ်ကြောင်း ဖော်ပြခဲ့သည်။ ကော်မရှင်အနေဖြင့် မုဒိမ်းမှုများ၊ မီးရှို့ဖျက်ဆီးမှုများ တရားလက်လွတ်ဖမ်းဆီးမှု သို့မဟုတ် ညှင်းပန်းနှိပ်စက်မှုများအတွက် လုံလောက်သော သက်သေများ မတွေ့ရှိခဲ့ပါ။

၁၆၀၇။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ၆ ရက်နေ့တွင် အဆုံးသတ်အစီရင်ခံစာ အနှစ်ချုပ်ကို ကော်မရှင်က ထုတ်ပြန်ခဲ့သည်။[3367] အစီရင်ခံစာတွင် လုံခြုံရေးအဖွဲ့များက သက်ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ယေဘူယျအားဖြင့် လိုက်နာကြောင်း၊ "ကွပ်ကဲမှု အားနည်းသော နေရာများတွင်" ချိုးဖောက်သည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့နိုင်ကြောင်း ကောက်ချက်ချထားသည်။

---

[3364] ၂၀၁၆ ခုနှစ် ဩဂုတ်လတွင် သမတ ဦးထင်ကျော်မှ အဖွဲ့ဝင် ၉ ဦးပါသော ရခိုင်ပြည်အတွက် အကြံပေးကော်မတီကို ဖွဲ့စည်းခဲ့ရာ ယခင် ကုလသမဂ္ဂ အထွေထွေ အတင်းရေးမှူးချုပ် ကိုဖီအာနန် မှ ဥက္ကဋ္ဌ အဖြစ်တာဝန်ယူကာ နိုင်ငံသား ၆ ဦး၊ နိုင်ငံတကာ ကျွမ်းကျင်သူ ၃ ဦးတို့ဖြစ် ဖွဲ့စည်းခဲ့ပါသည်။ ၎င်း၏ တာဝန်မှာ ရခိုင်ပြည်နယ်ရှိ ပြည်သူအားလုံး၏ သာယာဝပြောရေးအတွက် ခိုင်မာတိကျသော နည်းလမ်းများ အဆိုပြုပေးရန် ဖြစ်ပါသည်။ စွပ်စွဲခံထားရသော လူ့အခွင့်အရေးချိုးဖောက်မှုများ၏ တိကျသော အဖြစ်အပျက်များကို စစ်ဆေးရန် တာဝန်မပေးခဲ့ပါ။ ထို့နောက်တွင် အစိုးရမှ ရခိုင်ပြည်နယ်အတွက် ထိုအကြံပြုချက်များကို အကောင်အထည်ဖော်ရန် ကော်မတီတရပ်ဖွဲ့စည်းခဲ့ပြီး လူမှုဖူလုံရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး ဦးဆောင်စေခဲ့ပါသည်။ အလားတူ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးချက်များ အကောင်အထည်ဖော်ရေး အကြံပေးဘုတ်အဖွဲ့ကို ယခင် ထိုင်းနိုင်ငံ၏ ဒု ဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး ဖြစ်သူ Dr. Surakiart Sathirathai က ဦးဆောင်ခဲ့ပါသည်။

[3365] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်၊ သမတရုံး။ "စုံစမ်းစစ်ဆေးရေး ကော်မရှင် ဖွဲ့စည်းခြင်း" (အကြောင်းကြားစာ အမှတ် ၈၉ ။၂၀၁၆၊ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်နေ့)

[3366] ပြည်ထောင်စုသမတမြန်မာနိုင်ငံတော်၊ သမတရုံး။ "မောင်တော စုံစမ်းစစ်ဆေးရေးကော်မတီ၏ ကြားဖြတ်အစီရင်ခံစာ" (၂၀၁၇ ခုနှစ် ဇန္နဝါရီလ ၃ ရက်နေ့)

[3367] "မောင်တော စုံစမ်းစစ်ဆေးရေးကော်မတီ အစီရင်ခံစာ အကျဉ်းချုပ် (၂၀၁၇ ဩဂုတ်လ ၆ ရက်နေ့) ဤ တွင် ရနိုင်ပါသည်။ http://www.myanmarembassydhaka.com/wp-content/uploads/2017/10/Summary-Report-of-the-Investigation-Com.-8.8.17.pdf (accessed August 2018).

အဆိုပါ ချိုးဖောက်မှုများနှင့် ပတ်သက်၍ အရေးယူဆောင်ရွက်မှုများ ပြုလုပ်ထားသည်ဟု ဖော်ပြထားပြီး အသေးစိတ် ထပ်မံရှင်းလင်းထားခြင်းမရှိပါ။ သတ်ဖြတ်မှုများ၊ ညှဉ်းပန်းနှိပ်စက်မှုများ၊ မုဒိန်းမှုများနှင့် မီးရှို့ဖျက်ဆီးမှုများ အပါအဝင် တိကျသော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပတ်သက်၍ အချို့သော ဖြစ်စဉ်များအတွက် အရေးယူဆောင်ရွက်မှုများ ရှိကြောင်း သို့သော် သက်သေပစ္စည်းရရှိရန် ခက်ခဲကြောင်းနှင့် "အဆောက်အဦးများ မီးရှို့ဖျက်ဆီးခြင်းနှင့် ပတ်သက်၍ လုံခြုံရေးတပ်ဖွဲ့များ သို့မဟုတ် ရွာသားများ သို့မဟုတ် အကြမ်းဖက်အဖွဲ့အစည်းများအနက် မည်သူကျူးလွန်ခဲ့သည် ဖြစ်ကြောင်းကို မည်သို့မျှ တပ်အပ်မပြောနိုင်ကြောင်း" ကော်မရှင်က ဖော်ပြခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလနှင့် မတ်လတွင် "လူသတ်မှု၊ မုဒိန်းမှု၊ မီးရှို့ဖျက်ဆီးမှု၊ သက်သေပစ္စည်းများ ဖျက်ဆီးမှု၊ ငွေကြေး/ပိုင်ဆိုင်မှုများ ဆုံးရှုံးမှု၊ လူသေမှု" (၂၁) မှု တိုင်ကြားထားခြင်းရှိကြောင်း သို့သော်လည်း တစ်ချို့သော တိုင်ကြားချက်များသည် "စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များနှင့် ကွဲလွဲနေကြောင်း" ၊ တစ်ချို့ "တိုင်ကြားချက်များသည် လုပ်ကြံဖန်တီးထားခြင်းဖြစ်ကြောင်း" ကော်မရှင်က မှတ်ချက်ပြုခဲ့သည်။ ထိရှလွယ်သော လူ့အခွင့်အရေးဆိုင်ရာ စုံစမ်းစစ်ဆေးမှုများပြုလုပ်ခြင်းနှင့် ပတ်သက်သည့် ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုနည်းစနစ်နှင့် ကျွမ်းကျင်မှုအပေါ် မေးခွန်း ထုတ်စရာဖြစ်နေသည်။[3368] လုံခြုံရေးတပ်ဖွဲ့များ၏ တာဝန်နှင့် အခန်းကဏ္ဍနှင့် ပတ်သက်၍ ကော်မရှင်က တိကျသော စုံစမ်းတွေ့ရှိချက် တစ်ခုမျှ မရှိပါ။

၁၆၀၈။ စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တောင်းဆိုမှုဖြင့် တပ်မတော်နှင့် ရဲတပ်ဖွဲ့ပူးပေါင်း၍ ၎င်းတို့ကိုယ်တိုင်၏ မမှန်မကန်လုပ်ကြောင်း စွပ်စွဲချက်များအပေါ် စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းခဲ့သည်။ ၂၀၁၇ ခုနှစ်၊ ဖေဖော်ရီလ၊ ၉ ရက်နေ့တွင် ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း (တပ်မတော်စစ်ဆေးရေးအရာရှိချုပ်) က ဦးဆောင်သော အဖွဲ့ဝင်ငါးဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေး ဘုတ်အဖွဲ့တစ်ခုကို ဖွဲ့စည်းခဲ့ကြောင်း တပ်မတော်က ပြောကြားခဲ့သည်။ ဤ စုံစမ်းစစ်ဆေးရေးဘုတ်အဖွဲ့အား ၃၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ ၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် OHCHR ၏ "၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသော ရိုဟင်ဂျာများနှင့် တွေ့ဆုံမေးမြန်းမှုများ" အမည်ရှိ လျပ်တစ်ပျက်အစီရင်ခံစာပါ တွေ့ရှိချက်များကို စုံစမ်စစ်ဆေးမှုပြုလုပ်ရန် တာဝန်ပေးအပ်ခဲ့သည်။ OHCHR အစီရင်ခံစာတွင် "ထိုနေရာတွင် (သတ်ဖြတ်မှု၊ လူပုဂ္ဂိုလ်လက်စဖျောက်မှု၊ ညှင်းပန်းနှိပ်စက်မှုနှင့် အခြားသော လူမဆန်သည့် ပြုမူဆက်ဆံမှု၊ မုဒိန်းမှုနှင့် အခြားနည်းလမ်းဖြင့် လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု၊ တရားလက်လွတ် ဖမ်းဆီးထိန်းသိမ်းမှု၊ အကြမ်းဖက်မှုများနှင့် နှိပ်ကွပ်မှုများကြောင့် ဆန္ဒမရပါပဲ ရွှေ့ပြောင်းရမှု) စသည့် ရိုဟင်ဂျာလူထုအပေါ် တိုက်ခိုက်မှုများသည် ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်သာမက စနစ်တကျလည်း ကျူးလွန်ခဲ့သည့် အသွင်ဆောင်ပြီး လူသားမျိုးနွယ်အပေါ်ကျူးလွန်သည့် ရာဇဝတ်မှု

[3368] လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ခံရသည့် နစ်နာခံစားရသူကို လူအများရှေ့ တွေ့ဆုံမေးမြန်းခြင်းနှင့် အရှက်ဖြစ်စေခြင်းနှင့် ပါတ်သက်၍ ဥပမာ တခု ကို အပေါ်တွင် အသေးစိပ်ရှင်းပြာထားပါသည်။

မြောက်နိုင်ခြေအလွန်များသည်”[3369] ဟူသော သုံးသပ်ချက်နှင့်အတူ အခြားသုံးသပ်ချက်များ ပါဝင်သည်။ ၂၀၁၇ ခုနှစ်၊ မေလ၊ ၂၃ ရက်နေ့တွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးအဖွဲ့က ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း၏ စုံစမ်းစစ်ဆေးမှု ရလဒ်များကို ထုတ်ပြန်ခဲ့သည်။ တွေ့ရှိချက်များတွင် OHCHR လျပ်တစ်ပျက် အစီရင်ခံစာပါ “စွပ်စွဲထားသော” ဖြစ်စဉ် (၁၈) ခုအနက် (၁၂) ခုမှာ “လုံးဝများယွင်း” နေကြောင်းနှင့် ကျန် (၈) ခုမှာ မှားယွင်းသော “စွပ်စွဲချက်များနှင့် ချဲကားဖော်ပြမှုများကြောင့် မှန်ကန်မှုမရှိ” ဟု ဖော်ပြထားသည်။ နောက်ဆက်တွဲ အသေးစိတ်များ ဖော်ပြထားခြင်းမရှိပါ။ ထိုအစား တပ်မတော်သားတစ်ဦးသည် “ပိုင်ရှင်ထံမှ ခွင့်ပြုချက်မရှိပဲ ဆိုင်ကယ် အသုံးပြု ခဲ့ကြောင်း” ၊ “ကျေးရွာအုပ်ချုပ်ရေးမှူးတစ်ဦးနှင့် ရွာသားများကို ရိုက်နက်ရာတွင် လူ (၃) ဦး ပါဝင်ခဲ့ကြောင်း” တပ်မတော် စုံစမ်းစစ်ဆေးရေးတွေ့ရှိချက်တွင် မှတ်ချက်ပြုထားသည်။ ထိုပြစ်မှုများအတွက် အပြစ်ပေးအရေးယူမှု ပြုလုပ်ပြီးဖြစ်ကြောင်း သိရှိရသည်။[3370]

၁၆၀၉။ ၂၀၁၆ ခုနှစ် နယ်မြေရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်အချိန်အတွင်း ရဲတပ်ဖွဲ့ဝင်များက ကျူးလွန်ခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များကို စုံစမ်းဖော်ထုတ်ရန် ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ပြည်ထဲရေးဝန်ကြီးဌာနက ရဲမှူးချုပ် ဝင်းထွန်း ဦးဆောင်သော အဖွဲ့ဝင် (၅) ဦးပါဝင်သည့် စုံစမ်းစစ်ဆေးရေး ကော်မတီတစ်ခုကို ဖွဲ့စည်းခဲ့သည်ဟု သိရသည်။[3371] *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် အဆိုပါစုံစမ်းစစ်ဆေးမှု၏ နောက်ဆုံးအစီရင်ခံစာကို မတွေ့ရသေးပေ။ မီဒီယာတွင် ဖော်ပြချက်များအရ (ကြည့်ရှုသူများသည့်) ဗီဒီယိုဖိုင်တစ်ခုတွင် တွေ့ရသည့် ရခိုင်ပြည်နယ်၊ ကိုးတန်ကောက်ကျေးရွာရှိ ရိုဟင်ဂျာပြည်သူ တစ်စုအား ရိုက်နက်နေသော ရဲတပ်ဖွဲ့ဝင်ငါးဦးကို ထောင်ဒဏ် (၂) လ ချမှတ်ခဲ့သည်ဟု သိရှိရသည်။[3372] ထို ၂၀၁၆ ခုနှစ် စစ်ဆင်ရေးအတွင်း ပေ့ါဆမှုကြောင့်ဆို၍ နယ်ခြားစောင့်ရဲအရာရှိ ၃ ဦးကို ထောင်ဒါဏ် ချမှတ်လိုက်သည်။[3373] ဤနောက်ဆုံးဖော်ပြပါ ပြစ်မှုထင်ရှား စီရင်မှုသည် အင်အားအလွန်အကျွံသုံးစွဲမှုကြောင့် သို့မဟုတ် ရိုဟင်ဂျာများအပေါ် ညှာတာမှုမရှိသော ဆက်ဆံမှု ပြုလုပ်သောကြောင့် မဟုတ်ပဲ တိုက်ခိုက်ခံခဲ့ရသော လုံခြုံရေးစခန်းများကို ကာကွယ်ရန် ပျက်ကွက်ခဲ့ခြင်းကြောင့် ဖြစ်သည်ဟု သိရသည်။ ထိုပြစ်မှုထင်ရှား စီရင်မှုများသည် ရဲတပ်ဖွဲ့ စုံစမ်းစစ်ဆေးရေး ကော်မတီနှင့် သက်ဆိုင်မှု ရှိမရှိ

[3369] OHCHR, *ဘင်္ဂလားဒေ့ရှ်ရှိ OHCHR mission ၏ အစီရင်ခံစာ –“၂၀၁၆ ခုနှစ် အောက်တိုဘာလမှစ၍ မြန်မာနိုင်ငံမှ ထွက်ပြေးတိမ်းရှောင်လာသော ရိုဟင်ဂျာများနှင့် တွေ့ဆုံမေးမြန်းမှုများ”– လျှပ်တစ်ပျက် အစီရင်ခံစာ* (3 February 2017)

[3370] ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော်၊ ပြန်ကြားရေးဝန်ကြီးဌာန http://www.moi.gov.mm/moi:zg/?q=news/3/01/2017/id-10311

[3371] Htoo Thant, “ရခိုင်ပြည်နယ်ရှိ ဥပဒေမဲ့လုပ်ရပ်များကို တပ်မတော်မှ အရေးယူမည်။” (Myanmar Times, 2 March 2017) ။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော် သမတရုံး တွင်လည်း တွေ့ရသည်။ “တပ်မတော်မှ ရခိုင်ပြည်မြောက်ပိုင်းရှိ နယ်မြေရှင်းလင်းရေး စစ်ဆင်ရေးများကို အဆုံးသတ်” (undated, available here http://www.president-office.gov.mm/en/?q=issues/rakhine-state-affairs/id-7288)

[3372] Reuters, “ရိုဟင်ဂျာများအပေ့ါ ရာဇဝတ်မှုကျူးလွန်ခြင်း စွပ်စွဲချက်များအပေါ် ရဲများအား မြန်မာ မှ စုံစမ်း” (၁၃ ဖေဖော်ဝါရီ ၂၀၁၇ ခုနှစ်)

[3373] Frontier Myanmar, “ရခိုင် ကင်းစခန်းများ အတိုက်ခံရမှုနှင့် ပါတ်သက်၍ အဆင်မြင့် ရဲအရာရှိ ထောင်ချခံရ” (၂၅ ဖေဖော်ဝါရီ ၂၀၁၇); Htet Naing Zaw, “တာဝန်ပျက်ကွက်မှုအတွက် မောင်တော် နယ်ခြားစောင့် ရဲအရာရှိအား ထောင်ချ” (The Irrawaddy, ၂၄ ဖေဖော်ဝါရီ ၂၀၁၇ ခုနှစ်)

ရှင်းလင်းမှုမရှိပေ။ ထိုမတိုင်ခင်က အဆိုပါ ဗီဒီယိုထဲတွင် ပါဝင်ခဲ့သူများကို အရေးယူဆောင်ရွက်နေကြောင်း နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် သတင်းပြန်ကြားရေး ကော်မတီက ကြေညာချက်ထုတ်ပြန်ပြီး ဖြစ်သည်။[3374]

၁၆၁၀။ လက်တလောတွင် နောက်ထပ် ရခိုင်ပြည်နယ်လွှတ်တော်က ဖွဲ့စည်းခဲ့သော ရခိုင်နိုင်ငံရေးသမား ဦးအောင်ဝင်း ဦးဆောင်သည့် အဖွဲ့ဝင် (၁၁) ဦးပါ ပြည်နယ်အဆင့် ကော်မတီက ၎င်း၏ ကိုယ်ပိုင်စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ခဲ့သည်။ ဦးအောင်ဝင်း၏ ဘက်လိုက်မှု အကြောင်းကို အထက်တွင် မီးမောင်းထိုး ဖော်ပြထားပြီးဖြစ်သည်။ ကော်မတီသည် ရခိုင်ပြည်နယ်လွှတ်တော်သို့ ၎င်း၏ ကြားဖြတ်နှင့် နောက်ဆုံးအစီရင်ခံစာတို့ကို ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလနှင့် ၂၀၁၇ ခုနှစ်၊ မတ်လတို့တွင် အသီးသီးတင်သွင်းခဲ့သည်။ အဆိုပါ ကြားဖြတ်အစီရင်ခံစာ မိတ္တူတစ်စောင်ကို *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် တွေ့မြင်ခဲ့ရသော်လည်း[3375] နောက်ဆုံးအစီရင်ခံစာကို သတင်းမီဒီယာများ၏ တင်ပြချက်အရသာ သိရှိရသည်။[3376] အဆိုပါအချက်အလက်များအရ လုံခြုံရေးတပ်ဖွဲ့များဘက်မှ မမှန်မကန်လုပ်ဆောင်မှုများ ကော်မတီမှ တွေ့ရှိခဲ့ခြင်းမရှိကြောင်းနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပတ်သက်၍ အကြံပြုချက်များပေးခြင်း မရှိခဲ့ဟု သုံးသပ်ရသည်။ ၎င်းသည် မောင်းတောနှင့် ရသေ့တောင် မြို့နယ်များတွင် လှုပ်ရှားနေသော "မူဂျာဟစ်များ" ၏ "အကြမ်းဖက်တိုက်ခိုက်မှုများ" နှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြထားသည်။

၁၆၁၁။ ရခိုင်ပြည်နယ်၊ မောင်းတောမြို့နယ်အတွက် ပြည်ထောင်စုအဆင့် စုံစမ်းစစ်ဆေးရေး ကော်မရှင်က ၎င်း၏ နောက်ဆုံးအစီရင်ခံစာကို ပြန်လည်တင်ပြခဲ့ပြီး ထိုအစီရင်ခံစာတွင်လည်း လုံခြုံရေးတပ်ဖွဲ့များအပေါ် စွပ်စွဲချက်သည် အားလုံးမဟုတ်သည့်တိုင် အများစုမှာ မှားယွင်းနေကြောင်း ခြုံငုံသပ်ထားသည်။ အစီရင်ခံစာထုတ်ပြန်ပြီး သုံးပတ်နီးပါး အကြာ၊ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ၊ ၂၅ ရက်နေ့တွင် ARSA တိုက်ခိုက်မှုဖြစ်ပေါ်ခဲ့ပြီး တပ်မတော်က "နယ်မြေရှင်းလင်းရေးလုပ်ငန်းများ" ထပ်မံဆောင်ရွက်ခဲ့သည်။

---

[3374] သတင်းပြန်ကြားရေး ကော်မတီ "မောင်တော ကိုးတန်ကောက်ရွာ နယ်မြေရှင်းလင်းရေးစစ်ဆင်ရေးအတွင်း ရဲတပ်ဖွဲ့ဝင်များ ရိုက်ယူခဲ့သော ဗီဒီယိုကိစ္စ နှင့်ပါတ်သက်၍ သတင်းထုတ်ပြန်ချက်"(Facebook post, ၂ ရက်နေ့ ဇန္နဝါရီ ၂၀၁၇ ခုနှစ်) https://www.facebook.com/InfomationCommittee/posts/663761827130260

[3375] ရခိုင်လွှတ်တော်၏ တရားဝင် ဖေ့ဘုတ် စာမျက်နှာတွင် ထုတ်ပြန်ထားသော ကြားဖြတ်အစီရင်ခံစာ https://www.facebook.com/rakhinestatenews/photos/a.321754331295753.1073741828.319947374809782/771298783007970/?type=3 (accessed July 2018).

[3376] အစီရင်ခံစာ အပြည့်အစုံ ထုတ်ပြန်ကြောင်း မီဒီယာတွင် အစီရင်ခံခဲ့ပါသည်။ သို့သော်လည်း မင်ရှင် အနေဖြင့် အစီရင်ခံစာ၏ အမှန်တကယ် မိတ္တူကို မလိုက်နိုင်ခဲ့ပါ။ ဤတွင် မီဒီယာသတင်းကြည့်ပါ။ Yee Ywal Myint, "မောင်တော-ရသေ့တောင် သက်သေပြ ကော်မတီက နောက်ဆုံးအစီရင်ခံစာ တင်သွင်း" (Myanmar Times, ၂၂ မတ်လ ၂၀၁၇ ခုနှစ်) နှင့် မြန်မာဘာသာ မီဒီယာများ https://www.facebook.com/rakhinestatenews/posts/816665458471302; https://www.facebook.com/rfaburmese/videos/10155660569523128/; https://www.facebook.com/themyanmartimes/photos/a.269945775975.153936.269917285975/10154340883955976/?type=3.

၁၆၁၂။ "နယ်မြေရှင်းလင်းရေးလုပ်ငန်း" များ စတင်ခဲ့သည့် ခုနှစ်မှစ၍ လူ့အခွင့်အရေး ချိုးဖောက်မှု စွပ်စွဲချက်များအပေါ် မြန်ဆန်မှု၊ လွတ်လပ်အမှီအခိုကင်းမှု၊ သမာသမတ်ကျမှု၊ စေ့စပ်မှုနှင့်ထိရောက်မှု နှင့်ပွင့်လင်းမြင်သာမှုရှိသော ယုံကြည်နိုင်လောက်သည့် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ခြင်း မရှိပါ။ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ၊ ၁၃ ရက်နေ့တွင် တပ်မတော် သတင်းမှန်ပြန်ကြားရေးက "ရခိုင်ပြည်နယ်၊ မောင်းတောဒေသ အကြမ်းဖက် တိုက်ခိုက်မှုများ အတွင်း လုံခြုံရေးတပ်ဖွဲ့များ၏ စွမ်းဆောင်ရည်နှင့် စပ်လျဉ်းသည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ တွေ့ရှိချက်များ" ကို ထုတ်ပြန်ခဲ့သည်။[3377] စုံစမ်းစစ်ဆေးရေးကို ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ကပင် ထပ်မံဦးဆောင်ခဲ့ပြီး ရခိုင်ပြည်နယ်မြောက်ပိုင်းသို့ အောက်တိုဘာလ၊ ၁၃ ရက်နေ့မှ နိုဝင်ဘာလ၊ ၇ ရက်နေ့အထိ (၂၆) ရက်ကြာ သွားရောက်ခဲ့သည်ဟု သိရပြီး ခရီးစဉ်အတွင်း ရွာပေါင်း (၅၈) ရွာမှ ရွာသားပေါင်း (၃၂၁၇) ယောက်ကို တွေ့ဆုံမေးမြန်းမှု ပြုလုပ်ခဲ့ပြီး မျက်မြင်သက်သေ (၈၀၄) ဦးထံမှ ထွက်ဆိုချက်များကို ရယူခဲ့သည်ဟု သိရှိရသည်။ အဆိုပါအဖွဲ့သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင် ခဲ့သော ရိုဟင်ဂျာပြည်သူ (၇၀၀၀၀၀) ထံမှ ထင်မြင်ချက်များ ရယူရန် ကြိုးစားခဲ့ခြင်း မရှိပါ။ အဆိုပါ အဖွဲ့သည် အောက်ပါတိုင်း ရတိပြတ် ကောက်ချက်ချထားပါသည်။

*စုံစမ်းစစ်ဆေးမှု တွေ့ရှိချက်များအရ ခေါင်းဆောင်များမှစ၍ အောက်ဆုံးအဆင့်ငယ်သား အထိ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလုံးသည် အထက်အရာရှိများ၏ အမိန့်များနှင့် ညွှန်ကြားချက်များ အားလုံးကို သိရှိထားပြီး တသွေမတိမ်း လိုက်နာကြကြောင်း၊ အထူးသဖြင့် မိမိကိုယ်ကို ကာကွယ်ခွင့်နှင့် လက်နက်ကိုင်ပဋိပက္ခနှင့် အကြမ်းဖက် နှိမ်နင်းမှု စစ်ဆင်ရေးအတွင်း တာဝန်ထမ်းဆောင်ခြင်းနှင့် စပ်လျဉ်းသည့် စစ်ရေးလှုပ်ရှားမှု စည်းမျဉ်းများနှင့်အညီ ဆောင်ရွက် ခဲ့ကြောင်း သက်သေပြနေသည်။ [...] အပြစ်မဲ့ ပြည်သူများ သေဆုံးခဲ့ခြင်း မရှိခဲ့ပါ။ စစ်ရေးလှုပ်ရှားမှုရှိခဲ့သော ဘင်္ဂါလီကျေးရွာများသည် မီးလောင်နေပြီး အမျိုးသမီးနှင့် ကလေးငယ်များ မိမိနေအိမ်မှ ထွက်ပြေးနေခဲ့ကြ သော်လည်း ၎င်းတို့အား တစ်ကြိမ်မျှ ပစ်ခတ်မှု မရှိခဲ့ပါ။ လုံခြုံရေးတပ်ဖွဲ့များသည် ARSA ဘင်္ဂါလီ အကြမ်းဖက်သမားများကိုသာ တိုက်ခိုက်နေခဲ့ခြင်းဖြစ်သည်။ အပြစ်မဲ့ ဘင်္ဂါလီများကို ပစ်ခတ်ခြင်း လုံးဝမရှိခဲ့ပါ။ [...] ဤအကြောင်းကြောင့် လုံခြုံရေးတပ်ဖွဲ့များသည် နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာတွင် စစ်ပွဲများနှင့် သက်ဆိုင်သော ဥပဒေများကို လိုက်နာခဲ့ကြပါသည်။ ထို့ကြောင့် အဆိုပါ လုံခြုံရေးတပ်ဖွဲ့များသည် အင်အားအလွန်အကျွံ အသုံးပြုခဲ့ခြင်း မရှိကြောင်း တွေ့ရှိပါသည်။*

၁၆၁၃။ ရိုဟင်ဂျာများအား ဖမ်းဆီးထိန်းသိမ်းမှုနှင့် စပ်လျဉ်း၍ ထိုအဖွဲ့က အောက်ပါအတိုင်း တွေ့ရှိခဲ့သည်။

---

[3377] ဖေ့ဘုတ်ပို့စ်များ ကို မစ်ရှင်ထံတွင် သိမ်းဆည်းထားသည်။

*ငြိမ်းချမ်းရေးနှင့် နယ်မြေတည်ငြိမ်ရေး ဆောင်ရွက်ရာတွင် လုံခြုံရေးတပ်ဖွဲ့များသည် ARSA ဘင်္ဂါလီ အကြမ်းဖက်သမားများနှင့် ၎င်းတို့အားထောက်ခံသူများကို ဖော်ထုတ် ဖမ်းဆီးခဲ့သည်။ [...] ဖမ်းဆီးရာတွင်လည်း တပ်မတော်စစ်ကြောင်းနှင့် ပူးတွဲပါသော နယ်ခြားစောင့်ရဲတပ်ဖွဲ့ကသာ ထိုဘင်္ဂါလီများကို ဖမ်းဆီးခဲ့ပြီး တပ်မတော်သားများက လုံခြုံရေးပိုင်ဆိုင်ရာ တာဝန်ယူခဲ့သည်။ ဖမ်းဆီးပြီးနောက်တွင် ထိုဘင်္ဂါလီများအား ဒေသခံ ရဲစခန်းများသို့ ကောင်းမွန်သောအခြေအနေအတိုင်း စနစ်တကျ လွှဲအပ်ခဲ့ပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိုသူများကို ဖမ်းဆီးရာတွင် နှိပ်ကွပ်မှုများ ကျူးလွန်ခဲ့ခြင်းမရှိပါ။ ထိုဘင်္ဂါလီများကို ဂျနီဗာကွန်ဗန်းရှင်းနှင့် စစ်မက်ဆိုင်ရာ ဥပဒေများပါ ပြဋ္ဌာန်းချက်များ နှင့်အညီ ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း တွေ့ရှိရပါသည်။*

၁၆၁၄။ သို့သော် (၂) လခန့်ကြာတွင်၊ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း ကပင်ဦးဆောင်သော ထို စုံစမ်းစစ်ဆေးရေးအဖွဲ့ထံမှပင် ကြေညာချက်တစ်စောင်ကို တပ်မတော်က ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ၊ ၁၁ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီး လူအစုလိုက် မြှုပ်နှံထားသော တွင်းတစ်ခု တွေ့ရှိရကြောင်း သတင်းများထွက်ရှိလာပြီးနောက် ၎င်းအဖွဲ့သည် အင်းဒင်ကျေးရွာတွင် (၁၂) ရက်ကြာ စုံစမ်းစစ်ဆေးမှု ထပ်မံပြုလုပ်ခဲ့ကြောင်း ပြောကြားခဲ့သည်။[3378] စုံစမ်းစစ်ဆေးမှုအရ လုံခြုံရေးတပ်ဖွဲ့များသည် အမျိုးသား ၁၀ ဦးကို ဖမ်းဆီးခဲ့ပြီး -

*ထိုဘင်္ဂါလီ အကြမ်းဖက်သမား (၁၀) ဦးအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ရဲစခန်းသို့ အပ်နှံရမည် ဖြစ်သော်လည်း၊ သင်္ချိုင်းတွင် ၎င်းတို့အား သတ်ရန် ဆုံးဖြတ်ချက်ချခဲ့ကြောင်း တွေ့ရှိရသည်* ဟုဖော်ပြထားသည့် ပုံစံတွေ့ရသည်။

၁၆၁၅။ ထိုထုတ်ပြန်ချက်အရ တိုက်ခိုက်မှုအတွင်း ရဲတပ်ဖွဲ့ ယာဉ် (၂) စီး မီးလောင်ကျွမ်းခဲ့ပြီး လုံခြုံရေးအဖွဲ့များသည် "ငြိမ်းချမ်းရေးနှင့် နယ်မြေတည်ငြိမ်ရေး" ဆောင်ရွက်နေစဉ်အတွင်း အလုပ်ရှုပ်နေခဲ့သောကြောင့် "ထိုဘင်္ဂါလီ အကြမ်းဖက်သမား (၁၀) ဦးကို ရဲစခန်းသို့ ပို့ဆောင်ပေးနိုင်သည့် အခြေအနေမရှိခဲ့ပါ။" တစ်နည်းအားဖြင့်ဆိုရသော် စည်းကမ်းများ လိုက်နာရန် လွယ်ကူအဆင်ပြေမှုမရှိသောကြောင့် သတ်ဖြတ်လိုက်ခြင်းက ပိုမိုလွယ်ကူစေသည်။ အဆိုပါ ထုတ်ပြန်ချက်အရ ထိုအမျိုးသား (၁၀) ဦးကို သင်္ချိုင်းသို့ နောက်နေ့မနက်တွင် ခေါ်ဆောင်သွားကာ လုံခြုံရေးတပ်ဖွဲ့များသည် ရွာသားများနှင့်အတူ သတ်ဖြတ်ခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ အဆိုပါအဖြစ်အပျက်အား "အထက်အဆင့်ဆင့်သို့ တင်ပြခဲ့ခြင်းမရှိကြောင်း" စုံစမ်းစစ်ဆေးရေးအဖွဲ့က တွေ့ရှိခဲ့သော်လည်း "လက်အောက်ငယ်သားများအား ထိန်းချုပ်ရမည့် တာဝန်ရှိသော အရာရှိများသည် ထိုအဖြစ်အပျက်နှင့် တိုက်ရိုက်ပတ်သက်မှုမရှိသော်ငြား မဖြစ်မနေ ဖော်ထုတ်အရေးယူခြင်း" ခံရမည်။ တပ်မတော်၏ နောက်ပိုင်း ထုတ်ပြန်ချက်အရ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများကို ၎င်းတို့၏ သက်ဆိုင်ရာဥပဒေနှင့်အညီ ဥပဒေအရ အရေးယူဆောင်ရွက်မှုများ ပြုလုပ်နေခဲ့ကြောင်းနှင့် "တပ်မတော်တွင်းအရာရှိများနှင့်

[3378] ဖေ့ဘုတ်ပို့စ်များ ကို မစ်ရှင်ထံတွင် သိမ်းဆည်းထားသည်။

အခြားရာထူးရှိပုဂ္ဂိုလ်” (၇) ဦးကို ပြစ်မှုထင်ရှားစီရင်ပြီး စစ်ဥပဒေအရ ထောင်ဒဏ် (၁၀) နှစ် ချမှတ်ခဲ့ကြောင်း သိရသည်။ အဆိုပါ တရားခံအမျိုးသားများသည် အမှန်တယ် ပြစ်ဒဏ်ကျခံနေခြင်း ရှိမရှိ *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် အတည်မပြုနိုင်ပါ။[3379]

၁၆၁၆။ ဤအဖြစ်အပျက်သည် တပ်မတော်က တာဝန်ယူမှုရှိခဲ့ကြောင်းဖော်ပြသည့် လက္ခဏာ တစ်ခုဖြစ်သည်ဟု အစိုးရက ကြွေးကြော်ခဲ့သည်။ သို့သော် တက်မတော်၏ ဤနောက်ဆက်တွဲ ထုတ်ပြန်ချက်နှင့် ပတ်သက်၍ ထိုစုံစမ်းစစ်ဆေးမှုအား အများယုံကြည်နိုင်စွမ်းအပေါ် ထပ်မံမေးခွန်းများထုတ်စရာများ ဖြစ်လာခဲ့သည်။ အကြောင်းမှာ မည်သည့်ကျူးလွန်မှုမှ မရှိခဲ့ကြောင်း အဆိုပါ စုံစမ်းစစ်ဆေးမှုကို ပြုလုပ်ခဲ့သည့် အဖွဲ့ကပင် အစပိုင်းက ပြောကြားခဲ့သောကြောင့်ဖြစ်သည်။ နောက်ဆက်တွဲ စုံစမ်းမှုများနှင့် တာဝန်ယူမှုများရှိခဲ့ခြင်းမှာ အင်းဒင်ကျေးရွာတွင် လူသေအလောင်းအစုလိုက်မြှုပ်နှံထားမှုအကြောင်း ရိုက်တာသတင်းဌာန၏ စုံစမ်းထောက်လှမ်းမှုအား ထုတ်ပြန်တော့မည့် အခြေအနေကြောင့်သာ ဖြစ်နိုင်ဖွယ်ရှိပါသည်။[3380]

၁၆၁၇။ လက်တလောတွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် (MNHRC) သည် အဆိုပါ ရခိုင်ပြည်နယ် အဖြစ်အပျက်များနှင့် ပတ်သက်၍ အဓိပ္ပါယ်ပြည့်ဝသည့် မည်သည့်ဆောင်ရွက်ချက်မျှ ပြုလုပ်ခဲ့ခြင်းမရှိပါ။[3381] ၂၀၁၂ ခုနှစ်၊ ဇူလိုင်လတွင် လူမှုအသိုင်းအဝိုင်းများကြား ယုံကြည်မှုတည်ဆောက်ရန်နှင့် တရားဥပဒေစိုးမိုးရေး ပိုမိုတင်းကြပ်စွာ ဆောင်ရွက်ရန် ၎င်းကတောင်းဆိုခဲ့သည်။ ၂၀၁၃ ခုနှစ်၊ မေလတွင် ရခိုင်ပြည်နယ်အခြေအနေ အပေါ် အစိုးရ၏ချည်းကပ်မှုကို ထောက်ခံခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် MNHRC သည် ၎င်းတို့အနေဖြင့် ဒူချီးယာတန်ကျေးရွာသို့ ကွင်းဆင်းသွားရောက်ခဲ့ကြောင်းနှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များအား “စီစစ်၍မရနိုင်၊ အတည်ပြု၍မရနိုင်” ကြောင်း ထုန်ပြန်ပြောဆိုခဲ့သည်။ လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရန်နှင့် ရဲတပ်ဖွဲ့များအတွက် ပိုမိုကောင်း မွန်သော ခဲယမ်းမီးကျောက်များ ထားရှိရန်လည်း ၎င်းကအကြံပြုခဲ့သည်။ ၂၀၁၅ ခုနှစ်တွင် MNHRC သည် ဘူးသီးတောင်နှင့် စစ်တွေ ထောင်များသို့ သွားရောက်ခဲ့ပြီး အကျဉ်းထောင် အခြေအနေများနှင့် ပတ်သက်၍ အကြံပြုအချို့ ပေးခဲ့သည်။ ၂၀၁၆ ခုနှစ် ARSA တိုက်ခိုက်မှုများနှင့် “နယ်မြေရှင်းလင်းမှု” များနှင့် ပတ်သက်၍ MNHRC အနေဖြင့် နှုတ်ဆိတ်နေဆဲ ဖြစ်သည်။ ၂၀၁၇ ခုနှစ်၊ ဩဂုတ်လ “နယ်မြေရှင်းလင်းရေးလုပ်ငန်းများ” ပြုလုပ်ပြီးနောက်၊ ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် ရဲစခန်းများ၊ ရဲကင်းများနှင့် နယ်ခြားစောင့်ရဲတပ်ဖွဲ့ ရဲကင်းများ ထပ်မံတိုးမြှင့်ချထားရန် “မဖြစ်မနေလိုအပ်ကြောင်း” ၎င်းက အကြံပြုခဲ့သည်။ ဖမ်းဆီးခံထားရသော

---

[3379] နိုင်ငံပိုင်မီဒီယာများက သမတ ဦးဝင်းမြင့် တာဝန်ယူခြင်းအထိမ်းအမှတ်အဖြစ် ထိုအကျဉ်းသားများကို လွတ်ငြိမ်းချမ်းသာခွင့် ပေးခဲ့ကြောင်း အစီရင်ခံပါသည်။ ထိုနေ့မှာပင် အစိုးရက ထိုပြောဆိုမှုများမှ မမှန်ကန်ကြောင်းငြင်းပါသည်။ ဤတွင်ကြည့်ပါ။ H. Beech, “သတ်ဖြတ်မှုအတွက် ထောင်ချထားတဲ့ စစ်သားတွေ လွတ်သွားခဲ့ပြီလား” မြန်မာတီဗီမှ ပြောသည် “ဟုတ်တယ်”(The New York Times, ၁၈ ဧပြီ ၂၀၁၈)

[3380] ရိုက်တာသတင်းထောက်များ အဖမ်းခံရမှု နှင့် ပါတ်သက်၍ အခန်း ၆ အပိုင်း ကက.၁၊ အခြေခံလွတ်လပ်ခွင့်များအား ကန့်သတ်ထြင်းအတွက် ဥပဒေဆိုင်ရာ အသုံးပြုကရိယာများ

[3381] ကြေညာချက် အားလုံးကို အွန်လိုင်းတွင် ကြည့်ရှုနိုင်သည်။ http://www.mnhrc.org.mm/en/statements-2/

ရိုင်တာသတင်းထောက်နှစ်ဦးအား ညှင်းပန်းနှိပ်စက်ခြင်း မပြုပဲ ကျန်းမာရေး စောက်ရှောက်မှု ရရှိခွင့်နှင့် မိသားစုနှင့် တွေ့ဆုံခွင့်များပေးကာ လူ့အခွင့်အရေးများ ရရှိခံစားနိုင်အောင် ဆောင်ရွက်ပေးရန် အာဏာပိုင်များအား ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလတွင် ၎င်းက တောင်းဆိုခဲ့သည်။ ထိုသတင်းထောင်နှစ်ဦးအား ဖမ်းဆီးခြင်းသည် ဥပဒေနှင့်အညီ ဟုတ်မဟုတ်ကိုမူ ထုတ်ဖော်ပြောဆိုခြင်းမရှိခဲ့ပါ။ ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလတွင် MNHRC သည် ARSA ၏ တိုက်ခိုက်မှုကို ပြစ်တင်ရှုတ်ချခဲ့သည်။ သို့သော် လုံခြုံရေးတပ်ဖွဲ့များက လူ့အခွင့်အရေး ချိုးဖောက်ကြောင်း စွပ်စွဲချက်များနှင့် ပတ်သက်၍ MNHRC သည် ဤ (၆) နှစ်တာ ကာလအတွင်းတွင် ပြည့်စုံသော၊ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တောင်းဆိုခြင်း သို့မဟုတ် ကိုယ်တိုင် စုံစမ်းစစ်ဆေးမှု ပြုလုပ်ခဲ့ခြင်းမရှိပါ။ ထိုမျှတင်မက ရိုဟင်ဂျာပြည်သူများအပေါ် စနစ်တကျ ခွဲခြားဆက်ဆံမှုများအား ကိုင်တွယ်ဖြစ်ရှင်းရန် ၎င်းတွင်တာဝန်နှင့်လုပ်ပိုင်ခွင့် ရှိသော်လည်း ဆောင်ရွက်ခဲ့ခြင်း မရှိပါ။[3382]

၁၆၁၈။ အစိုးရသည် နိုင်ငံတကာဥပဒေများအရ ဆောင်ရွက်ရန်လိုအပ်သည့် မြန်ဆန်မှု၊ ထိရောက်မှုနှင့် စေ့စပ်မှု၊ လွတ်လပ်အမှီအခိုကင်းမှု၊ သမာသမတ်ကျမှုရှိသော စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် ဆောင်ရွက်ခဲ့ခြင်းမရှိပါ။ မစ်ရှင်အဖွဲ့ အနေဖြင့် ဤကာလတစ်ခုလုံးအတွင်း လုပ်ငန်းလည်ပတ်မှု ရှိနေခဲ့သော်လည်း အစိုးရသည် ပူးပေါင်းလုပ်ဆောင်ရန်သော်လည်းကောင်း၊ ခွင့်ပြုချက်ပေးရန်သော်လည်းကောင်း ငြင်းဆန်ခဲ့သည်။ ၎င်းသည် ကြိုတင်စုံစမ်းစစ်ဆေးမှုနှင့်၊ မှုခင်းဖြစ်ရာနေရာများမှ သက်သေပစ္စည်းများ စုဆောင်းခြင်းမရှိပဲ ရိုဟင်ဂျာကျေးရွာများအား ဘူဒိုဇာဖြင့်ရှင်းလင်း၍ နောက်ဆက်တွဲ ပြန်လည်တည်ဆောက်ခြင်း ကြိုးပမ်းမှုများကို ခွင့်ပြုခဲ့သည်။

၁၆၁၉။ အဖြစ်အပျက်များ ဖြစ်ပြီး တစ်နှစ်နီးပါးခန့်အကြာ ၂၀၁၈ ခုနှစ်၊ ဇွန်လိုင်လ၊ ၃၀ ရက်နေ့ တွင် "လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်" တစ်ရပ် ဖွဲ့စည်းလိုက်ကြောင်း အစိုးရက ကြေညာခဲ့ပြီး[3383] ထိုအဖွဲ့ထဲတွင် မြန်မာနိုင်ငံသား (၂) ဦးနှင့် နိုင်ငံတကာမှ "ထင်ရှားသောပုဂ္ဂိုလ်" (၂) ဦး ပါဝင်ခဲ့သည်။ သို့သော် ရှုပ်ထွေးသော လူ့အခွင့်အရေးနှင့် ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးမှု အတွေ့အကြုံရှိသူ တစ်ဦးမျှ မပါဝင်ပေ။ ကော်မရှင်၏ ဖွဲ့စည်းမှု ဆိုင်ရာ ဥပဒေမူဘောင်၊ တာဝန်နှင့်လုပ်ပိုင်ခွင့် သို့မဟုတ် စုံစမ်းစစ်ဆေးမှုပြုလုပ်နိုင်သည့် အာဏာနှင့် အတိုင်းအတာတို့နှင့် စပ်လျဉ်းသည့် အချက်အလက်များ ရှားပါးလှသည်။ သို့သော် မြန်မာအာဏာပိုင်များနှင့် ခန့်အပ်ခြင်းခံရသော ကော်မရှင်ဝင်များ၏ လူသိရှင်ကြား ထုတ်ပြန်ချက်ချက်အချို့အရ

[3382] မြန်မာနိုင်ငံလူ့အခွင့်အရေးကော်မရှင်အနေဖြင့် "အခြေအနေသည် လူ့အခွင့်အရေးချိုးဖောက်ခြင်းကို ဖြစ်စေသော ကျယ်ပြန့်ပြီး စနစ်တကျ သို့မဟုတ် နက်နက်ရှိုင်းရှိုင်း နစ်မြုပ်နေသည့် ကိစ္စ ဖြစ်နေကြောင်း သိလာရလျှင်" စုံစမ်းစစ်စေးမှုကို ရှေ့ဆောင်ရန် တိတိလင်းလင်း လုပ်ပိုင်ခွင့်ပေးထားပါသည်။ လူ့အခွင့်အရေးကော်မရှင်ဥပဒေ ပုဒ်မ ၂၈ တွင်ကြည့်ပါ။ (ပြည်ထောင်စုလွှတ်တော် ဥပဒေ အမှတ် ၂၁/၂၀၁၄ - ၂၈ မတ် ၂၀၁၄)

[3383] Thပြည်ထောင်စု သမတ မြန်မာနိုင်ငံ သမတရုံး (သတင်းထုတ်ပြန်ချက် ၈/၂၀၁၈) "ပြည်ထောင်စု သမတ မြန်မာနိုင်ငံတော် အစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ကို ဖွဲ့စည်း တည်ထောင်လိုက်သည်။" (၃၀ ဇူလိုင် ၂၀၁၈)

ဘက်လိုက်မှုအမြင်များရှိနေပြီး စတင်ချိန်ကတည်းကပင် ကော်မရှင်၏သမာသမတ်ကျမှုကို ထိခိုက်စေသည်။ ဥပမာ၊ သမ္မတရုံး ပြောရေးဆိုခွင့်ရှိသူက "ကုလသမဂ္ဂအေဂျင်စီများနှင့် အခြားနိုင်ငံတကာ အသိုင်းအဝိုင်းများ၏ မှားယွင်းသော စွပ်စွဲမှုများကို တုန့်ပြန်ရန် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ကျွန်တော်တို့ ဖွဲ့စည်းခဲ့ပါတယ်" ဟု ပြောဆိုခဲ့သည်။[3384] သတင်းစာရှင်းလင်းပွဲတစ်ခုတွင် ကော်မရှင်ဥက္ကဋ္ဌက "ဘယ်သူ့ကိုမှ အပြစ်တင်တာမျိုး၊ ဘယ်သူ့ကိုမှ လက်ညိုးထိုးတာမျိုး ရှိမှာမဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ ဒီလိုလုပ်ထုံးလုပ်နည်းမျိုးနဲ့ ကျွန်မတို့ ဘာမှ အောင်မြင်မှု ရလာမှာ မဟုတ်ပါဘူး"[3385] ဟု ပြောဆိုခဲ့သည်။ တာဝန်ယူမှု တာဝန်ခံမှုသည် အထောက်အကူမပြုနိုင်ပဲ "ရန်ဖြစ်ငြင်းခုန်ခြင်း" သာဖြစ်သည်ဟု သူမအနေဖြင့် သတ်မှတ်ထားသည်။ နိုင်ငံသား ကော်မရှင်အဖွဲ့ဝင် တစ်ဦးဖြစ်သော ဒေါက်တာ အောင်ထွန်းသက်မှာ ရခိုင်ပြည်နယ်တွင် ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရန် အစိုးရက တာဝန်ပေးအပ်ထားသော "ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း" ၏ ညှိနှိုင်းရေးမှူးချုပ် ဖြစ်သည်။ ၎င်းတို့၏ လုပ်ငန်းများတွင် ရိုဟင်ဂျာကျေးရွာများကို ဘူဒိုဇာဖြင့် ရှင်းလင်းခြင်း လုပ်ငန်းကို ကြီးကြပ်ခြင်းလည်း ပါဝင်ခဲ့ပြီး ရာဇဝတ်မှုဆိုင်ရာ သက်သေများကို ဖျက်ဆီးခဲ့နိုင်ခြေ များသည်။[3386] အောင်ထွန်းသက်၏ လူမျိုးစုရှင်းလင်းခြင်း သို့မဟုတ် လူမျိုးတုံးသတ်ဖြတ်ခြင်း ဖြစ်ပေါ်ခဲ့ခြင်းမရှိကြောင်း ငြင်းဆိုချက်များ၊ ဤမေးခွန်းနှင့် ပတ်သက်သည့် အစိုးရ၏ ရပ်တည်ချက်ကို အများကြားသိရန် လိုအပ်ကြောင်း ပြောကြားချက်များသည် မီဒီယာများထဲတွင် ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖော်ပြခံခဲ့ရသည်။[3387] ထိုလုံလောက်သော အကြောင်းတရားများကြောင့် ဤအသစ်ဖွဲ့စည်းလိုက်သော ကော်မရှင်သည် နိုင်ငံတကာပါဝင်မှုရှိသည့်တိုင် တာဝန်ယူမှု၊ တာဝန်ခံမှု ဖော်ဆောင်ပေးနိုင်သည့် စစ်မှန်သော လမ်းကြောင်းတစ်ခုမဟုတ်ကြောင်းနှင့် မဖြစ်နိုင်ကြောင်း *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် ကောက်ချက်ချလိုက်သည်။

### ၃။ နိဂုံး

၁၆၂၀။ မြန်မာနိုင်ငံ၏ စစ်တပ်နှင့် အရပ်သား အာဏာပိုင်နှစ်ရပ်လုံးသည် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်သူများကို ရှုတ်ချရန်၊ စုံစမ်းစစ်ဆေးရန်၊ သို့မဟုတ် အပြစ်ပေးအရေးယူရန် ပျက်ကွက်ခဲ့သည်။ ထိုအစား ချိုးဖောက်မှုများအား ယတိပြတ်ငြင်းဆိုခြင်း၊ တာဝန်ယူမှုတာဝန်ခံမှု မပေါ်ပေါက်အောင် ဥပဒေအရ တားဆီးမှုများ

[3384] Global New Light of Myanmar, "ဦးဇော်ဌေး၊ သမတရုံးပြောရေး ဆိုခွင့်ရှိသူ၊ တပ်မတော်နှင့်ပတ်သက်သော ဖေ့ဘုတ်အကောင့်များ ဖယ်ရှားခံရခြင်းနှင့် ပါတ်သက်၍ မေးခွန်းများ အမေးခံရသည်။" (၂၉ ဩဂုတ် ၂၀၁၈ ခုနှစ်)

[3385] နိုင်ငံတကာ စုံစမ်းစစ်ဆေးရေး ကော်မရှင် သတင်းစာရှင်းလင်းပွဲ ၊ ၁၆ ဩဂုတ် ၂၀၁၈၊ နေပြည်တော်၊ ဗီဒီယိုကို ဤနေရာတွင် ရနိုင်သည်။ https://www.facebook.com/theirrawaddyburmese/videos/218544952337657/

[3386] ဒေါက်တာ အောင်ထွန်းသက်မှ ငြင်းဆိုကြောင်း သိရှိရသည်။ S. Naing, "ရိုဟင်ဂျာရွာများ ဘူဒိုဇာ ထိုးခြင်းသည် အထောက်အထားများအား ဖျက်ဆီးခြင်း မဟုတ်ကြောင်း မြန်မာ အရာရှိမှ ပြော" (Reuters, ၂၆ ဖေဖော်ဝါရီ ၂၀၁၈)

[3387] ဥပမာ Global New Light of Myanmar "မြန်မာလူမျိုးတုန်း သတ်ဖြတ်မှုနှင့်ပါတ်သက်၍ မြန်မာ၏ အလားအလာအမြင်ကို ဘာလင် ညီလာခံတွင် အသံထုတ်သင့်သည်။" ဒေါက်တာ အောင်ထွန်းသက်" (၂၇ ဖေဖော်ဝါရီ ၂၀၁၈)

ပြုလုပ်ခြင်း၊ ပြစ်မှုဆိုင်ရာ သက်သေပစ္စည်းများကို ဖျက်ဆီးခြင်းနှင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ကြီးထွားလာအောင် တက်ကြွစွာ ပြုစုပျိုးထောင်ခြင်းနှင့် ကိုယ်တိုင်ဖန်တီးခြင်းဖြင့် ကျူးလွန်သူများကို အားပေးခြင်း ပြုလုပ်ခဲ့သည်။ ထိုသို့ ပြုလုပ်မှုများသည် အစီရင်ခံစာ ဤအခန်း၏ အစပိုင်းတွင် ဖော်ပြထားသော နိုင်ငံတကာ လူ့အခွင့်အရေး သတ်မှတ်ချက်များနှင့် စံနှုန်းများကို ချိုးဖောက်နေသည်။

၁၆၂၁။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် ဥပဒေရေးစနစ်တွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး တပ်မတော်အား ဥပဒေအထက်တွင် ရှိနေစေသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများသည် လွတ်ငြိမ်းခွင့်ပေးထားပြီး တပ်မတော်အား အများပြည်သူ၏ ထိမ်းကြောင်းနိုင်စွမ်းထက် ကျော်လွန်သော နေရာသို့ ရောက်ရှိသွားစေသည်။ တပ်မတော်သည် ၎င်းနှင့်ဆိုင်သော ကိစ္စများအား ၎င်းကိုယ်တိုင် စစ်ဆေးဆုံးဖြတ်နိုင်ပြီး ကာကွယ်ရေးဦးစီးချုပ်က နောက်ဆုံး ဆုံးဖြတ်ချက်ပေးနိုင်သည်။ စစ်တပ်တရားရုံးများသို့ ရောက်ရှိလာသော အမှုများသည် ရှားပါးပြီး ပွင့်လင်းမြင်သာမှုမရှိသည့်အပြင် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ထပ်ခါထပ်ခါ ဖြစ်ပေါ်နေသည့် အခြေအနေတစ်စုံလုံးအား တွန်းလှန်ရန် မည်သို့မျှ မလုံလောက်နိုင်ပါ။ ထို့ပြင် စစ်တပ်တရားရုံးများသည် စစ်တပ်မှ ကျူးလွန်သော ထုထည်ကြီးမားသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကိုင်တွယ်ရန် လုံလောက်သော နေရာများမဟုတ်ပါ။ ထိုနည်းတူ အရပ်ဘက် တရားရုံးများသည်လည်း အဖြေမဟုတ်ပါ။ ပြည်တွင်း တရားရေးစနစ်သည် လွတ်လပ်အမှီအခိုကင်းမှု မရှိသည့်အပြင် တရားစီရင်မှုဆိုင်ရာ တန်းတူညီမှု စံနှုန်းများကို လေးစားလိုက်နာနိုင်စွမ်း မရှိပါ။ ထို့ပြင် ၎င်းသည် အကြီးတန်းအရာရှိများက ကျူးလွန်သော ချိုးဖောက်မှုများ၊ အထူးသဖြင့် နိုင်ငံတကာ ဥပဒေဆိုင်ရာ ပြစ်မှုများ၏ ပမာဏနှင့် အတိုင်းအဆကို ကိုင်တွယ်နိုင်စွမ်း မရှိပါ။ တိုင်ကြားသူများသည် ခြိမ်းခြောက်မှုနှင့် တုန့်ပြန် လက်စားချေမှုများ မကြာခဏ ကြုံတွေ့ရသည်။ အတိုချုပ်ပြောရလျှင် မြန်မာနိုင်ငံတွင် တရားဥပဒေ စိုးမိုးမှုမရှိပါ၊ တာဝန်ယူမှုတာဝန်ခံမှုရှိအောင် ပြည်တွင်းအဆင့်တွင် လက်တလောတွင် အကောင်အထည်ဖော်၍ မရနိုင်ပါ။

၁၆၂၂။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်သည် တရားဥပဒေစိုးမိုးရေး၊ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေး၊ နှင့် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အတားအဆီးဖြစ်စေသည်။ ကုလသမဂ္ဂ *လူမျိုးတုန်းသတ်ဖြတ်မှု ကြိုတင်ကာကွယ်ရေးနှင့် အကာအကွယ်ပေးရန်တာဝန်ရှိမှု ဆိုင်ရာ အထူးအကြံပေးအဖွဲ့ရုံး* က ရေးဆွဲခဲ့သည့် *ကြမ်းကြုတ်သောပြစ်မှုများ သုံးသပ်ခြင်း ဆိုင်ရာမူဘောင်* အရ ကြမ်းကြုတ်သော ပြစ်မှုများကျူးလွန်သည့် သမိုင်းကြောင်းနှင့် အတူ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်နှင့် ချိနဲ့သောနိုင်ငံတော်အဖွဲ့အစည်းများ အတူယှဉ်တွဲ ရှိနေသော အခြေအနေသည်

ကျူးလွန်မှုများ ထပ်မံဖြစ်ပေါ်စေသည့် အဓိကဖြစ်နိုင်ခြေ အန္တရာယ်များအနက် တစ်ခုအဖြစ် သတ်မှတ်ထားသည်။[3388]

### ဂ. ရှေ့ဆက်ရမည့်လမ်း

၁၆၂၃။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီနိုင်ငံ အသွင်ကူးပြောင်းမှုသည် ယခုမှ အစပြုရုံပင် ရှိသေးသည်။ အပြင်းထန်ဆုံးနှင့် တုန်လှုပ်ဖွယ် အကောင်းဆုံးသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အပြစ်ပေး ခံရခြင်းမှကင်းလွတ်ခွင့် အပြည့်အဝနီးပါးရှိနေခြင်းနှင့် ဤအခြေအနေကို အပြောင်းအလဲလုပ်ရန် စိတ်ဆန္ဒမရှိကြောင်း သိသာနေခြင်းတို့သည် အဓိက စိုးရိမ်ဖွယ် အန္တရာယ်များဖြစ်သည်။ မြန်မာနိုင်ငံသည် အသွင်ကူးပြောင်းရေး ပြုလုပ်ရာတွင် တန်းတူညီမှု၊ တာဝန်ယူမှုတာဝန်ခံမှုရှိမှု၊ လူ့အခွင့်အရေး လေးစားလိုက်နာမှု အပေါ်အခြေခံသည့် ဒီမိုကရေစီ အပြည့်အဝရှိသော နိုင်ငံအဖြစ်သို့ ရောက်ရှိအောင် အားသွန်ခွန်စိုက် ကြိုးပမ်းရမည်။ သို့မဟုတ်ပါက အကြမ်းဖက်မှုနှင့် ဖိနှိပ်မှုသံသရာဟောင်းထဲတွင် ဆက်လက်ရှိနေကာ နောက်ဆုံးတွင် အနည်းငယ် ရရှိထားသောတိုးတက်ဖြစ်မှုများပါ ပြန်လည် ပျက်စီးသွားနိုင်သည့် အန္တရာယ်ရှိနေသည်။

၁၆၂၄။ ဤအစီရင်ခံစာထဲတွင် ဖော်ပြထားသော အကြမ်းဖက်မှုနှင့် ကြမ်းကြုတ်သော ပြစ်မှုမျိုး ထပ်မံ မဖြစ်ပေါ်စေရေး ရှောင်ရှားနိုင်အောင် အပြန်အလှန်ဆက်စပ်မှုရှိသော အခြေခံ အပြောင်းအလဲ (၃) ခု ပြုလုပ်ရန် လိုအပ်သည်ဟု *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် သုံးသပ်သည်။

- **ဒီမိုကရေစီ** - လုံခြုံရေးတပ်ဖွဲ့များ၊ အထူးသဖြင့် တပ်မတော်ကို၊ အများပြည်သူ၏ ထိန်းကွပ်မှုအောက်သို့ ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်ရမည်။ နိုင်ငံတော် အဖွဲ့အစည်းများ အားလုံးသည် ပြည်သူများကို တာဝန်ခံရမည်။ ဤအချက်အတွက် တက်မတော်ကို အလုံးစုံပြင်ဆင်ဖွဲ့စည်းခြင်းနှင့် အသေးစိတ်စစ်ခြင်း ပြုလုပ်ရန် လိုအပ်ကောင်း လိုအပ်နိုင်သည်။
- **အများပါဝင်မှု** - တန်းတူညီမှုနှင့် လူ့အခွင့်အရေးလေးစားလိုက်နာမှုအပေါ် အခြေခံသည့် အများပါဝင်မှုရှိသည့် နိုင်ငံနှင့်တိုင်းပြည်သို့ ရောက်ရှိစေရေးဟူသော အယူအဆတစ်ခု ဖြင့်သာ ပြန်လည်သင့်မြတ်ရေး ဖြစ်စဉ်တစ်ခုကို မောင်းနှင်မှုပေးနိုင်သည်။ "တိုင်းရင်းသားလူမျိုး" ဖြစ်မှုအပေါ် အခြေခံ၍ နိုင်ငံသားဖြစ်ခွင့် သတ်မှတ်ချက် မထားသင့်ပါ။ ထို့ပြင် လူ့အခွင့်ရေးသည် "နိုင်ငံသား" ဖြစ်မှုအပေါ် အခြေမခံသင့်ပါ။
- **တာဝန်ယူမှုတာဝန်ခံမှု** - အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ရှိနေသည့် အခြေအနေကို အဆုံးသတ်ရမည်။ မြန်မာစစ်တပ်နှင့်

[3388] A/70/741-S/2016/71 (annex)

အခြားလုံခြုံရေးအဖွဲ့များအား ယခင်၊ ယခုနှင့် အနာဂတ် ပြစ်မှုများအတွက် တာဝန်ခံမှုရှိအောင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက အကြမ်းဖက်မှုနှင့် ကြမ်းကြုတ်သော အခြားဆက်စပ်ပြစ်မှုများ ဆက်လက်ဖြစ်ပေါ်နေမည် ဖြစ်သည်။

၁၆၂၅။ ဤအပြောင်းအလဲများကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဖြစ်စဉ် လိုအပ်ပြီး အချိန်ကြာမြင့်မည်ဖြစ်သည်။ သို့သော် ပြည်တွင်းအဆင့်နှင့် နိုင်ငံတကာအဆင့် နှစ်ခုလုံးတွင် ထိရောက်သော လုပ်ဆောင်ချက်များ ချက်ချင်း လုပ်ဆောင်နိုင်ပါသည်။

### ၁. တာဝန်ယူမှုတာဝန်ခံမှုစနစ် ဖြစ်ပေါ်လာရန် ပြည်တွင်းအဆင့် လုပ်ဆောင်ချက်များ

၁၆၂၆။ မြန်မာနိုင်ငံအာဏာပိုင်များအနေဖြင့် အရေးပေါ်အခြေအနေတစ်ခုအနေဖြင့် နိုင်ငံတကာ မိတ်ဖက်များ၏ပံ့ပိုးမှုဖြင့် သက်ဆိုင်ပါဝင်သူများအားလုံးကို စုစည်း၍ မြန်မာနိုင်ငံလူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ပေးနိုင်သော စနစ်တစ်ခု တည်ဆောက်ရန် ပြည့်စုံသော နိုင်ငံတော်လမ်းပြမြေပုံတစ်ခုနှင့် လုပ်ငန်းအစီအစဉ်တစ်ခု ရေးဆွဲချမှတ်ရန် မစ်ရှင်အဖွဲ့ အနေဖြင့် တိုက်တွန်းပါသည်။ လမ်းပြမြေပုံနှင့် လုပ်ငန်းအစီအစဉ်သည် အထက်တွင် ဖော်ပြခဲ့သော အပြောင်းအလဲဖော်ဆောင်ပေးနိုင်သော အဓိကအရွေ့အပြောင်းသုံးခုအတွက်ကို ပံ့ပိုးမှု ပေးသင့်သည်။

၁၆၂၇။ မြန်မာနိုင်ငံအစိုးရသည် အရပ်ဘက်လူမှုအသိုင်းအဝိုင်းအပါအဝင် သက်ဆိုင်ပါဝင်သူ အားလုံးနှင့် ညှိနှိုင်းဆွေးနွေး၍ သင့်လျော်ပြီး အကောင်အထည်ဖော်ရန်ဖြစ်နိုင်သော လုပ်ငန်းစဉ် များအပြင် အကောင်အထည်ဖော်မည့် လုပ်ငန်းအချိန်ဇယားတို့ကို ရေးဆွဲချမှတ်ရမည့် တာဝန်ရှိသည်။ မစ်ရှင်အဖွဲ့ အနေဖြင့် အောက်ပါအခန်းကဏ္ဍများတွင် ဆောင်ရွက်ချက် များ ပါဝင်ရန် အကြံပြုပါသည်။

#### (က) အသိအမှတ်ပြုခြင်း

၁၆၂၈။ အပြောင်းအလဲသည် အသိအမှတ်ပြုမှုမှ စတင်သည်။ မြန်မာအစိုးရနှင့် အာဏာပိုင်များ အနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု (ယခင်၊ ယခုနှင့် အနာဂတ်) အားလုံးကို ချွင်းချက်မရှိ၊ ခွဲခြားမှုမရှိပဲ ချက်ခြင်း ပြစ်တင်ရှုတ်ချသင့်သည်။ ရှုတ်ချမှုများသည် တိတိကျကျ ဖြစ်သင့်ပြီး ကချင်၊ ရခိုင်၊ ရှမ်းပြည်နယ်နှင့် အခြားနေရာများတွင် ဖြစ်ပေါ်ခဲ့သော ဆိုးရွားသည့် ချိုးဖောက်မှုများကို ပေါ်ပေါ်ထင်ထင် အသိအမှတ်ပြုသင့်သည်။ စစ်တပ်နှင့် အခြားလုံခြုံရေး အဖွဲ့များ၏ ဖိနှိပ်မှုများ တွေ့ကြုံခံစားခဲ့ရသည့် လူအုပ်စုအား တိတိကျကျနှင့် ပေါ်ပေါ်ထင်ထင် အသိအမှတ်ပြုသင့်သည်။ ထိုထဲတွင် တိုင်းရင်းသားလူမျိုးစုနှင့်ဘာသာရေး လူနည်းစုများအပြင် လူ့အခွင့်အရေးကာကွယ်သူများ၊ သတင်းထောက်များ၊ ကျောင်းသားများ၊ လယ်သမားများနှင့်

သံဃာများလည်း ပါဝင်သည်။ စွပ်စွဲချက်များနှင့် တိုင်ကြားချက်များကို အလေးထား ကိုင်တွယ်သင့်ပြီး ကျူးလွန်ခံခဲ့ရသူများ အားလုံး၏ နာကျင်မှုများ၊ ခံစားမှုများကို အသိအမှတ် ပြုပေးရမည်။

၁၆၂၉။ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်သာမကနှင့် ရခိုင်ပြည်နယ် ကပ်ဘေးကို ဖြေရှင်းရန် အစိုးရ၏ လုပ်ဆောင်မှုများသည် နိုင်ငံတကာဥပဒေချိုးဖောက်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှု မည်သို့ဖော်ဆောင်မည်ဆိုသော ဆွေးနွေးမှုများမပါဝင်သည့်အပေါ် မစ်ရှင်အဖွဲ့ အနေဖြင့် စိုးရိမ်မိပါသည်။ ဤပဋိပက္ခများနှင့် ကပ်ဘေးများကို ဖြေရှင်းရန်ရည်ရွယ်သည့် မည်သည့် နိုင်ငံရေးဖြစ်စဉ်မဆို ပြန်လည်ရင်ကြားစေ့ရေးနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး ရရှိနိုင်ရန်အတွက် တာဝန်ယူမှုတာဝန်ခံမှုအကြောင်းကို အစီအစဉ်ထဲတွင် ထည့်သွင်းမှ ရမည်ဖြစ်သည်။

### (ခ) လုံခြုံရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှု

၁၆၃၀။ လုံခြုံရေးကဏ္ဍကို ထိရောက်သသော ပြုပြင်ပြောင်းလဲမှု မပြုလုပ်ပါက ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ကြမ်းကြုတ်သောပြစ်မှုများ ထပ်မံဖြစ်ပေါ်မှာ မလွဲပေ။ *ကြမ်းကြုတ်သောပြစ်မှုများ သုံးသပ်ခြင်းဆိုင်ရာမူဘောင်* တွင် ကြမ်းကြုတ်သော ပြစ်မှုများ ဖြစ်ပေါ်နိုင်ခြေအန္တရာယ်ကို မြင့်တက်စေသော လုံခြုံရေးအဖွဲ့အစည်းများနှင့် စပ်လျှင်းသည့် အကြောင်းတရားအချို့ ထုတ်နုတ်ဖော်ပြထားပြီး ထိုထဲတွင် "လုံခြုံရေးအဖွဲ့များအပေါ် အရပ်သားပြည်သူများ၏ ထိရောက်သော ထိန်းချုပ်မှု ကင်းမဲ့ခြင်း" နှင့် "ပြင်ပ သို့မဟုတ် အတွင်းပိုင်းတွင် တာဝန်ယူမှုတာဝန်ခံမှုနှင့် ထိန်းကြောင်းမှုယန္တရားများ မရှိခြင်း သို့မဟုတ် မလုံလောက်ခြင်း" တို့ပါဝင်သည်။[3389]

၁၆၃၁။ မြန်မာအာဏာပိုင်များသည် နိုင်ငံရေးအရလည်းကောင်း၊ ဖွဲ့စည်းအုပ်ချုပ်ပုံအရ လည်းကောင် ဥပဒေပြုရေးအရလည်းကောင်း ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များမှ တစ်ဆင့် လူမှုအသိုင်းအဝိုင်းအတွင်း လုံခြုံရေးအဖွဲ့များ၏ နေရာ၊ အခန်းကဏ္ဍနှင့် အာဏာကို ပြန်လည်ဆင်ခြင်သုံးသပ်ရမည်။ အနည်းဆုံး အောက်ပါ ကဏ္ဍ (၅) ခုတွင် ဆောင်ရွက်ချက်များ ရှိရန်လိုအပ်သည်။

- တပ်မတော်နှင့် အခြားလုံခြုံရေးအဖွဲ့များ၏ မူဝါဒများ၊ နည်းစနစ်များ၊ စစ်ရေးလှုပ်ရှားမှု ဆိုင်ရာ စည်းမျဉ်းများနှင့် သင်တန်းလမ်းညွှန်များ အားလုံးကို နိုင်ငံတကာဥပဒေများ၊ အထူးသဖြင့် မည်သည့်လူမျိုး၊ ဘာသာ သို့မဟုတ် နိုင်ငံသားမဆို ခွဲခြားဆက်ဆံမှု မရှိရေးနှင့် တန်းတူအကာအကွယ်ရရှိရေး အခြေခံမှုများအညီ ဖြစ်စေရန် ပြန်လည် သုံးသပ်ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ပြန်လည်ပြင်ဆင်မှု ပြုလုပ်ခြင်း။
- သက်ဆိုင်ရာ လုံခြုံရေးအဖွဲ့များ၏ အခန်းကဏ္ဍနှင့် တာဝန်များကို ရှင်းရှင်းလင်းလင်း ဖော်ပြချက်ခြင်း၊ ဥပမာ တရားဥပဒေစိုးမိုးရေး သို့မဟုတ် လူစုလူဝေးများထိန်းချုပ်ခြင်း

[3389] A/70/741-S/206/71, annex, အန္တရာယ်ဖြစ်စေသော အချက်များ ၅ နှင့် ၇

လောက်သာ လိုအပ်သော အခြေအနေများတွင် စစ်တပ်အား အသုံးပြုခြင်းကို ရှောင်ရှားခြင်း။ ဤသို့ ဆောင်ရွက်ရာတွင် "ပြင်ပဆိုင်ရာ" ကာကွယ်ရေး (စစ်တပ်) နှင့် "အတွင်းပိုင်းဆိုင်ရာ" အများပြည်သူလုံခြုံရေး (ရဲတပ်ဖွဲ့) နှင့်၊ စုံစမ်းထောက်လှမ်းရေး အဖွဲ့များကြား ကွဲပြားမှုကို ရှင်းရှင်းလင်းလင်း သတ်မှတ်ခြင်း၊ ရဲတပ်ဖွဲ့များနှင့် စုံစမ်းထောက်လှမ်းရေး အဖွဲ့များအား တပ်မတော်၏ ညွှန်ကြားမှုအောက်မှ ဖယ်ထုတ်ခြင်း၊ ပြည်သူ့စစ်များနှင့် နယ်ခြားစောင့်တပ်ဖွဲ့များကို ဖျက်သိမ်းခြင်းနှင့် ၎င်းတို့နှင့်သက်ဆိုင်သော မူဝါဒများကို ပြန်လည်ခြုံငုံသုံးသပ်ခြင်း ပြုလုပ်ရန်လိုအပ်သည်။ အထူးသဖြင့် စစ်တပ်၏ ထိမ်းချုပ်မှုနှင့် လည်ပတ်မှုအောက်မှ အပြည့်အဝ ကင်းလွတ်သော အကျိုးတော်ဆောင်ရဲတပ်ဖွဲ့အဖြစ်သို့ ရောက်ရှိအောင် ရဲတပ်ဖွဲ့အား ပြုပြင်ပြောင်းလဲခြင်း ပြုလုပ်ရန် အရေးပေါ်လိုအပ်နေသည်။ ဤအတွက် နိုင်ငံတကာ အကူအညီများနှင့် အထောက်အပံ့များဖြင့် ဝိုင်းဝန်းပံ့ပိုးမှုပေးနိုင်သည်။

• စစ်တပ်နှင့် အခြားလုံခြုံရေးဝန်ဆောင်မှုအဖွဲ့များက ပြည်သူလူထုကို ဝန်ဆောင်မှုပေးပြီး ပြည်သူလူထုကိုယ်စားပြု ရွေးကောက်ခံ ဝန်ထမ်းများ၏ စောင့်ကြည့်ထိန်းကြောင်းမှု အောက်တွင်ရှိသည့် ဒီမိုကရေစီမူဘောင်တစ်ခု ရရှိနိုင်ရေး အရပ်ဘက် စောင့်ကြည့် ထိန်းကြောင်းမှုကို ပိုမိုအားကောင်းအောင် လုပ်ဆောင်ခြင်း။ (ဥပမာ - လွှတ်တော်ဆိုင်ရာ စောင့်ကြည့်ထိန်းကြောင်းရေး ကော်မတီ၊ အုပ်ချုပ်ရေးဆိုင်ရာ စောင့်ကြည့် ထိန်းကြောင်းခြင်း၊ တရားရေးဆိုင်ရာ ပြန်လည်သုံးသပ်ခြင်း) ။[3390] ဤသို့ ဆောင်ရွက်ရာတွင် မြန်ဆန်မှု၊ လွတ်လပ်အမှီအခိုကင်းမှု၊ ဘက်မလိုက်မှု၊ ထိရောက်မှုနှင့် စေ့စပ်မှုရှိသော စုံစမ်းစစ်ဆေးမှုများရှိစေရန် လုံခြုံရေးအဖွဲ့များ၏ မမှန်မကန် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ လုံခြုံရေး အဖွဲ့များအတွင်းမှဖြစ်စေ၊ အများပြည်သူ ထံမှဖြစ်စေ တင်ပြချက်များကို လက်ခံပေးသည့် လွတ်လပ်သော ပြင်ပအဖွဲ့ ဖွဲ့စည်းခြင်း ပါဝင်သင့်သည်။

• ပြင်းထန်သော နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများအတွက် တာဝန်ရှိသောအရာရှိများကို တာဝန်မှဖယ်ရှားခြင်းနှင့် ရာထူးတိုးမြှင့်ခြင်းမရှိအောင် တားဆီးသည့် စီစစ်ရေးသို့မဟုတ် ရွေးချယ်ရေးလုပ်ငန်းစဉ်။ ကွဲပြားစုံလင်သော ပြည်သူလူထု အုပ်စုများမှ ပုဂ္ဂိုလ်များ၏ ပါဝင်မှုကို တိုးမြှင့်ခြင်း။

• နိုင်ငံရေးနှင့် စီးပွားရေးတွင် စစ်တပ်၏အထူးခံစားခွင့်များကို ပယ်ဖျက်ခြင်း။

### (ဂ) တရားမျှတမှုအတွက် စစ်တပ်၏စီရင်ခွင့် အတိုင်းအတာအား ပိုမိုကျဉ်းမြောင်းစေခြင်း

၁၆၃၂။ စစ်ဘက်ဆိုင်ရာတရားရုံးများ၏ စီရင်ခွင့်ထဲတွင် တပ်ပိုင်းဆိုင်ရာ စည်းကမ်း ချိုးဖောက်သည့် စစ်သားများကိုသာ စီရင်ခွင့်ရှိစေရန် အကန့်အသတ်ထားသင့်ပြီး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ပြင်းထန်သော နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများ

[3390] လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲရေးသည် ကြမ်းကြုတ်သော ရာဇဝတ်မှုများအား မည်သို့တားဆီးနိုင်သည် ဟူသော ဆွေးနွေးချက်၊ ဤတွင်ကြည့်ပါ။ A/HRC/37/65, စာပိုဒ် ၃၉ - ၅၇

မပါဝင်သင့်ပေ။[3391] အထူးဖြင့် အရပ်သားများက ချိုးဖောက်ခံရသူအနေဖြင့်ဖြစ်စေ၊ ကျူးလွန်သူအနေဖြင့်ဖြစ်စေ ပါဝင်ပတ်သက်နေသော အမှုဖြစ်စဉ်များကို အရပ်ဘက်တရားရေးစနစ်အောက်သို့ လွှဲပြောင်း သင့်သည်။ ဤအတွက် အကြောင်းပြချက် (၂) ခုရှိသည်။ လူ့အခွင့်အရေးချိုးဖောက်မှုသည် တပ်မတော်သားအနေဖြင့် ထမ်းဆောင်ရသော တာဝန် အတိုင်းအတာ၏ အပြင်ဘက်တွင် ရှိနေသည်၊ ထို့ပြင် စစ်တပ်တရားရုံးများသည် ကျူးလွန်သော တပ်မတော်သားများ၊ အထူးသဖြင့် အကြီးတန်းအရာရှိများကို ကာကွယ်မှုပေးလိုစိတ် ဖြစ်ပေါ်နိုင်သောကြောင့် ပြင်းထန်သော ချိုးဖောက်မှုများအား စစ်ဆေးစီရင်ရန် ယုံကြည်၍ မရနိုင်ပါ။[3392] အထူးသဖြင့် မြန်မာနိုင်ငံ၏ အခြေအနေတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများသည် စစ်ခုံရုံးများ၏ စီရင်ခွင့်အောက်တွင် ဆက်လက်ရှိနေပါက တရားမျှတမှု ပေါ်ပေါက်နိုင်သည့် အလားအလာ မရှိနိုင်ပါ။

၁၆၃၃။ စစ်ဘက်ဆိုင်ရာတရားရုံးများ၏ စီရင်ပိုင်ခွင့်အား ကန့်သတ်မှုပြုလုပ်သည့် တစ်ချိန်ထဲတွင်၊ စစ်ဘက်ဆိုင်ရာ တရားမျှတမှုစနစ်အောက်ရှိ တရားစီရင်မှုများသည် နိုင်ငံတကာ မျှတသော တရားစီရင်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ၊ စံနှုန်းများနှင့် အပြည့်အဝ ကိုက်ညီမှု ရှိအောင် ကြိုးပမ်းသင့်သည်။ အထူးသဖြင့် စစ်ဘက်ဆိုင်ရာတရားရုံးများသည် အမှုဖြစ်စဉ်များကို စီရင်ဆုံးဖြတ်ရာတွင် စစ်တပ်၏ညွှန်ကြားမှု ကွင်းဆက်အောက်မှ ကင်းလွတ်သင့်ပြီး တရားသော ဖြစ်စဉ်နှင့် မျှတသော လုပ်ထုံးလုပ်နည်းဆိုင်ရာ စံနှုန်းများနှင့်အညီ ဆောင်ရွက်သင့်သည်။

### (ဃ) တရားဥပဒေစိုးမိုးရေး ပြုပြင်ပြောင်းလဲမှုအား အရှိန်မြှင့်ခြင်း

၁၆၃၄။ ပြည်တွင်းအဆင့် တရားဥပဒေစိုးမိုးရေး ပြုပြင်ပြောင်းလဲမှုသည် ထိပ်တန်း ဦးစားပေးလုပ်ငန်း ဖြစ်သင့်သည်။ မစ်ရှင်အဖွဲ့ အနေဖြင့် ဤကဏ္ဍအတွက် စီမံကိန်းအချို့ ရှိနေကြောင်း သိရှိထားပြီး တခြားနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံအား ပေးအပ်နေသော အကူအညီများကို နှစ်ဆ ထပ်တိုးပေးရန် တိုက်တွန်းလိုသည်။ သို့သော် တရားဥပဒေစိုးမိုးရေး ပြုပြင်ပြောင်းလဲမှုပြုလုပ်ရာတွင် နိုင်ငံတကာ စံနှုန်းများနှင့် ကိုက်ညီသည့် တရားဥပဒေစိုးမိုးရေး အဓိပ္ပါယ်ဖွင့်ဆိုချက်အပေါ် အခြေခံရမည်ဖြစ်ပြီး "ဥပဒေနှင့်အာဏာသက်ဝင်ခြင်း" သို့မဟုတ် "ဥပဒေကိုအသုံးပြု၍အုပ်ချုပ်ခြင်း" အယူအဆများနှင့် ကွဲပြားသည်။

*တရားဥပဒေစိုးမိုးရေး ဟုဆိုရာတွင် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းနှင့် သီးခြားအစုအဖွဲ့၊ အများပိုင်ဖြစ်စေ ပုဂ္ဂလိကပိုင်ဖြစ်စေ၊ နိုင်ငံတော် တစ်ခုလုံးအပါအဝင် အားလုံးသည် ဥပဒေများနှင့်အညီ တာဝန်ခံမှုရှိသည့် အုပ်ချုပ်မှုအခြေခံမူတစ်ရပ်ကို ဆိုလိုခြင်းဖြစ်ပြီး ဥပဒေများကို နိုင်ငံတကာ လူ့အခွင့်အရေး သတ်မှတ်ချက်များနှင့် စံနှုန်းများနှင့်အညီ*

[3391] See e.g. အပြစ်ဒါဏ်ပေးခံရခြင်းမှာ ကင်းလွတ်မှုကို တိုက်ဖျက်ရန် အခြေခံမူများ- အခြေခံမူ ၂၉ ။ စစ်ခုံရုံးများမှတဆင့် တရားမျှတမှုကို စီမံရေးကို လွှမ်းမိုးစေမည့် မူဝါဒ မူကြမ်းများတွင်ကြည့်ရန်။ (E/CN.4/2006/58), အခြေခံမူဝါဒ ၉ ၊ ဤ အခြေခံမူများသည် နိုင်ငံတကာ ဥပဒေများကို ပိုမို ရောင်ပြန်ဟပ်လာသည်ဟု ထင်မြင်ရသည်။ ဥပမာ A/70/438, စာပိုဒ် ၅၁

[3392] See A/68/285, စာပိုဒ် ၆၁

*အများပြည်သူထံ ထုတ်ပြန်ခြင်း၊ တန်းတူ သက်ရောက်မှုရှိစေခြင်းနှင့် လွတ်လပ် အမှီအခိုကင်းစွာ စီရင်ဆုံးဖြတ်ခြင်း ရှိရမည်။ ထို့ပြင် ဥပဒေ၏ အမြင့်ဆုံးသြဇာလွှမ်းမိုးမှု၊ ဥပဒေရှေ့မှောက် တန်းတူညီမှု၊ ဥပဒေနှင့်အညီ တာဝန်ခံမှု၊ မျှတသော ဥပဒေသက်ရောက်မှု၊ အာဏာခွဲဝေမှု၊ ဆုံးဖြတ်ချက်ချမှတ်ခြင်းတွင် ပါဝင်မှု၊ ဥပဒေ၏ ရှင်းလင်းပြတ်သားမှု၊ စိတ်ထင်သလို ဆောင်ရွက်ခြင်း ကင်းရှင်းမှုနှင့် ဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ပွင့်လင်းမြင်သာမှု ရှိရန် လိုအပ်သည်။*[3393]

၁၆၃၅။ ဥပဒေပြင်ဆင်ရေးဖြစ်စဉ်ကို အရှိန်မြှင့်ဆောင်ရွက်ရမည်ဖြစ်ပြီး ဥပဒေများအားလုံး တရားမျှတမှု၊ ဘက်မလိုက်မှုနှင့် နိုင်ငံတကာ လူ့အခွင့်အရေး သတ်မှတ်ချက်များနှင့် စံနှုန်းများနှင့် အပြည့်အဝကိုက်ညီမှုရှိအောင် အသေးစိတ် ပြန်လည်စီစစ်ပြင်ဆင်ခြင်း ပြုလုပ်ရမည်။ ထိုထဲတွင် ခွဲခြားဆက်ဆံမှုရှိသော ဥပဒေများအပြင် အခြေခံလွတ်လပ်မှု ခံစားခွင့်များအပေါ် မလိုအပ်ပဲ ကန့်သတ်ထားသော ဥပဒေများ ဖျက်သိမ်းခြင်း ပါဝင်သည်။ ထို့ပြင် နိုင်ငံတကာဥပဒေဆိုင်ရာ ပြစ်မှုများကို ဥပဒေပြဋ္ဌာန်း၍ ပြည်တွင်းရာဇဝတ်မှုဆိုင်ရာ ဥပဒေထဲတွင် ထည့်သွင်းခြင်း၊ ထိုပြစ်မှုများနှင့် အခြားဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်နှင့် လွတ်ငြိမ်းချမ်းသာခွင့် ပြဋ္ဌာန်းချက်များအားလုံး ပယ်ဖျက်ခြင်းနှင့် ဆက်လက်၍ လွတ်လပ်အမှီအခိုကင်းသော အရပ်သားတရားရုံးများမှတစ်ဆင့် ဥပဒေကို အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့လည်း ပါဝင်သည်။ မြန်မာနိုင်ငံက အတည်ပြုလက်မှတ်ရေးထိုးခြင်း မပြုရသေးသော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်များအားလုံးနှင့်အတူ ၎င်းတို့၏ သက်ဆိုင်ရာ ပုဂ္ဂိုလ်တစ်ဦးချင်းတိုင်ကြားမှု ယန္တရားများကို အတည်ပြုလက်မှတ်ရေးထိုးခြင်းလည်း ပါဝင်သည်။

၁၆၃၆။ တရားရေးပြုပြင်ပြောင်းလဲမှုပြုတွင် အာရုံစိုက်မှု တိုးမြှင့်ရန်လည်း လိုအပ်သည်။ ထိုထဲတွင် တရားစီရင်ရေးအာဏာပိုင်များ၏ လွတ်လပ်အမှီအခိုကင်းမှု ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်းနှင့် ၎င်းတို့အတွက် ဥပဒေနှင့်တရားစီရင်ရေးဆိုင်ရာ ကျွမ်းကျင်မှု တည်ဆောက်ခြင်း ပါဝင်သည်။ မည်သည့် အရပ်ဘက်တရားစီရင်သူမျှ စစ်တပ်နှင့် အခြားသော အစိုးရဌာနခွဲများ၏ ထိန်းချုပ်မှု သို့မဟုတ် လွှမ်းမိုးမှုအောက်တွင် မရှိသင့်ပါ။ အဆင့်မြင့် တရားရုံးများနှင့် အယူခံတရားရုံးများရှိ တရားသူများကြီးများအားလုံးသည် တရားဝင် အရည်အချင်းပြည့်မှီသူများ ဖြစ်သင့်သည်။ ထို့ပြင် လူ့အခွင့်အရေးချိုးဖောက်မှု အမှုဖြစ်စဉ် များကို လုံလောက်စွာစုံစမ်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် စစ်ဆေးစီရင်ခြင်း ပြုလုပ်နိုင်ရန် စွမ်းရည်ဖြည့်ခြင်း အစီအစဉ်များ လိုအပ်သည်။ အထူးသဖြင့် နိုင်ငံတကာဥပဒေပါ ပြစ်မှုမြောက်သော အမှုဖြစ်စဉ်များအတွက် အထူးပြု ဗဟုသုတနှင့်ကျွမ်းကျင်မှုရှိရန် လိုအပ်သည်။

---

[3393] အထွေထွေ အတွင်းရေးမှူးချုပ်၏ အစီရင်ခံစာ- ပဋိပက္ခ နှင့် ပဋိပက္ခလွန်ကာလများ ၏ လူ့ အဖွဲ့အစည်းများ အတွက် တရားဥပဒေ စိုးမိုးရေး နှင့် အသွင်ကူးပြောင်းမှု တရားမျှတရေးt (S/2004/616)

၁၆၃၇။ မစ်ရှင်အဖွဲ့ အနေဖြင့် ကြမ်းကြုတ်သည့်ပြစ်မှုများ ကြိုတင်ကာကွယ်တားဆီးရေး ဆိုင်ရာ ကဏ္ဍစုံနှင့် ဌာနစုံပါဝင်သော နိုင်ငံတော်ယန္တရားတစ်ခု တည်ဆောက်ရန် မြန်မာနိုင်ငံ အစိုးရကို ထပ်မံအကြံပြုလိုသည်။ ၎င်း၏ အခန်းကဏ္ဍသည် ကြမ်းကြုတ်သောပြစ်မှုများ ကြိုတင်ကာကွယ်တားဆီးရန် ရည်ရွယ်သည့် ဖြစ်နိုင်ခြေအန္တရာယ်ဆန်းစစ်မှုများ ပြုလုပ်ခြင်း၊ မူဝါဒများအကြံပြုချက်များပေးခြင်းနှင့် ရေးဆွဲခြင်း၊ ဒေသတွင်းနှင့်နိုင်ငံတကာ အဖွဲ့အစည်းများ အပါအဝင် အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်ခြင်း ပြုလုပ်ရန်ဖြစ်သည်။

### (င) အမှန်တရားရှာဖွေခြင်း

၁၆၃၈။ *ကိုယ်စားလှယ်အဖွဲ့* သည် မြန်မာနိုင်ငံအတွင်း မုန်းတီးမှု၊ ချန်လှပ်ထားမှုနှင့် သည်းခံလိုစိတ် မရှိမှုနှင့် ဆိုင်သည့် မကြာခဏ ပြောကြားနေမှုများနှင့် ပတ်သက်၍ အထူး စိုးရိမ်မိသည်။ ထို့ပြင် လူထုအုပ်စုငယ်လေးများကြားတွင် ဆိုးရွားသော လူ့အခွင့်အရေး ချိုးဖောက်မှုများ ကျူးလွန်မှုနှင့် ပတ်သက်သည့် သမိုင်းကြောင်းနှင့် အခြေအနေအပေါ် အစွန်းနှစ်ဖက်ရောက်သည့် ကွဲပြားပြီး ပေါင်းစပ်၍မရနိုင်သော နားလည်မှု လွဲမှားခြင်းများရှိနေခြင်း နှင့်ပတ်သက်၍လည်း မစ်ရှင်အဖွဲ့ အနေဖြင့်စိုးရိမ်မိသည်။ ချဲ့ကားပြောဆိုခြင်း၊ လုပ်ကြံပြောဆိုခြင်းနှင့် နားလည်မှုလွဲမှားခြင်းဖြစ်ပါက တင်းမာမှုနှင့် မယုံကြည်မှု ပိုမိုဖြစ်ပေါ် စေရုံသာရှိသည်။ အရေးအကြီးဆုံး ဆောင်ရွက်ရန် လိုအပ်သောအချက်မှာ အစိုးရအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်များနှင့် ပတ်သက်၍ ကျူးလွန်ခံရသူများနှင့် လူမှုအသိုင်းအဝိုင်း၏ အမှန်တရား သိရှိခွင့်ကို ဖြည့်ဆည်းရန် နိုင်ငံတကာ အသိုင်းအဝိုင်းထံမှ သင့်လျော်သော အကူအညီရယူ၍ ယုံကြည့်နိုင်လောက်သည့် ဆောက်ရွက်ချက်များ စတင်ပြုလုပ်ရန်ဖြစ်သည်။ အထူးသဖြင့် ရခိုင်ပြည်နယ်အတွက် အမှန်တရားရှာဖွေသည့် လုပ်ဆောင်မှုများ အရေးတကြီး လိုအပ်နေသည့်တစ်ချိန်ထဲတွင် မြန်မာနိုင်ငံမြောက်ပိုင်းနှင့် တိုင်းပြည်၏ ကျန်အခြားဒေသများအတွက်လဲ လိုအပ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် အများပါဝင်မှု၊ သည်းခံမှုနှင့် လူတိုင်း၏လူ့အခွင့်အရေးကို လေးစားလိုက်နာမှု အပေါ် အခြေခံသည့် အဖြစ်အပျက်များအပေါ် တစ်မျိုးသားလုံးအဆင့် ဘုံနားလည်မှု ဖြစ်ပေါ်လာရန် အထောက်အကူဖြစ်စေနိုင်သည်။

၁၆၃၉။ ဤအတွက် သတင်းအချက်အလက်များစုဆောင်းခြင်း၊ အချက်အလက်များ စီစစ်အတည်ပြုခြင်းနှင့် ဖြစ်ပျက်ခဲ့သည့် အမှန်တရားကို ထိထိရောက်ရောက် ဖော်ထုတ်ခြင်း ပြုလုပ်ရန် ပံ့ပိုးနိုင်သော ယန္တရားများ၊ လုပ်ထုံးလုပ်နည်းများ တည်ဆောက်ရန် လိုအပ်သည်။ အရေးကြီးသောအချက်မှာ ထိုယန္တရားများသည် ကျူးလွန်ခံရသူများ၏ အသံကို ဖော်ထုတ်ပေးနိုင်သည့်အပြင် ၎င်းတို့သည် အခွင့်အရေးရှိသူများဖြစ်ကြောင်း ခိုင်မာစေပြီး လူမှုရေးဆိုင်ရာပေါင်းစပ်မှုများအတွက် အထောက်အကူဖြစ်စေနိုင်သည်။[3394] သို့သော် ထိုသို့သောယန္တရားများကို သင့်တင့်လျောက်ပတ်သောပုံစံရှိပြီး ကျွမ်းကျင်ရာနယ်ပယ်၊

[3394] A/HRC/24/42, စာပိုဒ် ၉၀-၉၁

ရိုးဖြောင့်မှုနှင့် နားလည်တက်ကျွမ်းမှု အမြင့်ဆုံးအဆင့်ရှိသည့် လွတ်လပ်အမှီအခိုကင်းမှုကို ရေးရှုသော ကော်မရှင်ဝင်များ သို့မဟုတ် ကျွမ်းကျင်ပညာရှင်များက ဦးဆောင်ရမည်။ ၎င်းတို့သည် နိုင်ငံရေး သို့မဟုတ် စစ်ရေးဆိုင်ရာ လွှမ်းမိုးမှုများမှ ကင်းရမည်။

### (စ) ကျူးလွန်ခံရသူများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများကို မြှင့်တင်ခြင်း

၁၆၄၀။ ပြင်းထန်သော လူ့အခွင့်အရေး ကျူးလွန်ခံရသူများကို လိုအပ်သော စောင့်ရှောက်မှု၊ ထောက်ပံ့မှုနှင့် ပံ့ပိုးမှုများ ချက်ချင်းပြုလုပ်ရန် လိုအပ်နေသည်။ ရပ်ရွာလူထုများသည် ပြောင်မြောက်သော ခံနိုင်ရည်စွမ်းရှိကြောင်း တွေ့ရသော်လည်း ထပ်မံတိုက်ခိုက်မှု သို့မဟုတ် ဖမ်းဆီးမှု ကြုံတွေ့ရမည့်အပေါ် ကြောက်ရွံ့စိတ်ဖြင့် နေထိုင်နေရသောကြောင့် လူမှုရေးဆိုင်ရာ ထောက်ပံ့မှုများ ပေးအပ်နိုင်မှု နည်းပါးခဲ့သည်။ ကျူးလွန်ခံရသူများကို ပေးသော ထောက်ပံ့မှု အများစုသည် ကုသမှုပေးရန်ထက် ခံနိုင်ရည်စွမ်းရှိစေရန် ရည်ရွယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာအစိုးရအနေဖြင့် ကျူးလွန်ခံရသူများအား အားပေးမြှင့်တင်ရေး၊ ပြန်လည်ကုစားရေးနှင့် ချိုးဖောက်မှု ထပ်မံမဖြစ်ပေါ်အောင် ရှောင်ရှားရေး မဟာဗျူဟာ၏ အဓိကအစိတ်အပိုင်းများ အနေဖြင့် လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီများနှင့် စိတ်ဒဏ်ရာအတွက် နှစ်သိမ့်ဆွေးနွေး မှုများ ဆောက်ရွက်ပေးသင့်သည်။

၁၆၄၁။ မြန်မာပြည်သူများသည် စစ်တပ်နှင့်အခြားလုံခြုံရေးတပ်ဖွဲ့များ၏လက်တွင် ဒုက္ခခံစားလာ ခဲ့ရသည်။ ထိုသို့ခံစားလာရသူများထဲတွင် သက်သေများအရ ရိုဟင်ဂျာပြည်သူများ အပါအဝင် တိုင်းရင်းသားလူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအားလုံး ပါဝင်သည့်အပြင် ဗမာ သို့မဟုတ် ဗုဒ္ဓဘာသာဝင်များလည်း ယေဘူယျအားဖြင့် ပါဝင်သည်။ ၎င်းတို့သည် အမှန်တရား၊ တရားမျှတမှု သို့မဟုတ် ပြန်လည်ကုစားပေးလျော်မှု ရရှိခွင့် ဘယ်တုန်းကမှ မရှိခဲ့ပါ။ ဤအချက်ကို ပြောင်းလဲရမည်ဖြစ်သည်။ မည်သည့် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရေး ဖြစ်စဉ် သို့မဟုတ် ဆောင်ရွက်ချက်မဆို လူ့အခွင့်အရေးအပေါ် အခြေခံပြီး ကျူးလွန်ခံရသည်များ၏ အခွင့်အရေးနှင့် လိုအပ်ချက်များကို ဗဟိုပြု၍ ရေးဆွဲထားသောပုံစံနှင့် အကောင်အထည်ဖော်ခြင်း ရှိရမည်။ ဤသို့ဆောင်ရွက်ရန် ပြည့်ဝသော ပူးပေါင်းပါဝင်မှု ဖြစ်စဉ်တစ်ခု ရှိရန်လိုအပ်သည်။ ယေဘူယျအားဖြင့် လူ့အခွင့်အရေး ချိုးဖောက်ခံရသူများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အဆင့်တိုင်းတွင် ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်ပေးခြင်းဖြင့် ၎င်းတို့၏ အသံထုတ်ဖော်ခြင်းနှင့် ဂုဏ်သိက္ခာပြန်လည်တည်ဆောက်ပေးခြင်း ပြုလုပ်ရမည်။

၁၆၄၂။ လူ့အခွင့်အရေး ချိုးဖောက်မှုခံရသူများကို အားပေးမြှင့်တင်ခြင်းနှင့် လုပ်ဆောင်နိုင်စွမ်း ရှိအောင် ဆောင်ရွက်ပေးခြင်း လုပ်ငန်း၏ ပထမအဆင့်မှာ တစ်ဦးတစ်ယောက်စီတိုင်း၏ တရားဝင် ရပ်တည်ခွင့်နှင့် ကြန်အင်လက္ခဏာသက်သေကို အသိအမှတ် ပြုခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တိုင်းပြည်၏ လူဦးရေများစွာသည် မွေးဖွားချိန်တွင် မှတ်တမ်းမတင်ခဲ့သောကြောင့် နိုင်ငံသားနှင့် ကိုယ်ရေးအထောက်အထားများ အလျင်းသင့်သလိုဆုံးရှုံးနေသောကြောင့် လူ့အခွင့်အရေး ချိုးဖောက်မှုခံရသူများစွာအတွက်

ကိုယ်ရေးအထောက်အထားများနှင့် တရားဝင်ရပ်တည်ခွင့် သက်သေအထောက်အထားများရရှိရန် စိန်ခေါ်မှုကြီးမားသည်။ မိမိအခွင့်အရေးကို အများလေးစားမှုရှိစေရန်လည်းကောင်း၊ အခွင့်အရေးတောင်းဆိုခြင်းနှင့် ချိုးဖောက်ခံရပါက ပြန်လည်ကုစားမှုရယူနိုင်ရန်လည်းကောင်း တရားဝင် ကိုယ်ရေးအထောက်အထားက အရေးကြီးသည်။[3395] အစိုးရအနေဖြင့် မြန်မာနိုင်ငံမှ သို့မဟုတ် မြန်မာနိုင်ငံအတွင်းရှိ ပုဂ္ဂိုလ်တစ်ဦးစီတိုင်း၏ တရားဝင်နေထိုင်ရပ်တည်ခွင့်နှင့် ကိုယ်ရေးအထောက်အထားများကို သင့်တော်သော အသိအမှတ်ပြုမှုနှင့် မှတ်တမ်းတင်ခြင်း ပြုလုပ်ရန် ချက်ချင်းဆောင်ရွက် သင့်သည်။

၁၆၄၃။ ထိုနည်းတူ အရေးကြီးသော အချက်မှာ ပုဂ္ဂိုလ် တစ်ဦးချင်းအနေဖြင့် တိုင်ကြားစာများ ပေးပို့ခြင်းနှင့် ပြန်လည်ကုစားမှုတောင်းဆိုခြင်း ပြုလုပ်နိုင်သော ပတ်ဝန်းကျင်တစ်ခု အခိုင်အမာ ဖန်တီးပေးခြင်း ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရန် ထုတ်ဖော်ပြောဆိုသူများအား ခြိမ်းခြောက်မှု၊ နောက်ယှက်စော်ကားမှု၊ တန်ပြန်လက်စားချေမှုများ မဖြစ်အောင်တားဆီးရန် လိုအပ်သည်။ လူ့အခွင့်အရေး ချိုးဖောက်ခံရသူများအပြင် လူ့အခွင့်အရေး ကာကွယ်သူများ၊ ရှေ့နေများ၊ သတင်းထောက်များနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ၎င်းတို့၏ အခွင့်အရေးများကို ရရှိခံစားခွင့်နှင့် ချိုးဖောက်ခံရမှုအတွက် တရားမျှတမှုရှာဖွေခွင့် ပြုလုပ်နိုင်သည့် လွပ်လပ်မှု အတိုင်းတာ ရှိရမည်။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်နှင့်ထင်မြင်ယူဆခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာစုဝေးခွင့် အပါအဝင် အခြေခံလွတ်လပ်ခွင့်များအားလုံး အပြည့်အဝခံစားခွင့်ရှိစေရေး တက်ကြွစွာ အားပေးမြှင့်တင်ရန် မရှိမဖြစ် လိုအပ်သည်။

၁၆၄၄။ စနစ်တကျဖွဲ့စည်းမှု၊ ဗဟုသုတကြွယ်ဝမှု၊ အားကောင်းမှုနှင့် ကိုယ်စားပြုမှုရှိသော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် လွတ်လပ်မှု၊ ကွဲပြားစုံလင်မှုနှင့် အမှီအခိုကင်းမှု ရှိသော သတင်းမီဒီယာကဏ္ဍ ရှိအောင်ဆောင်ရွက်ခြင်းနှင့် ၎င်းတို့အား လွတ်လပ်စွာလည်ပတ်ခွင့် ရှိအောင် ဆောင်ရွက်ခြင်းသည်လည်း နီးစပ်သော ဆက်စပ်လိုအပ်ချက်တစ်ခုဖြစ်သည်။[3396] *ကြမ်းကြုတ်သောပြစ်မှုများ ဆန်းစစ်ခြင်းဆိုင်ရာ မူဘောင်* တွင် အရပ်ဘက်လူမှု အဖွဲ့အစည်းများနှင့် သတင်းမီဒီယာများ ပါဝင်မှုမရှိခြင်းကို ကြမ်းကြုတ်သောပြစ်မှုများ ဖြစ်နိုင်ခြေအန္တရာယ် မြင့်တက်လာမှု၏ ညွှန်းကိန်းတစ်ခုအနေဖြင့် သတ်မှတ်ထားသည်။[3397]

၁၆၄၅။ အများပါဝင်မှု၊ သည်းခံမှု၊ တန်းတူညီမှုနှင့် လူသားတိုင်း၏ အခွင့်အရေးအပေါ် လေးစားမှုဆိုင်ရာ အခြေခံမူများအပေါ် အခြေခံသည့် ပညာရေးစနစ် ဖြစ်ပေါ်လာအောင် ပညာရေးစနစ်အား အသွင်ပြောင်းလဲ၍ ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ရန် ထည့်သွင်း စဉ်းစားသင့်ပြီး ဖယ်ကျဉ်သော စည်းရုံးပြောဆိုမှုများနှင့် သဘောထားကွဲလွဲစေသော လက်ဆင့်ကမ်းပြောဆိုမှုများကို တက်ကြွစွာ တွန်းလှန်သင့်သည်။ လူ့အခွင့်အရေးသည်

[3395] A/HRC/30/42, စာပိုဒ် ၄၁
[3396] A/HRC/37/65, စာပိုဒ် ၂၀
[3397] A/70/741-S/206/71, annex, risk factor 6.

ကျောင်းအားလုံး၏ ပုံမှန်သင်ရိုးညွှန်းတန်း အစိတ်အပိုင်းတစ်ခု ဖြစ်သင့်သည်။ သဘောထားကွဲလွဲမှုများ ရှောင်ရှားရန် သမိုင်းသင်ကြားမှုကို ဂရုတစိုက် ပြန်လည်စီစစ်သင့်သည်။ သင်ကြားမှုတွင် ကလေးငယ်များ၏ အချက်အလက်ကျကျ သုံးသပ်နိုင်စွမ်းနှင့် တွေးခေါ်နိုင်စွမ်းကို လှုပ်ဆော်ပေးရန် အားစိုက်လုပ်ဆောင်သင့်သည်။

### (ဆ) ပြန်လည်ထူထောင်ခြင်း

၁၆၄၆။ မြန်မာနိုင်ငံအစိုးရအနေဖြင့် ကျူးလွန်ခံရသူများ ခံစားခဲ့ရသော နစ်နာမှုများအတွက် ၎င်းတို့၏ ပြည့်စုံသော၊ ထိရောက်သော ပြန်လည်ကုစားပေးလျော်ခြင်းဆိုင်ရာ ရရှိပိုင်ခွင့်ကို ဦးစားပေး လုပ်ငန်းတစ်ခုအနေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သင့်သည်။ ဤအခန်းအစတွင် ဖော်ပြခဲ့သည့်အတိုင်း ဤသို့ဆောင်ရွက်ရာတွင် ပြန်လည်ဖြည့်ဆည်းပေးခြင်း၊ လျော်ကြေးပေးခြင်း၊ ပြည်လည်ပြုစုပျိုးထောင်ခြင်းနှင့် စိတ်ကျေနပ်မှုရှိစေခြင်း တို့ပါဝင်သည်။ အထူးသဖြင့် မြန်မာနိုင်ငံအတွက် သက်ဆိုင်အကြုံးဝင်သော ဆောင်ရွက်ချက်များတွင် လွတ်လပ်မှု၊ ကြန်အင်လက္ခဏာသက်သေ၊ မိသားစုဘဝနှင့် နိုင်ငံသားဖြစ်မှု ပြန်လည်ရရှိအောင် ဆောင်ရွက်ခြင်းအပြင် မူလနေရပ်သို့ ပြန်လည်ပို့ဆောင်ခြင်း၊ ပိုင်ဆိုင်မှု ပြန်လည်အပ်နှင်းခြင်းနှင့် အိုးအိမ်ပြန်လည် တည်ဆောက်ပေးခြင်း၊ ထိခိုက်မှုအတွက် လျော်ကြေးပေးခြင်း၊ ကျန်းမာရေးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ စောက်ရှောက်မှုပေးခြင်း၊ ဥပဒေနှင့် လူမှုရေး အထောက်အကူပြု ဝန်ဆောင်မှုပေးခြင်း၊ ပျောက်ဆုံးသူများ သို့မဟုတ် ပျောက်ကွယ်သွားသူများ၏ တည်နေရာ ရှာဖွေခြင်း၊ လူသေအလောင်းများအား မည်သူမည်ဝါဖြစ်ကြောင်း ဖော်ထုတ်ခြင်းနှင့် သင်္ဂြိုဟ်မြှုပ်နှံခြင်း၊ ထို့ပြင် ကျူးလွန်ခံရသူများအတွက် ပြန်လည်အောက်မေ့ခြင်းနှင့် ဂုဏ်ပြုခြင်းများ ပြုလုပ်ပေးခြင်းများ ပါဝင်သည်။

၁၆၄၇။ ပြန်လည်ကုစားပေးလျော်ခြင်းသည် နိုင်ငံတော်၏ တရားဝင်တာဝန်တစ်ခုဖြစ်သည်။ ၎င်းသည် တာဝန်ရှိကြောင်း အသိအမှတ်ပြုမှုအတွက် အထူးအရေးကြီးသော ပြုရုပ်တစ်ခုဖြစ်သည်။[3398] နိုင်ငံတော်နှင့် နိုင်ငံတော်အဖွဲ့အစည်းများအကြား ယုံကြည်မှုနှင့် ယခင်အခွင့်အရေး ချိုးဖောက် ခံခဲ့ရသူများအား ပိုင်ဆိုင်မှုခံယူစိတ် မြှင့်တင်ပေးသည်။ မြန်မာနိုင်ငံတွင် ထိခိုက်မှုများသည် အတိုင်းအဆ အလွန်ကြီးမားသောကြောင့် စနစ်တကျစုစည်းမှုရှိသော ပြန်လည်ပြုပြင်ရေး ဆောင်ရွက်ချက်များ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ရန် လိုအပ်သည်။ ပြန်လည်ဖြည့်ဆည်းပေးခြင်းနှင့် လျော်ကြေးပေးခြင်းများသည် အထူးသဖြင့် အရေးကြီးသည်။ အကြမ်းဖက်မှုများကြောင့် ကြီးမားသော စီးပွားရေးဆုံးရှုံးမှုများ၊ အများအားဖြင့် ကျူးလွန်ခံရသူများအတွက် ဖြစ်စေခဲ့သည်။ ထို့အတွက် တိုက်ရိုက်တာဝန်ရှိသော ကျူးလွန်သူများနှင့် နိုင်ငံတော်က ဖြည့်ဆည်းဆောင်ရွက် ပေးရမည်။

[3398] A/69/518, စာပိုဒ် ၈၃

## ၂။ နိုင်ငံတကာအဆင့် ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှု တာဝန်ခံမှု

၁၆၄၈။ နိုင်ငံတကာဥပဒေပါ ပြစ်မှုများကို စုံစမ်းဖော်ထုတ်ခြင်းနှင့် စစ်ဆေးအရေးယူခြင်း ပြုလုပ်ရန် မူလတာဝန်ရှိသူမှာ မြန်မာနိုင်ငံ၏ နိုင်ငံတော် အာဏာပိုင်များပင်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ကျူးလွန်ခဲ့သော ချိုးဖောက်မှုအတိုင်းအတာကို ကိုင်တွယ်ဖြေရှင်းရန် မည်သည့်ပြည်တွင်းစနစ်မဆို ခက်ခဲမှုများကြုံတွေ့ရနိုင်သည့် တစ်ချိန်ထဲတွင် မြန်မာအာဏာပိုင်များသည် ဤဖြစ်စဉ်ထဲတွင် အဓိပ္ပါယ်ပြည့်ဝစွာ ပူးပေါင်းဆောင်ရွက်ရန် လုပ်နိုင်စွမ်းနှင့် လုပ်လိုသည့်ဆန္ဒမရှိကြောင်း သက်သေပြခဲ့ပြီးဖြစ်သည်။ အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း အစိုးရအဆင့်ဆင့်တွင် စစ်တပ်၏ပါဝင်မှုနှင့် ဥပဒေဆိုင်ရာနှင့် တရားစီရင်ရေးဆိုင်ရာ ပျက်ကွက်မှုများကြောင့် အထူးသဖြင့် တာဝန်အရှိဆုံးသူများအတွက် ပြည်တွင်းအဆင့်တွင် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရန် မဖြစ်နိုင်သည့်အပြင် ကြိုတင်တွက်ဆနိုင်သော အနာဂတ်အတိုင်းအတာတစ်ခုထိတိုင် ထိုအခြေအနေတိုင်း ဆက်ရှိနေလိမ့်မည်။ ထို့ကြောင့် တာဝန်ယူမှုတာဝန်ခံမှုအတွက် တွန်းအားသည် နိုင်ငံတကာ အသိုင်းအဝိုင်း ထံမှသာ လာရမည်ဖြစ်သည်။

၁၆၄၉။ အထက်တွင်ဖော်ပြထားသော အခြေခံအရွေ့နှစ်ခု (ဒီမိုကရေစီနှင့်အများပါဝင်မှု) အတွက် တွန်းအားသည် ပြည်တွင်းမှ အများစုလာသင့်သည် ဖြစ်သော်လည်း နိုင်ငံတကာ အသိုင်းအဝိုင်းသည် တတိယအရွေ့ (တာဝန်ယူမှုတာဝန်ခံမှု) ရရှိအောင် ဆောင်ရွက်ရာတွင် အရေးကြီးသော အခန်းကဏ္ဍတွင် ရှိသည်။ တာဝန်ယူမှုတာဝန်ခံမှု ဖြစ်စဉ်တစ်ခုကို အစပြုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတကာ အသိုင်းအဝိုင်းသည် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် မဟာတံတိုင်းအား ပထမဆုံးကွဲအက်မှုဖြစ်စေနိုင်သည်။ အဆိုပါဖြစ်စဉ် စစ်မှန်မှုရှိစေရန် အောက်ပါမှုများအပေါ် အခြေခံ၍ ဆောင်ရွက်ရမည်။

- **အလုံးစုံပြောင်းလဲနိုင်စွမ်းရှိခြင်း** - အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ပုံမှန်ဖြစ်ပေါ်မှု နှင့် ဖြစ်ပေါ်စေသော ဖွဲ့စည်းအုပ်ချုပ်မှုဆိုင်ရာ အခြေခံအကြောင်းတရားများကို ကိုင်တွယ်ရန် ရည်ရွယ်သောပုံစံရှိခြင်း။ ချိုးဖောက်မှုများ ထပ်မံဖြစ်ပေါ်စေသည့် အရင်းအမြစ်ကို ကိုင်တွယ်ဖြေရှင်းရာတွင်လည်းကောင်း၊ ဆက်လက်၍ လူမှုအသိုင်းအဝိုင်းအား တရားဥပဒေစိုးမိုးမှု၊ ခွဲခြားဆက်ဆံခြင်းမရှိမှု၊ တန်းတူညီမှုနှင့် လူ့အခွင့်အရေး လေးစားလိုက်နာမှု အပေါ်အခြေခံသည့် ပုံစံသို့ရောက်ရှိအောင် အလုံးစုံပြောင်းလဲရာတွင် အထောက်အကူပြုခြင်း။

- **ကျူးလွန်ခံရသူများအား ဗဟိုပြုခြင်း** - ကျူးလွန်ခံရသူများ၏ အကျိုးကိုရှေးရှု၍ ၎င်းတို့အား အားပေးမြှင့်တင်ခြင်း၊ ဂုဏ်သိက္ခာပြန်လည်တည်ဆောက်ခြင်း၊ နိုင်ငံတော်အပေါ် ယုံကြည်မှု ရှိအောင်ဆောင်ရွက်ခြင်း ပြုလုပ်နိုင်သည့် ပုံစံရှိခြင်း။ ၎င်းတို့၏ အမြင်များကို ဖော်ထုတ်၍ ဖြစ်စဉ်အတွင်း ပါဝင်နိုင်အောင် အားပေးမြှင့်တင်ခြင်း။

- **ပြည့်စုံမှုရှိခြင်း** - နိုင်ငံတကာဥဒေပါ ပြင်းထန်သော ပြစ်မှုများအတွက် ပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ခြင်းအပြင် ကျူးလွန်သူများ၏ အမှန်တရားသိရှိခွင့်နှင့် ပြန်လည်ကုစားပေးလျော်မှုရရှိခွင့်ကို အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များပါဝင်ခြင်း။

- **အများပါဝင်မှုရှိခြင်း** - ကျူးလွန်ခံရသူများအားလုံး မည်သည့်တိုင်းရင်းသားလူမျိုးစု သို့မဟုတ် ဘာသာရေး နောက်ခံမှ လာသည်ဖြစ်စေ အမှန်တရားနှင့် ထိရောက်သော တန်းတူပြန်လည်ကုသမှု ရရှိခွင့်ရှိခြင်းနှင့် တင်းမာမှု ပိုမိုကြီးထွားစေခြင်းအား ရှောင်ကြဉ်ခြင်း။ တာဝန်ယူမှုတာဝန်ခံမှု ဖြစ်စဉ်သည် ရခိုင်ပြည်နယ် အခြေအနေတစ်ခုထဲ အတွက် အဓိကထားလုပ်ဆောင်ခြင်း မဖြစ်ရပါ။

၁၆၅၀။ အောက်ပါတို့ကို ဆောင်ရွက်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအား *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် အကြံပြုပါသည်။

### (က) နိုင်ငံတကာ တရားမျှတမှု ယန္တရား

၁၆၅၁။ မြန်မာနိုင်ငံအတွင်းရှိ ပြင်းထန်သော နိုင်ငံတကာဥပဒေ ချိုးဖောက်သည့် ပြစ်မှုများကို ကိုင်တွယ်နိုင်သည့် စီရင်ခွင့်အာဏာရှိသော နိုင်ငံတကာ တရားရေးဆိုင်ရာ ယန္တရား ရှိရမည်။ *နိုင်ငံတကာ ရာဇဝတ်ခုံရုံး* (ICC) သည် အသင့်တော်ဆုံးသော နည်းလမ်းတစ်ခုဖြစ်သည်။ ၎င်းတွင် စီရင်ခွင့်အာဏာ စတည်ချိန်မှစ၍ ချက်ချင်း စုံစမ်းစစ်ဆေးမှု ပြုလုပ်နိုင်သော စွမ်းရည်ရှိသည်။ မြန်မာနိုင်ငံသည် *ရောမသဘောတူညီချက်* (Rome Statute) အဖွဲ့ဝင်နိုင်ငံတစ်ခု မဟုတ်သော်လည်း *ရောမသဘောတူညီချက်* အပိုဒ် ၁၂ (၃) အရ ICC ၏စီရင်ပိုင်ခွင့်ကို လက်ခံကြောင်း ကြေငြာချက် တင်သွင်းနိုင်သည်။ အခြားနည်းလမ်း တစ်ခုအနေဖြင့် *ရောမသဘောတူညီချက်* ၁၃ (ခ) အရ မြန်မာနိုင်ငံအား ICC သို့အမြန်ဆုံး လွှဲပြောင်းရန် ကုလသမဂ္ဂ လုံခြုံရေးကောင်စီအား မစ်ရှင်အဖွဲ့ အနေဖြင့် တောင်းဆိုပါသည်။ ဤသို့ လွှဲပြောင်းမှုသည် မြန်မာနိုင်ငံအတွင်း နယ်မြေအားလုံးအတွက် ပါဝင်ပြီး အချိန်ကာလအားဖြင့် ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ၊ ၁ ရက်နေ့ (*ရောမသဘောတူညီချက်* စတင်အသက်ဝင်သည့်နေ့) မှစတင်အကျုံးဝင်စေရမည်။

၁၆၅၂။ *ရောမသဘောတူညီချက်* အပိုဒ် ၁၉ (၃) အရ စီရင်ခွင့်ပြုရေး ဆုံးဖြတ်ချက်ပေးရန် ၂၀၁၈ ခုနှစ်၊ ဧပြီလ၊ ၉ ရက်နေ့တွင် ICC ၏ တရားရေးရှေ့နေက တောင်းခံစာ တင်သွင်းသည့်အပေါ် လည်းကောင်း၊[3399] ထိုအကြောင်းအရာ အပေါ် ICC အကြို ကြားနာမှုဌာန၏ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ၊ ၆ ရက်နေ့တွင် ချမှတ်သော

[3399] ICC, *စည်းမျဉ်းများ အောက်တွင် တင်သွင်းလျှောက်ထားခြင်း ၄၆ (၃)* ၊ ICC-RoC46(3)-01/18-1, စာချုပ်၏ ပုဒ်မ ၁၉ (၃) အောက်တွင် တရားစီရင်ခွင့်ရရေးအတွက် ဆုံးဖြတ်ပေးရန် အမှုလိုက်သူများ၏ တောင်းခံချက်၊ ၉ ဧပြီလာ ၂၀၁၈ ခုနှစ်

ဆုံးဖြတ်ချက်အပေါ်လည်းကောင်း[3400] မစ်ရှင်အဖွဲ့ အနေဖြင့် ကြိုဆိုပါသည်။ ပဓာနကျသည့် ပြစ်မှုအစိတ်အပိုင်းတစ်ခုသည် နိုင်ငံတကာနယ်နမိတ် ဖြတ်ကျော်၍ အဖွဲ့ဝင်နိုင်ငံ (ဘင်္ဂလားဒေ့ရှ်) ၏ နယ်နမိတ်ထဲတွင် ဖြစ်ပွားခဲ့ခြင်းအပေါ် အခြေခံ၍ ရိုဟင်ဂျာပြည်သူများကို မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်စေကြောင်း စွပ်စွဲချက်အပေါ် စီရင်ခွင့်ရှိကြောင်း ICC အကြိုကြားနာမှုဌာနက ဆုံးဖြတ်ခဲ့သည်။ ဥပမာ လူသားမျိုးနွယ်အပေါ် ကျူးလွန်သော ရာဇဝတ်မှုများကဲ့သို့ ICC မှ စီရင်ခွင့်ရှိသည့် အခြားသော ရာဇဝတ်မှုများအပေါ်လည်း အဆိုပါ ကျိုးကြောင်းဆက်စပ်မှုအတိုင်း သက်ရောက်မှုရှိနိုင်ကြောင်း ထိုဆုံးဖြတ်ချက်ထဲတွင် အလေးပေးဖော်ပြထားသည်။ ဤဆုံးဖြတ်ချက်အပေါ် ကြိုဆိုသည့် တစ်ချိန်ထဲတွင် တစိတ်တဒေသ တာဝန်ယူမှုတာဝန်ခံမှုကို ရှောင်ရှားရန်နှင့် တရားမျှတမှုလမ်းကြောင်းမှတစ်ဆင့် မြန်မာနိုင်ငံရှိ ကျူးလွန်ခံရသူများအားလုံး အကျိုးပြုစေရန် မြန်မာနိုင်ငံအခြေအနေအား အထက်ဖော်ပြပါ နည်းလမ်းများအတိုင်း ICC သို့လွှဲပြောင်းပေးရန် လုံခြုံရေးကောင်စီအား မစ်ရှင်အဖွဲ့ အနေဖြင့် တောင်းဆိုပါသည်။

၁၆၅၃။ ICC သည် ရောမသဘောတူညီချက် စတင်အသက်ဝင်သည့်နေ့ဖြစ်သော ၂၀၀၂ ခုနှစ်၊ ဇူလိုင်လ၊ တစ်ရက်နေ့နောက်ပိုင်း ကျူးလွန်သော ပြစ်မှုများကိုသာ စီရင်ခွင့်ရှိသည်။ ရှိနေသော အရင်းအမြစ်များနှင့် လုပ်ပိုင်ခွင့်အရ ICC သည် ဖော်ပြပါ ရာဇဝတ်မှုများကို ကျူးလွန်သည့် တာဝန်အရှိဆုံးသူများကိုသာ စီရင်နိုင်ပြီး အောက်ပိုင်းအဆင့် ကျူးလွန်သူ အရေအတွက် အများအပြားကို စီရင်နိုင်ရန် မမျှော်လင့်နိုင်ပါ။ ထို့ပြင် အထက်ပိုင်းအဆင့်တွင် ကျူးလွန်သူများကို ICC ၏ စီရင်နိုင်စွမ်းသည် မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများက သံသယရှိသူများအား ဖမ်းဆီး၍ တရားရုံးသို့ လွှဲပြောင်းမှုပြုလုပ်လိုသည့် စိတ်ဆန္ဒရှိမှုအပေါ် အမိကမူတည်နေသည်။ ဤအကြောင်းကြောင့်လည်းကောင်း၊ ပြစ်မှုနှင့် ဖြစ်နိုင်ခြေကျူးလွန်သူ အရေအတွက်ကြောင့်လည်းကောင်း ထပ်မံတိုးချဲ့ရန်နှင့် အားဖြည့်ရန် အခြား ၏တာဝန်ယူမှု တာဝန်ခံမှု ယန္တရားများကိုလည်း ထည့်သွင်းစဉ်းစားသင့်သည်။

၁၆၅၄။ နောက်ထပ်နည်းလမ်းတစ်ခုမှာ မြန်မာနိုင်ငံအတွက် ယာယီ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာ ခုံရုံး ဖွဲ့စည်းခြင်းဖြစ်သည်။ အဆိုပါခုံရုံးသည် မြန်မာနိုင်ငံအခြေအနေအား ICC ထံသို့ လုံခြုံရေးကောင်စီကလွှဲအပ်သော လုပ်ငန်းအား အစားထိုးရန်အတွက်ဖြစ်စေ (သို့မဟုတ် ထပ်မံအားဖြည့်ရန် အတွက်ဖြစ်စေ) ဖြစ်နိုင်သည်။ ထိုသို့သော ခုံရုံးသည် အထူးသဖြင့် မြန်မာနိုင်ငံက ပူးပေါင်းလုပ်ဆောင်ခြင်းမရှိမှုကြောင့် စိန်ခေါ်မှုများရှိနေမှာ မလွဲပင်။ ရှေ့တွင် ဖော်ပြခဲ့သည့်အတိုင်း စွပ်စွဲခံရသူများအား ဖမ်းဆီး၍ တရားရုံးသို့လွှဲပြောင်းခြင်း ဆောင်ရွက်နိုင်ရန် နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုအပေါ်တွင် မူတည်နေသည်။ သို့သော် ဤနည်းလမ်းသည် ICC နှင့် ပြည်တွင်းတရားရုံးများ၏ လုပ်နိုင်စွမ်း အကန့်အသတ်များအောက် ကျရောက်ခြင်းမရှိပဲ ၎င်း၏ စီရင်ပိုင်ခွင့်အား ကျူးလွန်ခံရသူများ၏

[3400] ICC, *စည်းမျဉ်းများ အောက်တွင် တင်သွင်းလျှောက်ထားခြင်း ၄၆ (၃)*, ICC-RoC46 (3)-01/18-37, အမှုလိုက်သူများ၏ တရားစီရင်ပိုင်ခွင့်အပေါ်တွင် စီရင်ခွင့်ပေးရန် လျှောက်ထားခြင်းအပေါ် ဆုံးဖြတ်ချက်။ ၆ စက်တင်ဘာ ၂၀၁၈

လိုအပ်ချက်များနှင့်အညီဖြစ်စေ အချိန်အပိုင်းအခြား၊ နယ်မြေအပိုင်းအခြား၊ ပုဂ္ဂိုလ်ရေးဆိုင်ရာအတိုင်းအဆနှင့် အကြောင်းအရာ အလိုက် တိကျသော အခြေအနေနှင့် လိုအပ်ချက်များအတိုင်းဖြစ်စေ ကိုက်ညီမှုရှိအောင် ပုံဖော်နိုင်သည်။ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာခုံရုံးသည် သတင်းအချက်အလက်နှင့် သက်သေအရင်းအမြစ်တစ်ခုအနေဖြင့် ဝန်ဆောင်မှုပေးနိုင်သလို ပြည်တွင်းအပါအဝင် အခြားတရားမျှတမှုဖော်ဆောင်ရေး ဆောင်ရွက်ချက်များအတွက်လဲ အထောက်အကူ ဖြစ်စေနိုင်သည်။ ၎င်းအား မြန်မာနိုင်ငံတစ်ဝှမ်း လူမှုအသိုင်းအဝိုင်းများထံ ချဉ်းကပ်ဆက်သွယ်ရာတွင် တက်ကြွသော ပူးပေါင်းလုပ်ဆောင်မှုများပြုလုပ်ရန် အထူးတာဝန် ပေးအပ်နိုင်ပြီး ထိုမှတစ်ဆင့် လိုအပ်ချက်ကြီးမားသည့် လူ့အခွင့်အရေးနှင့် တရားမျှတမှု ကိစ္စများနှင့်ပတ်သက်သည့် အမြင်ဖွင့်ခြင်း၊ အများပူးပေါင်းပါဝင်မှုဖော်ဆောင်ခြင်းနှင့် ပညာပေးခြင်း ဆောင်ရွက်နိုင်သည်။ မြန်မာနိုင်ငံအတွက် ယာယီ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ ခုံရုံးတွင် ရေရှည်တည်မြဲသော ဘဏ္ဍာရေးနှင့် နိုင်ငံရေးဆိုင်ရာ ပံ့ပိုးကူညီမှုများအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းထံမှ ရေရှည်ကတိကဝတ်များ ပါဝင်နိုင်သည်။

၁၆၅၅။ ICC စီရင်ခွင့် မရှိသောအခြေအနေတွင် မြန်မာနိုင်ငံအစိုးရအနေဖြင့် ယာယီခုံရုံးတစ်ခု ဖွဲ့စည်းခြင်းကို သဘောတူညီချက်ပေးခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာ ဥပဒေပါ ပြင်းထန်သောပြစ်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရေးတွင် ပြည်တွင်း စိန်ခေါ်မှုများကို ကျော်လွှားနိုင်အောင်ကူညီရန် *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် ခိုင်ခိုင်မာမာ တောင်းဆိုပါသည်။ မြန်မာအစိုးရအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိပါက *လုံခြုံရေးကောင်စီ* သည် အခန်း (၇) အရ ဆုံးဖြတ်ချက်တစ်ခုကို ချမှတ်၍ ယာယီခုံရုံးတစ်ခုကို ချက်ချင်းဖွဲ့စည်းသင့်သည်ဟု *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် သုံးသပ်ပါသည်။[3401]

၁၆၅၆။ ပြည်တွင်းနှင့် နိုင်ငံတကာ အစိတ်အပိုင်းများ ပေါင်းစပ်ထားသော တရားမျှတမှု ယန္တရားများကို နိုင်ငံအချို့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ ဤယန္တရားများသည် အဆိုပါနိုင်ငံ၏ တရားမျှတမှုစနစ် (ဥပမာ - အထူးပြုတရားစီရင်ရေးအဖွဲ့တစ်ခု) ၏ အစိတ်အပိုင်း တစ်ခုဖြစ်နိုင်သလို တရားဝင်သီးခြားအဖွဲ့တစ်ခုလဲ ဖြစ်နိုင်သည်။ သာမန်အခြေအနေတွင် ထိုသို့သော ယန္တရားကို ကုလသမဂ္ဂ သို့မဟုတ် အခြား အစိုးရများဆိုင်ရာ အဖွဲ့အစည်းများ၏ အကူအညီဖြင့် သက်ဆိုင်ရာနိုင်ငံက ကမကထပြု ဖွဲ့စည်းကြသည်။ ထို့နောက် တရားဝင်သဘောတူညီချက်အတွက် ညှိနှိုင်းမှုပြုလုပ်ကြပြီး သဘောတူညီချက်ထဲတွင် ယန္တရား၏ စီရင်စစ်ဆေးပိုင်ခွင့်ဆိုင်ရာ အတိုင်းအတာ၊ တာဝန်ဝတ်တရား၊ လုပ်ပိုင်ခွင့်အာဏာ နှင့်ပတ်သက်၍ ရှင်းလင်းဖော်ပြချက်များ ထည့်သွင်းကြသည်။ နှစ်မျိုးစပ် တရားမျှတမှု ယန္တရားများတွင် ကျူးလွန်ခံရသူများ၊ မျက်မြင်သက်သေများနှင့် နီးကပ်စွာရှိမှုအပြင် သက်ဆိုင်ရာနိုင်ငံက အဆိုပါယန္တရားအား ၎င်းတို့ပိုင်ဆိုင်ကြောင်း ခံယူစိတ်ရှိမှု စသည့် အကျိုးကျေးဇူးများရှိသည်။ ပြည်တွင်းတရားစီရင်ရေးစနစ်၏ အစိတ်အပိုင်းတစ်ခုအဖြစ်

[3401] မစ်ရှင်အနေဖြင့် အထွေထွေညီလာခံ အနေဖြင့် အရေးပေါ် နိုင်ငံတရာ ရာဇဝတ်မှု ခုံရုံး ထူထောင်ရန် အာဏာရှိသည်ဟု ငြင်းဆိုခဲ့ဘူးပါသည်၊ အာဏာရှိသော လုံခြုံရေးကောင်စီကလည်း ပြုလုပ်ရန် ပျက်ကွက်ခဲ့ပါသည်။

လည်ပတ်စဉ် နိုင်ငံတကာ တရားခွင်ဆိုင်ရာစံနှုန်းများနှင့်အညီ ဆောင်ရွက်ခြင်းသည် တိုင်းပြည်အတွင်း တရားမျှတမှုကဏ္ဍအတွက် စွမ်းရည်မြှင့်တင်မှု ဖြစ်စေသည်ဟု အသိအမှတ်ပြုထားကြသည်။ သို့သော် လက်ရှိအချိန်တွင် မြန်မာနိုင်ငံအတွင်းရှိ လက်ရှိအခြေအနေများက ဤယန္တရားပုံစံ၏ ထိရောက်မှုကို အားနည်းအောင် ပြုလုပ်နိုင်သည်ဟု *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် သုံးသပ်သည်။ ပြည်တွင်းတရားသူကြီးများနှင့် တက်ကျွမ်းကျင်လည်သူများသည် လွတ်လပ်အမှီအခိုကင်းမှုနှင့် အတွေ့အကြုံမရှိသည့်အတွက် ထိုအခက်အခဲကို နှစ်မျိုးပေါင်းစပ်ထားသော ပတ်ဝန်းကျင်နှင့် ထိတွေ့ဆက်ဆံစေခြင်းဖြင့် ဖြေရှင်း၍ရနိုင်ခြေ နည်းပါးသည်။ အနည်းဆုံးဆိုရသော် ရှိနေသည့်အချိန်တိုအတွင်း မဖြစ်နိုင်ပါ။ ထိုမှုမက ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများ၊ အရာရှိများနှင့် ဝန်ထမ်းများကို ခြိမ်းခြောက်မှုနှင့် လက်စားခြေတုန့်ပြန်မှုများမှ ကာကွယ်မှုနှင့် လုံခြုံမှုပေးရန် ဖြစ်နိုင်ကြောင်း မတွေ့ရပါ။

၁၆၅၇။ မြန်မာနိုင်ငံအတွက် ICC သို့လွှဲပြောင်းခြင်း နှင့်/သို့မဟုတ် ယာယီ နိုင်ငံတကာရာဇဝတ်မှုဆိုင်ရာခုံရုံး ဖွဲ့စည်းခြင်းအပြင် ပြင်းထန်သော နိုင်ငံတကာဥပဒေ ချိုးဖောက်သည့် ပြစ်မှုများအတွက် နိုင်ငံတကာ တရားစီရင်ခွင့်အာဏာဆိုင်ရာ အခြေခံမူအရ မိမိတို့၏ သက်ဆိုင်ရာ ပြည်တွင်းတရားရုံးများတွင် စုံစမ်းစစ်ဆေးမှုနှင့် အရေးယူမှုများ တက်ကြွစွာပြုလုပ်ရန် အခြားနိုင်ငံများအား မစ်ရှင်အဖွဲ့ အနေဖြင့် တိုက်တွန်းပါသည်။ နိုင်ငံအများစုအတွက် စီရင်ခွင့်အာဏာ စတင်အသက်ဝင်ရန် စွပ်စွဲခံရသူ သို့မဟုတ် ကျူးလွန်ခံရသူသည် သက်ဆိုင်ရာ နိုင်ငံများ၏ နယ်နမိတ်အတွင်း ရှိနေရန် လိုအပ်ပြီး နိုင်ငံတကာ ဥပဒေချိုးဖောက်သည့် ပြစ်မှုများအတွက် ရှုပ်ထွေးသော စုံစမ်းစစ်ဆေးမှုများနှင့် အရေးယူမှုများ ပြုလုပ်ရန် ကုန်ကျစရိတ်များပြားသည်။ ထို့ကြောင့် တတိယနိုင်ငံ၏ ပြည်တွင်းတရားရုံးများရှိ အမှုဖြစ်စဉ်များသည် အမြင့်ဆုံးအားဖြင့် တာဝန်ယူမှုတာဝန်ခံမှု တစ်ပိုင်းတစ်စနှင့် တစ်စိတ်တစ်ပိုင်း ပုံစံဖြင့်သာ ရရှိနိုင်ခြေများသည်။ သို့သော် အထူးသဖြင့် အမှုဖြစ်စဉ်များကို ကိုင်တွယ်နိုင်သည့် စီရင်ခွင့်အာဏာရှိသော နိုင်ငံတကာခုံရုံးမရှိသော အခြေအနေတွင် ၎င်းတို့၏ အရေးကြီးမှုကို လျှော့မတွက်သင့်ပါ။ ပြည်တွင်းတရားရုံးများက နိုင်ငံတကာစီရင်ခွင့်အာဏာကို ကျင့်သုံးခြင်းသည် ကျူးလွန်ခံရသည့် လူမှုအသိုင်းအဝိုင်းကို အားပေးမြှင့်တင်မှုပေးနိုင်ပြီး သက်ဆိုင်ရာ နိုင်ငံတွင် ဥပဒေဆိုင်ရာပြုပြင်ပြောင်းလဲမှုများ ပြုလုပ်ရန် မက်လုံးဖြစ်စေနိုင်သည်။

၁၆၅၈။ နိုင်ငံများအနေဖြင့် သီးသန့်ညှိနှိုင်းဆွေးနွေးမှုပြုထားသည့် သဘောတူစာချုပ်များ မှတစ်ဆင့် နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာခုံရုံး ဖွဲ့စည်းရန် နည်းလမ်းများလည်း စဉ်စားနိုင်သည်။ ဤပုံစံအောက်တွင်၊ ဆန္ဒရှိသော နိုင်ငံအချို့အနေဖြင့် အရင်းအမြစ်များ စုစည်း၍ သဘောတူစာချုပ်အခြေပြု ယန္တရားတစ်ခုကို ဖန်တီးကာ အဆိုပါယန္တရားအား နိုင်ငံတကာ တရားစီရင်ခွင့်အာဏာဆိုင်ရာ အခြေခံမူနှင့်အညီ အာဏာအပ်နှင်းနိုင်သည်။ မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းမရှိလျှင်ဖြစ်စေ၊ *လုံခြုံရေးကောင်စီ* က အရေးယူရန် ငြင်းဆန်လျှင်ဖြစ်စေ ဤသို့ဆောင်ရွက်ခြင်းသည် ဖော်ပြပါပြစ်မှုများအတွက်

တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရန် ပိုမိုပြည့်စုံသော နည်းလမ်းတစ်ခု ဖြစ်နိုင်သည်။ သို့သော် ဤသို့သော ယန္တရားများ၏ အောင်မြင်မှုနှင့် ထိရောက်မှုသည် ကျူးလွန်ခံရသူများအတွက် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရန် စစ်မှန်သော စိတ်ဆန္ဒရှိသည့် ပထဝီမြေပြင်အရ ကွဲပြားစုံလင်သော နိုင်ငံအများအပြား၏ ပူးပေါင်းပါဝင်မှုအပေါ် မူတည်သည်။

**(ခ) သက်သေပစ္စည်းများ စုဆောင်းခြင်းနှင့် ထိန်းသိမ်းခြင်း၊ အရေးယူဆောင်ရွက်ရန် စာရွက်စာတမ်းများ ပြင်ဆင်ခြင်း**

၁၆၅၉။ ICC ထံသို့ စီရင်ခွင့်အာဏာ လွှဲပြောင်းရန်လည်းကောင်း သီးခြား နိုင်ငံတကာ တာဝန်ယူမှုတာဝန်ခံမှုယန္တရား တည်ထောင်ရန်လည်းကောင်း စောင့်ဆိုင်းနေချိန်တွင် သက်ဆိုင်ရာပြစ်မှုများနှင့် ဆပ်စပ်သည့် သက်သေပစ္စည်းများနှင့် အခြားမှတ်တမ်းမှတ်ရာများကို နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ စုဆောင်းခြင်းနှင့်ထိန်းသိမ်းခြင်း ချက်ချင်း ပြုလုပ်ရန် မဖြစ်မနေလိုအပ်သည်။ ဤသို့ဆောင်ရွက်ခြင်းသည် သက်သေပစ္စည်းများ ပျောက်ဆုံးခြင်း၊ ယိုယွင်းခြင်း သို့မဟုတ် ဖျက်ဆီးခြင်း ခံရနိုင်သည့်အန္တရာယ်ကို အနည်းဆုံး လျော့ချပေးသည်။ ထိုသို့ဆောင်ရွက်ရာတွင် သီးခြားဖွဲ့စည်းထားသော ယာယီ ယန္တရားမှတစ်ဆင့် ဆောင်ရွက်သင့်ပြီး သင့်လျော်သည့် စီရင်ခွင့်အာဏာရှိသည့် နိုင်ငံတကာ ခုံရုံးတစ်ခုက ဤကိစ္စကို လွှဲပြောင်းကိုင်တွယ်ချိန်အထိ ဆက်လက်ဆောင်ရွက်သင့်သည်။ နိုင်ငံတကာ တရားရုံး သို့မဟုတ် နိုင်ငံတကာတရားခွင်ဆိုင်ရာ တရားမျှတမှုစံနှုန်းများနှင့် ကိုက်ညီသည့် အခြားယုံကြည် နိုင်လောက်သော ပြည်တွင်းတရားရုံးများနှင့် ခုံရုံးများ၏ အနာဂတ် ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးကြားနာမှု လုပ်ငန်းများကို ကူညီထောက်ပံ့ရန်၊ လွယ်ကူအဆင်ပြေစေရန်နှင့် ပိုမိုမြန်ဆန် စေရန် ရည်ရွယ်ချက်ဖြင့် ကောက်ခံရရှိသော သတင်းချက်အလက်များအား စုစည်းခြင်းနှင့် သုံးသပ်ခြင်း ပြုလုပ်ရန်လည်းကောင်း၊ စာရွက်စာတမ်းများပြင်ဆင်ရန်လည်းကောင်း ဤယန္တရားကို လုပ်ပိုင်ခွင့်တာဝန်ပေးနိုင်သည်။

၁၆၆၀။ ဤယာယီယန္တရားသည် ကုလသမဂ္ဂ အထွေထွေညီလာခံ ဆုံးဖြတ်ချက်အမှ ၇၁/၂၄၈ အရ ဖွဲ့စည်းခဲ့သော "မတ်လ ၂၀၁၁ ခုနှစ်မှ၍ ဆီးရီးယား အာရပ်သမ္မတနိုင်ငံတော် အတွင်း ကျူးလွန်ခဲ့သော နိုင်ငံတကာဥပဒေဆိုင်ရာ အပြင်းထန်ဆုံး ပြစ်မှုများအတွက် တာဝန်ရှိသူများကို စုံစမ်းစစ်ဆေးခြင်းနှင့် အရေးယူဆောင်ရွက်ခြင်းအတွက် အထောက်အကူပြုပေးရေးဆိုင်ရာ နိုင်ငံတကာ လွတ်လပ်အမှီအခိုကင်းပြီး ဘက်မလိုက်မှု မရှိသော ယန္တရား" နှင့် ဆင်တူနိုင်သည်။[3402] ဤယန္တရားကို အထွေထွေညီလာခံကဖြစ်စေ လူ့အခွင့်အရေးကောင်စီကဖြစ်စေ ဖွဲ့စည်းနိုင်သည်။ သို့သော် သင့်လျော်ပြီး

[3402] ၎င်း၏ လုပ်ပိုင်ခွင့်မှာ "နိုင်ငံတကာ ဥပဒေနှင့်အညီ တရားစီရင်ပိုင်ခွင့် ရရှိသော သို့မဟုတ် အနာဂတ်တွင် ရရှိလာနိုင်သော သက်ဆိုင်ရာ နိုင်ငံ၊ ဒေသ သို့မဟုတ် နိုင်ငံတကာ တရားရုံးများ သို့ ခုံရုံးများတွင် နိုင်ငံတကာ လူသားချင်း စာနာမှုဆိုင်ရာ ဥပဒေ ကို ချိုးဖောက်မှုမှား နှင့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် လွတ်လပ်ပြီး မျှတသော ရာဇဝတ်မှုဆိုင်ရာ လုပ်ဆောင်မှုများကို အကျိုးဆောင်ရန်နှင့် လျင်မြန်စွာ ဆောင်ရွက်နိုင်ရန် နိုင်ငံတကာ ဥပဒေ စံသတ်မှတ်ချက်များနှင့် အညီ အထောက်အထားများကို စုဆောင်းရန်၊ စုစည်း ဆက်စပ်ရန်၊ သိမ်းဆည်းရန် နှင့် ခွဲခြမ်းစိပ်ဖြာသုံးသပ်ရန်" ဖြစ်ပါသည်။" (A/RES/71/248, op. 4) ၎င်း၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို A/71/755 ဤ တွင် ရှာ၍ရသည်။

ရေရှည်တည်တံ့သော ငွေကြေးပံ့ပိုးမှုဖြင့် လျှင်မြန်စွာနှင့် ထိရောက်စွာ ဆောင်ရွက်ရန် မဖြစ်မနေလိုအပ်နေသည်။ မြန်မာနိုင်ငံအတွက် ယာယီယန္တရားသည် ကိုယ်ပိုင်သီးသန့် အရင်းအနီးများရှိရန် လိုအပ်မည်ဖြစ်သော်လည်း စတင်လည်ပတ်မှု လျှင်မြန်စွာလုပ်ဆောင်နိုင်ရန်နှင့် အုပ်ချုပ်မှုပိုင်းဆိုင်ရာနှင့် အခြားပစ္စည်း အဆောက်အအုံများ မျှဝေသုံးစွဲနိုင်ရန် ဆီးရီးယား ယန္တရားနှင့် ပတ်သက်ဆက်နွယ်ခြင်းအားဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများကိုလည်း လေ့လာနိုင်သည်။

### (ဂ) စောင့်ကြည့်မှုများ၊ စည်းရုံးတိုက်တွန်းမှုများနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် စွမ်းရည်တိုးမြှင့်ခြင်း

၁၆၆၁။ ပိုမိုကျယ်ပြန့်သော လူ့အခွင့်အရေး စောင့်ကြည့်မှုများ၊ စည်းရုံးတိုက်တွန်းမှုများနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများသည် နိုင်ငံတကာနှင့် မြင့်မားသော ထိတွေ့ဆက်ဆံမှု ရှိစေရန်လည်းကောင်း၊ ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စော်ကားမှု အခြေအနေတစ်ခုကို အပြောင်းအလဲဖြစ်အောင် ဆက်လက်ဖိအားပေးနိုင်ရန် လည်းကောင်း မဖြစ်မနေလိုအပ်သည်။ ဤအချက်အား အသိအမှတ်ပြုသောအနေဖြင့် *လူ့အခွင့်အရေးကောင်စီ* (နှင့် ယခင်ရှိခဲ့သောလူ့အခွင့်အရေးကော်မရှင်) တို့သည် မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် ခန့်အပ်ရန်နှင့် ထပ်မံသက်တမ်းတိုးရန် ဆုံးဖြတ်ခဲ့သည်။ တရားရေး ဆိုင်ရာနှင့် အရေးယူဆောင်ရွက်ခြင်းဆိုင်ရာ ယန္တရားများသည် ရာဇဝတ်မှုဥပဒေ စံနှုန်းများနှင့် အညီ လူပုဂ္ဂိုလ်တစ်ဦးချင်း၏ ရာဇဝတ်မှုဆိုင်ရာ တာဝန်ယူမှုအတွက် တည်ဆောက်ထားသော ယန္တရားများဖြစ်သည်။ ၎င်းတို့သည် ပြည့်စုံသော စောင့်ကြည့်လေ့လာမှု သို့မဟုတ် ပြည်သူများအကြားစည်းရုံးတိုက်တွန်းမှု ဆောင်ရွက်ခြင်း မရှိပါ။ မြန်မာနိုင်ငံနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်၏ လုပ်ပိုင်ခွင့်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေး မဟာမင်းကြီးရုံး (OHCHR) ၏ အစီရင်ခံခြင်း အခန်းကဏ္ဍကို ဆက်လက်ထားရှိရန် အနေဖြင့် အကြံပြုပါသည်။ မြန်မာနိုင်ငံတွင် ပြည့်စုံသော လုပ်ပိုင်ခွင့်တာဝန်ရှိသည့် မြန်မာနိုင်ငံ OHCHR ကိုယ်စားလှယ်ရုံး ထားရှိနိုင်ရေး ဆက်လက် ဆောင်ရွက်သင့်သည်။

၁၆၆၂။ တစ်ချိန်ထဲတွင် စောင့်ကြည့်လေ့လာခြင်း၊ အစီရင်ခံခြင်း၊ စည်းရုံးတိုက်တွန်းခြင်းနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းလုပ်ဆောင်ခြင်းများကို ကူညီထောက်ပံ့ရန်အတွက် စွမ်းရည်မြှင့်တင်မှုများ လုပ်ဆောင်ရန် ကြီးမားသော လိုအပ်ချက်များရှိနေကြောင်း မစ်ရှင်အဖွဲ့ အနေဖြင့် တွေ့ရှိရသည်။ စွမ်းရည်မြှင့်တင်ခြင်းဟု ဆိုရာတွင် OHCHR စင်တာ သို့မဟုတ် ရုံးတစ်ခုထားရှိ၍ သတင်းအချက်အလက်များ စုစည်းမှုနှင့် သုံးသပ်မှု ပြုလုပ်ခြင်း ဖြစ်နိုင်ပြီး တည်နေရာအား ကျူးလွန်ခံရသူများ မျက်မြင်သက်သေများနှင့် နီးသောနေရာတွင် ထားရှိခြင်းအားဖြင့် ၎င်းတို့အား ပိုမိုလက်လှမ်းမှီနိုင်သည်။ အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် တိုက်ဖျက်ရေး လုပ်ငန်းအပါအဝင် လူ့အခွင့်အရေး မြှင့်တင်ခြင်းနှင့်ကာကွယ်ခြင်း ဆောင်ရွက်နိုင်ရေး နိုင်ငံအဆင့်စွမ်းရည်မြှင့်တင်မှုများ ပြုလုပ်ရန် နည်းပညာဆိုင်ရာ

ပူးပေါင်းလုပ်ဆောင်မှုလည်း ပြုလုပ်နိုင်သည်။ သို့မှသာ နောက်ဆုံးတွင် အခြေအနေပေးပါက ပြည်တွင်းအဖွဲ့အစည်းများက စောင့်ကြည့်မှု၊ စည်းရုံးတိုက်တွန်းမှုနှင့် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရေး လုပ်ငန်းကို ပိုမိုတာဝန်ယူဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

၁၆၆၃။ ရိုဟင်ဂျာပြည်သူများ၏ အခြေအနေနှင့် ၎င်းတို့၏ အကြပ်အတည်းအပေါ် အစိုးရများ၊ အစိုးရများဆိုင်ရာ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအေဂျင်စီများ၊ နိုင်ငံတကာနှင့် ပြည်တွင်း အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ ပညာရပ်ဆိုင်ရာကျွမ်းကျင်သူများ၊ သတင်းထောက်များနှင့် အခြားသတင်းမီဒီယာ တက်ကြွမ်းပုဂ္ဂိုလ်များအပါအဝင် မတူညီသော လုပ်ဆောင်သူများစွာက ကြီးမားသော စိတ်ဝင်စားမှုများအပေါ် မစ်ရှင်အဖွဲ့ အနေဖြင့် ကြိုဆိုပါသည်။ တာဝန်ယူမှုတာဝန်ခံမှုအတွက် ရခိုင်ပြည်နယ် အဖြစ်အပျက်များကို မှတ်တမ်းတင်ရန်နှင့် ဒုက္ခသည်များထံမှ ထွက်ဆိုချက်များကို ရယူရန် ထင်သာသော ရည်ရွယ်ချက်ဖြင့် ကော့ဘဇား တပိုက် ဒုက္ခသည်စခန်းများသို့ မရေတွက်နိုင်သော သွားရောက်မှုများ ပြုလုပ်ခဲ့ကြပြီးဖြစ်ပြီး မှတ်တမ်းတင်မှုများ ဆက်လက်ပြုလုပ်ရန် မရှိမဖြစ် လိုအပ်နေဆဲဖြစ်သည်။ သို့သော် ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုပြုလုပ်ရန်နှင့် ရှိပြီးသား လူ့အခွင့်အရေး စောင့်ကြည့်လေ့လာခြင်းများ နှင့် ရာဇဝတ်မှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ နည်းစနစ်များကို ပိုမိုနက်နဲစွာ သိရှိနားလည်ထားရန် လိုအပ်လျက်ရှိသည်ဟု မစ်ရှင်အဖွဲ့ အနေဖြင့် သုံးသပ်သည်။ ကျူးလွန်ခံရသူ ပုဂ္ဂိုလ်တစ်ဦးချင်းကို ထပ်ခါထပ်ခါ တွေ့ဆုံမေးမြန်းခြင်းသည်၊ အထူးသဖြင့် တွေ့ဆုံမေးမြန်းမှု ပြုလုပ်သူက လုံလောက်သော သင်တန်းနှင့် အတွေ့အကြုံမရှိပါက၊ လုပ်ဆောင်မှု ထပ်စေပြီး ကျူးလွန်ခံရသူများကို စိတ်ဒဏ်ရာ ပြန်လည်ဖြစ်ပေါ်စေနိုင်သည့် အန္တရာယ် ရှိနိုင်ရုံသာမက ရှုပ်ထွေးမှုများလာနိုင်ပြီး ပြစ်မှုစစ်ဆေးဆောင်ရွက်ရာတွင် သက်သေအပေါ် ဆိုးကျိုး သက်ရောက်မှုများ ရှိလာနိုင်သည်။

### (ဃ) ကျူးလွန်ခံရသူများအား ပံ့ပိုးကူညီမှု တိုးမြှင့်ခြင်း

၁၆၆၄။ နိုင်ငံတကာ အေဂျင်စီများ၊ နိုင်ငံအစိုးရများ၊ နိုင်ငံတကာနှင့် နိုင်ငံအဆင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှု ကျူးလွန်ခံရသူများအား ရုပ်ပိုင်းဆိုင်ရာနှင့် ဆေးဝါး လိုအပ်ချက်များအပေါ် ပံ့ပိုးကူညီလျက် ရှိသော်လည်း လိုအပ်ချက်များစွာအတွက် လစ်လပ်မှုများ ရှိနေဆဲဖြစ်သည်။ အထူးသဖြင့် လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများနှင့် ပတ်သက်၍ အဓိကအားဖြင့် စိတ်ဒဏ်ရာဖြစ်ပေါ်မှုနှင့် စိတ်ဒဏ်ရာကာလအလွန် စိတ်ဖိစီးမှုဆိုင်ရာ ကစဥ့်ကလျားဖြစ်ခြင်းများ၊ တရားမျှတမှု ရရှိခွင့်၊ ပြန်လည်ကုသမှုပတ်သက်သော အကြံဉာဏ်များနှင့် အခြားသော အကြံဉာဏ်ပေးမှုများ လိုအပ်နေဆဲဖြစ်သည်။

၁၆၆၅။ လူမှုစိတ်ပိုင်းဆိုင်ရာ ပံ့ပိုးကူညီမှုများ၊ အသက်မွေးဝမ်းကြောင်း အထောက်အပံ့များ၊ ဥပဒေဆိုင်ရာ အထောက်အကူများအပြင် တာဝန်ယူမှုတာဝန်ခံမှု ဖော်ဆောင်ရေး ဖြစ်စဉ်တွင် ပူးပေါင်းပါဝင်နိုင်အောင် ဆောင်ရွက်ပေးခြင်းနှင့် အခြားဝန်ဆောင်မှုများအပါအဝင် ကျူးလွန်ခံရသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရေးအတွက် ရန်ပုံငွေထူထောင်ရန်နှင့်

ရက်ရောစွာ ကူညီပံ့ပိုးကြရန် *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် အကြံပြုပါသည်။ ထောက်ပံ့ငွေ လက်ခံရရှိသည့် ဝန်ဆောင်မှုပေးသူများအားလုံးကို ၎င်းတို့၏ စီမံကိန်းများ ဆောင်ရွက်ရာတွင် အကျိုးခံစားရသူများနှင့် နီးကပ်စွာ ဆွေးနွေးတိုင်ပင်မှုများပြုလုပ်ရန် ရံပုံငွေ၏ လိုအပ်ချက်တစ်ခုအနေဖြင့် သတ်မှတ်ထားသင့်ပြီး၊ ငွေကြေးပံ့ပိုးထားသော စီမံကိန်းများ စုပေါင်းအကျိုးသက်ရောက်မှု အမြင့်ဆုံးရှိစေရေး ညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုကောင်းမွန် လာအောင် ဆောင်ရွက်ရာတွင် ရံပုံငွေအား အသုံးပြုသင့်သည်။

### (c) ပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ဒဏ်ခတ်အရေးယူခြင်းနှင့် လက်နက်ခဲယမ်းပိတ်ပင်ခြင်း

၁၆၆၆။ ခရီးသွားလာခွင့် ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှုထိန်းချုပ်ခြင်း အပါအဝင် လူပုဂ္ဂိုလ် တစ်ဦးချင်းစီအား ပစ်မှတ်ထားသည့် ဒဏ်ခတ်မှုများသည် နိုင်ငံတကာ ဥပဒေပါ ပြစ်မှုများကျူးလွန်ခြင်း လျော့ချရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ဤအစီရင်ခံစာတွင် ဖော်ပြထားသော ချိုးဖောက်မှုများနှင့် ပြစ်မှုများအတွက် တာဝန်အရှိဆုံး မြန်မာနိုင်ငံအရာရှိများကို ပြင်းထန်သော သတင်းစကား ပေးသင့်သည်။ ထိုသို့ လူပုဂ္ဂိုလ်တစ်ဦးချင်းစီအလိုက် ဒဏ်ခတ်အရေးယူခြင်းများကို မြန်မာနိုင်ငံလူထုများအကြား ပိုမိုကျယ်ပြန့်သော သက်ရောက်မှုမရှိစေသည့်ပုံစံဖြင့် ဆောင်ရွက်သင့်သည်။ *လုံခြုံရေးကောင်စီ* က ထိုသို့သော ဒဏ်ခတ်အရေးယူမှုများ ချမှတ်ရန် *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် တိုက်တွန်းပါသည်။

၁၆၆၇။ ထို့အတူ *လုံခြုံရေးကောင်စီ* အနေဖြင့် မြန်မာနိုင်ငံအပေါ် လက်နက်ခဲယမ်းပိတ်ပင်မှု ပြုလုပ်သင့်သည်ဟု ထောက်ခံပါသည်။ တကမ္ဘာလုံးဆိုင်ရာ လက်နက်ခဲယမ်း ပိတ်ပင်မှု မည်သို့ရှိစေကာမူ အခြားသောနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသို့ လက်နက်ခဲယမ်း လွှဲပြောင်းခြင်း ခွင့်ပြုမိန့် မပေးသင့်ပါ။ နိုင်ငံတကာဥပဒေဆိုင်ရာ ပြစ်မှုများအပါအဝင် ပြင်းထန်သော နိုင်ငံတကာလူ့အခွင့်အရေးဥပဒေ ချိုးဖောက်မှုများ နှင့်/သို့မဟုတ် ပြင်းထန်သော နိုင်ငံတကာလူသားချင်းစာနာမှုဥပဒေ ချိုးဖောက်မှုများ ကျူးလွန်ရာတွင် ထိုလက်နက်ခဲယမ်းများ ကို အသုံးပြုခြင်းဖြင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေနိုင်သည့်အန္တရာယ် အဆမတန် မြင့်မားသည့်ကို ထည့်သွင်းစဉ်းစားသင့်သည်။

၁၆၆၈။ မစ်ရှင်အဖွဲ့ အနေဖြင့် မြန်မာနိုင်ငံအပေါ် အထွေထွေ စီးပွားရေး ပိတ်ဆို့ဒဏ်ခတ်မှုကို အားမပေးပါ။ ယခင်အတွေ့အကြုံများအရ ထိုသို့သော ဒဏ်ခတ်မှုများ သည် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် တာဝန်အရှိဆုံးသူများအပေါ် သက်ရောက်မှု အနည်းငယ်သာရှိပြီး ယေဘုယျအားဖြင့် မြန်မာပြည်သူများ ဆင်းရဲနွမ်းပါးမှု ဖြစ်စေရန် တွန်းပို့မှုဖြစ်စေခဲ့နိုင်သည်ဟု စိုးရိမ်မှုများရှိသည်။ မြန်မာပြည်သူအများစုသည် ဆင်းရဲနွမ်းပါးမှုအတွင်း နေထိုင်နေလျက်ရှိရာ စီးပွားရေးဆိုင်ရာ ထိတွေ့ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးရေးအကူအညီများ တိုးမြှင့်ခြင်းဖြင့် ဆင်းရဲနွမ်းပါးမှုလျော့ချရေး လုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန်နှင့် ထိုသို့ ထိတွေ့ဆောင်ရွက်မှုနှင့် အကူအညီများသည်

တပ်မတော် သို့မဟုတ် တပ်မတော်ခေါင်းဆောင်များ သို့မဟုတ် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် အခြားတာဝန်ရှိသူများထံသို့ အကျိုးအမြတ်များ မရောက်ရှိစေရန် ကရုတစိုက် ပစ်မှတ်ထား ဆောင်ရွက်ရန် အားပေးပါသည်။

### (စ) ဆက်လက်လုပ်ဆောင်နိုင်ရေး ရေတိုယန္တရား

၁၆၆၉။ မစ်ရှင်အဖွဲ့ ၏ အစီရင်ခံစာအတွက် နောက်ဆက်တွဲ ဆက်လက်လုပ်ဆောင်မှု လိုအပ်လိမ့်မည်။ အချိန်ကွာဟချက်ရှိ၍ မရနိုင်ပါ။ အမျိုးမျိုးသော အကြံပြုချက်များ အကောင်အထည်ဖော်ရန် အချိန်လိုအပ်သည်။ သက်သေပစ္စည်းများ စုဆောင်းခြင်း၊ သုံးသပ်ခြင်း၊ စီစဉ်ခြင်းနှင့် သိမ်းဆည်းခြင်း ဆက်လက်ဆောင်ရွက်ရန်လည်းကောင်း၊ နောက်ဆက်တွဲ ဆက်လက်ဖြစ်ပေါ်မှုများကို အစီရင်ခံရန်လည်းကောင်း၊ မစ်ရှင်အဖွဲ့ က ချိတ်ဆက်ခဲ့သော ကွန်ယက်များ ဆက်လက်ထိန်းသိမ်းရန်လည်းကောင်း၊ နိုင်ငံတကာ စိတ်ဝင်စားမှုနှင့် အရှိန် ဆက်လက်ရှိနေအောင် ဆောင်ရွက်ရန်လည်းကောင်း ယာယီယန္တရား ပုံစံတစ်မျိုးမျိုး ရှိရန် လိုအပ်လိမ့်မည်။

၁၆၇၀။ မစ်ရှင်အဖွဲ့ အနေဖြင့် လုံခြုံရေးစိန်ခေါ်မှု အကြီးမားဆုံးသော အခြေအနေ တစ်ခုထဲတွင် နိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်မရှိပဲ ဆက်သွယ်ရေးလမ်းကြောင်းများ တည်ဆောက်ခဲ့ပြီး သတင်းအချက်အလက်များ စုဆောင်းခြင်းနှင့် စီစစ်ခြင်း ပြုလုပ်နိုင်ခဲ့သည်။ သဲလွန်စများနှင့် စွပ်စွဲချက်အသစ်များအတွက် ၎င်း၏လုပ်ငန်းနှင့် ကွန်ယက်အရင်းအမြစ်များမှ တစ်ဆင့် ချက်ချင်း ဆက်လက်ဆောင်ရွက်နိုင်သည်။ ပြောင်းလဲနေသော အခြေအနေ၏ ဆက်စပ်အကြောင်းတရားများအရလည်းကောင်း၊ အနာဂတ် တာဝန်ယူမှုတာဝန်ခံမှု ယန္တရား အတွက် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရန် လည်းကောင်း မှုခင်းလုပ်ငန်းစဉ်များတွင် အသုံးပြုနိုင်သည့် ခိုင်မာသော သတင်းအချက်အလက်များ ပျောက်ဆုံးမသွားစေရန် အလွန်အရေးကြီးသည်။ အကြံပြုထားသော ယာယီယန္တရားအသစ် ဖွဲ့စည်းသည့် အချိန်မရောက်မီ ရှေ့ဆက် အချက်အလက်ရှာဖွေရေး ကိုယ်စားလှယ်အဖွဲ့များသည် နိုင်ငံတကာဥပဒေပါ ပြစ်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် စော်ကားမှုများ ဆက်လက်ဖြစ်ပေါ်နေမှုနှင့် ပတ်သက်သည့် သတင်းအချက်အလက်များ မှတ်တမ်းတင်ခြင်း စုဆောင်းခြင်းနှင့် လက်ခံရယူခြင်း၊ ကျူးလွန်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအပြင် တိုက်ရိုက်ကျူးလွန်သူများနှင့် ၎င်းတို့အား အမိန့်ပေး သူများအကြား ချိတ်ဆက်မှုများနှင့်၊ အခြေခံကျသော လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နိပ်ကွပ်မှု ဖြစ်ပွားပုံများအား ဆန်းစစ်ခြင်းကို အားစိုက်လုပ်ဆောင်သင့်သည်။

## ၁၁။ နိဂုံးနှင့် အကြံပြုချက်များ

### (က) နိဂုံးချုပ်ချက်များ

**၁၆၇၁။ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် ပြင်းထန်သော နိုင်ငံတကာဥပဒေချိုးဖောက်မှုများ ကျူးလွန်နေကြောင်း၊**

ထိုချိုးဖောက်မှုများအနက် အများအပြားသည် နိုင်ငံတကာဥပဒေပါ အဆိုးရွားဆုံးသော ပြစ်မှုများမြောက်သည်မှာ သံသယဖြစ်ဖွယ်မရှိကြောင်း ဆီလျော်သည့်အကြောင်းတရားများအပေါ် အခြေခံ၍ ကောက်ချက် ချပါသည်။

၁၆၇၂။ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များတွင် ကျူးလွန်သည့် ဆိုးရွားသောလူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နှိပ်ကွပ်မှုများသည် ကြောက်မက်ဖွယ် သဘောသဘာဝရှိမှုနှင့် နေရာအနှံ့ ဖြစ်ပေါ်မှုကြောင့် ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှပါသည်။ ၎င်းတို့သည် မြင်သာသော်လည်း ဆယ်စုနှစ်ပေါင်းများစွာကြာ ကိုင်တွယ်ဖြေရှင်းခဲ့ခြင်းမရှိသည့် လူမှုအသိုင်းအဝိုင်းနှင့် ဖွဲ့စည်းမှုပိုင်းဆိုင်ရာ ပြဿနာများအတွင်းရှိ နက်နဲသော ကွဲအက်မှုများမှ ဆင်းသက်လာသောကြောင့်လည်း ထိတ်လန့်တုန်လှုပ်ဖွယ်ကောင်းလှပါသည်။ ၎င်းတို့နှင့်အတူတွဲ၍ ချိုးဖောက်မှုရှိကြောင်း ငြင်းဆိုသည့် အတိုင်းအတာ၊ သာမန်အခြေအနေသဖွယ်ဖြစ်ပုံမှန်ပေါ်နေမှု၊ အပြစ်ပေးခံရခြင်းမှကင်းလွတ်မှု တို့ကြောင့် ထိတ်လန့်ဖွယ် ကောင်းသည်။ ဤသို့သော ချိုးဖောက်မှုပုံစံများသည် မြန်မာနိုင်ငံ တစ်နိုင်ငံလုံး၏ အခြေအနေကို ထင်ဟပ်စေသည်ဟု *ကိုယ်စားလှယ်အဖွဲ့* အနေဖြင့် ကောက်ချက်ချပါသည်။

၁၆၇၃။ မြန်မာနိုင်ငံသည် အခြေအနေကို ထိပ်တန်းအရေးပေါ် ကိစ္စတစ်ရပ်အနေဖြင့် ပြန်လည်ကုစားမှုပြုလုပ်ရန် ကြီးမားသော တာဝန်ရှိသည်။ သို့မဟုတ်ပါက ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ပျက်စီးသည့် ဖြစ်နိုင်ချေအန္တရာယ်နှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ နိုင်ငံတကာ အသိုင်းအဝိုင်းတွင်လည်း တာဝန်ရှိပြီး ချိုးဖောက်မှုများကို ပြစ်တင်ရှုံ့ချခြင်းနှင့် မြန်မာနိုင်ငံ၏ ထပ်မံ ဖြစ်ပေါ်နေသော ပြဿနာများ၏ အရင်းအမြစ်အား ကိုင်တွယ်ဖြေရှင်းရာတွင် ကူညီပံ့ပိုးခြင်း နှစ်ခုလုံးအားပြုလုပ်ရန် စည်းလုံးသည့် ရပ်တည်လုပ်ဆောင်ချက်ရှိရန် လိုအပ်သည်။ ထို့အတွက် ကျူးလွန်သူများကို အရေးယူခြင်းခံရအောင် ဆောင်ရွက်ခြင်းဖြင့်လည်းကောင်း၊ ကျူးလွန်ခံရသူများအား ၎င်းတို့၏ ရှင်သန်ဖြစ်တည်မှုတွင် ကြီးစိုးနေသော အကြောက်တရားနှင့် မလုံခြုံမှုများ မရှိတော့သည့် အနာဂတ်တစ်ခုရရှိရန် မျှော်လင့်ချက် ဖန်တီးပေးခြင်းဖြင့် လည်းကောင်း စတင်ရမည်။

၁၆၇၄။ မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေးအကျပ်အတည်းကို ကိုင်တွယ်ဖြေရှင်းရန် လိုအပ်သည့် လုပ်ဆောင်ချက်များမှာ ကျယ်ကျယ်ပြန့်ပြန့် သိထားကြပြီးသားဖြစ်သည်။ ဆယ်စုနှစ် သုံးခုနီးပါးအတွင်းတွင် အဆက်ဆက် တာဝန်ယူလာသော မြန်မာနိုင်ငံဆိုင်ရာ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် (၅) ဦးတို့သည် သက်ဆိုင်ပါဝင်သူများ အားလုံးအတွက် အသေးစိတ် အကြံပြုချက်များနှင့်အတူ အထွေထွေညီလာခံနှင့် လူ့အခွင့်အရေးကောင်စီသို့ နှစ်ပတ်လည် အစီရင်ခံစာများ တင်သွင်းခဲ့ကြသည်။ အလားတူ ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးနှင့် ပြည်တွင်းနှင့် နိုင်ငံတကာ အရပ်ဘက် လူ့အခွင့်အရေး အဖွဲ့အစည်း များစွာကလည်း တိကျသော အကြံပြုချက်များ ပေးခဲ့ကြသည်။ ရခိုင်ပြည်နယ် အကြံပေး ကော်မရှင်ကလည်း အသေးစိတ် အစီရင်ခံစာ တင်သွင်းခဲ့သည်။ ဤအကြံပြုချက်များကို ချက်ချင်း အကောင်အထည်ဖော်သင့်သည်။

၁၆၇၅။ ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များအတွင်းရှိ တပ်မတော်၏ အပြုအမူများသည်၊ အထူးသဖြင့် ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ် ကာလအတွင်း ရခိုင်ပြည်နယ်မြောက်ပိုင်း "နယ်မြေရှင်းလင်းရေးလုပ်ငန်း" ဆက်စပ်အခြေအနေတွင်၊ နိုင်ငံတကာဥပဒေကို အလွန်ပြင်းထန်သော ချိုးဖောက်မှု ဖြစ်သောကြောင့် တပ်မတော်၊ ၎င်း၏လက်ရှိခေါင်းဆောင်များနှင့် ၎င်း၏စီးပွားရေးလုပ်ငန်းများအား မည်သည့်ပုံစံမျိုးဖြင့် ထိတွေ့ဆက်ဆံမှုမျိုးမဆို လက်ခံနိုင်ဖွယ် မရှိပါ။ ထိတွေ့ဆက်ဆံမှုပြုလုပ်ရာတွင် (၁) တပ်မတော်အား အလုံးစုံ ပြန်လည်ဖွဲ့စည်းရန် စတင်လုပ်ဆောင်ခြင်း (၂) လက်ရှိခေါင်းဆောင်ပိုင်းအား အစားထိုးခြင်း၊ (၃) တပ်မတော်အား ရွေးကောက်ခံ အရပ်သားများ၏ ထိန်းချုပ်မှုနှင့် ကြီးကြပ်မှုအောက် အပြည့်အဝ ထားရှိရန်လည်းကောင်း၊ မြန်မာနိုင်ငံ နိုင်ငံရေးနှင့် စီးပွားရေးစက်ဝန်းအတွင်းမှ ဖယ်ရှားရန် လည်းကောင်း ကျယ်ပြန့်သော ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ခြင်း ပြုလုပ်သောအချိန်မှသာ ထိတွေ့ဆက်ဆံမှု ပြုလုပ်ရန် စဉ်းစားသင့်သည်။

၁၆၇၆။ ဆွေးနွေးညှိနှိုင်းမှုမှတစ်ဆင့် ရရှိသော မြန်မာနိုင်ငံ တိုင်းရင်းသားလူမျိုးစု လူနည်းစုများအားလုံး၏ စစ်မှန်သော မျှော်မှန်းချက်များကို အသိအမှတ်ပြုသည့် နိုင်ငံတော်အဆင့် နိုင်ငံရေး သဘောတူညီချက်များမရှိပဲ ငြိမ်းချမ်းရေးရရှိရန် မဖြစ်နိုင်ကြောင်း တပ်မတော်နှင့် မြန်မာတိုင်းရင်းသားလူမျိုးစု လူနည်းစုများအကြား ရာစုနှစ် တစ်ဝက်ကြာအောင် ပြင်းထန်သော နိုင်ငံတကာဥပဒေ ချိုးဖောက်မှုများနှင့်အတူ ဆက်လက်ဖြစ်ပေါ်လာခဲ့သော ပဋိပက္ခများက အလွန်တရာမှ ရှင်းရှင်းလင်းလင်း ဖော်ပြနေသည်။ ထိုသို့သော သဘောတူညီမှုများ မရှိပါက မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုသံသရာနှင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုကို ထပ်မံဖြစ်ပေါ်ရန် သေချာနေသည်။ ငြိမ်းချမ်းရေး၊ တရားမျှတမှု၊ စစ်မှန်သော ဒီမိုကရေစီနှင့် ရေရှည်တည်မြဲသောဖွံ့ဖြိုးရေး ရရှိမှသာ မြန်မာနိုင်ငံသည် နိုင်ငံတစ်နိုင်ငံအနေဖြင့် အနာဂတ်အာမခံချက် ရှိနိုင်မည်ဖြစ်သည်။ ထိုသို့ရရှိနိုင်ရန် နိုင်ငံတကာ အသိုင်းအဝိုင်းအနေဖြင့် မြန်မာနိုင်ငံအား ကူညီပံ့ပိုးရမည့် တာဝန်ရှိသည်။

၁၆၇၇။ မြန်မာနိုင်ငံအစိုးရသည် မစ်ရှင်အဖွဲ့ နှင့် ပူးပေါင်းလုပ်ဆောင်ရန် စိတ်ဆန္ဒမရှိသောကြောင့် အရပ်သားအာဏာပိုင်များနှင့် တပ်မတော်အပါအဝင် နိုင်ငံတော် သမ္မတနှင့် အစိုးရအနေဖြင့် အစီရင်ခံစာပါ အကြံပြုချက်များကို သိစေရန် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်အနေဖြင့် မစ်ရှင်အဖွဲ့ ၏ အစီရင်ခံစာအား ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတထံသို့ ပို့ဆောင်ပေးရန် မစ်ရှင်အဖွဲ့ အနေဖြင့် တောင်းဆိုပါသည်။ အစီရင်ခံစာ ကောက်ချက်များနှင့် အကြံပြုချက်များအပေါ် သမ္မတထံမှ တရားဝင်တုန့်ပြန်ချက် ရယူပေးရန် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်အား မစ်ရှင်အဖွဲ့ အနေဖြင့် တောင်းဆိုပါသည်။

(ခ) အကြံပြုချက်များ

၁။ မြန်မာနိုင်ငံအစိုးရထံသို့

၁၆၇၈။ သက်ဆိုင်ရာ အရပ်သားအာဏာပိုင်များနှင့် တပ်မတော်အပါအဝင် မြန်မာနိုင်ငံအစိုးရသည် တပ်မတော်အား ပြန်လည်ပြင်ဆင်ဖွဲ့စည်းရန်နှင့် ၎င်း၏အခန်းကဏ္ဍအား အလုံးစုံပြောင်းလဲရန် မဆိုင်းမတွ ဆောင်ရွက်သင့်သည်။ ဤသို့ဆောင်ရွက်ရာတွင် လက်ရှိတပ်မတော် ခေါင်းဆောင်ပိုင်းအား အစားထိုးခြင်းဖြင့် စတင်သင့်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်သည့် ဖြစ်စဉ်မှတစ်ဆင့် အစိုးရအနေဖြင့် တပ်မတော်အား မြန်မာ့နိုင်ငံရေး စက်ဝန်းအတွင်းမှ ဖယ်ရှားရန် ဆက်လက်လုပ်ဆောင်သင့်သည်။

၁၆၇၉။ သက်ဆိုင်ရာ အရပ်သားအာဏာပိုင်များနှင့် တပ်မတော်အပါအဝင် မြန်မာနိုင်ငံအစိုးရသည် အောက်ပါအချက်များကို အကြီးမားဆုံးအရေးပေါ်ကိစ္စများအနေဖြင့် သဘောထား၍ ထပ်မံဆောင်ရွက်သင့်သည်။

(က) တရားဥပဒေနှင့်မညီဘဲဖြစ်စေ၊ လိုအပ်မှုမရှိဘဲဖြစ်စေ သို့မဟုတ် အချိုးအစားမမျှဘဲဖြစ်စေ အထူးသဖြင့် အရပ်သားပြည်သူများကို ပစ်မှတ်ထားသော သို့မဟုတ် ၎င်းတို့၏အကျိုးကို ကာကွယ်ရန် လုံလောက်သည့်ပြင်ဆင်မှု မရှိဘဲ လက်ရှိလုပ်ဆောင်နေသည့် စစ်တပ်နှင့်လုံခြုံရေးဆိုင်ရာ စစ်ဆင်ရေးများအားလုံး အဆုံးသတ်ခြင်း။

(ခ) အမျိုးသမီးများ၊ မိန်းကလေးငယ်များ၊ အမျိုးသားများနှင့် ယောက်ျားလေးငယ်များအား လိင်ပိုင်းဆိုင်ရာနှင့် လိင်ဝိသေသလက္ခဏာကွဲပြားမှုအပေါ် အခြေပြုသော အကြမ်းဖက်မှုများအပြင် အမျိုးသမီးများ နှင့် ကလေးများအား ဥပဒေမဲ့ သို့မဟုတ် တရားလက်လွတ် ဖမ်းဆီးခြင်းများအား ရပ်တန့်ခြင်းနှင့် ၎င်းတို့အား ပြန်လွှတ်ပေးခြင်း။ လိင်ပိုင်းဆိုင်ရာနှင့် လိင်ဝိသေသလက္ခဏာကွဲပြားမှု အခြေပြု အကြမ်းဖက်မှုများနှင့် ပတ်သက်၍ တင်းကြပ်သောမူဝါဒ (Zero-tolerance) ချမှတ် အကောင်အထည်ဖော်ခြင်း။

(ဂ) လိင်ပိုင်းဆိုင်ရာနှင့် လိင်ဝိသေသလက္ခဏာကွဲပြားမှု အပေါ်အခြေပြုသော အကြမ်းဖတ်မှုများနှင့် ကလေးသူငယ်များအပေါ် ဆိုးရွားသော ချိုးဖောက်မှုများအပါအဝင် ဆိုးရွားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ရာတွင် တပ်မတော်နှင့် အခြားလုံခြုံရေး တပ်ဖွဲ့များ၏ အခန်းကဏ္ဍကို အသိအမှတ်ပြုခြင်း။

(ဃ) ညှင်းပန်းနှိပ်စက်မှု၊ မုဒိန်းမှု၊ လိင်အကြမ်းဖက်မှု၊ ကလေးသူငယ်များအပေါ် ဆိုးရွားသောချိုးဖောက်မှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများကို အကြွင်းမဲ့ တားဆီးထားကြောင်း တပ်မတော်နှင့် အခြားလုံခြုံရေးအဖွဲ့များအားလုံး၏ အဖွဲ့ခွဲများ အားလုံးထံသို့ ရှင်းလင်းမှုနှင့် အဓိပ္ပာယ် တိကျမှုရှိသော ညွှန်ကြားချက်များ လူသိရှင်ကြား ထုတ်ပြန်ခြင်း။

(င) မြန်မာနိုင်ငံ နေရာများအားလုံး၊ အထူးသဖြင့် ကချင်၊ ရခိုင်နှင့် ရှမ်းပြည်နယ်များအပါအဝင် အခြား ပဋိပက္ခ သို့မဟုတ် အကြပ်အတည်း ဖြစ်ပေါ်နေသော နေရာများသို့ ပြည်တွင်းနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဆောင်ရွက်သူများက ကယ်ဆယ်ရေး လုပ်ဆောင်နိုင်ရေးနှင့် သတင်းထောက်များနှင့် အခြား ပြည်တွင်းနှင့် နိုင်ငံတကာလူ့အခွင့်အရေး စောင့်ကြည့်သူများက လူ့အခွင့်အရေး လိုက်နာမှုအပေါ် စုံစမ်းစစ်ဆေးခြင်းနှင့် အစီရင်ခံခြင်း ပြုလုပ်နိုင်ရန် ကန့်သတ်မှုမရှိပဲ လွတ်လပ်စွာ သွားလာနိုင်ရေး ခွင့်ပြု၍ ပံ့ပိုးကူညီခြင်း။

(စ) မြန်မာနိုင်ငံ၌ ပြင်းထန်သော ပြစ်မှုများ ကျူးလွန်ခံရ သူများအတွက် နိုင်ငံတကာ ဥပဒေ အောက်တွင် တရားမျှတမှု ရှာဖွေရန် နိုင်ငံတကာ တာဝန်ယူမှုတာဝန်ခံမှု ယန္တရားတစ်ခု ထူထောင်နိုင်ရေး နိုင်ငံတကာအသိုင်းအဝိုင်း အထူးဖြင့် ကုလသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

(ဆ) ကျန်ရှိနေသော နိုင်ငံရေးအကျဉ်းသားများအားလုံး လွှတ်ပေးခြင်းနှင့် လွတ်ငြိမ်းချမ်းသာခွင့်ပေးခြင်းအပါအဝင်၊ လူ့အခွင့်အရေးကာကွယ်သူများ၊ ရှေ့နေများ၊ သတင်းထောက်များ၊ ငြိမ်းချမ်းရေးနိုးဆော်သူများ၊ ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများနှင့် အခြားသော အရပ်ဘက်လူမှုအဖွဲ့အစည်းဝင်များအား ၎င်းတို့၏ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ကျင့်သုံးခြင်းကြောင့် နှောက်ယှက်ခြင်းနှင့် အရေးယူခြင်းများ ပြုလုပ်နေခြင်းအားလုံး အဆုံးသတ်ခြင်း။ ရိုက်တာသတင်းထောက် ဝလုံးနှင့် ကျော်စိုးဦးတို့အား လွှတ်ပေးခြင်း။

(ဇ) အစိုးရတွင်း ပါဝင်လုပ်ဆောင်သူများနှင့် အစိုးရမဟုတ်သော ပါဝင်လုပ်ဆောင်သူများ နှစ်ဘက်လုံး၏ လူမျိုးစု၊ လူမျိုးရေး သို့မဟုတ် ဘာသာရေးအပေါ် အခြေခံသည့် သည်းမခံမှု၊ သဘောထားကွဲလွဲမှုနှင့် ခွဲခြားဆက်ဆံမှု ဖြစ်စေသော သုံးနှုန်းပြောဆိုမှုများကို အတိအလင်း ရှုတ်ချ၍ တန်းတူညီမှုရှိသည့် လူ့အခွင်အရေး လေးစားလိုက်နာမှုနှင့် ကာကွယ်မှုအပေါ် အခြေခံသည့် အများပါဝင်သော နိုင်ငံတော် မျှော်မှန်းချက်တစ်ရပ်ကို တက်ကြွစွာ အားပေးမြှင့်တင်ခြင်း။

(ဈ) ၁၉၈၂ ခုနှစ် နိုင်ငံသားဥပဒေဆိုင်ရာ နိုင်ငံသားစီစစ်နေခြင်းလုပ်ငန်းအား ဆိုင်းငံ့ထားပါ။ ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်း နိုင်ငံသားဖြစ်မှု တရားလက်လွတ် ဆုံးရှုံးခြင်းအား အသိအမှတ်ပြု၍ ရိုဟင်ဂျာလူမှုအသိုင်းအဝိုင်းနှင့် အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်းဆွေးနွေးမှု ပြုလုပ်၍ မြန်ဆန်သည့် အုပ်ချုပ်ရေးလုပ်ငန်းမှတစ်ဆင့် နိုင်ငံသားအခွင့်အရေး ပြန်လည်အပ်နှင်းခြင်း။

(ည) ရိုဟင်ဂျာနှင့် အခြားဒုက္ခသည်များအား ပြန်လည်နေရာချထားခြင်းကို နိုင်ငံတကာ စံနှုန်းများနှင့်အညီ လုံခြုံမှု၊ ဂုဏ်သိက္ခာနှင့် မိမိဆန္ဒအလျောက် ဖြစ်အောင်လည်းကောင်း၊ လုံလောက်သော လူ့အခွင့်အရေးကာကွယ်မှုများ ရှိအောင်လည်းကောင်း ဆောင်ရွက်ခြင်း။ ရိုဟင်ဂျာ ဒုက္ခသည်များ မိမိမူလနေရပ်သို့ လျင်မြန်စွာ ပြန်လည်အခြေချခွင့်ပြုကာ ဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ခြင်းပေးခြင်းနှင့် ၎င်းတို့၏ဘဝများ ပြန်လည်တည်ဆောက်ခြင်းတွင် ပံ့ပိုးကူညီပေးခြင်း။ ရိုဟင်ဂျာများကို ၎င်းတို့၏ အနာဂတ်နှင့် သက်ဆိုင်သော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်ရန်ခြင်းနှင့် ကလေးများ အထူးသဖြင့် အုပ်ထိန်းသူမရှိသော ကလေးများနှင့် သက်ဆိုင်သော ကိစ္စများဆောင်ရွက်ရာတွင် ကလေးများ၏ အကောင်းဆုံး အကျိုးကို အခြေခံ ထည့်သွင်းစဉ်းစားခြင်း။

(ဋ) ဒုက္ခသည်များ ပြန်လည်နေရာချထားခြင်း မစတင်မီ နိုင်ငံတကာဥပဒေ ချိုးဖောက်မှု ကျူးလွန်မှုအတွက် တာဝန်ရှိသော လုံခြုံရေးတပ်ဖွဲ့များ၏ တပ်မများ၊ တပ်ရင်းများနှင့် တပ်ခွဲများ အားလုံးကို ရခိုင်ပြည်နယ်အတွင်းမှ ဖယ်ရှားပြီး ပြန်လည်ထူထောင်ခြင်း ဖြစ်စဉ်တွင်ဖြစ်စေ သို့မဟုတ် ပြန်လည်ခြေချသူများအား လုံခြုံရေးပေးရာတွင် ဖြစ်စေ မည်သည့်အခန်းကဏ္ဍမျှ ယူရန် ခွင့်မပြုခြင်း။

(ဌ) ရိုဟင်ဂျာများ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်အခြေချနေထိုင်ရေး အပါအဝင် ပြန်လည်ပို့ဆောင်ရေး ဖြစ်စဉ်တစ်လျောက် လူ့အခွင့်အရေးနှင့်အညီ ဖြစ်စေရန် လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ လူမှုအသိုင်းအဝိုင်းများအားလုံး၏ လူ့အခွင့်အရေးကို လေးစားရန်၊ ကာကွယ်ရန်နှင့် ဖြည့်ဆည်းရန်လည်းကောင်း မြေပြင်ပေါ်ရှိ နိုင်ငံတကာ လူ့အခွင့်အရေး စောင့်ကြည့်လေ့လာသူများကို စောင့်ကြည့်လေ့လာခြင်းနှင့် အကြံပြုခြင်း ပြုလုပ်ခွင့်ပြုခြင်း။

(ဍ) ရခိုင်ပြည်နယ် အခြေခံအဆောက်အအုံများတည်ဆောက်မည့် မည်သည့် အစီအစဉ်မဆို ရိုဟင်ဂျာပြည်သူများ မူလနေရပ်သို့ လုံခြုံစွာနှင့် ရေရှည်တည်မြဲစွာ ပြန်လည် နေထိုင်နိုင်မှုကို ထိခိုက်စေခြင်း မရှိအောင် ဆောင်ရွက်ခြင်း။ ထို့အတူ ရိုဟင်ဂျာများ နေထိုင်ခဲ့သော ကျေးရွာများ ရှိခဲ့သောနေရာများတွင် မြေပြင်ရှင်းလင်းမှုများ ပြုလုပ်နေခြင်း အားလုံးကို ဆိုင်းငံ့ထားပြီး (၁) မူလနေထိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးမှုပြုလုပ်ခြင်းနှင့် ၎င်းတို့၏ သဘောတူညီချက် ရယူခြင်း၊ (၂) လူ့အခွင့်အရေးနှင့် ပြစ်မှုဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ၏ မှုခင်းသိပ္ပံဆိုင်ရာ ကြိုတင်စစ်ဆေးမှုများ ပြုလုပ်ခြင်း ပြီးမှသာ ပြန်လည်လုပ်ဆောင်ခြင်း။

၁၆၈၀။ တစ်ချိန်ထဲတွင်၊ သက်ဆိုင်ရာ အရပ်သားအာဏာပိုင်များနှင့် တပ်မတော် အပါအဝင် မြန်မာနိုင်ငံအစိုးရအနေဖြင့် အကြမ်းဖက်မှုနှင့် ဆက်စပ်လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ နှင့် ကြမ်းကြုပ်သော ရာဇဝတ်မှုများ ထပ်မံဖြစ်ပေါ်စေသော သံသရာစက်ဝန်း၏ မူလ အကြောင်းရင်းများကို ကိုင်တွယ်ဖြေရှင်းရန်၊ ညှိနှိုင်းပူးပေါင်းဆောင်ရွက်မှုနှင့် စစ်မှန်မှု ရှိသော ဆောင်ရွက်ချက်များ ချက်ချင်းစတင် လုပ်ဆောင်သင့်သည်။ ထိုသို့ ဆောင်ရွက်ရန် အတွက် အောက်ပါ လုပ်ဆောင်ချက်များ ရှိရန်လိုအပ်သည်။

*လူ့အခွင့်အရေးနှင့်အညီလိုက်နာဆောင်ရွက်ခြင်း*

၁၆၈၁။ သက်ဆိုင်ရာ အရပ်သားအာဏာပိုင်များနှင့် တပ်မတော်အပါအဝင် မြန်မာနိုင်ငံ အစိုးရသည် လိုအပ်သည့်အလျောက် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများအား အပြည့်အဝ လိုက်နာဆောင်ရွက်မှု ရှိစေရန် ချက်ချင်း အရေးယူ ဆောင်ရွက်သင့်သည်။ ထို့အတွက် အစိုးရအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) တန်းတူညီမှု အပြည့်အဝရှိမှုအပေါ် အခြေခံ၍၊ မည်သည့် နိုင်ငံသား သို့မဟုတ် "တိုင်းရင်းသားလူမျိုး" ဖြစ်စေကာမူ လူတိုင်း လူ့အခွင့်အရေး ရရှိခံစားနိုင်အောင် လည်းကောင်း၊ ထိုနည်းတူ "တိုင်းရင်းသားလူမျိုး" အပေါ်အခြေခံသည့် နိုင်ငံသားဖြစ်မှု အယူအဆကို ဓမ္မဓိဌာန်ကျ၍ ခွဲခြားဆက်ဆံမှုကင်းသော စံသတ်မှတ်ချက်များအပေါ် အခြေခံသည့် နိုင်ငံသားဖြစ်မှုစနစ်ဖြင့် အစားထိုးခြင်း။ မြန်မာနိုင်ငံအတွင်းရှိ လူပုဂ္ဂိုလ်တိုင်း မွေးစာရင်းနှင့် နိုင်ငံသားဖြစ်မှုအထောက်အထားအပါအဝင် သင့်လျော်သော တရားဝင် ပုဂ္ဂိုလ်ရေးအထောက်အထားများ ရှိအောင် ဆောင်ရွက်ခြင်း။ ရိုဟင်ဂျာပြည်သူများအပါအဝင် လူပုဂ္ဂိုလ်တိုင်း နိုင်ငံတကာ လူ့အခွင့်အရေး စံနှုန်းများနှင့်အညီ မိမိဇစ်မြစ်ကို ကိုယ်တိုင်ခံယူခွင့် ပြုခြင်း။

(ခ) တိုင်းရင်းသား လူမျိုးစုနှင့် ဘာသာရေး လူနည်းစုများအပေါ် ဖိနှိပ်မှုနှင့် ခွဲခြားဆက်ဆံမှု ပြုသော စနစ်များ ဖျက်သိမ်းခြင်းနှင့် ထိုသို့ဆောင်ရွက်ရာတွင် ရိုဟင်ဂျာပြည်သူများ၏ အခြေအနေအတွက် အရေးပေါ် အဓိကထားဆောင်ရွက်ခြင်း။ ဥပမာအားဖြင့် အမျိုးဘာသာသာသနာ ကာကွယ်စောင့်ရှောက်ရေး ဥပဒေ အပါအဝင် အစိုးရ အဆင့်တိုင်းရှိ ခွဲခြားဆက်ဆံသော သဘောရှိသည့် သို့မဟုတ် သက်ရောက်မှု ရှိသည့် ဥပဒေများ၊ အမိန့်ညွှန်ကြားစာများ၊ မူဝါဒများနှင့် လက်တွေ့ကျင့်သုံးမှုများ အားလုံးကို ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။ ဆက်လက်ပြီး ရခိုင်ပြည်နယ်တွင် ရိုဟင်ဂျာပြည်သူများအတွက် လှုပ်ရှားသွားလာမှု၊ အသက်မွေးဝမ်းကျောင်း၊ အစားအစာနှင့် လူသားချင်းစာနာမှုအကူအညီ၊

ပညာရေးနှင့် ကျန်းမာရေး ဝန်ဆောင်မှုများအပေါ် ကန့်သတ်မှုများအားလုံး ချက်ခြင်း ရုပ်သိမ်းခြင်း။ ပြည်ထောင်စုအစိုးရက ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ၊ ၁၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ကြေညာချက်အမှတ် ၈၈/၂၀၁၈ နှင့် ရိုဟင်ဂျာပြည်သူများအပေါ် ပစ်မှတ်ထားထုတ်ပြန်ခဲ့သော ဒေသန္တရအမိန့် (၈) ခု ဖျက်သိမ်းထားခြင်းအား ချက်ချင်း တစ်ပြေးညီ အကောင်အထည်ဖော်ခြင်း။

(ဂ) တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များ၏ မူဝါဒများ၊ နည်းစနစ်များ၊ စစ်ရေးလှုပ်ရှားမှုဆိုင်ရာ စည်းမျဉ်းများနှင့် သင်တန်းများအားလုံးကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေများ၊ အထူးသဖြင့် မည်သည့် လူမျိုး၊ ကိုးကွယ်သည့်ဘာသာ သို့မဟုတ် နိုင်ငံသား ဖြစ်စေ ပြည်သူတိုင်း အတွက် ခွဲခြားဆက်ဆံမှု ကင်းစင်ရေးနှင့် တန်းတူကာကွယ်မှု ရရှိရေးဆိုင်ရာ အခြေခံမူနှင့် အပြည့်အဝ ကိုက်ညီမှုရှိအောင် ပြန်လည်ဆန်းစစ်ခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း။ လုံခြုံရေးတပ်ဖွဲ့များအား လူ့အခွင့်အရေး၊ အများပြည်သူကာကွယ်ရေး၊ ညှင်းပန်းနှိပ်စက်မှု၊ လိင်ပိုင်းဆိုင်ရာနှင့် ကျား၊မ အပေါ်အခြေခံသည့် အကြမ်းဖက်မှုများ အပေါ် တားမြစ်ချက်များ အကြောင်းနှင့် ထိုသို့ ပြုမူမှုများအတွက် ရာထူးအဆင့်အလိုက် တာဝန်ခံမှု အခြေခံမူများအကြောင်း ပုံမှန်သော်လည်းကောင်း၊ ထပ်မံတလဲလဲ သော်လည်းကောင်း မဖြစ်မနေ တက်ရောက်ရသော သင်တန်းများပေးခြင်း။

(ဃ) ပြည်တွင်းနှင့် နိုင်ငံတကာဥပဒေများအရ အထူးသဖြင့် နိုင်ငံတကာ ကလေးသူငယ်များ အခွင့်အရေးဆိုင်ရာ သဘောတူစာချုပ်ပါ တာဝန်များနှင့် ပတ်သက်၍ ကလေးသူငယ်အခွင့်အရေးများကို ကာကွယ်မြှင့်တင်ရမည့် တာဝန်များကို ဦးစားပေး အနေဖြင့် လိုက်နာအကောင်အထည်ဖော်ခြင်း။ ကလေးများအတွက် ကာကွယ်မှု အပြည့်အဝ ရရှိရန် မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ပဋိပက္ခအတွင်း ကလေးသူငယ်များအပေါ် ဆိုးရွားသော ကျူးလွန်မှုပုံစံ ခြောက်မျိုးလုံးကို ကိုင်တွယ်ဖြေရှင်းခြင်း။

(င) မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လွတ်လပ်အမှီအခိုကင်းမှု၊ အာဏာနှင့် စွမ်းဆောင်ရည်အား အမျိုးသား လူ့အခွင့်အရေးအဖွဲ့အစည်းများဆိုင်ရာ ပါရီအခြေခံမူများနှင့်အညီ ပိုမိုခိုင်မာအောင် ဆောင်ရွက်ခြင်း။

(စ) နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ လူမျိုးရေး ခွဲခြားဆက်ဆံမှုအားလုံး ပပျောက်ရေးဆိုင်ရာ နိုင်ငံတကာ သဘောတူစာချုပ်၊ ညှင်းပန်း နှိပ်စက်မှုနှင့် အခြားရက်စက်သော၊ လူမဆန်သော

သို့မဟုတ် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသော ပြုမူမှုများ သို့မဟုတ် အပြစ်ပေးခြင်းများ တားဆီးရေး သဘောတူစာချုပ် နှင့် ၎င်းစာချုပ်များ၏ နောက်ဆက်တွဲသဘောတူညီချက်များ အပါအဝင် အတည်ပြု လက်မှတ် မထိုးရသေးသော နိုင်ငံတကာ လူ့အခွင့်အရေး သဘောတူစာချုပ်များအားလုံး အတည်ပြုလက်မှတ်ရေးထိုးခြင်း။

(ဆ) မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂလူ့အခွင့်အရေး အထူးကိုယ်စားလှယ်အား တုန့်ပြန်လက်စားချေမှု မရှိရေး အာမခံချက်ပေး၍ မြန်မာနိုင်ငံတစ်ဝှမ်း စောင့်ကြည့် လေ့လာရေး ပုံမှန်ခရီးစဉ်များ ကန့်သတ်မှုမရှိ လွတ်လပ်စွာ ပြန်လည်သွားလာခွင့်ပြုသင့်ပြီး ၎င်းအပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး ယန္တရားများနှင့် အပြည့်အဝ ထိတွေ့ဆက်ဆံခြင်းနှင့် ပူးပေါင်းလုပ်ဆောင်ခြင်း။ ပြည့်စုံသည့် လုပ်ပိုင်ခွင့်တာဝန်ရှိသည့် မြန်မာနိုင်ငံ ကိုယ်စားလှယ်ရုံး တည်ထောင်ခြင်းမှတစ်ဆင့် အပါအဝင် ကုလသမဂ္ဂ လူ့အခွင့်အရေး မဟာမင်းကြီးရုံးထံမှ အကြံဉာဏ်နှင့် ပံ့ပိုးကူညီမှုရယူခြင်း။

*တာဝန်ယူမှု၊တာဝန်ခံမှု*

၁၆၈၂။ အရပ်သားအာဏာပိုင်များနှင့် တပ်မတော်အပါအဝင်၊ မြန်မာနိုင်ငံအစိုးရအနေဖြင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် အဆုံးသတ်ရေးနှင့် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများနှင့် နိုင်ငံတကာ ဥပဒေဆိုင်ရာ ပြင်းထန်သော ပြစ်မှုများအတွက် အပြည့်အဝ တာဝန်ယူမှု၊တာဝန်ခံမှု ဖော်ဆောင်ရေး မဆိုင်းမတွ ဆောင်ရွက်သင့်သည်။ ၎င်းအနေဖြင့်

(က) နိုင်ငံတကာ ဥပဒေများအရ လူ့အခွင့်အရေးချိုးဖောက်မှုနှင့် နှိပ်ကွပ်မှု ကျူးလွန်ကြောင်း ခိုင်မာသော စွပ်စွဲချက်များ အားလုံးအပေါ် နိုင်ငံတကာ လူ့အခွင့်အရေး သတ်မှတ်ချက်များ၊ စံနှုန်းများနှင့်အညီ တာဝန်ခံမှုရှိစေရေး ဆောင်ရွက်နိုင်ရန် မြန်ဆန်မှု၊ ထိရောက်မှုနှင့် စီစစ်မှု၊ လွတ်လပ်အမှီအခိုကင်းမှုနှင့် သမာသမတ်ကျမှုရှိသော စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ခြင်းဖြင့် အရေးယူကိုင်တွယ်ခြင်း။ လိင်ပိုင်းဆိုင်ရာနှင့် လိင်စိတ်ဝိသေသလက္ခဏာ အခြေပြု အကြမ်းဖက်မှုများနှင့် ကလေးများအပေါ် ဆိုးရွားသော ချိုးဖောက်မှုများ အတွက် တိုက်ရိုက်ကျူးလွန်သူများနှင့် ၎င်းတို့၏ အထက်အရာရှိများကို စုံစမ်းစစ်ဆေးခြင်း၊ အရေးယူဆောင်ရွက်ခြင်းနှင့် ပြစ်ဒဏ်ပေးခြင်း အထူး အဓိကထား ဆောင်ရွက်မှု ပါဝင်အောင် ဆောင်ရွက်ခြင်း။

(ခ) နိုင်ငံတကာ ရာဇဝတ်ခုံရုံးဆိုင်ရာ ရောမသဘောတူစာချုပ်အား အတည်ပြု လက်မှတ်ရေးထိုးခြင်းနှင့် တရားရုံးသည် ၎င်းစတင်အသက်ဝင်ချိန် (၂၀၀၂ ခုနှစ်၊ ဇွန်လိုင်လ၊ ၁ ရက်) မှစ၍ စီရင်ပိုင်ခွင့်ရှိကြောင်း အတည်ပြုလက်ခံခြင်း။

(ဂ) တရားသူကြီးများ၏ လွတ်လပ်အမှီအခိုကင်းမှု၊ တရားသူကြီးများ၊ အစိုးရ တရားရေး ရှေ့နေများနှင့် ရှေ့နေများ၏ အရည်အချင်းနှင့် တတ်ကျွမ်းမှုများကို ပိုမိုခိုင်မာ အောင် ဆောင်ရွက်ခြင်းဖြင့် ပြည်တွင်းတရားစီရင်ရေး ကဏ္ဍအား ပြုပြင်ပြောင်းလဲခြင်း။

(ဃ) အထူးသဖြင့် အရပ်သားပြည်သူများအပေါ် နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ ချိုးဖောက်ကြောင်း၊ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေဆိုင်ရာ ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသော စစ်တပ်နှင့် အခြားလုံခြုံရေး အမှုထမ်းများအားလုံးအပေါ် စီရင်ပိုင်ခွင့်အား အရပ်ဘက်တရားရုံးများထံသို့ လွှဲပြောင်းခြင်း။

(င) နိုင်ငံတကာ ဥပဒေများအရ ပြင်းထန်သော ပြစ်မှုများအပြင် အခြားပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုနှင့် နိုင်ငံတကာ ဥပဒေ ချိုးဖောက်မှုများအတွက် ရာဇဝတ်မှု ဆိုင်ရာ အရေးယူဒဏ်ခတ်ခြင်းကို ပြည်တွင်းဥပဒေထဲတွင် ထည့်သွင်းပြဋ္ဌာန်းခြင်း။

(စ) ကျူးလွန်ခံရသူများအတွက် ပြန်လည်ပြုပြင်ခြင်းအပါအဝင် မြန်မာနိုင်ငံအတွင်းရှိ လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြည့်စုံသော တာဝန်ယူမှုတာဝန်ခံမှုရရှိရေး လုပ်ငန်းအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။

(ဆ) နိုင်ငံတကာဥပဒေအရသော်လည်းကောင်း၊ အခြားပြင်းထန်သော လူ့အခွင့် အရေး ချိုးဖောက်မှုများအရသော်လည်းကောင်း ပြစ်မှုကျူးလွန်ကြောင်း စွပ်စွဲခံရသူများကို လွတ်ငြိမ်းချမ်းသာခွင့်နှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပေးခြင်းအား ကန့်သတ်ပိတ်ပင်ခြင်း။

(ဇ) အရပ်သားပြည်သူများအပေါ် ပြစ်မှုကျူးလွန်ကြောင်း စီရင်ခံထားရသော စစ်မှုထမ်းများ အားလုံး၏ အခြေအနေကို ကျူးလွန်သည့် ပြစ်မှု၊ ချမှတ်ခံရသော ပြစ်ဒဏ်၊ အမှန်တကယ် ကျခံရသော ပြစ်ဒဏ်နှင့် ရရှိသော ပြစ်ဒဏ်လွတ်ငြိမ်းခွင့် စသည့် အသေးစိတ် အချက်အလက်နှင့်တကွ လူသိရှင်ကြား ထုတ်ပြန်အစီရင်ခံခြင်း။

(ဈ) ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှု ကျူးလွန်ခံရသူများအတွက် ပြန်လည်ကုစားပေးလျော်ခွင့်အား ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် ပတ်သက်၍ ပြည့်စုံသော မူဝါဒနှင့် စီမံချက်များ ချမှတ်ခြင်း။

*ဆေးဝါးနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများနှင့် အခြားဝန်ဆောင်မှုများ ရရှိနိုင်ခွင့်*

၁၆၈၃။ သက်ဆိုင်ရာ အရပ်သားအာဏာပိုင်များနှင့် တပ်မတော်အပါအဝင် မြန်မာနိုင်ငံ အစိုးရအနေဖြင့် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နှိပ်ကွပ်မှုများ ကျူးလွန်ခံရသူများအတွက် ဆေးဝါး၊ လူမှုစိတ်ပိုင်းဆိုင်ရာနှင့် အခြားထောက်ပံ့မှုနှင့် ဝန်ဆောင်မှုများ လုံလောက်စွာရရှိနိုင်ခွင့်ရှိအောင် မဆိုင်းမတွ ဆောင်ရွက်သင့်သည်။ ထို့အတွက် ၎င်းအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) လိင်ပိုင်းဆိုင်ရာ အကြမ်းဖက်မှု ကျူးလွန်ခံခဲ့ရသူများကို လိုအပ်သည့်အလျောက် စိတ်ဓါတ်ရေးရာနှင့် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများ သို့မဟုတ် စိတ်ကျန်းမာရေး ဝန်ဆောင်မှုများ အပါအဝင် ဆေးဝါးပံ့ပိုးကူညီမှုများကို အခမဲ့၊ လျှို့ဝှက်၍ ကန့်သတ်မှုမရှိ ရရှိနိုင်ခွင့်ရှိအောင် ဆောင်ရွက်ခြင်း။ ထိုသို့သော ပံ့ပိုးကူညီမှုများပေးရာတွင် နိုင်ငံတော်မှ အားနည်းထိခိုက်လွယ်သော ပြည်သူများအား ပံ့ပိုးပေးသည့် ပိုမိုကျယ်ပြန့်သော ရေရှည် လူမှုရေးစောက်ရှောက်မှုနှင့် ထောက်ပံ့မှုများ၏ အစိတ်အပိုင်းအဖြစ် ထည့်သွင်းခြင်း။

(ခ) ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူနှင့် နိုင်ငံသားမဟုတ်သူ ကလေးသူငယ်များ အပါအဝင် ကလေးသူငယ်များအားလုံးသည် ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု အပါအဝင် မရှိမဖြစ်လိုအပ်သော အများပြည်သူဝန်ဆောင်မှုများအားလုံး ထိရောက်သော လက်လှမ်းမီမှု သေချာစေခြင်း။ ပဋိပက္ခအတွင်း မူလအုပ်ထိန်းသူပျောက်ဆုံးသွားသော ကလေး သူငယ်များနှင့် မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့များ၏ မုဒိန်းကျင့်မှုကြောင့် မွေးဖွားလာသော ကလေးသူငယ်များအတွက် အထူးထည့်သွင်းစဉ်းစားပေးခြင်း။ ပဋိပက္ခဒဏ် ခံရသော ကလေးသူငယ်များအတွက် လူမှုစိတ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများနှင့် စိတ်ကျန်းမာရေး အကူအညီများကို ဦးစားပေးအနေဖြင့် ပံ့ပိုးပေးခြင်း။

*ရှာမတွေ့သူများ နှင့် ပျောက်ဆုံးနေသူများကို ရှာဖွေခြင်း*

၁၆၈၄။ မြန်မာနိုင်ငံအစိုးရသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) နှင့်ပူးပေါင်း၍ ဘင်္ဂလားဒေ့ရှ်အစိုးရ၏ အကူအညီဖြင့် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှ စတင်ဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်မြောက်ပိုင်း အဖြစ်အပျက်များ၏ အကျိုးဆက်အနေဖြင့် သတ်ဖြတ်ခံခဲ့ရသော သို့မဟုတ် ပျောက်ဆုံးနေသော လူပုဂ္ဂိုလ်များကို ရှာဖွေဖော်ထုတ်ရန် လည်းကောင်း၊ မိသားစုနှင့် ကွဲကွာသွားသူများ အထူးသဖြင့် ကလေးသူငယ်များကို ဆွေမျိုးများရှိရာနေရာအား ရှာဖွေပေးရန်လည်းကောင်း ကြိုးစားသင့်သည်။ တပ်မတော် အပါအဝင် မြန်မာနိုင်ငံအစိုးရသည် ထိုသို့လုပ်ဆောင်ရန် ရည်ရွယ်ချက်အတွက် အိမ်ထောင်စုစာရင်း မှတ်တမ်းဓတ်ပုံများနှင့် အချက်အလက်များကို ICRC ကရယူနိုင်အောင်

ဆောင်ရွက်ပေးသင့်သည်။ အနာဂတ် တာဝန်ယူမှုတာဝန်ခံမှု ယန္တရားများအတွက် အသုံးပြုနိုင်ရန် ပြည့်စုံသော၊ မှန်ကန်တိကျသော၊ ယုံကြည်အားထားနိုင်သော ထိခိုက်ဒဏ်ရာရမှု ဆန်းစစ်ချက်များအား ရှင်းလင်းစွာ ချမှတ်ထားသော နည်းစနစ်များနှင့်အညီ ရေးဆွဲနိုင်ရေး ရိုဟင်ဂျာ လူထုအခြေပြုအဖွဲ့အစည်းများ အပါအဝင် အခြားအဖွဲ့အစည်းများကို ထောက်ပံ့ကူညီမှုများ ပေးသင့်သည်။

၁၆၈၅။ မြန်မာနိုင်ငံအစိုးရသည် အစပျောက်မှုများနှင့်ပတ်သက်၍ လူပုဂ္ဂိုလ်တစ်ဦးချင်းစီက အသိပေး အစီရင်ခံနိုင်သည့် လုပ်ထုံးလုပ်နည်း ချက်ချင်းရေးဆွဲသင့်ပြီး ထိုအစီရင်ခံချက်များအပေါ် တပ်မတော်မပါသည့် လွတ်လပ်အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်သင့်ပြီး ကျူးလွန်ခံရသူကို ခြေရာကောက်၍ ကျူးလွန်သူတိုင်းကို တာဝန်ခံမှုရှိအောင် ဆောင်ရွက်သင့်သည်။

*အမုန်းစကား တိုက်ဖျက်ခြင်း*

၁၆၈၆။ သက်ဆိုင်ရာ အရပ်သားအာဏာပိုင်နှင့် တပ်မတော်အပါအဝင် မြန်မာနိုင်ငံအစိုးရသည် အမုန်းစကားများ၊ အထူးသဖြင့် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်မှုဖြစ်စေရန် လှုံ့ဆော်မှုဖြစ်စေသည့် နိုင်ငံသား၊ လူမျိုး သို့မဟုတ် ဘာသာရေးအခြေပြု အမုန်းတရားများ ဖြစ်စေရန် စည်းရုံးတိုက်တွန်းမှု မြောက်သော အမုန်းစကားများကို တိုက်ဖျက်ရန် ယုံကြည်နိုင်လောက်သော လုပ်ဆောင်ချက်များ ချက်ချင်းဆောင်ရွက်သင့်သည်။ ထို့အတွက် ၎င်းအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) အထူးသဖြင့် ရိုဟင်ဂျာနှင့် မွတ်စလင်ပြည်သူများကို ခြိုင်းပစ်မှတ်ထားသော အမုန်းစကားနှင့် မှားယွင်းသော ဇတ်ကြောင်းပြောဆိုမှုများကို အားပေးသည့် သည်းမခံမှု၊ စိတ်ဝမ်းကွဲမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုရှိသော လူသိရှင်ကြား ထုတ်ဖော်ပြောဆိုမှုများကို အဆုံးသတ်ရန် မဆိုင်းမတွ လုပ်ဆောင်ခြင်း။

(ခ) အမုန်းစကားနှင့် မှားယွင်းသော ဇတ်ကြောင်းပြောဆိုမှုများကို တွန်းလှန်ရန် လည်းကောင်း၊ လူတိုင်း၏ လူ့အခွင့်အရေးကို လေးစားမှုရှိသည့် အထောက်အကူပြုမှု၊ အများပါဝင်မှုနှင့် သီးခံမှုရှိသော ပတ်ဝန်းကျင်ကို ပျိုးထောင်ရန်လည်းကောင်း အဓိကထား၍ ပြည်သူ့ဆက်သွယ်ရေး နည်းဗျူဟာတစ်ခု ရေးဆွဲအကောင်အထည်ဖော်ခြင်း။ ထိုသို့ ရေးဆွဲရာတွင် ရိုဟင်ဂျာနှင့် အခြားမွတ်စလင်အုပ်စုများ အပါအဝင် အကျိုးဝင် သက်ဆိုင်သော သက်ဆိုင်ပါဝင်သူများအားလုံး ပါဝင်အောင် ဆောင်ရွက်ခြင်း။

(ဂ) အစိုးရအတွင်းဖြစ်စေ၊ စစ်တပ်အတွင်းဖြစ်စေ အမှုထမ်းနေသော အစိုးရဝန်ထမ်းများသည် အမုန်းစကား သို့မဟုတ် မှားယွင်းသော ဇတ်ကြောင်းပြောဆိုမှုများ ဖြန့်ဝေနေကြောင်း တွေ့ရှိရပါက၊ အထူးသဖြင့်

အကြမ်းဖက်မှု၊ ရန်လိုမှု သို့မဟုတ် ခွဲခြားဆက်ဆံမှုဖြစ်စေရန် လှုံ့ဆော်မှုမြောက်ပါက၊ တာဝန်မှ ရပ်စဲခြင်း သို့မဟုတ် အရေးယူခြင်း။

(ဃ) ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ယုံကြည်မှု၊ လူမျိုး၊ လူမျိုးစုနှင့် နိုင်ငံသား ဖြစ်မှုအပေါ် အခြေပြုသည့် သီးမခံမှု၊ အပျက်သဘောဆောင်သော ပုံစံခွက်အတိုင်း သတ်မှတ်မှုနှင့် အသရေဖျက်မှု၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်စေရန် လှုံ့ဆော်မှုနှင့် အကြမ်းဖက်မှု တိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ ပြည့်စုံသော မူဝါဒနှင့် လုပ်ငန်းအစီအစဉ် တစ်ခုကို လူ့အခွင့်အရေးကောင်စီ ဆုံးဖြတ်ချက် ၁၆/၁၈ နှင့်အညီ ရေးဆွဲခြင်း။ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲရာတွင် ရိုဟင်ဂျာနှင့် မွတ်စလင် ပြည်သူအုပ်စုများ အပါအဝင် အကျုံးဝင်သက်ဆိုင်သော အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့် အခြားသက်ဆိုင်ပါဝင်သူများ အားလုံးနှင့် ပွင့်လင်းမြင်သာမှု၊ အများပါဝင်မှုရှိသော ဆွေးနွေးညှိနှိုင်းမှုမှ တစ်ဆင့် ဆောင်ရွက်ခြင်း။ မူဝါဒနှင့် အစီအစဉ်တွင် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှု သို့မဟုတ် အကြမ်းဖက်ရန် လှုံ့ဆော်မှုဖြစ်စေသည့် နိုင်ငံသား၊ လူမျိုး သို့မဟုတ် ကိုးကွယ်သည့် ဘာသာ အပေါ်ခြေခံသည့် အမုန်းတရားဖြစ်အောင် စည်းရုံးတိုက်တွန်းမှုအား ပိတ်ပင်တားဆီးခြင်းနှင့်ဆိုင်သော *ရဘတ်လုပ်ဆောင်ချက်အစီအစဉ်* ပါဝင်အောင် ဆောင်ရွက်ခြင်း။

(င) နိုင်ငံအနှံ့ အဆင့်တိုင်းအတွက် အထူးသဖြင့် ကျောင်းများတွင် လူ့အခွင့်အရေး ပညာပေး သင်ရိုးညွှန်းတန်းတစ်ခု ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်း။ အဆိုပါ သင်ရိုးညွှန်းတန်းအား ရိုဟင်ဂျာအပါအဝင် မြန်မာနိုင်ငံ၏ လူမျိုးစုများနှင့် ဘာသာရေး လူမှုအသိုင်းအဝိုင်းများအကြား သည်းခံမှုနှင့် လေးစားမှုကို မြှင့်တင်ပေးသည့် သင်ရိုးညွှန်းတန်းဖြစ်အောင် ဆောင်ရွက်ခြင်း။ အမုန်းစကားနှင့် ရန်လိုအောင် လှုံ့ဆော်မှု၊ ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုများ၏ အန္တရာယ်အကြောင်း သင်ကြားပေးခြင်း။

(စ) အမုန်းစကားကာကွယ်ရေးဥပဒေကြမ်းအပါအဝင် အကျုံးဝင်သက်ဆိုင်သည့် ဥပဒေများ အားလုံးကို နိုင်ငံတကာ ဥပဒေဆိုင်ရာ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်အပေါ် ကန့်သတ်ချက်ပြုလုပ်သည့် တိကျစွာ သတ်မှတ်ထားသော အခြေအနေများ နှင့်အညီ ဖြစ်အောင် ဆောင်ရွက်ခြင်း။

*ဒီမိုကရေစီအသွင်ကူးပြောင်းခြင်း*

၁၆၈၇။ အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေး မဏ္ဍိုင်များအပါအဝင် မြန်မာနိုင်ငံအစိုးရသည် မြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် နိုင်ငံရေးစနစ်အား ဒီမိုကရေစီအသွင်ကူးပြောင်းမှု

အပြည့်အဝရှိအောင် ဆောင်ရွက်သင့်သည်။ ထို့အတွက် ၎င်းအနေဖြင့် အောက်ပါ အချက်များ ဆောင်ရွက်သင့်သည်။

(က) ဒီမိုကရေစီနည်းလမ်းတစ်ကျ အခွင့်အရေးနှင့် လွတ်လပ်မှုများရှိရေး၊ မြန်မာနိုင်ငံရှိ ပြည်သူအားလုံး၏ လူ့အခွင့်အရေးအားလုံးအား အကာအကွယ်ပေးရေး လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအား ပြင်ဆင်ခြင်း။ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ သင်းပင်းဖွဲ့စည်းခွင့်နှင့် စုဝေးခွင့်ကို အပြည့်အဝကာကွယ်ခြင်းနှင့် လေးစားလိုက်နာခြင်း။ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၏ လှုပ်ရှားမှုအတွက် နေရာ ပိုမိုကျယ်ပြန့်အောင် ဆောင်ရွက်ခြင်းနှင့် လူ့အခွင့်အရေး ကာကွယ်သူများ၏ လုပ်ဆောင်မှုများအား လေးစားခြင်းနှင့် ကာကွယ်ခြင်း။

(ခ) အစိုးရလုပ်ရပ်များအပေါ် အများပြည်သူ ပါဝင်စီစစ် သုံးသပ်ခြင်းနှင့် ဝေဖန်ပြောဆိုခြင်းအား အားပေးခြင်းနှင့် လက်ခံခြင်း။ အစိုးရလုပ်ဆောင်ချက်များအား ပိုမိုစီစစ် သုံးသပ်ခြင်းပြုလုပ်နိုင်အောင် အစိုးရသတင်းအချက်အလက်များ လွတ်လပ်စွာ ရရှိနိုင်ခွင့် အတွက် နိုင်ငံတကာ စံနှုန်းများနှင့်အညီ ဥပဒေပြဋ္ဌာန်းခြင်း။ အများပြည်သူထံ တာဝန်ယူမှု တာဝန်ခံမှုရှိစေရေး အတွက်လည်းကောင်း၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဆုံးဖြတ်ချက်ချမှတ်မှု များနှင့် လုပ်ဆောင်ချက်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံရှိ ပြည်သူများ၏ နစ်နာမှုများကို ကိုင်တွယ်နိုင်ရေးအတွက်လည်းကောင်း အစိုးရအား စောင့်ကြည့်လေ့လာခြင်းနှင့် ထိန်းကြောင်းခြင်းပြုလုပ်သည့် လွတ်လပ်အမှီအခိုကင်းသော အဖွဲ့အစည်းများ ဖွဲ့စည်းခြင်း။

(ဂ) သတင်းထောက်များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ လူ့အခွင့်အရေး စောင့်ကြည့် လေ့လာသူများ၊ သံတမန်များနှင့် ကုလသမဂ္ဂဝန်ထမ်းများအား မြန်မာနိုင်ငံရှိ ဒေသများအားလုံးသို့ လွတ်လပ်စွာ ကန့်သတ်ချုပ်နှောင်မှုမရှိ သွားလာခွင့်ပေးခြင်း။

၁၆၈၈။ မြန်မာနိုင်ငံ၏အသွင်ကူးပြောင်းမှု ထိရှလွယ်မှုကို ရှေ့ရှုလျက် မြန်မာနိုင်ငံ အစိုးရအနေဖြင့် ဒီမိုကရေစီလှုပ်ရှားဆောင်ရွက်မှု အခြေခံနည်းလမ်းများနှင့် ဒီမိုရေစီလှုပ်ရှား ဆောင်ရွက်သူများ၏ လုပ်ငန်းများကို ပံ့ပိုးကူညီခြင်း အရေးပေါ် လုပ်ဆောင်သင့်သည်။ တို့အတွက် ၎င်းအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၁၄၃ မှ ၁၄၇ အထိ၊ ၄၉၉ မှ ၅၀၂ အထိ နှင့် ၅၀၅ (ခ) ၊ နိုင်ငံတော်လျှို့ဝှက်ချက်ဥပဒေ၊ ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) နှင့် တရားမဝင်အသင်းအဖွဲ့ဥပဒေ ပုဒ်မ ၁၇ (၁) တို့အပါအဝင် အပြန်အလှန် ချိတ်ဆက်မှု ရှိနေသော လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်၊

သင်းပင်းဖွဲ့စည်းခွင့်နှင့် ငြိမ်းချမ်းစွာ စုဝေးခွင့်အပေါ် လွန်ကဲစွာ ကန့်သတ်ချုပ်ချယ်ထားသည့် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ပယ်ဖျက်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်း။

(ခ) ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှု အဆုံးသတ်ရန် ဥပဒေပြင်ဆင်မှုများ ပြုလုပ် နေချိန်တွင် အစိုးရဝန်ထမ်းများအနေဖြင့် ဆက်သွယ်ရေးဥပဒေ ပုဒ်မ ၆၆ (ဃ) အပါအဝင် ဥပဒေများအသုံးပြု၍ ရာဇဝတ်မှုဆိုင်ရာ အသရေဖျက်မှု တိုက်ကြားချက်များ မပြုလုပ်အောင် တားဆီးခြင်း။

(ဂ) အစိုးရ၏ စွမ်းဆောင်ရည်အပေါ် အများပြည်သူ ပါဝင် စီစစ်သုံးသပ်ခြင်းကို ကြိုဆိုကြောင်း လူသိရှင်ကြား ကြေညာချက် ရှင်းရှင်းလင်းလင်း ထုတ်ပြန်ခြင်း၊ အထူးသဖြင့် ပဋိပက္ခအတွင်း လုပ်ဆောင်ချက်များအပါအဝင် အစိုးရအား မိမိလုပ်ဆောင်ချက်များအတွက် တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရသည့် လွတ်လပ်အမှီအခိုကင်းသော မီဒီယာနှင့် သတင်းထောက်များ၏ အရေးကြီးသော အခန်းကဏ္ဍကို လူသိရှင်ကြား အသိအမှတ်ပြုခြင်း။

၁၆၈၉။ မြန်မာနိုင်ငံအစိုးရသည် ၂၀၁၀ အထွေထွေရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူသော လူပုဂ္ဂိုလ်တိုင်းကိုလည်းကောင်း၊ အသက် (၁၈) နှစ် ပြည့်ပြီးသော ၎င်းတို့၏ သားသမီးကိုလည်းကောင်း ၂၀၂၀ အထွေထွေ ရွေးကောက်ပွဲတွင် မဲပေးခွင့်ရှိသူများဖြစ်အောင် ဆောင်ရွက်ပေးသင့်သည်။ ကုလသမဂ္ဂအပါအဝင် အဖွဲ့ဝင်နိုင်ငံများနှင့် အဖွဲ့အစည်းများသည် မြန်မာနိုင်ငံအစိုးရအား ရွေးကောက်ပွဲများ ကျင်းပခြင်းအတွက် အထောက်အပံ့များပေးရာတွင် ဤအချက်ကို အဓိကထား ထည့်သွင်းစဉ်းစား၍ မရှိမဖြစ်လိုအပ်ချက်တစ်ခုအနေဖြင့် ဆောင်ရွက်သင့်သည်။

*လုံခြုံရေးကဏ္ဍပြုပြင်ပြောင်းလဲမှု*

၁၆၉၀။ သက်ဆိုင်ရာ အရပ်သား အာဏာပိုင်များနှင့် တပ်မတော်အပါဝင် မြန်မာနိုင်ငံ အစိုးရသည် ကြီးမားသော လုံခြုံရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ချက်ချင်းလုပ်ဆောင် သင့်သည်။ ထို့အတွက် ၎င်းအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) ဥပဒေအရ တပ်မတော်သားကိုယ်စားလှယ်နေရာ အရေအတွက်တစ်ခု ရယူခြင်း၊ ဒုသမ္မတနှင့် ဝန်ကြီးများခန့်အပ်ခွင့်အာဏာရှိခြင်းနှင့် အချို့သော ဝန်ကြီးဌာနများတွင် စစ်တပ်ထိန်ချုပ်မှုရှိခြင်းအား ပယ်ဖျက်ခြင်း။

(ခ) တပ်မတော်အပါအဝင် လုံခြုံရေးကဏ္ဍကို အရပ်သားထိန်းချုပ်မှုနှင့် ကြီးကြပ်မှု အောက် အပြည့်အဝထားရှိခြင်း။

(ဂ) တပ်ပိုင်းဆိုင်ရာ တရားမျှတမှုနှင့်စပ်လျဉ်း၍ ကာကွယ်ရေးဦးစီးချုပ်၏ အခန်းကဏ္ဍကို ဖျက်သိမ်းခြင်း။

(ဃ) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ခန့်အပ်ရာတွင် လွှတ်တော်အတည်ပြုချက် ရယူရန် လိုအပ်ကြောင်း သတ်မှတ်ခြင်း။

(င) နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ အဖွဲ့ဝင်အများစုသည် စစ်မှုထမ်းမဟုတ်သူများနှင့် စစ်မှုထမ်းခဲ့ဖူးသူ မဟုတ်သူများ ရှင်းရှင်းလင်းလင်းဖြစ်စေရန် လိုအပ်ကြောင်း သတ်မှတ်ခြင်းနှင့် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ လုပ်ငန်းနှင့် တာဝန်များကို တိတိကျကျ သတ်မှတ်ခြင်း။

(စ) တပ်မတော် အသုံးစရိတ်များအားလုံးအတွက် လွှတ်တော်၏ အတည်ပြုချက် ရယူရန် လိုအပ်ကြောင်း သတ်မှတ်ခြင်းနှင့် လွှတ်တော်၏ ထိန်းချုပ်မှုအောက်တွင် မရှိသော တပ်မတော် ဝင်ငွေအားလုံးကို တားမြစ်ခြင်း။ နောက်ဆက်တွဲအနေဖြင့် မြန်မာနိုင်ငံ၏ စီးပွားရေးကဏ္ဍမှ တပ်မတော်အား ထုတ်ပယ်၍ မည်သည့်ပုံစံဖြင့်မဆို စီးပွားရေး လုပ်ငန်းများတွင် ပါဝင်လုပ်ဆောင်ခြင်းအား ဥပဒေအရ တားမြစ်ခြင်းနှင့် တာဝန်ထမ်းဆောင် နေဆဲ တပ်မတော်အရာရှိများအား မည်သည့်စီးပွားရေးလုပ်ငန်းတွင်မဆို ကိုယ်ကျိုးပါသော ထိန်းချုပ်မှုမရှိအောင် တားမြစ်ခြင်း။

၁၆၉၁။ စည်းကမ်းပျက်မှုများအား ကိုင်တွယ်ရန် လွတ်လပ်အမှီအခိုကင်းသော သမာသမတ် ကျသော စစ်ဘက်တရားမျှတရေး စနစ်တစ်ခုအား ဥပဒေပြု၍ တည်ထောင်၍သင့်သည်။ နိုင်ငံတကာ လူ့အခွင့်အရေးဥပဒေ၊ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ သို့မဟုတ် နိုင်ငံတကာရာဇဝတ်မှု ချိုးဖောက်မှု မြောက်နိုင်ခြေရှိသော ပြုမူမှုအတွက် အရပ်ဘက် တရားရေးစနစ်တွင် စစ်ဆေးသင့်သည်။ စစ်ဘက်တရားမျှတမှုစနစ်သည် တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ လွှမ်းမိုးမှုမှ လွတ်ကင်းသင့်သည်။ စစ်ဘက်တရားရုံးများမှ အရပ်ဘက် အယူခံတရားရုံးသို့ အယူခံလျှောက်တင်နိုင်သည့် လုပ်ထုံးလုပ်နည်း ရှိသင့်သည်။

၁၆၉၂။ လက်စားချေတုန့်ပြန်ခံမည်ကို ကြောက်ရွံ့မှုမရှိစေပဲ အရပ်သားပြည်သူများ ထံမှဖြစ်စေ သို့မဟုတ် တပ်မတော်သားများထံမှဖြစ်စေ သို့မဟုတ် အခြားလုံခြုံရေး တပ်ဖွဲ့ဝင်များထံမှဖြစ်စေ ၎င်းတို့၏ မမှန်မကန် လုပ်ဆောင်မှုများနှင့် ပတ်သက်၍ တိုင်ကြားမှုများနှင့်စွပ်စွဲချက်များကို လက်ခံရယူခြင်း၊ စုံစမ်းစစ်ဆေးခြင်းနှင့် ဆုံးဖြတ်ချက် ချခြင်း ပြုလုပ်ရန် လွတ်လပ်အမှီအခိုကင်းသည့် ပြင်ပ အဖွဲ့အစည်းတစ်ခု ဖွဲ့စည်းသင့်သည်။

၁၆၉၃။ ရဲတပ်ဖွဲ့အား တပ်မတော်၏လွှမ်းမိုးမှုမှကင်း၍ မြန်မာနိုင်ငံအတွင်း တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်းရေးကို ထိန်းသိမ်းပေးသည့် တာဝန်ရှိသည့် ကျွမ်းကျင် အရည်အသွေးမီ အရပ်သားအဖွဲ့အစည်းတစ်ခုအဖြစ် ပြန်လည်ဖွဲ့စည်းသင့်သည်။ အလားတူ ပြည်သူ့စစ်နှင့် နယ်ခြားစောင့်တပ်ဖွဲ့များအပေါ် ဦးစီးကွပ်ကဲသည့်ဌာနအား

တပ်မတော်ဖွဲ့စည်းပုံအောက်မှ ထုတ်ပယ်ပြီး အရပ်ဘက် အာဏာပိုင်အောက်တွင် ထားရှိသင့်သည်။ စစ်တပ်၏တာဝန်များနှင့် ရဲတပ်ဖွဲ့၏ တာဝန်များအပေါ် အဓိပ္ပါယ်ဖွင့်ဆိုချက်နှင့် ကွဲကွဲပြားပြား သတ်မှတ်ချက်ကိုလည်းကောင်း တပ်မတော်အနေဖြင့် ရဲတပ်ဖွဲ့နှင့်အတူဖြစ်စေ သို့မဟုတ် ရဲတပ်ဖွဲ့အစားဖြစ်စေ ဆောင်ရွက်နိုင်သည့် အခြေအနေ များအား ရှင်းလင်းဖော်ပြချက်ကိုလည်းကောင်း ဥပဒေထဲတွင် ရှင်းရှင်းလင်းလင်း ပြဋ္ဌာန်းထားသင့်သည်။

၁၆၉၅။ စစ်တပ်နှင့် ရဲတပ်ဖွဲ့ဝင်များသည် တင်းကြပ်သော လူ့အခွင့်အရေးဆိုင်ရာ စီစစ်အကဲဖြတ်ခြင်း ပြုလုပ်ခံရသောသူများ ဖြစ်သင့်သည်။ ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်ကြောင်း ခိုင်မာသော စွပ်စွဲချက် ပြုလုပ်ခံထားရသူများအားကို အနိမ့်ဆုံးအားဖြင့် ရာထူးလုပ်ပိုင်ခွင့်များမှ ဖယ်ရှားခံရအောင်လည်းကောင်း၊ ရာထူးတိုးမြှင့် ခန့်အပ်ခံရပိုင်ခွင့် သို့မဟုတ် အစိုးရဝန်ထမ်းရာထူး နေရာများတွင်ဖြစ်စေ သို့မဟုတ် နိုင်ငံတကာ ကိုယ်စားလှယ်အခန်းကဏ္ဍတွင်ဖြစ်စေ ခန့်အပ်ခံရပိုင်ခွင့် မရှိစေအောင်လည်းကောင်း လုံခြုံရေးကဏ္ဍ အမှုထမ်းများအားလုံးအား စီစစ်အကဲဖြတ်မှု ပြုလုပ်သင့်သည်။ လူသစ်စုဆောင်းသည့်ဖြစ်စဉ် အစိတ်အပိုင်းတစ်ခုအနေဖြင့် အလားအလာရှိသော လုံခြုံရေးကဏ္ဍ အမှုထမ်းများအားလုံးအားကို လူ့အခွင့်အရေးဆိုင်ရာ စီစစ်အကဲဖြတ်ခြင်း ပြုလုပ်သင့်သည်။

၁၆၉၆။ တပ်မတော်နှင့် အခြားလုံခြုံရေးတပ်ဖွဲ့များကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းခြင်း၊ စီစစ်အကဲဖြတ်ခြင်းနှင့် ဤအကြံပြုချက်များနှင့်အညီ အလုံးစုံ ပြောင်းလဲခြင်း မပြုလုပ်မချင်း သို့မဟုတ် မပြုလုပ်သေးသရွေ့ မည်သည့်တပ်မတော်သား သို့မဟုတ် လုံခြုံရေးတပ်ဖွဲ့ဝင် အမှုထမ်းကိုမျှ ကုလသမဂ္ဂ ငြိမ်းချမ်းရေးတပ်ဖွဲ့ သို့မဟုတ် ရဲတပ်ဖွဲ့လုပ်ငန်းများတွင် အခန်းကဏ္ဍရယူပိုင်ခွင့် မပေးသင့်ပါ။

၁၆၉၇။ စစ်တပ်နှင့် ရဲတပ်ဖွဲ့အမှုထမ်းများကို နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေနှင့် နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေအကြောင်း အထူးသဖြင့် အရပ်သား ပြည်သူများအပေါ် ဆက်ဆံခြင်းနှင့် ကာကွယ်မှုပေးခြင်းနှင့် ပတ်သက်၍ သင်တန်းပေးသင့်သည်။ ရဲတပ်ဖွဲ့ သင်တန်းများတွင် ရပ်ရွာလူထုအတွင်း ရဲအမှုထမ်းခြင်း၊ ရာဇဝတ်မှု ကြိုတင် ကာကွယ်ခြင်းနှင့် စုံစမ်းဖော်ထုတ်ခြင်း အပါအဝင် လူထုအသိုင်းအဝန်းအတွင်း ရဲလုပ်ငန်းလုပ်ဆောင်ခြင်း လုပ်ငန်းများအကြောင်း အဓိကထား သင်ကြားသင့်သည်။ ၎င်းသင်တန်းများတွင် ဆန္ဒထုတ်ဖော်ပွဲများနှင့် ဆန္ဒပြစီတန်း လှည့်လည်ခြင်းများဆိုင်ရာ ဆက်စပ်အခြေအနေအား ကိုင်တွယ်ခြင်း အပါအဝင် နိုင်ငံတကာ လူ့အခွင့်အရေး သတ်မှတ်ချက်များနှင့် စံနှုန်းများနှင့်အညီ အင်အားသုံးစွဲခြင်းနှင့် ပတ်သက်သည့် တိကျသော သင်ခန်းစာများ ပါဝင်သင့်သည်။ တာဝန်ယူမှုတာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုကို မြှင့်တင်ရန် စစ်တပ်နှင့်ရဲတပ်ဖွဲ့ သင်ခန်းစာများအားလုံးသည် လူသိရှင်ကြား ထုတ်ပြန်ထားသော စာရွက်စာတမ်းများ ဖြစ်သင့်သည်။

၁၆၉၈။ တပ်မတော်သည် အဓမ္မခိုင်းစေမှုများ စနစ်တကျကျင့်သုံးခြင်းအား ရပ်စဲရမည်။ လက်ရှိအဓမ္မခိုင်းစေခြင်း ခံနေရသူ မည်သူ့ကိုမဆို ချက်ချင်းလွတ်ပေး၍ ၎င်းတို့၏ နေအိမ်များသို့ ပြန်လည် ပို့ဆောင်သင့်သည်။

၂။ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းထံသို့

၁၆၉၉။ နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာနိုင်ငံအနေဖြင့် ၎င်း၏ပြည်သူများ လူမျိုးတုန်းသတ်ဖြတ်မှု၊ လူသားမျိုးနွယ်အပေါ် ဆန့်ကျင်သည့် ရာဇဝတ်မှုနှင့် စစ်ရာဇဝတ်မှု များဒဏ်မှ ကာကွယ်ရမည့်တာဝန်ကို ဖြည့်ဆည်းနိုင်ရန် ကုလသမဂ္ဂမှ တစ်တင့် သံတမန်ဆက်ဆံရေး နည်းလမ်းဖြင့်လည်းကောင်း၊ လူသားချင်းစာနာမှု နည်းလမ်းဖြင့် လည်းကောင်း၊ အခြား ငြိမ်းချမ်းသော နည်းလမ်းများဖြင့်လည်းကောင်း ကူညီသင့်သည်။ ၎င်းအနေဖြင့် လိုအပ်သည့်အလျောက် ကုလသမဂ္ဂပဋိညာဉ် စာချုပ်နှင့်အညီ စုပေါင်း လုပ်ဆောင်မှုများ ဆောင်ရွက်သင့်သည်။

၁၇၀၀။ ကုလသမဂ္ဂလုံခြုံရေးကောင်စီသည် မြန်မာနိုင်ငံအတွင်း ကျူးလွန်သော နိုင်ငံတကာ ဥပဒေဆိုင်ရာ ရာဇဝတ်မှုများအတွက် ဦးစားပေးနည်းလမ်းများအနေဖြင့် နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းခြင်းဖြင့်ဖြစ်စေ သို့မဟုတ် အစားထိုးအနေဖြင့် ယာယီ နိုင်ငံတကာ ရာဇဝတ်မှုဆိုင်ရာခုံရုံး ဖွဲ့စည်း၍ဖြစ်စေ တာဝန်ယူမှုတာဝန်ခံမှုရှိအောင် ဆောင်ရွက်သင့်သည်။ ဆက်လက်၍ လုံခြုံရေးကောင်စီအနေဖြင့် နိုင်ငံတကာ ဥပဒေများဆိုင်ရာ ပြင်းထန်သော ပြစ်မှုများအတွက် တာဝန်အရှိဆုံးဖြစ်ကြောင်း ပေါ်လွင်သူများကို ခရီးသွားလာခွင့် ပိတ်ပင်ခြင်းနှင့် ပိုင်ဆိုင်မှုထိမ်းချုပ်ခြင်း အပါအဝင် လူပုဂ္ဂိုလ် တစ်ဦးစီအလိုက် ပစ်မှတ်ထား ဒဏ်ခတ်အရေးယူမှုများ ချမှတ်သင့်သည်။ မြန်မာနိုင်ငံအပေါ် လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်းလည်း ပြုလုပ်သင့်သည်။

၁၇၀၁။ လုံခြုံရေးကောင်စီက အရေးယူဆောင်ရွက်ချက် မရှိမခြင်း အထွေထွေညီလာခံ ကဖြစ်စေ သို့မဟုတ် အစားထိုးအနေဖြင့် လူ့အခွင့်အရေးကောင်စီကဖြစ်စေ နိုင်ငံတကာ လူသားချင်းစာနာမှု ဥပဒေ ချိုးဖောက်မှုများ၊ လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နှိပ်ကွပ်မှုများအတွက် သက်သေပစ္စည်းများ စုဆောင်းခြင်း၊ စုစည်းခြင်း၊ ထိမ်းသိမ်းခြင်းနှင့် သုံးသပ်ခြင်းများ ပြုလုပ်ရန်လည်းကောင်း၊ ပြည်တွင်းတွင်ဖြစ်စေ၊ နိုင်ငံတကာ ဒေသတွင်းတွင်ဖြစ်စေ၊ နိုင်ငံတကာတွင်ဖြစ်စေ ရှိသောတရားရုံးများ၊ ခုံရုံးများတွင် မျှတသော၊ လွတ်လပ် အမှီအခိုကင်းသော ရာဇဝတ်မှုဆိုင်ရာ စစ်ဆေးဆောင်ရွက်မှု များအတွက် အထောက်အကူပြုစေရန်နှင့် မြန်ဆန်မှုရှိစေရန် စာရွက်စာတမ်းများ ပြင်ဆင်ရန်အတွက်လည်းကောင်း လွတ်လက်အမှီအခိုကင်းပြီး သမာသမတ်ကျသော ယန္တရားတစ်ခု တည်ထောင်သင့်သည်။

၁၇၀၂။ လူ့အခွင့်အရေးကောင်စီသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂအထူး ကိုယ်စားလှယ်နှင့် လူ့အခွင့်အရေးမဟာမင်းကြီးရုံးတို့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို

ဆက်လက်ထောက်ခံသင့်ပြီး ၎င်းတို့တွင် မြန်မာနိုင်ငံအတွင်း လူ့အခွင့်အရေး အကြံတ်အတည်းများအပေါ် ခိုင်ခိုင်မာမာ ဆက်လက် အားစိုက်လုပ်ဆောင်နိုင်ရန် လုံလောက်သော အရင်းအမြစ်ရှိအောင် ဆောင်ရွက်သင့်သည်။

၁၇၀၃။ လူ့အခွင့်အရေးကောင်စီသည် လူ့အခွင့်အရေးအခြေအနေအပေါ် စောင့်ကြည့်လေ့လာခြင်း၊ မှတ်တမ်းတင်ခြင်း၊ သုံးသပ်ခြင်းနှင့် အများပြည်သူထံ ပြန်လည်အစီရင်ခံခြင်း လုပ်ငန်းများ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လည်းကောင်း၊ လူ့အခွင့်အရေး ချိုးဖောက်မှုများအား မှတ်တမ်းတင်နေသော အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် အခြား ပါဝင်ဆောင်ရွက်သူများအကြား သက်ဆိုင်ရာ နိုင်ငံတကာစံနှုန်းများအကြောင်း အသိအမြင် တိုးမြှင့်ပေးခြင်းဖြင့်လည်းကောင်း၊ ကျူးလွန်ခံရသော လူမှုအသိုင်းအဝိုင်းများနှင့် လက်တွဲ၍ တရားမျှတမှု ရှာဖွေသည့် နည်းလမ်းအမျိုးမျိုးအကြောင်း အသိအမြင်တိုးမြှင့် ပေးခြင်းဖြင့်လည်းကောင်း၊ ထို့ပြင် နိုင်ငံတကာလူ့အခွင့်အရေး သတ်မှတ်ချက် များနှင့် စံနှုန်းများနှင့်အညီ မြန်မာနိုင်ငံတွင် ပြည့်စုံသော တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေး ကဏ္ဍပြုပြင်ပြောင်းလဲမှုကို ပံ့ပိုးကူညီခြင်းဖြင့်လည်းကောင်း စသည့်နည်းလမ်းများဖြင့် အပါအဝင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် နှိပ်ကွပ်မှုများအတွက် တာဝန်ယူမှုတာဝန်ခံမှု ရှိအောင် အားစိုက်လုပ်ဆောင်ရန် OHCHR အား အထူးတောင်းခံသင့်သည်။ ထို့အတွက် သင့်လျော်သော အရင်းအမြစ်များ ပံ့ပိုးပေးရမည်။

၁၇၀၄။ လူ့အခွင့်အရေးကောင်စီသည် မစ်ရှင်အဖွဲ့ ၏ ဆောင်ရွက်ချက်များအပေါ် ဆက်လက်လုပ်ဆောင်ရန် စာပိုဒ် ၁၇၀၀ သို့မဟုတ် ၁၇၀၁ တို့တွင် ဖော်ပြထားသော ယန္တရားတစ်ခုခု စတင်သက်ဝင်လည်ပတ်နိုင်ခြင်း မရှိမချင်း သို့မဟုတ် စာပိုဒ် ၁၇၀၃ တွင် ဖော်ပြထားသည့် OHCHR ၏ လုပ်ငန်းများသည် နောက်ခံပံ့ပိုးမှုဖြင့် နေရာတကျ လည်ပတ်ဆောင်ရွက်နေခြင်းမရှိမခြင်း ဒုတိယမြောက် အချက်အလက်ရှာဖွေရေး ကိုယ်စားလှယ်အဖွဲ့တစ်ခုကို သက်တမ်း အကန့်အသတ်ဖြင့် ဖွဲ့စည်းသင့်သည်။

၁၇၀၅။ မြန်မာနိုင်ငံနှင့် ထိတွေ့ဆံဆက်မှုအားလုံး *လူ့အခွင့်အရေးဦးစားပေးလုပ်ငန်း အစီအစဉ်* နှင့်အညီ လူ့အခွင့်အရေးစိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်းစားခြင်းနှင့် ကိုင်တွယ်ဆောင်ရွက်ခြင်း ရှိစေရန် ကုလသမဂ္ဂအနေဖြင့် ဘုံမဟာဗျူဟာတစ်ခု အရေးပေါ် ချမှတ်သင့်သည်။ ဤမဟာဗျူဟာသည် ကုလသမဂ္ဂ၏ မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှု အားလုံးအတွက်၊ အထူးသဖြင့် ရခိုင်ပြည်နယ်နှင့် ပတ်သက်၍၊ လမ်းညွှန်မှု ဖြစ်စေသင့်ပြီး မူဝါဒပိုင်းဆိုင်ရာနှင့် အများပြည်သူအား စည်းရုံးတိုက်တွန်းမှုဆိုင်ရာ ရပ်တည်ချက်များ ပါဝင် သင့်သည်။ မြန်မာနိုင်ငံ အာဏာပိုင်များအတွက် ကုလသမဂ္ဂ၏ ထောက်ပံ့မှုများအားလုံး အပေါ် လူ့အခွင့်အရေးကျင့်ဝတ်ဆိုင်ရာသုံးသပ်မှု အပြည့်အဝဆောင်ရွက်သင့်သည်။

၁၇၀၆။ ဖြစ်ပေါ်လာသော အကြပ်အတည်းများကို ကြိုတင်ကာကွယ်ရန် သို့မဟုတ် လျော့ပါးစေရန် တက်နိုင်သမျှအားလုံး ဆောင်ရွက်ခဲ့ခြင်း ရှိမရှိ သိရှိနိုင်ရန်လည်းကောင်း၊ သင်ယူဖွယ်ရာများနှင့် ကောင်းမွန်သော အလေ့အကျင့်များကို သိရှိနိုင်ရန်လည်းကောင်း၊ တာဝန်ယူမှုတာဝန်ခံမှု ဆိုင်ရာအပါအဝင် သင့်လျော်သော အကြံပြုချက်များ ပေးနိုင်ရန် လည်းကောင်း၊ အနာဂတ်တွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အထောက်အကူ ဖြစ်စေရန်လည်းကောင်း ရည်ရွယ်ချက်များဖြင့် ၂၀၁၁ ခုနှစ် မှစ၍ မြန်မာနိုင်ငံတွင် ကုလသမဂ္ဂ၏ ပါဝင်မှုအပေါ် ပြည့်စုံ၍ လွတ်လပ် အမှီအခိုကင်းသော စုံစမ်းစစ်ဆေးမှု ပြုလုပ်ရန် အရေးပေါ် ကိစ္စတစ်ခုအနေဖြင့် ဆောင်ရွက်ရမည်။

၁၇၀၇။ သိသာသော လူ့အခွင့်အရေးကာကွယ်မှုများရှိပြီး နိုင်ငံသားဖြစ်ခွင့်အပါအဝင် လုံခြုံမှု၊ မိမိသဘောဆန္ဒအရနှင့် ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နိုင်သော အခြေအနေ ရှိမှသာ ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသိုင်းအဝိုင်း အနေဖြင့် ဒုက္ခသည်များ ပြန်လည်နေရာချထားရေးနှင့် ပြည်တွင်းအိမ်းအိမ်စွန့်ခွာ ထွက်ပြေးသူများ နေရပ်သို့ပြန်ရေး ဆောင်ရွက်ရမည်။ လက်ရှိအခြေအနေများအရ နေရပ်သို့ ပြန်ရန် မဖြစ်နိုင်ပါ။

၁၇၀၈။ အဖွဲ့ဝင်နိုင်ငံများအားလုံးသည် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံရာတွင်ဖြစ်စေ အကူအညီများ၊ ဖွံ့ဖြိုးရေးနှင့် ပြုပြင်ပြောင်းလဲရေး စီမံကိန်းများအတွက် ထောက်ပံ့မှု ပေးရာတွင်ဖြစ်စေ လူ့အခွင့်အရေး စိုးရိမ်ပူပန်မှုများကို ထည့်သွင်းစဉ်စားခြင်းနှင့် ကိုယ်တွယ်ဖြေရှင်းခြင်းရှိအောင်လည်းကောင်း၊ ခွဲခြားဆက်ဆံမှုမရှိရေးနှင့် တန်းတူညီရေး ဆိုင်ရာ အခြေခံမူများနှင့်အညီ သိသာထင်ရှားစွာ လိုက်နာမှုရှိအောင် လည်းကောင်း ဆောင်ရွက်သင့်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံအတွင်း လုပ်ကိုင်နေသော လူသားချင်းစာနာမှု အဖွဲ့အစည်းများ သင့်လျော်သောရန်ပုံငွေ ရရှိအောင် ဆောင်ရွက်ပေး သင့်သည်။ (၁) စစ်မှန်သော ပြုပြင်ပြောင်းလဲရေး ပြုလုပ်လိုကြောင်း လက်တွေ့ပြနိုင်သော ကတိကဝတ်၊ (၂) ပြုပြင်ပြောင်းလဲရေးအတွက် နိုင်ငံတကာအကူအညီနှင့် (၃) နိုင်ငံတကာဥပဒေဆိုင်ရာ ရာဇဝတ်မှုများအတွက် တာဝန်ရှိသောသူများကို တာဝန်ခံမှု ရှိအောင် ဆောင်ရွက်ရန် နိုင်ငံတကာယန္တရားကို သဘောတူလက်ခံခြင်းနှင် ပူးပေါင်း ဆောင်ရွက်ခြင်း မရှိမခြင်း အခြားနိုင်ငံများအနေဖြင့် တပ်မတော်နှင့် အခြားလုံခြုံရေး တပ်ဖွဲ့များအား လုပ်ငန်းပိုင်းဆိုင်ရာ ပံ့ပိုးမှုပေးခြင်းအား ရပ်ဆိုင်းသင့်သည်။

၁၇၀၉။ လုံခြုံရေးကောင်စီ၏ လက်နက်ရောင်းဝယ်မှု ပိတ်ပင်ခြင်း မည်သို့ရှိစေကာမူ ငြိမ်းချမ်းရေးနှင့် လုံခြုံရေးကို ထိခိုက်စေရန်လည်းကောင်း၊ နိုင်ငံတကာဥပဒေဆိုင်ရာ ပြင်းထန်သော ရာဇဝတ်မှုများကျူးလွန်ရာတွင်လည်းကောင်း အသုံးပြုနိုင်ခြေ အန္တရာယ် အလွန်များသည့်အတွက် အခြားနိုင်ငံများအနေဖြင့် မြန်မာနိုင်ငံသို့ လက်နက်တင်ပို့ ခြင်းအား ခွင့်မပြုသင့်ပါ။

၁၇၁၀။ ဥရောပသမဂ္ဂနှင့်အာဆီယံ အပါအဝင် သက်ဆိုင်ရာ နိုင်ငံတကာဒေသတွင်း အဖွဲ့အစည်းများသည် မြန်မာနိုင်ငံနှင့် ထိတွေ့ဆက်ဆံမှု ဆက်လက်ပြုလုပ်ခြင်းဖြင့်လည်းကောင်း၊ နိုင်ငံတကာ တရားမျှတမှုဖော်ဆောင်ရေး ယန္တရားကို ထောက်ပံ့ကူညီခြင်းဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်းရှိ နိုင်ငံတကာဥပဒေဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်သူများအတွက် တာဝန်ယူမှု တာဝန်ခံမှုရှိအောင် ဆောင်ရွက်ရန် မဟာဗျူဟာများ ရေးဆွဲသင့်သည်။

၁၇၁၂။ ကျူးလွန်ခံရသူများကို ပံ့ပိုးကူညီမှုပေးရန်အတွက် ကုလသမဂ္ဂအနေဖြင့် ကျူးလွန်ခံရသူများက လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီ၊ ဥပဒေဆိုင်ရာအထောက်အကူ၊ အသက်မွေးဝမ်းကြောင်းအကူအညီနှင့် အခြား အထောက်အကူများ လက်ခံရယူနိုင်သည့် ဘဏ္ဍာရေးအဖွဲ့ရန်ပုံငွေ ထူထောင်သင့်သည်။ ဘဏ္ဍာရေးအဖွဲ့ရန်ပုံငွေမှ ထောက်ပံ့သော စီမံကိန်းများအားလုံးကို ကျူးလွန်ခံရသူများနှင့် ညှိနှိုင်းဆွေးနွေးပြီး ရေးဆွဲသင့်သည်။

## ၃။ မြန်မာနိုင်ငံအတွင်းရှိ အစိုးရမဟုတ်သော လက်နက်ကိုင်အဖွဲ့များသို့

၁၇၁၃။ "တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ" နှင့် *အာရကန် ရိုဟင်ဂျာ လွတ်မြောက်ရေး တပ်မတော်* အပါအဝင် မြန်မာနိုင်ငံအတွင်း လှုပ်ရှားနေသည့် အစိုးရမဟုတ်သော လက်နက်ကိုင်အုပ်စုများအနေဖြင့် အောက်ပါအချက်များ ဆောင်ရွက်သင့်သည်။

(က) ၎င်းတို့၏ တပ်ဖွဲ့ဝင်များအား နိုင်ငံတကာ လူသားချင်းစာနာမှုဥပဒေများကို အပြည့်အဝ လိုက်နာရန် ညွှန်ကြားခြင်း၊ အထူးသဖြင့် ၎င်းတို့၏ ထိန်းချုပ်နယ်မြေသို့မဟုတ် လှုပ်ရှားမှု နယ်မြေအတွင်းရှိ အရပ်သားပြည်သူများကို ကာကွယ်ရန်နှင့် လူပုဂ္ဂိုလ်တိုင်း၏ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် ညွှန်ကြားခြင်း။

(ခ) အစိုးရမဟုတ်သော ပါဝင်လုပ်ဆောင်သူများအပါအဝင် ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် နှိပ်ကွပ်မှုများအပြင် နိုင်ငံတကာဥပဒေဆိုင်ရာ ရာဇဝတ်မှုများ ကျူးလွန်သူများကို တာဝန်ခံမှုရှိစေရေး လုပ်ဆောင်သည့် ခိုင်မာသော ကြိုးပမ်းချက်များ အားလုံးနှင့် အပြည့်အဝ ပူးပေါင်းလုပ်ဆောင်ခြင်း။

(ဂ) တပ်မတော်အပါအဝင် မြန်မာနိုင်ငံအစိုးရက ယာယီဖြစ်စေ၊ အမြဲတမ်းဖြစ်စေ အပြည့်အဝ အပစ်အခတ်ရပ်စဲရေး ကြေညာနိုင်ရေး ရည်ရွယ်ချက်ဖြင့် စစ်ဆင်ရေး ရပ်နားသည့်အခါတိုင်း အပြုသဘောသော်လည်းကောင်း၊ လျှင်မြန်စွာသော်လည်းကောင်း တုန့်ပြန်ခြင်း။

(ဃ) လူသားတိုင်း၏ လူ့အခွင့်အရေးကို လေးစားလိုက်နာသည့် အများပါဝင်မှု၊ အလွှာစုံလင်မှု၊ ဒီမိုကရေစီနည်းကျမှုရှိသော နိုင်ငံတည်ဆောက်ရေး

မူဘောင်နှင့်အညီ ပဋိပက္ခပြေလည်ရေး ပြည့်စုံသောအဖြေရှာနိုင်ရန် မြန်မာနိုင်ငံအစိုးရနှင့် စစ်မှန်သော ရည်ရွယ်ချက်ဖြင့် ဆွေးနွေးညှိနှိုင်းမှုများ လုပ်ဆောင်ခြင်း။

၄။ ဘာသာရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းများအပါအဝင် မြန်မာ အရပ်ဘက်လူမှု အဖွဲ့အစည်းများထံသို့

၁၇၁၄။ လူတိုင်း၏ လူ့အခွင့်အရေးများအား အပြည့်အဝ စားလိုက်နာခြင်း၊ အကာအကွယ်ပေးခြင်းနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းရှိသည့် အများပါဝင်မှု၊ အလွှာစုံလင်မှုနှင့် ဒီမိုကရေစီနည်းကျမှုရှိသော မြန်မာနိုင်ငံ ဖြစ်ပေါ်လာရေး မြှင့်တင်ပေးရာတွင် မြန်မာအရပ်ဘက်လူမှုအဖွဲ့အစည်းများအနေဖြင့် ခေါင်းဆောင်မှု အခန်းကဏ္ဍမှ နေသင့်သည်။ ၎င်းတို့အနေဖြင့် မြန်မာနိုင်ငံ အနာဂတ်အတွက် အပြုသဘော ဆောင်သော မျှော်မှန်းချက်တစ်ခု ချပြနိုင်ရန်လည်းကောင်း၊ အမုန်းတရား၊ အကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံမှုကို လှုံ့ဆော်ပေးသော လုပ်ဆောင်ချက်များနှင့် ပြောဆိုမှုများကို ဆန့်ကျင်ခြင်းနှင့် ကိုင်တွယ်ဖြေရှင်းခြင်း ပြုလုပ်ရာတွင်လည်းကောင်း အစိုးရနှင့် လက်တွဲဆောင်ရွက်သင့်သည်။ သည်းမခံခြင်း၊ အပျက်သဘောဆောင်သော ပုံသေအစွဲပြုသတ်မှတ်ခြင်းနှင့် တိုင်းရင်းသားလူမျိုးစု၊ လူမျိုး၊ နိုင်ငံသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာ သို့မဟုတ် ယုံကြည်မှုအပေါ် အခြေခံသည့် နှိမ့်ချဖယ်ကျဉ်ခြင်း၊ ခွဲခြားဆက်ဆံခြင်း၊ အကြမ်းဖက်မှုဖြစ်အောင်လှုံ့ဆော်ခြင်းနှင့် အကြမ်းဖက်မှုကျူးလွန်ခြင်း စသည်တို့ နှင့်သက်ဆိုင်သည့် မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တစ်ခု ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းကဲ့သို့သော အစိုးရက ဦးစီးဆောင်ရွက်သည့် လုပ်ငန်းများတွင် ပူးပေါင်းပါဝင်သင့်သည်။

၁၇၁၅။ ဘာသာများအကြားနှင့် လူမှုအသိုင်းအဝိုင်းများအကြား အပြန်အလှန်ဆွေးနွေးမှုများနှင့် ယုံကြည်မှုတည်ဆောက်ခြင်း လုပ်ငန်းများကို ဘာသာရေးခေါင်းဆောင်များနှင့် အဖွဲ့အစည်းများက ဦးစီးဆောင်ရွက်သင့်သည်။ ရိုဟင်ဂျာပြည်သူများ အပါအဝင် ဗုဒ္ဓဘာသာ၊ အစ္စလာမ်ဘာသာနှင့် ခရစ်ယာန်ဘာသာရေး ခေါင်းဆောင်များနှင့် လူမှုအသိုင်းအဝိုင်းများသည် ဘာသာများအကြား အပြန်အလှန်ဆွေးနွေးမှုများတွင် တစ်ဦးနှင့်တစ်ဦး လေးစားမှု ရှိစွာဖြင့် အားလုံးပါဝင်သင့်သည်။ အပြန်အလှန် လေးစားမှုနှင့် လက်ခံမှုအပေါ် အခြေခံသည့် ဘာသာများအကြားနှင့် လူမှုအသိုင်းအဝိုင်းများအကြား ကောင်းမွန်သော ဆက်ဆံရေးကို စံပြအနေဖြင့် လက်တွေ့အကောင်အထည်ဖော်ပြသင့်သည်။

၅။ မြန်မာပြည်အတွင်းရှိ စီးပွားရေးလုပ်ငန်းများသို့

*စီးပွားရေးနှင့် လူ့ အခွင့်အရေး*

၁၇၁၆။ မြန်မာနိုင်ငံအတွင်း လည်ပတ်နေသော စီးပွားရေး လုပ်ငန်းများ သို့မဟုတ် မြန်မာနိုင်ငံ အတွင်းရှိ စီးပွားရေး လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားသော သို့မဟုတ် ၎င်းတို့နှင့်ကုန်သွယ်မှု ပြုလုပ်နေသော စီးပွားရေး လုပ်ငန်းများအားလုံး အနေဖြင့် ၎င်းတို့၏ လုပ်ငန်းများသည် ကုလသမဂ္ဂ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာမှုရှိအောင် သက်သေနှင့်တစ်ကွ ဆောင်ရွက်သင့်သည်။ ၎င်းတို့သည် လူ့အခွင့်အရေးကို လေးစားလိုက်နာသင့်ပြီး တစ်ပါးသူများ၏ အခွင့်အရေးကို ထိခိုက်ခြင်းမရှိအောင် ရှောင်ရှားခြင်း၊ ၎င်းတို့ ပါဝင်ပတ်သက်နေသော လူ့အခွင့်အရေး ဆိုးကျိုးသက်ရောက်မှုများကို ကိုင်တွယ်ဖြေရှင်းခြင်း ဆောင်ရွက်သင့်သည်။ ၎င်းတို့အနေဖြင့် အောက်ပါအချက်များ ရှိသင့်သည်။

(က) လူ့အခွင့်အရေး လေးစားလိုက်နာရမည့်တာဝန်ကို ဖြည့်ဆည်းပေးနိုင်သည့် မူဝါဒကတိကဝတ်

(ခ) လူ့အခွင့်အရေးအပေါ် သက်ရောက်မှုများကို ရှာဖွေဖော်ထုတ်ခြင်း၊ ကြိုတင်ကာ ကွယ်ခြင်း လျော့နည်းအောင် ဆောင်ရွက်ခြင်းနှင့် မည်သို့ ကိုင်တွယ်ဖြေရှင်းကြောင်း ရှင်းလင်းခြင်း ဆောင်ရွက်သည့် ကျင့်ဝတ်လုပ်ထုံးဆိုင်ရာ လုပ်ငန်းစဉ်

(ဂ) ၎င်းတို့ကျူးလွန်သော သို့မဟုတ် ဖြစ်ပွားစေခဲ့သော လူ့အခွင့်အရေး ဆိုးကျိုး သက်ရောက်မှုများအတွက် ပြန်လည်ကုစားမှုလုပ်ငန်းများကို အထောက်အကူ ဖြစ်စေသော ဖြစ်စဉ်များ

၁၇၁၇။ မြန်မာနိုင်ငံ၏ လုံခြုံရေး တပ်ဖွဲ့များကို မစ်ရှင်အဖွဲ့ က အကြံပြုထားသည့် အတိုင်း ပြန်လည်တည်ဆောက်ခြင်းနှင့် ပြုပြင်ပြောင်းလဲခြင်းများ မလုပ်မချင်း မြန်မာနိုင်ငံ အတွင်း လည်ပတ်နေသော စီးပွားရေးလုပ်ငန်းများ သို့မဟုတ် မြန်မာနိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံထားသော သို့မဟုတ် ၎င်းတို့နှင့် ကုန်သွယ်မှုပြုနေသော စီးပွားရေးလုပ်ငန်းများအားလုံး အနေဖြင့် မြန်မာနိုင်ငံလုံခြုံရေးတပ်ဖွဲ့များ အထူးသဖြင့် တပ်မတော်ကဖြစ်စေ၊ ၎င်းတို့၏အဖွဲ့ဝင် တစ်ဦးချင်းကဖြစ်စေ ပိုင်ဆိုင်သည့် သို့ဟုတ် ထိန်းချုပ်သည့် စီးပွားရေး လုပ်ငန်းများနှင့် စီးပွားရေး သို့မဟုတ် ငွေကြေးဆိုင်ရာ ပက်သက် ဆက်နွယ်မှုများ လုံးဝ မဆောင်ရွက်သင့်ပါ။

*ဖေ့စ်ဘွတ်နှင့် အခြားသောလူမှုကွန်ယက်မီဒီယာများ*

၁၇၁၈။ စာပို့စနစ်များအပါအဝင် မြန်မာနိုင်ငံအတွင်း အသုံးပြုနေသည့် လူမှုကွန်ရက်များ အားလုံးအနေဖြင့် အခြေခံအနေဖြင့် ၎င်းတို့၏ ကွန်ရက် ပလက်ဖောင်းများပေါ်ရှိ အချက်အလက်များ စီစစ်တည်းဖြတ်ရာတွင် နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေအား

အခြေခံလမ်းညွှန်အဖြစ် အသုံးပြုသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် ၎င်းတို့သည် လူမှုကွန်ရက် အသုံးပြုသူများ၏ လွတ်လပ်စွာ ထုတ်ဖော်ခွင့်နှင့် ပုဂ္ဂလိက လုံခြုံရေးဆိုင်ရာ ရပိုင်ခွင့်များကို လေးစားရမည်ဖြစ်သည်။ စီးပွားရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ အခြေခံမူများတွင် ကုမ္ပဏီများ ချမှတ်သင့်သည့် အခြေခံချဉ်းကပ်မှု နည်းလမ်းကို ဖော်ပြထားသည်။ ကုမ္ပဏီများသည် ကုလသမဂ္ဂ လူ့အခွင့်အရေးမဟာမင်းကြီးရုံးနှင့် လက်တလောရှိနေသော လူ့အခွင့်အရေးယန္တရားများနှင့် ချိတ်ဆက်လုပ်ဆောင်သင့်ပြီး အဓိကအားဖြင့် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်တို့နှင့် ချိတ်ဆက်ဆောင်ရွက်သင့်သည်။

၁၇၁၉ ။ ဖေ့စ်ဘွတ်နှင့် စာပို့စနစ်များအပါအဝင် အခြားသောလူမှုကွန်ရက် ပလက်ဖောင်းများ သည် လွတ်လပ်စွာ ထင်မြင်ယူဆခွင့်နှင့် ထုတ်ဖော်ပြောဆိုခွင့်ဆိုင်ရာ ကုလသမဂ္ဂ အထူးကိုယ်စားလှယ်က လက်ရှိလုပ်ဆောင်နေသော အချက်အလက် စီစစ် တည်းဖြတ်ခြင်း ဆိုင်ရာ သုတေသနလုပ်ငန်းများကို ပံ့ပိုးကူညီသင့်သည်။ အထူးကိုယ်စားလှယ် အနေဖြင့် လူမျိုး၊ တိုင်းရင်းသားလူမျိုးစု၊ နိုင်ငံသား သို့မဟုတ် ကိုးကွယ်သည့်ဘာသာ အပေါ် အခြေခံသည့် အကြမ်းဖက်မှု သို့မဟုတ် ခွဲခြားဆက်ဆံမှု ဖြစ်စေရန်လှုံ့ဆော်သည့် ထုတ်ဖော်ပြောဆိုမှုများကို သယ်ဆောင်သူများအဖြစ် လူမှုကွန်ရက်ကုမ္ပဏီများ၏ တာဝန်ဝတ္တရားများကို ဆက်လက်ရှာဖွေသင့်ကြောင်း မစ်ရှင်အဖွဲ့ က တိုက်တွန်းပါသည်။

၁၇၂၀။ ဖေ့စ်ဘွတ်နှင့် စာပို့စနစ်များအပါအဝင် အခြားသောလူမှုကွန်ရက်များသည် မြန်မာနိုင်ငံ အတွင်း ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများကို လှုံ့ဆော်သည့် သတင်းစကားများ ဖြန့်ဝေရန် ၎င်းတို့၏ ပလက်ဖောင်းများကို အသုံးပြုနေမှုအား လွတ်လပ်အမှီအခိုကင်းစွာ အသေးစိတ် စီစစ် စစ်ဆေးရန် ခွင့်ပြုသင့်သည်။ ထိုသို့ စစ်ဆေးရာတွင် ၎င်းတို့၏ ပလက်ဖောင်းများပေါ်ရှိ ရေးသားချက်နှင့် သတင်းစကားများသည် လက်တွေ့ဖြစ်ပေါ်နေသော ခွဲခြားဆက်ဆံမှုများနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေရန် မည်သည့်အတိုင်းအတာအထိ ဦးတည်စေခဲ့သည်ကိုလည်း စစ်ဆေးသင့်သည်။ ၎င်းတို့၏ မြန်မာနိုင်ငံအတွေ့အကြုံကို ကြီးမားသော စိုးရိမ်ပူပန်ဖွယ် အခြေအနေတစ်ခု အဖြစ်လည်းကောင်း၊ ကမ္ဘာတစ်ဝှမ်း ၎င်းတို့၏ လုပ်ငန်းများအတွက် လေ့လာဖွယ်ဖြစ်စဉ် တစ်ခုအနေဖြင့်လည်းကောင်း စုံစမ်းစစ်ဆေးသင့်သည်။

၁၇၂၁။ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဖေ့စ်ဘွတ်နှင့် စာပို့စနစ်များအပါအဝင် အခြားသော လူမှုကွန်ရက်များသည် ၎င်းတို့ကိုယ်ကို ပြည်သူထံ တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရန်နှင့် ပွင့်လင်း မြင်သာမှုရှိစေရန် လမ်းဖွင့်ထားသင့်သည်။ မြန်မာနိုင်ငံအတွင်း ခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်အောင် လှုံ့ဆော်ရာတွင်လည်းကောင်း၊ ခြိမ်းခြောက်ခြင်းများကို အားပေးခြင်းနှင့် ဖြန့်ဝေခြင်း ပြုလုပ်ရာတွင်လည်းကောင်း ၎င်းတို့၏ ပလက်ဖောင်းများအား အသုံးပြုနေခြင်းကို

တက်ကြွစွာ ခြေရာခံသင့်သည်။ လက်မခံနိုင်သော အကြောင်းအရာများ သတ်မှတ်ခြင်း၊ ဖယ်ရှားခြင်း နှင့်ပတ်သက်၍ ၎င်းတို့၏ မူဝါဒများနှင့် လက်တွေ့အကောင်အထည်ဖော်မှုများအပေါ် ပွင့်လင်းမြင်သာမှု ရှိသင့်သည်။ မူဝါဒ ချိုးဖောက်မှုကျူးလွန်သည့် အရေအတွက်နှင့် အမျိုးအစား၊ အသုံးပြုသည့် ပလက်ဖောင်း၊ လက်ခံရရှိသည့် တိုင်ကြားမှုအရေအတွက်နှင့် ကိုင်တွယ်ဖြေရှင်းမှု ယေဘူယျကြာချိန်၊ ပယ်ဖျက်လိုက်သည့် အကြောင်းအရာများ အရေအတွက်၊ ဖြုတ်ချခံရသည့် သို့မဟုတ် ဖယ်ရှားခံရသည့် အကောင့်များနှင့် စာမျက်နှာအရေအတွက် စသည်တို့ ပါဝင်သည့် အကြောင်းအရာအလိုက် ခွဲခြားဖော်ပြထားသော အချက်အလက်များကို အများပြည်သူထံ ပုံမှန်ထုတ်ပြန်ပေးသင့်သည်။

၁၇၂၂။ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဖေ့စ်ဘွတ်နှင့် စာပို့စနစ်များအပါအဝင် အခြားသော လူမှုကွန်ရက်များသည် ခွဲခြားဆက်ဆံမှု၊ ရန်လိုမှုနှင့် အကြမ်းဖက်မှုများ ဖြစ်ပေါ်အောင် လှုံ့ဆော်ရာတွင်လည်းကောင်းနှင့် ခြိမ်းခြောက်မှုများကို အားပေးခြင်းနှင့် ဖြန့်ဝေခြင်း ပြုလုပ်ရာတွင်လည်းကောင်း ၎င်းတို့ပလက်ဖောင်းများအား အသုံးပြုနေခြင်းကို တွန်းလှန်နိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်ကို မြှင့်တင်သင့်သည်။ ထိုသို့ဆောင်ရွက်ရာတွင် မြန်မာစကား၏ ဆက်စပ်အခြေအနေ၊ နောက်ခံသမိုင်းကြောင်းနှင့် ဆိုလိုရင်းကွဲပြားချက်များ အပေါ်လည်းကောင်း၊ နိုင်ငံတွင်း အမုန်းစကားဆိုင်ရာ ပြဿနာအကြောင်းများအရာ အပေါ်လည်းကောင်း ရင်းနှီးကျွမ်းဝင်မှုရှိသော အကြောင်းအရာတည်းဖြတ်သူများ လုံလောက်စွာ ငှားရမ်းခြင်းနှင့် ၎င်းတို့အား လူ ့အခွင့်အရေး စံချိန်စံညွှန်းများအကြောင်း သင်တန်းပေးခြင်းများ ပါဝင်သည်။

၁၇၂၃။ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဖေ့စ်ဘွတ်နှင့် စာပို့စနစ်အပါအဝင် အခြားသော လူမှုကွန်ရက်များသည် နိုင်ငံတကာဥပဒေဆိုင်ရာ ရာဇဝတ်မှုများ ချိုးဖောက်မှု မြောက်သော အခြေအနေများအပါအဝင် မြန်မာနိုင်ငံအတွင်း ပြင်းထန်သော လူ့အခွင့်အရေး ချိုးဖောက်မှု များကို နိုင်ငံတကာ လူ့အခွင့်အရေးဆိုင်ရာ သတ်မှတ်ချက်များ စံနှုန်းများနှင့်အညီ ကိုင်တွယ်ဖြေရှင်းရန် ဆောင်ရွက်နေသော တရားရေး အဖွဲ့အစည်းများနှင့် အခြား ယုံကြည်ရသော တာဝန်ယူမှု၊တာဝန်ခံမှု ယန္တရားများ အသုံးပြုနိုင်ရန်အတွက် ဖြုတ်ချခံရသည့် အကြောင်းအရာများကို မိတ္တူကူးယူ၍ အကန့်အသတ်မရှိ ထိန်းသိမ်းထားသင့်သည်။

၁၇၂၄။ မြန်မာနိုင်ငံတွင် အသုံးပြုနေသော ဖေ့စ်ဘွတ်နှင့် စာပို့စနစ်များ အပါအဝင် အခြားသော လူမှုကွန်ရက်များသည် အရေးပေါ် ကြီးထွားလာသည့် အခြေအနေများအတွက် အကျုံးဝင်သော သက်ဆိုင်ပါဝင်သူများအားလုံး ပါဝင်သည့် ကြိုတင်အသိပေးရေး စနစ်များကို တည်ဆောက်ထားသင့်သည်။ မြန်မာနိုင်ငံအတွင်း မည်သည့် အသက်အန္တရာယ် ခြိမ်းခြောက်မှုနှင့် ထိခိုက်စေရန် ခြိမ်းခြောက်မှုအဆို တွေ့ရှိပါက အလေးအနက်ထား၍ ချက်ချင်း ဖြုတ်ချသင့်သည်။

ကြိုတင်အသိပေးရေးစနစ်များ ရေးဆွဲခြင်းနှင့် လည်ပတ်ခြင်းအား ပွင့်လင်းမြင်သာမှု ရှိစွာဖြင့်လည်းကောင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ အပါအဝင် အဓိကကျသော သက်ဆိုင်ပါဝင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဖြင့် လည်းကောင်း ဆောင်ရွက်သင့်သည်။ ၎င်းအား အကြံဉာဏ်ပေးရန်နှင့် ၎င်း၏စွမ်းဆောင်ကို စောင့်ကြည့်လေ့လာရန် တရားဝင်ဖွဲ့စည်းထားသော သက်ဆိုင်ပါဝင်သူ အစုအဖွဲ့ တစ်ခုက ပံ့ပိုးကူညီသင့်သည်။

၁၇၂၅။ စာပို့စနစ်များအပါအဝင် မြန်မာနိုင်ငံတွင် အသုံးပြုနေသော လူမှုကွန်ရက် ပလတ်ဖောင်းများအားလုံးသည် သည်းခံခြင်း ၊ ငြိမ်းချမ်းရေးနှင့် မြန်မာပြည်သူ၊ ပြည်သားများ အားလုံး၏ လူ့အခွင့်အရေးများအကြောင်း မြှင့်တင်ရန် ကြိုးပန်းချက်များကို တက်ကြွစွာ ကူညီသင့်သည်။ ၎င်းတို့၏ ကြော်ငြာအသုံးပြုသည့် နည်းစနစ်များသည် ထင်မြင်ယူဆချက် များနှင့် တွေးခေါ်မှုများ ကွဲပြားစုံလင်မှုအပေါ် ဆိုးကျိုးသက်ရောက်မှုမရှိအောင် စီစစ်ခြင်း အပါအဝင် အသုံးပြုသူ မြန်မာပြည်သူများအားလုံး ခိုင်မာသော သတင်းအရင်းအမြစ်နှင့် မတူညီသောအမြင်များ ရယူနိုင်အောင် ဆောင်ရွက်ပေးသင့်သည်။ စီစစ်ထားပြီးသား ယုံကြည် ရသောသတင်းများကို အသုံးပြုသူများက ခွဲခြားသိရှိနိုင်ရန် ပံ့ပိုးကူညီသင့်ပြီး အထူးသဖြင့် အများပြည်သူစိတ်ဝင်စားမှု မြင့်မားသော သို့မဟုတ် အကြမ်းဖက်မှု ဖြစ်နိုင်ခြေ အန္တရာယ်မြင့်မားသော အကြောင်းအရာများနှင့် စပ်လျဉ်း၍ အသုံးပြုသူများအတွက် အချက်အလက်စီစစ်ပေးသည့် လုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အသုံးပြုသူများကို ပံ့ပိုးကူညီသင့်သည်။

၁၇၂၆။ စျေးကွက်သစ်သို့ မဝင်ရောက်မီ၊ အထူးသဖြင့် တိုင်းရင်းသားအရေး၊ ဘာသာရေး၊ သို့မဟုတ် အခြား လူမှုရေးဆိုင်ရာ တင်းမာမှုများရှိသော စျေးကွက်သစ်တွင်၊ ဖေ့စ်ဘွတ်နှင့် စာပို့စနစ်များ အပါအဝင် အခြားလူမှုကွန်ယက် ပလတ်ဖောင်းများသည် ၎င်းတို့၏ ထုတ်ကုန်များ၊ မူဝါဒများနှင့် လုပ်ငန်းလည်ပတ်မှုများအတွက် နိုင်ငံ၏ ဆက်စပ်အခြေအနေ အပေါ် အခြေခံသည့် နက်နဲသော လူ့အခွင့်အရေး သက်ရောက်မှု ဆန်းစစ်ချက်များ ဆောင်ရွက်ကာ ဖြစ်နိုင်ခြေ အန္တရာယ်ကို တက်နိုင်သလောက်လျော့ချရန် စီမံချက်များ ဆောင်ရွက်သင့်သည်။

# နောက်ဆက်တွဲ ဖြည့်စွက်ချက်

## ၁။ မြန်မာပြည် မြေပုံ




Map No. 4168 Rev. 3 UNITED NATIONS
June 2012

Department of Field Support
Cartographic Section

## ၂။ ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရနှင့် စာပေးစာယူဆက်သွယ်ချက်

### က။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့သို့ ၂၀၁၇ ခုနှစ် စက်တင်ဘာလ ၄ ရက်နေ့က ပို့သည့်စာ

NATIONS UNIES
DROITS DE L'HOMME
HAUT COMMISSARIAT

UNITED NATIONS
HUMAN RIGHTS
OFFICE OF THE HIGH COMMISSIONER

**Independent International Fact-Finding Mission on Myanmar established by HRC resolution 34/22**
PALAIS DES NATIONS • 1211 GENEVA 10, SWITZERLAND
www.ohchr.org • TEL:+41229179218/+41229289188 • FAX: +41 22 917 9008 • E-MAIL: myanmarffm@ohchr.org

REFERENCE:IIFFMMY/CG/rm/007

4 September 2017

Excellency,

I write in my capacity as the Chairperson of the Fact-Finding Mission appointed pursuant to Human Rights Council resolution 34/22, which is composed of Ms. Radhika Coomaraswamy, Mr. Christopher Sidoti, and myself.

In the discharge of this mandate, we are committed to an independent and impartial approach, and to ensuring that our work is fully informed by the perspectives of Your Excellency's Government. We regret that we were unable to meet with Your Excellency during our recent mission to Geneva from 21-25 August 2017. However, we received with appreciation a packet of documents that had been conveyed through the good offices of the President of the Human Rights Council, which we believe provides a good basis for our dialogue with the Government. We would welcome any further written information that the Government may wish to share with us to assist in the implementation of our mandate.

Toward this end, we would be grateful for the Government's cooperation in facilitating access by the Fact-Finding Mission to the Republic of the Union of Myanmar. We consider it essential to meet with relevant officials and stakeholders in Myanmar in order to better understand the views of all concerned, including the Government, on the issues outlined in the resolution.

I wish to underscore that our mandate covers the whole of the country and our intention is to fulfil it in accordance with the resolution. The Fact-Finding Mission would like to undertake our first visit as soon as possible, particularly in light of the events currently unfolding, and in this regard we request the Government's support in facilitating such a visit. Please note that in this and all future visits, we will be accompanied by members of our secretariat. As to the dates of the visit and list of the persons taking part, we kindly request that your office liaise with the Coordinator of the Fact-Finding Mission, Ms. Wan-Hea Lee, at wlee@ohchr.org, tel. +41 22 917 9051.

Please accept, Excellency, the assurances of my highest consideration

Marzuki Darusman Chairperson
Chairperson, Fact-Finding Mission
established pursuant to HRC resolution 34/22

His Excellency
Mr. Htin LYNN
Ambassador Extraordinary and Plenipotentiary
Permanent Representative of the Republic of the Union of Myanmar
to the United Nations Office at Geneva
Avenue Blanc 47
1202 Genève

ခ။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့သို့ ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၁၇ ရက်နေ့က ပို့သည့်စာ

NATIONS UNIES
DROITS DE L'HOMME
HAUT-COMMISSARIAT

UNITED NATIONS
HUMAN RIGHTS
OFFICE OF THE HIGH COMMISSIONER

**Independent International Fact-Finding Mission on Myanmar established by HRC resolution 34/22**

PALAIS DES NATIONS • 1211 GENEVA 10, SWITZERLAND
www.ohchr.org • TEL.:+41229179218/+41229289188 • FAX: +41 22 917 9008 • E-MAIL: [illegible]

REFERENCE:IIFFMMY/CG/ha/001

17 November 2017

Excellency,

Further to my letter of 4 September 2017 (Ref IIFFMMY/CG/rm/007), I have the honour to communicate a request of the Independent International Fact-Finding Mission on Myanmar to undertake our first official mission to Myanmar on 19-23 February 2018.

As you are aware, the Fact-Finding Mission was established under resolution 34/22 of the United Nations Human Rights Council. It considers receiving information from the Government and understanding the Government perspective to be important for the fulfilment of the mandate. During the visit, the Fact-Finding Mission would seek to meet with the relevant authorities; a specific list of the desired meetings will be conveyed in due course, and it would welcome your suggestions in this regard.

Participating in the mission would be the three experts appointed by the Council, Ms. Radhika Coomaraswamy, Mr. Christopher Sidoti, and myself, along with members of the secretariat who would need to arrive earlier to conduct preparatory work. In accordance with the established methodology of United Nations human rights mechanisms, the Fact-Finding Mission would require free and unhindered access to the sites of interest and to all persons, organizations and authorities that wish to bring information to its attention, with full respect for confidentiality. The intention at present is to visit the Rakhine, Kachin and Shan States, as well as Nay Pyi Taw and Yangon.

I would be grateful for your assistance in relaying the present letter to the Government of Republic of the Union of Myanmar, as well as facilitating the eventual issuance of the necessary visas. Any questions or comments relating to the visit may be directed to the Coordinator of the Fact-Finding Mission, Ms. Wan-Hea Lee, at wlee@ohchr.org or +41 22 917 9051.

Please accept, Excellency, the assurances of my highest consideration

Marzuki Darusman
Chairperson
Chairperson, Fact-Finding Mission established
pursuant to HRC resolution 34/22

His Excellency
Mr. Htin LYNN
Ambassador Extraordinary and Plenipotentiary
Permanent Representative of the Republic of the Union of Myanmar
to the United Nations Office at Geneva
Avenue Blanc 47
1202 Genève

၇။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့သို့ ၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၂၉ ရက်နေ့က ပို့သည့်စာ

UNITED NATIONS NATIONS UNIES

Independent International Fact-Finding Mission on Myanmar established by HRC resolution 34/22

PALAIS DES NATIONS • 1211 GENEVA 10, SWITZERLAND

www.ffmyanmar.org • TEL: +41 22 917 [illegible] • FAX: +41 22 917 9008 • E-MAIL: [illegible]

REFERENCE: IIFFMMY/CG/ha/012

29 January 2018

Excellency,

I have the honour to refer to the letter dated 17 November 2017 (IIFFMMY/CG/ha/001) of Mr. Marzuki Darusman, Chairperson of the Independent International Fact-Finding Mission on Myanmar (IIFFMM), communicating a request to undertake the first official mission to Myanmar on 19-23 February 2018 by the IIFFMM. It is attached for ease of reference.

As a formal response has not yet been received to date, I write to follow up on the letter. I would be grateful if a reply could be sent to my attention at wlee@ohchr.org.

Please accept, Excellency, the assurances of my highest consideration.

Wan-Hea Lee
Coordinator
Independent International Fact-Finding
Mission on Myanmar established
pursuant to Human Rights Council resolution 34/22

H.E Mr. Htin Lynn
Ambassador Extraordinary and Plenipotentiary
Permanent Representative of Myanmar to the United Nations and other International Organizations
Avenue Blanc 47
1202 Geneva
Email: mission@myanmargeneva.org

ဃ။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့သို့ ၂၀၁၈ ခုနှစ် မတ်လ ၂၇ ရက်နေ့က ပို့သည့်စာ

UNITED NATIONS NATIONS UNIES

Independent International Fact-Finding Mission on Myanmar established by HRC resolution 34/22

PALAIS DES NATIONS • 1211 GENEVA 10, SWITZERLAND
www.ffmmyanmar.org • TEL.:+41229179218/+41229289188 • FAX: +41 22 917 9008 • E-MAIL: myanmarffm@ohchr.org

REFERENCE:IIFFMMY/CGha/021

27 March 2018

Excellency,

I have the honour to submit a preliminary list of questions addressed to the Republic of the Union of Myanmar by the Independent International Fact-Finding Mission on Myanmar (IIFFMM), established pursuant to Human Rights Council resolution 34/22. The questions were prepared to enable the IIFFMM to review the essential laws, policies, and directives of relevance to its mandate, as well as to understand the views of the authorities on the key issues. I take the occasion to invite the Government to include in its responses any other information that it believes the IIFFMM should be aware of in the fulfilment of its mandate. Additional lists of questions on specific themes are under preparation and will be sent in the near future.

Responses to these questions would be appreciated as soon as possible, preferably before 27 April 2018. If they will be submitted to the IIFFMM via email, kindly send them directly to the Coordinator of the Secretariat of the IIFFMM, Ms. Wan-Hea Lee at wlee@ohchr.org, copied to myanmarffm@ohchr.org.

Please accept, Excellency, the assurances of my highest consideration.

Marzuki Darusman
Chairperson
Independent International Fact-Finding
Mission on Myanmar established
pursuant to Human Rights Council resolution 34/22

H.E Mr. Htin Lynn
Ambassador Extraordinary and Plenipotentiary
Permanent Representative of the Republic of the Union of Myanmar
to the United Nations and other International Organizations
Avenue Blanc 47
1202 Geneva

Email: mission@myanmargeneva.org

- **Intelligence and threat assessment of the Government and military of Myanmar with regard to the situation in Rakhine state and elsewhere in the country, in particular Kachin and Shan states**

1. Please provide information regarding the Government's threat assessment that underlies the security operations in Rakhine state (since 2011), as well as in Kachin and Shan states (since 2011). What are the objectives of the operations?
2. Please provide information about the armed groups/insurgencies that the Government is facing, in particular in Rakhine, Kachin and Shan states since 2011 (Arakan Rohingya Salvation Army - ARSA, Arakan Army, KIA, RCSS, TNLA, SSPP, NDAA-Kokang, etc.). Please include details regarding their origins, structure, organization, command, capacity, unit strength, funding, weaponry, etc.
3. What is the status of the peace process, and what explains the military offensives in Kachin and Shan states when the government is prioritising the peace process?
4. Please provide information on the losses suffered by the Myanmar security forces (military, police, etc.) as a result of actions from armed groups/insurgencies?

- **Legal framework for the security operations in Myanmar since 2011**

5. What is the legal basis and framework for the security operations that have been undertaken in Rakhine, Kachin and Shan states since 2011, including "clearance operations"? What is the legal basis and meaning of the term "clearance operations"?
6. Which situations in Myanmar are considered to amount to an "armed conflict" where international humanitarian law is applicable? Can the underlying analysis be shared?
7. What is the legal basis and significance of designating the ARSA a "terrorist organisation" and what is the underlying analysis leading to the use of the label "extremist terrorists" to describe members of ARSA and others? Is any other armed group or insurgency in Myanmar designated a "terrorist organisation"? Please share a copy of the formal decision(s).
8. What is the legal basis and significance of designating parts of Rakhine state as a "military operations area"?
9. What is the legal basis for the harvesting of crops by the State in Maungdaw, Buthidaung and Rathedaung Townships, as well as for the bulldozing/flattening of villages in these areas (including the removal of trees, buildings, roads, etc.) and the reported construction of security posts or military bases on lands formerly owned or occupied by villagers who self-identify as Rohingya (and are called Muslims in Rakhine by the Government)?
    a. Please also share a copy of the plans and policies for the reconstruction and land management of Maungdaw, Buthidaung and Rathedaung Township following the "clearance operations" of August-September 2017, including under the Natural Disaster Management Law.
    b. Please also indicate which steps have been taken to protect possible crime scenes and preserve evidence of crimes committed in Maungdaw, Buthidaung and Rathedaung Township, in the context of the ARSA attacks of 25 August 2017 and the following clearance operations.

c. Please indicate whether any land in Maungdaw, Buthidaung and Rathedaung Township has been put to new use or seen a transfer of ownership since 25 August 2017.

➢ **Information regarding the security operations in Rakhine since 2011**

10. Please provide information about the alleged ARSA attacks on or around 9 October 2016, on or around 25 August 2017, and on or around 5 January 2018 against Myanmar security posts/forces (military, border guard, police, etc.), including information on location of attacks, targets, nature and extent of the attacks, parties to the attacks, numbers of people involved, weapons used, fatalities sustained (among ARSA members, Myanmar security forces personnel, villagers, and other categories), etc.
11. Please provide information about any clashes between the Arakan Army and the Myanmar security forces in Rakhine state (and/or Chin state) since 2011, including information on the location of attacks or clashes, targets, nature and extent of the attacks/clashes, numbers of soldiers and fighters involved, casualties suffered, and the impact on the civilian population.
12. Please provide information on the build-up of military capacity in Rakhine since 2016 and the underlying threat assessment and operational goals, with a specific focus on July-August 2017.
13. Please provide information on the specific units involved in the security operations since 2012 (including around 9 October 2016 and 25 August 2017), including relevant commanding officers and command structures.
14. Have Light Infantry Divisions been brought into Rakhine, if so, which ones, at what dates, and for what purpose?
15. Please provide information about the objectives of the security forces' operations in Rakhine state (and specifically for October-December 2016 and August-October 2017)?
16. Please provide a copy of the Rules of Engagement, Directives, and Code of Conduct applicable to the security forces during the security operations in Rakhine state since 2011.
17. Did the security forces use aircraft (airplanes, helicopters) during security operations in Rakhine since 2011? If so, for what purpose?
18. Please provide information on the reported existence of Rakhine militias and self-defence groups, and the involvement of the Government or military in providing weaponry and training to such groups. What is the Government's and military's policy regarding the role and use of militias? How are militias held accountable for their actions?
19. Please provide the numbers of people arrested, detained, and prosecuted after the violence in 2012 in Rakhine state and the charges applied. Please provide information on whether they are still detained, the lengths of detention, and the status of their files.
20. Please provide the numbers of people arrested, detained, and prosecuted in relation to insurgent activity, and in particular in relation to the October 2016 and August 2017 attacks, in Rakhine state. Please provide information on whether they are still detained, the lengths of detention, and the status of their files.

21. Please provide any information the Myanmar authorities may have regarding human rights abuses committed by non-state armed groups/insurgencies in Rakhine.
22. Please share detailed information about any investigations or enquiries the Myanmar authorities have conducted into allegations of human rights violations and abuses committed in Rakhine since 2011 (full report and underlying materials).
23. Please share the Government's views and analysis on how the application of the 1982 Citizenship Law affected the Rohingya community, in particular those who had citizenship and documentation prior to 1982 and their descendants.
24. Please provide an update on the National Verification Card and citizenship verification processes, including where they are occurring and their timeframe.
25. Please confirm or deny the existence and status of the "SPDC Rohingya Extermination Plan", reportedly adopted in 1988? Please share any information regarding this Plan, in terms of who drafted it, who adopted it, and to what extent its implementation was monitored? Please share a copy of the Plan if it exists.
26. Please confirm the status of the "Rakhine State Action Plan" dealing with the Rohingya population. Please share further information regarding this Plan, in terms of who drafted it, who adopted it, and to what extent its implementation was monitored? Please share a copy.
27. Please share the Government's views on and analysis of the violence in Rakhine state in June and October 2012.
28. Please share the administrative organigramme at the township and the village levels in Rakhine. What changes have been made at the administrative level since 2011?
29. Please share information regarding the use of landmines in Rakhine, including in the context of the security operations, and demining efforts.
30. During operations, what steps did the Myanmar government or military take to prevent the destruction of villages or to protect villagers? Where they failed, why did they fail? Where they succeeded, what was done differently?
31. How many people were displaced within Rakhine state following the violence on 25 August 2017? Are they still displaced? What support is provided to them?
32. Please provide information about the reported plans to close the camps for people in Rakhine state displaced since the 2012 violence. Where will people be resettled?
33. Please provide information regarding the status and outcome of any investigations into the reported police shooting in Mrauk-U in January 2018. Please provide an update on the case against Aye Maung.
34. What is the current population of Maungdaw, Buthidaung and Rathedaung Townships, in terms of the total numbers, ethnicity and religion? What was the population of these Townships in 2011, broken down by the same criteria?
35. Please outline the number of model villages (also known as "Natala" villages) built in Maungdaw, Buthidaung and Rathedaung townships since 1990 and their current locations (i.e. village name and village tract name); please indicate the population in each village, broken down by ethnicity and religion; please indicate any on-going and future plans for additional model villages in Rakhine State, and specify who is intended to occupy each village, broken down by ethnicity and religion.

- **Information regarding the security operations in Kachin and Shan since 2011**

36. Please provide information about the dates, locations and military objectives of offensives against armed groups in Kachin and Shan since 2011.
37. Please provide information on the organizational and command and control structures of the Northern and Northern Eastern Command and Light Infantry Divisions deployed in Kachin and Shan States during the period of 2011-2018.
38. Regarding allegations of indiscriminate shelling of civilian areas in Kachin and Shan States, please provide documentation, including policy, planning, rules of engagement, directives, post-action assessments regarding military operations, use of weaponry and protection of civilians for the period of 2011-2018. Please detail the measures taken to ensure that soldiers differentiate between civilian and military targets when firing mortar and artillery shells and take sufficient precautions to reduce the risk of civilian harm in Kachin and Shan States.
39. Please provide information on any investigations and their outcome into allegations of human rights and violations of international humanitarian law, including extrajudicial executions, enforced disappearances, arbitrary detention, torture and other ill-treatment, sexual and gender based violence, forced labour, forced displacement and unlawful destruction of property, and indiscriminate or deliberate attacks on civilians and other violations that reportedly occurred in Shan and Kachin States since 2011.
40. Please provide any information about allegations of human rights abuses committed by non-state armed groups (ethnic armed organizations, militias, etc.) in Kachin and Shan states.
41. Please provide information on the number of reported civilian casualties in Kachin and Shan States from antipersonnel landmines and by IEDs or UXO, including the number of children injured or killed since 2011.
42. With reference to the statement made by the Government of Myanmar's Deputy Minister of Defense, Major General Myint New to the Myanmar Parliament in September 2016 that the Tatmadaw continues to produce and plant landmines in conflict areas, please provide additional information on the landmine production and usage by Tatmadaw in its military operations, including at front lines.
43. Please share information on the allegations of landmine use by the KIA in Kachin State and various armed groups in Shan State, including the number of civilian casualties due to landmines.
44. What assistance is being provided to people displaced by conflict in Kachin, Shan states?
45. What is the Government of Myanmar doing to improve access by international humanitarian agencies to conflict affected areas?

- **General information regarding the Myanmar security forces**

46. What are the respective roles and responsibilities of the Government and the security forces with respect to different types of security matters? What law/doctrine lays out what those roles and responsibilities are (please provide a copy)?
47. What is the role of the National Security and Defense Council, in law and in practice, particularly since 2011?

48. Who within the civilian Government approves security operations?
49. Who conducted the security operations in Rakhine state in October-November 2016 and in August-September 2017? Who is in charge? How is the response coordinated between the different national and local authorities and the various branches of the security forces?
50. Who is conducting the security operations in Kachin and Shan states? Who is in charge? How is the response coordinated between the different national and local authorities and the various branches of the security forces?
51. What is the legal basis for the command structure of the Tatmadaw, the reporting lines within, and its functions? Please provide a copy of these documents.
52. Please provide a copy of the current counterinsurgency strategy, clearly indicating the status of the document.
53. Please provide a copy of the document(s) that set(s) out the roles and authorities of the Tatmadaw within the system of Military Justice.
54. Please provide a copy of the document(s) that set(s) out the functioning and structure of the national police forces
55. Please provide a copy of the document(s) that set(s) out the functioning and structure of the Border Guard Police forces.
56. Please provide a copy of the document(s) that detail(s) how the police and Border Guard Police units relate to the military, such as the possible subordination of the former to the latter, overlapping reporting lines, coordination of operations, and interaction from any other functionsof either institutions.
57. What role do militias and Border Guard Police forces play in undertaking security operations?
58. Are misconduct and violations of military codes investigated and punished within the Tatmadaw? By whom? Please share the outcome of any such cases investigated .
59. How many cases about conduct that could be considered violations of human rights have been initiated against military personnel since 2011? Please share an overview of the cases, the outcomes, the list of evidence examined in rest of each, and where guilt was found the punishment to which the guilty party was subjected.
60. Please provide a copy of the document(s) that detail(s) the status and position in the national structure of other armed forces such as the Border Guard Police and militias.
61. Are militia forces equipped, supplied or trained by the Myanmar authorities? If so, which institution? Where is this regulated in official documentation?
62. Which, if any, authority exercises civilian oversight over the military? Where is this relationship established in official doctrine or law? Please provide a copy.
63. When the police, or armed groups such as local militia, are active during military operations, are they under military command? Please share a copy of any official documentation where this is stipulated.
64. Please provide a copy of any official document(s) that outline(s) the Tatmadaw's responsibilities when engaging targets among the civilian population?
65. Please provide a copy of the official rules of engagement of the Tatmadaw.
66. What was the total loss of Tatmadaw personnel during the ARSA attacks of 9 October 2016 and 25 August 2017 and the subsequent "clearance operations"?

67. What was the total loss of enemy fighters in the course of the security operations following the 9 October 2016 and 25 August 2017 attacks?
68. What was the total loss of Tatmadaw personnel and of Arakan Army fighters during clashes between the Tatmadaw and the Arakan Army since 2011?

- **Steps taken by the Government to deescalate the situation and plans to address the root causes of the recurrent security threats**

69. What steps have the Myanmar Government and security forces taken to deescalate or stop the violence in Rakhine (in 2012, 2016 and 2017)?
70. How does the Government of Myanmar see the human rights situation evolving in Rakhine, Kachin and Shan states?
71. What does the Government view as the root causes of the recurrent security threats, and how does it ensure that they are adequately addressed?
72. What steps have been taken to reconcile different ethnic and religious communities?
73. How will the return of those who fled Myanmar into Bangladesh be arranged, and how will the Government ensure that the rights of those concerned are fully respected?

- **Guarantees and safeguards for the protection of human rights, including during security operations**

74. How does the Government of Myanmar ensure that human rights are protected in the course of the security operations (in particular in Rakhine, Kachin and Shan)?
75. Is the Government aware of any human rights violations or abuses committed in the context of the security operations (in particular in Rakhine, Kachin and Shan)?
76. How does the Government of Myanmar address allegations of human rights violations and abuses committed by security forces or other actors (in particular in Rakhine, Kachin and Shan)? Please provide specific information.
77. How does the Government of Myanmar ensure accountability for human rights violations and abuses committed in Myanmar?
78. How does the Government of Myanmar ensure that victims of human rights violations and abuses obtain adequate redress?
79. Please provide an update on developments regarding judicial reform and capacity building.

- **Hate speech and incitement to hatred and violence**

80. Please share the Government's plans, policies and steps taken to curb hate speech and incitement to hatred or violence in the country, in particular on social media.
81. Please provide detailed information regarding any law enforcement or judicial actions regarding cases of hate speech or incitement to hatred or violence.

[END]

င။ ပြည်ထောင်စု သမတ မြန်မာနိုင်ငံ အမြဲတမ်း ကိုယ်စားလှယ်အဖွဲ့သို့ ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့က ပို့သည့်စာ

UNITED NATIONS NATIONS UNIES

Independent International Fact-Finding Mission on Myanmar established by HRC resolution 34/22

PALAIS DES NATIONS • 1211 GENEVA 10, SWITZERLAND
www.ffmmyanmar.org • TEL.:+41229179218/+41229289188 • FAX: +41 22 917 9008 • E-MAIL: myanmarffm@ohchr.org

REFERENCE:IIFFMMY/CG/hrwhl/014

16 August 2018

Excellency,

With reference to resolutions 34/22 and 37/32 of the United Nations Human Rights Council, which respectively created the Independent International Fact-Finding Mission on Myanmar and requested it to report to the Council at its 39th session, due to take place in September 2018, I have the honour to transmit an advance copy of our draft report (attached). In accordance with the standard practice, we invite the Government of the Republic of the Union of Myanmar to review our report and to communicate to us any corrections of a factual nature that it deems necessary, at latest by 12:00 noon, 23 August 2018. We will consider any response carefully and release the report shortly thereafter.

Any questions regarding this letter and the official response may be directed to Ms. Wan-Hea Lee, Coordinator of the Fact-Finding Mission, by email at wlee@ohchr.org or by telephone at +41 76 691 0773.

Please accept, Excellency, the assurances of my highest consideration.

Marzuki Darusman
Chairperson
Independent International Fact-Finding
Mission on Myanmar established
pursuant to Human Rights Council resolution 34/22

H.E Mr. Kyaw Moe Tun
Ambassador Extraordinary and Plenipotentiary
Permanent Representative of Myanmar to the United Nations and other International Organizations
Avenue Blanc 47
1202 Geneva
Email: mission@myanmargeneva.org